
www.burmeseclassic.com



www.burmeseclassic.com

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

မဂ္ဂဇင်း

**အတွဲ (၁၇) အမှတ် (၅) ၂၀၁၇ ခုနှစ် မေလ**

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



## ဘာသာရေးဆောင်းပါးများ


ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
သေမင်းချိန်းသောနေ့ရက်များ
(ပကိဏ္ဏကလေခက္ခန္ဓာ့ကထာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

လယ်တီဆရာတော်ဘုရားကြီး၏
ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်း
**မြဝင်း(ဒဿန)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၉)
**ကံဝင်း**

အို၊ နာ၊ သေနှင့် မရဏာဿတိ
**ညထက်မြင့်**

မြတ်ဗုဒ္ဓ၏ဝိပါက်တော်ဆယ့်နှစ်ပါး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

ရွှေအဆင်းရှိသောကျီးနားသဖြင့်
တည်ထားသည့်
ရွှေကျီးမြင်မြတ်စွာဘုရား
**ခင်မောင်အေး(မန္တလေး)**

ရန်ကုန်မြို့လယ်မှဆူးလေစေတီ
သို့မဟုတ် ကပ်ကျော်စေတီတော်ကြီး
**မောင်လင်းနိုင်**

ရေနန်းတောင်နန်းဦးကိုးနဝင်း
ရေးပေါင်းစေတီတော်
**မောင်စိမ်းထွေး(ထားဝယ်)**

၆၅ ဘုရင်ဂျီရေပူမှာရေချိုး
ကော့ဂွန်း၊ ရသေ့ပျံ၊ ဖားကပ်၊ ဗွဲကပင်
ညနေခင်း
**အဝ္ဂုန(မန္တလေး)**

၇၆ ဗုဒ္ဓဘာသာဝင်အစ သရဏဂုံက
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၇၇ ရာမညဒေသမှ ရှေးဟောင်းသမိုင်းဝင်
နဂါးစွန်းဘုရားမည်ကျော်
ကျိုက်မုနိုင်းစေတီတော်
**ရာမည-သွေးမွန်**

၈၇ ရွှေကံကူလေပျံသစ်တော်
ရပ်ရှင်တော်မြတ်၏ ၂၀၁၆ ခုနှစ်
မော်လမြိုင်-ဘားအံ-ကျိုက္ကမော့လေး-
ကော့ကရိတ် ဒေသစာရီခရီးစဉ်
ထူးခြားမှုများနှင့် ကရဝိက်ဖောင်စကြာ
**ဘိုဘို(ရွှေကံကူ)**


## သုတရသဆောင်းပါ


၃၈ သူ့ဘက်ကိုယ့်ဘက်အမြတ်ထွက်
**ဒေါက်တာအရှင်လာဘသာမိ
(မြတ်ဓမ္မ)**

၅၁ စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ၏
တပည့်ရင်းအကြောင်း
**သူတော်အိမ်(ဓမ္မသုတေသီ)**

၅၃ ရခိုင်ညွှန့်ဖူး မြောက်ဦးရွှေနန်း
ဗျာလ်တို့မြေသို့
အကြင်နာလက်တစ်ကမ်း
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

၈၁ စိန့်သီဘိုးဘွားရိပ်သာသို့
တစ်ခေါက်ရောက်ခဲ့စဉ်
**မာတ်ပုံ-မောင်မောင်အေး**

၈၅ သောကအပူလှိုင်းထဲကလူ
**မောင်သစ်ထွန်း(ပြင်ဦးလွင်)**

၁၀၀ ရောက်ခဲ့ပြန်သနော်မန်းရွှေစက်တော်
**ဦးစန္ဒိမာ(စလင်း)**

၁၀၄ နိယတမိစ္ဆာဒိဋ္ဌိ
**ချောင်းဆုံအုန်းသွင်**

၁၁၂ ကြောင်ပန်းဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၁၄၅ တံခွန်တိုင်၏သဘောအဓိပ္ပာယ်နှင့်
တံခွန်တိုင်ယတြာ
**ငြိမ်းဆုသျှင်**

၁၄၆ ကျွန်တော်ရခဲ့သောနောင်တ
**ချစ်ဖိုး(မော်ကျွန်း)**

၁၄၈ ပေးဝေကြစေ မေတ္တာရည်
**ဇော်ရဲထူး(ညောင်တုန်း)**

၁၆၃ လူ့ပြည်မှအပြန်လမ်း
သင်ရွေးပြီးပြီလား
**မောင်မောင်အောင်မင်း(ဒဿနိက)**

၁၇၅ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁၁)
**ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)**

၁၇၈ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၆)
**ပထမံဆရာဦးအေးရွှေ**

၂၀၀ ဘာကြောင့်ရောဂါရသနည်း
**ချောင်းဆုံအုန်းသွင်**

၂၁၉ ယှဉ်ပြိုင်တိုင်းအောင်ခဲ့သည့်
ပြိုင်နွားလှည်းယဉ်မှုရပ်တုများ
**စိုးရာဇာကျော်**

၂၂၂ အမေ့အမေများထဲက အနှိုင်းမဲ့အမေ
**အာကာသ(သာစည်)**

၂၂၇ ကျွန်ုပ်နှင့်ရသေ့ကြီး
ဦးခန္တီပေးသောဂါထာ
**ကျော်မိုးလွင်(ဝါးခယ်မ)**

၂၇၁ သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**

၂၇၄ မှဆိုးကျော်အရမ်းသိန်းရွှေ
**အဏ္ဏဝါလှိုင်း**

၂၉၁ အင်းဝခေတ်မှလူဝင်စားသူရဲကောင်း
မင်းရဲကျော်စွာ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၃၅၈ နိုင်ငံခြားရေးမူဝါဒနှင့်
မြန်မာတံဆိပ်ခေါင်းများ
**ကြည်လွင်**

၃၆၅ ကိုယ်တွေ့
**ဇော်ရဲထူး(ညောင်တုန်း)**

၃၆၇ မိုးကုတ်ကျောက်မျက်ရတနာ
လောကရဲ့လူနဲ့သဘာဝဆက်ဆံရေး
**မောင်လှိုင်းသစ်(မိုးကုတ်)**

၃၇၂ မိုးသို့ပျံချီ ဒွါရာဝတီ
အာကာပျံဝဲ မြို့သံတွဲ
**မင်းရှိန်အောင်**

၃၈၄ နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ(၂)
**လှမိုး(ပညာရေး)**


၃၉၀ သာတူညီမျှဝေငှလိုက်ပါသည်
**ဒေါ်သုမနဝိစိတ္တ
(B.Sc,H.G.P,Dip.Ed)**

၃၉၆ စစ်တမ်းထဲကကုန်းဘောင်ခေတ်
ပြည်မြို့
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**


www.burmeseclassic.com

www.burmeseclassic.com





## သူရဋ္ဌတိုင်းရင်းဆေး


သွေးစုနာ၊ ထိခိုက်ဒဏ်ရာအတွက် ဂံ့ဂမံပင်ကိုသုံး
**မိုးနောင်(ကောလင်း)**

နားမကြားသူများအတွက်
**နေပြည်တော်ကျော်ကျော်စိုး**

သပွတ်ကြီးပင်အစွမ်း
**စိုးမင်း**
**(မြောက်စည်း-ရွာသစ်)**

ဆီးချိုရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

အစာလည်းဆေး၊ ဆေးလည်းအစာ ရောဂါလည်းပျောက်၊ လျှာလည်းလောက်သည့် ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ(၂၆)
**ရွှေနဝင်း(ပုသိမ်)**

ခေါက်သုံးခေါက်ချွေးမိတ်ဖုပျောက်
**အောင်လံထူ(နတ်မောက်)**

တစ်ပွဲတိုးကင်းဆိပ်ပြေနည်း
**ဇာနယ်**

ရဲယိုပင်နှင့်ဆေးဝါးဓာတ်စာ
**ညာကျော်**

ကေရာဇ်ခေါက်မှုးယစ်ပျောက် ကျရောက်ရောဂါပျောက်စေမှာ
**ခန်းမော်ညိုသူ**

မေးခိုင်ပိုးဝင်သူအတွက် သဘော်သီးမှည့်
**ဝေစည်(ရွှေဘို)**

တက်ငယ်လေးများ သန်ကောင်ကင်းစင်စေရန်
**နေပြည်တော်ကျော်ကျော်စိုး**


## သူရဋ္ဌဝတ္ထုတို


အော်ကြီးနှင့်ငါးပါးကန္တာရ
**မေနှင်းဆီ(ရေဆင်း-နေပြည်တော်)**

ကိုရင်ကြီးရှင်ကောဝိဒ၊ ဘုရားကျွန်မောင်သန်းနှင့် ကျောင်းခွေးလေးနှစ်ကောင်၏ အပြန်အလှန်ကရုဏာ၊ မေတ္တာ
**သခင်ရေဗဒုံသား**

ဘုန်းကြီးတာကော့ တာကော့ဘုန်းကြီး
**အောင်စကြာ-အရှင်သုဓမ္မသာရ**

၁၃၀ ဘဝဟောင်းကသိုက်နန်းဆက်မှ ဒီဘဝအထိ နှောင့်ယှက်ခံနေရသော ကျွန်တော့်မိတ်ဆွေနှင့် ကျွန်တော်၊ ကျွန်တော့်ဇနီးသည်(၂)
**စိုးမင်း(မြောက်စည်း-ရွာသစ်)**

၁၄၂ ငါးစည်ပူအကိုက်ခံရတဲ့ ပရလောကသား
**မျိုးတင့်(ညောင်လေးပင်)**

၁၅၄ တကယ်ခြောက်လည်းမကြောက်သူ
**ရွှေပြည်စိုး(မိုးကုတ်)**

၁၆၆ ရှင်လန်းဝမ်း...
**ရဲမြတ်တင်(...ဆုရ)**

၁၇၄ မှဆိုးနှလုံးသား
**ဝင်းဇော်(သုံးဆယ်)**

၁၉၀ ဖြစ်ရပ်ဆန်းကြယ်များနှင့် သကြားဟင်းအိုးရွာက ကြည်ညိုဖွယ်ရာ အင်းဝိဇ္ဇာဆရာတော်ကြီး
**အောင်မြင့်ထွန်း(မသုံးလုံး)**

၂၀၂ နှောင်ကြိုးမဲ့ပညာသည်
**သန့်ဇင်**

၂၁၄ တောင်ကလပ်ရွာမှ ဘဝဟောင်းပြန်
**ဝင်းမောင်ကျော်**

၂၃၀ သိုက်ချုပ်ဝိဇ္ဇာဦးဖိုးနော်
**အောင်ကြည်သန်း(ဖောင်တော်သီ)**

၂၃၆ ဖုတ်ထုတ်သည်ဟုဆိုကြရာဝယ်
**စိုးလင်းအောင်(မြန်အောင်)**

၂၄၂ ပန်းနှင့်အတူညစာစား ခေါင်းနှင့်အတူဖဲကြိုးဖြတ်
**နိုင်ပြေသိမ်းချစ်**

၂၅၂ မရဲဘဲကျွဲပြမစီးနှင့်
**အောင်မြိမ့်မိုး**

၂၅၄ မမေ့နိုင်သောခရီးတစ်ကြောင်း
**နန္ဒာစိုး(ဆင်ဖြူကျွန်း)**

၂၆၄ ဂစ်တာတီးတဲ့ကောင်လေး
**မင်းဘုန်းသိခ်သူ**

၂၈၈ လူ့ဘီလူးလေး
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၂၉၄ ပြကျောက်(၁၄)
**နေပြည်တော်ကျော်ကျော်စိုး**

၃၀၆ ဘအောင်စိန်နဲ့ငါးပြေမဂမုန်း
**မောင်လုယဉ်(မော်လမြိုင်)**

၃၁၄ အမှားထဲကသင်ခန်းစာ
**ကျွန်းစဉ်မြေစောခက်**
**(အမျိုးသားစာပေဆုရ)**

၃၁၈ မိသိန်းကြည်ပြောပြချင်တယ်
**မောင်လွမ်းမိုး(ချောင်းဆုံ)**

၃၂၂ သေမည့်အရေး ကြိုတင်သိနှင့်နေသူများ
**ဖျာပုံ-ရည်လွင်အောင်**

၃၃၀ သရဏဂုံနှင့်ကျွန်ပ်စာရေးသူ
**နန္ဒဝင်းကျော်ခေါင်**
**(ခတ္တလူပြည်)**

၃၃၈ ဗိုလ်အောင်ဒင်နှင့်တစ်ပွဲစားချစ်ငွေ
**မင်းနန္ဒီရိန်**

၃၅၄ အစွဲကြီးသူ
**စိုးထွန်း(ဥပဓေ)**

၃၉၉ တီးသည့်စောင်းနှင့် လောင်းသည့်ကြက်ကိုပိုက်လို့ငို
**မောင်သင်းထုံ(ကျောက်မဲ)**

၄၀၄ ဆိပ်ကမ်းညောင်ပင်က သရဲလေးကောင်
**မကျွေးနေရာဇာ**


## သူရဋ္ဌအခန်းဆက်ဝတ္ထုရှည်



၃၄၂ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသော)**


www.burmeseclassic.com

www.burmeseclassic.com









## သုရဿ ပညာရပ်


၁၁၆ သွပ်သေတစ်ပဲ ရွှေတစ်လုည်း
ဖမ်းတိုင်းမရ လွှန်ခက်လှ၏
**မင်းချမ်းမြေ့(ပုသိမ်)**

၂၀၄ နေ့စဉ်သုံးလက္ခဏာပညာ
**ဦးအောင်မင်း**

၃၀၁ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၇၄)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၃၂၇ ရေရေရာရာသိထားဖို့လိုတဲ့
နိမိတ်များ
**ကိုရွှေမြသန်း(သမိုင်း)**

၃၅၁ လူတွေနတ်တွေချစ်ခင်စေ
**တြိရတနာ-ဆရာဇေယျာလင်း**
**(ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)**

၃၇၈ မြင်ရတွေ့ရကြုံရဆုံရခြင်းများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၇ နိမိတ်ပုံထဲကကျွန်တော်
**မင်းဘုန်း-ဗိုလ်ဥတ္တမ**


## သုရဿလက်တွေ့အသုံးချ


၃၇ စီးပွားချမ်းသာမချိုတဲ့သောဂါထာ
ဆောင်တိုင်းအောင်၍ အမှုခပ်သိမ်း
ပြီးစီးအောင်မြင်ဂါထာ
ဝိဇ္ဇာများချစ်ခင်မြတ်နိုးသော
ဝိဇ္ဇာဓရိကဂါထာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၂၈ တန်ခိုးတေဇော
လာဘ်မိုးကြီးရွာစေသော
ဒေါင်းမင်းစမအဆောင်
**ဘုန်းခေါင်**

၂၄၀ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ ပြိဿရာသီပြောင်း၊
မန်ဒီန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၂၄၁ ကြက်သွန်နီနှံ့အမြန်ပျောက်စေရန်
**နေပြည်တော်ကျော်ကျော်စိုး**

၃၁၃ ၂၀၁၇ ခုနှစ်၊ မေလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၃၂၆ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၃၇ ၂၀၁၇ ခုနှစ်၊ မေလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၃၈၃ ၂၀၁၇ခုနှစ်မေလအတွက်
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၄၁၁ ၂၀၁၇ ခုနှစ်၊ မေလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၄၁၄ အကောင်းမြင်မခံရသူများအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၁၈ ၂၀၁၇ ခုနှစ်၊ မေလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၂၁ ၂၀၁၇ ခုနှစ်၊ မေလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မှန်ထွန်း၊ နှင်းသဇ္ဇာကျော်၊
ဆန်းထွန်းမြင့်
**ရုံးအဖွဲ့**
အေးအေးစန်း၊ စုမွန်၊ ထွေးစန္ဒာ
စိုးစုစံ၊ နုနု၊ သဇင်ဦး၊ မြတ်စုမွန်၊ လဲ့စုမွန်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**မျှဝေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂါနီနီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟသာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# သေမင်းချိန်းသောနေ့ရက်များ

(ပကိဏ္ဏက လေခက္ခန္ဓာကထာ)
ကထာစာပေါင်းသိုက်

▫ ဗဟုလ္လာ မမ သန္တိကေ၊ တက္ကဝစရ ဝတ္ထုနိ။
တေ သွိဒမ္ပိ ကေ၀တ္ထု၊ လက္ခိတံ လေခရာသိနာ။ ။

**မမသန္တိကေ** - ငါ့ထံဝယ်. . .၊
**တက္ကဝစရ ဝတ္ထုနိ** - အတွေး ကျက်စား ရေးလက်ရေးကွက်များတို့သည်၊
**ဗဟုလ္လာ** - တွေးသလောက်ပွား များမှများ။
**တေသု** - ထိုအတွေးထွက်ရာ ထိုရေးကွက်သာတို့ထဲ၌. . .၊
**ဣဒံမ္ပိ** - ဤသေမင်းချိန်းသော နေ့ရက်များကလည်း၊ **ကေဝတ္ထုကံ** - ဝတ္ထုတစ်ပုဒ်ထုတ်ပြလောက်စရာ။
**လေခရာသိနာ** - ကျမ်းစာအထွေထွေ စာပေထဲရှိ စာစုအဖြစ်ဖြင့်. . .၊
**လက္ခိတံ** - ငါ့ အတ္ထုပ္ပတ် သရုပ်ဇာတ်အဖြစ် မှတ်ချင့်စရာ. . .။

▫ **လောကတွင်းကမင်းတစ်လွှား**

ဤ လောကအတွင်း မင်းတွေက များပြားလွန်းလှ၏။
ခြေမဲ့သတ္တဝါများ၌လည်း မင်းဆိုသည် ထားလေ့ရှိကြ၏။ ထို ခြေမဲ့လောက၌ပင် မျိုးပွား တစ်မျိုး တစ်မျိုးလျှင် မင်းတစ်မျိုး တစ်မျိုး ထားရှိရှိရာ ခြေမဲ့လောက၌လည်း မင်းတွေက များမှများ။

www.burmeseclassic.com

www.burmeseclassic.com

ခြေနှစ်ချောင်းပါ သတ္တဝါများ၌လည်း မင်းဆိုသည် ထားလေ့ရှိကြ၏။ ငှက်လောက၌လည်း မျိုးပွားမတူ မင်းတစ်ဆူနှန်း ထုံးရှိ၏။ လူ့လောက၌လည်း မျိုးပွားမတူ မင်းတစ်ဆူနှန်း ထုံးရှိနေပြန်၏။

သည့်အတူ ခြေလေးချောင်းထား သတ္တဝါများ၌ လည်းကောင်း၊ ခြေများများထား သတ္တဝါများ၌ လည်းကောင်း မျိုးတစ်သင်း မင်းတစ်မျိုး စိုးမိုးကြသည်ချည်း။

:

သို့တစေလည်း. . . ထိုထို မင်းတို့၏ အာဏာစက် ပျံ့နှံ့ရာသည် သတ္တလောကကြီး၏ မပြောပလောက်သော အကော၊ အဝန်းလေးမျှသာ။ သို့ကြောင့် လူလူချင်းလည်း မျိုးမတူ ပြည်ကွဲ အာဏာရှိန် ပြတ်စဲကြရ၏။ တိရစ္ဆာန်အချင်းချင်းလည်း ဇာတ်မတူ ဓာတ်ကွဲက အာဏာရှိန်ပြတ်စဲကြရ၏။ ယင်းတို့သည် သုံးဆယ့်တစ်ဘုံဆိုသော သတ္တလောကကြီးနှင့် နှိုင်းစာလျှင် တိုင်းပြည်တစ်ပြည်တွင်းနေရွာများ၏ဆယ်အိမ်ခေါင်းသာသာမျှသာရှိကြ၏။ တစ်လောကလုံး (၃၁-ဘုံလုံး) အမိန့်ပေးစေခိုင်းနိုင်သောမင်းသည်ကား သေမင်းတစ်ပါးတည်းမျှသာ။

ဤသေမင်းကြီးက လောကတွင်း ဝင်လာသမျှတို့ကို ဥပဒေသုံးဆင့်တို့ဖြင့် စီမံအုပ်ချုပ်၏။ အပြစ် (အနာအဆာ) နှင့် ထိုက်တန်စွာ ဒဏ်ပေး၏။ ထိုစဉ် . . .

(က) အချင်းချင်း အာရုံချင်းလဲလှယ်ခံစားကြရာ၌ တစ်ဖက်မှတစ်ဖက် ညာညာတာတာဆက်ဆံနေသူများအား ဖြစ်မြဲဖြစ်စဉ်ဥပဒေအရ အိုမင်းကြီးက တာဝန်ယူ အပြစ်ပေးရ၏။ ပြီးသော် သေမင်းထံအပ်။ တစ်ဖန်. . .


(ခ) တစ်ဖက်နှင့်တစ်ဖက် အာရုံချင်း လုယက်၍ ကိုယ့်တွက်သာပြည့်၍ ခံစားနေသူများအား သဘာဝကလန်ကဆန်ပြုကျင့်မှုဥပဒေအရ နာမင်းကြီးက တာဝန်ယူ အပြစ်ပေး စစ်ဆေးရ၏။ ပြီး သေမင်းထံအပ်။ တစ်ဖန်. . .

(ဂ) အထက်ပါ အကြမ်း၊ အနုတစ်ခုခုတို့ဖြင့် ပြုကျင့်နေဆဲ၌. . . နောက်ကြွေးပေးရမည့်သူများနှင့်ပက်ပင်းတိုးတိုးမိ၍ဖြစ်စေ သို့မဟုတ် ကျူးလွန်ပြီးတိမ်းရှောင်လာသည်ကို ဆိုင်ရာကဖမ်းမိ၍ဖြစ်စေ အကြွေးရှောင်မယောင်မလည်လာသော ဤသူ့ကိုကား. . . သေမင်းကြီးကိုယ်တိုင် ချက်ချင်းစစ် ချက်ချင်းသေဒဏ်ပေးတော့သည်။

ဤဆိုခဲ့ပြီး အိုမင်း၊ နာမင်း၊ သေမင်းကြီးတို့သည်ကား သုံးဆယ့်တစ်ဘုံလုံး သူတို့ပိုင်နက်ချည်း ဖြစ်၏။

လူပြည်၌လည်း. . . ဘုရင်ပါဆိုသူလည်း သူတို့သုံးပါးအောက် ပြားပြားမှောက်ကြရ၏။ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသည်များမို့လည်း ညှာလိမ့်မည် မဟုတ်။ ကုန်ကုန်ပြောရလျှင် ဘုရား၊ ပစ္စေက၊ ရဟန္တာတို့မို့လည်း ချန်မထားခဲ့ကြ။

သည့်အတူ အထက်အထက်တက် နတ်၊ ဗြဟ္မာတို့ဘက်ထွက်နေလည်း သူတို့နှင့်မလွတ်ကြ။ အောက်အောက်ဆုတ် အပါယ်ကြားသွားငုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

လည်း သူတို့နှင့်မလွတ်ကြ။ သို့ကြောင့် အို၊ နာ၊ သေ ဤ မင်းသုံးပါးတို့ကား ဗိုလ်တကာ့ဘုရင်များ။

**□ ကိုယ်လည်းလေဘုံလုပ်သားပေမို့**

ငါ့အကြောင်း မပြောမီ ဂျပန်ခေတ်ကအကြောင်း လမ်းကြောင်းထားရဦးမည်။

ဂျပန်ခေတ် သံဖြူဇရပ် ချွေးတပ်စခန်းသို့ ငါတို့ (မင်းကုန်း) ရွာက ကိုအောင်ဖေဆိုသူနှင့် ကိုသူတော်ဆိုသူ နှစ်ဦးတို့လည်း ရောက်ရှိနေကြ၏။ ထိုစဉ်. . . ဂျပန်၏အကြမ်းပတမ်းဒဏ် အားလုံးပင်ခံယူကြရင်းက မိမိတို့နေရပ်သို့ ပြန်လည်ရောက်ရှိလာကြရာ. . .

ကိုသူတော်က ဇနီးဖြစ်သူ မလှခင်ကို ချွေးတပ်အကြောင်းပြောရင်းက "အောင်ဖေကြီး ဂျပန်က နားပန်းတီးပြီး အခိုင်းခံရတယ်ကွ" အဆစ်ထည့်၏။ ထိုအခါ မလှခင်က ကြားဝင်မေးသည်။ "တော့်ကော"၊ "အင်း-ငါ့နှစ်ချက်တောင်ဘဲ" ဤကား ကိုသူတော့်အပြော။

သို့ပမာ လောကတွင်းနေများအား အိုမင်း၊ နာမင်း၊ သေမင်းများက သဘာဝဘေး၊ ကာမဘေး၊ အဓမ္မဘေးတို့ဖြင့် အရေးယူ၍ အပြစ်ဒဏ်ချမှတ်ရာ၌ ငါသည် အများထက် မကျော်သော်မှ အများအောက်မကျ ခံနေရသည်သာ။

အသက်-၃၀မကျော်ခင်က ဆံဖြူနေပြီ။

အသက်-၃၀မကျော်ခင်ကပင် မျက်မှန်တပ်နေရပြီ။

အသက်-၃၀မကျော်ခင်ကပင် ညာခြေထောက် သွေးလေလျှောက်နည်းနေပြီ။ ယင်းတို့ကား ငါ့ဘက်က သက်သေများတည်း။

ထိုမှတစ်ဆင့် အသက် ၃၉-နှစ်အရောက် ရဟန်းဘဝဖြင့် လူသူကင်းဆိတ်တောရိပ် တောင်ရိပ်များသို့ ထိုးဖောက်သောအခါတွင်ကား တောကြားတောကစားခံနေရပြီ။ တစ်ဖန် . . . လူသူနှင့်ကင်းဝေး၍ ဆေးဝါးဓာတ်စာသင့်ရာရာမှီဝဲခွင့်မရလာသောအခါ . . .၊ ဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်မည့်နေရာအဆောက်အအုံမရလာသောအခါ. . . အစကမှ မြက်မှို့ဥပမာ အမာခံကျောရိုးလုံးဝမပါ၊ အနှစ်ဟူ၍လည်း ဘာတစ်ခုမှအတည်မပါလာသော ငါ့ခန္ဓာကြီးသည် . . . ယခုသော် နေ၊ လေ၊ ဥတုတို့၏ဒဏ် လှလှကြီးခံနေရရာ ဆေးဝါးဓာတ်စာသုံးခွင့်မရ သည်အတိုင်းချည်း ငုံ့ခံနေရရာ စိုသောကိုယ် ညှိုလာစေ၏။ ဖြူသောအသား မည်းသွားနေ၏။ သည်ကြားထဲ. . .

သိုက်စာကျ၍ လိုက်လာသော ကိုယ်တော်ကြီးဟူ၍လည်း အမည်ပေးကြ၏။

သူလျှိုအလုပ်ဖြင့်ရောက်လာသော ကိုယ်တော်ကြီးဟူ၍လည်း ကင်ပွန်းတပ်ကြ၏။

ဘုန်းကြီးလာဘ်ပေါချင်၍လူလာစုသောကိုယ်တော်ကြီးဟူ၍လည်း သမုတ်ခံရသေး၏။ ယင်းတို့ကို အချို့က ဖြောင်ဖွင့်မေးကြ၏။ အချို့က ကွယ်ရာပြောဆိုကြ၏။

တစ်ခုလုပ် တစ်ခုဒဏ် ခံကြရသည်မှာ ဓမ္မတာ။

တစ်ခါရှုပ် တစ်လုပ်အခွံ့ခံကြရသည်မှာလည်း ဓမ္မတာ။

ယင်းတို့ကို နားပင်းသမားကြီးလိုနေပြရ၏။ ထိုသို့မနေ အခြေပိုဆိုးတတ်၏။ အကန်းလိုလည်း နေပြရ၏။ ထိုသို့မနေတတ် အပတ်ခံရတတ်၏။ သည်နေပြရင်းက လှိုင်းအပုတ် လှေမလှုပ်အောင် ထိန်းပေးနေရ၏။

သို့ဖြင့် သာစည်ရွှေကျောင်းကုန်းတောင်ရောက်လို့မှ တစ်နှစ်မပြည့်သေး သဘာဝဘေးဆိုးတို့ကား ထိုးထိုးထောင်ထောင် လှောင်ပြောင်၍လာနေကြပြီ။

**□ ကျွဲတစ်အုပ်နှင့် ထုပ်ဆီးထိုး**

တစ်ခုသော ဆောင်းအကြွေ နွေကူးစကာလ. . .

ထိုဒေသရှိ လယ်ယာကိုင်းကျွန်းတို့ကလည်း ရိတ်သိမ်းပြီးစီးနေကြပြီဖြစ်ရာ ကျွဲ၊ နွားများ အထိန်းအကျောင်းမပါ လွှတ်ထားခွင့်ရကြပြီ။ တစ်နေ့. . . ငါတို့ကလည်း တောင်မှဆင်း ဖိုသူကြီးဥယျာဉ်ဖြတ် ဦးမြသောင်းယာကွက်ကိုလည်း ကျော်ဖြတ်၍ တောကြား ကွင်းပြင်လေးအတိုင်း သာယာကုန်းရွာဆီသို့ ဦးတည်ကာ ဆွမ်းခံအသွား. . . ဝင်းကခနဲ ဝါကခနဲဆို မျက်စိနောက်၍ လန့်တတ်သော ကျွဲအုပ်ကြီးကလည်း ငါတို့ဆီ ဦးတည်အလာ ရုတ်တရက် ပက်ပင်းတိုးမိကြပြီ။

ထိုစဉ်. . . ငါသည် "ကဲ သင်တို့သွားလိုရာသွား အန္တရာယ်ဖယ်ရှားထားခဲ့ကြပါ။ ငါသည်လည်း ငါသွားလိုရာသွား အန္တရာယ်အားလုံး ဖယ်ရှားထားခဲ့ပါအံ့။" သည်သို့ စိတ်တွင်းမှနေ ပြောဆို၍ ခြေစုံရပ်ပေးထား၏။ မျက်နှာကိုလည်း ယပ်ဖြင့်ကာပေးထား၏။ ခန္ဓာရှိကောဋ္ဌာသများကိုလည်း ရေတွက်နေမိ၏။

ထို ကျွဲအုပ်ကြီး ရှူးရှူးရှဲရှဲအသံပင်မထွက် ငြိမ်သက်သော ကိုယ်ထားမြဲအတိုင်းတို့ဖြင့် ငါတို့ဝဲယာဘေးမှနေ ဖယ်ရှားသွားနေကြပြီ။ သူတို့ သွားလိုရာလမ်း၊ သွားလိုရာစခန်း တန်းမတ်စွာဖြင့် ထွက်ခွာသွားကြလေပြီ။

ထိုစဉ်က ထိုကျွဲများ ကောင်ရေ-၅၀ ထက် မနည်းပါ။

ဘုန်းကြီး ရဟန်းတွေ့ ခတ်တတ်သောကျွဲ. . . ဘာ့ကြောင့် မခတ်ကြသလဲ. . .။

ယင်းအဖြေ ငါကိုယ်တိုင် ရေရေရာရာမသိ။ တွေးကြည့်ရုံမျှသာ ရှိမိ၏။ ယင်းမှာ. . . "ရွှေကျောင်းကုန်းတောင်သည် ယခင် ပျူခေတ် ထွန်းကားခဲ့စဉ်က မင်းကိုးကွယ်ခံ အဘဝိမလဆရာတော်ဘုရားကြီး နောက်ပါတပည့်အဖြစ်ဖြင့်နေခဲ့ဖူးသည်က တစ်ကြောင်း၊ တောထွက်စ၏ သဒ္ဓါ၊ သီလ၊ ဆန္ဒ၊ ဝီရိယအထမ်းအတွဲညီနေကြသည်က တစ်ကြောင်း၊ ငါတို့၏တောထွက်သန္ဓေတည်ရာ၊ မွေးဖွားရာနေရာဖြစ်နေသည်ကတစ်ကြောင်း ဤအကြောင်းပေါင်းစုံများက အကာအကွယ်ပေးလိုက်ခြင်းများလား။" ဟူ၍။

ကျွဲအုပ်ကြီးနှင့်ရင်ဆိုင်ရစဉ်အတွင်း ငါ၌ကြောက်လန့်ခြင်းကင်းနေ၏။ ရှုမှတ်စိတ် (ကောဋ္ဌာသအာရုံယူစိတ်)မှတစ်ပါး အခြားစိတ်များ ဝင်မလာခဲ့။ တစ်ဖန် ကျွဲအုပ်ကြီး ရှောင်ကွင်းသွားပြီးနောက်တွင်လည်း ဝမ်းသာစိတ်မဖြစ်မိ။ ရင်တုန်ပန်းတုန်လည်းမဖြစ်မိ။ မတိုးမီက စိတ်နှင့် တိုးပြီးနောက်စိတ်တို့သည် အတူတူပင်ဖြစ်နေကြ၏။

ယင်းမှာ တောထွက်စ အရှက်ဦးကာလ၏ စိတ်သတ္တိကြောင့်ထင်မိ၏။

တောထွက်စသည် မတွေ့ဘူးသောအတွေ့ဖြစ်နေ၍ သစ်လွင်လန်းဆန်းနေ၏။ မတိုးဘူးသော အတိုးဖြစ်နေ၍ သတိလက်မချမြဲနေ၏။ သို့ကြောင့် ငါ့ထံ၌ ကံကလည်းထက်၊ အသက်ကလည်း နုပျိုဆဲဆဲရှိသေးသည်။

ဤ၌ ထိုးဇာတ်လေး တစ်ခန်းရပ်ဖြင့် မှတ်တမ်းတင်ခဲ့ပါအံ့။

သေမင်းကြီးသည် ဗဟိုအာဏာပိုင်ဘုရင်တစ်ဆူ။

အိုမင်း၊ နာမင်းတို့ကား ဌာနလက်ကိုင်ရှိ တိုင်းမင်းကြီးများ. . .။

သတ္တဝါတိုင်း၏ ဘဝဖြစ်စဉ်တာန်းရှည်ကြီးအတွင်း၌ပင်. . .





www.burmeseclassic.com

www.burmeseclassic.com

သန္တတိ-ရုပ်ဖြစ်စဉ်ကလာပ်စည်းငယ်လေးပေါင်းများစွာ တန်းစီနေရာယူလိုက်သည်။

ဇရတာ-အခိုက်တန့်တည်အဖြစ်ဖြင့် တွေနေလိုက်သည်။

အနိစ္စတာ - ရုတ်တရက်ပျက်ကျသွားခြင်းဖြင့် သေဆုံးသွားပြီ။

ယင်းကို ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဟု သုံးလေ့ရှိရာ. . . ဥပါဒ်ကား ဖြစ်ပြီး သို့မဟုတ် မွေးဖွားလာပြီ။ ဋ္ဌီကား အတည်သို့မဟုတ် လူ့လောက နေခွင့်ရချိန်။ ဘင်ကား အပျက် သို့မဟုတ် လူ့လောကထဲမှ ထွက်ခွာသွားရရှာပြီ။

ဤ၌ ဥပါဒ်နှင့်ဘင် နှစ်ခုကားထင်ရှား၍ ဖြစ်၊ ပျက်ဟု သုံးစွဲကြရပြီး ဋ္ဌီကား. . . ပမာ. . . ခဲတစ်လုံးတောင်းဆင်ထက်.ပစ်လွှတ်ရာ၌ တက်သွားပြီးနောက် ပြန်မကျမီ ခဏမျှတွေနေသည့် ပမာဏမျှဖြစ်၍ သိပ်မထင်ရှား။

ပြင်ပအခြေ ပြင်ပအနေ ကြည့်လျှင်မူကား လူတစ်ဦးစီ၏ မွေး၊ နေ၊ သေခရီးစဉ်ကြီး သုံးထွေရှိကြရာတွင် . . .

သေကာ ခေတ်ကနဲ တစ်ချက်ပြတ်မျှ ကာလဖြစ်နေ၍ မြန်လွန်းလှ၏။

မွေးကား ကိုးလလွယ် ဆယ်လဖွား ကာလဖြစ်နေ၍ အနည်းငယ်ကြာ၏။

နေကား သက်တမ်းရှည်ကာလအသချေမှသည် သက်တမ်းတိုကာလ ၁၀-နှစ်မျှအထိ နေတာရှည်လွန်းလှချေ၏။ သို့ကြောင့်. ပြင်ပ၌ ဋ္ဌီအချက်ပြကတာရှည်သည်။

ခဏအချက်ပြသည် အတွင်းပြု၊ အပြင်ပြု မည်သည့်အပြုဖြစ်ပါစေ. . . မွေးပါ၊ နေချင်သလောက် နေပါ ပြီးပြီလား လာအသတ်ခံကြချည်းဖြစ်ရာ. . . သေမင်းကား ဩဇာအာဏာအကြီးဆုံးဖြစ်သဖြင့် ဘုရင်ဆိုရမည်။ ထိုသေမင်းကြီး၏ လက်ပါးစေများကား အိုမင်းနှင့်နာမင်းနှစ်ပါး။

ထို လက်ပါးစေ မင်းနှစ်ပါးတွင် သေမင်းကြီးသည် အိုမင်းကို အထူးအားထားသည်ဆို၏။ ဘာ့ကြောင့်. . . အိုမင်းက သတ္တဝါတို့ကို သေမင်းလက်တွန်းပို့ပို့ရာ၌ ပို၍ပို၍မှန်းသိခွင့်မရအောင် ညင်ညင်သာသာ ကိုင်တွယ်သောကြောင့် ဆို၏။ နာမင်းကား သတ္တဝါတို့ကို သေမင်းလက်ဆွဲပို့ပို့ရာ၌ အကြမ်းပတမ်းနည်းသုံးသဖြင့်၊ အချိန်မီ ပြုပြင်ခွင့်ရကြသဖြင့် ဆွဲရင်းကတင်၊ ငင်ရင်းကရပ် အသက်မအပ်နိုင်သို့ကြောင့် နာမင်းကိုကား သေမင်းကြီးက မျက်နှာသာမပေးတတ်။

ထိုအခါ နာမင်းသည် သေမင်းကြီး၏ ကောင်းချီးဆု အိုမင်းထံမှ လုလိုရကား သတ္တဝါတို့၏ ဥတုနှင့်အာဟာရမှီဇာတိသက်ကို အသေမွှန်း၍ ကံသက်၊ စိတ်သက်တို့ကို တစ်ကျွန်းပို့နည်း အသုံးချတော့သည်။

အိုမင်းက ကံသက်၊ စိတ်သက်တို့ကို ချုံး၍ လမ်းရိုးက သေမင်းထံပို့။

နာမင်းက ဥတု၊ အစာမှီဓာတ်သက်ကိုဖမ်း၍ ဖြတ်လမ်းကနေ သေမင်းထံပို့။

သို့ဖြင့် နာမင်းသည် သေမင်းပေးမည့်မျက်နှာသာဆု အိုမင်းထံကလုမည်။

ထိုစဉ်. . . နာမင်း၏အကြံ အိုမင်းကလည်း ရိပ်မိဉာဏ်ဝင်စားလာကာ သတ္တဝါအား လတ်တလော သေစေနိုင်သော ပြင်ပကံ (အန္တရာယ်) ဖြင့် ဖန်တီးရန် ကြံရွယ်တော့သည်။ ပြင်ပနေ ဥတု၊ အာဟာရကို နာမင်းကအသုံးချ၍ ပြင်ပနေအန္တရာယ်ကို အိုမင်းကြီးက အသုံးချကာ သေမင်းထံ အသစ်အပ်မည်။

အိုမင်း၊ နာမင်း နှစ်ပါးတို့၏ အားပြိုင်ပွဲကား . . . ပုံလုံးတစ်လှည့် ငါးပျံတစ်လှည့်ပဲဖြစ်နေမလား။ သို့မဟုတ် ကံပြုသမျှ ဒဏ်ကချည်း ပြုံခံနေမလား။ ဒဏ်ထုသမျှ ကံကချည်း ငုံ့ခံနေမလား။

ယခု ဆိုခဲ့ပြီး ကျွဲတစ်အုပ်နှင့်တစ်ဖြုတ်တွေ့ခြင်းသည်ကား အိုမင်းကြီး၏ အကြံကုန် ဂဠုန်ဆားချက်နည်းသုံးလိုက်ခြင်းဖြစ်၏။ သို့ - သုံးရင်းက အိုမင်းက သေမင်းကြီး တိတ်တဆိတ် ခေါ်ငင်၍ 'အရှင်မင်းကြီး ရှုစားတော်မူပါ။ အကျွန်ုပ် သူ့အသက် (တောနေဘုန်းကြီးအသက်) အရှင်မင်းကြီးလက် ယခုပင်အပ်ပြုပါမည်'။ မဆိုသော်လည်း ဆိုသည့်ပမာ။ ထိုအခါ သေမင်းကြီးက ငါနှင့်ကျွဲအုပ် တစ်ဖြုတ်တွေ့ပုံကို ရှုစား၍ ထိုကျွဲအုပ်က ငါ့အား မသိကျိုးကျွန်ထားဖယ်သွားသွားသည်နှင့်. . . 'ဟင်း သူ့ကံကကြီးလွန်းနေသေး၏။ သင်ခြေတိုင်းကြွေမည်မဟုတ်သေး'။ သို့ မှတ်ချက်ပေးကာ သေမင်းကြီး သူ့နေရာသူ ပြန်သွားတော့သည်။

သူ့နေရာကား ဖြစ်ပြီးတိုင်း ပျက်ပျက် ပျက်။

သူ့အလုပ်ကား မွေးသမျှ သေစေသေစေ အမိန့်ပေးအလုပ်။

## ၁ မြွေကြီးတစ်ကောင်လမ်းလယ်ခေါင်

အိုမင်းကား နာမင်းထက်အသက်လက်ဦးရန် ကြံရွယ်ထားသည့်အတိုင်း. . .

ငါ့အား ထင်းခွေမကြုံ ရေခပ်လမ်းကဆုံမဟော့ ကြုံးဝါးကာ ငါ့အသက်သေမင်းလက်အပ်ရန် ဒုတိယမို့ ကြိုးစားပြန်၏။ ယင်းမှာ . . .

သာစည်ရွှေကျောင်းကုန်းထောင်ရောက်၍ ပထမဝါမဆိုမီ မိုးဦးကာလတွင်. . . ငါတို့ကလည်း ရေတွင်းကြီးရွာမှ ဆွမ်းခံပြန်လာပြီး အင်တိုင်းသာနှင့်နန်းတော်ကုန်းရွာအကူး လှည်းလမ်းမပေါ်အရောက် အဝေးမကြည့် ငိုက်စိုက်ကြည့်လျက်က . . . ရှည်လည်းရှည်(လှည်းလမ်းမ တစ်ဖက်သို့ ဦးခေါင်းရောက်သွားသော်မှ အမြီးကား တစ်ဖက်လှည်းလမ်းစပ် မရောက်တတ်သေး။) တုတ်လည်းတုတ် (ခန့်မှန်းပမာဏ ပေါင်လုံးပမာဏမျှတုတ်၏။) အရောင်ကလည်း မည်းနက်နေ (ငန်းပုပ်မြွေမျှ မည်းနက်၏) ဤမြွေကြီးကလည်း လမ်းဖြတ်အကူး. . . ထိုစဉ် ထိုမြွေကြီးနှင့် ငါတို့နှင့် ဝါးတစ်ပြန်လောက် နီးနီးကပ်ကပ်ဖြစ်လာချိန် မြွေကြီးသည် (မလွတ်မှန်းသိသဖြင့်) ရုတ်တရက် နောက်လှန်ချ၍ ရှောခနဲ နောက်ကြောင်းသို့ပြန်လှည့်ပြေးသွားတော့သည်။

မြွေကြီး နောက်ပစ် လှန်ချလိုက်ရာမှဖြစ်သော ဗုန်းခနဲ အသံကြီး ကြားလေမှ ငါတို့က မျက်ခွံလှန် အဝေးသို့လှမ်းကြည့်လိုက်ရာ ဆိုခဲ့ပြီးအတိုင်း ရှည်လည်းရှည်၊ တုတ်လည်းတုတ်၊ မည်းလည်းမည်းသော မြွေကြီးတစ်ကောင်အဝေးပြေးနေသည်ကို မြင်တွေ့ခွင့်ရ၏။

သတိကြောင့် လန့်စိတ် ဝင်ခွင့်မရခဲ့။

အတွေးမဝင်၍ ကြောက်စိတ်လည်း မပေါ်ခဲ့။

ငါ့ အစွမ်းအစကြောင့် မဟုတ်။ သတိ အလုပ်လုပ်နေခြင်းကြောင့်သာ။

သည်သို့ မြွေရှေ့ ငါ့အား ဘေးတွေ့ပေးစဉ်၌လည်း အိုမင်းကြီးသည် သည်တစ်ခါ အပိုင်ဟော့ ကြုံးဝါးကာ ငါ့အား သေမင်းလက်အပ်ရန် သေမင်းကြီးအား ပင့်ခေါ် လိုက်ပြန်၏။ သေမင်းကြီးကလည်း တစ်ယောက်သေ တစ်မြေတိုးမြေသားမှ ပိုးမိပိုးမိဆိုကာ အိုမင်းပင့်ရာ၌ လိုက်ခဲ့၍ ရှုစားတော်မူ၏။ ထိုစဉ် . . . မြွေကြီးက ငါ့အား ရန်မလုပ်။ ရန်မလုပ်သည့်အပြင် သူကပင် နောက်ကြောင်း ပြန်ပြေးသွားလေရာ. . .

"ဘယ်မလဲ မင့်တာ . . . သည်လောက်နဲ့ မရသေးပါဘူး။ သူ့ကံက တော်တော်ကြီးနေသေးသည်"

သို့ မှတ်ချက်ပေးကာ သေမင်းကြီး

www.burmeseclassic.com

သူ့နေရာ သူ ပြန်လည်သွားတော့သည်။

သူ့နေရာကား ဖြစ်ပြီးတိုင်း ပျက် ပျက် ပျက်။

သူ့အလုပ်ကား မွေးသမျှ သေစေ သေစေ အမိန့်ပေးသောအလုပ်။

သတ္တဝါတစ်ဦးသည် သူသေချင်တိုင်းလည်း သေခွင့်မရ။ သူတစ်ပါး သေစေချင်တိုင်းလည်း သေပေးခွင့်မရ။ ဘာ့ကြောင့်. . .။

သတ္တဝါတိုင်း ခန္ဓာတည်ဆောက်ရာမှ ဖြစ်သော ဓာတ်သက်လည်း ရှိနေ၏။ ကံပြုစဉ်က ပါလာသော ကံသက်ကလည်း ရှိနေပြန်၏။ ဓာတ်သက်ကို ဥတု၊ အာဟာရတို့က ထောက်ပံ့ပေးနေ၏။ ကံသက်ကို နောက်ထောက်ကံရှိန်များက ထောက်ပံ့ပေးနေ၏။ ထိုစဉ်. . . ကံနှင့် အသက် တစ်ဖက်ဖက် အသေသတ်နိုင်မှ သေပေးရ၏။ တစ်ဖက်ကိုမှ အပြတ် မဖြတ်နိုင်သေးက သေဖို့ဝေးသေးသည်။ အကယ်တိတိ. . . နောက်ယောင်ခံလိုက်လာသော ကြွေးဟောင်းသမားကြောင့် အသက်နှင့် ကံတို့ အလုပ်လုပ်နေစဉ် ဖြတ်ခုတ်အခုတ်ခံရသော် ကံသက်အရှိန် မပျက်သော်မှ အသက်သေပေးကြရ၏။ ယင်းကို ကပ်ဖြတ်ကံ အမည်ပေးရ၏။

ခြုံပြောလိုက်ကြစို့. . . သတ္တဝါတစ်ဦး. . . အသက် သို့မဟုတ် ကံ သို့မဟုတ် အသက်၊ ကံ နှစ်တန်စလုံး ကိစ္စတုံးစီရင်နိုင်စွမ်းရှိမှ သေမင်းလက် အသက်အပ်ခွင့်ရကြမည်။ တစ်ဖန်. . . အသက်ကံ ဘယ်မျှအခံကောင်းကောင်း နောက်ကြွေးဟောင်း မောင်းဖြတ်သုတ်သင်ပစ်လိုက်လျှင် သေမင်းပင် ငင်စရာမလို။

ယခုသော်. . . အိုမင်းသည် ငါနှင့်ပတ်သက်၍ အတိတ်ပါကံကိုလည်း မြေလှန်နည်း အသုံးမချနိုင်။ အန္တရာယ်ကံကိုလည်း ထိထိမိမိ အသုံးမချနိုင်။ သို့ကြောင့် ငါသည် အိုမင်းထောင်ချောက်မှ ဒုတိယမှို လွတ်ခွင့်ရခဲ့သည်။

ငါ့အသက် သေမင်းထံ ဝ,ကွက် မအပ်နိုင်သော အိုမင်းကြီး. . . သင်သည် . . .

ခွေတိ ခွေယိုင် ဌင်းတမှိုင် မှိုင်၍ ငိုင်လေဦး. . .။

**□ အန္တရာယ်မလာ အနာမလှည့်**

သာစည် ရွှေကျောင်းကုန်းတောင်၌. . .၁၃၄၁ - ခုနှစ် ဝါကျွတ်ပြီးနောက် ရောက်၍ ၄၃ - ခုနှစ် ဝါမဆိုမီ မွန်ဒေသ ဇင်းကျိုက်သို့ပြောင်းခဲ့သည်။ ကဆုန်လပြည့်ကျော်လောက်မှာ ဇင်းကျိုက်တောင်ကား ပင်လယ်ကွေ့နှင့် နီးကပ်နေ၍ မိုးသည်း၏။ ငါတို့ ပါသမျှကား သပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်မျှသာ။ သို့သော် . . . ကိုယ်ခံအားကလည်း အားကောင်းတုန်း (အသက်၄၀-ကျော်အရွယ်)၊ ဆန္ဒအား၊ ဝီရိယအားများကလည်း ထက်တုန်း၊ ဥတုဘေးရန်ကလည်း မာမာထန်ထန်မခံခဲ့ရသေး။ ထို့ကြောင့် ထို ၄၃ - ခုနှစ် တစ်ဝါတွင်းလုံး ပန်းပန်လျက်ပါ ဆိုနိုင်ပါသေး၏။

ထို၄၃-ခုနှစ်၌ပင် ငါတို့ယောက်ယက်ခတ်သလို ခန္ဓာတွင်းနေဓာတ်သက်များလည်း ယောက်ယက်ခတ်စပြုလာကြပြီ။ ယင်းမှာ ဇင်းကျိုက် ရသေ့မဂူနေ ရသေ့လေးက သူသည် မှတ်လအိမ္မတ်လအတတ် (ထိုနေရာက ဘုရားရှင် ဆံတော်မြတ်ကိန်းဝပ်ရာဒေသ)တောင်သို့ပြောင်းတော့မည်။ ဤရသေ့မဂူကို အရှင်ဘုရားအား အပြီးအပ်ပါသည်ဟု (ငါတို့နေရာ) ဇင်းကျိုက်သိမ်သို့ လာရောက်လျှောက်ထားရာ . . . ငါတို့ကလည်းနေချင်ချင်ကြောင့် ထိုဂူကို ရသေ့လေးထံမှ လက်ခံယူလိုက်ကာ ထိုဂူ၌ရွှေ့နေလိုက်သည်။

ထိုစဉ် မြေကျင်းဂူထဲအောင်းမိသည်က တစ်ကြောင်း၊ လမ်းကတည်းက ရေဖြင့်ရေဝလာသောဆွမ်းများစားမိသည်ကတစ်ကြောင်း ထို့ကြောင့် ဝမ်းပျက်ဒဏ်စတင်ခံရပြီ။ ကျင်ကြီးရောင်များ မည်းတူးနေချေပြီ။ တစ်ဖန် ထိုရသေ့လေး သူ့ပုန်ရန်မခံနိုင်သောကြောင့် နောက်ပြန်ဆုတ်ခဲ့ရရာ. . . သူ့ဂူအား ပြန်အပ်ရပြီ။ ငါတို့က မင်းတစ်ရာ့တစ်ပါး တောင်ပြောင်းရွှေ့ခဲ့ရ၏။ သို့ကြောင့် "၄၄- ခုနှစ် ဝါ မင်းတစ်ရာ့တစ်ပါးမှာ" ဆိုရသည်။

ယင်း၌ ယခင် သံဃာတော်များ သီတင်းသုံးသွားသော ကျောက်ဂူကြီးတစ်လုံးရှိ၏။ ထိုဂူကြီးက မိုးတွင်းမှာ တော်သေး၏။ ဆောင်းကာလတွင်ကား ကျောက်သားချည်းသက်သက်ဒဏ်မခံနိုင်ဖြစ်လာ၏။ တစ်ညလုံး မီးဖိုနေရ၏။ တစ်ဖန်. . . ပန်းကုန်ရွာဆင်း၍ အုန်းစိမ်းရည်မှီဝဲပေးရ၏။ အကျိုးဆက်ကား. . . မကြာပါ နာမင်းကြီး၏ ထောင်ချောက်ကြား ကားခနဲကြီးရောက်သွားတော့ရာ . . .

ပထမ . . . ဦးဆက်ကြောတစ်လျှောက် အနာ၁၅-လုံးတိတိပေါက်၏။ ယင်းကို သထုံဆေးရုံကြီးက 'အနာပဆုပ်' အမည်ပေး၍ အရပ်ဆရာက 'ဆင်ငိုလည်ပြတ်' အမည်ပေး၏ မချိမဆံ့ခံရ၏။

ဒုတိယ. . . ကျော၊ ခြေထောက်များ၌ ကွဲအသားမာနာပေါက်၏။ ယင်းကား. . . အစိမ်းသက်သက် အသားခွဲထွက်လာသောအနာမျိုးဖြစ်၏။ မချိမဆံ့ခံရ၏။

ငါတို့သည်ကား (အများသည်ကား) . . . ဘုရား ဘုရား။

နာမင်းကြီးကား တဟားပြီးတဟား ကြွားကြွားရွှားရွှား. . .။

ထိုစဉ် ဦးဆက်ကြောတစ်လျှောက် လိုက်၍ပေါက်သော ပန်းမုန်လာပွင့် ပမာဏမျှသောအနာများသည် တစ်လုံးပျောက် တစ်နေရာရွှေ့ဖြင့် ပျောက်ကူးကူးပျောက်မျိုးဖြစ်နေချေရာ ပန်းကုန်နေဒကာ၊ ဒကာမများသည် တစ်လုံးပျောက် ဝမ်းသာ၊ နောက်တစ်လုံးပေါက် ဝမ်းနည်းဖြင့် ရင်တမမရှိနေကြ၏။

အနာခံရသူ ထိုသည့် ငါသည်လည်း ပုပ်ရိခြင်း၊ ပြည်ထွက်ခြင်း အလျှင်းမရှိ အစိမ်းသက်သက်က ခွဲထွက်လာသောအနာဖြစ်ခြင်းကြောင့် မချိမဆံ့ ဆိုသောစကားထက် တိုးသုံးနိုင်သော စကားလုံးရှိက တိုးသုံးချင်သော ဝေဒနာမျိုးခံနေရရာ ဘုရားတောင်မ,တအားသောအခြေသို့ဆိုက်နေ၏။

သို့တစေလည်း နာမင်းကြီးမှာ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပမာသောအပြုံးတို့ဖြင့် သေမင်းကြီးအား သွားရောက်ပင့်ခေါ်၏။ ငါပြို အဘိုလို မစိမ့်ပို့မယုတ်။ ငါသာဝင် သေမင်းတောင် ငင်စရာမလိုဆိုသော မာန်အဝင့်ဖြင့် ခေါ်ပင့်လာခြင်းဖြစ်၏။ ထိုစဉ်က သေမင်းကြီးကပင "သည်ကောင် ဘယ်ဆိုးလို့တုံး" မှတ်ချက်ချယူရ၏။ သေမင်းကြီးကိုယ်တိုင်လည်း "ဟုတ်ပြီဟေ့၊ ဟုတ်ပြီဟေ့" အတွေးဖြင့် မနောခွေနေ၏။ သို့သော် ဆေးကလည်းစူး၊ ကံကလည်းမနူးသေးကြောင့်ထင်၏။ သေခွင့်မရ။ ဆေးကလည်း ဆင်ဖြူတော်ဘွဲ့ခံ ဘုရားများ တည်ခဲ့ဖူးသူ ဆရာကြီး ဦးသန်းဖေ၏ အစွမ်းထက်ဆေးများ ဖြစ်ကြ၏။

ထိုဆရာကြီးဦးသန်းဖေသည် ယခုလည်း ဆင်ဖြူတော်ဘုရား၌ပင် နေထိုင်သည် ဆို၏။ နေရာ အတိအကျ မသိ။ ပန်းကုန်နှင့် ပေါင်မြို့ အကြားမှာထင်၏။ သူ့မျက်နှာ၊ နာခေါင်းတို့သည် ဆင်နှင့် ဆင်ဆင်တူ၏။ ဆရာကြီးဦးသန်းဖေ၏ ဆေးစွမ်းမှာ. . . ပေါက်ခါစ အနာသို့ သူ့မီးဖုတ်ဆူးကြီးနှင့်ပေါက်ရှုံဖြင့်ဒဏ်ခြေသွားတော့၏။ အကင်းသေတော့၏။ ပေါက်လက်စအနာကို ဖန်ဆေး၊ ဆေးထည့်ဖြင့် ပျောက်ကင်း၏။ ယုံဖြင့် ဝဲဘက်

www.burmeseclassic.com

ဦးဆက်မှုပတ်၍ ပေါက်လာသောအနာများ ယာဘက်ဦးဆက်ကြောဆုံးသည်နှင့် သူလမ်းဆုံးသွားတော့ရာ . . . ထိုအနာများက ဆရာကြီးဦးသန်းဖေအား နောက်တစ်ခါ မပေါက်လာတော့ပါ နှုတ်ဆက်၍ ထွက်ခွာသွားတော့သည်။

ထိုအခါ၊ သေမင်းက နာ့မင်းကို . . . "ဟင်- မင့်ဟာကလည်း ပိုင်လည်း ပိုင်ဘဲနဲ့" မြည်တွန်၍ သွားတော့သည်။ နာမင်းကြီးကား ဟင်းအိုးနားရောက်မှ ထပျံသွားသောကြက်ကိုမော့ကြည့်လျက်က သက်ပြင်းချကျန်ရစ်ခဲ့သော အစာငမ်းသမားပမာ သူ့မျက်နှာ မအီမသာ။

**□အနာပျောပြေး ဘေးတွေ့**

၄၄-ခုနှစ် မင်းတစ်ရာ့တစ်ပါးတောင် ဝါဆိုအပြီး ၄၅-ခုနှစ် ဝါမဆိုမီမှာပင် မင်းတစ်ရာ့တစ်ပါးဘုရားပျူပြင်ညေ့ရဟန်းတစ်ပါးကြွလာ၏။ သူဘုရားပြင်မလို့ဟု အရေးဆိုလာ၏။ သို့ကြောင့် ငါတို့ ဖယ်ပေးရန် ပြင်ဆင်ရတော့သည်။ ထိုစဉ် . . . ဝါဆိုခါနီးတွင် ပန်းတုန်း (သင်ပေါင်းချောင်း) ရွာမှ ဒကာကြီးဦးတိုင် (ဦးရိုင်) နှင့် ဦးကျော်ငြိမ်းတို့မိသားစုနှစ်စုတို့ ပင့်ဆောင်ရာ ဖရုံညာစမ်းသို့ပြောင်းခဲ့ရ၏။ ထို၌ ပန်းကုန်းနှင့်နီးသဖြင့် ပန်းကုန်းရွာကျောင်းဘုန်းကြီးနှင့်တပည့်တို့က နယ်ကျော်မှုဖြင့် သံဃာ့တောင်စီတိုင်ကြား၏။ ရင်ဆိုင်ရ၏။ သို့သော် သံဃာ့ကောင်စီက ငါတို့အားအနိုင်ပေး၏။ ငါတို့ကားမနေ။ မကျေနပ်သော တရားလို၏ ကျေနပ်သောခွင့်ပြုချက်မဟုတ်သောကြောင့်။

သို့ဖြင့် ဒုတိယ ဝါဆိုမီ ကတွန်နယ် ကျောက်ခမောက် ပြောင်းခဲ့ရ၏။

တစ်နေ့ ကျောက်ခမောက်မှကတွန်သို့ ဆွမ်းခံရန် ထွက်အလာ လူသူကင်းဆိတ်သောတောကြားဝယ် . . . နွားထက်လည်းကြီး၏။ ကျွဲလောက်လည်းမရှိ။ နဖားကြိုးလည်းမပါသော အမွေးညိုညိုအကောင်ကြီးတစ်ကောင် ငါတို့သွားလမ်းပေါ်ပိတ်၍ အစာစားနေ၏။ ငါတို့ကိုတော့ပေးထား၏။ ထိုစဉ် ငါတို့က. . .

"ဟကောင်ကြီး လမ်းဖယ်ဖေးဦး" ဟုမ်းအပြော. . .

ထိုအကောင်ကြီး ရှေ့ဆီသို့ ဝါးတစ်ပြန်စာမျှပြေး၏။ တစ်ဖန် ပြန်လှည့်ကြည့်၏။ သည့်နောက် ပြန်ပြေးလာပြီး ငါ့အား အတင်းဝှေ့ရာ ငါသည် သူ့ချိုကို ငါ တံတောင်ဖြင့်ခုခံရင်း ဖင်ထိုင်လျက်သားလဲကျသွား၏။ သည်သို့ လဲကျလျက်ကပင်. . .

"ဟကောင်ကြီး ငါပါဟ" ပါးစပ်မှပြောမိ၏။

သို့ အသံပေးလိုက်သည်နှင့် ထိုအကောင်ကြီး တောကြားဝင်ပြေးတော့သည်။

သိသူများအတွက်တော့ အပန်းကြီးမည်မထင်။

ငါတို့အတွက်ကတော့ ခေါင်းနားပန်းကြီးသွားတော့သည်။

သို့တိုင်လည်း ထိုစဉ်က တောရိပ်တောစိတ်ဖြင့် ချွေးသိပ်မြဖြစ်ခြင်းကြောင့် လူတို့အတွင်း ခြေသွင်းထားရသလောက် အကြောက်မရှိသေး။

ကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ ဘေးကား ဘေးပင်။

လန့်သည်ဖြစ်စေ၊ မလန့်သည်ဖြစ်စေ အန္တရာယ်ကား အန္တရာယ်ပင်။

ငါသည် ဘုရားစကား နာခံချင်လွန်းလှ၍ တောထွက်သည်။ တစ်ဖန်ဘုရားသဏ္ဌာန်၌တည်သော သန့်စိတ်နှင့် ညီမျှသောစိတ်ဖြင့် ဘုရားအားလည်းကောင်း၊ အရိယာကြီးများအားလည်းကောင်း ကျေးဇူးဆပ်ချင်လွန်းလှ၍ တောထွက်လာခြင်း ဖြစ်သည်။

သို့တစေလည်း အပြစ်ကျသမားရက်မစေ့မီ ထောင်မှထွက်ပြေးသွားသောအခါ ထောင်ဝန်ထမ်းများက လိုက်လံဖမ်းဆီးကြ၏ပမာ . . . ငါ၌လည်း ပန်ထားသည့်ဆုအရ လည်းကောင်း၊ ငါပန်ထားသောဆုက အဂ္ဂမဟာတန်းဝင်ဆုထူးဟူ၏။ တစ်ဖန် ငါ့အား မှီခို၍ ငါနှင့်အတူ အောင်ပွဲဝင်ရန် ပစ္စယတို့ဖြင့်ထောက်ပံ့လိုက်ပါနေကြသည့် ဝေနေယျတို့၏ထောက်ပို့အားအရ လည်းကောင်း ငါက ပညာခွင် ဓမ္မ၊ သူတို့က သဒ္ဓါခွင် ပစ္စယ တာဝန်ခွဲဝေယူကြရာတွင် ပညာခွင်ဓမ္မကား ပြင်းလျှင်ပြင်းသလောက် ပွင့်သီးရင့်မှည့်ဖြစ်ခွင့်ရသော်မှဲလည်း သဒ္ဓါရှင် ပစ္စယဘက်မှာမူကား သဘာဝကပင် ပုံမှန်ဖြစ်နေသောကြောင့် ဖြတ်လမ်းဖြင့် မြေကြောရှုံ၍ မရကြောင့်. . .

ယင်းကိုရည်၍ လူ့ဘပ ရသေ့ဝတ်ဖြင့် တောထွက်စဉ်က မယားလိုက်လံခေါ်သဖြင့် ပြန်လိုက်ခဲ့ရချိန် ရန်ကုန်အရောက် ငါ့ဥပဇ္ဈာယ်ဆရာက ကဗျာတို့ဖြင့် ဆုံးမခဲ့ဖူး၏။

*□ ဝဋ်ကြွေးငယ်တင်*
*လွတ်သေးမယ် မောင်မထင်နဲ့*
*နောင် ဆင်ခြင်ထား . . . ။*
*မချိသူ*
*သတိမူမိပေတော့*
*ဝိဋ္ဌသာကီသတ်စဉ်က*
*ထွတ်ဘုန်းရှင် အလွတ်ရှုန်းရတယ်*
*တုံးရှိပေသား . . . ။ ။*

သို့ ဆုံးမပြီးနောက် ဆက်လက်မိန့်သေး၏။

"သည်ကဗျာလေးက ရာကျော်က ငါ့ကိုရေးပေးတာကွ။ ငါလည်း သဘောကျလွန်းလို့ ရွက်ရေတစ်ထောင်ပုံနှိပ်ပြီးဖြန့်ဝေလိုက်တယ်" ဟူ၏။

ဆိုလိုသည်မှာ ပန်ဆုနှင့်ပွင့်ချိန်က လိုနေသေးသည်။ ကြွေးချေပြီး နေလိုက်ဦးပင်။

သို့တစေလည်း ခေါင်းမာသောငါသည် ခေါင်းမာရမှ နေသာ၏ကြောင့်လည်းကောင်း၊ ဆုပန်နှင့်အကျင့် နှစ်ဆင့်ရှိရာတွင် အကျင့်သည် အဓိကဆိုထားခြင်းကြောင့် လည်းကောင်း ငါသည် ဆရာ့စကား နားမထောင်ဘဲ တောဘက်ဆက်၍ ထွက်မြဲထွက်ခဲ့ပါ၏။ အန္တရာယ်နှင့်ဘေးများကလည်း အပြေးအလွှားလိုက်၍ တားမြဲတားနေပါ၏။ ယင်းကိုဤဆိုခဲ့ပြီးသော ဖြစ်ရပ်များဖြင့် ငါတို့သက်သေထူပါ၏။ နောင်ဖြစ်အံ့သောဘေးအန္တရာယ်များဖြင့်လည်း သက်သေပြုပါဦးမည်။

အသွားသည် အတားနှင့်ကစားဖက်။ အရပ်သည် အပတ်နှင့်ခေတ်ဖက်။ အပြစ်ကျ ထောင်သားများတွင် ထောင်တွင်း ညှဥ်းသမျှ လည်စင်းခံနေခဲ့သော် . . . အတားဆိုသောအရာ တားဖို့ရာနေရာမရပါ။ အကယ်တိတိ တစ်ဦးက လျှပ်တစ်ပြက်ထောင်မှ ထွက်သွားပါသော်ကား . . . အတားသည် ကစားစရာနေရာရလာသောကြောင့် မတားဘဲရပ်ကြည့်နေမည် မဟုတ်ပါ။

**□နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ**

၁၃၅၇/၅၈ - ခုနှစ်များတွင်ကား . . . ငါတို့ ရှမ်းနယ် သုဝဏ္ဏသျှံတောင် ရောက်နေပြီ။ သုဝဏ္ဏသျှံတောင်သည် တောင်ကြီးနှင့် ကျိုင်းတုံအကြား၌တည်ရှိ၏။ သံလွင်မြစ်၏အရှေ့ခြမ်း တာကော်ရွာ၊ ဟွေဟင်ရွာတို့နှင့်နီး၏။ ထိုနေရာသို့ ၁၃၅၅ - ခုနှစ်ကတည်းက ရောက်နေ၏။ ရောက်ကတည်းက . . . ရေအေး၊ မြေအေး၊ လေအေး၊ မိုးအေး၊ ဆောင်းအေးများ၏ဒဏ်ကြောင့်လည်းကောင်း၊ ဆွမ်းခံလျှင် ထိုသည့်ဒဏ်များအကြားအမြဲတမ်း သွားလာရခြင်းကြောင့်လည်းကောင်း ၅၆ - ခုနှစ်က ငှက်ဖျား



www.burmeseclassic.com

www.burmeseclassic.com

လောက်ဖြင့် ပြီးပြေသွား၏။ ၅၇ - ခုနှစ်တွင်ကား သွေးကြောပိတ်ရောဂါနှင့် အရောင်အဖောများအထိ အထိနာ၏။ ၅၈ - ခုနှစ်တွင်ကား ခြေမသွေးအဆိပ်ဖြစ်ရောဂါ အထိခံခဲ့ရပြီ။

ယင်းတို့ကို ခြုံငုံ၍ ပုံဖော်ပြပါမည်။

ထိုဒေသက မြေသည် အပူငွေ့မရှိ။ ထိုဒေသ ရွာသွန်းမိုးသည်လည်း အပူခိုးအပူငွေ့များ ကင်းစင်လေ၏။ သို့ကြောင့် ထိုဒေသနေ လူအများတို့သည် ခရီးသွားလာရာ၌ အမျိုးသားများက ကင်းဘတ်ဖိနပ်စီးသွားကြ၏။ အမျိုးသမီးများကား အချို့ပုံမှန်၊ အချို့နောက်ပိတ်။ ဌာနေစံ ရှမ်း၊ ပလောင် ရဟန်းများကား ဆွမ်းခံထွက်လေ့မရှိကြ။

ငါတို့မှာကား ဆွမ်းခံရ၏။ ဖိနပ်မစီး၊ ထီးမဆောင်းရ။

အများတို့ကား မိုးရွာမည်ဆိုကတည်းက အိမ်တွင်းက အိမ်ပြင် မထွက်ကြတော့ပါ။'

သူတို့ဆီက မိုးလေဝသ အချက်ပေးဌာနကား သုဝဏ္ဏသျှံတောင်တော်။

ထိုစဉ် မိုးကာလ သုဝဏ္ဏသျှံတောင်မြူခိုးမှောင် တောင်ပျောက်နေလျှင် ရွာရန် ရာခိုင်နှုန်းပြည့်ပင်။ ငါတို့ဆွမ်းခံရဟန်းကား ခန္ဓကဝတ်အရ ဆွမ်းခံချိန်နောက်ကျလွန်းခြင်း၊ စောလွန်းခြင်း (နောက်ကျ၊ စောခြင်းက ဆွမ်းအလှူ၌ သောကဝင်တတ်လှ၍) အလျှင်းကင်းရရာ မိုးဂရုမစိုက်နိုင်ပါ။ ဆောင်းဖြစ်ကဆောင်းကာရုမစိုက်နိုင်ပါ။ နွေဖြစ်ကလည်း နွေဒဏ်ခံရမြဲပါ။ သို့ဖြင့် ဆွမ်းခံဝတ်ဖြည့်လေရာ. . .

ပထမနှစ် မိုးကာလ (၅၆ - ခုနှစ်မိုးကာလ) ကားလမ်းရှိရာ ဟွေဟင်ရွာနှင့် နီးသော ဘုန်းတော်ပြည့်တောင် (လားဟူ၊ လီရှောတို့ ဘာသာခံယူပွဲကျင်းပရာဌာန) ၌ ဝါဆို၍ ထိုဟွေဟင်ရွာ (၇-မိုင်ရွာ) ၌ပင် ဆွမ်းခံ၏။ မကြာပါ. . . ဝါတွင်းမိုး တစ်ကြိမ်၊ နှစ်ကြိမ် အမိခံလိုက်သည်နှင့် ငှက်ဖျားဖျားပါတော့သည်။ သို့သော် ငှက်အဝင် ဆင်ခြောက်ထိုငှက်ပျောက်ရတော့၏။ ယင်းမှာ. . .

ရှမ်းဆေးဖြစ်သော ဆင်ကိုးကောင်ငှက်ဖျားပျောက်ဆေး၏အစွမ်းကြောင့်။

ဤဆေးကိုတောင်ကြီးကဖော်၏။ ထိုဆေးကို တောင်ကြီးက ဝယ်ခဲ့ကြ၏။ ထိုဆေးသည် ပိတ်နေသော မွေးညှင်းပေါက်များကို အဖွင့်ခိုင်း၏။ ပွင့်သည်နှင့် အတွင်းအောင်း အခိုးအငွေ့များကို ကန်ထုတ်၏။ အခိုးများချွေးဖြိုင်ဖြိုင်ကျထွက်ပြေးလာကြသောအခါ ငှက်ရောဂါပါ ပျောက်ကင်းရတော့သည်သာ။

ဤနည်းဖြင့် မိုးအမိ ငှက်အဝင်၊ ငှက်အဝင် ဆင်အလိုက် စဉ်ပေးကာ ထိုမိုးကျော်လွှန်ခဲ့ရပြီ။ တစ်ဖန် . . .

၅၇ - ခုနှစ် မိုးကျကာလရောက်သည်နှင့် တောင်ပေါ်ရွာများဖြစ်ကြသော နာကွန်၊ ဟွေဟီး၊ ကီပန်ဖွီး ရွာသုံးရွာတို့သို့ မိုးအမိခံကာ ဆွမ်းခံဆင်းရရာ . . . ဝါမဗင်မီပင် ခြေဖဝါးနှစ်ဖက်စလုံးရောင်ဖောလာချေပြီ။ ဘာ့ကြောင့်. . .။

မိုးကျခံ ရှမ်းမြေက ရေခဲပြင်ပေါ်ဖဝါးချနင်းနေရသလိုမျိုးကြောင့်။

အခြားဒေသများ ဆွမ်းခံသွားရင်း၊ ရှုမှတ်ရင်းအကျင့် ပြုကျင့်သော် ၁၅-မိနစ်ခန့်ဆို ခြေများပေါ့ပါးလာ၏။ ခြေလှမ်းများသွက်လာတတ်၏။ ဤရှမ်းမြေ၌ကား ၁၅-မိနစ်ခန့်နင်းမိလျှင် ခြေများလေးပိကျသွားစေပြီ။ ခြေချင်းဝတ်ကိုက်လာပြီ။ ခြေလှမ်းများလည်း အားယူသယ်နေရပြီ။

သည်ကြားထဲ သွားလမ်းပေါ်သို့ ကျွဲအုပ်၊ နွားအုပ်များ ရှေ့မှ ဖြတ်သန်းသွားလာထားသော် အနိမ့်သို့လျှောမကျအောင် ခြေများကို ကုပ်၍ကုပ်၍ သတိကြီးစွာဆင်းပေးနေရသည်။

ဤအခြေအနေများသည် ဖဝါးပြင်သွေးမလျှောက်နိုင်ခြင်း၏ အကြောင်းများပင်။

ဤပုံစံဖြင့် ဝါဝင်ချိန် တောင်အောက်ကားလမ်းပေါ်ရှိ ဟွေဟင်သို့ ဆွမ်းခံဆင်းရာ. . . ကျေးရွာကျန်းမာရေးမှူးအဖြစ် ထမ်းဆောင်နေသော ဒကာမကြီး ဒေါ်သန်းမြ (သူမသည် မော်လိုက်ဇာတိဆို၏) က ရှေးဦးစွာ မြင်တွေ့သွားသည်။

"အရှင်ဘုရား၊ သည်တိုင်းကြီးတော့ မဟုတ်သေးပါဘူး။ ဖဝါးမီးကင်ပေးပါ။ ဝမ်းမှန်အောင် ပြုပြင်ပေးပါ။ ဖြစ်နိုင်လျှင် ဆွမ်းခံမထွက်ပါနှင့်ဦး။" တားတော့၏။ သည့်နောက်_ ရွာလမ်းတစ်လျှောက်က ငုံ့ကြည့်၊ မော့ကြည့်လုပ်ကြ၏။ နောက်ရက်များတွင်ကား ဒကာများ ငါတို့ ဝါဆိုရာ မဟာမြိုင်သို့ တက်လာကြပြီး. . . ရှမ်းဆေးပင်ဆေးရွက်များဖြင့် စီရင်ထားသော ရေနွေးငွေ့ဇလုံကြီးပေါ်တက်ထိုင်စေကာ ချွေးထုတ်ပေးကြ၏။ ဆွမ်းဆေးများ ကပ်လှူကြ၏။ ထိုဆေးက ဝမ်းပျော့စေ၏။ လေသက်စေ၏။ ထိုဆေးကြောင့် ပေါင်မုန့်ကြီးများပမာ ဖောနေသောခြေဖမိုးများ အရောင်ကျသွားစေသည်။

ထိုစဉ် . . . ကာလိမ္မ ဒကာ၊ ဒကာမများနှင့် ကွန်ဟိန်းမှ ဒကာ၊ ဒကာမများ ရောက်လာကြပြီး တစ်ဖွဲ့က ဒံပေါက်ဆွမ်း ကြက်ကြော်နှင့်တွဲဖက်၍ ဆက်ကပ်၏။ တစ်ဖွဲ့က လက်ဖက်သုပ်၊ နောက်ပြီး ချမ်းပဲပုပ်အခြောက်ကြော် ကပ်လှူကြရာ ငါတို့ကလည်း ကပ်သမျှယူ၊ လှူသလောက် သုံးဆောင်ပြလိုက်သည်။ မကြာပါ. . . နေ့စား ညယင်းတို့၏သတ္တိအစွမ်းအစ ဖပြကြတော့သဖြင့် ညတွင်းချင်း ရေလှိုင်းကမ်းထက်ပမာ ဖမိုးနှစ်ဖက်စလုံး ခုံးထလာကြ၏။ မူလအရောင်အဖောထက်ပင် နှာတစ်ဖျားသာနေကြသေး၏။ ခံရပြီ တစ်ချီ။

သို့ဖြင့် တောရှောက်ခါးလည်း ဖဝါးအောက် ပြားပြားမှောက်ဖြစ်သွားရာ. . . သည်ဖဝါး မိုးမှဆောင်း ဆောင်းမှနွေ ဖောခွေကြီးဖြစ်လိုက်နေပြီ။

**▫ နင်လားဟဲ့ အဖော ငါလားဟဲ့ အပြော**

ထိုသတင်း မြေပြန့်အထိ ခြေဆင်းသွား၏။ သို့ကြောင့် . . .

ပထမ မြေပြန့်၏ မိတ္ထီလာစစ်ဆေးရုံအုပ်ကြီးနှင့်အဖွဲ့ လာရောက်ကြည့်ရှု၏။ ယင်းကား သွေးအားကောင်းရန် သွေးရှင်သော အသားဟင်းများ စားသုံးရန် စီမံပေး၏။ ချိုးရေ၊ သုံးရေ သောက်ရေ အားလုံး ရေနွေးဖြင့်သုံးရန် စီမံပေး၏။ ပြီးသည်နှင့် တာဝန်တစ်ဖက်နှင့်ဖြစ်နေ၍ ပြန်သွားကြ၏။

ဒုတိယ ဆောင်းကာလအရောက် ရန်ကုန်မှ အကြောပြင်ဆရာကြီး နန်းတွင်းဦးပုရောက်လာပြီး သူ့ပညာဖြင့် ဆေးလည်း စားစေ၏။ အကြောလည်းပြင်ပေး၏။ ငါ့ကို အားပေးစကားပြောသည်ထင်၏။

တပည့်တော် ဒီရောဂါ မပျောက်မချင်း ဒီတောင်ပေါ်က မဆင်းဘူး။ အရှင်ဘုရားရောဂါပျောက်ဖို့ တစ်လထက်ပိုပြီး မကြာပါဘူး"

လျှောက်၏။ ငါတို့ ဝမ်းသာရ၏။ ကျေးဇူးတင်ပေးရ၏။

ထိုစဉ် တောင်ပေါ်နေ လားဟူများက တစ်နေရာတွင် ရွာပေါင်း ၂၄- ရွာဆုံကြကာ လားဟူဗုဒ္ဓဘာသာကြေညာလိုက်ကြ၏။ သုံးရက်တိုင် ဆို၏။ ယင်းကို ရန်ကုန်က သတင်းကြားသွားရာ ငါတို့ဆီပြေးလာပြီး. . .

"တပည့်တော် လားဟူဗုဒ္ဓဘာသာဝင်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပွဲကျင်းပချင်ပါတယ်။ ခွင့်ပြုတော်မူပါဘုရား။" လျှောက်ထား၏။ ငါတို့က

www.burmeseclassic.com

လည်း စိတ်မြန်ကိုယ်မြန်ပင် "အင်းကောင်းသားပဲ" ဖြင့် အင်းဝိဇ္ဇာလုပ်ပေးလိုက်ရာ. . .

ပထမ ထိုင်ရာမထ လားဟူများအတွက် လက်ဆောင်ပေးရန် အခြေခံ ဗုဒ္ဓဘာသာ သင်ခန်းစာ ရေးသားပေးရ၏။ ရေးရင်းဆေးကုခံရ၏။ သို့ဖြင့် တစ်လကျော်သွား၏။ အဖောကား ဖောကောင်းတုန်း။ သို့ဖြစ်ရာ တစ်လကျော်သည်နှင့် အကြောပြင်ဆရာကြီး တောင်အောက်လျှောသွားတော့သည်။ အဖောရယ်၊ ငါရယ်၊ ကပ္ပိယဒကာရယ်ပဲ ကျန်ခဲ့တော့သည်။ ထိုစဉ် ငါသည် အဖောအဖော်လုပ်၍ စာရေးရ၏။ တပို့တွဲလပြည့်သည်နှင့် တောင်အောက်ဆင်း၍ လားဟူ၊ လီရှော၊ ဘာသာခံယူပွဲကျင်းပရန်စီမံပေးရ၏။

ထိုက်ထိုက်တန်တန် ကျင်းပချင်သည်က ရန်ကုန်က ဒကာ။

ထိုက်ထိုက်တန်တန် ဒုက္ခရောက်နေသည့် ဗောဓိမြိုင်က ငါ။

ပွဲကျင်းပရန်အတွက် လိုသလောက်ဝါးများကို ဌာနေ ရှမ်းရွာများက ကူပံ့ကြ၏။ မဏ္ဍပ်နှင့် အဆောက်အအုံအားလုံးအတွက်ကား သာစည်၊ ပျဉ်းမနားက ဒကာများက တာဝန်ယူကြ၏။ ငါတို့ကား ဖောလျက်တန်းလန်း အကြီးစားကပ္ပိယဝန်ထမ်း။

သို့ဖြင့် ၁၃၅၇- ခုနှစ် တပေါင်းလပြည့်နေ့တွင် လားဟူ လီရှော ဗုဒ္ဓဘာသာခံယူပွဲကြီး လှလှပပ ပြီးဆုံးသွားပြီ။ အားလုံးလည်း ပြန်သွားကြပြီ။ ကျန်ရစ်သည်ကား. . . ငါရယ် အဖောရယ်မျှသာ။ ဘုန်းဖောနှင့် ဖောဘုန်း. . .။

ဤပုံစံဖြင့် နေခဲ့ရ၏။ ထိုပုံစံဖြင့် ဆွမ်းခံထွက်ရ၏။ တစ်လခန့်ကြာ၏။ ဆွမ်းခံထွက်တိုင်း သွေးအားဆုတ်နေသော ယာဘက်ခြေမ၏ အလယ်က ကျောက်ကပွတ်တိုက်စားသဖြင့် အသားများ စုတ်ပြတ်ကာ ကျင်းဖြစ်လာနေ၏။

ယင်းကို ဖယောင်းချက်ဖြင့်သုတ်၍သုတ်၍ ဆွမ်းခံထွက်ရ၏။

ယင်းကို လမ်းပေါ်နေ ကျောက်များက တိုက်၍တိုက်၍ စားကြ၏။

သို့ဖြင့် တစ်လကြာသောအခါ ယာခြေမကြီးက ကျင်းခွက်ကြီးဖြစ်လာနေပြီ။ တစ်ဖန်. . . ဘာသာခံယူပွဲ ကျင်းပသောနေရာ ဘုန်းတော်ပြည့် (ယင်းသည် တားလမ်းနှင့်နီးသော တောင်ခြေအနီး၌တည်ရှိ၏) မှ ငါတို့နေရာ သုဝဏ္ဏသျှံတောင် ဗောဓိမြိုင်သို့ တန်ခူးလပြည့်နေ့တက်ခဲ့၏။

သို့ တက်ရာ၌ ယာခြေမရှိ အနာကျင်းခွက်ကြီးအား ကျောက်များမတိုက်စားကြရန် ကျောက်ဒဏ်ကာကွယ်သောအားဖြင့် ပတ်တီးစည်းလျက်ကတက်ခဲ့၏။ ဗောဓိမြိုင်ရောက်၍ ပတ်တီးဖြေသောအခါ ခြေမထိပ်တွင် သွေးမည်းများခဲနေကြပြီ။ သွေးအဆိပ်တက်ရောဂါရပြီ။ သေမင်းကြီးနှင့် နဖူးတွေ့၊ ဒူးတွေ့ဖြစ်ပြီ။ ထိုစဉ်. . .

သွေးကြောပိတ်ရောဂါကို ကျကျနန ဖန်တီးပြသော နာမင်းကြီး။

အရောင်အဖောရောဂါကို အကွက်စေ့စေ့ ဖန်တီးပြသော နာမင်းကြီး။

သွေးအဆိပ်သင့်ရောဂါကို ထိထိမိမိ ဖန်တီးပြသော နာမင်းကြီး။

သည်သို့ ရောဂါသုံးခု တစ်ပြိုင်နက် စုပြနိုင်သော ထိုနာမင်းကြီးကား မာန်ဝင့်နေချေပြီ။ အိုမင်းကြီးက "အန္တရာယ်သုံးပွင့်ဆိုင် ငါ့လိုရင်ဆိုင်ခိုင်းနိုင်လို့လား" ဖြင့်။

ထိုစဉ်. . . သွေးအဆိပ်သင့်ရောဂါက ခုနစ်ရက်အတွင်း ချေမစေနိုင်သည် ဆို၏၊ သို့ကြောင့် သေမင်းကြီးသည် နာမင်းမပင့်ခေါ်ရဘဲနှင့်ပင် ငါ့အနား ရောက်လာနေချေပြီ။ နာမင်းကိုလည်း "မင်း သိပ်တော်တာပဲ၊ မင်းသိပ်ပိုင်တာပဲ" ဖြင့် ချီးမွမ်းသေး၏။ ဤရောဂါကို ကာလီတိုက်နယ်ဆေးရုံအုပ်ကြီးနှင့် တပည့်တို့က လာရောက် ကုသကြ၏။ တစ်ဖန် မိတ္ထီလာစစ်ဆေးရုံအုပ်ကြီးနှင့် တပည့်တို့ကလည်း လာရောက်ကုသပေးကြပြန်၏။ ဝေး၊ နီးရှိ ငါ့ပနိသတ်များကား ရင်မ၊ မျက်နှာငယ် အားငယ်ငယ်တို့ဖြင့်. . .။

ထိုစဉ်. . . တစ်ပတ်မျှ ကြာသွားသောအခါ. . . ဖြတ်တောက်ပစ်ရမည် ဆိုသော ထိုခြေမက ဖြတ်တောက်စရာ မလိုဖြစ်သွား၏။ အဆိပ်သွေးများအစားပင်ကိုသွေးများပုံမှန်လိုက်လာနေကြ၏။ သို့သော် သုံးလလောက်အထိခံနေရသည်။ သွေးသစ်အဆင်းနည်း၍ အမြန်မပျောက်။ ဝါတွင်းကျလေမှ ကင်းကင်းရှင်းရှင်းပျောက်တော့သည်။

သေမင်းကြီးကား ဟာခနဲ ဖြစ်သွားပြီ။

နာမင်းကြီးကား ဟင်ခနဲဖြင့် ထိုင်ငိုင်ကျသွားပြီ။

ထိုစဉ် အိုမင်းကြီးသည် နာမင်းနောက်မှ ခါးထောက်ကြည့်ကာ တဟားဟား ရယ်တော့၏။ ပြီးသော်. . . "မင်းနှယ်ကွာ ကံကြီးသူများ အထင်သေးရတယ်လို့" မှတ်ချက်ပေး၏။ နာမင်းကြီးသည် "ထင်းခွေမကြုံ ရေခပ်ကျလျှင်တော့ ဆုံရဦးမည်ပ" စိတ်တွေးဖြင့် မကျေမချမ်း ထပ်ခေါ်ရန် စဉ်းစားနေ၏။ သည့်အတူ အိုမင်းကြီးကလည်း သင်္ခါရအဟုန် ကုန်ပျောက်ပျက်ရန် ဇီရဏတေဇောနှင့် ပါစကတေဇောအားများဖြင့် စီမံခြင်းအပြင် အန္တရာယ်ဆိုသော ပြင်ပနေ ကံအကူဖြင့် လက်ဦးယူရန် ကြံစည်နေ၏။ သေမင်းကြီးကား ဖြစ်တိုင်းဖျက် ဖျက်တိုင်းပျက်တို့ဖြင့် လက်ချက်ဦးလျက်ကသာ။

**□ သည်တစ်ချီ အနိုင် မနိုင် လည်လိုးအသေခံမယ်ဟေ့**

သေမင်းကြီးသည် ငါ့အား ကိုယ်တိုင်လည်း အသေသတ်နေ၏။ လက်ခွဲမင်းနှစ်ပါးတို့အားလည်း အသေသတ်၍ သူ့လက်အပ်ရန် အမိန့်ပေးထား၏။ ထိုစဉ်. . .

အိုမင်းက မြစ်ခြေအားနည်းရန် စီမံပေးရ၏။

နာမင်းက သင်္ခါရ အရှိန်များကျမကျ အနာဖြင့် ဆွကြည့်ပေးရ၏။

သေမင်းက ဖြစ်တိုင်းဖျက်ဖြင့် အသက်နှုတ်ကြည့်နေ၏။

ဤ၌. . . အိုမင်းသည် ဥတုအကူဖြင့် ပူအိုက်ကာလများ၌ ခန္ဓာမှ အပြန်ဓာတ်များကို နုတ်ပေးနေရ၏။ ချမ်းအေးကာလများ၌ အပူခိုးများ ခန္ဓာတွင်းပိတ်လှောင်ပေးကာ ခန္ဓာအား အပူလောင်ကျွမ်းရန် စီမံပေးရ၏။

သေမင်းကား. . . ဤ အေးချမ်းကာလတွင်ပင် အဆိုးအဖွားများကိုလှုပ်ချပစ်၏။ ကလေးငယ်လေးများကိုခါပစ်ကြည့်၏။ အင်ဖြိုး၊ အားဖြိုး ကာလခိုးများကို ချဲ့ကြည့်၏။ သေမင်းနှဲ့၍ မလဲလျှင် နာမင်းက အနာဖြင့် နှဲ့ပေးကာ အားနုတ်ပေးဦးမည်။

သို့ဖြင့် ငါတစ်ပါး အို၊ နာ၊ သေတို့အကြား ပက်လက်နှင့်ကားရား. . .။

ယခုတစ်ချီလည်း မဟာမြိုင်ရောက်စ၌ပင် နာခြင်းဆိုးကြီးနှင့် တိုးမိပြီ။

၁၃၆၅- ခုနှစ် တန်ခူးလဆန်း ၇-ရက် အင်္ဂါနေ့ နံနက် ၇-နာရီအချိန်တွင် ပုံတောင် ပုညာစခန်းမှ စတင်ထွက်ခဲ့ပြီး ၈- ရက်နေ့ ညနေ ၄-နာရီ ၁၀-မိနစ်အချိန်တွင် မဟာမြိုင်ခေါင်နန်းပလ္လင်စခန်းသို့ ရောက်သည်။ ရောက်သည်မှ ၂- လကျော်ကာရှိသေး . . . ယင်း၌နယုန်လပြည့်ကျော် ၁-ရက်နေ့အရောက်မှာပင် ရေယုန်ပေါက်တော့သည်။ ရေယုန်





www.burmeseclassic.com

www.burmeseclassic.com

— နှံ့နှံ့ထောက်၊ ဆင်ရေသွန်းတဲ့၊

ထိုနေ့တိုင်ခ ၂ ၃-ရက်ယောက်ဆို့မှ စောင်တာ အစာမဲ့သောညတာလများ၌ . . . အစာအိမ်က ချစ်ချစ်တောက် ပူကျက်နေ၏။ ဝဲဘက်နားအုံသို့ တစူးထိုးအထိုးခံနေရ၏။ သွားလမ်းတစ်လျှောက်လုံး အပူစီးကြောင်းကြီးထင်ကျန်နေ၏။ နားတွင်းနှင့်အပြည့်လည်း ပွက်ပွက်ညံ့အသံများဆူဝေနေ၏။ သို့ဖြင့် နယုန်လပြည့်နေ့ ဆံပယ်၍ရသေး၏။ နောက်တစ်ရက်အရောက်တွင်ကား. . . နားရွက်အထက်နားပန်းမှ ဆံစအထိ အဖုအပိမ့်များပေါက်လာကြပြီ။ တစ်ဖန် နားရွက်အောက်သို့လည်း ရင်ဘတ်၏ နို့အုံအထက်ထိဆင်းသွားနေကြပြီ။ အရသာက စပ်ဖျဉ်းဖျဉ်း၊ အရေပြားက ခပ်တင်းတင်း။ ယင်းကို နယုန်လစေ့နေ့အထိခံပေးနေရ၏။

ထိုစဉ်. . . နာမင်းကြီးက "ဘာတတ်နိုင်သေးလဲ" ဖြင့် ခါးထောက်ကြည့်နေ၏။ "သည်တစ်ခါ နှင့်ကံကြီး ငါ့ဒဏ်ကို ကာဆီးနိုင်သေးလား" မေးနေ၏။ သို့ငါ့ကို မေးရင်းမှ သေမင်းကြီးကိုလည်း ပြေးခေါ်၏။ သေမင်းကြီးကလည်း သည်တစ်ခါ အပိုင်ဆိုသဖြင့် အသက်ဖြတ်တောက်နေရာမှထလာပြီး ယုန်မြေးပြေး၍ဆင်နင်းနင်းနေသည့် ရောဂါဒဏ်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ အိုမင်းကား. . . ဘုရား ဘုရားနှင့်။ သည်ကိုယ်တော်ကြီး အသက် နာမင်းလက်ချက်ဖြင့် ထွက်တော့မှာလေလား အတွေးတွေးနေ၏။ မကြာလှပါ . . . စိမ်ခေါ် နှင့် သရဖူထိန်းတို့ ထိုးသတ်သည့် ကမ္ဘာ့လက်ဝှေ့ပွဲတွင် စိမ်ခေါ် သူ၏ ဖြတ်လက်သီးချက်က ပြင်းလွန်းလှသဖြင့် ဖင်ထိုင်ကျသွားသူကို ဒိုင်က တစ်၊ နှစ်၊ သုံး ရေတွက်နေစဉ် တစ်ဆယ်မပြည့်မီ ပြန်ထလာသူပမာ. . . ငါသည်လည်း နယုန်လစေ့နေ့ ပြုနေကျ ဆံပယ်၊ ရေချိုးများပြုလုပ်လေရာတွင် ဝဲဘက်ပါးတစ်ခြမ်းမှ ရင်ညွန့်တိုင်အောင်သော အနာခြောက်များ၏အစေးများသည် ရေစိမ်ရင်း သပ်ချပစ်သလောက်ကွာကျသွားကြလေ၏။ ဆပ်ပြာ နူးစရာမလို၊ ကုတ်ခြစ်ပေးစရာမလို၊ ထိုမလို၏ တန်ပြန်အလိုလိုပင် ပြီး၍သွားတော့သည်။

သေမင်းကြီးက နာမင်းကြီးဘက်လှည့်၍ "ဘယ်မလဲ မင့်ဟာ" အဓိပ္ပာယ်ဖြင့် စိုက်ကြည့်နေ၏။ သို့မဟုတ် နာမင်းကြီးက အသက်အပ်နှံသည်ကို သေမင်းကြီးက လက်ခံပြီး ကြည့်ရှုစစ်ဆေးပေးတာ (လိုသေးသည်) မှတ်ချက်ဖြင့် ငါ့အား ပြန်လွှတ်ပေးလိုက်၏ ပမာ. . . ငါသည် သည်တစ်ချီလည်း သေစ္စာပြန်စာရင်း အသွင်းခံရပြီ။

□ သေမင်းချိန်းသောနေ့ရက်များ

ငါ့စိတ်ကို တိတ်ဆိတ်သောတောနှင့်ဆွယ်၍ အတွယ်များပြယ်စေရန် ကြိုးစားရာ၌. . . အသွားဖဝါး အတားနှင့်ချည်း သွားရောက်ငြိနေချေရာ. . . ပြင်ပမှဖြစ်သော ဘေးအန္တရာယ်များက သုံးကြိမ် (ကျွဲအုပ် စသည်များ)၊ အတွင်းထရောဂါအန္တရာယ်များက သုံးကြိမ်(အနာ့ပဆုပ် စသည်များ)။ သည်သို့ သေမင်းကြီးရှေ့ ပက်ပင်းတွေ့ပေးသော အန္တရာယ်များဖြင့် ကြုံခဲ့ရ၏။

သေမင်း မြင်သာလောက်သည်အထိ သွားပေးခဲ့ရသည်များလည်း အကြိမ်ကြိမ်။

သေမင်း နယ်ပယ်တွင်းအထိ အပို့ခံခဲ့ရသည်များလည်း အကြိမ်ကြိမ်ပင်။

ဘေးအန္တရာယ်တို့ဖြင့် အိုမင်းကြီးပို့အပ်သည်များလည်း ရှိ၏။ ရောဂါအန္တရာယ်တို့ဖြင့် နာမင်းကြီး ပို့အပ်သည်များလည်းရှိ၏။ သို့တိုင်လည်း ငါ၌သက်ပြင်းကံ အစီခံပါနေသလား မသိ။ ဘေးအန္တရာယ်ဖြစ်ခဲ့လျှင် သူတို့ကပင် လက်ရှောင်သွားလေ့ ရှိကြ၏။ ရောဂါအန္တရာယ်ဖြစ်ခဲ့လျှင် သူ့အရှိန်ကုန် သူ့ဘာသာခုန်ချသွားလေ့ရှိကြ၏။ သက်ပြင်းကံ အစီခံကခုခံထားခြင်းကြောင့်။

သည်သို့ အို၊ နာ ဖန်ဒဏ်များ လန်ကျ၊ ကွာကျ၊ ဖယ်ချသွားလေသော အခါ. . .

သေမင်းကြီးသည် လက်ဝဲ မင်းအိုကိုရော လက်ျာမင်းနာကိုပါ မျက်နှာသာ မပေးတော့ဘဲ သူ့အားကိုး ဖြစ်သမျှ ဖျက်ချခြင်းကိုသာ တွင်တွင်လုပ်တော့၏။ သို့ဖြင့်. . .

အိုမင်းက လာပြောလည်း နေပါစေဦး ကံကုန်မှဘုံဖျောက်ပစ် အမိန့်ချ၏။

နာမင်းက လာပြောလည်း သူ့အတိုင်းထား အရှိန်ပျက်မှ အသက်လာအပ် အမိန့်ချ၏။

ငါ့အား အိုမင်း၊ နာမင်းတို့ ခေါ်သွားပြီး သေမင်းကြီးအနား သွားထားသလောက် သေမင်းကြီးသည် ငါ့အား ရက်ချိန်းပေးဖြင့်ချည်းသာ ပြန်လွှတ်ပေးနေ၏။ သို့သော် ထိုသေမင်းကား အသက်ရှင် အငင်မပျက် အချိန်နှင့်စက် ကြိုးစားနေ၏။

ငါကား သေမင်းငင် ဘဝတည်း။ သည့်အတူ

ငါကား အိုမင်းဖြိုဘဝဖြင့် တစ်ခဏနေခွင့်ရနေသူ။

ငါကား နာမင်းညှဉ်းဘဝဖြင့် ကာလကို ကုန်လွန်နေရသူ။

ယနေ့၏ ရှေ့ရှေ့ကာလများက သည်နည်းဖြင့် ဘဝကုန်ဆုံးခဲ့ရပြီ။

ယနေ့၏ နောက်နောက်ကာလများတွင်လည်း သည်နည်းအတိုင်းပင်ခံရပေဦးတော့မည်။ ဉာဉ်၊ ဓာတ်၊ အာရုံ အဖုံဖုံတို့၏ ဆွဲငင်ခြင်းမှ ရုန်းမထွက်နိုင်သမျှ ကာလပတ်လုံး သေမင်းက ငင်၊ အိုမင်းကဖြို၊ နာမင်းက ညှဉ်း မင်းသုံးပါးတို့၏ လက်တွင်း သက်ဆင်းရပေဦးမည် ဖြစ်ရာ. . .

ငါ့ဘဝ၏ အစကား ဘယ်ကစခဲ့သည် မသိ။

ငါ့ဘဝ၏ အဆုံးကလည်း ဘယ်မှာ သုံဦးလေမည် မသိ။

□ ဗဟုလ္လာ မမ သန္တိကေ၊ တက္ကဝစရ ဝတ္ထုနိ ။
တေသွိဒမ္ပိ ဧကံ ဝတ္ထု၊ ရသာဒံ ဓမ္မ ဘဝတု။ ။

**မမ သန္တိကေ** - ငါ့ထံဝယ်. . .၊

**တက္ကဝစရ ဝတ္ထုနိ** - အတွေးကြောင့်ပေါ် အခေါ်ကြောင့်လာ အကြောင်းပေါင်းများစွာတို့သည်၊ **ဗဟု**- တွေးတိုင်းပေါ် ခေါ်တိုင်းဖွား များမှများ။

**တေသု** - အတွေးခေါ်မှုလာ ထိုအကြောင်းအရာတို့တွင်၊ **ဣဒမ္ပိ** - 'သေမင်းချိန်းသောနေ့ရက်များ' ဆိုသည့် ဤစကားကလည်း၊ **ဧကဝတ္ထုမ္ပိ** - တစ်ခုပြယုဂ်ဝတ္ထုတစ်ပုဒ်ပေတည်း။

**တေ** - ထို ဝတ္ထုတစ်ပုဒ်က၊ **ဓမ္မရသာဒံ**- တရားအရသာပေးနိုင်စွမ်းသည့် စကားစုသည်၊ **ဘဝတု** - ငါ့ပရိသတ် စိတ်ဓာတ် အဆိပ်ကပ်နေသေးသမျှ ရိတ်ဖြတ် လှစ်ခွန်း ဖြစ်ထွန်း တည်ရစ်ပါစေသတည်း။

၁၃၇၃-ခုနှစ်၊ တပေါင်းလပြည့်။
ဗုဒ္ဓဟူးနေ့။
အကျွတ်အလွတ်ဗုဒ္ဓဝိဟာရ၊
မဟာမြိုင်။
ခရီးသွားလုပ်ငန်းစတင်ဝင်သောနေ့
(ကြယ်စမ္မာ)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# မြဝင်း(ဒဿန)

## လယ်တီဆရာတော်ဘုရားကြီး၏ ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်း

နွေဦးတစ်ညနေခင်းတွင် လာနေကျ ဓမ္မမိတ်ဆွေ ရောက်လာပါသည်။ ထိုမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့စကားစပါသည်။

"ဆရာ၊ မနေ့ကညနေက ကမ်းနားလမ်း ရေဦးခန်းမမှာလုပ်တဲ့ မင်္ဂလာဆောင်မှာ မင်္ဂလာစကားပြောရတယ်နော်"

"ဟုတ်တယ်ဗျ။ သတို့သားရဲ့ အဖေက ငြင်းလို့မရတဲ့ပုဂ္ဂိုလ်ဖြစ်နေလေတော့ ပြောပေးရတာပေါ့ဗျာ။ မိတ်ဆွေကော အဲဒီမင်္ဂလာပွဲကို ရောက်သေးသလား"

"ဆရာ့လိုပါပဲ။ သတို့သားရဲ့ဖခင်က ရင်းနှီးတဲ့မိတ်ဆွေဖြစ်နေလေတော့ ရောက်ရတော့တာပေါ့။ အဲဒီနေ့ညနေက ဆရာရွတ်သွားတဲ့ ဘုရားရှိခိုးက သိပ်ကောင်းတယ်ဗျာ။ ဘယ်သူရေးတဲ့ ဘုရားရှိခိုးလဲဗျာ"

"လယ်တီဆရာတော်ဘုရားကြီးရေးတဲ့ ဘုရားရှိခိုးဗျာ။ လယ်တီဆရာတော်ဘုရားကြီးက သူစီရင်တဲ့ 'ဥရောပဗုဒ္ဓဘာသာအလင်းပြ' စာအုပ်မှာ အဲဒီဘုရားရှိခိုးနဲ့ဖွင့်ပါတယ်။ 'ပဏာမနှင့် အာသီသဂါထာ' လို့ ခေါ်ထားပါတယ်"

"ဥရောပဗုဒ္ဓဘာသာအလင်းပြကို ကျွန်တော်မတွေ့ဘူးသေးဘူးဗျ"

"ဥရောပဗုဒ္ဓဘာသာအလင်းပြဟာ ဗုဒ္ဓဘာသာဝင်တွေဖတ်သင့်တဲ့စာအုပ်ဗျ။ ဆောင်လည်းဆောင်ထားရမယ့် စာအုပ်ဗျ။ နိုင်ငံခြားသားတွေ ဗုဒ္ဓဘာသာရဲ့အနှစ်သာရကို ပြည့်ပြည့်စုံစုံသိပါစေဆိုတဲ့ စေတနာနဲ့ ဆရာတော်ဘုရားကြီးက ပါဠိဘာသာနဲ့ရေးပြီး အင်္ဂလန်ပြည်မှာရှိတဲ့ ပါဠိအသင်းကိုပို့ပေးခဲ့တာတဲ့။ အင်္ဂလန်မှာရှိတဲ့ ပါဠိအသင်းဝင်တွေက အင်မတန်နှစ်သက်ကြတယ်လို့ဆိုပါတယ်။

အဲဒါကို နိုင်ငံခြားသာသနာပြုအသင်းကြီးရဲ့စက္ကူတောရီအမိန့်တော်ရမင်းဦးစံလင်းက သိလေတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာကို နိုင်ငံခြားသားတွေသိသလို မြန်မာနိုင်ငံသူနိုင်ငံသားတွေလည်း သိသင့်တယ်လို့ ယူဆပြီး ဆရာတော်ဘုရားကြီးရဲ့တပည့်ရင်းဖြစ်



www.burmeseclassic.com

[illegible] မောင်ကြီး ကို [illegible] ပြန်ဆိုပေးခဲ့ [illegible] ပါတယ်။ အဲဒီလိုတောင်းပန် [illegible] လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး က လယ်တီဆရာတော်ဘုရားကြီးရဲ့အလို ဆန္ဒတော်နဲ့အညီ မြန်မာပြန်ပေးတယ် လို့ ဆိုပါတယ်"

"အဲဒီ ဥရောပဗုဒ္ဓဘာသာအလင်း ပြကျမ်းစာထဲမှာ လယ်တီဆရာတော် ဘုရားကြီးကဘာတွေရေးထားသလဲဗျာ"

"ဗုဒ္ဓဘာသာဝင်တွေ သိသင့်သိ ထိုက်တဲ့အချက်တွေကို ရေးပြထားတာ ပါပဲ။ နေပါဦးဗျာ၊ ကျွန်တော့်ဆီမှာ ဥရောပဗုဒ္ဓဘာသာအလင်းပြစာအုပ်ရှိ ပါတယ်။ ကျွန်တော်စာအုပ်သွားယူ လိုက်ပါဦးမယ်။ စာအုပ်ကိုကြည့်ပြောမှ ပြည့်စုံမှာ"

(ကျွန်တော်သည် စာကြည့်ခန်းသို့ သွား၍ စာအုပ်စင်၌ထားရှိသော ဥရောပ ဗုဒ္ဓဘာသာအလင်းပြကျမ်းစာအုပ်ကိုယူ ပါသည်။ ထို့နောက် မာတိကာစာမျက်နှာ ကိုလှန်ပြီး ဤသို့စကားဆက်ပါသည်။)

"ဒီစာအုပ်ထဲမှာပါတာတွေကတော့ နိယာမငါးပါး၊ ကပ်ကြီးငါးပါး၊ အစိန္တေယျ ကြီးလေးပါး၊ သစ္စာနှစ်ပါး၊ လောကသုံးပါး တို့ပဲဖြစ်ပါတယ်။ လောကသုံးပါးကိုပြ ဆိုရာမှာတော့ ဆရာတော်ဘုရားကြီးက အကျယ်ရှင်းပြထားပါတယ်။ လောက သုံးပါးဖြစ်ပျက်ပုံကိုပြတဲ့နေရာမှာတော့ သမုတိသစ္စာနည်းနဲ့လည်းပြတယ်။ ပရ မတ္ထသစ္စာနည်းနဲ့လည်းပြတယ်။ ပရမတ္ထ သစ္စာနည်းနဲ့ပြတဲ့နေရာမှာတော့ ပဋိစ္စ သမုပ္ပာဒ်စက်ကြီးနဲ့ပြခဲ့တယ်။ မိတ်ဆွေ သိတဲ့အတိုင်း ဗုဒ္ဓဘာသာမှာ ပဋိစ္စသမု ပ္ပာဒ်ကိုနားလည်ဖို့က အင်မတန်အရေး ကြီးတယ်။ ပဋိစ္စသမုပ္ပာဒ်ကို နားလည် သဘောပေါက်မှ ဗုဒ္ဓဘာသာရဲ့အတွင်း သားကို နားလည်သဘောပေါက်တယ် လို့ ဆရာတော်ဘုရားကြီးက မိန့်ဆိုထား တယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက လည်း ပဋိစ္စသမုပ္ပာဒ်ကို အတော့်ကို အလေးပေးပြီး ဟောထားပါတယ်။ ပဋိစ္စ သမုပ္ပာဒ်သဘောမပါရင် ရှေ့ဆက်လို့ မဖြစ်ဘူးလို့ ဟောထားပါတယ်။

အခွင့်ကြုံတုန်း ပဋိစ္စသမုပ္ပာဒ် အရေးကြီးပုံကို နှလုံးသွင်းမိစေဖို့ လယ်တီ ဆရာတော်ဘုရားကြီး ရေးထားတာကို ဖတ်ပြပါဦးမယ်။

ပဋိစ္စသမုပ္ပာဒ်ဒေသနာကိုကောင်း စွာသိမြင်ပါမှ ဗုဒ္ဓမြတ်စွာ၏ သာသနာ တော်တွင်းသို့ အတွင်းသားအဖြစ်နှင့် ဝင်ရောက်သည်မည်၏။ ဗုဒ္ဓဘာသာဝင် လူမျိုးပင်ဖြစ်စေကာမူ ပဋိစ္စသမုပ္ပာဒ် တရားကို ကောင်းစွာမသိမမြင်သည်ရှိ သော် ဗုဒ္ဓဘာသာ၏အတွင်းသားအဖြစ် သို့ ရောက်နိုင်သည်ဟူ၍ မဆိုချေ။ အပြင်ပကာ ဗုဒ္ဓဘာသာဝင်ဟူ၍သာလျှင် ဆိုအပ်လေ၏။ အဘယ်ကြောင့်နည်းဆို သော် ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်သော် လည်း နက်ဖြန်ခါ ဘာသာတစ်ပါးသို့ ပြောင်းသွားတတ်၏။ ယခုဘဝ ဗုဒ္ဓ ဘာသာဝင်ဖြစ်သော်လည်း နောင်ဘဝ၌ ဘာသာတစ်ပါးသို့ရောက်တတ်လေ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ်ကို ကောင်းစွာ မသိလျှင် ဗုဒ္ဓဘာသာ၏ အတွင်းသား နှီးနှီးရင်းရင်းမဖြစ်နိုင်ခဲ့ဟု ဆိုခဲ့ပေသည်။ ပဋိစ္စသမုပ္ပာဒ်ကို ကောင်းစွာသိမြင်လျှင် ဘာသာတစ်ပါးမပြောင်းလဲပြီဖြစ်၍ ဗုဒ္ဓ ဘာသာ၌ နှီးနှီးရင်းရင်း အတွင်းသား အမှန်ဖြစ်လေတော့သည်။

ပဋိစ္စသမုပ္ပာဒ်ကို သိသောအခါ မဂ်ဉာဏ်အပင်းအသင်းသို့ ပါဝင်သော ဓာမိပက္ခိယတရားဂိုဏ်းထဲသို့ ရောက် လေတော့သည်။ ဆုတ်နစ်ခြင်းမရှိ။ ထို့ကြောင့် 'ဓမ္မသောတ် သမာပန္နော' ဟူ၍ ဟောတော်မူသည်"

(ကျွန်တော် စာဖတ်သည်ကို ရပ် လိုက်သောအခါ မိတ်ဆွေက ဤသို့ စကားဆက်ပါသည်။)

"သာဓုပါ ဆရာ၊ သာဓု သာဓု။ ဆရာဖတ်ပြတာကိုနားကြားလိုက်ရတာနဲ့ ပဋိစ္စသမုပ္ပာဒ်အရေးပါပုံကို ကျွန်တော် လေးလေးနက်နက် သဘောပေါက်သွား ပါပြီ။ ဥရောပဗုဒ္ဓဘာသာအလင်းပြ ကျမ်းစာကို ကျွန်တော်ပူဇော်ချင်ပါတယ် ဘုရား။ စာအုပ်ဆိုင်တွေမှာရမှာပါနော်"

"ရပါတယ်ဗျာ၊ စာပေတိုက်တွေ က အဲဒီစာအုပ်ကိုပြန်ရိုက်ကြပါတယ်။ ကျွန်တော်ကိုင်ထားတဲ့စာအုပ်က မန္တလေး မြို့ အောင်ဇေယျပုံနှိပ်တိုက်ထုတ်ဝေထားတဲ့ စာအုပ်ပါ။ ထုတ်ဝေနှစ်ကိုဖော်ပြမထား ဘူး။ စာရွက်တွေကဆွေးစပြုနေတော့ နှစ်အတော်ကြာပြီလို့ပြောရမှာပေါ့"

"ဒါထက် ကျွန်တော် စောစောက ပြောခဲ့တဲ့ ဘုရားရှိခိုးကို ဖတ်ပြပါဦးဗျာ"

"ဖတ်ပြပါ့မယ်ဗျာ။

- နမော တသ္သ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ၊

  နမော တသ္သ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ၊

  နမော တသ္သ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ၊

  နမောဓမ္မဿ၊ နမောသံဃဿ၊ နမော အာစရိယာနံ၊ တိဋ္ဌန္တု သီသေမေ ဧတေ၊ အန္တရာယာ သမေန္တုမေ။ ။

**ဘဂဝတော** - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူ သော ခြောက်ဝဘုန်းဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ **အရဟတော** - ကိလေသာဓာင်းပြတ်သဖြင့် မြတ်သော အလှူကို ခံယူတော်မူထိုက်ထသော၊ **တဿ သမ္မာသမ္ဗုဒ္ဓဿ** - မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိမြင်တော်မူသော ထိုမြတ်စွာဘုရား သခင်အား၊ **နမော** - ရှိခိုးပါ၏။ **သံဃဿ**- မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်မြတ်အား၊ **နမော** - ရှိခိုးပါ၏။ **အာစရိယာနံ** - ပညာသိပ္ပညွှန်ပြသွန်သင် ကျေးဇူးရှင်ဆရာမြတ်တို့အား၊ **နမော**- ရှိခိုးပါ၏။ **ဧတေ** - ထိုဘုရား၊ တရား၊ သံဃာဆရာအရှင်မြတ်တို့သည်၊ **မေ** - အကျွန်ုပ်၏၊ **သီသေ** - ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌၊ **တိဋ္ဌန္တု** - တည်နေ ကိန်းဝပ်တော်မူကြပါစေကုန်သတည်း။ **မေ** - အကျွန်ုပ်အား၊ **အန္တရာယာ** - ဘေး အတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှတို့သည်၊ **သမေန္တု** - ကင်းစင် လွတ်ငြိမ်း ပပျောက်ပါစေကုန်သတည်း"

"သာဓု၊ သာဓု၊ သာဓု"

"ဖတ်လက်စနဲ့ ဘုရားရှိခိုးရဲ့ အောက်ခြေမှာ ရေးထားတဲ့ မှတ်ချက် ကလေးကိုလည်း ဖတ်ပြပါဦးမယ်"

- *အထက်၌ ပြဆိုခဲ့ပြီးသော ပဏာမ အန္တရာယ်ကင်းဂါထာကို ပါဠိအနက် နှင့်တကွ နှုတ်တက်ကျက်မှတ်၍ အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်လျှင် ဘေးအန္တရာယ် ကင်းရှင်း၍ စီးပွား ဥစ္စာတိုးတက်လျက် ဘုန်းကျက်သရေ ကြီးမားစေတတ်သည်။ ကျက်မှတ် သရဇ္ဈာယ်ကြကုန်။ ။*

"မှတ်ချက်စကားကို ကြားရတာ အားရှိလိုက်တာဆရာရယ်။ အဲဒီဘုရား ရှိခိုးကို နှုတ်တက်ရအောင်ဆောင်ပါ့မယ်။ နေ့ရောညပါရှိခိုးပါ့မယ်"

"ကောင်းလှပါပြီဗျာ"

ထို့နောက် ဓမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး စာအုပ်ဆိုင် ဘက်သို့ထွက်သွားပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com




ကံဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ


# သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်

အမှတ်(၁၄)

သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် တည်တော်မူပါသည်။ ကျိုက်ဝိုင်းစေတီတော်မြတ်သည် ရှစ်မိုင်လမ်းဆုံမှလာခဲ့သော် ရဲဘော်ဟောင်းနှင့် မင်းဓမ္မလမ်းဆုံ ဆီပွိုင့်အလွန် လက်ယာဘက်အခြမ်းတွင် တည်ရှိ၍ တွေ့တွေ့ချင်းမုခ်ဦးအတိုင်းဝင်သော် ကားထားရန်ကျယ်ကျယ်ဝန်းဝန်း ရှိလှပါသော ခြသေ့်နှစ်ကောင်ရှေ့တွင် ကားရပ်နား၍ အရှေ့မုခ်မှ ဘုရားပေါ်သို့ တက်ရောက် ဖူးမြော်နိုင်ပါသည်။ သို့တည်းမဟုတ် ကားထားရန် ကားပါကင်များရှိသော တောင်ဘက်မုခ်မှလည်း အုတ်လှေကားအတိုင်း ဘုရားပေါ်သို့



အာရုံခံတန်ဆောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်




အာရုံခံတန်ဆောင်းအတွင်းမှရုပ်ပွားတော်




www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ပိုင်းဘုရားနှင့်ဆံတော်တွင်းတန်ဆောင်း



အရှေ့မှန်အာရုံခံတန်ဆောင်းမှရုပ်ပွားတော်ကြီး




ရှင်ပြင်တော်တောင်မုခ်စောင်းတန်း



ယက္ခဘီလူးမင်းရုပ်တု



တံခွန်တိုင်



ရှင်ပြင်တော်တောင်ဘက်မှ ဗောဓိပင်နှင့် ဗြိုဟ်တိုင်ဘုရားများ

တက်ရောက်ဖူးနိုင်ပါသည်။

ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတည်ရာဌာနသာသနာ့ကုန်းမြေမဟာသည် ဗုဒ္ဓမြတ်စွာဘုရားသခင်ကိုယ်တော်တိုင်ကြွ၍ ဖလသမာပတ်ဝင်စားခေတ္တသီတင်းသုံးရာဌာနကြီးဖြစ်သည်နှင့်အညီ စေတီတော်အရံစေတီတော်များနှင့် သာသနိကအဆောက်အအုံများစွာဖြင့် သာသနာ့ဖွံ့ဖြိုးစည်ပင်တိုးတက်သော သာသနာ့သမိုင်းဝင်ကုန်းမြေမဟာဖြစ်ပါပေသည်။

ဗုဒ္ဓမြတ်စွာနှင့် မဟေသရနတ်မင်းတို့တန်ခိုးပြိုင်ကြရာတွင် မဟေသရနတ်မင်းရှုံးနိမ့်ပြီးသကာလ ဗုဒ္ဓမြတ်စွာဘုရားရှင်အောင်ပွဲဆင်ခဲ့သည်။ အောင်မြင်ခြင်းအထိမ်းအမှတ်အနေဖြင့် သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားဦးခေါင်းတော်မှ ဆံတော်ဓာတ်မြတ်ကို ဌာပနာထား၊ ငုံအုပ်၊ စေတီတည်တော်မူ ကိုးကွယ်ခြင်းပြုလုပ်ကြပါသောကြောင့် 'အပရာဇိတဆံတော်ရှင်စေတီတော်' ဟု ဘွဲ့အမည်တော် မှည့်ခေါ်တော်မူကြပါသည်။

**အ-ပရာ-ဇိတ =** အရှုံးမရှိအောင်နိုင်ခြင်း။ **ဆံတော်ရှင်=** ဗုဒ္ဓမြတ်၏သက်ရှိခန္ဓာမှ ဆံတော်မြတ်။


**□ ကျိုက်ပိုင်းစေတီတော်မြတ်ကြီးသမိုင်း**

ကျိုက်ပိုင်းစေတီတော်မြတ်ကြီး၏ သမိုင်းပါအကြောင်းအရာများကို သမိုင်းပညာရှင်များဖြစ်သော ရှေးခေတ်စာရေးဆရာကြီးများ စာတစ်စောင်ပေတစ်ဖွဲ့ မှတ်တမ်းထိုးခဲ့ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။ ဆရာဦးကျော်ဟန်၏အပရာ




www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းထမ်းသူငယ်တော်ရုပ်နှစ်ခု



ဆံတော်တွင်းမှ ကုသိုလ်ယူနေသူများ



ဓာတ်တော်ရှင်ပြင်အနောက်ဘက်ရှိ ပြဟ္မာမင်းကြီး ရုပ်ထု



ဂဠုန်မင်းနှစ်ဦးထမ်းခေါင်းလောင်း



ရင်ပြင်တော်ဂေါပကရုံး

ဒိတကျိုက်ဝိုင်းဆံတော်ရှင်စေတီတော်ကြီးသမိုင်း၊ မှော်ဘီဆရာသိန်းရေး ကျိုက်ဝိုင်း(ကျောက်ဝိုင်း)ခေါ် ကျိုက်ဝိုင်အွတ်စေတီတော်သမိုင်း၊ ဉာဏစာဂီ မဟာထေရ်ရေးသမိုင်း မြို့ကျိုက်ဝိုင်းစေတီ၊ ဟံသာဝတီဦးအုန်းကြိုင်ရေး သာမုဆံတော်သမိုင်းပါအကြောင်းအရာများ၊ ဟံသာဝတီဦးအုန်းကြိုင်ပင်ရေး ကျိုက်ဝိုင်းစေတီတော်သမိုင်းအကျဉ်းနှင့် ယခုနောက်ဆုံးထုတ်ဂေါပကအဖွဲ့မှ ပြုစုတော်မူသည့် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးသမိုင်းစာအုပ်များကို လေ့လာ ဖတ်ရှုရာတွင် ကျိုက်ဝိုင်းစေတီတော်သမိုင်းကိုစုံလင်စွာဖတ်ရှုလေ့လာခွင့်ရခဲ့ပါသည်။

ထိုသမိုင်းအကြောင်းအရာပါစာအုပ်များဖတ်ရှုရာတွင် ဂေါပကအဖွဲ့မှ နောက်ဆုံးထုတ် ဂေါပကအဖွဲ့ပြုစုသောစာအုပ်သည် ဖတ်ရှုလေ့လာစရာရိုးရှင်းပြီး ဖတ်ရလွယ်ကူဆုံး မှတ်မိအလွယ်ဆုံးဖြစ်ခဲ့ပါသည်။ စာရေးသူအနေဖြင့်လည်း သမိုင်းပညာရှင် ဘုရားသမိုင်းစေတီတော်သမိုင်းပြုစုသူမဟုတ်ပါသော်လည်း စာရှုသူများ လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်ရေးဦးစားပေး၍ ဘုရားဖူးခရီးသည်ပုံစံ တစ်ဆူပြီးတစ်ဆူလှည့်လည်ဖူးမြော်ရေးသားတင်ပြခဲ့သည်မှာ (၁၈) ဆူ ပြီးမြောက်ခရီးရောက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုလ ကျိုက်ဝိုင်းဘုရားသမိုင်းကိုလည်း စာရှုသူများ နားလည်လွယ်သော ရိုးရှင်းစွာတင်ပြထားသော ဂေါပကအဖွဲ့ကြီးပြုစုထားသည့် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးသမိုင်းအကျဉ်းကို အဓိကထား ရေးသား တင်ပြအပ်ပါသည်။

သုံးလောကထွတ်ထားဗုဒ္ဓပြင်ခြင်းစွာ




www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်မြနန်းနွယ်တန်ဆောင်း



ကျိုက်ဝိုင်းဘုရားမှ ပစ်တိုင်းထောင်အလှူခံပုံး



ရင်ပြင်တော် အောင်မြေရုံ

ဘုရားသခင် ကျေးဇူးတော်အရှင် ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါကာလ ဖြစ်ပါသည်။

ရံဖန်ရံခါ၌ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်တော်မူသောအခါ -

□ ဟိမဝန္တာမဟာဂနိုင် နံ့သာမြိုင်ဝယ် မဏ္ဍာဂိရိအမည်ရှိသောတောင်ကြီးပိုင်စိုး နတ်မျိုးယက္ခ ဘုမ္မဋ္ဌဖြစ်သော မဟေသရနတ်မင်းနှင့် နတ်မင်းပရိသတ်များ။

ယခုကျိုက်ဝိုင်းစေတီတော်တည်ရှိရာ ကုန်းမြေ၏ အလယ်ဗဟိုအောက်တွင်းလိုဏ်ခေါင်း၌ စံမြန်းနေထိုင်ရာ မဟေသရနတ်မင်း၏ သားတော်နှင့် ပရိသတ်များ အကျွတ်တရားရကြပြီး ငါဘုရား၏ ရုပ်ပွားဆင်းတုတော်၊ ဓာတ်တော်များကို ကိုးကွယ်ကြ၍ နောင်လာသူများပါ အကျိုးများစွာရှိမည့်အကြောင်း ကောင်းစွာ မြင်တော်မူသဖြင့် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်မွန်ဇေတဝန်ရွှေကျောင်းတော်မှ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကောင်းကင်သို့ပျံတက်ကာ အဖော်မပါ ကိုယ်တော်တစ်ပါးတည်း ယခုကျိုက်ဝိုင်းစေတီတော်တည်ရှိရာကုန်းမြေသို့ကြွချီရောက်ရှိလာပြီး မဟေသရနတ်မင်း၏ သားတော်စံမြန်းရာ ဥမင်တွင်းလိုဏ်ခေါင်း၌ ဖလသမာပတ်ဝင်စား၍ သီတင်းသုံးနေတော်မူ၏။

ထိုသို့ ဗုဒ္ဓမြတ်စွာ ဖလသမာပတ်ဝင်စား သီတင်းသုံးနေတော်မူသည်ကို မဟေသရနတ်မင်း၏ သားတော်က အံ့အားသင့်စွာဖြင့် -

"ဤငါ့နေရာကို သာမန်လူသားတစ်ယောက်အနေနှင့်မရောက်လာနိုင်။ အလွန်တန်ခိုးကြီးလို့သာ ရောက်လာနိုင်သည်။ငါ့နေရာကိုများလုယူဖို့လာရောက်ခြင်းလား။ ဤလိုတန်ခိုးကြီးသူကို ငါ့အနေနှင့် မောင်းထုတ်၍ရမည်မဟုတ်၊ ငါ့ခမည်းတော်သာမောင်းထုတ်၍ရမည်"

ဟု ကြံစည်စိတ်ကူးမိပြီး ခမည်းတော်ရှိရာ ဟိမဝန္တာမဟာဂနိုင်မဏ္ဍာဂိရိတောင်သို့သွား၍ ခမည်းတော်အား-

"သားတော်၏နေရာသို့ တန်ခိုးကြီးရဟန်းတစ်ပါး လာရောက်နေထိုင်ပါကြောင်း၊ သားတော်ကိုယ်တိုင် မနှင်ထုတ်ဝံ့ပါ။ ခမည်းတော်ဘုရားကိုယ်တိုင် လာရောက်၍ နှင်ထုတ်ပေးစေလိုပါကြောင်း"

စသည်ဖြင့် အကြောင်းအကျိုးပြောကာ ခေါ်လာခဲ့၏။

ခမည်းတော် မဟေသရနတ်မင်းလည်း သားတော်ရဲ့အလိုဆန္ဒအတိုင်း မိမိပရိသတ်များစွာဖြင့် ယခု ကျိုက်ဝိုင်းစေတီတော်တည်ရှိရာကုန်းမြေသို့ နတ်တို့၏တန်ခိုးဖြင့် ခဏချင်း ရောက်ရှိလာကြ၏။

မဟေသရနတ်မင်းသည် ကုန်းမြေတစ်ခုလုံး နေရာအနှံ့အပြား၌ မိမိ၏နတ်စစ်သည်များကို အစောင့်ချထားကာ မြေအောက်တွင်းလိုဏ်ခေါင်းသို့မူ မိမိနှင့် အနည်းငယ်သော နတ်ပရိသတ်များကိုခေါ်၍ဝင်ကြသော် သေဌ်နင်းဥက္ကဋ္ဌ နတ်မြတ်ဝိသုဒ္ဓိအတုမရှိဖြစ်တော်မူသော ဘုရားသခင်ကို မြင်တွေ့လျှင်လာရင်းက 'အတင်းနှင်ထုတ်မည်' ဟူသောရည်ရွယ်ချက်ဖြင့် ဒေါသူပုန်ထ၍ လာခဲ့သော်လည်း ရှေးသောအခါ စောမြတ်စွာသည် မဟာဝုန်ဒေသ၌ မဟာသမယသုတ်တော်ကို ထုတ်ဖော်မြွက်ဟဟောကြားတော်မူခဲ့စဉ်ကပင် တွေ့ဖူးမြင်ဖူးပြီးဖြစ်သောကြောင့် အနည်းငယ်ကြည်ညိုလေးစားမိပြန်၏။

သို့ပါ၍ မိုက်မိုက်မဲမဲ ဟော့ဟော့ရမ်းရမ်း ကြမ်းကြမ်းကြုတ်ကြုတ် မနှင်ထုတ်လိုတော့ဘဲ အနုနည်းဖြင့်သာ



www.burmeseclassic.com

www.burmeseclassic.com

နှင်ထုတ်တော့မည်' ဟူသော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓမြတ်စွာအနီးသို့ချဉ်းကပ်ပြီးလျှင်-

"ဘုန်းတော်အလွန်တရာကြီးမားတော်မူလှသော အရှင်ဂေါတမဘုရား။ အရှင်မြတ်သည် လူ့နိုင်ငံ လူတို့ထဲတွင်ပြိုင်စံသူမရှိအောင် မိပတိတန်ခိုး လွှမ်းမိုးကြီးမြတ်ကြောင်းကို ကောင်းစွာကျော်စောလေသည်။ အကျွန်ုပ်မူလည်း ဇမ္ဗူကျွန်းမြတ် ဟိမဝန္တာမဟာဂနိုင်မဏ္ဍာဂီရိတောင်တော်မြတ်၌ နတ်တွင်ထင်ရှားအများယှဉ်ပြိုင် မတုဘက်နိုင်သောတန်ခိုးတေဇဖြိုးဝေကြွသည့် မဟေသရနတ်ဘီလူးမင်းတစ်ဦးဖြစ်ပေသည်။အရှင်၏ ဘုန်းတန်ခိုးတော်နှင့် အကျွန်ုပ်၏တန်ခိုးကို ပြိုင်စံ၍စမ်းကြပါစို့"

ဟု မဟေသရနတ်မင်းက တောင်းပန် လျှောက်ထားလေသည်။

မဟေသရနတ်မင်း၏ လျှောက်ထား တောင်းပန်သောစကားကို ဘုရားမြတ်စွာကြားသိတော်မူလျှင် -

'ဤနတ်ဘီလူးကား အထူးလွှမ်းမိုးနတ်အမျိုးတွင် တန်ခိုးကြီးသောနတ်တစ်ဦးဖြစ်ပေသည်။ဤနတ်ဘီလူးသည်ငါ့၌ကြည်ညို၍ ငါ့သာသနာသို့ဝင်မူထား သူနှင့်တကွ ပရိသတ်များစွာ နောင်လာသူများပါ များစွာအကျိုးရှိပေလတံ့။ သို့အတွက် သူ၏အကြိုက်ငါအလိုလိုက်၍ အခွင့်ပေးမှလျော်မည်'

ဟု ကြံတော်မူ၍-

"အချင်း ရှုဒြ၊ သင်သည် ငါဘုရားနှင့်တန်ခိုးပြိုင်စံလိုမူ သင်လိုသောကိစ္စမှာအကိုပြဆိုလော့"

ဟု မိန့်တော်မူလေ၏။

ထိုအခါ မဟေသရနတ်မင်းက-

"အရှင်ဘုရားနှင့်အကျွန်ုပ်သည် လူသူငယ်ကလေးများကစားဘိသကဲ့သို့ကိုယ်ဝှက်တမ်းကစားလိုပါသည်"

ဟုလျှောက်ထားလေလျှင် ဘုရားသခင်အရှင်မြတ်လည်း နတ်ဘီလူး၏အလိုသို့လိုက်တော်မူ၍ -

"သင်ဘီလူးမင်း အလိုရှိတိုင်း ကစားလော့။ သင်ဘီလူးမင်းပင် ရှေးဦးစွာပုန်းကွယ်ဝှက်လော့။ သင်ဘီလူးမင်း၏ကိုယ်ကို ငါဘုရားမြင်အောင် ဖော်ထုတ်မည်"

ဟု မိန့်တော်မူ၏။

ထိုအခါ မဟေသရနတ်မင်းက-

"အရှင်ဘုရား၊ အကျွန်ုပ်၏ကိုယ်ကို ဦးစွာဝှက်ပါတော့မည်။ အကျွန်ုပ်၏ကိုယ်ကို အရှင်ဘုရားမြင်အောင်ဖော်ထုတ်ရှာဖွေပေတော့"

ဟု ဆို၍ မဟေသရနတ်မင်းသည် ထိုအရပ်၌ပင် ကိုယ်ခန္ဓာကိုကွယ်ပျောက်စေပြီး နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးအထုကို အစုသိန်းသိန်းမကလွှာသောအားဖြင့် အောက်ဆုံးအလွှာ၏အတွင်းကြားမှာထားကာ ပုန်းနေလေ၏။

ထိုအခါ မြတ်စွာသခင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသော် ခဏချင်းပင်မြင်တော်မူကာ ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသောလက်ယာလက်တော်ဖြင့် မဟေသရနတ်မင်းပုန်းအောင်းနေသောမြေလွှာကို ယူပြီးလျှင် လက်ဝဲလက်ဖဝါး၌တင်ထားပြီးမှ လက်ယာလက်ချောင်းတို့ဖြင့် အထက်မြေလွှာများကို ကြကာကြကာ ယူပစ်လျက် အောက်ဆုံးမြေလွှာသို့ကျသော် -

"အချင်း ရှုဒြ၊ ထလော့"

ဟု ဆိုတော်မူ၏။

ထိုစကားကို မဟေသရနတ်ဘီလူးမင်းကြားသော် 'ဤရဟန်းဂေါတမသည် ငါ့ကို တကယ်မတွေ့မမြင်ဘဲလျက် တွေ့သယောင်မြင်သယောင်ရမ်းဆ၍ထလော့ ထလော့ဟုဆိုချေသည်။ ငါမထအံ့' ဟု အကြံဖြစ်၍ မထဘဲနေပြန်၏။

ဘုရားသခင်သည် ထိုမဟေသရနတ်ဘီလူးအကြံကို အမှန်အတိုင်းသိပြန်သော် -

"အချင်းရှုဒြ၊ ဤကဲ့သို့ မသင့်သောအကြံကို သင်မကြံသင့်။ အမှန်ငါ့အား ထင်ရှားနဂို သင်၏ခန္ဓာကိုယ်ကိုလည်းကောင်း၊ ခြေ၊ လက်၊ မျက်စိ၊ နား၊ နှာခေါင်းအစရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလည်းကောင်း၊ အသွေး၊ အသား၊ ကိုယ်မွေး စသည်ကို လည်းကောင်း တကယ်မမြင်မတွေ့ဘဲ မြင်တွေ့ဟန်လုပ်တာပဲဟု သင်ကြံစည်သောစိတ်ကူးကိုလည်းကောင်း၊ မထဘဲနေဦးမည်ဟူသော သင့်ဆန္ဒကိုလည်းကောင်း ငါဘုရားဉာဏ်တော်ဖြင့် တကယ်သိမြင်





အလှူခံဌာန



www.burmeseclassic.com

www.burmeseclassic.com

ဆောင်မူသည်သာ"

ဟု မိန့်ပြန်၏။

မြတ်စွာဘုရားသည် မဟာသရနတ်မင်းကြီးကြားသော် ရှုပ်နှင့်တကွထ၍ ဘုရားရှင်အား -

"အရှင်ဘုရား၊ အရှင်ဘုရားသည် အလွန်ဘုန်းတန်ခိုးကြီးပါပေစွ။ အံ့ဖွယ်သရဲ လွန်ကဲသောအာနုဘော်ရှိပါပေစွ။ အကျွန်ုပ်၏စိတ်အကြံကိုပင် မှန်စွာသိတော်မူနိုင်ပါပေစွ"

ဟု ချီးကျူးစကားလျှောက်ထားပြီး-

"အရှင်ရဟန်း၊ ပုန်းစမ်းဦးလော့။ အရှင်ဘုရားကဲ့သို့ အကျွန်ုပ်လည်း အရှင်ဘုရားကို ရှာဖွေဖော်ထုတ်ပါအံ့"

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဤမဟာသရနတ်မင်းနှင့်ပရိသတ်များသည် ငါဘုရား၏အသံကိုသာကြား၍ ငါ၏ရုပ်ကိုယ်တော်အား မမြင်တွေ့ရပါစေသတည်း' ဟု အဓိဋ္ဌာန်ကာ ကသိုဏ်ဝိဇ္ဇာ အဘိညာဉ်ဖြင့် မိုးယံပေါ်တက်ပြီးလေလျှင် အဏိမာဘုန်းတော်ပိုင်ရှင်ဖြစ်လေသောကြောင့် ရုပ်ကိုယ်တော်ကို ပရမာအဏုမြူခန့်မျှဖန်ဆင်းတော်မူ၍ မဟာသရနတ်မင်း၏ မျက်ခုံးနှစ်ဖက်အကြား၌ ရပ်လျက် -

▫ ဘဝေဝါဟံ ဘယံ ဒိသွာ၊
ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊
နန္ဒိဥ္စ ဥပါ ဒိယိံ

ဟု ကျူးရင့်နေတော်မူလေ၏။

**အဟံ-** ငါဘုရားသည်၊ **ဘဝ** - ဘဝဆက်ခါသံသရာ၌။ **ဘယံစ** - ကြောက်မက်ဖွယ်ကောင်း ဘေးအပေါင်းကိုလည်းကောင်း၊ **ဝိဘဝေသိနံ-** ဘဝကင်းမြဲ နိဗ္ဗာန်ဘုံကို ခိုလှုံလိုဘိ ရှာဖွေလေ့ရှိကြကုန်သော အနန္တများစွာ သတ္တဝါတို့၏၊ **ဘဝဥ္စ-** ဖြစ်-ပျက်နေရဘုံဘဝကိုလည်းကောင်း၊ **ဒိသွာ ဧဝ-** မြင်သောကြောင့်သာလျှင်၊ **ကိဉ္စိ** - ပြောပြလောက်စဖွယ် အနည်းငယ်မျှသော၊ **ဘဝံ** - ဘဝကိုမျှ၊ **နာဘိဝဒိံ** - မိစ္ဆာဒိဋ္ဌိ မှားအသိဖြင့် စွဲလမ်းမှုလည်းမရှိတော့ပြီ၊ **နန္ဒိဥ္စ** - ဘဝဘောဂဟူသမျှ၌ နှစ်သက်တွယ်တာဘဝတဏှာကိုလည်း၊ **န ဥပါဒိယိံ** - စွဲယူသိမ်းပိုက်နှစ်ခြိုက်ခြင်းလည်း မရှိတော့ပြီ။

မှတ်ချက်။ ။ မူလပဏ္ဏာသပါဠိတော် ဗြဟ္မနိမန္တနိကသုတ်တော်သာဤဂါထာကို အချို့လောကီဆရာများ ကိုယ်ပျောက်ဂါထာဟု မှတ်ယူကာမန်းမှုတ် ရွတ်ဖတ် သရဇ္ဈာယ်ကြ၏။

ထိုအခါ မဟာသရနတ်မင်းသည် အရပ်ထက်ဝန်းကျင်တို့ကို ထိုင်ရာမှ မထသေးဘဲ အဆင့်ဆင့်ကြည့်လေသော် ကိုယ်တော်မြတ်ကို မမြင်မတွေ့ရကား ထိုင်ရာမှထကာ အလုံးစုံသောတော၊ တောင်၊ ဂူ၊ လိုဏ်၊ ဂနိုင်စုံဖျား၊ ရေ၊ မြေ စသည်တို့၌ အခေါက်ခေါက်အပြန်ပြန် ဆယ်ကြိမ်ဆယ်တန် တုံ့ပြန်လှည့်လည်၍ ရှာဖွေ၏။ ထို့နောက် သမုဒ္ဒရာအနား နဂါးပြည်၊ ဂဠုန်ပြည်၊ အသုရာပြည်၊ ပြိတ္တာပြည် စသည်တို့၌လည်းကောင်း၊ စကြဝဠာ ထက်ဝန်းကျင်အရပ်၌စသည်ရှိသော နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်အလုံးစုံတို့၌လည်းကောင်း ဆယ်ကြိမ်စီလှည့်လည်ရှာဖွေသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကိုမတွေ့မမြင်နိုင်တော့မှ-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား ကျွန်ုပ်မစွမ်းနိုင်တော့ပါပြီ။ ထင်ရှားပြတော်မူပါတော့"

ဟု လျှောက်ထားတောင်းပန်လေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် တာဝတိံသာမှ သင်္ကဿနဂိုမြို့သို့ ဆင်းသက်တော်မူသောအခါ ရတနာအတိပြီးသောစောင်းတန်းလှေကားဖြင့် ဖန်ဆင်း၍ ဆင်းသက်တော်မူခဲ့ဘိသကဲ့သို့ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်နှသော လက္ခဏာတော်ငယ်၊ ခြောက်ဖြာသော ရောင်ခြည်တို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်ကို ထင်စွာပြလျက် မဟာသရနတ်မင်း၏မျက်ခုံးနှစ်ခုအကြားမှပေါ် ထွက်သက်ဆင်းကြွရောက်တော်မူလာ လေသည်။

ထိုအခြင်းအရာကို မဟာသရနတ်မင်းနှင့် နတ်ပရိသတ်တို့တွေ့မြင်ရလေသော် အလွန်လျှင် ဝမ်းမြောက်ကြည်ညိုသောစိတ် ဖြစ်ပေါ်လာပြီးလျှင် ဦးထိပ်၌ လက်အုပ်ကို ယှက်ဆုပ်ကာတင်ချီလျက် ဘုရားရှင်အား -

"ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် အကျွန်ုပ်ကိုရှာဖွေတုန်းကသက်သက်သာသာကလေးနှင့် တွေ့ရပါသည်။ အကျွန်ုပ်က အရှင်ဘုရားကို ရှာဖွေတဲ့အခါတော့ ဤမျှလောက်ကြာသော်လည်း အသံကိုကြားနေပါလျက်နဲ့ မတွေ့ရပါ"

ဟု အံ့သြသောလက္ခဏာဖြင့် လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားက -

"အို-မဟာသရနတ်မင်း၊ ငါဘုရားသည် တစ်သံသရာလုံး အပါယ်ခန္ဓာအိမ်၊ လူ့ခန္ဓာအိမ်၊ နတ်ခန္ဓာအိမ် သတ္တဝါတွေ၏ ခန္ဓာအိမ်တွေကို တစ်ဦးတည်းကန်ထရိုက်ပြု၍ဆောက်လုပ်လာသော တဏှာယောကျ်ားလက်သမားကိုတောင် ဗောဓိပင်ခြေပလ္လင်ဗွေတွင် တင်ပလ္လင်ခွေရင်းတွေ့အောင်ရှာပြီးလျှင် အရဟတ္တမဂ်ဓားသန်လျက်ဖြင့် အသေသတ်နိုင်သေးတာပဲ။ သင်လိုအာဂန္တုက တစ်ခဏတာ ကွယ်ဝှက်နေတဲ့ပုဂ္ဂိုလ်မျိုးကိုတော့ ရှာ၍မတွေ့မမြင်ဘဲ ဘယ်ရှိနိုင်မည်လဲ။ အလွယ်တကူ တွေ့မြင်ရမှာပေါ့"

ဟု တရားသံပါပါ ဒေသနာရှိရှိ ထိမိစေနိုင်သောစကားဖြင့် ချွေချွတ်တော့မှ မဟာသရနတ်မင်းကြီးရော၊ သားတော်ရော၊ နတ်ပရိတ်သတ်ပေါင်းမြောက်မြားစွာပါ လွန်ကျူးခဲ့ကြတာတွေကိုကန်တော့ပြီး -

"အရှင်ဘုရား၊ အကျွန်ုပ်တို့အား ယနေ့မှစ၍ ဥပါသကာ ဒါယကာတို့ဟု မှတ်တော်မူပါဘုရား။ အသက်ထက်ဆုံး အကျွန်ုပ်တို့၏ ဆရာပြု၍ ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား"

ဟု လျှောက်ထား၍ မြတ်စွာဘုရား၏အထံတော် သရဏဂုံသီလခံယူဆောက်တည်ကြလေ၏။

သရဏဂုံသီလခံယူဆောက်တည်ကြပြီး မြတ်စွာဘုရားအား -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့တစ်တွေ အရှင်ဘုရားကိုအာရုံပြုပြီး ကြာကြာကြီးကိုးကွယ်ပူဇော်ရအောင် ကိုးကွယ်ပူဇော်စရာတစ်ခုခုကို သနားချီးမြှင့်တော်မူပါ"

ဟု လျှောက်ထားတောင်းခံလေရာ ဘုရားသခင်က ဤနေရာ ဤဌာနသည် သာသနာတော်စည်ပင်ပြန့်ပွား၍နောင်လာသူ ရဟန်းရှင်လူများပါဖူးမြော်နိုင်ကြသဖြင့် အကျိုးများစွာဖြစ်ထွန်းမည်ကိုမြင်တော်မူသဖြင့် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ပါလာသော ဆံတော်မြတ်တစ်ဆူကို -

"ဘုရားဖလသမာပတ်ဝင်စားသည့်နေရာ၌ တည်ထားဌာပနာ၍ ပူဇော်ကိုးကွယ်ကြ"

ဟု မိန့်ကြားပြီး ပေးသနားတော်မူ၏။

ဘုရားသခင်လည်း မဟာသရ



www.burmeseclassic.com

www.burmeseclassic.com

နတ်မင်းနှင့် ပရိသတ်တို့ကို ချွေချွတ်၊ ဆံတော်ဓာတ်ကိုချီးမြှင့်ပြီး ဤကုန်းမြေမှ သာဝတ္ထိပြည်ဇေတဝန် ဇေတဝန် ရွှေကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

(ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး
သမိုင်းစာအုပ်
စာမျက်နှာ (၂၆) မှ (၃၁) ထိ)

**□ ဆံတော်ဓာတ်တော်ကိုးကွယ်ပူဇော်**

မဟေသရနတ်မင်းလည်း ၎င်း ဆံတော်ရှင်ဓာတ်ကို သားတော်၏စံမြန်းရာ မြေလိုဏ်ဘုံဗိမာန်အတွင်း ဘုရားရှင် ဖလသမာပတ်တို့ဝင်စားခဲ့သည့်နေရာ၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာကြုတ်တွင်ထည့်ကာ တည်ထားကိုးကွယ်ပူဇော်လေ၏။

**□ ထာဝရကိုးကွယ် ရှိပ်ပွားတည်**

မဟေဿရနတ်မင်းသည် ဆံတော်ရှင်ဓာတ်ကို တည်ထားကိုးကွယ်ပူဇော်ပြီး သားတော်နှင့် သားတော်၏ပရိသတ်များကို ဆုံးမဩဝါဒပေး၍ ဆံတော်ရှင်ဓာတ်ကို ထာဝရ မမေ့မလျော့ပူဇော်ကိုးကွယ်ကြဟု မှာထားပြီး မိမိပရိသတ်တို့နှင့်အတူ မိမိနေရာ မူလဌာန ဟိမဝန္တာမဏ္ဍာဂီရိသို့ ပြန်သွားလေ၏။

ဟိမဝန္တာမဏ္ဍာဂီရိသို့ရောက်လျှင် အာရှိနီမည်သောနတ်မိဖုရားနှင့် တိုင်ပင်နှီးနှောပြီး မိမိနေရာ ဟိမဝန္တာမဏ္ဍာဂီရိတောင်၌ ရတနာအတိပြီးသော မြတ်စွာဘုရားနှင့်တူလှစွာသော ရုပ်ပွားဆင်းတုတော်ကိုဖန်ဆင်း၍ အစဉ်မပြတ် မမေ့မလျော့သောသတိဖြင့် ထာဝရကိုးကွယ်ဆည်းကပ်ပူဇော်လျက် မိမိပရိသတ်နှင့် ပျော်ရွှင်စွာနေလေတော့၏။

**□ ရောင်ခြည်တော်ကွန့်မြူးအလွန်ထူး**

မဟေသရနတ်မင်း၏ သားတော် သာရဒေဝသည် မိမိပရိသတ်နှင့်အတူ ခမည်းတော် မှာထားခဲ့သည့်အတိုင်း ဆံတော်ဓာတ်ကို မပျက်မကွက် တရိုတသေ ဆည်းကပ် ကိုးကွယ်ပူဇော်လေရာ အခါခါ ဆံတော်ဓာတ်မှ ပိတုန်းရောင်ကဲ့သို့သော ညိုပြာသောရောင်ခြည်များ ကွန့်မြူးတော်မူလေ၏။ အထူးအားဖြင့် လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ်နှင့် ရက်ကြီးနေ့ကြီးများ၌ ဆံတော်ဓာတ်မှ ရောင်ခြည်တော်များသည် ကုန်းတော်တစ်ခွင်နှင့် ကုန်းတော်အထက်ဝဠာဟကာအပြင်အနှံ့ထွက်ကွန့်မြူးတော်မူလေ့ရှိ၏ဟု ထူပဝင်သမိုင်းဟောင်းပေဟောင်းများ၌ ရေးမှတ်ပြဆိုထား၏။

ဗုဒ္ဓ၏ဆံတော်မြတ်ကို မြတ်ဘုရားရှင့်ဖလသမာပတ်ဝင်စားရာနေရာမြတ်တွင် နတ်တို့ဖန်ဆင်းအပ်သော ရတနာရွှေကြုတ်တော်တွင် ထည့်သွင်းပူဇော်နေကြ၏။ မဟေသနနတ်မင်း၏သားတော်များစောင့်ရှောက်ထိန်းသိမ်းစံမြန်းနေထိုင်ရာဌာန ကျိုက်ဝိုင်းဘုရားတည်ရာနေရာဌာနကုန်းမြေကို ရှေးအခါက မဟေသရကုန်းတော်ဟု ခေါ်တော်မူကြပါသည်။ ထိုမဟေသရကုန်းမြေတော်သည် ရွှေတိဂုံစေတီတော်မြတ်တည်တော်မူရာ သိင်္ဂုတ္တရကုန်းတော်၏ အရံ (၉၉) ကုန်းတွင် တစ်ကုန်းအပါအဝင်ဖြစ်ကြောင်းလည်း သိရပါသည်။

**□ ကျိုက်အဝိုင်အွတ်မှ ကျိုက်ဝိုင်း**

မွန်မင်းများ ဘုန်းတန်ခိုး အာဏာလွှမ်းမိုးကာလများ၌ မဟေသရကုန်းတော်မြတ်ကို ဘုရားရှင်တော်မြတ်နှင့် မဟေသရနတ်မင်းတန်ခိုးပြိုင် ပုန်းတမ်းကစားခဲ့ရာဌာနတွင် စေတီတော်မြတ်တည်ထား ကိုးကွယ်ကြလေ၏။ မွန်တို့ဘာသာစကားဖြင့် ကျိုက်-အဝိုင်-အွတ်ဟု ခေါ်တွင်တော်မူကြပါသည်။ မြန်မာဘာသာပြန်ရသော် (**ကျိုက်** - ဘုရား၊ **အဝိုင်** - ကစားခြင်း၊ **အွတ်** - ပုန်တမ်း၊ တန်ခိုးပြိုင်ရာဌာနကဘုရားဟုအဓိပ္ပာယ်ဆောင်ပါသည်။ နှစ်များကြာလာသောအခါ ကျိုက်အဝိုင်အွတ် ဟူသော မွန်ဘာသာမှ ကျိုက်ဝိုင်းဘုရားဟု ယနေ့ထက်တိုင် ခေါ်တွင်တော်မူခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆရာကြီးဟံသာဝတီဦးအုန်းကြိုင်၏မှတ်တမ်းအဆိုအရ စေတီတော်၏ မူလဘုရားဒါယကာမှာ သန်လျင်ဘုရင်သီဟာဒီပမင်းဟု ညွှန်းဆို၍ မှော်ဘီဆရာသိန်းက မွန်ဘုရင် ရာဇာဓိရာဇ်မှ စေတီတော်မြတ်ကို ဂဝံကျောက်များဖြင့် တည်ထားတော်မူကြောင်း သမိုင်းစာများအရသိရှိရပါသည်။ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းသည် မူလစေတီတော်ကိုငုံ၍ ရင်ပြင်တော်နှင့်တကွ ဉာဏ်တော်အမြင့် (၄၄) တောင်အထိမြှင့်၍ တည်တော်မူကြောင်း သိရပါသည်။ အရံစေတီတော်ပေါင်းမှာ (၁၁၇) ဆူ တည်တော်မူပါသည်။ ကျိုက်ဝိုင်းဘုရား၏ပွဲတော်ရက်ကို တပို့တွဲလကွယ်ရက်များတွင် စည်ကားသိုက်မြိုက်စွာ ယနေ့တိုင် ကျင်းပတော်မူကြောင်းသိရပါသည်။

**□ အသင်အောင်မြင်လိုသလား**

အသင် အောင်မြင်လိုပါသလား အောင်မြင်ခြင်းဘုရားသို့သွားဟူ၍ အဆိုရှိခဲ့ပါသည်။ အပရာဇိတဆံတော်ရှင်စေတီတော်သည် အောင်နိုင်ခြင်းဟု အမည်အဓိပ္ပာယ်ကို ဆောင်ပါသည်။ မဟေသရနတ်မင်းကို ဗုဒ္ဓမြတ်သည် အောင်နိုင်တော်မူခဲ့ပါသည်။ ထိုနေရာသည် ဗုဒ္ဓမြတ်၏အောင်မြေလည်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်၏သမိုင်းဝင် အောင်မြေမဟာတွင် သိဒ္ဓိအမျိုးမျိုးအလိုရှိသူများသည် အဓိဋ္ဌာန်ဝင်ရောက်အားထုတ်ကြသောအခါ အောင်မြင်ပြီးမြောက် သိဒ္ဓိပေါက်ကြပါသည်။ လောကီအလိုယတြာပြုလုပ်၊ ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စရပ်များ အထူးအောင်မြင်ကြပါသည်။ နာလန်မထူ၊ ကံမကူ၍ ဒုက္ခရောက်သူများ ကျိုက်ဝိုင်းဘုရားသွား ဆွမ်းပန်းရေချမ်းများ ကပ်လှူဒါန်းသော် ကံကူထောက်မ ကံကောင်းလှ၍ အောင်ပန်းတွေတလူလူနှင့် စံမတူအောင် အကျိုးပေးလှပါသည်။ ဈေးရောင်းမကောင်းသူများ ဈေးရောင်းကောင်းကြ၏။ စာမေးပွဲဖြေဆိုသူများ စာမေးပွဲအောင်ကြ၏။ အရာရာပေါက်ပေါက်မြောက်မြောက်ဖြစ်လိုသူများ ပေါက်ပေါက်ဆွမ်း၊ ထောပတ်၊ ပြောင်းဖူးပေါက်ပေါက်ဆွမ်းများ မွန်းမလွဲမီအရကပ်လှူပါ။ မကြာမီ ပေါက်ပေါက်မြောက်မြောက် ခရီးရောက်ကြမှာမို့ အသင်အောင်မြင်လိုသူတစ်ယောက်ဖြစ်လိုသော် အောင်မြင်ခြင်းဘုရားသို့မဟုတ် ကျိုက်ဝိုင်းစေတီတော်သို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မေတ္တာများစွာဖြင့်
ကံဝင်း

**ကျမ်းကိုးစာရင်း**


၁။ ဂေါပကအဖွဲ့ထုတ် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးသမိုင်း
၂။ ရှေးဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်သမိုင်းအကျဉ်း
၃။ မှော်ဘီဆရာသိန်းရေး ကျိုက်ဝိုင်အွတ်စေတီတော်သမိုင်း
၄။ ဟံသာဝတီ ဦးအုန်းကြိုင်ရေး ကျိုက်ဝိုင်းစေတီတော်မြတ်သမိုင်းအကျဉ်း
၅။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာမှု




www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဆိုလျှင်သည် အသက်အား [illegible] (၈၁) ကျော်လာခဲ့ပြီ ဖြစ်ပါသည်။ [illegible] အိုနာသေခန္ဓာကို ပင်ပန်းကြီးစွာ လျှောက်လှမ်းနေရဆဲ ဖြစ်ပါသည်။ မည်သူမျှရှောင်တိမ်း၍မရ။ လျှောက်ကြရမြဲ ခရီးတာဖြစ်ပါသည်။ ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက်လျှောက်လှမ်းခဲ့ကြပါသည်။ သုံးလောကထွတ်ထား သဗ္ဗညုရွှေဉာဏ်တော်ရှင်မြတ်ဘုရားကြီးသော်မှလည်း ရှောင်မရတိမ်းမရသဖြင့် နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူခဲ့ရ၏။ စာမဖွဲ့လောက်သည့် သူလိုငါလိုသာမညပုဂ္ဂိုလ်များအဖို့ကား ဆိုဖွယ်ရာမရှိ။ မုချကိန်းသေ သေပွဲဝင်ကြရမည်သာ ဖြစ်ပါသည်။

အသက် (၈၀) ကျော်လာသည့်အခါ မိမိကိုယ်တိုင် မည်သူတစ်စုံတစ်ယောက်ကမျှ နှိုးဆော်တိုက်တွန်းခြင်းအလျှင်းမရှိပါဘဲနှင့် သေခြင်းတရားကို အလိုလိုသတိရမိလာ၏။ လူ့လောကလူ့ဘဝဖြင့် အသက်နှင့် ခန္ဓာနေရမည့်အချိန်ကာလက မဆိုစလောက် မပြောပလောက်သာကျန်တော့သဖြင့် သေခြင်းတရားကို နှလုံးသွင်းလာမိသည်။ မိမိကိုယ်တိုင် ဤလောကကြီးမှ အပြီးအပိုင်စွန့်ခွာသွားရတော့မည်။ မိမိဘဝတစ်သက်တာ ရှာဖွေဆည်းပူးခဲ့သည့် တိုက်တာအိုးအိမ်ပစ္စည်းဥစ္စာများနှင့် သားမယားတို့ကိုလည်းစွန့်ထားခဲ့ရတော့မည်။ ငါနှင့် ငါ့ဥစ္စာငါ့ပစ္စည်းများကို မခွဲနိုင်မခွာရက်သောကဖက်လာတော့သည်။

ဤတွင် မိမိတို့အားထားကိုးကွယ်ရာ မှီခိုရာလဲလျောင်းရာမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံလွန်တော်မမူမီ (၃) လခန့်အလိုတွင်မိန့်မှာတော်မူခဲ့သည့်နောက်ဆုံးမှာတမ်းတော်(ပစ္ဆိမဝါစာ)ကို အမှတ်ရမိပါသည်။ နှလုံးသွင်းမိပါသည်။

ထိုနောက်ဆုံးမှာတမ်းတော်ကား-

□ ပရိပက္ကော ဝယော မယှံ
ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊
ကတံ မေ သရဏမတ္တနော။
(မဟာပရိနိဗ္ဗာနသုတ်)

ဂါထာ၏ဆိုလိုချက်ကား -

□ ငါဘုရား၏ အရွယ်တော်သည် အိုမင်းရင့်ရော်ခဲ့ပြီ။ ငါဘုရားအသက်တော်သည် အနည်းငယ်သာကျန်တော့၏။ သင်ချစ်သားတို့အား ပယ်စွန့်ထား၍ ပရိနိဗ္ဗာန်ဝင်စံကြွမြန်းရပေတော့မည်။ ငါဘုရားအနေဖြင့် ကိုးကွယ်အားထားကို ရှာပြီးပါပြီ - တဲ့။

ဤသို့ ဘုရားမြတ်စွာမိန့်တော်မူသည်။

ထို့နောက် ဆက်လက်၍ -

□ ဟန္ဒ ဒါနိ ဘိက္ခဝေ
အာမန္တာယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ
အပ္ပမာဒေန သမ္ပာဒေထ။

ဟူ၏။

□ အို . . .
ချစ်သားတို့ . . .
ယခုအခါ ငါဘုရား သင်တို့အား
မှာကြားခဲ့ပေတော့အံ့။
ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်



# ဉာဏ်မြင့်
## အို-နာ-သေနှင့်
## မရဏာဿတိ



www.burmeseclassic.com

www.burmeseclassic.com

မှချမသွေ ပျက်စီးတတ်သော သဘောရှိပေ၏။ ထိုသဘောတရားကို သင်ချစ်သားတို့ မမေ့ရစ်ကြနှင့်။ မပေ့ါမတန် ထက်သန်မြဲမြံသည့်သတိတရားနှင့်ပြည့်စုံရစ်ကြ - ဟု နောက်ဆုံးမှာတမ်းတော် (ပစ္ဆိမဝါစာ) ကို မိန့်မှာတော်မူခဲ့၏။

ဤမှာထားချက် (နောက်ဆုံးမှာတမ်းတော်) ကို ကျွန်တော် အမှတ်ရလျက် နေ့တိုင်း အခါမလပ် အချိန်ရတိုင်း ဆိုသလိုပင် နှလုံးသွင်းနေမိ၏။ တစ်နည်းအားဖြင့်ပြောရလျှင် သေခြင်းတရား (မရဏသတိ) ကို နှလုံးသွင်းဆင်ခြင်ပွားများနေမိတော့၏။ မိမိနှင့်ရွယ်တူ သေဆုံးကုန်ကြပြီ။ ငါပဲမသေဘဲကျန်တော့သည်။ ကျန်နေသေးလည်း သေဖို့ကျန်နေခြင်းသာ ဖြစ်၏။ ထိုသို့စဉ်းစားမိတိုင်း အောက်ပါ သံဝေဂလင်္ကာကို နှလုံးသွင်းမိပြန်သည်။

❑ ငါသည်. . .
မှချသေရမည်၊ အချိန်ပိုင်းသာ
လိုတော့သည်။
❑ ငါ့ထက်ကြီးသူ၊ ငါ့အောက်လူ
ရွယ်တူအားလုံး၊ ပြုတ်ပြုတ်ပြုန်း
သေဆုံးကုန်ကြပြီ။
❑ ငါသာမသေ
သက်ရှင်နေလည်း
သေဖို့အမှန် ချိန်မတန်၍
ငါကျန်နေသည် သေဖို့လေ။ ။
❑ ဪ. . .
နေချင်လျက်မနေရ
မသေချင်လျက်သေကြ
တားမရဆီးမရ
ရှောင်မရတိမ်းမရ
သေရဦးမှာပေ့ါ။
❑ ရုပ်နာမ်ဓမ္မသင်္ခါရ
ဖြစ်ပြီးပျက်ကြ
တစ်ခဏရေပွက်ပမာမျှ၊
ဇာတိ ဇရာ မရဏ
ဥပ္ပါဒ ဝယ အညတတ္တ
အပ္ပမာဒေန၊ သမ္ပာဒေထ။ ။
❑ အနိစ္စ
ဒုက္ခ အနတ္တ
မမြဲဆင်းရဲ၊ အစိုးလည်းမရ
(နေတံ မမ၊ နေသောဟမသ္မိ၊
န မေသော အတ္တာ)
ငါ၊ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာတို့
ဘာတစ်ခုမှမဟုတ်ကြသည်
ဓမ္မသက်သက်သာတကား။
❑ ခုဝံ မေ မံရဏံ ဘဝိဿတိ၊
ငါသည် မုချသေရဦးမှာပဲ့။ ။

အချိန်ပိုင်းမျှ၊ လိုပေစွ။
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
နေ့နေ့ညည၊ အမှတ်ရ
ဘုရားစကား၊ လိုက်နာပွားသည်
တရားလက်မလွှတ်ပါဘုရား
ဘုရားဝတ်တက်၊ ဝတ်မပြတ်ဘဲ
လွတ်ရက်မျှော်မှန်း၊ အကျွတ်စခန်းသို့
လျှောက်လှမ်းပါတော့မည်ဘုရား။ ။

ဖော်ပြပါ သံဝေဂလင်္ကာမှာ မရဏာ့သတိကို ဆင်ခြင်ရာက မိမိကိုယ်တိုင်ရရှိလာသည့်အသိပေါ် မူတည်ပြီး ရေးသားသီကုံးကာနှလုံးသွင်းနေမိသည်။ ထို့ပြင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး၏ အောက်ပါ သံဝေဂလင်္ကာကိုလည်း အမြဲဆင်ခြင်ပွားများမိပါသည်။

❑ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့
ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု၊ မျှော်ထောက်ရှု၍
ယခုပင်လျှင် မအိုခင်က
ယခုပင်လျှင် မနာခင်က
ယခုပင်လျှင် မသေခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့
ရတုချိန်ထောက်၊ ဤခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငှာဟု
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစက်ကမှ၊ မရှိကြဘူး
အပ္ပမာဒေန၊ သမ္ပာဒေထ
ဘုရားစကားလိုက်နာပွားသည်
တရားမမေ့ကြလေနှင့်။ ။

ဤသို့လည်း သံဝေဂလင်္ကာကို နှလုံးသွင်းမိ၏။ ဤသို့နှလုံးသွင်းပွားများရာကနေ မိမိစိတ်သန္တာန်၌ စိတ်ကြည်နူးရွှင်လန်းမှုလည်းအလိုလိုပေါ် ပေါက်လာရာ အောက်ပါလင်္ကာကိုလည်း နှလုံးသားမှထွက်ပေါ်လာပါသည်။

❑ မရှိလက်ဆုပ်
ရှိဟန်လုပ်လည်း
ထုတ်ပြစမ်းပါ
ဆိုသည့်ခါ၌
ဘာမှမရှိ
လက်ဖဝါးပကတိ။ ။
❑ ပဋိစ္စ-သမုပ္ပါဒ်
ကြောင်းကျိုးမျှတည့်။
ကမ္မ,ဝိပါက
ဆက်နေကြ၏။
ဘယ်ကအတ္တ၊
ဘယ်ကသတ္တဝါ
ဘယ်မှာပြုသူ
ခံစံသူလည်း၊
ဘယ်သူဘယ်ဝါ
မရှိပါတည့်။
ငါ၊ ငါ့ဉစ္စာ
ငါ့လိပ်ပြာတို့
ဘာတစ်ခုမျှ
မရှိကြသည်. . .
ဓမ္မသက်သက်သာတကား။
❑ ဓမ္မသက်သက်
ဖြစ်ပြီးပျက်၏
ဖြစ်ပျက်သမျှ
မမြဲကြ၍ အနိစ္စ (သဘာဝဓမ္မေန)
ဆင်းရဲကြ၍ ဒုက္ခ (ပဋိပီဠနဋ္ဌေန)
အစိုးမရ၍ အနတ္တ (အဝသဝတ္တနဋ္ဌေန)
❑ အနတ္တလက္ခဏာဒိဋ္ဌေ
နိဗ္ဗာနံ ဒိဋ္ဌနာမ ဟောတိ။
❑ အနတ္တထင်
ထိုဉာဏ်ပင်
စံဝင်နိဗ္ဗာန်ပေတကား။ ။

အထက်ပါအတိုင်း ပရိယတ္တိဉာဏ် (သုတမယဉာဏ်) နှင့် တရားအလုပ်အားထုတ်ပွားများမှု ပဋိပတ္တိဉာဏ်တို့အရ သံဝေဂလင်္ကာကို မိမိကိုယ်တိုင်ပင်ရေးသားခဲ့ပါသည်။ထိုလင်္ကာ၏အဓိပ္ပာယ်ဆိုလိုချက်ကို အကျဉ်းမျှတင်ပြလိုသည်။

'မရှိလက်ဆုပ်၊ ရှိဟန်လုပ်လည်း၊ ထုတ်ပြစမ်းပါ ဆိုသည့်ခါ၌၊ ဘာမှမရှိ လက်ဖဝါးပကတိ' ဟူသည် နိဿတ္တ၊ နိဇ္ဇီဝဆိုသည့်သဘောကိုရည်၍ဆိုထားခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အသက်လိပ်ပြာမရှိ၊ ယောကျ်ား/မိန်းမ မရှိ စသည်ဖြင့် ဗုဒ္ဓမြတ်စွာဟောတော်မူ၏။ သို့သော် ပုထုဇဉ်တို့အနေဖြင့်တား ပရမတ္ထသဘောကိုမသိဘဲ ပညတ်သဘောအရသာ ပုဂ္ဂိုလ်သတ္တဝါငါသူတစ်ပါး ယောကျ်ားမိန်းမဟု သက္ကာယဒိဋ္ဌိဖြင့် ယူမှတ်စွဲလန်းနေကြ၏။

ပုဂ္ဂိုလ်သတ္တဝါယောကျ်ား၊ မိန်းမ ရှိသည်ဟု ယုံကြည်စွဲလမ်းနေသော်လည်း ပုဂ္ဂိုလ်သတ္တဝါဘယ်မှာနည်းဟု မေးသည့်အခါ သေချာလက်ဆုပ်လက်ကိုင်မပြနိုင်သည်ကိုရည်၍ မရှိလက်ဆုပ် ရှိဟန်လုပ်လည်း ထုတ်ပြစမ်းပါ ဆိုသည့်အခါ၌ ဘာမှမရှိ လက်ဖဝါးဟာ ပကတိဟူ၍ ရေးခဲ့ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။

ပုဂ္ဂိုလ်သတ္တဝါမရှိ။ အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com

အထင်အရှားရှိသည်ကား ပရမတ္ထအား ဖြင့် ရုပ်၊ နာမ်ခန္ဓာပဲရှိပါသည်။ ဥပမာ အားဖြင့်ဆိုရလျှင် လောက၌မြင်တွေ့နေ ရသည့်လှည်းကိုဆိုကြစို့။ လှည်းကိုပြပါ ဆိုလျှင် ဘီးကိုထိုးပြ၍မဖြစ်။ ဘီးသည် လှည်းမဟုတ်။ ဝင်ရိုးကိုပြလျှင်လည်း ဝင်ရိုးသာ ဖြစ်သည်။ လှည်းမဟုတ်။ ဝင်ရိုး လှည်းမဟုတ်လျှင် လှည်းထမ်းပိုး ကိုပြလည်း လှည်းမဟုတ်။ လှည်းဆို သည်မှာ ယခုပြောခဲ့သည့် ဘီး၊ ဝင်ရိုး၊ ထမ်းပိုး စသည်တို့ စုပေါင်းဖွဲ့စည်းထား သည့် (သမူဟဂုဏပညတ်) ကို ခေါ်နေ ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ပရမတ္ထအနေဖြင့် မရှိ သည်ကို ပညတ်အနေဖြင့်သာ အရှိလုပ် ခြင်းသဘောကိုရည်၍ မရှိလက်ဆုပ် စသည်ကိုရေးသားခဲ့ခြင်း ဖြစ်သည်ကို သဘောပေါက်စေလိုပါသည်။

'ပဋိစ္စသမုပ္ပါဒ်၊ ကြောင်းကျိုးမျှ တည့်' ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် အနုလောမဒေသနာတော်အားဖြင့်ဆိုရ လျှင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ် စသည့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးတို့ သာလျှင် ကြောင်းကျိုးဆက်စပ်ဖြစ်တည် နေခြင်း ဖြစ်ပါသည်။ အဝိဇ္ဇာ၌လည်း ပုဂ္ဂိုလ်၊ သတ္တဝါ မပါ။ သင်္ခါရထဲ၌လည်း ပုဂ္ဂိုလ်သတ္တဝါမပါမရှိ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် (ဝါ) ကာယကံ၊ ဝစီကံ၊ မနောကံဖြစ်၏။ သင်္ခါရကြောင့် သင်္ခါရ ပစ္စယာ ဝိညာဏ်ဖြစ်ရသည်။ ဤသို့ ကြောင်းကျိုးဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေ ခြင်း ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်ပျက်သေဆုံးကွယ်လွန်နေကြသည် မဟုတ်။ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးတို့ သာ ဖြစ်ပျက်နေသည်ဟုဆိုလိုခြင်း ဖြစ် သည်။

- ကမ္မဿ ကာရကော နတ္ထိ
  ဝိပါကဿစ ဝေဒကော။
  သုဒ္ဓဓမ္မာ ပဝတ္တန္တိ
  ဧဝေတံ သမ္မဒဿနံ။ ။

ဟူ၍လာရှိပါသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အလိုအား ဖြင့် ကံ (အကြောင်းတရား)ကိုပြုလုပ်သူ လည်းမရှိ။ ထိုကံကြောင့် ဖြစ်ပေါ်လာ သည့် အကျိုးတရားကို ခံစားသည့်သူ လည်းမရှိ။ ပုဂ္ဂိုလ်သတ္တဝါမဖက်၊ ကံနှင့် ကံ၏အကျိုးသက်သက် (ကမ္မ၊ ဝိပါက) တို့သာလျှင်ဖြစ်နေကြ၏။ ထိုသို့ယူမှသာ လျှင် မှန်ကန်သည့် သမ္မာဒဿန အမြင် ဖြစ်သည်ဟု ဆိုမိန့်ပါသည်။ ဤအဆို ကိုရည်၍ -

- ဘယ်ကအတ္တ၊ ဘယ်ကသတ္တဝါ
  ဘယ်မှာဘယ်သူ၊ ခံစံသူလည်း
  ဘယ်သူဘယ်ဝါမရှိပါတည့်

ဟုဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှမရှိကြသည် (ဓမ္မသက်သက် သာတကား) ဟု ရေးသားခဲ့၏။ အနတ္တ လက္ခဏသုတ်၌ မြတ်စွာဘုရားက ခန္ဓာ (၅) ပါး ရုပ်နာမ် (၂) ပါးတို့သည် မမြဲ၊ ဆင်းရဲ၊ အစိုးမရသဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာဖြစ်ကြောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သည့် ခန္ဓာကို ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟုယူမှတ်၍မရသဖြင့် နေတံ မမ နေသောဟမသ္မိ နမေသောအတ္တာ ဟုံ ဟောကြားတော်မူခဲ့သည်။

ယင်းကဲ့သို့ မိမိတို့ရရှိထားသည့် ခန္ဓာရုပ်နာမ်အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ အမှန်အတိုင်း ထင်မြင်ယူဆလျက် တကယ့်ကို အနတ္တဉာဏ်အမြင်ကို မိမိ ရရ ထင်လျှင် နိဗ္ဗာန်ကို မြင်သည်ဖြစ်၍ ပဉ္စဝဂ္ဂီ(၅)ပါးတို့ နိဗ္ဗာန်ကို မျက်မှောက် ပြုကာ ကျွတ်တမ်းဝင်သွားကြပါသည်။ ဤအကြောင်း နဝက်ဂုတ္တရဋီကာတွင် အနတ္တလက္ခဏေဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌနာမ ဟောတိဟု ဖွင့်ပြထားသည်နှင့်အညီပင် ဖြစ်ပါသည်။

သို့ကြောင့် ခန္ဓာ (၅) ပါး၊ ရုပ်နာမ် (၂) ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်မြင် လာအောင် ဒွါရအာရုံတိုက်ဆုံတိုင်း ဖြစ် ပေါ်လာသည့် ဥပါဒါနက္ခန္ဓာ (၅) ပါးကို ဖြစ်ပျက်ရှုမှတ်ပွားများရပါသည်။

ဤနေရာ၌ မဟာစည်ဆရာတော် ဘုရားကြီး၏နည်းအတိုင်း ကျွန်တော် ရှုမှတ်ပွားများပါသည်။

- *မြင်လျှင်မြင်ချင်း၊ လက်ငင်းမှတ်လျှင်*
  *မြင်ရုံတွင်ပဲ၊ ပြတ်စဲစိတ်အစဉ်၊*
  *ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်*
  *အနိစ္စဒုက္ခသဘောထင်။*

ဤကား စက္ခုဒွါရနှင့် ရူပါရုံတို့ တိုက်ဆုံသည့်အခါ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏ် (မြင်စိတ်၊ မြင်ခန္ဓာ) ကို ရှုမှတ်ခြင်း ဖြစ်ပါသည်။ အလားတူပင် သောတဒွါရနှင့် သဒ္ဒါရုံ၊ ဃာနဒွါရနှင့် ဂန္ဓာရုံ၊ ဇိဝှာဒွါရနှင့် ရသာရုံစသည်အား ဖြင့် ဥပါဒါနက္ခန္ဓာ (၅) ပါးကို ရှုမှတ်ရန် ဖြစ်ပါသည်။

ဤတွင် ဤသို့ မြင်လျှင်မြင်ချင်း လက်ငင်းရှုခြင်းနှင့်ပတ်သက်၍ မြင်လျှင် မြင်တယ်ဟု ရှုမှတ်လိုက်ရန် ဖြစ်သည်။ ဤသို့ရှုမှတ်လျှင် မြင်ရုံတွင်ပင် စိတ် အစဉ်များပြတ်စဲသွားမည် ဖြစ်သည်။ မြင်မှုကိုပြန်၍စဉ်းစားလျက် ပညတ်အာရုံ ကိုယူသည့်ကြံသိစိတ်အစဉ်မဖြစ်တော့ ပေ။ မျက်စိနှင့် အဆင်း (စက္ခုပသာဒနှင့် ရူပါရုံ) နှင့် တစ်ကိုယ်လုံးက အာရုံကို မသိတတ်သည့် ရုပ်တရား။ မြင်သိနေ သည် မှတ်သိနေသည်က အာရုံကိုသိ နေသည့်နာမ်တရားဟု ဤသို့ရုပ်နှင့်နာမ် ကို ကွဲပြားစွာသိနေသည်။ မြင်တာရော သိတာရော အသစ်ဖြစ်ပေါ်ပြီး ပျောက် ကွယ် ပျက်စီးသည်ကိုရောသိနေသည်။ ဤသို့သိနေသည်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မမြဲဘူး။ ဆင်းရဲပဲ။ အတ္တကောင်မဟုတ်။ သဘောတရားသက်သက်မျှပဲဟု ကိုယ့် ပိုင်ဘာဝနာဉာဏ်ဖြင့် သိမြင်နေပါသည်။ သို့ကြောင့် 'နာမ်ရုပ်ကွဲလျက် ဖြစ်ပျက်သိ မြင်၊ အနိစ္စ၊ ဒုက္ခသဘောထင်' ဟုဖော်ပြ ထားခြင်း ဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း မသေမီ ကျန်ရှိနေသည့် မဖြစ်စလောက် အချိန်ကလေး၌ ဤစာရေးသူသည် အိုနာသေခရီးကိုလျှောက်လှမ်းနေသည်။ ဤသို့လျှောက်လှမ်းရသည်ကား လက်ရှိ ခန္ဓာရထားသူတိုင်း လျှောက်လှမ်းနေကြ ရပါသည်။

မန်လည်ဆရာတော်ကြီးက -

- မူလနှစ်ဖြာ၊ အဝိဇ္ဇာနှင့်၊ တဏှာ မြစ်ငုပ်၊ ရင်းမပြုတ်၍ မြတ်ယုတ် ဘဝ၊ ဇာတိရက၊ အိုကြသေကြ၊ မနေရနှင့် ဒုက္ခမြစ္စာ၊ ဓမ္မတာဖြင့်၊ ဇရာမရဏ၊ ဆုံးဌာနဟု၊ ဘဝစက်ပိုင်း၊ ဤဆစ်ပိုင်းကား၊ ဖြစ်တိုင်းရောက် နေခရီးတည်း. . .

ဟု မဃဒေဝလင်္ကာသစ် (၁၄၂) ၌ စပ်ဆိုတော်မူ၏။

အိုနာသေခရီးကို ဇာတိရလာသူ တိုင်း ဤသို့လျှောက်လှမ်းနေကြရသည် ဟုဆိုလိုခြင်း ဖြစ်ပါသည်။

အယက် (၈၀) ကျော်လာပြီဖြစ် သော ဤစာရေးသူသည် အိုနာသေခရီး ကို အပ္ပမာဒတရားလက်ကိုင်ထားပြီး မရဏဿတိကို အချိန်ရတိုင်း ရှုမှတ် ပွားများနေရ၏။ မသေမီလက်ကျန် အချိန်ကလေးကို တန်ဖိုးရှိစွာအသုံးချပြီး အားကိုးအားထားကိုးကွယ်ရာကို ရှာမှီး ဆည်းပူးနေရပေသည်တကား။

ငါသည် မုချသေရမည်။ အချိန် ပိုင်းသာလိုတော့သည်။

ညွန့်တော်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ဝိပါက် ဟူသောစကားသည် ပါဠိဘာသာဝိပါကမှဆင်းသက်လာခြင်း ဖြစ်၏။ အဓိပ္ပာယ်မှာ **ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားဟု** ဆိုလို၏။ ကုသိုလ်ကံအကျိုးကို ကုသလဝိပါကဟုခေါ်၍ အကုသိုလ်ကံ၏ အကျိုးကို အကုသလဝိပါကဟုခေါ်သည်။ ဝိပါက်တော်(၁၂)ပါးမှာ သုံးလောကထွတ်ထားရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူမမီ ဘဝပေါင်းများစွာထဲမှ နှစ်ဥ်ဘဝများက ပြုလုပ်ခဲ့ဖူးသော အကုသိုလ်ကံ၏ အကျိုးဆက်များ ဖြစ်ပါ၏။

ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်တိုင်တွေ့ထိခဲ့ရသော ဝိပါက်တော် (၁၂) ပါးကို ဟောကြားတော်မူခဲ့ရခြင်းမှာ ဘုရားရှင်ကိုယ်တိုင်သော်မှ ရှောင်လွှဲ၍မရနိုင်သော ကံ၊ ကံ၏ အကျိုးဆက်များကို ပုထုဇဉ်လူသားများအနေဖြင့် ဆိုဖွယ်ရာမရှိသောကြောင့် မကောင်းမှုအကုသိုလ်များကိုရှောင်၍ ကောင်းမှုကုသိုလ်တူသမျှ အလုံးစုံတို့ကိုလုပ်ဆောင်ကြစေလိုသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သတ္တဝါများအားလုံးအပေါ်၌ထားရှိတော်မူခဲ့သည့် မဟာကရုဏာတော်ကြောင့်ပင် ဖြစ်ပေသည်။

(ဆိုက်ဇေဝတ်)

# ဆရာဦးစိန်လှိုင်
# မြတ်ဗုဒ္ဓ၏ ဝိပါက်တော်ဆယ့်နှစ်ပါး



**□ ပထမဝိပါက်တော်**

မြတ်စွာဘုရားသခင်သည် ဘုရားမဖြစ်မီ အလွန်ပင်ပန်းဆင်းရဲစွာဖြင့် ဒုက္ကရစရိယာအကျင့်ကို (၆) နှစ်ကြာသည့်တိုင်အောင် ကျင့်တော်မူခဲ့ရသည်။ ထိုကဲ့သို့ ခက်ခက်ခဲခဲကျင့်ခဲ့ရသည့်အကြောင်းရင်းမှာ ကဿပဘုရားရှင်သည် ဒုက္ကရစရိယာကို (၆)ရက်မျှသာကျင့်ရုံနှင့်ပင် ဘုရားဖြစ်တော်မူကြောင်းကို ကြားသိထားရသော ဂေါတမဘုရားအလောင်းတော်သည် ဇောတိပါလပုဏ္ဏားက (၆) ရက်မျှသာကျင့်ရုံနှင့်ပင် ဘုရားဖြစ်သွားသလား၊ ဒီလိုလွယ်လွယ်ကလေးနှင့် ဘုရားဖြစ်နိုင်တယ်ဆိုလျှင်ဖြင့် ငါ့အဖို့ (၆) နှစ်အထိကျင့်နိုင်ပါတယ်ဟု ဘုရားရှင်ကဿပ၏ဂုဏ် သေးသိမ်အောင်ပြောဆိုပြစ်မှားမိခဲ့သည့် ဝစီကံအကုသိုလ်အပြစ်ကြောင့် အလောင်းတော် ဂေါတမသည် ဘုရားမဖြစ်မီ ဒုက္ကရစရိယအကျင့်ကို (၆) နှစ်တိုင်အောင် အလွန် ပင်ပန်းဆင်းရဲစွာ ကျင့်ကြံတော်မူခဲ့ရ၏။

**□ ဒုတိယဝိပါက်တော်**

ဘုရားရှင်သည် စိဉ္စမာနမိန်းမယုတ်၏ စွပ်စွဲပြောဆိုမှုကို ပရိသတ်လူပုံအလယ်တွင် တရားခံအဖြစ် စွပ်စွဲခံရခြင်းကို တွေ့ကြုံခဲ့ရသည်။ အကြောင်းမှာ ဘုရားရှင်သည် ဘုရားမဖြစ်မီ နှစဉ်ဘဝက ဗာရာဏသီပြည်တွင် ဆင်းရဲသားအရက်သမားတဝဥ်၌ တစ်နေ့သောအခါ ဆွမ်းခံရပ်နေသော ရဟန္တာမြတ်တစ်ပါးအား အရက်မူးပြီး အမျိုးမျိုးကဲ့ရဲ့စွပ်စွဲဆဲရေးတိုင်းထွာခဲ့သောကြောင့်ဖြစ်သည်။ ဤသို့ ရဟန္တာမြတ်ကြီးအား ပြစ်မှားမိခဲ့သော အကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် သေလွန်ပြီး ငရဲသို့ကျရောက်ခဲ့ရ၏။ ငရဲမှလွတ်သော် လူဘဝ၊ နတ်ဘဝ အမျိုးမျိုးတွင် သူတစ်ပါးတို့၏ဆဲရေးမှုများကို အကြိမ်ကြိမ်အခါခါခံခဲ့ရ၏။

**□ တတိယဝိပါက်တော်**

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူစဉ် ရှင်တော်မြတ်၏ ဘုန်းတော်တန်ခိုးတော်ကြောင့် လာဘ်လာဘမရကြကုန်သည့် တတ္ထိဆရာကြီးတို့၏တပည့်မ သုန္ဒရီမိန်းမယုတ်သည် သူမ ဆရာကြီးတို့၏ စေခိုင်းမှုကြောင့် ဘုရားရှင်သည် သူမ၏လင်ပါဟုစွပ်စွဲပြောဆို၍ မကောင်းသတင်းလွှင့်ခြင်းကို ခံတော်မူခဲ့ရ၏။ ဘုရားအလောင်းတော် နှစဉ်အခါကာလက အရက်သမားဖြစ်ခဲ့ဖူး၏။ အမည်မှာ မုနာဠိဖြစ်သည်။ တစ်နေ့တွင် ဆွမ်းခံကြွလာသော သုရဘိပစ္စေကဗုဒ္ဓါတစ်ပါးအား မိန်းမများနှင့်ပျော်ပါးလေ့ရှိသူ အလ္လဇီဒုဿီလရဟန်းမျိုးကို မပေးမလှူမကမ်းကြနှင့်ဟု ကဲ့ရဲ့နှုတ်ချပြောဆိုခဲ့ဖူးသည်။ ထိုအကုသိုလ်ကံကြောင့် အလောင်းတော်သည် အဝီစိငရဲသို့ကျရောက်ခဲ့ရပြီး ငရဲမှလွတ်ပြီးနောက်တွင်လည်း လူ၊ နတ်ဘဝအမျိုးမျိုးတို့၌ သူတစ်ပါးတို့၏မတရားစွပ်စွဲကဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှုတ်ချခြင်းကိုခံတော်မူရ၏။ ဘုရားဖြစ်တော်မူသည့်အခါ၌ပင် သုန္ဒရီမိန်းမယုတ်၏ မတရားစွပ်စွဲမှုကိုခံသော်မူခဲ့ရ၏။

**▫ စတုတ္ထဝိပါက်တော်**

ဇေတဝန်ကျောင်းတော်ကြီးတွင် မြတ်စွာဘုရားသခင် သီတင်းသုံး တရားဟောနေစဉ် တတ္ထိတို့သည် သူတို့၏ တပည့်မသုန္ဒရီကိုသတ်၍ ကျောင်းတော်အနီး ပန်းစွန့်ပုံတွင် ပစ်ထားကြသည်။ သုန္ဒရီ၏အလောင်းကို တွေ့သည့်အခါ ဘုရားရှင်နှင့် တပည့်ရဟန်းတော်များ သတ်တာဖြစ်ရမည်ဟု ကောသလမင်းကြီးထံ တိတ္ထိများက စွပ်စွဲစကားပြောကြားကြပြန်သည်။ ရှေးအခါက ဘဝတစ်ခုတွင် ဘုရားရှင်သည် ဈာန်မရသောရသေ့တစ်ပါးဖြစ်ခဲ့ဖူးသည်။ သူ့အနားမှာနေသော ရသေ့တစ်ပါးမှာ ကောင်းကင်၌ ဈာန်ကြွလာစဉ် ဈာန်မရသော ဘုရားလောင်းရသေ့က မနာလိုဖြစ်ကာ ဣဿာမစ္ဆရိယအဘိဇ္ဈာတရားဆိုးများပွားများကာ ဒီရသေ့အကြောင်းသိသည်။ အကျင့်ယုတ်သူဖြစ်၍ သူ့ကိုကိုးကွယ်လို့ အကျိုးမရှိဟုကဲ့ရဲ့ရှုတ်ချခဲ့ဖူးသောဝိပါက်ကြောင့် ဖြစ်၏။

**▫ ပဉ္စမဝိပါက်တော်**

မြတ်စွာဘုရားသခင်သည် ဂိဇ္ဈကုဋ်တောင်ခြေရင်းတွင် စင်္ကြံကြွတော်မူခိုက် ရှင်ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်၍ထုချလိုက်ရာ ဘုရားရှင်၏ခြေမတော်ကို ကျောက်လွှာထိမှန်ခဲ့ပေသည်။

ဂေါတမဘုရားအလောင်းတော် နုစဉ်အခါက သူဌေးသားတစ်ဦးဖြစ်ခဲ့ဖူးရာ မိဘနှစ်ပါးဆုံး၍ ညီငယ်ကို အမွေမပေးလိုသောကြောင့် ညီငယ်ဖြစ်သူကို ဥပါယ်တံမျဉ်ဖြင့် အယုံသွင်းပြီး တောထဲသို့ခေါ်သွားလျက် ကျောက်တုံးဖြင့် ထုသတ်ခဲ့ဖူးသည့်အကုသိုလ်ကံကြောင့် အလောင်းတော်သည် ငရဲကျကာ ငရဲမှတစ်ဖန် ဘဝများစွာ သူတစ်ပါး၏ သတ်ဖြတ်ခြင်းကိုခံရရှာ၏။

ယခုဘုရားဖြစ်တော်မူသည့်တိုင် အောင်ပင် ဝိပါက်တော်ခံရရှာသည်။

**▫ ဆဋ္ဌမဝိပါက်တော်**

ရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်၍ထုချလိုက်သည်တွင် ဘုရားရှင်၏ခြေမတော်ကို ကျောက်လွှာထိ၍ သွေးစိမ်းတည်ခဲ့ရာ မခံနိုင်အောင်ပင် နာကျင်ကိုက်ခဲခဲ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်းနုစဉ်ဘဝက မထင်ရှားသော ကလေးငယ်တစ်ဦးဖြစ်စဉ် ဆွမ်းခံကြွလာသည့် ပစ္စေကဗုဒ္ဓါတစ်ပါးကို ခဲဖြင့်ပစ်ပေါက်လိုက်ရာ ရှင်ပစ္စေကဗုဒ္ဓါ၏ခြေမတော်ကို ထိမှန်ပြီး သွေးစိမ်းတည်ကာ သွေးထွက်သံယိုဖြစ်ခဲ့ဖူးသည့် အကုသိုလ်ကံကြောင့် ဖြစ်၏။

**▫ သတ္တမဝိပါက်တော်**

မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်၏ နာဠာဂီရိဆင်ဆိုးကြီးဖြင့် တိုက်ခိုက်ခြင်းကိုခံတော်မူခဲ့ရသည်မှာ အလောင်းတော်နုစဉ်အခါက ဆင်ထိန်းတစ်ဦးဘဝမှာ ရှင်ပစ္စေကဗုဒ္ဓတစ်ပါးကို လမ်းမဖယ်ပေးဘဲ မိမိစီးလာသောဆင်ဖြင့်တိုက်ခဲ့ဖူးသောအကုသိုလ်ကံကြောင့် ဖြစ်၏။

**▫ အဋ္ဌမဝိပါက်တော်**

ရှင်ဒေဝဒတ်၏ လုပ်ကြံမှုကြောင့် မြတ်စွာဘုရားသခင်သည် ခြေမတော်၌ သွေးစိမ်းတည်တော်မူကာ သွေးပုပ်ပြည်ပုပ်များကြောင့် နာကျင်ကိုက်ခဲတော်မူစဉ် သမားတော်ကြီး ဇီဝက၏ဓားဖြင့် ခွဲစိတ်ကုသပေးမှုကိုခံတော်မူခဲ့ရသည်မှာ ဘုရားအလောင်း နုစဉ်အခါကာလက သေသောက်ကြူးသောမင်းတစ်ပါးအဖြစ်အရက်များ အလွန်အကျွံ မူးယစ်ပြီး နန်းတော်တွင်ရှိသော အပြစ်မဲ့သူတစ်ဦးကို ကိုယ်တိုင်ဓားဆွဲ၍သတ်ခဲ့ဖူးခြင်းကြောင့် ဖြစ်ပေသည်။

**▫ နဝမဝိပါက်တော်**

မြတ်စွာဘုရားရှင်သည် တစ်ခါတစ်ရံ ခေါင်းတော်ကိုက်ခဲခြင်း၊ ဝေဒနာတော်ကိုခံရရှာသည်မှာ ဘုရားအလောင်းတော် နုစဉ်အခါက တံငါမျိုး၌ဖြစ်တော်မူစဉ် မိဘဆွေမျိုးများက ငါးများထုသတ်နေသည်ကို မြင်တွေ့သည့်အခါတွင် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ဖူးသော အကုသိုလ်ကံအဟုန်ကြောင့် သေလွန်သော် ငရဲကျပြီး ငရဲမှလွတ်သော်လည်း ဘဝပေါင်းများစွာ ခေါင်းထုခံရ၍ အသတ်ခံရရှာ၏။

**ဒသမဝိပါက်တော်**

ဘုရားရှင်သည် နောက်ပါရဟန်း ငါးရာနှင့်အတူ ဝေရဥ္စာပြည်အနီးမှာ ဝါဆိုတော်မူစဉ် တစ်ဝါတွင်းလုံး မုယောဆွမ်းကြမ်းများ-(မြင်းစာ) များကိုသာ ဘုဉ်းပေးတော်မူရရှာသောအကြောင်းရင်းမှာ နုစဉ်အခါဘဝက မထင်ရှားသော အမျိုးသားတစ်ဦးဖြစ်စဉ် ရဟန်းများဆွမ်းစားနေကြသည်ကိုမြင်လျှင်ပင် အဆင်မပြေ အချိုးမကျတဲ့ အချောင်သမားကတုံးတွေဟာ သလေးဆွမ်းလိုကောင်းမွန်နူးညံ့တဲ့ဆွမ်းများနှင့် မတော်ပါဘူး။ မုယောဆွမ်းကြမ်းကြမ်းနဲ့ပဲထိုက်တန်ပါတယ်ဟု စွပ်စွဲရှုတ်ချခဲ့ဖူးသော အကုသိုလ်အဟုန်ကြောင့် ဖြစ်ပေသည်။

**▫ ကောဒသမဝိပါက်တော်**

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ရံဖန်ရံခါ ခါးတော်ကိုက်ခဲတော်မူ၍ ဝေဒနာကိုခံစားတော်မူရရှာ၏။ သို့ဖြစ်ရခြင်းသည် အလောင်းတော်နုစဉ်ကာလ လက်ဝှေ့ကျော်တစ်ဦးဖြစ်ကာ စိန်ခေါ်သူပြိုင်ဘက်လက်ဝှေ့သမားတို့ကို အမြတမ်းလိုလို ခါးရိုးကျိုးအောင်ထိုးသတ်အနိုင်ယူခဲ့သောကြောင့် ဖြစ်ပေသည်။

**ဒွါဒသမဝိပါက်တော်**

ဆဒ္ဒန်ဆင်ဆယ်စီးအားကိုဆောင်နိုင်သော ရှင်တော်မြတ်ဘုရားသည် မလ္လာမင်းတို့၏သရက်ဥယျာဉ်တော်တွင်း၌ ဝမ်းတော်လားကာ ပရိနိဗ္ဗာန်စံတော်မူခဲ့ရသည်။ ဤသို့ဖြစ်တော်မူရခြင်းမှာ ဘုရားအလောင်းတော် နုစဉ်ဘဝအခါမှာ ကျွမ်းကျင်သော ဆေးသမားတစ်ဦးဖြစ်ခဲ့၏။သူဌေးသားတစ်ဦး၏ဝမ်းရောဂါပျောက်အောင် ကုသပေး၏။ သူဌေးသားက ဆေးဖိုးမပေးချင်၍ ရောဂါမပျောက်ကင်းကြောင်း လိမ်ညာပြော၏။ ဘုရားလောင်း ဆေးဆရာသည် သူဌေးသား လိမ်ညာမှန်းသိပြီး အလွန်ပြင်းထန်လှသောဝမ်းလျှောဆေးကိုပေးလိုက်ရာ သူဌေးသားသည် ထိုဆေးကိုစား၍ ဝမ်းလျှောကာသေဆုံးသွားသည်။

ထိုသို့ အကုသိုလ်ကံကြောင့် ဘုရားရှင် ဝမ်းတော်လားသည့်အခါ ဆန္ဒန်ဆင်ဆယ်စီးအားကိုဆောင်သော ကိုယ်တော်သည်ပင် အားအင်ပြတ်ကာ မချိမဆံ့ခံရရှာ၏။ ဆရာဇီဝကသည် ဘုရားရှင်အား အကောင်းဆုံး၊ အထက်မြက်ဆုံးဆေးများကို ကပ်သောအခါ ဘုရားရှင်က ဇီဝက၊ သင့်ဆေးတွေကို မကပ်ပါနဲ့တော့။ သောက်ပေမယ့်လည်း အကျိုးမထူးနိုင်ပါဘူး။ ငါဘုရား ရှေးဝိပါက်ကြုံလာပြီ။ ဆေးမကပ်နှင့်တော့ဟု မိန့်တော်မူပြီး ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ဆရာဦးစိန်လှိုင်(ကျိုက်ဓမတ်)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအဆင်းရှိသောကျိုးနားသဖြင့်တည်ထားသည့်

# ရွှေကျိုးမြင်မြတ်စွာဘုရား

ခင်မောင်အေး(မန္တလေး)

ရှင်အရဟံမထေရ်မြတ်၏ကျေးဇူးတော်ကြောင့် အရမဒ္ဒနပုဂံပြည်တွင် ဗုဒ္ဓဘာသာသာသနာသည် နိုင်ငံအနှံ့သင်းပျံ့လျှက်ရှိနေပြီ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ မွေတေးသည်လည်း ဝေစည်နေပြီလည်း ဖြစ်ပါသည်။ သာသနာတော်နှစ် ၁၆၅၀ ကျော် ခရစ်နှစ် ၅၀၀ ကျော်အချိန်အခါသို့ရောက်ရှိသည့်အခါ ပုဂံပြည့်ရှင်ဘုရင်မင်းမြတ် အနော်ရထာ၏ မြေးတော် အလောင်းစည်သူမင်းကြီး၏သားတော်ကြီး မင်းရှင်စောသည် တိုင်းနိုင်ငံအတွင်း လှည့်လည်တော်မူလေသည်။ ထိုသို့ လှည့်လည်ရာတွင် ရတနာပုံနေပြည်တော်သို့ဆိုက်ရောက်သောအခါတွင် အလွန်တရာမှ ထူးဆန်းလှသည့်ရွှေအဆင်းရှိသည့်ကျိုးတစ်ကောင်နားနေသည်ကို တွေ့မြင်ရသည်။

မင်းရှင်စောက -

"မည်သို့သော အကြောင်းရှိသနည်း"

ဟု အပါးတွင်ရှိသည့် ပညာရှိအမတ်ကဝိတို့အား အမေးတော်ရှိရာ -

"အရှင်ဘုရား၏ဘုန်းကံပါရမီတော်ကြောင့် ရွှေကျိုးနားသောဌာနတွင် စေတီတော်တည်ထားကိုးကွယ်တော်မူရန် သာသနာကို စောင့်ရှောက်ကြသည့်နတ်မင်းများက နှိုးဆော်သတိပေးခြင်းဖြစ်ပါကြောင်း"

ဖြေကြားလျှောက်ထားကြ၏။

ထို့ကြောင့် မင်းရှင်စောသည် ထိုအရပ်တွင်ပင် ဓာတ်တော်မွေတော်များကိုဌာပနာကာ စေတီတော်တစ်ဆူတည်ထား ကိုးကွယ်တော်မူလေသည်။ ရွှေကျိုးနားသောဌာနတွင် စေတီတော်တည်ထားသည့်အတွက် 'ရွှေကျိုးမြင်ဘုရား' ဟု ဘွဲ့တော်သမုတ်ခဲ့လေသည်။ ရွှေကျိုးမြင်ဘုရား လိုဏ်ဂူတော်အတွင်း



ရွှေကျိုးမြင်ရုပ်ပွားတော်




လက်ဝဲရံရွှေကျိုးမြင်ရုပ်ပွားတော်




လက်ယာရံရွှေကျိုးမြင်ရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးမြင်ဘုရားပရဝဏ်အတွင်းမှ မင်္ဂလာခေါင်းလောင်း



ရွှေကျီးမြင်ဘုရားတန်ဆောင်းအတွင်းမှနဂါးရုံ



လျောင်းတော်မူဆင်းတုတော်

တွင်လည်း ဓာတ်တော်မွေတော်များကို ဌာပနာကာ ဆုတောင်းပြည့်ဘုရားတစ်ဆူ တည်ထားတော်မူလေသည်။ နောက်ထပ်တစ်ဖန် ထပ်မံလျက် ရွှေကျီးမြင်ဘုရားအတွင်း မင်းရှင်စော၏ ဖခမည်းတော် အလောင်းစည်သူမင်းကြီးအား တာဝတိံသာနတ်တို့ရွာကိုပိုင်စိုးသည့် သိကြားမင်းက ဆက်သသည့် ဆံတော်မြတ်၊ ဓာတ်တော်မွေတော်များကိုဌာပနာထားသည့် ဆုတောင်းပြည့်ဘုရားဆင်းတုတော်များကိန်းဝပ်စံပယ်တော်မူလျက်ရှိပေသည်။


အလောင်းစည်သူမင်းကြီးသည် သာသနာတော် ၅၀၀၀ ကာလပတ်လုံး ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ဘဲ ဝေနေယျသတ္တဝါများ၏အကျိုးငှာ ပူဇော်ကန်တော့ခံနိုင်မည့် ဘုန်းကံပါရမီကြီးမားတော်မူသည့် မင်းတစ်ပါးဖြစ်သည်ကို သိကြားမင်းက သိမြင်တော်မူသည်ဖြစ်သောကြောင့် ဤသို့ဆက်သခဲ့ခြင်းဖြစ်ပေသည်။ ယင်းသို့ သိကြားမင်းကဆက်သရာတွင် ဇမ္ဗူသပြေပင်ရင်းတွင် ဘုရားသန့်စင်တော်မူခဲ့သည့်ကျောက်ဖျာတော်အပိုင်းကို သိကြားမင်းက ဝိသကြုံနတ်သားအား ဘုရားထုလုပ်စေပြီး ဓာတ်တော်မွေတော်များကိုဌာပနာထားသည့် တန်ခိုးကြီး ဆုတောင်းပြည့် ရှင်ဖြူမြတ်စွာဘုရား၊ စတုမဟာရာဇ်နတ်ပြည် မြင်းမိုရ်တောင်ဦးတွင် ပေါက်ရောက်သည့် သင်းကနက်(သက်န်းနက်)သားနှင့်ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များဖြင့်ထုလုပ်သော ဆင်းတုတော်များ ဌာပနာထားသော ဆင်းတုတော်များ စံပယ်တော်မူလျက်ရှိသည်။

ဆုတောင်းပြည့် တန်ခိုးကြီး ရွှေကွန်အုပ်မြတ်စွာဘုရား၊ သရက္ခန်သားလက်လေးသစ်ဖြင့် ထုလုပ်ထားသည့် အညာသီဟတောမြတ်စွာဘုရားသည် တန်ခိုးဂုဏ်တော်ကြီးမားလှသဖြင့် တိုင်းနေပြည်သူ ရှင်လူရဟန်းများက နေ့စဉ်နေ့တိုင်း ရွှေသင်္ကန်းများပူဇော်ကပ်လှူကြသောကြောင့် ယခုအချိန်တွင် မူလဉာဏ်တော်ထက်ကြီးမားလျက် ဉာဏ်တော်တစ်ထောင်ခန့် ရွှေတုံး (ရွှေပေါင်းချောင်ကြီး)ဖြစ်လျက်ရှိနေပြီဖြစ်ပါသည်။ ယင်းအပြင် ရွှေကျီးမြင်ဘုရားအရှေ့အာရုံခံတန်ဆောင်းအတွင်း နတ်ဘီလူးများကဆက်သသော စံကားသားကို ဇမ္ဗူပတိချွတ်တော်မူဟန် ထုလုပ်ထားသော ရွှေလင်းပင်မြတ်စွာဘုရား၊ သထုံပြည့်ရှင် ဘုရင်မနူဟာ ဆက်သသော ရွှေမိုးမောက်မြတ်စွာဘုရား၊ တရုတ်ဘုရင်ဦးတည်ဘွား နှစ်သက်မြတ်နိုးသည့် ရှေးခေတ်အခါကပင် တန်ဖိုးတစ်သိန်းတန်သည့် မြသားကျောက်တုံးကြီးဖြင့်ထုဆစ်ထားပြီးဆက်သသည့် မြသိန်းတန်ဘုရားနှင့် အံတော်တစ်ဆူ၊ ရွှေဘုရား၊မြဘုရား၊ ရွှေစာရံ မုန်တောအရပ်တွင် ရှိသော စောမွန်လှတည်ထားသည့်စေတီတော်မှ ဘုရင်မင်းမြတ်တို့ ပင့်ဆောင်ခဲ့သော ရွှေအံတော်နဂါးရုံဘုရား၊ ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးအား မဟာဗောဓိမမာန္ဒကီဖေဇော်ဂျီဆက်သသည့် ဗောဓိသားများကို မင်းတရားကြီးကိုယ်တော်တိုင် ရွှေဆောက်တော်ကိုကိုင်ကာ ထုဆစ်တော်မူခဲ့သည့် ဒက္ခိဏသာခါမြတ်စွာဘုရားနှင့် ဒက္ခိဏသာခါဆင်းတုတော်များ၊ အလောင်းစည်သူမင်းကြီးအား သိဃ်္ဃိမင်းဆက်သသော အရှင်မဟာကဿဖရုပ်ပွားတော်နှင့်ဘုရင်မင်းများအဆက်ဆက်ကိုးကွယ်တော်မူခဲ့ကြသည့် တန်ခိုးကြီးဆုတောင်းပြည့်




www.burmeseclassic.com


www.burmeseclassic.com




ရွှေကျီးမြင်ဘုရားဂန္ဓကုဋိတိုက်အတွင်းရှိ
ရပ်တော်မူရုပ်ပွားတော်



ရွှေကျီးမြင်ဘုရားဂန္ဓကုဋိတိုက်အတွင်းမှ
ဘူမိဖဿရုပ်ပွားတော်



ရွှေကျီးမြင်ဘုရားမှ
ဘူမိဖဿမုဒြာရုပ်ပွားတော်



ရွှေကျီးမြင်ဘုရားတန်ဆောင်းအတွင်းမှ
ဈာနမုဒြာဆင်းတုတော်




ရွှေကျီးမြင်ဘုရားဂန္ဓကုဋိတိုက်အဝင်မှ
ရွှေပန်းအိုးကြီး



ရွှေကျီးမြင်ဘုရားဂန္ဓကုဋိတိုက်အဝင်မှ
ငွေပန်းအိုးကြီး

ဘုရားများနှင့် မြတ်ဗုဒ္ဓ၏အံတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်ဖြစ်၍ ၁၂၅၁ ခုနှစ်မှစ၍ ယခုထိတိုင်အောင် အများပြည်သူ ပူဇော်ကြည်ညိုလျက်ရှိကြပေသည်။

ရွှေကျီးမြင်မြတ်စွာဘုရား၏မုခ်ဦးသို့ ကျွန်တော်ရောက်ရှိသွားသည့်အချိန်တွင် မုခ်ဦးဝမှ ရွှေကျီးနှစ်ကောင်က ကြိုဆိုနေသည်။ ရွှေကျီးမြင်မြတ်စွာဘုရား ဘွဲ့ပူဇနီယပွဲတော်ကျင်းပဖို့ပြင်ဆင်နေကြ၍ သက်ဆိုင်သူတွေအလုပ်ရှုပ်နေသည်။ ဂန္ဓကုဋိအတွင်းသို့ဝင်လိုက်မိသည်နှင့် အချိန်မဆိုင်းတော့ဘဲ ရုပ်ပွားတော်များရှိရာသို့ သွားရောက် ဦးခိုက်လိုက်၏။ တနည်း ပူဇော်ကန်တော့လိုက်မိသည့် ရုပ်ပွားတော်သည် ရွှေကျီးမြင်ရုပ်ပွား



ဘုရားတန်ဆောင်းအတွင်းမှကြေးဆင်းတုတော်


တော်ပင် ဖြစ်ပါသည်။ ပါရှိလာသော လှူဖွယ်ပစ္စည်းများဖြင့်ပူဇော်သည်။ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်တို့ကို ပူဇော်ဆက်ကပ်လျက် ဘုရားရှင်အား ဝတ်ပြုကြည်ညိုကန်တော့ကာ ငါးပါးသီလ ခံယူသည်။ ဂုဏ်တော်ကိုးပါး (၉) ပတ် အဓိဋ္ဌာန်ထားသည်ဖြစ်၍ ပုတီး (၉) ပတ် စိပ် လှူပူဇော်သည်။ ငြိမ်းအေးသော ပီတိသုခက မိမိ၏နှလုံးအိမ်အထိတိုးဝင်လာသည်ထင်မိပါသည်။


အစဉ်အတိုင်း လက်ယာရံရုပ်ပွားတော်၊ လက်ဝဲရံရုပ်ပွားတော်မြတ်များအား ကြည်ညိုစွာ ပူဇော်ကန်တော့ခဲ့ပြီးနောက် ဝေနေယျတို့အား မေတ္တာပို့ အမျှဝေခဲ့သည်။ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ပူဇော်သည့်အခါ ကြည်ညို





www.burmeseclassic.com


www.burmeseclassic.com



ရွှေကျီးမြင်ဘုရားပရဝုဏ်အတွင်းမှအောင်မြေ


ရွှေကျီးမြင်မြတ်စွာဘုရားမုခ်ဦး


ရွှေကျီးမြင်ဘုရားအတွင်းမှတန်ဆောင်း


ရွှေကျီးမြင်ဘုရားသမိုင်း
ကျောက်စာ


ရွှေကျီးမြင်ဘုရားဂန္ဓကုဋိတိုက်အတွင်းမှ
ရှင်သီဝလိရဟန္တာ


ရွှေကျီးမြင်ဘုရားပရဝုဏ်အတွင်းမှ
ဆဒ္ဒန်လိုဏ်ဂူ

ဖွယ်ရာဆင်းတုတော်များ၊ မင်္ဂလာခေါင်းလောင်းတော်၊ ရွှေကျီးမြင်မြတ်စွာဘုရားသမိုင်းကျောက်စာ၊ ရွှေပန်းအိုး၊ ငွေပန်းအိုးကြီးများ၊ ရဟန္တာများခြံရံထားသောလျောင်းတော်မူဆင်းတုတော်၊ ဘုရားတန်ဆောင်းအတွင်း မြတ်ဘုရားအားအာရုံပြုလျက် တရားထိုင်နေသည့်ယောဂီ စသည်ဖြင့် ဘုရားရှင်၏ မေတ္တာတော်ခံယူနေကြသော ပရိသတ်များပရိဝုဏ်အတွင်း ပြည့်ညပ်နေသည်။ သို့တစေ အသံတစ်သံမျှမကြားရပေ။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ မြတ်ဘုရား၏အသရေတော်သည် ဝင်းဝင်းတောက်လျက်ရှိသည့် ရွှေသင်္ကန်းများ၏ အရည်အရောင်ဖြင့် တင့်တယ်သပ္ပာယ်ကျက်သရေဖြင့် ပြည့်ဝနေလေသည်။

ဘုရားကြီး၏အောင်မြေတွင် မြေကိုနင်းလျက် အောင်ပါစေကြောင်းအောင်စေကြောင်းဖြင့် ဆုမွန်တောင်းလျက် ဆက်လက် လျှောက်လှမ်းသွားသည့်အခါ နဂါးမင်းက မိမိအခွေဖြင့် ပလ္လင်အသွင်ဖန်ဆင်းပြီး ဘုရားရှင်အားပူဇော်ကန်တော့သည့်ရုပ်တုတော်၊ ရှင်သီဝလိရဟန္တာ၊ ဆဒ္ဒန်လိုဏ်ဂူ၊ ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဘူမိဖဿဗုဒ္ဓရုပ်ပွားတော်စသည်တို့အား ဖူးမြော်ရ၏။ မုခ်ဦးသို့သွားပြီးဝင်လာရာလမ်းမှ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ ဆည်းဆာ၏ရောင်စဉ်တန်းများက လိမ္မော်ရောင်အသွေးဖြင့် အရပ်လေးမျက်နှာမှ ပြေးလွှားဆော့ကစားနေသည်။

မုခ်ဝမှနေပြီး အငှားမော်တော်ယာဉ်ငှားလျက် ပြန်လည်ရောက်ရှိလာမည့်ဇနီးသည်ကို လှမ်းမျှော်ကြည့်နေလိုက်သည်။ အမျိုးသမီးက မန္တလေးမြို့စိန့်ဂျိုးဇက်(ဖ်)ကွန်ဗင့်နှင့် အထက (၈) ကျောင်းသူကျောင်းသားများ၏(၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ တက်ရောက်ရန်လာခဲ့ခြင်း ဖြစ်ပါသည်။ သူမ၏အာစရိယပူဇော်ပွဲတက်ရောက်သည့်ခရီးစဉ်ကပင် ကျွန်တော့်အား ရွှေမန္တလေးသို့ရောက်ရှိလာစေခြင်းအကျိုးဖြစ်ပေါ်လာစေပါသည်။ မကြာမီ သူမက အငှားယာဉ်တစ်စီးဖြင့် ရွှေကျီးမြင်မြတ်စွာဘုရားမုခ်ဦးရှေ့သို့ ရောက်လာလေသည်။ မော်တော်ယာဉ်ပေါ်တက်ရောက်၍ တည်းခိုခန်းသို့ပြန်လာခဲ့ကြ၏။ အမှောင်ရိပ်များမသန်းမီ တည်းခိုခန်းသို့အရောက်ပြန်ဖို့လိုသည်။ ရွှေမန္တလေးနှင့်နှစ်ပေါင်းများစွာကွဲကွာခဲ့ပြီဖြစ်သဖြင့် မိမိတို့တည်းခိုခန်းသို့ပင် မနည်းပြန်နိုင်စေဖို့ အငှားယာဉ်မောင်းအား လမ်းညွှန်ရပေလိမ့်ဦးမည်။ လမ်းတစ်လျှောက် မိမိဖူးမြော်ခဲ့ရသည့် ရွှေကျီးမြင်မြတ်စွာဘုရားအား ကြည်ညိုရှိသေစွာ ပြန်လည်မြင်ယောင်ကာ မြတ်ဘုရား၏ ဂုဏ်တော်မြတ်များကို ပြန်လည်ပွားများရင်း နှလုံးသားကို သန့်စင်လာမိလေသည်။

အဟောသုခံ ချမ်းသာလှပါစွ။ တန်ခိုးတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တတို့ဖြင့် ပြည့်စုံတော်မူသည့် သုံးလူ့ထွတ်ထား မြတ်စွာဘုရား။

ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး -

ရွှေကျီးမြင်မြတ်စွာဘုရားသမိုင်းကျောက်စာ

ကိုယ်တိုင်ရောက်ရှိလေ့လာတွေ့ရှိချက်

www.burmeseclassic.com

www.burmeseclassic.com

မောင်လင်းခိုင်

# ရန်ကုန်မြို့လယ်မှ ဆူးလေစေတီ ကပ်ကျော်စေတီတော်ကြီး


ရန်ကုန်မြို့သို့ရောက်လျှင် မြို့တွင်းကိုဖြတ်ကျော်ပါက မလွဲမသွေ တွေ့မြင်ဖူးမြော်ရမည်မှာ ဆူးလေစေတီတော်မြတ်ကြီးပင် ဖြစ်ပေသည်။ ပရိသတ်အပေါင်းတို့သည် ဆူးလေစေတီတော်မြတ်အား အသွားအပြန်ဖြတ်ကျော်သွားနေကြလေရာ လက်ဝဲမှလည်းကောင်း၊ လက်ယာမှလည်းကောင်း နေ့စဉ်နှင့်အမျှ ဖြတ်ကျော်၍ သွားနေကြလေသည်။ ဘုရားပေါ်သို့ တက်ရောက်ဖူးမြော်သူနည်းလှသည်။ မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် နိစ္စဓူဝ စေတီတော်ကြီးအား ဖြတ်ကျော်ကာသွားနေကြသည်။ စေတီတော်ကြီးကို ငဲ့စောင်း၍သာကြည့်ကြကာ စိတ်ထဲမှသာ ဖူးမြော်ကြပြီး သို့ရာခရီးသို့သွားကြလေသည်။

သို့သော် ဖူးသူမရှိဘူးလားဟုမေးလျှင် ဘုရားပေါ်သို့တက်ရောက်ဖူးမြော်ကြည့်ပါက ဘုရားဖူးသူများနှင့် ပြည့်နှက်နေကြသည်ကို တွေ့ရပေမည်။ အပြင်မှ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့်ပြေးလွှားနေကြရသူများကမူ ဘုရားပေါ်သို့ တက်ရောက်ဖူးမြော်နိုင်ကြခြင်းမရှိကြဘဲ ဖြတ်သွားရင်းသာလျှင် 'ရှိခိုးပါ၏ဘုရား၊ ကန်တော့ပါ၏ဘုရား' ဟု ဆိုနိုင်ကြလေသည်။ သို့ကြောင့်ပင်လျှင် ဆူးလေစေတီတော်မြတ်ကြီးအား 'ကပ်ကျော်စေတီ' ဟု ခေါ်ကြလေတော့သည်။

ဆူးလေစေတီတော်မြတ်ကြီးသည် ကပ်ကျော်စေတီလည်း ဖြစ်နိုင်ပါသည်။ ဘုရားအဆူဆူတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓာတ်များကိုယ်စား တည်ထားကိုးကွယ်ကြသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကဲ့သို့ပင် ဓာတ်တော်တန်ခိုးတော်များဖြင့် ပြည့်စုံပါသဖြင့် ကပ်ကြီးသုံးပါးကိုကျော်နင်းနိုင်ပါသည်။ ဘုရားရှင်ဟောကြားတော်မူသည့်နှုတ်ကပါဌ်တော်များ၊ တရားတော်များကို ယုံကြည်လေးမြတ်စွာ လက်ခံကျင့်သုံးပါက ဒိဋ္ဌဓမ္မအကျိုးပေးကြောင်း ကိုယ်တိုင် ကျင့်ကြံလျှင် သိနိုင်ပါသည်။ ဤကဲ့သို့ တန်ခိုးတော်အနန္တနှင့် ပြည့်စုံသောဗုဒ္ဓ၏ကိုယ်စားတည်ထားကိုးကွယ်သည့် စေတီတော်မြတ်အား မည်သည့်အချိန်ကာလခုနှစ်က မည်သူတည်ခဲ့ပါသနည်းဟု သိလိုပါသည်။



ခရစ်နှစ် ၁၉၁၅ ခု (မြန်မာနှစ် ၁၂၇၇ ခုနှစ်) က တွေ့မြင်ရသော ဆူးလေစေတီပုံတော်



ခရစ်နှစ် ၁၈၇၉ ခု (မြန်မာနှစ် ၁၂၃၁ ခုနှစ်) က တွေ့မြင်ရသော ဆူးလေပုံတော်

ကျွန်တော်သည် ဆူးလေစေတီတော်အပေါ်သို့ တက်ရောက်ဖူးမြော်ပါသော်လည်း စေတီတည်ထားကိုးကွယ်သည့် ခုနှစ်သက္ကရာဇ်ကို မတွေ့မိပါ။ (ကျွန်တော်မျက်စိလျှမ်း၍ မမြင်မတွေ့ရှိရလေသလား၊ တစ်နေရာတစ်နေရာမှာ ရှိကောင်းရှိနေမည်လား မသိပေ။) ကျွန်တော်သည် ဆူးလေစေတီတော်မြတ်ကြီး၏သမိုင်းကို တစ်စွန်းတစ်စသိရှိရန်အဖြင့် သိနိုင်မည့်သူများအား မေးမြန်းကြည့်ရာ ပြောပြနိုင်သူများ မတွေ့ရပါ။

ကျွန်တော်၏စာပေမိတ်ဆွေဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆူးလေစေတီတော်မှုခ်ဦးတန်ဆောင်းကြီးဆို



ဆူးလေစေတီအရှေ့ဘက်မုခ်ဦးတန်ဆောင်း



ဆူးလေစေတီအနောက်ဘက်မုခ်ဦးတန်ဆောင်း

သူငယ်ချင်း တင်ရွှေ (မော်လှိုင်းသာသံတွဲ) ထံတွင် စာအုပ်စွာတော်တော်ရှိသည်။ သူသည် မော်လင်းသာ (သံတွဲ) နာမည်နှင့် စာလည်းရေးသည်။ စာအုပ်များလည်း စုဆောင်းသည်။ သူ့ထံတွင် ဆူးလေစေတီနှင့်ပတ်သက်ဖြီး ရေးထားသည့်စာအုပ်တစ်အုပ်ကို တွေ့ရသည်။ အရှင်တိလောကာဥာဏမဟာထေရ် ပြုစုရေးသားသည့် ဆူးလေစေတီအကြောင်း စာအုပ်တစ်အုပ်တွေ့ရပါသည်။ ပြုစုသူ ဆရာတော်သည် ကျမ်းပေါင်းမြောက်မြားစွာ စာအုပ်ပေါင်းများစွာတို့ကို အသိပညာ၊ အတတ်ပညာရှင်များထံမှ မေးမြန်းတွေ့ရှိ သိရှိချက်တို့ကို နောင်းလူတို့ သိရှိနိုင်ရန် ရေးသားပြုစုထားသည်ကို တွေ့ရပေသည်။ ကျွန်တော်သိချင်သော ဆူးလေစေတီအကြောင်းကို သိရှိရပေတော့သည်။

ဆူးလေစေတီတော်ကို တည်ထားခဲ့သူမှာ သန်လျင်ကျွန်းဘုရင် ဘောဂသေန ဖြစ်လေသည်။ ထိုဘောဂသေနဘုရင်သည် သူ၏လက်စွဲတော် အမတ်ကြီးအသုတ်( မြန်မာလို-မောင်ဆန်)အား တာဝန်လွှဲအပ်လိုက်လေသည်။ ဆူးလေစေတီတော်ဖြစ်ပေါ်လာရခြင်းမှာ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး တတိယသင်္ဂါယနာတင်ကြပြီးနောက် (၉) တိုင်း (၉) ဌာနသို့ သာသနာပြုလွှတ်ခဲ့သည်။ သာသနာပြုပုဂ္ဂိုလ်တို့သည် သီဟိုဠ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ရဟန္တာ(၈)ပါး ကြွရောက်လာကြသည်။ ရဟန္တာများသည် သိင်္ဂုတ္တရကုန်းမြင့်အရှေ့မြောက်ဘက်တွင် ဓာတ်တော်(၁၀)ဆူ၊ ဆံတော်(၆)ဆူတို့ကို ပတ္တမြားကြုတ်တွင်ထည့်ပြီး



ဆူးလေစေတီတောင်ဘက်မုခ်ဦးတန်ဆောင်း

ကြုတ်အထပ်ထပ်ရံလျက် ဌာပနာသွင်းကာ စေတီတည်ကြလေသည်။ ထိုစေတီမှာ ရဟန္တာ(၈)ပါးတို့ကို အစွဲပြု၍ 'ထစ်' ဟု အမည်တွင်လေသည်။ ထိုမှ ကာလကြာသောအခါ ကျိုက်မှာ မွန်လို ဘုရားဖြစ်၍ 'ကျိုက်ထစ်' ဟု ခေါ်ဝေါ်သမုတ်ကြပြန်လေသည်။

ထိုမှတစ်ဆင့် ကာလရွေ့လျောလာသောအခါ ကျိုက်ထစ်မှ ကျိုက္ကဆံ ဖြစ်လာလေသည်။ ရဟန္တာ (၈) ပါးတို့သည် ဒုတိယမြောက်အဖြစ် သိင်္ဂုတ္တရကုန်းတောင်ဘက်တွင် သိမ်တော်ကြီးတစ်ခု တည်ဆောက်ကြပြန်လေသည်။ ထိုသိမ်တော်ကြီးတည်ဆောက်နေဆဲမှာပင် ရဟန္တာတစ်ပါးပျံလွန်တော်မူသွားလေသည်။ ထိုရဟန္တာ၏ အလောင်းတော်အား သိမ်တော်ကြီး၏အောက်မှာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြလေသည်။ သိမ်တော်ကြီးတည်ပြီးနောက် ဆူးလေ



ဆူးလေစေတီမြောက်ဘက်မုခ်ဦးတန်ဆောင်း

စေတီတည်ရန် တာဝန်လွှဲပြန်မလေသည်။ သန်လျင်ကျွန်းဘုရင် ဘောဂသေနမှာ ရဟန္တာတစ်ပါးပျံလွန်တော်မူသွားသဖြင့် ကြေကွဲနေလေရာ စိတ်တော်ပြေပျောက်ရန်အလို့ငှာ လည်းကောင်း၊ ကုသိုလ်တော်များလည်း ပွားများလိုသည်က တစ်ကြောင်းမို့ ဆူးလေစေတီကိုတည်ရန် အသုတ်အမတ်ကြီးကိုပင် တာဝန်လွှဲလိုက်ပြန်လေသည်။ အသုတ်အမတ်ကြီးသည် ရဟန္တာ (၇) ပါးနှင့် တိုင်ပင်ကာ ဆူးလေစေတီတော်ကြီးကိုတည်ကြလေသည်

စေတီမတည်မီ ရှေးဦးစွာ -

၁။ မွဲလမ်းသဘင် ခင်းကျင်းပြသ၍ ပူဇော်ကြသည်။

၂။ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေတံခွန်၊ ငွေတံခွန်တို့ဖြင့်ပူဇော်ကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။

၃။ ရသေ့များ၊ ရဟန္တာများ၊ ပြည်သူပြည်သားတို့ပါ အထူးထူးသော ထီး၊ တံခွန်၊ ကုက္ကား စသည်တို့ဖြင့် ပူဇော်ကြသည်။

၄။ သဒ္ဓါတရား လှုံ့ဆော်နိုးကြားကြသည့်အတိုင်း ကြွေးကြော်သံများဖြင့် ပူဇော်နေသည်။

၅။ လူတွင်မက နတ်များပါ ပူဇော်ကျင်းပကြသည်။

၆။ အုတ်မြစ်ချ ပူဇော်ပွဲသဘင်ကြီး (၇) ရက်မျှ ပူဇော်ကျင်းပကြသည်။

ထို့နောက် မင်္ဂလာ 'ကြိုက်' သော အခါတွင် ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်၊ သံအုတ်တို့ဖြင့် ဦးစွာအုတ်မြစ်ချကြလေသည်။ တင့်တယ်ကြည်နူးဖွယ်ရှိသော ဂန္ဓကုဋိတိုက်တော်နှင့် ဌာပနာတိုက်တော်တို့ကို ပြုလုပ်ကြလေသည်။ ဌာပနာသွင်းကြရာတွင်လည်း အမြင့်မှ ကျောက်ကြုတ်၊ ငွေကြုတ်၊ ရွှေကြုတ်တို့ဖြင့်အဆင့်ဆင့်ရံကာထားသောပတ္တမြားကြုတ်များတွင် ဆံတော်မြတ်နှစ်ဆူ၊ ဓာတ်တော်နှစ်ဆူတို့ကို ထည့်သွင်း ဌာပနာကြလေသည်။ ထို့ပြင် ရဟန္တာ (၈) ပါး ရှိခိုးနေဟန်နှင့် ဘောဂသေနဘုရင်နှင့် မိဖုရားတို့ ပူဇော်နေကြဟန် ထည့်သွင်းဌာပနာကြလေသည်။ သဒ္ဓါတရားအရ လှူဒါန်းကြသော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကိုလည်း ထည့်သွင်းဌာပနာကြလေသည်။ ဌာပနာတိုက်ကို အင်္ဂတေ၊ ဂဝံကျောက် စသည်တို့ဖြင့် ဖုန်းပိတ်ကာ အစဉ်အတိုင်း အုတ်ရိုးဖောင်းရစ်တို့ကို ငုတ်ပျော့ဖူး၊ ပိန္နဲတိုင်ထိ ပြုလုပ်စေပြီးလျှင် ထီးတော်ကို တင်လှူကြလေသည်။

စေတီတည်ပြီးနောက် စေတီ၏ ဘွဲ့တော်ကို ခေါ်ဝေါ်သမုတ်ကြရာ၌ ဆူးလေစေတီ၏ ဒါယကာမှာ သီဟဒီပကျွန်းခေါ် သန်လျင်ဘုရင်ဘောဂသေနဖြစ်သော်လည်း ဒါယကာမင်း၏အမည်ကိုမယူကြဘဲ စေတီကို ကြပ်မတ်တည်ခဲ့သော မွန်အမတ်ကြီးအသုတ်၏အမည်ကိုသာ အစွဲပြု၍ 'အသုတ်စေတီ' (ကျိုက်အသုတ်) ဟု တွင်ခဲ့လေသည်။ အသုတ်မှာ မြန်မာလိုအနက်ပြန်လျှင် 'ဆံ' ဟု အဓိပ္ပာယ်ရသည်။ ကျိုက်မှာ ဘုရားဖြစ်၍ မောင်ဆံဘုရားဟုခေါ်ကြလေတော့သည်။ ကျိုက်အသုတ်စေတီဟု ခေါ်တွင်ရပုံကို မညာရှင်တို့ သုံးသပ်ကြသည်မှာ ဆူးလေစေတီပေါ်ပေါက်ချိန်သည် သာသနာနှစ် ၂၄၀ - ၂၄၃ အတွင်းဖြစ်ရာ နှစ်ပေါင်း ၂၂၅၄ - ၅၆ က ဖြစ်သည်။ စေတီတော်ဒါယကာမှာ သန်လျင်ဘုရင် ဘောဂသေနဖြစ်သည်။ စေတီဌာပနာသည့်အရာကား ဘုရားရှင်၏ဆံတော်၊ ဓာတ်တော်နှစ်ဆူဖြစ်သည်။ ဆူးလေစေတီ၏ မူလအမည်မှာ ကျိုက်အသုတ်ဖြစ်သည်။ ဘောဂသေနမင်း ဒကာခံပြီး တာဝန်ခံအသုတ်အမတ်ကြီး ကြပ်မတ်ကာ ဆံတော်နှစ်ဆူဌာပနာ၍ တည်ခဲ့သဖြင့် မွန်တို့၏ ဘာသာဖြင့် ကျိုက်အသုတ်စေတီဟုတွင်ခဲ့ပါသတည်း။

ဆူးလေစေတီအမည်တွင်လာပုံမှာ ဥက္ကလာပမင်းကြီး အမှူးပြု၍ တပုဿ၊ ဘလ္လိကညီနောင်တို့နှင့်တကွ လူရော နတ်ပါ ပရိသတ်တို့သည် ဘုရားရှင်၏ ဆံတော်ဓာတ် (၈) ဆူတို့ကို ဌာပနာ၍ စေတီတည်ရန် သိင်္ဂုတ္တရကုန်းကို ရှာဖွေကြစဉ် မတွေ့နိုင်ကြ၍ တွေ့နိုင်ရန်စုဝေး တိုင်ပင်ကြရာ ဤလေးဆူတည်ရာ ကုန်းတော်ပေါ်မှာ စုဝေးခဲ့ကြ၍ ထိုစုဝေးခဲ့ကြသည်ကိုအကြောင်းပြုပြီး နောင်သိင်္ဂုတ္တရကုန်းကို ဆူးလေနတ်ကြီး ညွှန်ပြချက်ကြောင့် တွေ့ရှိပြီး ဒဂုန်ဆံတော်ရှင်ကို တည်ထားအပြီးတွင် ဥက္ကလာပမင်းကြီးက ယခင်စုဝေးတိုင်ပင်ဖူးသောနေရာမှာလည်း အထိမ်းအမှတ်အဖြစ် စေတီတည်ထားခဲ့လေသည်။ ဤကဲ့သို့ လူ၊ နတ်တို့စုဝေး၍တည်ခဲ့သောကြောင့် 'စုဝေးစေတီ' ဟု ခေါ်တွင်လေသည်။ နောင်ကာလ ရွေ့လျားလာ၍ 'ဆူးလေစေတီတော်' ဟု ခေါ်ဝေါ်ကြောင်း သုတေသီတို့ကဆို၏။

ဆူးလေစေတီ ဖြစ်လာပုံများမှာ မူကွဲတွေများစွာရှိသည်။ သိင်္ဂုတ္တရကုန်းတော်ကို ညွှန်ပြနိုင်သူများတွင် ပွင့်တော်မူသွားကြသော လေးဆူဘုရားတို့ကို မီလိုက်သူ ဘုမ္မစိုးနတ်မျိုးစာရင်းဝင် လေးဆူနတ်ကြီး၏နေရာဖြစ်၍ လေးဆူစေတီကိုတည်သော ဘောဂသေနမင်းကြီးသည် ပထမ ကျိုက္ကဆံစေတီကိုတည်ပြီးနောက်မှ ဆူးလေစေတီကိုတည်ရာ ကျိုက္ကဆံစေတီထက်ငယ်သဖြင့် စူဠစေတီမှ ကာလကြာသော် ဆူးလေစေတီဖြစ်လာသည်ဟုဆိုသည်။ နောက်တစ်ဦးကမူ ဤမျှ ဆူးလေစေတီအား ဌာပနာသွင်းသောအရာသည် ဗုဒ္ဓ၏ဆံတော်ဖြစ်၍ ပါဠိလို စူဠဆံကျင်၊ ဆံတော်ဟုဆိုရာ ဆံတော်ကို အစွဲပြုပြီး စူဠစေတီမှ ဆူးလေစေတီဖြစ်လာသည်ဟု ဆိုပြန်သည်။ နောက်အဆိုတစ်ခုမှာ ဤဆူးလေစေတီ၏ မူလနေရာသည် တောချုံတို့ဖြင့် ပြည့်နှက်နေခဲ့ပြီး ထိုချုံနွယ်များထဲတွင် ဆူးလေပင်များအလွန်များပြားစွာ ပေါက်ရောက်လျက်ရှိခဲ့သည်။ ဆူးလေစေတီတည်ပြီးနောက် ဆူးလေပင်များက ဝန်းရံ၍ စည်းရိုးသဖွယ်ရှိနေကြသည်ကို အစွဲပြုကာ ဆူးလေစေတီဟု ခေါ်တွင်ကြောင်းဆိုသည်။ သို့ရာတွင် မည်သည့်ခုနှစ်၌ ဆူးလေစေတီဟု သတ်မှတ်သမုတ်ခဲ့သည်ကိုမူ မည်သူမျှအတည်မပြုနိုင်ခဲ့ချေ။

မွန်အမတ်ကြီး ကျိုက်အသုတ်ကို အစွဲပြုပြီး အကျိုက်အသုတ်မှ ကာလရွေ့လျော၍ ဆူးလေဟု လည်းကောင်း၊ မိုးနံ့ပင်ခေါ် ဆူးလေပင်များ ပေါက်ရောက်ခဲ့၍ ဆူးလေစေတီဟု ခေါ်ခဲ့ကြသည်ကို လည်းကောင်း မည်သူမျှ မှတ်တမ်းမှတ်ရာမပြုနိုင်မပြောနိုင်ခဲ့ကြချေ။ ယခုအခါတွင် ဆူးလေစေတီတော်ဟုသာ အားလုံးက သိရှိကြပြီး အားလုံးကပင် ဆူးလေစေတီဟု ခေါ်ဝေါ်နေကြလေပြီ။ ဆူးလေဘုရားအနီးက ဆူးလေဘုရားလမ်းသည်လည်း ယခင်အခါက ဆူးလေဘုရားလမ်းဟု မခေါ်ကြဘဲ ရှော်တန်းလမ်းဟုသာ ခေါ်ဝေါ်နေခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာ (၁၉၁၁ ခု) လောက်ကစ၍ ရှော်တန်းလမ်းဟု ခေါ်ခဲ့ကြသည်။ ဘာကြောင့် ရှော်တန်းလမ်းဟု ခေါ်ခဲ့ကြသည်ကိုမူ မသိကြချေ။ ထိုစဉ်က ထိုနေရာတွင် ချည်ထည်လုပ်ငန်းနှင့်စပ်လျဉ်း၍ လျှော်လုပ်ငန်းရှိခဲ့ဟန်တူသည်။ ထို့ကြောင့် ရှော်(လျှော်)တန်းဟု ခေါ်ခဲ့ကြသည်ထင်သည်။ တစ်ခုရှိက ဆူးလေဘုရားလမ်းရှိ ဂါတ်တဲကို ဆူးလေဘုရားဂါတ်တဲဟု မခေါ်ကြဘဲ ယခုထက်တိုင်အောင်ပင် ကျောက်တံတားကြီးကို အစွဲပြု၍ 'ကျောက်တံတားရဲစခန်း' ဟု ခေါ်နေကြ၏။ မြို့နယ်မှာလည်း ကျောက်တံတားမြို့နယ်ဟုပင်ဖြစ်သည်။ ဆူးလေစေတီ၏အကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့ရန် မလွယ်လှပါ။ ရှေးဟောင်းစာပေပရပိုက်တို့ နိုက်နိုက်ချွတ်ချွတ် လေ့လာနိုင်ပါမှ သိရှိနိုင်ပါလိမ့်မည်။ ရန်ကုန်မြို့လယ်က ဆူးလေဘုရားနေရာတွင် ယခင် နှစ်ပေါင်းထောင်ချီရှိခဲ့စဉ်ကပင်လျှင် သမုဒ္ဒရာကြီးဖြစ်ပေါ်တည်ရှိခဲ့ပြီး တဖြည်းဖြည်း ပြောင်းလဲ တိုးတက်လာရာမှ ယခုအခြေအနေအထိ တိုးတက်ပြောင်းလဲနေသည်ကို တွေ့မြင်နေရပေတော့သည်။ ယခုမျက်မှောက်လူတို့သည် ထိုစဉ်က သမုဒ္ဒရာပင်လယ်ကြီးအဖြစ် လည်းကောင်း၊ တောတောင်ချုံပင်များ

www.burmeseclassic.com

ဖြင့် နေ့ချင်းစရာမကောင်းအောင် ရွှံ့ဗွက်အိုင်ကြီးကို မည်သူမျှမသိမီလိုက်ကြပေ။ ရှေးစာပေပရပိုက်နှင့် ရှေ့မီနောက်မီပုဂ္ဂိုလ်တို့ပြောစကားဆိုစကားမှတ်စုမှတ်ရာများကိုသာကြည့်ပြီး သည်ပုံသည်နည်းရှိခဲ့သည်ဟုသာသိနိုင်ကြပေတော့သည်။ မှတ်တမ်းမှတ်ရာရေးသွားသောအင်္ဂလိပ်လူမျိုးတို့၏ မှတ်တမ်းတို့ကိုသာ ဖတ်ရှုကြရပြီး တစ်ချိန်ကဖြစ်ပျက်ခဲ့သည်တို့ကိုသာ သိကြရပေတော့သည်။


ယခု ရန်ကုန်မြို့ကြီးသည် ဟိုယခင်နှစ်ပေါင်းများစွာက ချုံတောကြီးနှင့် မည်သို့မျှ နှိုင်းယှဉ်၍မရအောင် ကွာခြားပြောင်းလဲနေခဲ့ပေပြီ။

**▫ ဗန္ဓုလပန်းခြံ**

ဆူးလေစေတီအနီးတွင် ပန်းခြံတစ်ခုရှိသည်။ ယခုအခေါ် မဟာဗန္ဓုလပန်းခြံဟု ခေါ်ကြသည်။ မြန်မာနှစ် ၁၂၁၅၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၅၄ ခုနှစ်တွင် ဗြိတိသျှတို့က ဖိုက်စကွဲယားပန်းခြံအမည်နှင့် ပန်းခြံတစ်ခုတည်ခဲ့သည်။ အင်္ဂလိပ်တို့တည်ခဲ့သော ဖိုက်စကွဲယားပန်းခြံကို မြန်မာနှစ် ၁၃၀၂ (၁၉၄၀) တွင် ရန်ကုန်မြူနီစီပယ်က မဟာဗန္ဓုလပန်းခြံဟုပြောင်းလဲခေါ်တွင်ခဲ့လေသည်။

**▫ ကျောက်တံတား**

မဟာဗန္ဓုလပန်းခြံပြီးတော့ ကျောက်တံတားဟု တံတားတစ်ခုရှိလေသည်။ သို့သော် ယခုအချိန်၌ ကျောက်တံတားကို မတွေ့ရှိကြရတော့ပေ။ မြန်မာနှစ် ၁၂၁၃(၁၈၅၂)ခုနှစ်က ပန်းခြံ၏တောင်ဘက်ပိုင်းသည် ရေတို့ဖြင့်ပြည့်နှက်နေသော ရေလယ်ကျွန်းတစ်ကျွန်းရှိသည်။ ထိုရေလယ်ကျွန်းမှ ဆူးလေစေတီကိုကူးရန် ကျောက်တံတားတစ်ခုရှိသည်။ ထိုရေလယ်ကျွန်းတွင် ဗမာဘုန်းတော်ကြီးကျောင်းရှိရာ အင်္ဂလိပ်တို့သည် မြန်မာပြည်အလယ်ပိုင်းကို ၁၈၅၂ ခုနှစ်တွင် သိမ်းပိုက်လိုက်ပြီး ကော်မရှင်နာမင်းကြီးအဖြစ် ဆာအာသာဖယ်ရာကို အုပ်ချုပ်စေရာတွင် မစ္စတာဖယ်ရာသည် ရန်ကုန်မြို့သို့ ၁၈၅၄ခုနှစ်တွင် မြို့ကွက်ရိုက်လေရာ ရေလယ်ကျွန်းမှ ဘုန်းကြီးကျောင်းများ နေရာစားပေးပြီး လမ်းမတော်ဆေးကျောင်းကြီးနှင့် ထောင်ကြီးအနီး သရက်ဥယျာဉ်တောသို့ ရွှေ့ပြောင်းစေလေသည်။ သရက်ဥယျာဉ်တောကိုအစွဲပြု၍ ပေါ်လာသော ကျောင်းတိုက်ကြီးကိုလည်း 'သရက်တောကျောင်းတိုက်' ဟု အမည်တွင်လေတော့သည်။ ရေလယ်



ကျွန်းမှ ပြောင်းလာသော ဘုန်းတော်ကြီးကျောင်းများသည်လည်း ကျောင်းကြီးကို ရေလယ်ကြီးကျောင်း၊ အငယ်ကျောင်းကို 'ရေလယ်လေးကျောင်း' ဟု ယခုတိုင် ခေါ်နေကြလေတော့သည်။

**▫ ရေအိုင်ကြီး**

၁၉၁၁ ခုနှစ်က ရန်ကုန်မြူနီစီပယ်နေရာတွင် ရေအိုင်ကြီးတစ်ခုရှိသည်။ ရေအိုင်ကြီးကိုဖို့လိုက်ပြီးနောက် လှပခံ့ညားသော မြို့တော်ခန်းမကြီးတစ်ခု ပေါ်ပေါက်လာလေတော့သည်။

**▫ ကျုံးကြီး**

စိန့်ပေါလ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း မြောက်ဘက်နေရာတွင် အလုံဘက်ပန်းခြံမှလာသော ကျုံးတူးမြောင်းကြီးသည် ဘုရားရှိခိုးကျောင်းအရှေ့ဘက် စတော့ဂိတ်အထိ ကျုံးမြောင်းကြီးရှိလေသည်။ ဘူတာကြီးတောင်ဘက် မော်လမြိုင်ကျောင်းတိုက်မှဘုန်းတော်ကြီးတစ်ပါးသည် နေ့စဉ်နေ့တိုင်း ဆူးလေဘုရားသို့ သွားရောက်ကာ ပန်းဆိုးတန်းအနီး မော်လမြိုင်ကျောင်းတိုက်မှ ဆူးလေစေတီသို့လာရာ မြေပြင်မှ ခြေကျင်သွားရန် မလွယ်ကူပေ။ - ရွှံ့ဗွက်ရည်တို့ဖြင့် ပြည့်နှက်ပြီး သွားရန်အခက်အခဲရှိလေသည်။မော်လမြိုင်ကျောင်းတိုက် (ကွမ်းခြံကျောင်း) မှ ဆူးလေစေတီအထိသွားနိုင်ရန် သစ်သားတံတားအရှည်ကြီးတစ်ခုတည်ဆောက်ထားရရာ ထိုတံတားပေါ်မှ လျှောက်၍သွားလာရလေသည်။

**▫ တံတား (၂) ခု**

ဆူးလေစေတီအနီးတွင် တံတား (၂)ခုရှိသည်။ တစ်ခုမှာ ဘုရား၏တောင်ဘက်မှ မြစ်သို့သွားရန် တံတားတစ်ခု၊ နောက်တစ်ခုမှာ ကျောင်းခြံမှ ဆူးလေအထိသွားရန်တံတားတစ်ခုတို့ ဖြစ်လေသည်။ အင်္ဂလိပ်တို့သည် ၁၈၅၂ ခုနှစ်တွင် ရန်ကုန်မြို့ကို သိမ်းယူပြီးသော်လည်း ဆူးလေအနီးတစ်ဝိုက် ရန်ကုန်အခြေနေမှာ တောချုံအထပ်ထပ်ဖြင့် ရွှံ့ဗွက်ထူပြောပြီး တစ်နေ့ (၂) ကြိမ် ရေအတက်ကျရှိသဖြင့် စိမ့်ကြီးမြိုင်ကြီးသဖွယ်ဖြစ်နေလေရာ ဗမာစစ်သည်တော်တို့အဖို့ အကာအကွယ်ခိုအောင်းရန်ကောင်းလှသဖြင့် ချုံခိုတိုက်ခိုက်ကြရာ အင်္ဂလိပ်စစ်သည်တော်များ အကျအရှုံးများကြသည်။ ပြန်လည်တိုက်ခိုက်မည်ဆိုပါကလည်း တောချုံတွေကများလွန်းသဖြင့် ပြန်လည်တိုက်ခိုက်ရန်ခက်ခဲကြောင်း၊ စိတ်သောကရောက်ကြရကြောင်း သက်ကြီးပုဂ္ဂိုလ်တို့ ပြန်လည်ပြောပြကြသည်ကို တစ်ဆင့်စကားဖြင့် သိကြရသည်။

ထိုအဆိုမှန်ကန်ကြောင်း အင်္ဂလိပ်တို့ရေးသည့် ATRIPTO RANGOON စာအုပ်တွင်ရေးထားလေသည်။ ဆူးလေစေတီတော်အနီးတွင် ရေအိုင်ကြီးရှိခဲ့ပြီး ဆူးလေသို့လာလိုလျှင် ကွမ်းခြံတံတားမှလာရသွားရသည်။ တစ်ဦးနှင့်တစ်ဦး မမြင်ရအောင် ထူပိန်းသော တောချုံများရှိ၍ ရွှံ့ဗွက်တို့နှင့်ဝန်းရံနေကြသည်မှာ ယခုမျက်မှောက်အခြေအနေနှင့်နှိုင်းယှဉ်ကြည့်လျှင် ယုံကြည်နိုင်ဖွယ်မရှိအောင် ကွာခြားလျက်ရှိနေလေတော့သည်။

သို့ကြောင့် ရန်ကုန်မြို့လယ်က ဆူးလေစေတီတော် (သို့) ကပ်ကျော်စေတီတော်ကြီးအား ကျွန်တော်ဖတ်ရှုရသည့် ဆရာတော်အရှင်တိလောကဉာဏမထေရ် ရေးသားပြုစုသည့် ဆူးလေစေတီအကြောင်း၊ ယခင်က ဆူးလေစေတီပုံတော်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်မုခ်ဦးများအား ကျွန်တော်ကဲ့သို့မသိသေးသူများအတွက် ထုတ်နုတ်တင်ပြလိုက်ရပါသည်။ ရေးသားပြုစုခဲ့သည့် ဆရာတော်ကြီးအားလည်း ဦးအကြိမ်ကြိမ်ချမိပါ၏။

မောင်လင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

စီးပွားချမ်းသာမချို့တဲ့သောဂါထာ
ဆောင်တိုင်းအောင်၍ အမှုခပ်သိမ်းပြီးစီးအောင်မြင်ဂါထာ
ဝိဇ္ဇာများချစ်ခင်မြတ်နိုးသော

# "ဝိဇ္ဇာဓရိက" ဂါထာ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

သုဂတောဂါထာအင်းချုပ်

| | | | | | |
|---|---|---|---|---|---|
| | ၂၁ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၉ | ၂၆ | ၇ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၀ |
| ၃ | ၃၂ | ၂၉ | ၂၀ | ၁၃ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၇ |
| | ၈ | ၃၀ | ၁၂ | ၁၉ | |

**ဂါထာပုဒ်ရေ (၁)**

**သုဂတော (မူမှန်) ဂါထာပြန်**

- သုဂတော သုဂတဌာနံ (ဓာနံ)
  သုဂတော သုန္ဒရံပိစ၊
  သုဂတော နိဗ္ဗာနံ ယာတိ၊
  (နိဗ္ဗာနံ သုဂတော ယာတိ)
  သုဂတော တေ နမော နမာ။

**အနက်အဓိပ္ပာယ်**

**သုဂတော** - ကောင်းစွာသောကြွသွားခြင်းရှိတော်မူသော မြတ်စွာဘုရားသည်၊ **သုဂတဌာနံ** - ကောင်းသောအလားရှိသော သူတော်ကောင်းတရား၌တည်တော်မူပါပေ၏။ **သုဂတော** - ကောင်း၊ မကောင်းမိန့်ခွန်းခြောက်တန်တွင် နှစ်တန်သောစကားကိုသာဆိုတော်မူသော မြတ်စွာဘုရားသခင်သည်၊ **သုန္ဒရံပိစ** - သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်မှ တားဆီးသော ကာယိန္ဒြေ၊ မနိန္ဒြေရှိတော်မူသဖြင့်၊ ကောင်းလည်းကောင်း၊ မြတ်လည်းမြတ်တော်မူပါပေ၏။ **သုဂတော** - ကောင်းသောစကားကိုဆိုတော်မူသောမြတ်စွာဘုရားသခင်သည်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်သို့ ကြွသွားတော်မူပါပေ၏။ **သုဂတော** - ကောင်းသောကြွသွားခြင်းရှိတော်မူသောမြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမာ** - ဦးညွတ်ကိုင်းရှိုင်းလျက်၊ **နမော** - ရှိခိုးပါ၏ဘုရား။

**ဂါထာပုဒ်ရေ (၂) (ဝိဇ္ဇာဓရိကဂါထာ)**

- သုဂတော သုဂတဓာနံ၊
  သုဂတော သုန္ဒရမ္ပိစ၊
  နိဗ္ဗာနံ သုဂတော ယာတိ၊
  သုဂတော တေ နမော နမာ။ ။

**သုဂတဓာနံ** - ကောင်းသောစကားကိုဆိုတော်မူတတ်သောကြောင့်၊ **သုဂတော** - သုဂတမည်ပါပေ၏၊ **သုန္ဒရမ္ပိစ** - ကောင်းသော သဘောရှိသောကြောင့်လည်း၊ **သုဂတော** - သုဂတမည်ပါပေ၏။ **နိဗ္ဗာနံ** - နိဗ္ဗာန်အမြတ်၊ ကောင်းသောအရပ်သို့၊ **ယာတိ** - သွားတော်မူတတ်သောကြောင့်လည်း၊ **သုဂတော** - သုဂတမည်ပါပေ၏။ **သုဂတော**- သုဂတဂုဏ်ရှင်မြတ်ဘုရားသခင်၊ **တေ** - ရှင်တော်မြတ်ဘုရားအား၊ **နမော နမာ** - လွန်ကဲထူးစွာ ရှိခိုးပါ၏ ဘုရား။

(ဝိဇ္ဇာများ ချစ်ခင်မြတ်နိုးသောဂါထာဟု အဓိပ္ပာယ်ရသည်။)

**ဂါထာပုဒ်ရေ (၃)**

- သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော လောကနာယကော၊ သုဂတော နာထော၊ လောကေသု၊ သုဂတော မာရဝိဇ္ဇယော။ ။

**ဂါထာပုဒ်ရေ (၄)**

- သုဂတော သုဂတဌာနံ၊ သုဂတော သုန္ဒရံပိစ၊ သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော နာမ ဇေနမော။ ။

ဤဂါထာတော်မြတ်သည် တိုတိုနှင့်အကျိုးပေးသန်သောဂါထာဖြစ်သည်။ ဂါထာပုဒ် (၄) ပုဒ်ကို ရှာဖွေစုစည်း၍ သူရဿပရိသတ်များနှင့် ခုနစ်ရက်သားသမီးများအားလုံးအတွက် ကောင်းကျိုးအထွေထွေရရှိကြပါစေဟုဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အင်းကွက်တွင် ဂါထာ (၄) ပုဒ်မှ မည်သည့်ဂါထာပုဒ်ဖြစ်စေ အင်းချ၍ရပါသည်။ အင်းကွက် (၃၂)ကွက်ရှိသည်။ ဂါထာတိုင်း အင်းဆန်သွင်းရန် (၃၂)လုံးသောစာလုံးများပါရှိသည်။ အင်းကွက်ထဲမှ ဂဏန်းစဉ်အတိုင်း ထည့်သွင်းနိုင်ပါသည်။

ဤဂါထာတော်မြတ်ကို အခေါက်ရေများများရွတ်လေ ပို၍အကျိုးများလေဖြစ်မည်။ အထူးသတိပြုရန်မှာ မြတ်စွာဘုရားရှင်၏ သုဂတဂုဏ်တော်ကိုပွားဖို့သာ အဓိကဖြစ်သည်။

အိမ်မှမထွက်မီ၊ ခရီးမထွက်မီ အထက်လူကြီးများနှင့်တွေ့ရန်ရှိလျှင်၊ ရောင်းရေးဝယ်တာကိစ္စများတွင် မပြတ်ရွတ်သွားပါ။

ရန်သူနှင့်ရင်ဆိုင်တွေ့ရမည့်အချိန်မှာလည်း မမေ့မလျော့ရွတ်ပါ။

စိတ်နှလုံးမအေးမချမ်းမြေ့လေလျှင် ထပ်တလဲလဲ ရွတ်ဆိုကန်တော့ပါ။

ကံကြမ္မာညံ့သည့်အခါ အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ (ပုတီးစိပ်ပါ။)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

(၁)

□ တာဒိသော ဟိ ဘာတရကာ ဒိဝ သက္ကယမေဝ ဥဒိက္ခတိ၊ န ကမ္မနိဋ္ဌာနံ။

အလုပ်သမားသည် အချိန်ကုန်ဆုံးခြင်းကိုသာ ကြည့်ရှု၏။ အလုပ်ပြီးစီးခြင်းကို မကြည့်ရှု။

(သဂါထာဝဂ္ဂ၊ ဋီကာ)

(၂)

ဖော်ပြပါ ပါဠိစကားရဲ့အဓိပ္ပာယ်က အခကြေးငွေနဲ့လုပ်တဲ့အလုပ်သမားအများစုဟာ မိမိလုပ်ကိုင်တဲ့လုပ်ငန်းကိစ္စတွေ ပြီးဆုံးအောင်မြင်ဖို့ရာမကြည့်ဘဲ အချိန်တန် အိမ်ပြန်ဖို့သာ ကြည့်သူတွေများပြားတယ်လို့ပြောတာပါ။

ဆိုချင်တာက အလုပ်ရှင်ရဲ့ပစ္စည်းကို မိမိပစ္စည်းလိုသဘောမထား၊ သခင်စိတ်မထားဘဲ အလုပ်သမားနေ့စားသက်သက်လုပ်တာကို ဆိုလိုတာပါ။ မနက် (၇) နာရီမှာ စတင်ကာ လုပ်ငန်းခွင်ထဲဝင်ရောက်တယ်။ (၁၂) နာရီမှာနေ့လယ်စာအတွက် ပြင်ဆင်အနားယူမယ်။ ညနေ (၄) နာရီထိုးရင် အိမ်ပြန်မယ်စသဖြင့် သူတို့သတ်မှတ်ထားတဲ့အတိုင်း နာရီအချိန်စေ့ဖို့၊ အချိန်ကုန်ဆုံးဖို့သာ မျှော်လင့်နေကြတာပါ။ အလုပ်ပြီးစီးဖို့၊ ကိုယ့်လုပ်တဲ့အလုပ် သေသေသပ်သပ်ပြီးစီးဖို့ စဉ်းစားသူက နည်းပါးတယ်လို့ ဆိုလိုတာပါ။

မှန်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်က ရန်ကုန်မြို့ အလယ်ဆိတ်ငြိမ်ရပ်ကွက်ရှိ ကျောင်းတိုက်တစ်တိုက်မှာ နေခဲ့စဉ်က ဒီလိုအဖြစ်မျိုးတွေ ကြုံဖူးပါတယ်။ ကျောင်းတိုက်ကြီးက တိုက်တာအဆောက်အအုံတွေ၊ သစ်ပင်၊ ပန်းစင်၊ ဝါးရုံပင်တွေက လွှမ်းခြုံဝန်းရံထားတော့ တိတ်ဆိတ်ငြိမ်သက် အနားယူချင်စရာအလွန်ကောင်းတဲ့နေရာတစ်ခုဖြစ်ပါတယ်။ အဝေးပတ်ဝန်းကျင်ကကြည့်ပြန်တော့လည်း အတော်အသင့် မြင်ဖို့မလွယ်ပါဘူး။ ကျောင်းတိုက်ထဲလည်း ရဟန်းကနည်းနည်းနဲ့ ကျဲကျဲဆိုတော့ ဧည့်သည်တွေအတွက် အေးအေးလူလူ အနားယူနိုင်တဲ့နေရာတစ်ခုပါပဲ။ လုံခြုံမှုလည်းရှိ အေးချမ်းမှုလည်း အပြည့်ဖြစ်တော့ အပြင်က အများအပြား လာရောက်နားခိုလေ့ရှိပါ တယ်။

အတော်များများလာရောက်နားကြတယ်ဆိုပေမယ့် အများစုက ကုမ္ပဏီ



# ဒေါက်တာ

(မြစ်ဓမ္မ)

# အရှင်လာဘသာမိ

## သူ့အက်ကိုယ့်အက် အမြတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

အရောင်းကိုယ်စားလှယ်တွေများပါတယ်။ သူတို့က ကုမ္ပဏီကားတွေနဲ့ နေ့လယ် (၁၂) နာရီဝန်းကျင်ဆို ကျောင်းဝင်းထဲ ရောက်လာကြတယ်။ ပြီးတော့ ကားရပ်နားထား၊ လူကိုယ်တိုင်လည်း အနားယူကြတယ်။ တချို့က ပန်းစင်အောက်ရှိ ခုံတန်းလျားစတာတွေမှာ အိပ်စက်ခြင်းဖြင့် အချိန်တွေကုန်ဆုံးစေတယ်။ တချို့ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်တွေမှာ သောက်ကာစားကာ အချိန်ကုန်ဖို့ စောင့်စားနေကြတယ်။ အိပ်သူကအိပ်၊ ထိုင်သူကထိုင်၊ စားသူကစား အားရပါးရ အနားယူကြတယ်။ နှစ်နာရီ၊ သုံးနာရီ အားနားချိန်ကိုတွက်ဆပြီး ဓာတ်ဆီပိုလည်း အလွတ်မပေး။ ရုံးဆင်းချိန်နီးမှ ပြန်ထွက်သွားလေ့ရှိပါတယ်။

အဲဒါ အလုပ်သမားအတွက် အကျင့်ပျက်၊ ဘာအရောင်းပညာမှ၊ ဘာအရည်အချင်းမှလည်း သူ့အတွက် မကျန်ပါဘူး။ အလုပ်ရှင်အတွက် အကျိုးစီးပွားတွေ ပျက်စီးပါတယ်။ အလုပ်သမားအတွက်လည်း နစ်နာသလို အလုပ်ရှင်လည်း ထိခိုက်ပါတယ်။ နှစ်ဦးနှစ်ဖက် ဘာအမြတ်အစွန်းမှမထွက်ပါဘူး။ ဘာကောင်းကျိုးမှလည်း မဖြစ်ပါဘူး။

အမျိုးမျိုးပါပဲ။ တချို့အလုပ်သမားတွေရှိသေးတယ်။ ခြင်းတောင်းငေ နဲ့ မြေကို တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်း သယ်ယူတာတောင် အပြည့်မထည့် တစ်ဝက်လောက်ထည့်ပြီး ခိုကတ်ကြသေးတယ်။ အဲဒါ အချောင်ခိုပွဲ စိတ်ပုပ်စိတ်ယုတ်တွေပါ။ အဲဒီလို ညံ့ဖျင်းတဲ့စိတ်တွေမထားရှိအပ်ပါဘူး။ တကယ်တော့ ဘာပဲလုပ်လုပ် နှစ်ဦးနှစ်ဖက် တန်အောင်လုပ်ရမှာပါ။

အဖွဲ့အစည်းတစ်ခုမှာ တာဝန်ခံအဖြစ်နေထိုင်စဉ်ကဖြစ်ပါတယ်။ အဲဒီဒေသမှာ အစိုးရလျှပ်စစ်မီးမရသေးတော့ အဖွဲ့ကြီးက တာဝန်ယူပြီး ဓမ္မာရုံ၊ ရုံးအဆောက်အအုံ၊ အိမ်၊ ကျောင်းနဲ့စေတီတွေကို နေ့စဉ် ညတိုင်း မီးစက်ကြီးနဲ့ တသိုလ်ဖြစ် မီးအလင်းတွေ ထွန်းညှိလျှံါန်းပေးပါတယ်။ မီးစက်နှိုးမီးပေးနိုင်ဖို့ လျှပ်စစ်ကျွမ်းကျင်အလုပ်သမားတစ်ဦး ထားပေးရပါတယ်။ တကယ်တော့ လခစားအလုပ်သမားအဖြစ်ထားပေးရတာပါ။

နေရာအများအပြားမီးပေးနိုင်တဲ့ မီးစက်တာ အလွန်ကြီးပါတယ်။ စက်ကကြီး အချိန်ကစီး၊ ဝိတ်ကစီးလေတော့ တစ်ဖက်စောင်းနင်း ခေါင်းဦးပိုင်းက မြေကြီးအောက်ထဲ တဖြည်းဖြည်းနိမ့်ဝင်သွားတယ်။ အနေအထားက တစ်ဖက်နိမ့် တစ်ဖက်မြင့် ဖြစ်နေတာပါ။ အနေအထားမညီမျှတော့ မီးစက်နှိုးတဲ့အခါ မြေကြီးတုန်လှုပ်လာတယ်။ မြေကြီးလှုပ်လေ - မီးစက်ကအောက်ထဲစိုက်ဝင်လေပဲ။

အနေအထားမမှန်တော့ မီးစက်က ချို့ယွင်းစပြုလာပါတယ်။ မကြာခဏဆိုသလို အသေးစားလဲလှယ်ပြင်ဆင်မှုတွေလုပ်လာရတယ်။ ဆိုချင်တာက မီးစက်ကခဏခဏပျက်လာတယ်။ တစ်ခါတလေ စက်နှိုးထားရင်း သူ့အလိုလိုရပ်သွားတာရှိသလို တစ်ခါတစ်ရံ စက်သံမြန်လိုက်၊ နှေးလိုက်ဖြစ်လာပါတယ်။ မီးအားနိမ့်မြင့်တွေပါဖြစ်လာတယ်။ အဲလိုဖြစ်လို့ စက်ပစ္စည်းတွေလဲပြောင်းပြင်ဆင်ရတာလည်း သိန်းဆယ်ချီမက ကုန်ကျလာတယ်။

မီးစက်က မကြာခဏဖောက်နေတာဖြစ်လို့ ကျွမ်းကျင်အလုပ်သမားနဲ့အတူ (အမှန်တကယ် ကျွမ်းကျင်တာတော့မဟုတ်) မီးစက်ရုံထဲသွားပြီး 'အခုလို မကြာမကြာစက်ဖောက်တာက ဒီမီးစက်ကြီးရဲ့ ကိုယ်ထည်အနေအထားမမှန်တာကြောင့်ဖြစ်မယ်' လို့ စာရေးသူက ရှင်းပြခဲ့ပါတယ်။ အဲတော့ ကျွမ်းကျင်လုပ်သားက 'စက်အနေအထားရွဲ့တာ တစ်ဖက်နိမ့်စောင်းဖြစ်တာနဲ့ မဆိုင်ကြောင်း သူ့အတွေ့အကြုံအရ လယ်ကန်သင်းတွေပေါ်မှာ စက်တစ်ဖက်နိမ့်စောင်းတင်ပြီး အကြိမ်ပေါင်းများစွာ ရေတွေတင်ဆောင်ခဲ့တာ ဘာတစ်ခုမှမဖြစ်ခဲ့ကြောင်း' ရှင်းချက်ထုတ်ပါတယ်။

တစ်နေ့မှာ, အရေးကြီးကိစ္စနဲ့ မဖြစ်မနေ ကွန်ပျူတာသုံးနေရင်း စာရွက်စာတမ်းတွေရေးမှတ်နေစဉ် နှိုးထားတဲ့မီးစက် ဆယ်မိနစ်ခန့်ကြာ မီးခိုးငွေ့တွေလုံးထွေးပြီး ထိုးရပ်သွားခဲ့ပါတယ်။ အရေးကြီးကာမှ စက်ကပျက်တော့ လုပ်လက်စအလုပ်လည်းရပ်လိုက်ရပါတယ်။ ဟိုဖြုတ်ဒီလုပ်ဟိုခေါက်ဒီဆောင့်လုပ်လည်း မရတော့ပါဘူး။ ဘာအသံမှ ထွက်မလာပါဘူး။ အရင်တစ်ခါ အခုလိုမျိုး စက်ရပ်ရင် ဟိုနှိုက်ဒီနှိုက်လုပ်တဲ့အခါ 'ရှိုထုတ်'အသံလေး ထွက်ပေါ်သေးတယ်။ ရှိုတာတွေအကုန်ထုတ်သဘောထင်ပါရဲ့။ ဒီတစ်ခါ ရှိုထုတ်မလုပ်တော့ ငုတ်တုတ်နေလိုက်ရပါတယ်။

နောက်နေ့မှာ အကြီးစားစက်ပြင်ဆရာရောက်လာပါတယ်။ သူလုပ်တာလည်း ရှိုထုဝ မြည်ပါဘူး။ အမျိုးမျိုးစမ်းကြည့်လည်း နှိုးမထခဲ့ပါဘူး။အဲတော့ သူပြောပါတယ်။ မရတော့ဘူးတဲ့။ ဒီစက်ပြန်ပြင်မယ်ည်း အသစ်တန်ဖိုးလောက် ကုန်ကျမယ်ဟူသတဲ့။

ဘာကြောင့် အခုလိုဖြစ်တာလဲ မေးခဲ့ပါတယ်။ 'စက်ကိုယ်ထည်က တစ်ဖက်နိမ့်စောင်းဖြစ်တော့ အနေအထားတွေအကုန်စောင်း၊ ဆီပေါက်၊ရေပေါက်၊ လေပေါက်တွေ အကုန်ပိတ်ဆို့၊ ကြာလာတော့ အတွင်းထဲမှာ မီးလောင်ကျွမ်းပြီး အရည်ပျော်သွားတာဖြစ်တယ်လို့ဆိုပါတယ်။

အဲဒါ တာဝန်မဲ့စွာ ဖျက်လို့ဖျက်ဆီးလုပ်လိုက်တာပါပဲ။ အလုပ်သမားရဲ့ ပေါ့ပေါ့ဆေယျာ့လျော့လုပ်ဆောင်မှုကြောင့် မပျက်စီးသင့်ဘဲ ပျက်စီးခဲ့ရတာပါ။ နောက်ထပ်စက်တစ်လုံး သိန်းပေါင်းများစွာ အကုန်ခံဝယ်ရပါတယ်။ အဲဒါ မကုန်သင့်ဘဲ အပိုကုန်ခဲ့ရတာပါ။ ပေါ့ပေါ့လျော့လျော့လုပ်ခဲ့လို့ အဖွဲ့အစည်းအတွက် အရမ်းနစ်နာခဲ့ရတာပါ။

ယနေ့ အလုပ်ရှင်နဲ့ အလုပ်သမား မပြေလည်တဲ့အကြောင်းရင်းတွေအများကြီးရှိပါတယ်။ ဖျက်လိုဖျက်ဆီး အချည်းနှီးဖြစ်အောင်လုပ်ကြတာတွေ လုပ်ငန်းအပေါ် မျက်ဥယ်ပြုတော့ ပျက်ကွက်တာတွေ အများကြီးပါဗျ။

အဲတော့ အလုပ်သမားက ကိုယ်ပိုင်ပစ္စည်းလိုသဘောထားပြီး ကိုင်တွယ်ရမှာပါ။ ကိုယ်ပိုင်အလုပ်သဘောထားပြီး လုပ်ကိုင်ရမှာပါ။ အချိန်ကုန်ဆုံးဖို့တင်မဟုတ်ပါဘဲ အလုပ်ပြီးစီးဖို့လည်း ကြည့်ရှုရမှာပါ။အလုပ်လုပ်ပြီဆိုကတည်းက စိတ်ထဲ မေတ္တာထားလုပ်ရမှာပါ။ စိတ်ကောင်းထားပြီး ကြိုးစားရမှာပါ။ အလုပ်ရှင်အတွက် အမြတ်ထွက်အောင် ခင်းကျင်းပေးရမှာပါ။ သန့်ရှင်းသပ်ရပ်သေသပ်လှတဲ့ ကောင်းကျိုးဖြစ်ထွန်းဖို့ ရည်ရွယ်လုပ်ရမှာပါ။ ရိုးသားကြိုးစားတဲ့ ဂုဏ်နဲ့ အလုပ်ရှင်တို့ရဲ့ ကောင်းကျိုးမျှော်ကျိုးလုပ်ရမှာပါ။ ကိုယ့်အတွက် အခွင့်အရေးမယူဘဲ ယုံကြည်မှုနဲ့ထည်ဆောက်ရမှာပါ။

အတ္တဟိတ(ကိုယ်ကျိုး)သက်သက်ဆိုရင် အစွန်းတစ်ဖက်ရောက်ပါလိမ့်မယ်။ အဲဒီတော့ အတ္တဟိတပါအောင်လည်း ဆောင်ရွက်ရပါမယ်။ ပရဟိတ (သူတစ်ပါးအကျိုး) ပါအောင်လည်း ဆောင်ရွက်ရပါမယ်။ မိမိအကျိုးရှိဖို့ဆိုရင် အခြားသူ



www.burmeseclassic.com

www.burmeseclassic.com

ငါရဲ့ကောင်းကျိုးအပေါ် အခြေခံပြီး လုပ်ကိုင်ပါမှ အောင်မြင်ပါလိမ့်မယ်။ အဲဒါကို အများအကျိုးဆောင် ကိုယ့်ကျိုးအောင်' လို့ပြောတာပါ။

အလုပ်အကိုင်ဆောင်ရွက်တဲ့အခါ အနစ်နာခံရမှာပါ။ အခွင့်အရေးယူတဲ့အခါလည်း အနစ်နာခံရမှာပါ။ ကိုယ်ကျိုးသက်သက် အမြတ်ထွက်ဖို့၊ ကိုယ်သက်သာဖို့ မလုပ်ကောင်းပါဘူး။ အမှန်တော့ အနစ်နာခံတယ်ဆိုတာ ကိုယ်ကျိုးမငဲ့ခြင်းပါ။ အနစ်နာခံလိုတဲ့စိတ်ကို တန်ဖိုးထားရမှာပါ။ အနစ်နာခံတယ်ဆိုတာ မြင့်မြတ်လှပါတယ်။ မြင့်မြတ်သူတို့အလုပ်လို့ ဆိုရမှာပါ။ မြင့်မြတ်တဲ့နှလုံးသားပိုင်ရှင့်ပါပဲ။ အနစ်နာခံတဲ့စိတ်အပေါ် တည်ဆောက်ပါမှ မိမိရဲ့ကောင်းကျိုးလည်း အောင်မြင်မှာပါ။ အနစ်နာခံတာ အလဟဿမဖြစ်ပါဘူး။ အနစ်နာခံတာ ကုသိုလ်လို့ဆိုရမှာပါ။ ကုသိုလ်ဆိုတော့ မလွဲမသွေ ကောင်းကျိုးပေးမှာပါ။

ဒီထက်ပိုပြီး 'အလုပ်တစ်ခုလုပ်တာနဲ့တစ်ပြိုင်နက် ဒီအလုပ်မျိုး မိမိကိုယ်တိုင် ဦးဆောင်ဦးရွက်လုပ်မယ့်ရည်ရွယ်ချက်၊ ကိုယ်ပိုင်အလုပ်တိုးချဲ့လုပ်မယ်ဆိုတဲ့ရည်ရွယ်ချက် သို့မဟုတ် ကိုယ်ပိုင်ဆိုင်၊ ကိုယ်ပိုင်ကုမ္ပဏီဖွင့်လှစ်နိုင်သည်အထိ ရည်ရွယ်ထားရမှာပါ။ မိမိလုပ်တဲ့အလုပ်က အရောင်းအဝယ်ဆို အဲဒီအရောင်းအဝယ်နဲ့သက်ဆိုင်တဲ့ အတတ်ပညာတွေကိုယ့်ထံပါလာအောင်ကြိုးစားလုပ်ရမှာပါ။ ဆိုလိုတာက အလုပ်သမားသက်သက်မဟုတ်ဘဲ အလုပ်ရှင်ဖြစ်တဲ့အထိ အဆင့်ဆင့်ကြိုးစားရမှာပါ။ စားပွဲထိုးကနေ မုန့်ဆရာဖြစ်အောင်၊ မုန့်ဆရာကနေ မုန့်တိုက်ပိုင်ရှင်ဖြစ်အောင်၊ စာရေးကနေ အရာရှိဖြစ်အောင်၊ အရာရှိကနေ အကြီးအကဲဖြစ်အောင်၊ ကားစပယ်ယာကနေ ကားဒရိုင်ဘာဖြစ်အောင်၊ ကားဒရိုင်ဘာကနေ ကားပိုင်ဖြစ်အောင် ကြိုးစားရမှာပါ။ သခင်စိတ်မွေးထားရမှာပါ။ မြန်မာဆိုရိုးစကားရှိပါတယ်။ 'စိတ်ထားတတ်တော့ မြတ်တယ်' ဆိုတာလိုပဲ။ မြင့်မြတ်တဲ့စိတ်ထားနဲ့ လုပ်ကိုင်ရမှာပါ။

အလုပ်သမားကျင့်ဆောင်ရမယ့် ကျင့်ဝတ်ငါးပါးရှိပါတယ်။

အဲဒါတွေက -

- အလုပ်ရှင်ထက်နောက်ကျမှ အလုပ်ဆင်းရပါမယ်။
- အလုပ်ရှင်ထက်စောပြီးအလုပ်ဝင်ရပါမယ်။
- အလုပ်ရှင်က ပေးကမ်းပါမှ ယူရပါမယ်။
- မခိုမကတ်ဘဲ စေတနာထားပြီး စေ့စေ့စပ်စပ် ဆောင်ရွက်လုပ်ကိုင်ရပါမယ်။
- အလုပ်ရှင်ရဲ့ဂုဏ်ကျေးဇူးကို ပြောဆိုရပါမယ်။



ဒါတွေက အလုပ်သမားတွေရဲ့ ကျင့်ဝတ်စည်းကမ်းတွေပဲဖြစ်ပါတယ်။

အလုပ်ရှင်တွေက အလုပ်သမားတွေအပေါ် တာဝန်မဲ့ပျက်ကွက်တာတွေလည်း အများကြီးပါပဲ။ အလုပ်သမားတွေအတွက် ပြန်မကြည့်တာ၊ အကူအညီမပေးတာ၊ အလုပ်တွေနှင်းကန်ခိုင်းစေတာတွေလည်း ဒုနဲ့ဒေးပါပဲ။ တချို့အလုပ်ရှင်တွေက အလုပ်သမားအပေါ် အထင်သေးအမြင်သေး နှိမ်ကြည့်တတ်ကြတယ်။ ဂုဏ်သိက္ခာထိခိုက်သည်အထိ ပြောဆိုထိပါးလာတယ်။ အလုပ်သမားမိသားစုနဲ့ လူမှုဝန်းကျင်ကိုပါထိခိုက်ပြီး အပြစ်တွေဖွဲ့ဆိုတတ်ပါတယ်။ ဂုဏ်သိက္ခာကို စော်ကားမော်ကားပြောဆိုတတ်ကြတယ်။ Look Down ဖြစ်တာပါပဲ။

တချို့သော ကိုယ်ကျိုးကြည့် အလုပ်ရှင်တွေဆို အတင်းအဓမ္မခိုင်းတာရှိပါတယ်။ အန္တရာယ်ကြီးတာသိပါလျက်သားနဲ့ အဓမ္မစေခိုင်းလို့ အသက်ပေါင်းများစွာဆုံးရှုံးရတာတွေလည်း မနေရတွက်နိုင်အောင်ပါဘဲ။ အန္တရာယ်များကြောင်းရှင်းပြပြောတဲ့အခါ 'ရတယ်၊ လုပ်ရမယ်' ဆိုတဲ့ ပေါ့ပေါ့ပါးပါး ပြောစကားကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်တွေ ပျက်စီးဆုံးရှုံးခဲ့တာလည်း အများကြီးပါပဲ။ ကိုယ်ကျိုးအတွက် လူသားတွေကို အသုံးချပြီး အမြတ်အစွန်းရရှိပိုင်ဆိုင်အောင်အားထုတ်တဲ့ အလုပ်ရှင်လောဘသားတွေလည်း အများအပြားပါပဲ။ ကိုယ်ကျိုးကြည့် အလုပ်ရှင်တွေကိုပြောတာပါ။

အဲဒါတွေက မလုပ်ကောင်းတဲ့အရာ၊ မထားကောင်းတဲ့ စိတ်ဓာတ်တွေပါ။ တကယ်တော့ ငါကိုဦးစားမပေး၊ ငါ့အဖို့ဆိုတဲ့ လောဘ၊ အတ္တ၊ မာနတွေကို ဦးစားမပေး အနစ်နာခံလိုတဲ့ အလောဘစိတ်ရှိတဲ့အလုပ်ရှင်ဖြစ်ရမှာပါ။ လူသားအချင်းချင်း တကယ်ကြင်နာတဲ့စိတ်၊ အနစ်နာခံတဲ့စိတ် အခြေခံထားရှိရမှာပါ။ သူ့ဘက်ကိုယ့်ဘက်ကြည့်တတ်တဲ့စိတ်မျိုးထားရှိရမှာပါ။ ဆိုလိုတာက အများအကျိုးကြည့်တတ်တဲ့စိတ်ထား ကိုယ့်သန္တာန်မှာ အလိုအလျောက်အမြစ်တွယ်ကိန်းအောင်းနေဖို့ပါ။

အလုပ်ရှင်တွေ ကျင့်သုံးရမယ့် ကျင့်ဝတ်တွေလည်း ငါးပါးရှိပါတယ်။

အဲဒါတွေက -

- မိမိရဲ့အလုပ်သမားကို ဝလင်အောင် ကျွေးမွေးရပါမယ်။
- လုပ်အားနဲ့လုပ်ခန်းသင့်လျော်အောင် စီစဉ်ပြီး သင့်လျော်တဲ့အချိန်မှာ လုပ်ကိုင်စေရပါမယ်။
- ဖျားနာရင် ဆေးကုသပေးရပါမယ်။
- ကောင်းမွန်တဲ့အစားအစာကို ဝေငှပေးရပါမယ်။
- နေ့ကြီးရက်ကြီးအခါကြီးတွေမှာမခိုင်းစေဘဲ အနားပေးရပါမယ်။


အလုပ်ရှင်က အလုပ်သမားကို ပစ်ပယ်မထားဘဲ အကျိုးဖြစ်ထွန်းအောင် ထိုက်တန်တဲ့အခကြေးပေးပြီး ကူညီစောင့်ရှောက်ရမှာပါ။ မေတ္တာတွေထား၊ အကြင်နာအားတွေနဲ့ မိသားစုရင်းပမာ ချစ်ခင်ကြင်နာမှုတွေနဲ့ ထွေးပိုက်ထားနိုင်ရမှာပါ။ သည်းခံခွင့်လွှတ်ခြင်း၊ ကောင်းကျိုးကိုလိုလားခြင်းစတာတွေနဲ့လည်း ပြည့်လျှံနေရမှာပါ။ တတ်သည့်နားလည်မှုစွမ်းအားနဲ့ စေတနာထားပြီး သူ့ဘက်ကိုယ့်ဘက် အမြတ်ထွက်အောင် ပို၍ပို၍ ကြိုးစားဆောင်ရွက်ရမှာပါ။ ဘာပဲလုပ်လုပ်တန်ဖိုးကြီးအောင်လုပ်ပါ။

ဒေါက်တာအရှင်လာဘသာမိ
(မြောင်းမြ)




www.burmeseclassic.com

www.burmeseclassic.com



...နန်းတောင်နန်းဦးကိုးနဝင်းစေတီတော်



အရံစေတီ (၈) ဆူနှင့် နန်းဦးကိုးနဝင်းစေတီ



ရှေးဟောင်းယွန်းဆင်းတုတစ်ဆူ

# ရေနန်းတောင် နန်းဦးကိုးနဝင်းရှေးဟောင်းစေတီတော်

## မောင်စိမ်းတွေး(ထားဝယ်)


ပထမခေါက် -

ထားဝယ်မြို့အရှေ့ဘက် မြို့စွန် ...ဝင်ပေါက်သို့ ဦးတည်သွားသော ရှေး ...ခေါ် ယိုးဒယားလမ်း၊ ယိုးဒယားကုန်း (SIAM ROAD၊ SIAM HILL) ယခု ...နည်လမ်း၊ ကျောက်မော်ကြီးကုန်း ...ဆင်းအဆုံးတွင်တည်ရှိသည့် ရေနန်းတောင်ဘုန်းကြီးကျောင်းသို့ ကျွန်တော် ...ရောက်ဘူးပါ။ ငယ်နုစဉ် လွတ်လပ်...း အထက်တန်းကျောင်းသားဘဝက ...လားဝါးလားနှင့် အပေါင်းအဖော် ...ငယ်ချင်းတစ်စု စက်ဘီးကိုယ်စီနှင့် ...ရေနန်းတောင်ကျောင်းရှေ့မှ အခါခါဖြတ် ...ဖြတ်လာဖူးပါသော်လည်း ကျောင်း ...ရောက်ခဲ့။ မှတ်မိသလောက် ထိုစဉ် ...ခါက ရေနန်းတောင်ကျောင်းရှေ့ ...နှာစာတစ်လျှောက် သစ်ပင်ကြီး ...စ်ပင်ငယ် ချုံနွယ်ထူထူ အထူးသဖြင့် ...ပင်များ လက်ယှက်ထိုးအုပ်မိုးတော ...နေ၍ ကားလမ်းမှ အလွယ်တကူ ...ထဲမမြင်ရချေ။ စေတီ၊ ကျောင်း၊ ကန်၊ ...မ်၊ ဇရပ်တို့မှာ အတော်လှမ်းလှမ်း ...ထဲကျကျကုန်းမြင့်ပေါ်တည်ရှိသည်။ ...သွားလူလာ လူသိနည်းလှသဖြင့် အမြဲ ...လို တိတ်ဆိတ်ခြောက်ကပ်နေတတ် ...ည်ကိုတော့ သတိပြုမိသည်။

(၁၀) တန်းကျောင်းသား အတန်းဖော် ဦးသန်းအောင်၊ ဒေါ်သင်းလှ (ကျောင်းဆရာ/ဆရာမငြိမ်း)မိသားစုတို့၏ ကထိန်ခင်းအလှူပွဲဖိတ်စာ လက်ထဲရောက်လာသဖြင့် ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ ရက် (၂၂-၁၀-၂၀၁၆) နေ့ အလှူပွဲကျင်းပရာ ရေနန်းတောင်ကျောင်းသို့ ကျွန်တော် ရောက်ရှိခဲ့ပါသည်။ လူတစ်ခု ပူမှုကုဋ္ဌေ ဆိုသကဲ့သို့ သူ့အရေးကိုယ့်အရေး ဇောချွေးပြန်မျှ ရှုန်းကန်လှုပ်ရှား ဘဝတိုက်ပွဲအကြား နစ်မွန်းနေကြရသဖြင့် တစ်ယောက်နှင့်တစ်ယောက် ဆယ်စုနှစ်ခုမျှ မတွေ့ရကြာပြီဖြစ်ပေရာ ကျောင်းနေဖက်သူငယ်ချင်းအား မာကြောင်းသာကြောင်းသောင်းပြောင်းထွေလာ တွေ့ဆုံစကားပြောလိုသည့်ဆန္ဒလည်းပါသည်။

□ ရေနန်းတောင်ကျောင်းတိုက်

ထည်ဝါခံ့ညားသော အုတ်မှခ်ဦးထင်းထင်းကြီးအား မော့ကြည့်ရင်း ကျွန်တော်ရပ်နေမိသည်။ မည်သို့မျှ ထင်မှတ်မထားသော မြင်ကွင်းအပြောင်းအလဲကြောင့် ရုတ်တရက် အံ့အားသင့်



ကျောက်ထီးတော်နှင့်ဖူးမြော်ရပုံ



www.burmeseclassic.com


www.burmeseclassic.com



ရွှေဟောင်းစကျင်ကျောက်ဆင်းတုတစ်ဆူ



စကျင်ကျောက်ရွှေဟောင်းဘုရားများ



ရွှေထီးတော်အသစ်တင်လှူပူဇော်ပြီးဖူးမြော်ရပုံ



ရွှေဟောင်းကြေးဆင်းတုတစ်ဆူ

သွား၍ဖြစ်သည်။ ကျောင်းဝင်းကြီးတစ်ခုလုံး တိုးလျှိုးပေါက် ရှင်းလင်းသန့်ပြန့်ပေါ်လွင်နေကာ မုခ်ဦးနှင့်တစ်ဖြောင့်တည်း ကွန်ကရစ်လမ်း၊ ထိုလမ်းဝဲယာနှစ်ဖက် သာသနိအုတ်တိုက်အဆောင်ဆောင်တို့ သစ်လွင်ခမ်းနားကျက်သရေတင့်စွာ တွေ့ရပေသည်။ တစ်ချိန်က တိတိကျကျဆိုသော် လွန်ခဲ့သော(၄၅)နှစ်ကျွန်တော်သိမီလိုက်သောအချိန်တုန်းက ဒူးရင်း၊ သရက်၊ ပိန္နဲ၊ စုံပဒ၊ တညင်း၊ မရန်း၊ သစ်တို၊ မန်ကျည်း၊ ကံ့ကော်၊ ပိတောက်၊ တောင်ဘီး၊ ကနစို၊ ပန်းကညစ်၊ ညောင်၊ ဥန္နဲ၊ တောသဖန်း၊ မြရာ၊ ကုက္ကို၊ ကညင်၊ ဆီ စသော သစ်ကြီးဝါးကြီးအပင်မျိုးစုံ ကြီးချင်သလိုကြီးအပြိုင်းအရိုင်းပေါက်နေ၍ ရေနန်းတောင်ကျောင်းဝင်းကား တောအုပ်တစ်ခုနှင့်ပင်တူသေးတော့သည်။ တောကြက်တောင့်ကွက်တွန်သံ၊ တောကြောင်အော်သံ၊ ရှဉ့်တောက်သံ၊ ချေဟောက်သံ၊ အင်းကျားညည်းသံ၊ မြွေတွန်သံ တညံ့ညံ့ကြားကြရသည်။ ရံဖန်ရံခါ တောကြီးမြွေများ တောင်ကြောမှဆင်းချလာသည်ကို တွေ့သူကတွေ့သည်ဟုလည်း ဆိုသည်။ စေတီဟောင်းတစ်ဆူ၊ ရှေးကျောင်းတစ်ဆောင်၊ ဘုန်းကြီးအိုတစ်ပါးနှင့် တောအောင်းသားတို့ သွားလာကျက်စား ချောက်ချောက်ချားချားနေရာဟုလူပြောသူပြောများခဲ့ဖူးပါသည်။


ယခုသော် အရာရာပြောင်းလဲနေပေပြီ။ မမြဲသော သင်္ခါရတရားအောက်ပြားပြားဝပ် ပြေးမလွတ်သော ပြယုဂ်တစ်ခုပေပဲဟု ကျွန်တော် ဆင်ခြင်မိသည့် ခဏချင်း၌ပင် အတိတ်မှ အရိပ်သင်္ဂြာန်တို့ မှုန်ဝါးပျောက်ကွယ်သွားလေသည်။ မည်သို့ဆိုစေ မိတ်ဆွေကြီးဦးသန့်စင်နှင့်အတူ စကားတပြောပြောနှင့် ဘုရားကုန်းတော်ပေါ် ရောက်သွားသော ကျွန်တော်သည် ဆိတ်ငြိမ်အေးချမ်းလှသည့် ရေနန်းတောင်နန်းဦး ကိုးနဝင်း ရွှေဟောင်းစေတီတော်ခြေရင်းထံပါး ပျပ်ဝပ်ညွတ်တွားထိခြင်းငါးပါးရှိခိုးဦးတင် ဖူးမြော်ရသည်ပင်လျှင် ကုသိုလ်ကံထူးလှပါပေသည်။

အလှူပွဲပြီး အပြန်နှုတ်ဆက်သောအခါ 'စာရေးဆရာ၊ ရေနန်းတောင်ဘုရားအကြောင်းကို သူရဇ္ဇမဂ္ဂဇင်းမှာ ဖော်ပြပေးစေလိုတယ်' ဟူသော သူငယ်ချင်း ကိုသန်းအောင်၏ စကားတစ်ခွန်း ကျွန်တော့်ရင်ထဲ စူးနစ်ထိရှခဲ့ရသည်ကိုတော့ ကျွန်တော်မှတစ်ပါး မည်သူကမျှ သိနိုင်မည် မဟုတ်ပါလေ။


ဒုတိယခေါက် -

တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စစ်ဘုရင်တို့ ကြီးစိုးမင်းမူသော ရှေးကာလဝယ် ခေတ်အမျိုးမျိုးပြောင်းခဲ့သည်နှင့်အမျှ မွန်၊ မြန်မာ၊ ရှမ်း၊ ထားဝယ်မင်းများ၊ မြို့စားများသည်

www.burmeseclassic.com



ရှေးလက်ရာကျောက်ထီးတော်



မှန်စီရွှေချသစ်သားပန်းပုဒေါင်းရုပ်ကြီး



တိုင်လုံးတွင်ဖောက်ထားသော အံဝှက်ပေါက်



ရွှေထီးတော်မြတ်အသစ်

ကျွန်တော်တို့ ထားဝယ်ဒေသအား သီးခြားဖြစ်စေ၊ လက်အောက်ခံဖြစ်စေ မင်းပြောင်းမင်းလွဲအုပ်ချုပ်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက်လုံး လေ့လာတွေ့ရှိရသည်။ ကျောက်မော်ကြီးကုန်းထိပ်နေရာ၌ ရှေးမင်းတို့နန်းစိုက်သော နန်းတော်ရှိခဲ့ဖူးသဖြင့် နန်းတော်ရာကျောင်းဟုတွင်သောကျောင်း ယနေ့ထိတိုင် အထင်ကရရှိသည်။ မည်သည့်ခေတ် မင်းနန်းစိုက်သည်၊ နန်းတည်သည် ခန့်မှန်းရန် မလွယ်ကူသော်လည်း ကုန်းဘောင်ခေတ်ဦး အလောင်းမင်းတရားကြီး ထားဝယ်စစ်ကြောင်းချီလာစဉ် ၁၁၂၁ ခုနှစ် မြို့စား ရေဝန်ဒေဝဒိဗ္ဗ (၁) နှစ်ခန့် နန်းထိုင်စိုးစံခဲ့သည်ဟု မှတ်တမ်းရှိသည်။ ထိုနန်းတော်နှင့် မနီးမဝေးရှိ ရေနန်းတော်ကုန်းမြင့်၌ နန်းဦးစေတီတည်ရှိသည်ဖြစ်ပေရာ ဒေဝဒိဗ္ဗမတိုင်ခင် ကလော သို့တည်းမဟုတ် ဒေဝဒိဗ္ဗမြို့စားမင်းကိုယ်တိုင် တည်ထားခဲ့သလော အသေအချာမပြောနိုင်ချေ။ သက်ကြီးစကားအရ မင်းညီမင်းသားများရေကစားသည်ဆိုသော တောင်ခြေအား ဦးတိုက်ကွေ့ဝိုက်စီးသွားသည့် ရေနန်းတောင်ချောင်း၊ ရေနန်းတောင်တံတား ယနေ့မျက်မြင်ရှိသည်။

"ဒကာကြီး၊ ကိစ္စရှိလား"

ကျောင်းအောက်ထပ်လှမ်းမေးသံကြောင့် ကျွန်တော်အတွေးစပြတ်သွားသည်။ ဦးပဉ္စင်းကြီးတစ်ပါး၊ ကွမ်းအစ်တစ်လုံးရှေ့ချထိုင်၍ ကွမ်းယာနေသည်။ ကပျာကယာ ကျွန်တော်ချဉ်းကပ်သွားပြီး မြေပေါ် ဒူးတုပ်ဦးချရပါသည်။ ထို့နောက် လာရင်းကိစ္စဖြစ်သော ရေနန်းတောင်ဘုရားစေတီအကြောင်းအရာသိရှိလို၍ တပည့်တော်အား စွန့်ကြဲပါရန် လျှောက်ထားရသည်။ ဦးပဉ္စင်းကြီး ဦးသုမန (၇၂) နှစ် လူအမည် ဦးသိန်းအောင်သည် ကျွန်တော့်အသိ ကျောင်းဆရာကိုစံသိန်း၏အစ်ကို တစ်ရပ်ကွက်သားဖြစ်ကြောင်း စကားစပ်ရင်းသိရသည်။

ဦးပဉ္စင်းက -

"ဒီနန်းဦးဘုရားတည် ခုနှစ်သက္ကရာဇ်နဲ့ ဘယ်မင်းစိုးရာဇာတည်တယ်ဆိုတာကို ဂဃနဏပြောနိုင်သူမရှိပါဘူး။ နန်းတော်ရာကျောင်းနဲ့ ဆက်စပ်နေတယ်လို့တော့ ပြောကြတယ်။ ရှေးက (၉) တောင်ပြည့်စေတီတစ်ဆူတဲ့။ လူကြီးတွေပြောတာကြားဖူးနားဝရှိတယ်။ မိုင်းသူဌေး တယ်လူဖေ၊ ဒေါ်အေးမြတို့ စေတီပြုပြင်တဲ့အခါ ဌာပနာတိုက်ကိုတူးတယ်။ ဒါပေမယ့် မပေါက်ဘူး။ မီးပွင့်ခံနေတယ်တဲ့။ ရှေးလူတွေက အဲဒီလောက်ခိုင်ခံ့အောင်လုပ်ထားတာကလား၊ ဒါနဲ့ စေတီဟောင်းကို ငုံပြီးတည်ကြရတယ်လို့ဆိုတယ်။ အခုဖူးတွေ့ရတဲ့ စေတီပေ့ါလေ။ ဉာဏ်တော် (၂၇) ပေမြင့်တယ်။ ရွှေထီးတော်တင်လှူမယ်။ အခု ရွှေသင်္ကန်းကပ်နေတယ်။ အရင်ထီးတော်ဟောင်းကျောက်ထီးချထားလိုက်ပြီ။ ဒကာကြီးသွားကြည့်လိုက်ပါ။ ဒီမှာ ထီးတော်တင်လှူပွဲဖိတ်စာယူသွား"

ဟု တိုတိုတုတ်တုတ် မိန့်ဆိုပါသည်။

တစ်ခေတ်တစ်ခါက အရှေ့တောဟုခေါ်သော ပကာရီ၊ ဟာမြင်းကြီး၊ မြေးခန္တီ၊ သင်္ကန်းတုံး၊ ဝကုန်း၊ ဘဝပင်၊ ကျောက်မဲတောင်၊ တောင်သုံးလုံး၊ မြောင်းပြို၊ ဟိန္ဒာသတ္တုမိုင်းတွင်းများ၌ လက်ညှိုးထိုးမလွဲ မိုင်းတွင်းပိုင်ရှင် သူဌေးတယ်လူဖေသည်ရေနန်းတောင်ကျောင်း ပရိဝုဏ်အတွင်း မန်ကျည်းပင်အနီးရှိ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားဆောင် (ယခုမရှိတော့ပါ) မီးဖိုခန်းအခင်းကို အင်္ဂတေကိုင်၍ ငွေဒင်္ဂါးအိတ်များ တိတ်တဆိတ်မြှုပ်နှံထားလေ၏။ ပြည်သူပိုင်သိမ်းချိန်ဖြစ်၍ ထိတ်လန့်စိုးရွံ့ပြီး ယင်းကဲ့သို့ သိုဝှက်ဖျောက်သည်ဟုဆိုပါသည်။ ဆရာတော် ဦးပဥ္စင်းကာ (ဦးပညာသီဟ) မှာ သူဌေးတယ်လူဖေနှင့် ဆရာဒကာရင်းဖြစ်သောကြောင့် အဆင်ပြေသည်။ ထို့နောက် အချိန်ကြာလာသောအခါ ကြွက်ဖောက်သဖြင့် ကြွက်တွင်းမြေစာများနှင့်အတူ ကနဦးဒင်္ဂါးတစ်ပြားစနှစ်ပြားစမှ ပိုမိုများ၍များ၍ မြေပေါ်ထွက်ရှိလာသည်။ ကျောင်းသားငယ်ကလေးများက ဘုမသိဘမသိ ကောက်ယူရရှိသည့် ငွေဒင်္ဂါးများကို အချင်းချင်းဒိုးပစ် (ထားဝယ်အခေါ် မ,ခတ်) ကစားနေကြသည်ကို တွေ့မြင်သွားသော သိသူတို့က ဒင်္ဂါးတစ်ပြားကို ငွေတစ်ကျပ်နှင့် ကျောင်းသားလေးများထံမှ ရသမျှဝယ်ယူတော့သည်။ (တချို့သူတို့က ကြွက်တွင်းထဲ လက်သွင်းနှိုက်ယူသူပင်ရှိသည်ဟု ပြောဆိုကြသည်။ စကားချပ်) ထိုသတင်းမှာ တဖြည်းဖြည်း ပြန့်ကားသွားကာ သူဌေး တယ်လူဖေ ကြားလျှင် ငွေဒင်္ဂါးအိတ်များ ချက်ချင်းဖော်ယူ၍ ဂျစ်ကားနှင့်သယ်လေသည်။ ပထမခေါက်သယ်ပြီး ဒုတိယခေါက်၌ သက်ဆိုင်ရာမှ ဖမ်းဆီးစစ်ဆေးခြင်းခံရသည်ဆိုသော အဖြစ်အပျက် အမှန်တကယ်ရှိခဲ့ဖူးသည်။


ဦးပဥ္စင်းဦးသုမန မိန့်သည့်အတိုင်း ရွှေထီးတော်အသစ်တင်လှူရန် စေတီတော်၌ ငြမ်းဆင်ထားနှင့်ပေပြီ။ ရှေးလက်ရာ ထီးတော်ဟောင်းကျောက်ထီးကြီးကိုလည်း ရင်ပြင်တော်တွင် တွေ့ရသည်။ ၁၃၇၈ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ကျောက်ထီးကြီးကိုချရာတွင် (၁) ကျပ်လုံးသံဆိုင်းကြိုးကို အသုံးပြုရသည်ဟု သိရသည်။ ထီး (၉) ဖုံရှိ၍ အောက်ဆုံးဖုံလုံးပတ် (၉) ပေ၊ အချင်း (၂) ပေ၊ (၁၁) လက်မ၊ အမြင့် (၁) ပေ (၂) လက်မရှိသည်။

တတိယအခေါက် -

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် (၈-၁-၂၀၁၇) တနင်္ဂနွေနေ့တွင် ရေနန်းတောင်နန်းဦးကိုးနဝင်းဆုတောင်းပြည့်စေတီတော်နှင့် အရံစေတီ (၈) ဆူအား (၁၀ဝိ) အသင်း စုပေါင်းဘုံကထိန်အဖွဲ့မှ ပြန်လည်ပြုပြင်၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲကို ကျင်းပသည်။



ဝင်းရတနာသိဒ္ဓိကျောင်းဆောင်တော်



ရေနန်းတောင်ရှေးကျောင်းကြီး



သိဒ္ဓိစံမှောရုံတော်

နံနက် နေဝန်းပေါ် ရွှေထီးတော်တင်လှူပူဇော်ချိန် ကျွန်တော် အချိန်မီ အပြေးအလွှားနှင့် ဓာတ်ပုံမှတ်တမ်းတင်ယူရပါသည်။ ကျောက်ထီးတော်တွင် ညောင်ပင်စွဲ၍ တစ်နှစ်တစ်ခါ တက်ရှင်းရသည်မှာ ခက်ခဲပြီး အန္တရာယ်များ၍ ယခုကဲ့သို့ထီးတော်အသစ် တင်လှူပူဇော်ကြောင်း သိရပါသည်။

ရွှေထီးတော်အသစ်တင်လှူပွဲနှင့်အတူ ရေနန်းတောင်ကျောင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်အသစ်တင်လှူပူဇော်စဉ်



ရွှေထီးတော်အသစ်တင်လှူပူဇော်စဉ်



ဆရာတော်သံဃာတော်များအား
ဖူးမြော်ကြည်ညိုရစဉ်



ကျောင်းဆောင်တော်လှူတက်အခမ်းအနားပွဲမှ
မိုးပျံပူဖောင်းလွှတ်တင်



ရွှေထီးတော်အသစ်တင်လှူပူဇော်အပြီး ရွှေမိုး ငွေမိုးရွာ

ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒာ စာရ သက်တော်(၄၃)နှစ်ပြည့် (ဝိဇာတ) မွေးနေ့အလှူတော်မင်္ဂလာပြုလုပ်လှူဒါန်းခြင်း၊ တပည့်ဒါယကာများ၏ စုပေါင်းဆောက်လုပ်လှူဒါန်းပြီးစီးသည့် အလျား (၇၆) ပေ × အနံ (၄၁) ပေ တစ်ထပ် RC သိဒ္ဓိစံမှောရုံတော်၊ အလျား (၈၀) ပေ × အနံ (၃၅) ပေ နှစ်ထပ် RC ဘောဇနသိဒ္ဓိဆွမ်းစားကျောင်းဆောင်တော် အလှူ့ဒါယကာဦးဆင်ဂွမ်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ဝင်းမိသားစု၏ အလျား (၈၀) ပေ × အနံ (၃၀)ပေ နှစ်ထပ် RC ဝင်း ရတနာသိဒ္ဓိကျောင်းဆောင်တော်တို့လှူတက်ပွဲအခမ်းအနားကျင်းပခြင်း၊ ဘုရားအမှူးရှိသောပင့်သံဃာတော် (၁၃၅) ပါးတို့အားဆွမ်းခဲဖွယ်ဘောဇဉ်များ စုပေါင်းလှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ကြိတ်ကြိတ်တိုး စည်ကားသိုက်မြိုက်စွာ အလှူတော်မင်္ဂလာကျင်းပပြုလုပ်ပါသည်။

နန်းဦးကိုးနဝင်းရှေးစေတီတော်ကြီးအား မျက်နှာစာ (၃) ဘက် တံတိုင်းကာရံထားပြီး အရှေ့ဘက်ရင်ပြင်တော်တွင် အလယ်သမုတ်သိမ်နှင့် လက်ဝဲ၊ လက်ယာ သိမ်တစ်ဆောင်စီရှိသည်။ အားလုံးရှေးသိမ်များဖြစ်၍ ရှေးဘုရားဆင်းတုများကိန်းဝပ်သည်။ ထိုင်တော်မူဆင်းတုတော်တစ်ဆူစမ္မခဏ်၌ ၁၂၇၄ ခု၊ ပြာသိုလဆုတ် ၈ ရက်နေ့တွင် ဘုရားဒကာဦးဆိုင်၊ ဘုရားအမ မိအို၊ သားမောင်ထွန်းလှိုင် မြေးသားသမီးတစ်စုကောင်းမှုဟူသော အင်္ဂတေထွင်းစာတန်းအား ဖတ်ရှုရသည်။ ဦးသန်းမောင်နှင့်သားသမီးမြေးမြစ်တစ်စုပြန်လည်ပြုပြင်လှူဒါန်းသည့် ယိုးဒယားပုံစံ တင်ပျဉ်ခွေယွန်းဘုရားတစ်ဆူ ထူးခြားစွာဖူးတွေ့ရသည်။

စေတီတော်အတိုင်းအတာမှာ
စေတီဉာဏ်တော် (၂၇) ပေ
ရွှေထီးတော် (စိန်ဖူးအထိ)
(၁၄) ပေ
ထီးတော်အချင်း
(၃) ပေ (၈) လက်မ
ထီးတော်လုံးပတ် (၁၀) ပေ
အရံစေတီ (၈) ဆူ
ဉာဏ်တော် (၉) ပေစီ
အရံစေတီ (၈) ဆူလုံးပတ်
(၇) ပေ (၄) လက်မစီ
အရံစေတီ (၈) ဆူ ထီးတော်
(၃) ပေ (၁၁) လက်မစီ

www.burmeseclassic.com


www.burmeseclassic.com


စေတီဖိနပ်တော်
(၃၅) ပေ (၁၀) လက်မ × (၃၅) ပေ (၆) လက်မ × (၄) ပေ (၄) လက်မ
အောက်ပလ္လင်တော်
(၁၁) ပေ (၇) လက်မ × (၁၁)ပေ (၄) လက်မ × (၂) ပေ (၉)လက်မ
စတုတ္ထအခေါက် -

၂၈-၁-၂၀၁၇၊ တပို့တွဲလဆန်း ၁ ရက်၊ စနေနေ့ မွန်းလွဲ (၃း၁၅) နာရီ လက်ရှိ ရေနန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရအား ကျွန်တော်အား သွားရောက် ဖူးမြော်၍ လျှောက်ထားမေးမြန်းပါသည်။ ဆရာတော်မိန့်ကြားသည်ကို ပြန်လည်ဖော်ပြရသော် ယခုသက်တော် (၄၃) နှစ်၊ သိက္ခာတော် (၂၃) ဝါရှိ ဆရာတော်သည် ဤကျောင်းသို့ သက်တော် (၂၈) နှစ်၊ သိက္ခာတော် (၈) ဝါအရတွင် ၁၃၆၃ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ကြွရောက်သီတင်းသုံးတော်မူသဖြင့် (၁၅) နှစ်ရှိပေပြီ။ လောင်းလုံးမြို့နယ် ပဥ္စသီမော်ဇာတိဖြစ်သည်။ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ကိုရင်နှစ်ပါး၊ ကျောင်းသားနှစ်ယောက်နှင့် ကြွရောက်လာသော သက်တော်ငယ်ငယ် ဝါတော်နုနု ဆရာတော်အား ရှေ့ကကျောင်းထိုင်ဆရာတော်များနည်းတူ ဘယ်လောက်မှကြာမည်မဟုတ်ဟူ၍ အရပ်ကလူများ၏ တစေ့တစောင်းမျက်လုံးများဒဏ်ခံစားရသည်။ ပေယျာလကံအရှင်မဲ့ကျောင်းမှာ ပရိဂ္ဂဏ်သတ်သတ်မှတ်မှတ်မရှိတော့။ အငှားအဆီးမဲ့ ကျွဲကျောင်း၊ နွားကျောင်း၊ ဆိတ်ကျောင်းနေရာဖြစ်ကာ အများသုံးဖြတ်လမ်းပင်ပေါက်နေသည်။

တုတ်တံတိုကလေးနှင့် ပတ်ချည်ထားသောပိတ်ဖြူစအပေါ် ရေးဆွဲထားသည့် ရေနန်းတောင်ကျောင်းဝတ္တကမြေနယ်နိမိတ်ပြအင်္ဂလိပ်ခေတ်မြေပုံအားတိုက်သစ်ကျောင်း၌ ဆရာတော်တွေ့ရှိဖူးလေရာ ယခုမျက်မြင်အနေအထားနှင့် အတော်ခြားနားနေသည်။ မြေကြီးမြေပုံမြေစာရင်းတာဝန်ခံသက်ဆိုင်သူများအား ခေါ်ယူ၍ တိုက်သစ်ဆရာတော်ကိုယ်တိုင် မျက်နှာချင်းဆိုင်ပြောဆိုသော်လည်း ဟိုအကြောင်းပြသည် အကြောင်းပြ မရေမရာအရည်မရအဖတ်မရ အဖြေသာရရှိသည်။ ငယ်စိတ်ငယ်မာန်ရှိသော ဆရာတော်အနေနှင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာပြည့်ဝကုံလုံတော်မူသည့် သက်တော်ရှည် တိုက်သစ်ဆရာတော်ဘုကြီး၏ အေးရာအေးကြောင်းဖျောင်းဖျမိန့်တော်မူသည်အား မြေဝယ်မကျ နာယူခဲ့ပါသည်။ လက်ရှိတွင် ဝတ္တကမြေ (၃) ဧကခန့်ရှိသည်။

ဆရာတော်အား မိမိဇာတိရွာ၌ပင် အေးချမ်းစွာပြန်လည်သီတင်းသုံးရန် မယ်တော်ပင့်လျှောက်သည်ကို ငြင်းပယ်ပြီး ဘုရားသားတော်ပီပီ သပိတ်တစ်လုံးအားကိုး၍ ခြိုးခြံပင်ပန်းစွာ သာသနာပြုလေသည်။ ဆရာတော်ရှေ့ ကျောင်းထိုင်ဆရာတော်(၆)ဆက်၊ ၎င်းရှေ့ဘုန်းကြီးကာ၊ ၎င်းရှေ့ ဘုန်းကြီးကျော်လှ၊ ၎င်းရှေ့ ဘုန်းကြီးကျော်ဇံတို့ ကျောင်းထိုင်ခဲ့သည်


သောဘနေသိဒ္ဓိဆွမ်းစားကျောင်းဆောင်တော်


ရေနန်းတောင်ကျောင်းတိုက်မုခ်ဦး


ရွှေထီးတော်တင်လှူပူဇော်ပွဲ ကြိတ်ကြိတ်တိုးစည်ကားစွာ



www.burmeseclassic.com


www.burmeseclassic.com



ရေနန်းတောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဝိန္ဒာစာရ



ရေနန်းတော်မှ တွေ့မြင်ရသော ယိုးဒယားထင်း (အဝေးတွင် ဇလွန်ရွှေဟောင်းစေတီ)



ရေနန်းတောင်ချောင်း

သိရပါသည်။ နန်းဦးကိုးနဝင်းစေတီ ...တား ထုံးသင်္ကန်းကွာ၍ ရေညှိမှိုင်း ...း ထီးတော်ညောင်မျို ရင်ပြင်တော် ...ထလျက် ပြုပြင်သူကင်းမဲ့ စွန့်ပစ် ...သည်ကို ဝမ်းနည်းဖွယ်တွေ့ရသည်။ ...တော်အနောက်မြောက်ထောင့်၌ ...သစန်းပင် (ထားဝယ် - အုန်းစုန်းကူး) အနီး လူကြီးတစ်ရပ်နီးပါး အရိုးအိုးကြီးတစ်လုံးကို ဖြိုဖျက်သောအခါ အရိုးများထည့်ထားသော ရှစ်မြှောင့်ဖန်ဘူးတွေ့ရှိသဖြင့် ရေတွင်မျှောလိုက်ရကြောင်း မှတ်မှတ်ရရမိန့်ပါသည်။

၁၃၆၃ ခုနှစ် ဆရာတော်ရောက်ခါစ ကျောင်းနှင့်မနီးမဝေးတွင်နေသော ဓာတိရှာသူ ဖွားထူးကျင် (၉၆) နှစ်အား မေးမြန်းကြည့်ရာ သူမ (၅)နှစ်၊ (၆)နှစ်အရွယ်တုန်းက (၉) တောင်ပြည့် နန်းဦးကျော်စေတီတော်တစ်ဆူသာရှိကြောင်း၊ နောက်မှ သူဌေးတယ်လူဖေက စေတီဟောင်းကိုဖုံ၍ ဉာဏ်တော်မြှင့် ပြုပြင်တည်ကြောင်း၊ နဝင်းကျေတြင်းကျေ အရံစေတီ (၈) ဆူကိုပါတည်ကြောင်း၊ ရေနန်းတောင်တွင် အင်္ဂလိပ်တပ်၊ ဂျပန်တပ်နေသွားကြောင်း မှတ်မိသည်ဟု ဆိုသည်။ ဂျပန်ဂူများဆက်သွယ်ရေးမြောင်း အပြိုအပျက်များ ယခုထိတွေ့ရှိသည်။

"ဒကာကြီးရေ၊ မပြောမပြီး မတီးမမြည်ဆိုသလိုဘဲ ဦးပဥ္စင်း ကျောင်းရောက်ဖြီးမကြာဘူး ညဥ့်ဘက်သန်းခေါင်သန်းလွဲဆို ကျောင်းအမိုးပေါ်က တဝေါဝေါတဖျောဖျောလျှော့ဆင်းသံတွေဆိုတာမနားတမ်းကြားရတယ်။ ကျောင်းနံရံပတ်ပတ်လည်ဘာတောက်တောက်ခေါက်၊ ကျောင်းပေါ် ဝုန်းဒိုင်းပစ်ချဆူညံနေတော့တာပဲ။ ဦးပဥ္စင်း ဓာတ်မီးထိုးဆင်းကြည့်တော့လည်း ဘာမှမတွေ့ဘူး။ ကြာတော့ အရေထူသွားတယ်လေ။ အိမ်း-မကျွတ်မလွတ်ကောင်တွေ သတိလာပေးတယ်ထင်ပါရဲ့။ ပြုပြီးပြုဆဲ ကုသိုလ်ကောင်းမှုအမျှအတန်းပေးဝေ မေတ္တာသုတ်ရွတ်ပေါ့။ ဒီလိုနဲ့ နောက်တော့ အလိုလိုအသံတွေပျောက်သွားရော"

တွေးတွေးဆဆမိန့်ပါသည်။

ဆရာတော်ပြ၍ ကျောင်းအပေါ်ထပ် ဘုရားခန်းလုံးချောပျဉ်းတိုင်တွင် ရွှေယခင်ကထွင်းထားသော အံဝှက်ပေါက်ကိုတွေ့ရ၏။ သူဌေးတယ်လူဖေ့ပိုင် ရွှေဒင်္ဂါးများလျှို့ဝှက်ထားသိုသောနေရာဟု ဆိုသည်။

ဖြာသိုလပြည့်၊ တပို့တွဲလပြည့်ညများ၌ နန်းဦးကိုးနဝင်းစေတီမှ ဇလွန်းတောင်ပြည်လုံးချမ်းသာစေတီတော်သို့ ရောင်ခြည်တော်များလွှတ်လေ့လွှတ်ထရှိသည်ဟု ဆရာတော် မှတ်မှတ်ရရအမိန့်ရှိပါသည်။ဆရာတော်၏ ကြည်ညိုစဖွယ်သာသနာ့ဝန်ထမ်းလုံ့လအစိုက်မတ်မတ်တည်း။

□

လေယာဉ်ပျံသံ သဲ့သဲ့ကြားလိုက်ရ၏။

ခရီးမဆုံးသေးပါတကား။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# မနှင်းဆီ
## (ရေနံချောင်း-၂ နေပြည်တော်)
# အော်ကြီးနှင့်ငါးပါးကန္တာရ

တော်တော်တော့ကြာပါပြီ။ မိမိဖတ်ချင်သည့် စာအုပ်အဟောင်းများကို ဝယ်နေကျ၊ ငှားနေကျ စာအုပ်အငှားဆိုင်က ကလေးမကလေးနဲ့တွေ့တော့ ဒီလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ မိမိစာမူပါကြောင်းပြောပြတော့ ကလေးမလေးက ဘာပြန်ပြောသလဲဆိုတော့ -

"သမီးတို့ သိတာကတော့ စာရေးဆရာတွေကကုန်ကြမ်းရအောင် ခရီးတွေထွက်ရတယ်မို့လား။ အန်တီကျတော့ ခရီးမထွက်ဘဲနဲ့ရေးနိုင်တယ်ပေါ့"

လို့ ပြောပါတယ်။

ရုတ်တရက် ဘာပြောလိုက်ရမှန်း မသိဖြစ်သွားပါတယ်။

ရုံးရောက်တော့မှ ရုံးက ကလေးမကလေးတွေဆီမှာ ကိုယ့်ခံစားချက်ကို ရင်ဖွင့်မိပါတယ်။ အဲဒါက ဘာလဲဆိုတော့ စာရေးသူတို့ငယ်ငယ်က ဆရာကြီးသော်တာဆွေရေးတဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်းဆိုတဲ့ အခန်းဆက်ဝတ္ထုကို သွားသတိရမိပါတယ်။ ဆရာကြီးက သူ့ဘဝသူ့ပတ်ဝန်းကျင်ကအဖြစ်အပျက်တွေကို စာဖတ်ပရိသတ်ကို တင်ပြသွားတာပါ။ အဲဒီလိုပဲ စာရေးသူရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ တကယ့်အဖြစ်အပျက်တွေကလည်း ဝတ္ထုရေးဖို့ကို စိတ်ကူးယဉ်စရာမလို၊ ကုန်ကြမ်းရှာစရာမလိုအောင်ကို ရေးစရာတွေရှိနေပါတယ်။ ဒါကြောင့် ကိုယ်ရေးသမျှစာမူအားလုံးက တကယ့်အဖြစ်အပျက်တွေပါပဲလို့ ပြောပြမိပါတယ်။

ရှေးဆရာတော်ကြီးတွေမိန့်ခဲ့တဲ့ တရားရှာကိုယ်မှာတွေ့ဆိုသလိုပါပဲ မိမိပတ်ဝန်းကျင်အဝန်းအဝိုင်းတစ်ခုထဲမှာကို ရေးစရာတွေအများကြီးပါ။ အဲဒီထဲက သံဝေဂရစရာ၊ အတုယူစရာတွေကို ကောက်နုတ်ပြီး တင်ပြသွားမှာပါ။ အခုတစ်ပတ်လည်းပဲ တကယ့်အဖြစ်အပျက်တစ်ခုကို တင်ပြချင်ပါသေးတယ်။ -

စာရေးသူတို့ ငယ်ငယ်ကပေါ့။ ဖခင်ကြီးက သူ့ဇာတိရွာကို အလည်ပြန်တိုင်း ပြန်လာရင် အော်ကြီးဆိုတဲ့ကလေးအကြောင်းကို ပြောပြရတာအမောပေါ့။ အော်ကြီးကလေးက သူ့တူမကမွေးတဲ့ ကလေး (သူ့အစ်မရဲ့မြေးဆိုတော့) ဖခင်ကြီးရဲ့မြေးတော်မှာပေါ့။ ကလေးလေးက ဖြူဖြူထွားထွားကလေး။ ဒါပေမယ့် နှုတ်ခမ်းလေးက အကွဲကလေးဆိုတော့ နို့စို့ရတာသာမန်ကလေးတွေကိုမဝလွယ်ဘူးလေ။

ငယ်ငယ်က နို့စို့တိုင်း အလိုမကျတော့ အော်အော်ပြီးငိုလွန်းလို့ စာရေးသူရဲ့ဖခင်ကြီးက သူ့ကို အော်ကြီးလို့ အမည်ပေးထားတော့ သူ့အမည် အော်ကြီးပဲ တွင်သွားတာပေါ့။

အော်ကြီးအမေက အော်ကြီးအရင် အာခေါင်ထိနှုတ်ခမ်းအကွဲပါတဲ့ ကလေးတစ်ယောက်ကို မွေးပါတယ်။ အဲဒါလေးကဆုံးသွားရှာတယ်။ နောက်တစ်ယောက်ဖြစ်တဲ့ အော်ကြီးလေးက စကားပြောတတ်တဲ့ အရွယ်ရောက်လာတော့ စကားကမပီဘူးပေါ့။ အဲဒီအရွယ်ကတည်းက လူကြီးတွေ ဘုရားရှိခိုးရင် သူကလည်း မပီတပီနဲ့လိုက်ရှိခိုးတယ်လေ။ သူ့ရဲ့ဘုရားရှိခိုးစာက ဘယ်သူမှမသင်ပေးဘဲနဲ့ ငါးပါးကန္တာရ၊ ငါးပါးကန္တာရဆိုပြီးအော်အော်ရှိခိုးတော့တာပါဘဲ။

ဒီလိုနဲ့ (၅) နှစ်လောက်ရောက်တော့ သူ့မိဘတွေက သူ့နှုတ်ခမ်းကွဲလေးကို မန္တလေးဆေးရုံကြီးမှာသွားပြီးချုပ်ပေးကြပါတယ်။ သိပ်မသိသာတော့ပါဘူး။ စကားလည်း ပီပီပြင်ပြင်ပြောလို့ရပါပြီ။ အားလုံးပြောင်းလဲသွားပါပြီ။ မပြောင်းလည်းသေးတာက ဘယ်အချိန်ရှိခိုးခိုင်းရှိခိုးခိုင်း သူ့ရွတ်တဲ့ဘုရားစာကတော့ ငါးပါးကန္တာရပါပဲ။ ညစဉ် ဘုရားရှိခိုးပါတယ်။

အော်ကြီးတို့ရွာက စာရေးသူမိဘများရဲ့ဇာတိရွာပါ။ ရမည်းသင်းမြို့နယ်ရဲ့ အနောက်မြောက်ဘက်ထောင့်က သစ်ဆုံကြီးရွာပေါ့။ သစ်ဆုံဆည်မရှိတဲ့ သစ်ဆုံကြီးရွာပါ။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဇ္ဇအထူးထုတ်ထဲမှာ စာရေးသူရေးခဲ့တဲ့ 'သူကြီးဦးဘဒင်နှင့်ထူးခြားသောနယ်ခြားကိုယ်တော်' ဆိုတဲ့ ဝတ္ထုထဲမှာ ဖော်ပြထားသလိုပါဘဲ ဆည်တည်လို့မရနိုင်အောင် ထုံးကျောက်တွေကြောင့် မြေကြီးမှာကြမ်းပေါက်ကြီးတွေလိုက်လိုက်ဖွဲ့ပြီး ချောက်ပေါက်ကြီးတွေက သုံးပင်အိမ်တစ်လုံးစာလောက် အပေါက်ကြီးတွေဖြစ်လို့ပါ။ အရပ်အခေါ် ထူးပေါက်လို့ခေါ်တဲ့အပေါက်ကြီးတွေပေါ့။

ရွာရဲ့ အနောက်တောင်ဘက်က အဲဒီလိုမြေအနေအထားရှိနေတဲ့ သူ့မိဘများရဲ့ယာခင်းမှာ အော်ကြီးကလေး (၄) တန်းလောက်ရောက်တော့ ကျောင်းပိတ်ရက် ကလေးသဘာဝ လောက်လေး တစ်လက်နဲ့ နွားကျောင်းသွားရင်း ကစား



www.burmeseclassic.com

www.burmeseclassic.com

နေတာပေါ့။ အဲဒီအချိန်မှာ ယာခင်းနားနီးဖြစ်တဲ့ မောင်နိုင်ဆိုတဲ့ကလေးက ချောင်းကမ်းပါးအစွန်က (၃) ပင်အိမ်တစ်လုံးစာလောက်ရှိတဲ့ မြေစိုင်ခဲနဲ့ယာခင်းကွက်နဲ့ကြားထဲမှာ ချောက်ပေါက်ကြီး အရပ်အခေါ် ထူးပေါက်ကြီးကို (၂) ပေလောက်ရှိတဲ့ မြေသားလေးက တံတားလေးလို အပေါ်ယံကဆက်နေတဲ့နေရာ အဲဒီအဆက်လေးကို ကလေးသဘာဝအန္တရာယ်ဖြစ်မယ်ဆိုတာ မသိတော့ တူးပြီးဖြစ်ပစ်လိုက်ပါတယ်။ ဖြတ်နေရင်းက မောင်နိုင်ကလေးက -

"ဟေ့ - အော်ကြီးရ ဒီအကူးက ပြတ်တော့မယ် ငါ့ကိုကူပါဦး"

လို့ အကူလှမ်းခေါ်ပါတယ်။

အနားမှာရှိနေတဲ့ အော်ကြီးကလေးက ကူဖို့အသွားမှာ အိမ်တစ်လုံးစာမကတဲ့ မြေစာခဲကြီးနဲ့အတူ (၁၅) ပေလောက်နက်တဲ့ ရေကခြေချင်းဝတ်သာ





www.burmeseclassic.com

www.burmeseclassic.com



## မိုးနောင်(ကောလင်း)

# သွေးစုနာ၊ ထိခိုက်ဒဏ်ရာအတွက် ဂုံဂမ်ပင်ကိုသုံး

စာရေးသူသည် ၂၉-၁၁-၂၀၁၆ နေ့က ကောလင်းအနောက် (၅) မိုင်ခန့်ဝေးသော စိမ့်တွင်းတောင် ဘဝအေးတောရကျောင်းဆရာတော်ဦးကောသလ္လနှင့် တွေ့ဆုံခဲ့ပြီးလျှင် ဝတ်ပြုကန်တော့ခဲ့ပါသည်။ ဆရာတော်၏ကျောင်းတွင် ကောလင်းအရှေ့ပိုင်းရပ်ကွက်မှကိုလာဘနှင့် သစ်လုပ်ငန်းဌာနမှ ကိုဇော်မြင့်တို့လည်း ရောက်ရှိနေပါသည်။

ကျောင်းဝင်းတွင် ဆေးပင်များစုံလင်စွာရှိနေရာ စာရေးသူက ဆေးပင်တစ်ပင်အကြောင်းကို ဆရာတော်အား လျှောက်ထားမေးမြန်းပါသည်။

ဆရာတော်က -

"ဒီအပင်က ဟိုဘက်ရွာကရခဲ့တာဒကာကြီးရဲ့။ ကိုယ်တော်မေးကြည့်ပါဦးမယ်။ ဒါနဲ့တူတာ ဂုံဂမံပင်လည်းရှိတယ်ဒကာကြီးရဲ့၊ ဟိုမှာလေ"

ဟု ဖြေပြီး ဂုံဂမံပင်ကို ပြပါသည်။

စာရေးသူက -

"အဲဒီဂုံဂမံပင်မျိုးကတော့ တပည့်တော်အိမ်မှာလည်းရှိပါတယ်ဘုရား"

ကိုဇော်မြင့်က -

"အဲဒီဂုံဂမံပင်က သွေးစုနာရဲ့ ထိခိုက်မိတာတွေပျောက်တယ် ဦးနိရဲ့"

"ဟုတ်တာပေါ့။ ကျွန်တော်ရော ကျွန်တော့်အစ်ကိုပါ ဂုံဂမံနဲ့ ဆေးကုဖူးတယ်ဗျ။ အခုမှ သတိရလို့ ဆောင်းပါးရေးပြီး သူရဋ္ဌမဂ္ဂဇင်းကို ပို့လိုက်ဦးမယ်ဗျာ"

၎င်းဂုံဂမံပင်ကို မြန်မာအဘိဓာန်၌ ဖော်ပြမှုမရှိသေးပါ။ အခြားအပင်ကုံကုမံ/ ဂုန်ဂမန်/နီဝါရောင်ဝတ်ဆံကို ပရဆေးအဖြစ်၊ နံ့သာအဖြစ်၊ ဒံပေါက်စသည်တွင် ဆိုးဆေးအဖြစ်သုံးရသောအဖိုးတန်အပင်ငယ် (သ၊ ကုကုံမှ) ဟူ၍ မြန်မာအဘိဓာန်၌ ဖော်ပြထားသည်ကိုသာ တွေ့ရှိရပါသည်။ အပင်မျိုးကို စာရေးသူ၏အမေ့ခြံမှ ရရှိခဲ့ပါသည်။

စာရေးသူရေးသားသော ဂုံဂမံပင်ကား ဓာတ်ပုံပါအတိုင်းပင် ဖြစ်ပါသည်။ ကိုယ်ခန္ဓာတွင် ထိခိုက်ဒဏ်ရာရလျှင် ဂုံဂမံပင်၏အရွက် (သို့) ပင်စည်၊ အရိုးတို့ကိုချိုးဖဲ့ပြီး ထွက်လာသောနို့နှစ်ရောင်အစေးဖြင့် အနာကိုသုတ်လိမ်းပေးလျှင် အနာပျောက်ပါသည်။ သွေးစုနာကိုမူ ဂုံဂမံအရွက်ကို မီးကင်၍ လက်ဝါးနှစ်ဖက်ဖြင့်လုံးခြေပြီး အရည်ရွှမ်းလာလျှင် သွေးစုနာအပေါ်တွင်ကပ်ထားရပါသည်။ ၎င်းနည်းဖြင့် သွေးစုနာအပေါ် တစ်ရက် နှစ်ကြိမ်၊ သုံးကြိမ်ကပ်ထားပါက ရက်ပိုင်းအတွင်း သွေးစုနာပျောက်ကင်းသွားပါလိမ့်မည်။ စာရေးသူတို့လက်တွေ့ဖြစ်ပါသည်။

မိုးနောင်(ကောလင်း)

---

သာရှိတဲ့သဲချောင်းကြီးထဲကို (၂)ယောက်သားဟာ မြေစိုင်ခဲကြီးပြိုကျတာနဲ့အတူပါသွားပါတော့တယ်။ ကျကျချင်းမှာ အော်ကြီးက ခါးတစ်ဝက်အောက်ပိုင်းကို မြေစိုင်ခဲကြီးဖပိနေပါတယ်။ အဲဒီအခါမှာ -

"အော်ကြီး၊ ငါ့ကိုကူပါဦး"

လို့ လှမ်းပြောလိုက်တဲ့အချိန်မှာဘဲ နောက်ထပ်မြေစိုင်ခဲကြီးတစ်ခုကထပ်ဖုံးသွားပြီး အစအနကိုမမြင်ရတော့ဘဲ မောင်နိုင်လေးကို မြေကြီးတွေဖိသွားပါတယ်။ ဘေးကမြင်တဲ့လူတွေက ရွာကိုပြေးပြောတော့မှ ရွာကလူတွေလာပြီး မြေကြီးတွေဖယ်တဲ့အချိန်မှာ မောင်နိုင်လေးအသက်မရှိတော့ပါဘူး။မောင်နိုင်လေးအတွက် စိတ်မကောင်းဖြစ်ရပေမယ့် အော်ကြီးကလေးကတော့ အနက်အဓိပ္ပာယ်သိတာမသိတာအပထား ငါးပါးကန္တာရဆိုတာ ဘုရားရှိခိုးစာမဟုတ်ပေမယ့် ဘုရားရှိခိုးစာပါလားဆိုတဲ့ အမှတ်နဲ့ ငယ်စဉ်ကတည်းက ရှိခိုးခဲ့တဲ့ အကျိုးကျေးဇူးကြောင့် အသက်အန္တရာယ်က လွတ်ခဲ့တယ်လေ။ စာရေးသူရဲ့ဖခင်ကြီးက ငါးပါးကန္တာရက အော်ကြီးကို ကယ်လိုက်တာလို့ပြောပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ငါးပါးကန္တာရဆိုတာက ဘုရားရှိခိုးစာမဟုတ်ပေမယ့် သူတို့ဖြစ်သွားတဲ့ဖြစ်စဉ်က အညာဒေသကန္တာရဆန်တဲ့ကုန်းမြေတစ်ခုရဲ့ သဘာဝဘေးဒုက္ခတစ်ခုပါ။ ဒီဘေးဒုက္ခကနေလွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့များ တစ်ယောက်ယောက်ကသင်ပေးထားတဲ့အတိုင်း ငယ်စဉ်ကတည်းက ငါးပါးကန္တာရဆိုတဲ့စကားတိုပဲ ဘုရားရှိခိုးစာအမှတ်နဲ့ ရွတ်နေပါလားဆိုတာကို စဉ်းစားမိပြီး အံ့ဩမိပါတယ်။ စာရေးသူရဲ့ဖခင်ကြီးကတော့ သူ့မြေးကို ကမ်းပါးပြန်အော်ကြီးလို့ နောက်ပြီးခေါ်လေ့ရှိပါတယ်။

စာရေးသူ တွေးမိတာကတော့ ရှေးပညာရှိတွေပြောကြတဲ့စကားတစ်ခွန်းကို ပြန်ပြောချင်ပါသေးတယ်။ အဲဒါကတော့ ငရုတ်သီးကို စပ်မှန်းသိလို့ပဲစားစား၊ စပ်မှန်းမသိဘဲ လှတယ်ဆိုပြီးစားစား သူ့ရဲ့အကျိုးအာနိသင်ကတော့ ရှိနေတာပါပဲ။ အခုလည်းပဲ ဘုရာရှင်ရဲ့တန်ခိုးတော်ကို စိတ်ကအောက်မေ့ရုံနဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို ကယ်တင်နိုင်တာ အံ့ဖွယ်အလွန်ကောင်းပါတယ်။ စစ်မှန်တဲ့ဘာသာတရားနဲ့တွေ့ရတာ ကံကောင်းလိုက်တာလို့တွေးနေမိပါတယ်။

ဘာလိုလိုနဲ့ ဖခင်ကြီးဆုံးတာ (၁၀) စုနှစ်တစ်ခုတောင် ကြာပါပေါ့။ အခုဆိုရင် အော်ကြီးကလည်း အသက် (၃၀) ကျော် (၄၀) နီးပါးလောက်တော့ရှိပြီပေါ့။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အော်ကြီးတစ်ယောက်တော့ဖြင့် ယာခင်းချောင်းခင်းတွေရှိပါရက်ကယ်နဲ့ တောအရပ်ကိုစွန့်ပြီး မန္တလေးရွှေမြို့တော်ကြီးမှာ အခြေချနေလေရဲ့။ တောတောင်ကန္တာရကိုမုန်းရော့ထင်။

(၎င်းအကြောင်းအရာမှာ တကယ့်အဖြစ်အပျက်ဖြစ်၍ အမည်ရင်းများကိုသုံးစွဲထားပါသည်။)

မနှင်းဆီ(ရေခင်း-နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com



# သူတော်အိမ်

(ဓမ္မသုတေသီ)

## စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ၏ တပည့်ရင်းအကြောင်း

၁

အင်းဝခေတ် ရွှေနန်းကြော့ရှင် ဘုရင်နရပတိလက်ထက် စာပြုစာဆို အကျော် ဆရာတော်တစ်ပါးဖြစ်သော ရှင်တေဇောသာရသည် အင်းဝမြို့တွင် ဖွားမြင်သည်ဟု အဆိုရှိသော်လည်း မွေးဖွားသည့် ခုနှစ်သက္ကရာဇ်၊ မိဘမျိုးရိုး အစဉ်အဆက်နှင့် ငယ်မည်စသည်များ ကိုကား အထင်အရှားမှတ်သားထား သော စာဟောင်းစာတမ်းအထောက် အထားတစ်စုံတစ်ရာ မတွေ့ရသေးချေ။

ရှင်တေဇောသာရသည် စာဆို အကျော် ရှင်မဟာရဋ္ဌသာရဆရာတော်၏ တပည့်ရင်းဖြစ်၍ ဆရာရင်း၏အထံ တော်မှာပင် ကျောင်းသားဘဝမှ သာမဏေဘဝ၊ ရဟန်းဘဝတိုင်အောင် အခြေခံစာပေများနှင့်တကွ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း စသော အနုစာပေ များ၊ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ စသော လောကုတ္တရာစာပေများကို ထံစဖက်ကမ်းရောက် တတ်မြောက်စေ



www.burmeseclassic.com

www.burmeseclassic.com

ကာ ပညာရင်နို့သောက်စို့တော်မူခဲ့သည်ဟု ဆိုနိုင်ဖွယ်အကြောင်းရှိပေသည်။

မြန်မာနှစ် ၈၇၁ ခုနှစ် အင်းဝနေပြည်တော်၏ ခေတ်အခြေအနေကို သုံးသပ်ဆင်ခြင်ကြည့်လျှင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိအား နိုင်ငံတွင် မြို့စားတို့ အကြိမ်ကြိမ်အဖန်ဖန်ပုန်ကန်ထောင်ထားသောင်းကျန်းလျက်ရှိကြောင်းတွေ့ရသည့်ပြင် ဘိုးတော်၊ ညီတော် စသော မင်းဆွေစိုးမျိုးအထဲကပင်လျှင် ဘုရင့်ဩစွာတော်ကို ကောင်းစွာ ဖေင့်သိရှိသေခြင်းမရှိကြ။ မှူးကြီးမတ်ကြီး၊ အရာထမ်း၊ အမှုထမ်း၊ လက်အောက်ကျေးကျွန်များမှာမူ သခ၍ပင်ဆိုးဝါးသောအခြေသို့ရောက်ရှိခဲ့လေသည်။

ထိုသို့ ပြည်တွင်းဆူပူသောင်းကျန်းနေသည်ကို အခွင့်ကောင်းယူ၍ မိုးညှင်း၊ စလုံနှင့်သားသိုဟန်ဘွားအရေးကလည်း တစ်နေ့တခြား ကြီးလေး၍လာခဲ့လေရာ မျိုးချစ်စိတ်ထက်သန်၍ အမျိုး၊ ဘာသာ၊ သာသနာတိုးတက်စည်ကားပြန့်ပွားမှုကို လိုလားတော်မူသော ရှင်တေဇောသာရသည် စူဠဟံသဇာတ်တော်လာ စစ်သူကြီးသုမုခသည် တိရစ္ဆာန်ငှက်ပင်ဖြစ်လင့်ကစား အရှင်သခင်ဖြစ်သော ဓတရဋ္ဌရွှေဟင်္သာမင်း၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေသေးသည်။ လူတို့မှုကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့သနည်းဟူသောစိတ်မျိုး ဘုရင်နရပတိ၏ မြို့စား၊ ရွာစား၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်မတ်တော်၊ ကျေးတော်၊ ကျွန်တော်တို့သန္တာန်၌ ကိန်းအောင်းပေါ်ပေါက်လာလေအောင် ဤရွှေဟင်္သာမင်းပျို့ကို သတိပေး၊ ပညာပေးသောအနေအားဖြင့် သွယ်ဝိုက်ရေးသားခြင်းပင် ဖြစ်ပေသည်။

ရှင်တေဇောသာရ အရှင်မြတ်က ဤကဲ့သို့ သတိပေး၊ ပညာပေးစကားရေးသားစေကာမူ ပြည်တွင်းသောင်းကျန်းမှုကား ယုတ်လျော့သည်မရှိ။ မြို့စား၊ ရွာစား၊ မင်းဆွေစိုးမျိုးများကလည်း ပုန်ကန်ထောင်ထားခြင်းမရပ်စဲသဖြင့် တစ်နိုင်ငံလုံး ငြိမ်ဝပ်ပိပြားမှုတွေပျက်ပြားကာ ဝါးအစည်းပြေသကဲ့သို့ ကစဥ့်ကရဲဖြစ်လာဘိရကား ရွှေဟင်္သာမင်းပျို့ကို ရေးသားပြီးနောက် (၁၇)နှစ်အကြာ 'ဂငယ်သုံးခု၊ ဥသျှစ်ထု' ကိန်းအကြိုက်တွင် ရတနာပူရ အင်းဝရွှေမြို့တော်ကြီးကို မိုးညှင်း၊ စလုံနှင့် သားသိုဟန်ဘွားတို့ သိမ်းပိုက်ခြင်းခံရလေသည်။



အဝဘုရင် သိုဟန်ဘွား စိုးစံသောခေတ်တွင် စေတီပုထိုးများကိုဖြိုဖျက်၍ ဌာပနာများကိုယူခြင်း၊ ပိဋကတ်ကျမ်းစာများကို မီးရှို့ဖျက်ဆီးခြင်း၊ ရဟန်းသံဃာတော်များကို သတ်ဖြတ်ခြင်းစသော သာသနာ့အန္တရာယ်များပေါ်ပေါက်လာကာ သာသနာတော်၏ အရောင်အဝါမှေးမှိန်လာရကား ကန္နီမြို့စား သီရိဇေယျအနော်ရထာ၏တောင်းပန်ချက်အရ ခေတ်နှင့်ကိုက်ညီဆီလျော်ဖွယ်ရှိသည့် ပြာဒိုဟာခန်းပျို့ကို သက္ကရာဇ် ၈၉၈ ခုနှစ်တွင် ရေးသားစပ်ဆိုလိုက်လေသည်။

ယင်းသို့လျှင် မြန်မာနှစ် ၈၈၈ခုနှစ်၌ အင်းဝပြည်ကြီးပျက်စီးတိမ်းယိမ်းရသည့်နောက် ရှင်တေဇောသာရသည် မည်သည့်မြို့ရွာဒေသသို့ပြောင်းရွှေ့နေထိုင်ကြောင်းနှင့်ပတ်သက်၍ မြန်မာစာပေသမိုင်းများ၌ အမှတ်အသားအတိအကျမရှိစေကာမူ မြန်မာနှစ် ၈၉၈ ခုနှစ်တွင် ကန္နီမြို့စား၏တောင်းပန်ချက်အရ ပြာဒိုဟာခန်းပျို့ကို ရေးသားစီရင်သည်ဆိုသောကြောင့် ရှင်တေဇောသာရသည် အင်းဝမှတိမ်းရှောင်နေပြားသော်လည်း အထက်အညာရတနာပူရအင်းဝပြည်ကြီးအနီးအနားတွင်ပင် ဆက်လက်သီတင်းသုံးနေခြင်းဖြစ်တန်ရာသည်။

ရှင်တေဇောသာရသည် သိုဟန်ဘွား အအုပ်အချုပ်အစီအမံကို မနှစ်သက်သည်တစ်ကြောင်း၊ ဓညဝတီရခိုင်ပြည်ရှိ မဟာမြတ်မုနိဘုရားကို ဝပ်တွားရှိကိုးပူဇော်လိုသည်တစ်ကြောင်းကြောင့် ထိုသိုဟန်ဘွားတို့စေလွှတ်လိုက်သည့်သံတမန်များနှင့်ပင် ရခိုင်ပြည်သို့လိုက်သွားဖူးကြောင်းနှင့်မူကား အမှတ်အသားများစွာရှိပေသည်။

ပိဋကတ်တော်သမိုင်းအရ ရှင်တေဇောသာရသည် -

(၁) ရွှေဟင်္သာမင်းပျို့၊
(၂) ပြာဒိုဟာခန်းပျို့၊
(၃) ဗျာဒိတ်တော်ခန်းပျို့၊
(၄) အာဒါသမုခပျို့ဟောင်း၊

ဤ (၄)စောင်ကိုရေးသားခဲ့သည်ဟုသိရသော်လည်း ရွှေဟင်္သာမင်းပျို့နှင့် ပြာဒိုဟာခန်းပျို့စာကိုယ်များ ယခုတိုင်ရှိနေ၍ ဗျာဒိတ်တော်ခန်းပျို့နှင့် အာဒါသမုခပျို့ဟောင်း(၂)စောင်၏စာကိုယ်များကိုမူ မတွေ့မမြင်ရဘူးချေ။ ထိုပျို့(၄)စောင်အပြင် ရတုအများကိုလည်း ရေးသား စီကုံးတော်မူခဲ့ပေသေးသည်။

ကျွန်ုပ်တို့၏ ရေးဟံသာဝတီရိုက်စာအုပ်မှုနှိပ် ၁၂၃၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ နှစ်ချက်တီးကျော်တွင် ရေးကူးပြီးသည့် ကင်းဝန်မင်းကြီးပေမူတို့ကို ညှိနှိုင်းတိုက်ဆိုင်ကြည့်ရှုပါသည်။ ယင်းသို့ တိုက်ဆိုင်ကြည့်ရှုသောအခါ သတ်ပုံစာလုံးပေါင်းအနည်းငယ်ကွဲလွဲရုံမှတစ်ပါး အပိုအလိုမရှိ ကောင်းမွန်ပြည့်စုံတူညီနေသည်ကို တွေ့မြင်ရပါသည်။

သို့ဖြစ်၍ ရေးဟံသာဝတီရိုက်မူကိုပင် စာကိုယ်ပြု၍ အနည်းငယ်ကွဲလွဲနေသော ကင်းဝန်မင်းကြီးစာမူကို အောက်တွင် သီးခြားဖော်ပြထားသည့်အောက်ပါကဗျာပုဒ်ကလေးတစ်ပုဒ်သည် ကင်းဝန်မင်းကြီးပေမူ၌ စာပြီးနိဂုံးအဖြစ်ပါရှိနေ၍ ဟံသာဝတီမူ၌ မပါရှိပါ။

၎င်းကဗျာမှာ -

- *ထွန်းတက်လျှံဝါ၊ တောက်လျှံဖြာသား၊ စန္ဒာမိုးခေါင်၊ လအရောင်သို့၊ တန်ဆောင်ပညာ၊ ရဋ္ဌသာ၏၊ နည်းနာခံပျော်၊ တေဇော်သာရ၊ ဂုဏာညွန့်ဘူး၊ သောက်ရှုးကြွယ်မွန်၊ ပညာဝန်လျှင်၊ ဟောညွန့်သရုပ်၊ ဘော်ထုတ်လင်္ကာ၊ ဤသည်စာလျှင်၊ ထိုခါပြီးပြည့်စုံ၏တည်း။*

ဟူ၍ ဖြစ်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

**သူတော်အိမ် (မွေ့သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com


# ရခိုင်ညွန့်ဖူး မြောက်ဦးရွှေနန်း ဗျာလ်တို့မြေသို့ အကြွင်းနာလက်တစ်ကမ်း

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

(ယခင်လမှအဆက်)

**ဆုတောင်းပြည့် 'စန္ဒာမုနိ' ကြေးသွန်းဆင်းတုတော်ကြီး**

မိုးတွေကသည်းလာလို့ အရမ်းသွပ်ဆန်းကြယ်တဲ့ ရှေးဟောင်းမြို့တော်၊ အာကာမှိုခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွန့်ဖူး၊ မွန်ကြွယ်မြူးသို့'လို့ ညွှန်းခဲ့ပေမယ့် ခုတော့ လှလှပပ မရှိနိုင်တော့ပါဘူး။ မြောက်ဦးဟာ ငါးရက်လောက်လေ့လာမှ နှံ့စပ်နိုင်လို့ လျှပ်တစ်ပြက်အလှကိုပဲ မြင်ရမပေ့ါ။ မဟာကျန်ဆင်းတုတော် 'စန္ဒာမုနိ'ဘုရားကို ဆက်လက်သွားကြတယ်။ ဘုရားရှေ့အလုံပိတ်ပြီးကာထားတဲ့ မှန်ရဲ့အထက်မှာ ရခိုင်ဘုရင့်နိုင်ငံတော်(The Kingdom of Arakan) ရခိုင်ဘုရင် သူရိယစက္ကမင်းကြီးနှင့် မိဖုရား ရှစိတာဒေဝီတို့ ကိုးကွယ် ပူဇော်ခဲ့သော မဟာကျန်-စန္ဒမုနိဘုရားကြီး (Sandamuni Great Image - Donated by Arakanese King




သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



မင်းပြားရေဘေးသင့်ရွာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



ကျောက်ဆစ်လက်ရာများနဲ့ ထုက္ကန်သိမ်ပုထိုးတော်



ကျောက်တော် မဟာမုနိဘုရားကြီးနဲ့ ရင်ပြင်တော်က ကျောက်ဆစ်လက်ရာများ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဦးမြို့က မင်းခေါင်ရွှေတူဘုရား




ကျောက်ဆစ်လက်ရာများနဲ့ ထုကွန့်သိမ်ပုထိုးတော်



ကျောက်တော်မဟာမုနိဘုရားကြီးနဲ့ရင်ပြင်တော်ကကျောက်ဆစ်လက်ရာများ



ကျောက်ဆစ်လက်ရာများနဲ့ ထုကွန့်သိမ်ပုထိုးတော်



ကျောက်ဆစ်လက်ရာများနဲ့ ထုကွန့်သိမ်ပုထိုးတော်



ကျောက်ဆစ်လက်ရာများနဲ့ ထုကွန့်သိမ်ပုထိုးတော်

Suriya Caka and His Queen Rusita Devi in Sasana Era-222. BC-308) ကြာသော နှစ်ပေါင်း (၂၃၃၆) လို့ ရေးထိုးထားလို့ အထောက်အထားအချို့ ရနိုင်ခဲ့ပေ၏။

ရခိုင်ရာဇဝင်အရ တတိယဓညဝတီမြို့တော်ကို စန္ဒသူရိယမင်းလက်ထက် သက္ကရာဇ် ၁၂၃ ခုမှာ ဘုရားရှင်ကြွရောက်ခဲ့ရင်း မင်းရဲ့တောင်းပန်ချက်အရ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုသွန်းလုပ်ခဲ့တယ်။ ကျန်တာကို စန္ဒမုနိ၊ သကျမုနိ၊ ဒေဝမုနိ၊ ရာဇမုနိနဲ့ စူဠမုနိစတဲ့ (မဟာကျန်)ဆင်းတုတော်တွေသွန်းလုပ်ပြီး မဟာမုနိမှာ ဝန်းရံထားခဲ့ကြတယ်။

ဘုရင်မင်းစောမွန်လက်ထက်တော် လောင်းကြက်မြို့တော်ကနေ မြောက်ဦးသို့ ပြောင်းရွှေ့စံမြန်းတဲ့ခါ စန္ဒမုနိဘုရားကိုလည်း တစ်ပါတည်းပင့်ဆောင်တော်မူခဲ့ပါတယ်။ ၁၈၂၆ ခု အောက်မြန်မာနိုင်ငံနဲ့ရခိုင်ကို အင်္ဂလိပ်နယ်ချဲ့တွေသိမ်းပိုက်ခဲ့ပြီး ရခိုင်စေတီပုထိုးတွေမှာရှိနေကြတဲ့ကြေးဆင်းတု၊ ကြေးခေါင်းလောင်းတွေကိုကျူံချက်ပြီး အမြောက်ဆန်ပြုလုပ်ခဲ့ကြတော့ ကျန်ကြေးဆင်းတုတွေမပါသွားအောင် လူတွေက ဒီကျောင်းတိုက်ကိုပင့်ဆောင်ခဲ့ကြပြီး တစ်ဆူလုံးကို အင်္ဂတေများလိမ်းကျံဖုက်ထားခဲ့ကြတာပါ။

စန္ဒာမုနိဘုရားဆောင်ကနေ အုတ်လှေကားအတိုင်း ဆင်းလာခဲ့ပြီး စောင်းတန်းဘေးမှာ ရှေးလက်ရာရခိုင်ဟန်အပြည့်နဲ့ ဆင်းတုတော်တွေရှိတဲ့ ဇရပ်ကိုတွေ့လို့ ဝင်ဖူးကြပြန်တယ်။ နားပေါက်တော်ကျယ်ပြီး နားရွက်ဖျားဟာ ပခုံးပေါ် ကိုမထိတဲ့ နှာတံပေါ်ပေါ်၊ ရှင် အုပ်မောက်မောက်နဲ့ ဘူမိဖဿမုဒြာ



www.burmeseclassic.com


www.burmeseclassic.com



မင်းပြားမြို့ ကျိန်းတောင်တော်က
ဇီဝိုါဓာတ်စေတီတော်သို့



ကျောက်တော်တောင်ပေါ်က ကျောက်တော်စေတီသို့



မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



ကျောက်ဆစ်လက်ရာများနဲ့ ထုက္ကန်သိမ်ပုထိုးတော်

တွေ့ပါ။ တစ်ဆူနဲ့တစ်ဆူကြားမှာ ဆင်းတုတော်လေးတွေကပ်ထားတဲ့ လေးမြောင့်ကျောက်တိုင်ပုံစေတီရှည်လေးတွေလည်း တွေ့ရတယ်။

အုတ်လှေကားကဆင်းလာတော့ ကျောက်ပြားကြီးမှာထွင်းထုထားတဲ့ ရခိုင်မှုရာ ကျောက်ဆစ်လက်ရာကောင်းတစ်ခုကို တွေ့လိုက်ရတယ်။ ဘုရားဆောင်အဝမှာ လက်အုပ်ချီပြီးရပ်နေကြတဲ့ ရှေးခေတ်က မင်းနဲ့မိဖုရားတွေပုံ ဘေးမှာတော့ အစောင့်ဘီလူးတွေ ဓားထမ်းပြီးဆောင့်ကြောင့်ထိုင်လို့။ ပန်းချပ်ရဲ့ ဆွဲဆောင်မှုကြောင့် ဘေးက ဘုန်းကြီးကျောင်းကို တက်သွားမိတယ်။ အထဲမှာ ပြတိုက်လေးလို ခင်းကျင်းထားတယ်။ အရွယ်မတူတဲ့ မှန်ဗီရိုတွေထဲမှာ ရှေးဟောင်းပစ္စည်းတွေ ထည့်ပြထားရဲ့။ အနောက်တိုင်းသား ပန်းချီဆရာဆွဲထားတဲ့ ရှေးရခိုင်မင်းနေပြည်တစ်ခုရဲ့ဆိပ်ကမ်းပုံလည်း ချိတ်ဆွဲထားပါတယ်။ ဘုန်းကြီးစားပွဲမှာခင်းထားတဲ့ (၃) ပေပတ်လည်နီးပါး ကြေးပြားထုကြီးကိုပြတယ်။ ဒါဟာ ဟိုးတုန်းက ရခိုင်နန်းတော်တွေ သုံးတဲ့ ကြေးပြားပေ့ါ။ ဒီအမိုးကြောင့် ရွှေပြားတွေနဲ့မိုးထားတယ်လို့ သူတို့ရဲ့ မှတ်တမ်းတွေမှာ ရေးသားခဲ့ကြရဲ့။ ဒါဟာ ဗန္ဓုလကျောင်းပေ့ါ။ ဒါပေမယ့် စစ်သူကြီးမဟာဗန္ဓုလနဲ့ ဘယ်လိုမှ မဆက်သက်ပါဘူး။ ဒီကျောင်းတိုက်ဟာ မြောက်ဦးကိုလာသူတွေ မလွဲမသွေလာရောက်သင့်တဲ့နေရာပါ။

ပေါ်တူဂီနာရီတွေကိုပြသထားပြီး ဒီမှာ ကျောက်သားနဲ့တည်ဆောက်ပြီး အနောက်တိုင်းခတ်ထားတဲ့ တစ်ခါက ဒပ်(ချ်) ကုန်တိုက်ဟောင်းနေရာလည်းရှိသတဲ့။ ကုန်တိုက်ရှိသင်္ဘောဆိပ်ကနေ တောင်ဘက်ကမ်းခြေမှာ ဘောင်းဒွတ်ရွာရှိပြီး မြောက်ဦး




www.burmeseclassic.com

www.burmeseclassic.com


မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



သျှစ်သောင်းပုထိုးတော်ကြီးရဲ့အနုလက်ရာများ


မြောက်ဦးမြို့က မင်းခေါင်ရွှေတူဘုရား


ကြာပွင့်ပုံအောက်ခြေမီသုကာလက်ရာဆန်းတဲ့ သကျမာရ်အောင်စေတီနဲ့ ဘီလူးညီနောင်


ကျောက်တော် မဟာမုနိဘုရားကြီးနဲ့ ရင်ပြင်တော်က ကျောက်ဆစ်လက်ရာများ


ကျောက်တော်တောင်ပေါ်က ကျောက်တော်စေတီသို့


မင်းပြားမြို့နယ်က ပြည်လုံးချမ်းသာဘုရားကြီးမွှာရုံထဲမှာ

ခေတ်တုန်းကတော့ နိုင်ငံခြားသင်္ဘောကြီးတွေဆိုက်ပြီး ရေကြောင်းကုန်သွယ်မှုတွေလုပ်ကြတဲ့ အချက်အချာ ကုန်စည်စီးဆင်းရာ သင်္ဘောဆိပ်ပေါ့။ ရှည်လျားတဲ့ ကျုံးနှစ်ထပ်နဲ့ ရွာတောင်ဘက်မှာလည်း ရေကန်ကြီးတွေ တူးဖော်ကာ သံရုံးနဲ့ ကုန်တိုက်တွေဖွင့်လှစ်ခဲ့ကြပြီး လူနေအိမ်၊ ဈေးဆိုင်တွေနဲ့ စည်ကားခဲ့ပါတယ်။ မင်းဗာကြီးဟာ ပေါ်တူဂီတွေနဲ့ ညှိနှိုင်းပြီး အမြောက်တင်သင်္ဘောကြီးနဲ့ ခေတ်မီရေတပ်ကြီးလည်း ဖွဲ့စည်းခဲ့တယ်လေ။

**❑ မင်းခေါင်ရွှေတူဘုရား**

**(Mongkhong Shwedu)**

ကောဇာ ၉၉၁၊ အေဒီ ၁၆၂၉ ခုနှစ်က တည်ထားတဲ့ လုံးပိတ်ထုချွန်ပုံစေတီပါ။ ဘုရားအုတ်စေတီရဲ့ တောင်ဘက်မှာရှိပြီး မိဖုရားကြီးနတ်သျှင်မယ်တည်ထားကိုးကွယ်ခဲ့တာပါ။ သကျမာရ်အောင်စေတီနဲ့ တစ်ပြိုင်တည်း တည်ထားခဲ့တယ်။ စေတီပစ္စယံဆင့်တွေမှာ မုခ်တွေရှိပြီး မုခ်တံကဲတွေရဲ့လက်ရာဟာ အလွန်သေသပ်တဲ့ ကျောက်ဆစ်လက်ရာများပါ။ စေတီတော်သင်္ကန်းရစ်တွေမှာ ရွှေပြားများစီခြယ်တပ်ဆင်ထားတဲ့ ရှေးလက်ရာကိုလည်း မြင်တွေ့နိုင်ပါတယ်။

'ဘုရားများလှ-လေးဌာန'လို့အဆိုရှိတဲ့ ဘုရားအများကြီးနဲ့ သာသနိကအဆောက်အအုံလေးခုဟာ သျှစ်သောင်းဘုရား၊ အံတော်သိမ်၊ ထုက္ကန်သိမ်နဲ့ ကိုးသောင်းဘုရားတို့ပဲ ဖြစ်ကြပါတယ်။ သျှစ်သောင်းပုထိုးတော်ကြီး (ခေါ်) ရန်အောင်ဇေယျဘုရားကြီးကို အေဒီ ၁၅၃၅၊ သက္ကရာဇ် ၈၉၃ ခုမှာ သီရိသုဓမ္မရာဇာမင်း ...

သုရိယစန္ဒာ မဟာဓမ္မရာဇာဘွဲ့ခံ မင်းဗာကြီးတည်ခဲ့တာပါ။ ရခိုင်ပိုင် ဘင်္ဂါ (၁၂) မြို့ သူရတန်ဘုရင်များလက်ထဲကို ရောက်သွားလို့ မင်းကြီးက ပြန်လည်တိုက်ခိုက်ခဲ့ပြီး ရန်အသွယ်သွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တော် မဟာမုနိဘုရားကြီးနဲ့
နန်းပြင်တော်က ကျောက်ဆစ်လက်ရာများ




သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



သျှစ်သောင်းပုထိုးတော်ကြီးရဲ့
အနုလက်ရာများနဲ့ အလှအပများ



မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



မင်းပြားမြို့ ကျိန်းတောင်တော်က ဗီဂုံမာတ်စေတီတော်သို့

...အောင်မြင်ခဲ့တယ်။ စစ်ပွဲအောင်...ရတဲ့ မင်းဗာကြီးဟာ ဗုဒ္ဓဂယာကို...ရောက်ပြီး မဟာဗောဓိစေတီဖူးကာ...မှာ ပင့်ဆောင်လာတဲ့ ဓာတ်တော်... (၈၄၀၀၀) ကို ရွှေ၊ ငွေ၊ ကြေး၊ ...ကျောက်မျက်ရတနာတွေနဲ့ ထုလုပ်...တဲ့ ဆင်းတုတွေနဲ့အတူ ဌာပနာ...ကြီးကွယ်ထားလို့ ရန်အောင်ဇေယျ...ဦး ခေါ်ပါတယ်။

ပုထိုးတော်ကြီးကို သျှင်ငယ်...တော် ဦးမြဝါ အမှူးပြုပြီး ပန်းရန်...) ကျော်နဲ့ မြောက်ဦးနန်းတော်...အက်က ဖိုးခေါင်တောင်ကိုပြုပြင်...ဆောက်ခဲ့တာပါ။ ဘုရားကုန်းမြင့်...) ခန့်၊ ပရိဝုဏ်တံတိုင်း အရှေ့...(၂၂၅) ပေနဲ့ မြောက်မှတောင်...ကို (၁၈၀) ပေရှိတယ်။

ပုထိုးတော်ကြီးဟာ ဝေသာလီ... ကျောက်စတူပါစေတီပုံရှိပြီး



www.burmeseclassic.com


www.burmeseclassic.com



မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



မင်းပြားမြို့နယ်က ရွာတွေမှာ ရေဘေးအကူအညီပေးခဲ့စဉ်က



ရခိုင်လူမျိုးများဆောင်တတ်တဲ့ ဗျာလ်ရှပ်



မင်းပြားဒေသဘောသင်ရှာတော့က ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တော့

(၁၀၈) ခန်းသောဌာပနာတွေကို မြေအောက်မှာထည့်သွင်းကာ မဏ္ဍိုင်ငါးရပ်၊ လိုဏ်ဂူငါးထပ်နဲ့ တည်ဆောက်ထားတယ်။ လိုဏ်ဂူတော်များခေါင်မိုးပေါ်မှာ ဗဟိုစေတီတော်ကြီးတစ်ဆူနဲ့ အရံစေတီ (၂၆)ဆူရှိပြီး စေတီအားလုံးဟာ ခေါင်းလောင်းမှောက်ပုံသဏ္ဍာန်မျိုးပါ။ စေတီမဟာရံအတွင်းမှာ စေတီငယ်ကျောက်ညိုဘုရားတွေစီတန်းကာ ထပ်မံထည့်သွင်းထားပြီး စေတီရှေ့တော်မှာကျောက်အုတ်တံတိုင်းတွေနဲ့ပတ်ရံထားကာ အလယ်မှာကြီးမားတဲ့ သိမ်တော်ကြီးရှိနေတယ်။ ပုထိုးတော်ကြီးရဲ့တောင်၊ မြောက်နဲ့ အနောက်ဘက်တံတိုင်းများပေါ်မှာလည်း သီးခြားစေတီကြီးများနဲ့ အရံစေတီငယ်တွေ တည်ထားပါသေးတယ်။

ပုထိုးတော်ကြီးအတက်လမ်းအစလက်ဝဲဘက်မှာ (၉)ပေ၊ (၇)လက်မမြင့်ပြီး မျက်နှာပြင်တစ်ဖက်ချင်းစီ (၂) ပေ၊ (၄) လက်မခန့်ကျယ်တဲ့ အာနန္ဒစန္ဒြကျောက်စာ (သို့) ချစ်သောင်းဘုရားကျောက်စာတိုင်ကြီးစိုက်ထူကာ သံတိုင်တွေနဲ့ခတ်ထားတယ်။ တောင်ဘက်မှအပ မျက်နှာပြင်အားလုံးမှာ ရှေးကျတဲ့အိန္ဒိယမြောက်ပိုင်းအက္ခရာတွေ ရေးထိုးထားတယ်။ ရခိုင်သမိုင်းအတွက် တန်ဖိုးကြီးလှတဲ့ အထောက်အထားမှတ်တမ်းကြီးပါ။ အေဒီ (၃၀၀ - ၆၀၀) ခန့်ကထိုးထားလို့ ခန့်မှန်းရတယ်။

ကျောက်စာအနောက်ဘက်ခြမ်းကို ရှေ့ပြေးနာဂရီအက္ခရာနဲ့ အေဒီ ၇/၂ ခုက ရေးထိုးထားတယ်လို့ထင်ကြတယ်။ စာ(၇၁)ကြောင်းပါပြီး ရှေးရခိုင်မင်းဆက်
[illegible]

www.burmeseclassic.com

တိုင်တစ်ခုထဲမှာ အေဒီ ၆၊ ၈ နဲ့ ၁၀ရာစု တွေတာအရေးအသားတွေ အတူတွေ့ရ တာလည်း ထူးခြားနေရဲ့။ ၁၅၃၅ ခုနှစ် ခင်းတာ ဝေသာလီမြို့က သယ်ယူခဲ့တာ ပါ။

ဘုရားရှေ့တန်ဆောင်းထဲမှာတော့ အမှတ်တရပစ္စည်းတွေ၊ တီရှပ်နဲ့ ဘုရား ကြီးနဲ့ဆိုင်တဲ့ဓာတ်ပုံ၊ စာအုပ်နဲ့ ဗွီစီဒီတွေ ရောင်းချတယ်။ ရေဘေးကယ်ဆယ်ရေး မှာ တိုင်းရင်းသားအဖွဲ့တွေက တီရှပ် တွေရွေးဝယ်နေကြရဲ့။ အပြင်ပတ်လမ်း မှာ အရုံထူပါငယ်လေးတွေရှိပြီး ထူပါ တစ်ဆူချင်းကြားက ကျောက်ပြားတွေ မှာ ဇာတ်တော်လာကျောက်ဆစ်လက် ရာတွေရှိတယ်။ ကြာဖူးတွေကိုင်ပြီးရပ် နေတဲ့ကျွဲခေါင်းနဲ့လူ၊ ခေါင်းဆောင်းနဲ့ ဆင်ပေါ်မှာထိုင်နေတဲ့ပုဂ္ဂိုလ်၊ ကြာတွေ ပွေ့ကာ ဒူးတုပ်ပူဇော်နေသူ၊ (ကွာသိ ဂီ) ရသေ့ကို အမျိုးသမီးက ဖြား ယောင်းနေပုံတွေကို သဘာဝကျကျထု ဆစ်ထားရဲ့။

အဲဒါရဲ့မျက်နှာချင်းဆိုင်မှာတော့ ညီတော်ဘုရား၊ ခြေတော်ရာနဲ့ လက်ရာ ကောင်းလှတဲ့ ရုပ်စုံကျောက်ပလ္လင်ကြီး နှစ်ခုရှိတယ်။ ဒီခြေတော်ရာဟာ မင်းဗာ ကြီး ဗုဒ္ဓဂယာကနေ ပင့်ဆောင်လာတာ ပါ။ ရုပ်ကြွမပါဘဲ ရိုးရိုးရှင်းရှင်းကျောက် ခြေတော်ရာတစ်ခုရဲ့ ဘေးမှာတော့ 'အသျှင်ရဋ္ဌသာရနှင့် အသျှင်တေဇော သာရတို့ ဦးခိုက်ခဲ့သော 'သီရိပါဒ' ခြေ တော်ရာ၊ ပုဘိသိက်တော်စေတီမှ ပင့် ဆောင်ခဲ့သည်' လို့ ကမ္ပည်းထိုးထား တယ်။

အာရုံခံတန်ဆောင်းဝမှာ ခံ့ညား လှတဲ့မုခ်ဦးကြီးရှိပြီး ဘေးကဆင်းတု တော်တွေမှာ ရင်စည်းထားတဲ့ထိုင်တော် မူတွေ ရှေးရခိုင်ဘုရင်များရဲ့ နန်းတွင်း ဆင်ယင်မှုဟောင်းတော်တွေနဲ့ ဝေသာလီ ခေတ် 'ဘီသေကမုနိ' ရှေးဟောင်းဆင်းတု တော်လည်း တွေ့ရပါတယ်။ မုခ်ဦး အလယ်က ဘီလူးနှစ်ရုပ်စောင့် ဂူပေါက် ထဲဝင်သွားတဲ့ခါ ဘုရားဆောင်ထဲရောက် ပါတယ်။ အဲဒီကနေဆက်လက်ပြီး ဘေး က လိုဏ်ပတ်လမ်းတွေဆီဝင်ရောက်ခဲ့ တယ်။






















မင်းပြားမြို့နယ်က ရွာတွေမှာ ရေဘေးအကူအညီပေးခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ

ဒုတိယထပ် အတွင်းလိုဏ်ပတ်နံရံတွေကို (၆) ဆင့်ခွဲပြီး ကျောက်တုံးတွေဆင့်ကာ ကျောက်ဆစ်ပန်းပုတွေနဲ့ တန်ဆာဆင်ထားရဲ့။ လူ၊ နတ်၊ သိကြား၊ ဗြဟ္မာနဲ့ ဗုဒ္ဓနုစဉ်ဘဝ နိပါတ်တော်လာ ဖြစ်တော်စဉ်တွေက သတ္တဝါစုံကို သရုပ်ဖော်ထားတယ်။ ဒါ့ပြင် ဒုတိယထပ်လက်ယာဘက် အောက်ဆုံးတန်းကစပြီး လောကီကျမ်းစာများက ဇာတ်ရုပ်တွေအပြင် သာသနာတော်စောင့်စတုလောကပါလနတ်မင်းကြီးလေးပါး၊ ဝိရူပက္ခ၊ ကုဝ္ဘဏ်၊ ဘီလူး၊ ယက္ခ၊ နရယံ၊ ဗိဿနိုးစတဲ့ ဟိန္ဒူနတ်ရုပ်တွေ၊ ဝသုန္ဒရီ၊ ဝသုန္ဒရာ၊ ဗျာလ်ရုပ်တုတွေကိုပါ ထုဆစ်ထားတယ်။ ထို့မှမက ရိုးရာယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ပုံပြင်၊ ဆင်ခင်း၊ မြင်းခင်း သဘင်၊ ဂီတ၊ အကြ၊ တီးမှုတ်ခြင်း၊ ရခိုင်ရိုးရာကျင်ကစားနည်းစနစ်နဲ့ ဒိုင်းလွှားများကိုင်စွဲပုံတွေလည်း မှတ်တမ်းတင်ထားရဲ့။ ကျောက်ဆစ်ရုပ်တွေကို စဉ့်သားရောင်စုံ သုတ်လိမ်းထားတဲ့ နည်းပညာကို အံ့သြရပါတယ်။ ပတ်လမ်းအတွင်းတစ်လျှောက် နံရံကျောက်သားပြင်ရဲ့ဖောင်းရစ်သုံးဆင့်မှာ ဆီမီးထွန်းညှိဖို့ ကျောက်ဆီမီးခွက်လေး (၁၁၀၄) ခုကိုလည်း အညီအမျှထွင်းထားတယ်။ မင်းဗာကြီးနဲ့ မိဖုရားဖွားစောပုံတွေမှာ မင်းကြီးဟာ လက်တော်ခြောက်ဖက်နဲ့ ဖြစ်နေတာကလည်း ထူးခြားရဲ့။ မိုးရွာသွန်းမှုလွန်ကဲပြီး စိုစွတ်တဲ့ဒေသ ဘုရားလိုဏ်တွေထဲမှာ မွမ်းကျပ်လှောင်ပိတ်မနေတာကလည်း ရှေးရခိုင်ဗိသုကာရဲ့ အလင်းအမှောင်၊ လေကောင်းလေသန့်ဝင်ရောက်မှုနည်းစံနစ်များပါ။

အံတော်သိမ်ပုထိုးတော်ကြီးကို သျှစ်သောင်းဘုရားရဲ့မြောက်ဘက်မှာ လမ်းလေးသာခြားပြီး တွေ့ရပါတယ်။ ရခိုင်မင်း(၁၂)ဆက်မြောက် မင်းစောလှ အေဒီ ၁၅၂၁ ခုမှာ တည်ခဲ့တာပါ။ ရှစ်မြောင့်ပုံစေတီဖြစ်ကာ အလယ်စေတီတော်ကို အရံစေတီ (၈) ဆူဝိုင်းထားပြီး ပုထိုးနဲ့သိမ်ကို အုတ်တံတိုင်းနဲ့ကာရံထားရဲ့။

အံ့တော်သိမ်နဲ့ကပ်လျက် မြောက်ဘက်မြေနိမ့်ကုန်းတော်ပေါ်မှာ ခရစ်နှစ် ၁၆၁၂ ခုက မင်းခမောင်းတည်ခဲ့တဲ့ ရတနာပုံစေတီရှိပါတယ်။ အဝိုင်းပုံရှိပြီး မိုးရေတွေစီးဆင်းနိုင်ဖို့ တံတိုင်းမှာ ဆင်ဦးခေါင်းရေထုတ်ပြွန်များ တပ်ဆင်ထားရဲ့။

သျှစ်သောင်းဘုရားကုန်းပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်က နာရီစင်

ပြန်ဆင်းလာကြပြီး ရှေ့က စားသောက်ဆိုင်မှာ မနက်စာစားကြတယ်။ ကြေးဆင်းတုံ ဗျာလ်ရှပ်နဲ့ ရခိုင်လုံချည်တွေ ရောင်းလို့ ဗျာလ်ရှပ်နှစ်ကောင်တွဲကို အမှတ်တရဝယ်လိုက်တယ်။ ရေကြီးစဉ်က ရိုက်ကူးထားတဲ့ ဗွီဒီယိုခွေထိုးပြလို့ ရင်မောဖွယ်ကြည့်ရတယ်။ ဘုရားအထက်ဖိနပ်ချွတ်နေရာ လှေကားထစ်တွေလည်း ရေမြုပ်တယ်။ ကြည့်ရင်းနဲ့ကိုပင်လယ်ကြီးလိုဖြစ်သွားဘဲ တွေ့လိုက်ရတယ်။


သျှစ်သောင်းပုထိုးအပြင်ပတ်လမ်းကျောက်အမိုးခုံးကနေ ထုက္ကသိမ်ဘုရားကို လှမ်းကြည့်တဲ့အနေအထားနဲ့မြင်ကွင်းဟာ အလွန်လှတယ်။ ထုက္ကန်သိမ်ဟာ သျှစ်သောင်းဘုရားအနောက်ဘက်ပေ (၃၀၀) လောက်အကွာ လမ်းတစ်ဖက်ခြားမှာ တည်ရှိတယ်။ ကုန်းပေါ်မှာ ကျောက်တုံးတွေနဲ့တည်ဆောက်ထားတဲ့ ပုထိုးတော်ကြီးရဲ့ အကျယ်အဝန်းဟာ အရှေ့-အနောက် ပေ (၁၁၀)၊ တောင်-မြောက် (၁၃၇) ပေရှိပြီး ပေ(၂၀)မြင့်တယ်။ မင်းဖလောင်းနဲ့ မိဖုရားကြီးရှင်လတ်တို့က သက္ကရာဇ် ၉၃၃၊ ခရစ်နှစ် ၁၅၇၁ မှာ တည်ထားကိုးကွယ်ခဲ့တာပါ။

အောက်ခံကျောက်အပေါ် အလယ်တည့်တည့်မှာ ထူပါရုံကြီးကို ဟန်ချက်ယူတည်ဆောက်ထားပြီး ထောင့်လေးထောင့်မှာ ထူပါငယ်လေးတွေရံလို့တည်ထားပါတယ်။ ထူပါအားလုံးရဲ့ သပိတ်မှောက်အထက်မှာ ကုဗပုံဓာတ်တော်တိုက်(ဓာတုကမ္ဘ)ဆင့်ပြီး တည်ဆောက်ထားပုံဟာ ဒီနေ့ခေတ် စေတီတွေနဲ့မတူပါဘူး။

ထုက္ကန်သိမ်ကနေ အနောက်



မင်းပြားရေအေးသင့်ရွာတွေ့က ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



မင်းပြားမှ မြောက်ဦးသို့အသွား မြောင်းသွေတံတား



ကျောက်တော်တောင်ပေါ်က ကျောက်တော်စေတီသို့



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက် အနည်းငယ်ဆက်လျှောက်လိုက်တဲ့ခါ လမ်းရဲ့အခြားတစ်ဖက်ကပ်လျက်မှာ လေးမျက်နှာဘုရားရှိပါတယ်။ ခရစ်နှစ် ၁၄၃၀ ပြည့်မှာ ဘုရင်မင်းစောမွန်က ကျောက်သားတွေနဲ့ချည်း တည်ထားခဲ့တာပါ။ မြို့တည်ဘုရားကြီးငါးဆူ(လေးမျက်နှာ၊ မုတ်ဆိတ်တော်၊ မြတန်ဆောင်၊ ဝိဇရံသီနဲ့ပုဏ္ဏားတောင်ခံတစ်မြို့တည်ဘုရား) ထဲက တစ်ဆူ ဖြစ်ပါတယ်။ ဘုရားဂူထဲဝင်ဖို့ အရပ်လေးမျက်နှာမှာ မုခ်ဝလေးခုရှိလို့ 'လေးမျက်နှာ' 'မုခ်လေး တန်'လို့ခေါ်ဆိုကြတာပါ။ ဝင်ပေါက်လေးခုပေမယ့် ဂူလယ်ကမဏ္ဍိုင်ကို ဝန်းပတ်ပြီး ပလ္လင်တော်ရှစ်ခုရှိကာ ဆင်းတုရှစ်ဆူကလည်း အရပ်ရှစ်မျက်နှာကိုမျက်နှာမူကာ ကျောချင်းစံနေတော်မူကြရဲ့။

လေးမျက်နှာဘုရား ခေါင်မိုးအလယ်တည့်တည့်မှာ ထူပါရုံစေတီကြီးရှိပြီး အရံစေတီငယ်လေးဆူဝန်းရံထားပါတယ်။ စေတီငါးဆူစလုံးဟာ သီဟိုဠ်ဟန် စက်ဝိုင်းခြမ်းပုံရှိကာ အထက်မှာ လေးထောင့်စပ်စပ် ဓာတ်တော်တိုက် (ဓာတုဂဗ္ဘ) တင်ပြီး အပေါ်ဆုံးအထွတ်မှာတော့ ထီးတော်အစား ရွှေအိုးမှောက်အလုံးပုံတင်ထားတာပါ။ နောက်ပိုင်းခေတ် မြန်မာစေတီတွေလို ထီးတော်ချွန်ချွန်မရှိပါဘူး။ ပုထိုးတော်လေးဖက်လုံးကို မဟာရံတံတိုင်းကာရံထားပြီး အဝင်မုခ်ပေါက်တစ်ခုနဲ့တစ်ခုကြား လိုဏ်ဂူအတွင်းမှာ ဥမင်တစ်ပတ်ဘုရား(၂၈)ဆူ(နှစ်ကျိပ်ရှစ်ဆူ)ကို သမ္ဗုဒ္ဓေဂါထာတော်အတိုင်း တည်ထားပါသေးတယ်။ ပုထိုးတော်အောက်ခြေမျက်နှာ (၅၅) ပေရှိပြီး ဉာဏ်တော်အမြင့်က ပေ(၇၀)ခန့်နဲ့တံခါးမုခ်တစ်ခုစီဟာ (၁၇) ပေခန့်မြင့်ကာ (၁၃)ပေကျယ်ပါတယ်။အပြောက်အမွမ်းတံကဲတွေမပါဝင်ဘဲ ရှင်းလင်းတဲ့ဗိသုကာပုံစံနဲ့ တစ်မူထူးခြားစွာတည်ထားတဲ့ မြောက်ဦးခေတ်အစောပိုင်းလက်ရာ ဖြစ်ပါတယ်။

ပုထိုးတော်ကြီးနဲ့ကပ်လျက် လမ်းတစ်ဖက်ခြားမှာတော့ မင်းစောမွန်ရဲ့ညီတော် နရနု (အလီခင်) မင်း ၁၄၃၃ ခုမှာ တည်ထားတဲ့ နရံနုစေတီရှိပါတယ်။

**□သကျမာရ်အောင်စေတီတော်နဲ့ ဘီလူးညီနောင်**

သကျမာရ်အောင်စေတီတော်(Sakya Manaung Pagoda) ဟာ ဘုရင်သီရိသုဓမ္မရာဇာမင်းနဲ့ မိဖုရားကြီးနတ်သျှင်မယ်တို့ ခရစ်နှစ် အေဒီ ၁၆၂၉ ခုနှစ်၊ ကောဇာနှစ် ၉၉၁ ခုနှစ်မှာ ဘီသိက်သွန်းလောင်းပွဲအောင်မြင်တဲ့ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့တဲ့ဘုရားပါ။ သကျသာကီနွယ်ဝင်မင်းမျိုးနွယ်က ဆင်းသက်လာတဲ့ မာရ်ငါးပါးကို အောင်မြင်တော်မူသောဘုရားရှင်နဲ့ထိုသကျသာကီနွယ်ဝင် မြင့်မြတ်တဲ့မင်းတွေ နန်းစဉ်နန်းဆက်အုပ်ချုပ်ခဲ့ပြီး အောင်မြင်မှုရခဲ့ကြတာကို ရည်ညွှန်းခဲ့တဲ့အမည်ပါ။ ရတနာမာရ်အောင်စေတီရဲ့ တောင်ဘက်၊ နန်းတော်ကုန်းအရှေ့ဘက် (၄) ဖာလုံခန့်အကွာ ရွှေဂူတောင်စေတီရဲ့ အရှေ့ဘက်မှာရှိပါတယ်။

စေတီတော်အောက်ခံဟာ ကြာပွင့်တွေအာခနေပုံဖြစ်လို့ အလွန်ထူးခြားလှပတဲ့ဗိသုကာလက်ရာပါ။ လောကီဘုံရှစ်ခွင်တွင်းကနေ သန့်စင်မွန်မြတ်တဲ့ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းလာမှုကို ကြာပွင့်နဲ့ တင်စားထားရဲ့။ ပစ္စယံနှစ်ဆင့်လုံးမှာ ခိုနန်းချိုးတွေပါရှိပြီး မုခ်လေးခုရှိကာ မုခ်တိုင်းမှာလည်း ကျောက်ဆစ်လက်ရာကောင်းလှတဲ့ရာဇပလ္လင့်တံကဲတွေနဲ့တန်ဆာဆင်ထားပါတယ်။ စေတီတော်နဲ့ ဝင်းတော်နှစ်ထပ်လုံးကတံတိုင်းတွေကို ကျောက်သားအခိုင်အခံ့တွေနဲ့တည်ဆောက်ထားတာပါ။ ဝင်းအတွင်းမှာ အရံစေတီတွေလည်းရှိသေးပြီး တစ်ဝင်းလုံးဟာ သပ်သပ်ရပ်ရပ်ရှိလှကာ လျှောက်လမ်းတွေလည်း စနစ်တကျ ဖောက်လုပ်ထားတယ်။

ဘုရားအနောက်ဘက်မှာတော့ ဝဲယာတစ်ဖက်တစ်ချက်စီမှာ ကျောက်ဆစ်လက်ရာကောင်းတဲ့နောင်တော်တာနောယက္ခနဲ့ ညီတော်ပီဠယက္ခဘီလူးရုပ်တုတွေရှိတယ်။ အဲဒီရုပ်တုတွေရဲ့နောက်ဘက်ဝဲယာမှာလည်း ဝိသကြုံနဲ့ မာတလိနတ်သားရုပ်တုတွေကို စေတီတော်အား ပူဇော်နေဟန်ထုဆစ်ထားပြန်ရဲ့။

ဆက်လက်ပြီး မြောက်ဦးမြို့ထဲဆီကို ကားဦးလှည့်လိုက်ကာ မြို့ထဲမှာရှိနေတဲ့နန်းတော်ကုန်းကိုသွားကြတယ်။ နန်းတော်ကုန်းမှာ ရှေးဟောင်းသုတေသနပြတိုက်ရှိနေလို့ ခရီးဖော်တွေကို ကြည့်စေချင်ပေမယ့် ပိတ်ထားပါတယ်။ ပြတိုက်ဝင်ပေါက် တစ်ဖက်တစ်ချက်တံတိုင်းထက်က အချိုးကျနလှပတဲ့ ကျောက်ဆစ်ဗျာလ်ရုပ်တွေပဲကြည့်ခဲ့ရပေါ့။

ပြတိုက်ထဲမှာ ကျောက်စေတီရဲ့ ထီးတော်အစိတ်အပိုင်းတွေ၊ လောင်ပွန်းပြောက်ဘုရားက ရောင်စုံစဥ့်ချပ်တွေ၊ ဝေသာလီဆင်းတုတော်နဲ့ နတ်ရုပ်တွေ၊ ရခိုင်ဒင်္ဂါးတွေ၊ စတူပါကျောက်စေတီငယ်တွေ၊ ရှေးရခိုင်မင်းတွေရဲ့ ကျောက်စာအစစ်တွေနဲ့အတူအာနန္ဒစန္ဒြကျောက်စာပုံတူကိုလည်း တွေ့ရမှာပါ။ ၁၉၂၃ခုကရရှိခဲ့တဲ့ အေဒီ ၅ ရာစု ကျောက်ဆစ်လက်ရာမှာတော့ ဘုရားရှင်က စန္ဒာသူရိယမင်းကို ဓမ္မစကြာတရားတော်ဟောကြားနေဟန် ဖြစ်ပါတယ်။

မြောက်ဦးမြို့ကိုမတ်ရာမှာလည်း ရေဘေးဒဏ်ကြောင့် ဟိုတံတားပျက်ဒီတံတားကျိုး၊ နောက်တံတားက ပြင်ဆင်ဆဲမို့ သွားရလာရခက်ခဲပြီး သွားလိုရာကို မရောက်ခဲ့။ မာရ်အောင်ဘုရားအစုံကို မဖူးနိုင်ခဲ့ဘူးပေါ့။

**□ရတနာမာရ်အောင်စေတီ**

ရသမျှဖူးစေမယ်လို့ ကားဆရာလေးနဲ့ ဦးပဉ္ဇင်းတို့က ရည်ရွယ်ထားပုံရလို့ ဆက်လက်ပြီး ရတနာမာရ်အောင်စေတီကိုပို့ပေးတယ်။ ရတနာပုံစေတီရဲ့ အရှေ့ဘက် တောင်ကြား၊ နန်းတော်ကုန်းအရှေ့မြောက်ဘက် မိုင်ဝက်ခန့်မှာပါ။ စေတီတော်ကို သက္ကရာဇ် ၁၀၂၀ ပြည့်နှစ်၊ အေဒီ ၁၆၅၈ ခုမှာ စန္ဒသုဓမ္မရာဇာမင်းနဲ့ မိဖုရားရတနာပီယဒေဝီတို့က တည်ထား ကိုးကွယ်ခဲ့တာပါ။ ရခိုင်တိုင်းရင်းသားတွေဟာ မျိုးရိုးစဉ်ဆက်ရတနာသုံးပါးကို အမြဲယုံကြည်မြတ်နိုးစွာရှိသေလေးစားကိုးကွယ်ခဲ့ခြင်းအဓိပ္ပာယ်ဆောင်ပြီး ဘွဲ့တော်ပေးထားခဲ့ပါတယ်။

စေတီကို ကျောက်သားအတိနဲ့တည်ဆောက်ကာ ကျောက်ဆစ်လက်ရာတွေနဲ့ မွမ်းမံထားတယ်။ အောက်ခြေဟာ ရှစ်ထောင့်ပုံရှိကာ အထက်သို့ ချွန်တက်သွားတဲ့ထုချွန်ပုံပါ။ ဉာဏ်တော် ပေ (၁၈၀)၊ လုံးပတ် (၃၈၄)ပေရှိကာ ပစ္စယံ (၉) ဆင့်ရှိတယ်။ မူလသံထီးတော်ဟာ မုန်တိုင်းကြောင့် ပျက်စီးသွားလို့ ကျောက်ထီးတော်သစ်ပြုလုပ်ထားရဲ့။ စေတီအောက်ခြေပတ်လည်မှာ ဂြိုဟ်ရှစ်လုံးကိုယ်စားပြုအရုပ်တွေထုဆစ်ထားရှိတယ်။ ကျောက်တံတိုင်း (၂) ထပ်ကာရံထားပြီး ရင်ပြင်အနောက်မြောက်ဘက်မှာ ဘုရင့်ဥပုသ်ဆောင်ဂူတော် (ဂူဖြူ) ရှိနေရဲ့။ မြောက်ဦးခေတ်တုန်းကတော့ စေတီရဲ့အရှေ့ဘက်ကွင်းပြင်မှာ ပြာသိုလရောက်တိုင်း လေးခင်း၊ ဆင်ခင်း၊ မြင်းခင်းသဘင်တွေ ကျင်းပခဲ့ကြပြီး ကာကွယ်ရေးလွတ်အားထားရမယ့် သက်လုံကောင်းတဲ့ သူရဲ



www.burmeseclassic.com

www.burmeseclassic.com

တောင်းတွေမွေးထုတ်ပေးခဲ့ရဲ့။

မြောက်ဦးဘုရားစုံဖူးဖို့ ငါးရက်လောက်အချိန်ယူရမှာဖြစ်လို့ ဒီမျှနဲ့ပဲ ကျေနပ်ပြီး ခရီးသွားဟန်လွှဲ လျှပ်တစ်ပြက်ဖူးပြီး ကျောက်တော်ကိုခရီးဆက်ကြတယ်။ လမ်းဘေးတွေမှာတော့ ရေဘေးသင့်ခဲ့တဲ့အရိပ်အယောင်တွေ တွေ့ရတယ်။ တစ်နေရာမှာ စစ်တွေရထားလမ်းသစ်ကြီးဟာ အောက်ခြေမြေသားရေတိုက်စားပြီး မိုးပျံရထားလမ်းဖြစ်နေရဲ့။

## သမိုင်းဝင်နာမည်ကျော် ဆုတောင်းပြည့်ကျောက်တော်-မဟာမုနိဘုရားကြီး

မကြာလှတဲ့ အချိန်တွင်းမှာပဲ သရက်တစ်ပင်ရွာအနီးက မဟာမုနိကုန်းတော်ပေါ်ရှိသိမ်တော်ကြီးကို လှမ်းမြင်ရပါတယ်။ ရွာအနီးမှဖြတ်သန်းစီးဆင်းလာတဲ့ သရီချောင်းရဲ့လက်တက် မဟာမုနိချောင်းငယ်လေးကို တွေ့ရတယ်။ ဒီချောင်းကများ မဟာမြတ်မုနိကိုယ်တော်ကြီး မန္တလေးမြို့တော်ကို ကြွသွားလေခဲ့သလား။ စောင်းတန်းမုခ်ဦးဟာ ရခိုင်ဟန်အပြည့်နဲ့မို့ ထူးခြားစွာခံ့ညားနေရဲ့။ မဟာမုနိဘုရားပလ္လင်ပေါ်မှာ ကျက်သရေဆောင် ရွှေစလွယ်ရ သူဌေးကြီးဦးရဲကျော်သူနှင့် ဇနီး ဒေါ်မိသန္တာဖြူတို့၏ကောင်းမှု၊ သက္ကရာဇ် ၁၂၆၂ ခရစ်သက္ကရာဇ် ၁၉၀၀ လို့ တွေ့လိုက်ရတယ်။

မဟာမုနိဘုရားကြီးဟာ ရခိုင်တိုင်းရင်းသားတွေ ရှေးအခါကနေ ယနေ့တိုင် ကြည်ညို ကိုးကွယ်ခဲ့ကြတဲ့ ဘုရားပါ။ ၄ ရာစုက ထွန်းကားခဲ့တဲ့ ဓညဝတီမြို့တော်ဟောင်း နန်းမြို့ရိုးရဲ့အရှေ့မြောက်ဘက်မှာတည်ရှိနေတယ်။ ရခိုင်ဘုရင်တွေဟာ ဒီဘုရားကြီးကို မဏ္ဍိုင်ပြုပြီး ဗုဒ္ဓသာသနာတော် အမွန့်ရှည်တည်တံ့ထွန်းအားအောင် ကြိုးပမ်းခဲ့ကြတယ်။

ရခိုင်ရှေးဟောင်းရာဇဝင်သမိုင်းတွေမှာလည်း ဘုရားကြီးသွန်းလုပ်ခဲ့ပုံကို ခိုင်မှတ်တမ်းတင်ကြရဲ့။ ဓညဝတီပြည်မှာ စန္ဒသူရိယဘုရင်စိုးစံနေစဉ် မဖျိမတိုင်းမှာ ဘုရားရှင်ပွင့်ထွန်းတော်မင်းကြီးဟာ ဖူးတွေ့လိုစိတ်နဲ့ ခုနစ်ရက်တတ်လုံး မှန်းဆပူဇော်ရင်း တောင်းပန်ပင့်ဖိတ်တော်မူတယ်။ ဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေခိုက် ကျွတ်ထိုက်သူကို ကရုဏာရှေ့ထားကြည့်တော်မူတဲ့ခါ မင်းကြီးကို မြင်တွေ့သွားပြီး တပည့်သံဃာ (၅၀၀)နဲ့ အတူ ကောင်းကင်ခရီးဒေသစာရီကြွချီတော်မူခဲ့ကာ ကစ္ဆပနဒီမြစ်အရှေ့ဘက်ကမ်းပါး သေလာဂီရိကျောက်တောင်တော်မှာ ရပ်နားတော်မူခဲ့တယ်။ ဘုရင်နဲ့မှောင်းမမိသံအပေါင်းဟာ ဘုရားရှင်ရဲ့တရားကို နာကြားခွင့်ရကြပြီး သောတာပတ္တိဖိုလ်မှာတည်သွားလေရဲ့။

ဘုရားရှင်ပြန်မကြွမီမှာ မင်းကြီးက အများဝေနေယျကိုးကွယ်နိုင်အောင် ကိုယ်စားတော်မြတ်ထားပေးရန်လျှောက်တော်မူပါတယ်။ ဗုဒ္ဓဘုရားဟာ သိကြား၊ ဝိသကြုံတို့ကိုခေါ်ပြီး "ငါ၏ကိုယ်တော်နှင့် မယုတ်မလွန်အတိုင်းပမာဏရှိတဲ့ ရုပ်တုကို ရတနာအစုစုဖြင့် ပြုလုပ်စေ" လို့ လက်တော်နဲ့ ခုနစ်လက်ခုပ်ကျုံးပြီး ရတနာရွှေငွေတွေကို အပ်နှင်းတော်မူတယ်။ သီရိဂုတ်တောင်ပေါ်မှာ သိကြား၊ ဝိသကြုံ၊ စန္ဒသူရိယမင်းတို့ မဟာသက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေပိုင်းကအစပြုပြီး ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်တော်မူခဲ့တယ်။ သွန်းလုပ်တော်မူခဲ့တဲ့ ဆင်းတုတော်ဟာ (၃)ကြိမ်ပြုလုပ်သော်လည်း ဦးခေါင်းတော်မစေ့ဘဲရှိနေပါသတဲ့။ ဘုရားရှင်ကို လျှောက်တင်တော်မူတဲ့အခါ "မစိုးရိမ်လင့်၊ ပလ္လင်တော်ကိုသာ ပြီးစီးအောင်ဆောင်ရွက်ကြ" လို့ မိန့်ပါတယ်။ မနက်မိုးသောက်တဲ့အခါမှတော့ ရုပ်တုတော်ဟာ ပလ္လင်တော်ပေါ် အလိုလျောက်တည်ရှိနေပြီး ဘုရားရှင်ဟာ ကိုယ်တော်မှရင်ငွေ့တော်ကို ခုနစ်လက်အုပ်ထည့်တော်မူပါတယ်။ ကဆုန်လပြည့်ကျော်တစ်ရက်မှာတော့ ဆင်းတုတော်ကြီး သွန်းလုပ်မှုအောင်မြင်ပြီးစီးတော်မူခဲ့တယ်။

## ❑ ကျောက်တော်တောင်ပေါ်က ကျောက်တော်စေတီ

မဟာမုနိဘုရားကုန်းကပြန်ထွက်ခဲ့ပြီးနောက် ကျောက်တော်မြို့ဘက်ကို အနောက်ဘက်သို့ ကားလမ်းအတိုင်းလာခဲ့ပြီး (၅) မိုင်ခန့်အကွာအရောက် လက်ယာဘက်မှာ သေလာဂီရိကျောက်တော်တောင်ရှိတယ်။ အဲဒီအပေါ်မှာ ကျောက်တော်စေတီ "ကိန်းဝပ်စံပယ်တည်ထားတော်မူပါတယ်။ လမ်းခွဲအတိုင်း ကားကိုမောင်းဝင်ခဲ့ပြီး အလွန်မတ်စောက်တဲ့တောင်စောင်းအတက်မှာ ကားကိုရပ်ထားခဲ့ကာ ခြေကျင်ဆက်လက်တက်ခဲ့ကြတယ်။ ကားမောင်းသူက အတော်ကျွမ်းကျင်လှပေမယ့် ကားကတော့ နောက်ပြန်လန်ကျတော့မတတ်မတ်မတ်ကြီးမောင်းတက်ခဲ့ရတာပါ။

အဲဒီမှာထဲက များပြားလှစွာသောမျောက်တွေနဲ့ စတင်မိတ်ဆက်ရပါတော့တယ်။ မျောက်ကျွေးဖို့ ရခိုင်ငှက်ပျောသီးလေးတွေလည်း အသင့်ဝယ်နိုင်ပါတယ်။ မျက်လုံးလေးတွေကြောင်စီစီနဲ့ ချစ်စရာမျောက်လေးတွေပါ။ မျောက်မတွေကသားငယ်ကို ရင်ခွင်ပိုက်လို့ သနားစရာကောင်းလှရဲ့။ တစ်ကောင်နဲ့တစ်ကောင်ကိုက်ထားလို့ နားရွက်ပဲ့၊ အမြီးတိုနေကြတာလည်းရှိရဲ့။ ဘုရားဖူးတွေက မျောက်တွေကို တပျော်တပါး အစာကျွေးနေကြတယ်။

သတိထားရင်း မက်စောက်တဲ့လမ်းကွေ့ကို ခန္ဓာကိုယ်ရှေ့ပစ်ကာ ပင်ပန်းကြီးစွာတက်ခဲ့ရတယ်။ လေအေးကူညီရင်း ရွာတွေမှာ ရွံ့ဗွက်နွံတောတွေ ရှန်းပြီးလျှောက်ခဲ့ကြရလို့ အားကလည်း ပြတ်ချင်ချင်မို့အတော်မောရဲ့။ ဒါပေမယ့် ပတ်ဝန်းကျင်တစ်ခွင်လုံးဟာ စိမ်းမြမြရှုခင်း၊ မြစ်ပြင်ကျယ်ကိုဖြတ်လာတဲ့ လတ်ဆတ်တဲ့လေတွေကြောင့် မောတော့မောပေမယ့် မမောဘူးရယ်။ တောင်တက်လမ်းတွေကို အုတ်လှေကားထစ်ကောင်းကောင်း၊ အမိုးအကာအပြည့်အစုံနဲ့ စောင်းတန်းတွေပြုလုပ်ထားလို့ အဆင်းခက်ခဲ၊ အတက်ကြမ်းကြမ်းလည်းမဖြစ်ခဲ့ပါဘူး။

ကျောက်တော်တောင်အနောက်ဘက်မှာတော့ ကုလားတန်မြစ်ဟာ ငြိမ့်ငြိမ့်သက်သက်စီးဆင်းနေရဲ့။ သူ့ပေါ်မှာတော့ ကျောက်တော်တံတားကြီးက ဖြတ်လို့ပါ။ တစ်ဖက်ကမ်းကျောက်တော်မြို့ကိုလည်း လှမ်းမြင်နေရတယ်။ ပထမဆုံးရောက်တဲ့ တောင်ကုန်းမြေပြန့်ပြန့်မှာ ခဏနားကြတယ်။ မြင့်တက်သွားတဲ့ တောင်ကုန်းတွေကိုရှင်းပြီး ဘုရားစေတီတည်ထားလက်စတွေနဲ့ဇရပ်တစ်ဆောင်မြင်ရတယ်။ ဓမ္မစကြာပုံ ရွှေဆင်းတုတော်နဲ့ ဘူမိဖဿပုံဆင်းတုတော်နှစ်ဆူက ကျောက်အုတ်ခုံတွေမှာစံနေတော်မူကြပြီး နောက်ဘက်မှာ မတ်ရပ်ဆင်းတုတော်တစ်ဆူရှိတယ်။ မြန်မာနိုင်ငံသားတွေဟာ အတော့်ကိုဘုရားတည်နိုင်လွန်းတဲ့လူတွေပါ။

အဲဒီမြေအပြန့်ကနေ တစ်ဆစ်ချိုးပြီး ဆက်တက်ခဲ့ကြတယ်။ တောင်ပေါ်ရောက်လေအသက်ရှူရတဲ့လေကသန့်လေပါ။ တောင်တက်လမ်းအလယ်လောက်လက်ဝဲဘက်မှာ လေးထောင့်စပ်စပ်တိုင်လုံးတွေသာထူထားတဲ့ အဆောင်လေး



www.burmeseclassic.com

www.burmeseclassic.com


တွေ့ရပြီး အလယ်မှာခြေတော်ရာတစ်ဆူ ရှိတယ်။ အဆောင်အမိုးကိုအပြန့်ထားပြီး စေတီတစ်ဆူတည်ထားတယ်။ ခေတ်သစ်ခြေတော်ရာပေမယ့် သဲကျောက်အောက်ခံတင်ခုံကို အတော်ကောင်းတဲ့ ရှေးကျကျလက်ရာမျိုး ထုဆစ်ထားရဲ့။

ခပ်မတ်မတ်အုတ်လှေကားတွေကို အနည်းငယ်တက်လိုက်တဲ့အခါ တောင်ထိပ်ကိုရောက်သွားပါတယ်။ လှေကားထိပ်အမိုးပတ်လည်မှာ အင်္ဂတေပန်းချီနဲ့ ကျောက်တော်စေတီသမိုင်းကို သရုပ်ဖော်ထားတယ်။ ၁၂၃ ခု သေလာဂီရိတောင်ပေါ်၌ ဘုရားရှင်ဆင်းသက်ရပ်နားတော်မူပုံ၊ စန္ဒာသူရိယမင်း ဗုဒ္ဓအားဖူးမြော်တော်မူနေပုံစသဖြင့်ပေါ့။ ရခိုင်မင်း မိဖုရားပုံတွေကို အတော်ဂရုစိုက်ပြီး အဆင်တန်ဆာနဲ့ဆံထုံးတွေကအစ ရှေးကနဲ့တူအောင်လုပ်ထားရဲ့။ ရုပ်တုတွေအကြားမှာ ရခိုင်သဇင်ခက်ကြီးတွေကို လှပစွာဖြည့်စွက်ထားပြီး ဘေးမှာလည်း မတ်တပ်ရပ် ရှေးရခိုင်သားရုပ်တွေက ဆီမီးခွက်နဲ့ပူဇော်ရဲ့။

▫ ကျောက်ရိုးတော်ဓာတ်စေတီမြတ်

ကျောက်တော်တောင်ဟာ ဗုဒ္ဓဗျာဒိတ်တော်မိန့်မြွက်ခဲ့ရာ 'သေလာဂီရိ မောရပဗ္ဗတ' တောင်တော်ပါ။ အဲဒီပေါ်မှာ ဘုရားရှင် ရခိုင်ပြည်ကိုကြွလာခိုက် ပထမဆုံးရပ်တန့်တော်မူရင်း နောင်ပေါ်ထွန်းလာမယ့် ဘုရားပုထိုးတွေကို ဗျာဒိတ်ပေးခဲ့ပါတယ်။ ရပ်တော်မူခဲ့တဲ့ မောရပဗ္ဗတတောင်ပေါ်မှာ ဘုရားရှင်ဟာ နှစ်ဥကာလမှာ ပန်းပွတ်သမားဖြစ်ခဲ့လို့ 'ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့အခါ ငါ့ရဲ့ကျောက်ရိုးတော်ဓာတ်ကို ဒီမှာစေတီတည်ကြရလိမ့်မယ်' လို့ ဗျာဒိတ်ထားခဲ့တဲ့ စကားအတိုင်း ကျောက်စေတီတော်လို့ ခေါ်ဆိုကြတယ်။ ဒီတောင်ရဲ့အရပ်လေးမျက်နှာမှာလည်း ဘုရားရှင်ဘဝများစွာ ကျင်လည်နေထိုင်ခဲ့လို့ 'အဲဒီနေရာတွေမှာ ဓာတ်တော်များတည်လာလိမ့်မယ်' လို့လည်း မိန့်ခဲ့ပါသတဲ့။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့ခါ ရက္ခပူရတိုင်း၊ ဗျာဒိတ်တော်ထားခဲ့ရာတွေကို ဓာတ်တော်မွေ တော်တွေရောက်ရှိလာပြီး ဘုရားပုထိုးများစွာ တည်ဆောက် လှူဒါန်းခဲ့ကာ သာသနာတော်စည်ပင်လာခဲ့ပါတယ်။

ဘုရားရှင် ပထမဆုံးခြေချတော်မူရာ သေလာဂီရိတောင်ထိပ်မှာ ဗုဒ္ဓရဲ့ ကျောက်ရိုးတော်ဓာတ်အစစ်ကို ဌာပနာလျက် ကျောက်တော်စေတီတည်ပြီးတဲ့



ရခိုင်ပြည်နယ်မြေပုံ

နောက် ဝေသာလီခေတ် မဟာစန္ဒြားမင်း၊ လေးမြို့ခေတ် ဒသရာဇာမင်း၊ မြောက်ဦးခေတ် မင်းဖလောင်း၊ မင်းရာဇာကြီးတို့ကဆက်လက်ပြီး စေတီတော်ကို စောင့်ရှောက်တော်မူခဲ့ကြပါတယ်။

ကျောက်တောင်တော်စေတီရင်ပြင်က ကျယ်သင့်သလောက်ကျယ်ပြီး ကျောက်ပြားအခင်းတွေနဲ့ အတော်လေးသပ်ရပ်သန့်ရှင်းပါတယ်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူထားတဲ့စေတီဟာ အောက်ခြေစက်ဝိုင်းပုံဖြစ်ကာ ပစ္စယာအရစ် (၇) ရစ် ထပ်ဆင့်ထားတယ်။ ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်၊ ငှက်ပျောဖူး၊ ငှက်မြတ်နားနဲ့ ထီးတော်တွေ အစုံအလင်နဲ့ ယနေ့ခေတ်ဟန်ပါ။ အောက်ခြေပတ်လည်အရပ်လေးမျက်နှာက အနည်းငယ်ကြီးတဲ့ မုခ်ပေါက်တွေပါတဲ့လိုဏ်နဲ့ ကြားက လိုဏ်ဝယ်လေးတွေကိုပတ်စီထားတယ်။ လိုဏ်လေးတွေအထက်မှာ အရံစေတီငယ်တွေရှိပြီး လိုဏ်တချို့အကြားမှာတော့ သက်ဆိုင်ရာဂြိုဟ်ရုပ်လေးတွေကိုတင်ထားရဲ့။ ဂြိုဟ်ရုပ်လေးတွေဟာ ရှေးကျပုံရပါတယ်။

စေတီရင်ပြင်ကို ဝန်းပတ်ပြီး သံတန်းလက်ရန်းကို အမိုးတွေနဲ့ပါ အုပ်မိုးပြီးလုပ်ထားတယ်။ လက်ရန်းတွေနားရပ်ပြီး အဝေးရှုခင်းတွေကိုအကြည့် မနီးမဝေးတောင်ကုန်းပေါ်မှာ သီဟိုဠ်ပုံစံက်ဝိုင်းခြမ်းပေါ်မှာ လေးထောင့်ဓာတ်တော်တိုက်ဆင့်ပြီး ကျောက်ထီးဝိုင်း(၃)ခု ခပ်ကျဲကျဲတင်ထားတဲ့ စေတီတစ်ဆူလှမ်းမြင်လိုက်ရတယ်။ သေလာဂီရိတောင်အနီးက မဥ္စပဗ္ဗတတောင်မှာလည်း ဘုရားရှင်ရဲ့ဗျာဒိတ်အတိုင်း ဓညဝတီနန်းစံသူရိယစက္ကမင်းက ဗုဒ္ဓချက်တော်ဓာတ်ကို ဌာပနာထားတဲ့ ချက်တော်စေတီရှိတယ်။ အဲဒီစေတီကို ဝေသာလီခေတ်မှာ မဟာစန္ဒြားမင်း၊ လေးမြို့ခေတ်မှာ ဘုရင်မင်းရင်ဖြူ ဘုရင်မင်းထီး၊ မြောက်ဦးခေတ် မင်းတာကြီးနဲ့ မင်းရာဇာကြီးတို့က ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါတယ်။

ကျောက်တော်ကနေ ကစ္ဆပနဒီမြစ်ဖြတ် ကစ္ဆပနဒီမြစ်ကူးတံတားကြီးကို ဖြတ်သန်းကာ (၇၅) မိုင်လောက်ဝေးတဲ့ စစ်တွေကိုဆက်သွားပါတယ်။ စစ်တွေလောကနန္ဒာစေတီပရိဝုဏ်ထဲက မဟာဝေယံသာသနာ့ဗိမာန်မှာရှိနေတဲ့ စကြာမုနိဘုရားကိုလည်း စိတ်ဝင်စားပေမယ့် ဖူးခွင့်မကြုံတော့ပါဘူး။ အဲဒီဆင်းတုတော်ကို ၂၀၀၀ ပြည့်နှစ်၊ ဇွန်လအတွင်းက မြောက်ဦးမြို့နယ်ရွာတစ်ရွာမှာ တံငါသည်တစ်ဦး ကွန်ပစ်ရာက နှစ်ပေါင်းများစွာတိမ်မြုပ်နေရာမှ တွေ့ရှိခဲ့ပြီး ဗန္ဓုလကျောင်းကို လှူဒါန်းခဲ့ပါတယ်။ ဉာဏ်တော် (၁၈) လက်မရှိ ကြေးသွန်းဘုရားဖြစ်ပြီး နောက်ကျောမှာ သက္ကရာဇ် ၅၂၀ ပြည့်နှစ်၊ သူရိယကုလမင်းအလှူတော်ကောင်းမှုလို့ပါရှိပြီး ရှေ့မှာလည်း ယေဓမ္မာဂါထာကို ဖြဟ္မီအက္ခရာနဲ့ ရေးထိုးထားရဲ့။ ထူးခြားချက်ကတော့ ဦးခေါင်းတော်မှစလို့ တစ်ကိုယ်လုံးကို မရေမတွက်နိုင်တဲ့ ဆင်းတုတော်လေးတွေနဲ့လွှမ်းခြုံထားတာပါ။ လက်ဝဲလက်ဖဝါးကို အပေါ်လှန်ထားပြီး အဲဒီထဲမှာ ရှစ်ထောင့်ကြယ်တစ်ပွင့်ရှိနေပါတယ်။ ကြယ်ပွင့်ရဲ့အလယ်တည့်တည့်မှာတော့ လှည်းဘီးသင်္ကေတ ဓမ္မစကြာသင်္ကေတ စက်ဝန်းနဲ့ပါ။ ဆင်းတုတော် နဖူးသင်းကျစ်တည့်တည့်က ဥဏ္ဏာလုံမွေးရှင်တော်ကိုလည်း ခရုပတ်သင်္ကေတ ပုံဖော်ထားပါသေးတယ်။

ဘုရားဖူးရင်း လိပ်ဥတူးတာမျိုး မဟုတ်ပေမယ့် ရေဘေးသင့် ရခိုင်တိုင်းရင်းသားတွေကိုကူညီရင်း ဘုရားစုံဖူးခဲ့ရတာကိုတော့ ကြည်နူးနေမိပါတယ်။


**ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)**

**စာကိုး -**


မျှားအောင်ရဲ့သမိုင်းထဲမှ မြောက်ဦးဘုရားစေတီပုထိုးများနှင့် ချည်လှမ်းညွှန်

မင်းပြား - မင်းသိဏ်ခွဏ်ရဲ့ ပစ္စက္ခရက္ခိတပုံရိပ်များ

www.burmeseclassic.com




ကျော့ဂွန်းဂူမှ ဘုရားတစ်ဆူ




ရပ်တော်မူဘုရားနှင့်နောက်ခံတံကဲ




ကျော့ဂွန်းဂူမှ အကြွေးကြေဘုရား



ကျော့ဂွန်းဂူအတွင်းမှ စေတီ



ဆဒ္ဒန်ဂူ

# ဘုရင်ဂျီရေပူမှာရေချိုး ကျော့ဂွန်း၊ ရသေ့ပျံ၊ ဖားကပ်၊ ဇွဲကပင်ညနေခင်း

## အရှုန်(မန္တလေး)

ကရင်ပြည်နယ်ကို ရောက်ပါက ဇွဲကပင်တောင်သည် အထင်ကရဖြစ်သောကြောင့် မသိသူမရှိသလောက်ပင် ဖြစ်၏။ ကရင်ပြည်နယ်အတွင်းမှာ အခြား ထင်ရှားသောနေရာများသည် ယခုလို ပွင့်လင်းခေတ်မှာ ပို၍များပြားလာတာကိုလည်း တွေ့နေရပါသည်။

အချို့နေရာများသည် မထင်မှတ်လောက်အောင် သဘာဝအလှရော ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ နေတာတွေ့ရသောအခါ များစွာ အံ့ဩမိတော့သည်။ အထူးသဖြင့် ကရင်ပြည်နယ်အတွင်းမှာ သဘာဝထုံးကျောက်လိုဏ်ဂူများစွာရှိနေပါသည်။ ထိုဂူများသည် ရာဇဝင်ဒဏ္ဍာရီများပါ သမိုင်းကြောင်းများသာမက ဗုဒ္ဓဘာသာ ယဉ်ကျေးမှု၊ ဘုရားစေတီ၊ ဘာသာရေး အထိမ်းအမှတ်များသည် ရှေးဟောင်း မင်စာများ၊ ကျောက်ထွင်းလက်ရာများကြောင့် ကမ္ဘာကျော်ခဲ့ရတော့သည်။

နှစ်ပေါင်း (၂၀၀၀) ကျော်ခန့်လောက်ကတည်းက မြန်မာပြည်သည် ယဉ်ကျေးမှု ဘာသာ၊ စာပေများ တိုးတက်ဖြစ်ထွန်းနေတာတွေ ယနေ့တိုင်ကျန်ရစ်နေသည်မှာ ဂုဏ်ယူဖွယ်ရာပင်ကောင်းတော့သည်။

ကရင်ပြည်နယ်အတွင်းမှာပင် သံလွင်၊ ဂျိုင်း၊ ဒုံသမိနှင့် အတ္တရံမြစ်တို့ပေါင်းဆုံရာ မြစ်ဝကျွန်းပေါ် မြေနုလွင်ပြင်ဒေသမှာပင် နိဗ္ဗုဒ္ဓိရဂူ၊ ဖားဘောင်ဂူ၊ ရေပူဂူ၊ ဂျိုင်းသံလွင်ဒေသတွင် ခရုံဂူ၊ ဓမ္မသဂူ၊ ဆဒ္ဒန်ဂူတို့ရှိကြ၏။ ကော့ကရိတ်ဝန်းကျင်အနီးတွင် ဖားဘောက်ဂူ၊ ဖားပျံဂူ၊ တောင်ဘကွဲဂူ၊ ရသေ့ဂူနှင့် မောင်ဒီတို့ရှိကြသည်။ သံလွင်၊ လှိုင်းဘွဲ့ဒေသတွင် ဝဲပျံဂူ၊ တောင်ကလေးဂူ၊ ကော့ကသောင်ရေတို့ ရှိကြပါသည်။ သံလွင်၊ ဒုံသမိဒေသတွင် မင်းလွင်ဂူ၊ ဝင်းဆုံဂူ၊ ဘုရင်ညီနောင်ဂူ၊ ဖားကပ်ဂူ၊ ကော့ဂွန်းဂူ



www.burmeseclassic.com


www.burmeseclassic.com


နှင့် ရသေ့ပျံဂူတို့ရှိကြသည်။


စာရေးသူသည် ကရင်ပြည်နယ်ကိုရောက်သောအခါ လေ့လာကြည့်ရှုစရာတွေကများလွန်းနေ၏။ ဘားအံမှ (၁၀) မိုင်ခန့်အကွာတွင် နှစ်စဉ် သံဃာတော်များ၊ သံဃာ့ပရိပါသ်ဆောက်တည်ပွဲကို နှစ်စဉ် ပြာသိုလပြည့်ကျော်မှစတင်၍ တပို့တွဲလပြည့်နေ့အထိ ကျင်းပလေ့ရှိသောကြောင့် ထိုဆင်ကျုံကျောင်းတိုက်တွင် ဝတ်ဆောက်တည်ရင်း နာမည်ကျော်ဂူများကို လေ့လာခွင့်ရရှိခဲ့ပါသည်။


ဘားအံမြို့သည် လေယာဉ်ပျံပေါ်မှကြည့်လျှင် တောင် (၅) လုံး ဝန်းရံနေသော ရာဇဂြိုဟ်မြို့ကဲ့သို့ ဘားအံမြို့သည်လည်း ထောင်မိတောင်၊ ထမင်းဆုပ်တောင်၊ ဘားကပ်တောင်၊ ရသေ့ပျံတောင်၊ ဖားပုတောင်၊ မင်းဆီတောင်၊ ဇွဲကပင်တောင်၊ တောင်ညိုတောင်နှင့် ဘားမဲတောင်ဟူ၍ တောင်ကိုးလုံးခန့် ဝိုင်းရံထားတာကို တွေ့နိုင်ပါသည်။


သထုံ - ဘားအံကားလမ်းမဘေး သံလွင်မြစ်ကူးတံတားထိပ် ဖားကပ်ရွာတွင် ဖားကပ်တောင်သည် သံလွင်မြစ်ကမ်းနဖူးပေါ်မှာ တည်ရှိနေ၏။ ထိုဂူသည်လည်း နိုင်ငံခြားသားများဝင်ထွက်ကြည့်ရှုရာနေရာတစ်ခုဖြစ်၏။ သမိုင်းဝင်လက်ရာအချို့ရေးရေးမဆကျန်ရှိနေလေ၏။


ဘုရင်ညီနောင်ဂူ (ဘုရင်ဂျီ)


တောင်ကလပ်


ဘုရင်ညီနောင်ဂူနောက်သက်ရာ



ဆရှန်ဂူဓာတ်ကပ်ဘုရားနောက်ပိုင်းသက်ရာ


ကော့ဂွန်းဂူမှ ရုပ်တုတစ်ဆူ ပြုံးပြုံးပုံ




www.burmeseclassic.com

www.burmeseclassic.com




ရုပ်ပွားတော်တစ်ဆူ



ပြုပြင်ပြီးပုံတော်များ




ကော့ဂွန်းဂူ



ကော့ဂွန်းဂူ



မုန်ဦး



ဖွဲ့ကပင်တောင်မှ နေထွက်အရိပ်နှင့်
ဇင်းကျိုက်တောင်နေဝင်ချိန်အရိပ်ကျိန်
အရိပ်ဆုံရာဘုရား
(ကြက်မတစ်ဝပ်စာအရိပ်လွတ်)



ကော့ဂွန်းဂူ မပြုပြင်မီကပုံ

ချိန်မှကုန်ဆုံးတော့သည် နိုင်ငံခြားသားများနှင့် ဘုရားဖူးများသည် ထိုဂူထဲကို ကြည့်လေ့ရှိကြ၏။

ရသေ့ပျံဂူထဲတွင်လည်း လင်းနို့မျိုးစိတ် အမျိုးအစား (၇) မျိုးနှင့် ကျောရိုးမဲ့သတ္တဝါမျိုးစိတ် (၁၅) မျိုးကိုတွေ့နိုင်ပါသည်။ ကမ္ဘာ့ရှားပါးစာရင်းဝင် အသေးဆုံး နို့တိုက်သတ္တဝါ လင်းနို့မျိုးစိတ်ဖြစ်သော Craseonycteristhong Longyai လင်းနို့များကို တွေ့ရှိရပါသည်။

ထိုးကျောက်တောင်များသည် မိုးရေတွင်ပါဝင်သောအက်စစ်သည် ထိုးကျောက်များအားတိုက်စားကာ အချိန်ကြာလာသောအခါ အက်ကွဲကြောင်းများ၊ လိုဏ်ဂူများဖြစ်ပေါ်လာသည်။ မြေအောက်ရေကြောများ အချင်းချင်းဆက်ကာ ရေထွက်စမ်းချောင်းများ

တရင်ပြည်နယ် ဘားအံဒေသအတွင်းရှိ လိုဏ်ဂူများထဲတွင် လင်းနို့မျိုးစိတ်ပေါင်း (၁၀) မျိုးကျော်နေထိုင်သည့် နေရာသဖွယ်ဖြစ်နေပြန်သည်။ လင်းနို့အများဆုံးကို ဖားကပ်ဂူထဲတွင် တွေ့နိုင်ပါသည်။ လင်းနို့ဂူကို တံခါးဖြင့်ပိတ်ထားကာ အစောင့်ချထား၏။ လင်းနို့များ ညနေ အစာရှာထွက်သောအခါ ကောင်ရေများစွာတွေ့နိုင်၏။ ညနေ (၄) နာရီလောက်ကထွက်တာ နေဝင်



www.burmeseclassic.com

www.burmeseclassic.com


လည်း ဖြစ်ပေါ်လာသည်။ သဘာဝထုံး ကျောက်လိုဏ်ဂူများတွင် အခြေအနေ များ ပြောင်းလဲမှုသတ္တိနည်းပါးသော ကြောင့် ရေအောက်သတ္တဝါများသည် အလင်းရောင်မရှိခြင်း၊ စိုထိုင်းဆများ ခြင်း၊ အစာအာဟာရနည်းပါးခြင်းတို့ ကြောင့် ထိုအခြေအနေတို့နှင့် လိုက် လျောညီထွေမှုဖြစ်စေရန် အလွန်ထူးခြား သော မျိုးစိတ်များအဖြစ်သို့ ဆင့်ကဲ အသွင်ပြောင်းလဲခဲ့ကြသည်။ ရှားပါး သောမျိုးစိတ်များအဖြစ်သို့ အသွင် ပြောင်းခဲ့ကြသည်။ ဂူများတွင်နေထိုင် သော လင်းနို့များသည် အပင်များ အတွက် ဝတ်မှုန်ကူးပေးသည်။ ရောဂါပိုး သယ်ဆောင်သော အင်းဆက်ပိုးမွှားများ




ကော့ဂွန်းဂူ မပြုပြင်မီကပုံ




ရ




ကော့ဂွန်းဂူ



ကော့ဂွန်းဂူ




ကော့ဂွန်းလိုဏ်ဂူအတွင်းမှဘုရားများ



ရှေးမူလက်ရာပုံမပြုပြင်မီ



ကော့ဂွန်းဂူရှေးဟောင်းကျောက်ထွင်းလက်ရာ



ဆဒ္ဒန်ဂူ



www.burmeseclassic.com

www.burmeseclassic.com




ကော့ဂွန်းဂူ



ကော့ဂွန်းဂူ



ကော့ကသောင်ဂူအတွင်းဆိုင်းကပ္ပ



ရသေ့ပျံဂူ



ကော့ဂွန်းဂူ

နှင့် ဖျက်ပိုးများကိုစားသုံးပေးခြင်း၊ လူသားများကို အကျိုးပြုနေသလို လင်းနို့ချေးသည် စိုက်ပျိုးရေးအတွက်များစွာ အသုံးဝင်ပါသည်။ ဖားကပ်ဂူမှာပင် လင်းနို့ချေးများစွာရရှိနေပါသည်။

ဖားကပ်မှ (၂) မိုင်ခန့်တွင် ရသေ့ပျံဂူရှိနေသည်။ ရသေ့ပျံဂူသည် သထုံနေပြည်တော်ကို စွန့်ခွာခဲ့သော ရသေ့ဖြစ်သော အနော်ရထာစစ်တပ်များလာ၍ဝိုင်းသော ဂူကိုဖောက်၍ ထွက်သွားခဲ့သည်။ ရသေ့ပျံရွာအနီးတွင် မြို့ဟောင်းနေရာတစ်ခုရှိနေခဲ့သည်။

ရသေ့ပျံဂူရှေ့တွင် ရေကန်ရှိနေ၏။ ထိုကန်သည် ရှေးကတည်းကရှိနေခဲ့သည်။ မိန်းကလေးများဆင်းပါက ချက်ချင်း လေကြီးမိုးကြီးကျသည်။

ရသေ့ပျံဂူသည် ရှေးဟောင်းလက်ရာများ၊ ဘုရားရုပ်ပွားတော်များ၊ စေတီများ၊ ရှေးဟောင်းပစ္စည်းအကြွင်းအကျန်များစွာ တွေ့နိုင်ပါသေးသည်။ ဂူသည် ရှေ့ပေါက်မှ နောက်ပေါက်ဆီ အဆင်းအတက်၊ အကွေ့အဝိုက်များ၊ ရေတိုက်စားထားသော ကျောက်ပန်းကျောက်ချပ်များ၊ စာပန်းချီ ပန်းပုထုထားသကဲ့သို့ ထင်မှတ်ရ၏။ ဂူထဲတွင် သန့်ရှင်းသပ်ရပ်နေသလို လေဝင်လေထွက်ရှိနေသောကြောင့် လှောင်ပိတ်၍ အနံ့များမဆိုးပေ။ သဘာဝသက်သက်ကိုကြည့်ရှုရင်း တစ်ဖက်ထိပ်ထဲရောက်အောင်သွားသင့်ပါသည်။ တစ်ဖက်ထိပ်တွင် ရှေးကတရားကျင့်ခဲ့သူများနှင့် ရသေ့ဖန်ဆင်းခဲ့သော သမီးတော်နေရာများ၊ ဆေးကြိတ်သည့်ကျောက်ပျဉ်များကို တွေ့နိုင်ပါသည်။ ထိုနေရာကကြည့်ပါက အလံဝံအင်းကြီးများ၊ ဇင်းကျိုက်တောင်ရှခင်းများသည် ကြည့်၍အလွန်ပင်လှပနေပါသည်။

လိုက်ဂူအနီး မြောက်ဘက်ကျားဂူ (ခေါ်) ခေတ်ဖန်၍ သိဒ္ဓိသေကဝိဇ္ဇာဇော်ဂျီသည် သံသေပြဒါးသေ၍ လောကီကိစ္စ အောင်မြင်သွားသည်။ ဂူ၏နောက်ဘက်ပေါက်နေရာသည် ကျောက်ကမ်းပါးယံသာရှိနေတော့သည်။ ထိုနေရာမှာလည်း မျောက်ကလေးများကို တွေ့နိုင်ပါသည်။

အနော်ရထာမင်း၏တပ်တော်များသည် ဗုဒ္ဓဉာဏရသေ့ကို ဝိုင်းတားစဉ် ရသေ့သည် တောင်ကို ဖောက်ထွင်း၍ ထွက်သွား၏။ ဇိနမာန်အောင်စေတီသည်လည်း အတူပါသွားခဲ့သည်။ အနော်ရထာစစ်သည်တို့သည် မပြန်တော့ဘဲ သရက်ဖြူရွာတွင် နေရစ်ခဲ့ကြသည်။ သရက်ဖြူရွာကို ရသေ့ပျံရွာဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ရှေးက ဗုဒ္ဓဉာဏရသေ့နှင့် သိဒ္ဓိသေကဝိဇ္ဇာဇော်ဂျီပုံတို့ကို အလေးချိန် (၁၀၀) ခန့်လောက်ရှိသော ရုပ်တုကြီး




www.burmeseclassic.com

www.burmeseclassic.com



ကော့ဂွန်းဂူ မပြုပြင်မီကပုံ



မပြုပြင်မီကပုံ



ရှေးဟောင်းလက်ရာအုတ်ခွက်ဘုရားများ



ကော့ကသောင်ဂူအတွင်းမှ
ကျောက်မိချောင်းနှင့်ကျောက်ထိပ်



ကော့ဂွန်းဂူ

များ ထုလုပ်ထားကြသော်လည်း မသမာသူတို့သည် နိုင်ငံခြားသို့ ရောင်းစားခဲ့ကြသည်။ ယခုအခါ လက်ကျိုး၊ ခြေကျိုး၊ ဦးခေါင်းပဲ့၊ မကိုဋ်တော်အမျိုးမျိုး၊ မုဒြာဟန်အမျိုးမျိုး၊ သစ်သားရုပ်တုအမျိုးမျိုး၊ ကုန်းဘောင်ခေတ် စကျင်ကျောက်အမျိုးမျိုး၊ ခေတ်အဆက်ဆက် လက်ရာပုံစံအမျိုးမျိုး၊ ပလ္လင်တံကဲအမျိုးမျိုးတို့သည်ပင် နိုင်ငံခြားဈေးကွက်သို့ ရောက်ရှိသွားခဲ့လေပြီ။ အနည်းအကျဉ်းသာကျန်ရစ်ခဲ့တော့သည်။

နံ့ရံကပ်အုတ်ခွက်ဂူဘုရားများကို အခြားသောဂူများတွင်လည်း တွေ့နိုင်ပါသည်။ ဆဒ္ဒန်ဂူတွင် အမြောက်အမြား တွေ့နိုင်ပါသည်။ သို့သော်လည်း ခေတ်လက်ရာများသာ ကျန်ရစ်တော့မည်။ မူလလက်ရာများက နိုင်ငံခြားဈေးကွက်သို့ ရောက်ရှိခဲ့ပေပြီ။ ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူတွင် မူလလက်ရာများကို တွေ့နိုင်ပါတော့သည်။ ထိုထင်ရှားသောဂူများတွင် ဘုရင်ညီနောင်ဂူ(ဘုရင်ကြီး)ဂူမှာတော့ နံ့ရံကပ်အုတ်ခွက်ဘုရားများထုလုပ်ပူဇော်ခဲ့တဲ့ အထောက်အထားမတွေ့ရတော့ပေ။ နံ့ရံကပ်အုတ်ခွက်ဘုရားများသည် အခြားဂူများတွင်လည်း ထိုင်တော်မူပုံဟန် (၃) လက်မ၊ (၄)လက်မအရွယ် ပုံစံများသာတွေ့ရပါသည်။



www.burmeseclassic.com


www.burmeseclassic.com

ရသေ့ပျံဂူ၏ အမြင့်ပေ(၁၅၀)ခန့်တွင် သတ္တရဲဝေဝင်၊ 'ဖင်' စွဲ စာကြောင်းများ ဖတ်ရနိုင်ပါသည်။ အခြားစာကြောင်းများကိုတော့ ဖတ်၍မရနိုင်တော့ပေ။


၁၄-၄-၂၀၀၂ နေ့က ဂူရှေ့ရှိ ဘေးမဲ့ရေကန်ကို တူးဖော်သောအခါ အနက် (၃) ပေခန့်သို့အရောက်တွင် လက်ရေးစင်းအုတ်ချပ်များတွင်ပြုလုပ်ထားသော ရေတွင်းတစ်တွင်းပေါ်လာပါသည်။ အုတ်ချပ်များသည် အရင်းကြီးအဖျားသွယ်ပုံစံဖြစ်၏။ ပုဂံခေတ်အုတ်ချပ်များထက် အနည်းငယ်သေး၏။ ထိုအုတ်ချပ်များတွင် ဒေါင်လိုက်၊ အလျားလိုက်၊ ကန့်လန့်ဖြတ် ပျူခေတ်အုတ်ချပ်များကဲ့သို့ အမှတ်အသားများ လေ့လာတွေ့ရှိကြရပါသည်။

ကော့ဂွန်းဂူမှ မွန်ရှေးဟောင်းကျောက်စာချပ်တွင် -

(ဤဘုရားရုပ်တုတော်ကို မုတ္တမမိဖုရားဖြစ်သူ ကျွန်ုပ်သည် ဒုအ်ဝေါပ်မြို့၌ နေထိုင်ပြီး ဤမြတ်စွာဘုရားကို ထုထွင်းပြုလုပ်ခဲ့ပါသည်။ မြေနှင့်ကျောက်ဆင်းတုတော်ဘုရားများ ဒုအ်ဝေါပ်မြို့အတွင်း၌သော်၎င်း၊ မြို့နယ်အပြင်အပ၌သော်၎င်း တည်ရှိသမျှတို့ကို ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်များက စွမ်းရည်ရှိ၍ ထုထွင်းခဲ့ပါသည်။ အခြားအခြားသော -)



ရှေးလက်ရာ (မပြုပြင်မီ) ကော့ဂွန်းဂူ



ဆဒ္ဒန်ဂူအတွင်းပိုင်းပုံ




ကရင်ပြည်နယ်အလှ



အရိုပ်ကျဘုရားအတွင်းမှအရုပ်



ဆဒ္ဒန်ဂူအတွင်းမှ သဘာဝကျောက်ဖွဲ့




ဆဒ္ဒန်ဂူ




www.burmeseclassic.com


www.burmeseclassic.com



ကော့ဂွန်းဂူ



မပြုပြင်မီကပုံ



ဘားအံ ရေတံခွန်

မုတ္တမမိဖုရားသည် သထုံမနူဟာမင်း၏မိဖုရားတစ်ပါးလော။ ကျောက်စာအရတော့ တချို့က ခရစ်နှစ် ၁၁ ရာစုနှစ် အနော်ရထာမင်းခေတ်ဟု ခန့်မှန်းကြ၏။

ဒုအင်ဝေါပ်မြို့တော်ဟောင်းသည် ရသေ့ပျံဆရာတော် ဦးဝိသုဒ္ဓိ (ရသေ့ပျံဂူ) အဆိုအရ ရသေ့ပျံရွာဦးစေတီပတ်ဝန်းကျင်တစ်ဝိုက်ဟု ယူဆပါသည်။ ထိုနေရာတစ်ဝိုက်တွင် ရှေးဟောင်းဘုရားအပျက်အစီးများ တွေ့ရပါသည်။ အုတ်ချပ်များသည် ရှေးဟောင်းအုတ်ချပ်များနှင့်တူညီနေတာကို တွေ့နိုင်ပါသည်။

မွန်စကားအရ ဒုအင်ဝေါပ်မြို့ဟောင်းသည် 'ပုန်းအောင်းရာနေရာ' ဟု အဓိပ္ပာယ်ရပါသည်။ ခေတ်စကားနှင့်ပြောရပါက စစ်ဘေးရှောင်စခန်းတစ်ခုဟုဆိုချင်ပါသည်။ အနော်ရထာမင်းစော၏ ဘာသာရေးကိုအခြေပြု၍ဖြစ်လာသောစစ်ပွဲကြောင့် မနူဟာသည် စစ်ရှုံးသောအခါ မုတ္တမမိဖုရားထွက်ပြေးလွတ်မြောက်ခဲ့ရာမှ ထုထွင်းခဲ့သောဘုရားစေတီများ သာသနာပြုခဲ့ဟန်လည်းရှိနေပါသည်။ ...

နောက်ထပ် ၁၆ ရာစုနှစ်က မုတ္တမမြို့စားသည် တောင်ငူဘုရင်တပင်ရွှေထီး၏သစ္စာတော်ကိုမနာခံဘဲ ဘုရင်တစ်ဆူသဖွယ် မာနထောင်လာသောအခါ တပင်ရွှေထီးက စစ်အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်လာသောအခါ အရေးနိမ့်ရန်သေချာနေသောကြောင့် မုတ္တမမြို့စားသည် ရင်ဆိုင်ရန်မဝံ့တော့ဘဲ မုတ္တမတောင်ရိုးတန်းအတိုင်းဖြတ်ကျော်ကာ မိုင် (၂၀) ခန့်ဝေးသောကော့ဂွန်းဂူအနီး တောအလွန်ထူထပ်သော ကိုမွန်တန်အရပ်ဒေသသို့ ထွက်ပြေးပုန်းအောင်းခဲ့လေသည်။ ကိုမွန်တန်သည် ကရင်ဘာသာစကား ဖြစ်သည်။ 'ကို'မှာ တော၊ 'မွန်တန်'မှာ ထူထပ်ဟူ၍ အဓိပ္ပာယ်ရပါသည်။ ရှေးကနေရာအနှံ့ အုတ်ခွက်ဘုရားအကျိုးအပဲ့မြောက်မြားစွာတွေ့ရှိနိုင်သော်လည်း ယခုအခါ အနည်းငယ်မျှသာကျန်ရှိပါတော့သည်။

ဆဒ္ဒန်ဂူထဲတွင် ရှေးက အဝယ်စခန်းများပင်ဖွင့်ကာ ဝယ်ယူခဲ့ကြသည်။ အစောင့်အကြပ်များချထားကာ ဘုရားများကို ပြောင်ပြောင်တင်းတင်းခိုးယူခဲ့ကြပါသည်။

၁၃၄၃ ခုနှစ်က ဒုအင်ဝေါပ်မြို့ဟောင်းနေရာတွင် သံဖြင့်ပြုလုပ်ထားသော အုတ်ခွက်ဘုရားဘလောက်တုံးနှစ်ခု တွေ့ရှိကြရပါသည်။ ၎င်းဘလောက်တုံးနှစ်ခုကို ကော့ကသောင်းဆရာတော်၊ ထိုမှတစ်ဆင့် ကော့ဂွန်းတိုက်ကျောင်းဆရာတော် ပျံလွန်တော်မူသောအခါ ဘလောက်တုံးများလည်း ပျောက်ဆုံးသွားခဲ့ရသည်။

၎င်းနေရာတွင် ဂဝံကျောက်ဖြင့်ပြုလုပ်ထားသော ပလ္လင်၊ ဇုက်ပျောက်၊ စေတီ တူးဖော်ထားသော အမြင့်(၁၀) တောင်ခန့် ကိုးမြှောင့်သဏ္ဌာန်စေတီ

www.burmeseclassic.com



ရွှေမှုထက်ရာ



ကောဂွန်းဂူမှ ကျောက်ဆစ်ထက်ရာ



ကောဂွန်းဂူမှ ကျောက်ဆစ်ထက်ရာ



ကောဂွန်းဂူမှ ကျောက်ဆစ်ထက်ရာ




ရသေ့ပျံ့ဂူအတွင်း၊ သဘာဝပန်းဆွဲ



ကောဂွန်း၊တောင်ထိပ်မှ စေတီ



ဖွဲ့ကပင်တောင်ခြေ လုမ္ဗနီဥယျာဉ်



ရသေ့ပျံ့ဂူကျောင်းဆရာတော်ဦးဗိသုဒ္ဓိ

ဆူ၊ အရှေ့ဘက်တွင် စေတီငယ်သုံး ဆူ စေတီကြီးအနီးတောင်ဘက်၌ စေတီ ငယ်နှစ်ဆူနှင့် ကျောက်နိမိတ်ဖြင့် သိမ် ရုံပေါင်း အုတ်ကုန်းတစ်စု၊ အလျား ပေါင်၊ အနံ(၆)တောင်၊ အမြင့် (၃) တောင်ရှိပါသည်။ ဤနေရာတွင်တွေ့ရ သော ဂဝံကျောက်များသည် မုတ္တမ တောင်ရိုးတွင်တွေ့ရသော သက်ရင့်ဂဝံ ကျောက်အမျိုးအစားဖြစ်သည်။

၁၃၆၇ ခုနှစ် ရသေ့ပျံ့ကျေးရွာ၏ အရှေ့ဘက်တည့်တည့် သံလွင်မြစ်ရေ ကျချိန်တွင် ကမ်းပါးပြိုရာမှ စဉ့်ဖိုလ်ဟု ယူဆရသည့် ပေ(၃၀)စီအကွာအဝေးရှိ စဉ့်ဖိုလ်(၅)ခုပေါ်လာခဲ့သည်။

ယခုအခါ ရှေးဟောင်းစဉ့်ရေ သုတ်အုတ်ချပ်များသည် ထုခြေခံရသော ကြောင့် အပိုင်းအစမျှသာ ကျန်ရစ်ခဲ့ပါ တော့သည်။

မုတ္တမမြို့စားနှင့်ညီဖြစ်သူတို့သည် သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ရေး ကြိုးကြရင်းက စိတ်အားထက်သန်လာကာ




www.burmeseclassic.com

www.burmeseclassic.com



ကော့ဂွန်းဂူ



ဆဒ္ဒန်ဂူရေကန်မှဂူကို
လှေနှင့်ဖောက်ထွက်သောနေရာ




သံလွင်မြစ်ကူးတံတား



ဆဒ္ဒန်ဂူအထက်စီးမှ . . .



ကော့ဂွန်းတောင်ထိပ်မှ အဝေးရှုခင်း



ဖွဲ့ကပင်တောင်အဝေးရှုခင်း

လူဝတ်ကြောင်ဘဝမှ ရသေ့ကြောင်ဘဝသို့ ကူးပြောင်းသွားခဲ့ကြသည်။ ညီဖြစ်သူသည် ရသေ့ပျံဂူတွင် ဆက်လက်နေထိုင်ကာ (ဗုဒ္ဓဉာဏ) ရသေ့ သီတင်းသုံးသွားခဲ့သောနေရာကို အကြောင်းပြု၍ ဗုဒ္ဓဉာဏရသေ့ဟု ဘွဲ့အမည်ခံယူခဲ့သည်။ အစ်ကိုဖြစ်သူ မုတ္တမမြို့စားသည် ဓမ္မဉာဏဟူသောဘွဲ့အမည်ကိုခံယူကာ ကော့ဂွန်းဂူ၌သာသနာပြုတော်မူခဲ့သည်။ ဓမ္မဉာဏရသေ့သည် ဂူထဲတွင်မနေဘဲ သိမ်ဟောင်းရှိသောနေရာ၏ အနောက်မြောက်ဘက် ကိုက် (၁၀၀) ခန့်အကွာတွင် သစ်သားကျောင်းဆောက်လုပ်ပြီး သီတင်းသုံးနေခဲ့သည်။

မုတ္တမမိဖုရားသည်လည်း မုတ္တမမြို့စားက ရသေ့ဘောင်အတွင်းရောက်ရှိသွားသောအခါ ဆက်လက်နေထိုင်ရန် မသင့်လျော်တော့၍ နောက်ပါစာပည့်များဖြင့် အခြားသောနေရာ၊ ဂူများသို့ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ရှေးက ရသေ့ပျံရွာသူရွာသားများသည် သင်္ကြန်အကြတ်နေ့တွင် အစ်ကိုဖြစ်သူသီတင်းသုံးခဲ့သော ကော့ဂွန်းဂူသို့ ရွာလုံးကျွတ် ဆွမ်းတော်ကိုယ်စီဖြင့် သွားရောက်၍ ဆွမ်းတော်တင်လှူရှိခဲ့ကြသည်။ ရေစက်ချချိန်မှာလည်း သံသရာအဆက်ဆက် တစုတရုံးတည်းနေထိုင်ကြရန်ရည်ရွယ်၍ အသားချင်း၊ အဝတ်ချင်းထိ၍ ရေစက်ချခဲ့ကြသည်။ သင်္ကြန်အတက်နေ့တွင် ညီဖြစ်သူ၏ ရသေ့ပျံဂူသို့ သွားရောက်ဆွမ်းတော်တင်ကြသည်။

ထို့ပြင် ရသေ့ပျံဂူမှ ဘားကပ်ဂူထိ (၁)ဖာလုံ (၂)ဖာလုံခန့်အကွာအဝေးတွင် ဘားကပ်ဂူသည် ယခုအခါ လင်းနို့ဂူအဖြစ် ကမ္ဘာကျော်ဆိုရလောက်အောင် နိုင်ငံခြားသားများ ဝင်ထွက်လှေ့လာရာနေရာတစ်ခုဖြစ်နေခဲ့ပါသည်။ လင်းနို့များအနံ့အသက်ကြောင့် ဂူတွင်းသို့ဝင်ရောက်ရန်မဖြစ်နိုင်တော့ဘဲ ဂူအပြင်မှသာ လင်းနို့များထွက်ချိန်ကို စောင့်ကြည့်ရတော့သည်။ အရင်က လင်းနို့များပျံထွက်ချိန် အကောင်ရေများလွန်းသောကြောင့် သံလွင်မြစ်ကူးတံတားခေတ်ကြီးများနှင့်တိုက်မိကာ အကောင်ရေများစွာမြစ်ထဲပြုတ်ကျ သေဆုံးကြရသည်သောကြောင့် သံပုံးနှင့်တီးကာ အချက်ပေးကြရသည်။ သံပုံးတီးလိုက်သောအခါ လန့်၍ အထက်ကိုပျံတက်ကြသောအခါ ကြိုးများနှင့်လွတ်ကင်းသွားကြရသည်။

၁၉၅၆ ခုနှစ်တွင် ဘားကပ်ဂူအတွင်း၌ ရှေးဟောင်း ပုဂံခေတ် အုတ်ခွက်ဘုရား (၂) ဆူ၊ ညောင်ရမ်းခေတ် အုတ်ခွက်ဘုရား (၅) ဆူ၊ ကျောက်ဆင်း



www.burmeseclassic.com


www.burmeseclassic.com



တောင်များရဲ့အလှ



ရှေးဟောင်းအုတ်ချပ်များ



ဆင်ကျုံရွာ ကရင်ဖုံးယိမ်းအက (ဆင်ကျုံရွာဦးကျောင်း)



ကော့ဂွန်းဂူရှေ့မှ ရှေးဟောင်းရေကန်တော်

ဆူ (၅) ဆူ၊ သစ်သားဆင်းတုံတော် (၃၅) ဆူ စုစုပေါင်း (၄၇) ဆူတို့ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ရသေ့ပျံဂူမှ ဘားကပ်ဂူအထဲတွေ့ရသောစေတီများတွင်သုံးခဲ့သော အုတ်ချပ်များသည် ပုံစံအရွယ်အစားတူညီနေတာကို တွေ့ရှိရပါသည်။ ပုဂံမှာတွေ့ရှိရသော စေတီဟောင်းများကဲ့သို့ အုတ်ရိုးသည် အင်္ဂတေဖြင့်မသုံးဘဲ မြေသားဖြင့်ခွဲထားသည်ကို တွေ့ရှိရပါသည်။

ကော့ဂွန်းဂူသည် ကျေးရွာနှင့်နီးသောကြောင့် ရှေးလက်ရာများအမြောက်အများကျန်ရစ်ခဲ့၏။ ရသေ့ပျံဂူသည် ရွာနှင့်အလှမ်းဝေးသောကြောင့် အကြွင်းအကျန်မျှသာ ကျန်ရစ်ခဲ့တော့သည်။ ကြွင်းကျန်ရစ်သော ဘုရားပျက်၊ စေတီပျက်များကို ၁၃၂၆ ခုနှစ်တွင် ဆရာတော် ဦးကောဏ္ဍညက ဦးဆောင်၍ ပြန်လည် မွမ်းမံခဲ့ကြသည်။ အနည်းငယ်ပျက်စီးနေသောဘုရားများကို မူလပုံစံအတိုင်းထားရှိ၍ လုံးဝပျက်စီးနေသော ဘုရားများကို မျက်မှောက်ခေတ်ပုံစံပြန်လည်ပြုပြင်ခဲ့ကြသည်။

လျှောင်းတော်မူဘုရား၏ တံကဲအုတ်နံရံပေါ်တွင် ရှေးဟောင်းစာများအရင်ကရှိခဲ့သော်လည်း လျှောင်းတော်မူပြုပြင်သောအခါ အင်္ဂတေဖြင့်ဖုံးအုပ်ခံရ၍ကွယ်ပျောက်ခဲ့ရသည်။ 'နှုတ်တစ်ရာ၊ စာတစ်လုံး' ဆိုသောစကားသည် သမိုင်းသုတေသနနယ်ပယ်တွင် ပို၍တန်ဖိုးရှိကိုက်ညီနေပါတော့သည်။

ရသေ့ပျံဂူ၏ အလယ်ရသေ့ထွက်ရပ်ပေါက်အနီးတွင် ဖိနပ်တော် (၂) တောင်၊ ဉာဏ်တော် (၁၇)တောင်ရှိသော စေတီကြီးတစ်ဆူ တည်ထားခဲ့ပါသည်။

ရှေးဟောင်းအမွေအနှစ်များအစုလိုက်အပြုံလိုက်တွေ့ခဲ့သောနေရာများသည် ခေတ်အဆက်ဆက်တည်ထားခဲ့ကြ၊ ပြုပြင်ခဲ့ကြတာ သမိုင်းအထောက်အထားခိုင်လုံစွာဖြင့် ကျန်နေရစ်ခဲ့ပါသည်။ သို့သော်လည်း ဆက်လက်၍ ခေတ်လက်ရာများခွဲခြားနိုင်ရန် အရွယ်အစားပုံစံ အနေအထွက်အားဖြင့် ပို၍တိကျစေရန် အစိုးရအနေဖြင့်ပြုလုပ်ပေးရန် လိုအပ်နေသေးပါသည်။ အစိုးရအနေဖြင့် နည်းပညာဆိုင်ရာအကူအညီတောင်းသောအခါ မပေးနိုင်တာကိုသာ တွေ့နေရပါသည်။ တိုးရစ်ဂိုက်များအနေဖြင့်လည်း ခြုံငုံ၍ ခေတ်တွေကိုမှန်းဆပြောနေကြတာတွေ့နေရပါသည်။ နည်းပညာအကူအညီဖြင့် ပို၍တိကျသော ခေတ်လက်ရာများကိုသိနိုင်ပါက ပို၍ပင်ကောင်းမည်ဟု ထင်မှတ်မိပါသည်။ ခေတ်အဆက်ဆက် ရောသမနေသောလက်ရာများသည် တစ်ခေါက်နှစ်ခေါက်ဖြင့်လည်း ပြည့်စုံအောင်တင်ပြနိုင်မည်မဟုတ်ပေ။ လေ့လာသင့်သောနေရာများအဖြစ် လမ်းညွှန်တင်ပြလိုက်ရပေတော့သည်။

အဋ္ဌန် (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဗုဒ္ဓဘာသာဝင်အစစ် သရဏဂုံက

ဗုဒ္ဓဟုခေါ်သည့်သဗ္ဗညုတဘုရားရှင်ကိုယ်တော်မြတ်၏ တရားတော်ကို ဗုဒ္ဓဘာသာဟုခေါ်၏။ ဗုဒ္ဓရှင်တော်မြတ်၏တရားတော်အတိုင်း လိုက်နာကျင့်ကြံနေထိုင်သူကို ဗုဒ္ဓဘာသာဝင်ဟုခေါ်၏။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးကို စစ်မှန်သောသဒ္ဓါတရားဖြင့် သက်ဝင်ယုံကြည်ပြီး သရဏဂုံဆောက်တည်ပါမှ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ရတနာမြတ်သုံးပါး၏ အကြောင်းကို ကောင်းစွာသိရှိထားရန် လိုအပ်သကဲ့သို့ ပညာနှင့်ယှဉ်၍ ကိုးကွယ်ဆည်းကပ်တတ်ရန်လည်းလိုပေသည်။

ရတနာသုံးပါးကို အာရုံပြုခြင်း၊ ရတနာသုံးပါးကို ပူဇော်ကန်တော့ခြင်း မပြုမီ သက်တော်ထင်ရှားရှိသည့်အလား စိတ်တွင်ထင်မြင်လာရန် အာရုံပြုရမည်။ အဘယ်ကြောင့်ဆိုရပါလျှင် မြတ်စွာဘုရား၏ဆင်းတုတော်များ၊ ရုပ်ပုံစေတီတော်များကိုရှိခိုးပူဇော်ခြင်းထက် သက်ရှိထင်ရှားရှိကြသည့်အလား မြတ်စွာဘုရားရှင်တို့ကို စိတ်တွင်ထင်မြင်လာစေရန် အာရုံပြုပြီး ရှိခိုးပူဇော်ခြင်းက ပို၍အကျိုးကြီးမားပါသည်။

**သရဏဂုံဆောက်တည်ရာရောက်မရောက်၊ မြောက်မမြောက်** - မိမိ၏ ကိုးကွယ်ဆည်းကပ်မှုသည် သရဏဂုံ တကယ်မြောက်ရဲ့လားမမြောက်ဘူးလား ဆိုသည်ကို ဋီကာဆရာများညွှန်ပြသော အင်္ဂါရပ်များနှင့် ဆန်းစစ်ကြည့်နိုင်ပေသည်။ ဋီကာဆရာများ၏ညွှန်ပြချက်များမှာ -

**၁။ ဉာတိ** - ဆွေမျိုးကိုဆို၏။ မြတ်စွာဘုရားရှင်သည် ငါတို့ဆွေမျိုးပဲ။ ငါတို့နှင့်ဆွေမျိုးတော်သည်၊ ငါတို့ဆွေမျိုးကို ငါတို့ကိုးကွယ်ရမယ်၊ ပူဇော်ရမယ်ဆိုပြီး သာမန်ဆွေမျိုးစိတ်ထားနှင့် ကိုးကွယ်ဆောက်တည်သော သရဏဂုံသည် သရဏဂုံမမြောက်ပါ။

**၂။ ဘယ** - ကြောက်ခြင်းဆိုသော အဓိပ္ပာယ်ပါ။ မြတ်စွာဘုရားသည် တန်ခိုးအင်မတန်ကြီးမားသည့် ထူးခြားသောအစွမ်းသတ္တိများနှင့်လည်း ပြည့်စုံသည်။ မြတ်စွာဘုရားကိုးကွယ်ဆည်းကပ်နေကြသောသူတွေထဲမှာ အာဏာရှိသောဘုရင်၊ စစ်သူကြီး၊ မှူးကြီးမတ်ရာ၊ သူဌေးသူကြွယ်တွေလည်းပါသည်။ သူ့ကိုမကိုးကွယ်လျှင်တော့ ရှင်ဘုရင်တွေ၊ စစ်သူကြီးတွေနှင့်ပေါင်းပြီး ငါတို့ကိုဒုက္ခပေးရင်ခက်လှချည်ရဲ့ဆိုပြီး ကြောက်လို့ (ဘေးကိုကြောက်လို့) ကိုးကွယ်ဆည်းကပ်တာမျိုးဆိုလျှင်လည်း သရဏဂုံမမြောက်ပါ။

**၃။ အာစရိယ** - အာစရိယဆိုတာ ဆရာကိုပြောတာပါ။ စီးပွားတက်ရုံ၊ ရာထူးတက်ရုံ၊ ရောဂါပျောက်ရုံလောက်ကိုသာမျှော်ကိုးပြီး ပစ္စုပ္ပန်ဒီတစ်ဘဝအကျိုးလောက်ကိုသာ ညွှန်ပြပေးနိုင်သော သာမန်ဆရာဆိုတဲ့စိတ်ထားလောက်နှင့် ကိုးကွယ်ဆည်းကပ်ရုံမျှနှင့် သရဏဂုံမမြောက်ပါ။

**၄။ ဒက္ခိဏေယျတာ** - ပစ္စုပ္ပန်တစ်ဘဝအကျိုးစီးပွားမျှသာ ပစ္စည်းဥစ္စာချမ်းသာရုံ၊ အာဏာရာထူးတိုးလာရုံ၊ ကျန်းမာရေးကောင်းရုံလောက်ကိုသာ၊ မျှော်ကိုးခြင်းမျိုးမဟုတ်ဘဲ မြတ်စွာဘုရားသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောဘဝတွေမှာ ကောင်းကျိုးချမ်းသာတွေကို ဖြစ်ထွန်းအောင် ညွှန်ပြပေးနိုင်သည်။ ဘဝဒုက္ခ၊ ခန္ဓာဒုက္ခ၊ သံသရာဒုက္ခတွေက နေလွတ်မြောက်အောင်လည်း လမ်းညွှန်ပေးနိုင်သည်။ လူ့ပြည်မှာဖြစ်စေ၊ နတ်ပြည်မှာဖြစ်စေ၊ ဗြဟ္မာ့ပြည်မှာဖြစ်စေ၊ မြတ်စွာဘုရားရှင်ထက် သာလွန်သောပုဂ္ဂိုလ်မရှိ။ မြတ်စွာဘုရားရှင်နှင့်တန်းတူပုဂ္ဂိုလ်များလည်းမရှိ။ လောကသုံးထပ်ဘုံသုံးရပ်မှာ မြတ်စွာဘုရားသည်သာလျှင် ကြီးကျယ်မြင့်မြတ်သောဂုဏ်တော်များနှင့်ပြည့်စုံတော်မူသည်ဆိုပြီး တကယ့်ကို အမှန်အမြတ်ဆုံး စိတ်ထားနှင့် ကိုးကွယ်ဆည်းကပ်သိမှတ်မှ သရဏဂုံမြောက်သည်။

မိမိဆည်းကပ်မှုသည် သရဏဂုံ တကယ်မြောက်ရဲ့လား၊ မမြောက်ဘူးလားဆိုတာကို ဋီကာဆရာများ ညွှန်ပြသောအင်္ဂါရပ်များနှင့် ဆန်းစစ်၍ ဘုရားရှင်ကို ယုံကြည်စွာဆည်းကပ်ခြင်း၊ အသိအမှတ်ပြုခြင်းကို ဂမနဟု ခေါ်သည်။

အောက်ပါ အင်္ဂါရပ်များအနက် အင်္ဂါရပ်တစ်ပါးပါးနှင့်ပြည့်စုံလျှင် သရဏဂုံတည်၏။

သရဏဂုဏ်အင်္ဂါရပ်များမှာ -

၁။ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးအား သဒ္ဓါယုံကြည်စိတ်ဖြင့် မိမိကိုယ်ကိုအပ်နှင်းခြင်း။

၂။ ဘုရား၊ တရား၊ သံဃာ မြတ်သုံးပါးကို ကိုးကွယ်လဲလျောင်းရာဟူ၍ မှီခိုအားထားခြင်း။

၃။ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါး၏တပည့်အဖြစ်ကိုခံယူခြင်း။

၄။ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို အမှန်တကယ် ရိုသေတုပ်ဝပ်စွာရှိခိုးခြင်း။

မိမိတို့သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်၊ စေတသိက်တို့သာလျှင် အဖိုးမဖြတ်နိုင်သော သရဏဂုံအစစ်အမှန်မည်၏။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)




www.burmeseclassic.com

www.burmeseclassic.com

ရာမည-သွေးမွန်

# ရာမညဒေသမှ ရှေးဟောင်းသမိုင်းဝင် "နဂါးခွန်းဘုရား" မည်ကျော်

# ကျိုက်မုနိုင်းစေတီတော်


မြစ်ရေပြင်မှ ဖူးမြင်ရသော ကျိုက်မုနိုင်း


ဝတ်အတွင်း အလယ်မဟုတ်တွင်ရှိ ရုပ်ပွားတော်

မွန်ပြည်နယ် ဘီလူးကျွန်းချောင်းဆုံမြို့နယ်ကျွန်းမြေ၏မြောက်ခြမ်းတမ်းနဖူးရှိ မုနိုင်းရွာ မုနိုင်းတောင်ဆွယ်ပေါ်တွင် ကျိုက်မုနိုင်း ဘွဲ့မည်ရသော ရှေးဟောင်း သမိုင်းဝင် စေတီတော်မြတ်ကြီး သည် သံလွင်မြစ်လယ် သို့မဟုတ် ရာသီဥတုသာယာပါက မော်လမြိုင်မြို့လယ် နာဂဝီသတောင်တန်းပေါ်ကပင် အဝေးလက်ဖြင့် ဖူးမြင်နိုင်သော စေတီတော် ဖြစ်သည်။

မော်လမြိုင်မြို့ကနေ အနောက်ဖူးဖူးသို့အဖြောင့်တိုင်းပါက တစ်မိုင်ခန့်သာဝေးမည်ဟုထင်ပါသည်။ မော်လမြိုင်မြို့၏ တောင်ဘက်ပိုင်းရှိ မုပွန် (ယခုတည်ဆောက်ဆဲ သံလွင်တံတားနေရာ) နတ်မော်၊ ချောင်းဆုံမှသွားပါက ဘီလူးကျွန်းအလယ်မှဖြတ်ကာ တကူးကနာ၊ တရင်ဝင်းစိန်၊ စော်ကဲမုဆို၊ ကမနင်း၊ နီမုတ်၊ ကွန်ဒိုင်ရွာစဉ်များကို ဖြတ်ရမည်ဖြစ်သည်။ ထိုမှ နာမည်ကျော် ရွာလွတ်ရွာကိုကျော်ကာ ကမာမို၊ ဒေါင်းဥ၊ တောင်ခွန်းပြီးမှ ကျွန်းမြောက်ခြမ်းဆိပ်ကမ်းကလွီရွာသို့ရောက်မည်။ ထိုဆိပ်ကမ်းမှ အရှေ့တည့်တည့် ကမ်းခြေအတိုင်း (၄) ဖာလုံခန့် ခရီးဆက်ပါလျှင် မုနိုင်းတောင်၊ ယင်း တောင်မ၏တောင်ဘက်အခြေတွင် မုနိုင်းရွာ၊ တောင်မ၏အရှေ့မြောက်ဘက်ခြမ်းသို့တိုးထွက်နေသော တောင်ဆွယ်ပေါ်တွင် ကျိုက်မုနိုင်းစေတီတော်မြတ်ကို ကြည်ညိုဖွယ်ဖူးမြင်ရမည်ဟု လူပြောသူပြောဖြင့် ကြိုတင်ကာ စိတ်ကူးပုံဖော်ထားခဲ့သည်။ ကိုယ်တိုင်တမူ ယခုမှပင် အပ်ကျမပ်ကျတွေ့မြင်လေ့လာရမည်ဖြစ်သည်။


အမှန်က မော်လမြိုင် မြို့မတံတားမှ အနောက်တည့်တည့် သံလွင်မြစ်ကိုဖြတ်သော ကလွီဇက်သင်္ဘောရှိပါသည်။ ခရီးလည်းတို၊ အချိန်လည်း နာရီဝက်၊ တစ်နာရီခန့်နှင့် ရောက်သည်။ စက်လှေ (ဖွဲ့ချိတ်စက်လှေ) ဖြင့် သံလွင်မြစ်၏ အကျယ်ဆုံးရေပြင်နေရာကိုဖြတ်ရမည်ဖြစ်ရာ ယုံကြည်စိတ်ချရဖို့လိုသည်။ ဒေသခံများကမူ နိစ္စဓူဝသွားလာနေရသည်ဖြစ်၍ မထောင်းသာလှသော်လည်း မိမိတို့ကမူ အင်တင်တင်ဖြစ်မိသည်။

မိမိတို့သည်လည်း မော်လမြိုင်မှ မနက်(၁၀)နာရီထွက်မည့် ဇက်သင်္ဘောစီးဖြစ်သည်။အပြန်ကိုမူ မလွဲသာမရှောင်သာ စက်တပ်လှေဖြင့်သာပြန်ရပါမည်။ ကျိုက်မုနိုင်းသည် မိမိအနေနှင့် စိမ်းသည်တော့မဟုတ်။ ငယ်စဉ်က မွေးဖွားရာဇာတိက အလှုပ်ဝဲပတန်ရွာ ဖြစ်သည်။ ထိုစဉ်က အလှုပ်ရွာမှ မော်လမြိုင်မြို့ပေါ်တက် ဆက်သွယ်ရသည့်လမ်းမှာ မော်တာဖြင့် ကလွီရွာဆိပ်ကမ်းကိုဖြတ်ကာသွားရသော ရေလမ်းသာဖြစ်သည်။ သို့ဖြင့် မြို့တက်လေတိုင်း ကလွီဆိပ်မှာ တစ်ထောက်ရပ်၊ ကျိုက်မုနိုင်းစေတီ



www.burmeseclassic.com


www.burmeseclassic.com



ဝတ်အတွင်းမှ နံရံကပ်ရုပ်ပွားတော်များ



ဝတ်အတွင်းမှ ကျောင်းတော်မှ



နဂါးကိုးပါးသိုက်ဘုရား

ကမ်းနံဘေးမှဖြတ်ကာသွားရလေ့ရှိပါသည်။ အသွားတစ်ခါ၊ အပြန်တစ်လှည့် အဝေးလက်ဖြင့် ရှိုးဦးတင်ဖူးမြော်နေကျဖြစ်သည်။

မိမိဇာတိ အလှပ်ဝဲပတန်သည်လည်း ပင်လယ်ရေပြင်နှင့် အစဉ်ရန်ဖြစ်နေကြရသည်ဖြစ်ရာ သဘာဝကိုမလွန်ဆန်နိုင်။ ကိုယ်ကချည်း လည်းစင်းခံရနေပေသည်။ တစ်စတစ်စနှင့် လယ်မြေဆုံးရှုံး၊ နောက်လူနေအိမ်၊ဘုရားကျောင်း ကန်ပါမကျန် ဝါးမျိုလာသဖြင့် ပေါင်မြို့ဘက်သို့ဆုတ်ပြီးရင်းဆုတ်နေကြရသည်။ မော်လမြိုင်မြို့နှင့်နီးရာ အဖြောင့်လမ်းရေကြောင်းမှမသွားနိုင်တော့ဘဲ ရန်ကုန် - မော်လမြိုင် ပြည်ထောင်စုလမ်းမသို့ဖောက်ထွက်ကာ မော်လမြိုင်မြို့သို့ ကားလမ်း (ကုန်းတွင်းလမ်း) မှကွေ့ပတ်ကာသွားလာနေကြရသည်။

ယခု မိမိတို့၏ဘုရားဖူးခရီးသည် ကလိုရွာအထိ ယခင်ရေကြောင်းလမ်းဟောင်း အဖြောင့်အတိုင်းသာဖြစ်သည်။ သံလွင်မြစ်ဝရေပြင်ကျယ်ကိုဖြတ်လိုက်သည်နှင့် ကလိုဆိပ်ကမ်းသို့မရောက်မီမှာပင် ကျိုက်မုန်းစေတီတော်ကို အဝေးကပင် အထင်းသား ဖူးမြင်နေရပြီဖြစ်သည်။ ခရီးသည်များဆိပ်ကမ်းဗောဘေးတွင် စနစ်တကျကပ်ပြီးသည်နှင့်ဆင်းကြသည်။ ထိုမှ သံတောင်တံတားကိုဖြတ်ကာ ဆိပ်ခံပေါ်ရောက်ကြသည်။ ဆိပ်ခံအထွက်ကို နောက်မြီးထိုးထားသောရှာစဉ်အလိုက် လိုင်းကားများ အစီအရီရှိနေသည်။ ဇက်ပေါ်မှဆင်းလာသောခရီးသည်များ ကိုယ်စီဆိုင်ရာကားများပေါ် တကကထွက်သွားကြသဖြင့် ဆိပ်ကမ်းတွင် မိမိတို့နှစ်ဦးမှအပ လူကုန်သလောက်ရှိသည်။ မိမိတို့ညီအစ်ကိုနှစ်ယောက်ရွေးစရာမရှိ။ တစ်ဆိုင်တည်းသာရှိနေသောထမင်းဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

သို့ဖြင့် ထမင်းစားနေစဉ်မှာပင် ဆိုင်ရှင်အမျိုးသမီးထံမှ စုံစမ်းရသည်။ မလှမ်းမကမ်းတွင် ကယ်ရီဖြစ်ဟန်တူသောဆိုင်ကယ်သုံး၊လေးစီးတွေ့ရသည်။

"ကျွန်တော်တို့က ကျိုက်မုန်းဘုရားကိုသွားဖူးမလို့ပါ။ ကယ်ရီဆိုင်ကယ်နဲ့သွားရမယ်နဲ့တူတယ်"

"ရှိပါတယ်၊ ဟိုနားကဆိုင်ကယ်တွေပဲ။ ဟေး-ကောင်လေးတွေ ဘုရားသွားမယ်တဲ့"

မလှမ်းမကမ်းမှ ဆိုင်ကယ်နားက လူငယ်တစ်ယောက် မိမိတို့အနားရောက်လာသည်။ ဈေးစကားပြောဈေးညှိကြသည်။ မိမိသွားမည့်ခရီးစဉ်ကိုပြောသည်။

"တစ်ခုတော့ရှိတယ်။ ငါတို့က ဘုရားလည်းဖူး၊ အေးအေးဆေးဆေးလေ့လာကြမှာ။ လောလောလောလောလုပ်လို့မဖြစ်ဘူး။ ညနေ မြို့အရောက်ပြန်ရမယ်။ ဇက်က ဒီတစ်ခေါက်ပဲ။ ဒါတော့ နောက်ဆုံး စက်လှေအမီ ဒီကိုပြန်ရောက်ဖို့လည်းလိုမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်၊ အဆင်ပြေအောင် သွင်ပေးစေ့ါမယ်"

သို့ဖြင့် အသွားအပြန်အတွက် တစ်ခါတည်းငှားရမ်းကာ ထမင်းဖိုးငွေ ချင်းပေးပြီးသည်နှင့် ဆိုင်ကယ်ပေါ် တက်ခွလိုက်ကြသည်။ ဆိုင်ကယ်က ကျွန်းအတွင်းပိုင်းဘက်သို့ ကားလမ်း အတိုင်းမောင်းလာ၏။ ကလိုဆိပ်ကမ်း မုနိုင်းဘုရားသည် ကမ်းစပ်အတိုင်းဆိုပါက ဝေးမည်တော့မဟုတ်။ သို့သော် လည်း ကားလမ်းအတိုင်းသာ မောင်းရ မည်။ လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာကို ကြည့်ရှုလိုက်ပါလာသည်။

ဘီလူးကျွန်းအတွင်းပိုင်းဘက်သို့ လမ်းအတိုင်း ရွာစဉ်များကိုဖြတ်သည်။ မကြာမီ ရွာတစ်ရွာတွင် ဆိုင်ကယ်ကရပ် သွားသည်။ လမ်းဘက်ဘက်ခြမ်း ကုန်း မြင့်ပေါ်တွင် ရုပ်တုတစ်ခုကထီးတည်း ရှိနေပါသည်။ ဆရာစံရုပ်တုဖြစ်သည်။

"ဒါက ကမာမိုပေ့ါ ဟုတ်လား"

"ဟုတ်တယ်၊ ဆရာစံရုပ်တုလေ။ ဆရာစံ ဒီရွာမှာ အတော်ကြာကြာနေ သွားဖူးပါတယ်".

ရောက်တုန်းရောက်ခိုက် မှတ်တမ်း ရှုထောင့်စုံဖြင့်ရိုက်ယူကာ အဓိက ရည်ရွယ်ထားသည့် ကျိုက်မုနိုင်းသို့ ဆက်လက်ထွက်လာသည်။ ရှေ့ဝေ့ာ မဟုတ်။ နောက်ကြောင်းပြန်လှည့်ခြင်း ဖြစ်သည်။ နောက်သို့ အနည်းငယ်ပြန် လာပြီးကာမှ လမ်းဆုံတစ်ခုဖြတ်လာ သည်ကို သတိပြုလိုက်မိသည်။ ဒေါင်းဥ ရွာဟု ဆိုင်းဘုတ်တစ်ခုအရ သိလိုက် သည်။

လူနေအိမ်တွေက များများပြတ် ဆောက်သွားသည်မရှိလှ။ ဆိုင်းဘုတ် တွေ့မှသာ မည်သည့်ရွာဟုသိလိုက်ရ ခြင်းဖြစ်သည်။ လူနေအိမ်များကလည်း ခေတ်လက်ဒေသတိုးတက်ဖွံ့ဖြိုးမှုပုံရိပ် များဟု ဆိုချင်ပါသည်။ ကျေးရွာဟုဆို သော်လည်း စတိုးဆိုင်များ၊ ကုန်စုံဆိုင် များ၊ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်များ ကိုလည်း အတွေ့ရများလာသည်။ လွန် ခဲ့သော (၁၀)နှစ်လောက်က မိမိရောက်ခဲ့ ဖူးသည့်အခြေအနေနှင့် ယှဉ်ထိုးစဉ်းစား ကြည့်ခြင်းဖြစ်သည်။ အကွာခြားကြီးကွာခြား နေသည်ကို တွေ့ရပါသည်။

"ဒီမှာကလုပ်နိုင်ကိုင်နိုင်တဲ့လူငယ် တွေ သိပ်မရှိကြတော့ဘူးကွ။ အကုန်လုံး ရှမ်းပြည် (တစ်ဖက် ထိုင်းနိုင်ငံကို ဆိုလို ခြင်းဖြစ်သည်။) တက်ကုန်တယ်။ ဟိုမှာ သွားအလုပ်လုပ်ကြတယ်။ အဲဒီကနေ ပို့တဲ့ငွေနဲ့ အိမ်ကြီးအိမ်ကောင်းတွေ ဆောက်ကြတယ်။ အိမ်မှာက လူကြီး တွေ၊ အရွယ်မရောက်သေးတဲ့ ကျောင်း သားကလေးတွေပဲကျန်တယ်။အိမ်စောင့် ပေ့ါ"

ဟူ၍ ရွာနေ ငယ်သူငယ်ချင်း မောင်ဉာဏ်ကပြောပြဖူးသည်ကို အမှတ် ရနေပါသည်။

"ဒါ မုနိုင်းရွာပေ့ါ။ ရှေ့နားဆိုရင် မုနိုင်းဘုရားရောက်တော့မှာ"

ဆိုင်ကယ်သမားဆီကနေအသံကို ကြားကာမှ သတိထားလိုက်မိသည်။ လမ်းဘေး လူနေအိမ်များက ခပ်စိပ်စိပ် နှင့် ရွာလယ်ဖြစ်ဟန်တူပါသည်။ နောက် မှ အိမ်များပြတ်သွားကာ ဘယ်ဘက် တွင် သစ်တောသစ်ပင်များတွေ့လာပြီး မကြာမီမှာပင် ကျောက်ပုံများနှင့် ရေ ဆိပ်သို့ရောက်သည်။ ဆိုင်ကယ်သမား ပြောပြချက်အရ ဆောက်လုပ်ဆဲတံတား အတွက် လိုအပ်သောကျောက်များကို မုတ္တမဘက်ကမ်းမှ လှေနှင့်ကဲ့လာကာ ဤလှေဆိပ်တွင်ချသည်ဟုဆိုသည်။

အမှန်တော့ ဤလှေဆိပ်သည် ဘုရားတောင်ခြေတွင်ရှိနေသည်မှာ ရေ လမ်းကြောင်းမှ ဘုရားဖူးများအတွက် ဖြစ်ပေလိမ့်မည်။ ထိုလှေဆိပ်မှပင် အင်္ဂတေလှေကားအတိုင်း မိမိတို့တက် လာလိုက်ကြသည်။ ဆိုင်ကယ်သမားက တော့ လှေဆိပ်ကျောက်ပုံအနီးတွင်ကျန် ရစ်ခဲ့ကာ မိမိတို့အပြန်ကို နားနားနေနေ စောင့်နေပေလိမ့်မည်။

လှေကားကသိပ်မရှည်သော်လည်း အနည်းငယ်မတ်ပါသည်။ ရင်ပြင်ပေါ်သို့ မကြာမီရောက်ကြသည်။ ကွန်ကရစ်ခင်း ထွေပြားကပ်ရင်ပြင်ဖြစ်သည်။ မိမိကြို တင်တွေးမိသည့်အတိုင်းပင် မုနိုင်း တောင်မကြီး၏ အရှေ့မြောက်ဘက်ရေ ပြင်သို့တိုးထွက်နေသော တောင်လက် မောင်းပေါ်တွင် ရနိုင်သမျှရေပြင်ညီတွင် စေတီကိုတည်ထားခြင်း ဖြစ်သည်။

မိမိတို့ညီအစ်ကိုနှစ်ယောက် စေတီ တော်ရင်ပြင်အရှေ့ခြမ်းမှ လက်ဝဲရစ်ပတ် လိုက်ခြင်းဖြစ်သည်။ မြောက်ဘက်ခြမ်း သို့အရောက်တွင် ရင်ပြင်မြေညီမှ ရေစပ် သို့ဆင်းသည့် အုတ်လှေကားရှိနေပါ သည်။ လှေကားအဆုံးတွင် တသွင်သွင် လှုပ်ခတ်နေသော သံလွင်မြစ်ရေပြင်က ရှိနေပါသည်။ ရေပြင်ကျယ်မှ ရှပ်တိုက် လာသော ပင်လယ်လေက မိမိတို့နှာဝ သို့ လာရောက်တိုးဝှေ့နေသည်ကို ရှူရှိုက် မိကြသည်။

သို့ဖြင့် ဆက်လက်ပတ်လျှောက် လာလိုက်သည်။ ဤမှာဘက်တွင် တောင်မကြီးဘက်ဖြစ်၍ မြေပြန့်ကျယ်ပါ သည်။ ယင်းသို့သော မြေပြန့်ကျယ်ရာ အလယ်တွင် နဂါးရုံဘုရားရုပ်ပွားတော် တစ်ဆူရှိနေပါသည်။ ရုပ်ပွားတော်များ ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်လည်းရှိနေပါ သည်။ နဂါးရုံဘုရားမှာ ခေတ်လက်ရာ ဖြစ်ပြီး သေသပ်ကောင်းမွန်ပါသည်။ အနီးသို့ရောက်ကာမှ အသေအချာ ကြည့်ရာ နဂါးကိုးကောင်ဖြစ်သည်။ ကမ္ပည်းစာတမ်းအရ 'နဂါးကိုးကောင် သိုက်ဘုရား'ဟုဆိုသည်။ ခေတ်လူတို့၏ သေသပ်သော ပန်းတမော့လက်ရာ ကောင်းဖြစ်သည်။ တင်ပလ္လင်ခွေရုပ်ပွား တော်ပုံကမူ စကျင်ကျောက်ဖြင့်ထုဆစ် ထားသည်။

စေတီတော်ရင်ပြင်၏ အနောက် တောင်ဘက်သို့အရောက်တွင် မွန်သံဝဲဝဲ ဖြင့် အမျိုးသမီးကြီးတစ်ဦးက မိမိတို့ကို လှုစိမ်းဘုရားဖူးများမှန်းသိ၍ ဝတ်ကျောင်း တွင်းရှိ ရုပ်ပွားတော်များကို ဝင်ရောက် ဖူးမြော်ကြည်ညိုရန် တိုက်တွန်းစကား ပြော၏။ ကွန်ကရစ်ရင်ပြင်ကိုထိုးဖောက် ရှင်သန်နေသောသစ်ပင်တစ်ပင်၏အရိပ် တွင် စားပွဲပုတစ်လုံးနှင့် စကားပြောနေ ကြသော အမျိုးသားကြီးနှစ်ယောက်ကို တွေ့ရပါသည်။ မိမိတို့လာနေသည်ကို တွေ့ကာမှ စကားပြောနေသည်ကို ရပ်လိုက်ကြသည်။

"ဘုရားဂေါပကနဲ့ တူတယ်။ ကျွန်တော်တို့က ရပ်ဝေးကပါ၊ ဘုရားဖူး လာတာပါ။ တစ်ခါမှမရောက်ဖူးပါဘူး"

အခြေအနေကို ပြောကြားကာ ဘုရားသမိုင်းကို စူးစမ်းပါသည်။ ဘုရား ဂေါပကလုပ်သူမှာ တောခလေ့အတိုင်း စွပ်ကျယ်ချိုင်းပြတ်နှင့် ကွမ်းအစ်တစ်လုံး အနားချကာ ဖျာပေါ်ထိုင်နေပါသည်။

"ဘုရားသမိုင်းပြောပြနိုင်မလား၊ သမိုင်းစာအုပ်စာစောင်တွေကောမရှိဘူး လားဗျ"

ယခု မိမိတွေ့ရသော ဂေါပက အဖွဲ့ဝင်က ဦးရှုန်းဟုဆိုပါသည်။

ဘုရားသမိုင်းအကျဉ်းမှာ မိမိတို့ ၏ လူလောကတွင် ဂေါဝါဠ္ဍသဲစုမကပွင့် ထွန်းတော်မူကြသော ဘုရားရှင်တို့တွင် သက်တမ်းတိုကာလပွင့်တော်မူသော မိမိ တို့၏ ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန် လပြည့်နေ့ အရုဏ်တက်ခါနီးတွင်သဗ္ဗ ညုတဉာဏ်တော်ရပြီး ဘုရားအဖြစ်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိပါသည်။ သက်တော် (၈၀) မျှနှင့် ပရိနိဗ္ဗာန်စံဝင်၍သက်တမ်းတိုကာလဟု ဆိုရမည်ဖြစ်သည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးချိန် ဂဝံပတိမထေရ်ထံတွင် သွားတော်ဓာတ် (၃၃) ဆူ ရရှိထားသည်။ သထုံဘုရင် သီရိမက ရေးမြို့နယ်သို့ပင့်ဆောင်သွားသည်။ထိုမှ ယိုးဒယား(ထိုင်း) နယ်စပ်တောင်ကြား ဘုရားသုံးဆူအရပ်တွင် ဌာပနာ၍ စေတီတော်တည်သည်။ မွန်တိုင်းရင်းသားတို့၏ ဘာသာဖြင့် 'ကျိုက်ပို့က်စေပွိုက်' ဘုရားသုံးဆယ့်သုံးဟုခေါ်သည်။ သာသနာသက္ကရာဇ် ၂၃၀ ကျော်သို့ရောက်ရှိပြီး စေတီတော်မှာ ယိုယွင်းပျက်စီးကာ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်းလာနေခဲ့သည်။ မဇ္ဈိမဒေသမှကြွလာသော ရဟန်းတော်များနှင့် ရေးမြို့နယ်စားတို့က ထိုဘုရားမှ သွားတော် အဆူ (၃၀) ကို ပြန်လည်ပင့်ဆောင်ယူပြီး မွန်တိုင်းဒေသအနှံ့ ဘုရားများတည်ထားကိုးကွယ်ကြရန် ဝေငှပေးတော်မူသည်။ ဘုရားသုံးဆူ မူလအရပ်တွင်မူ ကျန် (၃) ဆူကို ပြုပြင်မွမ်းမံထားခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘူမိ သထုံပြည့်ရှင် ဘုရင်ဉလယမင်းသည် သွားတော်တစ်ဆူနှင့် ဆံတော် (၆) ဆူကို ဝေစုရ၍ တစ်နှစ်တိတိ မိမိခေါင်းရင်းတွင်ထားကာ ဝတ်ပြုကိုးကွယ်နေခဲ့သည်ဟု ဆိုပါသည်။ ပြီးနောက်မှ သာသနာသက္ကရာဇ် (၂၃၇) ခုနှစ်တွင် ဘုရင်ဉလယနှင့် မိဖုရားခေါင်ကြီး မယ်လမု၊ အိမ်ရှေ့မင်းသား ကောလိယ၊ စစ်သူကြီးများဖြစ်သော ဗညားလဂွန်း၊ ဗညားဒါသင်နှင့် သူကြွယ်မ မယ်လမသိုက် အပါအဝင် စစ်သည်ဗိုလ်ပါများခြံရံကာ ကရဝိက်ဖောင်ဖြင့် သထုံမှ ဘီလူးကျွန်း (ယက္ခဒီပ) မုနိုင်းဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ယာယီသစ်ခက်တဲနန်းဖြင့် စံနေပါသည်။ ဤတွင် မင်းကြီးသည် ကမ်းခြေရှိ ကျောက်တုံးကြီးတစ်တုံးကို ထွင်းဖောက်ကာ သွားတော်ဓာတ်ကို ဌာပနာ၍စေတီတစ်ဆူတည်လိုက်သည်။ (ဤသည်မှာ နောင်အခါ ကျိုက်မုနိုင်း ဘွဲ့အမည်ဖြင့် ထင်ရှားလာမည့် ကနဦး မူလစေတီ ဖြစ်သည်။)

ဆံတော် (၂) ဆူ ဝေစုရထားသူ မိဖုရားကြီး၊ တစ်ဆူစီရထားသော စစ်သူကြီး ဗညားလဂွန်း၊ ဗညားဒါသင်၊ အိမ်ရှေ့မင်းသား ကောလိယ၊ သူကြွယ်မမယ်လမသိုက်တို့က စေတီတော်ငယ်များကို အသီးသီးပင်တည်ထားတော်မူကြသည်။ မိဖုရားကြီးက မုနိုင်းတောင်တော်၊ အနောက်ဘက် အတောင် (၃၀) ကွာတွင် ဆံတော်ကို ဌာပနာပြီး ရုပ်ပွားဆင်းတုတော် (၂) ဆူ တည်ထားသည်။ စစ်သူကြီးဗညားလဂွန်းက မုနိုင်းတောင်မကြီးထိပ်တွင်ရရှိထားသော ဆံတော်ကို ဌာပနာ၍ 'ကျိုက်တာဝတီသာစေတီ' ကို လည်းကောင်း၊ ကောလိယမင်းသားက ကျိုက်ရွှတ်ဘုရားကို လည်းကောင်း၊ ဗညားဒါသင်က ကျိုက်ကန္နီဘုရားကို လည်းကောင်း၊ မယ်လမသိုက်က ကျိုက်ကပေါဘုရားကို လည်းကောင်း အသီးသီးတည်ထားခဲ့ကြသည်ဟုဆိုပါသည်။ (မိမိတို့ကမူ မုနိုင်းတောင်မကြီးပေါ်သို့ ပြန်ချိန်ကိုင်ငဲ့နေရသဖြင့် မတက်ရောက်လိုက်နိုင်ပါ။)

ကျိုက်မုနိုင်းစေတီတော်မြတ်ကိုမူ ကနဦး မင်းကြီးတည်ထားစဉ်က ဤမျှကြီးမားသည်မဟုတ်။ ဉာဏ်တော် (၇) တောင်မျှသာရှိပြီး ထီးတော်အဝ (၂) မိုက်သာရှိသည်။ ယင်းနောက်မှ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံလာခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အောက်ခြေဖိနပ်တော်သည် ရှစ်မြှောင့်ချိုးရှိပြီး တစ်မြှောင့်လျှင် (၄၂) ပေ (၉) လက်မ× (၈)။ အမြင့် (၃ ပေ - ၉ လက်မ)၊ စေတီရံ (၂၄) ဆူရှိသည်။ ပင်မကျိုက်မုနိုင်းစေတီတော်မြတ်ကြီးမှာ ဉာဏ်တော် (၉၈) ပေ၊ (၃) လက်မဟု သိရသည်။ ထီးတော်အဝ (အချင်း) (၈) ပေ၊ (၆) လက်မ၊ အမြင့် (စိန်ဖူးတော်အထိ) (၂၂) ပေ၊(၇)လက်မဖြစ်သည်။

၁၉၆၁ ခုနှစ်ကပြုပြင်ရန်ချထားသော ထီးတော်မှာ သက္ကရာဇ် ၁၂၅၅ ခုနှစ်က တော်ကနာဆရာတော်က တင်လှူခဲ့သောထီးတော် ဖြစ်သည်။ ၁၉၆၁ခုက သတိုးမဟာသရေစည်သူ ဆာဦးသွင် ဦးဆောင်၍ ကျွန်းသားကျွန်းသူတို့ အလှူငွေဖြင့် ပြုပြင်မွမ်းမံခဲ့သေးသည်။ လက်ရှိတင်လှူထားသောထီးတော်မှာ ၁၃၂၃ ခုနှစ်၊ တပေါင်းလပြည့်တွင် တင်လှူခဲ့ကြောင်းသိရ၏။ ကျိုက်မုနိုင်းစေတီတော်၏ဘွဲ့မည်မှာ မွန်ဘာသာ အရေးအသားအရ 'ကျာ်မုနော်' ဖြစ်ပြီး မြန်မာဘာသာအသံထွက် 'ကျိုက်မုနိုက်' ဖြစ်ပါမည်။ ကျိုက် - ဘုရားစေတီ၊ မု- အင်ူအစွန်း၊ နိုက် - နဂါး။ ထို့ကြောင့် 'နဂါးအငူစွန်းတွင်တည်ထားသောဘုရားစေတီ' တစ်နည်းအားဖြင့် 'နဂါးအငူစွန်းဘုရား' ဟု အဓိပ္ပာယ်ရှိပါမည်။ အချို့ကလည်း မွန်ဘာသာ 'မု' မှာ နှာခေါင်းဟုလည်းခေါ်သည်ဖြစ်ရာ 'နဂါးနှာခေါင်းဘုရား' ဟုလည်း သတ်မှတ်နိုင်ပါသည်။

မူလ မုနိုင်းတောင်မကြီးမှ သံလွင်မြစ်ရေပြင်သို့ ရှည်မျောမျောထိုးထွက်နေသော ကျောက်တောင်အစွန်းပေါ်တွင် စေတီတော်ကို တည်ထားသောကြောင့်လည်းကောင်း၊ ထိုကျောက်တောင်စွန်း၏ ပုံသဏ္ဌာန်မှာ နဂါးတစ်ကောင်၏ ဦးခေါင်းပိုင်းနှင့် တူသောကြောင့်လည်းကောင်း ကျိုက်မုနိုက်ဟု ခေါ်တွင်ကြခြင်း ဖြစ်သည်။နဂါးနှာခေါင်းဘုရားဟူသော ဘွဲ့မည်ထက် 'နဂါးစွန်းဘုရား' ဟုသာ အသုံးများကြသည်။

မိမိတို့သည် စက်လှေနောက်ဆုံးခေါက်မမီမည်စိုးနေသဖြင့် ရာသီဥတုကောင်းလျှင် မော်လမြိုင်မြို့လယ်တောင်ရိုးတန်းပေါ်ကပင် မြင်နိုင်သည့် အကွာအဝေးတွင်သာရှိနေသည့် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးကို စုံစေ့အောင်ကြည်ညိုနိုင်ခွင့်မရခဲ့ပါ။ ဆောက်လုပ်ဆဲတံတားကြီးပြီးစီးကာမှ မော်လမြိုင်မြို့တွင်းမှ ဆိုင်ကယ်ဖြင့် တိုက်ရိုက်လာရောက်လျက် အချိန်ယူလှေလာကြည်ညိုရန်စိတ်ကူးရွက်လွှင့်ရင်း နောက်ကြောင်းပြန်ခဲ့ကြရပါသည်။

မည်သို့ရှိစေ ထေရဝါဒဗုဒ္ဓသာသနာကို မြန်မာပြည်သို့ ရှေးဦးမဆွကပင် သရဏဂုံတည်ကာဆောင်ယူလာကြသည့် မြန်မာပြည်သား မွန်တိုင်းရင်းသားညီအစ်ကိုများ၏ ဘူမိနက်သန်ရာမည ဒေသတွင် တိမ်မြုပ်လုလု လူသိနည်းပါးနေသော ရှေးဟောင်းသမိုင်းတန်ဖိုးမြင့်မား 'ကျိုက်မုနိုင်းစေတီတော်' မြတ်ဘုရားကို စိတ်လိုလက်ရ ဦးချခွင့်ရရှိမှုမှက မှတ်တမ်းပြုရေးသားခွင့်ရသဖြင့် ကျေနပ်ဝမ်းမြောက်စွာပီတိဖြစ်ရပါသည်။ ထိုနည်းတူ စာရှုသူတို့ကလည်း ကြည်ညိုသဒ္ဓါပွားများနိုင်ကြလိမ့်မည်ဟု ယုံကြည်ရေးသားလိုက်ရပါသည်။

ရာမည-သွေးမွန်


ကျမ်းကိုး -

ဘုရားသမိုင်းအကျဉ်းမူနှစ်မျိုးတွေ့ရသဖြင့် မူတောင်းဟု ဆိုနိုင်သော (၁၉၆၁ ခုနှစ် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးအောင်ညို) ၏ ပြောကြားချက်ကိုပင် အတည်ပြု ရေးသားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံ-မောင်မောင်အေး

# စိန့်သီဘိုးဘွားရိပ်သာသို့ တစ်ခေါက်ရောက်ခဲ့စဉ်


မရောက်သည်မှာကြာပြီဖြစ်သော မွေးရပ်ဌာနီသို့ ငယ်သူငယ်ချင်းဖြစ်သူ၏ ဆောင်မှုကြောင့် မမျှော်လင့်ဘဲရောက် ရပါသည်။ သွားချင်နေသည်မှာကြာပါ ပြီ။ အကြောင်းအမျိုးမျိုးကြောင့်မသွား ဖြစ်ခဲ့သလို အသက်အရွယ်ကလည်း ကြာသွားတိုင်း ကိုယ်မပါတော့သည့် (၈၀) ကျော်မှ သွားရန်ဝန်လေးမိခြင်း လည်း ဖြစ်ပါသည်။

ဟော - ဖြစ်ချင်တော့ နတ်တို့ဖန် ရေတန့်အသင့် ကြာတွေပွင့်ဆိုသလို သူငယ်ချင်းဖြစ်သူက သူ၏ကိုယ်ပိုင်ကား အကောင်းစားကြီးဖြင့် အိမ်တိုင်ရာရောက် လာကြိုတော့ သွားချင်နေသည်မှာကြာ ပြီဖြစ်တဲ့ မွေးရပ်မြေသို့ ပီတိတွေဖြာဝေ ခြင်းရောက်ခဲ့ရပါသည်။ ကျွန်တော် တစ်ယောက်တည်းမဟုတ်ပါ။ ဇနီးဖြစ်သူ အဘွားလေး တင်တင်နွဲ့ (ရန်ကုန် တက္ကသိုလ်) စာရေးဆရာမလည်းပါ၏။

ကျွန်တော်၏မွေးရပ်ဌာနီဆိုသည် မှာ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ လက်ပံတန်းမြို့ဖြစ်ပါသည်။ မြို့တော် ရန်ကုန်မှ မော်တော်ကားလမ်း မိုင်(၉၀) တွင်ရှိပါသည်။

သူငယ်ချင်းက လက်ပံတန်းမြို့နယ် အသင်း (ရန်ကုန်) ၏ ဥက္ကဋ္ဌကြီးတာဝန် ထမ်းဆောင်နေသူမို့ လက်ပံတန်းသို့ အသင်းတာဝန်ဖြင့်သွားရင်း လက်ပံတန်း ရောက်ချင်နေသော ကျွန်တော့်ကိုပါ ခေါ်သွားခြင်းဖြစ်သလို ,စားခဲ့သောက်ရေး နေထိုင်ရေးပါ တာဝန်ယူဒါနပြုသဖြင့် သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။ လက်ပံတန်းခရီးစဉ်တွင် ဥက္ကဋ္ဌကြီးဖြစ်သူ ဦးစိုးလှိုင်သာမကဘဲ . အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်အဖွဲ့တို့ လည်းပါရှိကြပါသည်။

၂၀၁၅ - ၂၀၁၆ စာသင်နှစ်တွင် လက်ပံတန်းအထက်မှ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြ သော ကျောင်းသားများအား ဂုဏ်ပြုဆု ချီးမြှင့်ရန်သွားကြခြင်း ဖြစ်၏။ အမှု ဆောင်အဖွဲ့သည် မိမိအစီအစဉ်ဖြင့် သွားကြခြင်း ဖြစ်၏။ ဥက္ကဋ္ဌကြီးကားပေါ် တွင် ဥက္ကဋ္ဌကြီးဦးစိုးလှိုင်၊ သမီးဖြစ်သူ Ph.D ဒေါက်တာ ခင်ခင်စိုးကိုယ်တိုင် ယာဉ်မောင်း၍ ကျွန်တော် ဓာတ်ပုံ မောင်မောင်အေး၊ တင်တင်နွဲ့ (ရန်ကုန် တက္ကသိုလ်) နှင့် အမှုဆောင်အမျိုးသမီး





www.burmeseclassic.com

www.burmeseclassic.com






မတည်အလှူရှင် ဦးစိုးလှိုင်+ဒေါ်မြင့်မြင့်စန်း



လက်ပံတန်းအသင်း (ရန်ကုန်) ဥက္ကဋ္ဌကြီး ဦးစိုးလှိုင်မှ ရိပ်သာသို့ အလှူငွေပေးအပ်ခြင်း



ဥက္ကဋ္ဌ ဦးခင်မောင်ငြိမ်းမှ ရိပ်သာအကြောင်းရှင်းပြစဉ်

တစ်ဦးသာပါရှိပါသည်။

ရန်ကုန် - ပြည်အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် မော်တော်ယာဉ်ကို ကျွမ်းကျင်စွာထိန်းသိမ်းမောင်းနှင်နေသော ဒေါက်တာခင်ခင်စိုးကိုကြည့်ကာ စိတ်ထဲမှချီးမွမ်းနေမိပါသည်။ ယောကျ်ားသား Professional ယာဉ်မောင်းများ အတိုင်းမောင်းနှင်နေ၏။ ကျွန်တော်ကိုယ်တိုင် TE-11 ဟီးနိုးကားကြီးအား (၃) နှစ်မောင်းနှင်ခဲ့ဖူးသဖြင့် ဒေါက်တာခင်ခင်စိုးကို ချီးမွမ်းခြင်း ဖြစ်ပါသည်။

လက်ပံတန်းမြို့သို့ (၁၀) နာရီတွင် ရောက်ရှိပြီး တစ်ဆက်တည်း အမှတ်(၁) အထကသို့သွားကာ သတင်းပို့ရင်း ၁၂-၁၁-၂၀၁၆ ရက်နေ့ ဆုပေးပွဲအစီအစဉ်ယူပါသည်။ နံနက်စာစားပြီး လက်ပံတန်းအသင်း အမှုဆောင်အဖွဲ့ တည်းခိုမည့် ရွှေတောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက် အနားယူပါသည်။

ညနေပိုင်းတွင် ဥက္ကဋ္ဌကြီးဦးစိုးလှိုင်နှင့် သမီး ဒေါက်တာ ခင်ခင်စိုးတို့က 'စိန်သီ' ဘိုးဘွားရိပ်သာသို့သွားရအောင်ဆိုသဖြင့် ကျွန်တော်တို့ ဇနီးမောင်နှံလည်း လိုက်ခဲ့ကြပါသည်။ မွေးရပ်ဌာနီလက်ပံတန်းသို့ မရောက်သည်မှာ နှစ်ပေါင်း (၃၀) ကျော်ပြီဖြစ်၍ ယနေ့ရောက်ချိန်တွင် ယခင်ကနှင့်လုံးဝမတူတော့ချေ။ အားလုံးတိုးတက်ပြောင်းလဲနေပြီ ဖြစ်သည်။ ယခင်ကား ဗောဓိကုန်းရွာနှင့် လက်ခုပ်ပင်ရွာကြား လယ်ကွင်းကြီးသည် စနစ်တကျ အကွက်ဖော်ထားသည့် မြို့သစ်အကွက်ဖြစ်ကာ အိမ်ယာတိုက်တာတို့ဖြင့် စည်ကားသာယာနေသည်ကို မြင်ရ၏။ တော်လှန်ရေးမြို့သစ် ဟုခေါ်ပါသည်။

အချိန်အခါမဟုတ် သဲသဲမဲမဲရွာသွန်းနေသောမိုးကြောင့် ကားကိုဖြည်းညင်းစွာမောင်းနှင်ခဲ့ရာ ဆရာစံလမ်းသွယ်တစ်နေရာတွင် ချိုးကွေ့ဝင်လိုက်မှ စိန်သီဘိုးဘွားရိပ်သာသို့ရောက်မှန်းသိရပါသည်။ ကားပေါ်မှဆင်းလိုက်သည်နှင့် မြင်ရသည့်မြင်ကွင်းကြောင့် 'ဟာ' ဆိုသော အာမေဍိတ်သံပင် ထွက်သွားမိ၏။

အုတ်တံတိုင်းဝင်းခြံတို့ကာရံထား



www.burmeseclassic.com

www.burmeseclassic.com

သည့် ခြံဝင်းအတွင်းဝယ် ခံ့ညားထည်ဝါလှပသောတစ်ထပ်တိုက်အဆောက်အအုံများကို မြင်ရသောကြောင့် ဖြစ်သည်။ အထင်သေးခြင်း မဟုတ်သော်လည်း လက်ပံတန်းမြို့လိုနေရာမျိုးမှ ဘိုးဘွားရိပ်သာသည် သာမန်အဆောက်အအုံလောက်သာဟု ထင်ခဲ့မိ၏။ ယခုတွေ့မြင်လိုက်ရသည်က လှပထည်ဝါခံ့ညားသော ခေတ်မီတိုက်တာများဖြစ်နေ၏။ စိန်သီဘိုးဘွားရိပ်သာသို့ရောက်စဉ်က မိုးများအုံ့ဆိုင်းကာ ရွာသွန်းနေသဖြင့် ဓာတ်ပုံမရိုက်နိုင်၍ အဆောက်အအုံပုံစံသာဖြင့် ဖော်ပြအပ်ပါသည်။

ကျွန်တော်တို့ကား ဝင်လာသည်နှင့် 'စိန်သီဘိုးဘွားရိပ်သာမှကြိုဆိုပါ၏' ဆိုသော စာတန်းအောက်မှ ရိပ်သာဥက္ကဋ္ဌကြီး ဦးခင်မောင်ငြိမ်းနှင့် အမှုဆောင်အဖွဲ့တို့က လှိုက်လှဲစွာကြိုဆိုနေကြပါသည်။ ကားပေါ်မှဆင်းကာ ဦးခင်မောင်ငြိမ်းတို့ခေါ်ဆောင်ရာခန်းမကြီးအတွင်းလိုက်ပါ၍ ခင်းကျင်းပြင်ဆင်ထားသောနေရာတွင် နေရာချထားပေးပါသည်။

ကျွန်တော်က ပြင်ဆင်ထားသောနေရာတွင်မထိုင်နိုင်သေးဘဲ ဘုရားကျောင်းဆောင်မှ ကြည်ညိုဖွယ်ရာသပ္ပာယ်လှသော ဓမ္မစကြာမုဒြာရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ပါသည်။ ဓမ္မစကြာမုဒြာရုပ်ရှင်တော်မြတ်အား ဖူးမြော်ပြီးမှ ရိပ်သာဥက္ကဋ္ဌကြီး ဦးခင်မောင်ငြိမ်းတို့အဖွဲ့ ဧည့်ခံစားပွဲသို့ ပြန်ထိုင်ပါသည်။

စိန်သီဘိုးဘွားရိပ်သာဖြစ်ပေါ်လာပုံကို ဦးခင်မောင်ငြိမ်းက ရှင်းလင်းပြောပြရာတွင် လက်ပံတန်းမြို့တွင် ဒုတိယကမ္ဘာစစ်မဖြစ်မီကာလတည်းက စည်းကမ်းအနစ်ဇယားမှအစ သင်ကြားပြသမှုကြောင့် နာမည်ကြီးလှသော ဆရာဦးစိန်ကျောင်းဟုရှိ၏။ ဆရာဦးစိန်၏ကျောင်းသည် (၂)လမ်းမြောက်ပိုင်းပြည်သူ့ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိ၏။ ယခုဆေးရုံကြီးက နေရာပြောင်းရွှေ့သွားပြီးဖြစ်သည်။ ထိုခေတ်အခါက လက်ပံတန်းအနီးတိုင်းလိုလို ဆရာဦးစိန်ကျောင်းတက်ပြီးမှ တစ်ကျောင်းတည်းသာရှိသောအထက်တန်းသို့ ရောက်ကြသူများ၏။

ကျွန်တော် မောင်မောင်အေးသည်း ဆရာဦးစိန်ကျောင်းမှတစ်ဆင့် အထက်တန်းသို့ရောက်ခဲ့သူဖြစ်၏။ ဆရာကြီးဦးစိန်အား လူတိုင်းလေးစားကြည်ညိုကြပါသည်။ ဆရာကြီးဦးစိန်သည် ညနေကျောင်းဆင်းချိန်တိုင်းပင် ကျောင်းသားများအား မှတ်သားဖွယ်ရာဩဝါဒစကားပြောကြားပြီးမှ ကျောင်းလွှတ်သောဓလေ့ရှိသူ ဖြစ်၏။ ဆရာကြီး၏ထူးခြားချက်တစ်ခုကို တင်ပြရသော် သူသေလျှင် ထည့်သွင်းမြှုပ်နှံရန် အရိုးဂူကို လောကဥဒေါင်စေတီတော်အနီးတွင် မြှုပ်ထားသူဖြစ်၏။

ဆရာကြီး၏ဇနီးမှာ ဒေါ်မြသီးဖြစ်ပါသည်။ ယခုကျွန်တော်တင်ပြလိုသော








ဘိုးဘွားများအား ဒေါက်တာခင်ခင်စိုး အလှူငွေနှင့် ဆေးဝါးများ ပေးလှူခြင်း




www.burmeseclassic.com



ဘိုးဘွားများအား ဒေါက်တာခင်ခင်စိုး အလှူငွေနှင့် ဆေးဝါးများ ပေးလှူခြင်း




စိန်သီဘိုးဘွားရိပ်သာသည် ကျွန်တော်တို့ ငယ်စဉ်ဘဝ စတုတ္ထတန်းအထိ သင်ကြားပြသခဲ့သော ဆရာကြီးဦးစိန်နှင့် ဆရာကတော် ဒေါ်မြသီးတို့အား ရည်စူး၍ ဆောက်လုပ် လှူဒါန်းထားသော ကြောင့် 'စိန်သီဘိုးဘွားရိပ်သာ' အမည်ပေးထားခြင်း ဖြစ်သည်။

စိန်သီဘိုးဘွားရိပ်သာသည် တောင်လှန်ရေးမြို့သစ် ဆရာစံလမ်းသွယ်တွင် တည်ရှိပါသည်။ စိန်သီဘိုးဘွားရိပ်သာကို မတည်လှူဒါန်းသော အလှူရှင်မှာ ဆရာကြီးဦးစိန်၏မြေးဖြစ်သူ ဦးစိန်လှိုင်နှင့် ဇနီးဒေါ်မြင့်မြင့်စန်းတို့မိသားစုမှ ကျပ်သိန်းပေါင်းတစ်ထောင် မတည်၍ အလှူရှင် ဦးတင်ထွန်း - ဒေါ်အေးသန္တာ မိသားစုက သိန်းသုံးရာ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်-ဒေါ်တင်မမထွန်းတို့က ကိုးဆယ့်လေးသိန်း အပါအဝင် အခြားအလှူရှင်များတို့ကပါ လှူဒါန်းငွေ စုစုပေါင်း ကျပ် သိန်း (၁၈၄၀) ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာစံလမ်းသွယ် (၁၀) ပေါ်ရှိ (၂၄၀×၆၀)မြေကွက်တွင် အဘိုးအဘွား (၅၀) ဆံ့ အဆောင်နှစ်ဆောင်၊ သန့်စင်ခန်းပူးတွဲပါရှိသည်။ ရုံးခန်း၊ ဆေးခန်းနှင့် လူဦးရေ (၅၀) စားနိုင်သော ထမင်းစားဆောင်၊ သီးခြားမီးဖိုဆောင်နှင့် ဂါလန်(၁၆၀၀)ဆံ့ရေစင်တစ်ခု၊ တရားနာရန်၊ တရားအားထုတ်ရန် ဘုရားကျောင်းဆောင်ပူးတွဲပါရှိသော (၅၀×၃၀) ပေခန်းမတို့ လှပထည်ဝါစွာ တည်ဆောက်ထားပါသည်။

စိန်သီဘိုးဘွားရိပ်သာတွင် တွယ်ရာမဲ့၊ မှီခိုအားထားစရာမရှိ၊ ဆွေမျိုးဉာတိမရှိ ဘဝနေဝင်ချိန်မရောက်မီကြား ဒုက္ခမျိုးစုံခံစား၍ ပင်ပန်းကြီးစွာကျော်ဖြတ်နေရရှာသော ကုသိုလ်ကံမကောင်းရှာသည့် အဘိုး၊ အဘွားတို့အား မိမိအိမ်နှင့်မခြား မိသားစုသဖွယ် ကြင်နာထွေးနွေးပြည့်စုံစွာဖြင့် စားသောက်နေထိုင်ရသလို ကျန်းမာရေးအတွက်လည်း အနောက်တိုင်းဆေး/ တိုင်းရင်းဆေးတို့ဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

မှီခိုအားထားစရာမရှိ ဘဝကံမကောင်းရှာ၍ အထီးကျန်ဘဝဖြင့် ဒုက္ခတွေပင်လယ်ဝေနေရရှာသော အဘိုးအဘွားတို့အား ပြုစုစောင့်ရှောက်ပေးနေသော စိန်သီဘိုးဘွားရိပ်သာ ထာဝရရှင်သန် ရပ်တည်သွားနိုင်ရေးအတွက် စေတနာရှင်များထံမှ အကူအညီလည်း လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နှင့်အတူ တွယ်ရာမဲ့ဘိုးဘွားတို့အား ထွေးနွေးကြင်နာသောလက်များဖြင့်ဖေးမကူညီလှူဒါန်းကြပါရန် နှိုးဆော်ရင်း လက်ပံတန်းမြို့က စိန်သီဘိုးဘွားရိပ်သာအကြောင်း တင်ပြအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက -
ဦးခင်မောင်မြိမ်း-ဥက္ကဋ္ဌ
(ဖုန်း-၀၉၅၁၃၇၂၄၁၈)

ခတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဒီကနေ့တော့ ကိုထွန်းကျော် တစ်ယောက် အိပ်ရာထဲစောစောဝင် သွားတယ်။ ခါတိုင်းဆို ထမင်းစားပြီးတာ နဲ့ မိသားတစ်စုတီဗွီရှေ့ထိုင်ကြည့်နေကျ။ ချတ်တရက် သားတော်မောင်ကိစ္စနဲ့ ပတ်သက်ပြီး မိန်းမနဲ့သမီး ကိုထွန်းကျော် နဲ့ အခြေအတင်စကားများကြတယ်။ အရှည်အရှည်မပြောချင်တာနဲ့ အိပ်ရာ ထဲစောစောဝင်ခဲ့တာပါ။ ဖြစ်ပျက်တဲ့ကိစ္စ မြန်စဉ်းစားရင် နှစ်လုံးတည်းနဲ့ကပ်ရှုပ်တဲ့ အဖြစ်။ နောက်ဆုံးတော့ ကိုထွန်းကျော် ဲ အလျှော့ပေးလိုက်တယ်။

နောက်ပိုင်း တော်ရုံတန်ရုံကိစ္စဆို မိန်းမနဲ့ သားသမီးရှေ့မှာ အခြေအတင် စကားအတိုက်အခံမပြောတော့။ အိမ် ထောင်သက် (၄၀) ကျော်မှာ မှတ်မှတ် ရရ မိန်းမနဲ့အကြီးအကျယ်စကားများ ကြတယ်။ စကားများတာမှ လက်ပါပါတဲ့ အထိပါ။ မိန်းမပဲဖြစ်ဖြစ်၊ ယောက်ျားပဲ ဖြစ်ဖြစ် မာနကိုထိပါးလာရင်တော့ အစွယ် နဲ့ငေါငေါ ရန်တွေ့ကြတာမဆန်းပါဘူး။ အကြောင်းအရာက ဘာမှမဟုတ်တာ ကနေ ယောက်ျားမာနကိုထိပါးလာ တော့ ဒေါသတွေပေါက်ကွဲလာတယ်။ နောက်ဆုံး နီးရာသနပ်ခါးတုံးနဲ့ ခေါင်း ကိုတိတ်ရိုက်ပစ်လိုက်တာ ဆေးရုံရောက် တဲ့အထိပါ။ အစတုန်းကတော့ ဒေါသ အလျောက်လုပ်လိုက်ပေမယ့် ကိုထွန်း ကျော်ရှေ့ မိန်းမပုံရက်လဲကျပြီး အော် သံလိုက်မှ သတိဝင်လာတယ်။ သားနဲ့ သမီး အိမ်ထဲကပြေးထွက်လာကြတယ်။ အိမ်နီးချင်းတွေလည်း မကြုံစဖူးအသံ တွေကြောင့် ကိုထွန်းကျော်အိမ်ဘက် လှမ်းကြည့်လာကြတယ်။

"အဖေ ဘယ်လိုလုပ်လိုက်တာလဲ၊ သိပ်ရက်စက်တယ်။ သူစိမ်းမဟုတ်ဘူး၊ အဖေ့မိန်းမပါဗျ။ ဒီလိုကြီး လက်လွတ် စပယ်မလုပ်သင့်ဘူး။ အဖေကတော့ဗျာ"

မေ့လဲသွားတဲ့သူ့အမေကိုပွေ့ထူ ရင်း -

"အဲမေ၊ အမေ"

"ဘာဖြစ်လို့ ဒီလိုကြီးလုပ်လိုက် တာလဲ၊ သိပ်ရက်စက်လွန်းတယ်။ အဖေ့ ကို အမေကဘာပြောလို့လဲ။ လုပ်ကြပါ ဦး အစ်ကို။ အမေ့ကို ဆေးရုံပို့ရအောင် အမေ၊ အမေ သတိရလား"

ကိုထွန်းကျော် ဘာမှမသိတော့။ ဘော်ပါသေးရဲ့၊ ဖြစ်တာက အိမ်ထဲမှဆို တော့ ပတ်ဝန်းကျင်က ဂဃဏနမသိ။ အဲဒီခါမှ ကိုထွန်းကျော်အိမ်မှာ ဆူဆူညံ ညံရှိခဲ့။ ကိုထွန်းကျော်ကိုလည်း ပတ် ဝန်းကျင်က မိသားစုအပေါ်တာဝန်ကျေ တဲ့ အိမ်ထောင်ဦးစီးလို့မြင်ထားကြတယ်။ ရိုက်လိုက်တဲ့အရှိန်ကြောင့် ပုံရက်လဲသွား တဲ့မိန်းမကို သားနဲ့သမီးက ဆေးရုံခေါ် သွားမှ ကိုထွန်းကျော် သတိပြန်ဝင်လာ တယ်။ သူ့စိတ်ထဲမှာလည်း စိတ်ဆင်းရဲ စွာ နောင်တရမိတယ်။

'နောက်ဆို ငါဘယ်တော့မှမင်းကို ဒီလိုမလုပ်တော့ပါဘူးကွာ' လို့ ရင်ထဲမှာ။

"ဆရာဝန်ကမယုံဘူး။ ဘာဖြစ် တာလဲလို့မေးတယ်။ ချော်လဲတာလို့ပဲ ဖြေလိုက်ရတယ်။ ခေါင်းမှာရိုက်လိုက် တဲ့ဒဏ်ဟာ မျက်ကြောကိုထိသွားတယ် တဲ့။ မျက်စိနေရာတစ်ဝိုက်မှာ ညိုမည်း လာတယ်။ တော်သေးတယ်၊ အရှိန်က ပြင်းပေမယ့် အတွင်းခေါင်းရိုးအက်မသွား လို့ အက်သွားလို့ကတော့ ဦးနှောက်ထဲ သွေးရောက်ရင် မလွယ်ဘူး"

သားတော်မောင်ပြောမှ ကိုထွန်း ကျော် ပိုကြောက်လာမိတယ်။ တကယ် လို့ . . . ရှေ့ဆက်မတွေးဝံ့တော့။ သားနဲ့ သမီးမျက်နှာကို စေ့စေ့မကြည့်ဝံ့တော့။ နောက်ပိုင်း ဒီကိစ္စနဲ့ပတ်သက်ပြီး မိန်းမ ရင်ထဲမှ မကျေနပ်သံလေးကြားကြားလာ ရတယ်။

"ဟွန်း-လူရိုးတဲ့၊ ပတ်ဝန်းကျင်က တော့ ကိုထွန်းကျော်ကြီးကရိုးပါတယ်၊ အေးပါတယ်တဲ့။ ဟင်း- သူ့အကြောင်း မသိလို့။ လူရိုးဟာ သချိုင်းမှာပဲရှိတော့ တာလို့ အော်ပြောလိုက်ချင်တယ်။

# မောင်သစ်ထွန်း

(ပြင်ဦးလွင်)

# လောကအပူလှိုင်းထဲကလူ





www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်တစ်ချက် ခေါင်းထဲမှာမူးဝေလာရင် သင်းကိုမကျေနပ်လေဘဲ"

ကိုထွန်းကျော်ကတော့ သူ့မိန်းမနောက်ပိုင်းဘာပြောပြော ရေငုံနှုတ်ပိတ်နေသလိုပါ။

❑

ညက ကိုထွန်းကျော် တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး။ အတွေးတွေပလူပျံနေတယ်။ အိပ်မပျော်တိုင်း အိပ်ရာထက်မှ သားတော်မောင်ရဲ့ကားသံကို နားစွင့်နေမိတယ်။ ခါတိုင်း သားတော်မောင်တို့ မိသားစု အပြင်ကပြန်လာပြီဆို ကားတံခါးဖွင့်သံ၊ ကားတံခါးပိတ်သံတွေက တိတ်ဆိတ်နေတဲ့ခြံထဲမှာ မိုးခြိမ်းသံလို ကြားရတယ်။ ဒါမှမဟုတ် မြေးလေးရဲ့စကားပြောသံနဲ့ သီချင်းဆိုသံက ကြားရစမြဲ။ အဲဒီအသံတွေကြားပြီဆို ကိုထွန်းကျော် စိတ်ချလက်ချအိပ်ပြီလေ။ ကားသံ၊ မြေးလေးရဲ့အသံ မကြားရမချင်း တော်ရုံအိပ်မပျော်ခဲ့။ အပြင်မှာဘာလုပ်နေကြတာလဲ။ တော်ရုံလူတွေအိပ်ပြီ။ ဒါဟာ အပြင်မှာနေချိန်မဟုတ်ဘူး။ နောက်ပြီး မြေးလေးကိုလည်းစိတ်ပူမိ၊ ကလေးက အိပ်ချင်နေရှာမယ်။ ခက်လိုက်တဲ့ကောင်ကွာ တွေးလေတွေးလေ အိပ်မပျော်လေဘဲ။ တွေးရင်းတွေးရင်း ကိုထွန်းကျော်တစ်ယောက် ဘယ်အချိန်က အိပ်ပျော်သွားမှန်းမသိ။ သူ့နားထဲမှာ အသံဆူညံနေတာကြောင့် လန့်နိုးလာတယ်။

"ညက ဟိုကောင်ပြန်မလာဘူးထင်တယ်။ ကားလည်းမတွေ့ဘူး"

မိန်းမစကားသံကြောင့် ကိုထွန်းကျော်ပူပန်မှုကငယ်ထိပ်တက်လာတယ်။ ငါပြောတာမှားသွားပြီလား။ မိန်းမနဲ့သမီးကြည့်လိုက်တော့ မကျေနပ်တဲ့မျက်လုံးတွေက ကိုထွန်းကျော်တစ်ကိုယ်လုံးပြာကျမတတ် စူးစူးရဲရဲ။ စီးပွားရေးအတွက်မို့ ခွင့်လွှတ်လိုက်ရတယ်။ ခေတ်ကြီးကကောင်းတာမဟုတ်ဘူး။ ညအချိန်မပြောနဲ့ နေ့ခင်းကြောင်တောင်မှာ သတင်းမျိုးစုံတွေ ကြားနေရတယ်။ အခုဟာက ညအချိန် မိသားစုသုံးယောက် ကျောက်စိမ်းဘုရားဖူးသွားကြမှာ။ သားသူငယ်ချင်းကတော့ပြောလာတယ်။

"မိသားစုသုံးယောက်တည်း ညမှာကျောက်စိမ်းဘုရားဖူးချင်လို့တဲ့။ နေ့ခင်းကြတော့ ပူကပူ၊ လူတွေကားတွေကရှုပ်နဲ့ ဘုရားကို အေးအေးဆေးဆေး မဖူးရဘူးတဲ့။ နောက်ပြီး ကျောက်စိမ်းဘုရားက ညမှာဖူးရတာ တစ်မျိုးသပ္ပာယ်တယ်တဲ့။ ငါတို့အိမ်နားက ဘော့(စ်)တွေကွ။ ခါတိုင်း ဘယ်သွားသွား ငါ့ကားပဲငှားတယ်။ သူတို့ကယုံကြည်စိတ်ချရတဲ့သူမှငှားတာ။ ငါ့ကားက ဝပ်ရှော့ပို့ထားလို့ မင်းကိုလိုက်မလားလို့လာပြောတာ"

"အေးပါကွာ၊ မင်းက စိတ်ချရတယ်ဆိုတော့လည်း လိုက်မယ်ကွာ"

အပြင်ကပြန်လာပြီး ကားလေးကို အိမ်ထဲရပ်ကာရှိသေးတယ်။ သားတော်မောင်က ဂျာကင်လေးဝတ်ကာ ကားကို စက်နှိုးလိုက်တယ်။ မိဘဆိုတော့လည်း ကိုထွန်းကျော်တစ်ယောက် ဘုရားဆောင်ပေါ်ကပရိတ်ရေကိုယူပြီး ကားပေါ်နဲ့ သားခေါင်းကို ပက်ဖျန်းလိုက်တယ်။ နှုတ်ကလည်း ငါ့သားကြီး ဒီခရီးမှာ သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေလို့ ဆုတောင်းပြီး ထွက်သွားတဲ့ကားလေးကို ငေးကြည့်နေခဲ့တယ်။

"ငါ့သားလေးသွားရှာပြီ၊ နားတောင်မနားရရှာဘူး"

"ကိုထွန်းကျော်၊ ရှင် ဘာလို့ ဒီစကားမျိုးပြောရတာလဲ။ ရှင့်စကားကြီးက နိမိတ်မရှိနမာမရှိနဲ့။ ရှင့်သားက ခရီးသွားတာ၊ စကားကိုဆင်ခြင်ပြီးပြောပါတော်"

"ဟုတ်ပ့ါ- အဖေကလည်း လူကြီးဖြစ်ပြီး ဘာလို့ဒီလိုပြောရတာလဲ"

"ဟ - ငါဘာမှားသွားလို့ နင်တို့သားအမိက အပြစ်တင်နေရတာလဲ"

"ဒီမှာ ကိုထွန်းကျော် ရှင်ပြောတဲ့ သွားရှာပြီလို့စကားက သေသွားမှပြောရတဲ့စကားရှင့်။ လူကြီးဖြစ်ပြီး ဒါလောက်ကလေးမှမသိဘူးလား"

"အေး- မင်းပြောမှ ငါလည်းပြောရဦးမယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုတဲ့စကား မင်းတို့ကြားဖူးမှာပါ။ ငါ ခုပြောလိုက်တဲ့အဓိပ္ပာယ်က မင်းတို့ပြောတဲ့အဓိပ္ပာယ်မဟုတ်ဘူး။ မင်းတို့က မင်းတို့အမြင်နဲ့ လိုရာဆွဲတွေးတာကို မင်းမြင်တဲ့အတိုင်းပဲ။ ငါ့သားလေးမှာ တစ်နေကုန်အလုပ်လုပ်ပြီး နားဖို့အိမ်ပြန်လာကာစရှိသေးတာ။ ထိုင်တောင်မထိုင်ရသေးဘူး။ စီးပွားရေးဆိုတာ ပင်ပန်းပေမယ့် ဂျာကင်လေးဝတ်ပြီးသွားရှာတယ်။ ဒီသဘောမျိုးပြောတာ။ မင်းတို့ပြောတဲ့အဓိပ္ပာယ် ငါ ခုသဘောပေါက်တယ်။ ဒါပေမယ့် ငါ့သားလေးကို သနားလို့ပြောလိုက်တဲ့စကားပါ။ ငါ အဖေတစ်ယောက်လုံးပါကွာ"

အတွေးများစွာ အိပ်မက်မှနိုးလာသလို ကိုထွန်းကျော် သူ့မိန်းမနဲ့သမီးအဖြစ်ကိုကြည့်လိုက်တော့ မျက်နှာမကောင်းကြဘူး။ တကယ်ပဲ မိန်းမနဲ့သမီးထင်သလို သူ့စကားပြောမှားသွားပြီလို့ ကိုထွန်းကျော် ယူကျုံးမရဖြစ်နေမိတယ်။ ဒါပေမယ့် သားတော်မောင်ရဲ့အိပ်ခန်းတံခါး ရုတ်တရက်ပွင့်လာတယ်။ အပြင်ဘက်အသံတွေကြောင့်ထင်တယ်။

"အမေတို့ အစောကြီးထပြီး စကားများနေကြတာလား။ ဘာဖြစ်လာလဲ ဆူညံလို့"

ကိုထွန်းကျော်တို့လင်မယား သားတော်မောင်ကို ရုတ်တရက်တွေ့လိုက်တော့-

"ဟောဗျာ - မင်းက ဘယ်အချိန်ပြန်ရောက်တာလဲ။ ကားမတွေ့လို့ ညက မင်း မန္တလေးမှာအိပ်တယ်လို့ထင်တာ၊ ကားဘယ်မှာလဲ"

"မနေ့ညက သား မန္တလေးလိုက်မသွားဘူး။ သူငယ်ချင်းက သူလိုက်ပို့လိုက်မယ်ဆိုပြီး ကားယူသွားတာ ဘာဖြစ်လို့လဲ"

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

သားအမေက ရုတ်တရက်ကြီးပြောလိုက်တော့ -

"ဘာတွေလဲ အမေ၊ ဘာကိုလွဲပါစေ ဖယ်ပါစေလဲ"

နောက်ဆုံးတော့ သားအမေက စကားကိုအရှည်မပြောတော့ဘဲ -

"ဘာမှမဟုတ်ပါဘူး သားရယ်၊ ကားမတွေ့လို့ သား မန္တလေးကပြန်မလာသေးဘူးထင်နေတာ"

ကိုထွန်းကျော်ကတော့ သူ့မိန်းမကိုကြည့်ပြီး-

"အေး- နင့်စကားဘယ်ရောက်တယ်ဆိုတာ ငါနားလည်ပြီးသားပါ မိန်းမရာ။ ထစ်ခနဲဆို မဟုတ်တာကစတွေးတယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တော့မလို့။ ခုလည်း မင်းပြောတဲ့စကား ငါပြောချင်တဲ့အဓိပ္ပာယ်က တခြားဆိုတော့ အတိတ်ကောက်တာလွဲပြီပေါ့။ ဗေဒင်ကိန်းခန်းမှာ အတိတ်တို့တဘောင်တို့ဆိုတာ ဟိုးပဝေသဏီက ဘိုးဘွားစဉ်ဆက်ရှိခဲ့ပေမယ့် ခုတိစ္ဆက စကားအကျအနကောက်တာ ဒုက္ခရောက်တော့မလို့။ ကောင်းတဲ့ဘက်ကလေးလှည့်ပြီး အတိတ်ကောက်ရင်ကော မရဘူးလား"

လို့ ကိုထွန်းကျော် စိတ်ထဲမှာ သူ့မိန်းမကိုပြောလိုက်ချင်ပါတော့တယ်။


မောင်သစ်ထွန်း (ပြင်ဦးလွင်)



www.burmeseclassic.com

www.burmeseclassic.com

# ဘိုဘို(ရွှေကံကူ)
# ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ ၂၀၁၆ ခုနှစ် မော်လမြိုင်-ဘားအံ-ကျိုက္ကမော့လေး-ကော့ကရိတ် ဒေသစာရီခရီးစဉ်ထူးခြားမှုများနှင့်ကရဝိက်ဖောင်စကြာ



၂၀၁၆ (၆) လပိုင်း မော်လမြိုင်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ

*(ယခင်လမှအဆက်)*

ထိုသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် မော်လမြိုင်မြို့ ဗိုလ်ချုပ်လမ်း အမှတ်(၆၅) မြိုင်သာယာကွက်သစ် ဇော်ဇော် ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးသို့ ၂၉-၆-၂၀၁၆ ရက်နေ့တွင် အဘိုးဦးလှရွှေနှင့် အဘိုးဦးဇော်မြင့်ဦး၊ ဦးဘညွန့် - ဒေါ်စန်းရှင်တို့ကို အမှူးထား၍ မောင်လွင်မြင့်ဟန်-မလေးညွန့်ညွန့်ထွေး၊ သား မောင်လွင်မင်းသူ၊ သမီး သင်းသော်တာစန္ဒီမိသားစုတို့၏ ပင့်ဆောင်ပူဇော်မှုဖြင့် ထိုနေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။

ကော့ကရိတ်မြို့မှ နေ့ဆွမ်းကပ်လှူပြီးမှ ကြွမြန်းတော်မူခြင်းဖြစ်ရာ ညနေ (၅) နာရီခန့်တွင်မှ မော်လမြိုင်မြို့ မောင်လွင်မြင့်ဟန်တို့နေအိမ်သို့ရောက်ရှိတော်မူပါသည်။ ရောက်ရှိတော်မူသည်နှင့် အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ရုပ်ရှင်တော်မြတ်ကြီးကို ဦးဆုံးနေရာချထားပင့်ဆောင်၏။ ထို့နောက် ရဟန္တာပုဂ္ဂိုလ်များနှင့် အခြံအရံပုဂ္ဂိုလ်များကို နေရာချထားသည်။ ထို့နောက် ပွဲများ၊ ပန်းများ ကပ်လှူပူဇော်ပေးသည်။


ထိုနောက် ခေတ္တအပန်းဖြေလျက်ရှိစဉ် ဦးရွှေပွားနှင့်ဒေါ်မြမြနွယ်တို့ရောက်ရှိလာကြသည်။ ထိုအချိန် မယ်တော်ကြီး၏နှုတ်မှ 'ငါတို့ ပိန္နဲကုန်းရွာကိုသွားရအောင်' ဟု လွှတ်ခနဲပြောလိုက်ရာ ဒေါ်မြမြနွယ်တို့ ဝမ်းသာသွားပါသည်။ ပိန္နဲကုန်းရွာသည် ဒေါ်မြမြနွယ်၏ ဇာတိရွာဖြစ်၍ ဆွေမျိုးသားချင်းများအားလုံးရှိနေကြမည်။ ၎င်း၏ဆွေမျိုးများထံ မယ်တော်ကြီးကသွားမည်ဆိုသောအခါ ဒေါ်မြမြနွယ်တို့လည်း ချက်ချင်းပင် ပိန္နဲကုန်းသို့သွားရန်ပြင်ဆင်ပါတော့သည်။

ထိုသို့ဖြင့် မယ်တော်ကြီးတို့ မုဒုံမြို့အနီးရှိ ပိန္နဲကုန်းသို့ရောက်ရှိသွားပါသည်။ ဒေါ်မြမြနွယ်၏ဆွေမျိုးများသည် မလာစဖူး ၎င်းတို့ရွာသို့ မယ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသောအခါ ဝမ်းသာပျော်ရွှင်အံ့ဩလျက်ရှိနေကြ၏။ ဒေါ်မြမြနွယ်၏အစ်မကြီး၏အိမ်တွင် မယ်တော်ကြီးတို့ရောက်ရှိသောအခါ အန်တီအေးမှ ဘားအံမြို့တွင်ဖြစ်ပေါ်သော ထူးခြားမှုတို့ကိုပြောပြပြီး မယ်တော်ကြီးက ရုပ်ရှင်တော်မြတ်ကြီးအား ကရဝိက်ဖောင်ဖြင့်ပူဇော်လိုသောဆန္ဒတို့ဖြစ်ပေါ်ကြောင်း၊ ထို့ကြောင့် နံ့သာဖြူသားတုံးကြီးကြီးရှာဖွေလျက်ရှိကြောင်း၊ မည်သည့်ဈေးဖြစ်စေ ဝယ်ယူမည်ဖြစ်ကြောင်း၊ စုံစမ်းလျက်ရှိကြောင်းတို့ကိုပြောပါသည်။

မယ်တော်ကြီးတို့သည် ဘားအံမြို့တွင် ကြွရောက်တော်မူပြီးသောရက်များမှာပင် စာရေးသူအား နံ့သာဖြူသားစုံစမ်းခိုင်းပါသည်။ စာရေးသူသည် မယ်တော်ကြီးအား စုံစမ်းထားပါမည်ဟု သာကတိခံလိုက်သော်လည်း မစုံစမ်းဖြစ်ဘဲရှိပါသည်။ ထိုသို့စုံစမ်းရန်အားမထုတ်ခြင်းမှာလည်း ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ကြီးမားလှသောဘုရားဖြစ်သည်နှင့်အညီ ဤနံ့သာဖြူတုံးကို ရှာဖွေဝယ်ယူရန်မလိုအပ်ဟု ထင်ပါသည်။ ဘုရား၏တန်ခိုးတော်နှင့် သင့်တော်သောအသားတော်ရရှိမည်၊ ရောက်ရှိမည်ဟု ယုံကြည်မိပါသည်။

အန်တီအေးက မယ်တော်ကြီးသည် ကိုစောအားဦး၏အိပ်မက်ကိုကြားသိရသောအခါ အိပ်မက်ထဲတွင် ကိုစောအားဦးက နံ့သာဖြူလှေဟုသာပြောသော်လည်း မယ်တော်ကြီး၏အာရုံထဲတွင် ကရဝိက်ပုံနှင့် ဖောင်စကြာကြီးကိုမြင်





ရုပ်ရှင်တော်မြတ်အား ဇော်ဇော် ဓာတ်ပုံရိုက်ကူးရေးမိသားစုမှ သင်းရန့် မိသားစုသို့ ပင့်ဆောင်စဉ်

ယောင်မိနေ၍ ရုပ်ရှင်တော်မြတ်သည် ကရဝိက်ဖောင်တော်ဖြင့် ဒေသစာရီကြွမြန်းလိုသောဆန္ဒတော်ရှိတော်မူခြင်းဖြစ်ပေမည်။ ထို့ကြောင့် ကရဝိက်ဖောင်တော်ဖောင်စကြာပြုလုပ်၍ပူဇော်လိုသောဆန္ဒဖြစ်ပေါ်ကြောင်းကို အန်တီအေးက ဆက်လက် ပြောကြားပါသည်။

ထိုအခါ ဒေါ်မြမြနွယ်၏အမျိုးထဲမှပင်ဖြစ်သော အိမ်အမည် ကော်နီ၊ အမည်ရင်း မနီနီဝင်းက -

"မယ်တော်ကြီး၊ ဒါဆို သမီးတို့အိမ်မှာ ကရမက်တုံးကြီးရှိတယ်။ အဲဒီကရမက်တုံးကြီးကလည်း ထူးဆန်းတယ်။ သမီးတို့အိမ်က ပရိဘောဂလုပ်တော့ဆိုတော့ အသားတွေဝယ်ရတာ။ ဒါသစ်တွေထဲမှာရောပြီးပါလာတာ (၃) နှစ်လောက်ရှိပြီ။ မယ်တော်ကြီးတို့ကို သမီးလှူပါတယ်"

www.burmeseclassic.com

ဟု ဆိုကာ ကရမက်သားတုံးကြီးကို သွားရောက် ယူဆောင်ကြပြီး မယ်တော်ကြီးတို့ကို လှူဒါန်းပါသည်။

ထိုအခါ ဒေါ်မြမြနွယ်က -

"ဒါကြောင့် မယ်တော်ကြီးက ဒါသောတတ်ခရီးပန်းလာတာတောင်မှ ပိန္နဲကုန်းကိုသွားချင်တဲ့စိတ်ဖြစ်နေတာကိုး"

ဟု ပြောပါသည်။

ကရမက်တုံးကြီးမှာ အလျားနှစ်ပေ အနံ တစ်ပေခွဲ၊ အမြင့် တစ်ပေခန့် ရှိပါသည်။ တန်ဖိုးသင့်လျှင် နည်းမည်မဟုတ်ပါ။ ထိုမျှကြီးသောကရမက်တုံးကြီးကိုလည်း ဝယ်ယူလိုဦးတော့ ရရှိနိုင်မည်မဟုတ်ပါ။ ရရှိနိုင်ရန် လွယ်ကူမည်မဟုတ်။ မယ်တော်ကြီးတို့လည်း ကရမက်တုံးကြီးကို ယူဆောင်ပြီး မော်လမြိုင်သို့ပြန်ခဲ့ကြသည်။ မော်လမြိုင်ကို ပြန်လည် ရောက်ရှိသောအခါ ကရမက်တုံးကြီးကို တရော်ကင်ပွန်းဖြင့် ဆေးကြောသန့်စင်ပြီး သင်းရန့်မိသားစုနေအိမ်တွင် ပူဇော်ထားရှိလိုက်ပါသည်။

ထိုအခါ ဦးရွှေပွားက သဒ္ဓါစိတ်ဖြစ်ပေါ်ပြီးလျှင် -

"မယ်တော်ကြီး၊ ဒီကရဝိက်ဖောင်တော်ထုလုပ်တဲ့ကုန်ကျစရိတ် ကျွန်တော်ကို ထုသိုလ်ယူပါရစေ"

ဟုဆိုလျှင် ဒေါ်မြမြနွယ်က -

"ဒါဆို ဘုရားကြီးသီတင်းသုံးမယ့် ကရဝိက်ဖောင်တော်ဆိုတော့ ရွှေသက်န်းကပ်လို့မဖြစ်ဘူး။ ရွှေပြားကပ်မှသာသင့်တော်မယ်။ ဒါကြောင့် သမီးတို့က ရွှေသင်္ကန်းဆယ်သားလှူလိုက်မယ်"

ဟု ဆိုပါသည်။

အကယ်တော့ ယခုကဲ့သို့ ရုပ်ရှင်တော်မြတ်အား ကရဝိက်ဖောင်စကြာတော်ရန်ဖြစ်ပေါ်လာခြင်းမှာ စာရေးသူတို့၏စိတ်ကူးစိတ်သန်းကြံစည်တွေးတောမှု ခုတ်ဆင်သည့်သဘောပြုလုပ်မှုတို့မဟုတ်ပါ။ ရုပ်ရှင်တော်မြတ်မှ အိပ်မက်ပေးသောကြောင့်သာ ဖြစ်ပါသည်။ အိပ်မက်ရသူမှာလည်း စာရေးသူတို့မိသားစုထဲမှ သို့မဟုတ် သာဝကအရင်းအနှီးများထဲမှ အိပ်မက်ရသည်ဆိုလျှင် ယင်းသည်း စိတ်စွဲလမ်းမှုကြောင့်ဟု မှတ်ယူစရာရှိပါ၏။ ယခုမူ အိပ်မက်မြင်မက်သူမှာ ရုပ်ရှင်တော်မြတ်အား လုံးဝကြားသိခြင်းမရှိဘူးသူဖြစ်နေသဖြင့် ၎င်း၏အိပ်မက်ကို ယုံကြည်နိုင်ခြင်းဖြစ်ပြီး အိပ်မက်မှာလည်း တိကျလွန်း၊ ထင်ရှားလွန်းသည်၍ အကြွင်းမဲ့ယုံကြည်ရမည်ဖြစ်ပါသည်။ ယခုဆိုလျှင် ဖောင်တော်ထုလုပ်ရန် သစ်တော်လည်းလှူမည့်သူ အရန်သင့်၊ ထုလုပ်ကုန်ကျစရိတ်သာမက ရွှေပြားသွန်းထုကပ်လှူပူဇော်မည့် အလှူရှင်ပါ အရန်သင့်ဖြစ်နေရာ ထိုသူ၏အိပ်မက်မှာ အမှန်အကန် ရုပ်ရှင်တော်မြတ်မှ အိပ်မက်ပေးခြင်းဖြစ်သည်မှာ ထင်ရှားလှပါသည်။

ထို ကရမက်တုံးကြီး စာရေးသူတို့အိမ်သို့ရောက်လာသောအခါ သေသေချာချာ လေ့လာကြည့်ရှုပါသည်။ အတုံးကြီးမှာ နီညိုရောင်ရှိပြီး သက်တမ်းကြီးရင့်လှပြီဖြစ်သောကြောင့် အကာသားမပါ၊ အနှစ်တုံးကြီးဖြစ်နေပါသည်။ ထို့အပြင် ကရမက်ဟုတ်ဟန်မတူပါ။ နံ့သာနီအနှစ်တုံးကြီးဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လေးလံလွန်းသောကြောင့်ဖြစ်ပါသည်။

မောင်လွင်မြင့်ဟန်နှင့် မလေးတို့ဆွေမျိုးသားချင်းတို့မှာလည်း လာမည့်နှစ်မှ ပင့်ဆောင်ပူဇော်ခွင့်ရရှိမည်ဖြစ်သော ရုပ်ရှင်တော်မြတ်အား ရက်ပိုင်းမျှအတွင်း ပင့်ဆောင်ပူဇော်ခွင့်ရရှိသဖြင့် ဝမ်းသာမဆုံးဖြစ်နေကြကာ ရုပ်ရှင်တော်မြတ်အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့်လည်းကောင်း၊ တရားဓမ္မများဖြင့်ပူဇော်၍လည်းကောင်း၊ ဝေယျာဝစ္စများဆောင်ရွက်၍လည်းကောင်း အမျိုးမျိုးသောနည်းလမ်းတို့ဖြင့် ပူဇော်၍မဝနိုင်အောင်


မုဒုံမြို့အနီး ပိန္နဲကုန်းကျေးရွာမှ ရုပ်ရှင်တော်မြတ်အား ကရမက်တုံးကြီး ထုမြိန်းစဉ်


ရုပ်ရှင်တော်မြတ်အား ပိန္နဲကုန်းကျေးရွာမှ ထပ်မံ ထုမြိန်းသော ကရမက်တုံးကြီးအား တွေ့ရစဉ်


သင်းရန့် မိသားစုတွင် အန်တီအေး အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တော်မြတ်အား သင်းရန့် မိသားစုမှ ပင့်ဆောင်ပူဇော်စဉ်




ဘားအံမြို့ ဘားအံ သီရိဟိုတယ် မိသားစုအား မယ်တော်ကြီးမှ ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



မော်လမြိုင်မြို့ စော်ဇော် ဓာတ်ပုံရိုက်ကူးရေးမိသားစုအား ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



ရွှေကူသာသနာပြု မယ်တော်ကြီး
ကော့ကရိတ်ရောက် အမှတ်တရ



ရွှေကူသာသနာပြု အန်တီအေး
ကော့ကရိတ်ရောက် အမှတ်တရ

ရှိနေကြပါသည်။ ၎င်းတို့နေအိမ်တွင်လည်း ဖူးမြော်ကြည်ညိုကြသူ ဧည့်ပရိသတ်တို့စည်ကားလှပါသည်။

၁-၇-၂၀၁၆ ရက်နေ့တွင်တော့ ဗိုလ်ကြီးတင့်ဆွေ၊ ဒေါ်ခင်ပြုံးရီ၊ သမီး မယဉ်မျိုးတင့် (အထက်တန်းပြဆရာမ) တိုက် (၃)၊ အခန်း (၃)၊ ဝန်ထမ်းအိမ်ရာ မောင်ငံရပ် မော်လမြိုင်မြို့မှပင် ဆက်လက်ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုလည်း ပြီးခဲ့သောနှစ်ကလျှောက်ထားခဲ့ခြင်းဖြစ်သော်လည်း ယခုနှစ်တွင်တော့ ပင့်ဆောင်ခွင့်မရရှိပါ။ သို့သော် အကြောင်းသင့်၍ ယခုကဲ့သို့ ပူဇော်ခွင့်ရရှိသည်ဖြစ်၍ ဝမ်းသာကြရပါသည်။ ထိုရက်များတွင် မယ်တော်ကြီးတို့သည် သင်းရန့်သို့ပင် ပြန်လည်ညအိပ်ကြပါသည်။

၂-၇-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ဦးရွှေပွား၊ ဒေါ်မြမြနွယ်တို့မိသားစုနေအိမ်မှ ဆက်လက်ပင့်ဆောင်ပါသည်။ ဤမိသားစုသည် ယခုတစ်ခေါက် မော်လမြိုင်ခရီးစဉ်တွင် ပထမဆုံးပင့်ဆောင်ပူဇော်ခွင့်ရရှိသူများဖြစ်သကဲ့သို့ မော်လမြိုင်ခရီးစဉ်နောက်ဆုံးတွင်လည်း ၎င်းတို့မိသားစုပင် ထပ်မံပူဇော်ခွင့်ရရှိပြန်၍ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြပါသည်။ မယ်တော်ကြီးတို့ သင်းရန့်သို့ရောက်ရှိလာသောအခါ ပိန္နဲကုန်းရွာမှ ကော်နီ (ခ) နီနီဝင်းလည်း ရောက်ရှိလာပါသည်။ ကော်နီသည် ဒေါ်မြမြနွယ်၏ တူမဝမ်းကွဲတော်စပ်ပါသည်။ ဒေါ်မြမြနွယ်၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသောအခါတိုင်း အစမှအဆုံးတိုင် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စ၊ မယ်တော်ကြီးတို့၏ ဝေယျာဝစ္စများကို ရိုသေလေးစားစွာ ဆောင်ရွက်သူ၊ ဆောင်ရွက်နေကျဖြစ်ပါသည်။

သင်းရန့်ပရိဘောဂနေအိမ်တွင် ရုပ်ရှင်တော်မြတ်ကို ပူဇော်ထားရှိသောအခါ နှစ်ဖက်သောမိဘများဖြစ်သည့် ဦးမောင်စိန်-ဒေါ်ငွေကြည်၊ ဦးပု-ဒေါ်[illegible]တို့သည် လည်းကောင်း၊ ဦးရွှေပွား - ဒေါ်မြမြနွယ်တို့၏ သားသမီးမြေးများ

www.burmeseclassic.com

ဖြစ်ကြသော သား ကိုကိုပြည့်စုံ - မဇင်မော်ဝင်း၊ ကိုစိုးဝင်းအောင်- မမွန်မွန်နှစ်ဦးတို့နှင့် ဝေဖြိုးဟိန်း၊ ဝေဖြိုးဟာန်၊ မိုမိုဆောင်းဦး၊ မောင်လူမွေး(ခ)မောင်သူတစ်ိုးတို့သည်လည်း ပျော်ရွှင်ဝမ်းသာမဆုံးဖြစ်နေကြပြီး ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍မဝနိုင်အောင်ရှိနေကြပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့သည်လည်း ဤမိသားစုနှင့်ချစ်ခင်ရင်းနှီးလျက်ရှိနေကြပြီးဖြစ်သည့်အပြင် နေရေးထိုင်ရေးအစ မယ်တော်ကြီးတို့၏ ဝေယျာဝစ္စတို့ကိုလည်း လိုလေသေးမရှိ ဆောင်ရွက်ပေးသည်ကြသည်ဖြစ်ရာ မယ်တော်ကြီးတို့လည်း သင်းရန်၌တွင် နေထိုင်ရသည်မှာ စိတ်အေးချမ်းသာရှိပါသည်။ သင်းရန့်မိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ကရမက်တုံးကြီးပေါ်တွင် ပူဇော်ထားရှိရာ ဦးရွှေပွားနှင့် ဒေါ်မြမြနွယ်တို့သည် ၎င်းတို့ထုလုပ်ပူဇော်မည့်ကရဝိက်ဖောင်ကြီးကို စိတ်ကူးမျှော်မြော်ကြပြီး ကြိုတင်ပီတိဖြစ်နေကြပါသည်။

၄ - ၇ - ၂၀၁၆ နေ့တွင်တော့ ရုပ်ရှင်တော်မြတ်အား ဦးတင်ဝင်း - ဒေါ်တင်ညွန့် ဦး(xxx)-ဒေါ်တင်တင်အေးတို့က အမှူးထားပြီး ဦးမြမင်း-ဒေါ်ခိုင်ခိုင်ဝင်း သား(xxx)မိသားစု (၆/ ၈) (၄) ဗိုလ်တထောင်လမ်းသွယ်၊ (၃)လမ်းမိသားစု မော်လမြိုင် သင်းရန့် မိသားစုအရောက်က ပင့်ဆောင်ကြပါသည်။ သင်းရန့်မိသားစုသည် ယခုနှစ် ရုပ်ရှင်တော်မြတ်၏ မော်လမြိုင်၊ ကော့ကရိတ်၊ ဘားအံခရီးစဉ်တွင် ရက်ပေါင်းအတန်ကြာ မယ်တော်ကြီးတို့နှင့်နေလိုက်ကြရသည်ဖြစ်၍ မယ်တော်ကြီးတို့ ပြန်လည်ကြွချီတော်မူသောအခါ တစ်အိမ်သားလုံး ဝမ်းနည်းလျက် မျက်ရည်များဝဲနေကြပါ၏။

ထိုစဉ် ကော်နီသည် ရှိုက်ကြီးတငင်အော်ငိုပါတော့သည်။ မည်သို့မျှ ချော့မရတဲ့ သဲကြီးမဲကြီးငိုနေပါတော့သည်။ သိုက်ဝင်သည့်ပုံ၊ နဂါးဝင်စီးသည့်ပုံ မဟုတ်ပါ။ ပကတိစိတ်၊ ပကတိမျက်နှာဖြင့်ငိုနေခြင်း ဖြစ်ပါသည်။ ထိုအခါ ဒေါ်မြမြနွယ်က ဘုရားကြီးကိုလွမ်းလို့ ငိုတာလားဆိုရာ ခေါင်းညိတ်ပြ၏။ တစ်ဖန် မယ်တော်ကြီးတို့ကို လွမ်းလို့လားဟု မေးပြန်ရာတွင်လည်း ခေါင်းညိတ်ပြ၏။

ဒေါ်မြမြနွယ်က -

"ကော်နီရယ်၊ ငါတို့ဖြင့် ဘာများကြောင့်ငိုလိမ့်လို့စိတ်ပူလိုက်ရတာအေ။



ရုပ်ရှင်တော်မြတ်အား မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ပင့်ဆောင်စဉ်





ရန်ကုန်မြို့မှ ကိုမျိုးမင်း + မခိုင်နိုင်ဝင်းတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ် ဆက်ကပ်စဉ်



ရန်ကုန်မြို့မှ ကိုမျိုးမင်း + မခိုင်နိုင်ဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်



www.burmeseclassic.com


www.burmeseclassic.com



ကိုမျိုးမင်း + မခိုင်ခိုင်ဝင်းတို့၏နေအိမ်မှ
ဦးတင်ဦး + ဒေါ်မြင့်မြင့်အေးတို့၏နေအိမ်သို့ ပင့်ဆောင်စဉ်



ဦးကျော်ဆွေ + ဒေါ်ကြူကြူလှိုင် မိသားစုမှ ရုပ်ရှင်တော်မြတ်အား ကထိန်သင်္ကန်းလှူဒါန်းစဉ်



ဦးတင်ဦး + ဒေါ်မြင့်မြင့်အေးတို့၏နေအိမ်မှ
ဦးကျော်ဆွေ + ဒေါ်ကြူကြူလှိုင်တို့၏နေအိမ်သို့ ပင့်ဆောင်စဉ်



ဦးကျော်ဆွေ + ဒေါ်ကြူကြူလှိုင် မိသားစု နေအိမ်မှ
ဦးခင်မောင်ဦး + ဒေါ်သွယ်သွယ်မာ မိသားစုထံ ဆက်လက်ပင့်ဆောင်စဉ်

ဒါဆိုလည်း မငိုပါနဲ့တော့။ ဒီနှစ် (၉)ရက်၊ (၉) လ ရွှေကံကူပွဲတော်နေ့ကျရင်လိုက်ပို့ပါမယ်"

ဟု ဆိုသောအခါမှ အငိုတိတ်သွားပါတော့သည်။

တကယ်တော့ ကော်နီဆိုသော မိန်းကလေးမှာ အသက် (၂၀) ကျော် (၂၅) နီးပါးခန့်ရှိနေပြီဖြစ်ပါသည်။ ပထမဦးဆုံးနှစ် ကြွရောက်တော်မူစဉ်အခါကလည်း ရုပ်ရှင်တော်မြတ်သည် သင်္ဃန်းကျွန်း ပရိဘောဂနေအိမ်မှ ဘားအံသို့ကြွမြန်းတော်မူသွားသောအခါတွင်လည်း ဒေါ်မြမြနွယ်၏မြေး (၄) နှစ်အရွယ် သမီးလေးမှာ အိပ်ရာမှမထဘဲ တသိမ့်သိမ့်ငိုနေ၏။ ချော့မော့မေးမြန်းသောအခါ ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့ကို လွမ်း၍ငိုခြင်းဖြစ်ကြောင်း သိရပါသည်။ ထိုအခေါက်ကလည်း မော်လမြိုင်သို့ ပြန်ရောက်ရန် မူလခရီးစဉ်၌ မပါဝင်ပါ။ သို့သော် မော်လမြိုင်သို့ပြန်လည်ရောက်ရှိရန်အကြောင်းဖန်လာ၍ မော်လမြိုင်သို့ ပြန်လည်တစ်ခေါက်ရောက်ရှိရပြီး ကလေးအငိုတိတ်ခဲ့ရပါသည်။ယခုလည်း ကော်နီ အငိုတိတ်သွား၍ မယ်တော်ကြီးတို့လည်း စိတ်အေးလက်အေး ရန်ကုန်မြို့သို့ လိုက်ပါကြွမြန်းတော်မူခဲ့ပါသည်။

ယခု ကြွရောက်တော်မူသော ဗိုလ်တစ်ထောင် လမ်းသွယ် (၃) လမ်း ဦးမြမင်း- ဒေါ်ခိုင်ခိုင်ဝင်းတို့မိသားစုမှာလည်း ရုပ်ရှင်တော်မြတ်အား နှစ်စဉ်ပင့်ဆောင်ပူဇော်နေကျဖြစ်၍ ယခုပင့်ဆောင်ပူဇော်ခြင်းမှာ တတိယအကြိမ်မြောက်ပူဇော်ခြင်းဖြစ်သည်။ ပင့်ဆောင်ပူဇော်ဖူးပြီးသောအိမ်ဖြစ်၍ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စ၊ မယ်တော်ကြီးတို့၏ နေရေးထိုင်ရေး၊ စားရေးသောက်တာတို့ကို လိုအပ်ချက်မရှိ ဆောင်ရွက်နိုင်ကြပြီဖြစ်၍ ဤနေအိမ်တွင်လည်း မယ်တော်ကြီးတို့နေရထိုင်ရသည်မှာ အဆင်ပြေ၍ သက်သောင့်သက်သာရှိပါသည်။ ဤနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော် ကွန့်မြူးတော်မူခြင်း မျက်လုံးတော်ဖွင့်တော်မူခြင်း စသော တန်ခိုးတော်တို့ကို ဖူးတွေ့ကြရပါသည်။

၃- ၇-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ဦးတင်ဦး-ဒေါ်မြင့်မြင့်အေး၊ သမီး မချိုချိုဝင်းနွယ်၊ မသီရိဝင်းနွယ်တင်ဦး၊ တိုက် (၅၇) - (၄၀၂/B) အဝေရာအိမ်ရာလမ်းသွယ်၊ မေတ္တာ... တာမွေမှ ဆက်လက် ပင့်ဆောင်ပါသည်။ မချိုချိုဝင်းနွယ်သည် သူရဲ...ဇင်းကြီး




www.burmeseclassic.com

www.burmeseclassic.com

တွင် လစဉ်ပုံမှန်ပါရှိနေသော စာရေးသူ၏ ရွှေတံကူဆောင်းပါးများကိုဖတ်ရှုပြီး ကြည်ညိုနေရာမှ ပြီးခဲ့သောနှစ် မော်လမြိုင်ခရီးစဉ်မှအပြန်တွင် ပဲခူးမြို့သို့ ကြွရောက်တော်မူစဉ် ဖူးမြော်ခွင့်ရရှိခဲ့ပြီး ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းအကျဉ်းနှင့် ဖြစ်တော်စဉ်သမိုင်းခွေနှင့် စာအုပ်တော်တို့ပူဇော်သွားပြီး မိသားစုအားလုံး ကြည်ညိုနေကြခြင်း ဖြစ်ပါသည်။ ထိုအချိန်ကတည်းက ရုပ်ရှင်တော်မြတ်ကြီးအား ပင့်ဆောင် ပူဇော်ခွင့်ရရှိရန် မျှော်လင့်ထားခဲ့ကြသူများဖြစ်ကြပါသည်။ ယခုနှစ်တွင် ဝင့်ဆောင်ပူဇော်ခွင့်ရရှိကြသောအခါ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြပါသည်။

၉- ၇- ၂၀၁၆ ရက်နေ့တွင်တော့ ရုပ်ရှင်တော်မြတ်အား ဦးအောင်ခင်-ဒေါ်တင်ရီနှင့် ဦးဝင်းကြည် - ဒေါ်သိဂီ တို့က အမှူးထားပြီး ဦးကျော်ဆွေ - ဒေါ်ကျော့ကျော့လှိုင်၊ သမီး-မေသံလွင်ကျော်၊ သား-မောင်ဝေဇင်ကျော် အမှတ် (၁၂) ဂရုဏာ (၅) လမ်း၊ တောင်ဥက္ကလာပ (၁၃) ရပ်ကွက်မှ ဆက်လက်ပင့်ဆောင်ပူဇော်ပါသည်။ ကိုကျော်ဆွေနှင့် မကျော့ကျော့လှိုင်တို့မှာ ယခုမော်လမြိုင်-ဘားအံခရီးစဉ်အတွင်းမှာပင် ကြာမောလေးတောင်သာသနာပြုစခန်းတွင် ရုပ်ရှင်တော်မြတ်ကြီး ကြွရောက်တော်မူစဉ်က လာရောက်ဖူးမြော်ခဲ့ကြသူများဖြစ်ပြီး ဇနီးမောင်နှံနှစ်ယောက်စလုံး ဆောက်လုပ်ရေးဝန်ထမ်း (S.A.F) များဖြစ်ကြ၍ ကိုကျော်ဆွေသည် ချောင်းဆုံတံတားစီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိနေပြီး မကျော့ကျော့လှိုင်မှာ ဒေါင်းနောင်တံတား တည်ဆောက်ရေးတွင် တာဝန်ထမ်းဆောင်နေကြောင်း သိရှိရပါသည်။

၎င်းတို့သည် ရုပ်ရှင်တော်မြတ်ကြီး၏ တန်ခိုးတော်၊ မယ်တော်ကြီး၏ ဆုတောင်းမှုတို့ဖြင့် ချောင်းဆုံတံတားစီမံကိန်းတွင် ခက်ခဲနေသော ရေလယ်တံတားတိုင်အမှတ်(၃)ကို ချက်ချင်းပင် အဆင်ပြေစွာ စိုက်ထူအောင်မြင်ခဲ့ရာ ရုပ်ရှင်တော်မြတ်ကြီးကိုလည်း သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ကြည်ညိုကာ မယ်တော်ကြီးကိုလည်း လေးစားချစ်ခင်ကြသည်ဖြစ်၍ မော်လမြိုင်ခရီးစဉ်တစ်လျှောက်လုံးတွင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေရာဌာနတိုင်းသို့ လိုက်ပါရောက်ရှိပြီး ဆွမ်းများကပ်လှူခဲ့ကြသူများဖြစ်သော ရုပ်ရှင်တော်မြတ်၏ဝေယျာ



ဦးခင်မောင်ဦး + ဒေါ်ဘွယ်ဘွယ်မာ မိသားစုတို့ထံနေအိမ်မှ
လမ်းတံတား (၅) ညွှန်ချုပ်နေအိမ်သို့ ပင့်ဆောင်စဉ်



ရွှေကူသာသနာပြုမယ်တော်ကြီးအား လမ်းတံတား (၅) ညွှန်ချုပ်ဇနီးမှ
ဂါရဝလက်ဆောင်ပေးအပ်စဉ်



လမ်းတံတား (၅) ညွှန်ချုပ်နေအိမ်မှ
ဦးထက်ရွှေမင်း (ဆောက်လုပ်ရေး) မိသားစုသို့ ပင့်ဆောင်စဉ်



ပြည်ထောင်စု နယ်စပ်/စည်ပင် (၅) ဝန်ကြီး မိသားစုအား ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



www.burmeseclassic.com



ပြည်ထောင်စု နယ်စပ်/ဧည့်ပင် (ခု) ဝန်ကြီး မိသားစုနေအိမ်မှ မြင်းခြံမြို့သို့ ပင့်ဆောင်စဉ်



မြင်းခြံမြို့နေအိမ်တွင် မန္တလေးမြို့မှ
အိပ်မက်ဖြင့် သာသနာ့အလံနှင့် ရွှေထီးဆောင်း လာရောက်လှူဒါန်းစဉ်



မြင်းခြံမြို့ ဒေါ်မာကြည် ခေါက်ဆွဲမိသားစုမှ လှူဒါန်းမှုများ

ဝစ္စ၊ မယ်တော်ကြီးတို့၏ဝေယျာဝစ္စတို့ကို စိတ်တူကိုယ်တူ ဆောင်ရွက်ကြလျက် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိရန် မျှော်လင့်ထားခဲ့ကြသူများ ဖြစ်ပါသည်။

သို့သော် ရုပ်ရှင်တော်မြတ်တွင် ကြိုတင်လျှောက်ထားနှင့်သူတို့များပြားနေ၍ လာမည့်နှစ် ရန်ကုန်ခရီးစဉ်ရောက်မှသာ ပင့်ဆောင်ပူဇော်နိုင်ရန် စီစဉ်ပေးပါမည်။ တကယ်တော့ ယခုနှစ် ရန်ကုန်ခရီးစဉ်မှာပြီးဆုံးခဲ့ပြီဖြစ်ပြီး မော်လမြိုင်-ဘားအံခရီးစဉ်အတွက် ခရီးတစ်ထောက်နားသည့်သဘောမျိုးဖြင့် အိမ်အနည်းငယ်မျှကိုသာ ပင့်ဆောင်ပူဇော်ခွင့်ပြုပေးခြင်းဖြစ်၏။ ထို့ကြောင့် ယခုတစ်ခေါက်ခရီးစဉ်၌ မောင်ကျော်ဆွေ-မကျော့ကျော့လှိုင်တို့ ပင့်ဆောင်ပူဇော်နိုင်ခွင့်ရရှိကြမည်မဟုတ်ပါ။ သို့သော် ကံတရားတို့မှာ ဆန်းကြယ်လှပါ၏။ ယခုတစ်ခေါက်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရရှိထားကြသော ဆရာစိုး (စစ်ကိုင်း ရွာသစ်ကြီး တိုင်းရင်းသားများဖွံ့ဖြိုးရေးတက္ကသိုလ်မှပါမောက္ခချုပ်ရာထူးအဆင့်ဖြင့်အငြိမ်းစားယူခဲ့သူ၊ ရုပ်ရှင်တော်မြတ်အား သုံးကြိမ်တိုင်တိုင် ပင့်ဆောင်ပူဇော်ခဲ့သူဖြစ်ပြီး မယ်တော်ကြီး၊ အန်တီအေးတို့နှင့်သာမက စာရေးသူနှင့်ပါ ခင်မင်ရင်းနှီးသူဖြစ်၍ ၎င်း၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြီးအား တစ်ကြိမ်တစ်ခါမျှပင့်ဆောင်ပူဇော်ရခြင်းမရှိမီ (၂၀၁၂ ခုနှစ်) အခါက ရုပ်ရှင်တော်မြတ်အား ဖူးမြော်ပူဇော်ရန်သဏ်သက်အတွက် ရန်ကုန်-မန္တလေး နေ့ချင်းပြန် လေယာဉ်ဖြင့်လာရောက်ခဲ့သူ) ၏ မိတ်ဆွေများသည် ရုပ်ရှင်တော်မြတ်အား အလွန်ပင် ကြည်ညိုကြသူများဖြစ်ပါလျက်၊ ပင့်ဆောင်ပူဇော်ရန် အလွန်ပင်စိတ်အားထက်သန်ကြပါလျက် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသောနေ့ရက်တွင်မှ တိုက်ဆိုင်လှစွာ ၎င်းတို့နေအိမ်မှ အိမ်သားတစ်ဦး ရုတ်တရက်ကျန်းမာရေးအခြေအနေတစ်ခုဖြစ်ပေါ်ပြီး ထိုင်းနိုင်ငံသို့ ဆေးကုသမှုခံယူရန်သွားရောက်ရမည်ဖြစ်၍ ထိုရက်လစ်လပ်သွားရခြင်းဖြစ်သည်။ ထိုလစ်လပ်သွားသောနေ့ရက်ကို မောင်ကျော်ဆွေနှင့် မကျော့ကျော့လှိုင်တို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားကြခြင်း ဖြစ်၏။ မောင်ကျော်ဆွေနှင့် မကျော့ကျော့လှိုင်တို့သည် မိုးပေါ်ကျကထိန်ကဲ့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိကြရသည်ဖြစ်၍ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြပါသည်။

၁၁- ၇-၂၀၁၆ နံနက်တွင်တော့ ဦးခင်မောင်ဦး-ဒေါ်သွယ်သွယ်မာ၊ သမီးနန်းထိပ်ထားစံ၊ အမှတ် (B-721-မုဒိတာအိမ်ရာ (၁) ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ်မှ ဆက်လက်ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုသည် မကွေးမြို့ဇာတိများဖြစ်ကြပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသည်မှာပင်မကြာသေးပါ။ ရုပ်ရှင်တော်မြတ်အား မကွေးမြို့ မိုနာလီဇာမိသားစုမှ ပင့်ဆောင်ပူဇော်စဉ်က ၎င်းတို့သည် မကွေးမြို့မှာပင်ရှိနေကြသေးပြီး ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ခဲ့ကြပြီး ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံးဖြစ်မိကြလျက် အခါအခွင့်သင့်လျှင်ဖြင့် ပင့်ဆောင်ပူဇော်ကြရပါစေဟု ဆုတောင်းခဲ့ကြသူများဖြစ်ကြပါသည်။

၎င်းတို့သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာကြသောအခါ မယ်တော်ကြီးတို့နှင့်မိသားစုသဖွယ်ဖြစ်နေသော ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဂွမ်းပုံကြီးကို ရုပ်ရှင်တော်မြတ်သည် ငွေကြေးချမ်းသာကြွယ်ဝသောနေအိမ်များချည်းသာ ပင့်ဆောင်ပူဇော်လျက်ရှိကြ၍ မိမိတို့နေအိမ်သို့ပင့်ဆောင်ရန် စိတ်အားငယ်မိသည်။ မယ်တော်ကြီးတို့ကသည်း မိမိတို့ကဲ့သို့ သာမန်နေအိမ်မျိုးတွင် ကြွ

www.burmeseclassic.com



၂၀၁၆ မော်လမြိုင်-ဘားအံခရီးစဉ်မှ အောင်မြေသို့ ပြန်လည်ရောက်ရှိစဉ်



မျောင်းဆုံစီမံကိန်းတံတားသစ်ကြီးအား တွေ့မြင်ရပုံ



မော်လမြိုင်မြို့မှ ရန်ကုန်မြို့ခရီးထပ်အကြား မြင်တွေ့ရသော သဘာဝရှုခင်း

မင်းပေးလိုပါမည်လားဟုပြောကြသည်။ ထိုအခါ ဒေါ်ငွမ်းပုံကြီးက မယ်တော်ကြီး တို့က အဲဒီလိုတော့မဟုတ်ပါဘူး။ ထိုက် တန်တော့ပင့်ခွင့်ရမှာပါ။ မယ်တော်ကြီး တို့ကိုပြောထားပေါ့ဟု အကြံပြု၏။ ထို့ ကြောင့် ၎င်းတို့သည် ဒေါ်ငွမ်းပုံကြီးနှင့် အတူလာရောက်ကြပြီး လျှောက်ထားခဲ့ ကြသည်။

အန်တီအေးနှင့် မယ်တော်ကြီးတို့ သည်း ၎င်းတို့ကိုကြည့်ရသည်မှာ ဘုရား တရားမြဲမည့် အနေအထားတွေ့ရှိရပြီး ရုပ်ရှင်တော်မြတ်ကြီးကိုလည်း အထူး ကြည်ညိုသည်ဟုမြင်တွေ့ရ၍ ရုပ်ရှင် တော်မြတ်သည် ငွေကြေးပြည့်စုံချမ်းသာ သူတို့နေအိမ်များသာမဟုတ် မည်သည့် နေအိမ်မဆို အယုတ်၊ အလတ်၊ အမြတ် မရွေး ကြွမြန်းတော်မူသည်ဟူသည်ကို သိရှိကြစေရန် ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြီးကို ကြွမြန်းတော် မူခဲ့ခြင်းဖြစ်ပါသည်။

မယ်တော်ကြီးတို့၏ထင်မြင်ယူဆ ချက်တို့ မှန်ကန်ပါသည်။ ဦးခင်မောင်ဦး- ဒေါ်သွယ်သွယ်မာ၊ သမီး နန်းထိပ်ထားစံ တို့သည် ရုပ်ရှင်တော်မြတ်အား အချိန် ပြည့် ပဌာန်းဒေသနာတော်များဖြင့် ပူဇော်၍နေကြပါသည်။ ထို့ကြောင့် မယ်တော်ကြီးတို့လည်း ကျေနပ်အားရ ကြရှိကြပါသည်။ နန်းထိပ်ထားစံသည် အင်္ဂလိပ်စ ဗွီဒီယိုသရုပ်ဆောင်မင်းသမီး လေးဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ရှင် သရုပ်ဆောင် ဒေါ်ငွမ်းပုံကြီးနှင့် ခင်မင် ကြခြင်း ဖြစ်သည်။ နန်းထိပ်ထားစံသည် မယ်တော်ကြီး၏မေတ္တာကို ခံယူသဖြင့် မယ်တော်ကြီးက မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ခေတ်မီအောင်၊ ခေတ်ကို လိုက်နိုင်ပြီး ဘုရားတရားသံယာ မိဘ၊ ဆရာတို့ကို ဦးထိပ်ပန်ဆင် ပြီး အောင်မြင်မှုရအောင်ကြိုးစားပါ။ မိမိ ယဉ်ကျေးမှုထိန်းသိမ်းပါ၊ တန်ဖိုးထားပါဟု ဆုံးမပါသည်။ နန်းထိပ်ထားစံမှာလည်း မယ်တော်ကြီးဆုံးမမှုကို ဝမ်းပန်းတသာ သာခံ၍ မယ်တော်ကြီး၏ သွန်သင် ဆုံးမမှုကို တစ်သဝေမတိမ်း လိုက်နာပါ မည်ဟုကတိပြုရာ မယ်တော်ကြီးနှင့် အန်တီအေးတို့က သာဓုခေါ်ဆို၍ ယခုကဲ့သို့ဖြင့် အောင်မြင်ကျော်ကြားမှု ရရှိပြီး မိဘကျေးဇူး၊ သာသနာ့ကျေးဇူး ဆပ်နိုင်သော သမီးကောင်းရတနာ ဖြစ်ပါစေဟု ဆုမွန်ကောင်းများတောင်း ပေးကြပါသည်။

၁၂-၇- ၂၀၁၆ နေ့ ညနေတွင် ဦးခင်မောင်အေး-ဒေါ်မြမြဆွေ၊ ဦးဖေ သန်း-ဒေါ်ယဉ်ယဉ်ထားတို့ကိုအမှူးထား ပြီး လမ်းတံတားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကျော်-ဒေါ်ဝေဝေမာ၊ သား ကြီး ဖြိုးထက်အောင်၊ သားငယ် မောင်မင်း ထက်အောင်မိသားစု သုဝဏ္ဏစုပေါင်း အိမ်ရာ (၇၆/၂) ယင်းမာမြိုင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်မှ ဆက်လက်ပင့် ဆောင်ပူဇော်ကြပါသည်။ ၎င်းမိသားစု သည် ရန်ကုန်မြို့၏ အမာခံသာဝကများ ဖြစ်ကြပါသည်။ ၂၀၀၇ ခုနှစ်မှ စတင်၍ ရုပ်ရှင်တော်မြတ်ကို သိရှိပြီးနောက် တစိုက်မတ်မတ်ကြည်ညိုကိုးကွယ်ခဲ့ကြ သူများဖြစ်ကာ ရုပ်ရှင်တော်မြတ်အား ကြိမ်ဖန်များစွာ ပင့်ဆောင်ပူဇော်ခဲ့ကြ သူများ ဖြစ်ကြပါသည်။ ၎င်းမိသားစု၏ အကြောင်းမှာ ဆုရှင်မင်္ဂလာဇင်းကြီးတွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးများစွာတွင် ပါဝင်ခဲ့ပြီဖြစ်၍ ထပ်မံဖော်ပြခြင်းမပြု တော့ပါ။

ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော် မြတ် ကြွရောက်လေရာ အိမ်ပေါင်းများ စွာသို့ လိုက်ပါဖူးမြော်ပြီး လှူဖွယ်ပစ္စည်း တို့ကို ၎င်းတို့နေအိမ်သို့သယ်ယူစုပုံထား ရှိသည်။ ထို့နောက် တူရာတူရာပစ္စည်း တို့ကိုပေါင်း၍ စိတ်ရှည်လက်ရှည်ထုပ်ပိုး ၏။ ထို့နောက် စရိတ်စကအကုန်အကျခံ ကာ စဉ့်ကိုင်မြို့ အောင်မြေသို့ ပို့ဆောင် ပေးပါသည်။ ယခုလက်ရှိ ရန်ကုန်မြို့ သာဝကများထဲတွင် ၎င်း မိသားစုသည်

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်အား အကြိမ်အများဆုံး ပင့်ဆောင်ပူဇော်ခွင့်ရရှိသောမိသားစုဖြစ်ပါ သည်။

၁၅-၇-၂၀၁၆ ညနေတွင်တော့ ရုပ်ရှင်တော်မြတ်အား နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးထက်ရွှေမော်-ဒေါ်ထုရော် သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းမြို့နယ်မှပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစုသည် ဤဆောင်းပါးရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း ရွှေကူရုပ်ရှင်တော်မြတ်ကြီး၏ ရန်ကုန်မြို့၏ အမာခံသာဝကအဖြစ်ရောက်ရှိကာ ရုပ်ရှင်တော်မြတ်၏ရန်ကုန်ခရီးစဉ်တစ်လျှောက်လုံး ဝေယျာဝစ္စအားလုံးတို့ကို ကုသိုလ်ယူဆောင်ရွက်နေကြသောမိသားစုဖြစ်ပါသည်။ ထို့ကြောင့် ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကြီးအားသိရှိကြသည်မှာ (၂) နှစ်မျှသာရှိပါသေးသည်။ ယခုအကြိမ်နှင့်ဆိုလျှင် (၉)ကြိမ်တိတိ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြပြီဖြစ်ပါသည်။ လမ်းတံတားညွှန်ချုပ် ဦးခင်မောင်ကျော်-ဒေါ်ဝေဝေမာတို့ကဲ့သို့ ရန်ကုန်မြို့တွင် ရုပ်ရှင်တော်မြတ်၏ ခရီးတစ်ထောက်သဖွယ်ဖြစ်နေ၍ ယခုကဲ့သို့ အကြိမ်များစွာ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြခြင်း ဖြစ်ပါသည်။

၁၇-၇-၂၀၁၆ ရက်နေ့လယ်တွင် ဦးစိုးညွှန့်- ဒေါ်လှသိန်း၊ ဦးရွှန်းလှိုင်-ဒေါ်ခင်အေးတို့ကိုအမှူးထား၍ နယ်စပ်စည်ပင် ပြည်ထောင်စု (ဒုတိယ) ဝန်ကြီးဗိုလ်ချုပ်သန်းထွဋ် - ဇနီး ဒေါ်နီလာလှိုင်၊ သမီးကြီး ဗိုလ်ကြီးထက်ထက်လင်း၊ မချောမြတ်သီရိလှိုင်၊ သမီး ဗိုလ်ကြီး အေးကိုကိုကျော်၊ မသိမ့်သီတာလှိုင်၊ သား မောင်ဝေယံလင်းပြည့်၊ မြေး မေသဒ္ဒါထက်လှိုင်မိသားစု၊ အမှတ် (၂၀၃၆) ကျွန်းချောင်း(၃)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ (၂) ဥတ္တရသီရိမြို့နယ် နေပြည်တော်မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစု ယခုတစ်ခေါက် ပင့်ဆောင်ပူဇော်ခြင်းမှာ ဒုတိယအကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ဗိုလ်ချုပ်သန်းထွဋ်သည် စာရေးသူ၏ စာဖတ်ပရိသတ်ဖြစ်ပြီး လစဉ် သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိသော ဆောင်းပါးတို့ကို မလွတ်တမ်းစောင့်မျှော်ဖတ်ရှုနေသူဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၅(၁)လပိုင်းတွင် စာရေးသူထံ နေပြည်တော်မှ လူငယ်တစ်ဦးက ဖုန်းဆက်လာပါသည်။ ၎င်း၏ အထက်လူကြီးမှ ရုပ်ရှင်တော်မြတ်အား ဖူးမြော်လို၍ စုံစမ်းကြောင်းဖြစ်သည်ဟု သိရပါသည်။ ဒုတိယအကြိမ်ဆက်သောအခါ ၎င်း၏လူကြီးသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုပါသည်ဟု ဆို၍ ရုပ်ရှင်တော်မြတ်သည် ပြည်ပနိုင်ငံတစ်ခုမှ ပင့်ဆောင်ပူဇော်လျက်ရှိကြောင်း၊ ရန်ကုန်မြို့သို့ မည်သည့်နေ့ရက်တွင် ပြန်လည် ကြွမြန်းရောက်ရှိတော်မူမည်၊ သွားရောက်တွေ့ဆုံပါဟု ပြောလိုက်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ပြန်လည်ကြွမြန်းတော်မူလာပြီးနောက် မကြာမီ နေပြည်တော်သို့ ကြွမြန်းရောက်ရှိတော်မူသည်။ ထိုအခါ စာရေးသူထံ ဖုန်းဖြင့်ဆက်သွယ်သောသူကို ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိသောလိပ်စာကို ပြောပြလိုက်သည်။

နောက်ရက်တွင် မယ်တော်ကြီးထံမှဖုန်းလာရာ စာရေးသူလွှတ်လိုက်သောသူမှာ တပ်မတော်တပ်ထိန်းချုပ်ဗိုလ်ချုပ်သန်းထွဋ်၏ကိုယ်ရေးအရာရှိဖြစ်ကြောင်း၊ ပင့်ဆောင်ပူဇော်ရန်လျှောက်ထားသွားကြောင်း၊ နေပြည်တော်ခရီးစဉ်တွင် ပင့်ဆောင် ပူဇော်ခွင့်ပေးထားပြီ ဖြစ်ကြောင်းပြောပါသည်။ ထို့ကြောင့် ယခုပင့်ဆောင်ပူဇော်ခြင်းမှာ ဒုတိယအကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသောအခါ ဗိုလ်ချုပ်သည် ရန်ကုန်တွင်ရောက်ရှိနေပါသည်။ သို့သော် ရန်ကုန်နေအိမ်တွင် နာရီပိုင်းမျှ ပင့်ဆောင်ပူဇော်လိုက်ပါသေးသည်။

၁၉ ရက်နေ့သည် အာဇာနည်နေ့ဖြစ်ပြီး ဝါဆိုလပြည့်နေ့နှင့် ထူးခြားစွာ တိုက်ဆိုင်နေပါသည်။ ထိုနေ့ရက်ကို ပင့်ဆောင်ပူဇော်ရန် စက်မှု(၁) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်-ဒေါ်ခင်စန်းဝင်း၊ မောင်ခင်(၂)လမ်း ရွှေချီရပ် နေပြည်တော်ပျဉ်းမနားမှရရှိထားပါသည်။ ဤမိသားစုသည် ယခင်က (၄) ကြိမ် ပင့်ဆောင်ပူဇော်ထားရှိပြီးဖြစ်ပါသည်။ ယခုနှစ် (၅) လပိုင်းခရီးစဉ်တွင်လည်း ၎င်းတို့သည် ပင့်ဆောင်ပူဇော်ခွင့်ရက်ချိန်းရယူပြီးဖြစ်သော်လည်း ထိုရက်တွင်မှ အလုပ်ကိစ္စပေါ်ပေါက်လာ၍ မပင့်ဆောင်နိုင်တော့ဘဲ စိတ်မကောင်းဖြစ်ကြရပါသည်။ ထို့ကြောင့် ယခုတစ်ကြိမ် ရက်ချိန်းထပ်မံတောင်းခံထားခြင်းဖြစ်ပါသည်။ သို့သော် ထိုရက်ထိုအချိန်တွင်မှ ဗိုလ်မှူးကြီးသန့်စင်သည် တောင်ကြီးမြို့သို့သွားရောက်ရန်အကြောင်းပေါ်လာပြန်သဖြင့် အားနာခြင်း၊ စိတ်မကောင်းခြင်းများစွာဖြင့် ယခုတစ်ကြိမ်တွင်လည်း ပင့်ဆောင်ပူဇော်ခွင့်မပြုနိုင်တော့ပြန်ကြောင်းကို မယ်တော်ကြီးဖို့ထံ အကြောင်းပြန်ကြားကြပါသည်။

ထို့ကြောင့် မယ်တော်ကြီးက စာရေးသူအား ၁၉ ရက်နေ့တွင် နေပြည်တော်သို့ လာရောက်ပင့်ဆောင်ရန်ပြောပါသည်။ လပြည့်နေ့ အောင်မြေပြန်ကြွရတာကောင်းပါသည်ဟု မယ်တော်ကြီးကပြောပါသည်။ ထို့ကြောင့် စာရေးသူလည်း ၁၉ ရက်နေ့တွင် နေပြည်တော်သို့ သွားရောက် ပင့်ဆောင်ရန်-ကားများစီစဉ်ပါသည်။ မန္တလေးမြို့မှ မောင်စိုးမြင့်အောင်၊ မောင်ဖိုးသီး၊ မောင်ဇော်နိုင်ဝေ (အလင်းသစ် အုတ်၊ ထုံး၊ သဲ)၊ မောင်ဝင်းနိုင် (ရွှေသီး၄-ကုန်မာရောင်းဝယ်ရေး)တို့နှင့် ကျောက်ဆည်မြို့မှ ဒု- ညွှန်မှူး (စည်ပင်) ဦးမျိုးကျော်လတ်တို့၏ ကားများကိုလျာထားလိုက်သည်။

ထိုသို့ စီစဉ်လျက်ရှိစဉ် စာရေးသူ၏ လက်ရင်းတပည့်ဖြစ်သူ စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တိုက်၊ ကား ဆေးသုတ်လုပ်ငန်းနှင့် အဆောက်အအုံတို့ကို ပါ တာဝန်ယူဆောက်လုပ်နေပြီဖြစ်သော မောင်နိုင်သည် ၁၈ ရက်နေ့တွင် မမျှော်လင့်ဘဲ ငွေကြေးများစွာ လုပ်ငန်းအတွင်းမှရရှိလိုက်၍ ထိုနေ့မှာပင် VIGO ကားဝယ်ယူလိုက်သည်။ ၎င်းသည် ၎င်း၏ကားဖြင့် ရုပ်ရှင်တော်မြတ်ကိုပင့်ဆောင်ရန် ဆန္ဒပြင်းပြလျက်ရှိရာ ၎င်း၏ ဆန္ဒပြည့်ဝသွားပါသည်။

၁၉ ရက်နေ့ နံနက် (၆)နာရီတွင် စာရေးသူတို့ စဉ့်ကိုင်မှထွက်ခဲ့ကြသည်။ တကယ်တမ်းသွားဖြစ်သောအခါ ကိုနိုင်၊ ဦးစိုး (မန္တလေးမြို့ စိုးစန္ဒာ ဆားပွဲရုံ) နှင့် မောင်စိုးမြင့်အောင် (မန္တလေး) တို့သာ လိုက်ဖြစ်ပါတော့သည်။

ထိုအခါ မယ်တော်ကြီးက ဖုန်းဆက်ပြန်သည်မှာ စာရေးသူတို့သည် ရုပ်ရှင်တော်မြတ်အား ဤယနေ့တွင် စဉ့်ကိုင်မြို့ အောင်မြေသို့ပင့်ဆောင်ရမည်မဟုတ်သေးပါ။ မြင်းခြံမြို့ အေးချမ်းရပ်ကွက်ထဲမှ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်သို့ ပင့်ဆောင်ပေးရမည်ဟုပြောပါသည်။ နောက်မှသိရသည်မှာ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်မှစိုးစိုးသည် ၎င်း၏မိသားစုထဲတွင် ရုပ်ရှင်တော်မြတ်ကို ထူးထူးခြားခြားပင် ကြည်ညိုသူဖြစ်ပါသည်။ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်သည်လည်း ရွှေကူသာဝကအရင်းမှုပင် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ဤမိသားစုနှင့်ပတ်သက်သော [illegible]ကြောင်းအရာတို့မှာ ယခင်ဆောင်းပါး [illegible] သူရဋ္ဌမဂ္ဂဇင်းကြီး၌ ဖော်ပြခဲ့ပြီး [illegible]သည်။ ၎င်းတို့သည်လည်း သူရဋ္ဌ [illegible]ကိုဖတ်ရှုပြီး ရုပ်ရှင်တော်မြတ်ကို [illegible] စာရေးသူထံ ဆက်သွယ်ပြီး [illegible]တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ [illegible]သည်မှာ နှစ်ကြိမ်ပင်ရှိခဲ့ပြီဖြစ်သည်။

[illegible]စိုးသည် မနှစ်ကတည်းက [illegible]တော်မြတ်အား ပင့်ဆောင်ရန် [illegible]သူနှင့် မယ်တော်ကြီးတို့ထံတွင် [illegible]ကြိမ် တောင်းခံခဲ့ပါသည်။ [illegible] စာရေးသူတို့က ယတိပြတ်ရက် [illegible]ပါ။ သို့သော် စိုးစိုးသည် [illegible]ပိုင်းတွင် ၎င်းတို့၏နေအိမ်သို့ [illegible]တော်မြတ်အား ပင့်ဆောင်ပူဇော် [illegible] အဓိဋ္ဌာန်ပြု၍ ဆုတောင်းသည်။ [illegible]တောင်းမှုကိုလည်း ပြည့်ဝမည်ဟု [illegible]သဖြင့် အသိမိတ်ဆွေများကို [illegible]ပိုင်းတွင် ၎င်းတို့၏ နေအိမ်သို့ [illegible]တော်မြတ်ကြွမြန်းတော်မူသည်ဟု [illegible]လျက်ရှိ၏။ ထိုအခါ မြင်းခြံမြို့ [illegible]များမှ စာရေးသူတို့ထံမေးမြန်း [illegible] စာရေးသူတို့ ရက်မပေးရသေး [illegible]ခြံခရီးစဉ်သည် နှစ်စဉ် (၉) လ [illegible]တက်ဆုံးပတ်မှသာရှိသည်ဖြစ်၍ [illegible]သောတ်မှသာ ရက်ချောင်းပါမှ [illegible]တော်မူပေးနိုင်လိမ့်မည်ထင်ပါ [illegible]အကြောင်းပြန်လိုက်သော်လည်း [illegible]တော့ (၇) လပိုင်းတွင် ရုပ်ရှင် [illegible] ၎င်းတို့နေအိမ်သို့ ကြွရောက် [illegible]တူ အခိုင်အမာပင်ပြောနေ [illegible]သည်။

[illegible] စက်မှု(၁) ညွှန်ချုပ်မှ ရုပ်ရှင် [illegible]ကို ပင့်ဆောင် ပူဇော်ရန် [illegible]သွားသောအခါ မယ်တော်ကြီး [illegible]နေမြတ် ဝါဆိုလပြည့်တွင် [illegible]သို့ကြွမြန်းတော်မူရခြင်းသည် [illegible]တွေးမိသော်လည်း မြင်းခြံ [illegible]ကို သတိရမိလိုက်၏။ တကယ် [illegible](၇)လပိုင်း မြင်းခြံခရီးစဉ်မှာပင် [illegible]သို့ ကြွမြန်းပေးနိုင်ရေးမှာ [illegible]ပါ။ ရုပ်ရှင်တော်မြတ်သည် [illegible]သတ်အမြတ်မရွေး ကြွမြန်း [illegible]သည်မှန်သော်လည်း ပင့်ဆောင် [illegible]မှာ ရာထူးဌာနန္တရကြီးမား [illegible]များ၊ ငွေကြေးချမ်းသာ [illegible]တို့တသာပင့်ဆောင်ပူဇော် [illegible]များနေ၍ ရုပ်ရှင်တော်မြတ် [illegible]ဌာနန္တရကြီးမားသူ၊ ငွေကြေး [illegible]ဝသူတို့မှာသာ ပင့်ဆောင် ပူဇော်ခွင့်ရရှိကြသည်ဟု ထင်မှတ်များစရာဖြစ်နေပါသည်။

တကယ်တော့ ထိုသို့မဟုတ်ပါ။ ပင့်မည်ဆိုလျှင် အလျဉ်းသင့်ပါက မည်သူ့ကိုမဆို ကြွပေးတော်မူပါသည်။ ယခုလည်း ရက်လစ်ဟာသွားသည်နှင့် မယ်တော်ကြီးတို့က အကြိမ်ကြိမ်အခါခါ ရက်တောင်းခံလျက်ရှိသော စိုးစိုးကို သတိရသဖြင့် ၁၉ ရက်နေ့ပေးမည်။ ပင့်ဆောင်ရန် အဆင်သင့်ဖြစ်မည်လားဟု မေးလိုက်ရာ ဒေါ်မာကြည်တို့မိသားစုအားလုံး ဝမ်းသာသွားကြပြီး အမြဲတမ်းအဆင်သင့်စောင့်ကြိုနေပါသည်။ ဤလထဲတွင်ပင့်ရမည်ဟုလည်း ယုံကြည်ထားကြ၍ အားလုံးစီစဉ်ထားပြီးဖြစ်ပါသည်ဟုဆိုသဖြင့် ယခုကဲ့သို့ မြင်းခြံသို့ကြွရောက်တော်မူမည်ဖြစ်ပါသည်။

ထိုနေ့က စာရေးသူသည် ကိုနိုင်၏ VIGO ကားသစ်ကြီးဖြင့်လိုက်ပါ၍ စာရေးသူ၏အစ်ကို ဦးဝင်းကိုက ဦးစိုး၏ကားကိုမောင်းနှင်၍ လိုက်ပါခဲ့ပါသည်။ မောင်စိုးမြင့်အောင်က ၎င်း၏လင့်ခရူဇာကားကြီးကိုမောင်းနှင်၍ ၎င်း၏ဇနီးသည်နှင့်အတူ လိုက်ပါခဲ့ကြသည်။ နေပြည်တော်တိုးဂိတ်အရောက်တွင် အမြန်လမ်းပေါ်မှဆင်း၍ နေပြည်တော်အတွင်းသို့ ဝင်ခဲ့ကြသည်။ နေပြည်တော်မြို့ကြီးတည်ထားပုံမှာ အဆင့်မြင့်ခေတ်မီပြီး သန့်ရှင်းသပ်ရပ်ကာ ကျယ်ဝန်းလှပါသည်။ လမ်းမကြီးများမှာလည်း ကျယ်ဝန်းသည်။ လမ်းမကြီးဘေးများတင် အရံလမ်းများဖောက်လုပ်ထားရှိပြီး ထိုလမ်းဖြင့်ရပ်ကွက်များအတွင်းဝင်သောလမ်းသွယ်တို့ဆက်သွယ်ထားပြီး လမ်းသွယ် (၅)ခုမြောက်တွင်မှ အရံမျဉ်းပြိုင်လမ်းမှ လမ်းမကြီးပေါ်တက်သော လမ်းပေါက်ထားရှိပါသည်။

လမ်းလယ်ကျွန်းနှင့်လမ်းမကြီးနှင့် မျဉ်းပြိုင်အရံလမ်းအကြားတို့တွင်လည်း သစ်ပင်ပန်းပင်တို့ဝေဝေဆာဆာစိုက်ပျိုးထားရှိပြီး မြက်ခင်းများပါစိုက်ပျိုးထားရှိပါသည်။ လမ်းဆုံအဝိုင်းတိုင်းတွင်လည်း ကုန်းမြင့်များပြုလုပ်ထားပြီး သစ်ပင်ပန်းပင်များဖြင့် တန်ဆာဆင်ထားပြီး မီးပန်းဆိုင်းများ၊ ဆလိုက်များလည်း တပ်ဆင်ထားပါသည်။ နေပြည်တော်သို့ တစ်ခါနှစ်ခါရောက်ဖူးရုံနှင့် နေရာတို့ကို မှတ်မိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အဝိုင်းတိုင်းကို ကြီးမားသောကြာပွင့်ပုံ၊ ကုမုဒြာကြာပွင့်ပုံ၊ တံ့ကော်ပွင့်ပုံ၊ နှင်းဆီပွင့်ပုံစသည်ဖြင့် လှပခမ်းနားစွာပြုလုပ်ထားရှိ၍ မှတ်သားရလွယ်ကူသွားခြင်းဖြစ်ပါသည်။

ရာဇသင်္ဂဟလမ်းသည် အမြန်လမ်းပေါ်မှဆင်းလာလျှင် ကုမုဒြာကြာအဝိုင်းကြီးနှင့်ဦးဆုံးတွေ့ရသောလမ်းမကြီးဖြစ်၍ ရှာဖွေလွယ်ကူပါသည်။ ထိုလမ်းမကြီးအတိုင်းမြောက်သို့လိုက်ခဲ့လျှင် ရာဇဌာနေလမ်းဆုံအဝိုင်းကျော်သည်နှင့် ရာဇသင်္ဂဟအိမ်ရာ(၁)ကို တွေ့ရသည်။ ထိုမှတစ်ဆက်တည်းမှာပင် ရာဇသင်္ဂဟအိမ်ရာ(၂)ကို ဆက်လက်တွေ့ရှိပါသည်။ ရာဇသင်္ဂဟလမ်းမကြီးသည် တောင်၊ မြောက်သွယ်တန်းနေသည်ဖြစ်၍ ဗိုလ်ချုပ်သန်းထွန်း၏ နေအိမ်မှာ လမ်းမကြီး၏ အနောက်ဘက်ထဲတွင်ရှိပါသည်။

ထို့ကြောင့် ရာဇသင်္ဂဟလမ်းမကြီးနှင့်အပြိုင် အရံလမ်းသို့ဆင်းသောလမ်းပေါက်ကိုတွေ့ရှိသောအခါ လမ်းမကြီးပေါ်မှ အရံလမ်းပေါ်သို့လာခဲ့ပါသည်။ ကျွန်းချောင်း (၃) လမ်းသို့ ချိုးဝင်လိုက်သောအခါ ဗိုလ်ချုပ်သန်းထွန်းနေအိမ်ကို အလွယ်တကူတွေ့ရှိရပါသည်။ ထိုအချိန်တွင် အန်တီအေး၊ မယ်တော်ကြီးနှင့် ဗိုလ်ချုပ်၏ဇနီးဖြစ်သူ ဒေါ်နီလာလှိုင်၊ သမီးများဖြစ်သော ချောမြတ်သီရိလှိုင်၊ သိမ့်သီတာလှိုင်၊ဗိုလ်ကြီးထက်ထက်လင်းနှင့် ဗိုလ်ချုပ်၏တပည့် ဗိုလ်ကြီးများ ဆွမ်းကပ်နေကြပါသည်။ စာရေးသူတို့လည်း ဝင်ရောက် ဆွမ်းကပ်ကြပါသည်။ ထို့နောက် ဆွမ်းဆက်ကပ်ပြီးသည်နှင့် ဒေါ်နီလာလှိုင်မှ မယ်တော်ကြီးတို့နှင့် စာရေးသူတို့ကို ထမင်းကျွေးပါသည်။

ဒေါ်နီလာလှိုင်သည် စာရေးသူ လိုက်လာသဖြင့် ဝမ်းသာလျက်ရှိပါသည်။ သူရဋ္ဌမဂ္ဂဇင်းရဲ့ကျေးဇူးကြောင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရခြင်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်သည် စာရေးသူ၏စာများကို မလွတ်တမ်းဖတ်နေသူဖြစ်ကြောင်း၊ မဂ္ဂဇင်းထွက်လာ၍ စာရေးသူ၏ဆောင်းပါး ပါရှိလာလျှင် တပည့်များဖြေးလွှားဝယ်ယူကြရကြောင်းတို့ကိုပြောပါသည်။

စာရေးသူတို့စကားကောင်းနေကြသော်လည်း နေပြည်တော်-မြင်းခြံခရီးမှာ မနီးလှသည့်အပြင် စာရေးသူတို့သည် မြင်းခြံတွင် ညအိပ်မည်မဟုတ်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ထားရှိပြီးသည်နှင့်စဉ့်ကိုင်သို့ပြန်ကြမည်၊ မန္တလေးသို့ပြန်ကြမည်ဖြစ်၍ မယ်တော်ကြီးသည် ပင့်ဆောင်ပူဇော်မှုအစုစုတို့အတွက် ရေစက်ချပေးပါသည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နီလာလှိုင်က ရွေးကွပ်ထားသော ပယင်းလော့ကတ်သီးကိုလှူဒါန်းပါသည်။ စာရေးသူတို့နှင့်အတူလိုက်ပါလာသော ဦးစိုး၏ဇနီးဒေါ်စန်းစန်းကလည်း ပယင်းဆွဲပြားတစ်ခုကို လှူဒါန်းပြန်ပါသည်။ ထိုအခါ မယ်တော်ကြီးက လွယ်အိတ်ထဲမှ ကတ္တီပါဘူးကလေးထုတ်လိုက်ပြီး ဘူးလေးကိုဖွင့်လိုက်သောအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(၅)မူးသား၊ ရွှေရည် (၉၉. ၉) ဟု တံဆိပ်ခတ်နှိပ်ထားသော ရွှေဒင်္ဂါးပြားကလေးထွက်လာပါသည်။ ဗိုလ်ချုပ်သန်းထွန်း-ဒေါ်နီလာလှိုင်တို့၏ မြေးမလေးဖြစ်သူ မမေသဒ္ဒါထက်လှိုင်ဟူသော ကလေးငယ်လေးမှ လှူဒါန်းသည်ဟုသိရပါသည်။ မယ်တော်ကြီးက ထိုအလှူပစ္စည်း (၃) မျိုးကို ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်တွင် တစ်ခါတည်း ချိတ်ဆွဲလိုက်ပါသည်။

ထို့နောက် စာရေးသူတို့လည်း နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ (၃၂၂) မိုင် မြင်းခြံလမ်းခွဲရောက်မှ အမြန်လမ်းပေါ်မှဆင်းခဲ့ကြပါသည်။ ရာသီဥတုမှာ နေသာလျက်ရှိပါသည်။ ညနေ(၅)နာရီခန့်တွင် မြင်းခြံမြို့ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်သို့ရောက်ရှိပါသည်။ ဒေါ်မာကြည်နှင့်တူ၊ တူမများ၊ မြေးများအားလုံးတို့သည် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာသောအခါတွင် ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။ ပွဲများ၊ ပန်းများ၊ သစ်သီးများကို မြိုင်ဆိုင်ဝေဆာစွာပြင်ဆင်ထားသည်မှာ အားရကြည်ညိုဖွယ်ရာပင်ကောင်းလှပါသည်။ ဤမိသားစု၏ ရုပ်ရှင်တော်မြတ်အပေါ်ထားရှိသော ကြည်ညိုလေးမြတ်မှုတို့ကို ခန့်မှန်းသိရှိရ၍ ဝမ်းသာကြည်နူးမှုဖြစ်ရပါသည်။

ရုပ်ရှင်တော်မြတ်အား နေရာချထားပူဇော်ပြီးသည်နှင့် ပွဲများပူဇော်ပေးသည်။ ထို့နောက် စာရေးသူတို့အား ၎င်းတို့လက်ဖြစ် မြင်းခြံမြို့၏ နာမည်ကျော် ဒေါ်မာကြည်ခေါက်ဆွဲသုပ်နှင့် တော်ဖီ၊ သစ်သီးများ အလျှံပယ်ကျွေးမွေးဧည့်ခံပါသည်။ စေတနာကောင်းပြီး ရက်ရောစွာ ကျွေးမွေးပါသည်။ ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ကြသောပရိသတ်တို့လည်း များပြားလှပါသည်။ စာရေးသူတို့လည်း အချိန်လင့်နေပြီဖြစ်သဖြင့် ဒေါ်မာကြည်မိသားစုကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါသည်။

စာရေးသူတို့အိမ်သို့ ပြန်ရောက်သောအခါ ရုပ်ရှင်တော်မြတ်မှ ရောင်ခြည်တော်လွှတ်တော်မူကြောင်း၊ မျက်လုံးတော်ဖွင့်တော်မူကြောင်း အိမ်ရှင်မိသားစုလည်း ဝမ်းသာလျက်ရှိကြောင်းတို့ကို ကြားသိရပါသည်။ ၂၉ ရက်တစ်ရက်နားပြီး ၂၀ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား မြင်းခြံမြို့သို့ သွားရောက်ပင့်ဆောင်ကြရမည်ဖြစ်သည်။ တကယ်တော့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ကြသူတို့တွင် စည်းကမ်းသတ်မှတ်ခြင်းမရှိသော်လည်း ပင့်ဆောင်ပူဇော်ကြသူတို့မှ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိရာဌာနသို့ မိမိတို့အစီအစဉ်ဖြင့် သွားရောက် ပင့်ဆောင်ကြရမည်ဖြစ်သကဲ့သို့ ရုပ်ရှင်တော်မြတ်သည် အခြားပင့်ဆောင်သူမရှိတော့ဘဲ ခရီးစဉ်အဆုံးဖြစ်နေ၍ အောင်မြေသို့ပြန်ကြွမည်ဖြစ်ပါက လက်ရှိပင့်ဆောင်ပူဇော်လျက်ရှိသောမိသားစုမှ ရုပ်ရှင်တော်မြတ်အား အောင်မြေသို့ ပင့်ဆောင်ပေးပို့ကြရမည်ဖြစ်ပါသည်။

သို့သော် စာရေးသူ၏လက်ရှိအခြေအနေတွင် တပည့်များပေါများလျက်ရှိပြီး၊ တပည့်များမှာလည်း ကိုယ်ပိုင်ကားများရှိပြီး စာရေးသူ၏သာသနာ့ခရီး၊ သာသနာ့ပြုလုပ်ငန်းများတွင် အားတက်သရော တက်ကြွစွာကူညီလိုက်ပါလေ့ရှိသူများဖြစ်၍ စာရေးသူတွင် ကားစီစဉ်ရေးမှာ လွယ်ကူပြီး အိမ်ရှင်အဖို့ရာတွင် ပင်ပန်းနိုင်မည်ဖြစ်ရာ ယခု မြင်းခြံခရီးစဉ်တွင် အပို့အကြို စာရေးသူမှပင် စီစဉ်ပေးခြင်းဖြစ်ပါသည်။ မန္တလေးမြို့ မြို့သစ် မနော်ဟရီလမ်းမှ ကိုထွန်းဝေ-မဝင်းဝင်းတို့ကို ဖုန်းဆက်လိုက်ပြီး အကျိုးအကြောင်း ပြောလိုက်လျှင် ကိုထွန်းဝေမှ ဆရာဘို့ ကားဘယ်နှစီးလိုသလဲ။ ခုနစ်စီးအထိ ကျွန်တော်တာဝန်ယူတယ်ဟု ဝမ်းသာစွာပြော၏။ စာရေးသူမှ (၃) စီးဆိုလျှင် ရပြီဟုပြောလိုက်သည်။

ကိုထွန်းဝေ - မဝင်းဝင်းတို့သည် လွန်ခဲ့သော (၃) နှစ်က ၎င်းတို့၏သားကလေး အောင်မြေသို့ ရောက်လာပြီး ဘုရားသမိုင်းခွေပူဇော်သွားသည်။ ထိုအခွေကိုကြည့်ရသောအခါ ရုပ်ရှင်တော်မြတ်အား ကြည်ညိုစိတ်တို့ဖြစ်ပေါ်လာကြသည်။ မကြာမီ ရတနာပုံသတင်းစာတွင် ရုပ်ရှင်တော်မြတ်ဒေသစာရီခရီးစဉ်မှ စဉ့်ကိုင်မြို့သို့ပြန်လည်ကြွရောက်တော်မူလာမည့်သတင်းကို တွေ့ရှိလိုက်သဖြင့် ထိုရက်ကိုမှတ်သားပြီးလာရောက်ဖူးမြော်ခဲ့ကြသည်။ ထိုနေ့က ၎င်းတို့မိသားစုစုံလင်စွာလာရောက်ကြရာ၌ သမီးကြီးက ပလ္လင်တော် မန္တလေးမှဝယ်ယူလာပြီး လှူဒါန်းသည်။ မကြာမီ မြေတစ်ကွက်ရရှိသည်။ နောက်တစ်ကြိမ် ပလ္လင်လှူဒါန်းသည်။ မကြာမီ မြေတစ်ကွက်ရရှိသည်။ နောက်တစ်ကြိမ် လှူဒါန်းပြန်သည်။ မြေတစ်ကွက်ထပ်ရပြန်သည်။ ယခု ပထမဆုံးရရှိသော မြေကွက်တွင် (၃) ထပ်ခွဲတိုက်ကြီး တည်နေသည်မှာ ပြီးစီးပြီဖြစ်၍ (၉) လပိုင်း ၁၊ ၂၊ ၃ ရက်တို့တွင် ရုပ်ရှင်တော်မြတ်အားပင့်ဆောင်ပူဇော်ခွင့်ရက်ချိန်းရရှိပြီးဖြစ်သည်။

ကိုထွန်းဝေမှာမူ ကားဝယ်ရောင်းပွဲစားဖြစ်ပြီး -

"ကျွန်တော့်သမီးက ကျွန်တော်တို့ထက်အဆက်ကြီးလောက်တယ်။ ဘုရားကိုတွေ့ပြီး (၃) နှစ်တာအတွင်းမှာ မြေ (၃) ကွက်ပိုပြီး တိုက်ဆောက်တာလည်း (၁၅၀၀)လောက်ကုန်သွားတယ်။ သောင်းကြီးပိုင်းလောက်ကို ချမ်းသာသွားပြီး ကိုယ့်သမီးကိုလည်း လေ့လာကြည့်နေသေးတယ်။ ဒါပေမယ့် ဘာမှမဟုတ်တာမလုပ်ဘူး။ မြေအရောင်းအဝယ်နဲ့အခုလိုဖြစ်သွားတာ။ ဘုရားကို ကြည်ညိုတာလည်း ကျွန်တော်တို့ထက်ပိုတယ်"

ဟု ဆိုရာ မဝင်းကလည်း -

"ကျွန်မတို့လည်း သမီးလေးသဇင်ထွန်းကိုသာမမီတာ။ ဒီ (၃) နှစ်အတွင်း သိသိသာသာစီးပွားတက်တယ်။ သဇင်ထွန်းက မယ်တော်ကြီးနဲ့ ပဋ္ဌာန်းဆက်ပိုနီးလောက်တယ်။ ပထမဆုံးအခေါက် မယ်တော်ကြီးနဲ့တွေ့တော့ မယ်တော်ကြီးက ငါ့သမီးညည်းဖြစ်ခဲ့တာတွေပြောစမ်းဆိုပြီး သဇင်ထွန်းပြောတာတွေကို မယ်တော်ကြီးကလိုက်ရေးတယ်။ ပြီးတော့ အဲဒီစာရွက်လေးကို သမီးကိုပေးလိုက်တယ်။ သမီးက အဲဒီစာရွက်လေးပိုက်ဆံအိတ်ထဲမှာအမြဲထည့်ထားပြီး မကြာခဏထုတ်ကြည့်တယ်။ အဲဒီတော့ ဆုတောင်းသလိုဖြစ်ပြီး အခု လိုချမ်းသာသွားတာ"

ဟူ၍ ရှင်းပြပါသည်။

ကိုထွန်းဝေနှင့်မဝင်းဝင်းတို့သည် စာရေးသူထံ တစ်လတစ်ခေါက်မှ နှစ်ခေါက်၊ သုံးခေါက်အထိ ရောက်လာလေ့ရှိပြီး တစ်ခေါက်လာလျှင် တစ်သောင်းကျပ်လှူဒါန်းသည်။ ဒီကပြန်သွားရင် ကားတစ်စီးတည့်တာပဲ။ ကားတစ်စီးတည့်ရင် ဒီကိုတစ်ခေါက်လာတာပဲ"

ဟု ပြောပါသည်။

၂၀ ရက် နံနက် (၆)နာရီတွင် ကိုထွန်းဝေ-မဝင်းဝင်းနှင့်သားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကား (၃) စီး၊ မန္တလေးမြို့ ရဲမွန် ဘောင်ရပ်ကွက်၊ အလင်းသစ် (အုတ်၊ သဲ) ဇော်နိုင်ဝေ-မှုမျိုးတို့က တစ်စီး၊ မန္တလေးမြို့ မြောက်ပြင် (ရွှေသီး-၄၊ ဒန်မာပစ္စည်း) မှ မောင်ဝင်းနိုင်က တစ်စီး စုစုပေါင်း ကား (၅)စီးဖြင့် ခရီးသို့ထွက်ခဲ့ကြသည်။ တံတားဦး- သာလမ်းမှလာခဲ့ကြသည်။ကိုထွန်းဝေ မြို့သာတွင် ထန်းလျက်ဝယ်နေကျ ဆိုင်ကြောင်း၊ လမ်းကြုံသဖြင့်ဝယ်ယူဦး ဟုဆိုပါသည်။ ထိုဆိုင်မှာ ဆရာထွန်း ရေးသူတို့သည် မြို့သာဇာတိဖြစ်ပြီး ဆရာထွန်းသည် စာရေးသူ ဒုတိယတန်း သင်ကြားပေးခဲ့သောဆရာဖြစ်ပြီး ဆရာထွန်း၏ဇနီး ဒေါ်နုနုရီမှာ အမျိုး ပေဆုရ စာရေးဆရာမ မြို့သာ ဖြစ်ပါသည်။) ၏ ဆိုင်ဖြစ်နေပါ သည်။

စာရေးသူသည် မောင်ဝင်းနိုင်နှင့် ခြင်းဖြစ်ပြီး ရှေ့ဆုံးမှဖြစ်ရာ ဆရာထွန်းတို့ဆိုင်သို့မဝင်တော့ပါ။ မြို့ နှစ်ရွာကြားရှိ ချောင်းရိုးရောက် အခါမှ ရပ်စောင့်နေလိုက်ပါသည်။ ကားများလိုက်လာကြသောအခါ ဆက်လက် ထွက်ခွာခဲ့ကြပါသည်။ မြို့ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်သို့ ခရီးတွင်ရောက်ရှိသည်။ စာရေးသူ မှဆင်းလိုက်သောအခါ ဦးစိန်ဖေ ရှိလာပြီး စာရေးသူကိုနှုတ်ဆက် အုံသြသွားသည်။ နောက်မှသိရ မှာ ဦးစိန်ဖေသည် မနက်အစော မြို့သာသို့ရောက်ရှိနေပြီး မြင်းခြံ ဆရာထွန်းတို့ဆိုင်တွင် ကား သွက်ရှိစဉ် ကိုဝင်းကို ဦးဆောင် ကား (၄) စီး ရောက်ရှိလာ၍ ကိုမှ ခေါ်ယူခဲ့သောကြောင့် ဤ ဖြင့် ပါရှိလာခဲ့ခြင်း ဖြစ်သည်။

ဦးစိန်ဖေသည် လွန်ခဲ့သောနှစ် (၄၀) ကျော်က စာရေးသူတို့ ဘဝတွင် မေနု (စာရေးဆရာမ ရာထို) တို့၏နေအိမ်သို့ မကြာ ဂျစ်ကားဖြင့်မိသားစုလိုက်အလည် လာရောက်လေ့ရှိ၏။ စာရေးသူ အိမ်နီးချင်းဖြစ်၍ ထိုဂျစ်ကားကို ကြည့်နေခဲ့ကြရပြီး ထိုကားမျိုး စီးနင်းနိုင်ရန် အိပ်မက်မျှပင် ခဲ့ပါ။ ထိုခေတ်က မြို့သာအရှေ့ အနောက်ရွာတို့မှာပင် ဂျစ်ကားတစ် ခဲ့ပါ။ ယခုမူ ကံကြမ္မာအပြောင်း ထံဝေဂယူမိပါ၏။ ကိုယ်ပိုင် စီးနိုင်သူ ရှားပါးသောခေတ်တွင် ကားတစီးစီးနိုင်ခဲ့သော ဦးစိန်ဖေသည် ကားပေါသော ယနေ့အခါမှာပင် လိုင်း ကားစောင့်နေရပြီး တစ်ချိန်က ဂျစ်ကား ကိုပင် စီးနင်းနိုင်ရန် အိပ်မက်မမက်ဝံ့ သော စာရေးသူသည် ကား (၅) စီးကို ဦးစီးလိုက်ပါလာခြင်းဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ စာရေးသူသည် ဤအခြေ အနေဖြင့်တွေ့ရသော ဦးစိန်ဖေကို စိတ်မကောင်းပါ။ အရင်လိုဘဝအခြေသို့ ပြန်လည်ရောက်ရှိပါစေဟု ဆုတောင်း မေတ္တာပို့သလိုက်ပါသည်။ ကလေး သဘာဝ စာရေးသူတို့ကလေးတစ်သိုက် မမနုတို့ဝိုင်းထဲတွင် ဂျစ်ကားကို ဝိုင်းအုံ ကြည့်ရှုကြသောအခါတွင် ကလေးတွေ ကားနားမကပ်နှင့်ဟုအပြောခံရသည်တို့ ကိုလည်း ပြန်လည်သတိရလိုက်မိပါသေး သည်။



ရုပ်ရှင်တော်မြတ်အား ပြီခဲ့ကုန်းကျေးရွာမှ ထပ်မံ လှူဒါန်းသော ကာရမတ်တုံးကြီးအား တွေ့ရစဉ်

စာရေးသူတို့အဖွဲ့လည်း ရောက်ရှိ သည်နှင့် ရုပ်ရှင်တော်မြတ်အား အိမ်ပေါ် တက်ရောက် ဖူးမြော်ကန်တော့လိုက်ပါ သည်။ ထို့နောက် ဆွမ်းများဆက်ကပ် သည်။ ထို့နောက် ထမင်းစားကြသည်။ နေ့လယ် (၂) နာရီခန့်တွင် ရုပ်ရှင်တော် မြတ်အား ပင့်ဆောင်၍ မြင်းခြံမြို့မှ ပြန်လည် ထွက်ခွာလာခဲ့ကြရာ ညနေ (၅) နာရီခွဲခန့်တွင် စဉ့်ကိုင်မြို့ ရွှေကံကူ အောင်မြေသို့ ချောမောစွာရောက်ရှိခဲ့ ပါတော့သည်။ ဤသို့ဖြင့် ၂၀၁၆ ခုနှစ် မော်လမြိုင်-ဘားအံခရီးစဉ် အောင်မြင် စွာ ပြီးဆုံးခြင်းသို့ရောက်ရှိခဲ့ရပါ၏။

ယခုပြီးဆုံးသွားသောခရီးစဉ်ကို ပြန်လည်သုံးသပ်လျှင် မိမိတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား တစ်ကြိမ်တစ်ခါမျှ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ရေး မှာ မလွယ်ကူပုံ၊ ကံအကြောင်းပါရှိက လွယ်ကူစွာပင် ရုပ်ရှင်တော်မြတ် မိမိတို့ နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြရ ပြီး ကံအကြောင်းမသင့်သေးလျှင်လည်း သေချာပေါက်ပင့်ဆောင်ခွင့်ရရှိထားရာမှ အကြောင်းတစ်မျိုးမျိုးဖြင့်လွဲဖယ်သွားရ ကြောင်းတွေ့ရှိရပါသည်။ စာရေးသူတို့ သည် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီ ခရီးစဉ်တို့ကို ရေးဆွဲသည်ဟုဆိုသော် လည်း တကယ့်ခရီးစဉ်အမှန်ကိုမူ ရုပ်ရှင် တော်မြတ်မှ တန်ခိုးတော်ဖြင့်ရေးဆွဲ တော်မူခြင်းသာဖြစ်ကြောင်း သိရှိရမည် ဖြစ်ပါသည်။ ယခင်ကပြီးစီးခဲ့သောခရီး စဉ်တို့တွင်လည်း ထိုအတိုင်းကြုံခဲ့ရသည် တို့ရှိခဲ့ပါသည်။ပင့်ဆောင်ပူဇော်လိုသော ဆန္ဒတို့ မည်မျှပင်ပြင်းပြ၍ ပင့်ဆောင် ပူဇော်ရန်ပြင်ဆင်ထားရှိစေကာမူ အချိန် ကျရောက်မှသာ ပင့်ဆောင်ပူဇော်ကြရ ခြင်း ဖြစ်ပါသည်။

ထို့အပြင် ယခုတစ်ခေါက်ခရီးစဉ် တွင် ထူးခြားမှုမှာ ရွှေပစ္စည်းများလှူဒါန်း သူတို့ပေါများခြင်းပင်ဖြစ်ပါသည်။ ရုပ်ရှင် တော်မြတ်သည် ၉-၉-၁၉၉၉ နေ့တွင် တန်ခိုးကြီးဘုရားအဖြစ် စတင်ပွင့်ထွန်း တော်မူခဲ့ပြီး ၂၀၀၃ ခုနှစ်မှစပြီး ရွှေလှူ သူတို့ စတင်ပေါ်ပေါက်ခဲ့သည်။ ၂၀၁၀ ခုနှစ်ခန့်မှစ၍ ရွှေအလှူရှင်တို့ပေါများ၍ လာနေသည်မှာ ဤယနေ့အထိတိုင်ဖြစ် သော်လည်း ယခုခရီးစဉ်တွင် ရွှေလှူဒါန်း မှုတို့ ခါတိုင်းခရီးစဉ်များထက် သိသိသာ သာပေါများနေသည်ကိုတွေ့ရှိရသည်။

ထိုအခါ နရဏီရွှေ၏အစွမ်းသတ္တိ ပင်ဖြစ်မည်ဟု မယ်တော်ကြီးကဆို ပါသည်။ နရဏီရွှေလက်စွပ်ကို ယခု တစ်ခေါက်တွင်မှ ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်တွင် ပူဇော်သွားခြင်းဖြစ်ရာ မယ်တော်ကြီးပြောသည်မှာ ဖြစ်နိုင်ပါ လိမ့်မည်။ နရဏီရွှေ၏အစွမ်းကြောင့် ယခုတစ်ခေါက် ရွှေလှူဒါန်းသူတို့ ပေါများသည်ဟုဆိုရမည်။ ဆိုနိုင်သည် ဖြစ်သော်လည်း နရဏီရွှေချိုလုံးနှင့် ရွှေလက်စွပ်တို့သည်ပင် ရုပ်ရှင်တော်မြတ် ၏တန်ခိုးတော်ဖြင့် ရောက်ရှိလာသည် ဖြစ်ခြင်းကြောင့် ယခု လှူဒါန်းကြသော ရွှေတို့သည်လည်း ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့်သာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသတည်း။

(ရန်ကုန် - မော်လမြိုင်- ကျိုက္က မော့လေး-ကော့ကရိတ်- နေပြည်တော်- မြင်းခြံမြို့တို့မှ ပင့်ဆောင်ပူဇော်ကြသူ၊ ဖူး မြော်ကြည်ညိုကြသူ၊ လှူဖွယ်ဝတ္ထုအစုစု တို့အားလှူဒါန်းကြသော ရဟန်းရှင်လူ အပေါင်းတို့နှင့် ရွှေကံကူသာဝကအား လုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါသည်။)

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ဦးဝဏ္ဏိတ(ဇလပင်း)

# ရောက်ခဲ့ပြန်သနော် မန်းရွှေစက်တော်

□ အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ မုနိသကျ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လျစ်၊ တစ်ရာ့ရှစ်ကို၊ စီစစ်ကောင်းထွေ၊ လျှဉ့်လန့်ရေအုံ၊ ချီထွေအစ၊ လှံမအိမ့်မွန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပုံ့မွှေး၊ လည်ရေးသုံးဆင့်၊ လှတင့်သွန်းသွန်း၊ ဦးဆောက်ပန်းကာ၊ စသည်မကွဲ၊ ထမင်းပွဲတည်ဟာန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်းမောင်းပြာသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသံလျက်၊ ထန်းရွက်ယပ်ဝန်း၊ တစ်ခန်းတကြောင်း၊ ဥဒေါင်းမြီးယပ်၊ သင်းကျပ်တခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုးဖလား၊ ထူးခြားသမုဒ္ဒရာ၊ စကြဝဠာသဏ္ဍာန်၊ ဟိမဝန်မြင်းမိုရ်၊ ထိုထိုနေလ၊ နက္ခတ်စသား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ၊ ပြဗ္ဗာဥတ္တရ၊ အပရဂေါယာဉ်၊ တလျဉ်အုံဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်စကြာမင်း၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီတာခုနစ်တန်၊ သတ္တရဘာန်၊ တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနစ်အိုင်တသုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား၊ ကုက္ကားတမ်းခွန်၊ မင်းတန်သံလျှင်း၊ မကြွင်းတသီး၊ သားမြီးသေလာ၊ ကေလာသပ၊ သီဟကျားမင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊ ဆဒ္ဒန်တခြား၊ နဂါးဝမ်းဘဲ၊ မကွဲတူကွ၊ ဥသဘမကျန်၊ ရောဝန်မကရ်၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေဂျုံဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာကိန္နရီ၊ တူပြိုကရဝိတ်၊ ထိတ်ထိတ်သောင်းသောင်း၊ ဥဒေါင်းကြိုးကြာ၊ သံသာစက္ကဝတ်၊ ငှက်၏အမျိုး၊ ဇီဝဇိုဝ်းအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကာမာနှင့်၊ ဗြဟ္မာနတ်ရပ်၊ ဆယ့်ခြောက်ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရုံစကာနှင့် စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်းမိုးဖျား၊ သိကြားဗြဟ္မာ၊ တုရေးရှာလည်း၊ ဘယ်မှာတမျှ၊ တုမရချိမ့်၊ အသမသမာ၊ သုံးလူချာ၏၊ ရတနာထွန်းဝင်း၊ နီဆင်းစင်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ခြယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုံတောင်းပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်ဆောရောက်စေသော်။

(စက်တော်ရာဘုရားရှိခိုးလက်
ရှင်မဟာရဋ္ဌသာ
စိတ်ကူးချိုချိုစာအုပ်တိုက်
၂၀၀၉၊ ဇွန်လ-ဒုတိယအကြိမ်)


သည်လင်္ကာကို ရွတ်ဖတ်ပြီး မြတ်စွာဘုရား (၁၀၈) ကွက် စက်လက္ခဏာတော်များ လင်္ကာစာသား ချောမွေ့စွာ၊ အနက်အဓိပ္ပာယ် ထင်ရှားပေါ်လွင်စွာ၊ ကျစ်လျစ်ခိုင်မာလှပစွာ အရသာခံစားခွင့်ရ၍ ဘုရားရှင်တော်၏ ဂုဏ်တော်တွေကိုလည်း ပုံဖော်ကြည်ညိုရ၏။ သီကုံးရေးဖွဲ့ပူဇော်သည့် စာဆိုအရှင်ရှင်မဟာရဋ္ဌသာရကိုလည်း လေးစားကော်ရော်ရပါ၏။ ဆရာတော်က လင်္ကာအဖြစ် အကျဉ်းရုံးရေးသားထုဆစ်ခဲ့သော လိုရင်းတိုရင်း သဒ္ဒါပိုရသည်မဟုတ်ပါလား။ တစ်ခုချင်း အသေးစိတ်ရေး







www.burmeseclassic.com

www.burmeseclassic.com







မည်ဆိုလျှင် အလွန်ရှည်လျားထွေပြားပေလိမ့်မည်ထင်၏။ ရွှေစက်တော်သွားတောလားလက်ာနှင့် စာစုကို ထုတ်ဝေသည့် စိတ်ကူးချိုချို စာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ရပါသည်။ စာအုပ်ကလေးက လက်တစ်ဝါးသာသာ။ စာမျက်နှာ (၃၉) မျက်နှာပါသော်ငြားအနှစ်သာရအားဖြင့် တန်ဖိုးဖြတ်လို့မရလို့ပါဘဲ။ ပြီးတော့ စာအုပ်တန်ဖိုးကလည်း (၅၀၀) ကျပ်တဲ့။ စာရွက်သားကလည်း အဖြူအချောအကောင်းစားမို့ စေတနာကပေါ်လွင်နေသည်။ ယခင်တုန်းကလို စာအုပ်ထူကြီးတွေထဲလိုက်ရှာနေစရာမလို၊ လွယ်လင့်တကူရှိလှသည်။ ယင်းစာအုပ်ကို မိမိလက်ထဲမှာ အမြဲတမ်းသိမ်းထားသည်မို့ လိုလျှင်လွယ်လွယ်ကူကူရသည်။ စိတ်အားကိုယ်အားရှိသည်နှင့် ဖတ်လည်းဖတ်ဖြစ်သည်။

လူဆိုတာ ဇာတိစွဲရှိသည်၊ ဆွေမျိုးစွဲရှိသည်၊ ဒေသစွဲရှိသည်၊ လူမျိုးစွဲရှိသည်၊ ပုဂ္ဂိုလ်စွဲရှိသည်၊ ဘာသာစွဲရှိသည်၊ ဒါကိုအပြစ်ဆိုလို့မရ။ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိပါ၏။ ပါဒနှစ်ဆူခြေတော်ရာတည်ရှိရာအရပ်သည် စာရေးသူ၏ တိုင်း၊ ခရိုင်ပင်ဖြစ်၏။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြီးတော့ ဝေးလည်းမဝေး၊ အနားနှင့်



www.burmeseclassic.com

www.burmeseclassic.com





(၁) နာရီခွဲလောက်နှင့် ရောက်သည့် နေရာပင်တည်း။ ရွှေစက်တော်ကို မန်းစက်တော်ရာ၊ မန်းရွှေစက်တော် ဘုရားကြီးဟု ခေါ်ဝေါ်လေ့ရှိပါသည်။ ရွှေစက်တော်အသုံးအနှုန်းကို အခေါ်အပြောများကြပါသည်။ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာကြားက မန်းချောင်းကို ရှေးအခါက နမ္မဒါမြစ်ဟုခေါ်ပါသည်။

စာရေးသူတို့နယ်ကတော့ ရွှေစက်တော်ကို နှစ်စဉ်အဖူးအမြော်လောက် ရောက်ကြမြဲပင်။ ရောက်ဖြစ်ရခြင်း အကြောင်းရင်းတွေထဲမှာ ရွှေစက်တော် ဘုရားပွဲရက်ရှည်တာလည်းပါဝင်သည်။ နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးလသကြံန်ပြီး နှစ်ဆန်းတစ်ရက်နေ့အထိ (၃) လလောက် ကျင်းပသည် မဟုတ်ပါလား။ ဖွင့်ပွဲရက်ဆွမ်းတော်ကပ်ချင်လို့ တပေါင်းလပြည့်လိုကြားထဲ ဥပုသ်ရက်လိုတွေလည်း ဆွမ်းတော်ကပ်ချင်လို့ ရွှေသင်္ကန်း၊ လျှပ်စစ်မီးဖိုး၊ ရေချမ်းဖိုးဆိုတာတွေ လှူချင်လို့လည်း ရောက်ဖြစ်သည်။ ဒုတိယ၊ တတိယအကြိမ်တွေ ရောက်ဖြစ်သည်မှာ ကလေးတွေစာမေးပွဲပြီးလို့ ရပ်ဝေးဧည့်သည်ရောက်လာသည်နှင့် လိုက်ပို့ချင်လို့ စသည့်အကြောင်းများလည်း ပါဝင်သည်။ တစ်နှစ်တစ်ခေါက်ကတော့ မဖြစ်မနေရောက်ကြသည်သာ။ ရွှေစက်တော်ဘုရား တစ်နှစ်တစ်ခေါက်မှ မရောက်ရလျှင် တစ်ခုခုလိုနေသလို လစ်ဟာနေတာလည်းပါသည်။ဘယ်ရယ်မဟုတ် သူများတွေ ရွှေစက်တော်သွားတာမြင်ရရင်ကို ရင်ခုန်သံတွေမြန်နေတတ်ကြလေသည်။

ရွှေစက်တော်ဘုရားဖူးကို စာရေးသူအနေဖြင့် လှည်းခေတ်ကတိုင် ရောက်ခဲ့ဖူးပြီး ကားခေတ်မှာလည်း မကြာခဏ ရောက်ခဲ့ပါသည်။ စာရေးသူတို့ ငယ်စဉ်က လှည်းပေါင်းမိုးကြီးတွေဝိုင်းဖွဲ့သွားရတာ သိပ်ပျော်ဖို့ကောင်းသည်။ အရိပ်ရ သစ်ပင်ကြီးတွေအောက်နားခိုစားသောက်ကြ၊ တည်ပင်ကြီးတွေအောက် တည်သီးကောက်စားကြ၊ ဆီးပင်ကြီးတွေအောက် ဆီးသီးကောက်စားကြ၊ တောအင်ကြင်းပန်းတွေခူးကြနှင့် တောအရသာတွေ တဝကြီးခံစားရသည်။ ဘယ်တော့မှမမေ့လို့ မရ။

လှည်းခေတ်မှာ စက်ဘီးနှင့် ရွှေစက်တော်သွားသူ၊ ခြေကျင်ရွှေစက်တော်သွားကြသူတွေလည်းရှိကြပါသည်။ စာရေးသူကတော့ ရွှေစက်တော်အခေါက်အရေ အရောက်အများဆုံးထဲမှာ ပါဝင်မည်ထင်ပါသည်။ ငယ်စဉ်က အကြိမ်ကြိမ်ရောက်ဖူးခဲ့သလို ကိုရင်ဘဝ၊စာသင်သားဘဝ မကွေးမြို့ မဟာရတနာရာမတိုက်မှာနေစဉ် စာမေးပွဲပြီးချိန်တိုင်းလောက် ရောက်ခဲ့သည်ချည်းဖြစ်သည်။ စာဝါတွေနားထားချိန်ဆိုတော့ ဆရာတော်က ခွင့်ပြုလေ့ရှိသည်။

"ရွှေစက်တော်ရောက်ရင် ပုဆိန်ပေါက်ဦးချရုံနဲ့ ပြန်မလာကြနဲ့။ အချိန်ပေး ဘုရားရှိခိုးကြ။ ရထားတဲ့ဂါထာတွေ ရွတ်ဆိုခဲ့ကြ။ မင်းတို့ပဲ နှစ်တိုင်း ရွှေစက်တော်သွားနေကြတာ။ ငါဖြင့် အသက် (၆၀) သာကျော်ရော တစ်ခေါက်မှ မရောက်ဖူးသေးဘူး။ လက္ခဏာသုတ္တန်အာဂုံဆောင်ပြီး သွားရောက်ရွတ်ဖတ်ပူဇော်ဖူးမြော်တော့မယ်"

ဆိုပြီး မကွေးမြို့ မဟာရတနာရာမတိုက် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကောဏ္ဍည က အမိန့်ရှိခဲ့ဖူးပါသည်။ ဆရာတော်အဓိဋ္ဌာန်မကြာခင် ပြည့်ဝခဲ့ပါသည်။ခြေတော်ရာဖူးကြပုံချင်း မတူပါ။ ဆရာတော်ဦးကောဏ္ဍည၏ လက္ခဏာသုတ္တန်ဖြင့် အာဂုံရွတ်ဆိုပူဇော်ခြင်းကား အတော်ရှားပါးလွန်းလှသည်။ ထို့ကြောင့် ဆရာတော်ကို ရွှေစက်တော်ရောက်တိုင်း သတိရကျေးဇူးတင်နေမိသည်။ စာရေးသူ ကျောင်းထိုင်ဘဝရောက်ပြန်တော့လည်း ရွှေစက်တော်ကို ပို၍ရောက်ဖြစ်ပါတော့သည်။ စိတ်သွားတိုင်းကိုယ်ပါပြီဟာကိုး။ ဘယ်သူ့ဆီမှလည်း ခွင့်ပန်နေစရာမလို။ ကားတွေကလည်း ပေါနေမှကိုး။ စာရေးသူက ဖွင့်ပွဲနေ့ကို အရောက်များလေသည်။ ဦးဦးဖျားဖျား ဖူးမြော်ချင်လို့ပင်ဖြစ်လေသည်။ ထိုနေ့မရောက်နိုင်လျှင်တောင်မှ တပေါင်းလဆန်းရက်ထက်နောက်မကျ၊ ဒီထက်နောက်ကျလျှင် အိမ်သာတွေက မသန့်ရှင်းတော့၊ အနံ့တွေသိပ်နံသည်။

တစ်ခေါက်ရောက်ပြီးသည့်တိုင် ရပ်ဝေးဘုန်းကြီးအာဂန္တုလို၊ ဧည့်သည်လို ကျောင်းရောက်လျှင် သူတို့ကိုလိုက်ပို့ရင်း ရွှေစက်တော်သို့ရောက်ဖြစ်ပြန်ပါသည်။ ကိုယ်တိုင်ကသွားချင်နေတာကိုး။ လွမ်းချင်ရဲ့လက်တို့ဖြစ်နေမှုကိုး။ (၁၂) ပွဲဈေးသည်အတော်များများကလည်း စာရေးသူနှင့် အသိတွေချည်းဆိုတော့ တည်းဖို့ ခိုဖို့ စားဖို့သောက်ဖို့ ပူစရာမလိုဘူးလေ။ သည်လိုနှင့် ဒီနှစ်လည်း ရွှေစက်တော်ရောက်ဖြစ်ပြန်ပါသည်။ တပို့တွဲလဆန်း



www.burmeseclassic.com

www.burmeseclassic.com

၅ ရက် ဖွင့်ပွဲနေ့တော့မဟုတ်။ ထိုနေ့က အလှူတစ်ခုနှင့်တိုက်ဆိုင်နေ၍ မသွားနိုင်သည့် နောက် (၃) ရက်လောက်ရှိမှ ၄-၂-၂၀၁၇ နေ့ရောက်ဖြစ်သည်။ ယာဉ်မောင်းထွန်းထွန်းဦး၊ ကဗျာဆရာ ဌေးကြည်၊ ကပ္ပိယ ကိုရင်ပို အပါအဝင် ကျောင်းကုန်းရွာက မဦးနှင့် သား ပိုင်ပိုင်တို့လည်းလိုက်ပါသည်။ ဒါတောင် နံနက်စောစောမသွားနိုင်။ ရွှေကြာငုံရွာဆွမ်းလုံးချပွဲရှိနေ၍ နေ့ဆွမ်းစားပြီးမှ ခရီးစတင်လိုက်သည်။

ဟိုတုန်းကလို ရွှေဘိုမြောင်းဘောင်၊ စကုမြောင်းဘောင်၊ မင်းဘူးလမ်းတို့က မသွား။ ထိုလမ်းကြောကဝေးသည် ဖုန်ထူသည်။ ကံပြားလမ်းက ကတ္တရာလမ်းချောနေသည်။ ဝေးလည်းမဝေး၊ ဖုန်လည်းမမွှန်။ ကံပြားလမ်းကောင်းကတည်းက ထိုလမ်းက ရွေးချယ်ကြသည်ချည်းဖြစ်သည်။ (၄)၊(၅)နှစ်လောက်ရှိပါပြီ။ ကံပြားကနေ တောင်အတိုင်း ပုသိမ်ရွာအတိုင်းသွားရသည်။ ဆည်တော်မှာ ငါးကြော်နှင့် ဆီထမင်းစားချင်လျှင်တော့ စကုမြောင်းဘောင်က သွားရပါသည်။ ဆည်တော်မှာ ငါးကြော်နှင့် ဆီထမင်းက နာမည်ကြီးလှပါဘိ။လမ်းတစ်လျှောက်တွင် ဒဟပ်ပင်၊ သန်းပင်၊ ရှားပင်၊ သနောင်းပင်၊ တမာပင်၊ မန်ကျည်းပင်သည့် တောတောင်သစ်ပင်လျှိုမြောင်ချောက်ချိုင့်ကုန်းဆင်းကုန်းတက်လမ်းဖြစ်၍ တောနှင့်ထိတွေ့ရပြီး တောရနံ့သင်းနေသည်။ အနောက်ရိုးမကြီးက ပြာပြာမှိုင်းနေသည်။ တောင်တန်းတွေမြင်သည့်အခါမြင်ရသည်၊ သစ်ပင်များကွယ်သည့်အခါကွယ်၍ မမြင်ရသည့်အခါ မမြင်ရပါ။ စာရေးသူတို့ ကား ပေါ်တွင်မအိပ်၊ တောအရသာတောင်အရသာမြင်ကွင်းရနံ့တွေ ခံစားနေသည်။

စလင်းမြို့မှ ကံပြားရွာ နာရီဝက်၊ ကံပြားရွာမှ မဲဇလီကြီးတံတားနာရီဝက်၊ ထိုမှ ရွှေစက်တော် နာရီဝက်ပဲမောင်းရသည်။ အထက်စက်တော်ရာကို ကားနှင့်တက်လို့ရတာကြာပါပြီ။ အထက်စက်တော်ရာရောက်တော့ပြောဖြစ်သည်။

ဟိုတုန်းက အထက်စက်တော်ရာကို စောင်းတန်းလှေကားနဲ့တက်ရတာလေ။ အဲဒီလေးတဖြူးဖြူး စကားတပြောပြောနဲ့ . သိပ်ပျော်စရာကောင်းတာပဲလား။ မောတော့မောတာပေါ့နော့။ စကားပြောလိုက်၊ ဈေးဆိုင်တွေငေးလိုက်ဆိုတော့ မောရမှန်းဘယ်သိလို့တုံး။ အရွယ်တွေကလည်း ငယ်သေးတယ် မဟုတ်လား။ ခုတော့ ကားနဲ့ရောက်ရတာ အဲဒီအရသာတွေမရှိတော့ဘူးရယ်။ ဟိုတုန်းကလို (၂) ည၊ (၃) ညလည်း မအိပ်ကြတော့ဘူးပေါ့။ (၂) ည၊ (၃) ည နေပြီး သီကြားပုန်းတောင်၊ ရသေ့တောင်၊ ရဟန္တာခြေတော်ရာ၊ ဖဲစောင်းတန်းတွေအထိသွားရောက်ဖူးမြော်မှ ရွှေစက်တော်ကစုံတာ။ မန်းချောင်းရေလည်း မကြာခဏချိုးရတာရယ်"

"ဘာလို့ (၂) ည၊ (၃) ည မအိပ်ကြတော့တာလဲ"

"ကိုရင်ပိုရာ၊ ဒါက အသိသာကြီးပဲဥစ္စာ။ တည်းကျောင်းခတွေဈေးကြီးလို့ စားသောက်စရိတ်တွေဈေးကြီးလို့ပေါ့"

ထိုနေ့က အောက်စက်တော်ရာပါ ဖူးပြီးမှ ပွဲဈေးကအသိတွေဆီဝင်သည်။ သူတို့တစ်တွေကလည်း ဝမ်းသာနေသည်။ တချို့က စလင်းကုသိနာရုံပွဲမှာတွေ့ကြရပေမယ့် တချို့မတွေ့ကြရဘူးလေ။ မကွေးမြသလွန်ပွဲ၊ ပုဂံအာနန္ဒာပွဲ၊ ချောက်အေးစေတီပွဲရောက်ဖြစ်မှ တွေ့ကြရတာဟုတ်လား။ တွေ့တုန်းတွေ့ခါ ဆွမ်းကွမ်း နဝကမ္မကပ်ချင်နေကြသည်။ မာကြောင်းသာကြောင်းမေးချင်ကြသည်။ ပွဲဈေးတစ်ပတ်လည်ပြီး ဈေးဝယ်သည်။ သိချင်တာတွေမေးဖြစ်သည်။

"ဟိုတုန်းကလို... မောင်းတံဂိတ်တွေမရှိတော့ဘူးရယ်"

"ဘုန်းဘုန်းတို့လမ်းမှာ လမ်းကြေးတံတားကြေး မပေးခဲ့ရဘူးဟုတ်လား။ ပွဲတော်ဆိုင်ခန်းတွေဖြုတ်ကြတုန်းကတော့ ပွဲဈေးသည်တွေစိတ်ညစ်ကြရသေးတယ်လေ။ အရင်နှစ်တွေတုန်းက ဖြုတ်ပိုင်းအပေါင်းရယ်၊ မှတ်ပုံတင်မိတ္တူရယ်၊ ပုံစံ (၁၀) ရယ် ဒါဆိုရင်ပြီးပြီ။ ဒီနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာပါပါရမယ်ဆိုတော့ ဒုက္ခတွေပိုလာတာပေါ့။ ပွဲဈေးသည်တွေဝိုင်းပြောမှ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာမလိုတော့တာရယ်။

ဆိုင်ခန်းတွေကိုလည်း ခါတိုင်းနှစ်တွေလို မြှင့်တာ၊ ပြင်တာတွေ မလုပ်ရဘူး။ ကဲလားဆို (၉) ပေ၊ အခင်း (၇)ပေဆိုပြီး သတ်မှတ်ပေးလိုက်တာ ဘာမှပြင်ဆင်ခွင့်မရှိဘူးရယ်။ တောင်ပေါ်စောင်းတန်းဈေးသည်တွေကိုလည်း အစပိုင်းရောင်းခွင့်မပြုဘူးလို့ တင်းခံနေသေးတယ်။ တောင်အလှပျက်မှာစိုးလို့တဲ့။ နောက်မှ ဈေးသည်တွေဝိုင်းပြောလို့ ခွင့်ပြုတာ။ ဒါတောင် ဆိုင်အမိုးအကာကို အစိမ်းရောင်ပဲအသုံးပြုရမတဲ့။အခြားအရောင်တွေ အသုံးပြုခွင့်မပေးဘူး။ ဘုရားလူကြီးတွေက အသစ်တွေရယ်။ လုံခြုံရေးတွေလည်း တိုးချဲ့ထားသတဲ့။

ဆိုင်ခန်းဈေးတွေလား သောင်ပြင်ဆိုင်ခန်းတစ်ခန်း (၁၅၀၀၀) ကျပ်၊ မြေခွန်မြေခ (၅၀၀၀၀) ကျပ်၊ သန့်ရှင်းခွန် (၁၅၀၀၀) ကျပ်၊ အိမ်သာခပွဲတော်ပြီးအထိ လူတစ်ဦး (၉၀၀၀) ကျပ်၊ ဈေးသည်မဟုတ်ရင် အိမ်သာတစ်ခါတက် (၁၀၀) ကျပ်၊ ပွဲဈေးဆိုင်ကယ်တစ်ခေါက် (၅၀၀) ကျပ်၊ ပွဲတော်လာ ဆိုင်ကယ်တစ်စီး (၁၀၀၀) ကျပ်၊ တည်းကျောင်းခရေစပ်ဆိုရင်(၃၀၀၀၀)ကျပ်တဲ့။ အတွင်းတည်းကျောင်းတစ်ခန်း (၂၀၀၀၀) ကျပ်တဲ့။ အရင်နှစ်တွေတုန်းကတော့ လေလံဈေးကလည်းများ၊ ဌာနဆိုင်ရာ အကြီးအကဲတွေအတွက်ပါ ပေးဆောင်ကြရတာမို့ အကုန်ဈေးကြီးကုန်တာရယ်၊ တည်းကျောင်းခတွေ ခါတိုင်းနှစ်လိုစနေ၊ တနင်္ဂနွေတွေမှာ သိန်းဂဏန်းနီးပါးဈေးမြှင့်မယူဖို့တွေပါ နှိုးဆော်ထားတယ်လေ။ အာဏာတည်၊ မတည်ဆိုတာတော့ အကဲခတ်ကြည့်ရမှာပဲ၊ လိုက်နာခြင်းမရှိရင် ဒဏ်တပ်မယ်ဆိုပဲ။ ခုနှစ်ကားတွေ ပွဲတော်ထဲဝင်ခ မကောက်ခံတော့ပါဘူး"

သူတို့တွေနှင့် စကားပြောပြီးနောက် မှိုခြောက်မျှစ်ခြောက်တန်းသွားပြီး မေးမြန်းစုံစမ်းဖြစ်သည်။ မှိုခြောက် (၅၀၀၀) ကျပ်၊ မျှစ်ခြောက်(၅၀၀၀)ကျပ်၊ ချဉ်ပေါင်ဖူး (၄၀၀၀) ကျပ်၊ မျှစ်ချဉ် (၁၅၀၀) ကျပ်၊ ခရမ်းသီးခြောက်(၃၀၀၀) ကျပ်၊ စွံပလွန်ယို (၄၀၀၀) ကျပ်၊ လက်ပံခြောက် (၃၀၀၀) ကျပ် ပိဿာလုံးဈေးရောင်းကြပါသတဲ့။ ခွေးလှေးယားသီးနှီဆီ (၁) ဘူး (၁၅၀၀) သူက ဈေးအမြင့်ဆုံးဖြစ်မည်ထင်သည်။ မြေစာဥခေါ်ဝက်မြေဥနှီဆီဘူး (၅၀၀) ကျပ်။ ပြုတ်ပြီးသားရောအစိမ်းပါအတူတူပါ။ နောက်မြေစာဥသည်တွေ့လို့မေးကြည့်ရာ (၃)ဘူးမှ (၅၀၀) ဆိုပဲ။ လည်သလိုလုပ်စားကြတယ်ထင်ပ။ သည်လိုနှင့် ရွှေစက်တော်ရောက်ခဲ့ပြန်ပါပြီ။ ရောက်သည့်အခေါက်ရေပေါင်းလည်းမနည်းတော့ပါ။ ရေးဖြစ်သည့်ဆောင်းပါးပေါင်းလည်းမနည်းတော့ပါ။ ဒါကြောင့် ကျွန်ုပ်ရပြန်သည်။ ဒီနှစ်ထူးခြားမှုတွေကတော့ အပြောင်းအလဲတွေရှိသည်ဆိုတာပါပဲ။ ယခုနှင့် ယခုဆိုတာမတူနိုင်တာသဘာဝပင်ဖြစ်သည်။

ဦးစန္ဒိမာ (စလင်း)



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအနန်းသွင်

## နိယတမိစ္ဆာဒိဋ္ဌိ

"ကံလေးမျိုးရှိတယ်။ ဒါပေမယ့် အခုပြောမယ့်စကားအတွက်တော့ နှစ်မျိုးနဲ့ပဲသက်ဆိုင်လို့ နှစ်မျိုးအကြောင်းကိုပဲ ပြောမယ်"

နောက်နေ့ - ဦးထွန်းသာတော့ ကျွန်တော်က အထက်ပါအတိုင်း စကားစလိုက်ပြီး -

"တစ်မျိုးက လေးတဲ့ကံ၊ နောက်တစ်မျိုးက ပေါ့တဲ့ကံတို့ဖြစ်တယ်။ လေးတဲ့ကံကို ဘာနဲ့မှချေဖျက်လို့မရဘူး။ မုချဒီကံရဲ့အကျိုးကို ခံစားရမှာပဲ။ အဲဒီမှာ အကောင်းနဲ့အဆိုးနှစ်မျိုးရှိတယ်။ ပေါ့တဲ့ကံကိုတော့ လေးတဲ့ကံနဲ့တားဆီးလို့ရတယ်။ လေးတဲ့ကံရဲ့အကောင်းကံဆိုတာ ဈာန်ရအောင်လုပ်လို့ဈာန်ရတဲ့ကံပဲ။ သူ့ကိုဘာနဲ့မှဖျက်လို့မရဘူး။ မကောင်းတဲ့ကံဆိုတာ အမိအဖကိုသတ်ခြင်း အစရှိတဲ့ကံကြီးငါးပါးပဲ။ သူ့ကိုလည်း ဘာနဲ့မှဖျက်လို့မရဘူး။ ဒါပေမယ့် သက်သာအောင်ကုစားလို့တော့ရတယ်။ လေးတဲ့ကံကို ပြုလုပ်သူများဟာ အချက်(၁၀)ချက်ကို ငြင်းပယ်ကြသူများ ဖြစ်တယ်။

အဲဒီအချက် (၁၀) ချက်ဆိုတာ -

၁။ ပေးကမ်းခြင်းအတွက် အကျိုးမရှိဘူး။

၂။ လက်ဆောင်ပေးခြင်း အတွက်လည်း အကျိုးမရှိဘူး။

၃။ အလှူကြီးအတန်းကြီးပေးတဲ့အတွက်လည်း ဘာမှအကျိုးမရှိဘူး။

၄။ ကောင်းတာလုပ်လို့ ကောင်းကျိုးမရှိဘူး။

၅။ မကောင်းတာလုပ်လို့လည်း ဆိုးကျိုးမရဘူး။

၆။ အမိကို ပြုစုလုပ်ကျွေးလို့လည်း အကျိုးမရှိဘူး။

၇။ အဖကို ပြုစုလုပ်ကျွေးလို့လည်း ကောင်းကျိုးမရဘူး။

၈။ ဒီဘဝမတိုင်ခင် အရင်ဘဝဆိုတာ မရှိနိုင်ဘူး။

၉။ သေပြီးနောက် ရောက်ရမယ့် နောက်ဘဝဆိုတာလည်းမရှိဘူး။

၁၀။ ကောင်းကျိုးချမ်းသာရရှိအောင် ညွှန်ကြားပြသ ဆိုဆုံးမနိုင်တဲ့ ပညာရှိသူတော်ကောင်း ဆိုတာလည်းမရှိဘူး။

ဆိုတဲ့ အချက်(၁၀) ချက်ပဲ။

အဲဒီအမြင်ရှိသူ အဲဒီလိုဝါဒမျိုးကို ယုံကြည်လက်ခံခြင်းကို ဒိဋ္ဌိလို့ခေါ်တယ်။ နှစ်မျိုးရှိတာပေါ့။ အမြင်ကမှန်နေရင် သမ္မာဒိဋ္ဌိလို့ခေါ်ပြီး မှားရင် မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ ဒါပေမယ့် အမြင်မှားသူကို ဒိဋ္ဌိလို့ပဲ ခေါ်ကြတယ်။ အခုဒီအမြင် (၁၀) ခုဟာ မိစ္ဆာဒိဋ္ဌိအမြင်ပဲ။ ဒီအမြင် (၁၀) ခုကို ချုံးလိုက်ရင် (၁) အကြောင်းမဲ့ဝါဒ၊ (၂) လုပ်မရတဲ့ဝါဒ၊ (၃) ဘာမှမဖြစ်တဲ့ဝါဒလို့ (၃) မျိုးရတယ်။

အကြောင်းမဲ့ဝါဒဆိုတာ ဖြစ်ပေါ်နေတဲ့အရာအားလုံးဟာ သူ့အလိုလိုသူဖြစ်နေတာ။ ပြုလုပ်လို့ဖြစ်တာမဟုတ်ဘူး။ ပြုလုပ်သူမရှိဘူးဆိုတဲ့ဝါဒပဲ။ ပါဠိလိုတော့ အဟေတုကဝါဒလို့ခေါ်တယ်။ လုပ်မရတဲ့ဝါဒဆိုတာက ဘာမှလုပ်လို့မဖြစ်ဘူး။ သတ်မှတ်ထားတဲ့အတိုင်းဖြစ်တာ။ ခွေးဖြစ်ရမယ့်သတ္တဝါဟာ ခွေးပဲဖြစ်မှာပဲ။ လူဖြစ်အောင်လုပ်လို့မရဘူး။ အဲဒီလိုပဲ သံသရာလွတ်အောင်ဆိုတာလည်းလုပ်လို့မရဘူး။ သတ်မှတ်ထားတဲ့ဘဝတွေကုန်ရင် သူ့အလိုလိုသူလွတ်သွားတာပဲ။ ဥပမာ အပ်ချည်တစ်လုံးကိုဖြေချလိုက်တဲ့အခါ အပ်ချည်ဆုံးသွားရင် ဘီးလုံးရပ်သွားတဲ့သဘောပဲ။ အဲဒီလိုယူဆတယ်။ ဒါကို အကြိယာဝါဒလို့ခေါ်တယ်။ နောက်ဆုံးတစ်မျိုးက ကောင်းတာလုပ်လို့လည်း ကောင်းကျိုးမရဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဆိုးတာလုပ်လို့လည်း ဆိုးကျိုးမရဘူး။ ကောင်းချင်တာလုပ် အကျိုးအပြစ်ဆိုတာ မရှိဘူး။ ဒီဘဝမတိုင်ခင် အရင်ဘဝမရှိခဲ့ဘူး။ သေပြီးနောက်ဘဝဆိုတာလည်းမရှိဘူး။ ဒီဘဝပဲရှိတာဆိုတဲ့ ဝါဒပဲ၊ ပါဠိလိုတော့ နတ္ထိကဝါဒလို့ခေါ်တယ်။ ဒီသုံးခုကို ထပ်ချုံးလိုက်ရင် ကံကံရဲ့အကျိုးကို ငြင်းပယ်တဲ့ဝါဒပဲလို့ပြောရမယ်။ အဲဒီအယူ(၃)မျိုးရှိသူဟာ နိယတမိစ္ဆာဒိဋ္ဌိပဲ။ သေရင် ငရဲကျမယ်။

ကံကံရဲ့အကျိုးကို မယုံဘူး။ နောက်ဘဝကို မယုံဘူး။ နောက်ဘဝ ဆင်းရဲရမှာကိုမကြောက်ဘူးဆိုတဲ့လူဟာ ကောင်းမှုမှန်သမျှ ဘာကိုမှမရှောင်တော့ဘူး။ အကုန်လုပ်တော့မှာပဲ။ ခင်ဗျားပြောဖူးတယ်၊ စားစရာဟင်းသီးဟင်းရွက်နှစ်မျိုးရှိတယ်။ တစ်မျိုးက ငြိမ်နေတဲ့အသီးအရွက်၊ နောက်တစ်မျိုးက လှုပ်ရှားတဲ့အသီးအရွက်ပဲ။ ငြိမ်နေတာက ဘူးသီး၊ ကန်စွန်းရွက် စတာတွေပဲ။ လှုပ်နေတဲ့ ဟင်းသီးဟင်းရွက်က ကြက်တို့၊ ဝက်တို့၊ ဘဲတို့စတာတွေပဲ။ အဲဒါတွေကို ငရဲကြီးမယ်ဆိုပြီး မသတ်ရဲတာ လူညံ့တွေရဲ့ အတွေးအခေါ်ပဲလို့။

နောက်ပြီး ခင်ဗျားပြောသေးတယ်၊ ကျွန်တော့်အိမ်မှာ စာဖတ်တာနဲ့ ကြက်သတ်တာနှစ်ခုကိုပဲလုပ်တယ်လို့။ ခင်ဗျား ကြက်ကိုကိုယ်တိုင်မွေးပြီး ကိုယ်တိုင်သတ်စားတယ်။ တစ်သက်လုံးဆိုတော့ ကြက်အကောင်ပေါင်းထောင်ချီရှိမှာပဲ။ နောက်ဘဝဆိုတာမရှိဘူး၊ ငရဲဆိုတာ မရှိဘူးလို့ယူဆထားတဲ့လူက သတ်စရာရှိရင် လက်မနှေးဘဲသတ်ခဲ့မှာပဲ။

ဒီနေရာမှာ ကျွန်တော်တို့ရိုးရိုးလေးပဲ စဉ်းစားရအောင်။ ဆူးချွန်တစ်ချောင်းကိုယူ ဘူးသီး၊ ခရမ်းသီး၊ ကန်စွန်းရွက်တို့ကို ထုတ်ချင်းပေါက်အောင်ထိုးကြည့်၊ ပြီးတော့ ကြက်တို့၊ ဝက်တို့ထိုးကြည့်၊ ပြီးတော့ လူကိုထိုးကြည့်။ ကြက်တို့ ဝက်တို့တုံ့ပြန်မှုနဲ့ ဘူးသီး၊ ခရမ်းသီးတို့ရဲ့တုံ့ပြန်မှုအနက် ဘယ်တုံ့ပြန်မှုက လူရဲ့တုံ့ပြန်မှုနဲ့တူသလဲ။ ဘူးသီး၊ ခရမ်းသီးတို့က မအော်ဘူး။ ကြက်တို့၊ ဝက်တို့ အော်မယ်။ လူကကော အော်မှာပဲ မဟုတ်လား။ အဲဒါကြက်၊ ဝက်နဲ့လူတို့မှာ အသက်ရှိတာချင်းတူလို့ပဲ။

အသက်ဆိုတာ သတ္တဝါတိုင်းရဲ့ တန်ဖိုးအထားဆုံးအရာပဲ။ အဲဒီတော့ လူတကိုယ့်အသက်ကိုယ်တန်ဖိုးရှိတယ် ထင်သလို ကြက်၊ ဝက်တို့ကလည်း သူတို့အသက်ကို သူတို့တန်ဖိုးအရှိဆုံးလို့ ထင်တာပဲ။ ဒီတော့ အသက်ချင်းတူရင် အသက်ရဲ့တန်ဖိုးချင်းလည်း တူတယ်။ ကိုယ့်အသက်ကိုယ်နှမြောသလို သူတို့အသက်သူတို့နှမြောမှာပဲ။ ဒီတော့ လူက ကိုယ့်အသက်ပဲ ကိုယ်တန်းဖိုးထားပြီး သူတို့အသက်ကို တန်ဖိုးမထားရင် တရားရာကျပါ့မလား။ ပြီးတော့ ကိုယ်တော့ရှင်စေ၊ သူတို့တော့သေစေဆိုတာ တရားကျပါ့မလား။ ဒီတော့ ခင်ဗျားယူဆခဲ့တဲ့ အယူအဆဟာ မမှန်တဲ့အယူအဆဆိုတာ ရှင်းရှင်းကြီးပေါ်နေတယ်။

လူဆိုတာ ကောင်းတာလည်းလုပ်တယ်၊ မကောင်းတာလည်းလုပ်တယ်။ နည်းတာနဲ့များတာပဲကွာတယ်။မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးရမှာပဲ။ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးရမှာပဲ။ လောကမှာလည်း မကောင်းတာလုပ်ရင် အပြစ်ပေးဖို့တရားဥပဒေရှိတယ်။ မကောင်းတာမလုပ်ဖို့ တရားဥပဒေက ကာကွယ်ပေးတယ်။ ဒါဒီဘဝအတွက်၊ နောင်ဘဝအတွက်က ဘာသာရေးဥပဒေနဲ့ ထိန်းကျောင်းပေးတယ်။ လောကဥပဒေက မကောင်းတာလုပ်သူအားလုံးကို မကာကွယ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သက်သေခိုင်လုံမှ ဥပဒေဘောင်ဝင်ပြီးအပြစ်ပေးလို့ရတာ။ ဘာသာရေးဥပဒေက သက်သေရှာစရာမလိုဘူး။ ပြုသူကိုယ်တိုင်သက်သေဖြစ်နေတဲ့အတွက် မကောင်းတာလုပ်ရင် မကောင်းကျိုးရမှာပဲဆိုတဲ့အသိနဲ့ ရှောင်ကြတယ်။

လူသားများအတွက် မကောင်းမှုလုပ်ဖို့ အခွင့်အလမ်းက ပိုများတယ်။ သာမန်အားဖြင့် လူ့စိတ်က မကောင်းမှုမှာပဲ ပျော်မွေ့တယ်။ အမြဲတမ်းကြည့်ပြီး စွဲလမ်းနေတဲ့ဇာတ်လမ်းတစ်ပုဒ်လာမယ့် အချိန်မှာ တရားပွဲသွားဖို့၊ ဘုရားရှိခိုးဖို့ ဆိုတဲ့အလုပ်ကို ဦးစားမပေးနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့မြင်နေကြားနေရတာတွေစတဲ့အာရုံအားလုံးဟာ ကုသိုလ်ရဖို့ထက် အကုသိုလ်ရဖို့ပဲ များတယ်။ အဲဒါကို ဘာသာရေးနဲ့မထိန်းကျောင်းဘဲ လွှတ်ထားရင် အမြဲတမ်း အပြစ်ဖြစ်၊ အကုသိုလ်ဖြစ်နေမှာပဲ။

လောကမှာ အုတ်တိုင်ထူသူနဲ့ ရေတွင်းတူးသူနှစ်ယောက်ရဲ့အနေအထားကို လေ့လာကြည့်ကြရအောင်။ အုတ်တိုင်ထူသူဟာ အုတ်တစ်ချပ်ပြီးတစ်ချပ် အပေါ်ကိုဆင့်ပြီးအင်္ဂတေနဲ့ခိုင်မြဲအောင် စပ်ပြီးတင်ရတယ်။ နည်းနည်းမြင့်လာလို့ လက်တစ်လှမ်းမမီတော့ဘူးဆိုရင် ငြမ်းဆင်ပြီးတက်ရတယ်။ အုတ်တိုင်မြင့်ရင် မြင့်သလောက်လူလည်းလိုက်မြင့်ရတယ်။ အဲဒါသဘာဝပဲ။

ရေတွင်းတူးသူကျတော့ မြေကြီးကိုတူး၊ ထွက်လာတဲ့မြေကျစ်စာကို ဘေးဖယ်၊ ရေတွင်းနက်လာရင် အပေါ်ကနေ လှမ်းတူးပြီး မြေကျစ်စာကိုလှမ်းတင်လို့မှမရဘဲ။ အဲဒီတော့ လူကိုယ်တိုင်ဆင်းလုပ်ရတယ်။ ဒါတွေဟာ လက်နဲ့လူကိုယ်တိုင်လုပ်ရတဲ့ အုတ်တိုင်ထူခြင်းနဲ့ တွင်းတူးခြင်းအလုပ်ကိုပြောတာ။

ကုသိုလ်ကောင်းမှုပြုလုပ်သူဟာ အုတ်တိုင်ထူသူနဲ့တူတယ်။ လုပ်တဲ့ ကုသိုလ်ကောင်းမှုက ဆင့်တင်နေတဲ့ အုတ်ချပ်တွေနဲ့တူတယ်။ကုသိုလ်ကောင်းမှုများရင်များသလောက် အထက်ကိုမြင့်တက်ရတာပဲ။ မကောင်းမှုလုပ်သူဟာ ရေတွင်းတူးသူလိုပဲ။ မကောင်းမှုများရင်များသလောက် တွင်းနက်ပြီးအောက်ကျရတာပဲ။

ဘာသာရေးအထိန်းအကွပ်မရှိဘဲ၊ ကုသိုလ် အကုသိုလ်ဆိုတာကို အယုံအကြည်မရှိဘဲ မကောင်းမှုတွေပြုချင်သလောက်တစ်သက်လုံးပြုမိတဲ့ လူတစ်ယောက်ဟာ အနက်ဆုံးတွင်းကိုတူးသလို အောက်ဆုံးကိုရောက်ရတော့တာပါပဲ။ အမိသတ်သူ၊ အဖသတ်သူတွေအောက်ဆုံးကိုရောက်ရသလို ကံကံ၏အကျိုးကို မယုံသူဟာလည်း အဲဒီလိုပဲရောက်ရတယ်။ အမိသတ်သူ၊ အဖသတ်သူများနဲ့ တန်းတူကံကြီးထိုက်သူဖြစ်ရတယ်။ ကုသိုလ်၊ အကုသိုလ်ကို သေသေချာချာ မသိသေးဘဲ လက်မခံသေးသူအတွက်တော့ မှတ်ရုံပဲထားလိုက်ဦး။

ဥပမာ မတရားရယူထားတဲ့လူတစ်ယောက်ရဲ့ပစ္စည်းကို မတရားပြန်ယူတာအပြစ်မရှိဘူးလို့ ခင်ဗျားတို့ယူဆထားကြတယ်။ မတရားရယူထားတဲ့လူဟာ အဲဒီမတရားယူတဲ့အတွက် သူ့မှာအပြစ်ရှိတယ်။ အဲဒါသူ့ကံပဲ။ ဒါပေမယ့် ဘယ်လိုပဲရရ အဲဒီပစ္စည်းဟာ သူ့ပစ္စည်းဖြစ်သွားပြီ။ ကိုယ်က အဲဒီသူ့ပစ္စည်းကို မတရားပြန်ယူရင်ရင် ကိုယ်လည်းသူ့လိုပဲ အပြစ်ရှိသူဖြစ်သွားပြီ။ အဲဒါကိုယ့်ကံပဲ။ သီးခြားစီသွားတာ။ ချေပစ်လို့မရဘူး။

ကဲ - ဒီနေ့တော့ ဒီလောက်နဲ့နားကြဦးစို့"

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ကြီးရှင်ကောဝိဒသည်ကား တစ်ချိန်သောအခါက မြန်မာပြည်၏ မြို့တော် ရန်ကုန်မြို့ ဝန်ကြီးများရုံး ဌာနကြီးတစ်ခုမှ အရာရှိတစ်ယောက်ဖြစ်ခဲ့ပြီး ဝန်ထမ်းဘဝမှ အငြိမ်းစား (ပင်စင်) ယူသောအခါ၌ အေးငြိမ်းရာတရားအရိပ်ကို ခိုလှုံသဖြင့် ၂၀၁၂ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နှင့် (၃) မိုင်ခန့်ကွာဝေးသည့် ကုန်းဝတ်ချောင်းဆိုသော ကျေးရွာကလေးတွင် ကိုရင်ကြီးအဖြစ်ဝတ်ခဲ့သည်။ ဘွဲ့အမည်ကား တနင်္လာသားဖြစ်သဖြင့် ရှင်ကောဝိဒ အမည်ဖြင့် ဥပဇ္ဈာယ်ဆရာက အမည်ခေါ်ဝေါ်သမုတ်ခဲ့သည်။ ရှင်ကောဝိဒကား ဒုလ္လဘရဟန်းမခံဘဲ ကိုရင်ကြီးသာဝတ်ရခြင်းအကြောင်းကား ရှင်ကောဝိဒသည် ဝဲဘက်ကိုယ်တစ်ခြမ်းလေဖြတ်ထားသောကြောင့် မသန်စွမ်းသူဖြစ်သဖြင့် ကိုရင်ကြီးသာဝတ်ရခြင်းဖြစ်လေသည်။ ကိုရင်ကြီး ရှင်ကောဝိဒကား ၂၀၀၆ ခုနှစ်က လေဖြတ်သွားသဖြင့် ၂၀၁၀ ခုနှစ်အထိ ဝန်ထမ်းအလုပ်ကို ဆက်၍လုပ်နိုင်သမျှလုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အသက်(၅၄)နှစ်၌ ဝန်ထမ်းလုပ်သက် (၃၁) နှစ်ဖြင့် လုပ်သက်ပြည့်ပင်စင်ယူခဲ့သူဖြစ်၏။ လေဖြတ်ခါစက ရှင်ကောဝိဒသည် လုံးဝလမ်းမလျှောက်နိုင်၊ လက်လည်းမမြှောက်နိုင်ခဲ့ရှာပေ။ မြန်မာ့တိုင်းရင်းအကြောပြင်ဆရာကြီး၏ အကြောပြင်ကုသမှုနှင့် အင်္ဂလိပ်ဆေးအထူးကုသမားတော်ကြီး၏ အာရုံကြောအားဆေး၊ သွေးကျဆေးနှင့် သွေးကျဲဆေးတို့ အညွှန်းအတိုင်းသောက်ခိုင်းစေသော ဆေးကုသမှုတို့ကြောင့် (၁) နှစ်ခန့်အကြာတွင် လမ်းလျှောက်နိုင်လာခဲ့သည်။ သို့သော် ခြေထောက်ကား အနည်းငယ်စွဲနေသဖြင့် သိပ်မသန်မာလှပေ။

ရှင်ကောဝိဒ၏ လူအမည်ကား တနင်္လာသား ဦးခင်ထွန်း ဖြစ်သည်။ ဦးခင်ထွန်းကား ကိုရင်ကြီးမဝတ်မီလူဘဝ၌ ရေမှုတ်တစ်ဖက်မီးစတစ်ဖက်ကိုင်သည့် လူတစ်ယောက်ဖြစ်ပေသည်။အကြောင်းကား ဦးခင်ထွန်းသည် ကုသိုလ်ရေးလုပ်သည့်အခါ သူများနှင့်မတူအောင် တစ်မူထူးအောင်လုပ်သလောက် အကုသိုလ်အရက်သောက်သည့်အခါ၌လည်း အစွန်းရောက်အောင်သောက်စားသည့်သူဖြစ်၏။ ဦးခင်ထွန်း အရက်သောက်လွန်၍ မည်မျှထိဖြစ်ခဲ့သည်ဆိုသည်ကို အကျဉ်းပြောပြပါမည်။

ဦးခင်ထွန်း၏ဇာတိမြို့တွင် လူလတ်ပိုင်း (အသက်၃၀ကျော်အရွယ်) တာဝန်ကျစဉ်က အရက်မူးပြီး လူပေါင်းမှားကာ အပေါင်းအသင်း၏ ရန်ပွဲပြဿနာတွင် ပါဝင်မိ၍ သူရိုက်ကိုယ်ရိုက်ရိုက်ကြရာ ဦးခင်ထွန်း၏ ဦးခေါင်းအရိုက်ခံရပြီး ဦးဆက်နည်းနည်းလေးကပ်လွဲသွားသဖြင့် သေဘေးမှလွတ်ခဲ့ရသလို ရန်ကုန်မြို့တွင် စားသောက်ဆိုင်၌ ညီအစ်ကိုဝမ်းကွဲ ဘချစ်နှင့်အရက်အတူသောက်ကြသည်။ စားသောက်ကြရင်း ညီအစ်ကိုဝမ်းကွဲ ဘချစ်အား စိတ်ဆိုးဒေါသထွက်ခဲ့၏။ ဒေါသထွက်ရခြင်းအကြောင်းကား ဘချစ်က စားသောက်နေရင်း ဆိုင်တွင် အရက်ထပ်မှာရာ၌ စားပွဲထိုးကောင်လေးအား ရမ်တစ်ပက်စီထပ်ယူလာခဲ့ဟုမှာသည်။ စားပွဲထိုးကောင်လေးမှ ရမ်နှစ်ပက်စီထည့်ယူလာခဲ့ရာ ညီအစ်ကိုဝမ်းကွဲ ဘချစ်က စားပွဲထိုးက နှစ်ပက်စီယူလာသည့်အတွက်-

"တစ်ပက်စီပြန်လုပ်ပေး"

ဟု မူးယစ်ပြီး ပြန်လုပ်ခိုင်းရာ ဦးခင်ထွန်းက ဘချစ်အပေါ် ဒေါသထွက်သွားပြီး -

"ဘချစ်၊ ဆိုင်ကကောင်လေးနားရှင်းအောင် (ဝမ်းပက်၊ တူးပက်) မှာရင်ရှင်းနေတာ၊ မင်းမမှာတတ်လို့ ကလေးမှားတာ။ မင်း ကလေးကို ယစ်ပြီးထပ်မလုပ်ခိုင်းနဲ့။ မင်းမှားတာကွ၊ မင်းထဲက (ဝမ်းပက်) ငါသောက်မယ် ဖန်ခွက်ပေး"

ဟုပြောကာ ဘချစ် ဖန်ခွက်ထဲရှိ ရမ်နှစ်ပက်ထဲမှ တစ်ဝက်ကိုခန့်မှန်း၍ ဦးခင်ထွန်းသည် သူ၏ဖန်ခွက်ထဲထပ်ထည့်၍ ဒေါသထွက်ပြီး သောက်လိုက်ရာ ဘချစ်က ဦးခင်ထွန်း၏ ဒေါသကို အကြောင်းသိမို့ စားပွဲဝိုင်းမှထ၍ ရှောင်ထွက်သွားသဖြင့် ဦးခင်ထွန်း ဒေါသပြေသွားပြီး ဘချစ်ကို အပြေးလိုက်ခေါ်ရာ ကားလမ်းဖြတ်အကူး Taxi ကားတစ်စီးမှ ကားမောင်းနှင်သူက လမ်းဘေးချရပ်ထားသောကားကို ကျော်အတက်နှင့်ဆုံသဖြင့် ဝါးတစ်ရိုက်ခန့် လွင့်စဉ်ထွက်အောင် ကားတိုက်ခံရသည်မှာလည်း အထူးကုဆေးခန်းတစ်ခန်းရောက်ခဲ့ပြီး ဒဏ်ရာဒဏ်ချက်များ ဆေးကုသလိုက်ရသည်မှာလည်း သံချောင်းတို့အဖေကံကောင်းလို့မသေသည့်အဖြစ် ဖြစ်၏။ ၂၀၀၄ ခုနှစ်ခန့်က အရက်ကြောင့် စိတ်ဖောက်ပြန်သည်ဟုယူဆကာ ဦးခင်ထွန်း၏ တတိယညီဖြစ်သူက ဂျပန်နိုင်ငံမှ အလုပ်လုပ်ပြီး ပြန်ရောက်လာခါစမို့ လက်ထဲငွေရှင်နေသဖြင့် ရန်ကုန်မြို့ ဟံသာဝတီအဝိုင်းအနီးတွင်ဖွင့်ထားသော ပုဂ္ဂလိကဆေးရုံ (မေတ္တာရွှေရည်စိတ်အထူးကုဆေးရုံကြီး) တွင် ငွေကြေးကုန်ကျခံကာ ဆေးရုံတင်ပေးသော်လည်း အရက်မပြတ်ဘဲ ပြန်သောက်သဖြင့် ၂၀၁၂ ခုနှစ် ဦးခင်ထွန်း ကိုရင်ကြီးမဝတ်ခင်အထိ ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံကို နောက်ထပ် (၃) ခေါက်ထပ်ရောက်ခဲ့သည်။ ၂၀၀၄ခုနှစ်က (မေတ္တာရွှေရည်စိတ်အထူးကုဆေးရုံကြီး) တွင် ဆေးကုသစဉ်က ဆေးရုံစတက်သည့်ညနေပိုင်းအရက်မသောက်ရတော့သဖြင့် ဆေးရုံလူသွားစင်္ကြံတစ်လျှောက်ပြေးကာ အော်ဟစ်နေသဖြင့် ဆေးရုံအလုပ်သမားဝန်ထမ်းနှစ်ဦးမှဖမ်းချုပ်၍ သူနာပြုဆရာမက စိတ်အထူးကုဆရာဝန်ကြီးညွှန်ကြားချက်ဖြင့် ဆေးထိုးလိုက်မှ အချိန်အတန်ကြာ၌ ငြိမ်ကျသွား၍ အိပ်ပျော်သွားသည်မှာ မှိုးစင်စင်လင်းမှနိုး၏။ စိတ်အထူးကုဆရာဝန်ကြီးကပြောသည်မှာ အပြင်းထန်ဆုံး အရက်ငန်းဖမ်းရောဂါဟုဆိုသည်။ ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံရောက်သည့် (၃) ခေါက်ထဲမှ တတိယအခေါက် ၂၀၁၁ခုနှစ်ကရောက်သည့်တစ်ခေါက်ကား တော်တော်ဆိုး၏။ အရက်ငန်းဖမ်းရောဂါပင်ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညနေ အရက်သောက်ချိန် မသောက်ရတော့သဖြင့် ညဥ့်ဦးပိုင်း၌ အခြားဘဝတူ စိတ်ရောဂါသည် လူနာများ၏ ရေသန့်ဘူးများကိုလိုက်ယူပြီး ဦးခင်ထွန်းအတွက် နေရာချပေးထားသည့် ခုတင်ပေါ်တွင် အကျအနထိုင်လျက် ရေရောခြင်း အရက်နှင့်ရေရောသောက်သကဲ့သို့သောက်သည်ဟုဆို၏။ ထို့ကြောင့် ဘဝတူစိတ်ရောဂါသည်များက ညတာဝန်ကျဆရာဝန်အား အကြောင်းကြား၍တိုင်သောအခါ ဆေးရုံဝန်ထမ်းနှစ်ဦးဖြင့် ညှပ်ခေါ်ပြီး သံဆူးကြိုးဖြင့်ချည်ကာ လက်နှစ်ဖက်ပူး၍ သံဆူးကြိုးဖြင့် ထပ်မံချည်နှောင်ကာ ကုလားထိုင်တွင်ထိုင်ခိုင်းပြီး ခြေထောက်များကိုလည်း ကုလားထိုင်နှင့်တွဲချည်၍ တုပ်နှောင်သည့်အချိန်ကျမှ ဦးခင်ထွန်း ပြန်သတိရလာသည်။ ထို့နောက် ဆေးထိုးပေး၏။ တော်တော်ကလေးငြိမ်သွားမှ ခုတင်သို့ ပြန်ပို့ပြီးအိပ်ခိုင်းသည်။ နံနက်လင်းမှ ဘဝတူလူနာများက ညကအဖြစ်အပျက်ဖြစ်သည့် ရေသန့်ဘူးများကိုယူပြီး အရက်လုပ်သောက်သည်ကိုပြန်ပြောပြကြ၍ ဦးခင်ထွန်း ပြန်သိရသည်။

ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံတက်သည့် ကျန်နှစ်ခေါက်ကိုကား ဦးခင်ထွန်းကောင်းကောင်းမှတ်မိသည်။ ၂၀၀၈ ခုနှစ်က နံနက် (၄)နာရီထိုးလျှင် ပုံမှန်အတိုင်း အိပ်ရာမှထ၍ ဘုရားရှိခိုးပြီး ပုတီးစိပ်ကာ အင်းယားကန်စောင်းသို့လမ်းလျှောက်ထွက်သဖြင့် အအိပ်အနေနည်းသည်ဟု မိသားစုကယူဆကာစိတ်ဖောက်ပြန်မှာစိုးရိမ်သဖြင့် နှစ်ယောက်တွဲခန်း(ပထမတန်းစား)အခန်းတွင်ထားပေးသည်။ ထိုအချိန်တုန်းက ဦးခင်ထွန်းသည် ပင်စင်လည်းမယူသေးသည့်အပြင် မြန်မာ့ဆက်သွယ်ရေးရုံးမှ မဲပေးစနစ်ဖြင့် GSM Hand Phone မဲပေါက်၍ မဲပေါက်သည့်ဖုန်းပါမစ်ပေးလိုက်ရုံဖြင့် ဖုန်းပွဲစားလေးမှ အမြတ်ငွေ (၁၂) သိန်းခွဲပေးသည်။ ထိုအချိန်က ဦးခင်ထွန်း၏ အရာရှိလစာမှာ ဂိတ်ဆုံး (၁၁၀၀၀၀) ကျပ်သာဖြစ်၍ ဦးခင်ထွန်းဇနီးနှင့် သမီးအကြီးက လက်ထဲငွေရှိနေသဖြင့် ပထမတန်းစားအခန်းထားပေးရာ ဦးခင်ထွန်းသည် ၂၀၀၈ ခုနှစ် UEFA ဥရောပဖလားပွဲကို ဂြိုဟ်တုစလောင်းမှ ဇိမ်ကျကျကြည့်နိုင်ခဲ့သည်။ ပထမတန်းအခန်းတွင် ဂြိုဟ်တုစလောင်းတပ်ပေးထားသဖြင့် ဘောလုံးပွဲဝါသနာပါသော ဦးခင်ထွန်း ဇိမ်ကျကာ ရွှာသာကြီးစိတ်ကျန်းမာရေးဆေးရုံတွင် ပျော်၍ပင်နေသေးသည်။ သို့သော် ၂၀၁၀ ပြည့်နှစ် ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံ ဒုတိယအကြိမ်ရောက်သည့်အခေါက်၌ကား စိတ်ဓာတ်အတော်ကျကာ အခက်အခဲများစွာ ရင်ဆိုင်ရ၏။ ထိုအခေါက်ကပင် စင်တင်ထားစဲဖြစ်သဖြင့် တစ်လုံးတစ်ခဲတည်း ပင်စင်နှင့် ပုံမှန်ပင်စင်လစာငွေလည်းမရသေးသဖြင့် ဦးခင်ထွန်းအိမ်၌ ငွေပြတ်လပ်နေသည်ကိုကြုံရသဖြင့် နံနက် အဆာပြေ လက်ဖက်ရည်နှင့် အီကြာကွေးကိုသာ ဆိုင်မှမှာပေးပြီး နေ့လယ်နှင့် ညနေစာထမင်းကို အခြားလူနာများနှင့်အတူ တန်းစီစားရရာ ဆိုးသွမ်းသောလူနာများက ဦးခင်ထွန်းထမင်းစားနေစဉ် ထမင်းနှင့်ဟင်းကိုလုစားခံရသည့်အဖြစ်နှင့် ကြုံရသည်။ ထိုအခေါက်က ရွှာသာကြီးစိတ်ကျန်းမာရေးဆေးရုံကို ဦးခင်ထွန်းစိတ်ကုန်သွားခဲ့၏။ အကြောင်းမူကား ဦးခင်ထွန်းသည် လေဖြတ်ထားသူဖြစ်၍ စိတ်ကျန်းမာရေးမကောင်းသူ လူရမ်းကားတို့ကို ဘာမှမဟန့်တားနိုင်ခဲ့ပေ။ (၂၀၁၀ ခုနှစ်) ထိုအခေါက်က ဦးခင်ထွန်း အရက်ကိုအိမ်တွင်ပင် မိမိဘာသာအစိမ်းဖြတ်ဖြတ်ရာ အိပ်မပျော်ပြီး မြင်မိမြင်ရာမြင်သည်။ ပြောမိပြောရာပြောသည်ဟု ယူဆကြပြီး ဦးခင်ထွန်း မိမိကိုယ်ကို ဘာမှမဖြစ်ဟု ယူဆသော်လည်း မိသားစုက အစိုးရိမ်ပိုကာပို့ကြသဖြင့် ဦးခင်ထွန်း ထိုအခေါက်က ဒုက္ခကောင်းကောင်းရောက်ခဲ့သည်။

အချုပ်ခန်းကိုလည်း အရက်ကြောင့် တစ်ခါရောက် တစ်ညအိပ်နှစ်ခါရောက် နှစ်ညအိပ်ခဲ့ဖူး၏။ ကြီးကြီးကျယ်ကျယ်မဟုတ်ပေ။ ၁၉၉၃ ခုနှစ် တစ်ခေါက်ကား ဇနီးဖြစ်သူနှင့် ဦးခင်ထွန်း အရက်သောက်သဖြင့် စကားများရန်ဖြစ်ရာ ယောက်ဖဖြစ်သူက လက်ဦးမှုယူကာ အလစ်တွင်နောက်မှနေ၍ပုဆိန်အသေးလေးဖြင့် လှမ်းပေါက်ကာစလုပ်သဖြင့် ဦးခင်ထွန်းက ဝါးထရံအကာကြားတွင် ထိုးထည့်ထားသော ငှက်ကြီးတောင်ဓားရှည်ဖြင့် ခြောက်လှန့်၍လိုက်ခုတ်ဟန်ပြရာ ယောက်ဖဖြစ်သူသည် ငယ်ကြောက်ဖြစ်၍ ကြောက်ချေးပန်းကာ ရပ်ကွက်လူကြီးနှင့် ရဲစခန်းသွားတိုင်သဖြင့် ဦးခင်ထွန်း မိမိကိုယ်ကိုမိမိ ပြန်လည်ခုခံခြင်းဖြစ်ကြောင်းနှင့် ငှက်ကြီးတောင်ဓားသည် ခရမ်းသီးလှီးလျှင်ပင်မပြတ်ကြောင်း သံချေးတက်နေသောဓားရှည်ကိုထုတ်ပြသော်လည်း ထိုစဉ်က ဦးခင်ထွန်းနှင့် ယောက်ဖမိသားနှစ်စုမှာ အပေါ်ထပ်၊ အောက်ထပ်တစ်အိမ်တည်းနေကြသူများဖြစ်ကြသဖြင့် ရန်မီးဆက်မီးမပွားစေရန် သောက်ထားသူ ဦးခင်ထွန်းကို တစ်ည အချုပ်ခန်း၌အိပ်စေ၍ နံနက်မိုးလင်းမှ ဝန်ခံချက်ထိုးပြီး ပြန်လွှတ်လိုက်၏။ ရဲစခန်းဒုတိယရောက်ရသည့်အခေါက်ကား ထိုစဉ်က ဦးခင်ထွန်းတို့ မိသားစုသည် ဇနီး၏ လိုင်းခန်းတွင်နေစဉ်ကဖြစ်သည်။ တစ်ည၌ ဦးခင်ထွန်းသည် ဝန်ထမ်းလိုင်းခန်းသို့ အပြင်မှ အရက်သောက်ပြီးပြန်လာချိန်တွင် လျှပ်စစ်မီးပျက်သွား၍ လိုင်းခန်းအားလုံး မီးမှောင်သွား၏။ အရေးထဲအရာပေါ် ဦးခင်ထွန်းအရက်သောက်ထား၍ ရေအသောက်များပြီး ဆီးသွားချင်လွန်းလှသဖြင့် မိမိလိုင်းခန်းသို့မဝင်ဘဲ အိမ်သာသို့တန်းပြေးစဉ် အိမ်သာပေါ်မှ သုတ်သီးသုတ်ပျာဆင်းလာသည့် အခြားလိုင်းခန်းမှ အမျိုးသမီး အပျိုကြီးတစ်ဦးနှင့် အမှောင်ထဲတွင် ပစ်တိုက်ကြပြီး နှစ်ယောက်စလုံး ခေါင်းဖုသွားသည်။

ထိုအပျိုကြီးက မကျေနပ်၍ ရဲစခန်းသွားတိုင်ပြန်ရာ ဦးခင်ထွန်း ရဲစခန်းရောက်ရပြန်ပြီ။ သို့သော် ထိုအခေါက်က ဦးခင်ထွန်း ကံကောင်းပါသည်။ အချုပ်ခန်းထဲမအိပ်ခဲ့ရပေ။ အရက်သောက်ထားပေမယ့် မမူးသည်ကတစ်ကြောင်း ညတာဝန်မှူး ဒုရဲအုပ်သည် ဦးခင်ထွန်းနှင့်အသိဖြစ်နေပြီး ဦးခင်ထွန်း၏ ဦးစီးအရာရှိဆိုသော ဝန်ထမ်းကတ်ကို ငဲ့ညှာသောအားဖြင့် တာဝန်မှူးရုံးခန်းပက်လက်ကုလားထိုင်ပေါ်တွင် တစ်ညမှေးစက်ခဲ့ရသည်။

ကားတိုက်ခံရဖူးပြီး အချုပ်ခန်းနှစ်ခေါက်ရောက်၊ ပုဂ္ဂလိကစိတ်ကုဆေးရုံနှင့် ရွှာသာကြီးစိတ်ကျန်းမာရေးဆေးရုံကြီးတို့ကို စုစုပေါင်း ကိုရင်ကြီးမဝတ်ခင် (၄) ခေါက်ရောက်ဖူးသော အကုသိုလ်အရက်သမားကြီး ဦးခင်ထွန်းသည် ကုသိုလ်ဘာဝနာပွားရာတွင်လည်း သူမတူအောင်လုပ်သူ ဖြစ်၏။ ၁၉၉၅ ခုနှစ် အစိုးရဝန်ထမ်းလိုင်းခန်းရောက်ကတည်းက နံနက် (၄) နာရီတွင် အိပ်ရာမှထ၍ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှအတန်းဝေခြင်းနှင့် သမထအဖြစ် (ပုတီးစိပ်ခြင်းကို ကျန်းမာရေးအလွန်မကောင်းသည့်ရက်မှလွဲ၍ နေ့စဉ် ဦးခင်ထွန်းအိမ်သည်နံနက်ပိုင်း၌ ဘုရားရှိခိုးသံနှင့် ကြေးစည်ဆည်းလည်းသံတဝေဝေဖြင့်ကျက်သရေအလွန်ရှိလှပေ၏။ ညနေပိုင်း ဦးခင်ထွန်းအမူးလွန်သည့်ရက်အချို့တွင်သာ မိန်း



www.burmeseclassic.com

www.burmeseclassic.com

ဇနီးသူနှင့် ရံဖန်ရံခါ စကားများရန်ဖြစ်ရသည်။ ဦးခင်ထွန်းမိန်းမကား အရက်သောက်သည်ကို လုံးဝမကြိုက်သူတစ်ယောက် ဖြစ်သည်။ ဦးခင်ထွန်းကလည်း အရက်အလွန်ကြိုက်၏။

ထို့ကြောင့် ဦးခင်ထွန်းသည် မနက်ကုသိုလ်တစ်ဖက်၊ ညနေအကုသိုလ်တစ်ဖက်ရောနှောနေသူဖြစ်၍ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ကိုင်နေသူဟုဆိုရမည့်သူ ဖြစ်သည်။ အနှီ ဦးခင်ထွန်းသည် ခုနှစ်တွင် လေဖြတ်ပြီးနောက် ပြည့်နှစ်တွင် ပင်စင်ယူလိုက်သော အခါ အလုပ်မဲ့အကိုင်မဲ့ဖြစ်နေသည်ကို ဦးခင်ထွန်း၏ တတိယညီ မောင်အောင် (ပြည်) ညီက ရိပ်စားမိသဖြင့် သူ့အစ်ကိုကြီး အရက်ဆိုင်ပြန်လှည့်နေသည်ကို မလိုလား၍ ၂၀၁၂ ခုနှစ်၌ -

"အစ်ကိုကြီး၊ အရက်ဆိုင်ပြန်လှည့်နေ၊ ခင်ဗျားဘာလုပ်ချင်သလဲ"

ဟု မေးလာသည်။

ဦးခင်ထွန်း ရင်ထဲတွင် အဖြေက အဆင်သင့်ဖြစ်ပြီးသားမို့ အောက်ပါအတိုင်း ရင်ဖွင့်ချလိုက်လေသည်။

"ငါဘုန်းကြီးဝတ်ချင်တယ်ကွာ"

ဟု ပြောလိုက်ရာ မောင်အောင်က -

"ရန်ကုန်မှာ မဟုတ်ဘူး။ ရွာမှာလေ။ ကျွန်တော် တွံတေးဘက်မှာ ခြံဝယ်ထားတယ်။ အဲဒီခြံမှာ ခြံစောင့်လင်မယားထားထားတယ်။ အဲဒီရွာမှာ အစ်ကိုကြီး ဘုန်းကြီးဝတ်ချင်ရင် ကျွန်တော်စီစဉ်ပေးမယ်"

ပြောရာ ခရေတစ်ဥ ရေတွင်းထဲကျသကဲ့သို့ ဖိုးကြိုင်းတုတ်ဖြစ်ကာ ဦးခင်ထွန်း လွန်စွာဝမ်းသာသွားပေ၏။ ဦးခင်ထွန်းလေဖြတ်စဉ်က အကြောပြင်ကုသ၍ လမ်းလျှောက်သာနိုင်သော အခါခွင့်ရသဖြင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာ့သိုလ်ရိပ်သာလမ်းရှိ မိုးကုတ် ဝိပဿနာတရားစခန်း (ဇနိတာရာမကျောင်းတိုက်ကြီး) တွင် တရားစခန်း ဝင်ခဲ့လေသည်။

ဤတရားစခန်းကြီးတွင်ဝင်ခဲ့စဉ်က ဦးခင်ထွန်း သင့်တင့်လျှောက်ပတ်စွာ တရားရသင့်သလောက်ရခဲ့သည့်အတွက် သာထူးရာမှပါးခဲ့သည်ကို မိမိကိုယ် သိသည့်အတွက် ဤရိပ်သာကြီးကို ဦးခင်ထွန်းမှအရ ရေးသားလိုက်ချင်သည်မှာ -

နည်းလမ်းမှန်ကန်အတက်မြန်
နေ့စ်ကျန၊ အောင်ပွဲရ -
အောင်ပွဲရမှ မင်္ဂလာရ
ဇနိတာရာမ ဟူ၍တည်း။

ဦးခင်ထွန်းသည် ဝိပဿနာတရားအားထုတ်ခြင်းအကျိုးရလဒ်ကိုလက်တွေ့ခံစားဖူးသည့်အပြင် ရန်ကုန်မြို့တွင် ဘုန်းကြီးမဝတ်လို။ ဆိတ်ငြိမ်ရာတောရွာလေးတစ်ရွာတွင် ဘုန်းကြီးဝတ်ဖြင့် တရားအားထုတ်ချင်သည်မှာ ပင်စင်ယူပြီးကတည်းက ဆုံးဖြတ်ချက်ဖြစ်သည်။ ယခုအခါ ညီဖြစ်သူ မောင်အောင်က ထိုအခွင့်အရေးကိုချပေးသလိုဖြစ်သွားသည့်အတွက် သူလွန်စွာဝမ်းမြောက်သွားရခြင်းဖြစ်၏။ ရန်ကုန်တွင် ဘုန်းကြီးဝတ်ပါက ဦးခင်ထွန်းသည် ခန္ဓာကိုယ်တစ်ခြမ်းလေဖြတ်ထားသဖြင့် ကုသခဲ့သော်လည်း သိပ်သန်စွမ်းသူမဟုတ်သဖြင့် ကားများတဝီဝီနှင့်လူစည်ကားသည့် ရန်ကုန်မြို့ကြီးတွင် ဦးခင်ထွန်းလို မသန်သူအတွက် အဆင်မပြေ နိုင်သလို ဦးခင်ထွန်းစိတ်ထဲတွင် ကျိတ်ကာချထားသော စိမ်ချက်ကြီးတစ်ခုလည်း တောရွာလေးတွင် ဘုန်းကြီးဝတ်ဖြင့် အကောင်အထည်ဖော်လိုသောကြောင့် ဖြစ်ပေသည်။

သို့ဖြင့် ဦးခင်ထွန်းတစ်ယောက် သူ၏ညီ မောင်အောင်၏အစီအစဉ်ဖြင့် တွံတေးမြို့နှင့် (၃) မိုင်ခန့် ကွာဝေးသည့် ကုန်းဝက်ချောင်းဆိုသောရွာကလေးတွင် ကိုရင်ကြီးဝတ်ဖြစ်သွားသည်။

ကိုရင်ကြီးဝတ်ဖြင့် ဆွမ်းခံထွက်လျှင် သင်္ကန်းမနိုင်မနင်းဖြင့် ချော်လဲမှာ စိုးရိမ်သည့်အတွက် ညီမောင်အောင်က ခြံစောင့်၏တဲပေါ်တွင် ဆွမ်းကပ်စေသည်။ ဦးခင်ထွန်းကိုရင်ကြီးဝတ်သည့် ကျောင်းတိုက်သည် ရွှေဟောင်းဘုရားကြီးအနီး၌ရှိသည့်အတွက် ရွှေဟောင်းဘုရားကြီးနှင့် ဘုန်းကြီးကျောင်းမှာ ပန်ရလှသည့်အတွက် လူအမည် ဦးခင်ထွန်း (ကိုရင်ကြီးဘွဲ့ ရှင်ကောဝိဒ) မှာ ထိုရွာကလေး၌ ကိုရင်ကြီးဝတ်စမှာပင် လွန်စွာစိတ်ချမ်းမြေ့လှပေသည်။ ဘုန်းတော်ကြီးကျောင်းတွင် ဥပဇ္ဈာယ်ဆရာတော်ရွာမှ ဒုလ္လဘရဟန်းတစ်ပါးနှင့် လူလတ်ပိုင်း ဘုန်းကြီး၏တူ ကျောင်းသားအပြင် ရွှေဟောင်းဘုရားကြီးနှင့် ကျောင်းတိုက်ကို ရန်ကုန်မှလာရောက်ပြုပြင်ပေးနေသည့် ဘုရားဒကာ၊ ကျောင်းဒကာကြီး (ဦးတင်စိုး) တို့ ကျောင်းတိုက်ထဲတွင် အတူတကွနေကြသည်။ ဦးခင်ထွန်း ကိုရင်ကြီးဝတ်သောအခါ လွတ်လွတ်လပ်လပ်ဖြင့် တရားအားထုတ်နိုင်ရန်အတွက် ကျောက်ဆင်းတု ဘုရားတစ်ဆူ ကိန်းဝပ်စံပယ်နေသည့်ဘုန်းကြီးကျောင်းအနီး သီးခြားဓမ္မာရုံထဲတွင် ဥပဇ္ဈာယ်ဆရာတော်မှ နေရာချထားပေးသည်။ ဦးခင်ထွန်း (ရှင်ကောဝိဒ) ကလည်း သင်္ကန်းတောင်းနှင့် ဆယ်ပါးသီလကို ဆရာတော်မှ ချပေးကတည်းက -

"တပည့်တော် တရားအားထုတ်ချင်တဲ့အတွက် ညီရဲ့အစီအမံနဲ့ ဒီရွာကလေးမှာ ကိုရင်ကြီးဝတ်တာပါ။ နေရာရှိလျှင် သီးခြားစီစဉ်ပေးပါ ဘုရား"

ဟု ဥပဇ္ဈာယ်ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်က ယခုကဲ့သို့ သီးသန့်ဓမ္မာရုံကြီးတွင် နေရာချထားပေးသည်။ ကိုရင်ကြီးဝတ်စက ဆွမ်းကို ခြံစောင့်တဲပေါ်တွင် ဆွမ်းကို ခြံစောင့်တဲပေါ်တွင်ဘုဉ်းပေးရ၏။

တစ်နေ့သ၌ ကိုရင်ကြီးရှင်ကောဝိဒသည် ဘုန်းကြီးကျောင်းတွင် ချိတ်ဆွဲထားသော အုန်းမောင်းကြီးကို မြင်တွေ့သွား၏။ ကိုရင်ကြီးဝတ်ကတည်းက အုန်းမောင်းခေါက်သံကို မကြားမိသဖြင့် ဥပဇ္ဈာယ်ဆရာတော်အားလျှောက်ထားမေးမြန်းရာ ဘုန်းကြီးကျောင်းသား ဆရာတော်၏တူကို အုန်းမောင်းခေါက်ရန် တာဝန်ပေးခဲ့ရာ အချိန်မှန်မှန်တုံးမခေါက်သဖြင့် တုံးကို ဆက်လက်မခေါက်ခိုင်းတော့ကြောင်း ဆရာတော်ကမိန့်၏။ ထိုအခါ ကိုရင်ကြီးရှင်ကောဝိဒက ဆရာတော်အား အောက်ပါအတိုင်း လျှောက်ထားလေတော့သည်။

"ဆရာတော်ဘုရား ဒီအုန်းမောင်းကြီးကို နံနက်အရုဏ်တက်ခါနီး (၄) နာရီ တစ်ကြိမ်၊ ဆွမ်းခံကြွခါနီး (၉) နာရီ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တပည့်တော် အုန်းမောင်းခေါက်ပါရစေ"

ဟု လျှောက်ထားရာ ဆရာတော်က-

"ကိုရင်ကြီးက မသန်တော့ချော်လဲနေပါ့မယ်။ ကျောင်းသားကလည်း အချိန်မမှန်လို့ မနက်အရုဏ်တက်တစ်ကြိမ်ကို ပုံမှန်ခေါက်ခိုင်းတာ၊ အချိန်မမှန်လို့ ဆရာတော်ဆက်မခေါက်ခိုင်းတာ"

ပြန်မိန့်ရာ -

"ချော်လဲမှာမပူပါနဲ့ဘုရား၊ တပည့်တော်အုန်းမောင်းခေါက်ရုံတင်မကဘူး။ ကိုယ်တိုင်ဆွမ်းခံစားချင်လို့ တစ်လက်စတည်း အဲဒါပါလျှောက်ထားပါတယ် ခွင့်ပြုပါဘုရား"

ဟု ရှင်ကောဝိဒ၏စိတ်ထဲတွင်ရှိသည့် လျှို့ဝှက်စိမ်ချက်ကို ဥပဇ္ဈာယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော့်အား လျှောက်ထားလိုက်၏။ လျှို့ဝှက်စီမံချက်ကား ရှင်ကောဝိဒသည် ကိုရင်ကြီးဝတ်စုန်းဝတ်ဒိုက် ဓူတင် (၁၃) ပါးထဲမှ ဓူတင် (၂) ပါးကို တတ်နိုင်သလောက် ကျင့်သုံးလို၍ဖြစ်သည်။ ထိုသို့လျှောက်ထားရာ ဆရာတော်က-

"ကိုရင်ကြီးညီက ဆွမ်းခံမစားစေချင်လို့ ခြံစောင့်ကိုချက်ခိုင်းပြီး ဆွမ်းကပ်စေတာ။ ဆရာတော်က ဆွမ်းခံခွင့်ပြုလိုက်ရင် ကိုရင်ကြီးညီက ဆရာတော်ကို စိတ်ဆိုးနေပါဦးမယ်"

ဟု ပြန်မိန့်ရာ-

"ဒီအတွက်မပူပါနဲ့ ဘုရား၊ ဆရာတော်လည်း အပြစ်မဖြစ်ရအောင် ခြံစောင့်လင်မယားလည်း အပြစ်မဖြစ်ရအောင် တပည့်တော်ညီဒကာကြီး ရန်ကုန်ကလာရင် တပည့်တော်ကြည့်ပြောပြပါ့မယ်။ တပည့်တော် စိတ်ထဲမှာ ဒီရွာလေးမှာ ကိုရင်ကြီးလာဝတ်ကတည်းက စိတ်ထဲမှာ လျှို့ဝှက်ကြံစည်ထားတဲ့စိတ်ကူး ရှိပါတယ်ဘုရား"

ဟု ရှည်ရှည်ဝေးဝေး ပြန်လည်လျှောက်ထားရာ ဆရာတော်က ကိုရင်ကြီး၏ တစ်ဖွတ်ထိုး တဇောက်ကန်းလုပ်မည့်စိတ်ကို ရိပ်စားမိသဖြင့် မတတ်သာသည့်အဆုံး တုံးခေါက်မည့်ကိစ္စနှင့် ဆွမ်းခံစားမည့်ကိစ္စနှစ်ရပ်စလုံးကို ခွင့်ပြုလိုက်ရပေသည်။

ထိုအချိန်က ဥပဇ္ဈာယ်ဆရာတော်၊ ဒုလ္လဘရဟန်းနှင့် ဘုန်းကြီးကျောင်းသားတို့မှာ ရွာမြောက်ပိုင်းသို့ ဆွမ်းခံထွက်ကြသဖြင့် ကိုရင်ကြီးက သူ့ဆရာတော်နှင့် ဆွမ်းခံအတူလိုက်ကြွလျှင် မသန်စွမ်းသော ရှင်ကောဝိဒအား ဆရာတော်တို့က ဖြည်းဖြည်းချင်း စောင့်ခေါ်ရ၍ အနှောင့်အယှက်ဖြစ်မည်ကို သိသဖြင့် ဆရာတော်တို့နှင့်အတူ ရွာမြောက်ပိုင်း ဆွမ်းခံမလိုက်ဘဲ တစ်ပါးတည်း ရွာ၏ တောင်ပိုင်းသို့ သီးခြားဆွမ်းခံစားရန် စိတ်ကူးလိုက်သည်။ ဘုန်းကြီးကျောင်းရှေ့တွင် ရှေးဟောင်းဘုရားကြီးရှိ၏။

ရှေးဟောင်းဘုရားကြီးဘေးတွင် တစ်ဦးတည်း တဲထိုးနေထိုင်သော ဟိန္ဒူကုလားလူမျိုး၊ ဗုဒ္ဓဘာသာဝင် ဦးသန်း (အသက် ၇ဝနှစ်ခန့်) သည် ထိုစဉ်က ဘုရားကြီး၏ မျက်နှာစာလေးဘက်မုခ်လေးဖက်တွင်ရှိသော ဘုရားဆင်းတုတော်လေးဆူကို သောက်တော်ရေကပ်ခြင်းနှင့် ဘုရားကြီးပရိဝုဏ် (ပရဝဏ်) အတွင်း အမှိုက်များလှည်း၍ သန့်ရှင်းအောင်ပြုလုပ်၍ ကုသိုလ်ယူနေသည်ကို ရှင်ကောဝိဒမြင်တွေ့နေရသည်။

ဦးသန်းနှင့် ရှင်ကောဝိဒ ရင်းနှီးသွားသောအခါ ရှင်ကောဝိဒက ဦးသန်းကို -

"ဘုရားကျွန် မောင်သန်း"

ဟု အမည်ခေါ်ဝေါ်သမုတ်သည်။

ဦးသန်းသည်လည်း ငယ်စဉ်က ငပေငတေတစ်ယောက်ဖြစ်ပြီး လယ်စာရင်းငှားလုပ်ခဲ့၍ မိန်းမတစ်ယောက်ပြီး တစ်ယောက်ယူခဲ့ရာ မိန်းမ (၄) ယောက် အထိပင်ယူခဲ့သူဖြစ်၏။ နောက်ဆုံးမိန်းမကား နာဂစ်မုန်တိုင်းကြောင့် သစ်ပင်ပိပြီး သေဆုံးခဲ့ကာ ဦးသန်းတွင် မည်သည့်မယားကမွေးမှန်း ရှင်ကောဝိဒမသိသည့် သားတစ်ယောက်ရှိသည်။ ထိုသား၏ မိန်းမက ဘုရားကျွန်မောင်သန်းစားဖို့ ထမင်းနှင့်ဟင်းပို့ပေးသည်။ သူတို့သည် သီးခြားစီနေကြ၏။ ဦးသန်း၏ သားကား ရွာထဲတွင်နေ၏။

ဘုရားကျွန် မောင်သန်းသည် မိုးလေများကျသည့်အခါ သူ့တဲလေးတွင် မနေဘဲဘုရားကြီးထဲတွင်နေလေ့ရှိသည်။ ဦးသန်းသည် ဘုရားကြီးဝေယျာဝစ္စလုပ်သော်လည်း အရက်မူးလျှင် ဘုန်းကြီးလည်း နားမလည်ဟိုပြောဒီပြောပြောသူဖြစ်သည်။ ဆရာတော်ကား ဦးသန်းအကြောင်းကို အတွင်းသိအစဉ်းသိဖြစ်သဖြင့် ခွင့်လွှတ်၏။ ဦးသန်းသည် အသက် (၇၀) ဝန်းကျင်ရှိသော်လည်း ကုလားလူမျိုးဖြစ်ပြီး ထောင်ထောင်မောင်းမောင်းနှင့် သန်မာ၍ လှုပ်ရှားနေသူဖြစ်သဖြင့် သူ့သား၏ဇနီးမှပို့သော ထမင်းကိုဝပုံမရပေ။

ရှင်ကောဝိဒသည် လေဖြတ်ထားသူဖြစ်သဖြင့် ဆွမ်းဟင်းခွက်များနှင့် ဆွမ်းဟင်းကိုမခံဘဲ လျှို့ဝှက်ချက်စီမံချက် ဓူတင် (၁၃) ပါးရှိသည့်အနက် ကောဝိဒကျင့်သုံးလိုသည့် ဓူတင်နှစ်ပါးထဲမှ တစ်ပါးကျင့်လိုသဖြင့် ဆွမ်း၊ ဆွမ်းဟင်းရောလျက် ပတ္တပိဏ်ဆွမ်းခံသည်။ အခြားကျင့်လိုသည့် ဓုတင်တစ်ပါးကား ကိုရင်ကြီးဝတ်သည့်ရက်အတွင်း ရက်အပိုင်းအခြားကန့်သတ်၍ တစ်နပ်တည်း စားဆွမ်းဘုဉ်းပေးသည့် ဧကာသနိက်ဓူတင်ဖြစ်သည်။

ရှင်ကောဝိဒသည် ရွာတောင်ပိုင်း ဆွမ်းခံစားခါစက ပထမတစ်ပါးစာလောက်ရုံဆွမ်းခံပြီး နောက်ပိုင်း၌ အလုပ်မလုပ်သလောက် အစားအသောက် လောဘကြီးကာ အစားအသောက်ကို ဝှက်ကာစားတတ်သည့် ကျောင်းသားကြောင့် ကျောင်းခွေးလေးနှစ်ကောင်မှာလည်း အစာဝဝလင်လင် မစားရရှာပေ[...] ပိန်ချည့်ဖြစ်နေလေသည်။ ထို့ကြောင့် ရှင်ကောဝိဒက ဆွမ်းကျန်ကွမ်းကျန်[...] ခွေးလေးများအားကျွေးလိုက်သည့်အပြင် ဘုရားကျွန် မောင်သန်းကိုလည်း ဆွမ်းကွမ်းအပိုဒါနပြန်ပြုလုပ်လိုသဖြင့် နောက်ပိုင်း၌ ဆွမ်းခံအိမ်တိုးကာဆွမ်းခံ၏။

ရွာသူရွာသားများသည်လည်း မသန်စွမ်းသည့် ကိုရင်ကြီးရှင်ကောဝိဒမှာ တရားကိုရသလောက်အားထုတ်လို[...] ၍ ရန်ကုန်မြို့ကြီးမှလာရောက်၍ ရွာငယ်လေးတစ်ရွာတွင် ကိုရင်ကြီးဝတ်[...] ကြောင်း ခြံစောင့်လင်မယားဆီမှ တစ်ရွာလုံး တစ်ဆင့်ကြားကြ၍ အကြောင်း[...] သိသွားကြသည့်အတွက် စေတနာထား[...] ကာ ဆွမ်းကို ပိုပိုသာသာလောင်းလှူကြ[...] သည်။ ထိုရွာကလေးတွင် ယခင်က ထို[...] ကဲ့သို့ ပတ္တပိဏ်ဆွမ်းခံသောသံဃာမရှိ[...] ခဲ့ဘူး၍ အထူးအဆန်းဖြစ်နေ၏။ ဆွမ်း[...] အပြည့်ရ၏။ ဓမ္မာရုံထဲရှိကျောင်းဆင်းတု[...] ဘုရားကြီးကို ဦးစွာပတ္တပိဏ်ဆွမ်းတင်[...] လှူပြီး၊ အတန်ကြာသောအခါ ပြန်၍ ဆွမ်းတော်စွန့်ကာ အခြားသပိတ်တစ်လုံး[...] ဖြင့် ဘုရားကျွန်မောင်သန်းအတွက် ခွဲဝေကာပေး၏။ ရှင်ကောဝိဒဘုဉ်းပေး[...] ပြီး ပိုသည့်ပတ္တပိဏ်ဆွမ်းကို ကျောင်း[...] ခွေးလေးနှစ်ကောင်ကို ကျွေးမွေးလေ[...] သည်။ ဘုရားကျွန်မောင်သန်းသည် ရှင်ကောဝိဒ ဆွမ်းကို အလကားမစား[...] ကုသိုလ်ပြန်ယူ၏။ ရှင်ကောဝိဒ၏ သင်္ကန်းများကို လျှော်ဖွပ်ပေးခြင်း၊ ဓမ္မာ[...] ထဲသောက်ရေအိုးစင်မှ ရေအိုးကို ရေလ[...] လျှင်ရေခပ်ဖြည့်ခြင်းနှင့် ကုဋီ (အိမ်သာ) ကိုလည်းရေဆွဲထည့်ပေးခြင်းများ ပြုလု[...] ပေးသည်။ ကျောင်းခွေးလေးများဝ[...] လာသည်။ ခွေးလေးနှစ်ကောင်သည် ရှင်ကောဝိဒ သီတင်းသုံးသော ဓမ္မာ[...] ထဲတွင် အချိန်ပြည့်နေကြသည်။

ဘုန်းကြီးကျောင်းတွင် လိုအပ်လျှ[...] မီးသုံးနိုင်ရန်အတွက် မီးစက်တစ်လုံး[...] သည်။ လပြည့်နှင့် လကွယ်ညများတွင် ရှေးဟောင်းဘုရားကြီးအား မီးပူဇော်ခြင်းနှင့် ကျောင်းတိုက်နှင့် ဓမ္မာရုံအားလည်း အချိန်ကန့်သတ်၍ မီးပေးထားသည်[...] ကျန်သည့်ရက်များတွင် ဘက်ထရီမီး[...] သာ နေကြရသည်။ ရှင်ကောဝိဒ၏[...] က မီးစက်မောင်းသည့်ရက်တွင် မီးအ[...] သွင်း၍ရသည့် ရေဒီယိုမီးစလေ[...] လျက်ပါသည့် လက်ကိုင်ပစ္စည်း[...] ကို ရှင်ကောဝိဒကို ကိုရင်ကြီးစဝတ်[...]



www.burmeseclassic.com

www.burmeseclassic.com

[illegible]တည်းက လှူထားသည်။ ထို့ကြောင့် [illegible]ညီ၊ လကွယ်ညမှအပ မီးမပေးသည့် [illegible]တွင် ထိုရေဒီယိုနှင့် မီးစလောင်းတွဲ [illegible]ရှိပါသည့် လက်ကိုင်ပစ္စည်းလေးမှ [illegible]လျက် မကျိန်းစက်မီ တရားနာ [illegible] FM ရေဒီယိုဖွင့်ပြီး ကျိန်းစက်ချိန်၌ [illegible]အိပ်သည်။

တစ်ညနေ၌ လေပြင်းစွာတိုက်၍ [illegible]သည်းထန်စွာရွာသွန်းပေတော့သည်။ [illegible]ကောဝိဒကျိန်းစက်နေစဉ် ခန္ဓာကိုယ် [illegible]မှ ယားကျိကျိဖြင့် အကောင်တစ် [illegible]ကောင်ဖြတ်သွားသည်ကို တွေ့ထိသိရှိ [illegible]၍ အိပ်ရာဘေးတွင် အရန်သင့်ချ [illegible]သော လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုး [illegible]ထိုးကြည့်ရာ အိပ်ရာပေါ်တွင်ဘာ [illegible]ကောင်မှမတွေ့ရဘဲ အမိုးတွင် ကင်းခြေ [illegible]ကြီးတစ်ကောင်တွားသွားနေသည်ကို [illegible]လိုက်ရသည်။ ရှင်ကောဝိဒ၏ [illegible]ပေါ်မှ ယားကျိကျိဖြင့် ဖြတ်သွား [illegible]သည်မှာ ထိုအကောင်ကြီးပင် ဖြစ်ပေ [illegible] ကိုက်သွား၊ တုတ်သွားလို့ကတော့ [illegible]ကောဝိဒမလွယ်ပေ။ ရှင်ကောဝိဒ၏ [illegible]ဘာဝနာအကျိုးကြောင့် အန္တ [illegible]မပေးဘဲ ခြင်ထောင်အမိုးပေါ်တွင် [illegible]နေခြင်းဖြစ်လိမ့်မည်။ ရှင်ကောဝိဒ [illegible] ထိုသတ္တဝါအား မေတ္တာပို့ရည်စူး၍ [illegible]သွားလိုရာသွား၊ ငါ့အားအန္တရာယ် [illegible]နှင့်ဟု ပြောဆို၍ ခြင်ထောင်ကို [illegible] ဖွင့်ပေးလိုက်ရာ ခေတ္တအကြာ သူ [illegible]သူ ခြင်ထောင်အမိုးမှဆင်းကာ [illegible]သွားပေ၏။

ရှင်ကောဝိဒ ခြင်ထောင်ချ၍ ပြန် [illegible]မည်ပြုစဉ်အခိုက် ကျောင်းခွေး [illegible]နှစ်ကောင်သည် ဟူးဟူးဝါးဝါးဟောင် [illegible]တော့သည်။ ခွေးလေးနှစ်ကောင် [illegible]ပုံကား အန္တရာယ်အငွေ့အသက် [illegible] ဟောင်သည့်ပုံဟု ရှင်ကောဝိဒ [illegible]မိ၍ လက်နှိပ်ဓာတ်မီးဖြင့် မီး [illegible]ထားသည့်ရေဒီယိုမီးစလောင်း [illegible]တိုင်ပစ္စည်းမှ မီးစလောင်းကိုရှာ [illegible]စလောင်းဖွင့်၍ ခွေးလေးများ [illegible]သည့်ဘက်ကို ထိုးကြည့်လိုက်ရာ [illegible]ကောင် ပါးပျဉ်းထောင်နေသည် [illegible]ရသည်။ ထိုအချိန်၌ ဘုရားကျွန် [illegible]သန်း တုတ်အရှည်တစ်ချောင်း [illegible] ဓမ္မာရုံထဲရောက်လာသည်။ [illegible]ကျွန် မောင်သန်းသည် အရက် [illegible]သော်လည်း ဘုရား၊ တရား၊ [illegible]နှင့် ရင်းနှီးသူဖြစ်၍ မြွေကိုရိုက် [illegible] တုတ်ရှည်ဖြင့် ဓမ္မာရုံအပြင် [illegible]အောင် မောင်းထုတ်သည်။

တွင်းအောင်းသတ္တဝါနှစ်ကောင်ဖြစ်သည့် ကင်းခြေများနှင့် ထိုမြွေတို့သည် မိုးရွာ၍ တွင်းမှထွက်ကာ ဓမ္မာရုံထဲသို့ဝင်လာခြင်းဖြစ်မည်ဟု ရှင်ကောဝိဒ တွက်ချမိသည်။

ရှင်ကောဝိဒက ပတ္တပိုဏ်ဆွမ်းဖြင့် ဘုရားကျွန်မောင်သန်းနှင့် ကျောင်းခွေးလေးနှစ်ကောင်ကို သနားသဖြင့် ကျွေးမွေးဒါနပြု၍ ကရုဏာ၊ မေတ္တာထားသလို ကျောင်းခွေးလေးနှစ်ကောင်ကလည်း ရှင်ကောဝိဒကို အန္တရာယ်ပေးနိုင်သည့်မြွေကို ဘုရားကျွန်မောင်သန်းနှင့် ရှင်ကောဝိဒတို့သိအောင် အန္တရာယ်အငွေ့အသက်ဟု အသံဖြင့်သတိပေး၏။ ဘုရားကျွန် မောင်သန်းကလည်း လေ[illegible]စ်ခြမ်းဖြတ်ထားသည့် ရှင်ကောဝိဒကို သနား၍ ပြန်လည် စောင့်ရှောက်ကြသည်။ ရှင်ကောဝိဒကို မြွေအန္တရာယ် ကင်းဝေးစေရန် ဘုရားကျွန်မောင်သန်းက မြွေကို ဓမ္မာရုံအပြင်ဘက်သို့ မောင်းထုတ်ပေးခဲ့ကာ သူအိပ်သည့်ဘုရားကြီးထဲသို့ ပြန်အိပ်ရန် ထွက်ခွာသွားပေတော့သည်။ ခွေးနှစ်ကောင်လည်း သူတို့အိပ်သည့်ဓမ္မာရုံကြီးထောင့်တွင် ပြန်ခွေနေကြပေတော့သည်။

ကိုရင်ကြီးရှင်ကောဝိဒ ဘုရားကျွန် မောင်သန်းနှင့် ကျောင်းခွေးလေးနှစ်ကောင် သတ္တဝါလေးဦး၏သနားခြင်းကို အခြေခံသည့်အပြန်အလှန်ကရုဏာ၊ မေတ္တာကား သတ္တဝါအားလုံးအတွက် စံထားထိုက်ပေသည်။

ထိုပုဂ္ဂိုလ်သတ္တဝါလေးဦး၏အပြန်အလှန် ကရုဏာ၊ မေတ္တာများအထဲမှ ဇာတ်ကောင်တစ်ယောက်ဖြစ်လေသော ငယ်နာမည် ပေရွက်ဇာတာတွင်ပါသည့် ခင်ထွန်းခေါ် ကိုရင်ကြီး ရှင်ကောဝိဒမှာ တခြားသူမဟုတ် စာရေးသူ သခ်ီရဗဒုံသားဖြစ်သည်။ ဘုရားကျွန်မောင်သန်းမှာ ယခု လူ့ဘဝမှာမရှိတော့။ ဘဝတစ်ပါးသို့ပြောင်းကာ ကွယ်လွန်အနိစ္စရောက်ခဲ့ပေပြီ။ သူပြုခဲ့သောရှေးဟောင်းဘုရားကြီး ဝေယျာဝစ္စအဝဝနှင့် ကျွန်ုပ် ကိုရင်ကြီးရှင်ကောဝိဒအား ကရုဏာ၊ မေတ္တာထားကာ ကိုရင်ကြီးဝတ်စဉ် စောင့်ရှောက်ခဲ့သည့် ကုသိုလ်များက သူ့ကို ကောင်းရာသုဂတိလားပါစေသားဟု ကျွန်ုပ်ဆုတောင်း၍ ကျွန်ုပ်ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဝဝကို အမျှအတန်းပေးဝေအပ်သည်။

ကျွန်ုပ်သည် ထိုစဉ်က ကုန်းဝက်ချောင်းဆိုသောရွာကလေးတွင်တစ်ပတ်၊ ဆယ်ရက်၊ အများဆုံး တစ်လခန့်သာ ကိုရင်ကြီးဝတ်ရန် ရည်ရွယ်ခဲ့သော်လည်း ရွာသူရွာသားများ၏ မေတ္တာ၊ စေတနာ ဥပဇ္ဈာယ်ဆရာတော်နှင့် ဘုရားကျွန် မောင်သန်း၊ ကျောင်းခွေးလေးနှစ်ကောင်တို့၏ မိုးသည်းညတစ်ည ကရုဏာ၊ မေတ္တာဖြစ်ရပ်မှန်များကြောင့် သုံးလဝန်းကျင်ခန့် ကိုရင်ကြီးဝတ်ဖြစ်ခဲ့သည်။ ကျွန်ုပ်ညီနှင့် ကျွန်ုပ်၏ဇနီး၊ သားသမီးများက ထိုရွာကလေးတွင် ကိုရင်ကြီးဝတ်ဖြင့် ရက်ကြာလာသောအခါ ကျန်းမာရေးအတွက် စိတ်မချကြ၍ လူထွက်ခိုင်း၍သာ ကျွန်ုပ်လူထွက်ခဲ့ရသည်။ ကျွန်ုပ်၏ဆန္ဒအရ တစ်သက်ကျန်းမာရေးကောင်းသလောက် သင်္ကန်းဆက်ဝတ်ချင်သော်လည်း မိသားစုဆန္ဒ ဦးစားပေး၍ လူထွက်ခဲ့ရသည်။ ကုန်းဝက်ချောင်းရွာကလေးတွင် ကျွန်ုပ် ကိုရင်ကြီးဝတ်စဉ်နောက်ပိုင်း၌ အရုဏ်ဆွမ်းအဖြစ်ဆွမ်းကို ဘုရားဒကာကြီးနှင့် ကျောင်းဒကာကြီး ဦးတင်စိုးက ဥပဇ္ဈာယ်ဆရာတော်ရွာမှ ဒုလ္လဘရဟန်းနှင့် ကျွန်ုပ် ကိုရင်ကြီး ရှင်ကောဝိဒတို့ကို ရွာထဲမှ မုန့်ဝယ်ကာ အရုဏ်ဆွမ်းမုန့်ကပ်ခဲ့သည်။ ထိုဘုရားဒကာကြီးနှင့်ကျောင်းဒကာကြီး (ဦးတင်စိုး) လည်း ယခုဒီဇာမူရေးသား၍ မပြီးမီအခိုက် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရှိလိုက်ရပြန်ပြီ။ သြော် - သတ္တဝါတစ်ခုကံတစ်ခုပါတကား။

ကျွန်ုပ် ကိုရင်ကြီးဝတ်စဉ်က သနားကရုဏာမေတ္တာထားကာ စောင့်ရှောက်ခဲ့ကြသောသူအားလုံးနှင့် ဆွမ်းလောင်းလှူခဲ့ကြသည့် ရွာသူရွာသားအပေါင်းအား ကျွန်ုပ် မရဏလမ်းသို့ မရောက်မချင်း မသေခင်ရက်အထိ မမေ့နိုင်တော့ပေ။

သတ္တဝါအပေါင်းမေတ္တာ၊ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေနိုင်ကြပါစေသတည်း။ ကျွန်ုပ်၏ ဤဝတ္ထုလေးကို ကြိုက်နှစ်သက်ပါက ဝေဖန်အကြံပြုနိုင်ရန် ဖုန်းနံပါတ်နှင့် လိပ်စာ ဖော်ပြလိုက်ပါသည်။

(ဦးမျိုးမြင့်၊ ၀၉ - ၇၉၈၀၂၉၉၄၂၊ ၃၀၊၃၁(ခ)၊ မြေညီထပ်၊ ဇေယျသုခလမ်း၊ အမှတ် (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်)

*စာဖတ်ပရိသတ်အားလေးစားလျက်*

**သခ်ီရဗဒုံသား**



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ကြောင်ပန်းဆရာတော်ဘုရားကြီး

## အမှတ်တရ

အဖေဦးရန်အောင်နှင့် ဆရာဒဂုန်ဦးစန်းငွေတို့သည် အလွန်ခင်ကြသည်။ ဆရာကြီး ဦးစန်းငွေသည် ကျမ်းတတ်အကျော်လယ်တီတိုက်ထွက်ဖြစ်လေသည်။ အဖေနှင့် ဒဂုန်ဦးစန်းငွေတို့သည် တွေ့ဆုံတိုင်း လယ်တီအကြောင်းသောင်းပြောင်းထွေလာပြောကြသဖြင့် အနီးတွင်ရှိသော ကျွန်တော်ကြားနာမှတ်သားခဲ့ရသည်။ ထိုအထဲတွင် ကြောင်ပန်းဆရာတော်ကြီးအကြောင်းလည်းပါလေသည်။

၁၉၇၀ ပြည့်နှစ် တစ်နေ့တွင် ဒဂုန်ဦးစန်းငွေက အဖေ့ကိုစာအုပ်တစ်အုပ်လက်ဆောင်ပေးသည်။ စာအုပ်၏ အမည်မှာ 'ရဟန္တာဟုကျော်ကြားသော ကြောင်ပန်းဆရာတော်ကြီး' ဟူ၍ ဖြစ်ပါသည်။ ကျမ်းပြုသူမှာ ဦးတင်စိုး မမ္မာစရိယဖြစ်ပြီး ပုံနှိပ်ခုနှစ်မပါရှိပါ။

ကျေးဇူးရှင် ကြောင်ပန်းဆရာတော်ဘုရားသည်ကား သာသနာ့သမိုင်းဝင် လယ်တီနိကာယဂိုဏ်းမှ ဖြစ်ထွန်းတော်မူခဲ့သော လယ်တီသာသနာ့ပြုပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ပါသည်။

**❑ ဆရာတော်ကြီးဇာတိ**

ကြောင်ပန်းဆရာတော်ကြီး၏ ချက်မြှုပ်ရာ ဇာတိမှာ ကျည်းပင်ချောင်ကျေးရွာဖြစ်ပြီး မုံရွာ-အလုံကားလမ်း အနီးတည်ရှိကာ သာယာကြည်နူးဖွယ်ကောင်းလှပါသည်။ မုံရွာနှင့် (၁၉) မိုင်ကွာဝေးပါသည်။

**❑ ဖွားသက္ကရာဇ်**

ခမည်းတော် တောင်သူ ဦးမြ၊ မယ်တော် ဒေါ်လှိုင်တို့မှာ အေဒီ ၁၈၆၀ ပြည့်နှစ် (သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်) တနင်္ဂနွေနေ့ နံနက် (၁၀) နာရီတွင် ကြောင်ပန်းလောင်းလျာကို ဖွားမြင်လေသည်။ ငယ်မည်မှာ မောင်သံတူဖြစ်လေသည်။


အေဒီ ၁၈၆၆ ခုနှစ် (သက္ကရာဇ် ၁၂၂၈ ခုနှစ်) အသက် (၆) နှစ်သားတွင် မိဘနှစ်ပါးတို့က ကျည်းပင်ချောင်ရွာဦးကျောင်းဆရာတော် ဦးမုနိန္ဒအထံ အပ်နှံလျက် အခြေခံကျမ်းစာများကိုသင်ကြားစေသည်။ အေဒီ ၁၈၇၄ ခုနှစ်၊ (၁၄) နှစ်သားအရွယ်တွင် မိဘနှစ်ပါးကပင် သာမဏေအဖြစ်ချီးမြှောက်ရာ ဘွဲ့တော်မှာ ရှင်ကုန္ဒက ဖြစ်သည်။ သာမဏေဘဝတွင် ကိုးကြောင်းဂဏန်းသချ်ာနှင့် ဗေဒင်၊ သဒ္ဒါ၊ သင်္ဂြိုဟ် စသော ပါဠိကျမ်းတို့ကို (၃) နှစ်တာမျှ သင်ယူခဲ့ပြီးနောက် မိမိဆရာတော်ပျံလွန်တော်မူ၍ အသက် (၁၇) နှစ်တွင် ကိုရင်လူထွက်လာသည်။

အေဒီ ၁၈၈၀ ပြည့်နှစ် (၁၂၄၂ ခုနှစ်) အသက်(၂၀)အရွယ်တွင် ခမည်းတော် ကွယ်လွန်ပြန်သဖြင့် သေခြင်းတရား၏ထိတ်လန့်မှုသံဝေဂကို ရရှိလာလေသည်။

"အင်း-ငါ့ဆရာကိုလည်း သေမင်းကခေါ်ယူသွားခဲ့ပြီ။ ယခု ငါ့ခမည်းတော်ကိုလည်း သေမင်းက နှိပ်စက်ခေါ်ယူသွားပြန်ပြီ။ အသင်သေမင်း အသင့်နိုင်ငံမှ ဒီဘဝနဲ့လွတ်မြောက်အောင် ငါကြိုးစားအံ့"

ဟူ၍ နှလုံးသွင်းပြီးလျှင် တစ်ကိုယ်တည်းကြုံးဝါး၍နေလေသည်။

မိခင်ကြီးအား ကိုရင်ပြန်ဝတ်ပေးရန်အကြိမ်ကြိမ်ခွင့်တောင်းရာလေသည်။ မိခင်ကလည်း ခွင့်မပေးနိုင်ရှိလေရာ နောက်ဆုံးတွင် ကြောင်ပန်းလောင်းလျာ





www.burmeseclassic.com

www.burmeseclassic.com

မောင်သံတူသည် လူဝတ်နှင့်ပင်လယ်တီ ဆရာတော်ဖြစ်လာမည့် စိုင်ပြင်ဦးဉာဏ ခေတ္တနေထိုင်ရာ စစ်ကိုင်းတောင်ညောင် ပင်သာချောင်းသို့ ထွက်ခွာသွားလေ သည်။

**□ လယ်တီဆရာတော်အလောင်းလျာက ကျောင်းပန်းလောင်းလျာကို ကိုရင်ဝတ် ပေးခြင်း**

ထိုအချိန်က လယ်တီဆရာတော် လောင်းလျာ ဦးဉာဏသည် မန္တလေးမြို့ ကျောင်းတိုက်တွင် ပညာသင်ကြားနေ သော် ဝါပဖြစ်လျှင် အဆိုပါချောင်သို့ခေတ္တ ကြွရောက်နေမြဲ ဖြစ်သည်။ ကျောင်း ပန်းလောင်းလျာရောက်လာသည့်နေ့မှာ ပင် ဦးဉာဏက ကိုရင်ပြန်ဝတ်ပေးလေ သည်။ ဘွဲ့တော်မှာ ရှင်ကန္တကဖြစ်လေ သည်။

နောက်မကြာမီပင် မယ်တော် ဒေါ်လှိုင်နှင့် သားငယ် မောင်သာပိုက်တို့ သည် အဆိုပါချောင်သို့လိုက်လာကြရာ မောင်သံတူအား ကိုရင်ဝတ်နှင့်တွေ့မြင် လေသည်။ မယ်တော်ကြီးမှာ ကိုရင် ဝတ်နှင့်မြင်ရသော မိမိသားကြီးကိုပွေ့ ဖက်၍ ငိုကြွေးရှာလေသည်။

လယ်တီလောင်းလျာ ဦးဉာဏက မယ်တော်ကြီးကို တရားပြဆုံးမသဖြင့် လူထွက်ရန်အတွက်လျှောက်ထားခြင်းမှ စိတ်လျှော့ရရှာလေသည်။

**□ လယ်တီဆရာတော်အလောင်းလျာထံ တပည့်ခံခြင်း**

အေဒီ ၁၈၈၀ ပြည့်နှစ် (၁၂၄၂ ခုနှစ်) တွင် ကိုရင်ကန္တကအား စစ်ကိုင်း တောင် ညောင်ပင်သာချောင်၌ သစ် ဆိမ့်ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု စံကျောင်းမှ ဦးဉာဏစသော ဆရာတော်များ၊ စစ်ကိုင်းတောင်မှဆရာ တော်များက မြင့်မြတ်သော ရဟန်းအ ဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူ ကြလေသည်။ လယ်တီလောင်းလျာ ဆရာတော်ဦးဉာဏက ပစ္စည်းလေးပါး ဒါယကာခံ ချီးမြှောက်တော်မူလေသည်။

ကိုရင်ကန္တကကိုလည်း လယ်တီ ဆရာတော်လောင်းလျာ ဦးဉာဏက မန္တ လေးစံကျောင်းတိုက်သို့ ခေါ်သွားပြီး လျှင် ဦးဉာဏကိုယ်တိုင် နေ့ဝါ၊ ညစာ ပေစာကျမ်းဂန်များကို သင်ကြားပို့ချပေး လေသည်။

လယ်တီဆရာတော်သည် အေဒီ ၁၈၈၂ ခုနှစ် (၁၂၄၄ ခုနှစ်တွင်)မန္တလေး စံကျောင်းတိုက်မှ မုံရွာသို့ ပြန်ကြွလာ ရာ ကျောင်းပန်းလောင်းလျာသည် မန္တ လေးမှာပင် ဆက်လက်၍ စာပေသင် ကြားခွင့်ပြုရန် လျှောက်ထားခွင့်ပန်နေ ရစ်ခဲ့ပြီးလျှင် ဇီးဘန်နီဆရာတော်အထံ မှာ ချဉ်းကပ်ပညာသင်ယူလေသည်။

ရဟန်းတော် ဦးကန္တကသည် သီပေါအရှင်နှစ်ပါး ပါတော်မူသောအခါ အေဒီ ၁၈၈၅ ခုနှစ် (၁၂၄၇ ခုနှစ်) တွင် ရဟန်းသိက္ခာ (၅) ဝါမျှရှိသေးသည်။

အေဒီ ၁၈၉၂ ခုနှစ်(၁၂၅၄ ခုနှစ်) သို့ရောက်သောအခါ လယ်တီဆရာတော် သည် တပည့်ကြီး ဦးကန္တကကို မန္တလေး မှ မုံရွာလယ်တီတိုက်သို့ ပြန်လည်ခေါ် ယူပြီးလျှင် လယ်တီတိုက်တွင် ရဟန်း ငယ်များ စာပေပို့ချရန် အမိန့်ရှိတော်မူ ရာ ဦးကန္တက -

"တပည့်တော်သည် ငယ်ဆရာနှင့် ခမည်းတော်တို့ကို သေမင်းခေါ် ယူစဉ်က သေမင်းစင်မှ ကျွတ်လွတ်ထွက်မြောက် စေအံ့ဟု ကြုံးဝါးလာချက်ရှိပါသည်။ စာချဝတ်မှ ခွင့်လွှတ်သနားတော်မူ၍ သေမင်းမမြင်နိုင်သောတရားကို ရှာဖွေ ရန် ခွင့်ပြုပါဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ လယ်တီဆရာတော်သည် လွန်စွာ အားရနှစ်သိမ့်တော်မူ၍ ကျောင်းပန်း လောင်းလျာဦးကန္တကအား တောင်ပို့ဥပမာဖြင့် စိတ်ကို ကိုယ်တွေ့ (သံဒိဋ္ဌိက)အဖြစ်ကျယ်ပြန့်စွာဟောကြား ဆုံးမလျက် သာဓုအကြိမ်ကြိမ်ခေါ် လေ သည်။ တရားအားထုတ်သောအခါ အလိုရှိလျှင် အကြောင်းကြားပင့်ခေါ် ရန်ကိုလည်း မိန့်ကြားလိုက်လေသည်။

အရှင်ကန္တကသည် မုံရွာမှခြေကျင် ခရီးဖြင့် ကျေးဇူးရှင် မယ်တော်ကြီးအထံ ခေတ္တဝင်ရောက်ပြီးနောက် အေဒီ ၁၈၉၂ ခုနှစ်၊ မေလ ၂၁ ရက်၊ ကြာသပ တေးနေ့ (၁၂၅၄ ခုနှစ်၊ နယုန်လပြည့် နေ့) တွင် ဝက်ရဲ(ဝရဲ)တောကြီးသို့ တရားအားထုတ်ရန် ကြွရောက်တော်မူ လာလေသည်။

နှစ်များစွာ တရားအားထုတ် သီတင်းသုံးနေစဉ် ဆရာတော်၏ ရပ်ရွာ မှ ဆွေမျိုးများ လာရောက်ကြပြီး လှူ ဖွယ်ပစ္စည်းများကို လှူလေသည်။ မယ် တော်ကြီးပါမလာသဖြင့် မေးသောအခါ ၁၈၉၄ ခုနှစ်၊ ဇွန်လ (၁၂၅၆ ခုနှစ်၊ နယုန်လ) ကပင် ကွယ်လွန်ကြောင်း လျှောက်ထားကြသည်။ မိမိဆွေမျိုးများ ကိုလည်း တရားပြသဆုံးမတော်မူသည်။

**□ လယ်တီဆရာတော် ဝက်ရဲတောသို့ကြွ တော်မူခြင်း**

ထိုအချိန်မှစ၍ ကျောင်းပန်းလောင်း လျာသည် ပြင်းထန်စွာတရားအားထုတ် တော်မူရာ (၇) ရက်မှ တစ်ကြိမ်ဆွမ်းခံ ခြင်းဖြင့် ရောင့်ရဲမှုတစွာ ကျင့်ကြံအား ထုတ်တော်မူလေသည်။ တရားကိုပြင်းပြ စွာ အားထုတ်နေရာ ခန္ဓာကိုယ်မကျန်း မမာဖြစ်လာသည်။ မိမိ၏ဆရာရင်းဖြစ် သော လယ်တီဆရာတော်ထံသို့ အရှင် ဘုရားဟောကြားတော်မူသော နာမ် တရားက ဆန်းကြယ်လွန်းလို့ မပိုင်နိုင် အောင်ရှိပါကြောင်း လျှောက်လွှာကိုရေး သားဆက်သွင်းလေသည်။

လယ်တီဆရာတော်ကြီးသည် ကျောင်းပန်းတပည့်ထံမှ လျှောက်ထား သော စာလွှာကိုရရှိသောအခါ -

"ဝရဲတောက တပည့်ကြီးခေါ်တာ သွားမှာပဲ"

ဟု အမိန့်ရှိပြီးလျှင် စာပို့လာသူ နှင့်အတူ ပရိက္ခရာမျှကိုသာယူ၍ ချက်ချင်း လိုက်ပါကြွသွားတော်မူလေသည်။

**□ လယ်တီဆရာတော်ကိုယ်တိုင် ဆွမ်းခံ ကျွေးခြင်း**

အချိန်မှာ အေဒီ ၁၉၀၀ ပြည့်နှစ် (၁၂၆၂ ခုနှစ်) မေလ ပူပြင်းလှသော ကဆုန်လဖြစ်လေသည်။ ထိုအချိန်တွင် ကျောင်းပန်းလောင်းလျာသည် နေမ ကောင်းဖြစ်နေရာ ကျေးဇူးရှင် လယ်တီ ဆရာတော်က ဆွမ်းခံကျွေးခြင်းဖြင့် ပါရမီကိုကူညီဖြည့်ဆည်းပေးလေသည်။ ဆရာတော်ကြီးလည်း ဝရဲတောမှာပင် ဝါဆိုတော်မူသည်။

ကျောင်းပန်းဦးကန္တကလည်း ထိုဝါ တွင်းသုံးလပတ်လုံး မိမိမျက်နှာကို သင်း ပိုင်ဖြင့် ဖုံးအုပ်စည်းပြီးလျှင် မျက်စိမဖွင့် တော့ဘဲ တရားအားထုတ်ရာ နာမ် တရားလိမ်နေခြင်းကို ပိုင်ပိုင်ကြီးသိမြင် သွားလေသည်။ ကျေးဇူးရှင်ဆရာတော် ကြီးအားလည်း မိမိသိမြင်နေသော တရားကို ပြန်လည်လျှောက်ထားရာ များစွာအားရနှစ်သိမ့်တော်မူ၍ လယ်တီ ဆရာတော်ကြီးက သာဓုအကြိမ်ကြိမ် ခေါ်လေသည်။

**ဝက်ရဲတော၌ သီတင်းသုံးခြင်း**

လယ်တီနှင့်ကျောင်းပန်းဆရာတော် သီတင်းသုံးရာ ဝက်ရဲတောကြီးကား ဆင်ရိုင်းကြီးများလည်းရှိသည်။ သစ်ကျား တို့လည်း အလွန်များလှသည်။ ဝက်ရဲ



www.burmeseclassic.com

www.burmeseclassic.com

အနီး ကြောင်ပန်းတောရုံကြီးများလည်း ရှိသည်။ ထို့နောက် ဝါကျွတ်ပြီးနောက် ဆရာနှင့်တပည့်နှစ်ပါးတို့သည် ဝက်ရဲတောမှ ဘုတလင်သို့ ကြွရောက်တော်မူကြပြီးလျှင် ကြောင်ပန်းဦးကုန္တကအားလည်း ဆေးကုသပေးရလေသည်။

**❑ လယ်တီဆရာတော်ချီးကျူးခြင်း**

ဘုတလင်မြို့တွင် ခေတ္တသီတင်းသုံးတော်မူနေကြစဉ် လယ်တီဆရာတော်ကြီးသည် ကြောင်ပန်းဆရာတော်ဦးကုန္တက တရားအားထုတ်ပုံ၊ စိတ်တစ်လုံးပိုင်ပုံ စသည်များကို ရောက်လာသမျှသော တပည့်ကြီးငယ် ပရိသတ်တို့အား ပြောဟောချီးကျူးတော်မူလေသည်။

**❑ ကြောင်ပန်းတောရဖြစ်ပေါ်လာခြင်း**

ဦးကုန္တကသည် အေဒီ ၁၉၀၄ ခုနှစ် (၁၂၆၆ ခုနှစ်) တွင် ဘုတလင်မြို့နယ် ကူတောရွာမွန်၏ အရှေ့ဘက် ကြောင်ပန်းတောကြီးသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူပြန်သည်။ ကြောင်ပန်းချုံကြီးအတွင်း တရားအားထုတ်ရင်းနေလာခဲ့ရာ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒကာ၊ ဒကာမတို့လိုက်လာကြပြီးလျှင် တရားနာသူ တရားအားထုတ်သူများ တိုးတက်များပြားလာလေသည်။

ကြောင်ပန်းချုံကြီးကို အမှီပြု၍ ကြောင်ပန်းတောရဖြစ်လာရာ ဌာန၏ အမည်ကိုအစွဲပြုလျက် ကြောင်ပန်းဆရာတော်ဟူ၍ ဖြစ်လာလေသည်။

**ကြောင်ပန်းဆရာတော်စီရင်ခဲ့သော ကျမ်းများမှာ**

၁။ ဝိဝဋ္ဋဒီပနီ (အေဒီ ၁၉၀၇ ခုနှစ်၊ ၁၂၆၉ ခုနှစ်နှင့် အေဒီ ၁၉၀၉ ခုနှစ်၊ ၁၂၇၁ ခုနှစ်အတွင်း)
၂။ ဝိပဿနာဒီပနီ (အေဒီ ၁၉၁၀ ပြည့်နှစ်၊ ၁၂၇၂ ခုနှစ်)
၃။ သဘာဝဒီပနီ (အေဒီ ၁၉၁၁ ခုနှစ်၊ ၁၂၇၃ ခုနှစ်)
၄။ သုံးလောကဒီပနီ (အေဒီ ၁၉၁၆ ခုနှစ်၊ ၁၂၇၈ ခုနှစ်)
၅။ ရတနာဒီပနီ (အေဒီ ၁၉၁၇ ခုနှစ်၊ ၁၂၇၉ ခုနှစ်)
၆။ ကြောင်ပန်းဟောစဉ် (အေဒီ ၁၉၂၆ ခုနှစ်၊ ၁၂၈၈ ခုနှစ်)

အထွေထွေဆုံးမစာ ကဗျာအလင်္ကာများ၊ ယင်းကျမ်းများကို (ဝိပဿနာခြောက်စောင်တွဲ) ဟူ၍လူသိများကြသည်။ ကြောင်ပန်းဝိပဿနာခြောက်စောင်တွဲများသည် သာသနာတွင် ထင်ရှားပေါ်လွင်လှသော ကျမ်းစာများဖြစ်ကြသည်။

**❑ တဘောင်အရပေါ်ပေါက်လာခြင်း**

ကြောင်ပန်းဝိပဿနာဟူ၍ မော်ကွန်းတင်နိုင်အောင် စွမ်းစွမ်းတမံအားထုတ်တော်မူသွားသော ကျေးဇူးရှင် ကြောင်ပန်းဆရာတော်ကြီးနှင့် စပ်လျဉ်းသော အတိတ်တဘောင်များလည်းပေါ်ပေါက်လာခဲ့သည်။ ထိုတဘောင်ကား 'အင်းခမ်းတော့ လယ်ပေါ်၊ လယ်ပေါ်တော့ ငှက်ကျ။ ငှက်ကျတော့ ကြောင်ခုတ်'ဟူ၍လည်းကောင်း 'အင်းခမ်းတော့ လယ်ပေါ်၊ ငှက်တော်ကြောင်ခုတ်'ဟူ၍လည်းကောင်း တဘောင်များပေါ်လာခဲ့သည်။

**ထိုတဘောင်များအရ**

(အင်း) ဆိုသည်မှာ အင်းခန်းဆရာတော် (မဟာဝိသုဒ္ဓါရာမရွှေကျင်ဆရာတော်ဘုရားကြီး) ဖြစ်ပါသည်။

(လယ်) ဟူသောစကားမှာ လယ်တီဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

(ငှက်) ဟူသော စကားမှာ ငှက်တွင်းဆရာတော်ကြီး ဖြစ်ပါသည်။

(ကြောင်) ဟူသော စကားမှာ ကြောင်ပန်းဆရာတော်ကြီး ဖြစ်ပါသည်။

ဤသည်ကိုရည်စူး၍ 'အင်းခမ်းတော့ လယ်ပေါ်၊ ငှက်တော်ကြောင်ခုတ်' ဟုဆိုကြောင်း ပညာရှင်အချို့က ပြောကြားကြပါသည်။

**❑ မောင်းထောင်းဦးကျော်လှ၏ သံချိုတစ်ပုဒ်**

ထိုအချိန်က နေမြင်လမြင်နက္ခတ်ဆရာကြီးဖြစ်သော မောင်းထောင်းဦးကျော်လှသည် ကြောင်ပန်းဆရာတော်နှင့်စပ်လျဉ်း၍ သံချိုကဗျာတစ်ပုဒ်ကိုလည်း ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့ပေသေးသည်။

ဤသို့ဖြင့် ကြောင်ပန်းဆရာတော်ကြီးသည် ဘုတလင်ကြောင်ပန်းတောရနှင့်တကွ ကျေးလက်မြို့နယ်အခြားတောရွာများသို့ လှည့်လည်ကြွရောက်ပြီးလျှင် ကြောင်ပန်းဝိပဿနာသာသနာအမှုကို ဆက်တိုက်ပြုစုလျက်ရှိတော်မူလေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း မိမိတပည့်ကြီးခက်ခဲနက်နဲလှသော ဝိပဿနာတရားများကို လှည့်လည် ဟောကြားတော်မူခြင်းကို များစွာ အားရနှစ်သိမ့်တော်မူလှပေသည်။ ဝိပဿနာတရား အမြင်ချင်းကွာခြားမှုကြောင့် အချို့တပည့်များက လယ်တီဆရာတော်ကြီးအား လျှောက်ထားကြသောအခါ -

"ဟေ့မောင်ချော (မောင်ချောကား အလုံမြို့သူကြီးတည်း)၊ ကြောင်ပန်း၏ဉာဏ် လူသာမန်မီရန် ခဲယဉ်းပါသကွာ"

ဟူ၍ မိန့်တော်မူဖူးသည်။

**❑လယ်တီဆရာတော်ပျံလွန်တော်မူကြောင်းကြေးနန်းစာ**

အေဒီ ၁၉၂၃ ခုနှစ် (၁၂၈၅ ခုနှစ်) တွင် ပျဉ်းမနားမြို့မှာလယ်တီဆရာတော်ဘုရားကြီး ပျံလွန်တော်မူကြောင်းကို မုံရွာမြို့လယ်တီတိုက်မှတစ်ဆင့် ဘုတလင်ကြောင်ပန်းတောရသို့ ကြေးနန်းဖြင့် အကြောင်းကြားလိုက်ရာ -

"ဟာ - ပြီးရောဗျာ၊ တစ်ခါဖြင့် ခက်ကြပြီ။ ဝိနိစ္ဆယမဏ္ဍိုင်ကြီးပြိုလဲသွားပြီ"

ဟု ကြောင်ပန်းဆရာတော် အလွန်ညည်းညူတော်မူရှာလေသည်။

**❑ကြောင်ပန်းဆရာတော် ဦးဆောင်ပြီးသွားပင့်ရန်**

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့ ဦးလန်းတိုက်၌ ပျံလွန်တော်မူရာ ပျဉ်းမနားမြို့နယ်ရှိ တပည့်ရဟန်းသံဃာတော်များနှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ တပည့်ရဟန်းသံဃာတော်အားလုံးတို့က ဆရာတော်ဘုရားကြီး၏အလောင်းတော်ကို ပျဉ်းမနားမြို့မှာပင် သဂြိုဟ်ခြင်းအန္တိမဈာပနအမှုကိုပြုရန် တညီတညွတ်တည်းဆုံးဖြတ်၍ မုံရွာမှ လာပင့်လျှင်လည်း ခွင့်မပြုရန် သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းနှင့် ညှိနှိုင်းလျက် အပြီးအပိုင် အစီအစဉ်ရေးဆွဲထားကြလေသည်။

ထိုသတင်းကို မုံရွာမြို့ရှိ တပည့်ကြီးများမှာ အထောက်တော်များမှတစ်ဆင့်သတင်းအတိအကျခိုင်လုံစွာရရှိထားသဖြင့် အလောင်းတော်ကို သာမန်ပုဂ္ဂိုလ်များသွားပြီး ပင့်၍ရနိုင်မည့်အခြေအနေမရှိသောကြောင့် လူပရိသတ်၊ ရဟန်းပရိသတ်များက အစည်းအဝေးပြုလုပ်ပြီး ထိုအစည်းအဝေးမှ မုံရွာမြို့မှ သဂြိုဟ်သင့်ကြောင်းကို ထိုအကြောင်းယုတ္တိခိုင်လုံစွာဖြင့်ပြောဆိုနိုင်သော၊ လူရှင်ပရိသတ်အပေါင်းတို့ ယုံကြည်လေးစားသော ကြောင်ပန်းဆရာတော်ကြီးနှင့်သာ သင့်လျော်ကြောင်း အားလုံးက



www.burmeseclassic.com

www.burmeseclassic.com

ညီတညွတ်တည်း ဆုံးဖြတ်ကြသည်။

ထို့ကြောင့် ကြောင်ပန်းဆရာတော်ဦးဆောင်သော အလောင်းတော်ပင့်ဆောင်ရေးအဖွဲ့ကို ပျဉ်းမနားမြို့သို့ စေလွှတ်လိုက်ကြသည်။ မုံရွာမြို့လယ်တီတိုက်သို့ ကြောင်ပန်းဆရာတော်နှင့်အဖွဲ့ ချီတက်ချင်းလိုက်သွားပြီး ဒုတိယလယ်တီတိုက်အုပ်စသော အနီးနေပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လယ်တီဆရာတော်ဘုရားကြီး၏ရုပ်အလောင်းတော်ကို မုံရွာသို့ ပင့်ဆောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြလေသည်။

ကြောင်ပန်းဆရာတော်ဦးဆောင်သောအဖွဲ့သည် ပျဉ်းမနားမြို့တွင် အလောင်းတော်ပင့်ဆောင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အကြီးအကျယ်ဆွေးနွေးကြစဉ် လယ်တီဆရာတော်ကြီး၏ ရုပ်အလောင်းတော်မှာ ရုတ်တရက် ပျောက်ဆုံးသွားလေသည်။ ထို့ကြောင့် ပင့်ဆောင်ရေးအစီအစဉ် ပျက်သွားလေတော့သည်။

ဆရာတော်ကြီး၏ရုပ်အလောင်းကို အသာဖြင့် ဆရာတော်ကြီး ရေးသားစီရင်သော ဒီပနီကျမ်းတို့ကို ကျောက်ထက်အက္ခရာတင်၍ ကျောက်စာတိုင်တည်ဆောက်ရန် ရွှေတန်းမှ ဦးဆောင်လျက် ဆရာတော်ကြီး၏ဂုဏ်တော်၊ ကျေးဇူးတော်များကို ကျေးဇူးဆပ်သည့်အနေဖြင့် အုတ်စာနယ်လှည့်တာဝန်ခံ မမွကာထိ ကို့စည်းရာတွင် ကြောင်ပန်းဆရာတော်က ထိပ်ဆုံးမှ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။

**လယ်တီဆရာတော်ဘုရားကြီးအတွက် မန်စီရွှေချခေါင်းတော်**

မုံရွာမြို့ရှိ တပည့် ဒကာ၊ ဒကာမ ဒေါင်းတို့က လယ်တီဆရာတော်ဘုရားကြီး၏ရုပ်အလောင်းတော်ပင့်လာသော အခါ အဆင့်သင့်ထည့်သွင်းရန် မှန်စီရွှေချခေါင်းတော်ကြီးကို အပြီးလုပ်ထားကြလေသည်။ အလောင်းတော်ပါမလာသောကြောင့် ထိုခေါင်းတော်မှာအချည်းနှီးဖြစ်နေရလေသည်။

အလွန်ထူးဆန်းသောအချက်မှာ ထို့ပြင် လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို ပျဉ်းမနားသို့သွားရောက်ပင့်ဆောင်ရာတွင် ဦးဆောင်ဦးရွက်ပြုခဲ့သော ကြောင်ပန်းဆရာတော်ဘုရားကြီးသည် ကောဇာ ၁၃၂၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၂၈၈ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်နေ့) ကြာသပ



တေးနေ့တွင် ပျံလွန်တော်မူခဲ့ပြန်လေသည်။

လယ်တီဦးလှပိုင်ပြုစုသော လယ်တီဂန္ထဝင် ၁၉၆၇ ခု၊ ဩဂုတ်လ၊ ပထမအကြိမ် ပုံနှိပ်စာ၊ ၂၉၆ တွင် ကြောင်ပန်းဆရာတော်ဘုရားကြီးသည် ကောဇာ ၁၃၂၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ၇ကဲ၊ (၁၂၈၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်) ဗုဒ္ဓဟူးနေ့တွင် ပျံလွန်တော်မူလေသည်ဟု မှတ်တမ်းတင်ထားပါသည်။

**□ လယ်တီဆရာတော်ကြီးအတွက် ရွှေခေါင်းကြီးကို ကြောင်ပန်းဆရာတော်ကြီးအတွက် အသုံးပြုတော်မူခြင်း**

လယ်တီဆရာတော်ဘုရားကြီး၏ အနုဂ္ဂနှစ်မျိုးဖြင့် ချီးမြှောက်ခဲ့သောလက်သပ်မွေးတပည့်ကြီးဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ကြိုးပမ်းမှု၊ ဝိပဿနာသာသနာကို ရွှေတန်းမှ ရှပ်ရှပ်ချွံချွံဆောင်ရွက်တော်မူခဲ့ခြင်းကြောင့်တစ်ကြောင်း၊ လယ်တီဆရာတော်ဘုရားကြီးအတွက် မှန်စီရွှေချခေါင်းတော်ကို ကြောင်ပန်းဆရာတော်ကြီး၏ ရုပ်အလောင်းတော်ထည့်ရန် လယ်တီတိုက်တွင်းရှိ သံဃာတော်များက ဆုံးဖြတ်တော်မူကြလေသည်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားအတွက် စီမံထားသော မှန်စီရွှေချခေါင်းတော်ကြီးကို ကြောင်ပန်းဆရာတော်ကြီးအတွက် အသုံးပြုလိုက်ရလေသည်။ အံ့ဖွယ်တိုက်ဆိုင်မှုပင် ဖြစ်ပါသည်။

**□ မှန်စီရွှေချခေါင်းတော်ကို ဘုတလင်သို့ ယူဆောင်ကြခြင်း**

ထိုခေါင်းတော်ကြီးကို မီးရထားဖြင့် ဘုတလင်မြို့ ကြောင်ပန်းတောရကျောင်းသို့ သယ်ယူလိုကြောင့် မုံရွာမြို့ မီးရထားရုံပိုင်ကြီးထံ သွားရောက်ဆွေးနွေးကြရာ ခေါင်းတော်သယ်ယူရေးအဖွဲ့၏လိုလားချက်အားလုံးကို ရုံပိုင်ကြီးက အကူအညီပေးရေးအဖွဲ့ဖွဲ့ပေးလေသည်

ထို့ကြောင့် ခေါင်းတော်သယ်ယူရေးမှာ အခက်အခဲမရှိဘဲ စည်ကားသိုက်မြိုက်စွာဖြင့် ဆောင်ကြဉ်းနိုင်ခဲ့လေသည်။

အထူးမှာ ကြောင်ပန်းဆရာတော်ဘုရားကြီး၏ရုပ်အလောင်းတော်ကို ထိုခေါင်းတော်အတွင်းသို့ မထည့်သွင်းမီ လူဝတ်ကြောင်များအားလုံးကို ကိုင်ခွင့်မပြုရန် ဒုတိယအကြိမ်မြောက် လယ်တီဆရာတော်ဘုရား ဦးဉာဏော၏ အမိန့်ရှိချက်အရ မုံရွာမှ သံဃာတော်များက ဘုတလင်မြို့ ကြောင်ပန်းတောရအထိ လိုက်ပို့ကြသည်။

ထို့ပြင် မှန်စီရွှေချခေါင်းတော် သယ်ဆောင်လာသော မီးရထားသည် ကြောင်ပန်းတောရအနီးတွင် ဘူတာရုံမရှိဘဲနှင့် ရပ်ပေးလေသည်။

ကြောင်ပန်းဝိပဿနာ ဟူ၍ မော်ကွန်းတင်နိုင်လောက်အောင်စွမ်းစွမ်းတမံ အားထုတ်တော်မူသွားခဲ့သော ကျေးဇူးရှင် ကြောင်ပန်းဆရာတော်ဘုရားကြီး၏ခန္ဓာဝန်ချပုံမှာ ထူးခြားချက်များနှင့်ပြည့်နေပေသည်။

ဤဆောင်းပါးဖြင့် ကြောင်ပန်းဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

**တင်အောင် (စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး -**

၁။ လယ်တီဂန္ထဝင် ၁၉၆၇ ခု၊ ဩဂုတ်လ၊ ပထမအကြိမ် (လယ်တီဦးလှပိုင်ပြုစုသည်)
၂။ ရဟန္တာဟုကျော်ကြားသော ကြောင်ပန်းဆရာတော်ကြီး (ဦးတင်စိုး (မွေ့စရိယ) ပြုစုသည်။
၃။ ကြောင်ပန်းသာသနာဝင်စာအုပ် (ဘုတလင်မြို့နယ်၊ သားရိုးကုန်းကျေးရွာမှ ဆရာကြီး ဦးကျော်မှန်ပြုစုသည်).(၁၂၈၀ ပြည့်နှစ်ထုတ်သည်)
၄။ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများပထမတွဲ (မောင်ပန်းမွှေးပြုစုသည်)
၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးတက်စီစဉ်၍ ရန်အောင်စာပေမှထုတ်ဝေသည်)

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ဝါသနာရှင်သုတေသီလောကမှာ ရှပ်ခါတ် (၉) ပါးအနက်မှ သွပ် (Zinc) ခါတ်သည် ဝါသနာရှင်သုတေသီအများ အလွန်လိုချင်မက်မောလှသည့် Favourite အဖြစ်ဆုံးခါတ် ဖြစ်ပါသည်။

သွပ်ခါတ်သေခါတ်လုံးကောင်းကောင်းကို လက်ဝယ်ပိုင်ဆိုင်ထားပါက ရွှေငွေလိုရာပဒေသာဇကေန်ရလေတော့မည်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်များကို အင်္ဂလိပ်ဝါသနာရှင်များမက်ဖူးကြပေမည်။

သို့သော်-လက်တွေ့ခါတ်ဖမ်းသွပ်ခါတ်စခန်းမှာ အောင်ပန်းဆင်နိုင်သူလွန်စွာနည်းပါးလှပါသည်။ သွပ်ခါတ် (၁) ပိဿာဖမ်းလို့ သွပ် (၁) ရွေးသားလောက်ကိုပင် မီးထိုးခံသွပ်သေဖြစ်ဖို့ရန်ရခဲပေစွ ဒုလ္လဘဖြစ်ကြရပေသည်။

စာရေးသူကိုယ်တိုင် (၁၃) နှစ်သားအရွယ်အင်္ဂလိပ်ပိုးဝင်ခဲ့သည်မှစပြီးယခု အသက် (၅၀) ကျော်တိုင်အောင်လက်တွေ့သွပ်ခါတ်ကို နည်းအမျိုးမျိုးပုံစံအထွေထွေတို့နှင့် ဖမ်းလာခဲ့သည်မှာ သွပ်ခါတ်အစိမ်းများကို ပိဿာချိန်နှင့်တွက်ကြည့်မယ်ဆိုလျှင် ပိဿာချိန် (၃၀) ကျော်အထက်မှာပင် ရှိလိမ့်မည်ဟုထင်ပါသည်။

သို့ပါသော်လည်း သွပ်ခါတ်သေခါတ်သားကောင်းကောင်း (၁) ပဲ (၁) မူးရယ်လို့ မည်မည်ရရမရရှိခဲ့တာ လက်တွေ့ပါ။ သွပ်ဖမ်းလိုက်တိုင်း ဖိုထဲမှာ ဝင်းဝင်းပြောင်ပြောင်နှင့်သွပ်ခိုးတွေထွက်လာပြီးလုံခွက်ပဲကျန်ခဲ့တာချည်းကြုံရပေါင်းများလေပြီ။

အဲဒီလိုသွပ်ခါတ်ကိုဖမ်းလိုက်တိုင်းကုန်ရပေါင်းများလာတော့ သွပ်ခါတ်ဖမ်းရမှာကို စိတ်ကုန်လာပြီး လက်မြှောက်အရှုံးပေးရမယ်လို့ထင်နေတုန်းမှာ သွပ်ခါတ်ကို လွန်စွာ နိုင်နင်းကျွမ်းကျင်စွာဖမ်းပြပေးနိုင်သည့် သွပ်ဖမ်းဝိဇ္ဇာလို့ပင်ခေါ်ဆိုလောက်အောင် သွပ်ခါတ်ဖမ်းရာတွင် စာရေးသူကိုယ်တွေ့ လက်တွေ့မျက်မြင် အောချရသော ပုဂ္ဂိုလ်တစ်ယောက်နှင့်တွေ့ကြုံခဲ့ရတဲ့ဇာတ်ကြောင်းလေးကို ခါတ်အင်္ဂလိပ်ဝါသနာရှင်များအတွက် တစ်ဆင့်ပြန်လည်တင်ပြပေးချင်သည့်စေတနာဆန္ဒကြောင့် ဤဆောင်းပါးကို ရေးသား တင်ပြပေးလိုက်ပါသည်။

တစ်နေ့မှာ အင်္ဂလိပ်မှာဝါသနာတူ မိတ်ဆွေတစ်ဦးက သတင်းကောင်းတစ်ခုယူလာခဲ့တာနှင့် ကြုံရပါတော့သည်။

"ဆရာရေ၊ သွပ်ဖမ်းဝိဇ္ဇာပုဂ္ဂိုလ်တစ်ဦး ကျွန်တော်တွေ့ထားတယ်။ အဲဒါဆရာစိတ်ဝင်စားရင် တစ်နေ့လောက်သွားအကဲခတ်ကြတာပေါ့"

ဟု ဆိုလာလေသည်။

"အိုး - ဒါဆိုရင်တော့ စိတ်ဝင်စားတယ်ဗျ။ တစ်နေ့လောက်အချိန်ယူပြီးသွားကြတာပေါ့ဗျာ"


"ဟုတ်ပြီလေ၊ တနင်္ဂနွေနေ့အလုပ်နားတဲ့ရက်မှာသွားကြမယ်လေ"

ဝါသနာတူမိတ်ဆွေနှင့်သူညွှန်းတဲ့သွပ်ဖမ်းဝိဇ္ဇာဆိုသူပုဂ္ဂိုလ်ထံသို့ရောက်ခဲ့တော့ -

လူပုံက တောသူတောင်သားပုံစံနှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးထူထူနှင့် ကွမ်း

# မင်းချမ်းမြေ့ (မုံရွာ)

## သွပ်သေတစ်ပဲ ရွှေတစ်လုံး
## ဖမ်းတိုင်းမရ လွန်ခက်လှ၏
### (သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရာ အံ့ဩဖွယ်ရာ ဇာတ်လမ်းပမာ)





www.burmeseclassic.com

www.burmeseclassic.com

ပျစ်ပျစ်ဝါးလို့ ပင်နီတိုက်ပုံကြမ်းကို တွင်းခံအင်္ကျီမပါဘဲ ဒိုးဝတ်ထားပြီး တိုက်ပုံလက်ကို တံတောင်ဆစ်အထိ တင်ထားပြီး ဘိုးမင်းခေါင်တင်မျဉ်း တိုက်ပုံစံနှင့်တိုင်နေသည့် သက်လတ်ပိုင်း အရွယ်လောက်ရှိပေမည်။

စာရေးသူရဲ့မိတ်ဆွေနှင့်ထိုပုဂ္ဂိုလ် ခင်မင်လေတော့ သူကပဲစပြီး -

"ဆရာရေ ဆရာသွပ်ဖမ်းတာ လွန်တော်တယ်လို့ သတင်းကြားနေ ဆရာ့ဆီကိုနည်းခံအကူအညီတောင်း လာတာပါ"

ဟု နှုတ်ဆက်ခွင့်တောင်းစကား ဆိုလိုက်တော့ -

"ဟာ-ရပါတယ်ဗျာ။ ကိုယ့်လူရင်း ကျွန်တော်တတ်တဲ့ပညာနဲ့ မျှဝေ ပေးရမှာပေါ့"

"ဘာလဲ-ခင်ဗျားတို့လာတာ အခု ဖမ်းသွားကြမလို့လား"

"ဟုတ်တယ် ဆရာရေ။ ကျွန်တော် သွပ်ခါတ်သေကောင်းကောင်းလိုချင် ဆရာသွပ်ဖမ်းဖို့ ဘာပစ္စည်းတွေ လဲသိချင်ပါတယ် ဆရာ"

"ခင်ဗျားတို့က သွပ်ဘယ်လောက် လောက်ဖမ်းချင်လို့လဲ"

"ဆရာ တစ်ခါဖမ်းရင် သွပ်ဘယ် လောက်သားအထိ အများဆုံးဖမ်းပေး သလဲ ဆရာ"

"ရပါတယ်၊ ခင်ဗျားတို့ သွပ် (၁၀) (၁၅) ကျပ်သားလောက်ကို ကျပ် တစ်မီးတည်းနဲ့ဖမ်းပေးနိုင်ပါ

"ဟာ - ဒါဆိုရင်တော့ဟန်ကျတာ ဆရာ။ ဒါနဲ့ ပြဒါးလေးပါဖမ်းလို့ရရင် တည်းဖမ်းပေးပါလို့ တောင်းပန် ဆရာ"

"အင်း - ပြဒါးခါတ်ချည်းပဲဖမ်းရ နည်းနည်းအချိန်ပေးရလေတော့ ကြဗျာ။ သွပ်နဲ့ ပြဒါး ဆတူ သွပ်ပြဒါးခါတ် (၁) လုံးနဲ့ သွပ် (၁) လုံးဆီ ဖမ်းပေးမယ်။ ကဲ - ပြီလား"

"ဟာ - အလွန်ကျေးဇူးတင်ပါ ဆရာရယ်။ ဒါဆို ကျွန်တော်တို့ နေ့အလုပ်နားရက်မှာ ဆရာ့ဆီ သွပ်ဖမ်းကြမယ်။ ဆရာအဆင် မဟုတ်လား"

"ရတယ်ဗျာ၊ လိုအပ်တဲ့ခါတ် တွေကို ဗိုလ်အောင်ဒင်ဆီမှာ ယူပြီး အသင့်သာပြင်လာခဲ့ကြ

(ဗိုလ်အောင်ဒင် ဆိုသည်မှာ အသက်(၆၀)ကျော်အရွယ် အဂ္ဂိရတ်ဝိဇ္ဇာ ဆရာ၏တပည့်ရင်း ဖြစ်ပါသည်။)

စာရေးသူတို့လည်း သွပ်တစ်လုံး သွပ်ပြဒါးတွဲတစ်လုံးစီ ဆရာကဖမ်းပေး မည်ဆိုတော့ ဝမ်းသာအားရ လိုအပ်တဲ့ ခါတ်ပစ္စည်းစာရင်းကိုယူလာပြီး ဝယ်ယူ စုဆောင်းရလေပြီ။

မှတ်မှတ်ရရ အနှစ် (၃၀) ကျော် ကာလက ဗိုလ်အောင်ဒင် ဆရာရေးပေး လိုက်တဲ့ ခါတ်ပစ္စည်းစာရင်းစာရွက်လေး ကို ယခုတိုင် မှတ်စုစာအုပ်ထဲမှာသိမ်း ဆည်းထားခဲ့ပါသည်။

ခါတ်ပစ္စည်းများကတော့ -

၁။ သွပ်လက်ညှိုးသန့်သန့် (၁၀) ကျပ်
၂။ သွပ်လက်ညှိုး (၅)ကျပ် + ပြဒါး သန့် (၅) ကျပ်
၃။ လက်ချား (၂၀) သား
၄။ ယမ်း (၁၀) သား
၅။ ဆား (၅၀) သား (၁) ထုပ်
၆။ မဖောက်ထုံး (၂၅) ကျပ်သား
၇။ နံပါတ်(၁၂)မင်းလှနှစ်ထပ်လုံအကြီး (၃) လုံး
(လိုတာက လုံး (၂) လုံး (၁) လုံး က အပိုဆောင်းထားကာ)
၈။ ပန်းဘဲ မီးသွေး (၃) တင်းဝင် (၁) အိတ်

စာရင်းပါခါတ်ပစ္စည်းများဝယ်ယူ စုဆောင်းပြီးတာနှင့် စနေနေ့မှာ စာရေး သူတို့က သွပ်လက်ညှိုး (၁၀) ကျပ်သား ကို အရည်ကျိုပြီး (၁၀) သားအရွယ် သွပ်လုံးတစ်လုံးစုခဲထားပြီး သွပ်(၅)ကျပ်၊ ပြဒါးရည် (၅) ကျပ်သားကို ခါတ်(၂)ပါး ကောလီကျအောင် အရည်ဖျော်ပြီး အလုံး စုခဲထားလိုက်ပြီးအဆင်သင့်ပြင်ထားလေ သည်။

ဆရာနှင့်ချိန်းထားတဲ့ တနင်္ဂနွေ နေ့ကျတော့ နံနက်စောစောအရောက် သွားကြပြီး ခါတ်ဆေးပစ္စည်းအပြည့်အစုံ နှင့်ချီတက်သွားကြပါသည်။

ဆရာ့ထံကိုရောက်တော့ -

"ကဲ-ခင်ဗျားတို့ခါတ်ဆေးပစ္စည်း အစုံအသင့်ပါလာကြတယ်မဟုတ်လား"

"ပါလာပါတယ် ဆရာ"

"ဒါဆိုရင် ဘယ်ဟာကို အရင်ဖမ်း ကြမလဲ သွပ်+ပြဒါးဖမ်းမလား၊ သွပ်ကို အရင်ဖမ်းမလား။ ကြိုက်တာစဖမ်းပေး မယ်"

"ဒါပေမယ့် ခါတ်နှစ်လုံးစလုံးကို တစ်ခါတည်း လုံထဲထည့်ပြီးကျပ်အဆင် သင့်ပြင်ထားပေးမယ်။ ဖိုထိုးပြီးဖမ်းတာ

က ခင်ဗျားတို့ကိုယ်တိုင်ဖိုဆွဲပြီးဖမ်းရမှာ နော်။

ကဲ - နံပါတ် (၁၂) လုံထဲကို သွပ် (၁၀) သားနဲ့ သွပ်+ပြဒါးတွဲ (၁၀) သား (၁) လုံးစီ အရင်ထည့်လိုက်ပါ။ ပြီးရင် ကျစ်ကိုပေး"

ထိုသို့ပြောပြီး ခါတ်ထည့်ထားတဲ့ လုံနှစ်လုံးကိုယူပြီး ဆရာက သူ့အခန်းထဲ ဝင်သွားကာ မန်ကျည်းစေ့ခန့်အရွယ် ဆေးမှုန့်မည်းမည်းလေးများကို ကော်ဖီ ဇွန်းဖျားလေးနှင့်ခတ်ပြီးထည့်လိုက်ကာ ထိုခါတ်လုံး (၂) လုံးကို စာရေးသူတို့ထံ သို့ ပြန်ယူလာပြီး ကျန်ရှိနေတဲ့ ယမ်း၊ လက်ချား၊ ဆား၊ ထုံးမှုန့်များကို အစီ အစဉ်အတိုင်း နှုတ်ကပြောပြီး စာရေးသူ တို့ကိုယ်တိုင်ထည့်ခိုင်းပါသည်။

စာရေးသူတို့လည်း ဆရာပြောတဲ့ အတိုင်း လက်မှန်းနှင့်ယူပြီး ခါတ်ဆေး ပစ္စည်းများကိုကိုယ်တိုင်ထည့်ကြပါသည်။

ပြီးလျှင် ခါတ်အပေါ်က လက်ချား အခဲသေးသေးလေးတွေကို လက်နှစ်လုံး လောက်အနေထည့်လိုက်၊ သူ့အပေါ်က မှ ယမ်းကို လက်တစ်လုံးစာထပ်ဖြည့် လိုက်၊ ပြီးလျှင် ဆားကို လုံနှုတ်ခမ်းသား လက် (၁) လုံးလောက်အလိုအထိသိပ် ပြီးထည့် ဆားပေါ်ကနေပြီး မဖောက်ထုံး မှုန့်ကို နောက်ဆုံးဖြည့်ထည့်လိုက်ပြီး လုံ ကို ဖော် (၃) ထပ်မံလိုက်ကာ အပေါ်က လုံငှားအဖုံးလေးအုပ်ပြီး ဖိုခွင်မှာမီးနေမီး ထားကို လုံခါးတိုက်အနေထားပြီးပြင်ခိုင်း ပါတယ်။

ဒီနေရာမှာ စာရှုသူဝါသနာရှင် များ မျက်စိထဲမှာ ထင်ရှားစွာပေါ်လွင် စေရန် ပြောရလျှင်-

ဟိုတုန်းက မင်းလှ နံပါတ် (၁၂) နှစ်ထပ်လုံကြီးမျိုးဟာ လုံမျက်နှာဝမှာ လက် (၃) ချောင်းစာ (နှစ်လက်မ) ခန့်ရှိ ပြီး လုံအရှည်မှာ (၇) လက်မရှိတဲ့လုံကြီး မျိုးပါ။

ဒါလောက်ဆိုလျှင် လုံထဲမှာရှိတဲ့ ခါတ်ရဲ့အနေအထားနှင့်အပေါ်ကထည့် တဲ့ ခါတ်ဆေးများရဲ့ အနေအထားကို မြင်သာလောက်ပါပြီ။

(ရှေ့လတွင် သွပ်ခါတ်နှင့်သွပ်၊ ပြဒါးတွဲခါတ်တို့ကို မီးပေးမီးယူနှင့်ခါတ် ဖမ်းပုံကို အသေးစိတ်တင်ပြပေးပါမည်။)

*ဝါသနာရှင်များ*
*ဆရာကောင်းမှီလို့*
*အကြံကောင်းကြံစည်နိုင်ကြပါစေ*

**မင်းချမ်းမြေ့ (ပုသိမ်)**



www.burmeseclassic.com

www.burmeseclassic.com

၁ မေတ္တာစိတ်ဖြင့်ပဏ္ဏာမဖတ်ရှုကြပါရန်

(လူပုဂ္ဂိုလ်များဖတ်ရှုရန်)

ဤ 'ဘုန်းကြီးတာကော့၊ တာကော့ ဘုန်းကြီး' ဝတ္ထုရှည်သည် ဗုဒ္ဓသာသနာတော်ကြီး အစွန်းရှည်မြင့်ရန် ရည်ရွယ်၍ ရေးသားခြင်း ဖြစ်ပါသည်။

ဝတ္ထုဆိုသည်မှာ အဖြစ်အပျက်များ ဟုတ်ချင်လည်းဟုတ်ပါမည်၊ မှန်ချင်လည်းမှန်ပါမည်။ မဟုတ်ချင်လည်းမဟုတ်ပါ။ မမှန်ချင်လည်း မမှန်တတ်ပါ။

သို့သော် -

ဝတ္ထု ဆိုသည်မှာ မည်သည့် ဝတ္ထုရှည်ပဲဖြစ်ဖြစ် အဖြစ်အပျက်တစ်ခုခုကိုတော့ ကျောရိုးခံရစမြဲ ဖြစ်ပါသည်။

ရဟန်းသံဃာတော်များကိုထိခိုက်စေလိုသောစေတနာမပါရှိပါ။

ဗုဒ္ဓ၏သာသနာတော်ကြီးအတွင်း ဝင်ရောက်၍ ဗုဒ္ဓ၏ သာသနာအရိပ်ကြီးတွင် မှီတင်းနေထိုင်၍ သီတင်းသုံးနေတော်မူကြသောသံဃာတော်မထေရ်မြတ်ကြီးများတို့သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံစွာ သီတင်းသုံးတော်မူကြလျက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်ကြီး (၃) ရပ်ကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူနေကြသော ရဟန်းသံဃာမထေရ်မြတ်ကြီးများ ရှိကြပါ၏။

အနည်းငယ်သော ရဟန်းသံဃာတော်တချို့သည် ဝိနည်းသိက္ခာပုဒ်များကို မလေးစားဘဲ အစားချောင်၊ အနေချောင်သဖြင့် ဝင်ရောက်လာကြသော အလွှာအသီးသီး၊ လူတန်းစားအသီးသီး၊ အဖုံဖုံတို့မှ ရဟန်းသံဃာအချို့လည်းရှိနေပါ၏။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တော်မူစဉ်ကပင် သာဝတ္ထိပြည်ကြီးတွင် ဆဗ္ဗဂ္ဂီရဟန်းတချို့ရှိခဲ့ဖူးပါ၏။

သာဝတ္ထိပြည်ကြီးမှ သူငယ်ချင်း (၆) ယောက်တို့သည် အလုပ်လုပ်ရမှာ ပျင်းရိကြသဖြင့် ဗုဒ္ဓသာသနာတော်ကြီးမှာ အစားချောင်၊ အနေချောင်သည်ဆိုသော ရည်ရွယ်ချက်ဖြင့် သာသနာ့ဘောင်သို့ဝင်ခဲ့ဖူးပါသည်။


ထိုသူငယ်ချင်း (၆) ယောက်တို့သည် (၃) ယောက်က လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးထံမှာ တပည့်ခံ၍ သာသနာ့ဘောင်သို့ဝင်ခဲ့ကြ၏။

ကျန်သူငယ်ချင်း (၃) ယောက်တို့က လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးထံတွင် တပည့်ခံ၍ သာသနာ့ဘောင်သို့ ဝင်ခဲ့ကြ၏။

ထိုရဟန်း (၆) ပါးတို့သည် မိမိတို့၏ ဆရာသမားများထံတွင် ဝိနည်းတော် (ရဟန်းကျင့်ဝတ်သိက္ခာပုဒ်) များကို (၃) နှစ်တိုင်တိုင် သတ်မှတ်ထားကြရပါ၏။

ထိုရဟန်း (၆) ပါးတို့ ဝါတော် (၃) နှစ်ပြည့်ကြသောအခါ သူငယ်ချင်းရဟန်း (၆) ပါးတို့ တိုင်ပင်ကြ၏။

သူငယ်ချင်းရဟန်း (၃) ပါးတာ သာဝတ္ထိမြို့ကြီးနှင့် အလွန်ဝေးကွာလှ





www.burmeseclassic.com

www.burmeseclassic.com

သော (ယူဇနာ ၃၀) ခန့်ကွာဝေးသည့် ရွာကြီးတစ်ရွာမှာ သတင်းသွားသုံးကြ၍ သံဃာတော်များကို စုဆောင်းကြ၏။

ကျန် (၃) ပါးကတော့ သာဝတ္ထိမြို့ကြီးနှင့် ယူဇနာ (၁၀) ရွာလောက် ကွာရှိသည့် ရွာကြီးတစ်ရွာမှာ သီတင်းသုံးကြပါ၏။ ရဟန်းသံဃာတော်များကိုလည်း စုဆောင်းကြပါ၏။

ရဟန်းသံဃာတော်များစုဆောင်း၍ အတော်အတန်ရလာကြသောအခါ အုပ်စုဖွဲ့၍ ဗုဒ္ဓ၏ဝိနည်းစည်းကမ်းများကို ဖောက်ဖျက်ကြပါတော့၏။

သာဝတ္ထိမြို့ကြီးနှင့် ယူဇနာ (၃၀) လောက် ကွာဝေးသည့် တောရွာကြီးတစ်ရွာမှာ သီတင်းသုံးကြသော ရဟန်းသံဃာများသည် အရက်သေစာသောက်ကြ၏။ ညစာထမင်းကိုစားကြ၏။ အမျိုးသမီး မာတုဂါမများနှင့်တွဲ၍ ကခုန်ကြ၏။ မူးကြ၏။ ရူးချင်တိုင်းရူးကြ၏။

နှစ်အတန်ကြာလာသောအခါတွင် ဤအကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိမြင်တော်မူသွားသဖြင့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးကို စေလွှတ်တော်မူရလေ၏။

ထိုအရက်သမားရဟန်းသံဃာတော်များအား သာသနာ့ဘောင်မှ နှင်ထုတ်ပစ်ခဲ့ရဖူးခဲ့ပါသည်။



အောင်စေကြို

# အရှင်သုဓမ္မသာရ

# ဘုန်းကြီးတာကော့ တာကော့ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းသံဃာတော်များမှာ အရေးကြီးဆုံးသော ဝိနည်းသိက္ခာပုဒ်ကြီး (၄)ခု ရှိပါ၏။

□ ဝိနည်းစည်းကမ်းချက် (၄) ခု

၁။ လူ၏အသက်ကိုသတ်ခြင်း။
၂။ မာတုဂါမများနှင့် ကာမကျူးလွန်ခြင်း။
၃။ သူတစ်ပါးပစ္စည်းကိုခိုးယူမိခြင်း။
၄။ တရားထူးမရရှိဘဲ တရားထူး (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်) ရသည်ဟု ပြောမိခြင်း။

ရဟန်းတော်တစ်ပါးသည် ထိုအထက်ပါ သိက္ခာပုဒ်တစ်ပါးပါးကို ကျူးလွန်ခဲ့မိပါက (ပါရာဇိကကံ) ထိုက်ပါတော့၏။ ကြီးမားသော အကုသိုလ်ကြီး ဖြစ်ပါ၏။

ရဟန်းဝတ်ထားပါသော်လည်းပဲ ရဟန်းမဟုတ်တော့ပါ။ ရဟန်းအသက်မရှိ တော့ပါ။

မိမိကိုယ်ကိုသိလျှင် လူထွက်ကြသော ရဟန်းသံဃာတော်များရှိပါ၏။ လူမထွက်ဘဲ မယားဖြင့်နေသော ရဟန်းသံဃာတချို့လည်း ရှိကောင်းရှိနေကြပါမည်။

ဒုတိယအဆိုးဆုံးသော ဝိနည်းသိက္ခာပုဒ်စည်းကမ်း (၁၃) ချက်ရှိပါသေး၏။

(သံဃာဒိတ်သိသ်) အာပတ်ဟု ခေါ် ပါ၏။

ယင်းစည်းကမ်း (၁၃) ချက်တို့မှာ (သံဃာဒိသိသ်) ဟုလည်း ခေါ် ဆို၏။

၁။ အိပ်မက်ထဲမှာ သာယာသော စိတ်ဖြင့်သုက်လွှတ်မိခြင်း။
၂။ အမျိုးသမီးအား သာယာသော စိတ်ဖြင့် ကိုင်တွယ်မိခြင်း။
၃။ အမျိုးသမီးတစ်ဦးအား မေထုန်နှင့်ပတ်သက်သောစကားကိုပြောခြင်း။
၄။ အမျိုးသမီးထံမှ မေထုန်မှုကို တောင်းခံမိခြင်း။
၅။ အမျိုးသားနှင့် အမျိုးသမီးတို့ကို အောင်သွယ်မှုပြုပေးခြင်း။
၆။ ရဟန်းနေရန် တစ်ပါးကျောင်းဆောက်ပါက နွားလှည်းတစ်လှဲ့စာသာ။
၇။ ထိုတစ်ပါးကျောင်းတွင် အလှူရှင်က ခွင့်ပြုမှသာနေရမည်။
၈။ ရဟန်းတစ်ပါးအား ပါရာဇိက-ကံ ထိုက်သူဟု စွပ်စွဲသောရဟန်း။
၉။ ဝေ့လည်ကြောင်ပတ်စကားဖြင့် ပါရာဇိက-ကံ စွပ်စွဲသောရဟန်း။
၁၀။ သံဃာအချင်းချင်း မညီညွတ်အောင်လုပ်သောရဟန်း။
၁၁။ အုပ်စုဖွဲ့၍ စည်းရုံး၍ သံဃာသင်းခွဲခြင်း။
၁၂။ ဆိုဆုံးမရာတွင် မနာခံသော ရဟန်း။
၁၃။ ဝိနည်းတော်နှင့် မညီညွတ်သော ရဟန်းကို (၃) ကြိမ်ပြောပြီးမှ ပယ်ရ၏။

ယင်းအာပတ် (အပြစ်) များဖြစ်ခဲ့လျှင် ကုစားရခက်ပါ၏။

မထေရ်မြတ်ကြီးတစ်ပါးပါးထံတွင် မိမိကျူးလွန်းခဲ့မိသောအပြစ် (အာပတ်) ကို ပထမဝန်ခံရပါ၏။

ပြီးနောက် မြင့်မြတ်သော ရဟန်းဘဝအဖြစ်မှ ရှင်သာမဏေအဖြစ်သို့ ခံယူရပါ၏။

ရှင်သာမဏေဘဝတွင် ဒဏ်ဆောင်ရ၏။ (၁) လခန့်နေပြီး ရဟန်းသံဃာတော်အပါး (၂၀) ဖြင့် သိမ်ဝင်၍ ရဟန်းဘောင်ပြန်တက်ရပါ၏။

ဤရဟန်းတော်များ၏အပြစ်များကို ရေးသား ဖော်ပြနေရသည်မှာ လူပုဂ္ဂိုလ်များ ကိုးကွယ်ဆည်းကပ်တတ်ရန် ဖြစ်ပါ၏။

ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်က ညီတော်အာနန္ဒာက ဗုဒ္ဓဘုရားရှင်အား မာတုဂါမများနှင့် ပတ်သက်ပြီး လျှောက်ထားဖူးပါ၏။ ရဟန်းတော်တစ်ပါးတည်း သီတင်းသုံးနေထိုင်သည့်ဘုန်းတော်ကြီးကျောင်းပေါ်သို့ အမျိုးသမီးမာတုဂါမတစ်ဦးတက်လာပါလျှင် (ညီတော် အာနန္ဒာ၊ မျက်စိမှိတ်နေလိုက်ပါ။ ဒါမှမဟုတ်ရင် ငါ့ရဲ့အမေရင်းပဲ၊ ငါ၏နှမလေးအရင်းပဲလို့ စိတ်ထဲမှာနှလုံးသွင်းလိုက်ပါတဲ့။)

အမျိုးသမီးများကိစ္စတစ်စုံတစ်ရာရှိနေပါ၍ ရဟန်းသံဃာတော်များထံ သွားကြပါက တစ်ဦးတစ်ယောက်တည်း မသွားကြရပါ။ အဖော်တစ်ယောက်ယောက်ကိုခေါ် သွားရပါမည်။ သတိပြုဆင်ခြင်ကြပါ။

စာဖတ်သူ ရဟန်းသံဃာတချို့ ဝိနည်းတော်နှင့်မညီဘဲ နေထိုင်သွားလာနေကြသည်ကို တွေ့မြင်ကြလျှင်-

(ကာယကံ၊ ဝစီကံ၊ မနောကံ) တို့နှင့် မပြစ်မှားမိပါစေနှင့် အထူးသတိပြုကြပါ။

- သူ၏အပြစ်သူခံပါလိမ့်မည်။
- သူ၏အပြစ်ကို ပြစ်မှားမိလျှင် ကိုယ်လည်းအပြစ်ရတတ်ပါ၏။
- မမြင်ချင်ယောင်
- မကြားချင်ယောင်
- မသိချင်ယောင်ဆောင်နေလိုက်ပါ။

အကုသိုလ်စိတ်တွေ မိမိထံဝင်မလာတော့ပါ။ သူ့အကုသိုလ် မိမိအကုသိုလ်မဖြစ်ပါစေနှင့်။

□ ရဟန်းသံဃာတော်များဖတ်ရှုရန်

ဘုရားတပည့်တော်သည် ရဟန်းသံဃာတစ်ပါး ဖြစ်ပါသည် ဘုရား။

ဤ 'ဘုန်းကြီးတာကော့၊ တာကော့ဘုန်းကြီး' ဝတ္ထုရှည်ကို ရေးသား တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓသာသနာတော်ကြီးမပျက်စီးရအောင်၊ အဓွန့်ရှည်ကြာအောင် ရည်ရွယ်ခြင်း ဖြစ်ပါ၏။

ဗုဒ္ဓသာသနာတော်ကြီးမှာ အလွှာအသီးသီး၊ လူတန်းစားအဖုံဖုံတို့မှ ပုဂ္ဂိုလ်များတို့သည် သာသနာ့ဘောင်သို့ ရောက်ရှိတော်မူနေကြပါ၏ဘုရား။

ဝိနည်းတော်နှင့်အညီအမျှနေထိုင်တော်မူကြသောရဟန်းသံဃာတော်များ အမြောက်အမြားရှိတော်မူကြပါသည် ဘုရား။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူကြပြီး သာသနာပြုတော်မူနေကြသောမထေရ် မြတ်ကြီးများလည်းရှိကြပါ၏ဘုရား။

ပရ-အများအကျိုးကိုဆောင်ရွက်ပေးတော်မူနေကြသော မထေရ်မြတ်ကြီး များ၏ စေတနာ၊ သဒ္ဓါတရားကို အထူး ယူတော်မူကြပါဘုရား။

သို့သော်လည်း အနည်းငယ် သော ရဟန်းသံဃာတချို့တို့သည် ဝိနည်းသိက္ခာပုဒ်များကို မလေးစား တော့ဘဲ မိမိတို့ထင်သလို အနေချောင် ချောင်အစားချောင်ချောင် နေထိုင်နေ ကြသည်ကို တွေ့မြင်ရပါသည် ဘုရား။

ဤ 'ဘုန်းကြီးတာကော့၊ တာကော့ ဘုန်းကြီး ဝတ္ထုရှည်' ကို ဖတ်ရှုကြပြီး သတိပြုတော်မူကြပါ။ သံဝေဂယူတော် မူကြပါဘုရား။

ဘုရားတပည့်တော်သည် သံဃာ ဂိုဏ်းတော်ကြီးကို သိက္ခာချလိုသော စေတနာအလျှင်းမပါပါဘုရား။

ဤကား (သစ္စာသစ္စာ) ပါ ဘုရား။

အွဲ့တူနေလျှင်လည်း သည်း ခွင့်လွှတ်ပါဘုရား။

ရဟန်းငယ်များ သံဝေဂယူနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် စာရေးသူ စာရေးရကျိုးနပ်ပါ ရား။

ဗုဒ္ဓသာသနာတော်ကြီး
အဓွန့်ရှည်ပါစေ
=အောင်စကြာ-အရှင်သုမင်္ဂလာရ

အပိုင်း (၁)

။၁။

မြစ်တို့ မည်သည် မာယာများ၏။ တွေ့ ကောက်ကောက်စီးဆင်းလေ့ ၏။ မြစ်တို့၏မာယာကြောင့် လှိုင်းဒဏ် တမ်းပါးတွေပြိုရ၏။ သစ်ပင်ကြီးတွေ ပျက်ရ၏။သာသနိကအဆောက် များနှင့် စေတီပုထိုးများရေသို့နစ် ၏။

မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင် ပိုင်းသို့စီးဆင်းနေကြသောမြစ်ကြီး တ် ထင်ပေါ်သောမြစ်ကြီးတစ်မြစ် စီးဆင်းနေသည့် တောင်ပေါ်ကျ ငယ်လေးတစ်ချောင်းရှိ၏။

ထိုချောင်းငယ်လေး၏ အမည် ဘိုကြီးချောင်းဖြစ်၏။ ချောင်းငယ် သည် တောင်မြင့်ကြီးများပေါ်မှ အတုန်ပြင်းထန်စွာဖြင့်စီးဆင်းလာ သည်း မြေပြန့်လွင်ပြင်တွင် ကျွန် ခင်းပါ၏။ ညင်ညင်သာသာရှိပါ

ဘိုကြီးချောင်းငယ်လေးသည် နွေ၊ ဆောင်း ချိန်ခါမရွေး လှေ၊ သမ္ဗန်၊ တူ၊ စက်တပ်ရေယာဉ်များသွား နိုင်၏။

ထိုဘိုကြီးချောင်းလေး၏ ဤမှာ ကမ်းပေါ်တွင် ဘိုကြီးရွာရှိ၏။ အိမ် (၂၀၀) ခန့်မျှလောက်သာရှိ၏။

ဘိုကြီးရွာမှာ သရက်ပင်အုပ်အုပ်၊ ပြင်၊ အုန်းပင်များ၊ ကွမ်းသီး ဘုတ္တိုပင်ကြီးများ စိမ်းစိမ်းစိုစို အာဝရအရိပ်အာဝါသကောင်းလှ

ဘိုကြီးရွာသည် ဘိုကြီးချောင်း ၏ ကမ်းနဖူးပေါ်တွင်တည်ရှိပြီး ကမ်းနဖူးတစ်လျှောက်၌ အမြင့် ခန့်၊ ဖြက်အကျယ် (၈) ပေခန့် ကြီးတစ်ခုရှိနေ၏။

ရှေးရှေးက လူကြီးများ ချောင်း ကို ကာကွယ်ရန်ဖို့တားထားခြင်း ထိုမြေတာရိုးကြီးပေါ်တွင် ရစ်များခင်းထားသဖြင့် မိုးတွင်း ကျွတ်များကင်းစင်၏။

ဘိုကြီးရွာ၏ နောက်ကျောဘက် တွင် အပြောကျယ်လှသော မြေပြဇာ ကောင်းမွန်လှသည့် လယ်ကေပေါင်း မြောက်မြားစွာရှိ၏။

ဘိုကြီးရွာသည် ရွာဦးထိပ်တွင် မြေဧက (၄) ဧကမျှ ကျယ်ဝန်းသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိ၏။

ထိုဘုန်းတော်ကြီးကျောင်းတွင် နှစ်ထပ်ကျောင်းကြီးတစ်ကျောင်း၊ ဆွမ်း စားကျောင်းတစ်ကျောင်း၊ သိမ်ကျောင်း တစ်ကျောင်းတို့ပဲရှိ၏။

ကျောင်းထိုင်ဆရာတော်ကြီးကား သက်တော်ဝါတော်ကြီးလှလေပြီ၊ ဘိုကြီး ရွာသားမဟုတ်။ ရွှေဘိုနယ်ဘက်ကဖြစ် ၏။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံ တော်မူပါသဖြင့် ဘိုကြီးရွာတွင်မက တစ်နယ်လုံးက ရဟန်းသံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများကပါ လေးစား ကြ၏။ ကြည်ညိုကြ၏။

ဆရာတော်ကြီးနှင့်အတူတူနေထိုင် သီတင်းသုံးသော ကိုရင်ကြီးတစ်ပါးသာ ရှိ၏။ ထိုကိုရင်ကြီးက ဘိုကြီးရွာသားဖြစ် ၏။

ဘိုကြီးရွာတွင် အစိုးရမူလတန်း ကျောင်းလေးတစ်ကျောင်းလည်း ရှိပါ သေး၏။

ဘိုကြီးချောင်းလေး၏ ဟိုမှာဘက် ကမ်းတွင် ဘိုလေးရွာရှိ၏။ အိမ်ခြေ (၁၀၀) ခန့်မျှလောက်ရှိ၏။ မြန်မာပိုင်း၊ ကရင်ပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းရှိ၏။

ဘိုလေးရွာက ဘိုကြီးချောင်းလေး နှင့် လေးဖာလုံခန့်လောက်ကွာဝေး၏။ ရေလုပ်သားများ နေထိုင်ကြ၏။ ကိုင်း လုပ်သား၊ လယ်လုပ်သား အနည်းငယ် သာရှိ၏။

ထိုဘိုကြီးချောင်းထဲတွင် ပိုက်ချ၊ ပိုက်ဆွဲ၏။ ငါး-ငါးပိကောင်ကောင်း ကောင်းထွက်၏။ အနယ်နယ်အရပ်ရပ်မှ



ငါး-ငါးပိကုန်သည်များ လာဝယ်ကြရ၏။

ကရင်ပိုင်းက ခရမ်းချဉ်သီး၊ ခရမ်း ချဉ်သီး၊ မုန်လာဉ၊ ပန်းဂေါ်ဖီပွင့်၊ ငရုတ် သီးတို့ကိုစိုက်ပျိုး၏။ ဆန်အရက်ကောင်း ကောင်းလည်းချက်ကြ၏။

ဤဘိုကြီးရွာနှင့် ဘိုလေးရွာကို တည်ထောင်ခဲ့သူများမှာ ညီအစ်ကို အရင်းနှစ်ယောက်တို့ဖြစ်၏။

မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝ သို့ ရောက်သွားရသောအခါ မန္တလေး မြို့တော်ကြီးများ၊ မြန်မာတပ်များပျက် လာ၍ အောက်ပြည်အောက်ရွာသို့ဆင်း လာကြပြီး ဆွေမျိုးတစ်စုတို့က စတင် တည်ထောင်ခဲ့ကြသည်ဟု ရှေးရှေးက လူကြီးများက ပြောပြခဲ့၏။

ထိုနှစ်ရွာလုံး၏ သက်တမ်းမှာ နှစ်ပေါင်း (၁၀၀) ကျော်ခန့်ရှိနေလေပြီ။

ဘိုကြီးရွာသည် မြို့နှင့် (၆) မိုင်မျှ လောက်ကွာဝေး၏။ ဥတုသုံးလီ ချိန်ခါ မရွေး နေ့နေ့၊ ညည၊ ဘိုကြီးရွာမှ မြို့သို့ သွားနိုင်သော ကျောက်စရစ်ခင်းလမ်း ကျယ်ကြီးတစ်လမ်းရှိ၏။ ကားမောင်းနှင် နိုင်၏။ လှည်းမောင်းနှင်နိုင်၏။ စက်ဘီး၊ ဆိုင်ကယ်များကတော့ ဥဒဟိုသွားလာ နေကြ၏။

မိုးတွင်းကာလအချိန်တွင် စက် တပ်ရေယာဉ်ငယ်လေးများ ဘိုကြီးရွာမှ မြို့သို့ပြေးဆွဲကြ၏။

ယင်းကြောင့် ဘိုကြီးရွာသည် လမ်းပန်းဆက်သွယ်ရေးလည်းကောင်း မွန်၏။ လယ်သမား၊ ကိုင်းသမားများမှာ လည်း မြေကောင်းသဖြင့်-ချောင်ချောင် လည်လည်ရှိကြ၏။စီးပွားရေးကောင်းမွန် လှပါ၏။

။၂။

နွေဦးကာလ တပေါင်းလ ညနေ (၅) နာရီအချိန်ခန့် လူရွယ်တစ်ဦး ဒယီး ဒယိုင်နှင့် ဘိုကြီးရွာတာရိုးကြီးပေါ်တွင် အရက်မူးနေ၏။ သူ့ကိုယ်သူပင် မနည်း ထိန်းနေရ၏။

ပုဆိုးကွင်းသိုင်းထား၏။ အပေါ် ပိုင်းက အကျီမပါ၊ ကိုယ်ပေါ်မှာ ဗလာ။ လက်ထဲမှာတော့ ငှက်ကြီးတောင်ဓား ကြီးကိုကိုင်လျက် ဟပြောင်ပြောင် တလက်လက်။

"ဘိုကြီးရွာသားတွေမိုက်ရင်ထွက် ခဲ့ကြ။ (×××) တွေ၊ ငါ့ကြွဲကို ဓားနဲ့ခုတ်တဲ့ ကောင်တွေထွက်လာကြကွာ၊ သတ္တိမရှိ ကြဘူးလား။ငါတာကောကွ၊ တစ်ကောင် ကြွက်ကွ"



www.burmeseclassic.com

www.burmeseclassic.com

လူရွယ်က ဗလတောင့်တောင့်၊ အရွယ်ကောင်းကောင်း၊ နှုတ်ကလည်း ညစ်တီးညစ်ပတ်တွေ ဆဲဆိုသံတွေက ကျယ်ကျယ်လောင်လောင်။

ဘိုကြီးရွာသားများ တစ်ယောက်မျှထွက်မလာကြ။ တာကော့ဆိုသော လူရွယ်ကိုကြောက်၍ပဲလား ဒါမှမဟုတ် သူနှင့်တုဖက်ပြီး ရန်မဖြစ်လို၍ဘဲလား တော့မသိပါ။

တစ်ဦးတစ်ယောက်မျှထွက်မလာကြ။ တာကော့ ဆိုသော လူရွယ်သည် အားရပါးရဆဲဆိုကြိမ်းမောင်းပြီးမှ နေဝင်မိုးချုပ်ပါမှ သူ့အိမ်သို့ပြန်ခဲ့၏။ တဲသို့ဝင်၏။

တာကော့ကား ဘိုကြီးရွာသားစစ်စစ်။ အဖေမရှိ၊ အမေမရှိ၊ ဆွေမျိုးညီအစ်ကို မောင်နှမမရှိ။ တစ်ကောင်ကြွက်မှ တစ်ကောင်ကြွက်အစစ်။

အသက်အရွယ်က (၁၉) နှစ်ခန့်လောက်သာရှိသေး၏။

တာကော့မှာ လယ်မရှိ၊ ကိုင်းမရှိ။ သို့သော် သူ့မှာ ခိုင်းကျွဲပေါက်ကြီး (၆) ကောင်မျှရှိ၏။ သူ၏မိဘများလက်ထဲက ရရှိထားသော ခြံကျယ်ကြီးထဲတွင် ကျွဲတင်းကုပ်ကြီးတစ်လုံးရှိ၏။ ထိုကျွဲတင်းကုပ်ထဲတွင် ကျွဲများနှင့်အတူတူနေထိုင်၏။ အိပ်၏။

တာကော့ကား ငါးရှာ၏။ ဖားရှာ၏။ သူ့ထမင်းသူချက်စား၏။ ဟင်းစားကြက်တွေကိုလည်းမွေးထားသေး၏။

တာကော့က လူဆင်းရဲမဟုတ်၊ လူချမ်းသာတစ်ယောက်။

သူ၏ကျွဲ (၆) ကောင်ကို တစ်မိုးငှားစားလျှင် စပါးတင်း (၇၅) တင်းရ၏။

တာကော့က ကျွဲများကိုတော့ အလွန်ချစ်ခင်၏။ သူ့ကိုယ်က ကျွဲနံ့ပင်နံနေ၏။

ဘိုကြီးရွာမှကလေးများ သူ့ခြံကြီးထဲသို့ လာကစားကြလျှင် ကလေးများအား သူ့ခြံထဲမှ သရက်သီး၊ မာလကာသီးများကို သူကိုယ်တိုင်ခူးကျွေး၏။

ရံဖန်ရံခါ ကြက်သားဟင်းချက်လျှင် ကလေးများအား ကြက်သားဟင်းဖြင့် ထမင်းပါ ကျွေးတတ်ပါသေး၏။ တာကော့သည် ကလေးများကိုလည်း ချစ်တတ်ပါ၏။

တာကော့ကား စိတ်ကောင်းရှိ၏။ ရိုင်းပင်းကူညီတတ်၏။ ရွာထဲသို့ အိမ်လည်ထွက်သောအခါ အိမ်တစ်အိမ်မှာ ထင်းပေါက်နေသည်ကိုတွေ့လျှင် ထင်းကူပေါက်ပေး၏။ ရေကူခပ်ပေး၏။

စပါးကူလှေ့ပေး၏၊ စပါးကူနယ်ပေး၏။ ရွာသူရွာသားများက တာကော့ကို ခင်မင်သူလည်းရှိ၏။ မုန်းသူလည်း ရှိ၏။

တစ်ခုတော့ရှိသည်။ သူ့ကျွဲများကို ထိလျှင်တော့ တာကော့ဆတ်ဆတ်ထိ မခံတတ်။

ထိုအခါတွင် မည်သူ့ကိုမျှလည်း မကြောက်တော့၊ အားမနာတော့။ ရွာသူကြီးကိုပါ အန်စာရဲတဲ့ တာကော့။

ဘိုကြီးရွာထဲမှာ အဘဦးသာလှိုင်က တာကော့ကျွဲကို ဆေးလာကုသပေးပါသဖြင့် တစ်ပတ်အတွင်း ဓားခုတ်ဒဏ်ရာပျောက်ကင်းရ၏။

။၃။

နောက်တစ်လလောက်ကြာတော့ တာကော့၏ ကျွဲပေါက်ကြီးတစ်ကောင်၏အမြီးကို ဓားဖြင့်ခုတ်ဖြတ်ပြန်၏။

မည်သူက ခုတ်ဖြတ်သည်မသိ။ တာကော့ ကျွဲမြီးတိုသဖြင့် စိတ်လည်းတိုရပြန်၏။ ထုံးစံအတိုင်း ပုဆိုးကို ခါးတောင်းမြှောင်အောင်ကျိုက်လျက် တာရိုးကြီးပေါ် သို့တက်လာပြန်၏။

လက်ထဲမှာလည်း သူ့လက်ဆွဲတော် ငှက်ကြီးတောင်ဓားကြီးတဝင့်ဝင့်၊ တပြောင်ပြောင် တလက်လက်။

မိုးမွှန်အောင်ဆဲဆို၏။ လူကလည်း အရက်မူးနေသဖြင့် ယိုင်တိယိုင်ထိုး။

ထုံးစံအတိုင်း ဘိုကြီးရွာသားများ တစ်ဦးတစ်ယောက်မျှ ထွက်မလာကြပါ။

အချိန်ကား နေဝင်ဆည်းဆာချိန် ဘုန်းတော်ကြီးတစ်ပါး သင်္ကန်းရုံလျက် လက်မှာလည်း ထန်းလက်ယပ်တောင်ကြီးကိုကိုင်လျက် တာရိုးကြီးပေါ်မှကြွလာ၏။

တာကော့၏ ဆဲဆိုကြိမ်းမောင်းသံကို ခပ်ဝေးဝေးကပင် ကြားနေရ၏။

တာကော့ ဘုန်းတော်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ ဆဲခြင်းကိုရပ်၏။ ခါးတောင်းကျိုက်ကို ဖြုတ်၏၊ လက်ထဲမှ ငှက်ကြီးတောင်ဓားကြီးကို မြေသို့ချ၏။ ပြီးမှ ဦးသုံးကြိမ်ချ၏။ ဘုန်းတော်ကြီးက တာကော့နားမှာရပ်လိုက်၏။

ဘုန်းတော်ကြီးသည် တာကော့ကို စေ့စေ့ကြည့်ပြီး-

"ငါ့သား၊ ညဘက်ကျရင် ဘုန်းကြီးကျောင်းကို လာခဲ့ပါဦး"

ဟု ပြော၏။

"ဟုတ်ကဲ့ - လာပါ့မယ် ဘုန်းကြီး"

တာကော့ ရိုရိုသေသေလေးလေးစားစားပဲ ပြန်ပြော၏။

တာကော့သည် ဘိုကြီးရွာသားတစ်ဦးသာဖြစ်သော်လည်း ဘုန်းကြီးကျောင်းသို့မသွား။ ဘုန်းကြီးများနှင့် စကားမပြောတတ်။

ယုတ်စွအဆုံး တာကော့၏ ကျွဲတင်းကုပ်ကြီးထဲမှာ ဘုရားကျောင်းဆောင်မရှိ။ တာကော့ ဘုရား၊ တရား၊ သံဃာဆိုတာကိုတော့ ကြားသာကြားဖူး၏။ သိပ်နားမလည်ပါ။ တာကော့က ဘာသာရေးသာသနာရေးနှင့်ပတ်သက်၍ လူရိုင်းလူဗာလ၊ လူ့အန္ဓ။

ဆွမ်းမလောင်း၊ အလှူမလုပ်။ ဘိုကြီးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကထိန်ခင်းအလှူပွဲကြီးပြုလုပ်သောအခါ တစ်ရွာလုံးနီးပါး ဘုန်းတော်ကြီးကျောင်းသို့သွားကြ၏။ ထိုအထဲတွင် တာကော့ကားမပါပါ။ မသွားပါ။

မနှစ်က နွေရာသီမှာတော့ တာကော့ ဘုန်းတော်ကြီးကျောင်းသို့ တစ်ခါရောက်ဖူး၏။ ဘုန်းတော်ကြီးကျောင်းတွင် သောက်ရေ၊ သုံးရေများပြတ်လပ်သွားပါသဖြင့် အဘဦးသာလှိုင်၏ ခိုင်းစေချက်ကြောင့် ကျွဲတစ်ရှဉ်းဖြင့် ရေစည်ဖွဲ့ကပ်ပေးခဲ့ဖူး၏။

လှည်းက အဘဦးသာလှိုင်၏ လှည်း။

။၄။

ကောင်းကင်ထက်မှာ လမင်းကြီးက ထိန်ထိန်သာနေ၏။ ရွာလယ်လမ်းမှာ လရောင်ဆမ်းနေ၏။ တာကော့ တစ်ယောက်တည်း ဘုန်းတော်ကြီးကျောင်းသို့သွား၏။

ဘုန်းတော်ကြီးက လက်မှာ ပုတီးတစ်ကုံးကိုင်လျက် ကျောင်းပေါက်ဝမှာ ရပ်နေ၏။ ဘုန်းတော်ကြီး တာကော့ကို မြင်တွေ့လိုက်ရသဖြင့် -

"လာလာ. . . ငါ့သားလာ၊ ငါက လာပါ့လာပါ့မလားလို့ စိတ်ထဲကထင့်နေတာ။ ငါ့သားကို ကျောင်းပေါက်ဝကို ထွက်မျှော်နေတာ။ ကျောင်းကြီးပေါ် သွားကြမယ်"

နှစ်ထပ်ကျောင်းကြီးအပေါ်သို့ ဘုန်းတော်ကြီးက ဦးဆောင်၍တက်၏။ တာကော့က နောက်မှလိုက်ပါ၏။

ဘုန်းတော်ကြီးခေါင်းလောင်းလေးကိုတီးလိုက်၏။ မကြာခင်ပဲ ဆွမ်းစားကျောင်းမှ ကိုရင်ကြီးတစ်ပါး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

...ပေါ်သို့တက်လာ၏။

ကိုရင်ကြီး ကျောင်းပေါ်မှပြန်ဆင်း ...၏။

ခဏကြာတော့ ကိုရင်ကြီးက ...ဗန်းကန်ကြီးတစ်ချပ်တွင် ဖီးကြမ်း ...ပျောသီးတစ်ဖီးကို ထည့်ယူလာပြီး ...တော့ရှေ့မှချထားပေး၏။

"ကိုရင်ကြီး၊ ပြန်လို့ရပြီ"

ဘုန်းတော်ကြီးကပြော၏။ ကိုရင် ...လည်း ကျောင်းကြီးပေါ်မှသွက်သွက် ...ဆင်း၏။

"ငါ့သား၊ ငှက်ပျောသီးစားပါဦး ..."

ကျောင်းကြီးပေါ်မှာ တိတ်ဆိတ် ...၏။ ကျောင်းခြံကြီးထဲမှာ ခွေးမခွေး ... ငှက်သံလေးများသာ တစ်ခါတစ်ရံ ...ရ၏။ ညဉ့်ငှက် ငှက်ကလေးများ ...ကြသေးဟန်တူ၏။

"ငါ့သား၊ မင်းကို ငါခေါ်တာက ...ကြောင်းရှိလို့ကွယ့်။ မင်းဟာ ဟို ...တိတ်ဘဝတစ်ခုက ငါ့သားတော်ခဲ့ ...ကွယ့်။ မင်းကတော့ယုံလား၊ မယုံ ...တော့မသိဘူး။ ငါ့ကို ကျောင်းစောင့် ...တွေက ခဏခဏအိပ်မက်တွေပေး ...ယ်ကွယ့်"

ဘုန်းတော်ကြီး ခေတ္တစကားနား ... တာကော့က ငှက်ပျောသီးတစ်လုံး ...ပြီး အခွံနွှာစားလိုက်၏။

"ငါ့သားကို ငါပြောချင်တာက ... ငါဟာ အသက်လည်းကြီးပြီ။ ငါ့ ... ဒီရွာမှာ ဆွေမျိုးလည်း တစ်ယောက် ...ဘူး။ ဒီတော့ ငါ့သားကိုပဲ အားကိုး ..."

ဘုန်းတော်ကြီး ချောင်းတစ်ချက် ...ပြီး တာကော့ကိုကြည့်လိုက်၏။ ပြီးမှ ...ကိုဆက်ပြော၏။

"ငါ့သား ငါနဲ့လာနေပါ။ ငါ့သားရဲ့ ...တိုလည်း ကျောင်းကိုယူလာပါ။ ...ကျောင်းခြံထောင့်မှာ ကျွဲတွေထားဖို့ ...ကြီးထိုးပေးမယ်။ ငါနဲ့လာနေရင် ...ကို ထမင်းလည်းကျွေးမယ်။ ငါ့ ...ရဲ့ကျွဲတွေကိုလည်း ဘယ်သူမှလာ ...မရတော့ဘူး။ ငါတာဝန်ယူတယ်"

တာတော့ ဘုန်းတော်ကြီး၏ ...ကြောင့် တစ်ချက်ငိုင်သွား၏။ ...သွား၏။

"ဘယ်လိုလဲ ငါ့သား၊ ငါနဲ့လာနေ ...တ်လား"

တာကော့က ချက်ချင်းမဖြေသေး ...ပေမယ့် သူ့ကျွဲတွေကို ဘုန်းတော် ... တာဝန်ယူမည်ဟုပြောလာသဖြင့် စိတ်ထဲမှာတော့ သဘောကျသွား၏။

"လာနေမယ် ဘုန်းကြီး"

တာကော့ သွက်သွက်ပဲပြော၏။

"ဝမ်းသာပါတယ် ငါ့သားရယ်။ မင်းဟာ စိတ်ကောင်းရှိတယ်၊ လူတစ်ဖက်သားကိုလည်း ကူညီရိုင်းပင်းတတ်တယ်လို့ ရွာသားတွေက ငါ့ကိုပြောပြကြတယ်။

ငှက်တစ်ကောင်ဟာ ရွှေပင်မှာနားတော့ ရွှေကျေးဖြစ်တယ်။ ငွေပင်မှာနားတော့ ငွေကျေးဖြစ်တယ်။ လူမိုက်လူရမ်းကားတွေကြားထဲရောက်သွားတော့ ကျေးမိုက်ဖြစ်သွားတယ်ကွ။ မင်းဟာ ငါနဲ့လာနေရင် လူကောင်းလူတော်လေးတစ်ယောက်ဖြစ်သွားမှာပါ"

"ကဲ - မင်း အဲဒီငှက်ပျောသီးတွေ အကုန်ယူသွား။ ပြီးတော့ ရွာသူကြီးဦးလှကို ဒီညပဲ ငါ့ဆီကိုလာပါဦးလို့သွားပြောလိုက်နော်"

"ဟုတ်ကဲ့ - ဘုန်းကြီး"

တာကော့ သူတတ်သလိုပဲ ပြန်ပြော၏။

"ငါ့သားကိုသင်ပေးရဦးမယ်။ တို့ဘုန်းကြီးတွေနဲ့ စကားပြောရင် 'ဟုတ်ကဲ့' လို့ မပြောရဘူးကွယ့်။ 'တင်ပါ့ဘုရား' လို့ ပြောရတယ်ကွယ့်။ ကဲ - ခုပဲ ပြောကြည့်စမ်း ငါ့သား"

ဘုန်းကြီးက ချက်ချင်းပြောခိုင်း၏။

"တင်ပါ့ဘုရား"

"အေးအေး-သာခုကွယ်၊ သာခု။ ငါ့သားကြီး ဘုန်းကြီးပါစေ၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ အသက်လည်းရှည်ပါစေကွယ်"

တာကော့ ဘုန်းတော်ကြီးအား ကန်တော့ပြီး ငှက်ပျောသီးများကိုယူလျက် ဘုန်းကြီးကျောင်းမှ ပြန်လာခဲ့၏။

ညတွင်းပဲ သူကြီးဦးလှအိမ်သို့ ဆက်သွားပါ၏။

**။ ၅ ။**

နောက်နေ့နံနက်တွင် ရွာသူကြီး ဦးလှနှင့် ရွာသားအများစုပေါင်းပြီး တာကော့၏ ကျွဲတင်းကုပ်ကြီးကိုဖျက်၍ ဘုန်းတော်ကြီးကျောင်း ခြံထောင့်နေရာမှာ ပြန်ဆောက်ကြ၏။ နေ့ချင်းပဲပြီးစီးသွား၏။

တာကော့၏ ကျွဲများလည်း ဘုန်းတော်ကြီးကျောင်းဝင်းကြီးအတွင်းသို့ ရောက်လာပါတော့၏။

တာကော့ကို ဆရာတော်ကြီးက ဆွမ်းစားကျောင်းတွင် ကိုရင်ကြီးနှင့်အတူထားထား၏။ တာကော့ဟန်ကျသွားလေပြီ။

မနက်စာ၊ ညစာထမင်းကို မချက်ရတော့ပါ။ ကျွဲကျောင်းထွက်သည့်အခါမှာလည်း ကိုရင်ကြီးက ချိုင့်ကြီးတစ်ချိုင့်ထဲမှာ ထမင်းအပြည့်၊ ဟင်းအပြည့်ထည့်လျက် နေ့ခင်းဘက်ဆာလျှင် စားဖို့ပါထည့်ပေးလိုက်သေး၏။

ဆရာတော်ကြီး ဘုန်းတော်ကြီးက တာကော့ကို မျက်နှာသုတ်ပဝါအသစ်ကြီးကြီးတစ်ထည်နှင့်ဆပ်ပြာမွှေးတစ်တုံး ထုတ်ပေး၏။

ပထမဆုံးအကြိမ် တာကော့ ဆပ်ပြာမွှေးတုံးဖြင့် ရေချိုးဖူးခြင်းဖြစ်၏။ ယခုတော့ တာကော့ကိုယ်မှာ ကျွဲနံ့မနံတော့ပါ။

တာကော့ကား စာမတတ်ပါ။ ယင်းကြောင့် မြန်မာစာတတ်သော ကိုရင်ကြီးက စာသင်ပေး၏။ တာကော့က ဉာဏ်ကောင်း၏။ (၆) လအတွင်း မြန်မာစာကို ရေးတတ်၊ ဖတ်တတ်သွားပါ၏။

မြန်မာစာရေးတတ်ဖတ်တတ်တော့ ကိုရင်ကြီးကပဲ ဘုရားရှိခိုးအမျိုးမျိုးတို့ကို သင်ပေး၏။

တာကော့ ယခုဆိုလျှင် နံနက်တစ်ခါ၊ ညဘက်တစ်ခါ ဆရာတော်ကြီး၊ ကိုရင်ကြီးတို့နှင့် အတူတူဘုရားဝတ်တက်တော့၏။

ကိုရင်ကြီးက တာကော့ကို သင်္ကန်းကြုံပေါင်ဒါဘူးတစ်ဘူးပေးသဖြင့် တာကော့ကိုယ်နံ့က ပေါင်ဒါနံ့တသင်းသင်း။

**။ ၆ ။**

တာကော့ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး တစ်လခန့်ကြာတော့ ရွာသူကြီးဦးလှကျောင်းသို့ရောက်လာ၏။

တာကော့၏ ကျွဲ (၆) ကောင်ကို သူငှားမည်။ စပါးတင်း (၁၀၀) ပေးမည်။ ကျွဲများကိုလည်း သူ့အိမ်မှာပဲယူထားပြီး သူကြီး၏သူရင်းငှားများက ကျောင်းပေးမည်။

ထိုအခါ ဆရာတော်ကြီးသည် တာကော့နှင့်တိုင်ပင်ပြီး သူကြီးကို အပြီးအပိုင်ငှားလိုက်တော့၏။ ယခု တာကော့မှာ တာဝန်တစ်ခုပေါ့သွားပါလေပြီ။ ကျွဲများမကျောင်းရတော့ပါ။

ဆရာတော်ကြီးက တာကော့ကို ရှင်သာမဏေဝတ်ပေးလိုက်၏။ ဘွဲ့အမည်ကိုလည်း 'ရှင်တေဇ' ဟု အမည်



www.burmeseclassic.com

www.burmeseclassic.com

ပေးလေ၏။

ယခုတော့ တာကော့မဟုတ်တော့ပါ။ ရှင်သာမဏေ 'ရှင်တေဇ' ဖြစ်သွားရ၏။

ဆရာတော်ကြီးက ရှင်သာမဏေ ရှင်တေဇအား ရှင်ကျင့်ဝတ်သင်ပေး၏။

ညဘက်ကျလျှင် ကိုရင်နှစ်ပါး၊ ဆရာတော်ကြီးအား နှိပ်ပေးကြရင်း ဆရာတော်ကြီးက 'ဗုဒ္ဓဝင်' ကို တစ်ည တစ်ည နည်းနည်းချင်းဟောပြောပြ၏။

ဗုဒ္ဓ၏ဖြစ်စဉ်ကြီးကိုသိလာရတော့ 'ရှင်တေဇ' ဗုဒ္ဓကိုပို၍ပို၍ကြည်ညိုလာ၏။

ရှင်တေဇက အားနေလျှင် ကျောင်းဝင်းအတွင်း တံမြက်လှည်း၏။ ကုဋီကို သန့်ရှင်းအောင် ဆေးကြော၏။ ကိုရင်ကြီးနှင့် အတူတူဝိုင်းကူညီ၏။ ထင်းပေါက်၏။ ရေခပ်၏။ ဆွမ်းကူချက်၏။ ဆွမ်းကူပြင်၏။

ရှင်တေဇသည် ဉာဏ်ကောင်း၏။ ထက်ထက်မြက်မြက်ရှိ၏။ မပျင်းမရိ၊ မခိုမကတ်နေတတ်၏။

ဘိုကြီးရွာတွင် လယ်ပိုင်ရှင်သူဌေးကြီးကျောင်းဒကာကြီး ဦးဖိုးခ၊ ဒေါ်မယ်ခတို့ နေထိုင်၏။ သူတို့မှာ သားလေးတစ်ယောက်သာ ထွန်းကား၏။ သားလေးကို ချစ်လွန်းလှသဖြင့် လယ်ယာထဲမှာမလုပ်ခိုင်းပါ။ မြို့ကျောင်းမှာ သိပ္ပံစာကိုသင်ခိုင်း၏။

ကျောင်းဒကာကြီး လယ်သမားသူဌေးကြီး ဦးဖိုးခက ကိုရင်တေဇကို ပစ္စည်းလေးပါးဒကာခံ၍ ရဟန်းဘောင်သို့တင်ပေး၏။

ယခုတော့ ရှင်တေဇမဟုတ်တော့ပါ။ မြင့်မြတ်သော ရဟန်းတော်တစ်ပါးဖြစ်လာ၍ ဦးတေဇဖြစ်လာတော့၏။

ဆရာတော်ကြီးက တပည့်သားရဟန်းအား ရဟန်းဝိနည်းများကိုသင်ပေး၏။ နေပုံထိုင်ပုံ၊ သွားလာပုံ စသည်တို့ကို သင်ကြားပေး၏။ သားတပည့်ကလည်း ကောင်းမွန်စွာလိုက်နာပါ၏။

တစ်နှစ်ခန့်ကြာတော့ သဒ္ဒါနှင့် သင်္ဂြိုဟ်ကို သင်ပေးပြန်၏။ ဦးတေဇ ရဟန်းတော် (၂၅) နှစ်သားအရွယ်တွင် သဒ္ဒါ၊ သင်္ဂြိုဟ်ကို ကောင်းကောင်းတတ်မြောက်သွားလေပြီ။ ဝါတွင်းကာလ ဥပုသ်သည်များ သီလခံယူရင်း ဦးတေဇကို ဆရာတော်ကြီးက သီလပေးခိုင်း၏။ တရားချီးမြှင့်ခိုင်း၏။

ရဟန်းတော် ဦးတေဇကလည်း ပရိသတ် (၆၀) လောက်ကို ပလ္လင်ပေါ်



မှနေ၍ မကြောက်မရွံ့ မတုန်မလှုပ် တည်တည်ငြိမ်ငြိမ် သီလပေး၏။ တရားဟော၏။ ရွာသူရွာသားများသဘောကျကြ၏။

။ ဂ ။

သားတပည့်ဦးတေဇ၏ရှေ့ရေးကိုမျှော်တွေးပြီး၊ ဆရာတော်ကြီးဦးတေဇကို မန္တလေးမြို့စာသင်တိုက်ကြီးတစ်တိုက်ကို ပို့၏။

ကျောင်းဒကာကြီးက အစအဆုံး အားလုံး တာဝန်ယူ၏။ ဆရာတော်ကြီးကိုယ်တိုင် မန္တလေးမြို့စာသင်တိုက်ကြီးတစ်တိုက်လိုက်ပို့ပြီးအပ်၏။

မန္တလေးမြို့ စာသင်တိုက်ကြီးမှာ ပဓာနနာယကဆရာတော်ကြီးထံ အပ်နှံ၏။ သားတပည့်အား အတန်းတင်စာမေးပွဲမဝင်စေဘဲ ပိဋကတ်တော်များကို 'ကျမ်းကြီးပေါက်' သင်စေပါ၏။

ဦးတေဇက အနေအထိုင်ကောင်း၏။ စာသင်တိုက်ကြီးတွင် အားနေလျှင် ကျောင်းဝင်းအတွင်း တံမြက်လှည်း၏။ ကုဋီရေဖြည့်၏။ ကုဋီများကို သန့်ရှင်းအောင် ဆောင်ရွက်၏။ ဆေးကြော၏။

မန္တလေးမြို့တွင် ဆွမ်းခံကြွတော်မူရာတွင် တန်းဆွမ်း၊ ရပ်ဆွမ်း၊ ထိုင်ဆွမ်း ဟူ၍ရှိ၏။ တစ်နှစ်ခန့်လောက်ကြာတော့မှ ဦးတေဇထိုင်ဆွမ်းရ၏။ ရံဖန်ရံခါ ဝက်သားဟင်း၊ ကြက်သားဟင်းများရတတ်၏။ ထိုအခါ ထိုဟင်းများကို သူ မဘုဉ်းပေးပါ။ စာချဆရာတော်များအား လှူဒါန်း၏။ ကပ်၏။

ပဓာနနာယကဆရာတော်ကြီးက သက်တော်ကြီးလာသဖြင့် အသားဟင်းများမဘုဉ်းပေးပါ။ သက်သတ်လွတ်သာ ဘုဉ်းပေး၏။ ဆရာတော်ကြီးက ပဲပြုတ်ကို ကြိုက်နှစ်သက်၏။ ယင်းကြောင့် ဦးတေဇသည် သူသုံးစွဲရန်ပေးလိုက်သော ဝတ္ထုငွေများထဲမှ စားတော်ပဲပြုတ်ကို နေ့စဉ်ဝယ်၍ ဆီရွှဲရွှဲဆမ်းပြီး ဆရာတော်ကြီးကိုကပ်၏။

ဆရာတော်ကြီး၏ သင်္ကန်းများကို လျှော်ပေးရုံမက ဆရာတော်ကြီး၏ ထွေးခံကိုလည်း သန့်ရှင်းနေအောင်အမြဲဆေးကြောပေး၏။

မန္တလေးစာသင်ကျောင်းတိုက်ကြီးမှာ (၇) နှစ်ခန့် ပညာသင်ကြား၏။ ထို(၇) နှစ်အတွင်းတွင် ဆွမ်းခံအိမ်မှလွဲ၍ မည်သည့်အရပ်ဒေသသို့ကိုမျှမကြွပါ။

စာသင်နှစ်(၇)နှစ်ပြည့်သောအခါ ပိဋကတ်စာပေများကိုလည်း အတော်နှံ့နှံ့စပ်စပ် တတ်မြောက်ပါလေပြီ။

တစ်နေ့သ၌ ဆရာတော်ကြီးက ဦးတေဇကိုခေါ်ပြီး မိန့်တော်မူ၏။

"မောင်ပဉ္ဇင်း၊ ပိဋကတ်စာပေတွေလည်း အကုန်နီးပါးနှံ့စပ်သွားပြီ။ ရွာကိုပြန်ချင်လည်းပြန်လို့ရပြီ။ မပြန်ချင်သေးလို့ ဆက်နေသေးချင်ရင်လည်းဆက်နေလို့ရတယ်ကွယ့်"

"တပည့်တော် ရွာကိုပြန်ပါ့မယ် ဘုရား"

ဟု ဦးတေဇက လျှောက်တင်၏။

"မောင်ပဉ္ဇင်း မန္တလေးရောက်တာ (၇) နှစ်ရှိပြီ။ မန္တလေးက ဘုရားတွေကော အကုန်ဖူးပြီးပြီလားကွယ့်"

"တပည့်တော် မဖူးဘူးသေးပါဘုရား"

"ဒါဆိုလည်း အဖိတ်ဥပုသ်၊ စာဝါဖိတ်တဲ့နေ့မှာ ကိုရင်ကြီးတစ်ပါးနဲ့ မန္တလေးက ဘုရားတွေကို ဝအောင်ဖူးသွားပါ။ ပြီးတော့ စစ်ကိုင်းတောင်ရိုးက ဘုရားတွေကိုလည်း သွားဖူးပါ"

"မှန်လှပါ ဘုရား"

ဆရာတော်ကြီး အစီအစဉ်ဖြင့် ရှင်သာမဏေလေးတစ်ပါးက မန္တလေး၊ စစ်ကိုင်း စသည် ဘုရားစေတီတော်များကို ဖူးမြော်ရန် လိုက်ပို့ပေး၏။ စုံအောင်လည်းဖူးခဲ့၏။

နောက် (၃) ရက်ခန့်အကြာတွင် ဦးပဉ္ဇင်းဦးတေဇ သူ့ဇာတိရွာသို့ ပြန်တော့မည်ဖြစ်၏။

ဆရာတော်ကြီးက ဦးတေဇကို ခေါ်ပြီး သူ့ထံတွင်ရှိသော မန္တလေးထိုးမုန့်၊ မန္တလေးလာမုန့်တို့ကို မုန့်ပုံးတစ်ပုံးထဲထည့်၍စွန့်၏။ ပြီးတော့ အသစ်ကျပ်ချွတ် သင်္ကန်း (၃) စုံကိုလည်း စွန့်၏။

"မောင်ပဉ္ဇင်း ဒီသင်္ကန်း (၃) စုံရှင် ကိုယ်တော်ကို လှူဒါန်းပါတယ်။ ဤသင်္ကန်း (၃) စုံ လှူဒါန်းတဲ့ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုကော ကိုယ်တော်သိပါသလား"

ဆရာတော်ကြီးက ကိုယ်တော်ဟု ပြောင်းသုံးသည်ကို သိ၏။ သက်နိုး(၃)စုံ လျှုဒါန်းသည်ကိုမသိပါ။ ယင်းကြောင့် ပင် -

"မသိပါဘုရား"

ဟု လျှောက်တင်၏။

"အေးအေး - ကိုယ်တော့်ကို သင်္ကန်း (၃) စုံ လှူဒါန်းရတဲ့ရည်ရွယ်ချက်တတော့ -

၁။ သီလသင်္ကန်း၊

၂။ သမာဓိသင်္ကန်း၊

၃။ ပညာသင်္ကန်း

တို့ပဲဖြစ်တယ်ကွယ့်။

ဗုဒ္ဓရဲ့ဘုရားရှင်သာသနာ့ဘောင်မှာနေသရွေ့ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သင်္ကန်းနှင့်နေပေတော့"

"မှန်လှပါဘုရား။ စုရားတပည့်တော်ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်း နေထိုင်ပါမယ်ဘုရား"

"သာဓုကွယ်၊ သာဓု၊ သာဓု"

။၉။

မန္တလေးမှ ပြန်လည်ရောက်ရှိလာပြီး (၃) လခန့်အကြာမှာ ကျောင်းဒကာကြီး ဦးဖိုးခဲက ဦးတေဇသီတင်းသုံးရန် သစ်ကျောင်းလေးတစ်ကျောင်းဆောက်လုပ်လှူဒါန်း၏။ သီးခြားတစ်ပါးတည်း သီတင်းသုံးရ၏။

ထိုကျောင်းရေစက်ချတရားပွဲမှာ ဆရာတော်ကြီးက သူ့သားတပည့်ကို တရားချီးမြှင့်ခိုင်း၏။

ဦးတေဇသည် မန္တလေးမြို့တွင် ကြာမြင့်စွာနေထိုင်ခဲ့ရသဖြင့် အသားအရည်လည်း စိုပြည်လာ၏။ ကျမ်း (၆) ပါးကိုလည်း လုံအောင်ထိန်းနိုင်၏။ တရားဟောတာလည်း အလွန်ကောင်း၏။ ကျောင်းဒကာကြီးနှင့်တကွ ရွာသားများ သဘောကျကြ၏။ ကြည်ညိုကြ၏။

တန်ဆောင်မုန်းလကုန်၍ နတ်တော်လဆန်းရက်တစ်ရက်တွင် ဘိုလေးရွာမှ ဒကာများဆိုပြီး ရွာဘုန်းတော်ကြီးကျောင်းသို့လာကြ၏။ ဘိုလေးရွာတွင် အသုံးစဲပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ဆရာတော်ကြီးအား လာပင့်ကြ၏။

ဘိုကြီးရွာ ဆရာတော်ကြီးသည် တပည့်အား ဦးတေဇရဟန်းကိုပါ ခေါ်ဆောင်၍ ဘိုလေးရွာသို့ လိုက်ပါသွားပါ၏။

ပဋ္ဌာန်းဖွင့်ပွဲနေ့တွင် ဘိုကြီးရွာဆရာတော်ကြီးက ဩဝါဒပေးပြီး ပြန်ကြွပါ၏။

တပည့်ရဟန်း ဦးတေဇကိုထားခဲ့၏။

ညဘက်တွင် ဘိုလေးရွာဒကာ၊ ဒကာမများက ကြွလာတော်မူကြသော ရဟန်းသံဃာတော်များအား လက်ဖက်၊ ထန်းလျက်ကြော်၊ ကြက်သွန်သုပ်၊ ဘူးသီးကြော်တို့ဖြင့် ကပ်ပါ၏။

ဦးတေဇကတော့ လုံးဝမဘုဉ်းပေးပါ။ ညအိပ်ညနေပဋ္ဌာန်းပွဲသို့ ကြွလာသည့် ရဟန်းသံဃာတော်များမှာ အပါး (၂၀) မျှရှိ၏။

ကျောင်းထိုင်တွေလည်း ပါ၏။ ဘုန်းကြီးအိုကြီးတွေလည်းပါ၏။ ရဟန်းပျို ရဟန်းငယ်လေးတွေကိုလည်း တွေ့ရ၏။

ပဋ္ဌာန်းပွဲတော်ကြီးမှာ ရဟန်းတော်များ ဘူးသီးကြော်များဘုဉ်းပေးကြပြီး ပြောလိုက်ကြသည့်စကားတွေကလည်း အစုံအလင်။

ကျောင်းထိုင်ဘုန်းကြီးတစ်ပါးက-

"တပည့်တော် ကျောင်းဆောက်နေတာ သစ်မစုံသေးလို့ အခက်တွေ့နေရတယ်"

ဟု ပြော၏။

"ဘုန်းကြီးကလည်း၊ ဘုန်းကြီးကျောင်းမှာ ကျောင်းတွေက ပြည့်စုံနေပြီပဲ။ ဘာလုပ်ဖို့အပိုဆောက်နေရတာလဲ"

"အလှူရှင်က ငွေတွေလာအပ်ထားတော့လည်း သူ့ဆန္ဒအတိုင်း ကျောင်းဆောက်ချင်တယ်ဆိုလို့ ဆောက်ပေးရတာပေါ့ ကိုယ်တော်ရဲ့"

"တပည့်တော်ကတော့ အသံကောင်းကောင်း အသံချဲ့စက်တစ်ခုဆောင်ထားတယ်ဘုရား"

"ကျောင်းမှာသုံးဖို့လား"

"ကျောင်းမှာလည်း သုံးတယ်၊ ငှားရင်လည်းလိုက်ဖွင့်ပေးတယ်။ အဲဒါဝင်ငွေက မဆိုးဘူးဘုရား"

ရဟန်းပျိုတစ်ပါး၏ စကားသံ။

"တပည့်တော်ကတော့ အသံချဲ့စက်ရော မီးစက်ပါဝယ်ထားတယ်။ ငှားစားတော့ သိပ်အလုပ်ဖြစ်တယ်"

"ကိုယ်တော်တို့ကလည်း ပဋ္ဌာန်းပွဲလာပြီး ဘုရား၊ တရားအကြောင်းတော့ မပြောကြဘဲနဲ့ စီးပွားရေးအကြောင်းတွေပဲ ပြောနေကြကိုး"

ရဟန်းအိုကြီးတစ်ပါး၏စကား။

"တပည့်တော်တို့က ကိုယ်တော့်လိုမှမချမ်းသာတာဘဲ။ ကိုယ်တော်က ငွေတိုးချေးစားနိုင်တော့ ကိုယ့်တော်ပြောအားရှိတာပေါ့"

ရဟန်းအိုကြီး သူ့စကားနှင့်သူ ထိသွား၏။ ဤရဟန်းအိုကြီးက နာမည်ကြီး၏။ ငွေတိုးချ၏။ နွားကောင်းကောင်းတစ်ရှဉ်းနှင့် ကိုယ်တိုင်လှည်းယဉ်ရှိ၏။ မိုးအခါသွားဖို့ ကိုယ်ပိုင်ပွဲချိတ်စက်တပ်ယာဉ်ငယ်တစ်စီးရှိ၏။

။၁၀။

ဘိုကြီးရွာဆရာတော်ကြီးသည် သက်တော်လည်းကြီးလှပေပြီ။ သားတပည့် ဦးတေဇကို ဝိပဿနာတရားအားထုတ်ရန် ဩဝါဒပေး၏။

လယ်တီဆရာတော်ကြီးမူအတိုင်း ကမ္မဋ္ဌာန်းတရားကို ဆရာတော်ကြီးလည်း အားထုတ်၏။ တပည့်ကလည်း ဆရာတော်ကြီး၏ဩဝါဒအတိုင်း အားထုတ်ပါ၏။

"တို့များရဟန်းသံဃာတော်တွေဟာ ပရိယတ္တိစာပေတွေကို သင်ချင်ရင်သင်၊ မသင်ချင်ရင်လည်း ပဋိပတ္တိဆိုတဲ့ ကမ္မဋ္ဌာန်းဘာဝနာအလုပ်ကို လုပ်ရမယ်"

စသည်ဖြင့် မကြာမကြာမိန့်၏။

"ဗုဒ္ဓကမိန့်ထားတာရှိတယ်ကွယ့်။ ရဟန်းသံဃာတစ်ပါးဟာ မြေကြီးလိုကျင့်ရမယ်တဲ့ကွယ့်။ မဟာပထဝီမြေကြီးဟာ သူ့ကိုတူးဆွလည်းသည်းခံတယ်။ မဟာပထဝီမြေကြီးဟာ သူ့ပေါ်မှာ အညစ်အကြေးတွေစွန့်လည်းသည်းခံတယ်။ တို့များရဟန်းသံဃာတော်တွေဟာ ပုထုဇဉ်ဖြစ်ပေမယ့် ဘယ်သူကပြောပြောဝေဖန်ဝေဖန် သည်းခံရမယ်ကွယ့်။ မြေကြီးလိုကျင့်ရမယ်ကွယ့်"

ဘိုကြီးရွာဆရာတော်ကြီး၏ ဆုံးမဩဝါဒစကားပါပဲ။

ဆွမ်းစားကျောင်းကိုရင်ကြီးကတော့ သူရဟန်းဘောင်မတက်လိုပါသဖြင့် သူ့ဆန္ဒအတိုင်း ကိုရင်ဝတ်နှင့်သာထားပေးရ၏။

ယခုဆိုလျှင် ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းမှာ -

၁။ ဆရာတော်ကြီးသက်တော် (၈၅)၊ ဝါတော် (၆၅) ဝါ။

၂။ ဘုန်းတော်ကြီး ဦးတေဇ သက်တော်(၃၅)၊ဝါတော်(၁၅)ဝါ။

၃။ ကိုရင်ကြီး သက်တော် (၄၅)၊ ဝါတော် (၂၅)ဝါတို့ပဲ သီတင်းသုံးပါ၏။

ဦးတေဇ၏ဆောင်ပုဒ်ကနည်း(၃) နည်း၊ မျိုး (၃) များ ဆောင်ပုဒ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

၁။ စကားနည်း၊
၂။ အသွားနည်း။
၃။ အအိပ်နည်း။
များ (၃) များကတော့
၁။ သေခြင်းတရားကို များများဆင်ခြင်။
၂။ ရုပ်နာမ်ကိုများများရှု။
၃။ ဖြစ်ပျက်ကို များများဆင်ခြင်တို့ပဲ ဖြစ်ပါ၏။

ဦးတေဇ၏အလုပ်က ရွာတွင်းသို့ ဆွမ်းခံကြွ၏။ တရားအားထုတ်၏။ တရားအားထုတ်ရာတွင် အချိန်မရွေးပါ။ အိပ်ချိန်မှလွဲ၍ သတိပဋ္ဌာန်နှင့်သာနေထိုင်၏။

တစ်နေ့သ၌ မြို့ပေါ်မှ ကထိန်ခင်းတစ်ခုသို့ ဦးတေဇကြွရ၏။

ထိုမြို့ကျောင်းမှာလည်း အာဂန္တုရဟန်းများ စုံလင်ကြ၏။ ညအိပ်ညနေရဟန်းအပါး (၁၅) ပါးမျှကို တွေ့ရ၏။

ညဘက်မှာ လက်ဖက်ရည်အချို့၊ ခေါက်ဆွဲကြော်များပါကပ်၏။ ဦးတေဇကတော့ မဘုဉ်းပေးပါ။

ကိုယ်တော်ငယ်လေးတွေကလည်း စီးကရက်တွေတဖွာဖွာနှင့် ရေဒီယိုလေးတွေက ကိုယ်စီကိုယ်င။

ကိုယ်ပိုင်ကားရှိသည့် ကိုယ်တော်က သူကားဓာတ်ဆီစားသည့်အကြောင်း။

ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ရှိသည့် ကိုယ်တော်က သူဆိုင်ကယ်ကိုခဏခဏ လာငှားကြသည့်အကြောင်း။

ကိုယ်တော်တစ်ပါးကတော့ ရုပ်မြင်သံကြားစက်တွေပေါ်လာလို့ ဝယ်ထားသည့်အကြောင်း ပြောကြ၏။ ဆွေးနွေးကြ၏။

သူတို့စကားတွေထဲစွင် အရက်သောက်သည့် ရဟန်းတွေအကြောင်းလည်းပါ၏။ မိန်းမပွေသည့်ရဟန်းတွေအကြောင်းလည်းပါ၏။

ဘုန်းကြီးအချင်းချင်း ကျောင်းလုကြသဖြင့် အမှုရင်ဆိုင်နေရသည့် အကြောင်းလည်းပါ၏။

ဘုရား၊ တရားစကားသံတွေ မကြားရပါ။ ရဟန်းပျိုတစ်ပါးကလည်း သူဗုဒ္ဓဂယာကြွသည့်အကြောင်း အားပါးတရပြောပြနေ၏။

ရဟန်းပျိုတစ်ပါးကတော့ ဘယ်ကထိန်က ဘယ်လောက်ရတယ်၊ ဘယ်ကထိန်ကတော့ ဝတ္ထုငွေနည်းလွန်းတယ် စသည်စသည်ဖြင့် ပြောဆိုနေကြသည်ကို ဦးတေဇ ကြားရ၏။

ဦးတေဇကတော့ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ ရေနွေးကြမ်းပင် မသောက်။ တစ်ပါးတည်း ချောင်တစ်ချောင်မှာကုပ်ကုပ်ပဲနေ၏။

ရဟန်းငယ်နှစ်ပါးကတော့ စာရွက်လေးတွေထုတ်ပြီးခဲ့ဂဏန်းတွက်ကြသည်ကိုလည်း တွေ့မြင်ရ၏။

ဘယ်ဂဏန်းပါမှကောင်းမယ်၊ (၅) ဂဏန်းမပါရင် ကိုယ်တော်မထိုးနဲ့ လုံးဝ မပေါက်ဘူး။ ဘရိတ်ကတော့ (၁၀) တည်းပဲရှိတယ်။

ဦးတေဇကြားတော့ကြားနေရ၏။ သို့သော် ဤစကားများကို သူနားမလည်ပါ။

## ။၁၂။

ခေတ်တွေစနစ်တွေပြောင်းခဲ့သည်မှာ (၃) နှစ်ခန့်ရှိနေလေပြီ။ ကျေးရွာသူကြီးအုပ်ချုပ်သည့်ခေတ်မဟုတ်တော့ပါသဖြင့် ရွာသူကြီးဦးလှ သူကြီးမလုပ်ရတော့ပေ။

ဦးလှက ကတိတည်၏။ သူသူကြီးမလုပ်ရတော့လည်း ဦးတေဇကို စပါးတင်း (၁၀၀) ရောင်းရငွေများကို တစ်နှစ်တစ်ချိန် မှန်မှန်အပ်၏။

ဤနှစ်တွင် ဘိုကြီးရွာဘုန်းတော်ကြီးကျောင်းတွင် ရဟန်းတော်တစ်ပါးတိုးလာ၏။ ဤရဟန်းကား ဘိုကြီးရွာကျောင်းဒကာကြီး သူဌေးကြီးဦးဖိုးခ၏သား 'မောင်ဉာဏ်ထက်' ပင် ဖြစ်၏။

မောင်ဉာဏ်ထက်က သူဌေးကြီးဦးဖိုးခ၏ တစ်ဦးတည်းသော ချစ်လှစွာသော သားရတနာပင် ဖြစ်၏။ ငယ်စဉ်ကတည်းက ဘာအလုပ်မှမလုပ်ရသဖြင့် အသားအရေက ရွှေရောင်ကဲ့သို့ ဝါဝင်း၏။ နှာတံကပေါ်လွင်၏။ မျက်လုံးအစုံက တောက်ပလှ၏။

မြို့ကျောင်းတွင် ကျောင်းထားပေးရာ (၁၀)တန်း (၃)နှစ်ကျ၏။ယင်းကြောင့် သာသနာ့ဘောင်ကိုဝင်လာခြင်းဖြစ်၏။

မောင်ဉာဏ်ထက်ကို ဆရာတော်ကြီးက 'ဦးစန္ဒာ' ဟု ဘွဲ့အမည်တပ်၏။ သိမ်ကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးခိုင်း၏။

ဆရာတော်ကြီးက ဦးပဥ္စင်းလေး ဦးစန္ဒာအား ဝိနည်းများသင်ကြားပေး၏။ ဦးပဥ္စင်းလေးကလည်း လိုက်နာပါ၏။

အမြဲတမ်း သာသနာ့ဘောင်တွင် နေထိုင်မည်ဖြစ်ပါသဖြင့် ဆရာတော်ကြီးက သဂြိုဟ်နှင့် သဒ္ဒါကိုသင်ကြားပေး၏။ ဦးစန္ဒာက ခေတ်ပညာဘက်တွင်သာ ဉာဏ်မထက်လှသော်လည်း ပိဋကတ်စာပေဘက်တွင် ဉာဏ်ထက်လှ၏။

(၃) နှစ်တိတိ သဂြိုဟ်၍ သဒ္ဒါကို တတ်မြောက်အောင် ဆရာတော်ကြီးက သင်ကြားပေး၏။

ရဟန်းတော်လေး ဦးစန္ဒာ (ခ) မောင်ဉာဏ်ထက်တွင် လူဘဝ တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝက ချစ်သူတစ်ဦးရှိခဲ့ဖူး၏။ ထိုချစ်သူက တစ်ရွာတည်းသား မခင်လှလှ ဖြစ်၏။

မခင်လှလှကလည်း အမည်နှင့်လူနှင့်လိုက်ဖက်ပါ၏။ ခင်လှလှဆိုသည့်အတိုင်းပင် ရုပ်ရည်ချောမောလှပ၏။ အသားဖြူ၏။ နှာတံစင်း၏။ မျက်တောင်ကကော့ကော့၊ လူဇာတော့ ပိန်ပါးပါး ကုလားဆင်ချောချောသည်ဟုဆိုရမည်။

မခင်လှလှကလည်း တစ်ဦးတည်းသောသမီး။ မိဘနှစ်ပါးကဆင်းရဲလှ၏။ ဖခင်လုပ်သူက သူတစ်ပါးထံ လယ်သူရင်းငှားလုပ်ရ၏။ အမေလုပ်သူက ဈေးတောင်းခေါင်းပေါ်ရွက်ပြီး ရွာတကာ လှည့်လည်၍ ကုန်စိမ်းရောင်းရ၏။

ခြံပိုင်ရှိ၏။ အိမ်ပိုင်ရှိ၏။ လယ်မရှိ၊ ကိုင်းမရှိ၊ နွားမရှိ၊ ကျွဲမရှိ။

မခင်လှလှက ရုပ်ချောသလို စာလည်းတော်၏။ တက္ကသိုလ်ဝင်တန်းကို တစ်နှစ်တည်းနှင့်အောင်၏။ ယခုတော့ ဘွဲ့ရပြီး ဘိုကြီးရွာမူလတန်းကျောင်းတွင် မူလတန်းပြလက်ထောက်ဆရာမလေး ဖြစ်နေ၏။

မခင်လှလှကလိမ္မာ၏။ ယဉ်ကျေးသိမ်မွေ့၏။ မိမိအလုပ်ရသောအခါ ငွေစုဆောင်း၍ အမေကြီးအား အိမ်မှာပင် ကုန်ခြောက်ဆိုင်လေးတစ်ဆိုင်ဖွင့်ပေးထား၏။ အဖေကြီးလုပ်သူကိုလည်း လယ်သူရင်းငှားမလုပ်ခိုင်းရတော့ပါ။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ကျလျှင် မခင်လှလှ ဘုန်းတော်ကြီးသို့ ရောက်လာ၏။ ချစ်ဦးသူ မောင်ဉာဏ်ထက်(ခ) ဦးပဥ္စင်းလေး ဦးစန္ဒာကို အချိုရည်လာလာကပ်ပါ၏။

လာပါများ၊ တွေ့ကြုံပါများတော့ ချစ်သူဟောင်းဆရာမလေးနှင့် ဦးစန္ဒာတို့ ငြိကျတော့၏။ ကျူးကျူးလွန်လွန်ပင် ဖြစ်ကြတော့၏။ (၃) လခန့်လောက်ကြတော့ ဆရာမလေး မခင်လှလှမှာ ကိုယ်ဝန်ရလာတော့၏။

ချစ်ဦးသူ ဦးပဥ္စင်းလေး ဦးစန္ဒာအား ထုတ်ဖော်ပြ၏။ ဦးပဥ္စင်းလေး လူထွက်ပြီး မိန်းမယူလျှင်လည်း အိမ်ကသဘောတူမည်မဟုတ်ပါ။

နောက်ဆုံးတော့ ဦးပဥ္စင်းလေး



www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒာ ဖခင်ကြီးထံမှ ငွေတောင်း၏။ ခရီးသွားစရိတ်ပေး၏။ ရန်ကုန်မြို့သို့သွား ရောက်ပြီး ကိုယ်ဝန်ဖျက်ချခိုင်း၏။ ... ပါသေး၏။ မခင်လှလှ၏ ကိုယ်ဝန် ... လွယ်လွယ်ကူကူပဲ ဖျက်ချနိုင်ခဲ့၏။

လူအများအသိမခံလိုသော သတင်း ... ဘိုကြီးရွာကသိကြလေပြီ။

"မခင်လှလှကို သာသနာဖျက်မ ...

"ဦးပဥ္စင်းလေးကို တဏှာရူးတဲ့" ... တင်ပွန်းတွေအမျိုးမျိုးတပ်ကြ၏။ ... ကြ၏။ ကဲ့ရဲ့ခြင်း ဤသတင်းကား ... ဆုံးတော့ ဖခင်ကြီးထံရောက်လာ ... မိခင်ကြီးက နှလုံးရောဂါအခံရှိ ... ထုတ်မပြောရဲပေ။ ဖခင်ကြီး ... ကျောင်းသို့ အလျင်အမြန်လာပြီး သား ... တိုးတိုးတိတ်တိတ်မေးရတော့၏။

သားရဟန်းကလည်း မုသာဝါဒ ... စကားနှင့်ဖြေပါ၏။

ကျောင်းထိုင်ဆရာတော်ကြီးနားသို့ ဤသတင်းကရောက်သွားပြန်၏။ ဆရာ တော်ကြီးက သူ့တပည့်ဦးစန္ဒာကိုခေါ် ... တိုးတိုးတိတ်တိတ်မေးပြန်၏။ တပည့် ... ကလည်း မုသာဝါဒစကားနှင့်ပင် ... လွယ်၏။

ယခုတော့ ဦးစန္ဒာရဟန်းပျိုလေး ... ရဟန်းဝတ်ထားသော်လည်း ... တစ်ပါးမဟုတ်တော့ပါ။ ဤသည် ... အာယက်ရှင်လည်းသိပါ၏။ ဝိနည်း ... တက်နေသော ရဟန်းတစ်ပါးပင် ... တ်ပါလား။

ဦးစန္ဒာတွင်
၁။ ပါရာဇိကကံ၊ အကုသိုလ်ကံ။
၂။ သားဖျက်ခိုင်းသည့်အကုသိုလ်ကံ။
၃။ မုသာဝါဒပြောသည့်အကုသိုလ်ကံ တို့ကရစ်ပတ်ထားလေပြီ။ ရဟန်း ဖြစ်သော်လည်း အယောင်ဆောင် ရဟန်းတစ်ပါးသာ ဖြစ်တော့၏။

ဤကဲ့သို့ အကုသိုလ်ကံများကို ... ကြောက်ရွံ့ကြသော ရဟန်းပျိုလေး ... သာသနာ့ဘောင်တွင် မည်မျှရှိနေ ... ကြသည်ကို မသိရပါ။

မမြင်ရ မတွေ့ရ မကြားရခြင်းပင် ... ကောင်းပါ၏။ အကုသိုလ်စိတ်တွေကင်း ... ရပါ၏။

॥ ၁၃ ॥

ဆရာတော်ကြီးက တပည့်ကျော် ... ပဥ္စင်းလေးဦးစန္ဒာကို ပခုက္ကူမြို့မှ ... စာချကြီး စာသင်တိုက်ကြီးတစ်တိုက် ... ၏။ ဆရာတော်ကြီးကိုယ်တိုင်လိုက် ပို့ပေးပြီးအပ်နှံ၏။

ဦးစန္ဒာက လောကုတ္တရာစာပေ ဘက်တွင် ဉာဏ်ပညာထက်မြက်လှ၏။ (၃) နှစ်အတွင်း အစိုးရစစ်ပထမကြီးတန်း ကိုအောင်မြင်၏။ ပထမကြီးတန်းအောင် ပြီးတော့ ဘိုကြီးရွာသို့ပြန်လာ၏။

ဆရာတော်ကြီးက စာချတန်း ဓမ္မာစရိယ ဆက်ဖြေခိုင်း၏။ ကျန်းမာ ရေးမကောင်းသဖြင့် အနားယူဦးမည်ဟု လျှောက်ပါ၏။

သားပထမကြီးတန်းအောင်လာ သဖြင့် ဖခင်ကြီးနှင့် မိခင်ကြီးတို့မှာ ပျော် တပြုံးပြုံး။

ဘိုကြီးရွာဆရာတော်ကြီးကား သက်တော်(၉၀)၊ ဝါတော်(၇၀)မှာ ဘဝ နတ်ထံပျံလွန်တော်မူလေပြီ။ ဆရာတော် ကြီးပျံလွန်တော်မူသည့်နေ့မှာ တပေါင်း လပြည့်နေ့ ညဦးသန်းခေါင်းယံအချိန်မှာ ဖြစ်၏။

ထူးဆန်းမှုကား အချိန်အခါရာသီ မဟုတ်ဘဲ ကျောင်းတိုက်ကြီးထဲမှာ သစ် ပင်တွေအသီးတွေသီး၏။ ပန်းတွေပွင့် ၏။

ဆရာတော်ကြီး မှာထားသည့် စကားအတိုင်း (၇) ရက်သာထား၍ ကောင်းမွန်စွာသဂြိုဟ်ကြ၏။ ထူးခြားမှု ကား ဆရာတော်ကြီး၏မီးတောက်မီးလျှံ တို့သည် ကောင်းကင်ထဲသို့ စေတီပုံ သဏ္ဌာန်တက်သွားရ၏။

ဆရာတော်ကြီးရုပ်ကလာပ်ပြာကျ ပြီးတော့ မျက်လုံးတော်အစုံ မီးမခပါ။ ပုလဲရောင်ဖြူဖြူဖွေးဖွေးဓာတ်တော်တွေ ကျ၏။

ဆရာတော်ကြီး၏ အရိုးပြာကို ကျောင်းတိုက်အတွင်း ကျောက်စာတိုင် စိုက်ထူထား၏။မျက်လုံးတော်ကိုဖန်ပေါင်း ခြံထဲထည့်၏။ ပုလဲရောင်ဖြူဖြူဖွေးဖွေး ဓာတ်တော်များကိုလည်း ဖန်ပေါင်းခြံထဲ သို့ထည့်၍ လူအများဖူးနိုင်ရန် စီစဉ်ပေး ထား၏။

ဆရာတော်ကြီးပျံတော်မူပြီးမှ မြို့ ရော တောပါ လူပရိသတ်၊ ရဟန်းပရိ သတ်များ တဖွဲဖွဲရောက်လာကြ၍ ဓာတ် တော်များကို လာရောက်ဖူးကြ၏။

ဆရာတော်ကြီးက အရိယာ သူတော်ကောင်းကြီးစစ်စစ်ဖြစ်သွားပြီဟု ပြောဆိုကြတော့၏။

॥ ၁၄ ॥

ဘိုကြီးရွာဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ကိစ္စကပေါ်လာရ၏။

ရွာလူကြီးပိုင်းက ဝါတော်လည်း ကြီး၊ သက်တော်လည်းကြီးသည့် ဘုန်း တော်ကြီးဦးတေဇကို ကျောင်းထိုင်တင် ရန်ဆန္ဒရှိကြ၏။ လူငယ်ပိုင်းက ပထမ ကြီးတန်းအောင်မြင်ထားသော ကျောင်း ဒကာကြီး၏သား ဦးပဥ္စင်းလေး ဦးစန္ဒာ ကို ဆန္ဒရှိကြ၏။

ကျောင်းဒကာကြီးကလည်း သူ့ သားကိုပဲ ကျောင်းထိုင်ဖြစ်စေလို၏။

ယင်းကြောင့် ကျေးရွာလူငယ်ဥက္ကဋ္ဌ ကို ပေးကမ်းထားပြီး ကျောင်းဒကာကြီး က စည်းရုံးထား၏။

ဟစ်နေ့သဉ္ဇ ရွာသားများကို ဘုန်းတော်ကြီးကျောင်းသို့ ကျေးရွာ ဥက္ကဋ္ဌလေးကဆင့်ခေါ်၏။ ရွာသူရွာသား များ သူ့အုပ်စုနှင့်သူလာကြ၏။

ကျောင်းခြံထဲတွင် တံမြက်လှည်း နေသော ဘုန်းတော်ကြီး ဦးတေဇက မြင်တွေ့ရသောအခါ ကျေးရွာဥက္ကဋ္ဌ လေးကို မေးမြန်းစုံစမ်းကြည့်၏။

ကျောင်းထိုင်ဘုန်းတော်ကြီးရွေး ချယ်ပွဲပြုလုပ်မည့်အကြောင်းကို အသေး စိတ်ရှင်းပြ၏။

ဥက္ကဋ္ဌလေး၏စကားကို ကြားကြား ချင်းပင် ဘုန်းတော်ကြီး ဦးတေဇက သူကျောင်းထိုင်မလုပ်လိုကြောင်း၊ကျောင်း ဒကာကြီး၏ကျေးဇူးတရားများ သူ့မှာရှိ ကြောင်း ပြောကြား၏။

ဤစကားကိုကြားရတော့ ဥက္ကဋ္ဌ လေးလည်း အထူးပင် ဝမ်းမြောက်ဝမ်း သာဖြစ်သွားရ၏။

ကျေးရွာပရိသတ်များစုံသောအခါ ဘုန်းတော်ကြီးဦးတေဇက သူကျောင်း ထိုင်မလုပ်ချင်ကြောင်း၊ ဝိပဿနာတရား ပဲအားထုတ်နေကြောင်း၊ ယင်းကြောင့် ကျောင်းဒကာကြီး၏သား ဦးပဥ္စင်းလေး ဦးစန္ဒာကို ကျောင်းထိုင်တင်ရန် ရွာသူ ရွာသားများအား ပြောကြားပါ၏။

ဤသို့အားဖြင့် ကျောင်းထိုင် ဆရာတော်ကိစ္စက လွယ်လွယ်ကူကူ ချောချောမောမောပဲ အောင်မြင်သွားရ ၏။

ထုံးစံအတိုင်း ရွာသားတချို့က တော့ အမျိုးမျိုးအဖုံဖုံ ဝေဖန်ကြပါသေး ၏။

*(ဆက်ရန်)*

အောင်စကြဲ-အရှင်သုမေဓာ(ရ

www.burmeseclassic.com



# တန်ခိုးတောဇာ လာဘ်မိုးကြီးရွာစေသော ဒေါင်းမင်းစမအဆောင်


ကောဇာနှစ် ၁၃၇၈ ခုနှစ်၊ တပို့တွဲလသည် တစ်မူထူးခြားနေသည်ကို တွေ့မြင်လိုက်ရပါသည်။ ဘာတွေတစ်မူထူးသလဲဟုအမေးရှိခဲ့လျှင် သင့်အိမ်တွင် ချိတ်ဆွဲထားသော ပြက္ခဒိန်ကို ကြည့်လျှင် တွေ့မြင်ရမည်ဖြစ်ပါသည်။ မိတ်ဆွေ သတိမပြုမိ၍ ထူးခြားမှုကို မမြင်တွေ့ခြင်းပင် ဖြစ်ပါသည်။

ထူးခြားနေသည်မှာ တပို့တွဲလဆန်း ၁ ရက်နေ့သည် စနေနေ့ဖြစ်ပါသည်။ ထိုလပြည့်နေ့မှာလည်း စနေနေ့နှင့်ကြုံရပြန်ပါသည်။ နောက်ဆုံး လကုန်ရက်မှာလည်း စနေနေ့နှင့်အဆုံးသတ်နေသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ကြုံခဲဆုံခဲလှသောကာလဖြစ်နေပါတော့သည်။

ကျွန်ုပ်သည် မြန်မာတို့၏ရှေးသူဟောင်းကြီးများနှင့် ဆရာသခင်တို့ မှတ်ယူသုံးစွဲခဲ့ကြသည့် စန္ဒမာသလတွင် ထူးခြားမှုကြုံနေသည့်အတွက် ယနေ့ အိုင်တီခေတ်ကြီးထဲတွင် ဝိဇ္ဇာရေဂမ္ဘီရ ပညာရပ်ကိုမမီနိုင်သော အကြောင်းကောင်းများ၊ အကျိုးအာနိသင်များစွာတို့ ယနေ့တိုင်တည်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် အခွင့်ကြုံ၍တင်ပြရန် အကြောင်းတစ်ခုရှိနေပါသည်။ စာချစ်သူမိတ်ဆွေများသိကြပြီးဖြစ်မည်ဟု ယူဆပါသည်။ ဝိဇ္ဇာရေဂမ္ဘီရပညာနယ်တွင် တစ်ထောင့်တစ်နေရာကနေပြီး နေရာယူထားသည့် ပထမံပညာပင်ဖြစ်ပါသည်။ ကျွန်ုပ် လေ့လာဆည်းပူးခဲ့သောပညာထဲတွင် ပဋ္ဌမံဘိုးဘိုးအောင် စီမံခဲ့သော ပထမံပညာသည် လေးစားရပါသည်။ စာချစ်သူမိတ်ဆွေတို့သိကြသည့်အတိုင်း ဘိုးဘိုးအောင်သည် ကောဇာနှစ် ၁၁ဝ၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့ပါသည်။

ဘိုးဘိုးအောင် ထွက်ရပ်လမ်းမစံမြန်းမီက စီမံထားခဲ့သော ပထမံအစီအမံတွင် ယခုဆိုလျှင် နှစ်(၂၅ဝ)ကျော်ပြီဖြစ်ပါသည်။ ပထမံပညာနယ်တွင် နေ့အလိုက် သိဒ္ဓိများကိုဖော်ပြထားခဲ့၍ စနေနေ့သည် သိဒ္ဓိပေါက်ကောင်းကျိုးချမ်း



သာမင်္ဂလာနှင့်ပြည့်စုံရန်အတွက် စနေနေ့မှာ စီမံရမည်ဖြစ်ပါသည်ဟု ဖတ်ရမှတ်ရဖူးပါသည်။

ယခု တပို့တွဲလသည် ဆန်းပြည့်ကွယ် အင်္ဂါ (၃) ရပ်နှင့် ပြည့်စုံနေသောလဖြစ်နေသည့်အတွက် အထူးစီမံရန်သင့်သောလဖြစ်သည်ဟု ယူဆရခြင်းဖြစ်သည်။

(ပဋ္ဌမံဘိုးဘိုးအောင်၏မွေးသည့် ခုနှစ်၊ လ၊ ရက်တို့ကို ရေးသားဖော်ပြခြင်းသည် (ဖူးပြည့်အောင်ဆရာတော်) ဘိုးဘိုးအောင် သက်တော် (၂၇၃) နှစ်ပြည့်မွေးနေ့ပူဇော်ပွဲဖိတ်ကြားလွှာမှာပါသည့်အတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။ ... စာရေးသူ)

ကျွန်ုပ်သည် တစိုက်မတ်မတ် ကျင့်ကြံလာခဲ့သော 'အရဟံမဟာသိဒ္ဓိ အဓိဋ္ဌာန်ကျင့်စဉ်ကြီးသည် (၁၈) နှစ်သို့ ရောက်လာခဲ့ပါပြီ။ ယခုအချိန်အထိ ရပ်နားခြင်းမရှိဘဲ တစ်ဆက်တည်း အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်လာရာတွင် ယခုလက်ရှိဝင်ရောက်နေသောအဓိဋ္ဌာန်ကို ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်၊ ကြာသပတေးနေ့က ဖြစ်ပါသည်။

ကျွန်ုပ်သည် အခါအားလျော်စွာ အဓိဋ္ဌာန်ကျင့်စဉ်ကြီး တစ်ပတ်စာအချိန်ကာလကိုဖော်ပြဖူးပါသည်။ ဝါသနာပါ၍ ကျင့်လိုသူဆောင်လိုသူမိတ်ဆွေများအတွက် ယခုဖော်ပြလိုက်ပါသည်။

**အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီး**

□ အဓိဋ္ဌာန်ကာလသည် ဝါရကြီး (၃) ဝါရကို နားရက်မရှိ တစ်ဆက်တည်း သွားရပါသည်။

□ ဝါရကြီးတစ်ဝါရကို ဝါရငယ်အဖြစ် တစ်ဝါရကို (၉)ရက်သတ်မှတ်ပြီး ဝါရငယ် (၁၈) ကြိမ်သွားရပါသည်။ သို့မှသာ ဝါရကြီးတစ်ဝါရ ရပါသည်။

□ ဝါရကြီး (၃)ဝါရကိုဆက်တိုက် သွားရပါသည်။

ကျွန်ုပ်အဓိဋ္ဌာန်သည့်ကျင့်စဉ်မှာ-

(က) ဘုရားရှိခိုးခြင်း၊

(ခ) သီလခံယူခြင်း၊

(ဂ) အရဟံ (၅) မျိုးပုတီးစိပ်ခြင်း။

အရဟံတစ်မျိုးကို (၁ဝ၈) လုံး ပုတီးကုံးဖြင့် တစ်ပတ်စိပ်ပါသည်။ (ပါဠိတော်ရွတ်ဆိုပြီး ပုတီးမချပါ။ မြန်မာလိုအနက်ကို နှလုံးသွင်းဖြင့် ပုတီးတစ်လုံးကြဖြင့် ပုတီးတစ်ပတ်စိပ်ခြင်း ဖြစ်ပါသည်။

(ဃ) ပုတီးမစိပ်မီ ဦးစွာ -

□ မင်္ဂလသုတ်၊

□ ပဋ္ဌာန်း၂၄-ပစ္စည်း၊

www.burmeseclassic.com

၁ မေတ္တာသုတ်တို့ကို ရွတ်ဆိုပါသည်၊ ပြီးမှ ပုတီးစိပ်ပါသည်။

(င) သစ္စာပြုပြီး -

၁ ဆုမွန်တောင်းခံခြင်း၊

၁ မေတ္တာပို့သခြင်း၊

၁ မူလကဖိတ်ထားသူများကို နေ့ချင်းဒွာနပြန်ပို့ပါသည်။ (ယခုကဲ့သို့ ရေးသားဖော်ပြခြင်းမှာ ဆန္ဒတူက ကျင့်နိုင်ကြစေရန်ဖြစ်ပါသည်။)

ကျွန်ုပ် နိစ္စဓူဝကျင့်ဝတ်ပြီး၍ ဘုရားခန်းမှထွက်လာပြီး အစောစာအဖြစ် ကျွန်ုပ်နှစ်သက်သော ထောပတ်ထမင်းကိုပူပူလေးကို စားတော်ပဲပြုတ်နှင့် နယ်လိုက်ပါသည်။ မနက်ထအအေးဓာတ်တလည်း ဖိစီးနေသည်ဖြစ်၍ ရေနွေးကြမ်း (အခါးရည်) ကို သောက်လိုက်နှင့် အမိုက်ကိုငြိမ်းစေပါတော့သည်။

ကျွန်ုပ်သည် ထမင်းစားခန်းမှ အလုပ်ခန်းကိုထွက်လာချိန်တွင် တပည့်မောင်စောလှမြင့်တစ်ယောက်ရောက်လာနှင့်ပါတော့သည်။ စာချစ်သူများသိကြပြီးသည့်အတိုင်း ကောက်ရိုးပွေ့လာနေပါတော့သည်။

"ဘိုးတော်၊ ဆရာပြောပြခဲ့ဖူးတဲ့ နေ့ဆန်းပြည့်ကွယ်လကြုံတဲ့အခါပြော။ ထူးခြားတဲ့လတွေမို့ မင်းတို့အတွက် အင်းစမပညာနယ်က စမချီးမြှင့်မယ်ပြောခဲ့တဲ့အတိုင်း အခု တပို့တွဲလမှာ စနေနေ့နဲ့ပြည့်ကွယ်ကြုံနေလို့လာခဲ့တာပါ"

ဟု ပြောလိုက်လေသည်။

"မင်းရဖို့ကျတော့မမေ့ဘူးနော်။ ငါ့တလည်း မပြောချင်မစနဲ့၊ မပေးချင်ယောင်ဆို စကားလိုပါပဲကွာ။ တို့ပြောခဲ့တဲ့ စကားအတိုင်း ချီးမြှင့်ရမှာပေါ့"

ဟု ပြန်ပြောလိုက်ပါသည်။

တပည့်မောင်စောလှမြင့်က နားထောင်နေသေးပါ။ စကားအညွှန့်ထွက်လာပြန်ပါသည်။

"ဒါဆို ကျွန်တော်တို့ကိုဘာချီးမြှင့်မှာလဲ ဘိုးတော်၊ သိပါရစေ"

ဟု တောင်းဆိုနေပြန်တော့သည်။

သို့နှင့်ပင် အင်းစမပညာနယ်ထဲမှ အင်းမတူကြဘဲ ထူးထူးခြား ပုံသဏ္ဍာန်ကွဲနေတဲ့စမများစွာရှိနေကြောင်း၊ သိဒ္ဓိချင်း စမတည်ဆောက်ရာမှာ မတူညီကြကြောင်းကို ရှင်းလင်းပြောပြလိုက်ပါသည်။

ကျွန်ုပ် ယခုစီမံပေးမည့်စမသည် ဥဒေါင်းမင်းစမပင်ဖြစ်ပါသည်။ ဥဒေါင်းစမတို့မှာလည်း ဂုဏ်ရည်တူကြသော်လည်း ပုံစံသဏ္ဍာန်မတူကြသည့်စမများစွာထဲမှ စမတစ်ကုံးကို စီမံပေးမှာဖြစ်ပါသည်။

ယခုစီမံသည့်စမသည် စဓဗဝဆိုသည့် ဗျည်းများပင်ဖြစ်ပါသည်။ထိုဓာတ်စမကြီးလေးလုံးနှင့်ပင် ဥဒေါင်းမင်းက, ဟန်ရှိသော ဥဒေါင်းစမပင် ဖြစ်သည်။ မျက်စိအကြည်အာရုံတွင်ပင် လွန်စွာကျက်သရေရှိလှပါသည်။ စဓဗဝစမလေးလုံးနှင့်တည်ဆောက်ထားစေကာမူ လွန်စွာအနုပညာမြောက်သည်ပြောနိုင်ပါသည်။

ဒေါင်းမြီးဒေါင်းကွက်တို့မှာ ရိုးရှင်းလှပါသည်။ ရိုးရှင်းသလောက် တစ်ခါကြည့်ပြီးလျှင် နောက်ထပ်ခါထပ်ကြည့်ရန်ကိုမပြုလုပ်ဘဲမနေနိုင်ဖြစ်နေပါသည်။ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်တွင် ရှားရှားပါးပါးစမဟု တင်ပြလိုပါသည်။ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ အလေးဂရုထားသင့်သည့် သိဒ္ဓိရာဇာဆရာအောင်၏ ကျေးဇူးကိုမေ့မရနိုင်အောင်ဖြစ်ရပါတော့သည်။

ဥဒေါင်းမင်းစမ၏ ကဟန်အပြင်ဝန်းရံထားသည်မှာ စဓဗဝ စမ(၂၄)လုံးဖြစ်ပါသည်။ ကိုယ်ထည်ကို စဓဗဝစမစကြာဖြစ်ပါသည်။ အတွင်းပိုင်းတွင် အရွယ်ပမာဏကြီးသည့် စမလေးလုံးထားရှိပါသည်။ ကိုယ်ထည်အောက်ခြေတွင် တစ်လုံးထားရှိပါသည်။ အတွင်းပိုင်းဒေါင်းမြီးကွက်ကျားနေရာတွင် 'ဝ' (၁၄) လုံးဖြင့် နေထားတကျစီမံထားခြင်းမှာ ထူးခြားမှုတစ်ရပ်ဖြစ်ပါသည်။

ကနေသည့် ဒေါင်းမြီးကွက်ထိပ်တွင် 'တန်ခိုးတေဇလာဘ်မိုးရွာစေ' ဟု ရေးသားထားသလိုပင် အတောင်နှင့်ခြေထောက်အကြားတွင်လည်း 'အောင်ပါစေသား၊ အောင်ပါစေသတည်း' ဟု ရေးသားထားသည့်စာများကို တွေ့မြင်ရပါသည်။ ဒေါင်းမင်းစမပုံကို သီးခြားဖော်ပြထားပါသည်။

ထိုဒေါင်းမင်းစမကို နှစ်လို၍ ဆောင်လိုသူများအနေဖြင့် မြန်မာလတိုင်း၏ လဆဉ် လဆန်းရက် တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့များတွင် စီမံကြရန်။ ကြိုတင်စီမံထားရှိပါကလည်း ဖော်ပြခဲ့သော (၃) ရက်မှ မိမိအဆင်ပြေသောနေ့တွင် လုပ်ငန်းစတင်ရပါသည်။ စီမံရသောရက်မှာ ရက်သတ္တပတ်ဖြစ်၍ (၇) ရက်ကြာမည်ဖြစ်ပါသည်။

စီမံသည့်ရက်(၇)ရက်ဖြစ်ပါသည်။ စာချစ်သူများအနေဖြင့် အမိဋ္ဌာန်များစွာတို့ဝင်ရောက်ဖူးပြီးဖြစ်မည်ဟု ယူဆပါသည်။ အမိဋ္ဌာန်တင်ရာတွင် မိမိဆန္ဒအတိုင်း တင်နိုင်ပါသည်။

မဖြစ်မနေပါရှိမည့် အကြောင်းတို့မှာ -

၁။ မောရသုတ်ပရိတ်တော်ကို (၃)ခေါက်ရွတ်ဆိုပူဇော်ပါ။

၂။ ဒိဝါတပတိဂါထာတော်ကို (၃) ခေါက် ရွတ်ဆိုပူဇော်ပါ။

ပါဠိအသံထွက်မှားစေရန် စာအုပ်ကြည့်၍ပူဇော်လျှင် ပိုကောင်းပါသည်ဟု အကြံပြုပါသည်။

စာချစ်သူ မိတ်ဆွေအနေဖြင့် ဥဒေါင်းမင်းစမပုံကို မိမိနှစ်သက်သလို မိတ္တူကူးဆိုင်များတွင် ကျုံ့ခြင်း၊ ချဲ့ခြင်းတို့ပြုလုပ်ထားပြီး အမိဋ္ဌာန်ကာလပြီးဆုံးသွားက နှစ်သက်သလိုအသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

အိမ်နှင့် ဆိုင်များတွင်ချိတ်ဆွဲလိုလျှင် ဘောင်သွင်းပြီး ဧည့်ခန်းနှင့်အမြားမြင်သာသောနေရာတွင် ချိတ်ဆွဲရန်ဖြစ်ပါသည်။ ကိုယ်နှင့်မကွာဆောင်လိုသူများ ပလတ်စတစ်လောင်းပြီးဆောင်ထားနိုင်ကြပါသည်။

ကိုယ်နှင့်မကွာဆောင်သူများအနေဖြင့် (၂) မျိုးတော့ ရှောင်ရမည်ဖြစ်ပါသည်။ တစ်ခုကတော့ သောက်စားမူးယစ်ခြင်း ဖြစ်ပါသည်၊ နောက်တစ်ခုက သူများအိမ်ရာနှင့် အုပ်ထိန်းခြင်းမကင်းသည့်မိန်းမပျိုအပေါ် မကျူးလွန်မဖောက်ပြားရန်ပင် ဖြစ်ပါသည်။

အကျိုးသွားမှာမူ -

ဝန်ထမ်းဖြစ်ပါက လူချစ်လူခင်ပေါ်ခြင်း၊ ရာထူးတိုးတက်ပြီး ဩဇာအာဏာရရှိခြင်း၊ စီးပွားကောင်းခြင်း။

အရောင်းအဝယ်သမားများအနေဖြင့် မိတ်ဟောင်းများပြန်လာခြင်း၊ မိတ်သစ်များတိုးပွားခြင်း၊ အရောင်းအဝယ်ကောင်းမွန်လာခြင်းတို့ဖြစ်မည်။ ဂုဏ်သတင်းများ ကျော်စောမည်ဖြစ်ပါသည်။

အောင်မြင်ကြီးပွားသူများအနေဖြင့် နွမ်းပါးသူ၊ ကျောင်းသားကျောင်းသူများကို တတ်စွမ်းသမျှ ချီးမြှောက်ထောက်ပံ့ကြရန်ဖြစ်ပါသည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခေါင်

**မှီငြမ်း** -

ပဋ္ဌမံဘိုးဘိုးအောင်၏ (၂၇၃)ပြည့်ဖိတ်ကြားစာ

သိဒ္ဓိရာဇာဆရာအောင်၏အင်းစမကျမ်း (လက်ရေးမူ)



www.burmeseclassic.com

www.burmeseclassic.com

# စိုးမင်း
(မြောက်စည်း-ရွာသစ်)

## ဘဝဟောင်းက သိုက်နန်းဆက်မှ ဒီဘဝအထိ နှောင့်ယှက်ခံနေရသော ကျွန်တော့်မိတ်ဆွေနှင့်ကျွန်တော်၊ ကျွန်တော့်ဇနီးသည်



*(ယခင်လမှအဆက်)*

"ဆရာစိုး၊ ကျွန်တော်ကြားဖူးတာ မေးချင်သေးတယ်။ မဟာဂန္ဓာရီနဲ့ စူဠဂန္ဓာရီပညာနှစ်မျိုး ဘယ်ဟာကပိုကောင်းတာလဲဗျ။ မရှင်းလို့"

"သေလိုက်ပါတော့ ကိုယ့်လူရယ်။ အခုတင်ပြောပြီးပြီ။ ခင်ဗျားမေးတဲ့ စူဠဂန္ဓာရီအကြောင်းသာပြောရရင်တော့ ပြီးမှာတောင်မဟုတ်တော့ဘူး။ ကျွန်တော့်လိုင်းလည်းမဟုတ်ဘူး။ ပြောရင်လည်းကောင်းတာမပါနိုင်ဘူး။ မသိချင်ပါနဲ့ဗျာ"

"ကဲ - ဒါဆိုလည်းမပြောနဲ့ဗျာ"

"ကြားထဲမှာ ကျွန်တော့်ဆရာရဲ့ အကြောင်းလေးကျန်သွားတယ်။ ပြောပြချင်သေးတယ်ဗျ"

"ဆရာတော်က စောလူးမင်း ဝင်စားထားတဲ့သူဗျ ကိုယ့်လူရဲ့"

အံ့ဩတဲ့အမူအရာဖြင့် မိတ်ဆွေကြီးမျက်လုံးကျယ်သွားသေး၏။

"ဘယ်လို ဘယ်လို စောလူးမင်း ဝင်စားတာ ဟုတ်ကဲ့လားဗျာ"

"ဟုတ်တယ်-ဆရာတော်ပြောပြတာ"

"သူ့သက်ရှိထင်ရှားရှိနေသရွေ့ ဒီစကားကို ဘယ်သူ့မှမပြောရဘူးလို့ ကတိတောင်းလို့ပေးခဲ့ဖူးတယ်။ အခုတောင် ဆရာတော်မရှိတော့လို့။နည်းနည်းတော့ ပြောမယ်"

"အံ့ဩစရာပဲဗျာ။ နှစ်တွေကြာလှပြီ။ ဒါတောင် သိနေတာဆိုတော့"

"ဆရာတော်က အင်းသမားလေ။ ပြီးသလား၊ မပြီးသလားကျွန်တော်ဉာဏ်မမီဘူး။ ဆရာတော်ပျံလွန်တော်မူတော့ ကျွန်တော်နဲ့အခွင့်တစ်ခါကြုံသေးတယ်။ ရေရှင်ရွာက ယောဂီဝတ်အဘွားကြီးနဲ့ မယ်သီလရှင်က ကျွန်တော့်ဆီရောက်လာတယ်။ ဘာကိစ္စလဲမေးတော့ မသိဘူးတဲ့။ ဒါနဲ့နေရာထိုင်ခင်းလုပ်ပေးလိုက်တယ်။ ည (၈) နာရီလောက်မှာ ယောဂီဘွားတော်က လူစိတ်ပျောက်အောင်ဝင်ပူးတော့တာ။ ဆရာတော်ကြီးဖြစ်နေတယ်။ ကြည်ကြည်လင်လင်ပဲ။ သူပြောတာက သစ္စာပျက်လို့ ဒဏ်အခတ်ခံရတယ်ပြောတယ်။ ဆရာတော်က တောင်ပေါ်မှာ သက်သတ်လွတ်ပဲစားတာ။ ကျန်းမာရေးညံ့တော့ တောင်အောက်ဆင်းနေတော့ အသားငါးတွေပြန်စားတယ်။ လေဖြတ်တာယ်။ ဒီဒဏ်နဲ့ ပျံလွန်တော်မူတဲ့အကြောင်းပြောတယ်။ ဝိဇ္ဇာမဖြစ်သေးဘူး။ ဒဏ်ပေးခံထားရတယ်ပေါ့။ သူ့သဘောက ဒဏ်ပြေမှ ဝိဇ္ဇာမယ်တဲ့"

"အေးဗျာ - စိတ်မကောင်းစရာ ဒါနဲ့စောစောက စောလူးမင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

…နည်းပြောပါဦးဗျ။ ကြားချင်သေး…ယ်"

"မေးလို့သာပြောရမှာ၊ ကျော်ချမ်း…ယ်ဗျ"

"လုပ်ပါ ဆရာစိုးရယ်၊ သိချင်…ပါ"

"ကျွန်တော် အလုပ်မပြုတ်ခင်…လေးမှာတာဝန်ကျတော့ ဆရာတော်…လေးမှို့ဆင်းလာတယ်။ ကျွန်တော်နဲ့…ကြိမ်တွေ့ပြီးတော့ သူတောင်ပေါ်ပြန်ရင် အလည်လိုက်ခဲ့လို့ တိုးတိုးလေးမှာတယ်။ ဒါနဲ့အကြောင်းထူးရှိလို့လား ဆရာတော်မေးတော့ အေး-ရှိတယ်။ ငါ စောလှူးမင်းသားဘဝကကိုင်ခဲ့တဲ့ နန်းစဉ်ပတ္တမြားဓားရှိတယ်။ အဲဒါပြပေးမလို့တဲ့ဗျ။ ဒီစကားကြားတော့ ကျွန်တော်လည်း အံ့ဩတယ်ဗျ"

မိတ်ဆွေကြီးပင် ပို၍အံ့ဩသွားပါသည်။

"သူကိုင်ခဲ့တဲ့ ဓားရှည်အပြင် ဓားမြှောင်တစ်လက်ပါပြပေးမယ်ခေါ်တာ"

"ဒါနဲ့ ဆရာစိုးက တောင်ပေါ်တက်လိုက်ရောလား"

"ဒီလို၊ ဆရာတော်တောင်အောက်ဆင်းရင် အသီးအနှံရိက္ခာလေးတွေစု၊ ပင့်တဲ့ဆီကြွ၊ နှစ်ရက်သုံးရက်နေရင် တောင်ပေါ်ပြန်နေနေကျ။ သူတောင်ကို စိတ်မချဘူး။ ဒီတစ်ခေါက် (၁၀) ရက်



www.burmeseclassic.com

ကျော်ကြာသွားတယ်။ ဆရာတော်ပြန်တော့ ကျွန်တော် တောင်ပေါ် လိုက်သွားတာပေါ့။

တောင်ပေါ်ကိုလည်းရောက်ရော ဆရာတော် မျက်လုံးပြူးတော့တာပဲ။ မောမောပန်းပန်းနဲ့ ရင်ဝဆောင့်ကန်ခံရသလိုပေါ့ဗျာ။ ဘုရားခန်းအပေါ် မျက်နှာကြက်သစ်သားအဖုံးတွေပါ အကုန်ပွင့်နေတော့တာ။ နန်းစဉ်ပတ္တမြားဓားရောဓားမြှောင်ပါမရှိတော့ဘူး။ ဆရာတော်ဟာ မျက်ရည်မကျအောင်ထိန်းထားရှာတာ။တော်တော်နှမြောရှာတာ။ ဓားအိမ်က ရွှေအစစ်။ အဖိုးတန်ကျောက်တွေစီထားတာတဲ့။ ဓားမင်းကလည်း ရွှေချကျောက်စီ။ ဓားနောက်ပိတ်က ပတ္တမြားကြီးတစ်ပွင့်ပါသေးတယ်တဲ့။ ရှေးဟောင်းပစ္စည်းမို့ လုပ်ရက်ကြပါပေ့ကွာလို့ ညည်းသံနဲ့ပြောရှာတယ်။ ကျွန်တော်က ဆရာတော့်မျက်နှာကို စိတ်မကောင်းဘဲကြည့်နေရတာပေါ့။

ဒီဓားကို မရရအောင်ပြန်ယူထားရတာ။ နောက်လူတွေသိစေချင်လို့တဲ့။ ခုတော့ပါသွားပြီ။ ကဲဗျာ-ကုလားပြည်တောင်ရောက်သွားပြီ။ ဆရာတော်က အဲဒီတုန်းက အကုန်သိတာ။ ရတဲ့ဈေးနဲ့ ရောင်းစားလိုက်ကြပြီတဲ့။

ဒီတော့ ကျွန်တော်က ဆရာတော်ထံ ခိုးတဲ့သူကိုမေးကြည့်တော့ လူရင်းထဲကတဲ့။ အဲဒီကောင်တွေ ဒကာလေးလည်းသိတယ်တဲ့"

"ဆရာစိုးကိုပြောတာပေါ့။ ဒီလိုလား"

"ထင်တာပဲ၊ ကျွန်တော်ကတော့ ဘယ်သိမလဲလေ။ ဆရာတော်ပြောတာကိုးဗျ"

"ကဲ-ဒကာလေး၊ ခဲလေသမျှ သဲရေကျပါသွားပြီ။ဘုန်းဘုန်းစိတ်မကောင်းဘူးတဲ့။ အဲဒီနေ့ညနေပိုင်း ဆရာတော်စကားတောင် ကောင်းကောင်းမပြောရှာဘူး"

"အေးဗျာ - လုပ်တဲ့သူတွေလည်း လုပ်ရက်တယ်"

"တောင်ပေါ်ကပြန်တော့ ကလေးရောက်တယ်။ကျွန်တော်ထင်တဲ့နှစ်ကောင်ကငွေတွေအထပ်လိုက်သုံးနေကြတာဗျ။ တစ်ယောက်ဆိုရင် ဓားအကြောင်းပြောခါရှိသေးတယ် တုန်နေပြီ။ ဘာမှကိုမဖြေနိုင်ဘူး။ ကြောက်နေတော့တာ။ ဓားကလည်းဆုံးပြီဆိုတော့ ဒီအတိုင်းပဲလွှတ်လိုက်ရတာပေါ့။ တစ်ယောက်က ခုချိန်ထိ စားမှဲ့မဲ့သောက်မဲ့မဲ့ နေစရာမရှိဘူး။ တစ်ယောက်ကတော့ သေပြီးပြီ။ သူတို့ထိုက်နဲ့သူတို့ကံပေါ့ဗျာ"

"ဒါနဲ့ ဆရာစိုး၊ ရာဇဝင်ထဲက စောလူးမင်းနဲ့ ဆရာတော်ဝင်စားတဲ့ စောလူးမင်း ဘာတွေကွာဟချက်ရှိသလဲဗျ"

ဒီအကြောင်းအား ကျွန်တော် မပြောချင်ပေ။ ဆရာတော်က မပြောဖို့ မှာထားသည်။ မိတ်ဆွေကလည်း တစ်စတစ်စနှင့်တိုးမေးလာပြီ။ မပြောရင်လည်း ပြီးမည်မဟုတ်။ နည်းနည်းပါးပါးပြောဖို့ ဆုံးဖြတ်လိုက်၏။

"ခင်ဗျားမေးသလို ဆရာတော့်ကို ကျွန်တော်မေးဖူးတယ်။ မေးခါရှိသေးတယ်။ တောက်ခနဲအသံကျယ်ကြီးထွက်လာတာ။ အံကြိတ်ဒေါသထွက်နေတော့တာဗျ။ ပြီးတာနဲ့ အလကားကောင်တွေ၊ သစ္စာမရှိတဲ့ကောင်တွေ၊ တစ်ဘို့တည်းကြည့်တဲ့ကောင်တွေ။ထွီခနဲတံတွေးထွေးထုတ်တယ်ဗျ"

"ဒါဆို ဆရာတော်က တော်တော်ဒေါသထွက်နေတဲ့ပုံပဲ ဆရာစိုးရဲ့"

"ဟုတ်တယ်ဗျ၊ ကျွန်တော်ကလည်းသိချင်တဲ့သူဆိုတော့ အရဲစွန့်မေးသေးတယ်။ ဆရာတော် တပည့်တော်မသိလို့ မေးခွင့်ပြုပါဘုရား။ ရာဇဝင်ထဲက စောလူးမင်းကို ငရမန်ဖမ်းထားတာဟုတ်ပါသလားဘုရား။ နောက်ပြီးတော့ ကျန်စစ်သားက စောလူးမင်းသားကိုသွားကယ်တော့ စောလူးမင်းက သူခိုးသူခိုးလို့အော်တော့ ကျန်စစ်သားက စောလူးမင်းကိုပစ်ချထွက်ပြေးခဲ့ရတယ်လို့ မှတ်သားရဖူးတယ်ဘုရား။ အဲဒါတကယ်ဟုတ်ပါသလားဘုရားဆိုတော့ ဆရာတော်မျက်နှာနီရဲနေပြီး ဒေါသထွက်နေပြီး ထွီခနဲ တံတွေးထွေးတယ်ဗျာ။ ဘာတစ်ခုမှမဟုတ်ဘူး။ ရာဇဝင်ကို (---) ကျန်အောင်လုပ်ထားတာ။ အဲဒီကောင်တွေ ပွဲလန့်တုန်း ဖျာခင်းသွားတာ။

ဒီလို ဒေါသတကြီးအော်တော့ ကျွန်တော်ဆက်မမေးရဲတော့ဘူး။

ဆရာတော်တားတာနဲ့ တောင်ပေါ်မှာ လေးညအိပ်ခဲ့ရတယ်။ အပြန်မှာ ဆရာတော်က ကျွန်တော့်ကို ရှားဖိုရွာအထိ သူ့ကိုစွနဲ့လိုက်ပို့တယ်။ လှည်းပေါ်မှာ စောလူးမင်းအကြောင်းတော်တော်ပြောပြသွားတာ။ တကယ်သနားစရာပါဗျာ။ ဒီစကားတွေဒီမှာပဲထား။ တောစကား အိမ်မရောက်ကောင်းဘူး လို့မှာသေးတယ်။

ထူးတာရှိသေးတယ်။ အဲဒီလှည်းပေါ်မှာပဲ ကျွန်တော့်ကို ဆရာတော်တအံ့သြတကြီးပြောသွားတာက ဒကာလေးကအောင်ဇေယျအမျိုးကိုးဗျတဲ့။ ဒီအသံကြားတော့ ကျွန်တော်တောင် ကြက်သီးထတယ်။

ဆရာတော် ဘယ်လိုသိသလဲ ကျွန်တော်မသိဘူးလေ။ ပြီးတော့ဆက်ပြောတယ်။ အံ့မယ် - အရင်ဘဝတဆေးဘုန်းကြီးပါလား။ သက်နီးတပေစုတ်စုတ်၊ဆေးလွယ်အိတ်ကြီးတကားကားနဲ့ ဟိုရွာကြွဒီရွာကြွ ကန်ရွာသားကိုဗျ။ အံ့မယ် - ကန်ရွာက သူ့ခြေရာတွေထပ်လို့ပါလား။ မိန်းမတောင်မယူဖူးဘူးဗျ။ ကာလသားကြီး၊ တယ်ဟုတ်ပါလား

ဆရာတော်က ပြုံးစိစိနဲ့မိန့်တော့ ကျွန်တော်လည်း အံ့အားသင့်တယ်ဗျ။ အံ့အားသင့်ဆို ကျွန်တော်ရိုးတိုးရိပ်တိ သိထားတာနဲ့ တိုက်ဆိုင်နေလို့ပဲဗျ"

မိတ်ဆွေကြီးလည်း အံ့သြနေပါသည်။

"ဒါဆို ဆရာစိုးသိတာနဲ့ ဆရာတော်ပြောတာနဲ့ ထပ်တူပဲလား"

"အဲဒီလိုတော့ မပြောရဲဘူး ဆရာတော်က ကျွန်တော့်ထက်ပိုသိမှာပေါ့။ အခုတောင် ကျွန်တော်ရဲ့နှစ်အ အကြောင်းတစေ့တစောင်းပြောပြနေပြီ ကျွန်တော်သိတာက ဝေဝေဝါးဝါးဗျ"

"ဆက်ပါဦး ဆရာစိုးရဲ့။ စိတ်ဝင်စားလို့"

"ဒီလိုပြောပြီးဘုရားတည်ဖို့စ လာတယ်။ ဒကာဦးဆောင်ရင် အောင် တဲ့။ ယိုးဒယားနဲ့ အိန္ဒိယနယ်စပ်မှာ ဘု တွေပြန်တည်ရမှာ။ အဲဒါ သူနဲ့လိုက်ခဲ့ မယ်တဲ့။ သူ့ကို ဘုရားတည်ပေးဖို့ ထားတာ။ တစ်ဆူမှတည်မပေးရသေး တဲ့။ အဲဒါ ဒကာလေးလိုက်ဖြစ်အော လိုက်ရမယ်လို့ ခေါ်တော့တာဗျ။

သူပြောတာက ဖအေဘုရား သ တည်လို့ရတယ်၊ အောင်တယ်လို့ပြေ တယ်။ ဦးအောင်ဇေယျတည်ခဲ့တဲ့ဘုရ တွေတဲ့။ အရင်တုန်းက ဗမာပိုင်နယ် ထဲမှာတည်ခဲ့တာ။ နယ်နိမိတ်သတ်မှ တော့ ယိုးဒယားထဲပါသွားတဲ့ဘုရား တဲ့။ အခုနယ်စပ်က ဘုရားတွေ ယိုးဒယားမြေထဲပါသွားပြီ။ နယ်နိမိ သတ်မှတ်တာလည်း ဘုရားတွေနဲ့သ မှတ်ထားတာလို့ပြောတယ်။ ခက်ခဲ တောင်တွေပေါ်မှာဘုရားကသေးတ မြေပြန့်က ဘုရားကကြီးတယ်၊ ယိုးဒယားမှာ (၃) ဆူ ပြန်ရ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကကြီးတယ်ပြောတယ်။ ညာဏ်တော်မပြောဘူး။ အခုလက်ရှိက အုတ်ပုံထုတ်တိုတဲ့။ ဒါကိုအသစ်ငုံတည်ပေးရမှာ။ ဒီအက်ခေတ်အဲဒီဘုရားတွေတည်တဲ့သူဘုရားဒကာသုံးယောက် သေပြီးပြီတဲ့။ ဆရာတော်ပြောတာက သူများဘုရားကိုယ်သွားတည်လို့မရတဲ့သဘောပေါ့။ ကိုယ့်အမျိုးနဲ့ကိုယ်မှတည်လို့ကောင်းတာတဲ့။ အခုဘုရားဒကာက နောက်ထပ်တစ်ယောက်။ ယိုးဒယားကတဲ့။ ကုန်ကျစရိတ်၊ နေထိုင်ဖို့ဗီဇာ၊ စားရေးသောက်ရေးအစပေါ့ တာဝန်ယူတယ်။ ဆရာတော်ကို တည့်ပေးဖို့တောင်းဆိုတာ။ အလွယ်တကူ ကတိပေးမိထားတာ။ ဒါကြောင့် ကျွန်တော့်ကို ယိုးဒယား ဖွတ်ခေါ်နေတာ။ ဖအေဘုရားသားတည်တယ်ပေါ့။

ခက်တာက ဆရာတော်က အောင်ဇေယျသွေးပါတယ်လို့ဆိုရင်ဖြင့် ကျွန်တော်က ဘယ်သူလဲတိတိကျကျမပြောဘူး။ မင်းသိတယ်ပဲပြောတယ်။ ကျွန်တော်က တိတိကျကျမသိဘူး။ ဆရာတော်လို့ပြောတဲ့သူတစ်ယောက်ရှိသေးတယ်။ မြို့ကြီးကုန်းက ရသေ့ကြီး။ မိကုန်မှာနေတာ။ ဝိဇ္ဇာဗလတဲ့။ အောင်ဇေယျဆိုတာငါပဲကွလို့ ကျွန်တော့်ကိုပြောတာ။ ကျွန်တော့်ကို သားလို့ခေါ်တယ်။ ဘုရင်မလုပ်ချင်လို့ရသေ့ဝတ်နဲ့နေတာလို့လည်းပြောတယ်။ သူက ရွှေဘိုဦးအောင်ဇေယျဝင်စားတဲ့ ရသေ့ကြီး။ သူလည်း သိဒ္ဓိပေါက်ပုဂ္ဂိုလ်ပဲ။ ဒီရသေ့ကြီးနဲ့လည်း တစ်ခါမှမတွေ့ဖူးဘူး။ တွေ့ထိတ်တာနဲ့ ကျွန်တော် အံ့သြရတယ်။ လူအုပ်ကြားထဲက ကျွန်တော်တစ်ယောက်တည်းဆွဲထုတ်ခေါ်တာ။ ငါ့သားကြီးစားအောင်ဇေယျသွေးအပြည့်ပါတဲ့ကောင်။ နောက်မဆုတ်နဲ့ ကြားလား ငါ့သားရဲ့လို့ ခေါင်းပွတ်မှာသွားတာမှတ်မိသေးတယ်။

မိတ်ဆွေကြီးလည်း ဒီစကားဖြင့် သံသာအားရရှိ၏။

"အဲဒီရသေ့ကြီး ကျွန်တော်ဖူးဖူးတယ်။ ဘိုးမင်းခေါင်ဓာတ်ရင်းတဲ့ ဟုတ်တယ်မဟုတ်လား ဆရာစိုး"

"ဟုတ်ပါ့ဗျာ၊ စကားပြောရင်တောင် အောင်မင်းခေါင်ဓာတ်ရင်းကွလို့ ပြောတာ"

"အေးဗျာ၊ ဆရာစိုးက ဒီပုဂ္ဂိုလ်ကြီးနဲ့အဆက်ရှိသေးတယ်နော်"

"သူတို့က သိဒ္ဓိပေါက်ပြီးသားဆိုတော့ သိမှာပေါ့ဗျာ။ ကျွန်တော်တို့က



ခုမှ စလုံးလေးဖြစ်ဖို့ ဝလုံးတောင်ဆက်လုဆက်ခင်ရှိသေးတယ်"

ဒီစကားကြောင့် မိတ်ဆွေကြီး ပြုံးရွှင်နေ၏။ သူက လိုင်းမတူပေမယ့် ကျွန်တော်နှင့်စကားပြောလျှင် အထောက်အခံရ၏။

"ဆရာစိုးက လောကီပညာသင်ထားတော့ အဆက်ရှိတာကိုးဗျ။ ကျွန်တော်က တရားလောက်သာထိုင်ဖူးတာ ဒါတွေနားမလည်ဘူးလေ"

"အဲဒီ အောင်ဇေယျသွေးပါတယ်ဆိုတဲ့စကားနဲ့ ကျွန်တော်ငယ်ငယ်က အိပ်မက်ဆန်ဆန် မြေထူးမြို့ဟောင်းအကြောင်းနဲ့ ဆက်စပ်မှုများရှိမလားတွေးမိတယ်။ မြေထူးမြို့ဟောင်းက ကန့်ဘလူအနောက် (၁၀) မိုင်လောက်မှာရှိတယ်။ မြေထူးဘုရားပွဲကို ငယ်ငယ်ကတည်းကရောက်ဖူးတာ။ အိပ်မက်ထဲမှာ အဲဒီမြေထူးနန်းတော်ကုန်းက မလွတ်ပေါက် အရှေ့ပေါ်ထွက်ပေါက် လျှို့ဝှက်လိုဏ်ဂူတစ်ခု။ နောက်ထပ်တစ်ခုက မြေထူးကနေ ကင်းတပ်ဆည်အနီးက တောင်ထွတ်တစ်ခုကို ဖောက်ထွက်တဲ့ လမ်းတစ်ခုနှစ်ခုပြပေးဖူးတယ်။ ဒီလိုဏ်ဂူနှစ်ခုကို အိပ်မက်ခဏခဏမက်တယ်။ ရွှေဘိုနဲ့ မြေထူးမက မိုင် (၅၀) နီးပါးရှိတယ်။ မြေထူးနဲ့ ကင်းတပ်ဆည်အကွာအဝေးတော့ မခန့်မှန်းတတ်ဘူး။ အဲဒါလည်း အဝေးကြီး။ ဒီလိုဏ်ဂူဟာ မြေထူးမြို့စား အောင်ဇေယျသားကြီးခေတ်ကပဲ။ ဒါကအိပ်မက်နော်။

ဒီမြေအောက်လိုဏ်ဂူထဲ ကျွန်တော့်ဦးလေးနဲ့ သူငယ်ချင်းတစ်ယောက် (၁၀) တန်းကျောင်းတုန်းက သုံးမိုင်ကျော်တိုးဝင်ခဲ့ဖူးသေးတယ်။ လိုဏ်ကမှောင်တယ်။ ဓာတ်မီးအားကုန်လို့ပြန်လှည့်ခဲ့တာ။အထဲမှာစိမ့်ရေတွေရှိတယ်။ ချုံနွယ်တွေပိတ်တဲ့နေရာ၊ မြေတစ်ပိုင်းတစ်စ ပြိုတဲ့နေရာ၊ တချို့ အပေါ်မြေပြင်ကပြိုကျလို့ အလင်းရောင်အပေါက်ဖြစ်နေတာတွေတွေ့ရတယ်။ တခြားထူးခြားတာမတွေ့ဘူးလို့ ဦးလေးပြောပြဖူးတယ်"

မိတ်ဆွေကြီးသည် ငေးလို့သာနားထောင်နေ၏။ မြေထူးဘက်ရောက်လို့ စကားလွှဲပြီလို့ထင်နေပုံဖြစ်၏။

"ပြောလက်စနဲ့ပြောဦးမယ်ဗျာ"

"အဲဒီမှာ ဆရာတော်က ယိုးဒယားမလိုက်နိုင်ရင် အိန္ဒိယသွားမယ်တဲ့။ အဲဒီမှာ ဘုရားနှစ်ဆူတည်မယ်တဲ့။ ပြည်မထဲမှာမဟုတ်ဘူး။ အာသံ မဏိပူရနယ်ထဲမှာ ဘုရားကကြီးတယ်ပြောတယ်။ ဒီတုန်းက ကျွန်တော့်အသက် (၂၈) နှစ်ပဲရှိသေးတယ်။ ကျွန်တော်ခေါ်လည်း ကျွန်တော်မလိုက်နိုင်ဘူး။ ကျွန်တော့်မှာဇနီးနဲ့ သားသမီး (၅) ယောက်တောင်ရနေပြီ။ ကျွန်တော်အပြင်ထွက်ရင် မိန်းမနဲ့ ကလေးတွေငတ်ကုန်မှာပေါ့။ အဲဒါကြောင့်မလိုက်တာ။ ကျွန်တော်မလိုက်တော့ ဆရာတော်အားလျော့သွားတယ်။ အိန္ဒိယ၊ ယိုးဒယားက ဘုရားတွေမတည်လိုက်ရဘူး။ ဒီအကြောင်းတွေကျွန်တော်သိတာမဟုတ်ဘူး။ ဆရာတော်အင်းပေါက်ထားလို့သိတာပေါ့"

"ဟုတ်မယ် ဆရာစိုး၊ ရှေးတုန်းက အကြောင်းတွေဆိုတာ လူတိုင်းသိတာမဟုတ်ဘူး ဒါဖြစ်နိုင်တယ်"

မိတ်ဆွေကြီးသည် ဆရာတော်ထံရောက်ဖူးသည်။ အထိုက်အလျောက်သိထားပုံရ၏။ ဆရာတော်အား အထင်မသေးရဲပေ။

"ကျွန်တော်က ဆရာစိုးလို အနီးကပ်မနေဘူးတော့ ဒီအကြောင်းတွေဘယ်သိမလဲဗျ။ တော်တာပဲသိတာ"

"ဟုတ်တယ်၊ အင်းပေါက်ထားတာ ဆရာတော်က သူမာနကြီးတဲ့အကြောင်း ပြောတယ်ဗျ။ အဲဒီမာနကြောင့် သူများမှန်းသိသွားတာ။ ဆရာတော်ပြောပြတော့ ကျွန်တော်တောင်စိတ်မကောင်းဖြစ်မိတယ်"

"ဒီတုန်းကမာနမခံခဲ့ရင် အဲဒီနွားတောင်ဟာသာသနာပွင့်နေပြီ။ ကမ္မဋ္ဌာန်းကျောင်းတွေ၊ ဘုရားတွေ၊ စေတီတွေနဲ့ဝေနေပြီ။ ဒီတောင်ပေါ်စရောက်တာနဲ့ သိုက်ကမောင်နှမတွေ ဝမ်းသာကြတာပေါ့။ သာသနာပြုဖို့ ပထမအကြိမ်ထုတ်ပေးတယ်။ တောင်ထိပ်ဆရာတော်လာတဲ့လမ်းရှေ့ ရွှေမန်ကျည်းသီးတောင်တွေဖျာကြမ်းနှစ်ချပ်စာဖြန့်ကျဲပေးထားတဲ့ရော

www.burmeseclassic.com

တဲ့။ ဒါလည်းတွေ့ရော ဆရာတော် ဒေါသထွက်ပါရောတဲ့။ ငါ့ကို ငမွဲဘုန်းကြီးမှတ်နေလား။ မင်းတို့ပေးမှ ဘုရားတည်ရမယ့် ဘုန်းကြီးအောက်မေ့လား။ ဘာဘာညာညာအော်၊ ခပ်ညံ့ညံ့ဘုန်းကြီးမဟုတ်ဘူးကွ။ ငါ့ဟာငါတည်မှာကွ အော်ပြီး ရွှေမန်ကျည်းသီးတစ်တောင့် တောင်မကောက်ခဲ့ဖူးတဲ့။

တောင်ရောက်စက ဆရာတော် ဆင်းရဲတာ သိုက်ကအဖွဲ့တွေသိတယ် သိလို့ကူညီတာ။ အဲဒီနှစ်ကုန်ခါနီး ဒုတိယ တစ်ခါပေးပြန်တယ်။

လိုက်ဂူထဲ ဒကာကောင်လေး တစ်ယောက်နဲ့ဆင်းတော့ ဓာတ်မီးနဲ့ ထိုးလိုက်တာနဲ့ ဝင်းခနဲလင်းခနဲတွေ့ ပြန်တာတဲ့။ အဲဒီနေရာရောက်တော့ ရွှေမှုန်နှစ်တင်းသားလောက်ပုံပေးထားတာ။ လက်နဲ့ကိုင်ကြည့် လက်ထဲမှာ တစ်မှုန်မှ မပါအောင်ခါခဲ့သေးတယ်တဲ့။ ပါလာတဲ့ ဒကာလေးကို ဘယ်သူမှမပြောဖို့ နှုတ်ပိတ်သေးတယ်တဲ့။ အဲဒီမှာလည်း ဂူထဲက ဒေါသနဲ့အော်ထွက်ခဲ့တာပဲတဲ့။

အဲဒီနှစ်ကြိမ်ပေးပြီး သိုက်က မောင်နှမတွေက ဘာပစ္စည်းမှမပေးရဲ တော့ဘူး။ ဘာမှလည်းမတောင်းဆိုကြတော့ဘူး။ ဆရာတော်လည်း ကြီးကြီးကျယ်ကျယ် သာသနာပြုမသွားရှာဘူး။ ဆရာတော် တောင်အောက်ဆင်းတော့လည်း ဘယ်သူကမှမတားရဲတော့ဘူး"

မိတ်ဆွေကြီး သဘောကျစွာပြုံးနေပါသည်။ သူလည်းဝေဖန်ချင်ဦးမည်။

"အေးပါဗျာ၊ ဆရာစိုးပြောသလို မာနမခံရင် ဒီတောင်ပွင့်ပြီ။ မာနခံလိုက်တာ ဟုတ်လိုက်လေဗျာ"

"သိုက်အဖွဲ့ကလည်း နည်းနည်းမဟုတ်ဘူး ကိုယ့်လူရဲ့။ နဂါးသိုက်အကြီးကြီးရှိသေးတယ်။ တောင်ပိုင်အဖွဲ့မောင်နှမတွေရှိတယ်။ (၇)ယောက်အဖွဲ့ထဲမှာ ဆရာတော်က အကြီးဆုံး။ ကျန်တဲ့သူတွေကအငယ်တွေ။ ကြောက်တာလည်း ပါတယ်။ အခုဒီတောင်ကိုဖွင့်မယ့်သူ တစ်ယောက်ပဲရှိတော့တယ်"

မိတ်ဆွေကြီး ကျွန်တော့်မျက်နှာကြည့်၍ အာနေ၏။

"အဲဒါ ကျွန်တော်ပဲ"

သူတကယ်ပင်အံ့ဩနေပါသည်။ ကျွန်တော်လည်း အရဲစွန့်ပြောချလိုက်မိ၏။

"တကယ်ပြောတာလား ဆရာစိုးရဲ့"

"ထင်တာပဲဗျ"

"ထင်တာမလုပ်နဲ့၊ တကယ်ပြောစမ်းပါဗျာ"

"ကျွန်တော့်ကို ဒီဘက်က မခွာနိုင်အောင်လုပ်နေတာ သူတို့ပဲလေ။ ဒီတောင်ကို ကျွန်တော်မှမကယ်ရင်သွားပြီတဲ့။ တစ်နှစ်ကို နှစ်ကြိမ်လောက်လာခေါ်နေပြီ။ တောင်ပေါ်တက်ဖို့ ရေရှင်ရွာက ပဋ္ဌာန်းဆက် မယ်သီလတစ်ပါးရှိတယ်။ သူက ကျွန်တော့်ကို ဆွမ်းလုပ်ကျွေးမှာ။ ဓာတ်အောက်ဆွမ်းခံမဆင်းရဘူး။ ဟိုရွာဒီရွာအလှူမခံစေရဘူးတဲ့။

ဒီမယ်သီလရှင်က အခုအသက် (၇၀) နားကပ်လာပြီ။ ကျွန်တော့်ကိုခေါ်တာ (၁၀) နှစ်ကျော်ပြီ။ ကျွန်တော်မလိုက်သေးတော့ စိတ်မကောင်းစွာနဲ့ ပြန်သွားရှာတယ်။ ဒီနှစ်လည်း လာခေါ်ဦးမှာပဲ။ ဒီအကြောင်းတွေ သိုက်ကပြောတာ။ ကျွန်တော်က သူတို့ပြောလို့သိရတာ"

"ဒီတောင်ကို ဆရာစိုးဘယ်တော့ လောက်တက်ဖြစ်မယ်ထင်သလဲဗျ"

"ငါးဆယ့်ငါးလောက်ထင်တာပဲ"

"ဘုန်းကြီးဝတ်မှာပေ့ါ"

"မဝတ်သေးဘူး၊ ရသေ့ပဲဝတ်မှာ။ လောကီပညာလိုက်ဖို့ကတော့ ရသေ့နဲ့ အကောင်းဆုံးလေ"

"အဲဗျ - ဒါလည်းဟုတ်တာပဲ"

"ကဲ-သိုက်ဆက်အကြောင်းဆက်ရဦးမယ်ဗျ။ စကားတွေက ချော်ချော်ထွက်နေတယ်။ ဟိုရောက်ဒီရောက်နဲ့"

မိတ်ဆွေ ကိုသိမ်းမင်းခမျာ ရယ်နေပါတော့၏။ နားထောင်သူရှိ၍ ပြောသည့်သူလည်းအားရှိစေ၏။

"ကျွန်တော်က နွားတောင်သိုက်ဆက်နော်။ အခု ဝေဘူလတောင်က မငွေတောင်တို့အကြောင်းလည်း ပြီးရင် ပြောဦးမှာ။ နားထောင်ပေးမယ်မဟုတ်လား"

မိတ်ဆွေကြီးရယ်နေပါ၏။ စကားမပြန်၊ ခေါင်းညိတ်ပြ၏။

"နွားတောင်ကသိုက်အဖွဲ့နဲ့ထူးထူးဆန်းဆန်းကြုံခဲ့တာပြောမယ်။ တောင်ပေါ်ကဆရာတော်ဆင်းသွားပြီး ကလေးနယ်မှာနေတော့တာ။ တောင်ပေါ်မှာ ကိုရင်ကြီးတစ်ပါးတည်းရှိတဲ့အချိန်ပေ့ါ။ လွန်ခဲ့တဲ့ (၈) နှစ်လောက် က တစ်ရက်ညပိုင်း ကျွန်တော်အိပ်ပျော်နေတုန်းမှာ အိပ်မက်လာပေးတယ်။ လာတဲ့ပုံစံက မြွေစိမ်းပေါက်စလေး နောက်တဖြည်းဖြည်းနဲ့ကြီးပြီး ပါးပျဉ်းထောင်လိုက်တော့ မင်းသမီးလှလှကလေးဖြစ်သွားတယ်။

အစိမ်းရောင်ဝမ်းဆက်နဲ့ အပေါ်က နဂါးဦးသျှောင်ဆောင်းလို့ အပျိုအရွယ်လေး။ သူ့မျက်နှာမှာ မျက်ရည်တွေနဲ့ မောင်ကြီးကယ်ပါဦးတဲ့။ သူတို့တစ်ဖွဲ့လုံး အချုပ်ခံထားရတာတဲ့။ ဘုရားပိုင်ပစ္စည်းတွေ အကုန်တောင်းနေတာ ကယ်ပါဦးတဲ့"

"ဆရာစိုး၊ ဒါဆို သိုက်တူးတဲ့သူတွေပေ့ါ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကျွန်တော့်နှမလေးလာတိုင်တာ။ သူ့ကိုသေချာအောင် ကျွန်တော်မေးတော့ ခုနစ်ယောက်အဖွဲ့တဲ့။ ရဟန်းဝတ်နဲ့ ဝတ်ဖြူစင်ကြယ်ဝတ်တဲ့နှစ်ယောက်က ခေါင်းဆောင်တဲ့။ ကျန်တဲ့(၅)ယောက်က နောက်လိုက်တွေတဲ့။ သူတို့အဖွဲ့ကို ကြိုးတွေတုပ်ချုပ်ပြီး ရိုက်နှက်နေလို့ ကျွန်တော့်ကိုလာတိုင်တာ"

"အဲဒီတော့ ဆရာစိုးက သူတို့ကို ဘာလုပ်ပေးလိုက်လဲ"

"ဆန္ဒမစောနဲ့ဦးဗျ။ ပြောဖို့ကျန်သေးတယ်။ နှမလေးကိုမေးလိုက်တယ်။ တောင်ပိုင် ဦးထိန်နီဘယ်သွားလဲ။ နယ်ပိုင်ဘိုးဘိုးမရှိဘူးလားမေးတော့ တခြားတောင်မှာ ဥပုသ်ဝင်နေကြတာတဲ့။ ပုံတောင်ပုံညာမှာ ဥပုသ်ဝင်နေတဲ့အကြောင်းတိတိကျကျပြောတာ။ အကြီးအကဲတွေမရှိတဲ့သဘောပေ့ါ။ သူတို့ရှိရင် ဒီလိုမဖြစ်ဘူး။ ဒါကို ကျွန်တော်သိတယ်။ သူတို့မှာ တန်ခိုးတွေအသင့်တင့်ရှိတာ ကျွန်တော်သိတယ်"

"ဆရာစိုး၊ ကျွန်တော်မရှင်းလို့၊ သူတို့တန်ခိုးရှိတာ ဆရာစိုးဘယ်လိုသိတာလဲ"

"ဒါက ဒီလိုဗျ၊ တောင်ပိုင်ဦးထိန်နီက ဆရာတော့်ပေါက်ဆေးတစ်စက်ရထားတယ်။ ဖြစ်ပုံကဒီလိုဗျ။ ကျွန်တော်တို့ဆေးတွေပေါက်တော့ ရေရှင်ရွာက လူငယ်တစ်ယောက်ကို ဦးထိန်နီက ဝင်ပူးသောင်းကျန်းတာ။ ဆရာတော်က ဘယ်သူလဲမေးတော့ ထိန်နီပါဘုရားလို့ ပြောတော့ မင်းနဲ့မဆိုင်ဘူး အေးအေးနေဆိုတော့ မနေဘူးတဲ့။ ဆေးမပေါက်ပေးရင် မပြန်ဘူး။ တင်းခံနေတယ်။ မင်းက တောင်ပိုင်ဥစ္စာစောင့်သွားမပေးဘူး နှင်တော့ မသွားနိုင်ဘူးတဲ့။ နှင်ထုတ်တာမသွားတော့ ဆရာတော်က မင်းကိုဘယ်လိုပေးရမှာလဲမေးတော့ အခုအဝင်ခံနေတဲ့သူကို နဖူးသုံးပြောက်တင်ပေး။ သူ့ တစ်ပြောက်ယူမယ်ပြောတယ်။ ဒါနဲ့ ဆရာတော်က အဲဒီကောင်လေးနဖူး ဆေးသုံးပြောက်တင်ပေးလိုက်တယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

သွားတော့ ကောင်လေးနဖူးမှာ နှစ်ပြောက်ပဲကျန်တယ်။သူက ဆေး ပြောက်ယူသွားတာ။ အဲဒီမယ် တန်ခိုး သွားတာ။ ဆရာတော်ကိုယ်တိုင် တာ ကိုယ့်လူရဲ့"

"ရှင်းပါတယ်ဗျာ၊ အဲဒီလိုမည်းရှိ သကိုးဗျ။ ဆန်းလိုက်တာ"

"နယ်ပိုင်ကြီးက နတ်မြင်းဖြူ ကောင်စီးနိုင်တဲ့သူလို့ ဆရာတော်ပြော တယ်။ ထားတော့ ရှေ့ဆက်ပြော

သူတို့အဖွဲ့ရောက်လာခါစတုန်းက ကြောင်းပြောသေးတယ်။ ကိုရင်ကြီး ခွင့်တောင်းတာပေါ့။ သူတို့ ဒီမှာ ရက်လောက်နေမယ်။ အစီဋ္ဌာန်ယူ ဆေးသိဒ္ဓိတင်မယ်ပြောတော့ခွင့်ပြု မှာပေါ့။ နောက်တော့ သိုက်ဝါး ရာဇမတ်တွေကာ၊ အုန်းပွဲတွေ တော့ တစ်ဖွဲ့လုံးအငိုက်ခံလိုက်ရ ကြောင်းပြောပြတယ်"

"အဲဒီတော့ ဆရာစိုးက ဘာလုပ်

"မနေသာဘူးပေါ့ဗျာ၊ တောင် သွားဖို့ ခရီးတလည်းမနီးတော့ အိမ် အင်းတွေချ၊ မီးတွေဆက်တိုက် ဘိုးတော်တွေအကြောင်းပြုနဲ့လုပ်

"အဲဒီတော့ ဘာတွေဆက်ဖြစ်

"ကျွန်တော်လုပ်တဲ့ကိစ္စတိုင်းမှာ ဆရာတော်ကြီးတွေ၊ ဘိုးတော်တွေ၊ စောင့်နတ်မင်းတွေ အကူနက်ကူ ယ်လေ။ သူတို့အကူန်ရှင်းပေး နောက်တစ်နေ့ည အိပ်မက်လာ တယ်။ သူတို့တစ်ဖွဲ့လုံးကခုနစ်မြူ တာ သူတို့ပြောသွားတာက အောင်ပြီ၊ မောင်ကြီး အောင် နှန်လုံး လွတ်ပြီ ဘယ်ရမလဲ။ ငါ့ အကြောင်း သင်းတို့သိပြီမဟုတ် ခေါင်းဆောင်က အပေါ် အောက် မသွားဘူး။ ဟိုအဝတ်ဖြူက တတာပါသွားဘူး။ တင်းပုတ်နဲ့ ပြီ မောင်ကြီးရေတဲ့။ ဟို ငါး လည်း ဘယ်ပြေးမှန်းမသိဘူး တ်ဓာ မောင်ကြီးရယ်တဲ့။ ဒါ ပြောတာ။

ကျွန်တော်က အမြင်အကြားစိတ် အသက် (၃၀) လောက်က (၆) တ်ပွင့်သေးတယ်။ နောက် နတ် စောင့်လို့ အပိတ်ခံရတယ်။ ဒဏ် သူက ဘွားတော်သူရဿတီပဲ"

"ဒါတွေ ဆရာစိုးက ဘယ်လို ကြောင့်သိတာလဲဗျ"

"ဘွားတော်ကိုယ်တိုင်ပြောတာ။ မင်းကိုစမ်းလိုက်တာ။ ဒီလောက်နှုတ်ဖွာ မှတော့ ပြန်ပိတ်မယ်ဆိုပြီးကတည်းက"

"ဒီ- ဆရာစိုးက သူတို့မကြိုက်တာ တွေပြောမိလို့လား ပြောပါဦး"

"ဒီလိုလည်းမဟုတ်ဘူး၊ ဒီတုန်းက ခတ်ပေါ် ရင် ဒိုင်းခနဲပြောမိတာ။ မသိ တဲ့သူတွေလည်းပြောမိတာပဲ။ နေရာ တကာပြောလို့ပိတ်လိုက်တာ။ ခတ် ပေါ်လို့ပြောလိုက်ရင် တန်းထိတာပဲ လက်တွေ့။ ဒါကြောင့်အပိတ်ခံရတာ"

"တကယ်တော့ အမြင်ခတ် အကြားခတ်ဆိုတာ အလွယ်ကလေးဗျ သိပ်မခက်ပါဘူး။ လိုက်စားတဲ့သူတွေ အမှတ်မထင် အနေကြလို့"

မိတ်ဆွေကြီးသည် ဒီစကားအား အစာမကြေပေ။ အကွန့်တက်လာ၏။

"ဆရာစိုး-ဟုတ်ပါ့မလား။ မလွယ် ဘူးနော်"

"ထင်လို့ပါဗျ၊ လွယ်ပါတယ်။ နည်းနည်းလေးပြောလိုက်မယ်"

"လောကီပညာလိုက်စားတဲ့သူဟာ အရင်ဆုံးကိုယ့်သီလကိုယ်ပြန်စစ်လိုက်။ နောက် ခင်ပွန်းကြီး (၁၀) ပါး ပြင်းပြင်း ထန်ထန် ပြစ်မှားထားသလား စစ်လိုက်။ သီလခန်းမှာအရေးကြီးတယ်။ ကာမေသု ကျူးထားရင် အပြစ်ကြီးတယ်။ အဲဒါ များများကျူးလွန်ဖူးသူတွေ မစဉ်းစားနဲ့။ အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ ဆရာ သမားတွေအပေါ် ခွင့်လွှတ်နိုင်တဲ့အပြစ် တွေရှိခဲ့ရင် မစဉ်းစားနဲ့။ အဲဒီအခြေခံ လေးသိရင် ရတယ်၊ မရဘူး အဖြေရှိပါ တယ်ဗျ"

"အေးဗျာ - ဒါလည်းဟုတ်တာပဲ ဗျာ။ အဲဒါ ကျွန်တော်မစဉ်းစားမိဘူး"



"အဲဒီအပြစ်တွေလည်း ပါးမယ်။ သက်သတ်လွတ်လည်းစားမယ်။ ဂုဏ် တော်ပုတီးလည်းပွားမယ်။ မေတ္တာပို့ အမျှပေးမယ် ဒါဆိုရတယ်။ သေချာ ပေါက် ရတယ်။ ကဲ - ရှင်းပလား"

"ရှင်းပါ့ဗျာ"

"မငွေတောင်အကြောင်းပြောချင် သေးတယ်။ အချိန်ရတယ်မဟုတ်လား"

"ရပါတယ်ဗျ၊ ညနေမှပြန်မှာပဲ"

"ကောင်းပြီ-ပြောမယ်။ ဝေဘူဝေ ဘာက ရေဖြူရေပြာတွေစီးဆင်းနေတဲ့ စကားကြားဖူးလား"

"ကြားဖူးတယ် ဆရာစိုး၊ ကလေး နယ်က တောင်ကိုပြောတာမို့လား"

"ဟုတ်တယ်ဗျ၊ ဝေဘူလက နတ် ချောင်းအနောက်မှာ။ ဝေဘာလက တလေးနယ်မှာ၊ ဆက်ရက်တောင်နှစ်လုံး ကိုပြောတာ"

"မငွေတောင်က ဝေဘူလတောင် ရဲ့သိုက်နန်းရှင်ပဲ။ သူတို့က ညီအစ်မတွေ ချည်း (၇) ယောက်ရှိတယ်။ အကြီးဆုံး က မငွေတောင်။ အချောဆုံး၊ အလှဆုံး သမင်မျက်လုံးပိုင်ရှင်ပေါ့"

"သူတို့အမြဲဆော့ကစားတဲ့နေရာ က တောင်ထိပ်မှာမဟုတ်ဘူး။ တောင် ခုလတ်မှာ အဲဒီမှာ ကျောက်ဖျာကြီးတစ် ချပ်ရှိတယ်။ လိုဏ်ဂူကြီးတစ်ခုလည်းရှိ တယ်။ အဲဒီနေရာမှာအခုသစ်ခွမန်းတွေ အစီအရီပွင့်နေတယ်။ ကျောက်ကမ်းပါး ယံမှာလည်း အစီအရီပွင့်တယ်။ တခြား နေရာနဲ့မတူဘူး"

"ဆရာစိုး၊ ကြားဖြတ်မေးဦးမယ်။ ဒါတွေဘယ်လိုလုပ်သိတာလဲဗျ"

"အဲဒါက အိပ်မက်ထဲမှာပြတာနဲ့ ကျွန်တော်ကိုယ်တိုင် အဲဒီနေရာရောက် ဖူးလို့ပေါ့ဗျာ"

"ဟုတ်ပြီ - ရှင်းတယ်ဗျာ"

"ဒီနေရာကိုသိတဲ့သူမရှိသလောက် ဘဲ။ ကျွန်တော်တောင်ပတ်သက်ဖူးလို့ သိတာ"

ဒီတောင်ရောက်ဖူးတဲ့သူတွေရာချီ ပေါ့။ ဒီနေရာတစ်ယောက်မှမသိဘူး"

"အေးဗျာ၊ တကယ့်ပဋ္ဌာန်းဆက်ရှိ လို့ တွေ့ရတာပေါ့နော် ဆရာစိုး"

"ဒီလိုပဲ ပြောရမှာပဲဗျ"

"ကဲ -ဆက်ပြောပါဦး"

"ကြားထဲမှာ အံ့ဩစရာတစ်ခုရှိ သေးတယ်။ ဒါအရင်ပြောမယ်ဗျာ။- ယောနယ် ကျွန်တော်ရောက်တာ ၉၅ ခု၊ ၉၆ ခုနှစ်ထဲမှာ တောဘူတာ တစ်လ သွားဆင်းတုန်း ကြုံခဲ့ရတာ။ ဒီဘူတာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်တာ တစ်ပတ်ရှိပြီ။ ဒီနေ့မနက် (၈) နာရီလောက်မှာ ဘူတာထဲ စာရင်းလုပ်နေတုန်း အမည်မသိမိန်းမလတ်တစ်ယောက်က ဘူတာထဲဝင်လာတယ်။ ကိုစိုးမင်းဆိုတာ ခင်ဗျားလားတဲ့။ ကျွန်တော်ကလည်း ဟုတ်တယ်ဖြေတော့ ဒါဆိုရင် အခုရွာထဲကအိမ်ကိုလိုက်ခဲ့ပါတဲ့။ ပြောစရာရှိလို့တဲ့။

အမျိုးသမီးကို အကဲခတ်တော့ အသက် (၃၀) ဝန်းကျင် ကျွန်တော်နဲ့ သိပ်မကွာ အသားလတ်လတ် တစ်ပတ်လျှိုအံထုံးလေးနဲ့ ရုပ်ရည်အသင့်ရှိသူ တစ်ခါမှမသိကျွမ်းတာနဲ့ မအားသေးဘူးလို့ငြင်းလိုက်တယ်။ ဒီအမျိုးသမီး စက်ဘီးလေးနဲ့ ပြန်သွားတယ်။ ကျွန်တော်က စာရင်းလုပ်ရင် ဘူတာထဲကမထွက်သေးဘူး။ (၁၅) မိနစ်လောက်ကြာတော့ ဒီအမျိုးသမီး ကျွန်တော့်ဆီပြန်ရောက်လာတယ်။ ခင်ဗျား ကိုစိုးမင်းဆိုရင် ရွာထဲကအိမ်ကို အခုလိုက်ခဲ့ပါ။ ဟိုကစောင့်နေတယ်။ ပြောတော့ ကျွန်တော်အံ့ဩသွားတယ်။ဘယ်သူကစောင့်နေတာလဲတွေးတာပေါ့။ ခက်နေတာက အဲဒီရွာမှာ တစ်ယောက်မှ ရင်းရင်းနှီးနှီးမခင်သေးဘူး။ အသိလည်းမရှိသေးဘူး။

ဒီတစ်ကြိမ်လည်း စာရင်းတွေမပြီးသေးဘူးပြောလိုက်တယ်။ ဒီအမျိုးသမီး စက်ဘီးနဲ့ရွာထဲပြန်သွားတယ်။ မကြာဘူး (၁၅) မိနစ်လောက်ကြာတော့ ဒီအမျိုးသမီးထပ်ရောက်လာတယ်။ သူ့အသံက အရင်လိုမဟုတ်တော့ဘူး။ဒေါသနဲ့အော်ငေါက်တာပဲဗျ။ ဒီမယ် ခင်ဗျား ကိုစိုးမင်းဆိုရင် အခုချက်ချင်း ရွာထဲလိုက်ခဲ့ပါ။ ဟိုကခင်ဗျားမလာမချင်းမပြန်ဘူး။ ခင်ဗျားမလိုက်ရင် ကျွန်မ ရွာထဲမပြန်ဘူး ဒါပဲဆိုပြီး ဆောင့်ကြီးအောင့်ကြီးငေါက်ပြီး ဘူတာထဲက တန်းလျားခုံပေါ် ငူငူကြီးထိုင်စောင့်နေတာ။ သူ့ကိုကြည့်ပြီးတော့ ကျွန်တော်ကြောက်သလိုလိုဖြစ်သေးတယ်။ အံ့ဩတာလည်းပါတယ်။ တစ်ခါမှမသိတဲ့သူရဲ့ အသားလွတ်အငေါက်ခံနေရတော့ လိုက်ရမလား စဉ်းစားနေရတယ်ဗျ။ ဒါနဲ့ သူ့ကိုမေးကြည့်လိုက်တယ်။

ဒီမယ် အစ်မ၊ ခင်ဗျား လူမှားမနေဘူးလား။ သေချာစဉ်းစားပါဦး။ ကျွန်တော်ဒီရောက်တာ တစ်ပတ်ရှိသေးတယ်။ ဒီရွာကလူတွေနဲ့ တစ်ယောက်မှ မသိသေးဘူး။ ဒီကအစ်မကိုလည်း ကျွန်တော်မသိဘူး။ ပြန်ပါဗျာဆိုတော့ မပြန်ဘူး၊ ကျွန်မခေါ်တာ (၃) ခါ ရှိပြီ။ ဒါနောက်ဆုံးအကြိမ်ပဲ။ အခုလိုက်ခဲ့ပါပဲ။ ကျွန်မလာခေါ်တာမလာလို့သေတော့မယ်ရှင့်' တဲ့။

ဒါနဲ့ ကျွန်တော်လည်း သူ့ကိုသနားသွားတယ်။ လိုက်ဖို့ဆုံးဖြတ်ပြီးပြီ။ သိချင်တာရှိလို့ ကျွန်တော် မေးလိုက်တယ်။ အခု ကျွန်တော်ဘယ်ကိုလိုက်ရမှာလဲဆိုတော့ လိုက်သာလိုက်ခဲ့ ဟိုရောက်ရင် သိလိမ့်မယ်တဲ့။ သူကလည်း အတည်ပေါက်နဲ့ခေါ်တာနဲ့လိုက်သွားတယ်။ သူ့စက်ဘီးကျွန်တော်ကနင်း၊ သူကနောက်ကထိုင်၊ ဟိုသွားဒီချိုးဘယ်ချိုးနဲ့ နောက်ကအမိန့်ပေးစီးလာတာ ရွာရဲ့အရှေ့ဖျားရောက်တော့ ခြေတံရှည်ပျဉ်ထောင်အိမ်ကြီးရှေ့ရပ်လိုက်တယ်။ အထဲဝင်ခိုင်းလို့ အိမ်ပေါ်ရောက်တာနဲ့ ကျွန်တော်အံ့ဩသွားတယ်။ အိမ်ပေါ်မှာ လူတွေအများကြီး။ တစ်အိမ်လုံးအကဲခတ်တော့ အသက်ကြီးတဲ့သူတွေနဲ့ မိန်းမလတ်တွေ။ထူးတာက ဘုရားကျောင်းဆောင်ရှေ့မှာ မိန်းမထိုင်နဲ့ အသက်(၃၅)လောက် အသားညိုညိုပိန်ပိန်ပါးပါး အမျိုးသမီးတစ်ယောက်ကမျက်ရည်တွေနဲ့ တစ်ယောက်ယောက်ဝင်အပူးခံနေရတဲ့သဘောပဲ"

"အဲဒီအိမ် ဆရာစိုး အရင်က ရောက်ဖူးသေးလား"

"ဒါ ပထမဆုံးရောက်ဖူးတာဗျ။ ဘယ်ကလာသိမှာလဲ"

"အေးဗျာ၊ ထူးဆန်းလိုက်တာ"

"အဲဒီအမျိုးသမီးရဲ့ရှေ့ဘေးစောင်းမှာ ကျွန်တော့်ကို သူ့ရဲ့အဖေ၊ အမေတွေကနေရာပေးလို့ထိုင်လိုက်တယ်။ အမျိုးသမီးရဲ့မျက်နှာ အကဲခတ်တော့ မျက်စိမှိတ်လျက် မျက်ရည်တွေရွှဲလို့ သူ့မျက်နှာအကဲခတ်ခါရှိသေးတယ်။ သူက -

မျှော်လိုက်ရတာ မောင်ကြီးရယ်၊ နှမတော် မောင်ကြီးကို ပြောစရာရှိလို့ လာခဲ့ရတာပါတဲ့ဗျာ။

ဒီစကားလည်းကြားရော ကျွန်တော် ကြက်သီးတွေထတော့တာပဲ။ ရှက်တာလည်းပါတာပေါ့ဗျာ။ ဘေးက ပရိသတ်တွေက ကျွန်တော့်ကိုပြုံးကြည့်အကဲခတ်နေတာ"

"အေးဗျ - ဒါလည်းဟုတ်တာပဲ။ တစ်ခါမှမသိတဲ့သူက ဒီလိုစပြောတော့ ဆက်ပါဦး"

"ပထမတစ်ခါခေါ်တော့ မအားဘူး။ ဒုတိယအခါခေါ်တော့ မယုံဘူး။ သုံးကြိမ်မြောက်မှ ရောက်တော့တယ် နော်တဲ့။

သူ့အသံကလည်း ကြည်ကြည်လင်လင်နဲ့နားဝင်ချိုတယ်ဗျ။ ကျွန်တော်က သူ့ကိုဘာမှစကားမပြန်သေးဘူး။ ပရိသတ်ကိုသာအဓိကအာရုံစိုက်နေသေးတာ။

မောင်ကြီး၊ ညီမတော်ကို မေ့သွားပြီလား မောင်ကြီးရယ်။ ဟိုတုန်းက မောင်ကြီးပြောခဲ့တဲ့စကားတွေ မမှတ်မိတော့ဘူးလားရှင်။ နှမတော်ကို အချစ်ဆုံးလို့ပြောခဲ့တာ။ မှတ်မိသေးရဲ့လားရှင် တဲ့ဗျာ"

"ဟား. . . ဟား. . . ဟား"

အသံထွက်ရယ်သူက မိတ်ဆွေကြီး ဖြစ်၏။ သူသဘောကျသွားပုံပေါ်၏။

"ကိုယ့်လူက နေရင်းထိုင်ရင်းနဲ့ ချစ်သူပေါ်လာတဲ့သဘောပဲဗျ"

ရိသဲ့သဲ့စကားဖြင့်ထေ့နေပြန်၏။

"မနောက်နဲ့ ကိုယ့်လူရဲ့။ အဲဒီစကားကြောင့် ပရိသတ်တွေအသံထွက်ပြီး တချို့က မကြားတကြား၊ တချို့က တခစ်ခစ်ရယ်ကုန်ပြီ။ သူတို့မျက်လုံးတွေက ကျွန်တော့်ဆီမှာ။ ကျွန်တော့်မျက်နှာလည်း ဆီးရွက်လောက်ပဲရှိမယ်ထင်ပါရဲ့။ ရှက်တာပေါ့ဗျာ။ အဆက်အစပ်တစ်ခါမှမရှိဘဲနဲ့ အဲဒီလိုကြီးအပြောခံရတာ ကျွန်တော်ဒေါသလည်းထွက်လာတယ်၊ ပူးနေတဲ့အမျိုးသမီးကို ကြည့်မေးလိုက်တယ်။

ဒီမယ် အစ်မကြီး၊ ခင်ဗျားက ဘယ်သူတုံး၊ ကျွန်တော် ခင်ဗျားကိုမသိဘူး။ ခင်ဗျားလူမှားနေတယ်။ စကားကို ကြည့်ပြောပါဗျ ဆိုတော့ သူက -

မမှားပါဘူး မောင်ကြီးရယ်၊ ကျွန်မရဲ့မောင်ကြီးအစစ်ပါတဲ့။ သေရောဗျာ ဘာဆက်ပြောရမှန်းတောင်မသိတော့ဘူး ကိုယ့်လူရဲ့။ ပရိသတ်တွေကတခွိခွိရယ်ကုန်ပြီ။ အတော်ရှက်နေတာပေါ့ဗျာ ကျွန်တော့်ကို လူပျိုထင်လို့တမင်ပြော တာလား။ ဒီက ကလေး (၅) ယော အဖေ။ ဒါတွေ ဒီအမျိုးသမီးမသိဘူး လား။ ကိုယ့်ဟာကိုယ်တွေးရင်းက မေး လိုက်တယ်။

ကဲ- ဒါဖြင့် ခင်ဗျားကဘယ်သူလဲ ကျွန်တော်က ဘယ်သူလဲ။ ပြောစမ်း ဆိုတော့ ပရိသတ်တောင် အံ့ဩသွား တယ်ဗျ။

ကျွန်မက မင်္ဂလာတောင်ပါရှင် မောင်ကြီးက နှမချစ်သူကုလားမင်း လေးပေါ့တဲ့"

ထပ်တူအံ့ဩသူက မိတ် ကိုသိန်းမင်းဖြစ်၏။ သူလည်း စောင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

“ဒီအမျိုးသမီးစကားကဆန်းတာ [illegible]တော့ အမှန်ပဲဗျ။ သူဒီလိုပြောတော့ [illegible]ရာစိုးက ရှုံးတိုးရှိပ်တိပ်မပေါ်ဘူး [illegible]

“ဘာမှမသိပေမယ့် တစ်ကိုယ်လုံး [illegible]သီးထနေတာပဲဗျ။ ဒါနဲ့ ထပ်မေး [illegible]တယ်။ ခင်ဗျားက မငွေတောင်၊ [illegible]တော်က ကုလားမင်းသား ဘယ်က [illegible]လိုပတ်သက်တာလဲဗျာ ကြည့်လည်း [illegible]ပါဗျဆိုတော့ အဲဒီအမျိုးသမီးက [illegible]ည်တွေ တောက်လျှောက်ကျနေ [illegible] သူ့အကျႌ လုံချည်တွေတောင် [illegible]ရည်တွေရွှဲနေတယ်။ ဘေးက အမျိုး[illegible] တဘက်နဲ့သုတ်ကူပေးရှာတယ်။

ခုတော့မေ့ပြီလား မောင်ကြီးရယ်၊ [illegible]က မငွေတောင်ကို အချစ်ဆုံးလို့ [illegible]ပြောခဲ့တာလေ။ မငွေတောင်က [illegible]ကြီးရဲ့ချစ်သူ၊ မငွေတောင်ရဲ့ [illegible]ပါ မောင်ကြီးရယ်တဲ့ဗျာ။

[illegible]ရိုသတ်တွေက အသံတိတ်လို့။ [illegible]သွားတယ်ထင်ရဲ့။ ကျွန်တော်လည်း [illegible]ပေမယ့် မေးနေရတာပေါ့။

ကျွန်တော်က ဘာမှမသိတဲ့သူဆို [illegible] သူ့ကိုထပ်မေးလိုက်တယ်။

တဲ - မငွေတောင်ပဲထား။ ကုလား[illegible]နဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ [illegible]တော့ -

[illegible]ကြာခဲ့ပါပြီရှင်၊ နှစ်ပေါင်းကြာ[illegible]ပေမယ့် နှမကတော့ မောင်ကြီးကို [illegible]နှမမေ့မရပါဘူးရှင်။ မောင်ကြီး [illegible]မျှော်နေရတဲ့သူပါ။ အဟင့်. . . [illegible]

သူက ပြောရင်းငိုရင်း သူ့မျက်နှာပဲ [illegible]တ်နေမိတာ။

‘ဟောဒီဝေဘူဝေဘာဟာ မောင်ကြီး [illegible]ထပ်ခဲ့တဲ့နေရာတွေပါ။ မောင်ကြီး [illegible] ချစ်တင်းနှောခဲ့တာတွေ၊ ဆော့[illegible]ခဲ့တာတွေ၊ မခွဲမခွာသစ္စာဆိုခဲ့ကြ[illegible]တွေ ခုတော့ မေ့ပြီလားရှင်’တဲ့ဗျာ။ [illegible]နဲ့သူ့စကားကမမှားဘူးဗျ ကိုယ့်လူ [illegible]

“ဟုတ်တယ်နော် ဆရာစိုး။ ဒါ [illegible]သားသားမဖြစ်နိုင်တော့ဘူး။ ထူး[illegible]ဗျ။ အဲဒီဘဝအကြောင်းနည်းနည်း [illegible]တ်မှ မမှတ်မိဘူးလား”

“မှတ်မိဖူးဗျာ၊ အတွေးကိုမပေါ် [illegible] သူပြောသွားတဲ့ ကုလားမင်းသား [illegible]ဘယ်သူလဲ။ ဒါ ကျွန်တော်လည်း [illegible]ချင်တယ်။တည့်တည့်မေးကြည့်တော့-

‘ပြောပါမယ် မောင်ကြီးရယ်၊ ဒီက [illegible] နှစ်တွေကြာခဲ့ပါပြီ။ ငါးဘဝ တောင်ကျော်မယ်ထင်ပါရဲ့။ မောင်ကြီးတို့က ညီအစ်ကိုနှစ်ယောက်လေ။ မောင်ကြီးက အငယ်ပေါ့။ ဝေဘာလတောင်စောင့်နေတဲ့သူတွေလေ မေ့နေပြီလားရှင်။ ဝေဘာလကနေ ဝေဘူလကို မောင်ကြီး အလည်ခဏခဏလာတာလေ။ အဲဒီမယ် နှမတော်နဲ့ အကြောင်းပါခဲ့တာပါရှင်တဲ့”

“အေးဗျာ - သူပြောတော့လည်း အဟုတ်သားပဲဗျ ဆရာစိုးရဲ့”

“ဒါနဲ့ ဒီအမျိုးသမီးနဲ့ စကားပြောတာ အချိန်နည်းနည်းကြာတော့ ပြန်ချင်လာပြီ။ ရုတ်တရက်နှုတ်ဆက်ပြီး ကဲ- မငွေတောင်ဆိုတဲ့အမျိုးသမီး ကျွန်တော့်ပြောချင်တာ ဒါပဲမဟုတ်လား။ ကျွန်တော်ပြန်တော့မယ်ဆိုပြီး ထမယ်လုပ်တော့ တားတယ်ဗျ။

‘နေပါဦး မောင်ကြီးရယ်၊ ပြောစရာတွေရှိပါသေးတယ်။ သတိပေးစရာလည်းရှိလို့ ဘိုးဘိုးတို့ထံခွင့်ပန်လာခဲ့ရတာပါ။ သည်းခံပြီး နားထောင်ပေးပါ မောင်ကြီးရယ်’ တဲ့။

ဒီလိုပြောတော့လည်း ကျွန်တော်သနားသွားတယ်။ ဟုတ်တာ မဟုတ်တာအပထား၊ သူပြောတာ နားထောင်ပြီးမှပြန်ဖို့ဆုံးဖြတ်လိုက်တယ်ဗျ။

ကဲ-ဒါဖြင့်လည်းပြောဗျာ၊ နားထောင်ပေးမယ် ဆိုတော့ -

‘မောင်ကြီးတို့ညီအစ်ကိုကိုစောင့်ရှောက်နေတဲ့ကုလားဝိဇ္ဇာဗိုလ်ကြီးရှိသေးတယ်။ သူ့လက်အောက်မှာ မောင်ကြီးတို့နေရတာ။ တစ်နေ့ မောင်ကြီးရဲ့ဆရာ ကုလားဘိုးဘိုးကြီးက မောင်ကြီးကို ချစ်လွန်းလို့ ပြဒါးရှင်ပေးထားတာ မမှတ်မိဘူးလားရှင်၊ သေချာစဉ်းစားပါဦး မောင်ကြီးရယ်။ မောင်ကြီးရဲ့ ဘိုးဘိုး ပြဒါးရှင်နဲ့ ပါးစောင်မှာငုံ နှမတော်ဆီ လေဟုန်စီးလို့ အခေါက်ခေါက်အခါခါလာခဲ့တာတွေ သတိရပါစရှင် တဲ့”

မိတ်ဆွေကြီး ကိုသိန်းမင်းပင်ဝေး နေရာမှ အံ့ဩသွားလေ၏။ သူ့ရဲ့ဝေဖန်သံလေးကြားချင်သေး၏။

“ပြဒါးရှင် ဟုတ်ကဲ့လား ဆရာစိုး”

“ဟုတ်တယ်ဗျ၊ သူပြောတာနော် ကျွန်တော်မသိဘူး။ ဒီစကားပထမဦးဆုံးကြားမိတာပဲ၊ ကျွန်တော်လည်း မကြားဘူးတော့ လောဘတောင်တက်လာတယ်။ သိချင်ဇောနဲ့ ဆက်မေးလိုက်တယ်။

ပြဒါးရှင်၊ အဲဒီပြဒါးရှင်က အခုဘယ်မှာလဲ။ ပိုင်ရှင်ကဘယ်သူလဲ ပြောပြဗျာ ဆိုတော့ -

‘ပြောပါ့မယ် မောင်ကြီးရယ်၊ ကုလားဘိုးဘိုးကြီးက မောင်ကြီးကို အပိုင်ပေးထားတာပါ။ မောင်ကြီးပစ္စည်းပါ။ အဲဒီပြဒါးရှင်ကို နှမတို့တောင်မှာ သိမ်းထားပါတယ်ရှင်’ တဲ့ဗျာ”

“တိကျလှချေလား ဆရာစိုးရဲ့။ သူ့ဘက်ကတော့ အမှန်တွေကြီးပဲနော်။ သူ့ဘက်အမှန်တွေပြောလည်း ကျွန်တော်က ဘာမှကိုမသိတာ ကိုယ့်လူရဲ့။ ဒါနဲ့ သူ့ကိုသေချာအောင်ထပ်မေးတယ်။

ကျွန်တော်ပိုင်တဲ့ပြဒါးရှင် ဟုတ်ကဲ့လားဗျာ။ အများကြားရင် ရယ်စရာ။ ဟုတ်မှပြောဗျ’

‘မောင်ကြီးက နှမတော်ပြောတာ မယုံဘူးကိုး။ ဒီတောင်ကထွက်ခဲ့တာ နှစ်တွေကြာပြီလေ။ မေ့မယ်ဆိုလည်း မေ့စရာပေါ့။ မောင်ကြီးရဲ့ပစ္စည်းကို နှမတော်သိမ်းထားတာမဟုတ်ဘူး။ တောင်ပိုင်ဘိုးဘိုးကြီးသိမ်းထားတာပါ။ ဘိုးဘိုးက မောင်ကြီးအလာမျှော်နေရှာပါတယ်။ ဒီပစ္စည်းရဲ့မူလပိုင်ရှင်က မောင်ကြီးပါ။ ပိုင်ရှင်ရှိပြီးသားမို့ ဘိုးဘိုးက ဘယ်သူ့ကိုမှမပေးပါဘူးရှင်။ မောင်ကြီးပစ္စည်း မောင်ကြီးပြန်ယူရမှာပါ’ တဲ့”

မိတ်ဆွေကြီးသည် ကြားဖြတ်မေးပြန်၏။

“ဆရာစိုး သူက ဒီလိုပြောတော့ မှတ်မိပြီလား”

“ဘယ်လိုပြောရမလဲဗျာ။ အတိအကျမသိပေမယ့် ငယ်ငယ်တုန်းက အိပ်မက်ထဲမှာ မြင်ဖူးတာတွေ သတိပေါ်တယ်။ ကျွန်တော်က ကုလားမင်းသားလေးလို ပါးစောင်မှာ ပြဒါးရှင်ငုံ လေဟုန်စီးတာ တောင်တန်းတွေတောအုပ်တွေအပေါ် ကောင်းကင်က ကြည့်ခဲ့ဖူးတယ်။ ထင်ထင်ရှားရှားမြင်ဖူးခဲ့တာ။ အဲဒီလို သွားသွားလာလာ အိပ်မက်တွေ အတော်မက်ခဲ့တယ်ဗျ။

အဲဒီအိပ်မက်ထဲမှာ တိတိကျကျ သိတာတစ်ခုရှိတယ်။ ပါးစပ်ထဲက ပြဒါးရှင်ပြုတ်ကျသွားတာ။ ဝါးရုံပင်နားမှာ ဘယ်ဒေသမှာလဲ။ ဒါတော့မသိဘူး”

ကျွန်တော့်မျက်နှာစေ့စေ့ကြည့်၍ မိတ်ဆွေကြီးမေးပြန်၏။

“ပြဒါးရှင်ပြုတ်ကျတော့ ဆရာစိုး ဘာတွေဖြစ်သွားလဲ မမှတ်မိဘူးလား”

“အမြင့်ကနေ ပြုတ်ကျမှတော့ ဘာဖြစ်ရမှာလဲ သေတာပေါ့ဗျာ။ ကျွန်တော့်အလောင်းက ဝါးရုံပင်နံဘေး ပြဒါးရှင်က ဝါးရုံကြားထဲမှာ အဲဒီသိ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

"အဲဒီလိုဖြစ်ပြီးတော့ ဆရာစိုးဘာတွေမှတ်မိသေးလဲ"

"မမှတ်မိတော့ဘူးလေ၊ သေသွားပြီပဲဗျ။ အဲဒီလိုဖြစ်ပြီးရင် ကောက်ခနဲ အိပ်ရာကလန့်နိုးတာပဲ အဲဒါအကြိမ်ကြိမ်ပဲ"

"တိုက်ဆိုင်တယ် ဆရာစိုး ဆက်ပြောပါဦး"

"ဒါနဲ့ သူပြောတဲ့တောင်ပိုင်ဘိုးဘိုးဆိုတာ ဘယ်သူလဲ သိချင်လို့မေးတော့ တောင်ပိုင်က ဘိုးသီလတဲ့။

သူက ဒီရွာသား၊ သူ့ကို ထစ်ရွာလုံးက အရှုးလို့ထားကြတာ။ သူပုတီးပေါက်တာ ဘယ်သူမှမသိကြဘူး။ သေတော့ ဒီတောင်မှာ တောင်ပိုင်ကြီးလာဖြစ်တာ။ ဒီကတစ်ဆင့် မဂ်လမ်းကူးနေတာ။ အဆင့်တက်နေပြီလို့ပြောတယ်"

"ဒါလည်း မငွေတောင်ပြောတာပဲလား"

"ဟုတ်တယ်ဗျ၊ သူ့စကားတွေက အဆန်းသား"

"မောင်ကြီး အခုချိန် ပြဒါးရှင်လာယူလို့ မရသေးဘူး။ ဒီအချိန်လာရင် နှမတော်တို့ (၇) ယောက် အုပ်စုဒဏ်နဲ့ ခံနိုင်မှာမဟုတ်ဘူး။ နှမတော်တို့တစ်ဖွဲ့လုံးက တန်ခိုးရှိတယ်နော်။ ရုပ်အမျိုးမျိုး ဖန်ဆင်းလို့ရတယ်။ အထင်မှတော့မသေးလိုက်နဲ့။ ကြိုတင်အသိပေးထားတာတဲ့"

"အလား - သူတို့က ဒီလိုကိုပြောတာပေါ့"

"ပြောတာပေါ့ဗျာ"

'မောင်ကြီးကို နှမတော် အကြံပေးမယ်။ ဒီပြဒါးရှင်ကို မောင်ကြီးကိုယ်တိုင်လာယူရမယ်။ တခြားဘယ်သူ့အကူအညီနဲ့မှလာမယူနဲ့။ ကိုယ်စားလည်း ယူလို့မရဘူး။ အခုအဆင့်နဲ့ ဘယ်လိုမှ ယူလို့မရသေးဘူး။ အဆင့်တွေကျန်သေးတယ်။မောင်ကြီးကယူနိုင်တဲ့အဆင့် ထိကြိုးစားပြပါ။ ဒီတစ်ခါ ဘိုးဘိုးက ပေးမှာပါ။မောင်ကြီးက နှမတော်နဲ့ခွဲသွားတာ နှစ်ပေါင်းကြာလှပြီနော်။ မောင်ကြီးကိုလွမ်းလှပြီ။ အခုလည်းအလွမ်းပြေ မောင်ကြီးထံ လာတွေ့တာပါ။ ဒီဘက်နယ်ရောက်အောင် နှမတော် စိတ်ညို့ခဲ့ရပါတယ်ရှင်' တဲ့"

"အေးဗျာ သနားစရာ၊ အံ့သြစရာ လွမ်းလို့ခေါ်ရှာတာနေမှာပေါ့နော်"

"ဟုတ်မှာပေါ့၊ သူပြောလို့ ကျွန်တော်ကသိတဲ့သူပဲ။

'အခု မောင်ကြီးက ဆေးတွေ အင်းတွေ လိုက်စားတော့ အဆင့်တက်သွားပါပြီ။ နှမတော်တို့ဆီခေါ်လို့မရတော့ပါဘူး။ နှမတော်ကို ကြောက်စရာလည်းမလိုပါဘူးရှင်။ နှမတော်က မောင်ကြီးကို ချစ်နေရလျှင်ပဲ ကျေနပ်ပါပြီ။ ဘယ်တော့မှပြန်မလာတော့မှန်းသိပေမယ့် နှမတော်ကတော့ အလွမ်းမျက်ရည် ပင်လယ်ဝေမျှော်လင့်စောင့်စားနေမှာပါရှင်' တဲ့။

"ဒီလိုဆိုတော့လည်း သနားစရာဗျာ။ မရှင်းလို့မေးဦးမယ်။သူကဒီလောက်ပြောတာတောင် ဆရာစိုးက မမှတ်မိဘူးလား"

"ပြောရင်လည်းခံရမှာပဲ။ ရေရေရာရာဘယ်သိမလဲ၊ သူ့အသံကလေးလေးပင်ပင်။ အသံက တိုးလိုက်ကျယ်လိုက်နဲ့ ပရိသတ်တွေလည်းငြိမ်ကျသွားတယ်။ အားလုံး နားထောင်ပေးနေကြတာဗျ။ သူ့နံဘေးက အမျိုးသမီးက မျက်ရည်ခဏခဏသုတ်ပေးနေရှာတာ။ နောက်ဆုံး သူပြောသွားတာကမောင်ကြီးပစ္စည်းလာယူတဲ့အခါ နှမတော်က အပြုံးနဲ့ ဆီးကြိုပါ့မယ်။ ဘိုးဘိုးဆီရောက်အောင် ပို့ပေးပါ့မယ်။ အခုတောင် ဘိုးဘိုးက အနားရောက်နေပြီ။ မောင်ကြီးကိုပြောစရာရှိသေးတယ်ထင်ပါရဲ့။ နှမတော်ပြန်တော့မယ်။ မောင်ကြီးကိုယ်တိုင် ရေစင်အေးအေးတစ်ခွက်တိုက်ပေးပါတဲ့"

"အဲဒီမယ် ဆရာစိုးက ရေစင်တစ်ခွက်တိုက်ရောလား"

"ဟုတ်ကဲ့ - မေတ္တာပို့တိုက်လိုက်တာနဲ့ သူ့ပုံစံက ချက်ချင်းပြောင်းသွားတယ်။ ပန်းပေါ်က တဘက်ဆွဲချဖယ်၊ ယောကျ်ားတွေလို တင်ပျဉ်ခွေပြောင်း၊ ခါးဆန့်၊ ဘုရားကျောင်းဆောင်ဘက် လက်အုပ်ချီထားတဲ့ပုံဖြစ်သွားတယ်။

'လူလေး'

မိန်းမအသံ မဟုတ်တော့ဘူး။ ယောကျ်ားသံကြီးပြောင်းသွားပြီ။ဒီနေရာ ပညာခန်းလေးပါလာပြီကိုယ့်လူရဲ့။ အခုကြည့် ဝင်အပူးခံရတဲ့အမျိုးသမီး သူ့ကို ကျွန်တော်မသိဘူး။ ဒါကတစ်ချက်။ ဝင်ပူးနေတဲ့သိုက်နန်းရှင်ကမငွေတောင်။ အဲဒီမငွေတောင်ဟာ လူစိတ်ပျောက်အောင်တကယ်ဝင်ပူးတာလားတစ်ချက်။ လူစိတ်မပျောက်ဘဲ မငွေတောင် မဟုတ်ဘဲ ကာယကံရှင် အမျိုးသမီးကိုယ်တိုင် ဟန်ဆောင်လီဆယ်နေတာလားတစ်ချက်။ ဒါတွေကို ဟုတ်၊ မဟုတ် စိစစ်ရသေးတယ်။ ဒီလိုမစစ်ဆေးရင် အလိမ်ခံရတယ်။ ခုတစ်ခါ တောင်ပိုင်ဘိုးဘိုးဆိုတဲ့ သူလာပြန်ပြီ။ သူ့ကိုယ်လည်းစိစစ်ရမယ်။ အတုအယောင်အလိမ်မခံရအောင်ပေါ့။ ဒီလိုစစ်တဲ့လျှို့ဝှက်ပညာကို ဒုတိယဆရာ မောင်မောင်သန်းကသေချာသင်ပေးထားတာ။

ဝင်ပူးတဲ့သူတွေက သတ်မှတ်ချက်မရှိဘူး။ ဥပမာ ဘိုးသိကြားကွ၊ ဘိုးဘိုးအောင်ကွ၊ အောင်မင်းခေါင်ကွဆိုလိုက်တာနဲ့ ဆရာတွေ၊ ပရိသတ်တွေက လက်အုပ်ကလေးတွေချီ ဘုမသိဘမသိ ပစ်ယုံတယ်။သူနဲ့အပေးအယူစကားပြောရင် တလေးတစားပြောရတော့မယ်။ အဖေကြီး၊ ဘိုးဘိုးကြီး၊ ဘိုးတော်ဘုရား မယ်မယ်ကြီးထည့်ခေါ်ရပြီ။ တကယ့်အစစ်အမှန်ဆိုရင် တော်သေးရဲ့။ အတုအယောင်များဆိုရင် အဲဒီဆရာကွဲပြီ။ တကယ်သောက်ရှက်ကွဲတာ။ ဟိုကပညာသည်။ ဘယ်လောက်လက်ခမောင်းခတ်မလဲ။ စဉ်းစားသာကြည့် ကိုယ့်လူရဲ့"

ဒီစကားကြောင့် မိတ်ဆွေကြီး မအံ့သြဘဲမနေနိုင်ပေ။

"ဟုတ်လိုက်လေဗျာ၊ ဒါအငိုက်ဖမ်းတာဗျ။ ဆရာစိုးက ဒါတွေလည်းသိတာပါလား"

"သိဆို ဒုတိယဆရာရဲ့ ကျေးဇူးပေါ့ဗျာ"

"အဲဒီလို ဘိုးတော်တွေ၊ ဘွားတော်တွေ လိမ်တာညာတာ အများကြီးကြုံခဲ့ပြီးပြီ။ အခုကြည့် အရင်ဆုံးဝင်တဲ့သူက သိုက်ဆက်။ သိုက်ဆက်တို့မည်သည် အထက်နတ်တွေနဲ့သာသက်ဆိုင်တယ်။ သာသနာပိုင်ပစ္စည်းတွေစောင့်ရတဲ့အဖွဲ့။ သိုက်ကဟုတ်မဟုတ်၊ လူစိတ်တကယ်ပျောက်မပျောက် စိစစ်တယ်။ မထမ မငွေတောင်ဝင်ပူးတာ ကွက်တိဟုတ်နေတယ်။ ဒါကြောင့် လွှတ်ပေးလိုက်တာ။ ဒါက ပထမအချက် ဒုတိယ တောင်ပိုင်ဘိုးဘိုးဆိုတဲ့သူဝင်လာပြီ။ သူဝင်လာတာနဲ့ ကျွန်တော်က တလေးတစား ဘိုးဘိုးလို့ခေါ်ရတော့မယ်။ စိစစ်တယ်။ လူစိတ်ပျောက်တယ်။ အားလုံးကွက်တိလွှတ်ပေးလိုက်တယ်။ အလိမ်အညာဘိုးဘိုးအဖြစ်မခံနိုင်လို့ဘဲ"

"ဆရာစိုး၊ ကြားဖြတ်မေးဦးမယ်။ ဒီအချိန် အလိမ်အညာဆိုရင် ဘယ်လိုလုပ်မလဲ လင်းစမ်းပါဦး"

"ဒါက သိပ်မထူးဆန်းဘူး။ ပူးနေတဲ့အစွဲရှင် ချုပ်လိုက်ရုံပဲ။ ချုပ်လို့မမိရင် လူပူး။ ဒါက ကာယကံကိုယ်၌က လိမ်တာ။ ဆရာကစိတ်ထဲကချုပ်ရုံပဲ။ ဒါက လျှို့ဝှက်တဲ့သဘော။ ဒီအခါ လူလအခွဲ



www.burmeseclassic.com

ပါတာပဲ။ ရွာတော်အရှင် (၁၇) မင်း
စုန်း၊ ကဝေ၊ အောက်လမ်း ပြေး
တ်ဘူး"

"ဟုတ်ပြီ - ခုမှရှင်းတယ်ဗျာ"
"စောစောက တောင်ပိုင်ဘိုးဘိုး
သာပြီဗျ"

"သမီးတော်ပြောသွားတာ မယုံ
ဟုတ်လား။ အေး-လူလေး မယုံမှန်း
အဘိုးကိုယ်တိုင်လာခဲ့ရတာ။ လူ
ခဲ့ပြဒါးရှင် အဘိုးဆီမှာရှိတယ်။
တာ လုံလုံခြုံခြုံသိမ်းထားတာ ဘယ်
သူလို့မရဘူး။ ပိုင်ရှင်က လူလေးပဲ။
လေးကိုယ်တိုင်လာယူရမှာ။ လူလေး
စောင့်ပေးရတာ စိတ်ပင်ပန်းတယ်
သူတွေက လောဘသားတွေ ဒီပြဒါး
တော်တော်များများ သိထားကြ
ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ လာလာ
င်းနေကြတာ။ ပြဒါးရှင်ပေးပါ။
ရှင်ပေးပါနဲ့ နားငြီးလှပြီ။ တောင်းတဲ့
တွေက မနည်းတော့ဘူး။ အဘိုးက
ပြောလည်းမရဘူး။ ခဏခဏလာ
တာ။ အရှက်မရှိတောင်းတဲ့သူတွေ
လာတ်များများ အဘိုးကမပေးပါ
သူလေးကိုပဲပြန်ပေးမှာ။

အေး - စောစောက သမီးတော်
သလို ဒီပစ္စည်းလိုချင်ရင် ဘာလုပ်ရ
ဒီပစ္စည်းကိုင်နိုင်အောင်ကြိုးစားပြ။
ရောက်ရင် အဘိုးဆီလာပေးမှာ
တ သာသနာပြုဖို့ဆုပန်ထားတာ
သိတယ်။ သာသနာပြုရလိမ့်မယ်။
ပစ္စည်းကို အဲဒီကျရင်အသုံးချ
ပြီလား။ အသံသြဇာကောင်းကောင်း
တ်တော်တော်ကြီးပုံပဲဗျ။ သူ့စကား
ကောင်းလွန်းတာနဲ့ ဘိုးဘိုးလို့
ည်တစ်ခေါ်ရတယ်ဗျ။

ဘိုးဘိုး၊ စောစောက မငွေတောင်
သွားတဲ့စကားတွေ အမှန်ပဲလားဆို

"အေး - ဟုတ်တယ်၊ သူ့ခမျာ
စောင့်မျှော်နေတာကြာပြီကော။
တောင်မမှတ်မိတော့ဘူး။ တောင်
တ ကျောက်ဖျာပေါ်မှာ လူလေး
နေ့စဉ်မျှော်နေရှာတာကွယ့်။
ည်းပစ်မထားနဲ့ပေါ့ကွာ။ နောင်
တိုယ်လုပ်ပေးနိုင်တော့ လုပ်ပေး

ကျွန်တော်သိချင်တာရှိသေးတယ်။
အဆင့်ကိုသိပါရစေ'

အေး - ငါလူ့ဘဝတုန်းက ပုတီးပဲ
တွ။ ပုတီးကတော့ ပြီးတယ်။
ပါတ်စတင်ပါရဲ့။ ဒီတောင်မှာ



ရောက်လာတာ ဒီကတစ်ဆင့် မဂ်လမ်း
ကူးနေတာ။ ပထမအဆင့်တော့အောင်
ပြီးပြီ။ ကဲ-တော်လောက်ပြီ။ အဘိုးပြန်
မယ်'

ဘုရားဦးသုံးကြိမ်ချအပြီး ဘိုးဘိုး
ထွက်သွားပြီ။ အပူးခံအမျိုးသမီးက
ကျွန်တော့်ကြည့်၊ ဘေးကလူတွေကြည့်၊
သူ့အဖေ၊ အမေတွေကြည့် အံ့သြပြီးရှက်
နေတော့တာပဲ။ ဒီအမျိုးသမီးကပြော
သေးတယ်။ အိမ်မှာ ဧည့်သည်တွေများ
လှချေလား၊ သူကဘာဖြစ်တာလဲလို့ ပြန်
မေးနေတယ်"

"ဆရာစိုး၊ တောင်ပိုင်ကြီးပြောတဲ့
ပြဒါးရှင်ကိစ္စ သတိပေါ်လေးလား"

"မပေါ်ဘူးဗျ။ အဲ - မငွေတောင်
ပြောသွားတဲ့စကားရှိသေးတယ်။ ည
ရောက်ရင် အကြောင်းစုံ သိရပါစေမယ်
ပြောသွားတယ်"

"အဲဒီည ပုတီးပြီးလို့ အိပ်ပျော်
သွားတော့အိပ်မက်မက်တယ်။ ဝေဘူလ
နဲ့ ဝေဘာလတောင် ဟိုဘက်ဒီဘက်
ကောင်းကင်ကနေပျံကူးတာတွေ့ရတယ်။
မငွေတောင်တို့ညီအစ်မ (၇) ယောက်
ဆံပင်တွေဖားလျားချပြီး အစိမ်းနုရောင်
မင်းသမီးအဝတ်အစားတွေဝတ်၊ ပန်းတွေ
ကိုယ်စီပန်ထားပုံတွေ၊ သူတို့ပြေးလွှား
ဆော့ကစားတဲ့ပုံတွေ တစ်ယောက်ပြီး
တစ်ယောက် ဒန်းလွှဲပေးနေတာတွေမြင်
ရတယ်။ သူတို့ (၇)ယောက်ရဲ့အလှက
တကယ့်ရင်ဖိုစရာ၊ မက်မောစရာ၊ တပ်မက်
စရာတွေဗျ။ အကုန်လုံး အချောအလှ
တွေ။ သူတို့ရဲ့ဆံပင်တွေက မည်းနက်
နေတာ။ ဒေါင်းမြီးသဏ္ဍာန်အဖျားကော့
နေသေးတာ။ လူတစ်ရပ်ကျော်လောက်
ရှိတယ်။ သိပ်ကြည့်လို့ကောင်းတာ။

သူတို့အထဲက အကြီးဆုံး အချော
ဆုံးက ကျွန်တော်နဲ့ပတ်သက်ခဲ့တာ။ သူ
နဲ့ကျွန်တော် ကျောက်ဖျာပေါ်မှာ သူ့ကို
ပန်းလှလှလေးတွေ တစ်ခေါင်းလုံးပန်း
ပေးနေတဲ့ပုံပေါ်တယ်။ သူကပြုံးနေရှာ
တယ်။ ကျွန်တော်လည်းပျော်နေတဲ့ပုံပဲ။
ဒါတွေပြပေးသေးတယ်"

"ဒီလို အိပ်မက်ပေးတာလည်း
ထူးဆန်းတယ်နော် ဆရာစိုး။ ကြားထဲက
ကောင်းခန်းလေးတွေပြောပါဦးဗျ"

"ဒါတွေပြောရင် ပြီးမှာမဟုတ်
တော့ဘူးဗျ။ နမူနာလေးပဲပြောလိုက်
မယ်။ ဒီတောင်ကို အလည်စရောက်တာ
နဲ့ အငယ်ဆုံးမ နန်းစောမူနဲ့ ဇာတ်လမ်း
စရမှာ။ ကျန်တဲ့ညီအစ်မ(၆)ယောက်က
နန်းနဲ့စတဲ့နာမည်တွေ။သူတို့နဲ့တစ်ယောက်
ပြီးတစ်ယောက် သဘောကျတဲ့ပုံတွေ
ဇာန်းစီပြတာ။ နောက်ဆုံး အစ်မကြီးနဲ့ပဲ
ပတ်သက်သွားတာ။ ကဲ-ကြားထဲကဟာ
တွေပြီးမှာမဟုတ်တော့ဘူး။ တော်သင့်
ပြီဗျာ"

"ကဲဗျာ - ဒါဆိုလည်း ကျွန်တော့်
ကိစ္စဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ခု ခင်ဗျားအကြောင်း၊ ကျွန်တော့်
အကြောင်း ဇနီးသည်ရှမ်းမအကြောင်း
ဆရာတော်အကြောင်း သိုက်နန်းရှင်
မငွေတောင်အကြောင်းကို သိသင့်
သလောက်သိပြီးပြီ။ သိုက်ပေါင်းစုံရှိတာ
ပြောပြီးပြီ။ သိုက်ကလာတဲ့သူ ဒုနဲ့ဒေးရှိ
တာသိပြီ။ ဘယ်သိုက်ကလာလာ လူ့ပြည်
လာတဲ့သူဟာ နှစ်စေ့လို့ဝတ်ကြွေးကျေ
လို့ လူ့ဘဝဝင်စားတာလို့ပြောလာတဲ့သူ
ကျွန်တော်တော့မတွေ့ဖူးသေးဘူး။ တွေ့
ဖူးတဲ့သူလည်းရှိချင်မှရှိမှာပေါ့ထားတော့။

နှစ်အကန့်အသတ်နဲ့လာတဲ့သူပို
များတယ်။ သားတစ်ယောက်ရရင် ပြန်ခဲ့
မယ်ဆိုတဲ့အမျိုးသမီးတွေကတစ်ပုံကြီး။
အိမ်ထောင်သားမွေးမပြုပါဘူးဆိုတဲ့သူ
တွေလည်းမနည်း။ ဒီအထဲက ထူးခြား
တာပြောပြမယ်။

သိုက်ကလာတာ ယောကျ်ား
တွေထက် မိန်းမတွေက ပိုများတယ်။
ယောကျ်ားတွေက သိုက်ကလာလည်း
ဘာသိဘာသာမသိသလိုနေတယ်။အယုံ
အကြည်မရှိတာများတယ်။ ကိုယ်ဖြစ်နေ
တာ ဘေးလူမပြောဘူး၊ ကြိတ်ခံတယ်။

အမျိုးသမီးတွေက ဒီလိုမဟုတ်
ဘူး။ ဝိသေသထူးခြားတယ်။ ဥပမာ
မိုးတိမ်တောင်တွေတလိမ့်လိမ့်တက်လာ
ပြီး မိုးရိပ်တွေညို့လာပြီး အဲဒီမိုးရိပ်တွေ
ကို အိမ်ထဲကတစ်မျိုး၊ အိမ်ပြင်ကတစ်မျိုး
တစ်ယောက်တည်း တမေ့တမောထိုင်
ကြည့်နေတတ်မယ်။ သူ့မျက်လုံးက
မျက်ရည်တွေကျနေမယ်။ အစ်ကိုလွမ်း
သလိုလို၊ အစ်မလွမ်းသလိုလို၊ ဘယ်သူ့
ကိုလွမ်းလို့လွမ်းမှန်းမသိ သူ့စိတ်ထဲမှာ
ကြိတ်ခံစားနေရှာတယ်။

မိုးကမရွာဘူး။ ဒါပေမယ့် မိုးကအုံ့

www.burmeseclassic.com

မှိုင်းနေတယ်။ လေးလေးတသင်းသင်းနဲ့ ထိုင်နေရင်း ကောင်းကင်ကြည့်လို့ မျက်ရည်တွေကျနေတတ်တယ်။ မိုးတွေရွာနေတယ်။ မိုးရေထဲ အဆောင်းကမပါသတိမထိန်းနိုင်ဘူး။ တစ်ယောက်တည်းလျှောက်သွားနေတတ်တယ်။ ဘုရားကြီး ဘုရားကြား ဘုရားပျက်တွေကြားသိသလိုလိုနဲ့ တစ်ယောက်တည်းလျှောက်သွားနေတတ်တယ်။ ညအခါ အိပ်မက်ထဲမှာ ရဲတိုက်ပုံစံအိမ်ဟောင်းကြီးတွေမြင်ရတယ်။ အိမ်ထဲက ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊ ကိုယ့်ရုပ်ပုံစံတူအရုပ်တစ်ခု၊ ခုတင်၊ ညောင်စောင်းပေါ်အိပ်နေပုံ၊ ခန်းဆီးဇာပဝါရောင်စုံလိုက်ကာတွေတလွင့်လွင့်ပျံ့လွင့်နေတဲ့ပုံတွေ၊ အစိမ်းရောင်ဝတ်အမျိုးသမီးတွေ၊ အဝတ်ဖြူဝတ် အသက်ကြီးကြီးပုဂ္ဂိုလ်တွေတွေ့ရတယ်။ အိမ်အိုဟောင်းအပြင်ဘက်ပန်းပေါင်းစုံပွင့်တဲ့ဥယျာဉ်၊ ပန်းတွေသီထားတဲ့ဒန်းကြီးတွေ၊ ဒန်းစီးနေတဲ့အမျိုးသမီးတွေ သူတို့တစ်တွေကိုသိသလိုလိုသတိတရရှိနေတတ်တယ်။ တစ်ခါတလေ ဘေးလူတွေနားမလည်တဲ့ သိုက်စကားတွေ တစ်ယောက်တည်းပြောနေတတ်တယ်။ ညနက်သန်းခေါင် အိမ်အပြင်ကိုတစ်ယောက်တည်းထွက်သွားတတ်တယ်။ ဒါတွေက သိုက်ဆက်ရှိသူရဲ့ ထူးခြားမှုတစ်ပိုင်းတစ်စပဲဗျ"

"ကိုယ့်လူကြီးကော ဒီအထဲက အကျုံးဝင်တာပါသေးလား"

"ပါတယ်ဗျ။ သူတို့နဲ့ သိုက်မှာအတူနေခဲ့တာတွေ အိပ်မက်ထဲမှာပြသွားပြီးပြီ။ ကျွန်တော် အကုန်လုံး မှတ်မိပါတယ်။ တိုက်ဆိုင်တာမဟုတ်မှန်း ကျွန်တော်လက်ခံတယ်။ တစ်ယောက်နဲ့တစ်ယောက် သိုက်ကလာတာမတူဘူးလို့ ရှေ့ကပြောပြီးပြီ။ ခင်ဗျားလာတဲ့ ဘီလူးသိုက်ကပိုကြမ်းတယ်။ ဝင်ပူးရင် ထောင် ဆရာကို စိန်ခေါ်တဲ့အကျင့်ရှိတယ်။ တော်တော်ကြမ်းတယ် ထားတော့။ သားတစ်ယောက်ရရင် ပြန်ခဲ့ဆိုတဲ့ကတိနဲ့လာတဲ့ ကျွန်တော့်မိန်းမ သူရဲ့ ရုပ်ကလာပ်ကို ကျွန်တော့်ဆရာဖျက်လိုက်တယ်။ အခု သားသမီး(၆)ယောက်နဲ့ ကျန်းကျန်းမာမာပဲ။ ဘာသံမှမကြားတော့ဘူး။ ဒါတစ်ခုပေါ့။

ကျွန်တော့်ကြည့်၊ သိုက်က မကြာမကြာနှောင့်ယှက်နေတာ။ ကျွန်တော့်ပုတီးစိပ်ရင် ရှေ့တည့်တည့်က မြွေလိုလို၊ နဂါးလိုလို ပါးပျဉ်းထောင် မျက်နှာတည့်တည့် မီးခိုးမှိုင်းမည်းတွေမှုတ်ထုတ်တာ။ အဲဒီအနံ့တွေရှူမိတာနဲ့ ငုတ်တုတ်အိပ်ပျော်သွားတာပဲ။ အနည်းဆုံးတော့ တစ်နာရီကျော် အိပ်ပျော်နေကျ။ အဲဒီဒဏ်ကြောင့် ကိုယ့်ရုပ်ကိုယ်ဖျက်ဖြစ်လိုက်တယ်။ အခုအရင်လိုဒုက္ခမပေးတော့ဘူး။ သူတို့အကူအညီလိုရင်ထောင်းတယ်။ သူတို့နေတဲ့တောင်မှာ သာသနာပြုခိုင်းတယ်။ ဒါလောက်ပဲ။

နောက်ထပ် သိုက်နန်းရှင် မငွေတောင်ရဲ့ပယောဂရှိသေးတယ်။ အစိမ့်ခြာန်ကြီးဝင်ရင်အမြဲဒုက္ခပေးတယ်။ အလုပ်ပြီးလို့ ဘုရားခန်းနံဘေး တစ်ယောက်တည်းအိပ်ပျော်ရင် ကျွန်တော့်မိန်းမရုပ်နဲ့ပုံတူဖန်ဆင်းအတူလာအိပ်တယ်။ ကာမသုံးမှားလုမှားချင်မှာလန့်နိုးတယ်။ အကြိမ်မနည်းဘူး။ နောက်ထပ် မြွေလို၊ နဂါးလိုတစ်မျိုး၊ အဘွားအိုကြီးလိုတစ်ဖုံ ချောချောလှလှ မငွေတောင်လိုတစ်သွယ် အမျိုးမျိုးနှောင့်ယှက်တာတွေရှိသေးတယ်"

သူ့ထက် ကျွန်တော်က ပိုဆိုးနေမှန်း သူသိလာ၏။ ကိုယ်ချင်းစာသည် ထင်၏။

"ဒီတိုင်းဆို ဆရာစိုးက ကျွန်တော့်ထက် ပိုဆိုးတာပေါ့ဗျာ။ မလွယ်ပါလား"

"လူ့ပြည်မှာ ကြာကြာနေချင်သေးရင် ဆုံးဖြတ်ချက်မှန်ဖို့လိုသေးတယ်။ သူတို့ကိုမချစ်လို့၊ မုန်းလို့တော့ ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော့်ကို သာသနာပြုနိုင်ဖို့ဆုပန်လာခဲ့တာ။ လိုသည်ထက် လွန်လာရင်တော့ လုပ်သင့်တာ မလုပ်လို့မရဘူးဗျ။ ခင်ဗျားဆန္ဒကကော ဘယ်လိုလုပ်ချင်လဲ"

မိတ်ဆွေကြီး၏ မျက်နှာကြည့် အကဲခတ်တော့ အားရစရာမကောင်းပေ။ ခေါင်းယမ်းနေပါသည်။ သူ့ထံမှ စကားပွင့်လာပါသည်။

"ကျွန်တော်အစ်ကိုကြီးကိုကြောက်တယ်။ သူက ဒါဆိုရင် ဒါမှကြိုက်တာ။ သူ့ဆန္ဒအတိုင်း ဘာမှလုပ်လို့မရတော့ဘူး"

ကျွန်တော် သူ့ကြည့်၍ စိတ်မကောင်းဖြစ်မိပါ၏။ သူ့ဆီက ဒီလိုအသံထွက်လာမည်ဟု မထင်မိပေ။ သူ့အား အပြစ်တင်ဆိုမိလေ၏။

"ကိုယ့်လူ စောစောက ခင်ဗျား အကြံပေးပါ၊ လိုအပ်ရင် အကူအညီပေးပါလို့ပြောတာ မေ့နေပြီလား။ စကားမလွှဲနဲ့လေ။ ခင်ဗျားရဲ့အစ်ကိုကြီးကို ဘာမှကြောက်စရာမလိုဘူး။ သိုက်ကကျန်တဲ့သူတွေ ဒီလိုပဲ။ ဒေါသတကြီး အော်နေကျအော်တိုင်းကြောက်စရာမလိုဘူး။ စဉ်းစားစမ်းပါဗျ"

"ဆရာစိုးပြောတာ ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်ကိုယ်တိုင်က ဘာမှမလုပ်ချင်တော့လို့ပါ"

ကျွန်တော် စိတ်ဓာတ်ကျသွားပါသည်။

"သွားပြီ။ ခင်ဗျားဆုံးဖြတ်တာညံ့လှချေလား။ လူ့ဘဝဆိုတာရခဲတယ်ဗျ။ ကောင်းမှုကုသိုလ်တွေအများကြီးလုပ်ခွင့်ရှိတဲ့နေရာ။ ဟိုမှာဘာမှလုပ်စရာမရှိဘူး။ ပစ္စည်းစောင့်ရုံပဲ။ နှစ်တမ်းအရှည်ကြီးနေရမှာ။ ကျွန်တော် အကြံပေးပြောနေတာ။ ကဲ - အခု ခင်ဗျားကိစ္စ ကျွန်တော့်တာဝန်ထား။ အကုန်လုပ်ပေးလိုက်မယ်။ ဘာမှမဖြစ်စေရဘူး"

စေ့စေ့ကြည့်မေးလည်း စကားမပြန်။ မျက်နှာအိုနှင့်ခေါင်းယမ်းနေ၏။ စိတ်ကမရှည်ချင်။ ပြောမရတဲ့သူ တည့်တည့်ပြောထည့်လိုက်၏။

"ခင်ဗျားအသက် (၅၅) တမ်းနေခွင့်အများကြီးရှိသေးတယ်။ ခုကိစ္စအ ခင်ဗျားကို သူတို့ကသတိပေးရုံလက်သက်အချိန်ရှိသေးတယ်။ ဒါကို ဒီတိုင်းလွှတ်လိုက်ရင် ခင်ဗျားဒုက္ခတွေ့တော့မှာ"

သူ့ထံကတိကျတဲ့အဖြေထွက်လာပါတော့၏။

"ကဲ - ဆရာစိုး၊ မနက်စာတောင်အချိန်နီးနေပြီ။ ဘုတာပြန်ရအောင်"

ကျွန်တော် စကားမပြန်နိုင်တော့ပါ။ အလိုက်သင့် ခေါင်းညိတ်လိုက်ပါ၏။

နှစ်ဦးသား ဆိုင်မှထ၍ဘုတာပြန်ခဲ့ကြ၏။ ညနေစောင်းတွင် မိတ်ဆွေကြီး ရထားဖြင့် ကလေးပြန်သွား၏။

ကျွန်တော့်ထံမှအပြန် အချိန်တစ်လခန့်သာ ကြာသေးသည်။ မိတ်ဆွေတစ်ဦးထံမှ သတင်းကြားရသည်။ စိတ်ထဲမကောင်းပေ။ သူဒုက္ခတွေ့နေပြီ။ ငွေတွေကုန်သည်။ ထိုက်စွပြီး အိပ်ရာထက်လဲပြန်၏။ အိပ်ရာထက်မှ သူ့မျက်နှာ ကျွန်တော့်အားစောင့်မျှော်နေမည်လား။ ယခုအချိန်အထိ သူ့သတင်းရှိထင်ရှားရှိပါသေးရဲ့လား။

**စိုးမင်း (မြောက်စည်းရွာသစ်)**

**စာကြွင်း**

မိတ်ဆွေကြီး၏နာမည်၊ နေရပ် [illegible] သည်မှအပ စာရေးသူ၏ဖြစ်ရပ်မှန်များအကြောင်း ကြိုးစား၍ရေးသားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# နားမကြားသူများအတွက်



ကျွန်တော့်ခြံဝိုင်းပတ်ပတ်လည်မှာ ...င်လျှာပင်တွေစိုက်ထားတာ အပင် (၂) ...လောက်ရှိမယ်ထင်ပါရဲ့။ ဘာရယ် ...ပါဘူး။ အသီးစားပြီးရင် အစေ့ကို ...အချာစိုက်တာပါ။ အဲဒါကြောင့် ...ပင်၊ ပိန္နဲပင်၊ ဩဇာပင်၊ မာလကာ ...ရဲ့သီးပင်၊ တရုတ်ဆီးသီးပင်၊ အိန္ဒိယ ... မန်ကျည်းပင်၊ ဥသျှစ်ပင်၊ တမာ ...စုံရှိပါတယ်။ ကြောင်လျှာပင်ကျ ... အလေ့ကျပင်ကို ရွှေ့စိုက်ယူတာ ...

ကြောင်လျှာပင်ကျတော့ (၂) နှစ် ...ဆိုရင်သီးတာကြောင့် စားရတာမြန် ...။ ကြောင်လျှာဆိုတာ ခါးတဲ့ ...ရှိတဲ့အပင်ပါ။ သူ့ရဲ့အခေါက် ... ဆေးအသုံးဝင်တယ်။ သူ့ရဲ့ ...နုလည်းစားရတယ်။ သူ့ရဲ့အပွင့်၊ ...ည်းစားရတယ်။ တစ်ပင်လုံး ဆေး ...ဝင်တဲ့အပင်မျိုးပါ။ကြောင်လျှာပင် ... တစ်ပြည်လုံးမှာပေါက်ပါတယ်။

ကျွန်တော်တို့အိမ်နားက ကိုတင် ... မစိုးစိုးတို့ဟာ ကျွန်တော်နဲ့ ...ရင်းနှီးပါတယ်။ စောင့်လည်း ...ရှောက်ကြပါတယ်။ ၁၇-၉-၂၀၁၆ ... နေ့ကောင်းတယ်ဆိုပြီး အိမ်သစ် ...လေးဆောက်ဖို့ ပန္နက်ကို ...သန်းကလာချပေးပါတယ်။ အိမ် ...လေးက အရက်မူးသမားလို ...နေတာကြောင့် မိုးကျွတ်တာနဲ့ ...လေးပေါ်ပြောင်းနိုင်အောင်လုပ် ...ပါ။

အဲဒီမှာ ကြောင်လျှာပင်တွေကို ...တဲ့အခါ ကိုတင်သန်းကပြောပါ ...။

"ဦးက ကြောင်လျှာပင်တွေစိုက် ...လိုက်တာ အများကြီးပဲ။ စိုက်ထား ...စားရတာပေါ့ဗျာ။ ကြောင်လျှာပင် ... သူ့အပွင့်ရော သူ့အသီးပါစားရ ... စိုက်ရတာတန်တယ်ဗျ။ အရည် ...င်ဆိုတော့ကာ သူ့အကိုင်းတွေ ...စ်လည်း မကြာဘူး ပြန်ထွက်လာတာပဲ။ အတော်အကြီးမြန်တဲ့အပင်မျိုးပါဗျာ။ ကျွန်တော်က အသီးထက်အပွင့်ကို သုပ်စားရတာ ပိုကြိုက်တယ်။ အပွင့်ပဲပြုတ်ပြုတ်၊ အသီးပဲပြုတ်ပြုတ်ပေါ့ဗျာ။ မာလကာရွက်ထည့်ပြုတ်လိုက်ရင်တော့ သင့်တင့်တဲ့ အခါးဓာတ်ပဲကျန်တာပါ။ အပွင့်ရော အသီးပါ ပြုတ်စားစား၊ သုပ်စားစား၊ ကြော်စားစား ကောင်းပါတယ်။ အသီးကို အချို့က အချဉ်တည်စားတာတွေလည်းရှိတယ်။

အပွင့်သုပ်ရဲ့ ဆေးအသုံးဝင်ပုံကို ကျွန်တော် လက်တွေ့ ပြောပြရဦးမယ်။ ကျွန်တော်ငယ်ငယ်တုန်းက ညောင်ပင်ကြီးစုသားဆိုတော့ ညောင်ပင်ကြီးစုကိုးကွယ်တဲ့သိမ်ကျောင်းမှာနေရတာပေါ့။ ကျွန်တော်တို့ရဲ့ ကံ့ကူလက်လှည့်ဆရာက သိမ်ကျောင်းဆရာတော် ဦးစက္ကိန္ဒပေါ့ဗျာ။ ခု ၂၀၁၆ မှာ သက်တော် (၇၆) နှစ်တောင်ရှိပါပြီ။ သူ့ဆီမှာကျောင်းနေတော့ စာသင်ရတာပေါ့ဗျာ။ အဲဒီမှာဗျို့ ကျွန်တော့်နားက တဖြည်းဖြည်းအကြားအာရုံနည်းလာတယ်။ ဘုန်းတော်ကြီးက အော်ပြောမှကြားရတယ်။ နားလေးလာတာပေါ့ဗျာ။ အတော်လည်းကြာရော လုံးဝကိုမကြားရတော့တာဗျို့။ ဘယ်သူတွေဘာပြောပြော ဘာမှမကြားရတော့ဘူး။ ပါးစပ်ကလေးတွေလှုပ်နေတာပဲမြင်ရတော့တယ်။ ဘာဆိုဘာမှကို မကြားရတော့တာ။ အဲဒီလိုနားမကြားရတော့ကာ စိတ်အရမ်းဆင်းရဲရတာပေါ့ဗျာ။ ဘာပြောလို့ပြောမှန်းမသိဘာဆိုလို့ဆိုမှန်းမသိနဲ့ စာသင်ဖို့တောင် အခက်ကြုံရတယ်ပေါ့။ အဲဒီမှာ ဘုန်းတော်ကြီး ဦးစက္ကိန္ဒက ကျွန်တော့်မိဘဘိုးဘွားတွေခေါ်ပြီး ကျွန်တော့်ကို ကြောင်လျှာပွင့်ဟင်းနေ့စဉ်ကျွေးပါလို့ ခိုင်းတာပါပဲ။ မနက်ကြောင်လျှာပွင့်၊ နေ့ကြောင်လျှာပွင့်၊ ညကြောင်လျှာပွင့်ပေါ့ဗျာ။ ကြောင်လျှာပွင့်ကို ချက်လိုက်၊ ကြော်လိုက်၊ သုပ်လိုက်၊ ပြုတ်လိုက်နဲ့ ကြောင်လျှာပွင့်ကို ရေလဲနဲ့ကျွေးတော့တာပဲဗျို့။ ကလေးဆိုတာ အခါးဘယ်ကြိုက်မှာလဲဗျာ။ ဒါပေမယ့် နားကြားချင်ဇောနဲ့ ကြိတ်မှိတ်ပြီးစားရတာပဲ။ ကြောင်လျှာပွင့်ဟင်းက အရန်ဟင်းတစ်ခွက်အနေနဲ့ ကျွန်တော်လည်းစား၊ သူတို့လည်းစားပေါ့ဗျာ။ အဲဒီမှာ ရက်ပိုင်းအတွင်းနားသဲ့သဲ့ပြန်ကြားလာရတာပါပဲ။ ဖြစ်တဲ့အချိန်က ကြောင်လျှာပွင့်ပေါတဲ့ မိုးရာသီဖြစ်လို့ပေါ့ဗျာ။ ကြောင်လျှာပွင့်ရှားပါးတဲ့ ဆောင်းနဲ့နွေဆိုရင်အခက်ပေါ့။ ရက်အတော်ကြာစားလိုက်တဲ့အခါ ကျွန်တော့်နားပကတိပြန်ကောင်းလာပါတယ်။ကြောင်လျှာပွင့်စားဖို့ရာ ဆရာတော်သာ မတိုက်တွန်းရင် ကျွန်တော့်ဘဝ တစ်သက်လုံးနားလေးပါးလေးဘဝနဲ့နေရမှာသေချာတယ်။ အဲဒါ ကိုယ်တွေ့ကြုံခဲ့တော့ နားရောဂါသည်တွေတွေ့ရင် ကြောင်လျှာပွင့်သုပ်စားဖို့ပဲ ကျွန်တော်ညွှန်လေ့ရှိတယ်။ ကျွန်တော်က လက်တွေ့ပျောက်တဲ့သူဆိုတော့ အာမခံရဲတယ်လေ။ ကျွန်တော်ညွှန်လိုက်လို့ သူများပျောက်သွားတယ်ကြားရင် ဝမ်းသာရတာပေါ့ဗျာ"

ဆိုပြီး ပြောပြပါတယ်။

ကြောင်လျှာပွင့်ဟာ ငှက်ဖျားရောဂါအပြင် အခြားဝေဒနာများစွာကိုလည်း ပျောက်ကင်းနိုင်စွမ်းရှိတဲ့ အစားအစာတစ်မျိုးပါ။ အစာကနေ ဆေးဖြစ်စေတဲ့အစားအစာပါ။ ကြောင်လျှာပွင့်သုပ်ပြီး အပျင်းပြေရေနွေးကြမ်းနဲ့မြည်းရင်လည်းခံတွင်းလိုက်ပြီး အရမ်းအရသာရှိလှပါတယ်။ အပြစ်ကင်းစင်တဲ့ မြန်မာ့ရိုးရာ စားစရာတစ်မျိုးဖြစ်တာကြောင့် နားရောဂါရှိသူများ စားသုံးနိုင်အောင် ကိုတင်သန်းရဲ့ ကြောင်လျှာပွင့်ကိုတင်ပြလိုက်ရခြင်းပါပဲ။

ကိုတင်သန်းသို့ကျေးဇူးတင်လျက်
ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး




www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ လယ်ကူလီတစ်ယောက်ပါ။ ကျုပ်နေတဲ့ရွာက ညောင်လေးပင်မြို့နယ် ပုစွန်မြောင်းဆိုတဲ့စံပြုရွာကြီးပေါ့။ တိတိကျကျပြောရရင် ကျုပ်ဟာ ရွာစွန်ရွာဦးမှာနေတဲ့ အရှေ့ပိုင်းရပ်ကွက်သားပေါ့။ ကျုပ်တို့ရွာကြီးဟာ ပစောက်ပုံသဏ္ဌာန် ဒါမှမဟုတ် ဂငယ်လိုတည်နေတဲ့ ရွာဝိုင်းကြီးပါ။ စစ်တောင်းမြစ်ကို ကာကွယ်ရင်း ကိုလိုနီခေတ်ကဖောက်လုပ်ခဲ့တဲ့ ရွာတာရိုးကြီးဟာ မြစ်ကြောင်းအနေအထားအရ ပြောင်းလဲလာရတာပေါ့။ ရွာဟာ ရှေ့ခေတ်ကတည်းက စည်ကားပြီး လူနေအိမ်တစ်ထောင်ကျော်ရှိပါတယ်။ ခုခေတ်တော့ ပိုများလာတာပေါ့။ များသောအားဖြင့် ရွာသားတွေဟာ သစ်ခုတ်၊ ဝါးခုတ်၊ လယ်လုပ်၊ ငါးရှာ၊ အိုးထိန်းသည်အတတ်တွေနဲ့ အသက်မွေးကြတယ်။ ရိုးသားအေးဆေးပြီး ပျော်စရာကောင်းတဲ့ရွာကြီးပါပဲ။

ကျုပ်တို့ရွာမှာ လူမျိုးစုံတော့ ဇာတ်လမ်းတွေလည်းစုံပါတယ်။ ဒီဇာတ်လမ်းတွေထဲမှာ ငါးစည်ပူဇာတ်လမ်းတစ်ပုဒ်လည်းရှိခဲ့တယ်ဗျ။ သိပ်ထူးထူးဆန်းဆန်းတော့မဟုတ်ပါဘူး။ ရွာရဲ့ အလယ်ပိုင်းကမိသားစုတစ်စုနဲ့ပတ်သက်နေပါတယ်။ ရွာမှာ စစ်တောင်းမြစ်ရေတိုက်စားပြီး တာရိုးကြီးပဲ့သွားတဲ့နှစ်မှာ မွေးလို့ 'တာပဲ့' ဆိုတဲ့လူတစ်ယောက်၊ ပြီးတော့ တာကြီးကို တိုးချဲ့ပြုပြင်တဲ့နှစ်မှာမွေးလို့ 'တာတိုး'ဆိုတဲ့လူတစ်ယောက် သူတို့နှစ်ယောက်ဟာ တစ်မိတည်းကဖွားတဲ့ညီအစ်ကိုတွေပေါ့။ ရွာကြီးဟာ ကျေးလက်ရွာပီပီ ပွင့်လင်းရိုးသားတယ်ဗျ။အမည်ပေးတာတွေကလည်း နေ့တွေနံတွေရွေးနေတာမဟုတ်ဘူး။ ကြုံသလိုပေးကြတာလေ။ အေးအေးဆေးဆေးနေပြီး စကားနည်းတဲ့ ကျုပ်သူငယ်ချင်းနာမည်က 'ဖိုးသစ်တုံး' တဲ့။ နောက်သူငယ်ချင်းကောင်မလေးတစ်ယောက်က ကောက်လှိုင်းတိုက်တုန်းက မသေကောင်းမပျောက်ကောင်း လှည်းပိလို့ 'လှည်းပိ' လို့ ခေါ်ကြတယ်။ ဒီလိုပါပဲ ဒိုးပေ၊ ပေတိုး၊ ငတို၊ လိပ်တမော့ဆိုတဲ့ နာမည်တွေကို အရပ်ကဝိုင်းပေးခဲ့ကြတယ်။ နာမည်လှတာ၊ မလှတာ၊ ကောင်းတာအရေးမကြီးဘူး။ ခေါ်လို့ရရင်ပြီးတာပဲလေ၊ မဟုတ်ဘူးလားဗျာ။ ကျုပ်တို့ထက် နည်းနည်းကြီးတဲ့နာမည်တွေကလည်း စိတ်ဝင်စားစရာဗျ။ စံပသျှူး၊ ဘိုကံချယ်ဆိတ်၊ ငပွေး၊ ဒက်ချိုး၊ ချော်တီးတဲ့ စုံလို့ပါပဲဗျာ။

နာမည်တွေအကြောင်းပြောနေရတာနဲ့ ငါးစည်ပူအကြောင်းတောင်အစပျောက်သွားပြီ။

ငါးစည်ပူဆိုတဲ့ ငါးမျိုးကို မြို့ကြီးသားတွေက သိချင်မှသိကြမယ်ဗျ။ ရွာကမြစ်ချောင်းအင်းအိုင်တွေထဲမှာ သံပရာသီးလုံးအရွယ် လုံးဝန်းတဲ့ ငါးစည်ပူငါးလေးတွေဟာ ကမ်းစပ်မှာ ဟိုဟိုဒီဒီ ရွေ့လျားသွားလာနေကြတာပါ။ငါးစည်ပူငါးကို ဖမ်းရလွယ်ပါတယ်။ ရေထဲဆင်းပြီး ပလိုင်းထဲကောက်ထည့်ရုံပဲ။ ကျုပ်သူငယ်ချင်းတာပဲ့တို့မိသားစုဟာ ငါးစည်ပူတွေဖမ်းပြီးချက်စားခဲ့ကြတယ်။ အဆိပ်သင့်ပြီး ဆေးရုံရောက်ကုန်တယ်။ တာပဲ့ရဲ့ သားလေးနှစ်ယောက် ဆေးရုံမှာကွယ်လွန်ခဲ့ရရှာတယ်။ တာပဲ့နဲ့ သူ့ဇနီးကတော့ လူကြီးတွေဆိုတော့ ခံနိုင်ရည်ရှိတယ်။ ဆေးရုံမှာ ဆေးကုသမှုခံရာက ပြန်ကောင်းလာကြတယ်။ သားလေးတစ်ယောက်တော့ ကံကောင်းထောက်မပြီး မသေဘဲကျန်ခဲ့တယ်။ အဲဒီကလေးကိုတော့ အသက်ကြီးတဲ့အထိ 'ငါးစည်ပူ' လို့ တစ်ရွာလုံးက ခေါ်ခဲ့ကြတယ်။ အဲဒီနာမည်ဟာ ကောင်းတော့ကောင်းတယ်လို့ ကျုပ်ကထင်မိတယ်။ ဘာကြောင့်လဲဆိုတော့ ငါးစည်ပူငါးကို ရွာသားတွေ အရမ်းမစားရဲအောင်အချက်ပြတဲ့နာမည်ဖြစ်သွားလို့ပါပဲ။ ဒီငါးစည်ပူမိသားစုသတင်းဟာ တစ်ရွာလုံးက သိနေကြတော့ ရွာသားတွေသင်ခန်းစာယူနိုင်ကြတာပေါ့ဗျာ။

ဒီလိုအနေအထားမှာ သင်ခန်းစာမယူဘဲ ငါးစည်ပူကို တန်ဖိုးထားပြီးစားနေတဲ့ ကျုပ်ရဲ့မိတ်ဆွေကြီး ကိုမောင်လှဆိုတာ ပေါ်လာတယ်ဗျ။ ကိုမောင်လှဟာ ခေသူမဟုတ်ဘူး။ ခေတ်ပညာတတ်တယ်။ မော်လမြိုင်မြို့ကြီးမှာတောင် အပေါင်ဆိုင်စာရေးကြီးလုပ်ခဲ့ဖူးတယ်။ ဘာသာမတူတဲ့ ကုလားမလေးအမီနာကိုရအောင်ယူပြီး 'မစိန်' လို့ နာမည်ပြောင်းခေါ်တယ်ဗျ။ ပြီးတော့ ဗုဒ္ဓဘာသာကိုးကွယ်ခိုင်းခဲ့တဲ့လူပေါ့ဗျာ။ ကိုမောင်လှနဲ့ မစိန်တို့ဟာ ရွာကိုပြန်လာကြပြီး ရွာဦးမှာ မြေရိုင်းတိုးဥယျာဉ်ကလေးစိုက်ပျိုးကြတယ်ဗျ။ စစ်တောင်းမြစ်ကမ်းနဖူးဆိုတော့ မြေကောင်းတာပေါ့။ ငှက်ပျောသရက်တွေဟာ တော်တော်လေးဖြစ်ထွန်းလာတယ်။အဲဒီခြံထဲမှာ ကိုမောင်လှကြီးရဲ့ လျှို့ဝှက်စီးပွားရေးလုပ်ငန်းရှိသေးတယ်ဗျ။ အဲဒါကတော့ ကုလားမလေးအမီနာ တစ်ဖြစ်လဲ မစိန်ကို အရက်ချက်ခိုင်းပြီးသူကိုယ်တိုင်လည်းသောက်၊ရောင်းလည်းရောင်းစားတာပါ။ ကိုမောင်လှဟာ ပျော်တတ်တယ်ဗျ။ သားသမီးတွေလည်းများ၊ အပေါင်းအသင်းလည်းများဆိုတော့ဗျာ။

တစ်နေ့တော့ ကျုပ်တို့သူငယ်ချင်းတစ်စု ဘာတောင်း၊ ခွေးပုနဲ့ ကျုပ်တို့ဟာ ကိုမောင်လှကြီးအိမ်မှာ အရက်သွားသောက်ကြတယ်ဗျ။ ကိုမောင်လှကြီး အမြည်းစားဖို့ 'ငါးစည်ပူကြော်' ပေးပြီး တည်ခင်းဧည့်ခံခဲ့ပါတယ်။ ကျု ကတော့ တာတိုးတို့ ဇာတ်လမ်းကရှိ



www.burmeseclassic.com

www.burmeseclassic.com

# မျိုးတင့်

(ညောင်လေးပင်)

## ငါးစည်ပူအကိုက်ခံရတဲ့ ပရလောကသား



ချောင်းလေးတွေတင်ပြီး လက်နဲ့ထိုးထည့်ပေးရတယ်ဗျ။ ဆေးရိုးသားဝိုင်းဝိုင်းလေးတွေကျလာပြီး ပါးလှပ်တဲ့ ဆေးရိုးသားဝိုင်းလေးတွေခြောက်တော့ ဆေးလိပ်သောက်ရာမှာ ဆေးရွက်နဲ့ ရောစပ်သောက်ရတဲ့ဆေးရိုး (ဆေးလိပ်သောက်ဆေး) ကို ရတာပါ။ အဆော့သန်တဲ့ ကျုပ်ဟာ လူကြီးတွေအလစ်မှာ အိမ်နီးနားချင်း အမေစိန်ရင်ရဲ့ ဆေးရိုးစဉ်းစက်

လို့ ကိုမောင်လှက ကျုပ်နာမည်ကိုခေါ်ရင်း မေးလိုက်တာပါ။ ကျုပ်ရဲ့နာမည်ဘာကြောင့်ငတိဖြစ်လာရတာကိုရှင်းပြမှတော်မှာမို့ ကျုပ်က လေရှည်ပြီးပြောပြရတာလေ။ ငါးစည်ပူကြော်တွေကိုကြည့်ရင်း ကျုပ်ကရွံ့တွန့်တွန့်လုပ်နေလို့ ကိုမောင်လှကြီးက -

"ငါးကြော်မကြိုက်ကြောင်မိုက်၊ ငါးစည်ပူကြော်မကြိုက်ရင် လူမိုက်ကွ"

ကွလို့ ပြောပြီး တဟားဟားရယ်ပါတယ် ပြီးတော့မှ-

"မင်းကောင် တာပဲ့တို့က ငါးစည်ပူကို မစားတတ်ဘူးကွ။ ငါးစည်ပူကသေစေတာမဟုတ်ဘူး။ ငါးစည်ပူထဲမှာရှိနေတဲ့သည်းခြေက သေစေတာကွ။ အဲဒီတော့ ငါးစည်ပူသည်းခြေကို ပြောင်စင်အောင်ထုတ်ပြီး ရေဆေးလိုက်ရင်ပြီးတာပါပဲ။ဘယ်အရသာမှမမီတဲ့ ငါးစည်ပူကြော်တဲ့နည်းကို ငါမော်လမြိုင်မှာနေတုန်းကရခဲ့တာကွ။ ငါ့အဘဝမှာ အဖိုးတန်ဆုံး ရတနာနှစ်မျိုးက မော်လမြိုင်က

တော့ ငါးစည်ပူကြော်ကို မစားရဲပါဘူး။

ကျုပ်ကို -

"ဟော့ကောင် ငတိ၊ မင်းမစားရဲဘူးလား"

လို့ ကိုမောင်လှကြီးကမေးတယ် ကျုပ်မရှက်ပါဘူး။ ကျုပ်နာမည်က တဲ့။ ကျုပ်ရဲ့လက်လေးတစ်ဆစ် အမေစိန်ရင်တို့ဆေးရိုးစဉ်းတဲ့စက် ပါသွားခဲ့လို့ လက်ညှိုးတစ်ချောင်း တိလေးဖြစ်နေတယ်ဗျ။ ဒါကြောင့် နာမည်ကို 'ငတိ' လို့ခေါ်ကြတာပါ။ စဉ်းတယ်ဆိုတာက ကျုပ်တို့ရဲ့ လေ့ပါ။ အနေတော်ဆေးရိုးကိုင်း တွေကို အခွံချွတ်ပြီး ဓားစက်ထဲမှာ ပြီး ခြေထောက်နဲ့နင်းရတယ်။ တ ဆေးရိုးစဉ်းခုံမှာ ဆေးရိုး

မှာ ဆေးရိုးကိုစဉ်းကြည့်ရင်းက လက်တစ်ဆစ်ပါသွားခဲ့တာပါ။ ကိုင်းဆေးနဲ့ ရောတဲ့ဆေးရိုးကို ကွမ်းသီးဖက်နဲ့လိပ်သောက်ကြတာပါ။ အခုတော့ မသုံးကြတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်(၅၀)လောက်က အသုံးပြုခဲ့ကြတာပါ။

"ဟော့ကောင် ငတိ၊ မင်းမစားရဲဘူးလား"

ရခဲ့တဲ့ ဇနီးချောလေးအမိနာ(ခေါ်)မစိန် ရယ်၊ ငါးစည်ပူကြော်ရယ်ပဲကွ ဟား ဟား ဟား"

ကိုမောင်ဟာ အရက်နှစ်ခွက်၊ သုံးခွက်လောက်ဝင်သွားပြီမို့ အာရွှင်နေပါပြီ။

ပြောရင်းဆိုရင်း ငါးစည်ပူကြော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ကိုဝါးရင်း တောအရက်တစ်ခွက်ကို မော့သောက်လိုက်ပါတယ်။ ပြီးတော့ အရသာခံပြီး ဝါးနေလိုက်တာဗျာ။ ကျုပ်ဟာ စားကြည့်ချင်စိတ်တွေယိုဖိတ်လာပြီး သွားရည်တမျှားမျှားဖြစ်လာပါရော။ ကျုပ်သူငယ်ချင်း ဘကောင်းနဲ့ ခွေးပုကတော့ အရက်သောက်လိုက်၊ ငါးစည်ပူဝါးလိုက်နဲ့ ဇိမ်တွေ့နေကြပါပြီ။

"ငတိဆိုတဲ့ကောင် မစားရဲရင် မစားနဲ့ပေါ့ကွာ။ ကျုပ်တို့များများစားရတာပေါ့ ကိုမောင်လှကြီးရယ်။ ဒီကောင်က စကြောက်ဗျ။ အသက်က ပန်းရောင်လေးနော် ဟား ဟား ဟား"

ကျုပ်ကို ဘကောင်းက'စကြောက်' လို့ ခေါ်လိုက်တယ်။ ကျုပ်ကလည်း စားချင်စိတ်က ငယ်ထိပ်ကိုရောက်နေပြီ။ ပြီးတော့ သွေးဆွလိုက်တဲ့စကြောက်ဆိုတဲ့စကားကြောင့် ငါးစည်ပူတစ်ကောင်ကို ကောက်ယူပြီး တကျွတ်ကျွတ်ဝါးလိုက်တယ်။ အရက်ကလည်းနှစ်ပန်းကန်လောက်ဝင်သွားပြီဆိုတော့ လူဟာ သွေးကြွဆူဝေလာတယ်။

"ဟာ - တယ်ကောင်းပါလားဗျ။ အစ်ကို ကိုမောင်လှကြီးရ"

လို့ ကိုမောင်လှကို ဂုဏ်ပြုလိုက်မိတယ်။

တကယ်ပဲ ဘယ်အရသာနဲ့မှ ပေးမလဲနိုင်တဲ့ ငါးစည်ပူကြော်ပါပဲ။ ငါးစည်ပူဆိုတဲ့ငါးမျိုးဟာ လူသေကောင်၊ ခွေးသေကောင် အပုပ်အစပ်ကြိုက်တယ်။ အသားစားတဲ့ငါးမျိုး။ ပြီးတော့ ရေညှိရေမှော်တွေကိုလည်းစားတော့ ပရိုတင်းတွေရော အဆီဓာတ်တွေပါကြွယ်ဝပြီး အဆီတစ်ထပ်၊ အသားတစ်ထပ်ဖြစ်နေတယ်။ ပျော့ပျောင်းနူးညံ့တဲ့ ငါးရဲ့ ဝမ်းတွင်းသား ငါးစည်ဖောင်းလို ဖြူဖွေ့ဖွေ့အရောင်ရှိပါတယ်။ လျှာရင်းမြက်တဲ့အာဟာရမျိုးပါပဲ။ တောအရက်ပြင်းပြင်းနဲ့ တကယ်ကိုလိုက်တဲ့ဂွတ်ရှယ်ပေါ့ဗျာ။ ကျုပ်ဟာ အဲဒီအချိန်ကစပြီး ငါးစည်ပူကြော်နဲ့ စတင်ရင်းနှီးခွင့်ရခဲ့ပါတယ်။ မည်းမည်းမြင်တိုင်း လက်ညှိုးထိုးဆိုသလို ငါးစည်ပူမြင်တိုင်း သွားရည်ယိုခဲ့တာပေါ့ဗျာ။

❑

ငါးစည်ပူနဲ့ ကျုပ်ဟာ တော်တော်တိုက်ဆိုင်တဲ့ဖြစ်ရပ်မျိုးတွေရှိခဲ့ပါတယ်။ ခုပြောပြမှာကတော့ ကျုပ်ရဲ့ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ်ပဲဗျ။ ကျုပ်ဘကြီးတော်တစ်ယောက်က ဆက်သွယ်ပေးလို့ စစ်တောင်းမြစ်ကမ်းနဖူးက ကျွန်းကြီး၊ ဟသ်ာဝဲ၊ မိတနော်ဆိုတဲ့ ရွာတွေကို ရောက်ဖူးခဲ့တယ်။ ဒီရွာတွေဟာ ရွှေကျင်မြို့နယ်နဲ့ ညောင်လေးပင်ကို ပိုင်းခြားထားတဲ့ နယ်သတ်မျဉ်းကြီးလိုဖြစ်နေတဲ့ စစ်တောင်းမြစ်ဘေးကရွာတွေပါ။ ကျုပ်ဟာ ဟသ်ာဝဲရွာမှာ မြေပဲသိမ်းဖို့ လူငှားဘဝနဲ့နေခဲ့ရတယ်။

ညအခါမှာ မြေပဲကိုင်းထဲက နွားတင်းကုပ်မှာ နွားမီးထည့်ပေးရင်း ကျုပ်အိပ်ရတယ်။ နေ့မှာတော့ မြေပဲနုတ်ရတယ်လေ။ ဖြုတ်တွေ၊ ခြင်တွေမကိုက်အောင် နွားမီးထည့်ပြီး မီးခိုးမှိုင်းတိုက်တာပေါ့ဗျာ။ ကျုပ်မှာ ခြင်ထောင်ကလည်းမရှိ၊ အနွေးထည်ထူထူထဲထဲလည်းမဝတ်နိုင်တော့ နွားမီးဖိုကိုပဲ ကျုပ်က အားကိုးရတာဗျ။

ညတစ်ညပေါ့ဗျာ။ အဲဒီညလေးကို ကျုပ်ကောင်းကောင်းမှတ်မိတယ်။ လကလေးကလည်း မသာချင်သာချင်နဲ့ ခပ်ကွေးကွေး ခပ်ရေးရေးလေးသာနေတယ်ဗျ။ မှောင်ရီပိုးတဝါးမှာ ကျုပ်တစ်ယောက်တည်း နွားတင်းကုပ်ထဲမှာ နွားတွေကို နွားမီးထည့်ရင်းရှိနေချိန်ပေါ့။ နှင်းတွေလည်း ဆောင်းရာသီဆိုတော့ ထူပိန်းအောင်ကျနေတယ်။ ဒီလိုတုန်းမှာ လူတစ်ယောက် ကျုပ်တဲထဲကိုဝင်လာတယ်ဗျ။

"မိတ်ဆွေ၊ ကျုပ်ချမ်းလွန်းလို့ဗျာ၊ ဆေးလိပ်မီးလည်းညှိရင်း မီးလည်းလှုံရင်း ခဏလောက်ဝင်ခဲ့မယ်နော်"

လို့ သူကခွင့်တောင်းတယ်ဗျ။

"လာပါဗျာ - ကျုပ်လည်းအဖော်မရှိတာနဲ့ အတော်ပဲ။ တော်တော်အေးတယ်ဗျ။ နွားမီးထည့်ရင်းမီးလှုံရတာပေါ့လာလေဗျာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အဲဒီလူဟာ အသားကခပ်ညိုညို၊ ဂင်ကောင်းကောင်းနဲ့ပါ။ ကျုပ်ရဲ့ဘေးတစောင်းနေရာမှာဝင်ထိုင်ပြီးမီးလှုံတယ်။ ပြီးတော့ သူ့ဆေးလိပ်တိုကို မီးညှိပြီး ဆေးလိပ်သောက်နေတယ်ဗျ။

"မိတ်ဆွေက ဘယ်ကလာရတာလဲ။ ညကြီးမင်းကြီးဗျာ"

"ကျုပ်က ဒီကမ်းနားမှာပဲနေပါတယ်။ ရောက်နေတာတော့ (၂) ရက်၊ (၃) ရက်လောက်ရှိပြီဗျ"

လို့ ပြောပါတယ်။

ကျုပ်က နွားထင်းမီးရဲ့အလင်းရောင်နဲ့ သူ့ကိုကြည့်လိုက်တော့ သူ့မျက်နှာကို ပီပီသသမမြင်ရဘူး။ မှောင်ကလည်းမှောင်နေတော့ အလင်းရောင်တစ်ဝက်တစ်ပျက်မှာ ကြည့်ရတာလေ။ ကျုပ်က သူ့ကိုသေသေချာကြည့်လိုက်တော့မှ -

"ဟာ - ဟော့လူ၊ ခင်ဗျားမှာ နားရွက်တစ်ဖက်မပါပါလားဗျ။ ပြီးတော့ ခင်ဗျားနှာခေါင်းကလည်းထိပ်ကပဲ့နေတယ်။ အဲဒါက ဘယ်လိုဖြစ်ရတာလဲဗျာ"

"အေးဗျာ ကျုပ်ကို ငါးစည်ပူကိုက်ထားတာဗျ"

"ဘာဗျ - ငါးစည်ပူကိုက်တယ်ဟုတ်လား"

"ဟုတ်တယ်လေဗျာ၊ ကျုပ်က ရေထဲမှာနေရတာဆိုတော့ ငါးစည်ပူကိုက်ခံရတာ ဘာဆန်းလဲဗျာ"

လို့ ပြောရင်း အဲဒီလူဟာ ဆေးလိပ်ကိုရဲခနဲနေအောင်ဖွာလိုက်တယ်။

ကျုပ်ဟာ အမြီးအမောက်မတည့်တဲ့လူစိမ်းရဲ့စကားကြောင့် အတွေးပေါက်သွားပါတယ်။

ရေထဲမှာနေပြီး ငါးစည်ပူကိုက်ခံရတယ်ဆိုတော့ ဒီလူဟာ လူမှဟုတ်ရဲ့လားဘာလားပေါ့ဗျာ။

ဒီလိုတွေးမိပြီး အတွေးမဆုံးခင်မှာ ကျုပ်တစ်ကိုယ်လုံးကြက်သီးတွေတဖြန်းဖြန်းထလာတယ်။ ကြောက်သလိုလို ဘာလိုလိုနဲ့ စိတ်ထဲမှာမသိုးမသန့်ကြီးဗျာ။ ကျုပ်ရဲ့ ချောက်ချားစပြုလာတဲ့စိတ်ကို မီးထိုးပေးလိုက်တာကတော့ ထောင်းခနဲထွက်လာတဲ့ပုပ်အဲ့အဲ့အနံ့ဆိုးကြီးပါပဲ။ ခွေးသေကောင်ပုပ်၊ လူသေကောင်ပုပ်လိုအနံ့မျိုးဗျ။ ကျုပ်ရဲ့ ဦးခေါင်းဟာ ပုတ်လောက်ကြီးဖြစ်သွားတယ်လို့ ထင်လိုက်မိတယ်ဗျ။

အင်း - ဒီကောင်ဟာ လူမဟုတ်ဘူး။ ဒီကောင်ကို ငါလက်ခံထားလို့ မဖြစ်ဘူးလို့တွေးမိပါတယ်။ ကျုပ်တို့တောသူတောင်သားဆိုတာက တစ္ဆေသရဲသိပ်ကြောက်ကြတာမဟုတ်ဘူး။ မကြာမကြာဆိုသလို နွားကျောင်းရင်း ဖားရိုက်၊ ငါးရှာရင်း ဒီလိုဇာတ်လမ်းတွေကကြုံခဲ့ပေါင်းများနေပါပြီ။ ကျုပ်ဟာ ကိုယ့်ကိုယ်ကိုယ်အားတင်းလိုက်ပြီး လက်မောင်းလုံးလောက်ရှိတဲ့ မီးခဲတွေနဲ့ ရဲရဲညီးညီးတောက်လောင်နေတဲ့ ထင်းစကြီးကိုရုတ်တရက် ကောက်ယူလိုက်တယ်။

"ဟေ့ကောင် မင်း ငါ့ကို ဘာကောင်မှတ်လဲ။ မင်း ငါ့တဲထဲက အခုထွက်သွားစမ်း၊ မသွားရင် မင်းမျက်ခွက်ကြီးကို မီးစနဲ့ထိုးလိုက်ရင် ငါးစည်ပူအကိုက်ခံရတာထက် ပိုဆိုးသွားမယ်ဗျ"

လို့ ပြောရင်း မီးစနဲ့ သူ့မျက်ခွက်ကို တည့်တည့်ကြီးချိန်ထားလိုက်တယ်။

"အောင်မယ်လေးဗျ သွားပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းဆုသျှင်

# ...င်၏သဘောအဓိပ္ပာယ်နှင့် တံခွန်တိုင်ယဉ်ကျေး

လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ...မှ၍ စစ်ချီစစ်တိုက်ရာတွင် ...င်မြင်မှုရရှိစေရန် အထိမ်းအမှတ် ... စတင်သုံးစွဲလာခဲ့ကြသည်။ ဘုရား ...ပုထိုးများရှိ တံခွန်တိုင်များမှာမူ ...ရှင်တို့၏ စေတီပုထိုးများ ...သောင် ပြီးစီးသည့် အောင်မြင်မှု ...အမှတ်အဖြစ် စိုက်ထူလှူဒါန်း ...ကြပါသည်။

ရှေးတွင်းရေကန်ပေါင်းရှစ်သောင်း ...သောင် လှူဒါန်းခဲ့သော သာသနာ့ ...အသောကမင်းကြီးသည်လည်း ...သိုလ်တော်အထိမ်းအမှတ်အဖြစ် ... တုတ္တားများ စိုက်ထူလှူဒါန်းထား ...င်း တွေ့ရှိရ သည်။

တံခွန်တိုင်များအား လုံးပတ် ...မှ (၅) ပေ (လောကသုံးပါး၏ ...ရောက်တော်မူသော မာရ်ငါးပါး ...အောင်မြင်တော်မူသော) ဂုဏ်တော် ... ရည်စူး၍သော် လည်းကောင်း၊ ... ဆ (၃၀) မှ (၄၅) ပေထိ (ပါရမီ ... အပြားသုံးဆယ် ဖြည့်ဆည်း ...မူသော (၄၅) ဝါကာလပတ်လုံး ...စနေယျအပေါင်းအား တရား ...အမြိုက်ဆေးတိုက်ကျွေးတော်မူ ... ဂုဏ်ကျေးဇူးတော်များကို ရည်မှန်း ...လှူကြပေသည်။

တံခွန်တိုင်များတွင် ရုပ်ကြွရုပ်လုံး၊ ယိုးဒယားပန်းခက်အပြောက်အမွမ်းများ၊ ပဒုမ္မာကြာပန်းများဖြင့် တန်ဆာဆင်စိုက်ထူကြကာ တံခွန်တိုင်၏ ထိပ်ဖျားတွင် စေတီပုံနှင့် ရှင်သီဝလိမထေရ်မြတ်၊ ရှင်ဥပဂုတ္တမထေရ်မြတ်၏ရုပ်တုတော်၊ ဟင်္သာရုပ် စသည်ဖြင့် အလှူရှင်၏ နေ့နံအလိုက် ဖော်ညွှန်းသောအရုပ်များကို ထုလုပ်၍ လှူဒါန်းစိုက်ထူကြသည်။

တချို့ တံခွန်တိုင်များတွင် ဂဠုန်နှင့်နဂါးကိုတွဲလျက် ထုလုပ်ထားသည်ကို တွေ့ရတတ်ပါသည်။ ထိုသို့ထုလုပ်ထားခြင်းမှာလည်း အကြောင်းရှိပေသည်။

မြတ်စွာဘုရားသည် ကပ္ပိလဝတ်ပြည်အနီး တောထဲတွင် မဟာသမယသုတ်ကို ဟောတော်မူရာ တစ်သောင်းစကြဝဠာ ဗြဟ္မာနတ်လူတို့ နာယူဖူးမြော်ကြကုန်၏။ ထိုပုဂ္ဂိုလ်များထဲတွင် ဂဠုန်နှင့်နဂါးလည်း ပါဝင်လျက်ရှိသည်။ ဂဠုန်နှင့် နဂါးတား အခြားနေရာများတွင် ရန်သူများဖြစ်ကြသည်။ ဘုရားရှင်ရှေ့မှောက်တွင်ကား ချစ်ခင်နှစ်သက်စွာ တစ်ယောက်နှင့် တစ်ယောက် ရန်ငြိုးအာဃာတအမုန်းတရားများပြေပျောက်လျက် ချမ်းမြေ့ကြည်နူးစွာ တရားတော်ကို နာယူကြကုန်၏။ အဆိုပါ အဓိပ္ပာယ်ကို ရည်ညွှန်း၍ တံခွန်တိုင်များတွင် ဂဠုန်ရုပ်နှင့် နဂါးရုပ်များထုလုပ်ထားကြသည်။

လူသားများအဖို့ ကံဇာတာအနိမ့်အမြင့် အလှည့်အပြောင်းပေါ်မူတည်၍ အကျပ်အတည်း ဆင်းရဲဒုက္ခများ ကြုံတွေ့နေချိန်တွင် ဗုဒ္ဓဘုရားရှင်အားရည်မှန်းပြီး တံခွန်တိုင်များ လှူဒါန်း၍ ကံဓာတ်ဆင်ကာ အောင်ဓာတ်ဖွင့်ပေးကြသည်။ အဆိုးအညံ့များပြေပျောက်စေနိုင်ပါသည်။

ထိုသို့ လှူဒါန်းပူဇော်ရာတွင် အလှူရှင်၏ နေ့သားအလိုက် -

တနင်္ဂနွေ
(ရွှေရောင်တံခွန်တိုင်)
တနင်္လာ
(ငွေရောင်တံခွန်တိုင်)
အင်္ဂါ
(အနီရောင်တံခွန်တိုင်)
ဗုဒ္ဓဟူး
(အစိမ်းရောင်တံခွန်တိုင်)
ကြာသပတေး
(အဝါရောင်တံခွန်တိုင်)
သောကြာ
(အဖြူရောင်တံခွန်တိုင်)
စနေ
(အပြာရောင်တံခွန်တိုင်)

များကို အောင်ဓာတ်ယူ လှူဒါန်းပူဇော်ပါက မိမိတို့တွင်ကျရောက်နေသောကံဆိုးခြင်းများသည် ကင်းစင်လွင့်ပျောက်လျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေမည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများပါ အဆင်ပြေချောမွေ့ပြီး အောင်မြင်မှုအပေါင်း ဆွတ်ခူးရယူနိုင်ကြောင်းကို နန်းကြေဥသျှင်၏စေတီပုထိုးများမှစကားပြောသောရုပ်တုများမှ ကောက်နုတ်ရေးသား တင်ပြလိုက်ပါ၏။

ငြိမ်းဆုသျှင်

...ထို့ လူစိမ်းက ငယ်သံပါအောင် ...ချင်း မျက်စိအောက်က ...ချက်ပျောက်သွားပါတော့တယ်။ ...အင်း - သေချာပြီ၊ သေချာပြီ။ ...င်လူမဟုတ်ဘူး။ ပရလောကက ... သရဲတစ်ကောင်ပဲလို့ ကျုပ်ဟာ ...ချက်ချရင်း 'ဟင်း' ချနိုင်ပါတော့ ...တယ်။ ကျုပ်လည်း အနီးမှာတွေ့ရတဲ့ ဝါးလုံးတစ်လုံးကိုယူပြီး ရေစီးတဲ့နေရာရောက်အောင် အလောင်းကြီးကို ထိုးကော်ပြီး မျှောချလိုက်ပါတယ်။ ရေစီးထဲမှာ ငါးစည်ပူအကိုက်ခံထားရတဲ့ ရုပ်အလောင်းကြီးဟာ ချာလည်ချာလည်နဲ့ မျောပါသွားပါတယ်။

ကျုပ်ဟာ အဲဒီနေ့ကစပြီး ငါးစည်ပူကို စားဖို့ဝန်လေးနေပါတယ်။ ငါးစည်ပူငါးကိုတွေ့တိုင်း ကြုံခဲ့ဖူးတဲ့ အလောင်းကောင်ပုပ်ကြီးရဲ့ ရောင်ကိုင်းဖူးအက်နေတဲ့ မျက်နှာကြီးရယ်၊ ယင်မမဲရိုင်းတွေအုံဖွဲ့ပြီး တဝီဝီစားတော်ခေါ်နေတဲ့မြင်ကွင်းရယ်ဟာ တရစ်ဝဲဝဲပေါ်လာတာဗျ။ အိုဗျာ-ငါးစည်ပူအကြောင်းပြောသာပြောနေရတယ်၊ မပြောချင်တော့ဘူးဗျာ။ ပြောရင်း ရင်ထဲက ပျို့ချင်အန်ချင်ဖြစ်လာတယ်ဗျ။

❑

...နေတ်စောစော အိပ်ရာကထပြီး ...င်းမြစ်ကမ်းကိုသွားကြည့်တော့ ...တာ ချုံတစ်ခုမှာ မြောင်ပြီးကပ် ... ပုပ်ပွနေတဲ့လူသေအလောင်းကြီး ...မြင်ရတယ်ဗျ။ ညကမီးလာလှူတာ ...ကမ်းတင်အလောင်းကိုစွဲနေတဲ့ ...တသားဆိုတာ အဖြေပေါ် ...တယ်။ ဒီအလောင်းဟာ မသတီ ... အပုပ်နံ့တထောင်းထောင်းထနေ

❑

စာရေးသူ ရွာကိုပြန်ရောက်စဉ်က ငယ်သူငယ်ချင်း ငတီဟာ သူကြုံခဲ့တဲ့ ငါးစည်ပူဇာတ်လမ်းကိုပြောပြခဲ့ပါတယ်။ သတ္တဝါတွေဟာ မိမိတို့ရဲ့ဘဝခန္ဓာကို စွဲလမ်းလွန်းကြပါတယ်။ 'ငါ' ဆိုတဲ့ သက္ကာယဒိဋ္ဌိကြီးတန်းလန်းနဲ့ သေဆုံးကြရသူများဟာ သေဆုံးသွားတဲ့ ကိုယ်ခန္ဓာရုပ်အလောင်းကြီးမှာ တချို့က မခွာနိုင်မစွန့်ပစ်နိုင်ဘဲ စိတ်စွဲလမ်းတွယ်ကပ်နေတတ်ကြပါတယ်။ သေတာကိုတောင် သေတယ်လို့မထင်ဘဲ ခန္ဓာစွဲတဲ့သရဲတစ္ဆေဘဝမျိုးနဲ့ သံသရာလည်နေကြရတာ သံဝေဂယူစရာကောင်းလှပါတော့တယ်။

မေတ္တာရည်လျက်
မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



ချစ်စု(မော်ကျွန်း)

# ကျွန်တော်ရခဲ့သောနောင်တ

ကျွန်တော့်အသက် (၆၆)နှစ်ရှိပါပြီ။ အသက် (၆၀)ကျော်ကတည်းက ကျွန်တော့်ပါးစပ်ထဲတွင် သွားအပြည့်အစုံမရှိတော့။ တစ်ချောင်းပြီးတစ်ချောင်း နုတ်ပစ်ခဲ့ရသည်အထိ သွားနာသွားကိုက် သွားဒုက္ခကို လှလှကြီးခံစားခဲ့ရပါသည်။ အတူနေမိသားစုအတွင်း တူတော်မောင်ဖြစ်သူကိုယ်တိုင် သွားအတ်ဆိုင်ရာအထူးကုဆရာဝန်တစ်ဦးဖြစ်နေလို့သာ အချိန်မီ ကုသပေးသဖြင့် သွားဒုက္ခကို ပြင်းတန်စွာ ကြာရှည်မခံရခြင်း ဖြစ်ပါသည်။ ရှေးလူကြီးများရယ်စရာအနေဖြင့် ပြောခဲ့ကြသလို နောက်ဆုံးကျန်တဲ့သွားကိုနုတ်၊ မီးရှို့ပြာချပြီး သိပ်လိုက်လျှင် သွားနာ၊ သွားကိုက်မဖြစ်တော့ဘူးတဲ့။ ကျွန်တော်လည်း ခုနောက်ပိုင်း သွားနာသွားကိုက်မဖြစ်တော့ပါ။ အကြောင်းမူကား ကျွန်တော့်ပါးစပ်ထဲတွင် မိမွေးတိုင်းဖမွေးတိုင်းသွားတွေ တစ်ချောင်းမှမရှိတော့ဘဲ အပေါ်အောက်အံပုံနှင့်စားနေဝါးနေရလို့ဖြစ်ပါသည်။

အတိတ်ကက သွားတွေအပြည့်အစုံပေးလိုက်သော်လည်း ယခုဘဝတွင် ဉာဏ်နှင့် ဝီရိယအားနည်းခဲ့လေတော့ သွားနှင့်ခံတွင်းကျန်းမာရေးကိုဂရုစိုက်ရကောင်းမှန်းမသိခဲ့ပေ။ သွားနှင့်ခံတွင်းကျန်းမာခြင်းအရေးကြီးကြောင်းသိလိုက်ရချိန်မှာတော့ အချိန်နှောင်းခဲ့ပါပြီ။ သွားတွေကောင်းတုန်းက ဂရုစိုက် အလေးထားရမှန်းမသိခဲ့ဘဲ သွားအတုနှင့်စားရဝါးရတော့မှ သွားအစစ်၏တန်ဖိုးကိုကောင်းစွာ နားလည်ခဲ့ရပေတော့သည်။ မည်သို့ပင် အစစ်နှင့်တူအောင်တုထားပေမယ့် ဘယ်နည်းနှင့်မျှမတူနိုင်တော့ပါပေ။

ကျွန်တော်သည် ဖအေတူသားဖြစ်သည့်အတွက် သွားမကောင်းခဲ့ပါ။ ကျွန်တော့်အဖေမှာ အသက်(၆၀)ကျော်အရွယ်တွင် အံပုံနှင့်စားခဲ့ရသည်များကို ပြန်လည်မြင်ယောင်နေမိပါသည်။ ကျွန်တော် ငယ်စဉ်က အဖေဖြုတ်ထားသည့် အံပုံကိုချွတ်ပြီး တိုက်ချွတ်ဆေးကြောနေသည်ကိုတွေ့မြင်ရသည့်အခါ ဖေဖေတို့များ သွားကိုက်ရတာ လွယ်လိုက်တာဟု အားကျစိတ်ဖြင့်ပြောခဲ့မိပါသည်။

ဖခင်က -

"သွားတွေကို ဂရုစိုက်။ သွားမကောင်းရင် စားမကောင်းတော့ဘူး။ အစားစားမကောင်းရင် ကျန်းမာရေးထိခိုက်မယ်။ နွားတွေအသက်ကြီးလာလို့ အံချော်လာရင် အစားမကောင်းတော့လို့ ပိန်ချုံးနေတာကိုကြည့်"

ဟု သတိပေးဆုံးမခဲ့သော်လည်း အမှတ်မထင်နေခဲ့မိ၏။ ငါ့သွားတွေက ကွမ်းသီးကိုတောင် ကိုက်ခွဲနိုင်တာဟု အထင်ကြီးခဲ့၏။ ဒါကြောင့် ကွမ်းစားဆေးသောက်မပျက်ခဲ့ပေ။

ဤသို့ဖြင့် အသက် (၄၅) နှစ်အရွယ်တွင် ဘာသာရေးဘက်သို့စိတ်ဝင်စားခဲ့ပြီး တရားအလုပ်အားထုတ်လာရာမှ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်လာ ဥပါဒါန်သဘောကို ရိပ်စားမိလာသည့်အလျောက် နှစ်ကာလကြာမြင့်စွာစွဲလမ်းလာခဲ့သော ကွမ်းစား၊ ဆေးလိပ်သောက်အကျင့်ကိုဖြတ်ခဲ့ပါသည်။ တစ်ဦးတစ်ယောက်က ဖြတ်ခိုင်းခြင်းမဟုတ်ဘဲ တရားတော်က ဆုံးမလိုက်သဖြင့် ယတိပြတ်စွန့်လွှတ်နိုင်ခဲ့ခြင်း ဖြစ်၏။ တရားတော်မြတ်၏ကျေးဇူးအထောက်အပံ့ပင်ဖြစ်ပါပေသည်။

သို့သော်လည်း တရားတော်နှင့်မတွေ့မီက တွေ့ဆုံကျွမ်းဝင် ခင်မင်နှစ်သက် စွဲလမ်းခဲ့လေသော ကွမ်းနှင့်ဆေးလိပ်တို့၏ ကျေးကျွန်ဖြစ်ခဲ့ရသည့် အပြစ်ဒဏ်ချက်ကတော့ ကျွန်တော်၏ သွားအပေါ်ယံကြွေလွှာများပျက်စီးခြင်း၊ သွားများမခိုင်တော့ဘဲ ယိုင်နဲ့ကျိုးမှုက်ခြင်းနှင့် သွားနာသွားကိုက်ဝေဒနာများ ခံစားခဲ့ရခြင်းဖြစ်ခဲ့ရပါသည်။နောက်ထပ်ပေးလိုက်သည့်ပြစ်ဒဏ်တစ်ခုကတော့ အစာမကြေသည့်ရောဂါ ဖြစ်ပါသည်။ သွားမကောင်းတော့သည့်အတွက် အစာများကို ကြေညက်အောင်မဝါးနိုင်တော့ပါပေ။ စားသမျှအစာများကို ကြေညက်အောင်ပထမဦးဆုံးဆောင်ရွက်ပေးသည့် (၃၂) ချောင်းသောသွားများ၏ တန်ဖိုးကိုလျှော့တွက်ခဲ့သည်က ကျွန်တော်၏အမှားဖြစ်ပါသည်။ ကျွန်တော်၏ မသိသားဆိုးရွားလှသော ပြင်၍မရတော့သည့်အမှားတစ်ရပ်ကို သင်ခန်းစာအဖြစ်မှတ်ယူကြစေလိုပါသည်။

'ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်'ဆိုသောစကားကဲ့သို့ မသေမချင်းစားနေဝါးနေရမည့်သွားများကို မြတ်နိုးတန်ဖိုးထားရပါမည်။ မိမိတို့ပိုင်ဆိုင်သောအိမ်ခြံတိုက်တာများကို ကာကွယ်စောင့်ရှောက်သကဲ့သို့ စနစ်တကျပြုပြင်စောင့်ရှောက်ထားသော သွားပိုင်ရှင်များအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ရပါမည်။ ခြံတို့ တိုက်တို့ကို မိမိသွားလေရာယူဆောင်သွားလို့မရပေမယ့် မိမိပါးစပ်ထဲကသွားများကတော့ သေတ္တာထဲရောက်သည်အထိ အမြဲလိုက်ပါနေမည်ဖြစ်ပါသည်။မျက်နှာအလှကျက်သရေတိုးပွားစေဖို့ အဓိကသရုပ်ဆောင်များဖြစ်သည့် သွားများ၏ ကျန်းမာရေးအတွက် အစာစားပြီးတိုင်း ပလုတ်ကျင်း၍ သွားတိုက်ခြင်း၊ အထူးသဖြင့် ညအိပ်ရာဝင်ချိန်တွင် စနစ်မှန်နည်းဖြင့် သွားတိုက်ခြင်း၊ အခါအခွင့်သင့်တိုင်း ဆားရည်နွေးဖြင့် ပလုတ်ကျင်းခြင်း၊ လိုအပ်လာပါက သွားဘက်ဆိုင်ရာဆရာဝန်၏ အကြံပေးလမ်းညွှန်ကုသမှုကိုခံယူခြင်းဖြင့် သွားကျန်းမာရေးကိုစောင့်ရှောက်ရပါမည်။ အထူးသဖြင့် အမျိုးသမီးများ၏ ကောင်းခြင်းငါးဖြာတွင် သွား၏ကောင်းခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်၍ သွားကောင်းခြင်းကို ဂုဏ်ယူတတ်ကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်နှင့်အမျှ စားနေဝါးနေလေ့ရှိသောသွားများကိုအသုံးပြုရာတွင် နှစ်ဘက်မျှတစွာဝါးကြရန် လိုပါသည်။ သတိမဲ့စွာဖြင့် တစ်ဖက်သတ်ဝါးလေ့ရှိသူများသည် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မျက်စိတစ်ဖက်မှုန်ဝေခြင်း၊ တိမ်စွဲခြင်း၊ နှာခေါင်းတစ်ဖက်ပိတ်ခြင်း၊ နှာရည်ယိုခြင်း နားတစ်ခြမ်းလေထွက်ခြင်း၊ အာရုံကြောတစ်ဖက်လိုက်ခြင်း၊ ပါးတစ်ခြမ်းရွဲ့စောင်းခြင်းများဖြစ်တတ်ကြောင်း သမားတော်ကြီးများကသတိပေးထားပါသည်။ ကြမ်းနှင့်တူသည့် အစာအာဟာရများကို ကုန်ချောဖြစ်သော ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်အဖြစ်သို့ အဆင့်ဆင့်ထုတ်လုပ်နိုင်ရန် အခြေခံအကျဆုံး အစာခြေအင်္ဂါများကို ဘယ်ညာပြောင်းပြီး ညက်ညက်ဝါးခြင်းဖြင့် မလိုလားအပ်သည့်အရိုးများ၊ ဆံခြည်မျှင်များ စသည့် ပေးမည့်ပစ္စည်းများ၏အန္တရာယ်ကို အလွယ်တကူဖယ်ရှားပေးနိုင်မည် ဖြစ်ပါသည်။ သုံးဆယ့်နှစ်ချောင်းသော သွားများ အကောင်းပကတိ ပြည့်ပြည့်စုံစုံရှိနေခြင်းသည် ကျေးဇူးများစွာကြီးပါသည်။ အစာမကြေရောဂါမဖြစ်စေဖို့၊ ခဲ့သော်မှ ဆရာလွတ်၊ ဆေးလွတ် ဖြစ်နိုင်စေဖို့ ဝါးတတ်စားတတ်ရန် သွားနှင့် ခံတွင်းသန့်ရှင်းရေးသည် လွန်စွာမှ အရေးကြီးပါပေသည်။

'သဗ္ဗသတ္တာ အာဟာရဋ္ဌိတိကာ' သတ္တဝါအားလုံးတို့သည် အစာအာဟာရအပေါ်တွင် တည်မှီနေ၏ဟု ဒေသနာတော်မူခဲ့သည့်အလျောက် ကျန်းမာရေးအတွက် အာဟာရဖြစ်စေရန် ဦးဆုံးတာဝန်ထမ်းရွက်နေသော သွားနှင့်ခံတွင်းထဲ၌ အာဟာရမဖြစ်စေဘဲ အဆိပ်ဖြစ်စေမည့်အရာများကို မထည့်သွင်းမဝါးမျိုမိစေရန် အထူးဂရုပြုကြရပါမည်။ ယနေ့နောက်ကာလတွင် လူကြီး၊ လူငယ် အသက်အရွယ်ကျား၊မမရွေး အဆိပ်ဖြစ်စေသည့် ကွမ်းနှင့်ကွမ်းယာပစ္စည်းများကို ငွေကြေးကျခံပြီး နှစ်ခြိုက်စွဲလမ်းစွာ ဝါးနေကြ၏။ သွားများ၏ ခိုင်ခံ့မှု ကျသွားစေသည့်အပြင် သွားနှင့် ခံတွင်းသန့်ရှင်းရေးကို ထိခိုက်ရုံသာမက ကွမ်းယာထဲတွင်ပါဝင်သည့်အန္တရာယ်များသည့် ဓာတုပစ္စည်းများကြောင့် ရောဂါဝေဒနာများရရှိပြီး များစွာဒုက္ခရောက်ကြရ၏။

ရှေးအခါ ရိုးရာအစဉ်အလာအရ စားရာတွင် ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေးတို့ဖြင့် သဘာဝအတိုင်း ရိုးရိုးလေးစားသုံးကြသဖြင့် ရောဂါဝေဒနာဖြစ်သည့်တိုင်အောင် သဘာဝကျသောရောဂါများဖြစ်သဖြင့် သဘာဝဆေးနည်းများဖြင့် ကုသ၍ရကြသေးသည်။ တန်ဆေးလွန်ဘေးဟူသည့်စကားပမာ လွန်တဲစွာ မှီဝဲခြင်းပြုကြလျှင် အစာအာပဲရသည်ပင် အန္တရာယ်ဖြစ်စေသည်ကိုတော့ သတိမူကြရမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် သဘာဝထက်လွန်ကဲသော၊ ဓာတုနည်းပညာပစ္စည်းများဖြင့်ပြုပြင်ထားသော၊ အဆိပ်ဖြစ်စေသည့်ပစ္စည်းများစွာပါဝင်သဖြင့် ဖြစ်လာသောရောဂါများသည်လည်း သဘာဝထက် လွန်ကဲစွာဖြစ်လာကြ၏။ အထူးသဖြင့် အသက်အန္တရာယ်ခြိမ်းခြောက်လာသော ခံတွင်းကင်ဆာရောဂါဆိုးကြီးပင် ဖြစ်ပါသည်။ အာဆီယံဒေသတွင်း အဖြစ်အများဆုံး ကင်ဆာ၀ါးမျိုးတွင် ခံတွင်းကင်ဆာပါဝင်၏။ မြန်မာနိုင်ငံ၌ ကွမ်းယာစားသုံးမှုမှာ အာဆီယံဒေသတွင်း ကွမ်းယာစားသုံးသောခြောက်နိုင်ငံအနက် ထိပ်ဆုံးအဆင့်၌ရှိနေကြောင်း၊ ကွမ်းယာစားသုံးသူ (၈၃) ရာခိုင်နှုန်းခန့်ရှိပြီး ကွမ်းယာစားသုံးသူများထဲတွင် ခံတွင်းကင်ဆာဖြစ်ပွားမှုမှာ လူတစ်ထောင်လျှင် (၁၆) ဦးရှိကြောင်း ၂၀၁၃ခုနှစ်တွင် ကောက်ယူသော ကျန်းမာရေးဆိုင်ရာ စာရင်းများအရ သိရှိရပါသည်။

ခံတွင်းကင်ဆာသည် အခြားသောကင်ဆာများနည်းတူ အသက်အန္တရာယ်ကောင်းစွာပေးနိုင်ပြီး လူနာအပါအဝင် မိသားစုဝင်များတွင်ပါ လူမှုစီးပွားအပေါ် ကြီးမားသော ဝန်ထုပ်ဝန်ပိုးကိုဖြစ်စေပါသည်။ ရောဂါကုသရာတွင်လည်း အခက်အခဲများစွာရှိသည့်အပြင် အစာဝင်ရောက်ရာလမ်းကြောင်းဖြစ်သောကြောင့် အစာစားရန်ပင်ပန်းဆင်းရဲခြင်းသည်ပင် ကြီးစွာသောဒုက္ခဝေဒနာဖြစ်ပေသည်။

ခံတွင်းကင်ဆာ၏သာမန်လက္ခဏာများကို သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် ဖြစ်နိုင်ခြေအဆင့်ကို ခန့်မှန်းနိုင်ပါသည်။သေချာစေရန်အတွက် Biopsy ယူခြင်း၊ အဏုကြည့်မှန်ပြောင်းဖြင့် စစ်ဆေးခြင်း၊ သွားဓာတ်မှန်၊ ရင်ခေါင်းဓာတ်မှန်၊ CT Scan စသည်ဖြင့် လိုအပ်သလို စမ်းသပ်စစ်ဆေးပြီး သက်ဆိုင်ရာ အထူးကုပညာရှင်များက ခွဲစိတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဓာတုဆေးပေးကုသခြင်းစသည်ဖြင့် ကြပ်မတ်ကုသမှုကို ခံယူရပါသည်။ ယင်းကဲ့သို့ အချိန်ကုန်၊ ငွေကုန်၊ ပင်ပန်းဆင်းရဲခံပြီး ကုသသော်လည်း လုံးဝပျောက်ကင်းချမ်းသာမည်ဟု အာမ မခံနိုင်ကြပါပေ။

ကုသမှုခံယူနေစဉ် အစာစားခြင်း၊ စကားပြောဆိုခြင်းတို့တွင် အခက်အခဲများရှိပါသည်။ ခွဲစိတ်ပြီးနောက် မျက်နှာပုံစံပြောင်းလဲခြင်း၊ ပါးစပ်ခြောက်ခြင်း၊ သွားပိုးစားခြင်း၊ ပါးစပ်နှင့်လည်ချောင်းနာခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ ရောဂါပိုးဝင်တတ်ခြင်း၊ ပါးစပ်ဟရန်ခက်ခဲခြင်း၊ အံကပ်တပ်ဆင်ထားသူများအဆင်မပြေခြင်း၊ အနံ့အရသာအာရုံခံစားမှုချို့ယွင်းခြင်း၊ အသံပြောင်းလဲခြင်း၊ သိုင်းရွိုက်များထိခိုက်ခြင်း၊ ဓာတ်ကင်သောနေရာဝန်းကျင်ရှိအရေပြားများပြောင်းလဲခြင်း၊ ခန္ဓာကိုယ်နုံးကျခြင်း စသည့် ဘေးထွက်ဆိုးကျိုးများကိုလည်းခံစားရလေ့ရှိပါသည်။

အထက်ပါရောဂါများနှင့် ဆိုးကျိုးများမခံစားရလေအောင် ရောဂါဖြစ်စေသော မူလအကြောင်းရင်းများကို ဂရုစိုက်ရှောင်ကြဉ်ရပါမည်။ ခံတွင်းကင်ဆာဖြစ်ပွားမှု အကြောင်းရင်းများစွာထဲတွင် ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများသည် ခံတွင်းနှင့်ထိတွေ့မှုများသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ ခံတွင်းကင်ဆာဖြစ်ပွားမှုကို အားပေးစေခြင်း ဖြစ်ပါသည်။ အန္တရာယ်ကင်းသော ဆေးရွက်ကြီးသုံးစွဲမှုဟူ၍ လုံးဝမရှိပါပေ။

သို့ဖြစ်၍ စာရှုသူ·မိတ်ဆွေသည်လည်း ကွမ်းစား၊ ဆေးလိပ်သောက်ခြင်းကို နှစ်ခြိုက်စွဲလမ်းသူဖြစ်ပါက ကျွန်တော်ကဲ့သို့ နောင်တမဖြစ်ရလေအောင် -

- ကွမ်းစားဆေးသောက်နှစ်မှုရောက်ကို နှစ်ခြိုက်စွဲလမ်း
  မျက်ကန်းတစ္ဆေဖြစ်နေပါက ယခုကပင် မနှောင်းခင်က ကြိုတင်စွန့်လွှတ်ပါလေတော့။
  စွန့်လွှတ်ပြီးကာ နောင်သောခါဝယ် ရှောင်လေဝေးဝေး
  ကွမ်းနှင့်ဆေးကို သုံးစွဲကြဉ်ရှောင် သတိဆောင်ရေး

မေတ္တာရှေ့ထား ဆန္ဒများဖြင့် တိုက်တွန်းသံမှုပြုလိုက်ရပါသည်။

*လူသားများနှင့်တကွ*
*သတ္တဝါအားလုံး*
*အစာဝအနာကင်း*
*ဘယာရှင်းကြပါစေ*

**ချစ်ပို့ (မော်လျှမ်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဖော်ရဲထူး

(ရွှေဘင်တုန်း)

## ပေးဝေကြွစေ မေတ္တာရှည်

စာရေးသူကိုယ်တိုင် ပါဝင်ခဲ့ရပြီး မခံစားလိုက်ရပါသော်လည်း ခံစားခဲ့ကြရသည့် မိသားစု၏ဖြစ်စဉ်ကို မေးမြန်း၍ ခွင့်ပြုချက်ယူ၍ ရေးသားရပါတော့၏။

နာမည်က ဦးမြကြီး။ အသက်ခြောက်ဆယ်ပြည့်တော့မည်။ သူတို့တွင် ဆယ့်ငါးနှစ်အရွယ်ရှိ မောင်မြင့်ခိုင်ဟုခေါ်သော မြေးတစ်ယောက် အဘိုး၊ အဘွားတို့နှင့်အတူနေထိုင်ပြီး ကျောင်းတက်၏။

တစ်နေ့တွင် ဦးမြကြီး ကျွန်တော်ထံရောက်လာ၍ -

"ရဲထူး၊ မင်းအလုပ်အားနေရင် ငါ့အိမ်ရှေ့က သစ်ပင်ကိုလာပြီးလှဲပေးစမ်းကွာ"

သစ်ပင်ခုတ်လှဲသည့်အလုပ်နှင့် အသက်မွေးရသောကြောင့် ယနေ့အလုပ်အားနေသော်လည်း နောက်တစ်နေ့အတွက် အလုပ်များလက်ခံထားသည်။ ဦးမြကြီးနှင့်ကလည်း ညီအစ်ကိုလိုနေထိုင်ကြတော့ ဦးစားပေး၍လုပ်ပေးရတော့မည်။

"အစ်ကိုကြီးအတွက် လုပ်ပေးရမှာပေါ့။ သစ်ပင်ဆွဲဖို့ ကြိုးရှည်ရှည်တစ်ချောင်းနဲ့ လူ (၅) ယောက်ခေါ်ထားပါ"

"မင်းပြောတဲ့ ကြိုးနဲ့လူတွေကို ငါခေါ်ထားမယ်။ မင်းတို့လာခဲ့ကြကွာ"

ကျွန်တော်နှင့်စကားပြောပြီး ဦးမြကြီးပြန်သွားတော့၏။ နေ့လယ်အချိန်တွင် သစ်ပင်လှဲရန်သွားရသည်။ အိမ်ကိုရောက်သည်နှင့် သစ်ပင်တက်ပြီး သစ်ကိုင်းများကို ခုတ်ထွင်ရှင်းရှင်းလင်းရန်နှင့် မမြင်မတွေ့အပ်သော ပုဂ္ဂိုလ်များကို တောင်းပန်လိုသောကြောင့် ဦးမြကြီးထံမှ လက်ဖက်တစ်ပွဲတောင်းရာ -

"ရဲထူး၊ ငါက ယုံကြည်မှုနဲ့ အစွဲအလမ်းတွေမရှိဘူးကွ။ မင်းကိုယ်တိုင် သစ်ပင်တက်ရမှာဆိုတော့ လိမ့်မကျအောင် လက်ကိုမြဲမြဲကိုင်ပြီး သတိထားပြီးတက်"

ရမလားလို့ လက်ဖက်တစ်ပွဲတောင်းမိသည်၊ စော်ကားသည့်စကားနှင့် အပြောခံလိုက်ရတာပဲ အဖတ်တင်သည်။ သူ့မျက်နှာကလည်း နွားသားရေကိုနေလှန်းထားသည့်အတိုင်း တင်းပြီးမာနေ၏။ ပိုက်ဆံပေးပြီးခိုင်းသည့်အလုပ်ရှင်ဆိုတော့ ကိုယ့်စိတ်ကိုပြန်ထိန်းပြီးဖြေသိမ့်လိုက်ရသည်။ ကျွန်တော်ကလည်း ထုံးစံအတိုင်း သစ်ပင်တက်ပြီးခုတ်ထွင်ရှင်းလင်းတော့မည်ဆိုလျှင် သစ်ပင်ပိုင်ရှင်ထံမှ လက်ဖက်တစ်ပွဲတောင်း၍ သစ်ပင်တွင်ရှိနိုင်ကြမည့်ပုဂ္ဂိုလ်များကိုခွင့်တောင်းပြီးမှ အပင်ပေါ်တက်ပြီးရှင်းလင်းနေကြ။ ဦးမြကြီးကိုလည်း အတိုက်အခံလုပ်ပြီး စကားမပြောတော့။ သစ်ပင်ခုတ်သူများသည် အများလုပ်ကိုင်မိ၍ ခြေလက်များချော်ပြီး ကျခဲ့သည်ရှိသော် မသန်မစွမ်းနှင့်လုပ်ကိုင်မစားနိုင်သည့်ဘဝတွေဖြစ်ကြသည့်အပြင် အသက်ကိုပင်ပေးဆပ်သွားကြပြီး နောင်တရချိန်မရှိဖြစ်သွားကြသူများရှိခဲ့ကြသည်။ ခုတော့ လက်ချည်းသက်သက်နှင့်ကန်တော့၍ အလုပ်သမားများ ထိခိုက်မှုမရှိစေရန် တောင်းပန်ပြီးတက်ရတော့၏။ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းပြီး သစ်ပင်၏ဆုံပိုင်းတွင် ကြိုးကြီးကြီးရှည်ရှည်တစ်ချောင်းကိုချည်တုပ်၍ ကြိုးအစတစ်ဖက်ကို မြေပြင်ပေါ်ကိုပစ်ချလိုက်ပြီး သစ်ပင်အပေါ်ကဆင်းခဲ့သည်။ မြေပြင်ပေါ်ရောက်၍ ခေတ္တအမောဖြေပြီး သစ်ပင်၏အခြေကို လွှနှင့်တိုက်ဖြတ်ရ၏။ သက်ရင့်အပင်ဖြစ်သည့်အတွက် အပြင်အကြောများကလိမ်ပတ်နေပြီး အတွင်းပိုင်းအနှစ်သည် မာကျောသည့်အတွက် လူအလဲအလှယ်လုပ်၍ လွှဆွဲရ၏။ (၂) နာရီခန့်ကြာမှ သစ်ပင်အခြေကပြတ်တော့သည်။ ကျွန်တော်က ဆွဲဟု ဟစ်အော်၍အသံပြုလိုက်ရာ ယောကျ်ားကြီး(၅)ယောက်၏ ခွန်အားနှင့်ဆွဲပြီးလှဲတော့သည်။ သို့သော်လည်း သစ်ပင်ကလဲကျမသွားဘဲ မတ်မတ်ထောင်လျက်ရှိနေတုန်းဖြစ်လေသည်၊ ရပ်ကွက်ထဲက လူကြီးတစ်ဦးရောက်လာပြီး ဦးမြကြီး၏အနီးကိုကပ်ပြီး လေသံတိုးတိုးနှင့်ပြောလိုက်ရာ ခဏနားကြမယ်ပြောပြီး ဦးမြကြီးအိမ်ပေါ်တက်သွား၏။ မကြာခင်ပြန်ဆင်းလာပြီး အလုပ်သမားတစ်ယောက်ကို အရက်ဝယ်ခိုင်းလိုက်၏။ (၁) နာရီခန့်အကြာတွင် အရက်ဝယ်သူပြန်ရောက်လာရာ ဦးမြကြီးနှင့်စကားပြောခဲ့သည့်လူကြီးက အရက်ပုလင်းကိုယူ၍ ကြက်သားဟင်းပန်းကန်နှင့်အတူ ကိုင်မြှောက်ပြီး -

"တွင်းပိုင်ကြီးခင်ဗျာ၊ ဦးမြကြီးတို့မိသားတစ်စုက ရှိသေစွာ ကြက်သားဟင်းနှင့်အရက်ကိုတင်မြှောက်ဆက်သပါတယ်။ အိမ်ရှေ့ရှိသစ်ပင်သည် အပင်၏အခြေရင်းမှ ပြတ်နေသည်ဖြစ်သော်လည်း လဲကျခြင်းမရှိပါ။ လူအင်အားကိုအသုံးပြုပြီး ကြိုးနှင့်ဆွဲသော်လည်း မ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါ၍ အနှောင့်အယှက်များရှိနေပါက ဖယ်ရှား ရှင်းလင်းပေးပါ ကွင်းပိုင်ကြီးခင်ဗျာ”

ကွင်းပိုင်ကိုတိုင်တည်ပေးနေသော လူကြီးကလည်း သူမမြင်မတွေ့ရသည့် ပုဂ္ဂိုလ်များကို အမှုပိုကြီးစေရန် ဦးမြကြီးကို မျက်နှာကောင်းရစေလိုသဖြင့် ပိုပိုသာသာလေးတိုင်ကြားပေးနေ၏။ ကွင်းမြှောက်ပြီးတော့ ခဏအကြာပြန်စွန့်၍ အရက်သောက်နေကြစဉ် ဦးမြကြီး၏ ဇနီးနှင့်မြေးတို့ အိမ်ပေါ်မှဆင်းလာကြပြီး သစ်ပင်အောက်အရောက် မြေးဖြစ်သူ မောင်မြင့်ခိုင်သည် စကားမပြောဘဲ မျက်လုံးပြူး၍ သစ်ပင်ပေါ်ကိုမော့ကြည့်နေ၏။ ကျွန်တော်လည်း မောင်မြင့်ခိုင်နည်းတူမော့ကြည့်၏။ မည်သည့်အရာမျှ မြင်တွေ့ရခြင်းမရှိပါ။ သိပ်မကြာသောအချိန် လေမပါ မိုးမရွာဘဲ တဖြောင်းဖြောင်းအသံပေးရင်း မြေကြီးပေါ်ကို သစ်ပင်ကြီး ဝုန်းခနဲ လဲကျသွားတော့၏။

ကွင်းမြှောက်ပေးသောလူကြီးက -

“အဲဒါမှ ငါကွ။ ငါကိုယ်တိုင် ကွင်းမြှောက်ပေးလိုက်တော့ ကွင်းပိုင်ကြီးက ကျေနပ်ပြီး အစွမ်းပြလိုက်တာကွ”

အလုပ်သမားတို့ရှေ့တွင် ကြွားဝါ၍ အားပါးတရနှင့် အော်ဟစ်နေတော့၏။

သစ်ပင်ကိုပိုင်းဖြတ်ရန်အချိန်မရတော့၍ အိမ်ပြန်ပြီးထမင်းစားရသည်။ ထမင်းစား၍မပြီးခင်အချိန် ဦးမြကြီး၏ ဇနီး မောပန်းတကြီးနှင့် ရောက်လာပြီး အရေးကြီး၍ အိမ်ကိုလိုက်ခဲ့ရန်ခေါ်ရာ စားလက်စထမင်းကိုထားခဲ့ရပြီးလိုက်သွားရတော့၏။ အိမ်ကိုရောက်သည်နှင့် အိပ်ရာပေါ်တွင် မျက်နှာကို လက်ဝါးနှင့်ကာ၍ ပက်လက်အနေအထားနှင့်ရှိနေသည့်ဦးမြကြီး။ ကျွန်တော်က သူ၏လက်ကို ဖယ်ခွာကြည့်လိုက်ရာ မျက်နှာပြင်တွင် ညိုမည်း၍ဖူးရောင်ကားနေပြီး နှုတ်ခမ်းမှလည်းအက်ကွဲနေ၍ သွေးများစီးကျနေ၏။ ကျွန်တော်က ဘာဖြစ်ကြတာလဲဟု မေးရာ -

“ကိုမြကြီးရေနွေးထိုင်သောက်နေတဲ့အချိန်မှာ မောင်မြင့်ခိုင်က ဒီသစ်ပင်မှာ ငါတို့နေထိုင်ကြတာမသိကြပေမယ့် ဘယ်သူကိုမှ အနှောင့်အယှက်မပေးခဲ့ဘူး။ သစ်ပင်ကိုခုတ်လှဲတော့မယ်ဆိုရင် ရက်ပိုင်းခွာပြီးပြောပေါ့။ ငါတို့ကလည်း ကြိုတင်ပြီးနေထိုင်ဖို့ရှာရတော့မယ်။ အခုတော့ ကွင်းပိုင်ကိုတိုင်ပြီးနှင်ချခိုင်းလို့ နေထိုင်စရာမရှိဘဲ ကွင်းပြောင်ကြီးထဲမှာ ငါတို့မိသားတစ်စုလုံးဒုက္ခရောက်နေကြရပြီ။ ကဲ - ရက်စက်ဦးကွာ၊ လုပ်ရက်ဦးကွာလို့ပြောပြီး ကိုမြကြီးရဲ့မျက်နှာကို လက်သီးနဲ့ အဆက်မပြတ် ဆင့်ဆင့်ပြီး ထိုးတော့တာပဲ။ မျက်နှာတစ်ပြင်လုံးမှာ အညိုအမည်းတွေဖြစ်ပြီး သွားတွေပါနဲ့ ကုန်ပြီ”

ဦးမြကြီး၏ဇနီးက ပြောပြတော့ ကျွန်တော်ရင်ထဲမှ ဖြစ်ရလေခြင်းလို့ပဲ ညည်းတွားမိသည်။ သစ်ပင်က သက်ရင့်အပင်ဖြစ်သည်ကို သိကြ၏။ မိမိတို့ နေထိုင်ကြသည့်အိမ်ကို သစ်ခွဲပြီး ဖျဉ်ခင်းရန်မှလွဲ၍ ကျန်သည့်

www.burmeseclassic.com

www.burmeseclassic.com

## စိုးမင်း(မြောက်စည်း-ရှာသစ်)

# သပွတ်ကြီးပင်အစွမ်း



သပွတ်ကြီးအခွက်နှင့်အခေါက်

မနက်လင်း၍အဆာပြေစားအပြီး ခရီးဆောင်အိတ်ပြင်ဆင်ရ၏။ ဒီကနေ့ တောင်ပေါ်တက်ရမည်။ ကုန်ကြမ်းရှာသည်ဆိုလျှင်မှန်၏။ ခရီးဆောင်အိတ်အပြည့် ထမင်းထုပ်၊ ကွမ်းဘူး၊ ဆေးလိပ်ရိက္ခာအပြည့် ဆင်ချောင်းတောတိုက်သို့ ခြေကျင်ခရီးကြမ်း။ အိမ်မှစထွက်တော့ မနက် (၇) နာရီထိုးလေပြီ။

အဖော်မပါကိုယ့်အတွေးနှင့်ကိုယ် ဟိုငေးဒီငေးလာရင်း ရိတ်လက်စစပါးခင်းတွေ၊ ဝင်းမှည့်နေတဲ့ ပဲပုပ်ခင်းတွေ တစ်ခင်းပြီးတစ်ခင်း ဖြတ်ကျော်ရင်းက မနက်ပိုင်း (၁၀) နာရီထိုးခါနီးတော့ စက်လှေဆိပ်ရောက်ပြီ။

ကမ်းပါးပေါ်မှ လေကောင်းလေသန့်ရှူရင်း အမောပြေရ၏။ ဤနေရာအရာများထည့်ပြီး မစဉ်း စားဘဲ မလေးမခန့်ပြုလုပ်တော့ ခံစားသွားရပြီပေါ့။ ကျွန်တော်က မောင်မြင့်ခိုင်ကို ဘာကြောင့် ဘိုးအေကြီးကို လက်သီးနဲ့ထိုးရတာလဲဟုမေးရာ -

"ကျွန်တော်အိမ်ပေါ်ကဆင်းလာပြီး သစ်ပင်ကိုမော့ကြည့်မိတယ်။ အပင်ပေါ်ကမည်းမည်းအကောင်ကြီးဆင်းလာတာမြင်တွေ့လိုက်ရတော့ ကြက်သီးတွေတဖြန်းဖြန်းထပြီး အဖျားတက်သလိုဖြစ်နေတာ။ ဘာဘာရေနွေးထိုင်သောက်နေတဲ့အချိန်ရောက်တော့မှသတိမေ့သလိုဖြစ်သွားပြီး ဘာတွေဖြစ်မှန်းမသိတော့ဘူး"

မောင်မြင့်ခိုင်က ဝမ်းနည်းသည့်လေသံပြောပြသည်။ တော်သေး၏။ ရေနွေးအိုးပူပူကြီးကို ကိုင်မပြီး ဦးခေါင်းကိုလောင်းမချလိုက်သည်မှာ ကံကောင်းပါ၏။ ကျွန်တော်စဉ်းစားနေသောအချိန်တွင် -

"ဦးမြကြီး၊ ဗျို့-ဦးမြကြီး၊ အိမ်ကိုလိုက်ခဲ့ပါဦး။ ဖေဖေ့ကို အိမ်ကမွေးထားတဲ့ခွေးက ပြန်ကိုက်လို့ ခြေထောက်တစ်ဖက်မှာ ခွေးအစွယ်ရာတွေမွနေတာပဲ။ အခုအိမ်ပေါ်မှာလဲနေတယ်။ ပါးစပကလည်း ကြောက်ပါပြီဗျဆိုပြီး အော်ဟစ်နေတယ်"

ပြောရင်း အိမ်ပေါ်ကို မောပန်းတကြီးနှင့်တက်လာသည်က ဦးတောကျော်၏သား ဇော်ကြီး ဖြစ်သည်။ ဦးမြကြီး၏ အဖြစ်ကို မြင်တွေ့သွားရာ -

"ဟောဗျာ - ဘာတွေဖြစ်တာလဲ ပြောကြပါဦး"

ကျွန်တော်က ဦးမြကြီး၏အဖြစ်အပျက်ကိုပြောပြပြီး ဦးတောကျော် အကြောင်းမေးရာ -

"အခု ညနေအချိန် (၅) နာရီခါနီးမှာ အိမ်ရှေ့က သရက်ပင်ကို ခွေးကခုန်ခုန်ကိုက်နေတာကိုကြည့်ပြီး ကျွန်တော်က ဂုတ်ကျားကို တရုတ်သိုင်းကားတွေကြည့်ပြီး သိုင်းလေ့ကျင့်နေတာကွလို့ မြှောက်ပေးလိုက်တော့ တဟာမ်းဟာမ်းအော်ပြီး ပိုကိုက်တော့တာပဲ။ ဖေဖေပြန်လာတော့ အိမ်ရှေ့လမ်းမှကို ပြေးထွက်ပြီး ကိုက်တော့တာပဲ။ တုတ်တွေနဲ့ဝိုင်းရိုက်တော့မှ ထွက်ပြေးတော့တယ်။ ဒဏ်ရာတွေက မသက်သာလို့ ဆေးရုံတင်ရ[illegible] တော့မယ် အဲဒါကြောင့် ဦးမြကြီးကိုလာခေါ်ရတာ"

မှတ်ကြပေရော့ပဲ။ ရာဇဝင်မှာ စာတင်သွားလေပြီ။ တော်သေးသည် ရုပ်အဆင်းပျက်သွားအောင် မျက်နှာ[illegible] မကိုက်လိုက်သည်မှာ ကံကောင်းလေ[illegible] လူကြားလို့မှ မသင့်လျော်သည့်ကိစ္စ မ[illegible] မကြည့်နှင့် မခန့်လေးစားပြုမူလိုက်တော[illegible] နောက်ထပ်တစ်ယောက်လည်း ခံစား သွားရပြန်ပြီ။ လူသားများမမြင်တွေ့[illegible] သော ပုဂ္ဂိုလ်များသည် တန်ခိုးကြွ[illegible] များရှိကြ၍ ဖမ်းစားခြောက်လှန့်နိုင်ကြ သည် သူတို့နှင့်ဘဝချင်းမတူညီကြသော် လည်း ကိုယ်ထက်နိမ့်ကျသည်ဖြစ်စေ မြင့်မားကြသည်ဖြစ်စေ ပေးဝေကြ[illegible] မေတ္တာရည်၍ တိုက်တွန်းလိုက်ရ[illegible] သည်။

(ကိုယ်တွေ့ကြုံအမှန်ဖြစ်ပါသော် လည်း မြို့ရွာဒေသနှင့် နာမည်များ[illegible] လွှဲပြောင်းထားပါသည်။)

ဇော်ရဲထူး (ညောင်[illegible])




www.burmeseclassic.com


www.burmeseclassic.com



တောထဲမှ သပွတ်ကြီးပင်



တခရေးသူ တစ်ဖက်ကမ်း ကူးခဲ့ရသော ကူးတို့စက်လှေ



ဘယ်ဘက်က မြစ်သာ၊ ညာဘက်က မဏိပူရ . . . မြစ်ဆုံ

သည် မဏိပူရ (နန့်ကသည်း) မြစ်နှင့် တောင်မှမြောက်သို့စီးသော မြစ်သာမြစ်တို့ဆုံရာဖြစ်၏။ ယခင်နှစ်များက မြစ်ဆုံသည် ရွာမှ (၃) မိုင်ခန့်သာ ယခု (၄)မိုင် ကျော်ထိရောက်နေလေ၏။

တောင်ပေါ်ခရီးဖြစ်သော်လည်း မဏိပူရနှင့်မြစ်သာ ဒီနှစ်မြစ်အားကျော်ရလေ၏။ မြစ်သာမြစ်ရေပါးနေပြီ။ လူဖြတ်ကူလျှင်ရပြီ။ နန့်ကသည်းကတော့ ရေမလျော့သေးပေ။ ရေစီးသန်တုန်းမို့ လူကူး၍မရသေးပေ။

အရှေ့ဘက်ကမ်းကူးတို့ အနီးဆုံး ကူးတို့ဆိပ်ဖြစ်လေ၏။ ကူးတို့စက်လှေသည် ဟိုဘက်ဒီဘက်ကူးမည့်သူစောင့်၍ ကူးပေးလေ့ရှိ၏။ နတ်တော်လပြည့်ကျော်လာပြီ။ မြစ်ရေမှာ လူကူးနိုင်သည့် အခြေမရှိသေး၍ ကူးတို့ကူးပေးနေခြင်း ဖြစ်၏။ စက်လှေကူးသည့်နေရာ (၈) ပေခန့်နက်သေးကြောင်း သိရပြန်၏။ စက်လှေသည် မြစ်ဆုံအောက်ပေ(၁၀၀) ခန့်အကွာမှာကူးနေခြင်း ဖြစ်၏။

ဤကူးတို့သည် ခရီးသည်များအတွက် ကူးပေးသောကူးတို့မဟုတ်ချေ။ အရှေ့ဘက်၊အနောက်ဘက်အနီးအနားရွာမရှိပေ။ အရှေ့ဘက်၊ အနောက်ဘက် တောင်သူများအတွက် သီးသန့်ကူးပေးသောကူးတို့ ဖြစ်၏။

ကူးတို့ကပ်ထားသူများက ရာသီပြတ် အခကြေးငွေပေးကူးကြ၏။ လှေကပ်ထားသူများ၏ အငှားသား၊ ပေါင်းထိုး၊ နှမ်းချိတ်၊ ပဲချိတ်အလုပ်သမား ဘယ်လောက်ရှိရှိ စက်လှေကပို့ရလေ၏။ လှေမကပ်သူများက အခကြေးငွေဖြင့် ကူးရ၏။

လှေဆိပ်ရောက်တာ (၁) နာရီနီးပါးကြာပြီ။ တစ်ဖက်ကမ်းမှ ကူးမည့်သူ (၅) ဦးတွေ့တော့ ကူးတို့စက်ကူးလေ၏။ မြစ်ကျဉ်း၍ ခဏသာကူးရလေသည်။ တစ်ဖက်ကမ်းရောက်တော့ အဖော်ကတစ်ယောက်မျှမရှိပေ။ သဲသောင်ပြင်ဖြတ်၊ ပဲခင်းတွေတစ်ခင်းပြီးတစ်ခင်းဖြတ်နှင့် တောင်ခြေတဲတစ်ခုသို့ဝင်နားရလေ၏။

ထိုတဲတွင် ထမင်းထုပ်ဖြေစားခေတ္တနားရင်း တဲရှင်နှင့်စကားပြောရင်း သွားမည့်လမ်းအား မေးရသေး၏။ နေ့ခင်း (၁) နာရီထိုးတော့ တောင်ပေါ်စတက်ရပြီ။ အသက် (၅၀) ကျော်လာတော့ မောလာပြီ။ နေကပူနှင့်ချွေးတွေ ပြိုင်ပြိုင်ကြနေပြီ။

ကြိုးစားတက်ရာက တောင်ထိပ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ပြီ။ တောင်ထိပ်မှ လာရာလမ်းအား မျှော်ကြည့်လေတော့ မှိုင်းပျပျ။ မိမိတို့ရွာနှင့် ကွေ့ကွေ့ကောက်ကောက်မြစ်သာနှင့် နန့်ကသည်းကမွှားမွှားလေးသာ မြင်ရတော့၏။

တောင်ထိပ်မှာ (၁၅) မိနစ်ကြာနား၍ အမောပြေလေ၏။ နာရီက မွန်းလွဲ(၂)နာရီ။ ကျောပိုးအိတ်က လွယ်ခါစက ပေါ့သေးသည်။ ကြာတော့ လေးလှ၏။ ဂွမ်းကပ်စောင် (၂) ထည်၊ ခြင်ထောင်၊ အနွေးထည်နှင့် ရိက္ခာပေါင်းလျှင် အချိန် (၁၀) ကျော်ရှိလေ၏။

ရှေ့ခရီးကသိပ်မပင်ပန်းတော့ပေ။ အတက်မရှိ၊ အဆင်းနှင့်ပြန်သာရှိတော့၍ အားတက်လှ၏။ ဆေးလိပ်လေးဖွာ၊ ကွမ်းလေးဝါး တောင်ပေါ်မှစဆင်းတော့ နေပူဒဏ်လွတ်သွားပြီ။ သစ်ဆွဲဝါးဆွဲ လမ်းမို့ လမ်းဘေးဝဲယာသစ်ပင်ကြီးတွေ၊ ဝါးတောတွေသာရှိ၍ အေးအေးမြမြ အမောပင်ပြေလေ၏။

ယခင် (၇) နှစ်ခန့် ဤနေရာမှ ဝါးတောများပြုန်းနေ၏။ ယခု စိမ်းစိမ်းစိုစိုဖြင့် ဝါးတောကြီးပင်ဖြစ်နေပေ၏။ တောင်ခြေမှ ဆင့်ချောင်းထဲဆင်းတော့ (၃) နာရီထိုးလေပြီ။ တောင်ကြားထဲ ရောက်ပြီမို့ နေရောင်သိပ်မရှိပေ။ အအေးဓာတ်ဝင်လာ၏။

ရှေ့ခရီးဆက်ရင်း ဆင်တုံးမနွယ်ဆူးပေါက်တောရောက်၍ခဏနားရသေး၏။ ဤဆင်သမနွယ်တောသည် ကြီးလှ၏။ သစ်ပင်ကြီး၊ သစ်ပင်ငယ်တို့တွင် အပင်တိုင်း တွယ်ယှက်နေ၏။ ခုတ်ယူ၍ မနိုင်ပေ။ ရှေ့ဆက်လာရာ တောခွေးလေ့ယား(အယဉ်)ပေါ်တဲ့ တောရောက်၍ အနားပြေရပြန်၏။ ဤခွေးလေ့ယားအယဉ်မှာ အသီးနှချိန် အမွေးများအား ပြောင်အောင်ပွတ်၊ ပါးပါးလှီး၊ ကြော်ချက်စားလျှင် ပဲသီးကဲ့သို့အရသာချိုလှသည်။ အသီးပုံစံသည် အရိုင်းကဲ့သို့ ရကောက်ပုံစံမဟုတ်၊ အဖြောင့်ဖြစ်လေ၏။ အပင်ပုံစံက အတူတူပင်ဖြစ်၏။

လမ်းတစ်လျှောက် သတိထားမိသည်က တောင်ထိပ်အဆင်းတစ်လျှောက် ဖန်ခါးသီးအစိမ်း၊ အခြောက်များ မြေပြင်မှာဖွေးနေသလို ဆီးဖြူသီးများမှာ အကြွေနည်း၍ ပင်လုံးပြွတ်ခဲနေ၏။

အိမ့်မွှေ့ပင်ဆိုလျှင်လူနှစ်ယောက်ဖက်ပဝ်မက ပင်ကြွေများ၊ ပင်သီးများ ပြွတ်ခဲစွာသီးလေ၏။ ထိုအထဲက အပေါ်ဆုံးက သစ်ဆိမ့်ပင်။ အပင်တိုင်းသီး၏။ အောက်တွင်လည်း ပင်ကြွေပေါ်လှ၏။

သယ်ဖို့မလွယ်ပေ။

လမ်းဘေးဝဲယာ ဘုံမရာဇာပင်တွေက ခြေထောက်နှင့်မခတ်ရုံတမယ် ဤတောဤတောင်တွင် ဆီးဖြူ၊ ဖန်ခါး၊ သစ်ဆိမ့်၊ အိမ့်မွှေ့၊ ခွေးလေ့ယား အရိုင်း (၃) မျိုး၊ ဘုမ္မရာဇာ၊ ကွဲမချိုလိမ်၊ သပွတ်ကြီး၊ တောက်တဲ့လက်ဝါး၊ သမျှား၊ ထအောင်း လိုတာရ၏။ သယ်နိုင်ဖို့ရာ လိုပေ၏။

တောလမ်းတစ်လျှောက် တောကြက်များ မကြာခဏတွေ့ရ၏။ အပေါ်ဆုံးက မျောက်ဖြစ်၏။ ယခင် (၅) နှစ်ခန့်က အကောင်တစ်ရာကျော်သာရှိလေရာ ယခု အကောင်သုံးရာကျော်ရှိကြောင်း သိရ၏။ သူတို့သည် ချောင်းထဲရှိ ပဲခင်း၊ စပါးခင်း၊ နေကြာခင်းများအား ဒုက္ခပေးလေ့ရှိ၏။

ညနေစောင်း (၅) နာရီထိုးတော့ တဲသို့ရောက်လေ၏။ တဲရှင်မိတ်ဆွေတွေက ဝမ်းသာအားရကြို၍ အမောပြေရလေ၏။ ဤတောင်ကြားထဲတွင် တောင်ယာလုပ်သူ (၁၅) တဲခန့်ရှိရာ တစ်ဦးနှင့်တစ်ဦး ညီညွတ်လှပေ၏။

ထိုနေ့ည တဲရှင်နှင့်အတူ အရှေ့ဘက်တဲမှ မိတ်ဆွေလင်မယားလည်း ပါလေ၏။ သူတို့လင်မယားသည် မိမိနှင့်အသက်မကွာ ယခုတစ်ခါသာ ဆုံဖူးသည်နှင့် မိတ်ဆွေရင်းများပမာခင်ကြလေ၏။

ထိုနေ့ည မိတ်ဆွေကိုဝင်းမှသပွတ်ကြီးပင် အစွမ်းအား ယခုလိုပြောပြလေ၏။

"ဒီလို ဦးစိုးရဲ့၊ ကျွန်တော့်သူငယ်ချင်း ဟဲလုပ်ရွာသား မုဆိုးတစ်ယောက်ရှိတယ်။ တစ်နေ့ တောလည်ရင်း သူ့ခွေး မြွေဟောက်အကိုက်ခံရတယ်။ မြွေဟောက်ကို ခွေးက အရင်စကိုက်တာ။ တောလည်ခွေးတွေက မကြောက်တတ်ဘူး။ မြွေကလည်း ခွေးပြန်ကိုက် ခွေးနဲ့မြွေ ပလူးပလဲဖြစ်တော့ သူငယ်ချင်းက မြွေကိုရိုက်သတ်တယ်။

မြွေသေတော့ သူ့ခွေးလည်း ဆန့်ငင်ဆန့်ငင်ဖြစ်နေပြီ။ မျက်ဖြူလန်လို့ အသက်ငင်နေမှာပေါ့။ သူလည်း ခွေးကို ဘာမှလုပ်မပေးနိုင်ဘူး။ ဒါနဲ့ သူ့ခွေးပခုံးပေါ်ထမ်း ရွာပြန်လာတော့ ကြာကြာမထမ်းနိုင်ဘူး။ အောက်ချ ခွေးကိုကြည့်တော့ မလှုပ်တော့ဘူး။ သူ့အထင် ခွေးသေပြီပေါ့။ သူ့ခွေးသေတော့သူငယ်ချင်းငိုရှာတယ်။ ဒီခွေးကတောကောင်းတယ်။ နှမြောရှာမှာပေါ့။ ရွာရောက်ဖို့က အဝေးကြီးပြန်ရမှာ။ ဒါနဲ့ သူ့ခွေးကို လမ်းနံဘေးသစ်ပင်ကြီးတစ်ပင်အောက်ချ သစ်ကိုင်းတွေချိုင်၊ အရွက်တွေနဲ့ လူမမြင်အောင် လုံအောင်ဖုံးရွာပြန်လာခဲ့တာပေါ့။ ရွာရောက်ရင် သူ့ခွေးကို သေချာမြှုပ်ဖို့ ပေါက်ပြားနဲ့ သူပြန်လာမှာ။ ကောင်းကောင်းသင်္ဂြိုဟ်မယ်ပေါ့။

ညနေစောင်း အိမ်ပေါက်ဝရောက်တော့ သူ့ခွေးလေးက အမြီးနှန့်လို့ သူ့ကိုကြိုနေတာတဲ့ဗျာ။ သူငယ်ချင်းဟာ တွေ့တွေ့ချင်းလန့်သွားတယ်။ အဲဒါ သူ့ခွေး မဖြစ်နိုင်ဘူး။ တောပါလာတာပဲထင်တာပေါ့။ သူက ဒီလိုထင်ပေမယ့် ခွေးလေးက သူ့ကို လျှာနဲ့တောင်ပွတ်သပ်လေတော့ သူ့ခွေးကို သေချာကိုင်ကြည့်။ ခွေးကအကောင်း။ ခွေးဘာမှမဖြစ်တော့ သူ့ခမျာဝမ်းသာနေတာပေါ့။

ဒါနဲ့ ရွာထဲ ဟိုအိမ်ဒီအိမ် ခွေးအကြောင်းပြောရာက သူ့ဘကြီးနားရောက်သွားတယ်။ ဘကြီးက ခွေးကို ဘယ်မှာထားခဲ့တာလဲမေးတော့ တောင်ပေါ်သစ်ပင်ကြီးတစ်ပင်အောက် အရွက်တွေနဲ့လုံအောင်ဖုံးခဲ့တာလို့ ပြောတော့ ဘကြီးက ပြုံးပြီပေါ့။

အဲဒီအပင်ဟာ သပွတ်ကြီးပင်ဖြစ်ရမယ်။ မယုံရင်သွားကြည့်လို့ တစ်ခါတည်းပြောလိုက်တာ။ ဒါနဲ့ သူငယ်ချင်းဟာ ဘေးလူတွေနဲ့ တောင်ပေါ်ပြန်တက်ကြည့်တော့ ဟုတ်တယ်၊ အပင်ကလည်း သပွတ်ကြီး။ အရွက်ကိုင်းတွေကလည်း သပွတ်ရွက်ကိုင်းတွေပဲ။ ခွေးကတော့မရှိဘူး။ အဲဒီသပွတ်ကြီးက မြွေနဲ့မတည့်ဘူး။ မြွေကိုအသေနိုင်တယ်။ ဒီအပင်ကြီးတွေ ပေါတဲ့နေရာ၊အဆိပ်ရှိတဲ့အကောင်တွေ မလာရဲဘူး။

ဒါက ခွေးကိုမြွေကိုက်တာ။ လူကိုက်ရင် အခေါက်နည်းနည်းစား၊ သွေးလိမ်း၊ အဆိပ်တစ်ခါတည်းပြယ်တယ်၊ အခေါက်က ပက်ပက်စက်စက်ခါးတယ်၊ မြွေဆိပ်ရှိရင် အခေါက်ကချိုနေမယ်၊ အခေါက်ခါးတဲ့အထိစားပေးရမယ်"

မိမိမှာ ကိုဝင်းပြောအကြောင်းရှိ ပါးစပ်အဟောင်းသားနှင့် ငေးခဲ့ရလေ၏။

စာရှုသူက သပွတ်ကြီးခေါက်အရွက်များများလိုချင်လျှင် စာရေးသူက တောင်ပေါ် လိုက်ပြပါမည်။ သယ်နိုင်ဖို့ရာလိုပါသည်။ ဆေးသုံးလိုချင်ရုံဆိုလျှင်တော့ စာရေးသူထံလာယူပါ။ မေတ္တာလက်ဆောင်ပေးပါမည်။

စိုးမင်း(မြောက်စည်းရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာ

မြန်မာဝေါဟာရအနေဖြင့် ဆီးချို ရောဂါဟုခေါ်သည်။ ပါဠိဝေါဟာရအား ဖြင့် 'မဓုမေဟ'။ မဓု - ချိုသော၊ မေဟ- ဆီး - ပျားရည်ကဲ့သို့ ချိုသောဆီးဟု အဓိပ္ပာယ်ရရှိပါသည်။ လူ၏ ခန္ဓာကိုယ် တွင် အရည်အသွေး၊ အသား၊ အဆီ၊ အရိုး ခြင်ဆီ၊ သုက်ဟု ဓာတ် (၇) ပါးရှိ ပြီး၊ ထိုဓာတ် (၇) ပါးတွင် တည်မှီစောင့် ရှောက်လျက်ရှိသော ဓာတ်မီးအားနည်း များသောကြောင့် မကြေကျက်သော အရည်များ သွေးတွင်းများပြားလာကာ ဆီးတွင် အချိုဓာတ်များပြားလာသော ရောဂါ ဖြစ်သည်။

တိုင်းရင်းဆေးသဘောသဘာဝအရ ဆီးချိုရောဂါဖြစ်ရသော အကြောင်းများ မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန် လေးပါးသည် အကြောင်းခံဖြစ်သည်။ အေး၊ ချို၊ ဆိမ့်၊ ဖန်သောအရသာများ စားများခြင်း၊ အေးသောအရပ်၊ အေး သောဥတုနှင့် အထိအတွေ့များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး ငြိမ်သက် နေထိုင်မှုများခြင်းကြောင့် အစာခြေ ဖျက်သော ဝမ်းမီးပါစက တေဇောဓာတ် အားနည်းခြင်း၊ မျိုးရိုးလိုက်ခြင်း စသော အကြောင်းများအပြင် အေး၊ ချို၊ ဆိမ့်၊ ဆီ အစားအသောက်များ လွန်စွာစား သောက်ခြင်းကြောင့် အအေးဓာတ်လွန် ကဲပြီး သလိပ်ဒေါသလွန်ကဲမည်။ ပထဝီ ဓာတ်၊ အာပေါဓာတ်များလွန်ကဲကာ ကိုယ်စောင့်ဓာတ်မီးဖြစ်သော ဥသ္မာကိုယ် ဓာတ်အားနည်းပြီး ဆီးချိုရောဂါဖြစ်ရ သည်။

ဆီးချိုရောဂါစတင်ဖြစ်ပေါ်လာ လျှင် ကနဦးလက္ခဏာများကို တွေ့ရပါ သည်။ ဆီးအကြိမ်များစွာ မကြာခဏ သွားခြင်း၊ သွားသောဆီးပမာဏများ ခြင်း၊ အာခေါင်ခြောက်ခြင်း၊ ရေမကြာ ခဏသောက်ခြင်း၊ အစားအသောက် လွန်ကဲစွာစားခြင်း၊ အအိပ်လွန်ခြင်း၊ အသားအရေအေးခြင်း၊ ယားယံခြင်း၊ ချွေးထွက်ခြင်း၊ အသားအရေထူပွခြင်း၊ လက်ခြေတုပ်ထူခြင်း၊ အသံမကြာခဏဝင် ခြင်း စသည့်ရှေ့ပြေးလက္ခဏာများ ကို တွေ့ရမည်။ ၎င်းလက္ခဏာများစတင် တွေ့လျှင် ဆီးချိုဖြစ်တော့မည်ကို သတိ ထားရပါမည်။ ဆီးချိုဖြစ်ပြီဟုဆိုသော လက္ခဏာများကတော့ ရင်ပူ၊ ရေငတ်ပြီး မကြာခဏရေသောက်ခြင်း၊ ဆီးအကြိမ် ကြိမ်သွားခြင်း၊ ဆီးများခြင်း၊ အအိပ်ပျက် ခြင်း၊ အစားအသောက်ပျက်ခြင်း၊ တစ်ရက်ထက်တစ်ရက် အသားအရေ ခြောက်သွေ့ကြုံလှီလာခြင်း၊ အားအင် ကုန်ခန်း သတိမေ့တတ်ခြင်း၊ မောပန်း တတ်ခြင်း၊ ကျောကုန်း ခြေဖဝါးတို့တွင် အနာများပေါက်ခြင်း၊ အနာဖြစ်လျှင် ကျက်ခဲခြင်း၊ ကုပ်ဖက်ကြောများတောင့် တင်းပြီး ဆီးလမ်းကြောင်းတစ်လျှောက် ယားယံခြင်းများဖြစ်တတ်ပါသည်။

ဆီးချိုရောဂါအတွက် တိုင်းရင်း ဆေးပညာအရ ကုထုံးများရှိပါသည်။ တိုင်းရင်းဆေးခန်း ဆေးအမှတ် (၃၂)၊ နန်းတွင်းလျှာပွတ်ဆေး လက်ဖက်ရည် ဇွန်းဝက်နှင့် ဆေးအမှတ် (၁၇) သွေး ဆေးနီကြီး လက်ဖက်ရည်ဇွန်း (၁) ဇွန်း စာကို ရောစပ်ပြီး သင်္ကြားမကိုင်ရွက် ပြုတ်ရည် အကြမ်းပန်းကန် (၁) လုံးစာ (သို့) ကြက်ဟင်းခါးသီးသတ္တုရည်ဟင်း စားဇွန်း (၁) ဇွန်းနှင့် တစ်နေ့ (၃) ကြိမ် သောက်ပေးနိုင်ပါသည်။ ၎င်းအပြင် ဝမ်း မီးတောက် အစာကြေပြီး ဆီးချိုကျစေ ရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၅) မတဲမြင်းမိုရ်ကုန်းဆေး လက်ဖက် ရည်ဇွန်း (၁) ဇွန်း ဆတူရောစပ်ပြီး ဆင်တုံးမန္ဒယ်ပြုတ်ရည်အကြမ်းပန်းကန် (၁) လုံးစာဖြင့် အစာစားပြီး နာရီဝက် ခန့်တွင် တိုက်ကျွေးနိုင်ပါသည်။

ဆီးချိုရောဂါအတွက် အစား အသောက်အနေအထိုင်အပြုအမူအရ ဆောင်ရန်များမှာ ဝမ်းမီးတောက်ပြီး အစာကြေရန်အစားများ၊ ဆီးဝမ်းလေ မှန်သောအစာများ ပူ၊ ခါး၊ စပ်အရသာ ရှိသောအစားများ များများစားပေးရပါ မည်။ အညာကုက္ကိုရွက်၊ ခံတက်ရွက်၊ ဥသျှစ်သီး၊ ဥသျှစ်ရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ပိုးစာရွက်၊ ကြောင်ပန်း ရွက်၊ ကြိတ်မန်ရွက်၊ ကြောင်လျှာပွင့်၊ ကြောင်လျှာသီး၊ ငရုံပတူရွက်၊ ဆိတ် သား၊ ကြက်သား၊ အကြေးခွံပါသောငါး၊ ငါးကြင်းတို့ကို စားသုံးရမည်။ သင့်တင့် လျောက်ပတ်သော ကိုယ်လက်လှုပ်ရှား မှုများပြုလုပ်ရမည်။ လမ်းလျှောက်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းများ၊ ယောဂ ကျင့်စဉ်များကို ပြုလုပ်ပေးရမည်။

ရှောင်ကြဉ်ရန်များကတော့ အေး၊ ချို၊ ဆိမ့် အဆီများ လွန်ကဲစွာစားသုံး ခြင်းကို ရှောင်ကြဉ်ရပါမည်။ ချိုသော အသီးများ၊ ဖျော်ရည်၊ သကြား၊ ထန်း လျက်များနှင့်ပြုလုပ်သော မုန့်ပဲသရေ စာများ၊ ထမင်းလွန်ကဲစွာစားခြင်း၊ လက် ဖက်ရည်၊ ကော်ဖီ၊ အချိုမှုန့်၊ ဟင်းခတ် မှုန့်၊ မျှစ်၊ မှို၊ တညင်းသီး၊ လက်လုပ်ချဉ်၊ ကလီစာများ၊ ဝက်သား၊ ဘဲသား၊ ငန်း သား၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်များကို လွန်ကဲစွာစားသောက်ခြင်းမှ ရှောင်ကြဉ် ရပါမည်။

၎င်းအပြင် ဆီးချိုရောဂါနှင့်ပတ် သက်သော အထောက်အကူပြု ကုထုံး များဖြစ်သော ဆင်တုံးမန္ဒယ်ပြုတ်ရည်၊ ဖေဒါရွက်ပြုတ်ရည်၊ သဘော်မည်ကြီးရွက် ပြုတ်ရည်၊ ရှမ်းဆေးခါးပြုတ်ရည်၊ နနွင်း ခါးပြုတ်ရည်၊ သင်္ကြားမကိုင်ပြုတ်ရည်၊ ကြက်ဟင်းခါးသီး သတ္တုရည်/ပြုတ်ရည် တို့ကို အကြမ်းပန်းကန် (၁) လုံးစာ တစ်နေ့ (၁) ကြိမ် သောက်နိုင်ပါသည်။ ဆီးချိုသမားများသည် နှလုံးအားနည်း တတ်ပါသည်။ နှလုံးအားရှိပြီး အိပ်ပျော် စေရန် အဘိညာဉ်နှလုံးအားတိုးဆေး လက်ဖက်ရည်ဇွန်းတစ်ဝက်ကို ညအိပ်ရာ ဝင်တွင် ရေအေးဖြင့်သောက်နိုင်ပါသည်။

ဆီးသွားကောင်းရန်အတွက်နှင့် ကျောက်ကပ်လုပ်ငန်းကောင်းမွန်စေရန် အတွက် ဆေးအမှတ် (၂၀) ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်း (၁) ဇွန်းကို သံပရာ ရည်နှင့်သောက်နိုင်ပါသည်။

ဆီးချိုရောဂါ၏ ရှေးအလား အလာများအရ ဆီးချိုရောဂါ ရှည်ကြာ လာပြီး လွန်စွာရေငတ်ခြင်း၊ ဝမ်းချုပ် ခြင်း၊ ကြွက်တက်ခြင်း၊ မျက်စိကြည့် မကောင်းခြင်း၊ မှုန်ဝါးခြင်း၊ အင်အား ချည့်နဲ့ခြင်း၊ အသက်ရှူမဝခြင်း၊ သက်ပြင်း ချသကဲ့သို့ရှူခြင်း၊ မောခြင်း၊ သွေးခုန်နှုန်း မြန်ပြီး အားပျော့ခြင်း၊ သွေးဖိအားကျ ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်တတ်ပါ သည်။ ၎င်းအခြေအနေများသည် သွေး တွင်းသကြားဓာတ်ကျခြင်း၊ တက်ခြင်း များဖြစ်သော အခြေအနေရောက်သော အခါတွင် ဖြစ်တတ်ပါသည်။ ထိုအခါ အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ ကုသစေရပါမည်။

ဒေါ်နေနေနိုင်ရွှေ
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com




**□ မကြောက်တတ်သူ**

လောကမှာ ဘယ်လိုခြောက်ခြောက် တို့မကြောက်ဆိုပြီး စိတ်ဓာတ်ကို ကောင်းကင်မှာမောင်းတင်ထားသူတွေ အများအပြားရှိကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်မကြောက်တတ်ဘူးလို့လည်း ယုံကြည်ထားကြပါတယ်။

သို့သော်လည်း ပရလောကသားလို့ခေါ်တဲ့ သရဲတစ္ဆေတွေက တကယ်ခြောက်ရင် အဟုတ်ကြောက်သွားကြတဲ့သူတွေ အများအပြားရှိခဲ့ကြပါတယ်။ သူတို့ကြောက်ပြီဆိုမှ ဆေးမရှိအောင်ကိုကြောက်ကြတာ။

လူဆိုတာ အမျိုးမျိုးရှိတယ်။အချို့က လူလူချင်းမကြောက်ဘူး။ သရဲတစ္ဆေကျတော့ သေမလောက်ကြောက်ကြတယ်။ အချို့ကျပြန်တော့လည်း လူလူချင်းသာကြောက်တာ သရဲတစ္ဆေလုံးဝမကြောက်တတ်သူလည်းရှိတယ်။ အချို့ကျတော့ လူရော သရဲတစ္ဆေပါကြောက်တယ်။ အချို့ကျတော့ လူလူချင်းလည်း လုံးဝမကြောက်တတ်သလို သရဲတစ္ဆေဆိုတာကိုလည်း ထည့်မတွက်ကြတဲ့လူတွေရှိတယ်။ သို့သော်လည်း လူရော သရဲတစ္ဆေပါ လုံးဝမကြောက်တတ်တဲ့လူဆိုတာတော့ ရှိတော့ရှိတယ်၊ ရှားတယ်လို့ ဆိုရမှာပါပဲ။

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့သား ကိုခင်စိုးဟာ သူ့အဒေါ်ရှိရာ မိုးကုတ်ကျောက်ဖျာမှာ ကျောက်တွင်းလာလုပ်တော့ ကျွန်တော်နဲ့အလွန်ရင်းနှီးတယ်။ သူ့ကျတော့ လူလူချင်းလုံးဝမကြောက်တတ်ဘဲ ရိုက်မယ်နှက်မယ်တကဲကဲပဲ။ ဒါပေမယ့် သရဲတစ္ဆေကြောက်ချက်ကတော့ ကမ်းကုန်တယ်။ သူ့လောက်ကြောက်တတ်တာ မမြင်ဖူးဘူး။

မိုးကုတ်-မန္တလေးကားလမ်းဘေးမှာ စခန်းကြီးနဲ့ သစ်ဆိမ့်ကုန်းဆိုတဲ့ ရွာနှစ်ရွာအကြား တောင်ကုန်းမို့မို့ပေါ်မှာ တန်ခိုးကြီးစေတီတော်ဘုရားရှိတယ်။ အဲဒီစေတီတော်ဘုရားကုန်းပေါ်မှာက ပရလောကသားတွေ ဝတ်ရုံတဖွေးဖွေးနဲ့ ညမှာသွားလာလှုပ်ရှားနေတာတွေ မကြာမကြာပဲ တွေ့ရတတ်ပါတယ်။ ကျွန်တော့်အဖို့ အဆန်းတကြယ်မဟုတ်ပါဘူး။ ငယ်ငယ်က အဲဒီကုန်းပေါ်မှာ ညဆို ပုတီးသွားစိပ်နေကျမို့ပါ။

တစ်ညမှာ အဲဒီဖြူဖြူအကောင်တွေကိုမြင်ဖူးချင်တဲ့ ကိုခင်စိုးဟာ ဦးကုလားနဲ့အတူ ကျွန်တော်နဲ့လိုက်ခဲ့ပါတယ်။ ဘယ်လောက်ကြောက်လဲဆိုရင် ဦးကုလားရဲ့ပုဆိုးကို အသေလိမ်ကျစ်ဆုပ်ကိုင်ထားခြင်းပါပဲ။ လုံးဝကိုမလွှတ်တာပါ။ ဒါပေမယ့် အဲဒီညမှာ ဖြူဖြူအကောင်တွေ လုံးဝမမြင်ခဲ့ရပါဘူး။

ကျွန်တော်တို့ကျောက်ဖျာနဲ့စေတီတော်ကုန်းဟာ နာရီဝက်လောက် တောလမ်းခရီးကိုဖြတ်ကျော်ပြီးမှ ရောက်တာပါ။ ကျွန်တော် ပုတီးစိပ်ပြီးပြန်တော့ ညမို့ လမ်းဟာ မည်းမှောင်နေပါတယ်။ ဓာတ်မီးကိုယ်စီအားပြုသွားရတာပါ။အဲဒီမှာ ဦးကုလားက ကျွန်တော့်ကို လက်တို့ပါတယ်။ ကိုခင်စိုးကိုစ,ရအောင်ဆိုတဲ့ သဘောပါပဲ။ ကြောက်တတ်သူကို ခြောက်ချင်ကြတာပါ။

"အောင်မလေး"

လို့ ရုတ်တရက် အော်လိုက်ပြီး ဦးကုလားက ရှေ့ကနေပြေးတဲ့အခါ ကျွန်တော်ကပါ လိုက်ပြေးပါတယ်။ အဲဒီမှာ ကိုခင်စိုးလန့်ပြီး လမ်းပေါ်မှာ တွေတွေကြီးရပ်ပြီး -

"ဟော့လူတွေ ကျုပ်ကိုစောင့်ကြဦးလေ"

လို့အော်မှ ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ပြီး ကိုခင်စိုးနား ပြန်လာကြပါတယ်။

အဲဒီမှာ ဦးကုလားက -

"မင်းကကြောက်တတ်လွန်းလို့ သက်သက်ခြောက်တာပါ ခင်စိုးရာ ဟဲ. . . ဟဲ. . . ဟဲ"


ဆိုပြီး ပြန်ချော့ပါတယ်။

အဲဒီမှာ ကိုခင်စိုး ရှုံ့ရှုံ့ရှဲ့ရှဲ့ အရမ်းစိတ်တိုတော့တာပါ။ ဟုတ်ပါတယ်။ ကြောက်တတ်သူကိုခြောက်ရင် အကြောက်လွန်ပြီး သေသွားတတ်ပါတယ်။ အခုလည်း သူ့ထက်အကြီးတွေ သူလေးစားသူတွေမို့သာသည်းခံတာပါ။ ကျန်တဲ့လူဆိုရင်တော့ ဆွဲထိုးမှာသေချာပါတယ်။ ဒါက လူလူချင်းမကြောက်ပေမယ့်သရဲတစ္ဆေကျတော့ အလွန်ကြောက်တတ်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်စိုးက ကျောက်ဖျာသူ ...ိန်းတင်နဲ့ အိမ်ထောင်ကျပါတယ်။ ...ရှေ့ညတာ အခင်းကြီးအခင်းငယ် ...ချင်ရင် မိန်းမကိုနိုးပြီး လိုက်စောင့် ...လေ့ရှိတယ်။ ရွာမှာ အသုဘရှိလို့က ...ာ့ ပိုဆိုးတယ်။ ဒီအထိကြောက်တတ် ...။ ခုချိန်မှာ ကျောက်တံခါးမှာပဲ ...းသမီးမြေးတွေနဲ့ နေထိုင်ပါတယ်။ ...တွေ့ရတာ နှစ်ပေါင်းများစွာ ကြာပါပြီ။ ...ချိန်မှာ အကြောက်နည်းနည်းလျော့ ...းပြီလား မပြောတတ်ပါဘူး။

လူရော သရဲတစ္ဆေကိုပါ လုံးဝ ...ကြောက်တတ်သူတစ်ဦးတွေ့ဖူးတယ်။ ...တ မကွေးတိုင်းဒေသကြီး ပခုက္ကူ ...ိုင် မြိုင်မြို့နယ် ဂျုတ်ကုန်းရွာက ဦးထွန်းကြိုင်ပါ။

**▫ ဦးထွန်းကြိုင်**

ဦးထွန်းကြိုင်ဟာ ကျွန်တော့်ထက် ဆယ်နှစ်လောက်ကြီးပါတယ်။ အညာသားပီပီသသ အသားမဖြူမညို၊ မျက်နှာလေးထောင့်၊ အရပ်အမောင်းမြင့်မြင့်၊ တောင့်တင်းတဲ့ခန္ဓာကိုယ်နဲ့ အားကောင်းမောင်းသန်လူတစ်ယောက်ပါ။ ဆိုရရင်တော့ လူညိုထွားတစ်ဦးပါပဲ။


သူက စစ်ဦးထုပ်စိမ်းစိမ်းကို အမြဲဆောင်းထားတတ်တယ်။ လွယ်အိတ်တစ်လုံးလည်း အမြဲလွယ်ထားတယ်။ အဲဒီလွယ်အိတ်ထဲမှာ သက်တော်စောင့်ဓားမြှောင်နဲ့ ဆေးပေါ့လိပ်၊ မီးခြစ်သာ အမြဲပါလေ့ရှိပါတယ်။ ပုဆိုးကို ခပ်တိုတို ဝတ်တယ်။

စကားပြောရင် နှစ်လိုဖွယ်ရယ်ရယ်မောမော နောက်နောက်ပြောင်ပြောင်ပြောတတ်ပြီး အထက်သွားစွယ်နှစ်ခုက သွားပန်းကုံးကနေ ရှေ့နည်းနည်းပြူထွက်နေတော့ ထင်ပေါ်တဲ့ ဝိသေသလေးရှိတယ်။

တောမလေ့ ပုံတိုပတ်စလေးတွေလည်း ရယ်မောဖွယ်ပြောပြတတ်သလို သူ့အပေါင်းအသင်း၊ ပတ်ဝန်းကျင်ကလူတွေအကြောင်းကိုလည်း နားထောင်ကောင်းအောင် ဖွဲ့နွဲ့ပြောဆိုလေ့ရှိတယ်။

သူ့ပုံမှန်ကျက်စားတာက မိုးကုတ်ချောင်းကြီးဒေသ ဖြစ်ပါတယ်။ ချောင်းကြီး၊ ရှမ်းကုန်းစုံ၊ လီရှောကုန်းစုံ၊ ပြောင်ခေါင်း၊ ပန်လင်၊ ဘားနဒ် စတဲ့ရွာတွေမှာ မှီခိုပြီး ကျောက်တွင်းအလုပ်လုပ်သူပါ။ အဲဒီဝန်းကျင်တွေမှာ သူက မိုက်ဂုဏ်နဲ့ကျော်ကြားတာကြောင့် ဘယ်သူကမှ သူ့ကို မစော်ကားရဲပါဘူး။ သူကလည်း အလွန်ကိုအနေမှန်သူတစ်ယောက်ပါ။ နိုင့်ထက်စီးနင်းပြုလုပ်တာမျိုးမရှိပါဘူး။ အနေမှန်တာတစ်မျိုး၊ မတရားတာတွေ့ရင် ပါးစပ်ကမပြောဘဲ လက်ကအရင်ရောက်တတ်တာတစ်မျိုးကြောင့် လူတိုင်းက ရွံ့နေကြခြင်းပါပဲ။ လက်ရဲဇက်ရဲလုပ်တတ်တော့ အဲဒီဝန်းကျင်မှာ လူမိုက်လို့ ခေါ်နေကြခြင်းပါ။

ပြီးတော့ လီရှောအရက်သောက်တိုင်း သူကဘာရိတ်ရှိပါတယ်။ ရုပ်ပျက်ဆင်းပျက်မှောက်နေအောင်သောက်တာမျိုးလုံးဝမရှိဘူး။ ဆိုရရင်တော့ သတိကိုလုံးဝအလွတ်မခံတာပါ။ နည်းနည်းယိုင်





www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုရင် အဲဒါ သူ့အတွက် ဒီဂရီဂိတ်ဆုံးပါပဲ။ လူကောင်က ကြီးမားတောင့်တင်းတာကြောင့် ခံနိုင်ရည်ရှိတာလည်းပါဟန်ရှိတယ်။

သူက မိုးကုတ်ပတ္တမြားမြေမှာ ကျင်လည်ကျက်စားတာ ကျွန်တော့်ထက်စောတယ်။ အမှန်တော့ ကျွန်တော်နေတဲ့ကျောက်ဖျာက ဆရာချို့နဲ့နွယ်ပြီး မိုးကုတ်ကိုရောက်လာခြင်းပါ။ ဆရာချိုက ဂျုတ်ကုန်းသားပါ။ အဲဒီတော့ ကျောက်ဖျာကို ကျွန်တော်မရောက်မီကတည်းက ဦးထွန်းကြိုင်က ကျောက်ဖျာမှာနေဖူးတယ်။ဒီတော့ သူက စီနီယာကျပါတယ်။ ကျွန်တော်နေတဲ့ ကိုကျော်တင်ရဲ့အိမ်မှာလည်းနေဖူးတယ်။သူနေဖူးသမျှအိမ်တွေမှာ ကိုကျော်တင်ရဲ့အိမ်တစ်အိမ်သာ ပြည့်ပြည့်ဝဝ စိတ်ချမ်းသာရပါကြောင်း မကြာခဏပြောပြလေ့ရှိတယ်။ ဖွားငြိမ်းနဲ့ သားဖြစ်သူ ကိုကျော်တင်ဆိုတာက ပြောစရာတစ်စက်လေးမှမရှိအောင် နှလုံးစိတ်ဝမ်းအေးချမ်းကြသူတွေပါ။ လူတိုင်းက လေးစားချစ်ခင်ကြတဲ့လူများဖြစ်ကြပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော် ကိုကျော်တင်ရဲ့အိမ်အောက်ထပ်မှာ တွင်းသားတွေနဲ့ နှစ်ပေါင်းများစွာ နေထိုင်နိုင်တာပါ။

ကျွန်တော်ကျောက်ဖျာရောက်စမှာ ဆရာချိုအိမ်မှာနေတော့ ဦးထွန်းကြိုင် ချောင်းကြီးဘက်ကနေ မကြာမကြာလာလည်တတ်တာမို့ သိနေတာတော့ အတော်ကြာပါပြီ။ ၁၉၇၄ ခု၊ သီတင်းကျွတ် ဖောက်တွင်းရာသီမှာ ချောင်းကြီး၊ လီရှောကုန်းစံမှာ ဖောက်တွင်းကျင်းဆရာလိုတယ်ဆိုတာကြောင့် ကျွန်တော်လိုက်သွားပြီး အတူတူနေထိုင်လုပ်ကိုင်ခဲ့ခြင်းပါ။

အဲဒီအခါမှာ တောထဲ တဲထိုးပြီးနေကြတော့ကာ အလုပ်အားချိန်နားချိန်လေးတွေမှာ ရယ်စရာမောစရာပုံပြင်လေးတွေပဲ အမြဲပြောလေ့ရှိတယ်။ မိမိမကြောက်တတ်ကြောင်း၊ မိုက်ကြောင်းကိုယ်ရည်သွေးစကားဆိုလို့ ယောင်လို့တောင်မှတစ်လုံးမဟာခဲ့ပါဘူး။ ကျွန်တော့်ကို ဘိုစိုး၊ ဘိုစိုးနဲ့ အရမ်းလေးစားပြီး အရမ်းချစ်တာပါ။ ကျွန်တော်က ဦးဆောင်နေတဲ့သူပေကိုး။

သူတို့ချောင်းကြီးဒေသမှာ ဖောက်တွင်းမလေ့မရှိဘဲ မျှောတိုက်မလေ့သာရှိတော့ကာ ဦးထွန်းကြိုင်ဟာ ဖောက်တွင်းလုံးဝနားမလည်ပါဘူး။ အဲဒီတော့ သူက သစ်ခုတ်၊ ဝါးခုတ်၊ မြက်ခုတ်လိုအပ်တာတွေသာ ဖြည့်ဆည်းပေးနိုင်ပါတယ်။

ဒီလိုနဲ့ ချောင်းကြီးဒေသမှာ ဦးထွန်းကြိုင်နဲ့ ရှစ်လအတူတူနေခဲ့ရပါတယ်။ အဲဒီလိုနေစဉ်အတွင်းမှာ တောထဲတွင်းကနေ အတန်ငယ်ဝေးတဲ့လီရှောကုန်းစံကို ညအချိန်တွေမှာ မကြာမကြာ အကြောက်အလန့်ကင်းစွာ သွားလည်တတ်တာတွေ့ရပါတယ်။ ဘယ်ကိုသွားသွားလွယ်အိတ်ပါတယ်။ တောထဲသစ်ခုတ်၊ ဝါးခုတ်သွားရင်တော့ ခါးမှာ ဓားမကြီးထိုးထားလေ့ရှိတယ်။ လူနဲ့လက်နက်လုံးဝအပြတ်မခံဘဲ သတိကြီးစွာနေတတ်တာကလည်း သူ့ရဲ့ဝါသနာလို့ဆိုရင်ရပါတယ်။ စော်ကားလိုသူရှိရင်တော့ အဟန့်အတားရှိတာပေါ့လေ။

ပထမတော့ အမှတ်တမဲ့ပါ။ နောက်တော့မှ လူလူချင်းလုံးဝမကြောက်တတ်တာကို မြင်တွေ့ရခြင်းပါ။ လီရှောကုန်းစံရဲ့ မြိုင်ကြီးရပ်ကွက်မှာ ကျွန်တော်တို့ ဖောက်တွင်းလုပ်ကြခြင်းပါ။ တစ်ရပ်ကွက်လုံး ရေကိုအားပြုပြီး မျှောတိုက်ကြတဲ့မျှောတွင်းတွေချည်းပါပဲ။ ဖောက်တွင်းဆိုတာ ကျွန်တော်တို့တစ်ဦးသာရှိတာပါ။ ဒီလိုနဲ့ ဖြုန်းတွေတောင်ပုံယာပုံရလာတဲ့အခါ အများသုံးတဲ့ လူးရေကြည်ထွက်ဦးမှာ ကျွန်တော်တို့က ရေမှုန်ခွေလိုက်ပါတယ်။

ကျွန်တော်တို့ဆေးရင် ရေမြီးက ချောက်ထဲကျသွားမှာမို့ ဘယ်သူမှ ရေမရကြတော့ပါဘူး။ ကျွန်တော်တို့ ရေမှုန်ခွေနေတော့ လီရှောတွေ အုပ်စုနဲ့လာပြီး -

"ဟော့ကောင်တွေ၊ မင်းတို့ မနက်စောစောဆေးနော်။ နေ့လယ်မှာ ငါတို့မျှောတိုက်မှာ"

လို့ လာပြောပါတယ်။

ကျွန်တော်တို့က ဘာမှပြန်ပြောမနေဘဲ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပါ။ ရေမှုန်ဆိုတာ ကျောက်ပြားတွေနဲ့ ခွေရတာပါ။ ဒီလိုအတတ်တွေဆိုတာ ကျွန်တော်ပဲတတ်တော့ကာ သူတို့က ခဲပြားတွေအဝေးကရှာပြီး သယ်ယူပေးနေရတာပါ။

ရေမှုန်ပြီးတာနဲ့ တောင်ပုံယာပုံ ဖြုန်းတွေကို အိတ်တွေနဲ့သယ်ထည့်ပြီး ဆေးကြတော့တာပါပဲ။ ကျွန်တော်နဲ့ ထွန်းဝေက မွှေပေးတယ်။ ဦးထွန်းကြိုင်ကိုတော့ စလုတ်ထိုင်ခိုင်းထားတာပါ။ သူက အောက်ကစလုတ်မှာထိုင်ပြီး စကားခေါက်ပါတယ်။ ဆေးတာမှ တစ်နေကုန်တစ်မုန်ပြီးတစ်မုန်ဆေးနေကြတာပါ။ မျှောတိုက်တဲ့တွင်းတွေ ရေလုံးဝမရကြတော့ပါဘူး။ သို့သော် ဦးထွန်းကြိုင်အဟန့်ကြောင့်ထင်ရဲ့ တစ်ဦးမှလာမပြောရဲကြပါဘူး။

မျှောသမားတွေကြာတော့ တောင့်မခံနိုင်တော့ဘဲ လူတွေစုပြီး လက်နက်ကိုယ်စီနဲ့ ကျွန်တော်တို့ရေမှုန်ဆီချီတက်လာကြပါတော့တယ်။ သူတို့မှာ ပေါက်ပြားတွေ၊ သံချောင်းတွေ၊ ဓားတွေ တုတ်တွေကိုယ်စီပါလာကြတယ်။ လူကအောကဘက်ကမျှောသမားတွေစုပြီးလာကြတော့ ကျွန်တော့်အထင် လူနှစ်ဆယ်နီးနီးရှိမယ်ထင်ပါတယ်။ တစ်အုပ်ကြီးပါ။

ရေမှုန်ထဲက ပေါက်ပြားကိုယ်စီနဲ့ ကျွန်တော်နဲ့ ထွန်းဝေက မြင်နေကြရတယ်။ ကျောပေးပြီး ဇကာခေါက်နေတဲ့ ဦးထွန်းကြိုင်က မမြင်ရပါဘူး။ အဲဒီမှာ ထွန်းဝေက ဦးထွန်းကြိုင်ကို သတိပေးပါတယ်။ ဦးထွန်းကြိုင်ကတော့ ဆေးပေါ့လိပ် ပါးစပ်မှာခဲပြီး ဣန္ဒြေမပျက် စကာခေါက်လျက်ပါပဲ။ သွားလေရာဓားပါတဲ့ ဦးထွန်းကြိုင်ဟာ ဓားမကော့ကြီး ခါးမှာထိုးထားလေတော့ စကာခေါက်နေစဉ်ဓားမကြီးက တလှုပ်လှုပ်နဲ့ပါပဲ။ အဲဒီမှာ လူတွေက ဦးထွန်းကြိုင်ကို ဝိုင်းထားလိုက်ကြပါတယ်။

## ▫ မကြောက်တတ်သူနဲ့ ကြောက်တတ်သူများ

တက်လာကြတဲ့လူတွေဆိုတာ အ… ကြီးအိုမ တစ်ယောက်မှမပါဘူး။ အရွယ်… ကောင်းတွေ၊ အားကောင်းမောင်းသန်… လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်တွေ။ သူတို့တွေ… ရဲ့ခံစားနေရတဲ့ ဒေါသရဲ့အရိပ်တွေက… သူတို့ကိုယ်စီရဲ့မျက်နှာတွေမှာ ထင်ဟပ်… နေတယ်။ ပါလာတဲ့လက်နက်တွေက… ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြ… တယ်။ အားလုံး ကောင်းကင်ကိုမော့… တင်ထားကြတဲ့လူတွေချည်းပါပဲ။

ကျွန်တော်နဲ့ ထွန်းဝေကလည်း… ပေါက်ပြားကို အသင့်အနေအထား… ဆုပ်ကိုင်ထားကာ သတိကြီးစွာထား… လိုက်ကြပါတယ်။ အနေအထား… ကျွန်တော်တို့နှစ်ယောက်က ရေမှုန်… ကဆိုတော့ အပေါ်စီးအနေအထား… ပါတော့။ တင်းမာလာကြတဲ့သူတို့… အုပ်စုအားကိုးနဲ့ မလုပ်ဘူးလို့မဆိုနိုင်… ဘူး။ဒါဆိုရင် အခြေအနေနဲ့ အချိန်အ… အရ မလွဲမသွေလက်ဦးအောင် … ပြားနဲ့ခုတ်ကြရမှာပါ။ ပေါက်ပြားပိတ်…



www.burmeseclassic.com

www.burmeseclassic.com

...ချက်ကောင်းမိရင် တစ်ချက်တည်း ...စ္စပြတ်နိုင်တဲ့လက်နက်ပါ။

သူတို့က ဝိုင်းလိုက်ကြပေမယ့် ...ကြိုင်ကတော့ သူတို့ကိုငဲ့စောင်း ...မကြည့်ဘဲ ကျနေ့ရရ စကားခေါက် ...ပါပဲ။ အဲဒီအပြန့်ကြောင့်ထင်ရဲ့ ...တရက် ...မှမပြောရဲဘဲရှိနေပုံရပါ ...။ ခဏနေမှ ခေါင်းဆောင်လို့ထင်ရ ...သူက -

"ဟေ့ကောင်တွေ၊ မင်းတို့ မနက် ... ဘာလုပ်နေလဲ"

လို့ မောက်မောက်မာမာငေါက် ...မေးပါတယ်။

အဲဒီလိုမေးတော့ ဦးထွန်းကြိုင်က ...တို့ မော့ကိုမကြည့်ဘဲ စကားခေါက် ...ခေါက်နေတာပါ။ ကျွန်တော်တို့က ... အသင့်အနေအထားနဲ့ ရေမှုန်ထဲ ...စောင့်နေကြတာပါ။ သူတို့လက်ပါ ...ရင် လက်မြှောက်လိုက်တာနဲ့ ပေါက် ...ခွဲတတ်ဖို့ အသင့်အနေအထားပါ။ ...ပြားကို ဘယ်ညာဆုပ်ကိုင်ထား ...ပါတယ်။ ပထမတစ်ခါမေးတော့ ...မလုပ်တာနဲ့ ဒုတိယအကြိမ် ...ပြန်ပါတယ်။

"ဟေ့ကောင်တွေ မင်းတို့မနက်က ...လုပ်နေတာလဲ"

အဲဒီမှာ ဦးထွန်းကြိုက်ဟာ ပါးစပ် ...ဆေးပေါ့လိပ်ကို ဖွဲ့ခနဲထွေးလိုက် ...

"အိပ်နေတာပေါ့ကွ၊ ဘာလဲ မင်း ... ဘာကောင်တွေလဲ၊ (---) တွေ ...သေသွားချင်တယ်ထင်တယ်"

လို့ ကြိမ်းမောင်းပြီး ဆတ်ခနဲထ ... ခါးကမားမကြီးကိုဆတ်ခနဲဆွဲနုတ် ...ပါတယ်။ အဲဒီမှာပဲ တက်လာကြ ...တွေအားလုံး တညီတညွတ်တည်း ...သောပါး အောက်ဘက်ကို အလုံ ...တ်ပြန်ပြေးဆင်းကုန်ကြတော့တာ ...လိုက်တဲ့ဖြစ်ခြင်းပါပဲ။ခဏအတွင်း ...ပြန်ရှင်းသွားပါတယ်။

ဦးထွန်းကြိုင်ကတော့ ဘာမှမဖြစ် ... ဆေးလိပ်တစ်လိပ်မီးညှိကာ ...ရင်း စကာပြန်ခေါက်နေပါတယ်။ ...တယ်လည်းမပြောဘူး၊ ဆိုးတယ် ...မပြောဘူး။ ဘာမှမဖြစ်ခဲ့သလို ...တည်ငြိမ်ငြိမ်နဲ့ပါပဲ။ ဖြစ်ခဲ့တဲ့ကိစ္စ ...ခေါင်းထဲကိုမထည့်တာပါ။

ကျွန်တော်တို့ကြောင့် သူတို့အား ... အလုပ်ပျက်နေကြတာ အမှန်ပါ။ ...လောဘကြီးတာကြောင့် ထွက် ...ရကို အကုန်လုံးယူထားတဲ့အခါ သူတို့မျှောတိုက်ဖို့မရှိတော့ပါဘူး။ မျှောဆိုတာ တစ်ဦးရဲ့ရေမြီးကို တစ်ဦးကကိုင်ရတာမို့ ဒီရေကိုမျှောများစွာလုပ်ကိုင်လို့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့က ရေထွက်ဦးမှာ ရေမှုန်ခွေပြီး ဆေးကြတော့ကာ ရေမြီးလမ်းမတည့်တာကြောင့် ဘယ်သူမှသုံးမရတဲ့ အခြေအနေဆိုပါတော့။ တရားတာ၊ မတရားတာအပထားတင်ထားတဲ့ဖြုန်းပုံကြီးတုန်အောင်ဆေးဖို့ကလာ အဓိကပါ။ ဒီဖြုန်းကုန်ရင် ကျွန်တော်တို့က ပြန်ကြတော့မှာလေ။ ကျွန်တော်တို့က ဧည့်သည်တွေမဟုတ်လား။ ဒီလီရှောကုန်းစံဝန်းကျင်မှာ ဗမာဆိုလို့ ကျွန်တော်တို့သုံးဦးသာရှိတာပါ။ သူတို့ဆီက တွင်းသားအများစုဟာ တရုတ်ပြည်ကအိုးတွေထမ်းရောင်းရင်းရောက်လာကြတဲ့ တရုတ်အများစုပါပဲ။ သူတို့ဟာ မြန်မာစကားတစ်လုံးမှမတတ်ကြပါဘူး။ တရုတ်တွေ၊ လီရှောတွေသုံးတဲ့ သတ္တုကိုင်းတပ်ထမင်းအိုးတွေ တစ်ရွာဝင်တစ်ရွာထွက်ထမ်းရောင်းရင်းက ရောက်လာကြသူတွေဖြစ်ပြီးတော့ လီရှောအမည်ခံကာ နေထိုင်ကြခြင်းပါ။ လီရှောဆိုတာ တရုတ်မျိုးနွယ်စုမှာလည်း ရှိနေပါတယ်။ ဗမာတွင်းသားဆိုလို့ ဝင်းမြင့်လို့ခေါ်တဲ့ တွင်းသားတစ်ဦး ခေတ္တနေသွားတာ ကြုံဖူးပါတယ်။ ကျွန်တော်တို့က တောထဲမှာ တဲထိုးပြီးနေကြတာပါ။

နှစ်ဆယ်လောက်ရှိတဲ့ လူစုကို တစ်ချက်ကြိမ်းဝါးလိုက်တာနဲ့ အားလုံးထွက်ပြေးကုန်တာတွေ့ရမှ ချောင်းကြီးဒေသမှာ ဦးထွန်းကြိုင် ဘယ်လောက်နာမည်ကြီးတယ်ဆိုတာ သိရပါတော့တယ်။

ပြီးတော့ သူ့သတ္တိပါ။ ကြောက်တယ်ဆိုတာ ဘာပါလိမ့်ဆိုတဲ့ လူစားမျိုးပါပဲ။ ကြောက်မွေးပါ ဇာဂနာနဲ့နတ်ပစ်မယ်ဆိုတာ ဒါမျိုးလူစစ်စစ်ပါ။ ဦးထွန်းကြိုင်ဟာ သူ့ကိုယ်သူ ကိုယ်ရည်သွေးစကားတစ်လုံးမှမဟာပါဘူး။ ဘယ်သူ့ကိုဘယ်လိုတွယ်လိုက်တာဆိုတာမျိုးလည်း ယောင်လို့တောင်မှ မပြောဘူး။ အားရင် သူနဲ့ကျွန်တော် ရယ်စရာမောစရာလေးတွေပဲပြောပြီး ပျော်နေကြတာပါ။ မကြောက်တတ်ဘူးဆိုတဲ့စကား သူနဲ့အတူနေခဲ့သမျှ တစ်လုံးတစ်ပါဒမှမကြားခဲ့ဖူးပါဘူး။

ကျွန်တော်ကိုယ်တွေ့ကြုံခဲ့တာက လူလူချင်းလုံးဝမကြောက်တတ်တာပါ။ ပရလောကလို့ခေါ်တဲ့ သရဲတစ္ဆေမကြောက်တတ်တဲ့အကြောင်းကိုတော့ ကျောက်ဖျာမှာ အတူတူနေနေကြတဲ့ ဂျုတ်ကုန်းသားများဖြစ်တဲ့ ကိုထွန်းဝေ၊ ကိုထွန်းဆန်း စတဲ့ ညီအစ်ကိုတွေက ပြောပြလို့ သိရခြင်းပါ။

ဦးထွန်းကြိုင်ရဲ့မိန်းမက မခင်ယုလို့ခေါ်ပါတယ်။ ရှားပါးတဲ့နာမည်မျိုးပါပဲ။ ခင်ယုဆိုတာမှည့်ခဲပါတယ်။ မခင်ယုမှာ မောင်တစ်ယောက်ရှိပါတယ်။ သူ့အိမ်ထောင်နဲ့သူ ဂျုတ်ကုန်းမှာပဲနေကြတာပါ။ အဲဒီတုန်းက ဦးထွန်းကြိုင်လည်း ထန်းတက်တဲ့အလုပ်ကို လုပ်ကိုင်နေချိန်ပါ။

## □ အချိန်တန်၍ ပြန်မရောက်သူ

"ကိုထွန်းကြိုင်"

"ဘာတုံး ခင်ယုရဲ"

"ကျုပ်မောင်ပြန်မရောက်သေးဘူးတဲ့တော်။ ဟောဒီမှာ အေးကြည်မက သူ့ယောကျ်ားပြန်မရောက်သေးလို့တဲ့၊ အဲဒါ ကိုထွန်းကြိုင် သူတို့ထန်းတောကို လိုက်ကြည့်ပေးစမ်းပါတဲ့"

"ဟဲ့ အေးကြည်မ၊ နင့်ယောကျ်ားအသောက်လွန်ပြီး တဲထဲမှာအိပ်ပျော်နေသလားမှမသိတာ"

"ဩော် - အစ်ကိုကြီးကလည်း၊ အစ်ကိုကြီးညီက မနက်စာမစားမီ တစ်ခွက်တစ်ဖလားသောက်တာကလွဲလို့ မသောက်တတ်ပါဘူး အစ်ကိုကြီးရဲ့။ ခုဆို ည ရှစ်နာရီတောင်ထိုးခါနီးနေပြီ။ အဲဒါ သူ တစ်ခုခုများဖြစ်နေသလားလို့ လိုက်ကြည့်ပေးပါဦး အစ်ကိုကြီးရယ်"

"အေးပါဟာ အေးပါ၊ ငါလိုက်ကြည့်ပေးပါ့မယ်"

လို့ပြောပြီး ဦးထွန်းကြိုင် ထန်းလှီးဓားနှင့်တွဲထားသော စစ်တပ်သုံးအီကွင်းမင်းခါးပတ်ပြားကြီးကိုကောက်ပတ်လိုက်ပါတယ်။ ထန်းတက်ရာမှာ ဒီခါးပတ်ကြီးက အလွန်တန်ဖိုးကြီးပါတယ်။ ခိုင်ခံ့တယ်၊ မြဲတယ်၊ ချပ်ချပ်ရပ်ရပ်ရှိတယ်။ ထန်းရည်အိုး ဘယ်လောက်ချိတ်ချိတ် ပြုတ်မှာပြတ်မှာမပါဘူး။ အလွန်ကို အသုံးတည့်တာပါ။ ဒီလို အီကွင်းမင်းစစ်ခါးပတ်ကို ထန်းတက်သမားတိုင်း မက်မောကြပါတယ်။

ထန်းတက်သမားတွေအားအထားရဆုံးက ထန်းလှီးဓားပါ။ ထန်းလှီးဓားကို တဆသနဲ့နေကြရတာပါ။ သင်တုန်းဓားပမာ ထက်မြက်ရပါတယ်။ ဒါမှ ထန်းနို့လှီးရာမှာ အဆင်ပြေပါတယ်။ နို့ချောင်းပိတ်သွားတဲ့ ထန်းနို့ချောင်းရဲ့ထိပ်ဖူးကို

www.burmeseclassic.com

စက္ကူလို ပါးပါးလေးလှီးပြီး နို့ချောင်းဖွင့်ကြရတာကြောင့် ထန်းလှီးဓားကို ထန်းသမားတိုင်း သွားလေရာ ဆောင်ယူတတ်ကြပါတယ်။

ပြီးတော့ ထန်းလှီးဓားဟာ အစဉ်သဖြင့် တောင်းကင်မှာလွယ်ရှားကြရတာကြောင့် ဓားပျံလို့လည်းခေါ်ကြပြန်ပါတယ်။ ဂမ္ဘီရဆန်တဲ့ဓားဖြစ်တာကြောင့် ဓားပျံနဲ့ထိုးရင် ဘာမှမခံနိုင်ဘူးလို့လည်း ဆိုကြပြန်ပါတယ်။

ဦးထွန်းကြိုင်အနေနဲ့ကတော့ သုံးဆယ်ကျော်လေးဆယ်ဝန်းကျင် အရွယ်ကောင်းဖြစ်တာကြောင့် ဖျတ်ဖျတ်လတ်လတ်ရှိနေတဲ့အရွယ်ပါ။ သုံးခဲထိုးဓာတ်မီးထိုးပြီး ယောက်ဖဖြစ်သူ ညွန့်မောင်တက်နေတဲ့ထန်းတောဘက်ဆီ ခပ်သုတ်သုတ်လာခဲ့ပါတယ်။ တစ်ကိုယ်လုံးမှာ ပုဆိုးတိုတိုတစ်ထည်သာ ဝတ်ထားတာပါ။ အပေါ်ပိုင်းဗလာဆိုပါတော့။ ပူပြင်းခြောက်သွေ့တဲ့အညာဒေသဆိုတော့ကာ ဒီလိုပဲ ယောက်ျား၊ မိန်းမ အရှက်လုံရုံသာ ဝတ်ထားကြတာထုံးစံပါ။

အညာဒေသဆိုတာ အဆိပ်ပြင်းတဲ့ မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေစတာတွေ အလွန်ပေါတာကြောင့် ညရေးညတာမှာ မျက်စိကို လျှင်လျှင်ထားနိုင်မှ တော်ရုံကျပါတယ်။ မြွေကိုက်လို့ သေရတယ်ဆိုတာ အဆန်းတကြယ်မဟုတ်ပါဘူး။ အဲဒါကြောင့် လူသွားလမ်းရဲ့အောက်ခြေကို မျက်ခြည်မပြတ် တရစပ်ကြည့်သွားနေရခြင်းပါ။

ညွန့်မောင်က အေးကြည်မအဖေရဲ့ထန်းတောတစ်ပိုင်းကိုတက်ရခြင်းပါ။ ထွက်သမျှထန်းရည်ကို ထန်းလျက်ချက်ဖို့ အေးကြည်မတို့အဖေရဲ့တဲကိုပို့ပေးရပါတယ်။သူ့ယောက္ခမကြီးက ဦးအောင်သိန်းတဲ့။ သဘောမနောကောင်းရှာပါတယ်။ ယာကွက်လည်း အတော်များများရှိတယ်။ မိုးရောက်လို့ ထန်းနားချိန်ဆိုရင် ညွန့်မောင်က ယာတွေမှာ မြေပဲတို့၊ ဝါတို့၊ နှမ်းတို့၊ ကုလားပဲတို့ ဆက်စိုက်ရပြန်တယ်။ မချမ်းသာပေမယ့်လည်း ညွန့်မောင်နဲ့ အေးကြည်မတို့က အဆင်ပြေပါတယ်။

မကြာလိုက်ပါဘူး။ မိနစ်နှစ်ဆယ်မျှသာလျှောက်လိုက်ရတယ်၊ ဦးအောင်သိန်းတို့ထန်းတောနားကို ရောက်လာပါတယ်။ ထန်းတောအုပ်အုပ်တွေလှမ်းမြင်နေရပါပြီ။

**□သရဲနဲ့နပန်းလုံးနေသူ**

ညွန့်မောင်တို့ထန်းတောရဲ့ဒီဘက်မှာ အရာကြီးတို့ထန်းတောရှိတယ်။ အရာကြီးဆိုတဲ့ကောင်က မရှိတော့ပေမယ့် အရာကြီးထန်းတောလို့ပဲ နာမည်ကျန်နေဆဲပါ။ အရာကြီး အသက် (၄၀) ဝန်းကျင်မှာ ထန်းပင်ပေါ်ကပြုတ်ကျပြီး သေသွားခဲ့တာ ကာလအတန်ကြာပါပြီ။ ထန်းသမား ထန်းပင်ပေါ်ကကျသေတာ အဆန်းမဟုတ်ပေမယ့် အရာကြီးဆိုတဲ့အကောင်က သူ့ထန်းတောမှာ သရဲဖြစ်နေတယ်လို့ နာမည်ကြီးတာကဆန်းပါတယ်။ ခြောက်လည်းခြောက်တယ်ဆိုကိုး။ အရာကြီးဆိုတာက ကုလားနဲ့တူလို့ အရာကြီးလို့ခေါ်ခြင်းပါ။

အခုတော့ သူ့သားမောင်ငွေက အမွေဆက်ခံပြီး ထန်းတက်နေလေရဲ့။ ဒါပေမယ့် ကြောက်တတ်တဲ့မောင်ငွေခမျာ ညမအိပ်ရဲရှာဘူး။ သူ့မိန်းမနဲ့အတူလာပြီး ညနေ နေဝင်ရီးရီဆို မဖြစ်မနေပြန်နေကျပါ။ ရတဲ့ထန်းရည်တွေကို အပင်ပန်းခံ အိမ်သယ်ပြီး ထန်းလျက်ချက်ပါတယ်။

ဦးထွန်းကြိုင် အရာကြီးတို့ထန်းတောရှေ့ရောက်တာနဲ့ ရှေ့မှာလှုပ်ရှားမှုအရိပ်နဲ့အသံတွေကြားနေရတာကြောင့် ဓာတ်မီးနဲ့ အသေအချာထိုးကြည့်လိုက်တယ်။ ညွန့်မောင်မှ ညွန့် မာင်အစစ်ပါ။

ညွန့်မောင်ဟာ လမ်းပေါ်မှာ တစ်ယောက်တည်း နပန်းလုံးနေတာပါပဲ။ ကာလအတန်ကြာလုံးထားဟန်ရှိတယ်။ . ညွန့်မောင်မောဟိုက်နေတဲ့ပုံသဏ္ဍာန်ကို မြင်ရပါတယ်။ အဲဒီမှာ ဦးထွန်းကြိုင်ဟာ ဒေါသနဲ့ပြေးသွားပြီး ညွန့်မောင်ကို ဆောင့်ဆွဲလိုက်ပါတယ်။ အဲဒီမှာ နပန်းပွဲရပ်တန့်သွားပါတယ်။

"ဟေ့ကောင် ဘာဖြစ်နေတာလဲ"

"ဟောဒီမှာ အရာကြီး ငါ့ကို နပန်းလုံးနေတာ"

"အောင်မာ- ဒီကောင်သေပြီးတာ တောင်မိုက်နေတုန်းပါလား။ဟေ့ကောင် အရာကြီး သတ္တိမရှိတဲ့ ငါ့ယောက်ဖကို လုပ်မနေနဲ့။ သတ္တိရှိရင် မင်းနဲ့ငါချမယ်။ နက်ဖြန်ည (၇) နာရီတိတိမှာ ငါလာခဲ့မယ်။ မင်းအသင့်စောင့်နေကြားလား ဟေ့ကောင်။ မင်းကွာ ထွန်းကြိုင်ဘာကောင်ဆိုတာသိသွားနဲ့ ငါ့ယောက်ဖကို လာလုပ်တော့ မင်း ငါ့နားရွက်ကိုတံတွေး ဆွတ်လိုက်တာပဲ။ မင်း ငါနဲ့တွေ့မယ်။ ရှောင်မနေနဲ့နော်ဟေ့ကောင်။ ရှောင်နေရင် မင်းရဲ့ထန်းတောအကုန်လှဲခုတ်ပစ်လိုက်မယ်။ ထွန်းကြိုင်ကွ၊ လာ-သွားမယ် ညွန့်မောင်"

ဦးထွန်းကြိုင်ဟာ ညွန့်မောင်ကို ရှေ့မှာထားပြီး ပြန်ခဲ့ပါတယ်။ မောဟိုက်နေတဲ့ညွန့်မောင်ဟာ အိမ်ရှေ့ကွပ်ပျစ်မှာ နှမ်းလျှစ်စွာဝင်ထိုင်ပါတယ်။

အဲဒီမှာ သူ့အစ်မ ခင်ယူက -

"နင့်ဟာဟယ် ဒီလောက်မိုးချုပ်ရအောင် ဘာအလုပ်များအရေးကြီးနေလို့လဲ။ ငါတို့မှာဖြင့် နင်မလာနိုင်တာနဲ့ ကိုထွန်းကြိုင်ကိုအကြိုလွှတ်လိုက်ရတာ။ ဟောဒီမှာ နင့်မိန်းမက တမျှော်မျှော်နဲ့ဟဲ့"

လို့ မေးပါတယ်။

ညွန့်မောင်က ဘာမှပြန်မဖြေတာနဲ့ ကိုထွန်းကြိုင်က ဝင်ဖြေပါတယ်။

"ခင်ယူ၊ နင့်မောင်က ဟိုကောင်နဲ့တူပြီး နပန်းလုံးနေတာဟ"

"ဘယ်ကောင်လဲ၊ အဲဒီကောင်က ဘာကောင်မို့လဲ"

"နင့်မောင်ကိုသာ မေးကြည့်ပါဟာ"

"ဟင်- ဘယ်သူလဲပြောစမ်း ညွန့်မောင်။ ဘာလဲ အဲဒီကောင်က ငါ့မောင်ကို အနိုင်ကျင့်တာလားပြောစမ်း တဲ့ကောင် ဘယ်သူတုံး"

"အရာကြီးဆိုတဲ့ကောင်ပါ အစ်မရာ"

"ဘာ - အရာကြီးဟုတ်လား အရာကြီးဖြင့် သေသွားတာကြာပေါ့။ ဘယ်လိုလုပ် နင့်ကိုအနိုင်ကျင့်မှာလဲ"

"အစ်မရာ၊ ဒီကောင်သရဲဖြစ်နေ တာ အစ်မလည်းသိသားနဲ့။ ဒီကော ကျုပ်ရှေ့ကပိတ်ပြီးစိန်ခေါ်ပြီးလုံးတာ သူကလုံးတော့ ကျုပ်လည်းပြန်လုံး တော့တာပေါ့ အစ်မရာ။ သူတစ်ပြ ကိုယ်တစ်ပြန်လုံးနေကြတုန်း ယော ကြီးရောက်လာတာလေ။ ကျုပ်ကြော တတ်ပေမယ့် နဖူးတွေ့ဒူးတွေ့လုံးရ အခါ ကြောက်စိတ်ပျောက်သွား အနိုင်ရလိုစိတ်နဲ့ အတင်းပြန်လုံးရ တာပါပဲဗျာ။ လူကို ဖတ်ဖတ်ကိုမောသွား တာပါပဲ"

"နင်တို့ဟယ် တောလမ်းတော လမ်းဆိုတာ နေ့ဝင်မိုးချုပ်မှာသွားဖို့ ကောင်းတာမဟုတ်ဘူးဟဲ့။ တော် တယ်၊ ကိုထွန်းကြိုင်အရောက်ဦးပေ ကဲ - အေးကြည်မ၊ နင့်ယောကျ်ား သွားတော့၊ အိမ်ရောက်ရင် ပရိ တိုက်လိုက်။ နင်တို့အိမ်မှာရှိတယ် လား"



www.burmeseclassic.com

www.burmeseclassic.com

"ရှိပါတယ် အစ်မ"

"အေး- ဒါဆိုတိုက်လိုက်၊ သွားကြတော့ မိုးချုပ်နေပြီ"

နောက်နေ့မှာတော့ ညွှန့်မောင်ကို အရာကြီးတို့ထန်းတောက သံရဲအရာကြီးတထွက်လုံးတဲ့အကြောင်း သတင်းနဲ့သွားပါတော့တယ်။ အဲဒီသတင်းနဲ့အတူ ဦးထွန်းကြိုင်က အရာကြီးကို ဒီနေ့ညမှာ စိန်ခေါ်ထားကြောင်းလည်း စိတ်ဝင်စားဖွယ် သတင်းတွေပျံ့နှံ့နေကြတယ်။

အရာကြီးဆိုတာ အသက်ရှင်ခဲ့စဉ်က မူရင် အလွန်သွေးဆိုးတဲ့ ခပ်ဆိုးဆိုး မိုက်မိုက်လူတစ်ဦးပါ။ မမူးရင်ရေမြွေ မူးလိုက်တာနဲ့ မြွေဟောက် အသွင်ပြောင်းသွားလေ့ရှိတဲ့သူတစ်ဦးပါ။ ဦးထွန်းကြိုင်ဆိုတာကျတော့ အရာကြီးနဲ့ နဲ့ရေလိုက်ကွာပါတယ်။ မူးမူးမမူးမူး သူ့ ကိုရန်စလေ့မရှိဘူး။ သူ့ကိုထိလို့ကတော့ မြွေပွေးလိုအလွတ်မပေးဘဲ လျှပ်ပြက် တုံ့ပြန်တိုက်ခိုက်တဲ့သူပါ။ ဆိုရတော့ လက်ယဉ်နေတဲ့လူစားမျိုးပါ။ တ လုံးဝမပြောဘဲ အလုပ်နဲ့သက် ပြတဲ့ ခြေမြန်လက်မြန်၊ ခြေသွက်လက်သွက်လူစားမျိုးပါ။ အဲဒါကြောင့် ဦးထွန်းကြိုင်ကို လူတိုင်းက အလေးထား ဆံကြခြင်းပါ။ ဘယ်သူကမှ နှုတ်နဲ့ ောင်မစော်ကားရဲကြပါဘူး။ သူက တုန်းမှာ လူမိုက်ထွန်းကြိုင်ဆိုတဲ့ ည်တစ်လုံးနဲ့နေတာပါ။

**စိန်ခေါ်ပွဲည**

"ကိုထွန်းကြိုင်၊ တော့်စိန်ခေါ်ပွဲက ရှင်ကောင်းမယ်ထင်တယ်"

"ဩော် - ခင်ယူ၊ နင်ကလည်း နင်လည်း ငါ့အကြောင်းသိသားနဲ့။ ကြိုင်ဆိုတဲ့ကောင်က ဘူးဆိုရင် တဲ့ကောင်မဟုတ်ဘူးဟ။ ငါက အတိုင်း အရာကြီးကိုသွားတွယ် အရာကြီးဆိုတဲ့ကောင်က လူ့ဘဝ တ ငါ့ကိုမော်ကြည့်ရဲတဲ့အကောင် ဘူး"

"အဲဒါက လူလေ၊ ခုဟာက ဘဝ တဲ့ သရဲတော့"

"သရဲဖြစ်ဖြစ်၊ဘီလူးဖြစ်ဖြစ် ဒီည ကောင့်ကို အပြတ်ရှင်းပစ်ရမယ်။ ရင် လူတွေကို ဒုက္ခဆက်ပေးနေ ။ ဒီထန်းတောမှာ ဒီကောင်မရှိမှ "

"သတိထားပေါ့ ကိုထွန်းကြိုင်"

"ခင်ယူရာ ငါ့ကိုမပူစမ်းပါနဲ့။ ငါ့မှာ ကြောက်တဲ့စိတ်တစ်စက်ကလေးမှ မရှိတာကိုက ဒီကောင့်ကိုအနိုင်ယူပြီးသား။ ဒီကောင့်ကိုသတ်ပြီးမှ ငါပြန်လာမယ်။ စိတ်ချစမ်းပါ ငါ့မိန်းမရာ။ အလွန်ကြီးမကြာပါဘူး။ ကဲ - ငါသွားမယ်"

လို့ပြောပြီး ကိုထွန်းကြိုင် အိမ်ထဲကထွက်ပါတယ်။ တစ်ကိုယ်လုံးမှာ ပုဆိုးကြမ်းတစ်ထည်ပဲ တိုတိုဝတ်ထားပါတယ်။ ခါးမှာ ထန်းလှီးဓားချိတ်ထားတဲ့ စစ်ခါးပတ်ပတ်ထားပါတယ်။ လက်မှာ မြွေပါးကင်းပါးဓာတ်မီးတစ်လက်ပါတယ်။ ဒါပါပဲ။ ဆေးလိပ်နဲ့မီးခြစ်တောင်မဆောင်ခဲ့ဘူး။ ဒီပွဲက သူနိုင်ကိုယ်နိုင်အပြိုင်ကြရမယ့်ပွဲပါ။ အရာကြီးဆိုတာကလည်း လူ့အရာကြီးမဟုတ်ဘဲ ကမ္ဘာဇဒ္ဒိတန်ခိုးရှိတဲ့ သရဲအရာကြီးဖြစ်နေပြီလေ။ ဒီတော့ အရာကြီးဘက်က တစ်ပန်းသာနေသလိုပါပဲ။ ဒါပေမယ့် ဦးထွန်းကြိုင်က လုံးဝကိုမမှုတာပါ။

လမိုက်ရက်ပေမယ့် ကြယ်ရောင်ကြောင့် ပတ်ဝန်းကျင်ကို ရှင်းလင်းအောင်မြင်နေရပါတယ်။ အညာဆိုတာက ထန်းရိပ်ကလွဲရင် အမှောင်ရိပ်သိပ်မရှိပါဘူး။ တစိုက်စိုက်နဲ့လာလိုက်တာ အရာကြီးတို့ထန်းတောရှေ့ကိုရောက်ခဲ့ပါပြီ။ ရှေ့ရောက်တာနဲ့ ရုတ်တရပ်ရပ်ကာ -

"ဟေ့ကောင် အရာကြီး၊ ငါရောက်ပြီကွ။ မင်းဆင်းခဲ့တော့"

ဦးထွန်းကြိုင်ရဲ့အသံက တိတ်ဆိတ်တဲ့ညယံမှာဟိန်းထွက်သွားတယ်။

အဲဒီမှာ ချက်ချင်းဆိုတာလိုပဲ -

"အေး - ငါလာပြီကွ"

ဆိုတဲ့ ကွဲရှရှခပ်ငအာအောအသံကြီးကို ကြားလိုက်ရတာကြောင့် ကြားရတဲ့ ထန်းပင်ဆီလှမ်းကြည့်တဲ့အခါ လူပုံသဏ္ဌာန် အကောင်တစ်ကောင်ဟာ ခပ်သွက်သွက် ဇောက်ထိုးဖက်ပြီးဆင်းလာတာကို တွေ့ရပါတယ်။ အဲဒီမှာ ဦးထွန်းကြိုင်ဟာ ချက်ချင်း ပုဆိုးကိုချက်ပုံကာ ဓာတ်မီးကို ပစ်တင်ထားလိုက်ပါတယ်။ ဦးထွန်းကြိုင် တစ်ကိုယ်လုံးထန်းလှီးဓားကလွဲပြီး ဘာမှမကျန်တော့ပါဘူး။ တုံးလုံးဖြစ်သွားခဲ့ပါပြီ။

ဒါဆိုရင် သရဲအရာကြီး ဦးထွန်းကြိုင်ကို ညစ်ပတ်တဲ့စိတ်နဲ့ ကိုယ်ဖျောက်ပြီး ညာဏ်များလို့မရနိုင်တော့ပါဘူး။အဲဒါကြောင့် အပိုင်ချည်တဲ့အနေနဲ့ တုံးလုံးချွတ်လိုက်ခြင်းပါ။ ဒါကလည်း ကြားဖူးနားဝရှိလို့လုပ်ရခြင်းပါ။ တစ်သက်မှာတစ်ခါမှ သရဲနဲ့ နပန်းမလုံးဖူးပါဘူး။ ခုလည်း ယောက်ဖဖြစ်သူကို စော်ကားလို့ မခံချင်စိတ်နဲ့ စိန်ခေါ် လိုက်ခြင်းပါ။

သရဲအရာကြီးကလည်း စက္ကန့်တောင်မဆိုင်းဘဲ စိန်ခေါ်ပွဲကို ထန်းပင်ပေါ်က ရဲရဲကြီးဆင်းကာ ဦးထွန်းကြိုင်ရှိရာကို ခပ်သွက်သွက်လျှောက်လာပြီး မျက်နှာချင်းဆိုင်ပဲ ရပ်လိုက်ပါတယ်။ အသွင်သဏ္ဌာန်က လူ့ဘဝတုန်းက အရာကြီးပုံစံနဲ့ အတူတူပါပဲ။ အသားမည်းမည်းနဲ့ တောင့်တောင့်တင်းတင်းပါ။ ပြီးတော့ အရာကြီးရဲ့သဏ္ဌာန်ဟာ ကြောက်ရွံ့မှုလုံးဝမရှိတဲ့ပုံစံပါ။

ဦးထွန်းကြိုင်ဟာ မျက်နှာချင်းဆိုင်လာရပ်တယ်ဆိုရင်ပဲ ပြေးဝင်ပြီးလုံးပါတယ်။ အားကောင်းမောင်းသန် လူနှစ်ယောက် ဘတစ်ပြန်ကျားတစ်ပြန်လုံးသလို အားအင်စိုက်ကာလုံးရပါတယ်။ ဦးထွန်းကြိုင်အပေါ်စီးရတာရှိသလို အရာကြီးအပေါ်စီးရတာလည်းရှိပါတယ်။

ဦးထွန်းကြိုင်ဟာ သူများတွေလို ဆဲဆိုပြောဆိုနေတာမရှိဘဲ အသံတိတ်အားစိုက်ပြီးလုံးတာကြောင့် အသာစီးရတာများပါတယ်။ အတော်ကြာတဲ့အခါ ဦးထွန်းကြိုင် မောလာသလို အရာကြီးလည်း ဟောဟဲခတ်နေပါပြီ။

အဲဒါကြောင့် ဦးထွန်းကြိုင်ဟာ ပွဲသိမ်းမှရတော့မယ်ဆိုတာသိလေတော့ အရာကြီးပေါ်ခွထိုင်ထားနိုင်ခိုက်မှာ ခါးမှာချိတ်ထားတဲ့ထန်းလှီးဓားကို လျှပ်တစ်ပြက်ဆွဲနုတ်ပြီး အရာကြီးရဲ့ရင်အုံကို အဆုံးထိစိုက်ချလိုက်ပါတယ်။

"အား"

ဆိုတဲ့ အသံနက်ကြီးဟာ တောတစ်ခွင်ပဲ့တင်သွားပါတယ်။ အသံဆုံးတာနဲ့တစ်ပြိုင်နက် အရာကြီးလည်း ပျောက်ကွယ်သွားပါတော့တယ်။ အသံနက်ကြီးဆုံးတာနဲ့ တစ်ပြိုင်နက်-

"ကိုထွန်းကြိုင်၊ ကိုထွန်းကြိုင်"

ဆိုတဲ့ခေါ်သံတွေ ကြားရပါတယ်။ အဲဒီမှာ ချက်ချင်းမထူးသေးဘဲ အသံတွေကြားရာဆီကြည့်လိုက်တော့ ဓာတ်မီးရောင်တွေမြင်ရတာနဲ့ ပုဆိုးကို ချက်ချင်းကောက်ဝတ်ကာ -

"ဟေ့ ဘယ်ကောင်တွေလဲကွ"

လို့ အသံပြန်ပြုလိုက်ပါတယ်။

"ကျွန်တော်တို့ပါ၊ ညွှန့်မောင်တို့ပါ။ ယောက်ဖကြီးကို စိတ်မချလို့လိုက်လာကြတာပါ။ ဒီနားရောက်တော့ အသံကြီးကြားရလို့ပါ"

"ဩော်- မင်းတို့ကွာ အပင်ပန်းခံလို့ အလကားလိုက်လာကြတယ်။ ချိန်



www.burmeseclassic.com

www.burmeseclassic.com

တန်ရင် ပြန်လာမှာပေါ့ကွ"

"အိုဗျာ - အစ်မ မခင်ယူက အတင်းလိုက်ခိုင်းတာဗျ။ ကျွန်တော်တို့က ယောက်ဖကြီးကိုယုံပြီးသားပါ"

"အေးကွာ - ငါ အရာကြီးကို ရင်ညွှန့်တည့်တည့် ထန်းလျှီးဓားနဲ့ထိုးထည့်လိုက်တာပဲကွ။ ဒီကောင်အမြစ်ပြတ်သောက်ပါပြီ"

"ပြတ်တော့ကောင်းတာပေါ့ဗျာ။ နို့မို့ရင် မိုးချုပ်တာနဲ့ ဒီနားမှာ သူ့ကို ကြောက်နေရတာ"

"အင်း . . . ဒီကောင် ငါ့နားရွက်တံတွေးဆွတ်လိုက်တာကိုးကွ အဟင်းဟင်း၊ ကဲ - ပြန်ကြစို့ကွာ"

လို့ပြောဆိုပြီး အားလုံး နောက်ကြောင်းပြန်လှည့်ခဲ့ကြပါတော့တယ်။ နံပန်းလုံးနေတာကို မျက်စိနဲ့မမြင်လိုက်ကြရပေမယ့် ကြောက်လန့်တကြားအသံနက်ကြီးနဲ့ မချိမဆံ့အော်တဲ့အသံကြီးကိုတော့ လိုက်လာကြတဲ့လူတွေအားလုံး ကြားလိုက်ကြရတာ ကြက်သီးတဖြန်းဖြန်းတောင် ထခဲ့ကြပါတယ်။ အဲဒီညမှာတော့ ဂျွတ်ကုန်းတစ်ရွာလုံး ဦးထွန်းကြိုင်အရာကြီးကို ဓားနဲ့ထိုးခဲ့တဲ့အကြောင်း ပွပွနွေးနွေးပြောဆိုနေကြလေရဲ့။

ဦးထွန်းကြိုင်ကတော့ တဖွဲ့တနွဲ့ ဘယ်သူ့ကိုမှပြောပြနေတာမဟုတ်ပါဘူး။ သူလုပ်စရာရှိတာကို အလုပ်သဘောအနေနဲ့လုပ်ခဲ့တဲ့သဘောမျိုးပါပဲ။ စိတ်ထဲတောင်ထားတဲ့လူစားမျိုးမဟုတ်ပါဘူး။ တကယ့်ထမင်းစားရေသောက်သဘောလောက်ထားတာပါ။

သူတွေးနေတာက သရဲအရာကြီးသူသတ်တာ သေ၊ မသေသိချင်နေတာပါ။ အဲဒါကြောင့် နောက်နေ့မနက်ပိုင်းထန်းတက်အပြီးမှာ အရာကြီးတို့ထန်းတောဆီလာခဲ့ပြီး သူနပန်းလုံးခဲ့နေရာဝန်းကျင်ကို အသေအချာကြည့်မိတာပါပဲ။

သူ အရာကြီးကိုသတ်ခဲ့တဲ့နေရာမှာ မည်းပြောင်ပြောင်နွားချေးပုံးကြီးတစ်ကောင် ပက်လက်အနေအထားနဲ့သေနေတာကိုမြင်ရပါတယ်။ အဲဒါကြောင့် နွားချေးပိုးကြီးကို အသေအချာကောက်ပြီး ကြည့်မိပါတယ်။ အံ့သြစရာကောင်းတာက နွားချေးပိုးကြီးရဲ့ရင်ဘတ်မှာ ဓားထိုးထားတဲ့ဒဏ်ရာကြီးကိုမြင်ရတာပါပဲ။ အဲဒီကျမှ သရဲအရာကြီးဟာ ရုပ်ကြွင်းအလောင်းအဖြစ် နွားချေးပိုးကြီးကိုထားခဲ့တယ်ဆိုတာ သဘောပေါက်ရပါတယ်။ အဲဒါကို ညွှန့်မောင်တို့ပါလာကြည့်ကြတယ်။ အဲဒါကြောင့် စေ့စေ့ငငသိကြခြင်းပါ။

အဲဒီရဲ့နောက်မှာတော့ အရာကြီးသရဲအခြောက်ခံရတယ်ဆိုတာ လုံးဝမရှိတော့တာပါဘဲ။ အမှန်တကယ် အရာကြီးသရဲ လူမိုက်ထွန်းကြိုင်လက်ချက်နဲ့ ဘဝတစ်ပါးကို ပြောင်းရွှေ့သွားခဲ့ရပါတယ်။ ဒါကလည်း ဂျွတ်ကုန်းဆိုတဲ့ရွာလေးမှာ ပြောစမှတ်တစ်ခုအဖြစ် ကျန်ရစ်နေပါတယ်။

## □ သတင်းတစ်ခု

"ဟော့ - မောင်ထွန်းကြိုင်၊ လာပါဦးကွ"

"ဗြော် - ဟုတ်ကဲ့ ဘကြီးမိုး"

"ကဲ - ထိုင်ဦးကွာ။ ငါ မင်းကိုပြောစရာရှိတယ်။ မင်းတစ်လောက အရာကြီးသရဲကိုစိန်ခေါ်ပြီး နှိမ်နင်းလိုက်တာကတော့ ရပ်ကျော်ရွာကျော်ပဲကွ။ အေးကောင်းသကွာ၊ အများအတွက်ကောင်းတာပေါ့။ ဒါထက် မင်း တမာကွင်းရွာက အကြောင်းကြားပြီးပြီလား"

"ဘာသတင်းတုံး ဘကြီးမိုး"

"အေးကွာ- အဲဒီရွာမှာ ဘုကြီးဆိုတဲ့ကောင် သောက်စားမူးရူးရာကနေ ဓားနဲ့မြှောင်တကားကားနဲ့ သောင်းကျန်းနေရင်း သူ့ဟာသူ လှေကားပေါ်ကပြုတ်ကျပြီး သေဆုံးသွားသတဲ့ကွ။ အစိမ်းသေမို့လားတော့မသိဘူးပေါ့ကွာ။ ခြောက်ချက်ကတော့ ကမ်းကုန်တယ်ဆိုပဲ။ ဒါနဲ့ သူ့မိန်းမနဲ့ ကလေးတွေ မနေရဲတော့ဘဲ ကောင်မလေးရဲ့မိဘအိမ်ပြောင်းနေရတယ်။ အဲဒီအိမ်ကို လူငယ်တွေစုဖွဲ့ပြီး ညမှာသွားအိပ်ကြတဲ့အခါ အိမ်ခေါင်ပေါ်က သွေးခဲတုံးကြီးတွေပစ်ချတယ်ဆိုပဲကွ။ လူငယ်တွေလည်း တစ်ချိုးတည်းပြန်ပြေးကုန်ကြရတယ်။ အဲဒါ အဲဒီအိမ်မှာ အခုဆို နေ့ရောညပါ နေရဲသူမရှိလို့ ဒီအတိုင်းပစ်ထားရတယ်ဆိုပဲ။ မောင်ရင်က မကြောက်တတ်တော့ကာ အဲဒီအခက်အခဲကိုသွားပြီး ကူညီပေးနိုင်မလားလို့ လ်းကြုံတုန်းခေါ်ပြီးပြောပြတာပါကွာ"

"ဆရာတွေဘာတွေခေါ်ပြီး နှင်ထုတ်မခိုင်းဘူးလား"

"ဗြော် - မောင့်ထွန်းကြိုင်ရယ်၊ သူတို့လည်း တတ်သမျှမှတ်သမျှအောက်လမ်းဆရာပါမကျန်လုပ်ပြီးပါပြီကွယ်။ မရလို့လက်လျှော့လိုက်ကြရတာပေါ့"

"အခု ထန်းတက်နားချိန်ဆိုတော့ ကျွန်တော်လည်း အားနေတာနဲ့အတော်ပဲ။ တမာကွင်းဘက်အလည်သွားရင်း အဲဒီသရဲခြောက်တဲ့အိမ်ကိုသွားပြီးတော့ လေ့လာရဦးမယ်။ ဗဟုသုတပေါ့ ဘကြီးမိုးရယ်"

"အေး - ကောင်းပါလေ့ကွာ၊ ငါလည်း မင်းလိုထက်မြက်တဲ့လူနဲ့တွေ့စေချင်လို့ခေါ်ပြောတာပါ"

"ဟုတ်ကဲ့ ခင်ဗျ၊ ကဲ - ဘကြီးမိုး သွားဦးမယ်နော်"

တမာကွင်းရွာကို ခြေကျင်သွားရင် နှစ်နာရီလောက်သွားရပါတယ်။ ဂျွတ်ကုန်းရွာရဲ့ အနောက်မြောက်ဘက်မှာ တမာကွင်းရွာတည်ရှိပါတယ်။ဆက်သွယ်ရေးလမ်းကြောင်းကတော့ လှည်းလမ်းကြောင်းရှိပါတယ်။ ပြီးတော့ တမာကွင်းမှာ ဦးထွန်းကြိုင်ရဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေရှိပါတယ်။ ဒီနေ့ညနေစောင်းမှာပဲ ဦးထွန်းကြိုင်ဟာ တမာကွင်းကိုသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

## □ တစ်ချက်ခုတ်နှစ်ချက်ပြတ်

"ဟာ - မောင်ထွန်းကြိုင်ကြီးလာတယ်ဟေ့။ လာကွာ လာလာ- မင်းကို သတိရနေတာကွ"

"နေကောင်းရဲ့လား ဦးမောင်"

"ဟား - လွတ်ကောင်းပေါ့ကွာ။ မတင့်ရေ ဟောဒီမှာ မောင်ထွန်းကြိုင်ကြီးလာတယ်ဟ။ အဲဒါ ရေနွေးကြမ်းလေးဘာလေးလုပ်ပါဦးကွာ"

"ရပါတယ် ဦးမောင်ရယ် ကျွန်တော်အားနေတာနဲ့ အလုပ်လေးဘာလေးရှိရင်လည်းလုပ်ရအောင်လာခဲ့တာပါ။ အေးအေးဆေးဆေးပါပဲ"

"အေး - ဒါဆိုအတော်ပဲ။ ငါလူမရှာတော့ဘူး။ ငါ့သနပ်ခါးခြံပေါင်းရှင်းဖို့ လူခေါ်မလို့စိတ်ကူးနေတာ၊ မင်းလာတော့ ဟန်ကျလိုက်တာကွာ"

"ကျွန်တော်က အလုပ်လည်းလုပ်ရင်း ပြီးတော့ ဒီရွာမှာဘုကြီးသရဲကိုလည်းလေ့လာရအောင်ဆိုပြီးလာခဲ့တာပါ"

"ဗြော် - အင်း - ဟုတ်တယ် ကောင်မလေးခမျာ ကလေးသုံးယောက်နဲ့ သူ့မိဘအိမ်ပြန်သွားနေရရှာတယ် ဘုကြီးဆိုတဲ့ကောင် ရွာမှာ ပိုက်ချမ်းသာတဲ့သူဌေးသမီးကိုရထား အိမ်ကောင်းအိုးကောင်းနဲ့နေရတာ ကောင်မလေးမိဘတွေက သမီးကို တော့တာ အိမ်အမြင့်လေးဆောက် တယ်။ ထန်းတောတစ်တောပေး တယ်။ မြေကွက်ကလေးလည်း တယ်။ ဒီကောင်က လူပုံရှော့ပြီး အ

www.burmeseclassic.com

…ကောင်ပါကွာ။ မှုးလာတိုင်း မိန်းမ …ရှာတဲ့အကောင်။ ဟိုတစ်လောက …မူးရူးရမ်းကားရာကနေ လှေတား … ဆောက်ထိုးပြုတ်ကျပြီးသေသွားရှာ …။ သေပြီးတာတောင်မှ ဒီကောင်က …သောင်းကျန်းနေတုန်းပါပဲ။ ကောင်း …မပေးတဲ့အကောင်ပါကွာ။ ဘာ … မင်းက ဘုကြီးသရဲကို စိတ်ဝင်စားလို့ …"

"ဟုတ်တယ်၊ အဲဒီအကောင်နဲ့ …ချင်တယ်"

"အဟား ဟား ဟား - မင်းဆိုတဲ့ …င် အတော်သတ္တိကောင်းတာပါ …။ မင်းအရာကြီးသရဲကိုသတ် …တဲ့သတင်းကတော့ တို့ဆီအထိ …င်ကျော်ကြားတယ်ကွ"

"ဒါကလည်း သူ့ဟာသူကောင်း …င်းမနေဘဲ လူတွေကိုနှောင့်ယှက် …တ်လိုက်ရတာပါ"

"တဲ - ဒါဆို ညစာစားပြီးရင် မင်း …ကောင်မလေးရဲ့မိဘတွေအိမ်သွား …အောင်။ ကောင်မလေးရဲ့မိဘတွေ … …င်းသူနဲ့ ဒေါ်ညိုမတဲ့။ ကောင်မ …တော့ သင်းသင်းရီတဲ့ကွ။ မင်းသူ …တို့ဘာရွယ်တူတွေပဲလေကွာ"

…ကောင်းနေကြတုန်းမှာပဲ …င်က ရေနွေးကြမ်းပွဲလာချပေးပါ …။ အမြည်းက ကြက်ဥကြော်နဲ့ မြေပဲ …ကြော်ပါ။

"တဲ့-ထွန်းကြိုင်၊ ခင်ယူနဲ့ကလေး …တော နေကောင်းရဲ့လားကွယ့်"

"ကောင်းပါတယ် ဒေါ်ဒေါ်"

"အေးကွယ်၊ ကောင်းရင်ပြီးတာ … ရေနွေးကြမ်းသောက်ကြ၊ အဒေါ် …စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဒေါ်တင် မီးဖိုဆောင်ပြန်ဝင်သွား …ါ ရပ်ကြောင်းရွာကြောင်းတွေ …ပြန်ပါတယ်။ ကြာကြာမှတစ်ခါ …ဆိုတော့ ပြောစရာတွေက …ပေါင် တောသုံးထောင်ဆိုတာ …။ အဲဒီလိုနဲ့ ညစာစားအပြီးမှာ …နဲ့အတူ ဦးမင်းသူတို့အိမ်ဘက်ကို …ပါတယ်။ ဦးမင်းသူတို့ကလည်း …ကြိုင်အကြောင်းကြားပြီးသားပါ။ …နေရဲ့ သင်းသင်းရီတို့အိမ်မှာ ည …တောင်းတဲ့အခါမှာတော့ လူတွေ …တောင်ဖြစ်ကြရတယ်။ ဒါပေမယ့် …ကြောင်းက ဟိုးလေးတကျော်ဆို … အဲဒီအိမ်ကို ဦးမင်းသူတို့က …ထဲအပ်ပေးပါတယ်။ လိုတာမှန်

သမျှ ပံ့ပိုးပေးပါ့မယ်ဆိုတဲ့ကတိလည်း ပေးပါတယ်။ နောက်နေ့ညကစပြီးတော့ ဦးထွန်းကြိုင် ဘုကြီးသရဲသောင်းကျန်းနေတဲ့အိမ်မှာစအိပ်မှာပါ။ ဒီသတင်းက တမာကွင်းတစ်ရွာလုံးကို အုတ်အော်သောင်းနင်းဖြစ်စေပါတယ်။ လူပျိုကာလသားတစ်သိုက်တောင် တစ်ညပြည့်အောင် မအိပ်ရဲခဲ့ဘူးမဟုတ်လား။

□ သွေးခဲတုံးကြီး

အိမ်က ရှားတိုင်လိမ်လိမ်ကောက်ကောက်နဲ့ တန်းညိုဆောက်ထားတဲ့ ပျဉ်ထောင်အိမ်အမြင့်ပါ။ အညာဆိုတော့ အများအားဖြင့် ထန်းလက်တဲအိမ်များနဲ့သာ အနေများတာပါ။ ပျဉ်ထောင်အိမ်ဆိုတာက ကြွယ်ဝသူတွေသာနေနိုင်ကြတာပါ။ အိမ်က အလွန်တော့မကြီးပါဘူး။နှစ်ပင်ပတ်လည်အိမ်မှာ မီးဖိုဆောင်အဖီထုတ်ကာ သွပ်မိုးထားခြင်းပါ။ လှေကားက နည်းနည်းမတ်တော့ကာ အမူးသမားပြုတ်ကျသေတာ မဆန်းပါဘူး။ လူကောင်းတောင် လှေကားမတ်ရင် သတိနဲ့တက်ရဆင်းရတာပါ။ ဒါကလည်း ကာလဒေသမို့ အပြစ်မဆိုသာပါဘူး။

ဦးထွန်းကြိုင် ညစာစားပြီးတာနဲ့ သူ့ရဲ့လက်စွဲတော် ထန်းလျှီးဓားခါးပတ်ပြီး လွယ်အိတ်လေးလွယ်ကာ ဓာတ်မီးတစ်လက်နဲ့ အိမ်ပေါ်တက်ခဲ့ပါတယ်။ တံခါးတွန်းဖွင့်ပြီး အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ အထက်က လူခုန်ချတဲ့အသံမျိုး ဝုန်းခနဲ ကြားလိုက်ရပါတယ်။ အဲဒီဟာ ဓာတ်မီးနဲ့ အမှောင်ထဲပတ်ထိုးကြည့်လိုက်တယ်။ ဘာမှမတွေ့ရဘူး။

"အဟင်းဟင်း - ဘုကြီး မင်းကိုသတ်ဖို့ ငါရောက်လာပြီကွ"

လို့ ရယ်သွမ်းသွေးပြီး ကြိမ်းဝါးလိုက်ပါတယ်။

"ငါ ဂျုတ်ကုန်းကထွန်းကြိုင်လေ။ မင်းပဲသေရမလား၊ ငါပဲပြေးရမလားဆိုတာ မင်းတွေ့ရမယ် ဘုကြီး"

လို့ပြောရင်း လွယ်အိတ်ထဲက မီးခြစ်နဲ့ဖယောင်းတိုင်ထုတ်ကာ မီးထွန်းညှိလိုက်ပါတယ်။ အိမ်လေးထဲ လင်းထိန်သွားတယ်။ ညာဘက်ခြေရင်းမှာ အိပ်ခန်းရှိပြီး အိပ်ခန်းသွားလမ်းကနေ အောက်ဘက်မီးဖိုအဆင့်ကိုဆင်းတဲ့ တံခါးပေါက်ရှိပါတယ်။ နေ့လယ်ကတည်းက ကြိုတင်လာကြည့်ပြီးသားပါ။ အိမ်ကနေ ဘာမှယူမသွားတာမို့ ဆန်ဆီ၊ ဆားကအစအစုံရှိပါတယ်။ သူများဝင်ခိုးဖို့တင်ထား ဘုကြီးကိုကြောက်လို့

နေ့ခင်းကြောင်တောင်မှာတောင်မှအနားမသီရဲကြပါဘူး။

ဦးထွန်းကြိုင်ဟာ လွယ်အိတ်ထဲက အရက်ပုလင်းကိုထုတ်လိုက်ပါတယ်။ မီးတောက်တောချက်အရက်ပါ။ ညရေးညတာအတွက် ဦးမင်းသူက ဝယ်ထည့်ပေးလိုက်ခြင်းပါပဲ။ အရက်ကို ဖန်ခွက်ထဲငှဲ့ထည့်ကာ အိမ်လယ်မှာထိုင်ရင်း စိမ်ပြေနပြေသောက်နေပါတယ်။ နောက်ထပ်ဘာသံမှမကြားရဘဲ ငြိမ်ချက်သားကောင်းနေပါတယ်။ အဲဒါကြောင့် ပျင်းတာနဲ့ အိမ်ခေါင်ပေါ် မော့ကြည့်ပြီး -

"ဟေ့ကောင် ဘုကြီး၊ မင်းက သွေးခဲတွေချပေးတယ်ဆိုကွ။ ငါ့ကိုချပေးလေကွာ။ ငါ့မှာအမြည်းမရှိဘူးကွ"

လှမ်းပြောပါတယ်။

ပြောပြီး မကြာမီမှာပဲ ဘုတ်ဆိုတဲ့အသံနဲ့အတူ သွေးခဲတုံးကြီး သူ့ရှေ့ကျလာပါတယ်။လက်သီးဆုပ်နှစ်ခုလောက်ရှိတယ်။ သွေးသံရဲရဲနဲ့ပါ။ ဦးထွန်းကြိုင်က ဝမ်းသာအားရပါပဲ -

"ငါအမြည်းလိုနေတာနဲ့အတော်ပဲ ဘုကြီးရေ။ ရှိရင်နောက်ထပ်ချပေးပါဦး။ ဒါကို အရင်ကြော်ပြီးမြည်းမယ်"

လို့ပြောပြီး သွေးခဲတုံးကြီးကောက်ကာ မီးဖိုထဲဝင်ခဲ့ပြီး မီးမွေးကာ ဆီအိုးတည်ပါတယ်။ သွေးခဲတုံးက တကယ့်သွေးခဲတုံးကြီးပါ။ ဒီကောင်ဘယ်ကယူလာပါလိမ့်လို့တွေးပြီး ပါးပါးလှီးကာ ကြော်ပါတယ်။ အချပ်လိုက်မရပါဘူး။ ကြေကုန်ပါတယ်။ စားကောင်းအောင်ကြော်ပြီး ပန်းကန်ထဲထည့်ကာ အိမ်ရှေ့ယူလာပြီး စိမ်ပြေနပြေအရက်နဲ့မြည်းနေတော့တာပါပဲ။ တကယ့်သွေးခဲကြော် စစ်စစ်ပါ။

"တောက်"

ပြင်းထန်တဲ့တောက်ခေါက်သံကြီးကို ကြားရပါတယ်။

အဲဒီမှာ ဦးထွန်းကြိုင်က -

"ဟေ့ကောင်၊ ငါအရက်သောက်နေတယ်။ စိတ်တိုအောင်မလုပ်နဲ့။ ငါစိတ်တိုရင် မင်းသေသွားမယ်။ ထွန်းကြိုင်ဆိုတာ မကြားဖူးဘူးထင်တယ်။ မင်းမှာသွေးခဲရှိရင်ထပ်ချပေးဦး ဟေ့ကောင်။ ဒီမှာကုန်တော့မယ်ကွ"

လို့ ကြိမ်းသလိုရိသလိုပြောလိုက်ပါတယ်။

အဲဒီမှာ ဒုတိယအကြိမ် သွေးခဲတစ်တုံး ဘုတ်ခနဲကျလာပြန်တာပါပဲ။ ဦးထွန်းကြိုင်က မော့ကြည့်ပြီး -

"ဘုကြီးရေ၊ ကျေးဇူးကွာ။ နောက်





www.burmeseclassic.com

www.burmeseclassic.com

တစ်ဒယ်ထပ်ကြော်လိုက်ဦးမယ်"

လို့ပြောပြီး နောက်ထပ်တစ်ဒယ်ကြော်ပြန်ပါတယ်။ ကြော်ပြီး အရက်နဲ့မြည်းနေပြန်တာပါပဲ။ လူကောင်ကကြီးပြီး တောင့်တော့ကာ သောက်နိုင်စားနိုင်တဲ့အတွက် သွေးခဲနှစ်တုံးစလုံးပြောင်သလင်းခါသွားပါတယ်။

ဘုကြီးသရဲလည်း သွေးခဲနဲ့ ခြောက်လို့မကြောက်တဲ့အခါ အိမ်ကို ငလျင်လှုပ်သလိုလှုပ်အောင်ဆွဲခါနေတာပါပဲ။ ဒါပေမယ့် ဦးထွန်းကြိုင် အရက်သောက်မပျက်ပါဘူး။ တော်တော်နဲ့ မငြိမ်တဲ့အခါ -

"ဟေ့ကောင် - မင်းခါတာနည်းတယ်။ ကလေးပုခက်လွှဲသလောက်ပဲရှိတယ်။ မုန်တိုင်းတိုက်သလိုခါစမ်းကွာ။ ခပ်ကြမ်းကြမ်းလေးခါကွ"

လို့ပြောပါတယ်။

အဲဒီကျတော့ အခါရပ်သွားပါတယ်။ သရဲလက်လျှော့သွားပုံပါပဲ။ နောက်တော့ တဟင်းဟင်းတဟဲဟဲ အသံတွေလုပ်ပြပြန်ပါတယ်။

"ဟေ့ကောင် နားငြီးတယ်တိတ်။ ငါစိတ်တိုရင် နင့်ကိုသတ်မိတော့မယ်။ သတ္တိရှိရင်ဆင်းခဲ့၊ နင်နဲ့ငါ နပန်းလုံးမယ်"

လို့ စိန်ခေါ်တော့မှ ငြိမ်သွားခဲ့ပါတယ်။

"ငါအိပ်တော့မယ်နော်။တဂျောက်ဂျောက်တဂျက်ဂျက်အသံကြားလို့ကတော့ ငါ့အကြောင်း ကောင်းကောင်းသိမယ်"

လို့ပြောပြီး အိပ်ခန်းထဲက စောင်တွေ ခေါင်းအုံးတွေယူပြီး အိမ်ရှေ့ခန်းမှာ ခင်းအိပ်ပါတယ်။ ဖယောင်းတိုင်မီးလည်း မှုတ်လိုက်ပါတော့တယ်။ တိတ်ဆိတ်သွားချက်တော့ အပ်ကျသံတောင်ကြားရလောက်ပါတယ်။

**□ သရဲနှင်ပြီ**

ဦးထွန်းကြိုင် ည(၈)နာရီလောက်မှာ သင်းသင်းရီတို့ အိမ်ပေါ်တက်ခဲ့ပါတယ်။သော့ခလောက်ဖွင့်ပြီး သော့ဖြုတ်လိုက်တယ်ဆိုရင်ပဲ တံခါးအလိုအလျောက်ပွင့်သွားပါတယ်။ အဲဒီမှာ ဦးထွန်းကြိုင်က -

"အောင်မာ - ဘုကြီးကလိမ္မာလို့ပါလားကွ။ ဒါပေမယ့် မင်းကို ဒီအိမ်မှာ မထားတော့ဘူး။ ဘဝခြားသွားပြီပဲကွာ။ မင်းဝေးဝေးသွားပါတော့။ မင်းမိန်းမနဲ့ ကလေးတွေ ကောင်းကောင်းမွန်မွန်နေပါစေတော့ ဟုတ်လား။ ငါကတော့ မင်းမနေနိုင်အောင်လုပ်ရတော့မှာပဲ"

လို့ပြောပြီး မီးထွန်းပါတယ်။ ပြီးတာနဲ့ နေ့လယ်ကကြိုတင်စီစဉ်ထားတဲ့အတိုင်း အိမ်ရှေ့ခန်းမှာ သံပြားထူထူပေါ် သဲခင်းပြီး မီးသွေးမီးဖိုကို မီးပျိုးပါတယ်။မီးအားကောင်းတာနဲ့တစ်ပြိုင်နက် ငရုတ်သီးခြောက်တွေ မီးဖိုထဲလောင်းထည့်ပြီး ယပ်ခပ်ပေးပါတယ်။ ခဏချင်းမှာပဲ အလိပ်လိုက်အလိပ်လိုက်တက်လာတဲ့ ငရုတ်သီးခြောက်အခိုးတွေဟာ တစ်အိမ်လုံးကို လွှမ်းခြုံသွားပါတယ်။ နှာခေါင်းကိုပိတ်ထားပေမယ့် မခံနိုင်ဘဲ ဦးထွန်းကြိုင်ဟာ မျက်ရည်တွေထွက်ပြီး ဟပ်ချိုးပေါင်းများစွာပဲ ချေရပါတယ်။ စိတ်ထဲကလည်း ငရုတ်သီးညှော်နံ့ကို သင်းခံနိုင်ရိုးလားလို့တွေးနေမိပါတယ်။ အဲဒီနေ့ညမှာ ဘုကြီးခြောက်ချိန်မရလိုက်ဘဲ ဖင်တောင်ပြီးပြေးသွားပုံရှိတယ်။ တစ်ညလုံး ဘာသံမှမကြားရတော့ပါဘူး။

အဲဒီလိုငရုတ်သီးညှော်ဆက်တိုက် (၃) ညတိုင်တိုင်တိုက်လိုက်တဲ့အခါမှာတော့ နောက်ညနောက်ညတွေမှာ ဘုကြီးသရဲ သွေးခဲပစ်ချဖို့မဆိုထားနဲ့ ချွတ်ချွတ်အသံတောင်မပေးနိုင်တော့ပါဘူး။ကြည့်ရတာတော့ ထွက်ပြေးသွားဟန်ရှိပါတယ်။ လူကြမ်းတော့ သရဲကြမ်း အရှုံးပေးသွားခြင်းပါ။

လေး၊ ငါးညဆက်တိုက် ဦးထွန်းကြိုင်အိပ်ခဲ့သော်လည်း အခြောက်အလှန့် လုံးဝကင်းသွားတဲ့အတွက် အိမ်မှာ ဘုန်းတော်ကြီးတွေ ဆွမ်းပင့်ကပ်ပြီး ဘုကြီးကိုအမျှပေးဝေကာ မိသားစုတွေ ပြန်တက်နေကြပါတော့တယ်။ ဘာအနှောင့်အယှက်မှမရှိတော့ပါဘူး။

ဦးထွန်းကြိုင် တမာကွင်းရွာမှာ အရမ်းနာမည်ကြီးသွားပြန်ပါတယ်။ ထမင်းတောင် ဦးမောင်တို့အိမ်မှာမစားရတော့ဘူး။ ဟိုကဖိတ်ကျွေးဒီကဖိတ်ကျွေး၊ ဟိုကဇည့်ခံဒီကဇည့်ခံနဲ့ ဦးထွန်းကြိုင်မျက်နှာပွင့်သွားပါတယ်။

သွေးခဲတွေကြော်စားတော့ ဘာမှမဖြစ်ဘူးလားလို့ လူအတော်များများက မေးကြတဲ့အခါ -

"အေး - ဘာမှတော့မဖြစ်ဘူး။ ဒါပေမယ့် ဝမ်းတော့သွားတယ်ဟ"

လို့ ပြန်ဖြေပါတယ်။

ဦးမင်းသူတို့မိသားစုနဲ့လည်း ဆွေရင်းမျိုးရင်းတွေလို ခင်မင်ခွင့်ရကာ စားအိမ်သောက်အိမ်ဖြစ်ခဲ့ရပါတယ်။

ဦးထွန်းကြိုင် တမာကွင်းရွာမှာ ဖြူစင်ရိုးသားစွာ လှည့်လည်လုပ်ကိုင်လို့ရတဲ့အခကြေးငွေလေးတွေစုဆောင်းပြီး တစ်လလောက်အကြာမှာ ဂျုတ်ကုန်းဆီ ပြန်ခဲ့ပါတော့တယ်။ ဦးထွန်းကြိုင်ပြန်ပေမယ့် ဦးထွန်းကြိုင်ရဲ့ဂုဏ်သတင်းကတော့ တမာကွင်းမှာ သင်းပျံ့လို့ကျန်နေဆဲပါ။

**□ ရွှေ့လျားတဲ့အချိန်တွေ**

ဦးထွန်းကြိုင်ဟာ ကျွန်တော့်ထက် (၁၀) နှစ်ကျော်ကျော်ကြီးတာကြောင့် ဆုံးသွားတာကြာပါပြီ။ သူဟာ ဂျုတ်ကုန်းကနေ ယောဘက်ကိုပြောင်းသွားပြီး မိသားစုတွေနဲ့ ဘက်ထရီလုပ်နေတယ်လို့ နောင်မှာကြားရပါတယ်။ သူ့ရဲ့ သား မောင်နေဝင်ကို ကျွန်တော်နဲ့ ဇနီး မေမာလာတို့က ရှင်သွားပြုပေးထားတာပါ။ ဂျုတ်ကုန်းမှာ ခြိမ့်ခြိမ့်သဲရှင်ပြုပွဲ[illegible] ပဲ။

မြိုင်နယ်က ဂျုတ်ကုန်းရွာ[illegible] ကျွန်တော် နှစ်ခေါက်ရောက်ဖူးပါတယ်[illegible] ဂျုတ်ကုန်းဝန်းကျင်ဟာ၊ ကျောက်စရ[illegible] မြေဖြစ်တာကြောင့် သီးနှံဖြစ်ထွန်း[illegible] အားနည်းတာတွေ့ရတယ်။ အပေါ[illegible] မြေသားတွေဟာ သစ်မင်စတဲ့ အ[illegible] တွေပြုန်းတီးမှုကြောင့် မိုးတိုက်စား[illegible] မျောပါကုန်ကာ အောက်ခြေကျောက်[illegible] ရစ်သားတွေပေါ် လာခြင်းဖြစ်ပါတယ်[illegible]

အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်း[illegible] တဲ့ အင်ကြင်းကျောက်တွေ နေ့ရာတိုင်း[illegible] မှာတွေ့ရတဲ့အခါ အရင်က ဒီနေရာ[illegible] ဟာ တောကြီးမျက်မည်းဖြစ်ခဲ့တယ်[illegible] တာ သက်သေပါ။ လူတွေကြောင့် [illegible] တွေပြုန်းတီးပြီး ကန္တာရဖြစ်ရခြင်းပါ။ [illegible] က ဆက်နွှယ်လို့ပါ။

ဦးထွန်းကြိုင်ဟာ ; ကျွန်တော်[illegible] အတူတူနေသော်လည်း သူ့အကြော[illegible] တစ်စွန်းတစ်စတောင် မပြောပြပေမ[illegible] သူတို့ရွာက ကျောက်ဖျာမှာနေကြ[illegible] ဆရာချိုရဲ့တူတွေဖြစ်တဲ့ ထွန်း[illegible] ထွန်းဆန်း၊ ထွန်းသန်းဘို့က်ပြော[illegible] ဦးထွန်းကြိုင်ရဲ့အကြောင်း အနည်း[illegible] သိရခြင်းပါ။ လောကမှာတကယ်ခြော[illegible] လည်း မကြောက်သူဆိုတာ တက[illegible] တာပါလားလို့သိရတာကြောင့် အ[illegible] တရစာင်ပြုလိုက်ခြင်းပါပဲ။

(မိုးကုတ်ကျောက်ဖျာမှ ကိုထွန်း[illegible] ကိုထွန်းဆန်း၊ ကိုထွန်းသန်း[illegible] အမှတ်တရ)

ချမ်းမြေ့[illegible]

ရွှေပြည်စိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



(ဒဿနိက)
# မောင်မောင်အောင်မြင်း
## ပြည့်မှအပြန်လမ်း သင်ရွေးပြီးပြီလား

ကျွန်ုပ် အသက် (၆၀) ပြည့်၍ ...ထမ်းဘဝမှ အသက်ပြည့်အငြိမ်း ...ယူခဲ့ပါသည်။ ထိုအခါမှ ဘာလိုလို ...ဘတိယအရွယ် တရားရှာဆိုသည့် ...တိုပင်ရောက်ခဲ့ပါပေါ့ဟု မိမိကိုယ် ...ဖြင့် ကြည့်မြင်ခဲ့မိပါသည်။ ဘာ ...ကိုရှာရမှာလဲဟုလည်း ခပ်တုံးတုံး ...တောင်တွေးခဲ့မိ၏။ လုပ်ငန်းနယ် ...အချို့သော ကျွန်ုပ်၏ဆရာသမား ...အဆင့်အရာရှိကြီးများသည် ပင်စင် ...(၂) နှစ်၊ (၃) နှစ်အတွင်း ပင်စင်နာ ...ဖြင့်ကွယ်လွန်သွားကြသည့်နာရေး ...ကို သတင်းစာ၌ ဖတ်ရှုမိသည့် ...ပါလည်း သူတို့လို ပင်စင်နာရောဂါ ...သွားခဲ့လျှင် ဘာတရားမှအား ...လိုက်ရဘဲ အသေဦးသွားမှုဖြင့်၊ ...သွားခဲ့လျှင် ဘာတရားမှအားမထုတ် ...ရဘဲ အသေဦးသွားမှုဖြင့်ဆိုသည့် ...ဖြစ်ခဲ့မိလေသည်။

သို့သော် ထိုကွယ်လွန်သွားကြ ...-တိုင်းအဆင့်ပုဂ္ဂိုလ်ကြီးများက ...တပန်းမြောက်များစွာဖြင့် လုပ်ငန်း ...ယ်တွင် ဘုရင်တစ်ဆူပမာ ဩဇာ ...သည့် ပုဂ္ဂိုလ်ကြီးများဖြစ်သည်။ ...သွားရတော့ အနီးအနား၌တပည့် ...များ ယခင်လိုမရှိကြတော့သည့် ...စိတ်ဓာတ်ကျရောဂါများဝင်ပြီး ...လွန်သွားကြခြင်းလည်း ဖြစ်နိုင်ပါ ...ကျွန်ုပ်က မြို့နယ်အဆင့်ရာထူး ...ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ ...သည်။ ထို့ကြောင့် သူတို့လောက် ...တပန်းမရှိ။ မိမိတာဝန်ယူရသည့် ...အဝန်းအဝိုင်းလောက်တွင်သာ ...တပန်းအနည်းငယ်ရှိခဲ့လေသည်။ ...ဆင့် ပုဂ္ဂိုလ်ကြီးများကတော့ ...ည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ...များစွာမှ မိမိလက်အောက်ရှိ ...တပည့်တပန်းအရာရှိအရာခံ ...အားလုံးအပေါ် လက်ညှိုးညွှန် ...စေခဲ့သည်မဟုတ်လား။ ဒီတော့ ...အငြိမ်းစားယူ၍ ထွက်တော်မူနန်း ...သည့်အခါ ထိုစိတ်ကျရောဂါက ...ည်းတပ်ပါလာပြီး ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က ကျွန်ုပ်၏ တိုင်းအဆင့် ဆရာသမားနှင့် မကွေးမြို့ထဲ မျက်မှန်ဆိုင်တွင်ဆုံမိခဲ့ပါသည်။ တပည့်ဖြစ်သူ ကျွန်ုပ်ကလည်း ပင်စင်စား၊ ဆရာသမားကလည်း ပင်စင်စားများဖြစ်သည်။ ကျွန်ုပ်အား ယခုဘာတွေလုပ်နေသလဲဟု ဆရာဝတ္တရားအတိုင်း စူးစမ်းမေးမြန်းပါသည်။ ကျွန်ုပ်က အိမ်သူသက်ထားက အိမ်ဆိုင်ကလေးတည်ပြီး ဈေးရောင်းနေကြောင်းနှင့် ကျွန်ုပ်က တရားစခန်းဝင်ပြီး ယခု ကျောင်းထိုင်ဘုရားကြီးသင်တန်းကျောင်း၌ အာစိဏ္ဏကံယောဂီအဖြစ် တရားဘာဝနာများအားထုတ်နေကြောင်း ပြောပြလိုက်ပါသည်။

ထိုအခါ ကျွန်ုပ်၏ဆရာက သူကိုလည်း အဲသည်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း မှ ဓမ္မမိတ်ဆွေများက တရားရှုမှတ်ရန်ခေါ် ကြောင်းဆိုပါသည်။ နောက်ပြီး ဆရာသမားက ဆက်လက်၍ သူဂေါက်သီးရိုက်နေရသဖြင့် မသွားရောက်နိုင်ကြောင်းပြောပါသည်။

ကျွန်ုပ်လည်း ဘယ်နေမလဲ ဆရာသမားကို -

'မင်းကြီးရယ် သေသွားရင် ဂေါက်သီးနဲ့ ဂေါက်တံက မင်းကြီးနောက်ပါမှာ ကျနေတာပဲ'

ဒါပေမယ့် ကျွန်ုပ် အဲဒီစကားကို စိတ်ထဲက ပြောလိုက်ခြင်း ဖြစ်ပါသည်။ ကိုယ့်ဆရာသမားကို ဘယ်လိုအသံထွက်ပြီး ပြောရဲမှာလဲနော်။ ထားပါတော့။ ဒီကိစ္စကလည်း ဒီဆောင်းပါးမှာ ရေးသင့်ရေးထိုက်တယ်ထင်၍ ထည့်သွင်းရေးလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏အကြောင်းကို ကျွန်ုပ်ပြန်စရလျှင် ဝိပဿနာတရားဆိုသည်ကို ဘာမှန်းမသိ၊ နိဗ္ဗာန်ဆိုသည်ကိုလည်း ကြားဖူးပြီး ဘုရားရှိခိုးပြီးသည့်အခါတွင် နိဗ္ဗာန်သို့ရောက်ပါလို၏ဟုသာ ဆုတောင်းခဲ့မိပါသည်။ နိဗ္ဗာန်၌ ဘာတွေရှိမှန်းမသိ၊ သစ္စာတရားနာကြားခြင်းရှိခဲ့သော်လည်း လေးလေးနက်နက်မထားခဲ့သဖြင့် သစ္စာတရား၏အနှစ်သာရကို မသိခဲ့ခြင်းဖြစ်ပါသည်။ ဒါနနှင့် သီလလောက်နှင့်သာ အသက်မြောက်ဆယ်နေခဲ့ရလေသည်။

ထိုသို့ ဘာမှန်းမသိသည့် ကျွန်ုပ်သည် ယောင်လည်လည်နှင့် မကွေးမြို့ သစ္စာလမ်းရှိ မိုးကုတ်တရားရိပ်သာသို့ ရောက်သွားခဲ့ရလေသည်။ ပထမအကြိမ် (၇)ရက်ပြီးတော့ ဒုတိယအကြိမ် (၇)ရက် ဆက်ဝင်ခဲ့ပါသည်။ တရားပြဆရာတော်များက ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကြီးကို တုတ်ထောက်ရှင်းပြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

နားလည်သင့်သလောက် နားလည်ခဲ့မိပါသည်။ မိမိခန္ဓာကိုယ်ကြီးက အဝိဇ္ဇာ တဏှာကြောင့်ရရှိလာသည့် ပဉ္စုပ္ပန်ခန္ဓာကြီးဆိုသည်ကိုလည်း နားလည်ယုံကြည်ခဲ့မိပါသည်။ အကြောင်းမကောင်းခဲ့သဖြင့် အကျိုးမကောင်းခဲ့ရခြင်းဖြစ်ပြီး အကြောင်းကောင်းလျှင် အကျိုးကောင်းသည်ကိုလည်း နားလည် လက်ခံ ယုံကြည်ခဲ့မိပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက်တရားတော်များကိုလည်း နာကြားခဲ့ရသဖြင့် သစ္စာလေးပါးတရားကို သိခဲ့ရပါတော့သည်။

အဲဒီအခါမှ -

"ဩော် ငါ အသက် (၆၀) ရောက်မှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပါပြီကော"

ဟု ဓမ္မအသိကို ရရှိခဲ့ပါသည်။


ထိုဓမ္မအသိက နိဗ္ဗာန်သို့ရောက်ရှိနိုင်သည့်လမ်းကြောင်းမှာ မဂ္ဂင် (၈) ပါး လမ်းကြောင်းတစ်ခုတည်းသာရှိပါလား ဆိုသည့်အသိဖြစ်ပါသည်။ ဝိပဿနာတရားကျင့်ကို ပွားများအားမထုတ်လျှင် နိဗ္ဗာန်သို့မရောက်ရှိနိုင်သည်ကိုလည်း ရှင်းရှင်းလင်းလင်းပင် သိရှိလက်ခံခဲ့မိပါသည်။

သို့သော်လည်း ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝိပဿနာတရားနှင့်ပတ်သက်၍ မူကြို အဆင့်သာရှိသေးသည်ဟု ယနေ့တိုင် ခံယူထားရှိဆဲ ဖြစ်ပါသည်။ တရားနာကြားရာ၌လည်း ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကိုသာ နာကြားချင်မိပါသည်။မိုးကုတ်ဆရာတော်ဘုရားကြီးမှ ခန္ဓာကိုယ်ကြီးသည် စားရင်း၊ သွားရင်း၊ အိပ်ရင်း၊ ထိုင်ရင်းလည်း သုသာန်သွားနေသည်ဟု ဟောကြားတော်မူသဖြင့် ဉာဏ်ဖြင့် ဆင်ခြင်ကြည့်မိသည့်အခါ ကျွန်ုပ်တို့သည် မွေးပြီးကတည်းက အမှန်တကယ်သွားနေကြသည့်လမ်းက သုသာန်ဖြစ်နေသည်ကို မြင်မိပါသည်။ ထိုသို့ ဆင်ခြင်ကြည့်မိသည့်အခါ အနိစ္စသဘောလည်း တွေ့ရပါသည်။ ဒုက္ခဆိုသည့်ဆင်းရဲခြင်းသဘောလည်း တွေ့ရပါသည်။ သူ့သဘောသူဆောင်နေသည့်၊ အစိုးမရအနှစ်မရှိသည့် အနတ္တသဘောကိုလည်း တွေ့ရပါသည်။ ထိုသို့ သိလာရသောကြောင့် တန်ဖိုးရှိစွာဖြင့် လူ့ဘဝကို ရရှိခဲ့၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်ခြင်းဖြင့်သာ ဘဝနေဝင်ချိန်ကို အသုံးချသွားမည်ဟု ခိုင်မာစွာ ဆုံးဖြတ်ထားခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်အတိုင်း စာရေးသူနေအိမ်နှင့် မနီးမဝေးရှိနေသည့် မကွေးမြို့၏ မြို့ဗတ်လမ်းရှိကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ နေ့စဉ်ညနေပိုင်း တရားနာ၊ တရားရှုမှတ်နေသည့် ယောဂီအဖြစ်ခံယူခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကို နာရီဝက်နာကြားပြီး နာရီဝက်ကို တရားရှုမှတ်ပွားများလာခဲ့ရာ (၈) နှစ်ခန့်ရှိနေခဲ့ပြီဖြစ်ပါသည်။ သစ္စာလေးပါးမြတ်တရားကို နာယူမှတ်သားခဲ့ရသဖြင့် နိဗ္ဗာန်ကို ရောက်လိုသော ဆန္ဒအပြည့်အဝနှင့် ရုပ်နာမ်ဓမ္မသဘောရကို ဉာဏ်အမြင်နှင့် မြင်နိုင်သိနိုင်အောင် ကြိုးစားနေဆဲဖြစ်ပါသည်။

ယခု ကျွန်ုပ်အသက် (၆၀) ကျော်မှ ကျောင်းနေဖက်ဖြစ်လာသည့် မကွေးမြို့ ရန်ကျော်ရပ်ကွက် (၁၄) လမ်းနေ ဒေါ်သန်းသန်းဌေး (ခ) ဒေါ်အတာ သားသမီးမြေးမိသားစုမှ ၁၄-၅-၂၀၁၃ ရက်စွဲဖြင့် အနန္တောအနန္တငါးပါးဦးထိပ်ထားလျက် သုဂတိဘုံသို့ ဘဝကူးနည်း ဓမ္မဒါနစာအုပ်ကလေးကို ယောဂီအားလုံးသို့ ဓမ္မလက်ဆောင်အဖြစ် ဖြန့်ဝေဒါန ပြုလှူဒါန်းခဲ့ပါသည်။ အသက်(၆၀)ကျော်မှ ကျောင်းနေဖက်ဖြစ်လာရသည်ဆိုသည်က ကျွန်ုပ်တို့၊ ဒေါ်အတာ(ခ)ဒေါ်သန်းသန်းဌေးတို့မှာ မိမိဘဝအသိဖြင့် ဘဝနေချိန်အရွယ်တွေရောက်ခါမှ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ တရားရှုမှတ်ပွားများအားထုတ်ရန်ရောက်ခဲ့ကြသောကြောင့် ကျောင်းနေဖက် အာစိဏ္ဏကံယောဂီကိုဆိုလိုခြင်း ဖြစ်ပါသည်။

ထိုဓမ္မဒါနစာအုပ်ကလေးနောက်ကျော၌ အောက်ပါပုံစံလေးကို ရေးဆွဲဖော်ပြထားရှိပါသည်။




ကျွန်ုပ်သည် အထက်ဖော်ပြပါပုံစံကိုကြည့်၍ 'လူ' ဟုရေးသားထားသည့် စက်ဝိုင်းတွင်းရှိ လူ့ဘုံမှအပါယ်လေးဘုံသို့ငုံ့ကြည့်မိပါသည်။ ထိုသို့ငုံ့ကြည့်ရခြင်းမှာ ယခုအသက်အရွယ်ထိ အကုသိုလ်နှင့် မကင်းသေးသည်တို့သိနေသောကြောင့် အောက်သို့အရင်ဆုံးငုံ့ကြည့်မိခဲ့ခြင်း ဖြစ်ပါသည်။ ငယ်ရွယ်စဉ်ဘဝ မွေးရပ်ဇာတိကျေးရွာ၌နေခဲ့စဉ်အချိန်က အကုသိုလ်အလုပ်တွေကို သိလျက်နှင့် လုပ်မိခဲ့သလို မသိ၍လုပ်ခဲ့မိသော အကုသိုလ်တွေလည်းရှိနေသောကြောင့် အပါယ်လေးဘုံသို့ကြည့်မိခြင်း ဖြစ်ပါသည်။ ထိုပြုခဲ့မိသော အကုသိုလ်တွေ... လူသတ်သမားကြီးအင်္ဂုလိမာလလော... မဆိုးခဲ့သော်လည်း အကုသိုလ်ဆိုသည်... အဆိုးတရားက ယခုဘဝတွင် ချက်ချင်း အကျိုးမပေးခဲ့လျှင် နောက်ဘဝ၌အကျိုး... ပေးတတ်ပြီး ထိုအကုသိုလ်မှ ကင်းလွတ်... ရိုးမရှိဆိုသည့် ချမ်းမြေ့ဆရာတော်ဘုရား... ကြီး၏တရားကို နာကြားမှတ်သားခဲ့ရ... သဖြင့် မိမိပြုခဲ့ဖူးမိသော အကုသိုလ်... တရားများကို ကြောက်ရွံ့စိုးရိမ်နေမိ... သည်။ သို့သော် ဆရာတော်တစ်ပါး... မှ မပြောပလောက်သည့် အကုသိုလ်... ဆိုသည်က ရေအနည်းငယ်ထည့်ထား... သည့်ပန်းကန်ထဲသို့ ဆားအနည်းငယ်... ထည့်လိုက်လျှင် ထိုရေသည် ငန်နေမည်... ဖြစ်ပြီး ရေများများထည့်လိုက်ပါက... အငန်ဓာတ်မရှိတော့နိုင်ကြောင်း ဥပမာ... ပေးဟောကြားတော်မူခဲ့သည်ကိုနာကြား... ခဲ့ရပြန်ပါသည်။ ယောဆရာတော်ဘုရား... ကြီးမှလည်း အကုသိုလ်ကိုနိုင်... ကုသိုလ်တစ်ခုတည်းကသာရှိသည်... နာကြားခဲ့မိပြန်ပါသည်။ ထို့ကြောင့်... မပြောမလောက်သည့်အကုသိုလ်များ... ကုသိုလ်ဖြင့်ဆေးကြောသုတ်သင်... ထိုအကုသိုလ်များ ပျက်ပြယ်သွား... ကြောင်း မှတ်သားမိခဲ့သည်။ အကုသိုလ်... များကို ကုသိုလ်ကောင်းမှုဖြင့် မဆေး... ကြောနိုင်ခဲ့ပါက အပါယ်လေး... ကျရောက်သွားခဲ့လျှင် ထိုအကုသိုလ်... မကုန်နိုင်သေးသမျှ ငရဲကျခံနေရမည်... သိနေပါသည်။ ထို့ကြောင့် အပါယ်... ဘုံကိုတော့ ကြောက်ရွံ့စိုးရိမ်ခြင်း... စွာဖြင့် ကျွန်ုပ်ပယ်လိုက်မိပါသည်။

ထို့နောက် အပေါ်သို့မော့... နတ်ပြည်သို့ကြည့်လိုက်ပြန်ပါသည်... ပြည်က (၆) ထပ်ကြီးတောင်ရှိနေသ... ပျော်ရွှင်စရာ၊ နေချင်စရာကောင်း... မည်ဟု ထင်မိပါသည်။ ဒါနနှင့်... လောက်ပြုထားလျှင် နတ်ပြည်ရော... နိုင်ကြောင်း တွေ့ရသဖြင့် နတ်ပြည်... အားကျရောက်ချင်သလို စိတ်၌... ပါသည်။ နတ်ပြည်၌ နတ်သားနတ်...



www.burmeseclassic.com

www.burmeseclassic.com

တ အပျော်များနှင့်သာ အချိန်ကုန် ပြီး ဒါနပြုခွင့်မရ၊ သီလဆောက်ခွင့် သည့်တရားကိုလည်း နာကြားခဲ့ရ သဖြင့် ရုပ်နာမ်ဓမ္မသင်္ခါရမချုပ်ငြိမ်း သည့်နိဗ္ဗာန်ကိုလည်း ဝိပဿနာ ဏ်ဖြင့် ကျွန်ုပ်ပယ်လိုက်ပြန်ပါသည်။

တစ်ဖန် ဗြဟ္မာပြည်ကို ပြန်ပြောင်း ကြည့်မိပြန်ပါသည်။ ဗြဟ္မာ့ပြည်က (၂၀) တောင်ရှိသဖြင့် နတ်ပြည် ပိုပြီးနေချင်စရာကောင်းမည်ဟု မိပါသည်။ ဗြဟ္မာ့ပြည်ကို သမထ ခုတည်းဖြင့် ရောက်နိုင်ကြောင်းတွေ့ ဗြဟ္မာကြီးတွေက မေတ္တာတရား ကြသည်ကို ဆရာတော်ဓမ္မကထိက ဟောကြားတော်မူခဲ့သည်ကို နာကြား သားခဲ့ဖူးသဖြင့် နတ်ပြည်ထက်စာ ဗြဟ္မာ့ပြည်ကပိုနေချင်စရာကောင်း ထင်ခဲ့မိပြန်ပါသည်။ သို့သော် ပြည်ကလည်း ရုပ်နာမ်ဓမ္မသင်္ခါရ ချုပ်ငြိမ်းခြင်းမရှိဘဲ ခန္ဓာဝန်ကြီးက သည်ကိုသိရပြန်သဖြင့် ဗြဟ္မာ့ပြည် လည်း ကျွန်ုပ်ပယ်လိုက်မိပါသည်။

နောက်ဆုံး အပေါ်ဆုံး ထိပ်ဆုံး နိဗ္ဗာန်ကို မော့ကြည့်လိုက်မိပြန်ပါ ။ နိဗ္ဗာန်သို့ရောက်နိုင်သည့်လမ်းက နာဘာဝနာရှုမှတ်ခြင်းဖြင့် မဂ္ဂင် လမ်းကြောင်းကသွားနိုင်လျှင် ထို သို့ရောက်နိုင်ကြောင်း တွေ့ရှိရပြန် ။ နိဗ္ဗာန်သည် တည်ရှိချမ်းသာ ရုပ်နာမ်ဓမ္မသင်္ခါရများချုပ်ငြိမ်းရာ၊ နာခြင်း၊ သေခြင်းကင်းရာ၊ ဒုက္ခ ချုပ်ငြိမ်းရာဖြစ်ကြောင်း သစ္စာ ကို နာယူမှတ်သားခဲ့ရသဖြင့် ချမ်းသာကို ကျွန်ုပ်သည် လူ့ပြည်မှ လမ်းအဖြစ် ရွေးချယ်လိုက်ပါ သည်။

ထိုသစ္စာအသိဖြင့် ကျွန်ုပ်သည် ခန္ဓာကြီးကို ဉာဏ်အမြင်ဖြင့် အနိစ္စ၊ အနတ္တကိုမြင်အောင် အထပ်ထပ် ကြည့်ခဲ့မိပါသည်။ ရုပ်နှင့်နာမ်က ခြား စက္ကန့်မခြား ဖြစ်ပျက်ပြောင်း တက်ပြန်နေသည်ကိုသာတွေ့နေရ ။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးက ထို ပျက်ခြင်းမှတစ်ပါး ငါ၊ သူတစ် ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ တွေ့မိဘဲ ရုပ်နှင့်နာမ်ကိုသာ ခဲ့ရပါသည်။

ထို့ကြောင့်လည်း မိုးကုတ်ဆရာ ဘုရားကြီးက ဝိပဿနာအလုပ်က ကိုယ်ကို ဉာဏ်ဖြင့် စောင့်ကြည့်ရ အလုပ်ဟုဆိုခဲ့ခြင်း ဖြစ်ပါသည်။ နာဉာဏ်အလုပ်ဖြင့် စောင့်ကြည့် မြဲသည့် အနိစ္စ၊ ဆင်းရဲသည့် ဒုက္ခ၊ ကိုယ့်အလိုဘာတစ်ခုမှမဖြစ်သည့် အနတ္တကိုသာ တွေ့ရဖန်များလာသည့်အခါ ကိုယ့်ခန္ဓာကိုယ်ကြီးကို မလိုချင်သည့်နိဗ္ဗိန္ဒဉာဏ်တွေဖြစ်လာခဲ့မိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိခန္ဓာကိုယ်ကြီးကတစ်ခုခုဖောက်ပြန်လာလျှင် ခန္ဓာကိုယ်ကြီးက နှိပ်စက်ပြန်ပြီဟု သတိဖြင့် ဆင်ခြင်တရားနှလုံးသွင်းလိုက်ပါသည်။ ထိုသို့ဆင်ခြင်လိုက်လျှင် ရင်ထဲချက်ချင်းရှင်းသွား၏။ ကျွန်ုပ်သည် အာစိဏ္ဏကံယောဂီအဖြစ် (၈) နှစ်ခန့် အလေ့အကျင့်လုပ်ခဲ့သော အကျိုးကြောင့် ယခုကဲ့သို့ သတိဖြင့် တရားနှလုံးသွင်း ဆင်ခြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဗုဒ္ဓက ရုပ်နာမ်မမြင်သမျှ သတ္တဝါတွေမှာ ဆင်းရဲမငြိမ်းနိုင်ဟု ဟောကြားတော်မူခဲ့ခြင်းမှာ ငါ့သား၊ ငါ့မြေး၊ ငါ့ခင်ပွန်း၊ ငါ့ဇနီး၊ ငါ့ကား၊ ငါ့အိမ်စသဖြင့် မြင်နေကြသောကြောင့် ဆင်းရဲမငြိမ်းဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထိုအရာအားလုံးကို ရုပ်တွေပါလားဟုမြင်ခဲ့မိပါက သမုဒယသံယောဇဉ်တွေလျော့ပါးသွားမှာအမှန်ဖြစ်သည်။ ယခု ကျွန်ုပ်နှင့်အတူအာစိဏ္ဏကံလုပ်နေသူ ယောဂီတစ်ဦးစနှစ်ဦးစကို တွေ့နေရပါသည်။ သူတို့ကို တွေ့သည့်အခါ ကျွန်ုပ်က -

"ညနေ အာစိဏ္ဏကံတောင်လာတာ မတွေ့ရပါလား"

ဟု မေးမိပါသည်။

ထိုအခါ သူတို့ အဖြေက -

"မြေးလေးထိန်းနေရလို့"

ဟု ဖြေပါသည်။

ကျွန်ုပ် စိတ်ထဲကပဲ ပြုံးနေမိပြီး ဘာမှပြန်မပြောလိုက်ပါ။ သူတို့အသက်အရွယ်ကို ခန့်မှန်းလိုက်တော့ အသက် (၇၀) ပင်ရှိနေနိုင်လောက်ပြီကို တွေ့ရပါသည်။ ပုထုဇဉ်တွေက လူ့ဘဝဆိုသည့် အရှုပ်တောထဲ၌သာ ပျော်နေကြသည်ဆိုသော နာယူမှတ်သားခဲ့မိသည့် ဆရာတော်တစ်ပါး၏တရားကိုသွားသတိရလိုက်မိပါသည်။ အသက် (၇၀) ကျော်အရွယ်ဆိုသည်က ဘဝနေဝင်ချိန်ရောက်နေသည့်အချိန်၊ လူ့ဘဝကမကြာမီထွက်သွားရတော့မည့်အချိန်။ ဒီအချိန်မှာ ကိုယ့်နောက် မလွဲမသွေပါမည့် ဒါန၊ သီလ၊ ဘာဝနာကို ရနိုင်ယူနိုင်သလောက်ရယူရမည့်အချိန် မြေးကိုထိန်းကျောင်းနေရသောကြောင့် အာစိဏ္ဏကံကိုပင် ညနေပိုင်းလေးတစ်နာရီလောက် အချိန်မပေးနိုင်သောအခြေအနေကိုသိရသဖြင့် စိတ်မသက်မသာဖြစ်ခဲ့မိလေသည်။ ထိုယောဂီမမိတ်ဆွေတို့၏ ဘဝနေဝင်ချိန်လေးကို တန်ဖိုးရှိရှိအသုံးချစေလိုသော ဆန္ဒဖြင့် ကျွန်ုပ်ရေးသားမိခြင်း ဖြစ်ပါသည်။ ဝိပဿနာတရားဆိုသည်က ကိုယ်တိုင်ကြိုးစားအားထုတ်ကျင့်ကြံမှ ရသည်မဟုတ်ပါလား။ နိဗ္ဗာန်က ဆုတောင်းလို့မရနိုင်။ မဂ္ဂင်အကျင့်ဖြင့်သာရောက်နိုင်သည်။ နိဗ္ဗာန်မရောက်သေးသမျှ ကျွန်ုပ်တို့အားလုံးဆင်းရဲမငြိမ်းနိုင်ကြ။

ထို့ကြောင့် ကျွန်ုပ်တို့သည် တရားများများနာကြားပြီး တရားများများရှုမှတ်ပွားများကြရမည်။ အလေ့အကျင့်များလာသည့်အခါ တရားရှုမှတ်သည့် ယောဂီသည် မိမိခန္ဓာကိုယ်ကြီးကို ဝန်ထုပ်ဝန်ပိုးကြီးမှန်း အမှန်မြင်လာပါမည်။ ဘယ်လိုမှဟိုနား ဒီနားခေတ္တခဏချမရသည့် ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် ဝိပဿနာဉာဏ်မျက်စိဖြင့်မြင်မိလာပါတော့သည်။ ထိုသို့မြင်လာမိသောအခါ ရရှိထားသည့် ဘဝခန္ဓာကြီးမှ လွတ်မြောက်လိုမှုများဖြစ်လာပါလိမ့်မည်။ ထိုလွတ်မြောက်လိုသောအဆင့်က ဝိမုတ္တိအဆင့်ဟုဆိုပါသည်။ ဝိမုတ္တိအဆင့်ရောက်မှသာလျှင် နိဗ္ဗာန်ချမ်းသာကို အမှန်တကယ်ရောက်ရှိနိုင်ပါမည်။ ဘုရား၊ ပစ္စေကဗုဒ္ဓနှင့် ရဟန္တာတို့သည် ထိုဝိမုတ္တိအဆင့်ကို ရရှိအောင်ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့်သာ နိဗ္ဗာန်ချမ်းသာကို ရောက်ရှိသွားကြပြီး အငြိမ်းဓာတ်များနှင့် နေကြရသည်ဟု ဆိုပါသည်။

ကျွန်ုပ်လည်း မဂ္ဂင်လမ်းကြောင်းပေါ်မှ ဝိမုတ္တိအဆင့်ကိုရောက်အောင်ကြိုးစားလျှောက်လှမ်းနေမိပါသည်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဘဝကို မလိုချင်တော့ပါ။ အသေမဆုံးမှန်းသိနေ၍ မလိုချင်တော့ခြင်း ဖြစ်ပါသည်။ မဂ္ဂင်လမ်းကြောင်းပေါ်မှ လျှောက်ခြင်းဖြင့်သာ တစ်ဘဝမဟုတ်တစ်ဘဝတွင်တော့ နိဗ္ဗာန်ချမ်းသာကို ရောက်ရှိနိုင်လိမ့်မည်ဟု ခိုင်မာသောခံယူချက်၊ ယုံကြည်ချက်တို့ဖြင့် ကြိုးစားအားထုတ်နေခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အန္တိမရည်မှန်းချက်ကလည်း နိဗ္ဗာန်ချမ်းသာရောက်ရှိဖို့သာ အဓိကမဟုတ်ပါလား။

ထို့ကြောင့် ကျွန်ုပ်ကတော့ လူ့ပြည်မှအပြန် လမ်းကြောင်းမှန်ကို စိတ်ကြိုက်ရွေးပြီး လျှောက်လှမ်းနေပါပြီ။ သင်စာဖတ်သူတို့ကော လူ့ပြည်မှအပြန်လမ်းကို ရွေးချယ်ပြီးကြပြီလား။


ဉာဏ်မဦးမီ အသေဦးသွားမှဖြင့် . . . ။

မောင်မောင်အောင်မင်း(ဒဿနိက)



www.burmeseclassic.com

www.burmeseclassic.com



# ရဲမြတ်တင်
## (အမျိုးသားစာပေဆုရ)
## ရှင်လန်းဝမ်းသာ

"အလျှုခံခင်ဗျ အလျှုခံ"

ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ဖတ်လက်စစာအုပ်ကိုချကာ ကျွန်တော်လှမ်းကြည့်လိုက်မိသည်။ အိမ်အပေါက်ဝတွင် လူလေးငါးယောက်ခန့်ကို တွေ့လိုက်ရသည်။ အားလုံးလိုလိုပင် အလျှုခံပုဂ္ဂိုလ်များပီပီ မျက်နှာများပြုံးချိုလျက်ရှိကြသည်။ သစ်လွင်သားနားသောအဝတ်အစားများကိုလည်း ကိုယ်စီဝတ်ဆင်ထားကြသည်။ ငွေဖလားကိုကိုင်သူကိုင်၍ အလျှုခံဖြတ်ပိုင်းစာအုပ်ကိုကိုင်သူကကိုင်ထားကြလေသည်။

အလျှုခံခေါင်းဆောင်လုပ်သူက နိဒါန်းပျိုးလိုက်သည်။

"ကျွန်တော်တို့က မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်းကပါခင်ဗျာ။ ကျွန်တော်တို့ဂေဟာမှာ စောင့်ရှောက်ထားတဲ့ကလေးပေါင်း တစ်ရာ့ရှစ်ဆယ်ကျော်ရှိပါတယ်။ သူတို့အတွက် ကျန်းမာရေး၊ ပညာရေးမှအစ ကျွေးမွေးစရိတ်အပါအဝင် တစ်နေ့တာကုန်ကျမှုက. . ."

ကျွန်တော်က လက်ကာပြရင်း ထိုင်ရာမှထလိုက်သည်။ သူ့စကားကိုရှည်ရှည်ဝေးဝေး နားထောင်လိုစိတ်မရှိ။ စိတ်လည်းမဝင်စားပေ။ သည်လိုအပြောမျိုးကို အကြိမ်ပေါင်းများစွာပင် ကြားဖူးခဲ့လေပြီ။ ထို့ကြောင့် ငွေစက္ကူအချို့ကို ဗီရိုအံဆွဲထဲမှထုတ်ယူကာ ဖလားထဲထည့်ပေးလိုက်သည်။ ဖြတ်ပိုင်းကိုရေးမနေရန်လည်း တစ်ခါတည်းပြောလိုက်သည်။

ဖလားထဲသို့ ထည့်လိုက်သောကျွန်တော့်အလျှုငွေကိုကြည့်ကာ သူတို့အားလုံး မျက်နှာမည်းသွားကြသည်။ တိုက်ကြီးတာကြီးဖြင့်နေထိုင်ပြီး ကြွယ်ပိုးကြွယ်ဝရှိလှသူတစ်ဦးထံ အထင်တကြီးဝင်လာခဲ့လေသမျှ ယခုကဲ့သို့ မဖြစ်စ လောက်အလျှုငွေကလေးသာ ထည့်... မည်လောဟု သူတို့စိတ်ထဲ၌ မကျေ... ဖြစ်သွားကြဟန်တူလေသည်။ အိမ်ထဲ... ခပ်မြန်မြန်ပင် ပြန်ထွက်သွားလိုက်... သည်။

ကျွန်တော်က သူတို့ကို တစ်ခ... မျှလှည့်မကြည့်တော့ဘဲ ပြန်ထိုင်လို... သည်။ ဖတ်လက်စစာအုပ်ကို ဆက်... နေလိုက်သည်။

မကြာပါ။ ခြေသံများကို ကြ... လိုက်ရပြန်သည်။ ကျွန်တော်မော့ကြ... လိုက်ရာ လူတစ်ယောက်က အိမ်ထ... သို့ ခပ်သုတ်သုတ်ဝင်လာနေလေသ... အနီးရောက်သည်နှင့် ကုလားထိုင်... ဝင်ထိုင်လိုက်သည်။ ထိုသူမှာ ကျွန်... နှင့် ကျောင်းနေဖက်သူငယ်ချင်းတ... ပင်ဖြစ်သည်။ သူ့နာမည်က အေး... လေသည်။

ခရီးရောက်မဆိုက်ပင် ...



www.burmeseclassic.com

www.burmeseclassic.com

သောလေသံမျိုးဖြင့် စကားစလာသည်။

"သူငယ်ချင်းရာ၊ ကိုယ့်ကိုကူညီပါဦးကွာ။ အခု ကိုယ့်သား ရဲစခန်းမှာ ရောက်နေတယ်။ လူရိုက်မှုဖြစ်လို့။ အရိုက်ခံရတဲ့ကောင်လေးရဲ့မိဘတွေက လျော်ကြေးပေးရင်တော့ အမှုကိုကျေအေးမယ့်ပုံပဲ။ လျော်ကြေးမပေးနိုင်ရင်တော့ တရားစွဲခံရပြီး ကိုယ့်သား ထောင်ကျသွားတော့မှာသေချာတယ်။ လုပ်ပါဦးကွာ၊ ကိုယ့်ကိုငွေခဏလှည့်ပါဦး။ သူငယ်ချင်းကလွဲပြီး ကိုယ့်ကိုကယ်မယ့်သူမရှိလို့ပါ နော်နော်"

လာပြန်ချေပြီ။ လောက၌ ဒုက္ခသည်တွေ အလွန်ပင်များလှသည်။အမှန်တော့ ဒုက္ခသည်ဟုပင်မပြောအပ်။ ဘဝ၌ ကြုံသလိုနေ၊ ကြုံသလိုစားကာ ကြုံလာသမျှပြဿနာကို ကြုံသလိုဖြေရှင်းနေကြသူများသာဖြစ်သည်။ ဘာတစ်ခုမှကြိုတင် မျှော်တွေးထားခြင်းမရှိသလို ဘာတစ်ခုမှလည်း ကြိုတင်စီစဉ်ပြင်ဆင်ထားခြင်းမရှိကြ။

ကျွန်တော်က အံဆွဲကိုဖွင့်ရပြန်သည်။ ငွေစက္ကူအချို့ကိုထုတ်ယူကာ သူ့လက်ထဲထည့်ပေးလိုက်သည်။ ဒီငွေမှာ ချေးငှားခြင်းမဟုတ်ကြောင်း၊ အလကားပေးခြင်းဖြစ်ကြောင်းနှင့် ပြန်ဆပ်ရန်မလိုကြောင်းကိုပါ တစ်ခါတည်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက လက်ထဲမှငွေကို ငုံ့ကြည့်ကာ အံ့အားသင့်နေသည်။ ငိုင်တွေနေသည်။ ကျွန်တော်ပေးသောငွေမှာ သူလိုအပ်သောအရေအတွက်ထက် အဆများစွာပင် နည်းပါးနေဟန်တူသည်။ ထို့နောက် သူက အံတစ်ချက်ကြိတ်လိုက်ပြီး ထိုင်ရာမှထရပ်လိုက်သည်။ ကျွန်တော့်ကိုပင် နှုတ်မဆက်တော့ဘဲ ချာခနဲလှည့်ကာ ခြေသံမာမာဖြင့်ထွက်ခွာသွားလေသည်။ ကိစ္စမရှိပါ။ ဘာမှလည်း မတတ်နိုင်ပါ။

စာအုပ်ကို ဆက်မဖတ်တော့ဘဲ ခြံဝသို့ထွက်လာခဲ့မိသည်။ မနက်က အသစ်ရောက်လာသောပန်းအိုးများကို တစ်ခုချင်း လိုက်ကြည့်နေမိသည်။ ထိုအချိန်မှာပင် အမျိုးသမီးတစ်ဦးက ခြံတွင်းသို့ဝင်ရောက်လာပြန်လေပြီ။ သူကား ကျွန်တော့်နှမဝမ်းကွဲတစ်ဦးပင်ဖြစ်သည်။ သူ့အသွင်က အူယားဖားယားနိုင်လှသလို မျက်လုံးတို့က မျက်ရည်များဖြင့် စွတ်စို၍နေလေသည်။

ကျွန်တော့်အနီးရောက်သည်နှင့် ကျွန်တော့်လက်မောင်းအား အတင်းဆွဲလှုပ်ကာ ငိုသံတစ်ဝက်နှင့်ပြောလေတော့သည်။

"ကယ်ပါဦး အစ်ကို၊ ညီမကိုကယ်ပါဦး။ ညီမယောက်ျား ဆေးရုံတင်ထားရတယ်။ မနေ့ညက ညဉ့်နက်မှပြန်လာပြီး ဘာမှမစားဘဲ အိပ်ရာထဲတန်းဝင်သွားတာ၊ ခဏကြာတော့ ဗိုက်နာတယ်နာတယ်ပြောတာနဲ့ ညီမလည်း တတ်သလောက်မှတ်သလောက်ပြုစုသေးတယ်။ ဒါပေမယ့် မသက်သာဘူး။ ဒါနဲ့ ခုမနက်လင်းလင်းချင်း အထူးကုဆေးခန်းသွားပြတော့ ဆရာဝန်က အူအတက်ပေါက်တာတဲ့၊ ချက်ချင်းခွဲရမှာတဲ့။အခုခွဲတောင်နေပြီ အစ်ကို။ အဲဒါ ညီမလက်ထဲမှာလည်း ပိုက်ဆံကတစ်ပြားမှမရှိ. . ."

သူ့စကားမဆုံးမီ ကျွန်တော် ချာခနဲလှည့်ကာ အိမ်တွင်းသို့ပြန်ဝင်လာခဲ့သည်။ ထုံးစံအတိုင်း ဗီရိုအံဆွဲကိုဖွင့်ကာ ငွေစက္ကူအချို့ကို ထုတ်ယူရပြန်ပြီ။ ထိုငွေစက္ကူများကို အပူသည်မလက်ထဲသို့ အမြန်ဆုံးထိုးထည့်ပေးလိုက်သည်။

သို့သော် သူမက ငွေစက္ကူများကို ကြည့်ပြီး ကျူကျူပါအောင်ငိုတော့သည်။ ထိုသို့ငိုပြီးသော် ကျွန်တော့်အား ကက်ကက်လန်အောင် ရန်တွေ့ပါတော့သည်။

"ဒီငွေလောက်နဲ့ ဘာလုပ်ရမှာလဲ။ ဆေးဖိုးတစ်နေ့စာတောင်မရှိဘူး။ အစ်ကိုတစ်ယောက်ရယ်လို့ အားကိုးရမလား မှတ်ပါတယ် တော်ပြီ၊ တော်ပြီ"

လက်ထဲမှ ငွေစက္ကူများကိုပစ်ချလိုက်သည်။ ဒေါနှင့်မောနှင့် ခြေကိုဆောင့်၍လည်း ကျွန်တော့်ရှေ့မှထွက်သွားသည်။ ပါးစပ်မှပါ တစ်လမ်းလုံးဖျစ်တောက်ဖျစ်တောက်ပြောသွားလိုက်သေးသည်။ ကျွန်တော်က အသာပင်ကြည့်နေလိုက်သည်။

သူ့လင်ကို ကျွန်တော်သိသည်။ အရက်သမား ငမူးတစ်ယောက်ပင်ဖြစ်သည်။ အလုပ်အကိုင်ရယ်လို့မည်မည်ရရမရှိ။ ယီးတီးယောင်တောင်လူစားမျိုး။ သို့သော် အရက်ကိုတော့ နေ့တိုင်းသောက်နိုင်သည်။ ယခု ကြုံရာနေရာကတွေ့ကရာတွေသောက်စားမူးရူးလာပြီး အချိန်မတော်မှအိမ်ပြန်လာရာက ဝမ်းဗိုက်ပြဿနာတက်သွားခြင်းပင်ဖြစ်သည်။

လင်ဆိုတော့လည်း ပြုစုရမည့်တာဝန်၊ ပိုက်ဆံရှာရမည့်တာဝန်က မယား၏တာဝန်ပဲပေါ့။ ယခု သူကတာဝန်ရှိသည့်အတိုင်း ကျွန်တော့်ထံ ပိုက်ဆံလာရှာသည်။ ကျွန်တော်ကလည်း ပေးနိုင်သလောက်ပေးလိုက်သည်။ သူယူမသွားတာ၊ မကျေနပ်သွားတာတော့ ကျွန်တော်လည်းမတတ်နိုင်။

❑

နောက်နေ့မနက်တွင် ကျွန်တော့်အား မကျေနပ်သူတစ်ဦးက ထပ်မံပြီးရောက်လာပြန်ပါသည်။ သူကား ကျွန်တော်နှင့်ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်ပြီး ကျွန်တော်က ကိုကြီးအုန်းဟုခေါ်သော အငြိမ်းစားကျောင်းဆရာတစ်ဦးလည်းဖြစ်သူ ဦးအုန်းမောင်ပင်ဖြစ်သည်။

သူက ရောက်ရောက်ချင်းဆိုသလိုပင် ညီအစ်ကိုဆက်ဆံရေးမျိုး



အတိုင်း ဟောဟောဒိုင်းဒိုင်းပြောချလိုက်သည်။

"ငါ့ညီ မောင်စည်သူ၊ ငါ မင်းကို သဘောမကျတာ၊ ဘဝင်မကျတာတစ်ခုရှိတယ်ကွ"

"ဟုတ်ကဲ့ - ပြောပါ ကိုကြီးအုန်း"

"တခြားမဟုတ်ဘူးကွ၊ မင်းဟာ ဒီမြို့မှာ လူချမ်းသာစာရင်းဝင်တစ်ယောက်ပဲ။ ဒါပေမယ့် မင်းမှာ ဒါနပြု တာ၊ ကုသိုလ်ကောင်းမှုပြုတာမျိုး အလွန်အားနည်းတယ်ကွ။ အဲဒါပြောချင်တာပဲ"

"ဟုတ်ကဲ့ ဆက်ပြောပါဦး ကိုကြီးအုန်း"

"ဒီတော့ကွာ ဒီလိုအပ်ချက်ကို မင်းဖြည့်သင့်ပြင်သင့်တယ်လို့ ငါထင် တယ်။ ဒါကြောင့် မင်းမှာအတွေးအခေါ် ချွတ်ချော်မှုတွေရှိနေရင်လည်း အကြံပေး ရအောင်၊ တိုက်တွန်းရအောင်လို့ ငါလာ ခဲ့တာပဲ။ ဥပမာ ငါ့ညီရာ၊ ခု မင်းပိုင်ဆိုင် နေတဲ့ပစ္စည်းဥစ္စာတွေကို မင်းသေရင် ဒီအတိုင်းထားပစ်ခဲ့ရမှာပဲလို့ ငါမပြော ဘူး။ ဒီအတိုင်းလည်းမထားခဲ့ရပါဘူး ဟိုဘက်ဘဝအထိပါအောင်ယူသွားနိုင် ပါတယ်။ ယူပုံယူနည်းကတော့ ကိုယ့် မနဥစ္စာတွေကို ဒါနပြုလိုက်ဖို့ပဲကွ။ ဒါ ဒီဘဝမှာ ကြဲချခဲ့တဲ့မျိုးစေ့တွေက ဘဝမှာ အပင်ပေါက်ပြီး အကျိုးပြန်ခံ ရမှာ။ ဒီအထိ သဘောပေါက်တ မဟုတ်လား ငါ့ညီ"

သူကစကားကိုရပ်ကာ ကျွန်တော် ကိုအကဲခတ်လိုက်သေး၏။ ကျွန်တော် က မတုန်မလှုပ်ပင်နေသည်။

"နောက်တစ်ချက်က ဒါနဆို ပြုတိုင်းတော့ အကျိုးမပေးဘူးကွ။ တတ်မှ အကျိုးပေးတယ်။ အဲဒီဒါန ပြုနည်းတွေကို လျှောက်ပြောနေရ ဆိုရင်တော့ အများကြီးပေါ့ကွာ။ ဒီ တိုတိုနဲ့လိုရင်းပဲငါပြောလိုက်မယ်။ ကတော့ ဒါနပြုတဲ့အခါတိုင်းမှာ ကိုယ်ကိုယ် သတိထားပြီးစောင့်ကြ မယ်ကွ။ ကိုယ်က တစ်ပါးသူကို ပေးကမ်းလိုက်ရလို့ ကြည်နူးအားရ တယ်။ ရွှင်လန်းဝမ်းသာဖြစ်မိတယ် အဲဒီဒါနဟာ အကျိုးပေးတော့တာ

အခု မင်းလည်း ဒါနပြုဖူး ငါပြောသလိုမခံစားဖူးဘူးလား။ ဖူးမှာပဲ၊ ဝမ်းသာပီတိဖြစ်ဖူးမှာပဲ။ ဒီ များများဝမ်းသာ များများအကျိုး အောင်လို့ များများကြီးတွန်း



www.burmeseclassic.com

www.burmeseclassic.com

ချင်နိုလိုတယ်ကွ ငါ့ညီရ"

စကားဆုံးသည်နှင့် သူက ကျွန်တော့်ကို အကဲခတ်ပြန်သည်။ အားရပါးရပြောနေသော သူ့စကားများကြောင့် ကျွန်တော်များလှုပ်လှုပ်ရှားရှား ကြားကြားဖြစ်နေလေပြီလားဟု စူးစမ်းလိုက်ခြင်းဖြစ်သည်။ သို့သော် မျှော်လင့်သလို ကျွန်တော်က ဘာမှထူးထူးခြားခြားဖြစ်မနေသောအခါ သူစိတ်ပျက်သွားသည်။

အမှန်ပါ။ ကျွန်တော်က သူပြောသောစကားများကို နားသာထောင်နေရသော်လည်း စိတ်တွင်း၌ မည်သို့မျှ လှုပ်ခြင်းလိမလာပါ။ တစ်မျိုးတစ်မည် ခံစားလာရခြင်းမရှိပါ။ သူပြောသောစကားများ အားလုံးလိုလိုပင် ကျွန်တော် သိပြီးသား၊ ကြားဖူးပြီးသားများဖြစ်နေသဖြင့် ကျွန်တော့်အားဘာမှမဆွဲဆောင်နိုင်ပါ။

သို့သော် ကျွန်တော့်အနေဖြင့် သူ့အား ပြန်ပြောဆိုရန်အချိန်ရောက်လေပြီ ဖြစ်သောကြောင့် လည်ချောင်းကိုရှင်း၍ ကျွန်တော်စကားစလိုက်တော့သည်။

"ခုလိုရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကြီးအုန်း၊ သို့သော် ကျွန်တော်ကလည်း ကျွန်တော့်ခံစားချက်ကို အခု ကိုကြီးအုန်းလိုပဲ ဘွင်းဘွင်းရှင်းရှင်း ပွင့်ပွင့်လင်းလင်းပြောရတော့မှာပဲ။ အရင်ဆုံးတော့ ကျွန်တော်ဟာ ကိုကြီးအုန်း ထင်သလို တွန့်တိုစေးနှဲတဲ့သူ၊ ပစ္စည်းဥစ္စာတွေကိုခုံမင်ဖက်တွယ်နေတဲ့သူ လုံးဝမဟုတ်ပါဘူး။

ဒါပေမယ့် ကျွန်တော်ဟာ ဘယ်လောက်ပဲဒါနပြုပြု၊ ဘယ်လောက်ပဲလှူလှူ၊ ပေးကမ်းပေးကမ်း ကိုကြီးအုန်းပြောသလိုတိုင်း ရွှင်လန်းဝမ်းသာခြင်းအရသာကို ဘယ်တော့မှခံစားရမှာမဟုတ်ဘူး ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ်သိနေပါတယ်။ ဒါကြောင့် ကိုယ့်အတွက် ဘာမှ ထူးထူးခြားခြားမထူးတော့မယ့်အတူတူ ဒီဒါန ကုသိုလ်တွေကို စိတ်လည်းမပါတော့ သလို တတ်တက်ကြွကြွလည်းမရှိတော့ ပါဘူး"

"ဟေ - ထူးပါ့ကွာ၊ သူတစ်ပါးကို ဘယ်လောက်ပေးပေး၊ ဘယ်လောက် လှူလှူ မင်းစိတ်ထဲမှာ ဘာမှမခံစားရ ဘူး၊ ဘာမှပီတိမဖြစ်ဘူးဆိုတာ ဟုတ်ရဲ့လား။ ဘာအကြောင်းကြောင့် မင်း ဒီလိုပြောနိုင်တာလဲ"

"ဟုတ်တယ် ကိုကြီးအုန်း၊ ကျွန်တော့်မှာ အကြောင်းရှိတယ်။ ပိုပြီးရှင်းအောင်ပြောရရင် ကျွန်တော့်မှာ စိတ်ဝေဒနာရှိတယ်။ အဲဒီစိတ်ဝေဒနာဟာလည်း ဘယ်လိုမှကုစားလို့မရတဲ့ အခြေအနေမျိုးဖြစ်နေပါတယ်"

"ဟုတ်လား စိတ်ဝင်စားစရာပဲ။ ငါ့ကိုအကုန်ပြောပြစမ်းကွာ"

"ကိုကြီးအုန်းကိုတော့ ညီအစ်ကိုဆိုတော့ ကျွန်တော် ရင်ဖွင့်ရတော့မှာပေါ့။ ကျွန်တော့်အဖြစ်က တကယ်ကိုဆေးမတိုးတော့တဲ့သူလိုဖြစ်နေတာပါ ကိုကြီးအုန်း။ ကိုကြီးအုန်းကို ဦးဆုံးအနေနဲ့ ကျွန်တော် ဥပမာတစ်ခုပေးပြီး မေးကြည့်ပါရစေ။ ဆိုပါတော့၊ လူတစ်ယောက်ဟာ သူ့ဘဝမှာ မဖြစ်မနေ ပြန်လည်ကျေးဇူးဆပ်ရမယ့်သူ၊ မဖြစ်မနေတုံ့ပြန်စောင့်ရှောက်ရမယ့်သူတွေအပေါ် တာဝန်ပျက်ကွက်ခဲ့တယ်ဆိုပါစို့။ အဲဒီလူဟာ သူ့ကျေးဇူးရှင်တွေ သေလွန်ပြီးတဲ့အခါမှ ငါမှားပြီဆိုပြီး သူ့အပြစ်တွေကို သူမြင်လာတယ်။ နောင်တလည်းရလာတယ်ဆိုပါစို့။ အဲဒီအခါမှာ သူက သူ့အပြစ်၊ သူ့နောင်တကို ပြန်ပြီးကုစားချင်တယ်၊ ချေဖျက်ချင်လာတယ်ဆိုကြပါစို့။ သူ့အနေနဲ့ ကုစားလို့-ချေဖျက်လို့ကော ရနိုင်ပါဦးမလား။ ရနိုင်တယ်ဆိုရင်လည်း ဘယ်လိုနည်းနဲ့ ကုစားရမလဲ၊ ချေဖျက်ရမလဲဆိုတာ ကိုကြီးအုန်းသိရင်ပြောပြပါဦး"

"အေး- မင်းပြောတာကို သဘောပေါက်သလိုလိုတော့ရှိသားပဲ။ ဒါပေမယ့် စိတ်ထဲမှာ လည်ဓာယ်တယ်ဖြစ်နေတယ်ကွ။ ပိုပြီးရှင်းအောင်ပြောကွာ"

"ဒီလိုပါ ကိုကြီးအုန်း၊ တကယ်တော့ ကျွန်တော်ဟာ လူမိုက်တစ်ယောက်ပါ။ ကိုယ့်ရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်တွေအပေါ် ပြန်ပြီးကျေးဇူးဆပ်ရမယ့်တာဝန်၊ ပြန်ပြီးကြည့်ရှုစောင့်ရှောက်ရမယ့်ဝတ္တရားတွေကို အကြီးအကျယ်ပျက်ကွက်ခဲ့သူပါ။ မသိနိုးနားပြုခဲ့မိသူပါ။ အဲဒီကျေးဇူးရှင်တွေ သေလွန်ပြီးကြတဲ့အခါမှ ငါမှားပြီဆိုတဲ့အသိနဲ့ နောင်တကို ရင်ဝယ်ပိုက်ပြီးတမြည့်မြည့်ခံစားနေရသူပါ။ အဲဒီ 'ကျွန်တော်တာဝန်ပျက်ကွက်ခဲ့တဲ့ကျေးဇူးရှင်တွေဆိုတာ တခြားသူဟုတ်ပါရိုးလား၊ ကျွန်တော့်ရဲ့မိဘအရင်းခေါက်ခေါက်တွေပဲပေါ့ ကိုကြီးအုန်းရဲ့"

"ဟေ - ဒီလိုလား၊ အေး အေး ဆက်ပါဦး"

"ကျွန်တော်ဟာ ငယ်စဉ်တုန်းက အတော်ဆင်းရဲခဲ့တယ်။ ဒါကြောင့်လည်း ဆင်းရဲတဲ့ဘဝကလွတ်အောင် ကြိုးစားခဲ့တယ်။ ကြိုးစားရင်း ဆင်းရဲတဲ့ဘဝက တကယ်လွတ်လာပြန်တော့လည်း ကိုယ့်ကိုယ်ကိုယ်မယုံမရဲဖြစ်နေမိပြန်တယ်။ တစ်ခါပြန်ပြီးဆင်းရဲရမှာကို ကြောက်နေမိပြန်တယ်။ ရသမျှရှာ၊ ရှာပြီးသမျှ တိုးပွားအောင်လုပ်ရင်းနဲ့ လောဘကို အတောမသတ်နိုင်အောင်ကိုဖြစ်ခဲ့မိပါတယ်။ ဒီအတောအတွင်းမှာ ဘယ်သူ့ကိုမှ မပေး၊ မကျွေး၊ မထောက်ပံ့ခဲ့ဘူး။ အဲဒီအထဲမှာ ကျွန်တော့်မိဘနှစ်ပါးလည်း အပါအဝင်ဖြစ်ပါတယ်။

ဒီလိုနဲ့ ကျွန်တော့်မိဘတွေဟာ ချို့ချို့ငဲ့ငဲ့ဆင်းဆင်းရဲရဲနဲ့ပဲ သေလွန်သွားကြရရှာတယ်။ အဲဒီလို မိဘတွေသေလွန်ပြီးကြတဲ့အခါကျတော့မှ ကျွန်တော်က အိပ်မက်က လန့်နိုးသလိုဖြစ်လာတယ်။ ကိုယ့်အပြစ်တွေကိုလည်း ပြန်မြင်လာတယ်။ ဒီအခါ နောင်တအကြီးအကျယ်ရမိခြင်းနဲ့အတူ လူတစ်ကိုယ်လုံးလည်း ပူလောင်လာပါတယ်။ မစားနိုင်မအိပ်နိုင်လောက်အောင်ကို စိတ်သောကရောက်ရပါတယ်။ မိဘတွေအကြောင်းတွေးမိလေတိုင်း မျက်ရည်ကျခဲ့ရိုခဲ့ရပါတယ်။ ဘယ်လိုမှကို ဖြေဖျောက်ကုစားလို့မရနိုင်အောင်ပဲ တမြည့်မြည့်ခံစားခဲ့ရပါတယ်"

"ဟုတ်ပြီ ဟုတ်ပြီ၊ ငါသိပြီ၊ မင်းဆိုလိုချင်တာကို ငါသဘောပေါက်ပြီ။ ကိုယ့်ကိုမွေးဖွားခဲ့တဲ့ မိဘအရင်းအချာတွေကိုတောင် ဘာမှမပေးမကမ်း၊ မကျွေးမမွေးဘဲနေခဲ့သူတစ်ယောက်ဟာ တခြားလူတွေကိုပေးကမ်းနေလည်း အပိုပဲ။ တစ်နည်းအားဖြင့် မိဘတွေအပေါ် အပြစ်ကျူးလွန်ခဲ့မိလို့ နောင်တရပြီး စိတ်နှလုံးနောက်ကျိနေရမှုကို တခြားလူတွေအပေါ် ပေးကမ်းလှူဒါန်းခြင်းနဲ့ ချေဖျက်လို့မရဘူး၊ အစားထိုးလို့မရဘူး။ ရွှင်လန်း ဝမ်းသာတဲ့စိတ်မျိုးလည်း ဖြစ်မလာနိုင်တော့ဘူး။ မင်းဆိုလိုချင်တာ ဒီသဘောပဲမျိုးပဲမဟုတ်လား"

"ဟုတ်တယ် ကိုကြီးအုန်း၊ အဲဒါပါပဲ။ ကျွန်တော့်သူ့ဘဝကတော့ သိကြားမင်းကြီးဆင်းပြီး ကျွန်တော့်ဆီလာအလှူခံတောင်မှ ဝမ်းသာပျော်ရွှင်လိမ့်မယ် မထင်တော့ပါဘူး။ ငါမိဘတွေကိုမကျွေးလိုက်ရလေခြင်းဆိုတဲ့ ကျွန်တော့်ရဲ့စိတ်ဝေဒနာက ဘယ်လိုမှကုစားနိုင်မယ်လို့ မထင်တော့ပါဘူး။ ဒါကြောင့် ကျွန်တော်

www.burmeseclassic.com

က တစ်လျှောက်လုံး ကိုယ်မယုံကြည်တဲ့ အလုပ်ကို မလုပ်ဘဲနေလာခဲ့တာပေါ့။ ကျွန်တော့်မှာရှိတဲ့ပစ္စည်းဥစ္စာတွေကို အခုချိန်မှာ ကျွန်တော် မနှမြောတော့တာ အမှန်ပဲ။ ဒါပေမယ့် ဒီဒါနဆိုတာတွေ ကိုပြုရမှာလည်းပဲ စိတ်မပါတော့တာ အမှန်ပဲ။ စိတ်မပါလို့လည်း ခုပုံစံအတိုင်း ဖြစ်နေရတော့တာပါပဲ။ ကိုင်း - အခု ကျွန်တော်ရှင်းပြတာတွေအပေါ် ကိုကြီးအုန်း ဘယ်လိုသဘောရသလဲ။ ကိုကြီးအုန်းအမြင်ကို ပြောပါဦး"

ကျွန်တော့်က စကားကိုအဆုံးသတ်လိုက်သည်။

သို့သော် သူက ကျွန်တော့်အမေးကို ချက်ချင်းပြန်မဖြေဘဲ စဉ်းစားနေသေး၏။ အတန်ကြာတော့မှ ဖြည်းလေးစွာပြောလာခဲ့လေသည်။

"ဒီအကြောင်းတွေ ငါ ခုမှပဲသိရတယ်။ အေးလေ၊ မင်းနဲ့ငါနဲ့ကလည်း အရင်က တစ်တွဲစီနေခဲ့ကြပြီး အသက်တွေကြီးလာမှပြန်ဆုံမိကြတာကိုး။ လက်စသတ်တော့ မင်းအဖြစ်က အလျှော်ပေးရမယ့်တစ်ပိဿာကြောင့် အမြတ်ယူရမယ့်တစ်ကျပ်သားကို စိတ်မပါလက်မပါဖြစ်နေတာကိုး။ ဝန်လေးတွန့်ဆုတ်နေတာကိုး။ အေးကွ၊ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စပဲ။ မင်းစကားကို လုံးလုံးမှားတယ်လို့ မဆိုနိုင်ဘူး။ ပုဂ်ဖြည်မှာ အဖေနဲ့အစ်ကိုကိုသတ်မိလို့ စိတ်နှလုံးညှိုးချုံးကြေကွဲလန့်နေရတဲ့ နရသူဟာ ဘုရားတွေတည်ပြီး စိတ်သက်သာရာ ရှာခဲ့တာပဲ။ ဒါပေမယ့် သေသာသွားတယ်၊ သူရမသွားခဲ့ဘူး။ နောက်တစ်ယောက်က အဇာတသတ်မင်းလည်း ဒီအဖြစ်မျိုးကြုံရတာပဲ။ ဒါပေမယ့် သူကတော့ ဘုရားကိုဖူးရပြီး တရားကိုလည်းနာလိုက်ရတာမို့ သူ့စိတ်သန္တာန်မှာ အထိုက်အလျောက်ကြည်လင်ပြီး ငြိမ်းအေးချမ်းသာမှုကို ရသွားတယ်လို့ဆိုတယ်။

ဒီတော့ ငါ့ညီရာ မင်းအပြစ်ဟာ ကြီးတော့ကြီးလေးပေမယ့် သူတို့လောက်တော့ မကြီးလေးပါဘူး။ ဒါကြောင့် မင်းမှာ မျှော်လင့်ချက်ရှိပါသေးတယ်။ တစ်နေ့မှာ မင်းရဲ့စိတ်နှလုံးညစ်ညူးနေတာ၊ နောက်ကျိနေတာတွေကို ဖယ်ရှားရှင်းလင်းပေးမယ့်၊ ကြည်လင်အေးမြရွှင်လန်းဝမ်းသာစရာ အကြောင်းခြင်းရာတွေနဲ့ တွေ့ကြုံလာရဦးမှာပါ။ အမြန်ဆုံး ကြုံတွေ့နိုင်ပါစေလို့လည်း အစ်ကိုကြီးဆန္ဒပြုပါတယ်ကွာ"

ထို့နောက် ကိုကြီးအုန်းကသည် ကျွန်တော့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ ကိုကြီးအုန်းပေးသောဆုနှင့် ပြည့်စုံလိမ့်မည်ဟု မယုံရဲလေသူ ကျွန်တော်မူကား ကျောက်ရုပ်တစ်ရုပ်သဖွယ် မလှုပ်မယှက်ကျန်ရစ်ခဲ့သည်။

❏

နောက်တစ်နေ့မနက်တွင် အသစ်ဆောက်လုပ်လျက်ရှိသောကားဂိုဒေါင်ထဲတွင် အလုပ်သမားများနှင့်အတူ ကျွန်တော်အလုပ်များနေမိသည်။ ကျွန်တော် အလိုရှိသောပုံစံအတိုင်း ဆောက်လုပ်နိုင်ရန်အတွက် အလုပ်သမားများကို စီမံညွှန်ကြားနေမိသည်။

ထိုအချိန်မှာပင် ခြံအပေါက်ဝသို့ ဦးပဉ္စင်းလေးတစ်ပါးက ဆွမ်းလာရပ်လေသည်။ ကျွန်တော်က အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။ ထိုဦးပဉ္စင်းက သင်္ကန်းကို သေသပ်စွာရုံ၍ သပိတ်ကို ပိုက်ကာ မျက်လွှာချပြီးရပ်နေလေသည်။ ထိုဦးပဉ္စင်းမှာ အတော်ပင် ဥပဓိရုပ်ကောင်းပြီး ကြည်ညိုဖွယ်အသွင်ဆောင်နေသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။ ဦးပြည်းစိမ်းစိမ်း၊ အသားအရေကဖြူဖြူဝင်းဝင်းနှင့် မျက်နှာက အတော်ပင်ကျက်သရေလှသည်။ အခြားလူများက အလုပ်ကိုယ်စီနှင့်မို့ လက်မအားကြပေ။ ထို့ပြင် သူတို့လက်များကလည်း အလုပ်လုပ်ရင်းမို့ ပေကျံလျက်ရှိကြသည်။ ထို့ကြောင့် ကျွန်တော်ကပင် အိမ်ထဲပြန်ဝင်ကာ လှူဖွယ်ပစ္စည်းတစ်ခုကိုယူ၍ ဦးပဉ္စင်း၏သပိတ်ပေါ်သို့ အသာကပ်တင်ပေးလိုက်သည်။

ဤမှာပင် ဦးပဉ္စင်းလေးက သူ၏ဆုပေးခန်းကိုစတော့သည်။ သူဆုပေးနေသည်မှာ တော်တော်ကြာသည်။ ပေးလိုက်သည့်ဆုတွေကလည်း အမျိုးစုံလှသည်။ ပထမတော့ ကျွန်တော်က အောင့်အည်းသည်းခံပြီး နားထောင်နေပါသေးသည်။ နောက်တော့ သူဆုပေးခန်းက တော်တော်နှင့်မဆုံးလေသည်မို့ ထုံးစံအတိုင်း စိတ်မရှည်တော့ဘဲ အသာလှည့်ထွက်လာခဲ့တော့သည်။သည်တော့မှ ဦးပဉ္စင်းလေးက သူ့ဆုပေးခန်းကို ကပျာကယာရပ်၍ ရှက်အမ်းအမ်းမျက်နှာဖြင့် ထွက်ကြွသွားလေတော့သည်။

မည်သို့ဖြစ်ရသည်မသိ။ ထိုညက အိပ်ရာဝင်သော် မည်သို့မျှစိတ်ခွဲလမ်းမှု မရှိပါဘဲနှင့် ထိုဦးပဉ္စင်းကလေးကို အိပ်မက်မက်နေမိသည်။ ထို့ပြင် အိပ်မက်ထဲ လည်း အတော်ပင်ထူးဆန်းလှသည်။ အိပ်မက်ထဲမှာ ထိုဦးပဉ္စင်းကလေးက ကျွန်တော့်ထံသို့ ကောင်းကင်မှ ဈာန်ယာဉ်စီးပြီးကြွလာလေသည်။ ကျွန်တော် ကဆီးကြိုကာ ကောင်းမွန်စွာဆွမ်းလုပ်ကျွေးလိုက်သည်။ ဆွမ်းဘုဉ်းပေးပြီး နောက် ဦးပဉ္စင်းကလေးက ကောင်းကင်ခရီးဖြင့်ပင် ပြန်ကြွသွားသည်။ကျွန်တော့်မှာ ကောင်းကင်ကို မော့ကြည့်လျက် ကြည်နူးပီတိဖြစ်ရလွန်းလှသောကြောင့် မျက်ရည်များပင်လည်ကာ ကျန်ရစ်ခဲ့ သည်။

ထိုအချိန်မှာပင် ကျွန်တော် အိပ် ရာမှလန့်နိုးသွားသည်။ ထူးဆန်းသော အိပ်မက်ကိုလည်း အစမှအဆုံးပြန်တွေး နေမိသည်။ ထို့ပြင် အိပ်မက်ထဲမှာခံစား လိုက်ရသော ဝမ်းသာကြည်နူးမှုအရသာ ကိုလည်း ထပ်ခါတလဲလဲ ပြန်တွေးနေ မိသည်။ အကြောင်းမှာ ထိုခံစားမှုမျိုး ယခုအိပ်မက်ထဲတွင်သာ ခံစားဖူးလို ခြင်းဖြစ်သည်။ တကယ်လက်တွေ့ အ ဖြင့်မူ ခံစားဖူးခြင်းမရှိပေ။ တစ်ဖန် ခံစားမှုမှာ ကျွန်တော် အနှစ်နှစ်အလ က တောင့်တမျှော်လင့်နေသော စ စားရှာဖွေနေသောခံစားမှုမျိုးပင်ဖြစ် သည်။

ထို့ကြောင့် ပျက်ပြယ်သွားသော ထိုအိပ်မက်ကလေးကိုပင် ကျွန်တော် နှမြောနေလိုက်မိသေးသည်။

❏

ယနေ့တွင်မူ ကျွန်တော်ပိုင် လ ဖက်စိုက်ခင်းရှိရာသို့ လုပ်ငန်းများကြ ရှုစစ်ဆေးရန်အတွက် ထွက်ခွာလာ သည်။ ထိုကျွန်တော့်လက်ဖက်စိုက် မှာ တောင်ခြေတောင်စောင်းတွင်ရှိ ကြောင့် ကားလမ်းမပေါက်ပါ။ လက်ဖက်ခင်းသို့သွားသည့်အခါ ကျွန်တော်က မြင်းကိုသာ အသုံးပြု ရှိပါသည်။ ယနေ့တွင်လည်း ကျွန် စီးနေကျမြင်းညိုကြီးဖြင့်သာ ခရီး လာခဲ့ခြင်းဖြစ်လေ၏။

စိုက်ခင်းသို့ရောက်သည်နှင့် င်န်းများကိုကြည့်ရှုသည်။ ယခင် တော်ညွှန်ကြားခဲ့သည်များကို ပြန် စစ်ဆေးသည်။ စိုက်ခင်း၌ လုပ်င ကို ထောင့်စေ့အောင်စီမံဆောင်ရွ ရင်း အချိန်က ကုန်မှန်းမသိကုန် သည်။ ထို့ကြောင့် နေစောင်းချိန် မှသာ ကျွန်တော်ပြန်ဖြစ်တော့သည်

www.burmeseclassic.com

မြင်းကို ဖြည်းဖြည်းချင်းသာနှင် ...သည်။ မြို့ဝင်ခါနီး တောအုပ် ...တစ်ခုနားသို့အရောက်တွင် ကျွန် ...က ရေငတ်သလိုဖြစ်လာခဲ့သည်။ ...ကြောင့် ရေတောင်းသောက်ရန် အနီး ...တွင် အိမ်တစ်လုံးတစ်လေများရှိ ...သည်လောဟု လှည့်ပတ်ကြည့်ရှု ...သည်။ ဤတွင် လှည်းလမ်းနှင့် ...တမ်း ဆီးပင်များအောက်တွင် ...တစ်လုံးကို လှမ်းမြင်လိုက်ရသည်။ ...မှာ အိမ်ဆိုသော်လည်း တဲသာ ...သာဖြစ်လေသည်။

ကျွန်တော်က ထိုအိမ်ဆီသို့ဦး ...ပြီးသွားလိုက်သည်။ ထိုအိမ်ရှေ့ ...သည်နှင့် မြင်းပေါ်မှဆင်းလိုက် ...

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

အသံပြုလိုက်ပြီးနောက် အိမ် ...တွင် သွားရပ်လိုက်သည်။ ...သို့လည်း အသာကဲကြည့်လိုက် ...၊ အိမ်မှာ မြေစိုက်အိမ်မျိုးဖြစ်ပြီး ...၌ တွပ်ပျစ်ကဲ့သို့ စင်တစ်စင်ထိုး ...သည်ကို တွေ့ရသည်။ ထိုစင်ပေါ် ...တ်ျားကြီးတစ်ဦးနှင့် မိန်းမကြီး ...တို့က ထိုင်လျက်ရှိလေသည်။ နှစ် ...ပင် အသက်အရွယ်အိုမင်းနေသူ ...သည်။ သူတို့က အပေါက်ဝမှ ...တော့်ကိုမြင်လိုက်ရသည်နှင့် အနီးရှိ ...များကို ကပျာကယာကောက်ယူ ... သူတို့ကိုယ်ပေါ် သို့ ဖုံးအုပ်လွှမ်းခြုံ ...လိုက်ကြသည်။ ပြီးလျှင် ကျွန်တော့် ...သည်း မည်သို့မျှစကားပြန်မဆိုဘဲ ...အပြူးသားနှင့် ငေး၍သာကြည့် ...သည်။ ကျွန်တော်က သူတို့အပြု ...နှင့် အမူအရာကြောင့် အံ့အားသင့် ...သည်။ ဘာဆက်ပြောရမှန်းမသိ ...သွားသည်။

ထိုအချိန်မှာပင် အိမ်အနောက် ...မှ ချောင်းတန့်သံတစ်ခုပေါ် လာ ...အသံလာရာသို့ ကျွန်တော်က ငဲ့ ...လိုက်မိသည်။ ထိုအခါ တစ်ဦးတစ် ...တ်သောသူကို ကျွန်တော်က မြင် ...လိုက်ရရာ ထိုသူကပင် ကျွန်တော့် ...အံ့အားသင့်သွားစေသည်။ မျက်လုံး ...သွားစေသည်။ အကြောင်းမှာ ...တော်က ထိုသူကို တစ်ဦးတစ် ...တ်သောသူဟု သုံးနှုန်းလိုက်ရ ...သည်း စင်စစ် ထိုသူက လူပုဂ္ဂိုလ် ...မဟုတ်ပါ။ ကိုယ်အောက်ပိုင်းက ...ပိုင်တစ်ထည်ကိုသာ ဆင်မြန်းထား ပြီး ကိုယ်အထက်ပိုင်းကမူ လုံးဝဗလာ ကျင်းလျက်ရှိသော ဦးဖြည်းနှင့်ကိုယ် တော်တစ်ပါးမျှသာဖြစ်ပါသည်။ ဤသို့ ဟိုမရောက်သည်မရောက်ပုံစံမျိုးဖြစ်နေ သောကြောင့်လည်း ကျွန်တော်က တွေ့ တွေ့ချင်း ဟိုလိုလိုသည်လိုလိုအထင် အမြင်မကွဲမပြားဖြစ်သွားရာက အထက် ပါအတိုင်း တစ်ဦးတစ်ယောက်သောသူ ဟု သုံးနှုန်းလိုက်မိခြင်းဖြစ်ပါသည်။

"ဘာများအလိုရှိပါသလဲ ဒကာကြီး"

ထိုကိုယ်တော်က ခပ်သာသာပြုံး လျက် အမေးရှိလာသည်။ ကျွန်တော် နှုတ်ဆွံ့နေမိသည်။ အမှန်တော့ ကျွန် တော်တွင် တစ်စုံတစ်ရာပြန်လည်ပြော ဆိုချင်စိတ်လုံးဝမရှိတော့သည့်အတွက် ထိုကဲ့သို့ နှုတ်ဆွံ့သွားမိရခြင်းဖြစ်သည်။ ထိုကိုယ်တော်က ကျွန်တော့်မျက်စိထဲ တွင် ပို၍သာကျက်သရေယုတ်လျော့ လာသည်။ မြင်ရပုံက သာမဏေသာရှုပ္ ခေါ် ကြည်ညိုဖွယ်အသွင်နှင့်ဆန့်ကျင် လျက် ကိုယ်တစ်ပိုင်းဗလာကျင်းနေရုံမျှ မက သူ့လက်ထဲ၌ကိုင်ထားသော လူ့ အစတ်အစားများထဲတွင် အမျိုးသမီး အင်္ကျီတချို့နှင့် ထဘီအချို့ကိုပါ တွေ့နေ လိုက်ရသေးသည်။ ကျွန်တော့်စိတ်ထဲ တွင် ကြာလေ အော့နှလုံးနာလေဆိုသ ကဲ့သို့ပင်ဖြစ်နေမိရသည်။ ထို့ကြောင့် လာရင်းရည်ရွယ်ချက်ကိုပင် မေ့ပျောက် သွားကာ ထိုနေရာမှ ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့မိသည်။ ကျွန်တော့်မြင်း ပေါ်ရောက်သည်အထိ တစ်ချက်မျှ ပြန် လှည့်မကြည့်ဖြစ်တော့ပါ။

မြင်းကို ခပ်မှန်မှန်နှင်လာရင်း မကြာမီ ကားလမ်းပေါ်သို့ရောက်သွား သည်။ စိတ်ထဲမှာတော့ မင်္ဂလာမရှိသော မြင်ကွင်းကို မြင်တွေ့ခဲ့ရသည့်အတွက် အတန်ငယ် ညစ်ညူးသလိုဖြစ်နေမိ သည်။ သို့သော် တစ်နေရာအရောက် တွင်မူ ကျွန်တော်က တစ်စုံတစ်ခုကို သတိရလိုက်မိပြီး အံ့အားသင့်သလိုဖြစ် သွားမိသည်။ မြင်းကိုပါ ဆတ်ခနဲရပ် လိုက်မိသည်။ ခုမှပင် ကျွန်တော်အတွေး ပေါ်တော့သည်။ စောစောက ရှင်ပျက် ကိုယ်တော်လေးကို ဖျတ်ခနဲမြင်တွေ့ လိုက်ရတော့ သည်မျက်နှာကို ဘယ်မှာ မြင်ဖူးပါလိမ့်ဟု စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်မိခဲ့ရသည်။ ခုမှပင်မှတ်မိတော့သည်။ လက်စသတ်တော့ သည်ကိုယ်တော်က တခြားသူမှမဟုတ်ဘဲ၊ကျွန်တော့်အိမ်မှာ ဆွမ်းဝင်ခံပြီး ကျွန်တော့်ကိုဆုတွေ တစ်သီ ကြီးပေးသွားခဲ့သည့်ကိုယ်တော်၊တစ်နည်း အားဖြင့် အိပ်မက်ထဲ၌ ကျွန်တော့်ထံ ဈာန်ဖြင့်ကြွလာသည့် ကိုယ်တော်ပင် ဖြစ်တော့သည်။

အဖြစ်က တိုက်ပဲတိုက်ဆိုင်နိုင် လွန်းသည်။ သူကျွန်တော့်အိမ်ရှေ့မှာ ဆွမ်းလာရပ်တော့ ရှင်းသန့်သော သူ့ ဥပဓိရုပ်ကိုကြည့်ကာ ကြည်ညိုစရာလေး ဟု ကျွန်တော်ကထင်ခဲ့မိသည်။ တစ်ခါ သူ့ကိုပင် မဆီမဆိုင် အိပ်မက်ထဲထည့် မက်မိပြန်သည်။ သူက အိပ်မက်ထဲ၌ တကယ့်ဈာန်ရပုဂ္ဂိုလ်ကြီးပင် ဖြစ်နေ လိုက်သေးသည်။ ကျွန်တော်ကလည်း တကယ့်သူတော်မြတ်ကြီးအဖြစ်နှင့် သူ့ ကို ဆွမ်းလုပ်ကျွေးကာ ပီတိတွေရွှန်းရွှန်း ဝေလိုက်ရသေးသည်။ ခုတော့ အိပ်မက် နှင့်လက်တွေ့အဖြစ်က မိုးနှင့်မြေပမာ ကွာခြားလွန်း၊ ဆန့်ကျင်လွန်းနေတော့ သည်။

ဆက်စပ်အတွေးဆုံးသွားသည်နှင့် ကျွန်တော့်မှာ ပြုံးရမလိုမဲ့ရသလိုပင်ဖြစ် သွားရသည်။ လောက၏အချိုးမညီ တတ်ပုံ၊ ကမောက်ကမဖြစ်တတ်ပုံက အောချယူရလောက်ပါပေသည်ဟုသတ္တု ချလိုက်မိရင်း ကျွန်တော်က ခရီးကိုဆက် နှင်လာခဲ့သည်။

❑

နောက်တစ်ပတ်ခန့်အကြာ။

ကျွန်တော်က အိမ်သုံးပစ္စည်း တချို့ဝယ်ရန်အတွက် ဈေးဘက်သို့ ကားဖြင့်ထွက်လာခဲ့သည်။ ဈေးတွင် ကိစ္စပြီး၍ပြန်ထွက်အလာ လမ်းချိုးတစ်ခု နားရောက်တော့ ကိုကြီးအုန်းအား ပလက်ဖောင်းပေါ်၌ လမ်းလျှောက် လျက်သားတွေ့ရသည်။ ကျွန်တော်က သူ့ဘေးမှာပင် ကားကိုထိုးရပ်ကာ ခေါင်း ပြူ၍ လှမ်းမေးလိုက်မိသည်။

"ကိုကြီးအုန်း၊ ဘယ်သွားမလို့လဲ"

"အေးဟေ့ ငါ့ညီ၊ ငါတော့မြင် ဘက်ကိုသွားမလို့ကွ။ ကိစ္စလေးတစ်ခုရှိ လို့။ ကိစ္စက ကိုယ့်ကိစ္စတော့မဟုတ်ပါ ဘူး။ သူတစ်ပါးကိစ္စပါ"

"တောမြင်က အဝေးကြီးပဲဗျ၊ ဒီ အတိုင်း ခြေကျင်လျှောက်မလို့လား"

"မဟုတ်ပါဘူး ငါ့ညီရာ၊ ဆိုင်ကယ်ကယ်ရီသမားတွေ့ရင်လည်း ခေါ်သွားမှာပေါ့"

ကျွန်တော်က နာရီကိုတစ်ချက် ကြည့်လိုက်မိသည်။ အချိန်က အစော

www.burmeseclassic.com

ကြီးရှိနေသေးသည်။ ပြီး သည်မနက်မှာက ကျွန်တော့်တွင် အလုပ်ဟူ၍ ထူးထူးထွေထွေမရှိ။ သို့နှင့် ကျွန်တော်က ကားတံခါးကိုဖွင့်ပေးလိုက်ပြီး သူ့ကိုပါ လှမ်းပြောလိုက်သည်။

"ကားပေါ်တက် ကိုကြီးအုန်း၊ ကျွန်တော် လိုက်ပို့မယ်"

"ဒါဆိုလည်း အကောင်းဆုံးပေါ့ကွာ။ ကျေးဇူးပဲပေါ့ ငါ့ညီ"

ကိုကြီးအုန်းက ဝမ်းသာအားရပင် ကားထဲဝင်ထိုင်သည်။ တံခါးပိတ်ပြီးနောက် ကျွန်တော်က ကားကိုမောင်းထွက်လိုက်သည်။ ကိုကြီးအုန်းပြောသည့်တောပြင်ဆိုသည်မှာ မြို့ပြင်ဘက်ကိုပင် ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်၏လက်ဖက်ခင်းသို့သွားရာလမ်းနှင့် တစ်လမ်းတည်းပင်ဖြစ်သည်။

ကားက တရိပ်ရိပ်ပြေးနေဆဲ ကိုကြီးအုန်းအသံကပေါ်လာသည်။

"ခုကိစ္စက လူမှုရေးကိစ္စသက်သက်ပါကွာ။ကိုယ့်ကိုအကူအညီတောင်းလာတော့လည်း ကိုယ်ကမနေသာတော့ ပြန်ကြည့်ပေးရတာပေါ့။ ပြီးတော့ ဒီကိစ္စက တကယ်လည်း ကူညီထိုက်တယ်လို့ ငါထင်တယ်လေ။ ဒီအကြောင်း အပြန်ကျမှ မင်းကိုငါရှင်းပြမယ်"

ကျွန်တော်က ရှေ့ကိုသာအာရုံစိုက်နေသည်။ မကြာမီ ကြို့ဆိုပါ၏ ဆိုင်းဘုတ်ကိုကျော်လာကာ မြို့ပြင်သို့ရောက်လာသည်။ အတန်ငယ်ဆက်မောင်းလာခဲ့ပြီးနောက် တစ်နေရာအရောက်တွင် ကိုကြီးအုန်းက ကျွန်တော့်ကိုလှမ်းတားသည်။

"ရပ်တော့ပေါ့ ငါ့ညီ၊ ရောက်ပြီ။ မင်းကားကို လမ်းဘေးမှာပဲထိုးထားလိုက်၊ ကားကအထဲကိုဝင်လို့မရဘူး"

သူ့စကားအတိုင်း ကားကို လမ်းဘေးတွင် ထိုးရပ်ပေးလိုက်သည်။ ပြီးတော့ ကျွန်တော်က ပတ်ဝန်းကျင်ကို တစ်ချက်မျှော်ကြည့်လိုက်မိသည်။ လက်စသတ်တော့ သည်နေရာက ဟိုတစ်နေ့တုန်းက ကျွန်တော် မြင်းနှင့်ရောက်လာခဲ့သည့်နေရာပင်ဖြစ်သည်။ လမ်းဘေးခပ်လှမ်းလှမ်းတွင် တောအုပ်ကလေးရှိသည်။ တောအုပ်အတွင်းမှာပင် ဆီးပင်အုပ်အုပ်ကလေးရှိသည်။ ထိုဆီးပင်အောက်မှာက တဲကလေးတစ်လုံးရှိပြီး ထိုတဲကလေး၌ပင် ကျွန်တော် ဟိုကိုယ်တော်ကလေးနှင့်တွေ့ခဲ့ရသည်မဟုတ်ပါလော။

ကားတံခါးဖွင့်ရန်ပြင်နေသော ကိုကြီးအုန်းကို ကျွန်တော်ကလှမ်းဆွဲပြီး မေးခွန်းထုတ်လိုက်မိသည်။

"နေပါဦး၊ အခု ကိုကြီးအုန်းက ဘယ်ကိုသွားမလို့လဲ"

"ငါသွားမယ့်နေရာရောက်ပြီလေ။ ဟိုမှာ ငါ့ညီတွေ့တယ်မဟုတ်လား။ ဆီးပင်အောက်က တဲကလေးတစ်လုံးလေ၊ အဲဒီကိုသွားမှာ"

"အဲဒီကိုသွားမလို့ ဟုတ်လား ကိုကြီးအုန်း"

မျက်မှောင်ကြုတ်၍ ပြန်မေးလိုက်မိသည်။သို့သော် သူ့စကားကိုပင်မစောင့်တော့ဘဲ ကျွန်တော်က ပြောစရာရှိတာကို ပြောလိုက်တော့သည်။

"အဲဒီကိုဘာလို့သွားမှာလဲဗျ။ အဲဒီမှာ ဘုန်းကြီးလိုလို၊ လူလိုလို ဇာတ်ပျက်ကိုယ်တော်တစ်ပါးရှိတယ်။ အဲဒီတဲကို ကျွန်တော်ရောက်ပြီးပြီ"

"ဟင်- မင်းရောက်ပြီးပြီ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ကိုကြီးအုန်း"

ဤတွင် ကျွန်တော်ကအကြောင်းစုံကို ဆက်ရှင်းပြလိုက်သည်။ ဥပဓိရုပ်ကောင်းကောင်းနှင့် ဦးပဉ္ဇင်းလေးတစ်ပါး ကျွန်တော့်အိမ်တွင် ဆွမ်းလာရပ်ပုံ၊ ထိုဦးပဉ္ဇင်းကိုပင် အိပ်မက်ထဲ၌ ဈာန်ရပုဂ္ဂိုလ်တစ်ဦးအဖြစ်မြင်မက်ခဲ့ပုံ၊လက်ဖက်ခင်း မှပြန်လာသောနေ့က မမျှော်လင့်ဘဲ ထို တဲကလေးသို့ရောက်သွားပုံ၊ ဤမှာပင် စက်ဆုပ်ဖွယ်ရဟန်းပျက်တစ်ပါးကို မြင်တွေ့ခဲ့ရရာ ထိုရဟန်းပျက်က ဦးပဉ္ဇင်းလေးပင်ဖြစ်နေပုံ စသည် စသည်. . .

ရှင်းပြပြီးနောက် ကိုကြီးအုန်းကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ အံ့အားသင့်သော၊ စိတ်ပျက်သောအမူအရာများ ကိုကြီးအုန်း၏မျက်နှာ၌တွေ့ရလိမ့်မည်ဟု ထင်ထားသည်။ သို့သော် ထိုသို့မဟုတ်ပေ။ ကျွန်တော့်စကားကိုကြားရပြီးနောက် ကိုကြီးအုန်း၏အသွင်အပြင်က ပို၍ပင် ရွှင်လန်းလာသယောင်၊ တက်ကြွလာသယောင် ထင်မှတ်လိုက်ရသည်။

"အေး- ဟုတ်ပြီ ဟုတ်ပြီ။ လက်စသတ်တော့ မင်းကလည်း ဒီဦးပဉ္ဇင်းလေးနဲ့ အတော်ပတ်သက်ပြီးနေမှုကိုး။ ကိုင်း- ဒါဖြင့် သူ့အကြောင်းကို ခုပဲအပြည့်အစုံရှင်းပြလိုက်တော့မကွာ"

ကိုကြီးအုန်းက ကားထဲမှာပင် အကျအနပြန်ထိုင်လိုက်သည်။ ပြီး ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ကာ ထက်သန်စွာဖြင့် စကားစလိုက်တော့သည်။

"ဒီလိုကွ ငါ့ညီရဲ့ ဒီဦးပဉ္ဇင်းလေးအပေါ် မင်းအထင်လွဲနေတာပါ။ သူက မင်းအိပ်မက်ထဲကလို ဈာန်ရပုဂ္ဂိုလ်ဟုတ်တာမဟုတ်တာ၊ သူတော်ကောင်းဟုတ်တာမဟုတ်တာတော့ အပထားပေါ့ကွာ။ သူဟာ ရဟန်းယုတ်ရဟန်းပျက်တစ်ပါး မဟုတ်တာတော့ ငါ အသေအချာပြော နိုင်တယ်ကွ။

သူ့အကြောင်း ငါအားလုံးသိပြီးပြီ သိရအောင်လည်း သူကိုယ်တိုင် ငါ့ကို ဖွင့်ပြောသွားတာကိုး။ ဒီလိုကွ၊ တစ်နေ့ ကျတော့ သံဃာ့ဥက္ကဋ္ဌဆရာတော်ကြီးက ငါ့ကိုဖုန်းဆက်ခေါ်လို့ ငါလည်း ဆရာ တော့်ကျောင်းကို ရောက်သွားတယ်။ ရောက်သွားတော့ အဲဒီဦးပဉ္ဇင်းလေးကို ဆရာတော်ရှေ့မှာပဲတွေ့ရတယ်။

ဆရာတော်က ငါ့ကိုရောက် ရောက်ချင်းပဲပြောပြတယ်။ 'ဒကာကြီး တဲ့၊ ဟောဒီဦးပဉ္ဇင်းလေးရဲ့အခက်အခဲ ကို တတ်နိုင်သလောက် ကူညီပေးလိုက် ပါဗျာ' တဲ့။ အဲဒီလိုပြောပြီး ဆရာတော် က အစည်းအဝေးတက်စရာရှိသေး တယ်ဆိုပြီး ထွက်ကြွသွားတယ်။ မသွား ခင် အဲဒီဦးပဉ္ဇင်းလေးကို 'ကဲ- ဦးပဉ္ဇင်း ဟောဒီဒကာကြီးကိုသာ အကြောင်း ပြောပြလိုက်ပါ။ သူတို့က ကူညီပေး လိမ့်မယ်' လို့ ပြောသွားသေးတယ်။ အဲ ဆရာတော်လည်းကြွသွားရော ငါနဲ့ အဲ ဦးပဉ္ဇင်းလေးပဲကျန်ခဲ့တယ်ဆိုပါစို့။ အဲ ကစပြီး အဲဒီဦးပဉ္ဇင်းက သူ့အကြောင်း ငါ့ကိုအကုန်ပြောပြတော့တာပဲ။

အကြောင်းစုံသိရတော့ သူ့အ က တကယ်ကရုဏာသက်စရာပဲကွ ညီရ၊ တကယ်တော့ သူက အို့မင်းမ ဖြစ်နေတဲ့ဒိဘနှစ်ပါးကို ပြုစုလုပ်ကျွေး တဲ့ ခေတ်သစ်သုဝဏ္ဏသျှံလေးတစ် ကွ"

ထိုစကားက ပထမဆုံးအ အဖြစ် ကျွန်တော့်ကို လှုပ်လှုပ်ရှား ဖြစ်သွားစေသည်။ မျက်လုံးကျယ် ခြင်းနှင့်အတူ ကိုကြီးအုန်းဆက်ပြော မည့်စကားကို ပိုမိုအာရုံစိုက်ထားလို သည်။

"သူ့အဖြစ်က တော်တော် တယ်ကွ။ သူလုပ်ကိုင်ကျွေးမွေးနေ သူ့မိဘတွေက သာမန်လူအိုလူမ မဟုတ်ဘဲ နူနာသည်ကြီးတွေ တယ်။ တော်တော့်ကို အခြေ


www.burmeseclassic.com

www.burmeseclassic.com

ရောဂါသည်ကြီးတွေ၊ ဒီရောဂါသည် တွေကိုပဲ သူလူပျိုပေါက်အရွယ် တစ်ပြီး လုပ်ကိုင်ကျွေးမွေးလာခဲ့ တဲ့။

သူတစ်ပါးအိမ်မှာ ထင်းခွဲ၊ ရေခပ်၊ တူး၊ မြံရှင်း အစရှိတဲ့ အောက် လုပ်ငန်းမျိုးကအစ ကြုံရာ လုပ်ပြီး ဒီမိဘတွေကိုပဲ မခွဲမခွာ လာခဲ့တာပါတဲ့။ ဒါပေမယ့် သူမှာ အခက်ကြုံရသလဲဆိုတော့ သူဆက် တဲ့လူအသိုင်းအဝိုင်းက သူ့ကို ဘယ် သိပ်ပြီးလူရာမသွင်းချင်ကြဘူးတဲ့။ ကြောင့်လဲဆိုတော့ သူ့ကို သူ့မိဘ ပဲ အနာကြီးရောဂါရှိတယ်ဆိုပြီး မှတ်ထားကြလို့ပါပဲ။ ဒါကြောင့် အလုပ်ရှာရတာခက်ခဲလှသလို သည်ဖို့လည်း ခက်ခဲလာပါတယ်တဲ့။ ရှင်တွေက သူနဲ့ဆက်ဆံရမှာ ကြသလို အလုပ်သမားအချင်း လည်း သူနဲ့အလုပ်တွဲလုပ်ရမှာ ကြပါတယ်တဲ့။ ဒါနဲ့ ဒီအတိုင်းသာ တွေတော့ ငတ်ပြတ်ဆင်းရဲတော့ ပြီး တွေးပူမိရာက ကြံမိကြံရာကို တ်မိတဲ့အကြောင်း၊ အဲဒါကတော့ ကြီးဝတ်ပြီး မိဘကိုဆွမ်းခံကျွေး ကြံစည်လိုက်မိခြင်းဖြစ်ကြောင်း၊ ဒီ ချက်ကို အကောင်အထည်ဖော် လည်း တခြားတစ်မြို့တစ်ရွာကို သွားတာက ပိုကောင်းမယ်လို့ယူဆ အတွက် ဆရာတော်တစ်ပါးထံမှာ တက်ပဉ္ဇင်းခံပြီးနောက် သူ့မိဘတွေ ပြီး ဒီအရပ်ဒေသဘက်ကိုရောက် ခြင်းဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရှင်းပြတယ်ကွ"

"ကြားရတာ စိတ်ဝင်စားစရာပဲ။ တော်လည်း ကျွန်တော်အိမ်မှာ ရပ်တုန်းက ဒီဦးပဉ္ဇင်းကို အရင် ဖူးပါဘူးဆိုပြီး တွေးနေမိသေး ဆက်ပြောပါဦး ကိုကြီးအုန်း"

"အေးကွ၊ ဒီအရပ်ကိုရောက်လာ နောက် အခု သူတို့နေတဲ့နေရာမှာ ပိုင်ရှင်ဆီခွင့်တောင်းပြီး တဲကလေး ယ်။ မိဘတွေကို အဲဒီတဲမှာထားပြီး မြို့ထဲလှည့် ဆွမ်းခံကျွေးတယ်။ သူ့ရည်ရွယ်ချက်လေး ထမြောက် မြင်သွားတယ်ပေါ့။ ဒါပေမယ့် အဆင်ပြေလို့မကြာခင်မှာပဲ ပြဿနာ ပေါ်တက်လာပြန်တယ်။ ယာရှင်က တော့ သူတို့ကို ရိုးရိုးပဲထင်ပြီး ခံထားခဲ့တာ၊ နောက်ပိုင်းရောက်လို့

အနာကြီးရောဂါသည်တွေမှန်းလည်းသိ ရော စိတ်ပြောင်းသွားတယ်။ ဒါတွေကို လက်ခံထားရတာ ကျက်သရေမရှိဘူး၊ မသတီဘူးဆိုပြီး သူတို့မိသားစုကို လာမောင်းထုတ်သွားတယ်ပေါ့။ မောင်း ထုတ်တော့ လောလောဆယ် မိုးက လည်း မကုန်သေးဘူး၊ ဒီပြင်နေရာသစ် ကိုလည်း မရှာရသေးဘူး။ မိဘတွေက လည်း သိပ်နေမကောင်းကြဘူး။ အဲဒီ အပူတက်စရာတွေက သူ့မှာဖြစ်လာ တယ်။ ဒါကြောင့်လည်း အဲဒီအခက် အခဲတွေအတွက် အကူအညီတောင်းတဲ့ အနေနဲ့ ဥက္ကဋ္ဌဆရာဇော်ကြီးဆီကို သူကရောက်လာတာပဲ။ ဆရာတော်ကြီး ကလည်း သူတစ်ပါးတည်းဆိုအကြောင်း မဟုတ်ဘူး။ ရောဂါသည် သူ့မိဘတွေက ပါ နောက်ဆက်တွဲပါလာနေတော့ ဘယ်လိုကူညီဖြေရှင်းပေးရမှန်း မသိ အောင်ဖြစ်နေတယ်။ ဒါနဲ့ လက်ရင်း တပည့်ဖြစ်တဲ့ငါ့ကိုလှမ်းခေါ်ပြီး တာဝန် လွှဲပေးလိုက်တဲ့သဘောပဲ"

"ဒီတော့ ကိုကြီးအုန်းက ကူညီပေး ဖြစ်ရဲ့လား၊ ဘယ်လိုကူညီပေးလိုက်သ လဲ"

"ကူညီဖြစ်ပါတယ်၊ အဲဒီနေ့က အကြောင်းစုံသိရပြီးနောက် ငါလည်း ဒါဟာ တကယ်ကူညီထိုက်တဲ့ကိစ္စပဲလို့ မှတ်ယူပြီး သူနဲ့အတူ နောက်ကလိုက် သွားတယ်။ သူ့တဲရောက်တော့ သူ့ဒုက္ခ က ထင်တာထက် အများကြီးပိုဆိုးနေ မှန်းသိခဲ့ရတယ်။ မြင်ရသမျှက အတော် စိတ်ထိခိုက်စရာကောင်းပါတယ် ငါ့ညီ ရာ။ သူ့တဲကိုရောက်တော့ သူ့မိဘအဘိုး ကြီး၊ အဘွားကြီးနှစ်ယောက်စလုံးက စောင်ကြီးတွေခြုံလို့ကွ။ ဦးပဉ္ဇင်းလေးက အားလုံး ဖွင့်ပြလိုက်ပါလို့ပြောတော့မှ သူတို့က ခြုံထားတဲ့စောင်ကြီးတွေကို ဖွင့်ပြကြတယ်။ အဲဒီတော့မှ အနာကြီး ရောဂါက ဘယ်လောက်တောင် နှိပ်စက်



ထားသလဲဆိုတာ ကောင်းကောင်းမြင် ရတော့တယ်။ သူတို့ရဲ့လက်တွေက ဒုံးတို ကြီးတွေကိုဖြစ်လို့ကွ။ ပြီးတော့ အနာ တွေကလည်း သွေးတွေ၊ ပြည်တွေတရွှဲရွှဲ နဲ့ပေါ့ကွာ။ ဆေးလေးဝါးလေးနဲ့ ဂရု တစိုက်မကုခဲ့ရတော့ ခုလိုအဖြစ်ဆိုးသွား ဟန်တူပါတယ်။

အဲဒီလို သူ့မိဘတွေကိုပြပြီး ဦးပဉ္ဇင်းလေးက ဆက်ရှင်းပြတယ်။ သူ့ အဖြစ်က မိဘတွေမငတ်အောင် ကျွေး မွေးဖို့တင်မကဘဲ တခြားအမှုကိစ္စတွေကို ပါ ပြုစုလုပ်ကိုင်ပေးနေရသေးကြောင်း၊ ဥပမာ လက်တွေမရှိတော့တာမို့ ဘာမှ ကိုင်လို့တွယ်လို့မရတဲ့သူတို့ကို ကိုယ်တိုင် ရေချိုးပေးရတာတို့၊ ကိုယ်တိုင်ထမင်းပြင် ကျွေးရတာတို့၊ အပေါ့အလေးသွားချင် ရင် ကိုယ်တိုင်ထူမပြီး လိုက်ပို့ပေးရတာ တို့အပြင် မိဘတွေရဲ့ ထဘီ၊ ပုဆိုး၊ အဝတ်အစားတွေကိုလည်း သူကပဲ ကိုယ်တိုင်လျှော်ဖွပ်ပေးနေရကြောင်း၊ ဒီ မိဘတွေ မျက်စိမမှိတ်ခင်မှာတော့ ဒီ တာဝန်ကို သူကပဲယူနေရဦးမှာဖြစ်တဲ့ အကြောင်း၊ ဒီလိုရောဂါသည်ကြီးတွေကို ဘယ်သူမှပြုစုချင်မှာမဟုတ်တဲ့အတွက် သူကသာပစ်ထားခဲ့မယ်ဆိုရင် ဒီမိဘ တွေကို သတ်ထားခဲ့တာနဲ့အတူတူဖြစ် လိမ့်မယ်ဆိုတဲ့အကြောင်းတွေ ပြောပြ ရှာတယ်။ ငါဖြင့် စိတ်ထိခိုက်လွန်းလို့ လူ တောင် ဘယ်လိုဖြစ်သွားမှန်းမသိဘူး ငါ့ ညီရာ"

ကိုကြီးအုန်း၏ စကားအဆုံးတွင် ကျွန်တော် ဇက်ကျိုးကျသွားမိသည်။ ကျွန်တော့်ရင်ကို စူးဝင်ထိုးဖောက်သွား သော မြားအစင်းစင်းကြောင့်လည်း ကျွန်တော့်နှလုံးသားက ဆတ်ဆတ်ခါမျှ နာကျင်သွားရသည်။ လက်စသတ်တော့ သူက ရှားပါးသည့် မြင့်မြတ်သူတစ်ဦး ဖြစ်နေပါပေါ့လား။ ကျွန်တော် သူ့ကို အိပ်မက်ထဲမှာမြင်မက်ခဲ့သည့် ဈာန်ရ ပုဂ္ဂိုလ်တစ်ဦးဆိုတာမျိုးထက်ပင် သူက အပြန်တစ်ရာမကသာလွန်နေပါပေါ့လား။ မိဘကို သူကဲ့သို့ ပြုစုလုပ်ကျွေးဖို့မဆို ထားနှင့် လှည့်၍မျှမကြည့်ခဲ့လေသော ကျွန်တော့်လို လူမိုက်တစ်ဦးထက်တော့ သူက အဆအထောင်အသောင်းမက ပို၍လူပီသသူတစ်ဦးဖြစ်နေပါပေါ့လား။ အစရှိသော နောင်တအတွေးများက လည်း ကျွန်တော့်အား အဆက်မပြတ် တရစပ်ပင် ထိုးနှက်တိုက်ခိုက်လျက်ရှိပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းတစ်ချက်ရှိုက်၍ ကိုကြီးအုန်းကို ပြန်မေးလိုက်မိသည်။

"ဒီတော့ ကိုကြီးအုန်းက သူ့အခက်အခဲကို ဘယ်လိုကူညီဖြေရှင်းပေးလိုက်သလဲ၊ သူ့အဆင်ပြေသွားသလား"

"အေးကွ၊ လောလောဆယ်တော့ အဆင်ပြေသွားပါတယ်။ ငါလည်း ယာရှင်နဲ့သွားတွေ့ပြီးတောင်းပန်ရတာပေါ့ကွာ။ ဒီဒုက္ခသည်မိသားစုကို ခေတ္တခဏဆက်ပြီးနေခွင့်ပြုစေလိုကြောင်း၊ ငါတို့ဥပါသကာအချင်းချင်း ပြန်ပြီးတိုင်ပင်ဦးမယ့်အကြောင်း၊ ပြီးရင် သူတို့ကိုနေရာရွှေ့ဖို့လုပ်ပေးပါ့မယ်ဆိုတဲ့အကြောင်းတွေ ပြောပြရတာပေါ့။ ဒီတော့ ယာရှင်ကလည်း ဥက္ကဋ္ဌဆရာတော်ကြီးကို ထောက်ထားသောအားဖြင့် ငါ့စကားကို လက်ခံလိုက်ပါတယ်။ တစ်မီးတော့ငြိမ်းသွားတယ်ပေါ့။ ဒါပေမယ့် ဒီကိစ္စပြီးတော့ နောက်ထပ်အမှုတစ်ခုက ထပ်တက်လာပြန်တယ်။ မနေ့က ဦးပဥ္စင်းလေး ငါ့အိမ်ကိုရောက်လာတယ်။ သူ့ရဲ့ပြဿနာအသစ်ကို ပြောလာပြန်တယ်။ ငါကလည်း လိုတာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါလို့ သူ့ကိုဖွင့်ပေးထားခဲ့တယ်လေ"

"သူနောက်ထပ်တက်လာတဲ့အခက်အခဲက ဘာတဲ့လဲ ကိုကြီးအုန်း"

"အဲဒါက တခြားတော့မဟုတ်ဘူး၊ သူ့ရဲ့မယ်တော်ကြီးက အခု တော်တော့်ကို အသည်းအသန်ဖြစ်နေတယ်တဲ့။ အနာတွေက တစစ်စစ်နဲ့ကိုက်နေလို့ လူးလိမ့်နေရတယ်တဲ့။ ညတောင်မအိပ်နိုင်ဘူးတဲ့။ ကြည့်ရတာ လိုအပ်သလိုခွဲစိတ်ကုသပေးဖို့လိုမယ်လို့ ငါထင်တာပဲ။ သူတို့ရောဂါက တော်တော်အခြေအနေဆိုးနေတာပဲ။ အဲဒါ ငါလည်း သူ့ကို ဘယ်လိုကူညီပေးရမလဲဆိုတာ အခု အခြေအနေလာကြည့်တာပဲကွ"

သည်တစ်ခါတော့ ကိုကြီးအုန်းစကားဆုံးဆုံးချင်းပင် ကျွန်တော်က အလောတကြီး ဝင်ပြောလိုက်မိပြီးသားဖြစ်သွားသည်။

"ကိုင်း - တော်ပြီ ကိုကြီးအုန်း၊ ကျွန်တော်သိပြီ။ ဒါဟာ ကျွန်တော့်အတွက်အခွင့်အရေးပဲ။ ကျွန်တော်ဝင်ရမယ့်နေရာပဲ။ ဒီတော့ အခု ကိုကြီးအုန်းနဲ့ ကျွန်တော် အဲဒီတဲကိုသွားမယ်။ ဟိုရောက်တာနဲ့ သူတို့ရဲ့အခက်အခဲမှန်သမျှကို သေးတာရောကြီးတာပါ ကိုကြီးအုန်းစာရင်းယူပါ။ ပြီးရင် ကျွန်တော့်ကိုပြောပါ။ အားလုံးကို ကျွန်တော်ဖြေရှင်းပေးမယ်၊ ကူညီပေးမယ်။ အမှန်တကယ်ဖြစ်ပေါ်လာတဲ့စေတနာစစ်စစ်နဲ့ကျွန်တော် သူတို့ကိုကူမယ်ဗျာ၊ လှူမယ်ဗျာ။ ဟုတ်ပြီလား"

ကိုကြီးအုန်းက ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ရုတ်တရက်မို့ ဘာမှပြန်မပြောနိုင်ဘဲဖြစ်သွားသည်။ သို့သော် သူ့မျက်လုံးများက တစ်စတစ်စ ပို၍တောက်ပြောင်ရွှန်းလဲလာကာ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရသည့် အသွင်သဏ္ဌာန်များကပါ သူ့မျက်နှာထက်၌လွှမ်းတက်လာခဲ့သည်။ သည့်နောက်မှာတော့ -

"မင်း တကယ်ပြောတာလား ငါ့ညီ၊ ကောင်းလိုက်တာကွာ ကောင်းလိုက်တာ။ မင်းသာ ဒီလိုလှူမယ်၊ ကူမယ်ဆိုလို့ကတော့ အတိုင်းထက်အလွန်ပဲပေါ့ကွာ။ ဒီထက်မင်္ဂလာရှိတာဘာရှိဦးမှာလဲ"

ဟူ၍ တုန်လှုပ်လိုက်လှဲသောအသံဖြင့် ပြောလာတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း မကြုံဖူးသောရွှင်လန်းခြင်းမျိုးဖြင့် တစ်ကိုယ်လုံးပေါ့ပါးနေမိသည်။ လန်းဆန်းနေမိသည်။ ပြုရလတ္တံ့သော ကောင်းမှုတစ်ခုအတွက် အထူးပင် အားတက်နေမိသည်။ တက်ကြွနေမိသည်။ သည့်နောက်မှာတော့ ကျွန်တော်တို့ညီအစ်ကိုက ကားပေါ်မှ တစ်ပြိုင်တည်းလိုလိုပင်ဆင်းလိုက်မိကြသည်။ ပြီးလျှင် သွက်လက်သောခြေလှမ်းများဖြင့်ပင် ဆီးပင်အောက်မှ တဲကလေးဆီသို့ အတူတကွလျှောက်လှမ်းသွားလိုက်မိကြတော့သည်။

❑

များမကြာမီ တစ်ခုသောနေ့တစ်နေ့တွင် ကျွန်တော်နှင့် ကိုကြီးအုန်းတို့က ကျွန်တော့်အိမ်၌ ပြန်လည်ဆုံတွေ့ဖြစ်ကြသည်။ ပြုလုပ်ပြီးစီးသွားပြီဖြစ်သော ကျွန်တော်၏ဒါနကောင်းမှုနှင့်ပတ်သက်၍လည်း နှစ်ဦးသားပြန်လည်စားမြုံ့ပြန်နေမိကြသည်။

"သိပ်ကောင်းတဲ့လုပ်ဆောင်ချက်ပေါ့ငါ့ညီရာ၊ မင်းသိပ်မှန်တာပဲ။ ကိုယ်တိုင်က မိဘနှစ်ပါးအပေါ် မပြုစုမလုပ်ကျွေးမိခဲ့လို့ နောင်တတစ်ဖန်ပူပန်နေခဲ့ရသမျှ ခုလို မိဘတွေရဲ့ဝတ်ကြီးဝတ်ငယ်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့ ဦးပဥ္စင်းတစ်ပါးအပေါ် ကူညီမစလိုက်တာဟာ မင်းအတွက် အထိုက်အလျောက်တော့ စိတ်ဖြေရာရသွားစေမှာအမှန်ပဲ။ ဒီကောင်းမှုဟာ အလွန်ကြီးမြတ်တဲ့ကောင်းမှုပဲ။

ကြည့်စမ်း၊ အဲဒီဦးပဥ္စင်းလေးခမျာ ဘယ်လောက်တောင် ဝမ်းသာသွားရှာမလဲ။ မင်းက သူ့မယ်တော်ကြီးကို ဆေးဖိုးဝါးခအကုန်ခံပြီး ကုသပေးတယ်။ နောက်နောင် ကျန်းမာရေးအတွက်လည်း ထာဝစဉ်တာဝန်ယူတယ်။ သူတို့မြေနေရာကိုလည်း ယာရှင်ဆီက အပိုင်ဝယ်ပေးတယ်။ ဒါ့အပြင် အဲဒီမြေပေါ်မှာပဲ အိမ်တစ်လုံးနဲ့ ကျောင်းတစ်ဆောင်ကို ဆောက်ပြီးလှူသေးတယ်။ သူတို့အားလုံးအတွက် ဆွမ်းကွမ်းတွေကိုလည်း နေ့စဉ်နေ့တိုင်း လုံလောက်အောင် လောင်းလှူပေးတယ်။ နောက်နောင်ပေါ်ပေါက်လာမယ့် အခက်အခဲမှန်သမျှအတွက်လည်း ဒိုင်ခံကူညီပေးဖို့ ကတိပေးခဲ့ပြန်တယ်။ ဒါဟာ နည်းတဲ့ကုသိုလ်မှမဟုတ်ဘဲကွ။

ဘယ့်နှယ်လဲ ငါ့ညီ၊ ခုတော့ ရွှင်လန်းဝမ်းသာခြင်းအရသာကို မင်းခံစားနေရပြီမဟုတ်လား။ သေချာပေါက်ခံစားရမှာပဲ။ ဒါဟာ မင်းစိတ်ထဲက ပိတ်ဆို့ထားသမျှတွေကို ပထမအဆင့်အနေဖြင့်ရှားရှင်းလင်းပေးလိုက်တာပဲ။ ဒီ[illegible]နေ တစ်ဆင့်တက်ပြီး ရှေ့ကိုတိုးသထက်တိုးသွားဖို့ပဲလိုတော့တယ်။ ကြိုးစားစမ်း ငါ့ညီ။ ဒီနေ့ကစပြီး အတိတ်ကိုမေ့လိုက်တော့၊ မင်းရဲ့ကြည်လင်တဲ့စိတ်သန္တာန်မှာ ရွှင်လန်းဝမ်းသာမှုတွေ များများ[illegible]ပေါ်ခံစားရအောင် ဒါနကုသိုလ်တွေကို ဆက်တာဆက်ကာ များများကြီးသာပြု[illegible]လိုက်ပေတော့။ လူသစ်၊ စိတ်သစ်၊ ဘဝသစ်ကို ငါ့ညီတည်ဆောက်လာနိုင်မှာပါ။ အမြန်ဆုံး တည်ဆောက်နိုင်ပါစေလို့လည်း အစ်ကိုကြီးဆုတောင်းပါတယ်ကွာ"

သည်တစ်ခါတော့ ကိုကြီးအုန်း[illegible]ပေးသောဆုကို ကျွန်တော် အလေးအမြတ်ပင် ခံယူလိုက်မိသည်။ ထို့အပြင် ကိုကြီးအုန်းပေးသောဆုမှာ ဧကန်[illegible]ပြည့်ဝမည့်ဆုမျိုးဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ်ယုံကြည်မိခြင်းနှင့်အတူ ကျွန်တော် တစ်ကိုယ်လုံး မကြုံဖူးအောင် လန်းဆန်းပေါ့ပါးခြင်းမျိုးဖြင့် ဖျတ်လတ်တက်ကြွ၍နေပါတော့သတည်း။

ရဲမြင့်[illegible]
(အမျိုးသား[illegible]ဆု[illegible])



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် (၁၁) ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)



ပုံ (၅၁)

ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏ ...က်လိုဏ်ပတ်လမ်းလက်ယာဘက် ...တ်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် ...)မှ ကူးယူရေးဆွဲထားသော ပုံဆွဲ ...သတ်ရာပင် ဖြစ်ပါသည်။ ဤပုံ ...၏ မူရင်းကျောက်ဆစ်ရုပ်ကြွကို ...ခ်ငယ်(၇၀)၏လက်ဝဲဘက်တွင် ...နိုင်ပါသည်။ မူရင်းကျောက်ဆစ် ...အမြင့် (၅၄) စင်တီမီတာခန့်၊ ...ယ် (၃၈) စင်တီမီတာခန့်နှင့် ရုပ်ကြွ ... (၁၀) စင်တီမီတာခန့်ရှိပါသည်။

ပုံ (၅၁) ဒိုဗိုင်းလက်ရာ၏ ဗောင်း ...မှာ လုံးချွန်းနေသည်ကို တွေ့ရှိရပါ ... ဗောင်းတော်၏ ရှေ့တည့်တည့် ...တွင် ဖောင်းပြားတစ်ပြားထက် ...က် တွေ့ရှိရပါသည်။ ဖောင်းပြား ...က်လက်ဝဲ၊ လက်ယာတွင် အစင်း ...င်းတာလေးများကို အတို၊ အရှည် ...၍ အလှဆင်ထားသည်ကို တွေ့ရှိ ...ည်။ ထိုအစင်းကြောင်းကလေး ...အောက်တွင် ဖောင်းနှစ်ဆင့်ခံထား ...ကို တွေ့ရှိရပါသည်။ နားတွင် နား ...င်းလုံးကြီး ပန်ဆင်ထားပါသည်။ ...တောင်းလုံးကြီးတွင် အရစ်အဆင့် ...က်ထားသည်ကို တွေ့ရှိရပါသည်။ ...နှစ်ဖက်စလုံး ပေါ်လွင်အား ...င်းလှပါသည်။ မျက်လုံးမှာ ရှည် ...မျောမျောနှင့် အထက်မျက်ရစ် ...ထားပါသည်။ နှာခေါင်းမှာ အောက်ပိုင်းပွကားနေပါသည်။ ပါးစပ်ထဲတွင် ခရုသင်းသင်္ကျာန်တစ်လုံးကိုတွေ့ရှိရပါ၏။ ခရုသင်းမှုတ်နေဟန် ပါးပူ၍တွေ့ရှိရပါသည်။ ခရုသင်း အဖျားပွဲ့နေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။ ညာဘက်လက်ကို တံတောင်ဆစ်မှကွေး၍ အဖျားထောင်ကာ ခရုသင်းကိုင်ထားပါသည်။

ဘယ်ဘက်လက်ကို အောက်သို့ချ၍ ဒူးပေါ်တင်ကာ လက်ဖျားကို ခြေဖျားတွင် ထောက်ထားပါသည်။ ခါးတွင် ခါးပတ်တစ်ပတ်ပတ်ထားပါ၏။ ခါးပတ်ပေါ်မှ ကြွန်ကြွေကာပြားကို ရှေ့တွင်အပြားလိုက်ချထားပါသည်။ ဘယ်ဘက်ခြေထောက်ကို ဘယ်ဘက်သို့ကားထုတ်၍ ဒူးထောင်ကာ ခြေဖျားဘေးသို့ထုတ် - ၍ ဒူးကုတ်၍ ခြေဖျားကိုအတွင်းသို့ သွင်း၍ဖိထိုင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင် အဝတ်ဝတ်ထားသည့် သင်္ကျာန် ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ရင်အုတ်အောက် ကျောက်ဆက်အက်ကွဲပြီး အဝတ်အဆင်တန်ဆာများလည်း ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၅၁) ခရုသင်းမှုတ်အမျိုးသားရုပ်မှာ ရိုးရိုးလေးသာ တွေ့ရှိရပါသည်။

ပုံ (၅၂) ပုံဆွဲဒိုဗိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီးအထွက်လိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၂၁) မှ ကူးယူ ရေးဆွဲထားသော ပုံဆွဲဒိုဗိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှုခ်ငယ် (၇၀) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၆) စင်တီမီတာခန့်၊ အကျယ် (၃၉) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၀) စင်တီမီတာခန့်ရှိသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် အဝတ်အဆင်တန်ဆာများ ချောမွတ်နေပြီး နို့နှစ်ဖက်မို့မောက်နေသည်ကိုတွေ့ရှိရပါသည်။ နို့အောက်ကျောက်ဆက်လည်း အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၅၂) ဒိုဗိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ ဘယ်ဘက်သို့ ဆံထုံးအလုံးကိုချထားပါသည်။ ဤဆံထုံးမျိုးကို သျှောင်စောင်းဆံထုံးဖွဲ့စည်းပုံနှင့်တူသောကြောင့် သျှောင်စောင်းဆံထုံး ခေါ်ကြသည်ဟု သိရှိရပါသည်။ မျက်နှာလေး ထောင့်ဆန်သလိုလို တွေ့ရှိရပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံး၊



ပုံ (၅၂)

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါ် လွင်လှသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးကို ဘေးသို့ထုတ်ကာ တံတောင်ဆစ်မှကွေး၍ လက်ဖျားကိုမြှောက်ထားကြပါ၏။ ဘယ်ဘက်လက်တွင် ပန်းဖူးတစ်ဖူးကို ဇောက်ထိုးချ၍ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ရင်သားနှစ်ဖက်မို့မောက်နေသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ထားသည့်သဏ္ဍာန် တွေ့ရှိရပါ၏။ ခါးပတ်ကြိုးအောက်တွင် ခါးပတ်ကြိုးစတစ်ခုကို ရေးရေးလေးတွေ့ရှိရပါသည်။ မူလကနှစ်စရှိခဲ့ပါလိမ့်မည်။ ခြေထောက်နှစ်ဖက်ကိုကား၍ ဒူးမှကွေးကာကနေသည့် အနေအထားမျိုးတွေ့ရှိရပါသည်။ ခြေချင်းဝတ်လောက်ရောက်အောင်ထိ ထဘီချဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်ခြေဖျားကို ဘေးသို့ထုတ်၍ရပ်ပြီး ဘယ်ဘက်ခြေဖျားကို ထောက်ရပ်ထားသည့် အနေအထားမျိုးတွေ့ရှိရပါသည်။ ဤအမျိုးသမီးမှာ အဆင်တန်ဆာများမိုး ရေတိုက်စား၍ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၅၁) ခရုသင်းမှုတ်နေသည့် အမျိုးသား၏ကြွင်းရာတော်ဖြစ်ဟန်အနေအထားမျိုး တွေ့ရှိရပါသည်။ ယောကျ်ားက ခရုသင်းမှုတ်၍ ဘုရားပူဇော်ပြီး မိန်းမက ပန်းဖူးကိုင်လာ၍ ပူဇော်နေသည့်အနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၅၃) ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုဏ္ဍန့်သိမ်ပုထိုးတော်ကြီး၏ အတွက် လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွ နံပါတ် (၁၂၂)မှ ကူးယူရေးဆွဲထားသောပုံဆွဲဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ ဤမူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၇၁) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၃) စင်တီမီတာခန့်၊ အကျယ် (၄၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈)စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာလုံးပြီး မျက်နှာတွင် ပါးစပ်နှင့် နှာခေါင်းသာတွေ့ရှိရပါသည်။ အဝတ်အဆင်တန်ဆာများ ချောမွတ်နေပေပြီ။ ဘယ်ဘက်လက်များလည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ခါးလောက်တွင်လည်း ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။



ပုံ (၅၃)

ပုံဆွဲ (၅၃) ၏ ခေါင်းတော်မှာ ထိပ်ချွန်းချွန်း တွေ့ရှိရပြီး အောက်တွင် ဖောင်းနှစ်ဆင့်ခံထားပါသည်။ရှေ့တည့်တည့်တွင် ဖောင့်းနှစ်ဆင့်အထက်၌ ပွင့်ဖတ်ချွန်တစ်ခုတင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာတွင် နှာခေါင်းပွကားပြီး ပါးစပ်မှာ တည်ငြိမ်စွာပြုံးနေသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်၌ နားကွင်းကြီးများဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်တွေ့ရှိရပါသည်။ ညာဘက်လက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ လက်ဖျားမြှောက်ကာ ဘေးသို့ထုတ်ထားပါသည်။ ဘယ်ဘက်လက်ကို တံတောင်ဆစ်မှကွေး၍ လက်ဖျားကို ရင်ဘတ်လောက်တွင်ကပ်ကာ သားမြီးယပ်တစ်ခု ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ပတ် ပတ်ထားပါသည်။ ခါးပတ်အောက်မှ ဣန္ဒြေတာအပြား ကြီးကို ရှေ့တွင် အပြားလိုက် ပုဆိုးနား အောက်သို့ ဆုံးအောင်အထိ ချထား သည်ကို တွေ့ရှိရပါသည်။ ပုဆိုးကို ခြေ ချင်းဝတ်လောက်ထိချ၍ဝတ်ထားပါ၏။ ခြေနှစ်ဖက်ကိုကား၍ ခြေဖျားနှစ်ဖက်ကို ညာဘက်သို့လှည့်၍ရပ်နေသည်ကိုတွေ့ ရှိရပါသည်။ ဤအမျိုးသား၏ ဝတ်ဆင် ထုံးဖွဲ့မှုမှာလည်း ရိုးရိုးသာ တွေ့ရှိရပ သည်။

ပုံ (၅၄) ပုံဆွဲဒီဇိုင်းလက်ရာသည် လည်း ထုဏ္ဍန့်သိမ်ပုထိုးတော်ကိုအတွင် လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက် နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၂၃) ကူးယူရေးဆွဲထားသောလက်ရာတစ် ပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရု ကြွကို ဘုရားမုခ်ငယ် (၇၁) လက်ဝဲဘ တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျော ဆစ်ရုပ်ကြွတွင် နှာခေါင်း၊ ပါးစပ်အနည် ငယ်သာတွေ့ရှိရပြီး နားတောင်းလည် ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ပန်း လည်းပဲ့နေပြီး အဆင်အဝတ်တန်ဆာ များလည်း ချောနေသည်ကို တွေ့ရှိရ သည်။ခါးဆစ်တွင်လည်း ကျောက်ဆ အက်ကွဲနေသည်ကို တွေ့ရှိရပါသည် မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆ စင်တီမီတာခန့်၊ အကျယ် (၂၇) စင်



ပုံ (၅၄)



www.burmeseclassic.com


www.burmeseclassic.com

မီတာခန့်နှင့် ရုပ်ကြွအထူ (၁၄) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၅၄) အမျိုးသမီး၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ဖြင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်တွင် ပွင့်ဖတ်ဝန်းများသဏ္ဍာန် တွေ့ရှိရပြီး ဒုတိယအဆင့်မှာ ပထမအဆင့်ထက်ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက် ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ ဆံထုံးနောက်ဘက်ကို ဆံဖျားချထားပါသည်။ ဆံဖျားကို လည်ကုပ်သို့ရောက်အောင်ထိ ဆံမြီးချထားပါ၏။ ဤဆံထုံးဖွဲ့စည်းပုံမှာ ထိပ်တင်ဆံထုံး/ထုံးပုံနှင့်ဖွဲ့စည်းပုံတူသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို ဘယ်ဘက်သို့လှည့်၍ ပန်းဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန် ဖူးတွေ့ရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်၌ လက်ကောက်တစ်ဖက်လေးကွင်းဝတ်ဆင်ထားသည့်သဏ္ဍာန် တွေ့ရှိရပါသည်။ အကျီကို တင်ပါးဖုံးအောင်ထိဝတ်ဆင်ထားပါ၏။ အကျီအောက်နားစမှထုတ်၍ ခါးပတ်ကြိုးစနှစ်စပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစနှစ်စအဖျားကို ပန်းဖူးသဏ္ဍာန်ဖွဲ့စည်းထားပါ၏။ ထဘီကို ခြေချင်းဝတ်လောက်အထိရောက်အောင် ဝတ်ဆင်ထားပါသည်။ ထဘီအခေါက်ကို ပေါင်ပေါ်တွင်အခေါက်ထိုက်ဖော်ထားပါ၏။ ခြေဖနောင့်ကိုတင်ပါးတွင်ကပ်၍ ခြေဖျားကွထောက်ကာ ဒူးတုပ်၍ ဘယ်ဘက်သို့လှည့်ကာဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။ ဤပုံ (၅၄) အမျိုးသမီး ဒီဇိုင်းလက်ရာမှာ ရိုးပြီး ပုံ (၅၃) အမျိုးသား၏ကြင်ရာတော် အမျိုးသမီးတစ်ယောက်ဖြစ်နိုင်ပါသည်။

ပုံ (၅၅) မှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၂၄) မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၇၂) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ၏မျက်နှာ၌ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်ရေးရေးလေးသာ တွေ့ရှိရပါသည်။ ဒူးအထက်ကျောက်ဆက်ပြတ်တွဲနေသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၂) စင်တီမီတာခန့်၊ အကျယ် (၃၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၅) စင်တီမီတာခန့်ရှိပါသည်။



ပုံ (၅၅)

ပုံ (၅၅) ပုံဆွဲလက်ရာ၏ ဗောင်းတော်မှာ လုံးချောသာတွေ့ရှိရပြီး ဗောင်းတော်အောက်နားတွင် ဖောင်းလုံးကြီးတစ်ဆင့်ခံထားသည်ကိုတွေ့ရှိရပါသည်။ ဤဗောင်းတော်ကို ခွင်ဆရာဗောင်းအမျိုးအစားဖြစ်သည်ဟုသိရှိရပါသည်။ မျက်နှာတွင် မျက်လုံးသွယ်ပြီး၊ နှာခေါင်းပွကားကာ ပါးစပ်ပြုံးနေသည်ကို တွေ့ရှိရပါသည်။ နားတွင်နားကွင်းကြီးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်ကိုကုပ်၍ ရင်ဘတ်သို့သွင်းကာ တုတ်ကိုဖိထောက်ထားပါ၏။ ဘယ်ဘက်လက်ကိုလည်း ရင်တွင်းသို့ကုပ်သွင်းကာ တုတ်နှင့်ပန်းဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ တုတ်မှာရင်ညွန့်မှ ခြေဖျားလောက်ထိမြင့်၍ထောက်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် အရစ်သဏ္ဍာန်သာ တွေ့ရှိရပါ၏။ ခန္ဓာကိုယ်အောက်ပိုင်းဝတ်ထားသည့် အဝတ်ပုံသဏ္ဍာန်မှာ ပုဆိုးကိုခါးတောင်းကျိုက်ထားသည့်ဟန် တွေ့ရှိရပါသည်။ ခြေချင်းဝတ်လောက်အထိရောက်အောင်ဝတ်ထားပါ၏။ ခြေထောက်နှစ်ချောင်းမှာ ဘယ်ဘက်ခြေကို နောက်ဆုတ်၍ ညာဘက်ခြေကိုထောက်ကာခြေဖျားနှစ်ဖက်ကို ညာဘက်သို့လှည့်၍တုတ်ထောက်ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၅၅) ပုံဆွဲဒီဇိုင်းလက်ရာမှာ ခွင်ဆရာအမျိုးသားတစ်ယောက်ပင်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ပုံဆွဲဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကိုထာဝရ*
*ဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ကိုကျော်ချပ်

၂၆

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ



❑ **သာသနာကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာ**

ပထမံအဖေကြီးအဘဘိုးဘိုးအောင်အား မဇ္ဈိမဒေသသို့ အထူးတာဝန်ဖြင့်စေလွှတ်နိုင်သည်ဟု ကိုယ်ပွားကပြောလိုက်သောအခါ မောင်ထွန်းမြိုင်သည် စိတ်ဝင်စားသွားပြီး -

"မဇ္ဈိမဒေသဟာ ဗုဒ္ဓသာသနာတော်အတွက် အခြေခံရင်းမြစ်ကျသလို လုပ်ကိုင်ရမယ့် လုပ်ငန်းတာဝန်တွေကလည်း ကြီးမားတော့ အဘလိုပုဂ္ဂိုလ်မျိုးနဲ့မှ သင့်တော်မှာပါ။ သူ့ကိုပဲရွေးချယ်ပါစေလို့ ကျုပ်လည်း ဆန္ဒပြုပါတယ်။ နောက်ပြီး ကျုပ်သိချင်တာရှိသေးတယ်။ နာယကပုဂ္ဂိုလ်ကြီးပြောတဲ့အထဲမှာ မဇ္ဈိမဒေသက ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာတွေလက်ထဲပြန်ရောက်အောင်လုပ်ရမယ်လို့ပါတယ်။ အခု ဗုဒ္ဓဂယာက ဘယ်သူ့လက်ထဲမှာလဲဗျ"

"မဇ္ဈိမဒေသဟာ တူရကီမွတ်စလင်တွေကြောင့် ဗုဒ္ဓသာသနာဟာ အမြစ်ပါကျွတ်ထွက်ပြီးကွယ်ခဲ့ရတယ်ကိုထွန်းမြိုင်ရဲ့။ သာသနာကွယ်ပြီးနောက်ပိုင်းမှာတော့ ဗုဒ္ဓဂယာဟာလည်း ညှိုးနွမ်းမှေးမှိန်ခဲ့ရတယ်။ ဘယ်လောက်ဆိုးသလဲဆိုရင် ကြည့်ရှုစောင့်ရှောက်မယ့်သူတောင်မရှိသလောက်ဖြစ်သွားတယ်။ အဲဒီအချိန်မှာ အကွက်ကောင်းကိုချောင်းနေတဲ့ အိန္ဒိယဘုန်းကြီးတွေဟာ ဗုဒ္ဓဂယာကိုဝင်ရောက်ပြီး သိမ်းပိုက်ခဲ့ကြတယ်။ နောက်ပြီး အိန္ဒိယဘာသာကိုးကွယ်မှုဆိုင်ရာဖြစ်တဲ့ သိဝရဲ့လိင်တံစတဲ့လိင်္ဂရုပ်တုတွေကိုပါ စိုက်ထူခဲ့ကြတယ်။ လက်ရှိတော့ အိန္ဒိယဘုန်းကြီးမဟန့်ဆိုသူရဲ့လက်ထဲမှာရှိနေတယ်။ သူကတော့ ဗုဒ္ဓဂယာမြေမြတ်မဟာကို ကိုယ်ကျိုးအတွက်ပါ မျိုးစုံအသုံးချလာတယ်။ စပါးစိုက်လည်းစိုက်ရဲ့။ ကျွဲ၊ နွားစားကျက်အဖြစ်ကျောင်းလည်းကျောင်းရဲ့။ စပါးလှေ့ခြင်း၊ တလင်းနယ်ခြင်းတွေလုပ်လည်းလုပ်ရဲ့။ ကျွဲချေး၊ နွားချေး လူ့မစင်တွေလည်း စွန့်ချင်စွန့်ရဲ့နဲ့ဖြစ်ချင်တိုင်းဖြစ်နေတော့တာပဲ။ အဲဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဂယာပြန်လည်ရရှိရေးအတွက် အိန္ဒိယတရားလွှတ်တော်မှာ တရားစွဲထားတယ်ဗျ။ ဒါပေမယ့် မဟန့်ဟာ ပေါ့သေးသေး အိန္ဒိယဘုန်းကြီးတော့မဟုတ်ဘူး။ ပစ္စည်းဓနအင်အားလည်း တောင့်တင်းတယ်။ လူအင်အားတောင့်တင်းတယ်။ နောက်ပြီးတော့ အိန္ဒိယအစိုးရအထက်ပိုင်မှာလည်းဝင်ဆံ့တယ်။ ဒါကြောင့် အတော်ကြီး ခက်ခက်ခဲခဲလုပ်ရတဲ့အခြေအနေမျိုးဖြစ်နေတယ်။ တစ်ခါတစ်ရံမှာ ဗုဒ္ဓဂယာကို ရောက်လာတဲ့ ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဂယာကိုဝင်ပြီး ဘုရားဖူးတာတောင်လက်မခံဘူး။ မောင်းထုတ်တယ်ဗျ။ ဒါကြောင့်လည်း ဗုဒ္ဓဘာသာတွေက မခံမရပ်နိုင်ဖြစ်ပြီး တရားစွဲရတာပဲ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်က-

"ဗုဒ္ဓဂယာကို ဟိန္ဒူတွေလက်ထဲကနေပြီး အခုလိုပြန်လည်လက်ရောက်ရလို့ တရားစွဲတာကို ဘယ်ပုဂ္ဂိုလ်က ဦးဆောင်ပြီးလုပ်တာလဲဗျ"

"မီးဆောင်ပြီးမြှုလုပ်တဲ့ပုဂ္ဂိုလ်ကတော့ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးပဲ။ သီဟိုဠ်နိုင်ငံက ဘုန်းတော်ကြီးပဲ။ သူ့ဘွဲ့တော်ကတော့ အနာဂါရိကဓမ္မပါလတဲ့ဗျ"

"အဲဒီပုဂ္ဂိုလ်ကကော ငွေရေးကြေးရေးတောင့်တင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓဘာသာဘုန်းကြီးပဲဗျာ။ သပိတ်
နဲ့ သက်နှီးသုံးထည်ပဲရှိတာပေါ့။
တော့ ငွေရေးကြေးရေးအနေနဲ့က
ည်းတာပေါ့ဗျာ။ နောက်ပြီး အိန္ဒိယ
ရေးစရိတ်စကတွေကကြီးသားက
"

"ဒါဆို အဲဒီသုံးရတဲ့ငွေတွေ ဘယ်
လဲတင်"

"ဒီလိုပဲ နိုင်ငံတကာမှာရှိတဲ့ ဗုဒ္ဓ
င်တွေဆီကအလှူခံရတာပေါ့။
ဗုဒ္ဓသာသနာအလံကိုထွင်ခဲ့တဲ့ပုဂ္ဂိုလ်ပဲ။
နောက်ပြီး မဟာဗောဓိလို ဗုဒ္ဓဘာသာ
အသင်းတွေကလည်း ကူညီပြီး ဝိုင်းဝန်း
ကြပါတယ်။ အခုကလည်း သူတို့က
အတွင်းထူပါရုံကို အကြောင်းကြားလာ
လို့ အတွင်းထူပါရုံကလည်း အစွမ်း
သတ္တိပြည့်ဝထက်မြက်တဲ့ဝိဇ္ဇာဓိုရ်တစ်ပါး
ကို စေလွှတ်ဖို့စီစဉ်ရတာပဲ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်
ကလည်း အားတက်သရောဖြင့် -

"အဲဒီလိုလွှတ်လိုက်ရင် အခြေ
အနေတွေက ဘယ်လိုဖြစ်လာနိုင်မလဲဗျ။
ဆိုစမ်းပါဦး ခင်ဗျားရဲ့ ထင်မြင်ချက်ကို"

"ဩော်-ကိုထွန်းမြိုင်ရယ်၊ မဇ္ဈိမ
ဒေသ ဗုဒ္ဓဂယာကိုလွှတ်ပြီဆိုမှတော့
တော်ရုံပုဂ္ဂိုလ်ဘယ်ဟုတ်ပါ့မလဲ။ တန်ခိုး



ပြီး အဲဒီဆရာတော့်ရဲ့နောက်မှာ
အစည်းတချို့ကတော့ အကူ
နေတယ်။ မဒမ်ဗာလဗာစကီး
အော့လကော့တို့ ဒေါက်တာ
ဆင့်တို့ ဦးဆောင်တဲ့ ဗောဓိ
အသင်းမှုရှိတယ်။ အဲဒီအထဲ
တာနယ်အော့လကော့ဆိုတဲ့
န်လူမျိုး ဗိုလ်မှူးကြီးကလည်း
သေးပုဂ္ဂိုလ်တော့မဟုတ်ဘူး။

သိဒ္ဓိမဟိဒ္ဓိအဘိညာဉ်တွေနဲ့ ပြည့်စုံတဲ့
ပုဂ္ဂိုလ်၊ စေတစ်လုံးပိုင်တဲ့ပုဂ္ဂိုလ်၊ ဘာသန္တ
ရနဲ့ လောကီကိစ္စတွေမှာပါ စွယ်စုံကျွမ်း
ကျင်တဲ့ပုဂ္ဂိုလ်မျိုး။ ဝိဇ္ဇာဓိုရ်မျိုးပဲ ဖြစ်မှာ
ပေါ့။ ဒါကြောင့် ဒီကိစ္စကိုသိပ်ပြီးမပူပါ
နဲ့ဗျာ။ သိပ်မဝေးတော့တဲ့အချိန်ကာလ
မယ် အဲဒီဗုဒ္ဓဂယာမြေမြတ်မဟာမှာ ဗုဒ္ဓ
သာသနာအလံတံခွန်တွေတလူလူလွင့်
ပြီး သာသနာ့ရောင်ဝါထိန်ထိန်သာတော့
မယ်လို့ ကျွန်တော်လုံးဝစိတ်ချယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဗျာ"

"ခုလိုကြားရတာ ဝမ်းသာအားရရှိလိုက်ပါဘိ ကိုယ်ပွားရယ်"

ထိုအချိန်တွင် အစည်းအဝေးခန်းမကြီးထဲ၌လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များ တစ်ပါးပြီးတစ်ပါး မိန့်ခွန်းများပြောကြားနေကြလေ၏။ ထိုပုဂ္ဂိုလ်များပြောသွားသည့်အကြောင်းအရာတို့မှာလည်း ဗုဒ္ဓသာသနာတော်၏ အနာဂတ်အရေးနှင့် ပတ်သက်ပြီး ဆွေးနွေးသွားကြခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်များ၏ဆွေးနွေးချက်၊ တင်ပြချက်၊ အကြံပြုချက်များအားလုံးကို ခြုံငုံသုံးသပ်၍ အကျိုးတော်ဆောင်ချုပ် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကြီးတစ်ပါးက နိဂုံးချုပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ဆွေးနွေးပြီး ဆုံးဖြတ်ချက်များကို အသေးစိတ်ချမှတ်ကာ တာဝန်ခွဲဝေမှု၊ တာဝန်ချထားမှုအသီးသီးကိုလည်း ပြုလုပ်လိုက်တော့၏။ အဆိုပါ အကျိုးတော်ဆောင်ချုပ်ပုဂ္ဂိုလ်ကြီး၏ ဝေဖန်သုံးသပ်ချက်၊ ဆုံးဖြတ်ချက်နှင့် တာဝန်ခွဲဝေမှုအသီးသီးတို့ကို အသေးစိတ် ပြန်လည်ရေးသားဖော်ထုတ်ခွင့်မရှိပါသဖြင့် အကြမ်းဖျင်းအနှစ်ချုပ်သဘောတရားအချို့ကိုသာ အောက်တွင်ဆက်လက်တင်ပြသွားသည်ကို နားလည်ခွင့်လွှတ်နိုင်ပါရန် ကြိုတင်တောင်းပန်အပ်ပါသည်။

**❑ရုပ်ဝါဒအစွန်းရောက်မှုဘာသာအယူဝါဒအစွန်းရောက်မှုများ လွှမ်းမိုးလာသောကမ္ဘာ့အလယ်မှ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော်**

သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ဆွေးနွေးချက်များ၊ ဝေဖန်သုံးသပ်၊ ဆုံးဖြတ်ချက်များ၏သဘော အကျဉ်းချုပ်ကို ဖော်ပြရမည်ဆိုပါက -

နောင်လာမည့် ရာစုနှစ်များတွင် ကမ္ဘာကြီး၌ ရုပ်ဝါဒသဘောတရားအစွန်းရောက်မှုများ၊ ဘာသာတရားအစွန်းရောက်မှုများ၊ အတ္တဝါဒများလွှမ်းမိုးကြီးစိုးမှုများလာသဖြင့် လူသတ်လက်နက်အသစ်အဆန်းများ အပြိုင်အဆိုင်ထုတ်လုပ်လာခြင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဩဇာအာဏာလွှမ်းမိုးနိုင်ရန် အပြိုင်ကြိုးပမ်းလာခြင်း၊ ယုံကြည်မှုအယူဝါဒရော ဘာသာအယူဝါဒတို့ပါ အပြိုင်လွှမ်းမိုးနယ်ပယ်ချဲ့ထွင်ရန် ကြိုးစားခြင်း၊ အစွန်းပိုရောက်လာခြင်း၊ ပြင်းထန်ရက်စက်သောစစ်ပွဲကြီးများ ဖြစ်ပွားလာခြင်း၊ မတရားနယ်မြေဝင်ရောက်သိမ်းပိုက်ခြင်းများ၊ မတော်လောဘဖြင့် စီးပွားရေးလက်ဝါးကြီးအုပ် မောင်ပိုင်စီးမှုများ၊ အကျပ်ကိုင်မှုများ၊ ခြိမ်းခြောက်မှုများ၊ လူသားဝါဒကို ပဓာနလက်ကိုင်ထားခြင်းမျိုးဖြစ်လာနိုင်သော်လည်း လက်တွေ့ဘဝတွင် လူလူချင်းပို၍ခေါင်းပုံဖြတ်အမြတ်ထုတ်လာခြင်းများ ကြုံတွေ့လာရနိုင်ကြောင်း။

ထိုသို့ ဖြစ်ပျက်ပြောင်းလဲလာမှုများနှင့်အတူ ဘာသာတရားတို့၏ ကျင့်ဝတ်သီလဆိုင်ရာတို့တွင် လျော့ရဲပြီးအားနည်းလာခြင်း၊ မစောင့်ထိန်းတော့ခြင်းများပိုမိုဖြစ်လာနိုင်ကြောင်း။ ထို့ကြောင့် အားကြီးသူကစား၊ နိုင်သူကယူဝါဒများလည်း ခေါင်းထောင်ထလာနိုင်ကြောင်း။ ဗုဒ္ဓသာသနာတော်သည်လည်း အထက်ပါဖြစ်စဉ်များနှင့်အတူ ကမ္ဘာ့နိုင်ငံရေးသမိုင်းတွင် အမျိုးမျိုးသော လောကဓံ၏ ဒဏ်ရာဒဏ်ချက်များကို ခါးစည်းခံခဲ့ရပါကြောင်း။

တစ်ချိန်က ဗုဒ္ဓအင်ပါယာဟု ခေါ်ဆိုရလောက်အောင် ကျယ်ပြောလှသော နယ်ပယ်ဝန်းကြီးသည် ယခုအခါ ကျုံ့ဝင်သေးငယ်သွားသောအဖြစ်မျိုးနှင့် ကြုံတွေ့နေရပြီဖြစ်ပါကြောင်း။ ဤအဖြစ်နှင့်ကြုံတွေ့ရခြင်းသည် ဗုဒ္ဓဘာသာဝင်တို့ မေ့လျော့ပေါ့ဆမှုကြောင့်ဟုဆိုရမည်ဖြစ်ကြောင်း။ ယခုကာလ နောက်ဆုံးဖြစ်ပျက်ခဲ့သည့် အရေးကြီးသောကိစ္စကို ဖော်ပြရမည်ဆိုပါက ဗုဒ္ဓဘာသာ၏ အမာခံစခန်းကြီးတစ်ခုဖြစ်သော တိဗက်ဗုဒ္ဓဘာသာနိုင်ငံအား ကွန်မြူနစ်ရုပ်ဝါဒီဖြစ်သော တရုတ်နိုင်ငံက ဝင်ရောက်ကျူးကျော် သိမ်းပိုက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။ မူလက ဗုဒ္ဓဘာသာကိုယ်ပိုင်လက္ခဏာယဉ်ကျေးမှုသွင်ပြင်များလွှမ်းမိုးခဲ့သော တိဗက်ဒေသသည် ရုပ်ဝါဒီအာဏာရှင်မော်စီတုန်း၏လက်အောက်၌ တစ်စထက်တစ်စမှေးမှိန်လာနေပြီဖြစ်ပါကြောင်း ပြောကြားခဲ့၏။

တစ်ဖန် ဗုဒ္ဓဝါဒလွန်စွာအားကောင်းကောင်းဖြင့် နောက်ဆုံးခံတပ်အဖြစ်ကျန်ရှိနေသော မြန်မာနိုင်ငံကိုပင် ရုပ်ဝါဒီကွန်မြူနစ်တို့က လုံးဝအသွင်ပြောင်းပစ်ရန် ကြိုးစားအားထုတ်လာသဖြင့် အဆင့်မြင့်ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တစ်ဦးကို တာဝန်ပေးစေလွှတ်ကာ နှိမ်နင်းမှုများပြုနေရပါကြောင်း။ မြန်မာနိုင်ငံ၏အဖြစ်သည်လည်း အလွန်ပင်ထူးခြားပါကြောင်း။ လွန်ခဲ့သည့် နှစ်တစ်ရာကျော်ကတည်းက ခရစ်ယာန်ဘာသာဝင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီး ခရစ်ယာန်ဇာတ်အပြီးတိုင်သွင်းရန်ကြိုးစားခဲ့ပါကြောင်း။ တောင်တန်းဒေသများကိုကား ခရစ်ယာန်ဇာတ [illegible] သွင်းရန် အမျိုးမျိုးကြိုးစားခဲ့ပါကြောင်း [illegible] သို့သော် မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာ [illegible] ကိုယ်ခံအားကကောင်းလွန်းသဖြင့်အ [illegible] ဤမျှကျန်ရှိနေခြင်းဖြစ်ပါကြောင်း ပြော [illegible] ကြားခဲ့၏။

ထို့ပြင် မြန်မာနိုင်ငံ၏ အနော [illegible] ဘက်တွင် လူဦးရေပေါက်ကွဲမှုဖြစ် [illegible] သည့် မွတ်စလင်နိုင်ငံကလည်း မွတ် [illegible] လင်များကို မြန်မာနိုင်ငံတွင်းသို့ ပြော [illegible] များစွာခိုးသွင်းကာ မွတ်ဆလင်ဧရိ [illegible] ကိုတိုးချဲ့ရန် ကြံစည်အားထုတ်နေ [illegible] ကြောင်း။ ထို့မျှမက ကိုလိုနီဘဝက အ [illegible] လိပ်အစိုးရသည် အိန္ဒိယမှ မွတ်စ [illegible] နှင့် ဟိန္ဒူလူဦးရေမြောက်မြားစွာကို မြ [illegible] ပြုကြီးအပါအဝင် မြန်မာနိုင်ငံအ [illegible] ခေါ်သွင်းပြီး မူလဗုဒ္ဓဘာသာအခြေ [illegible] အားနည်းသွားစေရန် သို့တည်းမ [illegible] အဖြစ်ပါကွျတ်ထွက်သွားစေရန်ရည် [illegible] ၍ အားထုတ်သည့်အခြေအနေများ [illegible] ရှိခဲ့ပါကြောင်း။ သို့သော် မြန်မာ [illegible] ဗုဒ္ဓဘာသာကိုယ်ခံအားကောင်းနေ [illegible] ကြောင့်သာ ဤမျှအထိခံနိုင်ရည် [illegible] ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြော [illegible]

ဤနေရာတွင် နိုင်ငံ၏ဗုဒ္ဓဘာ [illegible] ကိုယ်ခံအားနှင့်ပတ်သက်ပြီး စိတ်မ [illegible] စရာနိုင်ငံတစ်နိုင်ငံ၏ အဖြစ်ကို [illegible] ဖော်ပြလိုပါကြောင်း။ ထိုနိုင်ငံ [illegible] အရှေ့အာရှရှိ ကိုရီးယားနိုင်ငံ [illegible] ကြောင်း။ ကိုရီးယားသည် [illegible] ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော်လည်း [illegible] ကမ္ဘာစစ်ပြီးသောအခါ နှစ်ခြမ်း [illegible] ပြီး အုပ်စိုးသူနိုင်ငံကြီးတို့၏အလို [illegible] ကာ တစ်ခြမ်းသည် ကွန်မြူနစ်ရုပ် [illegible] ဦးတည်သွားပြီး ကျန်တစ်ခြမ်း [illegible] ခရစ်ယာန်ဘာသာဘက်သို့ အ [illegible] အခြေပြောင်းသွားမည့်အလား [illegible] ရှိနေခြင်းဖြစ်ကြောင်း။ သို့ဖြင့် ထို [illegible] နိုင်ငံတွင်လည်း ဗုဒ္ဓဘာသာအ [illegible] မှေးမှိန်သည့်အခြေအနေမျိုး ရင် [illegible] နိုင်မည်ဖြစ်ပါကြောင်း။

ဗုဒ္ဓဘာသာနှင့်ပတ်သက် [illegible] နည်းမှေးမှိန်နိုင်သော နောက် [illegible] နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ် [illegible] ထိုနိုင်ငံသည်လည်း တစ်ချိန် [illegible] ကွန်မြူနစ်ရုပ်ဝါဒဘက်သို့အ [illegible] သွားနိုင်ကြောင်း သုံးသပ်ပါသ [illegible]

ထို့ပြင် မူလက ဗုဒ္ဓဘာ [illegible] ကြီးများဖြစ်သော အင်ဒိုနီ [illegible] စသည့် အရှေ့တောင်အာရှ [illegible] နိုင်ငံများ အာဖဂန် စသည့် [illegible] များသည် ဗုဒ္ဓဘာသာနိုင်ငံ [illegible]



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံများအဖြစ်သို့ လုံးဝအခြေ သွားပြီး ဗုဒ္ဓဘာသာအနေဖြင့် မကျန်အောင် ပျောက်ကွယ် ဆင့်အထိပင် ကြုံတွေ့ခဲ့ရပါ ကြောင်း။

တွင် ဗုဒ္ဓဘာသာအား အခြား ဘာသာ၊ အယူအဆများ၊ နိုင်ငံ ရာဝါဒများဖြင့် ထိုးဖောက်တိုက် တွင် သုတေသနပြုလေ့လာတွေ့ မှာ အခြားသော ဘာသာ၊ အယူ ၏ ထိုးဖောက်မှုထက် အစ္စလာမ် ၏ထိုးဖောက်မှုခံရသည့်နေရာ တွင် ဗုဒ္ဓဘာသာသည် အမြစ်ပါ အောင် ပြုတ်ပြုတ်ပြုန်းပြုန်း ကွယ်သွားသည်ကို တွေ့ရပါ ကြောင်း။

မြူနစ်ရုပ်ဝါဒ အပါအဝင် သောဘာသာတို့၏ ထိုးဖောက်မှု နေရာဒေသများ၌ကား ဗုဒ္ဓ သည် အခြေအမြစ်အထိပါပြိုလဲ ဘဲ အထိုက်အလျောက်ကျန်ရှိ သေးသည်ကိုတွေ့ရမည် ဖြစ်ပါ ကြောင်း။

မြင် ဘာသာတရားအပေါင်းတို့ ဘာသာဘာဝအရ ဗုဒ္ဓဘာသာသည် တိုးတက်စည်းရုံးသော အတိုက် တရားမျိုးမဟုတ်ဘဲ မေတ္တာ၊ ဂရု မုဒိတာ၊ ဥပေက္ခာ စသည် ဗြဟ္မစိုရ် တို့ကို အခြေခံပြီး ငြိမ်းချမ်းစွာဖြင့် မှတ်ချက်ဘောင်အတွင်း၌သာနေ သောအခံဘာသာတရားမျိုးဖြစ်၍ ဘာသာတစ်ခုက ထိုးဖောက်ဝင် ရန် အခွင့်အရေးရသကဲ့သို့ဖြစ်နေ ကြောင်း။ ဘာသာရေးသမိုင်းစဉ်များကို ကြောင်းဆွဲပြီးသုံးသပ်ပါက ဗုဒ္ဓ ဘာသာထက် နှစ်ပေါင်း ငါးရာနှင့် ထောင်နောက်ကျပြီးမှ ပေါ်ပေါက် သောခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာတို့က ဗုဒ္ဓဘာသာနိုင်ငံများကို ဖောက်ပြီး အုပ်စီးသွားသည့်ကိုသာ ရပါကြောင်း။ ဗုဒ္ဓဘာသာအနေဖြင့် ယနေ့အချိန်အထိ ခရစ်ယာန် အစ္စလာမ်နိုင်ငံတို့ကို ဗုဒ္ဓဘာသာ အဖြစ်ပြောင်းလဲနိုင်မှုမျိုး တစ်နိုင်ငံ မရှိပါကြောင်း။ ထို့ကြောင့် နောက် နောက်ပိုင်းတွင်မှပေါ်ပေါက်လာသော ဘာသာများသည် ရှေ့ပေါ် ထွန်းပြီးသော ဘာသာကြီးများနေရာတွင် ပို၍ပို၍ အောက် နေရာယူနိုင်ခြင်းနှင့် မိမိ ဘာသာ၏ ရှိပြီးသားအင်အားကိုလည်း လျော့နည်းမသွားအောင်အကာအကွယ် ပေးသည့် အစီအမံများကလည်း အားကောင်းအောင်၊ အမာခံဖြစ်အောင်ပြု လုပ်ထားနိုင်သည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့်လည်း ဗုဒ္ဓဘာသာကို အမာခံသဘောနှင့်အတိုက်သဘောများ ပါ တွဲဖက်၍ ကျင့်သုံးနိုင်မှသာ ဗုဒ္ဓဘာ သာသည် နောင်နှစ်ပေါင်းများစွာတိုင် အခွန့်ရှည် တည်တံ့နိုင်မည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်သွားပါသည်။

ထို့နောက် ကမ္ဘာ့နေရာအနှံ့အပြား သို့ သွားရောက် တာဝန်ထမ်းဆောင် ရမည့် ဓိဋ္ဌာရေးပုဂ္ဂိုလ်များ၏ အမည်များ ကိုကြေညာပါသည်။အဆိုပါသွားရောက် ရမည့်နေရာများ၌ အိန္ဒိယနိုင်ငံ၊ အရှေ့ တောင်အာရှ၊ အရှေ့အာရှ၊ အရှေ့အ လယ်ပိုင်း၊ အနောက်အာရှနှင့် အမေရိ ကန်၊ ဥရောပစသည့်နိုင်ငံများ အတော်စုံ လင်စွာပင် ပါဝင်ပါသည်။

ထိုသို့သွားရောက်ရမည့်ပုဂ္ဂိုလ်တို့ ၏အဓိကတာဝန်မှာ ရှိပြီးသား ဗုဒ္ဓဘာ သာဝင်အင်အားကို လျော့နည်းမသွား စေရန်နှင့် အသစ်အသစ်သော ဗုဒ္ဓဘာ သာဝင်အင်အားများတိုးပွားလာစေရန် အတွက် မဟာဗျူဟာပင်ဖြစ်ပါသည်။

ထိုသို့ အကျိုးတော်ဆောင်ချုပ် ပုဂ္ဂိုလ်ကြီး၏မိန့်ခွန်းပြီးသွားပြီးနောက် မောင်ထွန်းမြိုင်၏အတွေးတို့သည် ပို၍ လှုပ်ရှားသက်ဝင်လာတော့၏။ထို့ကြောင့် ကိုယ်ပွားအား -

"ဒီမယ် ကိုယ်ပွားရဲ့၊ ကျုပ်သိချင် တာလေးတွေ နည်းနည်းလောက်မေးပါ ရစေဗျာ။ ခုနပုဂ္ဂိုလ်ကြီးပြောသွားတဲ့ အထဲမှာ မဇ္ဈိမဒေသကိုပို့လွှတ်တဲ့ပုဂ္ဂိုလ် ဟာ ခင်ဗျားမှန်းထားတဲ့အတိုင်းပါပဲ။ ဒါ နဲ့ ကမ္ဘာ့အခြားဒေသတွေကိုပို့လွှတ်တဲ့ ပုဂ္ဂိုလ်တွေအားလုံးလောက်နီးနီးဟာ ရဟန်းသံဃာတွေသိပ်မပါဘဲ လူပုဂ္ဂိုလ် တွေချည်းဖြစ်နေတာလဲဗျ။ အဲဒါဘယ် လိုအကြောင်းကြောင့်လဲ သိချင်တယ် ဗျာ"

"ရဟန်းတော်ဘဝဆိုတာ ခင်ဗျား သိတဲ့အတိုင်းပဲလေ။ ခင်ဗျားလည်း ငယ် ငယ်ကတည်းက ရဟန်းသံဃာတွေနဲ့ နီးနီးကပ်ကပ်နေခဲ့ဖူးပါတယ်။ ရဟန်း တော်တွေရဲ့အသက်ဟာ ဝိနည်းမဟုတ် လား။ အလွန်အင်မတန်မှပဲမြင့်မြတ် သန့်စင်လှပါတယ်ဗျာ။ အခုလိုရခြား မြေခြားဘာသာခြားတွေရှိတဲ့နေရာဒေသ ကို သွားရတဲ့နေရာမျိုးမှာ အလွန်ဆင်းရဲ ဒုက္ခလည်း ကြုံတွေ့ရနိုင်တယ်။ ဘေး အန္တရာယ်တွေကလည်းများလှပါတယ်။ ဒါတွေကိုခံနိုင်ရည်ရှိတယ်ထားဦး ရဟန်း ဝိနည်းတော်တွေဆိုတာ ကန့်သတ်ချက်တွေ များပြားလွန်းလှပါတယ်။ ဒီအတိုင်း သာသနာတော်ဖွံ့ဖြိုးပြီးဒေသများတောင် ဝိနည်းဆိုင်ရာတွေ မကျိုးမပေါက် မပြောက်မကျားအောင် အတော်လေး ဝါယမစိုက်ထုတ်ရတာကလား။ စဉ်းစား ကြည့်လေ၊ အခုလို ကိစ္စမျိုးသွားရမယ်ဆို ရင် ဘာတွေကြုံတွေ့ရနိုင်မလဲ။ မမျှော် မှန်းထားတာတွေ အများကြီးကြုံတွေ့ရ နိုင်တယ်။ ယုတ်စွအဆုံးတော့ သာမန် ငါးပါးသီလတောင် ကျိုးပေါက်နိုင်စရာ တွေ အများကြီးပဲပေါ်လာနိုင်တယ်။ သာဓကအားဖြင့်ပြောမယ်ဗျာ၊ ကိုယ့်ရဲ့ ဘာသာ၊ သာသနာကိုဖြစ်စေ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့ဆိုင်တဲ့အရေးကိစ္စတစ်ခုမှာ လူတစ်ဦးတစ်ယောက်ကသော် လည်း ကောင်း၊ လူတစ်စုတစ်ဖွဲ့ကသော် လည်း ကောင်း၊ ဘေးအန္တရာယ်အကြီးအကျယ် ကျရောက်စေနိုင်တဲ့ကိစ္စပေါ် ပေါက်လာ ရင်၊ ရှောင်လွဲလို့လည်းမရနိုင်တော့ရင် ခင်ဗျားဆိုဘယ်လိုလုပ်မလဲ ကိုထွန်းမြိုင်"

"ဒါကတော့ ဘယ်လိုပဲဖြစ်ဖြစ် ရှင်းလင်းပစ်ရမှာပဲဗျ"

"အဲဒီလို ရှင်းလင်းပစ်တဲ့နေရာမှာ မမျှော်လင့်ဘဲ လက်လွန်ခြေလွန်ဖြစ် သွားနိုင်တဲ့အခြေအနေမျိုး ရင်ဆိုင်ရနိုင် ခြေရှိတယ်လေ။ ဒီအခြေအနေမျိုး ရဟန်းတော်တွေ့ကြုံရင် ဘယ်လိုလုပ် မလဲ။ လက်လွန်ခြေလွန်လို့ကိုမရတာဗျ။ လွန်တာနဲ့ ပါရာဇိကကျပြီ။ အဲဒီလိုကျပြီ ဆိုတာနဲ့ တစ်ပြိုင်နက် တန်ဖိုးအားလုံးနဲ့ ဘဝသံသရာစတာတွေပါ ပျက်စီးဆုံးရှုံး သွားတော့တာပဲ။ ဘယ်လောက်နစ်နာမှု ကြီးနိုင်တယ်ဆိုတာပဲ။ လူပုဂ္ဂိုလ်တွေအဖို့ တော့ အဲဒီလောက်အပြစ်မကြီးဘူး။ လုပ်ကွင်းလုပ်ကွက်လည်း အများကြီး ကျယ်ပြန့်နေတယ်လေ မဟုတ်ဘူးလား"

"ဟုတ်ပါပြီဗျာ၊ သဘောပေါက်ပါ တယ်။ နောက်မေးချင်တဲ့မေးခွန်းတစ်ခု က မဇ္ဈိမဒေသမှာ ဗုဒ္ဓသာသနာတော် အမြစ်ပြတ်ကွယ်ပျောက်သွားရတာဟာ တူရကီမွတ်စလင်တွေကြောင့်လို့ပြောသွား တာကြားလိုက်ပါတယ်။ အဲဒါ ဘာပြော တာလဲကိုယ်ပွားရဲ့"

"ဟုတ်တယ် ကိုထွန်းမြိုင်။ အဲဒီ ဖြစ်ရပ်ကလည်း ဗုဒ္ဓသာသနာတော် သမိုင်းမှာ ဘာသာခြားတွေနဲ့ပတ်သက် ပြီး သုတ်သင်ရှင်းလင်းခံရခြင်းဆိုင်ရာ ပြဿနာများရှိခဲ့တယ်။ ဒီအထဲ နာလန္ဒာ တက္ကသိုလ်မှာဖြစ်သွားခဲ့တဲ့ဖြစ်ရပ်က အဆိုးဝါးဆုံးနဲ့ နာမည်အကြီးဆုံးကိစ္စပဲ။ ဒီနာလန္ဒာအရေးကိစ္စကိုတော့ ခင်ဗျား သိအောင် သေသေချာချာလေး ပြောပြ

www.burmeseclassic.com

ချင်တယ်ဗျာ"

**မဇ္ဈိမဒေသ၏သာသနာ့အခြေခံစခန်းကြီး အမြစ်ပြုတ်သုတ်သင်ခံရခြင်း**

မောင်ထွန်းမြိုင်သည် ကိုယ်ပွားပြောပြလာမည့်ကိစ္စကို အထူးပင် စိတ်ဝင်စားမျှော်လင့်လျက်ရှိ၏။ သို့သော် ကိုယ်ပွားသည် သူပြောရမည့်စကားကို တော်တော်နှင့်မစနိုင်သေးဘဲလည်းဖြစ်နေ၏။ ရုတ်ခြည်းပင် မျက်နှာကလည်း မကောင်းဘဲဖြစ်နေ၍ မောင်ထွန်းမြိုင်အဖို့ စဉ်းစားရခက်နေ၏။ ရုတ်တရက် မည်သည့်ပြဿနာများပေါ်လာပြီလဲဟု တစ်ဆက်တည်းတွေးနေမိ၏။ ဝေခွဲမရသည့်အဆုံးတွင် မောင်ထွန်းမြိုင်က -

"ကိုယ်ပွား၊ ခင်ဗျားကိုကြည့်ရတာ တစ်မျိုးဖြစ်နေတယ်။ ဘာများဖြစ်သွားလို့တုန်းဗျ"

"ကိုထွန်းမြိုင်ရေ လူကတော့ ဘာမှဖြစ်မသွားပါဘူးဗျာ။ ပြောရမယ့်ကိစ္စက ရင်ထဲထိခိုက်လွန်းလို့ပါ။ ပြောမယ်ကြံရင်း ရင်ထဲမှာအံလုံးကြီးတက်တက်လာပြီး ဆို့သလိုဖြစ်သွားလို့ပါ။ စောစောက အကျိုးတော်ဆောင်ချုပ်ပုဂ္ဂိုလ်ကြီး ပြောကြားသွားတဲ့အထဲမှာလည်းပါတယ် ခင်ဗျားလည်းကြားမှာပါ။ ဗုဒ္ဓဘာသာဟာ သူ့ထက် နှစ်ပေါင်းငါးရာလောက် နောက်ကျပေါ်တဲ့ ခရစ်ယာန်ဘာသာ၊ နှစ်ပေါင်း တစ်ထောင်လောက်နောက်ကျပြီးမှပေါ်တဲ့ အစ္စလာမ်ဘာသာတွေရဲ့ နယ်ချဲ့တိုးဖောက်သိမ်းပိုက်ခံရတဲ့အတွက် ဗုဒ္ဓဘာသာနိုင်ငံတွေတစ်နိုင်ငံပြီးတစ်နိုင်ငံ ကျဆုံးရတယ်ဆိုတာလေ မှတ်မိလားဗျ"

"ဟာ - ဘယ်မမှတ်မိဘဲရှိပါ့မလဲ။ သိပ်မှတ်မိတာပေါ့၊ ဆက်ပါဦးဗျ"

"နောက်ပြီးတော့ ဗုဒ္ဓဘာသာနိုင်ငံတွေထဲကို ဘာသာခြားတွေထိုးဖောက်ဝင်ရောက်သိမ်းပိုက်တဲ့နေရာမှာလည်း အခြားဘာသာတွေထက် အစ္စလာမ်ဘာသာက တိုးဖောက်ဝင်ရောက်သိမ်းပိုက်ခံရတဲ့နေရာတွေမှာတော့ ဗုဒ္ဓသာသနာဟာ အမြစ်ပါမကျန်အောင်လုပ်ခံရတာတွေ့တယ်မိန့်သွားတာရော သတိရသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့-ကောင်းကောင်းသတိရပါတယ်"

"အဲဒီကိစ္စမျိုးတွေက ဘာကြောင့်ဖြစ်ရတာလဲဆိုရင် စစ်ရေးအသုံးပြုမှုနည်းလမ်းကြောင့်ပဲ။ သူတို့ဟာစစ်ရေးကို စစ်ရေးသဘောသက်သက်မဟုတ်ဘဲ ဘာသာရေးနဲ့တွဲပြီး အသုံးချတယ်။ အကောင်အထည်ဖော်ကြ၊ စဉ်းစားကြတယ်။ ဒါဟာပြဿနာပဲ။ ပြဿနာမှ ပေါ်သေးသေးမဟုတ်ဘူး အကြီးကြီးပဲ။ ဒါကြောင့် ဒီလိုပြဿနာမျိုးဟာ အတိတ်အတိတ်တွေတုန်းကလည်း အကြိမ်ကြိမ်ဖြစ်ခဲ့တယ်။ ခုလည်းဖြစ်နေတယ်။ နောင်အနာဂတ်ကာလမှာလည်း ဖြစ်လာဦးမယ်ဆိုတာ ကိန်းသေပြောနိုင်တယ်။ ကိုယ့်ဘာသာက ဘယ်လောက်အေးချမ်းတယ်၊ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်ဆိုပေမယ့် နေလို့ရမှာမဟုတ်တော့ဘူး။ ဘာသာရေးပဲ၊ ဘာသာအားလုံးငြိမ်းငြိမ်းချမ်းချမ်း အတူတကွနေမယ်ဆိုလည်းနေလို့ရမှာမဟုတ်ဘူး။ တချို့တလေကတော့ ငြိမ်းချမ်းမှုကိုလိုလားပေမယ့် ကျန်တဲ့လူတွေကတော့ တစ်ဖက်ဘာသာတရားကို လွှမ်းမိုးဖို့ ထိုးဖောက်ဖို့ဆိုတာကိုပဲ နှစ်နှစ်ကာကာကြီး အတွင်းသဘောမှာ လက်ခံထားနေကြတာက ခက်တယ်။ ဘာလို့ ဒီလိုပြောရတာလဲဆိုတော့ အတိတ်တုန်းကလည်း ဒီလိုပဲဖြစ်ခဲ့တယ်။ ခုလည်း ဒီလိုပဲဖြစ်နေတယ်။ နောက်ပြီး အခြေခံဘာသာရေးသဘောတရားမှာကိုက ဒီသဘောကြီးကပါနေတော့ ဘယ်လိုရှင်းမလဲ။ ဘယ်လိုဖြစ်လဲဆိုတော့ ကိုယ်ယုံကြည်တဲ့ဘာသာမှာ သဒ္ဓါတရားအားကောင်းလေ စိတ်ပိုင်းဆိုင်ရာခံယူချက်က အစွန်းရောက်လေ သဘောမျိုးဖြစ်သွားနိုင်တယ်"

"အင်း-ဟုတ်တာပေါ့။ အဲဒီလိုဘာသာမျိုးနဲ့ဆက်ဆံနေရတဲ့ ကျန်တဲ့သူတွေအဖို့တော့ ဘယ်အေးအေးဆေးဆေးနေရမလဲ။ ဘယ်အချိန် ဘယ်နေရာက ထဖောက်မလဲ။ ပူပန်နေရတဲ့အဖြစ်မျိုးပါပဲ"

"ခုနာလန္ဒာကိစ္စမှာလည်းကြည့်။ အရမ်းကြောက်ဖို့ကောင်းတယ်။ တစ်နိုင်ငံတစ်နိုင်ငံ နယ်မြေလိုချင်လို့ နိုင်ငံရေးအရ စစ်ဖြစ်တယ်။ စစ်နိုင်တယ်။ အဲဒီနိုင်ငံကိုရတယ်ပြီးပြီပေါ့။ ခုက အဲဒီလို မဟုတ်ဘူး။ စစ်ရေးနောက်မှာ ကိုယ်စွဲကိုင်ထားတဲ့ ဘာသာရေးသဘောကပါလာတယ်။ ပါလာတော့ စစ်ရှုံးတဲ့နိုင်ငံရဲ့ မူလကိုးကွယ်တဲ့၊ ရှိနှင့်နေပြီးဖြစ်တဲ့ ဘာသာတရားဆိုင်ရာတွေကို အရင်းအမြစ်ပါမကျန်အောင် အပြုတ်ရှင်းလင်းပစ်တတ်တဲ့ အစဉ်အလာကြီးကို လက်ခံလို့မရနိုင်တာပါ"

ဟု ပြောရာ မောင်ထွန်းမြိုင်က-

"အဲဒီလို အမြစ်ပြုတ်သုတ်သင်ရှင်းလင်းပစ်တယ်ဆိုတာလည်း ဘယ်လိုလုပ်ပစ်တာလဲဗျ ပြောစမ်းပါဦး"

"ပြောပါ့မယ်ဗျာ၊ အစကနေပြောပြပါ့မယ်။ နာလန္ဒာတက္ကသိုလ်ဟာ ဘုရားရှင်ပွင့်တော်မူတဲ့ ဗုဒ္ဓဂယာက ပြီး မိုင်အနည်းငယ်ပဲဝေးတယ်။ ခေတ်အရတော့ ဗီဟာပြည်နယ်မှာ တယ်။ ပတ္တနားမြို့ရဲ့အရှေ့တောင်ဘက် (၅၅) မိုင်အကွာမှာ တည်ရှိပါတယ်။ နာလန္ဒာတက္ကသိုလ်စတင်တည်ထောင် ခဲ့တာ အေဒီငါးရာစုဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်ကတည်း တာပေါ့။ တည်ရှိမှုသက်တမ်းအရ အေဒီ ၁၁၉၃ ခုနှစ်မှာ ဖျက်ဆီးခံရ ဆိုတော့ နှစ်ပေါင်း ခုနစ်ရာနီးပါးသက် တမ်းရှိတဲ့ ဗုဒ္ဓတက္ကသိုလ်ကြီးပဲ။ (၁၀) ဟက်တာလောက် အကျယ်အဝန်းရှိ မြေပေါ်မှာတည်ထားတာ။ ရှေးခေတ် ကမ္ဘာရဲ့ အကြီးကျယ်ဆုံး၊ ရှေးအကျ ကျောင်းအိပ်ကျောင်းစားတက္ကသိုလ်ကြီး ပဲ။ တက္ကသိုလ်ကြီးကို ဆောက်ထား ဗိသုကာလက်ရာကလည်း အဲဒီခေတ် ခေတ်ပြိုင်တွေနဲ့ယှဉ်ကြည့်ရင် အပြော မြောက်ဆုံး ဗိသုကာလက်ရာလို့ပြော တယ်။

တစ်ဆက်တည်းပြောရရင် တက္က သိုလ်ကြီးကို ဝန်းရံပတ်ထားတဲ့မြင့်မား ကြီးမားတဲ့ တံတိုင်းကြီးလည်းရှိတယ် သင်္ကေတပြုနိုင်လောက်တဲ့ မုခ်ဦး လည်းရှိတယ်။ အဲဒီထဲမှာ သီးသန့် ရှစ်ခုရှိတယ်။ ဘုရားကျောင်းဆော ဆယ်ကျောင်းရှိတယ်။ တရားထိုင် ခန်းမကြီးတွေနဲ့စာသင်ခန်းပေါင်းမြော များစွာလည်းရှိတယ်ဗျ"

"ဒီလိုဆို နာလန္ဒာဟာ အတော် ကြီးကျယ်ခမ်းနားတာပဲ"

"ဒါတင်တယ်ကဦးမှာလဲ ကိုထွန်း မြိုင်။ တက္ကသိုလ်ထဲမှာ ရေကန် အနားယူဖို့ ပန်းခြံတွေလည်းရှိ အဲဒီတက္ကသိုလ်ကြီးထဲမှာ အထင်ရှား အကြီးကျယ်ဆုံးက အထပ်ပေါင်းကိုး ရှိတဲ့စာကြည့်တိုက်ကြီးပဲ။ အဲဒီစာကြ တိုက်ထဲမှာ သက္ကတ၊ မာဂဓ၊ ပါဠိ ဘာသာစကားမျိုးစုံနဲ့စာပေတွေပဲ ကြားတဲ့ဘာသာရပ်တွေကလည်း ပဲ။ လာတက်တဲ့ကျောင်းသားတွေ လည်း နိုင်ငံအနှံ့ကပဲ၊ တိဗက်၊ တ ဂျပန်၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ စတဲ့ နိုင်ငံတွေက ကျောင်းသားတွေ ပြီးပညာသင်ကြားနေကြတယ်။ အဲဒီ လာတက်ကြတဲ့ကျောင်းသားအရေ တွက်က နှစ်တိုင်း တစ်သောင်းကျော် ပြီး ဆရာအရေအတွက်က နှစ် လောက်ရှိတယ်။ ဟာရာ ထက်ကစပြီး တက္ကသိုလ်ကြီးအ ရွာပေါင်း (၂၀၀) ကို ပိုင်စားပေး



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်

"ခင်ဗျားပြောတဲ့ ကြားရတာနဲ့ အဲဒီတျောင်းကိုသွားတက်ချင်စိတ် ...လာတယ်။ ဒါနဲ့ ကိုယ်ပွား၊ အဲဒီ ...မှာ ဘာသာရပ်မျိုးစုံသင်ပေး ...တော့ ဘယ်လိုဘာသာရပ်တွေ ...ပေးတာလဲ သိချင်လို့ပါ"

"ဒီတက္ကသိုလ်ကြီးမှာ ဗုဒ္ဓဘာသာ ...လောကီ လောကုတ္တရာသိပ္ပံ၊ဝိဇ္ဇာ ...ည်တွင်း၊ပြည်ပမှာရှိတဲ့ အတတ် ...လုံးစုံကိုသင်ပေးတယ်။ ဘာသာ ...အနေနဲ့ပြောရရင် တက္ကဗေဒ၊ ...ဗေဒ၊ ဆမ္ဘယ၊ ယောဂသျှတ္တာရ ...သာရပ်တွေ့ပါသလို သိပ္ပံ၊ နက္ခ ... အာယုဗ္ဗေဒ၊ ယုတ္တိဗေဒတွေ ...ပါတယ်။ အတော်ကလေးစုံပါ"

"...တ်ပါတယ်၊ အင်မတန်မှလည်း ...စားဖို့ကောင်းပါတယ်။ ဒါနဲ့ ခုန ...အထဲမှာပါတယ်။ သင်ကြားဖို့ ...ဆရာတွေကကော ဒီဘာသာ ...လုံးကို ကျွမ်းကျင်တတ်မြောက် ...

"အဲဒီအပိုင်းနဲ့ ပတ်သက်ပြီးပြော ...ရှတ်နိုင်ငံမှ ရှမ်ကျန်းရဲ့ခရီးသွား ...မှာ ဖော်ပြထားတာကတော့ ...ပေါင်း တစ်ထောင့်ငါးရာတစ်ဆယ် ...လို့ဆိုတယ်။ အဲဒီဆရာတွေထဲ ...စ်ထောင်မျှသောဆရာတို့သည် ...ကျမ်းနှင့် သုတ္တရကျမ်းပေါင်းချုပ် ...ကို သင်ကြားနိုင်စွမ်းရှိပြီး ဆရာ ...ရာကတော့ ကျမ်းပေါင်းချုပ် ...ကို သင်ကြားပေးနိုင်တယ်။ ဆရာ ...ယ်ဦးကသာ ကျမ်းပေါင်းချုပ် ...ကို သင်ကြားပေးနိုင်တယ်လို့ဆို ...တယ်။ တစ်ပါးတည်းသော ဆရာ ...တစ်ပါးတည်းကသာ သုတ္တန်နဲ့ ...အဓိကကျမ်းအားလုံးကိုလေ့လာ ...ယ်။ သင်ကြားနိုင်တယ်။ နာလန္ဒာ ...လ်ရဲ့ထင်ရှားကျော်ကြားတဲ့မဟာ ...င် (၁၆) ပါးရှိတယ်။ ထိုပုဂ္ဂိုလ် ...အမည်နာမတွေကိုပြောရရင် (၁) ...အသင်္ဂ၊ (၂) အရှင်အတိသျှ၊ (၃) ...နိယဒေဝ၊ (၄) အရှင်ဘာဝ ... (၅) အရှင်ဗုဒ္ဓပါလိတ၊ (၆) ...နှတိတ္တိ၊ (၇) အရှင်ဓမ္မကိတ္တိ၊ (၈) ...ာဝ၊ (၉) အရှင်ဂုဏယက၊ (၁၀) ...ရိဘဒြ၊ (၁၁) အရှင်ကမလ ...(၁၂) နာဂဇ္ဇုန၊ (၁၃) အရှင်သန္တ ... (၁၄) အရှင်သန္တိဒေဝ၊ (၁၅) ...သုဗန္ဓု၊ (၁၆) အရှင်ဝိမုတ္တိသေန

တို့ပဲ ဖြစ်တယ်။ ဒီဆရာတော်တွေဟာ ရာစုနှစ်အလိုက် အသီးသီးပေါ်ထွန်းခဲ့တာပါ။ အင်မတန်တော်တဲ့ပုဂ္ဂိုလ်တွေပါ"

"တကယ်တော်တာပါ။ သူတို့ ကျွမ်းကျင်တဲ့ကျမ်းတွေဟာ တစ်ပါးတစ်ပါးကိုမနည်းဘူးပဲ။ ဒီပုဂ္ဂိုလ်တွေထဲမှာ အရှင်နာဂဇ္ဇုနစတဲ့ ပုဂ္ဂိုလ်နှစ်ပါး၊ သုံးပါး လောက်ပဲကြားဖူးတယ်။ အခုမှပဲ အပြည့်အစုံသိရတယ်။ ကျုပ်စိတ်ဝင်စားတဲ့ နောက်တစ်ခုက အထပ်ကိုးထပ်ရှိတဲ့ စာကြည့်တိုက်ကြီးပဲဗျ"

"ဟုတ်တယ်ဗျ၊ စာကြည့်တိုက်ကြီးက စိတ်ဝင်စားဖို့ကောင်းတယ်။ အဲဒီ စာကြည့်တိုက်ကြီးကို သဏ္ဍာတလို ဓမ္မဂူည်းလို့လည်းခေါ်တယ်။ အဓိပ္ပာယ်က သစ္စာမြင့်မိုရ်လို့ရတယ်။ နောက်နာမည်တစ်ခုက သစ္စာရတနာလို့လည်း ခေါ်တယ်။ အဲဒီ အေဒီ ၁၁၉၃ ခုနှစ် အိန္ဒိယကို မွတ်စလင်တွေသိမ်းပိုက်ထားတဲ့ ကာလအတွင်းမှာ တူရကီလူမျိုး ဘာခတီရာခါဂျီခေါင်းဆောင်တဲ့ မွတ်စလင်မြင်းစီးစစ်တပ်ဟာ.နာလန္ဒာကိုဝင်ရောက်စီးနင်းပြီး ဖျက်ဆီးပစ်တယ်။ အားလုံးကို သုတ်သင်ရှင်းလင်းခဲ့တယ်။ နောက်ပြီး တက္ကသိုလ်ကြီးတစ်ခုလုံးကိုလည်း မီးတင်ရှို့ခဲ့တယ်။ အဲဒီမှာ နာလန္ဒာစာကြည့်တိုက်ကြီးဟာ အလွန့်လွန်ကြီးမားလွန်းတာကြောင့် မီးစွဲလောင်နေရတဲ့အချိန်ကာလကို သုံးလလောက်ကြာအောင် မီးလောင်ကျွမ်းရတယ်ဆိုတော့ ဒီစာကြည့်တိုက်ကြီးဟာ ဘယ်လောက်ကြီးမလဲ။ အဖိုးတန်စာပေရတနာတွေဘယ်လောက်တောင်ဆုံးရှုံးရမလဲဆိုတာလည်း ခန့်မှန်းကြည့်လို့ရတယ်"

"ဟုတ်ပါတယ်ဗျာ၊ အဲဒီအဖြစ်သနစ်ဟာ ဘယ်လောက်တောင်ကြေကွဲဖို့ကောင်းလဲဗျာ။ စိတ်မကောင်းလိုက်တာမှ မျက်စိထဲ ကွင်းကွင်းကွက်ကွက်ကိုမြင်ယောင်လာပါတယ်။ ဒါနဲ့ ကိုယ်ပွား၊ နာလန္ဒာမှာ အဲဒီအရေးအခင်းဖြစ်ပျက်ခဲ့ပြီးနောက်ပိုင်း မဇ္ဈိမဒေသမှာ ဗုဒ္ဓဘာသာရဲ့အခြေအနေဟာ စပြီးကျဆင်းလာတော့တာပေါ့နော်"

"စဉ်းစားသာကြည့်ပါတော့ ကိုထွန်းမြိုင်ရယ်။ ဗုဒ္ဓဘာသာနဲ့အဓိကသက်ဆိုင်တဲ့တက္ကသိုလ်ကြီးတစ်ခုလုံး အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်းခံရတယ်။ ပညာရှင်တွေပျက်စီးဆုံးရှုံးအကြီးအကျယ်ဖြစ်ပွားခဲ့တယ်ဆိုတော့ ဘယ်မှာ ထောက်ရာတည်ရာရှိပါတော့မလဲဗျာ။ အသက်မသေကျန်ရှိခဲ့တဲ့ ရှားရှားပါးပါးပညာရှင်တချို့ဟာဆိုရင်လည်း

အဲဒီမှာ ဘယ်လိုမှနေလို့မရတော့ဘဲ ပြည်ပကိုထွက်ပြေးတိမ်းရှောင်ကြရတယ်လေ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်က-

"ကြားရတာ စိတ်မကောင်းလိုက်တာဗျာ။ အဲဒီလို ဝရုန်းသုန်းကားအခြေအနေမျိုးမှာ အသက်ကို ဖက်နဲ့ထုပ်ပြီး ထွက်ပြေးလွတ်မြောက်ခဲ့တဲ့အထဲမှာရော တကယ့်ပညာရှင်တွေပါရဲ့လား"

"အဲဒီမှာ ကံတစ်ခုကောင်းတာက နာလန္ဒာရဲ့ နောက်ဆုံး အဓိပတိအကြီးအကဲဖြစ်တဲ့ သျှကြရှရိဘဒြာဟာ တိဗက်ဘာသာပြန်ကျွမ်းကျင်သူ ထရိုပူလော့ဆဝါရဲ့ ကူညီထောက်မမှုနဲ့ ၁၂၀၄ ခုနှစ်မှာ တိဗက်ကို ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်။ သူဟာ တိဗက်ကို ထွက်ပြေးနိုင်ခွင့်မရခင် ပြည်တွင်းမှာပဲ(၁၁)နှစ်လောက်ကြာအောင် တိမ်းရှောင်ပုန်းအောင်းနေခဲ့ရတယ်။ ဒါနဲ့ တိဗက်မှာ နာလန္ဒာရဲ့ အကြီးကဲဆုံးပုဂ္ဂိုလ်ကြီးတစ်ပါးရောက်ရှိလာခဲ့တဲ့အတွက် ဗုဒ္ဓဘာသာရဲ့ အဓိကကျတဲ့ကျမ်းစာတွေကို ပြန်လည်စုဆောင်းပြီး ထိန်းသိမ်းနိုင်ခဲ့တယ်ဗျာ"

"တော်သေးတယ်ဗျာ၊ နို့မဟုတ်လို့ကတော့ ဗုဒ္ဓစာပေတွေအားလုံးစုတ်စမြုပ်စမြုပ်ကုန်တော့မှာ။ အတော်ဆိုးတာပါပဲ။ ဒီဘာသာခြားတွေဟာ တကယ့်ရည်ရွယ်ချက်နဲ့ ဗုဒ္ဓဘာသာကိုအမြစ်ပြုတ်လုပ်တာပဲ"

"ကိုထွန်းမြိုင်ကလည်း သူတို့လုပ်တာ ဗုဒ္ဓဘာသာတစ်ခုထဲကို မျိုးဖြုတ်တာမဟုတ်ဘူး။ နှစ်ပေါင်း (၇၀၀) သက်တမ်းရှိတဲ့ ရှေးဟောင်းအဆောက်အအုံကြီးကို ရှေ့နောက်မဆင်ခြင်ဘဲ ဖျက်ဆီးတာရယ်၊ ကမ္ဘာ့ရဲ့အပြောင်မြောက်ဆုံးဗိသုကာလက်ရာကို ဖျက်ဆီးတာရယ်၊ စာပေတွေ၊ ပညာရှင်တွေ ဖျက်ဆီးပစ်တာရယ် ပြောရရင်တော့ အများကြီးပဲ။ ဘာပဲဖြစ်ဖြစ် သမိုင်းဖြစ်ရပ်တွေဆိုတာ သမိုင်းထဲမှာပဲ မေ့ပျောက်မပစ်တန်ကောင်းဘူးလေ။ နောင်ဒါမျိုးတွေမကြုံတွေ့ရအောင် သင်ခန်းစာယူရမှာပဲ။ ဒီရည်ရွယ်ချက်နဲ့ အခုလိုပြောရတာပဲ။ ဖြစ်နိုင်ရင်မပြောချင်ပါဘူး။ ပြောလေတိုင်းရင်ထဲမှာ ထိခိုက်နာကျင်ရလွန်းလို့ပါ။ ကဲကဲ - အချိန်လည်းအတော်လင့်ပြီး အရုဏ်ဦး လင်းရောင်ခြည်တောင်ပျိုးလာပြီ။ ခင်ဗျားလည်းပြန်ရဦးမယ်။ တော်လိုက်ကြစို့ဗျာ"

ရွှေလဆက်ဖတ်ပါရန်

ပထမဆရာဦး...အေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

(သုံးဆယ်)

# ဝင်းဇော်

# မုဆိုးနှလုံးသား



ကျုပ်က မုဆိုးအလုပ်နဲ့ သက်မွေးဝမ်းကျောင်းပြုနေတဲ့သူတစ်ယောက်ပါ။ ဖိုးထော်လို့ခေါ် ပါတယ်။ ကျုပ်မိဘညီအစ်ကိုမောင်နှမတွေက လယ်သမားယာသမားတွေပါ။ ကျုပ်မိဘနှစ်ပါးနဲ့ အစ်ကိုတွေက ကျုပ်ကို လယ်သမား၊ ယာသမားဖြစ်စေချင်လွန်းလို့ လယ်ယာစိုက်ပျိုးနည်းပညာတွေကို စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၊ လုပ်ကိုင်ပြပြီး သင်ကြားပေးကြပါတယ်။ ဒါပေမယ့် ကျုပ်က လယ်အလုပ်ယာအလုပ်တွေကို ငယ်စဉ်ကတည်းက လုံးဝဝါသနာမပါခဲ့ဘူး။ အဖေက ကျုပ်ကို စားကျက်ထဲမှာသွားကျောင်းခိုင်းရင် စားကျက်ထဲမှာတွေ့တဲ့ စာကလေး၊ ဆက်ရက်၊ ကျီးကန်းတွေကို လေးခွနဲ့ပစ်ပြီး အိမ်ကိုယူလာလေ့ရှိတယ်။ ငှက်တွေကို အမွေးနုတ်ပြီးတာနဲ့ အမေ့ကို ဆီနဲ့ကြော်ခိုင်းတယ်လေ။ ပထမတော့ အမေက ငှက်လေးတွေကို ကျုပ်စားဖို့ အဖေမသိအောင်ကြော်ပေးပါတယ်။ နေ့စဉ်ရက်ဆက် ငှက်တွေကိုကြော်ခိုင်းတော့-

"ဟဲ့ - ဖိုးထော်၊ နင် ငှက်တွေကို ဘာလို့ပစ်နေရတာလဲ"

လို့ ဆူဓာယ်။

ကျုပ်က မျက်နှာကြီးပြုံးထားပြီး-

"ငှက်သားကို နေ့တိုင်းစားချင်နေတာကိုး အမေရ"

လို့ ဖြေလိုက်တယ်။

အမေ့မျက်နှာက ရှုံ့မဲ့ပြီးနေတာပေါ့။

ကျုပ်ငှက်ပစ်ရင် ရတဲ့နေ့ဆိုတာမရှိဘူး။ ကျုပ်ကလည်း ငှက်သားမစားရဘဲမနေနိုင်တာကိုး။ ကျုပ်လေးခွပစ်ရင် ဘာမှန်သလဲမမေးနဲ့။ ငယ်စဉ်ကတည်းက အမေရဲ့ဆေးပေါ့လိပ်တွေကို ခုံပေါ်မှာထောင်ပြီး မမှန်မှန်အောင် လေ့ကျင့်ခဲ့တာပဲ။ ကျုပ် (၇) နှစ်သားလောက်က ရွာထဲကကိုပေသီး ဆိုတဲ့လူက ကျုပ်ကို လေးခွကိုင်ထားတာကိုမြင်တော့ -

"ဟေ့ကောင်၊ မင်းက ဘယ်လောက်လက်တည့်လို့ လေးခွကိုင်ရတာလဲ"

လို့ သွေးတိုးစမ်းတယ်။

ဒီတော့ ကျုပ်ကမခံချင်စိတ်နဲ့ -

"ခင်ဗျားလက်ညှိုးကို ထောင်ပြီး အပေါ်ကိုမြှောက်ထား။ မှန်အောင်ပစ်ပြမယ်"

လို့ ပြောလိုက်တယ်။

ကိုပေသီး ကျုပ်ကိုအထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး -

"အပြောကြီးတဲ့ကောင်ပစ်ကွာ"

လက်ညှိုးကို အပေါ်ကို ထောင်ပြတယ်။ ကျုပ်ကလည်း 'တွေ့ကြသေးတာပေါ့ ကိုပေသီးရယ်' လို့ စိတ်ထဲကကြုံးဝါးလိုက်တယ်။ နှလောက်သားရေအိတ်ထဲမှာ လောက်စလုံးထည့်ပြီး သားရေကြိုးကိုဆွဲလို့ပစ်ထည့်လိုက်တယ်။

"အောင်မလေး - သေပါပြီဗျာ"

ကိုပေသီးရဲ့လက်ညှိုးကို လေးသီးမှန်သွားတာကြောင့် ကိုပေသီးဟာ လက်ကိုခါယမ်းပြီးအော်ဟစ်နေရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားကြီးတန်မဲ့ နာကျင်လွန်းလို့ငို နေသာတော့ ရယ်လို့ ကျွပ်စိတ်မကောင်းဖြစ်သွားရတယ်။ ကျွပ်ကိုများ ရိုက်ပုတ်လေမလားလို့တွေးပြီး အိမ်ကိုပြန်ပြေးလာမိတယ်။ ကိုပေသီးရဲ့ညီက အမေ့ကိုလာတိုင်ပြောလို့ ကျွပ်အရိုက်ခံရတယ်လေ။

အစ်ကိုကြီးက -

"အမေရယ်၊ ညီလေးကိုမရိုက်ပါနဲ့တော့။ ပေသီးကပစ်ခိုင်းလို့ပစ်တာပဲ။ ဒီကောင်လက်တည့်တာ သူမှမယုံတာ ခံပေါ့။ ကောင်းတယ်"

လို့ ဝင်ပြောတယ်။

အဲသည်ကတည်းက ကျွပ်ကို ဘယ်သူကမှလေးပစ်တာကိုပညာမစမ်းရဲတော့ဘူး။

အဲသလို လောက်လေးခွပစ်တာကို လက်တည့်တဲ့ကျွပ်ဟာ အရွယ်လေးရောက်လာတော့ ဒူးလေးကို ကိုယ်တိုင်ဆင်ပြီးတော့ ဒူးလေးပစ်ကျင့်ခဲ့တယ်။ နွားစားကျက်ထဲက သစ်ပင်ကြီးတွေရဲ့ ပင်စည်တွေမှာ ကျွပ်ဒူးလေးမြားစူးဝင်ထားတဲ့အရာတွေနဲ့ချည်းပါပဲဗျာ။

"ဒီကောင်ကွာ ငါမွေးထားတဲ့သားသမီးတွေထဲမှာ မုဆိုးအလုပ်ကို အတော်ဝါသနာပါတယ်"

လို့ အဖေကပြောတယ်။

အဖေဟောကိန်းထုတ်တဲ့စကားက မှန်လိုက်တာ။ ကျွပ်ကလည်း ကြွက်ငှက်တွေကို ပစ်သတ်ပြီးမှ မီးနဲ့ကင်စား၊ ကြော်စားရတာကို အရသာရှိလွန်းလှတယ်လို့ထင်မိတယ်။ ရွာထဲက ရွာသားတွေနဲ့ တောတက်ပြီး ထင်းခုတ်သွားတဲ့အခါ ကျွပ်က တောလည်ပြီး သားကောင်ရှာတယ်။ ရွာသားတွေက သစ်ခုတ်ပြီးလို့ ရွာကိုပြန်ချင်နေကြပြီ။ ကျွပ်က တောကွင်းထဲကပြန်မလာသေးလို့ စောင့်နေကြရတယ်။ စိတ်ဆိုးကြတယ်။ ကျွပ်ကလည်း တောထဲက သားကောင်တစ်ကောင်ရမှ တောင်ခြေကိုပြန်လာတယ်။

"ဟာ-ဖိုးထော် သမင်တစ်ကောင်ရလာတယ်။ ဟေ့ကောင်-ဖိုးထော် မင်းကို မင်းအဖေဦးဉာဏ်စိန်က သစ်ဝါးခုတ်ဖို့ တောတက်ခိုင်းတာကွ။ မင်းက တောလိုက်ဖို့ချည်းစိတ်ကူးမနေနဲ့"

ကိုကြီးပေါက်စက မကျေမနပ်ပြောတယ်။ ကျွပ်က ပုခုံးထက်မှထမ်းလာတဲ့သမင်ကို လှည်းပေါ်တင်ရင်း -

"ခင်ဗျားတို့ကို တောကောင်သားစားစေချင်လွန်းလို့ တောလိုက်တာဗျ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

"တော်စမ်းပါ ဖိုးထော်ရယ်၊ မင်းမုဆိုးပဲလုပ်စားတော့"

"စိတ်ချ ကိုကြီးပေါက်စ၊ ကျွပ်က မုဆိုးလုပ်စားမှာ"

ကျွပ် တောလိုက်တာကို အဖေနဲ့အမေက လုံးဝသဘောမကျဘူး။ ကျွပ်ကလည်း တောမလိုက်ရရင် နေမထိထိုင်မသာဖြစ်ရတယ်။ အဖေက သူ့စကားနားမထောင်လို့ဆိုပြီး ကျွပ်ကို အိမ်ပေါ်က နှင်ချတယ်။ ကျွပ်က ဝမ်းမနည်းပါဘူး။ ရွာအစွန်ကတောစပ်မှာ တဲကလေးဆောက်ပြီးနေတယ်။ မုဆိုးအလုပ်နဲ့အသက်မွေးဖို့ဆုံးဖြတ်လိုက်တယ်။တောထဲမှာ ထောင်ချောက်တွေဆင်ပြီး သားကောင်ဖမ်းတယ်။ မြား၊ ဒူးလေးတွေနဲ့ သားကောင်ပစ်တယ်။ ရရှိလာတဲ့သားကောင်ကိုဖျက်ပြီး အသားကို ရွာတွေမှာ လျှောက်ရောင်းတယ်။ သားရေကို နေလှန်းထားတယ်။ ကျွပ်တို့နေတဲ့ရွာက မြို့နဲ့သိပ်အလှမ်းဝေးတာ။ ရိုးမတောကြီးနဲ့လည်းအတော်ဝေးတာပဲ။ မုဆိုးအလုပ်က ကျွပ်အတွက် သင့်တော်တယ်လို့ဆိုရမလားဘဲ။ ကျွပ်မှာ တောကောင်သားမျိုးစုံကိုစားရတယ်။ ပိုလျှံတဲ့အသားကို ရောင်းလိုကရောင်း၊ ကျွပ်တင်အခြောက်လှန်းလိုကလှန်းထားလိုက်ရုံပဲ။ အခုဆိုရင် သားကောင်တွေရဲ့သားရေတွေကို အခြောက်လှန်းထားတာ မနည်းတော့ပါဘူး။ ကျွပ်က အမေ့ကိုစားစေချင်လို့ သားကောင်သားသွားပေးတဲ့အခါ -

"နင့်အဖေသိရင် အမေ့ကိုဆူကြိမ်းမှာ။ အမေလည်း သားကောင်တွေကို မစားချင်ပါဘူး။ နင့်အစ်ကိုတွေကို ချက်ကျွေးလိုက်မယ်နော်သား။ တောထဲတောင်ထဲမှာ အန္တရာယ်များပါတယ်။ အမေတို့နဲ့ပြန်နေပြီး လယ်လုပ်ဖို့ပဲစိတ်ကူးပါလား သားရယ်"

အမေက ငိုယိုပြီးပြောရှာတယ်။ ကျွပ်မှာ စိတ်မကောင်းဖြစ်မိပေမယ့် ဝါသနာကိုမ[illegible]နိုင်တော့ အမေ့ကို စိတ်ချမ်းသာအောင်ပြောပြီး ပြန်လာခဲ့ရတယ်။

တစ်နေ့တော့ မနက်အစောကြီးထပြီး တောပိုင်တောင်ပိုင်တွေကို ပင်းစားပေးဖို့တောင်းပန်ပြီး တောနက်ထဲကို ဝင်လာခဲ့တယ်။ တောနက်ထဲမှာ အနက် (၇) ပေရှိတဲ့ မြေကျင်းကြီးတစ်ခုကိုတူးတယ်။ မြေကျင်းထဲမှာ ဝါးချွန်တွေကို အပေါ်ထောင်ပြီးစိုက်တယ်။ မြေကျင်းကို သစ်ကိုင်းတွေစီခင်းပြီး သစ်ရွက်ခြောက်တွေကို အပေါ်ကဖြန့်ခင်းထားလိုက်တယ်။ တောကောင်တွေ အဲဒီအပေါ်ကို တက်နင်းမိတာနဲ့ မြေကျင်းထဲကို ကျိုးနိုးကားရားကျပြီး ခန္ဓာကိုယ်ကို ဝါးချွန်တွေစူးဝင်ပြီးသေအောင် ကျွပ်စီစဉ်ထားတာလေ။ ကျွပ်အကြံကမကောင်းဘူးလား၊ ကျွပ်ရဲ့ကျင်းထောက်ချောက်ပြီးတော့ ညနေနေဝင်ခါနီးနေပြီ။ ပါလာတဲ့ရေတကောင်းကို မော့သောက်ပြီး အိမ်ပြန်လာခဲ့တယ်။ တဲအိမ်နဲ့မလှမ်းမကမ်းမှာ ချောင်းငယ်လေးတစ်ခုရှိတယ်ဗျ။ တစ်နှစ်တာလုံး ရေအမြဲရှိတယ်။ ချောင်းရေထဲမှာ ရေစိမ်ချိုးနေမိတယ်။ သည်တော့မှာ ပင်ပန်းနွမ်းနယ်နေသမျှတွေလန်းဆန်းသွားတယ်။ နေပူလှန်းထားတဲ့ဆတ်သားခြောက်ကိုမီးကင်ပြီးညစာစားရတာပေါ့။ ဆာလောင်နေလို့လားမသိပါဘူး၊ စားကောင်းလိုက်တာ။ ကျွပ်ကအတုသိလ်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေပေမယ့် ညတိုင်း ဘုရားရှိခိုးတယ်၊ ရယ်စရာပြောဖို့ဖြစ်နေမလားမသိဘူး၊ အဖေက ငယ်စဉ်ကတည်းက သားသမီးတွေကို ညတိုင်းဘုရားရှိခိုးပြီးမှအိပ်ရာဝင်ခိုင်းတာကိုး။ ရွာဘက်ဆီက ခွေးအူသံတွေကိုကြားမိတယ်။ ညဉ့်နက်လာပြီဆိုတာသိလိုက်တယ်။ အိပ်ရာထက်မှာလဲလိုက်တာနဲ့ တစ်ခဏချင်းပဲ အိပ်ပျော်သွားတယ်။

"အဟင်း. . . ဟင်း. . . အား. . . ကျွတ်. . . ကျွတ်"

ကျွပ် နှစ်ခြိုက်စွာအိပ်ပျော်နေရာက လန့်နိုးသွားတယ်။ တစ်ကိုယ်လုံး အဆစ်အမြစ်တွေ နာကျင်ကိုက်ခဲပြီး အဖျားတက်နေတယ်။ ဒီနေ့တစ်နေ့လုံး မြေကျင်းထောင်ချောက်ပြီးချင်ဇောနဲ့ အလုပ်လုပ်ခဲ့တာမဟုတ်လား။ ပင်ပန်းပြီးဖျားတာ။ အမေပေးထားတဲ့ အဖျားကျ ငန်းဆေးကိုသောက်ပြီးပြန်အိပ်နေလိုက်တယ်။ တော်တော်နဲ့အိပ်လို့မပျော်ပါဘူး၊ အဖေနဲ့ အမေကို သတိရနေမိတယ်၊ ကျွပ်က ကျွပ်ရှာဖွေရသမျှ တောကောင်မျိုးစုံရဲ့အသားကို အဖေနဲ့ အမေကို စားစေချင်တာ။ အဖေနဲ့အမေက ကျွပ်မုဆိုးအလုပ်လုပ်တာကို လုံးဝမနှစ်သက်တဲ့အပြင် ဘာသားကောင်သားကိုမှလာမပေးနဲ့ မစားချင်ဘူးဆိုတော့ ကျွပ်စိတ်မကောင်းဖြစ်ရတာပေါ့။ ကျွပ်ဟိုသည်တွေးရင်း အိပ်ပျော်သွားတယ်။

မနက်မိုးလင်းတော့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတာတွေက မပျောက်ဘူး။ အဖျားကလည်းမကျသေးဘူး၊ တစ်ရက်၊ နှစ်ရက်တော့ တောလိုက်လို့ မဖြစ်သေးပါဘူး။ တဲမှာပဲအနားယူနေဦး



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးလိုက်ရတယ်။ နေလှန်းထား သားတွေက အများကြီးရှိသေးတာ တော့ စားစရာအတွက် ဘာမှပူပန် လိုပါဘူး။ တစ်ခါတလေ ဘယ်မှ ဘဲ တဲအိမ်လေးမှာ တစ်ယောက် အနားယူရတာ ပျင်းစရာတော့ ကောင်းသား။ ဖျားနာနေတော့လည်း အိပ်နေရတာပေါ့ဗျာ။

ကျုပ်ကျန်းမာရေးကောင်းလာတဲ့ မှာတော့ တောထဲကို တောပစ် လာခဲ့တယ်။ လူအရိပ်အယောင် တော့ မျောက်တွေက တခွီးခွီး ပြီး သစ်ပင်တစ်ပင်ကတစ်ပင်ခုန် ပြေးကြတယ်။ ကျေးငှက်ကလေး လည်း အော်မြည်နေကြတယ်။ တွင်းထဲကို တစ်ခါမှမရောက်ဘူး တဲ့သူဆိုရင်တော့ တွေ့သမျှမြင် တွေဟာ အထူးအဆန်းတွေပေါ့။ လို နေ့တိုင်း တောပစ်သူအဖို့တော့ အဆန်းမဟုတ်တော့ပါဘူး။ အမြဲ တွေ့နေကျတွေ မဟုတ်လား။

ကျုပ် တောတွင်းမှာထောင်ထား ချောင်ချောက်တွေကို လိုက်ကြည့် ။ ကျုပ်က ထောင်ချောက်အမျိုးမျိုး တတ်တာကိုး။ ကျုပ်မှာ သားကောင် တွေကိုပစ်ဖို့ သေနတ်မှ မရှိတာ။ မှာ ဟင်းကောင်ကြီးလို့ ခေါ်တဲ့ကျား ကျားသစ်လိုကောင်ကို မြားတို့ တို့နဲ့ပစ်လို့ကတော့ ရယ်စရာ ကောင်ဖြစ်ဦးမယ်။ သည်ကောင်တွေက ကိုရန်ရှာတတ်တဲ့ကောင်မျိုးတွေ။

တောတွင်းတစ်နေရာက ကျုပ်ရဲ့ ထောင်ချောက်တစ်ခုပြိုကျနေတာ တွေ့လိုက်ရတယ်။ မြေကျင်းထဲက ချွန်မှာတော့ ကျားတစ်ကောင်ဝါး တွေစူးနေပြီး သေနေတာတွေ့လိုက် ။ ကျုပ်လည်း ဝမ်းသာအားရနဲ့ ကျင်းထဲကိုဆင်းလာမိတယ်။ ဝါးချွန် ောင်ချောက်ထဲမှာမိနေတာ ကျားမ ။

"ဟင်"

သေနေတဲ့ကျားမကြီး အသေအ ကြည့်ပြီး ကျုပ်စိတ်မကောင်းဖြစ် သွားမိတယ်။ ကျားမကြီးက သားပေါက် ခါစ သားသည်အမေ။ ဟင် - ဒါဆို သူ့သားကလေးတွေဘယ်ရောက် ပြီလဲ။ ကျုပ်က မြေကျင်းထဲမှာပဲ သားရေကိုဆုတ်၊ အသားတွေဖျက် တွင်းပေါ်ကိုတင်ရတယ်။ ကျားမကြီး အသားတွေက မပုပ်မသိုးသေးဘူး။ သယ်နိုင်သမျှသယ်ယူဖို့ပဲ စိတ်ကူးရတော့

တာပေါ့။ အိမ်ပြန်မယ်အလုပ်မှာ သစ် ရွက်ခြောက်တွေကိုနင်းလာတဲ့အသံကို ကြားလိုက်မိတယ်။ အသေအချာကြည့် လိုက်တော့ ရက်သားအရွယ် ကျားသား ပေါက်ကလေးတစ်ကောင်ကို တွေ့လိုက် ရတယ်။ ကျုပ် ကျားကလေးကိုကြည့်ပြီး သနားသွားမိတယ်။ သူ့ခမျာ မိခင် ပျောက်လို့လိုက်ရှာနေတာ။ သူ့မိခင်က တွင်းထောင်ချောက်ထဲကျပြီး ဝါးချွန်တွေ စူးလို့သေသွားတာကို သူ့ခမျာမသိရှာ ဘူး။ ကျုပ်မြင်တွေ့ရတာက ကျား ကလေးတစ်ကောင်ရယ်။ ကျားသတ္တဝါ ဆိုတာ သားမွေးရင် နှစ်ကောင်၊ သုံး ကောင်မွေးတတ်တယ်လို့ ကျုပ်သိထား တယ်။ ဒါဆိုရင် ကျားကလေးရဲ့မွေးချင်း ကျားကလေးတွေက ဘယ်မှာလဲ။ ကျား ကလေးခမျာ ဒီအတိုင်းသာ တောထဲမှာ လျှောက်သွားနေရင် နှိုင်တပ်ပြီးသေသွား နိုင်တယ်။ တခြားသားကောင်ကြီးတွေရဲ့ ရန်ပြုမှုကိုခံရလိမ့်မယ်ဆိုတာ တွေးမိ တယ်။ ကျုပ်လေ ကျားကလေးကို မြင် မြင်ချင်း ချစ်ခင်သွားမိတယ်။ ကျုပ် တွေ ဝေစွာစဉ်းစားနေမိတဲ့အထိပါပဲ။ နောက် ဆုံးတော့ ကျုပ် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်တယ်။ ကျားလေးကို ဖမ်းပြီး ကျုပ်နေတဲ့တဲအိမ်ကိုခေါ်လာခဲ့ တယ်။

ကျားကလေးက အတော်နွဲ့ဆာ နေတဲ့ပုံပဲ။ ညတွင်းချင်း ရွာထဲကို ကျား သားသွားရောင်းပြီး နွားနို့ကိုမရရအောင် ရှာဖွေလာခဲ့ရတယ်။ တဲအိမ်ပြန်ရောက် တော့ နွားနို့ကို ပန်းကန်ထဲမှာထည့်ပြီး ကျားကလေးကိုတိုက်တယ်။ အင်း - သူ့ ခမျာ ဆာလောင်နေရှာတယ်ထင်ပါရဲ့။ ပန်းကန်ထဲကနွားနို့တွေကို အငမ်းမရ လျက်နေတယ်။

ကျုပ်က ကျားကလေးနေဖို့ လှောင်အိမ်ဆောက်ပေးတယ်။ လှောင် အိမ်ပတ်လည်မှာ သားရေချပ်တွေနဲ့လုံ အောင်ကာထားတယ်။ ကျားကလေးကို နို့တိုက်ပြီးမွေးထားမိတယ်။ ကျုပ်တော ထဲကို တောလိုက်သွားတဲ့အခါ ကျား ကလေးကို လှောင်အိမ်ထဲမှာထည့်ထား ခဲ့တယ်။ ကျုပ်က ကျားကလေးကို သား သမီးလိုချစ်နေရတယ်။ ပြီးတော့ ကျား ကလေးကိုလည်း ကျားမောင်လို့ အမည် ပေးထားတယ်။ ကျုပ် တောထဲကပြန် လာရင် ကျားမောင်ကိုမြင်လိုက်ရတာနဲ့ အမောကိုပြေသွားတာပဲ။ ကျားမောင်က သူ့ကိုပွတ်သပ်ပေးရင် သိပ်သဘောကျ တာ။

"သားက အဖေမရှိလို့ပျင်းနေတာ ပေါ့ ဟုတ်လား။ အဖေက သားကို တောထဲခေါ်သွားလို့မှမဖြစ်တာ။ အဖေ က တောလိုက်သွားတာလေကွယ်။ သားကောင်တွေက သားကိုမြင်ရင် ပြေး မှာပေါ့ မဟုတ်ဘူးလား။ သားကို ဒီမှာ လွှတ်ထားခဲ့ရင်လည်း သားက ဟိုသည် လျှောက်သွားနေမှာကွ"

ကျားမောင်က ကျုပ်ရင်ခွင်ထဲကို ခေါင်းကိုတိုးဝင်ပြီး ဘယ်ညာခါယမ်းနေ တယ်။

"ဘာလဲ သားက အဖေပြောတာ ကို သဘောမကျဖြစ်ပြီး စိတ်ကောက် နေတာလား။ အဲသလိုမဆိုးရဘူးလေ သားရဲ့။ အဖေက သားကို အန္တရာယ် ကင်းအောင်ထားတာပါ"

ကျားမောင်က ကျုပ်ကိုဖက်ပြီး ကျုပ်မျက်နှာကို သူ့လျှာနဲ့လျက်နေ တယ်။

"အဟင်းဟင်း ဟေ့ကောင်၊ မင်း လျှာတွေကကြမ်းလိုက်တာ။ ဒါကြောင့် ရှေးလူကြီးတွေက ကြမ်းတမ်းတဲ့အထိ အတွေ့ကို ကျားလျှာနဲ့ခိုင်းနှိုင်းတာကိုး။ အင်း - တော်ပါတော့ကွာ၊ သားချစ်တာ က ကြမ်းလိုက်တာ"

ကျုပ် ကျားမွေးထားတာကို ရွာက လူတွေသိသွားလို့ ကျားမောင်ကိုလာပြီး ကြည့်ကြတယ်။

ကျုပ်အဖေကတော့ -

"တောက်-လူသားစားတဲ့သတ္တဝါ ကိုမှမွေးထားရတယ်လို့ အရူး"

လို့ အပြစ်တင်တယ်။

ကျုပ်အစ်ကိုတွေကတော့ ကျား လေးကို ရောင်းစားပစ်ဖို့ပြောကြတယ်။ သားသမီးပမာ သံယောဇဉ်ဖြစ်ပြီးချစ် နေရတဲ့ ကျားမောင်ကို ဘယ်လိုလုပ်ပြီး ကျုပ်ရောင်းစားရက်မှာလဲ။ ကျားမောင် က အခုဆိုရင် သားကောင်သားတွေ စားတတ်နေပြီ။ အသားစားတဲ့သတ္တဝါ ဆိုတော့ သူ့ကိုဝလင်အောင်ကျွေးရတာ ပေါ့။ ကျားမောင်ကအသားစားပြီးဗိုက်ဝ တာနဲ့ အိပ်တော့တာပဲ။ တလေးလေး ကျနေတာပဲ။ ကျုပ်က ကျားမောင်ကို ရွာထဲခေါ်သွားရင် ရွာထဲကခွေးတွေ အမြီးကုပ်ပြီးဖင်သီနေကြတာ အတော် ရယ်စရာကောင်းတယ်။ အမေက ကျုပ် ရွာထဲလာတယ်လို့ သတင်းကြားရင် အပြေးကလေးရောက်လာပြီး -

"သားရယ် - ဘာလို့ကျားမွေးထား ရတာလဲ။ တစ်နေ့ကျရင် သားကို အန္တရာယ်ပေးလိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

လို့ သတိပေးရှာတယ်။

"ကျားမောင်က လိမ္မာတယ် အမေရဲ့။ ကျွန်တော့်စကားကိုနားလည်တယ်။ သားသမီးလိုဖြစ်နေတာ"

"သူတို့သဘာဝအတိုင်းသွားလာနေထိုင်ချင်မှာပေါ့။ တောထဲကိုသွားပြီး လွှတ်လိုက်ပါလား"

"ဟဲ့ - မလုပ်ပါရစေနဲ့အမေရယ်၊ ကျွန်တော်က ကျားမောင်ကို သားသမီးလိုချစ်နေရတာ မခွဲနိုင်ဘူး အမေရဲ့"

"ခက်လိုက်တာ သားရယ်"

ကျားမောင်က တစ်နေ့တခြားကြီးထွားလာတယ်။ သူနေတဲ့လှောင်အိမ်ကို ခိုင်ခံ့အောင် တည်ဆောက်ထားရတယ်။ ကျားမောင် လှောင်အိမ်ထဲက ထွက်ပြေးပြီး ရွာသူရွာသားတွေကို ရန်ပြုမှာစိုးရိမ်မိလို့လေ။ အဲ့သလောက် ကျားမောင်က မဆိုးရှာပါဘူး။ ဒါပေမယ့် ကျုပ်က ကျားမွေးထားမိတာကိုး။ ရွာထဲကလူတွေက ကျားမောင်ကို အလွန်ကြောက်ကြတယ်။ ကျုပ်တဲအိမ်နားကို တောင်မလာရဲကြဘူး။

ရွာက ကျုပ်သူငယ်ချင်းတွေက ကျားမောင်ကို ရန်ကုန်က တိရစ္ဆာန်ရုံကို သွားလှူဖို့တိုက်တွန်းကြတယ်။ ကျုပ်က အသက်အရွယ်ရလာပြီလေ၊ ကျုပ်စားသောက်ဖို့အပြင် ကျားမောင်စားဖို့ပါရှာဖွေနေရတာဆိုတော့ ကျုပ်ပင်ပန်းတာကို သူတို့ကသိနေလို့ပြောကြတာနေမှာပါပဲ။

"ငါ့မှာ သားမယားရှိတာမဟုတ်ဘူး။ ကျားမောင်က ငါ့သားလေးလိုချစ်နေရတာ။ သူကိုမမြင်ရရင် ငါစိတ်ချမ်းသာမှာမဟုတ်ဘူး။ ဘယ်သူ့ကိုမှမပေးနိုင်ဘူး။ မလှူနိုင်ဘူးကွာ"

ကျုပ်ရှာဖွေလို့ရလာတဲ့သားကောင်သားကို ကျားမောင် အငမ်းမရစားနေတာကြည့်ပြီး ကျုပ်မှာ စိတ်ကြည်နူးရတယ်။ ပင်ပန်းသမျှလည်း ပြေပျောက်သွားရတယ်။

"ဖြည်းဖြည်းချင်းစားပါ သားရယ်၊ ငါ့သားစားဖို့ အဖေရှာဖွေလာတာပဲ"

ကျားမောင်က ကျုပ်ပြောတဲ့စကားကို နားလည်သလိုငြိမ်နေတယ်။ ကျုပ်က ကျားမောင်ရဲ့ လည်ပင်းကို လက်နဲ့ပွတ်သပ်ပေးနေမိတယ်။

တစ်နေ့တော့ ကျုပ် တောထဲမှာ သားကောင်ရှာဖွေရင်း ခြေထောက်ကို ငုတ်စူးသွားတယ်။ ခြေထောက်ကနာကျင်လွန်းနေပေမယ့် ကျားမောင်စားဖို့ သားကောင်ကိုတော့ ရအောင်ရှာဖွေလာခဲ့တယ်။ မိုးချုပ်မှ တဲအိမ်ကိုပြန်ရောက်တယ်။ ကျားမောင်က အစာဆာလွန်းလို့ လှောင်အိမ်ထဲမှာယောက်ယက်ခတ်နေတယ်။

"အဖေ့ခြေထောက်မှာ ဒဏ်ရာရလာတယ်သားရယ်၊ ငါ့သားဆာနေပြီပေါ့။ အသားဖျက်တာတော့စောင့်ပါဦးသားရယ်"

ကျုပ်က သားကောင်ကိုဖျက်ပြီး ညစာအတွက် ချက်ပြုတ်တယ်။ ကျားမောင်ကိုကျွေးတယ်။ ခြေထောက်က ဒဏ်ရာက တအားနာကျင်ကိုက်ခဲလာတယ်။အဲဒီညက ကျုပ်အနာရှိန်နဲ့အဖျားတက်တယ်။နောက်တစ်နေ့မနက်ရောက်တော့ ကျားမောင်က ကျုပ်ကို လှောင်အိမ်ထဲကကြည့်နေတယ်။

"အဖေနေမကောင်းဘူး သားရယ်၊ သားစားဖို့ အသားတွေအဖေချန်ထားပါတယ်။ အဖေ့ခြေထောက်ကအနာသက်သာတော့မှ အဖေတောလိုက်သွားနိုင်မှာကွ။ ဒီရက်အတွင်း ငါ့သားကို အဖေအစာဘယ်လိုရှာကျွေးရမလဲကွာ။ ငါ့သားအစာဝအောင်တော့ အဖေကြံစည်ရမှာပေါ့"

ကျုပ်က ကျားမောင်ကို အစာကျွေးပြီး အိပ်ရာထဲမှာလှဲနေလိုက်တယ်။ ခြေထောက်အနာကရင်းပြီး အဖျားတွေတက်လာတယ်။တစ်ကိုယ်လုံးနုံးချည့်ပြီး ငြိမ်သက်သွားသလားမပြောတတ်ပါဘူး။

❑

ကျုပ် တောတွင်းထဲကို တောလိုက်သွားနေတဲ့အချိန်မှာ ကျားမောင်က လှောင်အိမ်ထဲကလွတ်ထွက်သွားတယ်။ ကျားမောင်ဟာ တောတွင်းထဲကိုတိုးဝင်သွားခဲ့တယ်။ တောတွင်းတစ်နေရာမှာ ကျားမောင်က သူနဲ့အရောင်အသွေးချင်းတူတဲ့ ကျားအိုကြီးတစ်ကောင်နဲ့ တွေ့တယ်။

"အဘိုးက ကျွန်တော်နဲ့အမျိုးချင်းတူတယ်နော်"

ကျားမောင်က ကျားအိုကြီးကိုမေးတယ်။

"ဟုတ်တာပေါ့ကွယ်၊ အဘိုးက မုဆိုးရဲ့အန္တရာယ်ကိုရှောင်ကွင်းတတ်လို့ ဒီအရွယ်ထိ အသက်ရှည်နေတာပေါ့။ မင်းတောင်ဒီအရွယ်ရောက်လာပြီနော်"

လို့ ကျားအိုကြီးကပြောရှာတယ်။

"အဘိုးကကျုပ်ကိုသိလို့လား"

"ဟာ - သိတာပေါ့ကွာ။ မင်းနို့စို့အရွယ်မှာ မင်းအမေ ကျားမကြီးဟာ မုဆိုးထောင်ထားတဲ့ မြေကျင်းထောင်ချောက်ထဲကျပြီး ဝါးချွန်တွေစူးလို့သေသွားရရှာတယ်။ မုဆိုးက မင်းအမေရဲ့ အသား၊ အရိုး၊ သားရေတွေကိုဖျက်ပြီး ယူတယ်။ တောထဲမှာ မျက်စိသူငယ်နားသူငယ်ဖြစ်နေရှာတဲ့မင်းကို မုဆိုးကခေါ်သွားတာ အဘိုးမြင်တွေ့လိုက်ရတယ်"

"ဟုတ်ရဲ့လား အဘိုးရယ်၊ မုဆိုးကြီးက ကျုပ်ကိုအရမ်းချစ်တာ။ သူရှာဖွေလာတဲ့သားကောင်တွေကို ဝလင်အောင်ကျွေးတယ်။ ကျုပ်ကိုလည်း နမ်းရှုပ်ပြီး သားလို့ခေါ်တယ် အဘိုးရဲ့"

ကျားမောင်စကားကြောင့် ကျားအိုကြီးက ရယ်မောနေတယ်။

"အဟင်းဟင်း - ကျားလေးရယ်၊ မင်းဟာ လူတွေရဲ့စိတ်နေစိတ်ထားကို ဘာမှနားမလည်ပါလား။ လူတွေဟာ သိပ်ဉာဏ်များကြတယ်။ အသားလိုလို့ အရိုးတောင်းဆိုသလို ကျားကလေးကို အသားတွေဝဖြိုးဖြိုးကြီးမားလာအောင် ကျွေးမွေးထားတာ၊ မင်းကြီးထွားလာမှ မင်းကိုသတ်ပြီး အသား၊ အရိုး၊ သားရေတွေကို ရောင်းစားမယ်စိတ်ကူးပြီး မင်းကို အသားတိုးအောင် ကျွေးမွေးနေတာ ကျားလေးရဲ့"

"ဟာ - ဟုတ်ပါ့မလား ကျားအိုကြီးရယ်။ မုဆိုးကြီးက ကျုပ်ကို ရွာသားတွေရန်ပြုမှာစိုးလို့ တောထဲမှာတောလိုက်ပြီး သားကောင်ရတာနဲ့ အမြန်ပြန်လာတယ်"

"အဘိုးစကားကို မင်းမယုံရင် လာလိုက်ခဲ့"

ကျားအိုကြီးက ကျားမောင်အား သစ်ပင်ပေါ်တွင်ထိုင်ကာ ငိုက်မျဉ်းနေသော မျောက်အိုကြီးတစ်ကောင်ဆီသို့ ခေါ်သွားလေသည်။ ကျားအိုကြီးက ကျားလေး၏ဘဝဖြစ်စဉ်ကို မျောက်အိုကြီးအားပြောပြရာ -

"ဟုတ်တယ် ကျားကလေး၊ အဲဒီတုန်းက အဘိုးမျောက်က သစ်ပင်ပေါ်မှာရှိနေတယ်။ မင်းအမေကျားမကြီးက မုဆိုးထောင်ထားတဲ့မြေကျင်းပေါ် ကိုတက်နင်းမိပြီး တလိမ့်ခေါက်ကွေးနဲ့ မြေကျင်းထဲကိုကျသွားတယ်။ ရင်ဘတ်၊ လည်ပင်းတွေကို ဝါးချွန်တွေစူးဝင်ပြီး ဝေဒနာကို အလူးအလဲခံစားပြီး သေဆုံးသွားရရှာတယ်။ အဘိုးမျောက်က သစ်ပင်ပေါ်ကမြင်တွေ့နေရတာကိုး။ အဲဒီတုန်းက အဘိုးမျောက်မြင်တွေ့ပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်။ မင်းကို မုဆိုးက ဖမ်းဆီးခေါ်ဆောင်သွားတာကိုလည်း မြင်လိုက်

www.burmeseclassic.com

တယ်"

ကျားမောင် ကျားအိုကြီးနှင့် ...အိုကြီးတို့ရဲ့စကားကြောင့် ယုံ ...သွားတယ်။

"ဟင် - အဲဒါဆိုရင် မုဆိုးကြီးဟာ ...ရက်စက်တဲ့သူပါလား။ ကျုပ် ...ကိုသတ်တယ်။ ကျုပ်ကိုလည်း ...တဲ့စိတ်နဲ့ ကျွေးမွေးထားတာကိုး။ ...၊ ကျုပ်အင်အားတွေပြည့်ဖြိုးလာ ...နေ့ကျရင် အဲဒီမုဆိုးကိုကိုက်သတ် ...ယ်"

ကျားမောင်က ကြိမ်းဝါးပြီး မုဆိုး ...အိမ်ကလေးရှိရာသို့ ပြန်လာတယ်။ ...အိမ်ထဲမှာ ဟန်မပျက်ပြန်ဝင်နေ ...တယ်။

ညနေစောင်းတော့ မုဆိုးက ...တစ်ကောင်ကိုထမ်းပြီး ပြန်လာ ...

"သားရေ၊ အဖေပြန်လာပြီဟေ့၊ ...ဆာနေပြီလား။ အခုချက်ချင်း ...ချက်ပြီးတာနဲ့ သားကိုကျွေးမှာပါ

ကိုဖိုးထော်က သမင်ကို အသား ...စားဖို့ရောင်းဖို့ဖယ်တယ်။ ကျန် ...သားတွေကို သံလင်ပန်းထဲမှာ ...သားတယ်။ ကျားမောင်ကို လှောင် ...တခေါ် လာတယ်။ ကျားမောင်က ...အတွက် ဒေါသဖြစ်နေတာကို ...ထော်က မသိရှာဘူး။

ကျားမောင်က သမင်သားကို ...ရစားနေတယ်။ ကိုဖိုးထော်က ...မှာထိုင်ကြည့်ရင်း မျက်နှာကြီးပြုံး ...

"စားလို့ကောင်းလား သား။ ငါ ...ဆာလောင်နေမယ်ဆိုတာ အဖေ ...၊ အဖေလည်း အမြန်ပြန်လာ ...သားရယ်"

ကိုဖိုးထော်က ကျားမောင်ရဲ့ ...ကို လက်နဲ့သပ်ပေးရင်းပြောနေ ... ကျားမောင်က အစာစားရင်း ...ထော်ကိုလှည့်ကြည့်တယ်။

"ဝေါင်း"

"ဟာ"

ကျားမောင်က ကိုဖိုးထော်ကိုပြေး ...လို့ရန်ပြုဖို့ ကိုဖိုးထော်ရဲ့လည်ကုပ် ...ကိုက်ခဲထားလိုက်တယ်။

"ဟဲ့-သား၊ အဖေနာတယ် လွှတ် ...

"အသင်မုဆိုး"

ကျားမောင်ရဲ့ စကားပြောသံ ...ကြောင့် ကိုဖိုးထော် အံ့ဩသွားတယ်။

"သင်ဟာ ကျုပ်အမေကျားမကြီးကိုသတ်ခဲ့တာရယ်၊ ကျုပ်ကိုလည်းသတ်စားဖို့မွေးထားတယ်ဆိုတာ ကျုပ်သိတယ်"

"ဟာ - မဟုတ်တာ သားရယ်"

"သင့်ကို ကျုပ်ကိုက်သတ်စားရမှ ကျေနပ်မယ်"

"အသင် ကျားကလေး၊ ငါဟာ သင့်ရဲ့ကျေးဇူးရှင်ဖြစ်ပေတယ်။ အသင် ငယ်စဉ်က နိုင်တပ်ပြီးသေဆုံးသွားမှာစိုးလို့ နွားနို့တိုက်ပြီး ကျွေးမွေးခဲ့တယ်။ သင့်မိခင်ကိုသေစေလိုလို့ထောင်ချောက်ဆင်ခဲ့တာမဟုတ်ပါဘူး။ အခြားတောကောင်တွေကိုဖမ်းမိအောင် ထောင်ချောက်ဆင်ထားရင်းက သင့်အမေကိုဖမ်းမိသွားတာပါ။ သင် ငါ့ကိုကိုက်သတ်ချင်ရင်လည်းသတ်ပါ။ သင်ဟာ ကျေးဇူးရှင်ကိုသတ်မိလို့ တစ်သက်လုံးဒုက္ခတွေ့မှာကိုတော့ ငါ မလိုလားဘူး ကျားလေး"

ကျားမောင်က ကိုဖိုးထော်ရဲ့လည်ပင်းကိုတိုးလို့ကိုက်ချီထားတယ်။

"အသင် စဉ်းစားပါ ကျားလေး။ ငါဟာ သင့်ကို သားသမီးပမာ ချစ်ခင်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တာပါ။ သင့်ကို ရွာကလူတွေကစွန့်ပစ်ဖို့ပြောတာတောင် ငါလက်မခံခဲ့ဘူး။ ငါဟာ အသက်အရွယ်လည်းအိုမင်းလာပါပြီ။သင်မသတ်လည်း ငါဟာ တစ်နေ့သေရမှာပဲ။ သေမယ့်သူကိုသတ်လို့ သင်ဘာအကျိုးရှိမှာလဲ။ သင် ငါ့ကိုကိုက်သတ်စားလို့ တစ်နပ်ပဲစားရမှာပေါ့။ သင့်ကို ငါရှာဖွေကျွေးမွေးခဲ့တာက နှစ်ပေါင်းများစွာမဟုတ်လား"

ကျားမောင်က ကိုဖိုးထော်ရဲ့လည်ပင်းကို တအားကိုက်ချပြီး ဆွဲခါယမ်းပစ်လိုက်တယ်။

"အား. . ."

❑

ကျုပ် ရုတ်တရက် လန့်နိုးသွားတယ်။ တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲနေတယ်။ ရင်ထဲမှာလည်း တဆတ်ဆတ်ခုန်နေတယ်။ ကျုပ်အိပ်မက်ဆိုးတွေမက်နေတာပါလား။ ကျားမောင်ရဲ့ လှောင်အိမ်ဘက်ကို နားစွင့်လိုက်တော့ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျုပ် အလွန်မောဟိုက်နေတာတော့အမှန်ပဲ။ အနာကြောင့် အဖျားရှိန်တွေတက်ပြီး အိပ်မက်ဆိုးတွေမက်နေတာ။ အိပ်မက်ထဲမှာ ကျားမောင်က ကျုပ်ကိုကိုက်သတ်စားလိုက်တယ်။

တကယ်တော့ ကျားမောင်နဲ့ကျုပ်ဟာ သဘာဝချင်းတူညီသူတွေမဟုတ်ကြဘူး။ ကျားမောင်က လူသားစားကျား၊ ကျုပ်က အမဲလိုက်မုဆိုး၊ သဘာဝချင်း မတူညီတဲ့သူတွေဟာ ဘယ်လောက် အချိန်ကြာကြာနေထိုင်လို့ရမှာလဲ။ ပြီးတော့ ကျားမောင်က အသိဉာဏ်မဲ့တဲ့ တိရစ္ဆာန်မဟုတ်လား။ ကျုပ်အသက် အရွယ်အိုမင်းလာလို့ သူ့ကို အစာဝလင်အောင် ရှာဖွေမကျွေးနိုင်တဲ့ တစ်နေ့မှာ သူက ကျုပ်ကို အစာအဖြစ် အသုံးမချဘူးလို့ မဆိုနိုင်ဘူး။ ဒီတော့ ကျုပ် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်ရတယ်။ ကျားမောင်ကို လှောင်အိမ်ထဲကမလွှတ်တော့ဘူး။ သစ်တောဦးစီးဌာနက တောအုပ်ကြီးဦးသိန်းလွင်နဲ့ဆက်သွယ်ပြီး ကျားမောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကိုလှူဒါန်းဖို့အကြောင်းကြားလိုက်တယ်။ ကျားမောင်က သူ့ကို လှောင်အိမ်ထဲကလွှတ်မပေးလို့ ဒေါသဖြစ်နေရှာတယ်။ ကျုပ်စိတ်မကောင်းပါဘူး။

မကြာပါဘူး။ သစ်တောဦးစီးဌာနက တာဝန်ရှိသူတွေက ကျားမောင်ကိုထည့်ထားတဲ့လှောင်အိမ်ကို ကားပေါ်တင်ပြီး ရန်ကုန်တိရစ္ဆာန်ရုံကိုပို့ပေးကြတယ်။ ကျုပ်ရင်ထဲမှာ မချိအောင်ခံစားရတယ်။ ကျားမောင်ကိုခေါ်သွားခါနီးမှာ ကျားမောင်က လှောင်အိမ်ကို ကုတ်ဖဲ့တက်ပြီး -

"ဝေါင်း. . ."

လို့ အော်တယ်။ ကျုပ်နားထဲမှာတော့ -

"အဖေရေ"

လို့ သားက အော်ခေါ်နေသလိုပဲ။ ကျားမောင်ဟာ ကားကြီးပေါ်မှာ တလှုပ်လှုပ်နဲ့ပါသွားတယ်။ ရွာသားတွေက ဝိုင်းကြည့်နေကြတယ်။ ကျုပ်ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျုပ်အသိဆုံး။အလွန်ချစ်ရတဲ့သားလေးနဲ့ တစ်သက်လုံးခွဲခွာလိုက်ရတဲ့ ဖခင်ရဲ့ခံစားမှုမျိုးပါ။ ကျုပ်သားလေးနဲ့ကျုပ် ရှင်ကွဲကွဲခဲ့ရပြီလေ။ ခံစားမှုကြောင့် ကျုပ်မျက်လုံးထဲမှာ မျက်ရည်တွေပြည့်လာတယ်။ မျက်ရည်တွေက ပါးပြင်ပေါ်ကို လိမ့်ဆင်းကျလာတယ်။ ကျုပ်တစ်ချက်ပြင်းပြင်းရှိုက်လိုက်တယ်။

"သားရယ်"

ကျုပ်ရဲ့ခေါ်သံက လည်ချောင်းထဲမှာ တိုးဝင်ပျောက်ကွယ်သွားတယ်။

ဝင်းဇော် (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင့်ထွန်း (မသိုးရသိုး)

## ဖြစ်ရပ်ဆန်းကြယ်များနှင့် သကြားဟင်းအိုးရှာက ကြည်ညိုဖွယ်ရာ အင်းဝိဇ္ဇာဆရာတော်ကြီး



တစ်ခါကကြုံခဲ့ရသည့် အင်းဝိဇ္ဇာဆရာတော်ကြီးအကြောင်းကို ၂၀၁၆ ခု၊ နိုဝင်ဘာလထုတ် သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ကျွန်ုပ် တင်ပြခဲ့ပါ၏။ အင်းဝိဇ္ဇာဆရာတော်ကြီးအကြောင်း ထပ်မံတင်ပြပါဦးမည်ဟု စာရှုသူတို့ထံ ကျွန်ုပ်ကတိပြုခဲ့ပါသည်။ ဆရာတော်ကြီးနှင့်ငယ်စဉ်ကကြုံခဲ့ရသူ ဦးမြင့်သန်းမှာ မြောင်းမြမြို့နယ်စာရေးဆရာအသင်းနာယကဖြစ်လေရာ လွန်စွာမှအလုပ်များလျက်ရှိ၏။

သူ၏ ကျန်းမာရေးအခြေအနေ အရလည်းပါပါသည်။

တစ်နေ့သောအခါ ကျွန်ုပ်သည် သူ၏အားလပ်ချိန်ကိုဖွဲ့ယူကာ ဆရာကြီးကိုအပူကပ်၍ ဆရာတော်ဘုရားကြီးအကြောင်း မေးမြန်းရပေ၏။ ထို့ကြောင့် အင်းဝိဇ္ဇာဆရာတော်ကြီးအကြောင်းကို ထပ်မံသိခွင့်ရလိုက်ပါတော့သည်။အများအတွက် ကျေးဇူးများလှပေ၏။

ယခု အင်းဝိဇ္ဇာဆရာတော်ကြီးအကြောင်းကို သူရဋ္ဌပရိသတ်ကြီးထံသို့ ထပ်မံတင်ပြခွင့်ရရှိလိုက်ပါသဖြင့် ကျွန်ုပ်များစွာဝမ်းသာမိပါ၏။

(စာရေးသူ)

❑

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့စဉ်က မြန်မာတစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုအင်အားပြသခဲ့ကြလေကုန်၏။ ညီညွတ်ခဲ့ကြ၏။ သွေးစည်းခဲ့ကြပါ၏။ တိုင်းရင်းသားညီနောင်ဖွားတို့သည် သွေးစည်းညီညွတ်စွာ နယ်ချဲ့ရန်ကို အသက်စွန့်လွှတ်ကြသည့်အထိ တိုက်ပွဲဝင်ခဲ့ကြကုန်၏။ အသက်သွေးချွေးစတေးကာ မြန်မာ့လွတ်လပ်ရေးအောင်ပန်းဆွတ်လှမ်းနိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကာမှ တိုင်းရင်းသားတို့ စိတ်ဝမ်းကွဲကုန်ကြတော့သည်။ အမြင်ချင်းမတူကြတော့ပါ။ မြန်မာအချင်းချင်းလည်း စည်းလုံးမှုမရှိကြတော့ပေ။ မြန်မာပြည်ကောင်းစားရေးအတွက် ကိုယ့်အမြင်ကိုယ့်အတွေးဖြင့် ကိုယ့်လမ်းကိုယ်လျှောက်လာကြသည်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြရမည့်အစား စိတ်ဝမ်းကွဲကြကုန်၏။ ငါ့လှေငါထိုး ပဲခူးရောက်ရောက် လှော်ချင်ရာလှော်ကြကုန်၏။ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရပြီးသည်မှစ၍ မြန်မာပြည်သည် ဝါးအစည်းပြေသည့်နှယ် သူတစ်လူငါတစ်မင်း ထင်ရာစိုင်းလာကြသည်မှာ ယနေ့တိုင်ဖြစ်တော့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သော်ငြား ငြိမ်းချမ်းမှုမရှိတော့ပါတကား။

အထက်ပါဆိုခဲ့သည့်အတိုင်းပင် လွတ်လပ်ရေးရပြီးနောက် တောခိုသူ၊ ပြည်တွင်းသောင်းကျန်းသူအဖွဲ့မျိုးစုံတို့ အလျှိုလျှိုပေါ်ပေါက်လာခဲ့ပါတော့သည်။ အလံဖြူ၊ အလံနီ၊ ဗကပ၊ ကွန်မြူနစ်၊ KNU၊ မဒညတ စသည်ဖြင့်အဖွဲ့အစည်းစုံလင်နေ၏။

ဦးမြင့်သန်းသည် ငယ်စဉ်[illegible] ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာ[illegible] ၁၉၅၃-၅၄ ခုနှစ်အထိနေထိုင်ခဲ့[illegible] ထိုစဉ်က သူ၏အသက်အရွယ် ([illegible]) [illegible] သားမျှသာရှိလေ၏။ အင်းဝိဇ္ဇာ[illegible] တော်ကြီးမှာ သကြားဟင်းအိုးရှာ[illegible] သင့်တင့်သော ကျောင်းသင်[illegible] တစ်ဆောင်ဆောက်လုပ်သီတင်း[illegible] ထိုင်သော ဆရာတော်ကြီး ဖြစ်ပါ[illegible] အစားအသောက်အနေအထိုင်[illegible] တင်းတိမ်စွာကျင့်ကြံနေထိုင်၏။ [illegible] သမာဓိနှင့် ပြည့်စုံ၏။ အင်းပညာ[illegible] ဝိဇ္ဇာတစ်ဆူဖြစ်တော့သည်။

တစ်နေ့သောအခါ စပါးရို[illegible] ကျောင်းထိုင်ဆရာတော်ကြီးဦးသာ[illegible] ၏ သီလ၊ သမာဓိဂုဏ်သတင်း[illegible] စပါးရိုကျေးရွာသားများဖြစ်ကြကုန်[illegible] မောင်မောင်သောင်း၊ ကုလား[illegible] (ခေါ်) မောင်ညွန့်ခင်၊ ရှမ်း[illegible] ကိုစစ်ကြိုတ်၏ အင်းကွက်[illegible] လေ့လာလိုက်စား ဝါသနာပါသူ[illegible] စကားကြားရသည်နှင့် တွေ့ဆုံလို[illegible] ဆန္ဒဖြစ်ပေါ်လာ၏။ သူ၏အင်[illegible] ကိုလည်း စေတနာ၊ မေတ္တာ[illegible] လက်ဆင့်ကမ်းဖြန့်ဝေပေးလိုသည်[illegible]

ထို့ကြောင့် အင်းဝိဇ္ဇာဆ[illegible] ကြီးသည် စပါးရိုကျေးရွာသို့ ကြွ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါ၏။ စပါးရိုကျေးရွာရောက်စဉ် ခိုက် အမှတ်မထင် ကုလားလေးကို ပရလောကသား၏ နောက်ပြောင်ကျီစယ်မှုအား ဖြေရှင်းပေးလိုက်ရာမှ ရွာထဲက ဝေဒနာရှင်များ သတင်းကြားပြီး တဖွဲဖွဲရောက်လာကြကာ ဆရာတော်ကြီး၏ အင်းပညာအစွမ်းဖြင့် ကုသမှုခံယူကြကုန်၏။

သွေးသားကြောင့်ဖြစ်သောရောဂါ၊ ဝယောဂကြောင့်ဖြစ်သောရောဂါဝေဒနာရှင်တို့ ကောင်းစွာပကတိချမ်းသာစွာရှိကြလေကုန်၏။

ထိုအထဲတွင် ဒေါ်ဖွားလည်းပါဝင်၏။ (ဒေါ်ဖွားသည် ဦးမြင့်၏ အဒေါ်တော်စပ်သူ ဖြစ်သည်။) ဒေါ်ဖွားက သူ၏ သမီး မကျွတ်လွတ်သေးသည်ကို သူ၏တူတော်မောင် မောင်မြင့်သန်းအား ရှင်ပြုပေးပြီး အမျှပေးဝေစေလိုက်ပါ၏။ ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း ပြုလုပ်ပေးလိုက်သော် ဒေါ်ဖွား၏သမီး အပါယ်ဘုံမှ ကျွတ်လွတ်သွားလေ၏။ အင်းဝိဇ္ဇာဆရာတော်ကြီး၏ပညာစွမ်းကို ထိုအချိန်မှစ၍ မောင်မြင့်သန်းသိရှိလိုက်ရပါ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူတို့ ထကြွသောင်းကျန်းလာခဲ့သည်။ စပါးရိုကျေးရွာ၊ သကြားဟင်းအိုးရွာတို့၌လည်း ခြေရှုပ်လျက်ရှိကြကုန်၏။ သူပုန်တို့ သောင်းကျန်းချင်တိုင်း သောင်းကျန်းလာလေရာ ရွာသူရွာသားတို့ရွာမှာမနေရဲအောင်ပင် ကြောက်ရွံ့လာခဲ့ရပါသည်။ မိမိတို့ရပ်ရွာကို စွန့်ခွာကုန်၏။ ရွာသူရွာသားတို့ မိမိတို့တစ်နိုင်ပစ္စည်းလေးများ သယ်ပိုးလာကာ အနေအထိုင်ကောင်းမည့် အရပ်ဒေသရှာဖွေကြလေတော့သည်။

မောင်မြင့်သန်းတို့မိသားစုသည်လည်း ရေကြည်ရာမြက်နုရာဆီသို့ထွက်ခွာလာကြသည်။ ဝါးခယ်မမြို့မှတစ်ဆင့် မြောင်းမြမြို့သို့ ရောက်ရှိလာကြ၏။ မြောင်းမြမြို့သည် ဆန်ရေစပါးပေါကြွယ်ဝသည်။ နေချင့်စဖွယ်မြို့ဖြစ်နေတော့သည်။ ထို့ကြောင့် မြောင်းမြမြို့တွင် နေထိုင်ရန် ဆုံးဖြတ်လိုက်ကြ၏။ ဘာသာသာသနာတော်အနေဖြင့်လည်း သာသနာတော်ရောင်ရှိန်ထိန်ဝေသောမြို့လည်း ဖြစ်နေပါတော့သည်။ တစ်ချိန်က မွန်မင်း



www.burmeseclassic.com

တို့အုပ်စိုးခဲ့စဉ်က ဘုရားကျောင်းကန် စေတီပုထိုးတို့ဖြင့် စည်ကားခဲ့ပါ၏။ ထို့ကြောင့် ရှေးဟောင်းပုထိုးစေတီများကိုလည်း ဖူးမြင်နိုင်ကြပါ၏။ မောင်မြင့်သန်းတို့မိသားစု မြောင်းမြမြို့တွင် နေထိုင်ကြရသည်ကို နှစ်ခြိုက်သည်။ မြောင်းမြတွင် အခြေချနေထိုင်လာခြင်းဖြင့် ထိုမြို့၌ပင် မောင်မြင့်သန်း ကြီးပြင်းလာခဲ့ရပါသည်။

❑

ဦးမြင့်သန်းတို့နေထိုင်သောရပ်ကွက်ကို စကမြားရပ်ကွက်ဟု ခေါ်တွင်၏။ စကကြားရပ်ကွက်အဖြစ်ပေါ်ပေါက်လာပုံမှာ ရေလမ်းခရီးဖြစ်သော မြောင်းမြ-ရန်ကုန်သွားရာ မြောင်းမြမြစ်နှင့် မြောင်းမြ-လပွတ္တာသွား ပြာမလော့မြစ်တို့ဆုံရာနေရာတွင် စကမြားကျေးရွာဟူ၍ရှိလေ၏။ ဤရွာမှ ရွာသူရွာသားတို့သည်လည်း သူပုန်ဓားပြရန်ကြောက်၍ ထွက်ပြေးလာကြသူတို့သည် ထိုနေရာသို့ရောက်ရှိလာကြပြီး စုဝေးနေထိုင်ဖြစ်ခဲ့သည်ကို အစွဲပြု၍ စကမြားရပ်ကွက်ဟူ၍အမည်တွင်၏။ စကမြားရပ်ကွက် သီရိမင်္ဂလာ (၁) လမ်းတွင် ဦးမြင့်သန်းတို့နေထိုင်ကြသည်။

စစ်အောင်နိုင်ရေးတပ်မတော်မှ ရောင်စုံသူပုန်တို့ကို တိုက်ခိုက်ချေမှုန်းနှိမ်နင်းလျက်ရှိ၏။ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့ဖြစ်သော (မဒညတ) အဖွဲ့သည် တပ်မတော်ထိုးစစ်ကြောင့် ပြိုလဲလေ၏။ မဒညတအဖွဲ့သားတို့ တပ်ပျက်ကာ ကစဉ့်ကလျားထွက်ပြေးကြကုန်၏။ မဒညတအဖွဲ့သည် ဆက်လက်ရပ်တည်ခြင်းငှာ မစွမ်းသာတော့။ မဒညတအဖွဲ့အားပျော့ပျက်ပြယ်သွားပြီဖြစ်၍ မြောင်းမြ (မဒညတ) ခရိုင်ဥက္ကဋ္ဌဖြစ်သူ စောအယ်ကော (ယခုကွယ်လွန်) သည်။ မြန်မာ့တပ်မတော်ထံ လက်နက်ချအလင်းဝင်ရောက်ခဲ့ပါသည်။

❑

စောအယ်ကောသည် အလင်းဝင်ရောက်ပြီးနောက် မြောင်းမြတွင် အခြေချနေထိုင်မည်ဖြစ်လေ၏။ မည်သည့်ရပ်ကွက်တွင်နေ၍ သင့်တော်မည်ကို လိုက်လံစုံစမ်းရာ စကမြားရပ်ကွက် သီရိမင်္ဂလာ (၁) လမ်းတွင် အိမ်မြေယာကွက်တွေ့ရှိနှစ်သက်မိ၏။ ထိုအိမ်ယာကွက်က ဦးမြင့်သန်းအိမ်နှင့် မျက်နှာချင်းဆိုင်နေရာ၌တည်ရှိသည်။ ထိုနေရာ၌ အိမ်ဆောက်ရန် စီစဉ်လိုက်ပါ၏။ ထို့နောက် လိုအပ်သော သစ်မျိုးစုံ၊ သွပ်ချပ်အရေအတွက်၊ သံပိသာချိန်စသည်တို့ကိုဝယ်ယူလိုက်သည်။တတ်ကျွမ်းသော လက်သမားဆရာနှင့်လည်း ဆက်သွယ်မိလေ၏။

စောအယ်ကောသည် အိမ်ဆောက်ရန် အလုပ်ရှုပ်လျက်ရှိနေပါသည်။ စောအယ်ကော အိမ်ဆောက်သည့်နေရာသို့ ဦးမြင့်သန်းရောက်ရှိလာခဲ့သည်။ မိမိနှင့် အိမ်နီးနားချင်းဖြစ်လာမည့်သူကို လိုအပ်သည့်အကူအညီပေးနိုင်ရန်အတွက် ဖြစ်လေ၏။

ဦးမြင့်သန်းသည် စောအယ်ကော အနီး၌ရပ်လျက် -

"မိတ်ဆွေကြီး အဆင်ပြေပါရဲ့လား"

"ဟုတ်ကဲ့ - ပြေပါတယ်ခင်ဗျာ၊ ထိုင်ပါခင်ဗျ"

"အကူအညီလိုရင်ပြောနော် အားမနာနဲ့။ အိမ်နီးချင်းတွေပဲဗျာ ဒီလိုပဲပေါ့"

"ဒါပေါ့ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဦးမြင့်သန်းနှင့်စောအယ်ကောတို့ ခင်မင်သွားကြလေ၏။ ထိုနေ့ထိုအချိန်မှစ၍ အိမ်နီးချင်းမိတ်ဆွေအသစ်တိုးခဲ့ရ၏။ စောအယ်ကောအိမ်ဆောက်ပြီးစီးသွားချိန်၌ အပြန်အလှန်အိမ်လည်ခြင်း၊ တစ်ဦးလိုအပ်သည့်အကူအညီကိုတစ်ဦးက လိုက်လိုက်လှဲလှဲအကူအညီပေးခြင်းဖြင့် အိမ်နီးချင်းကောင်းတို့ ဖြစ်သွားကြလေ၏။

စောအယ်ကောသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်၏။ မိသားစု စားဝတ်နေရေး အဆင်ပြေကြသည်။ စကမြားရပ်ကွက်တွင် လူမှုရေးတာဝန်ကျေသူ၊ ရပ်ကွက်အကျိုးသယ်ပိုးသူအဖြစ် ဦးမြင့်သန်းနှင့် လက်တွဲဆီခဲ့ကြသည်။

တစ်နေ့ -

"ဗျို့ - ကိုမြင့်သန်း"

"စောအယ်ကောပါလား၊ အိမ်ပေါ်တက်ခဲ့လေ။ ရေနွေးကြမ်းသောက်ရအောင်"

တနင်္ဂနွေနေ့သည် အများအားဖြင့် ရုံးသူရုံးသားများသော်လည်းကောင်း၊ ဈေးသူဈေးသားများသော်လည်းကောင်း အနားယူကြသည့်အားလပ်ရက်ဖြစ်၏။ ဦးမြင့်သန်းနှင့် စောအယ်ကောတို့သည်လည်း ထိုတနင်္ဂနွေနေ့၌ စိတ်လွတ်ကိုယ်လွတ်အနားယူကြပါသည်။ ထိုခေတ်က အချိန်ပြည့်အလုပ်စရာမလို။ ဖုတ်ပူမီးတိုက်ပြေးလွှားနေကြရသည်မဟုတ်။ တစ်ပတ်စာ ကိုယ်ပင်ပန်းစိတ်ပင်ပန်း နွမ်းလျခဲ့သည်တို့ကို တစ်ရက်အနားပေးလိုက်ခြင်းဖြင့် ယုတ်လျော့သွားသော ခွန်အားတို့ကို ပြန်လည်ဖြည့်ဆည်းပေးကြကုန်၏။

စောအယ်ကောသည် နံနက်ခင်း နှင်းမှုန်မှုန်ထဲမှာ ရှမ်းကုန်းပိုင်းတစ်ပတ် လမ်းလျှောက်ခဲ့ပြီးပြန်လာသည်။ မိမိအိမ်ရှေ့သို့အရောက် ဦးမြင့်သန်းကို သတိရလိုက်သည်။ မိမိ၏မိတ်ဆွေကြီး နေကောင်းပါလေစ။ နှုတ်ဆက်ရင်း အလည်ဝင်ရောက်လာခဲ့ခြင်း ဖြစ်တော့သည်။

"စောအယ်ကောထိုင်ဗျာ၊ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်ဖုတ်လိုက်မှုလိုက် စားစမ်းပါ။ အချမ်းပြေရေနွေးကြမ်းလည်းသောက်ဗျို့"

"ကျေးဇူးပဲဗျာ၊ ချမ်းနေတာနဲ့ အတော်ပဲ။ ဒီနှစ်ဆောင်းတွင်းအတော်အေးသဗျို့"

"ဟုတ်တယ်ဗျ"

စောအယ်ကော အငွေ့တထောင်းထောင်းထနေသော ကောက်ညှင်းပေါင်းကိုစားရင်း၊ ငါးရံ့ခြောက်ကိုလည်းမြည်းလိုက်ရင်း -

"ခင်ဗျားငါးရံ့ခြောက်ကကောင်းလှချေလား၊ ဆားပေါ့တယ်။ ဘယ်ကဝယ်တုံး"

"ဝယ်တာမဟုတ်ပါဘူး။ စပါးရိုက ငါးရံ့ခြောက်ကောင်းကောင်းထွက်တယ်လေ။ အမျိုးတွေကပို့လိုက်လို့ဗျ။ အားရပါးရစားစမ်းပါ။ ခင်ဗျားပြန်ရင် လက်ဆောင်ပေးလိုက်ဦးမယ်"

စောအယ်ကောက ရေနွေးကြမ်းပူပူကိုမှုတ်သောက်လိုက်၏။

"ဪ-ကိုမြင့်သန်းက စပါးရိုမှာ အမျိုးရှိသလား"

"ရှိတယ်ဗျ၊ ကျွန်တော်က စပါးရိုဇာတိပါ"

သူတို့နှစ်ဦး ရောက်တတ်ရာရာ စကားလက်ဆုံကျနေကြသည်။ ထင်ရှားသောဆရာတော်ကြီးများ၊ ရဟန္တာဖြစ်သွားသောဆရာတော်ကြီးများအကြောင်း ပြောဆိုလျက်ရှိကြသည်။ အင်းပညာရပ်ဖြင့် ဆေးစွမ်းထက်သော ဆရာတော်ကြီးများအကြောင်းလည်း ပါဝင်၏။ စပါးရိုရွာတွင် ငယ်စဉ်က တွေ့ကြုံခဲ့ရသည့်အင်းဝိဇ္ဇာဆရာတော်ကြီး၏ထူးခြားစွာ ဆေးကုပညာရပ်ကျွမ်းကျင်ပုံတို့သည် ဦးမြင့်သန်း၏မှတ်ဉာဏ်ထဲသို့ ဝင်ရောက်လာသည်။ ထိုဆရာတော်ကြီးနှင့် ဦးမြင့်

www.burmeseclassic.com

(၈) နှစ်သားအရွယ်ကရှင်ပြုခဲ့ရ

အင်ဒိဝိဇ္ဇာဆရာတော်ကြီးအကြောင်း မွေ့တွေးရင်း ဦးမြင့်သန်းက -

"စောအယ်ကောရေ ကျွန်တော် တတွေ့ခဲ့ရတဲ့ အင်းဝိဇ္ဇာဆရာ ကြီးရဲ့အစွမ်းက တကယ့်ကိုထူး သူ့ရဲ့မူရင်းဘွဲ့အမည်နာမကို သိလိုက်ရဘူး။ လူအများသိနေ တတော့ ဆရာတော်ကြီးပတ်သံ"

"ဗျာ-ဆရာတော်ကြီးပတ်သံကွင်း ဟုတ်လားဗျ"

"ဟုတ်တယ်ဗျ၊ အဲဒီဆရာတော် အကြောင်းကြားဖူးလား"

"ကြားဖူးရုံကရိုးလားဗျာ၊ ကျုပ် တိုင် သူ့ရဲ့ပညာရပ်ကိုတွေ့လိုက်ရ ကျုပ်လက်ဖျားခါမိတယ်။ အံ့ရော တယ်ပါပဲ။ ဒါနဲ့နေစမ်းပါဦး ကိုမြင့် ရဲ့အတွေ့အကြုံလင်းစမ်းပါဦး ကျုပ် ချင်လာပြီ။ ကဲ - ပြောဗျာ"

စောအယ်ကောက ငါးခြောက် တ်ဝါးရင်းက မေးလိုက်သည်။ နဂို ည်းက အင်းဝိဇ္ဇာဆရာတော်ကြီး အကြောင်းကိုပြောချင်ချင်။ အခုလို အကြောင်းတိုက်ဆိုင်လာသောအခါ -

"ဟုတ်တယ် စောအယ်ကောရေ ဆရာတော်ကြီးက အင်းဝိဇ္ဇာကြီးဗျ။ သူ့ မြင့်မြတ်တဲ့စေတနာ၊ သူ့ရဲ့ထူးချွန်တဲ့ ညာရပ်တွေက လေးစားစရာကောင်း သူ့ရဲ့သီလသမာဓိနဲ့ကျင့်ကြံနေထိုင် တွေကလည်း ကြည်ညိုစရာကောင်းပါ ။ အခုနေများ ထပ်တွေ့ချင်လိုက် ဒုက္ခသည်က အကူအညီတောင်း ရင် လွယ်လွယ်ကူကူကူညီပေးတတ် ပညာတန်ဖိုး အသပြာကြေးရယ် တစ်ပြားတစ်ချပ်မှမတောင်းခံဘူး။ နာတစ်ယောက်ရောဂါပျောက်သွား သူ့မှာပီတိဖြစ်နေတော့တာကလား။

လူနာကလည်း ကျန်းမာလာပြီး တ်အုပ်ချီထိုင်ကန်တော့တော့တာပဲ။ အားလုံးက ဝိုင်းအချစ်ခံရတဲ့ဆရာတော် ကြီးဖြစ်နေတော့တာပေါ့ဗျာ။ သွေးရိုး အားရိုးရောဂါမပြောနဲ့ ပယောဂလိုဟာ မျိုးတောင် နာရီပိုင်းအတွင်း ပျောက် အောင်ကုသနိုင်စွမ်းရှိတယ်။သူကျွမ်းကျင် တဲ့အင်းပညာစွမ်းနဲ့ပေါ့။ တချို့ရောဂါ လေးအဖွဲ့လေးဆိုရင် ရေမန်းတစ်ခွက် သောက်နဲ့ နင်နေငါသွားပဲ။ ပယောဂ နည်းနည်းရင့်ရင့်တော့ အင်းကွက်ချ ညာကိုအသုံးပြုတယ်။ အံ့သြစရာ ကောင်းလောက်အောင် ရောဂါပျောက် သွားတာတွေ ကျွန်တော့်ကိုယ်တွေ့ တွေ့ကြုံခဲ့ဖူးတာပါဗျာ"

စောအယ်ကောသည် စိတ်ဝင်စား စွာ နားထောင်လျက်ရှိသည်။ ဦးမြင့်သန်း က အင်းဝိဇ္ဇာဆရာတော်ကြီး သို့မဟုတ် ဆရာတော်ကြီး ပတ်သံကွင်းကို သူကိုယ် တိုင်ကြုံတွေ့ခဲ့ရပုံ၊ ဆရာတော်ကြီး၏ ထူးခြားစွာ အစွမ်းထက်မြက်ပုံတို့ကို အားပါးတရ ချီးမွမ်းခန်းဖွင့်သည်။ စောအယ်ကောက သူမသိရသေးသည့် ဆရာတော်ကြီး၏အကောင်းကို ထပ်မံ သိခွင့်ရလိုက်သောကြောင့် ဦးမြင့်သန်း ကို ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့် လိုက်ပါ၏။

ခေါင်းတညိတ်ညိတ်ဖြင့်နားထောင် ပြီးမှ စောအယ်ကောက -

"ဆရာတော်ကြီးရဲ့အကြောင်းတွေ ထပ်သိရတာ ကျေးဇူးတင်တယ်ဗျာ ကိုမြင့်သန်း"

"ရပါတယ်ဗျာ၊ ဒါနဲ့ ဆရာတော် ကြီးနဲ့ကိုယ်တွေ့ကြုံခဲ့ရပုံလေး ကြားချင် ပြီဗျာ"

"ပြောရတာပေါ့ဗျာ၊ကျုပ်ကလည်း ဆရာတော်ကြီးရဲ့အကြောင်းသိပ်ပြောချင် နေတာပါ။ ဒီလိုဗျ အကြောင်းအရာပိုစုံ သွားအောင်လို့ ကျုပ်တပည့်မှုံကြီးနဲ့တွေ့ ခဲ့ပုံကိုလည်းချန်ထားလို့မဖြစ်ဘူး"

"ဒါပေါ့၊ ဒါပေါ့"

အင်းဝိဇ္ဇာဆရာတော်နှင့်ကြုံဖူးသူ တိုင်း အံ့သြခဲ့ကြရသည်။ အံ့အားသင့်ခဲ့ ကြရပါ၏။ လေးစားကြည်ညိုသွားကြရ ပါသည်။ တစ်သက်မှာတစ်ခါသာကြုံခဲ့ ရသောဆရာတော်ကြီး၏ဘဝကြောင်းကို အောက်ပါအတိုင်း အံ့မခန်းဖြစ်ရပ် ဆန်းကြယ်ပြောပြလေတော့သည်။

❑

စောအယ်ကောသည်လည်းကောင်း သူ၏တပည့်ဗိုလ်မှုံသည် လည်းကောင်း မဒညတအဖွဲ့ဝင်များ ဖြစ်ကြကုန်၏။ ဝါးခယ်မမြို့နယ်နယ်မြေတစ်ခွင်တစ်ပြင် မှာ မဒညတအဖွဲ့ကြီးစိုးလျက်ရှိလေ၏။ အဖွဲ့ဝင်များအနေဖြင့် နယ်မြေစိုးမိုးရေး စစ်ကြောင်းဖွင့်လှစ်လျက် အမြဲတမ်းတိုက် ကင်းလှည့်လည်လျက်ရှိကြကုန်၏။ စစ်ရေး လှုပ်ရှားမှုများ စဉ်ဆက်မပြတ်ထောက် လှမ်းသတင်းယူကာ (မဒညတ) အသက် ရှင်တည်တံ့ရေး ကြိုးပမ်းနေကြသော အချိန်အခါဖြစ်တော့သည်။

စစ်အောင်နိုင်ရေးဗမာ့တပ်မတော် ကြီးကလည်း နယ်မြေအေးချမ်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် သူပုန်စခန်းတို့ကို လိုက်လံတိုက်ခိုက်ချေမှုန်းနှိမ်နင်းလျက် ရှိသည်။ ဗမာ့တပ်မတော်အနေဖြင့် နိုင်ငံ တော်အေးချမ်းသာယာဝပြောရေးရှေးရှု ဆောင်ရွက်လျက်ရှိသော အချိန်အခါ သမယဖြစ်ပါတော့၏။ ဗိုလ်မှုံတို့အဖွဲ့ ကလည်း တပ်မတော်နှင့်ထိပ်တိုက်ရင် မဆိုင်ရဲ ရှောင်ကွင်း၍ ခြေရာဖျောက် ပုန်းအောင်းနေရသည်။

သကြားဟင်းအိုးရွာ။

ထိုရွာတွင် သင့်တင့်သောမြေစိုက် ဘုန်းကြီးကျောင်းလေးရှိသည်။ ကျောင်း အတွင်း၌ ပရိဘောဂအသုံးအဆောင် ပစ္စည်းမည်မည်ရရမရှိ။ အရေးကြီးသော ဘုရားကျောင်းဆောင်၊ သံဃာစင်နှင့် မဖြစ်မနေသုံးစွဲရမည့် ပစ္စည်းပစ္စယလေး များ၊ အသေးအမွှားလေးများသာရှိချေ ၏။ ဗီရို၊ စားပွဲ၊ ကုလားထိုင်လုံးဝမထား ပါ။ တရားကျင့်ကြံအားထုတ်ရုံမှတစ်ပါး နေတတ်ရုံမျှသာကျယ်ဝန်းသောကျောင်း ကလေးမှာ ဆရာတော်ကြီးတစ်ပါး သီတင်းသုံးနေထိုင်ပါ၏။

ထိုဆရာတော်ကြီးမှာ အင်းဝိဇ္ဇာ ဆရာတော်ကြီး (ခေါ်) ဆရာတော်ကြီး ပတ်သံကွင်းဖြစ်ပေါ်သည်။

ကျောင်းကလေးတစ်ခြမ်းကို ဝါးပိုး ခြမ်းခင်းပြုလုပ်ထား၏။ သံဃာစင် အဖြစ် အသုံးပြုသည်။ တစ်ခြမ်းမှာ မြေသားအတိုင်းပြီး၏။ ဧည့်ပရိသတ်နေရာ အဖြစ်သုံးသည်။ဆရာတော်ကို ထိုနေရာ မြေပြင်မှ ဖူးမြော်နိုင်ပါသည်။ ကျောင်း အနီးတွင် ပိန္နဲ၊ သရက်၊ ဒူးရင်းသြဇာ၊ မာလကာပင်တို့ စိုက်ပျိုးထားသည်။ သီးပွင့်လျက်ရှိကြကုန်၏။ ကျောင်းလေး သည် လူနေအိမ်ခြေနှင့် ဝေးကွာသော အနေအထားရှိ၏။ ဆရာတော်ကြီးက လူပရိသတ်နှင့်နီးနီးစပ်စပ်မနေလိုဟုဆို ၏။ ဧည့်ပရိသတ်များလျှင် တရားကျင့် ကြံရာတွင် လည်းကောင်း၊ ပညာအဆင့် တက်ရာတွင်လည်းကောင်း များစွာ အနှောင့်အယှက်ဖြစ်ရမည့်ဘေးတို့ကို ကြိုတင်ကာကွယ်ခြင်းအကြောင်းရင်း ဖြစ်တော့သည်။

ယခုအခါ ကောင်းစွာတရားကျင့် ကြံအားထုတ်နိုင်မှုကြောင့် သမာဓိအား ပိုကောင်းပြီး အင်းဝိဇ္ဇာပညာရပ်များတိုး တက်မှုရှိစေခဲ့ပါ၏။ သို့မှသာ သတ္တဝါ တို့၏ဘေးဒုက္ခကိုကောင်းစွာကယ်မနိုင်



www.burmeseclassic.com

www.burmeseclassic.com

မည်မဟုတ်ပါလား။
မှန်၏။

ယခု စောအယ်ကောမှ ဦးမြင့်သန်းအား ပြောပြသည့်အင်းဝိဇ္ဇာဆရာတော်ကြီး၏ အံ့မခန်းဆန်းကြယ်သော ပညာစွမ်းစွမ်းဆောင်ရည်ဖြင့် မားထက်မြက်ပုံတို့ကိုတွေ့မြင်ကြရပါတော့မည်။

အထက်ပါဆိုခဲ့သည့်အတိုင်း လူနေအိမ်ခြေဝေးသောအရပ်ဖြစ်လေရကား အာဟာရဆွမ်းကွမ်းအတွက် သက်သတ်လွတ်သစ်သီးဆွမ်းကိုသာ မှီဝဲသုံးဆောင်သော်ပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်ပါတော့၏။ ကျောင်းအနီးရှိ စားသုံးသီးနှံပင်တို့မှ ရာသီအလိုက် အလှည့်ကျသီးလေ့ရှိရာ သီးနှံပြတ်လက်သည်ဟူ၍မရှိပါ။ သစ်သီးဆွမ်းအာဟာရမှီဝဲခြင်းဖြင့် သူတော်ကောင်းပုဂ္ဂိုလ်အဖို့ အာဟာရပြည့်စုံလျက်ရှိပါ၏။

ဘုန်းကြီးကျောင်းကလေးသည် ဟင်းအိုးချောင်းရိုးနံဘေးတွင် တည်ရှိလေရာ ကြည်လင်သော်စမ်းချောင်းရေသည် ရေမိုးအတွက် ပြည့်စုံဖူလုံသည်။ ရောင့်ရဲလွယ်သောသူတော်စင်ကြီးသည် စိတ်တည်ငြိမ်အေးငြိမ်းမှုအတိပြီး၏။

❑

(မဒညတ) ဗိုလ်မှူးတို့အဖွဲ့ တိုက်ကင်းလှည့်နေကြ၏။ ရန်သူသည် အချိန်မရွေးပေါ် လာနိုင်သည်။ ဗိုလ်မှူးတို့အဖွဲ့ လက်နက်မျိုးစုံ ကျည်အပြည့်တို့ဖြင့် ကိုင်ဆောင်ထားလျက်ရှိကြ၏။ ရန်သူနှင့် ဘတစ်ပြန်ကျားတစ်ပြန် တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်တွေ့ဆုံတိုက်ပွဲဖြစ်ရမည်ကိုမကြောက်။ ဗိုလ်မှူးတို့က တိုက်ရည်ခိုက်ရည်အပြည့်အဝရှိကြကုန်၏။ ရဲစွမ်းသတ္တိပြည့်ကြကုန်၏။ တိုက်ရည်ခိုက်ရည်ရှိသော ဗိုလ်မှူးတို့အဖွဲ့သည် အခြားသော သောင်းကျန်းသူအဖွဲ့တို့ ထက်သာသောအချက်မှာ လက်နက်ကောင်းများကိုင်ဆောင်နိုင်သောအချက်တည်း။

ဗိုလ်မှူးတို့အဖွဲ့တိုက်ကင်းလှည့်တာဝန်ကျရာလမ်းကြောင်းသည် အင်းဝိဇ္ဇာဆရာတော်ကြီး ပတ်သံကွင်း၏ကျောင်းအနီးမှဖြတ်သန်းသွားရလေ့ရှိ၏။

တစ်နေ့ -

ထိုတစ်နေ့သည် ဗိုလ်မှူးတို့အဖွဲ့ တိုက်ကင်းလှည့်လာစဉ် သူတို့အားလုံး မထင်မှတ်ဘဲ ဗိုက်နာလာကာ အော့အန်ကြကုန်၏။ မစင်များလည်းမြင်မကောင်းအောင်ယိုဖိတ်လျက်ရှိကြသည်။ မြေပြင်တွင် လူးလိမ့်နေကြရသည်အထိ ရောဂါဝေဒနာဆိုးကြီးခံစားလာကြရတော့သည်။ သူတို့အဖွဲ့ တစ်ဦးနှင့်တစ်ဦး ဖေးကူတွဲကာခရီးဆက်နေကြရသည်။ ဆရာတော်ကြီးကျောင်းအနီးသို့ ရောက်ရှိလာကြသည်။ ဗိုလ်မှူး၏စိတ်ထဲတွင် ဤဘုန်းကြီးကျောင်း၌ ဆေးရနိုင်မလားဟူသော အတွေးဝင်လာ၏။

"ဘာပဲဖြစ်ဖြစ် ဆေးရနိုင်၊ မရနိုင် ဝင်မေးတာတော့ မမှားနိုင်လောက်ပါဘူးလေ"

ဟု စိတ်ဆုံးဖြတ်လိုက်တော့၏။ ဗိုလ်မှူးတို့အဖွဲ့ကံကောင်းသည်ဟု ဆိုရပါမည်။ ဆရာတော်ကြီးကျောင်းရှေ့တွင် စင်္ကြံလျှောက်နေသည်ကို တွေ့လိုက်ကြရပါသည်။ ကျောင်းဝင်းထဲသို့ရောက်လာသောလူတစ်စုတို့၏ခြေလှမ်းများ ယိုင်နဲ့နေကြကုန်၏။ အင်အားချည့်နဲ့နေကြပြီဖြစ်လေ၏။ မျက်နှာများရှုံ့မဲ့နေကြပုံက ဝေဒနာတစ်ရပ်ကို မခံစားနိုင်တော့ကြောင်း ဖော်ပြလျက်ရှိနေပါသည်။

ဆရာတော်ကြီးက -

"ဒကာတို့ ဘာဖြစ်လာကြတုန်း"

"တပည့်တော်တို့ လမ်းမှာ ရုတ်တရက် အထက်လှန်အောက်လျှောဖြစ်ကုန်ကြတယ်ဘုရား။ အဲဒါ ဘုန်းကြီးဆီမှာဆေးလေဘာလေးများရနိုင်မလားလို့ ဝင်လာခဲ့ကြတာပါ"

"ကိုင်းကိုင်း-ကိုယ့်လူတွေကျောင်းထဲကိုတွဲခေါ် လာခဲ့ကြ"

ဗိုလ်မှူးတို့အဖွဲ့ ကျောင်းထဲသို့ ရောက်ကြသောအခါ မဟန်နိုင်တော့ဘဲ အလဲလဲအပြိုပြိုနှင့်ပက်လက်လန်သူလန်၊ ခွေခွေလေးလဲကျသူတို့နှင့် ထိန်းမတ်မနေနိုင်ကြတော့ပေ။

ဆရာတော်ကြီးက ဦးခေါင်းမော့လျက် ခေတ္တငြိမ်သက်နေပြီး -

"အိမ်း - ဒကာတို့လာရင်း လမ်းခရီးမှာ မဖွယ်မရာတွေလုပ်လာခဲ့ကြပါရောလား။ မိုက်မဲလိုက်ကြတာကွယ်။ ဒကာတို့က ကိုယ်လုပ်တာ ကိုယ်မှန်တယ်ထင်သကိုး။ ဒကာတို့တို့ဘာလုပ်ခဲ့ကြလဲဆိုတာ ကျုပ်ကိုလာပြောနေပြီ။ ဒကာတို့က မိုက်မိုက်မဲမဲလုပ်ခဲ့ကြတော့ အရိပ်နေနေအခက်ချိုးချိုး သူ့အရိပ်ကိုလည်းခို၊ သူ့အကိုင်းတွေလည်းချိုး၊ ဒကာတို့ရဲ့မိုက်ချက်ကတော့ ကမ်းကုန်ပဲကွယ်ရို့။ စော်ကားလွန်းလို့မခံမရပ်နိုင်တော့လို့ လုပ်လွှတ်လိုက်တာပါတဲ့။ အသေမလုပ်လိုက်တာ ကံကောင်း။ ချောင်းနံဘေးက ညောင်ပင်ကြီးအောက်မှာ ဒကာတို့နားခိုခဲ့ကြတယ်လေ။ မိုက်လုံးကြီးပါ့ကွယ်။ ကိုင်း - ကပ္ပိယကြီးသောက်ရေတစ်ခွက် ယူလာခဲ့ပါဟေ့"

ဆရာတော်ကြီးက ကပ္ပိယကြီး... လာပေးသော သောက်ရေကို မန်းမှုတ်... နေ၏။ ရေမန်းကို ဗိုလ်မှူးတို့အား လှမ်း... ပေးလိုက်သည်။

"ကဲ - ဒီရေမန်းကို မင်းတို့အားလုံး... သောက်လိုက်ကြ"

ဆရာတော်ကြီး၏ ဆိုဆုံးမစကား... များမှန်ကန်နေသဖြင့် ငြိမ်ပြီး နားထောင်... နေကြသည်။ ဆရာတော်ကြီး ရေမန်း... ကမ်းပေးသဖြင့် ယူလိုက်ပြီး တစ်လှည့်... သောက်လိုက်ကြပါ၏။ ရေမန်းသောက်... လိုက်ကြပြီး အချိန်တိုအတွင်း စောစော... က ပြင်းထန်စွာ ခံစားနေရသည့်ဝေဒနာ... ပျောက်ကင်းသွားပုံကို အံ့သြတကြီး... ကြရကာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း... ဆရာတော်ကြီးကို ကျေးဇူးတင်... ကြတော့ပေ။

"အံ့သြစရာပဲ"

ဆရာတော်ကြီးကို ကျေးဇူး... စွာဖြင့် မှင်တက်စွာငေးကြည့်နေ... လေကုန်၏။ ထို့နောက် တိုင်ပင်ထား... သည့်အလား တစ်ပြိုင်တည်းထို... ကန်တော့လိုက်ကြပါတော့၏။ ဆရာ... တော်ကြီးက ကျေနပ်စွာပြုံးလျက် -

"အေး - သာဓု သာဓု သာ... ကွယ်"

ဆရာတော်ကြီးက ဆုမွန်ကောင်း... များပေးသည်။ ဗိုလ်မှူးက ဆရာတော်... ကို ကျေးဇူးတင်စကားဆိုရင်း ... ရှင်ကို သူတို့ဖြစ်စဉ်ကို ဤသို့ပြောပြ... ၏။

"ဒီလိုပါဘုရား"

ဗိုလ်မှူးတို့ တိုက်ကင်းအဖွဲ့... နေ့ဘက်တွင်လှည့်လေ့မရှိ။ ညရော... သာ မှောင်ကိုအားပြုလျက် ရန်သူ... အနေကို ထောက်လှမ်းကြကုန်၏။ ... ကင်းလှည့်ရင်း သကြားဟင်းအိုးရွာ... ရှိတောစပ်သို့ သူတို့အဖွဲ့ရောက်... ကြသည်။ အချိန်မှာ အရုဏ်တက်... ရောက်ခဲ့ခြင်း ဖြစ်ပါ၏။ ထိုနေရာ၌... လက်ဝဲဆီကာ မှိုင်းညို့ညို့ညောင်... ကြီးတစ်ပင်ရှိပါသည်။ ညောင်ပင်... ၌ ရှင်းလင်းနေကာ အနီးအနားတ... တွင်အား တောထူ၏။ လုံခြုံမှုရှိ... လွတ်လပ်စွာ အနားယူနိုင်သည်... ညောင်ပင်ကြီးအောက် ခရီးတစ်... နားကြလေကုန်၏။

ပင်ပန်းလာခဲ့ကြ၍ အနား...



www.burmeseclassic.com

www.burmeseclassic.com

။ တစ်ညလုံး ခရီးကြမ်းနှင်ခဲ့ကြ တော့တတ်တုံလော။ တိုက်ကင်းအဖွဲ့ ခဲ့ကြသည်မှာ ခရီးအတန်ပေါက်ခဲ့ ။ ရက်ကြာညောင်းခဲ့ပြီ ဖြစ် မှန်းထားသည့်ရက်ထက် နောက် ရာ ရိက္ခာပြတ်လတ်ကုန်ကြ သောက်ရေအတွက် ညောင်ပင် နီး ကွေ့ဝိုက်စီးဆင်းသွားသော ချောင်းရှိလေရာ တော်သေး၏ဆိုရ ။ ထိုစမ်းချောင်းရေနှင့် မျက်နှာ ကြသည်။ ထိုစမ်းချောင်းရေကိုပင် တ်သုံးကြကုန်၏။ အိပ်ရေးပျက် မ်းလာကြသည်မို့ ဝမ်းဟာနေကြ ဆာလောင်မွတ်သိပ်နေကြသည်။

ထိုညောင်ပင်၏အောက်ခြေတွင် ရွာသားတို့ ပူဇော်ပသဆုတောင်း ကြကုန်သော နတ်စင်နတ်ကျွန်း စ်ခုရှိလေ၏။ ထိုနတ်စင်မှ နတ် (၁၁) ဘုံသားအချင်းချင်း ရိုင်းပင် သိုသောစိတ်ဖြင့် လူသားတို့ကို ရှောက်ကူညီပေးသည် ယုံကြည်မှု ကုန်၏။ နတ်မင်းကို ပူဇော်ပသ၍ ဆုတောင်းပါကပြည့်သည်ဟူသော အလန်းကြီးမားကြ၏။ ထိုနတ်ကွန်း တ်မင်းသည် သူ့ကိုရိုသေသမှုရှိသူ စောင့်ရှောက်မေးသလိုပင် သူ့ကို ားသမှုပြုပါကလည်း ပြစ်ဒဏ် ငြင်းထန်ထန်ပေးသည်ဟု သိထား သည်။

နတ်မင်းကို မူးမူးရူးရူးနှင့်စော်ကား သည့်ရွာထဲက အရက်သမား ငပိန် စားလိုက်သည်က အထင်အရှား။ ကြောင့် နတ်မင်းကို မစော်ကားရဲ ကြမ်းသည်ဟု သတင်းကြီးနေပါ

ထိုနတ်စင်ပေါ်၌ တောအရက် င်း ငွေအကြွေစေ့များ၊ အုန်းငှက် ပွဲ၊ ကောက်ညှင်း စသည့်ချိုချဉ်ပွဲများ ည့်နေ၏။ နတ်ပူဇော်ပသမှုယုံကြည် တန်းစားတို့ မိမိတို့ယုံကြည်ရာ ကြည်ရာတင်မြှောက်ထားခြင်း ဖြစ် သည်။ စားစရာများကို မြင်လိုက် သော ဗိုလ်မှူးတို့အဖွဲ့ သူတို့ဝမ်းထဲက ကျတ်ကျတ်မြည်လာသည်။ ဗိုလ်မှူး ၍ တောအရက်ပုလင်းနှင့် ဖောက် သောက်လိုက်တော့သည်။ ကျန် သည့်အပေါင်းတို့ လက်မနှေးကြလေ စားဖွယ်ရာတို့ကိုလု၍စားသောက် လေတော့သည်။

နတ်ကွန်းပေါ်မှ စားစရာများ စ်ခုမကျန်ကုန်လေ၏။ ဝေသာလီပြည် ဘီလူးစီးသည်ဆိုသည့်အလားသဏ္ဌာန် နှင့်တူလေစွတကား။ ဗိုက်ပြည့်ကုန်ကြ သည်ဖြစ်၍ မျက်စိများမှေးစင်းလာကြ ၏။ အိပ်ချင်စိတ်ဇောဖြင့် နှစ်နှစ်ခြိုက် ခြိုက် အိပ်မောသွားကြပါသည်။ အိပ်ချင် စိတ်ပြင်းထန်လေရကား ထိုနေ့က ကင်း စောင့်တာဝန်အစောင့်အရှောက်ပင်မထား မိ။ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။ သူတို့ကံကောင်း၍သာ ရန်သူနှင့် ရင်မဆိုင်ရဘဲ ကောင်းစွာ အိပ်စက် ခဲ့ကြရပါသည်။

အိပ်ရေးဝ၍နိုးထကြလေသောအခါ နေလုံးကြီးသည် ရွာအနောက် တောတန်း လေးဆီသို့ မေးတင်စပြုနေပြီး အရက် အမူးလွန်နေသူ ဗိုလ်မှူးသည် နတ်စင် အောက်၌ အပေ့စွန့်လေ၏။ အခြား အဖွဲ့သားတို့ကလည်း ညောင်ပင်ကြီး အောက်၌ပင် အညစ်အကြေးစွန့်ကြကုန် ၏။ ဤသည့်လုပ်ရပ်များက သူတို့၏ အမှား။သူတို့အမှားလုပ်ရပ်ကြောင့် သူတို့ အားလုံးဒဏ်ခတ်ခြင်းခံရလေတော့သည်။

"ဘာဖြစ်လို့ဗိုက်နာလာပါလိမ့်"

"ဟေ့ကောင်တွေ၊ ငါအန်ချင်လာ ပြီကွ"

"ငါ့ခါင်းတွေကိုက်လိုက်တာ မခံ နိုင်တော့ဘူးဟ"

သွေးရူးသွေးတန်းတွေပြောဆိုကာ အန်လိုက်၊ ဝမ်းသွားလိုက်၊ ဆီးမထိန်းနိုင် ဖြစ်လာကာ ညောင်ပင်ကြီးအောက်၌ ဖြစ်ပျက်နေကြရာမှ ညောင်ပင်ကြီးကို စွန့်ခွာလာခဲ့ကြပါ၏။ လူနေအိမ်ခြေတွေ လို့ တွေ့ပြား သွားရင်းလာရင်း ရှာဖွေ နေကြသည်။ သူတို့ဖြစ်ပွားနေသော ဝေဒနာကုစားရန်အတွက် ဆေးဝါး ရှာဖွေလို၏။ ဝမ်းသွားခြင်းကလည်း မရပ်။ ဗိုက်နာလိုက်သည့်ဖြစ်ခြင်း၊ သူတို့ လျှောက်နေသောလမ်းသည် တိုက်ကင်း ထွက်နေကြလမ်းအတိုင်းပင် ဖြစ်သည်။ ဗိုလ်မှူးသတိရလိုက်သည်က ရှေ့မဝေး တော့သည့် တောစပ်ကိုကျော်လျှင် ဘုန်းကြီးကျောင်းလေးရှိသည်။

"ဘာပဲဖြစ်ဖြစ် ဆေးရနိုင်၊ မရနိုင် ဝင်မေးတာတော့ မမှားနိုင်လောက်ပါ ဘူးလေ"

ထိုကဲ့သို့လာခဲ့ကြရင်း ဆရာတော် ကြီးနှင့်တွေ့ဆုံ၍သာ သူတို့အသက် ဘေးက လွတ်မြောက်ခဲ့ရပါကြောင်း ကျေးဇူးတင်စကားထပ်ကာထပ်ကာဆို မိနေပါတော့သတည်း။

ဆရာတော်ကြီးက -

"သူတစ်ပါးပိုင်နက်မှာ ယုံကြည် သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဒီ လိုမလုပ်ကြပါနဲ့။ သူ့စည်းကိုယ့်စည်းရှိ တယ်ကွယ့်။ ကိုယ့်ပိုင်နက်ထဲကျူးလွန် လာရင် မကြိုက်တာသဘာဝဘဲ။ မြဲမြဲ မှတ်ထားလိုက်ကြပါ ဒကာတို့။ ကဲကဲ - သွားကြပေတော့"

❑

အင်းဝိဇ္ဇာဆရာတော်ကြီးကိုဗိုလ်မှူး တို့အဖွဲ့ကျေးဇူးတင်မဆုံးရှိကြတော့သည်။ တိုက်ကင်းလှည့်တိုင်း ကျောင်းသို့ဝင် ဖြစ်အောင်ဝင်ကြသည်။ ဆရာတော်ကြီး ကိုဖူးကြသည်။ သူတို့ပါလာသောရိက္ခာ ထဲမှ မွှန်မွှန်မြတ်မြတ် ဦးဦးဖျားဖျားချန် လာခဲ့သော စားသောက်ဖွယ်ရာတစ်မျိုး မျိုးကို ပေးလှူခဲ့ကြသည်ချည်းဖြစ်တော့ သည်။ သက်သတ်လွတ်စားသုံးဖွယ်ရာ ကိုသာ ဆရာတော်ကြီးက လက်ခံတော် မူပါသည်။ ဆရာတော်ကြီးကို ဂါရဝပြု ပြီးမှ လိုရာရှေ့ခရီးသို့ဆက်ကြလေကုန် ၏။

ဆရာတော်ကြီးနှင့် ကျောင်းလေး ကို အန္တရာယ်ကျရောက်ပါကလည်း ကာကွယ်ပေးလိုကြ၏။ ဆရာတော်ကြီး ကို ကန်တော့ပြီးလျှင်ပြီးချင်း ခရီးဆက် ကြ၏။ ဆရာတော်ကြီးက လူများများ နှင့်မနေလိုသည်ကိုလည်း သိထားကြ၍ ဖြစ်ပါ၏။ ဆရာတော်ကြီးကို အမိန့်ချွန် မပျက် လွတ်လွတ်လပ်လပ်တရားအား ထုတ်စေချင်ကြ၏။ ဗိုလ်မှူးတို့အဖွဲ့ပုံမှန် ကင်းလှည့်နေကြပါသည်။

သည်လိုနှင့် သုံးလခန့်ကြာသော အခါ ဗိုလ်မှူးတို့တိုက်ကင်းထွက်လာရင်း ခရီးသွားဟန်လွှဲဆိုသလို ချောင်းရိုးလေး ထဲမှာ လှေဖြင့်သွားလာနေသော ခရီး သွားလှေတစ်စီးထံမှ ဆရာတော်ကြီး၏ သတင်းသဲ့သဲ့ကို ကြားလိုက်ကြရသည် မှာ -

"ဘုန်းကြီးကျောင်း ဓားပြတိုက်ခံ ရတယ်"

"ဟာ"

ဗိုလ်မှူး၏စိတ်ထဲ ဆရာတော်ကြီး အတွက် စိုးရိမ်ပူပန်မိ၏။ သူ၏တပည့် များကို ချက်ချင်း စုစည်းစေလိုက်၏။ ဘုန်းကြီးကျောင်းဆီသို့ လျင်မြန်သွက် လက်သောခြေလှမ်းများဖြင့် ချီတက်လာ ကြသည်။ ကျောင်းနှင့်နီးကပ်လာသော အခါ အားလုံးကို အချက်ပေးကာ သတိ ဖြင့်ချဉ်းကပ်ခဲ့ကြသည်။ ဗိုလ်မှူးတို့ရောက် ရှိသွားချိန်မှာ ဓားပြများမရှိတော့ချေ။ ဓားပြများ ခြေရာဖျောက်လစ်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြလေပြီ။

"ဆရာတော်သတင်းကြားလိုက်ရတော့ စိတ်ပူလို့ တပည့်တော်တို့ရောက်လာခဲ့ရပါတယ်။ အရှင်ဘုရားထိခိုက်သွားသေးလားဘုရာ့"

"ဆရာတော် ထိခိုက်မှုမရှိပါဘူးဒကာ။ မိုက်မဲသူတို့သွားရာလမ်းကတော့ အပြစ်ကြီးပြီးသတ္တဝါတွေသနားဖို့ကောင်းပါတယ်။ အင်း-သူတို့အပြစ်သူတို့ခံကြရလေဦးတော့မယ်"

ဆရာတော်ကြီးပြောပြသည်မှာ-

"ဖြစ်ပုံကဒီလိုကွယ့်။ ဆရာတော်ဘုရားအာရုံပြုနေချိန်မှာပေါ့။ ကျောင်းပေါ်ကို လူငါးယောက်တက်လာတယ်။ သူတို့တွေစားစရာလာရှာတာပဲလို့ထင်လိုက်တယ်။ အဲဒါနဲ့ ရှိတာလေးချကျွေးလိုက်ပါသေးတယ်။ အရက်နံ့ကလည်း တထောင်းထောင်းနဲ့ပေါ့။ သူတို့လက်ထဲမှာ လုပ်သေနတ်တစ်လက်၊ ဓား၊ လှံတွေပါလာကြတယ်။ လက်စသတ်တော့ ဘုန်းကြီးကို ဓားပြတိုက်ကြတော့တာကလား။ ဘုန်းကြီးကလည်း ကျောင်းမှာရှိတာရှာကြကွာ၊ မင်းတို့လိုချင်တာယူသွားကြလို့ ရှောရှောရှူရှူပေးပါတယ်"

ဓားပြတို့သည် ကျောင်းပေါ်တွင် နေရာအနှံ့ရှာကြသည်။ ကျောင်းခန်းအတွင်းဝင်၍ ရှာသူကရှာနေကြကုန်၏။ လိုချင်သော ပစ္စည်းရမလားဟု နှံ့နှံ့စပ်စပ်ရှာဖွေလျက်ရှိကြသည်။ ကုန်းကွကုန်းကွနှင့် တလုပ်လုပ်အလုပ်ရှုပ်နေကြကုန်၏။ ပစ္စည်းဥစ္စာမမက်မောသူ၊ အတွယ်အတာကင်းသူ၊ ရောင့်ရဲလွယ်သူ သူတော်စင်ပုဂ္ဂိုလ်ကြီးထံမှ ဥစ္စာပစ္စည်းရရန်ရှိနိုင်ပါမည်လော။

သူတော်စင်တို့ထံမှ ရစရာဆို၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်း ဟူသော ရတနာအစစ်ရတနာအမှန်ကို ယူလိုက်သော် ရနိုင်ကောင်း၏။

ဥစ္စာပစ္စည်းရလိုဇောဖြင့် လောဘအမှောင်ကျနေသူတို့ နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေကြသော်ငြား အမောသာအဖတ်တင်ကြလေတော့၏။ သူတော်စင်ကိုပြစ်မှားသူအဖို့ ရှာရင်းဖွေရင်း တချို့ကကုန်းကွကွအနေအထားနှင့်သော်လည်းကောင်း၊ တချို့ကထိုင်လျက်အနေအထားနှင့်သော်လည်းကောင်း လှုပ်ရှားမရကျောက်ရုပ်တို့ကဲ့သို့ မလှုပ်မယှက်တည်နေကြကုန်သတည်း။

ဆရာတော်ကြီးက -

"မင်းတို့ တယ်မိုက်ကြတာကိုး။ ယူကြပါကွယ်။ ယူကြယူကြ၊ ယူပြီးသွားကြတော့လေ"

သူတို့သော် ဓားပြများနေရာမှ မရွေ့ချေတကား။ ဓားပြများဆိုသူတို့မှာ ကျောင်းသို့ မလာရောက်ခင်အချိန်က အရက်ဝိုင်းဖွဲ့ခဲ့ကြသည်။ သူရာရည်ဝမ်းထဲဝင်ရောက်မွှေနှောက်လေသော် သာမန်စိတ်မှသည် ယက္ခ၊ ကုမ္ဘဏ်စိတ်သို့ ပြောင်းလဲကုန်သည်။ သောက်လေသောက်လေတော်မပြေဖြစ်ကာ သောက်ပြီးရင်းသောက်၊ ဆက်တိုက်သောက်ကြရာမှ မကောင်းမှုပြုလုပ်ရန် တိုင်ပင်ကြလေတော့သည်။ ဤသို့ဖြင့် ဘုန်းကြီးကျောင်းဓားပြတိုက်ကြပါတော့သည်။

ယခုသော် ဘုန်းကြီးကျောင်းမှ ပစ္စည်းယူရန်မဆိုထားဘိ မိမိတို့ခန္ဓာကိုယ်လှုပ်ရှားခွင့်ပင်မရကြတော့ပေ။

ထိုအခါမှ ဆရာတော်က -

"ကဲကဲ - ထကြည့်ကြစမ်းပါဦးကွယ့်။ ငါ့အနားကိုလာကြစမ်းပါဦး"

"တ. . . တပည့်တော်တို့ ထ . . . လို့မရဘူးဘုရာ့"

"ဟေ့-ငါခေါ်နေတာပါကွ၊ ထဆို ထ ငါ့အနားလာခဲ့ကြတော့ဟေ့"

ဆရာတော်ကြီးထံမှ ခွင့်ပြုချက်ရလေသောအခါမှ သူတို့မတ်တပ်ရပ်၍ရကြလေတော့၏။ ဓားပြတို့လည်း ဆရာတော်ကြီးကို ကြောက်ရွံ့ကုန်ကြတော့သည်။ သူတို့ဒူးများတဆတ်ဆတ်တုန်နေကြသည်။ ဆရာတော်ကြီးက အနားလာရန်ခေါ်နေလေပြီ။ ဆရာတော်ကြီးအနားသို့ မဝံ့မရဲတိုးကပ်လာခဲ့ကြပါ၏။ ဆရာတော်ကြီး၏မျက်နှာမကြည့်ရဲကြလေကုန်။ ခေါင်းငုံ့လျက်ခစားနေကြကုန်၏။ ဓားပြတို့မြေပြင်ထက်၌ ခဝပ်တွားကာ ဆရာတော်ကြီးကို အရိုအသေပြုလျက်ရှိကုန်၏။

"မင်းတို့ထဲက ဗိုလ်လုပ်သူက ဘယ်သူတုံးကွယ့်"

"တ. . . တပည့်တော်ပါဘုရား၊ ခွင့်လွှတ်ပေးတော်မူပါ။ တပည့်တော်မှားသွားပါတယ်ဘုရား"

"ထားပါတော့ကွာ၊ ဗိုလ်လုပ်သူဘယ်သူလဲသိချင်လို့ မေးတာပါ။ ငါပြတဲ့နေရာကိုကြည့်ထား။ မင်းလက်ထဲကလှံနဲ့ ငါပြတဲ့နေရာကို ထိုးစိုက်လိုက်စမ်းဟေ့"

ဆရာတော်ကြီးက မြေပြင်၌စက်ဝိုင်းဝိုင်းလိုက်၏။ စက်ဝိုင်းထဲ၌ တစ်စုံတစ်ခုရေးခြစ်လိုက်၏။ ဓားပြဗိုလ်က ဆရာတော်ကြီး လုပ်ကိုင်နေသမျှကို မမှိတ်မသုန် လိုက်ကြည့်နေကြသည်။ ဆရာတော်ကြီးက သူရေးခြစ်ထားသော နေရာကိုထိုးလိုက်စမ်းဟေ့ဟု ပြောလိုက်သည်နှင့် ဓားပြဗိုလ်က လှံဖြင့်ထိုးစိုက်ချလိုက်ပါတော့သည်။ ဆရာတော်ကြီး ညွှန်ပြသောနေရာကို လှံသွားတည့်မတ်စွာစိုက်ကျလာသော်လည်း မြေပြင်၌ ထိ သွားစိုက်မဝင်ခဲ့ပါ။ သံမဏိပြားကို ထိ ဖြင့်ထိုးလိုက်သည့်နှယ် လှံတံမှာဆတ်ခနဲ ခုန်၍လွင့်ထွက်သွားလေ၏။

"မရဘူးဘုရာ့"

"ရပါတယ်ကွာ၊ ထပ်စိုက်ကွာ"

ဓားပြဗိုလ်သည် ဆရာတော်ကြီးကိုကြောက်ရွံ့နေသည်ဖြစ်၍ ချွေးဒီး ကျလျက် မနေသာတော့ဘဲ ဆရာတော်ကြီးခိုင်းသည့်အတိုင်း ပြုမူရလေတော့၏။ ယခုတစ်ကြိမ်တွင် လှံတံကို ချိန် ၍ ခွန်အားအပြည့်နှင့် အားကုန်ထိုးစိုက်ချလိုက်ပါတော့သည်။ မြေပြင်အနေအထားအရ မြေသားပျော့သော်ငြား လှံ မှာ မြေသား၌ မစိုက်နိုင်သည့်အပြင် ဖြောင်းခနဲကျိုးသွားရှာသည်။

ဆရာတော်ကြီး ညွှန်ပြခဲ့သော နေရာကား အင်းချထားသောနေ တည်း။

ဓားပြတို့အားလုံး မျက်လုံးမျ ဆန်ပြူးကာ တုန်လှုပ်နေကြပါသည်။

ထိုအခါ ဆရာတော်ကြီးက -

"မင်းတို့မမိုက်ကြနဲ့တော့။ ကိုယ့် သွားကြသွားကြ။ မင်းတို့ဒီလိုမျိုး လုပ်နေကြမယ်ဆိုရင် ဘေးတွေ့ကြ မယ်ကွယ့်။ ဆရာတော်ကြီးရဲ့စကား မြဲမြဲမှတ်ကြပါကွယ်တို့"

ဆရာတော်ကြီးခွင့်ပြုလိုက် မှ ဓားပြများထွက်ခွာသွားနိုင်ကြပါ သည်။

❑

ဗိုလ်မှူးတို့တိုက်ကင်းလှည့်လည် တုန်းက ဆရာတော်ကြီးနှင့် မကြာခ ဆုံစည်းခဲ့ကြရ၏။ ဆရာတော်ကြီး နေပုံထိုင်ပုံပြောပုံဆိုပုံ သတ္တဝါတို့အ ကရုဏာထားပုံ၊ မေတ္တာထားပုံ၊ အ ပညာရပ်ဖြင့် သတ္တဝါတို့၏ဒုက္ခမျိုး ကိုကယ်မသွားခဲ့ပုံတို့မှာ ဆရာတော် ၏ မေတ္တာ မေတ္တာပြည့်ဝပုံ ကောင်းစွာမြင်တွေ့ခဲ့ဖူးလေ၏။ ဗိုလ် သည် ဆရာတော်ကြီးကို အလွန် ညိခဲ့ရကြောင်း (မဒုဿတ) စောအယ်ကောကို မကြာခဏ လေ၏။



www.burmeseclassic.com

www.burmeseclassic.com

စောအယ်ကောက ဗိုလ်မှူးမှ ...ဆိုင့် အင်းဝိဇ္ဇာဆရာတော်ကြီးနှင့် ...တို့တွေ့ကြုံခဲ့ရပုံတို့ကို အသိချင်း ...ယ်တာ ဗဟုသုတတိုးပွားခဲ့ကြရ ...၏။

စောအယ်ကောက -

"ဆရာတော်ကြီးရဲ့အကြောင်းနဲ့ ...သက်လို့မှာ ကျုပ်ကိုယ်တိုင်လည်း ...တွေ့ခဲ့ရသေးတာ ကိုမြင့်သန်းရေ"

"စောအယ်ကောလည်း ဆရာ...ကြီးနဲ့ကြုံခဲ့ဖူးတာပဲလား"

"ကြုံဖူးတာပေါ့ဗျာ။ ကျုပ်ကြုံတွေ့...တာ ကိုယ်တွေ့မို့သာ ယုံရတယ်ဗျို့။ ...တစ်ပါးပြောတာဆိုရင် ယုံကြည်ဖို့ ...ခက်ဗျ"

"ဘယ်လိုတုံးဗျ၊ ဆရာတော်ကြီး ...တော့ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ရပ်ဆန်း ...မျိုးစုံဖြတ်သန်းလာခဲ့ရတာပါလား ..."

"ကျုပ်ကိုယ်တွေ့ကိုပြောပြပါ့မယ် ...ဒီလိုဗျ"

စောအယ်ကော ဆရာတော် ...ကြီးနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရပုံမှာ ဤသို့ ...လေ၏။

စောအယ်ကောသည် မြောင်းမြ ...(မဒညတ) ဥက္ကဋ္ဌတစ်ယောက်ဖြစ် ...၏။ နယ်မြေဒေသအခြေအနေကို ...ကိုယ်တိုင်ကွင်းဆင်းလေ့လာကာ တိုင်း...ဆင့်သို့ အစီရင်တင်ပြရမြဲဖြစ်ပါ၏။ ...ကြောင့် ဗိုလ်မှူးတို့အဖွဲ့ တိုက်ကင်း...ရင်း ရရှိလာသည့် သတင်းအချက် ...တ် နယ်မြေအနေအထား အစီရင် ...များကို စုစည်းကာ အရင်ဆုံး ...လာသုံးသပ်၏။ ထိုအစီရင်ခံစာပါ ...ချက်အလက်များထဲမှ မှတ်ချက်ပြု ...သည့်တို့ကို စောအယ်ကောသည် ...၏ဒိုင်ယာရီတွင် သီးသန့်ရေးသွင်းမှတ် ...ဆောင်ထားလိုက်သည်။ ခရိုင် (မဒည...) ဥက္ကဋ္ဌသည် ဗိုလ်မှူး၏မှတ်ချက်များ ...ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ် ...တို့ကို သီးခြားအစီရင်ခံစာအဖြစ် ပြုစု ...ပါသည်။

စောအယ်ကောနှင့်အဖွဲ့ကွင်းဆင်း ...လာရာတွင် သူ၏အပိုင် နယ်မြေ ...ချုပ်ရေးဒေသတွင်းရှိ သကြား ...င်းအိုးရွာအရောက် ရောက်တုန်း ...ခိုက် အင်းဝိဇ္ဇာဆရာတော်ကြီး ...သံကွင်းကို ဖူးတွေ့လို၏။ နယ်မြေ ...င်းဆင်းသည့်အခိုက် ဆရာတော်ကြီး ...ကျောင်းတော်ဆီသို့ အရောက်လာခဲ့ ...သည်။ ကျောင်းဝင်းတစ်ခုလုံး ဥယျာဉ်ခြံကြီးသဖွယ်တည်ရှိနေ၏။ သီးပင်စားပင်တို့ကို စိမ်းလန်းစွာဖြင့် အသီးအပွင့်တို့ဝေဆာလျက်ရှိကုန်၏။

ကျောင်းဝိုင်းထဲသို့ ဝင်လိုက်သည်နှင့် ပန်းပေါင်းရနံ့သင်းသင်းမွှေးကြိုင်ကြရလေ၏။ ခရီးပန်းလာသူတို့ အမောပြေကြကုန်၏။ ပန်းပေါင်းပင်သည် အပင်ပုမျိုးစိတ်တွေပါဝင်သည်။ ပန်းပေါင်းပွင့်နီနီလေးများ ပုစုခရုစုပြုလျက် ပင်စည်တွင်ကပ်၍ ပွင့်နေကြသည်။ ကျောင်းဝိုင်းထဲသို့လျှောက်လာခဲ့ကြရာ အဝင်လမ်းရေအိုင်ချိုင့်ခွက်လေးများကို ပင်နီဖျင်ကြမ်းဝတ်သျှောင်ကြီးဖွေ့တစ်ဦး မြေဖို့နေသည်ကိုတွေ့ကြရ၏။ လက်နက်ကိုင်လူတစ်စုဝင်လာသော်လည်း သျှောင်ကြီးဖွေ့ကတော့ သူ၏အလုပ်လုပ်မြဲ။

သူတို့ကျောင်းဝင်းထဲသို့ရောက်ချိန်၌ ဆရာတော်ကြီးသည် ဘုရားကျောင်းဆောင်ရှေ့ တရားထိုင်နေရာမှ ခေတ္တနားသည့်အချိန်နှင့် အချိန်ကိုက်ရောက်ရှိခြင်း ဖြစ်သည်။ ဆရာတော်ကြီးက ကြိုဆိုလိုက်သည်။ ကျောင်းမြေဥယျာဉ်ခြံတွင်း၌ ပိန္နဲ၊ ဒူးရင်း၊ သြဇာ၊ သရက်၊ မရန်းတို့သီးနေကြသည်။ ဆရာတော်ကြီးက ကပ္ပိယကြီး (သျှောင်ကြီးဖွေ့) ကို ပိန္နဲသီးပင်ရှိ ရှဉ့်ဖောက်ထားသောပိန္နဲသီးမှည့်တစ်လုံးကို ခူးဆွတ်စေ၏။ ကပ္ပိယကြီးသည် ပဆိုးကိုအောက်ပိုးကျိုက်လိုက်၏။

ကပ္ပိယကြီးပေါင်နှစ်ဖက်စလုံးတွင် ထိုးကွင်းများပြည့်နေ၏။ ပိန္နဲပင်ပေါ်သို့ သွက်လက်စွာတက်သွားပြီး ပိန္နဲသီးဆွတ်လိုက်ပါ၏။ ကပ္ပိယကြီးက ပိန္နဲသီးပိုက်၍ ပြန်ဆင်းလာသည်ကို ကျောင်းထဲမှာ စောအယ်ကောတို့ လှမ်းမြင်နေရသည်။

ဆရာတော်ကြီးက -

"တိုင်းပြည်အတွက် အသက်စွန့်တိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးသမားယောင်းကြီးတစ်ယောက်ပေါ့ကွယ်။ ဂျပန်တော်လှန်ရေးတုန်းက သူ့ကြောင့်တပ်ဖွဲ့ဝင်တွေ အသက်ဘေးက လွတ်မြောက်ခဲ့ရတာတွေရှိတယ်။ တော်လှန်ရေးသမားတွေ ရှေ့ဆက်ရမယ့်ခရီးအတွက် တောထဲမှာ အမြင့်ဆုံးသစ်ပင်ထိပ်ဖျားကနေ ရန်သူ့စခန်းထောက်လှမ်းနိုင်ခဲ့လို့ စခန်းသိမ်းအောင်ပွဲတွေလည်းရခဲ့ကြ တာ"

(မဒညတ) အဖွဲ့သည် တိုင်းပြည်၏အညတရကျေးဇူးရှင်တစ်ယောက်ဖြစ်ခဲ့သူ ကပ္ပိယကြီးကို လေးစားသွားကြရလေ၏။

"အခုတော့ ကပ္ပိယကြီးလည်း တရားဘာဝနာနဲ့ပဲ အရိုးထုတ်တော့မှာပါ"

ဪ - တိုင်းပြည်အတွက်အနစ်နာခံသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း လူမသိသူမသိလျှို့ဝှက်စွာနေထိုင်သွားကြသူတို့လည်းရှိနေပါသေးလား။ အမှန်တကယ်လေးစားထိုက်သူ ပုဂ္ဂိုလ်များပါတကား။

ကပ္ပိယကြီးက ပိန္နဲသီးအိမ်ဝါဝါလေးများ ပန်းကန်ပြားဖြင့်ထည့်၍ယူလာချပေးသည်။ ကျက်သရေခန်းထဲမှ ခြံထွက် နံ့သာငှက်ပျောသီးမှည့်မှည့်များကို တစ်ပါတည်းယူလာ၍ ဧည့်ခံကျွေးမွေးပါသည်။

"ကဲ - ဒကာတို့အမောပြေပြေပင်မှည့်သီးလေးတွေ စားကြကွယ်"

"တင်ပါ့ဘုရား"

ရှဲဖန်ရှဲခါ တစ်ခေါက်တစ်ကျင်းဆိုသလို ရောက်လာတတ်သူဧည့်သည်ကို ဆရာတော်ကြီးက ဧည့်ခံစကားပြောလေ့ရှိသည်။ ဆရာတော်ကြီးက သံယာစင်ထက်ဝယ် သက်သောင့်သက်သာလဲလျောင်းနေ၏။ စောအယ်ကောတို့က မြေပြင်မှာထိုင်လျက် အေးအေးဆေးဆေး ထွေရာလေးပါးပြောဆိုကြသည်။ ကပ္ပိယကြီးကလည်း ဧည့်ဝတ်ကျေပွန်စွာဖြင့် ရေနွေးကြမ်းသောက်ကြရန် ဖြည့်စွက် ဧည့်ခံပေး၏။ စောအယ်ကောတို့အဖွဲ့ ချိုမြမွှေးရနံ့ကြိုင်လျက် လတ်ဆတ်သောသစ်သီးတို့ကို မြိန်ရှက်စွာစားသုံးကြလေသည်။

ဥယျာဉ်ခြံတွင်းရှိ ပိန္နဲပင်ပေါ်မှ တကူကကူးကူး၊ တကူကူးကူးနှင့် ချိုးငှက်လေးတစ်ကောင်သည် လွမ်းဆွေးဖွယ်တွန်ကျူးနေလေသည်။ ချိုးငှက်မြည်သံကို ထွင်းဖောက်လျက် စောအယ်ကောတပည့်တို့၏ ငြင်းခုံသံ ဆူညံစွာထွက်ပေါ်လာသည်။ စကားပြောဆိုသံဆူညံမှုကြောင့် ဆရာတော်ကြီး လဲလျောင်းနေရာမှ ထထိုင်ကာ သင်္ကန်းဝတ်ရုံပြင်ဆင်၍ တင်ပျဉ်ခွေထိုင်လိုက်ကာ -

"မင်းတို့တွေ သေနတ်ပြီးတဲ့အကြောင်းပြောနေကြတာ မင်းတို့ထဲက ဘယ်သူသေနတ်ပြီးတုံး"

"ဘယ်သူမှမပြီးပါဘူး ဘုရား။ တပည့်တော်တို့သာ သေနတ်ပြီးလို့ကတော့ ဘယ်ရန်သူကိုမှ ကြောက်စရာမလိုတော့ပါဘူးဘုရား။ အကုန်လုံးကို ဆော်ပစ်လိုက်မှာ"

"ဓားပြီး၊ တုတ်ပြီးတဲ့သူကော ပါသလားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com

"မပါပါဘူးဘုရား။ တပည့်တော်တို့ သေနတ်မပြီးရင်တောင် ဓားပြီးရင်လည်း သတ်ရဲသေရဲကြသူတွေပါဘုရား။ တပည့်တော်တို့က သေနတ်ပြီးချင်ဓားပြီးချင်သူတွေပါပဲ"

"မင်းတို့သေနတ်ပြီးတဲ့သူ တွေ့ဖူးကြလား"

"တပည့်တော်တို့တွေ့ဖူးဖို့နေနေ သာသာ ကြားတောင်မကြားဖူးပါဘုရား။ သေနတ်ပြီးတဲ့သူနဲ့ တွေ့ချင်စမ်းပါဘိ။ အဲဒီလူဆီက သေနတ်ပြီးဆေးစောင်း ယူချင်လို့"

"အောင်မယ် - မင်းတို့တော်တော် ဟုတ်တဲ့ကောင်တွေပဲ။ သေနတ်ပြီးတဲ့လူနဲ့တကယ်တွေ့ချင်လား"

"အရမ်းကိုတွေ့ချင်ပါတယ်ဘုရား"

"အေးကွယ်၊ တွေ့ရမှာပေါ့"

ဆရာတော်ကြီးအနီးတွင် ကပ္ပိယကြီးရှိနေ၏။ ကပ္ပိယကြီးက ဆရာတော်ကြီးဘာများခိုင်းလေမည်လဲ ခိုင်းလိုက ပြုလုပ်ပေးရန် အရန်သင့်စောင့်ဆိုင်းနေခြင်း ဖြစ်ပါလေသည်။

"ကပ္ပိယကြီး၊ ဟိုထရံကြားက လေးထောင့်သံပြားလေး ယူခဲ့စမ်းပါ။ ကုံကူဆံပါတစ်ပါတည်းယူခဲ့"

ဆရာတော်ကြီးသည်လေးထောင့်သံပြားလေးပေါ်မှာ ကုံကူဆံဖြင့်တစ်ချက်နှစ်ချက်ရေးခြစ်နေပါ၏။ စောအယ်ကောတို့အုပ်စုက ဆရာတော်ကြီး ဘာလုပ်နေသနည်း။ ဆရာတော်ကြီးလှုပ်ရှားနေသမျှ မျက်တောင်မခတ် လိုက်လံကြည့်ရှုနေကြပါသည်။

"ကိုင်း-ကပ္ပိယကြီး၊ ဒီသံပြားလေးကို ဟိုသစ်ပင်ခွကြားမှာ သွားညှပ်ထားလိုက်"

ကပ္ပိယကြီးက ဆရာတော်ကမ်းပေးလာသော သံပြားလေးကိုယူကာ သရက်ပင်ခွကြား၌ ညှပ်ထားပေးလိုက်ပါ၏။ သရက်ပင်သည် စောအယ်ကောတို့နှင့် မဝေးလှပါ။ သံပြားလေးကို ကောင်းစွာလှမ်းမြင်နေရလေ၏။ ဆရာတော်ကြီးကအဖွဲ့၏ အကြီးအမှူးဖြစ်ဟန်တူသူ စောအယ်ကောကို မေးလိုက်သည်။

"ဒကာက ဘာလဲ"

"တပည့်တော်က မဒညစာဥက္ကဋ္ဌပါဘုရား"

"အေး-ကောင်းပြီ။ ဟိုမှာ ကပ္ပိယကြီးညှပ်ထားတဲ့သံပြားလေးကို မြင်တယ်မဟုတ်လား။ မင်းရဲ့ခြောက်လုံးပြူးနဲ့ပစ်စမ်းကွာ"

စောအယ်ကောအုံ့အားသင့်သွား၏။ ဒီလောက် အကွာအဝေးလေးလောက်မှာရှိနေသော သံပြားလေးကိုပစ်ဖို့ရာ စောအယ်ကောအဖို့ ရင်ခုန်စရာမရှိ။ သူသည် တိုင်ထိပ်ဖျားတွင်ထောင်ထားသော ဆေးပေါ့လိပ်ဖင်စီခံကိုပင် ပစ်မလွဲထိမှန်၏။ ယခုသူပစ်ရမည့်အရာက မြင်သာထင်သာရှိသောသံပြားလေးတစ်ချပ်။ စောအယ်ကော စာမဖွဲ့လောက်သည့်ပစ်မှတ်တစ်ခု ဆရာတော်ကြီးကို အားနာသောအကြည့်ဖြင့်ကြည့်လိုက်သည်။ တပည့်တို့၏စိတ်ထဲမှာလည်း ဒီလိုမျိုးအသေးအမွှားလောက်ကိုမခိုင်းသင့်ကြောင်း၊ သူတို့ဆရာ၏လက်ရည်ကို အစဉ်းသိ၊ ဆရာတော်ကြီးဘာလုပ်တာလဲ၊မလုပ်သင့်ဟု ခေါင်းတယမ်းယမ်းရှိကြလေကုန်၏။

ဆရာတော်ကြီးက တည်ငြိမ်စွာဖြင့် စောအယ်ကောပစ်တော့မည်ကို စောင့်ဆိုင်းလျက်ရှိသည်။ စောအယ်ကောသည် ချီတုံချတုံ ဆုတ်ဆိုင်းဆိုင်းဖြစ်နေသည်။

"ကိုင်း. . . ပစ်လေကွာ"

ဆရာတော်ကြီး၏ပစ်စေလိုသောဆန္ဒကို စောအယ်ကောဝေတွေနေရာမှ သူ၏ခါးကြားမှ ခြောက်လုံးပြူးကို လျှပ်တစ်ပြက်ဆွဲထုတ်၊ ပစ်မှတ်ကိုချိန်ရွယ်၊ သေနတ်မောင်းခလုတ်ဖြုတ်ချလိုက်တော့လေသတည်း။ အများ၏အမြင်အတွေးအာရုံထဲမှာ ဒိုင်းခနဲမြည်ဟည်းလျက် သံပြား စသည် ဟိုအဝေးဆီသို့ လွင့်ပျံပျောက်ကွယ်ရှာရော့မည်။

သို့သော် -

ဒိုင်းခနဲမကြားလိုက်ရဘဲ သူတို့၏နားစည်မြှေးကို ရိုက်ခတ်လာသည်က ချောက်ခနဲ မြည်ဟည်းသွားခြင်းမျှသာ။ တပည့်အပေါင်းတို့ထံမှ အာမေဋိတ်သံဟာခနဲဖြစ်ကုန်ကြတော့၏။ အံ့အားသင့်မှင်တက်ကြရကုန်၏။ သူတို့ဆရာ၏လက်စကိုသိပြီးသားပါ။ စောအယ်ကောသည် ခရီးမထွက်မီ အရေးအကြီးဆုံးထားစစ်ဆေးလေ့ရှိသည်က သူ့လက်စွဲတော်၊ သူ့သက်တော်စောင့်သည် ခြောက်လုံးပြူးပင် ဖြစ်၏။ သေချာစွာ စစ်ဆေးပြီးမှယူခဲ့လေ့ရှိခြင်းပါ။ ရန်သူသည် အချိန်မရွေး ပေါ်လာရင်ဆိုင်ရတတ်သည်မဟုတ်ပါလား။ သူ၏ လိုအပ်သောပစ်ကွင်းကို ပစ်မလွဲသေချာပြီးသား။ စိတ်ချယုံကြည်ရလေ၏။ ယခုမည်သို့ဖြစ်လေသည်လဲ။

စောအယ်ကော မကျေနပ်ပါ။ ဒုတိယအကြိမ်မြောက် သေချာစွာထပ်မံချိန်ရွယ်ထား၏။ စိတ်ချရသည့်အနေအထားမှာ ခလုတ်ဖြုတ်ချလိုက်ပြန်တော့လေ၏။

"ချောက်"

ဆရာတော်ကြီးက-

"မင်းသေနတ်က မကောင်းဘူးနဲ့တူပါတယ်ကွာ။ ကိုင်း - နောက်တစ်ယောက်ပစ်စမ်းပေါ့"

ရိုင်ဖယ်သေနတ် ကိုင်ဆောင်သူရဲဘော်တစ်ယောက် လူအုပ်ရှေ့သို့ တိုးထွက်လာခဲ့၏။ ထိုရဲဘော်က မုဆိုးဒူးထောက်ထိုင်ကာ အကျအနနေရာယူလိုက်ပါသည်။ ချိန်သီးနှင့်ပစ်ကွင်းတည့်မတ်စွာ ချိန်ရွယ်ပြီးနောက် သေနတ်မောင်းခလုတ်ဖြုတ်၏။

"ချောက်"

"မင်းတို့သေနတ်တွေကလည်းကွာ ဒီထက်ကောင်းတဲ့သေနတ်မရှိတော့ဘူးလား။ ဟိုကောင့်လက်ထဲက ကောက်ကောက်ကြီးက ဘာတဲ့တုန်း။ အဲဒါကြီးနဲ့ပစ်ကွာ"

ဆရာတော်ကြီး ပစ်ခိုင်းသည့်အရာကား ဘရင်းဂန်းသေနတ်ကြီးဖြစ်၏။ ထိုသူက စောအယ်ကောကို လှမ်းကြည့်လိုက်၏။ စောအယ်ကောကခေါင်းညိတ်ပြလိုက်သည်။ ဘယ်သူမှမပစ်နိုင်သည်ကို ဘရင်းဂန်းကိုင်ထားသူက သူ့အစွမ်းပြရတော့မည်ဟု ဂုဏ်ယူလျက်ပစ်ချလိုက်ပြန်၏။

"ဂျောက် ဂျောက် ဂျောက်"

"ဂျောက် ဂျောက် ဂျောက်"

မည်သည့်သေနတ်မျှ ကျည်ဆံမထွက်ချေတကား။

"မင်းတို့သေနတ်တွေကလည်းကွာ မီးကျိုးမောင်းပျက်တွေချည်းပဲကိုကွ။ တဂျောက်ဂျောက်နဲ့"

ဆရာတော်ကြီးကရယ်လျက်ပြော လေ၏။ မဒညတရဲဘော်တို့မျက်လုံးပြူးကာ အံ့အားသင့်နေကြ၏။ သေနတ်ပြီးသည့် ဗိုအဆောင်ကို လိုချင်တပ်မက်သည့်ဆန္ဒပြင်းပြလျက်ရှိကြကုန်၏။

"အဲဒါလေး တပည့်တော်တို့ကို စွန့်ပါဘုရား"

"မင်းတို့ပစ်ရတာ ကျေနပ်ကြလား၊ ထပ်ပစ်ချင်သေးလား"

"တပည့်တော်တို့ မပစ်ရဲတော့ပါဘူးဘုရား။ အဲဒါလေးကိုသာ စွန့်ကြေတော်မူပါ"

ဆရာတော်ကြီးက -

"ကပ္ပိယကြီး၊ အဲဒီသံပြားလေး သွားယူလိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com

စောအယ်ကောတို့အဖွဲ့ဝမ်းသာနေကြသည်။ သေနတ်ပြီးဆေးဆိုတာ သိတဲ့ ကိုယ်တွေ့မျက်မြင်ကြုံကြိုက်ရသည့် ထိုပစ္စည်း သို့မဟုတ် သေနတ်ပြီးဆေးကို မိမိတို့ရတော့မည်ဟု အတွေးပေါက်တာ ပျော်မြူးနေကြကုန်၏။

ဆရာတော်ကြီးက သံပြားလေးထိုးကိုင်ရင်း -

"မင်းတို့တွေ့ချင်နေတဲ့ သေနတ်ပြီးဆေးအင်းချပ်လေးပဲ"

ပြောပြောဆိုဆို ဆရာတော်ကြီးသည် အင်းချပ်လေးကို ကျောင်းရှေ့ရှိ ကြာပြားဟင်းအိုးချောင်းလေးထဲသို့ပစ်ချလိုက်လေသတည်း။

"ဟာ. . . တပည့်တော်တို့ကိုပေးပါဘုရား"

"အိမ်ကွယ်-မင်းတို့ပေးရအောင်မင်းတို့က လူသတ်နေကြတာလေ။ ဒီဆေးနဲ့ မင်းတို့နဲ့မအပ်စပ်ဘူး၊ ငါပေးလို့မဖြစ်ဘူးကွ"

ဆရာတော်ကြီးက ရယ်၍ပြောလိုက်သည်။ စောအယ်ကောတပည့်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်တာ အင်းချပ်လေးကျသွားရာချောင်းရိုးလေးထဲသို့ တဝုန်းဝုန်းခုန်ချလိုက်ကြတော့သည်။ လူဗာလာန်တို့အင်းချပ်ကို ရေငုပ်ရှာဖွေနေကြသည်။ ဆရာတော်ကြီးက ဘာမှမပြော၊ ခေါင်းညိတ်ညိတ်ဖြင့်ပြုံး၍သာနေလေ၏။

ဆရာတော်ကြီးရဲ့စိတ်ထဲမှာတော့-

'ဩော်-မင်းတို့က ရေငုပ်ရှာဖွေနေကြတယ်လား၊ ရေမွှန်းရုံအပြင်မရှိနိုင်ဘူးလေ။ ကောင်းကင်က လမင်းကိုရေထဲရှာသလိုပဲနေလိမ့်မယ်။ အင်း. . . မင်းတို့တွေက သနားစရာဒုက္ခဘုံသားသတ္တဝါတွေပဲလေ'

ဟု တွေးကာ ကရုဏာသက်မိသည်။

စောအယ်ကောသည် မိမိ၏ လူသည့်များကိုကြည့်၍ အင်းချပ်ကလေး ဘယ်စွမ်းသလား စောကြောမိပါ၏။ ဤသေနတ်ပင်ချို့ယွင်းမှုရှိနေသလော။ ဟုစိတ်များဝင်လာခဲ့၏။ မိမိ၏သေနတ်အခြေအနေကို စမ်းသပ်လိုသည်။

"တကူကူးကူး တကူကူးကူး"

ပိန္နဲပင် ပင်မြင့်ထက်ဆီမှာ ချိုးငှက်ငယ်လေးနားနေကာ သာယာစွာတွန်မြူးလျက်ရှိသည်။ ချိုးငှက်ငယ်နားနေသည့် ပိန္နဲကိုင်းခြောက်အစွန်းကို မှန်ဝါးဝါးမြင်နေရသည်။ စောအယ်ကောသည် ကိုင်းခြောက်အဖျားပိုင်းကိုချိန်၍ပစ်လေ၏။

ဒိုင်းခနဲ မြည်ဟည်းကာ သေနတ်ပြောင်းဝမှ မီးခိုးတလူလူနှင့် ပိန္နဲကိုင်းခြောက်လေးပြုတ်ကျလာ၏။ ချိုးငှက်ငယ်လေးသည် သေနတ်သံကြောင့် ထိတ်လန့်ကာ ပျံသန်းထွက်ခွာသွားလေသည်။ စောအယ်ကောသည် ကျေနပ်စွာပြုံးလိုက်ပါ၏။ ထို့နောက် မြေပြင်ထက်သို့ ဒူးထောက်ထိုင်ချလိုက်တော့သည်။ စောအယ်ကောသည် အံ့ဩခြင်းကြီးစွာဖြင့် ဆရာတော်ကြီးကို ပြားပြားဝပ်မျှ ဂါရဝပြုလေ၏။

ထိုအခါ ရေထဲရှိ တပည့်လက်သားတို့သည်လည်း ကုန်းပေါ်သို့တက်လာကြပြီးရေစက်လက်ဖြင့်ဦးနှိမ်ချလိုက်ကြပါတော့သည်။

❑

စောအယ်ကောက ဦးမြင့်သန်းကို အင်းဝိဇ္ဇာဆရာတော်ကြီး၏ထူးခြားသော အင်းပညာစွမ်းရည် သူမတူကျွမ်းကျင်ပုံတို့ကို အားပါးတရပြောပြလိုက်ရ၍ သူ့စိတ်ထဲမှာ ကျေနပ်မိသည်။ ဦးမြင့်သန်းသည်လည်း သူငယ်စဉ်က ကြုံတွေ့ခဲ့ရသည့်အပြင် ယခုစောအယ်ကောပြောပြ၍ ဆရာတော်ကြီး၏သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် အင်းပညာရပ်အစွမ်းပိုမိုထက်မြက်လာပုံတို့ကို ထပ်မံသိရှိလိုက်ရပါ၏။ ဆရာတော်ကြီးကို အလေးမှထပ်မံကြည်ညိုမိပြန်၏။

ဦးမြင့်သန်းက ရေနွေးပူပူမှုတ်သောက်ရင်း -

"စောအယ်ကောရေ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ်လည်းစားပါဦးဗျာ။ အင်း- ဆရာတော်ကြီးကိုကြည်ညိုလို့မဆုံးတော့ပါဘူးဗျာ"

"ဟုတ်တယ် ကိုမြင့်သန်းရဲ့။ ကျုပ်လည်း အတော်ကြည်ညိုမိတဲ့ ဆရာတော်ကြီးပါဗျာ။ ဂါထာအစွမ်း၊ အင်းကွက်အစွမ်းတွေကိုယ်တိုင်ကြုံခဲ့ရတာ"

စောအယ်ကောက ဆက်၍ပြောသည်မှာ -

"ဆရာတော်ကြီးက အင်းကွက်ဘာကြောင့်စွမ်းသလဲဆိုတဲ့အကြောင်းပြောလိုက်သေးတယ်ဗျ"

"ဟုတ်လား"

"အင်းဆိုတာကွာ ဒကာရယ် မြန်မာအက္ခရာဗျည်းသုံးဆယ့်သုံးလုံးပဲ ဘာဆန်းလို့တုံး။ ဗျည်းသုံးဆယ့်သုံးလုံးကို ဘာဖြစ်လဲ။ ပေါ့ပေါ့တန်တန်မထင်လိုက်နဲ့နော်။ မြန်မာ့အက္ခရာဗျည်းသုံးဆယ့်သုံးလုံး၊ လောကကို စောင့်ရှောက်သော နတ်မင်းကလည်း သုံးဆယ့်သုံးပါးရှိတယ်။ အဲဒါတွေကြောင့် ဂါထာတွေမှာ ကြားဖူးမှာပေါ့။ သုံးဆယ့်သုံးပါးခဝပ်တွားရသော ဘုံးတော်မာဃဝါသဝလို့ဆိုထား တာရှိတယ်။ အဲဒီနတ်သုံးဆယ့်သုံးပါးကို အုပ်ချုပ်တာက သိကြားမင်းပဲ။ ဝါသဝိန္ဒနတ်မင်းကြီးလို့ ခေါ်တာပေါ့။ သုံးဆယ့်သုံးပါးသော နတ်မင်းတွေရဲ့အပေါ်မှာ လောကပါလနတ်မင်းကြီးလေးပါးကလည်း စောင့်ရှောက်ထားပြန်တယ်လေ။

အဲဒါကြောင့် မြန်မာအက္ခရာတွေကိုအထင်မသေးရဘူးကွယ့်။ ပညာအရစနစ်တကျစီရင်တတ်ရင် အဲဒီဗျည်းသုံးဆယ့်သုံးလုံးဟာ ဆေးတွေချည်းပဲ ဒကာရဲ့။ အခု အတိုချုပ်အနေနဲ့ကတော့ ဒါလောက်ပါပဲလို့ ကျုပ်ကိုမိန့်ဖူးတယ်ဗျာ"

"ဆရာတော်ကြီးမိန့်ကြားတဲ့အထဲမှာ မြန်မာအက္ခရာတွေကို နည်းစနစ်ကျကျနဲ့ ပညာအရာမှာ အသုံးချနိုင်မယ်ဆိုရင် တကယ့်အစွမ်းထက်အကျိုးရှိပေတာပဲ။ ဆရာတော်ကြီးက လက်တွေ့လုပ်ပြလိုက်တာပဲဗျာ။ ကြားရတာတန်ဖိုးရှိလိုက်တာ"

"ဟုတ်တယ် ကိုမြင့်သန်း၊ အင်းဝိဇ္ဇာဆရာတော်ကြီးပတ်သက်တဲ့အကြောင်းတွေကြားရ၊ ကိုယ်တိုင်တွေ့ကြုံခဲ့ရတာတွေ ဘယ်တော့မှ မမေ့နိုင်တော့ဘူးဗျာ။ လေးစားပြီးရင်းလေးစားရင်းပါပဲ"

"မေ့နိုင်ရိုးလားဗျာ၊ အကြည်ညိုရဆုံး ဆရာတော်ကြီးလို့ မြင်မိတယ်ဗျာ"

"ဟုတ်ပါ့ဗျာ၊ ကိုင်း-ကျွေးမွေးဧည့်ခံတာအတွက် ကျေးဇူးပါ။ ကိုမြင့်သန်းရဲ့ရေနွေးကြမ်းက အချမ်းပြေစေတယ်။ အလုပ်လေးတွေရှိသေးလို့ ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

စောအယ်ကောသည် ကိုမြင့်သန်းကိုနှုတ်ဆက်ကာ သူ့အိမ်ရှိရာသို့ နှင်းမှုန်မှုန်ကြား ဖြတ်သန်းလျက် ပြန်သွားလေတော့သတည်း။

သုခိအတ္တာနံပရိဟရန္တု

**အောင်မြင့်ထွန်း (မသုံးလုံး)**

*(အင်းဝိဇ္ဇာဆရာတော်ဘုရားကြီး၏ ဖြစ်ရပ်မှန်ပြောပြသူ ဆရာကြီးဦးမြင့်သန်းအား ဂါရဝပြုတင်ဆက်သည်။)*



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး၊ အနာရောဂါဝေဒနာ ခံစားရတာဟာ အတိတ်ဘဝကကံ ကြောင့်လား"

ထွေရာလေးပါး ဆွေးနွေးဖော် ဖြစ်သော ဦးဘအေးက တစ်နေ့တွင် အထက်ပါအတိုင်း မေးလိုက်ပါသည်။

ကျွန်တော်က -

"ဒါကို ကျွန်တော်သေသေချာချာ ပြည့်ပြည့်စုံစုံမသိဘူး။ ဒီတော့ အတပ် ရယ်လို့တော့ မပြောနိုင်ဘူး။ အထင်နဲ့ မှန်းပြီးပြောရရင် -

အတိတ်ကံကြောင့်ဖြစ်တဲ့ရောဂါ လည်းရှိတယ်။ ပစ္စုပ္ပန်ကံကြောင့်ဖြစ်တဲ့ ရောဂါလည်းရှိတယ်။အတိတ်ကံကြောင့် ဖြစ်တဲ့ရောဂါဆိုတာ အခုလူတွေပြောနေ ကြတဲ့ ဝဋ်နာဆိုတာဖြစ်မယ်။ ပစ္စုပ္ပန်ကံ ကြောင့်ဖြစ်တာများမယ်။ ကျွန်တော့် ကိုယ်တွေ့ဥပမာနဲ့ပြောမယ်။

ကျွန်တော် အခုအစာအိမ်ရောဂါ ကို ပြင်းပြင်းထန်ထန် ခံစားနေရတယ်။ ဒီရောဂါရတာ နှစ် (၅၀) ကျော်ပြီ။

ကျွန်တော်က အရသာ(၆)ပါးမှာ စပ်တဲ့အရသာကိုအကြိုက်ဆုံးပဲ။ အလွန် အကျွံစားလို့ ဆီးခန်းပြီး ဆီးသွားတော့ သွေးတွေပါလို့ ဆေးရုံတက်ရတယ်။

ပျော့သုံးလ၊ ပုံမှန် သုံးလ၊ တစ်နေ့ (၆) ကြိမ် နည်းနည်းစီစားရတယ်။ကျွန်တော် လုပ်တယ်။ သက်သာသွားတယ်။

ထမင်းတစ်ပန်းကန်လှလှ ထက်-မပိုရ။ (၁၅) မိနစ်ထက် နောက်မကျရ။ (၁၅) မိနစ် ထက် ပိုမစောရ။ ဝက်သား၊ လက်လုပ်ဆန်လုံးဝမစားရ။ စာနဲ့မှာလိုက်တယ်။ (၁) နှစ် လောက်ပဲ လိုက်နာတယ်။ နောက်တော့မလိုက်နာတော့ ဘူး။ ပြန်ထရင် ဆန်ပြုတ်ခဏ သောက်လိုက်၊ ကောင်းရင်ပြန်ပျက် စီးလိုက်နဲ့ ကြာတော့ ဒီပုံဖြစ်တာ ပဲ။

အဲဒါအတိတ်ကံကြောင့် လို့ပြောမလား။ ကျွန်တော့် ပစ္စုပ္ပန်မိုက်မဲမှုကံကြောင့်ပဲ။

အစားအစာနဲ့ ပတ်သက်ပြီး ရောဂါရကြောင်း (၃)မျိုးရှိတယ် လို့ဆိုတယ်။ အဲဒါတွေက-

၁။ မသင့်စာ၊
၂။ နမြောစာ၊
၃။ အားနာစာ တဲ့။



# ချောင်းဆိုးအနမ်းသွင်

## ဘာကြောင့်ရောဂါရသနည်း

(၃၃) ရက်ကြာတယ်။ မသက်သာဘူး။ ဒါနဲ့ တိုင်းရင်းသမားတော်နဲ့ ကုတယ်။ အဲဒီမှာ ကျွန်တော်စိုးရိမ်လွန်ပြီး အလွန် အကျွံဆေးသောက်မိလို့ ဆီးလွန်ရောဂါ ဖြစ်ပြန်တယ်။ ခုထိပဲ။

ကြာတော့ ငရုတ်သီးစားလို့ပြန်ရ လာတယ်။ ပြန်စားတယ်။

၁။ ငရုတ်သီးစားတယ်။
၂။ စကားကောင်းနေရင် ထမင်းဆာ တာကိုအောင့်ထားတယ်။

ကြာတော့ အစာအိမ်ရောဂါရ တယ်။ ဆေးရုံတက်တော့ အနာပဲ၊ ခွဲရ မယ်ပြောတယ်။ မိတ်ဆွေတစ်ယောက် က သူ့နည်းအတိုင်းလုပ်ရင် မခွဲရဘူးဆို လို့လုပ်တယ်။ သူ့နည်းက ဆန်ပြုတ်ကျဲ ကျဲ သုံးလ၊ ပျစ်ပျစ် သုံးလ၊ ထမင်းပျော့

ရောဂါဝေဒနာနဲ့မသင့်တာ။ ဒါမှ မဟုတ် မဖြစ်သေးတဲ့ရောဂါကို ဖြစ်စေ တတ်တဲ့အစာမျိုးကို မသင့်စာလို့ဆိုရမှာ ပေါ့။ နောက် နမြောစာဆိုတာက ဝနေ ပြီဖြစ်ပေမယ့် နည်းနည်းကျန်တာကို နမြောပြီးစားလိုက်လို့ အစာမကြေဖြစ်ရ တာ။ အနံ့မကောင်း (သို့) ဖြစ်နေတဲ့ အစာကိုလည်း ပစ်ရမှာနမြောပြီးတော့ စားတာ။ အိမ်ရှင်မတွေအများဆုံးဖြစ် တတ်တယ်။ အားနာစာဆိုတာကတော့ မသင့်စာကိုသိပေမယ့် ငြင်းရမှာအားနာ ပြီး စားလိုက်ရတာ။

အဲဒါ ကိုယ်တွေ့တစ်ခုပြောတယ်။ ကျွန်တော် ကျောင်းသားဘဝက ရန်ကုန် မှာ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ နေတယ်။ သူတို့က ကရင်တိုင်းရင်းသား တွေ။ သူငယ်ချင်းရဲ့အမေကို သူငယ်ချင်း

ခေါ်သလို အမိုးလို့ခေါ်တယ်။ အ[illegible] ကျွန်တော့်ကို သိပ်ချစ်တယ်။ ထ[illegible] အလကားကျွေးထားတဲ့အပြင် အ[illegible] အစားပါလျှော်ပေးသေးတယ်။ [illegible] တော့ ကျွန်တော်ရှာပြန်ရောက်၊ [illegible] အိမ်ထောင်ကျ၊ အလုပ်ရနဲ့ (၁၅) [illegible] လောက် လုံးဝအဆက်ပြတ်သွား[illegible] ပြီးမှ ကျွန်တော် အချိန်ရတာနဲ့ အ[illegible] သွားကန်တော့တယ်။ ကျွန်တော့်[illegible] တော့ ဖက်ပြီးငိုတယ်။ ဝမ်းသာဝ[illegible] ပေါ့။ ပြီးတော့ သားထမင်းစားပြီး[illegible] လို့ပြောပြီး နောက်ဖေးဝင်သွား[illegible] ခဏကြာတော့ ကျွန်တော် အမိ[illegible] ကြီးကို အစ်မ အမိုးကောလို့ [illegible] မေးသွားတယ်တဲ့။ ဈေးကအ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ပြီးတော့ ကျွန်တော့်ကို ထမင်း ကျွေးတယ်။

အမိုးရဲ့သားကြီးကြိုက်တတ်တာ အမိုးမမေ့ဘူး။ ဒါကြောင့် ဈေးသွား ပြီး ချက်လိုက်တာလို့ပြောတယ်။ ဘယ်လိုပေါင်းလဲဆိုတော့ မျှစ်ချဉ်နဲ့ဝက်သား။ အိမ်မှာနေတုန်းက ကျွန်တော်သိပ် ကြိုက်တာ။ ဒါပေမယ့် နောက်ပိုင်းမှာ အိမ်ရောဂါရလာလို့ လှည့်တောင် ကြည့်ဝံ့ဘူး။ အခုလည်း ပြန်ထလို့ ထားတာ သက်သာစရှိသေး တယ်။ ကျွန်တော် ချွေးပြန်သွားတယ်။ ရဲ့စေတနာကို ကျွန်တော်ဘယ်လိုမှ ချက်ဘူး။ မျက်စိမှိတ်ပြီးစားလိုက် မနည်းခံလိုက်ရတယ်။ အဲဒါမလွှဲ တဲ့အားနာစာပဲ။

ရောဂါရတယ်ဆိုတာ အစား သောက်ကြောင့်ချည်းပဲ မဟုတ်ဘူး။ အထိုင်၊ အပြုအမူ စတာတွေ ကြီးရှိသေးတယ်။ အဲဒါမှာ တော် အချက် (၃) ချက်တွေ့မိ ကိုယ်တွေ့တွေ့ပဲ။ ပထမအချက် ကျန်းမာရေးအသိ၊ ကျန်းမာရေးဗဟု ရှိတာ။ ဒုတိယအချက်က သိပေ ရှုမစိုက်၊ မလိုက်နာတာ။ တတိယ တတော့ မလွှဲသာမရှောင်သာ

ကျွန်တော်ငယ်စဉ်က ကျွန်တော် ရွာမှာ သတင်းစာဆိုတာ တော်ကြီးကျောင်းမှာ တစ်စောင်ပဲရှိ ဘယ်သူကမှသွားမဖတ်ကြဘူး။ ည့်တိုက်ဆိုတာ လုံးလုံးလား၊ လားမေးရလောက်တယ်။ ဒီလိုပဲ ကြီးသူပြောတာ ကိုယ်လိုက်နာ ကျွန်တော်ငယ်ငယ်က အနာသိပ် တယ်။ အနာပေါက်တုန်း ချဉ်သီး တို ဦးတော်သူတစ်ယောက်က တော့ အချဉ်ကအနာကိုရင်း(မကျက် စေတယ်လို့ပြောတယ်။ ကျွန်တော် (၄၀) ကျော်အထိ လုံးဝအချဉ် ဘူး။ ချဉ်ဟင်းချက်ရင် မန်ကျည်း ထည့်ခင် ကျွန်တော့်အတွက်ဖယ် ။တစ်သက်လုံးအနာနဲ့မပြတ်ဘူး။ ခင်စီချို့တဲ့လို့ပဲ။ ဗဟုသုတမရှိလို့ လိုက်နာမိတာ။

ဖျပန်ဝင်ခါနီးလောက် ကျွန်တော် သမှာ အိမ်လုံးကျွတ် ငှက်ဖျားဖျား တယ်။ ဖျားတက်စမှာ ဖိမနိုင်အောင် တယ်။ အဖျားကျတော့ တအားပူ ရူးသလိုကယောင်ကတမ်းပြော၊ ဆို၊ ကနဲ့ တကယ်ပြင်းထန်တယ်။

ကျွန်တော်လည်းဖြစ်တာပေါ့။ တစ်နေ့ ရွာလွတ်ရွာက ဧည့်သည်တစ်ယောက် ကိစ္စတစ်ခုနဲ့ရောက်လာတယ်။ သူက အဖျားတက်စ တောနှမ်းရွက်ကို အရည် ညှစ်ပြီး မျက်စဉ်းခတ်လိုက်ရင် ငှက်ဖျား ပြေးရော။ ဘယ်တော့မှပြန်မလာတော့ ဘူးလို့ ပြောတယ်။ လူကြီးတွေက ကြား ပေမယ့် အမှတ်တမဲ့ပဲ။ ကျွန်တော်က သေသေချာချာမှတ်လိုက်တယ်။ တောနှမ်း က ကျွန်တော်တို့ ခြံပြင် တောထဲမှာ အများကြီးရှိတယ်။ ဘာအသုံးကျမှန်း ကျွန်တော်မသိဘူး။

ကျွန်တော့်မှာ ကြိတ်လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ငှက်ဖျားစတက်တာနဲ့ ကျွန်တော်ခတ်လိုက်တယ်။ မျက်လုံးထဲ ကို ရေနွေးဆူဆူလောင်းထည့်လိုက် သလိုပဲ။ မခံမရပ်နိုင်ဖြစ်ပြီး အော်ရ တယ်။ အဖေသိတော့ ကျွန်တော့်ကို ဆွဲ ခေါ်သွားပြီး ရေအင်တုံမှာ မျက်နှာနှစ် ပြီး မျက်လုံးကိုပွင့်ချီပိတ်ချီလုပ်ခိုင်းတယ်။ အတန်ကြာလုပ်လိုက်တော့ သက်သာ သွားတယ်။ ဒါပေမယ့် မျက်စိနီရဲပြီး နှစ်ဖက်စလုံး အတော်ကြာကြာရောင်နေ တယ်။ ဒီအကျိုးဆက်နဲ့မကြာခဏမျက်စိ နာတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန် တပ်ရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ နှစ်ဖက် စလုံး တိမ်စွဲပြီး အစောကြီးမျက်စိခွဲရ တယ်။အဲဒါကျန်းမာရေးဗဟုတခေါင်းပါး မှုကြောင့်ပဲ။

ရန်ကုန်ရောက်လာတော့ အဘက် ဘက်က အတော်ကလေးဗဟုသုတရလာ တယ်။ ဒါပေမယ့် အမှောင်ခေတ်မှာ လုပ်ခဲ့တဲ့ အစွဲအလမ်းကို မဖျောက်နိုင် ပြန်ဘူး။ သိလျက်နဲ့ မလိုက်နာဘူးပေါ့။ ဥပမာ ကျွန်တော်တို့အမှောင်ခေတ်မှာ တုန်းက သွားကို မီးသွေးခဲ၊ ပြာ၊ ဆားတို့နဲ့ တိုက်တယ်။ ကျွန်တော့်သွားကကန့်လန့် တွေရော၊ ဒေါင်လိုက်တွေရော မညီ မညာနဲ့။ မီးသွေးတုံးနဲ့တိုက်လို့လည်း အားလုံးကို့မထိဘူး။ ပြာ၊ဆားတို့ကိုတို့ပြီး လက်ညှိုးနဲ့တိုက်တော့လည်း ဒီအတိုင်း ပဲ။ ရန်ကုန်သားတွေက သွားတိုက်ဆေး၊ သွားပွတ်တံနဲ့တိုက်နေကြပြီ။ အဲဒါကို ကျွန်တော်က ဒီလူတွေ ဖိနပ်နဲ့သွားမှား တိုက်နေကြတယ်လို့ လှောင်ပြောင်ပြီး ဆားလက်ညှိုးနဲ့အတော်ကြာနေခဲ့တယ်။ အဲဒါသိလျက်နဲ့ ဖွဲ့ခတ်တာ။

ကျွန်တော်ငယ်စဉ်က အရက် ကြိုက်တယ်။ အရက်ရဲ့ဆိုးကျိုးတွေကို သိတယ်။ ဒါပေမယ့် သောက်ချင်စိတ်ကို ဦးစားပေးလိုက်တယ်။ ကံကောင်း ထောက်မပြီး စောစောစီးစီးပြတ်သွား တယ်။ အရက်သောက်သူ (၉၀) ရာခိုင် နှုန်းဟာ အရက်ရဲ့ဆိုးကျိုးကို သိကြတာ ပဲ။ အချို့ ကျွန်တော့်လို စောစောစီးစီး သတိတရားရပြီး ပြတ်သွားကြတယ်။ အများစုက စောစောသတိမရကြဘူး။ သတိရချိန်မှာ ဖြတ်လို့မရတော့ဘူး။

ကျွန်တော့်မိတ်ဆွေတစ်ယောက် ဆိုရင် ဆေးလိပ်သိပ်ကြိုက်တယ်။သလိပ် ထဲသွေးပါလာတာတွေ့ရင် ခဏဖြတ် လိုက်တယ်။ နောက် ပြန်သောက်တယ်။ ကြာတော့ အဆုတ်ကင်ဆာနဲ့သေသွား တယ်။

အစားအစာတွေလည်း ဒီလိုပဲ ပေါ့။ ကိုယ့်ရောဂါနဲ့မသင့်မှန်းသိပေမယ့် မဖြတ်နိုင်၊ မရှောင်နိုင်လို့ ဒုက္ခများသွား ကြတယ်။ စားချင်တာစားပြီး စောစော သေလိုက်မယ်လို့ ရွဲ့ပြီးပြောသူတွေရှိ သေးတယ်။

သိလျက်နဲ့မလိုက်နာတဲ့အကြောင်း ကတော့ ပြောမဆုံးအောင်တောသုံး ထောင်ပဲ။

အဲ-နောက်တစ်မျိုးရှိသေးတယ်။ ဆေးသောက်လို့ရောဂါရတာ။ ရောဂါ တစ်မျိုးအတွက် ဆေးသောက်လိုက်တာ အခြားဖြစ်ပြီးတဲ့ရောဂါကို ပိုဆိုးစေ တယ်။ မဖြစ်သေးတဲ့ရောဂါကို ဖြစ်စေ တယ်။ ဘေးထွက်ဆိုးကျိုးလို့ခေါ်တာ ပေါ့"

"တိုင်းရင်းဆေးက ဘေးထွက်ဆိုး ကျိုးမရှိဘူးဆိုတာ ဟုတ်သလား"

ဦးဘအေးကဖြတ်မေးပါသည်။

ကျွန်တော်က -

"ကျွန်တော်သိသလောက် အချို့ ရှိတယ်။ အချို့မရှိဘူး။ ဒါပေမယ့် နည်း တယ်။ အနောက်တိုင်းဆေးလို မပြင်း ထန်ဘူး။ တိုင်းရင်းဆေးက ဘေးထွက် ဆိုးကျိုးဖြစ်မယ်ဆိုရင် အရက် (၁) ဆ၊ ရေ (၅) ဆ ရောသောက်လို့ခံရတဲ့ဒဏ် လောက်ပဲဖြစ်ပြီး အနောက်တိုင်းဆေး ကျတော့ အရက်ကိုရေမရောဘဲသောက် သလိုခံရတယ်။

ရောဂါဘာ့ကြောင့်ရသလဲဆိုတာ နဲ့ ပတ်သက်ပြီး ကျွန်တော်စဉ်းစားမိ သရွေ့ကတော့ ဒါလောက်ပဲ။ အများ ကြီးကျန်ဦးမှာပေါ့။

ကဲ- ဒီနေ့ စကားဝိုင်း ဒီတင်နား ကြဦး"

ချောင်းဆုံအုန်းသင်

www.burmeseclassic.com

မခင်မြင့်သည် ရပ်ကွက်ထဲတွင် အရက်ရောင်းသူဖြစ်သည်။ ရှင်းရှင်းဆိုရသော် အိမ်ဆိုင်အရက်ပုန်းဆိုင် ဖြစ်၏။ ရပ်ကွက်ထဲမှ အရက်သမားတော်တော်များများသည် သူမဆိုင်တွင်အားပေးကြသည်။ ဆိုက်ကားသမား၊ ကားသမား၊ အလုပ်ကြမ်းသမား၊ အစိုးရဝန်ထမ်းများနှင့် အလုပ်မရှိ ၁၀၉၊ ၁၁၀ လူငယ်တွေလည်း သူ့ဆိုင်မှာအားပေးကြသည်။

မဆလခေတ်က အရက်ပုန်းအိမ်ဆိုင်များသည် ဘီအီးဟုအမည်ပေးထားသော အရက်ဖြူကိုသာရောင်းကြသည်။ ရပ်ရှင်ထဲမှ လူကြမ်းမင်းသား ကတုံးချီးဘူးက နောက်ဖေးလမ်းကြားထဲမှ သူ့အိမ်လေးတွင် ထောက်ကြန့်ဒေသထွက် တောအရက်ကိုသာရောင်းသည်။ အရက်ဖြူမသောက်နိုင်သော ကမ်းနားမှကုန်ဝန်ထမ်းအလုပ်သမားများသည် ချီးဘူးဆိုင်မှ တောအရက်အားသောက်ကြသည်။ ထိုမှတစ်ဆင့် တောဖောရွေ ဟူသော ဝေါဟာရတစ်ရပ်ပေါ်ပေါက်လာပါသည်။ တောအရက်သောက်လျှင် ကြာသော် ခန္ဓာကိုယ်ဖောရောင်လာပြီး နောက်ဆုံး သေဆုံးကြသောကြောင့်ဖြစ်သည်။

မဆလခေတ်က အစိုးရထုတ် ဘီအီးအရက်ဖြူအား စားကောင်းသောက်ကောင်းချိန်ဆသောက်သဖြင့် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အထိနေသွားရသော အရက်သမားကြီးများရှိခဲ့သည်။ ယခုခေတ် ကုမ္ပဏီများထုတ် အရက်ဝီစကီများသည် လူငယ်လူလတ်





www.burmeseclassic.com

www.burmeseclassic.com

များအား စောစီးစွာဖြင့် ရေဝေးသို့ ဆောင်နေပါသည်။ အရက်ပုလင်း၊ အရောင်အဆင်းမည်မျှပင်လှသော် အရည်အသွေးညံ့ဖျင်းပြီး သောက် သူများအတွက် အန္တရာယ်ဖြစ်စေ တံဆိပ်ပေါင်းများ ပါဝင်နေပြီး ရောင်၊ အနံ့လှအောင်ဖန်တီး၍ရောင်း သောကြောင့် လူငယ်၊ လူလတ်ပိုင်း သက်ဆိုးမရှည်ကြတော့ပါ။

မဆလခေတ်က အစိုးရအချက် စက်ရုံများမှထုတ်လုပ်ရောင်းချသော အရက်ဖြူ ရမ်၊ ဘရမ်ဒီအရက်များနှင့် ဘီယာသည် အလွန်အဆင်မြင့် သည်။ မြန်မာပြည်မှ အရက်ဖြူအား သွားရပြန်ပါသည်။ ထိုဝတ္ထုကုန်ကြမ်း အားရလာခဲ့သည်မှာလည်း ကျွန်ုပ်တို့ ရပ်ကွက်အတွင်းရှိ မခင်မြင့်အရက်ဆိုင် မှဖြစ်နေ၍ အရက်အကြောင်းရေးဖြစ် သွားခြင်း ဖြစ်သည်။

❑

စာရေးဆရာအတော်များများသည် အရက်၊ ဘီယာနှင့်မကင်းကြောင်းဝန်ခံ လိုပါသည်။ ကျွန်ုပ်သည်ပင်လျှင် တစ်ခါ သော်လည်း ကိုယ်သောက်စားထား၍ သူတစ်ဖက်သားအား မထိခိုက်စေရန် အထူးသတိထားခဲ့ပါသည်။ ရုပ်ရှင်၊ ဗီဒီယိုများထဲကလို အရက်မူးပြီး သူများ သားမယားအားစော်ကားမိသည့်ကိစ္စ၊ အရက်မူး၍ ရန်ဖြစ်စကားများ ခိုက်ရန် ဒေါသဖြစ်ပွားမည့်ကိစ္စများအား အထူး ရှောင်သည်။ ယနေ့အချိန်အခါလို ရေ ငတ်လျှင် ဘီယာသောက်နေကြသည့် ခေတ်တွင် လည်းကောင်း၊ မိန်းကလေး များပင် မူးရူးအောင်သောက်နေကြသည့် အချိန် တစ်ခါတစ်ရံမှ ဘီယာတစ်လုံး

# သန့်ဇင်

# နောင်ကြိုးမဲ့ပညာသည်



သားဆိုဂျူးနှင့် ဂျပန်ဆာကေး အရက်ပင်မမီခဲ့ပါ။

ဝတ္ထုရဝတ္ထုတစ်ပုဒ်ရေးမည်ဟုစဉ်း စဉ်မှာပင် အရက်ကြော်ငြာကဝင် တစ်ရံ ရှောင်မရလျှင် အပေါင်းအသင်း စာရေးဆရာများကို အားနာ၍ ဘီယာ တော့သောက်ပါသည်။ အရက်၊ ဘီယာ များသည် ငါးပါးသီလအားကျိုးပေါက် လောက်၊ ဝိုင်တစ်ခွက်လောက်သောက် မိခြင်းကို အပြစ်ဟုဆိုလာပါလျှင် ကျွန်ုပ် ရိုးသားစွာ ဝန်ခံပါသည်။ တစ်ခါတစ်ရံ လူမှုဆက်ဆံရေးနယ်ပယ်တွင် လူတန်း စားတစ်ရပ်၌ တစ်ခွက်တစ်ဖလားမှ မသောက်မိလျှင် လူရာမဝင်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဆရာဦးသိန်းဖေမြင့်ထုံးနှလုံးမူ၍ ငါးကျပ်သားပေါ့။

❑

ကျွန်ုပ်သည် နိုင်ငံခြားသင်္ဘော၌ တာဝန်ထမ်းဆောင်၍ နှစ်ပြည့်သောအခါ အမိမြန်မာပြည်သို့ပြန်ရောက်ပြီး မိမိမွေးဖွားကြီးပြင်းခဲ့ရာ ဇာတိအရပ်သို့ ပြန်ပြီး မိဘများအားကန်တော့၏။ အိမ်ထောင်ကျ၊ သင်္ဘောလိုက်ပြီး မိဘများနှင့်ခွဲကာ တစ်အိုးတစ်အိမ်ထူထောင်နေထိုင်သောအခါ မိဘဆွေမျိုး အသိုင်းအဝိုင်းများအပြင် ငယ်သူငယ်ချင်းများနှင့်ပါ ကွဲကွာသွားခဲ့သည်။ထို့ကြောင့် သင်္ဘောမှပြန်လာသောအခါ မိဘအိမ်သို့ အလည်ရောက်ကန်တော့ပြီးသည်နှင့် သူငယ်ချင်းများနှင့်အတူ သောက်စားခဲ့သော မခင်မြင့်အရက်ဆိုင်သို့ ခြေဦးလှည့်မိသည်။ထိုစဉ်က အတူတူသောက်ခဲ့သော ကိုစိုးမြင့်၊ ဆာမိ၊ မာမွတ်သီးတို့သည် မသေဆုံးကြသေးပါ။ မခင်မြင့်အရက်ဆိုင်သို့ရောက်သည်နှင့် အပေါင်းအသင်းများနှင့်တွေ့ရပါတော့သည်။ သူတို့သည် တစ်နှစ်ခွဲ နှစ်နှစ်ခန့်ကွဲကွာသွားသော ကျွန်ုပ်အား အံ့အားသင့်စွာဖြင့်ကြည့်ကြသည်။ သူတို့နှင့်အတူတူအရက်သောက်ခဲ့သောကျွန်ုပ်သည် အရက်မသောက်တော့ဘဲ စာကျက်၊ ကျူရှင်တက်ကာ ရေကြောင်းအင်ဂျင်နီယာစာမေးပွဲအောင်သွားပြီး နိုင်ငံခြားသင်္ဘောပေါ် ရောက်သွားသည်ဟုသာ သတင်းသဲ့သဲ့ကြားကြသည်။ယခုလို ရုတ်တရက်ပြန်တွေ့လိုက်ရသောအခါ ဝမ်းသာကြည်နူးခြင်း၊ ဂုဏ်ယူခြင်းများနှင့်အတူ ဝမ်းနည်းပက်လက်လည်းဖြစ်ကြရသည်။ဝမ်းနည်းပက်လက်ဖြစ်ကြရသည်က သူတို့နှင့်အတူတူ တစ်ယောက် ငွေနှစ်ဆယ်ခန့်စု၍ အရက်သောက်လာရသည့်ဘဝမှ ဒေါ်လာစား နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာဖြစ်သွားပြီး သူတို့ကတော့ ဘဝကိုရုန်းကန်ရင်း ဒုံရင်းအတိုင်းရှိနေခြင်းကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဘဝမမေ့ဘဲ သူငယ်ချင်းများကိုလာတွေ့သည့်အတွက် သူတို့ဂုဏ်ယူနေကြသည်။ဝမ်းသာကြည်နူးနေကြသည်။

"သန့်ဇင်ရယ်၊ နင်ပျောက်သွားလိုက်တာ နှစ်တွေကြာလိုက်တာ။ နင်အခုဘယ်မှာနေလဲ၊ သင်္ဘောလိုက်နေတယ်လို့လည်းကြားတယ်။ ငါ့ဆိုင်လေးကို သတိတရနဲ့ဝင်လာတာကို ငါအရမ်းဝမ်းသာပါတယ်။ နင်အရက်ဖြူတော့ သောက်မှာမဟုတ်တော့ပါဘူး။ နင်က သင်္ဘောသားကြီးဖြစ်သွားပြီကိုး။ ဒါပေမယ့် နင်ကြိုက်တဲ့ကြက်ခွေးတောက်ဟင်းက ခုမှချက်ပြီးတယ်။ ပူပူနွေးနွေးလေး စားသွားပါဦးဟယ်။ ငါ့ဧည့်ခံတာပါ။ ပိုက်ဆံမယူပါဘူး"

မခင်မြင့်သည် ဝမ်းသာအားရဖြင့် စကားတတွတ်တွတ်ပြောရင်း ကြက်ခွေးတောက်ဟင်းယူရန် နောက်ဖေးခန်းသို့ထွက်သွား၏။

"သန့်ဇင်ကြီး၊ မင်းဝလာပြီး အသားတွေဖြူလာတယ်ကွာ။ ငါတို့တွေက မင်းကိုသတိရနေကြတာပါ။မင်းအဖြူချဦးမလား"

ကိုစိုးမြင့်သည် အရက်ဖြူဖန်ခွက်အား တွန့်ဆုတ်တွန့်ဆုတ်ဖြင့်ကမ်းပေး၏။ သူ့စိတ်ထဲ ကျွန်တော်သည် အဆင့်နိမ့်သည့်အရက်ဖြူအား မသောက်တော့ဟုထင်နေပုံရသည်။ ကျွန်တော် သူကမ်းပေးသောအရက်ခွက်အား တစ်ရှိန်ထိုးမော့ချလိုက်သည်။ ပြီးတော့ လက်ဖက်သုပ်တစ်ဇွန်းအားမြည်းလိုက်သည်။

"ဟေး- ဒါမှငါတို့သူငယ်ချင်းကွ"

"အစ်ကို ဘဝမမေ့တာကို တွေ့ရလို့ ကျွန်တော် အရမ်းဝမ်းသာတယ်"

မာမွတ်သီးဆိုသော ကုလားလေးသည် ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဂစ်တာတီးသင်ချင်သဖြင့် ကျွန်တော့်အား ဆရာတင်ရင်း တပည့်တစ်ဦးလိုနေလာခဲ့သောသူဖြစ်သည်။

"ငါဘဝမမေ့ပါဘူးကွာ၊ အရက်ဖြူကိုလည်းကြိုက်ပါတယ်။ ဒါပေမယ့် မင်းတို့ကိုတိုက်ဖို့ ငါဘန်ကောက်လေဆိပ်က ဂျော်နီဝါးကားဘလက်လေဘယ်တစ်လုံး ဝယ်လာတယ် ဒီမှာ"

ကျွန်တော် လက်ဆွဲအိတ်ထဲမှ ဘလက်လေဘယ်ပုလင်းအား ဆွဲထုတ်လိုက်သည်။ ဘီအီးအရက်ဖြူကြောင့် မှေးမှိန်နေသောသူတို့မျက်လုံးများသည် နိုင်ငံခြားဖြစ်ဝီစကီပုလင်းကြောင့် အရောင်တဖျပ်ဖျပ်နှင့်တောက်ပလာနေကြသည်။ မခင်မြင့်က ကြက်ခွေးတောက်ချက်ပူပူနွေးနွေးအားလာချပေးသည်။ မာမွတ်သီးက ရေခဲအမြန်ပြေးဝယ်သည်။ သူတို့သည် ဖန်ခွက်ထဲသို့ ဘလက်လေဘယ်အားငှဲ့ထည့်ကြပြီး ရေခဲတုံးလေးများထည့်ကာ ခွက်ကိုလှုပ်ခါရင်း ခိုးယားလုပ်ကြသည်။

"ကောင်းလိုက်တဲ့အရက်ကွာ၊ ငါတို့တစ်သက်မှာ တစ်ခါမှမသောက်ဖူးပါဘူးကွာ။ သန့်ဇင်ရယ် ကျေးဇူးတင်ပါတယ်။ ကဲ - ဒါနဲ့ မင်းရဲ့ကမ္ဘာပတ်ခဲ့တဲ့ သင်္ဘောအတွေ့အကြုံတွေကိုပြောပြပါဦး"

ထိုခေတ်က သင်္ဘောအရာရှိမပြောနှင့် သင်္ဘောသားရိုးရိုးပင်လျှင် ရပ်ကွက်ထဲ၌ အလွန်မျက်နှာပွင့်၍ သမက်ဖမ်းချင်နေကြသောခေတ် ဖြစ်ပါသည်။ ကျွန်တော်က သူတို့အားရောက်ခဲ့သည့်နိုင်ငံတွေအကြောင်းပြောပြလိုက် ဘန်ကောက်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား နိုင်ငံများမှ ပျော်စရာတွေကိုပြောပြသောအခါ နားရွက်များထောင်၍ အရောင်တလက်လက်ထွက်သောမျက်လုံးများဖြင့် ဝိုင်းကြည့်ကြရင်း သွားရည်တများများ ဖြစ်ကုန်ကြသည်။

"အစ်ကို၊ ကျွန်တော့်ကိုလည်း ဂျော်နီဝါးကားတစ်ခွက်လောက်တိုက်ပါလား။ ကျွန်တော့်ကို အစ်ကိုမှတ်မိလား"

ကျွန်တော့်နောက်မှပြောလိုက်သော အသံကြောင့် လှည့်ကြည့်မိလိုက်သည်။ အသက်အစိတ်ခန့်လူငယ်တစ်ယောက် သူ့အား ကျွန်တော်သည် အရင်က မခင်မြင့်အရက်ဆိုင်တွင် မကြာခဏ တွေ့ဖူးသည်။ သို့သော် မရင်းနှီး။

"အေး-လာဝိုင်းလေကွာ၊ မာမွတ် သီးထည့်ပေးလိုက်ပါ"

မာမွတ်သီးက သိပ်မကြည်သော မျက်နှာဖြင့်အရက်ကိုငှဲ့ထည့်လိုက်သည်။ ထိုလူငယ်သည် အရက်အား ရေမရော ဘဲ တစ်ရှိန်ထိုးမော့ချလိုက်သည်။

"အား-ပူဆင်းသွားတာပဲ၊ ကောင်း လိုက်တဲ့အရက်။ ဒေါ်ခင်မြင့်ရာ ခင်ဗျား အရက်ဖြူနဲ့ကတော့ ဘာမှမဆိုင်ဘူး"

"ဟဲ့ - ငါ့အရက်က တစ်ပုလင်း ငွေအစိတ်၊ အဲဒီအရက်က တစ်ပုလင်း သောင်းကျော်တန် မကွာဘဲနေမလား။ သန့်ဇင်ကြောင့် နင်ဒီအရက်မျိုးသောက် ဖူးတာ၊ ဒီပြင်ဆို နင်တို့သေတာတောင် ဒါမျိုးတွေ့ဖူးမှာမဟုတ်ဘူး။ ဒါနဲ့နေပါဦး သန့်ဇင်၊ နင်မဂ္ဂဇင်းတွေမှာဝတ္ထုတွေရေး နေတယ်ဆို။ နင့်အမေ ငါ့ကိုပြောတယ်"

"နည်းနည်းပါးပါးပါဗျာ၊ ကိုယ့် အတွေ့အကြုံလေးတွေကိုရေးတာပေါ့၊ ထူးထူးဆန်းဆန်းအကြောင်းလေးတွေ ဇာတ်လမ်းရရင်ရေးပါတယ်"

ထိုအခါ အရက်တောင်းသော သောကောင်လေးသည် ကျွန်တော့်အား သေသေချာချာကြည့်ပြီး စကားတစ်ခွန်း ဆိုလာ၏။

"အစ်ကို၊ ကျွန်တော်ဟာ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

အရက်ကောင်းကိုသောက်ရလို့ ကျေးဇူးတင်သွားပါပြီ။ အစ်ကိုကို ကျွန်တော် အရမ်းကောင်းတဲ့ဇာတ်လမ်းတစ်ပုဒ်ပြောပြမယ်။ မပြောခင် အစ်ကို့ကို ထူးဆန်းတာတစ်ခုလုပ်ပြမယ်။ ကြည့်မလား"

ကျွန်ုပ်သည် ဇာတ်လမ်းကောင်းရည်ဆို၍ သားကောင်အနံ့ရသွားသောမုဆိုးကဲ့သို့ သွေးကြောများဆူပွက်လာပါသည်။

"အေး- ဇာတ်လမ်းကောင်းရမယ်ဆိုရင် မင်းကြိုက်သလောက်သောက်၊ ငါတိုက်မယ်။ ဒါပေမယ့် ဘာထူးဆန်းတာပြမှာလဲ"

"အစ်ကိုကသဘော်သားဆိုတော့ ကြိုးချည်တာကျွမ်းမှာပေါ့"

"ညီလေး၊ သဘော်သားဆိုတာ ကြိုးချည်တာကိုလောက်မှမလုပ်တတ်ရင် သဘော်ပေါ်မတက်နဲ့"

"ဒါဆို အစ်ကို ကျွန်တော့်ကို လှုပ်နိုင်အောင်ကြိုးချည်နိုင်ပါ့မလား"

"မင်းတစ်ကိုယ်လုံးကို ဝက်တုပ်၊ ကြက်တုပ် တစ်ကိုယ်လုံးတုပ်ပြမယ်။ မခင်ဗျား ကြိုးရှိလား"

"အဝတ်လှန်းတဲ့နိုင်လွန်ကြိုးတစ်ခွေတော့ရှိတယ်။ ဝင်ပေါက်မှာချိတ်ထားတယ်"

မာမွတ်သီးက နိုင်လွန်ကြိုးခွေအား ယူလာပြီးပေးသည်။ ကျွန်တော်သည် ထိုလူငယ်လေးအား ပက်လက်လှန်အိပ်စေ၍ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက် အပြင် ပို့နေသည့်ကြိုးစအား တစ်ကိုယ်လုံးပတ်၍တုပ်လိုက်ရာ သူ့ခမျာလဲ့အိပ်နေရာမှပင်မထနိုင်တော့။

"အစ်ကို၊ ကျွန်တော့်ကို ဒေါ်ခင်မြင့်ရဲ့အိမ်ခန်းလိုက်ကာနောက်ကိုရွှေ့ပေးပါလား"

ဆာမိနှင့်မာမွတ်သီးတို့နှစ်ယောက် ထိုညီလေးအားမ,ချီပြီး လိုက်ကာနောက်သို့ ရွှေ့ပေးကြသည်။ ကျွန်တော်၊ ကိုစိုးနှင့် အခြားအရက်ဝိုင်းကလူများပါ လိုက်ကာနောက်သို့ စူးစိုက်စွာကြည့်နေကြ၏။ ဆာမိနှင့်မာမွတ်သီးတို့နှစ်ယောက် ထိုလူငယ်အား ခန်းဆီးလိုက်ကာနောက် ရွှေ့ပေးပြီး အပြင်ဘက်အရက်ဝိုင်းသို့ ပြန်လာကြပြီး မထိုင်ရသေးခင်မှာပင် ထိုလူငယ်သည် ခန်းဆီးအပြင်ဘက် ထွက်လာပြီး သူတို့နှစ်ယောက်နောက် ကပ်ပါလာသည်။

"ဟာ - ဘယ်လိုဖြစ်တာလဲ၊ ဟိုက် ကောင် ဘယ်လိုဖြေလိုက်တာလဲ"

ကျွန်တော်နှင့်အတူအရက်သောက် နေသူတွေရော အခြားအရက်ဝိုင်းမှသူတွေပါ အာမေဋိတ်သံများညံစီသွားပါတော့သည်။

"ဟဲဟဲ - အစ်ကို ဂျော်နီဝါးကား လေးနည်းနည်းလောက်ထပ်ထည့်ပေးပါလား"

ကျွန်တော်သည် အံ့အားသင့်ခြင်းများစွာနှင့်အတူ သူ့ခွက်ထဲသို့ ဝီစကီတစ်ပတ်ခန့်ငှဲ့ထည့်ပေးလိုက်သည်။

"ငါနောက်တစ်ခါပြန်ချည်ဦးမယ်ကွာ၊ ရမလား"

"ရတယ်အစ်ကိုကြိုက်သလောက်ချည်ပါ"

ဒီတစ်ခါတော့ အဝတ်လှန်းသည့် နိုင်လွန်ကြိုးခွေတွင်မကဘဲ ရေပုံးကြိုးခွေပါထပ်ယူပြီး တစ်ကိုယ်လုံးဝက်တုပ်တုပ်ပါတော့သည်။ ကျွန်ုပ်ကြိုးချည်ပြီးသောအခါ သူ့ပုံစံမှာ ပိုးတုံးလုံးတစ်ကောင်အား အပ်ချည်ကြိုးဖြင့် အထပ်ထပ်ရစ်ပတ်ထားသကဲ့သို့ဖြစ်နေသည်။

"မာမွတ်သီး၊ သူ့ကိုအခန်းထဲမှာချပြီးရင် ဘယ်လိုဖြေပြီးပြန်ထွက်လာသလဲဆိုတာ စောင့်ကြည့်နေ"

"မရဘူး အစ်ကို၊ ကျွန်တော်နဲ့ အစ်ကို့တို့ကြားမှာ အကာအရံတစ်ခုခုရှိနေမှ ကျွန်တော်ဖြေလို့ရမှာ"

မာမွတ်သီးတို့နှစ်ယောက် ထိုညီလေးအား နောက်တစ်ကြိမ်ထပ်မ,သွားပြီး ခန်းဆီးလိုက်ကာနောက်သို့ချပေးလိုက်စဉ် ကျွန်ုပ်လည်း ခန်းဆီးအပြင်မှာ ရပ်၍အသာနားစွင့်နေလိုက်၏။ စက္ကန့်သုံးဆယ်ခန့် ကြိုးများတဖျစ်ဖျစ်မြည်သံကြားရပြီးနောက် ထိုညီလေးသည် အခန်းတွင်းမှထွက်လာပါသည်။ ကျွန်ုပ်လည်း သူ့ကိုကျော်၍ အခန်းအတွင်းသို့ကြည့်လိုက်ရာ ကြိုးများမှာအကွင်းလိုက်အခွေလိုက်ပုံလျက်သားဖြစ်နေပါသည်။

ကျွန်ုပ်ချည်ထားသောလက်စသတ်ကြိုးထုံးမှာ နဂိုအတိုင်း ပုံစံမပျက်တွေ့ရ၏။ ကျွန်ုပ်စဉ်းစားရကျပ်လာပါသည်။ တုပ်ချည်ထားသောကြိုးထုံးအား အစမဖြေဘဲ ဒီကောင်ဘယ်လိုလုပ်ပြေပြီးထွက်လာသလဲ။ ဒီကောင့်မှာ အစွမ်းအစတစ်ခုခုတော့ရှိမှာ သေချာနေပါပြီ။ ဒါကို သိအောင်လုပ်ရမည်။

"ညီလေး - ချကွာ၊ မူးအောင်သောက်။ ဒီပုလင်းကုန်သွားလို့ထပ်သောက်ချင်ရင် ထပ်ဝယ်တိုက်မယ်"

ဂျော်နီဝါးကားဘလက်လေဘယ်ပုလင်းသည် လက်နှစ်လုံးခန့်သာကျန်တော့၏။ ကျွန်ုပ်တို့အရက်ဝိုင်းလည်း တော်တော်မူးနေကြလေပြီ။

"ညီလေး၊ အစ်ကိုချည်ထားတဲ့ကြိုးထုံးကိုဖြေဖို့ဆိုတာ မင်းလက်နှစ်ဖက်ကိုလည်းတုပ်ထားတာ။ အဲဒါ ဘယ်လိုလုပ်ပြီးပြေထွက်လာတာလဲ။ အစ်ကို့ကို ရှင်းပြပါလား။ ငါတော့ နားမလည်နိုင်တော့ဘူး"

"ကျွန်တော် ဟိုနှစ်ကောင်လည်း အပြင်ရောက်သွားရော ဂါထာတစ်ပုဒ်ရွတ်လိုက်တယ်။ အဲဒီအခါ ကြိုးတွေက သားရေပင်တွေလိုလျော့လာပြီး အသာလေးလျှိုထွက်လာတာ"

"ဘာ - ဘယ်လို၊ ဒီကြိုးတွေက သားရေပင်တွေလိုရှည်ထွက်လာတယ်။ မင်းဟာက ဟုတ်ပါ့မလားကွာ။ ဒီမှာကြည့်၊ ဘယ်လိုလုပ်ရှည်ထွက်လာမလဲ"

ကျွန်ုပ်သည် နိုင်လွန်ကြိုးအားဆွဲဆန့်ပြ၏။

ထိုအခါ ထိုလူငယ်က ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး -

"အစ်ကိုကလည်း ကျွန်တော် အပြင်ကိုနှစ်ခေါက်တိတိထွက်လာတာ အစ်ကိုမြင်ပြီးပြီပဲ။ ကြိုးမကလို့ ကျွန်တော့်ကို လက်ထိတ်ကြိုးချည်၊ ထိတ်တုံး၊ ဘာနဲ့မှခတ်လို့မရဘူး။ သော့နဲ့သံကြိုးတွဲခတ်ထားလည်း သူ့အလိုလိုပြုတ်သွားတာပဲ"

"မင်းအကြောင်းကိုတော့ ငါစိတ်ဝင်စားသွားပြီ။ မင်းဒီပညာကိုဘယ်လိုဘယ်ကနေဘယ်ဆရာဆီမှာသင်ပြီးတတ်လာတာလဲ ငါ့ကိုပြောပြပါလား"

"ပြောရရင် ကျွန်တော့်ဇာတ်လမ်းကအရှည်ကြီးပဲ။ ဒီအရက်ဆိုင်မှာမပြောချင်ဘူးဗျာ။ အစ်ကို နောက်တစ်ခါ အစ်ကို့အဖေ၊ အမေတွေအိမ်ကိုလာရင် လမ်းထိပ်က ညောင်ပင်လက်ဖက်ရည်ဆိုင်မှာထိုင်ပြီးပြောပြကြတာပေါ့"

ကျွန်ုပ်တို့ အရက်ဝိုင်းသိမ်းပြီးကိုယ့်အိမ်ကိုယ်ပြန်ကြသည်။ ထိုလူငယ်လေးသည် ကျွန်တော့်မိဘရပ်ကွက်ရှိမော်တော်ကားဘော်ဒီရုံတွင် ဘော်ဒီထုသူဖြစ်သည်။ သူ့ကို မွန်လေးဟုခေါ်ကြသည်။ နောက်တစ်ပတ် အမေတို့အိမ်သွားရင်း သူနဲ့ဆုံပြီး သူ့အကြောင်းအားမေးရမည်။ ကျွန်ုပ်အတွက်လည်း ဇာတ်လမ်းတစ်ပုဒ်ရမည်မဟုတ်လား။

❑

ရက်သတ္တပတ်ခန့်အကြာ၌ ကျွန်ုပ်၏မိဘအိမ်သို့အလည်သွား၏။ ရပ်ကွက်ထိပ် ကားမှတ်တိုင်တွင်ဆင်း၍ လမ်းသို



www.burmeseclassic.com

www.burmeseclassic.com

ဝင်၏။ ကျွန်ုပ်တို့လမ်းထိပ်သည် ရန်ကုန်မြို့တွင် အကြီးဆုံးငါးဈေးကြီးကြောင့် ပွက်ပွက်ညံနေ၏။ ယခင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်သာရှိခဲ့ရာမှ ယခုအခါ ဘီယာဆိုင်များ မှိုလိုပေါက်လာ၏။ ရပ်ကွက်လမ်းမကြီးသည် သစ်ဆိုင်များဖြင့် ပြည့်နှက်နေ၏။ ငါးသည်၊ ငါးကား၊ ဆိုက်ကားများဖြင့်ရှုပ်ယှက်ခတ်နေသည်။ ငါးဖမ်းလှေမှ သင်္ဘောသားများ၊ ငါးဒိုင်မှ အလုပ်သမားများ၊ ငါးလာဝယ်သည့် ငါးစိမ်းသည်များ၊ မိုက်ကြေးခွဲသည့် လူမိုက်ဂိုဏ်းများဖြင့် ကျွန်ုပ်တို့ရပ်ကွက်သည် ကမ္ဘာပျက်သည့်အလား ပေါက်ကွဲထွက်နေ၏။ ကျွန်ုပ်သည် ညီစို့စို့အနံ့များအား ရှူရှိုက်ရင်း လမ်းမကြီးအတွင်းဝင်လာသည်။ ရန်ကုန်မြို့၌ အကြီးဆုံးဖြစ်သော ကိုးမြို့ရှင်နတ်ကွန်းမှ ကိုးမြို့ရှင်၊ ပုလဲယဉ်နတ်မောင်နှမသည် မျက်စိရှုပ်၊ အနံ့ဆိုးများအားမခံနိုင်၍ ဇာတိ ရှမ်းပြည်နယ်သို့ပြေးပြီထင့်။ မပြေးရင်လည်း နားပင်းသွားနိုင်သည်။ နတ်ကွန်းအနီး လက်ဖက်ရည်ဆိုင်မှ ဆောင်းဘောက်ကြီးမှဆောင့်ကွဲထွက်လာသောသီချင်းသံသည် ကားသံလူသံများနှင့်အပြိုင် ဆူညံပွက်နေ၏။

"အစ်ကို၊ အစ်ကို"

လက်ဖက်ရည်ဆိုင်ထဲမှ ခေါ်သံသဲ့သဲ့အားကြားမိ၍ လှည့်ကြည့်မိသည်။ မွန်လေးတစ်ယောက်တည်းထိုင်နေသည်။ ကျွန်ုပ်အားလက်ပြ၍လှမ်းခေါ်နေသည်။ ကျွန်ုပ် ဆိုင်ထဲဝင်သွားပြီး သူ့စားပွဲမှာဝင်ထိုင်လိုက်သည်။

"အစ်ကို အဖေ၊ အမေအိမ်လာတာလား"

"အေးကွ၊ မင်းတစ်ယောက်တည်းပဲလား"

"ကျွန်တော်လည်း အလုပ်ပါးတာနဲ့ လက်ဖက်ရည်သောက်ထွက်လာတာ၊ အစ်ကိုအချိန်ရသလား"

"ရပါတယ်၊ ငါလည်း မင်းနဲ့တွေ့ချင်နေတာ၊ မင်းဇာတ်လမ်းလေးနားထောင်ချင်လို့"

"ဟိုနေ့က အရက်ဝိုင်းမှာ ဆာမိတို့ရှုပ်နေတာနဲ့ အစ်ကို့ကို ကျွန်တော်မပြောတာပါ"

ကျွန်ုပ်လက်ဖက်ရည်တစ်ခွက်လှမ်းမှာလိုက်ပြီး လွယ်အိတ်ထဲမှ စီးကရက်ဘူးနှင့်မီးခြစ်ကိုထုတ်လိုက်သည်။ စီးကရက်တစ်လိပ်မီးညှိပြီး စီးကရက်ဘူးအားသူ့ထံတွန်းပေးလိုက်သည်။ သူသည် ငါးသုံးလုံးစီးကရက်အားထုတ်၍ မီးညှိပြီး တရှိုက်မက်မက်ဖွာလိုက်သည်။ မွှေးလိုက်တာဟုလည်းပြောသည်။ စားပွဲထိုးလေးက လက်ဖက်ရည်ခွက်နှင့်အတူ အေးစက်စက်တရုတ်မုန့်များလာချပေးသည်။ လက်ဖက်ရည်တစ်ငုံခန့်သောက်မိစဉ် ဆိုင်ရှေ့သို့ စက်ဘီးနှစ်စီးလာပြီး ရပ်သည်။ လွယ်အိတ်ကိုယ်စီနှင့် လူနှစ်ယောက်ဆိုင်ထဲဝင်လာပြီး ကျွန်ုပ်တို့စားပွဲမှ မွန်လေးအားတွေ့သောအခါ စားပွဲဘေးမှာလာရပ်၏။

"မွန်လေး ဆိုတာ မင်းလား"

"ဟုတ်ပါတယ်၊ ဘာကိစ္စလဲ"

ကျွန်ုပ် ထိုသူနှစ်ယောက်အားမော့ကြည့်လိုက်သည်။ ကျွန်ုပ်မွေးဖွားကြီးပြင်းခဲ့ရာမြို့နယ်သည် လူမိုက်ပေါ၏။ လက်ရဲဇက်ရဲသမားများ၏။ ကျွန်ုပ်သည် ထိုပတ်ဝန်းကျင်မှာကြီးပြင်းခဲ့ရ၍ ရန်ဖြစ်လျှင် လက်မနှေးတတ်။ ကိုယ်ကမဦးလျှင် သူများဦးသွားနိုင်သည်။အသေနှင့်အတွင်းလူနာနှစ်မျိုးမှတစ်မျိုးကိုသာ ရွေးချယ်ပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့ငယ်စဉ်က လက်ဖက်ရည်ဆိုင်မှာရန်ဖြစ်လျှင် ဆိုင်ရှိဖင်ထိုင်ခုံများသည် အကောင်းဆုံးလက်နက်များဖြစ်သည်။ လက်ကဖင်ထိုင်ခုံအလွတ်တစ်လုံးသို့အလိုလိုရောက်သွားသည်။

"အစ်ကိုကြီး၊ဘာကိစ္စမှမဟုတ်ပါဘူး၊ ပြဿနာမရှိပါဘူး။ မွန်လေးကိုတွေ့ပြီးစမ်းချင်တာပါ။ တစ်မျိုးမထင်ပါနဲ့"

ထိုသူနှစ်ယောက်က ကျွန်ုပ်အနေအထားအားရိပ်မိသွားပြီး ပျာပျာသလဲပြော၏။ ကျွန်ုပ်သည် သတိထား၍ အသင့်အနေအထားဖြင့် စိတ်ကိုတည်ငြိမ်အောင်ထိန်းရင်း ထိုင်ဖို့မေးငေ့ါပြလိုက်သည်။

"ကျွန်တော်တို့က နယ်ထိန်းတွေပါ။ အစ်ကိုကဘယ်ကလဲ"

"ငါက ဒီရပ်ကွက်ဇာတိသားပဲ။ ခုတော့ မြို့ထဲကိုပြောင်းသွားပြီ။ မိဘညီအစ်ကိုမောင်နှမတွေကတော့ ရပ်ကွက်ထဲမှာနေကြသေးတယ်။ မင်းတို့ကဘာကိစ္စလဲ"

"ဒီလိုပါ၊ မွန်လေးက အချုပ်အဖြေအရမ်းစွမ်းတယ်ကြားလို့စမ်းချင်လို့လာခဲ့တာပါ"

"ဟုတ်တယ်၊ ဒီကောင်နာမည်ကြီးနေတယ်။ ကျွန်တော်တို့လည်း လှည့်ကင်းထွက်ရင်း ဒီကောင့်ကိုတွေ့လို့ဝင်လာတာ"

နောက်တစ်ယောက်က ဝင်ပြောသည်။ ကျွန်ုပ် မွန်လေးကို မေးဆတ်ပြလိုက်တော့ မွန်လေးက ခေါင်းညိတ်ပြသည်။

"ဒီလိုစမ်းလို့ကတော့ဘယ်ရမလဲ [...] လောင်းကြေးလေးပါမှ ကောင်းတာပေါ့ [...] ဖြစ်လား"

"ဘယ်လိုလောင်းမှာလဲ အစ်ကို"

"ဒီလိုလုပ်၊ မင်းတို့ ဒီကောင့်ကို [...] ချုပ်လို့ ဒီကောင်ဖြေနိုင်ရင်အရက်နှစ်လုံး [...] ပေး၊ ဒီကောင်မဖြေနိုင်ရင် ငါစာရေးပေး [...] လိုက်မယ်။ လမ်းအလယ်က မခင်မြ [...] ဆိုင်မှာ အရက်ငါးလုံးဝင်ယူသွား၊ အိုကေ [...] လား"

"အစ်ကိုစာရေးပေးလိုက်လို့ မခင် [...] မြင့်အရက်ဆိုင်ကပေးပါ့မလား၊ မခင်မြ [...] ကို ကျွန်တော်တို့သိပါတယ်"

"ငါက မခင်မြင့်ကိုတစ်ဆိုင်လုံး [...] အရက်တွေပေးလိုက်ဆိုရင်တောင် မခင် [...] မြင့်က ပျော်ပြီးပေးလိုက်ဦးမယ်သိလား"

"အိုကေ- ကြိုက်ပြီ။ မွန်လေး မင်း [...] လက်နှစ်ဖက်စားပွဲပေါ်တင်"

မွန်လေး လက်နှစ်ဖက်တင်ပေး [...] လိုက်သည်။နယ်ထိန်းရဲသည် လွယ်အိတ် [...] ထဲမှ လက်ထိတ်တစ်စုံအားထုတ်ပြီး မွန် [...] လေး၏လက်ကောက်ဝတ်မှာခတ်လိုက် [...] သည်။ လက်ထိတ်သံတချွင်ချွင်ကြောင့် [...] ဘေးစားပွဲဝိုင်းများမှသတိထားမိသွား [...] ဝိုင်းကြည့်ကြသည်။ သူတို့စိတ်ထဲ [...] 'တစ်ကောင်တော့ ရဲကကုတ်နေပြီ [...] ဘာမှုလဲ' ဟု စူးစမ်းသောအကြည့် [...] ကများလာသည်။ ဆိုင်ရှင်သည် ငွေ [...] ကောင်တာစားပွဲမှထလာပြီး မလှ [...] မကမ်းမှာလာရပ်၏။

"လက်ထိတ်တစ်စုံနဲ့ မရ [...] နောက်တစ်စုံရှိရင်ထပ်ခတ်"

နယ်ထိန်းရဲသည် မျက်ခုံးနှစ် [...] တွန့်သွားပြီး ဘေးမှတစ်ယောက်အား [...] မေးငေ့ါပြ၏။ ထိုသူက သူ့လွယ်အိတ် [...] မှ လက်ထိတ်တစ်စုံထုတ်လိုက်ပြီး [...] လေးအားထပ်၍ခတ်သည်။ မွန် [...] လက်ကောက်ဝတ်မှာ လက်ထိတ် [...] ဖြစ်သွားသည်။ ဘေးမှလက်ဖက်ရည် [...] တွေကလည်း ဗိုု၍စိတ်ဝင်စားလာကြ [...] မသိမသာဝိုင်းလာကြ၏။ တစ်ယော [...] က တီးတိုးသံဖြင့်ပြောသည်။ 'အမှု [...] ဖြစ်လို့ လက်ထိတ်နှစ်စုံတောင်ခတ် [...] နေမှာပေ့ါ' ဟု ပြောသည်။ မွန်လေး [...] ကျွန်ုပ်တက်လှည့်၍ ရယ်ပြရင်း [...] တစ်စုံတစ်ခုအား တီးတိုးရွတ်ဆို [...] ပြီးနောက် ခါးမှပုဆိုးစအားဖြေ [...] လိုက်၏။ လက်ထိတ်ခတ်ထား [...] လက်နှစ်ဖက်အား ပုဆိုးအတွင်း [...] ကြားထဲသို့ထည့်လိုက်ရာ သူ့လက် [...]

www.burmeseclassic.com

မမြင်ရတော့ပါ။ ထို့နောက် ပုဆိုး တ် ခြေထောက်ကြားမှ ညာလက် လာပြီး လက်ထိတ်နှစ်စုံအား နယ် ရဲသို့ လှမ်းပေးသည်။

"အစ်ကို ရှေ့၊ သေသေချာချာ ကြည့်ဦး။ လက်ထိတ်သော့တွေပျက် ယ်"

နယ်ထိန်းရဲနှစ်ယောက်သည် မျက် ပြူးသွားဖြစ်သွားပြီး၊ သူတို့လက် များအား သေသေချာချာကြည့်၏။ တ်၍ သော့နှင့်ဖွင့်ကြည့်သည်။ နှစ် သုံးကြိမ်ခန့်လုပ်ပြီးသွားသောအခါ တုတ်၍ -

"ဟာ-မင်းကမလွယ်ဘူး။ ဒီပညာ တတတ်လာတာလဲ"

"တဲပါ- အဲဒါတွေပြောမနေပါနဲ့။ ပြီမဟုတ်လား၊ အရက်နှစ်လုံးပေး

"ပေးပါ့မယ် အစ်ကိုကြီးရာ၊ ဒါနဲ့ မင်းကိုငါတို့ပြောရဦးမယ်။ မင်း ရာဇဝတ်သားလည်းမဟုတ်ပါ ဖြစ်ချက်ပေါင်းလည်းမရှိပါဘူး။ မယ့် ဒီပညာကို မင်းသူများကို ပေးရင်ကောင်းမယ်။ ဒီနယ်မြေ ကြောင်း မင်းလည်းသိတယ်မဟုတ်

"ကျုပ်တောင် ဒီပညာကို သုံးနှစ် ကျွန်ခံပြီးသင်လာတာ လွယ်လွယ် လိုလုပ်တတ်မှာလဲ။ ကတိခံထား တစ်ခုခုချိုးဖောက်မိရင် အစွမ်းတွေ ပြီ"

"အစ်ကိုရှေ့ ငွေသုံးဆယ်။အရက် ကျွန်တော်တို့လစ်ပြီ။ မွန်လေး တွေ့လို့ ငါတို့ဝင်စမ်းတာနဲ့ မနက် ယ့်အရက်ဖိုးလေးပါသွားပြီ"

"ခင်ဗျားတို့က ကြိုက်တဲ့ဆိုင်မှာ တားသောက်လို့ရပါတယ်ဗျာ"

နယ်ထိန်းရဲနှစ်ယောက် စက်ဘီး ပြန်ထွက်သွားကြသည်။ နံဘေးမှ တ်ရည်သောက်သူများသည် ကျွန်ုပ် မွန်လေးအား လူထူးဆန်းများပမာ ကြည့်နေကြ၏။

တစ်ယောက်က -

"ညီလေး ငါ့ကို ဒီပညာသင်ပေး တွ။ငွေဘယ်လောက်ဆန်တော့ တော့ရ"

မွန်လေးက သူတို့အားရယ်ပြရင်း အားလစ်ဖို့ပြောသည်။ ကျွန်ုပ်တို့ တ် ကမ်းနားဈေးဘက်ထွက်လာ လူရှင်းသည့် ကြုံစိန်တရုတ်အရက် ဆိုင်ထဲ ဝင်လိုက်ကြသည်။

"အဲဒီပိုက်ဆံမင်းပဲယူပါကွာ၊ ငါ တိုက်ပါ့မယ်။ ကောင်လေး ရမ်တစ်လုံးနဲ့ အခေါက်ကင်တစ်ပွဲ၊ ရေခဲ၊ ဆော်ဒါပါချ ကွာ"

ရမ်အရက်အား ရေခဲ၊ ဆော်ဒါ များနှင့်စပ်၍ တစ်ယောက်တစ်ခွက်စီချ လိုက်ကြပြီးနောက် -

"ကဲ - ပြောစမ်းပါဦး၊ မင်းရဲ့ဘဝ ဇာတ်ကြောင်းတွေ"

"ဒီလိုဗျ - အစ်ကိုရ"

❑

မွန်ပြည်နယ်၏မြို့တော်မော်လမြိုင် သည် ဆိုရှယ်လစ်စနစ်မှ မွေးဖွားပေး လိုက်သော မှောင်ခိုမြို့တော်ဖြစ်သည်။ ထိုင်းနိုင်ငံထွက် လူသုံးကုန်၊ စားသောက် ကုန်၊ အဝတ်အထည်များသည် နယ်စပ် တရားမဝင်လမ်းကြောင်းများမှဝင်ရောက် လာပြီး မော်လမြိုင်မှတစ်ဆင့် ရန်ကုန်သို့ ကား၊ စက်လှေ၊ မီးရထားလမ်းများမှ လမ်းကြောင်းအသွယ်သွယ်တို့ဖြင့် ဝင် ရောက်လာကြသည်။ မဆလခေတ်ကြီး တွင် မော်လမြိုင်သည် မှောင်ခိုကုန်သည် များဖြင့် စည်ကားနေ၏။ ကမ်းနားလမ်း မကြီးသည် သံလွင်မြစ်၏အငွေ့အသက် အားရှူရှိုက်ရင်း မှောင်ခိုရောင်းဝယ်သူ များကြောင့် ရောထွေးလှုပ်ရှားလျက်ရှိ နေ၏။

လမ်းဘေးမြေကွက်လပ်တစ်ခုတွင် ကလေးငယ်တစ်ယောက်က ခပ်စုတ်စုတ် ဘင်တစ်လုံးအား တဘုန်းဘုန်းတီးလိုက်၊ ကွဲအက်နေသောကြေးလင်းကွင်းချပ်အား တဂွမ်းဂွမ်းတီးလိုက်ဖြင့် စည်းချက်က ညီတစ်ချက်မညီတစ်ချက်။ အသက်ငါး ဆယ်ခန့် တိုက်ပုံအနက်ရောင်ဝတ်ထား သော ချောင်ထုံးနှင့်လူကြီးက မြေကြီး မှာကြိမ်လုံးဖြင့် စည်းဝိုင်းသားနေသည်။ စည်းဝိုင်းအလယ်မှာက ခြင်းတောင်း တစ်လုံး၊ သေတ္တာတစ်လုံး၊ စားပွဲခုံတစ်ခု အားချထားသည်။ စားပွဲပေါ်တွင် ရေ တစ်ခွက်၊ ပန်းကန်ထဲတွင် ထမင်းဖြူငါး ဆုပ်၊ အမဲသားတစ်တုံး၊ ပန်းနီငါးပွင့်ထည့် ထားပြီး ဖယောင်းတိုင်ထွန်းထားသည်။ လှုပ်ရှားနေသော ဖယောင်းတိုင်မီးညွန့် နောက်တွင် လူအရိုးခေါင်းတစ်ခုက မျက်တွင်းဟောက်ပက်ဖြင့် လမ်းသွား လမ်းလာများအားလိုက်ကြည့်နေသည်။ ရိုက်ချက်ပြင်းလာလိုက်၊ လျော့သွားလိုက် ဖြင့် တီးခတ်နေသောဘင်သံကြောင့် လူ အများက မျက်လှည့်ပြတော့မည်ကိုသိ ၍ စိတ်ဝင်စားသူတချို့ဝိုင်းလာကြသည်။ ထိုလူအုပ်ထဲတွင် ကလေးများက အဆိုး ဆုံးဖြစ်သည်။ မျက်လှည့်ဆရာကြီးက ကလေးများအား စည်းဝိုင်းအတွင်း မဝင်ဖို့ ကြိမ်လုံးပြပြီးတားနေ၏။ ကလေး တွေက ဆရာကြီး၏ ကြိမ်လုံးထက် မျက်လှည့်ဝိုင်းအလယ် စားပွဲပေါ်မှ လူ့ အရိုးခေါင်းကြီးအား ပို၍ကြောက်ကြ သည်ထင့်၊ စည်းဝိုင်းအတွင်းမဝင်ရဲပါ။

ပရိသတ်အသင့်အတင့်များလာ သောအခါ မျက်လှည့်ဆရာကြီးက လက်မြှောက်၍ အချက်ပြလိုက်သဖြင့် ဘင်တီးသံရပ်သွားသည်။ ဆရာကြီးက စားပွဲပေါ်မှရေဖန်ခွက်အားယူလိုက်ပြီး နှုတ်ခမ်းနားကပ်၍ ဂါထာတစ်ပုဒ်အား တတွတ်တွတ်ရွတ်နေ၏။ ပြီးနောက် စည်းဝိုင်းတစ်လျှောက်လိုက်ဖျန်းနေပါ သည်။ ကလေးတွေက အရိုးခေါင်းနားမှ ယူလာသောရေခွက်ဖြစ်၍ ရေစဉ်မှာ ကြောက်သောကြောင့် ထိုင်နေသောခြေ ထောက်လေးများအား နောက်သို့ရွှေ့ ပေးကြသည်။

မျက်လှည့်ပွဲစလေပြီ။

"အဟမ်း. . . အဟမ်း"

"ကျုပ်ဟာ မြန်မာပြည်အနှံ့ နယ် လှည့်ပြီး မျက်လှည့်ပြလာတဲ့သူတစ် ယောက်ပါ။ ပရိသတ်များကို ထူးဆန်းတဲ့ မျက်လှည့်ပြကွက်များကိုပြသသွားမှာဖြစ် ပါတယ်။ တစ်ခုတော့ အနူးညွှတ်တောင်း ပန်ချင်ပါတယ်။ ထိုင်ကြည့်နေသူများ ဖိနပ်ကိုပြောင်းပြန်မှောက်ပြီးထိုင်မကြည့် ပါနဲ့။ မိန်းမများဆံပင်ဖားလျားချမထား ပါနဲ့။ စည်းဝိုင်းအတွင်းမဝင်ကြပါနဲ့လို့ အထူးမေတ္တာရပ်ခံလိုပါတယ်"

ပွဲကြည့်ပရိသတ်အတွင်းမှသူတွေ က တစ်ယောက်ကိုတစ်ယောက် ပြန် ကြည့်ကြသည်။ မျက်လှည့်ဝိုင်းစည်းကမ်း အား သူတို့တွေလိုက်နာနေကြသည်ဟု ယုံကြည်သွားကြသည်။ မျက်လှည့်ဆရာ ကြီးက ပဋိသန္ဓာရစကားဆက်ပြန်ပါ သည်။

"ယခုကျုပ်ပြမယ့်မျက်လှည့်ပြကွက် တွေဟာဘယ်မျက်လှည့်ဆရာတွေမှမပြ နိုင်တဲ့ပြကွက်တွေပါ။ ကျုပ်ထူးဆန်းတဲ့ ပြကွက်နှစ်ခုပြသပြီးသွားရင် ထုံးစံအတိုင်း ကျုပ်ထမင်းဖိုးအတွက် ဆေးရောင်းပါ မယ်။ ကျုပ်ရဲ့ပြကွက်တွေကို မကြိုက်ရင် ကျုပ်ရောင်းတဲ့ဆေး၊ အဆောင်လေး တွေကိုမဝယ်ပါနဲ့။ အဲ - ကြိုက်ရင်တော့ ဝယ်ယူအားပေးကြပါ ဟုတ်လား။ ကဲ



www.burmeseclassic.com

www.burmeseclassic.com

ဖေ့သားကြီး မတိမ်းမစောင်း ဒိန်းမောင်း လေးတစ်ချက်လောက်တီးလိုက်ပါလား"

"ဘုတ်. . . ဘုတ်. . . ဒုန်း. . . ဒုန်း. . . ဒုန်း. . . ခွမ်း. . . ခွမ်း"

ဆရာကြီးသည် စည်းဝိုင်းအလယ်မှာ တောင်းလေးတစ်လုံးချလိုက်၏။ စကောတစ်ချပ်အား ဘေးမှာချထားလိုက်သည်။

"ကဲ - ပရိသတ်ကြီးကိုမြင်အောင် လှည့်ပတ်ပြီးပြပါ့မယ်။ ဒီတောင်းလေးထဲမှာ ဘာမှမရှိပါဘူးခင်ဗျာ၊ ကြည့်ကြပါ"

ဆရာကြီးသည် စည်းဝိုင်းပတ်ပတ်လည်လှည့်၍ တောင်းထဲမှာဘာမှမရှိကြောင်းပြ၏။ပရိသတ်တချို့က တောင်းထဲသို့ လက်နှိုက်၍ကြည့်ကြသည်။

"အားလုံးမြင်တယ်နော်၊ ဘာမှမရှိဘူး။ ကျုပ်ကို တစ်ခုလောက်ကူညီပါ။ ဟိုနားကညီလေးရေ - လမ်းဘေးက ကျောက်ခဲသုံး၊ လေးခဲလောက်ကောက်လာပေးပါလား"

လူငယ်တစ်ယောက်က သွက်လက်စွာပင် ကတ္တရာလမ်းဘေးမှ လိပ်သည်းကျောက်ခဲများအား ကောက်ယူလာသည်။

"ပရိသတ်ကြီးတွေမြင်တဲ့အတိုင်းပဲ ဒီမှာ ညီငယ်လေးကောက်လာတာ လမ်းခင်းကျောက်လေးလုံးနော်။ ကျုပ်တောင်းထဲကိုထည့်လိုက်ပြီ"

စကောဖြင့်အုပ်လိုက်ပြီး အများပရိသတ်နားမလည်သောဂါထာများဖြင့် ရွတ်ဖတ်ပါတော့သည်။ ဘင်တီးသည့်ကလေးကလည်း ဘင်ကိုအဆက်မပြတ် တဒုန်းဒုန်းဖြင့် တီးခတ်ပါတော့သည်။ ပရိသတ်သည် ဘာတွေဖြစ်လာမည်လဲဟူသော စူးစမ်းစိတ်ဖြင့်ရင်ခုန်လာကြပါသည်။ မျက်လှည့်ဝိုင်းသည် တီးနေသောဘင်သံ၊ ပရိသတ်၏ရင်ခုန်သံတို့ဖြင့် ဆူဝေလာ၏။

"ရပ်. . ."

မျက်လှည့်ဆရာကြီး၏ဟိန်းထွက်လာသောအသံကြောင့် ဘင်တီးသည့်ကလေးကရပ်လိုက်သည်။ ပရိသတ်သည် ငြိမ်သက်စွာဖြင့် ဘာတွေထွက်လာမလဲဟူသောသိချင်စိတ်ကြောင့် ငေးမောနေကြပါသည်။ ဆရာကြီးသည် တောင်းလေးအား လှဲချလိုက်ပါတော့သည်။

"ဟာ - လိပ်တွေ၊ ဘယ်လိုဖြစ်သွားတာလဲ"

"ထူးဆန်းလိုက်တာ၊ လိပ်ကလေးကောင်တောင်မှ"

"ဖဟဲ့ဟေ့ - လိပ်ပုပ်တွေ၊ လိပ်ပုပ်တွေ"

မွန်တိုင်းရင်းသားများက လိပ်ကိုမြင်လျှင် လိပ်ပုပ်ဟု အော်ကြသည်။

"တောင်းကအံ့ဖွက်မပါပါဘူး။ ဒီတောင်းလေးသေးသေးလေးထဲမှာ လိပ်လေးကောင်ကို ဘယ်လိုဖွက်ထားမှာလဲ။ စောစောက လိပ်သည်းကျောက်တွေ ဘယ်ရောက်သွားသလဲ"

ပရိသတ်တစ်ယောက်တစ်ပေါက်ဖြင့် ဝေဖန်သံ၊ အံ့ဩသံများဖြင့် ပွစိပွစိဖြစ်လာသည်။ ထို့နောက်မှာတော့ လက်ခုပ်သံများတဖြောင်းဖြောင်းတီးခတ်ကြပြီး ဩဘာပေးကြပါတော့သည်။

"ပရိသတ်ကြီး ကျုပ်ပြကွက်ကရှင်းပါတယ်နော်။ ကဲကဲ - နောက်တစ်မျိုးထပ်ပြပါ့မယ်။ ဒီတစ်ခါတော့ နောက်တစ်ယောက်ကူညီပါ။ ဟိုနားမှာရှိတဲ့ မန်ကျည်းပင်ကအရွက်နည်းနည်းလောက်ခူးပေးပါလား"

မွန်လေးသည် သူ့ဇာတိ မုဒုံမှ မော်လမြိုင်သို့ အလုပ်ရှာထွက်လာသူဖြစ်သည်။ အဒေါ်အိမ်မှာ ခေတ္တတည်းခိုရင်း မြို့ထဲထွက်လာရာမှ မျက်လှည့်ဝိုင်းတွေ့၍ ဝင်ကြည့်နေခြင်းဖြစ်သည်။ ဒီတစ်ခါ မန်ကျည်းရွက်သွားခူးသူက မွန်လေးကိုယ်တိုင်ဖြစ်သည်။ မန်ကျည်းရွက်ကိုင်းမှ မန်ကျည်းရွက်များခြွေချပြီး လက်နှစ်ဖက်ဖြင့်ဆုပ်ယူလာသည်။

"ရော့ - မျက်လှည့်ဆရာကြီး"

ဆရာကြီးက သူ့တောင်းလေးနှင့် ခံယူပြီး စည်းဝိုင်းအလယ်မှာချထားလိုက်ပြန်သည်။ ပြီးနောက် နှုတ်မှ ပွစိပွစိဖြင့် ဂါထာများရွတ်၍ မန်ကျည်းရွက်များအား ပွတ်ခြေနေသည်။ စကောလေးနှင့်အုပ်ပြီးသွားသောအခါ ထုံးစံအတိုင်း ဘင်တီးသည့်ကလေးသည် ဆူညံစွာတီးပါလေတော့၏။

"ရပ်. . ."

ဆရာကြီး၏အမိန့်ပေးသံကြောင့် ဘင်တီးသည့်ကလေးက အတီးရပ်လိုက်သည်။ ဒီတစ်ကြိမ်မှာတော့ ပရိသတ်သည် စောစောကထက်ပိုပြီးစိတ်ဝင်စားလာကြသည်။ ဘာတွေထွက်လာဦးမလဲ။

"ဝီ. . . ဝီ. . . ဝီ. . . ဖလပ်. . . ဖလပ်"

တောင်းလေးထဲမှအသံတွေထွက်လာ၏။ ဆရာကြီးသည် စကောအုပ်ထားသောတောင်းလေးအား ဘယ်လက်နှင့် ဖြည်းဖြည်းချင်းမြှောက်ကိုင်လိုက်သည်။ တောင်းလေးအား စိုက်ကြည့်နေသော ပရိသတ်များ၏ မျက်လုံးအစုံတို့သည် တောင်းနှင့်အတူ တဖြည်းဖြည်းချင်း အပေါ်သို့မော့လာကြသည်။

"ကဲ - အားလုံးကြည့်ကြပါခင်ဗျာ"

ဆရာကြီးက ညာလက်ဖြင့် စကောကို ဖယ်ရှားလိုက်သောအခါ တောင်းထဲမှာ တဝီဝီအသံပေး၍ထွက်ပေါ် ပျံသန်းကြသော အဝါနှင့် အနက်ကျား ပဒူပျားကောင်ကြီးများအားတွေ့လိုက်ရပါတော့သည်။ ပရိသတ်ကြီးကလန့်သွားကြပြီး အားလုံးနောက်သို့ရှဲသွားကြ၏။

"မကြောက်ကြပါနဲ့၊ မတုပ်ပါဘူး ကျုပ်အမိန့်ပေးထားပါတယ်"

ပဒူပျားကြီးများသည် လူနှစ်ရပ်ခန့်အမြင့်မှာဝဲပျံ၍ တဝီဝီအသံပေး ၏။ ဆရာကြီးက မြစ်ဘက်သို့လက်ညှိုး ထိုး၍ အမိန့်ပေးလိုက်သောအခါ စီတန်း ပြီးပျံသန်းသွားကြပါတော့သည်။

"ဟာ . . . တကယ်ကောင်း မျက်လှည့်ပဲကွာ"

"ဒါမျက်လှည့်မဟုတ်ဘူး၊ အောင် လမ်းပညာ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ကြည့်ရ အရမ်းကောင်းတာပဲ။ ဒီဆရာကြီး တော်တော်စွမ်းတာလား"

မွန်လေး ထိုဆရာကြီးအား အထူး စိတ်ဝင်စားသွားသည်။ ဒီဆရာကြီးသည် ပညာတစ်ခုခုတတ်ပုံတော့ရသည်။

"ပရိသတ်ကြီးခင်ဗျာ၊ အဆောင်လေးတွေရောင်းပါတော့မယ် ကျုပ်အဆောင်က ဈေးရောင်းကောင်း တဲ့အဆောင်ပါ။ ဘယ်လိုစီရင်ထားတယ် ဆိုတာတော့မမေးပါနဲ့။ ဒီမှာကြည့်ကြ များများမပါပါဘူး။ မတ်စေ့လေး စုစုပေါင်းမှ အကြွေစေ့သုံးဆယ်ခန့် ပါပါတယ်။ ဈေးရောင်းကောင်း တာဝန်ယူပါတယ်။ ကိုယ့်ဆိုင်က ပိုက်ဆံ သေတ္တာမှာ အပေါက်ဖောက်ပြီး ချိုက်ထားလိုက်ပါ။ ငွေဝင်ကောင်း အဆောင်ပါ။ မတ်စေ့တစ်ပြားကို ငါးကျပ်ကျပါတယ်။ ဒီဘက်ပိုက်ဆံတ နိုင်ပြီး လုပ်ငန်းကြီးကြီးလုပ်နေတဲ့သူ အတွက် ပိုက်ဆံထည့်ဖို့ သေတ္တာငါး ပါပါတယ်။ သစ်သားသေတ္တာလေး ပါ။ သေတ္တာကလေးတွေက တစ်လုံး တစ်ရာပဲကျပါတယ်။ ကျုပ်ပညာနဲ့ စီရင် ထားတာပါ။ ကျုပ်ပညာကိုယုံကြည် ဝယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဘင်တီးသည့် ကလေးငယ်က ခွေများအား စကောထဲထည့်ပြီး တ်ထဲ လှည့်လည်၍ ရောင်းသည်။ ခွေလေးများကုန်သွား၏။ ဝယ်သူ ဈေးသည်များဖြစ်ကြသည်။

"ဒီမှာဆရာကြီး၊ ဒီသေတ္တာတွေက လိုစီရင်ထားတာလဲ။ တစ်လုံးကို ရာဆိုတော့ မများဘူးလား"

"နောင်ကြီးရဲ့ ဈေးဆိုင်ဟာ နေ့တို့ ထောင်သောင်းမကရောင်း နေရရင်တော့ တန်ပါတယ်ဗျာ"

"ဘယ်လိုစီရင်ထားတာလဲ၊ မသိရ"

"ဒါကတော့ ကျုပ်ပညာဖြစ်နေလို့ လို့မရပါဘူး။ ပြောလို့ရတာကတော့ ရောင်းကောင်းဖို့ အာမခံပါတယ်"

"ဘကယ်သေချာလို့လား၊ ဈေး ကောင်းရင် ခင်ဗျားကိုဘာလုပ်ရ"

"တစ်ရာတန်တဲ့ပစ္စည်းကို တစ် င်လောက်ရမှ ရောင်းချစ်နေရင် ဈေးရောင်းကောင်းမှာမဟုတ်ပါ သင့်တင့်တဲ့အမြတ်ကိုတင်ပြီ. ယ်ဖောက်ကားရင် ကျုပ်စီရင် သေတ္တာလေးက အစွမ်းပြမှာပါ။ တစ်ကြိမ် ဒီနေရာကို ကျုပ်မျက် ပြဦးမှာပါ။ ကျုပ်နာမည် ဗျာလို့မှတ်ထားပါ။ မစွမ်းရင် တ်ကိုအဖြတ်ခံပါ့မယ်"

"ကြိုက်သွားပြီဗျို့၊ ကျုပ်ကိုတစ်လုံး ရော့ - ငွေတစ်ရာ"

ထိုသူက စဝယ်၍ - မော်လမြိုင် ဈေးထဲမှ တရုတ်၊ ကုလားဒိုင်များ က်ဝယ်ရာ သေတ္တာငါးလုံးကုန် တော့သည်။

"မျက်လှည့်ဆရာကြီး နောက်ထပ် ည့်တစ်ကွက်ထပ်ပြပါဗျို့"

ငိုင်ကြည့်နေကြသော ကလေး အော်ရာ ရပ်ကြည့်နေသော ားတပါ အော်ဟစ်ကြ၍ ည့်ဆရာကြီးသည် ပရိသတ်ရှိရာ နာမှု၍ လက်ဝါးကာပြလိုက်

"ကျုပ်နောက်ဆုံးတစ်ကွက်ထပ်ပြ စိတ်ဝင်စားတဲ့သူရှိရင် စည်းဝိုင်း ဝင်ခဲ့ပါ"

န်လေး လျှင်မြန်စွာ စည်းဝိုင်းထဲ သည်။သူ ဒီဆရာကြီးကို အရမ်း စားနေပြီဖြစ်သည်။ ဒီဆရာကြီး းဆန်းသည့် အတတ်ပညာရပ်တစ်ခုခုရှိရမည်။ သူပြသွားသောပြကွက်များမှာ လက်လှည့်မဟုတ်ပါ။ အတတ်ပညာတစ်ခုခုနှင့်ဖန်တီးထားသောပြကွက်များဟု သူထင်မိနေသည်။

"ဆရာကြီး၊ ကျွန်တော်ဘာလုပ်ပေးရမှာလဲ"

"ဟုတ်ပြီ ငါ့တူ၊ စားပွဲနားမှာရပ်နေလိုက်ပါ။ ပရိသတ်ကြီးခင်ဗျာ၊ မျက်လုံးများကို အစွမ်းကုန်ဖွင့်ပြီးကြည့်ထားကြပါ။ ဒီလူငယ်လေးက ကျုပ်လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်ကနေ မလှုပ်နိုင်အောင် တုပ်ချည်ပါလိမ့်မယ်။ ကြည့်ထားကြပါ။ ကဲ - ငါ့တူ ဦးလေး လက်နှစ်ဖက်စလုံးကို သေသေချာချာခိုင်အောင်တုပ်ချည်ပေတော့"

ဆရာကြီးသည် ခွေးခြေတစ်လုံးမှာထိုင်၍ စားပွဲပေါ်သို့ လက်နှစ်ဖက်ကို ပူး၍တင်လိုက်သည်။ ဘင်တီးသည့် ကောင်လေးက အုန်းဆံကြိုးခွေတစ်ခွေ ယူလာပေး၏။ မွန်လေးသည် မျက်လှည့်ဆရာ၏လက်ကောက်ဝတ်မှာ အုန်းဆံကြိုးအား အထပ်ထပ်ရစ်ပတ်၍ချည်သည်။ လက်နှစ်ချောင်းကြားမှလည်း ခွချည်လိုက်သေးသည်။ ပြီးတော့ အစနှစ်ဖက်အား လေး၊ ငါးပြန်မိန်းမချည် ချည်ပြန်ပါသည်။ အစနှစ်ဖက်အားတင်းနေအောင်ဆွဲ၏။

"ပြီးပါပြီ၊ ဆရာကြီး"

"ငါ့တူ မင်းချည်တာသေချာတယ်နော်"

"သေချာပါတယ် ဆရာကြီး"

"ပရိသတ်ကြီးကြည့်ကြပါ ခင်ဗျာ၊ ဒီလူငယ်လေးချည်ထားတာ လက်နှစ်ချောင်းကိုလှုပ်လို့တောင်မရဘူး။ တစ်ယောက်ယောက်လာပြီးဆွဲဖြုတ်ပေးစမ်းပါ"

အရွယ်ကောင်းကောင်းယောက်ျားတစ်ယောက် စည်းဝိုင်းအတွင်းဝင်လာပြီး ကြိုးစအားမဖြေဘဲ ရှေ့မှဆွဲဖြုတ်၏။ မွန်လေး တုပ်ချည်ထားသည်မှာ ပူးကပ်ခိုင်မြဲလွန်း၍ လက်ကောက်ဝတ်အဆစ်များခံနေပြီး မည်သို့မျှ ဆွဲဖြုတ်၍မရပါ။

"ဖြုတ်လို့မရဘူးဗျ"

"ဟုတ်ပြီ၊ ဒါဆိုရင် စားပွဲပေါ်တင်ထားတဲ့ကျုပ်လက်နှစ်ဖက်ကို စားပွဲပေါ်က အဝတ်နက်စနဲ့ဖုံးလိုက်ပါလား"

မွန်လေးက လျှင်မြန်စွာပင် အဝတ်နက်စအားဖြန့်လိုက်ပြီး မျက်လှည့်ဆရာကြီးလက်နှစ်ဖက်ပေါ်သို့ ဖုံးလွှမ်းလိုက်သည်။

"ငါ့တူနောက်နည်းနည်းဆုတ်ပါ။ ဟုတ်ပြီ၊ အဲဒီနားကကြည့်နေ"

ဆရာကြီးသည် နှုတ်မှတစ်စုံတစ်ရာအား တီးတိုးရွတ်ဆိုလိုက်ပြီးသည့်နောက် -

"ဟောဒီမှာကြည့်"

ဆရာကြီး၏ လက်နှစ်ဖက်သည် အဝတ်နက်အောက်တစ်ဖက်ချင်းထွက်ပေါ်လာသည်။ သူ့လက်နှစ်ဖက်အား မြှောက်ပြသည်။ မွန်လေးက စားပွဲပေါ်မှ အဝတ်နက်အား ဆွဲယူလိုက်သောအခါ အုန်းဆံကြိုးသည် လက်မှာချည်ထားသည့်ပုံစံအတိုင်း အကွင်းနှစ်ကွင်းနှင့်ရစ်ပတ်လျက်ပုံစံနှင့် အစနှစ်ဖက်မှာလည်း လက်ရာမပျက် နဂိုအတိုင်းရှိနေပါသည်။ ပရိသတ်က လက်ခုပ်တီး၍ ဩဘာပေးကြသည်။

မွန်လေး စားပွဲပေါ်မှ သူချည်ခဲ့သောကြိုးကွင်းအား စူးစိုက်ကြည့်နေသည်။ သူအထပ်ထပ်ရစ်ပတ်၍ချည်ခဲ့သောကြိုးကွင်းတို့မှာ မူလလက်ကောက်ဝတ်အရွယ်အတိုင်းပင်ရှိနေသည်။ ဒါဆို ဒီဆရာကြီး၏လက်များသည် သေးသွားပြီး အသာလေးလျှိုထွက်သွားသည်လား၊ ကြိုးကွင်းတွေကဆန့်ထွက်လာပြီးကျယ်လာ၍ အသာလေးရုန်းထွက်သွားသည်လား သူမဝေခွဲနိုင်တော့ပါ။

မျက်လှည့်ဝိုင်းက သိမ်းလေပြီ။ ပရိသတ်တွေလည်းဖြန့်ကြ၏။ မုတ္တမပင်လယ်ကွေ့မှ တိုက်ခတ်လာသော မုတ်သုံလေနုအေးသည် သံလွင်မြစ်ပြင်မှတစ်ဆင့် သူ့အားလာ၍တို့ထိဆော့ကစားနေသည်။ မွန်လေးကတော့ မတ်တတ်ရပ်၍ငေးကြည့်လို့ကောင်းတုန်းပင်။ မျက်လှည့်ဆရာကြီးနှင့် ကလေးငယ်က သေတ္တာတစ်လုံး၊ ဘင်နှင့်လင်းကွင်းထည့်ထားသော ဂုန်နီအိတ်အား တစ်နေရာမှာစုပုံပြီးတော့ ဆရာကြီးက သေတ္တာပေါ်မှာထိုင်လိုက်၏။ မွန်လေးက မတ်တတ်ရပ်၍ ဆရာကြီးအားကြည့်နေမိသည်။

"ငါ့တူဘာကြည့်နေတာလဲ"

"ကျွန်တော် ဆရာကြီးရဲ့ပညာကို အရမ်းစိတ်ဝင်စားလို့ပါ"

"ဘာမှမဟုတ်ပါဘူးကွာ၊ လက်လှည့်မျက်လှည့်ပညာတွေပါ"

"မဟုတ်ဘူး ဆရာကြီး၊ ဒါပညာရပ်တစ်ခုခုပဲ။ အစွမ်းရှိတဲ့ပညာရပ်နဲ့လုပ်ပြသွားတာ"

"မင်းကဘယ်လိုထင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အောက်လမ်းတွေ၊ အထက်လမ်းတွေတော့ ကျွန်တော်မသိဘူး။ ဒါပညာတစ်ခုခုပဲ။ စောစောက ကျွန်တော် ဆရာကြီးရဲ့လက်နှစ်ဖက်ကိုကြိုးနဲ့ချည်တာဟာ ကျွန်တော့်အိမ်က နွားတွေ၊ ဝက်တွေဆိုရင် လှုပ်တောင်မလှုပ်နိုင်ဘူး။ ဒါကိုဆရာကြီးက လက်ရာတောင်မပျက်ဘူး။ ကြိုးကွင်းထဲကနေ အသာလေးလျှိုပြီး ထွက်သွားတယ်"

"မင်းကစိတ်ဝင်စားလို့လား"

"စိတ်ဝင်စားတာထက် ဒီပညာကို သင်ချင်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော့်ကို သင်ပေးပါလား"

"မင်းစိတ်ဝင်စားတယ်ဆိုရင်တော့ သင်ပေးလို့ရပါတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့သင်မပေးနိုင်ပါဘူး။ ငါ့နောက်မှာ သုံးနှစ်သုံးမိုးတပည့်တစ်ယောက်လို လိုက်နေမှ သင်ပေးလို့ရတာ။ ပြီးတော့ ငါးပါးသီလထဲက နှစ်ပါးကို မကျိုးမပေါက်အောင်ထိန်းရမယ်။ နောက်ပြီး အမဲသားစားလို့မရဘူး မင်းလုပ်နိုင်မလား။ သုံးနှစ်နော် ငါ့နောက်ကိုတကောက်ကောက်လိုက်ရမှာ"

မွန်လေး ထိုနေရာမှာပင် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ မျက်လှည့်ဆရာကြီးထံမှ ထူးဆန်းသည့်ပညာတွေ သင်တော့မည်ဟု။

ဘင်တီးသည့်ကောင်လေးသည် မြင်းလှည်းဘုံပြတ်တစ်စီးနှင့်အတူရောက်လာပါသည်။ ဆရာကြီးက ထိုကလေးငယ်အား မုန့်ဖိုးငါးကျပ်ပေးပြီးပြန်လွှတ်လိုက်သည်။ ပစ္စည်းများကို ဘုံပြတ်ပေါ်တင်ပြီးသည့်နောက် သူတို့ဆရာတပည့်နှစ်ယောက် ဦးတည်နေသည်က မုတ္တမဆိပ်ကမ်းဘက်သွားမည့် သင်္ဘောဆိပ်ဆီသို့ ဖြစ်ပါတော့သည်။

❑

ဆရာကြီး ဦးသာဗျောက ရှမ်းတိုင်းရင်းသား။ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့ အရှေ့ဘက် ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်း အရှပ်တောင်ခြေရှိ ရှမ်းရွာလေးတွင် နေထိုင်ခဲ့ပါသည်။ အရွယ်ရောက်သော် ဆရာရှမ်းဘုန်းကြီးက လောကီပညာများသင်ပေး၏။ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားအတတ်ပညာများအပြင် ဆေးဝါးစီရင်နည်းများဖြစ်သည်။ အထူးသဖြင့် ပျောက်ကွယ်လုနီးပါး အတတ်ပညာရပ်တစ်ခုဖြစ်သော နာနာရုပ်အတတ်ပညာအား ဆရာရှမ်းဘုန်းကြီးက တတ်မြောက်နေခြင်းပင်တည်း။ ကိုသာဗျောသည် ထိုအတတ်ပညာအား အထူးသင်ကြားသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းပညာဖြင့် မျက်လှည့်ပြပြီး ဝမ်းရေးကို လွယ်ကူစွာဖြေရှင်းနိုင်သောကြောင့်ဖြစ်သည်။

နာနာရုပ်အတတ်ပညာဟူသည်ကား ဆေးဝါးအကူအညီသုံးပြီး လူတို့၏ အမြင်အာရုံအား ဝေဝါးလှည့်စားခြင်းပင်ဖြစ်သည်။ စီရင်ပြုလုပ်နေသူက အရာဝတ္ထုတစ်ခုအား ပကတိအတိုင်းတွေ့မြင်နေရသော်လည်း တစ်ဖက်မှကြည့်နေသူ၊ စည်းဝိုင်းအပြင်မှကြည့်နေသူအား ကိုယ်မြင်စေချင်သည့်ပုံသဏ္ဌာန်ကို မြင်စေနိုင်ပါသည်။ ပျောက်ကွယ်သွားအောင်လည်း ဖန်တီး၍ရသည်။

ကိုသာဗျောသည် ပညာစုံလာသောအခါ ဆရာဘုန်းကြီးအားခွင့်ပန်၍ မြန်မာပြည်တစ်နံတစ်လျားသို့ ခြေဆန့်ခရီးထွက်ခဲ့ပါတော့သည်။ လမ်းစရိတ်ပြတ်လျှင် မျက်လှည့်ပြစားသည်။ ဤသို့ဖြင့် မျက်လှည့်ခရီးသည်ကြီးလုပ်နေရင်း စိတ်ချရမည့်တပည့်ကောင်းအားရှာနေခြင်းဖြစ်သည်။ သူ့မှာအကြံအစည်တစ်ခုရှိသည်။ နေပူမိုးရွာမရှောင် လမ်းဘေးမှာ မျက်လှည့်ပြပြီး ဆေးရောင်းနေရမည့်အစား တစ်သက်လုံးထိုင်စားနိုင်မည့် ပွဲပေါက်တစ်ခုကိုတွေ့လျှင် အပိုင်ကြံပြီး ဒေသတစ်ခုခု၌ အခြေချမည်ဖြစ်သည်။

ယခုမော်လမြိုင်တွင်တွေ့ခဲ့ရသော မွန်လေးဆိုသည့်လူငယ်သည် ဖျတ်လတ်သွက်လက်ပုံရသည်။ ပညာကို တကယ်လိုချင်သောစိတ်ကလည်းရှိပုံရ၏။ သူ့အပေါ်ရိုကျိုးသည်။ ဤသို့ဖြင့် သူတို့ဆရာတပည့်နှစ်ယောက်သည် မုတ္တမဆိပ်ကမ်းမှ ပဲခူးမြို့သို့ ခရီးဆက်ခဲ့ပါတော့သည်။

❑

ရွက်ဟောင်းတွေလည်း သုံးခါကြွေခဲ့ပြီ။ မုတ်သုံရာသီသည်လည်းဝင်လိုက်ထွက်လိုက်ဖြင့် သုံးကြိမ်သုံးခါရှိခဲ့ပြီဖြစ်၏။ မွန်လေးအား ဆရာဖြစ်သူက ဂါထာတစ်ပုဒ်အား တစ်နေ့လျှင် တစ်ရာရွတ်ခေါက်ရွတ်ခိုင်းသည်။ အမဲသားမစားဖို့သတိပေးသည်။ အမြို့မြို့အနယ်နယ်သို့ ရောက်တိုင်း နတ်ရဲလည့်သစ်ပင်ညောင်ပင်ကြီးများတွေ့လျှင် အပင်အောက်၌ ပုတီးစိပ်ရသည်။ ဤသို့ဖြင့် မွန်လေးသည် ဆရာကြီးဦးသာဗျောထံ တပည့်ခံခဲ့ရာ သုံးနှစ်ပြည့်ဖို့ ရက်ပိုင်းမျှအလိုတွင်-

"ငါ့တပည့်ကြီး၊ မင်း ငါ့ဆီမှာ ကျိုးကျိုးနွံနွံနဲ့တပည့်ခံခဲ့တာ သုံးနှစ်ပြည့်ခါနီးပြီ။ ငါရွတ်ဖတ်ခိုင်းခဲ့တဲ့ဂါထာဟာလည်း အခေါက်ရေတစ်သိန်းပြည့်ပြီ ဒီတော့ မင်းကို ငါ တစ်ခုမေးမယ်။ ငါ့ က ပညာကိုအကုန်လိုချင်တာလား၊ ဘယ် ပညာကို အထူးလိုချင်တာလဲ။ တစ် တော့ ငါပြောထားမယ်။ ငါ မင်း ပညာပေးပြီးရင်တော့ ထွက်မသွား သေးဘူး။ ငါမင်းနဲ့အလုပ်တစ်ခုခုလုပ် ရှိတယ်။ အဲဒီအလုပ်အောင်မြင်မှထွ သွားရမယ်။ လမ်းခွဲရမယ်ဆိုပါတော့ ကွာ"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော် လိုချင်တဲ့ပညာက အချုပ်အနှောင်အ ပညာပါခင်ဗျာ။ ဒီပညာရခဲ့ရင်လည်း ဆရာကြီးခိုင်းတာလုပ်ပြီးမှသွားပါမယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် မင်းကို ဆ ပညာအမွေပေးတော့မယ်။ ငါ့ရှေ့မှ ဒူးထောက်ပြီး ဦးသုံးကြိမ်ကန်တော့"

မွန်လေးသည် ဆရာကြီးဦး ဗျောရှေ့တွင် ဒူးထောက်ထိုင်ချလိုက် ရှိသေစွာ ကန်တော့လိုက်ပါသည်။ ပြ သော် ဆရာကြီးကပါးစပ်ဖဟုဆိုသ သူမော့၍ ပါးစပ်ဟထားလိုက်သ ဆရာကြီးက ချောင်းတစ်ချက်ဟန့် ပြီး တံတွေးတစ်ချက်ထွေးထည့်လို သည်။

"မျိုချလိုက်"

မွန်လေး စိတ်ထဲတစ်မျိုးကြီး သွားသည်။ ဆရာကြီး၏ အမိန့် ကြောင့် ကမန်းကတန်း မျိုချလို သည်။ သူတစ်ကိုယ်လုံးရှိန်းခနဲဖြစ် သွားသည်။

"မင်း ငါ့ပညာကိုရသွားပြီ၊ မယုံရင် လက်တွေ့စမ်းပြမယ်။ ငါ ကိုကြိုးတုပ်မယ်။ တုပ်ပြီးတာနဲ့ အ အကွယ်တစ်ခုခုထဲကိုဝင်၊ ဒါမှမ မင်းပုဆိုးနဲ့အုပ်ပြီး ရွတ်နေကျဂါထာ ရွတ်၊ ဒီအခါ တုပ်ချည်ထားတဲ့ကြိုး မဟုတ် အရာဝတ္ထုဟာ အလိုလို လာလိမ့်မယ်။ အဲဒီအခါ မင်း ခြေ ကိုယ်ကို အသာလျှိုထွက်လိုက်။ တုပ်ထားတဲ့အရာဝတ္ထုဟာ ပုံစံမ ပျော့နေမှာနော်။ ဘယ်သူကမှလာ ပေးတာမဟုတ်ဘူး။ ကဲ- ငါ မင်းလ ကြိုးချည်မယ်။ မင်းဖြေတော့"

ပြောပြောဆိုဆိုဖြင့် ဆရာကြီး သူ့လက်နှစ်ဖက်အား ကြိုးတစ်ချော ဖြင့် ခိုင်မာစွာတုပ်နှောင်ပါတော့

www.burmeseclassic.com

ပြီပြီ၊ မင်းပုဆိုးကိုလျှော့လိုက်၊ ...အောက်ထဲကို လက်သွင်းလိုက်"

ဆရာကြီးခိုင်းသည့်အတိုင်း သူ ...လိုက်သောအခါ ပုဆိုးအောက်မှ သူ ...ကိုချည်ထားသောကြိုးများသည် ...ရွရွဖြင့်ပျော့လာသည်ကို သတိ ...လိုက်သည်။ လက်တစ်ဖက်ကို ...ဆွဲထုတ်ကြည့်ရာ အလွယ်တကူ ...လာသည်ကို သိလိုက်ရလေသည်။ ...ကြောင့် နောက်လက်တစ်ဖက်ကို ...အသာဆွဲချုတ်လိုက်ပါသည်။ ကြိုး ...သည် ဘုတ်ခနဲမြည်၍ မြေကြီးပေါ် ...၏။ သူအောင်မြင်ခဲ့ပြီဖြစ်သည်။

"မင်းသတိထားရမှာက လူတစ်ဦး ...ယောက်ကကြည့်နေရင်လုပ်လို့မရ ... မျက်ကွယ်ဖြစ်အောင် တစ်ခုခု ...ရတယ်။ ဒါပေမယ့် ဘယ်သူမှမရှိ ... မင်းကိုအခန်းတစ်ခုထဲပိတ်လှောင် ...ယ်ဆိုရင်တော့ ပိတ်ထားတဲ့တံခါး၊ ...တွေဟာ မင်းလက်နဲ့ပုတ်လိုက်တာ ...သွားလိမ့်မယ်"

"ပညာသင်ကြားပေးတဲ့အတွက် ...ကြီးလှပါတယ် ဆရာကြီးခင်ဗျာ"

မွန်လေးသည် ဝမ်းသာစွာဖြင့် ...ကြီးအား ရိုသေစွာ ရှိခိုးလိုက်ပါ ...။

"ဒါနဲ့ နေပါဦး၊ မင်းကဘာဖြစ်လို့ ...ာတစ်ခုတည်းကိုပဲလိုချင်ရတာလဲ"

"လူငယ်တစ်ယောက်အနေနဲ့ ...ထက်တဲ့ပညာရပ်တစ်ခုကိုတတ် ...ချင်တဲ့သဘောပါပဲ ဆရာကြီးရယ်။ ...ရယ်လို့တော့ ရည်ရွယ်ချက်မရှိပါ ...

"ကောင်းပါတယ်ကွာ၊ တစ်နေ့နေ့ ...မင်းအတွက် အသုံးဝင်မှာပါ။ ဒါပေ ...မင်းမမေ့ရဘူးနော်။ ငါ့ကိုကတိပေး ...တာ"

"မမေ့ပါဘူး ဆရာကြီး"

"ဒါဆိုရင် ငါတို့လားရှိုးကိုခရီးဆက် ...မယ်။ အဲဒီမှာအလုပ်တစ်ခုလုပ်ဖို့ရှိ ...ယ်"

သူတို့နှစ်ယောက် မန္တလေးမှ ...ရှိုးသို့ ခရီးဆက်ခဲ့ကြပါတော့သည်။

❑

ဆရာကြီးက ခြံစည်းရိုးဝါးများ ...ထားသောခြံကြီးတစ်ခုအားပြသည်။ ...ခြံရှိသောရပ်ကွက်သည် လားရှိုးမြို့ ...စွန်ရှိ လူနေကျဲပါးသောရပ်ကွက်တွင် ...ပါသည်။ တစ်ခြံနှင့်တစ်ခြံအလှမ်းဝေး ...သည်။

"ဒီခြံထဲမှာနေတဲ့သူတွေဟာ ငါတို့တိုင်းရင်းသားတွေမဟုတ်ဘူး။ ပြည်ကြီးကနေဝင်လာပြီး မှတ်ပုံတင်အတုနဲ့နေတဲ့သူတွေ။ သူတို့က ဘိန်းဖြူကိုအကြီးအကျယ်မှောင်ခိုချတယ်။ လက်နက်ကိုင်တွေနဲ့ ဆက်သွယ်ပြီးလုပ်နေတာ၊ အရမ်းပိုရိတယ်။ သက်ဆိုင်ရာကတောင်မရိပ်မိဘူး"

"ဆရာကြီးကဘယ်လိုသိတာလဲ"

"ငါ့ပညာစွမ်းနဲ့သိတာပေါ့"

"ဒီတော့ ကျွန်တော်တို့က ဘာလုပ်ရမှာလဲ"

"ဒီအိမ်ထဲကိုငါတို့ဝင်မယ်။ သူတို့လူငယ်တွေကိုဒုက္ခပေးပြီး မတရားရှာဖွေထားတဲ့ဥစ္စာပစ္စည်းတွေကို လိုချင်သလောက်ယူမယ်။ ပြီးရင် တစ်နေရာမှာသွားအခြေချပြီး လူတွေကိုကောင်းကျိုးပြုမယ့်လုပ်ငန်းတွေမှာ ပြန်အသုံးချရမယ်"

မွန်လေး ကျောနည်းနည်းစိမ့်သွားသည်။ လက်နက်ကိုင်တွေနှင့်ပေါင်းပြီး မူးယစ်ဆေးဝါးဘိန်းဖြူမှောင်ခိုလုပ်နေတဲ့သူတွေဆိုတော့ သေနတ်တွေဘာတွေရှိမှာပေါ့။ မတော်လို့ သေနတ်နှင့်ပစ်လိုက်ရင် မသေလား။

"ဆရာကြီး သူတို့က လူဆိုးဂိုဏ်းနော်။ သေနတ်တွေဘာတွေရှိချင်ရှိမှာ၊ ဖြစ်ပါ့မလား"

"မင်း ငါ့ကိုယုံတယ်မဟုတ်လား၊ ယုံရင်လိုက်ခဲ့။ မယုံရင် မင်းနေခဲ့လို့ရတယ်။ ဒါပေမယ့် မင်းကတိပျက်ပြီ"

မွန်လေးစဉ်းစားရပြီ။ သူ ဆရာ့ကိုကတိပေးထားခဲ့ပြီမဟုတ်လား။ ဘာဘာညာညာစဉ်းစားမနေတော့ဘဲ ဖြစ်ချင်ရာဖြစ်ဟုဆုံးဖြတ်ကာ လိုက်မည်ဟုပြောလိုက်သည်။ ဆရာကြီးက ဒီနေ့ လဆုတ်



၁၃ ရက်၊ သန်ဘက်ခါဆိုလျှင် လကွယ်နေ့။ ထိုနေ့မှာ လုပ်ငန်းစမည်ဟုပြောသည်။

❑

လားရှိုးမြို့၏ မြို့ပြင်တောလမ်းဘေးတွင် ဆရာတပည့်နှစ်ယောက်တုတ်တစ်ချောင်းစီဖြင့် အလုပ်ရှုပ်နေကြသည်။ ဆရာကြီးသည် လမ်းဘေးရှိချုံပုတ်၊ မြက်တောများအား တုတ်ဖြင့်ဆွပြီး တစ်စုံတစ်ခုကိုရှာဖွေနေသည်။

"ဆရာကြီးဘာရှာနေတာပါလဲ"

"အေး-ငါလည်းမင်းကိုပြောမလို့၊ ဖားပြုပ်ကြီးကြီးအကောင်တွေကိုရှာကွာ၊ တွေ့ရင် ငါ့ကိုပြော"

သူ မျက်စိရှင်ရှင်ထားပြီးရှာသောအခါ သစ်ဆွေးတုံးအောက်တွင်ဝပ်နေသောဖားပြုပ်ကြီးတစ်ကောင်ကိုတွေ့ရသည်။

"ဆရာကြီး ဒီမှာတွေ့ပြီ"

ဖားပြုပ်ကြီးအား ခြေလက်များကိုတုပ်ပြီး ဒေါသဖြစ်လာအောင် တုတ်လေးဖြင့်ရိုက်သည်။ ဖားပြုပ်ကြီးသည် ဒေါသဖြစ်လာပြီး တခွီးခွီးမြည်ကာ ကိုယ်ခန္ဓာမှာ ဖောင်းကားလာ၏။ ကျောကုန်းအရေပြားမှဆူးများမှာထောင်ထလာပြီး အဆီတဝင်းဝင်းနှင့် ရွှံ့စရာကြီးဖြစ်လာ၏။

ဆရာကြီးသည် ဖားပြုပ်ကျောကုန်းမှထွက်ပေါ်လာသောအဆီများအား ဂွမ်းအား ဇာဂနာဖြင့်ညှပ်၍ သုတ်ယူနေပါသည်။ ကျောကုန်းအဆီများကုန်သွားလိုက် ဖားပြုတ်အား တုတ်နှင့်ရိုက်လိုက်၊ ထွက်လာသောအဆီများသုတ်လိုက်ဖြင့် အချိန်အတန်ကြာသော် ဖားပြုတ်ကြီးသည် ပက်လက်လန်သွားပါတော့သည်။ ဆရာကြီး၏ ပုလင်းလေးထဲတွင်လည်း ဖားပြုပ်ဆီများနစ်နေသောဂွမ်းစအနည်းငယ်ရနေပြီဖြစ်သည်။

"နောက်တစ်ကောင်လောက်ထပ်ရရင် လုံလောက်ပါပြီ"

"ဆရာကြီး၊ ဒီဖားပြုပ်ကျောကုန်းကအဆီတွေကဘာလုပ်မလို့တုံး"

"မင်းညကျတော့သိရမှာပေါ့ကွာ။ ဒီလို လတ်လတ်ဆတ်ဆတ်ဖားပြုပ်ဆီက အရမ်းအစွမ်းထက်တယ်။ အကောင်ကြီးလေ အဆီပိုပြင်းလေပဲ"

သူတို့နောက်တစ်ကောင်ထပ်ရပြီး ယခင်အတိုင်း ဖားပြုပ်ဆီထုတ်ယူပြီးသော် ပြန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

❑

လကွယ်ညသည် တိမ်မည်းတချို့၏နှောင့်ယှက်မှုကြောင့် ပို၍မှောင်မိုက်နေပါသည်။ ထို့ပြင် ဆရာကြီးဦးသာဗျော တို့ ဆရာတပည့်နှစ်ဦးက အနက်ရောင်ဝတ်စုံများဝတ်ထား၍ အမှောင်ရိပ်ထဲတွင် သဲသဲကွဲကွဲပင် မမြင်ကြရတော့။ တောင်စောင်းမှ ထင်းရှူးပင်များသည် လေချွန်သံပေး၍ ယိမ်းကနေကြသည်။ တရှုတ်ပြည်ဘက်မှ တိုက်ခတ်လာသော မြောက်လေသည် တဖြူးဖြူးနှင့် မြို့အား အအေးဓာတ်ပေးနေ၏။ လှိုထဲမှတော ခွေးတစ်ကောင်သည် ဝူးဝူးမြည်လျက် ဆွဲငင်စွာအူနေပါသည်။ ဆရာတပည့်နှစ်ယောက် ဘိန်းဖြူမှောင်ခိုလုပ်ရာ တစ်ဖက်နိုင်ငံသားများ နေထိုင်သည့် ရပ်ကွက်အတွင်း ဖြည်းဖြည်းချင်းလှမ်းလာနေကြသည်။

"ဆရာကြီး၊ တချို့ခြံတွေမှာ ခွေးတွေမွေးထားတယ်။ ခွေးဟောင်သံတွေကြားသွားရင်ဘယ်လိုလုပ်မလဲ"

"မင်းနဲ့ငါဝတ်ထားတဲ့တိုက်ပုံအနက်တွေမှာ ငါဆေးမှုန့်တွေဖြူးထားတယ်။ ငါတို့ကိုခွေးတွေ့ရင်ဟောင်နိုင်မှာမဟုတ်ဘူး"

သူတို့နှစ်ယောက် ပစ်မှတ်ထားရာခြံဝရောက်တော့ ခြံအနီးရှိ သကြားပင်ရိပ်အား အကာအကွယ်ပြု၍ ခြံတွင်းသို့ လေ့လာကြသည်။

"သူတို့မအိပ်သေးဘူးကွ၊ အတော်ပဲ။ မြောက်ဘက်ကပြတင်းတံခါးတွေဖွင့်ထားတယ်။ ငါတို့အတွက် အဆင်ပြေသွားတာပေါ့"

"ဆရာကြီး ခြံတံခါးကြီးက အကြီးကြီးပဲ။ သောခလောက်ကြီးလည်းခတ်လို့"

"မင်းတော်တော်ညံ့သေးတဲ့ကောင်ပဲ။ ငါ့ပညာကဘာလုပ်ဖို့ထားတာလဲ"

ည (၈) နာရီခန့်သာရှိသေးသော်လည်း မြို့ပြင်ရပ်ကွက်အစွန်ဖြစ်နေပြီး ရာသီဥတုမှာအေးလာ၍ လူတွေအပြင်မထွက်ကြတော့ပါ။ အိမ်ထဲမှာ မီးလင်းဖိုများဖိုထားပြီးကွေးနေကြမည်ထင်သည်။ လမ်းဓာတ်တိုင်မီးများကလည်း တစ်မျှော်တစ်ခေါ်မှတစ်လုံးသာရှိပြီး ခရမ်းချဉ်သီးလောက် နီကြင်ကြင်မီးအရောင်သည် ဘယ်လိုမှအလင်းရောင်မပေးနိုင်ပါ။ သူတို့နှစ်ယောက် ခြံဝသို့အသာတိုးကပ်သွားပြီး ခြံတံခါးဝရောက်သော် ဆရာကြီးသည် သော့ခလောက်ကြီးအားကိုင်၍ နှုတ်မှ ဂါထာတစ်ပုဒ်အား တိုးတိုးရွတ်ဆိုလိုက်သည်။

"ဂျောက်. . . ခလောက်"

သော့ကြီးပြုတ်ထွက်သွားသည်။ တံခါးအားအသာတွန်း၍ဝင်လိုက်ကြပြီး ပြန်စေ့ထားခဲ့၏။

"ဆရာကြီး၊ ဟိုမှာ ခွေးကြီးနှစ်ကောင်ပြေးလာနေပြီ"

အယ်ဇေးရှင်းခွေးကြီးနှစ်ကောင်မှာ အသံကြားလိုက်သဖြင့်ပြေးလာကြသော်လည်း သူတို့နှစ်ယောက်အား မြင်ပုံမပေါ်ပါ။ တံခါးနားမှာ နှာခေါင်းတရှုပ်ရှုပ်ဖြင့် အနံ့ခံနေကြသည်။

"မင်းမှတ်ထား။ အဲဒါ ခွေးတွေကိုနိုင်တဲ့အဟန့်လို့ခေါ်တယ်။ ငါဒီကောင်ကြီးတွေကိုအိပ်သွားအောင်လုပ်လိုက်ဦးမယ်"

ဆရာကြီးသည် လွယ်အိတ်ထဲမှ အသင့်ယူလာသောထန်းလျက်ခဲများအားထုတ်ပြီး လက်ဖဝါးပေါ်တင်ကာ တံတွေးထွေးလိုက်သည်။ ပြီးနောက် ခွေးနှစ်ကောင်ရှေ့သို့ ပစ်ချလိုက်၏။ ခွေးနှစ်ကောင်က သူတို့ရှေ့သို့ ဖုတ်ခနဲပစ်ကျလာသော ထန်းလျက်ခဲများအား နမ်းကြည့်ပြီး တပျပ်ပျပ်မြည်အောင်ဝါးစားနေကြသည်။ မကြာလိုက်သောအချိန်မှာပင် ခွေးကြီးနှစ်ကောင်သည် အီခနဲအသံပေးရင်း လဲကျအိပ်ပျော်သွားပါတော့သည်။

သူတို့နှစ်ယောက် အိမ်ကြီးမြောက်ဘက်ခြမ်းသို့သွားကြပြီး ပွင့်နေသော ပြတင်းပေါက်အနီးမှာခိုလိုက်ကြသည်။ ဆရာကြီးသည် မနက်ကဖန်တီးထားသော ဖားပြုပ်ဆီများဝနေသည့် ဂွမ်းစများအားထုတ်ပြီး ဆီမီးခွက်ထဲမှာ ထည့်လိုက်သည်။ မီးခြစ်ဆံတစ်ချောင်းထုတ်၍ခြစ်လိုက်ပြီး ဂွမ်းစများအား မီးရှို့လိုက်သည်။ ဖားပြုပ်ဆီဝနေသောဂွမ်းများသည် မီးစွဲ၍ မီးခိုးငွေ့များတက်လာလာချင်း ပြတင်းပေါက်အဝနားသို့ ရွှေ့ပေးလိုက်သည်။

တဖြူးဖြူးတိုက်နေသောမြောက်လေကြောင့် မီးခိုးငွေ့များသည် အိမ်အတွင်းသို့ဝေ့ဝိုက်ပြီးဝင်သွားပါတော့သည်။ လေအရှိန်ကြောင့် ဂွမ်းစများက ရဲခနဲလောင်ကျွမ်းကာ ခဏကြာသော် ဆီမီးခွက်ထဲတွင် ဖားပြုပ်ဆီတစ်စက်မှပင်မကျန်တော့ပါ။ ဆရာကြီးက ဆီမီးခွက်အား ပလတ်စတစ်အိတ်ထဲထည့်ပြီး လွယ်အိတ်ထဲ ပြန်သိမ်းထားလိုက်သည်။

"ခဏစောင့် ငါ့တပည့်၊ ကွမ်းတစ်ယာညက်လောက်ကြာရင် တစ်အိမ်လုံး တုတ်တုတ်မလှုပ်အောင် အိပ်ပျော်သွား[ကြ]လိမ့်မယ်"

"ဘယ်အချိန်အထိအိပ်ပျော်သွားကြမှာလဲ။ တော်ကြာ ကျွန်တော်တို့အ[...] ထဲကိုဝင်နေတုန်းနိုးသွားရင် ဘယ်လို[...] မလဲ"

"မနက်ဖြန်မနက်မှာ ငါတို့ သူ[...] အိမ်ခြံဝင်းထဲကို သံပရာသီးပစ်[...] လိုက်ရင် မနက်ကိုးနာရီလောက်ဆို[...] လာမှာပါ။ ဒါမှမဟုတ် သူတို့အိမ်[...] ရင်းနှီးတဲ့သူတစ်ယောက်ယောက်လာ[...] ပုတ်နှိုးမှ သူတို့နိုးမှာ။ ဒီပြင်ကတော့ [...] တော့ဘူး။ တစ်ညလုံး တစ်နေ့တုန်[...] ပျော်နေရင်း နှလုံးခုန်နှေးလာပြီး သူ[...] တစ်အိမ်လုံးသေသွားကြလိမ့်မယ်"

မွန်လေး ကျောထဲမှာစိမ့်သွား[...] သူတို့သည် တစ်ဖက်နိုင်ငံသား၊ [...] မဝင်နေထိုင်ပြီး လက်နက်ကိုင်များ[...] ပေါင်းကာ ဘိန်းဖြူမှောင်ခိုလုပ်နေ[...] သော်လည်း သူတို့သည် လူတွေဖြစ်[...] ၍ သေသွားလျှင် လူ့သတ်မှုဖြစ်ပါသ[...] ဆရာကြီးစိတ်ထဲမှာ ဘယ်လိုအကြ[...] စည်တွေရှိနေသည်လဲတော့ သူမသိ[...] သူစဉ်းစားမိတာက ရာဇဝတ်မှုဖြစ်နေ[...] ဇောချွေးများပင်ပြန်လာနေပါသ[...] ဆရာကြီးကတော့ ခပ်အေးအေး[...] ကွမ်းတစ်ယာကိုထုတ်စားနေ၏။

"ရလောက်ပြီ၊ ငါတို့ရှေ့တံခါး[...] ဝင်ကြတာပေါ့"

အိမ်ရှေ့တံခါးမကြီးရှေ့ရော[...] သောအခါ ဆရာကြီးက လက်[...] အသာပုတ်လိုက်ရာ တံခါးမကြီးပွင့်[...] ပါသည်။ ဧည့်ခန်းမကြီးထဲတွင် လူ[...] ယောက် ဆိုဖာများပေါ်တွင်ပင် အိပ်[...] နေကြပါသည်။ စားပွဲပေါ်မှာက အ[...] ဖန်ခွက်များ၊ သောက်လက်စပုလင်[...] စားဖွယ်အမြည်းများက စားသော[...] လက်စဖြစ်ပုံရသည်။ မီးလင်းဖိုမှ [...] တောက်က လောင်လက်စထင်းချော[...] များအား ဆက်လောင်နေပါသည်။

"လာ - အပေါ်ထပ်ကိုသွား[...]"

အိပ်ခန်းမကြီးတစ်ခုရှေ့ရော[...] သော် အသာတွန်းဖွင့်လိုက်ရာ အ[...] ပင်ပွင့်သွား၏။ အိပ်ခန်းထဲရှိကြ[...] ခွဲညားသောနှစ်ယောက်အိပ်ခုတင်[...] ထက်တွင် လှပသောအမျိုးသမီးငယ်[...] ယောက်သည် ညဝတ်အင်္ကျီပါးပါး[...] လျက် အိပ်ပျော်နေပါသည်။

"တွေ့လား၊ ပိုက်ဆံအ[...] ငါတို့တိုင်းရင်းသူလေးတွေကို[...] ထားတာ"



www.burmeseclassic.com

www.burmeseclassic.com

အခန်းနံရံမှာကပ်လျက် ဗီရိုကြီး ...ရောက်သော် ဆရာကြီးသည် နှုတ်မှ ...တစ်ခုအားရွတ်ဆိုပြီး ဗီရိုတံခါး ...ဖွင့်လိုက်သည်။ ထို့နောက် ဆွဲဖွင့် ...သောအခါ ဗီရိုအတွင်းမှာ ငွေစက္ကူ ...လိုက်များနှင့်အတူ သေတ္တာငယ် ...အား တွေ့ရသည်။ သေတ္တာများ ...ကြည့်လိုက်ရာ စိန်ထည်အချို့ ...ည်လက်ဝတ်လက်စားများ၊ ရွှေ ...များကိုတွေ့ရသည်။ ဆရာကြီးက ...မယူဘဲ စိန်ရွှေလက်ဝတ်လက်စား ...ရွှေချောင်းတစ်ဝက်သာယူသည်။ ...နောက် ငွေထုပ်များထဲမှ ရာတန် ...သိန်းထုပ်ငါးထုပ်ယူ၍ တစ်ယောက် ...လွယ်အိတ်ထဲထည့်ပြီး ခွဲသယ် ...သည်။

နောက်နေ့ သူတို့တွေကံကောင်း ...ရင် ဘယ်ရဲမှတိုင်ရဲမှာမဟုတ် ... သူတို့ပစ္စည်းတွေတစ်ဝက်ချန်သွား ...။ အိမ်မှာဘိန်းဖြူထုပ်တွေရှိနေလို့ ...ကြောင့် ငြိမ်နေကြလိမ့်မယ်။ ဒါပေ... သူတို့နဲ့ဆန့်ကျင်ဘက်အဖွဲ့တွေကို ... မသက်ာပြီး ဒီကောင်တွေလိုက် ...မှာ၊ ငါတို့ကတော့ အေးအေးဆေး... ဒီမြို့ကထွက်သွားရုံပေါ့ကွာ”

ဆရာကြီးက ခပ်တိုးတိုးရယ်လိုက် ... နှစ်ယောက်သား အိမ်ကြီးထဲမှထွက် ...ခဲ့ကြပါတော့သည်။ ထင်းရှူးပင်များ ... ညဉ့်ငှက်တစ်ကောင်ကတော့ ...တစ်ဝစ်အသံပေးလျက်။

❑

ဘုန်းကြီးကျောင်းတစ်ကျောင်း၏ ...တစ်ဆောင်ပေါ်တွင် ဆရာတပည့် ...ယောက် အိပ်ပျော်နေကြသည်။ ...မိုးလင်း၍ ငှက်ကလေးများ၏မြည် ...သံကြောင့် မွန်လေး အိပ်ရာနိုးလာ ...သည်။ ဆရာကြီးကတော့ အိပ်ပျော်နေ ...။ သူ အိပ်ရာမှမထသေးဘဲ တွေးနေမိ ...သည်။ ဒီလူတွေ သူတို့အိမ်ကိုလာနှိုးမယ့် သူတွေရောက်မလာခင်အိပ်ပျော်နေကြမှာဆို တော့ ဒီနေ့ အဲဒီအိမ်ကို အပြင်မှတစ်စုံတစ်ယောက် လူမလာခဲ့ရင်သွားပြီပေါ့။ သူ့စိတ်ထဲမှာ ရန်မကင်းသလိုဖြစ်လာသည်။ အကယ်၍ တစ်အိမ်လုံးသေသွားခဲ့သော် သူ ...ယောဂမကင်းတော့ပါ။ သည်လိုအဖြစ် ...မျိုး မဖြစ်စေချင်ပါ။ မှောင်ခိုမူးယစ်ရာဇဝတ် လူမျိုးခြားတွေဆိုပေမယ့် လူသားတွေ ဖြစ်နေ၍ မသေစေချင်။

နောက်ဆုံးတော့ ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာချလိုက်သည်။ သူ့ ရွှေတွေ ငွေတွေကိုလည်းမလိုချင်။ သူလိုချင်သည်က ဆရာကြီးဆီမှ ပညာသာ ဖြစ်သည်။ ထိုပညာကိုလည်း သူရခဲ့ပြီး ပြီ။ ဆရာကြီးနှင့်လမ်းခွဲမှဖြစ်တော့မည်။ ညကပြန်လာကြပြီး ဆရာကြီးက သူ့ကို ခွဲဝေပေးထားသည့် ရွှေလက်ဝတ်လက် စားများနှင့် ငွေသားများထဲက လမ်းစ ရိတ်နှစ်သောင်းသာယူပြီး ကျန်သည်များ ကို အဝတ်နှင့်ထုပ်၍ အိပ်ပျော်နေသော ဆရာကြီးအနီးချပြီး ထိုင်ကန်တော့လိုက် သည်။ စိတ်ထဲမှလည်း ‘ကျွန်တော့်ကိုခွင့် လွှတ်ပါ’ ဟုပြောလိုက်မိသည်။ဇရပ်ပေါ် မှ ခြေဖွနင်းပြီး ကျောင်းဝင်းအပြင်ဘက် သို့ ထွက်လာခဲ့သည်။ ကျောင်းဝင်းဝ အနီးပေါက်နေသော သံပရာပင်ကြီးမှ သံပရာသီးသုံးလုံးခူးယူလိုက်ပြီး လားရှိုး မြို့စွန်ခြံကြီးဆီသို့ လျှောက်လာခဲ့၏။

ခြံကြီးအဝသို့ ရောက်သောအခါ အထဲသို့လှမ်းကြည့်မိသည်။ ခွေးကြီးနှစ် ကောင်က တံခါးမကြီးအနီးမှာ ခြေလေး ချောင်းစုံပစ်၍ အိပ်ပျော်နေသည်။ အိမ် ကြီးအတွင်းမှလည်း ဘာသံမှမကြားရ။ သူခြံဝင်းအတွင်းသို့ သံပရာသီးသုံးလုံး အား ပစ်ထည့်လိုက်သည်။

ပြီးတော့ သူဦးတည်နေသည်က လားရှိုးဘူတာရုံရာသို့ဖြစ်ပါတော့သည်။

❑

“ဒါနဲ့ပဲ မင်း ရန်ကုန်ကိုရောက်လာ ခဲ့တယ်ပေါ့”

“မဟုတ်ဘူး အစ်ကို၊ မန္တလေးမှာ သုံးလေးလလောက်နေပြီး အလုပ်ရှာ လိုက်သေးတယ်”

“မင်းဆရာကြီးနဲ့ အဲဒီမူးယစ်ရာဇဝတ် အိမ်ရဲ့သတင်းကို ဘာကြားသေးလဲ”

“ဘာမှမကြားရဘူး။ ကျွန်တော် ထင်တာက သူတို့လည်း ပစ္စည်းတွေ အကုန်ယူမသွားတာရယ်၊ လူကိုဘာမှ အန္တရာယ်ပေးမသွားတာရယ်နဲ့ သူတို့ ကိုယ်တိုင်က ဥပဒေနဲ့မလွတ်မကင်းဖြစ် နေကြရမယ့်ကြောင့် ရဲကိုမတိုင်ကြတာ ဖြစ်မယ်။ ကျွန်တော်တွေ့ခဲ့တာပဲ အိပ် ခန်းထဲမှာ ဘိန်းဖြူအိတ်တွေစီထားတာ၊ ရဲတိုင်လိုက်လို့ ရဲတွေက အိမ်ကိုစစ်ဆေး ရင် ဘိန်းဖြူတွေတွေ့သွားရင် အမှုက သူတို့ဆီပြန်ပတ်မှာပေါ့။ သူတို့လည်း တပည့်တွေနဲ့မြို့ပတ်ပြီး တိတ်တိတ်လေး မွှေနှောက်ရှာမှာပေါ့။ ဒါပေမယ့် ဆရာ ကြီးရဲ့ပညာစွမ်းက မော်ဆန်တယ်။ သူ တို့တွေ့နိုင်မှာမဟုတ်ဘူး၊ ကျွန်တော်ထင် ပါတယ်။ ဆရာကြီးဟာ တစ်မြို့တစ်ရွာ မှာ အခြေချနေလောက်ပါပြီ”

“မင်းက ဘယ်လိုလုပ် ရန်ကုန်ကို ရောက်လာတာလဲ”

“အစ်ကိုတို့ရပ်ကွက်ထဲက ကား ဘော်ဒီရုံပိုင်ရှင်ဆရာက ကျွန်တော်တို့ မုဒုံသား မွန်တိုင်းရင်းသားလေ။ သူ ဒီမှာ ဘော်ဒီဆရာဖြစ်နေတယ်ကြားလို့ ကျွန်တော်လည်း ရန်ကုန်ကိုဆင်းချလာ ပြီး ပညာသင်ရင်း အလုပ်ဝင်လုပ်နေ တာ”

“မင်း ငါ့ကို အဲဒီပညာသင်ပေးပါ့ လား”

“သင်ပေးတာက ရပါတယ် အစ်ကို။ ပါဏာတိပါတာနဲ့ ကာမေသု မိစ္ဆာစာရကံနှစ်ပါးထိန်းရမယ်။ပြီးတော့ ကျွန်တော်ရွတ်ပြတဲ့ဂါထာကို တစ်နေ့ (၁၀၈) ခေါက်နဲ့ သုံးနှစ်တိတိ တစ်ရက် မှမပျက်ဘဲ ရွတ်ဆိုရမယ်။ အမဲသား မစားရဘူး။ သုံးနှစ်ပြည့်တာနဲ့ အစ်ကို့ကို ကျွန်တော့်ပညာအမွေလွှဲအပ်ပေးမယ်။ ရွတ်ရုံရွတ်ပြီး ဆရာက ပညာအမွေမလွှဲ ရင်လည်း မရဘူး”

“အင်း - မင်းဟာက လွယ်တော့ သိပ်မလွယ်ဘူး။ ဒါပေမယ့် ငါကြိုးစား ကြည့်ချင်တယ်။ ဂါထာကိုရွတ်မယ်ကွာ။ မပျက်အောင်တော့ထိန်းရမှာပေါ့”

ကျွန်တော်တို့ နှစ်ယောက်သား ကျုံစိန်အရက်ဆိုင်မှထွက်လာခဲ့ကြသည်။

ကျွန်ုပ်သည် မွန်လေးရွတ်ပြသော ဂါထာအား တစ်နေ့ (၁၀၈) ခေါက်ဆို သောကြောင့် ပုတီးတစ်ပတ် မှန်မှန်စိပ် ပြီး ရွတ်ဆိုလာသော်လည်း သင်္ဘောပေါ် သို့ပြန်ရောက်သောအခါ အလုပ်များ သည့်နေ့များတွင် ပျက်ကွက်ခဲ့သဖြင့် အစကနေ ပြန်ပြန်ပြီးရွတ်နေရသော ကြောင့် ကြာသော် ဆက်မရွတ်နိုင်တော့ ဘဲ ပျက်ခဲ့ရပါပြီ။

မွန်လေးရွတ်ဆိုပြသောဂါထာမှာ သီဟိုဠ်ခေတ် အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ မဟာနိမိတ္တရတနာကျမ်းမှ နံပါတ် (၆) ဂါထာဖြစ်သော -

တဟိတတိ ပါရမီသဥ္စယံ စယံ အစချီဂါထာတော်ဖြစ်နေခြင်းပင်တည်း။

သူရဋ္ဌစာဖတ်ပရိသတ်ကြီး ရွှင်လန်းချမ်းမြေ့ပါစေ

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com



# ဝင်းမောင်ကျော်

## တောင်ကလပ်ရွာမှ ဘဝဟောင်းပြန်

ကိုဖိုးအေးနှင့် မကျင်မယ်တို့ အိမ်ထောင်ကျခဲ့သည်မှာ (၁၀)နှစ်ကျော်ခဲ့ပါပြီ။ အိမ်ထောင်ကျခါစက ကိုဖိုးအေးက (၂၁)၊ မကျင်မယ်က အသက်(၂၀) နှင့် အိမ်ထောင်ကျခဲ့တာပေါ့။ ကလေးသားမြေးဆိုလို့ တစ်ယောက်မှမရခဲ့ပါဘူး။ ဒီလိုနဲ့ သူတို့ဟာ တောင်ယာလယ်လုပ် မားမခုတ်ဆိုသလို ရွာမှာနေပြီး လုပ်ကိုင်စားသောက်ခဲ့သည်။

ကိုဖိုးအေး တောင်ယာထဲမှာ ယာကိုထွန်ယက်ပြီး နွားများနဲ့ဖက်လို့ရုန်းကန်လှုပ်ရှားလျက်ရှိတဲ့အချိန်မှာ မကျင်မယ်ကလည်း အိမ်တွင်းမှာ လုပ်စရာရှိတဲ့အလုပ်နဲ့ စားသောက်ဖို့ချက်ပြုတ်ရတာပေါ့။ ပြီးတော့ နွားတွေပြန်လာရင်လည်း နွားမြက်စာစားဖို့ စခေါင်းထဲကို နွားစာစဉ်းတဲ့အလုပ်၊ ရေခပ်တဲ့အလုပ်လုပ်ရပါသည်။ အဲဒီလိုပြုလုပ်ပြီး တောင်ယာထဲမှာ နှစ်ယောက်သားစားသောက်ဖို့ မကျင်မယ်ဟာ ထမင်းတောင်းကို ခေါင်းပေါ်တင်ပြီး နွားများနှင့်နပန်းလုံးနေတဲ့ ကိုဖိုးအေးရှိရာယာထဲကို ခြေလှမ်းခပ်သွက်သွက်နဲ့သွားလေ့ရှိသည်။

တောင်ယာထဲမှာ စိုက်သင့်ပျိုးသင့်တဲ့ အသီးအနှံတွေကိုလည်း မကျင်မယ်က ကိုဖိုးအေးနှင့်အတူ စိုက်ပျိုးလေ့ရှိပါသည်။ တကယ်လို့ ယာက ဒီနှစ်ပိုပြီးမျိုးစေ့များစိုက်တော့မယ်ဆိုရင်လည်း လူငှားတွေနှင့်သစ်စေ့မျိုးစေ့များစိုက်လေ့ရှိကြပြီး အဲဒီအခါမှာ သူတို့ဇနီးမောင်နှံဟာ ဆန်နှင့်ဟင်းလျာတွေကို ယာထဲသို့ယူပြီး အလုပ်လုပ်နေတဲ့ နေရာမှာတင်ပဲ လူငှားများနှင့်ချက်ပြုတ်စားလေ့ရှိသည်။ ယာမှထွက်တဲ့သီးနှံများဖြစ်ပေါ်လာရင်လည်း ကိုဖိုးအေးနှင့် မကျင်မယ်တို့ဟာ မြို့တက်ပြီး နွားလှည်းများနှင့်ရောင်းချကာ ပစ္စည်းပစ္စယများစုဆောင်းလေ့ရှိပါသည်။

ပစ္စည်းများနှင့် ငွေကြေးပမာဏအတော်လေး ပြည့်ပြည့်စုံစုံဖြစ်နေတာကို ပတ်ဝန်းကျင်ကလူတွေလည်း ရိပ်မိကြသည်။ ဒီတုန်းက ကိုဖိုးအေးအသက်က (၃၁) နှစ်၊ မကျင်မယ်ရဲ့အသက်ကတော့ အသက် (၃၀) ရှိပါပြီ။ အရွယ်ကလည်းကောင်းတုန်း၊ ကျန်းမာရေးကလည်းကောင်းတုန်းပေါ့။ ကိုဖိုးအေးကလည်း ယာထဲမှာ တစ်ခါတစ်ရံအိမ်မပြန်ဘဲ အမှိုက်နှင့်သစ်ငုတ်များကို တစ်ခုပြီးတစ်ခုဖော်ပြီးရှင်းလေ့ရှိ၏။ အဲဒီတော့ မကျင်မယ် စိတ်မချပါ။ ကိုဖိုးအေးသူ့ယောကျ်ား အလုပ်ကြိုးစားမှန်းသိလို့ မကျင်မယ်တစ်ယောက် အင်မတန် ပီတိဖြစ်မိနေရှာသည်။

တစ်နေ့မှာတော့ ကိုဖိုးအေး... သူ့ဇနီး မကျင်မယ်ကိုနောက်ပြောင်... လိုက်ပါသည်။

"မကျင်မယ်ရေ"

"ဘာလဲ ကိုဖိုးအေး"

"တို့ ဒီလိုနေလို့မဖြစ်ဘူးကွ"

"ဘယ်လိုနေရမှာလဲ ကိုအေး..."

"ငါတို့ သားသမီးမရှိလို့ မဖြစ်... ကွ"

"ဒါကတော့ ကိုအေးရယ် ရှင်... ဝန်တွေပေါ့။ ကိုအေးက တောင်... အလုပ်တွေကိုဖိလုပ်နေတော့ သား... ယူဖို့မေ့နေမှာပေါ့"

"အေး-ဟုတ်တယ် မကျင်မယ်... မင်းပြောမှ ငါသတိရပြီ။ တောင်... အလုပ်ကို လျှော့ထားပြီး အဲဒီအလုပ်... ဖိလုပ်မယ်ကွာ"

"ဘယ်အလုပ်လဲ ကိုအေး"

"ဒီအလုပ်ပေါ့ကွာ"

မကျင်မယ်က သူ့ယော... ကိုဖိုးအေးရဲ့ကျောပြင်ကြီးကို ရှက်... နှင့် ထုထောင်းရှာပါသည်။ ဒီလို... သူတို့ဘဝလေးတွေကို ပျော်... ဖန်တီးနေခဲ့ ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးအေးဟာ အလုပ်ကို သေသေချာချာ ဂရုတစိုက်အားကြိုးမာန်တက်လုပ်ရှာပါသည်။ ဒါပေမယ့်လည်း ဤရွာကလူများက တစ်ခါတစ်ရံ ကြက်တိုက်လေ့ရှိပါသည်။ ဒီနေရာကိုတော့ အပျင်းပြေသွားလေ့ရှိပါ၏။ မကျင်မယ်က အဲဒါကိုတော့မကြိုက်။ ကြက်ဝိုင်းမှာ ကိုဖိုးအေးတစ်ယောက်ထိုင်ကြည့်နေမိတဲ့အချိန် မကျင်မယ်လိုက်ရှာသည့်အချိန်အခါနှင့်တွေ့လျှင်တော့ မကျင်မယ် ဆူပူတာကို ကိုဖိုးအေးခံရတတ်ပါသည်။ သူတို့ဇနီးမောင်နှံဟာ ဒီလိုအဖြစ်အပျက်ကလွဲလို့ ဘယ်ပြဿနာမျိုးမှ ကြီးကြီးကျယ်ကျယ်မဖြစ်ခဲ့ပါ။ ဒီလို မကျင်မယ် ဆူပူမှုပြုလုပ်ခဲ့လျှင် ကိုဖိုးအေး ပြုံးစိပြုံးစိနှင့် ပုဆိုးလေးစလွယ်သိုင်းပြီး မကျင်မယ်ရဲ့နောက်တော်ပါးကနေ အိမ်ပြန်လိုက်ခဲ့လေ့ရှိသည်။

"မကျင်ရယ်၊ ငါပျင်းလို့ပါဟယ်"

"ဩော် - ကိုအေးရယ်၊ ပျင်းလို့ဆိုရင် ဒီမကျင်ကကော တစ်ယောက်တည်းနေရတာ မပျင်းတော့ဘူးလား၊ မစာနာတော့ဘူးလား"

မကျင်မယ်က ပြောပြောဆိုဆို သူ့ယောကျ်ား ကိုဖိုးအေးရဲ့နားရွက်ကို နာနာလေးလိမ်ဆွဲလိုက်ပါသည်။

ဒီအခါ ကိုဖိုးအေးက -

"အမယ်လေးဗျ-နာလိုက်တာဗျာ။ အကျင်ရယ် နောက်ကိုငါမသွားတော့ပါဘူးကွာ"

ဤကဲ့သို့ ပြောလိုက်တဲ့အခါမှာ မကျင်မယ်တစ်ယောက် အကျေနပ်ကြီးကျေနပ်သွားပါပြီ။

သူတို့ဇနီးမောင်နှံက ဒီလိုနှင့်နေထိုင်လာလိုက်တာ စီးပွားရေးအတော်လေး ပြည့်စုံခဲ့ကြပါသည်။ ယာကထွက်တဲ့သီးနှံများကလည်း ရာသီဥတုကောင်းတဲ့အတွက် နှစ်စဉ်နှစ်တိုင်းလိုလို ပိုပိုလျှံလျှံထွက်ပါသည်။ အဲဒါကြောင့် ငွေကြေးလေးတွေ စုဆောင်းမိလာကြသည်။ ဇနီးမောင်နှံနှစ်ဦးကလည်း မောင်တစ်ထမ်း မယ်တစ်ရွက်လုပ်အားကောင်းတဲ့အတွက် အဆင်ပြေလို့ ပျော်စရာဘဝလေးဖြစ်ခဲ့ကြပါသည်။

"အကျင်ရေ"

"ဘာလဲ ကိုအေး"

"တို့အိမ်လေးကသေးတယ်ကွာ"

"အဲဒီတော့ ရှင်ကဘာလုပ်ချင်လို့လဲ ကိုအေးရဲ့"

"အိမ်ကြီးကြီးဆောက်မယ်ကွာ၊ သွပ်မိုးပျဉ်ထောင်နှစ်ထပ်အိမ်ပေါ့"

"အမယ်လေး - သူ့မှာ သားသမီးတွေက အများကြီးဆိုတော့"

"မင်းက မဆောက်ချင်လို့လား အကျင်ရဲ့"

"ကိုအေးသဘောပါ၊ ဆောက်ချင်လည်း ဆောက်ပေါ့။ အိမ်ဆောက်ပြီဆိုရင်တော့ ရှင်ပင်ပန်းလိမ့်မယ်နော်။ ယာထဲသွားရတာတစ်မျိုး၊ အိမ်ထဲမှာလိုတဲ့ ဝေယျာဝစ္စကိစ္စတွေက တစ်မျိုးနဲ့"

"တို့ယာတွေကိုင်းတွေပြီးမှ အိမ်ဆောက်တဲ့အလုပ်ကိုလုပ်မယ်လေကွာ"

"ကောင်းပါပြီ - ကိုအေးသဘောပါပဲ"

အဲဒီအချိန်ကစလို့ ကိုဖိုးအေးနှင့် မကျင်မယ်တို့ဟာ အိမ်ဆောက်ဖို့အတွက် အလုပ်ကို ပိုပြီးကြိုးစားလာခဲ့ကြပါသည်။ အိမ်နီးချင်းတွေဖြစ်တဲ့ ကိုဖိုးသောင်းက သူတို့ဇနီးမောင်နှံနှစ်ဦးကို ကြည့်ပြီး ဝေဖန်ပြောဆိုပါသည်။

"မောင်ဖိုးအေးနဲ့ မကျင်မယ်တို့ လင်မယားနှစ်ယောက်ကြည့်ရတာကွာ ငိုစားမယ့်လူရယ်စားမယ့်သူမရှိဘဲနဲ့ အဲဒီလောက် လောဘကြီးလှချေလား။ တော်တော်ကြာရင် မင်းတို့လုပ်စာတွေ ဘုန်းကြီးစားသွားဦးမယ်ဟေ့"

"စားကာမှစားရောကွာ၊ လုပ်နိုင်ကိုင်နိုင်တဲ့အချိန်မှာတော့ အလုပ်လုပ်ရမှာပဲ ကိုဖိုးသောင်းရေ"

"ဟုတ်ပါတယ် ကိုအေးရေ ရာသီဥတုကလည်းကောင်းနေတဲ့အချိန်၊ အရွယ်ကလည်း လုပ်နိုင်ကိုင်နိုင်တဲ့အချိန်မှာ အလုပ်အကိုင်ဖိလုပ်ရမှာ အမှန်ပဲလေ၊ ကိုအေးတို့ကို နောက်တာပါ ဟဲ ဟဲ ဟဲ ဟဲ"

"အလုပ်ပိုလုပ်တာကလည်း ကိုဖိုးသောင်းရေ ဒီနှစ် ကျွန်တော်တို့ အိမ်ပြင်ဆောက်မလို့ဗျို့"

"ဩော်-ဟုတ်လား ကောင်းတာပေါ့။ ကျွန်တော်တို့ရွာမှာ အိမ်ကောင်းရာကောင်းတွေတိုးလာတာပေါ့"

ကိုဖိုးအေးနှင့် မကျင်မယ်တို့ရွာလေးဟာ တောင်ရိုးနားမှာကပ်နေတာကြောင့် တောင်ကလပ်ရွာလို့ခေါ်ကြပါသည်။ တောင်ကလပ်ရွာဟာ အိမ်ခြေအများကြီးတော့မရှိပါ။ (၉၀) ကျော် (၁၀၀) မျှလောက်ပဲရှိပါသည်။ အားလုံးတောင်ယာလယ်လုပ် ဓားမခုတ်ဘဝနှင့် ပျော်မွေ့ပြီး လုပ်ကိုင်စားသောက်လျက်ရှိကြပါသည်။

ကိုဖိုးအေးနှင့်မကျင်မယ်တို့ အိမ်ဆောက်ဖို့ရာ အဆင်ပြေကြပါသည်။

ယာများလည်းပြီးဆုံးသွားလို့ အိမ်ဆောက်
ဖို့အတွက် သစ်သားများကို အော်ဒါမှာ
ယူလျက်ရှိပါသည်။ သွပ်သံများကိုလည်း
မြို့တက်ပြီး ဝယ်ယူပါသည်။ အလုပ်
ကတော့ ကိုဖိုးအေးနှင့် မကျင်မယ်
ဇနီးမောင်နှံမှာ ရှုပ်ထွေးလျက်ရှိ
ကိုဖိုးအေးတစ်ယောက်ကတော့ နေ့
မသိညမှန်းမသိ မိမိရဲ့လက်ရှိအိမ်
ကိုဖြိုဖျက်ပြီး သူတို့ဇနီးမောင်နှံနေ
အတွက် တဲထိုးပြီးတော့ လက်သမား
နှင့် အိမ်ဆောက်လုပ်နေကြပါပြီ။ ဒီ
နှင့် မကြာခင် နှစ်ထပ်အိမ်ကြီးအကော
အထည်ပေါ်လာပါသည်။ ကိုဖိုးအေး
မကျင်မယ်တို့ အတော်လေးကိုပင်ပန်း
ခြေကုန်လက်ပန်းကျလုနီးနီးဖြစ်နေ
ပါပြီ။ လိုအပ်တဲ့ အိမ်ဆောက်သံ
လည်း မကြာခဏဆိုသလို မြို့ကိုတက်
ပြီးဝယ်ရနှင့် အလွန်ပင်ပန်းနေ
အိမ်ကြီးကလည်း ပြီးလုပြီးခင်ဖြစ်နေ
ပြီ။ ဒီအချိန်မှာ လက်သမားခေါင်းဆော
ဦးတိုးက သူတို့ဇနီးမောင်နှံကိုကြည့်
"ကိုဖိုးအေးနဲ့ မကျင်မယ်
ခင်ဗျာတို့ဇနီးမောင်နှံ တစ်ချက်
မညည်းမညူအနားမယူဘဲ တော်
လေးအလုပ်လုပ်နိုင်တယ်ဗျာ။ ခင်ဗျား
ဇနီးမောင်နှံကတော့ ကျွန်တော်
ပါရဲ့။ အလွန်ကြိုးစားတဲ့ ဇနီးမောင်
ဒီအချိန်မှာ မကျင်မယ်က
ဇနီးမောင်နှံကို လက်သမားဆရာ
နေမှန်းသိလို့။
"ဒီလိုပေါ့ ဆရာရယ် ကျွန်မ
တော့ ယောကျ်ားလုပ်ရမယ့်အ
လည်း ယောကျ်ားကိုမစောင့်ဘူး၊
ကြံ့သလိုလုပ်လိုက်တာပဲ။ အဲဒီ
လုပ်ငန်းတွေအလျင်အမြန်ပြီးမြောက်
ပေါ့ ဆရာရဲ့"
"အေးဗျာ-ခင်ဗျားတို့ဇနီးမော
ကို အားကျတဲ့အကြောင်း ကျွန်
လူတကာပြောရပါတယ်ဗျာ"
လက်သမားဆရာတွေ၊ အိမ်
ချင်းလူတွေကလည်း ကိုဖိုးအေး
မကျင်မယ်တို့ဇနီးမောင်နှံအတွဲညီ
နေသဘောထားကောင်းမွန်ပုံ၊ လူ
အပေါ်မှာလည်း ကိုယ်ချင်းစာ
ထားတတ်ပုံတွေကို အမြဲချီးမွမ်း
သည်။ ဒီအချိန်မှာ ကိုဖိုးအေးအသ
(၃၂) နှစ်၊ မကျင်မယ်အသက်
နှစ်ဖြစ်နေပါပြီ။ အိမ်ကြီးကလည်း
နှစ်မှာတင်ပဲ ပြီးမြောက်သွား
အိမ်ကြီးမှာ သွပ်မိုးပျဉ်ထောင်
အိမ်ဖြစ်နေတာမို့ ရွာအ



www.burmeseclassic.com

www.burmeseclassic.com

…မှာ ပေါ်လွင်ထင်ရှားပြီး လှပသပ်ရပ် …ရှိပါသည်။ သူတို့အိမ်ကြီးကိုကြည့် … ကိုဖိုးအေးနှင့် မကျင်မယ်တို့ကို …တ်မင်္ဂလာဆွမ်းကျွေးဖို့အတွက် …သားချင်းများက တိုက်တွန်းကြပါ …။ ဒီတော့ ကိုဖိုးအေးနှင့်မကျင်မယ် …သည်း ဆွမ်းကျွေးဖို့အတွက် စီစဉ် … အိမ်အတွင်း၊ ခြံအတွင်းမှာရှိတဲ့ …တ်သရိုက်များကို ရှင်းလင်းကြ၊ …တော့ အိမ်ကိုလည်း ရေနံချေးများ …တာ အိမ်သန့်ရှင်းရေးလုပ်ကြဦး …စီစဉ်နေကြပါသည်။ အိမ်တက် …ကျွေးဖို့ကလည်း မိုးမကျသေးတာမို့ …အတွက် အဆင်ပြေပါသည်။ …အချိန်ကစပြီး ကိုဖိုးအေးနှင့် မကျင် …တို့ဟာ အိမ်အတွင်း၊ အိမ်အပြင်၊ …အတွင်း၊ ခြံအပြင်မှာ သန့်ရှင်းရေးပြု …နေကြပါတော့သည်။

"ကိုအေးရေ"

"ဘာလဲကွ အကျင်"

"ကိုအေးက အိမ်ပေါ်ကသစ်သား …ရေနံသုတ်လေ။ ကျုပ်က ခြံထဲက …သရိုက်တွေရှင်းမယ်၊ အိမ်ပေါ်မှာ …သားအဖြူထည်တွေဖြစ်နေတာကို …သုတ်လိုက်ပေါ့"

"ကောင်းပြီ ကောင်းပြီ - အကျင် …"

မကျင်မယ်ဟာ အိမ်အသစ်ကြီး …တက်ရန်မလွယ်တဲ့အတွက် အလှ …ပြင်ဖို့ ကိုဖိုးအေးကို စီမံခန့်ခွဲ …ရှိပါသည်။ သူကတော့ အိမ် …တ်မှအမှိုက်သရိုက်များနဲ့ခြံဝင်းထဲ …ပွနေတဲ့အမှိုက်များကို ရှင်းလင်း …သည်။ နေ့လယ်စာ ထမင်းစားပြီး …ည်းက ခြံဝင်းထဲမှအမှိုက်များကို …င်းနေခဲ့ရာ အချိန်မှာ ညနေ (၅) …ကျော်သွားခဲ့ပါပြီ။ အဲဒီအချိန်မှာ ခြံ …နောက်ဖေးဘက်မှ မကျင်မယ်တစ် …တ် သုတ်သီးသုတ်ပျာနှင့် အိမ် …ကိုပြန်လာပြီး ခြေထောက်မှာ ဆူး …လိုရှသွားသလိုလို ခံစားရပါသည်။

အဲဒါကြောင့် ကိုဖိုးအေးရှိရာ အိမ် …ခပ်သွက်သွက်ကလေးလှမ်းတက် …သည်။ မကျင်မယ်ရဲ့စိတ်ထဲမှာ တစ် …နှင့်တစ်နေရာ အမှိုက်သရိုက်များ …နေရင်း အမှိုက်ပုံကြီးကလည်း …တဲ့အတွက်ကြောင့် ဆူးစူးသလို … တစ်ခုခုထိရှသွားသလိုလို၊ သစ်တို …ရှေရင်းနဲ့သံတိုသံစခြစ်မိသွားသလို …ထဲမှာ ဇဝေဇဝါဖြစ်မိပါသည်။ သူ …ထောက်ကိုခြစ်ခဲ့မိတဲ့အချိန်မှာတော့ ဖျဉ်းခနဲဖြစ်မိပါသည်။ ဒါပေမယ့်လည်း အလုပ်ဇောကြောင့် တစ်ခုခုဖြစ်သွားတယ်လို့ပဲထင်နေသည်။ အဲဒါကြောင့် ကိုဖိုးအေးရှိရာ အိမ်ပေါ်ကိုတက်ခဲ့ပါသည်။ အိမ်ပေါ်သို့တက်ရန် လှေကားငါးထစ်ရှိရာ လေးထစ်မြောက်လောက် အရောက်မှာ မကျင်မယ်တစ်ယောက် အပေါ်ဆက်တက်လို့မရတော့ဘဲမြေပြင်ပေါ် ဖိနပ်ချွတ်ရှိရာဆီကို ပြုတ်ကျသွားပါတော့သည်။ မကျင်မယ် ဒီလိုဖြစ်တာကို အိမ်ပေါ်က ကိုဖိုးအေး လှမ်းမြင်ပေမယ့်လည်း မကျင်မယ်တစ်ယောက် လှေကားပေါ်ကပြုတ်ကျတယ်လို့ပဲထင်ခဲ့သည်။

အမှန်တကယ်တော့ မကျင်မယ် တစ်ယောက် အမှိုက်ပုံထဲက မြွေကိုက် လိုက်ခြင်းကို သူမသိလိုက်ပါ။ အလုပ်တစ်ခုကိုပြီးအောင်ဇောနှင့်လုပ်နေတာကြောင့် (၃) နာရီခွဲလောက်က အဆိပ်ရှိတဲ့မြွေကိုက်ခံရပြီး (၅) နာရီခွဲလောက်ထိဆိုတော့ (၂) နာရီလောက်ကြာတဲ့အခါ မြွေဆိပ်များဟာ မကျင်မယ်တစ်ကိုယ်လုံးကိုပျံ့စပြုသွားပါပြီ။ အဲဒီလိုကြားပြီး မကျင်မယ်အသံကို မကြားရတော့မှ ကိုဖိုးအေး အိမ်ပေါ်သို့ အပြေးသွားတဲ့အခါမှာ မကျင်မယ်က လှေကားပေါ်က ပြုတ်ကျပြီး ခေါင်းကသွေးတွေကျနေတာ တွေ့ရသည်။

လှေကားထစ်နှင့်ခေါင်းထိသွားပြီ ထင်လိုက်သည်။ ကိုဖိုးအေးပျာယာခတ်သွားပြီး ဆေးရုံပို့ဖို့စီစဉ်ပါတော့သည်။ မကျင်မယ်ကတော့ စကားပြန်မပြောနိုင်။ ဒီလိုနှင့် မကျင်မယ်ကို ဆေးရုံကို ထမ်းအသွား လမ်းမှာတင်ပဲ အသက်ပျောက်သွားပါတော့၏။

မကျင်မယ် တစ်ယောက်သေဆုံးသွားတဲ့အချိန်မှာ ကိုဖိုးအေး ပဉ္စာမြွေလူးသလို ခံစားနေရပါတော့သည်။ (၁၀)နှစ်ကျော်မျှလောက် အတူစား၊ အတူသွား၊ အတူနေရင်းမှ ဖြုန်းဒိုင်းကြီးခွဲရသောအခါတွင် ကိုဖိုးအေးတစ်ယောက် နေမရထိုင်မရဖြစ်ရရှာပါသည်။ အဲဒီအချိန်က ကိုဖိုးအေးဟာ အိမ်ကိုလည်း အိမ်တက်ဆွမ်းမကျွေးဖြစ်၊ သူ့ညီအစ်ကိုမောင်နှမများနှင့် ရွာထဲကအမျိုးသားချင်းများကလည်း အိမ်တက်ဆွမ်းကျွေးဖို့လုပ်ပါ မောင်ဖိုးအေးဟုဆိုသော်လည်း မောင်ဖိုးအေးလှည့်မကြည့်၊ ပြန်မပြော။ အလုပ်ကိုလည်း ကောင်းကောင်းမွန်မွန် အလုပ်မလုပ်တော့။ နောက်ပိုင်း ကိုဖိုးအေးတစ်ယောက် ထန်းရည်တို့၊ အရက်တို့ပါသောက်တတ်လာခဲ့ပါပြီ။

တစ်သက်လုံးက အရက်ဆိုတာနမ်းတောင်မကြည့်တဲ့ ကိုဖိုးအေးတစ်ယောက် ပါးစပ်ထဲကိုမျိုချတတ်လာပါပြီ။ အလုပ်အကိုင်ကတော့ ကိုဖိုးအေး မလုပ်တာမဟုတ်ပါ။ လုပ်တော့လုပ်သည်။ သူ့ဇနီးမကျင်မယ်ရှိတုန်းကလို ဟက်ဟက်ပက်ပက် လက်ကြောတင်းအောင်မလုပ်တော့ပါ။ ကြက်ဝိုင်းကိုလည်း ကိုဖိုးအေးတစ်ယောက်ရောက်နေပါပြီ။ ကြက်ဝိုင်းလောင်းကြေးစားကြေးတိုက်လျှင် ကိုဖိုးအေးတစ်ယောက်လောင်းကြေးထပ်လာပါပြီ။ အချိန်တန်နေ့ညီလျှင် လေပြီ၍ ထန်းပင်အောက်တွင်လည်း အမြဲရှိတတ်ပါပြီ။ ဒီအခါမှာ ကိုဖိုးအေးညီအစ်ကို မောင်နှမတွေထဲက မမိစိန်ကပြောလာပါသည်။

"ဟဲ့ကိုအေး၊ နင့်ကိုတို့အိမ်တောင်ချပေးမယ် ဘယ်လိုလဲ"

"မလုပ်ပါနဲ့ မမိစိန်ရယ် ဒီအတိုင်းပဲနေပါ့မယ်။ အဲဒီလိုပြောလိုက်ရင် အကျင့်ကို သတိရလို့ပါ"

"အမယ်လေး - မောင်အေးရယ်။ နင့်မိန်းမသေသွားတာ (၅) နှစ်လောက်ရှိသွားပါပြီ။ ဘယ်ဘဝဘယ်ကာလတွေ ထောင်ရောက်နေသလဲမသိပါဘူးဟယ်"

"ဩော်-မမိစိန်နဲ့ကိုအောင်မောင်းတို့ကိုပြောရဦးမယ်၊ သတိရလို့ငါ့အိပ်မက်ထဲ အကျင်က လူဖြစ်နေတယ်တဲ့။ တို့ဒီနေရာကမဟုတ်ဘူး"

မမိစိန်နှင့်ကိုအောင်မောင်းဆိုတာ သူ့နှမနှင့် သူ့ယောက်ဖပါ။

"ဟဲ့ - ဘယ်နေရာမှာတဲ့လဲ နင့်အိပ်မက်က"

"ဟို အညာမှာတဲ့ မမိစိန်ရဲ့၊ ကျွန်တော့်အိပ်မက်ထဲမှာ အဲဒီရွာကို မျက်လုံးထဲကမထွက်သလိုဘဲ"

"ကိုအေး ဘယ်ရွာဆိုတာနောက်အိပ်မက်မက်ရင် မှတ်ထားပေါ့ဟဲ့"

"သိတော့သိတယ်ဗျ၊ ဩော် . . . ကျွန်တော်ပါးစပ်ထဲမှာပေါ်လာပြီ။အထက်အညာကပခုက္ကူတဲ့။ ပခုက္ကူဘက် ရွာတစ်ရွာပဲ။ ရွာကိုတော့ နောက်အိပ်မက်မက်ရင်မှတ်ထားဦးမယ် မမိစိန်ရေ"

ဒီလိုပြောပြီးတိုင်း ကိုဖိုးအေးတစ်ယောက် မျက်ရည်များလည်လာသလို သတိရလွမ်းဆွေးသလိုဖြစ်နေလေ့ရှိပါသည်။ နောက်ပိုင်းမှာတော့ ကိုဖိုးအေးတစ်ယောက် သူ့ဇနီး မကျင်မယ်တစ်ယောက်ရှိတုန်းကလို စီးပွားမဖြစ်တော့ပါ။ စားရရုံသောက်ရရုံလောက်ပဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဒါပေမယ့် ကိုဖိုးအေးဆောက်ထားတဲ့ အိမ်တစ်လုံးကတော့ မပျောက်ပျက်ပါ။ သူ့ဇနီး မကျင်မယ်ရှိတုန်းက အတိုင်းရှိပါသည်။ နောက်ထပ်လည်း အိမ်ထောင်လည်းမပြု၊ သားထောက်သမီးခံလည်းမရှိနှင့် မုဆိုးဖိုကြီးတစ်ယောက်ဘဝနှင့် ရပ်တည်နေပါသည်။ ဒီလိုနှင့် ကိုဖိုးအေး အသက် (၆၀) ကျော်ရောက်ခဲ့ပါပြီ။

ဒီအချိန်မှာ မကျင်မယ်တစ်ယောက် အထက်အညာဒေသမှာ လူဖြစ်နေပါပြီ။ ပခုက္ကူဘက်က မြိုင်နယ်အတွင်းက ရွာတစ်ရွာမှာမွေးဖွားပြီး အသက် (၁၆) နှစ်သမီးဖြစ်နေပါသည်။ သူမအမည်က မခင်အေးပါ။ သူမဟာ သူ့မိသားစုများအပေါ်တွင် တစ်ခါတစ်ရံမှာ -

"အမေ၊ ကိုဖိုးအေးကို တွေ့ချင်လိုက်တာ"

"ဟဲ့ - သမီး မခင်အေး ဘယ်က ကိုဖိုးအေးလဲဟဲ့"

ဒီလိုပြောလိုက်ပြီးတိုင်း မခင်အေးတစ်ယောက် ဖျားနာတတ်ပါသည်။ နေမကောင်းဖြစ်တတ်ပါသည်။ မခင်အေးတစ်ယောက် အသက် (၁၇) နှစ်မျှရှိပါပြီ။ သူမရဲ့ဆံပင်မှာ ဆံတောက်ကြီး တဖားဖားနှင့် ညအိပ်ရာဝင်သည့်အခါတွင်လည်း တငူငူတငိုင်ငိုင်ရှိနေတတ်ပါသည်။

တစ်နေ့တော့ မခင်အေးသည် ထမင်းဝိုင်းတွင် ထမင်းစားနေရင်းက-

"ထမင်းစားရတာ အစပ်မပါရင် စားမကောင်းဘူး။ ငရုတ်သီးခူးသွားဦးမယ်"

ဆိုပြီး ထမင်းဝိုင်းကထထွက်သွားပါတော့သည်။

သူမရဲ့အဖေ ဦးဖိုးကျား၊ အမေဒေါ်ဖွားသင့်၊ အစ်ကိုဖြစ်သူ မောင်သိန်းခင်၊ ညီမဖြစ်သူ မခင်ဌေးနှင့်မကျင်ထွေးတို့မှာလည်း ပြန်လာနိုးပြန်လာနိုးနှင့် ထမင်းဝိုင်းသာ ပြီးဆုံးသွားသည်။ မခင်အေးတစ်ယောက်ကပေါ်မလာပါ။ ဦးဖိုးကျားနှင့် မောင်ခင်သိန်းတို့လည်း ခေါင်းနားပန်းကြီးသွားပြီး ရွာနီးချုပ်စပ်တွေလည်း သတင်းအကြောင်းကြား၊ ဆွေမျိုးသားချင်းတွေလည်း အကြောင်းကြားနှင့် ဒီလိုနှင့် တစ်ပတ်လောက်ကြာတော့ သတင်းရပါသည်။ ဧရာဝတီတိုင်းဒေသကြီး တောင်ခြေနယ်အတွင်းရှိ အနောက်ရိုးမအနီးကပ်နေသည့် တောင်ကလပ်ရွာမှာ အိမ်ထောင်ကျတယ်လို့ သိရပါသည်။ ခိုးရာလိုက်ပြေးတယ်လို့ သတင်းထွက်ပါသည်။

အမှန်ဖြစ်ရပ်မှန်မှာ မခင်အေးက ပခုက္ကူမြို့နယ်မှ သူ့အိတ်ကပ်ထဲတွင်ပါလာသည့်ငွေလေးနှင့် ပြည်ဘက်သို့ သင်္ဘောဖြင့်ကူးလာပြီး ပြည်မြို့မှတစ်ဖက်ကမ်း ဆင်တဲမှကားစီးကာ တောင်ကလပ်ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ရောက်ရောက်ချင်း တောင်ကလပ်ရွာကလူတွေကို အကုန်နှုတ်ဆက်ပါသည်။ ရွာက လူတွေကတော့ မခင်အေးကိုမသိကြပါ။ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပဲ မခင်အေးကပြောပြပါသည်။ မခင်အေးပုံသဏ္ဌာန်မှာ ခေါင်းပေါ်ဆံတောက်ကြီးနှင့်ပြောလိုက်ပုံက -

"ကျွန်မ တကယ်တမ်းကျတော့ ဟိုတုန်းက မကျင်မယ်ပါ။ ကိုဖိုးအေးမိန်းမပါ။ မြွေကိုက်လို့သေရတာ။ အညာဘက်က ပခုက္ကူမှာ လူသွားဖြစ်တယ်။ အခု ကိုဖိုးအေးကို သတိရလို့ပြန်လာတာ၊ ဒီတောင်ကလပ်ရွာဟာ ကျွန်မရွာပေါ့။ အခု ကိုဖိုးအေးဘယ်မှာလဲမသိဘူး။ အိမ်ကတော့ရှိသေးတယ်၊ သူ ရေနံချေးတွေသုတ်ထားတဲ့ လက်ရာမပျက်သေးဘူး။ ကျွန်မခြံထဲကအမှိုက်တွေရှင်းရင်းနဲ့ မြွေပွေးကိုက်မိတာကို ကျွန်မက မသိဘူး။ သံစူးတယ်၊ ဝါးကြောရှတယ်ထင်ပြီး အလုပ်ပြီးစီးအောင်လုပ်မိရင်း (၂) နာရီလောက်ကြာသွားတော့ အဆိပ်တက်ပြီးသေရတာပါ။ ကိုဖိုးအေးကတော့ သိရှာမှာမဟုတ်ဘူး။ လှေကားပေါ်တလိမ့်ကျပြီး သေသွားတယ်ထင်နေတာ"

အဲဒီလိုပြောလိုက်တဲ့အခါ အနားမှာရှိတဲ့ ရွာသူရွာသားအချို့ဟာ အံ့အားတွေသင့်နေပါသည်။ ဟိုဘဝက မကျင်မယ် ဒီဘဝမှာ မခင်အေးဖြစ်တဲ့သူဟာ ဆက်လက်ပြီး စကားပြောပြန်ပါသည်။

"ကိုဖိုးအေးတစ်ယောက် ဘယ်မှာလဲ"

ဦးဖိုးအေး ဘယ်ကိုထွက်သွားတယ်ဆိုတာ သိတဲ့လူတစ်ယောက်က-

"ဦးဖိုးအေး ရွာအနောက်ဖျားက ဦးထွန်းမှိန်တို့အိမ်ဘက်မှာ ကြက်တိုက်တာသွားကြည့်နေမှာပေါ့ကွယ်"

ဒီတော့ မခင်အေးတစ်ယောက်ဟာ ရွာအနောက်ဖျားက ဦးထွန်းမှိန်အိမ်ဆိုတာလည်း သူသိတယ်။ သိတဲ့အတွက်ကြောင့် -

"ကျွန်မလိုက်သွားမယ် ဦးထွန်းမှိန်အိမ်ဆိုတာ ကျွန်မသိတယ်။ နောက်
တုန်း ကယာခံစင်းတင်လုပ်ခဲ့တယ်။ ကျွန်
အိမ်မှာလည်း ရေနွေးကြမ်းအမြဲလာ
သောက်တယ်။ ကျွန်မအားလုံးသိ
တယ်"

သွားမယ်ဆိုပြီး ရွာအနောက်ဖျား
က ဦးထွန်းမှိန်အိမ်ကို လိုက်သွားပါတော့
သည်။

ဟိုဘဝက မကျင်မယ် ဒီဘဝ
မခင်အေးဟာ သုတ်သီးသုတ်ပျာနှင့်
လိုက်သွားပါတော့သည်။ ရွာလမ်းတ
လျှောက်မှာ တွေ့တဲ့သူတွေနာမည်မ
အော်နှုတ်ဆက်ပါသည်။ သူနှုတ်ဆ
သည့်နာမည်များ တစ်ယောက်မှမ
မယွင်းပါ။ အကုန်အမှန်ကြီးဖြစ်နေခဲ့
သည်။ ဦးထွန်းမှိန်အိမ်ရာဝိုင်းကွက်
ရောက်တော့ ကြက်ဝိုင်းမှာ ကြေးခေါ်
အကောင်းဆုံးအချိန်အခါမှာ ကိုဖိုးအေး
ကိုမြင်လိုက်တာနှင့် -

"ဒီမှာ ကိုဖိုးအေး၊ ရှင် ဒီအလ
တွေ ကျွန်မမရှိတဲ့အချိန်နောက်ပိုင်း
လုပ်ချင်တိုင်းလုပ်၊ ပျက်စီးချင်တိုင်းပျ
စီးနေတာပေါ့လေ၊ လာ- အခုသွား
အိမ်ကို။ ကျွန်မ မကျင်မယ်လေ၊
လား။ မမှတ်မိဘူးမို့လား လာ-သွား

ဒီအခါမှာ ဦးဖိုးအေးဟာ ကြ
ဝိုင်းကလူတွေကြည့်လိုက်၊ မကျင်မယ်
သူကိုကြည့်လိုက်နဲ့ အံ့ဩနေပါသည်။
ကြည့်ရတာ ခေါင်းပေါ်မှာ ဆံထုံး
နဖူးဆံစလေးတွေချလိုက်လို့ အညာ
ပုံသဏ္ဌာန်ပါပဲ၊ သူ့အရွယ်ကိုကြည့်ရ
(၁၇) နှစ်မျှလောက်အရွယ်ပါ။ မ
မယ်ခေါ် မခင်အေးဟာ (၁၇) နှစ်
အရွယ်ပဲ ရှိပါသေးသည်။ ဦးဖိုးအေး
ကြက်ဝိုင်းမှအပိုအလျှံပုဆိုးတစ်ထည်
စလွယ်သိုင်းပြီး ခေါင်းပေါ်မှာ နီးဦး
ဆောင်းထားရင်းက မကျင်မယ်
မခင်အေးအတင်းဆွဲခေါ်ရာတရွတ်
ပါသွားပါတော့သည်။ လမ်းမှာတွေ့
သူတွေကိုလည်း ဦးဖိုးအေးရှေ့မှာ
အလာတုန်းကလို တစ်ယောက်မ
အောင် နှုတ်ဆက်ပြန်ပါသည်။

ကိုဖိုးအေးကတော့ ငိုက်စိုက်
စိုက်နှင့်လိုက်ပါလာရင်းက အိမ်နား
ရောက်ရော ခြံစည်းရိုးတွေလည်း
ဘူးပြောပြန်ပါသည်။ အိမ်ပေါ်
တော့ -

"ကိုဖိုးအေး၊ ကျွန်မရှိတုန်းက
ထမင်းအိုးရော၊ ရေနွေးတည်တဲ့
နွေးအိုးရော အဲဒါတွေဘယ်မှာလဲ

ဦးဖိုးအေး ပါးစပ်အဟောင်း
ကြီးဖြစ်နေရပြန်ပါသည်။ မကျင်မယ်



www.burmeseclassic.com

www.burmeseclassic.com

စိုးရာဇာကျော်

# ယှဉ်ပြိုင်တိုင်းအောင်နိုင်ခဲ့သည့် ပြိုင်နွားလှည်းယဉ်မှုရုပ်တုများ

ပေါင်းတည်မြို့သို့ ရောက်ရှိစဉ် ...င်းတည်မြို့မှ ပဲခူးရိုးမတောင်ခြေရှိ ...တိုင်ကျေးရွာသို့ သွားရောက်ခဲ့ရာ ...တည်မှတ်တိုင်(မှတ္တိုင်)ကားလမ်း ...၌ 'အုန်းသုံးပင်ရွာ' သို့ ရောက်ရှိခဲ့ ...။ ရွာသည် မော်တော်ကားလမ်း ...တွင်ရှိ၍ ကျွန်ုပ်စီးနင်းလာသော ...တော်ကားပေါ်မှနေ၍ ရွာ၏အိမ်ခြံ ...ကြီးတစ်ခုတွင် လှည်းယဉ်ကြော့ ...ာန် နွားလှည်းတစ်စီးအား လှည်း ...(၂) ဘီးပေါ်တွင် သစ်သားတုံးများ ...ပြီး ရေနံချေးသုတ်လိမ်းထား၍ ...အိမ်တွင် ပန်းပုရုပ်တုပေါင်းစုံ ...ပ်ထားသော ဆေးရောင်စုံခြယ်သ ...သည့် နွားလှည်းတစ်စီးအား တွေ့ရှိ ...။ မော်တော်ယာဉ်အားရပ်ပြီး ခြံဝင်း ...င်းသို့ ဝင်ရောက်၍ ပြိုင်နွားလှည်း ...ကြည့်ရှုနေစဉ် လှည်းယဉ်ပိုင်ရှင် ...ကိုရှိလာပြီး ကျွန်ုပ်မှ ပြိုင်လှည်းယဉ် ပိုင်ရှင်အား ခွင့်တောင်း မေးမြန်းပြီး ပြိုင်နွားလှည်းယဉ်၏ အဆင်အယင် အစီအမံများကို မေးမြန်းခဲ့ပါသည်။

ပြိုင်နွားလှည်းပိုင်ရှင်မှာ ဦးကြည်လှိုင်ဟုခေါ်ပြီး ထိုလှည်းတွင် တပ်ဆင်ပြိုင်ပွဲဝင်သည့် နွားများ၏အမည်မှာ ကြာပေါ်မြင့်နှင့် ကျော်အောင်တို့ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ပြိုင်နွားလှည်းနှင့်ပတ်သက်၍ ကျွန်ုပ်မှ လှည်းပိုင်ရှင် ဦးကြည်လှိုင်သို့ မေးမြန်းခဲ့သည်မှာ -

"ကျွန်တော်ရဲ့နွားလှည်းက ယှဉ်ပြိုင်ဖို့ အထူးစီမံထားတဲ့ လှည်းယဉ်ဖြစ်တယ်။ နွားထမ်းပိုးအပေါ်တိုင်နှစ်ချောင်းကို သစ်ကနက်(သက်န်းနက်)တိုင်နဲ့ပြုလုပ်ထားပြီး တိုင်အောက်ပိုင်းကတော့ စတီးချောင်းနဲ့ ပြုလုပ်ထားပါတယ်။ ထမ်းပိုးတန်းရဲ့ လက်ဝဲဘက်မှလှည်းအိမ်နဲ့တွဲချည်ထားတဲ့ စတီးကြိုးက လက်ဝဲဘက်ကနွားက ဦးဆောင်ရုန်းရပြီး လက်ယာဘက်နွားက မေးလိုက်လို့ရအောင် စီမံထားတာပါ။ အဲလိုမဟုတ်ရင် လက်ဝဲဘက်နွားက ဦးဆောင်ရုန်းရလို့ လှည်းအိမ်လည်း လက်ယာဘက်ကိုစောင်းပြီး လိုက်သွားနိုင်တယ်လေ။ အဲဒါကြောင့် လက်ဝဲဘက်ထမ်းပိုးဘက်က နွားထမ်းပိုးစာန်းနဲ့ လှည်းအိမ်ဝင်ရိုးချည်ထားရတာပေါ့ ခင်ဗျာ"

ကျွန်ုပ်က လှည်းဘီးမှာရိုက်ထားတဲ့ စတီးသံမှိုအကြောင်း၊ လှည်းအိမ်တစ်ဖက်တစ်ချက်မှာရှိတဲ့ ကြာပွင့်နှစ်ပွင့်ပေါ်က နဂါးရုပ်၊ လှည်းအိမ်အောက်ဝင်ရိုးတန်းအပေါ်ရှိ ခြသေ့ရုပ်နှစ်ခု၊ လှည်းအိမ်နောက်မှ သိမ်းငှက်ရုပ်တု၊ လှည်းအိမ်ထောင့်နောက်တစ်ဖက်တစ်ချက်ဆီမှ ဇီးကွက်ရုပ်တု၊ လှည်းအိမ်ဝင်ရိုးပေါ်ရှိ ဒေါက်တိုင်၊ လှည်းအိမ်ရှေ့ခြေနင်းမှကနုတ်ပန်းကွက်၊ လှည်းဦးထိပ်ထမ်းပိုးအလယ်မှ ပဉ္စရူပရုပ်နှင့် စီးနင်း...င်အေးဟာ နွားတင်းကုပ်ထဲသွားပြီး ...တွေကိုကြည့်ပြန်ပါသည်။

"ဒီမှာ ကိုဖိုးအေး ရွှေဝါနဲ့ သပြေ ...ဆိုတဲ့ နွား (၂) ကောင်ကော ဘယ်မှာ ...

ဦးဖိုးအေး ဘယ်လိုမှမငြင်းသာ ...ပါ။ ထမင်းချက်တဲ့အိုးတွေ၊ ရေနွေး ...သည့်အိုးတွေ၊ နွား (၂) ကောင် ...င် သပြေညိုဆိုတဲ့နွား၊ ရွှေဝါဆိုတဲ့ ...သည်ဖြင့် ပြောနေတာအမှန်ကြီးပါ ...သူခိန်းမရှိစဉ်တုန်းက ရှိခဲ့တဲ့ပစ္စည်း ...အမှန်ပါသည်။ နွား (၂) ကောင်က ... အသက်ကြီးလို့ ကျန်ခဲ့တဲ့ (၅) ...သာက်က ရောင်းပစ်လိုက်တာပါ။ ...အိုးတွေဆိုလည်း နှစ် (၂၀)ကျော် ...ာက်ရှိတော့ ဒီမြေအိုးတွေ ဘယ်ခံ ...တွဲကုန်ပြီပေါ့။ သူပြောနေတဲ့စကား ...လည်း တစ်လုံးမကျန်အမှန်တွေ ...ဖြစ်နေတော့ ဦးဖိုးအေး မျက်လုံး ...က်ဆံပြူးဖြစ်ပြီး ပါးစပ်အဟောင်း ...ကြီးဖြစ်နေပါတော့သည်။ လမ်းမှာ တွေ့သမျှ လူတွေလည်း နှုတ်ဆက်လိုက်တာကလည်း အမှန်တွေချည်းပဲ။ သူ့ကိုသာ လူတွေကမသိတာ။ မကျင်မယ်ခေါ် မခင်အေးမသိသည့်လူမရှိသလောက်ဘဲ။ အသက် (၅၀) ကျော် (၆၀) အရွယ်တွေ မှန်သမျှ သူအကုန်သိပါသည်။ ဟိုဘဝက မကျင်မယ်ဟာ ဦးဖိုးအေးအမိနာမည်၊ အဖနာမည်၊ ညီအစ်ကိုမောင်နှမနာမည်၊ ယခုဘဝမှာ မခင်အေး ၊ဟိုဘဝကမကျင်မယ်တစ်ခုမကျန်ပြောပါသည်။ ဒီတစ်ခါမှာတော့ ဦးဖိုးအေး မှတ်ချက်ပေးရပါတော့သည်။

"ဩော် - ဘဝဟောင်းက မကျင်မယ်ဟုတ်ဝါတယ်လေ၊ တစ်အိမ်လုံးမှာရှိတဲ့ပစ္စည်းပစ္စယတွေ သူပြောလိုက်တာတစ်ခုမကျန် အကုန်မှန်တာကြီးပဲဆိုတော့ အင်း - မကျင်မယ် လူပြန်ဝင်စားတာဖြစ်လိမ့်မယ်"

ဟု ကိုဖိုးအေးတွေးလာမိပါသည်။ ငါ့အိပ်မက်ထဲက အတိုင်းပါပဲလား။

တစ်ဆက်တည်းမှာပဲ ဟိုဘဝက မကျင်မယ်သေဆုံးသွားတဲ့အခါမှာ (၃၁) နှစ်၊ ဦးဖိုးအေးက (၃၂) နှစ်၊ ယခု ဦးဖိုးအေး အသက်မှာ (၆၂) နှစ်၊ လူဟောင်းပြန် ယခုဘဝ မခင်အေးခေါင်းပေါ်မှာ ဆံပင်ထုံးကြီးနှင့် နဖူးဆံစမှတစ်ခေါင်းလုံး ပတ်လည်ဆံစလေးတွေကျနေတဲ့ အမျိုးသမီး (၁၇) နှစ်အရွယ်ဆိုတော့ သူတို့နှစ်ဦး၏အသက်အရွယ်တွေက ကွာခြားနေတာတော့ အမှန်ပါပဲ။ ဒါပေမယ့်လည်း မကျင်မယ်လူဝင်စားတစ်ဖြစ်လဲ မခင်အေးဟာ မကျင်မယ်အဖြစ်နှင့် ကိုဖိုးအေးကို စွဲလမ်းနေတာမို့ ဘယ်သူမှ တားဆီးလို့မရခဲ့ကြပါ။ ဘယ်သူမှလည်း မတားကြတော့ဘဲ တောင်ကလပ်ရွာမှာ လူဟောင်းပြန် ဟိုဘဝကမကျင်မယ်ခေါ် ယခုဘဝ မခင်အေးနှင့် သျှောင်ထုံးကြီး ဦးဖိုးအေးတို့ဟာ နှစ်ဦးသဘောတူ ပေါင်းဖက်လိုက်ကြပါတော့သည်။

ဝင်းမောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

သည့် မင်းသားအရုပ်တွေက ဘယ်လို သဘောနှင့်စီမံထုတ်လုပ်ထားရသည်ဟု မေးမြန်းပါသည်။


"အစီအမံရယ်လို့တော့မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့စိတ်ကူးနဲ့ သတ္တဝါရုပ်တွေရဲ့ စွမ်းအားကို စိတ်ကူးပေါက် ပုံဖော်ထုလုပ်ထားတာပါ။ ပဥ္စရူပ၊ နဂါး၊ ဇီးကွက်၊ သိမ်းငှက်၊ ခြင်္သေ့၊ ကြာပွင့်၊ ကြာဖူးဝင်ရိုးထောက်တိုင်တွေအားလုံးမှာ ကိုယ်စီစွမ်းအားတွေရှိကြတယ်လေ။ အဲဒီစွမ်းအားတွေရဲ့ ပေါင်းစပ်မှုကြောင့် ပြိုင်ပွဲတိုင်းမှာ ပထမဆုရခဲ့ရတယ်လေ။ အစီအမံရယ်လို့ မဟုတ်ပါဘူး။ ကိုယ်ဝါသနာပါတဲ့ပန်းပုပညာနဲ့ပြိုင်လှည်းယဉ်ကိုစီမံလိုက်တာပါ။ အဲဒီအစီအမံကြောင့်ရဲ့ စွမ်းအားကြောင့်လားမသိဘူးခင်ဗျာ။ ကျွန်တော်ရဲ့ပြိုင်လှည်းယဉ်ကို ဘယ်ပြိုင်လှည်းယဉ်ကမှမယှဉ်နိုင်ဘဲဖြစ်ရတာလားတော့မသိပါဘူးခင်ဗျာ။ ပြိုင်ဘက်လှည်းယဉ်တွေနဲ့ပြိုင်တဲ့အခါ ကျွန်တော့်ပြိုင်လှည်းယဉ်က အခြားလှည်းယဉ်တွေထက် တစ်မူထူးခြားတာကတော့ အမှန်ပါပဲခင်ဗျာ။ ကျွန်တော်ရဲ့ သားကြီးနှစ်ကောင် ကြာပေါ်မြင့်နဲ့ ကျော်အောင်တို့ရဲ့စွမ်းအားလည်း ပါတာပေါ့ခင်ဗျာ။ ယှဉ်ပြိုင်တဲ့အခါမှာ ကျွန်တော်က လှည်းအိမ်ခြေနင်းပေါ်ကနေ နွားတွေကို မောင်းရတယ်။ လှည်းအိမ်ပေါ်မှာ အကဲဖြတ်ဒိုင်ကထိုင်စီးပြီး နှီးတံလေးတစ်ချောင်းကိုကိုင်၊ နှီးတံရဲ့အဆစ်တွေအလိုက် နှီးတံကိုချိုးပြီး အမှတ်ပေးနေတယ်။ အဲဒီလိုနဲ့ပဲ ဒိုင်က လှည်းပေါ်မှာထိုင်ပြီး အမှတ်ပေးနေတယ်။ စည်းကမ်းနဲ့မညီလို့ နှီးတံလေးကို အလယ်မှ ထက်ဝက်ချိုးပြီးပြရင်တော့ အဲဒီလှည်းက ပြိုင်ပွဲကနေထွက်ရတယ်ပေါ့။ အမှတ်ပေးစနစ်က နှီးတံလေးမှာ ချိုးထားတဲ့အဆစ်ကိုလိုက်ပြီး နှီးတံအဆစ်များများချိုးခံရတဲ့လှည်းကရှုံးပြီပေါ့။ နှီးတံအဆစ်ချိုးမရှိတဲ့သူကတော့ ပထမပေါ့ခင်ဗျာ"

"ဒါဆို ဦးကြည်လှိုင်ရဲ့ အစီအမံရုပ်တွေနဲ့ ပြိုင်ပွဲဘယ်နှပွဲအောင်နိုင်ခဲ့ပါသလဲခင်ဗျာ"

"ပြိုင်တိုင်းနိုင်ပါတယ်။ နွားလေးတွေကလည်း နုပျိုတဲ့အဆင့်ရှိနေတာလည်းပါတယ်။ အခြားပြိုင်လှည်းယဉ်တွေနဲ့ ထူးခြားတာလည်းရှိမှာပေါ့ခင်ဗျာ"

ဟု ဆိုကာ အိမ်တွင်းသို့ဝင်သွားပြီး ပြိုင်ပွဲဆုရ 'အံလံ' များကို ပြပါသည်။

"တပေါင်းလဆန်း ၁၃ ရက် ဘုရားပွဲ (ငယ်သွားခေါင်အလဲတ်တန်း)



လှည်းအိမ်မှ ရုပ်လုံးများနှင့် ဝင်ရိုးခေါက် ကြာဖူးတိုင်



လှည်းအိမ်နောက်ပိုင်းမှ ရုပ်လုံးများနှင့် ဝင်ရိုးတွင် စတီးကြိုးဆိုင်းထားပုံ



လှည်းယဉ်ရှေ့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



လှည်းယဉ်ထမ်းပိုးထိပ်ရှိ ရုပ်ကြွ



ဆုရ တံခွန်စိုက်အလံများ



လှည်းဘီးတွင် စတီး(လ်)ပွိုင့်များ တပ်ဆင်ထားပုံ



နွားလှည်းယဉ်ပိုင်ရှင် ဦးကြည်လှိုင်နှင့် 'ကြာပေါ်မြင့်' နှင့် 'ကျော်အောင်'



ပြိုင်ပွဲဝင်ဟန်

…ဆုံ၊ တပို့တွဲလဆန်း ၁၂ရက်နေ့ …ကျောင်းဆရာတော်ပုံပွဲမှာလည်း … သဖန်းကုန်းက လေးကျွန်းမြတ် …ဆုတောင်းပြည့် ဘုရားပွဲမှာ … မြန်မာ့ရိုးရာနွားအလှပြိုင်ပွဲ (အသားကျတန်း) မှာ ပထမဆု အသီးသီးရရှိခဲ့ပါတယ် ခင်ဗျာ"

"ဒါဆို ခင်ဗျားထုလုပ်တပ်ဆင်ထားတဲ့ အရုပ်လုံးတွေက အစီအမံဖြစ်သွားပြီး နိုင်ရတယ်လို့ထင်တယ်ဗျ။ ပြည်နယ်/တိုင်း နွားပွဲတွေမှာ နွားတိုက်ပွဲတွေမှ အစီအရင်လုပ်ပြီး တိုက်ကြတာတွေ့ရတယ်ဗျ။ ထိုင်းနိုင်ငံက နွားတိုက်ပွဲတွေရဲ့ အစီအမံတွေကို မွန်ပြည်နယ်မှာတိုက်တဲ့ နွားပွဲတွေမှာတွေ့ရတယ်ဗျ။ နိုင်တာရှိသလို/ ရှုံးတာလည်း တွေ့ရတယ်ဗျ။ ခင်ဗျားက အခု ပထမချည်းပဲရနေတာ အဲဒီရုပ်လုံးတွေရဲ့ ပေါင်းစပ်စွမ်းအားနဲ့ ထူးခြားတဲ့အစီအမံ/ အစီအရင်တွေကြောင့်ပဲဖြစ်နိုင်တယ်ခင်ဗျာ"

"ကျွန်တော်ရဲ့စိတ်ကူးနဲ့ အကောင်အထည်ဖော်ထုလုပ်ထားတဲ့ ရုပ်လုံးတွေလည်းဖြစ်နိုင်သလို ကျွန်တော်ရဲ့သားကြီးနှစ်ကောင် (ကြာပေါ်မြင့်၊ကျော်အောင်) တို့ရဲ့အစီအမံဖြစ်တဲ့စွမ်းအင်တွေလည်း ပါလို့နိုင်ရတာပါ ခင်ဗျာ"

ဟု ပြောပြီး ဦးကြည်လှိုင်မှ သူ၏ နွားနှစ်ကောင်ကို တင်းကုပ်မှဆွဲယူလာပြီး ပြိုင်လှည်းယဉ်တွင် တပ်ဆင်ကာ ကျွန်ုပ်အား မောင်းနှင်ပြပါသည်။

ထူးခြားလှပသော ရုပ်လုံးကြွရုပ်တုများ တန်ဆာဆင်ထားသည့် နွားလှည်းယဉ်အား ဓာတ်ပုံများဖြင့် ဖော်ပြလိုက်ရပါသည်ခင်ဗျား။

ဦးကြည်လှိုင်၏ယဉ်ပြိုင်လှည်းယဉ်၏ ထူးခြားသာလွန်သောလှပသေသပ်စွာ ထုလုပ်ထားသည့် ပန်းပုရုပ်လုံးကြွများသည် ထူးခြားသောအစီအရင် (သို့) အစီအမံများဖြစ်နိုင်သည်ဟု သုံးသပ်မိပါသည်။

စိုးရှေ့ဘကျော်

www.burmeseclassic.com



# အာကာသ

## (သာစည်)

## အမေ့အမေများထဲက အနှိုင်းမဲ့အမေ

စာရေးသူသည် အာကာသ (သာစည်) ကလောင်အမည်တစ်မျိုးဖြင့် ဘာသာရေးဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးတို အစရှိသဖြင့် စာနယ်ဇင်း အသီးသီးတွင် စာပေများရေးသားလျက် ရှိသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူး ခရီးကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့တွင် သွားရောက်ရာ (၁၅) ရက်ကြာမြင့်ခဲ့ပြီးနောက် ယင်းခရီးမှအပြန်တွင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိ မဟာမြိုင်တောနက်ကြီးဆီသွား၍ဖူးမြော် ဖြစ်ခဲ့သည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စာရေးသူတို့မြို့နယ် သာစည်ကျောင်းကုန်းတောင်သို့ ကနဦး တောထွက်လာ၍ ၁၃၅၃ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့အထိ သီတင်းသုံးတော်မူသွားခဲ့သည်။ ဆရာတော်ဘုရားကြီးကို ထိုစဉ်ကတည်းက ကြည်ညိုရင်းစွဲရှိခဲ့ရာ မဟာမြိုင်တောကပြန်ရောက်လျှင် ဆောင်းပါးတစ်ပုဒ်ရေးသား၍ပူဇော်မည်ဟု စိတ်ကူးရှိနေလေသည်။

ဆရာတော်ဘုရားကြီး မူလတောထွက်လာသော ရွှေကျောင်းကုန်းတောင်ကိုအခြေခံ၍ စတင်ရေးသားပူဇော်ဖြစ်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ယင်းဆောင်းပါး ဖော်ပြပါရှိလာသည်။ ထိုစဉ်ကစ၍ စာရေးခြင်းကို ဇောက်ချလုပ်လာရာ စာပေခရီးတစ်ထောက် အတန်ငယ်ရောက်နေပြီဟု ဆိုရချေမည်။

မဂ္ဂဇင်း၊ ဂျာနယ်အသီးသီးတို့က လက်ဆောင်ရသော စာအုပ်များကို အမေနှင့်အတူနေသမီး မနှင်းနှင်းရွှေကိုပေး၍ အမေ့အား ဖတ်ပြခိုင်းသည်။ အမေသည် စိပ်နေသောပုတီးကိုရောက်သည့်နေရာတွင်မှတ်၍ ခဏရပ်ရင်း မျက်စိနှစ်လုံးမပေါ်အောင်ပြုံးလျက် အာရုံစိုက်ပြီး နားထောင်နေသည်။ ပြီးတော့ အမေက ဝမ်းသာအယ်လဲနှင့်ပြောသေးသည်။ ငါ့သားက တယ်ဟုတ်ပါလား။ စာတွေ ဘာတွေရေးလို့တဲ့။

ဤတွင် စာရေးသူတို့၏မိသားစုအကြောင်းကို တစေ့တစောင်းပြောပြချင်ပါသေးသည်။

သာစည်မြို့နယ် သာဂရရွာတွင်နေထိုင်သော အဖေနှင့် အမေသည် စာရေးသူတို့ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်ကိုမွေး၍ ကြီးပြောင်စင်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်။ အတောင်အလက်စုံလင်သောအခါ ကိုယ့်အိုးကိုယ့်အိမ်ထောင်နှင့်ချည်းဖြစ်ကြ၍ ဆဋ္ဌမမြောက်ဖြစ်သော ညီမ မနှင်းနှင်းရွှေက မိဘနှစ်ပါးဖြင့်ကျန်ရစ်ခဲ့သည်။

ညီအစ်ကိုမောင်နှမထဲတွင် အကြီးဆုံးသောအစ်ကို ကိုစိုးတင့်က ရန်ကုန်တွင်နေ၍ အထွေးဆုံးဖြစ်သူ ညီမငယ် မနှင်းနှင်းငွေက မိတ္ထီလာမြို့တွင် နေထိုင်သည်။ စာရေးသူနှင့်တကွ ကျန်ညီအစ်ကိုမောင်နှမများမှာ မွေးရပ်ဇာတိမြေတွင် နေ... လျက်ရှိကြပါသည်။

အသက် (၈၀) အရော... ကျွေးဖခင်ကြီး ကွယ်လွန်ခဲ့ပြီ... အားငယ်ညှိုးရော်၍ ကျန်ခဲ့သော...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကို သားသမီးများက ပိုမိုဂရုစိုက်ကြရသည်။ ယခုဆို အသက်(၉၀)ကျော်လာပြီဖြစ်သော အမေ့ကို အတူနေသမီး မနှင်းနှင်းရွှေက လက်ကသုံးတောင်ဝေးလှမ်းပြီး ပိုးမွေးသလိုဂရုစိုက်နေရသည်။ အနီးနေအဝေးနေသားသမီးများကလည်း အမေ့အတွက် စားဖို့သောက်ဖို့ပါမက ကျန်းမာရေး၊ လျှော်ဖွပ်ရေး၊ တန်းရေးပါပြုလုပ်နိုင်ရန် ဝိုင်းစန်းထောက်ပံ့နေကြသည်။

တပ်မတော်မှ အငြိမ်းစားယူပြီးနောက် ကုန်သည်အလုပ်ဖြင့် ရန်ကုန်မြို့တွင်နေသော အစ်ကိုက ပင်စင်ရငွေ ရှစ်သောင်းကျပ်ကို လစဉ်မှန်မှန်ဘဏ်ကနေ၍ အမေ့အတွက်လွှဲပေးလျက်ရှိသည်။ မိတ္ထီလာတက္ကသိုလ်သမိုင်းဌာနကထိကဖြစ်သော အငယ်ဆုံးညီမ မနှင်းနှင်းဌေးကလည်း အမေ့ဆီကို တစ်လတစ်ကြိမ် လူကိုယ်တိုင်လာ၍ သူ့လစာလေးထဲက ဖဲ့ခွဲပြီးကန်တော့လေ့ရှိသည်။ ရွာတွင်နေသော စာရေးသူနှင့် အခြားညီအစ်ကိုမောင်နှမများက အမေ၏လိုအပ်ချက်မှန်သမျှကို လစ်လပ်မှုမရှိစေရန် အစဉ်ဖြည့်ဆည်းပေးနေကြလေသည်။

အမေနေသောဝိုင်းခြံနှင့်တစ်ဆက်တစ်စပ်တည်းတွင် စာရေးသူ၏နေအိမ်ရှိ၍ စာရေးသူနှင့်အထက်အောက်ဖြစ်သော ညီမ မနှင်းဝေ၏အိမ်က တစ်ဝိုင်းတစ်ခြံဖြစ်သော်လည်း စည်းရိုးလေးသာခြားသည်။ ကိုယ့်မိသားစုနှင့်ကိုယ် တစ်အိုးတစ်အိမ်စီနေကြပါသော်လည်း မနက်မိုးလင်းသည်နှင့် အမေနေသောအိမ်ကြီးအောက်သို့ နေ့စဉ်လိုရောက်၍ အမေ့ကို နှစ်သိမ့်စကားများဝိုင်းစုပြီးပြောဖြစ်ကြသည်။

ညီနှင့် ညီမများက အစ်ကို့ကို အစ်ကိုကြီးခေါ်၍ စာရေးသူကို အစ်ကိုလေးဟု ခေါ်ကြသည်။ စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်၏မျက်စိအောက်တွင် ကြီးပြင်းလာကြသော ညီ၊ ညီမများကား အစ်ကိုကြီး၊ အစ်ကိုလေးဟူ၍ ချစ်ကြောက်ရိုသေပြီး ဝိုင်းကောင်းကျောက်ဖို့ရှိခဲ့ကြသည်။ အမေသည် ညီ၊ ညီမများထဲက တစ်ယောက်ယောက်ကို ဆိုဆုံးမရခက်နေလျှင် 'နင့်အစ်ကိုကြီးကြားသွားမယ်၊ နင့်အစ်ကိုလေးသိမှဖြင့်' အစရှိ၍ ခြိမ်းခြောက်လိုက်သည်နှင့် ငြိမ်ခနဲဖြစ်သွားလေသည်။ ညီနှင့်ညီမများအား ဘယ်တုံးကမှနာနာကြည်းကြည်းရိုက်ပုတ်ဆုံးမခြင်းမရှိဘူးပါသော်လည်း ဤမျှအထိ ဩဇာညောင်းပါသည်။

ခပ်စောစောကစကားတို့ပြန်ဆက်ရလျှင် မင်္ဂဇင်း၊ ဂျာနယ်တို့တွင်ပါသော စာရေးသူ၏ စာမူများအတွက် စာအုပ်လက်ဆောင်ရောက်လာလာချင်း အမေ့ကို ကနဦးဖတ်ပြသည်။ ယင်းနောက် မြို့မကျောင်းဆရာတော်ဦးနန္ဒောဘာသိ (သာသနဓဇ - ဓမ္မာစရိယ) နှင့် မြို့ရှေ့ကျောင်းဆရာတော် ဦးဝဏ္ဏသိရတို့ထံ ပေးပို့ဆက်ကပ်ဖြစ်သည်။ ဆရာတော်နှစ်ပါးကလည်း စာပေပရိယတ်ဝါသနာပါကြသဖြင့် လိုလိုချင်ချင်ဖတ်ရှုအားပေးတော်မူကြသည်။

ရန်ကုန်တွင်နေထိုင်သော အစ်ကိုထံကိုတော့ စာရေးသူ၏စာမူ ဘယ်မဂ္ဂဇင်း၊ ဘယ်ဂျာနယ်၊ ဘယ်ဇာထုတ်ထဲပါလာသည်ဟု ဖုန်းဆက်ပြီး အသိပေးလိုက်ရုံသာ။ အစ်ကိုက ဖွဲ့နပဲကြီးကြီးနှင့်စာဖတ်လေ့ရှိသည်။ တစ်ခါတလေ ဒီကဖုန်းမဆက်ရသေးမီ သူက ဝယ်ဖတ်ပြီးနေလေပြီ။ လစဉ်ထွက်သော သူရဇ္ဇ၊ ဂမ္ဘီရ၊ နက္ခတ္တရောင်ခြည်အစရှိသောမဂ္ဂဇင်းမှန်သမျှ မလွတ်တမ်း အကုန်ဝယ်ဖတ်၍ သိမ်းဆည်းထားလေ့ရှိသည်။

နှစ်စဉ် သင်္ကြန်မတိုင်မီကပ်၍ ရွာခလယ်ကောင်ဘုရားကြီးကျောင်းတိုက်တွင် အသံမစဲမဟာပဋ္ဌာန်းပွဲကို စည်ကားစွာ ကျင်းပမြဲဖြစ်သည်။ အစ်ကိုလည်း မိခင်ကြီးထံ တစ်နှစ်တစ်ခေါက်မှန်မှန်လာရောက် ကန်တော့ရင်း ပဋ္ဌာန်းပွဲ သံဃာတော်များကို ဆွမ်းကပ်လှူလေ့ရှိသည်။ သူ့ကားလေးပေါ်တွင် လာတိုင်းပါသော စာအုပ်ထုပ်ကြီးများကား ကားနှင့်မမျှအောင်ပြည့်နေတတ်သည်။

ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းတုန်းက ရွာတွင် စာကြည့်တိုက်ရန်ပုံငွေချပေးပြီး စာကြည့်တိုက်ကို ကိုယ်တိုင်လာရောက်ဖွင့်ပေးခဲ့သည်။ ထိုစဉ်က အစ်ကိုလှူသောမဂ္ဂဇင်းစာအုပ်များကား တစ်တင်းခွဲဝင် ပီနံအိတ်သုံးလုံးခန့်မျှရှိသည်။ ယင်းစာအုပ်များမှာ စာကြည့်တိုက်ကိုင်တွယ်သူမရှိ၍ သိမ်းထားသလိုဖြစ်ပြီး *အမျှားသူငါမဖတ်မပြုရဘဲ ခြစာ*များအချည်းနှီးဖြစ်ကုန်သည်။

စာရေးသူ၏ မိဘများကား မိရိုးဖလာ တောင်သူလယ်ယာလုပ်ခြင်းဖြင့်သာ အသက်မွေးကြ၍ စပါး၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုး အစရှိသော သီးနှံတို့ကို စိုက်ပျိုးသည်။ မိဘများလုပ်နိုင်ကိုင်နိုင်ငယ်ရွယ်စဉ်က အစ်ကိုနှင့်စာရေးသူက ကျောင်းနေအရွယ်ရှိသေး၍ ညီမ မနှင်းဝေက နို့စို့ကလေးပဲရှိပေဦးမည်။

ထိုစဉ်က အနောက်ကုန်းဟုခေါ်သော ထန်းလျက်ထွက်ရာဒေသမှ နွားလှည်းကြီးများတွင် ပေါင်းကွပ်လုပ်၍ ထန်းလျက်များ လာရောက် ရောင်းချကြသည်။ ထန်းလျက်များကို ငွေကြေးဖြင့်ပေါက်ရှာ ပေါက်စျေးရောင်းချကြသည်သာမက တောင်သူထွက်ကုန်များနှင့်လည်း တန်ရာတန်ကြေးသင့်၍ဖလှယ်ယူသည်။ အမေက ထန်းလျက်လှည်းများလာခိုက်တွင် တလင်းစျေးကပ်သိမ်းထားသော စပါး၊ နှမ်း၊ ပဲ အစရှိသည့် တစ်မျိုးမျိုးနှင့် ထန်းလျက်များ လဲလှယ်ထားလေ့ရှိ[...] ဖောင်းကန်အိုးနှင့်အပြည့် ဖြစ်သည်။

အမေက -

"အငယ်ကောင်၊ နင့်အစ်ကို[...] ထန်းလျက်တစ်ယောက်တစ်လုံးစီယူ[...] ကြ"

ဟု ဆိုလျှင် စာရေးသူက ဖောင်းကန်အိုးကြီးထဲ မမီမကမ်းနှိုက်၍ယူ[...] သည်။ ထန်းလျက်များက အခဲကြီး[...] ဖြစ်၍ ယူထားသော ထန်းလျက်နှစ်[...] ကို ယှဉ်ကြည့်ပြီး ငယ်သောအလုံး[...] အစ်ကို့အားပေးသည်။ နှစ်လုံးစလုံး အရွယ်တူနေလျှင်တော့ အစ်ကိုကို[...] ရန်အလုံးကို တစ်ကိုက်ကိုက်ပြီး ယ[...] ကိုက်ပြီးသားအလုံးကိုပေးသည်။

ကောက်စိုက်၊ စပါးရိတ်ချိန်တို[...] အမေသည် လယ်တောရှိရာသို့လိုက်[...] အငှားနေ့စားသမားများကို ထမင်း[...] ချက်ပြုတ်ကျွေးရသဖြင့် မိုးချုပ်ခါ[...] အိမ်သို့ပြန်ရောက်သည်။ အိမ်တွင်[...] ခဲ့သော စာရေးသူတို့ညီအစ်ကိုက အ[...] ချက်ခဲ့သောထမင်းကိုစား၍ အိမ်ပေါ[...] ပိတ်ခဲ့ပြီး ကျောင်းတက်ကြ၏။ ကျော[...] ကဆင်း၍ အိမ်ပြန်လျှင် ကိုယ့်အိမ်[...] ကြောက်စရာမရှိ ရှာကြံပြီးကြော[...] တန်းတန်းမတ်မတ်မပြန်ရဲကြ။ အိမ်[...] တက်ရန် ညီအစ်ကိုနှစ်ယောက်[...] စတင်တက်ဖို့ ငြင်းကြ၊ ပြောကြရသ[...]

တစ်နေ့တွင် သတ္တိကောင်းလှ[...] အမြောက်ကြိုက်တတ်သော ဝိုင်း[...] နေ ကြည်သိန်းလှိုင်ကိုခေါ်ပြီး အိမ်[...] တက်ရသည်။ ကြည်သိန်းလှိုင်က သ[...] တွင် ပူဇော်ထားသော မုန့်ပေါင်း[...] ဘုရားပွဲတော်ကို ဖြုတ်လာ၍ မုန့်[...] ကြီးတကိုက်ကိုက်လုပ်ကာ ရှေ့မှနေ[...] သွားလေ့ရှိသည်။ ကြည်သိန်းလှိုင်ကို[...] မရသည့်နေ့ဆိုလျှင် အစ်ကို့ကို သ[...] ရသည်။ အစ်ကိုကား သူ့နောက်က[...] ပါနေသော စာရေးသူကို ကြည့်[...] ကြည့်ကွက်လုပ်၍ ကြောက်က[...]

www.burmeseclassic.com

www.burmeseclassic.com

...တော်ရလေသည်။

လက်ဦးဆရာ မည်ထိုက်စွာသား ...မိန့်ရသော မိခင်ဘအား ဟူ၍ ရှင်မဟာ ...သာရမှုဆိုထားခဲ့ရာ အမေသည် ...ဦးဆရာဖြစ်သည်။ "စာရေးသူတို့ ...ငယ်ငယ်က မိဘများနှင့်အတူ ထမင်း စားလျှင် -

"ဟဲ့- ထမင်းကိုအလယ်ကနိုက် စားရဘူး။ ကိုယ့်ဘက်သေးအစကနေ ပြီး တစ်စတစ်စယူစားရတယ်"

ဟု အမေကသင်သည်။ ထမင်းကို ပါးစပ်ထဲထည့်သည့်အခါ လက်ပါပါးစပ် ထဲဝင်အောင်ထည့်လျှင် -

"လက်ကို ပါးစပ်ထဲမဝင်စေနဲ့။ ထမင်းလုတ်ကို ပေါ့လိုလုံးပြီးပါးစပ် ...ရောက်အောင် လက်မနဲ့အသာကော် ...ထည့်လိုက်ရတယ်"

ဆိုကာ အမေကလုပ်ပြသည်။

ထမင်းစားရင်း လက်တွင်ကပ်နေ သော ထမင်းလုံးများကို ပန်းကန်ထဲခါချ လျှင် အမေက -

"လက်ကိုမခါရဘူး။ လက်မလေးနဲ့ အသာသပ်ချရတယ်"

ဟု ဆိုသည်။

ထမင်းကိုဝါးစားသည့်အခါ ပါးစပ် ...တပျက်ပျက်မြည်တတ်၍ ယင်းသို့ အသံထွက်လာလျှင်လည်း -

"ထမင်းစားတာ ပါးစပ်က အသံ မမြည်စေနဲ့။ ပါးစပ်ကိုပိတ်ပြီး အသံ မမြည်အောင်စားရတယ်"

ဟု ဆိုသည်။

ကလေးတို့အကျင့်ဖြစ်၍ ထမင်း စားနေရင်း ငေးမောတတ်ရာ -

"မငေးနဲ့၊ ထမင်းလုံးတွေအောက် ကျကုန်မယ်။ မဖိတ်အောင်စားနော်"

ဆိုသောအမေ့စကား။

ထမင်းစားနေတုန်း ရေထသောက် လျှင်လည်း -

"ဟဲ့ဟဲ့ - သောက်ရေခွက်ဆိုတာ ...နေတဲ့လက်နဲ့မကိုင်ရဘူးလေ" -

ဟု အမေကဆူသည်။

စာရေးသူတို့ နေတတ်ထိုင်တတ် ...မှုပဲ အမေ၏ သွန်သင်ဆုံးမမှုအောက် ...လွတ်တော့သည်။

မိဘတို့မည်သည်ကား ကိုယ့်သား သမီးကိုယ်မွေးလာကတည်းက လှသည်၊ မလှသည် မခွဲခြားဘဲ ချစ်၍မဝအောင်ရှိ ကြသည်။ သားသမီးတို့ကို သူများတကာ အပြစ်တင်ကဲ့ရဲ့မည်ကို မလိုလားချေ။

အမေသည် စာရေးသူတို့ ပုဆိုး ဝတ်ခါစက -

"ဟဲ့ - လူလေး၊ ပုဆိုးဝတ်တာ ခြေမျက်စိဖုံးအောင်မဝတ်ရဘူး။ မြေကြီး တရွတ်တိုက်ပြီးချက်ပြုတ်ကြီးနဲ့မဝတ် ရဘူးလေ"

ဟု ဆိုသည်။

မိဘတို့သည် ကိုယ့်သားသမီးနှင့် မည်မျှကြာအောင် အတူနေစေကာမူ သားသမီးတို့အပေါ်တွင် ရောင့်ရဲတင်း တိမ်ခြင်းမရှိကြချေ။

အမေကား ကြမ်းတမ်းခက်ထန် သောစကားကို တစ်ရံတစ်ခါမျှမပြော။ အဖေ့ကိုလည်း ဥပါယ်တံမျဉ်ဖြင့်ပြော ဆိုခြင်း၊ ခိုင်းစေခြင်းလည်းမရှိ။ လုပ်စရာ ကိုင်စရာရှိလျှင် အမေကပဲလုပ်သွားလေ့ ရှိသည်။ အမေသည် မနက်တိုင်း အဖေ အိပ်ရာကမနိုးမီ အလျှင်ထ၍ မိသားစု စားဖို့ ချက်ပြုတ်ကြော်လှော်ရင်း ဘုရား ဝတ်တက်သည်။ အဖေနိုးလာသည်နှင့် ထမင်း၊ လက်ဖက်ရည်ကြမ်းပွဲ အဆင် သင့်။ တောထဲတောင်ထဲသွားဖို့ နွားတွေ ကျွေးပြီး၍ မျိုးပဲအသင့်ထုပ်ပိုးပြီးသား ဖြစ်နေသည်။

အမေသည် ခေည့်ဝတ်စောင်ဝတ် လည်း ကျေပွန်၍ ပျူပျူငှာငှာနှုတ်ဆက် စကားပြောကြားသည်။ ပေးကမ်းဖွယ်ရာ ရှိလျှင်ပေးကမ်းပြီး အိမ်နားနီးချင်းပတ် ဝန်းကျင်တို့နှင့်လည်း ပေါင်းသင်းဆက်ဆံ တတ်သည်။ မကျန်းမမာရှိသည်ကြား လျှင် မေးမြန်းစုံစမ်း၍ သာမှုနာမှုကိစ္စ ကြီးငယ်ရှိလျှင်လည်း ကူညီပါဝင်ဆောင် ရွက်ပေးသည်။

တကယ်ဆိုတော့ အမေကား မိသားစုလုံး၏ရှေ့မှ တံတိုင်းကြီးသဖွယ် ဖြစ်ကာ မကောင်းသည်ကို တားဆီး၍ ကောင်းကြောင်းဆိုလျှင်သာ မိသားစုကို



ရှေ့သို့တွန်းပို့ပေးသည်။ ကောင်းကောင်း ကန်ကန်စား ...လေးများရှိလျှင် အမေ က အလျှင်အငုံမစား။ အိမ်ဦးနတ်အဖွေ့ ဖို့ ဦးဦးဖျားဖျား ကော်ခပ်ချန်လုပ်ပြီးမှ သားသမီးများကိုကျွေးသည်။ အမေ ကောစားလေဟုဆိုလျှင် အမေကအိုးထဲ ပန်းကန်ထဲအရင်လှမ်းကြည့်ပြီး မလောက် မဖြစ်မည်ထင်ပါက -

"အမေမဆာသေးလို့ မင်းတို့စား နှင့်ကြ" တဲ့။

ဤမျှကြီးမားလှသောမိဘတို့၏ ကျေးဇူးကို ပခုံးထက် တစ်သက်လုံးတင် ပြီး ကျင်ကြီးကျင်ငယ်ကိုပင် ပခုံးထက် သွားစေလျက် လုပ်ကျွေးသော်လည်း ကျေအောင်ပေးဆပ်နိုင်မည်မဟုတ်ချေ။ မဂ်ဖိုလ်နိဗ္ဗာန်တရားကို ဟောကြားသိ မြင်အောင် ဆောင်ရွက်ပေးနိုင်မှသာ ကျေးဇူးဆပ်ရာအစစ်ဖြစ်ပေလိမ့်မည်။

စလေဆရာဦးပုည၏ တေးထပ် ထဲက 'တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့ ယွင်းယိုး နောက်ပြန်၍မပျိုသည် ရှေ့ကို သာအိုမြဲ' ဟုစပ်ဆိုထားရာ အမေသည် အိုပြီးရင်းအိုရှမ်းလာလေသည်။ မရွေ့ဘဲ တရွေ့ရွေ့သွားနေသည်မှာ အသက် အရွယ်ဖြစ်၍ ရွေ့ပေးမှုရွေ့နေသည်က ကုသိုလ်နှင့် အကုသိုလ်တို့ ဖြစ်သည်။ အမေသည် အချိန်ကိုအလဟဿအဖြစ် မခံဘဲ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်လုပ် ရင်းဖြင့်တရွေ့ရွေ့ ရွေ့ပေးနေလေသည်။

အမေသည် အသက် (၉၀) ကျော် ပြီဖြစ်သော်လည်း နေ့စဉ်မပျက် ဘုရား ဝတ်တက်၍ တရားထိုင်သည်။ ပရိယတ် စာပေကို သင်အံမတတ်ခဲ့သော်လည်း တတ်သိသမျှ ပရိတ်တော်၊ သုတ်တော် တို့ကို အမြဲလိုရွတ်ဖတ်သည်။ နံနက်ခင်း ဘုရားဝတ်ပြုပြီးသည်နှင့် ထမင်းကြမ်း စား၊ ခက်တိုဘာတစ်ခွက်သောက်ကာ စိပ်ပုတီးကို ချက်ချင်းကောက်ကိုင်၍ ဂုဏ်တော်ဖြစ်စေ၊ ခန္ဓာစေတီတည်ပြီး သည်အထိဖြစ်စေစိပ်နေလေ့ရှိသည်။

အမေကား လက်ဖက်ရည်ကြမ်း အလွန်ကြိုက်သည်။ အမေထိုင်သော ပက်လက်ထိုင်ခုံနံဘေးရှိ ခုံပုလေးပေါ် တွင် ဓာတ်ဘူးရေနွေးဘူးက အမြဲတမ်း ရှိသည်။ ပုတီးစိပ်လိုက်၊ ပုတီးပတ်ရေကို လက်ချိုး၍မှတ်ပြီး ရေနွေးကြမ်းကောက် သောက်လိုက်နှင့် အားသည်၊ နားသည် မရှိ။

"အမေ၊ ဒီနေ့ဘာစိပ်နေတာလဲ"

ဟု မေးလျှင် -

"ခဏရပ်ပြီး ခန္ဓာစေတီတည်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အောင်စိပ်နေတာကွယ့်"

ဟု ဆိုပါက မနက်အစောက တည်းကစိပ်သောပုတီး ဆွမ်းခံပြန်ချိန် လောက်မှပြီးသည်။

စာရေးသူသည် အမေနေသော အိမ်အောက်သို့ တစ်နေ့တစ်ခေါက်မက ရောက်သည်။ သီလအားကောင်းသော အမေကား အသက် (၉၀) ကျော်သော် လည်း ကျန်းမာသန်စွမ်းနေဆဲ၊ မျက်စိ နားလျှင်လျှားနေဆဲရှိသည်။ အမေ တရားနာဖို့အတွက် စာရေးသူကရေဒီယို တစ်လုံးဝယ်ပေးထားသည်။ အမေကား ရေဒီယိုမှထုတ်လွှင့်သောသီလပေးတရား ကိုနာယူ၍ ဥပုသ်သီလလုံခြုံအောင်ထိန်း သည်။

ကတုန်ကယင်အသံလေးနှင့်ဘုရား ဝတ်တက်နေသော အမေ့အသံလေးကို စာရေးသူနေသောအိမ်ဘက်ကပင်ကြား ရသည်။ တစ်ခါတလေ ရွတ်ဖတ်ပူဇော် နေဆဲသုတ်တော်ကိုမေ့ပြီး ရှေ့မဆက် နိုင်ဘဲ အထပ်ထပ်အခါခါ ပြန်ရွတ်နေသံ ကိုလည်းကြားသည်။ သည်တွင် ညီမ နှင်းနှင်းရွှေက မီးဖိုချောင်မှပြေးသွားပြီး ထောက်ပြပေးသံကိုလည်း ထင်ထင် ရှားရှားကြားနေရသည်။

လူ့ဘဝကား နိစ္စထာဝရတည်တံ့ ခြင်းမရှိဘဲ သေကျေပျက်စီးတတ်သော သဘောရှိသည်။ သေခြင်းတရားသည် မည်သူ့ကိုမျှ ဆွေမျိုးမမှတ်သကဲ့သို့ မည်သူ့ကိုမျှလည်း ချစ်ခြင်း၊ မုန်းခြင်း မရှိချေ။ ဖျားနာခြင်း ဗျာဓိတရားနှင့် အိုမင်းရင့်ရော်ခြင်း ဇရာတရားတို့က အမြဲမပြတ် တရစပ်ဖျက်ဆီးနေသည်။ တစ်နေ့တွင် ဇရာမရဏဘီလူး၏အစာ သာဖြစ်၍ သူခေါ်လျှင်လိုက်ပါရစမြဲဖြစ် သည်။

အမေသည် ၁၃၇၆ ခု၊ ဝါဆိုလ ဆုတ် ၉ ရက်နေ့ နံနက်စောလင်းအား ကြီးက အသက် (၉၄) နှစ်ထဲအရောက် တွင် သေမင်းခေါ်ရာနောက် ကောက် ကောက်ပါအောင်လိုက်သွားလေချေပြီ။ အမေထိုင်နေကျ အိမ်ကြီးအောက်က ပက်လက်ထိုင်ခုံတွင် အမေရှိသေးသည် ပဲထင်သည်။ အမေ သည်နေ့ ပုတီး ဘာစိပ်နေပါလိမ့် အကဲခတ်ရသည်။ ဂုဏ်တော်ပုတီးစိပ်သောနေ့တွင်ဆိုလျှင် ရေနွေးကြမ်းခဏခဏသောက်လိုက်၊ ပုတီးစိပ်ဆိုက်နှင့် တရားစကားနှီးနှော စကားစမြည်ပြောချိန်ရသည်။

မှတ်မှတ်ရရ အမေမဆုံးမီတစ်နှစ် အလို တစ်မနက်က အမေ့နေရာသို့

**အမေ့မေတ္တာကား . . .**
**နေလိုအလင်းပေးပြီး**
**နောက်ဝင်မသွားဘဲ၊ လလို**
**အေးချမ်းမှုကိုဆောင်ပြီးလည်း**
**ပျောက်မသွားပါချေ . . . .**

စာရေးသူရောက်ရှိသွားသည်။ အမေ ကား မုန့်စား၍ မက်တိုဘာသောက်နေ သဖြင့် စိပ်ပုတီးမကိုင်သေး။ သည်အချိန် ဆို အမေ့ကိုစကားစမြည်ပြော၍ကောင်း သည်။

ထို့ကြောင့် -

"အမေ၊ ကျွန်တော်အမေ့ကျေးဇူး ဆပ်တဲ့အနေနဲ့ ရဟန်းတစ်ဝါလောက် ဝတ်မယ်လို့ စိတ်ကူးထားတယ်"

ဟုပြောရာ အမေက ပြုံးစိစိလုပ် ပြီး -

"ဝတ်ပေါ့၊ ငါ့သားကလည်း အဲထုံ ပါရမီရတာပေါ့ကွာ" တဲ့။

သည်စကားကို အမေ့အား စာရေးသူ့နှစ်ကြိမ်တိုင်ပြောဖူးရာ အမေ က အားတက်သရောနှင့် စိတ်ပါလက်ပါ ပဲခွင့်ပြုခဲ့သည်။

အမှန်ကိုဝန်ခံရလျှင် စာရေးသူ ရဟန်းတကယ်ဝတ်ဖြစ်သောအခါတွင် အမေ့ကို စိတ်အားငယ်သွားမည်စိုး၍ မကန်တော့ဖြစ်ခဲ့။ ရဟန်းသွားဝတ်မည့် နေရာကလည်း တောစွန်တောင်ယံ ဝေးသီခေါင်လံသောပြက္ခရွှေတောင်ပေါ် သို့ ဖြစ်သည်။ ၁၃၇၅ ခု၊ နယုန်လပြည့် ကျော် ၁၂ ရက်၊ သောကြာနေ့၊ ညနေ (၄) နာရီ (၄၅) မိနစ်တွင် ချမ်းမြေ့ပါရမီ တောရ ဟာစ်တော်မူဆရာတော်အား ဥပဇ္ဈာယ်ပြု၍ စာရေးသူ ရဟန်းဖြစ်ခဲ့ ပါသည်။

စာရေးသူ ရဟန်းဖြစ်ပြီးနောက် အမေ့ကို သာဓုခေါ် ဆိုဝမ်းမြောက်နိုင်ဖို့ အတွက် ဖုန်းဆက်ပြီးပြောရာ အမေငို ပါလေသည်။ ပြက္ခရွှေတောင်သည် မန္တလေးတိုင်းဒေသကြီး ကူမဲမြို့၏ တောင်ဘက်အနီးတွင်ရှိ၍ အရှေ့ဘက် တောင်နှင့် အနောက်ဘက်တောင်ဟူ၍ ရှိလေသည်။ အရှေ့ဘက်တောင်သည် (၃၅၅၉) ပေမြင့်၍ အနောက်ဘက်တောင် ကား (၃၇၃၄) ပေမြင့်ပြီး စွယ်တော်မြတ် တည်ရှိတော်မူသော ယင်းတောင်က မြန်မာပြည်၏ ဗဟိုချက်မတည့်တည့်ဖြစ် သည်။ စာရေးသူရဟန်းဝတ်သောအရှေ့ ဘက်တောင်ရှိ ချမ်းမြေ့ပါရမီတောရ တောင်ခြေလှည်းခံမှ တောင်စဉ်(၁၂)... ကိုကျော်ပြီး လေးနာရီကြာမျှ ခြေ... ကျတက်ရလေသည်။

အမေသည် စာရေးသူ... တကယ်တမ်း သင်္ကန်းဝတ်လိမ့်မည်... ထင်မိဟန်မတူပေ။ လက်တွေ့ဝတ်... ရုတ်ခြည်းကြားလိုက်မှ ဝမ်းနည်းပန်းနည်း ဖြစ်သွားပုံရသည်။ ဆရာတော်... တောင်းပန်ပြီး အမြန်ပြန်ဆင်း... တချွတ်ချွတ်ဖုန်းဆက်မှာသည်။ ပြ... ဆင်းမလာလျှင် စောင်ပုခက်အထမ်း... ပြီး ကိုယ်တိုင်တက်လာမည်ဟုလည်းပြော... သည်။ စာရေးသူ၏အကြောင်းကြော... အမေတစ်စုံတစ်ခုဖြစ်သွားလျှင် နောင်... ရ၍မဆုံးအောင်ဖြစ်ချေတော့ပေမည်... ထို့ကြောင့် ဒုလ္လဘရဟန်းဘဝ(၁၀)ရက် အရောက် ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၇ရက်နေ့ညတွင် သိက္ခာချပြီး လူထွက်... ရပါသည်။

အမေသည် သားသမီးများ... ကလေးတွေပဲဟုထင်နေသလားမသိ... သည်အရွယ်အထိ ဘယ်အရာမျှစိတ်... သေး။ အချိန်မတော်အချိန်တော်... လျှင်ပင် အမေကြားသွားပြီးဆူမည်... ၍ ရေသံခွက်သံမြည်အောင်မလု... ခပ်ကျိတ်ကျိတ်ချိုးရသည်။ အမေ့မျက်... ထဲ လာနေကျသားသမီးမလာ၍ မြင်... ကျသားသမီးကိုမမြင်လျှင် တတွတ်တွတ်... မေးတော့သည်။

စာရေးသူသည် မြင်နေကျအမေ... ကို မမြင်တွေ့ရတော့သော်လည်း အမေ... ရှိသေးသည်ပဲထင်သည်။ အိမ်ကြီး... အောက်က အမေထိုင်နေကျ ပက်လက်... ထိုင်ခုံတွင် အမေထိုင်၍ ပုတီးစိပ်နေ... သည်ပဲမြင်သေးသည်။ လှမ်းသော... လှမ်းများကား အမေထိုင်နေရာဆီ... မေ့လျော့ပြီး ရောက်ရောက်သွားသည်... အိမ်ကြီးအောက်ရောက်ခါမှ နှင်... ခံစားရပြီး မလိမ့်တပတ်နှင့်လှည့်ပြန်... ရသည်။

အခုတော့ ဘုရားဝတ်တက်တိုး... ကြားနေသောတုန်ချည့်ချည့်ကယုကယင်... အမေ့အသံပင် မကြားရတော့ချေပြီ... အမေ့မေတ္တာကား နေလိုအလင်းပေး... နောက်ဝင်မသွားဘဲ လလိုအေးချမ်းမှု... ဆောင်ပြီးလည်း ပျောက်မသွားပါချေ... အမေကောင်းရာသုဂတိဘုံဘဝရောက်... ရှိပါစေ။

အာကာသ (သာစည်)



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲ့ရာ ဗုဒ္ဓဂယာဘုရားဖူး ခရီးကို လူတိုင်းသွားလိုကြသည်။

ကျွန်ုပ်ကိုယ်တိုင်လည်းသွားလိုလှ၍ ဘုရားရှိခိုးတိုင်းဆုတောင်းခဲ့ပါသည်။

ကျွန်ုပ်အသိအကျွမ်းတစ်ဦးဖြစ်သော သွေးလှူရှင် လူမှုထူးချွန်ဆုရ ဦးကျော်ဝေသည် ကံစမ်းမဲပေါက်ကာ ဗုဒ္ဓဂယာဘုရားဖူးခရီးကိုသွားနိုင်ခဲ့သည်။ (ဦးကျော်ဝေအကြောင်း ပါရမီ ဆောင်းတွင် ကျွန်ုပ်ရေးပြီးဖြစ်ပါသည်။)

လူများအသက်ကို မိမိသွေးနှင့် ကယ်တင်ခဲ့သော ဘာသာရေးကိုင်းရှိုင်းသော ဦးကျော်ဝေသည် ဗုဒ္ဓဂယာက ပြန်လာပြီးနောက် အမှတ်တရမွေ့ လက်ဆောင်များကို ကျွန်ုပ်အားပေးခဲ့ပါသည်။

ထိုစဉ်က ကျွန်ုပ်သည် (၂၂၅)ရက် အမိဋ္ဌာန်ပုတီးစိပ်ဝင်နေချိန်ဖြစ်ပါ၏။

ထိုနှစ်က ထူးခြားချက်မှာ -

ကျိုက်ထီးရိုးဘုရားဖူးသွားရခြင်း၊

မရမ်းချောင်ဆရာပေ၁်အားဖူး မြော်ရည်ဆောင်းပါးဖြင့် ပူဇော်ခွင့်ရခြင်း၊

မတော့ဆရာတော်အား ဖူးမြော် ခွင့်ရခြင်း၊

အင်ပူမှ (ကွင်းကောက်ဆရာ တော်) အား ဆောင်းပါးဖြင့် ပူဇော်ခွင့်ရ ခြင်းတို့ ဖြစ်ပါသည်။

(၁၃၇၆ ခုနှစ်တွင် ယခင်က အမိဋ္ဌာန်ပုတီးစိပ် (၂၂၅) ရက်ကို ပြန်ဝင် ဖြစ်ခဲ့ပါသည်။)

အမိဋ္ဌာန်ဝင်သည်နှင့် ထူးခြားပါ သည်။

ကျွန်ုပ်ဆုတောင်းခဲ့သော ဗုဒ္ဓဂယာ ဘုရားဖူးမသွားနိုင်ခဲ့သော်လည်း ကိုယ် တိုင်သွားဖူးရဘိသကဲ့သို့ ဟိုမှသည်မှ ဗုဒ္ဓ ဂယာဘုရားဖူးမွေ့လက်ဆောင်များပေး လာခြင်းကို ခံယူခဲ့ရပါသည်။

ရှေးဦးစွာ မွေ့လက်ဆောင်ပေး လာသူမှာ စာရေးကုန်းမှ ဒေါ်မြင့်မြင့်စိုး ဖြစ်ပါသည်။

ယခုအခေါ် ကွယ်လွန်သွားပြီဖြစ်ပါ သည်။

ဒုတိယမွေ့လက်ဆောင်ပေးလာသူ မှာ ပတ္တမြားရပ်ကွက်နေ ဒေါ်အေးအေးမူ ဖြစ်ပါသည်။

မွေ့လက်ဆောင်များဖြစ်၍ ကျွန်ုပ် ၏ဘုရားခန်းသည် ဗုဒ္ဓဂယာအလား ဘုရားပုံတော်များနှင့် ကြည်နူးဖွယ် ကောင်းနေပါတော့သည်။

တစ်နေ့တွင်ဖြစ်ပါသည်။


နှစ်ပေါင်းများစွာ ရွာသစ်ရွာမှထွက် သွားခဲ့သော ကွယ်လွန်သူ သူငယ်ချင်း ကိုဝေ၏အစ်ကို ကိုဆွေကြီး ကိုဘုန်းဆွေ (စာရေးဆရာ) ကျွန်ုပ်အိမ်ကို ရောက် လာခဲ့ပါသည်။

အထက(၁)နှစ်တစ်ရာပြည့်ဆရာ ကန်တော့ပွဲသို့လာရင်းဝင်လာခြင်းဖြစ်ပါ တော့သည်။

(ဝါးခယ်မ)

# ကျော်မိုးလွင်

## ကျွန်ုပ်နှင့် ရသေ့ကြီးဦးခန္တီပေးသောဂါထာ



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) ၂၆

ကျန်းမာရေးကို ဂရုပြုလိုက်စားကြသောသူများသည် ကြက်ဥအနှစ်ကို ကိုလက်စထရောဓာတ်များတယ်ဆိုပြီး ရှောင်လေ့ရှိကြပါတယ်။

သို့သော် မရပ်မနား တိုးတက်ခေတ်မီနေတဲ့ ဆေးသိပ္ပံသုတေသန နောက်ဆုံးတွေ့ရှိချက်များအရ ကြက်ဥအနှစ်မှာပါဝင်နေတဲ့ ကိုလက်စထရောဓာတ်ဟာ ခန္ဓာကိုယ်သွေးအတွင်းရှိတဲ့ မကောင်းတဲ့ LDL ကိုလက်စထရောကို မြင့်တက်စေတယ်ဆိုတာမဟုတ်ဘူးဆိုပြီး အတည်ပြုနိုင်ခဲ့ပါတယ်။

ရှာဖွေတွေ့ရှိချက်အရ ကြက်ဥအနှစ်မှာ ဗီတာမင်နဲ့ သတ္တုဓာတ်များ အပါအဝင် ဆားဓာတ်ပါ ပါဝင်နေတာတွေ့ခဲ့ရပါတယ်။ ဒါ့အပြင် လူတင်နှင့် ဇီယာဇီသင်းလို့ခေါ်တဲ့ အင်တီအောက်ဆီးဒင့်တွေပါဝင်နေလို့ မျက်စိရောဂါများဖြစ်တဲ့အတွင်းတိမ်နဲ့ အသက်ကြီးလို့ဖြစ်လာတတ်တဲ့ အမြင်လွှာနဲ့ဆိုင်တဲ့ရောဂါတွေကို ကာကွယ်ပေးနိုင်စွမ်းရှိပါတယ်။

နောက်ထပ်လေ့လာချက်တစ်ခုက ကြက်ဥတစ်လုံးကို စားသုံးလိုက်ပါက တော်ရုံနဲ့ နောက်ထပ်ထပ်မဆာတော့



ရောက်မဆိုက်ပင် ကွန်ပျူတာနှင့် ရိုက်ထားသောစာရွက်နှစ်ရွက်ကိုထုတ်ပေးလာခဲ့၏။

သေသေချာချာကြည့်လိုက်သောအခါ စာရွက်တစ်ရွက်မှာ ရသေ့ကြီးဦးခန္တီ၏မနေသိဒ္ဓိဂါထာဖြစ်၍ နောက်တစ်ရွက်မှာ ၂၄-ပစ္စည်းအနက်အဓိပ္ပါယ်ပါဖော်ပြထားသောစာရွက် ဖြစ်ပါသည်။

ဓမ္မလက်ဆောင်ပေးသူအမည်ကို စာရွက်အောက်ဆုံးနားတွင် မင်လက်ရေးဖြင့် တွေ့လိုက်ရ၏။ ဓမ္မလက်ဆောင်ပေးသူမှာ ကိုဆွေကြီး၏အစ်မ ဒေါ်စိုးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဒေါ်စိုးသည်လည်း ကျွန်ုပ်ငယ်စဉ်ကပင် ရွာသစ်မှထွက်၍ အလုပ်ရှိရာ ရန်ကုန်တွင်နေသူဖြစ်ပါသည်။

ကျွန်ုပ်သည် (၂၂၅) ရက်အဓိဋ္ဌာန်ပုတီးစိပ်ပြည့်ရန် ရက်ပိုင်းလောက်သာလိုပါတော့သည်။

ထူးခြားစွာရလာသော ထိုဓမ္မလက်ဆောင်ကို ရောက်သည့်နေ့မှစ၍ ရွတ်ဖတ် ပူဇော်ရသည်မှာ ကျေနပ်ဝမ်းမြောက်စရာဖြစ်နေပါတော့သည်။

**ရသေ့ကြီးဦးခန္တီ၏မနေသိဒ္ဓိဂါထာ**

❑ အရဟံ ဗဟိ အန္တ ဇယံ သုဂတံ ဝိရဇံ လလိတံ အတုလံ။ စရဏံ တိ ဘဝူပ သမံ ယမကံ၊ သုခဒံ သရဏံ ပဏာမာမိ ဇိနံ။ ။

**အရဟံ**-ပူဇော်အထူးကိုခံယူတော်မူထိုက်သောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**ဗဟိ အန္တ ဇယံ** - အတွင်းအပရန်ကိုအောင်တော်မူသောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**သုဂတံ** - ကောင်းသောစကားကိုဟောပြောအပ်သော မြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**အမိတံ** - မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာရှိသောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**ဝိရဇံ** - ကိလေသာမြူကင်းတော်မူသောမြတ်စွာဘုရားကို **ပဏာမာမိ** - ရှိခိုးပါ၏။

**လလိတံ**-တင့်တယ်သပ္ပာယ်တော်မူသောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**အတုလံ** - အတုမရှိသောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**စရဏံ** - အကျင့်စရဏနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**တိ ဘဝူပ သမံ** - ဘုံသုံးပါး၌ ကိလေသာငြိမ်းအေးသောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**ယမကံ** - ရေ မီးအစုံ တန်ခိုးပြာဋိဟာနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကို **ပဏာမာမိ** - ရှိခိုးပါ၏။

**သုခဒံ** - ချမ်းသာကိုပေးစွမ်းတတ်သောမြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**သရဏံ** - ကိုးကွယ်ရာအစ ဖြစ်သော မြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

**ဇိနံ** - မာရ်ငါးပါးကိုအောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ **ပဏာမာမိ** - ရှိခိုးပါ၏။

❑

ကျွန်ုပ်သည် ရသေ့ကြီးဦးခန္တီ၏ မနေသိဒ္ဓိဂါထာကို (၂၂၅) ရက် အဓိဋ္ဌာန် ပုတီးစိပ်ခြင်းနှင့်အတူ နေ့စဉ်ရွတ် ပူဇော်ခဲ့ပါသည်။

ကျွန်ုပ်သွားလိုသော ဗုဒ္ဓ ဘုရားဖူးခရီးကို သွားခွင့်မကြုံခဲ့ သို့သော် ဘုရားဖူးသွားရသကဲ့သို့ ရင် မှာ အမြဲပင်ကြည်နူးနှစ်သိမ့်နေခဲ့ရ အဖြစ်ကိုကား ကျွန်ုပ်ကိုယ်တိုင် သိရှိနေပါလေတော့သည်။

ကျော်မိုးသွင်(ဝါးခယ်



www.burmeseclassic.com

www.burmeseclassic.com

…အပြင် ပရိုတင်း(Priten) ဓာတ်လည်း …များစွာ ပါဝင်နေတာကြောင့် ခန္ဓာ …ယ်ဝိတ်တက်နေလို့ ကိုယ်အလေးချိန် …ချင်သူတွေအတွက် ကြက်ဥတစ်လုံးကို …သုံးပေးခြင်းက အလွန်အထောက်ကူ …ပြီး ဝိတ်ကျစေနိုင်ပါတယ်။

အထက်မှာ တင်ပြခဲ့သလို …ဖက်ဝင်ပြီး အာဟာရပြည့်ဝနေတဲ့ …ကြက်ဥမှာ ကြွယ်ဝစွာပါဝင်နေတဲ့ သတ္တု …ဓာတ်တွေကတော့ ကယ်လဆီယမ်၊ …စဖရပ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ …နီဆီယမ်၊ သံဓာတ်နဲ့ သွပ် (Zinc) …ဓာတ်တွေ ပါဝင်နေပါတယ်။

အဓိက ပါဝင်နေတာကတော့ …ကယ်လဆီယမ်ပါ။ (၂၆)မီလီဂရမ်ပါဝင် …နေပါတယ်။ ကယ်လဆီယမ်က အရိုး …တွေကို သန်မာစေပါတယ်။ ကလေးဘဝ …ကတည်းက အရိုးတွေသန်မာဖို့ အဓိက …လိုအပ်ပါတယ်။ အသက် (၆) လအထိ …မိခင်နို့ရည်မှာပါဝင်တဲ့ ကယ်လဆီယမ် …ဓာတ်ကရရှိပြီး နို့ဖြတ်တဲ့အချိန်ကစပြီး …ဖြည့်စွက်အစာ စားရာကနေ ကယ်လ …ဆီယမ်ဓာတ်ပြည့်ဝစွာရရှိအောင် ကြက်ဥ …ကို ကျွေးပေးရန် လိုအပ်ပါတယ်။ နွားနို့ …မှာလည်း ကယ်လဆီယမ်ဓာတ်ပြည့်ဝစွာ …ပါရှိပါတယ်။

နောက်တစ်ခုက အမျိုးသမီးတွေ …မီးယပ်သွေးဆုံးပြီးတာနဲ့ မဟော်မုန်း …ကြီးကျင်ထုတ်လုပ်မှုနည်းပါးသွားတဲ့ …အခါ အရိုးပါးတာ၊ အရိုးပွတာတွေ ဖြစ် …လာကြပါတယ်။


ဒါကြောင့် မဟော်မုန်းမထုတ်ပေး …နိုင်တော့တဲ့အချိန်မှာ အစာအာဟာရ …ထဲပါတဲ့ အော်ဂဲနစ်ကယ်လဆီယမ်ပါဝင် …များတဲ့ ကြက်ဥ၊ နွားနို့ စတဲ့ အစာ …အာဟာရကို အားထားရပါတော့မယ်။

ကြက်ဥမှာပါဝင်တဲ့ Vit D၊ ကယ် …လဆီယမ်နဲ့ ပရိုတင်းတွေက အရိုး …သန်မာကြံ့ခိုင်ဖို့အတွက် မရှိမဖြစ်လိုအပ် …ပါတယ်။

ဒါကြောင့် အသက် (၄၀) ကျော် (၅၀) ကျော်လာတဲ့ အမျိုးသမီးတိုင်း ကြက်ဥကိုနေ့စဉ်စားသုံးပေးသင့်ပါတယ်။

ကြက်ဥ၊ နွားနို့တို့မှာပါဝင်နေတဲ့ …သဘာဝ (အော်ဂဲနစ်) ကယ်လ်ဆီယမ် …တွေက ဘယ်လောက်စားစား ခန္ဓာကိုယ် …မှာ အပြစ်မပြုဘဲ ခန္ဓာကိုယ်ဇီဝယန္တရား …ကြီးကို ကောင်းစွာ လည်ပတ်ပေးနိုင်ပါ …တယ်။

ဆေးဝါးတွေမှာ ပါဝင်နေတဲ့ …အင်အော်ဂဲနစ် (လူလုပ်ဖန်တီးထားတဲ့)



ကယ်လ်ဆီယမ်တွေက ကိုယ်တွင်းကလီစာနဲ့ သွေးကြောတွေမှာစုပုံပြီး သွေးကြောမာခြင်း၊ ကျောက်တည်ခြင်းစတဲ့ဆိုးကျိုးတွေကို အနည်းနဲ့အများဖြစ်ပေါ် စေတတ်ပါတယ်။

ကြက်ဥရဲ့ နောက်အစွမ်းသတ္တိတစ်ခုက အသည်းမကောင်းလို့ ခန္ဓာကိုယ်အတွက် အရေးပါတဲ့ အယ်ဗျူမင်ကို အသည်းကထုတ်မပေးနိုင်တဲ့အခါမှာ ခန္ဓာကိုယ်မှာ ပရိုတင်းဓာတ်လျော့နည်းလာပြီး ဖောရောင်လာတတ်ပါတယ်။

အချို့ ခြေခုံ၊ လက်ခုံရောင်ရမ်းလာပြီးတော့ ဖောသွပ်သွပ်နဲ့ဖြစ်လာကြပါတယ်။ ဒီအခါမှာ ခန္ဓာကိုယ်အတွက် ပရိုတင်းတည်ဆောက်ရာမှာ အရေးပါလှတဲ့ အယ်ဗျူမင်ဓာတ်ကို အလွယ်ကူဆုံးနဲ့အထိရောက်ဆုံးရနိုင်တဲ့ကြက်ဥကို တစ်နေ့တစ်လုံး စားသုံးပေးခြင်းဖြင့် အသည်းရောဂါကိုမဖြစ်အောင်ကာကွယ်ပေးသလို ဖြစ်လာရင်လည်း နောက်ဆက်တွဲဆိုးကျိုးတွေကို ကာကွယ်ပေးစေပါတယ်။

ဒါ့ပြင် ဆေးဖက်ဝင် အစာအာဟာရအဖြစ် ခါးနာ၊ ခါးကိုက်၊ အကြောဒဏ်ရာရနေသူများအတွက် ကြက်ဥကို ခွေးတောက်ရွက်နုနုနဲ့ ကြော်ပြီးစားပေးလျှင် ခါးနာ၊ ခါးကိုက်၊ အကြောဒဏ်နာ များ ပျောက်ကင်းစေပါတယ်။

ပန်းသေ၊ ပန်းညှိုးသူတွေကတော့ မြန်မာကြက်ဥ(အိမ်ကြက်ဥ)ကို စွန်လက်သည်းရွက်နုလေးများနဲ့ ကြော်စားပေးရပါတယ်။ ဆီကိုတော့ နှမ်းဆီစစ်စစ်နဲ့ ကြော်ပေးရပါမယ်။ ဒါမှမဟုတ် အိမ်ကြက်ဥ လတ်လတ်ဆတ်ဆတ်တစ်လုံးကို သံပရာသီးတစ်လုံးအရည်နဲ့ ပျားရည်အတူရောခလောက်ပြီး သောက်ပေးနိုင်ပါတယ်။

ဤဟင်းဖက်ဝင်ဟင်းစပ်အတွဲမှာ ပါဝင်ပစ္စည်းဖြစ်တဲ့လက်ဖက်ဟာလည်း အင်တီအောက်ဆီးဒင့်ဓာတ်အားကောင်းစွာပါဝင်နေပြီး အသက်ရှည်ကျန်းမာစေတဲ့ ဆေးဖက်ဝင်စားဖွယ်ရာ ဖြစ်ပါတယ်။

**▫ ကြက်ဥလက်ဖက်ပေါင်း ဆေးဖက်ဝင် စားဖွယ်ရာပြုလုပ်နည်းစနစ်**

**ပါဝင်ပစ္စည်းများ**

ကြက်ဥ(၁၀)လုံး၊ လက်ဖက်အသားနုနု (၁၀) သား၊ ဆားစားပွဲဇွန်း (၁) ဇွန်း၊ လေးညှင်း(၁၀)ပွင့်၊ နာနတ်ပွင့်(၁၀)ပွင့်၊ ချင်း (၇) လွှာ၊ ဖာလာသီး (၁၀) လုံး။

**▫ ပြုလုပ်နည်း**

ကြက်ဥကို ဆေးကြောပြီး ရေနွေးဆူဆူဖြင့် (၅) မိနစ်ခန့်ပြုတ်ပါ။ ပြီးလျှင် ကြက်ဥအခွံအက်ကြောင်းပေးရန်အတွက် ခက်ရင်းအရိုးတံနဲ့ အနည်းငယ်ဆပြီး အက်ကြောင်းပေးပါ။


လက်ဖက်အသားကို ရေနွေးဆူဆူနဲ့ မတ်ခွက်တစ်လုံးစာရေထည့်ပြီး အခြားပါဝင်ပစ္စည်းများကိုပါထည့်၍ ဆူပွက်လာတဲ့အထိပြုတ်ပါ။

ဆူလာလျှင် အက်ကြောင်းပေးထားတဲ့ ကြက်ဥများထည့်လိုက်ပြီး (၁)နာရီခန့် မီးအေးအေးနဲ့ပြုတ်ပါ။

ကြက်ဥသားမာမာလေးကြိုက်ပါက ကြာကြာပြုတ်ပေးပါ။ (၁) နာရီခွဲခန့် ပြုတ်ပြီးလျှင် မွှေးကြိုင်၍ စားချင့်စဖွယ် ဆေးဖက်ဝင် ကြက်ဥလက်ဖက်ပေါင်းကို သုံးဆောင်နိုင်ကြပါပြီ။

သတ္တဝါများ စားသမျှ အားဖြစ်၍ ကျန်းမာကြပါစေ။


ရွှေနဝင်း (ပုသိမ်)





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကာလအားဖြင့် မြန်မာနိုင်ငံတွင် ဂျပန်များစိုးမိုးနေသောကာလဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အပိုင်တွင် ဖောင်တော်သီကျေးရွာကြီး တစ်ရွာရှိသည်။ ရွာကိုအပိုင်းခွဲ၍ကြည့် လျှင် ဈေးပိုင်း၊ ရွာသစ်ပိုင်း၊ တရုတ်တန်း၊ အုပ်ဖိုစု၊ ပေါက်တပင်၊ ရှမ်းစု၊ ခနာစု၊ အောင်မင်္ဂလာ၊ ရွာမ စသည်ဖြင့်ရှိနေ သည်။ ရွာ၏အရှေ့ဘက် နေထွက်ချိန် လေးကို စောင့်ကြည့်လျှင် ကောင်းကင် ပြာပြာအောက်တွင် ညို့မှိုင်းနေသည့် အရှေ့ရိုးမတောင်တန်းကြီးကို မေးတင် ထွက်လာသည့် နေဝန်းနီနီကြီးနှင့် နံနက် ဆည်းဆာအလှကို တွေ့မြင်ခံစားနိုင်ပေ သည်။ ညနေ နေဝင်ခါနီးတွင်လည်း ရွာ ၏အနောက်ဘက်ကိုကြည့်လျှင် တိမ်ဖြူ၊ တိမ်ပြာ၊ တိမ်ညို၊ တိမ်တောင်တို့အောက် စိမ်းလန်းစိုပြည်သောပဲခူးရိုးမတောင်တန်း ကြီးနောက်ဘက်ဆီသို့ နေဝန်းနီနီကြီး ပုန်းလျှိုးကွယ်ပျောက်သွားသည့် ညနေ ဆည်းဆာသဘာဝအလှကို ကြည်နူးစဖွယ် တွေ့မြင်ခံစားနိုင်ပေသည်။

ရွာက သွားရေးလာရေးလည်း လွယ်ကူသည်။ ပေါက်တပင်၊ ရှမ်းစုဘက် မှဖြတ်သွားသော ရန်ကုန် - မန္တလေး ကားလမ်းမကြီးရှိသည်။ ခနာစုအနောက် ပိုင်း၊ တရုတ်တန်း၊ ဈေးပိုင်း၊ ရွာသစ်ပိုင်း ဘက်မှဖြတ်သွားသည့် ရန်ကုန်-မန္တလေး ရထားလမ်းရှိသည်။ ဈေးပိုင်းတွင် ဖောင် တော်သီရထားဘူတာရုံရှိသည်။ ရွာတွင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ သတ္တဌာန ဘုရား၊ အစိုးရစာသင်ကျောင်း၊ ဈေးရုံ၊ ဆေးပေးခန်း၊ ရဲစခန်းတို့လည်းရှိသည်။ ရွာကြီးတွင် တောင်သူလယ်သမား အများစုနေထိုင်ကြသည်။ အေးချမ်းသာ ယာသောရွာကြီး ဖြစ်ပေသည်။

## အခန်း (၂)

ဖောင်တော်သီရွာမအရှေ့ပိုင်းတွင် ဖိုးနော်တို့အိမ်ရှိသည်။ ဖိုးနော်က အရပ် ထောင်ထောင်မောင်းမောင်း၊ ဥပမိရုပ် ကောင်းသည်။ ရှေးမြန်မာများကဲ့သို့ ဦးခေါင်းတွင် သျှောင်ထုံးနှင့်ဖြစ်သည်။ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသည်။ မိဘလက်ငုတ် လယ်အလုပ်ကို လုပ်ကိုင် သည်။ ဖိုးနော်၏ မွေးချင်းပေါက်ဖော် များမှာ ဖိုးကော်၊ မောင်သီ၊ မရွှေမြ၊ မလှရွှေ၊ မငွေတို့ ဖြစ်ကြသည်။ တစ်မိ ပေါက်တစ်ယောက်ထွန်းဆိုသကဲ့သို့ပင် မွေးချင်းထဲတွင် ဖိုးနော်က သင့်ပျတ္တိ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပြီး ခပ်မိုက်မိုက်နေတတ်သည်။ 'ညစ်မယ်ဆို ရေပစ်လို့မသစ်တဲ့မျက်နှာ၊ မဖြောင့်ဘူးဆိုလျှင် ဝက်ပါသည်က၊ သူမှာရင် စိန်မကပါဘူး၊ သူတင်းကပြတ်မယ်' ဆိုသည့် ဦးပုညတေးထပ်ထဲက လူစားမျိုး။ အပေါင်းအသင်းများနှင့် သောက်စားကာ အချိန်ကုန်တတ်သည်။ သူ့ရဲ့အပေါင်းသင်းတွေက လူကောင်းနည်းပြီး လူဆိုးဓားပြတွေကများသည်။ လူဆိုးတွေက ဖိုးနော်ကို ဆရာတင်ထားကြသည်။ တင်မည်ဆိုလည်းတင်ထိုက်ပေသည်။ သူ့အရက်မန်းက လူဆိုးတွေအတွက် အသက်တမျှ အားထားစရာဖြစ်နေသည်။ ဖိုးနော် အရက်ခွက်ကိုကိုင်ပြီး ဂါထာတွေရွတ်ကာ မန်းလိုက်လျှင် အရက်တွေ ရေနွေးဆူသကဲ့သို့ ပွက်ပွက်ဆူလာသည်။ အရက်မန်းသောက်ထားလျှင် ကာယသိဒ္ဓိအတွက် တစ်ပွဲတိုးစိတ်ချရသည်။ တုတ်၊ ဓား၊ လှံ၊ သေနတ်အကုန်ပြီးသည်။

## အခန်း (၃)

ဖိုးနော်၏မိခင်သည် ဘာသာတရားလေးစားပြီး ကိုယ်ကျင့်သီလနှင့်ပြည့်စုံသူ ဖြစ်သည်။ ဖိုးနော်အကုသိုလ်အလုပ်တွေလုပ်နေတာလည်းသိသည်။ ဆိုးသည့်သားကိုမှ အချစ်ပိုနေသလားမသိပါ။ သားကို ကုသိုလ်နှင့်စပ်သောအလုပ်တွေသာလုပ်စေချင်သည်။ သားကို အမြဲဆုံးမသွန်သင်သည်။

တစ်နေ့ နံနက်တွင် -

"သား ဖိုးနော်"

"ဗျာ - အမေ ပြောလေ၊ သားကိုဘာမှာမလို့လဲ"

"ဒီလို သားရဲ့၊ ဒီဂျပန်ခေတ်ကြီးကလည်း ကောင်းတာမဟုတ်ဘူး။ လူတွေ အငတ်ဘေး၊ ရောဂါဘေး၊ လက်နက်ဘေးတွေကြုံနေကြရတယ်။ ဒီတော့ သားရယ် ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးကို မမေ့ပါနဲ့။ အမေတို့မှာ အားကိုးစရာဒါပဲရှိတာ"

"ဟုတ်ကဲ့ပါ အမေ"

"သားသူတစ်ပါးကိုရိုက်တာတွေ၊ သတ်တာတွေမလုပ်ပါနဲ့။ လုပ်မိရင် ပါဏာတိပါတကံကသိပ်ပြီးကြောက်ဖို့ကောင်းတယ်။ သိဉ္ဇိုး၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိဆိုတဲ့ ငရဲကြီးရှစ်ထပ် တစ်ထပ်ထပ်မှာကျသွားမယ်။ ငရဲကျသွားရင် လူပြန်ဖြစ်ဖို့ရာ နှစ်တွေရှည်ကြာတယ်။ ဒုက္ခဝေဒနာတွေပဲခံစားနေရမှာ။သားနိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေ၊ သစ္စာလေးပါးသိမယ့်တရားတွေကို အားမထုတ်နိုင်သေးရင်တောင် အကုသိုလ်တရားတွေ မဖြစ်အောင်နေပါ သားရယ်"

"ဟုတ်ကဲ့ပါ အမေ၊ အမေဖြစ်စေချင်သလို သားဖြစ်အောင်ကြိုးစားပါ့မယ်"

"ကဲကဲ - သားလည်း လုပ်စရာရှိတာတွေသွားလုပ်တော့"

"ဟုတ်ကဲ့ပါ အမေ"

ဖိုးနော်တစ်ယောက် မိခင်ပြောခိုက်တော့ သူတော်ကောင်းစိတ်ဝင်နေသည်။ အပေါင်းအသင်းများနှင့် ဆုံပြန်တော့လည်း သောက်မြဲ၊ ပျော်မြဲ၊ ဆိုးမြဲပါပဲ။

## အခန်း (၄)

တစ်နေ့ ညဉ့်သန်းခေါင်ကျော်တွင် ဖိုးနော်ကို ဂျပန်စစ်သားတွေ လာဖမ်းသွားသည်။ ဂျပန်ကို တော်လှန်ပုန်ကန်သည်ဟုစွပ်စွဲကာ ဖမ်းသွားကြသည်။ နှစ်ရက်၊ သုံးရက် ရိုက်နှက်နှိပ်စက်ကာ စစ်ဆေးသည်။ အိမ်သူအိမ်သားများနှင့် လုံးဝပေးမတွေ့ပါ။ ဂျပန်စစ်ဗိုလ်ကြီးက ဖိုးနော်ကို နံနက်မိုးလင်းလျှင် သတ်ရန်အမိန့်ချလိုက်သည်။ ဖိုးနော်၏ခြေလက်တွေကို ကြိုးနှင့်ဝက်တုပ်တုပ်နှောင်ပြီး အချုပ်တဲထုပ်တန်းတွင် တွဲလောင်းချိတ်ဆွဲထားသည်။ နံနက်ရောက်လျှင် သေရမည်ကို ဖိုးနော်သိနေသည်။ သေရမှာကိုမကြောက်ပါ။ အမေဖြစ်စေချင်သလို သူတော်ကောင်းတစ်ယောက်လို နေပြချင်သေးသည်။ မဖြစ်သေးတဲ့အကုသိုလ်တရားတွေကို မဖြစ်အောင် အားထုတ်ချင်သေးသည်။ ဖြစ်ပြီးတဲ့အကုသိုလ်တရားတွေကို ဆက်မဖြစ်အောင် အားထုတ်ချင်သေးသည်။ မဖြစ်သေးတဲ့ကုသိုလ်တရားတွေကို ဖြစ်အောင်အားထုတ်ချင်သေးသည်။ ဖြစ်ပြီးတဲ့ကုသိုလ်တရားတွေကို တိုးပွားအောင်အားထုတ်ချင်သေးသည်။ ဩော်-နောင်တဆိုတာ နောင်မှတနေရတာပါလားဟု ဖိုးနော်တွေးနေမိသည်။

မိုးဦးကျစကာလလေး ဖြစ်သည်။ အချုပ်ခန်းတွင် လေမဝင်ဘဲ ပူအိုက်နေသဖြင့် ဇောချွေးပြန်နေသည်။ ညဉ့်နက်သန်းခေါင်အချိန်ရောက်လာသဖြင့် လရောင်မရှိမှောင်မည်းနေပြီး ဖားအော်သံ၊ ပုရစ်အော်သံတို့ကိုသာကြားနေရသည်။ ညဉ့်တစ်နာရီ တုံးမောင်းခေါက်သံကို ကြားလိုက်ရသည်။ တစ်ဆက်တည်း ရွာမြောက်ဖျားဆီက ခွေးအူသံတွေကို ကြားလိုက်ရသည်။ မကြာမီ ငုံးငှက်သံ ကောင်ပျံဝဲလာပြီး ထုပ်တန်းတွင်နား ကာ ကစ် . . . ကစ် . . . ကစ်ဟု အ တိုးတိုးအော်သည်။ ဖိုးနော် ကြောင်အ အမ်းငေးပြီးကြည့်နေစဉ် ငုံးငှက်တွေ ဖိုးနော်၏ခြေလက်တွေမှာတုပ်ထားသ ကြိုးတွေကိုကိုက်ဖြတ်လိုက်သည်။ ကြ ပြတ်ပြီး ဖိုးနော် မြေကြီးပေါ်သို့ ဖုတ် ပြုတ်ကျသွားသည်။ ဟိုကြည့်ဒီကြ လိုက်ကြည့်ရာ အိပ်ပျော်နေသော ကင်းစောင့်ဂျပန်စစ်သားတွေကိုတွေ့ ၍ အချုပ်ခန်းမှ ထွက်ပြေးခဲ့သည်။

## အခန်း (၅)

ဖိုးနော်ဂျပန်တွေလက်ကလွတ် ဝရမ်းပြေးဘဝဖြင့် ပုန်းလျှိုးကွယ်လျှ နေခဲ့သည်။ ဘဝပဋ္ဌာန်းဆက် ပရလော သားများက အသက်ကိုကယ်တင်လို သည်ဟု ဖိုးနော်သိနေသည်။ ထိုအ မှစ၍ ဖိုးနော်တစ်ယောက် သံ တရားတွေရပြီး ဝတ်ကြောင်ကိုစွန့် ပိတ်ဖြူပုဆိုးနှင့် အင်္ကျီအဖြူလက်ရှည် ဝတ်သည်။ ပိတ်ဖြူတဘက်ကို စလွ သိုင်းပတ်ပြီး ဘယ်ဘက်ပခုံးတွင် ထားသည်။ ကိုးပါးသီလကို အသက် တိုင်စောင့်ထိန်းကာ သူတော်စင်ဘ ကူးပြောင်းလာခဲ့သည်။ ပဲခူးရိုးမတော တန်းကြီးသို့သွား၍ တရားဘာဝနာ များအားထုတ်သည်။ တောကြားတော ကြား လျှိုမြောင်လိုဏ်ဂူတို့တွင် တ အားထုတ်ပြီးနေလာခဲ့သည်မှာ တစ် ကျော်ကြာသွားသည်။ မြန်မာနိုင် ဂျပန်တပ်များဆုတ်ခွာသွားပြီးနော အိမ်ကိုပြန်လာခဲ့သည်။ ပြန်လာချိန်တ ဖိုးနော်၏မိခင်မရှိတော့ပါ။ ဘဝတစ် သို့ပြောင်းသွားခဲ့ပြီးဖြစ်သည်။

ဖိုးနော်က -

"ငါလူဆိုးဘဝကကျွတ်ပြီး သူ ကောင်းတရားတွေ အားထုတ်နေ အမေ့ကိုမြင်စေချင်လိုက်တာ။ အ မမြင်သွားရတာ ငါအရမ်းဝမ်းနည် တယ်"

ဟု သူ့ညီအစ်ကိုမောင်နှမ တူတူမများကို ပြောပြနေတော့သည်

## အခန်း (၆)

ဖိုးနော်တစ်ယောက် မိဘ ဝတ်လယ်ယာအလုပ်ကိုဆက်လုပ် လည်း တူ၊ တူမများကိုသာ တ ထားသည်။ မိမိကိုယ်တိုင်က ရှ



www.burmeseclassic.com

www.burmeseclassic.com

...တ်က စေတီအဟောင်းများကို
...ည့်ပြုပြင်တည်ဆောက်ခြင်းအလုပ်
...ကိုသာ လုပ်ဆောင်နေသည်။
...အောက်တွင် တိမ်မြုပ်ပျောက်ကွယ်
...သော စေတီဟောင်းနေရာများကို
...တွင် ထင်ထင်ရှားရှားမြင်လာတတ်
...။ ထိုအခါ ရွာသူရွာသားများအကူ
...ဖြင့် တူးဖော်ပြီး စေတီအသစ်ပြန်
...တည်သည်။ ပဲခူးရိုးမတောင်တစ်
...တွင်လည်း စေတီပေါင်းများစွာ
...ထားခဲ့သည်။

သူတော်စင်ဦးဖိုးနော်ဟု လူသိ
... လူအများ၏လေးစားခြင်းခံလာရ
... ဦးဖိုးနော်ကို အိမ်တွင် သိပ်မတွေ့
...တပါ။ ထိပ်လက်ကိုင်ဘက်တွင်
...ခေါင်းပုံပါ ကြိမ်လုံးတောင်ဝှေး
...ချောင်းကိုကိုင်ဆောင်ကာ ခရီးထွက်
...ရှိသည်။ ဘုရားလိုက်တည်နေ
...သည်။ ဘုရားတည်ရန် လိုအပ်
...ပစ္စည်းများကို ရထားတွဲလိုက်မှာယူပြီး
...အောက်ထပ်တွင် သိုလှောင်ထား
...

## အခန်း (၇)

တစ်နှစ် ဖောင်တော်သီရွာမ အရှေ့
...ဘက်တွင် အလောင်းစည်သူ
...တည်သွားသော ဖောင်တော်ဦး
...တည်နေရာကိုသိရှိပြီး တူးဖော်
... အသစ်ပြန်လည်တည်သည်။ ဘုရား
...နေရာတူးဖော်ရာသို့ မအေးချစ်၊
...ချစ်နှင့် ဦးဖိုးနော်တူမ မတင်ဥတို့
... လုပ်အားသွားပေးကြလေသည်။
...ချစ် မဏ္ဍပ်အတွင်းတီးနေသည့်
...ည်သံလေးကိုကြားလိုက်မှ ညက
...နေသည့်ကြေးစည်သံလေးမှန်း သိ
...သည်။

"ဦး ညတုန်းက လယ်တဲကနေ
...စည်သံလေးကို ကြားနေရတယ်"

"အေး - ကြေးစည်လေးက
...မယ့် ငါ့ခေါက်နဲ့လွှတ်ထားလို့
...လေးမိုင်အထိ ပဋ္ဌာန်းဆက်တွေ
...ရှိတယ်"

"အင်း - ဒီကနေ လယ်တဲက
...ခဲ့ကျော်မယ်။ ဦးခေါက်နဲ့လွှတ်
... ကြားရတာကိုး။ ဦး၊ ကျွန်မတို့
...ကွန်ဟောင်းတွင်းထဲက ရေတွေ
...သွားဆယ်လိုက်ဦးမယ်"

"အေးအေး-သွားလုပ်ကြ၊ ကုသိုလ်
...ပေါ့"

...အေးချစ်တို့တစ်တွေ တွင်းထဲမှ
... ရေတွေ အပေါ်သို့ခပ်တင်ဆွဲ
တင်ကြသည်။ တစ်နာရီခန့်ကြာအောင်
ခပ်တင်သော်လည်း ပြာလွဲလွဲရေကြည်
တွေက ခပ်လို့မနိုင်ဖြစ်နေသည်။ ခဏ
အကြာတွင် ဦးဖိုးနော် တွင်းနှုတ်ခမ်းပေါ်
သို့ရောက်လာပြီး -

"အေးချစ်၊ နင်တို့တွေအပေါ်ပြန်
တက်ကြတော့။ အောက်မှာ နဂါးရှိနေ
တယ်။ ရေတွေခပ်လို့နိုင်မှာမဟုတ်ဘူး"

ဟုပြောသဖြင့် အားလုံးအပေါ်သို့
ပြန်တက်လာခဲ့ကြသည်။ မဏ္ဍပ်ဘက်သို့
နားနေရန်သွားကြစဉ် ဦးဖိုးနော်က လက်
ထဲမှတောင်ဝှေးဖြင့် တွင်းဗတ်လည်ကို
လိုက်ရိုက်လိုက်သည်။ အုန်း အုန်း အုန်း
မြေပြိုသံများကြားရသဖြင့် မအေးချစ်
တို့ နောက်ပြန်လှည့်ကြည့်လိုက်ကြရာ
တွင်းနှုတ်ခမ်းမြေများ နှစ်ပေစီလောက်
အောက်သို့ ပြိုကျသွားသည်ကို အံ့သြ
ဖွယ်တွေ့လိုက်ကြရသည်။ မအေးချစ်တို့
မဏ္ဍပ်တွင်နားပြီးနောက် တွင်းမှ ရေပြော
ပြာများကိုခပ်ထုတ်ကြရာ မကြာခင်ကုန်
စင်သွားသည်။

မဏ္ဍပ်အတွင်းနားနေကြစဉ် ဦးဖိုး
နော်က ဘုရားသမိုင်းအကြောင်းကိုပြော
ပြသည်။

"အလောင်းစည်သူမင်းကြီး ကရ
ဝိက်ဖောင်တော်စီးပြီး တိုင်းခန်းလှည့်
လည်စဉ်က ဒီနေရာကိုရောက်ခဲ့တယ်။
ဖောင်တော်ဦးခိုက်တဲ့နေရာဖြစ်လို့ဘုရား
တစ်ဆူတည်ခဲ့တယ်။ ဖောင်တော်ဦး
ဘုရားလို့ သမုတ်ခဲ့တယ်။ အခု မင်းတို့
တစ်တွေဝိုင်းဝန်းတည်နေကြတဲ့ဒီဘုရား
ပေါ့။ တို့ဒီရွာကြီးကို ကရဝိက်ဖောင်တော်
ပတ်သီပြီး ခရီးဆက်သွားကြတာကို
အစွဲပြုပြီး ဖောင်တော်သီရွာလို့ခေါ်တွင်
လာခဲ့တယ်"

ဘုရားတည်လုပ်အားပေးများက-

"ဦးပြောပြမှပဲ ကိုယ့်ရွာနာမည်
အကြောင်းသိရတော့တယ်"

"အေးအေး - ကိုယ့်ရွာ၊ ကိုယ့်နယ်
အကြောင်းလည်းသိထားရမယ်။ ကိုယ့်
အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နယ်၊
ကိုယ့်တိုင်းပြည်မှာလည်း ဗုဒ္ဓသာသနာ
တွေ ထွန်းလင်းတောက်ပလာအောင်
ဆောင်ရွက်ကြရမယ်။ အင်း - မင်းတို့
တစ်တွေ လယ်ယာလုပ်ကိုင်ကြရတော့
ငါးရှာဖားရှာကလည်း မကင်းနိုင်ကြပေ
ဘူးပေါ့လေ။ ဒါပေမယ့် ဘုရား၊ တရား၊
သံဃာ၊ ဆရာ၊ မိဘကိုတော့ မေ့မထား
ကြနဲ့ကွ"

"ဟုတ်ကဲ့ပါ ဦး"

"အေး - မင်းတို့ အခုလို ကုသိုလ်
ပြုကြတာ နတ်လူသာဓုခေါ်ကြပါတယ်။
သာဓု သာဓု သာဓု။ ညနေချမ်းချိန်
ရောက်လာပြီ။ မပြန်ခင် ဘုရားရှိခိုး၊
တရားဘာဝနာနိုင်သလောက်ရှုမှတ်ပွား
များပြီးမှပြန်ကြ"

"ဟုတ်ကဲ့ပါ ဦး"

အချိန်က နွေဦးကာလလေးဖြစ်
သဖြင့် နွေအဦး လေရူးလေးတွေဝှေ့ကာ
ဝိုက်ကာတိုက်လာနေသည်။ လေအဝှေ့
တွင် စိမ်းရွှေရွှေမြေသင်းနံ့တွေနှင့်အတူ
ပိတောက်ပန်းရနံ့တို့တွေက မဏ္ဍပ်တွင်း
သင်းပျံ့လို့သွားသည်။ လမကြာခင်
ဘုရားတည်ပြီးလို့ ထီးတင်ပွဲကျင်းပနိုင်
ခဲ့လေသည်။

## အခန်း (၈)

မိုးကောင်းကင်ထက် ကြယ်မစုံ၊
လမသာ မှောင်မည်းသောညတစ်ည။
လူငါးယောက် မှောင်ရိပ်ခိုပြီး ဦးဖိုးနော်
၏အိမ်ခြံဝင်းထဲသို့ လှမ်းဝင်လာကြ
သည်။ ခေါင်းဆောင်က ခြောက်လုံးပြူး
သေနတ်ကိုကိုင်ထားသည်။ ငယ်သား
များက ရိုင်ဖယ်ကိုယ်စီကိုင်ဆောင်ထား
ကြသည်။ ခေါင်းဆောင် အချက်ပြလိုက်
သည်နှင့် အိမ်ပေါ်သို့ သေနတ်ချိန်ကာ
မြိုင်တူတက်ကြသည်။ အိမ်ပေါ်သို့
ရောက်သည်နှင့် ခေါင်းဆောင်လုပ်သူ
က -

"တစ်ယောက်မှမလှုပ်နဲ့၊ ခုခံမယ်
မကြံနဲ့။ အကုန်မသာဖြစ်သွားမယ်။
လက်မြှောက်ပြီးထွက်လာကြ"

ဦးဖိုးနော် တောင်ဝှေးကိုင်ကာ
အခန်းအပြင်သို့ လှမ်းထွက်လိုက်ပြီး
တောင်ဝှေးကို ကြမ်းပြင်သို့ဆောင့်ချ
လိုက်ရာ ဒုန်းခနဲမြည်သွားသည်။

တစ်ဆက်တည်း -

"ဟေ့ကောင်တွေ၊ မင်းတို့လက်
နက်တွေ အောက်ကိုအကုန်ချလိုက်"

ဟု အမိန့်ပေးလိုက်သည်။

ဓားပြများ လက်တွေဆတ်ဆတ်
တုန်လာပြီး သေနတ်တွေ ကြမ်းပြင်သို့
လွှတ်ချလိုက်သည်။ ဦးဖိုးနော်က
ဘုရားဆောင်မှ ဝါဆိုဖယောင်းတိုင်ကြီး
တွင် မီးထွန်းလိုက်သည်။ မီးရောင်ဖြင့်
ဓားပြများ၏မျက်နှာကို တစ်ယောက်
ချင်းလိုက်ကြည့်သည်။

"ဩော် - မင်းကိုဘယ်သူများလဲ
လို့"

ဟု ဆိုကာ ဓားပြခေါင်းဆောင်
ကို လက်ညှိုးထိုးလိုက်သည်။ ဓားပြက
စေ့စေ့ပြန်ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ဪ - ဆရာ ဆရာကြီးအိမ်မှန်းသိလို့ပါ။ ခွင့်လွှတ်ပါ"

ဟု ပြောရင်း ဒူးထောက် လက်အုပ်ချီ တောင်းပန်လေသည်။

"အေးအေး - ခွင့်လွှတ်ပါတယ်ကွာ။ ငါကမင်းသေသွားပြီထင်နေတာ။ မင်းအခုထိ မိုက်တွင်းနက်တုန်းပါလား။ လူ့ဘဝဆိုတာ တကယ့်ကိုတိုတိုလေးပါကွာ။ မကောင်းတဲ့ဒုစရိုက်အလုပ်တွေ မလုပ်နဲ့တော့။ ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားကြ။ မင်းတို့သုံးစရာငွေမရှိရင် ငါ့မှာလာယူ၊ စားစရာဆန်မရှိရင်လည်း ငါ့မှာလာယူ။ ငါတတ်နိုင်သလောက်ထောက်ပံ့မယ်။ ဘယ်နှယ့်လဲ၊ မကောင်းတဲ့အလုပ်တွေကိုစွန့်မှာလား"

"စွန့်. . . စွန့်ပါ့မယ် ဆရာကြီး"

"သေချာဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့ပါ"

"ကဲ - ဒါဆို လက်အုပ်ချီ၊ ဘုရားမှာ သစ္စာဆို။ ယနေ့ယခုမှစ၍ တပည့်တော်တို့သည် သူတစ်ပါး၏ ငွေကြေးပစ္စည်းဥစ္စာကို ခိုးယူတိုက်ခိုက်လုယက်ခြင်းမှ အသက်ထက်ဆုံး ရှောင်ကြဉ်ပါမည်။ ဤသစ္စာဖောက်ဖျက်ပါက အဝီစီငရဲတွင်ကျရောက်ပြီး အရှိမတွေ့ရဘဲ ဘုရားရှင်နှင့်လွဲပါစေသား"

တိုင်ပေးသည့်အတိုင်း အားလုံးလိုက်ဆိုပြီးသစ္စာပြုကြသည်။ နောင်တွင် ထိုသူများက သမ္မာအာဇီဝလုပ်ကိုင်စားသောက်ကြပြီး ဦးဖိုးနော်၏ ဘုရားတည် သာသနာပြုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြလေသည်။

## အခန်း (၉)

ဖောင်တော်သီ ခနာစုအရှေ့ပိုင်းတွင် ဦးအောင်ဖိုး၊ ဒေါ်အုန်းစိန်တို့ နေထိုင်ကြသည်။ သူတို့တွင် မအေးချစ်၊ မအေးနှစ်ဆိုသည့်သမီးနှစ်ယောက်နှင့် မောင်အောင်မျိုးဆိုသော သားအငယ်တစ်ယောက်ရှိသည်။ မအေးချစ်က မောင်ကျော်စိန်နှင့် အိမ်ထောင်ကျပြီးနောက် ခနာစုအရှေ့ပိုင်း၊ ရွာမလမ်းတွင် အိမ်ခွဲနေသည်။ ဦးဖိုးနော်၏အစ်မဖြစ်သူ မလှရွှေအိမ်နှင့် ခြံစည်းရိုးပဲခြားသည်။ မအေးချစ်တို့က မလှရွှေတို့မောင်နှမများနှင့် ဆွေမျိုးရင်းချာလို ခင်မင်ကြသည်။

မောင်အောင်မျိုးသည် အသက်တစ်ဆယ့်ကိုးနှစ်ဝန်းကျင် ကာလသားအရွယ်ဖြစ်သည်။သဘောကောင်းသည်။ လူမှုရေး၊ ရပ်ရွာသာရေးနာရေးများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သူဖြစ်သည်။ အရန်မီးသတ်တပ်ဖွဲ့ဝင်လည်းဖြစ်သည်။ လူချစ်လူခင်များသည်။ သူနှင့်အတွဲများသည့် ကာလသားများက မောင်ချစ်သောင်၊ မောင်မြသန်း၊ မောင်သန်းမောင်တို့ ဖြစ်ကြသည်။ အားလုံးက မအေးချစ်ကို မမကြီး၊ မအေးနှစ်ကို မမလေးဟုခေါ်ကြသည်။ သူတို့တစ်ဖွဲ့လုံး မမကြီးကို ချစ်ကြောက်ရိုသေကြသည်။ မမကြီးက အမြင်မတော်လျှင် ကြိမ်လုံးနှင့်လိုက်ရိုက်တတ်သည်။

တစ်နေ့ ညနေ မောင်အောင်မျိုးတို့ ဆေးဆရာတစ်ယောက်နှင့် အာဋ္ဌာဝက ဆေးတွေထိုးထားကြပြီး ဘီလူးစီးကာ အိမ်ပေါ်တွင်ခုန်ပျံနေကြသည်။ မမကြီး ကြိမ်လုံးနှင့်လာသဖြင့် အာဋ္ဌာဝကဘီလူးဝင်စီးနေသည့်သူတွေ တန်းနေအောင် ထွက်ပြေးသွားကြသည်။

မောင်အောင်မျိုးက ငယ်စဉ်ကတည်းက တစ်မူထူးခြားသူဖြစ်သည်။ သူဖျားတိုင်း မိန်းကလေးသုံးယောက်လာနှိပ်ပေးသည်ဟု အစ်မတွေကိုပြောပြသည်။ တစ်ခါ ဖျားစဉ်ကလည်း -

"မမလေး၊ နင်က အရမ်းလှချင်တယ်၊ ငါ့ကိုလာနှိပ်ပေးတဲ့ကောင်မလေးတွေဆီက လက်ကောက်တွေ၊ ဆွဲကြိုးတွေလုပ်ပေးမယ်"

ဟု ပြောရင်း လက်နှစ်ဖက်နှင့် လှမ်းဆွဲလုယူလိုက်သည်။

"ဟာ-လွတ်သွားပြီ။နောက်တစ်ခါ ပြန်လာမှထပ်လုပေးမယ်"

ဟု ပြောနေသည်။

အစ်မတွေက ဥစ္စာစောင့်မလေးတွေ တကယ်လာနှိပ်ပေးနေသလား၊ အပြင်းဖျားနေလို့ ကယောင်ကတမ်းတွေ ပြောနေတာလားဟု ဇဝေဇဝါတွေးနေ



မိကြသည်။

တစ်နှစ် မိုးဦးကျစကာလတွင် မောင်အောင်မျိုးနှင့် ဘကြီးလှမောင်... လယ်တဲသို့ ပြောင်းရွှေ့နေထိုင်ကြ... လယ်အလုပ်ခွင်ဝင်ကြသည်။ အိမ်... လယ်တဲက တစ်မိုင်ခွဲကျော် ဝေး... သည်။ တစ်နေ့ နံနက်လေးနာရီလော... မောင်အောင်မျိုး အိမ်သာတက်... လယ်ကန်သင်းရိုးပေါ်မှ တဲသို့အပြန်တွ... ဘယ်ခြေထောက်တွင် စူးခနဲစပ်ဖျဉ်း... ဖြစ်သွားသည်။ ဘာကောင်များကိုက်... လိုက်သလဲဟုလိုက်ကြည့်ရာ ဘာမှမတွေ့... ရပေ။ လယ်ထဲမဆင်းခင် နွားနို့ပူပူ... နှင့် ထမင်းကြမ်းကို အဆာပြေစားထို... သည်။ နံနက်ငါးနာရီလောက်တွင် ဘယ်... ခြေထောက်မှာ မီးစနှင့်အထိုးခံရသ... ပူပြီးကိုက်ခဲနာကျင်လာသည်။ မျက်... တွေပြာဝေလာသည်။ ဘကြီးလှမော... ကိုပြောပြလိုက်ရာ ခြေမျက်စိအနား... အပေါက်နှစ်ပေါက်ကိုကြည့်ကာ -

"မင်းကို ပိုးထိ (မြွေကိုက်) ထား... တာပဲ"

ဟုပြောရင်း ဒူးဆစ်အောက်နား... မှာ ကြိုးပတ်စည်းသည်။ ပြီးလျှင် တဲနား... နီးချင်းလူတွေခေါ်ကာ မောင်အောင်မျိုး... ကို စောင်ပုခက်ထမ်းစင်နှင့် အိမ်သို့... အမြန်သယ်ဆောင်ခဲ့သည်။ အိမ်ရော... လျှင် လိုအပ်မည့် စောင်၊ ခေါင်းအုံး... ခွက်ဘူး စတာတွေကိုယူပြီး ကားဖြင့်... ဒိုက်ဦးဆေးရုံသို့သွားကြ၏။ အောင်မျိုး... အမေ ဒေါ်အုန်းစိန်နှင့် အစ်မမအေးချ... တို့လည်း လိုက်ပါသွားကြသည်။

## အခန်း (၁၀)

မောင်အောင်မျိုး ဆေးရုံတွင် ဆေးထိုးပြီးနောက် အတော်လေး သက်သာလာခဲ့သည်။ စကားပြောနိုင်၊ စားနိုင်၊ လမ်းလျှောက်နိုင်လာသည်။ ဆေးရုံရောက်ပြီး ခြောက်ရက်မြောက် ညကိုးနာရီတွင် နေလို့ထိုင်လို့မကောင်းဖြစ်... ဖြစ်လာသည်။ စကားတွေတောင်ပြော... မြောက်ပြောပြောလာသည်။

"မမကြီး၊ မမကြီး"

"ပြော - မောင်လေး၊ ဘာစားချင်... ဘာသောက်ချင်လို့လဲ"

"ဘာမှမစားချင်ပါဘူး မမကြီးရာ၊ ရွာမက ဦးဖိုးနော်ကို ခေါ်ပေးပါ။ ကျွန်တော် ဦးဖိုးနော်နဲ့ ပြောစရာတွေရှိ... တယ်။ မြန်မြန်ခေါ်ပေးပါ"

မမကြီးက -

"မောင်လေး၊ ကယောင်ကတမ်း...



www.burmeseclassic.com

www.burmeseclassic.com

...နေတာပဲ။ ဦးဖိုးနော်က လူကြီး
... ဆွေမျိုးလိုခင်နေကြတာ။ သူနဲ့
...ကိုစပ်မှအဆက်အစပ်ရှိခဲ့တာ
...ဘူး

...တွေးနေမိသည်။ မောင်လေး
...သော်အောင် -

"အေးပါ-မောင်လေးရယ်၊ အစ်မ
...ကိုမှာထားပါတယ်။ မနက်ဖြန်
...ရင်လာပါလိမ့်မယ်"

ဟုသာ ညာပြောလိုက်ရသည်။
...နှင့် ရွာက ငါးမိုင်ဝေးသည်။ ည
...သွားခေါ်ရန်မှာ မလွယ်ကူလှ

အဖြစ်အပျက်တွေက တိုက်ဆိုင်
...သည်။ နံနက် ခုနစ်နာရီခန့်လောက်
... ဦးဖိုးနော် ဆေးရုံသို့ရောက်လာ
... မောင်အောင်မျိုးက ဦးဖိုးနော်ကို
...လိုက်သည်နှင့် -

"ဦး၊ ကျွန်တော့်ကို သွားခွင့်ပြုပါ..."

"မင်းမသွားနဲ့ဦး။ အိမ်အထိပြန်
...သွားဦး။ မင်းအမေအရှူးတစ်ပိုင်း
...နေဦးမယ်"

သူတို့နှစ်ဦးသား ပြောဆိုနေကြ
...ကို မအေးချစ်နှင့်လူနာစောင့်များ
...ကြည့်ကာ နားထောင်နေကြသည်။

ဦးဖိုးနော်က မအေးချစ်ကို အခန်း
...သို့ခေါ်ပြီး -

"နင်တို့က တော်တော်ပေါ့ဆတာ
... နင့်မောင်လေး ဆိုက်ပဌာန်းဆက်ရှိ
...ဘာ ငါ့ကို အစောကြီးကတည်းက
...ပြထားရမှာ။ ငါ တားထားပေးရင်
...ည်မှာ သူသက်တမ်းစေ့နေနိုင်တယ်။
...တော့ အချိန်ကလွန်နေပြီ။ ငါတား
...ပေးဖို့ မမီတော့ဘူး။ အခုပဲ သူနေရာ
...ကောင်းကိုသွားဖို့ ငါ့မှာခွင့်တောင်းနေပြီ။
အိမ်အထိပြန်လိုက်သွားလိုက်ဦးလို့ ငါ
...ပြောထားတယ်"

မအေးချစ်တစ်ယောက် ဦးဖိုးနော်
...ပြောတာတွေကို ငြိမ်ပြီးတော့
...ထောင်ရင်း မောင်လေးအတွက်
...နည်းမျက်ရည်များ ပါးပြင်နှစ်ဖက်
...သို့စီးကျလာသည်။

နေ့လယ်အချိန်တွင် သက်ဆိုင်ရာ
...ဝန်ကကုသလို့မရနိုင်တော့ကြောင်း၊
...ဆေးရုံက ဆင်းလိုက ဆင်းနိုင်ကြောင်း
...ပြောလာလေသည်။ မွန်းလွဲပိုင်းတွင်
မောင်အောင်မျိုးကို ဆေးရုံမှအိမ်သို့ပြန်
...ခေါ်ခဲ့သည်။ လမ်းခရီးတစ်လျှောက်လုံး
...ကောင်းကဲ့သို့ စကားတွေဖောင်ဖွဲ့
...အောင်ပြောလာခဲ့သည်။ အိမ်ရောက်ပြီး
လည်း မောင်ချစ်သောင်၊ မောင်သန်း
မောင်၊ မောင်မြဘန်း သူငယ်များနှင့်
အတိတ်က ရယ်မြူးစရာအကြောင်းများ
ပါမြန်ပြောကာ ရယ်မောနေကြသည်။
သတင်းမေးလာသူတိုင်းကိုလည်း စကား
လက်ခံပြောသည်။ ညဥ့်နက်သန်းခေါင်
ကျော်တွင် မောင်အောင်မျိုး ဘဝတစ်ပါး
သို့ ကူးပြောင်းကွယ်လွန်သွားခဲ့သည်။

မောင်အောင်မျိုး၏ ဥတုဇ
ရုပ်ကလာပ်ကိုသုသာန်သို့ပို့ဆောင်သည့်
နေ့တွင် မီးသတ်တပ်ဖွဲ့၏ အင်ခရာသ်
များနှင့်အတူ မိဘဆွေမျိုးမိတ်သင်္ဂဟ
အပေါင်းတို့၏မျက်ရည်မိုးများ ရွာသွန်းခဲ့
ကြလေသည်။

## အခန်း (၁၁)

မောင်အောင်မျိုး ဆုံးပြီး တစ်လ
ကျော်လောက်တွင် မအေးချစ်အိမ်သို့
ဦးဖိုးနော်တစ်ယောက် ရောက်ချလာ
သည်။

"ဦး လာထိုင်ပါ၊ ဘယ်ကနေလှည့်
လာတာလဲ"

"ငါပဲခူးရိုးမတောင်ခြေကဆံတော်
တောင်မှာ ဘုရားတစ်ဆူသွားတည်နေ
တယ်။ အခုအဲဒီကနေပြန်လာရင်းနင်တို့
ဆီလှည့်ဝင်လာခဲ့တာ။ နင့်မောင်လေး
အကြောင်းပြောပြချင်လို့၊ ငါဆံတော်
တောင်မှာ အောင်မျိုးကိုတွေ့ခဲ့တယ်။
ငါ့ကိုတောင်ခြေကနေဆီးကြိုတယ်။ အဲဒီ
က သူ့ရဲ့နေရာဟောင်းပဲ။ ကောင်းကောင်း
မွန်မွန်နေရပါတယ်။ နင်တို့ပူဆွေးသော
ကရောက်မနေကြနဲ့တော့။ ဟိုမှာသူ့ဘဝ
နဲ့သူပျော်နေတာ"

ဟု မပြောပြစဉ် မအေးချစ်သည်
မောင်လေးကို သံယောဇဉ်မပြတ်နိုင်
သေးသဖြင့် ပါးပြင်နှစ်ဖက်တွင် လွမ်း
မျက်ရည်စလေးတွေ အသွယ်သွယ်စီးကျ
လို့ရယ်သာ။

တစ်နှစ် ရွာမှဒေးစွန်ပါဘုရားပွဲသို့
ကားနှစ်စီးဖြင့်သွားကြသည်။ စာရေးသူ
လည်းပါသည်။ စာရေးသူက ပထမထွက်
မည့်ကားတွင်တက်စီးသည်။ ဦးဖိုးနော်
အား -

"ဦး၊ ဒီကားနဲ့လိုက်ခဲ့လေ"

ဟု ခေါ်လျှင် -

"သွားနှင့်ကြ၊ လူစုံအောင်စောင့်
ပြီး နောက်ကားနဲ့ပဲလိုက်ခဲ့မယ်"

ဟု ပြောကာ ကျန်နေခဲ့သည်။

ဒေးစွန်ပါဘုရားသို့ ရောက်ရန်
ဖောင်တော်သီမှ ရန်ကုန်သွားသည့်ကား
လမ်းအတိုင်းသွားပြီး ဝမ်းဘဲအင်းရွာ
က်နေ ညာဘက်ချိုးကား တောင်ခြေ
အထိ ကားဖြင့်သွားရသည်။ တောင်ခြေ
မှ ဘုရားသို့ခြေကျင်လျှောက်တက်ရ၏။
ပထမထွက်လာသည့်ကား တောင်ခြေ
သို့ရောက်သော်လည်း နောက်ကားရောက်
မလာသေးပါ။

စာရေးသူတို့လူငယ်တွေ တောင်
ခြေမှ ဒေးစွန်ပါဘုရားရှိရာ တောင်ပေါ်
သို့ပြေးတက်ခဲ့ကြသည်။ ဘုရားသို့ရောက်
လျှင် တန်ဆောင်းထဲတွင် လူကြီးများနှင့်
ထိုင်ပြီး စကားပြောနေသော ဦးဖိုးနော်
ကို တွေ့လိုက်ရသည်။ စာရေးသူကိုယ်
တိုင် ဦးဖိုးနော် ဘယ်လိုကြောင့် ဘုရား
ပေါ် အရင်ရောက်နေသလဲဆိုသည်ကို
တွေးလို့ မရခဲ့ပါ။

## အခန်း (၁၂)

စာရေးသူ အသက်အရွယ်လေးရ
လာမှ ဝိဇ္ဇာတွေအကြောင်း သဘော
ပေါက်လာခဲ့သည်။

"ဖိုးနော်က သိုက်ချုပ်ဝိဇ္ဇာကွ။
သွားချင်တဲ့နေရာကို ခဏလေးနဲ့ရောက်
အောင်သွားနိုင်တယ်"

ဆိုသည့် ရွာမှသက်ကြီးစကားများ
ကိုလည်း ကြားယောင်နေမိသည်။

ဦးဖိုးနော် အသက်အရွယ်ကြီးရင့်
လာခဲ့ပြီ။ မသေခင် သူ့တူ ကိုချစ်၊ ကိုတင်
လှိုင်တို့ကို -

"ငါသေရင် ခြေထိပ်၊ လက်ထိပ်
တွေ ကြိုးမချည်နဲ့။ ဗိုက်လည်းမခွဲနဲ့။ မီး
လည်းမရှို့နဲ့။ အုတ်ဂူလေးလုပ်ပြီးထား"

ဟု မှာကြားခဲ့သည်။

ဦးဖိုးနော်သေဆုံးသောအခါ တူ
တွေက ရွာထုံးစံအတိုင်း ဝမ်းဗိုက်ကိုခွဲ၊
ခြေထိပ်လက်ထိပ်ကြိုးချည်၊ ဖျဉ်ခေါင်း
ထဲထည့်သွင်းကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်
ကြသည်။

ဦးဖိုးနော် ထွက်ရပ်ဝိဇ္ဇာလမ်းအရ
ရုပ်ပါထွက်ရန် ကြံရွယ်ထားပုံရသည်။
တူတွေက ရုပ်ကလာပ်ကို ဝမ်းဗိုက်ခွဲ
လိုက်သဖြင့် ရုပ်ပါမထွက်နိုင်ဖြစ်ခဲ့လိမ့်
မည်။ ရုပ်ပါမထွက်သွားနိုင်သော်လည်း
သိုက်တွေကိုအုပ်ချုပ်မည့် သိုက်ချုပ်ဝိဇ္ဇာ
ကြီးဖြစ်နေပေဦးမည်ဟု တွေးဆလျက်။

(ဖြစ်ရပ်မှန်များကို ရေးဖွဲ့ထားပါ
သည်။)

*ရွာမှဆွေမျိုးမိတ်သင်္ဂဟတို့အတွက်
အမှတ်တရ*

**အောင်ကြည်သန်း(ဖောင်တော်သီ)**



www.burmeseclassic.com

www.burmeseclassic.com

"ရွာအရှေ့ပိုင်းက ကိုအေးသိန်းကြီးဖုတ်ဝင်လို့တဲ့။ အဲဒါ ဆရာနဲ့ ခုနေ့ခင်း ဖုတ်ထုတ်မလို့တဲ့"

"နေ့ခင်းပိုင်းမထနိုင်တဲ့လူက ညပိုင်း သူများတွေအိပ်နေရင် ထထပြီးစမ်းတယ်တဲ့။ မယ်သင်တို့၊ မယ်ရင်တို့ ညီအစ်မတွေသွေးလန့်ပြီး ဆေးတောင်ထိုးယူရတယ်။ နောက်ညတွေသွားမအိပ်တော့ဘူးတဲ့"

"သူကိုယ်တိုင်မထိုင်နိုင်ဘူး။ သူများထူပေးမှထိုင်နိုင်တာ။ သူများလက်ကိုင်ထားမှနေလို့ရသတဲ့။ အဲဒါ သွေးစုပ်ဖုတ်"

"ဆရာလိုလိုဘာလိုလို သူ့မိန်းမတူလေးတောင် ကိုယ်တစ်ခြမ်းသေနေတဲ့လူမမာက ခြေတစ်ချောင်းတင်ပြီးဖက်ထားလို့ ရွာပြန်ပြေးပြီး အိမ်ပေါ်ကခုန်ချတော့မလိုလို၊ တခြားတစ်နေရာထွက်ပြေးတော့မလိုနဲ့ ရှုးကြောင်ကြောင်ဖြစ်နေတာ မနည်းကုနေရတယ်"

"ကိုရဲမြင့်မိန်းမတုန်းက ဆေးရုံက ဆရာမတွေကတောင် နင်တို့ဟာ မရိုးဘူး။ အပြင်ဆရာနဲ့ ပြကြည့်ဦးဆိုလို့ ပြကြည့်တော့ ဖုတ်မှန်းသိတာ။ သူ့ကျတော့ ဖုတ်ထဲမှာ အဆင့်မြင့်တဲ့ ဖုတ်ရွှေထီးဆောင်းတဲ့။ သူ့အပေါ်မိုးဖို့ ရွှေထီးကြီးယူလာတော့ အဆောင်းမခံဘူး။ လိုက်ကြည့်နေတာ။ နောက်မှ ရွှေထီးလည်းဆောင်းလိုက်ရော ဖုတ်ထွက်သွားတာ"

"ဒေါ်ဘုမကတော့ ငါးပိစားဖုတ်တဲ့။ ညတိုင်း သူများတွေအိပ်ပျော်နေရင် ငါးပိအိုးတွေထနိုက်စားနေတာ။ တစ်ယောက်ယောက်ကသိလို့ အဲဒါဘာလုပ်တာလဲဆိုတာနဲ့ အဲဒီနေရာမှာတင်ပဲ လဲကျသွားပြီး အိပ်ရာထဲကိုချီပို့ရတော့တာ"

"ဖုတ်မျိုးက (၈၀) တောင်ရှိတာအေ့"

တစ်နေ့ နေ့ခင်း စာရေးသူစာ... ရေးနေစဉ် အိမ်နားမှအမျိုးသမီးတစ်... ကွပ်ပျစ်ပေါ်တွင် လာရောက်... ရပ်ကြောင်းရွာကြောင်း ရောက်... ရာရာတို့ကိုပြောနေခြင်း ဖြစ်၏။ စာ... သူက ဘာမှဝင်မပြော မသိမသာ... ထောင်နေမိသည်။

ကျေးလက်တောရွာများတွင် ခ... ခဏတွေ့ကြုံရသောဖြစ်ရပ်မျိုးပင်... သည်။ တစ်ခါတစ်ရံ လူနာက ခံ... ပျက်၍ မစားမသောက်ဘဲ အိပ်ရာထဲ... နေသည်။ သူတို့က အာလောင်... အချိန် မထနိုင်ထနိုင်ဖြင့် ထမင်းထ... ကြ၏။ လူနာစောင့်များနိုးလာ... အားကိုးရှိ၍ လဲကျသွားသည်။ ဒါတို့...





www.burmeseclassic.com

www.burmeseclassic.com

...တ်ဟု ယူဆကြသည်။

အစားအသောက်ပျက်၍ အိပ်ရာထဲကြာရှည်လဲနေလျှင် တစ်မျိုးတစ်မည်ထင်လာသည်။ ခေတ်မီဆရာဝန်တွေနှင့်ဆေးစစ်(ကုသ)မှုမရှိ။ တစ်ဖက်သတ်စွဲချက်တင်၍ ဖုတ်ဝင်သည်ဟုဆိုကာ ဖုတ်ထုတ်ဖို့လုပ်ကြပါတော့သည်။

အိပ်ရာအောက်တွင် သြဇာရွက်၊ ဖိနပ်စုတ်၊ ဖဲချပ်၊ သိမ် (ကျောင်း) ထဲမှ သဲမှုန့်များကိုထိုးထား၊ ခုထားကြသည်။ ထိုအခါ လူမမာကသိသွားပြီး စိတ်ဓာတ်ကျသွားသည်။ ထို့ကြောင့် မသေသင့်ဘဲ သေဆုံးကျန်သည်။ အရာရာကို စိတ်က ဆောင်ပါသည်။

မိဘများမှ သားသမီးတွေငယ်ရွယ်စဉ်က အစစအရာရာ ပြုစုမျိုး



# စိုးလင်းအောင်

(မြန်အောင်)

## ဖုတ်ထုတ်သည်ဟုဆိုကြရာဝယ်

ဌေတာင်ခဲ့ရသည်။ သားသမီးများနေထိုင်မကောင်းလျှင် အမျိုးမျိုးကြံဆ၍ ရှာဖွေကုသကြသည်။ သားသမီးများပြုစုဖို့အလှည့်တွင် တာတာကျွမ်းနားလည်သောဆရာဝန်များနှင့် မကုသချင်တော့။ အဖေက သို့မဟုတ် အမေက အသက်ကြီးပြီ၊ ဆေးရုံဆေးခန်းကိုသွားရတာ



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကြီးတယ်။ ဆရာခေါ်၍ကုမယ် ဆိုပြီး (ခေတ်မီကိရိယာများဖြင့်မစမ်း သပ်ရဘဲ) မှန်းဆ၍ ရောဂါစွဲကာ ကုသ ကြပါသည်။ ထိုအခါ ရောဂါတစ်လွဲ အနာတခြားဖြစ်လျက် ဆေးမတိုးတော့ ပေ။ ထိုအခါ ဖုတ်ဝင်သလိုလိုဘာတိုက် ထားသလိုလို ဘာဖမ်းထားသလိုလိုဖြစ် ကုန်သည်။

စုန်ရေနှင့် ဆန်ရေကား ကွာခြား လှပေသည်။ ဖုတ်ဟူသည် ရှိသည်မရှိ သည်ကို မငြင်းပယ်လို။ မြေ (ဖုတ်) ဘီလူး၊ စုန်း၊ ကဝေ၊ နတ်တို့ရှိသည်ကား မှန်၏။ သို့သော် ဂဃနဏမစစ်ဆေးဘဲ မိဘတို့ကို ဖုတ်ထုတ်သည်မှာ စဉ်းစား စရာရှိပါသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဖုတ်ထုတ်ခြင်းသည် သေစေချင်သည့်သဘောပါသည်ဟုယူဆ မိပါသည်။

အကယ်၍ သားသမီးတို့ပြုလုပ် ချက်ကြောင့် မိဘတို့သေဆုံးသွားကြ လျှင် ပဉ္စာနန္တရိယကံထိုက်ပါလိမ့်မည်။ မင်္ဂတားဖိုလ်တားဖြစ်ပါလိမ့်မည်။ ယခု ဘဝမဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တားမြစ်ပါ လိမ့်မည်။

ထို့ကြောင့် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ ဟောကြားသော 'ချမ်းသာလမ်းနှင့် ကန်တော့ခန်း' တရား မှ အနည်းငယ် ထုတ်နုတ်တင်ပြလိုက်ပါ သည်။

အမိအဖသတ်တာကို နည်းနည်း သတိထားကြပါ။ ဒါလည်းပဲ ကျောင်းက ကိုယ်တော်တစ်ပါးက ထောက်ပြလို့ သဘောပေါက်တာနော်။ တချို့ တော တွေမှာရှိတယ်။ မိဘနှစ်ပါးကိုပြုစုတဲ့ အခါ နေမကောင်းဖြစ်နေတာကြာတော့ စိတ်မရှည်တော့ဘူး။ နာတာရှည်ဖြစ်နေ တာဆိုတော့ ဖုတ်ဝင်သလားလို့ လုပ်ကြ တယ်။ ဖုတ်ဝင်တယ်ဆိုရင် ဖုတ်ထုတ် တာရှိတယ်။ စဉ်းစားနော်၊ စဉ်းစား။ ဖုတ် ထုတ်တယ်ဆိုတာက မိဘကိုသေစေချင် တာနော်။ သဘောပေါက်လား။

ကဲ - မေးကြည့်မယ်နော်။ အဖေ၊ အမေ တကယ်ချစ်တယ်ဆိုရင် ဖုတ်က ဝင်ပေးမယ်။ ထမင်းထစားနေတာမြင်နေ ရတာ ပျော်စရာမကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား) အေးပေါ့၊ ချစ် ရင် အသက်တောင်သွင်းထားရသေး တာ၊ ဖုတ်တောင် ကျေးဇူးတင်ရဦးမှာ၊ ဟုတ်ရဲ့လား။ ကဲ-ဖုတ်ထုတ်တယ်ဆိုရင် မိဘကိုသေစေချင်တဲ့စိတ်ပေါ် မနေဘူး လား။ တကယ်ချစ်တာဟုတ်သေးရဲ့ လား။ (မဟုတ်ပါဘူး ဘုရား)။ အဲဒါနော်၊ ပဉ္စာနန္တရိယကံထဲမှာ ပါနိုင်တယ်နော်။ သဘောပေါက်လား။ ဖုတ်မထုတ်ရဘူး နော်၊ သဘောပေါက်လား။ သေသေချာ ချာမှတ်နော်။

ဖုတ်ထုတ်တဲ့အလုပ်မလုပ်ကြနဲ့။ နားလည်ကြရဲ့လား။ စဉ်းစား စဉ်းစား၊ ကိုယ့်အဖေနဲ့အမေက ငုတ်တုတ်လေး ထိုင်နေတာ ဖုတ်ဝင်တယ်ပဲထားလိုက် ဦး။ နှစ်တစ်ရာတိုင်ပါစေ၊ ဝမ်းမသာဘူး လား။ သဘောပေါက်ကြလား မလုပ်ရ ဘူးနော်။

ဒီအကြောင်းဟောတော့ စင်ကာပူ မှာ အဘွားအိုတစ်ယောက်ထိုင်ငိုတယ်။ တပည့်တော်ဘုရားတဲ့၊ တပည့်တော် တရားကျင့်တိုင်း မှောင်ပဲနေတယ်ဘုရား တဲ့။ တပည့်တော် တကယ်ဖုတ်ထုတ်မိ တယ်တဲ့၊ ဝန်ခံတယ်။

အစ်ကိုကပြောတယ်။ ညီမလေး နင်မှားသွားပြီတဲ့။ ဆရာနဲ့ဖုတ်ထုတ် တော့ ပူတယ်၊ ပူတယ်ဆိုပြီး သေသွား တာ။ ငါကဖုတ်ရှိတယ်ပြောတာကြာပြီ တဲ့။ ငါ့အမေထိုင်နေတာမြင်နေရလို့ ငါ ဝမ်းသာနေတာ နင်မှားပြီတဲ့။

သူလည်းမှားသွားတာ တကယ် တရားကျင့်လို့မရဘူး။ သဘောပေါက် လား။ သေသေချာချာမှတ်နော်၊ မမှား စေနဲ့။ လူငယ်တွေမှားမှာစိုးလို့ကြိုပြော ထားတာ သဘောပေါက်ကြလား"

ဟု ဟောကြားထားပါသည်။

အဖြစ်အပျက်လေးတစ်ခုကို တင်ပြ ချင်ပါသည်။ သူ့နာမည်က ဘမောင်ဟု ခေါ်၏။ တောရွာမှာ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေကြရသည်မှာ အဆင်မပြေ၍ ရန်ကုန်လှိုင်သာယာသို့



မိသားစုလိုက်ပြောင်းလာကြသည်။

လှိုင်သာယာတွင် အဆင်ပြေ၏ သုံးနှစ်ခန့်ကြာသော် မွေးရပ်မြေကိုပြန် ခဲ့သည်။ သူငယ်ချင်းတွေနှင့်တွေ့ပြီး သောက်စားပျော်ပါးကြ၏။ အပြန်တွင် ကြို့ပင်ကောက်ဘူတာထဲ၌ သမံတလင်း ပေါ် ရထားစောင့်ရင်း မူး၍အိပ်ပျော် သွားပါသည်။ ရထားဝင်လာသောအခါ သွက်သွက်လက်လက်မသွားနိုင်တော့ဘဲ ခြေထောက်တစ်ရွက်ဆွဲနေသည်။ ပိုင်းဝန်း ဖေးမ၍ ရန်ကုန်သို့ပြန်ခဲ့ရသည်။

ရန်ကုန်ရောက်သော် အလုပ် မလုပ်နိုင်တော့ပေ။ အနည်းငယ်လမ်း လျှောက်နိုင်သော် တစ်ရွာတည်းသား တွေရှိသောရပ်ကွက်သို့ ခဏခဏလမ်း လျှောက်သွား၏။ ဟိုနေရာလဲလိုက် ဒီနေရာလဲလိုက်နှင့် နေရာပေါင်းစုံလဲ သည်။ ဈေး၊ ကတ္တရာလမ်း၊ သချိုင်းတွင်း နေရာစုံ ခဏခဏလဲခဲ့သောကြောင့် နောက်ပိုင်း အိပ်ရာထဲကမထနိုင်တော့ ပေ။

သားသမီးလေးယောက်တို့တွင် ခေတ်ပညာတတ်များပါ၏။ မိသားစုတွေ ကောင်းကောင်းမွန်မွန် ပြုစုပါသည်။ မိန်းမဖြစ်သူကလည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းတွေ ကြွင်ကြွင်နာနာရှိသည်။ သင့်တော်သည့် ဆရာဝန်တွေပင့်၍ ကုသကြ၏။ သို့သော် အကြောင်းထူးမလာပေ။ ရက်မှလ လမှ နှစ်သို့ တိုင်ခဲ့ပြီ။ ဘမောင်အိပ်ရာထဲ မှာ လဲလျောင်းလျက်ပင်။

ပတ်ဝန်းကျင်က ဖုတ်ဝင်နေတာ ဟုပြောလာကြသည်။ မိန်းမဖြစ်သူလည်း သံသယဝင်လာသည်။ လူမမာက တစ်ခါ တစ်ရံ လေသံပျော့လေးနှင့် ပြောသည်၊ တစ်ခါတစ်ရံ ဒေါသထွက်၍မျက်ထောင် နီကြီးနှင့် မကျေမနပ်ကြည့်နေတတ်၏။ ထို့ကြောင့် သားသမီးများကို တိုင်ပင် သည်။

"သားတို့သမီးတို့ မေမေပြောမယ် နော်။ နင်တို့ဖေဖေကို လုပ်ကိုင်ကျွေးနေ တာ၊ ဆေးကုပေးတာ ကုသိုလ်ရတယ် ဒါပေမယ့် ပတ်ဝန်းကျင်ကလည်းပြော တယ်။ မေမေလည်း သတိထားမိတယ် နင်တို့ဖေဖေကို ခေတ်မီဆရာဝန်တွေနဲ့ ကုတာမထူးခြားဘူး။ သူများတွေပြော သလို ဖုတ်ဝင်နေတယ်ဆိုရင် ဩဇာရှင် နဲ့ဖဲချပ်တွေ အိပ်ရာအောက်ထိုးကြည့် အောင်။ သူ့ကိုသတ်တာတော့မဟုတ် ဘူး။ တကယ်မကောင်းဆိုးဝါးဝင်နေ ရင်တော့ ထွက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သားသမီးများက ခေတ်သာတတ်သည့်အပြင် ဓမ္မစာပေများ ...တ်စားသောကြောင့် 'သူတို့မလုပ်ရဲ ...ကြောင်း၊ သူတို့လုပ်လို့သေသွားခဲ့ရင် ...တား ဖိုလ်တားဖြစ်နေမှာစိုးတယ်' ဟု ...ငြင်းကြသည်။

သို့သော် တကယ်လည်း ဩဇာ ...ရှက်များ၊ ဖဲချပ်များ အိပ်ရာအောက်ကို ...ထိုးဖြစ်ခဲ့ပါ။ ဤပစ္စည်းများယူလာက ...ည်းက မျက်ထောင့်နီကြီးနှင့် ပစ္စည်း ...များကို လိုက်ကြည့်နေသောကြောင့် ...ယ်သူမှမထိုးရဲကြပေ။ ထိုအခါတွင် ...မောင်မိန်းမက စာရေးသူအား ဤသို့ ...ပြောပါသည်။

"ကိုစိုးလင်းရေ၊ အဲဒီလိုဘယ်သူမှ ...ထိုးရဲကြတော့ ကျွန်မက ကဲ-သားရေ၊ ...ရားဆောင်ပေါ်က ပဌာန်းရေဘူးနဲ့ ...ရိတ်ရေဘူးပေးစမ်းဆိုပြီးတောင်းတယ်။ ...ဘူးတွေအဖုံးဖွင့်ပြီးတော့ ပဌာန်းရေ ...ရိတ်ရေတွေနဲ့ သူ့တစ်ကိုယ်လုံးကို ...ဘက်(ဖျန်းပက်)လိုက်တယ်။ သူက ...တော့ ဘာမှမပြောဘူး၊ ငြိမ်နေတယ်။ ...မလည်း သမီးတွေဘက်လှည့်ပြီး ...နစ်လောက်စကားတွေပြောနေတယ်။ ...ဘက်သူ့ဘက်လှည့်ပြီးခေါ်ကြည့်တော့ ...မောင်အသက်မရှိတော့ဘူး။

အံ့ဩဖို့ကောင်းလိုက်တာ ကိုစိုး ...င်းရာ။ ဒါ့ကြောင့် ကျွန်မကအကြံပေး ...တယ်။ တကယ်လို့ မိဘတွေနာတာ ...ဖြစ်နေပြီး ဖုတ်ဝင်တယ်လို့ သံသယ ...နေရင် ကိုယ်ကလည်း အကဲခတ် ...ဖြစ်နိုင်တယ်လို့ယူဆရင် ဖိနပ်စုတ် ...ဩဇာရွက်တွေ၊ ဖဲချပ်တွေ၊ သိမ် ...မြေစာမှုန့်တွေနဲ့ အိပ်ရာအောက် ...ကြပါနဲ့။

အမျိုးမျိုးကုသလို့ ဘယ်လိုမှမရ ... သူ့အမူအရာတွေကလည်း သူ့ ...ဝအတိုင်းမဟုတ်ဘဲ တစ်မူထူးခြား ...ရင်ပေါ့။ တခြားမကောင်းဆိုးဝါးတစ် ...င်ကောင် ပူးကပ်နေတယ်ဆိုတာ ...ကျသိရရင် ဆရာတော်သံဃာ ...များရဲ့ ပရိတ်ရေ၊ ပဌာန်းရေတွေနဲ့ ...တ် (ဖျန်းပက်) ပေးလိုက်ပါ။ အမှန် ...ယ်ပူးကပ်နေရင်ထွက်သွားပါလိမ့် ... ကိုယ်လည်းသတ်တဲ့ကံမထိုက် ...ဘူးပေါ့"

သူကပြောတော့ ဟုတ်သလိုလို ...ရှိပါသည်။ သို့သော် မဟာစည် ...တော်ကြီးပြောသောစကားလေးကို ...၍ အမှတ်ရမိသောအခါ အပြစ်မှ ...ပါလေစဟု တွေးမိပြန်ပါသည်။

မိဘတွေအသည်းအသန်ဖြစ်နေ၍ ဆေးလွတ်ထားရသည်၊ အောက်ဆီဂျင်ပေးထားရသည်ဆိုပါစို့။ သို့သော် လူနာက အသက်ရှင်ရန် မျှော်လင့်ချက်မရှိ၊ ဝေဒနာကိုလည်း ရှုံ့မဲ့၍လည်းကောင်း၊ အကြောများဆွဲ၍လည်းကောင်း အပြင်းအထန်ခံစားနေရသည်။

သားသမီးများက မကြည့်ရက် မမြင်ရက်သောကြောင့် မျှော်လင့်ချက်လည်းမရှိတော့သဖြင့် အောက်ဆီဂျင်နှင့် ဆေးပိုက်များကိုဖြုတ်ချင်နေသည်။ ဆေးတွေ အောက်ဆီဂျင်တွေဆက်ပေးနေလျှင် ဆက်၍အသက်ရှင်နေဦးမည်၊ ဝေဒနာကိုတော့ ခံစားနေရမည်။ ဆေးတွေ အောက်ဆီဂျင်တွေဖြုတ်လျှင် မိဘတွေ ချက်ချင်း သေဆုံးသွားမည်။

မည်ကဲ့သို့ဆုံးဖြတ်မည်လဲ။ ဆေးတွေ၊ အောက်ဆီဂျင်တွေဖြုတ်လိုက်၍ လူနာ သို့မဟုတ် မိဘတွေသေလျှင် ဖြုတ်လိုက်သူမှာ အပြစ်ဖြစ်မည်လား၊ မိဘဖြစ်ပါက ပဉ္စာနန္တရိယကံထိုက်မည်လော တွေးတောစရာပင်။

စိတ်သည် တစ်ကြိမ်တည်းမှာ နှစ်ခုပြိုင်၍မဖြစ်နိုင်ပါ။ လူနာကို ပြုစုယုယနေစဉ်က မေတ္တာတရား၊ အကြင်နာတရားတို့နှင့် စောင့်ရှောက်ပြုစုယုယနေသည်။ မကြည့်ရက်မမြင်ရက်သောကြောင့် ဆေးတွေ၊ အောက်ဆီဂျင်တွေကိုဖြုတ်လိုက်သည့်အချိန်၌ စိတ်က မေတ္တာစိတ်၊ အကြင်နာစိတ်တို့ပျက်သွားပြီးသေစေလိုသောဒေါသ (အရပ်စကားဖြင့်ဆိုရလျှင် ကရုဏာဒေါသော) စိတ်ကဝင်လာ၍ ထိုစိတ်ဖြင့်ပြုလုပ်လိုက်ခြင်းဖြစ်သောကြောင့် ဒေါသသင့်ကာ အပြစ်ဖြစ်ပါသည်ဟု မဟာစည်ဆရာတော်ကြီးက ရှင်းပြခဲ့သည်။

အကယ်၍ ဖုတ်ထုတ်သူက အေးလူဆိုလျှင် အပြစ်သေးငယ်နိုင်သော်လည်း မိဘတွေဖြစ်နေပါက ဖုတ်ထုတ်ခြင်းကို သတိပြုကြရပေမည်။ ဖုတ်ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကိုယ်ပြုလုပ်သည်က ဖုတ်ထွက်စေလိုသောဒေါသ သေစေလိုသောဒေါသစိတ်တို့ဖြင့်ပြုလုပ်ခြင်းသာဖြစ်ကြောင်း ဖုတ်ထုတ်သည်ဆိုရာဝယ် သတိထား ဆင်ခြင်ကြဖို့ ရေးသား တင်ပြလိုက်ပါသည်။

ကာယကံရှင်နာမည်များလွှဲထားပါသည်။

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလင်းအောင် (မြန်အောင်)

## အောင်လံထူ(နတ်မောက်)

## ခေါက်သုံးခေါက်

## ချွေးမိတ်ဖုပျောက်

နွေအခါ ပူပြင်းသောရာသီတွင် ချွေးမိတ်ဖုများသည် ခန္ဓာတစ်ကိုယ်လုံး ထွက်ပေါ်တတ်ပါသည်။ အလွန်ယားစပ်ပြီး နေရထိုင်ရခက်တတ်ပါသည်။ လက်သည်းနှင့် ကုတ်ခြစ်လိုက်လျှင် စပ်ဖျဉ်းဖျဉ်းနှင့် ပို၍အခံရခက်ပါသည်။ နွေနှင့် မိုးရာသီအကူးအပြောင်းကာလတွင် ပိုမိုဆိုးရွားတတ်ပြီး ငယ်စဉ်က တံစက်မြိတ်ဇရခေါ်သည့် အိမ်ခေါင်မိုးပေါ်မှကျလာသော မိုးရေများချိုးခဲ့ရပါသည်။ လုံးဝပျောက်ကင်းသည်တော့ မဟုတ်ပါ။ သက်သာရာရခဲ့ပါသည်။

ယခုအခါ လက်တွေ့ ချွေးမိတ် (ဝါ) မိတ်ဖုပျောက်ကင်းသည့် လိမ်းဆေးသိရှိခဲ့ရသဖြင့် ထိုနည်းဖြင့် အမြန်သက်သာပျောက်ကင်းစေရပါသည်။ ဤလိမ်းဆေးနည်းမှာ ကလေး၊ လူကြီးအရွယ်မရွေး အသုံးပြုနိုင်ပြီး ဘေးထွက်ဆိုးကျိုးလည်းမရှိ၊ ငွေကုန်ကြေးကျလည်းမရှိပါ။ လိမ်းဆေးနည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ခေါက်သုံးခေါက်လိမ်းဆေးဖြစ်ပါသည်။

- ကုန်းတမာခေါက်
- မန်ကျည်းယှင်နီခေါက်
- သနပ်ခါးခေါက်

တို့ဖြစ်ပါသည်။

အထက်ပါ အခေါက် (၃) မျိုးကို သနပ်ခါးကျောက်ပျဉ်တွင် ရေနှင့်မပျစ်မကြဲသွေးပြီး မိတ်ဖုများပေါ် လိမ်းပေးပါ။ လူကြီးအတွက် လိမ်းမည်ဆိုလျှင် ဆားရိုးရိုးလက်ဖက်စားဇွန်းဝက်ခန့်ထည့်သွေးပြီးလိမ်းပေးပါ။ သုံးရက်တစ်ကြိမ်လိမ်းပေးပါ။ (၃) ခါလိမ်းလျှင် ချွေးမိတ်ဖုများ ကန်းသွားပြီး လုံးဝပျောက်ကင်းသွားပါမည်။

အောင်လံထူ(နတ်မောက်)


www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ်၊ ပြိဿရာသီပြောင်း

# မင်္ဒိန်းဇာတာဟောကိန်း

(၁၄-၅-၂၀၁၇) နေ့မှ (၁၄-၆-၂၀၁၇) နေ့အထိကာလ




သာသနာနှစ်ဆန်းဂြိုဟ်ကျဇာတာခွင်

၂၀၁၇ ခုနှစ်၊ မေလ ၁၄ ရက် ညဉ့် (၁၁း၄၇း၅၈) နာရီအချိန်၌ တနင်္ဂနွေဂြိုဟ်သည် မိဿရာသီမှ ပြိဿရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်တွင် ဥဒယလဂ်သည် မကာရရာသီ၏ (၂၆) ဒီဂရီ၊ (၃၈) မိနစ်မှာ ထွက်ပေါ်သည်။ ၎င်းကို ပြိဿရာသီစူဠသင်္ကြန် (၂၀၁၇ ခုနှစ်) ဟု ခေါ်ဆို၍ရသည်။

ဤဇာတာခွင်၏ သတိထားဖွယ်ရာမှာ ယူရေးနပ်ဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ (၃) ဒီဂရီအတွင်း ပူးယှဉ်ခြင်း၊ သောကြာဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ (၁၈၀) ဒီဂရီအတွင်း ဝိသမမြင်ခြင်း၊ ပလူတိုဂြိုဟ်နှင့် ဥဒယလဂ်တို့ (၃) ဒီဂရီအတွင်းပူးယှဉ်ခြင်း၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀)ဒီဂရီမြင်ခြင်း၊ စနေဂြိုဟ်က ဥဒယလဂ်ကို ပါပကတ္တရိပြုခြင်း၊ အင်္ဂါဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီဂြိုဟ်အမြင်ရှိခြင်း၊ ပလူတိုဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို (၁၂၀) ဒီဂရီမြင်ခြင်း၊ နက်ပကျွန်းဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၉၀) ဒီဂရီမြင်ခြင်း၊ တနင်္လာဂြိုဟ်က သောကြာဂြိုဟ်ကို (၉၀) ဒီဂရီ မြင်ခြင်း စသည်တို့ဖြစ်ကြသည်။

အားလုံးတို့ကိုခြုံ၍ ကောက်ချက်ချရလျှင် နယ်စပ်ရေးရာနှင့်လုံခြုံရေးဆိုင်ရာ၊ တိုင်းရင်းသားရေးရာဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ၊ ဥပဒေရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ နိုင်ငံတကာရေးဆိုင်ရာတို့နှင့် နီးနွယ်လျက် အကြမ်းဖက်မှု၊ ပဋိပက္ခဖြစ်မှု၊ ဝိရောဓိဖြစ်မှု၊ ဖိအားပေးမှု၊ ရေလာမြောင်းပေးမှု၊ ထိုးနှက်တိုက်ခိုက်မှုတို့ကိုခံရတတ်မည်။ ပြည်ပအဖွဲ့အစည်း၊ ပြည်ပနိုင်ငံတို့နှင့် ဆက်နွယ်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများကြောင့် မလိုလားအပ်သောပြဿနာများပေါ်ပေါက်တတ်မည်။ အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ ဒုက္ခသည်များကိစ္စ၊ လူကုန်ကူးမှုကိစ္စများနှင့်ပတ်သက်လျှင် ပို၍ပြင်းထန်တတ်မည်။

၎င်းတို့နှင့်ဆက်နွယ်လျက် တက်ကြွလှုပ်ရှားသူများ၊ အလုပ်သမား၊ လယ်သမားပါဝင်သောအခြေခံလူတန်းစားများ၊ အမျိုးသားရေးလှုပ်ရှားသူတို့၏ တုံ့ပြန်လှုပ်ရှားမှုက တင်းမာသည်ထက်တင်းမာသည်။ သစ်တောမြေ၊ စိုက်ပျိုးမြေ၊ သတ္တုတွင်းမြေ၊ အိမ်ယာမြေ စသောမြေယာနှင့် ပတ်သက်သော အငြင်းပွားရမှုများ၊ အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးတောင်းဆိုမှုများ၊ အတိုက်အခံတို့၏ တက်ကြွလှုပ်ရှားမှုများကြောင့် အကျယ်ကျယ်မငြိမ်ဖွယ်ရာများဖြစ်တတ်မည်။

အစိုးရအဖွဲ့အဖို့ အောင်မြင်မှုရသလို ဝေဖန်ပြစ်တင်ခံရမှု၊ ပြုပြင်ပြောင်းလဲရေးရမှုများရှိမည်။ အစိုးရထိပ်သီးပိုင်း၌ နာမည်ကောင်းရသလို စွပ်စွဲပုတ်ခတ်ခံရမှု၊ စောဒကတက်ခံရမှုများလည်းရှိမည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဖိအားပေးခံရမှု၊ သံတမန်ရေးအရ ထိုးနှက်တွန်းတိုက်ခံရမှုများရှိမည်။

လွှတ်တော်ထဲ၌ သဘောထားချင်းညှိနှိုင်းရန်မလွယ်သောငြင်းခုံမှုများ ပိုများလာမည်။ ကာကွယ်ရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၌ အတိုက်အခံဆွေးနွေးမှုတို့၌ သိသိသာသာများပြားလာမည်။ လက်နက်ကိုင်ပဋိပက္ခ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာတို့၌ အဆုံးမသတ်နိုင်သော လုပ်ငန်းစဉ်များကို ဆက်လက်ပွေ့ပိုက်ထားရဦးမည်။

ငွေကြေးစီမံခန့်ခွဲရေးကိစ္စ၊ ငွေကြေးဈေးကွက်၊ ဘတ်ဂျက်နှင့်အခွန်ဘဏ္ဍာကိစ္စနှင့်ပတ်သက်၍ မရိုးဖြောင့်မှုများ၊ ဝေဖန်ပြစ်တင်ခံရမှုများရှိမည်။ နိုင်ငံတကာနှင့် နီးနွယ်နေသော ဈေးကွက်ကိစ္စ၊ ကုန်သွယ်ရေးကိစ္စ၊ တခြားအခွန်အရေးကိစ္စနှင့်ပတ်သက်၍ တအား အကျောက်အကန်ဖြေရှင်းရလိမ့်မည်။

စာနယ်ဇင်းနှင့် မီဒီယာလောကအဖို့ ထူးထူးခြားခြားအောင်မြင်မှုများရ သလို အစိုးရနှင့်လွှတ်တော်ကို ပွင့်လင်းတည့်တိုး ထောက်ပြဝေဖန်မှုကြောင့် ဆက်ဆံရေးအဖုအထစ်များ ဖြစ်ပေါ်တတ်မည်။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၌ ကောင်းသောအတွေ့အကြုံများရရှိမည်။

ဖြေဖျော်ရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ နေရာဌာနတို့၌ မီးဘေး၊ လက်နက်ဘေး ဖြစ်ပေါ်တတ်မည်။ ပညာရေးဆိုင်ရာ၊ လူငယ်လူရွယ်ဆိုင်ရာအဖွဲ့အစည်းများမှကောင်းသောထိတွေ့မှုများဖြစ်ပေါ်တတ်မည်။ အနုပညာလောက၊ မီဒီယာလောကထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရမည်။ အမျိုးသမီးနှင့် ကလေးသူငယ်တို့နှင့် ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ၊ ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုခင်းများ ပိုမိုများပြားလာသလိုရှိမည်။

ရာသီဥတုပိုမိုပူပြင်းသလိုရှိမည်။ လေပြင်းတိုက်ခတ်မှု၊ တောင်ပြို၊ မြေပြိုမှု၊ မြေငလျင်လှုပ်မှုများရှိမည်။ လေမုန်တိုင်းကို ပိုသတိထားရမည်။


...ရှိန်အောင်



www.burmeseclassic.com

# ကြက်သွန်နီနံ့ အမြန်ပျောက်စေရန်

နေပြည်တော်ကျော်ကျော်စိုး



သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ကစပြီး တန်ဆောင်မုန်းလပြည့်နေ့အထိတစ်လတိတိဟာ မြန်မာဗုဒ္ဓဘာသာလူမျိုးတွေ အလေးထား လှူဒါန်းမှုပြုကြတဲ့ ကထိန်ရာသီပွဲတော်ပါ။ အဲဒီတစ်လတာမှာ နေရာဒေသတိုင်း ကထိန်ပွဲတော်တွေနဲ့စည်ကားနေတတ်ပါတယ်။

ကျွန်တော့်ညီဝမ်းကွဲမောင်မျိုးမြင့်နဲ့ မနုနုတို့မိသားစုတွေဟာလည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ထဲမှာပါတဲ့ အမြန်လမ်းမကြီးအနောက်ဘက် ကပ်လျက် မိုင်တိုင်အမှတ် (၁၈၀)မှာရှိတဲ့ ကရင်လယ်ကျင်းရွာလေးမှာ ကထိန်နဲ့ ဆွမ်းခံအလှူသွားလုပ်ပါတယ်။ အစ်ကိုကြီးဖြစ်တဲ့ ကျွန်တော့်ကို တလေးတစား ဖိတ်တော့ကာ လိုက်ပါရတယ်။

၈-၁၁-၂၀၁၆ ရက်မှာ ကျွန်တော်ရယ်၊ ကိုဝင်းလှိုင်ရယ်၊ ကိုသန်းအေးရယ်၊ ကိုကြည်ထွေးရယ်၊ ကျွန်တော်တို့ဟာ သူတို့မိသားစုများနဲ့ အတူလိုက်ပါပြီး ချက်ကြပြုတ်ကြ၊ လုပ်ကြကိုင်ကြနဲ့ စားနိုင်တဲ့ဘက်က ကူညီကြပါတယ်။ အလှူက (၉-၁၁-၂၀၁၆ နေ့) ၁၃၇၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှာပါ။

ကျွန်တော်နဲ့ မောင်မျိုးမြင့်ရဲ့ အစ်ကိုကြီး ကိုဝင်းလှိုင်တို့ဟာ ကြက်သွန်နဲ့ ကြက်သွန်နီတွေသင်ကြလှီးကြလုပ်ကြရပါတယ်။ အဲဒီမှာကြက်သွန်နီရဲ့အနံ့က စူးရှရှနဲ့အတော်နံတာပါ။ ကြက်သွန်နီတွေလှီးပြီးတော့ ကြက်သွန်နီနံ့ပျောက်အောင် လက်ဆေးရမှာမို့ ဆပ်ပြာရှာနေမိပါတယ်။

အဲဒီမှာ ကိုဝင်းလှိုင်က မေးပါတယ်။

"အစ်ကိုလေးလက်ဆေးဖို့ဆပ်ပြာရှာနေတာလား"

"အေးလေကွာ၊ ကြက်သွန်နီနံ့က ဆပ်ပြာနဲ့ဆေးမှပြောင်မှာဟ"

"ရှာမနေနဲ့အစ်ကိုလေး၊ ကြက်သွန်နီနံ့ပျောက်တဲ့နည်းရှိတယ်၊ အလွယ်လေး။ စက္ကန့်ပိုင်းအတွင်း ကြက်သွန်နီနံ့ ပျောက်သွားစေရမယ်။ လာ - အစ်ကိုလေး၊ ကျွန်တော်ပြမယ်"

ဆိုတော့ ကျွန်တော်က သူ့နောက် သွားရတယ်။ အဲဒီမှာကွမ်းဧည့်ခံထားတဲ့ ကွမ်းပန်းကန်ထဲက ကွမ်းရွက်တစ်ရွက်ကို ယူပြီး ကျွန်တော့်ကိုပေးပါတယ်။

"ရော့-ဟောဒီကွမ်းရွက်ကိုခြေပြီး လက်မှာပွတ်လိုက်။ချက်ချင်းကြက်သွန်နီနံ့ပျောက်သွားတယ်။ ပြီးမှ လက်ကိုရေလောင်းဆေးလိုက်ရုံပဲ။ဘာကြက်သွန်နီနံ့မှမရှိတော့ဘူး။ ဆပ်ပြာထက်အဆတစ်ရာသာပါတယ် အစ်ကိုလေးရဲ့"

ဆိုတော့ ကျွန်တော့်လက်ကို ကွမ်းရွက်နဲ့ပွတ်သလို သူလည်းပွတ်နေသဗျ။ ပွတ်ခြေပြီး နမ်းကြည့်တော့ စူးရှရှ မွှန်တွန်တွန် ကြက်သွန်နီနံ့လုံးဝမရှိတော့ပါဘူး။ ကွမ်းရွက်နံ့သင်းသင်းလေးပဲရတော့တယ်။

"ဘယ်လိုလဲ အစ်ကိုလေး"

"အေး - လုံးဝမနံတော့ဘူး။ မောင်ရင့်နည်းက တယ်ဟုတ်ပါလားကွ"

"ဒါက ကျွန်တော်နေတဲ့ဘုရားကုန်းရွာဘက်မှာသုံးတဲ့နည်းလေ။ ဒီနည်းကို လူတိုင်းမသိဘူး အစ်ကိုလေးရဲ့"

"အေးကွာ - ငါတောင်ခုမှကြားဖူးတာဟ။ ကျေးဇူးပါ မောင်ရင်ရာ"

"သက်ငယ်စကား သက်ကြီးကြားဆိုတာပါပဲ အစ်ကိုလေးရဲ့"

လို့ နောက်ပါတယ်။

ညီအစ်ကိုတစ်တွေ သာရေးနာရေးကိစ္စတစ်ခုခုရှိမှဆုံဖြစ်ကြတာပါ။ အခုလည်း မောင်မျိုးမြင့်ကျေးဇူးကြောင့်ဆုံဖြစ်ခြင်းပါ။လက်ကအထူးပေတာမဟုတ်ဘဲ အနံ့သာစွဲတာကြောင့် ရေဆေးပြီးနမ်းကြည့်တော့ ကြက်သွန်နီနံ့လုံးဝကို *ကင်းစင်နေတာကို တွေ့ရတာပါပဲ။* ကွမ်းရွက်နဲ့တော့နည်းနည်းကျန်ပါတယ်။

ကျွန်တော်ထင်ပါတယ်။ ဒီကွမ်းရွက်ရဲ့အစွမ်းဟာ အခြားသောသားစိမ်းငါးစိမ်းများကိုကိုင်ပြီးတဲ့အခါမှာလည်း လက်မှာစွဲနေတတ်တဲ့ သားစိမ်းငါးစိမ်းနံ့တွေကိုပါ ပယ်ဖျောက်နိုင်လိမ့်မယ်လို့ပါပဲ။

ပြီးတော့ ကွမ်းရွက်ဖြင့် လက်ကိုပွတ်တိုက်ခြင်းဖြင့် ဘေးထွက်ဆိုးကျိုးကိုလည်း မရှိနိုင်ပါဘူး။ ကွမ်းရွက်ဟာ မြန်မာ့တိုင်းရင်းဆေးမှာ အလွန်အသုံးဝင်တဲ့ဆေးတစ်ပါးပါ။ မိုးကျွတ်ရာသီမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့တုပ်ကွေးဖျားနာလောက်တော့ ကွမ်းရွက်ရယ်၊ ချင်းရယ်၊ ထန်းလျက်ရယ်သာကျိုပြီးပူပူလေးမှုတ်သောက်လိုက်ပါ။ ချွေးတွေထွက်ပြီး တုပ်ကွေးပြေးပါတယ်။ ကွမ်းရွက်အသုံးရေးမဆုံးပါ။ ကြက်သွန်နီနံ့ပျောက်နည်းလေးပေးတဲ့ကိုဝင်းလှိုင်ကိုလည်း ကျေးဇူးတင်ရပါတယ်။ အလှူကလည်း အတော့်ကို စည်ကားလှပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

## မိမိပိုင်ပစ္စည်းကြောင့် ကိုယ်ကိုယ်တိုင်ကိုယ်ဆင်းရဲစိတ်ဆင်းရဲ

ကျွန်တော် (၇) နှစ်သားခန့်ကဖြစ်ပါသည်။ ပျဉ်းမနားမြို့၏ တပေါင်းလ၌ ခင်းကျင်းသော တပေါင်းပွဲတော်ရှိ ပွဲဈေးတန်းမှ ရှေ့မှကြိုးနှင့်ဆွဲလျှင် ပန်ကာလည်သော သံဖြူနှင့်ပြုလုပ်ထားသည့် ရဟတ်ယာဉ်အရုပ်ကလေးကို သဘောကျသည့်အလျောက် ဖခင်ဖြစ်သူအား ပူဆာကာ ဝယ်ယူခဲ့ပါသည်။

ကျွန်တော်ကျောင်းမှပြန်လာလျှင် ရေမျိုးချိုး အဝတ်အစားလဲကာ နေအိမ်ခြံပိုင်းတစ်ခုလုံး ကြိုးကလေးနှင့်ဆွဲကာ ပန်းကာကလေးလည်၍ ကျွန်တော့်ရှေ့မှဆွဲရာသို့ ဘီးကလေးသုံးဘီးလိမ့်ကာ လိုက်ပါလာသော သဘော်ဆေးအပြာနုသုတ်ထားသော ဟယ်လီကော်ပတာအရုပ်ကလေးနှင့် ဆော့ကစားမြဲ ဖြစ်ပါသည်။ ထိုရဟာန်ယာဉ်အရုပ်ကလေးကို အတော်လည်းရှိရှိသေသေကိုင်တွယ်ပါသည်။ ကျန်အရုပ်များကို ကျွန်တော်၏ ညီဖြစ်သူ မောင်တင်အောင်မိုးကို ပေးကစားသော်လည်း ထိုရဟတ်ယာဉ်အရုပ်ကို ပေးမကစားပါ။ အကြောင်းမှာ ညီညီက စည်ကမ်းမရှိပါ။ အရုပ်များကို မရိုသေပါ။ ထိုရဟာန်ယာဉ်အရုပ်ကို သူပူဆာ၍ ပေးဆော့တုန်းက ညီညီ၏ကိုင်တွယ်ပုံကြမ်းတမ်းခြင်းကြောင့် ပန်ကာလေးကွေးကောက်သွား၍ မနည်းညီညွတ်အောင် ကျွန်တော် ပြင်ဆင်ခဲ့ရပါသည်။ ထိုကတည်းက ကျွန်တော်ကျောင်းသွားလျှင် အိမ်မှာကျန်ခဲ့သည့် ညီညီမဆော့စေရန် ထိုရဟာန်ယာဉ်အရုပ်လေးကို သူလွယ်လင့်တကူ ရှာဖွေမတွေ့နိုင်သောနေရာများ၌ ကြံဖန်ဝှက်ထားခဲ့ရပါသည်။

ဒါလည်း မရပါ။ ထိုအရုပ်ကို ညီညီက ကြံကြံဖန်ဖန်ရှာ၍ဆော့ကစားမြဲဖြစ်ပါသည်။ ကျွန်တော် ကျောင်းမှပြန်လာလျှင် ထိုသံဖြူအရုပ်လေးမှာ ပန်ကာဒလက်ကွေးကွေးကောက်ကောက်ဖြစ်လိုဖြစ်၊ သုတ်ထားသောသဘော်ဆေးအပြာနုကွာလို့ကွာ၊ ဘီးကလေးသုံးဘီးရှေ့မှဆွဲလျှင် သာသာကြည်ကြည် ချောချောမွေ့မွေ့နှင့် မလိုက်သာအောင် ဘီးကလေးများက ရွဲ့စောင်းလိုစောင်း၊ အရုပ်လေး၏ တချို့နေရာ၌ ပိန်ချိုင့်လိုချိုင့် ဖြစ်ပေါင်းများလှသဖြင့် ဆူဆူပွက်ပွက်နှင့် ညီငယ်ကို ဗျစ်တောက်ဗျစ်တောက်ပြောသေး။ ထိုရဟတ်ယာဉ်အရုပ်လေးကို ရှေ့မှကြိုးနှင့်ဆွဲလျှင် ပန်ကာလည်အောင်၊ဘီးကလေးများ ညီညီညွတ်ညွတ် လိုက်ပါအောင် ပြင်ရဆင်ရပေါင်းများလှ၍ ညီညီကို ပွက်လောညံအောင်ဆူပစ်ရမြဲဖြစ်ပါသည်။

"ညီညီ၊ မင်းက ကိုကိုပြင်ပြီးရင် ဆော့တော့တာပဲ။ ပျက်တော့ မပြင်ဘဲ ဒီအတိုင်းထားခဲ့တာချည့်ပဲ။ ဒီလိုသံဖြူအရုပ်မျိုးက ဂဟေဆော်လို့လည်း မရဘူး။ အလွန်နူးညံ့တာကွ၊ ရှိရိုသေသေဆော့မှပေါ့။ အလကားကောင်ကလေး"

ညီညီကပြော၍မရပါ။ ပျက်လည်းပျက်သည်အတိုင်းထိုးထားခဲ့ကာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အရုပ်ကလေးကောင်းသွားလျှင် ဆော့မြဲ ဖြစ်ပါသည်။ တစ်ရက်၌ ကျွန်တော် ကျောင်းမသွားခင် ပြုပြင်ပြီးသော ထိုရဟတ်ယာဉ်အရုပ်ကို ညီညီ ဆော့စေရန် ဝှက်ဖို့ဉာဏ်လုပ်စဉ်းစားရပါတော့သည်။

'အရင်တစ်ခါ နံရံကိုခိုတက်ပြီး ကြောင်လျှောက်ထဲဝှက်တော့လည်း သူရှာတွေ့တာပဲ။ သေတ္တာထဲဝှက်တော့လည်း သူမြင်တာပဲ။ မီးဖိုချောင်ထင်းပုံကြားဝှက်တော့လည်းသူသိတာပဲ။ အိမ်ဝိုင်းထဲမှာသမျှ သူရှာတွေ့နေမှတော့ ဒီတစ်ခါ ဝိုင်းအပြင်ဘက်ဝှက်ရင် သူရှာတွေ့တော့မှာမဟုတ်ဘူး။ ဝိုင်းအပြင်ဘက်ပြောင်းဝှက်မှ ဖြစ်တော့မှာ'

ထိုအတွေး၊ ထိုရင်ထဲမှစကားလေးကြောင့် ဝိုင်းအပြင်ဘက်ဝှက်လို့ကောင်းမည့်နေရာကို စဉ်းစားသောအခါ အိမ်အရှေ့မျက်နှာစာတောင်ဘက်ရေမြောင်းနံဘေးနှင့် လမ်းနံဘေးရှိ ဓာတ်တိုင်အနီးရှိသောအမှိုက်ပုံကိုမြင်သဖြင့် ဝှက်လို့အကောင်းဆုံးနေရာကိုတော့တွေ့ပြီဟု စိတ်ထဲမှာတော်တော်ကြီးကျေနပ်သွားရပါတော့သည်။လွယ်လွယ်ကူကူရှာမတွေ့နိုင်သောအမှိုက်ပုံရှိ အမှိုက်များအောက်သို့ ထိုရဟန်ယာဉ်အရုပ်ကလေးကို သေသေချာချာအတွင်းထဲရောက်အောင် ထိုးထည့်ဝှက်ခဲ့ပြီး စိတ်အေးလက်အေး ကျောင်းသွားပါတော့သည်။ ကိုယ့်စိတ်ကူးကိုကိုယ်သဘောကျပြီး ပြုံးလို့ပျော်လို့ မော်လို့ပေါ့။

စိတ်ထဲကလည်း -

'ရှာစမ်း - ညီညီ၊ တွေ့အောင်ရှာစမ်း။ ဒီအရုပ်ကို ကိုကိုဝှက်ထားတဲ့ နေရာကိုမှာ ညီညီရှာတွေ့ရင် ညီညီ မင်းအလွန်တော်လို့ပဲ။ အကယ်၍များရှာတွေ့လို့ မင်းဆော့နိုင်ရင် ဂုဏ်ပြုတဲ့အနေနဲ့ ညီညီကို ကိုကိုက မုန့်တောင်ဝယ်ကျွေးပစ်လိုက်ဦးမယ်'

ကျွန်တော် ညနေပိုင်း ကျောင်းမှ ပြန်လာပြီး လွယ်အိတ်ချိတ်ကာ အိမ်ရှေ့ အမှိုက်ပုံသွားကြည့်သောအခါ အမှိုက်ပုံက လုံးဝမရှိတော့ဘဲ ပြောင်သလင်းခါနေပါတော့သည်။ ထို့ကြောင့် အိမ်ဈေးဆိုင်ပေါ်တက်၍ ဈေးထိုင်ရောင်းနေသော ဘွားအေဖြစ်သူ ဒေါ်လှစိန်နားရှိရှိသေသေ တင်ပျဉ်ခွေကပ်ထိုင်ကာ -

"အဘွား၊ အိမ်ရှေ့က အမှိုက်ပုံ ဘယ်ရောက်သွားသလဲဟင်"


အဘွားဖြစ်သူက အမှိုက်ပုံကိုမှ ထူးထူးဆန်းဆန်းပင် လာမေးသော ကျွန်တော့်အား -

"အမှိုက်ပုံများ အဆန်းလား မြေး ရယ်။ မြူနီစီပါယ်ကသိမ်းသွားတာပေါ့။ နို့ - ဘာဖြစ်လို့တုံး မြေးရဲ့"

ကျွန်တော် အဘွားနားကပ်ထိုင်ရင်း အလွန်နှောင်တရသွားပါတော့သည်။ ကျွန်တော် လုံးဝ မေ့လျော့မစဉ်းစားခဲ့သောအမှိုက်ပုံကို မြူနီစီပါယ်ကလာသိမ်းလေ့ရှိသည့်အချက်ကို ယခုမှကြံကြံဖန်ဖန်သတိရကာ စိတ်ထဲမှ -

'မှတ်ပလားကွ မောင်နိုင်။ ခုတော့ မင်းဘာတတ်နိုင်သေးသလဲ'

ကျောင်းမသွားခင်က ညီညီများ အရုပ်ရှာတွေ့ရင် ဂုဏ်ပြုသည့်အနေနှင့်






www.burmeseclassic.com

www.burmeseclassic.com

မုန့်ပါဝယ်ကျွေးမည့် အတွေးလေးကို သဘာဝတရားကြီးက နဖူးလက်ညှိုးထောက်၍ သရော်ရယ်အရယ်ခံရသောကြောင့် ကိုယ်ကိုယ်ကိုယ်လည်း ဉာဏ်ကြီးရှင်မဖြစ်ဘဲ ဉာဏ်ခရီးမတွင်ဖြစ်ခဲ့ရခြင်းကို မချိသွားဖြဲအနေနှင့် ဟက်ဟက်ပက်ပက်ရယ်မောကာ ချော်လဲရောထိုင်လုပ်လိုက်ရပါတော့သည်။ ပြီးမှ အဘွားမျက်နှာမော့ကြည့်၍ -

"အဘွားကို မြေးမကောင်းတာလုပ်ခဲ့တဲ့ကိစ္စဝန်ခံစရာရှိတယ် အဘွားရဲ့"

ထိုသို့ အစချီကာ ဟယ်လီကော်ပတာကစားစရာအရုပ်ကလေးကို ညီညီရှာမတွေ့စေရန် အမှိုက်ပုံထဲဝှက်အသိမ်းကောင်းသည့် ကျွန်တော်၏ မထားသင့်သော တစ်ကိုယ်ကောင်း အတ္တဆိုးအကြောင်း ဖွင့်ပြောပြခဲ့ရပါတော့သည်။

ပြီးမှ -

"မြေးစဉ်းစားသင့်တယ် အဘွား။ ကြုံပြီးတော့ပေါ့။ အမှိုက်ပုံမှာသာသွားမဝှက်ခဲ့ရင် ညီညီရှာတွေ့မယ်။ ညီညီဆော့လို့ မသကာ အရုပ်က နည်းနည်းပါးပါးသာပျက်သွားမှာပဲ မဟုတ်လား။ ပျက်တာကို ပြန်ပြင်ပြီးသုံးလို့ရသေးတာပဲမဟုတ်လား။ ကျွန်တော်နဲ့အတူတကွ ဒီအရုပ်ကလေးတစ်ခုအပေါ်မှာ နှစ်ဦးဆိုင်မျှသုံးပြီး ပျော်နိုင်သေးတယ်လေအဘွား။ အခုတော့ မြေးရဲ့မထားသင့်တဲ့အတ္တဆိုးကြောင့် ဘယ်သူမှအကျိုးမရှိဘဲအလဟဿဖြစ်သွားရတော့မဟုတ်လား။ ဒီလိုဖြစ်တာလည်းတစ်ချက်တော့ကောင်းတယ် အဘွား။ ဒါမှ မြေးနောင်ကြဉ်မှာ။ လောကကြီးမှာ ကိုယ့်ပစ္စည်းနဲ့ ကိုယ်တစ်ခါတစ်ရံစိတ်ဆင်းရဲစရာလည်း ကြုံနိုင်သေးတာကိုလေ"

အဖေ့ဘက်မှ တော်စပ်သောအဘွားဖြစ်သူကိုတော့ အမေအရင်းဖြစ်သူ သုံးနှစ်သားကတည်းက ဆုံးပါးသွားသောကြောင့် ဘွားအေလည်းဘွားအေ၊ အမေလည်းအမေ အမှတ်ထားကာ ဆိုးတိုင်းပင်ကောင်းတိုင်ပင်တိုင်ပင်လေ့ရှိ ပါသည်။ ယောကျ်ားလေးမြေးဦးထဲ၌ ကျွန်တော်ကအဦးလည်းဖြစ်၊ အမိမဲ့လည်းဖြစ်၍ ကျန်သောမြေးများထက် ကျွန်တော့်ကို အချစ်ပိုပါသည်။

အဘွားက သူ့ခေါင်းမှ ဆံပင်နှင့်ပတ်ထားသော ကျွဲချိုဘီးအဖြူလေးကို ဖြုတ်ယူကာ ကျွန်တော့်ဆံပင်ကို သပ်သပ်ခတ်ခတ်ဖြစ်အောင်ဖြီးပေးရင်း-

"အလိုတော် - လောကကြီးနဲ့ကိုင်ပြောလားမြေးရဲ့။ မြေးက ကလေးပဲရှိသေးတာ။ တစ်ခါတစ်ခါလည်းမှားမှာပေါ့မြေးရဲ့။ သည်လိုစိတ်ထားမျိုးကကိုယ့်ကိုလည်း ထိခိုက်နိုင်ရင် မကျင့်သုံးမိအောင် မြေးကရှေ့လျှောက်ဆင်ခြင်ပေါ့။ လူမှန်သမျှ အမှားနဲ့မကင်းနိုင်ကြဘူးလေ။ ကဲကဲ - တပေါင်းပွဲကျရင် အဲဒီအရုပ်မျိုး အဘွားထပ်ဝယ်ပေးမှာပေါ့ ဟုတ်လား"

အဘွားမျက်နှာ မော့ကြည့်ရင်း ကျွန်တော်ခေါင်းခါလိုက်ပါတော့သည်။

"ဝယ်မပေးနဲ့တော့ အဘွား။ မြေးဘာအရုပ်နဲ့မှမကစားချင်တော့ဘူး။ ဒီအရုပ်တစ်ရုပ်နဲ့တင် တော်တော်နောင်ကြဉ်သွားတာ။ ဒီမကောင်းတဲ့စိတ်ထားက မြေးကို ဒုက္ခပေးတတ်မှန်း၊ စိတ်ဆင်းရဲစေတတ်မှန်းသိတာနဲ့တင် ဒီအရုပ်ပျောက်ရကျိုးနပ်သွားပါပြီ"

အဘွားကတော့ ပြုံး၍ခေါင်းညိတ်နေကျပန်နေပုံရပါတော့သည်။ အဘွားအနားမှ ညင်ညင်သာသာထ၍ ဈေးဆိုင်အောက်သို့ ကျွန်တော်ဆင်းလာခဲ့ပါတော့သည်။

## အခန်း (၂)

## သူတစ်ပါး၏ပစ္စည်းကြောင့် ကိုယ်ကိုယ်တိုင် ကိုယ်ဆင်းရဲစိတ်ဆင်းရဲ

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်ပါသည်။ အားလပ်နေသော ကျွန်တော်တစ်ယောက်အနေနှင့် မိမိနေအိမ်နှင့် ကပ်လျက် ပေ (၁၀၀) လမ်းမနှင့် ပေ (၅၀) လမ်းခွဲထောင့်ချိုးတည့်တည့်၌ရှိသော အပျိုကြီး ဒေါ်ခင်ရီဖွင့်လှစ်ထားသောဈေးဆိုင်ရှေ့ ကွက်လပ်နေရာ၌ ကစားဖော်ကစားဖက် မဆယ်မိနှင့် အတူကစားနေကြပြီး အတော်ကြာမှ အိမ်ပြန်လာပါသည်။

မကြာခင် ဒေါ်ခင်ရီက သူချုပ်သောစက်ချုပ်ခုံမှ စက်ချုပ်အပ်ကို ကျပ်နေအောင် ထိန်းချုပ်ထားသော စက်ခေါင်းနတ်သီးပျောက်သွား၍ ဆိုင်ရှေ့၌ ကစားနေခဲ့သော သူတူမ မဆယ်မိကို မမေးမမြန်းဘဲ ကျွန်တော် ဖြုတ်ယူသွားသည်ဟု ယူဆပြီး ကျွန်တော့်ဖခင်ကို လာတိုင်ပါတော့သည်။ ဒေါ်ခင်ရီသည် ယခင်ကလည်း သူ့ဈေးဆိုင်မှန်ဗီရိုကို လမ်းမှ ဖြတ်မောင်းသွားသော ကားဘီးစလစ်ဖြစ်၍ ဖိကြိတ်မှုကြောင့် အချိန်နှင့်လွှဲပစ်လိုက်သလို လမ်းမပေါ်မှအရှိန်နှင့် ပြေးဝင်လာသော ကျောက်ခဲငယ်ကြောင့် မှန်ဗီရိုအခန်းငယ်တစ်ခုမှ မှန်ကွဲ

သွားတုန်းကလည်း ဆိုင်ရှေ့အနီးအနား
ကစားနေသော ကျွန်တော်နှင့် မဆယ်
နှစ်ယောက် ကျွန်တော်တစ်ယောက်
သာရွေးမဲပြီး ကျွန်တော် မှန်ကို ခဲနှင့်
သည်ဟု စွပ်စွဲခဲ့ဖူးသော်လည်း မဆယ်
သက်သေကောင်း၍ မော်တော်
ကြောင့်ဖြစ်ရသည်ကို မတော်တဆ
ရပ်ဟု လူကြီးပီပီ နားလည် ခွင့်လွှတ်
ရမည့်အစား ကျွန်တော်၏အမှား
စောင့်နေမှန်း ကလေးပီပီသတိမြ
မိပါ။

ယခုမှ တိုက်ဆိုင်စွာ ဒုတိယ
ကျွန်တော်နှင့် မဆယ်မိတို့နှစ်ယော
သူ့ဆိုင်ရှေ့ကစားပြီး ကျွန်တော်တို့
အိမ်ကိုယ်ပြန်ရောက်မှ သူ့အပ်ချုပ်
က အပ်ခေါင်းနတ်သီး(တန်ဖိုးလည်
ပါ။ ဈေး၌ အလွယ်တကူ ဝယ်ယူရ
သော ဈေးလည်းမကြီးသည့် က
သူငယ်တစ်ဦး၏ လက်သန်းခေါင်
လက်သည်းခွံလောက်မျှပင် မရှိ
တန်ဖိုးအားဖြင့်လည်း နှစ်ကျပ်၊ သုံး
မျှတန်သော) အရေးဆိုဖွယ်ရာမ
သော သာမညကိစ္စသေးသေး
သူ့အလုပ်ပျက်သည်ဟု အကျယ်
နှစ်ကြိမ်၊နှစ်မဲတင်ကာ ကျွန်တော့
ကိုသာ ရွေးချယ်၍ အရေးဆိုလာ
ခြင်း ဖြစ်ပါသည်။ သူလာတိုင်စဉ်
သွားနေ၍ ကျွန်တော် ဘွားအေ
မှာမရှိပါ။ ကျွန်တော်ဖခင်နှင့်မှ တ
သွားတိုးပါတော့သည်။ ဖခင်ဖြစ်
လည်း ထိုအချိန်၌ အပြင်မှလု
တစ်ခုအဆင်မပြေ၍ စိတ်ဆိုးဒေါ
နေချိန် ဖြစ်ပါသည်။ သားဖြစ်
စာရိတ္တကိုအပြစ်ကင်းမှန်းသိသော်
အိမ်တိုင်ရာရောက်လာတိုင်ရပါမည်
လာအတိုင်ခံရသော ပစ္စည်းတ
စာဖွဲ့လောက်သော ပစ္စည်းမ
အိမ်ရှေ့မှပင် ကျွန်တော့်ကို
ခိုင်း၍ ဘာမှစစ်ဆေးမမေးမြန်းဘဲ
အားနှင့် ကလေးခံနိုင်ရည်ကို မ
ဝါးခြမ်းပြားသုံးလေးချောင်းကျိုး
အရိုက်ခံရပါတော့သည်။ ယခင်က
လောက် ဘယ်တော့မှ ကျွန်
နာကျင်အောင်မရိုက်ပါ။ စကား
ခြေခြေမြစ်မြစ်နားလည်အောင်
တတ်ပါသည်။ ကျွန်တော်
ကျွန်တော်။ ကိုယ်မှန်ခဲ့၍ ပေခံ
တစ်ချက်ကလေးညည်းညူသံ၊
သံ၊ တော်ပါတော့ဟု အသံ
မပြုခဲ့ပါ။ ပတ်ဝန်းကျင်မှ လူမ
ပြန်ဖြေရသည်အထိ ပြ



www.burmeseclassic.com

www.burmeseclassic.com

...ပါတော့သည်။

ညခင်း ထမင်းစားပြီး စာဖတ် ...ကပြီးသည်နှင့် အဘွားဖြစ်သူ ...သူစိန်ဈေးရောင်းရာ ဈေးဆိုင်ပေါ် ...၍ အကျီနောက်ကျောလှန်ကာ ...ပြားနှင့်အရိုက်ခံခဲ့ရသော ဒဏ်ရာ ...ကို ဘွားအေဖြစ်သူက သက်သာစေ ...အုန်းဆီနှင့် ကျားဘမ်းပရုတ်ဆီကို ...စပ်၍ ညင်ညင်သာသာလိမ်းပေးပါ ...။ အဘွားဖြစ်သူ ဈေးသွားတုန်း ...ခိုက် ဖြစ်ပေါ်ခဲ့သောအကြောင်းများ ...အဘွားကမေး၍ ကျွန်တော်ကအမှန် ...တိုင်းပြောပြပါတော့သည်။ ပြီးမှ ဘွား ...ဖြစ်သူကို -

"အဘွားကိုပြောထားတယ်မဟုတ် ...သူများပစ္စည်းယူခဲ့မိရင် ဘဝပေါင်း ...စွာ ပြန်ဆပ်လို့မပြီးဘူးဆိုခဲ့တယ် ...တ်လား။ မြေးက သေသေချာချာ ...ထားတာ အဘွားရဲ့။ ဘေးမကြီးနဲ့ ...ယ်သွန်နဲ့ ဆရာတော်ဆီ သီလသွား ...တိုင်း ဆရာတော်ကြီး ဦးပဏ္ဍိတက ...တင်ပါးလုံတဲ့အကျီးတွေ အမြဲ ...နေတာပဲလေ အဘွား။ ကြီးကြီးစီစီ ...သီသီလည်း ကိုယ့်ကြီးကြီးတွေမို့ ...လိုက်ပြောတာမဟုတ်ပါဘူး။မောင် ...ကျွေးတိုင်းလည်း မစားရဘူးတဲ့။ ...တိုင်းလည်း မယူရဘူးလို့အမြဲဆုံးမ ...ပါ။ သည်အပျိုကြီး အတူတူဆော့ ...သူတူမ ဆယ်မိကို မေးပါဦးလား။ ...တား အပျိုကြီး၊ သူလင်မရလို့ ...မမွေးရတိုင်း သူများသားသမီး ...ချင်းမစာ ဆယ်မိလေးသနားပါ ...မောင်နှမသားချင်းမရှိ မြေးက ...ရအောင် သွားသွားဆော့ပေးပါ ...အဘွားမှာထားလို့သာ။ အခု သူ့နဲ့ ...ဆော့ကောင်းလို့ဖြစ်ရတာ။ အကျီ ...င်းဘီလည်းပေသေးတယ်။ကျောင်း ...သွားပြီး ကိုရင်နန္ဒိယနဲ့သွားဆော့ ...ဘုန်းဘုန်းဦးပဏ္ဍဝက မြေးကို ...ဘာသီးတောင်ပေးကျွေးသေးတာ။ ...တော်ပြီ နောက်ဆို ကိုရင်နန္ဒိယ ...သွားဆော့တော့မယ်"

ဒဏ်ရာကို ပရုတ်ဆီအလိမ်းခံရင်း ...တော်၏တဖျစ်တတောက်တောက် ...ကြောင့် ဘွားအေဖြစ်သူက အသံ ...အောင်ပင် ရယ်ပါတော့သည်။ ထို့ ...င့် ဘွားအေဖြစ်သူကို ဘာသဘော ...ရှိသလဲအတွေးနှင့် မျက်နှာမော့ ...ာ -

"တိုယ်လည်း မယူမခိုးမဝှက်ဘဲနဲ့ ...ခံရတာလေ အဘွားရဲ့။ ဖေဖေ ...ကောင်းဘူး။ သူ့သား စာရိတ္တ အကြောင်း သူလည်းသိတာပဲ။ ခုတော့ နည်းနည်းပါးပါးလေးတောင်မမေးဘူး။ ကျောခင်းကျောခင်းဆိုပြီး တန်းတွယ်တော့တာ။ သည်လို အရိုက်ခံရမှန်းကြို သိခဲ့ရင်ကောင်းမယ်။ မသကာ - အရိုက်ခံရတာနဲ့တန်သွားအောင် သူ့အပ်ချုပ်စက်ကြီးမြေပေါ် ဝုန်းခနဲပြိုလဲသွားအောင် တွန်းလှဲခဲ့ပါတယ်"

အဘွားဖြစ်သူက သူ့ခေါင်းမှပတ်ထားသော ကျွဲကော်ဘီးအဖြူကိုဖြုတ်၍ ကျွန်တော့်ဘိုကေဆံပင်ကို သပ်သပ်ခတ်ခတ်ဖြစ်အောင် ဖြီးသင်ပေးရင်း -

"မြေးက အကျင့်ကောင်းတော့ အကျင့်မမှားပါဘူး။ ဒါပေမယ့် နေရာမှားသွားတာ။ သေသေချာချာချာစွဲစွဲမြဲမြဲ မှတ်ထားမြေးရဲ့။ အကျင့်ဘယ်လောက် ကောင်းကောင်း နေရာမှားနေသရွေ့ ကိုယ့်စကားက ဘယ်တော့မှ မအောင်ဘူးသိလား။ အမှန်တရားပေါ်တဲ့အထိ ကိုယ်က သည်းခံစောင့်ကိုစောင့်ရမှာ။ အမှန်ပေါ်လာတဲ့တစ်နေ့မှာ ကိုယ်က အောက်စည်းကနေ အပေါ်စီးပြန်ကို ရောက်ရမှာအမှန်ပဲ။ ကိုယ့်လိပ်ပြာသန့်နေသရွေ့ ကိုယ်ကအပေါ်စီးကပဲဆိုတာ ကိုယ်ကိုယ်တိုင်သိနေရင် ပြီးတာပဲမဟုတ်လား။ ကိုယ်အပေါ်စီးပြန်ရောက်လို့ ငါ့အလှည့်ပဲဆိုပြီး ဖိမထောင်းရဘူး။ ခွင့်လွှတ်ရမယ်နော်။ သည်းခံရမယ်ကွ။ ဒါမှ သူတော်ကောင်းလမ်းစဉ် မြဲမြဲမှတ်ထား ကြားလား မြေးလေး"

ရက်သတ္တပတ် နှစ်ပတ်ကျော်ပြီးမှ အောက်ကြမ်းခင်းပေါ် တံမြက်စည်းလှည်းတော့မှ ထိုသေးကွေးသော အပ်ထိန်းနတ်ခေါင်းကို ဈေးဆိုင်၏ခေါက်တံခါးအောက်တစ်နေရာမှ ပြန်တွေ့ရ၍ ထိုအပျိုကြီး ဒေါ်ခင်ရီကိုယ်တိုင်ကိုယ်ကျ ကျွန်တော့်မိဘအုပ်ထိန်းသူများကို သူမှားသွားကြောင်း အနူးအညွတ်လာတောင်းပန်ပါတော့သည်။ လူကြီးများနှင့် ကျွန်တော်ပါ ပြီးသွားသောကိစ္စ၊ လွန်သွားသောကိစ္စကို ကျေအေးပေးလိုက်ကြပါတော့သည်။

ဤသို့ဖြင့် သူများပစ္စည်းကြောင့် ကျွန်တော်တို့ကိုယ်တိုင်ကိုယ်ကျ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ခဲ့ကြဖူးပါသည်။ ကိုယ်က မှန်သော်လည်း အမှန်တရားတို့မည်သည် အချိန်ကိုက်၊ စရွေးကိုက်၊ အချိန်မှန်နေရာမှန် မရောက်လာဘဲ နောက်ကျစွာ၊ အချိန်နှောင်းစွာရောက်လာတတ်သည်ကိုလည်း ကျွန်တော်တို့ ကြုံတွေ့နိုင်ပါသေးသည်။ သူ့အလုပ်သူ လုပ်နေသောအချိန်နှင့်မှ သွားရောက်ပတ်သက်နေသရွေ့ တစ်ခါတုစ်ရံ ကျွန်တော်တို့ကို အချိန်ဆိုသောလည်ပတ်မှုတရားက သရော်လှောင်ပြောင်ခြင်းကိုလည်း မလွဲမသွေ ခံကိုခံနေရပါလိမ့်ဦးမည်။

## အခန်း (၃)

## ဘုရားပိုင်ပစ္စည်းကြောင့် စော်ကားပြစ်မှားသူတို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ သို့မဟုတ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နှင့်ပတ်သက်၍ ပျောက်ကွယ်နေသောဇာတ်လမ်းတစ်ပုဒ်

ကျွန်တော်သည် အေလာမြို့ရွာမမြောက်ပိုင်းရပ်ရှိ လမ်းမြောက်ဘက်မျက်နှာပြုကာတည်ဆောက်ထားသော ရေနံမည်းနှေအောင်သုတ်ထားပြီး သွပ်မိုးထားသော အလျားပေ (၁၀၀)၊ အနံပေ (၁၂၀) ကျယ်ဝန်းသော ဝိုင်းကျယ်ကျယ်ထဲမှ လူလုံးဝမနေသော နှစ်ဆောင်ပြိုင်အိမ်မည်းမည်းကြီးတစ်လုံးကို ခရီးသွားလာဖြတ်သန်းရင်း ထူးထူးခြားခြား သတိပြုမိခဲ့တာ ကြာပါပြီ။ ထိုနှစ်ဆောင်ပြိုင်အိမ်တစ်လုံးလုံးလူမနေသည်က စိတ်ဝင်စားစရာသိပ်မဟုတ်သေးပါ။ ထိုအိမ်ကြီးနှင့် မလှမ်းမကမ်း၌ မြို့သစ်ရပ်ကွက် (၄) လမ်း နောက်ကျောပေး၍ နောက်ထပ်သီးခြားပုံစံတူ၊ ဝိုင်းကျယ်ကျယ်အတူ ရေနံမည်းနေအောင်သုတ်ထားပုံချင်းလည်းအတူတူဖြစ်နေသော လူလုံးဝမနေသည့်သီးခြားနှစ်ဆောင်ပြိုင်အိမ်မည်းမည်းကြီးတစ်လုံးကိုပါ ထပ်တွေ့ရသောအခါ သည်လောက် နေချင့်စဖွယ်ကောင်းကောင်းမွန်မွန် ကျယ်ကျယ်ဝန်းဝန်းဆောက်ထားပါလျက်တယ်နှင့် နှစ်အိမ်လုံးဘယ်သောအခါမှ လူရိပ်လူခြည်လုံးဝမတွေ့ရသောအခါ အမြဲတမ်းခြောက်ကပ်တိတ်ဆိတ်နေသောအခါ သံသယကဝင်လာပါတော့သည်။

အေလာမြို့သူမြို့သားများကိုကြည့်ရသည်မှာလည်း ထိုနှစ်ဆောင်ပြိုင်အိမ်ကြီးနှစ်လုံးနှင့်လုံးဝမပတ်သက်လိုသော မျက်နှာပေးဟန်အမူရာသဘောဆန္ဒများကို တစ်ခါကြည့်ရုံနှင့်သိသာလွန်းလှပါသည်။

"ဒီအိမ်ကြီးနှစ်လုံးကို ဘယ်သူပိုင်တာလဲ။ ခံ့ခံ့ထည်ထည်အဆောက်ကြီးဆောက်ထားပြီးမှ ဘာအကြောင်းကြောင့် လူနေတာလဲ"

စစ်စစ်ပေါက်ပေါက် ကျွန်တော်မေးသော်လည်း မည်သူတစ်စုံတစ်ဦးကမျှ ပြန်မဖြေကြပါ။ ထိုအိမ်ကြီးနှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမေးတာကိုပင် မကြိုက်သလိုလို တံတွေးထွေးလျက် မြေပေါ် ဖနောင့်ပေါက်လျက် ဖွဟဲ့ - ဖယ်ပါစေလွဲပါစေ စကားပြောပြီး မေးမြန်းသူ ကျွန်တော့်နားမှာ စကားဖြေမိလျှင်ပဲ၊ ပြောမိလျှင်ပဲ တစ်စုံတစ်ခုကို ဒဏ်သင့်တော့မည့်အလား စိုးရွံ့၍ ကျွန်တော့်အနားတောင်ကြာကြာမရပ်တော့ဘဲ ကသောကမျော ထွက်သွားကြမြဲ ဖြစ်ပါသည်။

သူတို့ ထိုသို့အပြုအမူဖြင့် ပြုလုပ်လေလေ ကြာတော့ ကျွန်တော့်သိချင်စိတ်ကကြီးလေလေဖြစ်ရပါတော့သည်။ ထို့ကြောင့် ရွာမမြောက်ပိုင်း ထိုအိမ်မည်းမည်းကြီးနှင့်ကပ်လျက်နေထိုင်သော မယ်တော်ကြီး ဒေါ်စောရင်နှင့် သူ၏သားဖြစ်သော မောင်ကိုကိုတို့ကို အလွန်ရင်းနှီးသည့်အားလျော်စွာ မေတ္တာရပ်ခံ၍ ထိုအိမ်ကြီးနှစ်အိမ်ထောင်အကြောင်း ခရေစေ့တွင်းကျ ရှင်းပြခိုင်းရပါတော့သည်။

မောင်ကိုကိုက -

"ကိုနိုင်ရေ မေမေက ကျွန်တော့်ထက်အကြောင်းစုံပိုသိမယ်ဗျ။ ကျွန်တော်က ရိပ်ဖမ်းသံဖမ်းလောက်ပဲသိတာဆိုတော့ သိပ်ပြည့်စုံမယ်မထင်ဘူး။ အဲဒါကြောင့် မေမေစောကို မေးကြည့်"

ကျွန်တော်ထိုင်ရန် ခွေးခြေခုံချပေးပါသည်။ သူလည်း ကျွန်တော့်နားခွေးခြေတစ်လုံးနှင့်ဝင်ထိုင်၍ လေးထောင့်စားပွဲခုံပေါ်၌ ရေနွေးအိုး၊ အမြည်းအပြည့်အစုံချပေးပါသည်။ မေမေစောက ကျန်ခွေးခြေခုံအလွတ်မှာဝင်ထိုင်ရင်း -

"မောင်နိုင်ရေ မည်သူမဆို ကိုယ်ပေါင်ကိုလှန်ထောင်းရမယ့်အလုပ်၊ ကိုယ့်မျက်နှာပေါ် ပြန်ကျမယ့်မျက်နှာမော့ပြီး တံတွေးတွေးရမယ့်အလုပ်ကို ဘယ်လုပ်ချင်ပါ့မလဲ ငါ့သားရဲ့။ အခုကိစ္စက ရပ်ရွာနဲ့လည်းဆိုင်၊ ဘာသာသာသနာ လူမျိုးနဲ့လည်းဆိုင်တော့ အေလာရွာမသူရွာမသားတို့ကို ဒီအကြောင်းမေးလို့ကတော့ ငါ့သားကို ခြေခြေမြစ်မြစ်အကြောင်းစုံပြောပြချင်မှာတော့မဟုတ်ဘူးပေါ့ကွယ်။ အေလာရွာမသားနှစ်ယောက် မိုက်ကန်းလွန်းမက မိုက်ကန်းခဲ့တာကို အမေစောလည်း ဘယ်ပြောချင်ပါ့မလဲ။ သို့ပေမယ့် ငါ့သားမောင်နိုင်ကိုယ်တိုင်က တစ်မြို့တစ်ရွာသားလည်းဖြစ်ပြန်၊ ဘာသာသာသနာကိုလည်း တစ်ဖက်တစ်လမ်းကနေ ကိုယ်ပခုံးနိုင်ဝန်လေးနဲ့ပါရမီဖြည့်နေသူဆိုတော့ မောင်ကိုကိုတို့ ငါ့သားမောင်နိုင်တို့ ရှေ့ဘဝခရီးလမ်းလျှောက်တဲ့နေရာမှာ ဘာသာသာသနာလူမျိုးနဲ့ ပတ်သက်ပြီး ဆင်ခြင်စာန်ဆင်ခြင်နိုင်အောင် အပြည့်အစုံပြောပြမှသင့်မှာကိုးကွယ့်"

တစ်ဖက်ခြံရှိ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးကို သေသေချာချာလက်ညှိုးထိုးပြပြီး ကျွန်တော်တို့နှစ်ယောက်ကို စေ့စေ့စပ်စပ် ပြန်ကြည့်ခိုင်းသောကြောင့် မှတ်မိအောင် မျက်လုံးထဲစွဲနေအောင် ပြန်ကြည့်ရပါတော့သည်။ ပြီးမှ အမေစောက -

"အဲသည့်အိမ်ကြီး ခံ့ထည်လိုက်တာ၊ ခိုင်မာလိုက်တာ၊ နေချင့်စဖွယ်ဖြစ်တာ မြင်ရုံတွေ့ရုံနဲ့သိတာပဲမဟုတ်လား။ စကားစုံကလည်း ရှိနေတယ်လေ။ ကံမခိုင်သံတိုင်နဲ့အိမ်ဆောက် ကံမှောက်ရင်လဲဆိုပြီးတော့လေ။ ဒီအိမ်ကြီးနှစ်လုံးဆောက်ခဲ့တဲ့ ညီအစ်ကိုနှစ်ယောက်က နဂိုရည်ရွယ်ချက်အတိုင်း အခိုင်အခံ့ကျယ်ကျယ်ဝန်းဝန်း ဆောက်ခဲ့တည်ခဲ့ပေမယ့်လည်း သည်အိမ်ကြီးနှစ်လုံးပေါ်မှာ အရှည်သဖြင့်နေရမယ့်ဇာတာကပါမလာခဲ့ဘူးလေ။ ဘယ်ပါနိုင်ပါ့မလဲ ငါ့သားတို့ရဲ့။ သူတို့ညီအစ်ကိုနှစ်ဦးစလုံးက မစော်ကားသင့်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတဲ့ အနန္တောအနန္တငါးပါးအပြင် သူတစ်ပါးတို့ စေတနာသုံးတန်ပြဋ္ဌာန်းထားတဲ့ အလွန်မွန်မြတ်တဲ့အလှူကြီးကိုမှ တဖျက်ယဖျက်အစအနမကျန်အောင် ဖျက်ဆီးခဲ့တာကိုးကွယ့်။ ဖျက်ဆီးရုံမက မချင့်မရဲ့ရယ်စရာလည်း ခပ်ကောင်းကောင်းကိုးကွယ့်။ သူတစ်ပါးအလှူတော့ပျက်စေ၊ ငါတို့အလှူတော့အောင်စေဆိုပြီး သူတစ်ပါးအလှူကလက်ဖက်ကောင်းကို အချောင်ယူအချောင်နှိုက်ပြီး သူများအလှူ့လက်ဖက်နဲ့ မျက်နှာလုပ်ချင်ကြတာကိုးကွယ့်။ ဒါပေမယ့် သူတို့အလှူလည်း အကြီးအကျယ်ပျက်စီးခဲ့ရတာပါပဲ။ ကာလဝိပါက်နောက်ပိုးတက်ဆိုတာ ဘယ်တော့မှမမှားတဲ့သင်ခန်းစာကောင်းဆိုတာကို ငါ့သားတွေအသည်းမှာစွဲနေအောင်မှတ်ထားကြားလား။ ကဲကဲ - လူမိုက်ကြီးနှစ်ယောက်ရဲ့ဇာတ်လမ်းက ဒီလိုကွယ့်"

## အခန်း (၄)

## ပြေးစရာလည်းမြေမရှိ

အေးချမ်းလှသော ဓံဆောင်းရာသီတစ်ခု၏ညချမ်းအချိန်အခါဖြစ်ပါသည်။ ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်ပေါ်ရှိ ဘုရားဖူးများတည်းခိုရာ ဇရပ်တစ်ခုမှ သေချာစွာ ကျစ်ကျစ်လျစ်လျစ်ထုပ်ပိုးစည်းနှောင်ထားသော အထုပ်ငယ်တစ်[...] ကို ရင်ပြင်တော်မေါ်သို့ လမ်းလျှော[...] မတက်နိုင်သောဂိလာနနှင့်လူကြီးရွယ်[...] များကို ဘုရားရင်ပြင်ပေါ် အရောက် [...] ပခက်ဖြင့် အခကြေးငွေယူကာ [...] နောက်ထမ်းပိုးသယ်ဆောင်ပေးကြ[...] ကိုသော်နှင့် ကိုမော်ဟူသော ညီအစ်[...] နှစ်ယောက်ကောက်တွေ့ပါတော့သည်[...]

လူရိပ်လူခြည်ကင်းသောနေရာ[...] အထုပ်ကိုဖြေကြည့်သောအခါ ညီအစ်[...] နှစ်ဦးလုံး ပါးစပ်ဟောင်းလောင်းဖြစ်[...] မှင်တက်၊ ငြိမ်သက်၊ တိတ်ဆိတ်သွား[...] ပါတော့သည်။ အထုပ်တွင်းမှာထည့်[...] သောအရာများမှာ ရွှေထည်လက်ဝတ်[...] ရတနာများချည်း ဖြစ်ပါသည်။ ထိုအ[...] ၌ ဘုရားရင်ပြင်တော်ပေါ်မှ ဘု[...] ဂေါပကလူကြီးများနှင့် အသဲဝဲဝဲရှမ်း[...] ရင်းသားများ၏အကြိမ်ကြိမ် ဓာတ်[...] အော်လံဖြင့် မေတ္တာရပ်ခံနှိုးဆော်[...] ထွက်လာပါတော့သည်။ ရှမ်းသံဝဲဝဲ[...] ဘုရားဖူးခေါင်းဆောင်၏စက်ဖြင့်ကြေ[...] သံက ပစ္စည်းကောက်တွေ့သော ကိုသော်[...] ကိုမော်တို့ညီအစ်ကိုနှစ်ဦးကို သူ့အ[...] ကိုယ့်ဘက်လက်ခံနိုင်လောက်သည်အ[...] အလျှော့ပေးကြေညာရသည့်အဆင့်[...] ဖြစ်ခဲ့ရပါသည်။

"ပစ္စည်းကောက်တွေ့တဲ့မိတ်[...] များခင်ဗျာ။ ကျွန်တော်တို့အဖွဲ့ရဲ့[...] လျော့မှုကြောင့် ပျောက်ဆုံးခဲ့ရတဲ့ပ[...] ဟာ ကျွန်တော်တို့ ရွာပေါင်း (၃) [...] ပေါင်းပြီး ရွာမိရွာဖတွေက ကျိုက်ထီး[...] ဘုရားကို ရွှေသင်္ကန်းကပ်ပူဇော်[...] ကျွန်တော်တို့အဖွဲ့ကို ယုံကြည်စွာ[...] ပြောင်းပေးလိုက်တဲ့ပစ္စည်းတွေပါခင်[...] ဘုရားပိုင်ပစ္စည်းတွေပါ။ ကျွန်တော်[...] အဖွဲ့ ကိုယ့်ရပ်ကိုယ့်ရွာပြန်ရောက်[...] ရွာမိရွာဖတွေကို ကျွန်တော်တို့ရဲ့ပေး[...] အတွက် ရွာသူရွာသားတွေ တော[...] သည့်အထိ အပြစ်ပေးခံပြီး တောင်[...] ဦးမှာပါ။ အပြစ်ပေးခံရတဲ့နှစ်ဟာ [...] ချင်ကြာသွားနိုင်ပါတယ်။မကျေနပ်[...] ပေါ့ခင်ဗျာ။ အကုန်လုံးပျောက်သွား[...] နဲ့စာရင် ပစ္စည်းတစ်ဝက်ကို လှူဒါ[...] ခဲ့သေးတယ်ဆိုရင်၊ ရွှေသင်္ကန်း[...] ဘုရားကြီးကို တစ်ဝက်ကပ်လှူနိုင်ခဲ့[...] တယ်ဆိုရင် ရွာမိရွာဖကလည်း [...] ကျေနပ်ပါသေးတယ် ခင်ဗျာ။ ဒါ[...] ပစ္စည်းကောက်တွေ့ထားသူတွေ [...] ကြေညာနေတဲ့နေရာကိုလာညှိ[...] ပါတယ်ခင်ဗျာ။ ကျွန်တော်[...] ကောက်တွေ့ထားသူများ[...] မန[...]

www.burmeseclassic.com

အောင်လို့လည်း ကျွန်တော် တစ်ဖွဲ့လုံး ညီနှိုင်းတိုင်ပင်ထားပါတယ် ခင်ဗျား။ ကောက်တွေတဲ့ပစ္စည်းတစ်ဝက်တိတိကို ပေးပါမယ်ခင်ဗျာ။ ကျွန်တော်တို့ ဘုရားဖူးဇရပ်မှာ (၃) ရက်တိတိနေပြီး သည်းခံစောင့်ပေးပါမယ်။ လာညှိနှိုင်း ပေးပါခင်ဗျာ။ အနူးအညွတ်တောင်းပန် ပါတယ်ခင်ဗျာ"

ကိုသော်၊ ကိုမော်ညီအစ်ကိုနှစ်ဦး သည်စာတ်စက်ကြေညာသံကိုအသေအချာ နားထောင်ပြီး ခဏတစ်ဖြုတ်တွေ ဝေသွားပါသေးသည်။ ညီအစ်ကိုနှစ်ဦး သည်တိုးတိုးတိတ်တိတ် အကြိတ်အနယ် စဉ်းစားခန့် တိုင်ပင်ပြီးမှ တစ်ဝက်ပြန် ပေးဖြစ်မအပ်တော့ဘဲ လူရိပ်လူခြည် ကင်းတော့ကာ တောင်ခြေသို့ပစ္စည်းထုပ် ဆွဲယူကာ ကျိတ်ကျိတ်ကလေးပြန်ဆင်း လာခဲ့ပါတော့သည်။ ထိုမှတစ်ဆင့် ကိုယ် ဆင်ဖျောက်ကာ ဇာတိရပ်ရွာလယ်ဝေး ရှိနယ် အေလာမြို့သို့ (၃)၊ (၄)ရက် အတွင်း ခြေရာဖျောက်ပြန်လာခဲ့ပါတော့ သည်။

ရပ်ရွာသို့ရောက်သောအခါ ရွှေ ထည်ပစ္စည်းများကို အညီအညွတ်ခွဲဝေ ယူကာ တချို့ရောင်းတန်ရောင်းချထုခွဲ ပြီးအကျယ်ကြီးနှစ်ပိုင်းမနီးမဝေးတွင် ဝယ်ယူခြင်း၊ အသွင်တူအဆင်တူနှစ် ဆောင်ပြိုင် အိမ်ကြီးအိမ်ကောင်းနှစ်လုံး ဆောက်ပြိုင်နက်တည်ဆောက်ကြကာ ညီ အစ်ကိုနှစ်ဦးပေါင်း၍ အလှူကြီးတစ်ခုကို ဆင်းရဲချောင်းစီးလှူဒါန်းဖို့ကြံရွယ်ကာ အလှူမဏ္ဍပ်ကိုလည်း လမ်းပိတ်အကြီး အကျယ်ဆောက်ကာ ဟန်ရေးတပြပြ ထန်သွေးတကြွကြွလုပ်ရပါတော့သည်။ ဆင် ဆင်းရဲတုန်းက ဆေးဖော်ကြော ကာမလုပ်သမျှလူများကို ယခုဘာတတ် ဆေးလဲပုံစံဖြင့် တစ်လွန်းထင်ပါတော့ သည်။

ဤသို့ဖြင့် တစ်ရွာလုံး တစ်ရပ်လုံး လှူမှုမွေ့ရန် ချက်ပြုတ်နေသောအလှူ နေ့ရက်ရောက်လာပါတော့၏။ တစ်ရွာ လုံးနှံ့ အလှူဝတ်ဆံ့ဓွက်ဝက်ကွဲလှည့် သွားသည်အထိ ပြဿနာမရှိသေးပါ။ အားလုံး အဆင်ပြေချောမွေ့နေပါသည်။ တီးသော ဆိုင်းဝိုင်းနှင့် မန္တလေး ဇာတ်အဖွဲ့က ညပိုင်းကျမှဖြေဖျော် ဖို့ငှားထားပါသည်။

ညနေ (၄) နာရီ၌ မဏ္ဍပ်အတွင်း ရှိသမျှလူအားလုံး အလန့်တကြား ထွက်ပြေးတုန်ပါတော့သည်။ အလှူလာသူ များအတွက် သောက်သုံးရန်စီစဉ်ထား သော ရေအိုးများပေါ်မှ စလောင်းဖုံးများ နှင့် ရေခွက်များအားလုံးက အသက်ဝင် နေသည့်အလား တဂျောင်းဂျောင်းထခုန် ကြပါတော့သည်။ လုံးဝမရပ်ရတော့ပါ။ တုန်ယင်ပြင်းထန်သော မြေလျှင်တော် လည်းသံနှင့် အလှူမဏ္ဍပ်တစ်ဝိုက် မြေ သားများနှင့် အိမ်မည်းကြီးနှစ်လုံးဝိုင်း နှစ်ကွက်ရှိမြေသားများသီးသန့်ကွက်၍ သွက်သွက်ခါလှုပ်ရှားနေပါတော့သည်။ အချိန်အခါမတန်ဘဲ ကောင်းကင်ယံ ကြည်လင်နေရာမှ မှောင်မည်းသွားကာ အလွန်ပြင်းထန်သော မြောက်ဘက်မှ တောင်ဘက်သို့ အရှိန်ပြင်းထန်သည့် လေပြင်းက ခပ်ကြမ်းကြမ်းဝင်ဆောင့်၍ တိုက်ခတ်လာပါတော့သည်။ အလှူ မဏ္ဍပ်ကြီးတစ်လုံးရစရာမရှိအောင် ဖရိ ဖရဲပျက်စီးသွားပါတော့သည်။

ရာသီကြည်လင်သွားပြီးနောက် ရပ်မိရပ်ဖများ မဏ္ဍပ်ပျက်ကို ပြင်ဆင် ရန်လာသောအခါ ထိုကိုသော်၊ ကိုမော် အလှူရှင်နှစ်ဦးလုံး သူတို့၏နှစ်ဆောင် ပြိုင်အိမ်ကြီးများပေါ်မှာ သွေးပွက်ပွက် အန်ကာ ခေါင်းငိုက်စိုက်နှင့် မရှုမလှသေ ဆုံးနေကြသည်ကို တွေ့လိုက်ကြရပါ တော့သည်။ ထိုအခါ အလှူကြီးပျက်ရ လောက်အောင် အိမ်မည်းကြီးနှစ်လုံးနှင့် မဏ္ဍပ်တစ်ဝိုက်မြေသားများသာ သီးသန့် တုန်လှုပ်ရအောင်၊ သွေးပွက်ပွက်အန် သေရလောက်အောင် ထိုကိုသော်နှင့် ကိုမော်ဆိုသော ညီအစ်ကိုနှစ်ဦး ဘာကိစ္စ များ မဖွယ်မရာလုပ်ဆောင်ခဲ့သည်ကို နီးစပ်ရာ ဆွေမျိုးအသိုင်းအဝန်းကို မေးမြန်းစုံစမ်းကြရပါတော့သည်။

ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားကို ခေါ်ကားခဲ့သည့်အကြောင်းဇာစ်မြစ်ကို သိသွားရသည်နှင့် တစ်ပြိုင်နက် တစ်ရွာ လုံး တစ်မြို့လုံး အထိတ်တလန့်အုတ် အော်သောင်းတင်းဖြစ်ကုန်ကြပါတော့ သည်။ ထိုကိုသော်၊ ကိုမော်ညီအစ်ကိုနှစ် ဦးအကြောင်းကို ပါးစပ်ကမတော်တဆ ပြောမိလျှင်ပင် ဘုရားစူးမှာကြောက် သည်အထိ အကြောက်ကြီးကြောက် သွားရကာ မေးသည်ကိုပင် မကြိုက်ရ လောက်အောင် ခပ်ကင်းကင်းပြုမူနေ ထိုင်သွားကြကုန်ပါတော့သည်။ ထိုညီ အစ်ကိုနှစ်ဦး၏ ဇနီးမယား၊ သားသမီး အားလုံး နှစ်ဆောင်ပြိုင်အိမ်ကြီးများပေါ် ၌ မနေရဲကြတော့ဘဲ ထိုအေလာမြို့ ရွာမရပ်မှ ရှောင်တိမ်း၍ ဇာတ်မြုပ်သွား ကြပါတော့သည်။

အမေ ဒေါ်စောရင် ပြောပြသော အဖြစ်အပျက်အလုံးစုံကို သိရှိသွားပြီး နောက် သားအမိနှစ်ယောက်လုံးကို နှုတ်ဆက်ပြန်လာခဲ့ပါတော့သည်။ဘုရား ပစ္စည်း၊ သံဃာ့ပစ္စည်းဆိုသည်မှာ လုံးဝ မစော်ကားအပ်သော မွန်မြတ်လွန်းသည့် ပစ္စည်းများ ဖြစ်ပါသည်။ သာသနာ၏ အဆုံးအမအောက်၌ နေထိုင်ကြသော ကျွန်တော်၊ ကျွန်မတို့ ဗုဒ္ဓဘာသာများ ပင်လျှင် ဘုရားဂိုဏ်း၊ တရားဂိုဏ်း၊ သံဃာဂိုဏ်းသင့်မှာ တော်တော်ကြီး ရွံ့ကြောက်ကြ၍ အဆင်ခြင်ကြီးဆင်ခြင် ကြပါသည်။

ဤအကြောင်းကြားရသည်နှင့် တစ်ပြိုင်နက် ဩော် - လူ့လောကမှာ ဘုရားပစ္စည်း၊ သံဃာ့ပစ္စည်းကို မဖွယ် မရာ မကြံကောင်းမစည်ရာ စော်ကားမိ ခဲ့ကြ၍ တစ်ဘဝတွင်သာမက စုံးစုံးမြုပ် မှောက်ခဲ့ကြရုံမကဘဲ သံသရာထိ ကမ်း မမြင်လမ်းမမြင်မှောက်ရတော့မည့်အမျှင် မပြတ်နိုင်သော ဆိုးကျိုးရလဒ်ကို ကိုယ် ဆင်းရဲ စိတ်ဆင်းရဲခံစားပြီး ဝဋ်ကြွေး မကုန်မချင်းဆပ်နေရသူတွေ မနည်းလှ ပါလားဟု ဆင်ခြင်နောင်တဖြင့် သံဝေဂ သင့်ခန်းစာရခဲ့ပါတော့သည်။အကြောင်း ကြီးလည်း ဆွံ့အသွားမတတ် ကြောက်ခဲ့ ရပါတော့သည်။

### အခန်း (၅)

### ကိုယ်ပိုင်ပစ္စည်းကြောင့် သူတစ်ပါးရောမိမိပါ ကိုယ်ချမ်းသာစိတ်ချမ်းသာ

ကျွန်တော်သည် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်အရှေ့ဘက် သံဃာ့ ဆေးရုံ (ယခင် သံဃာ့ဆေးရုံအဟောင်း နှစ်ထပ်ဆေးရုံ ဖြစ်ပါသည်) အတွင်းရှိ သူနာပြုများနားနေခန်းထဲသို့သွားရန် လူနာခုတင်များနားမှ ဖြတ်သန်းစဉ် အဖအိုတစ်ဦးလှဲလျောင်းနေသော ခုတင် နံဘေးဝိုင်းလျက် ငိုကြွေးနေကြသော မိသားစုတချို့ကို တွေ့ရ၍ လူနာကို ကြည့်ရသည်မှာလည်း မလှုပ်မယှက်ရှိ ပြီး ကိုယ်သားကိုယ်ရေမှာလည်း ဖြူဖျော့ လွန်းပြီး မှိန်းနေသည့်အသွင်ဟန်ပန်ကို တွေ့ခဲ့ရ၍ သူနာပြုခန်းထဲရောက်သော် ထဘီခရမ်းရောင်ဝတ် စစ္စတာဒေါ်နော် အဲရစ်ကို စူးစမ်းစိတ်ဖြင့် မေးမိပါတော့ သည်။

"စစ္စတာ၊ ဟိုဆေးရုံဝင်ဝင်ချင်း တံခါးမအပေါက်အနောက်ဘက်မှာရှိတဲ့ လူနာရှင်တွေက ဘာသိလို့ငိုနေရတာလဲ ဟင်။ သူတို့အဆင့်အတန်းကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com

နွမ်းပါးပုံလည်းမရပါဘူး။ လူနာအခြေအနေကလည်း မျက်နှာလန်းလန်းနဲ့ မှိန်းရုံကလေးမှိန်းနေတာပဲဟာ"

ထိုစဉ်က သံဃာ့ဆေးရုံမှ သူနာပြုစစ္စတာမှန်သမျှ သူနာပြုချုပ်စစ္စတာကြီးမှလွဲလျှင် တူညီဝတ်စုံ ထဘီခရမ်းရောင်များသာဝတ်ကြပါသည်။

စစ္စတာဒေါ်နော်အဲရစ်က ကျွန်တော်နှင့် သားနှင့်အမိပမာ အတော်ကြီးခင်မင်ရင်းနှီးပါသည်။

"မိုင်စန်း၊ ဒီလူနာက သည်နေ့ခွဲစိတ်ခန်းဝင်ရမှာ။ ခွဲစိတ်ဖို့ ပြင်ပသွေးရှာတာ တစ်မြို့လုံး ဒေါင်းတောက်ခမန်းပဲ (၃)ရက်ရှိပြီ။ မရလို့ကလေးရဲ့။ အဲဒါကြောင့် သူတို့ဖခင်ကို လက်လွှတ်ရတော့မှာမို့ ငိုနေကြတာ"

ကျွန်တော်က စစ္စတာ၏လက်ဖဝါးနှစ်ဖက်ကို ညင်ညင်သာသာကိုင်တွယ်ကာ ကျွန်တော့်ပါးနှစ်ဖက်နှင့်ကပ်ပြီး -

"သူတို့ခက်ခက်ခဲခဲရှာမရတဲ့သွေးအမျိုးအစားက ဘာသွေးမို့လို့လဲ နန်း"

ဒေါ်နော်အဲရစ်က ကျွန်တော့်နဖူးကို လက်ညှိုးနှင့်တို့၍ တအံ့တသြဖြစ်သွားပုံဖြင့်-

"အလိုရှင် မိုင်စန်း၊ ကလေးက သည်နေ့ကျမှ ဆေးရုံကိစ္စအတော်လေး စပ်စုနေပါလား။ ကျွားသားမိုးကြိုးပါလား။ အရင်ကဆို အလုပ်ကိစ္စနဲ့သည်အခန်းတန်းဝင်လာ လုပ်ငန်းပြီးတာနဲ့ ဘယ်လူနာ၊ ဘယ်ပတ်ဝန်းကျင်မှမကြည့်ဘဲ တန်းပြီးစိုက်စိုက်နဲ့ခေါင်းအောက်ချပြန်တဲ့ကလေးက ကနေ့ကျမှထူးထူးခြားခြားပါလား"

ကျွန်တော်က သားတစ်ယောက်က မိခင်ကိုဆိုးနွဲ့ပုံဖြင့် -

"မားမား - သူတို့ငိုနေကြတော့ သနားလို့လေ။ မောင်နိုင့်ကိုပြန်မဖြေသေးဘူးလေ။ ရှာမရတဲ့သွေးက ဘာသွေးလဲ။ လိုတာက ဘယ်နှပုလင်းလဲ"

ဒေါ်နော်အဲရစ်က မျက်မှောင်တွန့်ရင်း (သည်ကနေ့ သည်ကလေးသိပ်မဟုတ်တော့ဘူးပုံစံနှင့်) -

"သွေးအမျိုးအစားက အေကွယ့် မိုင်စန်း။ သွေးတစ်ပုလင်းပဲလိုတာ။ မာမားတို့ဆီမှာ အဲဒီသွေးအမျိုးအစားက ပြတ်နေတယ်"

(စာကြွင်း - ထိုအခါက ဆေးရုံများ၌ သွေးအမျိုးအစားကို အုပ်စုပဲခွဲခြား၍ သွေးအလှူခံလေ့ရှိပါသည်။ ယနေ့ခေတ်လိုသွေးအမျိုးအစားအပေါ်မှာမှ ထပ်မံ၍ ပေါ့ဇက်တစ်၊ နဂ္ဂတစ်မခွဲခြားပါ။)

ကျွန်တော်က ညာလက်သီးကို စုပ်၍ လေထဲပင့်မြှောက်ကာ -

"အတော်ပဲမာမား၊ မောင်နိုင့်သွေးအမျိုးအစားက အေပဲ။ စစ်ပြီးသား။ တစ်ပုလင်းလောက်ဆို မောင်နိုင်လှူချင်တယ်။ လှူခွင့်ပေး"

ဒေါ်နော်အဲရစ်က ပိန်သွယ်သောကျွန်တော့်ခန္ဓာကိုယ်ကြည့်၍ခေါင်းယမ်းရင်း-

"မိုင်စန်းရဲ့ မင်းကိုယ်မင်းပြန်ကြည့်ပါဦး။ သည်လောက်ပိန်တာ။ မလှူချင်ဝါနဲ့ မာမား အားမပေးဘူးနော်"

ကျွန်တော်က ဒေါ်နော်အဲရစ်လက်ကို ယုယစွာဆွဲကိုင်ပြီး -

"ကျေးဇူးပြုပြီး လုပ်ပေးပါလား မာမား။ မောင်နိုင် အရင်က တစ်ခါမှ သွေးမလှူဘူးလို့ပါ။ သွေးပေါင်ချိန်ပြည့်တာ၊ မပြည့်တာက ပိန်တာ၊ ဝတာနဲ့မဆိုင်ပါဘူးနော်။ ဒီလောက်တော့ မောင်နိုင်သိပါတယ်။ ကဲ-သေချာသွားအောင် ခုပဲ သွေးပေါင်ချိန်ချိန်ကြည့်ပေးပါလား"

ဒေါ်နော်အဲရစ်ကိုယ်တိုင် ကျွန်တော်ပူဆာလွန်းမကပူဆာသောကြောင့် အခန်းတွင်းရှိ စမ်းသပ်ခုတင်၌ ကျွန်တော့်ကို လဲလျောင်းစေကာ သွေးပေါင်ချိန်တိုင်းလက်ပတ်ပတ်ခိုင်း၍ ရော်ဘာဘောလုံးလေး ဖိလိုက်ဖွလိုက်ဖြင့် သွေးပေါင်းတိုင်းပါတော့သည်။ အပေါ်သွေးပေါင်ချိန် အပြည့်ရှိနေသောကြောင့် အံ့အားသင့်ရုံမက ခေါင်းခါကာ -

"အံ့သြစရာပါလား မိုင်စန်းရဲ့။ လူကလေးအပေါ်သွေးက လိုတာထက်ပိုပြည့်နေပါလား"

ထို့နောက် အေသွေးမှန်းသေချာစစ်ရန် ဓာတ်ခွဲခန်း၌ ကျွန်တော်၏ညာလက်ညှိုးထိပ်ကို အပ်နှင့်ဆတ်ခနဲဖောက်၍ လက်ညှိုးမှသွေးညှစ်၍ သွေးနမူနာယူသောအခါ လက်ညှိုးမှသွေးက တစ်စက်တစ်ပေါက်ကလေးမျှပင်ထွက်ကျမလာသောအခါ ရယ်မော၍ -

"တွေ့တယ်မဟုတ်လား မိုင်စန်း၊ မင်းသွေးနမူနာက တစ်စက်၊ နှစ်စက်လေးတောင် ဒီမှန်ပြားလေးပေါ်မကျချင်ဘူး"

ကျွန်တော်က ဘယ်လက်နှင့်ညာလက်ညှိုးအခြေကို အားနှင့် ကိုင်ဆုပ်ညှစ်မှ သွေးနမူနာတစ်စက်၊ နှစ်စက်က စမ်းသပ်မှန်ပြားပေါ်သို့ မကျချင်ကျချင်ကျလာပါတော့သည်။ အေသွေးအမျိုးအစားမှန်း ဓာတ်ခွဲစမ်းသပ်ပြီး သေချာသွားမှ ထိုအခန်းထဲရှိ ခုတင်ပေါ်တွင် လဲလျောင်းကာ ကျွန်တော့်ဘဝ၏ပထမ... ဆုံးအကြိမ် သွေးအလှူခံခဲ့ပါတော့သည်... သွေးတစ်ပုလင်းလှူပြီးသွားပါပြီ။ သွေး... ထုတ်ရာ အပ်ပေါက်ကို အရက်ပြန်ဆွတ်... ထားသောဂွမ်းစဖြင့် တံတောင်ကွေးည... ထားပြီးမှ စစ္စတာဒေါ်နော်အဲရစ်၏... ဘယ်ဘက်နားသို့ နှုတ်ခမ်းကပ်ကာ တိုး... တိုးလေး -

"မာမား၊ မောင်နိုင်လှူသွားတာ... သူတို့မိသားစုကို လုံးဝအသိမပေးရ... နော်။ သူတို့တိုက်မယ့်နွားနို့တွေ၊ သူတို့... ကျွေးမယ့် ကြက်ဥတွေ မောင်နိုင်... ကြိုက်မှမကြိုက်တာ။ ပရောမစ်နော်... ကတိ ကတိ"

ထိုသို့ပြောပြီး စစ္စတာများ နားနေ... ခန်းမှထွက်ကာ ထိုအော်ပရေးလုပ်မ... လူနာခုတင်နံဘေးမှ ဖြတ်သွားရင်း... တစ်ချက်ငဲ့စောင့်ကြည့်ကာ ဝေဖန်ရခက်... သော အပြုံးကလေးနှင့် ဆေးရုံအပြင်သို့... ပေါ့ပါးစွာ ထွက်ခွာသွားပါတော့သည်...

နေ့ခင်း (၂) နာရီ၌ သံဃာဆေးရုံအနေ... ဘက်တစ်ဝိုင်းကျော်၌ရှိသော ကျွန်တော်... အလုပ်လုပ်ရာ ဆက်သွယ်ရေးရုံး... စစ္စတာဒေါ်နော်အဲရစ်ကို အလွန်အမ... တော့င်းပန်လွန်းမက တော့င်းပန်သော... ကြောင့် ဖွင့်ပြော၍သိသွားပြီး လူနာရှင်... မိသားစုများ နွားနို့ပုလင်းများ၊ ကြက်ဥ... များဖြင့် ကျွန်တော့်ထံရောက်လာပါတော့... သည်။ ကျေးဇူးတင်၍မဆုံးတော့... သွေးလှူရှင် ကျွန်တော်ကပင်ပြန်အားနာ... ခဲ့ရပါသည်။ နွားနို့ ကြက်ဥများကို လူနာ... အတွက်သာ ပြန်သုံးစွဲရန် ထိုအဘဟာ... အတွဲအဖက်ကို အနံ့ကိုခံ၍ပင်မရ... ကြောင်း၊ သွေးတစ်ပုလင်းလှူရုံမျှ... ကျွန်တော်ကျန်းမာရေးချို့ယွင်းမသွား... ကြောင်း၊ ငွေရေးကြေးရေးလည်းမေး... မလိုပါကြောင်း၊ ထိုလူနာရှင်မိသားစု... ကြောင့် ကျွန်တော့်ဘဝ၌ တစ်ခါ... မလုပ်ဘူးသော ဇိဝိတဒါနအလှူအော... မြင်သွား၍ ကျွန်တော်ကသာ လူနာရှင်... မိသားစုကို ကျေးဇူးအထူးပိုတင်ရ... ကြောင်း တျေကျေနပ်နပ်ကြည်ကြည်... ဖြူဖြူ ပျော်ပျော်ရွှင်ရွှင် ဝမ်းမြောက်ဝမ်း... သာစကားပြောခဲ့ရပါတော့၏။ အော်... ရေးရှင်းလည်း အခက်အခဲမရှိအော... မြင်သွားကာ သီတင်းနှစ်ပတ်ကျော်... သည်နှင့် ထိုမိသားစုပျော်ရွှင်ဝမ်းမြော... စွာဖြင့် သံဃာ့ဆေးရုံမှဆင်းသွား... တော့သည်။

တစ်ခါတစ်ရံ ကိုယ့်ရှေ့ကိုယ့်သာ... ကိုယ်ပိုင်ပစ္စည်းဖြင့် လှူဒါန်းခဲ့ရသော... စေတနာအကျိုးကြောင့် အလှူခံ...



www.burmeseclassic.com

www.burmeseclassic.com

သော တစ်ဖက်သားများလည်း ပျော်ရွှင်ခြင်းချမ်းမြောက်ကြည်နူးခွင့်ရကြသလို လူ ခွင့်ရသော ကိုယ်ကိုယ်တိုင်လည်း ပျော်ရွှင်ဝမ်းသာမှုကူးစက်၍ကြည်နူးခဲ့ရသော အကြောင်းတရားများလည်း လူတိုင်းကိုယ်စီမှာရှိကြပါလိမ့်ဦးမည်။

## အခန်း (၆)

## သူတစ်ပါးပစ္စည်းကြောင့်
## သူတစ်ပါးနှင့်အတူ
## ခိုးလည်းစိတ်ချမ်းသာကိုယ်ချမ်းသာ

ကျွန်တော်သည် ဆက်သွယ်ရေးနားလည်ရုံးသားဖြစ်သော ညီတော်မောင်မောင်အောင်စိုးနှင့် မနက် (၈) နာရီ၌ မြင်းခြံသံယာဆေးရုံ၏ရှေ့တွင်ရှိသော ကိုသိန်းဝင်း ဖွင့်လှစ်ရောင်းချသည့် စွမ်းသာတော်ရည်ဆိုင်အတွင်း ငွေသိမ်းကောင်တာဗီရိုရှေ့နှင့်ကပ်လျက် စားပွဲခုံ၌ လက်ဖက်ရည်ထိုင်သောက်နေကြပါသည်။ ကျွန်တော်ထိုင်နေသော အနေအထားက အရှေ့၊ အနောက်လမ်းကို ကျောက်ကျောပေး၍ ဆိုင်ရှင်ကိုသိန်းဝင်းထိုင်နေသော ငွေသိမ်းကောင်တာမှန်ဗီရိုမျက်နှာခြင်းဆိုင်ဖြစ်၏။ မောင်အောင်စိုးက တောင်၊ မြောက်လမ်းကို အရှေ့ဘက်မျက်နှာပြုဖြစ်ပါသည်။ ကျွန်တော်လက်ဖက်ရည်ဆိုင်ထိုင်တိုင်း ခြေညှပ်ဖိနပ်ကို လွတ်လွတ်လပ်လပ်ချွတ်ထား၍ အောက်ခံကြမ်းခင်းအင်္ဂတေပေါ် ခြေဗလာအလွတ်ထိုင်တတ်ပါသည်။

ထိုအချိန်၌ ဈေးဘက်မှလာသော လူငယ်တစ်ယောက်သည် ကျွန်တော်ကျောပေးထားသော အရှေ့၊ အနောက်လမ်းမှ ကျောပိုးအိတ်ကိုလွယ်လျက် ဆိုင်သောကားထစ်မှတက်လာကာ ဆိုင်အရှေ့မြောက်ဘက်သို့ ဝင်လာသည်ကို မှန်ဗီရိုမှတစ်ဆင့် ရောင်ပြန်လှမ်းမြင်လိုက်ရပါတော့သည်။ ဆိုင်ဝင်ဝင်ချင်းအပေါက်၌ သူကျောပိုးအိတ်အထက်ပိုင်းမှထည့်ထားသော စက္ကူဖြစ်ပိုင်းတော်တော်များများ လျှောကျခုန်ထွက်၍ အောက်သို့အစုလိုက်အပုံလိုက် လျှောကျသွားသည်ကို မှန်မှတစ်ဆင့် မြင်လိုက်ရပါတော့သည်။ ကျွန်တော့်စိတ်ထဲကလည်း -

'သည်လူငယ် ကိုယ့်အိတ်ထဲက ဘာတွေလည်းထွက်ကျလို့ ထွက်ကျမှန်းမသိသောက်အောင် ဘာကိစ္စအရေးကြီးနေသလိုလဲမသိပါဘူး။ စက္ကူတွေမို့လို့တော်တော့တယ်။ နေပါဦးဟ၊ စက္ကူတွေဆိုလို့ ငွေစက္ကူတွေကော မဖြစ်နိုင်ဘူးလား"

ထိုအတွေးဝင်လာသည်နှင့် ဖိနပ်ပင်မစီးတော့ဘဲ ခြေဗလာဖြင့် ကသောကမျောထသွားကာဆိုင်ပေါက်ဝသို့သွားကြည့်သောအခါ ကျွန်တော်ထင်ထားသည့်အတိုင်း ငွေစက္ကူအချပ်ကြီးများက စည်းလျက်တချို့၊ ပြေလျက်တချို့ အပုံလိုက်ကြီးထွက်ကျနေပါလေတော့သည်။ လမ်းဘက်မျက်နှာပြုဒူးထောက်ထိုင်လိုက်ကာ အပေါ် ရုပ်အကျီကြယ်သီး (၃) လုံးဖြုတ်၍ စိမ်ပြေနပြေငွေများကိုကောက်ယူကာ အရှေ့၊ အနောက်ဖြတ်သွားသွားသူများက နီးနီးကပ်ကပ်ဖြတ်လျှောက်သွားနေသည့်တိုင် ကျွန်တော်ဒူးတုပ်လျက် စိမ်ပြေနပြေ အကျီရင်ဘတ်ထဲ ငွေများကောက်ထည့်နေခြင်းကို တစ်ဦးတလေမျှ စောင့်ငဲ့လှည့်မကြည့်သွားကြခြင်းက အံ့အားသင့်စရာပင်ကောင်းလှပါသည်။ သည်လောက်နီးနီးကပ်ကပ်ရှိနေခြင်းကို ကိုယ့်ဇောနှင့်ကိုယ့်ကြောင့်လားမသိ။ လုံးဝလှည့်မကြည့်ကြပါ။

ကျွန်တော်က အနောက်ကျောပြု ဆိုင်ကောင်တာနှင့် အစီအရီလိုထိုင်နေကြသော သောက်သုံးသူစားပွဲဝိုင်းရှိ လူများကိုကျောပေး၍ ထရပ်လိုက်ပါသည်။ အလွန်အမင်း ဝမ်းသာသောစိတ်ကို အချိန်တော်တော်များများလေ့ကျင့်ထားသော တည်ငြိမ်သည့် သမာဓိစိတ်က ချိုးနှိမ်ထား၍ တက်ကြွသောစိတ်က သိပ်မရှိလှပါ။ တတိယအောက်ဆုံးကြယ်သီးတပ်လိုက်ပါပြီ။ စိတ်ထဲကလည်း -

'မောင်နိုင်၊ မောင်နိုင် မင်းအလွန်ဆုံးချွေချွေတာတာသုံးစွဲပါဦး သုံး၊ လေးနှစ်ထက်ပိုမှာလား'

ဒုတိယကြယ်သီးတပ်လိုက်ပါပြီ၊ စိတ်ထဲကလည်း -

'မောင်နိုင်မဟုတ်သေးဘူး ကိုယ့်လူရဲ့။ မင်း သုံး၊ လေးနှစ်ကို ဒီငွေတွေပျော်ပျော်သုံးစွဲတာနှင့်အမျှ တစ်ဖက်က ငွေပျောက်ဆုံးသူက သုံး၊ လေးနှစ်ထက် မကအောင် နေ့စဉ်နဲ့အမျှ နာရီနဲ့အမျှ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရတော့မှာလေ။ နောက်ပြီး မင်းစဉ်းစားကြည့်စမ်း ဒီလူငယ် ဒီလောက်ငွေအများကြီး ထည့်ယူလာရအောင် ဘယ်လိုကိစ္စတွေ အရေးကြီးနေရတာလဲ".

ကျွန်တော် လူငယ်ကို လှမ်းကြည့်လိုက်ပါသည်။ ရှေ့၌ချထားသော မှာထားသည့် ပဲပလာတာကို စားလျက်နှင့် လမ်းအရှေ့ဘက် မြောက်ဘက်မျက်နှာပြု သံယာဆေးရုံဘက်လှမ်းကြည့်လျက် တစ်စုံတစ်ခုကို စိုးရိမ်နေသည့် မျက်နှာဟန်ပန်ကို တွေ့လိုက်ရပါတော့သည်။ ထိုထက် သူ့ခေါင်းပေါ် တည့်တည့်၌ ကိုသိန်းဝင်းတို့ဇနီးမောင်နှံ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားကို နောက်ခံပြုလျက် ရင်ပြင်တော်ပေါ်၌ ရိုက်ထားသော ပြုံးပြုံးရွှင်ရွှင် ဓာတ်ပုံနှင့်အခန့်နှင့် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားပုံကို မြင်လိုက်ရသောအခါ ညီအစ်ကိုနှစ်ဦး၏ အဖြစ်အပျက်ဇာတ်လမ်းလေးက ကျွန်တော့်မှတ်ဉာဏ်ထဲ ဖျတ်ခနဲပေါ် လာပါတော့သည်။

ရုပ်အကျီအပေါ်ဆုံးရှိ နောက်ဆုံးကြယ်သီးတပ်လိုက်ပါပြီ။ ကျွန်တော်စိတ်၌ လတ်တလောဖြစ်ပေါ်ခဲ့သောမတော်တရား၊ မကောင်းသောလောဘတို့ ကြက်ပျောက်ငှက်ပျောက် အစအနရှာမရအောင် ပျောက်ဆုံးသွားပါတော့သည်။ ထိုစိတ်အစား အေးငြိမ်းသောစိတ်ကလေးနှင့်အတူ သူတစ်ပါးကိုပျော်အောင်၊ ဝမ်းသာသွားအောင် လုပ်ပေးချင်သော ဗြဟ္မာရာသီဖွားတို့၏ လျှို့လျှို့ဝှက်ဝှက် အမူအကျင့်ကလေးက ခေါင်းထောင်ထလာ၍ ဝေခွဲမရသော အပြုံးကလေးနှင့် ထိုင်ရာမှထလာသော ကောင်တာနားက ခုံကလေးသို့ ဖိနပ်မပါ ဗလာခြေထောက်ကလေး တစ်လှမ်းချင်းလှမ်းရင်း ဆိုင်အတွင်းသို့ ပြန်ဝင်လာပါတော့သည်။ ထိုင်ခုံ၌ အေးအေးလူပြန်ထိုင်၍ ချွတ်ထားသောဖိနပ်ကို ပြန်လျှိုစီးလိုက်ပါတော့သည်။

ထိုအခါကျမှ ညီတော်မောင်မောင်အောင်စိုးက ကသောကမျောဘာကြောင့် ဖိနပ်ပင်မစီးဘဲ ကျွန်တော်ဆိုင်အပြင်ဘက်ထွက်သွားရသောအကြောင်းကို မေးပါတော့သည်။ ကျွန်တော်က ဘာမှပြန်မပြောဘဲ ပြုံး၍ ငွေကျပျောက်သော လူငယ်ကို မသိမသာလက်ညှိုးထိုးပြ၍အသံတိုးတိုးနှင့် -

"အဲဒီညီလေးကိုစကွ။ ငါ့ညီ သေသေချာချာထိုင်ကြည့်နေ၊သူစားတာသောက်တာမပြီးသေးလို့ အစ်ကို မကြာခင် သူ့ဆီဓာတထသွားဦးမှာ၊ မင်းစိတ်ဝင်စားစရာအကြောင်းတစ်ခု မကြာခင်တွေ့တော့မယ်။ ဘာစကားမှအစ်ကို့ကို မမေးနဲ့ဦးဟုတ်လား"

မောင်အောင်စိုးပုံစံက ကျွန်တော်က လူငယ်ကိုလက်ညှိုးထိုး၍ကြည့်နေ ကြည့်နေဟူ၍သာ ကြည့်နေရသော်လည်း ယောင်နနပုံစံဖြင့် နားလည်ပုံမရပါ။ သူ့ရှေ့၌ထိုင်နေသော ကျွန်တော် ရင်ဘတ်အကျီတစ်ခုလုံး ဖောင်းထား



www.burmeseclassic.com

www.burmeseclassic.com

ပြည့်တင်းနေသည်ကိုလည်း သတိမမူ၍ ခန့်မှန်းမိပုံမရပါ။

ကျွန်တော်က လူငယ်ကို မသိမသာ အကဲခတ်ကြည့်နေသောအခါ သူ့ရှေ့မှစားနေသော ပဲပလာမုန့်ပန်းကန်က သုံးပုံနှစ်ပုံကျိုးနေပါပြီ။ သူ့ဆာလောင်နေသောဝမ်းလည်း ပြည့်ဝသွားလောက်ပြီဟု ခန့်မှန်းပြီးမှ (ရှေ့မှာရှိသော လက်ဖက်ရည်ခွက်ကိုတော့ ထိုလူငယ် တို့ပင်မတို့သေး။) ကျွန်တော် ထိုင်ခုံမှ ညင်ညင်သာသာထလိုက်ပြီး ထိုလူငယ်ဆီနောက်ကျောမှလှမ်းသွားကာ သူ့နောက်ကျော၌ရပ်လိုက်ပါတော့သည်။ နောက်ဆုံးကျန်သော မုန့်နှင့်ပဲကို ထိုလူငယ်လက်လှမ်းစဉ် ကျွန်တော် ဘယ်လက်ဖြင့် သူ့ပခုံးကို ညင်ညင်သာသာပုတ်လိုက်ကာ ကျွန်တော့်ညာလက်ဖဝါးကိုဖြန့်ကား၍ သူ့ညာတံတောင်နား လိုရမည်ရကြိုတင်ကာထားလိုက်ပါတော့သည်။ ကျွန်တော်ကြိုတင်တွေးဆထားသည့်အတိုင်း ထိုလူငယ်၏ ညာတံတောင်က လှစ်ခနဲထွက်လာကာ ကျွန်တော့်ညာလက်ဖဝါးကို ခပ်ပြင်းပြင်းထွက်ခတ်ခတ်လာပါတော့သည်။ ဤသို့ ကျေးရွာတောလက်မှလာသော လူငယ်များမှန်သမျှ အခြေခံနိုးရာသိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်ကြပါသည်။ ထိုသို့ရှိသည့်ဓလေ့ကို ကျွန်တော် တွေးမိထား၍လည်း ဖြစ်ပါသည်။ လူငယ်၏မျက်နှာက အလွန်စိတ်ဆိုးသောမျက်နှာဖြင့်ထိုင်လျက်မထရှိနေပြီး သူ့မျက်လုံးများကလည်း ကျွန်တော့်ဘာ သာအစားအသောက်စားနေတာခင်ဗျားလည်းကျွန်တော့်မသိ၊ ဘာနှောင့်ယှက်တာလဲပုံစံဖြင့် မျက်လုံးစကားမေးနေပုံရပါသည်။ အံလည်းကြိတ်ထားပါသည်။, ကျွန်တော့်ကို သူသတိပြုမိလောက်သွားပြီဆင်ရမှ နှစ်လိုဖွယ်အပြုံးလိုပြုံးလိုက်ပြီး သူ့နားနားသို့မျက်နှာကပ်ကာ စကားတိုးတိုးလေးဖြင့် --

"ငါ့ညီရဲ့ အစ်ကိုက နှောင့်ယှက်တာမဟုတ်ပါဘူး။ စိတ်မဆိုးပါနဲ့ကွ ဟုတ်လား။ ငါ့ညီဆိုင်ထဲဝင်ဝင်လာချင်း မင်းကျောပိုးအိတ်ထဲကပိုက်ဆံတွေ ဆိုင်အပြင်မှာ အံပုံလိုက်ထွက်ကျနေတာကွ။ အဲဒါကို အစ်ကိုအကုန်လုံးကောက်ယူလာတယ် ဟုတ်လား။ စိတ်အေးလက်အေးနဲ့နေ။ အခု ကျန်နေတဲ့စားစရာတွေအေးအေးလူလူစား၊ လက်ဖက်ရည်လည်း အေးအေးလူလူသောက်ပြီးမှ အစ်ကို ဟိုကောင်တာရှေ့ကခုံမှာထိုင်နေတယ်မသိလား။ စားပြီးသောက်ပြီးမှ အစ်ကိုဆီလာယူ ဟုတ်လား"

သူ့ကိုပြောပြီးသည်နှင့် ကျွန်တော် ထိုင်နေသောစားပွဲခုံသို့ ပြန်သွားထိုင်ပါတော့သည်။ ကိုယ့်ထိုင်ခုံပြန်ရောက်မှ လူငယ်ကို ပြန်လှမ်းကြည့်သောအခါ သူ့နံဘေးချထားကျောပိုးအိတ်ကိုငုံ့ကြည့်ပါတော့သည်။ အိတ်အပေါ်က ကြေးဇစ်ကပြေနေမှန်း သူသတိပြုမိသွားကာ အထိတ်တလန့်မျက်နှာဖြင့် ကျွန်တော်တို့ထိုင်နေသော ကောင်တာရှေ့မှ စားပွဲခုံရှိ ကျွန်တော်တို့နှစ်ဦးကို လှမ်းကြည့်ပါတော့သည်။ ထိုအခါကျမှ ကျွန်တော်က ထိုင်လျက် ဘယ်လက်ဖဝါးမြှောက်ပြ၍ ညာဘက်ကို နှုတ်ခမ်းနားသို့ တေ့လိုက်ခွာလိုက် မျက်နှာမော့၍ ညာလက်မကို နှုတ်ခမ်းဝတေ့ကာ အေးအေးလူလူစားပါ။ အေးအေးလူလူသောက်ပါဟုသင်္ကေတပြလိုက်ပါတော့သည်။ ပြီးမှ ရင်ဘတ်ကို ညာလက်မဖြင့်ပုတ်ကာ ညာလက်ဖဝါးကို ယပ်တောင်လို ယမ်းပြလိုက်ပါတော့သည်။ ဘာမှမစိုးရိမ်ပါနှင့်ပုံစံမျိုးဟန်အမူအရာသင်္ကေတပြလိုက်ပါသေးသည်။

သူကား စားသောက်ပြီးမှ ကျွန်တော်တို့ထိုင်နေရာခုံသို့ ကျောပိုးအိတ်ကိုယူကာပြောင်းရွှေ့လာထိုင်ပါတော့သည်။ ဆိုင်ရှင် ကိုသိန်းဝင်းကိုလည်း သူ့ထိုင်ခုံမှစားသမျှသောက်သမျှ သူရှင်းပေးပါမည်ဟု ဆိုင်ကောင်တာနှင့် နီးကပ်နေသည့်အားလျော်စွာ ပြောလိုက်ပါတော့သည်။ ထိုအခါကျမှ ကျွန်တော်နှင့်မောင်အောင်စိုးက အမြဲတမ်းလာနေကျဖောက်သည်များဖြစ်သည့်အားလျော်စွာ ကိုသိန်းဝင်းလည်းသိထားသည့်အလျောက် တစိမ်းလူငယ်တစ်ယောက် ရဲရဲဝံ့ဝံ့ဝင်ထိုင်သည့်အပြုအမူဆန်းကို သူအံ့အားသင့်ကာ ကျွန်တော်တို့ပြောသမျှဆိုသမျှ နီးကပ်လွန်းသည့်အားစွာ ကောင်တာပေါ်မှ အထူးဂရုပြုသွားပါတော့သည်။

ထိုအခါကျမှ ကျွန်တော့်အကျီကြယ်သီးများအပေါ်ဆင့်သုံးလုံးဖြုတ်၍ အကျီရင်ဘတ်ထဲမှငွေများအားလုံးထုတ်ယူကာ စားပွဲခုံပေါ်စီစီညီညီတင်ရင်း -

"ညီလေးရဲ့ဒန်းလော့ကျောပိုးအိတ်ဇစ်မှမကောင်းတာကိုးကွ။ အတွင်းထဲကအောက်ကထည့်ထားတဲ့အကျီပုဆိုးတွေအရင်ထုတ်ဦး။ ငွေတွေလည်းလျော့မလျော့ပြန်စစ်ဦး။ ပြီးမှ ငွေကိုအောက်ဆုံးကထား။ ပြီးမှ အကျီပုဆိုးအပေါ်ကနေ ဖိတင်သိပ်ပေါ့ ဟုတ်လား"

ကျွန်တော်ပြောသလို သူကျောပိုးအိတ်ထဲမှ အဝတ်အစားများအားလုံးထုတ်ပြီး ငွေများကို လျော့၊မလျော့ပြန်စစ်ကာ အိတ်၏အောက်ခြေမှ အစီအစဉ်ထည့်ပြီး အပေါ်မှ အကျီပုဆိုးများဖို့တင်ကာ ဖိသိပ်လိုက်ပါတော့သည်။ ထိုငွေများမြင်တော့မှ အိတ်ထဲပြန်ထည့်မှ ဆိုင်ရှင်ကိုသိန်းဝင်းရော မောင်အောင်စိုးပါ ပါးစပ်ဟောင်းလောင်းဖြစ်ကာ မှင်တက်ကုန်ပါတော့သည်။ အိတ်ထဲအားလုံးထည့်ပြီးမှ ထိုညီလေးက ကျွန်တော်နှင့်မောင်အောင်စိုး မျက်နှာကို တစ်လှည့်စီစူးစူးစိုက်ကြည့်ပြီး အံထူးသဖြင့် သူ့စိတ်ထဲ အဆိုးကြီးဆိုးခဲ့သော ကျွန်တော့်ကို အလွန်ပင် အားတုံ့အားနာဖြစ်သွားပြီး မျက်နှာအမူအရာအမျိုးမျိုးပြောင်းသွားပါတော့သည်။ သူ့အဖို့လည်း ကျပျောက်သွားသောငွေများကို ကိုယ့်ကျိုးအတွက်အသုံးမချဘဲ တစ်ပြားမှမကျန်ပြန်ပေးသော ကျွန်တော်တို့နှစ်ဦးကို လူထူးလူဆန်းများတွေ့၍ ကြည့်သောအကြည့်နှင့် သူ့ရင်ထဲ၌ ဒွိဟဖြစ်ပေါ်ခဲ့သော စိတ်အခြေအနေကိုကွဲကွဲပြားပြားသိချင်သောပုံစံဖြင့် ကျွန်တော့်ကို -

"အစ်ကိုလေး၊ သည်ငွေတွေကို အစ်ကိုလေးယူသွားလည်းရတာပဲမဟုတ်လား။ ကျွန်တော်ကထွက်ကျမှန်းပျောက်မှန်းတောင်သိတာမှမဟုတ်တာ။ ဘာကြောင့်ပြန်ပေးတာလဲခင်ဗျာ"

လူငယ်က မေးမယ့်မေးတော့လည်း တောသူတောင်သားပီပီ တဲ့တိုးမေးသင့်သောစကားလည်း ဖြစ်ပါသည်။ အစ်ကိုတို့က ရိုးတာလား ဒါမှမဟုတ် အ,တာလားမမေးရုံတစ်မည်။ ထို့ကြောင့် ကျွန်တော်က သံယာ့ဆေးရုံဘက်လက်ညှိုးညွှန်ပြ၍ -

"ငါ့ညီလေးရဲ့ ငွေမကြိုက်တဲ့လူ ဘယ်သူရှိပါ့မလဲကွ။ အစ်ကိုတို့လည်း ကြိုက်တာပေါ့ကွ။ တို့မြန်မာလူမျိုးမှာ ပစ္စည်းပျောက်ရင် ကောက်တွေ့သူအတွက် စည်းကမ်းကလေးတစ်ခုရှိတယ်လေကွာ။ ရှေ့မှာအဆုံး ကုန်းမှာတစ်ဝက်တဲ့။ အဲဒီအဆိုအတိုင်းဆို အစ်ကိုတို့လည်း ကုန်းမှာတစ်ဝက်စကားအရ တစ်ဝက်ဆိုင်တယ်လေကွာ။ ဒါပေမယ့် ဘယ်မြန်မာလူမျိုး ဘယ်သူမှ တစ်ဝက်ဆိုင်ပါတယ်လို့အရေးဆိုခဲ့တာများ ငါ့ညီကြားဖူးလို့လားကွာ။ ပစ္စည်းတွေ့ရင် တောင် တာယကာရှင်ကို အကြောင်းတစ်ခုခုနဲ့ လိပ်စာမစုံတာမျိုး၊ လုံးဝမသိတာမျိုးကြုံခဲ့ရင် ပြန်မပေးနိုင်လို့တောင် အတော်စိတ်ဆင်းရဲကြတာကိုးကွမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးလား"

ထိုလူငယ်လည်း ထိုစိတ်ထားမျိုး ရှိရပါသည်။ ထို့ကြောင့် ကျွန်တော့် အားကိုးပြုံး၍ ခေါင်းညိတ်အသိအမှတ် ပြုပါသည်။ ကျွန်တော်ကပင်ဆက်၍ -

"ဒါပေမယ့်ငါ့ညီလေး၊ မင်းစဉ်းစား ကြည့်။ ပျောက်တဲ့ငါ့ညီကလည်း အစ်ကို့ ရှေ့တည့်တည့်မှာ ငုတ်စိစိထိုင်နေတယ် ဆိုတွာ။ နောက်ပြီး ငါ့ညီကို လှမ်းအကဲ ခတ်တော့လည်း ရှေ့ကမှာထားတဲ့ သာတာကိုစားသာစားနေရတယ်၊ ငါ့ ညီမျက်လုံးက သံဃာ့ဆေးရုံမှာဆေးကု ခံနေရင်ဖြစ် ခွဲစိတ်ဖို့ဖြစ်ရင်ဖြစ်ရမယ်။ ဒီလောက်ငွေအများကြီးက ဒါ့အတွက် ရနိုင်ရမှာလေ။ ဒီလောက်ငွေအများ ကြီးရဖို့ဆိုတာကလည်း အရေးပေါ် အတွက်အသုံးချဖို့ လယ်ပေါင်ရင်လည်း ပေါင်လာရမယ်။ ဒါမှမဟုတ်ရင် နွား ရောင်းချင်လည်း ရောင်းလာရမယ်လို့ ပေါ့။ နို့-ပြောပါဦး၊ အစ်ကိုခန့်မှန်းတာ မှန်သလား။ အစ်ကိုမှာလောဘကြောင့် အခြေအနေကို မသုံးသပ်မိရင်၊ သုံးသပ်မိရင် အမလေး - တွေးကြည့်ရင် အသွန်ကြောက်စရာကောင်းမှကောင်း။ ခွဲစိတ်မယ့်လူနာလည်း အစ်ကို့ကြောင့် ဖြစ်၊ ငါ့ညီတို့မိသားစုလည်း အားလုံး ဆင်းရဲကိုယ်ဆင်းရဲ။ ပျော်ရမယ့် အပျော်နဲ့မနိုင်အင်ကာမဖြစ်ပေဘူးလား"

လူငယ်က ထိုအခါကျမှ ခေါင်း ညိတ်ပြီး မသက်မသာနှင့် -

"အစ်ကိုတွေးတာ ကျွန်တော် နောက်ကနေ သွားလေရာလိုက်ကြည့် သလိုပါပဲလား။ ဟုတ်တယ်အစ်ကို အဖေ့ကို သံဃာ့ဆေးရုံတင်ထားရ တာ။ ဒီငွေတွေကလည်း အဖေ့ကိုခွဲစိတ် ဖို့ ကျွန်တော်လယ်ပေါင်လာတာ။ အစ်ကို ပြန်မပေးရင်တော့ ကျွန်တော်တို့ မိသားစု ဒုက္ခပင်လယ်ဝေကိုဝေတော့ မှာ"

ထိုသို့ ဝန်ခံပြီးမှ ကျွန်တော်တို့ နှစ်ယောက်ကို ကျေးဇူးတစ်ခုခုတုံ့ပြန် လိုမြင့် -

"အစ်ကိုတို့၊ ကျွန်တော်တို့ နှစ် ယောက် ဘာလုပ်ပေးရမလဲပြောဗျာ။ ကျွန်တော်တစ်ခုခုကျေးဇူးဆပ်တဲ့အနေနဲ့ လုပ်ပေးချင်ပါတယ်"

မောင်အောင်စိုးရော ကျွန်တော် ပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ပြုံးကာ စားပွဲပေါ်မှ ကျွန်တော် တို့ နှစ်ယောက်သောက်ခဲ့သော လက် ဖက်ရည်နှစ်ခွက်နှင့်စီးကရက်တစ်ပွဲကိုပြ ကာ -

"ဟဲဟဲ - ဒီလိုလုပ် အစ်ကိုတို့ နှစ်ယောက်သောက်ထားတဲ့ လက်ဖက် ရည်နှစ်ခွက်ရယ်၊ ဖင်းဖင်းစီကရက်တစ်ပွဲ ရယ် ငါ့ညီပဲပေါင်းရှင်းလိုက်ပတ်လား"

ထိုငွေပျောက်သော ညီလေး၏ ပခုံးတစ်ဖက်တစ်ချက်စီကို ကျွန်တော်တို့ လုပ်ငန်းညီအစ်ကိုနှစ်ယောက် ရင်းနှီးစွာ ပခုံးပုတ်ကာ စွမ်းလက်ဖက်ရည်ဆိုင်မှ ဆိုင်အပြင်သို့ထွက်သွားပါတော့သည်။

သို့ဖြင့် သူများ၏ပစ္စည်းကြောင့် ကျွန်တော်တို့ ကိုယ်ချမ်းသာစိတ်ချမ်း သာဖြစ်နိုင်သေးသည် မဟုတ်ပါလား။ အပျော်တွေကူးစက်နိုင်သေးသည်မဟုတ် ပါလား။

## အခန်း (၇)

## ပန်းနှင့်အတူညစာစား၊ ခေါင်းနှင့်အတူဖဲကြိုးဖြတ်

ပစ္စည်းနှင့် ပတ်သက်၍ လူတိုင်း ခံယူပုံ၊ ကျင့်သုံးနည်းဖြေရှင်းပုံများမတူညီ နိုင်ကြပါ။ လူ၏မွေးရာပါအဲတ္တကရောင် ခြယ်၍ ပစ္စည်းဆိုသောအရာလေးက မျက်နှာနှစ်ဖက်ဖြစ်သွားရပါတော့သည်။ စေတနာဖြင့်သုံးစွဲသောအခါ ပစ္စည်းသည် ပန်းမျက်နှာစာသို့ လှည့်ပြောင်း၍ အသုံး တော်ခံပြုပါသည်။ ဝေဒနာဖြင့်ဆုပ်ကိုင် လိုက်သောအခါ ပစ္စည်းသည် ခေါင်း မျက်နှာစာသို့ ဦးတည်ချက်ပြောင်းသွား ရပါတော့သည်။ သူတစ်ကိုယ်တည်းက ပန်းမျက်နှာစာဘက်သို့ တာဝန်ယူ၍ ဟုတ်ကဲ့စကားဆိုတတ်သလို ခေါင်း မျက်နှာစာဘက်ပါတာဝန်ခံ၍ ဟင့်အင်း စကားလေးဖြင့် ငြင်းဆန်ပါတော့သည်။

ပစ္စည်း၏ နဂိုအဓိပ္ပာယ်က ပါဠိ စကားအထောက်အပံ့သာဖြစ်ပါသည်။ အထောက်အပံ့ အဆိုသည်မှာလည်း ကေဝုဒ်အတွက်မဟုတ်သလို ဗဟုဝုဒ် အတွက်လည်း သက်ဆိုင်နေပါသည်။ တစ်ဦးတည်းပိုင်မှ အများပိုင်ဆိုသည့် နယ်ပယ်အထိ ပစ္စည်း၏သွားနိုင်သည့် အလုပ်လုပ်နိုင်သည့် စွမ်းပကားက တာစားလှပါသည်။ ပစ္စည်းရှိမှ၊ ပစ္စည်း ကြွယ်ဝမှဆိုသော မျက်နှာစာတစ်ဖက် တည်းကို အလံထူသူများကို ပစ္စည်းဆို သောအရာလေးက လှောင်ပြောင်နေပါ သည်။ အသေချာဆုံးက အတ္တကြီးသူ များလက်ထဲသို့ ပစ္စည်းရောက်သွား သောအခါ ပစ္စည်း၏တန်ဖိုးက အရည် အသွေးမဲ့သွားပါတော့သည်။ သံဃာ တော်အရှင်သူမြတ်တို့ကဲ ပစ္စည်းကို

(၄)မျိုး(၄)စား ဘောင်ခွဲကန့်သတ်ထားပါ သည်။ ပစ္စည်း (၄) ပါးသားလျှင် အလျှုခံ အပ်သည်ဟု ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဆုံးမထားပါသည်။

၁။ ဆွမ်း၊ ၂။ ဆေး၊ ၃။ သင်္ကန်း၊ ၄။ ကျောင်း (ဝိဟာရ) ဟူ၍ ဖြစ်ပါ သည်။

ထိုထက်ပိုလာလျှင်တော့ သံဃာ့ တော်များသာမက လူသားများအတွက် ပါ 'ပစ္စည်း' က ပစ္စည်းအထောက်အပံ့ မဖြစ်တော့ဘဲ 'ပျက်စီး'အကြောက်အလန့် ဖြစ်သွားရပါတော့သည်။ နဂိုကပင် ခံယူ သုံးစွဲသူတို့၏ စေတနာကောင်း၊စေတနာ ဆိုးကြောင့် ပစ္စည်းကပင် နှစ်ရောင်ခြယ် နှစ်မျက်နှာသို့ အရောင်းပြောင်းလဲ၍ ကပြအသုံးတော်ခံတတ်မှန်း သတိမပြု နိုင်ကြသရွေ့ ပစ္စည်းဆိုသောအရာလေး က ကျွန်တော်၊ ကျွန်မတို့ကို ပန်းလား သို့မဟုတ် ခေါင်းလားဟု ပုစ္ဆာဝှက် စကားထာမေးနေမည်ကို အမြဲခံနေရ မည်ပင် မဟုတ်ပါလား။

ချစ်စွာသော စာဖတ်သူများ ခင်ဗျား။ 'ဉာဏပစ္စည်း' (စာမူတစ်ပုဒ်) မိတ်ဆွေတို့ ဖတ်ရှုရန် စာမျက်နှာပေါ်သို့ ခုန်တက်လာပါပြီ။ ထိုဉာဏပစ္စည်းလေး က မိတ်ဆွေတို့ဆီရောက်ရောက်ချင်း စကားမေးပါတော့မည်။ပန်းလား၊ ခေါင်း လားတဲ့ပါခင်ဗျာ။သူမေးမည့်စကားလေး ပါ။ ပစ္စည်းနှင့်ပတ်သက်၍ စိတ်ထား သန့်ရှင်းသည့်မြင့်မြတ်သောပန်းမျက်နှာ စာလေးဘက်သို့ပဲ အမှန်ခြစ်အမှတ်လေး ပဲယူပါမည်လား။ ပစ္စည်းနှင့်နှီးနွှယ်၍ စိတ်ထားမသန့်ရှင်းသည့် နိမ့်ကျလွန်း သော ခေါင်းမျက်စာလေးဘက်သို့ပဲ အမှား ခြစ်ကြက်ခြေခတ်အမှတ်ကလေးပဲယူပါ မည်လား။

အထူးကြပ်ကြပ်မတ်မတ်သတိပြု ရမည့်စည်းကမ်းမှာ ဝင်းနံ့ရဲပေါ် ခွထိုင်၍ 'သာတဲ့ဘက်က ငါ့သူငယ်ချင်း၊ငါ့ဆွေမျိုး' တော့ လုံးဝလုပ်မရပါ။ ပန်းဆိုလျှင် လည်း ပန်းမျက်နှာစာဘက်၊ ခေါင်းဆို လျှင်လည်း ခေါင်းမျက်နှာစာဘက်တစ်ခု ခု တစ်ဖက်တည်းကိုင်ဆွဲထားရပါမည်။ ပန်းနှင့်အတူ ညစာလည်းအတူစားပါ မည်။ ခေါင်းနှင့်အတူ ဖဲကြိုးလည်းဖြတ် ပါမည်ဟူ၍ ပတ်သင်ညိုလိုအရောင် ပြောင်း၍မရနိုင်ပါကြောင်း။

ပစ္စည်းသည်လည်း သခါရ၊ လူ သည်လည်းပဲသခါရ မမြဲသောတရား များသာဖြစ်ပါကြောင်း။

နိုင်ပြေသိန်းချစ်



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင့်မိုး

## မရဲဘဲ ကျွဲပြဲမစီးနှင့်

စာရေးသူသည် အသက် (၅၇)နှစ်တွင် အစိုးရဝန်ထမ်းအဖြစ်မှ အနားယူလိုက်သည်။

နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့်မြို့၊ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနအပေါ် သံယောဇဉ်ကိုဖြတ်၍မရ။ သို့ဖြစ်၍ အငြိမ်းစားဘဝဖြင့် မြစ်ကြီးနားမြို့ (xxx) ဌာနသို့ အလည်အပတ်ရောက်ခဲ့သည်။

ဌာနကိုရောက်တော့ အချို့မှာ ပြောင်းလဲနေပြီ။ အဆောက်အအုံများမှာလည်း အချို့ပြိုပျက်သောအဆောက်အအုံကပျက်၊ အချို့ကား အသစ်အသစ်သောအဆောက်အအုံများက နေရာယူလျက်တွေ့နေရသည်။

ဝန်ထမ်းများလည်း ထို့အတူပင်။

အချို့ကား အငြိမ်းစားယူပြီး ဌာနအနီးရှိရပ်ကွက်၌ အခြေချနေထိုင်နေကြသည်။ အချို့ကား အကြောင်းအမျိုးမျိုးဖြင့် ဌာန၌မရှိကြတော့ပြီ။ အချို့ကားနေမြဲ။ အချို့ကား စာရေးသူနှင့် မသိသည့်လူသစ်များက အစားထိုးနေရာယူကာ တာဝန်ထမ်းဆောင်နေကြလေပြီ။

အံ့ဩဖွယ်ကားမဟုတ်။ သင်္ခါရသဘောတရား၏ ဖြစ်ရိုးဖြစ်စဉ်မျှသာ။

စာရေးသူ ဌာနအတွင်းသို့ ဝင်ရောက်သွားသည့်အခါ ဝန်ထမ်းဟောင်းများမှ ဝမ်းသာအယ်လဲ နှုတ်ဆက်ကြ၊ အိမ်အလည်ခေါ်ကြနှင့် ပျော်စရာပင်ကောင်းသေးတော့သည်။

စာရေးသူမမေ့နိုင်သူတစ်ဦးမူကား မတွေ့သေး။

ထိုသူသည်ကား ဦးမောင်အုန်း။

ဟုတ်သည် လုံခြုံရေးဦးမောင်အုန်းဖြစ်သည်။

"ကိုမောင်အုန်းတစ်ယောက်မတွေ့ပါလားဗျ။ သူ့မိသားစုလည်းမတွေ့ဘူး"

စာရေးသူအနီးရှိ ရုံးအုပ်ကြီး ဦးထွန်းငွေကိုမေးမိသည်။

စာရေးသူအမေးအား ဦးထွန်းငွေမှ ဤသို့တုံ့ပြန်ခဲ့သည်။

"ဦးမောင်အုန်းဆုံးတာ ကြာပြီဗျ။ သူ့ဇနီးနဲ့ သားသမီးတွေတော့ ဌာနနောက်ဖေးမှာ တဲကလေးထိုးပြီးနေကြတယ်။ ကြုံရာလုပ်စားနေကြတာ။ တော်တော်လေးဒုက္ခရောက်နေကြတယ် ဆရာရေ"

ဦးထွန်းငွေပြောပြချက်သိရတော့ စာရေးသူ စိတ်မကောင်း။

ဦးမောင်အုန်းအကြောင်းတွေးရင်းဖြင့် အတိတ်ကာလဆီသို့ စာရေးသူအတွေးသို့ရောက်သွားသည်။

❑

ဦးမောင်အုန်း။

လုံခြုံရေးဝန်ထမ်း၊ နေ့စားလရှင်းဝန်ထမ်းပါ။

စာသိပ်မတတ်။ရေးဖတ်အဆင့်မျှသာတတ်သည်။

သို့ရာတွင် ဦးမောင်အုန်းသည် ရိုးသားသည်။ ကြိုးစားသည်။ မည်သည့်အလုပ်ကိုမျှမငြင်း။ တွက်ကပ်၍မနေ။ အလုပ်နှင့်လက်ပြတ်သည်မရှိ။ ခွန်အားဖြင့်လုပ်ရမည့်အလုပ်၊ တူညီရမည့်အလုပ်ဆိုလျှင် လက်မနှေးပါ။ သာရေးနာရေးရှိက ဦးမောင်အုန်းအပြေးရောက်လာတတ်သည်။ ကျန်းမာရေးကလည်းကောင်း၊ ခွန်အားကလည်း သန်စွမ်းလှသည်။ လူချစ်လူခင်လည်းပေါလှသည်။

တစ်ခုတော့ရှိသည် ဦးမောင်အုန်းအရက်ကိုတော့ အလွန်ကြိုက်သည်။ သို့ရာတွင် စည်းမဲ့ကမ်းမဲ့တော့မသောက်ပါ။ တာဝန်ထမ်းဆောင်ချိန် မည်သည့်အခါမျှ အရက်သောက်စားခြင်းမပြု၊ သို့ဖြစ်၍ ဦးမောင်အုန်း အရက်မူးပြီး ပြဿနာဖြစ်သည်ကို မကြားရဘူးပေ။

သို့ရာတွင် အရက်သောက်သည်ကို မည်သည့်မိန်းမသားမျှမကြိုက်။ ထိုသို့ အရက်သောက်သည်ကို မကြိုက်သည့် မိန်းမသားများ၌ ဦးမောင်အုန်း၏ဇနီး ဒေါ်သန်းလှလည်း ရှေ့တန်းမှပါဝင်ခဲ့သည်။

သို့နှင့် ဒေါ်သန်းလှသည် ခင်ပွန်း ဦးမောင်အုန်းကို အရက်ပြတ်ရေးအတွက် စည်းရုံးခဲ့သည်။

ဒေါ်သန်းလှစည်းရုံးရေးကောင်းမှုကြောင့် ဦးမောင်အုန်းအရက်ပြတ်သွားသည်။ အရက်ပြတ်သည်မှာ ကောင်းသည့်ကိစ္စပါ။ သို့သော် ဦးမောင်အုန်း အရက်ပြတ်သည့်ပုံစံကိုတော့ စာရေးသူ မကြိုက်။

ဦးမောင်အုန်းအရက်ပြတ်သည့်နည်းမှာ သစ္စာရေသောက်ကျိန်တွယ်၍ (xxx) ဂိုဏ်းဝင်လိုက်ခြင်း ဖြစ်သည်။ အရက်ကို ရာသက်ပန်မသောက်၊ အမဲသား (ကျွဲသား/နွားသား) ရာသက်ပန်မစား၊ တစ်ပါးသူသားမယားမပြစ်မှားပါ (အခြားစားမြစ်ချက်များလည်းပါသေးသည်။) ဖောက်ဖျက်ကျူးလွန်ခဲ့သည်ရှိသော်. . .

အလွန်ကြောက်မက်ဖွယ်ကျိန်တွယ်မှုများကို ကျိန်တွယ်ရသည်။ သက်ရှိဘဝ

www.burmeseclassic.com

ပါမက သံသရာအထိပါ ပြောဆို တွယ်ခဲ့ရသည်။ ဆေးများထိုးသည်။

သို့နှင့် ဦးမောင်အုန်း (×××) ဂိုဏ်း ဖြစ်သွားခဲ့သည်။

ဦးမောင်အုန်း ဂိုဏ်းတော်တွင် ဆိုထားသော သစ္စာတရားများကို စောင့်ထိန်းနိုင်ပါ့မလား။

ဟုတ်. . . ဟုတ်သေးတော့သည်။

ဦးမောင်အုန်း အရက်မသောက် မှာ ကြာပြီ။

အခုဆို ဂိုဏ်းဆရာကြီးဖြစ်နေပြီ။ ဂလူနာများကိုပင် ဆေးဝါးကုသ နေ၏။ ရှစ်ဆင့်ဆိုလား၊ ကိုးဆင့်ဆို ။ တော်တော်အဆင့်မြင့်သည့် ကြီးဦးမောင်အုန်းပါပေ။

စာရေးသူကတော့ မည်သည့်ချုပ် တန့်သတ်မှုမျိုးကိုမှုမကြိုက်။ကိုယ့် နှင့်ကိုယ်ဆင်ခြင်၍ လုပ်သင့်ရာကို မလုပ်သင့်ရာကိုမလုပ်နှင့်ဆိုသည့် မျိုးဖြစ်သည်။

ထို့အပြင် ဂိုဏ်းဂဏကို စိတ်မဝင် လေးမစားလည်းမပြုမူပါ။ ဘုရား၊ သံဃာ ဟူသည့် ရတနာသုံးပါး ည်ရှိနေပြီပဲ။ ပြည့်စုံပြီပေါ့။ ဘာလို ။ ဂိုဏ်း (ကိုင်း) ဟူသည် ပုံ့ကျ တတ်သည်။ ရတနာသုံးပါး ပင်စည်ကိုဖက်ထားမှ စိတ်ချရ စာရေးသူကား ဤသို့ခံယူထား

❑

ကြားရသည့်သတင်းကမကောင်း။ ောင်အုန်းသတင်းဖြစ်သည်။

ဦးမောင်အုန်း အမဲကန်ထရိုက် ဦးထံတွင် နွားများ၊ ကျွဲများကို အခ ကြေးငွေယူ၍ သတ်ဖြတ် (အမဲပေါ်) နေသည်ဟူသည့်သတင်း ဖြစ်သည်။

စာရေးသူလည်း ကြားရသည့် တင်းမှန်၊ မမှန်နှင့် မှန်ကန်ပါက ောင်အုန်းလို ဂိုဏ်းဝင်အဆင့်မြင့် ရာကြီးတစ်ဦးအနေနှင့် မလုပ်သင့် ုပ်ထိုက်တာကိုမလုပ်ဖို့ ပြောဆိုရာ ောင်အုန်းမှ -

"ဆရာရယ်၊ ကျွန်တော်ဂိုဏ်းတော် ဖြစ်ဖို့ သစ္စာပြုစဉ်က နွားသား၊ သားမစားပါလို့ သစ္စာဆိုခဲ့တာပါ။ ကြောင့် နွား၊ ကျွဲသား (အမဲသား) ဘူးလေ။ အဲ - မသတ်ပါဘူးလို့ စ္စာမဆိုခဲ့ပါဘူး။ ဒါကြောင့် သတ်တော့ တ်တယ်။ သူတို့အသားတော့မစားပါ ဆရာ"

ဟု တုံ့ပြန်လာသည်။ ကဲ-ပြီးရော။ ဆရာဇန်းမော်တင်အောင်၏စကားကို ငှား၍သုံးရသော် 'ကျွန်တော်ဘာများ တတ်နိုင်ဦးမှာလဲ' သူ့ထိုက်နှင့်သူ့ကံပေါ့။

၁၉၉၀ ပြည့်နှစ်တွင် စာရေးသူ ရာထူးတိုးဖြင့် ရခိုင်ပြည်နယ်သို့ပြောင်း ခဲ့ရသည်။ ယခုအငြိမ်းစားယူခဲ့ပြီ။ အခြေ ချရန်ရည်ရွယ်သည့် မြစ်ကြီးနားမြို့သို့ ရောက်ခဲ့၏။ မိမိဌာနဟောင်းဖြစ်သည့် ဌာနသို့ သွားရောက် လည်ပတ်ခဲ့သည်။ လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့်တွေ့ကြ ဆုံကြရှေ့ဖြစ်နောက်ကြောင်းများပြော ဖြစ်ကြသည်။

မိတ်ဆွေများ၏ ပြောပြချက်အရ တပည့်ကျော် ဦးမောင်အုန်းအကြောင်း ကား စိတ်မကောင်းဖွယ်ရာပင်။ ဦးမောင် အုန်း အမဲပေါ် (နွားသတ်၊ ကျွဲသတ်)နေ ခြင်းကို သူ့ဇနီး အပါအဝင် ဌာနရှိလူများ၊ ဦးမောင်အုန်းနှင့် ဂိုဏ်းတူဆရာများမှ တားမြစ်ကြသည်။

မည်သူမျှ မည်သို့ပြောပြမရ။ လျစ်လျူရှုထားကြရပြီ။ အကျိုးပေးပြီ။ အကုသိုလ်များကြောက်စရာကောင်းပါ ဘိ။

ဦးစွာပထမ အကျိုးပေးကား ဦးမောင်အုန်း ရုတ်တရက်လေဖြတ်ခြင်း မှ စတင်သည်ဟုဆိုရမည်။ကိုယ်တစ်ခြမ်း သေသွားသည်။ အိပ်ရာထဲကမထနိုင် တော့ပြီ။ ဌာနမှလည်း အနားပေးလိုက် ပြီ။ နေ့စားဖြစ်၍ပင်စင်မရ။

ဦးမောင်အုန်း အိပ်ရာထဲလဲပြီး (၂) လခန့်အကြာတွင် တင်ပါးနှင့်ကျော ပြင်တို့၌ အိပ်ရာပူလောင်ကာ အနာကြီး များစတင်ပေါက်လေသည်။ ကြာလာ သည့်အခါ အနာများမှာ ပြည်တည်၍ ပုပ်စော်နံလာသည်။ သားသမီးများက ရွံရှာ၍ အနားမကပ်ကြတော့ပြီ။ ဇနီး သည်လည်း မိသားစုစားဝတ်နေရေး ရုန်းကန်ရ၊ လူနာဆေးဖိုးရှာရနှင့် နေ့နေ့ ညည နားရသည်မရှိ။ လင်ယောကျ်ားကို အချိန်ပြည့်မကြည့်ရှုနိုင်။

"ဆရာကြီးရယ် တိုတိုပြောရရင် အစာငတ်၊ ရေငတ်နဲ့လုံးပါးပါးသွားတာ ပါ။ အကုသိုလ်တွေကလည်းအကျိုးပေး၊ ဂိုဏ်းဝင်တုန်းက ဆိုခဲ့တဲ့သစ္စာတွေက စူးနဲ့ ကျွဲလိုနွားလိုအော်ပြီးအတော်ကြာ ခံစားပြီးမှ အသက်ထွက်သွားတာပါဗျာ"

စာရေးသူက နားထောင်သမား။ မိတ်ဆွေဦးထွန်းငွေက စကားဆက် သည်။

"အကုသိုလ်ကံအကျိုးပေးလာပြီ ဆိုတော့ တော်တော်ကြောက်ဖို့ကောင်း တယ် ဆရာကြီးရေ။ ဦးမောင်အုန်းသေ တဲ့နေ့က ကျွန်တော်တို့ဌာနနဲ့နီးတဲ့သချိုင်း ကို စည်ပင်ကပိတ်သိမ်းတဲ့နေ့နဲ့တိုက်ဆိုင် နေပါရော။ နောက်ဖွင့်မယ့်သချိုင်းက လည်းမသတ်မှတ်ရသေးတော့ အလောင်း သဂြိုဟ်မယ့်နေရာ အခက်အခဲရှိနေတာ တော်တော်ဒုက္ခရောက်ကြတယ်။ မိုးက လည်းသဲသဲမဲမဲရွာနေတာ။ကျွန်တော်တို့ ဌာနရှေ့က ရိုးချောင်းကလည်း ရေတွေ အပြည့်စီးနေတာ အဲဒီရိုးချောင်းကို ကျော်မှ အလောင်းကမြှုပ်လို့ရမှာကိုး ဆရာကြီးရဲ့။ ဒါနဲ့ပဲ လူငယ်လေးတွေက ဦးမောင်အုန်းအလောင်းကို အိမ်မှာတင် သရဏဂုံတင်ပြီး ဖျာနဲ့လိပ်၊ ကြိုးအထပ် ထပ်တုတ်၊ ဝါးလုံးနဲ့ထမ်းပြီး ချောင်းရိုး လေးကို ခက်ခက်ခဲခဲကူးကြရတယ်။ ကံ ကမကောင်းချင်တော့ ရိုးအလယ်ရောက် မှ အလောင်းကဖျာလိပ်ထဲက လျှောကျ ပြီး ရေမျောသွားလို့မနည်းကိုကြိုးစားပြီး ဆယ်ရတာ ပြောတောင်မပြောချင်ပါ ဘူးဗျာ"

"အဲဒါကို သူတို့ဂိုဏ်းဆရာတွေက ပြောကြတာက ကတိသစ္စာပျက်ယွင်းလို့ ဒုက္ခရောက်တာ သစ္စာစူးတာလို့ပြောကြ တယ်"

"သူ့ဒုက္ခသူခံသွားရတာအကြောင်း မဟုတ်ပေမယ့် ကျန်ရစ်သူမိသားစုကို တော်တော်ဒုက္ခပေးသွားတာကလား"

ဦးထွန်းငွေမှာ စကားရှည်ရှည် ပြောလိုက်ရလို့ထင်ရဲ့ တော်တော်လေး မောသွားရှာသည်။

စာရေးသူမှ -

"အင်း - ကိုယ့်ကိုယ်ကိုယ်မနိုင်ဘဲ ဟိုဂိုဏ်းဝင်ဒီဂိုဏ်းဝင်နဲ့မထိန်းသိမ်းနိုင် လို့ ကျိုးပေါက်တုန်တော့ ဒုက္ခရောက်၊ သေချင်းဆိုးနဲ့သေရ၊ မိသားစုနဲ့ပတ်ဝန်း ကျင်ပါဒုက္ခရောက်ရတာပေါ့။အကောင်း ဆုံးကတော့ လုပ်သင့်တာကိုလုပ်၊ မလုပ်သင့်တာမလုပ်နဲ့၊ အသိနဲ့ဆင်ခြင်၊ ဒါအကောင်းဆုံးပဲ။ မရဲဘဲနဲ့ကျွဲပြမစီး ချင်ကြပါနဲ့ဗျာ"

စာရေးသူတို့စကားဝိုင်းသိမ်းလိုက် ကြသည်။

ဦးမောင်အုန်းကား 'မရဲဘဲနဲ့ ကျွဲပြ စီးချင်သူ' တည်း။

ဦးမောင်အုန်း ကောင်းရာသုဂတိ လားပါစေ။ ဖြစ်ရပ်မှန်အား အမည် နာမ၊ နေရာဌာနများ လွှဲပြောင်းရေးထား ပါသည်။

အောင်ငြိမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com

# မမေ့နိုင်သောခရီးတစ်ကြောင်း

နန္ဒာစိုး(ဆင်ဖြူကျွန်း)

(၁)

သူ့အမည်က ဘကြီးထူးဖြစ်သည်။ အသက်က (၉၀)သို့ကပ်ပြီ။ သို့သော် သီလ၏အကျိုးပေးကောင်းလိုက်ပုံက ယခုအသက်အရွယ်သို့ရောက်သည့်တိုင် ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေဆဲဖြစ်၏။ ဆံပင်တွေက ကွက်ကျားဖြူနေ၍ တစ်ခေါင်းလုံး အဖြူတစ်ဝက်၊အနက်တစ်ခြမ်းဖြစ်နေသည့်တိုင် သွားတွေကတော့ ခိုင်မာနေဆဲဖြစ်သည်။ သူ့ဝန်ခံချက်အရ အံသွားတစ်ချောင်းကျိုးသွားခဲ့သည်မှလွဲ၍ ကျန်သည့်သွားတွေကတော့ စားနိုင်ဝါးနိုင်နေဆဲ။ သူ့လျှာကလည်း ချိုချဉ်ဖန်ငန်စပ်ခါးအရသာမျိုးစုံကို ခံယူနိုင်ဆဲဟုသိရ၏။ ဟုတ်လည်းဟုတ်လောက်၏။ အကြောင်းမူ ဘကြီးထူးသည် ထမင်းစားတိုက်ပန်းကန်ပြားနှင့် အပြည့်အမောက် ထမင်းတစ်ပွဲလောက် တော့ဖြင့် မည်သည့်ဟင်းမျိုးနှင့်ဖြစ်စေ ပြိုက်ခနဲကုန်အောင်စားနိုင်နေသည်မှာ ကျွန်တော့်ကိုယ်တွေ့ဖြစ်သောကြောင့်ပင်။ သူနှစ်သက်တတ်သော ကြက်သား ကာလသားအရည်ချိုသောက်၊ အဖေ





www.burmeseclassic.com

…ဟင်းမျိုးနှင့် ငရုတ်သီးမီးဖုတ်ဆား…ဟင်းတစ်ခွက်လောက်ပါလျှင်မူ ကား…တ်ပန်းကန်ပြားနှင့် ထမင်းအပြည့် …မောက် နှစ်ပန်းကန်လောက်တော့ …သာတလေးဖြိုနိုင်သေးသည်မှာလည်း …နော်တော့်မျက်မြင်ဖြစ်သည်။ အသက် (…၀) ကျော်တမ်းမျှသာရှိသေးသော …နော်တော်သည် ဘကြီးထူး၏ခြေဖျားကို …မီအောင်မလိုက်နိုင်ချေ။ ကျွန်တော် …မည်သည့်ဟင်းမျိုးနှင့်စားသည်ရှိစေ …တ်ပန်းကန်ပြားတစ်ချပ်စာ (အပြည့် …ဖြစ်သည်။ အမောက်အလျှံမဟုတ်) …ထက်ပို၍မစားနိုင်။ ထမင်းစားပြီး၍ ရေ…နွေးကြမ်းတစ်ခွက် သို့မဟုတ် သောက်…အေးတစ်ခွက်မျှသောက်လိုက်ပြီးလျှင် ကိစ္စပြီးပြီ။ နောက်ထပ် အချိုတည်းသည့် အနေနှင့် ထန်းလျက်ကလေးတစ်ခဲထက် ပိုမစားနိုင်တော့။ ဘကြီးထူးကား ထမင်းစားပြီး ရေနွေးကြမ်းသောက်ပြီးနောက် တွင်ပင် ဖီးကြမ်းငှက်ပျောသီးခပ်ထွားထွားနှစ်လုံးလောက်ကို ထပ်မံအချိုတည်းနိုင်နေသေးသူပေတည်း။

ထို့ကြောင့်လည်း ဘကြီးထူးသည် သူ၏ ကျန်းမာရေးကိစ္စနှင့် ပတ်သက်လျှင် အမြဲတမ်းဂုဏ်ယူတတ်လေ့ရှိသလို ကျွန်တော်တို့လို နောက်ပေါက်လူငယ်လူရွယ်လူလတ်ပိုင်းများ၏ ကျန်းမာရေးကြံ့ခိုင်မှုအားနည်းခြင်းအပေါ် အမြဲပင် အားမလိုအားမရ ပြောတတ်လေ့ရှိ၏။ သို့ရာတွင် ထိုကိစ္စနှင့်ပတ်သက်လာလျှင် ဘကြီးထူးက လူတွေကို အပြစ်မပြောတတ်ဘဲ ခေတ်ကြီးကိုသာပုံချကာအပြစ်ပြောလေ့ရှိလေသည်။ ပြောလျှင်လည်း အဆဲကလေးမပါလျှင် မပြောတတ်သူဖြစ်၍ ကြားရသူတွေမှာ နားထောင်ရင်းပြုံးစိစိဖြစ်ကြရမြဲ။

"အင်း - လူ့သက်တမ်းတွေက လည်း တဖြည်းဖြည်းဆုတ်လာပြီကွ။ ဒါကြောင့်လည်း ဆရာတော်သမားတော်ကြီးတွေက ကလိယုဂ်ဆုတ်ကပ်ကာလကြီးလို့ မိန့်တော်မူကြတာပဲဖြစ်မယ်။ အခုနောက်ပေါက်လူများရဲ့သက်တမ်းက (၇၅) နှစ်လို့ဆိုတယ်။ ဘုရားသာသနာကလည်း သာသနာ (၂၅၀၀) ကျော်ခဲ့ပြီကိုး။ အဲဒါက လောကုတ္တရာအမြင်မို့ထားလိုက်ဦး။ လောကီအမြင်ရှုထောင့်ကကြည့်မယ်ဆိုရင်တော့ ငါက တစ်မျိုးတွေးမိမြင်မိတယ်ကွ"

"လုပ်စမ်းပါဦး ဘကြီးထူးရဲ့၊ ဘယ်



www.burmeseclassic.com



"ဟ-မင်းတို့စဉ်းစားကြည့်ကြလေကွာ ငါ့လခွေးတဲ့မှ။ မင်းတို့ခေတ်ကြီးက လောကဓာတ်ပညာက သိပ်တိုးတက်လာနေတာကလား။ တီဗွီဆိုတဲ့လေးထောင့်သေတ္တာပုံးကို ခလုတ်ဖွင့်ကြည့်ရုံနဲ့ အရုပ်ရောအသံပါ တစ်ပြိုင်နက်မြင်လာရလို့ တယ်ထူးဆန်းပါကလား။ စဉ်းစားလို့မပြီးသေးဘူး။ အခု မနေ့တစ်နေ့ကမှပေါ်လာတဲ့ လက်တစ်ဝါးလောက်မှန်ပြင်နဲ့ ဖုန်းအပြားလေးတွေရဲ့အစွမ်းကလည်း အံ့မခန်းပါကလား။ ဒါတွေထားလိုက်ဦး။ စိုက်ရေးပျိုးရေးဘက်မှာလည်း ပေါ်လာလိုက်တဲ့ ပိုးမွှားအနှောင့်အယှက်တွေက ရေတွက်မနိုင်ဘူး။ ဒီတော့ အဲဒီပိုးမွှားတွေနှိမ်နှင်းဖို့ ပိုးသတ်ဆေးတွေမျိုးစုံ တဖြောဖြောပက်ကြဖျန်းကြနဲ့ဆိုတော့ စားရသောက်ရတဲ့ အသီးအနှံအရွက်အဖူးဟူသမျှကလည်း အဆိပ်တွေစားနေကြရတာပဲ။ အဲဒီအကျိုးဆက်ကြောင့် ရောဂါဘယမျိုးစုံလည်း တစ်မျိုးပြီးတစ်မျိုးပေါ်လာပြီး နှိပ်စက်လို့ သက်တမ်းတွေတိုကုန်ကြတယ်လို့မြင်မိတာပဲ။ ငါက နောက်ပေါက်ကလေးတွေကိုသနားနေတာ။ ခမျာများမှာ အဆီအနှစ်ရှိရှိ အာဟာရပြည့်ပြည့်သဘာဝအစားအစာတွေကို မစားကြရရှာဘူး။ ဒါကြောင့်လည်း သက်တမ်းတွေတိုကုန်ကြတာလို့လေ"

ထိုအခါ ကျွန်တော်တို့ကလည်း ပြန်၍ကျီစယ်ကြပါသည်။

"ကျွန်တော်တို့ခေတ်ကလူတွေကလည်း ဘကြီးထူးတို့ရှေးလူတွေကို သနားနေကြတာပါပဲ ဘကြီးထူးရဲ့။ ဝေးဝေးမကြည့်ပါနဲ့၊ မင်းတုန်းမင်းကြီးကိုပဲကြည့်ပါ"

"အောင်မယ်ကွာ ဟိုက ရှင်ဘုရင်ကွ။ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ဆီဦးထောပတ်တွေစားသွားမှာပါ"

"သူ့ဟာသူ ဘာပဲစားစားလေ။ ဘကြီးထူးတို့ မင်းတုန်းမင်းကြီးဟာ အိုက်စကရင်နဲ့ ဟမ်ဘာဂါတို့ ဂျေဒိုးနတ်တို့တော့ စားမသွားရရှာဘူးမဟုတ်လား"

"ဒင်းအမေကလွှားတဲ့ - အိုက်စကရင်နဲ့ ဟမ်ဘာဂါတို့ဆိုတာတွေက တို့လယ်တွေကထွက်တဲ့ သဘာဝအတိုင်း ငချိပ်ကောက်ညှင်းပေါင်းပူပူလောက်မှ အာဟာရရှိလို့လားကွာ။ ငချိပ်ပေါင်းပူပူ၊ နှမ်းထောင်းနဲ့၊ စားတော်ပဲပြုတ်အိအိကလေးနဲ့ နှမ်းဆီမွှေးမွှေးကလေးရွှဲနေလုံးလေးအဆုပ်လိုက်ရအောင်ဆုပ်ဆုပ်ပြီးလွေးရတာထက်များကောင်းနေသေးလို့လား။ ငါကဖြင့်မထင်ပေါင်၊ မင်းတို့ပြောတဲ့ဟမ်ဘာဂါဆိုတာ"

ဘကြီးထူး၏ အပြောကြောင့် ကျွန်တော်တို့ပင် နှာခေါင်းထဲ၌ ငချိပ်ပေါင်းအနံ့ကလေးရလာကာ သွားရည်ယိုလာမိလေသည်။ ကောက်ညှင်းပေါင်းနှင့် နှမ်းထောင်း၊ စားတော်ပဲပြုတ်နှင့် နှမ်းဆီမွှေးမွှေးတို့မှာ ကျွန်တော်တို့မြန်မာလူမျိုးအများစု၏ဆောင်းရာသီအကြိုက်ညီကြသည့် နံနက်စောစာအာဟာရမဟုတ်လား။ လူ(၁၀၀)မှာ (၈၀)ကျော်လောက်ကြိုက်နှစ်သက်ကြတာဆိုတော့ ဆက်၍မငြင်းတော့ဘဲ -

"ဟုတ်ပါပြီ ဘကြီးထူးရယ်၊ ငချိပ်ပေါင်းက ဟမ်ဘာဂါတို့ အိုက်စကရင်တို့ထက်ပိုကောင်းကြောင်းပါခင်ဗျာ"

ဟုပဲ ရယ်ရယ်မောမော ဝန်ခံကာ အလျှော့ပေးလိုက်ကြရလေသည်။

ဘကြီးထူးသည် စလင်းမြို့နယ်၊ စလင်းချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာအများထဲမှ ဂုံညင်းနွယ်ဆိုသောရွာကလေးမှဖြစ်ပါသည်။ ထိုချောင်းရိုးတွင် ဂုံညင်းနွယ်ဆိုသောအမည်နှင့် ရွာမှာ တစ်ရွာတည်းသာရှိသော်လည်း မြန်မာပြည်အရပ်ရပ်တွင်တော့ အမည်တူရွာတွေရှိနေပေဦးမည်။ ကျွန်တော် အမှတ်မမှားဘူးဆိုလျှင် မြန်မာပြည်အထက်ပိုင်း၏မီးရထားလမ်းဆုံမြို့ကြီးတစ်မြို့ဖြစ်သော သာစည်မြို့နယ်ထဲတွင်လည်း ထိုအမည်နှင့်ကျေးရွာရှိ၏။ ထိုသာစည်မြို့နယ်အတွင်းရှိဂုံညင်းနွယ်ရွာသည်ကား နယ်ချဲ့အင်္ဂလိပ်တို့ကိုပြောင်မြောက်စွာတော်လှန်ခဲ့သော သူရဲကောင်းဗိုလ်စံဖဲ၏ဇာတိရွာတည်း။ မြန်မာတို့အဖို့ သူရဲကောင်းဟုဆိုရမည်ဖြစ်သော်လည်း နယ်ချဲ့အင်္ဂလိပ်အစိုးရကမူ တောပုန်းကြီးဗိုလ်စံဖဲဟု နှိမ့်ချ၍ခေါ်ဝေါ်ခဲ့ကြလေသည်။ ဒါလည်း အဆန်းတော့မဟုတ်ပါ။ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ မျိုးချစ်တောင်သူလယ်သမားခေါင်းဆောင်ကြီး ဂဠုန်ဆရာစံကိုလည်း ဂဠုန်သူပုန်ဆရာစံဟု နှိမ့်ချ၍နာမည်ဖျက်ခဲ့ကြသည်မဟုတ်ပါလား။

ဘကြီးထူးမှာမူ အထက်ကဖော်ပြခဲ့သည့် ကျွန်တော်တို့မြို့နယ်အတွင်းရှိ စလင်းချောင်းရိုးက ဂုံညင်းနွယ်ရွာသားဖြစ်သည်။ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တို့ကိုသိမီလိုက်၍ ကျွဲညီနောင်ခေါ်ပုံးကြီးဒဏ်များကို ကိုယ်တွေ့ကြုံခဲ့ဖူးသူ ဖြစ်၏။ သူတို့ငယ်ရွယ်စဉ် ပညာသင်ဘဝက အားကိုးအားထားပြုကြရသော ပညာရေးစနစ်မှာ ဘုန်းတော်ကြီးကျောင်းသင်ပညာရေးစနစ်သာ ဖြစ်၏။ ထိုစဉ်ကာလတုန်းက စလင်းချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် နာမည်အထွက်ဆုံး တစ်နည်းအားဖြင့် အစွာဆုံးဘုန်းတော်ကြီးကျောင်းမှာ စွယ်တည်ရွာကျောင်း ဖြစ်သည်။ စွယ်တည်ကျောင်းထွက်ဆိုလျှင် ချောင်းနားတန်းတစ်လျှောက်ကျေးရွာများက ပရိသတ်က ခေသူမဟုတ်ဟု အသတ်မှတ်ခံ အသိအမှတ်ပြုပေးကြသည်ချည်း ဖြစ်၏။ ဘကြီးထူးသည် ထိုစွယ်တည်ရွာကျောင်းထွက်ကျောင်းသား ဖြစ်၏။

ဆရာတော်သည် သူ၏ကျောင်းသားများ၊ ကိုရင်၊ ရှင်သာမဏေများကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်အစရှိသော လောကုတ္တရာစာပေများကို ကြောင်းကြောင်းပြေးအောင်သင်ကြားပေးနိုင်သကဲ့သို့ တစ်ပြိုင်နက်တည်းတွင်လည်း အင်း၊ အိုင်၊ လက်ဖွဲ့၊ ခါးလှည့်ဗေဒင်၊ တိုင်းရင်းဆေးဝါးဖော်စပ်ပုံကုသပုံ အစရှိသောလောကီနှင့်စပ်လျဉ်းသော ပညာရပ်များကိုလည်း ကျောင်းသား၏ ဝါသနာစရိုက်ကို ကြည့်ရှုအကဲဖြတ်၍ ကျွမ်းကျင်စွာ သင်ကြားပေးနိုင်သူဖြစ်၏။ ကျောင်းသားများ၊ ရှင်သာမဏေငယ်များကိုမဆိုထားနှင့်။ ထိုကျောင်းသား၊ ရှင်သာမဏေများကို လာရောက် အပ်နှံကြသည့် ကျောင်းသားမိဘတပည့်ဒကာအများကပင် ဆရာတော်၏ပညာဂုဏ်ရှိန်ကြောင့် ပြားပြားဝပ်မျှလေးစားခဲ့ညားကြရသောဆရာတော်ကြီးဖြစ်၍ စာသင်သားဟူသမျှတို့မှာ မကြိုးစားဘဲမနေဝံ့။ သူထက်ငါ အပြိုင်ကြိုးစားကြရသည်ဖြစ်ရာ ဆရာတော်ကြီး၏ကျောင်းထွက်မှန်သမျှမှာ ပညာရဲရင့်ပွဲလယ်တင့်ဆိုသကဲ့သို့ မိမိရပ်ရွာသို့ပြန်လာကြလျှင် ရွာအပြန်မျက်နှာပန်းလှကြသူများချည်း ဖြစ်ကြလေသည်။

ဘကြီးထူးသည်လည်း ထိုကျောင်းထွက်ပီပီ ကြီးကောင်ဝင်အရွယ်ရောက်၍ မိမိကျေးရွာသို့ ပြန်လာသောအခါ နေရာဌာနတိုင်း၌ ထိပ်ဆုံးတန်းမှပါဝင်ခွင့်ရခဲ့သူပင်ဖြစ်သည်။ သဒ္ဒါ၊ သင်္ဂြိုဟ်ပါဠိစာပေများကို ရဟန်း (ဦးပဉ္စင်း) များ



www.burmeseclassic.com

www.burmeseclassic.com

…သို့ပင် ကျွမ်းကျင်တတ်မြောက်၏။ …တစ်ပါးစာဖြစ်သော အင်္ဂလိပ်၊ ဂျပန် …ကို သင်ယူခွင့်မရ၍ မတတ်မြောက် …လည်း မြန်မာမှုနှင့်ပတ်သက်လာ …မူ ပေမီဒေါက်မီတတ်မြောက်ခဲ့ကြ …ဟုဆိုရမည်ပင်ဖြစ်သည်။ မင်္ဂလာ …အလှူပွဲများအတွက် နေ့ကောင်းရက် …ရွေးချယ်ခြင်းမှအစ အိမ်ရာတည် …ရာတွင် မြေခံပန္နက်ချ ဥရှုတိုင် …အဆုံး ဒက်ခနဲဒက်ခနဲ တွက်ချက် …ရှာပေးနိုင်သူများ ဖြစ်ကြသည်။ …နီတိတို့၊ ပရိတ်ကြီး (၁၁) သုတ် …ဟောန်းဒေသနာတော် ၂၄-ပစ္စည်း …ကြောင်းကြောင်းပြေးအာဂုံဆောင် …ကြသူများပီပီ ၎င်းတို့ ဥပုသ်ဇရပ်၌ …ခမ္မနှင့်ဆက်စပ်သောအကြောင်း …ငြင်းခုံဆွေးနွေးကြပြီဆိုလျှင် သူတို့ … အသက်ထက်ဝက်မျှ ငယ်သေး …နောက်ပေါက်ကျောင်းထိုင်ဆရာ …ဦးပဉ္စင်းကလေးများမှာ လေးစား …ထောင်မှတ်သား ပညာယူကြရ …သည်။ ဆိုရလျှင် ယခုခေတ်အနေ … ယခုခေတ်မျက်စိဖြင့်ကြည့်လျှင် …လောကုတ္တရာနှစ်ဖြာနှံ့စပ်သော …မြန်မာအဘိုးကြီးများဟုတံဆိပ်ကပ် …ည့်အထဲတွင် ဘကြီးထူးသည် … တစ်ဦးအပါအဝင်ဟု ဆိုထိုက်ပေ …

ကျောင်းထိုင်ဆရာတော်ဦးပဉ္စင်း …များဟု ဆိုလိုက်ရခြင်းမှာ …တော်တို့နယ်တစ်ရိုးရှိ ရွာတိုင်း …တိုင်းတွင် ကျောင်းထိုင်ပုဂ္ဂိုလ် …တော်ရှားပါးနေဆဲဖြစ်၍ ကျေးရွာ …ကိုယ့်ရွာမှထွက်သည့် အသက် …ယ် ဦးပဉ္စင်းကလေးများကိုပင် ပြန် …ကာ ကျောင်းထိုင်အဖြစ် …နေကြရသေးသောကြောင့် ဖြစ် …သည်။

ထိုဘကြီးထူးသည် ကျွန်တော်၏ … (အဘိုး) ဖြစ်သူ ဦးဖိုးအောင်နှင့် …ကျောင်းနေဖက် တစ်ရွာတည်းသား …။ နှစ်ဦးလုံးလည်း စွယ်တည်ရွာ …ကျောင်းထွက်များဖြစ်ကြ၏။ ညီအစ်ကို …များပမာ ငယ်ပေါင်းသူငယ်ချင်း …လည်းဖြစ်ကြသည်ဆို၏။ စွယ်တည် …ဆရာတော်ထံ၌ ပညာသင်ကြား … ကြီးရင့်ကောင်ငင်လူပျိုပေါက် …များသို့ရောက်တော့မှ ရဟန်း …သို့မဝင်နိုင်ကြ၍ ကိုယ့်ရွာကိုယ် …ကြကာ မိရိုးဖလာ တောင်သူ လယ်လုပ် ဓားမခုတ်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများဖြစ်ကြသည်။ ကိုယ့်ရွာသူတွေနှင့်ကိုယ်ပင်အိမ်ထောင်ပြုကြကာ ကျေးရွာအကျိုးတတ်နိုင်သမျှ သယ်ပိုးဆောင်ရွက်ခဲ့ကြသည်။

ကျွန်တော်၏အဘဖြစ်သူ(အဘိုး) ဦးဖိုးအောင်မှာမူ သူ၏အတိတ်ရေးကံ အကြောင်းအရ အသက်မရှည်ခဲ့ပေ။ အသက်(၄၀)ကျော်ဘဝမှာပင် စောစောစီးစီး ကွယ်လွန်ကာ ဘဝနိဂုံးချုပ်သွားခဲ့ရသည်။ ထိုအချိန်တွင် ကျွန်တော်၏ ဖခင်မှာ အိမ်ထောင်ကျနေပြီဖြစ်သည့်တိုင် ကျွန်တော်တို့ကို မမွေးဖွားခဲ့သေး။ ကျွန်တော်၏ဖခင်မိခင်တို့သည် လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းစစ်ကြီး စတင်လာကာ ကျေးရွာများ၌ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ကြ၍ အနေကျပ်အသေကျပ်ရှာရဖွေရခက် စားရသောက်ရခက် မငြိမ်းချမ်းတော့သဖြင့် ဇာတိကျေးရွာကိုစွန့်ကာ ဆင်ဖြူကျွန်းသို့ ပြောင်းရွှေ့အခြေချခဲ့ကြ၏။ ဆင်ဖြူကျွန်းသည် ထိုစဉ်က မြို့အဆင့်မဟုတ်သေးသော မြန်မာ့ကျေးလက်အခေါ် ရပ်ကြီး (ယခုနောက်ပိုင်း ဒိုင်နယ် (သို့) တိုက်နယ်) အဆင့်သာရှိသေး၏။ သို့သော် ရဲစခန်း၊ အမျိုးသားကျောင်း၊ စည်ပင်သာယာဈေး၊ ရုပ်ရှင်ရုံ၊ စာတိုက်စသည့်ဌာနများနှင့် အဆောက်အအုံများရှိနေပြီဖြစ်၏။ ဧရာဝတီမြစ်ကမ်းနံဘေး သင်္ဘောဆိပ်လည်းရှိနေပြီ။ မြေသားလမ်းကြမ်းမျှသာဖြစ်သော်လည်း မော်တော်ကားလမ်းအနေဖြင့် ဆိပ်ဖြူမြို့ (ရေနံမြေမြို့တော် ချောက်မြို့တစ်ဖက်ကမ်း)၊ မင်းဘူးမြို့ (ခရိုင်မြို့တော်) တို့နှင့် ဆက်သွယ်သွားလာနိုင်သောလမ်းရှိနေပြီဖြစ်သည်။ မင်းဘူး၏တစ်ဖက်ကမ်းကား တိုင်းမြို့တော်မကွေးမြို့ပင်။

မြို့၏အရှေ့ဘက်မျက်နှာစာတွင် နှစ်စဉ် ဧရာဝတီမြစ်ကြီးမှပို့ချသောမြေနုကျွန်းမြေများ၊ မြို့၏အနောက်ဘက်ကပ်လျက်တွင် စလင်းချောင်းပြင်ကျယ်ကြီးမှပို့ချသော သဲနုန်းမြေနုကျွန်းမြေများ ဝန်းရံနေသဖြင့် မုန်လာ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့်မြေပဲ အခြားရာသီအလိုက် ဟင်းလျာစိုက်ပျိုးသီးနှံများ လှိုင်လှိုင်ကြီး စိုက်ပျိုးထွက်ရှိသည်။ အခြားမြို့များသို့ ထိုထွက်ကုန်သီးနှံများ တင်ပို့နိုင်ရန် သင်္ဘော၊ မော်တော်များ၊ အညာဆန်လှေကြီးများဖြင့်စည်ပင်သော ဧရာဝတီမြစ်ဆိပ်ကမ်းရှိသည်။ ‘စာပို့ကား’ဟုခေါ်သော စစ်ပြီးခေတ် ချက်ဗလက်ခေါင်းတိုကုန်ကားများဖြင့် ဆိပ်ဖြူမှတစ်ဆင့် ချောက်မြို့သို့၊ မင်းဘူးမှတစ်ဆင့် တိုင်းမြို့တော် မကွေးမြို့များသို့ တင်ပို့နိုင်သဖြင့် စီးပွားရေးတွင် ချောင်လည်ပတ်လည်လုပ်ရှားနိုင်ဖွံ့ဖြိုးနိုင်သောဒေသဖြစ်၏။ ဖခင်၊ မိခင်တို့သည် စလင်းချောင်းရိုးတစ်လျှောက်ရှိ လယ်ယာစိုက်ပျိုးအသက်မွေးသောတောသူတောင်သားဘဝမှသည် နယ်မြေမငြိမ်းချမ်းမှုကြောင့် ‘ရပ်ကြီး’ဖြစ်သော ဆင်ဖြူကျွန်းသို့ ပြောင်းရွှေ့အခြေချခဲ့ကြသဖြင့် ကျွန်တော့်အား ၁၉၆၀ ပြည့်နှစ်ကျော်ကာမှ မွေးဖွားလာခဲ့ကြပေသည်။ ထို့ကြောင့် ကျွန်တော့်မှာ ဆင်ဖြူကျွန်း ချက်မြှုပ်ဇာတိသားတစ်ဦးဖြစ်လာခဲ့ရလေသည်။

သို့ရာတွင် ဘကြီးထူးသည် ကျွန်တော်လူမှန်းသိတတ်စ လေး၊ ငါးခြောက်နှစ်သားအရွယ်ကတည်းကပင် စတင်ရင်းနှီးခဲ့ရသောသူဖြစ်ခဲ့လေသည်။ အကြောင်းမှု ၎င်းသည် နဂိုကတည်းက ဒေါင်ဒေါင်မြည်ကျန်းမာရေးကောင်းသူဖြစ်သည့်အတိုင်း ဆင်ဖြူကျွန်းဈေးသို့ နှစ်လတစ်ကြိမ်လောက် ဈေးဝယ်ဆင်းဆင်းလာတတ်သောကြောင့် ဖြစ်သည်။ မြေပဲ၊ကြက်သွန်ကဲ့သို့သော စိုက်သီးစိုက်နှံများပေါ်ချိန်တွင်လည်း ဆင်ဖြူကျွန်းမှ ပွဲရုံများသို့ရောင်းချရန် ကိုယ့်နွားလှည်းနှင့်ကိုယ်မောင်း၍ဆင်းချလာလေ့ရှိ၏။ အထက်ချောင်းနားတန်းဟုခေါ်သော သရက်တော၊ ဝါးရုံစု၊ လယ်သာ၊ ခေါင်းကူး၊ ကုန်းကြား၊ ဂုံညင်းနွယ်၊ ကံကုန်းလေးကန်ချောက်၊ပိတောက်(ပြတောက်)၊ ကျွန်းတဲ၊မြောင်းသစ်စသော စလင်းချောင်းရိုးရှိရွာများမှ ဆင်ဖြူကျွန်းသို့လာရသည်မှာ ယခုခေတ်နှယ် လွယ်ကူသည်မဟုတ်။ သယ်ယူပို့ဆောင်ရေးယာဉ်ဟူ၍ နွားလှည်းသာရှိ၏။ ထိုရွာများမှဆင်းလာလျှင် ဆင်ဖြူကျွန်းရောက်ဖို့ ကြားထဲကကျေးရွာများစွာကို ဖြတ်သန်း၍ နွားလှည်းကို ထစ်ညလုံးတအိအိမောင်းနှင်လာကြရ၏။ လျှိုမြောင်ချပ်ကြားများ၊ တောင်ကုန်းတောင်တန်းများ၊ မိုးရာသီတွင် ဝါးလုံးထိုးစီးဆင်းကာ အန္တရာယ်ပေးနိုင်သည့် တောင်ကျချောင်းများကို ဖြတ်သန်း၍ တတ်သီးကတ်သတ် ဖောက်လုပ်ထားသော စစ်အတွင်းကလည်းလမ်းကြောင်းတစ်ကြောင်းသာရှိ၏။ ထိုလမ်းကြောင်းအတိုင်း နွားလှည်း ငါးစီး၊ခြောက်စီးအနည်းဆုံး အင်အားစု

www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ (ကြိုတင်ရက်ချိန်းညှိနှိုင်းပြီးမှ) တစုတဝေးမောင်းလာကြရခြင်းမျိုးဖြစ်သည်။

တစ်စီးနှစ်စီးတည်းလူစွမ်းကောင်းလုပ်၍ ရွာမှထွက်မလာဝံ့။ အကြောင်းမူဖြတ်သန်းရသော တောတောင်လမ်းခရီး၌ တောမီးလောင် တောကြောင်လက်ခမောင်းခတ်သော လက်နက်ကိုင်တိုအဖွဲ့ သည်းအဖွဲ့ အန္တရာယ်ကိုကြောက်ရသည်သာမက သဘာဝအတိုင်းတောရိပ်ခိုကျင်လည်ကြသော တိရစ္ဆာန်များ၏ရန်ကိုလည်းလန့်ကြရသေးသည်။ ယုန်၊ သမင်၊ ချေ (ဂျီ)၊ ဒရယ်တို့လောက်ဆို အကြောင်းမဟုတ်။ ရွာသားခရီးသွားလှည်းသမားအဖွဲ့ ညီညွတ်လျှင် လှည်းကြမ်းခင်းမှာထိုးလာခဲ့သော ဓား၊ လှံလက်နက်တို့အစွမ်းဖြင့် ဟင်းစားပင်ရတတ်သေးသည်ဆိုသော်လည်း ကြောက်မက်ဖွယ်ညီညာသည့် ခွေးအအုပ်များ၊ တောဝက်အုပ်များနှင့် ရင်ဆိုင်တိုးရလျှင် ဒုက္ခရောက်တတ်သောကြောင့်တည်း။ အဆိုးဆုံးသတ္တဝါကား ကျားပင်ဖြစ်၏။

တိုင်းပြည်လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးအဖွဲ့များကွဲပြားကြကာ ပြည်တွင်းစစ်ကြီးစတင်ချိန် ၁၉၅၀ပြည့်နှစ်ဝန်းကျင် (ယခုကာလမှတွက်သော် လွန်ခဲ့သောနှစ်ပေါင်း (၆၅) နှစ်ခန့်) က အပြိုင်းအရိုင်းရှိနေခဲ့သော သဘာဝတောအုပ်ကြီးများမှာ စိမ်းညို့ရီမှိုင်းထူထပ်လျက် ကျားသတ္တဝါများပင်ခိုအောင်းခဲ့ကြသည်ဟု သက်ကြီးစကား သက်ငယ်ကြားမှတ်သားခဲ့ရပါသည်။

ထိုအကြောင်းကို ပြန်၍ဖောက်သည်ချခဲ့သူမှာလည်း ဘကြီးထူးပင်ဖြစ်၏။ တစ်ခါက ဆောင်းရာသီကြီးတွင် ဆောင်းမြေပဲများပေါ်သဖြင့် ရွာကမြေပဲတောင်သူချင်းရက်ညှိနှိုင်းကာ ရောင်းချရန် ဆင်ဖြူကျွန်းကိုဆင်းခဲ့ကြသည်ဟူ၏။ နွားလှည်းက(၅)စီးသာပါသည်။ စက်နာရီအားဖြင့် ညနေ (၃) နာရီသာသာတွင် မြေပဲအိတ်များ၊ လမ်း၌ချက်ပြုတ်စားသောက်ရန် စားအိုးခွက်များထည့်ထားသည့် (ဒေသအခေါ် ထမင်းဦးတောင်းဟုခေါ်သည်။ လှည်းဦးရှိလှည်းဦးကွေးအကြားတွင် နေရာချထားပေးရသောထုံးစံရှိ၍ဖြစ်သည်။) ထမင်းဦးတောင်း၊ လမ်းညအိပ်လျှင်ခြုံရန် ခြုံစောင်များနှင့် အပိုလဲလှယ်ရန် အဝတ်ကြမ်း (တစ်စုံထက်မပို) စသဖြင့် ပြည့်စုံအောင် တင်ဆောင်၍ ရွာမှထွက်ခဲ့ကြသည်။

ဤသို့ဖြင့် လှည်း (၅)စီး တအိအိမောင်းနှင်လာခဲ့ကြရာ ကြားမှာရှိသော ဘိုးတော်စမ်းရွာကိုဖြတ်သည်။ ထိုရွာမှာအတော်ထူးဆန်း၏။ တစ်ရွာလုံးဘယ်ကိုမှရေထွက်ခပ်စရာမလိုချေ။ သောက်ရေ၊ သုံးရေအဖြစ် ရေချိုများသည် ရွာပတ်လည်နှင့် ရွာအတွင်း သဲချောင်းများပါမကျန် (ပူပေ့ဆိုသောနွေရာသီဖြစ်စေ) စိမ့်စမ်းအဖြစ်တစိမ့်စိမ့်ထွက်ရှိနေသောကြောင့်ဖြစ်သည်။ ရွာသူရွာသားများမှာ ထိုစိမ့်စမ်းရေများကို ခပ်ယူသုံးစွဲနေကြရုံပင်။ ထို့ကြောင့် ထိုရေချိုများမှာ သူတို့ကျေးရွာကို ပိုင်ဆိုင်သော အထက်ဘိုးတော်တစ်ပါးမှ ပေးသနားထားခြင်းဖြစ်သည်ဟု ခေတ်ဆက်ဆက်ယုံကြည်ကြလေသည်။ ၂၀၁၆ ခုနှစ်အထိလည်း ထိုဘိုးတော်စမ်းသည် ရေချိုတွေအလျှံပယ်ထွက်ရှိနေဆဲဖြစ်သည်။ မယုံသူများကိုယ်တိုင်လာရောက်ကြည့်ရှုနိုင်ပေသည်။

ဘိုးတော်စမ်းရွာကိုလွန်လေသော် နောက်ထပ် ကံရွာဆိုသောရွာကိုဖြတ်ရ၏။ ကံရွာပြီးလျှင် နောက်ထပ်ဖြတ်သန်းရမည့်ရွာမှာ ရှန်းပင်ကန်ရွာဖြစ်သည်။ သို့ရာတွင် ကံရွာနှင့်ရှန်းပင်ကန်ရွာသည် များစွာကွာဝေး၏။ ကြားထဲ၌ မည်သည့်ရွာမှမရှိ။ တောင်ကျသဲချောင်းများ (မိုးရွာ၍ ရေကျလာလျှင် နွားလှည်းနောက်ထား၊ မြင်းစီးလုလင်ပင်ဖြတ်ပြေး၍မလွတ်။ ဘာရမန်းကြမ်းတိုက်ချသွား၍ တလိမ့်ခေါက်ကွေးမျောပါသွားရသော တောင်ကျချောင်းမျိုးများ ဖြစ်သည်။ အကျယ်က (၁၅)တောင်ထက်မပိုသော်လည်း ရေအနက်ကလူကြီးရင်စို့လောက်ရှိ၏။ ရေကျလာလျှင် တဝေါဝေါလိမ့်ဆင်းလာသံကို (၁၀)မိနစ်ခန့်က ကြိုတင်ကြားရလေ့ရှိ၏။ ထိုသို့ကြားရလျှင် ကမ်းနံဘေးက အသာထိုင်မှစောင့်နေကာ တောင်ကျရေကုန်သွားမှ ဖြတ်ကူးခြင်းသည် အန္တရာယ်အကင်းဆုံး ဖြစ်၏။) ညို့မှိုင်းရီမှောင်နေသော သစ်တောဝါးတောကြီးများနှင့် ထိုအကြားတွင် အထူးနာမည်ကျော်သော နလင်ခုံလျှိုမြောင်ကြီးကကြားခံနေ၏။

နလင်ခုံ ဟူသည်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက်လေးဖက်လေးတန်စလုံး ဝက်ပါသဖွယ်သွယ်တန်း၍ ပတ်ပတ်လည်တည်ရှိနေသည်။ မြေနီကျောက်စရစ်တောင်တန်းကြီး ဖြစ်၏။ လှည်းလမ်းက ထိုတောင်ကြောအတိုင်းကွေ့ကာပတ်ကာဖောက်လုပ်ထား၏။

တစ်နေရာတွင်တော့ လျှိုမြောင်ချောက်ကြားကြီးတွေ့ရမည်ဖြစ်၏။ ထိုချောက်ကြားအတိုင်း တောင်ထိပ်မှသည် နွားလှည်းကို ဝါးလုံးထိုးတစ်ရှိန်ထိုးမောင်းဆင်းရမည်ဖြစ်သည်။ လမ်းက အဖြောင့်မဟုတ်။ တစ်ဆစ်ကွေ့၊ နှစ်ဆစ်ကွေ့တွေ့ပါသေးသည်။ လှည်းအမောင်းသင်ခါစလူငယ်များ မမောင်းဝံ့။ ကိုယ့်နွားများ၏အတိုင်းအလှည့်အထာကို ကောင်းစွာကျွမ်းကျင်ပြီးသောဝါရင့်များမှမောင်း၍ဆင်းဝံ့သည်။ လှည်းဦးမှာ မတ်တတ်ရပ်ပြီး နကန်ကြိုး (နဖားကြိုးနှင့်ဆက်သွယ်ထားသည့်နွားကိုထိန်းရန်ကြိုးတစ်စုံ)တွေ ခြေကန်ဆွဲကာ လှည်းနှင့်အတူ ထိုချောက်ကြီးထဲသို့လိုက်ပါသွားရလေတော့၏။

ချောက်ကသိပ်မနက်ပါ။ ထန်းပင်နှစ်ပြန်စာ (ခန့်မှန်း ပေ (၁၀၀) အထက်) လောက်တော့ အေးအေးပဲရှိသည်။ ထိုချောက်ကြားထဲကအောက်ခြေသို့ရောက်လျှင် နေ့ခင်းကြောင်တောင်ဖြစ်စေကာမူ ထိုအောက်မှာ မှိုင်းချုပ်လုလုအချိန်ကဲ့သို့ မှောင်ကျသွားလေတော့သည်။ ဤတွင် ချောက်ထဲသို့ရောက်ပြီး လှည်းဆရာတနောက်လှည်းတွေ အရှိန်နှင့်ဆင်းလာလျှင် သူ့လှည်းကိုဝင်မဆောင့်ရန် အတော်ခပ်ဝေးဝေးလွတ်လောက်ရာအထိမောင်းသွားရသေး၏။ သူ့ဘက်က ထိုသို့သောပြဖွယ်၊ ရှောင်ရှားဖွယ်ကိစ္စများကိုပြုမူပြီး ရှောင်ရှားပြီးပါမှ ချောက်အဆင်းလမ်း လျှိုမြောင်အောက်အဝသို့ ပြန်လာကာ 'နောက်တစ်စီးဆင်းခဲ့လို့ရပြီဟေ့' ဟုအော်ပြောရ၏။ မည်သည့်အသံမျှ စက်မျှမထွက်ချေ။ လျှိုမြောင်အတွင်း ဟိုဘက်ဒီဘက်တောင်နံရံများကို ရိုက်ခတ်ဟိန်းထွက်လာသည့်ပဲ့တင်သံကို တောင်ပေါ်လှည်းလမ်းထိပ်က ကျယ်လောင်စွာကြားရသောကြောင့်ဖြစ်၏။ အဲသည်တော့မှ အပေါ်မှနောက်တစ်စီးကလည်း 'ဆင်းပြီဟေ့' ဟု အသံပြန်ပေးကာ တဝုန်းဝုန်းမောင်းချပြီး ဖောက်ထိုးဆင်းသွားရ၏။

ထိုလျှိုမြောင်ကိုတက်သောအခါတွင်လည်း ထိုသို့ပင် တစ်စီးချင်းတောင်ထိပ်အပေါ်လမ်းရောက်သည်အထိ ဝိုင်းတွန်းတင်ပြီး တက်ကြရလေသည်။ ယခုအခါ ထိုလမ်းကို အသုံးမပြုကြတော့ဘဲ အသစ်ဖောက်လုပ်သောကားလမ်းများဖြင့် ဆက်သွယ်သွားလာနေကြသည်ဖြစ်သော်လည်း ဖော်ပြပါလျှိုမြောင်လမ်းသည် ယနေ့ထိရှိနေဆဲ။ ကျွန်တော်သည် ထိုလျှိုမြောင်ချောက်ကြား

www.burmeseclassic.com

တို အကြိမ်ပေါင်းများစွာ အထိတ် အလန့်လန့် လှည်းရုံတိုင်ကိုစုံကိုင်၊ စိစုံမှိတ်၍ လှည်းပေါ် ထိုင်ကာစီး ခဲ့ဖူးလေသည်။ ယခုခေတ်ကလေး များ သည်းထိတ်ရင်ဖိုစီးကြသော တိုစတော့စီးရသလို အသည်းတ အေးအရသာမျိုးနှင့်တူလိမ့်မည်ဟု မှန်းမိပေသည်။

ဘကြီးထူးတို့အဖွဲ့၏အကြောင်း ဆက်ပါမည်။ ဘကြီးထူးတို့လှည်း (၅) စီးအဖွဲ့သည် နလင်ခုံလျှိုမြောင်၏ တစ်ဖက်ထိပ်တောင်ကြောတွင် အိပ်ရပ်နားကြရန် ရည်ရွယ်ခဲ့ကြ လည်း လှည်းတစ်စီးမှာ အရေးထဲ ဝင်ရိုးကျိုးသွားလေသည်။ ကျိုး နေရာက ထိုနလင်ခုံလျှိုမြောင် ကြီးထဲတွင်ဖြစ်၏။ သာမန်အချိန် မိုးမချုပ်သေး။ သို့သော် လျှို ကြားကြီးထဲမှာတော့ တောရိပ် ရိပ်နှစ်ဖက်ညှပ်မိုးထားသဖြင့် လုလုဖြစ်နေပြီ။

လှည်းဝင်ရိုးကျိုးတာက သိပ်မှု စရာမဟုတ်။ လျှိုအကြားထဲမှာ ချင်တိုင်းပေါ်နေသည့် ယောကျ်ား ပေါင်တစ်လုံးစာထွာဆိုင်မျှရှိသော ကြင်းပင်ပျိုတွေက အော်တိုက်ရှိ၏။ - ပျက်တဲ့ကိစ္စအရင်ပြင်ကြတာ ဟု ဆုံးဖြတ်ကြကာ ဖြောင့်စင်း အင်ကြင်းပင်ပျိုပေါက်တစ်ပင်ကို လှဲ၏။ အခွံသင်၍ ဓားရွေအကြမ်း ၏။ သည်အလုပ်တွေက လူတိုင်း ကျင်ပြီးဖြစ်၍ နာရီပိုင်းအတွင်းမှာ လှည်းဝင်ရိုးအသစ်ကို ပြန်လည်တပ် နိုင်လိုက်ကြ၏။ စရွေးဖောက်သူ ၊ သပ်ရိုက်သူရိုက်နှင့် ဝင်ရိုးအသစ် ချွယ်ခြင်းအလုပ်ပြီးသွား၏။ ပြဿနာ ထိုအလုပ်များပြီးချိန်တွင် ချောက် ထဲမှာ အလင်းရောင်မရှိ၊ မှောင် ဖြစ်နေပြီ။

သည်လို မှောင်ကန်းကန်းထဲမှာ တစ်စီးချင်းကို လျှိုထိပ်ရောက် ဝိုင်းတွန်းတင်ကြဖို့ကိစ္စမှာမဖြစ် လေရကား ဘကြီးထူးတို့အဖွဲ့သည် လျှိုကြီးထဲမှာပင် ညအိပ်စခန်းချကြရ လာတော့၏။ မတတ်နိုင်။ ထို့ကြောင့် များလှသောထင်းခြောက်များ၊ ထင်း ရှာဖွေစုပုံကာ လှည်း (၅) စီး လယ် (လှည်းဝိုင်းအလယ်) တွင် မီးပုံ ကြ၏။ လှည်းကိုယ်စီ၏ထိပ်ပိုင်း ပါလာသော ထမင်းဦးတောင်းများ ကိုချကြကာ ထုပ်ယူလာခဲ့သည့် ထမင်း ဟင်းတောင်းများကို ဖြည်ကြ၏။ ထို ခေတ်က ထမင်းများ၊ ဟင်းများကို အနား ပြန်တောင်းဟုခေါ်သော ဝါးနှီးဖြင့်ရက် လုပ်ထားသည့် ထမင်းတောင်းများဖြင့် ထည့်ကြ၏။ ဆန်တစ်ခွက် (နို့ဆီဘူး (၄) ဘူး) ချက်ခန့်ထမင်းသည် ထိုအနားပြန် တောင်းနှင့်မပြည့်ချေ။ ထမင်းထည့်ရာ အောက်ခံတောင်ကိုစွပ်ဖုံး၍ ပိတ်စရာ အဖုံးလည်း သီးသန့်ပါဝင်ပြီး ဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်ကလေးဘဝကပင် ထိုဝါးနှီးထမင်းတောင်းများ တွင်တွင် ကျယ်ကျယ်သုံးစွဲခဲ့ကြသည်ကို မှတ်မိနေ သေး၏။

ဤသို့ဖြင့် ဘကြီးထူးတို့သည် ည စာထမင်းကို နလင်ခုံလျှိုကြီးထဲ၌ပင် ဝိုင်းဖွဲ့စားလိုက်ကြ၏။ သောက်သုံးဆေး ကြောရန်ရေအတွက်ကား ပူစရာမရှိချေ။ ထိုလျှိုအခြေသည် သဲချောင်းဖြစ်၏။ ထို့ကြောင့် တစ်တောင်ခန့်ခပ်စိုက်စိုက် တူးလိုက်ကာ (၅) မိနစ်ခန့်ခပ်လိုက်သွန် လိုက်လုပ်လိုက်သည်နှင့်ပင် ချိုသော၊ ကြည်သော လက်ယက်တွင်းစမ်းရေကို သုံးမကုန်အောင်ရရှိလေသည်။ မိမိတို့ တွင်ပါလာသော ဘူးသီးခြောက်ရေဘူး ကြီးများထဲသို့ပင် နောက်တစ်နေ့စာ အတွက်ဖြည့်နိုင်ကြသေး၏။

ညစာစားသောက်ပြီးကြသောအခါ အသင့်ပါလာသော ထမင်းချက်စရာ ဒန်အိုးကြီးဖြင့်ပင် ရေနွေးအိုးတစ်အိုး တည်၊ ဆူလာသည်နှင့် လက်ဖက်ခြောက် ခတ်ကာ ရေနွေးကြမ်းဝိုင်းဖွဲ့ကြ၊ စကား ပြောကြ၏။ ဆေးလိပ်ဖွာသူကဖွာ၊ လက်ဖက်ကလေးမြုံ့သူကမြုံ့နှင့် ညဦး အတော်နက်လာကာ လျှိုထဲသို့ အအေး ဓာတ်စိမ့်ဝင်လာချိန်ကျမှ ကိုယ့်လှည်း ပေါ်ကိုယ်တက်ကာ စောင်ခြုံပြီးအိပ်ကြ ဖို့ ပြင်ဆင်ကြသည်။ ထင်းတုံးကြီးများ မှာမူ အလွန်ပေါများသည့်တောအလယ် ဖြစ်သည်နှင့်အညီ အသေးဆုံးဆိုသော ထင်းတုံးခြောက်သည် ထွာဆိုင်သာသာ ရှိ၏။ ထို့အပြင် အခြားသော ပင်တိုင် အစွဲခံထားသော ထင်းတုံးကြီးများမှာ လသားအရွယ် ကလေးတစ်ထိုင်စာမျှရှိ လေ့ရကား မီးဖိုကြီးသည် မီးခဲရဲရဲ၊ မီးတောက်ထိန်ထိန်နှင့် အလင်းရောင် ရော အနွေးဓာတ်ပါပေးသဖြင့် အချမ်း ဒဏ်အတွက် အထူးမပူပင်ရချေ။

သို့သော် ပူပင်စရာကိစ္စကြီးကား ဘကြီးထူးတို့မျှော်စက်ကြပြီး ဘာမှကြာ လိုက်လှသည်မထင်ရသေးသော ည သန်းခေါင်တိုင်လုလုမှာပင် ပေါ်ပေါက် လာချေတော့သည်။ ပေါ်လာသည့် အကြောင်းကား မိမိတို့လှည်းငါးစီးတွင် နွားနဖားကြိုးနကန်ကြိုးချည်၍ လံထား သောနွားများထံမှ တရှူးရှူးသောနှာမှုတ် သံကြီးများ ဟိုလှည်းဆီကပေါ် လာလိုက်၊ သည်လှည်းဆီကထွက်လာလိုက် ကြား လာကြရခြင်းဖြစ်၏။ လှည်း(၅)စီးပေါ်မှ အိပ်ပျော်နေသူတွေလည်း ထိုအသံများ ကြောင့် ကိုယ်စီလန့်နိုးလာကြ၏။ ထို့ နောက် လှည်းဝိုင်းအလယ်မှမီးဖိုကြီးဆီ သို့ အကြည့်ရောက်သွားကြသောအခါ တွင်မူကား ကိုယ်စီမျက်လုံးပြူးသွားကြ ကုန်၏။ မီးဖိုကြီးမှာ အားကောင်းလှ သောထင်းတုံးကြီးများကြောင့် အလင်း ရောင်ထွက်သည့်မီးလျှံဝါဝါလက်ကျန် ကလေးများ ဆက်လက်တောက်နေဆဲ ဖြစ်သောကြောင့် မီးပုံကြီးပတ်ချာလည် အနီးတစ်ဝိုက်သို့တော့ ကောင်းစွာမြင် နေရဆဲဖြစ်သည်ဆို၏။ ထိုအလင်းလက် ကျန်ကလေးဖြင့် မြင်လိုက်ကြရသည် ကား မီးပုံကြီးနံဘေး တစ်တောင့်ထွာခန့် အကွာတွင် ဝပ်စင်းလျက် မီးလှုံနေသော ကျားကြီးတစ်ကောင်ဖြစ်နေသောကြောင့် ထည်း။

ကျားမှာ အလွန်ကြီးမားသော အရွယ်ရောက်ပြီးကျားတော့မဟုတ်ပေ။ နွားပေါက် သာသာမျှသာရှိသေးသော အလယ်အလတ်စားခန့်ကျားသာ ဖြစ် သည်ဟုဆိုသည်။ မည်သို့ဆိုစေ ကျား သည် ကျားသာပင်ဖြစ်၍ အနည်းနှင့် အများဆိုသလို အန္တရာယ်ပေးနိုင်သည် ပင်ဖြစ်ရာ ဘကြီးထူးတို့တစ်တွေမှာ အသံမပြုရဲဘဲ ကိုယ့်လှည်းပေါ်ကိုယ် ဆက်လှဲကာ ငြိမ်ကုပ်နေရင်း ဤကျား ပြဿနာကိုမည်သို့ရှင်းရအံ့ဟု ကိုယ်စီ အကြံထုတ်နေကြရ၏။ ကံကောင်းသည် မှာ ကျားသည် မီးဖိုမှရရှိသောအနွေး ဓာတ်ကြောင့် မျက်လုံးများမှိတ်ကာ ငိုက် မျဉ်းနေခြင်းဖြစ်သည်။ နွားတွေကသာ ကျားအနံ့ကိုရသဖြင့် ကြောက်လန့်ကာ နှာမှုတ်နေကြခြင်း ဖြစ်သည်။

ဤတွင် ဘကြီးထူးသည် ကိုယ့် လှည်းပေါ်ရှိ မြေပဲအိတ်များနှင့် လှည်းပံ့ တောင်းရုံတိုင်များအကြားထိုးထားသော ဓားရှည်ကြီးကိုစမ်း၍ တဖြည်းဖြည်းချင်း နှုတ်ယူကာ မိမိနံဘေးတွင်အသင့်ချထား လိုက်၏။ အကယ်၍ ကျားက မိမိဘက် လှည့်လာကာ ရန်မူခဲ့ပါသော် ဆီး၍ခုတ်

www.burmeseclassic.com

ရန် ဖြစ်၏။ သို့သော် ထိုကိစ္စက ဒုတိယအကြံအစည်သာဖြစ်သည်။ ပထမအကြံအစည်ကား လှည်းရှေ့ဘက် ထမင်းဦးတောင်းဘေးတွင်ရှိနေသောလေးထောင့်သံပုံးခွံအလွတ်ကို လှမ်းဆွဲကာ တရစပ်တဘုန်းဘုန်းတီး၍ အသံဖြင့်ခြောက်လှန့်ပစ်ရန် ဖြစ်သည်။ လေးထောင့်သံပုံးခွံအလွတ်မှာ မြို့မှအပြန်တွင် ရေနံဆီဝယ်ဖြည့်ရန်ဖြစ်သည်။ မိမိတို့ကျေးရွာတွေမှာ ရေနံဆီဝယ်၍မရ။ ထိုခေတ်ကာလတွင် ညမှုညတာအလင်းရောင်အတွက်သုံးစွဲရာတွင် ရေနံဆီကို ပေါပေါများများ အသုံးပြုနေကြပြီ ဖြစ်သည်။

ဘကြီးထူးသည် တစ်တောင်ခန့်အမြင့်၊ တစ်ပေမတ်လည်အနားလေးဖက်ရှိသော ထိုသံပုံးခွံအလွတ်ကို လှမ်းဆွဲယူလိုက်ကာ နှုတ်မှလည်း ဟေးခနဲအော်၊ လက်ကလည်း ပုံးခွံကို တဘုန်းဘုန်းအဆက်မပြတ်ထုချလိုက်လေရာ ဟိုဘက်ဒီဘက် တောင်နံရံနှစ်ဖက်အကြား လျှိုမြောင်ကြီးအတွင်း၌ ကျယ်လောင်ဆူညံပဲ့တင်ထပ်သွားလေ၏။

လုံးဝတိတ်ဆိတ်မှုကြီးစိုးနေသောလျှိုမြောင်အတွင်း ရုတ်တရက်ထွက်ပေါ်လာသည့် ထိုအသံကြောင့် မီးပုံအနားမှကျားသည် အလန့်ကြီးလန့်ဖျပ်သွားကာ ဝေါင်းခနဲတစ်ချက်ဟိန်း၍ လွှားခနဲခုန်ထပြေးလေတော့၏။ သည်တော့မှ လှည်း(၅)စီးပေါ်မှ ယောကျ်ားသားအပေါင်းတို့လည်း ကိုယ့်လှည်းပေါ်မှကိုယ်ဓားလှံကိုယ်စီစွဲကိုင်လျက် ခုန်ဆင်းလာကြ၏။ အားလုံးမှာ အိပ်ရာမှနိုးနေကြသူများချည်းဖြစ်ကြကာ ကျားကိစ္စအတွက်ဖြေရှင်းရန် ဉာဏ်နီဉာဏ်နက်ထုတ်နေကြသူများချည်းဖြစ်နေကြကုန်၏။ ဘကြီးထူး၏ရေနံဆီပုံးခွံတီးရန်အကြံက ရှေ့ဆုံးမှအကောင်အထည်ပေါ်လာသောအကြံဖြစ်လေ၏။ သည်လိုနှင့် ဘကြီးထူးတို့အဖွဲ့မှာ ပြန်မအိပ်ဝံ့ကြတော့ဘဲ နောက်ထပ်ထင်းတုံးခြောက်များရှာဖွေကာ မီးပုံကို မီးတောက်မြင့်မြင့်ရသည်အထိဖြည့်ဆိုးကြလျက် မိုးစင်စင်လင်းသည်အထိ ဓားကိုယ်စီဖြင့် ကျားကင်းစောင့်ခဲ့ကြရသောဟူ၏။ ထိုကျားပြန်လှည့်မလာစေရန်အတွက် နီးစပ်ရာဝါးရုံမှဝါးအစိုကိုခုတ်ကာ ဝါးဆစ်ပိုင်းတွေဖြတ်၍ မီးပုံကြီးထဲပစ်ထည့်ပေးခြင်းဖြင့် ဝါးဆစ်ကွဲသံတဖောင်းဖောင်းတဒိုင်းဒိုင်းကိုလည်း အသံပေးခဲ့ကြရသေးသည်ဟူ၏။

ဤကား ဘကြီးထူးကိုယ်တိုင်ပြောပြသော သူ၏ကိုယ်တွေ့ဖြစ်ရပ်ပင်ဖြစ်သည်။ ဘကြီးထူးတွင် ထိုကဲ့သို့သော မထိတ်သမလန့်သာ ပေါက်ပေါက်ရှာရှာအတွေ့အကြုံတွေ တလှေ့ကြီးရှိ၏။ ထို့ကြောင့် ဘကြီးထူးမှ ကျွန်တော်တို့အိမ်သို့ရောက်လာလျှင် ကျွန်တော်သည် အိမ်အပြင်သို့ထွက်မလည်ပက်တော့ဘဲ သူတို့ပြောသမျှ ရေနွေးကြမ်းစကားဝိုင်းအနီးတွင်ထိုင်လျက် နားထောင်မှတ်သားလေ့ရှိခဲ့သည်မှာ ငယ်စဉ်ကလေးသူငယ်ဘဝကတည်းကဖြစ်ခဲ့လေသည်။ ဘကြီးထူးကလည်း ဆင်ဖြူကျွန်းသို့ရောက်လာလျှင် သူ၏တူလိုသားလိုဖြစ်နေသော ကျွန်တော့်ဖခင်အိမ်တွင်သာ စတည်းချလေ့ရှိ၏။ ကျွန်တော်တို့မှာမူ သူ၏မြေးအဆင့်မျှသာဖြစ်တော့သည်။

သို့သော် တစ်ခုကောင်းသည်မှာ ဘကြီးအရွယ်နှင့် မြေးအရွယ်ဖြစ်သောကြောင့် ဘကြီးထူးနှင့်ဆက်ဆံရာတွင် ကျွန်တော်တို့မှာ ရှိန်မနေကြရဘဲ ရိုးရှင်းပွင့်လင်းစွာ ဆွေမျိုးရင်းချာကဲ့သို့ဆက်ဆံခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ ဘကြီးထူးကလည်း ကျွန်တော်တို့နှင့် ရင်းနှီးစွာဆက်ဆံလေ့ရှိသည်။ အိမ်သို့ရောက်လာလျှင် သူတွင်ပါလာသော စိုက်သီးစိုက်နှံ (ကြက်သွန်၊ မြေပဲ၊ ပဲကြီး စသည်ဖြင့် ရာသီထွက်ကုန်) များ ရောင်းချပြီး၍ သူ့လက်ထဲ ငွေစရှင်လာသည်နှင့် 'ငါ့မြေးတွေဘာစားကြမလဲဟေ့' ဟု ကျွန်တော်တို့ ကြိုက်နှစ်သက်ရာ မုန့်ပဲသရေစာများ ဝယ်ကျွေး၊ ကျောင်းသွားဖို့ လွယ်အိတ်ဆွဲထွက်သည်နှင့် 'ဟိုအကောင်၊ နေဦးကွ။ ဒီမှာမုန့်ဖိုးယူသွားစမ်းဦး'ဟု ကလေးတို့အရွယ်အဖို့ မက်လောက်သောမုန့်ဖိုးပိုက်ဆံထုတ်ပေးဖို့ လက်မနှေးသလို သူ့ရှေ့တွင် အမှတ်မထင် ရိုင်းရိုင်းပျပျဆဲရေးတိုင်းထွာမိလျှင်လည်း 'ဟင်-လူက လက်တစ်ဆစ်လောက်ရှိသေး၊ ဒီလိုဆဲရဆိုရသလား၊ ရဲအိုးခိုးကပ်မယ့်ကောင်' ဟုဆိုကာ ဒေါက်ခနဲ ဒေါက်ခနဲ ထုပုသွားအောင် ခေါင်းခေါက်ဆုံးမပစ်လိုက်ဖို့လည်း လက်မြန်လှသူ ဖြစ်သည်။ ကျွန်တော်၏ဖခင်ကိုယ်တိုင်ကပင် သူ့သူငယ်ချင်းသား၊ သူ့သားကဲ့သို့ဖြစ်သောကြောင့် ကျွန်တော်တို့ကိုလည်း သူ့မြေးအရင်းအချာကဲ့သို့ ဆက်ဆံခြင်းပင်။ အမြင်မတော်လျှင် ခေါက်ထစ်ပစ်ဖို့ လက်နှေးနေခြင်းမရှိသဖြင့် ဘကြီးထူးကို ရင်းနှီးခြင်းကတစ်ပိုင်း၊ ခန့်ညားရိုသေရခြင်းကတစ်ပိုင်းဖြင့် ဆက်ဆံခဲ့ကြရပေသည်။

ကောင်းပါပြီ။ စာရှုသူအနေဖြင့် ကျွန်တော်သည် အဘယ်ကြောင့်များ ဤဘကြီးထူးဆိုသော ရှေးအဘိုးကြီးတစ်ဦးနှင့်ပတ်သက်၍ စကားလက်ဆုံရှည်နေရသနည်းဟု တွေးစရာမေးစရာဖြစ်နေမိပေလိမ့်မည်ထင်၏။ အခြားကြောင့်မဟုတ်ပါ။ ယခု ရှေ့တွင်ဆက်လက် ရေးသား ဖော်ပြမည့်အဖြစ်အပျက်တစ်ခုတွင် ထိုဘကြီးထူးသည် အဓိက ဇာတ်ကောင်တစ်ဦးဖြစ်နေသောကြောင့် သူ၏အသက်အရွယ်၊ အတွေ့အကြုံ၊ ပညာအခြေခံ စသည်တို့ကို အကြမ်းဖျင်းမျှ သိသာရုံမိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ မှန်၏။ ကျွန်တော့်ဘဝတွင် ထိုဘကြီးထူးနှင့် ပတ်သက်၍ မှတ်မှတ်ရရကြီးကြုံခဲ့ရသလို ယနေ့ထိတိုင်လည်း မှတ်သားထားခဲ့မိသည့် ဂမ္ဘီရဆန်သောဖြစ်စဉ်တစ်ခုရှိခဲ့ဖူးလေသည်။

ထိုဖြစ်စဉ်သည် ခေတ်သိပ္ပံပညာများတိုးတက်ထွန်းကားပေါက်ကွဲနေသော ယနေ့ခေတ် မျက်မှောက်ကာလလူငယ်များအဖို့ 'မဖြစ်နိုင်ထာဘဲ၊ ပုံပြင်တွေလာပြောနေပြီ' ဟု မှတ်ချက်ချကြဖို့ ရာနှုန်းအတော်များနေလိမ့်မည်ထင်၏။ သို့ရာတွင် ပုံပြင်မဟုတ်။ စာရေးသူတစ်ဦးအနေဖြင့် စိတ်ကူးယဉ်ဉာဏ်ကွန့်၍ ဖန်တီး ရေးသားချက်မျိုးမဟုတ်သော ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုသာဖြစ်ကြောင်းကိုတော့ လေးလေးနက်နက်ပြောလိုသည်။ ရှေ့တွင် ဆက်လက်ဖော်ပြမည့် အကြောင်းအရာများနှင့်ပတ်သက်၍ စောဒကတက်လိုသူများကိုလည်း 'မယုံရင်ပုံပြင်မှတ်ပေတော့ မောင်တို့ရေ။ အဲဒီဘကြီးထူးနဲ့ တွေ့ဆုံမေးမြန်းမှတ်သားချင်သပဆိုရင်တော့ ဆင်ဖြူကျွန်းကိုသာကြွခဲ့ပေတော့။ တိုက်ရိုက်မျက်နှာချင်းဆိုင် တွေ့ဆုံနိုင်အောင် ဘကြီးထူးတို့ရွာကို လိုက်ပို့ပေးလိုက်မယ်' ဟု ပြောရန်မှတစ်ပါး အခြားမရှိတော့ပါ။ ကျွန်တော့်အနေဖြင့်မူ ဘဝတစ်ကွေ့တွင်ကြုံတွေ့ခဲ့ရဖူးသောထူးခြားသည့်ဖြစ်ရပ်တစ်ခုအဖြစ် ရေးသားမှတ်တမ်းတင်ကာ စာရှုသူများသို့ ပြန်လည်ဖောက်သည်ချလိုက်ရပါ၏။

ရှေ့ဆက်မပြောရသေးမီ စကားမစပ် မေးခွန်းကလေးတစ်ခု စာရှုသူအားကြိုတင်မေးထားပါရစေ။ ကျွန်တော်သည် ဝါးကိုစိတ်ဖြာရက်လုပ်ထားသော အိမ်အမိုး သက်ကယ်ချောင်းများနှင့်

www.burmeseclassic.com

ညာဖြင့် အသွင်ပြောင်းဖန်တီးထားသည့် မြေစိုင်ခဲများကို မြိန်ရေရှက်ရေသောက်ကာ ရေနွေးကြမ်းဖြင့်မြည်းခဲ့သည်ဟုဆိုလျှင် စာရှုသူလက်ခံယုံကြည်နိုင်ပါမည်လားဟု။

❑

မှတ်မှတ်ရရ ၁၉၇၅ ခုနှစ် ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၄၀) တုန်းကဟုဆိုပါမည်။ နှစ်ပေါင်း (၄၀)ဆိုတာ လူတစ်ဦး၏သက်တမ်းနှင့်နှိုင်းချိန်လျှင် သူ့ဘဝတိုဖြတ်သန်းကာ လူလတ်ပိုင်းအဝသို့ ဆိုက်ရောက်နိုင်ပြီဖြစ်သော အချိန်ကာလဟု ဆိုရပေလိမ့်မည်။ ထို ၁၉၇၅ ခုနှစ်တွင် ကျွန်တော်သည် တန်းကျောင်းသားဖြစ်ခဲ့၏။ အဲဒီကာလတုန်းက ပညာရေးစနစ်မှာ ဝိဇ္ဇာ၊ သိပ္ပံဟု နှစ်မျိုးခွဲထားခဲ့လေရာ ကျွန်တော်မှာ ဝိဇ္ဇာကျောင်းသားဖြစ်၏။ဦးနေဝင်း မဆလခေါ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကနိုင်ငံကိုအုပ်ချုပ်ခဲ့သော တောင်စီခေတ်ဖြစ်ပါသည်။

ထိုနှစ်အတွင်းမှာပင် တစ်နေ့သောအခါ ကျွန်တော်တို့အိမ်သို့ ဘကြီးထူးရောက်ရှိလာခဲ့၏။ ကျွန်တော်ကို မိသားစုကလည်း ဝမ်းမြောက်စွာကြိုဆိုခဲ့ကြပါသည်။ ဘကြီးထူးရောက်ရှိလာသောနေ့သည် သောကြာနေ့ဖြစ်သည်။ သောကြာနေ့ဖြစ်ကြောင်း မှတ်မိနေသည်မှာ အကြောင်းကြောင့်မဟုတ်။ ကျွန်တော်သည် နောက်နှစ်ရက်ဖြစ်သော ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနှစ်ရက်တွင် ဘကြီးနှင့်အတူ ခရီးဖော်အဖြစ်လိုက်ပါသွားရသောကြောင့်ဖြစ်သည်။ ဘကြီးထူးက အိမ်သို့ရောက်ရောက်ချင်းပင် ကျွန်တော့်အားပြော၏။

"ငါ့တူရေ၊ မင်းသားအငယ်ကောင်ငါ့ခရီးဖော်အဖြစ်ခေါ် သွားမဟေ့။ နောက်နှစ်ရက် စနေ၊ တနင်္ဂနွေကတော့ သူတို့ကျောင်းပိတ်တယ်မဟုတ်လား"

"စနေ တနင်္ဂနွေကတော့ သူတို့ကျောင်းပိတ်ရက်ပဲ ဦးကြီး။ ရတယ်လေ၊ သွားပေါ့။ ဦးကြီးက ဘယ်ကိုသွားမလို့တုံး"

ကျွန်တော့်ဖခင်က ပြန်မေးသည်။

"ဝေးဝေးမဟုတ်ပါဘူးကွာ။ အရှေ့ဘက်တမ်းတင်ပါ။ တောင်မရိုးကိုသွားမလို့ မင်းညီတော်မောင်ကလှမ်းမှာလို့

"ဩော်- ဖိုးကျော်သိုက်တို့ဆီကိုလား ဦးကြီး"

"အမှန်ပဲဟေ့၊ ဟိုရက်ပိုင်းတုန်းက လူကြုံနဲ့စာပေးလိုက်တယ်ကွ။ အဖေလည်းမရောက်တာကြာပြီ။ တစ်ခေါက်တစ်ကျင်းတော့ နှစ်ညအိပ်၊ သုံးညအိပ်ပဲ ဖြစ်ဖြစ်လာခဲ့ပါဦးတဲ့။ ဒီနှစ်သူ့လုပ်ငန်းကိုင်ငန်းကလည်းအဆင်ပြေလို့ သားနှစ်ယောက်ကို သူတို့ရွာဦးကျောင်းမှာ ရှင်ပြုအလှူပိန်ကလေးလုပ်ပေးမှာတဲ့လေ။ ကိုယ့်မြေးကလေးတွေ ရှင်သာမဏေဝတ်ကြမယ့်ကိစ္စဆိုတော့ မသွားလို့မဖြစ်ဘူးမဟုတ်လား။ အလှူတရားနာသွားရဖို့ဆိုပါတော့ကွာ"

ဘကြီးထူးက ပြန်ရှင်းပြ၏။

"ဟာ - ကောင်းတာပေါ့ ဦးကြီးရဲ့ ဒီလိုဆို ကျွန်တော်လည်း တရားပွဲအလှူငွေထည့်ပေးလိုက်ပါဦးမယ်။ ဦးကြီးမြေးကို အဖော်ခေါ် ချင်လည်းခေါ် သွားပေါ့။ နှစ်ညအိပ်ဆိုတော့ တနင်္လာနေ့ကျမှပြန်လာနိုင်မှာမဟုတ်လား။ ရတယ်၊ တနင်္လာနေ့တစ်ရက်အတွက်တော့ သူတို့ကျောင်းကို ခွင့်တိုင်စာပို့ပေးလိုက်ရမှာပေါ့"

အရှေ့ဘက်ကမ်းဆိုတာက ဧရာဝတီမြစ်၏အရှေ့ဘက်ကိုပြောခြင်းဖြစ်ပါသည်။ အဲဒီဘက်က တောင်မရိုးရွာမှာ ဘကြီးထူး၏သားတစ်ယောက်က အိမ်ထောင်ကျပြီး ဆံထုံးနောက်သျှောင်ပါသွားကာ အခြေကျနေ၏။ ထိုသားဖြစ်သူက လှမ်း၍မှာကြားသဖြင့် မြေးရှင်ပြုအလှူသို့သွားရမည်ဖြစ်သည်။ အဲဒီမှာ ကျွန်တော်က ဘကြီးထူး၏လက်ကိုလက်တောင်း ကူဖော်လောင်ဖက်ခရီးဖော်အဖြစ် လိုက်ပါရမည်ဆိုသဖြင့် သူငယ်တို့သဘာဝအတိုင်း လွန်စွာမှကျေနပ် ပျော်ရွှင်မိ၏။

နောက်တစ်နေ့ စနေနေ့ နံနက်စောစောစားပြီးကြသဖြင့်နှင့် ဧရာဝတီမြစ်ဆိပ်သို့ စွန်းကျွန်းညိုရွာမှ မြင်းလှည်းဖြင့်ဆင်းခဲ့ကြသည်။ ဆင်ဖြူကျွန်းမြို့ထဲမှသည် ဧရာဝတီမြစ်ဆိပ် (ကူးတို့ဆိပ်) သို့ ခရီးတိုအဖြစ် ပြေးဆွဲပေးသော မြင်းလှည်းများမှာ ဆင်ဖြူကျွန်းဈေးမြောက်ဘက်တွင် ဂိတ်ထိုးကြ၏။ ကူးတို့ဆိပ်သို့ရောက်သောအခါ မြစ်အရှေ့ဘက်နှင့် မြစ်လယ်ကျွန်းများပေါ်ရှိ တံငါတဲစုများသို့ ဟင်းချက်စရာအသီးအနှံကုန်စိမ်းများ၊ မုန့်ပဲသရေစာနှင့် ငါးခြောက်၊ ကုလားပဲ အစရှိ ကုန်ခြောက်များ နေ့စဉ်သွားရောက် လှည့်လည် ရောင်းချကြသော ခေါင်းရွက်ဈေးသည်များ၏ ဈေးလှေကြုံတစ်စီးနှင့် ဧရာဝတီမြစ်ကို ခပ်ရွှေ့ရွှေ့စုန်ဆင်းကူးဖြတ်ခဲ့ကြ၏။

ကူးတို့ဆိပ်မှာမူ စည်ကားလှ၏။ အနောက်ဘက်ကမ်းမှ ဈေးလှေများရှိသကဲ့သို့ အရှေ့ဘက်ကမ်းမှကူးသာသော ဈေးလှေများလည်းရှိ၏။ ပခန်းငယ်၊ စလေ၊ ဆိပ်ဖြူ ချောက်မြို့များသို့ နေ့စဉ်ပြေးဆွဲသော အဆန်မော်တော်နှင့် ကျောက်ရဲ၊ သံကိုင်း၊ ညောင်လှ၊ ရေနံချောင်းမြို့များသို့ နေ့စဉ်ပြေးဆွဲသည့် အစုန်မော်တော်လည်းရှိ၏။ မန္တလေးမြို့နှင့်ပြည်မြို့ နေ့စဉ်ပြေးဆွဲနေသော ဧရာဝတီရေကြောင်းပိုင်း အစိုးရနှစ်ထပ်သင်္ဘောလေးများကလည်း အစုန်တစ်စင်း၊ အဆန်တစ်စင်း ပုံမှန်ဝင်ရောက်ဆိုက်ကပ်၏။ အရပ်အခေါ် အားဖြင့် ဈေးသင်္ဘောဟုခေါ်ကြသည့် အညာဆန်သင်္ဘောကြီးများလည်း ဆင်ဖြူကျွန်းဆိပ်ခံတွင် ဆိုက်ကပ်ရပ်နားကာ သုံး၊ လေးညအိပ်၍ ဈေးရောင်းကြသည်ဖြစ်ရာ မြို့ခံလူထုက ဈေးသင်္ဘောဆိုက်သံကြားလျှင် လာရောက် ဝယ်ယူအားပေးကြ၏။ ထို့ကြောင့် ဆိပ်ကမ်းသည် အမြဲစည်ကားနေ၏။ ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားအဖွဲ့၊ ဆိပ်ကမ်းနှင့်မြို့သို့ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ကြိုပို့ပေးသည့်ဆိပ်ကမ်းလှည်းအဖွဲ့တို့ကိုလည်း ထိုခေတ်က အလုပ်သမားအစည်းအရုံးဟူသော ခေါင်းစဉ်အောက်တွင် တရားဝင်ဖွဲ့ကာ အလုပ်သမားရုံက ဦးစီးကွပ်ကဲ၏။ ထိုအဖွဲ့ဝင်များမှာ ဇင်ပြာလက်ရှည်၊ ဇင်ပြာလျှာထိုးဦးထုပ်ယူနီဖောင်းနှင့်ဖြစ်သည်။

ဈေးသည်များ၊ ကုန်သည်များ၊ နေ့စဉ်ခရီးသည်များ၊ အလုပ်သမားလှည်းသမားအဖွဲ့ဝင်များဖြင့် နေ့စဉ်သက်ဝင်ကာ လှုပ်ရှားနေသောကြောင့် ဆိပ်ကမ်းတွင် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များသာမက ဒေသမှ အခြားသို့တင်ပို့မည့်ကုန်စည် (ပဲ၊ နှမ်း၊ ကြက်သွန်၊ အာလူး၊ မုန်လာ အစရှိသဖြင့်) များနှင့် ဒေသသို့ အခြားမှရောက်ရှိလာသည့်ကုန်စည်များလက်ခံထိန်းသိမ်းထားပေးရာ သိုလှောင်ဂိုဒေါင်နှင့် အလုပ်သမားရုံးတို့လည်းရှိသည်။ ပုဂ္ဂလိကမော်တော်များနှင့်ကုန်သွယ်ကြသလို မန္တလေး-ပြည် အစုန်အဆန်ကူးတို့သင်္ဘောလေးဖြင့် ထင်ပို့ကြသည်လည်းရှိရာ အစိုးရသင်္ဘောလေးသည် ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ဆိုက်ကပ်လျှင် ခရီးသည်တင်ချပြီးသည်နှင့် ချက်ချင်းဆက်

www.burmeseclassic.com

လက်ထွက်ခွာသွားရသည်ဟုမရှိ။ ကုန်တင်ကုန်ချအတွက် နာရီနှင့်ချီ၍ဆိုက်ထားရစမြဲဖြစ်သည်။ ထိုစဉ်က ဆင်ဖြူကျွန်းဆိပ်ကမ်းမှ ထမင်းထုပ်သည် နာမည်ကြီးလှ၏။

ဧရာဝတီမြစ်ကြောင်း၌ သွားလာရောင်းဝယ်ဖောက်ကားကြရင်း ဤဒေသဝန်းကျင်၏အထာကို အစဉ်းသိသိနေကြပြီးဖြစ်သည့် ကုန်သည်၊ ဈေးသည်များ၊ ခရီးသည်များသည် မိမိတို့စီးလာသည့်သင်္ဘော၊ မော်တော်တို့ ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ ဆိုက်ကပ်သည်အထိ စောင့်၍ ဆိပ်ခံသို့ သင်္ဘောကပ်ပြီဆိုတော့မှ ဆိပ်ခံပေါ်သို့ဆင်းကာ ထမင်းထုပ်ဝယ်ယူကြလေ့ရှိ၏။ အကြောင်းမသိသေးသောသူများကိုလည်း အစဉ်းသိဖြစ်ပြီး သူများက 'ထမင်းထုပ်ဝယ်ချင်ရင် ဆင်ဖြူကျွန်းဆိပ်ကမ်းကျမှဝယ်၊ ကောင်းလည်းကောင်းတယ်၊ တန်လည်းတန်တယ်'ဟု ခရီးသွားအချင်းချင်း လက်တို့သတိပေးကြလေ့ရှိလေသည်။

ထိုစကားသည် တကယ်လည်း အမှန်ပင်။ ထမင်းသည်များမှာ သင်္ဘောလေးဆိုက်ကပ်သော ဆိပ်ခံကြီးပေါ်တွင် ရှိ၏။ ထမင်းအိုးကြီးများမှာ အဖုံးလှပ်လိုက်လျှင် အငွေ့တထောင်းထောင်းထလျက်ရှိသော ပူပူနွေးနွေးမီးကျီးခဲခွင်များထက်မှ နှပ်ပြီးစထမင်းမျိုးဖြစ်သည်။ ကြက်သား၊ ဝက်သား၊ အမဲသားနှင့် ငါးကြီးသား (ငါးခုတ်သားဟုခေါ်ကြ၏) ဆီပြန်ဟင်းအိုးများကလည်း ပူပူနွေးနွေးပင်ဖြစ်သည်။ ဟင်းအိုးဒန်အိုးကြီးများကို စားပွဲပုကလေးပေါ်တွင် တန်းစီ၍တင်ထား၏။ ထမင်းဝယ်မည့်ခရီးသည်က သင်္ဘောပေါ်မှတစ်ဆင့် ဆိပ်ခံပေါ် ဆင်းလာကာ မိမိကြိုက်သည့်ဟင်းအိုးကို လက်ညှိုးထိုးမှကြားရုံပင်။ ဈေးသည်က ဝယ်သူမှာကြားသည့်အတိုင်း ရေဆေးသန့်စင်ထားပြီးဖြစ်သည့် ငှက်ပျောဖက်တစ်ထပ်၊ အောက်တွင် အင်ဖက်ရွက်ကြီးတစ်ထပ် နှစ်ထပ်ခံကာ ထမင်းထုပ်ပေးသည်။ နှစ်သက်ရာဟင်းဖတ်အသားတုံးနှစ်တုံးသုံးတုံး၊ ဟင်းဆီရွှဲရွှဲဆမ်း၊ ငရုတ်သီးငံပြာရည်ချက်၊ သရက်သီးချဉ်သုပ်၊ ဂေါ်ဖီ၊ မုန်လာ၊ ခဝဲသီး၊ ပဲတောင့်ရှည်သီး၊ ကန်စွန်းရွက် အစရှိ အသီးအနှံရာသီပေါ်များနှင့်ကြော်ထားသောအစိမ်းကြော် စသည်တို့ကိုပါပုံ၍ထည့်ပြီးမှထုပ်ကာ ဝါးနှီးဖြင့်ချည်နှောင်ထုပ်ပေးလိုက်၏။ ထမင်းတစ်ထုပ်မှ တစ်ကျပ်ခွဲသာ ဖြစ်သည်။ ဈေးဝယ်က ထိုဟင်းခတ်များအပြင် အခြားသောကြက်ကြော်၊ အမဲကြော်၊ ငါးကြော်၊ စာကလေးကြော်လို အကြော်တုံးတို့ကိုပါ ထည့်ပေးဖို့ တောင်းဆိုလျှင် ထိုအသားကြော်တုံးဖိုး ထပ်ဆောင်းပေးရ၏။ ဒါလည်း မှာကြားမှုအပေါ် မူတည်၍ ထမင်းတစ်ထုပ်မှ နှစ်ကျပ်ခွဲ၊ သုံးကျပ်ထက်မပိုချေ။

ထိုထမင်းထုပ်များမှာ အစားသေးသူများဆိုပါလျှင် တစ်ထုပ်တည်းနှင့် လူကြီးနှစ်ယောက်ကောင်းကောင်းဝ၏။ များသောအားဖြင့် လူကြီးတစ်ယောက်စာမက တိုက်ပန်းကန်ပြားနှစ်ပန်းကန်စာမျှ ထမင်းကိုထုပ်ပေးလိုက်ခြင်းဖြစ်၍ တစ်ယောက်တစ်ထုပ်သာဖြေစားလျှင် ကုန်အောင်မစားနိုင်။ အသားဟင်းတုံးများမှာလည်း ကိုက်မရဖွဲ့မရနှင့် ဆတ်တောက်တောက်မျိုးမဟုတ်ဘဲ နူးအိနေအောင်ချက်ထားပြီး ဟင်းတုံးများသာဖြစ်ကြ၏။ ဟင်းရံဖြစ်သော ငရုတ်သီးငံပြာရည်ချက်၊ သရက်ချဉ်သုပ်၊ အစိမ်းကြော် (အသီးအရွက်ကြော်)တို့မှာလည်း ပါလေကာမျှမဟုတ်ဘဲ စေတနာရှေ့ထားကာ ပေါပေါများများထည့်ပေးသည်ချည်းဖြစ်၏။ ထမင်းဟင်းတို့မှာ စား၍အရသာလည်းရှိ၊ ပူပူနွေးနွေးနှင့် ပေါပေါများများလည်းရကြသည်ဖြစ်၍ ဆင်ဖြူကျွန်းဆိပ်ကမ်းထမင်းထုပ်သည် အလွန်တန်သည်ဟု မြစ်ကြောင်းသွားခရီးသည်များအကြား၌ နာမည်ရ၏။ အကြောင်းသိများက ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ သင်္ဘောမော်တော်ဆိုက်ကပ်ရောက်ရှိချိန်အထိ စောင့်ပြီးဝယ်ယူကြရလောက်အောင် ထင်ရှား၏။ ထမင်းသည်များမှာ မိမိတို့ဆိပ်ကမ်းမှ နာမည်ရပြီးဖြစ်သောထမင်းထုပ်ကို နာမည်ပျက်



မခံကြ။ မနပ်တနပ်ထမင်း၊ မတ… တကျက် ကိုက်မရဖွဲ့မရဟင်းလျာမျိုး… ဘယ်တော့မှ ရောင်းမလွှတ်လိုက်… ထို့ကြောင့် ဆင်ဖြူကျွန်းထမင်းထု… သည် 'လူကြီးလိုက်စရာမလို၊ ကလေး… ဆင်းအဝယ်ခိုင်းလျှင်ပင် မမှားမယွင်း… ရ၊ စိတ်ချရသည်' ဟု သတင်းမွှေး… သည်။

ထိုနေ့က ကျွန်တော်နှင့်ဘကြီး… တို့သည်လည်း ဈေးလှေပေါ်မတက်… နေ့လယ်စာအတွက် ထမင်းနှစ်ထုပ်ဝ… ခဲ့ကြ၏။ ဧရာဝတီမြစ်ကြီးမှာ ရေ… သောကာလဖြစ်၍ ကျယ်ပြောလှ၏။ … ဘက်ကမ်းသည်ဘက်ကမ်းကို ခပ်မှုန်… ပျပျသာလှမ်းမြင်ရ၏။ ဈေးလှေ… သည် မြစ်ဆိပ်မှခွာခဲ့ပြီး ဝါးသုံးလေး… ရောက်သည်နှင့် အညာချည်ထည်… စောင်ကြီးများကိုတွဲချုပ်၍ အလယ်… တွင် ရစ်ပတ်ချည်ထားသည်ကိုဖြည်… ရွက်လွှင့်လေတော့သည်။ ဘကြီးထူး… ရာသီဥတုသာယာ၍ လေကြောင်း… သောကြောင့် ဤသို့ရွက်တိုက်ခြင်း… ကြောင်း၊ ရွက်တိုက်ခြင်းအကျိုးကြော… လှေဆရာတို့ မည်မျှသက်သာကြော… လှေနောက်ဖျားမှ ပဲ့ကိုင်သူမှာ မည်… အရေးကြီး၍ပညာပါကြောင်း စသည်… ကို ကျွန်တော့်အားရှင်းပြ၍ ဗဟုသု… တိုးရ၏။ မြစ်ကိုဖြတ်၍ ခပ်ရွေရွေ… လွယ်ခုတ်စုန်ဆင်းရာတွင် လှိုင်းတ… ဖွေးကြား ရင်ဆိုင်တွေ့ရသော တံငါ… များမှာ တေးချင်းတဆိုဆိုဖြင့် ကွ… သူ၊ ပိုက်ဖော်ပိုက်ချသူတွေလုပ်တို… ကြသည်မှာ သူတို့၏တံငါမလှေ… တို့ အပူအပင်ကင်းစွာ လှုပ်ရှားရုန်း… ပျော်ရွှင်နေကြပေသည်ဟု မုဒိတာ… စရာဖြစ်၏။

အများအားဖြင့် ထိုငါးဖမ်း… ကလေးများမှာ မြစ်လယ်သောင်… များရှိ တံငါတဲစုများမှ လှေများဖြစ်… ၏။ ဆိပ်ကမ်းများဘက်မှ တကူး… လှော်ခတ်ရောက်ရှိလာကြသူများမ… ကြ။ ထိုမှရရှိသော ရေချိုငါး၊ ပုစွန်… အနီးဆုံးဖြစ်သော ဆင်ဖြူကျွန်းဈေး… ရောက်ကြ၏။ ဈေးမြင်းလှည်းများ… စလင်းမြို့ဈေးသို့ သွားရောက်ရောင်း… ကြသူများလည်း နေ့စဉ်ရှိ၏။ ငါးကြ… ငါးတန်၊ ငါးတွေ၊ ငါးရွှေနှင့် ပုစွန်… များကို အဓိကရရှိကြ၏။ ငါးလှိုင်လှိုင်… ကြ၍ ဆင်ဖြူကျွန်းငါးဈေးတန်း၌… သည်တွေပြည့်လျှံနေသောနေ့…

www.burmeseclassic.com

www.burmeseclassic.com

၄

…တ ဈေးတွင်ချမရောင်းတော့ဘဲ …နဲ့ ခေါင်းရွက်ဗျပ်နှင့်ရွက်ကာ လှည့်…ရောင်းချကြသောအစဉ်အလာရှိ၏။ …ပေါ် ရပ်ကွက်များထဲ၌ 'ဟောဒီကငါး…တော်ရေ ငါးကြင်းတွေပါတယ်၊ ငါး…တွေပါတယ်' ဟူသောအော်သံတို့ …ဒီတကြားလာရပြီဆိုလျှင် 'ဈေးမှာ…ည်တွေပြည့်နေပြီ။ ဒီနေ့ငါးတိုးတဲ့…' ဟု အလိုလိုသိကြ၏။ ဈေးသို့သွား…ရာမလိုဘဲ အတပ်ပြောနိုင်ကြ…

ကျွန်တော်နှင့်ဘကြီးထူးတို့လိုက်ပါ…ခဲ့သောဈေးလှေကြီးပေါ်တွင်မူ ဈေး…ည်မိန်းမကြီးများနှင့် သူတို့၏ဈေးခံ…င်းကြီးများအပြည့်ဖြစ်သည်။ ဈေး…ည်ချင်း သတင်းဖလှယ်ကြ၊ ရယ်စရာ…စရာတွေပြောကြဆိုကြနှင့်ရှိသည်။ …အဒေါ်ကြီးများမှာ ဒေသထွက် …င်းဖူးဖက်လိပ်ဆေးပေါ့လိပ်ကြီးများ …အုန်းမှုတ်ခွက်ခံ၍ တဖွားဖွားသောက်…ကြလျက်။ အုန်းမှုတ်ခွက်ကို ဆေးခံ…လုပ်ရသည်မှာ မြစ်ကြောင်းအတွင်း …ဟူးတိုက်ခတ်နေသောလေကြောင့် …လိပ်မီးပွားလွင့်မည်စိုးရ၍ဖြစ်၏။ …ဆရာမှာ တံငါတဲစုကြီးများရှိရာ မြစ်…ယ်ကျွန်းသောင်ခုံများတွင် သူ၏လှေ…ကို ဆိုက်ကပ်ပေးလေ့ရှိ၏။ ကျွန်း…င်ခုံများမှ တံငါတဲစုများကလည်း …လှေကိုစောင့်၍ ဟင်းချက်စရာများ၊ …ဆီအစ လိုအပ်ရာရာ တိုလီမိုလီ…သုံးအဆောင်များ ဝယ်ယူကြလေ့ရှိ…သည်။ တံငါတဲစုများမှာ တဲဆယ့်…ငါးလုံးမှသည် သုံး၊ လေးဆယ်အထိ …ကျွန်းသောင်ခုံ၏အကျယ်အဝန်းကိုလိုက်… ရွာငယ်ကလေးများသဖွယ်ရှိကြ၏။

ဈေးလှေသည် မြစ်တစ်လျှောက်ရှိ …ဆင်းဖြတ်သန်းရာ ကျွန်းသောင်ခုံ…တို ဈေးသည်များအတွက် တစ်ကျွန်း…တစ်ကျွန်း ဆိုက်ကပ်ပေးရ၏။ ကျွန်း…င်ခုံတိုင်း၌လည်း သူ့ဈေးသည်နှင့် …တက်သည်နှင့် ခင်မင်ရင်းနှီးနေကြ…ည်ချည်းဖြစ်၏။ ဈေးလှေဆိုက်သည် … ဈေးသည်မိန်းမကြီးများနှင့် ကျွန်း…မှ ဖောက်သည်ဈေးဝယ်များမှာ …ယ်ဆဲဟယ်နောက်ဟယ်ပြောင်ဟယ် … တသောသောရှိကြသည်မှာ ပျော်…ပင်ကောင်းသေးတော့သည်။ ဈေး…တိုလည်း အထင်မသေးလိုက်နှင့်။ …တို့ဈေးခံတောင်းကြီးများထဲ၌ အပ်…လုံးနှင့်အပ်ကအစ လျက်ဆားတို့၊ …ဆေးတို့၊ အမူကျအဖျားဖြတ်ငန်း ဆေးထုပ်တို့လို မြန်မာတိုင်းရင်းဆေးမြီးတိုထုပ်များအဆုံး တောက်တိုမည်ရတိုလီမိုလီကုန်သေးကလေးတွေ စုံစီနဖာပါရှိလေသည်။ ဝက်သားတို့၊ အမဲသားတို့၊ နနွင်းမှုန့်ထုပ်ကအစ ငါးပိ၊ ငံပြာရည်၊ ဆား စသဖြင့် မေးချင်ရာမေး၊ ဆေးပေါ့လိပ်၊ ကွမ်းရွက်၊ ကွမ်းသီးခြမ်း၊ ဗမာဆေးထုံးထုပ်အစရှိ ကွမ်းကြိုက်ဆေးကြိုက်သူတို့အတွက်ပါမကျန် ဈေးလှေ၌ဝယ်ယူရရှိနိုင်ကြပေသည်။

ဤသို့ဖြင့် တစ်ကျွန်းဝင်တစ်ကျွန်းထွက်၊ တစ်သောင်ခုံနားတစ်သောင်ခုံကျော်ဖြင့် ကျွန်တော်တို့ဈေးလှေသည် မြစ်အရှေ့ဘက်ကမ်းခြေရွာသို့ နေမွန်းတည့်မှာရောက်ရှိဆိုက်ကပ်နိုင်လေ၏။ ကျွန်တော်နှင့်ဘကြီးထူးတို့ကမူ နံနက်(၁၀)နာရီခွဲလောက်ကတည်းက လှေပေါ်တွင် ကိုယ့်ထမင်းထုပ်ကိုယ်ဖြေ၍စားလိုက်ခဲ့ကြ၏။ ဆိပ်ကမ်းမှဝယ်လာခဲ့သောထမင်းထုပ်များမှာ ဟင်းအစပ်တည့်လှသဖြင့်စား၍မြိန်လှ၏။ ကျွန်တော်ကား အစားသေးသူဖြစ်၍ ထမင်းထုပ်ဖြေပြီးစမှာပင် ဘကြီးထူးသို့ ကိုယ့်အထုပ်ထဲမှထမင်းကို ဦးဦးဖျားဖျား တစ်ဝက်ခွဲပေးလိုက်ရ၏။ ဘကြီးထူးမှာမူ အထက်ကပြောခဲ့သည့်အတိုင်းပင် သူ့ထမင်းထုပ်သာမက ကျွန်တော်ခွဲပေးသောထမင်းများပါ ကုန်စင်အောင်လွေးနိုင်လေသည်။ စားပြီးသောအခါ ဖက်ရွက်များကို မြစ်ထဲသို့ပစ်ချလိုက်ကာ မြစ်ရေဖြင့်ပင် လက်ဆေးကြရ၏။

ဘကြီးထူး၏သားရှိသော တောင်မရိုးရွာသည် မြစ်ဆိပ်ကမ်းပါးကရွာမဟုတ်။ မြစ်ဆိပ်ကမ်းပါးရှိရွာမှတစ်ဆင့် အရှေ့တောင်ဘက်သို့ နှစ်မိုင်ခွဲမျှထပ်ဆင့်သွားကြရသေး၏။ သို့ရာတွင် မြစ်ကမ်းပါးရွာမှလည်း ထိုတောင်မရိုးရွာသို့ နွားလှည်းငှား၍ရသောကြောင့် လှည်းတစ်စီးငှား၍ ထွက်ခဲ့ကြရ၏။ လှည်းခမှာ တစ်ဆယ်ကျပ်ပင်မပြည့်။ နေပူမမိစေရန် လှည်းပေါင်းမိုးတပ်ပေးရုံသာမက လှည်းအိမ်အတွင်း၌ အောက်မှကောက်ရိုးခံ အပေါ်ကထန်းလက်ကြောဖျာချောခင်းပေးပါသေး၏။ တောင်မရိုးရွာသို့ နေ့ခင်းနှစ်နာရီခွဲသာသာ၌ ဆိုက်ရောက်သွားကြပါ၏။ အလှူပွဲမှာ ဘုန်းကြီးကျောင်းတွင်လုပ်မည်ဖြစ်၍ ထိုဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ကုက္ကိုပင်ထိပ်ဖျား လော်စပီကာမှ အသံချဲ့စက်သီချင်းသံကို ရွာမဝင်မီကပင် ကြားရလေသည်။ အလှူ၏ပွဲအစနေ့ပင်တည်း။

ကျွန်တော်တို့သည် ထိုရွာအလှူပွဲ၌ စနေ၊ တနင်္ဂနွေ (၂) ရက်နေခဲ့ကြ၏။ အလှူပိန်ကလေးဟုဆိုသော်လည်း ပွဲကြီးနေ့တွင်မူ ရွာလုံးကျွတ်မီးခိုးတိတ်ထမင်းကျွေးသည်သာဖြစ်၏။ ဟင်းလျာမှာ အညာဒေသအလှူပိန်ကလေးတို့ထုံးစံအတိုင်း ငါးခြောက်ကြော်၊ ငရုတ်သီးငါးပိကြော်၊ ပဲကြီးဟင်းချို၊ သရက်ချဉ်သုပ်တို့ဖြစ်ကြ၏။ ငါးခြောက်ကြော်မှာ ငါးခြောက်ကို ရေနွေးတစ်ပွက်ဆူတွင်ပြုတ်ပြီး အရိုးထွင်၊ ခြေနင်းမောင်းဆုံဖြင့်ညက်အောင်ထောင်းပြီးမှ ကြက်သွန်ဖြူ ကြက်သွန်နီ အနှစ်နိုင်နိုင်ဖြင့် လုံးထွေးသွားအောင် မိုးပြဒယ်ကြီးများဖြင့်ကြော်သည်ဖြစ်ရာ ကျောင်းဝင်းအတွင်း မရောက်မီကတည်းက လေသင့်ရာတစ်ရွာလုံးမွှေးနေတော့သည်။ အညာဒေသတွင် အလှူပိန်ဆိုသည်မှာ ဘုန်းကြီးကျောင်းတွင်သာလာသမျှ ပရိသတ်ကိုထမင်းကျွေး၊ နေ့ခင်း (၂) နာရီ (၃)နာရီတွင် ရေစက်ချတရားနာ၍ သိမ်းလိုက်သောအလှူပွဲမျိုးကိုဆိုလို၏။ အလှူလတ်ဆိုလျှင်တော့ အလှူရှင်အိမ်ဝိုင်း၌ မဏ္ဍပ်ထိုးပြီး အကျွေးအမွေးတွင်လည်း ဝက်သားနီချက်တို့၊ ကြက်ဆီပြန်တို့ပါလာပြီဖြစ်၏။ အလှူကြီးဆိုလျှင်မူကား အလှူပွဲနှစ်ညစလုံး ဧည့်ခံဆိုင်းအငြိမ့်ပါလာပြီး ပွဲကြီးနေ့တွင် တစ်မနက်စာလုံးဗြောရိုက်လိုက်၊ မင်းဆမီးကဧည့်ခံကပြလိုက်၊ လူရွှင်တော်တွေက ပြက်လုံးထုတ်လိုက်နှင့်ရှိ၏။ ရပ်ရွာအတွင်းသို့လည်း ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်အပျိုများ၊ အိုးစည်ဒိုးပတ်ဝိုင်း၊ ဦးရွှေရိုး-ဒေါ်မိုးအဖွဲ့၊ ပုဏ္ဏားယိမ်း၊ ဇော်ဂျီယိမ်း စသည့် အဖွဲ့များနှင့် တီးမှုတ်ကခုန်လှည့်လည်ကြ၏။ မောင်ရှင်လောင်းကို မြင်းနှင့်တင်ကာ ရွှေထီးမိုးပေး၏။ ထို့ထက် ငွေကြေးတတ်နိုင်သူများက မြင်းမဟုတ်တော့ဘဲ ဆင်ဖြင့်တင်၍လှည့်၏။ နားသသည့်မိန်းကလေးတွေကိုတော့ လှည်းယဉ်ကြော့ဖြင့်တင်၍လှည့်သည်။ အကျွေးအမွေးတွင်လည်း ဘယ်ဟင်းခွက်နှိုက်ရမှန်းမသိလောက်အောင် အလျှံပယ်ကျွေးမွေးတော့သည်မှာ ဧည့်ခံကျွေးမွေးရေး၊ စားပွဲထိုးစားပွဲရှင်းအဖွဲ့ကို သီးသန့်ဖွဲ့ကာ တာဝန်လွှဲပေးထားရတော့၏။

(ဆက်ရန်)

နန္ဒာစိုး (ဆင်ဖြူကျွန်း)

www.burmeseclassic.com



ကျွန်တော် အိမ်ပြန်ရောက်တော့ ညနေ(၅)နာရီထိုးခါစပင်ရှိသေးသည်။ သို့သော် မိုးရိပ်လေရိပ်တိမ်ညိုမည်းများ ကောင်းကင်တစ်ခို နေရာယူအပြည့် အသိပ်လွှမ်းမိုးထားမှုကြောင့် အလင်းရောင်ပျောက်လုပျောက်ခင်ဖြစ်နေပြီး ပတ်ဝန်းကျင်ဖားလက်တက်၏အော်သံ၊ ဖားခုံညင်းများဆူညံသံအပြင် အိပ်တန်းဆီသို့ ကမျောကသောပျံသန်းပြေးနေကြသော ကျီးငှက်များ၏ လှုပ်ရှားမှုသာမြင်နေရပေသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိသည်။

ကျွန်တော်နေထိုင်နေသောနေရာသစ်၊ ပတ်ဝန်းကျင်အသစ်သည် အုံ့ဩဖွယ်ကောင်းလောက်အောင် လူနေအိမ်ခြေကျဲပါးကာ အိမ်ခြံကွယ်များကလည်း ကပိုကရိုဖြင့်ကြဲထားသောအံစာတုံးတွေလို နေရာအနှံ့ရပ်တည်နေခြင်းဖြစ်သည်။ ဤအခြင်းအရာများသည် မကြာသော ကာလလေး၊ ငါးလခန့်ကပင် နိုင်ငံတော်မှနေ၍ ကျူးကျော်အိမ်ရာများကို ဖျက်သိမ်းပြီး မြို့သစ်ဆီသို့ ကူးပြောင်းပေးဖြစ်ရကား ကျူးကျော်အိမ်များမရှိတော့သဖြင့် ရပ်ကွက်ကြီးသည် သုသာန်တစပြင်ကြီးလို ခြောက်သွေ့တိတ်ဆိတ်နေခြင်း ဖြစ်ပေသည်။ ညအခါဆိုလျှင် ဖားအော်သံ၊ ပုရစ်အော်သံများသာလွှမ်းမိုးနေတတ်ပေသည်။

ရပ်ကွက်၏အရှေ့ဘက်တွင် ပုဇွန်တောင်ချောင်းနှင့် မြို့ပတ်ရထားလမ်းမရှိစဉ် ပုစွန်တောင်ချောင်းနံဘေးတွင် အရှေ့ဘက်ကို ကျောပေးလျက် ပွင့်ကောင်းငါးပိ၊ ငါးငံပြာရည်စက်ရုံရှိမည်။ မြောက်ဘက်ကားလမ်းအတိုင်းဆက်သွားပါက သုဝဏ္ဏမြို့သို့ရောက်မည်။ ငါးပိ၊ ငံပြာရည်စက်ရုံနံဘေး ရထားလမ်းနံဘေး ရေဆိုးမြောင်းတစ်လျှောက် ယခင်နှစ်များကဆိုလျှင် ကျူးကျော်အိမ်မြေများနှင့်ပြွတ်သိပ်နေကာ နေ့ညမရွေး ကြက်ပျံမကျစည်ကားခဲ့သောနေရာဖြစ်သော်လည်း ယခုအခါ ကပ်ရောဂါကြီးတစ်ခုကြောင့် လူစုလူဝေးကြီးသည် မိမိနေထိုင်ရာမြို့ကို စွန့်ခွာထွက်ပြေးသွားဘိသည့်အလား မြို့ပျက်ရွာပျက်ကြီးလို အမှောင်လွှမ်း လုလုလောက် ကောင်းကင်အောက်တွင် ကြောက်မက်ဖွယ်ငြိမ်သက်နေပေသည်။

မကြာသောကာလအတွင်း [illegible] တော့မည့်မိုးရိပ်မိုးငွေ့ကြောင့် အမှောင် ဆည် ညနေခင်းဆီသို့ အလျင်အမြန် ကူးပြောင်းလာပေရာ ကျိုးတိုးကျဲ နေအိမ်များသည် မီးများအသီးသီးလင်း လက်လာပေတော့သည်။

ကျွန်တော်သည် လမ်းထိပ်မှနေ၍ မေတ္တာညွန့်ရထားဘူတာရုံဆီသို့ လှမ်း ကြည့်လိုက်မိရာ စကြီတွင် ရထားစောင့် သူ လေး၊ ငါးဦးခန့်သာ မတ်တတ်ရပ်နေ ကြသည်ကို လှမ်းမြင်လိုက်မိသည်။ ရထားလမ်းသည် ဟိုဝေးဝေး မိုးမှုန်တွေ ထဲသို့တိုးဝင်နေသည်။

ထိုစဉ် အနောက်တောင်ဘက်ဆီ မှမိုးများအော်သံ။


မိုးရွာပေပြီတကား။ ကျွန်တော် လမ်းထဲသို့ အလျင်အမြန်ပြေးဝင်လိုက် မိပေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးခါစတွဲ့ယူပြီး မည်သည့်အလုပ်လုပ်ကိုင်ရမည်ကို စဉ်းစားနေခိုက်မှာပင် ကျွန်တော့်အဖို့ အိမ်စောင့်ရန် တာဝန်တစ်ခုပိုလာသည်ဟုဆိုရပေလိမ့်မည်။ ကျွန်တော်နေထိုင်ရာသည် ကျောက်မြောင်းရပ်ကွက် မြို့သစ်ဖော်ဆီမံကိန်းအရ ကျူးကျော်များဖျက်သိမ်းပြီး မြို့သစ်များသို့ နေရာချပေးသောအခါ ကျွန်တော်၏မိခင်ဘက်မှ ဆွေမျိုးများလည်း ပြောင်းရွှေ့သည့်အထဲတွင် ပါဝင်သွားပေရာ ကျွန်တော့်မိခင်၊ ညီအစ်ကိုတစ်စုက ဆွေမျိုးများပြောင်းရွှေ့ရာသို့ လိုက်ပါသွားကာ နေရာထိုင်ခင်းကူညီ၏။ အိမ်ဆောက်ပေးရခြင်းအလုပ်များနှင့်တာဝန်ပိလျက်ရှိသဖြင့် လက်ရှိအိမ်တွင် လူမရှိဘဲဖြစ်နေရာ ကျွန်တော်က ညဘက်တွင် လာရောက်စောင့်ရှောက်ကာ ညအိပ်ပေးရခြင်းသဘောသာဖြစ်သည်။ မေတ္တာညွန့်ရပ်ကွက်ဘေးရှိ အိုးစုရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်ရပ်ကွက်နှင့် ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းစကာလဖြစ်၍လည်း မေတ္တာညွန့်ရပ်ကွက်မှာ အလယ်တွင် ထီးတည်းကြီး ကျန်ရစ်သလိုဖြစ်နေပေသည်။

ညဘက် ကျွန်တော်လာစောင့်၍ အိပ်ပေးသောအိမ်သည် ကျွန်တော့်မိခင်၏ညီမအိမ်ဖြစ်ရာ နေ့ခင်းဆိုလျှင် တံခါးပိတ်ထားရသည်။ ရပ်ကွက်သည် ကျွန်တော်အဖို့ အသွင်မစိမ်းသော်လည်း ရပ်ကွက်သားများနှင့်တော့ ရင်းနှီးမှုမရှိသေးပါ။ ရင်းနှီးသူများကတော့ ကျူးကျော်ဖျက်သိမ်းသည့်ထဲတွင် အတော်များများပါသွားခဲ့ကြပေပြီ။

ကျွန်တော်သည် မှောင်ရီပျိုးစ၊ မိုးရွာစ ကောင်းကင်အောက်ဆီမှနေအိမ်ဆီသို့ အလျင်အမြန်ပြေးထွက်လာမိလေသည်။ မိုးသံတွေကတဝေါဝေါမြည်လာပေပြီ။

ခြံတံခါးကို အလျင်အမြန်ဖွင့်ရင်း အိမ်ထဲသို့ဝင်လိုက်မိသည်။ တော်ပါသေးသည်။ မိုးလွတ်သွားပေပြီ။ ကြောက်မက်ဖွယ်ဆူညံပြင်းထန်လှသည့် မိုးစက်ကျသံသည် သွပ်ခေါင်းမိုး၊ လမ်းမ၊ သစ်ပင်များပေါ်သို့ အငြိုးကြီးစွာဖြင့်ရွာချလေရာ ပတ်ဝန်းကျင်တစ်ခုလုံး မိုးပြိုသကဲ့သို့ ထင်မှတ်ရပေသည်။

ကျွန်တော်သည် အိမ်မီးများကို လိုက်လံဖွင့်ရင်း ဘေးတံခါးပေါက်ကို လေဝင်လေထွက်ကောင်းရန် အနည်းငယ်ဟ,ရင်း တစ်ဖက်အိမ်သို့ကြည့်လိုက်မိသည်။ တစ်ဖက်ခေါင်းရင်းဘက်မှအိမ်

# မင်းဘုန်းသိခ်သူ

## ဂစ်တာတီးတဲ့ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com

သည် အုတ်ပတ်ကာနှစ်ထပ်အိမ်ဖြစ်သည်။ ကျွန်တော်တို့အိမ်ကတော့ ပျဉ်ကာပျဉ်ခင်းသွပ်မိုးတစ်ထပ်လွှာချင်းအိမ်ကလေးသာ ဖြစ်သည်။ ပေ (၃၀) ပေ (၅၀)မြေကွက်မို့ အသင့်အတင့်ကျယ်ဝန်းသည်ဟု ဆိုရပေမည်။

တစ်ဖက်အိမ်မှာကား ကျွန်တော်ထင်သည့်အတိုင်း မီးမရှိဘဲ အမြဲမှောင်မည်းနေတတ်ပေရာ ညဘက် အကာလ မိုးသည်းသည်းရွာချိန်ဆိုလျှင် ကြောက်မက်ဖွယ်ကောင်းလှသည်။ လူနေထိုင်ခြင်းလည်းမရှိပေရာ အမြဲတိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ တကယ်ဆိုလျှင် လူမနေပါက အငှားချထား၍ဖြစ်စေ၊ အစောင့်တစ်ယောက်ဖြစ်စေရှိသင့်သည် မဟုတ်လား။ ကျွန်တော်သည် လမ်းထဲသို့ရောက်သည်မှာ တစ်လခန့်ရှိပြီဖြစ်ပေရာ သည်အိမ်ကြီးတွင် လူဝင်လူထွက်မရှိသည်မှာ ဆန်းပြားလှသည်ပြောရမည်လော။ ဒါမှမဟုတ် သည်လိုပင်ဖြစ်လေ့ဖြစ်ထသဘော တစ်နေရာသို့ ခရီးရှည်ထွက်သွားကြသည်လောဟု တွေးထင်ရမလိုဖြစ်နေပေသည်။

သို့သော် တစ်နေ့သောအခါ ကျွန်တော်၏ ထင်မြင်ယူဆချက်တစ်မျိုး တစ်ဖုံပြောင်းလဲသွားသည့် ရက်တစ်ရက်ကို ရောက်ရှိလာခဲ့ပေသည်တကား။

ထိုရက်ကား လသာည မိုးတိမ်ကင်းစင်စ ညတစ်ည။

❑

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလျက်ရှိစဉ် ထူးခြားသောအသံတစ်သံကြောင့် အိပ်ရာမှလန့်ဖျပ်နိုးလာရလေသည်။ အိပ်ရာထဲမှပင် မလှုပ်မရှားငြိမ်သက်စွာ လဲလျောင်းနေရင်း အသံတစ်သံကို နားစွင့်နေမိသည်။

ညသည်ကား ချောက်ချားဖွယ်တိတ်ဆိတ်နေကာ ပတ်ဝန်းကျင်တစ်ခုလုံးသည် တစီစီမြည်နေသောပိုးပုရစ်သံ၊ တကွပ်ကွပ်မြည်နေသော ဖားအော်သံသာ ကြီးစိုးနေပေသည်။

ကျွန်တော်သည် အာရုံကို ပို၍ချဉ်မိစေရန် စုစည်းလိုက်သည်။ ထိုအခါ တိုးသောအသံတစ်သံက ညဥ့်ယံကိုဖောက်ထွက်ကာ ခပ်သဲ့သဲ့ထွက်ပေါ်လာလေသည်။

ဂစ်တာသံ။

သီချင်းတစ်ပုဒ်ကို ရစ်သမ်တီးခတ်လိုက်ဖြင့် ထွက်ပေါ်လာသောဂစ်တာသံ။ ဂစ်တာသံသည် ကျွမ်းကျင်ပိုင်နိုင်သောလက်သံမှန်းသိထားသည်။

ကျွန်တော့်အဖို့ ပိုမို၍ အံ့ဩစရာကောင်းသည့်အချက်ကား ဂစ်တာသံသည် တစ်ဖက် လူမနေသော၊ လူမရှိသော နှစ်ထပ်အိမ်ကြီးဆီမှ ပျံ့လွင့်လာသော ဂစ်တာသံဖြစ်နေသောကြောင့်ပင်တည်း။ ကျွန်တော့်ရင်သည် ဖျင်းခနဲတုန်ခါသွားကာ ခုတင်ပေါ်မှ အသာလျှောဆင်းလိုက်မိသည်။ ခုတင်ခြေရင်းဆီမှ ငါးတိုင်အားအပြာရောင်မီးပွင့်ကလေးကို ဖွင့်လိုက်သည်။ မှုန်ပျပျအလင်းပြာသည် ကျွန်တော်အိပ်စက်ရာအခန်းကလေးတွင် အလင်းဖြာသွားသည်။

ဂစ်တာသံသဲ့သဲ့ကား ထွက်ပေါ်နေဆဲ။ မည်သည့်သီချင်းကို တီးခတ်နေမှန်းအဓိပ္ပာယ်ဖော်မရပေ။ သေချာသည်ကတော့ 'တစ်ဖက် နှစ်ထပ်အိမ်အပေါ်ထပ်ဆီမှ ထွက်ပေါ်လာသော အသံမှန်း သေချာလေ၏။ သတ္တုကြိုး၏တုန်ခါသံသည် သာယာစွာထွက်ပေါ်နေဆဲ။

"ဘယ်သူတီးနေပါလိမ့်၊ လူမရှိဘဲနဲ့"

ကျွန်တော်သည် ညည်းညည်းညူညူပြောရင်း ပြတင်းတံခါးကိုဖွင့်လိုက်လေသည်။ အပြင်ဘက်တွင်ရှိနေသည့် နှစ်ထပ်အိမ်ကြီးဆီမှ လရိပ်လွှတ်နေသောနေရာဆီမှ အမှောင်သည် ရှည်မျောမျောနှင့်ထင်းလျက်။ မိုးကာလမို့ မိုးသားကင်းသော်လည်း အေးမြလတ်ဆတ်သောလေရှိန်းက ထက်မြက်ထိရှလွယ်သောဓားသွားတွေဖြစ်မှ တိတ်ဆိတ်ခြင်းကို တိတ်တဆိတ်ထိုးဖောက်လျက် လေတစ်ချက်ဝှေ့၍တိုက်ခတ်လိုက်သည်နှင့် နှစ်ထပ်အိမ်ကြီးရှေ့ သွေးခဲအေးစက်နေသော အုန်းလက်များတရှဲရှဲမြည်ကာ ယိမ်းယိုင်လှုပ်ရှားသွားကြသည်။ လေတိုက်လိုက်တိုင်း မပြီးနိုင်မစီးနိုင် တရှဲရှဲအသံမြည်နေခြင်းကလည်း ငိုကြွေးရှည်သောတလေးတစ်ယောက်လို တအီအီ ညည်းညူနေသံနှင့်တူသည်။ ဂစ်တာသံက ညင်သာနူးညံ့စွာထွက်ပေါ်နေဆဲ။

ညကား ဆယ်နာရီကျော်ပေပြီ။

ခဏကြာတော့ ဂစ်တာသံသည် တိုး၍တိုး၍ ပျောက်ကွယ်သွားသည်။

'ဧကန္တ - အိမ်စောင့်တစ်ယောက်ရောက်လာပြီထင်တယ်။ လူငယ်ပဲနေမှာပဲ'

ကျွန်တော်သည် ပြတင်းပေါက်တံခါးကို ပြန်ပိတ်လိုက်ပါသည်။ နောက်ထပ် ဂစ်တာသံလုံးဝမကြားရတော့ပေ။ တံခါးပိတ်သံအောက်တွင် ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားသကဲ့သို့ ငြိမ်သက်သွား၏။

❑

သည်နေ့တော့ မိုးစက်က... တွေက ဝဲဝဲယိုင်ယိုင်တဖွဲဖွဲရွာနေသ... အချိန်အားဖြင့် ညဥ့်နှစ်နာရီခန့်သာ... လိမ့်မည်။ ကျွန်တော် တစ်ဖက်အိမ်... ကို လှမ်းကြည့်လိုက်တော့ ထုံးစံအ... ပင် မည်းမှောင်လျက်ပင်ရှိဆဲ။ ယနေ့... ဂစ်တာသံရှင်ကော ဒီနေ့ညရှိပါ... လား။ ရှိသေးသည်ဆိုလျှင် မှောင်... မည်းမည်းထဲမှာ မီးလေးတစ်ပွင့်... တော့ ဖွင့်ထားဖို့ကောင်းလေသ... အိမ်ကြီးကား တိတ်ဆိတ်လျက်... အိမ်စောင့်ဂစ်တာရှင်မရှိဘူးထင်၏။

သို့သော် ကျွန်တော်၏... မဆုံးမီမှာပင် လှုပ်ရှားမှုတစ်ခုကို... တွေ့လိုက်ရပါတော့သည်။

ဘောင်းဘီဝတ်ထားသော... လေးတစ်ယောက်သည် ကျွန်တော်... တန့်နေရာ ပြတင်းပေါက်အပေါ်မှ... မှ လသာဆောင်ကို ကျောပေး... နေခြင်းဖြစ်သည်။ လူငယ်ကလေး... လက်နှစ်ဖက်ကို အနောက်သို့... အေးအေးလူလူရပ်နေခြင်း ဖြစ်... ကျွန်တော် သူ့ကိုကြည့်နေသည်ကို... သိရှိဟန်မတူပေ။

လူငယ်ကလေးသည် ဘာ... အမှောင်ထဲမှာရပ်တန့်နေရပါသ...

ကျွန်တော်တွေးတောရင်း... လေးကိုမော့ကြည့်လိုက်တော့ ရပ်... မှာ မရှိတော့ပေ။ လူငယ်လေး... သွားပုံမှာ မြန်ဆန်လွန်းသည်ထင်...

သို့သော် -

ခဏကြာလျှင် ဂစ်တာသံ... ကြားရပြန်လေသည်။

သို့သော် ကျွန်တော်သည်... အကြိမ်ကြိမ်ပြောက်ကြားလိုက်ရသည့်... သံကို ဂရုမစိုက်နိုင်ဘဲ နောက်ဖေး... သို့ဝင်ကာ အဆင်သင့်ဝယ်ယူလာ... ထမင်းနှင့် ဟင်းကို စားရန်ပြင်ဆင်... သည်။ ညဘက် ဆာလောင်ပါက... သောက်ရန် မုန့်ပဲသရေစာအချို့... ပါလာသေးသည်။ ငါးမုန့်ထုပ်၊... ကြော်၊ အာလူးချောင်းကြော်စသည်... ဖွယ်ဖွယ်ရာရာဖြစ်ပေသည်။

ထမင်းစားသောက်ပြီးသော... ည (၉) နာရီထိုးပေပြီ။ ပတ်ဝန်း... တွင် စွတ်စိုထိုင်းမှိုင်းမှုဖြင့်ရှိနေ... လည်း မိုးပေါက်ကလေးများက...



www.burmeseclassic.com

www.burmeseclassic.com

ဆင်းမလာတော့။ စောစောက ဂစ်တာ သံလည်း မကြားရတော့။ ပကတိတိတ် ဆိတ်လျက်။

ကျွန်တော်လည်း ပျင်းပျင်းရှိသည် နှင့် အိမ်ရှေ့စာရေးစားပွဲမှ သံဆန်ခါ ကွက်များကို ကျော်ကာ တစ်ဖက်ခြံထဲကို ကြည့်လိုက်ရာ လူငယ်ကလေးသည် ကျွန်တော်ထိုင်နေရာသို့ လှမ်းကြည့်နေ သည်ကို တွေ့လိုက်ရပေ၏။ ကျွန်တော် သည် တစ်ယောက်တည်း ညဥ့်ယံကို ဖြတ်သန်းရသည်ကတစ်ကြောင်း၊ စကား ပြောဖော်တစ်ယောက်ယောက်လိုအပ်နေ သည်ကတစ်ကြောင်း စသည်တို့ကြောင့် ထိုင်နေရာမှအသာထကာ အိမ်အောက် ခြံထဲသို့ဆင်းလိုက်မိသည်။ ထိုအချိန်တွင် လူငယ်ကလေးသည် အိမ်နှစ်အိမ်၏ခြံ စပ်တွင်ရပ်နေခြင်း ဖြစ်သည်။

လူငယ်ကလေးကို မြင်သည်နှင့် ကျွန်တော်အပြုံးဖြင့် နှုတ်ဆက်လိုက် သည် -

"ညီလေး"

ကောင်လေးသည် ကျွန်တော့် အသံကြောင့် ရုတ်တရက် လန့်ဖျပ်သွား သော အနေအထားဖြင့် ခြေလှမ်းနှစ်လှမ်းစာမျှ နောက်ဆုတ်လိုက်ပါသည်။ သူ့မျက်နှာသည် ကျွန်တော့်အသံကြောင့် လည်းကောင်း၊ ကျွန်တော့်ကို မြင်လိုက်ရသောကြောင့် လည်းကောင်း ကြောက်လန့်တကြားဖြင့် နောက်သို့ဆုတ်လိုက်ပုံမှာ ကျွန်တော့်မျက် နှာပျက်သွားလုသည်ထင်သည်။ သည်လောက် အထိ ကြွန်ုပ်မျက်ပို့မသင့်ပေ။

ကောင်လေးသည် ဘာမှမပြော ဘဲ ကျွန်တော့်ကို ငေးကြောင်ကြည့်နေ သည်။

"ဒီညီလေးက ဒီနှစ်ထပ်အိမ်က လား"

ခေါင်းညိတ်ပြသည်။

ကျွန်တော် ချိုသာစွာ စကားပြော လိုက်တော့ အနည်းငယ် စိတ်သက်သာ ရာရသော ရှေ့သို့ခြေတစ်လှမ်းတိုးလာ သည်။ သို့သော် မျက်နှာပြင်ကတော့ ကြောင်စီစီနှင့်။

"ကိုယ် နှစ်ညရှိပြီ ဂစ်တာသံကြား နေရတာ။ ညီလေးတီးတာလား"

သူက မြူးကျယ်ဝိုင်းစက်သော မျက်ဝန်းများဖြင့်ကြည့်ကာ ဆတ်ခနဲ ခေါင်းညိတ်ပြသည်။ သူသည် ကျွန်တော် မေးတော့ တီးကပ်ရမည်ကို ဝန်လေးနေပုံ ရသည်။

"တော်တယ်ကွာ၊လက်ရာမြောက် တယ်။ မင်းဘာသီချင်းတွေရသလဲ"



"စိုင်းထီးဆိုင်၊ ခိုင်ထူး၊ မြန်မာပြည် သိန်းတန်၊ စိုးပိုင်"

ခက်သွက်သွက်ဖြေသည်။

"မင်းရဲ့ အကြိုက်ဆုံးတစ်ပုဒ်ပြော ကွာ"

"စိုးပိုင်ရဲ့သီတာ"

"အဲဒီသီချင်း အစ်ကိုလည်းကြိုက် တယ်။အားရင်ဆိုပြကွာ၊ ဩော်-ဒါထက် အစ်ကို ဒီမှာနေလာတာ တစ်လကျော် ပြီ။ မင်းကို အခုမှပဲတွေ့ရတော့တယ်။ ညီလေးကိုအပြင်ထွက်တာလည်းမတွေ့ ရ၊ တစ်ယောက်တည်းထင်တယ်"

"ဟုတ်ကဲ့ - တစ်ယောက်တည်း"

"တစ်ယောက်တည်းစောင့်နေရ တာ ပျင်းစရာကွာ"

"စောင့်နေရတာ ဟုတ်လား။ ဟုတ်တယ် စောင့်နေရတာ ကျွန်တော် အစောင့် . . ."

ကောင်လေးသည် ကျွန်တော့်ကို အထိတ်တလန့်ကြည့်ကာ တစ်ယောက် တည်းပြောသလို ရေရွတ်နေသည်။ ဘာကြောင့် ဒီစကားလုံးကျအရေးတကြီး ရေရွတ်နေရတာလဲ။

"အေးလေ - အိမ်စောင့်ပေါ့၊ အစ်ကိုလည်း ဒီမှာဆွေမျိုးတွေမရှိလို့ လာစောင့်ပေးနေရတာ။ အလုပ်တွေက လည်း လျှောက်ထားတုန်းကွ"

ကောင်ကလေး၏ မျက်နှာသည် ဆိသာစွာ ချက်ချင်းညှိုးရော်သွားသည်။

"ကျွန်တော်လည်း စောင့်နေရ တာပါပဲ၊ ကြာပါပြီ အင်း"

"အိုကွာ - အိမ်စောင့်တာပဲ ဘာ ပင်ပန်းတာမှတ်လို့ ဇိမ်တော ခင်ရှိသေး။ စားလိုက်သောက်လိုက်။ ဒါနဲ့ ညီလေး သာစားပြီးပြီလဲ။ အပြင်ထွက်တာလည်း မတွေ့ . . ."

ကောင်ကလေးသည် ပြုံးတုံးပျာ တာဖြင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။

"အင်း - ကျွန်တော်လား ဆာ သလား၊မဆာသလားတောင် မသိပါဘူး ဗျာ"

"ဆာရင်အပြင်ထွက်စားပေါ့ကွာ။ အခု ကျူးကျော်တွေဖျက်လိုက်တော့ ဈေးဆိုင်တွေပျောက်ကုန်ပြီ ညီလေး။ အာသောကဘက်ထွက်ရင်တော့ စား စရာစုံပါတယ်။ ကြိုက်တာရတယ်"

ကောင်လေးသည် ကျွန်တော့်ကို တအံ့တဩကြည့်သည်။

"ကျူးကျော် ဟုတ်လား"

"ဟုတ်တယ်၊ ကျူးကျော်တွေဖျက် လိုက်ပြီ။ သူတို့ကို မြို့သစ်မှာ စနစ်တကျ အတွက်ချပြီး နေရာချထားပေးထားတာ ကွ။ အရင်ကဆို အိမ်ကလေးတွေ အိမ် ရှေ့မှန်းမသိ၊ နောက်ဖေးမှန်းမသိ ရှုပ်ပွ နေကြတာလေ။ နေထိုင်မှုစနစ်မရေမရာ ဘဝကနေ ကျွတ်သွားကြတာပေါ့ကွာ။ နှိုင်းဆို ဝဋ်ကျွတ်မှာမဟုတ်ဘူးကွ"

"ဟင် - ဝဋ်ကျွတ်သွားတယ်ဟုတ် လား"

"ဟုတ်တယ်လေ၊ ကျပ်ကျပ်တည်း တည်းနေရတဲ့ဘဝက ဝဋ်ကျွတ်သွားတာ ပေါ့။ လူနေမှုအဆင့်မြင့်သွားတယ်ဆိုပါ တော့"

ကောင်လေးတစ်ချက်ငိုင်တွေသွား သည်။

"ဝဋ်-ဟုတ်တယ်၊ ဝဋ်ကျွတ်တော့ ကောင်းတာပေါ့ အစ်ကိုရယ်။ အင်း - ကျွန်တော်လည်း မကြာခင် ဝဋ်ကျွတ် တော့မှာပါ"

"ညီလေးက ဒီမှာဆက်မနေတော့ ဘူး။ တစ်နေရာရွှေ့မယ်ပေါ့"

"တစ်နေရာပေါ့ မရေရာမသေချာ တဲ့တစ်နေရာရာပေါ့ အစ်ကို"

ကောင်လေး၏အသံက တိုးသဲ့ လျက်ရှိသည်။ တစ်စုံတစ်ခုကြောင့် သူ ကြောက်နေပုံရသည်။ ကျွန်တော်က ရိုးရိုးသားသားပင် ပြန်ပြောလိုက်သည်။ သူ့စကားကလည်း ဆန်းကြယ်နေသည်။

"နေပါဦး - ညီလေးရာ၊ အစ်ကို လည်း ဒီရောက်တာမှတစ်လလောက်ရှိ သေးတယ်။ မင်းနဲ့တွေ့မှ စကားပြော ဖော်ရမယ်ကြံကာရှိသေးတယ်။ အပြင် လေးဘာလေးညဆက်ကျတော့ထွက်ပါ ကွာ။ မီးလည်းဖွင့်ပါ။ မင်းကလူမရှိတဲ့ အတိုင်းပဲ။ တစ်အိမ်လုံးကို မှောင်မည်း နေတာပဲ။ ဂစ်တာလည်းတီး၊ စကား လည်းလာပြောပါကွာ"

ကောင်လေးမဖြေ။ ငြိမ်သက်နေ သည်။ ရှက်ရွံ့သလိုခံစားနေပုံရသည်။

"ဩော်-ဒါထက် အစ်ကိုက ညမိုး ချုပ်ခါနီးမှပြန်လာတတ်တာကွ။ ညီလေး



www.burmeseclassic.com

www.burmeseclassic.com

အပြင်မထွက်ရင် စားချင်တာမှာလိုက်လေ”

ကောင်လေးက ကျွန်တော့်စကားအဆုံးတွင် ပြုံးကျယ်ဝိုင်းစက်သော မျက်လုံးမှာ ရုတ်ခြည်းဝင်းလက်ဒတောက်ပြောင်သွားပြီး -

“ကျွန်တော်စားချင်တဲ့အစာ အစ်ကိုတကယ်ဝယ်ကျွေးမှာလား”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

“တကယ်ပေါ့ကွ ပြော”

“ကျွန်တော် စားချင်ဆုံးကတော့ တိရစ္ဆာန်တွေရဲ့ ဝမ်းတွင်းကလီစာတွေ။ ဟိုလေ အမဲအူစုံအသည်းစုံဆို ပိုကြိုက်။ အဲဒါတွေဝယ်ကျွေးဗျာ”

ကျွန်တော် ကောင်လေး၏စကားဆုံးတော့ အနည်းငယ်တွေဝေသွားသည်။ သည်လို ရုပ်ရည်သနားကမားကောင်လေးမျိုးက သားကြီးငါးကြီးအူစုံအသည်းစုံမျိုးကို မက်မက်မောမောကြိုက်သည်ဆို၍ ခပ်ရွံ့ရွံ့ဖြစ်သွားမိသည်။ ဘယ်လိုကောင်လေးပါလိမ့်။

“ရပါတယ်ကွာ၊ အစ်ကို ညဘက်ပြန်လာတော့ ဝယ်လာခဲ့ပါ့မယ်”

ကျွန်တော် သူကြိုက်တာဝယ်လာခဲ့မည်ဟု ကတိပေးလိုက်တော့ သူ့မျက်နှာသည် လွှန်မင်းစွာ ဟန်မဆောင်နိုင်တော့ဘဲ ရွှင်ပျသွားသည်။ ပါးစပ်ကိုလျှာနှင့်သပ်နေသည်။ သူတော်တော်စားသောက်ချင်နေပုံရသည်။

“ခပ်များများလေးဝယ်လာခဲ့နော်၊ ခပ်များများ”

“အေးပါကွာ၊ အမဲစုံအူစုံမဟုတ်လား။ ပြီးရင် အစ်ကို့ကို ဂစ်တာတီးပြ”

ဟု ကျွန်တော် သူ့ကိုမကြည့်ဘဲ ပြန်ပြောရင်း လမ်းမဘက်ဆီသို့ ရည်ရွယ်ချက်မဲ့တစ်ချက်လှမ်းကြည့်လိုက်မိသည်။

ထို့နောက် -

“ဒါနဲ့ ညီလေး”

ကျွန်တော့်စကားက လမ်းတစ်ဝက်မှာပင် ပြတ်တောက်သွားကာ ကောင်လေးရပ်နေရာသို့ လှမ်းကြည့်လိုက်တော့ ကောင်လေးမရှိတော့ပေ။ ဘယ်ပျောက်သွားပါလိမ့်။ မြန်လိုက်တာ။ ကျွန်တော်သူ့မိသားစုအကြောင်းကို မေးမြန်းမည်စိတ်ကူးပြီးမှ ရုတ်ခြည်း မျက်မှောက်မှပျောက်ကွယ်သွားခြင်းကို အံ့ဩတကြီးဖြစ်ရင်း လှည့်ပတ်ဝေ့ဝဲရှာမိ၏။ ကောင်လေးကို လုံးဝမတွေ့ရတော့။ ခြံစည်းရိုးကိုခွ၍ အိမ်ပေါ်ပြန်တက်နှင့်ဦး အလှမ်းကွာဝေးလွန်းရကား အိမ်ထဲသို့တယ်နည်းနှင့်မှ ချက်ချင်းမရောက်နိုင်။ ကျွန်တော်မျက်မှောင်ကြုတ် စဉ်းစားနေမိသည်။ ကောင်လေး ဘယ်လိုနည်းနှင့် အိမ်ပေါ်တစ်နေရာပြန်ရောက်သွားတာလဲ။

ကောင်လေး ရုတ်တရက်ပျောက်ကွယ်သွားပုံကို နားလည်ရခက်စွာ စဉ်းစားနေဆဲမှာပင် အိမ်ပေါ်ထပ်ဆီမှ သီချင်းသံသဲ့သဲ့ကိုကြားလိုက်ရလေသည်။ တစ်အိမ်လုံးလည်း မှောင်မည်းနေလေ၏။ မီးမထွန်းရခြင်းအကြောင်းကလည်း ကောင်လေးအပေါ် မသိတတ်မှုတစ်ခုပင်။

ဂစ်တာ၏ ရစ်သမ်ခတ်သံကြားလိုက်ရပြီး ကောင်လေး၏အက်ရှရှတေးသံထွက်ပေါ်လာသည်။ ဂီတနှင့်တော်တော်လေးကျွမ်းဝင်သည့် ကောင်လေးပါလား။

“ပြန်ချင်တယ်ဆိုမှ ထီးကမပါ××× အရိပ်ကင်းမဲ့နေလေရဲ့××× ပူပါတယ်ဆိုမှ ဖိနပ်ကမပါ××× မတ်တတ်ရပ်လို့ လမ်းမှာငို×××ခိုနားဖို့နေရှာ××× ဟိုမှာ ဟိုမှာ ဇရပ်ပျက်ကြီးတစ်ဆောင်××× ပြိုပျက်စပြုနေ×××”

ကောင်လေးအသံသည် တိုးညင်းရာမှ တိတ်ဆိတ်လှသောညဥ့်တွင် တဖြည်းဖြည်း ကျယ်လောင်လာသည်။ အသံသည် အသံလုံးဖြစ်ကာ စီးစီးပိုင်ပိုင်ရှိလှသည်ထင်သည်။ ကောင်လေးက ဘယ်ဆိုးလို့လဲ။ ဂစ်တာလည်း ကောင်းကောင်းတီးတတ်ပေသားပဲ။ ကျွန်တော်သည် ကောင်လေး၏ထူးဆန်းသောအပြုအမူကိုပင် မေ့ချင်သလိုလိုဖြစ်သွားသည်။ ပတ်ဝန်းကျင်သည် ခါတိုင်းလိုပင် တိတ်ဆိတ်နေမြဲဖြစ်ရကား တစ်လောကလုံးတွင် ကောင်လေး၏အသံသာ လွှမ်းမိုးပေါ်ထွက်နေသည်ဟု ခံစားရသည်။

ဂစ်တာအင်ထရိုဝင်သံကြားရ၏။ ပြီးတော့ ကောင်လေး၏ကြည်လင်သောအသံ။

“လူသူမနေ လင်းနို့ငှက်တွေ××× အသံပေးခြောက်လှန့်နေ××× အပေါ်ကိုမော့ကြည့်တော့××× သောက်ရေအိုးစင်တွေ့တယ်××× လှေကားအတိုင်းတက်လာပြီး ××× အပေါ်ရေအိုးထဲမှာ××× သီတာ ××× သီတာ ××× သီတာ ××× သီတာ”

သီတာဆိုသောနေရာရောက်သောအခါ အသံကပို၍ကျယ်လောင်လာလေသည်။ သူ့အသံသည်နှုတ်ဖျားမှသီဆိုနေသောအသံမဟုတ်။ ရင်ထဲမှလာသောအသံဖြစ်ပေသည်တကား။ သူသည် သီတာဆိုသောသီချင်းကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲသီဆိုနေခြင်းပင်ဖြစ်ပေသည်။

“သီတာကို×××သိပ်ချစ်တယ်... သိရဲ့လား သီတာရယ်×××သီတာနေပါ... ဦး×××သီတာနေပါဦး သီတာနေပါဦး...”

ဆိုနေရင်းမှပင် သူ့အသံတိမ်ဝင်သွားသလားထင်မှတ်ရသည်။

ရစ်သမ်ခတ်သံကြားရပြီး သီဆိုသံ... ပျောက်သွားသည်။ ထို့နောက် မည်သည့်... အသံမျှပင် မကြားရတော့။ တိတ်ဆိတ်... သွားသည်။ ပတ်ဝန်းကျင်သည် ကြောင်... မက်ထူးဆန်းဖွယ် တိတ်ဆိတ်ငြိမ်သက်... သွားခြင်းပင် ဖြစ်သည်။ ပဟေဠိများ... ရေငုံနှုတ်ပိတ်ဖြစ်သွားခြင်းပေတကား... ကောင်လေး၏ သီချင်းဆိုသံ တိခနဲပြတ်... တောက်သွားသည်မှာ အံ့ဩစရာကောင်း... လှသည်။ ဘာဖြစ်လို့ဆက်မဆိုတော့တာ... လဲ။ ဘာဖြစ်လို့ရပ်ပစ်လိုက်တာလဲ။

ကောင်လေးသည် ကျွန်တော်... ရပ်တန့်ငေးမောနားထောင်နေရာသို့... ရောက်လာခြင်းမရှိတော့ဘဲ ပျောက်... ကွယ်သွားခြင်းပင်တည်း။ အသိရခက်... သည့် ကောင်ကလေးမျိုးပါကလား... တကယ်ဆို . . တကယ်ဆို အစ်ကို... ကျွန်တော်လက်သံနဲ့အသံကောင်းရဲ့လား... ဘာညာဆင်းပြီးဝေဖန်ချက်ယူသင့်သည်... မဟုတ်လား။ ယခုတော့ ကောင်လေး... သည် မှောင်မည်းလှသောအိမ်ကြီး... တွင် ပျောက်ကွယ်သွားလေပြီကား... အိမ်နီးချင်းတစ်ယောက်အပေါ် ဥပေက္ခာ... ပြုလွန်းသည်ထင်သည်။

နောက်တစ်နေ့ ညဘက်တွင်... ကောင်လေးစားချင်သည်ဆိုသော အမဲ... အူစုံသည်းစုံများများဝယ်လာပြီး ကောင်... လေးကို ပေးလိုက်သည်။ အမဲအူပြုတ်... က မွှေးသင်းလှသည်။ ကောင်လေးသည်... ကျွန်တော်လှမ်းပေးသောဟင်းထုပ်... ဆတ်ခနဲပင်လှမ်းယူလိုက်ကာ ဟင်းနံ့... မျက်တောင်ကလေးစင်းမှေး၊ ခေါင်းလေး... မော့ပြီး အားရပါးရရှူရှိုက်လိုက်ပုံမှာ... သည်အမဲအူဟင်းအပေါ်တွင် သူဘယ်... လောက်တောင် စွယ်တာမက်မော... စားသောက်ချင်မှန်း သိရတော့သည်... တစ်နည်းအားဖြင့် ဟန်မဆောင်နိုင်... လောက်စွာ အငမ်းမရဖြစ်သည့်ပုံစံ... ဟုဆိုနိုင်သည်။ မျက်လုံးပြူး၊ ပါးစပ်... ပြကာ ဟင်းထုပ်ကိုစိုက်ကြည့်နေ... သည်။

ထိုစဉ်တွင် ကျွန်တော်၏မျက်လုံး...

www.burmeseclassic.com

များက ကောင်လေး၏လက်ချောင်းများကို မြင်လိုက်ရလေသည်။ ကောင်လေး၏ လက်ချောင်းများမှာ လိုအပ်သည်ထက် ပိုမိုရှည်လျားနေသည်ထင်သည်။ လက်ချောင်းများသည် ပင့်ကူများလို တရွရွလှုပ်နေကြ၏။ သူသည် အသံထွက်အောင် ကျေနပ်စွာ တစ်ချက်ညည်းညူလိုက်ပြီး ဟင်းထုပ်ကိုဖွင့်ကာ အာသာငမ်းငမ်းစားသောက်လေတော့၏။ အစာဆာလောင်ငတ်မွတ်နေသော ခြေခွေးတစ်ကောင်က ယုန်သူငယ်တစ်ကောင်ကို အရှင်လတ်လတ် ရက်ရက်စက်စက် စားသောက်ပုံမျိုးနှင့် ဆင်တူလှသည်။ စားသောက်ပုံမှာလည်း မြန်ဆန်လှပေသည်။ သွားဖြင့်ကြိတ်ဝါးမှုဝါးပါလေ၏။ ဂလူးဂလူးဟုပင် တိရစ္ဆာန်တစ်ကောင်၏မာန်ဖီပုံမျိုးအသံထွက်ကာ လက်ထဲမှကိုင်ထားသော အမဲအူစုံဟင်းသည် စက္ကန့်ပိုင်းအတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။

"ဟင် ဘုရား၊ ဘုရား ဘယ်လိုစားလိုက်ပါလိမ့်"

ကျွန်တော်မှာ ကောင်လေး၏ စားသောက်ပုံမြင်ကွင်းကို အံ့သြတကြီး ငေးကြည့်ရင်း ကြက်သေသေနေမိတော့သည်။ မနေ့ညက ဂစ်တာတီးကောင်းပုံ၊ သီတာဟူသော သီချင်းကိုအဆိုကောင်းပုံကိုလည်း ချီးမွမ်းပြောဆိုရန် လုံးဝသတိမရတော့ပါ။ ကောင်လေး၏ထူးဆန်း ကြောက်မက်ဖွယ်ရာ စားသောက်မှုအပြုအမူကို မှင်တက်ငေးကြည့်ရင်း ရင်ထဲမှာ ကျောချမ်းနေမိသည်။

"ကျွန်တော်အိမ်ပေါ်ပြန်တက်ဦးမယ်"

ရုတ်တရက် နှုတ်ဆက်ကာ အိမ်ပေါ်ပြန်တက်သွားပုံမှာလည်းမြန်ဆန်လှ၏။ အိမ်အပေါ်ထပ်တက်ရာ လှေကားတွေ့အစွန်း အမှောင်ထုအောက်တွင် ရုတ်တရက်ပျောက်ကွယ်သွားလေသည်။ လျှပ်ပြက်လိုက်သလိုပင် ရုတ်ခြည်းပျောက်ကွယ်သွားသလိုမျိုး ဖြစ်သည်။ တစ်မျိုးပါလား။

'ဘယ်လိုဖြစ်တာပါလိမ့်'

ကျွန်တော့်အဖို့ ကောင်လေးနှင့်ပတ်သက်သမျှ မြင်သမျှ တွေ့ရသမျှ အထူးအဆန်းတွေချည်းပင်။ မေးခွန်းထုတ်ဖွယ်ရာတွေသည်ပင်။

နောက်ထပ် ကောင်လေးကို ထပ်မတွေ့ရတော့။ ဂစ်တာသံလည်း မကြားရတော့။ နှစ်ထပ်အိမ်ကြီးသည် မှိုင်းရိပ်သန်းသော အမှောင်ထုအောက်တွင် ဧရာမတစ္ဆေကြီးတစ်ကောင်လို ငြိမ်သက်လျက်။

❑

နောက်ရက်များတွင် ကျွန်တော်သည် ထူးဆန်းသော၊ ပဉ္စလက်ဆန်သော မှော်ဆန်သောအပြုအမူတွေ ပြည့်နှက်နေသည့် ကောင်ကလေးကို တွေ့လိုတွေ့ငြား ရှာဖွေစောင့်ကြည့်နေမိသေးသည်။ ကောင်လေး၏အရိပ်အယောင်ကိုမျှမတွေ့ရတော့ပေ။ နောက်ထပ်ရက်ပေါင်းများစွာပင် ကြာမြင့်သည်အထိ။ ကောင်လေးသည် ဤနှစ်ထပ်အိမ်ကြီးမှ ထွက်ခွာပြီး တခြားတစ်နေရာသို့ရောက်ရှိသွားမည်မှာသေချာလှပေသည်။ ရင်ထဲမှာ မတင်မကျဖြင့် ကောင်လေးအပေါ် စိတ်ဆိုးမိသည်။ တော်တော်ရိုင်းတဲ့ကောင်လေးပဲ။ တကယ်ဆို တစ်နေရာကို ထွက်ခွာသွားမည်ဆိုလျှင် ကျွန်တော့်ကို တစ်နည်းနည်းဖြင့် နှုတ်ဆက်သွားသင့်သည်မဟုတ်ပါလား။

သို့သော် -

ရက်ပေါင်းများစွာ ကြာမြင့်သောအခါ ဤနှစ်ထပ်အိမ်ကြီးဆီသို့ နောက်ထပ် လူတစ်ယောက် ရောက်လာပြန်သည်။ ကောင်လေးလိုငယ်ငယ်ရွယ်ရွယ်တော့မဟုတ်ပေ။ အသက် (၄၀) ခန့်ရှိမည့်ယောကျာ်းကြီးတစ်ယောက်ဖြစ်၏။ သူကတော့ လူထူးလူဆန်းကောင်လေးလိုတော့မဟုတ်ပေ။ ညဘက်ဆိုလျှင် တစ်အိမ်လုံး မီးတွေထိန်နေအောင်ဖွင့်ကာ ကက်ဆက်၊ တီဗွီကိုလည်း ကျယ်လောင်စွာဖွင့်တတ်လေသည်။

တစ်နေ့သောညနေခင်း ခြေခင်းလက်ခင်းသာသောတစ်ရက်တွင် အဆိုပါ ပုဂ္ဂိုလ်ကြီးနှင့် ကျွန်တော်သည် ခြံဝမှာ ဆုံတွေ့ကြလေသည်။ ကျွန်တော်က အိမ်ထဲအဝင် သူကလည်း ခြံဝတွင် မြက်ရိုင်းတွေကို ဓားတစ်လက်နှင့် ရှင်းလင်းနေချိန် ဖြစ်သည်။ ကျွန်တော်ဝင်လာသည်ကိုတွေ့သဖြင့် မြက်ခုတ်ဓားကိုချကာနှုတ်ဆက်သည်။

"ညီလေးက ဒီအိမ်ကလား"

"ဟုတ်ကဲ့"

သည်လိုနှင့် အာလာပသလ္လာ စကားတွေပြောဖြစ်ရင် လူထူးလူဆန်း ကောင်ကလေးကြောင်းကို မေးရန် အကြောင်းကဆိုလာလေသည်။

"ဒါနဲ့ ဟိုကောင်လေး၊ ဒီအိမ်မှာရှိနေတဲ့ကောင်လေးကော ဘယ်ရောက်သွားသလဲ။ ဂစ်တာတီးတဲ့ကောင်လေး။ အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးနဲ့လေ"

ပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကိုမော့ကြည့်သည်။

"မင်းမင်းသော်ကို ပြောတာလား"

"နာမည်တော့ မသိဘူးခင်ဗျ၊ ဂစ်တာတီးတဲ့ကောင်လေးပါ။ အသားဖြူဖြူ ဂျင်းဘောင်းဘီလေးနဲ့လေ။ အစားမက်တဲ့ကောင်လေး"

ပုဂ္ဂိုလ်ကြီးက မျက်မှောင်ကြုတ်ကာ-

"ညီလေးက မင်းမင်းသော်နဲ့သိလား"

ကျွန်တော် ခေါင်းခါလိုက်သည်။ ကောင်လေးနာမည်ဘယ်သူဆိုတာကို ကျွန်တော်မသိ။

"သိပ်မရင်းနှီးဘူး။ နှစ်ခါ၊ သုံးခါလောက်ပဲဆုံဖူးတယ်။ နာမည်တောင် မသိပါဘူးခင်ဗျ။ အမဲအူစုံသည်းစုံစားချင်တယ်ဆိုတာနဲ့တောင် ကျွန်တော် ဝယ်ကျွေးလိုက်သေးတယ်။ အမဲအူဟင်းကို တော်တော်ကြိုက်ပုံရတယ်။ စားရင်းနဲ့အသားတွေတောင်တုန်နေတယ်"

"ဘယ်တုံးကလဲ"

"လွန်ခဲ့တဲ့ဆယ်ရက်လောက်က"

"ဟင်"

ပုဂ္ဂိုလ်ကြီး၏ လက်မှာကိုင်ထားသောဆေးပေါ့လိပ်သည် ရုတ်တရက် ပြုတ်ကျသွားသည်။ သူတစ်ကိုယ်လုံး အဖျားဝင်သလို တဆတ်ဆတ်တုန်သွားကာ-

"မဖြစ်နိုင်တာဘဲ၊ ညီလေးက မင်းမင်းသော်နဲ့ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တွေ့တယ်ဆိုတာ"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိသည်။ ဘာတွေလဲ။

"မဟုတ်ဘဲနဲ့ ပြောရအောင် ကျွန်တော့်အတွက် ဘာအကျိုးရှိမှာလဲဗျာ။ ကောင်လေး ညဘက်ဂစ်တာတီးတယ်။ သူဆိုတာ စိုးပိုင်ရဲ့သီတာသီချင်း၊ သူဆိုသွားတာ ရက်ပိုင်းလေးပဲရှိသေးတယ်။ သူနဲ့ ကျွန်တော်က ရင်းနှီးခါစ၊ လူထူးလူဆန်းကောင်ကလေးပါ"

"ဘုရားဘုရား၊ ဒါဆို မင်းမင်းသော်"

ပုဂ္ဂိုလ်ကြီး တအံ့တသြနှင့် အရုပ်ကြီးတစ်ရုပ်လို မြူးကြောင်ကြောင် မလှုပ်မယှက်ရပ်နေလေသည်။ တုန်လှုပ်ချောက်ချားမှုဖြင့် သူ၏ဒူးနှစ်ဖက်ပင် အလိုအလျောက် ညွတ်ဆင်းသွားပုံရသည်။ သူလက်ထဲမှ ဆေးပေါ့လိပ်သည် အံ့သြတကြီးဖြင့်ယောင်ယမ်းကာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုက်ခြင်း ဖြစ်ပုံရသည်။ လွဲမှားမှုတစ်ခု ပယောဂ်ဦတစ်ခုခုလော။

"ဘာဖြစ်လို့လဲဟင်"

"မင်းမင်းသော် သေသွားတာ တစ်နှစ်ပြည့်ပြီ။ ဒီလက တစ်နှစ်ပြည့်တဲ့လပေါ့"

"ဗျာ"

သည်တစ်ခါ အံ့ဩတကြီးဖြစ်သွားသူက ကျွန်တော်။ ကျွန်တော့်၏ နှလုံးခုန်သံသည် ဗုံတီးသံလိုမြည်ဟိန်းသွားကာ လက်ဖျားခြေဖျားများပင်အေးစက်သွားတော့လေသည်။ ညနေခင်းအေးစိမ့်သော လေပြည်ရှိုင်းတွေက ကျွန်တော်တို့နှစ်ယောက်အကြားဆီသို့ ဟူးဟူးရှိုင်းရှိုင်း ပြေးဝင်လာကြလေသည်။ ကျွန်တော်လေပြည်ရှိုင်းတွေကို ဂရုမစိုက်နိုင်တော့ပါ။

ဒါဆိုလျှင် ကျွန်တော်နှင့်ညဘက် ဆုံတွေ့ခဲ့ရသည့် လူထူးထူးဆန်းကောင်ကလေးက မကျွတ်မလွတ်တစ္ဆေသရဲပေါ့။

"မဖြစ်နိုင်ဘူထင်တယ်"

"လာကွာ၊ အိမ်ပေါ်ခဏတက်ပါဦး"

သူက ဦးဆောင်ကာခေါ်သဖြင့် နှစ်ထပ်အိမ်ပေါ်သို့ ကျွန်တော်တက်လိုက်သွားမိပေသည်။ အိမ်ပေါ်ရောက်တော့ အံဆွဲတွေဖွင့်ကာ ဟိုလှန်သည်လှန်ရှာရင်း ဓာတ်ပုံတစ်ပုံထုတ်ယူလာသည်။ ရောင်စုံဓာတ်ပုံကလေးဖြစ်သည်။ လူငယ်ကလေးများ၏အုပ်စုလိုက် ဓာတ်ပုံ။

"ဒီထဲက ကောင်းလေးလေ"

ကျွန်တော် ဓာတ်ပုံကိုယူကြည့်မိလိုက်သည်။ ရထားတွဲပေါ်တွင် ရထားသွားနေခိုက် ရိုက်ထားသောအုပ်စုလိုက်ဓာတ်ပုံတစ်ပုံ။ ကောင်လေးက ဂစ်တာတီးနေတာ သူ၏သူငယ်ချင်းများက ဘေးမှရံလျက် သီဆိုနေပုံ။ ဟုတ်ပါပြီ။ ကောင်လေးမှ ကောင်လေးစစ်စစ်ပါ။ ပယောဂ်ဦဆန်သောကောင်လေးမှ ကောင်လေးအစစ်ပါ။

"အဲဒါ မင်းမင်းသော်ပဲ။ သူသေသွားတာ တစ်နှစ်ပြည့်ပြီ။ မနှစ်က ဒီအချိန်ပေါ့။ ကိုယ်က မင်းမင်းသော်ရဲ့ ဦးလေး။ ဒီလိုကွာ ငါ့ညီ၊ ကိုယ်ရှင်းပြပါရစေ။ မင်းမင်းသော်က စာဖော်တယ်။ ဂီတမှာလည်း ထူးချွန်တယ်ဆိုရမယ်။ ဆယ်တန်းဖြေတော့ သူတို့သူငယ်ချင်းတွေ တစုတဝေးပေါ့ကွာ။ အဲဒီထဲမှာ သူချစ်တဲ့ကောင်မလေးတစ်ယောက်ပါ



တယ်။ သီတာတဲ့။ နာမည်အရှည်ကောက်တော့ရှိတယ်။ ထားပါတော့နော်။ ဆယ်တန်းအောင်စာရင်းထွက်တော့ မင်းမင်းသော်ကျတယ်။ အားလုံးက အံ့ဩကြတယ်။ မယုံကြဘူး။ ဒါပေမယ့် သူချစ်တဲ့ကောင်မလေး သီတာက အောင်တယ်။ အဲဒီမှာ သူတော်တော်ရှက်လည်းရှက်၊ စိတ်လည်းထိခိုက်သွားတယ်။ ကောင်မလေးက သူ့ထက်စာညံ့တာကိုး။ပြီးတော့ စာအတူတူကျက်ခဲ့ကြတာ။ သူက ကောင်မလေးကို စာတောင်ပြပေးရသေးတာ။ သိပ်မကြာပါဘူး။ သူဆွဲကြိုးချပြီးသတ်သေလိုက်တယ်။ ဒီအိမ်ကြီးရဲ့နောက်ဖေးဘက်မှာဆိုပါတော့ကွာ။ မိသားစုတွေရှူမတတ်ခံစားခဲ့ကြရတယ်"

"ဩော်-ဖြစ်ရလေဗျာ။ ကြေကွဲစရာပါပဲ"

ကျွန်တော်သည် ကြေကွဲထိခိုက်စွာငြိမ်သက်နေမိသည်။ ကောင်ကလေးရယ် ပဉ္စလက်ဆန်လှတဲ့ကောင်လေးရယ်။ ကိုယ့်ကိုခွင့်လွှတ်ပါကွာ။

ပုဂ္ဂိုလ်ကြီးသည် ကောင်ကလေးကြိုးဆွဲချသေဆုံးရာ နောက်ဖေးဘက်ဆီသို့ မဝံ့မရဲမေးငေ့ါပြရင်း -

"စာမေးပွဲအောင်စာရင်းတွေထွက်ပြီးနောက် သူ့အမှတ်စာရင်းကိုတောင်းပြီးကြည့်တော့။ လေးဘာသာဂုဏ်ထူးထွက်ပြီး ဘိုင်အိုမှာ အမှတ် (၃၀) နဲ့ အထူးစာရင်းထဲဝင်သွားတာပေါ့"

"ဩော်-ဖြစ်ရလေ၊ မိုက်ရူးရဲဆန်လိုက်တာဗျာ။ နှမြောစရာ၊ ပြင်လို့မရတဲ့အမှားပေါ့။ စိတ်မြန်လက်မြန်နဲ့ အမှားကြီးအမှားပေါ့ကွာ။ ဒီနှစ်ကျရင် နောက်နှစ်ပြန်ဖြေပေါ့"

"အတူတူစာကျက်ကြတဲ့ သူ့ကောင်မလေးက အောင်သွားတော့ သူတော်တော်စိတ်ထိခိုက်သွားတာပါ။ သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေလုပ်တာပဲ။ မကျွတ်လွတ်ဘူးဖြစ်နေတာ။ စစ်ကိုင်း၊ ရန်ကုန်က မဟာစည်တိပိဋကာ၊ နိကာယ်စုံလို့ပဲ။ ပြီးခဲ့တဲ့ အပတ်က ပဲခူးမှာလုပ်ပေးသေးတယ်။ ဒီမှာလည်း ရေ့အပတ်လုပ်ဦးမှာ။ တစ်နှစ်ပြည့်ပြီလေ။ စိတ်အစွဲကလည်း တော်တော်ကြီးရှာပါတယ်"

ကျွန်တော်သည် ရေစိုနေသော ငှက်တစ်ကောင်လို ငြိမ်သက်နေမိသည်။

သီတာဆိုသော ကောင်မလေးကို သိပ်ချစ်ခဲ့သည့်၊ ဂစ်တာတီးတော်သည့် ကောင်လေး။ ကျွန်တော်က ကျူကျော်အိမ်ရာတွေ နေရာသစ်ဆီပြောင်းလိုက်တော့ ကောင်းတာပေါ့ဟု ပြောရာ -

"ဝဠ်-ဟုတ်တယ်၊ ဝဠ်ကျွတ်တော့ ကောင်းတာပေါ့ အစ်ကိုရယ်။ အင်း - ကျွန်တော်လည်း မကြာခင် ဝဠ်ကျွတ်တော့မှာပါ"

ဟု ပြောခဲ့သော ကောင်လေး၏ စကား။

"ကျွန်တော် အစားချင်ဆုံးက တီရှုဏ်တွေရဲ့ ဝမ်းတွင်းကလီစာတွေ ဟိုလေ အမဲအူစုံအသည်းစုံဆို ပိုကြိုက်။ အဲဒါတွေဝယ်ကျွေးဗျ"

ဟု တရှိုက်မက်မက်ပြောခဲ့သော ကောင်လေး၏စကား။

ကျွန်တော်ဝယ်ကျွေးခဲ့သောအမဲအူစုံဟင်းကို မက်မက်မောမောလောဘတကြီးစားသုံးခဲ့သော ကောင်လေး။ မျက်မှောက်မှာပင် ပျောက်သွားတတ်သော ပဉ္စလက်ကောင်လေး။ အနှီထူးဆန်းသော ကောင်လေး၏အပြုအမူများကို ယခုမှသဘောပေါက်မိတော့သည်။

ကောင်လေးရယ်။

ကျွန်တော်သည် နောက်တစ်နေ့ မိုးညသန်းခေါင်ယံအချိန်များ၌ တစ်ဖုတ်အိမ်ကြီးဆီမှ ကောင်ကလေး၏ဂစ်တာသံကို ကြားရလိုကြားရငြားစောင့်ကြည့်နားထောင်နေမိပါသေးသည်။ ဂစ်တာသံလုံးဝမကြားရတော့ပါ။ လုံးဝတိတ်ဆိတ်လျက်။ တစ္ဆေသရဲဘဝမှကျွတ်လွတ်ကာ မြတ်သောဘဝတစ်ခုသို့ ရောက်ရှိသွားပြီဟု ယုံကြည်မိပါသည်။

မင်းဘုန်းဇော်သူ



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုအုန်းသွင်

## သဘာဝဓမ္မ

## ရာဇဂြိုဟ်ပြည်မှ ဒိဋ္ဌိကြီး (၆) ဦး



"အိန္ဒိယနိုင်ငံမှာ အတ္တဝါဒကို အခြေခံပြီး အစွန်းရောက်ဝါဒနှစ်မျိုးကို အခြေခံပြီး အကွဲကွဲအပြားပြား မှားယွင်းတဲ့အယူဝါဒတွေလွှမ်းမိုးနေချိန်၊ အမျိုးလေးပါးကို အမိကထားပြီး ဇာတ်မြင့်၊ ဇာတ်နိမ့်ကွဲပြားနေတဲ့အချိန် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်မှာ ငါတို့ရဲ့ သုံးလူ့ထွတ်ထား ဂေါတမရှင်တော်မြတ်ဘုရားပွင့်တော်မူလာတယ်"။

နောက်နေ့ စကားဝိုင်းကို ဦးအုန်းစိန်က အထက်ပါအတိုင်း စတင်လိုက်ပါသည်။

ဦးအုန်းစိန် ။ ။ ဂေါတမမြတ်စွာဘုရားအလောင်းဟာ အသက် (၂၉) နှစ်မှာတောထွက်ခဲ့တယ်။ ရှေးဦးစွာ သူ့ရှာတွေ့တဲ့တရားတွေက အမှားမဟုတ်ပေမယ့် သံသရာကလွတ်မြောက်ကြောင်းမဟုတ်ဘဲ ဗြဟ္မာ့ပြည်မှာသာ လမ်းဆုံးနေတဲ့အတွက် အဲဒီလမ်းစဉ်ကို စွန့်လွှတ်ပြီးနောက် လမ်းစဉ်တစ်မျိုးကို ပြောင်းရှာခဲ့ပြန်တယ်။ အဲဒီအပေါ်မှာ လမ်းမှားကိုလိုက်မိတော့တာပဲ။ အစွန်းတစ်ဖက်ဖြစ်တဲ့ ခန္ဓာကိုယ်ကိုညှဉ်းဆဲခြင်းအကျင့်ကိုကျင့်ခဲ့တယ်။ အသက်မရှူဘဲ အသက်အောင့်ပြီးနေရင် တရားတွေ့မလားဆိုပြီး အသက်အောင့်ပြီးကျင့်တယ်။ နားထဲကလေတွေထွက်ပြီး မခံမရပ်နိုင်ဖြစ်တာဘဲ အဖတ်တင်တယ်။ တရားကထွက်မလာဘူး။ ဒီတော့ အဆာအငတ်ခံတဲ့နည်းကို ပြောင်းကြည့်လိုက်ပြန်တယ်။ ဝမ်းဗိုက်ကို စမ်းရင် ကျောကိုကိုင်မိတဲ့အထိ အသားအရေတွေ ခြောက်ခန်းပြီး အရိုးစုပမာဖြစ်သွားတယ်။ မျက်လုံး (၂)လုံးကတော့ ရေတွင်းထဲကျနေတဲ့ ကျောက်တုံးလို ချိုင့်ဝင်နေတယ်။ ဒီအကျင့်ကို အလွန်ကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာအကျင့်လို့ ခေါ်တယ်။ ဒုက္ကရစရိယာမဟုတ်ဘူး။ နောက်ဆုံး အားပြတ်ပြီးလဲသွားတာသာ အဖတ်တင်တယ်။ တရားမတွေ့ဘူး။

ဒီတော့ ဒါလည်းမဟုတ်သေးဘူးဆိုပြီး လသားအရွယ်လောက်ကကျင့်ခဲ့ဖူးတဲ့ ဝင်လေထွက်လေကမ္မဋ္ဌာန်းကို သတိရတယ်။ ဒါကို အားအင်ရှိမှလုပ်နိုင်မှာမို့ အစာပြန်စားတယ်။ အနားမှာ ပြုစုနေတဲ့ပဉ္စဝဂ္ဂီငါးဦးဟာ ဘုရားအလောင်းအကျင့်ကထွက်လိုက်ပြီဆိုပြီး စိတ်ပျက်ပြီး ဗာရာဏသီပြည်ဘက်ထွက်သွားကြတယ်။ အတိုချုံးရရင် ဘုရားအလောင်း



www.burmeseclassic.com

www.burmeseclassic.com

ဟာ အဲဒီကမ္မဋ္ဌာန်းနဲ့ပဲ ဘုရားအဖြစ်ကို ရောက်ရှိခဲ့တယ်။ ဘုရားဖြစ်ပြီးတော့ တရားဟောဖို့ စဉ်းစားတယ်။ ဒီတော့ ငါသိတဲ့တရားက နက်နဲလွန်းတယ်။ လူတွေက လောဘ၊ ဒေါသ၊ မောဟစရိုက် တွေထူပြောလွန်းတယ်။ဟောလို့နားလည်မှာမဟုတ်ဘူး။ ငါမောရုံသာပဲရှိမယ်လို့ စဉ်းစားမိတယ်။

ဘုရားတိုင်းဟာ သူတို့ပွင့်တဲ့အချိန်မှာ သူတို့တရားနဲ့လူတွေရဲ့စရိုက်ကွာခြားချက်ရှိကြတယ်။ ဒီတော့ ငါတို့ဘုရားတွေးသလိုပဲ တွေးကြတယ်။ ဒီအခါမှာ ဘုရားများရဲ့အတွေးကိုသိတဲ့ ဗြဟ္မာကြီးတွေက တရားဟောဖို့ တောင်းပန်ကြတယ်။ ဒီတော့မှဟောကြတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားဆိုတာ တောင်းသူရှိမှ ဟောရတယ်။ မေးသူရှိမှ ပြောရတယ်ဆိုတဲ့သဘောပေါ့။ အဲဒါကြောင့် အခု တရားပွဲတွေမှာ တရားတောင်းခြင်း ဖြစ်တယ်လို့ဆိုရမယ်။

ငါတို့ဘုရားက ဘုရားပွင့်ဖို့ လူတွေရဲ့သက်တမ်းအတိုဆုံးဖြစ်တဲ့ (၁၀၀) တမ်းမှာပွင့်တဲ့အတွက် လောဘ၊ ဒေါသ၊ မောဟစရိုက် လူတွေမှာအထူပြောဆုံးအချိန် ဖြစ်တယ်။ မြတ်စွာဘုရား ဒီလိုတွေးလေတော့ သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားကို တရားဟောဖို့တောင်းပန်တယ်။ အဲဒီမှာအရင်က ဗြဟ္မာကြီးတွေ အရင်ကဘုရားများကို တောင်းပန်သလိုမျိုးမဟုတ်ဘဲ နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါဆိုတဲ့စကားကို ထည့်ပြီးတော့ တောင်းပန်တယ်။ ဒီအကြောင်းကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒာမာလာဘိဝံသရဲ့နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါဆိုတဲ့တရားက ကောက်နုတ်ပြီး သဘောအကျဉ်းချုပ်ကို ပြန်ပြောပြမယ်။

မြတ်စွာဘုရားရှင်ပွင့်တော်မူရာ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်နားမှာ ဖြစ်ပါတယ်။ အဲဒီရာဇဂြိုဟ်တစ်မြို့ထဲမှာပဲ များယွင်းတဲ့အယူဝါဒနဲ့ အမျိုးမျိုးဟောကြတဲ့ မိစ္ဆာဒိဋ္ဌိကြီး (၆) ဦးရှိတယ်။ သူတို့မှာ နောက်လိုက်အင်အားအများကြီးရှိတယ်။ သူတို့ဟောတဲ့တရားတွေက နိဗ္ဗာန်နဲ့ဗီလာဖြစ်ရုံမက နိဗ္ဗာန်လမ်းကိုပါ ပိတ်ဆို့ထားတယ်။ နိဗ္ဗာန်တံခါးကို ခိုင်ခံ့တဲ့ ကန့်လန့်ကြီးတွေနဲ့ အခိုင်အမာပိတ်ဆို့တားဆီးထားတယ်။ ဒီတံခါးကို မြတ်စွာဘုရားကလွဲပြီး ဘယ်သူမှမဖွင့်နိုင်ဘူး။ ဒါကြောင့်မို့ သဟမ္ပတိဗြဟ္မာ



မင်းက မြတ်စွာဘုရားကို နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါလို့ ထည့်သွင်းလျှောက်ထားခြင်း ဖြစ်တယ်။ အဲဒီမိစ္ဆာဒိဋ္ဌိကြီး (၆) ဦးရဲ့အကြောင်းနဲ့ သူတို့ရဲ့အယူဝါဒ သူတို့ဟောတဲ့တရားတွေကို အုန်းသွင်ရေးတဲ့ 'အမြတ်ဆုံးဈာန်အဘိညာဉ်တန်ခိုးရှင်မဟာမောဂ္ဂလာန်' စာအုပ်ကနေ ကောက်နုတ်ပြီးပြောပြမယ်။ အဲဒီဒိဋ္ဌိကြီး (၆)ဦးရဲ့နာမည်တွေကတော့ (၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) သဉ္စယဗေလဋ္ဌပုတ္တ၊ (၆)နိဂဏ္ဌနာဋပုတ္တ။

(၁) ပူရဏကဿပ - အမျိုးက ကဿပအမျိုးဖြစ်လို့ ကဿပခေါ်တယ်။ ပူရဏဆိုတာ သူက သူဌေးအိမ်တစ်အိမ်ရဲ့ကျွန်ဖြစ်ပြီး တစ်ရာပြည့်တဲ့ဂဏန်းမှာ ဖြစ်လာတဲ့အတွက် ပူရဏလို့ ရှေ့ကတပ်လိုက်တယ်။ ဒီတော့ ရာပြည့်ကျွန် ဒါမှမဟုတ် မောင်ရာပြည့်လို့ခေါ်နိုင်တာပေါ့။ မင်္ဂလာကျွန်ဖြစ်လို့ သူဌေးအိမ်မှာ အထူးအခွင့်အရေးနဲ့ အလုပ်မလုပ်ဘဲနေရတယ်။ ဒါပေမယ့် သူက ကျွန်ဘဝက လုံးဝလွတ်မြောက်ချင်တယ်။ ဒါကြောင့် အခွင့်အရေးရကာနဲ့ ထွက်ပြေးခဲ့တယ်။ လမ်းမှာ သူခိုးတွေနဲ့တွေ့ပြီး အဝတ်အစားတွေအလုခံရလိုက်လို့ ကိုယ်လုံးတီးဖြစ်သွားတယ်။ အဲဒီလိုနဲ့ ရွာထဲကိုဝင်တော့ အဲဒီခေတ်က ဂိုဏ်းဆရာတွေဟာ အဝတ်မဝတ်သူများရှိလို့ ရွာသားတွေက သူ့ကိုဂိုဏ်းဆရာကြီးတစ်ဦးပဲလို့ထင်ပြီးရှိခိုးကြတယ်။ ဒီနေရာမှာ သူကအကြံရပြီး ရွာသားတွေထင်တဲ့အတိုင်းလုပ်လိုက်မယ်ဆိုပြီး ရွာသားတွေကို တရားဟောတယ်။ သူမှာသာမန်ကျွန်တွေထက် ထူးခြားတဲ့အတွေးအခေါ် ဗဟုသုတတွေရှိတဲ့အတွက် သူကရွာသားတွေကို -

"အချင်းတို့၊ လောကမှာ ပြုသူ၊ ပြုစေသူ၊ ဖြစ်သူ၊ ဖြစ်စေသူ၊ နှိပ်စက်သူ၊ နှိပ်စက်စေသူ၊ သတ်သူ၊ သတ်စေသူ၊ ခိုးသူ၊ ခိုးစေသူ၊ လုသူ၊ လုစေသူ၊ မမှန်ပြောသူ၊ မမှန်ပြောစေသူ စသည့်သူများသည် အကယ်စင်စစ်မကောင်းမှုပြုသည်ဟု မမည်။

အို - အချင်းတို့၊ လောကတွင် ကောင်းမှုသည်လည်းကောင်း၊ မကောင်းမှုသည်လည်းကောင်း 'အကယ်စင်စစ် မရှိ၊ ထို့ကြောင့် ကောင်းကျိုးဟူ၍လည်းကောင်း၊မကောင်းကျိုးဟူ၍လည်းကောင်း မရှိ။

ထပ်ဆိုဦးအံ့။ လောကတွင် အလှူပေးခြင်းသည် လည်းကောင်း ဣန္ဒြေကိုဆုံးမခြင်းသည် လည်းကောင်း အမှန်ပြောခြင်းသည် လည်းကောင်း ကောင်းမှုမဟုတ်၊ ကောင်းမှုမရှိ ထို့အတွက် ကောင်းမှုဖြစ်ခြင်း၊ ကောင်းကျိုးရခြင်းသည်လည်းမရှိ။

အို-လူသားတို့ နာဦးလော့၊ ညည်းဆဲသတ်ဖြတ်ခြင်းဟူသည် ခန္ဓာကိုယ်ပေါ်တွင်သာ အထိခိုက်နာကျင်စေမှုဖြစ်၍ အတွင်းအတ္တကို မထိခိုက်၊ ထို့ကြောင့် အပေါ်ယံအပြုအမူသာဖြစ်၍ မကောင်းမှုပြုသည်မဟုတ်။ ထို့အတူ အလှူပေးခြင်း၊ ဣန္ဒြေစောင့်စည်းခြင်းမှာလည်း အတွင်းအတ္တနှင့်မဆိုင်သဖြင့် ကောင်းမှုပြုမှုသည်မဟုတ်လို့ စိတ်အကြံပေါက်ရာ ဟောပြောတယ်။

'အို - မသိနားမလည်သေးကြသော လူသားတို့၊ ငါကား သိပ္ပအားလုံးကို တတ်မြောက်ပြီးသူဖြစ်၍ ပူရဏဟူသောဂုဏ်ပုဒ်ကို ခံယူရရှိခြင်း ဖြစ်၏၊ ပုဏ္ဏားမျိုးဖြစ်၍လည်း အနွယ်အားဖြင့် ကဿပဟုခေါ်၏။ အလိုဆိုးမှန်သမျှ ထိန်းချုပ်နိုင်ခြင်းကြောင့် ဗုဒ္ဓမည်၏၊ အဝတ်သည် အရှက်ကို ဖုံးကွယ်ရန်ဖြစ်ပြီး အရှက်သည် မကောင်းမှုဖြစ်၏၊ မကောင်းမှုကို အပပြုပြီးသော ငါအား အရှက်ကို ဖုံးကွယ်ဖို့ အရှက်ကို ဖုံးကွယ်ဖို့အဝတ်ဝတ်ရန်မလို'

လို့ ပြောတယ်။ သူတို့ခြောက်ဦးစလုံးဟာ သူတို့ကိုယ်သူတို့ ဗုဒ္ဓ (ဘုရား) လို့ အမည်ခံကြတယ်။

(၂) မက္ခလိဂေါသာလ - နွားတွေထားတဲ့နွားတင်းကုပ်ရွာမှာမွေးတဲ့အတွက် သူ့ကို ဂေါသာလလို့ခေါ်တယ်။ သူဌေးအိမ်က ကျွန်တစ်ယောက်ပဲ။ တစ်နေ့မှာ သူဌေးက သူ့ကို ဆီထည့်ထားတဲ့ ဆီအိုး အယူခိုင်းတယ်။ မိုးတွင်းဖြစ်လို့ လမ်း ချော်နေတဲ့အတွက် သူဌေးက ချော်မ စေနဲ့လို့ အမိပွာယ်ရတယ်တဲ့ မာခလိ

www.burmeseclassic.com

အော်ပြောတယ်။ ဒါပေမယ့် သူကချော်သဲဖြစ်အောင်လဲသွားတယ်။

သူဌေးကရိုက်ဖို့လာတော့ သူထပြေးတယ်။ သူဌေးကလှမ်းဆွဲလိုက်တော့ ပုဆိုးစပဲဆွဲမိတယ်။ သူက ပုဆိုးကိုချွတ်ပြီး လက်လွတ်ထွက်ပြေးတယ်။ ကျွန်ဖြစ်ပေမယ့်လည်း တခြားကျွန်တွေထက် ဉာဏ်ရှိသူဖြစ်တယ်။ကိုယ်လုံးတီးနဲ့ပြေးလာတဲ့ သူ့ကို ရွာသားတွေတွေ့တော့ ထုံးစံအတိုင်း တရားကျင့်ကြံသူ သူတော်စင်ထင်ပြီး ရှိခိုးကြတယ်။ သူက သူ့အမည်ဂေါ်သာလရဲ့အရှေ့မှာ မာခလိကိုတွဲပြီး ငါကား တရားထူးတရားမြတ်ကို သိရှိထားသူ ဗုဒ္ဓဖြစ်တယ်။ ငါ့အမည်ကိုမက္ခလိဂေါ်သာလလို့ခေါ်တယ်။ ငါသိသောတရားကို လူသားအများသိရှိပြီး ချမ်းသာရာရစေဖို့အတွက်ဟောပြမယ်။ နားထောင်ကြလို့ဆိုပြီး -

'အို - လူသားတို့၊ လောကတွင် သတ္တဝါဟူသည် ညစ်ညူးရန်အကြောင်း ဟူ၍မရှိ။ အားထုတ်အပ်သောလုံ့လ ဟူ၍လည်းမရှိ။ အလုံးစုံသော သက်ရှိတို့သည် အစွမ်းမရှိကြကုန်။ ဖြစ်မြဲတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ အထူးခြောက်မျိုး၌သာ ချမ်းသာဆင်းရဲခံစားရ၏။

အို - အချင်းတို့၊ လောကတွင် အဓိကသတ္တဝါပေါင်း(၁၄၀၀၆၆၀၀)သာရှိ၏။ ထိုသတ္တဝါတို့သည် မဟာကပ်ရှစ်သန်းလေးသိန်းပတ်လုံး တစ်ဘဝပြီး တစ်ဘဝကျင်လည်ကြရပြီးနောက် မည်သူမဆို ဘဝကုန်သွားမည်။ ဆင်းရဲကုန်သွားမည်။ ဥပမာအားဖြင့် အပ်ချည်ကြိုးတစ်ကြိုးကို လဟာပြင်တွင် ဖြေလွှတ်လိုက်က ကြိုးဆုံးလျှင် ရပ်သွားသကဲ့သို့တည်း။ ထိုအတွင်း မည်သည့်ကျင့်ဝတ်နှင့်မျှ ကံကိုရင့်ကျက်အောင်ပြု၍မရ။ ဆင်းရဲ၊ ချမ်းသာဟူသည် သတ်မှတ်ပိုင်းခြားပြီး ဖြစ်သည်။ သံသရာဟူသည် ပိုင်းခြားထားပြီး ဖြစ်သည်။

(၃) အဇိတကေသကမ္ဗလ - လူအမည်ကအဇိတ။ ကေသဆိုတာ ဆံပင်၊ ကမ္ဗလဆိုတာကတော့ဝတ်ရုံ၊ လူ့ဆံပင်ကို ရက်လုပ်ထားတဲ့ဝတ်ရုံကို ဝတ်ဆင်တဲ့အဇိတလို့ အဓိပ္ပာယ်ရတယ်။ အဲဒီခေတ်က ပရိဗိုဇ်လို့ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိအယူနဲ့ မှားယွင်းတဲ့အကျင့်ကိုကျင့်နေကြသူများဟာ အဝတ်မဝတ်သူများရှိသလို သူသေကောင်ကိုပတ်တဲ့အဝတ်ဖျူကြီးတွေကိုဝတ်သူ၊ လူသေကောင်ဝတ်တဲ့ ကြောင်ကြောင်ကျားကျားအဝတ်တွေကို ဝတ်ရုံအဖြစ်စပ်ချုပ်ပြီးဝတ်သူ၊ ပိုက်ဆံလျှော်ကိုရက်ပြီးဝတ်သူ၊ သစ်ခေါက်တွေကို သီပြီးဝတ်သူ၊ ပျဉ်ချပ်တွေကို သီပြီးဝတ်သူ၊ လူသေကောင်ရဲ့ဆံပင်ကိုရက်ပြီးဝတ်သူ စသည်ဖြင့် အမျိုးမျိုးဝတ်ကြတယ်။ အဲဒီအဝတ်တွေအားလုံးထဲမှာ ဆံပင်ကိုရက်ထားတဲ့အဝတ်က အယုတ်ညံ့ဆုံးပဲလို့ ဆိုတယ်။

အဇိတဟာ ကျွန်တစ်ယောက်ပဲ။ ဒါပေမယ့် ရိုးရိုးကျွန်တွေထက် အတွေးအခေါ် ဗဟုသုတရှိသူတစ်ယောက် ဖြစ်တယ်။ ကျွန်ဘဝက လွတ်မြောက်ပြီး ဂိုဏ်းတစ်ခုထူထောင်ဖို့အကြံနဲ့ထွက်ပြေးပြီး ဂိုဏ်းတစ်ခုထူထောင်လိုက်တာပေါ့။ သူ့မှာလည်း နောက်လိုက်အင်အားတွေရှိတယ်။ သူ့ဝါဒက-

လောက၌ ပေးလှူခြင်းဖြင့် အကျိုးမရှိ။ ကောင်းမှု၊ မကောင်းမှုဟူသမျှ အကျိုးဝိပါက်မရှိ။ မိဘအပေါ် မကောင်းမှုပြုခြင်း၊ စော်ကားခြင်းအတွက်လည်း အကျိုးအပြစ်မရှိ။ ဤလောကလည်းမရှိ၊ အခြားတစ်ပါးသော လောကလည်းမရှိ။ သတ္တဝါသေသော် ဘာမှတစ်ဖန်ပြန်၍မဖြစ်။ သူတော်ကောင်း၊ အရိယာ၊ မဂ်ဆိုက်သူတစ်ဖန် ဟောကြားနိုင်သူဟူ၍ မရှိ။

သတ္တဝါဟူသည် မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ် ဟူသော ဓာတ်ကြီးလေးပါး၊ မဟာဘုတ်လေးပါးဖြင့် ပေါင်းစပ်ထားသော အစုအဝေးကြီး၊ အစိုင်အခဲကြီးသာ ဖြစ်လေသည်။ ထို့ကြောင့် သတ္တဝါသေလျှင် သတ္တဝါ၏ကိုယ်ခန္ဓာမှ မြေဓာတ်သည် ပြင်ပမှ မြေဓာတ်အစုသို့ လည်းကောင်း၊ လေဓာတ်သည် လေဓာတ်အစုသို့ လည်းကောင်း၊ ရေဓာတ်သည် ရေဓာတ်အစုသို့ လည်းကောင်း၊ မီးဓာတ်သည် မီးဓာတ် အစုသို့လည်းကောင်းပေါင်းမိသွားသည်။ စက္ခု၊ သောတ စသည့် နာမ်က္ခန္ဓာများသည်ကား ကောင်းကင်သို့ သွားရောက်ရှိသည်။ သတ္တဝါတို့၏ လမ်းဆုံးကား သင်္ချိုင်းပင် ဖြစ်သည်။

ထို့ကြောင့် ပေးလှူခြင်းတွင် ကောင်းကျိုးရှိသည်၊ ညှဉ်းပန်းနှိပ်စက်စော်ကားခြင်းတွင် ဆိုးကျိုးရှိသည်ဟု ဟောသောသူမှာ လူမိုက်သာ ဖြစ်သည်'

လို့ ပြောတယ်။

ကဲ - ဒီနေ့ ဒီလောက်နဲ့နားကြစို့။

**ချောင်းဆုံအုန်းသွင်**

# တစ်ပွဲတိုး ကင်းဆိပ်ပြေနည်း

ကျေးလက်တောရွာ၌ နေထိုင်သူ လက်ယာကိုင်းသမားတို့သည် အဆိပ်ရှိသတ္တဝါတွေနှင့် မကြာခဏေရင်ဆိုင်ရတတ်ပေသည်။ ထိုအခါ မိမိက ရှေးသူမများ၏ တစ်ပွဲတိုးဆေးနည်းလေးများ တတ်ထားသည်ရှိသော် ပို၍အဆင်ပြေလှပါသည်။

မြွေသည် အနေအထိုင်ကျစ်လျစ်သလို ကင်းဆိုသော သတ္တဝါကလည်း ဖြုန်းခနဲကိုက်၊ ရှောခနဲပျောက်သွားတတ်သောသတ္တဝါမျိုး ဖြစ်ပေသည်။ များသောအားဖြင့် ကင်းမြီးကောက်တွေထက် ကင်းခြေများအကိုက်ခံရသည်က များလှပေသည်။

ဘာပဲဖြစ်ဖြစ် တတ်ကျွမ်းနားလည်သော သမားဆီမရောက်မီ မိမိကအဆိပ်မတတ်အောင်လုပ်ထားနိုင်ပါက ပို၍ သင့်တော်လှပါသည်။ ကင်းကိုက်သော လူနာသေလောက်အောင် မဖြစ်သော်လည်း အက်ကွဲရောင်ကိုင်းပြီး အလွန်အခံရဆိုးသောဝေဒနာတစ်ရပ်ဖြင့်အိပ်ရာထဲလဲနိုင်ပေသည်။ ထို့ကြောင့် (မည်သည့် ကင်းထိသည်မဆို) ကင်းအရွယ်ရာတစ်ဝိုက်ကို ရေနွေးသန့်သန့် (သို့မဟုတ်) တင်ချာဖြင့် သုတ်သင်ပေးပြီးလျှင် ကျောက်ပျဉ်၌ မန်ကျည်းသီးကိုအထဲမှ အသားပေါ်သည်အထိ သွေးပြီး ကင်းအစွယ်နေရာ၌ ကပ်ပေးရပါသည်။ သွေးပြီးသားအရည်များကို အနာတစ်ဝိုက်လူးပေးပါ။ ကင်းအဆိပ်နှင့် မန်ကျည်းစေ့တို့တွေ့ထိသော် အဆိပ်မပျံ့ပဲ စုပ်ယူထားသလိုရှိနေပါမည်။ (၂) ရက်၊ (၃) ရက်ခန့်ကြာသော် မန်ကျည်းစေ့သည် (၂) ထပ်သဖွယ် လန်ထွက်သည်အထိကပ်နေပါလိမ့်မည်။ တစ်ပတ်ခန့်ကြာသော် ကွာကျသွားပါလိမ့်မည်။

ဤသို့ တစ်ပွဲတိုးနည်းဖြင့် ကင်းကိုက်သောလူများ ကယ်တင်ရသည်မှာ များလှပေပြီ။

မိမိညီမောင်ကျော်စိုး၏ ပွဲတွေ့ဆေးနည်းပင် ဖြစ်သည်။

*(၇) ရက်သားသမီး*
*အန္တရာယ်ဘေးမှကင်းဝေးကြပါစေ*

**ရှားဇီ**



www.burmeseclassic.com

www.burmeseclassic.com



(က) **BE**

**စစ်သားဘဝအစ**

ရဲဘော်သိန်းရွှေသည် ရိုင်ဖယ်သေနတ်ကြီးကိုထမ်းပြီး ကရင်ပြည်နယ် စစ်ဆင်ရေးတွင် ခြေလျင်တပ်နှင့်အတူ တာဝန်ထမ်းဆောင်နေ၏။ ထိုစဉ်က BE စစ်သည်များကို ရိုင်ဖယ်သေနတ်သာ ထုတ်ပေးပါသည်။ ပထမဆုံးစစ်ဆင်ရေး တာဝန်ထမ်းဆောင်ရခြင်းဖြစ်၏။ အရပ်ကပုပု၊ သေနတ်ကရှည်ရှည်နှင့် ကြည့်ကောင်းနေပါတော့သည်။ ကရင်ပြည်နယ်သည် ကရင်သောင်းကျန်းသူများနှင့် တပ်မတော်တို့ အမြဲတိုက်ပွဲဖြစ်နေသည်။ သူဦးသူသတ်၊ ကိုယ်ဦးကိုယ်သတ် တိုက်ပွဲတွေ တရစပ်ဖြစ်နေသည့်ကာလဖြစ်၏။

အတွေ့အကြုံမရှိ ယောင်လည်လည်နှင့် ရှေ့တန်းရောက်လာသဖြင့် ကြောက်စိတ်ဝင်နေ၏။ စစ်သားများ၊ အထမ်းသမားများနှင့် တောထဲတောင်ထဲတွင် တန်းစီချီတက်နေကြသည်မှာ ပျော်စရာလိုလို၊ အလျှုတွင်နတ်ပြလှည့်သလိုလို ခံစားမိပြန်သည်။ ရန်သူကရင်ဆိုတာ ဖြူသလား၊ မည်းသလားမသိ။ အများသွားရင်သွားရ၊ အများရပ်လျှင်ရပ်ရ၊ အများနားလျှင်နားရနှင့်အဖွဲ့လိုက် ရွေ့လျားနေသည်။

"ဒိုင်း"

"ဒိုင်း. . . ဒိုင်း"

ရှေ့မှ သေနတ်သံတွေကြားလိုက်ရသောအခါ ကြောက်စိတ်တွေဝင်လာပြီး လမ်းဘေးမြေအနိမ့်ရှိရာကိုလိမ့်ချပြီး ဝပ်နေပါသည်။ ကြောက်စိတ်ကြောင့် ဒူးတွေတုန်နေသည်။ ရန်သူတွေက အများကြီးလား။ ငါတို့တော့ ဒီမှာသေရတော့ မယ်နဲ့တူတယ် စသဖြင့် မကောင်းသောအတွေးတွေ ဝင်လာသည်။

စစ်ဆင်ရေးအတွေ့အကြုံရှိသော စစ်သားကြီးတွေကတော့ သေနတ်သံကို နားစွင့်၏။ တစ်တောင့်ချင်းပစ်တာလား၊ အတွဲလိုက်ပစ်တာလား၊ ရန်သူသေနတ်သံ၊ မိမိတို့ဘက်ကသေနတ်သံ၊ ရန်သူအကွာအဝေး၊ ရန်သူအင်အားတို့ကို နားစွင့်ရင်း ခန့်မှန်းနေကြသည်။

မကြာမီ ဗိုလ်ကြီးရောက်လာပြီး အထမ်းသမားများကို သစ်ပင်အောက်တွင်ဝပ်နေရန် နေရာချထား၏။ ရှေ့ပို့င့်နှင့်ရန်သူတို့ ထိတွေ့မှုဖြစ်ကြောင်း ပြောသံကြားရ၏။ စစ်သည်များထိတွေ့မှုဖြစ်ရာသို့ ချီတက်သွားကြသည်။ မိမိဘက်မှ သေနတ်သံများက လွှမ်းမိုးသွားသည်။ မကြာမီ သေနတ်သံတွေစဲသွားသည်။ တိုက်ပွဲပြီးဆုံးသွား၏။ ရဲဘော်သိန်းရွှေ အကြောက်ပြေသွားပြီ။ ရှေ့တန်းမှာ ပထမဆုံးအတွေ့အကြုံရ တိုက်ပွဲနှင့် ကြုံပါလျက် သေနတ်တစ်ချက်မှမဖောက်လိုက်ရလျှင် ရှက်ဖို့ကောင်းတယ်။ ဟုတ်တယ်၊ ငါသေနတ်ကိုပစ်မယ်ဟု စိတ်ကူးရပြီး ရိုင်ဖယ်သေနတ်ကို ကျည်ထိုး၏။ အံပစ်ခလုတ်ကို လက်ညှိုးတင်ပြီး တိုက်ပွဲဖြစ်ရာ တောင်ကြောသို့ မျှော်ပြီး ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ရိုင်ဖယ်သေနတ်မှာ တစ်တောင့်ချင်းပစ်ရသောသေနတ်ဖြစ်သည်။ တစ်ကြိမ်ပစ်ပြီးလျှင် ကျည်ထပ်ထိုးရသည်။ (၃)ကြိမ်တိတိ ပစ်ထည့်လိုက်သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ကျွန်ုပ်ရှေ့ မြေနိမ့်တွင်ဝပ်နေသောအထမ်းသမားများမှာ ထူးထူးဆန်းဆန်းထအော်လေသည်။

"မီးနဲ့ပစ်တယ်"

"မီးနဲ့ပစ်တယ်"

"မီးနဲ့ပစ်တယ်"

"ဟော-အပစ် ရပ်"

"ဘယ်သူပစ်နေတာလဲ"

"ကျွန်တော်ပါ BE ပါ"

"ရန်သူက ပစ်ပြီး ထွက်ပြေးသွားပြီ၊ ရှေ့က စစ်သည်တွေထိမှန်မယ်"

"ဟုတ်ကဲ့"

တပ်ကြပ်ကြီးကမပစ်နဲ့ဆိုပြီးလာပြောမှ အပစ်ရပ်လိုက်သည်။ ရန်သူလည်း မမြင်ရ၊ ရမ်းပစ်နေခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပြီးနောက် စစ်ကြောင်းဆက်လက် ချီတက်ကြသည်။ အထမ်းသမားများမှာ ကျွန်တော့် သေနတ်ကို တော်တော်သဘောကျ[...] သည်။ သူတို့မှာရှိသော တူမီးသေန[...] နှင့် အတော်ဆင်သည်။

"ဆရာ ခုနက သေနတ်နဲ့ပစ်တာ[...] လား"

"အေး- ဟုတ်တယ်၊ မင်းတို့[...] ဘာလို့မီးနဲ့ပစ်တယ်လို့အော်နေတာလဲ"

"ဆရာ့သေနတ်က တူမီးပစ်တာ[...] တူတယ်။ ကျည်ဆန်ထွက်တာမတွေ[...] ယမ်းတွေမီးလောင်ပြီး ကျွန်တော်[...] အပေါ် ပန်းထွက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



# အဏ္ဏဝါလှိုင်း

မုဆိုးကျော်အရှမ်းသိန်းရွှေ

"ဟော"

ကျွန်တော့်သေနတ်၏ပြောင်းဝမှာ ဆီသည်ထက်ကျယ်နေ၏။ ပေါက်ကွဲမှုဖြစ်ပြီး ကျည်ဆန်ထိပ်ဖူးထွက်သွားသော်လည်း သေနတ်ပြောင်းထဲမှာ ပေါက်ကွဲသွားသောယမ်းစများ သေနတ်ပြောင်းမှ ခုန်းထွက်နေသလိုဖြစ်၏။ တူမီးသေနတ်မှာ ယမ်းပေါက်ကွဲပြီး ပြောင်းထဲမှကျည်ဆန်များ ဆန်စေ့တွေလို အစုလိုက်အပြုံလိုက်ထွက်သွားခြင်းဖြစ်သည်။ ကရင်များ ကျွန်တော့်သေနတ်ကိုကြည့်ပြီး တူမီးသေနတ်အကောင်းစားဟု ထင်နေလေသည်။

"ဆရာ၊ ဆရာ့သေနတ်ကို အားကြီးသဘောကျတယ်။ ကျွန်တော့်တူမီးနဲ့ လဲရအောင်"

"ဟာ- ဘယ်ဖြစ်မလဲကွ"

"လုပ်ပါ ဆရာရယ်၊ ကျွန်တော် အလိုက်ပေးပါ့မယ်"

"အား - ဒုက္ခပါပဲ၊ ငါ့သေနတ်က လိုင်စင်နဲ့ကွ၊ တူမီးမဟုတ်ဘူး"

BE စစ်သားတွေကိုင်ရသောရိုင်ဖယ်သေနတ်မှာ တူမီးသေနတ်အဆင့်လောက် နိမ့်ကျနေလေပြီ။ (ယခုတော့ G-3 သေနတ် G-4 သေနတ်တွေထုတ်ပေးနေပါပြီ) စစ်ဆင်ရေးမကြာခဏလိုက်ရသဖြင့် အတွေ့အကြုံရင့်ကျက်လာသည်။ ရန်သူ၏သဘောသဘာဝကိုလည်းကောင်း၊ ရန်သူသေနတ်၏စွမ်းရည်၊ မိမိသေနတ်၏စွမ်းရည်တို့ကိုသိလာ၏။ ရန်သူထောင်သောမိုင်း၊ သူတို့၏သဘာဝတို့ကို သဘောပေါက်လာ၏။ ခြေလျင်စစ်သည်များနှင့် တွဲဖက်ပြီး စခန်းသိမ်းတိုက်ပွဲကိုလည်း ဆင်နွဲဖူး၏။ မိမိကနိုင်လို့ပျော်ရသလို မိမိတို့ဘက်က အကျအရှုံးများဖြင့် ခံစားရတာလည်း တွေ့ဖူးလေပြီ။

တစ်ခါက ရန်သူစခန်းကိုသိမ်းပိုက်ပြီး မိုင်းရှင်းလင်းရေးလုပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘီအီးရဲဘော်လေး"

"ဟုတ်ကဲ့ - တပ်ရင်းမှူး"

"ငါတို့ရန်သူစခန်းကိုသိမ်းပိုက်ပြီး ပြီ။ ရန်သူက မိုင်းထောင်ခဲ့နိုင်တယ်၊ မိုင်းရှင်းပေးပါ"

"ဟုတ်ကဲ့ - တပ်ရင်းမှူး"

ကျွန်တော်သည် ရန်သူ၏ ကောက်ကျစ်သောစိတ်ဓာတ်ကိုသိ၏။ မိုင်းထိမှန်ပါက ရဲဘော်များ စိတ်ထိခိုက်ရ၏။ ဒဏ်ရာအနာတရရသဖြင့် အုပ်ချုပ်ရေးကိစ္စတွေ ဆောင်ရွက်ရ၏။ မိုင်းကို နည်းမျိုးစုံသုံးစွဲလေသည်။ နင်းမိုင်း၊ တိုက်မိုင်း၊ ဆွဲမိုင်း၊ လျှပ်စစ်မိုင်းများဖြစ်၏။ ထို့အပြင် တင့်ဖျက်မိုင်းများလည်း အသုံးပြုတတ်၏။

ပထမဆုံး တဲများ၊ ဂိုဒေါင်များ၊ ထမင်းချက်ရုံ၊ထမင်းစားခန်း၊ အိပ်ဆောင်များကို ရှင်းလင်းရ၏။ သတိတစ်ချက်လွတ်လျှင် အသက်ပါပေးရမည့်ကိစ္စဖြစ်၏။ သတိကိုကပ်ပြီး ချွေးတွေစို့သည်အထိ စွန့်စွန့်စားစား ဆောင်ရွက်ရ၏။

ရန်သူမိုင်းများ (၁၅) လုံးခန့် ဖော်ပေးနိုင်ခဲ့၏။ တပ်ရင်းမှူးက ခေါ်တွေ့၏။

"ဘီအီးရဲဘော်လေး"

"ဟုတ်ကဲ့ တပ်ရင်းမှူး"

"ရန်သူ့မိုင်းတွေအများကြီးဖော်နိုင်တာ ချီးကျူးတယ်။ အန္တရာယ်ကြားမှာ သက်စွန့်ဆံဖျားကြိုးစားတဲ့အတွက် BE တပ်ကို ဂုဏ်ယူပါတယ်။ ရဲဘော်ကိုလည်း ဂုဏ်ပြုပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မိုင်းရှိတဲ့နေရာကို ကြိုသိနေသလိုပဲ။မင်းမှာနတ်မျက်စိများရှိသလား"

"ဒီလိုမဟုတ်ပါဘူး ခင်ဗျား။ ကျွန်တော်က ရန်သူနေရာကနေပြီး ပြောင်းပြန်စဉ်းစားပါတယ်"

"ဘယ်လို. . . ဘယ်လို"

"ကျွန်တော်သာ ရန်သူတစ်ယောက်ဆိုရင် မိုင်းဘယ်နားမှာထောင်ရင် ကောင်းမလဲ၊ အထိနာအောင်ဘယ်လိုလုပ်ရမလဲ။စစ်သားတွေအထိနာအောင် သူတို့ဂရုမပြုတဲ့နေရာတွေ၊ မထင်မှတ်တဲ့နေရာတွေကိုထိုင်ပြီး စဉ်းစားတယ်။ စဉ်းစားပြီး ဖြစ်နိုင်ခြေရှိတာကို ရှာဖွေပါတယ်"

"ဘီအီးလေး၊ ငါတော့ မင်းကို သဘောကျသွားပြီ။ မင်းကိုဆုချမယ်"

"ဟုတ်ကဲ့"

BE စစ်သည်၏ကြိုးစားမှု စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် စစ်သည်များ အသက်ဘေးမှ လွတ်ကင်းရ၏။ မိုင်းအန္တရာယ်မှကင်းဝေးကြသဖြင့် ကို BE ကို ချီးကျူးကြ၏။ ထို့ကြောင့် အင်ဂျင်နီယာတပ်၏ ဂုဏ်သိက္ခာတိုးတက်စေပါသည်။

**(ခ) အရမ်းသိန်းရွှေဘွဲ့ရခြင်း**

သိန်းရွှေ၏ အကျင့်တစ်ခုမှာ တောပစ်ဝါသနာပင်ဖြစ်၏။ တောလည်၏၊ တောပစ်ထွက်၏။ သားကောင်များ ရလာပါက မိမိစစ်သည်များကိုစားစေသည်။ ရောင်းမစားပါ။ တောပစ်ရာတွင် အဓိကလိုအပ်ချက်မှာ ပစ်မှတ်ကိုမှန်အောင်ပစ်နိုင်ရမည်။ လက်ဖြောင့်ရမည်။ လူခန္ဓာကိုယ်လည်း ကြံ့ခိုင်သန်စွမ်း၏။ ယခုအခါ G-4 သေနတ်ကို ရွေးချယ်ကိုင်လေသည်။ ရှေ့တန်းတွင် စစ်ဆင်ရေးလိုက်ရင်း ပစ်မှတ်ကိုချိန်၍ ပစ်ခတ်ခြင်းကိုလေ့ကျင့်ခဲ့ရ၏။ တောကြက်ကိုပစ်သောအခါ ခန္ဓာကိုယ်ကိုမပစ်ပါ။ ခေါင်းကိုရွေးပစ်လေသည်။ ဤမျှလက်ဖြောင့်လေသည်။

"ဆရာသိန်းရွှေ ကျွန်တော် တောစစ်လိုက်ခဲ့ချင်တယ်"

"ဝင်းနိုင်၊ မင်းတောပစ်ဝါသနာပါသလား"

"ဟုတ်ကဲ့"

"ဒါဆို မင်းက ဗိုက်ကလေးလုပ်၊ ငါက တွတ်ပီလုပ်မယ်"

"ဟား ဟား ဟား - ဆရာသိန်းတော့ လုပ်တော့မယ်"

"တောပစ်တယ်ဆိုတာ ပန်းခင်းလမ်းကိုလျှောက်တာမဟုတ်ဘူး။ ကိုယ်ကမုဆိုးဆိုပေမယ့် တစ်ခါတစ်ရံ သားကောင်ဖြစ်သွားတတ်တယ်"

"ဟုတ်ကဲ့ - ပြောပါဦး"

"ဥပမာ ဆင်လိုက်လို့ပြေးရရင် ကိုယ်က သားကောင်ဖြစ်သွားတာပဲ"

"ဟုတ်ကဲ့ - ကျွန်တော့်ကို မုဆိုးပညာသင်ပေးပါ"

"ကဲ - သေနတ်ယူခဲ့၊ သွားမယ်"

ဤသို့ဖြင့် ကရင်ပြည်နယ် တောထဲသို့ မြိုင်ရာဇာတွတ်ပီနှင့်ဗိုက်ကလေးတို့ တောပစ်ထွက်လာကြ၏။

"ဆရာအကျီက ဘာအကျီလဲ၊ ညိုစိုစိုနဲ့တယ်"

"ဒါ တောလိုက်အကျီခေါ်တယ်။ ဒီအကျီကို ဘယ်တော့မှမလျှော်ဘူး။ ရတဲ့သားကောင်ရဲ့သွေးတွေသုတ်ထားတာ"

"ဟာ- ဆရာ ဒါဆိုနတ်တင်တာပေါ့"

"တောတောင်စောင့်နတ်ကိုတင်တာမဟုတ်ဘူး။ ဒီတောလိုက်တဲ့ ဘောင်းဘီ နဲ့ အကျီကိုဝတ်ပြီးတောလိုက်ရင် သားကောင်ရတယ်ကွ"

"ကျွန်တော် သိပ်နားမလည်ဘူး"

"ဒီလိုကွ၊ လူမှာအနံ့ရှိတယ်။ သားကောင်တွေက လူနံ့ရတာနဲ့ ထွက်ပြေးကုန်တယ်။ လူနံ့မရအောင် သားကောင်တွေရရင် သူတို့သွေးတွေသုတ်လိမ်းထားတာ၊ လူနံ့မရတော့ဘူး"

"ဒါကြောင့်ကိုး"

"ဒီဝတ်စုံကိုဝတ်ပြီးရပ်နေတာ ချေတစ်ကောင် ငါ့ဆီတည့်တည့်လာတာ ငါကပ်ပစ်ရတာကြုံဖူးတယ်"

"ပညာတစ်ခုရတာပေါ့"

"တစ်ခါတလေ ယုန်တွေလည်း လူလိုမသိဘူး၊ ဖွတ်ဝင်လာတာပဲ။ လိုက်ပစ်ရတာမျိုးမဟုတ်ဘူး။ သေချင်တဲ့ကောင်က ဖွတ်တိုးဝင်တာမျိုး ကပ်ပြီး ပစ်ရတာ"

"ဟုတ်ကဲ့"

"ဒါဆို တောထဲဝင်ကြစို့"

မြိုင်ရာဇာတွတ်ပီနှင့်ဗိုက်ကလေးတို့စုံတွဲ သေနတ်ကိုယ်စီနှင့် တောထဲသို့ ထွက်လာလေသည်။ မြိုင်ရာဇာတွတ်ပီဘွဲ့ရ ဆရာသိန်းရွှေသည် သူ၏ကိုင်နေကြ G-4 သေနတ်ကိုထမ်းပြီး ရှေ့မှထွက်လာသည်။ တောင်ကုန်းမှအဆင်း စမ်းချောင်းလေးတစ်ခုကို ဖြတ်ကျော်၏။ တောပစ်ရာတွင် တောတောင်တို့၏ သဘာဝ၊ သားကောင်တို့၏ သဘာဝကို သိနားလည်ရမည်။ ကရင်ပြည်နယ်၏ တောထဲတွင် မည်သည့်သားကောင်တွေ ကျက်စားသလဲ၊ ဒီသားကောင်တွေ၏ မိတ်လိုက်ချိန်၊ သားပေါက်ချိန်ကိုသိရ၏။ တောတောင်တွင်ပေါက်ရောက်နေသော သစ်ပင်များ၏ သီးချိန်၊ ပွင့်ချိန် စသည့် တော၏ သဘာဝကိုလည်းသိရမည်။ ဘယ်သားကောင်က ဘယ်သစ်ရွက် ဘယ်သစ်ဥကိုစားသလဲ စသည်ဖြင့် တိရစ္ဆာန်နှင့်ဆက်စပ်မှုကိုသိရ၏။ ဥပမာ တောဝက်သည် မျှစ်ကိုကြိုက်၏။ တောဆင်တို့သည် ဝါးရွက်ကိုကြိုက်၏။ သမင်၊ ယုန်၊ ချေ၊ စိုင်၊ ဆတ်များရှိပါက သားစား သတ္တဝါ ကျား၊ ခြသေ့တို့ရှိနိုင်သည်။

ရာသီဥတုကိုမှီ၍ သတ္တဝါတွေ ဘယ်လိုနေသလဲ၊ မိုးရာသီမှာ ဘယ်လို နေသလဲ၊ ဆောင်းရာသီမှာ ဘယ်လိုနေ သလဲ စသည်ဖြင့် ရာသီဥတုကိုမှီ၍ တိရစ္ဆာန်တွေရဲ့ဖြစ်စဉ်ကို သိနားလည် ရမည်။ တချို့တောသည် တောကြီး၏

www.burmeseclassic.com

ယုံမကြည်မလုပ်ရပေ။ တောသဘာဝ ခေါ်တာလုပ်ပေးရ၏။ သို့မဟုတ်ပါက ဘာထွက်ကာ တောခြောက်တာခံရ တတ်လေသည်။ တောစည်းကမ်းလည်း ိုက်နာရ၏။ ယုန်ပစ်မည် ယုန်လိုက် ည်ဆိုပါက ကြောင်တွေ့လျှင် မပစ်ရ ။ တွေ့တဲ့အကောင်ကိုသတ်လို့မရ ။

"ဆရာ၊ ဆရာသိန်း"

"ရှူး . . . တိုးတိုး"

ဆရာသိန်းရွှေသည် လက်ညှိုးနှင့် းစပ်ကိုပိတ်ပြီး တိုးတိုးနေရန် အချက် ၏။ ချောင်းရေစပ်တွင် စူးစူးစိုက်စိုက် ကြည့်နေ၏။ ဘာမြင်ပါလိမ့်။

"မင်းသစ်ပင်ပေါ်တက်နေ၊ အမြန် တ်"

တပည့်ကျော် ဝင်းနိုင်သည် ကြာက်အားကြီးပြီး သစ်ပင်ပေါ်သို့ အမြန်တက်သွားလေသည်။ 'ငါ့ဆရာ ားနဲ့တွေ့နေပြီနဲ့တူတယ်'။

ငြိမ်နေသောတောထဲတွင် သစ် င်တိုးသံကိုကြားရ၏။ မကြာမီ တော တ်ကြီးတစ်ကောင်သည် ဆရာသိန်းရွှေ နှင့်မျက်နှာချင်းဆိုင် ပက်ပင်းတိုးလေ တော့သည်။ တောဝက်၏အစွယ်မှာ းစပ်အပြင်ဘက်ထွက်နေလေသည်။ တ်မှာ ခေါင်းမာသောသတ္တဝါဖြစ်၏။ ိုးများ တောဝက်ကိုပစ်ချင်ပါက ဘေး ိုက်အနေအထားမှ ဝက်၏ရှေ့လက် ားကိုပစ်ရ၏။ ရှေ့တည့်တည့်မှ မပစ် ပေ။ အဘယ်ကြောင့်ဆိုသော် တော တ်သည် ရှေ့တူရှုသို့ ကမူးရှူးထိုးပြေး ာပြီး တွေ့ရာကိုအစွယ်နှင့်ပက်တတ် သသည်။ သေနတ်ကျည်ဆန်တစ်ချက် ည်းနှင့်မသေနိုင်ပါ။ ခေါင်းကိုပစ်၍ တ်မသေပါက မိမိထံသို့ရောက်လာပြီး တ်ပက်၍ သေသွားနိုင်သည်။ ဘေး ိုက်အနေအထားမှပစ်ပါက ဝက်၏ အားနည်းချက်ကိုထိမှန်၍ တစ်ချက် ည်းနှင့် သေနိုင်၏။ အကယ်၍ ထိ ုတ်လွဲသွားပါက အန္တရာယ်ကင်း၏။ တ်သည် မျက်နှာမူရာအရပ်သာပြေး ည်ဖြစ်၍ ရှောင်နိုင်တိမ်းနိုင်လေသည်။

ယခု ဆရာသိန်းရွှေသည် တော တ်နှင့် မျက်နှာချင်းဆိုင်တွေ့နေလေပြီ။ တ်လာရာကို မျက်နှာမူပြီးမှောက်ချ ိုက်သည်။ G-4 သေနတ်ကို ဒေါက် ထောက်၍ ဝက်ကိုချိန်နေလေသည်။ တောဝက်ကို ရှေ့တည့်တည့်မှပစ်ခတ် သောမုဆိုး အလွန်ရှား၏။ မိုက်တွင်း ုတ်လေပြီ။ သူ့အသက်ကိုယ့်အသက် ယှဉ်၍ စီးချင်းထိုးသတ်ရသောပွဲဖြစ်နေ လေပြီ။ အသိဉာဏ်နည်းသောတိရစ္ဆာန် နှင့်ယှဉ်၍မိုက်သော မုဆိုးဖြစ်နေလေ သည်။ အသက်ဆေးလိုက်ရအောင် မစွန့် စားသင့်ပေ။

ကိုသိန်းရွှေသည် သေနတ်ဒင်ကို ညာဘက်ပခုံးမှာ တင်းကျပ်စွာထိအောင် ဖိကပ်ထား၏။ ခေါင်းကို သေနတ်ပေါ် မေးတင်ပြီး မျက်လုံးကို ဘယ်ဘက်မျက်စိ ကိုပိတ်ပြီး ညာဘက်မျက်စိမှာ ချိန်သီး ပေါ်သို့တင်၍ကြည့်နေ၏။ ခြေထောက် နှစ်ချောင်းကိုကားပြီး ပစ်ခတ်ဖို့အဆင် သင့်ဖြစ်နေပါသည်။ ရှေ့ချိန်သီးနှင့် နောက်ချိန်ပေါက်ကို တစ်ဆပ်တည်းကျ အောင်ချိန်နေလေသည်။ ရှေ့ချိန်သီး၏ အလယ်ဗဟိုတိုင်ထိပ်သည် ပစ်မှတ်၏ ဗဟိုချက်ကို တစ်ထပ်တည်းကျအောင် ချိန်ရလေသည်။ သေနတ်၏ရှေ့မှာ ဒေါက်ထောက်ထားသဖြင့် သေနတ် ပြောင်းမှာ ငြိမ်နေ၏။ ဘယ်ဘက်လက် က ပြောင်းကာကိုကိုင်ပြီး ညာဘက် လက်က အပစ်ခလုတ်ကို ညင်သာစွာ ဆွဲဖို့ အဆင်သင့်ဖြစ်နေသည်။ သေနတ် ကို တစ်တောင့်ချင်းပစ်ရန် ခလုတ်ကိုချိန် ထားပြီးဖြစ်၏။ အသက်ကို ညင်သာစွာ ရှူပြီး ပစ်မှတ်ကိုချိန်နေလေသည်။ ပစ်မှတ်မှာ အရှင်ဖြစ်သဖြင့် လိုက်ချိန်ရ လေသည်။ ညာလက်ညှိုးက အပစ် ခလုတ်ကို ညင်သာစွာဆွဲလိုက်၏။ အသက်ရှူအောင့်ပြီး ပစ်မှတ်ငြိမ်သော အခါ သေနတ်ပစ်ခလုတ်ကို ဆွဲညှစ် လိုက်၏။

"ဒိုင်း"

G-4 သေနတ်၏ ကျယ်လောင် သောပေါက်ကွဲမှုဖြစ်ပေါ်ပြီး ကျည်ဆန် သည် ဝက်၏ဦးခေါင်းကို တည့်တည့်ထိ မှန်သွား၏။ တောဝက်မှာ ကျည်ဆန်ထိ မှန်ပြီး ဖင်ထိုင်ကျသွား၏။ သို့သော် ချက်ချင်းထပြီး သိန်းရွှေထံသို့ တစ်ဟုန် ထိုးပြေးလာလေတော့သည်။

"ဒိုင်း"

ဒုတိယကျည်ဆန်ကိုပစ်လွှတ်၏။ ကျည်ဆန်သည် တောဝက်၏ဦးခေါင်းကို ထိမှန်သော်လည်း ကျည်ဆန်ကမဖောက် ထွင်းနိုင်ပါ။ ကျည်ကာအင်္ကျီကဲ့သို့ကျည် ဖူးသည် အရေပြားပေါ်တွင် စိုက်ဝင်နေ လေသည်။ ကျည်၏တွန်းကန်မှုကြောင့် ဝေ့ပြေးသောအရှိန်တန့်သွားသော်လည်း လဲကျသွားခြင်းမရှိပါ။ အရှိန်ယူပြီး ရှေ့သို့ပြေးလာပြန်သည်။

"ဒိုင်း"

ကိုသိန်းရွှေသည် ကျည်ကို တစ် တောင့်ချင်း ပစ်လွှတ်နေ၏။ ဝက်ပြေး အားနှင့် ကျည်တွန်းအားတို့မှာ အားပြိုင် နေလေသည်။ ဝက်က ရှေ့သို့ဖွတ်ပြေး လာနေသလို ကျည်ဆန်က ပေါက်ကွဲမှု အရှိန်နှင့် ထိမှန်တွန်းကန်နေလေသည်။ တောဝက်မှာ ကျည်ဆန်ကို လုံးဝဂရုမပြု ပါ။ ကိုသိန်းရွှေ ချွေးတွေပြန်လာ၏။ တောမုဆိုးတိုင်းမလုပ်ရဲသောအလုပ်ကို လုပ်မိသဖြင့် မှားသွားကြောင်း အလုပ် က သက်သေထူနေလေသည်။ မိမိရှေ့ မှာ အကာအကွယ်မရှိပါ။ ကမူးရှူးထိုး နှင့်ပြေးတက်လာသောဝက်မှာ မိမိထံသို့ ရောက်ရှိလာပါက အစွယ်နှင့်ထိုးပက် တော့မည်။ မိမိရှေ့တွင်သစ်ပင်ရှိလျှင် တော်သေး၏။သစ်ပင်ကိုအကာအကွယ် ယူ၍ ရှောင်ချိန်ရ၏။ ယခုတော့ မိမိရှေ့ မှာ အကာအကွယ်မရှိ။ ကျည်ကာတစ်ခု သာ အားကိုးရလေသည်။

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

ကျည်ဆန် (၆) တောင့်ကုန်သွား သော်လည်း တောဝက်မှာမသေပါ။ ကျည်ကန်အားကြောင့် ရပ်သွားလိုက်၊ ပြေးတက်လာလိုက် ကျည်ဆန်တွန်းအား ကြောင့်ရပ်သွားလိုက်၊ ရှေ့တိုးလာလိုက် နှင့် လူနှင့်အတော်နီးလာလေသည်။

"ဒိုင်း"

ဘုရား ဘုရား ဘုရား ဒီလောက် ပစ်အားကောင်းတဲ့သေနတ်(၁၀)တောင့် ကုန်ပြီ၊ တောဝက်ကမသေပါ။ မိမိနှင့် (၁၀)ပေလောက်ထိ နီးကပ်လာလေပြီ။ ကိုသိန်းရွှေ အတော်ကြောက်လာပြီ။ တစ်ခါမှမတွေ့ဘူးသောအဖြစ်အပျက်က စိတ်ကိုချောက်ချားစေ၏။ ဒီဝက်က တန်ခိုးရှိတယ်နဲ့တူတယ်။ ဝက်စွယ်သည် ကျည်မထွက်ဘူးဟု ကြားဖူး၏။ ဝက်စွယ် တချို့ ကျည်မဖောက်နိုင်ဟုသိလိုက်ရ သောအခါ မိမိသေနတ်သည် ဘာမှ အသုံးမတည့်တော့ပါ။ သေနတ်အပေါ် ယုံကြည်မှုပျောက်လာသည်။ သံသယ ဝင်လာပြီ။ သေမင်းသည် မိမိ၏လက် တစ်ကမ်းအလိုသို့ရောက်လာလေပြီ။

"ဒိုင်း"

အခုချိန်ထိ ဝက်မှာမလဲသွားပါ။ အတော်ခေါင်းမာသောဝက်။ ကျည်ဖူး များမှာ ကျည်ဖူဖြစ်နေပြီးစိုက်ဝင်နေလေ ၏။ ခုအချိန်မှာ ထပြေးလို့အချိန်မရပါ။ မင်းမသေရင် ငါသေရမှာပဲ။ ကိုယ်သေ သူသေတိုက်ပွဲကား နိဂုံးချုပ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာတော့မည်။ သစ်ပင်ပေါ်တက်နေသောဝင်းလှိုင်မှာ မိမိမျက်စိရှေ့တွင်ဖြစ်ပျက်နေသောအဖြစ်ကြောင့် အံ့ဩနေ၏။ ကြောက်စိတ်တွေဝင်လာပြီး ဒူးတွေတုန်လာ၏။ ခြေတွေလက်တွေအေးစက်လာပြီး သစ်ပင်ပေါ်မှကျမသွားစေရန် ခွဆုံတွင်ထိုင်၍မှေးနေရ၏။

"ငါ့ဆရာတော့ ဒီတစ်ခါသေရတော့မယ်နဲ့တူတယ်။ ကျည်တစ်ကတ်လည်းကုန်တော့မယ်"

ကျည်တစ်ကတ်၏ နောက်ဆုံးကျည်ဆန်တစ်တောင့်သာကျန်တော့၏။ နောက်ထပ် ကျည်ကတ်လဲဖို့အချိန်မရတော့ပါ။ ဒီကျည်ဆန်ပစ်လို့မသေပါက မိမိဘဝ၏အသက်ကို ဝက်ကအနိုင်ယူသွားတော့မည်။ မျက်လုံးကိုမှိတ်ပြီး နောက်ဆုံးကျည်ဆန်ကိုပစ်လွှတ်ဖို့ ပစ်မှတ်ကို သေသေချာချာချိန်လိုက်၏။ ဒီကျည်ဆန်လွဲသွားလို့မရပါ။ ကံကောင်းသည်ဟုပြောရမလားမသိ၊ တောဝက်သည် ခေါင်းကိုမော့ပြီး ပါးစပ်ဖြဲနေသည့်အချိန် ပါးစပ်ပေါက်ထဲသို့ပစ်မှတ်ချိန်ပြီး ခလုတ်ကိုညှစ်ထည့်လိုက်ရာ -

"ဒိုင်း"

တောဝက်မှာ ဗိုက်ထဲသို့ကျည်ဆန်ဝင်သွားပြီး ဖင်ဘက်မှထွက်သွားလေတော့သည်။ မိမိနှင့် (၅)ပေအကွာ တောဝက်မှာ ဘေးသို့ပစ်ကျ၍ သေသွားပါတော့သည်။ မလှုပ်မယှက်ငြိမ်သက်သွားသဖြင့် အသက်ဝိညာဉ်ချုပ်သွားလေတော့သည်။ သတ္တိရှိသောတောဝက်၊ အသက်ကိုအသေခံ၍ရန်သူထံဖွတ်တိုးဝင်လာသောတောဝက်၊ မင်းထက်ပြိုင်မိုက်သော BE ဆရာသိန်းရွှေနှင့်တွေ့မှ သေပွဲဝင်ရရှာ၏။ ထိုအချိန်မှစ၍ ဒုတပ်ကြပ်သိန်းရွှေအား 'အရမ်းသိန်းရွှေ' ဟု အမည်တွင်ပါတော့သည်။

သစ်ပင်ပေါ်တက်နေသောတပည့်ကျော်ဝင်းနိုင်မှာ ခုမှသက်ပြင်းချနိုင်တော့သည်။ သစ်ပင်ပေါ်မှဆင်းလာပြီး တောဝက်ကြီးကို ခြေထောက်တင်ပြီး -

"မင်းထက်မိုက်တဲ့ကောင်ပေါ်ပြီ"

ဟု ဟစ်အော်လေတော့သည်။

## (ဂ) ကျွတ်ချိန်တန်ပြီ

"ဆရာသိန်းရွှေ"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

"ခင်ဗျားကို ကျွန်တော် စကားလေးနည်းနည်းပြောချင်တယ်။ နားထောင်ချင်သလား"

"ဟုတ်ကဲ့ - ဗိုလ်ကြီး၊ နားထောင်ချင်ပါတယ်။ ပြောမှာသာပြောပါခင်ဗျား"

"လူဆိုတာ အသိဉာဏ်အရှိဆုံးပုဂ္ဂိုလ်ပဲ။ တွေးတောကြံဆတတ်တယ်၊ စဉ်းစားဆင်ခြင်တုံတရားရှိတယ်။ အဲဒါကြောင့် အခုပြောတာတွေ ခင်ဗျားခဏနားထောင်ပြီး ပြန်စဉ်းစားပါ။ ပြီးမှဆုံးဖြတ်ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ဗိုလ်ကြီးကအစချီထဲက အတော်လေးနက်နေတယ်"

"နောက် ကျွန်တော် ခင်ဗျားကို ခင်လွန်းလို့ပြောတာပါ။ ကျွန်တော်ပြောတာတွေဟာ စေတနာတွေပါပါတယ်"

"ဟုတ်ကဲ့ - ကျေးဇူးပါ၊ ပြောပါခင်ဗျား"

"ပထမဆုံးပြောချင်တာက ကံကံ၏အကျိုးကိုပြောချင်တာပဲ"

"ဟုတ်ကဲ့"

"ငါတို့အင်ဂျင်နီယာတပ်မှာ တပ်မှူးတစ်ယောက်ရှိတယ်ကွ။နာမည်တော့ မမှတ်မိဘူး။ သူက ခင်ဗျားလိုပဲ တောပစ်ဝါသနာပါတယ်။ အေး - သူက သေနတ်ပစ်သိပ်ကျွမ်းကျင်တယ်။ငြိမ်နေတဲ့ပစ်မှတ်ကို မပစ်ချင်ဘူး။ လှုပ်ရှားနေတဲ့ ပစ်မှတ်ကိုပဲပစ်ချင်တာ"

"ဟုတ်ကဲ့-တော်တော်သေနတ်ပစ်ကျွမ်းကျင်တာပဲ"

"ဥပမာ ချေတစ်ကောင်ရပ်နေရင်မပစ်ဘူး။ သူလန့်ပြီးထွက်ပြေးမှပစ်တာ၊ သူပစ်ရင်လည်းတစ်ချက်ပဲ၊ မထိဘူးဆိုတာမရှိဘူး"

"ဟုတ်ကဲ့"

"သူ့မှာဉာဉ်တစ်ခုရှိတယ်။ ဘာလဲဆိုတော့သားကောင်ကို မျက်စိကိုပဲရွေးပစ်တာ။ သူခလုတ်ညှစ်လိုက်ပြီဆိုရင် မျက်လုံးတည့်တည့်ထိတာပဲ"

"တော်တော်ကျွမ်းကျင်တာပဲ"

"အေး - ဒီအကုသိုလ်က တစ်နေ့သူ့ကိုအကျိုးပေးတော့တာပဲ"

"ဘယ်လိုပေးတာလဲ ဗိုလ်ကြီး"

"ဒီတပ်မှူးက ဂေါက်ရိုက်တယ်၊ ဂေါက်ကွင်းမှာဂေါက်ရိုက်တာမြင်ဖူးလား"

"ဟုတ်ကဲ့-မြင်ဖူးပါတယ်"

"ဒီလှောက်ကွင်းအကျယ်ကြီး နေ့စဉ်ရိုက်နေတာ ဘာမှပြဿနာမရှိဘူး။ ဒါပေမယ့် တစ်နေ့တော့ ဂေါက်သီးကိုတီပေါ်တင်ရိုက်တာ ရိုက်တံက Driver နဲ့ရိုက်တာ"

"ဟုတ်ကဲ့"

"အားရပါးရရိုက်ချလိုက်တာ ဂေါက်သီးက ရှေ့ကသစ်ပင်ကိုမှန်ပြီး သူ့ဆီတည့်တည့်ပြန်လာတာ၊ သူ့မျက်လုံးကို တည့်တည့်မှန်တာ"

"ဘုရားဘုရား- ဒါတကယ်အဖြ[illegible] အပျက်လား"

"ဟုတ်တယ်၊ မျက်လုံးကိုတည့်တည့်မှန်ပြီး လဲကျသွားတာပေါ့။ ဆေး[illegible] ရောက်တော့ မျက်လုံးတစ်ဖက်ပျက်[illegible] သွားတယ်"

"ဗိုလ်ကြီး၊ သားကောင်ကိုမျက်[illegible] တည့်တည့်ပစ်ခဲ့တဲ့အကုသိုလ်ပေါ့နော်"

"ဟုတ်တယ်၊ ကံကံ၏အကျိုး[illegible] တာ ရှောင်လို့မရဘူး။ ပြေးလို့မလွတ်ဘူး[illegible] နောင်တမလွန်ကိုမစောင့်ဘူး။ ဒီဘဝ[illegible] ပဲအကျိုးပေးတာ၊ ခင်ဗျားလည်းတော[illegible] တာတွေမလုပ်စေချင်ဘူး"

"ဟုတ်ကဲ့ - ဗိုလ်ကြီး၊ အခုလို[illegible] ဆုံးမတာ ကျေးဇူးတင်ပါတယ်"

"လူ့ဘဝဆိုတာ ရဖို့အလွန်ခက်[illegible] တယ်။ ရခဲလှတဲ့လူ့ဘဝကို ရတုန်း[illegible] ကောင်းမှုကုသိုလ်တွေနဲ့ပဲနေစေချင်တ[illegible] ဒီအကုသိုလ်တွေစုထားရင် တစ်နေ့ မကောင်းမှုဘဲအကျိုးပေးမှာနော်"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

ဗိုလ်ကြီးစိုးမင်းသည် ဆရာသိ[illegible] ရွှေကို အလွန်ချစ်၏။ သံယောဇဉ်ကြီး[illegible] အလုပ်တွေရှိပါက ဆရာသိန်းရွှေကို[illegible] ရ၏။တပ်မတော်အင်ဂျင်နီယာတပ်တွင် စွယ်စုံရသော ထူးချွန်သော စစ်သား[illegible] ကောင်းတစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် မကောင်းသောအကျင့်စရိုက် များကိုမလုပ်ဖို့ ဆုံးမနေခြင်းဖြစ်ပါသည်။ ပါးစပ်ကလိုက်နာပါမည်ဟု ကတိပေး[illegible] ၏။

သို့သော် တောပစ်အလုပ်ကို [illegible] ရင်ကြုံသလိုတော့လုပ်နေသေးသည်[illegible] လုံးဝစွန့်လွှတ်သည်တော့မဟုတ်ပါ။ [illegible] ဆိုတာ ဝါသနာကို ချက်ချင်းစွန့်ဖို့[illegible] ခက်တယ်လေ။

တစ်နေ့တော့ လုံးဝစွန့်လွှတ်[illegible] အကြောင်းကဖန်လာ၏။ နတ်သံတွင်[illegible] ရွာသို့ရောက်လာပြီး မိတ်ဆွေများအိမ်[illegible] တွင် ထမင်းစား၏။ ရှေ့တန်းအတွေ့ အကြုံများကို ပြောပြနေလေသည်။ ရွာ သူရွာသားများလည်း ကိုသိန်းရွှေ၏[illegible] ကိုမိနေ၏။ ခေါ်မကြားအော်မကြား လေလှိုင်းထဲမှာ စီးမျောခံစားနေကြ[illegible] တော့သည်။ ဆရာသိန်းရွှေက အပြော[illegible] ကောင်း၏။ သူ၏စည်းရုံးရေးစွမ်းရည်[illegible] ကြောင့် သူ့ကို လူတိုင်းက ခင်မင်ကြ[illegible] သည်။ ရောက်ရာအရပ်တွင် [illegible] ဖြစ်၍ ကျန်ခဲ့လေ၏။

ရွာသားများကျွေး[illegible]ထမင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေပြီး ရွာထဲမှ တပ်သို့ပြန်လာခဲ့၏။ ရွာ၏အထွက်တွင် လူသွားလမ်းအတိုင်း ဖြည်းဖြည်းချင်းပြန်လာရာ လယ်ကွင်းပြင်သို့ ရောက်လာခဲ့၏။ လယ်ကွင်းပြင်တွင် ရိုးပြတ်များ၊ ကောက်ရိုးပုံများ၊ ကျွဲနွားများကို တွေ့ရ၏။ တချို့ကျွဲနွားများသည် ကောက်ရိုးကိုစားနေကြ၏။ ကျွဲတစ်ကောင်သည် မျက်လုံးကြီးပြူးပြီး အမြီးထောင်ကာ ဆရာသိန်းရွှေကိုကြည့်နေ၏။ ကျွဲမှာသရဲပူးနေသလို နဂိုပင်ကိုစိတ်ပျောက်နေပြီး ဆရာသိန်းရွှေကို လိုက်ဝှေ့လေသည်။ လယ်ကွင်းထဲမှာ ပြေးရသဖြင့် လွတ်အောင်ပြေးဖို့ မလွယ်သေး သစ်ပင်ရှိရာသို့ပြေးရ၏။ ကျွဲ၏ပြေးအားနှင့် လူ၏ပြေးအားမှာ များစွာကွာခြားနေသဖြင့် ယှဉ်၍လွတ်အောင် ပြေးနိုင်ပါ။ သစ်ပင်ကိုရောက်ပြီးပတ်ပြေးရ၏။ ကျွဲမှာ နောက်မှထက်ကြပ်တွာလိုက်လာလေပြီ။ သတ္တဝါတွေကို သတ်ခဲ့သောမုဆိုးကြီး ယခုတော့ သားကောင်ဖြစ်ရလေပြီ။ ဘုရား၊ ဘုရား ဟိုနေ့က ဗိုလ်ကြီးစိုးမင်းပြောတာ ဟုတ်တယ်၊ အကုသိုလ်ကံသည် ရှောင်လို့မရ ပြေးလို့မလွတ်ဘူးတဲ့။ ဟော - အခု ငါ့အလှည့်သို့ရောက်လာပါပြီ။ ဒီလောက်မြန်လိမ့်မယ်လို့ မထင်ဘူး။ ဒီတစ်ခေါက်ကျွဲ၏ချိုဖျားတွင် အသက်ပါသွားရတော့မှာပါလား။

ကြောက်ပါပြီဗျာ - နောက် ဒီလိုအကုသိုလ်အလုပ်တွေ မလုပ်တော့ပါဘူးဗျ။ ဒီတစ်ခါ တကယ်စွန့်လွှတ်မှာပါဗျ။ ဒီတစ်ကြိမ်တော့ အသက်ချမ်းသာခွင့်ပေးပါခင်ဗျာ။ အို - နတ်ဒေဝါအပေါင်းတို့ ကျွန်တော့်ကိုကယ်ပါဦးခင်ဗျား။ ကူညီကာဗိုင်း၍မှိုင်းမတော်မူပါခင်ဗျား။ ကြောက်၍ ချွေးဖောတွေပြန်လာ၏။ သေခါနီးဖြစ်ပေါ်လာသောစိတ်ထို၏ ယောက်ယက်ခတ်နေ၏။ ဘာမှမတည်လို့မရ။ လွတ်အောင်ဖွတ်ပြေး၍နေရပါသည်။

အနော်ရထာမင်းကြီးသည် ကြိမ်တောနှင့်ရိုက်၍ နတ်တွေကိုခေါ်၏။ ဆဲ၏။ နတ်မှန်သမျှ ဘုရင်ကြီးကိုကြောက်ရ၏။ ဘုန်းတန်ခိုးကြီးမားသော အနော်ရထာမင်းပင်လျှင် ကံဇာတာညိုးသောအခါ ထိမ်ပင်စောင့်နတ်က ကျွဲဆောင်ဆောင်၍ ခတ်သတ်သည်ဟု ကြားဖူးသည်။ လူသတ်လို့မသေ ကျွဲခတ်လို့သေရ၏။ ယခု ဆရာကြီးသိန်းရွှေသည်း ကံဇာတာတက်ချိန်မှာ တောကောင်တွေကိုသတ်ဖြတ်ခဲ့၏။ လူက

ကံဇာတာနိမ့်ချိန်မှာ ရွာကျွဲက သရဲစီး၍ လိုက်ခတ်ခြင်းကိုကြုံရလေသည်။

လူကရှေ့ကပြေး၏။ ကျွဲကနောက်ကလိုက်၏။ နီးသည်ထက်နီးလာ၏။ သိပ်မကြာတော့သည့် အချိန်စက္ကန့်ပိုင်းအလိုတွင်မီတော့မည်။ ကျွဲခတ်ပြီး ကောင်းကင်သို့မြောက်တက်သွားမည်။ မြေပြင်ပေါ်သို့ပြန်အကျ ကျွဲဦးချိုနှင့်ခံထားလျှင် အူပွင့်၍သေရတော့မည်။ ဘုရားဘုရား - ပါးစပ်မှဘုရားတနေမိပါတော့သည်။

ရုတ်တရက် မိမိရှေ့တူရူတွင် ရဟန်းတစ်ပါး ဆွမ်းခံကြွလာလေသည်။ ကြုံရမရ ရဟန်းကို အကာအကွယ်ယူပြီး ပုန်းနေလေသည်။ ထူးဆန်းသည်မှာ ကျွဲသည် ရဟန်းကိုမြင်သောအခါ အရှိန်တန့်သွား၏။ မျက်လုံးကိုပြူးပြီး ရန်သူကိုရှာနေလေသည်။ ရဟန်းကိုတော့ ရန်မမူပါ။ ရဟန်းကိုကွယ်ရပ်နေသော ဆရာသိန်းရွှေကိုလိုက်ရှာနေ၏။ ဆရာတော်မှာ ဣန္ဒြေရပြီးတည်ငြိမ်နေ၏။

"ဟဲ့ - ဒကာ၊ ဘာဖြစ်တာလဲ"

"တပည့်တော်ကိုကယ်ပါဦးဘုရား"

"ဟဲ့ - ဒီကျွဲကရွာထဲကကျွဲပါ"

"မှန်ပါဘုရား၊ တပည့်တော်ကို လိုက်ရှာနေတာ ဘုရား"

ကျွဲကြီးမှာ အရှိန်တန့်ပြီး ဆရာတော်နှင့်ရောနေသောကိုသိန်းရွှေကိုသာ ရှာဖွေနေလေသည်။ ကိုသိန်းရွှေမှာ ဆရာတော်ကိုပတ်ပြေး၍မလွတ်တော့သဖြင့် အသက်မသေဖို့အရေးကြီးသည်၊ ဒီကျွဲ သင်္ကန်းကိုမဝှေ့ဘူးဟုအသိရလာ၏။

ဆရာတော်၏ သင်္ကန်းအကြားသို့ တိုးဝင်ပြီး တစ်ကိုယ်လုံးကို သင်္ကန်းနှင့်ပတ်ထားလေတော့သည်။

"ဟဲ့ - ဒကာ"

"ဟဲ့ - ဒကာ"

"ဗုဒ္ဓေါပါပဲ"

ဆရာတော်လည်း မိမိခြုံထားသောသင်္ကန်းကိုအတင်းလုပြီးခြုံနေသော ဒကာကြောင့် လုံးလားထွေးလားဖြစ်နေပါတော့သည်။ ကျွဲကြီးမှာ မူလစိတ်ပြန်ဝင်လာပြီးနောက် ပြန်လှည့်သွား၏။ ကျွဲကိုဝင်စီးသောသရဲမှာလည်း ကျွဲပေါ်မှ ခုန်ဆင်းပြီး ထွက်ပြေးသွားလေတော့သည်။

"ဟဲ့ - ဒကာထွက်တော့၊ ထွက်တော့ ကျွဲလည်းမရှိတော့ဘူး"

"အရှင်ဘုရား၊ တပည့်တော်အသက်ဟာ အရှင်ဘုရားပေးတဲ့အသက်

ပဲရှိပါတယ်ဘုရား။ တပည့်တော်အမြဲအမှုအတွက် ခွင့်လွှတ်ပါဘုရား"

ဆရာသိန်းရွှေသည် ဆရာတော်၏သင်္ကန်းအကြားမှထွက်လာပြီး ဆရာတော်ကို ဦးချကန်တော့နေပါတော့၏။

"ဒကာကြီးရဲ့ အကုသိုလ်တွေတော်တော်ကြောက်စရာကောင်းတာပဲ"

"မှန်ပါ၊ တပည့်တော် အရင်က မုဆိုးလုပ်ဖူးတယ် ဘုရား"

"ဪ - ဒကာကြီးက သူများအသက်ကိုတော့ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တယ်။ ကိုယ့်အသက်သေမှာတော့ တော်တော်ကြောက်တာပဲ"

"တပည့်တော် မှားသွားပါတယ်ဘုရား"

"ကိုယ့်အသက်ကိုသေမှာကြောက်သလို တိရစ္ဆာန်တွေလည်းသေမှာကြောက်တာပဲ။ ကိုယ်ချင်းစာတရားထားရတယ်"

"တပည့်တော် အမြင်မှန်ရပါပြီဘုရား။ အရှင်ဘုရားကိုသက်သေထားပြီး ခုချိန်ကစပြီး မုဆိုးအလုပ်ကိုစွန့်လွှတ်ပါပြီဘုရား"

"ဒကာကြီး၊ အကုသိုလ်တွေစုလာတာ ဒီနေ့ပြည့်တဲ့နေ့ပဲ။ ဦးပဥ္စင်းနဲ့မတွေ့ရင် ဒကာကြီးသေရမယ့်နေ့ပဲ"

"မှန်ပါ ဘုရား"

"ဘာလို့ပြောနိုင်တာလဲဆိုတော့ ဒကာကြီးကိုလိုက်ခတ်တဲ့ကျွဲက အရိုင်းမဟုတ်ဘူး။ ရွာထဲကခိုင်းနေတဲ့ကျွဲပဲ။ ဒီကျွဲက သာမန်ကျွဲဆိုပေမယ့် မကောင်းဆိုးဝါးတွေဝင်စီးနေတာဖြစ်မယ်"

"တင်ပါဘုရား"

"ကျွဲဟာ ဦးပဥ္စင်းကိုမခတ်ဘူး။ ဒကာကြီးကိုပဲရွေးခတ်တာ။ ဒါအကုသိုလ်ကံနိမိတ်ပြောပဲ"

"တပည့်တော် ကြောက်လာပြီဘုရား၊ တပည့်တော်မသေချင်သေးဘူးဘုရား။ တပည့်တော်ကိုကယ်ပါဦးဘုရား"

"ကျွဲဟာ သင်္ကန်းကိုမြင်ရင်ဝှေ့ရမယ့်သဘောရှိတယ်။ တိရစ္ဆာန်တွေဟာ အနီရောင်ကိုမုန်းတယ်"

"တင်ပါဘုရား"

"အခု သင်္ကန်းကိုမဝှေ့ဘူး။ သင်္ကန်းကိုလေးစားတယ်ဆိုရင် နတ်တွေလား၊ ဒကာကြီးကို အသိတရားရအောင်ဖန်ဆင်းတာဖြစ်မယ်"

"တပည့်တော် နောင်တရပါပြီဘုရား၊ ဆရာတော်အမိန့်ရှိတဲ့အတိုင်းလိုက်နာပါမယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီး ဦးပဋ္ဌင်းထင်တာပြော ရရင် အကုသိုလ်တွေကိုကျော်အောင်ပြန် ဆပ်သင့်တယ်"

"ဘယ်လိုဆပ်ရမှာလဲဘုရား"

"အကုသိုလ်ကံတွေကိုတော့ ဒါန ကုသိုလ်နဲ့လည်းမရနိုင်ဘူး။သီလကုသိုလ် နဲ့လည်းမရနိုင်ဘူး"

"တင်ပါ့ အမိန့်ရှိပါ ဘုရား"

"ဘာဝနာကုသိုလ်နဲ့မှပဲ ဆပ်လို့ ကျေနိုင်မယ်"

"ဘာဝနာကုသိုလ်ဆိုတာက"

"ဘာဝနာမှာ (၂)မျိုးရှိတယ်။ ရိုးရိုး ဘာဝနာနဲ့ ဝိပဿနာပါပဲ။ ရိုးရိုးဘာဝနာ ဆိုတာကတော့ မေတ္တာပို့တာ၊ ဖြဟ္မစိုရ် တရား(၄)ပါးထားတာပဲ"

"တင်ပါ့"

"ဝိပဿနာဘာဝနာကျတော့ မဂ် ဉာဏ်ဖိုလ်ဉာဏ်တွေရအောင်အားထုတ် ခြင်းပဲ"

"တင်ပါ့ဘုရား"

"ဒီမဂ်ဉာဏ်ကသာလျှင် အကု သိုလ်ကံကိုကုစားနိုင်တယ်။ ကျန်တဲ့ ကုသိုလ်ကတော့မကုစားနိုင်ဘူး"

"တင်ပါ့ဘုရား၊ တပည့်တော် ဝိပဿနာဘာဝနာကို ကျင့်ကြံကြိုးကုတ် အားထုတ်ပါမယ်ဘုရား"

"သာဓု သာဓု သာဓု"

**(ဃ) ရဟန်းပြုခြင်း**

ဘာဝပေးသင်ခန်းစာကြောင့် အကုသိုလ်အလုပ်ကို လုံးဝစွန့်လွှတ် လိုက်ပါပြီ။ သက်နှံခြုံ၍ အသက်ဘေးမှ လွတ်ခဲ့ရသလို သံသရာဘေးမှလွတ်ဖို့ သင်္ကန်းဝတ်ချင်လာ၏။ ရဟန်းပြုဖို့ ဆုံးဖြတ်လိုက်ပါသည်။

နတ်သံကွင်းရွာတွင် ရွာဦး ကျောင်းဆရာတော် ဦးတေဇောဘာသ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပွဲကျင်းပကြ ၏။ ခဏ္ဍသိမ်တွင် အရမ်းသိန်းရွှေဘဝမှ မြင့်မြတ်သောရဟန်းသုမနဘဝသို့ရောက် ခဲ့လေပြီ။ ဆရာတော်ဦးတေဇောဘာသ မှ ရဟန်းအသစ်စက်စက် ဦးသုမနအား ဆုံးမလေသည်။

"ဦးသုမန"

"ဘုရား"

"လောကမှာ ရတောင့်ရခဲရဖို့ မလွယ်ကူတာ (၅) မျိုးရှိတယ်။ ဒါကို ဒုလ္လဘတရားလို့ခေါ်တယ်"

"တင်ပါ့"

"ဒုလ္လဘတရား (၅)ပါးက မြန်မာ လိုနားလည်အောင်ပြောရရင် -

(၁) ဘုရားနဲ့မှီဖို့ခက်ခဲတယ်။

(၂) လူဖြစ်ဖို့ခက်ခဲတယ်။

(၃) ထောင်နိုင်သောနားရှိဖို့ခက်ခဲ တယ်။

(၄) ယုံကြည်ထိုက်တဲ့တရားကိုယုံ ဖို့ခက်ခဲတယ်၊

(၅) ရဟန်းဖြစ်ဖို့ခက်ခဲတယ်"

"တင်ပါ့"

"ဒုလ္လဘတရား (၅)ပါးကို ပါဠိလို တော့ -

(၁) ဗုဒ္ဓုပ္ပာဒေါဒုလ္လဘော

(၂) မနုဿဘာဝေါဒုလ္လဘော

(၃) သဒ္ဓမ္မသာဝနံ အတိဒုလ္လဘော

(၄) သဒ္ဓါသမ္ပတ္တိဒုလ္လဘော

(၅) ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော

လို့ဆိုလိုတယ်။ ရတောင့်ရခဲ ရဖို့မလွယ် ကူတာရဖို့ခက်ခဲတာကို ဒုလ္လဘလို့ခေါ် တယ်ကွယ့်"

"တင်ပါ့ဘုရား"

"သုမနကြီး၊အခုရဟန်းဖြစ်ပြီလား"

"ဖြစ်ပါပြီဘုရား"

"အင်း - သိမ်ထဲမှာ ကမ္မဝါစာဖတ်ပြီး ရဟန်းဖြစ်တာကို သမုတိသံဃာလို့ခေါ် တယ်။ သမုတိဆိုတာ အမည်သမုတ် တာကိုခေါ်တာ။ ပရမတ္ထသံဃာမဖြစ် သေးဘူး"

"မရှင်းဘူး ဘုရား"

"ရဟန်းစစ်စစ်မဖြစ်သေးဘူး"

"ရဟန်းဖြစ်ဖို့ကြိုးစားနေဆဲပုဂ္ဂိုလ် လို့ခေါ်တယ်"

"ဘယ်တော့ရဟန်းစစ်စစ်ဖြစ်တာ လဲဘုရား"

"ရဟန်းကိစ္စပြီးရင် ရဟန်းစစ်စစ် ဖြစ်တာပဲ"

"ရဟန်းကိစ္စဆိုတာကဘာလဲဘုရား"

"သိမ်ထဲမှာရဟန်းပြုစဉ်က သုမန ကြီး ဘာလို့ရဟန်းပြုတာလဲလို့ သံဃာ တွေကမေးကြတယ်လေ"

"မှတ်မိပြီ ဘုရား၊ သံသရာဝဋ် ဆင်းရဲမှလွတ်မြောက်ချင်လို့ ရဟန်းပြု[illegible] ပြုပါလို့လျှောက်ထားတာဘုရား"



"ဟုတ်တယ်၊ ရဟန်းဝတ်တယ်[illegible] တာ ရဟန်းကိစ္စပြီးအောင်ဝတ်တာ ရဟန်းကိစ္စဆိုတာ သံသရာဝဋ်ဆင်းရဲ[illegible] လွတ်ရာနိဗ္ဗာန်ကို မျက်မှောက်ပြုဖို့"

"တင်ပါ့ဘုရား"

"ရဟန်းဝတ်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ရမှာ၊ ဒါမှ သောတာ[illegible] သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်[illegible] ပေါ့။ ဒီတော့မှ ရဟန်းကိစ္စပြီးတယ်[illegible] ဒါကြောင့် ရဟန်းဖြစ်ဖို့ခက်ခဲတယ်[illegible] ဘုရားကဟောတာ"

"တပည့်တော်က သိမ်ထဲကဆင်း[illegible] ရင် ရဟန်းကိစ္စပြီးပြီလို့ထင်တာ"

"အေး- သိမ်ကဆင်းလာလို့ရှိ[illegible] ရဟန်းကိစ္စ ဆက်လက် ဆောင်ရွက်[illegible] မယ်ဆိုပြီး ကတိခံယူချက်နဲ့ဆင်း[illegible] တာ။ ဒီလိုမျိုးကျင့်ဆဲပုဂ္ဂိုလ်ကို သမု[illegible] သံဃာလို့ခေါ်တာ"

"တင်ပါ့ဘုရား၊ တပည့်တော်[illegible] လည်ပါပြီဘုရား"

"ဦးပဋ္ဌင်းတို့က မဟာစည်နည်း[illegible] ကျင့်ရတဲ့ ရိပ်သာကျောင်းဖြစ်တယ်[illegible] ရိပ်သာစခန်းကို (၇) ရက်စခန်းဖွင့်[illegible] တယ်။ ဒါကြောင့်ရိပ်သာဝင်ပြီး တရား[illegible] အားထုတ်ရမယ်"

"တရားအားထုတ်ပါမယ်ဘုရား"

"သာဓု သာဓု သာဓု"

**(င) တရားအားထုတ်ခြင်း**

ဦးသုမနသည် ရဟန်းလည်[illegible] မဝတ်ဘူးပါ။ ရိပ်သာလည်းမဝင်ဘူး[illegible] ယခုအခါ သားကောင်ကိုသတ်ဖြတ်[illegible] သောဝတ်စုံ (အစား) မေတ္တာစာတ်[illegible] ပြည့်နေသောသင်္ကန်းကိုခြုံပြီး ရ[illegible] ဝတ်နေလေပြီ။ သားကောင်တွေသ[illegible] ဖြည်းညင်းစွာချွတ်နင်းပြီးလှမ်းခဲ့ရ[illegible] ခြေလှမ်းများ (အစား) ကိလေသာသ[illegible] ဖို့ စင်္ကြံကမ္မဋ္ဌာန်းစီးဖြန်းနေရ[illegible] သည်။ အသက်အောင့်၍ သတ်[illegible] ခလုတ်ဖြုတ်ဖို့ကြိုးစားခဲ့ရသော သ[illegible] (အစား) ဖောင်းတယ်၊ ပိန်တယ်ကိုသ[illegible] ကပ်ပြီးမှတ်ရသောသမာဓိက နေ[illegible] နေရပါတော့သည်။ မဟာစည်ရိပ်[illegible] တွင် သင်္ကန်းဝတ်ပြီး ကိလေသာကို[illegible] ဖို့ အားထုတ်နေပါတော့သည်။

နာခေါင်းမှ ရှူသွင်းလိုက်[illegible] လေတို့သည် နှာသီးဖျားမှတစ်ဆင့်[illegible] ဗိုက်အထိဝင်ရောက်နေရာယူ[illegible] လိုက်သောလေကြောင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးမှာ လှုပ်ရှားရှန်းကန်လာပြီး ဖောင်း၍လာ၏။ ထိုဖောင်း၍တင်းလာသောသဘောသည် ထင်ထင်ရှားရှားရှိ၏။ ထိုသဘောကို အာရုံထင်ပြီး -

'ဖောင်းတယ်' ဟု မှတ်ရ၏။

ဖောင်းနေရာမှ လေတို့သည် အငြိမ်မနေပါ။ ဝမ်းဗိုက်မှတစ်ဆင့် နှာသီးဖျားသို့ ထွက်သွားလေသည်။ ထိုအခါ ဖောင်းနေသောဝမ်းဗိုက်သည် တဖြည်းဖြည်းပိန်လာ၏။ထိုပိန်လာသော အာရုံကို -

'ပိန်တယ်' ဟုမှတ်ရ၏။

"ယောဂီတို့- မိမိတို့နှာခေါင်းကရှူသွင်းလို့ဖောင်းလာ၏။ ဝမ်းဗိုက်ကိုအာရုံပြုပြီး ဖောင်းတယ်လို့မှတ်ရမယ်။ ပိန်ရင်လည်း ပိန်တယ်လို့မှတ်ရမယ်။ မိမိဝမ်းဗိုက်က ဖောင်းမှုသဘော ပိန်မှုသဘောကို သိသိနေတဲ့မှတ်စိတ်နဲ့ မှတ်နေတာကို အာနာပါနရှုတယ်လို့ခေါ်တယ်"

ပထမဆုံးအာနာပါနကမ္မဋ္ဌာန်းကို စတင်လုပ်ရလေသည်။ ဦးသုမနက မိမိဝမ်းဗိုက်ကိုကြည့်ပြီး လေကိုအားရဝမ်းသာရှူ၏။ ဖောင်းတယ်ဟုမှတ်၏။ နှာခေါင်းမှလေကို ,အားရဝမ်းသာရှိုက်၏။ ဝမ်းဗိုက်က ပိန်တာကိုသိလိုက်ရသဖြင့် ပိန်တယ်ဟုမှတ်၏။

"ဖောင်းတယ်"

"ပိန်တယ်"

ဘာခက်တာမှတ်လို့ မိမိဗိုက်ကိုကြည့်မှတ်ရတာလွယ်လိုက်တာ။ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ် စိတ်သည် ငြိမ်ငြိမ်မနေပါ။ ဖောင်းတယ် ပိန်တယ်မှတ်ပါဆို ငယ်ငယ်ကအကြောင်းတွေ စဉ်းစားနေ၏။ ဖောင်းတယ်၊ ပိန်တယ်ပျောက်ပြီး အတွေးအာရုံနောက်လိုက်သွား၏။ ငိုက်သလိုဖြစ်ပြီး သတိရသောအခါမှ စိတ်လွတ်သွားကြောင်းသိလိုက်ရ၏။

"ဖောင်းတယ်"

"ပိန်တယ်"

ဖောင်းတယ်၊ ပိန်တယ်မှတ်ရင်း စိတ်က တောပစ်ထွက်သွားပြန်သည်။ အိပ်ငိုက်သလိုဖြစ်ပြီး ခန္ဓာကိုယ်လှုပ်ရှားမှ သတိရပြီး ဖောင်းတယ်၊ ပိန်တယ် မှတ်ရပြန်သည်။

"ဖောင်းတယ်"

"ပိန်တယ်"

ကြာကြာမှတ်တော့ ညောင်းလာ၏။ ခြေထောက်တွေကကိုက်လာ၏။ အထူးသဖြင့် ဒူးဆစ်တွေကပြုတ်ထွက်တော့မလိုနာလာ၏။ ဖောင်းတယ်၊ ပိန်တယ် ဘယ်ရောက်နေသည်မသိ။ ဒူးကနာတာက သေတော့မှာပဲ။

"ကျွတ် ကျွတ် ကျွတ်"

"ဘုရား ဘုရား ဘုရား"

နာလွန်းလို့ သေတော့မယ်။ (၁)နာရီ တရားထိုင်ရမယ်တဲ့။ မှန်းစမ်း၊ နာရီနိုးကြည့်လိုက်တော့ ခုမှ (၁၀)မိနစ်ပဲ ရှိသေးတာ။

"ဘုရား ဘုရား ဘုရား (၁)နာရီပြည့်အောင်ဘယ်လိုလုပ်ထိုင်ရပါ့မလဲ"

"ဖောင်းတယ် ပိန်တယ် မင်းဘယ်မှာလဲ"

တာစထွက်တော့ လွယ်လွယ်လေးလို့ထင်တာ၊ ကိုယ့်နှာခေါင်းကဝင်လာတဲ့လေကို ရှူတာရှိုက်တာများဘာခက်တာမှတ်လို့။ သူများဗိုက်ကိုကြည့်ရတာမဟုတ်ဘူး။ ကိုယ့်ဗိုက်ကိုကြည့်ရတာ။ ဖောင်းရင် ဖောင်းတယ်လို့မှတ်တာ၊ ပိန်ရင်ပိန်တယ်လို့မှတ်တာ။ ထင်ထင်ရှားရှားကြီးပဲ။ ခုမှတ်ခုရမယ်ထင်တာ။ ,ခုတော့ နာလို့ကျင်လို့ ဝေဒနာတက်နေပြီ။ မှတ်စိတ်တွေကို ဝေဒနာက အနိုင်ယူနေပြီ။ (၁)နာရီပြည့်ဖို့ကလည်း အဝေးကြီးကျန်သေးတယ်။

ခြော် - နာလို့မခံစားနိုင်တော့ဘူး။ ကြိတ်မှတ်ပြီး ဖွတ်အတင်းကြိုးစားတယ်၊ မရတော့ဘူး။ ဒီဝေဒနာက ဘယ်လိုမှမကျော်ဖြတ်နိုင်ဘူး။

"ဘုရား ဘုရား ဘုရား အစက လွယ်လွယ်လေးလို့ထင်တာ၊ ဖောင်းတယ်၊ ပိန်တယ်ကိုထင်ရှားအောင်မမှတ်နိုင်ဘူး"

"ကမ္မဋ္ဌာန်းဆရာမသိအောင်ပြင်ဦးမှပဲ"

"ယောဂီတို့ တရားထိုင်စဆိုတာ ဒီခုလိုဝေဒနာတွေလာတတ်ပါတယ်။ ဝေဒနာလာရင် ဝေဒနာလို့အာရုံကို ပြောင်းရှုပေးပါ။ ပြီးမှ ပြင်ချင်တယ် ပြောင်းချင်တယ်ဆိုတဲ့စိတ်တွေပေါ်လာမယ်။ ဒီတော့ ပြောင်းချင်တဲ့အာရုံကိုရှုပေးပါ။ ခန္ဓာကိုယ်လုပ်ချင်တာမှန်သမျှ မှတ်စိတ်နဲ့မှတ်ပြီး ပြင်လို့ရပါတယ်။ အမှတ်မဲ့မလုပ်ပါနဲ့။ မှတ်စိတ်နဲ့လုပ်ပါ"

သုမနကြီး ခုမှသဘောပေါက်သွား၏။ ညောင်းသောသဘော၊ တင်းသောသဘော၊ နာသောသဘောတွေကို မှတ်စိတ်နှင့်မှတ်၏။ မခံနိုင်ရင်မခံနိုင်ဘူး လို့မှတ်ရတယ်။ ပြင်တော့မယ်ဆိုရင်လည်း ပြင်ချင်တယ် ပြင်ချင်တယ်လို့မှတ်ရတယ်။ ပြီးမှ ခြေထောက်ကွေ့ချင်တယ်၊ ကွေ့တယ်၊ လှုပ်တယ်၊ မ,တယ်၊ ချတယ် စသည်ဖြင့် ပညတ်အာရုံများကို တရစပ်မှတ်ရလေသည်။ အထိုင်ကိုပြင်ထိုင်ရသဖြင့် ဝေဒနာသက်သာသွား၏။ မှတ်စိတ်ကိုဖောင်းတယ်၊ ပိန်တယ်အာရုံသို့ ပြောင်းမှတ်၏။ အခုမှပဲ ဖောင်းတယ်၊ ပိန်တယ်က မှတ်လို့ရတော့တယ်။ စိတ်ထွက်သွားတာကို သိလိုက်ရတာက နောက်ကျနေ၏။ သိရင် သိတယ်လို့မှတ်၏။ ပြီးမှ ဖောင်းတယ်၊ ပိန်တယ်ကို မှတ်၏။ နောက် အိပ်ငိုက်ချင်လာ၏။ ခေါင်းက အောက်သို့ကျလာမှ ဆတ်ခနဲဖြစ်ပြီး သတိရလာ၏။ မှတ်စိတ်က သိတယ်၊ သိတယ်လို့ မှတ်၏။ ပြီးမှ ဖောင်းတယ်၊ ပိန်တယ်မှတ်၏။

များမကြာပါ၊ ဒူးကပြန်နာလာပြန်သည်။ ဝေဒနာတွေတက်လာပြန်သည်။ ဝေဒနာကြောင့် မှတ်စိတ်ပျောက်သွားသဖြင့် ပြင်ရပြန်သည်။ ဤသို့ဖြင့် ခဏခဏပြင်ရသဖြင့် သမာဓိမရပါ။ စိတ်ကထွက်လိုက်၊ လူကပြင်လိုက်၊ ဖောင်းတယ်၊ ပိန်တယ်မှတ်လိုက်ဖြင့် လုံးချာပတ်ချာလည်နေ၏။

"ဒေါင် ဒေါင် ဒေါင်"

"ယောဂီတို့ - တရားမှတ်ချိန် (၁)နာရီပြည့်ပါပြီ။ အမှတ်စိတ်ပြီး တရားဖြုတ်လို့ရပါပြီ။

ထရင်လည်းထချင်တယ်၊ထတယ် လှမ်းတယ် စသဖြင့် သတိကိုအမြဲကထား ပြီးနေကြပါလို့ မှာကြားလိုက်ပါတယ်"

ခုမှ (၁)နာရီထိုးတော့တယ်။ နာရီသံပတ်တို့သည် လွန်စွာနှေးကွေးနေလေသည်။ (၁)နာရီဆိုသောထိုအချိန်သည် တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မှတ်နေလေသည်။ ဘုရား ဘုရား ဘုရား (၁)နာရီပြည့်အောင် မနည်းအားထုတ်ရတာ တစ်နေ့(၈)ကြိမ်တရားထိုင်ရမှာတဲ့။ ငါလုပ်နိုင်ပါ့မလား၊ ဒီလောက်ကျဉ်းကျပ်သောစိတ်ဒုက္ခအလုပ်သည် အလွန့်အလွန်ခက်ခဲလွန်းနေလေသည်။ အထူးသဖြင့် စိတ်ကိုချုပ်တည်းရသောအလုပ်သည် ခက်ခဲဆုံးသောအလုပ်ဖြစ်၏။ စစ်ပွဲ (၁၀၀) နွဲလိုက်ချင်သည်။ ဒီ (၁)နာရီပြည့်အောင်မထိုင်ချင်ပေ။

လေးလံသော ခြေလှမ်းများဖြင့် အနှေးလျှောက်၍ အိပ်ဆောင်သို့ပြန်လာခဲ့၏။ လမ်းတွင် မှတ်စိတ်နှင့်မှတ်လိုက်၊ မမှတ်ဘဲကျော်လိုက်နှင့် အိပ်ရာဘေးရောက်လာ၏။ စဉ်းစားနေ၏။ ငါဘုန်းကြီးဝတ်တာ မှားသွားပြီလား၊ တရားစခန်းဝင်တာပဲမှားတာလား ပြန်သုံးသပ်နေ၏။ ဘုန်းကြီးဝတ်ပြီး နေ




www.burmeseclassic.com

www.burmeseclassic.com

အေးဆေးဆေးနေရလျှင် အကြောင်းမဟုတ်ပါ။ ရိပ်သာဝင်ပြီး တရားအားထုတ်တာငါမလုပ်နိုင်ဘူး။ တောပစ်ထွက်စဉ်အခါကထမင်းမစားရတာ ဒီလောက်မပင်ပန်းဘူး။ စစ်ဆင်ရေးမှာ တိုက်ပွဲဖြစ်လို့သေရမှာတောင် ဒီလောက်မကြောက်ဘူး။ နောက်တစ်ကြိမ် တရားထိုင်ရမှာကြောက်နေမိပါတော့သည်။

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

အချက်ပေးသံချောင်းခေါက်လေပြီ။ ရိပ်သာဝင်ယောဂီများ ဓမ္မာရုံသို့ပြန်ဝင်ရန် အချက်ပေးနေခြင်း ဖြစ်သည်။ 'သုမန၊ ဟဲ့-သုမန ခုမှ ဒုက္ခတမနေနဲ့။ ထထ - မင်းစစ်သားမဟုတ်ဘူးလား။ ဘာလို့သတ္တိကြောင်တဲ့စိတ်တွေဝင်နေရတာလဲ။ သူများတွေတောင်လုပ်နိုင်သေးတာ၊မင်းမလုပ်နိုင်ဘူးသား' ဟုကိုယ့်ကိုယ်ကိုယ်အားပေးပြီး ထိုင်ရာမှထလိုက်၏။ မှတ်စိတ်ဖြင့် ခြေတစ်လှမ်းကုန်ရှေ့တစ်သန်းဖြင့် လျှောက်နေလေတော့သည်။

'ထတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ သိတယ်'

'ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်'

မှတ်စိတ်ဖြင့် ဓမ္မာရုံသို့ လျှောက်လာနေ၏။ ဓမ္မာရုံပေါ်တွင်ရောက်သောအခါ မှတ်စိတ်ဖြင့်ထိုင်၏။ ဖောင်းတယ် ပိန်တယ်ကို စမှတ်နေလေသည်။

'ဖောင်းတယ်၊ ပိန်တယ်'

'ဖောင်းတယ်၊ ပိန်တယ်'

မကြာမီ ဖောင်းတယ်၊ ပိန်တယ် ပျောက်လိုက် တောဝက်ကြီးတစ်ကောင်ကို ဘွားဆိုပေါ်လာ၏။ အစွယ်ပြူးပြူးနှင့်ဝက်သည် အရှိန်ပြင်းစွာဖြင့် မိမိထံသို့အပြေးလာနေသည်။ မိမိသည် လှုပ်ချိန်ရှောင်ချိန်မရ။ ရှေ့မှကော်၍ပက်လိုက်ရာလေထဲသို့မြောက်တက်သွားပြီး မြေပြင်ပေါ်သို့ ကျွမ်းထိုးမှောက်ခုံကျသွားပါတော့သည်။

"ဒုန်း"

ဒုန်း ဆိုသောအသံသည် သုမနရဟန်းထံမှထွက်လာသောအသံဖြစ်၏။ တင်ပျဉ်ခွေထိုင်လျက်မပျက်၊ ပက်လက်လှန်လဲကျနေလေသည်။ ကြမ်းပြင်နှင့်ခေါင်းထိသောအသံဖြစ်ပါသည်။

ဘုရား ဘုရား ဘုရား မိမိသတ်ခဲ့သောသားကောင်တို့သည် မိမိတရားအားထုတ်စဉ် အာရုံထဲဝင်၍ လိုက်သတ်နေလေပြီ။ လဲကျနေရာမှပြန်ထပြီး ထိုင်ရ၏။

'ဖောင်းတယ် ပိန်တယ်'

မိမိပေးထားသောကမ္မဋ္ဌာန်းကိုပြန်၍ မှတ်နေ၏။ သမာဓိတည်ကြည်လာသောအခါ အာရုံတို့သည် တစ်ခုထဲတွင်စူးစူးစိုက်စိုက်ရှိလာ၏။

မကြာပါ၊ ကျွဲကြီးတစ်ကောင်ရောက်လာပြန်ပါသည်။ မိမိအား မကျေမနပ်နှင့် အတင်းဝင်၍ခတ်လေသည်။ လေထဲသို့လွင့်သွားပြီး မြေပြင်ပေါ်သို့ကျသွားပြန်သည်။

"ဒုန်း"

ဒုန်းဆိုသောအသံမှာ ဒုတိယမ္ပိကြားရပြန်သည်။ သုမနရဟန်းသည် ပက်လက်လှန်၍ လဲကျနေပြန်ပါသည်။ ကြာတော့ တရားအားထုတ်ရမှာကြောက်လာ၏။ ဒီတစ်သက် တရားရတော့မှာမဟုတ်ဘူး။ငါပြုခဲ့တဲ့အကုသိုလ်တွေ ငါမခံသေးဘူး ငါ့ကိုအကျိုးပေးနေပြီ။

စိတ်ပျက်လက်ပျက်နှင့် တရားထိုင်ရာမှထပြီး ဆရာတော်ထံသွားလေသည်။ နောက်တစ်ကြိမ် တရားမထိုင်ရဲတော့ပါ။

"ဆရာတော်ဘုရား၊ တပည့်တော်တရားထိုင်လို့မရဘူး ဘုရား"

"ဘာဖြစ်ရပြန်တာလဲ သုမနကြီးရဲ့"

"တပည့်တော် တရားထိုင်တာ သမာဓိလည်းရရော တပည့်တော်သတ်ခဲ့တဲ့သားကောင်တွေရောက်လာတော့တာပဲ။ တပည့်တော်ကိုလာတိုက်ခိုက်တာ အူတွေပွင့်ပြီး လဲကျသွားတယ်ဘုရား"

"ပြီးတော့ ဘာဖြစ်သေးလဲ"

"နောက်တစ်ကြိမ်ထိုင်လည်းလာတာပဲဘုရား၊ တပည့်တော် တရားမထိုင်ရဲဘူးဖြစ်နေတယ် ဘုရား"

"ဦးပဉ္စင်းကြီးပြုခဲ့တဲ့ အကုသိုလ်က တော်တော်ကြီးတာပဲ။ ဦးပဉ္စင်း ဒီဝဋ်ကြွေးကိုကြေအောင်ဆပ်ရမှာ"

"ဘယ်လိုဆပ်ရမှာလဲ ဘုရား"

"တရားမလုပ်ဘဲနဲ့သေရင် ကိုယ်သတ်ခဲ့တဲ့ကောင်ရဲ့အမွေးအရေအတွက်နဲ့တူတဲ့ဘဝအရေအတွက်အတိုင်း ပြန်အသတ်ခံရမယ်"

"ဘုရား ဘုရား ဘုရား ဒါဆိုရင်လွတ်ပြီလား"

"ဒီလိုအသတ်ခံရပြီးရင် ငရဲကျဦးမှာ"

"တပည့်တော်သတ်ခဲ့တဲ့ကောင်တွေက အများကြီးဘုရား။ ဒါဆို တပည့်တော်လွတ်လမ်းကိုမရှိတော့ဘူး"

"ကမ္မနိယာမအရ ဒီလိုအကျိုးပေးမှာ"

"တခြားလွတ်ရာလွတ်ကြောင်းများရှိနိုင်သလားဘုရား"

"အင်္ဂုလိမာလ ဘုရားနဲ့မတွေ့ခင်က လူတွေသတ်ခဲ့တယ်။ ဘုရားနဲ့တွေ့ပြီး တရားကျင့်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အခါ လူသတ်ခဲ့တဲ့အပြစ်တွေကျေ[illegible]တယ်။ ဒါကြောင့် ဝိပဿနာကို မ[illegible]ဉာဏ်ရအောင်ကျင့်ပေါ့"

"တပည့်တော် အသက်ပါစွန့်ပြီး အားထုတ်ပါ့မယ်ဘုရား။ အခုအခါ[illegible]အခဲကိုကျော်အောင်နည်းပေးပါဘုရား"

"ဦးပဉ္စင်းကြီး၊ ခုဖြစ်နေတာ[illegible]အာရုံထဲမှာဖြစ်နေတာ၊ ဒါကြောင့် ဘာ[illegible]ကြောက်စရာမလိုဘူး။ အာရုံထဲမှာဝက်ပေါ်လာရင်လည်း မြင်ရင်မြင်တယ်မှတ်ပါ၊ လာရင်လည်းလာတယ်။ အစွယ်နဲ့ထိုးရင်လည်းထိုးတယ်။ လေထဲမြောက်တက်သွားရင်လည်း မြောက်တက်တယ်ကျရင်လည်းကျတယ်။ ဒီအတိုင်း ခန္ဓာကိုယ်မပြင်ဘဲ အာရုံထင်ရာရှုမှတ်[illegible]အာရုံထဲမှာလည်း အသက်ကိုစွန့်လွှတ်ပြီးလှူထားပါ"

"တပည့်တော်သိပါပြီ ဘုရား"

"ကောင်းပါပြီ၊ ဆက်လက်အားထုတ်ပါ"

"တင်ပါ့ဘုရား"

ဦးသုမနသည် တည်ငြိမ်သော[illegible]ကြွခြေဖြင့် ဓမ္မာရုံသို့ပြန်ကြွလာ၏။ ဓမ္မာရုံထဲမှ မြတ်စွာဘုရားရှင်ကို မျက်စိ[illegible]သေသေချာချာ ဖူးမြင်တော်မူ၏။ မျိုး[illegible]မသုန်ကြည့်ပြီး 'ကိလေသာကင်း[illegible]တော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် တွေဝေသည့်အလျောက် မိုက်မဲသည့်အလျောက် အကုသိုလ်အလုပ်များပြုလုပ်ခဲ့ပါ၏ ဘုရား။ ယခုအခါ တပည့်တော် နောင်တရ[illegible]ဘုရား။ အရှင်ဘုရား၏တရားရိပ်မှာခိုလှုံခွင့်ပြုပါ ဘုရား။ ယခုအချိန်တစ[illegible]အသက်ကိုစွန့်၍ တရားအားထုတ်ပါတော့မည်ဘုရား။ တရားအားထုတ်ရင်းသေပါစေ၊ တပည့်တော် နောက်မဆုတ်ပါဘုရား။ ဒါကြောင့် တပည့်တော်ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါးကို ဘုရားရှင်အား သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ဘုရား[illegible]ပြုရသောကုသိုလ်ကြောင့် ကျွတ်[illegible]ဖြစ်သော ဝိပဿနာဉာဏ်သည် မ[illegible]ဉာဏ်ကို ကျေးဇူးပြုရပါစေသား'

သုမနသည် ဘုရားအပေါ်[illegible]ခြင်း၊ ယုံကြည်ခြင်းသဒ္ဓါတရား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဦးထိပ်ပန်ဆင်ပြီး အသက်ကိုစွန့်လွှတ်သောစရိယာဖြင့် ကြိုးစားအားထုတ်လေတော့သည်။ ကမ္မဋ္ဌာန်းစရိယ၏လမ်းညွှန်မှုကိုခံယူပြီး ဝင်လေ၊ထွက်လေကို ရှုမှတ်လေတော့၏။

(၁)နာရီကြာ တရားထိုင်လို့ရလေပြီ။ ဝင်လေ၊ ထွက်လေကို ဂရုပြုမှတ်ရာ လေတိုး၍ နှာသီးဖျားကိုဝင်သွားသော အခါ နှာခေါင်းထဲမှာရှိသောမွေးညင်းများလှုပ်ရှားသွားသည်။ ထိုအခါ ဝါးရုံပင်ကို လေတိုးသလို အသံမြည်ဟည်းသွားသည်။ ထွက်လေလည်း ထိုနည်းတူခံစားရ၏။ လေတိုးသံကို ကြားရရုံမက အာရုံကိုစုစည်းလိုက်သောအခါ ဝင်လေသည် အေးသောအာရုံကိုရ၏။ ထွက်လေသည် နွေးသောအာရုံကိုရ၏။ ဝင်လေ၊ ထွက်လေ၏ အဝင်အထွက်ကိုအာရုံပြုသကဲ့သို့ ဝမ်းဗိုက်ကို အာရုံစုစည်းကြည့်လိုက်သောအခါ ဖောင်းမှုသဘောအစအဆုံးကို ပီပီပြင်ပြင်တွေ့ရ၏။ ပိန်မှုသဘောကို သေသေချာချာ တွေ့ရ၏။ ဖောင်းစ ဖောင်းလယ် ဖောင်းဆုံးကိုတွေ့ရ၏၊ ပိန်မှုတွင်လည်း ပိန်စ ပိန်လယ် ပိန်ဆုံးကိုတွေ့ရပြန်သည်။ သမာဓိများအလွန်ကောင်းသောအခါ ညောင်းမှု၊ ထိုက်မှု၊ ဒူးနာမှု စသော ဝေဒနာများ လာတော့ပါ။ အာရုံတစ်ခုပြီးမှတစ်ခုပေါ်တာကိုသိရလေပြီ။ ဖောင်းမှုပိန်မှုကို အာရုံပြုသောအခါ နာတယ်ကျင်တယ်၊ ထုံတယ်ခဲတယ် စသည့်ဒုက္ခဝေဒနာများ လာတော့ပါ။

ဪ - စိတ်ဆိုသည်မှာ နှစ်ခုတစ်ပြိုင်တည်းမဖြစ်ပါ။ တစ်ခုပြီးမှတစ်ခုဖြစ်တယ်ဆိုတာ သိလိုက်ရလေသည်။ ညနေအချိန်တွင် လူတို့သည် TV ကို စုံလုံးကြည့်၏။ အသံကိုနားကကြားရ၏။ ပါးစပ်က ကွမ်းစေ့ဝါးနေ၏။ အာရုံ(၃)ခုကို တစ်ပြိုင်တည်းလုပ်နေသည်ဟုထင်နေ၏။ ဘယ်ဟုတ်မှာလဲ၊ စိတ်ဆိုတာ (၂) ခု တစ်ပြိုင်တည်းမဖြစ်နိုင်သေး၊ အကျင့်တရားမှရသောအသိဖြစ်ပါသည်။

သမာဓိအတော်အားကောင်းလာသောအခါ အာရုံထဲသို့ တောဝက်ကြီးများလာပါသည်။ ယခုအခါ စိတ်မှာ အနုလုပ်တော့ပါ။ မိမိခန္ဓာ (၅)ပါး၊ ရုပ်နာမ်(၂)ပါးကို ဘုရားအားလှူပြီးဖြစ်၏။ ခန္ဓာမရှိတော့ပါ။ သိနေတာလေးနဲ့ပဲ ကျန်တာ၊ သိစိတ်ဆိုသည်မှာ မှတ်စိတ်ဖြစ်သည်။ ဝက်လာရင် လာတယ်ဟု မှတ်၏၊ ကြောက်ရင်ကြောက်တယ်ဟု မှတ်၏။ လာတယ်၊ အစွယ်နဲ့ထိုးတယ်။ လဲကျတယ် စသဖြင့် ဖြစ်စဉ်တိုင်းကိုမှတ်နေ၏။

"ဒုန်း"

မိမိခန္ဓာကိုယ်မှာ လဲကျသွား၏။ လဲကျတယ်အသံကြားရတယ် စသဖြင့်မှတ်၏။ ခန္ဓာပေါ် ရာကိုမှတ်ပါသည်။ (ထိုင်နေတာမဖျက်ဘဲ မှတ်စိတ်သာလိုက်မှတ်နေပါသည်) မိမိ၏ခန္ဓာကိုယ်မှာ အထိုင်မပျက် တင်ပျဉ်ခွေလျက် လဲကျနေပါတော့သည်။

မှတ်စိတ်က အနိုင်ရသောအခါ ဝက်မလာတော့ပါ။ နောက်ထပ်တရားမှတ်ချိန်တွင်လည်း မလာတော့ပါ။ ထိုအခါမှ ဖောင်းတယ်၊ ပိန်တယ်ကို မှတ်ရလေတော့သည်။ နောက်ထပ် (၁)နာရီ တရားထိုင်သောအခါ ဖောင်းတယ်၊ ပိန်တယ်ပျောက်ပြီး စိတ်သည် မောင်မောင်ထံရောက်သွားပြန်သည်။ မောင်မောင်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ဖက်ရည်သောက်၏။ ဘောလုံးပွဲအကြောင်းများပြော၏။ မိန်းမအကြောင်းများပြော၏။ အတိတ်ကလှုပ်ရှားမှုများ ရုပ်ရှင်ကြည့်သလိုမြင်ရလေတော့သည်။

သတိရသောအခါ စိတ်ထွက်သွားကြောင်း သိရလေတော့သည်။ ငါ့စိတ်ကလည်း ဖောင်းတယ်၊ ပိန်တယ်မှတ်ပါဆို ဘယ်လိုက်သွားတာလဲ။ မှတ်တာက ဖောင်းတယ်၊ ပိန်တယ်၊ ရောက်နေတာက စိတ်ကူးစိတ်။ စိတ်သည် ခဏခဏ အပြင်ထွက်နေလေသည်။ ဒီလောက် စိတ်ထွက်နေတာ ကဲ - ထွက်ကွာ၊ ငယ်ငယ်ကအကြောင်းတွေ စဉ်းစားစမ်း။ ဟော - စိတ်ကလွှတ်သော်လည်း ပေကပ်ကပ်လုပ်နေတာ။ ဖောင်းတယ်၊ ပိန်တယ်နားကမခွာပြန်ဘူး။

ဪ- စိတ်ဆိုတာ ငါ့သဘောမဟုတ်ဘူး၊ သူ့သဘော်ပဲလေ။ ငါပိုင်စိုးလို့မရဘူး။ ငါ့အမိန့်ပေးလို့မရဘူး။ ဒါကို အနတ္တလို့ဘုရားဟောထားတာပဲ။အနတ္တလက္ခဏာကို စိတ်ထဲထင်လာသောအခါ -

မှတ်စိတ်တွေ အားလုံးပျောက်သွား၏။ ဖောင်းတယ်၊ ပိန်တယ်ဆိုတာလည်း ရှာမတွေ့ပါ။

ထိုအချိန်သည် သမာဓိအထွတ်အထိပ်သို့ရောက်ရှိနေသောအချိန် ဖြစ်၏။ ပီတိသည် နှလုံးသားမှဖြာထွက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့သွား၏။ ရေခဲရေလောင်းချလိုက်သလို တစ်ကိုယ်လုံး အေးမြသွား၏။ ကြက်သီးများထပြီး ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားလေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်ဒီလိုခံစားရပါတယ်ဘုရား"

"ယောဂီရဟန်း၊ ဒါသမာဓိအဆင့်ပဲရှိသေးတာ။ သမာဓိအားကောင်းပြီး စိတ်တည်ငြိမ်တဲ့အခိုက် ပညာကလည်း မှန်မှန်ကန်ကန် ဆုံးဖြတ်လိုက်တဲ့အခါ ပီတိပဿဒ္ဓိဖြစ်တာပါ"

"တင်ပါ့ဘုရား၊ တပည့်တော်မျက်ရည်တွေစီးကျပြီး ရင်ထဲမှာဆို့တက်လာတာပဲဘုရား"

"ဒီအချိန်လေးမှာ ကိလေသာခဏငြိမ်းနေတယ်။ ကိလေသာငြိမ်းတာဟာ အပူငြိမ်းတာပဲ"

"ဒီအဆင့်ကလေးရတာတောင်တော်တော်ချမ်းသာရင် ဝိပဿနာမဂ်သာရရင် ဒီထက်အဆ (၁၀၀) မက ချမ်းသာမှာလားဘုရား"

"နိဗ္ဗာန်ချမ်းသာရဲ့ချမ်းသာမှုမျိုး ဒီလောကမှာမရှိဘူး။ ဘာနဲ့မှနှိုင်းယှဉ်ပြောစရာဝေါဟာရမရှိဘူး"

"တင်ပါ့ဘုရား၊ တပည့်တော်ကြိုးစားအားထုတ်ပါမယ်ဘုရား"

"သာဓု သာဓု သာဓု"

ဦးသုမနသည် ပညာအလင်းရောင်ကိုတွေ့ရလေပြီ။ ရရှိလာသောသမာဓိကအခြေခံပြီး ဝိပဿနာဘာဝနာကို အရှိုးကြေကြေအရေခန်းခန်း မဆုတ်မနစ်သောဝီရိယဖြင့် ကြိုးစားကျင့်ကြံပါမည်ဟု ဆုံးဖြတ်ချက်ချလေသည်။ မိမိဘဝကို ရဟန်းဘဝနှင့်သာ ပျော်မွေ့တော့မည်။ လောကီလူ့ဘဝကို ဘယ်တော့မှပြန်မဆင်းတော့ဘူးဟု ယတိပြတ် ဆုံးဖြတ်ချက်ချလေသည်။

ရဟန်းဝတ်ပြီး ရဟန်းကိစ္စပြီးအောင်ကျင့်မည်။

ငါ၏ဘဝနိဂုံး သေဆုံးခြင်းကို ငါပြုံးပြုံးလေးနှင့် အနိုင်ယူမည်။

ခုချိန်ကစပြီး လောကီကိစ္စတွေအားလုံး စွန့်လွှတ်လိုက်ပြီ။

ဆုံးဖြတ်ချက်များချလိုက်၏။

ဦးသုမနသည် ဘုရားကိုအာရုံပြု၍ အထက်ပါအတိုင်း သစ္စာပြုလိုက်သောအခါ နတ်ဒေဝါအပေါင်းတို့ကကောင်းချီးသြဘာသောမနော်ပြုကြလေတော့သည်။ အားလုံး သာဓုခေါ် ဆိုကြလေသည်။

သာဓု သာဓု သာဓု။

အဏ္ဏဝါမှိုင်း

www.burmeseclassic.com



ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

**Relocation Lines**
**(နေရာဒေသပြောင်းရွှေ့ခြင်းကိုဖော်ပြသည့် လမ်းကြောင်းများ)**

အသက်လမ်းကြောင်းပေါ်တွင် လမ်းကြောင်းခွဲပုံစံဖြင့်ရှိနေပြီး ဦးခေါင်းလမ်းကြောင့်နှင့်လည်း နီးကပ်နေခြင်းကြောင့် တြိဂံပုံစံဖြစ်ပေါ်စေတတ်သည်။ အဆိုပါ လမ်းကြောင်းများသည် နေရာဒေသပြောင်းရွှေ့ခြင်းကို ရည်ညွှန်းသည်။ အဆိုပါလမ်းကြောင်းများသည် နေရာဒေသပြောင်းရွှေ့ခြင်းကို ရည်ညွှန်းသည်။ အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အကြား တြိဂံပုံစံသည် အရွယ်အစားကြီးနေပါက လက်ရှိနေရာမှ ပို၍ဝေးသော အရပ်ဒေသသို့ ပြောင်းရွှေ့ခြင်းဖြင့် ကျက်သရေမင်္ဂလာစီးပွားဥစ္စာတိုးတက်စေကြောင်း ဖော်ပြသည်။ အကယ်၍ တြိဂံအနေအထားသည် သေးငယ်လွန်းပါက လက်ရှိနေထိုင်နေသောအိမ်နှင့် အနီးဆုံးအရပ်ဖြစ်သည့် နေရာ၌ ပိုမိုကောင်းမွန်သော အိမ်တစ်အိမ်ရှာပြီး နေထိုင်သင့်သည်ဟု ညွှန်ပြသည်။

**Ring of solomon**
**(ဆော်လမွန်လက်စွပ်)**

ကြာသပတေးဂြိုဟ်ခုံနေရာ (သို့) လက်ညှိုး၏အောက်ခြေအား ကွေ့ဝိုက်သွားသောလမ်းကြောင်းအားဆော်လမွန်လက်စွပ်ဟုခေါ်သည်။ ဆော်လမွန်လက်စွပ်ပါရှိပါက ကောင်းသောလက္ခဏာအဖြစ် သတ်မှတ်နိုင်သည်။ ဆော်လမွန်လက်စွပ်သည် စေတနာ့ဝန်ထမ်းအလုပ် (သို့) သူတစ်ပါးအတွက် အကောင်းဆုံး ပေးဆပ်နိုင်ခွင့်ရှိသော အလုပ်များအား ရည်ညွှန်းသည်။

**Sister Line**
**(အသက်လမ်းကြောင်းနှင့်ယှဉ်လျက် ခေါင်လိုက်ပုံစံရှိနေသောလမ်းကြောင်း)**

အသက်လမ်းကြောင်းနှင့်ယှဉ်၍ ခေါင်လိုက်ပုံစံပြေးနေသော အသက်လမ်းကြောင်းအားအကူအညီအထောက်အပံ့ပေးနေသော လမ်းကြောင်းအား Sister Line ဟု ခေါ်သည်။

အဆိုပါလမ်းကြောင်းသည် စိတ်ဝိညာဉ်ဆိုင်ရာကိစ္စများ၌ အကာအကွယ်ပေးသောလမ်းကြောင်းလည်း ဖြစ်သည်။

Sister Line သည် အသက်လမ်းကြောင်း (Life Line) နှင့် နီးကပ်စွာ ယှဉ်ပြေးနေပါက ဘဝနေထိုင်မှုပုံစံနှစ်မျိုးဖြင့် ရှင်သန်ရပ်တည်ရနိုင်ကြောင်း၊ ဘဝနေထိုင်မှုပုံစံတစ်ခု မကောင်းပါက နောက်ထပ်ပုံစံသစ်တစ်ခုဖြင့် ရပ်တည်နေထိုင်နိုင်ကြောင်း ဖော်ပြသည်။

Sister လမ်းကြောင်းပါရှိခြင်းဖြင့် အရေးပါသော ဇနီးမယား (သို့) ဩဇာတိက္ကမရှိသောမိခင်ဖြစ်ကြောင်းရည်ညွှန်းသည်။

**Star on Apollo**
**(အပိုလိုဂြိုဟ်ခုံ (တနင်္ဂနွေဂြိုဟ်ခုံ) ပေါ်ရှိကြယ်ပုံစံအမှတ်သင်္ကေတ)**

လက်သူကြွယ်အောက်ခြေ အပိုလိုဂြိုဟ်ခုံပေါ်တွင်ရှိနေသော ကြယ်ပုံစံအမှတ်သင်္ကေတကိုဆိုလိုသည်။ အဆိုပါကြယ်သည် ထင်ပေါ်ကျော်ကြားခြင်းကို ရည်ညွှန်းတတ်သလို အနည်းငယ်သတိပြုစရာများကိုလည်း ညွှန်ပြပေးသည်။

အကယ်၍ သင်သည် အောင်မြင်ကျော်ကြားလိုစိတ်ဖြင့် ရုပ်ရှင်သရုပ်ဆောင် (သို့) အဆိုတော်အဖြစ်ကြိုးစားသည်ဆိုပါက ၎င်းကြယ်က အောင်မြင်ကျော်ကြားစေရန် အားဖြည့်ပြီး တွန်းအားပေးနေမည် ဖြစ်သည်။ သို့သော်လည်း သင်ကအောင်မြင်ကျော်ကြားလိုစိတ်သက်သက်သာရှိပြီး လက်တွေ့ကြိုးစားအားထုတ်မှုမရှိခဲ့ပါက အဆိုပါကြယ်အနေဖြင့် မည်သို့မျှအစွမ်းပြပေးနိုင်မည်မဟုတ်ပါ။

**SunLine (တနင်္ဂနွေဂြိုဟ်လမ်းကြောင်း)**

အပိုလိုဂြိုဟ်ခုံ (သို့) တနင်္ဂနွေဂြိုဟ်ခုံပေါ်သို့ ထောင်တက်နေသော လမ်းကြောင်းကိုဆိုလိုသည်။ တနင်္ဂနွေဂြိုဟ်လမ်းကြောင်းအား ကံလမ်းကြောင်း၏ အကူလမ်းကြောင်း Sister Line အဖြစ် သတ်မှတ်ပေးနိုင်သည်။ လက္ခဏာတွင် တနင်္ဂနွေဂြိုဟ်လမ်းကြောင်း[illegible] ရှိပါက ကောင်းသောလက္ခဏာ[illegible] သည်။ တနင်္ဂနွေဂြိုဟ်လမ်းကြောင်း (သို့) အပိုလိုလမ်းကြောင်းသည် [illegible] တစ်သက်တာအတွင်း မိမိကိုယ်[illegible] ယုံကြည်ချက်ရှိရှိ ကြိုးစားခြင်း[illegible] အောင်မြင်မှုရမည့်အခြေအနေကို[illegible] သည်။

**Triangle of earning**
**(ဝင်ငွေရရှိခြင်းကိုဖော်ပြသည့်တြိဂံ)**

ဦးခေါင်းလမ်းကြောင်း စနေဂြိုဟ်[illegible] ခုံပေါ်သို့ ဦးတည်နေသောလမ်းကြော[illegible] နှင့် အခြားသီးခြားလမ်းကြောင်း [illegible] တို့ပေါင်းစပ်ခြင်းဖြင့် တြိဂံတစ်ခု[illegible] သို့ ရောက်ရှိသည်။ အဆိုပါ တြိဂံသ[illegible] ငွေကြေးဆိုင်ရာကိစ္စများအား [illegible] ရည်ညွှန်းပြီး ဝင်ငွေရရှိခြင်းကို ကိုယ်[illegible] ပြုထားသည်။

**Via Lascivia**
**(သောကြာခါးပတ်အောက်တည့်တည့်[illegible] လမ်းကြောင်း)**

ကြာသပတေးလက်ချောင်း[illegible] ဟူးလက်ချောင်းဆီသို့ ကွေးဝိုက်စွာ[illegible] နေသည့် (သောကြာခါးပတ်အော[illegible] တည့်တည့်မှ) လမ်းကြောင်း ဖြစ်သ[illegible] အဆိုပါလမ်းကြောင်းသည် ချစ်သူ[illegible] ရှာဖွေခြင်း၊ လက်ရှိဆက်ဆံ[illegible] ပြောင်းလဲခြင်းတို့အား ကိုယ်[illegible] သည်။

**Writer's fork**
**(စာရေးဆရာဖြစ်ခြင်းကို ဖော်[illegible] ခက်ရင်းခွ)**

ဦးခေါင်းလမ်းကြောင်းအဆုံး[illegible]



www.burmeseclassic.com

နေရာ၌ရှိနေသော ခက်ရင်းခွကိုခေါ် ဆို သည်။

အဆိုပါ ခက်ရင်းခွသင်္ကေတ သည် စာရေးဆရာအဖြစ် ရောက်ရှိခြင်း၊ အပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ကိုင် ခြင်းတို့အား ရည်ညွှန်းသည်။ ခက်ရင်းခွ ဖော်ပြသော အဓိပ္ပာယ်များအတိုင်း ဆောင်ရွက်သော လုပ်ငန်းအားလုံး အောင်မြင်တတ်သည်။

**လက်ဝါးပြင်ပါအမှတ်သင်္ကေတနှင့် သက္ကဏာအရေးအကြောင်းများက သတိပြုရမည့်အခြေအနေများအား ဖော်ပြခြင်း**

လက်ဝါးပြင်ပါ အမှတ်သင်္ကေတ များအနက် အထူးသတိပြုရမည့်အရာ များမှာ ကြယ်ပုံသဏ္ဍာန်အမှတ်သင်္ကေတ များ ခက်ရင်းခွပုံစံ၊ ဂရစ်လိုင်းများ၊ လေး ထောင့်ကွက်၊ သံစကာပုံစံများဖြစ်ပြီး အထူးသဖြင့် အဝါရောင်၊ အဖြူရောင်၊ အညိုရောင် အစက်အပြောက်များ၊ အနီရောင်၊ အပြာရောင်အစက် အပြောက်များက ပိုမိုသတိထားသည့် အမှတ်သင်္ကေတများပင် ဖြစ်သည်။

အထက်ပါ အမှတ်သင်္ကေတများ သည် လက်ဝါးပြင်ပေါ်ရှိ တည်နေရာ အလိုက် အကျိုးသက်ရောက်မှုအမျိုးမျိုး ဖြစ်ပေါ်စေသည်။

**လက်ဝါးပြင်ပေါ်တွင်ရှိနေသည့် သတိထားရမည့်အမှတ်သင်္ကေတများ**

**Adversity Lines**
**(ကံဆိုးမိုးမှောင်ကျခြင်းကို ရည်ညွှန်းသည့် လမ်းကြောင်းများ)**

လက်မအောက်တည့်တည့် လက် ဖဝါးအစွန်းနေရာမှ စတင်ပေါ်ပေါက်ပြီး ကြာကြာဂြိုဟ်ခုံပေါ်သို့ ကွေးတက်နေ သည့်လမ်းကြောင်းများကို ရည်ညွှန်း သည်။

Adversity Lines များ ပါရှိနေ ခြင်းသည် ဆန့်ကျင်ဘက်-အတိုက်အခံ များရှိသည့်အနေအထားကို ရည်ညွှန်း သည်။

အကယ်၍ ကံဆိုးမိုးမှောင်ကျ ခြင်းအားကိုယ်စားပြုသောလမ်းကြောင်း တစ်ခုတည်း (သို့) တစ်ခုထက်ပို၍ ရှိနေပါက မိမိအား တစ်ယောက် ယောက်တစ်စိန်ခေါ်နေသည့်အခြေအနေ ကိုအား ရည်ညွှန်းသည်။

မိမိလက်ဝါးပြင်ပေါ်၌ Adversity Lines များ ကြာရှည်တည်ရှိနေခြင်းသည် မိမိအား ဆန့်ကျင်တိုက်ခိုက်နေသူနှင့် ဆက်လက်တွဲဖက်နေရမည့် အဓိပ္ပာယ် ကိုရည်ညွှန်းသည်။

**Angle of eccentricity**
**(ထူးခြားဆန်းပြားမှုကိုဖော်ပြသည့်ထောင့်)**

သင်၏ အပိုလို (သို့) လက်သူ ကြွယ်နှင့် ဗုဒ္ဓဟူးလက်ချောင်း (သို့) လက်သန်းတို့အကြား (လက်ချောင်းများ အားခွဲထားသည့်အခါ၌) ကွာဝေးနေ သောထောင့်ကို ခေါ်ဆိုသည်။ လက်သူ ကြွယ်နှင့် လက်သန်းအကြား ဖြစ်ပေါ် နေသောထောင့်သည် သင်၏ပင်ကို စရိုက်လက္ခဏာ၊ အပြောအဆိုအပြုအမူ နှင့် ဘဝနေထိုင်မှုပုံစံ ဘဝပေးအခြေ အနေတို့က စံအဖြစ်သတ်မှတ်ထားသည့် အခြေအနေများနှင့် များစွာကွာခြားနေ ကြောင်း ဖော်ပြသည်။

လက်သူကြွယ်နှင့် လက်သန်း ကြားရှိထောင့်သည် အရွယ်အစားကြီး မားနေသည်ဆိုပါက ဘဝနေထိုင်မှုပုံစံ အရ မကောင်းသောအခြေအနေဖြစ် သည်ကို ကြိုတင်သိရှိနိုင်ပါမည်။


**Angle of generosity**
**(အသုံးအစွဲလက်ဖွာခြင်းကိုဖော်ပြသည့် ထောင့်)**

ကြာသပတေးလက်ချောင်း (သို့) လက်ညှိုးနှင့် လက်မတို့အကြား (လက် ချောင်းများခွဲထားသည့်အချိန်) ဖြစ်နေ သောထောင့်သည် လက်တွင်ငွေမမြဲ လောက်အောင် အသုံးအစွဲလက်ဖွာသူ ဖြစ်ကြောင်းဖော်ပြပြီး အဆိုပါထောင့် နေရာတွင် ရှုံ့တွသည့်ပုံစံဖြင့် ကျဉ်း မြောင်းနေပါက အလွန်ကပ်စေးနှဲတတ် သူဖြစ်ကြောင်း ဖော်ပြသည်။ ကြာသပ တေးဂြိုဟ်ကိုယ်စားပြု လက်ချောင်း လက်ညှိုးနှင့် လက်မအကြားထောင့် ကျဉ်းလွန်းခြင်း-ကျယ်လွန်းခြင်း အခြေ အနေနှစ်ရပ်စလုံးသည် မကောင်းသော အကျိုးသက်ရောက်မှုကိုသာ ဖြစ်ပေါ် စေသည်။

**Bitten nails**
**(ကိုက်ထားသောလက်သည်းများ)**

လက်သည်းများကိုက်တတ်သော အလေ့အကျင့်သည် မကောင်းဟု နားလည်ကြသော်လည်း လက်သည်း ကိုက်တတ်သည့် အလေ့အကျင့်အား ဖျောက်ဖျက်ရန် အခက်အခဲရှိတတ် သည်။

အကိုက်ခံထားရသောလက်သည်း များသည် လက္ခဏာရှင်၌ စိတ်ဖိစီးစရာ




လက်ဝါးပြင်ပေါ်တွင်ရှိနေသည့် သတိထားရမည့် အမှတ်သင်္ကေတများ



www.burmeseclassic.com

www.burmeseclassic.com

များရှိနေကြောင်း၊ လူမှုရေးပြဿနာများ ဖြစ်စေပါတတ်ကြောင်း ဖော်ပြသည်။

**Double Lines**
**(နှစ်ထပ်လမ်းကြောင်းများ)**

အသက်လမ်းကြောင်းနှင့် မျဉ်းပြိုင်သဖွယ် ယှဉ်ပြေးနေသည့်လမ်းကြောင်းများကို ဆိုလိုသည်။ နှစ်ထပ်လမ်းကြောင်းများသည် အများအားဖြင့် ကောင်းသောအခြေအနေကို ဖော်ပြသည်။

သို့သော်လည်း အသက်လမ်းကြောင်းမဟုတ်သည့် အခြားလမ်းကြောင်းများပေါ်တွင် ရထားလမ်းကြောင်းကဲ့သို့သော နှစ်ထပ်လမ်းကြောင်းများပါရှိနေပါက၊ (အထူးသဖြင့် နှစ်ထပ်လမ်းကြောင်းပုံစံထက် အခြားလမ်းကြောင်းတစ်ခု ထပ်မံပါရှိနေပါက လက္ခဏာရှင်သည် ဘဝပုံစံနှစ်မျိုးဖြင့် ရှင်သန်ရပ်တည်ရမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။

အသက်လမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းပေါ်တွင် နှစ်ထပ်လမ်းကြောင်းပုံစံရှိနေပါက လက္ခဏာရှင်သည် ချစ်သူနှစ်ဦးအထိ ရှိနေတတ်ပြီး လျှို့ဝှက်သောမိသားစုတစ်စုရှိနေတတ်ကြောင်း ဖော်ပြသည်။

**Escape Lines**
**(လွတ်မြောက်ခြင်းကိုယ်စားပြုလမ်းကြောင်းများ)**

လက်ဝါးစောင်းနေရာမှစတင်ပြီး တနင်္လာဂြိုဟ်ခုံဆီသို့ ရေပြင်ညီပုံစံဖြတ်နေသောလမ်းကြောင်းများကို ဆိုလိုသည်။

အဆိုပါ လမ်းကြောင်းများသည် ပြဿနာများမှ ရှောင်ကွင်းတတ်သူ၊ အခက်အခဲအားရင်မဆိုင်ရဲဘဲ ထွက်ပြေးသူ (သို့) အရက်၊ မူးယစ်ဆေးတို့ဖြင့် စိတ်ထွက်ပေါက်ရှာတတ်သူ. . . ဖြစ်ကြောင်း ရည်ညွှန်းသည်။

**Hammered thumb**
**(အားကြီးမာန်တက်ရှိခြင်းကိုပြသည့်လက်မ)**

လက်မတည်ဆောက်ပုံအား ဘေးဘက်မှကြည့်ပါက ပြားနေသောပုံစံရှိနေလျှင် အတ္တလွန်ကဲခြင်းကြောင့် ရည်မှန်းချက်မျက်ရသူဖြစ်ကြောင်း ဖော်ပြပြီး လက်မထိပ်ဖျား ပြားနေသောပုံစံရှိနေပါက မည်သည့်အရေးကိစ္စမဆို ကျွမ်းကျင်စွာကိုင်တွယ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**Murderer's thumb**
**(လူသတ်သမား၏လက်မ)**

လက်မတည်ဆောက်ပုံ သိသာစွာ ဝနေပြီး ထိပ်ဖျားနေရာတုတ်ခိုင်နေပါက လူသတ်သမားလက်မ ဖြစ်ခြင်းကြောင့် အကျဉ်းကျခံရမည်ဟု အခိုင်အမာ မပြောဆိုနိုင်သော်လည်း မိမိစိတ်ကို မထိန်းချုပ်နိုင်သူဖြစ်ကြောင်း အတည်ပြုပြောဆိုနိုင်ပါသည်။

**Poison Line**
**(အဆိပ်အတောက်ရည်ညွှန်းသည့်လမ်းကြောင်း)**

လက်ဝါးစောင်းနေရာမှစတင်ပြီး တနင်္လာဂြိုဟ်ခုံဆီသို့ နိမ့်ဆင်းကာ သောကြာဂြိုဟ်ခုံပေါ်သို့ ရေပြင်ညီအတိုင်း ဖြတ်သွားသောလမ်းကြောင်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု (သို့) ခန္ဓာကိုယ်တွင်းအဆိပ်အတောက်ဖြစ်မှု၊ ဓာတ်မတည့်သောအစားအစာကြောင့် အဖုအကြိတ်ထွက်မှုအခြေအနေတို့အား ရည်ညွှန်းသောလမ်းကြောင်း ဖြစ်သည်။

**Ring of Saturn (စနေကွင်း)**

လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံအား ကွင်းသဖွယ်ကွေ့ဝိုက်နေသောလမ်းကြောင်းဖြစ်ပြီး ဘဝရည်မှန်းချက်အတွက် တားဆီးအနှောင့်အယှက်များရှိနေခြင်းကို ဖော်ပါသည်။

အကယ်၍ စနေကွင်းတဖြည်းဖြည်းမှေးမှိန်သွားပါက ဘဝရည်မှန်းချက်များလည်း လုံးလုံးလျားလျား ပြောင်းလဲသွားမည်ဖြစ်သည်။

**Simian Crease**
**(လမ်းကြောင်းနှစ်ခုတစ်ကြောင်းတည်းပုံစံပေါင်းစပ်သွားသောလမ်းကြောင်း)**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း နီးကပ်စွာရှိနေပြီး တစ်ကြောင်းတည်းလမ်းကြောင်းပုံစံအဖြစ်ပေါင်းတော့မည့် အခြေအနေဖြစ်ပါက အသစ်ပုံစံ ဖြစ်ပေါ်လာသောလမ်းကြောင်းပုံစံအား Simian လမ်းကြောင်းဟုခေါ်သည်။

Simian လမ်းကြောင်းပါရှိသူသည် တစ်ယူသန်စိတ်ရှိတတ်ပြီး ခေါင်းမာတတ်ကြသည်။ အဆိုပါပုဂ္ဂိုလ်တို့၌ ရည်မှန်းချက်တစ်ခုတည်းသာ ထားရှိတတ်ကြသည်။

**St. Andrew's cross**
**(စိန့်အင်ဒရူး၏ကြက်ခြေခတ်)**

စနေဂြိုဟ်ခုံမှ အောက်သို့ ... တည့်ဆင်းနေသော လမ်းကြောင်း... အဆုံးသတ်တွင် ကြက်ခြေခတ်ပုံစံ... ခြင်းကို ခေါ်ဆိုသည်။ အကယ်၍ ... ဂြိုဟ်မှဆင်းလာသော လမ်းကြောင်း... သည် တနင်္လာဂြိုဟ်ခုံပေါ်သို့ကျ... ပြီး ကြက်ခြေခတ်ဖြင့် အဆုံးသတ်... ပါက အသက်အန္တရာယ်မှ ကင်း... နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

**Star**
**ကြယ်အမှတ်အသား**

လက်ဝါးပြင်တွင် ကြယ်ပုံစံအ... အသား (သို့) ကြယ်နှင့်ဆင်တူ... အမှတ်အသားများပါရှိနေပါက ပြ... ပဋိပက္ခဖြစ်မည့် အခြေအနေများ... ရည်ညွှန်းသည်။

**Worry Lines**
**စိုးရိမ်သောကရောက်ခြင်းကို ရည်ညွှန်း... သည့်လမ်းကြောင်းများ**

လက်မအောက်ခြေ သော... ဂြိုဟ်ခုံအား ဖြတ်နေသော လမ်းကြော... များကိုဆိုလိုသည်။ အချို့သူများ၌ ... ပါလမ်းကြောင်းများစွာ ပါရှိတတ်... အချို့၌ နည်းပါးစွာ ပါရှိတတ်... အကယ်၍ သင်အားသန်သော... (ဘယ်သန် သို့မဟုတ် ညာသန်...) ကိုကြည့်ပါက အဆိုပါလမ်းကြော... ပါရှိနေလျှင် ၎င်းလမ်းကြောင်း... အသက်လမ်းကြောင်းအားဖြတ်နေ... ကျန်းမာရေးအတွက် စိုးရိမ်သော... ရောက်ရမည့်အခြေအနေကို ရည်ညွှန်း... သည်။

**အရောင်အမျိုးမျိုးရှိနိုင်သော**
**လက်အနေအထားများ**

လက်ဝါးပြင်အရောင်အမျိုး... သည် (သို့) လက်အရေပြားသည် ... ဝါးပိုင်ရှင်၏ စိတ်ခံစားမှု၊ ထိုတွင်... ကောင်းမှုတို့အားကိုယ်စားပြုထား... တစ်ခါတစ်ရံ လက်ဝါးအရောင်များ... အစက်အပြောက်ကလေးများ... ပြောင်းလဲသွားတတ်သည်။

လက်ဝါးပြင်ပါ အရောင်... သာမက လက်အရေပြားအကြမ်း... ပျော့လွယ်ပျောင်းလွယ်ဖြစ်မှု၊ ... ခြောက်သွေ့ခြင်း၊ ပူခြင်း၊ အေး... တည်ဆောက်ပုံတို့ကလည်း လက်... ရှင်အား အဓိပ္ပာယ်အမျိုးမျိုး... စားပြုလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

**သော(သို့)ဖျော့သောလက်ဝါးပြင်အရောင်**

သွေးလည်ပတ်မှုအားနည်းသည့် ဏာကို ရည်ညွှန်းသည်။ ယင်းမှ ဆင့် နာမကျန်းဖြစ်ခြင်းကို ဖော်ပြ သည်။

**သော (သို့) မီးခိုးရောင်မှိုင်းသော အရောင်**

ကျန်းမာရေးအမျိုးမျိုးဖောက်ပြန် သည့်အခြေအနေကို ဖော်ပြသည်။ ပြင် စိတ်ဓာတ်ကျခြင်း၊ ဘဝရည်မှန်း များကျရှုံးခြင်း၊ ဘဝအားစောစီးစွာ သတ်တတ်ခြင်းတို့ကို ကိုယ်စားပြု သည်။

**ရောင်ရှိသောလက်အရောင်**

ဒေါသကြီးခြင်း၊ လှုပ်ရှားဆောင် မှုများ ပြင်းထန်လွန်ကဲတတ်ခြင်းတို့ ဖော်ပြသည်။

**ရောင်ရှိသောလက်**

ကျန်းမာရေးကောင်းသည့်နိမိတ် ဏာကို ဖော်ပြသည်။ ၎င်းအပြင် ရှင်ခြင်းရရှိမည့် နိမိတ်လက္ခဏာ ဖြစ်သည်။

**ရောင်စုံပါရှိတတ်သည့်လက်အရောင်**

ပြဿနာတစ်ရပ်အပေါ် စိတ်အ အနေနှစ်မျိုးဖြင့် ခံစားတတ်သူ၊ စိတ် ဥတလျားဖြစ်တတ်သူအဖြစ် ဖော်ပြ သည်။

**ရောင်ရှိသောလက်**

အသည်းကျန်းမာရေးနှင့်ဆက်စပ် ရှိသည်။ အသည်းရောဂါဖြစ်ရန် သည်နှင့် နီးစပ်ရာ ဆရာဝန်ထံ ဆုံး သွားရောက်ပြသရမည် ဖြစ် သည်။

**သောလက်**

မိမိစိတ်ကို မထိန်းချုပ်နိုင်ခြင်း၊ လိုစိတ်ရှိခြင်းတို့အား ရည်ညွှန်း သည်။

**သောလက်**

စိတ်ဓာတ်ကျခြင်း၊ နှလုံးရောဂါ ခြင်း၊ သွေးလည်ပတ်မှုမမှန်ခြင်း၊ ခြင်းတို့ကို ဖော်ပြသည်။

**အနု-အကြမ်း**

သင့်လက်ဝါးအား အခြား လက် ဖြင့် ဖိပေးပြီး လက်၏တုံ့ပြန်မှု လေ့လာပါ။ လက်ဖြင့်ဖိခြင်းကြောင့် သွားခြင်း (သို့) အခြားသောပုံစံတစ်ခု ပြောင်းသွားခြင်းရှိ၊ မရှိ စစ်ဆေးပါ။

ကြွက်သားပါဝင်မှုနည်းပါးသော လက်သည် ဘဝ၌အနားယူရမည့်ကာလ များအား ဖော်ပြပြီး လက်ဝါးပြင်အသား နူးညံ့နေပါက စွမ်းအင်လျော့ကျနေခြင်း ကို ရည်ညွှန်းသည်။

အကယ်၍ ဆွဲနိုင်ဆန့်နိုင်သော လက်အသားဖြစ်ပါက ကောင်းသော နိမိတ်လက္ခဏာအား ရည်ညွှန်းသည်။

အကယ်၍ မာတောင့်နေသော အသားအရေဖြစ်ပါက ခက်ခဲပင်ပန်း သောအလုပ်များ လုပ်ကိုင်ရန်ရှိနေ ကြောင်း ရည်ညွှန်းသည်။

**လက်ဝါးပြင်အသားအရေအား ဆွဲနိုင်ဆန့် နိုင်၊ ပြင်လွယ်-ပြောင်းလွဲခြင်းရှိပါက**

ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲ ရှိနိုင်ခြင်းအား ဖော်ပြသည်။

**စိုစွတ်နေသောလက်**

စေးထန်း၍ စိုစွတ်နေသောလက် ဝါးပြင်သည် စိတ်ဖိစီးမှုများခြင်း၊ အာရုံ ကြောစနစ်များမကောင်းခြင်း၊ ပူပင် သောကစိတ်များခြင်း၊ နာမကျန်းဖြစ်ခြင်း တို့အား ဖော်ပြသည်။

**လက်အပူချိန် (ပူခြင်း-အေးခြင်း)**

အေးသောလက် (သို့) ပူသော လက်သည် နာမကျန်းဖြစ်ခြင်းအား ရည် ညွှန်းသည်။ ပူခြင်း၊ အေးခြင်းသည် သွေး လည်ပတ်မှုမမှန်ကန်ခြင်းကြောင့်လည်း ဖြစ်ပေါ်တတ်သည်။

**လက်ဝါးပြင်တည်ဆောက်ပုံအနေအထား**

လက်ဝါးပြင်တည်ဆောက်ပုံများ သည် အချိန်တိုအတွင်း ပြောင်းလဲနိုင်မှု မရှိတတ်ပေ။

လက်ဝါးပြင်တည်ဆောက်ပုံအနေ အထား ပြောင်းလဲခြင်းသည် လက်အ သားအရေ ထိခိုက်ဒဏ်ရာ၊ စိုစွတ်ခြင်း၊ ခြောက်သွေ့ခြင်းတို့အပေါ် မူတည်၍ အချိန်ကာလကြာသည်နှင့် ပြောင်းလာ တတ်ကြသည်။

လက်ဝါးပြင်တည်ဆောက်ပုံအနေ အထားပြောင်းသည်နှင့် ဘဝတစ်သက် တာဟောကိန်းများလည်း အပြောင်းအ လဲရှိနေမည် ဖြစ်သည်။

**မတော်တဆထိခိုက်မှုများကြောင့် လက်ပုံစံအနေအထားပြောင်းလဲသွားခြင်း**

လက်အနေအထား၊ ပုံစံပြောင်းလဲ စေသော အခြေအနေများမှာ အပ်စိုက် ကုသမှုခံယူခြင်း၊ဆေးမင်ကြောင်ထိုးခြင်း နှင့် အခြားသော မတော်တဆထိခိုက်မှု များပင် ဖြစ်သည်။ ထိုအခြေအနေများ ကြောင့် လက်တည်ဆောက်မှုပုံစံပြောင်း လဲသွားသည်နှင့် ဘဝကံကြမ္မာအခြေအ နေများလည်း ပြောင်းလဲသွားတော့မည် ဖြစ်သည်။

**ကျိုးပဲ့နေသောဒဏ်ရာများ**

လက်အရိုးကျိုးနေသောပုံစံသည် လက္ခဏာပညာအရ စိတ်အတွင်း၌ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေထိုင် ရေးအတွက် ကြိုးစားသူ၊ အတိတ်က မှားခဲ့သော အမှားများအတွက် နောင်တ ရနေသူ၊ မိမိက တစ်ချိန်က လိမ်ညာခဲ့ ခြင်းများအပေါ် ပြန်၍ယုံကြည်မှုတည် ဆောက်ရန်ကြိုးစားခြင်းကိုဖော်ပြသည်။

**အပူလောင်ဒဏ်ရာများ**

မီး (အပူ) သည် ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဍာန်ပြောင်းလဲခြင်းကိုအဓိက ရည်ညွှန်းသည်။

လက္ခဏာအရေးအကြောင်းများ ရှိရာ လက်ဝါးပြင်၌ အပူလောင်ခြင်း သည် ဘဝတစ်သက်တာအချိန်ကာလ အချို့အား ဖျက်ဆီးခံရခြင်းကို ရည်ညွှန်း တတ်သလို မျှော်လင့်ချက်အသစ်များ ပြန်လည်မွေးဖွားခြင်း၊ ဖန်တီးနိုင်ခွင့်များ ရရှိခြင်းတို့ကိုပါ ကိုယ်စားပြုထားသည်။

တစ်နည်းအားဖြင့် မီးလောင်ပြာ ပုံထဲမှ ဘဝသစ်တစ်ခုဖြင့် ထပျံနိုင်သော ဖီးနိတ်(စ်)ငှက် (Phoenix) ကဲ့သို့ပင် ပမာ တင်စားနိုင်သောအခြေအနေဖြစ်သည်။

အကယ်၍ နှလုံးလမ်းကြောင်း နေရာတွင် မီးပူလောင်ဒဏ်ရာရှိနေပါက အချစ်ရေး၌ နှောင့်ယှက်ဖျက်ဆီးခံရမည့် အကြောင်းနှင့် ဘဝ၌ အချစ်သစ်ရှာ တွေ့နိုင်မည့်အနေအထားတို့ကိုပါ ရည် ညွှန်းသည်။

**ထိခိုက်ဒဏ်ရာများ**

ထိခိုက်ဒဏ်ရာများသည် လက်ဝါး ပြင်ပေါ်တွင်ရှိနေပါက ဘဝ၌ အမှောင် ကျချိန်များစွာရှိနေခြင်းကို ဖော်ပြသည်။

လက်မအောက်ခြေ သောကြာ ဂြိုဟ်ခုံပေါ်တွင် ထိခိုက်ဒဏ်ရာတစ်ခု ရှိနေပါက ချစ်သူဆုံးရှုံးရခြင်းကြောင့် စိတ်ဓာတ်ကျနေသူဖြစ်ကြောင်း ရည် ညွှန်းနေပြီး ချစ်သူသစ်ဖြင့် ဘဝအား တည်ငြိမ်စွာ ပြန်လည်တည်ဆောက်နိုင် ရန် လိုအပ်နေကြောင်း အသိပေးနေ ခြင်းသာ ဖြစ်သည်။

**ဦးအောင်မင်း**



www.burmeseclassic.com

www.burmeseclassic.com

# အောင်သိန်းဝင်း

(ပွင့်ဖြူ)

## လှုဘီလူးလေး



(၁)

ဤကမ္ဘာမြေပြင်၌ အထူးတွေစုံ၍ အဆန်းတွေအဖုံဖုံပင်။ မိမိကိုယ်တိုင် မမြင်တွေ့မကြားသိ၍သာ မယုံကြည်နိုင်ရှိမည်။ စာရေးသူအဖို့ နယ်လှည့်ကွင်းဝန်ထမ်းဘဝ ကွင်းဆင်းရင်း ရွာတစ်ရွာ၌ ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်တစ်ခုကို စာရှုသူတို့ ဇဟုသုတဖြစ်ဖွယ်တင်ပြချင်ပါသည်။

သည်နေရာ၌ ဆေးပညာရှုထောင့်မှမြင်ကြည့်လျှင် လူ့ခန္ဓာ၌ ဇီဝကမ္မဖောက်ပြန် ပျက်စီးချို့ယွင်းနေသည်ကို သိရမည်။

ဘုရားဟောဒေသနာအရ မိမိပြုခဲ့ဖူးသော အတိတ်ကံမကောင်းမှုကြောင့် ဘဝအကျိုးမကောင်းခဲ့ပုံကို ခံစားရမည်။ ကိုယ်ခန္ဓာအာဟာရချို့တဲ့ကာ ဆွံ့အ၊ နားမကြား၊ မျက်မမြင်၊ ပုကွ၊ ခါးကုန်း၊ ခြေခွင်၊ လူခြောက်၊ ရင်ချင်းအပ်၊ နှာပြား၊ နှုတ်ခမ်းကွဲ စသည့်သူများကိုတော့ဖြင့် များသောအားဖြင့် မြင်ဖူးကြုံတွေ့ဖူးကြမည်ထင်ပါသည်။ ရုပ်ပြစ်(၈)ပါးမလွတ်သူများဟုသာ မှတ်ယူရမည်။

ယခုတင်ပြမည့်သူက အဆိုပါလူစားထဲမှ တစ်ဦးတစ်ယောက်ပင်ဆိုကမမှား။

(၂)

အောင်လံမြို့နယ် သမ္မုလအခြေစိုက်ရွာတစ်ရွာမှာဖြစ်သည်။ ထိုစဉ်က နောက်လိုက်အဖြစ် လှံတင်ရွာသားကိုတကြီးအားခေါ်ခဲ့သည်။ အဆိုပါရွာ၌ ကျေးရွာစိုက်/ဘဏ်ဥက္ကဋ္ဌဦးသိန်းလွင်၊ ဆရာမ ဒေါ်ကံရွှေ (သားဖွားဆရာမ) အိမ်၌ စတည်းချ တည်းခိုခဲ့သည်။

နောက်တစ်နေ့ တာဝ[...]
ကျေးရွာများသို့ လက်စွဲတော် ကိုတ[...]
ခေါ်ပြီးခရီးထွက်ခဲ့သည်။ တောင်[...]
တောင်တန်း၊ မြေနိမ့်ချိုင့်ဝှမ်း၊ ချေ[...]
ကမ်းပါး ထူပြော၍ စက်ဘီး၊ ဆိုင်[...]
အသုံးပြုမရ။ ခြေကျင်ခရီးသာဖြစ်[...]

ထိုသို့ခရီးသွားရင်း သတ္တယ[...]
ချောင်း (သတ္တယ်ပြင်ရွာအနီးရှိ) အ[...]
အတက်ချောင်းစပ်ရှိ စုတ်စုတ်ပြတ်[...]
သုံးဝင်တဲလေးအတွင်းမှ ဝူးဝူးဝါးဝါး[...]
ဟောနှင့်အသံတွေကြားနေရသည်။ [...]
အနီးမှလူများဖြတ်လျှောက်သော[...]
ခေါင်းငုံ့သာကြည့်သည်။ ဘ[...]
ဂရုမစိုက်။ စာရေးသူသာ အ[...]
ဖြစ်နေသဖြင့် သတိထား[...]



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုတကြီးက ဒါမျိုးရိုးနေပုံ၊ ကြားနေကြတွေ့ကြုံနေကြ မထူးဆန်းတော့သည့်ပုံ။

စာရေးသူကမနေနိုင်၍ -

"ကိုတကြီးရေ၊ ဟိုတဲထဲကဘာရှိလဲ၊ ဘာသံလဲဗျ"

ဟု စူးစမ်းမေးကြည့်သည်။

ကိုတကြီးက -

"ဒီအသံက ကလေးတစ်ယောက်အသံပဲ။ အရုပ်ဆိုးဆိုး၊ မည်းမည်းပုကွကွနဲ့ နောက်ပြီး ပါးစပ်မှာလည်း အစွယ်ကြီး(၂)ချောင်းနဲ့ လူ့ဘီလူးလေးဆိုပြီး ရွာထဲကလူကြီးတွေက ရွာထဲအနေမခံဘူး။ ရွာခိုက်တယ်ဆိုပြီး ရွာနဲ့ ဝေးဝေး ရွာအပြင်ထုတ်ထားတာ။ သူ့အဖေကတော့ တစ်ခါတည်းလက်စဖျောက်ပစ်ဖို့ကြံစည်သေးတယ်။ သူ့အမေက ခေါင်းမာနေတော့ ဒီနေ့ထိ အသက်ရှင်နေတာပဲ။ ခါးကို သံကြိုးနဲ့ချည်ပြီး တဲခေါင်တိုင်နဲ့တွဲထားတယ်။ သူ့အမေက တစ်နေ့ ထမင်း (၂) ကြိမ်၊ သောက်ရေပို့ပေးတယ်။ သူ့ခမျာ ဘယ်မှသွားလာမရနဲ့ ထမင်းစားပြီးအိပ်ချင်အိပ်၊ မအိပ်ချင်လည်း အခုလိုယောင်ယောင်ဟားဟားနဲ့တစ်ယောက်တည်းကြမ်းပြင်ပုတ်ခတ်ပြီးအော်နေတော့တာပဲ။ ရေလည်းမချိုးရဘူး။ ချေးသေးစွန့်တော့လည်း အဲဒီနားပဲ။ သေကလည်းမသေ၊ ဘယ်ဘဝကဘယ်လိုဝဋ်ကြွေးနဲ့အကျဉ်းကျခံနေရတယ်မသိပါဘူးဗျာ"

မှာ ရှည်ရှည်ဝေးဝေးရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့နေပါဦးဗျ၊ သူ့အသက်ဘယ်လောက်ရှိနေပြီလဲ"

"ခုလောက်ဆို (၅) နှစ်၊ (၆)နှစ်လောက်တော့ရှိရော့မယ် ဆရာ"

"လာဗျာ၊ ခင်ဗျားနဲ့ကျွန်တော် ခဏသွားကြည့်ရအောင်"

"ဟာ - မကြည့်ချင်ပါနဲ့ဆရာရယ် ကြောက်စရာကြီး။ နောက်ပြီး တစ်ခုခုနဲ့ သူ့ဟာနဲ့သူ့သေရင်လည်း ကျွန်တော်တို့ နှစ်ယောက် အမှုပတ်နေပါဦးမယ်။ သွားရအောင်ပါ ဆရာရာ"

ဟု ခရီးဆက်ထွက်ခွာဖို့ ဖွတ်ခေါ်နေ၏။ မကြည့်ဖို့ အကျောက်အကန် ငြင်းဆန်၏။

နောက်မှ အကြောင်းစုံရှင်းပြမည် ပြောပြီး တလုတ်ပင်ရွာသို့ ခရီးဆက်ခဲ့၏။ မတွေ့မမြင်ခဲ့ရမကြည့်ခဲ့ရ။

ကိုတကြီးပြောပြသော လူ့ဘီလူးလေး၏အဖြစ်အပျက်မှာ -

(၃)

"အူဝဲ. . . အူဝဲ. . . အူဝဲ"

ညဥ့်(၂)နာရီ အချိန်။

ကိုညိုမောင်၊ မခင်လှတို့အိမ် အိမ်ခန်းအတွင်းမှ ကလေးငိုသံ ဆူညံစွာ ထွက်ပေါ်လာသည်။

ဗိုက်ထဲမှ ရင်သွေးငယ် အပြင်မရောက်မချင်း နာကျင်မှုဝေဒနာကို အကျောက်အကန်ကြိတ်မှိတ်ခံစားလျက် မျက်စိစုံမှိတ် အံ့ကြိတ်ခံစား ညှစ်အားအသားကုန်ပေးခဲ့ရသော မိခင်ခမျာ ရင်သွေးငယ်၏ငိုကြွေးသံကြားရသည်နှင့် တစ်ပြိုင်နက် ကုန်ဆုံးသွားသောအားများ ပြန်လည် ပြည့်တင်းလာသည့်အလား ခံစားရပေသည်။ မကြာမီ အိပ်ပျော်သွားတော့၏။

မွေးဖွားလာသော ကလေးငယ်ကို အင်္ဂါစုံမစုံ၊ ကျား-မခွဲခြားသိရန် ကောက်ယူလိုက်သောအခါ၌မူ အရပ်လက်သည် မအေးလှ အပါအဝင် နံဘေးကသူများ ဟာ၊ ဟင်၊ ဟယ်ဟု အာမေဋိတ်သံများ ပြုပြီး အံ့သြထိတ်လန့်ချောက်ချားတော့၏။

မိန်းမမီးဖွားခိုက် ခေါင်းရင်းခန်း၌ ခေါက်တုံ့ခေါက်ပြန် ချီတုံချတုံစိတ်စောနေသောယောကျ်ားဖြစ်သူ ညိုမောင်က-

"မအေးလှဘာလေးမွေးလဲဗျ"

ဟု လှမ်းမေး၏။

"ယောကျ်ားလေးပဲ့၊ ယောကျ်ားလေး။ ဒါပေမယ့်. . ."

မအေးလှစကားဆက်မဆိုတော့။ ညိုမောင်မှာ လွတ်လပ်စွာဝမ်းမသာနိုင်သေး။ မအေးလှ၏ ဒါပေမယ့်သည် စိတ်ထဲထင့်သွား၏။

"ဘယ်လိုများပါလိမ့်"

မအေးလှလက်ထဲ ကလေးက ကော့ကလန့်ထိုးငိုနေ၏။ ချက်ကြိုးဖြတ်ရမလား မဖြတ်ဘဲထားရမလား ဝေခွဲမရ။ ကလေးက မျက်နှာပေါက်ဆိုးဆိုး၊ နှာရောင်ကောက်ကောက်၊ နဖူးမောက်မောက်၊ ဖနောင့်တိုတို၊ မျက်ထောင့်နီနီ၊ နှာပြားပြားလန်လန်၊ ပါးစပ်ပြဲရသည့်အထဲ အစွယ်ကပါချေသေး၏။ မီးခွက်ရောင်နှင့် လူအရိပ်တော့ထွက်၏။ သူ့အင်္ဂါရပ်များက အမှန်ပင် လူ့ဘီလူးလေးပုံ။ အားလုံးလန့်ဖျပ်ကုန်သည်။

ယောကျ်ား ကိုညိုမောင်ကတော့ သတ်ပစ်ဖို့ စိတ်ကူးမိသေး၏။ မိန်းမဖြစ်သူ မခင်လှကတော့နိုးလာပြီး သူတို့တိုးတိုးတိုးတိုးပြောသံကြားသွားပြီး -

"တော်တို့ ကျုပ်သားကိုတော့ တစ်ခုခုလုပ်မယ်မကြံနဲ့။ ကျုပ်ကတော့ ဘာဖြစ်ဖြစ် အသက်ရှင်အောင်မွေးရမှာပဲ။ တော်တို့ ကျုပ်သားကိုလက်စဖျောက်ပစ်မယ်ဆိုရင် သမ္မုလရဲစခန်းကိုတိုင်ရမှာပဲ"

ဟု ပြတ်ပြတ်ပင်ပြောခဲ့ဖူးသည်။ သို့အတွက်ကြောင့်ပင် မည်သူမျှ မတို့ရဲ၊ မထိရဲ။

(၄)

"ကိုညိုမောင်၊ တောထဲမှာ တော်နဲ့ ကျုပ် မဆင်မခြင်နေမိလို့များ ကျုပ်သားလေးကို မကောင်းဆိုးဝါးဝိညာဉ်ဝင်ဖူးကပ်ပြီးမွေးလာသလားမသိဘူး"

ဟု ညိုမောင်ကို မခင်လှက မျက်စောင်းထိုးရင်း အပြစ်တင်မိသည်။

ထိုအခါ ညိုမောင်က ဇနီးဖြစ်သူ မခင်လှအား မကျေမနပ်နှင့် ပြန်ကြည့်ရင်း-

"ဘာ- မဆိုင်ပါဘူးကွာ။ မင်းဟာက အယူသီးလွန်းပါတယ်။ မင်းဘာသာကိုယ်ဝန်ကြီးနဲ့ တောထဲတောင်ထဲလိုက်ပြီး ကုန်းလိုက်ကွလိုက်နဲ့မို့ ကလေးအရုပ်ဆိုးအကျည်းတန်တာနေမှာပေါ့"

ဟု အပြစ်မြင်သည်။

"ဒါဆို အစွယ်ပါတာကကော"

မခင်လှအမေးကို ညိုမောင်မဖြေတတ်။

"ဒါတော့လုပ်ရမှာပဲ။ တော်တစ်ယောက်တည်းလုပ်စာနဲ့ ကျုပ်တို့မစားလောက်တာကို"

ကိုညိုမောင်နှင့် မခင်လှတို့ ... ကြောင့်၊ ငါ့ကြောင့်ဟု လွှဲချအပြစ်တင် အပြစ်မြင်မဆုံး။

ကိုညိုမောင်၊ မခင်လှတို့က ... ခြေယာခြေမရှိ။ လက်လုပ်လက်စား... သား။ ကိုညိုမောင်က တောခုတ်ယာ... ထွန်ငှားလိုက်၊ ထင်းခုတ်၊ မီးသွေး... ငါးပက်ကျွေးသည်။ မခင်လှကလည်း... အမြိန့်သားထိုင်မစားတတ်။ ပေါင်း... မြက်သင်၊ ဟင်းရွက်ကန်စွန်းခူးရောင်း... သက်ငယ်ပျစ်စားသည်။ အိမ်ထောင်... ပြီးစ (၂) နှစ်လောက် သားသမီးမ... ပေါက်သေး။ မိန်းမရော ယောကျ်ား... ပါ အလုပ်ရှိကမငြင်း။ ပျင်းရိမ... မောင်တစ်ထမ်းမယ်တစ်ရွက်ညီပါ... ငွေရရင်ပြီးရော သမ္မာအာဇီဝ၊ မိ... အာဇီဝမရွေးတတ်၊ မရှောင်တတ်။

ယခုမွေးသည်က သားဦးကလေး... သားဦးအရွှေ။ ထူးပေ့ဆန်းပေ့ လူ... လူ့ဘီလူးလေး။

လွန်ခဲ့သော (၂၅) နှစ်ကျော်... တွေ့ကြုံခဲ့ရသောကလေး။ ကြုံတော... ကြုံခဲ လူ့ခန္ဓာဇီဝကမ္မဖြစ်ပျက်မှု ဖော... ပြန်မှုကြောင့် အရုပ်ဆိုးအကျည်းတန်... ငယ်ကတည်းကတိုင် အစွယ်ပါလာသော... ကလေး ရှားနားသည်၊ ခိုက်သည်... အများကပစ်ပယ် ဝိုင်းကြဉ်ခံရသူ၊ ... အစွန်ချောင်းစပ်တဲတစ်လုံးနှင့်ရပ်... နေရသူ၊ အထီးကျန်စွာ မိခင်၏မေ... ကြောင့်သာ အသက်ရှင်နေခွင့်ရ... မကြားရ မတွေ့ရသည်မှာ ကြာတော... ကြာပြီ။

စာရေးသူပင် အသက်(၆၀)ကျော်... ပြီမို့ အလုပ်က အနားယူခဲ့ပြီ။ လူ့ဘီလူး... လေးတွေ့ခဲ့ရသည်က အမှန်ပင်။ ... လူ့ဘီလူးလေး ယခုအချိန်အထိ အသက်... ရှင်နေထိုင်ဦးမည်ဆိုလျှင်၊ ရှိသေးလျှင်... အသက် (၃၀) ကျော်လူပျိုကြီးဖြစ်နေ... ရော့မည်။

ထိုစဉ်တုန်းက တည်းခိုခဲ့ဖူးသော... ဆရာမဒေါ်ကံရွှေ၏သမီးကြီးချိုမာလွင်... မြို့လှကျောင်းစုသား မောင်လင်းနှင်း... အိမ်ထောင်ကျ၍ ဆရာမ ဒေါ်ကံရွှေ... (သားဖွားဆရာမ) နှင့် တစ်ခါတစ်... ဆုံတွေ့ဖူးသော်လည်း ထိုအဖြစ်အပျက်... ထိုအတွေ့အကြုံကို မမေးမိ၊ မမေးဖြစ်... သတ္တဝါတစ်ခုကတစ်ခုဟု ဆိုရမည်သာ...

(ဖြစ်ရပ်မှန်နာမည်လွှဲပြောင်း... ပါသည်။)

အောင်သိန်းဝင်း (ပွင့်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com



## လှမြင့်
(ရန်ကုန်တက္ကသိုလ်)

# အင်းဝခေတ်မှလူ့ဝင်စား သူရဲကောင်း မင်းရဲကျော်စွာ

မြန်မာ့စာပေသမိုင်းတွင်ထင်ရှားခဲ့သော ဦးကုလားမဟာရာဇဝင်တော်ကြီး (ညောင်ရမ်းခေတ်)၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း (တောင်ငူခေတ်)၊ မှန်နန်းတော်ရာဇဝင်တော်ကြီး (ကုန်းဘောင်ခေတ်) များတွင် အင်းဝခေတ် ပထမမင်းခေါင်၏သားတော် မင်းရဲကျော်စွာ၏ လူဝင်စားဘဝဖြစ်စဉ်ကို ထူးခြားစွာဖော်ထုတ်မှတ်တမ်းတင်ခဲ့ကြသည်။

တောင်ငူခေတ်စာဆိုကျော်တစ်ဦးဖြစ်သော မွန်ဝန်ကြီး ဗညားဒလရေးသားခဲ့သည့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် အင်းဝခေတ် ပထမမင်းခေါင်၏မိဖုရားရှင်မိနောက်တို့မှဖွားမြင်ခဲ့သော မင်းရဲကျော်စွာသည် ပဲခူး၊ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်၏ သားတော် ဗောလောကျန်းတောဝင်စားသူဖြစ်သည်။ ဗောလောကျန်းတောသည် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းနှင့် မိဖုရားတလမေဒေါ်မှဖွားမြင်သည်။ ဗောလောကျန်းတော၏ အမည်ရင်းမှာ ဗောအဲလောကျန်းဒေါ်ဖြစ်သည်။ ဗောလောကျန်းတောသည် အဘိုးဖြစ်သူ ဗညားဦး (ရာဇာဓိရာဇ်၏ဖခင်) ၏ အသည်းစွဲနှစ်ခြင်အလိုလိုက် အရေးပေးခြင်းခံရသောမြေးတော်လည်း ဖြစ်လေသည်။ သို့သော် ဗောလောကျန်းတောမင်းသားသည် ဖခင်ရာဇာဓိရာဇ်မင်းနှင့်မူ စိတ်သဘောထားချင်းမတိုက်ဆိုင်သူ ဖြစ်သည်။ ဘိုးတော် ဗညားဦးကိုယ်တိုင် မြေးတော်အား ဗောလောကျန်းတောဟူသော အမည်မှည့်ခေါ်ခဲ့မှုကို -

"ယခု ငါ့ မြေးတော်ဖွားမြင်သည့် အချိန်တွင် မည်သည့်ထူးခြားချက်နိမိတ်ကိုမျှငါမမြင်။ နိမိတ်အကြောင်းမထင်၍ အစ်မတော်များကဲ့သို့ နိမိတ်ကိုစွဲ၍ အမည်မမှည့်နိုင်။ ငါ့ဦးရီးတော်သည် ဗညားအဲလောဘွဲ့ခံသည်ကိုထောက်၍ငါ့မြေးတော်ကို ဗောလောကျန်းတော ဟု မှည့်ခေါ်သည်"

ဟူ၍ မိန့်ကြားအမည်ပေးခဲ့သည်။

ဗောလောကျန်းတောမင်းသားသည် အရွယ်ရောက်လာသည့်အချိန်တွင် ခမည်းတော်ရာဇာဓိရာဇ် (ဗညားနွဲ့)နှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်မှုများပေါ်ပေါက်ခဲ့သည်။ ခမည်းတော်ရာဇာဓိရာဇ်မင်းက သားတော်ဗောလောကျန်းတောသည် မိမိကိုလုပ်ကြံသတ်ဖြတ်ရန်ကြံစည်နေသည်ဟု သံသယရှိခဲ့သောကြောင့် ရာဇာဓိရာဇ်မင်းသည် သားတော် ဗောလောကျန်းတောအား အပြစ်အလျှောက်စီရင်ရန် အမိန့်တော်ချမှတ်ခဲ့သည်။ ဗောလောကျန်းတောက မိမိသည် ခမည်းတော်ကိုပြစ်မှားသောစိတ်မထားရှိကြောင်း၊ ထားရှိခဲ့လျှင် အဝီစိငရဲသို့ကျခံရပါစေ၊ အကယ်၍ ပြစ်မှားသောစိတ်မထားရှိခဲ့လျှင် ယခုဘဝမှ စုတေပြီးနောက် မြန်မာဘုရင်၏ သားတော်ဖြစ်၍ ခမည်းတော်၏ ဟံသာဝတီပြည်ကိုနှိမ်နင်းရပါစေသား ဟူသော ဆုတောင်းမှု သစ္စာပြုလျက် အဆိပ်သောက်ကာ မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။

ခမည်းတော်ရာဇာဓိရာဇ်မင်းသည် သားတော်ဗောလောကျန်းတော၏ ဆုတောင်းမှုသစ္စာပြုမှုနှင့် မိမိကိုယ်ကို အဆုံးစီရင်သွားသည့်အကြောင်းကို ကြားသိရသောအခါတွင် ချက်ချင်းပင် ဟံသာဝတီ (ပဲခူး)ရွှေမော်ဓောဘုရား၌ ရွှေသိက်နှန်းကပ်လှူပြီးလျှင် 'ဤကောင်းမှုကြောင့် ဘဝအဆက်ဆက်၌ ရန်သူကြံ၍မဖြစ်နိုင်စေသော်' ဟူသောဆုတောင်းခဲ့သည်။

မကြာမီအချိန်တွင် အင်းဝဘုရင် ပထမမင်းခေါင်၏မိဖုရားရှင်မိနောက်ဝမ်း၌ ပဋိသန္ဓေတည်ခဲ့သည်။ မိဖုရားရှင်မိနောက်သည် ပဋိသန္ဓေတည်စအချိန်မှာပင် မွန်တို့ဒေသဖြစ်သော ဒလမြို့မှ သရက်သီးနှင့် မုတ္တမမြို့မှ မြေသင်းခဲ၊ ဘီလူးကျွန်းမှ ပွန်းစလိုင်းရေတို့ကိုစားသောက်လိုကြောင်း ချင်ခြင်းဖြစ်ပေါ်ခဲ့သည်။

ဘီလူးကျွန်းမှ ပွန်းစလိုင်းရေနှင့်ပတ်သက်၍ ညောင်ရမ်းခေတ်စာဆိုကျော်ဦးကုလား၏ မဟာရာဇဝင်တော်ကြီး၌ 'ပွန်းစလိုင်းရေ ဟူသည် ပဥ္စဇလံခေါ် ရေယဉ်ငါးသွယ်ဟူသောဝေါဟာရမှဆင်းသက်လာဟန်ရှိ၏။ ရေယဉ်ငါးသွယ်မှာ ကျိုက္ခမီ၊ မုတ္တမ၊ သံလွင်၊ ကျုံဒိုး၊ ကြာအင်းတို့မှ စီးဆင်းလာခြင်းဖြစ်ပြီး မွန်ဘာသာဖြင့် ပဥ္စလိုင် (ပွန်စလိုန်) ဟုခေါ်ဆိုကြသည်။ ပွန်းစလိုင်းမှာ မုတ္တမမြို့၏အရှေ့ဘက်တစ်မိုင်ကျော်အကွာ သံလွင်မြစ်တွင်းမှ ခေါင်းဆေးကျွန်းအထက်တွင်ရှိ၏' ဟူ၍ ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။

အင်းဝဘုရင်ပထမမင်းခေါင်သည် မိဖုရားရှင်မိနောက်၏ချင်ခြင်းပြေစေရန်အတွက် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းထံသို့ တမန်တော်ဇေယျသူကို စေလွှတ်၍ မိဖုရားကြီးရှင်မိနောက်စားသုံးလိုသည်များကို ပေးအပ်ကူညီရန် မေတ္တာရပ်ခံခဲ့သည်။ ရာဇာဓိရာဇ်မင်းသည် ဘုရင်ပထမမင်းခေါင်နှင့် မိဖုရားရှင်မိနောက်ထံတွင် ဝင်စားသော ပဋိသန္ဓေသည် သားတော် ဗောလောကျန်းတောဖြစ်မည်ဟု လုံးဝယုံကြည်သောကြောင့် ဒလမြို့မှ သရက်သီးကို ဆေးစိမ်၍လည်းကောင်း၊ မြေရေကောင်းများအစား မသန့်စင်သောမြေနှင့်ရေများကိုလည်းကောင်း ပေးအပ်လိုက်သည်။ ယင်းအစားအသောက်များကို မိဖုရားကြီးရှင်မိနောက်စားသုံးခဲ့ပြီးလျှင် သား



www.burmeseclassic.com

www.burmeseclassic.com

တော်တစ်ပါးဖွားမြင်ခဲ့ရာ ဖခင်ပထမမင်းခေါင်က မင်းရဲကျော်စွာဟူ၍ အမည်မှည့်ခေါ်စေခဲ့၏။

မင်းရဲကျော်စွာ ကလေးဘဝတွင် ငိုလျှင်ချော့မော့၍မရနိုင်ဘဲ အငိုသန်ခဲ့၏။ မကောင်းဆိုးဝါးဝင်လေသလောဟု ဖခင်မင်းခေါင်က စိုးရိမ်ပူပန်သဖြင့် ဆရာသမားများထံမှ လက်ဖွဲ့၊ အဆောင်များချည်နှောင်ပေးသော်လည်း အငိုမတိတ်တတ်ပေ။ ခေါ်ပစ်သော်လည်း အငိုမတိတ်ချေ။ သည်ကလေး ပဋိသန္ဓေတည်စအချိန်က ပဲခူးဟံသာဝတီမှ သရက်သီး၊ ရေ၊ မြေတို့ကိုစားလိုကြောင်း မိခင်ကချင်ခြင်းတပ်ခဲ့ဖူးသည်။ ဟံသာဝတီမှမုချလာသူဖြစ်ရမည်ဟုတွေးတောမိလျက် 'လူကလေးကြီးလာလျှင် ဟံသာဝတီကိုတိုက်ခိုက်စေပြီး အုပ်စိုးစေမည်' ဟု ချော့မော့ပြောဆိုသောအခါတွင်မှ အငိုတိတ်သွားသည်ဟူ၍ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။

မှန်နန်းရာဇဝင်တော်ကြီး (ပထမတွဲ) (ကုန်းဘောင်ခေတ်တွင် ပဲခူး၊ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်သားတော် ဗောလောကျွန်းတောသည် အင်းဝပြည့်ရှင် ပထမမင်းခေါင်နှင့် မိဖုရားရှင်မိနောက်တို့ဝမ်း၌ လူဝင်စားဖြစ်ခဲ့သည့်အကြောင်းကို ဤသို့မှတ်တမ်းတင်ခဲ့သည်။

သက္ကရာဇ် ၇၅၁ ခုနှစ်တွင် မွန်မင်း ရာဇာဓိရာဇ်သည် သားဖြစ်သော ဗောလောကျွန်းတောကို မယုံကြည်၍ သတ်ချေဟုစေတော်မူ၏။ ဗောလောကျွန်းတောသည် သတ်မည်လာသူတို့ကို တောင်းပန်၍ သုံးရက်တိုင်တိုင် ရွှေမော်ဓောဘုရား၌ အဘိဓမ္မာတရားတော်ကို နာ၍ မိမိဝတ်သောပတ္တမြားခြေချင်း၊ ပတ္တမြားလက်ကောက်၊ ပတ္တမြားနားတောင်း၊ ပတ္တမြားဘယက်တို့ကိုပူဇော်၍ ဤသို့ဆုတောင်း၏။

"ငါသည် ခမည်းတော်ကို ယင်မသွေးတစ်ပေါက်သောက်အောင်မျှ ကြံပချေသော်။ ဤကိုယ်အဖြစ်မှစုတေသော်လည်း ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တစ်ရာနှစ်ဆယ့်ရှစ်ထပ်တို့၌သာခံရသည်ဖြစ်၍ လာလတ္တံ့သောဘုရားတို့၌ မဖူးမတွေ့ရသည်ဖြစ်စေသော်။ ငါသည် ခမည်းတော်ကို မသင့်မတင့်သောအကြံအစည်ကိုမကြံပါလျှင်လည်း ဤကိုယ်အဖြစ်မှစုတေသည်ရှိသော် မြန်မာမင်းတို့၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားမြင်၍ အရွယ်ရောက်သော် မွန်ပြည်ကိုနှိမ်နင်းညှဉ်းဆဲရသည်ဖြစ်စေသော"

ဟူ၍ အဓိဋ္ဌာန်ပြုပြီးမှ ဖုံးမသိန်သုံးကျပ်သားကို သံပရာရည်နှင့်သောက်၍ အနိစ္စရောက်လေ၏။

သတ်စေသောသူတို့လည်း ထိုသို့ဆုတောင်းသည့်အကြောင်းကို ရာဇာဓိရာဇ်ကိုလျှောက်တင်လေ၏။ ရာဇာဓိရာဇ်လည်း ဟံသာဝတီသို့ရောက်လျှင် ရွှေမော်ဓောဘုရားကို ပြမ်းဆင်စေပြီးသော် ဆီးချရာသီးမှသည့် မြေတိုင်အောင် ရွှေထည့်၍ ဤသို့ဆုတောင်း၏။

"ငါသည် ဘုရားရှင်ကို ရွှေပြားကိုယ်တော်ပြည့်လှူရသောအကျိုးအားဖြင့် ဤကိုယ်အဖြစ်မှသည် နိဗ္ဗာန်သို့မရောက်သေးသောအတွင်း၌ ရန်သူအပေါင်းတို့ကြံ၍မဖြစ်နိုင်သည်သာဖြစ်စေသော"

ဟူ၍ ပတ္တနာပြု၏။

ဗောလောကျွန်းတောသည် ထိုကိုယ်အဖြစ်မှစုတေလေသော် ပြင်စည်မင်း မင်းဆွေ၏မြောက်သားတော် ရှင်မိနောက်ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ရှင်မိနောက်ဝမ်းတွင် ပဋိသန္ဓေရှိလေသော် မွန်ပြည် ဒလမြို့၌ရှိသော သရက်သီး၊ မုတ္တမမြို့၌ရှိသောမြေသင်းခဲ၊ ပွန်းစလိုင်းရေတို့ကို စားသောက်လိုသောချင်ခြင်းဖြစ်သောကြောင့် မွန်မင်းရာဇာဓိရာဇ်ထံသို့ ဖေယျသူအမတ်ကို လက်ဆောင်များဖြင့်စေလွှတ်တောင်းခံခဲ့၏။

မွန်မင်းရာဇာဓိရာဇ်သည် စစ်သူကြီးဖြစ်သော သမိန်မြတ်ဇ၊ အမတ်ဒိန်၊ မဏိရွှတ်တို့နှင့်တိုင်ပင်၍ သားတော်ဗောလောကျွန်းတောသည် မြန်မာမင်းမိဖုရားထံတွင် ပဋိသန္ဓေနေသေးသည်ဖြစ်ရ၏။ မြန်မာမင်းကတောင်းသည်ကိုမပေးဘဲနေ၍လည်းမသင့်။ ထို့ကြောင့် ဒလမြို့မှသရက်သီးကို အစွက်အခက်မပျက်စေရအောင်စိမ်၍ ပေးတော်မူ၏။ မုတ္တမမြေနှင့်ပွန်းစလိုင်းရေအစား မသန့်သောမြေနှင့် မသန့်သောရေတို့ကို ပေးတော်မူ၏။ မိဖုရားရှင်မိနောက်လည်း ဒလသရက်သီးနှင့်မြေရေတို့ကိုသုံးဆောင်ပြီး နေ့လစေ့လျှင် မင်းရဲကျော်စွာကို ဖွားမြင်တော်မူခဲ့သည်။

မင်းရဲကျော်စွာသည် အသက်(၁၃)နှစ်သားအရွယ်ကပင် စစ်ပွဲကြီးများတွင် ဦးဆောင်တိုက်ခိုက်ခဲ့သောကြောင့် မြန်မာ့ရာဇဝင်ကျမ်းကြီးများ၌ '(၁၃)နှစ်သားသူရဲကောင်း' ဟူ၍ ဂုဏ်ပြုဖော်ပြခဲ့သည်။ မင်းရဲကျော်စွာသည် သက္ကရာဇ် ၇၇၂ ခုနှစ်၊ သက်တော် (၂၀) ပြည့်အရွယ်၌ ဟံသာဝတီ (ပဲခူး) သို့ချီတက်တိုက်ခိုက်ခဲ့သည်။သက္ကရာဇ် ၇၇၈ ခုနှ[illegible] ဟံသာဝတီနှင့်အင်းဝ၏ အနှစ် (၄၀)[illegible] ပွဲကာလအတွင်း ဟံသာဝတီနှင့်အင်း[illegible] နှစ်နိုင်ငံ၏ ရှစ်ကြိမ်မြောက်တိုက်[illegible] မင်းရဲကျော်စွာသည် ရန်သူတို့၏လ[illegible] ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ဒဏ်ရာအ[illegible] အကျယ်ရရှိခဲ့သည်။ မင်းရဲကျော်[illegible] သည် မိမိတစ်ဦးတည်း ဟံသာဝတီ[illegible] တွင်းသို့ ဆင်စီး၍ ဝင်ရောက်တိုက်ခိုက်[illegible] သည့်အတွက် သေနတ်ထိမှန်ကာ [illegible] ထက်မှကျ၍ ဖမ်းဆီးခံရခြင်းဖြစ်သည်။

ရာဇာဓိရာဇ်မင်းသည် မင်း[illegible] ကျော်စွာကို သံယောဇဉ်ရှိသောကြောင်း ရန်သူဟူ၍ သဘောမထားဘဲ [illegible] ကုသပေး၍ အနာပျောက်ကင်း[illegible] ပဲခူး (ဟံသာဝတီ) ၌နေလိုလျှင် [illegible] တော်နှင့်လက်ထပ်ကာအိမ်ရှေ့ဥပရာ[illegible] ပေးမည်။ ပြန်လိုလျှင်လည်း အင်းဝ[illegible] ပို့ဆောင်ပေးမည်ဟု မိန့်ကြားခဲ့သည်[illegible] သူရဲကောင်း မင်းရဲကျော်စွာသ[illegible] သူရဲကောင်းပီသသူ၊ ဇာတိမာန်ကြီး[illegible] စိတ်နှလုံးခိုင်မာ တည်ကြည်သူဖြစ်၍

"အရှင်မင်းကြီး ဟံသာဝတီ[illegible] လျှင် ကျွန်ုပ်ပြန်မည်မဟုတ်"

ဟူ၍ ရဲဝံ့စွာပြောဆို၏။

"သေသည်က ပို၍မြတ်[illegible] ကြောင့် ကျွန်ုပ်အားသတ်ပါ"

ဟု ရာဇာဓိရာဇ်အား တောင်း[illegible]၏။

မင်းရဲကျော်စွာသည် ထိုည[illegible] ဆင်ထက်မှကျသောဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သည်။

မင်းရဲကျော်စွာကွယ်လွန်ကြောင်း ပဲခူးဟံသာဝတီမှ အင်းဝဘုရင်[illegible] အကြောင်းကြားခဲ့သည်။ ဖခင်ဖြစ်သော အင်းဝဘုရင် ပထမမင်းခေါင်သည် [illegible] (ဟံသာဝတီ)သို့ ကိုယ်တိုင်စုန်ဆင်း[illegible] ခဲ့သည်။ သားတော်မင်းရဲကျော်စွာ ကွယ်လွန်သွားသည့်အတွက် များစွာယူကျုံး[illegible] ပူဆွေးသောကရောက်ခဲ့သည်။ [illegible] ဖြစ်သူ ရှင်မိနောက်သည်လည်း [illegible] နှလုံးအလွန်ထိခိုက်၍ နာမကျန်းဖြစ်[illegible] ကွယ်လွန်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်[illegible]

ကျမ်းကိုး -

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)

၂။ ရာဇာဓိရာဇ်အရေးတော်ပုံ[illegible] (ဗညားဒလ)

၃။ ရာဇဝင်ထဲကဖြစ်ရပ်ဆန်းများ (တင်နိုင်တိုး)

၄။ ဦးကုလားမဟာရာဇဝင်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# ရဲယိုပင်နှင့်ဆေးဝါးဓာတ်စာ

ယနေ့ တစ်ခေတ်ဆန်းလာသည့် အပင်တစ်မျိုးမှာ ရဲယိုပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကျွန်ုပ်တို့မြန်မာလူမျိုးတို့နှင့် အကျွမ်းတဝင်ရှိခဲ့သော ဆေးပင်တစ်မျိုး ဖြစ်ပါသည်။

ကျေးလက်နေကြသူများအနေဖြင့် ရဲယိုကိုသိကြသလို ရဲယိုပင်၏ အရွက်၊ အသီးတို့ကို ဆေးဝါးဓာတ်စာအဖြစ် အသုံးခဲ့ကြပါသည်။ ရဲယိုပင်၏အရွက် နုံ့စေ၍ ဆေးဝါးဓာတ်စာအဖြစ်နှင့် ဟင်းမယ်ဟင်းလျာတစ်ခွက်အနေဖြင့် သည်းကောင်း သရေစာကဲ့သို့ အပေါင်းကြော်အဖြစ်ကြော်၍ စားသောက်ကြပါသည်။

ရဲယိုရွက်ကို ကျွန်ုပ်တို့မြေလတ်ဒေသတွင် ဆန်ဟင်းချိုချက်ခြင်း၊ ဟင်းခါးချက်ခြင်းတို့ ပြုလုပ်စားသုံးကြပါသည်။ အရွက်ပေါင်းအနေဖြင့်လည်း အပေါင်းကြော်ကြော်၍စားသောက်ကြပါသည်။

ရဲယိုအသီးနုနှင့် အရွက်နုများကိုလည်း အတို့အမြုပ်အနေဖြင့်လည်း စားသောက်တတ်ကြသည်။ ရဲယိုသီးအရင့်၊ အမှည့်ကိုမူ ထန်းလျက် သို့မဟုတ် သကြားတို့ဖြင့် အစေ့ကိုထုတ်ဖယ်ပြီး နယ်၍စားကြပါသည်။ (ထန်းလျက်၊ သကြားတို့ဖြင့် ရဲယိုသီးမှည့်အနှစ်တို့ကို သမအောင်မွှေနှောက်ခြင်း၊ သမအောင် ခေါက်ပြီး စားသုံးကြပါသည်။)

ရဲယိုအရွက်၊ အသီးတို့ကို ဘယ်အတွက်ကြောင့်စားကြသလဲဟုမေးခဲ့လျှင် ဒေသခံများအနေဖြင့် အောက်ပါစကားရပ်များဖြင့် ဖြေဆိုကြမည် ဖြစ်ပါသည်။

ရဲယိုအရွက်ကို ပုံစံအမျိုးမျိုးဖြင့် အသုံးခြင်းအတွက် ဝမ်းမှန်ခြင်း၊ မျက်စိကြည်လင်ခြင်း၊ ဦးနှောက်အားတိုး၍ အသိဉာဏ်တိုးပွားခြင်း၊ ခါးနာပျောက်ခြင်း အရေပြားပေါ်တွင် ယားယံသောရောဂါကို ပျောက်စေခြင်းတို့ကြောင့် အသုံးကြရာတွင် ဆေးအဖြစ်မဟုတ်တော့ဘဲ ဆေးဝါးဓာတ်စာတစ်မျိုးအနေဖြင့် လွယ်လင့်တကူ စီမံစားသောက်ကြခြင်း ဖြစ်ပါသည်။

ရဲယိုအသီးကို (၂) မျိုးပြောရမည် ဖြစ်ပါသည်။ ပထမဦးစွာ အသီးကင်း၊ အသီးနုကို ပြောပြပါမည်။ အသီးကင်း အသီးနု ဆီးသီးခန့်အရွယ်ကို ဓားဖြင့် ပါးပါးလှီးပြီး ဆားအနည်းငယ်တို့၍စားမည်ဆိုလျှင် အပူချောင်းဆိုးခြင်းနှင့် ရာသီဥတုအပြောင်းအလဲများတွင်ဖြစ်တတ်သောချောင်းဆိုးကို ယူပစ်လိုက်သလို ပျောက်ကင်းသွားစေပါသည်။ တစ်ခါပဲစားရမှာလားဟုတော့ မမေးသင့်ပါ။ တစ်ကြိမ်ဆို ရဲယိုသီးနုနုကိုပါးပါးလှီးပြီး (၃)၊ (၄) ဖတ်မျှ စားရမည်ဖြစ်ပြီး တစ်နာရီခြားတစ်ကြိမ်ခန့်လောက်တွင် အထက်ပါအတိုင်းစားသုံးရန်ဖြစ်သည်။ ဝေဒနာရှင်၏ အခြေအနေကိုလိုက်ပြီး စားသုံးသင့်ပါသည်။ (၂) ရက်ထက် မစားရပါ။ လုံးဝပျောက်ကင်းသွားမည် ဖြစ်ပါသည်။

ရဲယိုသီးအရင့်အမှည့်ဆိုလျှင်တော့ အစေ့ထုတ်ပြီး အနှစ်ကို ထန်းလျက်၊ သကြားတို့ဖြင့် ခေါက်စားခြင်းဖြင့် အမျိုးသမီးများသွေးဆုံးချိန် (၄၀)ကျော်အသက်အရွယ်ရှိသူများ စားသုံးသင့်သော ဆေးဝါးဓာတ်စာပင် ဖြစ်ပါသည်။ (ရဲယိုသီးအရင့်အစိမ်းကို မှည့်လိုလျှင် ဆားအိုးထဲ ထည့်ထားပါက ဒီနေ့ထည့်ထားလျှင် နောက်နေ့မှာမှည့်နေပြီ ဖြစ်ပါသည်။) အမျိုးသားများအနေဖြင့်လည်း မျက်စိကြည်ခြင်း၊ ခါးနာပျောက်ခြင်းနှင့် အသက်အရွယ်ကြီးရင့်သူများဆိုလျှင် ကုန်ခမ်းနေသောခွန်အားကို ပေးစွမ်းမည်ဖြစ်ပါသည်။

ရဲယိုနှင့်ပတ်သက်ပြီးတော့ အရှင်နာဂသိန်၏ပုံပြအဘိဓာန်တွင် ဖော်ညွှန်းထားသည့်အထဲတွင်မပါဝင်သည့်ကိုယ်တွေ့ လက်တွေ့ သက်သာ ပျောက်ကင်းသည့်ရောဂါများနှင့်ပတ်သက်ပြီး ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့လူမျိုး၏ ရှေးရှေးကသူဟောင်းကြီးများနှင့် သမားအိုကြီးများ၏ အဖိုးမဖြတ်နိုင်သောကုထုံးများ၊ ဓာတ်စာများ၊ ဆေးမြီးတိုများမှာ သူ့နေရာနှင့်သူ အစွမ်းတကယ်ထက်ပါသည်။ ကျွန်ုပ်တို့၏ တိုင်းရင်းဆေးပညာတွင် ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာရေနယ စသည်တို့ဖြင့် ဖွဲ့စည်းထားသောလွန်စွာနက်နဲသောဆေးပညာ တစ်ရပ် ဖြစ်ပါသည်။

ယနေ့ခေတ်နှင့်အပြိုင် တိုင်းရင်းဆေး၏လျှို့ဝှက်နက်နဲမှုတစ်ခုကို ရဲယိုနှင့်ပတ်သက်ပြီး တင်ပြပါသည်။

ယနေ့ကာလတွင် ခေတ်မီနည်းပညာများဖြင့် ဆေးဝါးများ၊ ကုထုံးများ စွာတိုးတက်နေချိန်ဖြစ်ပါသည်။ ထိုသို့တိုးတက်ရာတွင် ခြင်ကိုက်ခံရသောသူများထဲမှ ငှက်ဖျားပိုးဦးနှောက်ထဲရောက်ခဲ့ပါလျှင် အတိတ်မေ့ခြင်း၊ ရူးသွပ်ခြင်း နောက်ဆုံး မုချသေဆုံးကြရပါသည်။ ကုစားမရသောရောဂါဖြစ်နေပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းဆေးပညာ၏ သဘောတရားများအရ ဒေသနာတော်လာသည့်အတိုင်း ကံကိုမည်သူမျှမဖြတ်နိုင်ကြပါ။ စေတနာ၊ မေတ္တာဖြင့် ရောဂါသည်ကို ကုစားပေးကြရမည်ပင် ဖြစ်ပါသည်။ အခွင့်သင့်တုန်းတင်ပြရမည်ဆိုလျှင် အဆစ်အမြစ်နာကျင်ကိုက်ခဲသူများလည်း ရဲယိုအရွက်၊ အသီးတို့ကို စားသုံးရမည်ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သောငှက်ဖျားပိုးဦးနှောက်ထဲရောက်နေသောဝေဒနာရှင်ကို ရဲယိုပင်မှရသော အရွက်၊ အသီးတို့ကို အမျိုးမျိုးစီမံပေးပြီး စားသောက်စေရမည်ဖြစ်ပါသည်။ (ကျွေးမွေးပြုစုရမည်ဖြစ်ပါသည်)

ထိုသို့ ပြုစုစောင့်ရှောက်ခြင်းဖြင့် ဝေဒနာရှင်အနေဖြင့် အသိအာရုံတို့ တိုးတက်လာမည် မုချဒိဋ္ဌဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် တင်ပြလိုသည်မှာ ကျွန်ုပ်မှာ အသက်အရွယ် (၇၅) နှစ်ကို ရောက်နေသည့် သက်ကြီးရွယ်အိုသမားအိုဖြစ်နေပါပြီ။ သိပ္ပံနည်းကျသုတေသနပြု၍ သတ္တဝါများစွာကိုကယ်တင်နိုင်ရန် စီမံဆောင်ရွက်စေလိုပါသည်။

အသက်အရွယ်အရ ကိုယ်တွေ့ကြုံခဲ့ရသော မြန်မာတို့၏တိုင်းရင်းဆေးပညာသည် ခုနစ်နေ့သားခုနစ်နေ့သမီးတို့၏ ကျန်းမာရေးကို ကောင်းမွန်စေပြီး ဉာဏ်ရည်ထက်မြက်ပြီး လူသားအားလုံးတို့အတွက် သက်ရှည်ကျန်းမာစေရန် ကြိုးစားနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်။

အမှန်တကယ် အစွမ်းထက်သည့် ရတနာတန်းဝင်သည့် မြန်မာဆေးပင်များကို စနစ်တကျ အသုံးချနိုင်စေရန် အတွက်၊ ကိုယ်တွေ့မျက်မြင်ကုထုံးများနှင့် ကျွန်ုပ်ဆရာများ၏ ကုထုံးများတို့ကို အခါအားလျော်စွာ ရေးသားတင်ပြပါဦးမည်ဟု ကတိပြုပါသည်။

*ရောဂါကင်းကွာ၍*
*ကျန်းမာချမ်းသာကြပါစေ*

**ပညာကျော်**



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး ၁၄

## ပြုံကျော်

□ ဖွားခေါက်ကံ

ဖွားခသည် မိုးကုတ်အနောက်ပိုင်းမှ ကျောက်ဖျာသူစစ်စစ် ဖြစ်သည်။ ရှမ်းတိုင်းရင်းသားဖြစ်သော်လည်း ဘဝ၏ထောင်းထုဒဏ်ခံရဖန်များသောအခါ ဆွတ်ဆွတ်ဖြူမနေဘဲ အနည်းငယ်ညိုသောအသားရောင်ရှိလေ၏။

ငယ်စဉ်ဘဝ အလှသွေးကြွယ်စဉ်ကဆိုလျှင် မိုးကုတ်အနောက်ခွင်တစ်ကြော မယ်ခသည် နာမည်ကြီးလှ၏။ လူပျိုကာလသားတို့က 'ခခ' ဟု အမြတ်တနိုးခေါ်ကြ၏။ ကျောက်ဖျာရွာမှ မယ်ခသည် အလှသတင်းကျော်စောသဖြင့် တောရွာများသာမက ကျပ်ပြင်ဝန်းကျင်မှလူတို့ပါ သွားရောက်ကြည့်ရှုကြလေ၏။ သို့ကြောင့် မာနလည်း အတန်ငယ်ကြီးလေ၏။

အပျိုတို့လွတ်လပ်ခွင့်ရသောနေ့သည် ငါးရက်တစ်ဈေး၊ ဈေးပတ်အလှည့်ကျသည့် ကျပ်ပြင်ဈေးနေ့တွင် ဈေးသွားဝယ်ရသောနေ့ ဖြစ်ပေ၏။ ဆန်အိတ်စသော လေးလံသည့် ပစ္စည်းများအားမြင်းဌား၍တင်သော်လည်း စားကုန်အချို့ကိုမူ နားပန်းတောင်းနှစ်လုံးဝါးဖြင့်လျှိုလျက် ပခုံးဖြင့်ထမ်းကာရွာအရောက်သယ်ကြပါသည်။ ခရီးကား နီးနီးမဟုတ်ပါ။ (၅) မိုင်မျှ ဝေးသည်။ တော်သေး၏။ အပြန်တွင်အဆင်းချည့်သာဖြစ်သည်။

ထိုသို့ ဈေးသွားသောနေ့တို့တွင် ဈေးထဲ၌ လွတ်လပ်စွာလည်၍ရ၏။ လူပျိုကာလသားတို့ကလည်း စာပေးရန်၊ ချစ်ခွင့်ပန်ရန်၊ ချစ်သူနှင့်တွေ့ရန် စောင့်ကြလေ၏။ ထို့ကြောင့် ကျ... ဈေးကား ကြိတ်ကြိတ်တိုးစည်... ပေ၏။

ထိုမလေ့ကိုသိနေသော ကို... သည် သူညီမမယ်ခအား အပျို... သည်မှစ၍ ဈေးသို့လုံးဝမလွှတ်... ပေ။ သူကိုယ်တိုင်ပင် ဈေးထ... မိသားစုကို ကျွေးလေ၏။ ကိုဖိုးရ... သူညီမအား အလွန်ချစ်ရာ လာ... သော ကာလသားတို့အား ရန်ပြု... သူညီမကို ကာကွယ်၏။ မ... လည်း ကိုဖိုးရန်ကို အလွန်ကြော... ရည်စားမထားရဲအောင် ရှိခဲ့၏...

ကိုဖိုးရန်သည် ညီမ...

www.burmeseclassic.com

ခြေတို အားလုံးဝယ်ပေးသဖြင့် မယ်ခသည် လှပချောမောသည့်အပြင် ရွှေတို့ဖြင့်သွတ်နေလေ၏။ ညီမအား အရိပ်ကြည့်ကြည့်ဖြင့် ဖူးဖူးမှုတ်၍ထားစဉ်မှင် မယ်ခသည် ကျောက်ကြီးရောဂါဖြစ်တာ သေလုနီးပါး ခံစားလိုက်ရ၏။ ထိုသို့ ကျောက်ကြီးရောဂါစွဲကပ်ခဲ့ပါက အချို့ရူး၏၊ အချို့ကန်း၏၊ အချို့ဆွံ့၏၊ အချို့နားလေးသွား၏။ ခန္ဓာကိုယ်တွင် တစ်ခုခုတော့ ချို့ယွင်းသွားအောင် ကျောက်ကြီးရောဂါက ပြင်းထန်၏။ မယ်ခမှာမူ နားလုံးဝမကြားရတော့ဘဲ စကားကို ဗလုံးဗထွေးမျှသာ ပြောနိုင်စွမ်းရှိတော့၏။

ကျောက်ပေါက်မာဗရပွနှင့် နားလုံးဝမကြားတော့သည့်အပြင် စကားကိုပီပြင်အောင် မပြောနိုင်တော့သော မယ်ခအား ဘယ်လူပျိုကာလသားကမှ လှည့်မကြည့်ကြတော့ပေ။ ကံကြမ္မာသည် ထိုမှစ၍ မယ်ခအား အဆိုးဘက်သို့ တွန်းပို့လိုက်တော့၏။



အပျိုဘဝလှခဲ့ရ ပျော်ခဲ့ရမော်ခဲ့ရသည်မှာ ခဏတာလေးသာဖြစ်ခဲ့ပြီး ပျော်ရွှင်မှုတို့သည် သူ့ဘဝ၌ ထာဝရ ဆိတ်သုဉ်းသွားခဲ့ပါသည်။ မယ်ခသည် ဘယ်နေရာမှာမှ အရာမဝင်တော့ချေ။ အိမ်၏ မီးဖိုချောင်အလုပ်တွင်သာ တကုပ်ကုပ်လုပ်ရင်း အချိန်ကုန်ရရှာ၏။

နောက်ပိုင်း အစ်ကိုဖြစ်သူကိုဖိုးရန် အိမ်ထောင်ကျ၏။ အစ်ကိုကြီးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဦးကြာဥမှာ လူရိုးကြီးဖြစ်ရာ လူပျိုကြီး ဘဝနှင့်နေ၏။ ကိုဖိုးရန်သည် တွင်းဆေးတိုင်း အကောင်းဆုံးကျောက်တို့ကို နုတ်ယူစုဆောင်းကာ အိုစာမင်းစာဟုထား၏။ အောက်ကျောက်တို့ကိုသာရောင်း၍ တွင်းသားတို့ကို မစို့မပို့ရှင်းပေး၏။ ထို၏ အကျိုးဆက်ကား တော်လှန်ရေးအစိုးရ တက်ပြီး မကြာမီသောနှစ်အတွင်းဝယ် မိုးကုတ်ပတ္တမြားမြေကျောက်တွင်းတို့အား ပြည်သူပိုင်သိမ်း၍ အားလုံးအလုပ်လက်မဲ့ ဖြစ်သောအခါ ဦးဖိုးရန်တစ်သက်စာ အိုစာမင်းစာဟု စုထားသော ကျောက်များ စားပြတို့၏လက်ထဲအကုန်ပါသွားတော့၏။ ကျောက်ဟူ၍တစ်ပွင့်မျှမကျန်ချေ။

ဦးဖိုးရန်မှာ အရွယ်ကောင်းသေးသော်လည်း စိတ်ဓာတ်အကြီးအကျယ်ကျကာ ရူးသွပ်လုမတတ်ခံစားရလျက် ဘာအလုပ်မှမလုပ်တော့ပေ။ ဦးကြာဥမှာ အသက်ကြီး၍ အနားယူနေပေပြီ။ ထိုအခါဝယ် မီးဖိုချောင်ကိစ္စကို ကိုင်တွယ်ဖြေရှင်းနေရသော ဒေါ်မယ်ခမှာ မနေသာတော့ဘဲ ဝမ်းရေးအတွက် ပုတ်တောကိုင်ကာ ကနဲဆေး၍ ဖြေရှင်းရတော့၏။ ထိုအခါ တွင်းလုပ်ရပ်ကွက်မှန်သမျှ ပုတ်တောတစ်ချပ်ဖြင့်ကနဲဆေးကာ ကျောက်ရှာရသဖြင့် ဒေါ်မယ်ခအားသည်၊ နားသည်ဟူ၍မရှိခဲ့ပါ။

တူမလေး အနည်းငယ်အရွယ်ရောက်သော် ဖွားခနှင့် ကနဲဆေးလိုက်၏။ တူအရီးနှစ်ယောက် မိသားစုအတွက် ဘဝကို ရုန်းကန်ရလေ၏။ အပျိုဖော်ဝင်လာသောအခါတွင်မူ တူမဖြစ်သူ မမြစိန်အား တောထဲသို့ သိပ်မခေါ်တော့ ပါ။

တောထဲတွင် ခြင်မကိုက်အောင် ဆေးပေါ့လိပ်ဖွာရာမှ ဖွားခသည် ဆေးလိပ်ကြိုက်သူဖြစ်လာခဲ့၏။ ၁၉၇၂ ခုနှစ်တွင် မမြစိန် မိုးကုတ်သား လှဝင်းနှင့် အိမ်ထောင်ကျလျက် ၁၉၇၃ ခုနှစ်တွင် အစ်ကိုကြီးဦးကြာဥဆုံး၏။ ဖွားခသည် အရွယ်နှင့်မမျှ ဘဝ၏ထောင်းထုဒဏ်ခံရသောအခါ အတော်ပင်အိုစာလေ၏။ ဘဝတွင် ကံကောင်းခြင်းဟူသည် တကယ့်ဓဏတာသာ ကြုံခဲ့ရပါသည်။

**□ ကနဲဆေးခြင်းအလုပ်**

"တို့ကတော့ ပုတ်တောတစ်ချပ်ရှိရင် ထမင်းမငတ်ဘူးဟေ့" ဟူ၍ ကနဲဆေးသူမတို့ပြောလေ့ရှိ၏။ ပုတ်တောဟူသည် နှီးဖြင့်ရက်ထားသော ဒယ်အိုးပက်ပက်သဏ္ဍာန် နှီးဇန်းကလေးဖြစ်သည်။ ထိုပုတ်တောဖြင့် ဝေါင်းခေါ် လက်ဝါးခန့်သာရှိသော သံလက်ယက်လေးပါလေ့ရှိသည်။ ထိုသံလက်ယက်ကို ဝါးရိုးဖြင့်တပ်ထား၏။ အချို့က ပေါက်ပြားတိုလေးကိုင်ကြ၏။

မြောတို့တွင် မြောတိုင်းအပေါ်သို့ တိုက်တက်သွားရာ ဆေးရန်ရေကျစလုတ်သည် တစ်ဆင့်ပြီးတစ်ဆင့် အပေါ်သို့ ရွေ့သွားကြ၏။ ထိုအခါ အောက်မြောင်းမြီးနှင့် စလုတ်များအားမဆေးကြတော့ပေ။ အများအားဖြင့် မြောကြီးမြောကောင်းတို့သည် အပေါ်စလုတ်နှစ်ဆင့်သာဆေးရာ အောက်မြောင်းမြီးစလုတ်များအား ကနဲဆေးမတို့ကို ဆေးခွင့်ပြုထားကြပါသည်။

ထိုအခါ အောက်မြောင်းပေါင်းကူးများသို့ဝင်ကာ ကနဲဆေးမတို့သည် ပထမမှုန်များ ကနယ်များ မျောပါသွားအောင် ရေထဲ၌ ခြေဖြင့်တဗွမ်းဗွမ်းဆောင့်၍ မွှေနှောက်ရ၏။ ထိုသို့ မွှေနှောက်လိုက်သော် သဲကြမ်း၊ သဲနုများ ပေါ်လာ၏။ ထိုသဲတို့ကို ပုတ်တောဖြင့် ထိုးကာ သံလက်ဖြင့်ယက်ထည့်ရ၏။

ပုတ်တောကို ရေပေါ်ဖော်ကာ သဲကြမ်း၊ ခဲကြမ်းတို့ကို ယက်ထုတ်ပစ်ရ၏။ သဲနု၊ သဲစစ်များအား ပုတ်တောဖြင့် ရေထဲထည့်ကာ ရွှေအင်ဝိုင်းသကဲ့သို့ ဝိုင်းရပါသည်။ ထိုအခါ အလွန်လေးသော မှုပဆစ်ခေါ် ရေသံခဲများနှင့်ပတ္တမြား တို့သည် ပုတ်တော၏ အလယ်အောက်ခြေတွင် ထိုင်နေပြီဖြစ်ရာ ဘေးမှခဲနှင့်သဲတို့ကို ယက်ထုတ်ပစ်ရပြန်ပါသည်။

သဲစစ်မည်းမည်းတို့သည် လက်တစ်ဆုပ်စာသာကျန်တော့ပြီး နောက်ဆုံးတစ်ကြိမ် ပြန်၍လှည့်အပြီးတွင် ကျောက်ပါပါက အလယ်၌မြင်ရပြီဖြစ်ရာ ကျောက်တို့ကို ပါးစပ်ထဲသို့ ကောက်ထည့်ကြလေ၏။

ကနဲဆေးခြင်းဟူသည် ကနယ်ခေါ် နွံ့ရည်တို့ကိုဆေးခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ကနယ်ဆေးခြင်းမှသည် ကနဲဆေးခြင်းဟူ၍ အလွယ်ခေါ်ကြခြင်းဖြစ်၏။ ကနဲဆေးခြင်းအလုပ်အား အချို့က ချောင်းထဲ၌ လုပ်ကြ၏။ ချောင်းမြောင်းဟူသည် မိုးကြီးသော် မြောတွင်းများမှ ရေကြီးသဖြင့် မျောပါလာသော ကျောက်များ၊ တောင်ကမ်းပါးပြိုကျလျက် တောင်ကမ်းပါးထဲရှိကျောက်များ ပါတတ်သဖြင့် ကျောက်ကြီးကျောက်ကောင်းများရတတ်ကြပါသည်။ ကနဲဆေးခြင်းသည်လည်း ရတနာအလုပ်မြ… ၍ အထင်မသေးစကောင်းပေ။

ကျောက်ဖျာရှာ၌ ကနဲဆေးတော်… ကြသူတို့မှာ ဖွားခ၊ ဒေါ်မေတို့ ဖြစ်ကြ… အချို့တွင်းသမားများထက်ပင် သူတို့… ဝင်ငွေသာ၏။ ဒေါ်မေ၏ယောက်ျား… ဦးလေးရင်ဖြစ်သည်။ သူ့ယောက်ျား… တွင်းအား မျှော်ကိုး၍မနေဘဲ သူ၏… ဆေးကျောက်ဖြင့်ပင် မိသားစုကို… အောင်ကျွေးနိုင်စွမ်းရှိသူဖြစ်သည်။ ပု… တောတစ်ချပ်ရှိက ထမင်းမငတ်နိုင်… ချေ။

ဖွားခနှင့် ဒေါ်မေတို့သည် ရှ… ပီသစွာ ခေါင်း၌ တဘက်ကြီးများ အ… ပေါင်းထားကြ၏။ နှစ်ဦးစလုံး ဆေး… လိပ်ကြိုက်သူများဖြစ်သည်။ သို့ကြော… ကနဲဆေးထွက်တော့မည်ဆိုပါက ဆေး… တိုအမြဲထည့်ထားသော လွယ်အိတ်… ၌ ဦးစွာဆေးလိပ်နှင့် မီးခြစ်ကိုထည့်… ၏။ ပြီးလျှင် ပါးစပ်ဖြင့်ငုံထားသော… ကျောက်တို့ ထွေးထည့်ရန် အိတ်… ခေါ် အဝတ်ရှုံ့အိတ်လေးအား လည်… ၌လွယ်၏။ ပုတ်တောနှင့် ဝေါင်းတို့… ကာ ဘယ်တွင်းဖြင့် ဒီနေ့ဆေးလော… သည်ဟုတွက်ကာ ထိုတွင်းရှိရာ တွ… တောသို့သွားရပါသည်။

တွင်းပိုင်ရှင်များက ရွှေ… ဆေးသော် တွင်းပိုင်ရှင်များ စွန့်ပစ်… သည့် နောက်မြောင်းများဆေးကြ… သည်။ ကျောက်ဟူသည် သံတုံး… ကဲ့သို့ လေးလံသောအရာဖြစ်ရာ တွ… သမားတို့က မြောင်းမြီးမှန်မှန်လှန်… အောက်ထဲသို့ ထိုင်သွားသဖြင့် အော… ဘက်သို့မျောခဲ၏။ အမှုန်အညာ… ကျောက်မှုန်ကျောက်မွှားတို့သာ… တတ်ပါသည်။ ကနဲဆေးကျော… သည် အများအားဖြင့် ကျော… ကျောက်မွှားများသာများပါသည်။ အ… အညာများအား ကနဲဆေးကျော… ပင် ခေါ်ကြပါသည်။

ကျုံးသော ရေကျစလုတ်တွင်… များသောအခါ၌ လည်းကောင်း… တတ်သူအား ကျုံးခိုင်းခြင်း… လည်းကောင်း သဲတို့မှုတ်ထွက်ကုန်… ထိုသဲတွင် ကျောက်တို့ပါသွားတတ်… ကနဲဆေးမတို့ရတတ်ကြ၏။ ထိုသ… လည်း ဖြစ်တော့်ဖြစ်ခဲ ကြုံတော… ခဲဖြစ်သည်။

ကနဲဆေးပြီးသော် နောက်… လင့်ချက်တစ်ခုမှာ တွင်း…



www.burmeseclassic.com

www.burmeseclassic.com

...ကောက်ရွေးပြီးသော သဲဖတ်ခုံမှ သဲဖတ် ...ဖြစ်သည်။ တွင်းသမားတို့သည် ...သော သဲစစ်တို့အား သဲဖတ်ခုံပြန့် ...ပုံထားကာ ယက်ခတ်ခေါ် ဝါးခြမ်း ...ကို ဓားငယ်သဏ္ဍာန်ပြုထားသော ...လေးဖြင့်ရွေးကြ၏။ ထိုလက်ခတ် ... ရွေးပြီးသားသဲတို့ကို ဘေးတို့တွန်း ...၏။ အတော်အတန်တွင်းသမားတို့ ...သည် ကျောက်ငယ်လေးများအား လက် ...ကောင်းခံ၍မကောက်ကြပါ။ ကနဲဆေးမ ...ဘတ်သို့ တွန်းပို့လိုက်လေ၏။ အချို့ ...လျှင် သုံးလုံးစီး၊ လေးလုံးစီးခေါ် ...ပွင့်တစ်ရတီ၊ လေးပွင့်တစ်ရတီ ...ဟူသော အောက်ကျောက်တို့ကို ...ကောက်ပါ။ သဲလုံးကွယ်သွား၍ တွင်း ...မမြင်သော တစ်ရတီ၊ နှစ်ရတီ ...ကျောက်တို့ပင်လျှင် ရတတ်ကြပါသည်။ ...သနားတတ်သော တွင်းသမားတို့ ...သည် ကနဲဆေးမတို့ရစေရန် မြင်လျက် ...ကောက်ဘဲ သက်သက်တွန်းပို့ပေး ...သည်လည်းရှိ၏။

အချို့ကျောက်အလွန်ကျသော ...တွင်းတို့ဆိုလျှင် အတော်အတန် ...ကျောက်ပိုမကောက်ဘဲ ကနဲဆေးမတို့ ... တွန်းပို့ပေးလေ့ရှိသည်။ ကနဲဆေးမ ...သည် ရပ်ကွက်ပေါင်းစုံ၊ တွင်းပေါင်းစုံ ...အား လှည့်လည်သွားလာဆေးကြော ...ကြရာ ဘယ်တွင်း ကျောက်ကျသည်၊ ...ဘယ်တွင်း ကျောက်ပါးသည်ကို သိနေ ...ကြ၏။ သို့ကြောင့် ကျောက်ပါးရှားသော ...တွင်း၌ ကနဲဆေးမတို့ မအုံကြပေ။ ကနဲ ...တို့အုံပါက ထိုတွင်းတွင်းစတွင်းန ...အမှန်မှန်၍ ဖြစ်ပါသည်။

တနဲဆေးမအချို့သည် မိမိတို့ ...ခွင့်ပေးထားသော မြောင်းမှကျော် ...၍ တွင်းသမားများဆေးသောရေကျ ...တ်အတွင်းသို့နိုက်၍ သဲများခိုးယူသူ ...သည်းရှိကြသည်။

စလုတ်ခေါ် သဲဝပ်ရန် ပြုလုပ် ...သော ကျောက်လေးထောင့်ကျင်း ...သည် အနက်တောင်ဆုပ်ခန့်ရှိကာ ...ကျားတစ်တောင်ကျော်ကျော်ရှိ၏။ ...အမြင့်သည် တောင်ဆုပ်ခန့်ရှိရာ ...ငန်းမှလွန်သော် ကျောက်တို့သည် ...စလုတ်၌ ထိုင်၏။

ရွှေ့တွင် တွင်းသမားများ မျှော ...၌ အာရုံပြုလုပ်ကိုင်နေစဉ် နောက် ...သို့ မကြည့်ဖြစ်ပါ။ ထိုသည်ကို ...ယူ၍ အချို့မသမာသူ ကနဲဆေး ...မတို့သည် အလစ်၌ စလုတ်နိုက်ကာ ဆေးတတ်ကြပါသည်။ ထိုအခါ ကျောက် ကောင်းပါသွားတတ်၏။

ထို့ကြောင့် မြောင်းမြီး၌ ကနဲ ဆေးမများရောက်နေသော် စလုတ်နိုက် မည်စိုး၍ မကြာမကြာသွား၍ ကြည့်ရ ၏။ မတော်တဆမိသွားခဲ့သော် ထိုကနဲ ဆေးမကား တွင်းသမားလောက၌ နာမည်ပျက်၍ အမည်းစက်စွန်းသွားခဲ့ပြီ ဖြစ်သည်။ သူလာလျှင် အားလုံးက မျက်စိဒေါက်ထောက်ကြည့်ခြင်းကိုခံရပြီ ဖြစ်ရာ တွင်းသမားတို့၏ ချဉ်ဖတ်ဖြစ် သွားတော့၏။ ထို့ကြောင့် မိုးကုတ်၌ 'ရိုးသားခြင်းကား စား၍မကုန်နိုင်' ဟု အဆိုရှိရာ ရိုးသားရန်အထူးလိုအပ်လှပေ ၏။

## ▫ အိပ်မက်ကောင်းတယ်

ရှေးအခါက ကျောက်ဖျာရွာသူ ရွာသားတို့သည် ရှမ်းများ၊ ပလောင်များ ဖြစ်ကြရာ မြန်မာစကားပြောလေ့မရှိကြ ပေ။ သို့သော် ရွာတိုင်း၌ သီလယူခြင်း၊ တရားဟောခြင်း၊ လှူမှုကိစ္စအဝဝဆောင် ရွက်ခြင်း၊ ရိုးကနားကိစ္စများ ပြုလုပ် ဆောင်ရွက်ရခြင်းတို့၌ မြန်မာဘာသာ စကားသာလျှင် အသုံးပြုကြရရာ မြန်မာ စကားတတ်ကြပါသည်။ ဘုန်းတော်ကြီး ကျောင်းမှ သင်ပေးသဖြင့်လည်း သေစာ ရှင်စာဖတ်တတ်ကြပါသည်။

သို့သော် ဖွားခမှာမူ မြန်မာစကား မပြောတတ်ပေ။ ရှမ်းစကားသာလျှင် ဒေသသုံးဝေါဟာရအရ တတ်ကျွမ်းပါ သည်။ ကျောက်ကြီးပေါက်ပြီး၍ နား လုံးဝမကြားရသောအခါ ရှမ်းစကားကို သာ ပူးပူးဝါးဝါးပြောဆိုလေ့ရှိသည်။ ရွာ ကလူများမှာလည်း သူဘာပြောသည်ကို သိနေကြလေ၏။ ဖွားခသည် ပြောသူ၏ ပါးစပ်ကိုကြည့်ကာ ဘာပြောသည်ကို ခန့်မှန်းနားလည်လေ၏။ မြန်မာလိုပြော သော် လုံးဝနားမလည်ပေ။ သို့ကြောင့် ဗမာများအား ဖွားခသည် စကားပြော လေ့မရှိပါ။

ဖွားခသည် ကျောက်ဖျာရွာ၏ အလယ်ပိုင်းတွင်နေ၍ ဒေါ်မေသည် ကျောက်ဖျာအောက်ပိုင်း၌ နေပါသည်။ ကျောက်တွင်းလုပ်သူတို့သည် (၈) နာရီ ခွဲမှသည် (၉) နာရီဝန်းကျင်၌ မိမိလုပ် ရာလုပ်ကွက်ဆီ သွားကြလေ့ရှိသည်။ ဖွားခသည် လွယ်အိတ်လေးလွယ်လျက် ပုတ်တောနှင့် ဝေါင်းကိုယူကာ ဒေါ်မေ အိမ်သို့ ရောက်လာလေ၏။

"ဟဲ့ - အဲမေ ကနဲဆေးမသွားဘူး လား"

"သွားမှာ ဖွားခရဲ့"

"ဒါဆိုသွားကြစို့။ ညက အိပ်မက် သိပ်ကောင်းတယ်သိလား"

"ဘာတွေမက်လို့လဲ"

"အိပ်မက်ထဲမှာပေါ့ဟာ ငါကနဲ ဆေးသွားမလို့ ထွက်လာလိုက်တာ မျက်စိလည်ပြီး တောကြီးထဲရောက်သွား တယ်ဟဲ့။ အဲဒီမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးရောက်လာပြီး ဒီကိုဘာလို့ လာသလဲလို့မေးတယ်။ ငါက တွင်းတော မှာ ကနဲဆေးသွားမလို့ဆိုပြီးပြောတော့ လာဆိုပြီး ငါ့လက်ဆွဲပြီး မိုးပေါ် ပျံတက် သွားတာဟ။ ငါလေကြောက်လိုက်တာ လွန်ရော။ အောက်ဘက်က တွင်းတော တွေ အကုန်မြင်နေရတယ်။ အဲဒီမှာ သက်ကယ်ကျင်းလုပ်ကွက်လည်းရောက် ကရော အောက်ကိုဆင်းလာပြီး ကျော် ဂဒူးတို့ တွင်းမှာချပေးခဲ့တာဟ။ အဲဒီ ဘိုးတော်က ဒီမှာဆေးနင်ကျောက်ကြီး ကျောက်ကောင်းရမယ်လို့ ပြောသွားတာ ဟ။ ဒီနေ့ကျော်ဂဒူးတို့တွင်းကို သွားဆေး ရအောင်လား"

ဟူ၍ ရှမ်းဘာသာဖြင့် ဒေါ်မေ အား အားရပါးရပြောပြနေလေ၏။ ပြောနေဆိုနေကျမို့ ဒေါ်မေ ကောင်းစွာ နားလည်ရာ ဝမ်းသာအားရဖြစ်လျက် ဒီကနေ့တော့ လာဘ်ကောင်းပြီဟူ၍ ဒေါ်မေ သိလိုက်၏။

"ဒီနေ့ ဖွားခကျောက်ကြီးကျောက် ကောင်းရတော့မှာ။ ရရင်အတူတူနော်"

"ဩော် - နင်ကလည်း အတူတူ သွားမှတော့ ရရင်အတူတူပေါ့ဟယ်။ ငါ က လောဘမကြီးပါဘူး"

ဟူ၍ ပြန်ပြောကာ သူတို့နှစ်ဦး သည် နာရီဝက်ခန့်သွားရောက်နိုင်သော ကျောက်ဖျာရွာ၏ အနောက်တောင် ထောင့်ရှိ သက်ကယ်ကျင်းလုပ်ကွက်သို့ ထွက်ခဲ့ကြပါသည်။ ဒေါ်မေ၏ အတွေး ထဲတွင်မူ ဖြူစင်ရိုးသား၍ သနားစဖွယ် သော ဖွားခအား ပတ္တမြားတို့ကို ပိုင်သ စိုးမိုးသော အရှင်သခင်တို့မှ ကျောက်ရှိ သောနေရာအား ပြသခြင်းဖြစ်မည်ဟု ယူဆပါသည်။

ဖွားခကား (၆၀) ကျော်အရွယ် ဖြစ်သလို ဒေါ်မေမှာ (၅၀) ကျော်စ အရွယ်ဖြစ်သည်။ သို့သော် ဖွားခမှာ ဆံပင်တို့ ဆွတ်ဆွတ်ဖြူလျက် လိုသည် ထက်များစွာပို၍ အိုမင်းလျက်ရှိချေ၏။ ဘဝတွင် သာယာမှုဟူသည် ခေတ္တခဏ



www.burmeseclassic.com

www.burmeseclassic.com

သာရလျက် လောကခံ၏ထောင်းထုခြင်းကို တစ်လျှောက်လုံးခံခဲ့ရသဖြင့် ထိုသို့ အိုမင်းခြင်း ဖြစ်လေသည်။

▫ မျှောစုတစ်စုပေးရမည်

တိုက်တိုက်ဆိုင်ဆိုင်ပင် ဖွားခတို့ ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဦးကျော်ဂဒူးတို့ တွင်းဆေးသောနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံရန် ဖြစ်သည်။

ဦးကျော်ဂဒူးတွင်း၌ အဆင့် (၄) ဆင့်ရှိကာ အပေါ်နှစ်ဆင့်တွင် ဦးကျော်ဂဒူးတို့ ဆေး၍ အောက်နှစ်ဆင့်မှာ မျှောခွက်နှင့် အတန်ပင်ဝေးသွားသဖြင့် ကနဲဆေးတို့အား ပေးဆေးသည်။

ဖွားခနှင့် ဒေါ်မေရောက်လာသည်ကို မြင်သောအခါ ဦးကျော်ဂဒူးက -

"ညက မိုးကြီးလို့ တောင်ကျရေတွေများပြီး သဲတွေအတော်များများ မျောကုန်တယ်။ အဲဒါ ကျောက်ကြီးကျောက်တွေလည်း ပါသွားနိုင်တယ်။ ဖွားခတို့ ကျောက်ကြီးကျောက်ကောင်းရရင် ကျုပ်ကိုတွင်းစုတစ်စုပေးရမယ်"

ဟု ရှမ်းလိုပြောရာ ပါးစပ်လှုပ်သည်ကိုကြည့်၍ နားလည်သောဖွားခက -

"ပေးပါ့မယ်ကျော်ဂဒူးရယ်၊ ပေးပါ့မယ်။ ကျောက်ကြီးကျောက်ကောင်းရပါစေလို့ ဆုတောင်းပါတယ်ဟာ"

ဟု ပြောကာ ကနဲစတင်ဆေးလေ၏။

ပါးစပ်ကလည်း ဆေးပေါ့လိပ်ကို ခဲထားလေ၏။ မီးရှို့၍မဟုတ်ပေ။ ဆေးပေါ့လိပ်တိုမှာ မီးငြိမ်းနေပြားသော်လည်း အကျင့်ပါကာ အာသာပြေခဲထားခြင်း ဖြစ်သည်။ သူ၏အဖော်မှာ ဤဆေးပေါ့လိပ်သာ ဖြစ်သည်။ အချိန်တိုင်း မိုးကုတ်ထွက် ဒေါ်အေးခင်၏ ခြိုးဆေးပေါ့လိပ်က ပါးစပ်မှမချေချေ။ သို့သော် ကနဲဆေး၍ ကျောက်ငုံရန်လိုသော် ဆေးလိပ်ကို ဖြုတ်ရပါသည်။

ဦးကျော်ဂဒူးသည် စလုတ်ထိုင်ကာ သဲကျိုးနေ၏။ ဦးကျော်ဂဒူး၏ နောက်မြောင်းမှစ၍ တဖြည်းဖြည်းဆေးကာ တတိယရေကျစလုတ်သို့ ရောက်ခဲ့၏။ ဒေါ်မေမှာ စတုတ္ထမြောင်း၌ ဆေးလျက်ရှိသည်။ မြောင်းတစ်ခု၏ အရှည်မှာ ပေ (၃၀) မျှ ရှည်လျား၏။

ဖွားခသည် အပေါ်ဆင့်မှဆင်းကာ တတိယရေကျစလုတ်ကို စတင်ဆေး၏။ စလုတ်ထဲ၌ရှိနေသော သဲများအား ဒူငါးဖြင့်ဆွဲလှန်ပြီး ပုတ်တောထဲသို့ယက်ထည့်ကာ အလင်းဖြင့်မြှောက်ကြည့်လိုက်၏။

"ဩ - ကျောက်တဲ့"

ကျောက်ဖြုန်းများအကြား၌ ပိန္နဲစေ့ခန့်ရှိသော နီလာကြီးသည် ပြာလဲ့တောက်ပကာ ထင်းထင်းကြီးပေါ်နေလေ၏။ သို့ကြောင့် အံ့ဩတကြီးပါးစပ်က အလိုလိုအသံထွက်သွားခြင်းဖြစ်သည်။ ဖွားခသည် ကျောက်ကြီးအား ပါးစပ်ထဲသို့ထည့်ကာ ငုံထားလိုက်ပြီး ချက်ချင်းပင် မြောင်းမြီးထဲမှ အပေါ်သို့ တက်လိုက်၏။ ပုတ်တောထဲမှ သဲများအား စလုတ်ထဲ ပြန်ထည့်ထားခဲ့သည်။

"အဲမေ ဟဲ့ အဲမေ ငါကျောက်ကြီးရပြီဟဲ့။ ဟဲ့ကျော်ဘဒူး ဟောဟိုစလုတ်ထဲက ငါကျောက်ကြီးရတယ်။ လာကြည့်ကြဦး"

ဟု အော်ခေါ်ကာ နကျောက်ကြီးကို ဝိုင်းဝန်းကြည့်ရှုကြပါသည်။

ဤတွင် ဦးကျော်ဂဒူးက -

"ဖွားခကိုကျုပ်ပြောသားပဲ။ ညက မိုးကြီးတော့ သဲတွေအများကြီးမျောကုန်ပါတယ်ဆို။ ဖွားခနဲ့ထိုက်လို့ဖွားခရတာပဲ။ ခုလို ရိုးရိုးသားသားခေါ်ပြတာနဲ့ကို ဖွားခကို ကျေးဇူးတင်ပါတယ်။ အချို့ဆို ဒီလိုကျောက်ကြီးရရင် အသိတောင်ပေးမှာ မဟုတ်ဘူး"

ဟု ဆိုလေ၏။

ဖွားခက -

"ကျော်ဂဒူး၊ နင့်ဟာနင်ရောင်း။ ငါနဲ့အဲမေတို့ကို တစ်စုစီပေး။ နင့်ကတိအတိုင်း နင်ကတစ်စုယူ ဟုတ်လား"

ဟု ပြောကာ ကြီးမား၍လှပသော နီလာကြီးအား ဦးကျော်ဂဒူးလက်ထဲ ပြန်ထည့်ပေးလိုက်လေ၏။ ရှေးလူတို့သည် ထိုမျှရိုးသားဖြူစင်ကြပါသည်။ မတော်လောဘဟူ၍ စိုးစဉ်မျှမရှိပါ။

ဤတွင် ဒေါ်မေက -

"ဖွားခ ကျောက်ကြီးကျောက်ကောင်းရမှာပါလို့ ကျွန်မပြောသားပဲ။ ဖွားခအိပ်မက်ကမှန်လိုက်တာနော်"

ဟု ဆိုလေ၏။

ဦးကျော်ဂဒူးသည် နီလာကြီးအား အဝတ်စဖြင့်ထုပ်ကာ အိပ်ကပ်ထဲ အသေအချာထည့်ပြီး တွင်းဆေးရန် မျှောထဲပြန်ဆင်းသွားသလို ဖွားခနှင့် ဒေါ်မေတို့မှာလည်း မြောင်းထဲရှိ သဲများကုန်စင်အောင်ဆေးရန် မြောင်း... ပြန်ဆင်းသွားကြပါသည်။

ထိုခေတ် ထိုအချိန်သည် ... ဈေးအလွန်ကြီးမကောင်းရာ ကိုးသော... သာရောင်းရပြီး တစ်ဦးကို သုံးသော... ရကြလေ၏။ သုံးသောင်းဆိုသော... ကား နည်းနည်းနောမဟုတ်ပါ။ ... အချိန်သည် ရွှေတစ်ကျပ်သား (၁... ကျပ်သာရှိရာ ရွှေတစ်ပိဿာ... တန်ဖိုးရှိပေ၏။

ဖွားခသည် လောလော... လတ် သူဌေးထဖြစ်ပါသည်။ သို့သော်... မြေးမ၏ အသုံးအဖြုန်းကြောင့် ... ကျော်ကျော်တွင် နဂိုဘဝပြန်ရော... ပြန်လေ၏။ မိုးကုတ်ကား လွယ်လွ... သော် လွယ်လွယ်သုံးပစ်ကြသည်... ဖြစ်သည်။ သို့ကြောင့် မည်မျှရရ ... ဘဝသို့ ထပ်တလဲလဲပြန်ရောက်ကြ... သည်။

▫ ဦးဖိုးရန်နောက်အိမ်ထောင်ပြုခြင်း

ဖွားခသည် နေရင်းထိုင်ရင်း ... ရင်း ကိုင်ရင်း ပို၍အိုစာလာခဲ့ပါပြီ... ဖြစ်သူ မမြစိန်သည်လည်း သူ့ခ... လှဝင်းဆုံးပြီးနောက် နောက်တစ်... ဖူးစာဆုံကာ ကျောက်ဖျာမှ ခွဲခွာ... ပေပြီ။ ဘယ်ဆီရောက်၍ဘယ်ဆီ... သည်ပင် ဖွားခမသိပါ။ ဖွားခသိသ... ဝမ်းရေးအတွက် ကနဲဆေးရန်သာ... သည်။ အစ်ကိုဖြစ်သူ ဦးဖိုးရန်မှာ... ပလောင်မတစ်ဦးနှင့် နောက်အိမ်ထော... ပြုထားလျက်ရှိ၏။ ထိုအခါဝယ် ... ချောင် မီးခိုးမှန်မှန်ထွက်နိုင်ရေးအ... ဖွားခသာ ကြိုးစားရှာရပါသည်။ ... အစ်ကိုအတွက် ရှာရ၏။ ယခု... ဦးဖိုးရန်၏ဇနီးနှင့်မယားပါသမီးအ... ပါ ပို၍ရှာရပါပြီ။ ကံကားမကော... ရင်း မကောင်းဟုဆိုရပေမည်။

ထိုကိစ္စနှင့် ပတ်သက်၍ ... သည် တူဖြစ်သူ သူကြီးဦးထွန်း... တိုင်ပြော၏။ ဦးဖိုးရန်ကား သူ... ဦးလေးတော်စပ်သလို ဖွားခမှာ... အဒေါ်တော်စပ်ပါသည်။ သို့သော် ... ကိစ္စအား သူကြီးလည်းမတတ်နိုင်... နောင်ခေါ် ပလောင်အဘွား... နိုင်းလွယ်သည် ရွာရိုးချမ်းသာသူ... အဝတ်လိုက်လျှော်ရာ အများ၏... မှုကြောင့် တော်သေးသည်ဟု ဆို... မည်။ ဦးဖိုးရန်မှာမူ ရွာတကာလည်... အနှိပ်ဆရာယောင်ယောင်... ယောင်လုပ်၍နေပါသည်။ ...

www.burmeseclassic.com

www.burmeseclassic.com

...င်းသန်မှို့ လက်လည်းအလွန်သန်၏။ ...သုတနည်းပါးသည့်အလျှောက် နိုင်...ာ ပါးစပ်ထဲတွေ့ရာပြောတတ်ရာ ...တ်မဟုတ်များမို့ ကြားရသူတို့ ...မောကြရပါသည်။ စာပင်ကောင်း ...ာင်းမတတ်သော ဦးဖိုးရန်သည် ...တို့ကို ဗုဒ္ဓဝင်ဆိုပြီး ပေါက်ကရတွေ ...သောအခါ နဂိုက- ခပ်ပေါပေါမို့ ...လွှတ်ကာ ရယ်မောကြလေ၏။

ထိုဗုဒ္ဓဝင်ဆိုသောအပြောများ ...တွန်းပိတို့ ကင်းစောင့်စဉ် ဦးဖိုးရန် ...တွဲကျပါက မကြာမကြာကြားရတတ် ... တွန်းပိတို့ လွန်စွာရယ်မောကြရလေ ... စိတ်ထဲတွေ့ရာလျှောက်ပြောခြင်း ...ရာ ကျပ်မပြည့်သူမို့ ခွင့်လွှတ်ရပါ ...။ ဘယ်သောအခါမှ ကဏာကောစ ...ပြောခြင်းမရှိခဲ့ကြပေ။

ဖွားခသည် လူကြီးပီသစွာဝါတွင်း ...လ ဥပုသ်သီတင်းနေ့များ၌ အများ ...တူ ကျောင်းသို့သီလယူတတ်သော် ... ငယ်စဉ်ကပင် ဩကာသမျှမရရာ ...ရှိခိုးသော် ရှိခိုး၏။ ပြီးသော် ဘာမှ ...ဆိုနိုင်စွမ်းမရှိချေ။ နားမကြားသော ...ကွာသည်လည်းမသေးလှကြောင်း ...ဘောပေါက်ရပါသည်။ ထိုသည်ကို ...ကြာမကြာမြင်တွေ့နေရလေရာ စိတ် ...ာင်းရှိရလေ၏။ သူ၏ကံကြမ္မာ ...သည် ဆွံ့အနားမကြားဘဝသို့ တွန်းပို့ ...ကြောင်း သဘောပေါက်ရပါသည်။

**...ကျောက်ပြဿဒ်ဘုရားတောင်လှိုဏ်**

၁၉၇၆ ခုနှစ်တွင် ဖြစ်သည်။ ထို ...ချိန်ကာလ၌ ရွှေသည် တစ်ကျပ်သား (...၁၀) ကျပ်အထိ တက်သွားခဲ့ပြီဖြစ် ...သည်။ ဖွားခသည် လွှဲမရှောင်သာ၍သာ ...န်ဆေးထွက်လာရသည်။ အရွယ်က ...ားပြောပြီဖြစ်သည်။ သို့အတွက် ...ဆေးလုပ်ကွက်များသို့ ကနဲဆေး ...ွားနိုင်တော့ပေ။ ရွာပတ်ဝန်းကျင်ရှိနီး ...သောလုပ်ကွက်များဖြစ်သည့် ကျောက် ...ချောင်းရိုး၊ ငွေးပင်ချောင်းရိုး၊ တောင် ...လှိုဏ် ငမုန်းချောင်း၊ ကျောက်ပြဿဒ် ...ရားတောင်လှိုဏ် စသည့် အနီးအနား ...ဝိုက်သာ လှည့်လည်၍ ကနဲဆေးနိုင် ...၏။

ယနေ့တွင် ကျောက်ပြဿဒ်ဘုရား ...ာင်လှိုဏ်၌သာ ဆေးတော့မည်ဟူ၍ ...ဖြတ်ကာ ကျောက်ဖျာရွာ၏ မြောက် ...က်ရှိ ကျောက်ပြဿဒ်ရွာသွားသည့် ...န်းအတိုင်း တရွေ့ရွေ့လာခဲ့ပါသည်။ ...ကျောက်ပြဿဒ်ရွာမဝင်မီ အနောက်ဘက်လှိုဏ်ထဲသို့ဆင်းပါက တွင်းလုပ်ကွက်ဖြစ်သော ကျောက်ပြဿဒ်ဘုရားတောင်လှိုဏ်သို့ရောက်လေ၏။ ထိုလုပ်ကွက်သည် မြင်းချေးရောင်မြောကျောက် အကောင်းဆုံးထွက်ရာလုပ်ကွက်ဖြစ်၏။ မြောဟူသည် မြောင်မှ ဆင်းသက်၏။ မြောင်ကား ကြောင်ဖြစ်သည်။ ရှမ်းဘာသာစကားဖြင့် ကြောင်ကို·မြောင်ဟုခေါ်၏။ မြောင်မှ မြောသို့ ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်ရာ မြော ဟူသည် ကြောင်မျက်လုံးကျောက်ဟု အဓိပ္ပာယ်ရလေ၏။ ထိုကျောက်မျိုးသည် အညို့အုပ်စုတွင်ပါဝင်ကာ အခိုးပါသဖြင့် အခိုးကောင်းပါက သွေးလိုက်သောအခါ ကြောင်မျက်လုံးကဲ့သို့အခိုးမှသည် ကြိုးသဏ္ဍာန်ဖြစ်ပေါ်နေ၏။ ကြောင်တို့၏မျက်ဝန်းသည် နေ့အခါ၌ သူငယ်အိမ်ကျုံ့ထားသဖြင့် အထက်အောက်ကြိုးသဖွယ်သောမျက်ဝန်းသာရှိ၏။ ထိုသည်နှင့်တူ၍ ကြောင်ကျောက်ဟု ခေါ်ခြင်း ဖြစ်သည်။

ထိုမြောခေါ် ကြောင်ကျောက်များကား အနီရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ အဝါရောင်၊ အဖြူရောင်၊ မြင်းချေးရောင် စသည်ဖြင့် အရောင်မျိုးစုံရှိသည်။ ထိုအထဲတွင် မြင်းချေးရောင်ကြောင်မျက်လုံးသည် အကောင်းဆုံးဖြစ်ရာ ထိုကျောက်မျိုးသည် ဤလုပ်ကွက်တစ်ခုတည်း၌သာ ထွက်သဖြင့် ကျောက်ပြဿဒ်ဘုရားတောင်လှိုဏ်သည် မြင်းချေးရောင်မြောကျောက်နာမည်ကြီးလေ၏။

လှိုဏ်ထဲဆင်းလိုက်သည်နှင့် ဝန်းကျင်မှ စိမ့်မြိုင်တို့ကြောင့် အေးစိမ့်စိမ့်



ဖြစ်သွားခဲ့သည်။ လှိုဏ်ထိပ်တွင်ကား ကျောက်ပြဿဒ်ဘုရားတောင်မည်းမည်းကြီးသည် မြင့်မားစွာ ရပ်တည်လျက် တိမ်တို့ တစ်ပိုင်းတစ်စဖုံးအုပ်လျက်ရှိသည်။ ဖွားခသည် ဘုရားတောင်ထိပ်ရှိ စေတီတော်ကြီးအား မတ်တတ်ရပ်လျက် ရှိခိုးပူဇော်လိုက်၏။

ဘုရားတောင်လုပ်ကွက်တွင် မျှောတိုက်သူဟူ၍ သိပ်မရှိတော့ပေ။ တစ်ဦးသာလျှင် ရေနည်းနည်းဖြင့် မျှောတိုက်နေ၏။ အခြားတွင်းသုံးလေးတွင်းမှာ ဖောက်တွင်းများဖြစ်သည်။ ထိုကွက်ရပ်သည် ရေဆန်သဖြင့် ရေနှင့်နပန်းလုံးရရာ အတော်အတန်လူတို့မလုပ်နိုင်ပေ။

ကျောက်ဖျာရွာ၏ သောက်ရေသည် ထိုဘုရားတောင်၏ လှိုဏ်တစ်ခုမှ ထွက်သော စမ်းရေအား ကန်ဆီးလျက် ပိုက်သွယ်ကာ ယူထားခြင်းဖြစ်ရာ ရေမှာ ထန်လှပေ၏။ လုပ်ကွက်တစ်ခုလုံး လှိုဏ်မြောင်များ၊ စကျင်ကျောက်လှိုဏ်များဖြစ်သည်။ ဖြုန်းမှာ မြေနီဖြုန်းဖြစ်သည်။ ထိုလုပ်ကွက်သည် ကျောက်နီအထွက်များသော လုပ်ကွက်ဖြစ်သည်။ ထို့အပြင် မြောကျောက်များလည်း အများအပြားထွက်ရှိလေ၏။

**□ ပြကျောက်**

ရေနည်းနည်းဖြင့် တိုက်နေသော မျှော၏ မြောင်းမြီးသည် ရေနည်းမှုကြောင့် မှန်များ ကနယ်ခေါ် ရွှံ့များ တောင့်တင်းနေပေရာ အောက်ခြေသဲပေါက်အောင် ငေါ်ဖြင့် မနည်းမွှေယူရလေ၏။ သဲရ၍ ဆေးကြည့်ပြန်ပါသော်လည်း ရေနည်းသဖြင့် ကျောက်မှုန်ကျောက်မွှားမျှပင် မမျှောရာ သည်ပုံအတိုင်းဆိုပါက ခါးညောင်းသည်သာ အဖတ်တင်ပေမည်။ ချောင်းထဲရေများများဖြင့်ဆေးသော် အမှုန်အညာတော့ ရလေ၏။ ယခုသော် အဆင်မပြေမှန်းသိရာ ဖွားခသည် မြောင်းမြီးထဲမှ တက်ခဲ့လေ၏။

ထို့နောက် စိတ်ပျက်လက်ပျက်နှင့် မြောင်းနံဘေးရှိ သဖန်းပင်ရိပ်တွင် ထိုင်နားနေမိလေ၏။ ထိုမှ အနောက်ဘက်သို့ကြည့်သော် သဲဖတ်ပုံကြီးနှင့် ရေမှုန်ငယ်တစ်ခုကို တွေ့ရရာ သဲဖတ်ထဲရွေးရသည်ကမှ အမှုန်အညာရနိုင်သေးသည်ဟုတွေးလျက် ရေမှုန်ဆီသို့လာခဲ့ပါသည်။

အမှန်သော် ထိုရေမှုန်သည် ကျောက်ပြဿဒ်ဘုရားတောင်ကြီး၏ အောက်ခြေကျောက်ကြားများမှ ဖြုန်း...

www.burmeseclassic.com

အား ညတွင် ခိုးယူကာ ထိုလျှိုထဲရှိ ရေမှုန်၌ ခုတ်မီး၊ ဖယောင်းတိုင်တို့ဖြင့် ခိုးဆေးထားကြခြင်း ဖြစ်သည်။

ဘုရားတောင်ကြီးကား စကျင်ကျောက်တောင်ကြီးဖြစ်ရာ ထိုကျောက်ကြားများ၌လည်းကောင်း၊ အောက်ခြေလှုိင်ဂူထဲ၌လည်းကောင်း ကျောက်နီပတ္တမြားတို့ အလွန်ပေါလေ၏။ ဘာသာရေးနယ်နိမိတ်ဖြစ်ခြင်း၊ ကျောက်တောင်ကြီး ထိခိုက်မည်စိုးခြင်းကြောင့် ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့ကြသော်လည်း ဝိသမလောဘသားတို့မှာမူ ဘာမှထည့်မတွက်ဘဲ ကျောက်ရရေးသာ ရှေးရှု၍ ညဉ့်ခိုးဖောက်ကာ လျှိုထဲရှိ ရေမှုန်သို့ ထမ်းဆေးကြလေ၏။ အပေါ်ယံမြေမည်း၊ အောက်ခြေမြေနီ အားလုံးကျောက်ရှိပါသည်။ ဖွားခသည် ဤသည်တို့ကို လုံးဝသိခြင်းမရှိပေ။ သဲဖတ်ဟောင်းရှာလိုသောဆန္ဒဖြင့် လာခဲ့ခြင်းဖြစ်သည်။

ပဲလှော်ကျောက်ဖြုန်းခေါ် ဆန်ခါထိုးကျောက်ဖြုန်းတို့သည် စလုတ်ဘေး၌များစွာရှိပြီး ချောင်းငယ်မှဆိုသော် ခါးမှုမြင့်ရာ ဖွားခသည် ထိုစလုတ်ဘေးမှ အားယူ၍ ကုပ်တက်လေ၏။ ထိုအခါ ဆန်ခါထိုးကျောက်ဖြုန်းပုံသည် ဖြောခနဲ လျှပ်ကာ အောက်သို့ လျှောကျလေ၏။ ကျောက်ဖြုန်းတို့သည် မုသားနီ၊ ရွှေနက်၊ ကျောက်မာမှာ ကျောက်ဖြုန်းများ ဖြစ်လေရာ ဖွားခ ကျောက်ဖြုန်းတို့ကို အသေအချာကြည့်မိ၏။

ဖွားခကား မျက်စိလုံးဝမှုန်သူ မဟုတ်ရာ မျက်စိသည် ကျောက်ဟုထင်ရသောအရာအား ဖတ်ခနဲသွားငြိမိလေ၏။ သို့ကြောင့် ပါးစပ်က 'ကျောက်များလား' ဟု အသံထွက်ကာ လက်ကကောက်ပြီးသားဖြစ်သွားလေ၏။

လက်နှင့် ထိမိလိုက်သည်နှင့် တစ်ပြိုင်နက် ကျောက်တည်းဟူသော ပတ္တမြား၏အထိအတွေ့သည် နှလုံးအိမ်သို့တိုင် စီးဝင်သွားရာ ဝမ်းသာပီတိစိတ်တို့ တဖျဉ်းဖျဉ်းဖြစ်ရလေ၏။ ကျောက်ဖြုန်းနှင့် ပတ္တမြားဟူသည် အထိအတွေ့လုံးဝမတူပေ။ ငါကျောက်ကြီးရပြီဟူသောအသိဖြင့် ထိုကျောက်နီပတ္တမြားကြီးအား စလုတ်ထဲရှိ ရေဖြင့်ဆေးကာ ပါးစပ်ထဲပစ်ထည့်လိုက်တော့၏။ သဲဖတ်ဟောင်းခုံသို့ပင် မတက်တော့ဘဲ ဖွားခသည် နောက်ကြောင်းသို့ ချက်ချင်းပြန်လှည့်ခဲ့လေ၏။

အမှန်သော် ဖွားခအား ပတ္တမြားတို့၏ အရှင်သခင်များက မမြင်မြင်အောင် ခေါ်၍ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ ပြရုံသာပြသည်မဟုတ်ဘဲ ရအောင်ပြလိုက်ခြင်းဖြစ်ရာ ပီတိကြောင့် အပြန်လမ်းတွင် မောသည်ဟုပင် မထင်မိပေ။ ပီတိဇောကြောင့် ခဏနှင့် ရွာရောက်၏။

အမှန်သော် ညခိုးဆေးသူတို့သည် ကျောက်ကြီးအား ဆန်ခါထိုးကျောက်ဖြုန်းနှင့်မှားကာ ရော၍ပစ်ထားခဲ့ခြင်း ဖြစ်သည်။ အများအားဖြင့် ပတ္တမြားသည် ဆန်ခါတင်ကျောက်ဟူ၍ ရှားလှချေ၏။ ယခု ကျောက်နီပတ္တမြားကား ဆန်ခါတင်ကျောက်ကြီးဖြစ်ရာ လောက်စာလုံးခန့်ရှိလေ၏။ ရတနာဟူသည် ထိုက်သူထံသို့သာသွားစမြဲ ဖြစ်ချေ၏။

## ◻ သူကြီးမှရောင်းပေးခြင်း

ဖွားခသည် ထိုကျောက်ရလာမှုအား မည်သူ့ကိုမျှ မသိစေဘဲ တူဖြစ်သူ သူကြီးဦးထွန်းညိုထံသို့သွားကာ အပ်လိုက်ပါသည်။ ကျောက်အား ဆားပွတ်၍ ရေဆေးကြည့်သော် အရည်နှင့် အသားအရွယ်ကောင်းပါသော်လည်း အပြစ်များကြောင့် အစားဖြစ်၍သွားပါသည်။

ကျောက်၌ တာပလာခေါ် ကျောက်စစ်၊ အသားကောင်းပြီး အပြစ်များငြိပါက အစား၊ အသားညံ့ပါက လုံးချောဟူ၍ (၃) မျိုး (၃) စားခွဲထားရာ ဖွားခ၏ ကျောက်သည် စားဖားခေါ် အစားကျောက်ကြီးဖြစ်၍နေပါသည်။ အစစ်ဟူသည် ဖန်သားမှန်သားဖြစ်ပြီး ရှုပြစ်ပင် လုံးဝမပါရပါ။ ထို့ပြင် ဂေါ်လည်း မပါရပါ။ ကျောက်စစ်ကျောက်ကောင်းအား အပြစ်စင်ဂေါ်စင်ဟု ခေါ်ပါသည်။ အစားကား ဒုတိယအဆင့်ဖြစ်သည်။

သူကြီးသည် ထိုကျောက်ကြီးအား ဖွားခ၏ မျက်စိရှေ့မှာပင် ရောင်းချပေး၏။ သို့သော် ထိုကျောက်ကြီး မည်မျှ ရောင်းရသည်ကို မည်သူမျှမသိရပါ။ ရောင်းရငွေတို့ကိုလည်း သူကြီးထံ၌သာ အပ်ထားကာ လိုသမျှသာ တောင်းသုံးကာ ကန်ဆေးလည်းမထွက်တော့ပေ။

ဦးဘိုးရန်မှာ သူ့ညီမကျောက်ကြီးရသည်ကို တစ်ဆင့်စကားဖြင့်ကြားသော်လည်း စောဒကမတတ်ပေ။ အဘယ်ကြောင့်ဆိုသော် မီးဖိုချောင်ဆီစိုနေ၍ ဖြစ်ပေ၏။ သို့နှင့်ပင် ဒီဇင်ဘာလသို့ ရောက်ခဲ့ပါသည်။ ထိုလသည် ဘုရားဖူးရာသီလဖြစ်ရာ တောသူတောင်သားတို့သည် ဘုရားဖူးထွက်သောလဖြစ်[...]၏။

## ◻ ကုလားပြည်ရောက်ခဲ့ပြီ

သူကြီးသည် ဖွားခ ကုသိုလ်[...] ရရှိစေရန် ဘုန်းတော်ကြီးများပင့်[...] ဆွမ်းကပ်ကာ တစ်ရွာလုံး ထမင်း[...]၏။ ပြီးသော် ဗဟုသုတရစေရန် မန္တ[...] သို့ ဘုရားဖူးခေါ် သွားပါသည်။

ဖွားခကား လောက၌ ဘာ[...] သည်မရှိပေ။ ဒေသန္တရဗဟုသုတအ[...] အရှေ့သို့လားသော် မိုးကုတ်၊ အ[...] သို့လားသော် ကပိုင်ရွာ၊ တောင်သို့[...] သော် ဂွေးပင်ရွာ၊ မြောက်သို့လား[...] ဆင်ခွာရွာ ဟူ၍ ရွာနီးချုပ်စပ်တို့[...] အလှူမင်္ဂလာရှိ၍ ရောက်ဖူးပါ[...] မိုးကုတ်ကား တပေါင်းပွဲရှိ၍ တစ်ခါ[...] သာ ရောက်ဖူးလေ၏။ ဘယ်မှရော[...] ခြင်း၊ သိခြင်းမရှိချေ။

မန္တလေးရောက်သော် ဘုရား[...] များက သူ့ကို လက်တွဲ၍ ခေါ်[...] ဘယ်သူကမှလည်း လေကုန်ခံကာ[...] နေခြင်းမရှိရာ ဘယ်ရောက်နေသ[...] ဘယ်ဘုရားဟူ၍ ဘာမှသိခြင်းမရှိ[...] မြင်သမျှ တွေ့သမျှ အထူးအဆန်း[...] ချည်းဖြစ်နေလေ၏။ အများစား[...] စားရ၏။ အများသွားသော် သွား[...] သည်လိုနှင့်ပင် အချိန်တန်သော်[...] ပြန်ရောက်ခဲ့ပါသည်။ ကျောက်ဖျာ[...] သော် ရွာကလူများအား -

"ထွန်းညိုက ငါ့ကို ကုလား[...] ခေါ်သွားတာ ငါ ကုလားပြည်က [...] တွေဖူးခဲ့ရတယ်"

ဟူ၍ အားရပါးရပြောပြ[...] အားလုံးရယ်မောကြရလေ၏။ [...] သောနေရာလေးသာ သူသိလျက်[...] သော ကျယ်ဝန်းလှသည့် မြန်မာ[...] တော်ကြီးအကြောင်းအား မသိရှ[...]

မန္တလေးတွင် ကုလားဆိုင်[...] တွေ့ခဲ့ရဖန်ရှိကာ သူ့စိတ်တွင် [...] တစ်ပါးဟု အထင်ရှိပုံရလေ၏။ ထို[...] တို့ကိုမြင်တွေ့ရသောအခါတွင် [...] မကောင်းရှိရပါသည်။ ထိုကျောက်[...] ရပြီး နောက်နှစ်တွင် ဖွားခဆုံး[...] သည်။

ချမ်းမြေ့ကြ[...]

နေပြည်တော်ကျော်[...]

www.burmeseclassic.com

# ဆရာဦးဆက်ထွန်းလွင်း

(အာယုဗေဒ) ၇၇

## ဝိဇ္ဇာဝရမြန်မာ့အဂ္ဂိရတ်ပညာ

### ဥဇ္ဇုနှင့် မဟာယာနဗုဒ္ဓဘာသာ


မဟာယာန ဗုဒ္ဓဘာသာသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် ညီအစ်ကို တော်ဘာသာ ဖြစ်၏။ မဟာယာနဗုဒ္ဓ ဘာသာသည် အေဒီ ၁ ရာစုတွင် ပေါ် ပေါက်ခဲ့သဖြင့် မဟာယာနဗုဒ္ဓဘာသာ ၏သက်တမ်းသည် နှစ်ပေါင်း နှစ်ထောင် ကျော်ခဲ့ပြီဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာ သည် ထေရဝါဒဗုဒ္ဓဘာသာနှင့်မတူညီ သောအချက်အချို့ရှိသော်လည်း တူညီ သည့်အချက်များလည်း များစွာပင်ရှိပါ သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို အခြားနိုင်ငံများနှင့်မတူ တမူထူးခြားစွာ ကိုးကွယ်ခွင့်ရရှိခဲ့သောနိုင်ငံဖြစ်ပါသည်။ မြန်မာတို့သည် ကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓ ဂေါတမဘုရားရှင်၏ ပထမဦးဆုံးသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ ဥက္ကလာပတိနယ်သားများဖြစ်ကြသော တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင် တို့သည် ဘုရားရှင် ပွင့်တော်မူပြီးလျှင် ပြီးခြင်း ဘုရားရတနာနှင့် တရားရတနာ ဟူသည့် သရဏဂုံနှစ်ပါးသာရှိသေးသည့် အချိန်တွင်ပင် တွေ့ဆုံဖူးမြော်ခွင့်ရခဲ့ပြီး ဒွေဝါစိကသရဏဂုံနှင့် ဆံတော်ရှစ်ဆူ ပူဇော်ခွင့်ကို ရရှိပါသည်။

ထို့ပြင် ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်ပင် ဗုဒ္ဓသာသနာတော် သည် သာကီဝင်တို့နှင့်အတူ တကောင်း သို့ရောက်ရှိခဲ့၏။ ထို့နောက် မြန်မာတို့၏ ပျူနိုင်ငံများဖြစ်သော ဟံလင်း၊ သရေ ခေတ္တရာ၊ ဗိဿနိုးစသည့်မြို့ပြယဉ်ကျေး မှုထွန်းကားခဲ့စဉ် ကာလတစ်လျှောက် လုံးလည်း ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြ ၏။

ထို့ကြောင့် မြန်မာတို့၏ ဗုဒ္ဓဘာ သာကိုးကွယ်မှုသက်တမ်းကို ပြန်လည် သုံးသပ်လျှင် မြန်မာတို့ ဗုဒ္ဓဘာသာကို စတင်ကိုးကွယ်စဉ်က အခြေအနေသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၆၀၀) ကျော် ကတည်းက စတင်ကိုးကွယ်ကြခြင်းဖြစ် သဖြင့် ထိုအချိန်တွင် ဗုဒ္ဓဘာသာသည် ထေရဝါဒဟူ၍လည်းကောင်း၊မဟာယာန ဟူ၍လည်းကောင်း ကွဲပြားခြားနားခြင်း ပင်မရှိသေးပေ။ ထိုထက်ပို၍ ရှင်းလင်း စွာဆိုရလျှင် မည်သည့်ဝါဒသဘော လက္ခဏာကိုမျှမဆောင်သောဗုဒ္ဓဘာသာ ကို ဗုဒ္ဓဘာသာအဖြစ်သာ ကိုးကွယ်ခဲ့ ကြခြင်း ဖြစ်ပါသည်။

မဟာယာနဗုဒ္ဓဘာသာသည် အေဒီ





www.burmeseclassic.com

www.burmeseclassic.com

(၁) ရာစုနှစ်မှ စတင်ပေါ်ပေါက်သဖြင့် မြန်မာတို့ ဗုဒ္ဓဘာသာ စတင်ကိုးကွယ်သည့်ကာလထက်နှစ်ပေါင်း(၅၀၀)ကျော် ကာလကြာမြင့်ပြီးမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထို့အတူ ထေရဝါဒ ဗုဒ္ဓဘာသာဟူသည်မှာလည်း မဟာယာန ဗုဒ္ဓဘာသာဟူ၍ ကွဲပြားခြားနားပြီးမှသာ ကျန်ရှိသော ဗုဒ္ဓဘာသာကို ကွဲပြားထင်ရှားစေရန် အမည်တပ်ခေါ်ဝေါ်ခြင်း ဖြစ်သဖြင့် ထေရဝါဒဗုဒ္ဓဘာသာဟူသည်မှာလည်း မြန်မာတို့ ဗုဒ္ဓဘာသာကိုးကွယ်ပြီး နှစ်ပေါင်း (၅၀၀) ကျော် သက်တမ်းနှောင်းပြီးမှခေါ်ဝေါ်သောအခေါ်အဝေါ် တစ်ရပ်ဖြစ်ကြောင်း သတ်မှတ်ယူဆနိုင်ပါသည်။

အချို့သော ပုဂ္ဂိုလ်များ၏ အဆိုအရ မြန်မာတို့သည် ပုဂံခေတ်နှင့်မတိုင်မီကာလက မဟာယနဗုဒ္ဓဘာသာကို ကိုးကွယ်ပြီးမှ ပုဂံခေတ်ရောက်သော အခါတွင်မှ ထေရဝါဒဗုဒ္ဓဘာသာဖြစ်လာသလိုလို ပြောဆိုတတ်ကြပါသည်။

စင်စစ် မြန်မာတို့၏ တကောင်းယဉ်ကျေးမှုသည် လည်းကောင်း၊ ပျူယဉ်ကျေးမှုတို့သည် လည်းကောင်း၊ ထိုယဉ်ကျေးမှုတို့နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုတို့သည် လည်းကောင်း၊ မဟာယာနဗုဒ္ဓဘာသာ မပေါ်ထွန်းမီကတည်းက ပေါ်ပေါက်ထွန်းကားခဲ့သော ယဉ်ကျေးမှု၊ ဘာသာသာသနာများဖြစ်သဖြင့် မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အကဲဖြတ်မည်ဆိုလျှင် မဟာယာန၊ ထေရဝါဒ စသည့်ပေတံများနှင့် စံပြုတိုင်းတာဆုံးဖြတ်၍မဖြစ်နိုင်ကြောင်း သတိပြုသင့်ပါသည်။

ထို့ကြောင့် မြန်မာတို့ကိုးကွယ်ခဲ့သည့် ဗုဒ္ဓဘာသာသည် မဟာယာနသက်သက်လည်းမဟုတ်၊ ထေရဝါဒသက်သက်လည်းမဟုတ်သော မူလရင်းမြစ်ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သည်ဟု ဆိုနိုင်မည် ဖြစ်ပေသည်။ ဆိုလိုသည်မှာ မြန်မာတို့ ကိုးကွယ်ခဲ့သည့် မူလဗုဒ္ဓဘာသာတွင် ထေရဝါဒသဘောတရားများရော မဟာယာနသဘောတရားများပါ ရောနှောပေါင်းစပ်ပါဝင်နေမည်သာ ဖြစ်ပါသည်။ ထိုအထဲမှ နောက်ပိုင်းတွင် မဟာယာနကလည်း သူကြိုက်နှစ်သက်သည့်သဘောတရားများကိုယူပြီး မဟာယာနလုပ်ခဲ့ကြ၏။ ထေရဝါဒကလည်း သူကြိုက်သည့်အပိုင်းကို ကိုင်စွဲသတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

သို့ပါ၍ မူလဗုဒ္ဓဘာသာတွင် ဘာသာနှစ်ခုစလုံး၏ သဘောတရားများ ပါဝင်နေမည်မှာ မလွဲဧကန်ဖြစ်နိုင်ပါသည်။ ထိုအချက်ကို ဆိုနိုင်ခြင်းမှာ မဟာယာနတွင်ရော ထေရဝါဒတွင်ပါ တူညီသောအခြေခံအချက်ကြီး (၉) ချက်ကို တွေ့ရှိရသောကြောင့် ဖြစ်၏။

**□ မဟာယာနနှင့်ထေရဝါဒဆိုင်ရာ အခြေခံတူညီမှု (၉)ပါး**

ဤတူညီသောအချက်များ ပေါ်ပေါက်လာရခြင်း၏အကြောင်းမှာ ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော ဂိုဏ်းအသီးသီးမှသံဃာတော်များပါဝင်သောအစည်းအဝေးပွဲကြီးကျင်းပပြီးနောက် ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် တည်ထောင်နိုင်ခဲ့ပါသည်။ ထိုအဖွဲ့ကြီးကို တည်ထောင်သည့် ပုဂ္ဂိုလ်များထဲတွင် ပါဝင်သော အရှင်ပဏ္ဍိတပိန်ဗူရေသော ရတမထေရ်က အရှင်ဒေါက်တာဝပိုလာရာဟုလာအား ဗုဒ္ဓဘာသာ၏ ကွဲပြားခြားနားနေသော ဂိုဏ်းအသီးသီး၏ အခြေခံတူညီမှုဆိုင်ရာအကျဉ်းကို ပြုစုတင်ပြပါရန် တောင်းပန်ခဲ့၏။ ထိုတောင်းပန်မှုကို လက်ခံခဲ့ပြီး ရေးသားပြုစုကာ ထိုအစည်းအဝေးပွဲတွင် တင်ပြခဲ့ခြင်းကို သံဃာအားလုံးက တညီတညွတ်တည်း တစ်ခဲနက်သဘောတူညီပြီး အတည်ပြုခဲ့ခြင်း ဖြစ်ပါသည်။ အခြေခံတူညီသော အချက် (၉) ပါးမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ဗုဒ္ဓသည် ကျွန်ုပ်တို့၏ တစ်ဆူတည်းသော ဆရာလမ်းပြပုဂ္ဂိုလ်ဖြစ်သည်။

၂။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့အားသာ ကိုးကွယ်အားထားကြ၏။

၃။ ဤကမ္ဘာလောကကြီးအား ထာဝရဖန်ဆင်းရှင် ဘုရားသခင်တစ်ပါးတည်းကသာ ဖန်ဆင်းပြီး စီမံအုပ်ချုပ်နေသည်ဟူသောအယူဝါဒကိုလုံးဝယုံကြည်မှုမရှိခြင်းဟု ခံယူသည်။

၄။ သတ္တဝါအားလုံးအပေါ် ကရုဏာတရားပွားများရန်၊ လောကကြီးငြိမ်းချမ်းသာယာစေရန် သစ္စာအမှန်တရားကို ထိုးထွင်းသိမြင်နိုင်သော ပညာဉာဏ်ရင့်သန်စေရန် စသည့်ဦးတည်ချက်ရှိ၏။

၅။ ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခငြိမ်းရာနှင့် ဒုက္ခငြိမ်းကြောင်းဖြစ်သော အရိယာသစ္စာလေးပါးကိုသာ ယုံကြည်လက်ခံ၏။

၆။ သင်္ခါရတရားအားလုံးသည် အနိစ္စ၊ ဒုက္ခဖြစ်ပြီး သင်္ခါရတရား၊ အသင်္ခတတရားအားလုံးသည် အနတ္တဟု လက်ခံသည်။

၇။ ဗောဓိပက္ခိယတရား (၃၇) ပါးသောတရားတို့သည် ဗောဓိဉာဏ်ကိုရစေရကြောင်းဖြစ်သောကျင့်စဉ်အဖြစ်လိုက်နာလက်ခံသည်။

၈။ ဗောဓိဉာဏ်ရရှိရန် လမ်းစဉ်သုံးခုရှိကြောင်း လက်ခံကြ၏။ ထိုလမ်းစဉ်သုံးခုမှာ သာဝကဗောဓိ၊ ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိတို့ ဖြစ်၏။ ၎င်းတို့သည် အမြင့်ဆုံး၊ အမြတ်ဆုံး သူတော်ကောင်းအဆန်ဆုံးသောလမ်းစဉ်များဖြစ်ကြောင်း လက်ခံကြ၏။

၉။ နိုင်ငံအများအပြား၌ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုး၊ ကျင့်စဉ်အစားအစားရှိကြောင်း လက်ခံ၏။ ထိုထိုသော အပြင်ပန်းပုံသဏ္ဍာန်နှင့် သရုပ်ဓော်မှုအမျိုးမျိုးတို့ကို ဘုရားရှင်၏ အဆုံးအမအနှစ်သာရတရားများနှင့် မရောထွေးအောင် လက်ခံ၏။ စသည့် အခြေခံအချက်ကြီး (၉)ချက်သည် ထေရဝါဒတွင်ရော မဟာယာနဗုဒ္ဓဘာသာအားလုံးက လက်ခံကြ၏။ မဟာယာနဗုဒ္ဓဘာသာတွင် တန္တြယာနဗုဒ္ဓဘာသာ၊ ဝဇိရယာနဗုဒ္ဓဘာသာတို့ပါဝင်၏။ ဝဇိရယာနဗုဒ္ဓဘာသာဆိုသည်မှာ ဝဇီရာယာနဗုဒ္ဓဘာသာကိုခေါ်ဆိုခြင်းဖြစ်၏။

အထက်ပါ ဗုဒ္ဓဝါဒဆိုင်ရာတူညီချက် (၉) ချက်တွင် အဓိကအားဖြင့် သစ္စာလေးပါး၊ ဗောဓိပက္ခိယတရား (၃၇) ပါးတို့ တူညီနေခြင်း ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးရှိသော သာသနာ၊ ဗောဓိပက္ခိယတရား (၃၇) ပါးတို့ပြည့်စုံသော သာသနာတို့ကို မှားယွင်းသောလမ်းစဉ်များ၊ သာသနာများဟူ၍ လက်လွတ်စပယ်ဆို၍မရနိုင်ပေ။

အထက်ဖော်ပြခဲ့သည့် 'ဦ' ဟူသော ဝေါဟာရနှင့်ပတ်သက်၍မူ ထေရဝါဒဗုဒ္ဓဘာသာထက် မဟာယာနဗုဒ္ဓဘာသာတွင် ပို၍နက်နက်နဲနဲနှင့် စေ့စေ့စပ်စပ် ထဲထဲဝင်ဝင် အသုံးပြုကြောင်း လေ့လာတွေ့ရှိရသဖြင့် အနည်းငယ်ဖော်ပြလိုပါသည်။

ကမ္ဘာ့ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားများအနက် 'ဦ' ဟူသော ဝေါဟာရကို အသုံးပြုသော ဘာသာအယူဝါဒများမှာ ဟိန္ဒူဘာသာ၊



www.burmeseclassic.com

www.burmeseclassic.com

ဘာသာ၊ ဗုဒ္ဓဘာသာတို့ ဖြစ်၏။ ဗုဒ္ဓဘာသာတွင်လည်း ထေရဝါဒထက် မဟာယာနတွင် ပို၍အသုံးပြုကြောင်း တွေ့ရှိရပါသည်။ ၎ အောက်တွင် မဟာယာနဗုဒ္ဓဘာသာ၏ ထူးခြားစွာဖြင့် ဦုံကို အသုံးပြုသောကာလစက္ကမန္တန်ကိုဖော်ပြပါမည်။

□ ကာလစက္ကမန္တန်

ဦုံ ဟ က မ လ ဝ ရ ယ သွာ ဟ
ဟူ၍ ဖြစ်၏။

အဆိုပါအက္ခရာဗျည်းသရ(၁၀)လုံးတို့၏အဓိပ္ပာယ်မှာ -

'ဦုံ' သည် အသက်ရှည်ခြင်းဖြစ်၏။

'ဟ' သည် နှလုံးသားဖြစ်၏။

'က' သည် ရုပ်ဝတ္ထုဖြစ်၏။

'မ' သည်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်၏။

'လ' သည် အသစ်မွေးဖွားခြင်းသဘောတရား ဇာတိဖြစ်၏။

'ဝ' သည် တန်ခိုးသိဒ္ဓိဆိုင်ရာ ဖြစ်၏။

'ရ' သည် အထူးထွင်းဖောက်နားလည်သိမြင်ခြင်းဖြစ်၏။

'ယ' သည် အဓိဋ္ဌာန်ဆိုင်ရာဖြစ်၏။

'သွာ' သည်ပညာဆိုင်ရာသဘောဖြစ်၏။

'ဟ' သည် အဆီးအတားအားလုံးကိုကျော်လွန်ထွင်းဖောက်၍ သစ္စာဉာဏ်ကို သိမြင်ခြင်းဖြစ်၏။

ဤတွင် 'ကာလစက္က' ဟူသည်မှာ ကာလယန္တရား ဟူ၍ လည်းကောင်း၊ အချိန်စက်ဝန်းဟူ၍ လည်းကောင်း အဓိပ္ပာယ်ရှိ၏။ ဤကာလယန္တရားကျင့်စဉ်သည် တန္တရယာနဗုဒ္ဓဘာသာ၏ အဆင့်မြင့်ဆုံးသော ကျင့်စဉ်တစ်ရပ်လည်း ဖြစ်၏။ ထို့အတူ စတုတ္ထမြောက်မဂ္ဂစက္ကတရားဘီးလည်ပတ်ခြင်းဖြစ်၏။ ဆက်လက်၍ 'ဦုံ' ပါပြီး ထူးခြားသောမန္တန်တစ်ခုကို ထပ်မံဖော် ပြပါမည်။

□ ဝဇီရသတ္တမန္တန်

ဤမန္တန်တွင်အက္ခရာစာလုံးပေါင်းတစ်ရာ ပါဝင်၏။ ဤတွင် မန္တန်၏အမည်၌ 'ဝဇီရ' ဟူသော ဝေါဟာရပါဝင်နေခြင်းသည်ပင်လျှင် ဝဇီရယာနဗုဒ္ဓဘာသာကို ကိုယ်စားပြုနေခြင်းဖြစ်၏။ ဝဇီရယာနဗုဒ္ဓဘာသာဟူသည် တန္တရယာန၊ မန္တရယာနဗုဒ္ဓဘာသာ၏ လျှို့ဝှက်သောကျင့်စဉ်၊ လျှို့ဝှက်သောမန္တန်ဖြစ်၏။ ထိုကျင့်စဉ်ကို ဝဇီရကျင့်စဉ်ဟု ခေါ်၏။ ဝဇီရ၏အဓိပ္ပာယ်မှာ 'စိန်' ဖြစ်၏။ ထို့ကြောင့် မြန်မာဝေါဟာရအနေဖြင့်ဆိုလျှင် စိန်ကျင့်စဉ်လမ်းပင်ဖြစ်၏။

ဤစိန်ကျင့်စဉ်လမ်းသည် ပရိကံအချက်အလက်နည်းစနစ်ပေါင်းများစွာပါဝင်ပြီး သစ္စာအမှန်ဓမ္မကိုရရှိရန်ပင်ရည်ရွယ်ခြင်း ဖြစ်ပါသည်။ အောက်တွင် ဝဇီရသတ္တမန္တန်ကို ဖော်ပြပါသည်။

ဦုံ
ဝဇီရသတ္တ သမယမနုပါလာယ
ဝဇီရသတ္တ တွေနောပတိဋ္ဌ
ဒရိဓော မေ ဘဝ
သုတော သယော မေ ဘဝ
သုပေါ သယော မေ ဘဝ
အနုရတ္တော မေ ဘဝ
သဗ္ဗသိဒ္ဓိမေ ပြယစ္ဆ
သဗ္ဗကမ္မသု စ မေ စိတ္တံ ရှရေယာ
ကုရု
ဟုံ
ဟ ဟ ဟ ဟော
ဘ ဂ ဝံ သဗ္ဗ တထာ ဂတ ဝဇီရ
မာ မေ မုဉ္စ
ဝဇီ ဘာဝ မဟာသမယသတ္တ
အား(ဟ်)
ဟူ၍ ဖြစ်၏။

ဤဝဇီရသတ္တ၏ သဘောတရားမှာ ဘုရားဖြစ်ခြင်း၏ အကြောင်းတရားကို ကိုယ်စားပြု၏။ ဝဇီရသတ္တကို မိမိအာရုံထဲတွင်ထင်လာနိုင်ရန် စာလုံးပေါင်းတစ်ရာပါသောမန္တန်ကို အကြိမ်ကြိမ်ရွတ်ဖတ်ခြင်းအားဖြင့် ကံများကို စင်ကြယ်သန့်ရှင်းစေ၏။ ဆက်လက်ပြီး တိဗက်ဗုဒ္ဓဘာသာ၏ အရေးပါဆုံးသော ဦုံပါသည့် မန္တန်တစ်ပုဒ်ကို ဖော်ပြပါမည်။ ထိုမန္တန်၏အမည်မှာ စာခြောက်လုံးမန္တန်ဖြစ်ပါသည်။

□ စာခြောက်လုံးမန္တန်

ဤမန္တန်မှာ မဟာယာနမန္တန်များထဲတွင် ထင်ရှားသောမန္တန်ဖြစ်ပါသည်။ ဤမန္တန်သည် ကရဏ္ဍဗျူဟာသုတ်မှလာရှိပါသည်။

မန္တန်မှာ -
ဦုံ မ ဏိ ပဒ္ဒေ ဟုံ။
ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ ကြာထဲမှရတနာအား ချီးမွမ်းထောမနာပြုပါ၏ဟူ၍ ဖြစ်၏။ ကရဏ္ဍဗျူဟာသုတ်၌ အထက်ပါစာလုံးခြောက်လုံးပါသောမန္တန်နှင့်ပတ်သက်၍ ပဒုမုတ္တရဘုရားရှင်က ဘုရားအလောင်းတော်အဝလောကိတေသွာရအား မိန့်ကြားတော်မူသည်မှာ -

"ကုသိုလ်ကြီးမား အမျိုးကောင်းသား ဤစာခြောက်လုံးပါသော သစ္စာသိမြင်ကြောင်းဖြစ်သည့် မန္တန်တို့၏ဘုရင်ကို ငါကိုယ်တော်အရှင်အား ဖြေကြားပါလော့။ ရာပေါင်း၊ ထောင်ပေါင်း၊ သန်းပေါင်း၊ ကုဋေပေါင်းများစွာသော၊ ကုဋေကုဋာပေါင်းများစွာသော၊ သတ္တဝါပေါင်းများစွာသောကောင်းကျိုးကိုရည်မျှော်၍ ထိုမန္တန်ကို ဖော်ထုတ်ပါရန် တိုက်တွန်းပါ၏။ ထိုသတ္တဝါများသံသရာဝဋ်ဒုက္ခမှလွတ်မြောက်ပြီး အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို လျင်မြန်ထုတ်ချောက်ပြီးမြောက်ရန်အတွက် ဤမန္တန်ကိုထုတ်ဖော်ရန် တိုက်တွန်းပါ၏။

ထို့အတွက်ကြောင့် ဘုရားအလောင်းတော်အဝလောကိတေသွာရသည် ဤစာခြောက်လုံးပါရှိသော သစ္စာဓမ္မကို သိမြင်နိုင်ကြောင်းဖြစ်သည့် မန္တန်တော်ကို ပဒုမုတ္တရဘုရားရှင်အား လျှောက်ထားတော်မူပါသည်။ ထို့နောက် အဝလောကိတေသွာရ အလောင်းတော်၏နှုတ်မှ -

'ဦုံ မဏိ ပဒ္ဒေ ဟုံ' ဟူသော မန္တန်ကို ရွတ်ဆိုပူဇော်လိုက်၏။ ထို့နောက် ထိုမန္တန်၏အကျိုးအာနိသင်တို့ကိုလည်း ဆက်လက်မိန့်ကြားသည်မှာ -

ဤစာခြောက်လုံးပါသော မန္တန်ဘုရင်သည် သစ္စာဓမ္မကို သိမြင်ကြောင်းဖြစ်၏။ ဤမန္တန်ကို ရွတ်ဖတ်နေစဉ် ကျွန်းကြီးလေးကျွန်းနှင့်တကွသောနတ်ပြည်၊ ဗြဟ္မာပြည်တို့သည် သစ်ရွက်၊ ငှက်ပျောရွက်ကဲ့သို့ လှုပ်ခါနေကြကုန်၏။ သမုဒ္ဒရာကြီးလေးစင်းရှိ သမုဒ္ဒရာရေတို့သည် ပြုတ်တောက်ကြကုန်၏။ ပြင်းထန်စွာ စီးဆင်းကြကုန်၏။ လောကကြီးအား နှောင့်ယှက်ဖျက်ဆီးမှုကိုပြုတတ်ကုန်သော ဝိနာယက(ဝက်ခေါင်းနတ်၊ဆင်နှာမောင်းနတ်)၊ ဘီလူးရက္ခိုက်၊ ကုမ္ဘဏ္ဍ(အင်အားကုန်ခန်းအောင် သုံးစားတတ်သော သရဲသဘက်) မဟာကာလ စသည်တို့အပါအဝင်ဖြစ်သော မိစ္ဆာသတ္တဝါများသည် ယင်းတို့၏ ဆွေမျိုးများ၊ တစ္ဆေမှင်စာများနှင့်အတူ အားလုံးတို့သည် ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။ ၎င်းတို့သည် တကွဲတပြား လွတ်ရာအရပ်သို့ လျင်မြန်စွာ ထွက်ပြေးကြကုန်၏။ အဆိုပါ 'ဦုံမဏိပဒ္ဒေဟုံ' ၏ စာလုံးတစ်လုံးချင်းစီ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း

www.burmeseclassic.com

ဖြစ်၏။

'ဉ'၏အဓိပ္ပာယ်မှာ ပါရမီအားဖြင့် ဒါနပါရမီဖြစ်၏။ မာနနှင့်အတ္တတို့ကို စင်ကြယ်စေ၏။ ဘုံအားဖြင့် ဒေဝတာဘုံကို သက်ရောက်စေ၏။ ပညာကိုဖြစ်စေ၏။ အဖြူရောင်ဖြစ်၏။ 'မ' ၏ အဓိပ္ပာယ် အကျိုးသက်ရောက်မှုမှာ ပါရမီအားဖြင့် သီလပါရမီဖြစ်၏။ ဘုံအားဖြင့် အသူရာဘုံကို သက်ရောက်စေ၏။ ကရုဏာကို ဖြစ်စေ၏။ အရောင်အားဖြင့် အစိမ်းရောင်ဖြစ်၏။ မနာလိုမှု ဖြေဖျော်မှုဆိုင်ရာတပ်မက်မှုတို့မှ စင်ကြယ်သန့်ရှင်းစေ၏။

'ဏိ' ၏ အဓိပ္ပာယ်သက်ရောက်မှုမှာ ပါရမီအားဖြင့် ခန္တီပါရမီဖြစ်၏။ ရာဂနှင့်ဆန္ဒတို့ကို စင်ကြယ်စေ၏။ ဘုံအားဖြင့် လူ့ဘုံကိုသက်ရောက်စေ၏။ ကာယပိုင်း၊ ဝစီပိုင်းဆိုင်ရာ အရည်အချင်းများကို ဖြစ်စေ၏။ အရောင်အားဖြင့် အဝါရောင်ဖြစ်၏။

'ပဒ်' ၏ အဓိပ္ပာယ်သက်ရောက်မှုမှာ ပါရမီအားဖြင့် ဉာဏ်ကိုပြည့်စေ၏။ အဝိဇ္ဇာနှင့် ဘက်လိုက်မှုတို့ကို စင်ကြယ်စေ၏။ ဘုံအားဖြင့် တိရစ္ဆာန်ဘုံကို သက်ရောက်စေ၏။ အရောင်အားဖြင့် အပြာရောင်ဖြစ်၏။ ဥပေက္ခာပြုနိုင်စွမ်းသော အခြေအနေကို ဖြစ်စေ၏။

'မေ' ၏အဓိပ္ပာယ်သက်ရောက်မှုမှာ ပါရမီအားဖြင့် နိက္ခမပါရမီဖြစ်၏။ ဆင်းရဲခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပိုင်ဆိုင်ခြင်းတို့နှင့်ပတ်သက်၍လည်းကောင်း ကောင်းစွာစင်ကြယ်စေ၏။ ဘုံအားဖြင့် ပြိတ္တာဘုံကို သက်ရောက်စေ၏။ အရောင်အားဖြင့် အနီရောင်ဖြစ်စေ၏။ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ကို ကျရောက်စေ၏။

'ဟုံ' ၏အဓိပ္ပာယ်သက်ရောက်မှုမှာ ပါရမီအားဖြင့် ပညာပါရမီဖြစ်၏။ ကျူးကျော်ရန်မူမှု၊ မုန်းတီးမှုတို့မှကင်းဝေးစေ၏။ ငရဲဘုံကို သက်ရောက်စေ၏။ အရောင်အားဖြင့် အနက်ရောင် ဖြစ်၏။ ကရုဏာနှင့်အရည်အသွေးတို့ကို တိုးပွားစေ၏။

❑ မန္တရယာနဗုဒ္ဓဘာသာ

မန္တရယာနဗုဒ္ဓဘာသာသည် မဟာယာနဗုဒ္ဓဘာသာ၏ ဆင့်ပွားဗုဒ္ဓဘာသာဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏အချို့သော အစိတ်အပိုင်းများတွင် ဓမ္မဆိုင်ရာတို့ကို မှတ်တမ်းတင်ရာ၌ လည်းကောင်း၊ လေ့လာကျက်မှတ်ရာ၌ လည်းကောင်း၊ ဝိနည်းကို ဝိနည်းအတိုင်း၊ သုတ္တန်ကို သုတ္တန်အတိုင်း၊ အဘိဓမ္မာကို အဘိဓမ္မာအတိုင်း လေ့လာမှတ်သားခြင်းထက် ထိုဓမ္မများကိုပင် မန္တန်များဖွဲ့သီ၍ ရွတ်ဖတ်ပူဇော်ခြင်း၊ ကျက်မှတ်ခြင်းကပို၍အဆင်ပြေခြင်း၊ ကျက်မှတ်ရလွယ်ကူစေခြင်း၊ မေ့ပျောက်နိုင်ခဲခြင်း၊ အသံသဘောတရားပညာပါခြင်း၊ ပို၍လွယ်ကူစွာဆောင်နိုင်ခြင်း စသည့်အကျိုးတရားများကြောင့် ဗုဒ္ဓဓမ္မများကို မန္တန်ဖွဲ့သီသော ဗုဒ္ဓဘာသာသည် ထင်ရှားပေါ်ပေါက်လာခဲ့၏။ ထိုသို့ မန္တန်ဖြင့်ဖွဲ့သီခြင်း၊ ဆောင်ခြင်း၊ အသုံးပြုခြင်းများပြုသည့် ဗုဒ္ဓဘာသာကို မန္တရယာနဗုဒ္ဓဘာသာ ဟုခေါ်၏။

မန္တန်တို့ကို တစ်နည်းအားဖြင့် ဓာရဏီလည်းခေါ်၏။ အဓိပ္ပာယ်အတူတူပင် ဖြစ်၏။ မန္တန်ဟူသော အသုံးအနှုန်းသည် ရှေးခေတ်၊ ဝေဒခေတ်ဆိုင်ရာအသုံးအနှုန်းဖြစ်၏။ ဓာရဏီကား ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီးနောက်ပိုင်းသုံးသောအသုံး ဖြစ်၏။ ဉာဏ်အမြင်ဆိုင်ရာ အဓိပ္ပာယ်ပါရှိသော ဖွဲ့သီမှုကို ဓာရဏီဟုခေါ်ပြီး အဓိပ္ပာယ်နားလည်ရန် မရည်ရွယ်ဘဲ ဝေါဟာရစာလုံးသက်သက်သာရှိသော ရွတ်ဆိုဖွယ်ရာကို မန္တန်ဟုခေါ်ဆိုကြပါသည်။ ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာတွင် ရွတ်ဆိုပူဇော်ရန် ဖွဲ့သီထားသည်များကို မန္တန်ဟုခေါ်သော်လည်း စင်စစ်တွင် ဓာရဏီကိုဆိုလိုရင်းဖြစ်ကြောင်း နားလည်ရမည်ဖြစ်ပါသည်။ သို့ပါ၍ မဟာယာနသုတ္တန်များသည် မန္တန်ကို အလေးထားပါသည်။ မဟာယာနသုတ္တန်အများစုတွင် ကိုယ်ပိုင်မန္တန်များရှိပါသည်။ မဟာဝေရောစနသုတ္တန်တစ်ပုဒ်တည်းတွင်ပင် မန္တန်ပေါင်း (၂၉၇) ပုဒ် ပါဝင်ပါသည်။ အောက်တွင် မန္တရယာန ဗုဒ္ဓဘာသာလာ 'ဉ' အသုံးပြုထားသော မန္တန်များကို ဖော်ပြလိုပါသည်။

### ဉပါသောမန္တရယာနဗုဒ္ဓဘာသာလာ ဓာရဏီ (သို့) မန္တန်များ

အဝလောကိတေသွာရ ဘုရားအလောင်းတော်၏ ဓာရဏီမှာ 'ဉ မဏိပဒ္မေဟုံ' ဖြစ်၏။

မဉ္ဇုသီရိဘုရားအလောင်းတော်၏ ဓာရဏီမှာ 'ဉအဟံရပစနဓိဟ်' ဖြစ်၏။

သကျမုနိဗုဒ္ဓ၏ဓာရဏီမှာ 'ဉ မုနိ မုနိ မဟာမုနိယေ သကျမုနိသွာဟ' ဖြစ်၏။

ပညာပါရမိတာသုတ် (သို့) အတိုအကောက်အားဖြင့် ဟဒယသုတ်၏ ဓာရဏီမှာ 'ဉ ဂတေ ဂတေ ပရသံဂတေ ဗောဓိသွာဟ' ဖြစ်၏။

မဟာစုန္ဒီဓာရဏီမှာ 'မဟာသတ္တာနံ သမ္မာသမ္ဗုဒ္ဓကောဋိနံ၊ တံ ယထာ ဉ စလေ စုလေ စုန္ဒီသွာဟ' ဖြစ်၏။ သဗ္ဗကာယ ဓာတု ရတနလဍ္ဍဓာရဏီမှာ 'ဘုရားရှင်အားလုံးတို့၏ နှလုံးသားထဲ လျှို့ဝှက်သိမ်းဆည်းထားသောမန္တန်ဖြစ်၏။ ထိုမှာ 'နမစ်တြျဒ္ဓိကာနာမ် သဗ္ဗ တထာဂတာနာမ် ဉ ဘုဝိ-ဘဝန-ဝရေ ဝစန-ဝစတိ သုရုသုရု ဓရဲဓရဲ သဗ္ဗ တထာဂတ ဓာတုဓရေ၊ ပဒ္မံ ဘဝ ဇယဝရေ မုဒြေ၊ သမရ တထာဂတ ဓမ္မ စက္ကပ ဝတ္တန ဝဇ္ဇေ၊ ဗောဓိမဏ္ဍာလ ရာလံ၊ ကရိတော၊ သဗ္ဗကထာဂတ စိဋ္ဌိတေ၊ ဗောဓယ ဗောဓယ ဗော ဗောဓိ၊ ဗုဓျ ဗုဓျ သံဗောဓနိ သံဗောဓယ စလ စလ စလန္တု၊ သဗ္ဗာဝရဏာနိ သ ပါပ ဝိဂတေ၊ ဟုရု ဟုရု သဗ္ဗသော ဝိဂတေ၊ သဗ္ဗတထာဂတဟဒယ ဝဇ္ဇိ သမ္မာရ သမ္မာရ၊ သဗ္ဗတထာဂတ ဂု ယ ဓာရဏီ မုဒြေ၊ ဘူတေ သမ္မု သဗ္ဗတထာဂတာ ဓိဋ္ဌိတာ၊ ဓာတု ဂ သွာဟာ၊ သမယာ ဓိဋ္ဌိတေသွာဟာ၊ သ တထာဂတ ဟဒယဓာတုမုဒြေသွာ သုပ္ပဋ္ဌိတ ထူပေ တထာဂတာ ဓိဋ္ဌိ ဟုရု ဟုရု ဟုံ ဟုံ သွာဟာ၊ ဉ သ တထာဂတော ဏှိသ ဓာတု မုဒြာ သဗ္ဗကထာဂတ၊ သဓာတု ဝိဘူသိ ဓိဋ္ဌိတေ ဟုံဟုံသွာဟ' ဟူ၍ ဖြစ်၏။

အမိတာယု၊ အမိတာဘာ ဗုဒ္ဓ ဓာရဏီများ 'ဉ အမရဏီ ဇီဝန္တယေ ဟာ'၊ 'ဉ အမိဓေဝဟာရီ'၊ 'ဉ အမိ ဟာရီ' တို့ ဖြစ်၏။

မဟာအမိတာဘာ ဘုရားရှင် ဓာရဏီမှာ 'နမော်ဘဂဝတေ အပရိမိ ယု-ဉာဏ- သုဝိနိစ္ဆိတ- တေဇောရာ ယ၊ တထာဂတာ ယာယတော သမ္မုဒ္ဓါယ၊ တံ ယထာဉ ပုညမဟာ အပရိမိတပုည၊ အပရိမိတာယု- ဉာဏ-သမ္ဘာရော ပစိတေ ဉ သဗ္ဗ ပရိသုဒ္ဓ ဓမ္မတေ ဂဂန သမုဂ္ဂတေ၊ ဝဝိသုဒ္ဓေ မဟာ-နယ ပရိဝါရေ သွာ ဖြစ်၏။

ဘေသဇ္ဇဂုရုဘုရားရှင်၏ ဓာ မှာ 'နမောဘဂဝတေ ဘေသဇ္ဇ ဝေဋူယ-ပညာ-ရာဇာယ-တထာ ယာဟတေ သမ္မာသမ္မုဒ္ဓါယ၊ တံ ဉ ဘေသဇ္ဇေ ဘေသဇ္ဇေ သမုဂ္ဂတေ သွာဟ' ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တထာဂတသီခသေတစ္ဆတ္တာဓာရဏီမှာ 'တံ ယထာ ဉုံ အနလေ အနလေ ဝိသဒ ဝိသဒ ဗန္ဓ ဗန္ဓ ဗန္ဓနိ ဗန္ဓနိ ဝီရဝဇီရပါဏိ ဖတ် ဟုံ ဘရုံဖတ် သွာဟ' ဖြစ်၏။

မဟာဗောဓိသတ္တမဉ္ဇုသီရိဓာရဏီမှာ 'ဉုံတိသွှဟုံ' ဖြစ်၏။

ဘုရားအလောင်း ဝဇီရပါဏိ၏ ဓာရဏီမှာ 'ဉုံ ဝဇာရပါဏိနမောဟုံ' ဖြစ်၏။

ဘုရားအလောင်းတော်ဝဇီရသတ္တ၏ ဓာရဏီမှာ 'ဉုံဝဇရသတ္တဟုံ' ဖြစ်၏။

ဝုရှုပဒမသမ္ဘဝ၏ ဓာရဏီမှာ 'ဉုံအာဟုံ ဝဇရ ဂုရု ပဒ္မသိဒ္ဓိဟုံ' ဖြစ်၏။

တာရာဖြူ သခင်မ၏ ဓာရဏီမှာ 'ဉုံ တာရေ တုတ္တရေ တုရေ မမ အာယုရ်ပုန္နေ (အာရှည) ပုဉ္ဉေ (ပုညေ) ပုရှတိ သွာဟ' ဖြစ်၏။

တာရာစိမ်းသခင်မ၏ဓာရဏီမှာ 'ဉုံ တာရေတုတ္တရေ တုရေသွာဟ' ဖြစ်၏။

စုန္ဒီဓာရဏီခေါ် ၇-ကုဋေသော ဘုရားရှင်များ၏ မိခင်အသည်းနှလုံးမှာ 'နမာသတ္တာနံ သမ္မာသဗုဒ္ဓကောဋီနံ တံ ယထာဉုံစလေ စုလေ စုန္ဒီ သွာဟ' ဖြစ်၏။

အထက်ပါ စုန္ဒီဓာရဏီနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလိုပါသည်။ ... တွင်လည်း မဟာစုန္ဒီဓာရဏီကို ... ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤ ... တို့နှင့်ပတ်သက်သော အကျိုးသက်ရောက်မှုအပိုင်းကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ထိုအပိုင်းတွင် ညွှန်းဆိုထားသည် ... စုန္ဒီဓာရဏီအား ရဟန်းဖြစ်စေ၊ ... ဟန်းမဖြစ်စေ၊ အမျိုးသားဥပါသကာဖြစ်စေ၊ အမျိုးသမီးဥပါသိကာဖြစ်စေ ဤမန္တန်ကို အကြိမ်ပေါင်း ရှစ်သိန်းရွတ်ဆိုသရဇ္ဈာယ်ပါက သူတို့၏ ကပ်ကမ္ဘာပေါင်းများစွာက ကျူးလွန်ထားခဲ့သော ပဉ္စာနန္တရိယကံကြီးငါးပါးထိုက်ခံထားရ ... အားလုံး ပျောက်ကင်းသွားလိမ့်မည်။ ... တွင် ဘုရားများနှင့်ဘုရားအလောင်းများကို ဖူးတွေ့နိုင်သော ဘုံဌာနများ၌ ... မြင်ကြလိမ့်မည်ဟု ဆိုထား၏။

တစ်ဖန် ဤစုန္ဒီဓာရဏီမန္တန်ကို အကြိမ်ပေါင်းတစ်သိန်းရွတ်ပါက ထိုသူသည် အိပ်မက်ထဲ၌ ဘုရားများ၊ ဘုရားအလောင်းများ၊ ပစ္စေကဗုဒ္ဓါများ၊ သာဝကများကို ဖူးတွေ့ရမည်ဟု ဖော်ပြထားပါသည်။

ဤတွင် ထေရဝါဒနှင့် မဟာယာနတို့၏ ကြီးမားသော ကွဲလွဲချက်တစ်ရပ်ကို သတိပြုနိုင်မည် ဖြစ်၏။ ထေရဝါဒတို့က ပဉ္စာနန္တရိယကံကြီးငါးပါးထိုက်သောအမှုမျိုးကို ကျူးလွန်မိလျှင် မဂ်တား၊ ဖိုလ်တားဖြစ်ပြီး မဟာအဝီစိငရဲတွင်ကျရောက်မည်။ မည်သည့်ဖြေဆေးမှုမရှိဟု အခိုင်အမာဆိုထားသော်လည်း မဟာယာနတွင်မူကား ထိုပြဿနာအတွက် ဖြေဆေးအဖြစ် ဤ 'စုန္ဒီ' ကို ဖော်ညွှန်းထား၏။ သူသတ်မှတ်ထားသည့် အခေါက်အရေအတွက်ကို ရွတ်ပါက ယခုဘဝတွင်သာမက ပြီးခဲ့သည့်ကပ်ကမ္ဘာပေါင်းများစွာက ကံကြီးအားလုံးကိုပင် ပျောက်စေနိုင်သည့်အပြင် ဘုရား၊ ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါတို့ကို အိပ်မက်ထဲတွင်ပါ ဖူးနိုင်ခွင့်ကို ဖော်ပြထား၏။ ထိုစုန္ဒီကဲ့သို့သော ပဉ္စာနန္တရိယကံကြီးငါးပါးတို့ကို ပြေပျောက်စေနိုင်သော ဓာရဏီများစွာပင် ရှိပါသည်။ ထေရဝါဒတို့ဘက်မှ ဤကိစ္စကို အပြင်းအထန် ကန့်ကွက်နိုင်ပါသည်။ မဟာယာနတို့ဘက်မှလည်း ခိုင်လုံသော အထောက်အထားရှိသဖြင့် ဤမျှအထိ ရဲရဲဝံ့ဝံ့စွာဆိုခြင်းဖြစ်ပါသည်။

### ▫ ဉုံနှင့်ပတ်သက်၍ ဘုရားရှင်၊ ဘုရားအလောင်းတော်တို့၏ ပူဇော်ခြင်း အသံကွဲပြားမှု ဓာရဏီများ

'ဉုံ' နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာတွင် အသံကွဲပြားမှုဆိုင်ရာ ဓာရဏီများစွာရှိပါသည်။ ထိုဓာရဏီတို့အား တိကျသော ပိုင်းခြားသတ်မှတ်မှုအရ (၅) မျိုးရှိ၏။ ထို (၅) မျိုးမှာ ဈာနီဗုဒ္ဓဘုရား (၅) ဆူနှင့် ဈာနီဘုရားအလောင်းတော် (၅) ပါးတို့ ဖြစ်၏။ ဈာနီဆိုသည်မှာ ပါဠိဘာသာအားဖြင့် ဈာနီဖြစ်ပါသည်။ မြန်မာဘာသာသို့ပြန်လျှင် 'ဈာန်' ဟူသော အဓိပ္ပာယ်ရှိသဖြင့် ဈာန်ဘုရားရှင် (၅) ဆူနှင့် ဈာန်ဘုရားအလောင်းတော် (၅) ပါးဟူ၍ ဖြစ်၏။ ထို (၅) ဆူ (၅) ပါးသော ပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ 'ဉုံ' သည်လည်း (၅) မျိုး (၅) စားကွဲပြားပါသည်။

ထိုကို ဖော်ပြရပါက -

၁။ ဝေရောစနဈာန်ဘုရားနှင့်သမန္တဘဒြဈာန်ဘုရားအလောင်းတို့၏ စံမြန်းရာဘုံဌာနမှာ အလယ်ပိုင်းစကြဝဠာ အကနိဋ္ဌယနဗျူဟာဘုံ ဖြစ်၏။ ဘုရားအလောင်းတော်၏ ကြင်ရာတော်မှာ တာရာဖြူသခင်မဖြစ်၏။ ရွတ်ဖတ် သောဓာရဏီမန္တန်တော်မှာ 'ဉုံ' ဖြစ်၏။

၂။ အက္ခောဘယဈာန်ဘုရားနှင့် ဝဇီရပါဏိဈာန်ဘုရားအလောင်းတော်တို့၏ စံမြန်းရာဘုံဌာနမှာ အရှေ့ပိုင်းစကြဝဠာ အဘိရတိဘုံ ဖြစ်၏။ ဘုရားအလောင်းတော်၏ ကြင်ရာတော်မှာ လောစနာသခင်မဖြစ်၍ ရွတ်ဖတ်သောဓာရဏီမန္တန်တော်မှာ 'ဟုံ' ဖြစ်၏။

၃။ အမိတာဘာဈာန်ဘုရားရှင်နှင့် အဝလောကိတေသွာရဈာန်ဘုရားအလောင်းတော်တို့၏ စံမြန်းရာဘုံဌာနမှာ အနောက်ပိုင်းစကြဝဠာသုခဝတီဘုံ ဖြစ်၏။ ဘုရားအလောင်းတော်၏ ကြင်ရာတော်မှာ ပဏ္ဍရသခင်မဖြစ်ပြီး ရွတ်ဖတ်သော ဓာရဏီမန္တန်မှာ 'ဟရီ' ဖြစ်၏။

၄။ ရတနသမ္ဘဝဈာန်ဘုရားရှင်နှင့် ရတနပါဏိဈာန်ဘုရားအလောင်းတော်တို့၏စံမြန်းရာ ဘုံဌာနသည် တောင်ပိုင်းစကြဝဠာရှရီမတ်ဘုံ ဖြစ်၏။ ဘုရားအလောင်းတော်၏ ကြင်ရာတော်မှာ မာမကီသခင်မဖြစ်ပြီး ရွတ်ဖတ်သော ဓာရဏီမန္တန်မှာ 'တြာ' ဖြစ်၏။

၅။ အမောဃသိဒ္ဓိဈာန်ဘုရားရှင်နှင့်ဝိသွပါဏိဈာန်ဘုရားအလောင်းတော်တို့၏ စံမြန်းရာဘုံဌာနမှာ မြောက်ပိုင်းစကြဝဠာ ပြကူတာဘုံဖြစ်၏။ ဘုရားအလောင်းတော်၏ ကြင်ရာတော်မှာ တာရာစိမ်းသခင်မဖြစ်ပြီး ရွတ်ဖတ်သော ဓာရဏီမန္တန်မှာ 'အာ' ဖြစ်၏။

တိဗက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ ခေါင်းဆောင်းတွင် အချွန်အတက် (၅) ခုပါသည်မှာ ဤဈာနီဗုဒ္ဓ (၅) ဆူနှင့် ဈာနီဘုရားအလောင်းငါးပါးတို့ကို ပူဇော်သည့် အထိမ်းအမှတ်သင်္ကေတ ဖြစ်၏။ ထို့ကြောင့်လည်း ဓာရဏီမန္တန်သည် (၅) မျိုးပြားသွားရခြင်းဖြစ်၏။ ထို့ကြောင့် ဉုံသည်လည်းကောင်း၊ ဟုံသည်လည်းကောင်း၊ ဟရီသည် လည်းကောင်း၊ တြာသည်လည်းကောင်း၊ အာသည်လည်းကောင်း တစ်ဦးနှင့်တစ်ဦးက တစ်နေရာနှင့်တစ်နေရာအသံထွက်ပုံမတူသဖြင့်ကွဲပြားရခြင်းမဟုတ်ဘဲ တိကျသေချာသော အခြေခံ အကြောင်းရင်းများကြောင့် ဖြစ်ကြောင်း ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မဟာယာနဗုဒ္ဓဘာသာတွင် ဉုံသည် မပါလျှင်မဖြစ် အဘယ်မျှအရေးပါကြောင်းကိုလည်းသိမြင်နိုင်မည် ဖြစ်ပါသည်။

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်ထွန်းလင်း(အာယုဗ္ဗေဒ)




www.burmeseclassic.com

www.burmeseclassic.com

(ဖော်ပြချက်)

# မောင်လှယဉ်

## ဘအောင်စိန်နှ ငါးပြေမဂမုန်း



❑ စုစုစည်းစည်းနိဗ္ဗာန်လှေကိုစီး

တော်သလင်းလပြည့်ရောက်ရန် (၂) ရက်သာလိုတော့လို့ ဘအောင်စိန်တို့လူကြီးတွေ အလုပ်များနေကြသလို ကျွန်ုပ်တို့လူငယ်အုပ်စုကလည်း အလုပ်ရှုပ်ပွနေကြတယ်။ ဝါခေါင်လပြည့်နေ့ကတော့ ဘုန်းတော်ကြီးကျောင်းမှာ နိဗ္ဗာန်အတွက်ရည်စူးပြီး ရွှေအိုး၊ ငွေအိုးမြှုပ်နှံခြင်းကို ရည်ရွယ်ပြီး တစ်နိုင်တစ်ပိုင်လောင်းလှူခဲ့ကြပြီးဖြစ်ပါတယ်။

ကျွန်ုပ်နားလည်သလို၊ ဆရာတော်ဟောကြားသလိုပြောပြရရင်တော့ နိဗ္ဗာန်ကိုရည်ရွယ်ပြီး ကိုယ်နိုင်တာလှူဒါန်းကြတာပါပဲ။ လူကြီးတွေက သောက်ရေအိုးသုံးလုံးကို ရွှေစက္ကူ၊ ငွေစက္ကူတို့ကို ပန်းပွင့်ပန်းခက်တွေညှပ်ပြီး လှလှပပကပ်ထားပြီး သည်အိုးထဲမှာ ကိုယ်နိုင်ရာလှူဖွယ်ဝတ္ထုတွေကို သွားလောင်းလှူတာပါပဲ။

အခုတော်သလင်းလပြည့်နေ့ကျတော့ ကျောင်းတိုင်းကျောင်းတိုင်းကဝါး၊ သစ်တွေနဲ့သင်္ဘောပုံစံလုပ်ပြီး အလှူခံ ထွက်ကြဦးမှာပါ။ ၁၄ ရက်နေ့ကတည်းက သင်္ဘောချီးနေကြပါပြီ။ လပြည့်ည (၁၂) နာရီလောက်ဆို ရွာစဉ်အလိုက် အလှူခံထွက်ကြပြီး ရလာတဲ့ လှူဖွယ်ပစ္စည်းတွေကို ရပ်ရွာဘုရားစေတီမှာ လှူဒါန်းသီလယူကြတာ ပျော်စရာကြီးပါ။ အမျိုးသမီးငယ်တွေကလည်း ကြက်သား ဆန်ပြုတ်လုပ်ကြပြီး လာသမျှကလေး၊ လူကြီးတို့ကို တိုက်ကျွေးကြပါတယ်။

ဒီနိဗ္ဗာန်လှေလုပ်ကြတာ ဘယ်အချိန်ကစခဲ့သလဲဆိုတာကို သိချင်လို့ လူကြီးတွေကို မေးကြည့်တော့လည်း သေသေချာချာမသိရ။ လူကြီးတွေရဲ့ ပြောစကားက ကျွန်ုပ်တို့လူငယ်တွေ ဘဝင်မကျစရာပါ။

ကြည့်လေ။

"ဒီနိဗ္ဗာန်သင်္ဘောလုပ်ပြီး အလှူခံထွက်ကြလို့ လှူကြတန်းကြတဲ့သူတွေ နိဗ္ဗာန်ရောက်နိုင်ဖို့ လမ်းစပေါ့ကွ"

တဲ့ဗျာ။ ဒါကို မကျေလည်တာပါ။

လှူဒါန်းတိုင်းသာ နိဗ္ဗာန်ရောက်နေရင် ရုပ်နဲ့နာမ်ကို ခွဲခြားသိမြင်ရတဲ့ ဝိပဿနာတရားကို ဘာကြောင့်အားထုတ်ကြရမှာလဲနော်။ ဆရာတော်တွေ ဟောကြားတာက ဝိပဿနာ... တော်ကို အားထုတ်မှသာ နိဗ္ဗာန်... တာကိုကြားဖူးထားတော့ လူကြီး... သန်တွေကို ပြောဖို့ကလည်း အ...

တော်သလင်းလပြည့် ... သင်္ဘောလုပ်ပြီးလှူကြတန်းကြတဲ့... က ကျွန်ုပ်တို့မွန်ပြည်နယ်တော... မှာသာရှိပြီး မြို့ပေါ်မှာတော့ ပြုလု... တာ မတွေ့ရပါဘူး။ သည်နိဗ္ဗာန်သ... ပြုလုပ်တာ ဘယ်အချိန်ကစလာ... လို့ သမိုင်းကိုကြည့်လိုက်တော့ ဓ... မင်းကြီးလက်ထက်က စလာတာ... တွေ့ရပါတယ်။

ဓမ္မစေတီမင်းကြီးလက်ထ... သီဟိုဠ်ကို ရဟန်းတော်တွေ... ရေသိမ်ဝင်ကြကာ အပြန်မှာ ... တိုင်းမိလို့ သင်္ဘောနှစ်စီးနစ်... ရဟန်းတော်တွေနဲ့ လူတွေသေ... လို့ ယကြာချေခိုင်းတဲ့အနေနဲ့ ဒီ... မိတဲ့တော် သလင်းလပြည့်နေ့မှာ ... နဲ့သူပိုင်နယ်ပယ်တွေမှာ သင်္ဘော... ယကြာချေခိုင်းတာကိုသိရတော့မှ ... ဘဝင်ကျသွားပါတော့တယ်။

လူကြီးတွေ ပင်ပန်း...



www.burmeseclassic.com

www.burmeseclassic.com

နှိုပ်တို့လူငယ်တွေက ပျော်ရွှင်နေကြ
ယ်၊ ရပ်ကွက်ကျောင်းတိုက်အသီးသီး
ကျောင်းဒကာကြီးတွေ နိဗ္ဗာန်
သော်ပြုလုပ်ကြပြီး ရွှေပြည်သာယာ၊
အောင်ဇောမိ၊ နိဗ္ဗာန်ကူးတို့ . . . စသည်
နာမည်ပေးကြတယ်။ ၁၄ ရက်နေ့



ညနေပိုင်းကစပြီး နိဗ္ဗာန်လှေထွက်ဖို့ သူ့အစုနဲ့သူ့စုရပ်နေရာမှာ အသံချဲ့စက်သံတို့ညံနေပြီးဖြစ်တယ်။

အမျိုးသမီးကြီးငယ်အုပ်စုတို့က ကြက်သားဆံပြုတ်ချက်ကြနဲ့ အလုပ်ရှုပ်နေကြသည်မှာ ပျော်စရာကြီးပါ။ တစ်ဦးနဲ့တစ်ဦးစကြနောက်ကြနဲ့ တောရွာဓလေ့ ပျော်နေကြတယ်။

ဆန်ပြုတ်ကျက်တာနဲ့ ကျွန်ုပ်တို့ သဘော်လိုက်မယ့် လူငယ်တွေနဲ့လူကြီးကလေးတွေစားကြပြီး ထွက်ရန်ပြင်ဆင်ကြတော့တယ်။

"ဟေ့-တင်လှနိုင်နဲ့ မောင်တာတို့ ဆန်ပြုတ်သိပ်မသောက်ကြနဲ့နော်။ လမ်းမလျှောက်နိုင်ကြဘဲနေကြဦးမယ်။ ဒီညတော့ တင်လှနိုင်မောကြောပေါ့ကွာ"

"ဟာ-ဘအောင်စိန်ရာ၊ တင်လှနိုင်တစ်ယောက်တည်း မောမှာမဟုတ်ပါဘူး။ သွားကြမယ့်သူတွေအားလုံး မောကြမှာပါ။ ဒါပေမယ့် ကုသိုလ်ရေးမို့ မောတယ်ပန်းတယ်မထင်ပါဘူး ဘ ရာ"

"ဟား ဟား ဟား ကောင်းကွာ။ အားလုံး မောကြမှာပါ မောင်ရာ နော်"

ဘအောင်စိန်က ကျွန်ုပ်တို့နှစ်ဦးသာသိတဲ့စကားနဲ့ ကလိ လိုက်ပေမယ့် လူငယ်တစ်ဦးက သဘော်လှည့်ရင် မောမှာကို ဝင်ပြောလိုက်လို့ ဘအောင်စိန် ရယ်လိုက်တာပါ။

"ကောင်းတယ်-ဘရေ၊ ဒီတစ်ခါ ဘအောင်စိန်ခံရပြီးပေါ့"

ဘအောင်စိန်နဲ့ ဘသူတော်က ဘာမှ ဆက်မပြောတော့ဘဲ သဘော်ခိုင်၊ မခိုင်စစ်ကြည့်နေကြတယ်။ (၉)နာရီထိုးတာနဲ့ ကျွန်ုပ်တို့စထွက်ကြမည်ဖြစ်တယ်။

ကျွန်ုပ်တို့ နိဗ္ဗာန်သဘော်က ကလော့ရွာ၊ အပြိုင်ရွာတို့ကိုပတ်ပြီး ရွာလမ်းမကြီးအတိုင်း ရွာလွတ်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com

အလျှုခံထွက်ကြတယ်။ လမ်းတစ်လျှောက် ကောဒွတ်၊ နီးမှုတ်၊ ကွမ်းဒိုင်း၊ ရွာသစ် ကျေးရွာတွေကိုဖြတ်ပြီး ရွာလွတ်ရွာကို ပတ်ကြပြီး ပြန်လှည့်လာကြတော့တယ်။

မနက်အရုဏ်တက်ချိန်မှာကတော့ ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော် ပေါ်မှာ အရုဏ်ဆွမ်းကပ်ကြပါမယ်။ဒီည တစ်ညလုံးရွာတိုင်းက ကုသိုလ်ရေးတွက် လုံးပန်းနေရလို့ အိပ်ရတော့မှာမဟုတ် တော့ပါဘူး။

□ ချစ်သူမျက်နှာလမင်းပမာ

ကျွန်ုပ်တို့နိဗ္ဗာန်ယာဉ်လူငယ်အဖွဲ့ လည်း တော်သလင်းလပြည့်အရုဏ် တက်အချိန်မှာသီလခံယူကြပြီး ဆံတော် ရှင်စေတီတော်မြတ်ကြီးကို အရုဏ်ဆွမ်း ကပ်လှူကြပါတယ်။

ဖိုးတာ၊ ခင်မောင်ဦးနဲ့ ဂျယ်ကိုနိုင် တို့က ကျောင်းမတက်တော့ဘဲ ပြန်သွား ကြတော့ ကျွန်ုပ်တစ်ဦးတည်း ကျောင်း ပြန်အပ်ရမယ့် ဘုရားဆင်းတုတော်နဲ့ ဇလားသုံး၊လေးလုံးကိုသယ်ပြီး ကျောင်း ဘက်ကို လျှောက်ခဲ့တော့တယ်။

ကျောင်းသွားသီလယူရင် ကျွန်ုပ် ချစ်ရတဲ့ဆရာမလေး နှင်းနှင်းရည်ရဲ့ ငွေ လမင်းမျက်နှာလေးကိုကြည့်ပြီး စကား တစ်ခွန်းနှစ်ခွန်းပြောနိုင်မယ်။တစ်ယောက် တည်းသွားရမှာကိုလည်းရှက်ကြောနေမိ ပြန်တယ်။ အချိန်နီးမှကျောင်းပစ္စည်း သွားအပ်ရင် အဆင်ပြေမယ်။ ဘအောင် စိန်စကားလည်း လွတ်နိုင်တယ်လို့တွေး ပြီး အရှုးလိုပြုံးလိုက်မိတယ်။

"မင်းလာပါ့မလားလို့ မျှော်လိုက် ရတာ တင်လှနိုင်ရယ်။ အိပ်ရေးပျက်လို့ ပြန်အိပ်ပြီး ထင်နေတာကွ"

"ပြန်အိပ်မလို့ပါဘဲ ဘအောင်စိန် ရယ်။ ကျောင်းပစ္စည်းတွေ ပြန်ပို့ရမှာမို့ ပါ။ ဂျယ်နဲ့ဖိုးတာတို့တော့ ပြန်ကုန်ကြပြီ"

"ကျောင်းပစ္စည်း အိမ်မှာမထား ကောင်းဘူးကွ။ ဟဲ ဟဲ - သွားကျောင်း ပေါ်မှာရှိနေလေရဲ့"

ဘအောင်စိန်က နောက်နေလို့ ကျွန်တော်ဆက်မပြောတော့ဘဲ ကျောင်း ပေါ်ကို ပစ္စည်းထားရန်တက်သွားတော့ ကျောင်းပေါ်တွင် မောင့်ငွေလမင်းက ကျွန်ုပ်ကိုပြုံးပြပါတယ်။ ကျွန်ုပ်လည်း ပြန်ပြုံးပြပြီး ဦးပဉ္စင်းအား ဘုရားရုပ်ပွား တော်နဲ့ ဇလားတို့ကိုအပ်ပြီး နှင်းရည်ထံ ကို လျှောက်လာလိုက်တယ်။

"ကိုနိုင်၊ ညနေလာဦးမယ်မဟုတ် လားဟင်"

"ဘတို့ကို မေးကြည့်ဦးမယ်။ ဘ တို့လာမယ်ဆိုလာခဲ့မယ်လေ"

"သူတို့မလာလည်း လာခဲ့ဦး၊ ပြော စရာရှိလို့ အခုသီလယူဦးမလားဟင်"

"မယူတော့ပါဘူး နှင်းရယ်။ မနက် ကပဲ ဘုရားမှာယူထားပြီးပြီလေ။ ငိုက် လည်းငိုက်နေပြီး ပြန်အိပ်ဦးမယ်"

"အင်းလေ-ညနေဆက်ဆက်လာ နော်"

ကျွန်ုပ်ခေါင်းညိတ်ပြီး ကျောင်း ပေါ်ကဆင်းလာတယ်။ ဘအောင်စိန်နဲ့ ဘသူတော်တို့ ဓမ္မာရုံကြီးပေါ်ကို မတက် သေးကြဘဲ နတ်လမ်းမှာစကားထိုင်ပြော နေတာကို တွေ့ရပါတယ်။

"ဟေ့-တင်လှနိုင်၊ ပြန်တော့မလို့ လားကွ"

"ဟုတ်ကဲ့-ဘ၊ အရမ်းအိပ်ငိုက်နေ ပြီ။ ညနေမှလာတော့မယ်"

"အေးလေ - မောင့်ငွေလမင်းနဲ့ တွေ့ခဲ့ပြီးပဲ ပြန်တော့ပေါ့ ငနိုင်ရာ"

ဘအောင်စိန်က နှစ်ကိုယ်ကြား နောက်ဖြစ်အောင် နောက်လိုက်ပါသေး တယ်။ ကျွန်ုပ်က ဘာမှဆက်မပြော တော့ပဲ စပ်ဖြဲဖြဲလုပ်ကာ အိပ်ပြန်လာပါ တော့တယ်။

□ လမင်းထံပါး ခစားရောက်လာ

ညနေစာထမင်းစားပြီး ဖိုးတာနှင့် ဂျယ် ရောက်လာလို့ အတူထွက်ခဲ့ကြ တယ်။ ကျွန်ုပ်တို့ အိမ်ထမင်းစားနောက် ကျလို့ အဘိုးရွှေလှေးတို့အိမ်ရောက် တော့ -

"ဒီသုံးကောင် တယ်နောက်ကျနေ ပါလားကွ။ သင်္ဘောလှည့်သွားရလို့ အတော်လေး ပင်ပန်းသွားတယ်ထင် တယ်"

"မပင်ပန်းပါဘူး ဘအောင်စိန်၊ ကုသိုလ်ရေးမို့ပျော်ပါတယ်။ အဖေမြို့ တက်သွားလို့စောင့်ပြီး ထမင်းစားနေလို့ နောက်ကျတာပါခင်ဗျာ"

ကျွန်ုပ်ဘအောင်စိန်အမေးကိုဖြေ ပြီး နှင်းကိုကြည့်လိုက်တယ်။ သူမက ကျွန်ုပ်ကိုတစ်ချက်ကြည့်ပြီး မီးဖိုခန်းဘက် ကို ထသွားတော့တယ်။

"မြေးတို့အဘလယ်စပါးပင်တွေ သန်ရဲ့လား လူလေး"

"သန်ပါတယ် အဘိုး။ ကျွန်တော် တို့လယ်တင်မကပါဘူး၊ တခြားလယ် တွေလည်း ဒီနှစ်အားရစရာကြီးဘိုးရယ်၊ သန်လိုက်တာမှ စိမ်းမြနေတာပဲ"

"အေးကွယ် - တို့လယ်သမားတွေ စပါးအထွက်ကောင်းမှ ချောင်လည်ကြ ပြီး လှူနိုင်တန်းနိုင်ကြတော့ သာသနာ ပွင့်လင်းတာပေါ့ကွယ်။ အဘိုးတို့ လူငယ် ဘဝ အင်္ဂလိပ်ခေတ်ကဆို ဒီလိုသာသနာ ဘယ်ဖွံ့ဖြိုးပါမလဲကွယ်။ တောမှာနဲ့စာ ရင် မြို့ပေါ်မှာဆို ပိုဆိုးပေါ့ကွယ်"

"ကိုတင်လှနိုင် ဒီကိုခဏလာပြီး ရေနွေးဓာတ်ဘူးလာယူပါဦး"

အဘိုးရွှေလှေးစကားဆုံးသွားတာ နဲ့ နောက်ဖေးခန်းမှ နှင်းလှမ်းခေါ်တဲ့ အသံကို ကြားလိုက်ရတယ်။

"သွားဝိုင်းကူလိုက်ပါဦး လူလေး ရယ်။ မင်းညီမမနိုင်မနင်းဖြစ်နေပါဦး မယ်။ ဓာတ်မီးလည်း ယူသွားနော် မှောင် နေပြီ"

ကျွန်ုပ်ဓာတ်မီးယူ၍ မီးဖိုခန်းထဲ လိုက်သွားတော့တယ်။

"ကိုနိုင်၊ အားကြီးကြာတာပဲတွ ရော့ - ဓာတ်ဘူး နှစ်ဘူးအရင်ယူသွား"

ကျွန်ုပ်က ဓာတ်ဘူးတွေကိုမ သေးဘဲ နှင်းကိုချစ်ခင်စုံမက်စွာနဲ့ ကြ နေပါတယ်။ နှင်းကလည်း ကျွန်ုပ် အရည်လဲ့နေတဲ့မျက်လုံးအစုံနဲ့ ပြန်ကြ နေလို့ အားမလိုအားမရဖြစ်လာပြီး နှ ကိုဖက်လိုက်မိတော့တယ်။

"အို- ကိုနိုင်လွှတ်ကွာ အသ ကျပ်ပါတယ်"

နှင်းကလွှတ်ကွာဆိုပေမယ့် မ ပဲငြိမ်နေလို့ ထပ်တိုးပြီးဖက်ကာ တ ထပ်နမ်းမိပြန်တယ်။

"တော်တော့ ကိုနိုင်ရယ်။အဘိုး အဘတို့ရိပ်မိကုန်ကြလိမ့်မယ်။ ဓာတ် တွေယူသွားတော့ လူဆိုးလေး"

ကျွန်ုပ်က နှင်းကိုမလွှတ်ချင် လွှတ်ပေးလိုက်ပြီး ဓာတ်ဘူးနှစ်ဘူး ကာ အိမ်ရှေ့ကိုထွက်လာတော့တ ဘအောင်စိန်က ငါသိပါတယ်ဆို အကြည့်နဲ့ကြည့်နေတယ်။ ကျွန်ုပ် မလုံမလဲနဲ့ ဓာတ်ဘူးတွေချပေးပြီး အနားမှာ ဝင်ထိုင်လိုက်တယ်။

"မောင်အောင်စိန်၊ မင်းအ ဦးဩဘာနဲ့နေတုန်းက ဂန္ဓာရီလှည့် တာတွေရှိမှာပေါ့နော်"

"ဟုတ်ကဲ့ - ဘဩဘာခေါ် သုံး၊ လေး၊ ငါးခေါက်လိုက်ဖူးပါ ခင်ဗျာ"

"အေးကွယ်-ဒီညမောင်အော ရဲ့ အတွေ့အကြုံတစ်ခုလောက် ကွာ။ အဘိုးတို့ဗဟုသုတစာတိုးတာ

အဘိုးရွှေလှေးက ဘအော အတွေ့အကြုံတွေထဲက တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီးလာပါတယ်။ အဘိုးရွှေလှုံးတောင်း ဆိုမှုကို ဘအောင်စိန်မငြင်းနိုင်တော့ချေ။

"ဟုတ်ကဲ့ပါ အဘိုး၊ ကျွန်တော်နဲ့ ဘကြီးဘတို့ ရေးမြို့ဆေးတောင်ဘက် သွားခဲ့တုန်းက ကြားခဲ့ရတဲ့အတွေ့အကြုံ ထူးတစ်ခုကို ပြောပြပါမယ် အဘိုး။ ဒီ အဖြစ်အပျက်က ကျွန်တော်နဲ့ဘကြီးဘ တို့ကို အတော်လေး တုန်လှုပ်စေခဲ့ပါ တယ်။ အဘကြီးဘကလည်း ဒီအဖြစ် အပျက်ပေါ် အတော်လေးတုန်လှုပ်ခဲ့ပြီး ဘယ်သူမဆို လက်လွှတ်စပယ်မလုပ်မိ အောင် စဉ်းစားချင့်ချိန်ပြီး ဆင်ခြင်တုံတရား လေးနဲ့လုပ်ကြကိုင်ကြဖို့ဆုံးမခဲ့ဖူးပါတယ် အဘိုးရယ်။ ဒီရင်နင့်စရာအဖြစ်ကိုကြား ပြီးမှ ကျွန်တော်လည်း ဘာလုပ်လုပ် နောက်စဉ်းစားပြီးမှလုပ်ပါတော့တယ် အဘိုးရွှေလှုံး"

"အေးပေါ့ကွယ်-စဉ်းစားချင့်ချိန်ပြီး လုပ်ကိုင်ကြတော့မမှားတော့ဘူးပေါ့ မောင်အောင်စိန်ရယ်။ ကဲ - ပြောပြကွာ သူငယ်တွေလည်း အသိတိုးတာပေါ့"

ဘအောင်စိန်က ဆရာမနှင်းနှင်း ညီသူလာတဲ့ ပြောင်းဖူးပြုတ်ကို ပလုတ် ပလောင်းဝါးပြီး ရေနွေးတစ်ခွက်ငှဲ့ သောက်ကာ ဤသို့ပြောပြလာပါတယ်။

**□ စဉ်းစားလုပ်သင့်သည်**

ဘကြီးဘနဲ့ ကိုအောင်စိန်တို့နှစ် ဦး ရေးမြို့ရှိ ဆေးတောင်ကို ဂဏ္ဍာရီလှည့် ခရီးထွက်ခဲ့ကြတယ်။ ဆေးတောင်ပေါ်ကို ရောက်မီ ဘကြီးဘရဲ့ကျောင်းနေဖက် သူငယ်ချင်း ဦးပဥ္စင်းသီတင်းသုံးနေတဲ့ ရေးမြို့ ကော့ဒွတ်ကျေးရွာကျောင်းကို အလွှာဝင်နားခဲ့ကြတယ်။

ကျောင်းထိုင်ဆရာတော်နဲ့ ဘကြီး ဘတို့မှာ ကိုရင်ဝတ်ဖက်များဖြစ်ကြ သဖြင့် လွတ်လွတ်လပ်လပ်ပြောဆိုကြ တယ်။ ဘအောင်စိန်တို့ရောက်ပြီး နောက်တစ်နေ့မှာ ကော့ဒွတ်ရွာထဲမှ အသုဘတစ်ခု ဆွမ်းကပ်အလှူလာလုပ် ကြတယ်။ အလှူက အလှူရှင် ဒကာမ ကြီးရဲ့ ယောကျ်ားကွယ်လွန်ခြင်းငါးနှစ် မြောက်ဆွမ်းကပ်ခြင်းဖြစ်ပါတယ်။

"အင်း - ဘာလိုလိုနဲ့ ဒကာကြီး ကိုသိန်းဒန်ဆုံးပါးသွားတာ ငါးနှစ်တောင် ရှိသွားပြီနော် ဒေါ်ဖွားရှင်"

"တင်ပါ့ဘုရား၊ ကိုသိန်းဒန် တပည့်တော်မကြောင့် မဖြစ်သင့်တာ တွေဖြစ်ပြီး ဆုံးပါးသွားရတာကို ယူကျုံး မရဖြစ်နေတုန်းပါဘုရား။ တပည့်တော်မ သာ ဆင်ဆင်ခြင်ခြင်သာလုပ်မိရင် ကိုသိန်းဒန်လည်း ဒီလိုအဖြစ်ဆိုးနဲ့ကြုံ ရမှာမဟုတ်ပါဘူး ဘုရား။ အခုတော့ တပည့်တော်အမိုက်မကြောင့် ကိုသိန်းဒန် မှာ ရှုလည်းရှုခဲ့ရ၊ သေလည်းသေခဲ့ရ တာ ဘယ်လိုဖြေနိုင်ပါ့မလဲဘုရား။ အဲဒါ ကြောင့် တပည့်တော်မမှာတင်နေတဲ့ အကြွေးလည်းကျေပါစေ။ သူလည်း ကောင်းရာမွန်ရာကိုရောက်ပါစေဆိုပြီး တပည့်တော်မ အသက်ရှင်နေသရွေ့ အလှူလုပ်သွားမယ်လို့ ဆုံးဖြတ်ထားပါ တယ်ဘုရား"

ဒေါ်ဖွားရှင်ဆိုသူ မိန်းမကြီးကငို လည်းငို၊ ပြောလည်းပြောနေလို့ ဘကြီး ဘနဲ့ ကိုအောင်စိန်တို့မှာ ရုပ်ရှင်ကို တစ်ဝက်တစ်ပျက်ကြည့်ရသလိုဆန့်တငံ့ငံ့ ဖြစ်နေကြတော့တယ်။ ကိုသိန်းဒန်ဆိုသူ ဘာကြောင့်ရှုခဲ့ရသလဲ။ နောက်ဘာ ကြောင့် သေဆုံးသွားရသလဲဆိုတာကို ကိုအောင်စိန်တို့ အလွန်သိချင်နေကြ တယ်။ မအောင့်နိုင်တော့လို့ ဆရာတော် ကို ကိုအောင်စိန် မေးလျှောက်လိုက်ပါ တယ်။

"ဆရာတော်ဘုရား၊ ဒေါ်ဖွားခင် ယောကျ်ား ဦးသိန်းဒန် ဘာကြောင့်ဆုံးပါး သွားတာလဲ ဘုရား။ တပည့်တော်တို့ နားမလည်ဘူးဖြစ်နေပါ။ စပ်စုတယ်လို့ တော့မထင်ပါနဲ့ဘုရား။ ဖြစ်နိုင်ရင် အကြောင်းစုံပြောပြပေးတော်မူပါဘုရား"

"အင်း - ဒကာကြီးဘတပည့်က တော့ ဒကာကြီးဘလိုပါပဲလားဗျ။ ဒကာကြီးလိုပဲ သိချင်တာတွေကများနေ တာကိုး"

"မောင်အောင်စိန်တင်သိချင်တာ မဟုတ်ဘူး ဦးပဥ္စင်းရဲ့။ တပည့်တော် လည်း သိချင်နေတာပဲ"

"ကဲ-ဒေါ်ဖွားရှင်ရေ၊ ဒကာမကြီး တို့အကြောင်းကို အစကသာပြန်ပြောပြ လိုက်ပါတော့။ ဒကာကြီးဘတို့ ဆရာ တပည့်တို့က အလွန်သိချင်နေကြတယ်။ ဒီ ကိုကြီးဘဆိုလူက ဘုန်းကြီးနဲ့ကျောင်း နေဖက်သူငယ်ချင်း။ သူလည်း ဒကာမ ကြီးခင်ပွန်းလိုပဲ လောကီပညာလိုက်စား နေတာ"

"တင်ပါ့ဘုရား ဆရာတော်ဘုရား ရဲ့ဧည့်သည်တွေ သိချင်တယ်ဆိုရင် တပည့်တော်မနဲ့ ကိုသိန်းဒန်တို့ရဲ့အဖြစ် ကို အစကနေပြန်ပြောပြပေးပါ့မယ် ဘုရား"

ဘကြီးဘနဲ့ ကိုအောင်စိန်တို့ ဒေါ်ဖွားရှင်ပြောပြတဲ့ ရင်နင့်စရာလမ်းကို ရင်တနင့်နင့်နဲ့ကြားခဲ့ရတော့တယ်။

**□ အလွဲရက်ရှုးကိုသိန်းဒန်**

ကိုသိန်းဒန်နဲ့ မဖွားရှင်တို့ နေထိုင် တဲ့ရွာက အိမ်ခြေ(၂၀၀)ကျော်လောက် ရှိတဲ့ ရေးမြို့နယ်ထဲက ကော့ဒွတ်ဆိုတဲ့ ရွာကြီးတစ်ရွာပါ။ မောင်လမြိုင်က ရေးမြို့ ကို ကားလမ်းကနေသွားပါက မုကနင် ကျေးရွာကိုရောက်သွားပြီး ဒီမှတစ်ဆင့် ဆက်နေတဲ့ လမိုင်းရွာကိုရောက်ပါမယ်။ လမိုင်းရွာကြီးမှာ တန်ခိုးကြီးဆုတောင်း ပြည့်လမိုင်းဘုရားကြီးကိုဖူးတွေ့ရပါမယ်။ လမိုင်းကဆက်သွားပါက ကိုသိန်းဒန်တို့ နေတဲ့ ကော့ဒွတ်ရွာကို ရောက်ရှိပါ့မယ်။

မွန်တိုင်းရင်းသားတွေ အများ အပြားနေထိုင်တဲ့ရွာမို့လို့ ရိုးသားကြပါ တယ်။ကော့ဒွတ်ရွာမှာနေထိုင်ကြသူတွေ က လယ်ယာလုပ်ငန်းကို အဓိကလုပ် ကိုင်ကြပြီး ပင်လယ်စပ်နဲ့လည်းနီးလို့ ငါး ဖမ်းလုပ်ငန်းလည်း လုပ်ကိုင်ကြတယ်။

ကိုသိန်းဒန်နဲ့ မဖွားရှင်တို့ မိဘ တွေက လယ်ပိုင်ရှင်တွေဖြစ်ကြပြီး ငယ် စဉ်ကတည်းက ကျောင်းသွားအတူကစား အတူနဲ့ အရွယ်လေးတွေရလာတော့ တစ်ဦးပေါ်တစ်ဦး သံယောဇဉ်တွယ်ငြိ ကာ ချစ်သူဘဝကိုရောက်ခဲ့ကြတယ်။ နှစ်ဖက်မိဘများကလည်း သဘောတူလို့ ရက်ကောင်းရက်မြတ်ရွေးကာ လက်ထပ် ပေးလိုက်ကြတယ်။ နောက်ရင်းနှီးစား သောက်လုပ်ကိုင်ဖို့ ရွှေကတစ်ဆင်ဆာ၊ လယ်က ဧကနှစ်ဆယ်၊ နွားက နှစ်ရှဉ်းနဲ့ လှည်းအစုံ၊ အိမ်ဝိုင်းမကျန်လက်ဖွဲ့ပြီး တစ်အိုးတစ်အိမ်ခွဲနေစေတယ်။

ညားခါစက ကိုသိန်းဒန်ဟာ ချစ်သူ မဖွားရှင်နဲ့ ဗိုးတူပေါင်ဖက်ကြိုး စားလုပ်ကိုင်ကြတယ်။ ကိုသိန်းဒန်ရဲ့ ကြိုးစားမှု၊ မဖွားရှင်ရဲ့ စည်းစနစ်ကျမှုတို့ ကြောင့် ငါးနှစ်မြောက်နှစ်အတွင်းမှာပဲ လယ်ဧက (၃၀) နဲ့ နွားတစ်ရှဉ်းထပ် တိုးလာသလိုရွှေကိုရွှေစနဲ့ငွေကြေးလည်း စုဆောင်းမိလာတယ်။

ဥစ္စာပစ္စည်းတိုးပွားလာသလို အိမ် ရဲ့ဆည်းလည်းလေးဖြစ်ကြတဲ့ သမီး တစ်ယောက်၊ သားတစ်ယောက်လည်း ထွန်းကားခဲ့ကြတယ်။ ကိုသိန်းဒန်က လယ်ကို ကြိုးစားလုပ်ကိုင်ခဲ့သလို မဖွား ရှင်ကလည်း ကလေးနှစ်ယောက်ကို ထိန်းသိမ်းရင်း အိမ်မှာ ကုန်စုံဆိုင်လေး ဖွင့်ကာ အပိုဝင်ငွေရဖို့ကြိုးစားတာ ကြောင့် စီးပွားရေးမှာ အားကျလောက် အောင်တိုးတက်လာတယ်။

တစ်နေ့တော့ ကိုသိန်းဒန်နဲ့မဖွား



www.burmeseclassic.com

www.burmeseclassic.com

ရှင်တို့ကံပဲဆိုးချင်တာလား၊ ကံပဲကောင်းချင်တာလားတော့မသိ။ ကိုသိန်းဒန်တောတက်ထင်းတိုက်အပြန် လူသူတော်တစ်ဦးပါပါလာခဲ့တယ်။

"မဖွားရှင်ရေ၊ ဒီဆရာကြီးက ကိုသိန်းဒန်ရဲ့ဆရာကြီးပဲကွယ့်။ တောထဲမှာ ဆေးရှာက်၊ ဆေးဥရှာနေလို့ အိမ်ကိုပင့်လာတာ။ တို့အိမ်မှာ သုံး၊ လေးရက်လောက်နေထိုင်မယ်။ ထမင်းချိန်ထမင်း၊ ရေနွေးချိန်ရေနွေးလေးလုပ်ပေးပါကွယ်။ ထမင်းကတော့ သက်သတ်လွတ်တစ်နပ်ပဲစားတယ်။ ညနေစာမစားဘူး။ ဖြစ်သလိုစားနိုင်တယ်လို့ ဆရာကြီးကပြောတယ်"

နောက်တစ်နေ့ မနက်ကျတော့ လူသူတော်ကြီးရဲ့ညွှန်ကြားချက်ကြောင့် ခြံထောင့်မှာ ကိုသိန်းဒန်တဲတစ်လုံးဆောက်လိုက်တယ်။ နောက်တစ်နေ့ မြို့တက်ပြီး ပစ္စည်းတွေသယ်လာတာ မဖွားရှင်တွေ့ရတယ်။ သူမနဲ့မဆိုင်တာမို့ ဘာမှမမေးတော့ဘဲ အိမ်ဆိုင်အလုပ်သာလုပ်နေလိုက်တယ်။

တဲဆောက်ပြီး ဆယ့်ငါးရက်လောက်တော့ ကိုသိန်းဒန် လယ်ထဲကိုဆင်းနေသေးတယ်။ လူသူတော်ကြီးကတော့ အသစ်ဆောက်ထားတဲ့တဲလေးမှာသာ အချိန်ကုန်နေတယ်။ ကိုသိန်းဒန်လည်း လယ်ထဲကပြန်လာတာနဲ့ ဒီတဲလေးထဲမှာသာ အချိန်ပြည့်နေတော့တယ်။ ညအိပ်ခါနီးလည်း မဖွားရှင်အိပ်ရာဆီကို မလာတော့တာမို့ မဖွားရှင်မှာ မခံချိမခံသာဖြစ်နေရှာပါတယ်။

နောက်ပိုင်းတော့ ကိုသိန်းဒန် လယ်ထဲကို လုံးဝမဆင်းတော့ဘဲ လူသူတော်ကြီးလို အထက်အောက်အဲဝတ်ဖြူကိုသာဝတ်ဆင်လာပြီး မဖွားရှင်နဲ့ပင်အတူမအိပ်တော့ဘဲ ဒီတဲလေးမှာသာ အိပ်တော့တယ်။ နောက်ဆုံး လူသူတော်စားသလို ထမင်းဆီဆမ်းပြီး သက်သတ်လွတ်သာစားပြီး တဲလေးထဲမှာသာ အချိန်ကုန်နေလို့ မဖွားရှင်လည်း ဆရာတော်ကိုသွားတိုင်ရတော့တယ်။

ဆရာတော်လိုက်လာပြီး ကိုသိန်းဒန်ကိုလာကြည့်တော့ ဖိုထိုးနေတဲ့ ကိုသိန်းဒန်ကိုတွေ့ရလို့ သက်ပြင်းချပြီးပြောဆိုဆုံးမပြီး မဖွားရှင်ကိုလည်း နှင့်ယောက်ျားရွှေဖြစ်ငွေဖြစ်ကျင့်ကြံနေတယ်လို့သာပြောဆိုပြီး ကျောင်းကိုပြန်ကြွသွားတော့တယ်။

ကိုသိန်းဒန်လည်း ဒီအချိန်ကစပြီး သူ့ဆရာ လူသူတော်ကြီးလည်း ပြန်သွားပြီမို့ အိမ်အလုပ်၊ လယ်အလုပ်တို့ကိုပင်ပြန်မကြည့်တော့ဘဲ ဖိုရုံလေးမှာသာ အချိန်ကုန်နေပါတော့တယ်။

မဖွားရှင်မှာတော့ ချက်ရေးပြုတ်ရေး၊ ဈေးဆိုင်ကိုလည်း ရောင်းချရကလေးနှစ်ယောက်ကိုလည်း ကြည့်ရှုထိန်းသိမ်းရ၊ လယ်ကိုလည်းသွားပြီး စီမံရတာမို့ ဂျင်ခြေလည်နေတော့တယ်။ ဒုက္ခတွေများလာလို့ မဖွားရှင် ကိုသိန်းဒန်ကိုဆူဆောင့်လာတော့တယ်။

"တော့ဟာတော့် ဖိုပဲရှူး၊ ရှူးချင်တာ ရှူးနေတာကအကြောင်းမဟုတ်ဘူး။ ကျုပ်နဲ့ကလေးတွေက ရှင့်ကြောင့် ဒုက္ခရောက်ရတယ်။ ရှင်သေရင်လည်းသေ ဒါမှမဟုတ် အိမ်ကထွက်သွားချင်လည်း ထွက်သွားတာမှ တော်ဦးမယ်"

"ဖြေဘ် - မယ်ဖွားရှင်ရယ် ဒီလောက်လည်း ဒေါသမကြီးပါနဲ့ကွယ်။ ကိုသိန်းဒန်အောင်မြင်လာရင် မယ်ဖွားရှင်တို့သားအမိအတွက်ပါပဲကွယ်။ မင်းတို့လည်း ငါ့အတွက်ကရိကထမများရအောင် မင်းတို့ပိုင်လယ်တွေထဲက ငါ့ကို ငါးဧကပေးပါကွာ။ ဒီငါးဧကအတွက် ငွေပဲပေးပါ။ ကိုသိန်းဒန် မင်းတို့အိမ်ပေါ်လည်း တက်မအိပ်တော့ဘူး။ ငါဖိုရုံလေးမှာပဲနေတော့မယ်နော်"

မဖွားရှင်လည်း အမြင်ကတ်တာနဲ့ ဘာမှဆက်မပြောတော့ဘဲ လယ်ငါးဧကအတွက် ငွေပေးလိုက်တော့တယ်။ ကိုသိန်းဒန်လည်း ဒီငွေနဲ့အဂ္ဂိရတ်ထိုးရန် လုံမီးသွေးတို့ဝယ်လေတော့တယ်။ ဓာတ်လုံးကို ရွှေဖြစ်ကျွေးရန်လည်း ဒီငွေနဲ့ပဲဝယ်ရတယ်။ မဖွားရှင်ကို ဘာမှမပူမကပ်တော့။ ထမင်းတစ်အိုးချက်ပြီး ဆီတစ်ပုလင်းဝယ်ထားတာနဲ့ ကိုသိန်းဒန်ထမင်းစားဖြစ်တော့တယ်။

တစ်ခါတစ်ခါ ကိုသိန်းဒန်အရှေ့ရိုးမတောထဲသို့ဝင်သွားလျှင် (၁၀) ရက်၊ (၁၅) ရက် ကြာတတ်တယ်။ သူထိုးနေတဲ့ဓာတ်လုံးကိုကျွေးရန် ဆေးငါးပြေမအပင်ကိုရှာနေတာပဲဖြစ်ပါတယ်။ (၅)နှစ်ကျော် (၆)နှစ်မျှကြာခဲ့ပေမယ့် ဓာတ်လုံးကို ရွှေကျွေးလိုက်၊ ဆေးငါးပြေမပင်ရှာလိုက်နဲ့ လယ် (၅) ငါးဧကအတွက် အခုကိုသိန်းဒန်ဝတ်နေတဲ့ ဖျင်ကြမ်းတိုက်ပုံမီးပေါက်၊ ဖျင်ကြမ်းပိတ်ဖြူမီးပေါက်ပဗျူတစ်ထည်သာရှိတော့တယ်။

မိဘများကလည်း ပြောမနိုင်တော့လို့ရှူးနေပြီးထင်ကာ ဆရာတွေနဲ့ကုသော်လည်း ဆရာတွေသာလက်လျှော့သွားကြတယ်။ ကိုသိန်းဒန်က ဘယ်သူ့ကိုမှ ဘာမှမပြော၊ သူ့အလုပ်ကိုသာ တစိုက်မတ်မတ်လုပ်နေတော့တယ်။

**□ အသက်ဝင်နေတဲ့ငါးပြေမပင်လေး**

ဆောင်းတွင်းတစ်မနက် နှင်း... နှင်းဖွားတွေက ကော့ဒွတ်ရွာကို လွှမ်း... ထားလို့ အချမ်းပိုမယ်ထင်ပေမ... ပင်လယ်ဘက်မှ လေပူတွေရိုက်... လာလို့ ထင်သလောက်မချမ်းလှပါ...

မဖွားရှင်အိပ်ရာကစောစော... ထမင်းအိုးတည်၊ ဘုရားဆွမ်းတော်တ... တော့ရောင်နီပေါ်လာပေပြီ။ သံယော... မကုန်သေးလို့ ကိုသိန်းဒန်ဖိုရုံလေး... လှမ်းကြည့်မိသေးတယ်။ တံခါးပိတ်ထား... တာတွေ့ရလို့ အိပ်ရာမထသေးဟု ထင်... မိတယ်။

ညနေပိုင်းအထိ ဖိုရုံမပွင့်လာ... စိတ်ထင့်သွားပြီး ဖိုရုံကိုသွားကြည့်... ကိုသိန်းဒန်မရှိတာကိုတွေ့ရလို့ တော... သွားပြီဆိုတာ သိလိုက်ရတယ်။ နှစ်... ကြာမှ (၉) နာရီလောက် ကိုသိန်း... ရောက်လာတယ်။

"မဖွားရှင်ရေ၊ ဒီမှာကြည့်... ကွယ့်။ ကိုသိန်းဒန်လေးငါးခြောက်နှစ်... ရှာနေတဲ့ ဂမုန်းပင့်လေ။ သူ့ကို ဆေး... ပြေမပင်လို့ခေါ်တယ်။ ဒီအပင်... ကတော့ မင်းတို့သားအမိချမ်းသာ... သာမှတ်ပေတော့ကွယ့်"

မဖွားရှင်က အကျီလှန်... က တစ်ချက်မျက်စောင်းထိုးကြည့်... တယ်။ တစ်မိုက်လောက်သာရှိတဲ့ အ... ပုပုလေးတစ်ပင်ကိုမြင်ရတယ်။ ဒီအ... ပုလေးမှာ အရွက်နှစ်ရွက်သာ ဘယ်... ထွက်နေပြီး ရိုးရိုးသစ်ရွက်ပုံစံမျိုး... ဘဲ ဟင်းချက်စားတဲ့ငါးပြေမပုံစံအ... အရောင်ရောအသွေးပါချွတ်စွတ်တူ... ဆူးတောင်၊ အကြေးခွံ၊ မျက်လုံး... တွေပါ ငါးပြေမအတိုင်းပင်ဖြစ်ပါ... မျက်လုံးက ငါးမျက်လုံးအတိုင်း... တောက်ပနေတယ်။ ပါးစပ်က ... ဟလိုက်နဲ့ အသက်ရှူနေတာကို... တအံ့တသြတွေ့ရပါတယ်။ ကိုသိ... သာ သစ်ပင်လို့ဖွင့်မပြောရင် ငါး... အရှင်နှစ်ကောင်ကိုဖမ်းပြီး တု... လာသလားလို့တောင် ထင်မိရ... ဘာလို့လဲဆိုတော့ အမြီးလေးကလှုပ်... လိုက်ပါသေးတယ်။

"တော့်ဆေးငါးပြေမဆိုတာ... ဟင်းချက်စားလို့ရလို့လား။ ရှင်... သွားပြီးကင်စားလိုက်။ အလက... မရှိအလုပ်ရှာပြီး သား... အလုပ်အကိုင်မေ့နဲ့ ဖိုရုံမှာပဲ ဝိ...




www.burmeseclassic.com

www.burmeseclassic.com

...တာပဲမဟုတ်လား။ ကျုပ်မှာဖြင့် သား သမီးရေး၊ အိမ်တွင်းရေး၊ စီးပွားရေးတွေ ...ရှာ တော့မှာတော့ ဒီအပူတွေမရှိ ... အတွိရုတ်ရှုပ်ပဲရှုပ်နေတာမဟုတ်လား"

မဖွားရှင်က အမြင်ကတ်ကတ်နဲ့ ...နှင့်သီးသီးပြောလိုက်လို့ ကိုသိန်းဒန် ...မှဆက်မပြောသာတော့ဘဲ သူရှာ ...တဲ့ ဆေးငါးပြေမပင်လေးကို တယု ...ယကိုင်ပြီး ဖိုရုံထဲကိုဝင်သွားကာ ထွက် ...လာတော့ချေ။

**...အပျော်ကလေးခဏသာ**

ကိုသိန်းဒန်နှစ်ရက်လောက် ဖိုရုံ ...ထဲကမထွက်လာဘဲ ညနေထွက်လာ ...တော့ မျက်နှာကပြုံးချိုလို့နေပါတော့ ...တယ်။

"မယ်ဖွားရှင်၊ သည်မှာ ကြည့်စမ်း ...ဦးတာ"

မဖွားရှင်က ကိုသိန်းဒန်သူမနား ...ကပ်ပြီးပြောပေမယ့် မကြားသလို ...ဆက်ကိုလှည့်နေလိုက်တယ်။

"ခဏလေးဖြစ်ဖြစ်ကြည့်စမ်းပါဦး ...။ ကိုသိန်းဒန် (၆) နှစ်ကျော်ကျော် ...အပင်ပန်းခံပြီး စင်ကြယ်စွာနဲ့ကြိုးစားလုပ် ...ကိုင်လာတဲ့ အောင်မြင်မှုပဲကွယ့်။ မင်း ...ရှင် မင်းသားကိုမုန့်ဖိုးပေးထားတဲ့ ...ပိုက်ဆံတစ်ပြားကို သွားတောင်းကြည့် ...ကွယ်။ အခုငါစကားပြောနေတာလည်း ...နောက်ဆုံးပြောတာပဲလို့ မှတ်ပါမယ် ...ဖွားရှင်ရာ။ နောင်လည်းမင်းတို့ကိုစကား ...ပြောတော့မှာ မဟုတ်တော့ဘူး။ ငါ ...သွားရတော့မယ်ကွယ့်။ မသွားခင် မင်း ...ကိုပြီးငါမစခဲ့မလို့။ ဒါနောက်ဆုံးပြုခြင်း ...ဖွားရှင်ရယ်။ နောက်ဆို မင်းကြည့် ...ချင်လှချေရဲ့ဆိုလည်း ငါပြလို့မရတော့ ...ဘူးကွယ့်"

"ဘာတော် - ဟင်း (၇) နှစ်နီးနီး ...ငါးဇကဖြုန်းခဲ့တယ်။ အိမ်ထောင် ...ရှင်ဖြစ်ပြီး လင်ယောကျ်ားတာဝန်ကို ...လည်းမကျေပွန်တဲ့ ရှင်လုပ်တဲ့ပစ္စည်းကို ...ဘာမှမကြည့်ချင်ဘူး။ ဘာမပြနေနဲ့ ...မကြည့်ဘူးဟဲ့ သွားဟယ်"

မဖွားရှင် အနှစ်နှစ်အလလက ...နေတဲ့ဒေါသတွေ အခုမှစုပြုံထွက်လာ ...ကာ အသားတဆတ်ဆတ်တုန်ပြီး -

"အေး - အဲဒါငါနောက်ဆုံးကြည့် ...ခြင်းလို့မှတ်ဟဲ့ ဝိဇ္ဇာရူးကြီးရဲ့"

ပြောလည်းပြော လှည့်လည်း ...လှည့်ပြီး ကိုသိန်းဒန်လက်ထဲက ပစ္စည်း ...လေးကို ပုတ်ချလိုက်တော့တယ်။

"အောင်မလေး အမယ်လေး မယ်ဖွားရှင်လုပ်ရက်ပါပေ့ကွယ်"

ကိုသိန်းဒန်အသံတုန်တုန်ယင်ယင်နဲ့ အောက်ကာ ပြုတ်ကျသွားတဲ့ပစ္စည်းကို လိုက်ဖမ်းပေမယ့် မရတော့ဘဲ လူလှန့် လိုက်သည့်လိပ်ပြာတစ်ကောင်လို လက်တစ်ဖောင်ကျော်လောက်မှာ အရောင်များ ပြိုးပြိုးပြက်ပြက်ဝင်းလက်နေပြီး နှစ်ခေါက်၊ သုံးခေါက်လောက် ပျံဝဲကာ ပျောက်ကွယ်သွားတော့တယ်။

"သွားပါပြီ မယ်ဖွားရှင်ရယ်"

ကိုသိန်းဒန်ရဲ့ ဝမ်းခေါင်းသံကြီးနဲ့ ပြောလိုက်တာကို တစ်ရွာလုံးနီးနီးကြား လိုက်ရပြီး မေ့မြောသွားတော့တယ်။ ကိုသိန်းဒန်အော်ပြောသံကြီးကြောင့် လူကြီးတွေရောက်လာကာ မေးမြန်းကြတယ်။ ကိုသိန်းဒန်ကို ပြုစုသူကလည်း ပြုစုကြနဲ့ မဖွားရှင်မှာလည်း မျက်နှာမကောင်းစွာနဲ့ အဖြစ်ကိုပြောပြတော့တယ်။

"ဆင်ခြင်တုံတရားနည်းလှချေလား မိဖွားရှင်ရယ်။ စဉ်းစဉ်းစားစားလည်းလုပ်မှပေါ့ဟဲ့။ ခုတော့ လွန်ကုန်ပြီးပေါ့ဟယ်။ မောင်သိန်းဒန်အဂ္ဂိရတ်ထိုးနေတာ နင်လည်းသိထားပဲ။ သူ့ဓာတ်လုံးအောင်ဖြစ်သွားလို့ နင့်ကိုပြချင်တာရယ်၊ မစချင်တာရယ်ကြောင့် သူပြချင်တာဖြစ်မှာပေါ့။ အခုတော့ နင်မဆင်မခြင်လုပ်လိုက်တော့ မဖြစ်သင့်တာတွေဖြစ်ကုန်ပြီပေါ့ကွယ်။ ကဲ - မောင်သိန်းဒန်ကိုအိမ်ပေါ် ပွေ့တင်ကြ။ ရွာလယ်ပိုင်းက ဆရာကြီးဦးသန်ဒိုင်ကို သွားခေါ်ကြကွယ့်"

အတွေ့အကြုံများတဲ့ အဘိုးဘိုးအောင်ထွန်းပြောလိုက်ချိန်မှာပဲ သူ့အမေအနားကို သားငယ်လေး မောင်သန်းဒန်ရောက်လာပြီး မပီကလာပီကလာနဲ့ သူ့အမေကိုပြောလာတယ်။

"မေမေ၊ ဖေဖေဘာလို့မြေကြီးပေါ် မှာအိပ်နေတာလဲဟင်။ မနက်က မေမေမုန့်ဖိုးပေးထားတဲ့ပိုက်ဆံနှစ်ပြားကို ဖေဖေ့ကိုက ပြောင်ရက်အောင်ယုတ်ပေးသွားတယ် မေမေ"

ဘိုးအောင်ထွန်းက ကလေးလက်ထဲမှ ကြေးပြားပိုက်ဆံကို တောင်းကြည့်လိုက်ရာ ကြေးပြားများမဟုတ်တော့ဘဲ ရွှေပြားများဖြစ်နေတာကို တွေ့ရတော့တယ်။ ကိုသိန်းဒန်မှာ သတိပြန်လည်လာသော်လည်း လူကောင်းမဖြစ်လာတော့ဘဲ သွက်သွက်ခါခါရူးသွားပါလေပြီး ကုမရတော့တဲ့အဆင့်ထိပါရောက်သွားပါလေတယ်။

သည်အချိန်မှာ သတင်းကြားလို့ ရွာဦးဆရာတော်ကြွလာပါတယ်။ ဆရာတော်ကြီးက ကိုသိန်းဒန်ကိုကြည့်ရှုပြီး စိတ်မကောင်းစွာနဲ့ တရားစကားဆိုလာတော်မူပါတယ်။

"ဩော်-ဒကာလေးမောင်သိန်းဒန် မောင်သိန်းဒန် ဓာတ်လုံးက ရွှေဖြစ်တဲ့အထိတောင်ရောက်သွားပြီကိုး။ ဆေးငါးပြေမဂမုန်းကို သူဘယ်ကရရှိခဲ့ပါလိမ့်။ သည်ဂမုန်းမျိုးက ရေးမြို့နယ်ထဲက ဆေးတောင်မှာသာပေါက်တတ်တာ။ ဆေးတောင်ဆိုတာက တော်ရုံတန်ရုံလူတွေ မရောက်နိုင်တဲ့ အမိကဂမ္ဘီရနယ်မြေပဲ။ ဘုန်းကြီးကို မောင်သိန်းဒန်လာလျှောက်တုန်းကတော့ သူ့ဓာတ်လုံးပြီးဖို့ ဆေးငါးပြေမဂမုန်းတစ်ပင်ပဲလိုတယ်လျှောက်သွားတယ်။ ဒါဆို မောင်သိန်းဒန်ဆေးတောင်ကိုရောက်ခဲ့ပြီးလို့ ဆိုရမယ့်ကွယ့်။ အင်း-ဖွားရှင်လေး လူသူတော်ကောင်းကို ပြစ်မှားမိပြီပေါ့ကွယ်။ အခု ဓာတ်လုံးအောင်မြင်သွားလို့ သူချစ်တဲ့ မိန်းမကိုပြချင်အားကြီးလို့ပြမိတာ သူ့အမှားပေါ့ကွယ်။ ဒါမျိုးဆိုတာက ဘယ်သူ့မှပြလို့ရတာမဟုတ်ဘူးကွယ်။ အဖျက်တွေက သိပ်များတာမျိုးလား။ ဖွားရှင်လေးကလည်း ဆင်ခြင်တုံတရားနည်းပြီး မဆင်မခြင်လုပ်လိုက်တော့ သူ့မှာ ဒုက္ခရောက်ရရှာတာပေါ့ကွယ်"

ဆရာတော်က ရှည်ရှည်ဝေးဝေး တရားနဲ့ဆုံးမကာ ကျောင်းကိုပြန်ကြွသွားပါတော့တယ်။ ကိုသိန်းဒန်မှာ ဘယ်သူ့ကိုမှ ဒုက္ခမပေးရှာဘဲ တစ်လလောက်သာ ရောဂါခံစားလိုက်ရပြီး ကွယ်လွန်သွားရှာပါတယ်။

**□ သတိထားဆင်ခြင်စရာ**

"အေးကွယ် - မောင်အောင်စိန်ပြောပြတဲ့ဦးသိန်းဒန်အဖြစ်ကရင်နာစရာကောင်းပြီး သတိထားဆင်ခြင်စရာတွေပဲပေါ့ကွယ်။ ဘာအလုပ်ပဲလုပ်လုပ်၊ ဘာပဲပြောပြော ဆင်ဆင်ခြင်ခြင်လုပ်၊ ဆင်ဆင်ခြင်ခြင်ပြောမှ တော်ရုံကျမှာကိုးကွယ့်။ မောင်တင်လှနိုင်တို့ သတိထားကြပေါ့ကွယ်"

"သရဲရေ ပြောလက်စနဲ့ထွက်ရပ်လိုင်းဘယ်နှမျိုးလောက်ရှိလဲကွ. ပြောပြစမ်းပါဦး"

"ထွက်ရပ်လမ်းအမျိုးမျိုးရှိပါတယ် ဦးသူတော်။ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ အခုဦးသူတော်တို့လို အဂ္ဂိရတ်ထိုးပြီး ဓာတ်လုံးနဲ့ထွက်တဲ့ ပြဒါးဝိဇ္ဇာ၊



www.burmeseclassic.com

www.burmeseclassic.com

# ကေရာဇ်ခေါက် မှုးယစ်ပျောက် ကျရောက်ရောဂါပျောက်စေမှာ

ဗန်းမော်ညိုညို

ဗန်းမော်ခရိုင် မိုးမောက်ကျေးရွာမှ ဆရာတော်ဘုရားကြီး ဦးခေမာသီဝံဟာ ရသမျှအခေါက်များကို စုစည်းပြီး ကျောင်းအုံနီးရှိ ဇရပ်ပေါ်ပုံနေပါတယ်။

စာရေးသူ ကျောင်းကိုရောက်သွားတော့ -

"ဘုန်းဘုန်းဘုရား၊ ဒီအခေါက်တွေဟာ ဘာတွေလဲဘုရား၊ ဘာလုပ်မလို့လဲဘုရား"

မေးလျှောက်လိုက်ပါတယ်။

"ဒီအခေါက်တွေဟာ ကေရာဇ်ခေါက်လို့ခေါ်တယ်။ မူးယစ်ဆေး (ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ အရက်) စွဲသူများအတွက်ဖြတ်တဲ့ဆေးပေါ့ကွာ"

(မှတ်ချက် - ဒီနေ့ခေတ်စကားနဲ့ပြောရရင် မူးယစ်ဆေးဆိုတာ ရှုးသွပ်ဆေးပြားတို့၊ ဘိန်းဖြူ၊ ဘိန်းမည်း၊ အရက်တို့ဖြစ်တယ်)

"ဘယ်လိုဖြတ်ပေးတာလဲဘုရား"

"ကေရာဇ်ခေါက်တွေကို နေမထိအောင်ခြောက်စေပြီး အမှုန့်ပြုလုပ်ရပါတယ်။ နောက်ပြီး ဆရာတော်ဆီမှာ ဖော်စပ်ပြီးသားဆေးနဲ့ပေါင်းစပ်ပြီး ဆေးအလုံးလေးများပြုလုပ်ပါတယ်။ အဲဒီဆေးအလုံး (ဆေးလုံး) များနဲ့ မူးယစ်ဆေးစွဲသူများကို ဆေးစွဲမှုမှ ပျောက်ကင်းအောင် တိုက်ကျွေးကုသပေးပါတယ်။ ဒီနေရာမှာ ဘုန်းဘုန်းပြောလိုတာက ပထမဖော်စပ်ပြီးသားရှိတဲ့ဆေးက ဆေးဖြတ်တဲ့သူတွေရဲ့ ခန္ဓာကိုယ်အတွင်းကိုထိန်းပေးပြီး မူးယစ်စွဲလမ်းစိတ်ကို လျော့နည်းလာအောင်လုပ်ခြင်းပဲ။ ကေရာဇ်ခေါက်အမှုန့်နဲ့ ရောလိုက်တဲ့အခါကျတော့ ကေရာဇ်ခေါက်ဟာ ဇာတ်လိုက်ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ -

၁။ ကေရာဇ်ခေါက်ရဲ့သတ္တိဟာ မူးယစ်ဆေးကြောင့် ပျက်စီးနေတဲ့ခန္ဓာအတွင်းက အဆုတ်၊ အသည်း၊ နှလုံး၊ ကျောက်ကပ်များကို ပြန်လည်ရှင်သန်အောင်လုပ်ပေးတယ်။

၂။ သွေးလေလည်ပတ်မှုကို ပုံမှန်ဖြစ်စေတယ်။

၃။ မူးယစ်ဆေးကြောင့် တုန်ခန်းနေတဲ့အားများကို ပြန်လည်ပြည့်စေတယ်။

ဒါကြောင့် ဘုန်းဘုန်းက ကေရာဇ်ခေါက်ကို ဇာတ်လိုက်လို့ပြောတာပေါ့။

'ဆရာမပါရင်လေ အလှူမပြီးသလောက်ပါဘဲ' ဆိုတဲ့ သီချင်းလေးလို 'ကေရာဇ်ခေါက်မပါရင်လေ မူးယစ်တွေမပျောက်သလောက်ပါဘဲ' ဆိုရလောက်အောင် ဖြစ်နေတာကွ"

ဘုန်းဘုန်းရဲ့စကားနဲ့ ပြောပုံလေးကို သဘောကျလွန်းလို့ စာရေးသူ ရယ်မောလိုက်မိပါတယ်။

"ကဲ - ဒကာလေးကို ဆက်ပြောလိုက်ဦးမယ်။ ဘုန်းဘုန်းရဲ့ ဘိန်းဖြတ်ဆေးရုံ (မူးယစ်ဆေးဖြတ်ဆေးရုံ) ကို လိုက်ကြည့်ပါဦး"

ဘုန်းဘုန်းက ဦးဆောင်ပြီးတော့ စာရေးသူအားခေါ်ဆောင်သွားပါတယ်။ ကျောင်းဝင်းကြီးရဲ့မြောက်ဘက် မြေနိမ့်ပိုင်းမှာ ဆေးရုံရှိနေပါတယ်။ ဆေးရုံက မြေစိုက်တစ်ထပ်ဆေးရုံဖြစ်ပြီး မြေပြင်မှ (၄) ပေလောက်မြင့်တဲ့နေရာမှာ ပျဉ်ခင်းထားပါတယ်။ ပျဉ်ကာသွပ်မိုးနဲ့ဖြစ်ပြီး ဆေးရုံအရှည်မှာ ပေ (၄၀) လောက်ရှိမယ်ထင်ပါတယ်။

"ဒီဘိန်းဖြတ်ဆေးရုံကို ဗိုလ်မှူးကြီး စောမြင့် မြစ်ကြီးနားမှာ တပ်ရင်းမှူး... တဲ့အချိန်တုန်းက ဆောက်လုပ်လှူဒါန်း... ထားတာဖြစ်တယ်။ ဘုန်းဘုန်း ဗန်း... မှာ ဘိန်းဖြတ်ပေးနေတဲ့သတင်းကြား... နဲ့ ဗိုလ်မှူးကြီးစောမြင့်ဟာ ဘုန်းဘုန်း... မြစ်ကြီးနားကိုပင့်သွားပြီး တပ်ထဲ... ဘိန်းစွဲ၊ အရက်စွဲသူအားလုံးကိုဖြတ်... ခဲ့ပါတယ်။ ဘုန်းဘုန်းဖြတ်သမျှအား... ဘိန်း၊ အရက်ပြတ်သွားကြလို့ ဗိုလ်မှူး... ကြီးဟာ ကျေးဇူးတင်ပြီး ဒီဆေးရုံ... ဆောက်လုပ်လှူဒါန်းခဲ့တာပဲ။ အခုကြည့်... လေ - ခုတင်ပေါ်မှာရှိနေတဲ့သူများ... ဘိန်းဖြတ်၊ အရက်ဖြတ်နေကြတာပဲ၊ ... (၃၀) ရှိတယ်။

ဘုန်းဘုန်းဟာ ဒီကေရာဇ်ခေါက်... ရဲ့သတ္တိကို ဆရာတော်ကြီးများထံ... ခဲ့လို့ ဘိန်းဖြတ်ဆေးကို အခြားဆေး... နဲ့ ဖော်စပ်စမ်းသပ်ခဲ့ပါတယ်။ အောင်... လို့ ဘိန်းဖြတ်ဆရာတော်ကြီးလုပ်ခဲ့... ပေါ့။

ဒကာလေးကို ပြောလိုက်... မူးယစ်ဆေးစွဲသူမှန်သမျှ အရက်... မှန်သမျှဟာ ကေရာဇ်ခေါက်ကို ... တော့မှမမေ့ပါနဲ့။ အခေါက်ကို ... ကြိတ်ပြီး လက်ဖက်ရည်ဇွန်းနဲ့ မနက် ... ဇွန်း၊ ညနေ (၃) ဇွန်းသောက်ရင် ... တွင်းမှာ အဆိပ်လိုဖြစ်နေတဲ့ မူးယစ်... များဟာ အလိုလိုပျက်ပြယ်သွားပြီး... လူကောင်းပကတိပြန်ဖြစ်သွားနိုင်ပါ... ဒီဆေးသောက်နေတဲ့အချိန်မှာ ... ဆေးနဲ့ပတ်သက်ပြီး ဘာမှမလုပ်... (၁၀) ရက်ကြာရင် ကျန်းကျန်းမာ... လူကောင်းပကတိပြန်ဖြစ်သွားပါလိမ့်...

(မိုးမောက်ဘိန်းဖြတ်ဆရာ... ကြီး ဦးခေမာသီဝံပျံလွန်တော်မူခဲ့... မှာ ၁၁-၁၁-၉၉ နေ့က ဖြစ်ပါ... အမှတ်တရဆောင်းပါးလေးဖြစ်ပါ...)

ဗန်းမော်ညို...

---

သံဝိဇ္ဇာတို့ပေါ့ အမျှားကြီးပဲဗျ။ ဦးသိန်းဒန်တို့လိုက်တဲ့လမ်းက ပေါက္ကံပြည်မှာ ရွှေမိုးငွေမိုးရွာခဲ့တဲ့ရှင်မထီးလိုက်တဲ့လမ်းစဉ်ပဲ ဦးသူတော်ရေ။ ဓာတ်လုံးနဲ့ထိလိုက်တာနဲ့ အသွင်ပုံသဏ္ဍာန်မပြောင်းဘဲရွှေဖြစ်သွားတဲ့ဓာတ်လုံးမျိုးပေါ့ဗျာ။ ဒီညတော့ ဒီလောက်နဲ့ပဲ ရပ်ကြပါစို့ ဦးသူတော်ရေ။ ပော့ကောင် တင်လှနိုင်၊ ဘာငိုင်နေတာလဲ။ အဘိုးလည်း အိပ်ရာဝင်ချင်ပြီပေါ့"

"ဘပြောပြတဲ့ ဦးသိန်းဒန်အဖြစ်ကို ရင်နာလို့ပါ အဘရာ"

"အေး-မင်းတို့လည်း အလုပ်တစ်ခုခုလုပ်ကြတော့မယ်ဆို ရှေ့နောက်ဆင်ဆင်ခြင်ခြင်လုပ်ကြပေါ့။ လှူဝှက်သင့်တဲ့ကိစ္စဆိုလည်း မိဘကိုတောင်လျှို့ဝှက်သင့်ရင် လျှို့ဝှက်ရတယ်လို့မှတ်ပါ။ ကဲ-သွားကြစို့။ အဘိုးနဲ့သမီးဆရာမလေးရေ ဘာတို့သွားတော့မယ်နော်"

"ဟုတ်ကဲ့-ဘ၊ ဘတို့မနက်... စောစောလာကြဦးနော်"

နှင်းရဲ့နှုတ်ဆက်သံက ဘ... စိန်တို့ကိုဆိုနေသော်လည်း မျက်လုံး... က ကျွန်ုပ်ထံရောက်နေတာကို အား... သိနေကြပါတယ်။

ကောင်းကျိုးလိုရာ...

မောင်လှယဉ် (...



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မေလအတွက်

# ရောဟိဏီနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ရောဟိဏီနက္ခတ် စန်းယှဉ်ချိန်၊ ရောဟိဏီနက္ခတ် လက်ဖြတ်ချိန်၊ ရောဟိဏီနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါး ပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာ ဒဗ္ဗမန္တန်ကြီးအပါအဝင် ဓနလာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာ ားရမည်မှာမုချဖြစ်ပါသည်။ ရောဟိဏီနက္ခတ်သို့ စန်းသည် (၁၇-၅-၂၀၁၇) နေ့ ညဉ့် (၈း၄၇) နာရီတွင် စတင်ဝင်ရောက်ပြီး ၁၈-၅-၂၀၁၇) နေ့ နံနက် (၈း၄၆း၂၁) နာရီတွင် စန်းသည် ရောဟိဏီနက္ခတ်ဖြင့် ယှဉ်မည်ဖြစ်သည်။ ၎င်း (၁၈-၅-၂၀၁၇) နေ့ ညဉ့် (၈း၄၇) နာရီတွင် ရောဟိဏီနက္ခတ်မှ စန်းသည် ထွက်ခွာမည်ဖြစ်သည်။ (၁၈-၅-၂၀၁၇) နေ့ နံနက် (၀း၁၁း၁၇) နာရီတွင် ဝ်သည် ရောဟိဏီနက္ခတ်သို့ စတင်ဝင်ရောက်ပြီး နံနက် (၂း၀၉း၃) နာရီတွင် ရောဟိဏီနက္ခတ်မှ စတင်ထွက်ခွာဖြစ်သည်။ ၁၈-၅-၂၀၁၇) နေ့ နံနက် (၆း၃၂၅၁) နာရီတွင် မွန်းတည့်မျဉ်းသည် ရောဟိဏီနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး နံနက် ၁း၈း၀၇) နာရီတွင် ရောဟိဏီနက္ခတ်မှ စတင်ထွက်ခွာမည်ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁း ၁၇း ၅၉ | ၃း ၁၇း ၂၇ | ၁ | ၇း ၃၉း ၄၃ | ၇း ၄၇း ၁၉ |
| ၂ | ၁း ၁၄း ၀၃ | ၃း ၁၃း ၃၀ | ၂ | ၇း ၃၅း ၄၇ | ၇း ၄၃း ၁၃ |
| ၃ | ၁း ၁၀း ၀၇ | ၃း ၀၉း ၃၅ | ၃ | ၇း ၃၁း ၅၁ | ၇း ၃၉း ၁၇ |
| ၄ | ၁း ၀၆း ၁၁ | ၃း ၀၅း ၃၉ | ၄ | ၇း ၂၇း ၅၅ | ၇း ၃၅း ၂၁ |
| ၅ | ၁း ၀၂း ၁၅ | ၃း ၀၁း ၄၃ | ၅ | ၇း ၂၃း ၅၉ | ၇း ၃၁း ၂၅ |
| ၆ | ၀း ၅၈း ၁၉ | ၂း ၅၇း ၄၇ | ၆ | ၇း ၂၀း ၀၃ | ၇း ၂၇း ၂၉ |
| ၇ | ၀း ၅၄း ၂၃ | ၂း ၅၃း ၅၁ | ၇ | ၇း ၁၆း ၀၇ | ၇း ၂၃း ၃၃ |
| ၈ | ၀း ၅၀း ၂၇ | ၂း ၄၉း ၅၅ | ၈ | ၇း ၀၂း ၁၁ | ၇း ၁၉း ၃၇ |
| ၉ | ၀း ၄၆း ၃၁ | ၂း ၄၅း ၅၉ | ၉ | ၇း ၀၈း ၁၅ | ၇း ၁၅း ၄၁ |
| ၁၀ | ၀း ၄၂း ၃၅ | ၂း ၄၁း ၀၃ | ၁၀ | ၇း ၀၄း ၁၉ | ၇း ၁၁း ၄၅ |
| ၁၁ | ၀း ၃၈း ၃၉ | ၂း ၃၇း ၀၇ | ၁၁ | ၇း ၀၀း ၂၃ | ၇း ၀၇း ၄၉ |
| ၁၂ | ၀း ၃၄း ၄၃ | ၂း ၃၃း ၁၁ | ၁၂ | ၆း ၅၆း ၂၇ | ၇း ၀၃း ၅၃ |
| ၁၃ | ၀း ၃၀း ၄၇ | ၂း ၂၉း ၁၅ | ၁၃ | ၆း ၅၂း ၃၁ | ၆း ၅၉း ၅၇ |
| ၁၄ | ၀း ၂၆း ၅၁ | ၂း ၂၅း ၁၉ | ၁၄ | ၆း ၄၈း ၃၅ | ၆း ၅၆း ၀၁ |
| ၁၅ | ၀း ၂၂း ၅၅ | ၂း ၂၁း ၂၃ | ၁၅ | ၆း ၄၄း ၃၉ | ၆း ၅၂း ၀၅ |
| ၁၆ | ၀း ၁၈း ၅၉ | ၂း ၁၇း ၂၇ | ၁၆ | ၆း ၄၀း ၄၃ | ၆း ၄၆း ၀၉ |
| ၁၇ | ၀း ၁၅း ၀၃ | ၂း ၁၃း ၃၁ | ၁၇ | ၆း ၃၆း ၄၇ | ၆း ၄၂း ၁၃ |
| ၁၈ | ၀း ၁၁း ၀၇ | ၂း ၀၉း ၃၅ | ၁၈ | ၆း ၃၂း ၅၁ | ၆း ၃၈း ၁၇ |
| ၁၉ | ၀း ၀၇း ၁၁ | ၂း ၀၅း ၃၉ | ၁၉ | ၆း ၂၈း ၅၅ | ၆း ၃၄း ၂၁ |
| ၂၀ | ၀း ၀၃း ၁၅ | ၂း ၀၁း ၄၃ | ၂၀ | ၆း ၂၄း ၅၉ | ၆း ၃၀း ၂၅ |
| ၂၁ | ၂၃း ၅၉း ၁၉ | ၁း ၅၇း ၄၇ | ၂၁ | ၆း ၂၁း ၀၃ | ၆း ၂၆း ၂၉ |
| ၂၂ | ၂၃း ၅၅း ၂၃ | ၁း ၅၃း ၅၁ | ၂၂ | ၆း ၁၇း ၀၇ | ၆း ၂၂း ၃၃ |
| ၂၃ | ၂၃း ၅၁း ၂၇ | ၁း ၄၉း ၅၅ | ၂၃ | ၆း ၁၃း ၁၁ | ၆း ၁၈း ၃၇ |
| ၂၄ | ၂၃း ၄၇း ၃၁ | ၁း ၄၅း ၅၉ | ၂၄ | ၆း ၀၉း ၁၅ | ၆း ၁၄း ၄၁ |
| ၂၅ | ၂၃း ၄၃း ၃၅ | ၁း ၄၂း ၀၃ | ၂၅ | ၆း ၀၅း ၁၉ | ၆း ၁၀း ၄၅ |
| ၂၆ | ၂၃း ၃၉း ၃၉ | ၁း ၃၈း ၀၇ | ၂၆ | ၆း ၀၁း ၂၃ | ၆း ၀၆း ၄၉ |
| ၂၇ | ၂၃း ၃၅း ၄၃ | ၁း ၃၄း ၁၁ | ၂၇ | ၅း ၅၇း ၂၇ | ၆း ၀၂း ၅၃ |
| ၂၈ | ၂၃း ၃၁း ၄၇ | ၁း ၃၀း ၁၅ | ၂၈ | ၅း ၅၃း ၃၁ | ၅း ၅၈း ၅၇ |
| ၂၉ | ၂၃း ၂၇း ၅၁ | ၁း ၂၆း ၁၉ | ၂၉ | ၅း ၄၉း ၃၅ | ၅း ၅၅း ၀၁ |
| ၃၀ | ၂၃း ၂၃း ၅၅ | ၁း ၂၃း ၂၃ | ၃၀ | ၅း ၄၅း ၃၉ | ၅း ၅၁း ၀၅ |
| ၃၁ | ၂၃း ၁၉း ၅၉ | ၁း ၁၉း ၂၇ | ၃၁ | ၅း ၄၁း ၄၃ | ၅း ၄၇း ၀၉ |



www.burmeseclassic.com

www.burmeseclassic.com

ပေသုန်ကျွန်းသည် မြေပုံမြို့နယ်၏ တောင်ဘက်စွန်း နောင်တော်ကြီးပင်လယ်ကမ်းခြေတွင်ရှိ၏။ ဖြူလွသည့်သဲဖြူလမ်း၊ စိမ်းမြသည့် အုန်းပင်တန်းတို့ဖြင့် လှပသာယာလွန်းလှပေ၏။ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်ကို နောင်တော်ကြီးပင်လယ်ဖြင့် ပိုင်းခြားသတ်မှတ်ထား၏။ ကမ်းခြေရှိ ကျောက်တောင်ကျောက်စု တောင်ပုလုတို့ကလည်း လှပသည့် ကမ်းခြေအလှကို ပိုပြီးအားဖြည့်ပေးသလိုရှိချေသည်။ မြို့ပြနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက အထင်ကရအပန်းဖြေစခန်းတစ်ခု ဖြစ်လာနိုင်ပေသည်။

ပေသုန်ကျွန်းသည် ကျွန်းသေးသေးလေးမဟုတ်ပေ။ တောင်စဉ်တောင်တန်း (၉၉) လုံးရှိသည်ဟု နှုတ်စကားစဉ်ဆက်ရှိခဲ့သည်ကို ကြားဖူးသည်။ ကျွန်းကြီးတစ်ကျွန်းပင်ဖြစ်သော်လည်း ကျေးရွာ ဟူ၍ကား များများစားစားမရှိ။ ပေသုန်ရွာ တစ်ရွာတည်းသာ ရှိလေသည်။ ရွာသားများမှာ ပင်လယ်ပြင်ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ပေသုန်ကျွန်း၏တောင်စဉ်တောင်တန်းများတွင် ဝက်နှင့်ချေတို့ ပေါများလွန်းလှသည့် ရွာနှင့်သိပ်နီးကပ်သောတောင်များ ပင် တောဝက်များ၊ ချေများ လှည့်လည်ကျက်စားကြသည်။ ရွာသားများ ပိုက်နားချိန်များတွင် တောင်ဆွယ် စပ်များ၌ ပျော်ပျော်ပါးပါး အမဲလိုက်

# ကျွန်းစဉ်မြေတောခက်

(အမျိုးသားစာပေဆုရ)

## အမှားထဲက သင်ခန်းစာ





www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိတတ်ကြသည်။ အရွယ်ရောက်လာသော ယောကျ်ားတိုင်းလိုလို အမဲလိုက်ပြီး ဟင်းစားရှာတတ်ကြသည်။

သို့သော် သာလှတစ်ယောက်မှာ ထား ကျေးရွာတွင် ပိုက်ဆံရှိသည်ဟု သတ်မှတ်ထားသောမိသားစုအတွင် ကြီးပြင်းလာသူဖြစ်ပေရာ မိဘတို့မှာ အချစ်ပိုပြီး သူများတွေလို အမဲလိုက်ခွင့် မရပေ။ ပေသုန်ရွာသားပင်ဖြစ်သော်သည်း အလုပ်ကြမ်းမလုပ်ရ ပိုက်မလိုက်ရ အမဲမလိုက်ရ။ တဒင်္ဂတွေ့မြင်ရသူများအနေဖြင့် သူ၏လှပချောမွေ့သောဥပမိရုပ်ကိုကြည့်ပြီးတော့ ပေသုန်ရွာသားဟု မှတ်ယူရမှာပင် ခပ်ခက်ခက်။

ပေသုန်ရွာတွင် ရွာအလယ်၌ မောင်းတလင်းဟု သတ်မှတ်ထားသော နေရာရှိသည်။ အရိပ်ရအပင်များဖြင့် အုပ်ဆိုင်းနေ၏။ ရွာကလုံမပျိုများ ဆန်ထောင်းများနင်းပြီး စုဝေးဆန်ဖွပ်ကြသော နေရာပင်ဖြစ်သည်။ နံနက်စာ ထမင်းစားပြီးချိန်များတွင် မိန်းမပျိုများသည် ဆန်ထောင်းကလေးကိုယ်စီဖြင့် စုဝေးရောက်ရှိလာတတ်ကြပြီး အလှည့်ကျ ဆန်ထောင်းနင်းကာ တဝါးဝါးတဟားဟား ပြောဆိုရယ်မောနောက်ပြောင်ရင်း ဘဝအမောကို ဖြေသိမ့်တတ်ကြသည်။ မိန်းကလေးများစုဝေးရာသို့ ယောကျ်ားလေးများ ရောက်လာတတ်ကြသည်မှာလည်း ကျေးရွာသဘာဝပင်။ ယခုလည်း လူပျိုကာလသားများ စုရုံးရောက်ရှိလာကြရာ အောင်ကျော်က အမဲလိုက်ရန် စည်းရုံးလိုက်ခြင်း ဖြစ်သည်။

"ကဲ - ဒီနေ့ အမဲလိုက်သွားကြမယ်ဟေ့။ ဘယ်သူတွေလိုက်ကြမလဲ"

"ဟုတ်တယ်ဟေ့၊ သွားကြမယ် သွားကြမယ်။ ခု ဒီနားသချိုင်းတောင်မှာ ချေတွေရောက်နေတယ်။ ချေဟောက်သံတွေရွာထဲကတောင်ကြားနေရတယ်"

အောင်ကျော်၏အဆိုကို ကံဘော်ကပါ တပ်ကူဝင်ပေးလိုက်ခြင်းဖြစ်သည်။

"တို့လည်းလိုက်မယ်ဟေ့၊ ဩဘာတို့အိမ်ကပိုက်နဲ့ ချက်ဖောင်းတို့အိမ်က ပိုက်တွေယူကြမယ်လေ"

"လှထွန်းတို့၊ အောင်ဘာလေတို့ မလိုက်ကြဘူးလား"

"လိုက်မှာပေါ့ကွာ၊ အမဲဆိုလိုက်ချင်လွန်းလို့ ရင်ထဲကတောင်လိုက်လိုက်နဲ့မြည်နေသေး"

"အမယ် - သာလှ မင်းလား အမဲလိုက်မှာ"

"ရပါတယ်ကွာ၊ ငါလည်းယောကျ်ားပဲ။ ဘာဖြစ်လဲ၊ မင်းတို့ထက်တောင်အားရှိဦးမယ် သိလား"

"ဟေ့ကောင် သာလှ၊ မင်းအားရှိတာက အကြောင်းမဟုတ်ဘူး။ မင်းအိမ်ကသိရင် တို့ကိုဆူနေဦးမယ်။ မင်းမလိုက်နဲ့ကွာ"

"အောင်ကျော်၊ မင်း ငါ့ကိုမတားနဲ့ကွာ။ မင်းတို့လုပ်တတ်ရင်ငါလည်းလုပ်တတ်ပါတယ်"

"ဒီကောင်နဲ့ ခက်ပါတယ်ကွာ။ ဟေ့ကောင် သာလှ မင်းမလိုက်နဲ့"

"လိုက်မယ်ကွ၊ မင်းတို့ဘယ်လိုပဲတားတား ငါကတော့လိုက်မှာပဲ"

သာလှမှာ သူများတွေလို အလုပ်ကောင်းကောင်းမလုပ်ဘဲ အိမ်မှာပဲ မိန်းကလေးလိုနေလာရပေရာ လူပျိုဖြစ်လာချိန်တွင် ကိုယ့်ကိုယ်ကိုယ်ရှက်လာမိသည်။ သူများတွေလို ပိုက်ထွက်၊ အမဲလိုက်လုပ်ချင်လာသည်။ သူချစ်ဦးသူ မခင်ဖြူအနေဖြင့်လည်း သူ့ကိုအထင်ကြီးစေလိုသည့်ဆန္ဒများက တဖွားဖွားပေါ်ပေါက်လျက်ရှိသည်။



"ဟား ဟား ဟား ဟား ဟား"

လူပျိုတစ်သိုက်မှာ အမဲလိုက်ရေးကိစ္စကိုပြောဆိုနေကြသည်မှာ ပျော်စရာကောင်းလှသလို မိန်းမပျိုကလေးများမှာလည်း ကိုယ့်အဆက်ကလေးနှင့်ကိုယ် မျက်စကလေးပစ်ကာ ပြုံးစိပြုံးစိ။

"ခွေးကတော့ အောင်ထွန်းတို့ခွေးနဲ့ ဖြူလှတို့အိမ်ကခွေးနှစ်ကောင်ဆိုရင် လုံလောက်ပါပြီ။ နှစ်ကောင်ဆိုတော့ တစ်ကောင်နဲ့တစ်ကောင် အားကိုးရတာပေါ့"

"လူဘယ်နှယောက်လိုက်မလဲဟေ့"

"အားလုံးဆယ့်ငါးယောက်လောက်ဆို လုံလောက်ပါတယ်"

"ဟေ့-ဒီတစ်ခေါက်
ငါပါလိုက်မယ်"

သာလှမှာ ချစ်ဦးသူ အထင်ကြီးအောင် အစွမ်းပြလိုစိတ်က ပြင်းပြလျက်ရှိသည်။ သာလှသည် မောင်းထောင်းနေသော ချစ်ဦးသူမခင်ဖြူကို တစ်ချက်လှမ်းကြည့်လိုက်ရာ လိုက်သွားဆိုသည့်သဘော မေးထိုးပြလိုက်ရာ ပိုပြီးအားပြည့်သွားသည်။ သာလှ၏နှလုံးသားတွင် အမဲလိုက်သွားလိုမှုဆန္ဒက ရာနှုန်းပြည့် နေရာယူသွားသည်။

ပေသုန်ရွာ မောင်းတလင်းကွင်းတွင် အမဲလိုက်ရန်စည်းရုံးလှုံ့ဆော်၊ လူစု၊ ပစ္စည်းစုကိစ္စများနဲ့ ခေါ်ကြအော်ကြ ပြောကြဆိုကြနှင့် အုတ်အော်သောင်းတင်းရှိချေ၏။ ယောကျ်ားပျိုလေးများမှာ မိန်းမပျိုလေးများရှေ့တွင်မို့လည်း ပိုပြီးတက်ကြွနေကြသည်။ သွက်လက်ချင်နေကြသည်။ မိန်းမပျိုကလေးများကလည်း ဆန်မောင်းနင်းရာကနေ ပြုံးမြုံးပြုံးပြုံးနှင့် မျက်စလေးများပစ်ပြနေကြရာ ယောကျ်ားသားများအဖို့ ခွန်အားကိုဖြည့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com

သလိုဖြစ်နေပေတော့သည်။

"ကဲကဲ - လာ လာသွားကြမယ်၊ သွားကြမယ်"

ကာလသားတစ်သိုက်မှာ ပိုက်ထမ်းသူထမ်း၊ ခွေးခေါ်သူခေါ်နဲ့ ရွာမြောက်ဘက်တွင်ရှိ သချိုင်းတောင်သို့ ဦးတည်သွားနေကြပေပြီ။ သချိုင်းတောင်မှာ ရွာနဲ့ခပ်လှမ်းလှမ်းတွင်ရှိပြီး သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေသလို အောက်ခြေတွင် ဖုန်းဆိုးထူထပ်သည်။ သချိုင်းမြေဖြစ်၍လည်း လူသူအရောက်အပေါက်နည်းသည်။

အမဲလိုက်ရာတွင် ပိုက်ကြီး၏ အထက်ပိုကြိုးနှင့် အောက်ပိုကြိုးကို ခပ်လျော့လျော့ချည်ပြီးတန်းရ၏။ ပိုက်ပိုကြိုးနှစ်ခုအကြားတွင် ပိုက်ဝမ်းဗိုက်ခေါင်းကြီးလိုဖြစ်နေစေရန် သစ်သားချောင်းလေးများဖြင့် အဆင်ပြေသလိုထောက်ပေးထားရသည်။ အမဲကောင်ကြောက်လန့်တကြားပြေးလာပြီး အရှိန်နဲ့ဝင်တိုးလိုက်သည်နှင့် ပိုက်ထောက်များပြုတ်ပြီး အမဲကောင်ကို ထွေးလုံးရစ်ပတ်နေစေရန်ပင် ဖြစ်ပေသည်။

ဤကဲ့သို့ အမဲကောင်နှင့်ပိုက်တို့ ထွေးလုံးရစ်ပတ်နေချိန်တွင် ဝက်ဆိုလျှင် လက်နားစောင့်က ဝက်၏နှလုံးသည်း ပွတ်ရှိမည့် ရင်အုံနေရာကိုစေ့စေ့ကြည့်ပြီး လှံဖြင့်ပြေးထိုးရသည်။ ထိုးပြီးသည်နှင့် လှံကိုပြန်မနုတ်ရပေ။ အမိအရဖိထိုးကာ ဝက်ကြီးပက်လက်လန်ကျသွားသည်ထိ ကိုယ်ကိုဘယ်ညာလှည့်ကာတောင့်ခံထားရပေသည်။ လှံကိုင်သူမှာ သတ္တိရှိရန်လိုအပ်လှသလို ခွန်အားရှိရန်လည်းလိုအပ်လှပေသည်။ သာမန်အရည်အချင်းနှင့်မရပေ။ အကယ်၍ ပစ်မှတ်ကိုမထိဘဲ ဝက်ကြီးက ရုန်းအားကန်အားသိပ်ကောင်းနေလျှင် လှံထိုးသူမှာ အသက်ဆုံးနိုင်ပေသည်။

ပထမထိုးသောလက်နားစောင့်က ပြေးထိုးလိုက်၍ ချက်ကောင်းကိုထိလျှင် နောက်တစ်ယောက် လက်နားစောင့်က အကူလိုက်ပြီးပြေးထိုးရသည်။ လှံနှစ်ချောင်းနှင့် လူနှစ်ယောက်အားဆိုလျှင်တော့ အမဲကောင်မှာ မလှုပ်သာမလူးသာတော့ပေ။ အကယ်၍ ဦးဆုံးထိုးသူက လှံဖြင့်ပြေးထိုးလိုက်ချိန်တွင် အခြေအနေအကြောင်းတရားတစ်ခုခုတို့ကြောင့် ချက်ကောင်းကိုမထိဘဲ အခက်အခဲဖြစ်နေပါက နောက်လှံကိုင်တစ်ယောက်က ထွက်ပြေး၍မရပေ။ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားပါက ကိုယ့်လူကို သေရစ်ပေတော့ဟု ပစ်ထားခဲ့သလိုဖြစ်ပေမည်။ သေလည်းအတူ၊ရှင်လည်းအတူဟု နှလုံးပိုက်ပြီး အမဲကောင်ကိုပြေးဝင်ထိုးရပေမည်။ သို့ဖြစ်၍ အမဲလိုက်ခြင်းလုပ်ငန်းသည် လွယ်ကူသောအလုပ်ကားမဟုတ်ပေ။ အတွေ့အကြုံရှိမှု၊ သတ္တိရှိမှု၊ ခွန်အားရှိမှု၊ စည်းလုံးညီညွတ်မှုတို့လိုအပ်လှပေသည်။

ချေလိုက်ရာတွင်ကား ဝက်လိုက်သလောက်ပြဿနာမရှိပေ။ အမဲကောင်ပိုက်သို့လာတိုးသည်နှင့် လက်နားစောင့်က အသင့်ကိုင်ဆောင်ထားသောတုတ်ဖြင့် အမဲကောင်၏ဦးခေါင်းကိုဆင့်ကာဆင့်ကာ ရိုက်လိုက်ရုံသာရှိသည်။ သို့သော် 'ချေစွယ်လှုပ်လှုပ် လေသုတ်သုတ်' ဆိုသလို ချေစွယ်နှင့်ထိမိလျှင်ကား မလွယ်ပေ။

အမဲကောင် ဤသို့ပိုက်အတွင်းသို့ ဝင်လာရေးအတွက် ဆောင်ရွက်ရသည်မှာလည်း လွယ်ကူသောအလုပ်တော့မဟုတ်ပေ။ အမဲကောင်ရှိသည်ဟုထင်မှတ်ရသော တောင်၏အစိတ်အပိုင်းသို့မဟုတ် တော၏အစိတ်အပိုင်းတစ်ခုခုကို အမဲလိုက်ခွေးများလွှတ်ပြီး စမ်းသပ်ကြရ၏။ အမဲလိုက်ခွေးက အမဲကောင်အနံ့ရလျှင်ဟောင်တော့သည်။ အမဲနံ့ရလျှင် ခွေးတို့၏သဘာဝအတိုင်း အဆက်မပြတ်အော်ပြီး အမဲကောင်ကို အနံ့ခံပြီးလိုက်ရှာခြင်းပင်ဖြစ်ပေသည်။ ဤအချိန်တွင် ပိုက်ထောင်ထားရာဘက်သို့ အမဲကောင်ပြေးစေခြင်းငှာ အမဲလိုက်သမားများက ကိုယ့်တာကိုယ်လုံအောင်ပြုပြီး တဟေးဟေးဖြင့်ဩသံပေးကာ ခြောက်လှန့်အော်ဟစ်တောတိုးသွားကြရသည်။

ဩသံပေးသူများမှာ အမဲကောင်ပြန်လှည့်မပြေးနိုင်အောင် ကိုယ်ဟာကိုယ်လုံအောင်ပြုပြီး အော်ဟစ်ကြရသည်။ အသွားနှုန်းတစ်တန်းတည်းကျအောင် တစ်ယောက်အသံ တစ်ယောက်နားထောင်ပြီး တစ်တန်းတည်းရွေ့လျားစေပြီး တောတိုးကြရသည်။ ခွေးများကလည်း ရှေ့ပြေးအနေဖြင့် အမဲကောင်နောက်ကအနံ့ခံကာ တဂိန်ဂိန်အော်မြည်ရင်း ပိုက်ဘက်သို့ပြေးပြီးတွန်းနေ ပသည်။ အမဲလိုက်နေချိန်တွင် ခွေးသံများနှင့် အမဲလိုက်သူတို့၏ဩသံပေးမှုများမှာ တစ်တောလုံးတစ်တောင်လုံးဆူညံနေပေသည်။ ကြောက်ခမန်းလိလိပင်။ တောရိုင်းအမဲကောင်များမှာ ဟိန်းထွက်နေသောအသံများကြောင့် နှလုံးသွေးပျက်မတတ် ခံစားကြရပေလိမ့်မည်။

ပိုက်နားသို့ အမဲကောင်ရော[...] ချိန်တွင် ပိုက်၏ဝမ်းဗိုက်စစ်မှတ်သို့မ[...] ဘဲ လက်ဝဲ၊ လက်ယာ တောင်ပံနှစ်[...] က လျှံထွက်မည့်အနေအထားမျိုး[...] လာပါက ဝဲယာအစွန်နှစ်ဖက်တွင်[...] နေကြသောခေါင်းခေါက်ထိုးနှစ်ယော[...] က အသံနက်ကြီးဖြင့် အော်ဟစ်[...] အသင့်ကိုင်ထားသောခဲလုံးဖြင့် အား[...] လွဲပြီး ခြောက်လှန့်လှမ်းပစ်လိုက်ရ[...] သည်။ လက်ဝဲဘက်ကလျှံထွက်[...] အနေအထားမျိုးဖြစ်လာလျှင် လ[...] ဘက်တွင်တာဝန်ယူထားသော ခေါင်း[...] ခေါက်ထိုးက ခဲလုံးဖြင့်လှမ်းပစ်ရသည်။ လက်ယာဘက်ကဆိုလျှင်လည်း လ[...] ယာဘက်ခေါင်းခေါက်ထိုးက လှမ်းပစ်[...] သည်။

ဤသို့ ခဲလုံးဖြင့်ပစ်လိုက်ချိန်[...] အမဲကောင်မှာ မမျှော်လင့်သောအ[...] ကြောင့် လန့်ဖျပ်ကာပြန်ပြေးတော့သည်။ ဤအချိန်တွင် အမဲကောင်မှာ နော[...] ကဩသံပေးပြီးလိုက်လာကြသော ခွေး[...] တွေ၊လူတွေကြောင့် နောက်သို့ပြန်လှည့်[...] ၍လည်း လုံးဝမဖြစ်နိုင်တော့ပေ။ ဤ[...] အခြေအနေတွင် အမဲကောင်မှာ ပိုက်[...] လယ်လမ်းကြောင်းကိုဝင်တိုးရုံမှတစ်[...] အခြားလမ်းမရှိပြီ။ ဝင်တိုးမိသည်[...] တစ်ပြိုင်နက် ပိုက်ထောက်တွေပြုတ်[...] အမဲကောင်ကို ပိုက်ကြီးက ဖုံးအုပ်ထွေး[...] ချုံထားပြီးသားဖြစ်နေပေရာ ပိုက်သ[...] လက်နားစောင့်များက အမဲကောင်[...] ဝင်တွယ်ရုံသာရှိတော့သည်။

❑

"သာလှ၊ မင်းဟိုဘက်တောင်[...] ကသွားပြီး ဩသံပေးပြီးသွားအော်[...] ကွာ"

"ဟာ-မလုပ်ပါနဲ့ ဩဘာရာ၊ မင်း[...] ခေါင်းခေါက်ထိုးကနေရင် ငါ လက်နား[...] စောင့်ကနေမယ်ကွာ"

"ဟုတ်တယ်ဟေ့ - အောင်ကျော်[...] နဲ့ ငါနဲ့ လက်နားစောင့်မယ်"

"ဟေ့ကောင် သာလှ၊ မင်းတစ်ခါ[...] မှလည်း အမဲလိုက်ဖူးတာမဟုတ်။ လက်[...] နားစောင့်ကနေလို့ဘယ်ဖြစ်မလဲ"

"ရပါတယ် အောင်ကျော်ရာ၊ မင်း[...] နဲ့ငါနဲ့ ငယ်ငယ်ကတည်းက အတူတူ[...] လာခဲ့ကြတာပဲ။ ပိုက်လက်နားစောင့်[...] တော့လည်း မင်းနဲ့ငါအတူတူပေါ့ကွာ"

"မင်းနဲ့ တယ်ခက်ပါလားကွ[...] ကလေးကစားတာမဟုတ်ဘူး၊ [...] နေတာကွ။ အဆင်မသင့်ရင်သေတာ[...]



www.burmeseclassic.com

www.burmeseclassic.com

တယ် သိလား"

"ချေလိုက်တာပဲ ဩဘာရာ၊ လုံ ထုံးရဘူး မဟုတ်လား။ တုတ်နဲ့ရိုက်မှာ ကို့များ ချေဦးခေါင်းကို စေ့စေ့ကြည့်ရိုက် ယ့်ဟာကို ငါလည်းတတ်ပါတယ်ဟ"

"မင်းကိုခေါ်ခဲ့တာတောင် ရွာနား ရာမို့ခေါ်ခဲ့တာ။ အဝေးဆို ခေါ်တောင် ခေါ်ဘူး။ မင်းအိမ်က နောက်ကြောင်း အေးတာမဟုတ်ဘူး"

"ရပါတယ်ကွာ၊ ကဲ-မင်းတို့ကိုယ့် အလုပ်ကိုယ်လုပ်ကြ။ ငါကတော့ လက် နားစောင့်မှာပဲ"

သာလှက ဖွတ်ပြောနေပေရာ အောင်ကျော်တို့လူသိုက်မှာ သာလှအား လက်နားစောင့်ပဲခိုင်းလိုက်ရတော့သည်။ သာလှမှာ အမဲလိုက်ခြင်းလုပ်ငန်း၏ အဆင့်အမြင့်ဆုံးသောနေရာတွင် တာဝန် ယူလိုက်ရသည်မို့ ကိုယ့်ကိုယ်ကိုယ် အျှနုပ်မိသည်။ သာလှမှာ အမဲရိုက် တုတ်ပိုင်းကို တဆဆလုပ်ကြည့်ကာ ဒန်တျှသလိုလို တွေးနေမိလေသည်။ အတူတူတာဝန်ယူနေရသော လက်နား စောင့်အောင်ကျော်ကို ခပ်ပြုံးပြုံးလုပ်ပြီး တစ်ချက်ကြည့်လိုက်၏။ အောင်ကျော် က မျက်မှောင်ကြုတ်ပြီးပြန်ကြည့်သည်။

"သာလှ၊ မင်းသတိနဲ့တော့လုပ် ဆော်"

"ရပါတယ်ကွာ၊ ဒါလေးများ ဘာဆန်းလို့လဲ ခက်တာမှတ်လို့။ လာ ရင် တျှဲထည့်လိုက်မှာပေါ့"

အောင်ကျော်မှာ မည်သို့မျှမပြော တော့ချေ။ ကိုယ့်နေရာနှင့်ကိုယ် သစ်ပင် ကွယ်တနေရာယူနေလိုက်ကြ၏။ မကြာ မီချေ ခွေးဟောင်သံများကညံလာသလို ဩသံပေးသူများအသံကလည်း သချိုင်း တောင်တစ်တောင်လုံး ဆူညံလာသည်။ ဩသံအော်ဟစ်သံများမှာ တဖြည်းဖြည်း လက်နားသို့နီးကပ်လာသည်။ လက်နား စောင့် သာလှနှင့် အောင်ကျော်တို့မှာ အသိနှင့်သတိကိုထိပ်ပေါ် တင်ပြီးစောင့် ကြည့်နေလိုက်ကြ၏။ လက်ဝဲ၊ လက်ယာ ဘက်စွန်းနှစ်သွယ်တွင် တာဝန်ယူနေကြ သော ခေါင်းခေါက်ထိုး ဩဘာနှင့် အောင်ဘာလေမှာလည်း ခဲလုံးတွေ အသင့်ကိုင်ပြီး သစ်ပင်ကြီးများနောက် ကွယ်က ပုန်းလျှိုးနေရာယူထားကြ သည်။

"ဂိန် ဂိန် ဂိန်"

"ဟေး ဟေး ဟေး"

"ဂိန် ဂိန် ဂိန်"

"ဟေး ဟေး ဟေး"

ခွေးသံနှင့် ဩသံပေးသံများမှာ ပိုက်နားသို့ ပို၍ပို၍ နီးကပ်လာသည်။ အောင်ကျော် သာလှကို တစ်ချက်လှမ်း ကြည့်လိုက်သည်။ သာလှက ဘာမှမဖြစ် ဘူး၊ ရတယ် အေးအေးဆေးဆေးပဲဆို သည့်သဘော ပြုံးပြလိုက်သည်။ အမဲ ရိုက်တုတ်ကိုလည်း တဆဆလုပ်ပြလိုက် ၏။

"ဟေး. . . လာလေရဲ့"

ဩဘာထံမှ ခေါင်းခေါက်ထိုးပြီး ပစ်လွှတ်လိုက်သောအသံသည် လက် နားစောင့်သာလှနှင့် အောင်ကျော်တို့ အား သတိအနေအထားသို့ ပိုမိုရောက်ရှိ စေသွားပြီး တိုက်ပွဲဝင်ရန် တပ်လှန့်သံ လည်းဖြစ်ပေသည်။ အမဲကောင်အား ရိုက်သတ်ရန်စိတ်အရှိန်သည် အမြင့်ဆုံး အနေအထားသို့ရောက်သွား၏။

"ဗြီး ဖုန်း ဖုန်း ဖုန်း"

လက်နားစောင့် အောင်ကျော်က စတင်လှုပ်ရှားလိုက်သည်။ ချေကောင် ဝင်တိုးမှုကြောင့် ပိုက်ထောက်တွေဖြုတ် ပြီး ပိုက်နှင့်လုံးထွေးနေသည့်ချေကောင် ကြီးသည် အောင်ကျော်၏တုတ်ချောင်း အောက်တွင် ဆန့်ငင်ဆန့်ငင် အသက် ငင်နေချေပြီ။

"ဗြီး ဖုန်း ဖုန်း ဖုန်း"

လက်နားစောင့်သာလှ၏ တုတ် ချက်ကလည်းမလွယ်။ အဆက်မပြတ် ဆင့်ကာဆင့်ကာ ရိုက်ထည့်လျက်။ သို့သော် သာလှ၏ တုတ်ချက်အောက် တွင် ချေကောင်တော့မဟုတ်၊ ပိုက်လက် နားစောင့်ဖက် အောင်ကျော်သာဖြစ်ပေ တော့သည်။

"အား"

"ဟေ့ ဟေ့ . . . သာလှ သာလှ"

ပိုက်ခေါက်ထိုး ဩဘာသည် အပြေးရောက်လာပြီး သာလှ၏လက်နှစ် ဖက်ကို ဖမ်းချုပ်ထားလိုက်သည်။

"ဟေး - သာလှ၊ မင်းသတိထား၊ မင်းမှားနေပြီ၊ မှားနေပြီ"

"ဟင်-ငါဘာလုပ်လိုက်တာလဲ"

"မင်း အောင်ကျော်ကိုရိုက်ထည့် နေတာလေ"

ဩဘာ၏အသံကို ကြားလိုက်မှ သာလှမှာ သတိရသွားဟန်ရှိပြီး လက်မှ ချေရိုက်တုတ်လည်း လွတ်ကျသွား၏။ ပိုက်တန်းကြီး၏ ဟိုဘက်မှာတော့ ချေကောင်ကြီး။ သည်ဘက်မှာတော့ လက်နားစောင့် အောင်ကျော်။ သွေးသံ တွေတရဲရဲနှင့် ပြိုင်တူလဲနေကြပေသည်။ သိပ်မကြာ ခေါင်းခေါက်ထိုး အောင်ဘာ လေရောက်လာသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

"မြင်တဲ့အတိုင်းပဲကွာ၊ သာလှ တောရသွားတာလေ။ အတွေ့အကြုံက မရှိတော့ စိတ်တွေမှန်ပြီး အောင်ကျော် ကို ချေလို့မြင်ပြီး ရိုက်လိုက်တာပေါ့ကွာ"

"ဒါကြောင့်ပြောတာပေါ့၊ အတွေ့ အကြုံမရှိတဲ့လူ ဒီနေရာနဲ့မအပ်စပ်ဘူး ဆိုတာလေ"

သာလှမှာကား မိမိအဖြစ်အပျက် အတွက် ယူကျုံးမရဖြစ်နေခဲ့ပေပြီ။ ငါ လိုက်လာမိခဲ့သည်မှာ မှားလေစွဟု နောင်တကြီးစွာဖြစ်နေခဲ့ပြီ။ စိတ်ထိခိုက် ခြင်းကြီးစွာဖြင့် ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။ ကိုယ့်ကြောင့် ကိုယ့် သူငယ်ချင်းတစ်ယောက် ဒဏ်ရာဗရပွ နှင့်ဖြစ်သွားပါပေါ့လားဆိုသည့်အသိက သာလှအား ကောင်းကောင်းသတိပေး လိုက်လေပြီ။

ဩသံပေးပြီး အော်ဟစ်တောတိုး နေကြသူများလည်း ပိုက်နားသို့ အသီး သီးရောက်လာကြသည်။အခြေအနေမှန် ကို သိလိုက်ကြရသောအခါ အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ ကိုယ်နှင့် မတန်တာသွားလုပ်တယ်ဆိုတဲ့သဘော နှင့် အထင်သေးမျက်ဝန်းအစုံစုံတို့က သာလှအပေါ် စုပြုံကျရောက်နေကြ၏။

"ကဲကဲ - တို့ ဒီလိုနေလို့မဖြစ်ဘူး။ အောင်ကျော်ကို ရွာအမြန်သယ်ရမယ်"

အမဲလိုက်သမားများမှာ တာဝန် ကိုယ်စီယူပြီး အောင်ကျော်ကို ရွာသို့ဝိုင်း ဝန်းသယ်ယူသွားကြသည်။ သာလှကိုယ် တိုင်ပင် အောင်ကျော်ကို ကျောပိုးပြီး တောင်ပေါ်မှတောင်အောက်သို့ရောက် အောင်သယ်ယူခဲ့သည်။အောင်ကျော်၏ ဦးခေါင်းဒဏ်ရာမှသွေးများသည် သာလှ ၏ကိုယ်ပေါ်သို့ တစက်စက်စီးကျနေပေ သည်။ အောင်ကျော်၏ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သလို သာလှ၏နှလုံးအိမ် တွင်လည်း အမာရွတ်တစ်ခုထင်ကျန် နေခဲ့ပေပြီ။

အမဲလိုက်ခြင်းမှရရှိသည့် အဖြစ် အပျက်ကို သင်ခန်းစာယူပြီး သာလှမှာ နောက်နောင်တွင်လည်း အမဲလိုက်ခြင်း အမှုကို တစ်သက်လုံးမပြုတော့ချေ။ တစ်ချက်အမှားသည် တစ်သက်လုံး အတွက် တရားရစရာ သင်ခန်းစာပေး သွားခဲ့လေပြီ။

ကျွန်းစဉ်မြေစောခက် (အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

မိသိန်းကြည်။

ဟုတ်ပါသည်။ အားလုံးက ကျွန်မကို ဒီလိုပဲခေါ်ကြပါသည်။ အမေပေးထားသည့်နာမည်က တနင်္လာသမီးဖြစ်လို့ ခင်သိန်းကြည်။ အလုပ်က ငါးစိမ်းသည်အလုပ်မို့ အလုပ်နှင့်လိုက်ဖက်မည့် အမည်ကို ခပ်ကြမ်းကြမ်းလေးခေါ်ကြသည်ဟုထင်ပါသည်။ အခုတော့လည်း အားလုံးက သည်နာမည်ကိုနှုတ်ကျိုးနေကြပါပြီ။ ကျွန်မသည် အဒေါ်၏အိမ်တွင် မှီခိုနေရသည့် တစ်ကောင်ကြွက်တစ်ဦးပါပဲ။ ကျွန်မတို့နေထိုင်သည့် သထုံမြို့သည် ရှေးတုန်းကတော့ သုဝဏ္ဏဘူမိပေါ့။ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်တာရယ်၊ နေမိန္ဒရတောင်၊ မြသပိတ်တောင်တော်နှင့် သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီးတည်ရှိနေတာရယ်၊ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီးပေါ်မှာ တည်နေတာတွေကြောင့် မွန်ပြည်နယ်မှာ ထင်ရှားသည့်မြို့တစ်မြို့ဖြစ်ပါသည်။

ခင်မင်သူတွေများထဲမှာ မိဝင်းရီဆိုတာ ကျွန်မရဲ့အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်ပါပဲ။ ကျွန်မလိုပဲ ငါးစိမ်းသည်လေ။ ကျွန်မတို့နေတဲ့အောက်ကျင်းရပ်ကွက်ဆိုတာ ဘူတာရုံ၊ ဈေး၊ ကားဂိတ်များဆုံမှတ်ဖြစ်ပြီး ရွှေစာရံစေတီတော်မြတ်ကြီးနှင့် ကပ်လျက်ရှိနေပါသည်။ လူမျိုးစုံ၊ လုပ်ငန်းစုံ၊ လိုင်းအစုံပါပဲ။ ကျွန်မအသက်နှစ်ဆယ်ပြည့်ခဲ့ပါပြီ။ အရွယ်လေးရလာတော့ အဒေါ်အိမ်မှာခိုကပ်နေခဲ့ရသည့်ဘဝဟာ အလွန်ပဲကျဉ်းမြောင်းလာသည်ဟုထင်မိပါသည်။ လွတ်လပ်ပျော်ရွှင်မှုတွေဆိတ်သုဉ်းနေနေသလို အဝတ်အစားအလှအပတွေကို မက်မောတတ်လာပါသည်။အဲဒီစိတ်တွေကြောင့် အလိုလိုနေရင်း မွန်းကျပ်နေသလို ခံစားလာမိပါသည်။ ပြီးတော့လည်း အတောင်စုံသည့် ငှက်ကလေးတွေလို အမိရင်ခွင်ထဲမှ ရုန်းထွက်ပြီး ကျယ်ပြန့်တဲ့ ကောင်းကင်ပြင်ကြီးမှာ ကြင်ဖော်တွဲဖက် လည်ယှက်ပျံသန်းပြီး ကိုယ့်အသိုက်အမြုံလေးနှင့် သီးခြားနေချင်လာသည့်စိတ်တွေဟာ အရွယ်ရောက်လာသူတွေမှာ ကိန်းအောင်းဖွဲ့တည်လာတတ်သည့်သဘာဝပဲမဟုတ်ပါလား။

❑

တစ်နေ့ ကားဂိတ်အနီး အကြော်စုံဆိုင်မှာ ပဲပင်ပေါက်ကြော်ဝယ်ပြီးအပြန် ရွှေစာရံဘုရားအနီးမှ ချိုးကွေ့ဝင်လာသောစက်ဘီးတစ်စီးနှင့် အမှတ်မထင်တိုက်မိသလိုဖြစ်သွားရာမှ သူနှင့်ကျွန်မဆုံစည်းခွင့်ရခဲ့ပါသည်။ နေ့စဉ် ဈေးသွားဈေးပြန် တွေ့ဆုံဖန်များလာသောအခါ အမှတ်မထင်မှ အမှတ်ရရရဖြစ်လာခဲ့ပါသည်။ သူ့အမည်က ကိုညိုမောင်။ သထုံဈေးအတွင်း ပွဲရုံတစ်ရုံမှာ အထမ်းသမားတစ်ဦးပါပဲ။ ကြာတော့လည်း သူနှင့်ကျွန်မ ချစ်သူတွေဘဝရောက်ခဲ့ကြပါသည်။ ရွှေစာရံစေတီဝင်းအတွင်းမှာ မကြာမကြာဆုံဖြစ်ခဲ့ကြပါသည်။ ကိုညိုမောင်သည် အလုပ်ပင်ပန်းသည့်နေ့တွေမှာ တစ်ခါတစ်ရံ အရက်အနည်းငယ်သောက်သည်မှလွဲလျှင် အပျော်အပါးကင်းသူတစ်ယောက်ပါပဲ။ သူလည်း ကျွန်မလို တစ်ကောင်ကြွက်တစ်ဦးပါပဲ။ ဘဝရေစက်ကြောင့်ပဲလို့ ဆိုရမှာလားမသိပါ။ ကျွန်မတို့နှစ်ယောက် နှစ်ကောင်ကြွက်ဘဝဖြင့် လှိုင်းထန်လေထန်ပြီး မာယာကြွယ်ဝတဲ့အိမ်ထောင်ရေးသမုဒ္ဒယမြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကူးခဲ့ကြပါသည်။

အိမ်ထောင်ကျပြီးနောက် သိမ်ကုန်းရပ်ကွက်ရှိ အငှားအိမ်တစ်အိမ်သို့ ပြောင်းရွှေ့လာခဲ့ကြပါသည်။ ကိုညိုမောင်၏ ဝင်ငွေသည် မစို့မပို့တစ်ဝမ်းဝရုံလေးမို့ ဆင်းရဲကျပ်တည်းစွာနေခဲ့ရပါသည်။ သူငယ်ချင်း မိဝင်းရီ၏ ဆက်သွယ်ပေးမှုကြောင့် ရောင်းပြီးပြန်ပေးစနစ်ဖြင့် ငါးစိမ်းဒိုင်တစ်ခုတွင် ငါးဝယ်ရောင်းသည့် ငါးစိမ်းသည်ဘဝရောက်ခဲ့ပါသည်။ ဈေးသည်ဆိုတာ ဝယ်သူအကြိုက် ဆောင်ရွက်ပေးရတာဖြစ်၍ အရှင်လတ်လတ်ငါးများကို အလေးဖြင့် ထုသတ်ပေးရတာမျိုး၊ အကြေးခွံထိုးပြီး ခုတ်ထစ်ပေးရသည့်အပြင် သာသာထိုးထိုးကြိုက်သူများကို မပြည့်သောအလေးပါးပါး ဘောင်တို၊ ဘောင်ရှည်ချိန်ခွင်ဖြင့် အလေးခိုးပြီး ချိန်တွယ်ရသည့်အလုပ်တွေကို လက်ရဲဇက်ရဲလုပ်တတ်လာခဲ့ပါသည်။ မကောင်းမှန်းသိနေပါလျက် ချိန်ခွင်အလေးစားရသည့် အပိုနှင့် ဝယ်ဈေးရောင်းဈေး အဆမတန်ကွာခြားမှုတွေကြောင့် ငါးစိမ်းသည်ဘဝသုံးနှစ်အတွင်း ကိုယ်ပိုင်အိမ်၊ အပိုအလျှံငွေနှင့် ရွှေအနည်းငယ်စုဆောင်းလာနိုင်ခဲ့ပါသည်။

ကျွန်မတို့စီးပွားရေးအဆင်ပြေလာချိန်မှာ ရင်သွေးမထွန်းကားသည့်ကျွန်မကို မကြည်မလင်ဖြစ်လာသူက ကို[ညို]မောင်ပဲပေါ့။ အဲဒါကိုအကြောင်း[ပြ]... နေ့စဉ်ရက်ဆက်ဆိုသလို အရက်တွေ... အောင်သောက်လာပါသည်။ နော... တော့ အလုပ်ပါနားလိုက်ပြီး ကျွန်မတ... တည်းရှာဖွေသည့်ဝင်ငွေဖြင့် အိမ်... ကိစ္စအဝဝကိုတာဝန်ယူခဲ့ရပါသည်။ ကြ... လာတော့လည်း စိတ်မဆင်းရဲနိုင်တော့... ပါ။ အတိတ်ဘဝများစွာမှပြုခဲ့သော... နုံချာလှသည့် ကျွန်မ၏ကံတရားဟု... စိတ်ကိုဖြေလျှော့လိုက်ရပါသည်။

❑

ကျွန်မအသက် ငါးဆယ်ပြည့်ခဲ့... ပြီ။ ဇရာ ဆိုသော အိုခြင်းတရားသည်...



...ဗျာဓိဟူသော နာခြင်းတရားကို လာ... ချင်းချိတ်ပြီး ကျွန်မဆီသို့ အလည်အ... ရောက်လာသည်လို့ ဆိုရမှာလားမ... တတ်ပါ။ သည်နေ့ ဈေးရောင်း... စိတ်ထဲမှာမကြည်မလင်ဖြစ်နေပြီး ... လက်တွေ လေးလံထိုင်းမှိုင်းနေတာ...

www.burmeseclassic.com

www.burmeseclassic.com

အလေးချိန်ခွင်များသိမ်းပြီး အိမ်သို့ ခပ်စောစောပဲပြန်ခဲ့ပါသည်။ ရေချိုးလို စိတ်မရှိ၍ ခြေလက်မျက်နှာများဆေး ကြောပြီး ရွှေစာရံစေတီတော်အား ဖူးမြော်ရန်ထွက်လာခဲ့ပါသည်။ စေတီ တော်မြတ်ကြီးအား တစ်ပတ်လှည့်လည် ဖူးဖော်ပြီး အာရုံခံဝတ်အတွင်းတွင် ဆီမီး များကပ်လှူခြင်း၊ အလှူတော်ငွေများ ထည့်ဝင် လှူဒါန်းပြီး ခေတ္တနားနေ၍ အိမ် ပြန်လာခဲ့ပါသည်။ အိမ်ရောက်သည့် အခါ ကျွန်မတစ်ကိုယ်လုံး မလှုပ်ယှက် နိုင်အောင် နွမ်းချည့်နေပါသည်။ နဖူးကို လက်ဖြင့်စမ်းသပ်ကြည့်သောအခါ အပူ တွေတက်နေပြီး ခြေဖျားလက်ဖျားများ အေးစက်နေပါသည်။ ကျွန်မကိုယ်ကို တည်ငြိမ်အောင် ထိန်းနိုင်စွမ်းမရှိတော့ ပါ။ ဧည့်ခန်းကြမ်းပြင်တွင် ခြေပစ်လက် ပစ်အိပ်ချလိုက်ပါတော့သည်။

"ဟဲ့-မိသိန်းကြည်၊ ဘာဖြစ်နေတာ လဲ"

"မူး. . . မူးတယ်"

ကိုညိုမောင်အား စကားနှစ်လုံး လောက်သာပြန်ပြောနိုင်ပါသည်။

"သောက်ထားတဲ့လူကမူးတောင် မမူးရသေးဘူး၊ နင်ကမသောက်ဘဲနဲ့မူး နေတယ်ဆိုတော့ သိပ်ကောင်းတဲ့အလုပ် ပဲ။ ငွေကုန်သက်သာတာပေါ့"

ကိုညိုမောင်၏ စကားတွေကို သဲသဲကွဲကွဲမကြားရတော့ပါ။ မျက်စိထဲ မှာလည်း မှောင်နှင့်မည်းမည်း အားယူ၍ လှုပ်ရှားကြည့်မိပါသည်။ လုံးဝမရပါဘူး။ ကျွန်မဘာမှမသိတော့ပါ။ ကျွန်မ၏ အာရုံတွေ လွင့်မျောနေပါသည်။

"ဟယ် - ငါးစိမ်းသည်မ"

"မင်းဘာတတ်နိုင်သေးလဲ။ သတ် ပါဦးလားသူ့အသက်၊ ချိုးပါဦးလားအလေး ချိန်ခွင်။ ဗုဒ္ဓဘာသာဆိုတာ သေစေလို တဲ့ဆန္ဒနဲ့ သူ့အသက်သတ်တာတွေ၊ ပိုင် ရှင်မသိဘဲ သူ့ဥစ္စာခိုးယူတဲ့မကောင်းမှု တွေကို ရှောင်ကြဉ်ရတယ်။ အမြတ်ဆုံး ဖြစ်တဲ့ ရတနာသုံးပါးကို ဘယ်တော့မှ မမေ့ရဘူး"

အသံတွေကြားနေရာမှ ချက်ချင်း ငြိမ်သက်သွားပါသည်။ လူတစ်ဦးတစ် ယောက်ကိုမှမတွေ့ရပါ။ ခဏကြာတော့ အသံတွေပေါ် လာပြန်ပါသည်။

"ဟိုမှာကြည့်စမ်း"

မြင်ကွင်းတွေက မကြည့်ရဲ လောက်အောင်ပါပဲ။ တစ်ဖက်တွင် လည်ပင်းမှကြိုးချည်ပြီးဆွဲထားသူတစ်ဦး၊ ချိန်ခွင်ကြီး၏အခြားတစ်ဖက်တွင် ငရဲမီး လျှံတုံးကြီးချိတ်ဆွဲထားသည့် ငရဲမီးလျှံ ချိန်ခွင်ကြီးကို မကြည့်ရဲတော့၍ အခြား တစ်ဖက်သို့ လှည့်လိုက်ပါတော့သည်။ တစ်ဖက်တွင် ပက်လက်အနေအထား



မိသိန်းကြည်ပြောပြချင်တယ်

မောင်လွမ်းမိုး(ချောင်းဆုံ)



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်နေသူ မိန်းမပျိုတစ်ဦး၏ဦးခေါင်းကို ငရဲမီးလျှံတူဖြင့် ထုရိုက်နေပုံနှင့် ခံရသူ၏ ကြောက်မက်ဖွယ်ရာအော်သံကြီးသည် ကျွန်မ၏နားစည်ကို လာရောက်ရိုက်ခတ်ရာ ကျွန်မလည်း လန့်၍အော်လိုက်မိပါသည်။

"ကြောက်နေပြီလားငါးစိမ်းသည်မရဲ့။ မင်းပြုခဲ့တဲ့အကုသိုလ်ကံတွေကို ရဲရဲဝံ့ဝံ့ဝန်ခံလိုက်ပေဦး။ မင်းအရှေ့မှာရှိတဲ့ ငရဲမီးလျှံလမ်းမကြီးမှာပြေးစမ်းဟဲ့၊ ငါးစိမ်းသည်မ"

ကျွန်မရှေ့မှောက်မှာ ရဲရဲတောက်လောင်နေသည့် ငရဲမီးလျှံလမ်းမကြီးအား အထင်းသားမြင်တွေ့နေရတာမှလွဲလျှင် အခြားဘာကိုမှမတွေ့ရပါ။ ကြောက်စိတ်ကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါနေပါသည်။ ဆောက်တည်ရာမရလောက်အောင်လည်း ကြောက်ရွံ့နေပါသည်။ ငရဲမီးလျှံလမ်းမအပ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိကျနေပါသည်။ မီးလျှံများကိုမြင်ရသောအခါ ရွှေစာရံစေတီတော်မြတ်ကြီးတွင် ဆီမီးထွန်းညှိလှူဒါန်းပူဇော်နေပုံအား ကျွန်မမျက်ဝန်းအိမ်တွင် လျှပ်စီးလက်သလို အလင်းတန်းတစ်ခု မြင်တွေ့လိုက်ရပါသည်။ကျွန်မတစ်ကိုယ်လုံးကြက်သီးမွေးညင်းများထသွားပါသည်။ အံ့ဖွယ်ရာဘုရားရှင်ကို တမ်းတလိုက်မိပါသည်။

"ဘုရား"

လက်အုပ်ချီမိုး၍ ရွှေစာရံစေတီတော်မြတ်ကြီးအား ရှိခိုးပူဇော်လိုက်ပါသည်။

ကျွန်မ၏နောက်မှ တွန်းသူ၊ ရှေ့မှဆွဲသူတို့ကိုမမြင်ရသော်လည်း ငရဲမီးလျှံလမ်းမပေါ် သို့ တွန်းပို့နေသည်ကို ကျွန်မသိပါသည်။ ကျွန်မအလွန်အမင်းကြောက်ရွံ့နေပါပြီ။ ကယ်တင်မည့်သူအလျှင်းမရှိသောအခါ ဒုက္ခတွေ့မှဘုရားတဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်၏ပုံတော်အား အာရုံထဲတွင်မြင်အောင်ကြည့်၍ စိတ်ထဲမှရည်စူးဦးချလိုက်ပြီး လက်အုပ်ချီလျက်ပင် မျက်စိစုံမှိတ်၍ ငရဲမီးလျှံလမ်းမကြီးပေါ် သို့ ခြေတစ်လှမ်းချင်းလျှောက်ဝင်သွားလိုက်ပါသည်။

ကျွန်မခြေတစ်လှမ်းချလိုက်တိုင်း ငရဲမီးတို့သည် တုံ့ခနဲရပ်တန့်သွားပြီး ဆီးနှင်းပြင်ကြီးပေါ် တွင်လမ်းလျှောက်ရသလို အေးမြနေပါသည်။မျက်လုံးများဖွင့်ကြည့်လိုက်သည့်အခါ အနိဋ္ဌာရုံမြင်ကွင်းများကွယ်ပျောက်နေပြီး ဝါဂွမ်းစိုင်ကြီးများချိတ်ဆွဲထားသလို ပတ်ဝန်းကျင်တစ်ခုလုံးဖြူဆွတ်နေပြီး အဖြူရောင်အလင်းတန်းတွေ ယှက်သန်းနေပါသည်။

ဩော် - ဘုရားရှင်၏ အနှိုင်းမဲ့ကျေးဇူးတော်ပါတကား. . .။

❑

"ရေ. . . ရေ. . . ရေ"

ကျွန်မ၏ ခံစားမှုအာရုံအသိများ စုစည်းရှင်သန်လာပါသည်။ ရေသောက်လိုကြောင်း အင်အားများဖြစ်ညှစ်၍ လက်များဝှေ့ယမ်းပြီး လှုပ်ရှားလိုက်ပါသည်။

"ဟယ်- မိသိန်းကြည်သတိရလာပြီ။ ရေကိုဖြည်းဖြည်းသောက်နော်"

အားစိုက်၍ မျက်စိကိုဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်ပါသည်။ အမြင်အာရုံတွင် အထင်ရှားပါပဲ။ ပထမဦးဆုံးတွေ့လိုက်ရတာက ကိုညိုမောင်။ ပြီးတော့ မိဝင်းရီနှင့် အိမ်နီးချင်းများအစုံပါပဲ။

'ဩော် - ငါမသေရသေးပါလား'

အသံထွက်မလာပါ။ ရင်တွင်းမှာ ပဲ့တင်ထပ်သွားပါသည်။ ကိုညိုမောင်သည် ကျွန်မကို ဖေးမထားပါသည်။ အာဆွတ်ရုံမျှလောက်ရေကို အနည်းငယ်သောက်လိုက်ပါသည်။ ရင်ခုန်သံအနည်းငယ်လျော့သွားပါသည်။ မကြာပါဘူး၊ နှလုံးခုန်သံစည်းချက် ပုံမှန်ဖြစ်လာပါသည်။ ကိုညိုမောင်၏ကရုဏာမျက်ဝန်းအစုံကို မြင်တွေ့ရပါသည်။ ဇနီး၊ ခင်ပွန်းဆိုတာ သူတို့ရဲ့လက်တွဲဖော်က ကြင်နာယုယ ဖေးမပြုစုတာကိုမလိုချင်သူ ဘယ်ရှိပါ့မလဲ။ မျှော်လင့်မထားသောအကြင်နာမျက်ဝန်းရိပ်တွေမြင်တွေ့ရတာ ကြည်နူးမိတာအမှန်ပါပဲ။ တစ်ဦးကိုတစ်ဦး ကြင်နာမြတ်နိုးယုယမှုတွေဟာ ကျွန်မတို့လိုအိမ်ထောင်ရှင်များအတွက် အလိုအပ်ဆုံးသော ဆုလာဘ်ကြီးတစ်ခုပဲ မဟုတ်ပါလား။

ကိုညိုမောင်နှင့် မိဝင်းရီတို့၏ပြောပြချက်အရ ကျွန်မသတိလစ်မေ့မြောနေသည်မှာ သုံးရက်ခန့်ကြာသွားပြီဟုသိရပါသည်။ ကျွန်မ၏ကျန်းမာရေးအနေအထားသည် ပုံမှန်ရောက်လုနီးပါပြီ။ မတွေးချင်တော့ဘူးဆိုပေမယ့်လည်း တစ်ခါတစ်ခါ ကျွန်မခံစားခဲ့ရသော ငရဲခန်းဆီသို့ အတွေးတွေပျံ့လွင့်သွားနေတတ်ပါသည်။ ကျွန်မရဲ့စိတ်တွေ ဆောက်တည်ရာမရခံစားမိ၍ ကြောက်ရွံ့တုန်လှုပ်သွားသွားပြီး ရင်ထဲမှာ တလှပ်လှပ်ခံစားနေရပါသည်။ လွင့်မျော

နေသောစိတ်အစဉ်ကို ဖြေလျှော့လို
မြတ်စွာဘုရားရှင်၏အနှိုင်းမဲ့ဂုဏ်တော်
များကို ကြည်ညိုပွားများနိုင်ရန်အတွက်
ဘုရားကြီးဘက်သို့ ကျွန်မတစ်ယောက်
တည်း ထွက်လာခဲ့ပါသည်။ သူတော်
ကောင်းခတ်များကိန်းအောင်းနေ၍
မည်ထင်ပါသည်။ ဘုရားကြီးမုခ်ဦးတွင်
ခြေချမိသည်နှင့် ကြည်နူးဖွယ်ရာ
သံစဉ်များနှင့်အတူ ထီးတော်မြတ်
ခေါင်းလောင်းသံများသည် ဓမ္မတေး
ဖော်ကျူးနေသလို ကြားရသူအဖို့ ဘဝ
စိတ်ဝမ်းငြိမ်းချမ်းဖွယ်ရာပါပဲ။

ကျွန်မစိတ်အစဉ်သည် ကြည်
လန်းဆန်းနေပါသည်။ ဘုရားတွင်
လှူပူဇော်ရန် ဘုရားဈေးမှလိုအပ်သည်
များဝယ်ယူပြီး တနင်္လာထောင့်
အရပ်မှာ ငါးပါးသီလခံယူ၍ ကပ်လှူ
ဇော်ပြီး သတ္တဝါအနန္တအားအမျှတို
ပေးဝေလိုက်ပါသည်။ ပြီးတော့ ဘုရား
ရှင်ထံတွင် ကျွန်မ၏ခန္ဓာကိုယ်လှူဒါန်း
ခိုင်ကြည်သော သစ္စာအဓိဋ္ဌာန်တစ်ခု
လိုက်ပါသည်။

"ဘုန်းတော်ကြီးမားသော
မြတ်ဘုရား၊ ဘုရားတပည့်တော်သည်
အကုသိုလ်ကံများ အကြိမ်ကြိမ်
စီးပွားရှာခဲ့ပါသည်ဘုရား။ အကုသိုလ်
၏အကျိုးပေးခြင်းကိုလည်း ရင်နှင့်အမျှ
ခံစားခဲ့ရပြီးပါပြီဘုရား။ တပည့်တော်
အသက်ထင်ရှားကာလပတ်လုံး အ
သိုလ်အမှုများမပြုလုပ်မိအောင်
သိမ်းစောင့်ရှောက်ပါမည်ဘုရား။
ဘဝတွင် တင်ကျန်နေသော အကုသိုလ်
ဝဋ်ကြွေးများကို ပါရမီကုသိုလ်
ဖြင့် ကျေပွန်အောင် ပေးဆပ်လိုပါသည်
ဘုရား။ တပည့်တော်မအား အစဉ်
ခြင်းဖြင့် ငါးစိမ်းသည်ဘဝမှလွတ်မြောက်
စေရန် ကယ်ချွတ်ပေးတော်မူပါ အရှင်
မြတ်ကြီးဘုရား"

ကျွန်မဝတ်ပြုဆုတောင်းပြီးသော
အခါ ကျွန်မအနားမှ ခိုတစ်အုပ်ပျံ
သွားကြပါသည်။ ခိုတောင်ပံခတ်
ထွက်လာသောလေပြည်လေညင်း
ကျွန်မရင်ကိုအေးမြစေခဲ့ပါသည်။
ကျေနပ်သွားပါပြီ။ အိမ်အပြန်ခြေ
များ သွက်လက်ပေါ့ပါးနေပါသည်။
ပြန်ရောက်သောအခါ ခဏတစ်
နား ရေချိုးသန့်စင်ပြီး အသင့်ပြင်
သောထမင်းဝိုင်းသည် ဖွယ်ဖွယ်ရာရာ
လို့ပါပဲ။ ကျွန်မနှင့် ကိုညိုမောင်
လက်ဆုံစားဖြစ်သွားပါသည်။

"ဟဲ့ - မိဝင်းရီ၊ နင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ညည်းဝင်စားလေ”

“ရပါတယ် မိသိန်းကြည်ရယ်၊ နင်ဘို့နှစ်ယောက် လက်ဆုံစားနေတာကို ကြည့်ပြီး ဝမ်းသာကြည်နူးနေလို့ပါ”

အကြင်နာတွေနှင့်ပြင်ဆင်ထားသည့်ထမင်းဝိုင်းမှာ သူနှင့်ကျွန်မလက်ဆုံစားတာ ဒီတစ်ခါ နောက်ဆုံးအကြိမ်ဖြစ်မည်ထင်ပါသည်။ ထမင်းစားပြီး စကားတစ်ခွန်းမှမပြောဖြစ်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ်မို့ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ခဏကြာတော့ ကျွန်မရဲ့ငရဲခန်းနောက်အတွေ့အကြုံများနှင့် ကျွန်မဘဝအတွက် အခိုင်မာဆုံးသော စကားများကိုပြောဖြစ်ပါသည်။

“ကျွန်မဘယ်လိုစီးပွားရှာခဲ့တယ်ဆိုတာ ရှင်တို့အသိပါပဲ။ အကုသိုလ်နှင့်ယှဉ်စပ်ပြီး မသင့်သောရှာမှီးခြင်းတွေနဲ့ ရှာဖွေခဲ့မိတဲ့အတွက် တုံ့ပြန်လာတဲ့ အကုသိုလ်ဆိုးကျိုးတွေကို ကြောက်ရွံ့ဘန်လှုပ်လာပါတယ်။ ဒါကြောင့်လည်း အဲဒီအလုပ်တွေနဲ့အတူ အနှောင်အဖွဲ့သံယောဇဉ်တွေကိုစွန့်ပြီး ပါရမီကုသိုလ်အတွေပြုဖို့ ဆုံးဖြတ်ပြီးဖြစ်ပါတယ်”

ကျွန်မစကားကို ခဏနားလိုက်ပြီးနောက် ရေနွေးကြမ်းအနည်းငယ် အာစိုအောင် သောက်လိုက်ပါသည်။ ကျွန်မပြောသည့်စကားကိုစိတ်ဝင်စားနေသော ကိုညိုမောင်၏ မျက်ဝန်းအစုံကို မြင်တွေ့ရပါသည်။

“ကျွန်မတို့ ရှာဖွေစုဆောင်းခဲ့တဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းများနဲ့လက်ဝတ်ရတနာ၊ ငွေသားများထဲမှ ကျွန်မလျှောက်လှမ်းရမယ့်ခရီးအတွက် ငွေကျပ်နှစ်သိန်းယူထားပြီး ကျန်တာတွေအားလုံး ကိုညိုမောင်ရဲ့ဘဝရပ်တည်ရေးအတွက် သို့အပ်သလို အသုံးပြုနိုင်ပါတယ်။ ကျွန်မကိုခွင့်လွှတ်ပါ”

ကျွန်မရဲ့ဆန္ဒတွေ ပြည့်စုံသွားပါပြီ။

“မိသိန်းကြည်လျှောက်လှမ်းမယ့်လမ်းဟာ သာမန်လူတွေရဲ့လမ်းမဟုတ်ဘဲ အရိယာသူတော်ကောင်းတို့လျှောက်လှမ်းတဲ့လမ်းဖြစ်နေတာမို့ ကန့်ကွက်ရန်မရှိပါဘူး။ ဒါကလည်း ကိုယ်မြတ်နိုးတဲ့သူရဲ့ဆန္ဒကို ပါရမီဖြည့်ပေးတဲ့သဘောပါပဲ။ မင်းရဲ့ဆုံးဖြတ်ချက်တွေဟာ ငါ့ကိုမုန်းလို့မဟုတ်ဘူးဆိုတာကို ယုံကြည်သတ်ခံထားပါ့မယ်”

ကိုညိုမောင်ရဲ့စကားတွေဟာ သူ့ရင်တွင်းဖြစ်စကားတွေဆိုတာ ကျွန်မယုံကြည်ပါသည်။ ကြေကွဲဆို့နစ်ခြင်းတွေနှင့်အတူ ကြည်နူးနှစ်သိမ့်မှုတွေကိုလည်း ကျွန်မမြင်သိနေရပါသည်။ ကျွန်မရဲ့ရင်ထဲမှာလည်း ဝမ်းနည်း၊ ဝမ်းသာဖြစ်မိတာအမှန်ပါပဲ။ ကျွန်မသူ့ကိုမမုန်းပါဘူး။ ကျွန်မရွံမုန်းနေတာက အကုသိုလ်တွေကိုပဲ။

“ကျွန်မကို ပါရမီဖြည့်ပေးတဲ့အတွက် ကျေးဇူးအထူးပါပဲ။ ရှင့်ကိုကျွန်မ မမုန်းပါဘူး။ ဖြူစင်သန့်ရှင်းပြီး တစ်ဦးအကျိုးကို တစ်ဦးကလိုလားတဲ့ မောင်နှမမေတ္တာတွေနဲ့နေသွားကြဖို့ပါပဲ။ ရှင့်အပေါ်မှာ တစ်ပါပါးသောက်တွေနှင့် ကျူးလွန်မိခဲ့တာတွေရှိခဲ့ရင် ကျွန်မကိုခွင့်လွှတ်ပေးပါ”

လက်အုပ်ချီ၍ ကိုညိုမောင်အား ကျွန်မရှိသေစွာကန်တော့လိုက်ပါသည်။

“တစ်စုံတစ်ခုသောအပြစ်များရှိခဲ့ရင်လည်း အစ်ကိုကြီးက နှမငယ်အပေါ်မှာထားတဲ့မေတ္တာတွေနဲ့ခွင့်လွှတ်ပါတယ်။ မင်းလျှောက်မယ့်ခရီးလမ်းဖြောင့်ဖြူးသာယာရှိပါစေကွယ်။ သာဓု သာဓု သာဓု”

တိတ်ဆိတ် ငြိမ်သက်နေသောဧည့်ခန်းသည် ကိုညိုမောင်၏ သာဓုခေါ်သံသည် ဖြန့်ကြက်လွှမ်းမိုးသွားပါသည်။ ကျွန်မရဲ့ရင်ထဲမှာလည်း ကြည်လင်အေးမြနေပါသည်။

❑

နေရစ်ခဲ့တော့ သုဝဏ္ဏဘုံမိရေ။

ဘဝတစ်ခုတွင် အခက်အခဲများနှင့်ကြုံတွေ့လာသည့်အခါတိုင်း မိမိမွေးရပ်မြေနှင့် အင်္ဂဆွေအမျိုး အသိုင်းဝိုင်းတို့အား တမ်းတအမှတ်ရမြဲဖြစ်ပါသည်။ ကျွန်မ၏ ဘဝတစ်ဆစ်ချိုးတွင်လည်း မွေးရပ်မြေ (ဘီလူးကျွန်း) ချောင်းဆုံမြို့နယ်ရှိ ကလွီရွာသို့ပြန်ခဲ့ပါသည်။ တစ်ဝမ်းကွဲအစ်မ၏နေအိမ်တွင် နေထိုင်လာခဲ့သည်မှာလည်း တစ်လခန့်ကြာခဲ့ပါပြီ။ ကျွန်မတို့ရွာရှိ မင်္ဂလာဇေယျ မိုးကုတ်ဘာဝနာဌာနတွင် နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သည့် မိုးကုတ်ဝိပဿနာ အဓိဋ္ဌာန် (၇) ရက် တရားစခန်းသို့ဝင်ခွင့်ကြုံခဲ့ပါသည်။ ကျွန်မရဲ့ ပထမဦးဆုံးသော သာသနာတွင်းဝင်ရောက်၍ ဘုရားရှင်၏အဆုံးအမကို ခံယူခဲ့သောခြေတစ်လှမ်းပေါ့။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်မချခင်က ဟောကြားတော်မူခဲ့သော ဟောစဉ်ကျင့်စဉ် သစ္စာလေးပါးတရားတော်များနှင့် နန္ဒာရာမ မိုးကုတ်ရိပ်သာဆရာတော်ဘုရားတို့၏ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်ဝိပဿနာအလုပ်ပေးတရားတော်များကို နာကြား ရှုမှတ်ခွင့်ရခဲ့၍လည်း ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ စက္ကန့်မလပ်၊ မိနစ်မခြား ဖြစ်ပြီးပျက်နေကြပုံတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရှိမှတ်သားနားလည်ခွင့်ရခဲ့ပြီး ခန္ဓာရထားသူတိုင်း မမြဲဆင်းရဲအစိုးမရပုံနှင့် အနှစ်သာရမရှိပုံ၊ ငါးပါးသောခန္ဓာဖြင့်ဖွဲ့စည်းထားသောကျွန်မတို့မှာ ငါသူ၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဘဲ ခန္ဓာငါးပါး၏ ဆင်းရဲခြင်းအမှန်တရားဒုက္ခသစ္စာသာရှိပုံ၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဤခန္ဓာကြီးရရှိလာပုံနှင့် ဖြစ်စဉ်တိုင်းမှာ အကြောင်းကြောင့် အကျိုးဖြစ်ခဲ့ရပုံများနှင့် ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကြီးအားကြည်ညိုခွင့်ရခဲ့ပါသည်။ ဆရာတော်ဘုရားများ၏ ကျေးဇူးကြီးမားလှပေစွ။ မွန်မြတ်သောအရိယာတို့လမ်းလျှောက်လှမ်းနေသည့် အရိယာနှလုံးသားနှင့် လူဖြစ်ခွင့်ရလာခဲ့ပါသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမ သာသနာ့အရိပ်မှာ ခိုလှုံပြီး အရိယာနှလုံးသားပိုင်ရှင်တို့လျှောက်လှမ်းရမည့် ခြေလှမ်းများဖြင့် လျှောက်လှမ်းသွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ခိုင်ကြည်သော ဆုံးဖြတ်ချက်များကြောင့်ဖြစ်မည်ထင်ပါသည်။ ကျွန်မ၏နှလုံးအိမ်သည် ကြည်လင်သန့်ရှင်းနေပါသည်။ ပစ္စုပ္ပန်တွင်တင်ကျန်ရစ်ခဲ့သော အကုသိုလ်အကြွေးများကို ယခုဘဝ၊ ယခုခန္ဓာမစွန့်လွှတ်မီ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပေးဆပ်ခွင့်ရမှာမို့ ဝမ်းသာလွန်း၍ မျက်ရည်ကျသည်အထိပါပဲ။ သည်တစ်ခါကျသောမျက်ရည်များသည် သမုဒယသစ္စာ နှောင်ဖွဲ့ခြင်းကြောင့်မဟုတ်မူဘဲ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်မှုနှင့်ယှဉ်သောပီတိသောမနဿများသာ ဖြစ်ချေလိမ့်မည်ဟု ခိုင်မြဲမှန်ကန်သောနှလုံးသွင်းမှုဖြင့် လျှောက်လှမ်းရသောခြေလှမ်းများသည် ပေါ့ပါးသွက်လက်နေပါတော့သည်။

(ယောဂီခေါင်းဆောင်အစ်ကိုကြီးကိုမြတ်စံပြောပြသော အမျိုးသမီးယောဂီတစ်ဦး၏ ကိုယ်တိုင်ခံစားရသောဖြစ်ရပ်မှန်ကို ဇာတ်လမ်းအသွင် ခံစားရေးဖွဲ့ပါသည်။)

မေတ္တာရည်လျက်

မောင်လွှမ်းမိုး (ချောင်းဆုံ)



www.burmeseclassic.com

www.burmeseclassic.com

## သေမည့်အရေးကိုကြိုတင်သိနှင့်နေသူများ

ဖျာပုံ-ရည်လွင်အောင်



တစ်နေ့ -

စာရေးသူအိမ်မှာရှိနေတဲ့အခိုက် စာရေးသူရဲ့မိတ်ဆွေကြီး ကိုဝင်းမောင်ဟာ စာအုပ်တစ်အုပ်ကိုင်ရင်း စာရေးသူထံကို ရောက်ရှိလာပါတယ်။

"လာ - ကိုဝင်းမောင်၊ ထိုင်ထိုင်"

ဤသို့ စာရေးသူက ကိုဝင်းမောင်ကို ခရီးဦးကြိုပြုရင်း နေရာထိုင်ခင်းပေးနေခိုက် ခရီးရောက်မဆိုက် ကိုဝင်းမောင်ဟာ စာရေးသူကို သူ့လက်ထဲမှာပါလာတဲ့ ဇောတိသဝေဒမဂ္ဂဇင်းဟောင်းလေးကိုကမ်းပေးရင်း -

"အဲဒီမှာဖတ်ကြည့်စမ်းပါ စာရေးဆရာ"

ဆိုလာသဖြင့် သူထောက်ပြလာတဲ့စာမျက်နှာကိုကြည့်လိုက်တော့ ဆရာဘာမထီခင်အောင်ရဲ့ 'သေမှာကိုကြိုတင်သိနေသည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံနှစ်ဦး' ဆိုတဲ့ ဆောင်းပါးကို တွေ့လိုက်ရပါတယ်။

ဆောင်းပါးမှာ ဆရာက ၁၉၅၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ည ဗြိတိန်ပြည် လန်ဒန်မြို့တွင်ရှိ အယ်လဘတ်လက်ဝှေ့အားကစားရုံမှာ ယှဉ်ပြိုင်ထိုးသတ်သွားတဲ့ ဥရောပဖယ်သာဝိတ် (၁၂၆) ပေါင်တန်း လက်ဝှေ့ချန်ပီယံ အိုင်ယာလန်သား ဘော်ဘီဘိုလင်း (၂၇) နှစ်နှင့် ကမ္ဘာ့ဖယ်သာဝိတ် (၁၂၆) ပေါင်တန်း သရဖူကိုဆောင်းထားသူ အသားမည်း နီဂရိုးလူမျိုး ဟိုဂန်းကဒ်ဘာဆေးအသက်(၂၈) နှစ်တို့ရဲ့ ယှဉ်ပြိုင်ထိုးသတ်ပွဲမှာ အိုင်ယာလန်သား ဘော်ဘီဘိုလင်းဟာ နီဂရိုးလက်ဝှေ့ကျော် ဟိုဂန်းကဒ်ဘာဆေးရဲ့ ညာဖြောင့်လက်သီးချက်နဲ့ ကြိုးဝိုင်းထဲမှာ အသက်ပျောက်ခဲ့ရတဲ့အကြောင်းနဲ့ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်ည နယူးယောက်မြို့ အမေရိကန်ပြည်ထောင်စု ကမ္ဘာ့ဟဲဗီးဝိတ်တန်းလက်ဝှေ့ဗိုလ်လုပွဲ၌ ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်းသရဖူပိုင်ရှင် ဂျွန်ဟင်နရီလူးဝပ်ကို ကမ္ဘာကျော် ဂျိုးလူဝစ်က ညာဖြတ်လက်သီးတစ်ချက်တည်းနဲ့အသက်ပျောက်အောင်ထိုးသတ်ခဲ့သောအကြောင်းများကို ထူးဆန်းအံ့ဖွယ်ရာ အိပ်မက်နိမိတ်ဖြစ်စဉ်များနဲ့ ယှဉ်တွဲလို့ စာဖတ်သူစိတ်ဝင်စားအောင် ရေးသားထားသောဆောင်းပါး ဖြစ်ပါတယ်။

ဤဆောင်းပါးတွင်ပါအချက်တို့ကို အနည်းငယ်ကောက်နုတ်တင်ပြရသော် ပွဲမသတ်မီ (၂) ရက်အလို ၁၄-၃-၅၆ ရက်ညမှာ ဘော်ဘီဘိုလင်းက သူ့ အမေဒေါ်ကက်သလင်းဘိုလင်းအား ညဉ့်နက်သန်းခေါင်လောက်မှာနှိုးပြီးတော့ -

"အမေ၊ ကျွန်တော် အိပ်မက်မကောင်းဘူး။ ခု ကျွန်တော်ထိုးသတ်ရမယ့်ပွဲမှာ ကျွန်တော်သေလိမ့်မယ်"

ဟူ၍ ပြောရာ မိခင်က -

"ဟဲ့ - မဟုတ်မဟတ် လွဲပါစေ ဖယ်ပါစေ။ သားလေးကလည်း မဟုတ်မတရားစကားတွေကို မပြောစမ်းပါနဲ့။ အိပ်မက်ထဲ[...] သေရတိုင်း အပြင်မှာ သေရရော[...] ကွယ်။ အဲဒါအစွဲအလမ်းတွေပါ၊ [...] ထုတ်လိုက်စမ်း"

ဆိုပြီး ဘော်ဘီဘိုလင်းမိခင်[...] ပြောသလို ဖခင်ကလည်း -

"ဟေ့- ဘော်ဘီ၊ မင်းသန်ဘက်[...] ညမှာကမ္ဘာ့ချန်ပီယံဖြစ်ကိုဖြစ်ရမယ်[...] တို့အိုင်းရစ်အနွယ်တွေရဲ့ ဇာတိ[...] ဇာတိမာန်ပြရမယ့်နေ့ပဲလို့ ငါ့သားစွဲ[...] စမ်းပါ။ ဒါပေမယ့် ကိုယ့်ကိုယ်ကို[...] သေရတယ်လို့ အိပ်မက်မြင်မက်[...] တော့ အဆန်းသားကွ။ အဲဒီလိုမက်[...] အိပ်မက်မျိုးက စိတ်ဝေဒနာရှင်တွေ[...] မြင်မက်တာပါ။ သားကလည်း[...] တကယ့်လက်ဝှေ့ချန်ပီယံဖြစ်နေပြီး[...] ဒီအစွဲတွေကိုစိတ်ထဲကဖျောက်ပစ်လိုက်[...] စမ်းပါ"

ဆိုပြီး ပြောခဲ့ပါတယ်။

၁၆-၃-၅၆ ရက် ည (၁၀) [...] တွင် ကမ္ဘာ့ဖယ်သာဝိတ်တန်းသရဖူ[...] စတင်ကျင်းပရာ ပဉ္စမအချီမှာ ဘော်[...] ဘိုလင်းက အိုင်းရစ်သွေးကို ရဲရဲတော[...]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြလို့ တိုက်စစ်ဆင်ရင်ဆိုင်ယှဉ်ပြိုင်ကာ ထိုးသတ်နေစဉ်မှာပဲ ပဥ္စမအချီစပြီး (၂၀၅) မိနစ်အရှိမှာ ဟိုဂန်းကဒ်ဘာဆေး၏ ကမ္ဘာကျော် ညာဖြတ်လက်သီး ချက်တစ်ချက်ဟာ ဘောဘီဘိုလင်းရဲ့ မေးဖျားကို ထောင့်မှန်ကျကျထိလိုက်တဲ့ အတွက် ဘောဘီဘိုလင်းတစ်ယောက် ကြမ်းခင်းပြင်မှာ မှောက်လျက်ကျသွားခဲ့ပါတယ်။

လက်ဝှေ့ပွဲကို ကြီးကြပ်ရသည့် ဆရာဝန်က သွေးစမ်းကြည့်ရာမှာ သွေးခုန်နှုန်းဟာ မမှန်တော့လို့ ချက်ချင်းပဲ ဆေးရုံကိုပို့ခဲ့ပေမယ့် ဆေးရုံရောက်တော့ အသက်ပျောက်နေပြီ ဖြစ်ပါတယ်။

ဒီလိုဖြစ်ခဲ့ရတဲ့အတွက် ဘောဘီဘိုလင်းရဲ့အဖေက -

"ကျွန်တော့် သားလေးက သေရမှာကို ကြိုပြီးသိနေတယ်ဗျာ။ ဘုရားသခင်က (၂) ရက်ကြိုပြီး သတိတော့အပေးသား။ ကျုပ်က အိပ်မက်ဆိုတာ အစွဲအလမ်းမို့မယုံခဲ့ဘူး။ သားကို စိတ်ဝေဒနာရှင်မျိုးမှ ကိုယ့်ကိုယ်ကိုယ် ဒီလို အိပ်မက်မျိုးမက်တာလို့ ပြောမိသေးရဲ့"

လို့ သတင်းထောက်တွေကို ပြောပြခဲ့သေးတယ်လို့ ဆိုပါတယ်။

ထို့အတူပဲ ကမ္ဘာ့ဟဲဗီးဝိတ်တန်း သရဖူပိုင်ရှင်ဖြစ်တဲ့ ဂျွန်ဟင်နရီလူးဝစ်ကလည်း ပွဲမသတ်မီ တစ်ရက်အလို ၂၄-၁-၃၉ ရက်နေ့ နံနက်ခင်းမှာ မိဘနှစ်ပါးအား မျက်နှာငယ်လေးနဲ့ -

"အဖေရေ ညတုန်းက အိပ်မက်မကောင်းတာမက်ရတယ်။ အိပ်မက်ထဲမှာ သားလက်ဝှေ့ထိုးရင်းသေသတဲ့"

လို့ ဆိုလိုက်တဲ့အခါမှာ ဖခင်က-

"ဟာ - ငါ့သားတော့ရူးပြီ။ ကိုယ့်ကိုယ်ကိုယ်သေတယ်ဆိုတဲ့အိပ်မက်မျိုး မြင်မက်တယ်လို့ပြောတာ အဖေ့တစ်သက်မှာ ငါ့သားဟာ ပထမပဲ။ ဘယ်မဟုတ်တာကွာ၊ အဲဒါ အရူးစကားပါ။ မနက်ဖြန်ညမှာ ကမ္ဘာကျော် ဂျိုးလူဝစ်ကြီးကို ငါ့သားက အလဲလှဲချတာကိုပဲ အဖေမြင်ချင်တယ်"

ဆိုပြီး ပြောခဲ့တဲ့အတွက် သားဖြစ်သူဟာ ပြိုင်ပွဲကို ယှဉ်ပြိုင်ထိုးသတ်ရာ ၂၅-၁-၃၉ ရက်နေ့ ည (၉) နာရီ (၁)မိနစ်နှင့် (၃၀) စက္ကန့်အကြာမှာ အသက် (၂၇) နှစ်ခန့်ရှိ ဂျွန်ဟင်နရီလူးဝစ် (နီဂရိုးလေး) ဟာ ကမ္ဘာကျော် ဂျိုးလူဝစ်ရဲ့ လွန်စွာပြင်းထန်သော ညာဖြတ်လက်သီးတစ်ချက်တည်းနှင့်ပင် အသက်ပျောက်ခဲ့ရပါတယ်။

"သားလေးကတော့အပြောသား။ သူ့မသာသူကိုယ်တိုင်ပြန်မြင်ရတဲ့အိပ်မက် မြင်မက်တယ်လို့တော့။ ခုတော့ ကျုပ်က ယုံကြည်မှုမရှိလို့ပယ်ချခဲ့တယ်။ဒီအိပ်မက်ဟာ သူ့အတွက် ဘုရားသခင်ကပေးတဲ့ အိပ်မက်ဖြစ်နေပါပေါ့လား"

ဆိုပြီး မစ္စတာဂျွန်အဲဗားရက်က ပြောပြခဲ့တဲ့အကြောင်းတွေကို ဂမ္ဘီရဆန်စွာရေးပြခဲ့တဲ့ ဆောင်းပါးပါ။

ဒီဆောင်းပါးကိုဖတ်ပြီးတဲ့အဆုံးမှာ စာရေးသူက ကိုဝင်းမောင်ကို -

"အင်း - ဒါဟာ တကယ်တော့ အတွေးရခက်စေတဲ့ အကြောင်းတိုက်ဆိုင်မှုလို့ဆိုမရတဲ့ အိပ်မက်ရဲ့ဆန်းကြယ်မှုနိမိတ်ဆန်းတွေလို့ပဲဆိုရမှာပါပဲ။ ဒါနဲ့ ပတ်သက်လို့ ကိုဝင်း ကျွန်တော့်ကိုပြတယ်ဆိုတာဟာ"

"အင်း-ကျွန်တော်သိချင်တာလေး တစ်ခုရှိလို့ပါ။ ဒါဟာ ဘာလဲဆိုတော့ လူတွေဟာ ကိုယ်သေရမယ့်ရက်ကို ကြိုပြီးမသိနိုင်ဘူး။ ဒီလိုသိနိုင်တဲ့လူတွေဟာ ဘုရား၊ ရဟန္တာနဲ့ ပစ္စေကဗုဒ္ဓါတွေ လောက်ပဲရှိတယ်လို့ ကျွန်တော်သိထားပါတယ်။ ဒါကြောင့် အခုလို သာမန်လူတွေဟာ ကြိုတင်ပြီး နိမိတ်ကြောင့်သိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဆိုပြီး မေးလာတဲ့ ကိုဝင်းမောင်ကို စာရေးသူက -

"အင်း - ဒါကဘယ်လိုပြောရမလဲ ဆိုရင် နိမိတ်တဘောင်ဆိုတဲ့ အရာတွေဟာ အမှန်တကယ်ကြည့်တတ်ဖတ်တတ်တဲ့သူတွေအတွက် တကယ်မှန်တယ်။ ဒီအတိတ်နိမိတ်တဘောင်တွေကနေပြီး ရှေ့ဖြစ်မယ့်အရာတွေကို ကြိုတင်သိမြင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလိုသိကြတယ်ဆိုပေမယ့် သူတို့အတွက်ကတော့ နိမိတ်တို့၊ တဘောင်တို့ကိုတော့ နားလည်လို့မဟုတ်ဘူး။ အိပ်မက်ရဲ့ ဆန်းကြယ်စွာတိုက်ဆိုင်မှုကို အံ့သြကြခြင်းပဲဖြစ်တယ်"

"ဒီနေရာမှာ သိခြင်းနဲ့ပတ်သက်လို့တော့ ပြောစရာရှိတယ်။ အတိတ်နိမိတ်တဘောင်တို့နဲ့သိခြင်းနဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာတို့ရဲ့သိခြင်းဟာ မတူဘူး။ လူသားတို့သိတယ်ဆိုတဲ့အသိဟာ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့လို အဘိညာဉ်အသိဉာဏ်မျိုးနဲ့ သိခြင်းမဟုတ်ဘဲ ပုဗ္ဗနိမိတ်လို့ဆိုတဲ့ နိမိတ်ပြခြင်းမျိုးကြောင့်သာလျှင်သိခြင်းဖြစ်တဲ့အတွက် သိခြင်းဟာ မတူပါဘူး။ အဲဒီလို သိတာမတူခြင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ဖျာပုံမြို့က အံ့သြဖွယ်ကောင်းတဲ့ အဘဦးသဲဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်သိပြီး သူ့သေဆုံးမှုအတွက် ကြိုတင်ပြင်ဆင်ပုံလေးကို ပြောပြချင်ပါတယ်"

"ဘယ်လို၊ ကျွန်တော်တို့ဖျာပုံမြို့မှာလည်း ကိုယ့်ကိုယ်ကိုယ် အမှန်တကယ်သေမှာကိုသိလို့ ကြိုတင်ပြင်ဆင်ခဲ့တဲ့လူတစ်ဦးရှိခဲ့ဖူးတယ် ဟုတ်လား ဆရာ"

ဆိုတဲ့ ကိုဝင်းမောင်ရဲ့ တအံ့တသြနဲ့ မေးလာတဲ့မေးခွန်းကို ကျွန်တော်က တည်ငြိမ်စွာ တစ်ချက်ကြည့်ရင်း -

"ဟုတ်တယ် ကိုဝင်းမောင်။ ပြောမှယုံ ကြုံမှသိလို့ဆိုရလောက်အောင် အံ့သြဖွယ်မှတ်တမ်းတင်ခြင်းခံရတဲ့ဖြစ်ရပ်လေး။ ကျွန်တော်တို့ဖျာပုံမှာရှိခဲ့ဖူးပါတယ်"

"ဩော် - ဟုတ်လားဆရာ။ ဒါဆို ပြောပြပါဗျာ၊ ကျွန်တော်နားထောင်ချင်လို့"

ဆိုတဲ့ စကားနဲ့ တောင်းဆိုလာတဲ့ ကိုဝင်းမောင်ကို ကျွန်တော် အနှစ်နှစ် အလလက ကြိုးစားပမ်းစားရှာဖွေပြီး စုဆောင်းသိမ်းဆည်းထားခဲ့တဲ့မွန်ပညာရှိ ကြီး ဆရာဦးဘိုးအိမ်ရဲ့ ဖျာပုံသမိုင်း ကျမ်းလက်ရေးမူထဲမှာပါတဲ့ လူထူးလူ ဆန်းကြီး၊ ကိုယ်သေမှာကို ကြိုတင်သိပြီး ပြင်ဆင်မှုတွေလုပ်ခဲ့တဲ့အဘဦးသဲရဲ့ဖြစ်ရပ် လေးကို အောက်ပါအတိုင်း ကျွန်တော် ပြောပြလိုက်ပါတယ်။

"ဒီလိုပါ ကိုဝင်းမောင်။ ကျွန်တော် အခုပြောမယ့် ကိုယ်သေမှာကိုကြိုတင် သိနေလို့ စီစဉ်စရာရှိတဲ့ကိစ္စတွေကို စီစဉ်ရင်း ပြောစမှတ်တွင်လောက်အောင် ဖြစ်ခဲ့ရတဲ့ ဦးသဲဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ဖြစ်စဉ်ဟာ ကျွန်တော်ကိုယ်တိုင် မျက်မြင် ဒိဋ္ဌမမ္မ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက် တစ်ခုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဖျာပုံမြို့ရဲ့သမိုင်းစဉ်ကြီးကို အပင်ပန်း တကုတ်ကြီးစားရှာဖွေဖော်ထုတ်သွားတဲ့ မွန်ပညာရှိကြီးဖြစ်တဲ့ အဘဆရာကြီး ဦးဘိုးအိမ်ရဲ့ ဖျာပုံသမိုင်းရဲ့ လက်ရေး စာအုပ်ကြီးထဲက တကယ့်ကိုအမှတ်တရ ဖြစ်စေတဲ့ဖြစ်ရပ်မို့ မှတ်တမ်းတင်ခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဖျာပုံမြို့ရဲ့မြောက်ပိုင်း ထန်းပင်လမ်း (ယခု သီတာလမ်း) မှာ နေစဉ်အခါတုန်း က ရှေးမီနောက်မီလူကြီးတွေဖြစ်တဲ့ အဘဦးလှသိန်း၊ အဘပန်းရန်ဆိုတဲ့ ဦးသောင်းတို့လို သက်ကြီးရွယ်အိုပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

…ကြီးတွေကို မေးမြန်းကြည့်ရမှာလည်း …အမွန်ပညာရှိကြီးဦးဘိုးအိမ်ရေးသား …ထဲက ဦးသဲရဲ့ဖြစ်စဉ်ဟာ အမှန် …တယ်ရှိခဲ့တယ်လို့ ဆိုပါတယ်"

"ဪဪ - ဒါဆို ဒီကိစ္စဟာ …မှန်ပဲဆိုတာကို လက်ခံရမှာပေါ့"

"ဟုတ်ကဲ့ - ကျွန်တော်တို့လက်ခံ …ပါ။ ဘာလို့လဲဆိုတော့ သမိုင်းကျမ်း …ရာကြီး အဘဦးဘိုးအိမ်ဟာ အပိုင်း …ဖြင့် မြောက်ပိုင်းသားစစ်စစ်ဖြစ် …လို့ ကျွန်တော်တို့ အခုပြောမယ့် ဦးသဲ …လည်း မြောက်ပိုင်းသားပါပဲ။ သူ …သက်ရှင်လျက်ရှိစဉ်က နေထိုင်ခဲ့တဲ့ …တားလမ်းဆိုတာ အခုအခေါ် …တ်ကူဘုရားကြီးလမ်း) ပဲဖြစ်တယ် …ဆိုတယ်"

"ဟုတ်ကဲ့"

"အဲဒီ အဘဦးသဲနဲ့ ပတ်သက်လို့ …တော်ဖတ်ဖူးသလောက်ပြောရမယ် …ရင် ဦးသဲဟာ ဖျာပုံမြို့နဲ့တကွ အဝေး …သိရှိကျော်စောတဲ့ဗဟုသုတအရာ …သက်ဖျားခါလောက်အောင် ထူးချွန် …ပြောင်မြောက်သူတစ်ဦးဖြစ်တယ်လို့ဆို …တယ်။ ပရိသတ်စုံတဲ့ အလှူမင်္ဂလာပွဲ၊ …ယ်ဇရပ်၊ အသုဘအိမ်တွေမှာ ဦးသဲ …ာ အမြဲလိုလိုရှိနေတတ်သလို ဦးသဲ …မှာ တရားဝိုင်း၊ စကားဝိုင်းဟာလည်း …လွန်စည်ကားလှတယ်လို့ ဆိုပါတယ်။

ပုံပြင်၊ ဝတ္ထု၊ ရာဇဝင်၊ ဒဏ္ဍာရီ …မိုင်း စသော အစီအစဉ်များကို ပြော …ခြင်း၊ တရားဓမ္မနှင့်သက်ဆိုင်သော …တ်တော်များနဲ့ ဆိုဆုံးမခြင်းအရာမှာ …ည်း အလွန်ထိရောက်လှတဲ့အတွက် …ကြီးလူငယ် စတဲ့လူအများရဲ့လေးစား …ည်ညိုခြင်းကိုခံရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး …တယ်လို့လည်းဆိုပါတယ်။

ဒီလိုထူးခြားစွာထူးချွန်လှတဲ့ပုဂ္ဂိုလ် …ဟာ သီပေါမင်းအံရေးတော်မဖြစ်မီ …၂၄၆-၄၇) ခုနှစ်လောက်မှာကွယ်လွန် …နိစ္စရောက်ခဲ့ရပါတယ်။ ကွယ်လွန်ချိန် …တော့ အသက်ဟာ (၈၅) နှစ်ရှိပြီလို့ …ပါတယ်"

"ဟုတ်ကဲ့ - ဆက်ပါ ဆရာ"

စိတ်ဝင်စားမှုဆန္ဒပြင်းစွာနဲ့ တိုက် …နီးရှာတဲ့ကိုဝင်းမောင်ကို အားနာစွာ …စ်ချက်ကြည့်ရင်း ရေနွေးလေးအာစို …အောင်သောက်မယ့်အစီအစဉ်ကိုတောင် …တ်လိုက်ကာ စကားကိုဆက်ရပါတော့ …ယ်။

"အဲဒီ အသက် (၈၅) နှစ်မှာကွယ် …နိခဲ့တဲ့ ဦးသဲဟာ မကွယ်လွန်ခင်မှာ သူစီစဉ်မှာကြားခဲ့ပုံလေးက တကယ် စိတ်ဝင်စားစရာပဲ။ သူဘာယ်လိုစီစဉ်မှာ ကြားခဲ့သလဲဆိုရင်တော့ တစ်နေ့မှာ သူ့ရဲ့မိတ်ဆွေတွေကိုဖိတ်ကြားပြီး ကွမ်းသီးခြင်း၊ ငရုတ်ခြင်း၊ ကြက်သွန်ခြင်းနဲ့ ပရိက္ခရာဆွဲရန်ဆိုင်းငယ်လေးများကို ပြုလုပ်စေပါတယ်။ လုပ်ကိုင်ပေးသူမိတ်ဆွေတွေကလည်း သူ့အလှူလုပ်ဖို့ ကြိုတင်ပြင်ဆင်တယ်ထင်ပြီး ကူညီလုပ်ကိုင်ပေးကြပါတယ်။ ဒီလိုလုပ်ကိုင်ပြင်ဆင်ပြီးတဲ့အခါမှာ ဦးသဲဟာ လှူဖွယ်ပစ္စည်းတွေကို မိမိကိုယ်တိုင်ပင့်သံဃာနဲ့တွက်လို့ ဝယ်ခြမ်းတယ်။ ၎င်းနောက် စက်ဆရာ ဆရာပုထံသွားပြီးတော့ ထမ်းပြာသာဒ်တစ်ခုနဲ့လက်သမားများထံသွားပြီးတော့ ခေါင်းတစ်ခုကိုလည်းမှာလိုက်ပါတယ်။ ပြာသာဒ်ပြီးမယ့်နေ့၊ ခေါင်းပြီးမယ့်နေ့ကို ချိန်းပြီး ဆိုင်းဆရာဦးကြာသန်းကိုလည်း ငှားခဲ့တယ်။ အဲဒီလိုပြီးစီးတဲ့အခါမှာတော့ ဦးသဲဟာ ညဘက်ရောက်တယ်ဆိုလျှင်ပဲ သားသမီးတွေကို -

"သားတို့ သမီးတို့ ငါသေရင် (၅) ရက်ထက်ပိုမထားနဲ့။ (၅) ရက်ထားပြီးသဂြိုဟ်ကြ"

လို့ သာမညအားဖြင့် စကားစပ်လို့ မှာကြားခဲ့တယ်။ ဒီလိုနဲ့ နောက်တစ်နေ့မှာတော့ ဦးသဲဟာ မိုးလင်းတယ်ဆိုလျှင်ပဲ ရေမိုးချိုးပြီး မြေးကလေးသွေးပေးတဲ့ အမွှေးအကြိုင်တွေကိုလိမ်းကျံပြီးတဲ့ နောက်ထမင်းဒူးခိုင်းပြီး ထမင်းစားတယ်။ စားပြီးတော့ သူ နေ့စဉ် နေ့လယ်နေ့ခင်းအိပ်နေကျနေရာလေးမှာလှဲအိပ်ရင်း သမီးဖြစ်သူကို -

"ဟဲ့ - သမီး၊ ငါ့ဒက္ခိဏာသာခါဘုရားပင့်ချခဲ့စမ်း"

ဟု ခိုင်းကာ သမီးဖြစ်သူ အိမ်ပေါ်ကပင့်ချလာတဲ့ဘုရားကို လက်အုပ်ချီလှမ်းယူလို့ ရင်ဘတ်ပေါ်တင်ထားပြီး နေရာမှာပဲ မေးစက်လဲလျောင်းနေတဲ့အတွက် သမီးဖြစ်သူဟာ ဖခင်ကို စိတ်ချစွာထားခဲ့ပြီးထွက်ခဲ့တယ်။ ဒီလိုနဲ့ အတန်ကြာလို့ ခါတိုင်းနေ့ နိုးနေကျအချိန်အခါမှာ မနိုးဘဲမထဘဲရှိနေတာနဲ့ သမီးက သွားကြည့်ရာ ဦးသဲအသက်မရှိတော့တာကို တွေ့လိုက်ရတယ်။ ဒီလို ထူးဆန်းအံ့ဩစရာကောင်းတဲ့ ဦးသဲရဲ့ ရုပ်အလောင်းကို ဦးသဲမှာတဲ့အတိုင်းပဲ သဂြိုဟ်လိုက်ကြပါတယ်"

"ဪ-တော်တော်ထူးဆန်းတာပဲနော်"

"ဟုတ်ပါတယ် - ကိုဝင်းမောင်။ ဒီလို ထူးဆန်းအံ့ဩဖွယ်တွေနဲ့ရှိခဲ့ရတဲ့ ဦးသဲဟာ တကယ်လည်း အမြင်ကျယ်သလို ဉာဏ်ပညာလည်း အတော်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ သူ့ရဲ့အဖြစ်အပျက်ထဲက အကြောင်းလေးတစ်ခုကို ပြန်ပြောပြရမယ်ဆိုရင် ၁၃၀၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် အသက် (၈၅) နှစ်မှာ ကွယ်လွန်အနိစ္စရောက်ရှာတဲ့ ကျွန်တော်တို့ဖျာပုံမြို့ရဲ့ အထင်ကရကျောင်းတော်ကြီးတစ်ခုဖြစ်တဲ့ ပဲ့နင်းကြီးဦးရွှေဘော် ဆောက်လုပ် လှူဒါန်းခဲ့တဲ့ မင်းကျောင်းတော်ကြီးရဲ့သာသနာအမွေခံကျောင်းဒါယိကာမကြီးဒေါ်အေးနဲ့ ဦးသဲရဲ့မြေးသဲညွန့်တို့ရဲ့အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်ဟောကိန်းထုတ်ရင်း စီစဉ်ညွှန်ကြားလို့ မေတ္တာရပ်ခံခဲ့တဲ့ စကားရပ်တွေဟာလည်း အံ့ဖွယ်ကောင်းပါတယ်"

"ဟုတ်ကဲ့ - ပြောပါဦး ဆရာ၊ တစ်လက်စတည်းပေါ့"

"ဟုတ်ကဲ့ - ဒီလိုပါ ကိုဝင်းမောင်။

ဦးသဲဟာ မင်းကျောင်းသစ်ဒါယိကာမကြီးဖြစ်မယ့် ဒေါ်အေးကို စေ့စေ့ကြည့်ရင်းက မအေးရယ် ငါ့မြေးသဲညွန့်ဟာ မင့်ထက်ရုပ်ရည်လှတယ်။ မင်းထက်ရှေ့ကံကသာတယ်။ နို့ပေမယ့် အခုမျက်မြင်မှာဆိုရင် သင်းကလေးကောင်းစားဖို့ ငါမမြင်ဘူး။ မင်း (ဒေါ်အေး) ကတော့ ကျေးဇူးသိတတ်တယ်။ လူကြီးမိဘကို ရိုသေတယ်။ သွားပုံလာပုံ နေပုံထိုင်ပုံဟာ မိန်းမတို့ကျက်သရေနဲ့ ပြည့်စုံတယ်။ မယ်အေးတော့ လူလားမြောက်လို့ အိမ်ထောင်ကိစ္စဆောင်ရွက်ရရင် တစ်စတစ်စကြီးပွားပြီး ကျောင်းအမ၊ ဘုရားအမအဖြစ် သာသနာတော်ဘွဲ့ရလိမ့်မယ်။ ငါ့မြေး သဲညွန့်ဟာ မင်းတို့သူငယ်ချင်းပဲ။ ဆင်းရဲမှာအမှန်။ နောင်ကြီးပြင်းလာကြလို့ မင်းဆီမှာ (၁၀) ကျပ်မျှ၊ (၅) ကျပ်မျှလာချေးရင် မ,စပါကွယ်။ အတိုးရယ်၊ အမြတ်ရယ်သဘောမထားပါနဲ့။ စောင်မပါကြားလား အဘိုးမှာခဲ့ပါ့မယ်။ သဲညွန့်ဟာ မင်းတို့လိုမဟုတ်ဘူး။ ရှေးကံပါလာတဲ့ ရုပ်ကလေးချောတာပဲ။ အခုဆိုရင် လူကြီးမိဘရိုသေရမယ်၊ ကြောက်ရွံ့ရမယ်မရှိဘူး။ တခြားလူကြီးဆိုတာဝေးရော။ တို့အဘိုး၊ အဘွား၊ မိဘများ ဆုံးမတာတောင် မနာခံဘူး။ မိန်းကလေးဆိုတာ နူးညံ့ရတယ်၊ ယဉ်ကျေးရတယ်၊ ရှက်တတ်ကြောက်တတ်ရမယ်။ ဒါမှ မိန်းမကျက်သရေတည်တယ်။ မိန်းမကျက်သရေတည်မှ လင်ကောင်းသားကောင်းရပြီး ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ အခုတော့ စိတ်ကကြမ်းတယ်။ စိတ်ကြမ်းတော့ နှုတ်ထွက်လည်းကြမ်း၊ အသွားအလာလည်းကြမ်း မိန်းမမပီသဘူး။ အရှက်အကြောက်ဆိုတဲ့မိန်းမတို့ ကျက်သရေက္ကန္ဒြေလည်းမရှိတော့ဘူး။ သည်တော့ ဒင်းကလေးဟာ ဆင်းရဲမှာ အမှန်ပဲ။ မင်းတို့သူငယ်ချင်းဖြစ်တဲ့ အတိုင်းကြည့်ပါကွယ်ဆိုပြီး ကြိုတင် နိမိတ်ဖတ် မေတ္တာရှေ့ထား အကူအညီ တောင်းခဲ့တယ်။

တကယ်တမ်းမှာလည်း သူပြောခဲ့သလို ဒေါ်အေးဟာ ကြွယ်ဝချမ်းသာသွားသလောက် ဒေါ်သဲညွန့်မှာတော့ ဈေးတောင်းခေါင်းတင်လို့ အရပ်ထဲမှာ မုန့်ပဲသရေစာရောင်းရင်းပဲ အနိစ္စရောက်ခဲ့ရတယ်။ ဒီလိုအမြော်အမြင်ကြီးတဲ့ဉာဏ်နဲ့ ထိုးထွင်းသိမြင်နိုင်တဲ့ စွမ်းအားကတော့ တကယ့်ကိုအံ့သြစရာပါ။

ဒါကြောင့် လူ့လောကမှာ ပြောစမှတ်ဖြစ်တဲ့ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါကလွဲလို့ မိမိသေဆုံးရမယ့် နောက်ဆုံးအချိန်အခါကိုသိတဲ့လူမရှိဟူတဲ့ စကားကို ဒီလိုအဖြစ်အပျက်တွေက တစ်ခါတစ်ခါ တိုးဖောက်လာတဲ့အခါမှာ တော့ ကျွန်တော်တို့စဉ်းစားဉာဏ်တွေ လက်လှမ်းမမီနိုင်လောက်အောင်ဖြစ်ရတယ်။

ဒီလိုသိတယ်ဆိုတဲ့နေရာမှာလည်း အထက်က ကျွန်တော်ပြောခဲ့သလို သိခြင်းမတူတဲ့အချက်ကိုတော့ ခွဲခြားနားလည်ရမယ်။ ဒါပေမယ့် ဘယ်လိုအကြောင်းကြောင့် လက်ဖွဲ့ချန်ပီယံနှစ်ဦးလိုကြိုသိရတာလဲဆိုတာကိုတော့ အိပ်မက်ကျမ်းတွေ၊ နိမိတ်တဘောင်ကျမ်းတွေကြည့်ခြင်း၊ လေ့လာခြင်းအားဖြင့် သိနိုင်ပေမယ့် ဦးသဲလို သိနိုင်ခြင်းမျိုးကတော့ ဘာကြောင့်လဲဆိုတာ ကျွန်တော် အတပ်မပြောနိုင်ပါဘူး။ ဒါပေမယ့် ဘယ်လိုအကြောင်းကြောင့်ပဲသိသိ ပညာရှိမဟုတ်တဲ့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စအပေါ် မဝေဖန်တာအကောင်းဆုံးမို့ ဒီဖြစ်ရပ်တွေကို အံ့သြဖွယ်ရာဖြစ်ရပ်များအနေဖြင့်သာထားလိုက်ကြပါစို့"

ဆိုတဲ့စကားကို ကိုဝင်းမောင်ကပါ ခေါင်းညိတ်ထောက်ခံလျက် ကျွန်တော်တို့စကားဝိုင်းလေးကို အဆုံးသတ်လိုက်ကြပါတော့တယ်။

ဖျာပုံ-ညော်လွင်အောင်

# ထီ

## ဆရာဦးမောင်မောင်သန်း

(ရှင်ကိုအေးမြဲစေဆရာ)

(၃၄၀) ကြိမ်မြောက် - ထီဖွင့်ပွဲကြီးနီးပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဧပြီလ ၁၈၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉ ရက်များမှာ ထီထိုးပါ။

တစ်ယောက်ယောက်က ငွေအစုလိုက်အပုံလိုက်ဝင်လာသော " နိမိတ်ကောင်းစကားကို မြင်သည်ဖြစ်စေ၊ ကြားသည်ဖြစ်စေ၊ မြင်လိုက်ကြားလိုက်သည်နှင့် ဘုရားရှင်အား ကုံကော်ညွန့်များစွာဝေနေအောင် ပူဇော်လှူဒါန်းလိုက်ပါ။ ပြီးမှ ထီသွားထိုးပါ။

မေလတွင် ၁၊ ၃၊ ၄၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဧပြီလ ၁၊ ၅၊ ၉၊ ၁၁၊ ၁၈၊ ၁၉၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်ပါ။ အခက်အခဲရှိပြီး အကြောင်းမညီညွတ်လျှင် တစ်နေ့ထဲ ဘုရား (၇) ဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်းရှိ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။ (အားသောရက်တစ်ရက်ကို ရွေးပြီးမှသွားပါ။ ဒရောသောပါးမပြုလုပ်ရပါ) ပူဇော်ပြီးအပြန်မှာ ထီထိုးပါ။

မေလတွင် ၁၊ ၂၊ ၉၊ ၆ ဂဏန်းများ ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဧပြီလ ၂၊ ၅၊ ၉၊ ၁၀၊ ၁၈၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

ချမ်းသာကြွယ်ဝခြင်းနိမိတ်ဆောင်သော သီချင်းတစ်ပုဒ်ပုဒ်ကို ကြားလိုက်သည်နှင့် ထီသွားထိုးလိုက်ပါ။

မေလတွင် ၃၊ ၁၊ ၄၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဧပြီလ ၃၊ ၆၊ ၇၊ ၁၁၊ ၁၈၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်ရက်ကိုရွေးပါ။ မွန်း[illegible] (၁၂) နာရီမထိုးခင် မနက်ပိုင်းမှာ [illegible] (၃) ဆူပြည့်အောင်သွားပါ။ ဘုရား[illegible] မှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့[illegible] ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူ[illegible] ပါ။ အပြန်မှာထီထိုးပါ။

မေလတွင် ၂၊ ၉၊ ၁၊ ၃ ဂဏန်း[illegible] ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဧပြီလ ၁၊ ၈၊ ၉၊ ၁၀၊ ၁၈၊ [illegible] ၂၂ ရက်များမှာ ထီထိုးပါ။

ငှက်အရှင်လေးများ၊ ငါး[illegible] လေးများကို ဘေးမဲ့လွှတ်ပေးပါ။ နှစ်[illegible] လွှတ်ပြီးမှထီထိုးပါ။

မေလတွင် ၃၊ ၂၊ ၉၊ ၁၊ ၆ ဂဏန်း[illegible] များနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဧပြီလ ၁၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၈၊ [illegible] ရက်များမှာ ထီထိုးပါ။

အင်္ဂါနံဘွဲ့အမည်ရှိသော [illegible] တစ်ဆူဆူသို့သွားပါ။ ရုပ်ပွား[illegible] တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင်[illegible] (၃) တိုင်ထွန်းညှိပြီး သရဏဂုံကို [illegible] (၃) ပတ်စီပ်ပါ။ အပြန်မှာ ထီထိုး[illegible]

မေလတွင် ၁၊ ၃၊ ၅၊ ၄၊ ၈ ဂဏန်း[illegible] များ ကံစပ်ပါသည်။

**စနေသားသမီးများ**

ဧပြီလ ၁၊ ၃၊ ၇၊ ၁၀၊ ၁၁ [illegible] ၂၁ ရက်များမှာ ထီထိုးပါ။

တစ်နေ့လျှင် အနည်း[illegible] ပုတီး (၉) ပတ် 'အရဟံသိဒ္ဓိ' ကို [illegible] ပုတီး မစိပ်ဖြစ်လျှင် နေ့စဉ် (၁၀) [illegible] (၁၅) မိနစ်ခန့် ဘုရားဂုဏ်တော်[illegible] အာရုံပြု နှလုံးသွင်းပူဇော်နေပါ။ (၉[illegible] အားထုတ်ပြီးမှ ထီထိုးပါ။

မေလတွင် ၃၊ ၂၊ ၉၊ ၆ ဂဏန်း[illegible] ကံစပ်ပါသည်။

ဇူလိုင်လတွင် ၁၈-၄-၂၀၁၇ [illegible] နေ့မှာ (၇) ရက်သားသမီးများအား[illegible] ထီထိုးဖြစ်အောင်ထိုးပါလေ။

ဆရာဦးမောင်မောင်[illegible]

(ရှင်ကိုအေးမြဲစေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေမြသန်း (သမိုင်း)
## ရေရေရာရာသိထားဖို့လိုတဲ့ နိမိတ်များ

နိမိတ်များနှင့်စပ်လျဉ်းသည်များကို မိတို့ကောင်းကျိုး၊ ဆိုးကျိုးများအတွက် ရေရာရာသေသေချာချာသိရှိထားရန် သို့အပ်ပါသည်။ သို့ဖြစ်ပါ၍ အာတပွန သတြာပေါင်းချုပ်ကျမ်းရင်းကြီးမှ နိမိတ်နှင့် ပတ်သက်သည်များကို ရွေးချယ် ကောက်နုတ် ရေးသား တင်ပြလိုက်ပါ၏။

**□ စနည်းနာခြင်းနိမိတ်ယူပုံ**

စနည်းနာခြင်းဟူရာ၌ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ ဟူသော ရှေးသူဟောင်းတို့ အမှုကိစ္စ ဆောင်ရွက်ရာ၌ အောင်မြင်မည်၊ မအောင်မြင်မည် စသည်သိရှိရန် အတိတ်နိမိတ်ကောက်ယူရာ အစီအရင် ပုင် ဖြစ်ပေသည်။

**□ စနည်းနိမိတ်ယူရန်များ**

နတ်ဝင်သည်များ၊ စိတ်ဝေဒနာသည်များ၊ အသက် (၁၂) နှစ်အောက် ကလေးများ၊ သဘာင်သည်လူပြက်လူရွှင်များ၊ မျက်စိနားခြေလက်အင်္ဂါချို့ယွင်းသူများ၊ အသောက်အစား အမူးသမားများ၊ ဒေါသကြောင့် လည်းကောင်း၊ ထိတ်လန့်၍ လည်းကောင်း၊ ယောင်ရမ်း၍ လည်းကောင်း အမှားမှားပြောတတ်သူများ၊ အားကိုးမဲ့ အထီးကျန်သူ ယောက်ျား၊ မိန်းမများ။

ဤဆိုခဲ့သောသူများ၏နှုတ်ပါးစပ်မှ ရုတ်တရက် အမှတ်မထင် ထွက်ပေါ်လာသော စကားများသည် စနည်းနိမိတ်ကောက်ယူရန် စကားများ ဖြစ်ပေသည်။

**□ စနည်းနိမိတ်နှင့်ဖြစ်တတ်သောအခြင်းအရာများ**

စနည်းနိမိတ်နာယူစဉ်ရယ်သံကြားရမူ အန္တရာယ်အနှောင့်အယှက်မရှိ။ သို့သော် ထောင်တန်သောစကားရယ်လျှင်ပေါ့ပြက်၏ ဟူသကဲ့သို့ ကိစ္စမအောင်မမြင်ရှိတတ်၏။



www.burmeseclassic.com

ငိုသံကြားမူ နှောင့်နှေးကြန့်ကြာစွာ၊ ပင်ပန်းခဲယဉ်းစွာဖြင့် ပြီးတတ်၏။

သီချင်းသံကြားမူ ထိုသီချင်း၏ အဓိပ္ပာယ်အားလျော်စွာ ဥပမာ အလွမ်းအဆွေးဆင်းရဲဒုက္ခကိုဖော်ပြသောသီချင်းမျိုးဖြစ်မူ ပျက်စီးအံ့။ မအောင်မြင်အံ့။

သီချင်းသည် ဘုန်းဘွဲ့၊ ဂုဏ်ဘွဲ့၊ အောင်မြင်ဘွဲ့၊ စည်တော်သံ စသောသီချင်းမျိုးဖြစ်မူ အောင်မြင်အံ့။ အရာရာပြီးမြောက်အံ့။

ရန်ဖြစ်သံ၊ ဆဲဆိုသံ၊ ကြိမ်းမောင်းသံ၊ အတင်းအဖျင်းပြောသံကြားမူ မကောင်း။

စည်သံမောင်းသံ၊ ဒိန်းဒိုင်းသံမျိုးကြားမူ အောင်မြင်အံ့။

တရားသံ၊ ဆုံးမသံ၊ ညည်းညူသံကြားမူ အန္တရာယ်မဖြစ်သော်လည်း မအောင်မြင်ဖြစ်တတ်၏။ အောင်စေကာမူ နှောင့်နှေးတတ်၏။

မိန်းမရွှင်ပဲ၊ ပြည်တန်ဆာပဲစသည့်ပြောသံကြားမူ အောင်မြင်ထမြောက်ပြီးမှ ပျက်စီးတတ်၏။

သူတော်ကောင်းပါ။ ဘုန်းကြီးလိုလူပါ စသည်ပြောသံကြားမူ ပျက်စီးတတ် မအောင်မမြင်ဖြစ်တတ်၏။

သေပေတော့ဟူ၍ ကြားလျှင် နောက်မဆုတ်ဘဲ ဆောင်ရွက်လေ။

သွားရော့လဟယ်ဟူ၍ကြားလျှင် နောက်မဆုတ်ဘဲ ဆောင်ရွက်လေ။

ဟော့ဟော့ဟူသောအသံမျိုးကိုကြားမူ သတိနှင့်ဆောင်ရွက်လေ။

ဆိုခဲ့သော သဘင်သည်၊ နတ်ဝင်သည်၊ အရူးကလေး ယောင်တတ်သူ စသည်သူတို့၏နှုတ်မှ ထွက်သမျှစကားတို့၏ အတိမ်အနက် အလေးအပေါ့ကိုလည်းကောင်း၊ ကြားရသည့်အချိန်အခါ ကာလဒေသကို လည်းကောင်း၊ ခေတ်အခြေအနေကို လည်းကောင်း၊ မိမိဆောင်ရွက်မည့်ကိစ္စ၏ သဘောကိုလည်းကောင်း အထက်ပါပြဆိုချက်များကိုမှီလျက် အကျယ်သိရှိလေ။

**□ အမြင်နိမိတ်နှင့် အကျိုးအပြစ်ဖွင့်ဆိုချက်များ**

အမှုကိစ္စတစ်စုံတစ်ခုပြုမည်ဆိုရာတွင် လည်းကောင်း၊ သာရေးနာရေး၊ ပြောင်းရွှေ့ရေး စသည်တွင် လည်းကောင်း အမြင်နိမိတ်ကိုယူရာ၌ -

ဆင်၊ မြင်း၊ နွားများကိုတွေ့လျှင် ကောင်းသောနိမိတ်ဖြစ်၏။

ကျွဲ၊ ခွေး၊ ဖွတ်၊ မိကျောင်းတို့ကို မြင်လျှင် မကောင်း။ ပျက်အံ့။

သစ်ပင်လဲပြိုခြင်း၊ တစ်စုံတစ်ခုပြိုလဲခြင်းများကိုမြင်လျှင်မကောင်း။

နီသောပန်းမှအပ အခြားသောပန်းများကိုမြင်လျှင်ကောင်း၏။

သွေးထွက်သံယိုမြင်သော် လွန်စွာကောင်းလှ၏။

လူသေမသာကိုတွေ့မူ သာရေးဖြစ်က လွန်စွာကောင်းလှ၏။

သွေးထွက်သံယိုမြင်သော် လွန်စွာကောင်း၏။

ရဟန်း၊ သီလရှင်၊ အဘိုး၊ အဘွားအိုများတွေ့မူ မကောင်း။ နာရေးတွင်သေပျောက်တတ်၏။

ဝန်ထုပ်ဝန်ပိုးထမ်းလာသည်တွေ့သော် နာရေးတွင် မကောင်း၊ သာရေးဖြစ်မူ ကောင်းလှ၏။

မငြိမ်မသက် လှုပ်လှုပ်ရွရွဖြစ်နေသူကိုမြင်မူ ဆောင်ရွက်သည့်အရာဆုံးခန်းမရောက်ဖြစ်တတ်၏။

ကြွန္ဒြေကြီးစွာနှင့်နေသူကိုမြင်ရမူ အလွယ်နှင့်ပြီးစီးအောင်မြင်တတ်သည်။ နာရေးဖြစ်မူ ခဲယဉ်းစွာ ကုသရတတ်၏။

ယောကျ်ား၊ မိန်းမတို့ မပေါ်သင့်သည့်အရာ ပေါ်နေသည်ကိုမြင်လျှင် သာရေး၌ အောင်မြင်တတ်။ လာဘ်ကြီးရတတ်၍ နာရေးတွင်မူ သေပျောက်တတ်၏။

သစ်သီးဝလံများတွေ့မူကောင်း၏။ စီးပွားရတတ်၏။

အိုးခွက်ကွဲသည်ကိုမြင်မူ နာရေးတွင်ကောင်း၏။ သာရေးတွင်မကောင်း။

တစ်စုံတစ်ဦး ပြေးလွှားသည်မြင်သော် သာရေးတွင်မကောင်း။ နာရေးတွင်ကောင်း၏။

တုတ်၊ ဓား၊ လှံစသည့်လက်နက်တစ်စုံတစ်ခု ကိုင်သည်ထမ်းသည်ကိုမြင်လျှင်၊ ထိုအရာများကိုကိုင်ထမ်းလျက် လျင်စွာသွားနေသည်ကိုမြင်ကမကောင်း။ နှေးစွာသွားနေမူ အပြစ်မရှိ။

ပေါက်တူး၊ တူးရွင်း၊ တံမြက်စည်း စသည်တို့ကို ကိုင်ဆောင်သွားသည်ကို မြင်လျှင် မအောင်မြင်တတ်။ ပျက်စီးတတ်၏။

ကန်းသူ၊ ဆွံ့သူ၊ နားမကြားသူတို့ကို မြင်လျှင် မကောင်း။

ရေချမ်းအိုး၊ ညောင်ရေအိုး၊ ပရိတ်အိုးများကိုမြင်လျှင် ကောင်းလှပေ၏။

ထမင်းဟင်းကြော်လှော်ချက်ပြုတ်နေသည်ကိုမြင်လျှင် ကောင်း၏။

တစ်ယောက်က တစ်ယောက်လက်တွင်းမှပစ္စည်းကို လုယူသည် မြင်လျှင် လည်းကောင်း၊ စားသော ဖွယ်ကို လုယူစားသောက်သည်ကို လျှင် လည်းကောင်း မကောင်း။

ဖက်ယမ်းနမ်းရှုပ်နေသည်ကို လျှင် သာရေးတွင်ကောင်း၏။ နာ တွင်မကောင်း။

ကလေးငယ်ကို ထမင်းခွံ့နေသ ကိုသော် လည်းကောင်း။ ငှက်မ ငှက်ကလေးများကို အစာခွံ့နေသည် သော် လည်းကောင်း မြင်တွေ့မူ အော မြင်၏။ လာဘ်ရ၏။

ခွေးမကြီးက ခွေးငယ်မျာ အစာအန်ကျွေးသည်ကိုမြင်မူ ခဲယ အောင်မြင်ပြီးမြောက်တတ်၏။ နာ တွင်မကောင်း။

ဤပြခဲ့ပြီးသည်တို့ကိုမှီးကာ ည ပညာဖြင့် ချင့်ချိန်လျက် အခါအား စွာ အရာအားလျော်စွာ အမြင်နိမိ များကို ကောက်ယူ သိရှိအပ်ပေ၏။

**□ ဖြစ်မြဲစဉ်လာထက်ကျော်လွန်၍ဖြစ် နိမိတ်ထူးများနှင့်အကျိုးအပြစ်**

ကြက်မတွန်မူ ကြက်ရှင်အန္တ ရှိ၏။ မသတ်နှင့်။ ဝေးရာသို့ပို့လေ။

နွားငယ်တွန်လျှင် ထိုနွား အကြီးအကဲ ဖြစ်တတ်၏။

မြွေနှင့် ဖား၊ ကြောင်နှင့်ကြွ ကျားနှင့်ဝက်၊ ကျီးနှင့် ဇီးကွက်၊ စသောမသင့်သောသတ္တဝါများသင့် သည်ကိုမြင်လျှင် နီးဝေးမဟူ အချ သင့်မြတ်ကြ၏။

တောတိရစ္ဆာန် တစ်စုံတစ်ခု အတွင်းဝင်မူ ထိုရွာ၏ အကြီးအ အပြောင်းအလဲပေါ် ပေါက်ရတတ်၏။

မိမိကိုးကွယ်သော ဘုရားရုပ် ချွေးထွက်သည်၊ မျက်စောင်ခတ်သ နှာတော်လှုပ်သည်၊ နှုတ်ခမ်းတော်လှု သည်ကိုထင်မြင်ရလျှင် ကိုးကွယ်သူ အန္တရာယ်ဖြစ်အံ့။

ရွာလုံးမြို့လုံး နယ်လုံး ကိုးကွ သော ဘုရားရုပ်တုတော်များ ထိုအ တူမျိုးဖြစ်လျှင် ထိုရွာ ထိုမြို့ ထို အန္တရာယ်ကြီးဖြစ်အံ့။

ဘုရားပုထိုးရောင်တော်ကွ လျှင် ထိုဘုရားပုထိုးဆိုင်ရာ မြို့ရွာ အကြီးအကဲများပျက်စီးအံ့။

အိမ်ခြံဝင်းအတွင်းရှိ အမိ သစ်ပင်ကြီး အလိုလိုခြောက်သွေ့ သော်၊ လေမလာဘဲ လဲပြိုသော်ထို ခြံဝင်းရှင် ဥပဒ်အမျိုးမျိုးဖြစ်အံ့။

www.burmeseclassic.com

ရွာလုံးနှင့်ဆိုင်သော အဓိကရ ဆစ်ပင်ကြီး အလားတူ အလိုလိုခြောက်သွေ့သော်၊ လေမလာဘဲ လဲပြိုသော် ထိုရွာအန္တရာယ်အမျိုးမျိုးမကြာခဏသင့်အံ့။

တိရစ္ဆာန်သော် လည်းကောင်း၊ သူသော် လည်းကောင်း ဓမ္မတာထက်ကျော်လွန်၍ ခေါင်းနှစ်ခု၊ ကိုယ်နှစ်ခု၊ ခြေမပေါက်ရမည့်နေရာဝယ်ခြေ၊ လက်မပေါက်ရမည့်နေရာဝယ် လက်ပေါက်ခြင်း စသဖြင့် ဖြစ်ပွားပေါ် ပေါက်ခဲ့သော် ထိုဆိုင်ရာသူများဖြုန်းတီးအံ့။

လူက ဘီလူးမွေးခြင်း၊ ဝက်က ခွေးမွေးခြင်း၊ ဆင်မွေးခြင်း စသော မြစ်မြဲမဟုတ်သော မွေးဖွားခြင်းများဖြစ်သော် ရန်အန္တရာယ်ကပ်သုံးပါးဆိုက်တတ်၏။

ဆင်မသည် မုန်ယိုသော်၊ ဆင်ထီးကဲ့သို့ အစွယ်ကြီးကြီး ရှည်ရှည်ပေါက်သော် ထိုမြို့ပြပြည်ရွာ ရန်အန္တရာယ်များ၏။

ကြက်ဖသည် ဥခဲ့သော် မသူတော်များ အကြီးအကဲဖြစ်တတ်၏။

ခွေးနို့ကို ကြောင်စို့ခြင်း၊ ဝက်နို့ကို ခွေးစို့ခြင်းဖြစ်မူ ရောဂန္တရကပ်ဆိုက်ရောက်တတ်၏။

အကြင်မိန်းမသည် တစ်ကြိမ်တွင် နှစ်ယောက်ထက်ပိုသောကလေးများကို ဖွားမြင်သော် ထိုမိန်းမနေရာ မြို့ရွာတွင် ရန်အန္တရာယ်ရှိတတ်၏။

အုန်း၊ ငှက်ပျော၊ နာနတ် စသော အသီးများ သီးရိုးသီးစဉ်ထက်လွန်၍ ဆန်းကြယ်စွာသီးသော် ထိုရွာနယ် ချောက်ချားတတ်၏။

ကြခတ်ဝါးသီးသော် ဆိုင်ရာရွာမြို့ နယ် ကပ်သုံးပါးဆိုက်ရောက်တတ်၏။

လူရိုးကို နွားစားသော် စပါးကို ခွေးစားသော် ဘေးအန္တရာယ်များ၍ ငတ်မွတ်ရှားပါးတတ်၏။

တိရစ္ဆာန်များ ဇာတ်တူသားစားသော် အစားအစာ၊ ကုန်ပစ္စည်းများရှားပါးတတ်၏။

မြွေ၊ ကျီး၊ ကြွက်၊ ပုစဉ်း၊ ကြောင်များသော် ထို့အတူ အစားအစာရှားပါးတတ်၏။

ပိုးဟပ်၊ ကြမ်းပိုးပေါများသော်။ သန်းကြီးခေါ် ကိုယ်သန်းများပေါသော် မြို့ရွာနယ်ပယ်အလုံး ပျက်စီးတတ်၏။

ဤပြခဲ့သည်ထက်ပို၍ တွေ့ကြုံရသော် အတိတ်နိမိတ်များကို အထူးအဆန်းသဖွယ် ဖြစ်တိုင်းကောင်းသည်ဟု မယူဆရာ၊ ပညာနှင့်ဆင်ခြင်၍ ခေတ်ကာလအားလျော်စွာ အကျိုးအပြစ်ကို သိအပ်ပေ၏။

**□ မိုးခေါင်ကြောင်းနိမိတ်များ**

ဖားသတ္တဝါ ကုန်းတွင် ကျက်စားလျှင်၊ ဖားအော်သံနည်းပါးလျှင် မိုးခေါင်တတ်၏ ။

လယ်ပုစွန်လုံးများ မြစ်ချောင်းကမ်းပါးတွင် တွင်းဖောက်နေလျှင် မိုးခေါင်တတ်၏။

မိုးတွင်းအခါဖြစ်လျက် ပုရွက်ဆိတ်များ ရေအိုးအောက်တွင်နေလျှင် မိုးခေါင်တတ်၏။

ငှက်သိုက်နိမ့်နိမ့်လုပ်လျှင် မိုးခေါင်၍ လေပြင်းတတ်၏။

ကုန်းသတ္တဝါ ရေတွင်ကျက်စားလျှင်လည်းကောင်း၊ ရေသတ္တဝါ ကုန်းတွင် ကျက်စားလျှင် လည်းကောင်း မိုးခေါင်တတ်၏။

**□ သတ္တဝါအဝင်နိမိတ်နှင့်ကျိုးပြစ်**

အိမ်အတွင်းသို့ ခင်ပုပ်ငှက်၊ တောကြက်ဝင်သော် နာဖျားရောဂါဖြစ်တတ်၏။

လင်းတဝင်သော် သေပျောက်တတ်၊ စီးပွားပျက်တတ်၏။

ဖွတ်ဝင်သော် ဘေးမျိုးသင့်တတ်၊ ရေခန်းသကဲ့သို့ စီးပွားဥစ္စာကုန်ခန်းတတ်၏။

ယုန်ဝင်သော် အန္တရာယ်များ၏။

သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ် စသော တောကောင်များဝင်သော် မီးလောင်ပျက်စီးတတ်၏။

နွား၊ ကျွဲ တက်လာဝင်ရောက်မူ စီးပွားတိုးတက်၏။

လိပ်ဝင်တက်မူ၊ စပါးကြီး စပါးအုံးမြွေဝင်တက်မူ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတတ်၏။

ခွေးသည် မိမိနေရာထက်ပို၍ စွတ်စွတ်ဝင်လာမူ၊ အိမ်ခေါင်သို့တက်မူ ပျက်စီးခြင်းငါးပါးတိုင်၏။

မိကျောင်းတက်မူ သေပျောက်ပျက်စီးအံ့။

**□ ကျီးသာနိမိတ်ဟော**

အရှေ့တည့်တည့်မှသာမူ ချစ်ခင်သူရောက်လာတတ်၏။

အရှေ့တောင်ကသာမူ အကြီးအကဲရောက်လာတတ်၏။

တောင်အရပ်ကသာမူ သားငါးဟင်းရံမျိုးလာ၍ ပို့လိမ့်မည်။

အနောက်တောင်ကသာမူ တပည့်သားမြေးရောက်လာတတ်သည်။

အနောက်ကသာမူ စိတ်နှင့်အတူမိတ်ဆွေရောက်လာတတ်သည်။

အနောက်မြောက်ကသာမူ လက်အောက်ငယ်သားများလာရောက်တတ်သည်။

အရှေ့မြောက်ကသာမူ ပူဇော်မည့်သူ၊ မစမည့်သူရောက်၍လာတတ်သည်။

**□ ကိုယ်အင်္ဂါပေါ်တွင် အိမ်မြှောင်ကျခြင်းနိမိတ်အဟော**

အိမ်မြှောင်သည် ဦးထိပ်ထက်၌ကျမူ စီးပွားချမ်းသာအကြံအစည်နှောင့်နှေးတတ်၏။

ညာလက်ရုံးထက်တွင်ကျမူ အစားကောင်းစားရတတ်၏။ လက်ဝဲလက်ရုံးထက်၌ကျမူ လာဘ်ပိတ်ဆို့တတ်၏။

ကျော၌ကျမူ ခိုက်ရန်ဖြစ်တတ်၊ နာဖျားတတ်၏။ ရင်၌ကျမူ အဝေးအနီးမှ လာဘ်လာဘရောက်လာတတ်၏။

ခါး၌ကျမူ အဝတ်ဟောင်းထွက်၍ အဝတ်သစ်ရတတ်၏။ ဝမ်း၌ကျမူ ရမည့်စီးပွားနှောင့်နှေးတတ်၏။

အင်္ဂါဇာတ်၌ကျမူ အိမ်ထောင်ဖက်ရှိသူ၌ အိမ်ထောင်ဖက်နှင့်ကင်းကွာရတတ်၍ မရှိသူ၌ အိမ်ထောင်ဖက်တွေ့ရတတ်၏။

ညာဘက်ပေါင်၌ကျမူ စီးပွားရတတ်၏။ ဝဲဘက်ပေါင်၌ကျမူ ဆွေမျိုးမိတ်သင်္ဂဟတို့နှင့် မျက်လိုရတတ်၏။

ညာခြေသလုံး၊ ညာဒူး၌ကျမူ သားမယား၊ သားမယားကဲ့သို့သောသူကိုရရှိတတ်၏။ ဝဲခြေသလုံး၊ ဝဲဒူးတို့၌ကျမူ သားချင်းပျက်စီးတတ်၏။

လယ်ယာခြေကျင်းဝတ်၊ ခြေခုံ၊ ခြေဖဝါးတို့၌ကျမူ စီးပွားရတတ်၏။

မိမိအား မှီခိုမည့်သူ ရောက်လာတတ်၏။ လက်ဝဲခြေချင်းဝတ် ခြေဖဝါးတို့၌ကျမူ စိုးရိမ်သောကများတတ်၏။ ဒုက္ခတွေ့သူရောက်လာတတ်၏။

ဤသည်တို့ကား ရေရေရာရာ သေသေချာချာသိထားဖို့လိုအပ်သည့် နိမိတ်များနှင့် စပ်လျဉ်းသည်တို့သာဖြစ်ပါကြောင်း စာစကားဆင့်ဆင့်သီရင်းဖြင့် . . . ။

ကိုရွှေမြသန်း (သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com



# နန္ဒဝင်းကျော်ခေါင် (ခတ္တ-ရှုမြည်)

# သရဏဂုံနှင့်ကျွန်ုပ်စာရေးသူ

ကျွန်ုပ် စာရေးသူသည် လူသား တစ်ယောက်ဖြစ်၏။ လူသားထဲတွင်မှ ဗုဒ္ဓဘာသာကိုးကွယ်သော၊ ဗမာ(မြန်မာ) လူမျိုးတစ်ယောက်ဖြစ်၏။

မြန်မာ ဟူသည် ဗုဒ္ဓဘာသာ ကိုးကွယ်သောလူမျိုးများဖြစ်သည်ကို ကမ္ဘာ့နိုင်ငံတော်တော်များများကသိ၏။ အာရှနိုင်ငံများကိုတော့ ကျွန်ုပ်စာရေးသူ မပြောလိုတော့ပြီ။ အာရှနိုင်ငံတော် တော်များများသည်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံကဲ့သို့ပင် ဗုဒ္ဓဘာသာ ကိုးကွယ်သောနိုင်ငံများဖြစ်သောကြောင့် ဖြစ်၏။

ဗုဒ္ဓဘာသာကို ကျွန်ုပ်တို့ ဘာကြောင့် ကိုးကွယ်သနည်း ဟူသော မေးခွန်းကိုမေးလာခဲ့သော် ကျွန်ုပ်တို့ မည်သို့ဖြေဆိုမည်နည်း။ စာဖတ်သူတို့ ကော မည်သို့မည်ဆိုမည်နည်း။

ဤ၌ ယခုကျွန်ုပ်စာရေးသူတပ် ားသောခေါင်းစီးသည် ကျွန်ုပ်စာရေးသူ ၏အဖြေ သို့မဟုတ် အကြောင်းအရာ များပင် ဖြစ်ပေတော့၏။ စာဖတ်သူတို့ ကော မည်သို့ဖြေနိုင်မည်နည်းဟူသော မေးခွန်းကိုနှိုင်းယှဉ်၍ပင် တွေးတော အဖြေရှာယူကြပါကုန်။

သာဝတ္ထိမြို့သားတစ်ယောက်ရှိ၏။ ၎င်းသာဝတ္ထိမြို့သားသည် ဗုဒ္ဓဟူသော ဘုရားရှင်အပေါ်တွင် ပုထုဇဉ်တို့ဖြစ်လေ့ ဖြစ်ထရှိသည့် ဘုရားအပေါ် မယုံမရဲဖြစ် ခြင်း၊ ဘုရားဟောသည့်တရားအပေါ်၊ မယုံမရဲဖြစ်ခြင်း၊ သံဃာတော်အပေါ် မယုံမရဲဖြစ်ခြင်းဟူသောဒွိဟစိတ် ဖြစ် ပေါ်နေ၏။

အနီး သာဝတ္ထိမြို့သားပုထုဇဉ်သည် လွယ်အိတ်လိုလူစားမျိုးဖြစ်၏။ လွယ် အိတ်ဟူသည် ဘေးတိုက်လွယ်ရသော အမျိုးအစားဖြစ်၏။ အနီးသာဝတ္ထိမြို့ သားမှာလည်း ရှေ့မှလည်းမနေ၊ နောက် မှလည်းမလိုက် ဘေးမှသာလိုက်ချင် သောလူစားမျိုးဖြစ်ပေတော့၏။ ဘေးမှ လိုက်သည်တောင် ကောင်းကောင်းမွန်မွန် လိုက်တတ်သောလူစားမျိုးမဟုတ်ချေ။ ပေါင်ကိုတိုက်တိုက်ပြီးမှသာလိုက်ချင်သူ ဖြစ်၏။

ပုထုဇဉ်ဟူသည် ၎င်းတို့၏သန္တာန် တွင် အယူမှားတဲ့ဒိဋ္ဌိနှင့် ရတနာသုံးပါး ဖြစ်သည့် ဘုရားရတနာ၊ တရားရတနာ၊ သံဃရတနာတို့အပေါ်တွင် မယုံမရဲဖြစ် သည့် ဝိစိကိစ္ဆာဟူသည့် အကုသိုလ်နှစ်ခု ရှိနေလေ၍မှားလေတော့သည်။

ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဆိုသည်ကလည်း သောတာပန်တည်မှ ပါယ်နိုင်လေ၏ ဘုရားဟော၏။ သံဃာတော်အရှင်မြ များဟော၏။

အနီးသာဝတ္ထိမြို့သားပုထုဇဉ်သည် တစ်နေ့သောအခါမှာ သူ့ဇနီးမယား အိမ်ထောင်ရေးအဆင်မပြေဖြစ်ပြီး ထံပါး ရောက်သွားလေ၏။

ဗုဒ္ဓကလည်း သာဝတ္ထိမြို့သား ပုထုဇဉ်ကို စိတ်ဒုက္ခတွေပြေပျောက် စေဆိုတဲ့ စေတနာဖြင့် -

ပေမတော ဇာယတေ သောကော

ပေမတော ဇာယတေ ဘယံ

ပေမတော ဝိပ္ပမုတ္တဿ။

နတ္ထိ သောကော ကုတော ဘယံ

ချစ်ခင်နှစ်သက်မှုရှိလို့ သော စိတ်ဆင်းရဲမှုတို့ဖြစ်တာ။ ချစ်ခင်နှစ်သ မှုမရှိရင် သောကရော ဘေးပါ မရှိနိုင် ဟောကြားလိုက်လေ၏။

သမုဒယသစ္စာကြောင့် သစ္စာဟူသည့် ရုပ်ဆင်းရဲဖြစ်ခြင်း၊ စိ ဆင်းရဲဖြစ်ခြင်းဟူသော လောကဆ နှစ်ပါးဖြစ်နေလေသည်မဟုတ်ပါလာ

သာဝတ္ထိမြို့သားပုထုဇဉ်က ထံမှာတော့ ရိုရိုသေသေနာကြားလာ

www.burmeseclassic.com



…ော်လည်း သာဝတ္ထိမြို့ထဲလည်းရောက် …ာ ဘုရားဟောကြားတဲ့တရားအပေါ် …်နိုင်ဘူး၊ ချစ်ခင်နှစ်သက်မှုကြောင့် …်ချမ်းသာမှုတွေ၊ စိတ်ကြည်နူးမှုတွေ …်နေတာပဲ။ ချစ်ခင်နှစ်သက်မှုကြောင့် …းတို့သောကတို့မဖြစ်နိုင်ပါဘူးဆိုပြီး …ဝါဒနှင့်ပုထုဇဉ်တို့အထင်အမြင်ဝါဒ …ားတွေလျှောက်ပြောပါလေရော။

လေးသချေနှင့်ကမ္ဘာတစ်သိန်းဖြည့် …့မှ သိနိုင်ရနိုင်သည့်သဗ္ဗညုတဉာဏ် …ော်ကြီးနှင့် ဟောကြားခဲ့တဲ့တရားကိုမှ …ခဲ့မီးယပ်ပိန်မီးယပ်ခြောက်တစ်ဘဝ …က်လေးနဲ့လိုက်တိုင်းရဲတာ ပုထုဇဉ်တွေရဲ့ အောက်တန်းကျတဲ့စိတ်ဓာတ်မျိုးပင် ဖြစ်၏။

ပုထုဇဉ်တစ်ဦးဖြစ်တဲ့သာဝတ္ထိမြို့သားနဲ့ သဗ္ဗညုတဉာဏ်တော်ရှင်ဗုဒ္ဓရဲ့ ချစ်ခင်မှုကြောင့် သောကတို့၊ ဘေးတို့ဖြစ်တာ။ ချစ်ခင်နှစ်သက်မှုမရှိလျှင် သောကရော ဘေးပါနှစ်ခုစလုံးမရှိနိုင်၊ မဖြစ်နိုင်ဆိုတဲ့ ဗုဒ္ဓဝါဒနဲ့သာဝတ္ထိမြို့သားပုထုဇဉ်ရဲ့ချစ်ခင်နှစ်သက်မှုတွေကြောင့် စိတ်ချမ်းသာခြင်း၊ စိတ်ကြည်နူးမှုဖြစ်ခြင်းတွေဖြစ်တာဟူသော လောဘဦးစီးသော အတ္တဝါဒ၊ ပုထုဇဉ်ဝါဒနှစ်ခုဟာ သာဝတ္ထိမြို့ထဲမှာ လူပြောများတဲ့ဝါဒနှစ်ခု ဖြစ်လာပါလေရော။

အချိန်ကြာလာတော့ ဗုဒ္ဓဝါဒနှင့်ပုထုဇဉ်ဝါဒနှစ်ရပ်က ကောသလဘုရင်ရဲ့ ထီးနန်းထဲအထိရောက်သွားပါလေသည်။

ခက်တာက ကောသလဘုရင်ကြီးကိုယ်တိုင်က ချစ်ခင်နှစ်သက်မှုဆိုတဲ့ တဏှာဝါဒ၊ လောဘဝါဒတွေကို စိတ်ချမ်းသာစွာ၊ စိတ်ကြည်နူးစရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

သောအယူအဆများဖြစ်၏ဟု တွေးထင်ပြီးသဘောကျနေလေ၏။

တစ်နေ့တော့ ကောသလဘုရင်ကြီးက မလ္လိကာမိဖုရားကြီးကို ဗုဒ္ဓဝါဒနှင့် သာဝတ္ထိမြို့သား ပုထုဇဉ်တို့ရဲ့ဝါဒနှစ်ခုဟာ ဘယ်ဟာမှန်သလဲလို့ ထင်ကြေးတောင်း၏။

မလ္လိကာမိဖုရားကြီးက ဘုရားရှင်ဟောတဲ့ဝါဒသာလျှင် မှန်တယ်လို့ဖြေလိုက်သည်။

ကောသလမင်းကြီးက စိတ်ဆိုးပြီး မိဖုရားကြီးကိုထားကာ စက်တော်ရာအခန်းထဲဝင်သွားတယ်။

တကယ်တန်းဆိုသော် ကောသလမင်းကြီးသည်လည်း လွယ်အိတ်ပုထုဇဉ်တစ်ယောက်ပင်ဖြစ်၏။

နောက်နေ့ကျတော့ မလ္လိကာမိဖုရားကြီးဟာ အမတ်တစ်ယောက်ကို ဘုရားထံစေလွှတ်ပြီး မေးမြန်းလျှောက်ထားလေ၏။

ပေမတော ဇာယတေ သောကော။
ပေမတော ဇာယတေ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ။
နတ္ထိ သောကော ကုတော ဘယံ။

ချစ်ခင်နှစ်သက်မှုရှိလို့ သောကတို့ စိတ်ဆင်းရဲမှုတို့ဖြစ်ခြင်းဖြစ်၏။ ချစ်ခင်နှစ်သက်မှုမရှိလျှင် သောကနှင့်ဘေးမရှိနိုင်ဟု ဟောကြားသည်ကို မှတ်သားကာ ၎င်းအမတ်သည် မလ္လိကာမိဖုရားကြီးထံ ပြန်လာ၍ ဟောကြားလေ၏။

မလ္လိကာမိဖုရားကြီးလည်း ဘုရားထံစေလွှတ်သော အမတ်ထံမှဘုရား၏ တရားကို ပြန်၍နာယူလေ၏။

အကျယ်သိရပြီဆိုမှ မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီးကို ပြန်၍မေး၏။

"မင်းကြီး၊ ကျွန်တော်မျိုးမကိုချစ်ပါသလား"

လို့ မေး၏။

"ဟဲ့-မိဖုရားကြီးရဲ့ချစ်ခင်နှစ်သက်လွန်းအားကြီးလို့သာ မိဖုရားခေါင်ကြီးနေရာနဲ့မြှောက်စားထားတာပေါ့လို့"

ဖြေ၏။

"အကယ်၍ တစ်စုံတစ်ယောက်သောသူက ကျွန်တော်မျိုးမကို သတ်ဖြတ်သွားခဲ့မယ်ဆိုရင် အရှင်မင်းကြီးစိတ်ထဲဘယ်လိုခံစားရမလဲ"

ဟု မေးမြန်းရာ -

"မိဖုရားကြီးရယ်၊ ဘယ်လိုများပြောလိုက်တာလဲ။ မင်းသာသေသွားမယ်ဆိုရင် ငါတော့ စိုးရိမ်သောကတွေ၊ ပျာဒပါတွေ ဖိစီးနှိပ်စက်လို့ သေရချေရဲ့"

လို့ ဖြေတယ်။

"အရှင်မင်းကြီး၊ စဉ်းစားပါ။ တစ်နေ့ကတော့ အရှင်မင်းကြီးကပြောတော့ ချစ်ခင်နှစ်သက်မှုကြောင့် ဝမ်းသာစရာ၊ ကြည်နူးစရာပဲဖြစ်မယ်ဆို။ အခုတော့ ကျွန်တော်မျိုးမကိုချစ်ခင်နှစ်သက်မှုကြောင့် ဝမ်းသာစရာ၊ ကြည်နူးစရာပဲဖြစ်မယ်ဆို။ အခုတော့ ကျွန်တော်မျိုးမကို ချစ်ခင်နှစ်သက်မှုကြောင့် အရှင်မင်းကြီးမှာ သောကတွေကြီးစွာဖြစ်ပြီး သေရလိမ့်မယ်ဆိုတဲ့ ဒုက္ခဖြစ်နေတယ်လို့ဆိုပါလား"

မိဖုရားကြီးရဲ့ စကားကိုကြားပြီး ကောသလဘုရင်ကြီးလည်း အမှားကို စဉ်းစားမိပြီး မှားကြောင်းဝန်ခံသတဲ့။

ဤ၌ ကျွန်ုပ်တို့အဖြေတစ်ခုထုတ်ကြည့်၍ရ၏။ လူတစ်ယောက် သေဆုံးသွား၏။ အဲဒီသေဆုံးသွားသူသည် မိမိဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟထဲမှ ဖြစ်နေမယ်ဆိုလျှင် ဘယ်လောက်စိုးရိမ်သောကများရောက်ရလေမည်နည်း။

ပဇာကြောင့် စိုးရိမ်သောကဖြစ်ရလေသနည်း။သေသေချာချာတွေးကြည့်ပါ။ သေသူကို ချစ်ခင်စွဲလမ်းလို့ဆိုသည့် အဖြေကတန်းထွက်နေပါ၏။

အကယ်၍ သေဆုံးသွားသူသည် မိမိနှင့်ဘာမှမဆိုင်ဘူး၊ မပတ်သတ်ဘူး၊ ချစ်ခင်နှစ်သက်မှုလည်းမရှိဘူးဆိုလျှင် စိုးရိမ်သောက၊ ပျာပါဒများလည်း ဘာမှ မဖြစ်တာ ကျိန်းသေလှပါချေ၏။

ဤ၌ ကျွန်ုပ်စာရေးသူပြောချင်သည်က ဓမ္မပဒတွင် ဗုဒ္ဓဟောခဲ့၏။

ဧတံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

သရဏဂုံသုံးပါး၏ ကိုးကွယ်ယုံကြည်မှုကိုအကြောင်းပြုပြီး ဒုက္ခခပ်သိမ်းမှ ချုပ်ငြိမ်းပြတ်ရာနိဗ္ဗာန်အထိရောက်နိုင်လေ၏ဟုဆိုလေ၍ ပုထုဇဉ်စိတ်ထဲ၌ လွယ်အိတ်ပုထုဇဉ်စိတ်ကလေးဝင်မလာနိုင်ဘူးလား။

သရဏဂုံလေးဆောက်တည်ရုံမျှနှင့် နိဗ္ဗာန်ထိတောင်ခရီးပေါက်နိုင်တယ်ဆိုတာ ဟုတ်ပါ့မလားဆိုတဲ့စိတ်ကလေးလေ။

သာဝတ္ထိမြို့မှာဖြစ်၏။ ၎င်းထိုမြို့မှာပင် ကုဋေကုဋာကြွယ်ဝချမ်းသာတဲ့ မဟာသာလသတို့သားသူဌေးမျိုးရှိ၏။ ၎င်းသူဌေးကြီး၏ခုနစ်နှစ်သားငယ်လေး တစ်ယောက်သည် အခြားကစားဖော်တွေနှင့် ဆော့ကစားရင်း ရဟန္တာမထေရ် အရှင်မြတ်ကြီးနှင့် ဆုံတွေ့ကြ၏။

ရဟန္တာမထေရ်ကြီးက က... တွေကို နှုတ်ဆက်ပြီး ကလေးတွေ... သင့်လျော်သောဆုံးမစကားတွေပြော... သရဏဂုံသုံးပါးကို နှုတ်တိုက်သင်ကြ... ပေး၏။

ယခုခေတ် တရားစခန်းဝင်သ... တချို့သောယောဂီများကဲ့သို့စားကော... သောက်ကောင်းအောင် တရားမှတ်... သည်တော့ မဟုတ်ပါချေ။

၎င်းခုနစ်နှစ်သားသာမဏေ... လေးက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သ... ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဆို... သရဏဂုံသုံးပါးသံကို ကြားလိုက်... နှင့် ရင်ထဲမှာ နှစ်သက်မှုပီတိတွေ... တံပိုးထအောင်ဖြစ်လာလေ၏။ နော... တော့ ၎င်းပီတိတွေကို အနိစ္စ၊ ဒု... အနတ္တရှုရင်း တစ်ထိုင်တည်း ရဟန္တာ... သွားလေတော့၏။

ရဟန္တာဖြစ်သွားလေတော့ ... ဘဝမှာမနေတော့ပေ။ တစ်ခါတ... ရဟန်းပြု၏။ နောက် ၎င်းမထေရ်... ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓသာသနာ... သရဏဂမနီယမထေရ်ဟု ထင်ရှားခဲ့... ၏။ သရဏဂုံကို အကြောင်းပြုပြီး ရဟ... ဖြစ်သည့်မထေရ်ဖြစ်၏။

မြတ်စွာဘုရားရှင်ကိုယ်တိုင်... ကြားလို့ ၎င်းမထေရ်၏ နောက်ကြော... ရာဇဝင်တွေကို ဖော်ပြပေးလိုက်ပါ...

၎င်းမထေရ်သည် အနော... မြတ်စွာဘုရားလက်ထက်တော်အခါ... ဗန္ဓုမတီပြည်တွင် မျက်မမြင်မိဘနှ... ကို ပြုစုလုပ်ကျွေးနေတဲ့ သားလိမ္မာ... ယောက်ဖြစ်၏။

၎င်းဘဝကရဟန်းသာမဏေ... မြင်တိုင်း ရဟန်းပြုချင်တဲ့စိတ်ဆန္ဒ... တားမရဆီးမနိုင်ဖြစ်၏။

သို့သော် မျက်မမြင်မိဘနှ... ကြောင့် ရဟန်းပြုခွင့်မသာခဲ့ချေ။

မရနိုင်တာကို တမ်းတနေ... အစား ရနိုင်တာကိုသာ အရယူ... မယ်ဆိုပြီး အရှင်နိသဘအမည်ရှိ... အဂ္ဂသာဝကမထေရ်မြတ်တစ်ပါးထံ... သရဏဂုံဆောက်တည်ပြီး တစ်သ... သရဏဂုံသုံးပါးစွဲမြဲစွာနေခဲ့၏။

၎င်းမှသေတော့ လူ့သက်တ... နှစ်ပေါင်းသုံးကုဋေခြောက်သန်းအ... ရှည်တဲ့ တာဝတိံသာနတ်ပြည်ရော... တော့၏။

၎င်းမှ ဝိပဿီ၊ သိခီ၊ ... ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ...



www.burmeseclassic.com

www.burmeseclassic.com

ဘုရားခုနှစ်ဆူကာလတစ်လျှောက်လုံး အပါယ်လေးပါးမလားမရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်မှာသာလျှင် ကျင်လည်ခဲ့ရ၏။

၎င်းသည် သရဏဂုံသုံးပါးစွဲမြဲစွာ အထိုင်ဆောက်တည်သူတို့၏ ခံစားခွင့် အကျိုးပင်ဖြစ်၏။

ယခု နောက်ဆုံးဘဝ ဂေါတမ ဘုရားရှင်လက်ထက် မဟာသာလ သူဌေးမျိုးတွင်လာဖြစ်ပြီး ခုနစ်သား အရွယ်နှင့် သရဏဂုံဆောက်တည်အပြီး ဝိပဿနာရှုမှတ်ရင်း တစ်ထိုင်တည်း ရဟန္တာဖြစ်ခဲ့တော့၏။

ဤတွင်လည်း ဗုဒ္ဓဘုရားရှင်လက် ထက်တော်၌ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးစဉ် အခါက မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ကိုင်ဆောင်ထားသူတစ်ဦးအကြောင်းကို ဟောပြလို၏။

မီးစတစ်ဖက်ဟူသည် ထိုသူ သည်အရက်ကို စွဲစွဲမြဲမြဲသောက်သုံးသူ တစ်ဦးဖြစ်သော အရက်သမားစစ်စစ် တစ်ဦးဖြစ်သောကြောင့်ဖြစ်၏။

ရေမှုတ်တစ်ဖက်ဆိုသည်ကား ၎င်း အရက်သမားစစ်စစ်ကြီးသည် အရက် ကိုသာလျှင် သောက်နေသော်လည်း သရဏဂုံသုံးပါးကျတော့ စွဲမြဲနေပြန်၏။

ထိုအရက်သမားကို ပုထုဇဉ်လူတို့ သည် သူတစ်ပါး၏ ဆီးစေ့လောက်အပြစ် ကလေးကိုသာ ကတ်ကတ်သတ်သတ် ရှာကြမြင်တတ်သလောက် မြင်းမိုရ် တောင်မျှရှိသည့် ကောင်းကွက်ကိုကျ တော့ မျက်စိကလျှမ်း၍နေ၏။ မမြင်ကြ တော့ချေ။

၎င်းအကျင့်၊ အကြံ၊ အပြောတို့ သည် မသေမချင်းအကုသိုလ်ဆက်တိုက် ဖြစ်စေမည်။ အကျင့်ဆိုးကြီးမှ အမြန်ဆုံး ရုန်းလွှတ်အပ်၏။

ဗုဒ္ဓဟောကြားခဲ့သည်ကား အကု သိုလ်ဖြစ်ခြင်း၏ အဓိကအကြောင်းရင်း သည် အယောနိသောမနသိကာရ ဟူသည့် သူတစ်ပါးတို့အပေါ်၌မကောင်း မြင်ဝါဒရှိခြင်း ဖြစ်၏။

ကုသိုလ်ဖြစ်ခြင်းအဓိကအကြောင်း ကတော့ ယောနိသောမနသိကာရ တစ်ဖက်သားအပေါ်၌အကောင်းမြင်ဝါဒ ရှိခြင်းသာလျှင် ဖြစ်၏။ ဗုဒ္ဓကတော့ လမ်းညွှန်ပြခဲ့ပါ၏။ စာရေးသူတို့ စာဖတ် သူတို့အနေနှင့်လိုက်နာကျင့်သုံးဖို့သာလို ၏။

ယခုလည်း ကျွန်ုပ်စာရေးသူပြော သည့် အရက်သမားဖိုးသမားကြီးအား ကပိလဝတ်ပြည်သူပြည်သားအများစုတို့ သည် သရဏဂုံသုံးပါးအပေါ် အသက် နှင့်လဲပြီး ယုံကြည်သည့် အဝေစ္စပသာဒ သဒ္ဓါကိုတော့မမြင်ကြဘဲ အပေါင်းအ သင်းတွေနှင့် အရက်သောက်သည်ကို သာလျှင် မြင်လေတော့ ဒီအရက်သမား ကြီးသေလျှင် ငရဲကိုတန်းကျမှာပဲဟု ထင် ကြေးပေးပြောဆိုကြ၏။

အဝေစ္စပသာဒသဒ္ဓါ ဆိုသည်မှာ ရတနာသုံးပါးကိုစွန့်မလား၊ အသက် အသေခံမလားဆိုလျှင် အသက်အသေ ခံမယ်။ ရတနာသုံးပါးဖြစ်သည့် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ မစွန့်ဘူးဖြစ်၏။

၎င်းအဝေစ္စပသာဒသဒ္ဓါမျိုးကို ၎င်းအရက်သမားကြီးက ပိုင်ဆိုင်ထား လေတော့ ၎င်းအရက်သမားဖိုးသမား ကြီးအား သရဏဥပါသကာလို့ ခေါ်ကြ ၏။

တစ်နေ့ သရဏဥပါသကာခေါ် အရက်သမားဖိုးသမားကြီးသေ၏။

ကပိလဝတ်ပြည်တိုင်းသူပြည်သား အများစုကတော့ ဒီအရက်သမားတော့ သေပြီး ငရဲသွားပြီလို့ ထင်ကြ၊ မြင်ကြ၊ ပြောဆိုကြ၏။

သို့သော် ဗုဒ္ဓဘုရားရှင်ကမူ တရားပွဲ၌ သရဏဥပါသကာသည် တာဝတိံသာနတ်ပြည်ရောက်သွားကြောင်း ဟောကြားလေတော့ ကပိလဝတ်ပြည် သူအများစုက ဗုဒ္ဓကိုယ်တိုင်ဟောကြား သည်ကို မယုံကြည်ကြချေ။

ဘာဖြစ်လို့ မယုံကြည်သနည်းဆို တဲ့အကြောင်းကို ဆန်းစစ်ကြည့်တော့ ၎င်းတို့ယုံကြည်ယူဆချက်နှင့် ဗုဒ္ဓဟော ကြားချက် မကိုက်ညီ၍ဖြစ်ပေတော့၏။

ဤ၌ ပုထုဇဉ်လူသားတို့သည် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတတ်ကြလေ ၏။

ဤခေတ်ဤအခါ သရဏဥပါသ ကာကြီးတို့ခေတ်တုန်းက ပုထုဇဉ်နှင့် ယခု ၂၁ရာစုပုထုဇဉ်တွေသည် အားလုံး အတူတူသာလျှင်ဖြစ်ပါပေသည်။

ပုထုဇဉ်ဟူသည် လူဖြစ်စေ၊ ရဟန်း ဖြစ်စေ သူတို့၏အယူအဆကို ဆန့်ကျင် ၍၊ သူတို့၏အယူအဆနှင့်မတူတော့ဘူး ဆိုလျှင် ဘုရားကိုသော်လည်း စော်ကား ရဲ၏၊ ပစ်မှားရဲ၏၊ မိဘကိုလည်း ထို့အတူ သာလျှင် ဖြစ်ပါတော့သည်။

တစ်ခါကတော့ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတဲ့ရဟန်းမရှိသေးလို့ ကြုံ ရာရဟန်းကပဲ ကြုံသလိုပြုစုလုပ်ကျွေး နေတဲ့အချိန်အခါဖြစ်၏။

အဲဒီအချိန်မှာ သုနက္ခတ္တအမည်ရှိ တဲ့ ရဟန်းသည် မြတ်စွာဘုရားကို ပြုစု လုပ်ကျွေးရင်း ဘုရားနောက်တော်ပါးက လိုက်နေလေ၏။

တစ်ခါတော့ မြို့ထဲအဝင်လမ်းမှာ ခွေးလိုကျင့်နေတဲ့ အဝတ်အစားမပါ၊ ဗလာကိုယ်လုံးတည်းနှင့် ကောရခတ္တိယ အမည်ရှိ တိတ္ထိကြီးတစ်ယောက်ကိုတွေ့ ကြပါလေတော့သည်။

သုနက္ခတ္တရဟန်းက မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှေ့ ထားပြီး ခွေးလိုကျင့်ခွေးလိုနေထိုင်တဲ့ တိတ္ထိကြီးကို ကြည်ညိုနေသတဲ့။

ခွေးလိုကျင့်သည် ဆိုသည်မှာ အဝတ်မပါ၊ လေးဖက်တွား၏။ မြေကြီး ပေါ်ပုံထားသည်ကို ပါးစပ်ဖြင့်ဟပ်၍စား ၏။ အိပ်တော့လည်း ပြာပုံပေါ်တွင်ပင် အိပ်၏။

ဤကဲ့သို့ ခေါင်းပါးစွာ ကျင့်ကြံ နေထိုင်၊ စားသောက်၊ အိပ်စက်ခြင်းသည် ပင် ကိလေသာတွေကင်းမယ်လို့ တိတ္ထိ တွေက ယူဆကြ၏။

အလွန်ပင်မှားယွင်းသည့်အကျင့် ဖြစ်ပေမယ့်လို့ သုနက္ခတ္တလို အသိဉာဏ် နည်းပါးလွန်းလှတဲ့လူတွေကတော့ မကျင့် နိုင်တာကျင့်တာပဲဆိုပြီး ကြည်ညိုနေကြ တာဖြစ်၏။

သုနက္ခတ္တရဟန်း၏ စိတ်တွင်းက မသင့်တဲ့အကြံကို ဗုဒ္ဓကသိတော်မူလို့-

“ချစ်သား သုနက္ခတ္တ၊ သင်ကဲ့သို့ သော ငါဘုရားရဲ့တပည့်အမည်ခံထား တဲ့ ရဟန်းတစ်ပါးက ငါဘုရားကိုရှေ့မှာ ထားပြီး ခွေးလိုကျင့်တဲ့တိတ္ထိကို လေးစား ကြည်ညိုနေခြင်းသည် မသင့်လျော်ဘူး”

အမိန့်တော်ရှိလိုက်တော့ သုနက္ခ တ္တရဟန်းက ဗုဒ္ဓကိုပြန်ပြောလေ၏။

“မြတ်စွာဘုရား၊ သူတစ်ပါးရဲ့ အရဟတ္တဖိုလ်အကျင့်ကို ဝန်မတိုပါနဲ့” တဲ့။

သုနက္ခတ္တရဟန်းက မြတ်စွာ ဘုရားကို -

“ဣဿာမစ္ဆရိယကြောင့် ခွေးလို ကျင့်ကြံနေထိုင်တဲ့ တိတ္ထိကြီးအား သူ၏ ကြည်ညိုခြင်းအပေါ် စားမြစ်နေခြင်း ဖြစ်၏”

လို့ ပြောပြောလိုက်တဲ့ သဘော ဖြစ်၏။

ပုထုဇဉ်တွေများ ဘယ်လောက် ကြောက်စရာကောင်းလိုက်ပါနည်း။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာ၌ သုနက္ခတ္တရဟန်းသည် ပဇာကြောင့် ဗုဒ္ဓနှင့်ဆန့်ကျင်ဘက်လုပ်ရ သနည်းဆိုသော် သုနက္ခတ္တရဟန်းကြည်ညိုနေတဲ့ ကောရခတ္တိယကို ဗုဒ္ဓကလိုက်မကြည်လို့ဆိုတဲ့အဖြေကိုတွေ့ရမည်ဖြစ်၏။

ဤ၌ ပုထုဇဉ်တို့၏ စိတ်ဓာတ်သည် ကိုယ့်အယူအဆဖြင့် မတူညီလျှင် ဘုရားကိုတောင် ရန်ဘက်လုပ်တတ်သည်ဆိုတာ ပေါ်လွင်နေ၏။

ဒီအချိန်မှာ ဗုဒ္ဓက ရဲရဲတောက်မိန့်ကြားတော်မူသည်။

"သုနက္ခတ္တရဟန်း၊ သင်ကြည်ညိုနေတဲ့ ခွေးလိုကျင့်တဲ့ကောရခတ္တိယဟာ ဒီနေ့မှ နောက်ခုနစ်ရက်မြောက်တဲ့နေ့မှာ စားပိုးနင့်ပြီးသေမယ်။ သေပြီးတဲ့နောက်လည်း ပိန်းမြက်တွေထူထပ်နေတဲ့ အည့်ဆုံးသင်္ချိုင်းကိုရောက်မယ်။ သူ့ရဲ့လားရာဂတိကို လက်တွေ့သိချင်ရင် သင်္ချိုင်းရောက်တဲ့အခါမှာ အလောင်းရဲ့ကျောကို လက်နဲ့ပုတ်ပြီး ကောယခတ္တိယ သင်ဘယ်ဘုံရောက်နေသလဲလို့ မေးကြည့်လိုက်။ အလောင်းကောင်ကြီးကထပြီး ငါကာလကဥ္စိကအသူရကာယ်ဘုံကိုရောက်နေပြီလို့ ဖြေလိမ့်မယ်"

လို့ ဗုဒ္ဓက မိန့်တော်မူလိုက်တော့ သုနက္ခတ္တက မယုံပေ။ ကောရခတ္တိယကို မနာလိုလို့ပြောတာပဲလို့ယူဆပြီး ဘုရားကိုပစ်ပြီး ဗုဒ္ဓထံတော်ပါးက ခွာသွားလေ၏။

နောက် ကောရခတ္တိထံသွားပြီး-

"ကောရခတ္တိယ၊ သင့်ကို ဘုရားက ဒီနေ့က နောက်ခုနစ်ရက်မြောက်ရင် စား ပိုးနင့်ပြီးသေမယ်လို့ ပြောတယ်။ အဲဒါ သင် ဘုရားဟောတာ မှားယွင်းအောင် သင်လည်း အသက်ရှည်အောင် အစားအစာကိုလျှော့စားပါ"

လို့ ပြောကြားလိုက်၏။

ကောရခတ္တိယတိတ္ထိကြီးကလည်း သေမှာကြောက်ပြီး အစားကိုလျှော့စားယုံတင်မက ၊ တချို့ရက်တွေကို အစာတောင် လုံးဝမစားမသောက်တော့ဘူး။

(၇) ရက်ပြည့်တဲ့နေ့ရောက်တော့ ကောရခတ္တိယကို ကြည်ညိုနေတဲ့သူဌေးတစ်ယောက် 'ကောရခတ္တိယကြီးအစားအသောက် ပျက်နေတာကြာပြီ ဒီကနေ့တော့ ကောင်းတောင်းမွန်မွန်ကျွေးလိုက်မဟဲ့'ဆိုပြီး ထမင်းရောဟင်းပါ ဝက်သားတွေ ကြက်သားတွေချက်ပြုတ်ပြီးမြေကြီးပေါ်ပုံကျွေးလိုက်၏။

ညအခါမှာ အစားအစာကောင်း



ကောင်းမစားရသည်မှာ ကြာနေပြီဖြစ်တဲ့ ကောရခတ္တိယသည် သဘောကို ဂရုမစိုက်နိုင်တော့ဘဲ ကုန်သည်အထိစားသောက်ပစ်လိုက်လေ၏။

ကောရခတ္တိယသည် စားသောက်လည်းပြီးရော စားပိုးနင့်ပြီးသေဆုံးသွားတော့၏။

သုနက္ခတ္တရဟန်း ကောရခတ္တိယထံရောက်တော့ အသက်မရှိတော့ပေ။

ဗုဒ္ဓဟောကြားချက်တစ်ချက်တော့ မှန်သွားခဲ့ပြီလို့တွေးမိပေမယ့် သုနက္ခတ္တက မကျေနပ်ဘူး။

ဒုတိယအချက်ဖြစ်တဲ့ ပိန်းမြက်ထူပြောတဲ့ အည့်ဆုံးသင်္ချိုင်းကို ရောက်မယ်ဆိုတဲ့အချက် မှားယွင်းစေရမယ်ဆိုပြီး သုနက္ခတ္တဟာ ကောရခတ္တိယရဲ့ အလောင်းကောင်ကြီးကို နွယ်ကြိုးတွေနဲ့ ရစ်ပတ်ဆိုင်းချည်ပြီး သူကိုယ်တိုင်သန့်ရှင်းသပ်ရပ်တဲ့သင်္ချိုင်းတစ်ခုကိုဆွဲသွားလေ၏။

ဒါပေမယ့် သင်္ချိုင်းတွင်းရောက်လို့ ကြည့်လိုက်တော့ အည့်ဆုံးသုသာန်ဖြစ်သည့်ပိန်းမြက်အထူဆုံးသင်္ချိုင်းတွင်းဖြစ်နေလေတော့၏။ ဗုဒ္ဓဟောကြားလိုက်သည့် ဒုတိယအချက်လည်း မလွဲမသွေမှန်ပေမယ့် အလောင်းကောင်ကြီးကထပြီး ကာလကဥ္စိကအသူရကာယ်ဘုံကိုရောက်လိမ့်မည်ဆိုတဲ့ ဟောကြားချက်ကို သုနက္ခတ္တက မယုံပြန်လို့ တတိယအချက်ဖြစ်တဲ့ဟုတ်၏၊ မဟုတ်၏ သိချင်လွန်း၍ အလောင်းကောင်ကြီး၏ ကျောကုန်းကို လက်နဲ့ပုတ်ပြီးမေးတဲ့အခါမှာ ကောရခတ္တိယအလောင်းတော်ကြီးက ကာလကဥ္စိကအသူရကာယ်ဘုံမှာ ပြိတ္တာအကြီးစားကြီးဖြစ်နေကြောင်း ဖြေလေ၏။

ဤတွင် သုနက္ခတ္တရဟန်းသည် ဗုဒ္ဓ၏ဟောချက်သုံးချက်စလုံးမှန်နေ၍ အံ့ဩသွားတော့၏။

ဤ၌ ဆိုလိုသည်မှာ လူဖြစ်စေ ရဟန်းဖြစ်စေ၊ မိမိအယူအဆနှင့်မတူလျှင် တခြားလူကိုအသာထား ဗုဒ္ဓဘုရားရှင်ကိုတောင် ကဏ္ဍကောစလုပ်တတ်ကြလေ၏။

(ဒီ-၃၊ ပါထိကသုတ် ၄)

အခုလည်းကြည့်လေ၊ ဗုဒ္ဓဟောကြားချက်ဖြစ်တဲ့ အရက်သမားဖိုးသေကြီး သရဏာဥပါသကာ ငရဲကျမည်ထင်နေတာ၊ တာဝတိံသာမှာ နတ်သားဖြစ်နေပြီဆိုတော့ လက်မခံနိုင်ကြပေ။

ဒီတော့ ဗုဒ္ဓမြတ်စွာဘုရားက ဘယ်ပုံဘယ်နည်း သရဏာဥပါသကာ နတ်ပြည်ရောက်သွားသနည်း။ အကျယ်ဟောကြားပေးပါလို့ ဝိုင်းလျှောက်ကြလေ၏။

မေးလျှောက်ကြသူတွေအထဲတွင် ဘုရားရှင်၏ နောင်တော်ကြီး မဟာနာမ်လည်းပါဝင်လေရာ -

"နောင်တော်ကြီးမဟာနာမ်၊ သရဏာဥပါသကာသည် သေရည်သေရက်သောက်တဲ့ အကုသိုလ်ရှိနေပေမယ့် ဘုရား၊ တရား သံဃာဆိုတဲ့ ရတနာသုံးပါးအပေါ် အသက်နဲ့လဲပြီး ကြည်ညိုတဲ့ အဝေစ္စပသာဒကုသိုလ်အားကပိုကောင်းနေပါတယ်။ ဒါကြောင့် သေခါနီးအချိန်မှာ ရတနာသုံးပါးအပေါ်ပုံပြီးကြည်ညိုတဲ့သဒ္ဓါကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ပီတိကို အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာသုံးပါးနဲ့ ဝိပဿနာရှုလိုက်တဲ့အတွက် သေခါနီးကပ်ပြီး သောတာပန်တည်သွားခဲ့လေ၏။

ဒါကြောင့် ယခုအချိန်၌ သရဏာဥပါသကာသည် သောတာပန်နတ်သားအဖြစ် တာဝတိံသာနတ်ပြည်တွင် ခံစားစံစားနေရပြီဖြစ်သည်ဟု ဗုဒ္ဓမှဖြေကြားလိုက်လေတော့သည်။

ဂျပန်ခေတ် ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း၌ ကျွန်ုပ် စာရေးသူ၏ဖခင်ကြီးသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျွန်းရင်းရွာသားကြီးဖြစ်၍ ကျွန်းရင်းရွာကျောင်းဆရာတော်ကြီးဦး... အကြောင်းကို ပြောပြခဲ့လေ၏။

ကျွန်းရင်းရွာဘုန်းတော်ကြီးကျောင်း

www.burmeseclassic.com

မှာ ရှာနီးချုပ်စပ်ဘုန်းကြီးကျောင်းတွေနှင့်ယှဉ်လိုက်လျှင် အကောင်းဆုံးကျောင်းကြီးဖြစ်၏။ ကျွန်းရင်းကျောင်းကြီးသည် ကျောင်းအသုံးအဆောင်ပစ္စည်းနှင့်အစားအသောက်မှာ ဒကာ၊ ဒကာမများလှူဒါန်းထား၍ ခပ်ကြွယ်ဝလေ၏။

ရှာနီးချုပ်စပ်အလှူအတန်းရှိလျှင် ကျွန်းရင်းကျောင်းကြီးမှ ပစ္စည်းပစ္စယများပင် လာရောက် ငှားကြရလေ၏။

ထိုနေ့က လသာသောညဖြစ်လေ၏။ ညဉ့်မနက်သေးလေ၍ ကျွန်းရင်းကျောင်းကြီးမှာ ကျောင်းတံခါးကြီးများသည်း မပိတ်ရသေးချေ။ ထိုအချိန်မှာပင် ဓားလှံလက်နက်များကိုင်ဆောင်ထားကြသည့် လူ (၉) ယောက်တို့မှာ ကျောင်းကြီးအရှေ့သစ်ပင်ကြီးများ၏ အောက်အမှောင်ရိပ်ကိုအားပြုကာ ဘုန်းတော်ကြီးဦးဝါယမထံတက်ရောက်လာကြလေသည်။

ကျောင်းပေါ်သို့ ရောက်သည်နှင့် ပဇာစကားမှမပြောမဆိုဘဲ ဘုန်းတော်ကြီးဦးဝါယမကို ကြိုးများဖြင့်တုပ်နှောင်လိုက်ကြ၏။

ဘုန်းကြီးဦးဝါယမအနီးဘွင် ဓားပြအချို့အစောင့်ချထားပြီး ကျန်သည့် ဓားပြ (၆) ယောက်၊ (၇) ယောက်ခန့်မှာ ဘုရားခန်းမှပစ္စည်းများပါမကျန် ကျောင်းကြီးအပေါ် ထပ် ဓားပြများလိုချင်သည့် ပစ္စည်းမှန်သမျှ ထုပ်ပိုးပြင်ဆင်ပြီး အားရအောင်ရယူပြီးသည်နှင့် ပစ္စည်းတွေရော ဘုန်းတော်ကြီးကိုပါ ရွာအပြင်ကို ခေါ်ထုတ်ခဲ့ကြလေသည်။

ဘုန်းတော်ကြီးဦးဝါယမမှာ ဓားပြများထဲတွင် ဘုန်းကြီးဦးဝါယမသိသော လူအချို့ပါနေလေ၍ ဘုန်းကြီးဦးဝါယမမှာ ရင်ထဲတွင် ဒိတ်ခနဲခုန်သွားသည်။ အကြောင်းမှာ ဤဓားပြမှုတွင် သဲလွန်စမကျန်ရစ်အောင် ငါ့ကိုများသတ်ပစ်လေမလားဟူသောအတွေးတို့ ဝင်လာကာ တုန်လှုပ်မိလေ၏။

ရွာအပြင် တောအုပ်လေးအတွင်း ရောက်တော့ ကြိုးတုပ်ထားတဲ့ဘုန်းတော်ကြီးကိုသတ်ဖို့ ပြင်ဆင်လိုက်ကြ၏။

ဒီနေ့ရာလေးမှာလည်း ကျင်းနက်နက်ကြီးတစ်တွင်းကို အဆင်သင့်တူးထားတာတွေ့လိုက်ရလို့ ဘုန်းကြီးဦးဝါယမသည် ဓားပြတစ်ယောက်ကို မေးရတော့သည်။

"မင်းတို့, ငါ့ကိုဘာလုပ်ကြမှာလဲ"

"သတ်ပြီး တစ်ခါတည်း မြေမြှုပ်ခဲ့မှာ"

ဘုန်းတော်ကြီး ဦးဝါယမ ပဇာမှ တတ်နိုင်စွမ်းမရှိတော့ချေ။ အသတ်ခံရဖို့ပဲရှိလေတော့၏။

"အေး-မင်းတို့သတ်မယ်ဆိုတော့လည်း ငါအသေခံဖို့ပဲရှိတာပေါ့ကွာ။ ဘုရားရှင်ရဲ့ လက်ဝဲရံရှင် မဟာမောဂ္ဂလာန်လိုမထေရ်ကြီးတောင် အတိတ်ဝဋ်ကြွေးပါလာတော့ ပရိနိဗ္ဗာန်ရသေးတာ ငါလည်း မင်းတို့ သတ်မယ်ဆိုရင် အတိတ်ဝဋ်ကြွေးလို့ပဲ သတ်မှတ်ပါတယ်ကွာ။ မင်းတို့ကို အပြစ်လို့မမြင်ပါဘူး။ ဒါပေမယ့် မြတ်ဗုဒ္ဓရဲ့ သားတော်ပီပီ မသေခင် နောက်ဆုံးအနေနဲ့ ဘုရားရှိခိုးခွင့်လေးတော့ပေးပါ"

ထိုအချိန်တွင် ဘုန်းတော်ကြီးကို ငှက်ကြီးတောင်ဓားရှည်နှင့် ခုတ်သတ်ဖို့ပြင်နေတဲ့ငယ်သားဓားပြကို ခေါင်းဆောင်ဓားပြလုပ်သူကတားလိုက်ပြီး ဘုန်းတော်ကြီးဦးဝါယမ၏ တောင်းဆိုမှုကို ခွင့်ပြုပေးခဲ့လေတော့သည်။

လရောင်ကျိုးတိုးကျဲတဲနှင့်သစ်ပင်အုပ်အုပ်ကြီးအောက်မှာ ဓားပြ (၉) ယောက်တို့မှာ ဘုန်းကြီးကျောင်းပစ္စည်းတွေချပြီး ဘုန်းကြီးကိုသတ်ပြီးတာနှင့် ပြန်ကြဖို့အသင့်ရှိနေကြလေတော့သည်။

ဘုန်းကြီးဦးဝါယမမှာလည်း ဓားပြတွေရဲ့အလယ်မှာထိုင်၍ ဘုန်းကြီးငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲရွတ်ဆိုနေကျအတိုဆုံးနှင့် အကောင်းဆုံး ဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးလေတော့သည်။

"အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟံ သံဃံ သရဏံ ဂစ္ဆာမိ"

ဘုရားရှိခိုးစဉ်မှာပင် ဘုန်းတော်ကြီးမှာ မျက်စိကိုမှိတ်၍ ဘုရားကိုသာ အာရုံပြုထားလိုက်တော့၏။

စိတ်ထဲတွင်တော့ သရဏဂုံသုံးပါးမှတစ်ပါး အခြားဘာအာရုံမှမရှိတော့ချေ။ သို့သော် ဓားသွားက ဘုန်းတော်ကြီး၏လည်ကုပ်ကို ကျမလာကျမလာနှင့်လေပြင်းတိုက်ခတ်သံနှင့်အတူ ဓားပြများ၏ ကြောက်လန့်တကြားအော်ဟစ်ပြေးလွှားသံများ ဆူညံစွာကြားရလေတော့၏။

ကျွန်းရင်းကျောင်းဆရာတော်ကြီးမှာလည်း ဓားပြများ၏ ကြောက်လန့်စွာဖြင့် အော်ဟစ်ထွက်ပြေးသွားသံကြီးများ ကြားလိုက်ရ၍ အသာပင်မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိ၏။

အို-တကယ်ကိုအံ့ဩစရာအတိပါလား။ ဘယ်လိုကဘယ်လိုဖြစ်ပြီး ခွေခေါင်ခေါင်ကြီးမှာ မိုးမှောင်ကြီးကျပြီး ဓားပြတွေကိုလည်း တစ်ယောက်မှမမြင်ရ၊ မတွေ့ရတော့ပါလားဟု ကျွန်းရင်းကျောင်းဆရာတော်ကြီးမှ တွေးမိလိုက်လေတော့၏။

ဘုန်းတော်ကြီးဦးဝါယမသဘောပေါက်လိုက်ပါပြီ။ အခြားဟုတ်ပါ့ရိုးလား။ ဘုန်းတော်ကြီး ရွတ်ဆိုလိုက်တဲ့ သရဏဂုံသုံးပါးရဲ့အစွမ်းပေပဲပေါ့။

ဓားပြတွေရဲ့ အော်ဟစ်ပြေးလွှားသံတွေမှာလည်း ဝေးသထက်ဝေးသွားလေသည်ကို အသံကိုကြား၍သိသွားလေတော့၏။

ဘုန်းတော်ကြီးဦးဝါယမမှာ သရဏဂုံသုံးပါးကိုသာ ဆက်လက်၍ အာရုံပြုရွတ်ပွားနေစဉ်မှာပင် ဒုတိယအကြိမ်ထပ်မံ၍ ထူးဆန်းမှုတစ်ခုကို ဆက်တိုက်ကြုံတွေ့လိုက်ရပြန်၏။

၎င်းမှာ ဘုန်းကြီးတစ်ကိုယ်လုံးမှာ တုပ်နှောင်ထားသော နှောင်ကြိုးအထပ်ထပ်တို့မှာ အလိုလိုနေရင်း ပြေကျကုန်လေတော့၏။

ထိုအချိန်မှာပင် -

"အန္တရာယ်တွေကင်းပါပြီဘုရား။ ပြန်ကြလို့ရပါပြီ"

ယောက်ျားကြီးတစ်ယောက်၏ရုပ်ခန္ဓာကိုယ်ကိုမမြင်မတွေ့ရဘဲ ကြားလိုက်ရပါချေတော့၏။

ထိုအချိန်မှာ မိုးမှောင်ကြီးကျရောက်နေသော ဝန်းကျင်တစ်ခွင်တွင် ရှင်းလင်းကြည်မြသောအလင်းရောင်များ ဝင်ရောက်လာလေတော့၏။

ဘုန်းကြီးဦးဝါယမ၏ဘေးတစ်ဝိုက်တွင်တော့ ဓားပြတွေယူဆောင်လာသော ကျောင်းကြီးမှ ပစ္စည်းပစ္စည်းယတွေမှာလည်း စုပုံနေလေသည်ကို ဘုန်းကြီးဦးဝါယမ မြင်တွေ့လိုက်ရလေတော့၏။

ဘုန်းတော်ကြီးမှာ အဆိုပါကျောင်းကြီးမှပစ္စည်းများကိုပြန်လည်ရယူဖို့နေနေသာသာ လှည့်ပင်မကြည့်သလို မြင်ပင်မမြင်ချင်တော့ချေ။

ဘုန်းကြီးဦးဝါယမဦးတည်လျှောက်လှမ်းသွားသည့်နေရာသည့်ကား ပဇာသို့သော အဖိုးတန်ပစ္စည်းများမရှိသည့်နေရာဖြစ်၏။

တကယ်ကြောက်ရမည့်အရာသည် ဓားပြသူခိုးမှောက်ဘဲ ပစ္စည်းဥစ္စာရွှေငွေရတနာများပင်ဖြစ်ကြောင်း ဘုန်းကြီးဦးဝါယမလက်တွေ့သိသွားခဲ့ပြီ ဖြစ်၏။

ချမ်းမြေ့စွာနေနည်း
စာမျက်နှာ (၅၈)



www.burmeseclassic.com

www.burmeseclassic.com

မှိုင်ငြိမ်းရေးသားသည်။

- ဘုရားအစစ်ဆိုတာ ဗုဒ္ဓေါ သဗ္ဗညုတ ဉာဏ်။
- တရားအစစ်ဆိုတာ ဓမ္မောလောကုတ္တရာနဝ။
- သံဃာအစစ်ဆိုတာ သံဃော မဂ္ဂဖလဋ္ဌော။

(ဝေဘူဆရာတော်)

ကျွန်ုပ် စာရေးသူသည် ယခုအခါ အသက်(၆၀)ကျော် (၇၀)တွင်းချဉ်းကပ်လာနေပြီဖြစ်၏။ သေဖို့လွန်စွာနီးကပ်နေပြီကို ကျွန်ုပ် စာရေးသူဉာဏ်ဖြင့် တွေးမိပြီးဖြစ်၏။

ကျွန်ုပ် စာရေးသူ ယခုနောက်ဆုံး တင်ပြချင်သည့် သရဏဂုံသုံးပါးအစွမ်းကို တင်ပြပါရစေ။

ကျွန်ုပ်အသက်အရွယ်(၃၀)ခန့်က ဖြစ်၏။

ထိုနေ့က ကျွန်ုပ်စာရေးသူ၏ဇနီး သီရိဝေနှင့် ကျွန်ုပ်တို့နှစ်ယောက် ဝါဆိုလပြည့်နေ့ဖြစ်၍ ကမ္ဘာအေးဘုရားသို့ မိုးကလေးက တဖွဲဖွဲရွာနေသော်လည်း ခေါက်ထီးလေးတစ်ချောင်း နှစ်ယောက်အတူတူဆောင်း၍ ဘုရားသွားဖူးကြပါသည်။ ကမ္ဘာအေးဘုရားဖူးပြီးသော် ဇနီးဖြစ်သူက နာဂလိုဏ်ဂူဘုရားအား သွားရောက်ဖူးမြော်လိုကြောင်းပြော၍ ကျွန်ုပ်စာရေးသူမှာ ဇနီးသည်၏လက်လေးကို ဆုပ်ဆွဲ၍ ဇနီးသည်ကလည်း ခေါက်ထီးလေးဆောင်းကာ နှစ်ယောက်အတူ ရန်ကုန်ဘက်မှလာသော ကားကြီးများ ပြန်၍စီးကာ တံတားလေးလမ်းဆုံသို့ သွားရန် ကားလမ်းမကြီးဆီသို့ ထွက်ခဲ့လေသည်။

ကားလမ်းသို့ရောက်သော် ကားမှတ်တိုင်သို့ဆက်၍သွားရ၏။ ကားများမှာ ရန်ကုန်နှင့်မြောက်ဥက္ကလာပသို့သွားရန်မှာ တောင်ဘက်မှလာသောကားသည် မြောက်ဘက်သို့ပြန်လည်စီးမှ တံတားလေးဘက်သို့ ရောက်မည်ဖြစ်၏။

ကျွန်ုပ်မှာ မည်သို့ခရီးတိုဖြစ်စေ၊ မည်သို့သောခရီးရှည်ဖြစ်စေ သွားရလာရသည်ရှိသော် ထာဝရ တစ်နေ့မပြတ် သရဏဂုံသုံးပါးကို ရွတ်မြဲဖြစ်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ကျွန်ုပ်နှုတ်မှ တဖွဖွရွတ်ဆို၍ ဇနီးသည်၏လက်ကိုလည်း ကိုင်ဆွဲရင်း မြောက်ဥက္ကလာပဘက်မှလာသော ကားများသည် တောင်ဘက်သို့အစဉ်အဆက် မပြတ်ပြေးဆွဲနေကြသလို ဝါဆိုလပြည့်နေ့ဖြစ်၍ မိုးစက်မိုးပေါက်တို့သည်လည်း တောင်ဘက်မှစွေစောင်းစောင်းရွာသွန်းပက်ဖျန်း၍ ခပ်ကြမ်းကြမ်းလေနှင့်အတူ တိုက်ခတ်နေလေ၏။

ထိုအချိန်တွင် ကျွန်ုပ်စာရေးသူ၏ နောက်ဘက်မှမောင်းလာသော ကကယာဉ်ကားတစ်စီးမှာ ကျွန်ုပ်စာရေးသူ နောက်ကျောမှ ကျွန်ုပ်စာရေးသူအား ဝုန်းခနဲတိုက်ချလိုက်ပါတော့၏။

ကျွန်ုပ်မှာကားတိုက်ခတ်မှုကြောင့် လေထဲသို့ လွင့်မြောက်ပါသွားစဉ် လေထဲ၌ပင် ဤသို့စဉ်းစားမိလိုက်၏။

ငါကျသွားရင်. . .။

ဤအတွေးမှာ မဆုံးလိုက်မီ မိုးရွာသွန်းမှုကြောင့် ဗွက်အိုင်လေးဖြစ်နေသောနေရာသို့ ဇုန်းဆိုပစ်ကျသွားလေတော့၏။ ဤသို့ကျသွားသည်နှင့် ကျွန်ုပ်ကိုတိုက်သောကားသည် အရှိန်နှင့်ရောက်လာပြီး ထပ်မံကြိတ်နိုင်လေသည်ကိုတွေးမိလေ၍ ရေအိုင်ဗွက်လေးပေါ် ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးပစ်ကျလိုက်သည်နှင့် ကကကားကလေးမှာလည်း ဝေါဆို ကျွန်ုပ်အား ဖြတ်ကျော်၍သွားပြီး ကားမှာရပ်သွားလေ၏။

ကျွန်ုပ်မှာလည်း ထိုစဉ်အချိန်က ဘောလုံးကစားနေစဉ်ဖြစ်၍ ကားလေး မရောက်မီပင် ရေအိုင်ထဲပြုတ်၍ကျသွားနှင့် ကျွန်ုပ်၏ခန္ဓာကိုယ်ကို ပြောင်းပြန်ပြန်၍လှန်လိုက်သည့်အတွက် ထပ်မံ



ကားတိုက်ခံရမည့်ဘေးမှ သီသီကလေး လွတ်မြောက်သွားခဲ့ပါတော့၏။

တိုက်သွားသော ကားသမားမှာလည်း ကားတံခါးကိုဖွင့်၍ ပြေးထွက်လာကာ ကျွန်ုပ်၏ဇနီး သီရိဝေထံ ပြေးသွား၍-

"ဘယ်နားသွားသလဲ ညီမ"

ဟု ပျာပျာသလဲမေး၏။

ကျွန်ုပ်စာရေးသူ၏ဇနီးသည်မှ -

"ဟိုမှာအတိုက်ခံရတဲ့လူ"

ဆိုပြီး လဲကျနေသော ကျွန်ုပ်ထံ လက်ညှိုးထိုးကာ ညွှန်ပြလိုက်မှ ကားဆရာလည်း ကျွန်ုပ်ထံ ပျာပျာသလဲပြေးလာကာ ထူပွေ့လေ၏။

"ဆောရီး - ညီရာ၊ မိုးစက်တွေက ကားမှန်ကိုတပြောင်းပြောင်းလာတိုး ဘာမှမမြင်လို့ပါ"

ကျွန်ုပ်မှ ကားဆရာ၏ ပြောချက်ကို ဘာမှခွန်းတုံ့မပြန်နိုင်တော့ဘဲ ကားတိုက်ခံလိုက်ရမှုကြောင့် ခန္ဓာကိုယ် တစ်ခုလုံးနာကျင်မိသော်လည်း အဆိုး... ဝါးဆုံးမှာ ခေါင်းကြီးတစ်ခုလုံး အုန်း... သလိုဖြစ်၍သွားပါတော့သည်။

တစ်ရက်၊နှစ်ရက် ဆေးခန်းသွား... သည်နှင့် ခန္ဓာကိုယ်ပြင်ပနာကျင်မှုများ ကင်းပျောက်သွား၏။

အုန်းလွဲသလိုဖြစ်၍သွားသော နာကျင်မှုကြီးမှာ တစ်နှစ်လည်းမပျောက် နှစ်နှစ်လည်းမပျောက်ခဲ့ပါ။

သို့သော် ဤမျှ ပြင်းထန်... ကားတိုက်မှုကြီးမှာ အသက်သေ... သွားသည်အထိဖြစ်နိုင်ပါသော်လည်း ကျွန်ုပ်စာရေးသူအား ကယ်မသွားသည်မှာ-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဟူသော သရဏဂုံသုံးပါး... လျှင်ဖြစ်သည်ကိုတော့ ကျွန်ုပ်အသ... ထဲ၌ ကျောက်ထက်အက္ခရာတင်ခြ... လိုက်ရသလို စွဲမြဲခဲ့ရတော့၏။

မဟာမဟာ ကြီးမြတ်စွာ... ဘုရားပုရမေ မြတ်စိတ်တွေအား ဝပ်... ညွှတ်ကျိုး ရှိခိုးအပ်သော အတိုင်း... ကြောင့် ရန်မျိုးကိုယ်လို ခြံရံ... ဘုရား တရား သံဃာ ရတနာသုံး... အကျိုးတည်။


နန္ဒဝင်းကျော်ခေါင် (ခ...)

www.burmeseclassic.com


www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ မေလအတွက် စီးပွားရေးဗေဒင်ဟောကိန်း


## မင်းရိုးအောင်



၁-၅-၂၀၁၇ နေ့ သာယနဇာတာခွင်



၁၁-၅-၂၀၁၇ နေ့ သာယနဇာတာခွင်



၂၁-၅-၂၀၁၇ နေ့ သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက် တည်ငြိမ်နေမည်။ ငွေကြေးဈေးကွက် ထုံထိုင်းနေမည်။ ကျောက်မျက်ဈေးကွက်ကသောင်းကနင်းဖြစ်နေမည်။ စတော့ရှယ်ယာဈေးကွက်တက်ဈေးမျှော်နိုင်မည်။ ဆေးနှင့် ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းဈေးကွက်ငြိမ်သက်နေမည်။ မီဒီယာ၊ စာနယ်ဇင်း၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာဈေးကွက်ကမောက်ကမဖြစ်နေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်၊ အိမ်ခြံမြေဈေးကွက် မတည်မငြိမ်ဖြစ်နေမည်။ ရေထွက်ပစ္စည်းဆိုင်ရာဈေးကွက် အတက်အကျနှေးနေမည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဈေးကွက် တက်ဈေးမျှော်နိုင်သည်။ သတ္တုဈေးကွက်သိပ်မကောင်း၊ စားသုံးဆီဈေးကွက်ထိုင်းမည်။လောင်စာဆီဈေးကွက် တက်ဈေး၊ ကျဈေးမှာ ကပြောင်းကပြန်ဖြစ်နေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်ငြိမ်သက်နေဦးမည်။ ငွေကြေးဈေးကွက်ထုံထိုင်းနေမည်။ ကျောက်မျက်ဈေးကွက်မငြိမ်မသက်ဖြစ်မည်။ စတော့ရှယ်ယာဈေးကွက်ဦးမော့လာနိုင်သည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ ဈေးကွက်ထိုင်းမှိုင်းနေမည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းဈေးကွက်လှုပ်ခတ်နေမည်။ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာ၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာဈေးကွက်လှုပ်ရှားလွန်းမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက် မူမမှန်ဖြစ်နေမည်။ ဆောက်လုပ်ရေးဆိုင်ရာ၊ အိမ်ခြံမြေဆိုင်ရာဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ရေထွက်ပစ္စည်းလုပ်ငန်းဆိုင်ရာအတက်အကျနှေးကွေးနေမည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဈေးကွက်တက်ရိပ်ပိုကောင်းလာမည်။ သတ္တုဈေးကွက်မကောင်း။ စားသုံးဆီဈေးကွက်ထိုင်းမည်။လောင်စာဆီဈေးကွက်ပြောင်းဆန်နေမည်။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်အကျဘက်ယိုင်မည်။ ငွေကြေးဈေးကွက်ထိုင်းသော်လည်း တက်ရိပ်မျှော်နိုင်မည်။ ကျောက်မျက်ဈေးကွက်မူမမှန်။ စတော့ရှယ်ယာဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက် အတက်အကျပုံမှန်မဟုတ်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာ ဈေးကွက်တက်ရိပ်ရှိသော်လည်း ကျဈေးမိတတ်သည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း ကျဈေးမိတတ်မည်။ ဆောက်လုပ်ရေးနှင့်အိမ်ခြံမြေဈေးကွက်ကပြောင်းကပြန်ဖြစ်နေမည်။ ရေထွက်ပစ္စည်းတည်ငြိမ်မည်။ စိုက်ပျိုးမွေးမြူရေးဈေးကွက်မြောက်မည်။ သတ္တုဈေးကွက်ပုံမှန်မဟုတ်။ စားသုံးဆီနှင့်လောင်စာဆီဈေးကွက်ကပြောင်းကပြန်ဖြစ်မည်။

မင်းရိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



# မင်းနန္ဒရှိန်

## ဗိုလ်အောင်ဒင်နှင့် တစ်ပွဲတားချစ်ငွေ

(၁)

တစ်ခုတည်းသောတန်ဆောင်မုန်း လပြည့်ညတစ်ည။

ဆေးပေါ်င်းခတဲ့ညမို့ ထိုညမျိုး ကိုစောင့်၍ မဲဇလီဖူးသုပ်စားရသည့် အရသာက မည်သည့်အရာနှင့်မျှမလဲ နိုင်။

သာလွန်းသည့် လမင်းကြီးကား အရောင်က ရွှန်းရွှန်းမြမြက စမုံချောင်း လေးပေါ် သို့ဖြာကျ၍နေ၏။ တိတ်ဆိတ် သော စမုံချောင်းရေပြင်ထဲတွင် လပြည့် ညဖြစ်သည်ကတစ်ပိုင်း၊ ညဥ့်အခါဖြစ်၍ မလှုသမ္ဘန်စက်တပ်ရေယာဉ်များ အသွား အလာကျဲလျက်ရှိ၏။

အေးမြသောချောင်းရေပြင်သည် ငွေလရောင်ကြောင့် ဘော်ငွေရောင်အတိ ဖြီးလျက်ရှိသည်။

ထိုအချိန်တွင် ငွေလရောင်နှင့် အတူ သပြေတန်းရွာချောင်းရေပြင်ထဲ တွင် ရှည်မျောမျောသဏ္ဌာန်တစ်ခု သစ်တုံးကဲ့သို့ရွေ့လျားကာ နီရဲသော မျက်လုံးတစ်စုံကိုဖူးရဲစွာဖွင့်လျက် ရေပြင် ထဲတွင် ရေပန်းများဖွားခနဲဖြစ်အောင် အမြီးတစ်ချက်ယမ်းကာ ရေစီးနှင့်အသာ မျောပါသွားလေတော့သည်။

(၂)

သပြေတန်းရွာကလေး။

ချစ်ငွေတို့၏ ချက်မြှုပ်ဖြစ်သလို ငါးသားဟင်းစားများမရှားသောကြောင့် သိကြားဟင်းအိုးပမာ အိုင်ကျက်ဝဲ ကြောင့် ထင်ရှားလေသည်။

အိမ်ခြေက (၂၀၀) ခန့်မျှ။

တစ်နေ့ အဖော်အရက်ဆိုင်ထဲ သို့ ခွေးတင်နှင့် ချစ်ငွေ ပိုက်တစ်ဖုံထမ်း လျက်ဝင်လာကြသည်။

ချစ်ငွေနှင့် ခွေးတင်ဆိုင်ထဲဝင်လာ လျှင် အဖော်မှာ မျက်ခုံးခပ်လှုပ်လှုပ်။ ချစ်ငွေကသိပ်လွယ်တဲ့ကောင်မဟုတ်။

"ဟေ့-အဖော် ကျုပ်ပိုက်ကို ဒီ ရေထမတိုင်ခင် ငွေတစ်ထောင်နဲ့ခင်ဖျား ဆီမှာထားမယ်။ လောလောဆယ် အရက် (၁) လုံးချပေး"

"ပိုက်ဆံတစ်ထောင်က ဟုတ်ပါပြီ ချီးငွေ။ လုပိုက်ကရော ဘီနီတောင်ပိုက် လဲ ချီးငွေ"

"(၁၇) တောင်ရှိတယ် အဖော်"

"ဟော"

"ခဲသီးကကော ချီးငွေ"

"(၇) ပိဿာခွဲ"

ချစ်ငွေက အဖော်ချပေး... အရက်တစ်ကျိုက်တည်းမော့ချလို... ခပ်ပြတ်ပြတ်ပြောလိုက်၏။

ထိုအခါ အဖော် မျက်ခုံး... သည် ဆိုင်ခေါင်မိုးပေါ် တက်မတ... ၍သွား၏။

"ချစ်ငွေနောက်နေတာမဟု... နော်။ ဝကမညာပေမယ့်ယုံချင်တ...

"ဘာလဲအဖော်၊ ကျုပ်တို့မ... လား"

"စဉ်းစားပြီးပြောပါကွာ၊ ဝ... လူကဲ့ခတ်တတ်ပါတယ်။ လုံရဲ့ပ... (၁၇)တောင် ခဲသီးက (၇) ပိဿာခွဲ... လိုအရပ်အမောင်းနဲ့ ပိုက်ခေါင်း... (ဖူးကြာကြီး) ကိုင်တယ်ဆိုတော့ ... စရာပဲလေ"

အဖော်ပြောလည်းပြောခ... (၁၇) တောင် ပိုက်ဖခါင်းကြီး... လောက်အောင် ချစ်ငွေက မထွ... လှ။

"ဟား ဟား ဟား"

ချစ်ငွေက ရယ်လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com

...င်နှင့် အရက်ဆိုင်ထဲကလူတွေကပါ ...ရယ်လိုက်ကြတော့သည်။

"ဒီလိုလုပ်ပါလားအဖောင်။ ကျုပ် ...ခင်ဗျား အလောင်းအစားတစ်ခုလုပ် ...မယ်"

"ဘယ်လို အလောင်းအစားလဲ ..."

"ဒီလိုလေ ကျုပ်က ဒီပိုက်ကို သုံး ...မ်သုံးခါမစ်ပြမယ်။ ကျုပ်မပစ်နိုင်ရင် ...ဖောင်က ကျုပ်ပိုက်ကို အပိုင်သိမ်း၊ ... - ပစ်နိုင်ရင်တော့ အခုယူတဲ့ပိုက်ဖိုး ... အဖောင်လျော်ရမယ် ဘယ့်နှယ်လဲ ...ဖောင်"

အလောင်းအစားဝါသနာပါသော ...ဖောင်ခေါင်းထောင်လာပြီး တရုတ် ...သီးတွက်တွက်ကာ ခေါင်းညိတ်လေ ...တော့သည်။

အဖောင်နဲ့သဘောတူပြီးနောက် ...ဆိုင်ထဲက ထွက်ခါနီးတွင် ချစ်ငွေကပင် ...ဖောင်အား -

"လာမယ့်လပြည့်နေ့ အိုင်ကျုတ် ...နော်"

ဟု ပြော၍ ခွေးတင်နှင့်ထွက်သွား ...လေတော့သည်။

(၃)

လပြည့်နေ့ ဒီရေတက်ချိန် အိုင်ကျုတ်ဝဲထဲတွင် ပိုက်လှေတချို့နှင့် အဖောင်တို့ရောက်နေကြပြီ။

အိုင်ကျုတ်ဝဲ။

နာမည်ကဆန်း၏။ သပြေတန်းချောင်းရိုးတွင်နာမည်ရှိသောဝဲမို့ တော်ရုံတန်ရုံထိုနေရာကိုရှောင်ကြဉ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သပြေတန်းချောင်းရိုးထိပ်တွင် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းပျက်တစ်ခုရှိလေ၏။ ချောင်းကလေးသည် အကွေ့အကောက်များနှင့် စီးဆင်းလာခဲ့ပြီး ထိုနေရာအရောက်တွင် အိုင်ကဲ့သို့ဝန်းဝိုင်းသွားပြီး ချောင်းလုံးက မကောင်းချင်။ ဝဲပုံများ၊ ဝဲကတော့များက ဟိုတစ်ပွက်သည်တစ်ပွက်။ ကျုတ်ကုန်းဟု လူသိများခဲ့ပြီး တစ်ချိန်က လှေ၊ သမ္ဗန်များ ညဘက်သွားလျှင် မီးတုတ်နှင့်လူရိပ်ပြခေါ်၍ အနားရောက်လျှင် ပျောက်သွားတတ်သဖြင့် ကျုတ်များ လူယောင်ပြသည်ဟု ပြောဆိုကြသဖြင့် ထိုနေရာကို ရွာသားများက အိုင်ကျုတ်ဝဲခေါ်တွင်ခဲ့ကြရာမှ ယနေ့တိုင် အိုင်ကျုတ်ဝဲဟု လူသိများခဲ့သည်။

မကြာမီ -

"ကဲ - စပြီဟေ့"

ဟု ချစ်ငွေက ပိုက်ကို ရေထဲသို့ ပစ်လိုက်လေသည်။

"ဝှီး . . ဗွမ်း . . ဗျန်း"


ချောင်းရေပြင်နှင့် ပိုက်မှ ခဲသီးများထိတွေ့သံပေါ် ထွက်လာပြီးနောက် လက်ခုပ်သံများ စီညံစွာပေါ် ထွက်လာ၏။

ခွေးတင်က မူးမူးနှင့် လှေပေါ်မှ နေ၍ -

"ဟေး ချစ်ငွေကွ။ ဒါမှတစ်ပွဲစားလို့ခေါ်တာကွ"

အော်လေ၏။

ပိုက်ကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ပစ်ပြီးနောက် ချောင်းထဲသို့ ချစ်ငွေ ခုန်ချလိုက်ပြီးရေငုပ်သွားလေ၏။ မကြာမီ ငါးကျောင်း (ငကျောင်း)ကြီးနှစ်ကောင် ကိုင်၍ ရေထဲမှဘွားခနဲပေါ်လာသော ချစ်ငွေကိုကြည့်၍ အဖောင်ပင်မနေနိုင်တော့။ လက်ခုပ်လက်ဝါးတီးမိရဲ့သား ဖြစ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com

နိုင်သူပြုံး၍ ရှုံးသူပါပျော်ကြသည့် ပြိုင်ပွဲလေးတစ်ခု။ အိုင်ကျတ်ဝဲတွင်ဖန်တီးခဲ့ပြီး နောက်ဆုံးတော့ အဖောင်၏ အရက်ဆိုင်ဆီသို့သာ ချီတက်သွားကြရာ ယခင်နေ့ထက် ရောင်းကောင်းသွားသူက တရုတ်ပေါက်ဖော် အဖောင်ပင်။ ပြိုင်ပွဲဦးပေမယ့် သူ့အရက်နဲ့အမြည်းက ရောင်းကောင်းသလောက် အမြတ်ထွက်ခဲ့လေပြီဖြစ်သည်။

(၄)

အိုင်ကျတ်ဝဲတွင် အဖောင်နှင့် အလောင်းအစားပြုလုပ်ပြီးနောက်တွင် တစ်ပွဲစားချစ်ငွေ နာမည်ရလာခဲ့ပြီးနောက် အတောင်(၇၀)နက်သောချောင်းထဲတွင် ရေအကြာကြီးငုပ်နိုင်ကြောင်း၊ တစ်ခါတစ်ရံတွင် အိုင်ကျတ်ဝဲထဲက ငါးကျောင်း (၃) ကောင်ကိုဖက်လုံးပြီး လှေပေါ်တွင်ပင်ကင်စားကြောင်း။ ချစ်ငွေ ပြောသည့်နေရာတွင် သွား၍ကွန်ပစ်ပါက ပြောသည့်အတိုင်း ငါးများရသည်ဟု အမျိုးမျိုးသတင်းကြီးလာပြီးနောက် အင်းသူကြီးများ၏ လက်စွဲဖြစ်လာ၏။ ချစ်ငွေမှာ အိုင်ကျတ်ဝဲနှင့်မည်သို့မည်ပုံ အကျိုးပေးသည်မသိ အိုင်ကျတ်ဝဲဘက်က ပြန်လာတိုင်းပင်ငွေစကရွှင်နေသည်။

ဒါကို သတိထားမိသည်က ချစ်ငွေမိန်းမ မိုနီ။ အရက်ထစ်လုံး ဆေးပြင်းလိပ်၊ ကြက်ဥတစ်လုံးနှင့် တင်မြှောက်ပြီးက ချစ်ငွေထွက်သွားပြီး မကြာမီဟင်းစားအပြင် ဈေးသုံးအပိုအလျှံ ငါး၊ ပုစွန်များ လှေဝမ်းထဲတွင်ပါလာတတ်သည်။

မိနီစိတ်ထဲတွင် သူ့ယောကျ်ား ချစ်ငွေနှင့် အိုင်ကျတ်ဝဲတစ်နည်းနည်း ဆက်စပ်နေပုံရသည်။ လှေနောက်လိုက် ခွေးတင်ကိုမေးလည်းမရ။ ငခွေးတင်က အချိန်ပြည့်မူးနေရရင်ပြီးရောလူစား။

ဒီနေ့လည်း ချစ်ငွေနှင့်ခွေးတင်တို့ ပိုက်ပစ်ထွက်သွားကြသည်။ ဒီရေအတက်နှင့် ချောင်းကွေ့များကို ဖြတ်ကျော်၍ ပုံတစ်လိမ့်ဝဲဘက်သို့ပိုက်ပစ်ရန် သွေးတိုးစမ်းနေ၏။

ရေပြင်အနေအထားကို ကြည့်လျက် ချစ်ငွေမတ်တတ်ရပ်ပြီးပိုက်ကို ဖြန့်လျက်ပစ်လိုက်၏။

ဟန်ချက်ညီညီ ခဲသီးအလေးချိန်ကြောင့် ချောင်းရေမြစ်ထဲ -

"ဗွမ်း. . . ဗွမ်း. . . ဗျန်း"

အသံထွက်လျက် ပိုက်တာရေထဲကျသွား၏။ ချစ်ငွေက ပိုက်ကို အသာယာဆွဲတင်ရန် ဖူးကြာကြီး (ပိုက်ခေါင်းကြီး) ကိုစု၍ဆွဲယူလိုက်ပြီး ပိုက်ထဲပါလာသော အမှိုက်သရိုက်များကို ဖယ်၍ ငါး၊ ပုစွန်တချို့ကို ရွေးဆယ်ယူကာ လှေဝမ်းထဲထည့်၏။ ဟင်းစားတောင် ခပ်ခက်ခက် ပုံတစ်လိမ့်ဝဲက ချစ်ငွေနှင့် သိပ်မဟပ်စပ်လှပေ။ ထို့ကြောင့် လှေကို ရေစီးကြောင်းအတိုင်းပင်မျောလိုက်ပြီး ထမင်းအိုးတစ်အိုးကျက်ခန့်အကြာတွင် အိုင်ကျတ်ဝဲဘက်သို့ရောက်ရှိလာ၏။

ပေဒါပိုက်ဖုတ်များတစ်ဖုတ်နှစ်ဖုတ် သုံးဖုတ်ရေအိုးချိန်တစ်ခြမ်းစောင်းပိုက်စိုက်ကျနေ၏။ လမုသီးတစ်လုံးနှင့် ခုတ်ထားသော ဓနိဖောင်တုံးကြီးကဝဲထဲကရေအိ၍ထွက်လာပြီး ချောင်းနံဘေးဖိုက်တောများဘက် ရွေ့လျားနေ၏။

တစ်နေရာတွင် ဒိုင်ဖုတ်က ကိုင်းညွတ်နေပြီး ပြန်မတ်လိုက်လှုပ်ယမ်းနေသဖြင့် ငါးကြင်း သို့မဟုတ် ငါးမြစ်ချင်း အုပ်ဖြစ်နိုင်သဖြင့် ခွေးတင်ကို ရေသံမကြားအောင်လှော်ခိုင်းပြီး ရှေ့(၃)ကိုက်ခန့်ခွာပြီး ဖူးကြာကြီး (ပိုက်ခေါင်းကြီး) ကိုကိုင်၍ ပိုက်ကိုဖြန့်ကာပစ်လိုက်၏။

"ဗွမ်း. . ဗွမ်း. . . ဖျမ်း. . ဖျမ်း"

လှေက အနည်းငယ်လှုပ်ရှားသွားကာ လှိုင်းဂယက်များထသွား၏။

"ဟေ့ ချစ်ငွေ။ ညနေကျရင် အဖောင်ဆိုင်မှာဆုံမယ်။ ပုစွန်တုပ်အမြည်းရလာတယ်ဟေ့"

ပုံတစ်လိမ့်ဝဲပျံဘက်မှာ ပုစွန်ပိုက်ပြန်လာသော ကုလားလေးနှင့်ဗိုက်ကြီးတို့ကအော်သွားကြ၏။

ချစ်ငွေက နှုတ်ဆက်သွားသော ငမြေတို့လှေကိုကြည့်ရင်း ပိုက်ခေါင်းကြီးကိုဆွဲတင်နေ၏။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ပိုက်ကဆွဲတင်၍လိုက်မလာ။ ဖူးကြာကြီးသာတင်း၍လာသည်။ ချစ်ငွေအံ့ဩနေ၏။ တစ်ခါမျှ ဒီလိုမဖြစ်ဖူးဘူး။

ရှုရှုးဗိုင်းဗိုင်းသမားချစ်ငွေ ပြောပြောဆိုဆို ရေထဲသို့ ခုန်ချသွားပါသည်။

ရေအောက်တွင် ချစ်ငွေသည် သူ၏ပိုက်အားညှိနေသောအရာကို ရှာဖွေရာ သစ်တုံးကြီးတစ်တုံးနှင့် ငြိနေသဖြင့် ပိုက်ကိုဖယ်ရှားလိုက်၏။ ယခင်က သစ်တုံးကြီးမှာ ထိုနေရာတွင်မရှိ ဘယ်က ရောက်လာသည်မသို။ သို့သော် သစ်တုံး၏အစွန်းဘက်မှ အဖြူရောင်အလင်းတန်းတစ်ခုကို တွေ့ရသဖြင့် အနီးကပ်ကြည့်လိုက်ရာတွင် အလင်းတန်းက မှေးမှိန်ပျောက်ကွယ်သွား၏။

နောက်နေ့မှာပဲ ထိုသစ်တုံးကြီးကို နေရာဖယ်ရှားတော့မည်ဟုဆိုပြီး ရေပေါ်သို့ပြန်တက်လာခဲ့သည်။ သို့သော် ရေအောက်မှ နီရဲစူးရှသောမျက်လုံးအစုံကိုဖြင့် ချစ်ငွေသတိမထားမိခဲ့။

ချစ်ငွေနှင့်ခွေးတင်တို့ ပိုက်ကို ထဲမှဆွဲဖော်ပြီးသောအခါ၌ လှေဝမ်းထဲတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငကျောင်းနှင့် ပုစွန်တချို့ ငါးစင်ရိုင်းတို့ အမယ်စုံစွာ တွေ့ရှိရလေတော့သည်။

ဒီနေ့အတွက် နေ့တွက်ကိုက်ပြီး၍ အိုင်ကျတ်ဝဲမှပြန်လာခဲ့ကြ၏။

(၅)

ထိုနေ့ညက အဖောင့်ဆိုင်မှအရက်နှင့် ငါးကျောင်းသားကင် ပုစွန်တုပ်ပြုတ်ကသပိုးကြော်အမြည်းစုံလင်စွာတို့နှင့် သောက်စားပြီး အိမ်ရှေ့ရေကပြင်လေးတွင် ချစ်ငွေအိပ်ပျော်သွား၏။

ထိုအချိန်၌ အိပ်မက်လိုလို တကယ်လိုလို ချောင်းရေပြင်ထဲမှာ မည်းမည်းသဏ္ဌာန်တစ်ခု မျက်လုံးကနီရဲနေပြီး မျက်နှာရှည်တောက်တောက် ချစ်ငွေ အိပ်နေသော ရေကပြင်ရှေ့ရောက်လာပြီး ဗိုလ်အောင်ဒင်ဟုပြော၍ သစ်တုံးကြီးကို မဖယ်ရှားရန် ဖယ်လျှင်လူစားခံရမည်ဖြစ်ကြောင်း၊ မဖယ်လျှင် ချစ်ငွေကိုပေးမည်ပြောပြီး ရေထဲပြန်ဆင်းသွား၏။

ရုတ်တရက် ချစ်ငွေ အိပ်နေရာမှ နိုးလာ၏။ စိတ်ထဲတွင် စောစောကအဖြစ်ကိုမယုံချင် အိပ်မက်ဟုထင်နေမိ၏။ ရေကပြင်ကိုကြည့်လိုက်တော့ စိုစွတ်နေသောဝါးလုံးကြမ်းခင်းကိုတွေ့၍ ခေါင်းခြောက်သွားသည်။

ညအချိန်မတော် မိနီလည်း ထချိုးမည်မဟုတ်။ တစ်ယူသန်ကြီး ချစ်ငွေကတော့ သွေးလေချောက်ချားပြီး အိပ်မက်မက်တာပါဟု ပေါ့ပေါ့တန်တန်ပင်တွေးလိုက်၏။

(၆)

တစ်နေ့ အဖောင်ဆိုင်တွင် ချစ်ငွေတို့အရက်သောက်ရင်း ဟိုတစ်ညကအကြောင်း ခွေးတင်အား ပြောပြလိုက်ရာ ငခွေးတင်က ချစ်ငွေပြောပြသောရေအောက်မှ သစ်တုံးကြီး၊ ဖြူဖြူအလင်းတန်းနှင့် ရေကပြင်ပေါ်ရောက်လာပြီး သတိပေးသော လူလိုသတ္တဝါလိုက်စွာ စိတ်ဝင်စားသွား၏။

"ဒီလိုလုပ်ကွာ ချစ်ငွေ။ ဒီကိစ္စ ရိုးသားရိုးမထင်ဘူး။ ရွာထဲက ဖိုးသာ ကိုမေးကြည့်ရအောင် ဖိုးသာအိုက မှေ

www.burmeseclassic.com

ဒီနောက်မီအဘိုးကြီးကွ"

"ဘာပဲဖြစ်ဖြစ်ကွာ ဒီသစ်တုံးကြီးက ငါတို့အတွက် ခလုတ်တံသင်းဖြစ်နေတာပဲ။ ဖယ်သင့်ရင်တော့ဖယ်ရမှာပဲ"

ဟု အရက်ခပ်ထွေထွေနှင့် ချစ်ငွေက ပြောလိုက်၏။

ခွေးတင်ကတော့ ချစ်ငွေအကြောင်းသိနေ၍ ဘာမှထင်မြင်ချက်မပေး။ ဒီနေ့နေ့က်အိုင်ကျတ်ဝဲဘက်ရောက်နေသော ချစ်ငွေတို့ပိုက်လှေလေးမှာ ဟိုတစ်နေ့က ပိုက်ငြိခဲ့သောနေရာတွင်ဆင်းလျက် သစ်တုံးကြီးကိုဖယ်ရှားမည်အလုပ်တွင် အလင်းတန်းတစ်ခုတွေ့၍ အနားတိုးကပ်သွားကြည့်ရာ ဆင်းတုတော်တစ်ဆူ ဖြစ်နေ၏။ ထိုအချိန်တွင် လူတစ်ယောက်သက်သီးဆုပ်ခန့်ရှိ မျက်လုံးတစ်စုံကို ချစ်ငွေတွေ့ပြီး သစ်တုံးကြီးနောက်တွင် အသာပုန်း၍နေ၏။မကြာမီ ရေသတ္တဝါကြီးထွက်သွားတော့မှ ချစ်ငွေ ဆင်းတုတော်ကိုယူ၍ ရေပြင်ပေါ်တက်လာခဲ့၏။

"ခွေးတင်ရေ၊ လှေကိုမြန်မြန်လှော်ဒီနေရာက သွားစို့ဟေ့"

တစ်ခါဖူးမျှ ကြောက်စိတ်မဝင်သောချစ်ငွေ ဒီတစ်ခါ ဘာဖြစ်တာပါလိမ့်။ အိုင်ကျတ်ဝဲမှရရှိသော ဆင်းတုတော်ကို နွံများပေနေ၍ ရေစင်စင်ဆေးသောအခါ ကျောက်စိမ်းဆင်းတုတော်ဖြစ်နေပြီး ဉာဏ်တော်က လေးလက်မခန့်ရှိသည်ကို တွေ့ရ၏။

ကျောက်စိမ်းဆင်းတုတော်မြတ်ကို ကြည့်ပြီး ခွေးတင်က -

"တို့ကိုတံငါဘဝကကျွတ်အောင်ချွတ်နေပြီ ချစ်တင်ရေ၊ ဒီအလုပ်ကိုစွန့်လွှတ်ကြစို့"


"အယူမသီးစမ်းပါနဲ့ ခွေးတင်ရာ။ တို့နဲ့ထိုက်လို့ရတာပဲဟာ။ ဒါပေမယ့် ငါရေအောက်မှာ မျက်လုံးနီနီနှစ်လုံးနဲ့ ရှည်မျောမျောသတ္တဝါကြီးကို တွေ့လိုက်ရတယ်။ တစ်ခါမှ အဲသည်လောက်အသည်းမတုန်ဖူးဘူးကွ"

"ဟင် - ရေသတ္တဝါကြီး"

ဟု ပြောရင်း ခွေးတင်ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။

ချစ်ငွေကို အိပ်မက်ပေးသော ဗိုလ်အောင်ဒင်ကြီးများလားဟု တွေးမိလိုက်သည်။

ဒီကြားထဲ အတွင်းမီးအပြင်တောက်သလို့ ချစ်ငွေ မိန်းမမိနီစကားဖွာမှုကြောင့် ဘဝတူရေလုပ်သားချင်းများကပင် ချစ်ငွေတို့ကို တစေ့တစောင်းကြည့်လာကြသည်။



တစ်ည ချစ်ငွေတို့ ပိုက်ပစ်နေစဉ် လှေနှစ်စီးနှင့် လူတစ်စုမှလာရောက်ရန်ပြုကြရာ-

"ဗွိုး . . . ဒုတ်"

"ဝုန်း . . ဒုတ် . . ဟာ ပစ်တယ်ကွ"

ခွေးတင်က အော်၏။ ချစ်ငွေက လှေဝမ်းထဲမှာ မှိန်းကိုကိုင်ရင်း -

"ဟေ့ကောင်တွေ တစ်ပွဲစားချစ်ငွေတဲ့ကွ။ အိုင်ကျတ်ဝဲမှာ ငါ့ကိုယှဉ်ရဲရင် မင်းတို့ လှေအရှေ့တိုးခဲ့ဟု"

ပြောလိုက်၏။

"ဗွိုး . . ဝှစ် . . ဒုတ်"

"အား . . အီး . . အား"

အော်သံကြားရသလို ခွေးတင်၏ သားရေခွလက်စာကလည်း ထိရောက်လှသဖြင့် လှေ (၂) စီးမှ အနီးမကပ်နိုင်ဖြစ်နေချိန်၌ -

"ဝုန်း . . ဝုန်း . . ဘုန်း"

"ဟာ-ဘာကောင်ကြီးလဲ။ ငါးရွှေကြီးလား၊ မိကျောင်းကြီးလား မျက်လုံးကြီးကရဲနေတာပဲ။ကမ်းကိုမြန်မြန်ကပ်ပြီးပြေးကြဟေ့"

ဟု ချောင်းထဲတွင် စီညံသွား၏။

ချစ်ငွေတို့လည်း ကမ်းစပ်မှနေ၍ မျက်လုံးနီနီနှင့် သောင်းကျန်းနေသည့် သတ္တဝါကြီးကြည့်နေလေသည်။ မကြာမီ ချောင်းရေပြင်က မူလအတိုင်းပြန်လည်ငြိမ်သက်မြဲ။ ချစ်ငွေတို့ကို ရန်ပြုလာသည့်လှေ(၂) စီးလည်း ပျောက်ခြင်းမလှ ပျောက်သွား၏။

ထိုအချိန်မှစတင်၍ ချစ်ငွေမှာ အစောင့်အရှောက်ကောင်းသည်။ တစ်ပွဲစားချင်း ရေသတ္တဝါကြီးနှင့် မိတ်ဆွေဖြစ်နေသည်ဟု ပိုသတင်းကြီးလာခဲ့၏။

(၇)

တစ်နေ့ ချစ်ငွေအိုင်ကျတ်ဝဲတွင် ပိုက်ပစ်ရင်း ရေအောက်မှသစ်တုံးနှင့် ပိုက်ငြိနေ၍ဆင်းဖြုတ်ပြီး သစ်တုံးကြီးကိုနေရာဖယ်ရှားလိုက်၏။ ခွေးတင်ကို ထိုအကြောင်းတောင်မပြောဖြစ်ခဲ့။ နွေညတစ်ည အဖောင်ဆိုင်မှ ရေချိန်ကိုက်လာပြီး ချစ်ငွေမှာ အိုက်စပ်စပ်ရှိလှသည်အတွက် -

"ခွေးတင်ရေ ငါတော့ ရေပေးလိုက်ဦးမယ်ကွာ"

ဟု ပြောပြီး ရေကပြင်မှချောင်းထဲ အသာလျှော၍ဆင်းသွား၏။

ခွေးတင်ကတော့ လေတဖြူးဖြူးယစ်ရွှေရည်တန်ခိုးနှင့်မှိန်းနေ၏။ခွေးတင်တစ်ရေးရသွားပြီး ချစ်ငွေကိုသတိရ၏။

"ချစ်ငွေ ဟေ့ကောင် ချစ်ငွေ"

ချစ်ငွေက ပြန်မထူး။ ခွေးတင်ရေကပြင်ကို သွားကြည့်ပြန်တော့ ချစ်ငွေ၏ပုဆိုးနှင့် အင်္ကျီလေးကအပုံလိုက်။ သို့သော် ရေဆင်းချိုးသော ချစ်ငွေကတော့ပြန်၍ ပေါ်မလာတော့။ ထိုအချိန်မှစ၍ ချစ်ငွေတစ်ယောက်၏သတင်းကစုံးစမြုပ်စပြုခဲ့လေပြီ။

တစ်ခါတုန်းက ပင်လယ်ပိုင်းတွင် လွန်စွာနာမည်ကြီးသော ဗိုလ်အောင်ဒင်ခေါ် မိကျောင်းကြီးသည် အိုင်ကျတ်ဝဲအတွင်း အသိုက်ပြောင်းရွှေ့လာစဉ် သူ့နေရာကိုဖယ်ရှား၍ ဒဏ်ခတ်လိုက်သည်ဟုလည်း ပြောကြ၏။

မည်ကဲ့သို့ပင်ဆိုစေကာမူ ရေလုပ်သားများ စားဝတ်နေရေးကျပ်တည်းနေလျှင် အခက်အခဲဖြစ်လျှင် ဦးချစ်ငွေတစ်ပွဲစားကြီးကိုတိုင်တည်လျှင် ငါးများကျ၍ တစ်နည်းမဟုတ်တစ်နည်းအဆင်ပြေသည်ဟု ယူဆကြသည်။

သို့သော် ချစ်ငွေ သပြေတန်းရွာမှာပျောက်ဆုံးသွားသည်မှာ လွန်စွာမှပင် ထူးခြားဆန်းကြယ်၍နေပါသည်။

ဗိုလ်အောင်ဒင်မိကျောင်းကြီး၊အိုင်ကျတ်ဝဲနှင့် တစ်ပွဲစားကြီးချစ်ငွေကဖြင့် မည်သို့မည်ပုံဆက်နွယ်နေသည်ကိုဖြင့် မသိတတ်နိုင်အောင်ပင်။ ချစ်ငွေတစ်ယောက် ပျောက်ကွယ်သွားပုံကဖြင့် ထူးခြားစွာပင် ပြန်မလာနိုင်လေတော့ပြီဖြစ်လေတော့သည်။

မင်းနန္ဒိုင်

(ချစ်ငွေရရှိသော ဆင်းတုတော်အား ရွာဘုရားတွင် ဌာပနာခဲ့သည်ဟု သိရှိရပါသည်။

၁၉၈၈ ဗိုလ်အောင်ဒင် မိကျောင်းကြီး အသိုက်ပြောင်းလာသည်ကို တွေ့ရှိခဲ့သူလှေဦးစီးတစ်ယောက်၏ဖြစ်ရပ်မှန်အား ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

"အမလေး"

နှုတ်က ယောင်ယမ်းအသံထွက်သွားရုံမက လူပါတုန်တက်ပြီးတွန့်သွား၏။ တစ်ကိုယ်လုံး တဖြင်းဖြင်းနှင့် ကြက်သီးများထ၍မဆုံးဘဲ ရင်တွေတထိတ်ထိတ်နှင့်။

မြင်လိုက်ရသည်မှာ -

တံခါးကို တစ်မိုက်ခန့်ဟ၍ ကျွန်ုပ်ကိုစိုက်ကြည့်နေသော တစ်ဖက်ဂူမှ ဘုန်းဘုန်းဖြစ်၏။ ဘယ်အချိန်ကဘယ်လိုကြည့်နေမှန်းမသိ။ တံခါးကဘယ်အချိန်ဟနေမှန်းမသိလိုက်။ ဘုန်းဘုန်းဘယ်အချိန်ရပ်ကြည့်နေမှန်းမသိလိုက်။ ကျွန်ုပ်ကို ဆက်လုပ်၊ ဆက်လုပ်ဟု အဓိပ္ပာယ်ရသောပုံစံမျိုးနှင့် လက်လေးကာပြပြီး ခေါင်းနှစ်ခါညိတ်၍ တံခါးပြန်ပိတ်ပေးသွား၏။ ကျွန်ုပ်မှာ ရှူမှတ်လိုက်လျှင် အသံများထပ်ကြားရဦးမည်ကိုကြောက်ပြီး မျက်လုံးမှိတ်၍ မမှတ်ရဲတော့။ မျက်လုံးဖွင့်ထားသည့်အတိုင်း ဘုရားဂုဏ်တော်များကို အားရပါးရကျယ်ကျယ်လောင်လောင်ပင် ရွတ်နေလိုက်တော့၏။ ဘာသံမှထပ်မကြားရတော့။တံခါးပိတ်ထား၍လည်း လောကကြီးနှင့် အဆက်ပြတ်နေသလို ဘာမှမကြားရတော့။ တိတ်ဆိတ်နေ၏။

ကျွန်ုပ်မှာ ဘာရယ်ကြောင့်မသိ။ ကြောက်စိတ်များအနည်းငယ်ဝင်လာပါသည်။ အိမ်နှင့်အလွန်ဝေးကွာလှသောနေရာတွင် အဓိဋ္ဌာန်ဝင်ရခြင်းမှာ ဦးဆုံးဖြစ်နေသောကြောင့် တစ်ချက်တစ်ချက် အားငယ်စိတ်များဝင်လာ၏။

အို - ငါ့မှာ နဝင်္ဂသီလကြီးနဲ့၊ ပြီးတော့ ယောဂီအထက်အောက်ဝတ်ထားတယ်။ ငါဘာစကားမှလည်းအပိုမပြောဘူး။ ဘယ်မှလည်းမကြည့်ဖြစ်ဘူး။ ငါရောက်နေတာသာသနာ့နယ်မြေ၊ တန်ခိုးကြီးတောင်တော်၊ ဘာဘိုးမင်းခေါင်အရှင်သူမြတ်ရဲ့နယ်မြေ၊ ဘာဘရဲ့ဟိတ်တွေအပြည့်ရှိတဲ့နေရာထူး၊ ကျေးဇူးရှင်သခင်နှစ်ပါးရဲ့ဟိတ်တွေလည်းရှိတဲ့နေရာ၊ သူတော်စင်နယ်မြေ၊ အင်မတန်ရောက်ခဲလှတဲ့တောင်မြတ်တောင်ကလပ်၊ ငါထူးလို့ လွယ်လွယ်ရောက်လာတာဟု စိတ်က ကိုယ့်ကိုယ်ကိုယ်အားတင်းရင်း ရွတ်ရင်းဖတ်ရင်းပုတီးစိပ်ရင်း အာနာပါနမှတ်ရင်းနှင့် (၉) ရက်မြောက် အောင်မြင်ခဲ့ရပါပြီ။

ဂူထဲမှ စတင်ထွက်ပြီမို့ လူမှာ အနည်းငယ်အားနည်းနေ၏။ သို့သော် ခန္ဓာကိုယ်တစ်ခုလုံးမှာ စွမ်းအင်တွေပြည့်နေသလိုကျင့်ထားသောအကျင့်မာန်များတက်နေပြန်၏။

ဘေးဂူရှေ့တွင်ထိုင်ရင်း ပြုံးကြည့်နေသော ဘုန်းဘုန်းကို ထိုင်၍ကန်တော့လိုက်ပါသည်။

"မနေ့က ဘုန်းဘုန်းကိုမြင်တော့ တပည့်တော်ရုတ်တရက်လန့်သွားတယ်ဘုရား။ ဘုန်းဘုန်းလာကြည့်နေတာမသိလိုက်ဘူး"

"အင်း - အဲဒီအချိန်မှာ ဒကာကြီးကို ကျုပ်လာကြည့်ချင်တဲ့စိတ်က တားမရဆီးမရဖြစ်နေတော့ တံခါးချပ်လေးဟပြီးကြည့်လိုက်တာပါ။ဘာကြောင့်မှန်းတော့မသိဘူး၊ ကျုပ်ကြည့်ချင်တာ"

ဘုန်းဘုန်း လာကြည့်ချိန်သည် ကျွန်ုပ်၏နားထဲတွင် နင်ပြောလိုက်လေ၊ နင်ပြောပါလား ဟူသော စကားသံများ၊ ရယ်သံများ တဖြည်းဖြည်းကြားလာရချိန်ဖြစ်၏။ ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် ဤသို့အသံများကြားရခြင်းများလာလျှင် ကျွန်ုပ် ဆောက်တည်ရာရမည်မဟုတ်။ အနည်းဆုံးတော့ တံခါးဖွင့်ပြီး အပြင်သို့ထွက်သွားမိမှာ သေချာ၏။ စိတ်ကိုမနိုင်သေးပါ။ ဘာပဲပြောပြော ကြောက်သည့်စိတ်ကရှိနေပါသေးသည်။ လူလူချင်း မကြောက်တတ်သော်လည်း ဤလိုတန်ခိုးကြီးနယ်မြေတွင် ယခုလိုကြ... ခြင်းအား ကျွန်ုပ်ခပ်တည်တည်နှင့်... နေရဲမည်မဟုတ်။

သို့သော် ဘုန်းဘုန်းကိုမြင်လို... ပြီး ကြောက်စိတ်များပြေသွားကာ ... မထွက်ဖြစ်ဘဲအောင်ခဲ့ရပါပြီ။

ဘုန်းဘုန်းသည် သူ၏ ... သမာဓိစွမ်းအားများကြောင့်သိနေပ... မည်။ အသံများကြားချိန်နှင့် ဘုန်း... ကြည့်နေချိန်၊ ရောက်လာချိန် တစ်... တည်းဖြစ်နေ၏။ သေချာပါသ... ဘုန်းဘုန်းသိနေပါလိမ့်မည်။ ထို့ကြော... ကျွန်ုပ် လန့်မသွားအောင် လာရော... စောင့်ရှောက်ပေးလိုက်ခြင်းဖြစ်မည်... ကျွန်ုပ်တွေးရင်း ဘုန်းဘုန်းကို ... မပြောတော့။ ရိုသေစွာကန်တော့လို... ပါသည်။

"ဘုန်းဘုန်း ဘယ်ကကြွလာ... ဘုရား"

"မြေကလပ်တောင်ကျေးရွာ"

"သြော် - တင်ပါ့ဘုရား"

"ကဲကဲ သွား - ကိုယ်လုပ်စ... တာလုပ်"

ဘာမှပင်ပြောချိန်မရ။ ကျွန်ုပ်... ညင်သာစွာနှင်လွှတ်ပြီး သူ၏လည်... ပုတီးကြီးကိုဆွဲဖြုတ်၍စိပ်နေလေ... ၏။ မျက်လုံးကမှိတ်လျက်။


"ကိုမောင်သန်း၊ ထမင်းဘယ်... လုပ်မှာလဲ"

"ဘုန်းဘုန်း ဦးနိုတာတို့ဆီ... ကျောင်းသားသွားလုပ်မလားလို့"

"သြော် - အေး၊ ကောင်းတ... ဒါဖြင့် ထမင်းစားပြီးရင် အသီးတွေအ... တွေလာစားလေ"

"ဟုတ်ကဲ့ပါ"

ထမင်းစားခါနီး တစ်ချက်ငိုင်... ၏။ တောက်လျှောက်ထိန်းလာသော... အားများနှင့်ယခုထမင်းစားရတော့... ကို မလဲချင်ဖြစ်လာ၏။ လူမှာ ဝမ်းန...



www.burmeseclassic.com

www.burmeseclassic.com

သလိုလိုကြီးခံစားရပြီး ငရုတ်သီးကြော်၊ ပဲခြမ်းကြော်နှင့်လက်ဖက်တို့ကို သရဏဂုံ -၃၀ရွတ်မန်းရင်း စတင်စားဖြစ်ပါတော့သည်။ ရင်ထဲဝမ်းထဲသို့ အစားများ တဖြည်းဖြည်းရောက်သွားသည်ကိုသိနေသောကြောင့် တဖြည်းဖြည်းချင်းမှတ်စားရင်းထမင်းတစ်ပန်းကန်ကုန်သွားပါတော့သည်။

"ဘယ့်နှယ် ဒကာကြီး၊ အတွေ့အကြုံရသွားပြီ"

"တင်ပါ့ဘုရား၊ (၉)ရက်ဆိုတဲ့အားက တော်တော်အားတွေပြည့်သွားပါတယ် ဘုရား။ အမိဋ္ဌာန်ကြီးဝင်ခဲ့ရသလို မေတ္တာတွေလည်း တော်တော်ပို့ဖြစ်ပါတယ်ဘုရား"

"မေတ္တာများများပို့၊ အဲဒါကောင်းတယ်"

"တပည့်တော် ဒီလို တန်ခိုးကြီး တောင်မျိုးမှာ ဒါ ပထမဆုံးဝင်ဖူးတာပါ ဘုရား။ တပည့်တော် တော်တော် ကြည်နူးရပါတယ်"

"ရှေ့နှစ်လည်း ဒီလိုပဲမို့လား"

"ဒီလိုပဲ၊ ဒီမှာ (၉)ရက်ဝင်ပါ့မယ်ဘုရား။ ဒီ နံပါတ်(၉) ဂူလေးမှာပဲဝင်ချင်ပါတယ် ဘုရား"

"ကျုပ် စီစဉ်ပေးထားမှာပေါ့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဘယ်တော့ပြန်မလဲ"

"ဒီနေ့ပဲဘုရား၊ အမေ့ကိုလည်း သတိရနေပြီ"

"ဟေ - ဟုတ်လား၊ ဒါဖြင့် ဘုရားဖူး၊ ဆရာတော်ကြီးကို သွားကန်တော့ဦးနော်။ ပဲခြမ်းကြော်တွေကျုပ်လက်ဆောင်ပေးလိုက်မယ်"

"တင်ပါ့ဘုရား"

❑

"ငါ့သား အာဂပဲဟေ့။ ပုပ္ပားတောင်မှာ (၉) ရက်ဝင်ခဲ့နိုင်တဲ့အားက နည်းမှတ်လို့ကြည့်စမ်း"

"သားက ဒီနေ့ နှစ်ဆန်းနှစ်ရက်နေ့မှပြန်လာမလို့။ အမေ့ကို သတိရအောက်မေ့နေပြီ"

"အေးပါ၊ အေးပါ"

အမေသည် ပြုံး၍ခေါင်းလေးညိတ်တိမ့်တိမ့်လုပ်ရင်း ကျွန်ုပ်ကိုကြည့်နေ၏။

"(၉) ရက်ဆိုတဲ့အားက မင်းအသက် မင်းအရွယ်နဲ့ နည်းတာမဟုတ်ဘူး။ (၉)ရက်ပြည့်သွားတော့ သားဝင်ခဲ့တဲ့ဂူလေးကို သံယောဇဉ်ဖြစ်နေမှာပေါ့"

"ဟာ - အမေ့နှယ့်၊ သားလေ ရန်ကုန်ကားကြီးပေါ် တက်ထိုင်လိုက်တော့ ကားဘီးလည်းစလိမ့်ရော တောင်ကလပ်ကြီးကို သမင်လည်ပြန် လည့်ကြည့်လို့ကို မဝတော့ဘူး။ ငါဒီတောင်ကလပ်ခြေရင်း






www.burmeseclassic.com

www.burmeseclassic.com

မှာ အမိဋ္ဌာန်ကြီးအောင်ခဲ့ပြီဆိုတဲ့ ဝမ်းသာစိတ်ကဘာနဲ့မှမတူဘူးအမေ၊ လွမ်းလည်းလွမ်းတယ်"

"အေး - ဟုတ်တယ်သား၊ ကဲကဲ-မင်းဘဘနဲ့ မင်းကြီးကြီးကို အမျှသွားဝေလိုက်ပါဦး"

အမေ့မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိ၏။ အမေသည် သူ့စိတ်ထဲတွင် သူ့အစ်ကိုနှင့်သူ့အစ်မသာရှိ၏။ ကျွန်ုပ်လည်း အလိုက်သိစွာဖြင့် ဘုရားဆောင်ရှေ့သွားထိုင်ကာ ဘုရားဝတ်ပြုလိုက်ပြီး ဘဘနှင့်ကြီးကြီးကို အမျှအတန်းပေးဝေလိုက်ပါသည်။ အိမ်မြှောင်နှစ်ကောင်၊ သုံးကောင်ခန့်စုတ်ထိုးပြီး ကောင်းချီးပေးကြ၏။

❑

"ပျောက်နေတယ်နော်"

ဈေးဗန်းခင်းရောင်းရသောဓားလွယ်ခုတ်တွင် ကလေးအကျီလေးများခင်းရောင်းသည့်သူငယ်ချင်းက ဝိုင်းကူခေါက်ပေးရင်းပြော၏။ ကျွန်ုပ်ခင်းရောင်းနေကျနေရာနှင့် ကျွန်ုပ် ဆယ့်သုံးရက်၊ ဆယ့်လေးရက်ခန့် အဆက်ပြတ်သွားသော်လည်း နေရာလေးမှာ ခင်းမည့်သူမရှိ။ ဒီအတိုင်း -

"မောင်ရင့်နေရာကတော့ ဟန်ကျသွားပြီ"

လေသံခပ်တိုးတိုးနှင့် ပြောရင်းတစ်ဖက်အုပ်စုကို မသိမသာမျက်ရိပ်ပြ၏။ ထိုသူများသည်လည်း ကျွန်ုပ်ကိုရန်မလိုတော့ပါ။

ပုပ္ပားတောင်မြတ်တွင်အမိဋ္ဌာန်ကြီးအောင်မြင်လာခဲ့ပြီး ယခုလို လူရှုပ်လွန်းသောမြို့လယ်ကောင်သို့ပြန်ရောက်လာရသောအခါ ကျွန်ုပ်မှာ မနေတတ်တော့။ ပုပ္ပားကို သတိရနေ၏။ အမေ့ကြောင့်သာပြန်ရောက်လာခဲ့ရခြင်း ဖြစ်ပါသည်။

နောက်နေ့ -

ကျေးဇူးရှင် ဆရာအရှင် သမာဓိဆရာအောင်အား သွားကန်တော့၏။ ဆရာသည် ကျွန်ုပ်အား ဓာတ်လုံးရေတိုက်ရုံမက ဓာတ်လေးတစ်လုံးကိုပါချီးမြှင့်လိုက်ပါသည်။ အကျင့်စခန်းများနှင့်ပတ်သက်၍ မေတ္တာများများပို့ရပုံများကို သေချာရှင်းပြသွန်သင်ဆုံးမ၏။ ဂါထာမန္တန်များကိုပါ နှုတ်တိုက်သင်ကြားပြသပေး၏။ ကျွန်ုပ်ပုပ္ပားတောင်ကလပ်တွင် အမိဋ္ဌာန်ဝင်ခဲ့ပုံများကို ဆရာ့အားမခြွင်းမချန်ပြောပြသောအခါ သေချာစူးစိုက်နားထောင်ပြီး ခေါင်းလေးတညိတ်ညိတ်လုပ်နေ၏။

တစ်အောင့်လောက်ကြာသော် ဆရာ့မျက်လုံးများမှိတ်သွားပြီး ငြိမ်သွား၏။ ကျွန်ုပ်၏နှလုံးသားဆီသို့ တစ်စုံတစ်ခုလာရောက်ညှစ်လိုက်သည်သို့နှယ် နင့်ခနဲဖြစ်သွား၏။ ခေါင်မိုးမျက်နှာကြက်ဆီမှ အိမ်မြှောင်စုတ်ထိုးသံတော်တော်ရှည်လျားစွာ လေးတွဲ့တွဲ့ထွက်လာ၏။

မျက်လုံးများဖြည်းညင်းသာယာစွာဖွင့်ပြီး ကျွန်ုပ်ကိုစိုက်ကြည့်နေပြန်၏။ ကံနှစ်ပါးကို မကျိုးမပေါက်အောင်ထိန်းထားနိုင်သောကြောင့် ဆက်လက်ထိန်းချုပ်ကျင့်ကြံအားထုတ်နိုင်အောင် အားပေးစကားများချီးမြှင့်၏။ ကျွန်ုပ် ဂူဝင်၍အမိဋ္ဌာန်အောင်မြင်ခဲ့သည်ကို ဆရာသိနေပုံရပါသည်။

"အေး - မင်းရဲ့ပါရမီအလျောက် ဆရာ မင်းကိုချီးမြှင့်စရာရှိတယ်"

ဆရာအရှင်သူမြတ်သည် ရင်တွင်းမှလာသောအသံဖြင့် တစ်ခွန်းချင်းပြောရင်း ကျွန်ုပ်ကိုစိုက်ကြည့်နေ၏။ ထိုစဉ်ဘေးနားကပ်ရက်တွင် ထိုင်နေသောဆရာကြီးဦးလှမြင့်ကတော် ဒေါ်ကြည်သည် ကျွန်ုပ်အား လက်လေးနှင့်မသိမသာထိပြီး ခပ်တိုးတိုးလေးကပ်ပြော၏။

"ဟဲ့ - ငါ့သား၊ နင်တော့ထူးပြီ။ ဒီတစ်ခါတော့ အတော့်ကိုထူးတာပဲ။ ဆရာ့နှုတ်ကဖွင့်ဟချီးမြှင့်ဖို့လွယ်မှတ်လို့ကတဲ။ ဘာချီးမြှင့်မယ်တော့ မသိဘူး။ အမေကြည် ဝမ်းသာတယ်"

"ဟုတ်ကဲ့ - အမေကြည်"

အမေကြည့်အား လေသံလေးနှင့်ပင် ရိုသေစွာပြန်ပြောလိုက်သော်လည်း မျက်နှာမှာ အမေကြည့်ဘက်မလှည့်ရဲ။ ဆရာအရှင်သူမြတ်ကိုသာကြည့်နေမိပါ၏။ ဆရာအရှင် စကားပြောနေစဉ် တစ်ဖက်သို့လှည့်၍ပြောမိပါက မရိုသေမလေးစားရာရောက်သွားမည်ကို ကျွန်ုပ်အစိုးရိမ်ဆုံးဖြစ်ပြီး ကျွန်ုပ်သတိအထားဆုံးဖြစ်၏။

လူများစွာတို့သည် ဆရာအရှင်၏မေတ္တာကိုခံယူလို၍လာကြရသည့်အခါ အချိန်များစွာပေး၍ တွေ့ကြ၊ကန်တော့ကြရစမြဲဖြစ်ပါသည်။ ပရိသတ်တပည့်ဒကာများပြားလွန်းရကား တော်ရုံနှင့်ဆရာ့အနီးသို့ကပ်ခွင့်မရနိုင်ပါ။ ယခုကျွန်ုပ် အလွန်ကံကောင်း၏။ ဆရာအရှင်သူမြတ်၏ရှေ့တွင်ထိုင်ရင်း ဆရာ့မေတ္တာကို ခံယူခွင့်ရ၏။

"ဪ - အေးအေး၊ မင်းနဝင်္ဂသီလစောင့်ထိန်းရမယ်။ ငါချီးမြှင့်စရာရှိ

လို့"

အမေကြည်သည် အားရဝမ်းသာ

နှင့် လှုပ်လှုပ်ရွရွဖြစ်လာပြီး -

"ဟယ်တော် - ဒါဆို လူလေး

ဆရာပညာတွေပေးတော့မယ်နဲ့တူတယ်"

အားရပါးရထပြောလိုက်သော

အမေကြည့်စကားကြောင့် ကျွန်ုပ်လှည့်

ကြည့်ချင်သော်လည်း မျက်နှာမှာ ဆရာ

ထံမှမခွာရဲ။

"အင်း - သူ့ပါရမီအလျောက်ပေါ့

လေ"

"ကဲ - ငါ့သား၊ ဆရာ့အိမ်ကို ဘယ်

နေ့လာရမလဲ၊ ဘယ်တော့လာရမလဲ

ဘာတွေယူခဲ့ရမလဲ မေးလေ။ ဪ -

ငါကပဲ ဦးဆောင်ပြောနေရတယ်

ကလေးနှယ်"

ကျွန်ုပ် မပြောရဲပါ၊ ပြုံးနေမိ၏။

"မင်း. . . နဝင်္ဂသီလစောင့်ထိန်း

ရမယ်"

"တင်ပါ့၊ အဲအဲ - ဟုတ်ကဲ့ ဆရာ"

"မင်း မဂ္ဂင်ရှစ်ပါးအင်းစသော

ရမယ်။ တစ်ရက်တည်းမဟုတ်ဘူး

ရှစ်ချပ်သောက်ရမယ်"

"ဟုတ်ကဲ့"

"လာမယ့်တနင်္ဂနွေနေ့ ငါ့ဆီလာ

ခဲ့၊ အင်းတွေလာယူ"

"ဟုတ်ကဲ့"

"မဂ္ဂင်ရှစ်ပါးအင်းတွေပြီးမှ

ရာဇာ၊ သဏ္ဍရာဇာ၊ ဗြဟ္မရာဇာ၊

ရာဇာ၊ ဓမ္မရာဇာ၊ ဝင်စမ ထွက်စမ

စမ သိမ်းစမ၊ လေးကျွန်းစကြာအ

ဆင့် ငါချီးမြှင့်မယ်။ နေ့တွေ၊ န

တွေ၊ အချိန်အခါတွေကြည့်ပြီးမှ မင်း

ချီးမြှင့်သွားမယ်။ ဒီလိုအဆင့်ဆင့်

ဖို့ အချိန်ယူရမယ်၊ အချိန်ပေးရမယ်

နဝင်္ဂသီလကတော့ တောက်လျှောက်

ထားရလိမ့်မယ်"

"စောင့်ထိန်းပါ့မယ် ဆရာ"

"အေး - အေးအေး၊ မဂ္ဂင်ရှစ်ပါး

အင်းတွေ တနင်္ဂနွေနေ့လာယူပေတော့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်

ကျွန်တော်ဝမ်းသာလွန်းလို့ ဘာပြော

မှန်းတောင်မသိတော့ဘူး။ ဝမ်းသာ

ဆို့ပြီး စကားတွေမှားသွားမှာစိုးလို့

မပြောရဲတော့ပါဘူး ဆရာ"

ကတုန်ကယင်နှင့်ပြောရင်း

အုပ်ချီထားသောကျွန်ုပ်အား ဆရာ

က ပြုံး၍ကြည့်နေ၏။ ဆရာ့အ

သည် အေးချမ်းလှပါဘိ။

ကျွန်ုပ်တွင် ဖခင်မရှိ

ဆရာ့အား ဖခင်တစ်ပေ



www.burmeseclassic.com

www.burmeseclassic.com

အလွန်ချစ်၏။ အလွန်ရှိသေ၏။ ဆရာအရှင်သွားလေရာသို့လည်း တကောက်ကောက်လိုက်ရသည့်အကြိမ်ပေါင်းမနည်းတော့ပြီ။ ဆရာ့အား မနက်မိုးလင်းမျက်နှာသစ်ပြီးတစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် တစ်နေ့နှစ်ကြိမ် အမြဲရှိခိုးကန်တော့၏။ မေတ္တာပို့၏။ ဆရာ့တွင်သည့်ဒကာများပြားလွန်းလေရာ ကျွန်ုပ်သည် အဝေးမှကန်တော့ပြီးလှည့်ပြန်ရသည်မှာ မနည်းတော့ပြီ။

အဝေးမှနေ၍ ဆရာ့အား ကန်တော့နေရသည်ကိုက ပီတိဖြစ်နေ၏။ ဆရာအရှင်၏မျက်နှာအား ကြည့်၍မဝနိုင်အောင် ကြည်ညို၏။ တစိမ့်စိမ့်ကြည့်နေချင်၏။ ဆရာနှင့်စကားပြောခွင့်ရသည်ဖြစ်စေ၊ ပြောခွင့်မရသည်ဖြစ်စေ နိုင်ပြီး တစိမ့်စိမ့်ကြည့်နေရလျှင်ပင် စိတ်ထဲမှာအေးပြီး ကျေနပ်နေ၏။ ဆရာပေးသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ချင်နေ၏။ ဆရာတစ်ခုခုခိုင်းလျှင် ပီတိဖြစ်၍မဆုံးတော့။

❑

မဂ္ဂင်ရှစ်ပါးအင်းစသောက်ရပါပြီ။

ကျွန်ုပ်၏စိတ်ထဲတွင် မမြင်နိုင်သော အားများရောက်လာလေသလားခံစားရ၏၊ လူမှာ ငေးသွေးပူနေသလို၊ ခေါင်းကြီးကြီးနေသလိုဖြစ်နေ၏။ ဒီမှိုင်းခံ(မှိုင်းကိုင်)ဆရာတစ်လက်မပတ်လည် မဂ္ဂင်ရှစ်ပါးအင်းတို့ ငါသောက်လိုက်တာ ဘာလို့များဖြစ်ရတာလဲဟု သေချာတွေး၊ သေချာစဉ်းစား သုတေသနပြုကြည့်နေ၏။ မသောက်ရသေးဘဲ ကျန်နေသေးသောမဂ္ဂင်ရှစ်ပါးအင်းချပ်များကို သေချာကြည့်၏။ ဘာမှထူးထူးဆန်းဆန်းမတွေ့။ သို့သော် မမြင်နိုင်သောထူးဆန်းမှုများနှင့် ကြုံနေရ၏။

ဆရာအရှင်သည် နေ့ကောင်းရက်သာ အချိန်ကောင်းအခါကောင်းများရွေး၍ အင်းပညာရပ်များကို တစ်ဆင့်ချင်းပို့ချပေးပါတော့သည်။ သူ့ရက်နှင့်သူအဆင့်ဆင့်သောက်ခဲ့ရသည်ဖြစ်ရာ 'ဒေဝရာဇာ' အင်းသောက်ပြီးသည်နှင့် စကားသံများ မကြာခဏကြားနေရ၏။ တစ်ယောက်ယောက်ကပြောနေသလိုလို၊ အနီးနားကပ်နေသလိုလို၊ သေချာနားထောင်လျှင် တိုးတိုးလှမ်းကလိုလို စကားပြောသံများကြားနေရ၏။ စကားသံများမှာ တိုးတိုးကျဲကျဲသံ၊ မိန်းမသံစုံ၏။ တစ်ခါတစ်ခါတစ်ခုခုလှမ်းမေးသလိုကြားရ၏။ ကျွန်ုပ်တာ ယောင်ယမ်းဖြေမိသည်အထိ ဖြစ်သွား၏။ ရလား၊ ရလားဟု မေးသံကြား၍ ရတယ်ဟုဖြေမိသည့်အခါရှိ၏။

ဆရာအရှင်အား ပြောပြသည့်အခါ ကိုယ့်အလုပ်ကိုယ်လုပ်၊ ဘုရားဂုဏ်တော်တွေကိုပဲ အာရုံပြုပြီးပွားများနေ၊ မေတ္တာများများပို့ဟုသာ လမ်းညွှန်၏။အသံတွေကိုလိုက်ပြီး နားမထောင်ရဟု တားမြစ်၏။

'သတ္တရာဇာအင်း'သောက်ပြီးသည့်နေ့နောက်နေ့တွင် အသက်အရွယ်ကြီးရင့်သော ဘိုးဘိုးကြီးများကို မကြာခဏအိပ်မက်မက်၏။ ဘိုးဘိုးကြီးများနှင့်စကားပြောရခြင်း၊ ဘိုးဘိုးကြီးများဘုရားဝတ်ပြုနေရာအနီးသို့ ရောက်သွားပြီးကိုယ်တိုင်ပါဘုရားဖူးရခြင်း၊ ဘိုးဘိုးကြီးများကျွေးသည့်အသီးများ ပလုတ်ပလောင်းစားရခြင်း 'စသည့်အိပ်မက်များကို သုံး၊ လေးခါမက်၏။ ဒေဝရာဇာအင်းသောက်ခဲ့ပြီးချိန်ကကြားရသကဲ့သို့ အသံများမကြားရတော့။ ဆရာအရှင်အား ပြောပြရပြန်ပါသည်။ ဘုရားဂုဏ်တော်တွေကိုသာ အာရုံပြုရန်ညွှန်ကြား၏။ မင်းထူးလာပြီဟုသာပြော၏။

'ဗြဟ္မရာဇာအင်း' သောက်ရသည့်အခါတွင်တော့ ထူးထူးခြားခြားသိပ်မရှိပါ။ ပုံမှန်သာလျှင်ရှိ၏။ လူသံများလည်းမကြားရ။ အာရုံလည်းမရ။ အိပ်မက်လည်းမမက်ပါ။

'ရှင်ဥပဂုတ္တအင်းတော်'သောက်ရပြီးသည့်နေ့ နောက်နေ့မှစ၍ ကျွန်ုပ်၏မျက်စိထဲတွင် အလွန်ဒေါင်ကောင်းသော သံဃာတော်အရှင်သူမြတ်တစ်ပါးဆွမ်းခံကြွလာသည်ကိုသာ ရိပ်ခနဲရိပ်ခနဲဖူးတွေ့နေရ၏။ သက်နိုးမှာ အညိုရောင်ကြီးဖြစ်၏။ လမ်းလျှောက်ကြွလာသည်မှာ မြန်လိုက်သည့်ဖြစ်ခြင်း။ တစ်ရက်တည်းမဟုတ်။ သုံး၊ လေးရက်ဆက်မြင်မိသောအခါ အမေ့ကို ဦးဆုံးပြောပြ၏။

အမေက -

"ဟိုးတုန်းက အမေတို့ငယ်ငယ်က အခါကြီးရက်ကြီးမှာ ရှေးလူကြီးတွေဆွမ်းပင့်ကပ်ရင် မနက်အရုဏ်တက်ခါစအစောကြီး ဒီပြင်သံဃာတော်တွေကြွမလာခင် ရေစိုနေတဲ့သင်္ကန်းနဲ့ ဖားဖားဖားဖားနဲ့ တစ်ပါးတည်းကြွလာတာ ဖူးထိုက်သူတွေဖူးကြရတယ်။ တချို့က အမှတ်တမဲ့ပဲ။ သင်္ကန်းအညိုရောင်ကြီးနဲ့ အရပ်ကြီးက အမြင့်ကြီးပဲ။ သား အခုအာရုံနဲ့ဖူးရတာများလား မသိဘူး။ ကောင်းလိုက်တာ"

ဟု ဝမ်းသာအားရပြော၏။

ဘာရယ်မသိ ထိုင်နေရင်း တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် စံတော်မူနေသော ရှင်ဥပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးအား လွမ်းသလိုလိုဖြစ်နေ၏။ မျက်လုံးမှိတ်၍ ဂုဏ်တော်များပွားနေလျှင် စိတ်အာရုံဖြင့် ဖန်ဆင်းကြည့်၏။ ပြာသာဒ်နားကပ်၍မရအောင် နဂါးကြီးများဝန်းရံထား၍ လှိုင်းကြီးများတအားဖြစ်နေပုံမှာ တစ်ခါတစ်ခါ အထင်းသားမြင်ရသလို အာရုံဖြင့်ဖန်ဆင်းကြည့်နေမိ၏။ ရဟန္တာအရှင်မြတ်ကြီးကို ကြည်ညို၍မဆုံးဖြစ်နေမိပြီး တောင်သမုဒ္ဒရာကို သွားရောက်၍ ဖူးမြော်နိုင်အောင် ကျင့်ကြံအားထုတ်ချင်စိတ်များ တားမရဆီးမရဖြစ်လာရ၏။ ထိုရက်များက ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးသွားတိုင်း အသက်ကြီးသောသံဃာတော်အရှင်သူမြတ်ကြီးများ သုံး၊လေးပါးကိုဖူးပြီး ဝတ္ထုငွေလှူဖြစ်၏။ တစ်ပါး၊ နှစ်ပါးဆိုလျှင် ကြည့်ရသော ဥပမိမှာ မျက်နှာအလွန်ရှည်လျှင်ရှည်နေကြောင်း သတိထားမိ၏။ ထိုအရှင်မြတ်ကြီးများကို ဖူးတွေ့ရတိုင်း မျက်လွှာချ၍ပုတီးစိပ်ခြင်း၊ တရားရှုမှတ်ခြင်းပြုနေကြသည်ကိုသာ ဖူးတွေ့နေရ၏။ စိတ်ထဲတွင် ဆွမ်းလောင်းချင်လွန်း၍ အမေ့ကိုပြောရာ အမေက အရုဏ်ဆွမ်းထချက်ပေး၏။ သားအမိနှစ်ယောက် နံနက်အရုဏ်တက်ဆွမ်းခံကြွလာတော်မူသော ငွေကြာရံစာသင်တိုက်ကြီးမှ သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းဖြစ်၏။ ကြည်နူးလိုက်ရသည့်ဖြစ်ခြင်း။ တန်းဆွမ်းကိုစောင့်နေရင်းမှ ရှေ့ဆုံးမှ တစ်ပါးတည်းကြွများလာမလားဟု ငေးငေးကြည့်မိသည်မှာ အမော။

'သံဃရာဇာအင်း'သောက်ရသည့်အခါတွင်တော့ ထူးထူးခြားခြားသိပ်မဖြစ်တော့။ ဘုရားဂုဏ်တော်များကို ကြည်ညိုချင်စိတ်သာများနေတော့၏။ သံဃာတော်အရှင်သူမြတ်များကိုဖူးတွေ့ရတိုင်း ကြည်ညို၍မဆုံးဖြစ်ရ၏။ ဘုန်းကြီးကျောင်းသို့သွား၍ တံမြက်လှည်း၊ ကုဋီဆေးကုသိုလ်ယူဖြစ်၏။ သုံး၊ လေးကြိမ်မကသွားဖြစ်၏။

'မမ္မရာဇာအင်းတော်' သောက်ရသည့်နေ့တွင်လည်း ငေးသွေးပူသလိုဖြစ်သွားပြီး ပဋ္ဌာန်းရွတ်ချင်စိတ်ထူးထူးခြားခြားဖြစ်လာသောကြောင့် အချိန်ရတိုင်း ပဋ္ဌာန်းချည်း အကြိမ်ကြိမ်အထပ်ထပ်ရွတ်နေဖြစ်ရုံမှလွဲပြီး ဘာမှမထူးခြားပါ။



www.burmeseclassic.com

www.burmeseclassic.com

'လေးကျွန်းစကြာအင်းတော်'

ဤအင်းကို ဆရာချက်ချင်းတိုက်ခဲ့သည်မဟုတ်ပါ။ အချိန်အတော်ယူခဲ့ရပါသည်။ အခက်အခဲပေါင်းများစွာနှင့်ကြုံရပါတော့သည်။ ဘာရယ်ကြောင့်တော့မသိ။ စိတ်ဆင်းရဲစရာများနှင့်အလွန်ကြုံပါတော့သည်။ သူများကလာပြီးရန်စလျှင်လည်း ရန်မဖြစ်ရဲ။ နဝင်သီလကျိုးပေါက်မှာစိုးရိမ်ပြီး ကြိတ်မှိတ်သည်းခံ၏။ လူချင်းပခုံးချင်းပစ်တိုက်၍လွှင့်ယိုင်သွားလျှင်ပင် ခေါင်းငုံ့ပြီးခံ၏။ မျက်လုံးအကြည့်ကို ရှေ့ပေနှစ်ဆယ်ခန့်သာမှန်းကြည့်ပြီး မလိုအပ်လျှင် ဘေးဘယ်ညာမကြည့်။ မလိုအပ်လျှင် စကားမပြော။ အမြဲတမ်းအေးချမ်းစွာပြောတတ်သောအမေပင်လျှင် ကျွန်ုပ်အားသဘောမတွေ့။ သေးသေးမွှားမွှားကအစ ဆူပူကြိမ်းမောင်း၏။ ငွေရေးကြေးရေးအခက်အခဲအတော်ဖြစ်၏။ ပစ္စည်းများပျောက်ရှ၏။ လူမှာ ကျန်းမာရေးမကောင်းသလိုလိုဖြစ်ရပြန်၏။ အတော့်ကို အခက်အခဲပေါင်းများစွာနှင့်ကြုံခဲ့ရပါသည်။ သို့သော် ကြံ့ကြံ့ခံပြီးရအောင်ကျင့်ခဲ့၏။ ဤသို့နှင့်ပင် ဆရာသတ်မှတ်ထားသောရက် အချိန်အခါများကိုအောင်မြင်စွာ ရောက်ရှိလာခဲ့ပါသည်။ ဆရာ့အား အကျိုးအကြောင်းပြောပြသောအခါ ဆရာဘာမှမပြော။ ပြုံးနေ၏။ 'အေးအေး - ကိုယ့်အလုပ်ကိုယ်လုပ်၊ ဂုဏ်တော်တွေသာပွားနေ။ မေတ္တာများများပို့' ဟုသာပြော၏။

'စမစကြာအင်းတော်'

ဎင်းအင်းတော်သောက်ရန် ဆရာ့ထံရောက်ရှိချိန်မှစ၍ လူက ကျန်းမာရေးကောင်းသလိုဖြစ်လာပါတော့သည်။ စမစကြာအင်းတော်သည် လေးကျွန်းစကြာအင်းတော်နှင့်မတူ။ စဓပဝတစ်ချက်ဆွဲစမအင်းတော်ကြီးပတ်ပတ်လည်တွင် ဂုဏ်တော်များရံပတ်ထားသောကြောင့်အလွန်လှပသောအင်းတော်ကြီးဖြစ်၏။ အင်းတော်ကို သေချာစိတ်ဝင်တစားစိုက်ကြည့်နေလျှင်ပင် ထူးခြားသောခံစားမှုမျိုးခံစားရ၏။ အင်းအသက်ရှိသည်ဆိုခြင်းမှာ ဤသည်ကိုပြောလေသလားမသိရ။ ထိုအင်းရောက်ရှိချိန်မှစ၍ အိမ်မှာ အိမ်မြှောင်စုတ်ထိုးသံများ ငါးမိနစ်တစ်ကြိမ်ခန့် ထူးထူးခြားခြားကြားနေရ၏။ မည်သည့်နေရာကမှန်းမသိရသောတောက်တဲ့အော်သံကို တစ်ချက်တစ်ချက်သဲ့သဲ့ကြားရ၏။

မဂ္ဂင်ရှစ်ပါးအင်းမှစ၍ အဆင့်ဆင့်သောက်လာခဲ့ရသောကာလတိုင်းသည် ဘဝတွင် မမြင်ဘူးမကြုံဘူးရသောအဖြစ်များ၊ အတွေ့အကြုံများနှင့်သာကြုံနေရ၏။ တစ်ဆင့်တက်သောက်ရတိုင်းထူးခြားမှုများနှင့်ကြုံရ၏။ ကံနှစ်ပါးကိုသစ္စာဆိုထိန်းထားရုံမက နဝင်သီလကိုပါထိန်းထားရသောကြောင့် ခန္ဓာကိုယ်အသွေးအသားထဲမှာ ဆရာချိုးမြင့်သောအင်းများ၏အစွမ်းများပြေးနေသလားဟုပင် ထင်ရ၏။ လူမှန်းသိလာပြီးနောက်ပိုင်း မကြုံဘူးသောအတွေ့အကြုံထူးများဖြစ်၍ စာအုပ်အလွတ်လေးနှင့် ရေးရေးမှတ်ဖြစ်၏။ ညညရောက်လျှင် လူမှာလုံခြုံနေသလိုခံစားရ၏။ တစ်ခါတစ်ခါဘေးပတ်ဝန်းကျင်တွင် လူများဝိုင်းထိုင်ကြည့်နေကြသလို ဖျတ်ခနဲရိပ်ခနဲခံစားရ၏။ တစ်ခါတစ်ခါ ညဘက်အိပ်မပျော်နှင့် အိပ်ပျော်ကြားတွင် စကားပြောသံများ သဲ့သဲ့ကြားနေရ၏။ ဘာတွေပြောနေကြမှန်းတော့မသိပါ။ တစ်ခါတစ်ခါဖျတ်ခနဲ တစ်ရေးနိုးလျှင် ခြင်ထောင်ဘေးပတ်ပတ်လည်၌ ထူးခြားသောအနံ့တစ်မျိုးရ၏။ တောထဲတောင်ထဲသို့သွားလျှင်ရသောသစ်ပင်များ၏ရေညှိနံ့လိုလို၊ စိမ်းစိုနေသောသစ်ပင်များ၏ရနံ့လိုလိုရ၏။ တစ်ခါတစ်ခါ တော်တော်ဝေးဝေးမှဘုရားဝတ်ပြုနေကြသံများ ကြားရ၏။ တစ်ခါတစ်ခါအလွန်ချောမောလှပသောအမျိုးသမီးများထိုင်၍ဘုရားဝတ်ပြုနေကြသည်ကို ဖျတ်ခနဲရိပ်ခနဲမြင်ရ၏။ မြင်ရချိန်သည် ညနာရီပြန်နှစ်ချက်၊ သုံးနာရီခန့်များတွင်ဖြစ်လေ့ရှိသောကြောင့် ကျွန်ုပ်မှာ ခေါင်းအုံးနောက်တစ်လုံးကို မျက်နှာပေါ်အသာလေးတင်၍အိပ်ပျော်အောင်အိပ်ရ၏။

အင်းများကို တစ်ဆင့်ပြီးတစ်ဆင့်သောက်လာရပြီဖြစ်၍ ကိုယ့်ကိုယ်ကိုယ်အတော်ယုံကြည်နေမိပါသည်။ အလိုလိုနေရင်း အားပြည့်နေမိပါသည်။

ဆရာအရှင်ချိုးမြင့်သောအင်းများကိုသောက်ခါနီးတိုင်း ပန်းကန်ပြားထဲထည့်၊ ဘုရားဆောင်ပေါ်တင်၊ ဂုဏ်တော်တစ်ထောင်ရွတ်ပြီးမှ သောက်၏။ ဆရာအရှင်ချိုးမြင့်ခြင်းကို စင်ကြယ်စွာခံယူနိုင်အောင် ကိုယ့်ကိုယ်ကိုယ် သတိထား၍အားထုတ်ခြင်း ဖြစ်ပါသည်။

ထိုရက်များက မနက်စောစောလေးနာရီထ၊ အထည်သွားကောက်၊ နေ့ခင်းပြင်ဆင်၊ ညဘက်ဈေးထွက်နှင့် လူမှာ အလုပ်နှင့်မပြတ်သော်လည်း အားအင်လုံးဝမယုတ်၊ ဘာမှမဖြစ်။ နဝင်သီလယူထားရ၍ စိတ်စွမ်းအားများ...
နေပြီး မလိုအပ်ဘဲမကြည့်မိအောင်...
ချုပ်သောစွမ်းအား၊ မလိုအပ်ဘဲစကား...
မပြောသောစွမ်းအားများနှင့် ဆရာ...
ချိုးမြင့်သော အင်းပညာရပ်များကြောင့်...
မမြင်နိုင်သောစွမ်းအားများရရှိနေ...
ဖြစ်ပါလိမ့်မည်။ တစ်ခုခုကိုကြိုသိ...
သလိုမျိုး ခဏခဏဖြစ်၏။လမ်းလျှော...
သွား၍ လူတစ်ယောက်နှင့်ဆုံတော့...
ဆိုလျှင် ထိုလူ၏အသံမျိုးအရင်ကြား...
၏။ ပြီးမှ ထိုလူကိုတွေ့၏။ အိမ်မှာ...
နေရင်း လူတစ်ယောက်ကို မဆီမဆိုင်...
သတိရနေပြီဆိုလျှင် နောက်နေ့ ထို...
ရောက်လာ၏။ အမေ့ဆီလာလည်...
သော အမေ့မိတ်ဆွေများနှင့်စကား...
ရလျှင် ကျွန်ုပ်မှာ ရင်ဘတ်အောင့်သ...
ခံစားရသည့်အခါ ခံစားရ၏၊ ရင်...
သည့်အခါတုန်၏။ စကားပြော...
လျှင်လေးသွား၏။ ခြေတွေဆိုင်းချင်သ...
ဖြစ်သည့်အခါဖြစ်၏။ လက်မမြှောက်...
နိုင်ဖြစ်သည့်အခါ ဖြစ်၏။ ထိုဖြစ်ပေါ်...
များသည် ခဏရှုတ်တရက်ပေါ်လာ...
နဂိုအတိုင်း ပြန်ပြန်ကောင်းသွား...
ပထမ ဘာမှန်းမသိ၊ ဖြစ်ပါများ...
သောအခါ အမေ့မိတ်ဆွေများလာ...
သတိထားနေတော့သည်။

တစ်နေ့ အဒေါ်ကြီးတစ်ဦး...
ထိုင်ပြီး ကျွန်ုပ်နှင့် စကားပြောရန်...
လိုက်သည်နှင့် ကျွန်ုပ်၏နားများမှာ...
မှမကြားရတော့ပါ။ ပြီးတော့ ချက်ချင်း...
ပြန်ကောင်းသွား၏။ အဒေါ်ကြီးသည်...
သူ့ခင်ပွန်းနေမကောင်းတာလုပ်ပေး...
ပြောလိုက်သည်နှင့် အဒေါ့်ယောက်...
က နားမကြားဘူးလားဟု ကျွန်ုပ်...
လိုက်၏။

ပျာပျာသလဲဖြစ်သွားပြီး -

"ဟယ် - ဟုတ်ရဲ့၊ သူနားမကြား...
ဘူး ကြာပြီ။ ငါ့တူကြီးက ဘယ်လို...
သိလိုက်တာလဲ"

ဟု ပြန်မေးခံရ၏။

သည့်နောက်ပိုင်း အမေ့အသိများ...
နှင့်စကားပြောလျှင် ကျွန်ုပ်မှာလာခံစား...
ရသည့်အတိုင်း မေးလိုက်သည့်အခါ...
တအံ့တသြတွေဖြစ်ကုန်ကြရ၏။ ကျွန်...
ကို လူထူးလူဆန်းသဖွယ် ကောင်းချီး...
ကြ၏။

အမေကပင်လျှင် -

"လူလေး၊ တော်တော်သိနေ...
မဲ။ ဖျတ်လတ်သွက်လက်လိုက်တာ...
လည်း မျက်နှာကိုကြည့်ပြီးနေတာ...
လိုက်တဲ့ပုတီးဆိုတာလည်း ...



www.burmeseclassic.com

www.burmeseclassic.com

သူရော။ နေကောင်းသွားလိမ့်မယ်လို့ လူလေးပြောလွှတ်လိုက်တဲ့သူတွေဆို နေကောင်းသွားကြလို့တော် အမေ့အတွက်ဆိုပြီး ပုစွန်ခြောက်ကြီးတွေ အထုပ်လိုက်လာကန်တော့ထားကြတယ်။ တောနည်းသွားပြီးပြောတာဖြစ်နေတာပဲ" ဟု ပြော၏။

ကျွန်ုပ်ကလည်း အမေ စိတ်မပူရအောင် ပိုမိုသွက်လက်ပြ၏။

"ငါ့သား၊ ဒီလထဲမှာ လူကသာသွက်နေပေမယ့် မျက်တွင်းလေးတွေ တော်တော်ကျသွားပါလား။ စကားသည်းသိပ်မပြောဘူး"

"ဆရာက စကားမပြောရဘူးလို့တော့ မပြောထားပါဘူး အမေ။ သားက သိပ်မပြောတော့တာပါ။ စကားများရင် အမှားပါမှာစိုးတာရယ်၊ မပြောလို့ဖြစ်ရင် ပြောဘဲနေလိုက်တာရယ်ကြောင့်ပါ။ အမေ့အသိတွေဆို သားပြောသားပဲ။ ညပိုင်းဈေးသွားရောင်းရင်တော့ ဈေးကိုဝိုရင်းပဲပြောပြီး ရောင်းဖြစ်တာပေါ့ အမေရယ်"

"အင်း - အင်းပညာတွေစရပြီဆိုတော့ ဘာပဲပြောပြော ငါ့သားထူးခြားနေပြီ။ ငယ်ငယ်က ဗဟန်းရဲဌာနမှာနေတုန်းက ရှုက္ခစိုးမှော်အောင်ထားတဲ့ ဘကြီးလာပြောသွားတာ အမေ မမေ့ဘူး။ ဒီကလေးကို ကောင်းကောင်းမွေး။ ဒီကလေးဟာ တစ်နေ့ ထူးထူးခြားခြား ဖြစ်လာလိမ့်မယ်။ (၇) ရက်သားသမီးတွေကိုကယ်လိမ့်မယ်။ ငါ့သမီးဟာ ဒီကလေးကြောင့် အသက်အများကြီးရှည်သွားပါလိမ့်မယ်ဆိုပြီး ပြောခဲ့တာ အမေ မမေ့ဘူး။ ဟုတ်တယ်သား၊ ငါ့သားဟာ ဖဲသမား၊ အရက်သမားဖြစ်ပြီး ဘာသာတရားမရှိရင် အမေ့ကို ဒီလို အသက်ရှင်ခွင့်ပေးမှာမဟုတ်တော့ဘူး။ အမေ့ကိုပြန်ခေါ် သွားတာကြာလှပြီ။ ခု ဒီလိုအကျင့်စခန်းတွေနဲ့ကျင့်လာပြီဖြစ်တဲ့ ငါ့သားကို မြေတောင်မြှောက်ပေးဖို့ အမေအသက်အများကြီးရှည်ရဦးမယ်။ အဲဒီရှုက္ခစိုးမှော်အောင်တဲ့ ဘကြီးပြောသလို သားတဖြည်းဖြည်းဖြစ်လာပြီ။ ဒီတော့ သားဟိုးငယ်ငယ်လေးတုန်းက သန်လျင်ကျိုက်ခေါက်ဘုရားကြီးမှာ ပိုက်ဆံအတွေလေးတွေလှူခဲ့တဲ့ ဘိုးဘိုးကြီးကို သည်း အမေသတိရနေတယ် ထူးထူးခြားပဲ။ သူကြည့်တော့ မျက်နှာနဲ့ ပြောင်နဲ့ထိဖို့ တစ်တောင်လောက်ပဲ ရှိတော့တယ်။ အဲဒီလိုပုဂ္ဂိုလ်က သားကို အောင်တစ်ချိန်မှာ ဘိုးဘိုးနဲ့ပြန်ဆုံရင်ခေါ်နော်လို့ပြောခဲ့တာ ခုချိန်ထိ နားထဲက မထွက်ဘူး။ ပြီးတော့ ဟသ်ာတမော်တိုင် ဘုရားကလာတဲ့ အဘဆရာကြီးဦးထွန်းရင်ကိုလည်း အမေ သတိရနေတယ်။ သားကို ဆယ်ဆူအင်းနှစ်ကြိမ်တိုက်ပြီး ဓာတ်ဖွင့်ပေးခဲ့တာ ခုပြန်တွေးရင် မနေ့တစ်နေ့ကလိုပဲ။ သားကိုချစ်လိုက်တာမှ အရမ်းပဲ။ ဒီလိုပုဂ္ဂိုလ်ထူးတွေဟာ ငါ့သားကို အဲလိုချစ်ကြတာ အမေက ဂုဏ်ယူတာပေါ့။ သားကို သူတို့တွေကြိုပြီး နိမိတ်ဖတ်ခဲ့ကြတာ။ ငါ့သားကြောင့် အမေအသက်ဆက်ရှည်ရတဲ့အကြောင်းတွေတော်တော်ပြောခဲ့ကြတာ"

အမေသည် ကျွန်ုပ် လူမှန်းသိတတ်ခါစကကြုံခဲ့ရပုံလေးများကို အားရပါးရပြောပြရင်း မျက်နှာလေးအိုသွား၏။

"ဩော် - ဒီသားဒီသမီးလေးတွေနဲ့ ဘယ်လောက်ထိများနေခွင့်ရပါ့မလဲလို့"

"အမေကလည်း လုပ်ပြန်ပြီ၊ အမေ အဲလိုပြောရင် သားမကြိုက်ပါဘူးဆို"

"အမေက ခွင့်ပြုချက်တွေနဲ့လာရတော့..."

"အမေ၊ သားခဏလေးအိပ်ချင်လို့နော် အမေ"

စကားစဖြတ်လိုက်ရသော်လည်း အမေနှင့် စကားတွေအများကြီးပြောချင်နေပါသေးသည်။ အမေစိတ်ပြောင်းသွားအောင် စကားဖြတ်လိုက်မှ အမေ ဆက်မပြောတော့ပါ။ သိပါသည်၊ ပြောရင်းပြောရင်းနှင့် နောက်ဆုံး မင်းဘကြီးနဲ့ ကြီးကြီးက အမေ့ကို ဘယ်တော့မှ ပစ်မထားဘူး ဟူသောစကားဆီသို့ပင် ရောက်မည်ဖြစ်၏။ သိနေပါသည်။

ထိုညက အမေ အိပ်မပျော်ပါ။ သက်ပြင်းချလိုက်၊ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်လုပ်နေသံကို အတိုင်းသားကြားနေရ၏။ ကျွန်ုပ်လည်း အမေ့အသံကိုနားစွင့်ရင်း တစ်မိုးသောက်ခဲ့ရပြန်ပါပြီ။

"လူလေး"

"ဗျာ"

"အစောကြီးခေါင်းထလျှော်နေပါလား"

"ဟုတ်ကဲ့ အမေ၊ ဒီနေ့ သားကို ဆရာအရှင်သူမြတ်ပညာစက်ချီးမြှင့်မယ်လေ။ ဒီနေ့ တနင်္ဂနွေနေ့"

"ဟုတ်လား"

"ဟုတ်ကဲ့"

ကျေနပ်စွာ ပြုံးကြည့်နေသော အမေ့အား လုပ်စရာရှိသည်လေးများ ဝိုင်းကူလုပ်ပေးရင်း၊ သားအမိနှစ်ယောက် အာလာပသလ္လာပပြောရင်း ရှစ်နာရီထိုးသည်နှင့် မြင်သာတွင်ရှိနေထိုင်သော ဆရာအရှင်သူမြတ်၏ နေအိမ်ဆီသို့ အပြေးလေးရောက်အောင်သွားလိုက်ပါတော့သည်။

ဘုရားဆောင်ထဲတွင်ဆီမီးအလင်းတိုင်များ ထိန်နေအောင်ထွန်းညှိထားပြီး ပန်းပေါင်းစုံ၊ သစ်သီးပေါင်းစုံလှူထား၏။ ဘုရားကျောင်းဆောင်ရှေ့တွင် အလွန်ကြီးမားသောအုပ်ကြီးဖြင့် ကန်တော့ပွဲပြင်ထား၏။ ငှက်ပျောသီးများ အဆင့်ဆင့်ပြင်ထားသောကြောင့် ကန်တော့ပွဲမှာ အလွန်ကြီးမား၏။

ကျွန်ုပ်သည် ဘုရားဆောင်ရှေ့ ခပ်လှမ်းလှမ်းတွင်ထိုင်ရင်း ဆရာအရှင်သူမြတ် တရားထိုင်နေသည်ကို စောင့်နေလိုက်၏။ တစ်အောင့်လောက်ကြာသော် -

"မင်း ရောက်လာပြီလား"

"ဟုတ်ကဲ့ ဆရာ"

"အေး - အေးအေး - နဝင်္ဂသီလယူလိုက်"

ကျွန်ုပ် နဝင်္ဂသီလယူပြီးသည်နှင့် ဆရာအရှင်သည် ကန်တော့ပွဲရှေ့တွင်ထိုင်၏။ ကျွန်ုပ်က ဆရာနှင့်မျက်နှာချင်းဆိုင်ထိုင်ရသည်ဖြစ်၍ ကန်တော့ပွဲ၏ တစ်ဖက်မှာဖြစ်၏။ ကျွန်ုပ်၏လက်နှစ်ဖက်က ကန်တော့ပွဲကြီးကိုဖက်ထားရ၏။ ဆရာက ကျွန်ုပ်၏ပါးစပ်တွင် အပ်ချည်တစ်ဖက်ကိုက်ခိုင်းထားပြီး ဆရာ့ပါးစပ်နှင့်သွယ်တန်း၍ အပ်ချည်တန်းလန်းလေးထိကိုက်ထား၏။ အပ်ချည်ကြိုးလေးမှာ ကန်တော့ပွဲပေါ်တွင် မထိတထိဖြစ်နေ၏။ ပွဲကိုဖက်ထားသောကျွန်ုပ်၏ လက်နှစ်ဖက်ပေါ်သို့ ဆရာ၏လက်နှစ်ဖက်ထပ်အုပ်ကိုင်လိုက်ပြီး မျက်လုံးကို မှိတ်ထားရင်း အောင်မြင်ထည်ဝါသော အသံဖြင့်စတင်ရွတ်ဖတ်လေတော့သည်။ ကျွန်ုပ်က မျက်စိမှိတ်ကာ ဘုရားအာရုံပြုထားရ၏။ လူမှာဘာဖြစ်လာမှန်းမသိ၊ ကတုန်ကယင်နှင့် တဆတ်ဆတ်တုန်လာ၏။ အထူးသဖြင့် ဆရာအုပ်ကိုင်ထားသောလက်များမှာ တဆတ်ဆတ်တုန်နေ၏။ တစ်ကိုယ်လုံးမှာ တဖြည်းဖြည်းနှင့် ယိမ်းထိုးလှုပ်တက်တုန်နေတော့၏။ ဘာဖြစ်လာမှန်းမသိပါ။

စိတ်ကိုထိန်း၍ မရရအောင်ငြိမ်နေရာမှ သွားထိပ်ဖျားနှင့်ကိုက်ထားသော အပ်ချည်စလေးသည် တဖြည်း

www.burmeseclassic.com

ဖြည်းတင်းသွားပြီး လွတ်ထွက်သွား၏။ မျက်လုံးကို မှေးရုံလေးဖွင့်၍ကြည့်လိုက်ရာ ဆရာအရှင်ရွှတ်ဖတ်နေရင်း အပ်ချည်စလေးက တရွေ့ရွေ့နှင့်ဆရာ့ပါးစပ်ထဲဝင်သွားနေသည်ကို တွေ့ရ၏။ တော်တော်လေးကြာအောင် ရွတ်ဖတ်အပြီး -

"မင်းပါးစပ်ဟ"

"ဟုတ်ကဲ့"

ငြိမ်ပြီး အံ့ရုံပြုထားစဉ် ပါးစပ်တွင်းသို့ တစ်စုံတစ်ခုရောက်လာသည်ကို သတိထားလိုက်မိ၏။ ထိုအရာမှာ ဆရာ့ခံတွင်းထဲမှ အပ်ချည်လုံးလေးဖြစ်၏။ ဆရာ့လက်နှင့်ထည့်လိုက်ခြင်း ဖြစ်ပါသည်။ ဆရာသည် ဘေးနားရှိရေနွေးခွက်ကိုလှမ်းပေးပြီး သောက်လိုက်ဟုပြောရာ ကျွန်ုပ်လည်း သောက်ချလိုက်၏။

"ကဲ - ပြီးပြီ၊ လျှာစက်၊ အာဏာစက်ကြိုးအပ်ခြင်း၊ ပွဲအပ်ခြင်းပြီးပြီ။ ကိုယ်ခံပညာနဲ့ သတ္တဝါကယ်တင်နိုင်တဲ့ ပညာတွေ ပေးအပ်ပြီးပြီ။ မင်းကိုပညာတွေချီးမြှင့်ပေးပြီးသွားပြီ။ မင်း သစ္စာဆိုခဲ့တဲ့အတိုင်း ကာမေသုမိစ္ဆာစာရကံနဲ့ သူ့ရာမေရယက်ကို ပါဏာပေတံ အသက်ထက်ဆုံးထိန်းပေတော့"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး - တစ်ခုမှာမယ်။ သတ္တဝါလေးတွေကိုသေတော့မှာပဲဆိုတဲ့စကားမပြောရဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုနေ့ညက ကျွန်ုပ် အပြင်မှပြန်လာသောအခါ အမေသည် အိမ်ရှေ့တံခါးအကွယ်လေးတွင်မတ်တတ်ရပ်ရင်း စောင့်နေ၏။ ခါတိုင်းဆိုလျှင် အမေအိပ်နေပြီ။

"အမေ၊ မအိပ်သေးပါလား။ တံခါးအကွယ်ကြီးမှာ သားကိုစောင့်နေတာလား"

ပြောရင်း အမေ့ဘေးနားကပ်၍ ထိုင်လိုက်ရာ အမေကလည်း ထိုင်လိုက်၏။

"လူလေး - မင်းမလာခင် ဆယ်မိနစ်လောက်က ခုပဲ ခုပဲ လူတစ်ယောက် အိမ်ထဲဝင်လာတယ်၊ လူနီနီ"

"ဗျာ"

"သူဝတ်ထားတဲ့အရောင်က အနီရောင်တွေလိုဖြစ်နေတယ်။ အသားကလည်းနီစပ်စပ်နဲ့ ဒေါင်းကြီးကလည်းမြင့်မှမြင့်။ အဲဒါ အမေက အိမ်ထဲကလှမ်းအထွက် သူက အိမ်ထဲကိုအဝင်နဲ့လှမ်းမြင်လိုက်တာ။အမေဆို ဒီနေရာမှာကြက်သေသေပြီး ခြေတွေဆက်လျှောက်လို့မရတော့ဘူး။ ခု အဲဒါရပ်ကြည့်နေတာ။ သူ့ဝင်မလာခင်က ထူးထူးခြားခြားမွှေးသွားတာတော့ အမေ သတိထားလိုက်မိတယ်။ အမွှေးနံ့တောင်မပြယ်သေးဘူး အဲဒီလူတက်လာရော။ ပြီးတော့ သားရောက်လာတာပဲ"

အမေပြောမှ ကျွန်ုပ်မှာ အိမ်ထဲကဲ၍ ဟိုကြည့်ဒီကြည့်နှင့် ခေါင်းတွေကြီး၊ ကြက်သီးတွေတဖြင်းဖြင်းနှင့် ဖြစ်နေပါတော့သည်။

"မနက်က ငါ့သားကို ဆရာပညာစက်ကြိုးသွင်းပေးလိုက်ပြီးမှ ခုလိုထူးထူးခြားခြားဖြစ်တာအမေသတိထားမိတယ်"

"သားကို လက်နှစ်ဖက်နဲ့ သားလက်တွေကို အုပ်ကိုင်ပြီးရွှတ်နေတော့ စကြဝဠာတစ်တိုင်းလုံးပါတယ် အမေ။ ပုဂ္ဂိုလ်ပေါင်းစုံကြားနေရတယ်။ မကြားဘူးတဲ့ပုဂ္ဂိုလ်တွေဆိုနည်းတာမဟုတ်ဘူး။ သားကိုဆရာအပ်ပေးနေတာ။ သားစိတ်ထဲမှာ အဲဒီအချိန်တုန်းက သားနားမှာ လူတွေအများကြီး မတ်တတ်ရပ်ပြီးဝိုင်းကြည့်နေသလိုပဲခံစားရတယ်"

ထိုညက အမေ့ခြေရင်းတွင် ခြင်ထောင်ထောင်အိပ်သောကြောင့် အမေက ကျွန်ုပ်ကိုကြည့်ပြီး အူတက်နေ၏။

"အမလေး - တောတွေတောင်တွေမှာ အဓိဋ္ဌာန်သွားဝင်တဲ့သူ. . . ကရာတေးဆရာကြီးတယ်သတ္တိကောင်းလှချည်လား"

❑

လမ်းဘေးစျေးသည်ကြီးဘဝနှင့် ပျော်ရွှင်နေ၏။

ဆိုင်နှင့်ရောင်းစဉ်တုန်းကပင် ဤမျှဝင်ငွေမရှိခဲ့။ ယခုဆို လက်ထဲမှာ ငွေမပြတ်တော့။ လမ်းဘေးအကျိုးပေးပုံရ၏။

"ဟဲ့ - မောင်မောင်သန်း"

"ဗျာ - အစ်မ"

"ဦးလေးလာတယ်၊ ဆရာမှိုင်းဆိုတာ နင်ကြားဖူးလား"

"ဆရာမှိုင်း၊ မကြားဖူးဘူး အစ်မလှ"

အင်္ကျီများမီးပူတိုက်နေစဉ် အမေ၏မွေးစားသမီး အစ်မလှက ကျွန်ုပ်အားလာပြောခြင်း ဖြစ်ပါသည်။ အစ်မလှသည် သာကေတသို့ပြောင်းရွှေ့နေပြီဖြစ်၏။ တစ်ခါလာလျှင် သုံးရက်ခန့်ညအိပ်ပြီးမှပြန်၏။ အမေဆီသို့ မကြာမကြာလာပြီး ဂရုစိုက်၏။

"အေး - ငါလိပ်စာသိတယ်။ နင်က ထူးထူးဆန်းဆန်းဆိုတွေ့ချင်[...] တာလေ။ ထစ်ခနဲဆိုရောက်ရောက်[...] တတ်လို့ ငါမေးထားတယ်။ တာမွေ[...] မှာ"

"ဆရာမှိုင်း (၂) မှ (၄)ထိရှိ[...]"

အခန်းဝတွင် မြေဖြူခဲနှင့်[...] သော့စာလေးသည် ဤမျှသာ[...] အခန်းထဲတွင် ထန်းချောဖျာကြီး[...] ခင်းထားပြီး ထိုင်စောင့်ကြရ၏။ [...] ထားသောအခန်းကြီး၏ဘေးထိ[...] အခန်းလေးထဲတွင် စားပွဲကြီးနှင့်[...] ထိုင်ရှိပြီး ဆရာမှိုင်းထိုင်ဟော၏။

ကျွန်ုပ်၏မိတ်ဆွေ ဦးလေး[...] ယောက်ကိုဟောလိုက်သည်မှာ -

"ခင်ဗျားနာမည်ဘယ်သူလဲ"

"လှမိုးပါ"

"ဩော် - မအေးရင်မရှိတော့[...] နော်"

"ဟုတ်ကဲ့ - လွန်ခဲ့တဲ့ငါးနှစ်[...] သွားပါပြီ"

"ခုထပ်ယူထားတာ မချို"

"ဟုတ်ကဲ့ - မချိုပါ"

"သူက ခင်ဗျားအရင် ပထ[...] ထောင်မောင်မြိုင်နဲ့ညားခဲ့သေး[...] ကလေးနှစ်ယောက်ရှိတယ်"

"ဟုတ်ကဲ့ - အဲဒါလည်း [...] တော်သိပါတယ်။ အရင်အိမ်[...] ကိုမြိုင်နဲ့ ကလေးနှစ်ယောက်ရှိ[...] တယ်"

"ခင်ဗျားမှာ မအေးရင်နဲ့[...] ချစ်ချစ်တစ်ယောက်တည်း"

"ဟုတ်ကဲ့ - ချစ်ချစ်ဆိုတဲ့[...] ပါတယ်"

"ချစ်ချစ်က သူ့ထက်[...] ကောင်ကိုသွားပြီး ရည်းစား[...] တယ်ဗျာ။ ကောင်လေးက ဝွ[...] ဘက်က"

ဦးလေးလှမိုး လန့်ဖျပ်[...] ဆရာမှိုင်းမျက်နှာကို သေချာစိုက်[...] နေ၏။ ဆရာမှိုင်းသည် တိုက်ပုံ[...] ကိုဝတ်ဆင်ထားပြီး မျက်မှန်ကြီးတပ်[...] ရင်းနှင့် ဦးလေးကို ခပ်အေးအေး[...] ကြည့်နေ၏။

ဤသည်မှာ ဦးလေးပြော[...] သော ဆရာမှိုင်းနှင့်ဆုံခဲ့ပုံဖြစ်၏။

ယခု[...]

ကျွန်ုပ်နှင့် အစ်မလှသာ[...] သူ့ပေယ်ချင်းလှဝေကိုပါ အဖော်ခေါ်[...] ၏။ လှဝေကလည်း ဤပညာ[...] စိတ်ဝင်စားသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"နောက်တစ်ယောက်"

"လှဝေ - မင်းအရင်သွားကွာ"

"အေး"

လှဝေ ဝင်သွားပြီး ဆရာမှိုင်းရှေ့ ခုံတွင်ထိုင်သံကြားနေရ၏။

"မင်းနာမည်"

"လှဝေပါ"

"ကိုမြထွေးက မင်းအမေကို တော်တော်နှိပ်စက်တယ်နော်"

"ဟုတ်ကဲ့ - ဟို အဖေက မူးလာရင် အမေ့ကိုရိုက်တယ်"

"မသန်းခမျာ သနားပါတယ်၊ သူက အေးတယ်"

"ဟုတ်ကဲ့ - ဟို အမေက အတော်အေးပါတယ်ခင်ဗျ"

"မင်းညီမလေးရော စိုးစိုး"

"စိုးစိုးရှိတယ် ဆရာကြီး"

"အတူနေတာမို့လား"

"အရင်က အတူနေတယ်။ ခုမှ သူက ဒေါ်ပုံဘက်ပြောင်းသွားတာ"

"အိမ်ထောင်ကျသွားရင်တော့ ဒီလိုပါပဲကွာ"

"ဟုတ်ကဲ့ - အိမ်ထောင်ကျသွားလို့ပါ"

"သူတို့အိမ်ကယိုင်နေပါလား"

"ဟုတ်တယ် ဆရာကြီး၊ ပြင်ဆောက်ရမယ်။ ဒေါက်ထောက်ထားတယ်"

"သူ့ယောကျ်ားက စက်ပြင်တာလားဟလား"

"ဟုတ်ကဲ့"

"ကျော်ငွေပဲ"

"ဟုတ်ကဲ့ - ကျော်ငွေပါ"

"စိုးစိုးထက် အကြီးရှိသေးတယ်နော်။ မင်းနဲ့စိုးစိုးကြားမှာ ပါတူး"

"ဟုတ်ကဲ့ - ပါတူးကအလတ်ပါ"

"ဒီကောင်လည်း မသန်းကို နှိပ်စက်တဲ့အထဲမှာပါတယ်"

"ဟုတ်တယ်၊ အမေဆို သူ့ကြောင့် မျက်ရည်နဲ့မျက်ခွက်ပဲ"

"အေး - လှဝေ၊ မင်း ချယ်ရီကိုပဲ ယူမှာလား"

"ဗျာ - ဟုတ် ဟုတ်ကဲ့ - ချယ်ရီကိုပဲယူမှာပါခင်ဗျာ"

"ဒါဆိုလည်းဘာမှမလိုပါဘူးကွာ၊ မင်းတို့ညားမှာပါ။ ကဲ - သွားလို့ရပြီ"

"ဟုတ်ကဲ့ ဆရာကြီး"

ဖြေခွေးများပြန်လာသောလှဝေကိုကြည့်၍ အစ်မလှက အူတက်နေ၏။ ကျွန်ုပ်က လှဝေကို အကဲခတ်နေ၏။

"ဟာ - မချောင်ဘူး မချောင်ဘူး၊ ငါ ဘာမှလိမ်လို့မရဘူး။ သူက ငါ့ကို အတွင်းသိအစင်း. . ."

"နောက်တစ်ယောက်"

ကျွန်ုပ်အလှည့်ဖြစ်၏။ အစ်မလှကိုကြည့်လိုက်ပြီး ခပ်တည်တည်နှင့်ဝင်သွားလိုက်၏။

"မင်းနာမည်"

"မောင်မောင်သန်းပါ"

"မင်းအဖေဦးအုန်းကျော်မရှိတော့ဘူးနော်"

"ဟုတ်ကဲ့ ဆရာ၊ ဖေဖေ ကံကုန်သွားပါပြီ"

"ဒေါ်ငွေသိန်းရော နေကောင်းလား"

"ဟုတ်ကဲ့ - ကောင်းပါတယ် ဆရာ"

"ဘယ်လိုလဲကွ - သူ့အစ်ကိုတွေ အစ်မတွေအကြောင်းပဲပြောပြောနေတာပဲမို့လား"

မျက်မှန်ကြားမှ လှမ်းကြည့်ပြုံးလိုက်ရင်းပြောလိုက်သောဆရာမှိုင်းအား ကျွန်ုပ် အမှန်တကယ်ပင်လန့်နေပြီဖြစ်၏။

"ဟုတ်ကဲ့ ဆရာ၊ အမေက သူ့အစ်ကိုတွေ၊ အစ်မတွေကိုပဲ သတိရတယ်"

"အေးအေးသန်းက မင်းတို့နဲ့မနေဘူးနော်။ ဟို - ကြည့်မြင်တိုင်မှာ မင်းကြီးတော်ကြီးနဲ့နေတာ"

"ဟုတ်ကဲ့ - ညီမလေးက ကြီးကြီးနဲ့နေပါတယ်"

"မင်း စိန်ဂွမ်းဈေးက ဗက(၂၉)က ပြန်အပ်လိုက်တာနော်"

"ဟုတ်ကဲ့ - ကျွန်တော် ဆိုင်လခ မတတ်နိုင်တော့လို့ပါ"

"ခု - လမ်းဘေးမှာအဆင်ပြေနေတယ်မို့လား"

"ဟုတ်ကဲ့ - ပြေပါတယ်"

"မင်းဆရာရော နေကောင်းလား ဦးသန့်ဇင်"

"ဟုတ်ကဲ့ - ကောင်းပါတယ်ခင်ဗျ"

"အေးအေး - ကြိုးစား ကြိုးစား၊ မင်းအခုသင်နေတဲ့ပညာတွေက မင်းကို တစ်နေ့ကျ အကျိုးပေးတော့မှာ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"အေး - မင်းအရောင်းအဝယ်ကောင်းချင်ရင် သပြေရွက်လေးတစ်ရွက်ကို ရေမှာချမျှောလိုက်၊ ပစ်မမျှောရဘူးနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး - ရပြီ"

အစ်မလှ အလှည့်ဖြစ်၏။ အစ်မလှသည် ဆရာမှိုင်းရှေ့တွင်ထိုင်လိုက်သည်နှင့် နာမည်ကိုပင်မမေးတော့။

"ဟဲ့ - ကလေးမ ကိုပေါ်လော်ကော"

"ရှိတယ်ဆရာ"

ကိုပေါ်လော်မှာ အစ်မလှ၏ ခင်ပွန်းဖြစ်၏။

"အကြော်ကြော်တာတော့ သူ့ကို ဘယ်သူမှမမီဘူးဟဲ့"

အစ်မလှ ရယ်နေ၏။ အစ်ကိုပေါ်လော်မှာ နာမည်ကြီးစားပွဲရုံမှ အကြော်ဆရာကြီးဖြစ်၏။

ကျွန်ုပ် အလွန်သဘောကျသွား၏။

ထိုင်ရင်း စဉ်းစားနေ၏။

လူတစ်ယောက်ကို ဒီလိုပြောနိုင်ရင် တစ်ဖက်သားသည် အလွန်တုန်လှုပ်သွားမည်ဖြစ်၏။ ဤသို့တုန်လှုပ်သွားအောင် ဟောပြီးသည်နှင့် ထိုသူအား ဘာသာတရားကြည်ညိုအောင်၊ ရွတ်ဖတ်သရဇ္ဈာယ်အောင်၊ ပုတီးစိပ်အောင်၊ ကုသိုလ်ကောင်းမှုများလုပ်အောင်ပြောမည်ဟုအားခဲပြီး စိတ်ကူးယဉ်နေ၏။ လှဝေကပင် ကျွန်ုပ်ကို ဘာဖြစ်နေပါလိမ့်ဟူသောအကြည့်နှင့် ကြည့်နေ၏။

နောက်နေ့မှစ၍ ဆရာမှိုင်းပြန်ချိန်ကိုစောင့်ပြီး ဆရာမှိုင်းနှင့်မရရအောင်စကားပြော၏။ ချဉ်းကပ်၏။

ဆရာမှိုင်းသည် ကျွန်ုပ်အား ကလေးငယ်တစ်ယောက်သဖွယ်ပြုံးကြည့်ပြီး ခင်ခင်မင်မင်ပြန်ပြော၏။ သူ့အိမ်သို့ လေးဘီးကားနှင့်လိုက်သွားရ၏။ ဆရာမှိုင်းအိမ်မှာ တောင်ဥက္ကလာပ၊ ပုဏ္ဏမီမှတ်တိုင်နောက်ဘက်အနီးမှ နှစ်ထပ်တိုက်ဖြစ်ပါသည်။ ဆရာမှိုင်းသည် ချမ်းသာသူဖြစ်၏။ လူတစ်ယောက်ကို ကြည့်၍ပြောပြီဆိုလျှင် ဆွေ(၇)ဆက်မျိုး(၇)ဆက်နာမည်ပြောနိုင်သောပညာရှင်ဖြစ်ရာ ကျွန်ုပ်ဤလိုပညာမျိုးမမြင်ဘူးခဲ့ပါ။ အတော်ပင်ကြောက်စရာကောင်းအောင်မှန်၏။ လွဲသွားသည်ဟူ၍မရှိ။ နောက်ကလိုက်ကြည့်နေသလိုပင်ပြော၏။ ဒေါက်ဒေါက်ဒေါက်ဒေါက်ပြောနေသော်လည်း ဆရာမှိုင်းပြောနေပုံမှာ ခပ်အေးအေးပင်ဖြစ်၏။

ဆရာမှိုင်း၏အိမ်သို့ ဝင်ခွင့်ထွက်ခွင့်ရပါပြီ။

ဆရာမှိုင်း၏အရေးပေးကာအား



www.burmeseclassic.com

www.burmeseclassic.com

ပြောခြင်းကိုလည်းခံရပါပြီ။

ပညာနှင့်ပတ်သက်၍ ကျွန်ုပ်မှာ ဖွဲမလျှော့ပါ။ ဆရာမှိုင်းပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သွားရင်းနှင့်လူချင်းရင်းနှီးသွားလျှင် တစ်နေ့တော့ရလိမ့်မည်ဟူသောဖွဲနှင့်ကိုသွား၏။

ဆရာမှိုင်းနှင့်ဧည့်သည်များစကားပြောနေလျှင် ကျွန်ုပ်က အိမ်ဝင်းလေးတွင်ထိုင်စောင့်၏။ ဆရာမှိုင်းစကားမပြောလျှင် ကျွန်ုပ်လည်း နှုတ်ဆိတ်စွာနေ၏။ မပြောပါ။ ဂါရဝတရားထား၏။

"မင်း ငါ့ဆီလာလာနေရတာ စိတ်မကုန်ဘူးလားကွ"

"မကုန်ပါဘူး ဆရာ"

"မင်းဖွဲကတော့အတော်ကောင်းတယ်။ ငါသဘောကျတယ်။ ဒါပေမယ့် မင်းလိုချင်တဲ့ပညာက ဒီတိုင်းပေးလို့မရဘူးကွ။ ငါအချိန်ယူလိုက်ဦးမယ်။ မင်းကျင့်နိုင်မကျင့်နိုင်ကိုလည်း ငါကကြည့်ရဦးမယ်။ ဒီတော့မင်းမလာနဲ့တော့၊ အချိန်ကျရင် ငါလူလွှတ်ခေါ်လိုက်မယ်။ အဲဒီကျမှလာ။ ခုတော့ မင်းအလုပ်မင်းပြန်လုပ်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်သည် ပညာလိုချင်သည်သာသိ၏။ ပညာ၏ လျှို့ဝှက်နက်နဲမှုများကိုသိသူမဟုတ်ပါ။ ထို့ကြောင့် ဆရာမှိုင်းပြောသလို ကိုယ့်အလုပ်ကိုယ်လုပ်ရင်းပြန်စောင့်ရပါမည်။ အကြောင်းတစ်ခုခုရှိနိုင်သည်။ ထိုအကြောင်းသည် ကျွန်ုပ်မမြင်နိုင်သောအကြောင်း၊ ကျွန်ုပ်ဉာဏ်မမီသောအကြောင်းဖြစ်ပေလိမ့်မည်။ ဆရာမှိုင်း လူလွှတ်ခေါ်မည့်နေ့ရက်ကိုစောင့်ရပါတော့သည်။ လ သို့မဟုတ် နှစ်ချီ၍ကြာသွားနိုင်ပါသည်။ ဆရာမှိုင်းများခေါ်၍ ပညာပေးခဲ့သည်ရှိသော် ခံယူနိုင်အောင် ကျွန်ုပ် အဆင်သင့်ရှိနေရမည်။ ကျင့်ထားရမည်။

"လူလေး"

"ဗျာ - အမေ"

"သားနဲ့ အလှနဲ့သွားတဲ့ဆရာဆီမသွားဘူးလား"

"သွားတယ် အမေ၊ ဆရာက သူ့ဆီမလာနဲ့ဦးတဲ့။ သူ အချိန်အခါကြည့်ပြီးမှ သားကို လူလွှတ်ခေါ်မယ်တဲ့"

"အေး - ဒီပညာမျိုးတွေဆိုတာ လွယ်လွယ်နဲ့တော့ ဘယ်ရမလဲသားရယ်၊ သားဖွဲကို ဆရာသိမှာပါ။ ဒါကြောင့် လူလွှတ်ခေါ်မယ်ပြောတာ"

"ဟုတ်ကဲ့"

လမ်းဘေးဈေးသည်ကြီးဘဝနှင့် အမေ့ကိုလုပ်ကျွေးနေရသည်မှာ ပျော်ဖို့ကောင်း၏။ ကျွန်ုပ်ကိုတွေ့ချင်လွန်းသော သူငယ်ချင်းများက လမ်းဘေးသို့လိုက်တွေ့ကြ၏။ စကားထိုင်ပြောရင်း ဂျူနီလာဖမ်းလျှင် သူတို့ကပါ ဝိုင်း၍မပေး၍ပြေးကြ၏။ ပျော်စရာကောင်းလှ၏။ ဘဝကိုခန္ဓာကိုယ်နှင့်ရင်း၍ဖြတ်သန်းရရှာသော အစ်မကြီးများဆိုလျှင်လည်း ဂျူနီလာဖမ်းလျှင် ဝိုင်းအော်ပေး၏။ ဝိုင်းကူမပေးကြ၏။ အကျီများအထုပ်လိုက်ပြုတ်ကျကျန်ခဲ့လျှင် သူတို့ကကောက်ပြီးလာပို့၏။

ကြမ်းတမ်းခက်ထန်စွာဖြတ်သန်းရသောဘဝလမ်းကြောင်းပေါ်မှ အလွန်ချစ်စရာကောင်းသော စိတ်ဓာတ်ပိုင်ရှင်များဖြစ်ပါသည်။ လမ်းဘေးဘဝတူချင်းအလွန်ရိုင်းပင်းကြ၏။ လူအုံကျလာလျှင် ထိုအစ်မကြီးများကပါ ဝိုင်းကူကြည့်ပေးကြ၏။ ပစ္စည်းပျောက်လေ့မရှိသည်မှာ ဤသို့ဝိုင်းဝန်းကူညီကြ၍ဖြစ်ပါသည်။

လူလူချင်းကူညီကြသည့်စိတ်ဓာတ်ရှင်များဖြစ်၍ မည်သူ့ကိုမဆို ကျွန်ုပ်ထက်ကြီးလျှင် လေးလေးစားစားဆက်ဆံ၏။

အချို့က အလွန်နှိမ်၏။ ချိုးချိုးဖွဲ့ဖွဲ့ပြော၏။

ကြမ်းတမ်းစွာ ဖြတ်သန်းနေရရှာသောသူတို့ဘဝသည် ကျွန်ုပ်နှင့်မဆိုင်ပါ။

သူတို့၏ကူညီတတ်သောစိတ်ဓာတ်၊ ခင်မင်တတ်သောစိတ်ဓာတ်သည် ကျွန်ုပ်နှင့်ဆိုင်၏။

ထို့ကြောင့် စကားပြောလျှင် ပြန်ပြောဖြစ်၏။

ကျွန်ုပ်၏ကျင်လည်ရာဘဝသည် ရုပ်ရှင်ရုံအောက်လက်မှတ်မှောင်ခိုအဖြစ်မှသည် ဈေးသည်ကြီးဖြစ်ခဲ့ရပြီး ယခု ဂုဏ်ရုံ ပပဝင်းရုံနှင့်အနီးဆုံး ပန်းခြံထောင့်တွင် လမ်းဘေးဈေးသည်ဘဝရောက်နေရပြန်ပါပြီ။

ဘေးနားကပ်ခင်းသူများကလည်း ကျွန်ုပ်ကို အတင်းနှုတ်ဆက်လာကြ၏။ ဈေးဦးပေါက်ပလား၊ ရောင်းကောင်းလား၊ သိမ်းတော့မလားဟူသောစကားများနှင့်မရမကနှုတ်ဆက်ကြသောကြောင့် ကျွန်ုပ်ကလည်းပြန်ပြောရ၏။ ခွေးခြေနှင့်ရိုက်ခဲ့သည်ကိုပင် ပြန်သတိရတိုင်းအားနာနေမိ၏။

"မင်းဘယ်အချိန်ဈေးသိမ်းလဲ"

"ငါလား၊ ည (၉)နာရီပေါ့ကွာ။ ရုပ်ရှင်အလွှတ်ကလေးစောင့်ရောင်းရတာလည်းရှိတာပေါ့။ သိမ်းတာနဲ့ ကားစီးတာနဲ့ အိမ်ရောက်ရင် (၉)နာရီ (ခွဲ) (၁၀)နာရီပေါ့။ ဘာဖြစ်လို့လဲ"

"ငါ့အမေကွာ - ဘာဖြစ်တာ မသိဘူး၊ အကောင်းသားနေရင်း ထထအော်ငိုသလိုငိုလိုက်၊ ညမအိပ် နေလိုက်နဲ့ အဲဒါ မင်း. . ."

"ဟ - အုန်းမြိုင်ရာ၊ ငါက ပယော မှမကုတတ်တာ၊ အဲဒါက ပယောဂ ဆရာတွေဆီသွားပြီးရင် လေးလေးစားစားနဲ့ချဉ်းကပ်ပြီး. . ."

"မဟုတ်ပါဘူး၊ ငါက မင်းကို ရတာက အကြောင်းရှိတယ်။ အိမ်မှာ ထွက်နေတဲ့ ငါ့ဦးလေးဝမ်းကွဲက ဆရာကြီးလိုလိုသမ္မာကြီးလိုလိုကွာ။ သူ့ အဖ က အိမ်မှာအဝင်အထွက်ကြတယ်။ အဝင်အထွက်စိပ်လာတယ်။ အစားအစာ တွေ၊ မုန့်တွေ သူဝယ်ကျွေးလာတယ် ငါ့အမေ အဲဒီနောက်ပိုင်းဖြစ်တာကွ"

"ငါဘယ်သိပ့်မလဲ အုန်းမြိုင်ရာ မင်းကလည်း အဲဒါက. . ."

"မဟုတ်ပါဘူး၊ မင်း ငါ့ကို ပြောနေတဲ့ အချိန်တို့၊အခါတို့နဲ့လုပ် ပါကွာ။ ငါလည်း မင်းကိုအားကိုးလို့ မင်းဘာလေးပဲလုပ်ပေးလုပ်ပေး အ တိုင်လေးတစ်တိုင်ပဲထွန်းထွန်း ငါ့အမေ ကောင်းသွားမှာသေချာတယ်။ မင်းကို ယုံတယ် သူငယ်ချင်း"

သူပြောမှ အခါကိုသတိထားမိ သောကြာအခါဖြစ်ပြီး အတွေးအခေါ် အယူအဆပိုင်းခြားဝေဖန်နိုင်သောဉာဏ် ပညာခိုက်နေသည့်အချိန်ဖြစ်၏။

"မင်း စောစောကပြောတဲ့လူ ဘယ်သူ နာမည်"

"ကိုရှိန်ချစ်"

"ဩော်. . ."

"မင်း ငါ့အမေကိုလိုက်တော့ကြည့် ပေးပြီး အကြံပေးကွာ။ မင်းလိုက်ကြည့် ရင် ကျေနပ်ပြီ။ ငါမင်းကိုယုံတယ်"

အထည်ကောက်ထွက်ရင်း အုန်း မြိုင်တို့အိမ်သို့ရောက်သွား၏။ အုန်းမြိုင် သည် ကျွန်ုပ်ကို အားရဝမ်းသာစွာ ကြိုပြီး သူ့အမေနှင့် မိတ်ဆက်ပေး၏

"အမေ - ဒီကောင်က သားသူ ငယ်ချင်း သူက လမ်း. . ."

"ဟုတ်ကဲ့ - လမ်းဘေးဈေးသည် ပါ အမေ၊ အုန်းမြိုင်သူငယ်ချင်းပါ"

(ရှေ့လဆက်

ဆရာဦးမောင်မောင်

(ရင်ကိုအေးမြစေသော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ လောကလူသားတွေ စားဝတ်နေရေးဟူသော အရေးသုံးပါး အတွက် နေ့စဉ်လုပ်ကိုင်ကြိုးစားဆောင် ရွက်ကြရာတွင် လူအချင်းချင်း တစ်ဦးနှင့် တစ်ဦး တွေ့ဆုံပြောဆိုဆက်ဆံလုပ်ကိုင် ကြရသည်။ လူမှုရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ ဘာသာသာသနာရေး မှစ၍ အချစ်ရေး၊ အိမ်ထောင်ရေးအဆုံး အရေးကိစ္စ၊ အကြောင်းကိစ္စအမျိုးမျိုးတို့ အတွက် အမျိုးဘာသာသာသနာ၊ ကျား -မ၊ အသက်အရွယ်အပိုင်းအခြားအစား စားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပြောဆိုဆက်ဆံလုပ်ကိုင်ကြရပါသည်။ ထိုသို့ဆောင်ရွက်လုပ်ကိုင်ကြရာတွင် မိမိ တို့လိုချင်သော၊ဖြစ်ချင်သော၊ ရချင်သော အရာကိစ္စတိုင်းကို ပြည့်စုံအောင်မြင်လို ကြသည်မှာလူတိုင်းပါ။ ထိုသို့အောင်မြင် ပြည့်စုံရဖို့ရန်မှာလည်း မိမိတို့နှင့်တွေ့ကြုံ ဆက်ဆံအလုပ်လုပ်ကြရသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့နှင့်အဆင်ပြေသဟဇာတ ဖြစ်ပါလေမှ အောင်မြင်ပြီးမြောက်ပါလေ သည်။ ထိုသို့ သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့နှင့် အဆင်ပြေ သဟဇာတဖြစ်ဖို့ဆိုသည်မှာ လည်း မိမိကို တစ်ဖက်လူ၊ ပုဂ္ဂိုလ် အဖွဲ့အစည်းတို့က လိုလိုလားလားရှိမှ အောင်မြင်မှုနှင့် နီးစပ်ပါလေမည်။ တစ်နည်းဆိုရသော် မိမိကို ထိုသက်ဆိုင် ရာ လူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ချစ်ခင်မေတ္တာရှိလေပို၍လွယ်ကူအောင် မြင်လေပင်။ ထို့ထက်ပို၍ကား လူအချင်း ချင်း ချစ်ခင်မေတ္တာရှိသည်သာမက မမြင်အပ်သော ပရလောကမှ နတ်တို့ပါ ချစ်ခင်လေးမြတ် ကူညီမစမည်ဆိုပါက 'အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကား' ဆိုသကဲ့သို့ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ကြားသိနေကျ စကား တစ်ရပ်ရှိပါသည်။ 'လူလိုမှ နတ်လို၊ နတ် လိုမှ ဗြဟ်မ' ဟူသော စကားရပ်ပါပေ။ သို့ဖြစ်ရာ လူတွေချစ်၊ နတ်တွေချစ်လျှင် ကောင်းသော သောမဗြဟ်စားသက် ရောက်များ၊ ကောင်းသောဒဿာဗြဟ် အစီးအနင်းများ 'ကျရောက်သကဲ့သို့ ကောင်းကျိုးချမ်းသာအဖြာဖြာတို့နှင့် အောင်မြင်ပြည့်စုံမှာ မလွဲပါပေ။ ကျွန်ုပ် ထံ အချို့သော စာဖတ်သူအချို့က 'ဆရာရယ်၊ကျွန်တော်/ကျွန်မဖြင့်ရန်များ နေလို့ဟု လည်းကောင်း၊ လူမုန်းများနေ လို့ဟုလည်းကောင်း၊ အလုပ်လုပ်ရတာ အဆင်မပြေလို့ပါဆရာရယ်။ ဘယ်လို အစီအမံတွေလုပ်လျှင်ကောင်းပါ့မလဲ။ လမ်းညွှန်ပေးပါ ဆရာ။ နည်းကောင်း ဖြင့် လည်းကောင်း၊ ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာဖြင့် လည်းကောင်း၊ အင်းတိုက်၊ ရတနာဒီပံ အစီအရင်၊ စုန်းတိုက်၊ နတ်တိုက်၊ အစိမ်း တိုက် စသဖြင့် အထက်လမ်း၊ အောက် လမ်း ပညာအစီအရင်များစွာဖြင့် ပီယ သိဒ္ဓိပြီးမြောက်၍ လူနတ်တွေချစ်ခင်လာ အောင် လုပ်၍ရပါသည်။ နည်းနိဿယ များစွာရှိပါသည်။ အင်းဝိဇ္ဇာအကျော် ဘားမဲ့ဆရာတော်ဘုရားကြီးလက်ထက် က အင်းဝပြည် ဘားမဲ့ကျောင်းတွင် ဆရာတော်ကြီး၏တပည့်ရင်း ဦးပဉ္ဇင်း ကြီးတစ်ပါးရှိခဲ့ပါသည်။ ထိုရဟန်းမှာ စာတတ်သော်လည်း ဥပမိရုပ်အလွန်ဆိုး ညိုးနွမ်းလှလွန်းရကား အနောက်ဘက် လွန်မင်းကြီး၏မိဖုရားကြီးက နန်းတော် သို့ကြွတိုင်း မနှစ်မြို့သောလက္ခဏာဖြင့် ဆက်ဆံပါလေသည်။ တစ်နေ့သ၌ အင်းဝနန်းဆွမ်းကပ်ခြင်းအတွက် ဘားမဲ့ ကျောင်း အလှည့်ကျရောက်လေတော့ သည်။ ထိုအခါ ဘားမဲ့ဆရာတော်က ထိုဥပမိရုပ်ညိုးနွမ်းဆင်းရဲသောရဟန်း ကို ဆရာတော်ကိုယ်စား စေလွှတ်တော် မူလေသည်။ ထိုအခါ ရဟန်းက ရဟန်း အများနှင့် နန်းတော်သို့ကြွစဉ်ကပင် မိဖုရားကြီးက မနှစ်မြို့လေသဖြင့် ယခု ဆရာတော်ကိုယ်စားကြွရပါက မိဖုရား

△ (ကာတွန်းပါမိနှပ်စီး၊ ရွှေစီးဆောင်း)

# တိုရတနာ-ဆရာဇေယျာလင်း

## လူတွေ နတ်တွေ ချစ်ခင်စေ



များရှိရင် မစပါဆရာ' စသဖြင့် ပြောကြ ပါသည်။ လူငယ်လူရွယ်များကလည်း ဘယ်သူကိုမေတ္တာရှိနေလို့ပါဆရာ။ ဒါ ပေမယ့် ဂရုမစိုက်လို့ သူချစ်လာအောင် ဘယ်လိုလုပ်ရပါမလဲစသဖြင့် လူငယ်တို့ အချစ်ရေးရာ ပြဿနာများအတွက် အကူအညီတောင်းလာသူများလည်း မနည်းလှပါပေ။

ဂန္ဓာရီ၊ ဝိဇ္ဇာ မယသိဒ္ဓိ လောကီ ပညာရပ်နယ်ပယ်တွင် အင်းအတတ်ပညာ ကြီးနှင့် ထိပ်တိုက် တိုက်ရိုက်ဆက်ဆံရ လေပါက မကောင်းရှိပါလေနိုင်သဖြင့် မကြွရဲကြောင်း ပြန်လျှောက်ထားလေ သည်။

ထိုအခါ ဘားမဲ့ဆရာတော်က ထိုအတွက် ပူပင်ခြင်းမဖြစ်လင့်ဟု ဆိုကာ ထိုတပည့်ရဟန်းကို နံ့သာဆီဖြင့် ဖော်စပ်ထားသောပီယဆေးကိုဆွတ်ပေး ပြီး စေလွှတ်လိုက်၏။ ထိုပီယဆေးအစွမ်း ကြောင့် နောက်ဆုံးအချုပ်ဆိုရသော် မိဖုရားကြီးသည် ရဟန်းကို ခါတိုင်းနှင့် မတူ အလွန်ကြည်ညိုလိုလားလေးစား စွာ ခရီးဦးကြိုပြန်ဆွမ်းများဆက်ကပ်

www.burmeseclassic.com

www.burmeseclassic.com

သည်သာမက မင်းသားများကို ပညာသင်ဆုံးမပေးရန် အပ်နှံခြင်းကိုပါ ပြုလေတော့သည်။ သို့နှင့် နောင်အခါ နန်းဦးစံကင်းဆရာတော်ဟု ကျော်ကြားသောဆရာတော်တစ်ပါး ဖြစ်လာခဲ့သည်ဟူသတည်း။

သို့ဖြစ်ရကား လူတွေသာမက ရဟန်းပင်လျှင် ဒကာ၊ ဒကာမများ ချစ်ခင်ကြည်ညိုလေးစားခြင်းခံရပါလေမှ ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သာဓကတစ်ခုပင်။ ထို့ပြင် အချို့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ ပဋ္ဌာန်းဒေသနာတော်များ၊ ဓမ္မစကြာတရားများ၊ မဟာသမယသုတ်များကိုရွတ်ဖတ်ပူဇော်ကြပြီးနောက် လောကီအကျိုးစီးပွားများ တိုးတက်ကြီးပွားကောင်းမွန်လာကြောင်း၊ ရဟန်းဆိုလျှင်လည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်းလှူသူတွေပေါများ၊ လာဘ်လာဘတိုးပွားလာကြောင်း စသည်တို့ကို များစွာပင်ကြားဖူး ဖတ်ဖူးကြပါလိမ့်မည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းကို တွေးမိသည်မှာ ဘုရားရှင်၏ ပဋ္ဌာန်းဒေသနာ၊ ဓမ္မစကြာ၊ မဟာသမယသုတ် စသဖြင့် တရားတော်များကို ရွတ်ဖတ်ပူဇော်လေသောအခါ အချို့တရားနာလာသောနတ်တို့ ချစ်ခင်ကြသဖြင့်စောင့်ရှောက်ကူညီခြင်းကြောင့်လည်းကောင်း၊ တရားတော်တို့၏တန်ခိုးအာနုဘော်တို့ကြောင့် လည်းကောင်း ထိုသို့ ကောင်းကျိုးသုခချမ်းသာများကို ရကြလေခြင်းဖြစ်တန်ရာသည်ဟု ယူဆမိပါသည်။

သို့ဖြစ်ရာ လောက၌ လူဖြစ်စေ၊ ရဟန်းဖြစ်စေ လူနတ်တွေချစ်ခင်ကြည်ညိုလေးစားခြင်းခံရလျှင် ကောင်းကျိုးသုခချမ်းသာအဖြာဖြာကို ရကြလေမည်မှာ မလွဲပါ။ ထို့ကြောင့် ဤဆောင်းပါးဖြင့် လူတွေ၊ နတ်တွေချစ်ခင်စေသောဓာတ်ယတြာ၊ ဂါထာမန္တန်ကျင့်စဉ်တစ်ခုကို တင်ပြလိုက်ပါသည်။

ဤ လူတွေ၊ နတ်တွေချစ်ခင်စေဓာတ်ယတြာဂါထာမန္တန် ကျင့်စဉ်ကို အောက်ပါအတိုင်း အဆင့်ဆင့်လုပ်ရပါမည်။

၁။ မိမိမွေးရက်တွင် စတင်လုပ်ရပါမည်။ ထိုရက်သည် ပြဿဒါး၊ ဝါရမိတ္တူ ရက်ပုတ်ရက်ညံ့များမဖြစ်ရ။

၂။ လဆန်းရက်လည်းဖြစ်ရပါမည်။ လဆုတ်ရက်ကိုရှောင်ပါ။

၃။ မိမိမွေးနေ့မွေးရက်၏ နံနက် (၉း၀၀)နာရီမှ (၁၀း၃၀) နာရီအတွင်း အပြီးဆောင်ရွက်ရပါမည်။

၄။ အလုပ်အကိုင်၊ အကြံအစည် အောင်မြင်လိုသူများသည် ဇယား (၁)ပါ အညွှန့်အရွက်ပန်းများကို ထိုးစိုက်လှူဒါန်းရပါမည်။

၅။ ချစ်မေတ္တာရေးရာအဆင်ပြေလိုသူ လူငယ်၊ လူရွယ်သို့ကား ဇယား (၂)ပါအတိုင်း သက်ဆိုင်ရာပန်း၊ အညွှန့်များကို လှူဒါန်းရပါမည်။

၆။ ကျင့်စဉ်တစ်ပါဒကို (၇)ရက်ဖြစ်ပြီး တစ်ကြိမ်လျှင် (၇) ရက်ကျင့်ရပါမည်။ (၇)ရက်(၇)လီ၊ (၄၉)ရက်ကျင့်နိုင်ပါမူကား မိမိကံနှင့်ကျင့်စဉ်မှန်ကန်မှုအလိုက် ထိုက်သင့်သော ပီယသိဒ္ဓိ၊ လာဘသိဒ္ဓိများ ပွင့်လန်းရရှိနိုင်ပါသည်။

၇။ချစ်မေတ္တာရေးရာနှင့်ပတ်သက်၍ ကျင့်စဉ်ဆောင်သောသူတို့ ကာမေသုမိစ္ဆာစာရကံကိုထိန်းရပါမည်။ တစ်ဖန်သစ္စာရှိရှိပေါင်းသင်းနိုင်မှုလုပ်ပါလေ။

၈။ ဤကျင့်စဉ်ကိုကျင့်ကြံနေစဉ်ကာလအတွင်း သားကြီးငါးကြီးများ မစားရပါ။ 'သက်သတ်လွတ်စားနိုင်မှု ပိုကောင်းပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း သင့်တင့်ကောင်းမွန်သော မိမိမွေးရက်ကိုရွေးချယ်လျက် သက်ဆိုင်ရာပန်း၊ အညွှန့်များကို လှူဒါန်းပြီးနောက် အောက်ပါအတိုင်း ပရိတ်၊ ဂါထာမန္တန် တို့ကို ရွတ်ရပါမည်။

၁။ ဦးစွာ မေတ္တာသုတ်တော်ကို (၃) ခေါက် ရွတ်ဖတ်ပူဇော်ပါ။

၂။ ထို့နောက် အောက်ဖော်ပြပါ 'လူတွေနတ်တွေချစ်စေ' ဂါထာမန္တန်ကို မိမိသက်စေ့ရွတ်ပါလေ။

ဥ ဦ ဗုဒ္ဓဂုဏံ ပိယံဟောတု၊ ဦ ဓမ္မဂုဏံ ပိယံဟောတု။ ဦ သံဃဂုဏံ ပိယံဟောတု။ ဦ မာတာပိတု အာစရိယဂုဏံ ပိယံဟောတု။ ဦ သိန္နေဟံသိန္နေဟံ မမသိန္နေဟံ။ ဦ ပိယေဟိ ပိယေဟိ ...

**အလုပ်အကိုင်၊အကြံအစည်အောင်မြင်လိုသူများလှူဒါန်းရမည့် ယတြာဓာတ်ပန်း၊အညွှန့်များ**

**ဇယား(၁)**

| ‌နေ့ | လှူဒါန်းရန် ယတြာဓာတ်ပန်း | မှတ်ချက် |
|---|---|---|
| ၁။ တနင်္ဂနွေ | အုန်းညွှန့်(၆)ညွှန့်+ပျဉ်းမ/ပေါက်/မေမြို့(၁၉)ညွှန့် | |
| ၂။ တနင်္လာ | ကံ့ကော်(၁၀)ညွှန့်+ရွက်လှ (၁၇)ညွှန့် | |
| ၃။ အင်္ဂါ | ဆီးညွှန့်(၈)ညွှန့်+သီးညွှန့်/သီဟိုဠ်ညွှန့် (၂၁)ညွှန့် | |
| ၄။ ဗုဒ္ဓဟူး | ကံ့ကော်(၁၀)ညွှန့်+ရွက်လှ(၁၇)ညွှန့် | |
| ၅။ ကြာသပတေး | အုန်းညွှန့်(၆)ညွှန့်+ပျဉ်းမ/ပေါက်/မေမြို့(၁၉)ညွှန့် | |
| ၆။ သောကြာ | ဆီးညွှန့် (၈)ညွှန့်+သီးညွှန့်/သီဟိုဠ်ညွှန့်(၂၁)ညွှန့် | |
| ၇။ စနေ | ဒန်းညွှန့် (၁၀)ညွှန့်+ ရွက်လှ(၁၇)ညွှန့် | |
| ၈။ ရာဟု | ဒန်းညွှန့် (၁၀)ညွှန့်+ရဲယို/ရွက်လှ (၁၂)ညွှန့် | |

**ချစ်မှုရေးရာအဆင်ပြေလိုသူများလှူဒါန်းရမည့် ယတြာ ဓာတ်ပန်း၊ အညွှန့်များ**

**ဇယား(၂)**

| နေ့နံ | လှူဒါန်းရန် ယတြာဓာတ်ပန်း |
|---|---|
| ၁။ တနင်္ဂနွေ | အုန်း(၆)ညွှန့် + သီး သို့မဟုတ် သီဟိုဠ်ညွှန့် (၂၁) ညွှန့် |
| ၂။ တနင်္လာ | ကံ့ကော်(၁၅)ညွှန့် + ရွက်လှ သို့မဟုတ် ရဲယို (၁၂) ညွှန့် |
| ၃။ အင်္ဂါ | ဆီး(၈)ညွှန့်+ပေါက် သို့မဟုတ် မေမြို့၊ ပျဉ်းမ (၁၉) ညွှန့် |
| ၄။ ဗုဒ္ဓဟူး | ရွက်လှ (၁၇) ညွှန့် + ဒန်းညွှန့် (၁၀) ညွှန့် |
| ၅။ ကြာသပတေး | ပေါက်၊ မေမြို့၊ ပျဉ်းမ(ရရာတစ်ခုခု) (၁၉)ညွှန့်၊ ဆီး(၈)ညွှန့် |
| ၆။ သောကြာ | သီးညွှန့်(သို့)သီဟိုဠ်(၂၁)ညွှန့်၊သီဟိုဠ်ညွှန့်(၂၁)+အုန်း (၆)ညွှန့် |
| ၇။ စနေ | ဒန်းညွှန့် (၁၀) ညွှန့် + ရွက်လှ (၁၇) ညွှန့် |
| ၈။ ရာဟု | ကံ့ကော် (၁၅) ညွှန့်+ရွက်လှ သို့မဟုတ် ရဲယို (၁၂) ညွှန့် |



www.burmeseclassic.com

www.burmeseclassic.com

ပိယေဟိ။ ဧဟိဧဟိ။ ။

ကျင့်စဉ်ကာလတစ်လျှောက်လုံး မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ရွတ်ရပါမည်။

**■ ဆောင်ရွက်ပုံဆောင်ရွက်နည်း**

အထက်ပါအတိုင်း နေ့ကောင်းရက်သာ၊ လှူရန်ဓာတ်ပန်းများ အဆင်သင့်ရှိပြီဆိုလျှင် -

၁။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အနန္တောအနန္တငါးပါးကို ကန်တော့ပွဲတစ်ပွဲ၊ ရေငါးခွက်၊ သစ်သီးဆွမ်း(၅)မျိုးနှင့် ဆွမ်း (၅) ခွက်ကပ်လှူပါ။

၂။ ကန်တော့ပွဲတွင် ရခိုင်ငှက်ပျောသီး (၅) ဖီး၊ အုန်းကြွက်မြီးကောင်းကောင်းအနာအဆာလွတ်တစ်ပွဲ၊ ကွမ်း(၅)ယာ၊ လက်ဖက် (၅)ထုပ်၊ အမွှေးတိုင် (၅) တိုင်၊ တံခွန်၊ ကုက္ကား၊ မုလေးပွား တစ်စုံစိုက်ထူပါရှိရမည်။

(၃) ဦးစွာ ဘုရားရှိခိုးပြီး ငါးပါးသီလခံယူပါလေ။

(၄) ပြီးလျှင် အနန္တောအနန္တငါးပါးတို့ကို အောက်ပါအတိုင်း ရှိခိုးကန်တော့ပါ။

နမောတဿသုံးကြိမ်ရွတ်။

ဘုရားတပည့်တော်/တပည့်တော်မသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့အား အမှူးထား၍ မြင်းမိုရ်တောင်ဦးမကကျူးသည့် မွေးမိခင်၊ ဖခင်တို့နှင့်တကွ ပညာများသင်ကြားပေးခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာသခင် ကျေးဇူးရှင်တို့အပါအဝင် ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါး၊ အမိအဖ၊ ဆရာသမားအနန္တောအနန္တငါးပါးတို့၏ ကျေးဇူးဂုဏ်အနန္တတို့ကို ဦးထိပ်ပန်ဆင်လျက် ဤမြတ်လှစွာသော အုန်းငှက်ပျော၊ တံခွန်ကုက္ကား၊ မုလေးပွား၊ ကွမ်းဆေး လက်ဖက်အမွှေးနံ့သာတို့ဖြင့် ခင်းကျင်းအပ်လှသော ကန်တော့ပွဲမြတ်ဖြင့် လည်းကောင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းမြတ်တို့ဖြင့်လည်းကောင်း ရိုသေစွာဆက်ကပ်လှူဒါန်းပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။ ထိုအနန္တောအနန္တငါးပါးတို့၏ မေတ္တာတော်ဓာတ် မေတ္တာတော်မြတ်တို့အား ဘုရားတပည့်တော်/တပည့်တော်မသည် ရိုသေစွာခံယူပါ၏ မြတ်စွာဘုရား။

ဟု ရွတ်ဆိုလျက် အနန္တောအနန္တငါးပါးတို့အား -

ဗုဒ္ဓေါမေ သီသေတိဋ္ဌတု၊
ဓမ္မောမေ သီသေတိဋ္ဌတု၊
သံဃောမေ သီသေတိဋ္ဌတု၊
မာတာပိတု၊ အာစရိယမေ သီသေတိဋ္ဌတု။

ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏောအနန္တော၊ မာတာပိတု ဂုဏော အနန္တော၊ အာစရိယဂုဏောအနန္တော

ဟု သုံးကြိမ်ရွတ်ကာ ထိခြင်းငါးပါးဖြင့် ရိုသေစွာရှိခိုးပါ။ ထို့နောက် မြတ်စွာဘုရားအား သက်ဆိုင်ရာဓာတ်ပန်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပါ။

ထိုသို့ပြုလုပ်ပြီးနောက် -

(၁) မေတ္တာသုတ်တော်ကို သုံးကြိမ်ရွတ်ပါ။

(၂) အထက်တွင်ဖော်ပြခဲ့ပြီးသော 'လူတွေနတ်တွေချစ်စေ' ဂါထာမန္တန်ကို မိမိသက်စေ့ရွတ်ပါ။

(၃) မိမိသက်စေ့ရွတ်ပြီးနောက် မိမိလိုလားသောသူ၏ မွေးနံဂြိုဟ်သက်အတိုင်း ဂါထာမန္တန်ကို ထိုသူ (သို့မဟုတ်) အဖွဲ့အစည်းကို အာရုံပြုလျက်ရွတ်ပါ။

ဥပမာ တနင်္ဂနွေသားကိုရည်မှန်းလျက်ရွတ်လျှင် တနင်္ဂနွေဂြိုဟ်သက် (၆) ကြိမ်ရွတ်ပါ။ ထိုနည်းတူ တနင်္လာသားသမီး (၁၅) ကြိမ်၊ အင်္ဂါသားသမီး (၈) ကြိမ်၊ ဗုဒ္ဓဟူးသားသမီး (၁၇) ကြိမ်၊ ကြာသပတေးသားသမီး (၁၉) ကြိမ်၊ သောကြာသားသမီး (၂၁) ကြိမ်၊ စနေသားသမီး (၁၀) ကြိမ်၊ ရာဟုသားသမီး (၁၂) ကြိမ် အသီးသီးမှန်းရွတ်ပါလေ။

ပြီးလျှင် အောက်ပါအတိုင်း ဆုတောင်းပါလေ။

မြတ်စွာဘုရား၊ ဘုရားတပည့်တော်/ တပည့်တော်မသည် ဤကဲ့သို့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၊ အမိအဖ၊ ဆရာသမား အနန္တောအနန္တငါးပါးတို့အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ကန်တော့ပွဲမြတ်တို့ဖြင့် လည်းကောင်း၊ မြတ်စွာဘုရားအားရည်စူးလျက် မွေးနံမိတ်ပန်း၊ အညွန့်တို့ဖြင့် လှူဒါန်းပူဇော်ရှိခိုးကန်တော့ရသော ကောင်းမှုကုသိုလ်တို့ကြောင့်လည်းကောင်း၊ ဂါထာမွန်မြတ်တန်ခိုးတဖော် အာနုဘော်တော်တို့နှင့် အနန္တောအနန္တငါးပါးတို့၏ မေတ္တာတော်မြတ် မေတ္တာတော်ဓာတ်တို့ကြောင့် ဘုရားတပည့်တော်/တပည့်တော်မအား အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၌ ရှိကြကုန်သော ခုနစ်ရက်သားသမီး အပေါင်းတို့နှင့် ဣန္ဒမန္တတန်ခိုးကြီးမားကြကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ချစ်ခင်လေးမြတ်ကြ၍ စောင့်ရှောက်ကူညီမှိုင်းမကြသည် ဖြစ်ပါစေသတည်း။ အထူးအားဖြင့် (xxx) နေ့သား၊ အဖွဲ့အစည်း (မိမိအလိုရှိသော နေ့နံသား (သို့မဟုတ်) အလုပ်အကိုင်အတွက်ဖြစ်ပါက အဖွဲ့အစည်းအမည်ကိုထည့်ရွတ်)သည် ဘုရားတပည့်တော်/တပည့်တော်မအား ချစ်ခင်လေးမြတ်သည်ဖြစ်၍ ဘုရားတပည့်တော်/တပည့်တော်မ အလိုရှိအပ်တောင့်တအပ်သော အလိုဆန္ဒအတိုင်း အောင်မြင်ပြည့်ဝရသည်ဖြစ်ရပါစေသတည်း။ဖြစ်ပါစေသား မြတ်စွာဘုရားဟု ဆုတောင်းပါလေ။

**■ လိုက်နာရမည့်အချက်များ**

၁။ ကျင့်စဉ်ကို စတင်သည့်နေ့မှစ၍ တစ်ပါဒတစ်ကြိမ်လျှင် (၇) ရက်ပြုလုပ်ရမည်။ (အဓိဋ္ဌာန်တင်) လုပ်ရပါမည်။

၂။ မအောင်မြင်သေးပါက နောက်တစ်ပါဒဆက်ကျင့်ပါ။

၃။ (၇)ရက် (၇)လီ (၄၉)ရက်ပြည့်အောင်ကျင့်နိုင်လျှင် ပီယသိဒ္ဓိပင်ပေါက်မြောက်နိုင်ပါသည်။

၄။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်ဖတ်ပွားများကျင့်ဆောင်ရပါမည်။

၅။ အမြဲ နတ်များကို အမျှပေးဝေပါ။

ဤ 'လူတွေနတ်တွေချစ်ခင်စေ' ဓာတ်ယတြာကျင့်စဉ်သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၊ အမိအဖ၊ ဆရာသမား၊ အနန္တောအနန္တငါးပါးတို့အား အထူးလေးစား ရိုသေရှိခိုးရသောကျင့်စဉ်ဖြစ်ပြီး ထိုအနန္တောငါးပါးတို့၏ မေတ္တာဓာတ်ကို ခံယူရရှိသဖြင့် ကုသိုလ်ရသည့်အပြင် နတ်တို့ချစ်ခင်၊ လူတို့လေးမြတ်စေသော အကျိုးထူးများကို ကြီးမားစွာရရှိနိုင်သဖြင့် အလွန်ကျင့်သုံးသင့်သော ဓာတ်ယတြာအစီအရင်ကျင့်စဉ်ထူးတစ်ခုဖြစ်ပါသဖြင့် ခုနစ်ရက်သားသမီးတို့အတွက် မေတ္တာပေးဝေ ပညာမျှဝေလိုက်ရခြင်း ဖြစ်ပါသည်။

*သိသူဖော်စား၊ မသိသူကျော်သွား*
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

မေတ္တာများဖြင့်

တြိရတနာ-ဆရာဇေယျာထွေး
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com

www.burmeseclassic.com



# (ဥပဒေ) စိုးထွန်း

# အစွဲကြီးသူ

စွဲလမ်းခြင်းသည် မည်သည့်အခါတွင်အရေးကြီးသနည်းဟု ဆန်းစစ်ကြည့်လျှင် မသေခင် စွဲလမ်းခြင်းမျှသာဖြစ်ပြီး သေခါနီးစွဲလမ်းခြင်းသည် မိမိဘဝတစ်ခုလုံး ထိုစွဲလမ်းသည့်နေရာသို့ တိုက်ရိုက်ရောက်၍သွားတတ်သည်။ ထို့ကြောင့် ဘုရားအားစွဲသူများသည် ဘုရားစောင့်၊ ဥစ္စာကိုစွဲသူက ဥစ္စာစောင့်၊ လယ်စောင့်၊ ဥယျာဉ်စောင့်ဟူ၍ အမျိုးမျိုးရှိကြလေသည်။ ယခု အစွဲကြီးသူမှာ သူငယ်ချင်းများကို စိတ်စွဲလမ်းမှုကြီးလွန်း၍ ဘယ်ဘုံမှမရောက်ဘဲ သူငယ်ချင်းများအနီးတွင် တဝဲလည်လည်ဖြစ်နေသည့်ဖြစ်ရပ်အားတင်ပြလိုခြင်းဖြစ်ပါသည်။

ကိုကျော်ဝင်း၊ ကိုကျော် ကိုအောင်လွင်၊ ကိုတင့်ဆွေ ကျောင်းနေဖက်သူငယ်ချင်း (၁၀) မှာလည်း ဘာသာတူအခန်းတူ။ တော့လည်း (၄) ယောက်စလုံးအတူ ကောလိပ်ကျောင်းတက်ပြန်တော့ မေဂျာတူ။ အတွဲညီသောအတွဲ ၍ အသက်ကြီးပြီး အိမ်ထောင်ပြု ဘာမွေးမွေး ကလေးတွေကို ပေး မယ်ဟု ဆုံးဖြတ်ထားကြသူများပင် ပေသည်။

အတွဲညီသော သူငယ်ချင်း ယောက်ဖြစ်သဖြင့် ကောလိပ် ပိတ်ချိန်တွင် တစ်ယောက်ရွာသို့တစ် စီအလည်သွားနေကျ။ ယခုနှစ်တွင် ကိုကျော်နိုင်တို့ရွာသို့ အလည်လိုက် ဆုံးဖြတ်ထားကြသည်။ ကိုကျော်နိုင် သည့် ကန်ကုန်းရွာမရောက်ခင် တွင် ကားမှောက်၍ ကိုကျော်နိုင် သေစာရင်းထဲပါသွားသည်။ ခရီး များပါသော်လည်း ကျန်လူ ပွန်းရုံပဲ့ရုံသာဖြစ်ခဲ့သည်။ မျက်စိ မရဏသေမင်းကအတင်းခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘယ်သူမှကယ်လို့မရလိုက်။ ကိုကျော်နိုင်မိဘများထံ ဖုန်းဆက်၍ အသက်မပါသောခန္ဓာကိုယ်ကိုသာ ပြန်၍ဆယ်လာကြရသည်။

နာရေးကိစ္စတွင် ကိုတင့်ဆွေတို့ (၃) ဦးက ရက်လည်တဲ့အထိနေကြမည်ဟု ဆုံးဖြတ်ထားကြသည်။ ကိုကျော်နိုင်မိဘများကလည်း ဤမျှသံယောဇဉ်ကြီးသော သူငယ်ချင်းများဖြစ်နေ၍ လပြည့်အထိနေကြပါဟု အတင်းဆွဲ၍ထားကြသည်။ ကိုကျော်နိုင်မိသားစုတွင်

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်နိုင်က မွေးချင်းမောင်နှမမရှိဘဲ တစ်ဦးတည်းသောသား။ ထိုသားမရှိသောအခါ သူ၏အချစ်ဆုံးသူငယ်ချင်း (၃) ဦးကိုပင် သားအမှတ်နှင့် အားကိုးတကြီးဆွဲထားခြင်းသာ ဖြစ်လေသည်။ နာရေးကိစ္စပြီးချိန်တွင် ကိုကျော်နိုင်က ကိုကျော်ဝင်းကို အိပ်မက်ပေးတော့သည်။

"ဟေ့ - သူငယ်ချင်း၊ ငါအခုရွာထိပ်က ညောင်ပင်ကြီးမှာနေရတယ်ကွ။ ငါ့အိမ်ကိုပြန်လာလို့မရဘူး။ အိမ်စောင့်နတ်တွေက နှင်လွှတ်တယ်။ ငါ့အတွက် ဝက်သားနဲ့ကြော်တဲ့ခေါက်ဆွဲကြော်ဝယ်လာခဲ့ကွာ။ ညဘက်လာပေးနော်။ ငါ ထမင်းမစားရတာ (၄) ရက်တောင်ရှိပြီကွ။ မင်းတို့လာရင် ဒီညောင်ပင်မှာ ငါရှိကြောင်း မင်းတို့အထဲက တစ်ယောက်ယောက်နဲ့နပန်းလုံးကြမယ်လေ။ တကယ်လာကြနော်"

ကိုကျော်ဝင်းက သူ၏အိပ်မက်အကြောင်း သူငယ်ချင်းတွေကိုပြောပြရာ ကျန် (၂) ယောက်က မယုံကြ။ ခေတ်လူငယ်တွေဖြစ်သောကြောင့် သရဲတစ္ဆေကို ယုံလည်းမယုံကြည်။ တစ်ခါဖူးမျှ အခြောက်မခံရသဖြင့် ကြောက်လည်း မကြောက်ကြ။

ကိုအောင်လွင်က -

"ဟေ့ကောင် ကျော်ဝင်း၊ မင်းအိပ်မက်က တရုတ်သရဲကားထဲကလိုဖြစ်နေပြီ။ စိတ်စွဲလို့မက်တာဖြစ်မှာပါ"

ဟု ရယ်ရယ်မောမော ပြောနေရာ ကိုတင်ဆွေပါ ရောယောင်၍ရယ်နေသဖြင့် နည်းနည်းတော့စိတ်တိုသွားသည်။

မခံချင်စိတ်ကြောင့် -

"ဒီလိုလုပ်မယ်ကွာ ဟုတ်တာ၊ မဟုတ်တာသိရအောင် သူ့မိဘတွေကို အသိမပေးနဲ့။ တို့တွေညဘက်သွားကြမယ်လေ။ ခေါက်ဆွဲကြော်ထုပ်လည်း ဝယ်သွားမယ်။ တို့ကောင်က နပန်းလုံးတာ ဝါသနာပါတာလည်း မင်းတို့အသိပဲ။ ဟေ့ကောင် အောင်လွင် မင်းမယုံရင် ဟိုရောက်တော့ နပန်းလုံးမယ်လို့ခေါ်ကြည့် လေ"

"ကြိုက်သွားပြီ၊ ငါကလည်း သရဲတစ္ဆေကို ကိုယ်တိုင်မြင်ချင်တာ။ တို့သူငယ်ချင်းဆိုတော့ ဒီကောင်နဲ့တောင် စကားပြောချင်သေးတယ်။ တို့သူငယ်ချင်းအစစ်ဟုတ်မဟုတ်လည်း စစ်ဆေးကြည့်ရဦးမယ်"

ဤသို့ ကျိတ်၍တိုင်ပင်ပြီး ည (၇) နာရီတွင် အိမ်ကထွက်ကြသည်။ အိမ်က အထွက်ကောင်းအောင် ရွာထဲက ကိုတင်အေးအိမ်တွင် ဟာနူမာန်အခွေသွားကြည့်ဦးမယ်ဟု ပြောခဲ့သည်။ တကယ်တော့ ခေါက်ဆွဲကြော်ဆိုင်က ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်၍ သချိုင်းကုန်းသို့ သူငယ်ချင်း (၃) ယောက်ထွက်လာသည်။ ညောင်ပင်ကြီးအောက်ရောက်တော့ အလင်းရောင်ကမရှိတော့။ ကြယ်၏အလင်းရောင်ဖြင့်သာကြည့်ရ၍ သဲသဲကွဲကွဲတော့ ဘာမှမမြင်ရ။ ညောင်ပင်အောက်သို့ရောက်သည်နှင့် ကိုကျော်ဝင်းက -

"ဟေ့ - သူငယ်ချင်းကျော်နိုင်ရေ။ မင်းအိပ်မက်နဲ့ပြောခဲ့တဲ့အတိုင်း ငါတို့က ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်ခဲ့တယ်။ မင်းအိပ်မက်နဲ့ပြောတာကို အောင်လွင်နဲ့ တင့်ဆွေက မယုံကြဘူး။ မင်းဒီအပင်မှာရှိတယ်ဆိုရင် တို့မြင်အောင်ကိုယ်ထင်ပြပြီးလာယူလေ"

သိပ်မကြာလိုက်။ ညောင်ပင်ပေါ်မှ ကိုကျော်နိုင်တစ်ယောက်ခုန်ဆင်းလာသည်ကို ကိုအောင်လွင်ကမြင်နေသည်။ ကိုကျော်ဝင်းနှင့် ကိုတင်ဆွေတို့က မမြင်ကြ။ မြေပြင်သို့ရောက်သည်နှင့် -

"မင်းတို့က ငါ ဒီညောင်ပင်မှာရှိတာကို မယုံဘူးကိုး။ တကယ်ရောက်နေတာကွ။ ကဲ - သူငယ်ချင်းကျော်ဝင်းရေ၊ ခေါက်ဆွဲကြော်ထုပ်ကို ညောင်ကိုင်းမှာ ချိတ်လိုက်ပါ။ ငါ့ကိုမယုံတဲ့အောင်လွင်နဲ့ ငယ်ငယ်တုန်းကလို နပန်းသတ်ပြမယ်။ ကျောနဲ့မြေကြီးထိတဲ့ကောင်က အရှုံးနော်"

ထိုစကားကိုတော့ သူငယ်ချင်း (၃) ဦးလုံးကြားလိုက်သည်။ ကိုအောင်လွင်က ကိုယ်စကားနှင့်ကိုယ်ဖြစ်၍ ခါးတောင်းအမြန်ကျိုက်လိုက်စဉ် ကိုကျော်နိုင်က ချက်ချင်းရောက်လာသည်။ နှစ်ယောက်သား မြေပြင်တွင် လူးလိမ့်၍ ကိုကျော်နိုင်က အပေါ်ရောက်လိုက်၊ ကိုအောင်လွင်ကအပေါ်ရောက်လိုက်နှင့် ဘတစ်ပြန်ကျားတစ်ပြန်ဖြစ်နေသည်။ ထိုသို့ နပန်းသတ်နေသည်ကိုတော့ ကိုကျော်ဝင်းနှင့် ကိုတင့်ဆွေတို့က မမြင်ကြ။ ကိုအောင်လွင်တစ်ဦးတည်းသာ လူးလိမ့်နေသည်ဟုမြင်နေသည်။

"ဟေ့ကောင်တွေ ငါ့ကိုလာဆွဲကြပါဦးဟာ။ ကြာရင် ငါသေလိမ့်မယ်"

ဟု ပြောသံကြားမှ ကိုကျော်ဝင်းနှင့် ကိုတင့်ဆွေကဆွဲ၍ ထူလိုက်သည်။ မြေပြင်တွင် ကိုအောင်လွင်က လူးလိမ့်ထား၍ အင်္ကျီတစ်ထည်လုံး မြေကြီး
ကပ်နေ၏။ ကိုအောင်လွင်တစ်ယော
ကတော့ နဖူးတွေဒူးတွေနပန်းလုံးလိုက်
၍ ဤညောင်ပင်တွင် ကိုကျော်နိုင်ရှိ
သည်ကို ယုံကြည်သွားသည်။
တစ်ဝက် ယုံတစ်ဝက်ဖြစ်သူဆို၍ ကို
ဆွေတစ်ယောက်သာ ကျန်တော့သည်

သူက -

"ဟေ့သူငယ်ချင်းကျော်နိုင်၊
အိမ်ကို လိုက်ခဲ့ချင်ရင် ငါနဲ့လိုက်ခဲ့
မင်း ငါနဲ့လိုက်ရင် အိမ်စောင့်နတ်
နှင်မှာမဟုတ်တော့ပါဘူး"

ထိုစကားကို ကိုအောင်လွင်
ကြားလိုက်၍ -

"ဟေ့ကောင် မင်းခေါ်တာနော်
မပါဘူး။ ငါကတော့ လက်တွေ့နပန်း
ဖူးလို့ ယုံသွားပြီ။ အိမ်ရောက်လို့
ရောက်ရင် ကျော်နိုင်ကိုမင်းခေါ်
နော်"

ဤသို့ ပြောပြောဆိုဆိုနှင့်
ပြန်ရောက်လာကြသည်။ ကိုအောင်
က အိမ်ထဲအဝင် အင်္ကျီချွတ်၍ဝင်
သောကြောင့် ကိုကျော်နိုင်ဖခင်မှ -

"ဟဲ့ - ဒီကလေးက ဘာဖြစ်
အင်္ကျီမဝတ်ဘဲ ကိုယ်တုံးလုံးလာတာ

"အိုက်တာနဲ့ ရေချိုးဖို့ အင်္ကျီချွ
ထားတာပါ"

ဟု ကိုအောင်လွင်က
ပြောလိုက်သည်။ အင်္ကျီဝတ်ထား
မြေကြီးနှင့်ဖုန်များကမြင်မကောင်းအော
ပေကျံနေ၍ မမြင်ရအောင်အင်္ကျီချွတ်
ကိုင်လာခြင်းဖြစ်ပါသည်။ ညဘက်
ချိန်တွင် ကိုကျော်ဝင်းနှင့် ကိုအောင်
က ကိုတင့်ဆွေနှင့်ခပ်လှမ်းလှမ်းတွင်
ကြသည်။ ကိုတင့်ဆွေက ခပ်ရွတ်
တွတ်။ သူနှင့်ခပ်ခွာခွာအိပ်မှန်းသိ
၍ အပေါ်ထပ်လှေကားအတက်နား
အိပ်ရာပြင်၍အိပ်လိုက်သည်။

ည(၁၂)နာရီခန့်တွင် ကိုတင့်
တစ်ယောက် အီးအီးအားအားအ
ညစ်၍အော်နေသည်။ ကိုတင့်ဆွေ
များက ပါးစပ်ထဲတွင် အဝတ်ဆို့
သောကြောင့် မပီမသထွက်လာ
ဗလုံးဗထွေးအသံတွေဖြစ်နေ၍ ကို
ဝင်းနှင့် ကိုအောင်လွင်က ဘယ်
သည့်အသံမှန်းမသိကြ။ ကိုကျော်
အဖေကြီးက နားပါးသူဖြစ်၍
ရာသို့လာခဲ့ရာ ကိုတင့်ဆွေတစ်
မှောက်လျက်ကအော်နေသည်
လိုက်၏။

"အမလေး - ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com

တာ ဦးလေးရာ။ ဦးလေးသာ ကျွန်တော့်ကိုဆွဲမထုရင် ဘယ်အချိန်အထိဒုက္ခခံနေရမယ်မသိဘူး။ အေးစက်စက်ကိုယ်လုံးကြီးနဲ့ဖိထားတာ ဦးလေးရဲ့ လူလည်းလှုပ်လို့မရသလို အသံလည်းထွက်လို့မရဘူး။ တကယ်တော့ ဒီကိစ္စဟာ ကျွန်တော်ပါးစပ်ဆော့လို့ဖြစ်ရတာပါ။ မနက်ရောက်မှအပြည့်အစုံရှင်းပြပါမယ်။ အခုတော့ ဘုရားခန်းရှေ့မှာ သွားအိပ်ပါရစေ"

ထိုညတွင် သေသူကိုကျော်နိုင်က ပထမအိပ်မက်ပေးသည့်ကိုကျော်ဝင်းကိုပင် ထူးထူးခြားခြား အိပ်မက်ပေးပြန်သည်။

"မင်းတို့မနက်ရောက်ရင် မြို့ကိုသွားတဲ့ကားလမ်းပေါ် သွားကြ။ လူတစ်ယောက်က နွားတစ်ကောင်ဆွဲလာလိမ့်မယ်။ အဲဒီနွားကို သားသတ်ရုံရောင်းဖို့ခေါ်လာတာကွ။ နွားက ခြေတစ်ချောင်းဆာနေတယ်။ ခိုင်းလို့မရတော့ဘူး။ ဒီလိုဖြစ်နေတာ ဘာကြောင့်လို့ဒီလယ်သမားက မသိဘူးကွ။ လယ်ရှင်က အမှောက်အမှားရှိထားလို့ ကွင်းပိုင်ကြီးကလုပ်လိုက်တာ။

အဲဒီနွားကို မင်းတို့စုပြီးဝယ်ဖြစ်အောင်ဝယ်။ ဝယ်ပြီးရင် ကွင်းပိုင်ကြီးကိုတိုးဖို့ ငါ့အဖေကိုပြော။ သူလုပ်တတ်တယ်။ ကွင်းပိုင်ကြီးကိုတိုးပြီးတာနဲ့ ဒီနွားကြီးက အကောင်းအတိုင်းပြန်ပြီးဖြစ်လိမ့်မယ်။ (၁) ရက် (၂) ရက် အစာဝအောင်ကျွေးပြီးပြန်ထုတ်လိုက်။ ဝယ်ဈေးနဲ့ဘာမှမဆိုင်ဘူး။ ရတဲ့အမြတ်ငွေကိုသင်္ကန်းတစ်စုံဝယ်ပါ။ ဘုန်းကြီးတစ်ပါးပင့်ပြီး ငါ့အတွက်လှူပေးပါ။ အမျှလည်းပေးပါ။ တင့်ဆွေကြီးက သူခေါ်ပြီးသူပြန်နှင်လို့ ညတွင်းချင်း ညောင်ပင်ကို ပြန်ရတယ်ကွ"

ကိုကျော်ဝင်းက ကိုကျော်နိုင်ဖခင်အား ပထမအိပ်မက်နှင့်ဒုတိယအိပ်မက်တွေကို အပြည့်အစုံပြောလိုက်သည်။ မထူးတော့ပြီဖြစ်၍ သချိုင်းကုန်းကိစ္စနှင့် တိုတင်ဆွေကိစ္စကိုပါ ရှင်းပြလိုက်တော့သည်။ ထိုနေ့မနက်ပိုင်း မြို့ကိုသွားသည့်ကားလမ်းပေါ်တွင် အိပ်မက်ပေးသည့်အတိုင်း နွားတစ်ကောင်ကိုမောင်းလာသည်။ အကျိုးအကြောင်းမေးရာ ရောင်းမည်ဟုသိလိုက်ရ၍ ကိုကျော်ဝင်းတို့အုပ်စုက ဈေးမဆစ်ဘဲဝယ်လိုက်သည်။

ကွင်းပိုင်ကြီးအား 'ကိုး' ပြီးသည်နှင့် နွားကြီးက ခြေတစ်ချောင်းမဆာတော့။ နွားကောင်းနွားသန့်ဖြစ်လာ၍ ပြန်ရောင်းသည့်အခါတွင် ဝယ်ဈေးထက် (၅) ဆပို၍မြတ်ခဲ့သည်။ ကွယ်လွန်သူသူငယ်ချင်းကျော်နိုင်၏ဆန္ဒအရ သင်္ကန်းတစ်စုံနှင့်ထီးနှင့်ဖိနပ်ပါဝယ်လိုက်သည်။ ရွာဦးကျောင်းဆရာတော်အား အဖြစ်အပျက်များလျှောက်ထား၍ အလှူလုပ်သည့်နေ့တွင် ကံသာဆရာတော်ကြီးမှ-

"အင်း-အခုဆိုရင် မင်းတို့သူငယ်ချင်းကိုကျော်နိုင် ကွယ်လွန်တာ (၁) လပြည့်တော့မယ်။ တို့ဘုရားရဲ့ ဟောကြားချက်အတိုင်း ပြောရမယ်ဆိုရင် သေခါနီးလူတစ်ယောက်ဟာ ကံရှစ်မျိုးနဲ့တမလွန်ကို ရောက်ကြတယ်ကွယ့်။ ဒီကံရှစ်မျိုးကတော့ ပထမ ဂရုကကံ (ကုသိုလ်အကုသိုလ်) ရယ်၊ ဒုတိယ အာသန္နကံ (ကုသိုလ်အကုသိုလ်) ရယ်၊ တတိယ အာစိဏ္ဏကံ (ကုသိုလ်အကုသိုလ်) ရယ်၊ စတုတ္ထကံကတော့ ကဋတ္တာကံ(ကုသိုလ်အကုသိုလ်) ရယ်ဖြစ်ပြီး တစ်မျိုးကိုနှစ်မျိုးခွဲရင် (၄) မျိုးမှာ (၈) မျိုးရလာပြီး အဲဒီကံတရားနဲ့ တမလွန်ဘဝကိုသွားကြတယ်ကွယ့်။

ဂရုကကံကို ကုသိုလ်ဘက်ကကြည့်ရင် ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်များ၊ တစ်မဂ်တစ်ဖိုလ်ရထားသူများဖြစ်လို့ ဒီပုဂ္ဂိုလ်တွေက ဘယ်တော့မှအောက်ဘုံကို မရောက်တော့ဘူး။ ဒီဂရုကကံကိုပဲ အကုသိုလ်ဘက်ကကြည့်ရင် အမိအဘ၊ ရဟန္တာသတ်သူ၊ သံဃာဂိုဏ်းခွဲသူ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုသူတွေဟာ အကုသိုလ်ဂရုကကံအကျိုးပေးပါလိမ့်မယ်။ ဒီလူတွေက ကျိန်းသေအဝီစိငရဲကိုသွားဖို့ လက်မှတ်ရထားတဲ့သူတွေပဲဖြစ်ပါတယ်။

သေခါနီးမှာ ဂရုကကံအကျိုးမပေးရင် အာသန္နကံက အကျိုးပေးပါလိမ့်မယ်။ သေခါနီးမှာပရိတ်နာတာ၊ သင်္ကန်းကပ်တာ၊ ပန်းရေချမ်းဆီမီးလှူတဲ့ကုသိုလ်တွေသတိရပြီး ပီတိဖြစ်နေရင် ကုသိုလ်စိတ်ကြောင့်သုဂတိဘုံကိုရောက်နိုင်ပါတယ်။ အကုသိုလ်ဘက်ကကြည့်ရင် သေခါနီးမှာ ခွေးသံ၊ ဝက်သံ၊ ကြက်သံဘဲသံ၊ ဆဲဆိုအော်ဟစ်တဲ့ အနိဋ္ဌာရုံအသံတွေပဲကြားပြီး စိတ်စွဲလမ်းမိတာနဲ့ အပါယ်ဘုံကိုရောက်သွားပါလိမ့်မယ်။

ဒီအာသန္နကံကအကျိုးမပေးသေးရင် အာစိဏ္ဏကံကအကျိုးပေးနိုင်ပါသေးတယ်။ ဒါက ဘာလဲဆိုရင် နေ့စဉ်နဲ့အမျှဝတ်တစ်ခုခုပြုလုပ်ခဲ့ပြီး အဲဒီကောင်းမှုကိုစိတ်ရောက်သွားတာနဲ့ အာစိဏ္ဏကံက အကျိုးပေးပြီး လူ့ဘုံ၊ နတ်ဘုံတွေကို ရောက်နိုင်ပါသေးတယ်။ ဒါကိုပဲ အကုသိုလ်ကံဘက်ကကြည့်ရင် ဘဝတစ်ခုလုံးမှာ ကြက်သတ်ဘဲသတ်တဲ့ အကုသိုလ်အလုပ်ကိုစိတ်ရောက်သွားတာနဲ့ အပါယ်ဘုံကိုပဲ ရောက်ပါလိမ့်မယ်"

"ဒီအာစိဏ္ဏကံအကျိုးမပေးသေးရင် ကဋတ္တာကံက လူသားကိုအကျိုးပေးနိုင်ပါသေးတယ်။ ကဋတ္တာကံဆိုတာ အမှတ်မထင်ကောင်းမှုကုသိုလ်ပြုလုပ်တာကိုခေါ်တာပါ။ အဖြစ်လောက် ကုသိုလ်ပြုရုံလေးသာဖြစ်လို့ အကျိုးပေးတာသိပ်ပြီးမကျိန်းသေးဘူး။ အကျိုးပေးနည်းလွန်းတာကြောင့် အဟောသိကံအမျိုးအစားထဲကို ရောက်သွားတတ်ပါတယ်။

အခု မင်းတို့သူငယ်ချင်းကတော့ အော်ဟစ်ငြီးတွားတဲ့ အနိဋ္ဌာရုံအသံတွေကြားပြီး မင်းတို့ကို စွဲလမ်းတာနဲ့ အာသန္နကံရဲ့အကုသိုလ်အကျိုးပေးသွားတာပဲ ဖြစ်ပါတယ်။ သူရောက်သွားတဲ့ဘုံကို ပြိတ္တာဘုံလို့ ခေါ်ပါတယ်။ ပြိတ္တာဘုံမှာလည်း (၄) မျိုး (၄) စားရှိတယ်ကွယ့်။ ဝေမာနိကပြိတ္တာ၊ ဥပ္ပိပါသပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ပရဒတ္တူပဇီဝိကပြိတ္တာဆိုပြီးရှိကြတဲ့အနက် ပရဒတ္တူပဇီဝိကပြိတ္တာမျိုးထဲမှာဖြစ်နေလို့ မင်းတို့ကိုအိပ်မက်လည်းပေးနိုင်တယ်။ လူနဲ့လည်းနီးနီးကပ်ကပ်နေနိုင်တယ်။ အမျှဝေရင်လည်းသာဓုခေါ်နိုင်တယ်။ အဲဒီပြိတ္တာမျိုးဖြစ်မှ သာဓုခေါ်ပြီး ကောင်းမြတ်တဲ့ဘုံကိုကူးနိုင်တယ်ကွယ့်။ ကဲ - မင်းတို့သူငယ်ချင်းကို လေးလေးစားစားဖိတ်ပြီးလေးလေးနက်နက် အမျှဝေကြမယ်"


အမျှပေးဝေပြီးချိန်တွင် ကိုကျော်နိုင့်တစ်အိမ်လုံး စံပယ်ပန်းရနံ့ကမွှေးသွားသည်။ ရောက်ရှိလာသည့်ဧည့်ပရိသတ်အားလုံး စံပယ်ပန်းရနံ့ရလိုက်ခြင်းကြောင့် သာဓုခေါ် ဆိုနိုင်၍ ကောင်းရာသုဂတိဘုံသို့ ရောက်သွားသည်မှာ သေချာကြောင်း သူငယ်ချင်း(၃)ယောက်စလုံးက သိလိုက်သည်။ လူလောကတွင် အစွဲအလမ်းကြီးလွန်းပါကား မည်သည့်ဘုံသို့ ရောက်တတ်ကြောင်း ကိုကျော်နိုင်က ဘဝနှင့်ရင်း၍ သူငယ်ချင်းများကို သင်ခန်းစာပေးလိုက်ခြင်းပင် ဖြစ်ပါသတည်း။

စိုးထွန်း(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



သမ္မတချွန်းဒူးဟွမ်၏ ချစ်ကြည်ရေးခရီးစဉ်အတွက် ထုတ်ဝေသော ပထမနေ့စာအိတ်

# ကြည်လွှင်
# နိုင်ငံခြားရေးမူဝါဒနှင့် မြန်မာတံဆိပ်ခေါင်းများ

'တံဆိပ်ခေါင်း' ဟူသည်မှာ ချောစာပို့ရန်အတွက် အခွန်အခ ပေးဆောင်ရန်ပစ္စည်းတစ်ခု ဖြစ်သည် 'နိုင်ငံခြားရေး' ဟူသည်မှာ နိုင်ငံတစ် ၏ ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်း များနှင့်ဆက်ဆံသည့် မူဝါဒတစ် သည်။ 'တံဆိပ်ခေါင်း' နှင့် 'နိုင်ငံခြား မူဝါဒ' တို့ကိုဆက်စပ်၍ ရနိုင်ပါမည်



သမ္မတဦးစန်းယု၏ ကိုရီးယားချစ်ကြည်ရေးခရီးစဉ်အတွက် ထုတ်ဝေသော ပထမနေ့စာအိတ်



မြန်မာ
နိုင်ငံခြား
ဦး
တံဆိပ်



တရုတ်-မြန်မာ နှစ် (၆၀) သံတမန်ဆက်ဆံရေးတံဆိပ်ခေါင်း




လိုင်ဘေးရီးယား
ဗိုလ်ချုပ်မှူးကြီး
တံဆိပ်ခေါင်း



ရုရှား-မြန်မာ နှစ် (၆၀) သံတမန်ဆက်ဆံရေး တံဆိပ်ခေါင်း



စိန်တစ်လုံး
တံဆိပ်ခေါင်း



ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး နှစ် (၆၀) အထိမ်းအမှတ် တံဆိပ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ခေါင်းဟူသည်မှာ စာပို့လုပ်ငန်းအတွက်သက်သက်သာ အသုံးဝင်သည် မဟုတ်ဘဲ တံဆိပ်ခေါင်းပေါ်မှ ဒီဇိုင်း၊ ဒီဇိုင်းအကြောင်းအရာတို့မှာ နိုင်ငံတစ်နိုင်ငံ၏'ပါဝါအပျော့ထည်' (soft power) အဖြစ် အသုံးပြုနိုင်ပေသည်။

'ပါဝါအပျော့ထည်'အကြောင်းကို အနည်းငယ် ရှင်းပြလိုပါသည်။ 'ပါဝါအမာထည်' (hard power) ဟူသည်မှာ ငွေကြေး၊ အင်အားစသည်တို့ကို အသုံးပြု၍ သိမ်းသွင်းခြင်းမျိုး ဖြစ်သည်။ ပါဝါအပျော့ထည်မှာ ထိုကဲ့သို့ အတင်းအကျပ်၊ နိုင်ထက်စီးနင်းခြင်းမပြုဘဲ ဆွဲဆောင်ခြင်း၊ ဖျောင်းဖျခြင်းတို့ဖြင့် ပုံသွင်းယူခြင်းမျိုးဖြစ်သည်။ ပါဝါအပျော့ထည်ကို နိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးစံတန်ဖိုးများ၊ နိုင်ငံခြားရေးမူဝါဒတို့အတွက် အသုံးချလေ့ရှိရာ 'ဝါဒဖြန့်ချိမှန်းမသိစေဘဲ အကောင်းဆုံးဝါဒဖြန့်ချိနည်း' မျိုး ဖြစ်သည်။ တံဆိပ်ခေါင်းမှာ ပါဝါအပျော့ထည်တစ်မျိုးဖြစ်လေသည်။

နိုင်ငံခြားရေးမူဝါဒဖြန့်ချိရာ၌ စာပို့တံဆိပ်ခေါင်းများမှာ ပါဝါအပျော့ထည်တစ်ခုအဖြစ် အသုံးကျနေသည်ကို မထင်မှတ်ဘဲမြင်တွေ့နေရရာ အလွန်ထူးခြားသောဆက်စပ်မှုတစ်ရပ်ဟု မဆိုသာပေ။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်ပါက စကြဝဠာကြီးအတွင်းရှိအရာအားလုံးနှင့်အကြောင်းအရာမျိုးစုံတို့မှာ တစ်စုနှင့်တစ်ခုဆက်စပ်နေသည်ဟူ၍ဖြစ်သည်။ ဗီယက်နမ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး သစ်နက်ဟန်း (Thich Nhat Hanh) က 'စာအုပ်' ဟူသည်မှာ တစ်နည်းအားဖြင့် 'နေ' ဖြစ်သည်ဟု မြွက်ကြားဖူးသည်။ နေရောင်ခြည်ရရှိသောကြောင့် သစ်ပင်ဝါးပင်တို့မှာ ကြီးထွားရှင်သန်လာပြီး ထိုသစ်ပင်ဝါးပင်တို့ကိုခုတ်၍ စက်ဖြင့်ကြိတ်ပြီးလာသောပျော့ဖတ်မှတစ်ဆင့် စက္ကူများရရှိလာကာ 'စာအုပ်' ဟူ၍ ပုံနှိပ်ထားနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ယခုဖော်ပြမည့် 'တံဆိပ်ခေါင်း'နှင့် နိုင်ငံခြားရေးမူဝါဒ' တို့မှာ ထိုကဲ့သို့ အဆင့်ဆင့်ဖြင့် ရှုပ်လျှားထွေပြားစွာ ဆက်စပ်ရမည် မဟုတ်ပေ။ စင်စစ် တံဆိပ်ခေါင်းများမှာ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြန့်ချိရာ၌ ပစ္စည်းကောင်းတစ်ခုဖြစ်ပြီး ထိုနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း တံဆိပ်ခေါင်းများပေါ်တွင် ရောင်ပြန်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ပုံစံပြရမည်ဆိုပါက အမေရိကန်နိုင်ငံထုတ် လီဘာတီကြေးရုပ်တံဆိပ်ခေါင်းမှာ နိုင်ငံတကာသို့ရောက်ရှိပြီး လီဘာတီကြေးရုပ်ကို အမေရိကန်၏ သင်္ကေတအဖြစ် မြင်ယောင်လာကြမည်ဖြစ်သည်။ ထိုသို့ မြင်တွေ့ရဖန်များသော် တဖြည်းဖြည်းချင်း အမေရိကန်နိုင်ငံအပေါ် အထင်ကြီးစိတ်ဖြင့် ကြိုက်နှစ်သက်လာကြမည်ဖြစ်သည်။ မြန်မာ့နိုင်ငံခြားရေးဝါဒနှင့် မြန်မာတံဆိပ်ခေါင်းများတို့၏ ဆက်စပ်ကြပုံအကြောင်း မတင်ပြမီ မြန်မာနိုင်ငံသားများမှာ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေး၊ သံတမန်ရေးတို့အပေါ်တွင် မည်သို့ခံယူကြပြီး မည်မျှဗဟုသုတရှိကြပါသနည်းဟူသည်ကို သုံးသပ်ကြည့်လိုပါသည်။

**□ မြန်မာနှင့်နိုင်ငံခြားရေး**

မိမိတို့ မြန်မာနိုင်ငံ၏ နယ်နိမိတ်ပြင်ပမှနိုင်ငံများနှင့် အပြန်အလှန်နားလည်မှုကိုတည်ဆောက်၍ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးရာကိစ္စများ၊ သံတမန်ဆက်ဆံရေးတို့ကို မြန်မာတို့က မည်သည့်အခါကမှပေါ့ပေါ့တန်တန်သဘောမထားကြချေ။ သံတမန်ရေးရာဆိုင်ရာ ဗဟုသုတများကလည်း မြန်မာတို့အဖို့ ရင်းနှီးပြီးဖြစ်ကြသည်။ သံတမန်ရေးရာနှင့်ပတ်သက်၍ စကားပြောတတ်စကလေးငယ်ဘဝကပင် မြန်မာတိုင်းကြားဖူးသည့် စကားတစ်ခုမှာ 'သံနှင့်စပ်၊ အပ်ဖြင့်ပင် မရွှယ်ရ' ဟူ၍ ဖြစ်သည်။ ပုဂံမြို့ရှိ မင်္ဂလာစေတီမှ ရှင်ဒိသာပါမောက္ခ၏ ကျောက်စာ၌ 'မင်းတို့ကား တမန်တို့ကို မချုပ်ရာ' ဟူ၍ ပါရှိသည်။ အင်းဝခေတ် စကြိုသူမြတ်မထေရ်၏ အဆိုမိန့်တစ်ခုကလည်း 'ရှေးမင်းတို့သည် သူ့နိုင်ငံနှင့် မိမိနိုင်ငံတို့ကို မီးမသေ၊ ရေမနောက်-ရွှေလမ်းငွေလမ်းပေါက်အောင် တမန်တံတားလွှတ်၍ မိတ်ခင်ပွန်းဖွဲ့ကြရသည်' ဟူ၍ ဖြစ်သည်။ မွန်စကားပုံတစ်ခုကလည်း သံတမန်ရေးရာကိစ္စ၌ သတိထားရန်အချက်ကို ညွှန်ပြထားသည်မှာ 'နှုတ်ကျွံလျှင် အရေးအရာပျက်ချေသည်။ ဓားကျွံလျှင် ခြေလက်ရှုံ့ရုံသာရှိသည်'ဟူ၍ ဖြစ်သည်။ သံတမန်ဆက်ဆံရေးဟူသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ရေးနှင့် နယ်မြေတည်တံ့ရေးတို့အတွက် အလွန်ပင် အရေးပါလှကြောင်းကို မြန်မာတို့ နားလည်သိရှိကြသည်။

မြန်မာ့သမိုင်းတွင် ဆရာတော်ဦးဥတ္တမအစရှိသည့် မြန်မာ့မျိုးချစ်ခေါင်းဆောင်ကြီးများက အမြော်အမြင်ကြီးမားစွာဖြင့် 'မြန်မာကို ကမ္ဘာကသိရမည်။ ကမ္ဘာကိုမြန်မာကသိရမည်' ဟုကြွေးကြော်ကြုံးဝါးခဲ့ကြသည်။ ယခု ၂၁ ရာစုခေတ်ဦးရောက်သည့်တိုင် မြန်မာကို ကမ္ဘာကသိနေကြပါပြီလော။ မြန်မာတွေကကော ကမ္ဘာကိုသိကြပါပြီလော။ သိကြပြီဟုဆိုပါလျှင်လည်း မည်မျှမှန်ကန်လုံလောက်အောင်သိနေကြပါပြီနည်းဟူသည်မှာ မြန်မာတို့ မိမိကိုယ်မိမိ ပြန်လှန်မေးရမည့် မေးခွန်းသာဖြစ်တော့သည်။

မြန်မာနှင့် အင်္ဂလိပ်တို့မှာ ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့တွင် (၃)ကြိမ်တိုင်တိုင် စစ်ခင်းခဲ့ရသည်။ နှစ်ဖက်စစ်ခင်းကြသည်ဟု ဆိုရငြားသော်လည်း အမှန်မှာ အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ချင်းနင်းဝင်ရောက်သိမ်းပိုက်လိုက်ခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံ၏ နှစ်ပေါင်းထောင်ချီ၍ တည်ရှိခဲ့သော လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက်တို့ကို လက်လွှတ်ခဲ့ရသည်။ အင်္ဂလိပ်၏ ကိုလိုနီဘဝဖြင့် နှစ်ပေါင်းများစွာနေလာခဲ့ရသော်လည်း မြန်မာတို့မှာ လွတ်လပ်ရေးကိုသာ မှန်းဆတွေးတောမျှော်လင့်ခဲ့ကြသည်။ မြန်မာမျိုးချစ်ပညာရှင်များ၏ ရေးသားချက်၊ ဟောပြောမှုများကြောင့် မြန်မာလူငယ်တို့မှာ တိုက်ခိုက်ရဲ၊ တော်လှန်ရဲအောင် အားတက်ကုန်ကြရသည်။ သခင်နုကဲ့သို့သော လွတ်လပ်ရေးတိုက်ပွဲဝင်လူငယ်တစ်စုတို့ဦးစီးသော နဂါးနီအသင်းမှ စာပေတို့ဖြင့် မြန်မာလူငယ်တို့မှာ မြန်မာ့အရေး၊ ကမ္ဘာ့အရေးတို့ကို ညှိနှိုင်း၊ ဆက်စပ်၊ သုံးသပ်ဝေဖန်နိုင်လာကြသည်။ ဂျပန်ခေတ်ရောက်သော် ၁၉၄၃ ခုနှစ်၌ ဂျပန်တို့ကပေးသော အတုအယောင်လွတ်လပ်ရေးကိုရကြမှ လွတ်လပ်ရေးအစစ်အမှန်၏ အရသာကို အငမ်းမရခံစားချင်လာကြတော့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် လွတ်လပ်ရေးတိုက်ပွဲမှာလည်း ပိုမိုပြင်းထန်လာခဲ့သည်။ မျိုးချစ်ခေါင်းဆောင်ကြီးများကလည်း လွတ်လပ်ရေးရခဲ့သော် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် ပြဿနာအရပ်ရပ်ကို ကောင်းစွာရင်ဆိုင်နိုင်ရန် မျိုးချစ်လူငယ်တို့ကို စိတ်ဓာတ်ရေးအရ ပြင်ဆင်ပေးခဲ့ကြသည်။

ထိုခေတ်ထိုစဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့တစ်ခု တည်ထောင်ဖွဲ့စည်းရန် လိုအပ်ပါလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု အာဆီယံအသင်းကြီးသို့ မြန်မာနိုင်ငံ ဝင်ရောက်ခဲ့ခြင်းမှာ ဗိုလ်ချုပ်၏ တွေးခေါ် မြော်မြင်မှုနှင့်အညီဖြစ်ရုံသာမက ခေတ်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာလည်းရောက်ပေသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသောအခါ ကုလသမဂ္ဂသို့ဝင်ခွင့်ရရှိရန် တက်သုတ်နှင့်၍ စီစဉ်လုပ်ဆောင်ခဲ့ရသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံမှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာပြီး ကမ္ဘာ့အလယ်၌ နိုင်ငံပေါင်းစုံနှင့်ဆက်ဆံကာ မြန်မာကို ကမ္ဘာကသိလာသလို ကမ္ဘာကိုလည်း မြန်မာတို့က ပိုမိုသိရှိလာကြတော့သည်။

□ မြန်မာ့နိုင်ငံခြားရေးမူဝါဒ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် အောက်ဖော်ပြပါအခြေခံအချက်(၃)ချက်ပေါ်၌မီတည်၍ မိမိတို့နိုင်ငံခြားရေးမူဝါဒကို ရေးဆွဲလေ့ရှိကြသည်။ (က) နိုင်ငံ၏ ပထဝီအနေအထား၊ (ခ) နိုင်ငံ၏ အတိတ်သမိုင်းနှင့် (ဂ) နိုင်ငံ၏ပြည်တွင်းတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဝါဒသဘောထားနှင့် လက်တွေ့စနစ်တို့ ဖြစ်သည်။ နိုင်ငံခြားရေးမူဝါဒဟူသည်မှာ ပြည်တွင်းရေးဝါဒသဘောထားကို ဆန့်ထုတ်ထားသည့် ရောင်ပြန်ဟပ်မှုသာ ဖြစ်သည်။ (Foreign policy is a reflection or an Extension of domestic policy).

မြန်မာနိုင်ငံမှာ ကမ္ဘာ့အကြီးဆုံးနိုင်ငံကြီးများဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိသည်။ တရုတ်ပြည်၏ အနောက်တောင်ပိုင်း (ယူနန်ပြည်)၊ အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်း (အာသံ၊ မဏိပူရ)နှင့် အနောက်တောင်ဘက်၌ ဘင်္ဂလားဒေ့ရှ် (ယခင် အရှေ့ပါကစ္စတန်) တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်၌ မြန်မာနှင့်ထိုင်းနိုင်ငံမှလွဲ၍ အရှေ့တောင်အာရှဒေသတွင် မည်သည့်နိုင်ငံမျှ လွတ်လပ်ရေး မရသေးပေ။ ထိုအချိန်မှာ တရုတ်ပြည်ကြီး၌ မော်စီတုန်းခေါင်းဆောင်သောကွန်မြူနစ်ပါတီက အောင်ပွဲခံလုဆဲဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံမှာလည်း မြန်မာနိုင်ငံကဲ့သို့ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ကာစဖြစ်သည်။ အိန္ဒိယ တိုက်ငယ်၌ အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နှစ်နိုင်ငံကွဲသွားပြီးနောက် သွေးချောင်းစီးသော ဟိန္ဒူ-မွတ်စလင်ပဋိပက္ခများဖြစ်နေသောအချိန်ဖြစ်သည်။ အိန္ဒိယနှင့် တရုတ်ပြည်ကြီးတို့မှာ ဒုက္ခပေါင်းစုံဖြင့် ကြုံတွေ့နေရသောအချိန်ဖြစ်လေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ ဖော်ပြပါ ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပြည်တွင်းရေးရာတို့မှ ပေါက်ဖွားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသည်။ စစ်ကိုတားဆီးလိုသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်ပြီး နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် အပြန်အလှန် ပူးပေါင်းရေးကို ရှေးရှုသည်။ သဘောတရားရေး၊ စစ်ရေးစသည်တို့ အခြေခံသော နိုင်ငံရေးအုပ်စုများတွင် မည်သည့်ဘက်မျှလိုက်လိုခြင်းမရှိပေ။ ထို့ကြောင့် ကြားနေဝါဒကိုလိုက်သည်။ 'ကြားနေသည်' ဆိုရာ၌ ပြဿနာများကို မသိကျိုးကျွန်ပြုခြင်းလည်းမဟုတ်သလို လေ့နံနှစ်ဖက်နင်းခြင်းမျိုးလည်း မဟုတ်ပေ။ အပြုသဘောဆောင်သော လွတ်လပ်စွာဆုံးဖြတ်သည့် ကြားနေဝါဒမျိုး (Positive or Independent Neutrality) ဖြစ်သည်။ ဤသည်မှာကားလွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအကျဉ်းမျှသာ ဖြစ်လေသည်။ ၁၉၅၅ ခုနှစ်က အမေရိကန်နိုင်ငံသို့ ဝန်ကြီးချုပ်ဦးနု သွားရောက်စဉ်တွင် မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာ ကမ္ဘာ့ပြဿနာအရပ်ရပ်တို့ကို ကျော့ပေးလျစ်လျူရှုသောတာဝန်မဲ့ဝါဒတစ်ရပ်ဖြစ်သည်ဟု အမေရိကန်ခေါင်းဆောင်ပိုင်း၏ ဝေဖန်မှုကို ဝန်ကြီးချုပ်က သတင်းစာဆရာများအသင်း၌ မိန့်ခွန်းပြောကြားရာတွင် ကျေလည်စွာ ချေပနိုင်ခဲ့သည်။

၁၉၅၄ ခုနှစ်၌ကျင်းပသည့် ကိုလံဘို (၅) နိုင်ငံညီလာခံမှစ၍ ၁၉၅၅ ခုနှစ်တွင်ကျင်းပသော ဘန်ဒေါင်းညီလာခံအထိ မြန်မာနိုင်ငံက ဦးစီးဦးဆောင် ကမကထပြု ဆောင်ရွက်နိုင်ခဲ့သည်။ ဘန်ဒေါင်းကြေညာချက်ပါ မူကြီး(၁၀) ချက်မှာ မြန်မာနိုင်ငံခြားရေးမူဝါဒ၏ အခြေခံတစ်ရပ်ဟုဆိုနိုင်သည်။ အမှန်စင်စစ် ဘန်ဒေါင်းမူ (၁၀)ချက်အနက်မှ (၄) ချက်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်မှ တိုက်ရိုက်ယူထားခြင်း ဖြစ်သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ယခင်အတိုင်း ကျင့်သုံးမည်ဖြစ်ကြောင်းအခိုင်အမာအတည်ပြုကြေညာခဲ့သည်။ စင်စစ် မြန်မာနိုင်ငံသည် မည်သို့မည်မျှပင်ပြောင်းလဲခဲ့စေကာမူ နိုင်ငံခြားရေးမူဝါဒမှာ တစ်သမတ်တည်းရှိခဲ့သည်ကို တွေ့ရပေမည်။

□ စာပို့တံဆိပ်ခေါင်းများနှင့် နိုင်ငံခြား[illegible] မူဝါဒ

နိုင်ငံခြားရေးဘက်ဆိုင်ရာနှ[illegible] သက်၍ ဆွေးနွေးပွဲများ၊ ဖိုရမ်မျ[illegible] ပြည်သူ့ရေးရာသံတမန် ဆက်ဆံ[illegible] ကဏ္ဍ၌ ခေါင်းစဉ်များစွာအောက်[illegible] မြောက်မြားစွာသော အကြောင်း[illegible] များကိုဆွေးနွေးကြသော်လည်း '[illegible] တံဆိပ်ခေါင်း' ဆိုင်ရာ အကြော[illegible] ချန်လှပ်ထားလေ့ရှိကြသည်။ သို့[illegible] စာပို့တံဆိပ်ခေါင်းများမှာ နိုင်ငံတ[illegible] ၏ နိုင်ငံခြားရေးမူဝါဒနှင့် များစွ[illegible] စပ်မှုရှိနေလေသည်။ 'တံဆိပ်ခေါ[illegible] ဟူသည့်အရာကိုယ်၌က 'အချုပ်အ[illegible] အာဏာပိုင်ဆိုင်ခြင်းကို နိုင်ငံတ[illegible] ပြသသည့်ပစ္စည်းငယ်တစ်ခုပင်ဖြစ်[illegible] ၁၈၄၀ ပြည့်နှစ်၌ ပထမဆုံးစာပို့[illegible] ခေါင်း တီထွင်အသုံးပြုပြီးသည့်နော[illegible] ပိုင်း၌ နိုင်ငံတိုင်းက သူတို့၏ အမျိ[illegible] ရေးဆိုင်ရာ အကြောင်းအရာမျ[illegible] တံဆိပ်ခေါင်းများမှတစ်ဆင့် ကျ[illegible] များဆီသို့ သတင်းစကားအဖြစ် တ[illegible] ကြသည်။ ၁၈၇၄ ခုနှစ်၌ ကမ္ဘာ့စာပို့[illegible] များသမဂ္ဂ (Universal Postal Un[illegible] ဖွဲ့စည်းတည်ထောင်ပြီး နောက်ပိုင်း[illegible] နိုင်ငံတကာသို့ တံဆိပ်ခေါင်းများ [illegible] များပြား သွက်လက်စွာ ပျံ့နှံ့ခဲ့ရာ [illegible] တိုင်းက သူတို့၏လွတ်လပ်ရေး၊ နယ[illegible] ပိုင်ဆိုင်မှု၊ စစ်အောင်နိုင်မှု၊ နိုင်[illegible] ခေါင်းဆောင်များ . . . စသည့်အကြေ[illegible] အရာများကို နိုင်ငံတကာသို့ တံ[illegible] ခေါင်းဒီဇိုင်းများဖြင့် မသိမသာ ဝါဒ[illegible] ခဲ့လေသည်။

ထိုကဲ့သို့ တံဆိပ်ခေါင်းများ[illegible] ဖြန့်ချိ၍ နိုင်ငံတကာသို့ မိမိတို့၏ နို[illegible] ခြားရေးမူဝါဒတစ်ရပ်အနေဖြင့်ထုတ်[illegible] နေကြသည့် ကမ္ဘာ့နိုင်ငံများမှာ ယ[illegible] နိုင်ငံပေါင်း (၆၀၀) ကျော်ရှိနေပြီ [illegible] သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ([illegible] အတွင်း ထိုနိုင်ငံများမှ မျိုးမတူ[illegible] ခေါင်းပေါင်း (၂၅၀,၄၀၀) ကျော်ထုတ်[illegible] ၍ ဝါဒဖြန့်ချိခဲ့ကြပြီးလေပြီ။ တစ်လ[illegible] ဝန်းကျင်ခန့်သာ အရွယ်အစားရှိ[illegible] တံဆိပ်ခေါင်းမှာ ခေါ်ဝေါ်သော [illegible] ဖြန့်ချိရေးကြော်ငြာစာရွက်ငယ် [illegible] အမျိုးသားရေး၊ သမိုင်းမှတ်တိုင်၊ နို[illegible] ခြားရေးမူဝါဒ၊ စီးပွားရေး၊ ယဉ်ကျေး[illegible] နိုင်ငံခြားဆက်ဆံရေး . . . [illegible] အကြောင်းအရာတို့ပါရှိခဲ့ကြသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံအစိုးရအများစုမှာ တံဆိပ်ခေါင်းများ၏ ဝါဒဖြန့်ချိရေးဆိုင်ရာစွမ်းအားကို နားလည်သိရှိကြပြီး နိုင်ငံတကာရေးရာများ၌ တံဆိပ်ခေါင်းကို ဝါဒဖြန့်ချိရေးကိရိယာတန်ဆာပလာအဖြစ် အသုံးပြုရန်လက်မနှေးကြပေ။ ပုံစံအားဖြင့်ပြရသော် စစ်အေးခေတ်ကာလက ဆိုဗီယက်ယူနီယံနိုင်ငံကြီးက သူတို့၏ ကွန်မြူနစ်ဝါဒကောင်းမွန်ကြောင်းကို တံဆိပ်ခေါင်းအမျိုးမျိုးပေါ်၌ ဒီဇိုင်းအမျိုးမျိုးပုံနှိပ်၍ ဝါဒဖြန့်ချိခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံကလည်း သူတို့၏မဟာခေါင်းဆောင်ကြီးများနှင့်တော်လှန်ရေးလှုပ်ရှားမှုများကို တံဆိပ်ခေါင်းများမှတစ်ဆင့် ကမ္ဘာပြည်သူများကို ထုတ်ဖော်ပြသခဲ့သည်။ ကျူးဘားနိုင်ငံကလည်း ခေါင်းမာစွာဖြင့် 'ကွန်မြူနစ်' တံဆိပ်ခေါင်းများကိုသာ ထုတ်ဝေခဲ့သည်။

ယခုခေတ်ကာလပိုင်းကို သုံးသပ်ကြည့်ပါက စီးပွားရေးတိုးတက်လာပြီး ဩဇာအာဏာ အထိုက်အလျောက်ရှိလာသော တရုတ်နိုင်ငံကြီးက အခြားနိုင်ငံများနှင့် ချစ်ကြည်ရေးကို ရှေးရှု၍ အထိမ်းအမှတ် တံဆိပ်ခေါင်းများကို ထုတ်ဝေလျက်ရှိသည်။ အထူးသဖြင့် သံတမန်ဆက်ဆံရေးနှစ်လည်တံဆိပ်ခေါင်းများကို ပူးတွဲထုတ်ဝေလျက် ချစ်ကြည်ကြောင်းပြသ၍ နိုင်ငံများကို သိမ်းသွင်းလျက်ရှိသည်။ အချို့နိုင်ငံငယ်များအတွက် ပူးတွဲတံဆိပ်ခေါင်းထုတ်ဝေခြင်းကို တရုတ်အစိုးရကပင် ကုန်ကျစားရိတ်ခံ၍ ထုတ်ဝေစေသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံကြီးက ချစ်ကြည်ရေးကို အရင်းတည်၍ နိုင်ငံအများအပြားကို သိမ်းသွင်းပြီး ကမ္ဘာလွှမ်းခြုံစည်းရုံးရေးကို တံဆိပ်ခေါင်းထုတ်ဝေခြင်းဖြင့် စတင်ခဲ့လေသည်။ ဤကဲ့သို့ နိုင်ငံအသီးသီးက မိမိတို့၏ နိုင်ငံခြားရေးပေါ်လစီကို သက်တံရှည်ရှည်ဖြင့် တံဆိပ်ခေါင်းများမှ ထုတ်ဖော်ပြသနေချိန်တွင် မြန်မာနိုင်ငံမှလည်း ထိုသို့ပြုမူဆောင်ရွက်ခြင်းမျိုးကို ခြွင်းချက်အဖြစ် ချန်လှပ်ထားခဲ့ခြင်းမရှိကြောင်း ဤဆောင်းပါးဖြင့် တင်ပြထားခြင်းဖြစ်သည်။

**❑ နိုင်ငံခြားရေးဝါဒဖြန့်ချိရေးရှုထောင့်မှ မြန်မာတံဆိပ်ခေါင်းများ**

မြန်မာနိုင်ငံ၏အစိုးရအဆက်ဆက်တို့က တံဆိပ်ခေါင်းကို နိုင်ငံခြားရေးဆိုင်ရာလက်နက်တစ်ခု သို့မဟုတ် ကိရိယာတန်ဆာပလာတစ်ခုအနေဖြင့် ထိထိရောက်ရောက် ထုတ်လုပ်အသုံးမပြုခဲ့ကြရုံသာမက တံဆိပ်ခေါင်းထုတ်ဝေမှုကိုလည်း များစွာကန့်သတ်ချုပ်ချယ်ထားခဲ့လေ့ရှိသည်။ ထူးခြားသည်မှာ မိမိတို့မြန်မာနိုင်ငံ၏ ဝါဒရေးရာဆိုင်ရာနှင့် အထိမ်းအမှတ် ပွဲသဘင်ကြီးများကို တံဆိပ်ခေါင်းမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်သတင်းဖြန့်ချိခြင်း ပြုလုပ်လေ့မရှိခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည်မှစ၍ ၁၉၈၈ခုနှစ်လူထုဒီမိုကရေစီရေးလှုပ်ရှားမှုကြီးအထိ ထုတ်ဝေခဲ့သော မြန်မာတံဆိပ်ခေါင်းများ၏အကြောင်းအရာများကို သုံးသပ်ကြည့်ပါက အမျိုးသားရေးခေါင်းစဉ်ဖြင့် ထုတ်ဝေသော တံဆိပ်ခေါင်းများမှာ (၃၇%) နှင့် တပ်မတော်နှင့်တော်လှန်ရေးဆိုင်ရာဖြင့်ထုတ်ဝေသော တံဆိပ်ခေါင်းများမှာ(၁၈%)ဖြစ်သည်။ဖော်ပြပါကာလအတွင်း၌ အစိုးရခေါင်းဆောင်နှစ်ဦးဖြစ်ကြသည့် ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ နိုင်ငံခြားရေးမူဝါဒမှာ ဘက်မလိုက်၊ ကြားနေရေးမူဝါဒကို တင်းကြပ်စွာဆုပ်ကိုင်သောမူဝါဒမျိုးသာဖြစ်ခဲ့သည်။ ဤကာလအတွင်း ပြည်ပနိုင်ငံများမှ နိုင်ငံဦးသျှောင်နှင့်အစိုးရအဖွဲ့အကြီးအကဲများ အပြန်အလှန်အားဖြင့် ချစ်ကြည်ရေးခရီးစဉ်များ မြန်မာနိုင်ငံသို့လာရောက် လည်ပတ်ကြသော်လည်း ထိုခရီးစဉ်များကိုဂုဏ်ပြု၍ မြန်မာနိုင်ငံမှသော် လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံမှသော်လည်းကောင်း တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ၁၉၈၃ ခုနှစ်၌ မြန်မာနိုင်ငံသို့ လာရောက်သော တောင်ကိုရီးယားသမ္မတချွန်ဒူးဝှမ်၏ခရီးစဉ်အတွက် တောင်ကိုရီးယားနိုင်ငံမှ တံဆိပ်ခေါင်းများထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံနှင့် သက်ဆိုင်သောတံဆိပ်ခေါင်းတွင် သမ္မတချွန်ဒူးဝှမ်နှင့် သမ္မတဦးစန်းယုပုံတို့ပါရှိခဲ့သည်။ ထိုခရီးစဉ်၌ ရန်ကုန်မြို့ အာဇာနည်ကုန်းတွင် မြောက်ကိုရီးယားထောက်လှမ်းရေးမှ ဗုံးဖောက်ခွဲခဲ့ရာ ချစ်ကြည်ရေးအဖွဲ့ဝင်ကြီးများ သေဆုံးခဲ့ပြီး ကိုရီးယားသမ္မတလည်း မိမိနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရသည်။ ချစ်ကြည်ရေးခရီးစဉ်အဆုံးသတ်ခဲ့သကဲ့သို့ တံဆိပ်ခေါင်းများရောင်းချမှုကိုလည်း ရုတ်သိမ်းခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံသို့ ရောက်ရှိလာသောနိုင်ငံခေါင်းဆောင်များအတွက် ဂုဏ်ပြုတံဆိပ်ခေါင်းများ ထုတ်ဝေနိုင်ပါက အနည်းဆုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၌ မြန်မာတံဆိပ်ခေါင်းများ ရေပန်းစားလာနိုင်သည်။

**❑ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဟုတ်ပါ၏လော**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြီးတို့ အပြန်အလှန်ထားရှိသော နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေထားသည့် မောင်အောင်မိုး၏ 'ပေါက်ဖော်တဲ့လား ၁၉၄၈ ခုနှစ်မှစတင်ခဲ့သော မြန်မာပြည်၏ တရုတ်ပေါ်လစီ' (In the Name of Pauk-Phaw-Myanmar's China Policy)ကို ယခုအခါတွင် ဘာသာပြန်ဆိုပြီး ထုတ်ဝေထားပြီးဖြစ်သဖြင့် အသေးစိတ်ဖတ်ရှုနိုင်ပြီဖြစ်သည်။ မြန်မာနှင့် တရုတ်တို့၏ဆက်ဆံရေးကို တံဆိပ်ခေါင်းရှုထောင့်မှသုံးသပ်ပါက မည်သို့ရှိနေပါသနည်း။တံဆိပ်ခေါင်းနှင့်ပတ်သက်သည့် တရုတ်-မြန်မာဆက်ဆံရေးအကြောင်း မတင်ပြမီ ပူးတွဲထုတ်ဝေသော တံဆိပ်ခေါင်း ( joint stamp issue)၏ အဓိပ္ပာယ်ဖော်ပုံကို ရှင်းလင်းလိုပါသည်။ တံဆိပ်ခေါင်းပညာရပ်၌ ပူးတွဲထုတ်ဝေသော တံဆိပ်ခေါင်းဟူသည်မှာ နိုင်ငံနှစ်နိုင်ငံတို့က ချစ်ကြည်ရေးကို ရှေးရှု၍ ဒီဇိုင်းအကြောင်းအရာတူ၊ အရောင်တူ၊ အရွယ်အစားတူသောတံဆိပ်ခေါင်းကို ထိုနိုင်ငံနှစ်နိုင်ငံ၌ တစ်နေ့တည်း တစ်ချိန်တည်း စတင်ရောင်းချရန်စီစဉ်၍ ထုတ်ဝေသောတံဆိပ်ခေါင်းမျိုးကို ခေါ်ဆိုသည်။ သို့ရာတွင် တံဆိပ်ခေါင်းပေါ်မှ နိုင်ငံအမည်မှာ သက်ဆိုင်ရာနိုင်ငံအမည်ကို သုံးပြီး တံဆိပ်ခေါင်းတန်ဖိုးမှာလည်း သက်ဆိုင်ရာနိုင်ငံ၏ငွေကြေးဖြင့် ပြသပုံနှိပ်ထားသော တံဆိပ်ခေါင်းမျိုးကို ခေါ်ဝေါ်သည်။ ပုံစံအားဖြင့်ပြရမည်ဆိုပါက အာကာသအတွင်း၌ အပိုလိုနှင့် ဆိုယုဇ်အာကာသယာဉ်နှစ်စီးပူးပေါင်းသုတေသနပြုလုပ်နေသည့်ဒီဇိုင်းပုံဖြင့် တံဆိပ်ခေါင်းတစ်မျိုးကို အမေရိကန်နိုင်ငံနှင့် ဆိုဗီယက်ယူနီယံနိုင်ငံတို့က မော်စကိုနှင့် ဝါရှင်တန်မြို့တို့၌ တစ်နေ့တည်း၊ တစ်ချိန်တည်း ပူးတွဲထုတ်ဝေခြင်းမျိုးကို ခေါ်သည်။

မြန်မာနိုင်ငံမှာ ၂၀၀၀ ပြည့်နှစ်၌ အလွှားလိုက် တံဆိပ်ခေါင်းရှည်ကြီးတစ်မျိုးထုတ်ဝေခဲ့သည်။ထိုတံဆိပ်ခေါင်းမှာ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com

နှစ် (၅၀) မြောက်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ဤတံဆိပ်ခေါင်း မတိုင်မီ မြန်မာနိုင်ငံမှ မည်သည့်နိုင်ငံနှင့်မှ သံတမန်ဆက်ဆံရေး တံဆိပ်ခေါင်းထုတ်ဝေခြင်းမပြုခဲ့ပေ။ တံဆိပ်ခေါင်း၏ တစ်ခြမ်းမှာ တရုတ်နိုင်ငံမှ မဟာတံတိုင်းကြီးပုံဒီဇိုင်းဖြစ်ပြီး အခြားတစ်ခြမ်းမှာ မန္တလေးနန်းမြို့ရိုးပုံ ဖြစ်သည်။ နောက်ထပ် (၁၀) နှစ်ကြာသောအခါ မြန်မာနိုင်ငံမှ တရုတ်-မြန်မာသံတမန်ဆက်ဆံရေး နှစ် (၆၀) အထိမ်းအမှတ် တံဆိပ်ခေါင်းရှည်ကြီးတစ်မျိုး ထုတ်ဝေပြန်သည်။ ဒီဇိုင်းတစ်ဖက်ခြမ်းမှာ တရုတ်နိုင်ငံမှ တီအန်မင်ရင်ပြင်နှင့် အခြားတစ်ခြမ်းမှာ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံတို့ဖြစ်သည်။ထိုတံဆိပ်ခေါင်း(၂)မျိုးမှာ ပူးတွဲထုတ်ဝေခြင်းပုံစံဖြင့် ထုတ်ဝေခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံမှ သီးခြားထုတ်ဝေခဲ့ခြင်းသာဖြစ်သည်။ ၂၀၁၃ ခုနှစ်ကလည်း မြန်မာနိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆက်သွယ်မှုများရှိနေသော ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး နှစ် (၆၀) အထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေခဲ့ရာတွင် ပူးတွဲထုတ်ဝေခဲ့ခြင်းမဟုတ်ပေ။

သုံးသပ်ကြည့်ပြီး မေးခွန်းများထုတ်လိုသည်မှာ တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးတံဆိပ်ခေါင်းများ နှစ်ကြိမ်တိုင် ထုတ်ဝေခဲ့ပါသော်လည်း အဘယ်ကြောင့် ပူးတွဲတံဆိပ်ခေါင်းများအဖြစ် မထုတ်ဝေခဲ့ရသနည်း။ ဤဆောင်းပါး၏ အစပိုင်း၌ ဖော်ပြသကဲ့သို့ အချို့နိုင်ငံငယ်များအတွက် တရုတ်အစိုးရက ကုန်ကျစရိတ်ခံ၍ သံတမန်ဆက်ဆံရေး ပူးတွဲတံဆိပ်ခေါင်းများ ထုတ်ဝေပေးလျက်ရှိရာ အိမ်နီးချင်း မြန်မာနိုင်ငံနှင့် အဘယ်ကြောင့် ပူးတွဲတံဆိပ်ခေါင်းမထုတ်ဝေနိုင်ရပါသနည်း။ မြန်မာစာပို့အာဏာပိုင်နှင့် အစိုးရတို့က မတောင်းဆို၍ မထုတ်ဝေခြင်းလော။ သို့တည်းမဟုတ် တရုတ်အစိုးရကိုယ်တိုင်က ပူးတွဲတံဆိပ်ခေါင်းအဖြစ်ထုတ်ဝေရန် လက်ခံခြင်းမရှိ၍ မထုတ်ဝေခြင်းပေလောဟူသည်ကိုမူ တိတိကျကျမသိကြရပေ။ မြန်မာနိုင်ငံမှာ ထိုခေတ်ထိုစဉ်က ကမ္ဘာ့နိုင်ငံများအကြား၌ လူ့အခွင့်အရေးချိုးဖောက်မှုများ အပါအဝင် ပြစ်တင် ရှုတ်ချစရာအချက်များဖြင့် လက်ညှိုးဝိုင်းထိုးခြင်းခံနေရရာ ဤကဲ့သို့သော နိုင်ငံတစ်နိုင်ငံနှင့် တရုတ်နိုင်ငံကြီးက သိက္ခာအကျခံပြီး ပူးတွဲတံဆိပ်ခေါင်း မထုတ်ဝေခြင်းပေလောဟု အမျိုးမျိုးစဉ်းစား တွေးခေါ်ကြရသည်။ ဤကိစ္စနှင့်ပတ်သက်၍ မြန်မာစာတိုက်ဌာနမှလည်း ပွင့်လင်းမြင်သာစွာဖြင့် ရှင်းလင်းပြောပြခြင်းမရှိသဖြင့် တံဆိပ်ခေါင်းလောက၌ သို့လောသို့လောဖြင့်သာ တွေးခေါ်နေကြရခြင်းဖြစ်သည်။ တရုတ်ပြည်ကြီးက မကြာခဏ ကြွေးကြော်ခဲ့သော မြန်မာနိုင်ငံအပေါ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုမျိုးဖြင့် ချစ်ကြည်ပါသည်ဟုဆိုသည်ကို လွယ်လွယ်ဖြင့် လက်ခံရပါမည်လော။ မည်သို့ဆိုစေ အနည်းဆုံးအနေဖြင့် တံဆိပ်ခေါင်းထုတ်လုပ်ရေးကဏ္ဍအတွက်မှာမူ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမဟုတ်သည်ကိုတော့ မြင်တွေ့နေကြရသည်။ ထို့ထက်ပို၍ဆိုးရွားသည်မှာ မြန်မာတံဆိပ်ခေါင်းများပေါ်တွင် ပါဝင်နေကျဖြစ်သော အပြည်ပြည်ဆိုင်ရာဘာသာဖြစ်သည့်အင်္ဂလိပ်ဘာသာနှင့် မိခင်ဘာသာရင်းဖြစ်သည့် မြန်မာဘာသာတို့အပြင် နှစ် (၆၀) မြောက် တရုတ် - မြန်မာသံတမန်ဆက်ဆံရေးတံဆိပ်ခေါင်းပေါ်၌ဘူးသီးငါးပေါင်းကြော် တရုတ်စာလုံးများပထမဆုံးအကြိမ်အဖြစ် ပါဝင်လာခြင်း ဖြစ်သည်။ ဤသည်မှာ မြန်မာတံဆိပ်ခေါင်းစစ်စစ်ပေါ် သို့ ဗိုင်ဗိုင်နိုင်နိုင်ဖြင့် တရုတ်စာလုံးများ ချင်းနင်းဝင်ရောက်နိုင်ခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

**□မုန်းတစ်လှည့်၊ပြုံးတစ်လှည့် အာဆီယံနဲ့**

မြန်မာနိုင်ငံမှထုတ်ဝေသောတံဆိပ်ခေါင်းများကို ပြန်လှန်သုံးသပ်ကြည့်ပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ၁၉၈၈ ခုနှစ် လူထုဒီမိုကရေစီရေးလှုပ်ရှားမှုကြီးအထိ ထုတ်ဝေခဲ့သည့် မြန်မာတံဆိပ်ခေါင်းများအနက် (၄၀%) သောတံဆိပ်ခေါင်းများမှာ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများကို ဂုဏ်ပြုထုတ်ဝေသော တံဆိပ်ခေါင်းများဖြစ်သည်ကို တွေ့ရှိရသည်။ ၁၉၈၈ ခုနှစ်တွင်တက်လာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် နိုင်ငံတကာမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် အခြားသောလုပ်ရပ်များအတွက် ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ထိုသို့ပြစ်တင်ဝေဖန်ခဲ့သည့်နိုင်ငံများနှင့်အဖွဲ့အစည်းများကြားတွင် ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကျယ်ကျယ်လောင်လောင်ဝေဖန်ပြစ်တင်လာခဲ့ရာ လွန်ခဲ့သည့်(၂၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှထုတ်ဝေသော တံဆိပ်ခေါင်းများပေါ်တွင် ကုလသမဂ္ဂဂုဏ်ပြုတံဆိပ်ခေါင်းများကို မမြင်ရသလောက်ပျောက်ကွယ်ခဲ့ရသည်။ ကုလသမဂ္ဂဆိုင်ရာတံဆိပ်ခေါင်းများကိုမတွေ့ရသော်လည်း မိုးခ စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးလှုံ့ဆော်သည့် တံဆိပ်ခေါင်းများအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏အောင်မြင်မှုများ၊ အထိမ်းအမှတ်များကို ဂုဏ်ပြုသော မြန်မာနိုင်ငံတံဆိပ်ခေါင်းများကနေရာယူလွှမ်းမိုးခဲ့သည်။

အာဆီယံအဖွဲ့ကြီး၏ နှစ် (၃၀) မြောက်သည့် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှာ အသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာရာ ဂုဏ်ယူမဆုံးတပြုံးပြုံးဖြင့် မြန်မာနိုင်ငံမှ အာဆီယံ နှစ် (၃၀) မြောက် တံဆိပ်ခေါင်းများအပြင် ပထမဆုံးထုတ်ဝေသည့် မက်ဆီမန်ကတ် (maximum card) များလည်း ထုတ်ဝေခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အာဆီယံနှစ် (၄၀) မြောက်အဖြစ် အာဆီယံနိုင်ငံများစုပေါင်းထုတ်ဝေ (omnibus issue)သော တံဆိပ်ခေါင်းအချပ်ငယ်တွင် မြန်မာနိုင်ငံမှလည်းပါဝင်ထုတ်ဝေခဲ့သည်။ ထိုအချပ်ငယ်အတွက် အာဆီယံနိုင်ငံများ ဗိသုကာလက်ရာဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းများထုတ်ဝေကြရာ မြန်မာနိုင်ငံမှ ရန်ကုန်စာတိုက်ကြီးပုံဖြင့် ပါဝင်ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ နိုင်ငံ့ဦးဆောင်ခေါင်းဆောင်ကြီးများမှာ ပိုမို၍အာဏာရှင်ဆန်လာခဲ့သည်။ နောက်ဆုံးအုပ်ချုပ်သွားသော နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမှာ အလိုတော်မကျပါက ခါးခါးသီးသီးငြင်းဆန်လုပ်ဆောင်လေ့ရှိကြောင်း ကြားသိရဖူးသည်။ ၂၀၀၃ ခုနှစ်၌ မြန်မာနိုင်ငံမှ ထူးထူးခြားခြားထုတ်ဝေခဲ့သောသစ်ခွနက်နှင့် စိန်တစ်လုံးသရက်သီးဒီဇိုင်းပုံဖြင့် တံဆိပ်ခေါင်းနှစ်မျိုးမှာ ခေတ္တခဏသာရောင်းချခဲ့ပြီး အရောင်းရုတ်သိမ်းသွားခဲ့သည်ကို အံ့သြစွာကြုံတွေ့ကြရသည်။ နောက်ပိုင်းမှသိရသည်မှာ ထိုတံဆိပ်ခေါင်းနှစ်မျိုးမှာ အာဆီယံနိုင်ငံများမှစုပေါင်းအကြံပြုပြီး အဖွဲ့ဝင်နိုင်ငံတိုင်းမှ မိမိတို့နိုင်ငံ၏ ပန်းတစ်မျိုးနှင့်သစ်သီးတစ်မျိုးစီဖြင့် တံဆိပ်ခေါင်းများ ထုတ်ဝေရန်စီစဉ်ခဲ့ရာ မြန်မာမှ သစ်ခွနက်နှင့် စိန်တစ်လုံးသရက်သီးများဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းလောကသားများကြား၌



www.burmeseclassic.com

www.burmeseclassic.com

ကောလဟာလဖြစ်ခဲ့ရသည်မှာ မြန်မာ အာဏာရှင်ကြီးမှာ အာဆီယံအသင်းကြီးနှင့်ပတ်သက်ပြီး မကျေမလည်မှုရှိထားသောကြောင့် တံဆိပ်ခေါင်းများကို ရက်ပိုင်းသာရောင်းချပြီး အရောင်းရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ထိုတံဆိပ်ခေါင်းနှစ်မျိုးကို နောက်ပိုင်း၌ မကြာခဏထုတ်ဝေ၍ အနည်းငယ်စီ ရောင်းချလေ့ရှိသည်ဟု ကြားသိရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံမှာ အာဆီယံ၏ အလှည့်ကျ ဥက္ကဋ္ဌနေရာကိုအမှန်ရယူရမည့်နှစ်ထက် နောက်ကျပြီးရယူခဲ့ရရာ ၂၀၁၄ ခုနှစ်က နေပြည်တော်၌ ကျင်းပသော အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် အထိမ်းအမှတ်တံဆိပ်ခေါင်းနှစ်မျိုး ထုတ်ဝေခဲ့သေးသည်။

## ဘန်ဒေါင်းညီလာခံတံဆိပ်ခေါင်း

ကမ္ဘာ့နိုင်ငံများတွင် အာရှနှင့်အာဖရိကနိုင်ငံများမှ ထိပ်သီးခေါင်းဆောင်များ ပထမဆုံးအကြိမ်အဖြစ် မျက်နှာစုံညီအစည်းအဝေးပွဲကြီးကို ၁၉၅၅ ခုနှစ်က ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုသမိုင်းဝင်ခဲ့သည့် အစည်းအဝေးပွဲကြီးကို အင်ဒိုနီးရှားနိုင်ငံမှ သမ္မတဆူကာနို၊ မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနု စသည့် ခေါင်းဆောင်ကြီးများကဦးစီး၍ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပခြင်းကြောင့် ထိုအစည်းအဝေးပွဲကြီးကို ဘန်ဒေါင်းညီလာခံဟု ခေါ်စမှတ်ပြုကြသည်။ နောင်အခါတွင် ကမ္ဘာ့အလယ်၌ တတိယအင်အားစုအဖြစ် ပါဝင်လာမည့် အာရှ အာဖရိကအုပ်စု၏ သန္ဓေသားမှာ ဘန်ဒေါင်း၌တည်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ နောက်ပိုင်း၌ ညီလာခံကြီးကို သမိုင်းပညာရှင်တို့က ဘက်မလိုက်လှုပ်ရှားမှုနှင့် ရောထွေးစွာ ဖော်ပြလေ့ရှိကြသော်လည်း စင်စစ် ဘန်ဒေါင်း၌ ကျင်းပသော ညီလာခံကြီးပြီးနောက် (၅) နှစ်၊ (၆)နှစ်ကြာသောအခါ ယူဂိုစလားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ကျင်းပသော ညီလာခံသည်သာ ပထမဆုံးဘက်မလိုက်ညီလာခံ ဖြစ်သည်။ ဘန်ဒေါင်းညီလာခံ ကျင်းပစဉ်က ဘက်မလိုက်လှုပ်ရှားမှုဟူသော စကားလုံးမှာမပေါ်ပေါက်သေးပေ။ ဘန်ဒေါင်းညီလာခံတွင်တက်ရောက်သော နိုင်ငံအများစုမှာ ဘက်မလိုက်နိုင်ငံများ မဟုတ်ကြပေ။ ကြားနေနိုင်ငံများက အနည်းငယ်သာပါဝင်သည်။ ထူးခြားသည်မှာ ဘန်ဒေါင်းညီလာခံကြီးတွင် ကွန်မြူနစ်နိုင်ငံများ ပါဝင်သကဲ့သို့ ကွန်မြူနစ်စနစ်ကို ပြောင်ပြောင်တင်းတင်းကြီး ဆန့်ကျင်သောနိုင်ငံများလည်း ပါဝင်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ဝါဒသဘောထားမတူကြသော်လည်း အာရှ၊ အာဖရိကတည်းဟူသော ပထဝီဒေသတွင်ပါဝင်သည့် နိုင်ငံများ၏ စည်းရုံးမှုကိုပြသသော ညီလာခံကြီးဟု ဆိုလျှင်မမှားပေ။ ထိုဘန်ဒေါင်းညီလာခံကြီးမှဘန်ဒေါင်းမူ(၁၀)ချက်ကိုဖော်ထုတ်နိုင်ခဲ့သည်။ ဤဘန်ဒေါင်းညီလာခံကြီးမှာ အမိုင်းတစ်လျှောက် စိုးမိုးခြယ်လှယ်ခဲ့ကြသော အနောက်နိုင်ငံကြီးများကို စည်းရုံးညီညွတ်မှုအင်အားပြ၍ တုန်လှုပ်စေခဲ့သည်။ ညီလာခံဖြစ်မြောက်ရန်ဦးစီးခဲ့သော (၅)နိုင်ငံတွင်ပါဝင်သည့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာမှာလည်း လျှမ်းလျှမ်းတောက်တောက်လာခဲ့တော့သည်။

၂၀၀၅ ခုနှစ်တွင် ဘန်ဒေါင်းညီလာခံကြီး၏နှစ်(၅၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားနိုင်ငံမှ တံဆိပ်ခေါင်းအထိမ်းအမှတ် မှတ်တမ်းလွှာထုတ်ဝေခဲ့ရာ အင်ဒိုနီးရှားသမ္မတ ဆူကာနို၊ ဝန်ကြီးချုပ်ဦးနု အပါအဝင် ညီလာခံဖြစ်မြောက်ရန် ဦးဆောင်ခဲ့သောခေါင်းဆောင်ကြီးများ၏ ရုပ်ပုံများ ပါဝင်ခဲ့သည်။ မတူကွဲပြားသော အစိုးရအဆက်ဆက်ပြောင်းလဲခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံက ဘန်ဒေါင်းညီလာခံကြီးကို တံဆိပ်ခေါင်းဆိုင်ရာဖြင့် သမိုင်းမှတ်တိုင်ထူနိုင်ခဲ့သည်။ မြန်မာနိုင်ငံ စာပို့ဌာနမှလည်း အနည်းဆုံးအဖြစ် အထူးစာပို့အမှတ်တံဆိပ်ဖြင့် ထိုညီလာခံကြီးကို ဂုဏ်ပြုသင့်ပေသည်။ သို့ရာတွင် အာဏာရှင်ခေါင်းဆောင်တို့ မည်သည်မှာ အာဃာတကြီးလှပေရာ မြန်မာနိုင်ငံ၏ အောင်မြင်ခဲ့မှုဟုမခံယူနိုင်ဘဲ ဝန်ကြီးချုပ်ဦးနု၏ထင်ပေါ်နိုင်မှုဟူ၍ယူဆနိုင်ပြီး မည်သည့်ဂုဏ်ပြုမှုမျှမပြုလုပ်ခဲ့ပေ။ ဤသည်မှာ သမိုင်းကိုဖျောက်ဖျက်သောနည်းတစ်မျိုးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤသို့ဖျက်ကွက်ခဲ့မှုကို ဖြေဖျောက်သည့်အနေဖြင့် တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် နှစ်(၆၀)မြောက်အဖြစ် ၂၀၁၄ ခုနှစ်က တံဆိပ်ခေါင်းနှစ်မျိုးနှင့် စာအိတ်ရှည်နှစ်မျိုး ထုတ်ဝေခဲ့သည်။ ဝါသနာရှင်အချို့က တံဆိပ်ခေါင်းဆိုင်ရာကိစ္စ၌ ပြည်ပနှင့်ပတ်သက်လာလျှင် တရုတ်ပါမှ တံဆိပ်ခေါင်းထုတ်ဝေလေ့ရှိသည်ဟု ပြောစမှတ်ပြုကြသည်။

## လူပုဂ္ဂိုလ်ဆိုင်ရာတံဆိပ်ခေါင်းများ

မြန်မာနိုင်ငံမှာ အခြားနိုင်ငံများနှင့် မတူခြားနားစွာဖြင့် တံဆိပ်ခေါင်းများပေါ်တွင် လူပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုပုံနှိပ်ထုတ်ဝေလေ့မရှိပေ။ မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းများပေါ်တွင်တွေ့ရှိရသော တစ်ဦးတည်းသော လူပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းသာဖြစ်သည်။ သို့ရာတွင် ၁၉၇၁ ခုနှစ်၌ ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် တံဆိပ်ခေါင်းထုတ်ဝေပြီးနောက် မဆလ-နဝတ-နအဖခေတ်များ၌ ဗိုလ်ချုပ်အောင်ဆန်းအတွက် တံဆိပ်ခေါင်းပေါ်တွင် နေရာမရခဲ့တော့ပေ။ တံဆိပ်ခေါင်းများပေါ်တွင်သာမဟုတ်၊ ငွေစက္ကူနှင့် ဒင်္ဂါးများပေါ်၌လည်း ဗိုလ်ချုပ်အောင်ဆန်း၏ပုံမှာ ပျောက်ကွယ်ခဲ့ရတော့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာ တပ်မတော်အစိုးရခေါင်းဆောင်များအပေါ် အပြစ်တင်၊ ဝေဖန်စကားများ ရဲရဲဝံ့ဝံ့စွာ ပြောကြားလာခဲ့သည်။ ဤကဲ့သို့ပြုမူသည်ကို မျက်မုန်းကျိုးလှရာ နိုင်ငံတကာမှထုတ်ဝေသော ဒေါ်အောင်ဆန်းစုကြည်ပုံပါရှိသည့်တံဆိပ်ခေါင်းများကို 'ပါဝါအပျော့ထည်' ဟုအထင်ရှိသကဲ့သို့ မြန်မာအစိုးရမှ ထိုတံဆိပ်ခေါင်းများကို နိုင်ငံတွင်းသို့ မဝင်ရောက်နိုင်ရန် အမျိုးမျိုးပိတ်ဆို့ခဲ့သည်။ အထူးသဖြင့် နော်ဝေးနိုင်ငံမှ ၂၀၀၁ ခုနှစ်ကထုတ်ဝေသော နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တံဆိပ်ခေါင်းများမှ ဒေါ်အောင်ဆန်းစုကြည်ပုံ တံဆိပ်ခေါင်းကို နိုင်ငံတွင်းသို့မရောက်ရှိနိုင်ရန် သိသိသာသာဟန့်တားခဲ့သည်ကို ဝါသနာရှင်များ ကိုယ်တွေ့ကြုံကြရသည်။

မြန်မာနိုင်ငံသားထဲမှ နိုင်ငံတကာ၏တံဆိပ်ခေါင်းများထုတ်ဝေ၍ ဂုဏ်ပြုခြင်းခံရသူနောက်တစ်ဦးမှာ ယခင်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် ဖြစ်သည်။ ဦးသန့်မှာ ကမ္ဘာ့ရေးရာများ၌ အကျော်အမော်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူစွာဖြင့် တံဆိပ်ခေါင်း ထုတ်ဝေသင့်သော်လည်း ယခင်ဝန်ကြီးချုပ်ဦးနု၏ကိုယ်ရေးအတွင်းဝန်ဖြစ်ခဲ့သူဖြစ်နေပြီး ဦးသန့်အပေါ်ထားရှိသော အာဃာတများကြောင့် မြန်မာတံဆိပ်ခေါင်းများပေါ်တွင် ဦးသန့်ပုံကိုလည်း မတွေ့ကြရပေ။ ဤကဲ့သို့ ကမ္ဘာ့

www.burmeseclassic.com

ကျော် မြန်မာနိုင်ငံသားများအတွက် ဂုဏ်ပြုတံဆိပ်ခေါင်းမထုတ်ဝေခဲ့သလို သမိုင်းဆိုးတွင်မည်ကို ကြောက်သဖြင့် အာဏာရှင်ခေါင်းဆောင်ကြီးများပုံတံဆိပ်ခေါင်းများလည်း မြန်မာနိုင်ငံမှမထုတ်ဝေခဲ့ပေ။ သို့ရာတွင် ကမ္ဘာ့တံဆိပ်ခေါင်းထုတ်ဝေမှုကွန်ရက်ကြီးအောက်မှလွတ်ထွက်ပြီး ရှန်းနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် လိုင်ဘေးရီးယားနိုင်ငံမှ ၂၀၀၀ ပြည့်နှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း(၁၉၀)၏ အစိုးရခေါင်းဆောင်များပုံများဖြင့် ကမ္ဘာ့အကြီးဆုံးတံဆိပ်ခေါင်းအချပ်ကြီးထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံ၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေပုံလည်း ပါဝင်ခဲ့လေသည်။

တံဆိပ်ခေါင်းဝါသနာရှင်များနှင့် အများပြည်သူ၏ဆန္ဒကမူ တံဆိပ်ခေါင်းများပေါ်၌ ဗိုလ်ချုပ်အောင်ဆန်းပုံကို ဆက်လက် မြင်တွေ့လိုကြရာ ၂၀၁၇ ခုနှစ်၊ မတ်လ၌ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)မြောက် အထိမ်းအမှတ်အဖြစ် မြန်မာ့ပထမဆုံး နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့်တံဆိပ်ခေါင်းတစ်မျိုးထုတ်ဝေမည့် သတင်းကို ဤဆောင်းပါးရေးသားနေစဉ်ကာလ၌ သတင်းစာများတွင်ပါရှိခဲ့သည်။ ဤသို့ နှစ်ပေါင်း(၄၆)နှစ်ကြာမှ တံဆိပ်ခေါင်းများပေါ်သို့ ပြန်လည်ရောက်ရှိလာမည့် ဗိုလ်ချုပ်အောင်ဆန်းပုံပါရှိသော တံဆိပ်ခေါင်းကို ဝါသနာရှင်များသာမက ပြည်သူအများကလည်း အလုအယက် ဝယ်ယူစုဆောင်းကြမည်ကို မြင်ယောင်လျက်ရှိသည်။

**□ထုတ်ဝေသင့်သော အပျော့ထည်တံဆိပ်ခေါင်းများ**

မြန်မာကို ကမ္ဘာကသိရန် သို့မဟုတ် ကမ္ဘာ့အလယ်၌ မြန်မာနိုင်ငံပွဲလယ်တင့်စေရန်အတွက် ကမ္ဘာ့လှည့်ခရီးသွားများ ဖိတ်ခေါ်ခြင်း၊ စာအုပ်စာနယ်ဇင်းများမှ တစ်ဆင့် ဆောင်းပါးများဖြန့်ဖြူးခြင်းတို့ဖြင့် မလုံလောက်ပေ။ ပါဝါအပျော့ထည်ဟု တင်စားပြောဆိုရသည့်စာပို့တံဆိပ်ခေါင်းများ ထုတ်ဝေ၍လည်း လုပ်ဆောင်သင့်ပေသည်။ အထက်တွင်ဖော်ပြခဲ့သောအကြောင်းအရာများ၌ မြန်မာနိုင်ငံအနေဖြင့် တံဆိပ်ခေါင်းများကို အသုံးချ၍ နိုင်ငံခြားရေးဆိုင်ရာဝါဒသဘောထားများကို တင်ပို့နိုင်ခြင်းထက် မိမိတို့နိုင်ငံထုတ် တံဆိပ်ခေါင်းများ၏ပုံရိပ်များမှာ နိုင်ငံခြားရေးဝါဒဖြင့် မည်သို့မည်ပုံဆက်




စပ်ပတ်သက်သည်ကိုသာ မြင်တွေ့ရသည်။ အမှန်မှာ မြန်မာတံဆိပ်ခေါင်းများကို ပါဝါအပျော့ထည်အဖြစ် ထိရောက်စွာ အသုံးချရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပဋိပက္ခများဖြစ်ရာ၌ လက်ဦးမှုအထောက်အထားများရရှိနိုင်ရန် တံဆိပ်ခေါင်းများကို ကြိုတင်စီမံ၍ ထုတ်ဝေထားသင့်သည်။ ယခုအခါ မြန်မာနိုင်ငံ၏အနောက်ဘက်တံခါးပေါက်ဟုတင်စားခေါ်ဝေါ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသည့် ဘူးသီးတောင်၊ မောင်တောဒေသများ၌ ပဋိပက္ခများဖြစ်နေပြီး ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများလည်း ရှိနေသည်ကို ပြည်သူအများသိရှိပြီးဖြစ်သည်။ စင်စစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟူ၍ မပေါ်ထွန်းမီ ယခင် အရှေ့ပါကစ္စတန်ပေါ်ပေါက်စဉ်ကပင် ဘင်္ဂလားခေါင်းဆောင်များက ပါကစ္စတန်အမျိုးသားခေါင်းဆောင် အလီဂျင်းနား (Ali Jinnah) ထံသွား၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံရာတွင် ဘူးသီးတောင်၊ မောင်တောဒေသကို သူတို့နိုင်ငံတွင်းသို့ဆွဲသွင်းရန် အပူကပ်ခဲ့ကြသည့် အထောက်အထားများကို သိထားကြရသည်။ ထို့ကြောင့် နောင်တစ်ချိန်၌ ဖြစ်ပေါ်လာနိုင်သည့် ထိုဒေသများ၏ အန္တရာယ်မှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ တံဆိပ်ခေါင်းဆိုင်ရာ အကြံပြုတင်ပြလိုသည်မှာ ယခုအချိန်မှစတင်၍ ဘူးသီးတောင်၊ မောင်တောမြို့ရှုခင်းပုံဒီဇိုင်းများ၊ နှစ်နိုင်ငံနယ်နိမိတ်ပုံပြမြေပုံဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းများထုတ်ဝေ၍ ဖြန့်ချိထားသင့်သည်။ နောင်တစ်ချိန်၌ မှန်ကန်ထိရောက်သော အထောက်အထားပြ[...]နိုင် ရန်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာဦးဆောင်သော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကျန်သော ထေ[...]ဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ စသည့်နိုင်ငံများနှင့် ဗုဒ္ဓသာသနာဆိုင်ရာ ပူးတွဲထုတ်[...]သောတံဆိပ်ခေါင်းများကို ချစ်ကြည်[...]အရင်းခံ၍ ထုတ်ဝေရန် စီစဉ်သင့်သည်။

အထက်ဖော်ပြပါ အပျော့ထည်တံဆိပ်ခေါင်းများထုတ်ဝေနိုင်ရန် [...]ဆုံးလိုအပ်သည်မှာ မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းထုတ်ဝေရေးမူဝါဒကိုပြုပြင်ပြောင်းလဲရန်ဖြစ်သည်။ ယခုအခါ ပြည်သူများကိုမဆိုထားနှင့် တံဆိပ်ခေါင်းဝါသနာ[...]လိုက်စားလျက်ရှိကြသော ဝါသနာရှင်များပင်လျှင် မြန်မာ့တံဆိပ်ခေါင်းထုတ်ဝေရေးဆိုင်ရာမူဝါဒများကိုအသေအချာမသိကြချေ။ ဤသို့ မူဝါဒပြုပြင်[...]တင်းကျပ်စွာဆုပ်ကိုင်ထားသောမူဝါဒ[...]မဖြစ်စေဘဲ နိုင်ငံအတွက်အကျိုးဖြစ်[...]မည့် မည်သည့်ဒီဇိုင်းပုံမဆို ပုံနှိပ်[...]သည့် လျော့ရဲသောမူဝါဒမျိုးဖြစ်[...]သည်။ မြန်မာ့စာတိုက်ဌာနအနေ[...] ၂၀၁၇ ခုနှစ်တွင် ကျရောက်ခဲ့[...]ချစ်သူများနေ့ကဲ့သို့သော ခေါင်း[...]ဖြင့် တရားဝင်စာတိုက်အမှတ်အသား[...]ပို့စကတ်များထုတ်ဝေနိုင်ပါလျှင် မြန်[...]နိုင်ငံ၏ အနာဂတ်၌ အိမ်နီးချင်း[...]တစ်နိုင်ငံမှ ထိုးဖောက်ဝင်ရောက်[...]ခုခံသက်သေပြနိုင်မည့် လေးနက်[...]သဘောဆောင်သောစာပို့တံဆိပ်ခေါင်းများကို အဘယ်ကြောင့်မထုတ်ဝေ[...]ပါမည်နည်း။

ကြည်[...]

ကိုးကားမှုများ -,

၁။ A. Selth (2014) Fo[...] policy and philately. www.lo[...]stitute.org/the-interpreter/b[...]puts-its-stamp- world-philatel[...] foreign-policy.

၂။ ဦးအောင်သန့် (၂၀၀၇) [...] အရေး၊ ကမ္ဘာ့အရေး၊ နိုင်ငံစုံ[...] ဆက်ဆံရေးမိတ်ဆက်။ Unity [...] ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



# ဇော်ရဲထူး

(ညောင်တုန်း)

# ကိုယ်တွေ့

(၄)

စာရေး၊ စာဖတ်တာကလည်း ဝါသနာပါသဖြင့် အလုပ်တွေအားနေပြီဆိုလျှင် ဦးရဲထူးတစ်ယောက် တွေ့မြင်ရာစာအုပ်များကို ရှာဖွေဖတ်တော့၏။ စားဝတ်နေရေးအတွက်ကိုလည်း ကိုယ်ပိုင်ငွေနှင့် မရင်းနှီးနိုင်တော့ အလုပ်ကြမ်းများ လုပ်ကိုင်စားရသည်။ ထို့ကြောင့် အသောက်အစားများရှိလာကြသည်။ နှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည်နှင့် အရက်ကို နေ့တိုင်း စွဲစွဲမြဲမြဲသောက်ခဲ့သည်ကများလာခဲ့ရာ ကျန်းမာရေးထိခိုက်ပြီး ဆေးရုံတက်ရတော့၏။ ငါးရက်ခန့်ကုသပြီးမှ ဆေးရုံကဆင်းခဲ့သည်။ အရက်ကို အရင်တုန်းကသောက်ခဲ့သော်လည်း အခုတော့ မသောက်တော့ပါ။ ဦးရဲထူးသတိလစ်မေ့မြောသွားစဉ် သူတွေ့ကြုံခံစားရသည့်အကြောင်းကိုလည်း မည်သူကိုမျှပြောမပြခဲ့ပါ။ ပြောခဲ့လျှင်လည်း အရက်သမားစကားအလကားဆိုပြီး ယုံကြည်မှုမရှိသည့်အပြင် ပုံပြင်သဖွယ် ဟာသဖြစ်သွားပေတော့မည်။ ထို့ကြောင့် မိမိကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရပုံကို စာနှင့်ရေးသား၍ မှတ်တမ်းတင်ထားပါတော့သည်။

တစ်နေ့ လွတ်လပ်ရေးနေ့ရောက်ခဲ့ရာ ည (၇) နာရီခန့်တွင် ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြသောနေရာများရှိရာကို မိသားစုနှင့် လမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းတစ်ဝက်ခန့်သို့အရောက် ဦးရဲထူးနှင့်အတူ တစ်ချိန်တုန်းက လုပ်ဖော်ကိုင်ဖက်ပေဖက် သူငယ်ချင်း ဦးဘဂျမ်းနှင့် ဆုံတွေ့ရသည်။

"ဟေ့ကောင် ရဲထူး၊ မင်း အရက်မသောက်တော့ဘူးလို့ကြားတယ်။ဝမ်းသာတယ်ကွာ"

"အေးကွ၊ ငါအရက်ပြတ်သွားပြီ"

ဦးဘဂျမ်း၏ အမေးစကားကို ပြန်ဖြေရင်း သူ၏လက်ထဲတွင်ကိုင်ထားသောစာအုပ်ကို ဦးရဲထူးက မြင်တွေ့၍ ခဏဆိုပြီးငှားလာခဲ့သည်။ အိမ်ကိုပြန်ရောက်လာသည်နှင့် စာအုပ်ကိုဖတ်နေစဉ် ဦးရဲထူး သူ၏အဖြစ်အပျက်နှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် မှတ်တမ်းရေးထားသည်ကို သတိရပြီး ပြန်လည်ရေးသား၍ သူရဲဇမဂ္ဂဇင်းတိုက်သို့ ပေးပို့အပ်ပါသည်။

ဦးရဲထူး၏ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

❑

ဦးရဲထူးနှင့် ဦးဘဂျမ်းတို့သည် အလုပ်ကြမ်းများကို လုပ်ကိုင်စားကြရသူများဖြစ်ကြသောကြောင့် ခန္ဓာကိုယ်နှင့် အကြောအချင်များနာကျင်ကိုက်ခဲနေကြ၏။ ထို့ကြောင့် အရက်ကို ဆေးဝါးအဖြစ် နည်းနည်းပါးပါးဆိုပြီး သောက်ကြ၏။ နောက်ပိုင်း ရက်ပေါင်းများစွာ အရက်ကိုသောက်ခဲ့ကြတော့ သောက်နေကျအတိုင်း နည်းနည်းပါးပါးမရတော့ပါ။ အလုပ်များပြီးဆုံး၍ အိမ်ကိုပြန်ကြတော့မည်ဆိုလျှင် အရက်ကိုအမူးသောက်ကြတော့၏။

တစ်နေ့ညနေ အလုပ်များပြီးဆုံး၍သောက်စားကြပြီး ယိမ်းယိမ်းယိုင်ယိုင်နှင့်စကားပြောရင်းအိမ်ကိုပြန်ခဲ့ကြရာ-

"ရဲထူးနဲ့ ဘဂျမ်းလာကြပါဦးကွ"

ခေါ်သံကြား၍ ကြည့်မိသည်။ သူတို့ကို မြင်တွေ့လိုက်တိုင်း အမြဲဆိုဆုံးမလေ့ရှိသော ဘုရားဂေါပကလူကြီးဖြစ်နေ၏။ ထို့ကြောင့် သွားရောက်တွေ့ဆုံ၍ ပြောသမျှကိုနာခံရတော့၏။

"တစ်နေ့ကုန်အောင် ပင်ပင်ပန်းပန်းနဲ့ အလုပ်တွေလုပ်ခဲ့ပြီး ရသမျှ ပိုက်ဆံကိုတော့ အရက်ဆိုင်မှာထားခဲ့ကြပြီမဟုတ်လား။ အိမ်ကမိသားစုစားဖို့ဘယ်နှပြားပြန်ပါလာခဲ့ကြသလဲ"

ဦးရဲထူးတို့ စကားတစ်ခွန်းမှ ပြန်မပြောရဲကြ။

"ကုသိုလ်ရေးအတွက်ကိုလည်း တစ်ခုမှမလုပ်ခဲ့ကြဘူး။ နေ့တိုင်း အရက်သောက်ပြီးမူးနေကြတယ်။ သံဃာတော်တွေကြွလာရင် ဆွမ်းလောင်းဖို့တောင် သတိရကြရဲ့လား"

လူကြီးက စကားပြောရင်း မောလာ၍ ခဏအနားယူပြီးမှ -

"အခု ဒီဘုရားရဲ့စေတီကို ထီးတော်ပြန်လည်တင်လှူပူဇော်တော့မယ်။

www.burmeseclassic.com

မင်းတို့နှစ်ယောက်လည်း ဘုရားကိုလာပြီး ကုသိုလ်ရအောင် လူအများနဲ့အတူ သန့်ရှင်းရေးလုပ်အားပေးကြပါလား"

ဦးရဲထူးတို့နှစ်ယောက် ညနေအလုပ်တွေသိမ်းပြီး၍ ဘုရားစေတီရှိရာသို့ သူတို့နှစ်ဦး အတူထွက်ခဲ့ကြသည်။ လမ်းလျှောက်သွားရင်း အရက်ဆိုင်ဝင်၍ သောက်ခဲ့ကြသေး၏။ ပြီးမှ ဘုရားကိုသွားကာ သန့်ရှင်းရေးလုပ်ကြသည်။ လုပ်အားပေးနေကြသူများ သူတို့၏ခန္ဓာကိုယ်မှထွက်သည့်ချွေးနံ့နှင့်အရက်နံ့များ ရှူရှိုက်မိမည်စိုး၍ ခပ်ဝေးဝေးတစ်နေရာမှ လုပ်အားပေးနေကြရ၏။

ဦးရဲထူးက -

"ဟေ့ကောင် ရဲထူး၊ ကုသိုလ်ရဖို့အတွက် ဘုရားစေတီတွေမှာ အရက်သမားတွေ သန့်ရှင်းရေးမလုပ်ရဘူးလို့ ဘယ်ဆရာတော်ကမှ တရားဟောတဲ့အထဲမှာထည့်မဟောဘူးကွ။ အားမငယ်နဲ့ ဆက်လုပ်" တဲ့။

ဦးဘဂျမ်းကလည်း -

"ရဲထူး မင်းမူးနေရင် အေးအေးနေ"

ပြောပြီး ရယ်နေကြတော့သည်။

နောက်တစ်နေ့တွင် ဘုရားစေတီရှိရာကို အရက်သောက်မသွားကြဘဲ လုပ်အားပေးလုပ်ကြည့်ကြ၏။ ခန္ဓာကိုယ်ခြေနှင့်လက်တို့ တုန်တုန်ယင်ယင်ဖြစ်နေ၏။

ဦးရဲထူးက -

"မသောက်ဘူးကွ၊ ငါခံနိုင်အောင်ခံမယ်။ ဘဂျမ်း မသေနိုင်ပါဘူးကွာ တောင့်ခံထားစမ်း"

အံ့ကြိတ်ပြီး ကြုံးဝါးနေတော့သည့်သူတို့နှစ်ယောက်ကို မြင်တွေ့ရသည်မှာ သနားစရာကောင်းနေပြန်၏။ လုပ်အားပေးနေသည့်ရက်များ ရှည်ကြာလာခဲ့ရာ အရက်မသောက်ဘဲနေလို့ရသွားကြပြီ။ တစ်နေ့တစ်နေ့နှင့် လုပ်အားပေးနေကြရာ (၃) လခန့်ကြာခဲ့သည်နှင့် စေတီကြီး၏ထီးတော်ကို စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်၍ ပြီးဆုံးသွားပါတော့သည်။

ဦးရဲထူးတို့အလုပ်ဆင်းနေသောညနေအချိန် ကုန်ပစ္စည်းများထမ်းပိုးသယ်ဆောင်နေစဉ် ကျောက်ခဲတုံးကြီးကို ခလုတ်ဝင်တိုက်မိပြီး ဦးရဲထူး၏ခြေမကွဲသွားတော့သည်။ အနာကို ပတ်တီးစည်း၍ အလုပ်ကိုဆက်လုပ်နေရသည်။ နည်းနည်းကြာလာခဲ့သည်နှင့် ခြေမကကိုက်ခဲလာ၏။ အလုပ်သိမ်းသည်နှင့် အနာကို အကြောင်းပြ၍ အရက်ဆိုင်ကိုဝင်ပြီး နှစ်ယောက်သောက်ရန် မှာထား၏။ ဦးဘဂျမ်းက သူ၏မိတ်ဆွေတစ်ဦးနှင့် စကားပြောပြီးမှ ဆိုင်ထဲဝင်လာပြီး-

"ငါ မသောက်တော့ဘူး ရဲထူး၊ ပြတ်လက်စနဲ့ တစ်ခါတည်းဖြတ်ထားတာပဲကောင်းပါတယ်"

ဦးဘဂျမ်းက ငြင်းပယ်လိုက်ပြီး မသောက်ဘဲနေတော့၏။ မှာထားသည့်အရက်ကို လောဘကြီးစွာနှင့် ဦးရဲထူးက တစ်ယောက်တည်းသောက်တော့ မူးပြီပေါ့၊ အိမ်ကိုပြန်သည့်အခါ ဦးဘဂျမ်းက တွဲပြီးခေါ်ရ၏။

ဦးရဲထူးအရက်သောက်နေသည်မှာ ရက်မှလသို့ရောက်ခဲ့ပြီ။ အရင်တုန်းက သောက်ဖော်သောက်ဖက် ဦးဘဂျမ်းရှိနေသည့်အတွက် တော်သေး၏။ အခုတော့ တစ်ယောက်က လက်တွဲဖြုတ်သွားသည်နှင့် တစ်ယောက်တည်းဆိုတော့ အထိန်းအကွပ်မရှိဖြစ်နေ၏။ အမူးလွန်၍ အစားအသောက်မမှန်သည်ကများလာသဖြင့် ခန္ဓာကိုယ်အတွင်း ခွန်အားများယုတ်လျော့ကျဆင်းလာ၍ ချည့်နဲ့နဲ့ဖြစ်နေ၏။ မိုးဦးလေဦးကျတာလ သရက်သီးမှည့်များပေါ်စ ဦးရဲထူးကလည်း ကျန်းမာရေးမကောင်းဖြစ်နေချိန်၊ ကလေးများကောက်ယူခဲ့သောလေကြွေသရက်သီးမှည့်များကိုစားမိပြီး ဝမ်းများတစ်နေကုန်အောင်သွားနေ၏။ ဝေဒနာခံစားနေရသော ဦးရဲထူးကို ခရီးသွားရာမှပြန်ရောက်လာသော သမီးဖြစ်သူက -

"အလုပ်မဆင်းဘဲ ဝမ်းသွားနေတယ်လို့ လိမ်ပြောနေတာပါ"

ဟု ပြောလိုက်မိရာ အိမ်သာမှပြန်ဆင်းလာသော ဦးရဲထူးက ဒေါသကြီးစွာနှင့် သမီးဖြစ်သူကို လက်ညှိုးထိုးလိုက်ပြီး စကားပြောရန် ဟန်ပြင်နေစဉ် ရုတ်တရက် သတိလစ်မေ့မြော၍ ကြမ်းပြင်ပေါ် လဲကျသွားတော့၏။

သမီးက အလန့်တကြားဖြစ်ပြီး -

"လာကြပါဦး ဖေဖေ၊ လဲကျသွားလို့ပါ"

ပတ်ဝန်းကျင့်ရှိအိမ်များကို အော်ဟစ်၍ အကူအညီတောင်းရတော့၏။ လူအများရောက်လာပြီးမှ ဆေးရုံကိုပို့ပေးကြရသည်။ ဦးရဲထူး ပြန်လည်သတိရလာပြီး စကားပြောလာနိုင်သည်နှင့် သတိမေ့နေစဉ် သို့ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ကြောက်ရွံ့မှုကြီးစွာနှင့် ပြန်လည်၍ တင်ပြလိုက်ရပါသည်။

ဦးရဲထူး ကြမ်းပြင်ပေါ် လဲကျသွားပြီး သူ၏မျက်လုံးထဲကို အဖြူရောင်ကြီးကာထားသလိုမြင်နေရ၏။ တ... ဖြည်း ထိုအရောင်ကြီးပျောက်ကွယ်... သည်နှင့်။

"အောင်မလေးဗျ - ကယ်ကြ... ဘာတောင်ကြီးတွေလဲ မသိဘူး"

ကြောက်လန့်သည့်အသံကြီး... ပါးစပ်က အော်ဟစ်မိသလား မသိ... သူ၏ဘေးနားတွင် ထောင်ထောင်... မောင်းနှင့် ထွားကျိုင်းလှသော... နှစ်ဦးထိုင်လျက်ရှိနေ၏။ မည်းနက်... သည့်အသားအရေရှိ၍ မျက်နှာကို... မမြင်ရပါ။ ညဉ့်အချိန်အခါ မသဲ... မြင်တွေ့ရပုံမျိုး မဟုတ်ပါ။ နေ့ခင်းအ... ထင်ထင်လင်းလင်းမြင်တွေ့ရပုံမျိုး ... ၏။ ပုဂ္ဂိုလ်တစ်ဦးက ဦးရဲထူး၏လ... ကိုင်လိုက်သည့်နှင့် -

"အလို - ဒီလူမှာ သူပြုခဲ့... ကုသိုလ်ရဲ့သက်တမ်းက ကျန်ရှိနေ... သေးလား"

ကျန်ရှိနေသော ပုဂ္ဂိုလ်တစ်ဦး... လည်း -

"ဒီလိုဆိုရင်တော့ သက်သေ... သက်သာနဲ့ နာကျင်မှုမရှိရလေအောင်... ဆေးရုံကိုပို့ပေးလိုက်ကြပါ"

သနားကရုဏာရှိသော အသံ... အောအောကြီးနှင့် စကားပြော... မြင်ကွင်းမှပျောက်ကွယ်သွားတော့၏။

ဦးရဲထူးက သူ၏သမီးကို -

"အောင်မလေး - ဘုရားရဲ့... တော်ကြောင့် ငါရဲ့အသက်ကကျန်... တော့တယ်။ သေသွားရင်လည်း ... ပိုင်ပစ္စည်းတွေ သယ်ယူသွားစရာ ... တွေရှိသလဲ။ တစ်ခုမှသယ်ယူသွားလို့... ဘူး။ သယ်ယူသွားစရာဆိုလို့ ကုသိုလ်... အကုသိုလ်ပဲရှိတယ်။ သမီးကိုဒေါသ... ပြီးသေသွားရင် အပါယ်လားပြီး ... ထဲကို ဇောက်ထိုးဆင်းရတော့မယ်... တော်ပြီ-ဆေးရုံကဆင်းပြီး ကျန်းမာ... ပြန်ကောင်းခဲ့ရင် အရက်မသောက်... ဘူး။ ငါပြုခဲ့တဲ့ကုသိုလ်ကံရဲ့အရှိန်... မကုန်ဆုံးသေးခင် မသေခင်အချိန်... ကလေးမှာ တတ်နိုင်သမျှ ကုသိုလ်... တွေကို အစွမ်းကုန်လုပ်ရတော့မယ်..."


ပြောရင်း ဦးရဲထူး၏ မျက်... များ စီးဆင်းလာသည်။ လျှံဒါန်း... ပိုက်ဆံငွေကြေးမရှိ၍ ခန္ဓာကိုယ်... အရင်းတည်၍ ဘုရားစေတီတွင် ... တော်ကြီးတင်လှူပူဇော်ခဲ့သော အ... ကျေးဇူးတွေကို ပြန်လည်မြင်ယောင်... သည့်လူမိုက်ကြီးတစ်ယောက် ... တွေအလီလီရနေပါတော့သည်။

ဇော်ရဲထူး (ညောင်တုန်...)




www.burmeseclassic.com


www.burmeseclassic.com



ကျောက်နီပတ္တမြား
နီလာ ဂေါ်ကြီးများ



နီလာတာပလာ (အကွက်ချသွေးနည်းနှင့် သွေးထားသော ကျောက်မျက်ရတနာ)



ကျောက်နီပတ္တမြားဂေါ်ကြီး။ ကျောက်နီပတ္တမြားလုံးချော၊ ကျောက်နီပတ္တမြားတာပလာ၊
နီလာဂေါ်ကြီး။ နီလာလုံးချော၊ နီလာတာပလာ

## မောင်လှိုင်းသစ်(မိုးကုတ်)

# မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့ လူနဲ့သဘာဝဆက်ဆံရေး

၁

ရတနာဆိုတဲ့ဝေါဟာရဟာ ရတန ဆိုတဲ့ပါဠိဘာသာကလာသော စကားလုံးတစ်လုံးဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုရရင် (၁) ရှားပါးခြင်း၊ (၂) တင့်တယ်လှပနိုင်ခဲ့ခြင်း၊ (၃) ကြည့်မြင်ရသူအပေါင်းနှစ်ထောင်းရကြည်နူးပီတိဖြစ်မှုကိုခံစားရစေခြင်းနဲ့ ကောင်းကျိုးချမ်းသာကိုရရှိနိုင်စေခြင်းရယ်လို့ ဆိုလိုပါတယ်။ရတနာမှာ ရုပ်ပိုင်းရတနာနဲ့ ရုပ်နာမ်တွဲတဲ့ရတနာဆိုပြီး နှစ်မျိုးခြားသွားပါသေးတယ်။ ရုပ်ပိုင်းရတနာတွေကတော့ သယံဇာတပစ္စည်းတွေဖြစ်တဲ့ ကျောက်မျက်ရတနာမျိုးစုံပါ။ သယံဇာတပစ္စည်းဟာ အမျိုးပေါင်းများစွာရှိပေမယ့် ပစ္စည်းတိုင်းဟာ ရတနာမထိုက်ပါဘူး။ ဥပမာ ရေနံ၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ သံ၊ သံဖြူ၊ ခဲ၊ သွတ်၊ ကြေးနီ၊ ကြေးဝါ စတာတွေပဲပေါ့။ ခြွင်းချက်အဖြစ် ရွှေ၊ ငွေ၊ သတ္တုကို ရတနာထဲမှာ ထည့်သွင်းထားပါတယ်။ ရုပ်နာမ်တွဲပြီး ရတနာထိုက်တယ်လို့ စာရင်းသွင်းခံထားရတာတွေကတော့ ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘများနဲ့ ဆင်၊ မြင်း၊ သားသမီးတွေပါ။ ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘကလွဲရင် ဆင်တိုင်း၊ မြင်းတိုင်း၊ သားသမီးတိုင်းကိုရတနာများလို့ပြားရိုက်သဘောသွားပြောလို့မရပါဘူး။ ဆင်ဖြူတော်လို၊ သိန္ဓောမြင်းလိုမျိုးများနဲ့ မိဘကျေးဇူးကို အထူးသိတတ်တဲ့သားသမီးများသာ ရတနာထိုက်တယ်လို့ ဆိုနိုင်ပါတယ်။

ယနေ့ ကမ္ဘာကြီးမှာ ရတနာထိုက်တဲ့ ကျောက်မျက်ရတနာအမျိုးပေါင်း (၁၂၀၀) ကျော်ခန့် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအမျိုးပေါင်း (၁၂၀၀) ကျော်ထဲမှာ အမျိုးပေါင်း (၃၀၀) ကျော်ဟာ မိုးကုတ်ရတနာမြေကထွက်ရှိတဲ့ ကျောက်မျက်များဖြစ်တယ်လို့ ပညာရှင်များကပြောထားပါတယ်။ ကမ္ဘာမြေဧရိယာအကျယ်အဝန်း၊ လူဦးရေတွေနဲ့ တွက်ဆကြည့်ရင် မြန်မာနိုင်ငံရဲ့ ကျောက်မျက်ရတနာဖြစ်တည်နှုန်းဟာ အတော်မြင့်မားတယ်လို့ ဆိုနိုင်ပါတယ်။ မိုးကုတ်ကျောက်မျက်ပတ္တမြားကို ထိုင်း၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တန်ဇနီးယား စတဲ့ နိုင်ငံတွေမှာထွက်ရှိပါတယ်ဆိုတဲ့ကျောက်မျက်များနှင့်နှိုင်းယှဉ်ကြည့်ရင် အရည်အသွေးအများကြီးသာတဲ့သဘောလည်းရှိနေပါတယ်။

**□မိုးကုတ်ကျောက်မျက်ရတနာများရဲ့သဘောသဘာဝ**

သည်ဆောင်းပါးကို မိုးကုတ်ကျောက်မျက်ရတနာမျိုးစုံနဲ့ပတ်သက်တဲ့ ခေါင်းစဉ်အောက်ကရေးသားနေတာမို့ အခြားရတနာများအကြောင်းကိုချန်လှပ်ပြီး မိုးကုတ်ကျောက်မျက်ရတနာဘက်ကိုပဲသွားကြရအောင်။

မိုးကုတ်ကျောက်မျက်ရတနာမျိုးစုံဟာ ရုပ်ပစ္စည်းများဖြစ်ကြပါတယ်။ ဒါကြောင့် ပထမဦးစွာ သူ့ရုပ်ဂုဏ်သတ္တိတွေကို ဆန်းစစ်ကြည့်ရပါမယ်။ မိုးကုတ်ကျောက်မျက်ရတနာမျိုးစုံကို အုပ်စုခွဲလိုက်ရင် အမာအုပ်စုနဲ့ အညံ့အုပ်စုဆိုပြီး နှစ်မျိုးရပါတယ်။ အမာအုပ်စုမှာ (၁) ပတ္တမြား၊ (၂) နီလာ၊ (၃) ကြက်သွေးနီလာ၊ (၄) ဥဿဖရားရယ်လို့ လေးမျိုးရှိပြီး အညံ့အုပ်စုဝင်တွေကတော့ အမာအုပ်စုဝင်မျိုးကလွဲရင် ကျန်အမျိုးအမည်ပေါင်းများစွာသော ကျောက်မျက်ဟာ အညံ့အုပ်စုဝင်တွေပါ။ သည်လိုအုပ်စုခွဲခြားရာမှာ အရောင်အဆင်း၊ အရွယ်အစား၊ တန်ဖိုးတို့နဲ့ ခွဲခြားထားတာမဟုတ်ဘဲ ကျောက်မျက်ရဲ့မာကျောခြင်းအဆင့်နဲ့ ခွဲထားတာပါ။ ကမ္ဘာပေါ်မှာဖြစ်ထွန်းခဲ့သမျှပစ္စည်းအမျိုးအမည်ပေါင်းများစွာကို မည်သည့်ပစ္စည်းက မည်၍မည်မျှမာတယ် စသည်ဖြင့် နံပါတ်အဆင့်များပေးသတ်မှတ်ထားလေ့ရှိပါတယ်။ ကျွမ်းကျင်တဲ့သိပ္ပံပညာရှင်များက သိပ္ပံနည်းကျသတ်မှတ်ထားကြတာမို့လည်း တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလက်ခံထားကြပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။ ဥပမာ စိန်ဟာ မာခြင်းအဆင့် (၁၀)ရှိပြီး မိုးကုတ်ကျောက်မျက် အမာအုပ်စုဝင်များဟာ မာခြင်းအဆင့် (၉)မှာရှိပါတယ်။အခြားမိုးကုတ်ကျောက်မျက်မျိုးစုံဟာလည်း မာခြင်းအဆင့်များ အသီးသီးကိုယ်ပိုင်ရှိကြပါတယ်။ ထို့အတူ သံ၊ သွတ်၊ ကြေး၊ ရွှေ၊ ငွေ စသည့် သတ္တုမျိုးစုံဟာလည်း သူတို့ကိုယ်ပိုင် အမာအဆင့်များအသီးသီးရှိကြပါတယ်။

မိုးကုတ်ကျောက်မျက်ရတနာမျိုးစုံရဲ့အမည်နာမများကို တင်ပြပါမယ်။ အမာအုပ်စု၊ အညံ့အုပ်စုလို့ မိုးကုတ်ဒေသအခေါ် အဝေါ်နဲ့ တင်ပြသွားမှာပါ။ အရည်အသွေး၊ တန်ဖိုး၊ အရွယ်အစား၊ အရောင်တို့ကို ရည်ညွှန်းတာထက် ကျောက်မျက်ရဲ့မာကျောခြင်းသာအဓိကထားပါမယ်။ အညံ့ကျောက်လို့ခေါ်ဆိုထားပေမယ့် ညံ့ဖျင်းခြင်းလို့ယူဆလို့မရပါဘူး။ အညံ့အုပ်စုဝင် ကျောက်မျက်များထဲမှလည်း လှပပြီး တန်ဖိုးကြီးမြင့်တဲ့ ကျောက်မျက်များပါဝင်နေလို့ဖြစ်ပါတယ်။

ဇယားမှာပြထားတဲ့ကျောက်မျက်မျိုးဟာ မိုးကုတ်ပတ္တမြားမြေမှာထွက်ရှိတဲ့ ကျောက်မျက် အမျိုးပေါင်းများစွာထဲက စာရေးသူလက် လှမ်းမီသမျှရေးလိုက်တဲ့ အမျိုးအမည်တွေပါ။ အရောင်အသွေးများကိုရေးရာမှာ အနီ၊ အပြာ၊ အဝါ၊ အစိမ်းလို့သာရေးလိုက်တာဖြစ်ပြီး အနု၊ အရင့်ခြားနားမှုတွေလည်းရှိနေပါသေးတယ်။ ထို့အတူ အရွယ်အစားဆိုရာမှာလည်း မုန်ညင်းစေ့ခန့်မှသည် ငှက်ပျောဖူး၊ ပြောင်းဖူး အရွယ်လောက်အထိရှိနိုင်တဲ့ ကျောက်မျက်အမျိုးအစားများလည်း ပါဝင်နေပါတယ်။ စလင်းအုပ်စုဝင်များဟာ အဲဒီလိုအရွယ်အစားအထိရှိနေနိုင်ပြီး ပတ္တမြား၊ နီလာနဲ့ အခြားကျောက်မျက်မျိုးစုံကတော့ ပန်းသီး၊ လိမ္မော်သီးလောက်ပင် ရှိဖို့မလွယ်ပါ။ ပတ္တမြားနဲ့ နီလာတို့လို အဖိုးတန်တဲ့ ကျောက်မျက်များရဲ့ သမိုင်းဝင်မှတ်တမ်းတင်လောက်တဲ့အရွယ်အစားကို ကြက်ဥတစ်လုံးအရွယ်ထက်ကြီးမားပါတယ်ဆိုတာ မတွေ့ဘူး၊ မကြားဘူးသေးပါ။ မိုးကုတ်ကျောက်မျက်ရဲ့ ထွက်ရှိနှုန်းနဲ့ ပမာဏအကြီးအသေး၊ အလေးချိန်တို့ဟာ အခြားကျောက်မျက်တစ်မျိုးဖြစ်တဲ့ ကျောက်စိမ်းနဲ့နှိုင်းယှဉ်ရင် ဘယ်လောက်ကွာခြားနေတယ်ဆိုတာ မခန့်မှန်းနိုင်အောင် တင်ပြလိုက်ရတာပါ။ ကျောက်စိမ်းကျောက်မျက်ဟာ တန်နဲ့ချီကြီးမားသလို ထွက်နှုန်းဟာလည်း တန်နဲ့ချီထွက်

အမာအုပ်စုဝင် မိုးကုတ်ကျောက်မျက်ရတနာများ

| အမျိုးအမည် | အရောင်အသွေး | အရွယ်အစား |
|---|---|---|
| ၁။ ပတ္တမြား | အနီရောင် | အကြီး၊ အသေးမျိုး |
| ၂။ နီလာ | အပြာရောင် | အကြီး၊ အသေးမျိုး |
| ၃။ ကြက်နီလာ | အနီ၊ အပြာရောယှက်ထားသော ခရမ်းရောင် | အကြီး၊ အသေးမျိုး |
| ၄။ ဥဿဖရား | အဖြူရောင်၊ အဝါရောင် | အကြီး၊ အသေးမျိုး |

အညံ့အုပ်စုဝင်မိုးကုတ်ကျောက်မျက်ရတနာများ

| အမျိုးအမည် | အရောင်အသွေး | အရွယ်အစား |
|---|---|---|
| ၁။ အညံ့ပန်း | ပန်းရောင်၊ အနီရောင် | အကြီး၊ အသေး |
| ၂။ အညံ့ရောင်စုံ | ဖြူ၊ ပြာ၊ နီ၊ ဝါ၊ စိမ်း၊ ညို | အကြီး၊ အသေး |
| ၃။ စလင်း | ဖြူ၊ ပြာ၊ နီ၊ ဝါ၊ စိမ်း၊ ညို၊ခရမ်း | အကြီး၊ အသေး |
| ၄။ ရွှေတွင်းဝ | အဝါ | အကြီး၊ အသေး |
| ၅။ ပြောင်ခေါင်းစိမ်း | အစိမ်း၊ အဝါ | အကြီး၊ အသေး |
| ၆။ မဟူရာ | အနက် | အကြီး၊ အသေး |
| ၇။ ထပ်တရာ | အဖြူ၊ အဝါ၊ အညို၊ အပြာ | အကြီး၊ အသေး |
| ၈။ ဂေါ်မိတ် | အဖြူ၊အပြာ၊အဝါ၊အညို၊အနီ | အကြီး၊ အသေး |
| ၉။ ဖရဲအူ | အဖြူ၊ အစိမ်း၊ ပန်းရောင် | အကြီး၊ အသေး |
| ၁၀။ သူယောင် | ပန်းရောင် | အကြီး၊ အသေး |
| ၁၁။ သီတကုတ် | ပြည်ပုပ်ရောင် | အကြီး၊ အသေး |
| ၁၂။ ဂါးနက် | အစိမ်း၊ အဝါ၊ အနီ၊ အဖြူ | အကြီး၊ အသေး |
| ၁၃။ နဂါးသွဲ့ | အစိမ်း၊ အပြာ | အကြီး၊ အသေး |
| ၁၄။ ဥဒေါင်း | အနီ၊ ခရမ်း | အကြီး၊ အသေး |
| ၁၅။ ကြောင်(မြော) | အဖြူ၊ ပန်းရောင်၊ အဝါ | အကြီး၊ အသေး |

ပါတယ်။ ဒါကြောင့် စာရေးသူတို့မြန်မာနိုင်ငံမှာ ကျောက်စိမ်းကနေဝင်တဲ့ဝင်ငွေဟာ နည်းနည်းနောနောမဟုတ်ဘူးလို့ တွက်ဆနိုင်ပါတယ်။ မိုးကုတ်ကျောက်မျက်ကတော့ တန်ဖိုးကြီးမားတယ်ဆိုနိုင်သော်လည်း ထွက်နှုန်းကျဲပြီး အရွယ်အစားပမာဏဟာလည်း သေးငယ်လေတော့ ဝင်ငွေနဲ့ပြောရရင် ကျောက်စိမ်းကိုမမီနိုင်ပါဘူး။မည်သို့ပင်ဆိုစေဦးတော့ မိုးကုတ်ဒေသခံလူအများအတွက် ဘဝရပ်တည်ရှင်သန်ရေးဟာ သည်ကျောက်မျက်လုပ်ငန်းကိုပဲ အဓိကထား အားကိုးနေရဆဲဖြစ်တယ်ဆိုတာ အသေအချာပါပဲ။

## ▫မိုးကုတ်ကျောက်မျက်ရတနာရဲ့အတွင်းသရုပ်

မိုးကုတ်ကျောက်မျက်မျိုးစုံရဲ့မာတုပါဝင်ဖွဲ့စည်းမှု၊ သိပ်သည်းစ၊ အလင်းယိုင်ညွှန်းကိန်းစတဲ့ ပညာရှင်များဆိုင်ရာကိစ္စတွေကို စာရေးသူ ထဲထဲဝင်ဝင်နယ်နယ်အကျွမ်းတဝင်မရှိပါဟု ဝန်ခံပါရစေ။ သို့သော်လည်း လက်တွေ့မျက်တွေ့ မိုးကုတ်ကျောက်မျက်ရတနာမျိုးစုံတို့ရဲ့သဘောသဘာဝကိုတော့ ဉာဏ်မီသမျှတင်ပြလို

ပါတယ်။

တစ်နေ့ နက္ခတ်ဗေဒင်ဆို... ကမ္ဘာ့သိပ္ပံပညာရှင်များက စကြဝဠာ... မြောက်မြားစွာရှိနေတယ်လို့ အ... ပြုထွက်ဆိုထားပါတယ်။ သူတို့ပြော... တဲ့ စကြဝဠာဖွဲ့စည်းပုံများဟာ ... တွေ့ရှိသမျှကိုသာ ပြောရတာ... မစ်ကီးဝေးလို့ခေါ်တဲ့ နဂါးငွေ့တန်း... ရှိတဲ့ ကြယ်တာရာနက္ခတ်ကမ္ဘာ... ထက် မပိုနိုင်သေးတာကို တွေ့နေ... တယ်။ ဗုဒ္ဓစာပေတွေထဲမှာတော့ ... သိပ္ပံပညာရှင်များတွေ့တာထက် ပို... ပြားတဲ့ အနန္တစကြဝဠာတွေ မရေမ... နိုင်အောင်ရှိနေသေးတယ်လို့ ထွ... ထားပါတယ်။

ပိုပြီး ထူးခြားစွာပြောနိုင်ခဲ့တာ... တော့ အဲဒီစကြဝဠာတွေဟာ ဘယ်... အကြောင်းအရာတွေနဲ့ ဖြစ်ပျက်ပါ... စည်းထားတယ်ဆိုတာကို ခြုံငုံပြလို... တာပါပဲ။ သက်မဲ့ဖြစ်ဖြစ်၊ သက်ရှိ... ဖြစ် အရာအားလုံးဟာ ဖွဲ့စည်းမှု... အောက်က ပြေးမထွက်ဘူးဆိုတာ... အဲဒါတွေကတော့ -

(၁) ပထဝီဓာတ် ခိုင်မာသော... တည်မှု၊ ထုထည်ရှိမှုသော အ...



www.burmeseclassic.com

www.burmeseclassic.com

အခေါ် မြေကြီး၊

(၂) တေဇောဓာတ် အေးမှု၊ ပူမှုသဘော အများအခေါ် မီး၊

(၃) ဝါယောဓာတ် တည်ငြိမ်မှု၊ လှုပ်ရှားရွေ့လျားမှုသဘော အများအခေါ် လေ၊

(၄) အာပေါဓာတ်ဖွဲ့စည်းမှု၊ ယိုစီးမှုသဘော အများအခေါ် ရေ တို့ဖြစ်ကြပါတယ်။

ဖော်ပြပါဓာတ်လေးမျိုးဟာ စကြဝဠာအနန္တမှာရှိနေကြတဲ့ သက်မဲ့သက်ရှိဒြပ်ထုမဲ့ဒြပ်ထုရှိတွေထဲမှာ မပါမပြီးတဲ့ မူလဘူတ အခြေခံဓာတ်ကြီးတွေပါ။ သည်ဓာတ်လေးပါးဟာ တစ်ခုစီသီးခြားရပ်တည်နေကြတာမဟုတ်ဘဲ အတူတကွပူးပေါင်း ပါဝင်နေကြပြန်သေးတယ်။ ဖြစ်ပေါ်နေတဲ့ အမျိုးအစားအလိုက် ဦးဆောင်ဓာတ်တစ်ပါးက ရှေ့ဆောင်ထားပါတယ်။ ဥပမာ သဘော်သီးတစ်လုံးဆိုကြပါစို့ဦး။ ဆောင်ဓာတ်က ပထဝီဓာတ်ပါ။ သဘော်သီးရဲ့ အလုံးအဝန်း၊ ပုံသဏ္ဌာန်၊ အခွံ၊ အသား၊ အစေ့တွေဟာ ခိုင်ခံ့ထည်ရှိမှု၊ ထောက်တည်ခိုင်မာမှုတွေ တွေ့ရတော့ တာတွပ်ပါလား။ အသီးရဲ့အသားထဲမှာ စိုစွတ်မှု၊ အရည်ရှိမှုတွေက အာပေါဓာတ်။ အသီးရဲ့အရသာအေးမြမှုက သီတတေဇော၊ အသီးရဲ့အစေ့အိမ်အတွင်းမှာ နေရာလပ်တွေက ဝါယောဓာတ်တွေဖြစ်ကြတယ်။ သည်ဓာတ်ကြီးလေးပါးအပြင် အရေးကြီးတဲ့ အခြားဓာတ်တစ်ပါးကလည်း ပါဝင်နေပြန်သေးတယ်။ အဲဒါကတော့ အာကာသဓာတ်လို့ခေါ်တဲ့ သတ္တာပြင်ဓာတ်၊ ဗလာဓာတ်တစ်မျိုးပါ။ သည်ဓာတ်ရဲ့ အကျိုးသက်ရောက်မှုကလည်း အစွမ်းမသေးလှပါ။ သူ့ရဲ့အဓိကတာဝန်က ဖော်ပြပါဓာတ်ကြီးလေးပါးကို အမှိုက်ရဲဖြစ်မသွားအောင် တွဲကပ်ချုပ်စပ်ထားပေးနိုင်တာပါပဲ။

မိုးကုတ်ကျောက်မျက်ရတနာပစ္စည်းဖြစ်တဲ့ ပတ္တမြားတစ်ပွင့်ကိုရပြီဆိုကြပါစို့။ သူ့ရဲ့အရွယ်အစားကို အရင်မြင်တွေ့ရပါတယ်။ ကြီးသလား၊ ငယ်သလား၊ ဝိုင်းသလား၊ ရှည်သလား၊ ပြားသလား၊ ချွန်းသလားဆိုတာတွေပေါ့။ ပြီးမှကျောက်မျက်ရဲ့အရောင်အသွေးကိုကြည့်ရပါတယ်။ သည့်နောက်တော့ ကျောက်မျက်ရဲ့စင်ကြယ်မှု၊ မစင်ကြယ်မှု၊ အပြစ်အနာအဆာကိုကြည့်ရပါတယ်။ အရွယ်အစားကိုကြည့်ရာမှာ အရိုင်းအနေအထားကို မျက်မြင်စတွေ့ရပါမယ်။ ကျောက်မျက်အရိုင်းတစ်ပွင့်ဟာ (၁၀) ကာရက်ခန့်ရှိတယ်ဆိုကြပါစို့။ သူ့ကိုလက်ဝတ်ရတနာအဖြစ်အသုံးပြုနိုင်မယ့် အရွယ်အစားထိ မှန်းကြည့်ရပါတယ်။ ကျောက်မျက်အယဉ်အဖြစ် အပြီးအစီးတင်နိုင်မယ့် အလေးချိန်ပါ။ ငွေကြေးတန်ဖိုးဖြတ်သတ်မှတ်ရာမှာ အရိုင်းအလေးချိန်ထက် အတင်အယဉ်အလေးချိန်က ပိုအရေးကြီးပါတယ်။ ဒါကိုကျောက်မျက်ကုန်သည်၊ ကျောက်သွေးသမားများက ကျွမ်းကျင်ကြပါတယ်။ ကျောက်မျက်ရိုင်းတစ်ပွင့်ကိုမြင်လိုက်ကတည်းက ဘယ်လိုလှပအောင်သွေးမယ်၊ ဘယ်လောက်အလေးချိန်တင်စေရမယ် ဘယ်လောက်အထိဈေးပေးရမယ်ဆိုတာတွေပေါ့။ ဖော်ပြခဲ့တဲ့ (၁၀) ကာရက်အလေးချိန်ရှိ ကျောက်မျက်အရိုင်းတစ်ပွင့်ရဲ့ပုံသဏ္ဌာန်အနေအထားကိုကြည့်ပြီးသွေးရတော့ အသားတင်အလေးချိန်ဟာ နည်းနိုင်သလား၊ များနိုင်သလား တွက်ဆရပါတယ်။ (၄)ကာရက် (၅)ကာရက် ဖြစ်ချင်ဖြစ်မယ်။ (၁)ကာရက်၊ (၂) ကာရက်ဖြစ်ချင်ဖြစ်မယ်။ အတင်များမယ်ထင်ပြီး ကျောက်ဈေးကိုမြှင့်ပေးမိလို့ ထင်သလိုအလေးချိန်ကမတင်ရင် ရှုံးပြီလေ။ ကျောက်မျက်ကိုသွေးရာမှာ အလေးချိန်များများတင်နိုင်ဖို့ ဦးစားပေးသွေးကြရတာဆိုတော့ ပုံသဏ္ဌာန်ဟာဝိုင်းချင်ဝိုင်းမယ်၊လျားချင်လျားမယ်၊ လေးထောင့်ဖြစ်ချင်ဖြစ်မယ်မှုသေထားလို့မရတဲ့အခြေအနေတွေပါ။

ပြောလိုရင်းဖြစ်တဲ့ ဓာတ်ကြီးလေးပါးနဲ့ပတ်သက်တဲ့ဘက် ဆက်သွားကြရအောင်။ မိုးကုတ်ကျောက်မျက်ရဲ့အရည်အသွေးပိုင်းမှာ ကျောက်မျက်ရဲ့ကျောက်သားကောင်းမွန်ခြင်းဆိုတဲ့ အချက်တစ်ချက်ပါပါတယ်။ ကျောက်မျက်ရဲ့ အဲဒီလိုကျောက်သားကောင်းမွန်ခြင်းဟာ ထုထည်ရှိမှုထောက်တည်နိုင်မှု ပထဝီဓာတ်ပါပဲ။ ကျောက်သားဟာ ကျစ်လျစ်သိပ်သည်းခိုင်မာရမယ်၊ ပွခြင်းဖွယ်ခြင်းမရှိရပါ။ ဒါကို မိုးကုတ်အခေါ်ကျောက်မျိုးလို့ဆိုပါတယ်။ ကျောက်မျိုးကောင်းတဲ့ ကျောက်မျက်တစ်ပွင့်ဟာ ထွင်းဖောက်မြင်နိုင်အားပါ တွဲဖက်ပါလာရင်တော့ တာပလာခေါ်တဲ့ အကွက်ချသွေးနည်းနဲ့ သွေးနိုင်တဲ့ကျောက်ကောင်းတစ်ပွင့်ဖြစ်ပြီး မျိုးတော့ကောင်းပါရဲ့ ထွင်းဖောက်မြင်နိုင်အားနည်းရင် မမြင်ရရင် လုံးချော၊ ဂေါ်ကြီးအမျိုးအစားထဲဝင်သွားပြန်လေရော။ အဲဒီဟာတွေက တာပလာကျောက်လောက် ဈေးကောင်းမရဘူးလေ။ ဖန်သား၊ မှန်သားက တာပလာအဖြစ်များပြီး ဖယောင်းသား၊ ပိန်းဥသားကလုံးချော၊ ဂေါ်ကြီးအဖြစ်များပါတယ်။ ကျန်ဓာတ်များပါဝင်မှုကို အကြမ်းဖျင်းနားလည်အောင်ရေးရရင် ကျောက်မျက်ရဲ့အထိအတွေ့ဟာ အေးမြတယ်။ ဒါသီတတေဇောကျောက်မျက်ရတနာတွေမှာ သက်ဆိုင်ရာဓာတုဖွဲ့စည်းမှုတွေရှိပါတယ်။ ကျောက်နီပတ္တမြားမှာ အလူမီနီယမ်အောက်ဆိုဒ်နဲ့တိုက်တေနီယမ်ဓာတ်ပါတယ်။ အငွေ့ဓာတ်ပါ။ ဒါကို ဝါယောဓာတ်လို့ဆိုနိုင်ပါတယ်။ ကျောက်မျက်တစ်ပွင့်မှာ အရည်လို့ထင်ရှားစွာမတွေ့နိုင်ပေမယ့် စီးဝင်လှုပ်ရှားဟန်ရှိနေတဲ့ အရည်လဲ့ခြင်းကို မြင်တွေ့နိုင်ပါတယ်။ ဒါ တေဇောဓာတ်လို့ဆိုရင် ရနိုင်ပါတယ်။ အာကာသဓာတ်ကတော့ ကျောက်မျက်တစ်ပွင့်အဖြစ်ရပ်တည်နိုင်အောင် အားလုံးကို တွဲကပ်ချုပ်စပ်ထားအနေအထားတွေပါပဲ။

▫ **ကျောက်မျက်ရတနာရဲ့တန်ဖိုး**

မိုးကုတ်ကျောက်မျက်ရတနာရဲ့ ရုပ်ပိုင်းဆိုင်ရာကို အကျဉ်းချုံးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုတင်ပြမယ့်အပိုင်းကတော့ ကျောက်မျက်ရတနာများအပေါ် လူသားရဲ့စိတ်ခံစားမှု၊ တန်ဖိုးဖြတ်မှုနဲ့ ပကတိအခြေအနေတွေကို တင်ပြလိုပါတယ်။ မိုးကုတ်ကျောက်မျက်ရတနာဆိုတာ ကမ္ဘာပေါ်မှာပေါ်ပေါက်ခဲ့ဖူးသမျှ သက်မဲ့ဒြပ်ထုရှိပစ္စည်းများစွာထဲကတစ်ခုပါ။ အချို့သောဒြပ်ထုရှိပစ္စည်းများနဲ့ ကွာခြားတာကတော့ မိုးကုတ်ကျောက်မျက်ဟာ အခြားပစ္စည်းများကို ဆင့်ကဲဖြစ်စဉ်နဲ့ တရွေ့ရွေ့ရင့်ကျက်လာရတဲ့ အမျိုးမဟုတ်ဘူး။ ကမ္ဘာမြေစတင်ဖြစ်ပေါ်စဉ်က ပေါ်ပေါက်ခဲ့တဲ့ မိုးကြိုးမုန်တိုင်းလျှပ်စစ်လှိုင်းတွေ၊ အပူချိန်မြင့်မားတဲ့မီးတောက်မီးလျှံတွေ၊ လေးလံအားကြီးတဲ့ ဖိအားပြင်းမှုတွေနဲ့အတူဖြစ်ပေါ်လာရတဲ့ပစ္စည်းမျိုးဖြစ်တယ်။ နောင်တစ်ဖန် ဖြစ်ဖို့မလွယ်သလို ဖြစ်ပေါ်ပြီးသမျှဟာလည်း မူလအခြေအနေအတိုင်း မပြောင်းလဲတဲ့သဘောမှာရှိတယ်။ မူလအရွယ်အစား၊ မူလအရည်အသွေး၊ မူလအပြစ်အနာအဆာတို့ဟာ တိုးခြင်း၊ ဆုတ်ခြင်းမရှိ၊ ပကတိအတိုင်းရှိနေပါတယ်။

ယနေ့ကမ္ဘာကြီးမှာ တန်ဖိုးဆိုတဲ့ စကားလုံးကို လူမျိုးအသီးသီး၊ နိုင်ငံအသီးသီးမှာ သူတို့ဘာသာသာစကား



www.burmeseclassic.com

www.burmeseclassic.com

| မွေးလ | ဝတ်ဆင်ရမည့်ကျောက်မျက် | ကျောက်မျက်အရောင် | ရရှိမည့်အကျိုးများ |
|---|---|---|---|
| ဇန်နဝါရီလ | ဂါးနက် | နီညိုရောင် | အဆွေခင်ပွန်းပွားစေခြင်း၊ ဒေါသကြီးထိန်း ခြင်း၊ယိုထွက်မှုကိုတန့်စေခြင်း၊ ဘဝ၌ပြောင်း မှုနှင့်မကြုံတွေ့ရဘဲ တည်ငြိမ်အေးချမ်းမှုကို နိုင်သည်။ |
| ဖေဖော်ဝါရီလ | ခရမ်းစွဲ (စလင်းစွဲ) | ခရမ်းရောင် | လွတ်မြောက်ခြင်း၊ အေးချမ်းခြင်း၊ သစ္စာ ခံရခြင်းမှကင်းဝေး၊ ဘေးအန္တရာယ်ကို ကာ နိုင်သည့် မိမိကိုယ်ကိုလည်း ရိုးသားသောစိ ထားကို ဖြစ်ပေါ်စေသည်။ |
| မတ်လ | သွေးကျောက် | အစိမ်းပုပ်ရောင်ရှိပြီး အနီစက်လေးများပါဝင်နေသည်။ | အရှိအသေခံရခြင်း၊ ရန်သူ၏မာယာကျော့ လွတ်မြောက်ခြင်း၊ အခက်အခဲများကို ကျော် နိုင်ခြင်း၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ အဆီးအ တံခါးများကို ဖွင့်နိုင်ခြင်းတို့ ဖြစ်သည်။ |
| ဧပြီလ | စိန် | အရောင်မဲ့(သို့) အဖြူရောင် | ရဲစွမ်းသတ္တိပြည့်စုံစေခြင်း၊ ရန်ကိုငြိမ်းအေးစေ (အဝါဖျော့)အဆိပ်အတောက်ကိုပြေစေခြင်း (ပန်းရောင်) ခိုက်ရန်ဖြစ်ပွားမှုကို တားဆီး နှင့် (အနီ၊ အပြာ၊ အစိမ်း) အပြစ်ကင်းစေ ခြင်းတို့ဖြစ်သည်။ |
| မေလ | မြ | မြစိမ်းရောင် | ဝက်ရူးပြန်ခြင်းကို ကာကွယ်နိုင်ခြင်း၊ တော မင်္ဂလာနှင့်ပြည့်စုံခြင်း၊ အဆိပ်အတောက်နှင့် ကိုက်ဖိုက်နာခြင်းကို ကာကွယ်နိုင်ခြင်း၊ စိတ် ချမ်းမြေ့စေခြင်း၊ မှတ်ဉာဏ်ကိုပွားများထက် စေခြင်း၊ ဆန့်ကျင်ဘက်လိင်တို့၏ ဆွဲဆောင် ခင်မှုခံရခြင်း၊ |
| ဇွန်လ | ပုလဲ | နို့နှစ်ရောင် ရွှေအိုရောင် နှင်းဆီရောင် မီးခိုးရောင် | ယောက်ျားတို့အား ကျန်းမာသန်စွမ်းစေပြီး ယော ကျ်ားပီသစေသည်။ စိတ်တိုခြင်း၊ ဒေါသ တို့ကိုကာကွယ်နိုင်၍ ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံနိုင်သည်။ |
| ဇူလိုင်လ | ပတ္တမြား | အနီရင့် | အောင်မြင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အသက်ရှည် ချမ်းသာစွာနေထိုင်ခြင်း၊ ဘုန်းတန်ခိုးအာ နှင့်ပြည့်စုံစေခြင်း၊ |
| ဩဂုတ်လ | ပြောင်ခေါင်းစိမ်း | အစိမ်း၊ အဝါရောင် | ကြွယ်ဝချမ်းသာခြင်း၊ အခြွေအရံပေါများ မကောင်းဆိုးဝါးအားလုံးကိုနှိမ်နင်းနိုင်ခြင်း ကြောက်ရွံ့ခြင်းမှကင်းလွတ်ခြင်း၊ အရိုးနဲ့ပတ် သောရောဂါများ ပျောက်ကင်းစေနိုင်ခြင်း |
| စက်တင်ဘာလ | နီလာ | အပြာရောင် | မနာလိုဝန်တိုခြင်း၊ မာန်မာနထားခြင်းမှကင်း ပြီး ဘာသာတရားကို သက်ဝင်ယုံကြည်စေ လိမ်လည်လှည့်ဖြားခံရခြင်းမှ ကင်းဝေးစေ ဆန့်ကျင်ဘက်လိင်၏ ချစ်ခင်နှစ်သက်မှုကို သည်။ |
| အောက်တိုဘာလ | အိုပယ် | ရောင်စုံ | ကံကောင်းခြင်း၊ အချစ်နှင့်ကြင်နာမှုကိုရရှိ ခြင်း။ |
| နိုဝင်ဘာလ | တိုပတ်(ဥဿဖရား) | အဝါ၊ အစိမ်း၊ အပြာ | ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်ခြင်း ပလိပ်ရောဂါနှင့် အခြားကူးစက်ရောဂါ ချိန်၌ ယင်းဘေးရန်မှကင်းဝေးစေ၏။ အ သင်္ကေတအဖြစ်မှခံယူနိုင်၏။ ကတိသစ္စာ မြဲစေ၏။ |
| ဒီဇင်ဘာလ | ကာလွှိုက် | စိမ်းပြာရောင် | ကံကောင်း၍ အရာရာကိုထမြောက်အောင် နိုင်ပေသည်။ |



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း မဖြစ်မနေသုံးနေကြရတယ်။ အဲဒီတန်ဖိုးကို ခွဲခြမ်းစိတ်ဖြာလိုက်ရင် (၁) အသုံးချတန်ဖိုး၊ (၂) စိတ်ခံစားမှု တန်ဖိုးရယ်လို့ နှစ်မျိုးနှစ်စားတွေ့ရပါတယ်။ အသုံးချတန်ဖိုးဆိုတာကတော့ လူသားရဲ့ စားဝတ်နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းတဲ့ သဘောပါ။ ဥပမာ သံ၊ သစ်သား၊ ဝါး စတာတွေက နေစရာအိမ်အဆောက်အအုံတွေပေးတာမျိုး၊ ဝါ ဂွမ်း၊ သိုးမွေး၊ ပိုးမျှင်စတာတွေက ဝတ်ဆင်စရာ အထည်မျိုးစုံပေးတာမျိုး၊ ဆပ်၊ ပြောင်း၊ ဂျုံ၊ စပါး၊ နှမ်း၊ ကြံ စတာတွေက စားစရာပေးတာမျိုးတွေပါ။ လူသားရဲ့ လုပ်အားတန်ဖိုးကလည်း ဒီအထဲ အကျုံးဝင်ပါတယ်။

စိတ်ခံစားမှုတန်ဖိုးဆိုတာကတော့ ယဉ်ကျေးလာတဲ့လူ့အဖွဲ့အစည်းတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ နှလုံးသားပိုင်း၊ ဦးနှောက်ပိုင်းကလာတဲ့ သုတ၊ ရသခံစားမှုတွေပါပဲ။ သီချင်းတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်၊ ပန်းချီကားတစ်ချပ်ကို ခံစားမယ်၊ ဝေဖန်မယ်၊ မျှဝေမယ်၊ တန်ရာတန်ဖိုးလည်းပေးမယ်။ တို့အတူ ကျောက်မျက်တစ်ပွင့်ကိုလည်း ဒီအတိုင်း ခံစားလို့ရပါတယ်။ ကျောက်မျက်ရဲ့ မူလ အရည်အချင်းများကိုက ရှားပါးလှပခိုင်ခံ့မှု မြင်ရသူအပေါင်းကို စိတ်ရွှင်ပျ ကြည်နူးမှုကိုပေးနိုင်မှု၊ ဆွဲဆောင်နိုင်မှုတို့ ပါဝင်ပြီးဖြစ်လို့ပါပဲ။

ကျောက်မျက်တစ်ပွင့်ကို အသုံးချတန်ဖိုးအမြင်တစ်ခုတည်းနဲ့သာကြည့်ရင် ယခုခေတ်ကာလပေါက်ဈေးအရ မတန်ဘူးလို့ပြောရပါလိမ့်မယ်။ (၃)ကာရက်ခန့်ရှိတာနီပဲအရွယ်ရှိ အပြစ်ကင်းဝေါစင် အရည်ကောင်း ပတ္တမြားတစ်ပွင့်ဟာ သိန်း (၄၀၀၊ ၅၀၀) အထက်မှာရှိနေလို့ ဖြစ်ပါတယ်။ ဒီကျောက်မျက်ရဲ့တန်ဖိုးကို စိတ်ခံစားချက်တန်ဖိုးနဲ့ တိုင်းတာလို့သာ သည်မျှတန်ဖိုးရှိနေရတာပါ။ လူ့အဖွဲ့အစည်းရှင်သန်ရေး၊ စားဝတ်နေရေးတွေမှာ သုံးမပါလည်း ဘာမှမဖြစ်သလို သူ့ကို ထိရောက်တဲ့အသုံးချစရာနေရာလည်း မရှိပါဘူး။ ဆွစ်ဇာလန်နိုင်ငံလုပ်နာရီတွေထဲမှာထည့်တယ်ဆိုတာမှာလည်း သုံးမပါပြီးတဲ့အခြေအနေ မဟုတ်ပါဘူး။ လေဆာရောင်ခြည်ထုတ်လို့ရတယ်ဆိုနိုင်သော်လည်း အခြားပစ္စည်းများထဲက ဈေးပေါပေါနဲ့ထုတ်လို့ရနေပါတယ်။ ဒါက ရုပ်ပိုင်းဆိုင်ရာ အသုံးချတန်ဖိုးအမြင်တွေပါ။ သို့သော်လည်း စိတ်ပိုင်းဆိုင်ရာတန်ဖိုးဖြတ်ခံစားချက်အမြင်တွေကို ပစ်ပယ်ထားလို့ကလည်း မဖြစ်သင့်ပါ။ ယဉ်ကျေးမှုအတွေးအခေါ်တွေ မြင့်တက်ရင် ကျက်လာနေတဲ့ ယနေ့လူ့အဖွဲ့အစည်းကြီးမှာ ရှားပါးသယံဇာတပစ္စည်းများ၊ ရှေးဟောင်းအမွေအနှစ်များ၊ အနုပညာဆိုင်ရာပစ္စည်းများကို မြတ်နိုးတန်ဖိုးထားမှုများ ထွန်းကားလာနေပါတယ်။ ဒါကြောင့်လည်း ဂန္တဝင်ပန်းချီကားများ၊ ရှားပါးတံဆိပ်ခေါင်းများနဲ့ ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များကို သိန်းချီသန်းချီငွေကြေးတွေပေးပြီး ဝယ်ယူစုဆောင်းမှုတွေရှိနေပါပြီ။ အမြော်အမြင်ကြီးမားသူအချို့ဟာ စီးပွားရေးအမြင်များနဲ့ပေါင်းစပ်ပြီး ရင်းနှီးမြှုပ်နှံငွေအသွင်အဖြစ်တောင် သဘောထားလုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ စာရေးသူတို့ရဲ့ မိုးကုတ်ကျောက်မျက်ပတ္တမြားဟာလည်း အဲဒီလို စုဆောင်း သိမ်းဆည်းအရင်းအနှီးအဖြစ်မြှုပ်နှံနိုင်တဲ့ ရတနာပစ္စည်းပါ။ ပတ္တမြားဆန်ကျီး အဖိုးပြည်တန်ဆိုတဲ့စကားဟာ ဒီသဘောကိုရည်ညွှန်းပါတယ်။

ကမ္ဘာမြေရဲ့လူသားများဟာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကား၊ ဓလေ့ထုံးစံ၊ နေထိုင်ရာဌာနေဌာနကွဲပြားခြားနားရင်သာ ခြားနားမယ် မလွဲမသွေတူရမယ့်အချက်နှစ်ချက်က ရှိနေပါတယ်။ ရုပ်နဲ့နာမ်တစ်နည်း ရုပ်နဲ့ စိတ်ပဲပေါ့။ ကျောက်မျက်ရတနာများရဲ့ အပေါ်မှာထားတဲ့ ခံစားချက်ဟာ စိတ်ပိုင်းဆိုင်ရာရလဒ်ဖြစ်လေတော့ ထပ်တူမကျတောင် အတော်များများတူနေနိုင်ပါတယ်။ ဒါကြောင့်လည်း ကျောက်မျက်ရတနာများရဲ့ လူသားအပေါ် အကျိုးပြုမှု၊ အကျိုးဖျက်မှုတွေအလိုက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရေးသားဖော်ပြကြတဲ့ စာပေတွေပေါ်ထွက်ခဲ့ရပါတယ်။

ကျောက်မျက်ရတနာလောကမှာ လူသိများထင်ရှားလှတဲ့ ကောင်းကျိုးဆိုင်ရာသတ္တိကိုပေးနိုင်သည်ဟု ယူဆထားသော အဆောင်ပစ္စည်းတစ်ခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ နဝရတ်ကိုးသွယ် အဆောင်ပစ္စည်းပါ။ နဝရတ်ကိုးသွယ်တွင် ပါဝင်သော ရတနာများကတော့ -

(၁) ပတ္တမြား၊ (၂) မြ (၃) စိန်၊ (၄) ကြောင်၊ (၅) နီလာ၊ (၆) ဥဿဖရား၊ (၇) ဂေါ်မိတ်၊ (၈) သန္တာ၊ (၉) ပုလဲတို့ ဖြစ်ကြပါတယ်။

ဒီနဝရတ်ကိုးသွယ်အဆောင်ပစ္စည်းမှာပါဝင်သော ရတနာမျိုးကိုးပါးမှာ သန္တာ၊ ပုလဲ၊ စိန်တို့မှအပ ကျန်ရတနာ (၆) မျိုးတို့ဟာ မိုးကုတ်ရတနာနယ်မြေကထွက်ရှိတဲ့ ကျောက်မျက်များသာဖြစ်ကြပါတယ်။ နဝရတ်ကိုးသွယ်မှာပါဝင်တဲ့ ကျောက်မျက်တစ်မျိုးစီရဲ့စိတ်ပိုင်းဆိုင်ရာ ခံစားမှုအစွမ်းသတ္တိတွေဖော်ပြထားတဲ့ ကဗျာတစ်ပုဒ်ကိုတင်ပြလိုက်ပါတယ်။

> ❑ *ပတ္တမြားဘုန်းတောက်၊*
> *မြကျောက်အေးချမ်း*
> *စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ*
> *မဏိနီလာ၊ မေတ္တာကဲချွပ်*
> *ဂေါ်မိတ်ခွန်အား၊ ဥဿဖရားကျန်းမာ*
> *သန္တာကြီးကဲ၊ ပုလဲကျက်သရေ*
> *ဂုဏ်တိုးပေးသည်၊ ကိုးတွေ့နဝရတ်*
> *စွမ်းရည်တည်း။*

သည်ကဗျာထဲမှာပါရှိတဲ့စိတ်ပိုင်းဆိုင်ရာစွမ်းအင်တွေဟာ အထွေအထူးအဓိပ္ပာယ်ရှင်းပြစရာမလိုအောင်ကို ရှင်းနေပါတယ်။ ကျောက်မျက်ရတနာများနဲ့ ပတ်သက်တဲ့ ဂမ္ဘီရသဘော၊ ဗေဒင်ယတြာသဘောဆိုင်ရာ အယူအဆများဟာလည်းရှိနေပါသေးတယ်။ မွေးနာရီ၊ မွေးနေ့၊ မွေးရက်၊ မွေးလ၊ မွေးနှစ် အလိုက် ဝတ်စားဆင်ယင်သင့်တဲ့ ကျောက်မျက်၊ ရှောင်ရှားသင့်တဲ့ ကျောက်မျက်စတာတွေကိုလည်း တွေ့ရပါသေးတယ်။ ပညာရှင်အသီးသီးဟာ ဒီလိုအယူအဆများကို ထုတ်ဆိုတင်ပြကြရာမှာ တစ်ထပ်တည်းကျကြတယ်လို့ မဆိုနိုင်သော်လည်း အကျိုးအပြစ်ကို ပြကြတဲ့စိတ်စေတနာကတော့တူညီတာကို တွေ့ရပါတယ်။

ဖော်ပြပါအချက်များဟာ ကျောက်မျက်ရတနာများနဲ့ပတ်သက်တဲ့ စိတ်ပိုင်းဆိုင်ရာတန်ဖိုးထားတဲ့အယူအဆများဖြစ်ကြပါတယ်။ စာရေးသူအနေနဲ့ နောင်အကျိုးအကြောင်းတိုက်ဆိုင်လာခဲ့ရင် မိုးကုတ်ကျောက်မျက်၊ မိုးကုတ်နယ်နဲ့ပတ်သက်တဲ့လူနဲ့သဘာဝဆက်ဆံရေး၊ လူနဲ့လူချင်းဆက်ဆံရေးတွေကိုရေးသားချင်ပါသေးတယ်။

**မောင်လှိုင်းသစ် (မိုးကုတ်)**

**ကျမ်းကိုး -**

အတွဲ (၁၂)၊ အမှတ် (၁၃၆)၊ ၂၀၁၃ ဇူလိုင်ထုတ် ရတီမဂ္ဂဇင်း၊ ဆရာသန်းဝင်းလှိုင်၏ ကျောက်မျက်ရတနာများ၏ တန်ခိုးဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com

ထိုဒွါရာဝတီမြို့၏တစ်မျက်နှာမှာကား သမုဒ္ဒရာ၊ တစ်မျက်နှာမှာကား တောင် (တောင်တန်းကြီး) ရှိ၏။ ထိုဒွါရာဝတီမြို့ကို ဘီလူးတို့သိမ်းဆည်းအပ်သည်ဖြစ်၍ ထိုမြို့ကိုစောင့်ရှောက်သော ဘီလူးသည် ရန်သူတို့ကိုမြင်၍ မြည်း၏ အသွင်ဖြင့်မြည်လျှင် ထိုမြည်သောခဏ၌ ဘီလူးတို့၏ အာနုဘော်ဖြင့် မြို့အလုံးကောင်းကင်ကိုပျံတက်၍ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်ခု၌တည်၏။ ရန်သူတို့သွားကုန်သည်ရှိသော် တစ်ဖန်ပြန်လတ်၍ မိမိနေရာ၌သာလျှင်တည်၏။

ဤကား အရှင်စန္ဒမာလာလင်္ကာရ

# မင်းရှိန်အောင်
## မိုးသို့ပျံချီ ဒွါရာဝတီ အာကာပျံဝဲ မြို့သံတွဲ

၏ ရခိုင်ရာဇဝင်သစ်ကျမ်းမှ ဖော်ပြပါရှိသော ကောက်နုတ်ချက် ဖြစ်ပါသည်။ ရခိုင်ရာဇဝင်၊ မြန်မာရာဇဝင်တို့ထဲ၌ ဒွါရာဝတီဆိုသော ရှေးဟောင်းမြို့တော်သည် အလွန်တရာ ထူးထွေဆန်းပြားလျှို့ဝှက်နက်ရှိုင်း ပဟေဠိပွေလီ ဂမ္ဘီရဝေဆာ ဝေဖန်စောကြောစရာများစွာရှိနှင့်နေသည်ကတော့ အမှန်ပင်။ ပထမရခိုင်မြောက်ဦးရွှေပြည်ရွှေနန်း၏ ဒုတိယမြောက်ဘုရင် နရနုမင်း (အင်းဝနရပတိမင်းနှင့်ခေတ်ပြိုင်) ၏ မိဖုရားတစ်ပါးဖြစ်သော ဧစာယဉ်မိ မိဖုရားရေးသားသည့် အဖြည့်ခံရတုထဲတွင် 'ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း ဒွါရာဝတီ၊ သင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံဝယ်. . .' ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ပြီး စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကျမ်းထဲတွင် 'ဒွါရာပူရံ မိုးသို့ပျံ၊ သံနှင့်ချိတ်ကာတွဲ' ဟူ၍လည်းကောင်း၊ ကျည်းကန်ရှင်ကြီး နန္ဒဓဇမှမေး၍ ကျီးသဲလေးထပ်ဆရာတော်ကြီးမှ ဖြေဆိုပေးသော စွယ်စုံကျော်ထင်ကျမ်းတွင် 'အာကာတိမ်ယံ၊ မိုးသို့ပျံ၊ သံ၌ချိတ်ကာတွဲ' ဟု ဖော်ညွှန်းမှုများက ယခုပြဆိုနေသော ဒွါရာဝတီကို ရည်ညွှန်းနေသည်ပင် ဖြစ်၏။

နောက် မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်ကြီး ပြန်ဆိုသော ငါးရာ့ငါးဆယ်နိပါတ်တော် လာဃဋပဏ္ဍိတဇာတ်တော်တွင် ဒွါရာဝတီမြို့ရှင်ပျံ့အကြောင်းကို ထဲထဲဝင်ဝင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဖြောစရာတစ်ခုက တပင်ရွှေထီးမင်း၏ ဖခမည်းတော် မင်းကြီးညိုမင်းတည်ထောင်သော ပဲခူးရိုးမအရှေ့ဘက်က ဒွါရာဝတီမြို့၊ ထိုင်း (ယိုးဒယား) ပြည်ထဲက ဒွါရာဝတီမြို့၊ အိန္ဒိယပြည် မိုးဘိုင်း (ဘုံဘိုင်) မြို့အနီး အနောက်



ဘက်ပင်လယ်ကမ်းခြေက ဒွါရာဝတီမြို့၊ အိန္ဒိယပြည်အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်း ဂေါဒါဝါရီမြစ်၊ ကစ္စနာမြစ်အနီးက ဒွါရာဝတီ (ဒွါရက) မြို့၊ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းတောင်ပိုင်းက ဒွါရာဝတီမြို့ဟူသည့် ဒွါရာဝတီမြို့များထဲတွင် တောင်တန်းတစ်ဖက်၊ သမုဒ္ဒရာတစ်ဖက် စပ်ကြားအတွင်း တည်ရှိနေပြီးလျှင် မိုးကောင်းကင်ပေါ် ပျံတက်တတ်သော ဒွါရာဝတီမြို့သည် ရခိုင်ကမ်းရိုးတန်းက ဒွါရာဝတီမြို့သာဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူချင်ပါသည်။

အထက်ကဆိုခဲ့သလိုပင် ဒွါရာဝတီမြို့ကို ရန်သူတို့လာရောက်သိမ်းပိုက်ရန် ဝန်းရံချဉ်းကပ်လာသောအခါတွင် မြို့နေဘီလူးတို့က၊ မြို့စောင့်ဘီလူး... မြည်သံပေး အချက်ပေးလိုက်သည်နှင့် သူတို့တန်ခိုးဖြင့် မြို့ကို ချီမပျံတက်သွား ပြီး ပင်လယ်သမုဒ္ဒရာအလယ်က ပင်လယ်... ကျွန်းတစ်ကျွန်းပေါ်သို့ သွားရော...



www.burmeseclassic.com

www.burmeseclassic.com

ချထား တည်ရှိစေပြီး ရန်သူတို့ဘေးရန်ကင်းရှင်းသွားသောအခါ ထိုကျွန်းပေါ်မှာချထားသောမြို့ကို ပြန်လည်မ,ယူကာ ပျံသန်းပြီးလျှင် မြို့ကို ယခင် မူလနေရာတွင် ပြန်လည်ချထားတည်ရှိစေသည်ဟူ၏။ ထိုပင်လယ်ထဲကကျွန်းဆိုသည်မှာ တခြားမဟုတ်။ ယခု ရခိုင်ကမ်းရိုးကမာန်အောင်ကျွန်းဟုခေါ်သောမေဃဝတီဒီပကျွန်းပင် ဖြစ်ပါသည်။ ထိုမာန်အောင်ကျွန်းသည် ရခိုင်ကမ်းရိုးတန်းတွင် ဒုတိယအကြီးဆုံးဖြစ်ပြီး ရမ္မာဝတီခေါ် ရမ်းဗြဲကျွန်း၏အရှေ့တောင်ဘက်တွင်ရှိသည်။

ဒွါရာဝတီမြို့သည် ဘီလူးတို့၏ တမ္ဗဒီဒွိတန်ခိုးကြောင့် မိုးကောင်းကင်ပေါ်သို့ ပျံတက်ပြီး ရန်သူများလက်ထဲကအမြဲတစေ လွတ်မြောက်နေခဲ့သော်လည်း မဇ္ဈိမဒေသမှရောက်လာသော ဝါသုဒေဝမင်းသားညီနောင်တို့နှင့် ကြုံကြိုက်မှ လက်မြောက်အရှုံးပေးခဲ့ရလေသည်။

မဇ္ဈိမဒေသ ဥတ္တရာပထတိုင်း အသိတဥ္စနပြည်မှ မဟာကံသမင်း အနွယ်တော် ဝါသုဒေဝမင်းသားညီနောင်တစ်ကျိပ်တို့သည် တိုင်းသစ်ပြည်သစ်တည်ထောင်ရန် ရှာဖွေရင်းဖြင့် ယခုဆိုနေသော ဒွါရာဝတီမြို့တည်ရာဒေသသို့ရောက်ရှိလာခဲ့ကြသည်။ သူတို့ ဒွါရာဝတီမြို့ကို သိမ်းပိုက်ရန် ကြိုးစားသောအခါ တခြားသောရန်သူများနည်းတူ ဒွါရာဝတီမြို့သည် မိုးကောင်းကင်ပေါ် ပျံတက်တိမ်းရှောင်သွားခဲ့သည်။ ထိုသို့ အကြိမ်ကြိမ်သိမ်းပိုက်ရန် ကြိုးစားလေတိုင်း ဒွါရာဝတီမြို့သည် ထိုသို့ မိုးပေါ်ပျံတက်တိမ်းရှောင်နေလာရာ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းဇာစ်မြစ်ကို စုံစမ်းလေ့လာလေသော် နောက်ဆုံးတွင် ကဏှာဒီပါယနရသေ့ကြီးထံ ရောက်ရှိခဲ့ကြလေသည်။ ဝါသုဒေဝမင်းသားညီနောင်တို့က ကဏှာဒီပါယရသေ့ကြီးကို အကြိမ်ကြိမ်တောင်းပန်ခယလျှောက်ထားကြသည်ရှိလေသော် ရသေ့ကြီးက ဒွါရာဝတီမြို့၏ လျှို့ဝှက်ချက်ကို ဤသို့လက်ဆောက်ချ မိန့်ကြားတော်မူလေသည်။

ဤဒွါရာဝတီမြို့ပြင်ကျုံးအနီးတွင် မြို့စောင့်ဘီလူးမသည် မြည်းယောင်ဆောင်လျက်နေသည်။ ထိုမြည်းသည် ရန်သူလာသည်ကိုမြင်သော် မြည်သံပေးတတ်သည်။ ထိုမြည်းမြည်သံကြားလျှင် ဘီလူးတို့သည် သူတို့၏တန်ခိုးဖြင့် မြို့ကို မချီ၍ မိုးပေါ်ပျံတက်ရှောင်တိမ်းသွားတတ်ကြသည်။ ထို့ကြောင့် သင်တို့သည် ထိုမြည်း၏ ခြေလေးခုကိုကိုင်လျက် ချစ်ယောင်ပြုတောင်းပန်ခယလျက် ထိုမြည်းအားမြည်ကြွေးခြင်းမပြုစေကြကုန်လော ဟု မိန့်မှာလေသည်။

မှုကွဲတစ်ခုတွင် ဒွါရာဝတီမြို့အနီး ရေကန်တစ်ခုရှိသည်။ ထိုရေကန်အနားတွင် ကျောက်မြည်းရုပ်တစ်ခုရှိသည်။ ထိုဒွါရာဝတီမြို့အနီးသို့ ရန်သူတို့ချဉ်းကပ်လာသည်ကို မြို့စောင့်ဘီလူးမမြင်သည်ရှိသော် ထိုဘီလူးမသည် ထိုကျောက်မြည်းရုပ်ကျောပြင်ကို ပွတ်သပ်ပေးလျှင် ထိုကျောက်မြည်းရုပ်သည် ကျယ်လောင်စွာမြည်ဟည်း၏။ ထိုကျောက်မြင်းရုပ်မြည်ဟီးသံကြားလျှင် မြို့တွင်းရှိ ဘီလူးတို့သည် ဒွါရာဝတီမြို့ကို သူတို့အစွမ်းတန်ခိုးဖြင့် မ,ချီကာ မိုးကောင်းကင်သို့ ပျံတက်သွားကြသည်ဟုဆိုထားပါသည်။

တခြားသော မှုကွဲတစ်ခုတွင် မြို့စောင့်နတ်ဘီလူးမောင်နှမသုံးယောက်၏အစွမ်းကြောင့် ရန်သူရောက်လာလျှင် မြို့သည်ကွယ်ပျောက်သွားတတ်ပြီး မိုးကောင်းကင်ပေါ်တွင် မတွေ့ရမမြင်ရဘဲနှင့် ဆင်သံ၊ မြင်းသံ၊ စစ်ရထားသံ၊ နွားသံ၊ ကျွဲသံ၊ ကုန်ရောင်းကုန်ဝယ်ပြုနေကြအသံ၊ လူသူလေးပါးသွားလာလှုပ်ရှားနေကြသံ၊ သီချင်းဆိုသံ၊ တူရိယာသံ၊ ဆဲဆိုသံ၊ ငိုကြွေးသံများကိုသာ မိမိဦးခေါင်းအထက်မိုးပေါ်မှနေ၍ ထွက်ပေါ်နေသည်ဟု ဆိုထားပြန်သည်။

ပသို့ပင်ဆိုစေ ဝါသုဒေဝမင်းသားညီနောင်တို့သည် ကဏှာဒီပါယနရသေ့ကြီး မှာကြားလိုက်သည့်အတိုင်း မြို့စောင့်ဘီလူးမကို ဥပါယ်တံမျဉ်သုံးလျက် အယုံသွင်း ချစ်မြတ်နိုးယောင်၊ ကြိုက်နှစ်ခြိုက်ယောင်ပြုကာ ရန်သူလာလျှင် မြည်းမြည်ဟီးသံမပြုစေရန် တောင်းပန်ခယကြလေသည်။ ယုံကြည်လောက်အောင် ပရိယာယ်မာယာအမျိုးမျိုးသုံး၍ လှည့်ဖြားပြောဆိုကြသည်။

မြို့စောင့်ဘီလူးမသည် ဝါသုဒေဝမင်းသားတို့အား ယုံကြည်မိသောကြောင့် သူမတစ်သန္တာန်လုံး ထိန်းသိမ်းခဲ့ရသောလျှို့ဝှက်ချက်ကို ဤသို့ဖွင့်ထုတ်မိလေသည်။ သူမသည် ရန်သူလာလျှင် ကျောက်မြည်းရုပ်ကို မြည်ဟည်းအောင် မလုပ်ပေးဘဲနေ၍မရပါ။ သို့တစေ ဒွါရာဝတီမြို့၏ မြို့တံခါးလေးနေရာတွင် သံချောင်းများဖြင့် ဖွဲ့အပ်သောသံကွင်းများကို မြို့သံတံတင်းများဖြင့် ချည်နှောင်ဖွဲ့တွဲနိုင်လျှင် ကျောက်မြည်းရုပ်အကြိမ်ကြိမ် ဘယ်လောက်ပင်မြည်ဟည်းမြည်ဟည်း ဒွါရာဝတီမြို့ကြီးသည် ဘယ်လိုမှ မိုးကောင်းကင်ပေါ်သို့ ပျံတက်နိုင်လိမ့်မည်မဟုတ်ဟူ၍ အတွင်းစကားကိုဖွင့်ဟပြောဆိုမိသွားလေသည်။

လိုရင်းကိုဆိုရလျှင် ဝါသုဒေဝမင်းသားညီနောင်တို့သည် မြို့စောင့်ဘီလူးမထံမှရရှိလာသော လျှို့ဝှက်ချက်အတိုင်း ဒွါရာဝတီမြို့တံခါးဝလေးခုသို့ သူတို့ညီအစ်ကိုများ ကြိုတင်စွာလျှို့ဝှက်စေလွှတ်ပြီး မြို့တံခါးသံတင်းများတွင် သံချောင်း၊ သံကြိုးများဖြင့် ဖွဲ့အပ်သော သံကွင်းများကို မြို့စောင့်ဘီလူးမ ကျောက်မြည်းရုပ်မြည်သံပေးလိုက်သည်နှင့် ချိတ်ဆွဲချည်နှောင်လိုက်လေသည်။ ထိုအခါ ဘီလူးတို့၏ ဒွါရာဝတီမြို့သည် မိုးကောင်းကင်ပေါ်သို့ လုံးဝကြွတက်ပျံသန်းခြင်းပြု၍မရဖြစ်ရချေတော့သည်။ ဤသို့ဖြင့် မိုးသို့ပျံချီ ဒွါရာဝတီ၊ အာကာပျံဝဲမြို့သံတွဲ ဆိုသော တစ်သန္တာန်လုံးကျော်စောခဲ့သောဂုဏ်ပုဒ်သည် နိဂုံးတံခဲ့ရလေတော့သည်။

ဤနေရာမှာ ထည့်သွင်းပြောစရာတစ်ခုက ယခုပြောဆိုနေကြသော ဒွါရာဝတီမြို့ဆိုင်ရာ ဒဏ္ဍာရီသမိုင်းနှင့်မတူကွဲပြားသော ဇာတ်လမ်းတစ်ပုဒ်ကိုပင်ဖြစ်၏။ ထိုဇာတ်လမ်းထဲမှာ ထိုဒွါရာဝတီမြို့ကို ဂန္ဓာရီပညာ၊ ဂမ္ဘီရပညာ၊ လောကီပညာအားဖြင့် စီရင်လျက် သကုဏဟတ္ထိငှက်ဆင်ရုပ်ပုံသဏ္ဍာန်အသွင်တည်ဆောက်ထားကြောင်း၊ ရန်သူတို့တိုက်ခိုက်သိမ်းပိုက်ချဉ်းကပ်လာလျှင် ဒွါရာဝတီမြို့သည် မိုးပေါ်ပျံတက်ပျောက်ကွယ်သွားကြောင်း၊ ရန်သူများဘေးမှကင်းဝေးသွားသောအခါတွင် ဒွါရာဝတီမြို့သည် မိုးကောင်းကင်ပေါ်မှ ပြန်လည်သက်ဆင်းလျက် မူလနေရာမှာ ပြန်လည်တည်ရှိနေကြောင်း စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ ထိတ်လန့်ချောက်ချားဖွယ်ရာ၊ အံ့ဩတုန်လှုပ်ဖွယ်ရာ တွေ့ရှိရသည်။ ဇွဲ လုံ့လထက်သန်သော ရန်သူမင်းက ဒွါရာဝတီမြို့သို့ အတွင်းလူများစေလွှတ်ပြီး ဒွါရာဝတီမြို့၏ လျှို့ဝှက်ချက်ကို ထောက်လှမ်းစေရာ နောက်ဆုံးတွင် ဒွါရာဝတီမြို့၏ သကုဏဟတ္ထိငှက်ဆင်ပုံအသွင်၏ လည်ပင်းနေရာကိုဖြတ်တောက်ပစ်နိုင်လျှင် ဒွါရာဝတီမြို့သို့ ယခင်ကလို ပျံမတက်နိုင်တော့ဘဲ အလွယ်တကူ သိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း သိရှိရလေသည်။ လိုရင်းပြောရလျှင် ရန်သူမင်းသည် ဒွါရာဝတီမြို့၏



www.burmeseclassic.com

www.burmeseclassic.com

မြို့လည်ပင်းနေရာကို ဂန္ဓာရီပညာအစီအရင်ဖြင့် ဖြတ်တောက်နိုင်ကာ သူသည် ဒွါရာဝတီမြို့ကိုသိမ်းပိုက်နိုင်ခဲ့လေသည်။

စိတ်ဝင်စားစရာတစ်ခုက ယခု ဒွါရာဝတီ သံတွဲမြို့၏ သိမ်ကုန်းကျောင်းနေရာသည် ငှက်ဦးခေါင်းနေရာဖြစ်ပြီး မိုးရာသီများတွင် ထိုနေရာမှ သွေးနီရောင်ရေများစီးထွက်ကြောင်း၊ သိမ်ကုန်းကျောင်းအဝင်လက်ယာဘက်ချောက်ထဲ၌ ရေတွင်း (၂) တွင်းရှိရာ တစ်တွင်းမှာ ရေကြည်ရေသန့်ထွက်ပြီး တခြားတစ်တွင်းမှာ သွေးနီရောင်ရေထွက်ကြောင်း၊ ၎င်းအနီး ဗိုလ်ကုန်းအရပ်ကို မိုးကောင်းကင်မှကြည့်လျှင် ငှက်တစ်ကောင်အသွင်မြင်ရကြောင်း၊ ဦးခေါင်းနေရာနှင့် လည်ပင်းနေရာပြန်လည်ဆက်စပ်သွားလျှင် ဒွါရာဝတီသံတွဲမြို့အသည် တစ်ဖန်ပြန်လည်၍ မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်းနိုင်မည်ဖြစ်ကြောင်းစသည်ဖြင့်အတွေးနယ်ချဲ့စရာအကြောင်းအခြင်းအရာများပင် ဖြစ်သည်။

ဤနေရာမှာ ဆက်နွှယ်အတွေးဝက်ပါလှည့်စရာအလွန်ကောင်းသော ရခိုင်ရိုးရာပုံပြင်တစ်ပုဒ်ကို ဖော်ပြချင်ပါသေးသည်။ တစ်ခါတုန်းက ဒွါရာဝတီပြည် (ယခု သံတွဲမြို့) ၏ ပြည့်ရှင်မင်းသမီးတော် ကဥ္စနဒေဝီမင်းသမီးသည် တစ်နေ့တွင် မဇ္ဈိမဒေသမှလာသော သူရိယဆိုသောလူငယ်နှင့် တွေ့ဆုံချစ်ကြိုက်သည်။ တကယ်တော့ ထိုသူရိယဆိုသော လူငယ်သည် မဇ္ဈိမဒေသမှ ရောက်ရှိလာသော ရွှက်သင်္ဘော (ကုန်သည်သင်္ဘော) ဖြင့် ရောက်ရှိလာသော မဇ္ဈိမဒေသ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏သားတော် သူရိယကုမ္မာမင်းသားဖြစ်သည်။ အမှန်မှာတော့ သူရိယကုမ္မာမင်းသားသည် ဒွါရာဝတီပြည့်ရှင်မင်းကြီးတွင် မိုးကောင်းကင်ပေါ်သို့ တက်ရောက် ပျံသန်းနိုင်သော သကုဏဟတ္ထိငှက်ဆင်ရုပ်ပျံတစ်ခုရှိသည်ဆိုသဖြင့် စုံစမ်းထောက်လှမ်းရန်ရောက်ရှိလာခြင်းပင်ဖြစ်သည်။ သူရိယကုမ္မာမင်းသားသည်ဒွါရာဝတီပြည့်ရှင်မင်း၏သမီးတော် ကဥ္စနဒေဝီမင်းသမီးကို ချစ်ယောင်ပြ၍ သကုဏဟတ္ထိငှက်ဆင်ပျံစီးလျက် ဗာရာဏသီပြည်သို့ထွက်ပြေးကြရန် ယုံလောက်အောင် သွေးဆောင်ဖြားယောင်လေသော် ကဥ္စနဒေဝီမင်းသမီးသည် သူမ၏ဖခမည်းတော်ကြီး တင်းကျပ်လှို့ဝှက်စွာသိုဝှက်ထားသော သကုဏဟတ္ထိငှက်ဆင်ရုပ်ပျံကိုမလိမ့်တပတ်ဖြင့်ခိုးယူလျက် သူရိယမင်းသားနှင့်အတူ ထိုငှက်ဆင်ပျံကို စီးနင်းပျံသန်းထွက်ပြေးကြရာ လမ်းခုလတ် (ယခု ရခိုင်ပြည်မြောက်ပိုင်း ပုဏ္ဏားကျွန်းမြို့နယ်) ဦးရာဇ်တောင်ကျွန်းအနီး ကျွန်းကလေးတစ်ကျွန်းပေါ်သို့ လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှောက်ကျမြေခဲ့ရသည်ဟူ၏။

တစ်ခါ သကုဏဟတ္ထိငှက်ဆင်ပျံနှင့် နီးနွယ်နေသော ရခိုင်ဒဏ္ဍာရီတစ်ပုဒ်ရှိနေပါသေးသည်။ ယခု ဒွါရာဝတီ (သံတွဲမြို့) နှင့် မဝေးကွာလွန်းသော၊ ရမ္မာဝတီရမ်းဗြဲကျွန်းတောင်ဘက်အစွန်း ကလိန်တောင်မြစ် (ကလိန်တောင်ပင်လယ်အော်) နှင့် ကလိန်တောင်တို့ နီးနွယ်နေသော ရခိုင်ဒဏ္ဍာရီဇာတ်လမ်းပင်ဖြစ်သည်။

ရှေးအထက်ကျော်ကာရီပဝေသဏီက ထိုထိုကလိန်တောင်အနီးတွင်ကလိင်္ဂရာဇ်တိုင်းပြည်ကြီး တည်ရှိခဲ့ဖူးပါသည်။ ထိုကလိင်္ဂရာဇ်ပြည်ကို ကလိင်္ဂရာဇ်မင်းကြီးက စိုးမိုးအုပ်ချုပ်အုပ် ထိုမင်းကြီးတွင် လူမက နတ်တမျှ အလွန်ချောမောလှပသော ရူပနန္ဒီအမည်ရှိသော မိဖုရားတစ်ပါးရှိသည်။

ထိုမင်းကြီးထံတွင် ဗိသုကာပညာ၊ ပန်းဆယ်ပါးပညာတို့၌ တစ်ဖက်ကမ်းခပ်ကျွမ်းကျင်လိမ္မာပြီးလျှင် စက္ကောမအတတ်ပညာကိုလည်း တတ်မြောက်သည့် စိတ္တရလက်ာရဗိသုကာက အမှုတော်ထမ်းသည်။ ပြီးကလိန်တောင်တွင် ကလိင်္ဂရာဇ်ပြည်၏ မင်းနှင့်ပြည်သူတို့ကို ကိုးကွယ်ဆည်းကပ်ကြသော တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ဈာန်အဘိညာဉ်ရ ကလိင်္ဂရသေ့ကြီး သီတင်းသုံးလျက်ရှိသည်။ ထို့ပြင် ကလိင်္ဂရာဇ်ပြည်အနီးပင်လယ်သမုဒ္ဒရာထဲနေထိုင်သော တန်ခိုးကြီးသော နတ်နဂါးတို့ကလည်း ထိုကလိင်္ဂရသေ့ကြီးကို ချဉ်းကပ်ကိုးကွယ်ကြသည်။ နောက် စိတ္တရလက်ာရ ဗိသုကာက ကလိင်္ဂရသေ့ကြီးထံ မကြာခဏ သွားရောက် ဝေယျာဝစ္စပြုလုပ်လေ့ရှိသဖြင့် သူတို့၏ ရင်းနှီးမှုက တခြားသူများထက်သာနေသည်။

ထို့ပြင် ရူပနန္ဒီမိဖုရားကလည်း ကလိင်္ဂရသေ့ကြီးကို ကြည်ညိုလွန်းသဖြင့် အလှူဒါနပြုရန် ရသေ့ကြီးထံ မကြာခဏ သွားရောက်လေ့ရှိသည်။ အရေးကြီးသည်က အတတ်ပညာများကို ကျွမ်းကျင်လိမ္မာသောစိတ္တရလက်ာရဗိသုကာ၏ ဂုဏ်သတင်းနှင့် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ကလိင်္ဂရသေ့ကြီး၏ ဂုဏ်သတင်းတို့က တိုင်းသူပြည်သားများကြားထဲတွင် ပျံ့နှံ့နေသည်။

ထိုအခါတွင် ကလိင်္ဂရာဇ်မင်းကြီးသည် စိတ္တရလက်ာရဗိသုကာနှင့် ရူပနန္ဒီမိဖုရားတို့ ပူးပေါင်းကာ ကလိင်္ဂရသေ့ကြီး၏ အကူအညီဖြင့် သူ့အားလုပ်ကြံပြီးလျှင် သူ၏ ထီးနန်းစည်းစိမ်ကိုသိမ်းပိုက်ယူသွားမည်ကို စိုးရိမ်သောအတွေးများလာခဲ့သည်။ သို့အတွက်ကြောင့် မင်းကြီးသည် စိတ္တရလက်ာကို ခေါ်ယူကာ ဥပါယ်တံမျဉ်ဖြင့် သူ့မိဖုရားရူပနန္ဒီ၏ တစ်ကိုယ်လုံးပုံ ပုံတူရုပ်တု ထုလုပ်ပေးရန်စေခိုင်းသည်။ သူ့မိဖုရား၏ ဆံရည်ရူပကာဖြင့် ဆံခြည်တစ်မျှင်မှမလွဲအောင် ခုနစ်ရက်အတွင်း ချွတ်စွပ်တူပုံတူရုပ်တုထုလုပ်ပေးရမည်။ အကယ်၍ မတူညီပါက၊ သတ်မှတ်အချိန်အတွင်း မထုလုပ်နိုင်ပါက ကွပ်မျက်မည်ဟု အမိန့်တော်မှတ်သည်။ မိမိအလုပ်တွင် တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သော စိတ္တရလက်ာရသည် သတ်မှတ်ရက်မတိုင်မီမှာပင် လုပ်ရှားခဲ့လျှင် ရူပနန္ဒီမိဖုရားနှင့် မှုချမသွေမှားယွင်းနိုင်သည်။ ပုံတူရုပ်တုကို ဆက်သနိုင်ခဲ့သည်။ သို့သော်မင်းကြီးက ထိုရုပ်တုကို အသေအချာစစ်ဆေးပြီး နောက် ခေါင်းခါယမ်းကာ မတူသေးဟု နောက်ထပ်ထုလုပ်ပေးပါဆိုပြီး ခိုင်းစေပြန်သည်။ နောက်တစ်ကြိမ်ထုလုပ်ပြီး ဆက်သပြန်သည်။ ဤအကြိမ်တွင်လည်း မတူဟုငြင်းပယ်ပြီး ထုလုပ်ခိုင်းပြန်သည်။ ဤသို့ရှစ်ကြိမ်ရှစ်ခါ ဆက်သရပြီးနောက်တွင် သည်တစ်ခါ မောင်မင်းတူအောင်မထုလုပ်နိုင်လျှင် မောင်မင်းအားကွပ်မျက်ပစ်မည်ဟု ရာဇသံချွေပြီး နောက်တစ်ကြိမ်ခိုင်းစေပြန်သည်။

စိတ္တရလက်ာရဗိသုကာသည် မင်းကြီးအပေါ်၌ နားမလည်နိုင်သလိုရှိသည်။ သံသယလည်းပွားလာသည်။ စိတ္တရလက်ာရသည် သူ့လက်ကိုသူ သည်။ ယခု သူထုလုပ်ပြီးသမျှ ရူပနန္ဒီ မိဖုရားပုံတူရုပ်တုများကြားတွင် ရူပနန္ဒီ မိဖုရားကို ထားရှိပြီးတစ်စုံတစ်ဦးအား ရွေးချယ်ခိုင်းခဲ့လျှင် အစစ်အမှန်အား နည်းနှင့်မျှ ရွေးချယ်ပေးနိုင်မည်မဟုတ် သူသိသည်။ သူအမျိုးမျိုးစဉ်းစား နောက်ဆုံးတွင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့် သော ကလိင်္ဂရသေ့ကြီးထံရောက်ရှိ သည်။

ရသေ့ကြီးသည် ဈာန်အဘိညာဉ် တန်ခိုးဣဒ္ဓိပါဒ်ကိုမသုံးဘဲ ဝေဒပ တွက်ချက်ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com

ရှုပနန္ဒီမိဖုရား၏ ကက္ကတ္တိယလိပ်ညာဘက် အထက်နှုတ်ခမ်းတွင် မှဲ့နီညိုသေးသေးလေးတစ်ခုရှိနေသည်ကို တွေ့ရှိရသည်။ *ထိုအခါ ရသေ့ကြီးက 'သင်နှင့် ငါတို့ကို* သတ်ဖြတ်လိုသဖြင့် ပြုလုပ်လိုသော အကြံအစည်သာ ဖြစ်သည်။ ဤမင်းနှင့် ဤတိုင်းပြည်ကို ငါတို့စွန့်ခွာမှတော်တော့မည်ဟု မိန့်မှာလေသည်။

လိုရင်းပြောရလျှင် သူတို့နှစ်ဦး ညှိနှိုင်းပြီးနောက် စိတ္တရလက်ာရသည် ရှုပနန္ဒီမိဖုရား၏ ပုံတူရုပ်တုကို ထုလုပ်ပြီး ကက္ကတ္တိယလိပ်တွင်မှဲ့နီညိုတစ်ခုအားထည့်ပေးလိုက်သည်။ ထိုအခါ မင်းကြီးသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း စိတ္တရလက်ာရသည် မိဖုရားနှင့်ဖောက်ပြန်သည်။ ရသေ့ကြီးသည် ကြံရာပါဟု စွပ်စွဲကာ သတ်ဖြတ်ရန် ဖမ်းဆီးစေလေသည်။ ရသေ့ကြီးသည် ဈာန်တန်ခိုးဖြင့် မိုးပေါ်ပျံတက်ထွက်ခွာသွားသလို စိတ္တရလက်ာရသည်လည်း သူ၏စကြ္ကာမအတတ်ဖြင့် သကုဏာဟတ္ထိငှက်ဆင်ရုပ်ပျံပြုလုပ်ကာ ထိုငှက်ဆင်ရုပ်ပျံကိုစီးနင်း၍ မိုးပေါ်တက်ပျံကာ အနောက်ဘက်အရပ်သို့ ထွက်ခွာသွားသည်ဆို၏။ ကလိင်္ဂရသေ့ကြီးကို ကြည်ညိုသောနတ်နဂါးတို့ကသူတို့ကြည်ညိုသောရသေ့ကြီးကို မတရားစွပ်စွဲသည်ဟု ဒေါမာန်ပွားကာ ကလိင်္ဂရာဇ်တိုင်းပြည်ကြီးကို ပင်လယ်ရေအောက်သို့နစ်မြှုပ်ပစ်သည်ဆို၏။ ယခင် ကလိင်္ဂရာဇ်တိုင်းပြည်နေရာတွင် ယခုကလိန်တောင်အနီးက ကလိန်တောင်မြစ်ရေပြင်(ပင်လယ်အော်)ဖြစ်နေပေပြီ။

အဆိုပါကလိန်တောင်နှင့် ကလိန်တောမြစ်သည် ယနေ့ ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့ နယ်စပ်ကြားတွင်ရှိသည်။ ထိုတောင်ကုတ်မြို့နယ်နှင့် ယနေ့ သံတွဲမြို့ (ဒွါရာဝတီ) နယ်တို့သည် နယ်စပ်နေကြသည်။ ယနေ့ သံတွဲမြို့နယ် (ဒွါရာဝတီ) နှင့် ယခုဆိုနေသော ကလိန်တောင်၊ ကလိန်တောင်မြစ်တို့သည် ပထဝီမြေပြင်အဖြောင့်တိုင်းအရ မိုင် (၅၀) ဝန်းကျင်လောက်ပဲရှိပေလိမ့်မည်။

ဤနေရာမှာ မေးစရာ၊ တွေးစရာတစ်ခုဖြစ်လာသည်က သကုဏာဟတ္ထိငှက်ဆင်ရုပ်နှင့်ပတ်သက်၍ ဖြစ်သည်။ သကုဏာဟတ္ထိဆိုသည့် ပါဠိဝေါဟာရဖြစ်သည်။ အဓိပ္ပာယ်မှာ ငှက်ဆင်ငှက်ဖြစ်သည်။ တချို့က ထီးလှိုင်ကာငှက်ကြီးဟု ခေါ်သည်။ ယခုပြောနေသော ငှက်ဆင်သည် သက်ရှိငှက်သတ္တဝါမဟုတ်၊ လူတို့ပြုပြင်ထားသော ငှက်ဆင်ရုပ်ဖြစ်သည်။ ငှက်ဆင်ရုပ်မှာလည်း သာမန်မဟုတ်။ မိုးကောင်းကင်ပေါ် ပျံတက် *ပျံသန်း ပျံဆင်းနိုင်သော လူတို့ပြုလုပ်* ဖန်တီးထားသည့် စက်ရုပ်ယန္တရားရုပ်တို့ဖြစ်ကြသည်။ ထိုစက်ရုပ်ယန္တရားရုပ်တို့မှာလည်း မည်ကာမက္ကမဟုတ်။ လူတို့စီးနင်းလိုက်ပါနိုင်သော ယာဉ်ပျံများဖြစ်သည်။ ထိုယာဉ်ပျံများ ပြုလုပ်နိုင်သော အတတ်ပညာသည် စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်တို့ပင်ဖြစ်သည်။

တစ်ဖန် စိတ်ဝင်စားစရာတစ်ခုက တောင်ကုတ်မြို့နယ် တောင်ကုတ်မြစ် (ချောင်) ကမ်းနံဘေးက ငှက်ဆင်တောင် ဖြစ်သည်။ ဒွါရာဝတီ သံတွဲမြို့ထက် ကလိန်တောင်နှင့် ပိုနီးသည်။ နောက် စိတ်ဝင်စားစရာတစ်ခုက ရခိုင်မြောက်ပိုင်း ပုဏ္ဏားကျွန်းမြို့နယ်ထဲက ငှက်ဆင်တုံးကျွန်းငယ်လေးပင်ဖြစ်သည်။ ဒွါရာဝတီမြို့ ကဥ္စနဒေဝီနှင့် သူရိယမင်းသားတို့ သကုဏာဟတ္ထိငှက်ဆင်ပျံကို စီးနင်းပျံသန်းလာရာမှ လေပြင်းမုန်တိုင်းနှင့် ကြုံကြိုက်သဖြင့် သူတို့၏ ငှက်ဆင်ပျံသည် အဆိုပါ ကျွန်းကလေးပေါ်သို့ ပျက်ကျခဲ့သည်ကို အစွဲပြု၍ ထိုကျွန်းလေးကို ငှက်ဆင်တုံးကျွန်းမည်တွင်ခဲ့သည်ဟုဆို၏။ ဤနေရာမေးစရာ တွေးစရာဖြစ်လာသည်က ထိုငှက်ဆင်တောင်၊ ထိုငှက်ဆင်တုံးကျွန်းသည် တစ်ခါတုန်းက ဒွါရာဝတီပြည်၊ ကလိင်္ဂရာဇ်ပြည်တို့တွင် သကုဏာဟတ္ထိငှက်ဆင်ရုပ်ပျံပြုလုပ်သောအတတ်ပညာ (ဝါ) စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်ပညာတို့ ထွန်းကားခဲ့သည်ဆိုသော အတိတ်စိမ်းကိုရည်ညွှန်းသော သင်္ကေတနိမိတ်ပုံများ ဖြစ်နေလေသလား။

ဒွါရာဝတီပြည်နှင့် ကလိင်္ဂရာဇ်ပြည်တို့သည် ဘယ်ဟာကရှေးကျ၍ ဘယ်ဟာက နောက်ကျနေမည်နည်း။ ဤတွင် ဆက်နွယ်အတွေးနယ်ချဲ့စရာတစ်ခုဖြစ်ပေါ်လာခဲ့သည်။ ရှေ့ကအထူးတလည်ဆိုခဲ့သလိုပင် မိုးသို့ပျံ၍ ဒွါရာဝတီ၊ အာကာပျံဝဲမြို့ သံတွဲဆိုသော ဂုဏ်ရည်နှင့်အညီ နောင်တွင် သံတွဲမြို့ဟု တွင်လာမည်။ ဒွါရာဝတီပြည် (မြို့) သည် ၎င်းမြို့တွင် နေထိုင်ကြသော ဘီလူးတို့၏ တန်ခိုးကဒ္ဓိပါဒ်အစွမ်းသတ္တိဖြင့် မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်း ပျံဆင်းနိုင်စွမ်းရှိသည် ဖော်ကျူးထားသည်။

ဤနေရာမှာ အဆိုပါဒွါရာဝတီမြို့၌ နေထိုင်ကြသော ဘီလူးတို့ကို ဘီလူးဟု မတွေးယူဘဲ လူသားစစ်စစ်များသာ ဖြစ်သည်ဟု တွေးယူလျှင် ဘယ်လိုနေမည်နည်း။ *ထိုလူသားတို့သည် စကြ္ကာမ* အတတ်၊ ဘူတာဝါဟနအတတ်တို့ကို တတ်မြောက်ကျွမ်းကျင်သော လူသားများသာဖြစ်သည်ဟုဆိုလျှင် ဘယ်လိုနေမည်နည်း။

ရန်သူများ ချဉ်းကပ်လာလျှင် ဒွါရာဝတီမြို့ကြီးသည် မိုးကောင်းကင်ပေါ်သို့ ပျံတက် ပျံသန်း ပျံဆင်းနိုင်သည်မှာ ဘီလူးတို့၏ အစွမ်းတန်ခိုးကြောင့်မဟုတ်ဘဲ အဆိုပါမြို့နေလူသားများ၏ စကြ္ကာမအတတ်၊ဘူတာဝါဟနအတတ်အစွမ်းသတ္တိကြောင့်ဆိုလျှင် လက်ခံနိုင်ကြမည်လား။ အဆိုပါ ဒွါရာဝတီမြို့၏ မြို့ရိုးတံတိုင်း၊ ပြအိုး၊ ပြစင်၊ မြို့တံခါး အပါအဝင် မြို့တွင်းရှိလူနေသော အိမ်၊ ဗိမာန်၊ ရဲတိုက်၊ နန်းတော် စသည်များတို့သည် စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်တို့နှင့်စီရင်သော လူနေထိုင်သည့် ယာဉ်ပျံများဖြစ်သည် ဟုဆိုလျှင် . . .။ ကဥ္စနဒေဝီမင်းသမီးနှင့် သူရိယကုမ္မာမင်းသားတို့ ခိုးယူစီနင်းခဲ့သော သကုဏာဟတ္ထိငှက်ဆင်ရုပ်ပျံကို စီရင်ဖန်တီးနိုင်လျှင် အဆိုပါယာဉ်ပျံကြီးတို့ကို မပြုလုပ်၊ မဖန်တီးနိုင်ဘဲနေကြမလား။

ထိုသို့ စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်တို့ဖြင့် စီရင်ထားသော ဒွါရာဝတီမြို့ကြီးသည် ရန်သူများ ချဉ်းကပ်လာစောင့် မြို့စောင့် မြည်းရုပ်ကြီးကို အသံမြည်အချက်ပေးလျှင် ကြိုတင်ညှိနှိုင်းထားကြသည့်အတိုင်း ယာဉ်ပျံများကို တစ်ပြိုင်တည်း မောင်းနှင်လျက် မိုးကောင်းကင်ပေါ်သို့ ပျံတက်ပျံသန်းသွားသည်ဟုဆိုလျှင် . . .။ ရန်သူဘေးကင်းဝေးသွားသည့်အခါ မူလနေရာသို့ပြန်လာပြီး ယာဉ်ပျံအားလုံး ကိုယ့်နေရာနှင့်ကိုယ် နေရာတကျပြန်ဆင်းသက်သည်ဟုဆိုလျှင် အကြောင်းအမျိုးမျိုးကြောင့် ရန်သူတို့က ဒွါရာဝတီမြို့၏ လျှို့ဝှက်ချက်သွားသောကြောင့် မြို့တံခါးလေးဖက်လေးတန် ခေသာ့ချက်ကျနေရာများ သံကြိုးများဖွဲ့နှောင်သော သံချောင်းများဖြင့် မြို့တံခါးသံတံတင်းများကို တွဲနှောင်ခြင်းဖြင့် စီးဆင်းလည်ပတ်နေသော မာတ်စီးကြောင်း၊ လျှပ်စီးကြောင်းများကို မျှမွှင်းသွားသဖြင့် ဒွါရာဝတီမြို့၏ ယန္တရားအစီအမံများ ပျက်ယွင်းသွားသောကြောင့် ဒွါရာဝတီမြို့ပျံကြီးသည် ပျံသန်းနိုင်ခြင်းမပြုနိုင်သဖြင့် ရန်သူတို့

www.burmeseclassic.com


## ဝေစည်(ရွှေဘို)

# မေးခိုင်ပိုးဝင်သူအတွက် သဘော်သီးမှည့်

မေးခိုင်ပိုးဝင်သွားသဖြင့် အသက်ဆုံးရှုံးသွားသောသူများအကြောင်းကို မကြာခဏ ကြားသိနေရပါသည်။ များသောအားဖြင့် ထိခိုက်ရှနာဖြစ်ရာမှ မေးခိုင်ပိုးဝင်သွားခြင်း ဖြစ်ပါသည်။ ရှေးကတော့ အနာမန်းငုပ်သွားသည်ဟုပြောခဲ့ကြပါသည်။

ဆေးရုံကြီးများတွင် မေးခိုင်ပိုးဝင်သောလူနာများကို မှောင်နေသော အခန်းထဲမှာထားတာ တွေ့ရပါသည်။ မေးခိုင်ပိုးဝင်သူသည် အလင်းရောင်ကို ကြောက်ဟန်ရှိပါသည်။ မေးခိုင်ပိုးဟုဆိုသည့်အတိုင်း မေးရိုးကြီးများခိုင်နေပါသည်။ ပါးစပ်ကသွားများစေ့(စိ)သွားပါသည်။ သွားမစေ့သေးသော်မှ ရေတိုက်လျှင် ပြန်အန်ပါသည်။ နောက်ကျောနှင့် ခေါင်းတစ်ဖြောင့်တည်းဖြစ်ပြီး တောင့်တောင့်ကြီးဖြစ်နေပါသည်။

ဆွေမျိုးနီးစပ်တော်သော မမြင့်ကြည်အား မေးခိုင်ပိုးဝင်သဖြင့် ဆေးရုံတင်ရပါသည်။ မမြင့်ကြည်က ဆန်ဖွပ်မောင်းထောင်းသော မောင်းဆုံတွင် ရှေ့မောင်းဆုံအနီးမှနေပြီး မောင်းဆုံထဲ



လက်နှိပ်ကာ ဆန်စေ့များနှိုက်ယူပါသည်။ မောင်းထောင်းသူက စည်းချက်ဝါးချက်မှန်မှန် ထောင်းနေလျှင်တော့ ပြဿနာမရှိပါ။ မောင်းထောင်းသူက ရုတ်တရက် ထဘီပြင်ဝတ်လိုက်သဖြင့် မောင်းကျောက်အကျနှင့် မမြင့်ကြည်လက်တို့ စည်းချက်ဝါးချက်မမှန်တော့ဘဲ မောင်းထောင်းမိပါတော့သည်။

ကျေးလက်ဒေသအလိုက် ပြုနေကျအတိုင်း မောင်းထောင်းမိသော ဒဏ်ရာကို သနပ်ခါးရွက်များဖြင့် ထုထောင်းစည်းပေးကြ၊ သနပ်ခါးရွက် ထောင်းသောက်ဖြင့် ကုနေကြရာ သက်သာသလိုလိုရှိသော်လည်း တစ်ရက်တွင် ထိုဒဏ်ရာရသောလက်ဖြင့် မျှင်ငါး အရည်ဖျော်များကို နှိုက်မိသွားရာမှ ဆေးရုံပို့ရပါတော့သည်။ ဆေးရုံရောက်မှ မေးခိုင်ပိုးဝင်သောရောဂါဟု သိရ၏။

ဆေးရုံတွင် သုံး၊ လေးရက်ကြာသော်လည်း မသက်သာပါချေ။ အသက်ရှိနေတုန်း ပြန်သယ်ရတာ လွယ်သေးသည်ဟု ယူဆပြီး ရွာသို့ပြန်ခေါ်လာကြပါသည်။ သူတို့ရွာရောက်သော မြန်မာဗိန္ဒောဆရာကြီး ဦးအောင်မြေက လက်သွေးစမ်းကြည့်ပြီး သဘော်သီးမှည့်မှည့် ရှာခိုင်းပါသည်။ သဘော်သီးမှည့်မှည့်ကို ကြေအောင်ခြေ၍ ဖျော်ရည်လုပ်ပါသည်။ လူနာ၏ပါးစပ်ကို စတီးဇွန်းပြား အားသုံး၍ဖွင့်ကြပြီး ထိုသဘော်သီး ဖျော်ရည်ကို တိုက်လိုက်ပါသည်။ (ဇွန်းဖြင့်လောင်းထည့်ရခြင်းပါ) ပထမတွင် အစက်ချသလောက်သာ တစ်စက်ချင်း ဖြည်းညင်းစွာချပေးရပါသည်။ အတော်လေးကြာလျှင် လူနာက သဘော်သီးမှည့်ဖျော်ရည်ကို လျှာဖြင့်သိမ်းနိုင်

---

၏ သိမ်းပိုက်ဖျက်ဆီးခြင်းခံရသည်ဟုဆိုလျှင်. . .။

စာရေးသူသည် ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်များက သိဒ္ဓိမိုးမဂ္ဂဇင်းတွင် ဒွါရာဝတီက ပုဏ္ဏမီအမည်ဖြင့် (၂၄) လ တိုင်တိုင် အခန်းဆက်ဝတ္ထုရေးသားတင်ပြခဲ့ရာတွင် ဒွါရာဝတီမြို့သည် စကြ္ကာမအတတ်၊ဘူတာဝါဟနအတတ်တို့ ကျွမ်းကျင်တတ်မြောက်သူတို့၏ ပညာအစွမ်းဖြင့် မြို့ကို ပျံတတ်ပျံသန်း ပျံဆင်းနိုင်သည်ဟု ဖော်ပြခဲ့ဖူးသည်။

တကယ့်တကယ်လည်း တစ်ခါတုန်းက ဒွါရာဝတီမြို့တွင် စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ် တတ်မြောက်သော လူသားတို့နေထိုင်ခဲ့သည် ယူချင်ဖွယ်ရာရှိနေသည်ကတော့အမှန်ပင်။

ဗုဒ္ဓစာပေထဲ၌ ဥတေနဇာတ်၊ ကဋ္ဌဝါဟနဇာတ်၊ ကောဏ္ဍပုတ္တသုမိတ္တဇာတ်၊ သီရိမမွာသောကမင်းကြီးဇာတ်တော်တိုက်ဖွင့်တော်မူခန်းဇာတ်တို့တွင် အိန္ဒိယတိုက်ငယ်၌ တစ်ကြိမ်သောအခါက စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်တို့ ထွန်းကားခဲ့သည်ဟု ဖော်ညွှန်းရာရောက်သော အခြင်းအရာများကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ ရွှေတိဂုံဘုရားသမိုင်း၌လည်း ဥာပနာတိုက်ကို စကြ္ကာမအတတ်ဖြင့် ယန္တရားဆင်ထားကြောင်း တခမ်းတနားဖော်ပြထားသည်ကို တွေ့ရှိရသည်။

ယင်းသို့ပင်လျှင် ယနေ့ ရခိုင်ကမ်းရိုးတန်းဒေသ ဒွါရာဝတီ (သံတွဲ) မြို့နှင့် ဝန်းကျင်တစ်ခွင်၌ တစ်ချိန်သောအခါက သကုဏာဟတ္ထိငှက်ဆင်ရုပ်ပုံအပါအဝင် မိုးပျံယာဥ်များ၊ ယန္တရားပျံများ ပြုလုပ်နိုင်သည့် စကြ္ကာမအတတ်၊ ဘူတာဝါဟနအတတ်တို့ ထွန်းကားခဲ့သည်ဟု ဖော်ညွှန်း၍မရနိုင်ပေဘူးလား။

ထို့ပြင် မြန်မာရာဇဝင်သမိုင်း၊ ရခိုင်ရာဇဝင်များ၌ ရခိုင်၊ ပျူ၊ ကမ်းယံ၊ သက်၊ မွန်၊ ဗမာ၊ ကရင် စသော လူမျိုးများ ရခိုင်တစ်ခွင်၊ မြန်မာပြည်တစ်ခွင်သို့ မဝင်ရောက်မီ ထိုဒေသ၌ ရှေးဦးစွာနေထိုင်ခဲ့ကြသော ဩစတြေးလျအေရှားတစ် ဖြာဗီဒီယန် စသည့် ရှေးဦးလူမျိုးများကို ဘီလူးဟု ဖော်ပြခဲ့ကြသည်ကို ဤနေရာ၌ နားလည်သဘောပေါက်ဖို့ လိုမည် ထင်သည်။

အားလုံးကိုခြုံ၍ အနှစ်ချုပ် ကောက်ချက်ချရလျှင် မိုးသို့ပျံချီ ဒွါရာဝတီ အာကာပျံဝဲ မြို့သံတွဲ ဆိုသော ဂုဏ်ရည်နှင့်ပြည့်စုံသော ဒွါရာဝတီမြို့တော်သည် မိုးကောင်းကင်ပေါ်သို့ ပျံတတ်ပျံသန်းပျံဆင်းနိုင်သည့် ဘီလူးတို့၏ အစွမ်းသတ္တိကြောင့်ဟုဆိုအံ့သည်ထက် စကြ္ကာမအတတ်၊ဘူတာဝါဟနအတတ် တို့ကို တတ်မြောက်သော လူသားတို့၏ သတ္တိကြောင့်ဟုဆိုပါလျှင်. . .။

မင်းမိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တွေ့လာရကား ခပ်မြန်မြန်လေး တိုက်ကျွေးလိုက်ပါသည်။

သင်္ဘောသီးဖျော်ရည် နှစ်ဖန်ခွက်ကုန်သွားပါ၏။ မှိန်းနေရာမှ မျက်စိဖွင့်ပြီး မျက်တောင်ခတ်လာပါ၏။ နေ့စဉ် သင်္ဘောသီးဖျော်ရည်၊ ထမင်းရည်များ တိုက်ကျွေးရာ ခိုင်နေသောမေးများ လှုပ်ရှားနိုင်ပြီး တုတ်ချောင်းကြီးပမာ တင်းတောင့်နေသော ကျောရိုးနှင့်ကြောကြီးမှ အဆင်တပြေထလို့ထိုင်လို့ရသွားပါပြီ။ စာရေးသူတို့ လက်တွေ့ဖြစ်ပါ၏။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလျှင် လုံးဝကောင်းသွားပြီး ယနေ့ ဒေါ်မြင့်ကြည် အသက် (၇၀) ကျော်နေပါပြီ။

သင်္ဘောသီးကို -

အင်္ဂလိပ်ဘာသာဖြင့် -

PAPAW OR PAPAYA

ရုက္ခဗေဒအမည်ဖြင့် -

CARICA PAPAYA, LINN

နာနာနယအာဟာရစွယ်စုံကျမ်းမှ အသက်ရှည်စေလိုတွင်-

ကျန်းမာအသက်ရှည်ရေးအတွက် အသီးပင်တို့အထဲမှ သင်္ဘောသီးမှာ အလွန်အဖိုးတန်၏။ နုပျိုစိုပြည်ကျန်းမာ အသက်ရှည်ဆေးတစ်ခုဖြစ်ကြောင်းကို သိလာကြသည့်အလျောက် အထူးဂရုပြု၍ မှီဝဲသုံးဆောင်ကြလေသည်။ မြန်မာနိုင်ငံ၌ကား ဤအပင်မျိုး မြောက်မြားစွာရှိပါလျက် ကျန်းမာအသက်ရှည်ရေးအတွက် အလွန်အဖိုးတန်ကြောင်းကို အချို့သိမှသိကြပေမည်။

အမေရိကန်နိုင်ငံတွင် သင်္ဘောသီး၏ တန်ခိုးသတ္တိထူးကိုသိလာကြခြင်းမှာ (စပိန်လူမျိုးများ ကျန်းမာနုပျို၍အသက်ရှည်ကြခြင်းအကြောင်းကို လေ့လာသူ (Ponce de Leon) ပေါင်ဒီလီအွန်ကြောင့်ဖြစ်၏) လီအွန်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းခြေသို့ ရောက်သွားပြီးနောက် သူ၏နိုင်ငံ ရှင်ဘုရင်နှင့်မိဖုရားတို့ထံတွင် ဆက်သသည့်စာတွင် -

သင်္ဘောသီး၌ လူတို့အား နုပျိုအသက်ရှည်စေသော သတ္တိထူးရှိပုံကို အောက်ပါအတိုင်း ရေးသားထား၏။

ဖလော်ရီဒါကမ်းခြေတစ်လျှောက်မှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့သည် နောက်တစ်နေ့အတွက် ချက်ပြုတ်စားသောက်ရန် အသားများကို အပင်တစ်မျိုးမှ အရွက်ဖြင့် ညဥ့်သိပ်ထုပ်ထားပြီးမှ ချက်ပြုတ်စားသည်ကို တွေ့ရပါကြောင်း၊ ထိုအပင်မှ အသီးသည် ဖရဲသီးကဲ့သို့ အလွန်ချို၍အရသာ



ရှိသည်ကို ကျွန်ုပ်ကိုယ်တိုင် မြည်းစမ်း၍ သိရပါကြောင်း၊ ထိုအသီးကို စားပြီးနောက် ခံတွင်းအလွန်ကောင်းလာပါကြောင်း၊ အသားကို ထိုအရွက်နှင့် ညဥ့်သိပ်ထုပ်ထားပြီးမှ ချက်စားသည့်အခါ အသားမှာ အလွန်နူးညံ့၍ နူးနူးနပ်နပ်ပို၍စားကောင်းသွားသည်ကို တွေ့ရပါကြောင်း၊ ထိုအသီးကို သူတို့ဒေသအခေါ် (VANT) ဗင်ဟု ခေါ်ကြသဖြင့် ထိုစကားလုံး၏ အဓိပ္ပာယ်ကို လိုက်လံရှာဖွေကြည့်ရာ (KEEP WELL)ကျန်းမာစေသည်ဟူသော အနက်အဓိပ္ပာယ်ကို တွေ့ရပါကြောင်းများ ဖော်ပြထားပါသည်။

ဖလော်ရီဒါနယ် မီယာမီမြို့၌ ကျင်းပသော မဟာမီယာမီ (THE GREATER MIAMI INDUSTRIAL ASSOCIATION) စက်မှုလက်မှုအသင်းကြီး၌ ကမ္ဘာကျော်အမေရိကန်ဆရာဝန်ကြီး Dr. HARVEY KELLOGG ကအောက်ပါ အတိုင်း ပြောဆိုခဲ့ဖူး၏။

"ကမ္ဘာပေါ်မှာအကောင်းဆုံးသော အသီးဟာ သင်္ဘောသီးဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အာဟာရဓာတ်စာအဖြစ်လည်း အလွန်သတ္တိထူးရှိသော အသီး ဖြစ်ပါတယ်။ လူတို့မှာ ကျရောက်တတ်တဲ့ရောဂါတွေကိုလည်း ကာကွယ်နိုင်ပါတယ်။ ရောဂါဖြစ်ရင်လည်း ကင်းစင်အောင်လုပ်နိုင်တဲ့ သတ္တိထူးရှိကြောင်းကို ရှာဖွေတွေ့ရပါတယ်။ သင်္ဘောသီးမှည့် လတ်လတ်ဆတ်ဆတ် ကောင်းကောင်းကို မှီဝဲသုံးဆောင်သွားမယ်ဆိုရင် ကမ္ဘာပေါ်မှာ ကျန်းမာဖြိုး အသက်ရာကျော်ရှည်တဲ့သူတွေ ပေါများလာတာကို အမှန်မုချတွေ့ကြရမှာပဲ"

လို့ ပြောခဲ့ပါသည်။

၁၉၄၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် အမေရိကန် ကာယဗလမဂ္ဂဇင်းတွင် ဖရော်ရီဒါနယ် (DATONA BEACH, HOLLYWOOD AVENUE) ဒေတိုနာကမ်းခြေ ဟောလီးဝုဒ်ရိပ်သာလမ်း အမှတ် (၃၉) နေ (JOHN W.DAY) ဆိုသူမှာ သင်္ဘောပင်များ အများအပြားစိုက်ပျိုးပြုစုသူဖြစ်ပြီး နေ့စဉ် သင်္ဘောသီးမှည့်စား၊ သင်္ဘောသီးပင်များ ပြုစုလုပ်ကိုင်နေခြင်းဖြင့် အသက်(၆၀)နှစ်မှာပင် လူငယ်များကဲ့သို့ ဖျတ်ဖျတ်လတ်လတ်ရှိနေကြောင်း ဖော်ပြထားပါ၏။

ဇီဝိတမြန်မာဆေးကျမ်းအလိုအားဖြင့်-

သင်္ဘောသီးမှည့်သည် အေး၏၊ ချို၏။ အတန်ငယ်ငန်၏။ ဓာတ်ဆုံး၌ အတန်ငယ်ခါး၏။ အာပေါပဌ္ဌရဇာ အစာမျိုးတည်း။ သလိပ်ခြောက်နာ၊ ချောင်းဆိုးသွေးပါအနာတို့နှင့် သင့်၏။ ဆီး၊ ဝမ်းကို မှန်စေတတ်၏ဟု ဆိုထားပါ၏။ ဓာတုရသလေးစောင်တွဲမှ -

သင်္ဘောသီးမှည့်သည် ပထဝီသွေးသက်ကြိုက်၏။ သင်္ဘောသီးစိမ်းမှာမူကား အစာကြေရုံသာကြေစေ၏။

သင်္ဘောသီးအစေးနှင့် သင်္ဘောစေ့တို့သည် သန်ကောင်၊ တုတ်ကောင်တို့ကို ကျစေ၏။

မှတ်ချက် - သင်္ဘောသီးကို ချင်းနှင့်တွဲမစားရ။

သင်္ဘောသီးအမှည့်ဖျော်ရည်ဖြင့် မေးခိုင်လူနာများအား ကုသပေးရာ ပျောက်ကင်းကြောင်း လယ်သမားအရေးတော်ပုံခေါင်းဆောင်ဂဠုန်ဆရာစံ၏ မွေးရပ်ဇာတိ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် သရက္ကံရွာမှ ဆေးဆရာကြီး ဦးအောင်မြေက လက်တွေ့ကုသခဲ့ပြောခဲ့ပါ၏။ စမ်းကြည့်ကြပါ။

ဝေစည်(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြဲစေသော)

## မြင်ရတွေ့ရ ကြုံရဆုံရခြင်းများ

ကျွန်ုပ်နှင့်ရင်းနှီးကြသူများဖြစ်၏။ သူတို့နှစ်ယောက်က သူတို့၏ အရာရှိဆိုသူအမျိုးသမီးအား ကျွန်ုပ်ထံသို့ ခေါ်လာကြခြင်း ဖြစ်၏။

"ဆရာ၊ သေချာကြည့်ပေးနော်။ ဒါ ကျွန်မတို့အရာရှိ။ တော်ရုံတန်ရုံနဲ့ ယုံတတ်တာမဟုတ်ဘူး။ အဲဒါ"

"ဟုတ်ကဲ့ပါ"

အရာရှိသည် ကျွန်ုပ်အား ခပ်စွေစွေလေးကြည့်လိုက်ပြီး နှုတ်ခမ်းလှုပ်သည်ဆိုရုံလေးပြုံးပြရင်း ခေါင်းလေးတစ်ချက်ညိတ်လိုက်ကာ -

"နိုင်ငံခြားခရီးထွက်ဖို့ရှိလား၊ ထွက်ဖြစ်မလား။ အဲဒါလေးလာမေးတာပါ"

ကျွန်ုပ်ထံသို့ ခေါ်လာကြသော ကျွန်ုပ်၏မိတ်ဆွေနှစ်ယောက်သည် သူတို့၏အရာရှိကို ဖျတ်ခနဲဝိုင်းကြည့်ကြ၏။ ဘာရယ်ကြောင့်တော့မသိ။

"ဟုတ်ကဲ့ - အရာရှိက ဘာနေ့လဲခင်ဗျာ"

"ကျွန်မ တနင်္လာပါ။ နာမည်က ဒေါ်ကေခိုင်ကျော်ပါ"

"ဟုတ်ကဲ့"

အခါသည် စနေအခါဖြစ်၏။စနေအခါ၏သတ္တိမှာ ခရီးဂြိုဟ်ပရိယာယ်သောကြာခိုက်နေ၏။ လှုပ်ရှားမှုများခိုက်သောအခါဖြစ်လေရာ -

"ဟုတ်ကဲ့ - ခရီးမထွက်နိုင်ပါဘူးခင်ဗျာ။ ခရီးကံမရှိပါဘူး"

ကျွန်ုပ်၏မိတ်ဆွေနှစ်ယောက်သည် ခေါင်းများငုံ့သွားကြရင်း ပါးစပ်များသိသိသာသာဟသွားကြ၏။ ဟာခနဲဖြစ်သွားကြသောသဘောဖြစ်ပါသည်။ ကျွန်ုပ်မှာ နားမလည်နိုင်အောင်ဖြစ်နေ၏။ အရာရှိက အေးဆေးတည်ငြိမ်စွာပြုံး၍ ဟုတ်ကဲ့ ဟုသာပြော၏။

၄

၁

၅

သောရီ ၀

၃

၆ ခရီး

၂ တနင်္လာ

နောက်တစ်ပတ်မပြည့်ခင် မိတ်[...]
နှစ်ဦးထဲမှ တစ်ဦးရောက်လာပါ[...]
သူက ပိုခင်သူဖြစ်၏။

"ဆရာ၊ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"ဟိုနေ့က ကျွန်မတို့အရာရှိ [...] ခြားခရီးထွက်သွားပြီ။ ဌာနဆိုင်ရာ[...] နဲ့သွားရတာ"

"ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မတို့က [...] တို့ဆရာက ဘယ့်နှယ်ညာ့နှယ်အ[...] တော်တာဆိုပြီးကြွားထားတာ။ [...] အော်ဒါထွက်ထားပြီးသား၊ သွား[...] သိပြီးသား။ ကျွန်မတို့ကြွားလွန်းလို့ [...] တိုလာမေးတာ"

"ဩော် - ဟုတ်လား၊ ပြော[...] ရောပေါ့။ ကျွန်မတို့ဆရာ[...] ပြောင်းပြန်သာတွေ၊ အဲဒါမှန်[...]

မိတ်ဆွေအမျိုးသမီးသည် [...]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ပါးရ ရယ်နေ၏။

"ကျွန်တော်က ခရီးနဲ့ပတ်သက်တဲ့ ဂြိုဟ်မကောင်းတာကိုဘဲကြည့်လိုက်တာ။ ကျွန်တော်တို့ပညာမှာ သောကြာက ခရီးဂြိုဟ်ပဲ။ သူလာချိန်က အဲဒါခိုက်နေတယ်"

"သောကြာ"

"ဟုတ်တယ် - သောကြာဆိုတာ ခရီးဂြိုဟ်တို့၊ ပြီးတော့. . ."

"သောကြာဆိုလို့ မသက်ဆိုရင် သောကြာပဲလား ဆရာ"

"မသက် - အေးပေါ့၊ နံအရတော့ သောကြာပေါ့။ ဘာဖြစ်လို့လဲ"

"သူခရီးမထွက်ခင်၊ ဆရာ့ဆီမလာခင်က သူတို့အိမ်ကို အပူသောကတွေနဲ့ သူ့အဒေါ် မိသားစုတွေရောက်လာတယ် ဆရာ။ အဲဒီ ဒေါ် သက်တို့ပေါ့။ ဆွေမျိုးသားချင်းတွေ"

သောရီအခါတွင် တိရန်းဂြိုဟ်ဖြစ်သော တနင်္လာ၏အထက်ကပ်ရက်ဂြိုဟ် သောကြာအခိုက်ကိုသာကြည့်မိပြီး ထိုဂြိုဟ်နှင့်လာမေးသူအား မိတ်၊ ရန်၊ ဓာတ် မတွဲမိခဲ့။

လာမေးသူ သုံးယောက်ကိုလည်း သတိမထားမိခဲ့။

ခိုက်နေသောခရီးဂြိုဟ်ပရိယာယ် သောကြာ၏ အထက်ကပ်ရက်အင်္ဂါသည် ခရီးဂြိုဟ်နှင့်မိတ် (ဆွေ-သား) တော်စပ်နေသည်ကို သတိမပြုမိခဲ့။

သားချင်းဆွေမျိုးအပူတွေ့နေသည်ကိုလည်း မြင်အောင်မကြည့်နိုင်ခဲ့။ အခိုက်တွင် အကုန်ပေါ်နေသော်လည်း ထိုသောကြာပရိယာယ်ကိုမြင်အောင်မရှာနိုင်ခဲ့။ ပညာသည် လုံးဝမလွဲခဲ့ပါ။

တနင်္လာ၏ စွဲမြဲရာ 'ဌာန' အရပ် သောကြာခိုက်နေသည်ကိုလည်း မြင်အောင်မကြည့်နိုင်ခဲ့။

ပညာသည် မလွဲပါ။ တန်းနေသည်။

သောကြာသည် ခိုက်တော့ခိုက်သည်။ သားချင်းဆွေမျိုးအခိုက်ကို ခရီးအခိုက်ဟုတွက်ယူလိုက်မိလေရာ -

မျက်နှာမှာ ပုရွက်ဆိတ်များတက်လာသကဲ့သို့ ထူအမ်းအမ်းဖြစ်လာပြီး အင်အားမပါသော ပြုံးခြင်းမျိုးဖြင့်သာ မိတ်ဆွေအမျိုးသမီးအား ပြုံးပြလိုက်မိလေတော့သတည်း။

❑

"ဆရာ၊ ကျွန်တော့်အိမ်ထွက်ကံ ရှိမရှိသိချင်လို့ပါဆရာ"

အခါမှာ စန္ဒြေအခါဖြစ်၏။

"ခင်ဗျားနာမည်"

"ကျွန်တော် မောင်ခန့်ပါ"

စန္ဒြေအခါ၏သတ္တိသည် တနင်္ဂနွေခိုက်နေခြင်းဖြစ်၏။ တနင်္ဂနွေခိုက်နေသည်ကိုအားယူ၍ အိမ်အကျိုးမပေးကြောင်း၊ အိမ်အတွက်အကျိုးမရှိကြောင်း၊ ရောင်းရမည်မဟုတ်ကြောင်း စီကာပတ်ကုံးပြောလိုက်၏။

ဤအခါသည် လက်ထဲတွင် ငွေမရှိနိုင်သောအချိန်တစ်ခုထဲကို ပုံသေတွေး၍မဖြစ်နိုင်သည်ကိုသာ အားပြုပြောခဲ့ခြင်း ဖြစ်ပါသည်။

၆
၃
၀
၂ စန္ဒြေ
၅
အိမ်-ခိုက် ၁
၄

တစ်လခန့်အကြာ -

"ကျွန်တော် ဟိုတစ်လောကလာသေးတယ်လေ ဆရာ။ အိမ်ရောင်းချင်လို့လာတာ၊ ဆရာက မထွက်ဘူးပြောလိုက်တာလေ"

"ဪ - အင်း - မှတ်မိတယ်၊ ခုရော"

"အိမ်ထွက်သွားပြီ ဆရာ"

"ဘယ်လို"

"အိမ်ထွက်သွားပြီ။ ကျွန်တော့်လက်ထဲမှာ ပိုက်ဆံပြတ်သွားပြီး ကြွေးတွေတင်ကုန်တဲ့ထိ အဆင်မပြေဖြစ်ကုန်တာ။ အတိုးတွေတအားပိသွားပြီး နောက်ဆုံးထိုးရောင်းလိုက်ရတော့တယ်ဆရာ။ ဖြစ်တဲ့ဈေးနဲ့ပဲ။ ဆရာပြောသလို အိမ်အကျိုးမပေးဘူး"

စန္ဒြေအခါ၏သတ္တိသည် လက်ထဲတွင် ငွေကြေးပြတ်လပ်သွားတတ်ခြင်းကို ကိုယ့်အတွေးနှင့်သာကိုယ်တွေးပြီး သူ့အားမပြောပြမိခဲ့။ ထိုအတွေးကိုအားပြုပြီးသာ အိမ်အကျိုးမရှိပုံများကိုပြောခဲ့မိခြင်းဖြစ်ပါသည်။ အိမ်ရောင်းလိုက်ရပြီး ထပ်ရောက်လာ၍ ဘာများပြောဦးမလဲဟု ရင်ဖိုသွားမိသည်တော့အမှန်ပင်။

ဆရာပြောသလို့ အိမ်အကျိုးမပေးဘူး ဟူသောစကားလေးတစ်ခွန်းကြောင့် အသက်ရှူချောင်၍ အနည်းငယ်ပြုံးပြလိုက်မိ၏။

"ခုရော"

"ခုက အဲဒီကျန်တဲ့ပိုက်ဆံလေး[illegible] ထမင်းဆိုင်လေးဖွင့်မလားလို့။ အဲ[illegible] ဆရာပဲထပ်ကြည့်ပေးပါဦး"

အခါတိုင်ကို ဂဏန်းတစ်လုံးချင်[illegible] မလွတ်အောင်ကြည့်ပါပြီ။ ရှိသမျှလ[illegible] လည်းကုန်အောင် စိတ်နှင့်ရွတ်ကြည့်[illegible] ရပါပြီ။ မိတ်၊ ရန်၊ ဓာတ်ကိုလည်း စိ[illegible] နှင့် အခါပေါင်းများစွာ တွဲနေရ[illegible] အထက်ကပ်ရက်ဂြိုဟ်များကိုကြည့်[illegible] မျက်လုံးက တိုင်ထိပ်သို့ရောက်သွာ[illegible] သည်မှာ ပြန်ပင်မဆင်းတော့။

❑

"ဘာကိစ္စလဲမသိဘူး"

"ဪ - ကျွန်တော် လုပ်ငန်း[illegible] စာမေးပွဲဖြေဖို့ပါ"

"နာမည်ဘယ်သူလဲ"

"ကိုစံပါ"

သောကြာအခါဖြစ်၏။ နဝင်[illegible] ခေါ်သော တိုင်ထိပ်ပဥ္စပွတ်နေရာ[illegible] ပဥ္စပွတ်ဂြိုဟ်အဖြစ်အင်္ဂါရှိ၏။အကော[illegible] ဆုံးဖြစ်၏။ အောင်ကိုအောင်ရမည်[illegible] ဘာယတြာမှပင်မလို။ ကျိန်းသေအော[illegible] ရမည်ဟု နဝင်းကိုကြည့်ရင်း၊ စိတ်ထဲ[illegible] တွေးရင်းပြောမည်အပြု -

ကလေးမလေးတစ်ယောက် ငိုပြီ[illegible] ကာ တက်လာ၏။

ကမူးရှူးထိုးနှင့်ထိုင်ရင်း သူ့အ[illegible] ဗိုက်ရောဂါဖြစ်ပြီး ယခု ဆေးခန်းသွ[illegible] ရာ ခွဲရန်ငါးဆယ်ရာခိုင်နှုန်းလော[illegible] နေသည်ဟုပြောကြောင်း၊ စိတ်[illegible] ရောက်လာကြောင်း၊ မခွဲစေချင်ကြော[illegible] အမေ့ကိုသနားသောကြောင့် ဦးအ[illegible] နှင့်တစ်ခုခုပြုလုပ်ပေးပါရန် ငိုယိုတော[illegible] ပန်လေတော့၏။ ကျွန်ုပ်လည်း သူ[illegible] မိခင်နာမည်ကိုမေးလိုက်ပြီး သမီးတို[illegible] တိုင် ဘုရားသွား၊ ဒီထောင့်မှာ ဒီလိုထွ[illegible] ဟိုထောင့်မှာ ဟိုလိုထွန်းဟု စီရင်စ[illegible] သည်များကို ချက်ချင်းစီရင်ပေးလိုက်[illegible] ထိုကလေးမလေး၏အထက်က အ[illegible] ဖြစ်တုန်းက ယခုလိုအစီအရင်နှင့် [illegible] ကောင်းသွားခဲ့ဖူးလေရာ ကလေးမ[illegible] လည်း မျက်နှာဝင်းလက်သွားပြီး ထ[illegible] သွားပါတော့သည်။

ပြီးမှ ကိုစံကိုကြည့်လိုက်ပြီး 'အ[illegible] နိမိတ်ကတော့ အပျက်နိမိတ်ဖြစ်နေ[illegible] ဟု တွေးလိုက်ပြီး -

"အို - ဒီတစ်ခေါက်တော့ အ[illegible] မပြောနိုင်သေးဘူး။ နိမိတ်ကိုက တ[illegible] ဖြစ်နေတယ်။ ဒါပေမယ့် ဖြေကြ[illegible] ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်၏။ ကိုယ့်အတွေး၊ ကိုယ့်အမြင်နိမိတ်ကိုယုံလွန်း၍ အောင်စာရင်းထွက်ရင်လာပြောဟုပင် ထပ်မှာလိုက်၏။

မကြာပါ။

လာပြောပါသည်။

လုပ်ငန်းခွင်စာမေးပွဲအောင်မြင်သွားပြီဖြစ်ကြောင်း အားရဝမ်းသာလာပြောပါသည်။

၃ ကိုစံ
၀
၄
၆ သောကြာအခါ
၂
၅ ဗိုက်ပြဿနာ
၁

ကျွန်ုပ်လည်း ဆရာသခင်ဆီပြေး၍ အကျိုးအကြောင်းစုံအောင်ပြောပြရာ -

"တိုင်ကသူ့အလုပ်သူလုပ်နေတာ၊ မင်းကိုက တွေးတာအချိုးမပြေတာ။ ဗိုက်မကောင်းတဲ့သူက ဗိုက်မကောင်းတာ အဲဒါအင်္ဂါသားနဲ့ဘာဆိုင်လဲ။ ဒီပြင်လူဗိုက်မကောင်းလေ သူ့အတွက် နိမိတ်ဖိုခိုင်လေပေါ့ ဟဲ့ကောင်ရဲ့"

ဟု ဆုံးမလိုက်ပါတော့သည်။

❑

"အလုပ်ရချင်လို့ပါ ဆရာ၊ အလုပ်ပြောထားတယ်"

"နာမည်ဘယ်သူလဲ"

"မောင်မြင့်ပါ"

အခါမှာ ဗုဒ္ဓအခါဖြစ်၏။ ကြာသပတေးသည် အလွန်ကောင်းသောအညွှန့်ဖြိုက်နေရာတွင်တည်နေပြီး သူ့အထက်ကပ်ရက်မှာ တနင်္ဂနွေဖြိုက်ရှိနေ၏။

၁ အလုပ်
၅ အညွှန့်
၂
ဗုဒ္ဓအခါ ၄
၀
၃
၆

"ရလိမ့်မယ်၊ သေချာတယ်"

"ဟုတ်ကဲ့ - ဝမ်းသာသွားပြီဆရာ"

နောက်ထပ် ဆယ့်ငါးရက်ခန့်ကြာသော် -



"အလုပ်ရဖို့လုပ်ပေးပါဦးဆရာ"

"ဟင် - ဟိုတစ်လောက ခင်ဗျား လာတာလေ"

"ဟုတ်ကဲ့"

"အလုပ်မရသေးဘူးလား"

"ဟုတ်ကဲ့ - အဲဒီအလုပ်က နယ်ဝေးဆိုတော့ ကျွန်တော်မလိုက်နိုင်လို့ မရလိုက်ဘူးဆရာ"

ငေါင်တောင်တောင်နှင့် ထိုင်နေလိုက်မိ၏။

"ကျွန်တော်ကအလုပ်အရမ်းလုပ်ချင်ပြီဆရာ။ အိမ်မှာမနေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေ့အစ်ကို လူပျိုကြီးက အိမ်ရောက်လာတယ်။ အနည်းဆုံး နှစ်လလောက် အိမ်မှာနေပြီး သူ့ကိစ္စတွေလုပ်ရဦးမယ့်သဘောရှိတယ်။ အဲဒီဘကြီးက အပြစ်ရှာကြဲလိုက်ကြည့်ပြောတတ်တယ်။ လူငယ်တွေကိုမမြင်တတ်ဘူးဆရာ။ နာမည်ကသာအေးတာ၊ လူက ပူပူဆူဆူကြီး"

"ဟုတ်လား - နာမည်ကဘယ်လိုအေးတာလဲ"

"ဦးအေးတဲ့"

တိုင်ထိပ်နဝင်း တနင်္ဂနွေသည် မလွဲခဲ့ပါ။ ထို့ကြောင့် အလုပ်ရမည် သေချာသည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ တွေးသောအတွေးသည် ဘယ်လိုဘယ်လိုလွဲသွားမှန်းကို မသိလိုက်တော့ပါ။

❑

"ဘာကိစ္စ"

"ဩော် - ကြွေးရစရာရှိလို့ဆရာ၊ အင်္ဂါသမီးပါ"

အခါမှာ ဂုရုအခါဖြစ်၏။ အထက်ကပ်ရက်ဖြိုက်သည် သောကြာဖြစ်သောကြောင့် မိတ်တော်နေပြီဖြစ်၏။ တိုင်ထိပ်တွင် တနင်္လာက ထီးထီးကြီးရှိနေချေပြီ။

၂
၆
ဆွေသား ၃ မေးသူ
၅ ဂုရု
၁
၄
၀

နာမည်လေးပြောပါဦး"

"မညိုပါ"

"ဟာ - ရမယ်၊ သေချာတယ်"

"ဟုတ်လား ဆရာ၊ ကျွန်မဝမ်းသာသွားပြီ။ အဲဒီကြွေးက ပေးမယ်ပေးမယ်နဲ့ကိုမရတာ"

"ခင်ဗျားကံမှာ တနင်္လာအဝင်ရှိတယ်။ ရကိုရမယ်ဗျာ။ တနင်္လာနံဝင်ကိုဝင်မယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကြွေးရတာနဲ့ ကျွန်မချက်ချင်းပြေးလာမယ်ဆရာ။ ကျွန်မစကားတည်ပါတယ်"

"ချက်ချင်းလာပြော၊ ရကိုရစေ့မယ်။ ယတြာတောင်မလိုဘူး"

နှစ်ပတ်၊သုံးပတ်ခန့်ရှိလောက်မည်ထင်၏။

"ဘယ့်နှယ် - အဆင်ပြေတယ်မို့လား"

မညိုသည် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ကျွန်ုပ်ကိုကြည့်နေ၏။ တော်တော်နှင့် စကားမပြောဘဲ ငြိမ်နေ၏။ ကျွန်ုပ်၏စိတ်ထဲတွင်လည်း အင်း - ဘာဖြစ်ပြန်ပြီလဲမသိဘူးဟု စဉ်းစား၍မှမဆုံးသေး။

"ကြွေးမရခဲ့ဘူးဆရာ"

"ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ကြွေးရအောင်ယတြာပေးမှရတော့မယ်နဲ့တူတယ်"

ဤတစ်ကြိမ်တွင် တော်တော်နှင့်စကားမပြောဘဲ ခပ်ယဲ့ယဲ့ပြုံး၍ ငြိုကိုကြည့်လိုက်မိသည်မှာ ကျွန်ုပ်ဖြစ်လာ၏။

"ဆရာ ကျွန်မလာတုန်းက တနင်္လာအဝင်ရှိတယ်ပြောလိုက်သေးတယ်နော်။ ပြောလိုက်သေးလားလို့"

"အေးလေ - မှတ်မိတယ်။ ပြောလိုက်တယ်၊ ဘာဖြစ်လို့လဲ"

"ဟို - ဝင်တော့ဝင်တယ် ဆရာ၊ အိမ်မှာ ကျွန်မအိပ်ရာဘေးမှာ ကြောင်လေး လေးကောင်ပေါက်တယ်။ ဖြင် အိမ်ကကြောင်လာပေါက်တာ ပထမ

www.burmeseclassic.com

တော့ မောင်းထုတ်မလို့။ သူများတွေက ပြောတယ်၊ အဲဒါ ကြောင်ခုတင်တဲ့။ စီးပွားတက်တယ်တဲ့။ ဟုတ်လား ဆရာ"

ကျွန်ုပ်၏ ညာဘက်လက်သည် ဦးခေါင်းပေါ်သို့ ဖျတ်ခနဲအလိုလိုရောက်သွားပြီး ဘာရယ်မသိ၊ ဆံပင်များကို တဗြင်းဗြင်းကုတ်နေမိပါတော့သတည်း။

❑

"ဆရာအားလားရှင့်"

"အားပါတယ်၊ ခုပဲ လူရှင်းသွားလို့ထိုင်နေတာ"

"ဟုတ်ကဲ့-ဟို. . . ပြောလို့ရသေးလား။ အချိန်များကျော်. . ."

"ရပါတယ်၊ ပြောပါ။ မရီကလည်း လာနေကျပဲဥစ္စာ"

"အဲ . . . အကြွေးတောင်းတဲ့ငွေကိစ္စဘယ်လိုလုပ်ရမလဲလာမေးတာဆရာ"

'အင်း - လာပြန်ပြီ၊ ဂုရုအခါ' ဟု တွေးရင်း မကြာခင်တစ်ရက်၊ နှစ်ရက်က မှ မညိုကိုပြောလိုက်မိသည်များ ပြန်သတိရနေလိုက်၏။ ဒီတစ်ကြိမ်လည်း တနင်္လာတိုင်ထိပ်မှာရှိသည်။ မေးသူက ဗုဒ္ဓဟူးဖြစ်နေသည်။ ခိုက်နေသည်၊မဖြစ်နိုင်ဟုတွေး၍ အင်္ဂါသမီး မညို ကြွေးတောင်းမရခဲ့သည်များကိုပြန်သတိရပြီး-

"တောင်းမနေနဲ့၊ ရမှာလည်း မဟုတ်ဘူး"

ဟုပြောလိုက်၏။

မရီသည် ကြောင်တောင်တောင် ငေးတေးတေးနှင့် ကျွန်ုပ်ကိုကြည့်နေ၏။

၂ ငွေကြေးကိစ္စ
၆

၃
ဂုရု ၅
၁
ဗုဒ္ဓဟူး ၄ အခိုက်
၀

"ဟုတ်တယ် မရီ၊ ကြည့်မနေနဲ့။ သွားတောင်းမနေနဲ့။ ရမှာလည်းမဟုတ်ဘူး"

ဟု ထပ်ပြောလိုက်မိပြန်၏။

"ဟိုလေ - ဆရာ၊ ပိုက်ဆံကရခဲ့ပြီ"

ခပ်ငေးငေးနှင့် ဟိုကြည့်ဒီကြည့်ကြည့်နေသောကျွန်ုပ်၏မျက်လုံးတို့သည် အလွန်လျင်မြန်သောအဟုန်နှင့် မရီထံရောက်သွား၏။

"အဲဒီပိုက်ဆံကို ကားဝယ်ရမလား၊ အိမ်ဝယ်ရမလား၊ သူများလုပ်ငန်းထဲ ထည့်ရမလားလာမေးတာ ဆရာ။ကျွန်မ ဆရာ့ကိုပြောသားပဲ။ အကြွေးတောင်းထားတဲ့ငွေကိစ္စဘယ်လိုလုပ်ရမလဲလို့"

❑

ဤအကြောင်းအရာလေးများကို စေ့စပ်သေချာစွာလေ့လာကြည့်ပါ။

ပညာသည် လုံးဝမမှားပါ။

အတွေးအခေါ်၊ အယူအဆ အကောက်လွဲခြင်းသာ ဖြစ်ပါသည်။

ဒီလိုဖြစ်ရင် ဒီလိုဖြစ်မယ်ဟု ပညာကပြထားပြီးသားဖြစ်ပါသည်။

ဉာဏ်မမီခဲ့ခြင်းသာဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာကို လေးစားလွန်း၊ မြတ်နိုးလွန်း၊ ရိုသေလွန်းသူများလျှောက်လှမ်းကြရသည့်လမ်းသည် မဖြောင့်ဖြူးပါ။

အထစ်အငေါ့အခက်အခဲအလွန်မှများပြားလှပါသည်။

အင်္ဂဝိဇ္ဇာသည် ဒိုးခနဲဒေါက်ခနဲ ပြောနိုင်စွမ်းသောပညာကြီးဖြစ်၏။

လာစေ၊ သွားစေ၊ ရောက်စေ၊ ပျောက်စေ စေနိုင်သောပညာကြီးလည်း ဖြစ်၏။

သို့သော် -

တွေးခေါ်နိုင်လောက်အောင် ငြိမ်သက်နိုင်စွမ်းသော အကျင့်စရဏအားများ မပြည့်ဝခဲ့၍ ယခုလိုလွဲချော်ခဲ့ရခြင်းများ ဖြစ်ပါသည်။

ဤသို့ လွဲချော်ခဲ့ရခြင်းများကို လေ့လာကြည့်လျှင် ပညာစွမ်းများ၏ 'အား'များကို မြင်အောင်မကြည့်နိုင်ခဲ့ကြောင်း တွေ့ရပါလိမ့်မည်။



အထွက်လား၊ အဝင်လား၊အခိုက်လား၊ မိတ်လား၊ ရန်လား၊ ဥဒါသိန်လား၊ ကျားလား၊ မလား၊ ယာယီလား၊ နှီးလားဟူသည် ပညာတွင်စုံအောင်ရှိပြီးသားဖြစ်ပါသည်။ မိတ်စီးခြင်း၊ ရန်စီးခြင်း၊ မိတ်ကြုံခြင်း၊ ရန်ကြုံခြင်း စသည်တို့လည်း ပညာတွင်ရှိနေပြီးသားဖြစ်ပါသည်။ အဟောထုတ်နိုင်ရန်ဥပဒေသများလည်း ပြည့်စုံစွာရှိပြီးဖြစ်ပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း တွေးခေါ်နိုင်လောက်အောင် ငြိမ်သက်နိုင်စွမ်းသော အကျင့်စရဏအားများမပြည့်ဝခဲ့၍ ယခုလို လွဲချော်ခဲ့ရခြင်းများဖြစ်ပါသည်။

လွဲချော်ရခြင်းများတွင် မြောက်မြင်အပြောခံရ၍ မာန်တက်ကာ စိတ်ကယောက်ကယက်ဖြစ်ပြီးလွဲချော်ရခြင်း၊

ရင့်ရင့်သီးသီး အပြောခံရ၍ တစ်နည်းဆိုရလျှင် နှိမ်သလိုဆက်ဆံခံရ၍ မခံချင်ဖြစ်ပြီး စိတ်လှုပ်ရှားလွန်းကာ စိတ်ကယောက်ကယက်ဖြစ်လွဲချော်ရခြင်း၊

အာရုံတွေပြား၍ စိတ်များပျံ့လွင့်ကာ လွဲချော်ရခြင်း စသဖြင့် အမျိုးမျိုးလွဲချော်ပုံများရှိပါသည်။

လွဲချော်ပြီဆိုသည်နှင့် ပညာ၏စွမ်းအားများကို မြင်အောင်မကြည့်နိုင်တော့ပါ။ အင်္ဂဝိဇ္ဇာပညာသည် ပို၍သာ၍ စိုက်သတိကြီးစွာထားရပါသည်။

အစအဟောစလွဲသည်နှင့်အားလုံး တောက်လျှောက်လွဲသွားနိုင်သောပညာကြီးဖြစ်ပါသည်။

အကြောင်းအကျိုးများကိုစုံအောင် သုံးသပ်နိုင်ရန် ရှုထောင့်အမျိုးမျိုးမှမြင်အောင်ကြည့်ရသောပညာကြီးဖြစ်ပါသည်။

ဤသို့မြင်အောင်မကြည့်နိုင်ခဲ့ခြင်းများကို မြင်အောင်ကြည့်တတ်နိုင်ပါစေဟူသော မေတ္တာ၊ စေတနာပြည့်ဝစွာဖြင့် တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

ပညာလိုချင်လွန်း၍ဖြစ်စေ -
ဝါသနာပါ၍ဖြစ်စေ -
ဗဟုသုတဖတ်ရှုလို၍ဖြစ်စေ -
မြင်အောင်ကြည့်ကြည့်ပါ။

ဤမြင်ရတွေ့ရကြုံရဆုံရခြင်းများမှ အသံပြု၍ ပြောပြနေပါလိမ့်မည်။

မေတ္တာစကားပြောကြားရင်း -

ဆရာဦးမောင်မောင်သိန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ မေလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစဉ်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်ခပါဒ် နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ် နက္ခတ် | နက္ခတ် ပြောင်းချိန် | စတ် ဥပါဒ် | ဝင်-ထွက် ခပါဒ် | အမြင့် အကန်း |
|---|---|---|---|---|---|
| ၁ | အဿ | ၁၃း၀၇း၃၀ | ဥပါဒ် | ထွက် | ၂ မြင့် |
| | ပုနဖုသျှ | | မိတ္တူ | ထွက် | ၂ ကန်း |
| ၂ | ပုနဖုသျှ | ၁၁း၄၈း၃၄ | လာဘ | ဝင် | ၂ ကန်း |
| | ဖုသျှ | | သိဒ္ဓိ | ဝင် | ၂ ကန်း |
| ၃ | ဖုသျှ | ၁၀း၅၀း၁၉ | မိတ္တူ | ထွက် | ၂ ကန်း |
| | အသလိဿ | | ကာဏ | ထွက် | ၁ ကန်း |
| ၄ | အသလိဿ | ၃၀း၁၃း၄၆ | သိဒ္ဓိ | ဝင် | ၁ ကန်း |
| | မာဃ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၅ | မာဃ | ၁၀း၀၀း၁၀ | ကာဏ | ထွက် | ၁ ကန်း |
| | ပြုဗ္ဗဖလဂုနီ | | အမြိတ္တ | ဝင် | ၂ မြင့် |
| ၆ | ပြုဗ္ဗဖလဂုနီ | ၁၀း၁၀း၁၀ | ဝရ | ခပါဒ် | ၂ မြင့် |
| | ဥတ္တရဖလဂုနီ | | ဥပါဒ် | ထွက် | ၂ ကန်း |
| ၇ | ဥတ္တရဖလဂုနီ | ၁၀း၅၆း၅၁ | အမြိတ္တ | ဝင် | ၂ ကန်း |
| | ဟဿတ | | လာဘ | ဝင် | ၂ မြင့် |
| ၈ | ဟဿတ | ၁၂း၁၂း၃၈ | ဥပါဒ် | ထွက် | ၂ မြင့် |
| | စိတြ | | မိတ္တူ | ထွက် | ၁ ကန်း |
| ၉ | စိတြ | ၁၃း၅၇း၄၉ | လာဘ | ဝင် | ၁ ကန်း |
| | သွာတိ | | သိဒ္ဓိ | ဝင် | ၂ မြင့် |
| ၁၀ | သွာတိ | ၁၆း၀၈း၄၄ | မိတ္တူ | ထွက် | ၂ မြင့် |
| | ဝိသာခါ | | ကာဏ | ထွက် | ၂ ကန်း |
| ၁၁ | ဝိသာခါ | ၁၈း၁၉း၃၈ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | အနုရာဓ | | ဝရ | ခပါဒ် | ၂ ကန်း |
| ၁၂ | အနုရာဓ | ၂၀း၅၃း၂၀ | ကာဏ | ထွက် | ၂ ကန်း |
| | ဇေဋ္ဌ | | အမြိတ္တ | ဝင် | ၁ ကန်း |
| ၁၃ | ဇေဋ္ဌ | ၂၃း၃၃း၂၀ | ဝရ | ခပါဒ် | ၁ ကန်း |
| | မူလ | | ဥပါဒ် | ထွက် | ၁ ကန်း |
| ၁၄ | မူလ | မပြောင်း | အမြိတ္တ | ဝင် | ၁ ကန်း |
| ၁၅ | မူလ | ၀၂း၁၀း၅၅<br>၂၁း၄၉း၀၅ | ဝရ | ခပါဒ် | ၁ ကန်း |
| | ပြုဗ္ဗာသဠ် | | ဥပါဒ် | ထွက် | ၂ မြင့် |
| | အဘိဇိ | | မိတ္တူ | ထွက် | × |
| ၁၆ | အဘိဇိ | ၁၀း၄၂း၅၂ | လာဘ | ဝင် | × |
| | ဥတ္တရာသဠ် | | သိဒ္ဓိ | ဝင် | ၂ ကန်း |

| ရက် | စန်းယှဉ် နက္ခတ် | နက္ခတ် ပြောင်းချိန် | စတ် ဥပါဒ် | ဝင်-ထွက် ခပါဒ် | အမြင့် အကန်း |
|---|---|---|---|---|---|
| ၁၇ | ဥတ္တရာသဠ် | ၀၅း၅၃း၄၁ | မိတ္တူ | ထွက် | ၂ ကန်း |
| | သရဝဏ် | | ကာဏ | ထွက် | ၂ မြင့် |
| ၁၈ | သရဝဏ် | ၀၇း၀၂း၀၄ | သိဒ္ဓိ | ဝင် | ၂ မြင့် |
| | ဓနသိဒ္ဓ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၁၉ | ဓနသိဒ္ဓ | ၀၇း၄၃း၄၄ | ကာဏ | ထွက် | ၁ ကန်း |
| | သတဘိသျှ | | အမြိတ္တ | ဝင် | ၂ မြင့် |
| ၂၀ | သတဘိသျှ | ၀၈း၀၀း၀၀ | ဝရ | ခပါဒ် | ၂ မြင့် |
| | ပြုဗ္ဗဘဒြပိုဒ် | | ဥပါဒ် | ထွက် | ၂ ကန်း |
| ၂၁ | ပြုဗ္ဗဘဒြပိုဒ် | ၀၇း၅၂း၀၈ | အမြိတ္တ | ဝင် | ၂ ကန်း |
| | ဥတ္တရဘဒြပိုဒ် | | လာဘ | ဝင် | ၂ ကန်း |
| ၂၂ | ဥတ္တရဘဒြပိုဒ် | ၀၇း၂၁း၁၇ | ဥပါဒ် | ထွက် | ၂ ကန်း |
| | ရေဝတီ | | မိတ္တူ | ထွက် | ၁ ကန်း |
| ၂၃ | ရေဝတီ | ၀၆း၂၈း၃၄ | လာဘ | ဝင် | ၁ ကန်း |
| | အာသဝနီ | | သိဒ္ဓိ | ဝင် | ၁ ကန်း |
| ၂၄ | အာသဝနီ | ၀၅း၁၅း၀၀ | မိတ္တူ | ထွက် | ၁ ကန်း |
| | ဘရဏီ | | ကာဏ | ထွက် | ၂ မြင့် |
| ၂၅ | ဘရဏီ | ၀၃း၄၅း၀၀ | သိဒ္ဓိ | ဝင် | ၂ မြင့် |
| | ကြတ္တိကာ | | ဝရ | ခပါဒ် | ၂ ကန်း |
| ၂၆ | ကြတ္တိကာ | ၀၂း၁၂း၅၅ | ကာဏ | ထွက် | ၂ ကန်း |
| | ရောဟဏီ | | အမြိတ္တ | ဝင် | ၂ မြင့် |
| ၂၇ | ရောဟဏီ | ၀၀း၂၂း၃၀<br>၂၂း၃၀း၀၀ | ဝရ | ခပါဒ် | ၂ မြင့် |
| | မိဂသီ | | ဥပါဒ် | ထွက် | ၃ ကန်း |
| | အဒြ | | မိတ္တူ | ထွက် | ၂ မြင့် |
| ၂၈ | အဒြ | ၂၁း၂၂း၃၀ | လာဘ | ဝင် | ၂ မြင့် |
| | ပုနဖုသျှ | | သိဒ္ဓိ | ဝင် | ၂ ကန်း |
| ၂၉ | ပုနဖုသျှ | ၁၉း၅၂း၃၀ | မိတ္တူ | ထွက် | ၂ ကန်း |
| | ဖုသျှ | | ကာဏ | ထွက် | ၂ ကန်း |
| ၃၀ | ဖုသျှ | ၁၈း၅၈း၀၄ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | အသလိဿ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၃၁ | အသလိဿ | ၁၈း၁၁း၃၇ | ကာဏ | ထွက် | ၁ ကန်း |
| | မာဃ | | အမြိတ္တ | ဝင် | ၁ ကန်း |

၁၁-၅-၂၀၁၇၊ ကြာသပတေးနေ့ နံနက် ၀၄း၁၇း၀၉ နာရီတွင်လပြည့်ပြီး ၂၆-၅-၂၀၁၇၊ သောကြာနေ့ နံနက် ၀၂း၅၁း၅၇ နာရီတွင် လကွယ်သည်။

ဤဇယားတွင်-
ပြုဗ္ဗာသဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသဠ်နက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ တွက်ထားပါသည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# လှမိုး(ပညာရေး)

# နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ

## (အခန်းဆက်ဆောင်းပါး)



၁၉၀၇ ခုနှစ်၏ စွတ်စိုသောဇွန်လ ၈ ရက်နေ့ နံနက်ခင်း ဖြစ်သည်။ နံနက်စောစောကပင် မိုးတိမ်တိုက်များဆင်လာသောမိုးသည် သဲသဲမဲမဲရွာချလာသည်။ လန်ဒန်မြို့ ဘလက်ဟီးမြို့နယ် ထင်းရှူးမြိုင်ရိပ်သာလမ်းရှိ၊ လန်ဒန်မြို့တော် ဆီပိုင်လီလမ်းရှိ နာမည်ကျော်ဝတ်စုံချုပ်ဆိုင်ကြီး၏ပိုင်ရှင် မစ္စတာရှူဗင်၏အိမ်ကြီးမှာ တဖွားဖွားကျနေသောမိုးစက်မိုးပေါက်များအောက်တွင် အလှတစ်မျိုး ဆင်းသက်စဉ်ဖြစ်နေသည်။

အမှန်အားဖြင့် လန်ဒန်မြို့၏ မိုးရာသီသည် စိတ်ပျက်ငြီးငွေ့စရာကောင်းလှသည်။ တစိမ့်စိမ့်ရွာနေသောမိုးနှင့်အတူ ရေခဲတမျှအေးသော မိုးသက်လေကလည်း တဝီဝီအော်မြည်၍တိုက်လေ့ရှိသည်။ ထို့ကြောင့်ပင် ရာသီဥတုကို စိတ်ပျက်ကြသော လန်ဒန်သူလန်ဒန်သားများသည် သာယာသောရာသီဥတုဖြစ်ပါစေဟု ဆုတောင်းလေ့ရှိကြ၏။

ထိုနေ့နံနက်စောစောကမူ လန်ဒန်လူ့ကုံထံလောကတွင် ဟိုးဟိုးကျော်နေသောဖက်ရှင်ပုံစံသစ်များ တီထွင်လေ့ရှိသူနှင့် အပ်ချုပ်ဆိုင်ပိုင်ရှင်ကြီးရှူဗင်၏ အချစ်တော် သုံးနှစ်အရွယ်သမီးကလေး ဒေါ်ရော်သီအယ်ဒီသည် သူ့အိပ်ခန်းနံရံရှိ တိုက်ကပ်ပန်းများအား မိုးသက်လေတဝီဝီအော်မြည်၍ တိုးခွေ့နေသောအသံများကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရာမှ ရုတ်တရက်နိုးလာသည်။ မိုးစက်မိုးပေါက်တို့က မှန်ပြတင်းများအားလာမှန်သည့်အသံ၊ မှန်လည်းပြတင်းပေါက်များအား မိုးသက်လေတိုးဝှေ့နေသဖြင့် မြည်နေသည့်အသံ၊ တိုက်ကပ်ပန်းပင်များအကြားမှ ပုရစ်တို့၏ပျင်းရိလေးတွဲ့စွာမြည်နေသည့်အသံများကိုကြားနေရသည်။

ခါတိုင်းဆိုလျှင် သူ့ဖခင်ဖြစ်သူသည် အပ်ချုပ်ဆိုင်သို့သွားရန် ပြင်ဆင်သည်နှင့် သူ့အိပ်ခန်းသို့ဝင်လာ၍ နှုတ်ဆက်လေ့ရှိသည်။ ထိုနေ့နံနက်စောစောကမူ သူ့ဖခင်သည် ဆီပိုင်လီလမ်းသို့ ခပ်စောစောထွက်ခွာသွားသည်။တစ်ဖက်အိပ်ခန်းမှ သူ့မိခင်နှင့်အိမ်ဖော်မလေးတို့၏စကားပြောသံ၊ အိမ်ကြီးအောက်ထပ် ထမင်းစားခန်းမှ စားဖိုမှူးနှင့်အိမ်ဖော်မလေးတို့၏စကားပြောသံများသည် တဝီဝီအော်မြည်နေသောမိုးစက်မိုးပေါက်များအသံကို ထိုးဖောက်ကြားနေရသည်။

သူ့အိပ်ခန်းဘေးရှိ ကစားခန်းအတွင်းရှိ လှောင်ချိုင့်အတွင်းမှ ကြက်တူရွေးငှက်လေး၏အသံကိုလည်းကြားနေရသည်။ ဒေါ်ရော်သီအယ်ဒီအဖို့ သူ့အထိန်းတော်အဘွားကြီးလာနှိုးရန် နောက်ထပ်နာရီဝက်ခန့် စောင့်ရမည်ဖြစ်သည်။ ဒေါ်ရော်သီအယ်ဒီက မစောင့်လိုတော့။ သူကိုယ်တိုင် အောက်ထပ်သို့ဆင်းကာ နံနက်စာစားမည်ဟု အကြံရလာသည်။ ဤသို့အတွင်း သူတို့ခြံဝင်းပြင်ဘက် ထင်းရှူးရိပ်သာလမ်းဘက်ရှိ ထင်းရှူးပင်စောက်ကြီးများပေါ်မှ ပုစဉ်းကြီး... များ၏အသံသည် တဝီဝီအော်မြည်... သော မိုးသက်လေသံကိုလွမ်းသွားသ... ဟုထင်ရ၏။ ခါတိုင်းဆိုလျှင် ဒေါ်... သီအယ်ဒီသည် သူတို့အိမ်ကြီးတံ... မြိတ်မှ စာကလေးများ၏ တီတီတာ... အသံကိုကြားရမြဲဖြစ်၏။အဘယ်ကြော... ယနေ့နံနက်တွင် မကြားရသနည်း။

ဒေါ်ရော်သီအယ်ဒီသည် တစ်... အိပ်ခန်းမှ သူ့မိခင်နှင့်အိမ်ဖော်တို့ ... စကားပြောသံကိုနားစွင့်နေရာမှ အ... ထပ်ခြုံထားသောဂွမ်းစောင်များကိုတ... ဖယ်ကာ ခုတင်ပေါ်မှဆင်းခဲ့သ... ဒေါ်ရော်သီသည် အောက်ထပ်သို့ဆ... ရန် အိမ်ကြီးမဟာလှေကားဘက်... လျှောက်လာသည်။ အိပ်ခန်းရှေ့... လမ်းမှာရှင်းလျက်ရှိနေသည်။ ခါတို... ကဲ့သို့ သန့်ရှင်းရေးဆောင်ရွက်နေ... အိမ်ဖော်အဘွားကြီးကိုမတွေ့ရ။ ... လျှင် ဒေါ်ရော်သီတစ်ဦးတည်း အိမ်... ၏အောက်ထပ်သို့ဆင်းခွင့်ပြုမည်မ... ပေ။

မဟာလှေကားကြီးမှာ ဝိတို... ခေတ် ဗိသုကာများ၏ လက်ရာအ... လှေကားဆံကြီးများမှာကျယ်သော်လ... လှေကားမှာ မတ်စောက်လှသည်။ ... သို့သောလှေကားမှ သုံးနှစ်သမီး ဒေါ်... သီအယ်ဒီကို အဆင်းအတက်မပြု... ရန် ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူ... တင်းတင်းကျပ်ကျပ်တားမြစ်ထားခဲ့...

သို့ဖြစ်၍ ကလေးငယ်တို့သ... အတိုင်း ထိုနေ့နံနက်စောစောတွင် ... ဦးတည်း အောက်ထပ်သို့ဆင်းခဲ့... သည်။ မဟာလှေကားကြီး လေး... ထိရောက်လာသော်လည်း ဒေါ်... အဖို့ တစ်စုံတစ်ရာ အခက်အခဲမတွေ့... သို့သော် လှေကားကြီး တစ်ဆစ်ချိုး... ကားဆံပေါ်သို့ မေ့ခနဲဖြစ်သကဲ့သို့... လိုက်ရပြီး လှေကားကြီးပေါ်မှ လိ... သွားခဲ့ရာ အောက်ဆုံးလှေကား... ရောက်သည့်အခါ သတိလစ်သွား... သည်။

သူ မမည်မျှကြာကြာသတိ... သွားသည်ကိုမသိ။ သတိရလာ... အခါ ဒေါ်ရော်သီအယ်ဒီမှာအုံအား... လျက်ရှိနေပြီး သူသည် သူ့မိခင်အိ... ပေါ်တွင်ရောက်နေသည်။ သူ့ဘေး... သူ့မိခင်၊ သူ့ဖခင်ဖြစ်သူနှင့် သူတို့မိ... ဆရာဝန်ကို တွေ့နေရသည်။

ဆရာဝန်ဖြစ်သူကမူ ဘွဲ့...



www.burmeseclassic.com

www.burmeseclassic.com

စာရွက်စာတမ်းအချို့ကိုကိုင်ထားပြီး သူ့မျက်နှာပေါ်တွင် အံ့ဩခြင်း၊ နားမလည်နိုင်ခြင်းစသော အရိပ်လက္ခဏာများရောထွေးလျက်ရှိနေပြီး သူနှင့်အတူပါလာသော သူနာပြုဆရာမနှစ်ဦးမှာလည်း သူတို့မြင်ရသည့်မြင်ကွင်းကိုကြည့်၍ ကြက်သေသေလျက်ရှိနေသည်။

မှန်ပါသည်။ ဒေါ်ရော်သီအယ်ဒီအား ပထမဆုံးစမ်းသပ်ကြည့်ရှုစစ်ဆေးခဲ့စဉ်က မိသားစုဆရာဝန်ဖြစ်သူက ဒေါ်ရော်သီအယ်ဒီ ကွယ်လွန်ခဲ့ပြီဟု ထုတ်ဖော်ပြောဆိုပြီး လိုအပ်သောသေမှုသေခင်းလက်မှတ်များကို သက်ဆိုင်ရာသို့သွားရောက်ယူမည်ဖြစ်ပြီး ဒေါ်ရော်သီ၏ရုပ်အလောင်းအား လိုအပ်သလို ပြင်ဆင်ရန် သူနာပြုဆရာမနှစ်ဦးအား သွားရောက်ခေါ်ယူမည်ဟုဆိုကာ ဒေါ်ရော်သီအယ်ဒီ၏အလောင်းအား သူ့မိခင်အိပ်ခန်းရှိ ခုတင်ပေါ်တွင်တင်ထားခဲ့ခြင်းဖြစ်သည်။

ဒေါ်ရော်သီ၏မိခင်ဖြစ်သူ မစ္စက်ရှုဗင်က သူ့ခင်ပွန်းဖြစ်သူအား ဒေါ်ရော်သီမှာ လှေကားထက်မှလိမ့်ကျသဖြင့် အမြန်ဆုံးအိမ်သို့ပြန်လာရန် တယ်လီဖုန်းဖြင့် သတင်းပေးခဲ့သဖြင့် မစ္စတာရှုဗင်အယ်ဒီသည် ရင်တထိတ်ထိတ်ဖြင့်ပြန်လာခဲ့သည်။ သူ့အဖို့ အိမ်သားအားလုံး သောကဝေဒနာအဖြာဖြာနှင့် ကြုံတွေ့ရတော့မည်ဟု ထင်မိ၏။ သို့သော် သူ့ဇနီးခုတင်ပေါ်တွင် ယခင်အတိုင်းထိုင်၍ စကားပြောနေသော ဒေါ်ရော်သီအယ်ဒီကိုမြင်ရသောအခါ မစ္စတာရှုဗင်အယ်ဒီမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

မိသားစုဆရာဝန်ဖြစ်သူကလည်း ဒေါ်ရော်သီအယ်ဒီလှေကားပေါ်မှ လိမ့်ကျခဲ့စဉ်က ဦးခေါင်းကိုထိခိုက်ခဲ့ကြောင်း၊ အသေအချာစစ်ဆေးကြည့်ရှုရာ ကွယ်လွန်သွားပြီဟုသိရသဖြင့် လိုအပ်သောကိစ္စရပ်များဆောင်ရွက်ရန်စီစဉ်ခဲ့ကြောင်း၊ သို့သော် ဒေါ်ရော်သီအယ်ဒီမှာ သူရောက်လာသောအခါ ယခင်အတိုင်း ရှင်ရှင်လန်းလန်းတွေ့ရသဖြင့် ပြောမပြနိုင်အောင် အံ့အားသင့်မိကြောင်းရှင်းပြခဲ့၏။

မစ္စတာရှုဗင်သည် သူ၏မိခင်ဖြစ်သူနှင့် နှမဖြစ်သူတို့အား သမီးကလေး ဒေါ်ရော်သီအယ်ဒီ ကွယ်လွန်သွားပြီဖြစ်ကြောင်း သူ့အလုပ်ချုပ်ဆိုင်မှ တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သဖြင့် သူ၏မိခင်ဖြစ်သူနှင့် နှမဖြစ်သူတို့ သောကဝေဒနာအဖြာဖြာနှင့် အပြေးအလွှားရောက်လာခဲ့ကြရာ အိပ်ခန်းအတွင်း ခုတင်ပေါ်တွင် ထိုင်၍ သူ့အချစ်တော် ကြောင်ကလေးနှင့်ကစားနေသော ဒေါ်ရော်သီအယ်ဒီကိုမြင်သည်နှင့် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားကြသည်။ မစ္စတာရှုဗင်၏မိခင်ကြီးဖြစ်သူမှာလည်း ကြောင်ငယ်ကလေးနှင့်ကစားနေသော သူ့မြေးဖြစ်သူ ဒေါ်ရော်သီအယ်ဒီ၏မျက်နှာနှင့် အိမ်သားအားလုံး၏မျက်နှာများကို နားမလည်နိုင်သောအကြည့်ဖြင့် ကြည့်မိခဲ့သည်သာမက ၊ မိသားစုဆရာဝန်နှင့် သူနာပြုဆရာမနှစ်ဦးတို့မှာလည်း စကားမပြောနိုင်လောက်အောင် အံ့အားသင့်လျက်ရှိတော့၏။

မစ္စတာရှုဗင်ကမူ သူ့အလုပ်ချုပ်ဆိုင်ကြီးတွင် ဥစ္စာရပတိုက်မှုဖြင့်သည်များ လာရောက်နေစဉ် မလိုအပ်ဘဲ သူ့အားဇနီးဖြစ်သူက တယ်လီဖုန်းဖြင့်ဆက်၍ခေါ်သည်ဟုဆိုကာ ဆူပူ၍ သူ့ဆိုင်သို့ပြန်သွားခဲ့သည်။ ဤမတော်တဆဖြစ်မှုသည် မစ္စတာရှုဗင်အယ်ဒီမိသားစုနှင့် ဆွေမျိုးသားချင်းများအား ငိုအားထက်ရယ်အားဖြစ်ခဲ့ရသော်လည်း ကလေးငယ် ဒေါ်ရော်သီအဖို့ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့သည်ဟု မိခင်ဖြစ်သူနှင့် ကလေးထိန်း အိမ်ဖော်အမျိုးသမီးကြီးနှင့် အိမ်စေအများအပြားက သတိထားမိသည်။

ဤသဘာဝလွန်မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် သုံးနှစ်သမီး ဒေါ်ရော်သီအယ်ဒီဘဝမှာ မိသားစုများနားမလည်နိုင်သော ထူးခြားဖြစ်စဉ်များနှင့်အတိဖြစ်လာသည်။ သမီးငယ်ကလေးမှာ ပြောမပြနိုင်အောင် ထူးဆန်းသောအိပ်မက်များ မကြာခဏမြင်မက်လာလေ့ရှိပြီး သူမ၏ပြောပြချက်အရဆိုရလျှင် တသွင်သွင်စီးနေသောမြစ်ကြီးကမ်းပေါ်ရှိအဆောက်အအုံကြီးများပြည့်နေသော မြို့ဟောင်းကြီးတစ်မြို့နှင့် ထူးဆန်းသော ဥယျာဉ်ကြီးအတွင်း အမျိုးမည်မဖော်ပြနိုင်သော ပန်းများဖူးပွင့်နေပုံ၊ ထိုပန်းရနံ့တို့သည် ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းနေပုံပါဝင်သော စသောအိပ်မက်ဆန်းများမက်လာခဲ့သည်။ ဒေါ်ရော်သီအယ်ဒီသည် သူ့အိပ်ခန်းအတွင်း၌ လည်းကောင်း၊ ထမင်းစားခန်းအတွင်း၌ လည်းကောင်း မကြာခဏငိုကြွေး၍ သူ့အိမ်ဟောင်းနှင့် သူ၏မိသားစုဟောင်းများရှိရာသို့ ပြန်လိုသည်။ ပြန်လိုက်ပို့ပါဟု တစာစာတောင်းပန်လာသည်။

မိခင်ဖြစ်သူကမူ ကလေးငယ်တို့သဘာဝ ထင်ရာမြင်ရာများကိုပြောခြင်းဖြစ်သည်ဟု ထင်မိသည့်အတိုင်း သမီးငယ်အား ချော့မော့ထားခဲ့သည်။ တစ်ခါတွင်မူ ဒေါ်ရော်သီ၏ လက်စွဲတော်ကလေးထိန်းအမျိုးသမီးကြီးကမူ ထူးဆန်းသော ရှေးဟောင်းအီဂျစ်အဝတ်အစားများဝတ်ဆင်ထားသော လူကြီးတစ်ယောက်ကို ဒေါ်ရော်သီအယ်ဒီ၏ အိပ်ခန်းဝ၌ ဝက်သစ်ချသားများနှင့် မှန်ကူကွက်ဖော်ထားသော လူသွားစင်္ကြံပေါ်တွင်မြင်ရသည်ဟုဆိုသည်။

မစ္စတာရှုဗင်အယ်ဒီကမူ ဤထူးခြားဖြစ်စဉ်မှာ ကလေးထိန်းအမျိုးသမီးစိတ်အာရုံလွဲမှားခြင်းဖြစ်ရသည်ဟု ယူဆထား၏။ သို့သော် တစ်ရက်တွင်မူ သမီးကလေးအိပ်ခန်းဝတွင် လူစိမ်းတစ်ယောက်မြင်တွေ့ရသလိုထင်မိသည်။ ထိုလူစိမ်းမှာ ရှေးဟောင်းအာရပ်အမျိုးသားများဝတ်ဆင်လေ့ရှိသည့်ဝတ်စုံကို ဝတ်ဆင်ထားသည်ဟုလည်းထင်မိသည်။ ထိုလူမှာ မိနစ်ပိုင်းအတွင်း ရုတ်တရက်ပျောက်သွားတော့သည်။

မစ္စတာရှုဗင်အယ်ဒီမှာ ဟုတ်မှဟုတ်ပါ့မလား၊ အိမ်ဖော်များ၊ ကလေးထိန်းအမျိုးသမီးပြောပြသည့် ထူးခြားဖြစ်စဉ်များကို နားနှင့်မဆံ့အောင်ကြားရသဖြင့် ထိုဖြစ်စဉ်များ၏ကိုင်းညွှတ်လာမှုကြောင်း စိတ်အာရုံထင်လာခြင်းလော ဝေခွဲမရအောင်ဖြစ်လာသည်။ သူ့ဇနီးဖြစ်သူကလည်း ဒေါ်ရော်သီသည် တစ်ခါတစ်ရံ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေစဉ် အိပ်ခန်းအတွင်းမှ အပြင်သို့ လမ်းလျှောက်ထွက်ရန် အိပ်ခန်းတံခါးကိုဖွင့်သည်ဟုဆိုလာသည်သာမက အိပ်ခန်းအတွင်း ခုတင်ပေါ်တွင် တစ်ဦးတည်း စကားပြောသည်ဟူ၍လည်းဆိုလာရာ မစ္စတာရှုဗင်အဖို့ နားမလည်နိုင်အောင်ဖြစ်လာရတော့၏။

အချစ်တော် သမီးငယ်လေးအတွက် သောကဝေဒနာအဖြာဖြာကြုံလာရသည်။ လှေကားပေါ်မှလိမ့်ကျသည့်အတွက် ဦးခေါင်းကိုထိခိုက်သွားခဲ့ခြင်းကြောင့် စိတ်ပျံ့လွင့်သည့်ဝေဒနာရလာခဲ့သလော သို့မဟုတ် သူပြောကိုယ်ပြောအရပ်ပြောဝေဖန်ချက်များအရ ကွယ်လွန်သူတစ်စုံတစ်ဦး၏ ဝိညာဉ်သည် သမီးငယ်လေး၏ခန္ဓာတွင် ဝင်ရောက်စွဲကပ်နေသလော။ သူ့မိတ်ဆွေအများကမူ လန်ဒန်မြို့ ဟားလေးလမ်းမှ စိတ်ရောဂါဝေဒနာအထူးကုသမားတော်ကြီးတစ်ယောက်ထံ သွားရောက် ပြသသင့်သည်ဟု အကြံပေးကြသည်။ အချို့ကမူ လန်ဒန်မြို့ ကင်စင်တာစကွဲယားပန်းခြံ

www.burmeseclassic.com

လမ်းတွင် ဖွင့်လှစ်ထားသော ဗြိတိသျှ မနောသုတေသနအသင်းမှ မနောသု တေသီတစ်ဦးဦးထံမှ ဆွေးနွေးအကြံ ဉာဏ်တောင်းသင့်သည်ဟု အကြံပေးကြ သည်။ အချို့မိတ်ဆွေများကမူ ထိုစဉ် ကာလက ကွယ်လွန်သူများနှင့်ဆက် သွယ်နိုင်သည်ဟု နာမည်ကြီးနေသော နတ်ဝင်သည်တစ်ဦးဦးနှင့် တွေ့ဆုံရန် အကြံပြုကြသည်။

ဤသို့ဖြင့် ရက်၊ လ၊ နှစ်များကုန် ဆုံးလာခဲ့ပြီး ဒေါ်ရော်သီအယ်ဒီမှာ လေးနှစ်သမီးအရွယ်ရောက်လာခဲ့သည်။ မိခင်နှင့်ဖခင်တို့ကမူ သူမနောက်ထပ် မတော်တဆဖြစ်မည်ကို နေ့စဉ်စိုးရိမ်ခဲ့ ကြသဖြင့် ကလေးထိန်းများကို မျက်ခြည် မပြတ်စောင့်ကြည့်စေသည်။ သူမကမူ နေ့စဉ် သူ့အိမ်ဟောင်း၊ သူ့ဆွေမျိုးသား ချင်းဟောင်းများထံသို့သာပြန်လိုသည် ဟု မကြာခဏ ပူဆာခဲ့၏။

မိုးသက်မုန်တိုင်းများဆင်လာ၍ လွမ်းစဖွယ်အခြေအနေတို့ဖြစ်လာသော အချိန်များတွင် ဒေါ်ရော်သီအယ်ဒီသည် တစ်စုံတစ်ဦးအား လွမ်းတပူဆွေး သတိ ရနေသောမျက်နှာဖြင့် သူ့ဇာတိရပ်ရွာ ဟောင်းသို့ ပြန်လိုသည်ဟု တဖွဖွပြော တော့၏။

တစ်ရက်တွင်မူ မစ္စက်ရှုဗင်အယ်ဒီ သည် သူတို့နေအိမ်သို့ ခေတ္တလာရောက် သည့်သူ့ညီမငယ်အား လန်ဒန်မြို့ ဗြိတိသျှ ပြတိုက်ကြီးသို့ သွားရောက် ပြသရန် စီစဉ်ခဲ့သည်။ ပြတိုက်ကြီးသို့သွားရောက် စဉ် သမီးငယ် ဒေါ်ရော်သီအယ်ဒီအား နေအိမ်တွင် ကလေးထိန်းများနှင့်ထားခဲ့ ရန်စိတ်မချတော့။သို့ဖြစ်၍ လေးနှစ်ရွယ် သမီးငယ်ကလေးကိုပါ ဗြိတိသျှပြတိုက် ကြီးသို့ ကလေးထိန်းများနှင့်အတူ ခေါ် ယူခဲ့ကြ၏။

မစ္စက်ရှုဗင်သည် နေအိမ်တွင် ကလေးထိန်းများနှင့်သာ အချိန်ကုန်ခဲ့ရ သည့်သမီးငယ်ကလေးကို ပြတိုက်ကြီး အတွင်းရှိ ပြခန်းများ၊ ပန်းချီပြခန်းများ၊ ကလေးငယ်များစိတ်ဝင်စားမည့်ပြခန်း များကိုပြသခဲ့သော်လည်း သမီးငယ် ဒေါ်ရော်သီအယ်ဒီက စိတ်ဝင်စားမှုမပြ ခဲ့။ သို့သော် ပြတိုက်ကြီးရှိ အီဂျစ်ရှေး ဟောင်းယဉ်ကျေးမှုပြခန်းအတွင်းဝင် လိုက်သည်နှင့် ဒေါ်ရော်သီအယ်ဒီသည် သူ့မိခင်လက်တွင်းမှရုန်းထွက်၍ ဝမ်းသာ အားရဖြင့် အပြေးအလွှားသွားရောက်၍ ပြခန်းအတွင်း ပြသထားသော အီဂျစ် ရှေးဟောင်းရုပ်တုများကို ဖက်ထားတော့ ၏။ အီဂျစ်မနုဿဗေဒရုပ်တုကိုမူ ဒေါ်ရော် သီသည် ဝမ်းသာအားရဆုပ်ကိုင်ထား ၏။ ပြတိုက်အစောင့်များ၊ ပြခန်းတာဝန် ခံများမှာ လေးနှစ်ရွယ်သမီးငယ်ကလေး ၏အပြုအမူကို အံ့အားသင့်လျက်ရှိကြ သည်။ မိခင်နှင့် အဒေါ်ဖြစ်သူတို့က သူ့အား ချော့မော့ဖျောင်းဖျခေါ်သော် လည်းမရ။ ဗြိတိသျှပြတိုက် အီဂျစ်ပြခန်း အောက်ထပ်မှ အပေါ်ထပ်ရှိ အီဂျစ်ယဉ် ကျေးမှုရှေးဟောင်းပစ္စည်းများပြသခန်း သို့ရောက်ခဲ့သောအခါ ဒေါ်ရော်သီ အယ်ဒီမှာ ပို၍ပျော်ရွှင်လာသည်။ သူ့ မိခင်နှင့်အဒေါ်တို့ လက်တွဲခေါ်သည်ကို ပင်မရတော့။

အီဂျစ်မမ်မီရုပ်အလောင်းများပြသ ထားသည့် မှန်သေတ္တာကြီးများအခန်းမှ ခေါ်မရတော့။ ပြခန်းအစောင့်များအဖို့ အံ့ဖွယ်သရဲဖြစ်ရတော့သည်။ သူတို့အဖို့ ဤမမ်မီရုပ်အလောင်းကြီးများနှင့် ခေါင်း တလားကြီးများအား သာမန်ကလေး ငယ်များသည် ထိတ်လန့်ကြောက်ရွံ့ကြ လေ့ရှိသည်ကို တွေ့ပူကြ၏။ သို့သော် ဒေါ်ရော်သီအယ်ဒီကမူ မမ်မီရုပ်အလောင်း များတည်ထားသောမှန်သေတ္တာကြီးများ ကို ဖက်ထားသည်။

မိခင်နှင့် အဒေါ်ဖြစ်သူတို့ကမူ အခြားပြခန်းများအား သွားရောက်ကြည့် ရှုရန် ဒေါ်ရော်သီအယ်ဒီအား ချော့မော့ ခေါ်ကြ၏။ ဒေါ်ရော်သီကမူ ဤအီဂျစ် ပြခန်းမှလွဲ၍ အခြားပြခန်းများကို မကြည့်လိုဟု ဇွတ်ငြင်းဆန်တော့သဖြင့် ဒေါ်ရော်သီအယ်ဒီအား ကလေးထိန်း အမျိုးသမီးနှင့်အတူ အီဂျစ်ပြခန်းအတွင်း ခေတ္တထားခဲ့သည်။ ပြခန်းစောင့်များအား လည်း သမီးငယ်အား စောင့်ကြည့်ရန် တောင်းပန်ခဲ့ကြသည်။ သမီးငယ်ဒေါ် ရော်သီအယ်ဒီကမူ ပြခန်းအတွင်းပြသ ထားသော အီဂျစ်မမ်မီရုပ်အလောင်းများ ဗြိတိသျှသမိုင်းသုတေသနဌာနမှ မိတ္တူ ကူးယူထားသော ပိရမစ်များနံရံတွင်ရေး ဆွဲထားသော ပန်းချီကားများ၊ ကျူရိုးပုရ ပိုက်များ၊ ခေါင်းတလားများတွင်ရေးထိုး ထားသည့် အီဂျစ်ရှေးဟောင်းစာများကို သေသေချာချာ စူးစိုက်ကြည့်ရှုပြီး အခန်း စောင့်များနှင့် ပြခန်းတာဝန်ခံများအား ထိုပန်းချီကားများ၊ ထွင်းစာမိတ္တူများပါ အီဂျစ်အမျိုးသား၊ အမျိုးသမီးရုပ်တုများ ကိုလက်ညှိုးထိုး၍ 'သမီး၏အမျိုးအနွယ် များဖြစ်သည်' ဟု ထုတ်ဖော်ပြောဆိုခဲ့ သဖြင့် ကလေးငယ်အား စောင့်ကြည့်သူ များမှာ အံ့အားသင့်သွားခဲ့ကြသည်။

ဒေါ်ရော်သီအယ်ဒီသေသေချာ... စူးစိုက်ပြီး ဝမ်းနည်းကြေကွဲသည့် ... အယောင်များယှက်နေသောမျက်... ကြည့်ရှုနေသော အီဂျစ်နံရံဆေးရေး... ကားမှာ အီဂျစ်ရှေးဟောင်းလူမျိုး... ကိုးကွယ်သော အိုဆီးရစ်နတ်ဘုရား... ကြင်ရာတော် မယ်တော်အိုက်စစ်... တော်ကြီးတို့ ပုံတူရေးဆွဲထား... ဆေးရောင်စုံပန်းချီကားဖြစ်သည်။ ... ပန်းချီကားတွင် အိုဆီရစ်နတ်ဘုရား... တစ်ကိုယ်လုံးမှာ မမ်မီရုပ်အလောင်း... လော့င်းကဲ့သို့ အဝတ်စများဖြင့် ရစ်... စည်းနှောင်ထား၏။ သူ့လက်တွင် အ... လူမျိုး သိုးကျောင်းသားတို့ကိုင်စွဲ... နှင့်တံကိုကိုင်စွဲထားပြီး အီဂျစ်ဖေ... များဆင်ရင်လေ့ရှိသော မုတ်ဆိတ်... အတုကို တပ်ထားသည်။ အီဂျစ်လူ... တို့ကမူ အိုဆီရစ်နတ်ဘုရားအား ယ... ဟု ယုံကြည်ထားကြသည်။

အီဂျစ်လူမျိုးတို့၏အစဉ်အလာ... ကြည်ချက်အရ လွန်ခဲ့သော နှစ်ပေါ... ထောင်သောင်းခန့်က အီဂျစ်နိုင်ငံ... အီဂျစ်မြေနိမ့်နိုင်ငံနှင့် အီဂျစ်အ... နိုင်ငံဟူ၍ နိုင်ငံနှစ်နိုင်ငံရှိခဲ့သည်။ အ... အထက်ပိုင်နိုင်ငံတွင် ကြာပင်များ... ၍ အီဂျစ်မြေနိမ့်နိုင်ငံ သို့မဟုတ် နိ... ကျွန်းပေါ်နိုင်ငံတွင်မူ ပပိုင်းရုပ်(စ)... ကျူပင်များအလေ့ကျပေါက်လေ့ရှိသ... ယမမင်းအိုဆီရစ်မှာ အီဂျစ်မြေနိမ့်... အားအစိုးရသောမင်းဖြစ်၏။ အိုဆီ... ညီတော်သူ ဆက်မှာ အိုဆီရစ်ထံမှ... ကို သိမ်းပိုက်နိုင်ရန် မျှော်လင့်ထား... ဖြစ်သည်။ အိုဆီရစ်၏ ညီတော် ဆ... မှာ အိုဆီရစ်အား ထာဝစဉ်လုပ်ကြံ... ဖြတ်ရန် အကောက်ကြံခဲ့သည်။ တစ်... တွင် ဆက်သည် နောင်တော် အိုဆီ... အား ထမင်းစားပွဲသို့ တက်ရောက်... ဖိတ်ကြားခဲ့သည်။ ခမ်းခမ်းနားနားပြ... သည့် ထမင်းစားပွဲသို့ ဆက်မင်း... သည် အီဂျစ်နိုင်ငံမှတော်ဝင်မိသားစု... အားလုံးအား ဖိတ်ကြားခဲ့သည်။

ထိုအခမ်းအနားတွင် ဆက်မ... သားသည် လှပဆန်းပြားစွာပြုလုပ်... သည့် လူတစ်ကိုယ်ဝင်အိပ်စက်နိုင်... သေတ္တာကြီးအား ပြသထားပြီး ထမ... စားပွဲသို့ တက်ရောက်လာသူများအ... မည်သူသည် ဤဆန်းကြယ်သော... သေတ္တာကြီးနှင့် ထိုက်တန်သည်... ရန် တစ်ယောက်ချင်း သေတ္တာ... အတွင်း အိပ်စက်လဲလျောင်းပြ... သည်။ အိုဆစ်ရစ်မင်း ဤသေတ္တာ...

www.burmeseclassic.com

အတွင်း ဝင်ရောက်အိပ်စက်ဟန်ပြုသည်နှင့် ညီတော် ဆက်မင်းသားသည် သေတ္တာကြီး၏အဖုံးကို ရုတ်တရက်ပိတ်ခဲ့ပြီး ထိုသေတ္တာကြီးကို အလျင်အမြန်သယ်ဆောင်၍ နိုင်းမြစ်အတွင်း မျှောချခဲ့တော့သည်။

အိုဆီရစ်၏ကြင်ရာတော်အိုက်စစ်သည် သူ့မောင်တော်၏ ရုပ်ကလာပ်ပါသွားသောသေတ္တာကြီးကိုမြေလှန်ရှာဖွေခဲ့ရာ မြေထဲပင်လယ်ကမ်းခြေရှိ မြို့တော်ကြီးတစ်မြို့၏ကမ်းလွန်တွင် မျှောပါနေသော အိုဆီရစ်ရုပ်အလောင်းပါသည့်သေတ္တာကြီးကို တွေ့ရတော့သည်။

ဤတွင် အိုက်စစ်သည် အိုဆီရစ်ရုပ်အလောင်းအား အီဂျစ်နိုင်ငံသို့ သယ်ယူလာခဲ့၏။ သို့သော် အိုဆီရစ်၏ ညီတော်ဆက်သည် အိုဆီရစ်၏ ရုပ်အလောင်းအားခိုးယူခဲ့ပြီး တစ်ဆယ့်လေးပိုင်းပိုင်း၍ အီဂျစ်နိုင်ငံတစ်နံတစ်လျားစွန့်ပစ်ခဲ့တော့သည်။ ဤတွင် အိုက်စစ်မင်းသမီးသည် ညီမတော်အကူအညီနှင့် အိုဆီရစ်ခန္ဓာကိုယ်အပိုင်းအစ တစ်ဆယ့်လေးပိုင်းကို ရှာဖွေခဲ့သည်။ အိုက်စစ်မင်းသမီးသည် မောင်တော်၏အလောင်းအား သဂြိုဟ်နိုင်ခဲ့သည်။

ဤတွင်မှစ၍ အိုဆီရစ်၏တစ်ဆယ့်လေးပိုင်းခွဲဖြတ်ခံရသောခန္ဓာကိုယ်သည် မူလခန္ဓာကိုယ်အဖြစ်ရောက်ခဲ့ရပြီး ဘဝကူးသူအပေါင်းအားစစ်ဆေးရသည့် ယမမင်း အို့မဟုတ် မရဏနတ်ဘုရားအဖြစ် ရောက်ခဲ့ရသည်။ အီဂျစ်ဖေရိုဘုရင်များကွယ်လွန်ရသည်နှင့် အိုဆီရစ်နတ်ဘုရား၏ဘုံသို့ ရောက်ကြရသည်။ အိုဆီရစ်နတ်ဘုရား၏ ကြင်ရာတော်အိုက်စစ်နှင့်ညီမတော်တို့မှာလည်း ကွယ်လွန်သူတို့အား ဘဝကူးသည်နှင့် ထိုက်တန်သော အကူအညီပေးသည်။ အိုဆီရစ်၊ အိုက်စစ်နှင့် ညီမတော်တို့၏ပုံများကို အီဂျစ်ပိရမစ်များ၊ သင်္ချိုင်းဂူနံရံများနှင့် ခေါင်းတလားများတွင် ပန်းချီရေးဆွဲထားလေ့ရှိ၏။ ကျူရိုးပုရပိုက်များတွင်လည်း ဆေးရောင်စုံဖြစ် ရေးသားလေ့ရှိသည်။

ဤပန်းချီပုံများကိုမြင်ရသော ဒေါ်ရော်သီအယ်ဒီသည် ပူဆွေးသောကခံစားလာရတော့သည်။ သူ့မိခင်နှင့်အဒေါ်တို့အားလည်း သူ့ဇာတိမြို့တောင်းသို့ပြန်ပို့ပေးရန်ပြောပြပြီး ထိုအီဂျစ်ပြခန်းမှ အိမ်သို့ပြန်မလိုက်လိုဟုဆိုသဖြင့် နည်းသမ်းအမျိုးမျိုးဖြင့် ချော့မော့ခေါ်ယူလာခဲ့ရသည်။

ဤထူးခြားဖြစ်စဉ်ဖြစ်ပြီးနောက် မစ္စတာရှုဗင်အယ်ဒီသည် သူ့အပ်ချုပ်ဆိုင်ကြီးမှအပြန်တွင် စာအုပ်ဆိုင်ကြီးတစ်ဆိုင်ရှေ့ ကြော်ငြာပြခန်းတွင် ကလေးငယ်များအတွက် အထူးအစီအစဉ်ဖြင့် ရေးသား ပြုစုထားသော ကလေးစွယ်စုံကျမ်းကြော်ငြာကို တွေ့ရှိခဲ့ရ၏။ ထိုစွယ်စုံကျမ်းမှာ ကလေးငယ်များ စိတ်ဝင်စားဖွယ်ကောင်းအောင် ဆေးရောင်စုံဖြင့်ဖော်ပြထားသော ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ဝေဝေဆာဆာရေးသားပြုစုထားပြီး ယင်းစာအုပ်တွင်ပါဝင်သော အီဂျစ်ရှေးဟောင်းသမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအကြောင်း ရေးသားဖော်ပြထားသည့်အခန်းမှာ အတော်အသင့်ပြည့်စုံသည်ကို တွေ့ရ၏။ ထိုကလေးစွယ်စုံကျမ်းအား ချက်ချင်းဝယ်ယူခဲ့ပြီး သူ့အချစ်တော် သမီးငယ် ဒေါ်ရော်သီအယ်ဒီအား လက်ဆောင်အဖြစ်ပေးခဲ့သည်။

ဒေါ်ရော်သီမှာ ထိုကလေးစွယ်စုံကျမ်းသူ့လက်သို့ရောက်သည်နှင့် အီဂျစ်ရှေးဟောင်းသမိုင်းနှင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအကြောင်း ရေးသားဖော်ပြထားသည့်အခန်းမှ နိုင်းမြစ်၏ဓာတ်ပုံများ၊ နိုင်းမြစ်ကမ်းရှိ အဘိုက်ဒိုး၊ လူဆာကာနက် စသော မြို့တော်ဟောင်းကြီးများမှ နတ်ဘုရားကျောင်းများ၏ ဓာတ်ပုံများ၊ ပိရမစ်ကြီးများ၏ပုံများ၊ အီဂျစ်လူမျိုးတို့၏ပုံများကိုတွေ့ရသည်နှင့် သူ့ရပ်ရွာဖြစ်သည်ဟု ပြောတော့၏။ အီဂျစ်တောင်သူလယ်သမားများ စိုက်ခင်းပျိုးခင်းများဝင်ရောက်သည့် ပန်းချီပုံအားကြည့်ပြီး ထိုလူများသည် သူ့လူမျိုးများဖြစ်သည်ဟုဆိုသည်။

ဒေါ်ရော်သီသည် ယင်းစာအုပ်ကိုလက်ဝယ်ရသည့်နေ့မှစ၍ ထိုစာအုပ်ကိုလက်မှမချတော့။ အိပ်သည့်အချိန်မှာပင် ထိုစာအုပ်ကို သူ့အနားတွင်ထားအိပ်တော့သည်။ ထိုစာအုပ်ပါ အီဂျစ်နိုင်ငံအကြောင်း၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအကြောင်း၊ မမီရုပ်အလောင်းများအကြောင်းကို သူ့မိခင်အားဖတ်ခိုင်း၍ နားထောင်သည်။ သူတို့အိမ်သို့ အလည်ရောက်လာကြသည့် ဆွေမျိုးသားချင်းများ သူ့ဖခင်နှင့်မိခင်တို့ထံလာရောက်သည့်မိတ်ဆွေအပေါင်းအသင်းများအားလည်း သူ့စွယ်စုံကျမ်းစာအုပ်ပါ အီဂျစ်နိုင်ငံသမိုင်းနှင့်ရှေးဟောင်းယဉ်ကျေးမှုအကြောင်းကိုဖတ်ခိုင်း၍ နားထောင်သည်။ အချို့အချက်အလက်များကိုလည်း ဒေါ်ရော်သီက ရှင်းပြလေ့ရှိကာ လာရောက်သည့် ဧည့်သည်အများမှာ တအံ့တသြဖြစ်ကြရသည်။

ဒေါ်ရော်သီအယ်ဒီသည် မိခင်ဖြစ်သူအား ဤစွယ်စုံကျမ်းကိုဖတ်ရှုလိုသဖြင့် စာသင်ပေးရန် ပူဆာတော့သည်။ မစ္စက်ရှုဗင်းအယ်ဒီသည် အချစ်တော်သမီးကလေးကို သူကိုယ်တိုင် အင်္ဂလိပ်စာသင်ပေးခဲ့သည်သာမက ပြင်ပမှအငှားစာသင်ပြသူ ဆရာမတစ်ဦးအားလည်း ငှားရမ်း၍သင်ကြားပေးခဲ့သည်။ ဆရာမနှင့်ဒေါ်ရော်သီ၏မိခင်ဖြစ်သူတို့မှာ ဒေါ်ရော်သီအယ်ဒီ၏ဉာဏ်ထက်မှုကို အံ့အားသင့်ခဲ့ကြရသည်။ လပိုင်းအတွင်း ဒေါ်ရော်သီအယ်ဒီမှာ စာဖတ်၊ စာရေးနိုင်သောအခြေအနေရောက်ရှိလာ၏။ ဒေါ်ရော်သီစာဖတ်စာရေးအလျင်အမြန်တတ်မြောက်လာမှုအကြောင်းကို ကြားရမြင်ရသူများအဖို့ အံ့ဖွယ်သရဲဖြစ်စဉ်ဖြစ်ခဲ့သည်။ မစ္စတာရှုဗင်အယ်ဒီ၏မိတ်ဆွေအပေါင်းအသင်းများကလည်း အင်္ဂလိပ်စာအရေးအဖတ်ကို လပိုင်းအတွင်း ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သော ဒေါ်ရော်သီအယ်ဒီ၏ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကိုနားမလည်နိုင်ကြတော့၏။

ဒေါ်ရော်သီအယ်ဒီသည် ကလေးစွယ်စုံကျမ်းတွင်ဖော်ပြထားသော အီဂျစ်နိုင်ငံသမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုသမိုင်းကိုသာမက သူ့ဖခင်၏ ဗြိတိသျှဘရိတ်တင်နီကာစွယ်စုံကျမ်းလာ အီဂျစ်နိုင်ငံသမိုင်းနှင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအကြောင်း ရေးသားဖော်ပြချက်များ၊ အီဂျစ်နိုင်ငံ ပထဝီဝင်ဘာသာ၊ အီဂျစ်ရှေးဟောင်းဒဏ္ဍာရီပုံပြင်များ အစရှိသော စာအုပ်များကို မနေမနား ထမင်းမှန်း ဟင်းမှန်းမသိ ဖတ်ရှုခဲ့သည်။ အထူးသဖြင့် နိုင်းမြစ်ကြီးအကြောင်း ရေးသားဖော်ပြသည့် အကြောင်းအရာများကိုမူ ဖန်တစ်ရာတေအောင်ဖတ်ခဲ့ရကား အရွယ်နှင့်မလိုက်အောင် အီဂျစ်နိုင်ငံသမိုင်းနှင့် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုကို သိရှိနားလည်ထားသော ကလေးငယ်တစ်ဦးဖြစ်လာခဲ့သည်။

(၃)

၁၉၁၁ ခုနှစ် ဆောင်းရာသီ။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၏ဆောင်းရာသီသည် စိတ်ဖျက်ပြီးငွေ့စရာကောင်းသည်။ အရိုးခိုက်အောင် ချမ်းအေးသောလေက နံနက်လင်းသည်

www.burmeseclassic.com

နှင့် တသုန်သုန်တိုက်ခတ်လေ့ရှိသည်။ တစ်ခါတစ်ရံ ပိန်းပိတ်အောင်မှိုင်းမှုန်နေသော မြူနှင်းကမ္ဗလာကြီးသည် လန်ဒန်မြို့တော်တစ်ခွင် လွှမ်းခြုံလေ့ရှိသည်။ သို့သော် လန်ဒန်မြို့တော်သူမြို့တော်သားများသည် ဤကဲ့သို့ စိတ်ပျက်ငြီးငွေ့စရာ ရာသီဥတုကို ထိမထင်သွားမြလာမြ အလုပ်ဆင်းစမြဲဖြစ်သည်။ နံနက်လင်းသည်နှင့် သတင်းစာလက်ပွေ့ရောင်းချသူများ၏အသံ၊ ပန်းသည်များ၏အသံ၊ နွားနို့ပို့သမားများအသံသည် အရုဏ်ဦး၏ မှိုင်းပျပျပန်းနုရောင်ရောင်ခြည်နှင့် အတူပေါ်လာလေ့ရှိသည်။

လန်ဒန်မြို့တော် ဘလက်ဟိမြို့နယ်ဆင်ခြေဖုံးရှိ မစ္စတာရှုပင်၏စံအိမ်တော်ကြီးမှာမူ ပန်းနုရောင်မြူနှင်းကမ္ဗလာကြီး ရစ်သိုင်းလွှမ်းခြုံထားသဖြင့် အလှတစ်မျိုးဆင်လျက်ရှိနေသည်။ အိမ်သူအိမ်သားအားလုံးကမူ ဂွမ်းစောင်များအထပ်ထပ်ခြုံ၍ကွေးနေကြသဖြင့် အိမ်ကြီးတစ်အိမ်လုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။အိမ်ကြီး၏တံစက်မြိတ်၌အသိုက်အအုံဖွဲ့နေကြသောစာကလေးငှက်များ၏အသံကိုလည်း မကြားရပေ။ အိမ်ကြီး၏ပရဝုဏ်အတွင်း နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့နေထိုင်ခဲ့ကြသော ကျီးငှက်များအသံကိုပင်မကြားရ။ တစ်ခါတစ်ရံ အိမ်ကြီးအောက်ထပ် မီးဖိုခန်းမှ နံနက်စာပြင်ဆင်နေကြသည့်အိမ်စေများ၏အသံသာ ပျံ့လွင့်လာသည်။

အသက်ခုနစ်နှစ်အရွယ် ဒေါ်ရော်သီအယ်ဒီသည် အိပ်ရာမှ စောစောစီးစီး နိုးလာ၏။ ကိုယ်လက်သန့်စင်ခြင်းမပြုရမီမှာပင် သူ့အိပ်ရာဘေးတွင် ယမန်နေ့ညဦးပိုင်းက သူဖတ်ခဲ့သော ပြင်သစ်ဗိုလ်ချုပ်ကြီး နပိုလီယန် အင်္ဂလိပ်ပြည်သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်သည့်အခန်းကို ဆက်လက်ဖတ်ရှုခဲ့သည်။ စွယ်စုံကျမ်းတွင် အသေးစိတ်ဖော်ပြထားသော ဤအခန်းကို ဒေါ်ရော်သီအယ်ဒီသည် ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ပြီးဖြစ်သော်လည်း မငြီးငွေ့။

ပြင်သစ်တော်လှန်ရေးကြီးအတွင်း ဟိုးဟိုးကျော်ခဲ့သော ဗိုလ်ချုပ်ကြီးနပိုလီယန်သည် ပြင်သစ်နိုင်ငံ၏အနီးကပ်ဆုံးရန်သူဖြစ်သော ဩစတြေးလျနိုင်ငံအား သိမ်းပိုက်နိုင်ခဲ့ပြီးသည့်နောက် သူတိုက်ခိုက်ရန်နိုင်ငံမှာ အင်္ဂလန်နိုင်ငံတစ်နိုင်ငံသာကျန်တော့သည်။ အင်္ဂလန်နိုင်ငံအား တိုက်ခိုက်သိမ်းပိုက်နိုင်ရေးမှာ အင်္ဂလိပ်နိုင်ငံကို သိမ်းပိုက်နိုင်ရမည် ဖြစ်သည်။

သို့မှသာ မြေထဲပင်လယ်သည် ပြင်သစ်နိုင်ငံတော်၏ လွှမ်းမိုးနိုင်သောအခြေအနေရောက်ရှိလာပြီး အာဖရိကမြောက်ပိုင်းရှိ ပြည်နယ်အများအပြားသည် ပြင်သစ်နိုင်ငံတော်နှင့် လွတ်လပ်စွာကုန်သွယ်နိုင်ကြမည်ဖြစ်သည့်အပြင် ဗြိတိသျှတို့အား သူတို့ခြေကုပ်ယူထားသော အိန္ဒိယတိုက်ငယ်နှင့်အဆက်ဖြတ်နိုင်ပေလိမ့်မည်ဟု နပိုလီယန်ကယုံကြည်ထားခဲ့သည်။

နပိုလီယန်သည် ကျောင်းသားဘဝကပင် မဟာအလက်ဇန်ဒါးဘုရင်ကြီးသည် သူ၏အောင်မြင်ကျော်ကြားသော ဂရိတပ်မတော်ကြီးကို ရေတပ်အကူအညီနှင့် အီဂျစ်နိုင်ငံသို့ ချီတက်စေပြီး သိမ်းပိုက်ခဲ့ခြင်းဖြင့် အီဂျစ်နိုင်ငံအား ဗဟိုပြုကာ ကမ္ဘာ့ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးဝမ်းခဲ့ပုံများကို လေ့လာခဲ့ဖူးသည်။ ဤသို့ဖြင့် နပိုလီယန်သည် အီဂျစ်ပြည်သို့ ချီတက်တိုက်ခိုက်ရန်ပြင်ဆင်ခဲ့တော့၏။

ခရစ်နှစ် ၁၇၉၈ ခု၏ ခြေခင်းလက်ခင်းသာယာသော နွေဦးပိုင်းတွင် ပြင်သစ်ဗိုလ်ချုပ်နပိုလီယန်သည် ပြင်သစ်ရေတပ်မတော်မှ သင်္ဘောအစင်း(၃၂၈)စင်းတွင် သူ၏တိုက်တိုက်အောင်တပ်မတော်သားများလိုက်ပါစေလျက် အရှေ့နိုင်ငံများ၏တံခါးဝဟု လူအများကင်ပွန်းတပ်ထားသော အီဂျစ်နိုင်ငံသို့ချီတက်ခဲ့သည်။ ယင်းသို့ချီတက်ရာတွင် စစ်အသုံးအဆောင်များနှင့် စစ်သည်ရဲမက်များသာမက အမြောက်ကြီး (၁၈၀၀) နှင့်အတူ ပြင်သစ်နိုင်ငံတော်မှ ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သောအသိပညာရှင်၊ အတတ်ပညာရှင် (၁၇၀) ဦးတို့အား လိုက်ပါစေခဲ့သည်။

ပညာရှင်အများမှာ သမိုင်းသုတေသီများ၊ နက္ခတ်ပညာရှင်များ၊ပထဝီဗေဒပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ သတ္တဗေဒပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များ၊ပန်းချီပညာရှင်များ၊ ဒဿနဗေဒပညာရှင်များ၊ စာရေးဆရာ၊ ကဗျာဆရာ အကျော်အမော်များ ပါဝင်ခဲ့သည်။

ထိုစဉ်ကာလက မြေထဲပင်လယ်တစ်နံ့တစ်လျားတွင် အစဉ်အလာကြီးမားသော ဗြိတိသျှဘုရင့်ရေတပ်မတော်မှာ ကြီးစိုးလျက်ရှိသည်။ သို့သော် နပိုလီယန်၏ အီဂျစ်နိုင်ငံသို့ချီတက်သည့် တပ်မဟာကြီးအားတင်ဆောင်လာသည့် ပြင်သစ်ရေတပ်မတော်သည် ပါးပါးနပ်နပ်ရှောင်တိမ်း၍ အီဂျစ်နိုင်ငံအရောက်

ချီတက်နိုင်ခဲ့၏။ မှတ်တမ်းအရ ၁၇၉... ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနပိုလီယန်၏ အီဂျစ်ချီတပ်... သည် ပြင်သစ်နိုင်ငံမှ ထွက်ခွာ... သည်။ ဤသို့ဖြင့် ပြင်သစ်ရေကြောင်း... တပ်သည် မြေထဲပင်လယ်အား (...) ရက်တိုင်တိုင် ဘေးအန္တရာယ်ကင်း... ဖြင့်ချီတက်လာခဲ့ရာ မော်လတာကျွန်း... ရောက်ခဲ့၏။မော်လတာကျွန်းအာ... ပိုင်အဖွဲ့က အခုအခံမရှိလက်နက်ချ... သဖြင့် ပြင်သစ်နိုင်ငံတော်၏အ... မော်လတာကျွန်းတွင် လွင့်ထူခဲ့၏။

ဗြိတိသျှရေတပ်မတော်နှင့်အ... တွေ့လျှင်တိုက်ခိုက်ရန် အသင့်ပြင်... ခဲ့သော ပြင်သစ်တပ်မတော်ကြီး... ဗြိတိသျှရေတပ်နှင့်မတွေ့ရဘဲ အီ... နိုင်ငံ အလက်စန္ဒာရီယားမြို့သို့ ရောက်... ခဲ့တော့၏။ ယင်းမြို့အနီးမှခုခံကြ... တူရကီတပ်များသည် လက်နက်... ကာ အလွယ်တကူပင် ထိုမြို့အား... ပိုက်၍ ကိုင်ရိုမြို့တော်သို့ ချီတက်သွား... ၁၇၉၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့... ကိုင်ရိုမြို့အနီးတွင် တူရကီတပ်မ... တိုက်ပွဲဖြစ်ပွားခဲ့၏။ တူရကီတ... လက်နက်ချခဲ့ကြ၏။ ဤတွင် နပိုလီယ... သည် ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်... သော အမိန့်ပြန်တမ်းကိုထုတ်ခဲ့သ...

ထိုပြန်တမ်းတွင် -

"အီဂျစ်ပြည်သူအပေါင်းတို့... များက သင်တို့တိုင်းပြည်အား ... ချီတက်လာခြင်းသည် သင့်တို့တိုး... သည့်ဘာသာကို ဖျက်ဆီးပစ်ရန်လာ... ဖြစ်သည်ဟု မဟုတ်မမှန်လုပ်ကြံ... ကြသည်။ ဤသည်ကား ကောလာ... တို့ဖြစ်သည်။ မယုံကြည်ကြနှင့်။ ... တို့ ချီတက်လာရခြင်းသည် သ... တိုင်းပြည်အား မတရားအုပ်ချု... သောတူရကီများကိုမောင်းထုတ်... သည်"

ဟု ဆိုသည်။

နပိုလီယန်၏ ဤပြန်တမ်း... အီဂျစ်နိုင်ငံသိမ်းယူရေးတွင် အ... အရေးပါအရာရောက်လေသည်။ အီ... လူမျိုးတို့သည် တူရကီတို့အား တို... ရန် ပြင်သစ်တို့အား အကူအညီ... သည်။ သို့ဖြစ်၍ အီဂျစ်နိုင်ငံ တို... တော်ကိုလည်း အလွယ်တကူနှင့်... မြင်ခဲ့သည်။ အီဂျစ်လူမျိုးတို့အား န... ယန်သည် သူတို့စိတ်ကြိုက် အုပ်ချု... စနစ်ဖြင့် အုပ်ချုပ်ခွင့်ပြုခဲ့၏။

လှမိုး(ပညာ...)




www.burmeseclassic.com

www.burmeseclassic.com

# ဝက်ငယ်လေးများ သန်ကောင်ကင်းစင်စေရန်

**နေပြည်တော်ကျော်ကျော်စိုး**



အိမ်မွေးတိရစ္ဆာန်တွေဆိုတာ အစုံရှိပါတယ်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်၊ ကြက် စသည်ဖြင့်ပေါ့လေ။ တစ်နိုင်တစ်ပိုင်မွေးတာရှိတယ်။ စီးပွားဖြစ်မွေးတာရှိတယ်။ စီးပွားဖြစ်မွေးတာကျတော့ စနစ်တကျသိပ္ပံနည်းကျ ပြုစုစောင့်ရှောက်ရပါတယ်။ တစ်နိုင်တစ်ပိုင်အိမ်စီးပွားကိုအနည်းအကျဉ်းအထောက်အကူပြုအောင်မွေးတာကျတော့ ဝီရိယစိုက်ထုတ်စရာအလွန်ကြီးမလိုအပ်လှပါဘူး။

စီးပွားဖြစ်မွေးတာကျတော့ အကြီးအကျယ်လုပ်ကိုင်ကြရတဲ့အခါ အရင်းအနှီးကလည်း အလွန်ကြီးပါတယ်။ ဝက်နာ၊ ကြက်နာ၊ ဘဲနာမကျရအောင် သန့်ရှင်းရေးလုပ်ခြင်း၊ ဆေးထိုး ဆေးကျွေးခြင်း၊ အပူအအေးမျှတအောင် စီမံခြင်း၊ အစာကိုမှန်မှန်ကျွေးခြင်း စသည်ဖြင့် အစဉ်လုပ်ဆောင်နေကြရတာပါ။ သတ်မှတ်ရက်မှာ သူ့ရဲ့အလေးစံချိန်မီပါမှ အထွက်နှုန်းကောင်းပြီး အမြတ်အစွန်းရမှာပါ။

အိမ်မွေးတစ်နိုင်တစ်ပိုင် ကြက်၊ ဝက်၊ ဘဲတွေကျတော့ အဲဒီလိုကြီးလုပ်မနေဘဲ ဒီအတိုင်းပဲလွှတ်ထားလိုက်ကြတာပါ။ အစာကျွေးချိန်မှာ အစာမှန်မှန်ကျွေးပေးနေရင်ပြီးတာပါပဲ။

ဆိုလိုတာက အိမ်မွေးဝက်ပါ။ တောရွာတွေအများအပြားမှာ အိမ်ရဲ့ ဝက်ရှိနေတော့ စားကြွင်းစားကျန်ပြဿနာအဆင်ပြေပါတယ်။ ဝက်ဆိုတာ အစားမရွေးဘဲ အကုန်စားတော့ကာ စားကြွင်းစားကျန်တွေ၊ ဟင်းသီးဟင်းရွက်ရဲ့ နှာစာတွေ၊ သားငါးတွေရဲ့အရိုးအရင်းတွေ သီးခြားစွန့်ပစ်စရာမလိုဘဲ အကုန်ကျွေးလို့ရတယ်။ အဆိုရှိတယ်မဟုတ်လား။ ဝက်ဖြစ်မှတော့ မစင်စားရမှာမကြောက်နဲ့ဆိုတဲ့ စကားလေ။ ဝက်က အဲဒီအထိကို အစားပက်စက်တဲ့အကောင်မျိုးပါ။ သူက အစုံစားသတ္တဝါပါ။ အပင်တွေ၊ အရွက်တွေ၊ အသီးတွေလည်းစားတယ်။ သားငါးတွေလည်းစားတယ်။ အကောင်ပလောင်တွေကိုလည်းဖမ်းစားတတ်တယ်။ မြွေဆိုရင် မြွေပွေး၊ မြွေဟောက်ကအစ ဘာမြွေဖြစ်ဖြစ် အကုန်ဖမ်းစားလေ့ရှိတယ်။ မြွေကို အလွန်ကြိုက်တာပါ။ မြွေက သူ့ကို ဘယ်လိုပေါက်ပေါက် အဆီပြင်ကြီးခံထားတော့ကာ အဆိပ်မတိုးဘူးလေ။ ဒါက သဘာဝကပေးထားတဲ့ သူ့ရဲ့အားသာချက်ဆိုပါတော့။ အိမ်မွေးဝက် အိမ်ဝိုင်းထဲ လွှတ်ထားလို့ကတော့ မြွေဆိုးရန်ကြောက်စရာတယ်မရှိပါဘူး။ မြွေပေါတဲ့အရပ်မှာ မွေးသင့်ပါတယ်။


အဲဒီလို အိမ်မွေးဝက်တွေမှာ ဝက်မကြီးတွေသားပေါက်လေ့ရှိပါတယ်။ ဝက်မကြီးက သားပေါက်လေးတွေကို နို့ခွဲပြီဆိုတာနဲ့ အဲဒီသားပေါက်လေးတွေ ရောင်းစားလေ့ရှိကြတယ်။ အချို့ကျတော့လည်း အိမ်မှာမွေးထားပြီး ကြီးမှ ဈေးကောင်းကောင်းနဲ့ ရောင်းလေ့ရှိကြတယ်။

အချို့အိမ်တွေမှာ အချိန်မှန်မှန်အစာကျွေးတာကလွဲရင် အများအားဖြင့် လွှတ်ထားလိုက်ကြတာများတယ်။ နို့ခွဲစဝက်သားပေါက်ကလေးမှာကျတတ်တဲ့ရောဂါရှိတယ်။ အဲဒါက သန်ကောင်ပိုးကျတာပါပဲ။ သန်ကျပြီဆိုလို့ကတော့ အဲဒီဝက်ဟာ ဘယ်လောက်ကျွေးကျွေး တပိန်ပိန်တလိမ်လိမ်နဲ့ အထော်နဲ့မကြီးထွားနိုင်ဘဲလှီနေလေ့ရှိတယ်။ ဝက်တွေကြီးထွားမလာဘဲ လှီနေပြီဆိုရင် အဲဒါ သန်ကျနေပါပြီ။ ဒါဆိုရင် ဝက်မွေးသူတယ်ပြီးအဆင်မပြေလှပါဘူး။ နို့ခွဲစဝက်ငယ်လေးတွေ ရောင်းစားလိုက စားပါ။ ရောင်းမစားဘူးဆိုရင်တော့ ဝက်လေးတွေ သန်ကောင်မကျအောင်၊ အချိန်မီရောဂါစင်စင်နဲ့ ကြီးထွားလာအောင် အစာကျွေးတဲ့နေရာမှာ ဘောစကိုင်းရွက်တွေထည့်ကျွေးရပါတယ်။ ဝက်တွေကလည်း ဘောစကိုင်းရွက်ကို ကြိုက်ကြပါတယ်။ သူ့အနံ့က ဆူးပုပ်လိုပုပ်အဲ့အဲ့အနံ့ရှိတော့ကာ ဝက်တွေကြိုက်ပါတယ်။

ဘောစကိုင်းကို အညာဒေသမှာ အဝေရာရွက်လို့ ခေါ်ကြပါတယ်။ အဝေရာဆိုတာ ရန်မရှိဘူးပေါ့ဗျာ။ ဟုတ်တယ် သူ့ကိုစားရင် ရန်မရှိပါဘူး။ သန်ကောင်၊တုတ်ကောင်ကျစေပါတယ်။ အဝေရာသီးနုနုကို ပြုတ်ပြီးသုပ်စားကြတယ်။ သူ့ကို အညာမှာ အဝေရာသီးသုပ်လို့ခေါ်တယ်။ ကလေးရော လူကြီးပါ စားသုံးသင့်တဲ့အစားအစာပါ။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုတာ ဒါမျိုးပါပဲ။

ဝက်တွေကို အစိမ်းအတိုင်း စားစေချင်ရင် အစာမကျွေးမီ အဝေရာရွက်တွေပါတဲ့ ကိုင်းဖျားတွေ သူတို့ဝက်အုပ်ထဲ ပစ်ချပေးလိုက်ပါ။ ဒါဆိုရင် ဆာနေတဲ့အတွက် အလုအယက်စားကြပါလိမ့်မယ်။ ဒီအရွက်စားတာနဲ့ သန်ကောင်ရှိရင် သန်ကောင်တွေကျပြီး ကြီးထွားမှုမြန်ဆန်စေမှာပါ။

ကျွန်တော်လည်း အဝေရွက်နုလေးတွေခူးပြီး ပြုတ်ကာ ငါးပိနဲ့တို့စားပါတယ်။ ဆူးပုပ်လိုပဲ အနံ့ပြင်းပြင်းတစ်မျိုးထွက်တာတွေ့ရပါတယ်။ လူကြီးလည်း သန်မရှိဘူးလို့ ပြောလို့မရဘူးလေ။ ဝက်ချည့်မဟုတ်ပါဘူး။ လူလည်းစားသင့်တဲ့အစားအစာမို့ စားကြပါလို့ တိုက်တွန်းလိုပါတယ်။



အင်ကြွင်းပန်းစာပေမှ
သူငယ်ချင်းဦးမွတ်တားသို့
ချမ်းမြေ့ကြပါစေ
နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်သုမနဝိစိတ္တ
## (B.Sc, H.G.P, Dip.Ed)
## သာတူညီမျှ ဝေငှလိုက်ပါသည်

သီတာ အိပ်ပျော်ရာမှ အသိဝင်လာ၏။ (၃) နာရီရှိပါပြီ။ အိပ်ရာထဲမှာပဲ တရားမှတ်ပါမည်။ ဤနှစ် ဆောင်းတွင်း အအေးဓာတ် အလွန်မတန်အေးသည်။ တပို့တွဲလဆန်း ၈ ရက် ဥပုသ်စောင့်စဉ် သီတာကို အဘွားကြိုင်သတိပေးခဲ့သည်။

"သီတာ (၃)နာရီ အိပ်ရာထဲမှာ နွေးနွေးထွေးထွေး တရားမှတ်။ (၅) နာရီမှ ဘုရားခန်းဝင်။ ဘုရားရှိခိုး အအေးဒဏ်ကိုအန်တုပြီး ဘုရားခန်းထဲက ဖယောင်းပုဆိုးပေါ် ထိုင်မနေနဲ့။ ရောဂါရတတ်တယ်။ လေဖြတ်တတ်တယ်"

သီတာကို ပြောခဲ့၏။ သီတာ့အတွက် အဘွားကြိုင်စိတ်ပူရှာ၏။ တစ်ဦးတည်းနေသူမို့ ရောဂါရ၊ ဒုက္ခဖြစ်မည်ကို ကြိုတင်တွေးပုံရသည်။ သူ့မေတ္တာကို သီတာ အလေးထားပါသည်။

အဘွားကြိုင်သည် ဘုရားဒါယကာ၊ ကျောင်းဒါယကာမျိုးရိုးကို ယနေ့အထိ ထိန်းသိမ်းနိုင်သည်။ ရွှေကိုရောင်းသည်။ ငွေကိုအကုန်လှူသည်။ အန်တီအပျိုကြီးက အိမ်စရိတ်ကိုရအောင် စီးပွားရှာ၏။ မြေ၊ အိမ်၊ ရွှေအပေါင်ခံပြီး ငွေချေးခြင်းလုပ်ငန်းပါ။ အဘွားကြိုင်၊ အန်တီအပျိုကြီး၊ မြေးမစန်း (၃) ဦးအတွက် လုံလောက်အောင်ရသည်။ အန်တီအပျိုကြီးကလည်း စေတီတည်၊ ကျောင်းဆောက်၊ အလှူများလုပ်သည်။တစ်ကိုယ်တော်အလှူပါ။

ဖွေးပေါ်ရွာတွင် အဘွားကြိုင်ရယာန်းခံထားပေးသောဘုန်းကြီးရှိသည်။ ကျောင်းထိုင်ဘုန်းကြီးပါ။ ဘုန်းကြီးကျောင်းမီးဖိုဆောင် အဘွားကြိုင်လှူခဲ့၏။ ယခုပြီးသွားပါပြီ။ ရေစက်ချပါတော့မည်။ တပို့တွဲလပြည့်နေ့ ရေစက်ချရင်း ဖွေးပေါ်စေတီ(ရွှေပောင်းစေတီ)တွင် ရေ (၁၀၀၀)၊ ပန်း (၁၀၀၀)၊ ... (၁၀၀၀)၊ သစ်သီး (၁၀၀၀) လှူ... သီတာတို့သွားရပါမည်။ အမျိုးရင်း... မို့မသွားလျှင်မရ။ အဘွားကြိုင်ဖိတ်... ထားသည်။

နံနက် (၇) နာရီ ခြံဝင်း... ခေါ်သံ။ အန်တီအပျိုကြီးနှင့်အကြ...

"သီတာ ဝင်းတံခါးမဖွင့်နဲ့... တို့ဈေးသွားမလို့။ မနက်ဖြန်ဘု... အရောက်လာပါတဲ့။ အမေကပြော... တာ"

ပြောပြောဆိုဆို ထွက်သွား... သီတာ ကြိုတင်ဝယ်ထားသော ပ... လိမ္မော်သီး၊ ဆားမုန့်ထုပ် (သက်... လွတ်)၊ ဖယောင်းထုပ် (၁၀) ... တောင်းကြီးထဲမှာထည့်၏။ အ... တက်ပြီး အဝတ်အစား၊ စောင်... ခင်းများကို အိတ်ထဲမှာထည့်၏။ ...

www.burmeseclassic.com



မြန်အတွက် အဆင်သင့်ပါ။

တပို့တွဲလဆန်း၁၄ရက်၊ (၃) နာရီ အိပ်ရာထ။ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်၊ အဝတ်အစားလဲ၊ ဘုရားရှိခိုး၊ အဆင်သင့်ပြင်ထားသော သစ်သီးများ ခွဲစိတ်၊ ဆွမ်းပန်းကန်များမှာထည့်၊ သစ်သီးဆွမ်းလှူ အပေါ်ထပ် သော့ခတ်။ (အောက်ထပ်ကတော့ မနေ့ညတည်းကခတ်ပြီးပြီ) လှေကားမှဆင်း၊ ဝင်းတစ်ခုတည်းမှာနေသော ဦးလေး၊ အဒေါ်အိမ်သို့ အသံပြု၏။ (အသက်ကြီးကြပြီဖြစ်၍ အလှူသို့မလိုက်နိုင်ကြောင်း အဘွားကြိုင်ကို တောင်းပန်ထားပြီးပြီဟု ဦးလေး၊ အဒေါ်များက ပြောပြထားပါသည်။ ကျန်းမာရေးမကောင်းကြ။ အဖေအဒက်မခံနိုင်ကြ) ဘေးတံခါးပွင့်လာ၏။ အိမ်အကူကောင်မလေးထွက်လာ၏။ အိမ်သော့တွဲကို သီတာပေး၏။ ဆွမ်းပွဲစွန့်ရန် မှာကြား၏။ ဆိုက်ကားဆရာက ဝင်းခြံရှေ့ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာပါပြီ။ အချိန်ကွက်တိရောက်လာ၏။ ကျေးဇူးပါ။ (၅) နာရီကွက်တိ။ ဘူတာရုံ ရောက်တော့ (၅း၁၅)။ အဘွားကြိုင်၊ မစန်းတို့ကရောက်နှင့်ပြီ။ ပစ္စည်းတွေက တစ်ပုံတစ်ပင်။ အန်တီကြီးနှင့်အဖွဲ့ ကား (၂) စီးဖြင့် ပစ္စည်းသယ်နေကြတုန်းပါ။

နံနက် (၆) နာရီ မီးရထားဖြင့် ခရီးစထွက်၏။ (၆း၃၀) မှာ ဘူတာငယ် သို့ ဆိုက်ရောက်၏။ မီးရထားပေါ်မှ ပစ္စည်းများ (ယောကျ်ားလေးများမှ)ချကြ ၏။ သီတာတို့ကတော့ အောက်မှချကူ ကြ၏။ မိန်းမပျိုများက အားကိုးရသည်။ သွက်သွက်လက်လက်ပါ။ ဘူတာငယ် တွင် အသင့်ရောက်နေသော လှည်း ဆရာနှင့်အဖွဲ့ (ရွာသားလူငယ်များ) က လှည်းပေါ် ပစ္စည်းတင်ကြ၏။ စည်စည် ကားကား။ ညီညီဝါးဝါးပါ။ ရွာသား လူငယ်များနှင့် အဘွားကြိုင်၏မြေးများ (ယောကျ်ားပျို မိန်းမပျို) က လမ်း လျှောက်သွား၏။ အဘွားကြိုင်နှင့် သီတာ၊ အဘွားကြီးများ၊ အန်တီကြီးနှင့် အကြည်တို့က လှည်းစီးကြ၏။

သီတာကတော့ အိမ်ကထွက်က ထဲက မေတ္တာပို့နေ၏။ သုဂတော်ဂုဏ် တော်ကိုလည်း ရွတ်ဖတ်နေ၏။ ရွာမ ရောက်မီ တောင်ကုန်းကြီးတစ်ခုကို ပတ် မောင်းရ၏။ တောင်ကုန်းပေါ်မှ ရွှေဟောင်းစေတီကြီးကို လှမ်းဖူးရ၏။ သီတာမေတ္တာလှမ်းပို့၏။ (တောင်ကုန်း စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ပရလောကသားများကိုပါမကျန် မေတ္တာ ပို့သပါ၏) ရွာထဲကမရောက်မီ၊ ဘုန်းကြီး ကျောင်းရောက်ပြီ။ (ကျောင်းဝင်းစောင့် နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ မကျွတ်မလွတ်သူ များကို မေတ္တာပို့သပါ၏) သီတာ၏ အလေ့အကျင့်ပါ။ လုပ်နေကျအလုပ်။

နေ့ဆွမ်းဆက်ကပ်ကြပါသည်။ (အရုဏ်ဆွမ်းကတော့ ရွာသားများ ကပ်ပြီး ကြပါပြီ။) ရွာနီးနားသံဃာများ ပဲရှိပါသေးသည်။ (ညနေပိုင်းလောက်မှ မြို့မှကြွကြမည့်သံဃာများရောက်လာပါ မည်။) နေ့ဆွမ်းပြီးသည်နှင့် သံဃာများ တောင်ပေါ်သို့ကြွကြပါသည်။ စေတီ တော်အာရုံခံတွင် သီတင်းသုံးကြပါမည်။ ရွာမှ ခြေကျင်ကြွကြပါသည်။ (၃ မိုင် ကျော်ဝေးပါသည်။) (လှည်းမစီးပါ။ ဝိနည်းကို လေးစားကြခြင်းပါ။)

သီတာတို့ သံဃာများအတွက် ကွမ်း၊ ဆေး၊ လက်ဖက်အတွက် အလုပ် လုပ်ကြရ၏။ ပစ္စည်းများ အဆင်သင့်ဖြစ် ရန် နေ့ (၁) နာရီတွင် မိန်းမပျိုများနှင့် သီတာတို့ ရေချိုးချင့်ကြ၏။ ဘုန်းကြီး ကျောင်းတွင် ရေချိုးရန် မသင့်တော်။ ကျောင်းဝင်းအပြင်ဘက် (တောစပ်မှာ) ယာယီအိမ်သာတွေရွာသားများကပြုလုပ် ပေးထား၏။ ရေကတော့ ရွာထဲမှာချိုး ရပါမည်။ တစ်ရွာလုံးတိတ်ဆိတ်နေ၏။ တောင်ပေါ်သို့ ရောက်ကုန်ကြပါပြီ။ အလုပ်ကိုယ်စီရှိကြသည်လေ။ ရွာထဲမှာ ရေဘုံဘိုင်က (နှစ်အိမ်၊ သုံးအိမ်သာရှိ) နည်းနည်း။ ရေချိုးသူက များများတန်းစီ ချိုးစနစ်။

သီတာကတော့ -

"အကြည်၊ လှည်းပေါ်မှာမြင်ခဲ့တဲ့ ချောင်းထဲမှာ သွားချိုးရအောင်"

အကြည်က နောက်ကလိုက်၏။ ချောင်းရေက ကြည်လင်လှ၏။ ဘယ်က စီးပြီး ဘယ်မှာဆုံးနေသည်ကို မတွေ့ရ။ အကြည်က မချိုးချင်။ သီတာက ရေပြင် ကိုထိကိုင်ပြီး မြတ်စွာဘုရား၏ခြေဆေး တော်ရေအဖြစ်လှူ၏။ ချောင်းစောင့် နတ်နှင့် ပရလောကသားများကို မေတ္တာ ပို့၏။ ပြီးလျှင် အဝတ်အစားများလဲ၏။ ရေထဲတွင်နှစ်၏။ အမြန်ပြန်တက်၏။ ဆပ်ပြာတွန်း၊ ရေထဲမှာပြန်နှစ် အဝတ် များဝတ်၏။ ရေစိုထဘီကို ချောင်းစပ်၊ ကမ်းဘေးမှာ လှန်း၏။ ပြန်ကြ၏။

(၂) နာရီဆို တောင်ပေါ်တက် ခရီးပါ။ အထုပ်တွေဆွဲ၊ တောင်းတွေ ထမ်း လက်ဖြင့်ပွေ့။ ဘယ်နည်းအမျိုးမျိုး ဖြင့် အဘွားကြိုင်လူစုသယ်ကြ၏။ လှည်း လမ်းက ဖုန်တထောင်းထောင်းထ၊ နေ ကပူပူ၊ မောတယ်ပန်းတယ် သဘောမှာ မထားကြပါ။ စေတီတော်အရှေ့ဘက်ခံမွေ ရုံအတွင်း၊ သံဃာများအတွက် နေရာ ခင်းကျင်း။ (အိပ်ရာပြင်ဆင်) ကွမ်း၊ ဆေး တပ်ကြပါ၏။ ကိစ္စများများပါ။ အမျိုး သမီးတွေကတော့ စေတီတော်ပတ်ပတ် လည်သန့်ရှင်းရေး၊ ရေတော်ပန်းတော် လှူ၊ သစ်သီးပွဲတွေအဆင်သင့်၊ ဖယောင်း ထုပ်တွေနေရာချကြ၏။

(၄) နာရီဆို ညစာကျွေးကြပါပြီ။ တောဟင်းတောထမင်း။ မြိန်မြိန်ရှက်ရှက် စားပွဲကြီးကျင်းပနေဆဲ။ မီးဖိုအဖွဲ့မှအမျိုး သမီးတစ်ဦး၊ ရှမ်းလိုအော်ဟစ် ထင်းခုတ် ဓားကြီးဆွဲ ဓားကြီးဖြင့်ယမ်းနေ၏။ အမျိုး သမီးတွေပြေးနေကြ၏။ အမျိုးသမီးများ လဲလဲကွဲကွဲ။ အမျိုးသားတွေလည်း အနားသို့ဝိုင်းအုံသွားကြ၏။ သို့သော် မကပ်ရဲကြ။ ဓားကိုင်အမျိုးသမီးကြီး ရှေ့ကိုပြေးတက်သွား၏။ တောင်စောင်း မြေပေါ်ပေါ်နေသောကျောက်တုံးရှည်ကြီး ကို ခုတ်နေတော့သည်။ ထိုနေရာ ဖွေးပေါ်ဘုန်းကြီး၊ တောင်ကျော ဘုန်းကြီးနှင့် ကပ္ပိယများရောက်လာ ၏။ ထိုအမျိုးသမီးက လက်ထဲက ဓား မချ။ အသံမာမာကြီးနှင့် ပြောနေ တောင်ကျောင်းဆရာတော်က မေတ္တာ ခံသည်။ ထိုမိန်းမ လက်ထဲမှ ဓား ချပြီး အော်ကြီးဟစ်ကြီးငို၏။ ယော များက ဓားကိုကောက်ကိုင်ခဲ့ကြ ကပ္ပိယဦးညိုက အဘွားလေးတို့အဖွဲ့ (မွှာရုံသို့) ကြွကြရန် လာပြော၏။

ဘုန်းတော်ကြီးများက တန်းစီ နေကြပါသည်။ အပါး (၄၀) ကျော် (ရွာများနှင့်မြို့ပေါ်ရှိ ကျောင်းများက ဥက္ကဋ္ဌရွှေပြည်ဆရာတော်ပါ။ ရွာ ကြီးက -

"တောင်စောင့်နတ်ကြီးဝင် မိန်းမက မင်းကုန်းရွာကပါ။ ဒီရွာ စပါးလာဝယ်တာပါ။ အလှူရှိလို့ ဝင် ညီတာပါ။ တောင်စောင့်နတ်ကြီး နတ်ကွန်းဆောက်ရမယ်။ ရေ ပန်း သစ်သီး၊ မုန့်တင်ရမယ်တဲ့။ နတ် ဘုရားကို သူကပ်လှူမလို့တဲ့။ မေတ္တာ ပေးတဲ့မြေးမက ဦးဆောင်လုပ်ပါစေ ဝါတွင်း (ဘုရားဖြင်စဉ်က) သီတင်း စဉ် မေတ္တာမပို့လို့တဲ့။ တောင်ပေါ် တွန်းချသတဲ့။ တောင်စောင်းက ချောင်ကျတာ ခါးနာသွားတယ်။ အခု နာနေတုန်းပဲ။ သူလက်ချက်လို့ တာပါ"

ရှည်လျားစွာ ရှင်းပြ၏။

အဘွားလေးက -

"မနက်ဖြန်တောင် လှူရတော့ ပါဘုရား။ နတ်ကွန်းဆောက်ဖို့ ဘယ် လုပ်ရမလဲဘုရား"

ပြန်လျှောက်၏။

တောင်ကျောင်းဘုန်းကြီးက -

"ဝါးနဲ့တိုင်(၄)တိုင်ထူ၊ သက် မိုး၊ ဝါးကြမ်းခင်း၊ လှူဖွယ်တင်ပေါ့ နောက်မှအခိုင်အမာဆောက်ပါ။ မေတ္တာ ပို့တဲ့မြေးမအလှူဖြစ်ပါစေ"

အဘွားလေးက အဖွဲ့များ လှည့်၍ -

"သီတာ နင်မေတ္တာပို့သလား ပဲ ဦးဆောင်ပေးတော့"

ရွှေပြည်ဘုန်းကြီးက (ပြုံးပြုံး ဖြင့်) -

"သီတာ မေတ္တာပို့သလား စမ်း"

စစ်မေး၏။

သီတာက -



www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်မ အိမ်ကနေပြီး စစ်လမ်းလုံးပို့လာတာပါ။ လှည်းပေါ်က တောင်ပေါ်လှမ်းပြီးပို့ပေးခဲ့တာပါ။ အခု တောင်ပေါ်ရောက်တော့လည်း မေတ္တာ ပို့ပြန်ပါတယ် ဘုရား။ တပည့်တော်ငွေပဲ လှူပါမယ်။ သစ်၊ ဝါးတွေကတော့ ရွာ သားတွေပဲ တာဝန်ယူပါစေဘုရား"

ရွာဘုန်းကြီးက -

"ရှင်ပြုထားတဲ့အိမ်က ဝါး၊ သက် ကယ်အဆင်သင့်ပါ။ ပေါ်စိန် (အိမ် ထောင်ရှင်အမျိုးသား) အဖွဲ့ တာဝန်ယူ ဖို့ပြောပါမယ်။ သီတာက ရန်ပုံငွေအဖြစ် သဒ္ဓါသရွေ့ထည့်ပေးပါလေ"

ရွာသား (၁၀) ယောက်နှင့်အဘွား ကြီး (၂) ယောက်၊ အားကောင်းမောင်း သန်မိန်းမကြီး (၂) ယောက်တွဲထားတဲ့ အမျိုးသမီးငယ် (၁) ယောက် ဓမ္မာရုံထဲ ဝင်လာကြ၏။

အဘိုးကြီးတစ်ယောက်မှ -

"ဒီမိန်းကလေး ဟင်းရွက်သင်ရင်း က ငိုလာတယ်။ ဘာမှမေးလို့မရပါ။ အရှင်ဘုရားတို့ မေးပေးကြပါဘုရား"

တောင်ကျောင်းဘုန်းကြီးမှ -

"ရှေ့တိုး ဘုရားရှိခိုး"

မိန်းမငယ်က ဦးချ၏။ ယဉ်ယဉ် ကျေးကျေး သိမ့်သိမ့်မွေ့မွေ့။

ဘုန်းကြီးက -

"ပြောစမ်း။ ဘယ်သူလဲဆိုတာ"

မိန်းမငယ်က -

"ဘုရားတပည့်တော် ဓရွှေလှောင် အင်းမှာနေသူပါ။ တပည့်တော်အကြီး အကဲက ဒီကိုလာခိုင်းလို့ တပည့်တော် လာပါတယ် ဘုရား။ အင်းကြီးထဲမှာ လှောင်း(လှေကြီး)တွေ အများကြီးပါ။ ရွှေတွေ အပြည့်တင်ထားပါတယ်ဘုရား။ ပွင့်လာမယ့်ဘုရားကိုလှူဖို့ပါ။ တပည့် တော်တို့ နေခဲ့တာ ကြာလှပါပြီဘုရား။ မေတ္တာပို့သံမကြားရပါဘုရား။ ဒီနေ့ တော့ အင်းထဲမေတ္တာပို့တဲ့သူရှိပါတယ် ဘုရား။ မေတ္တာပို့တာ၊ အမျှဝေတာ လိုချင်လို့ပါ ဘုရား။ အင်းနားလာပြီး မေတ္တာပို့၊ အမျှ ဝေပေးပါဘုရား"

ဘုန်းကြီးက -

"စိတ်ချချနေ။ ဘုန်းကြီးတို့လွှတ် ပေးမယ်"

မိန်းမငယ်က ရှိခိုးဦးချ၏။ မိန်းမ ငယ်က မဝေခွဲနိုင်သော အကြည့်ဖြင့် ကြည့်၏။ သူတို့ချုပ်ကိုင်ခဲ့သော မိန်းမ ကြီးကိုကြည့်၏။

"အမေ၊ ဒီမှာဘာလုပ်ရမလဲ။ ဟင်းရွက်မသင်ရတော့ဘူးလား"



အမေက -

"ဘုန်းကြီးတွေခေါ် လို့လာတာပါ။ ဟင်းရွက်သွားသင်ရအောင်"

ဆွဲခေါ်သွား၏။

ရွှေပြည်ဘုန်းကြီးက (ပြုံးပြုံးကြီး ဖြင့်) -

"သီတာ အင်းနားသွားသလား။ မေတ္တာပို့ခဲ့သလား"

မေးငေါ့၍ မေးပြန်၏။

သီတာက -

"ရေသွားချိုးတာပါ ဘုရား။ မေတ္တာပို့ပါတယ်ဘုရား"

ရွှေပြည်ဘုန်းကြီးက (ရယ်ရယ် မောမော) -

"နက်ဖြန်လည်းသွားပို့နော်"

ပေါ်စိန်များ နတ်ကွန်းဆောက် ကြ၏။ ကျကျနနကြီးပါ။ သပ်သပ်ရပ်ရပ် ပါ။ သီတာက ငွေများ (ရန်ပုံငွေ) ထည့် ၏။ ကျေးဇူးတင်ကြ၏။ အမျိုးသမီး အဖွဲ့က (ရေ၊ ပန်း၊ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်များဖြင့်) နတ်ကွန်းပေါ် သို့ တင်လှူကြ၏။ (ညနေ ၆ နာရီ) မီးစက်ခုတ်နေပါပြီ။ တပို့တွဲလဆန်း ၁၄ ရက်လပြည့်က အစွမ်းကုန်သာ၏။ အဘွားလေးတို့အဖွဲ့ တောင်စောင့်နတ် ကြီးအား မေတ္တာပို့ကြ၏။ သင်းပျံ့သော အမွှေးရနံ့များ တစ်တောင်လုံးလှိုင်လာ ၏။ နတ်ကြီးပျော်နေသည်လားမသိပါ။ ကျောက်တုံးရှည်ကြီး (မည်းမည်း နက်နက်) ကို (၃) ပိုင်း အတိအကျ ဖြတ်ထားသည့်နေရာကို တွေ့ရ၏။ ထင်း ခုတ်ဓားဖြင့် အညီအမျှပိုင်းနိုင်သော နတ်ကြီး အားရှိလှပါသည်။

ထမနဲထိုးသောအဖွဲ့ အားနှင့်မာန် နှင့်ထိုးကြ၏။ ဗိန်းမောင်းသံအလိုက်ထိုး ကြ၏။ မီးဖိုတွင် ထမင်းအိုးကြီးများ၊ ဟင်း အိုးကြီးများ ချက်ပြုတ်ထားကြပါပြီ။ ငါး ကြော်နေကြပါသည်။ မီးပူထဲတွင် ကြိုး စားပမ်းစားချက်ပြုတ်နေကြ၏။ အိုးသူ ကြီးများ သနားစရာပါ။

အဘွားလေးက -

"အားလုံးကို ကျေးဇူးတင်တယ် နော်။ ပေးထားတဲ့ငွေမလုံလောက်ရင် လည်း ပြောပါနော်။ ပြန်ပေးပါ့မယ်"

ငွေက အဆင်သင့်ပြန်ယူလာ၏။

လသာသာ။ နေလို့ထိန်လင်း။

အဘွားလေးက -

"သီတာ တို့(၂)ယောက် ပြန်ရ အောင်"

"အန်တီကြီးတို့ကော အဘွား လေး"

"သူတို့က မနက်တိုက်ဖို့ ကြာဆံ ချက်ဦးမယ်တဲ့"

"ကောင်လေးတွေက ဗွီဒီယိုကြည့် နေကြတယ်။ သူတို့အတူတူပြန်ကြမှာ"

အဘွားလေးနှင့် သီတာ ဗီဒီယို ပြသနေသော ပွဲခင်းအနားမှဖြတ်ကြ၏။ တောင်ပေါ်တစ်ခုလုံး လူအပြည့်။ တောင်ခြေတွင် လှည်းအပြည့်။ ရွာနီး နားချင်းများ၏ လှည်းတွေပါ။ ညလုံး ပေါက်ပြမည်။ (ဗီဒီယိုခေတ်မထွန်းကား ခင်ကာလ) ဗွီဒီယိုပြသည်ဆိုတာ အထူး အဆန်းမို့ပါ။ တောင်ခြေနားရောက် လာကြပါပြီ။ ညနေ (၆) နာရီ နတ်ကွန်း ရှေ့ရခဲ့သော အမွှေးရနံ့ရကြပြန်ပါပြီ။ အဘွားလေးက သီတာကို လက်တို့၏။

သီတာက (လေသံဖြင့်) -

"တောင်စောင့်နတ်ကြီး နှုတ်ဆက် တာနေမှာပါ"

လှည်းလမ်းမကြီးပေါ် ရောက်ကြ ပါပြီ။ လမ်းကြီးက ထင်းထင်းကြီး။ အေး အေးချမ်းချမ်း။ မှန်မှန်လမ်းလျှောက်ကြ ၏။ သစ်သားတံတားကြီးဖြတ်ရတော့ မည်။ တံတား၏ တစ်ဖက်တစ်ချက် သစ်ပင်အုပ်ကြီးတွေက အုပ်အုပ်ဆိုင်း ဆိုင်း။ မှောင်မှောင်မည်းမည်း။ အဘွား လေးက (တိုးတိုးလေး) -

"နားက၊ လည်ပင်းက၊ လက်က၊ လက်ချောင်းကဟာတွေဖြုတ်ပြီး ပုဝါထဲ ထုပ်ထည့်ရအောင်"

သီတာက (လေသံဖြင့်) -

"မဖြုတ်နဲ့ဆို။ မြန်မြန်ဖြတ်ရ အောင်"

ထိုအခိုက် မွှေးကြိုင်လှသောရနံ့ ကို (၂) ဦးစလုံး ရကြ၏။ သီတာက အဘွားလေး၏လက်ကိုခိုင်ခိုင်မြဲမြဲဆုပ် လိုက်၏။ တံတားကိုဖြတ်၊ သစ်ပင်အုပ် ကို ဖြတ်ကျော်၊ လှည်းလမ်းမကြီးအဆုံး



www.burmeseclassic.com

www.burmeseclassic.com

လျှောက်၏။ သွက်သွက်ကြီး။ ရွာဘုန်းကျောင်းကို လှမ်းမြင်ရပြီ။ လမ်းလျှောက်နှုန်းနှေးသွားကြပြီ။ ကျောင်းအပြင်တောစပ်မှာ (အိမ်သာတွေ) အဘွားလေးက ဝိတ်လျှော့ဖို့ပြောလာ၏။

"သီတာရယ် မောလိုက်တာ"

ညည်းရှာ၏။ (အသက်(၈၀) နားနီးနီး) အရွယ်အိုကြီးက (၃) မိုင်ကျော်ခရီးကို အသော့လှမ်းခဲ့ရတာ မမောဘယ်သူရှိပါမလဲ။ အသက် (၈၀) ဆိုပေမယ့် ကျန်းမာရေးကောင်းနေလို့ပါ။

သီတာတို့ တစ်ရေးနိုးချိန် (၁၂) နာရီလောက်မှ အဖွဲ့သားတွေ ပြန်လာကြ၏။ နံနက် (၃) နာရီ အကုန်လုံးနိုးကြပါပြီ။ (၃း၃၀) တောင်ပေါ်တက်ကြပါပြီ။ တောင်ပေါ်မှ ဘုရားမီးပုံထင်းလှူထားတာ လှမ်းမြင်ရ၏။ တောင်ပေါ်ရောက်တော့ သစ်သီးပွဲ၊ မုန့်ပွဲ၊ ထမနဲပွဲများလှူရန် စေတီပတ်ပတ်လည်ချကြ၏။ ဘုန်းတော်ကြီးတွေ အရှေ့က၊ လူတွေက အနောက်ကထိုင်ကြ၏။ ဘုရားရှိခိုးသံ။

'ဖယန္တော၊ ဗောဓိယာမူလေ'

အသံတွေသံပြိုင်ညီညီ။ မြိုင်မြိုင်ဆိုင်ဆိုင်။ သီတာလည်း မေတ္တာပို့ အမျှဝေပါ၏။ (သာတူညီမျှ ဝေငှလိုက်ပါပြီ)

ဘုန်းတော်ကြီးများကို အရုဏ်ဆွမ်းကပ်။ လူများလည်းစားကြ။ နေ့ဆွမ်းကပ်ကြ၏။ လူများလည်း စားကြ။ ရွာနီးချင်းများကိုလည်း ကျွေးမွေးဧည့်ခံကြ၏။ လောက်လောက်ငငဝဝလင်လင်၊ ပိုပိုလျှံလျှံ။

နေ့ (၁) နာရီမီးဖိုဆောင်ရေစက်ချအလှူ။ လှူဖွယ်များစုံလှလင်လှပါသည်။ ရွှေပြည်ဘုန်းတော်ကြီး၏တရားကောင်းလှချည်။ နာလို့မဝနိုင်။ ဒါယကာမကြီး ဒေါ်ကြိုင် (အသက် ၈၀) က အဝေးမှာလာလှူ၏။ 'ဘုန်းကြီးတို့အိုလာပြီ။ ကျန်းမာလို့လာနိုင်သည်။ ဒီလို ကျန်းမာ



ခြင်းကမင်္ဂလာပါ'တရားလက်စသတ်၏။ လှူဖွယ်များကပ်လှူကြ၏။ မေတ္တာပို့ အမျှဝေ။ (သာတူညီမျှ ဝေငှလိုက်ပါပြီ)

ထော်လာဂျီများက အဆင်သင့်။ ဘုန်းတော်ကြီးတွေ မြို့ပြန်ကြွကြပါတော့မည်။

ရွှေပြည်ဘုန်းတော်ကြီးက -

"သီတာ ရွှေလှောင်အင်း ရေသွားချိုးနော်။ မေတ္တာပို့ အမျှဝေခဲ့နော်"

နှုတ်ဆက်သွား၏။

ဘုန်းကြီးကျောင်းရောက်တော့ ညနေစောင်းပါပြီ။ ဆောင်းကာလမို့ နေဝင်စောသည်။ သီတာက -

"အဘွားလေး၊ ရွှေလှောင်အင်းသွားမယ်။ မေတ္တာပို့ အမျှဝေမယ်"

အဘွားကြိုင်က -

"မနက်စောစောသွားပါတော့။ မိုးချုပ်သွားမယ်"

မသွားစေချင်။ သီတာက သွားရန်ဆုံးဖြတ်သည်။ အန်တီကြီး အကြည်၊ အဘွားဒေါ်သန်းရွှေ (အသက် (၇၀) နီးနီး) မစန်းနှင့် မြေးငယ်ယောကျ်ားလေး (၄) ယောက်ကို အဘွားကြိုင်က နောက်ကလိုက်စေ၏။

ရွှေလှောင်အင်းစပ်နားထိုင်ပြီး ရေကိုလက်ဖြင့် ထိကိုင်၏။ သီတာ မေတ္တာပို့၏။ အမျှဝေ၏။ ရွှေလှောင်အင်းဝေနေယျများသာမက ဘုမ္မစိုး၊ ရုက္ခစိုးများကိုပါ မေတ္တာပို့၏။ အမျှဝေ၏။ (သာတူညီမျှ ဝေငှလိုက်ပါပြီ)

လေပြင်းပြင်းတိုက်လာ၏။ အင်းရေပြင်လှိုင်းများထလာ၏။ တောတန်းတစ်ခုလုံး သစ်ပင်တွေလှုပ်ခါလာ၏။ သစ်ရွက်တွေကြွေကျလာ၏။ အဘွားရွှေက သီတာ့လက်ကို လာဆွဲ၏။

"ပြန်ကြစို့၊ အမြန်သွားကြစို့"

ယောကျ်ားပျိုလေးတွေက ရှေ့က။ အကြည်နှင့် အန်တီကြီးက နောက်လှည့်ကြည့်၏။ ခဏခဏလှည့်ကြည့်၏။ ကျောင်းရောက်တော့ အန်တီကြီးက -

"ကြက်သီးတွေထလာတာပဲ၊ ခေါင်းတွေကြီးလာတာပဲ ကြောက်စရာကြီး"

အကြည်ကလည်း ပခုံးတွန့်ပြ၏။ ဘာဖြစ်နေကြပါလိမ့်။

ဘုရားရှိခိုးပြီ။ ဘုရားဆောင်က ထွက်လာကြ၏။ မယ်စိန်ခေါင်းများ စာရင်းရှင်းလာကြပါပြီ။ လွန်ခဲ့သော တစ်လကျော်က အဘွားကြိုင်ပေးထားသောငွေများမှ ကျန်ငွေများလာပေးကြပါသည်။ အဘွားက ရန်ပုံငွေပေးပါသည်။ ခေါပုပ်နွေး (ထောင်းပြီးစ) များ

လက်ဆောင်ပေးကြ၏။ ရွာလူကြီးများ ပေါ်စိန်ခေါင်းများက စာရင်းလာရှင်း... ၏။ အဘွားက ရန်ပုံငွေပေး၏။ ငါး... ကြီးများ လက်ဆောင်လာပေးကြ၏။

ရွှေလှောင်အင်းအကြောင်း ... သွားကြ၏။ အခြောက်အလှန့်ကြီးသည် ... မည်သူမျှအများမလုပ်နိုင်ပါတဲ့။

အရုဏ်ဆွမ်းကပ်။ လူတွေစား... ပါသည်။ ဘုရားပလ္လင်တော်၌ သီတာ... ကျောက်စီကြ၏။ နံနက် (၉) နာရီ... စာစား။ လှည်းဖြင့်ပြန်ကြပါပြီ။ ... ရွာသားများ၏ (ဆန်၊ ကောက်ညှင်း... ခေါပုပ်၊ ကောက်ညှင်းကျည်တော... ဟင်းသီးဟင်းရွက်) လက်ဆောင်... စုံလင်လှပါသည်။ လှည်းများ ... ပတ်မောင်းချိန် အဘွားကြိုင်အ... မေတ္တာပို့သံ၊ အမျှဝေသံက အ... ဘဝဂ်ရောက်သည်ထိပါ။ (သာတူညီမျှ ဝေငှလိုက်ပါပြီ) (နှစ်စဉ် မီးပုံထင်း... သွားခဲ့ကြပါသည်။ ယနေ့တိုင်ပါ)

မြို့ဘူတာသို့ ရောက်လာ... သီတာကိုတော့ ဒေါ်လေးငယ်၏ ... နှင့် အကူမိန်းကလေးက လာကြို... ဒရိုင်ဘာကြီးက ကားထွက်တော့... အဘွားကြိုင်က သူ့ကားဘေးမှ -

"သီတာ၊ ခေါပုပ်နဲ့ကောက်ညှင်း... ကျည်တောက်ယူသွားဦး"

အော်ပြော၏။

ညီမစန်းသီတာက -

"ခေါပုပ်တွေအများကြီး"

အော်၍ ပြေးယူ၏။ ...ညှင်းကြိုက်သူပါ။

ဒေါ်ကြီး၊ ဒေါ်လေး... သီတာ၏အဖြစ်ဆန်းကို အံ့သြ... ကြ၏။ ဘုရားထီးတင်စဉ်က သီ... အဖြစ်ဆန်းကို ဒေါ်ကြီးက ကိုယ်... ကြုံခဲ့၏။ ထိုအကြောင်းပြန်ပြော... ၏။ (သာတူညီမျှ ဝေငှပေးပါ၏) ... ပါ၏။ သီတာ စိတ်ကျေနပ်ပါ၏။

ပရလောကသားများ သ... ပါ။ မေတ္တာပို့ အမျှဝေပေးကြ... လည်း အမြတ်ရ၊ ကိုယ့်မှာလည်း ... ရသော အလုပ်ပါ။ မေတ္တာပေး... ကြပါစေ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ... စေ။ ခန္ဓာဝန်တို့ လွယ်ကူစွာဆော... နိုင်ကြပါစေ။

ဒေါ်သု...

(B.Sc,H.G.P...



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

## အမောလုံ
## နှလုံးအားဆေးကိုဆောင်

● မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)●

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ - ၃၅၆၊ မေဓာဝီလမ်းမကြီး၊ ဈ - ရပ်ကွက်၊ ရတနာသိဂီဈေးအနီး၊ မ/ဥက္ကလာပ
ဖုန်း - ၀၁ - ၄၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁





# ကြယ်ဖြူမင်း

အမှတ်တံဆိပ်

## ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




ပင်ရင်း **ကြယ်ဖြူမင်း ဆေးတိုက်**
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မှတ်ပုံတင် - TMR ၀၁၀၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊ တဆထလ၊ (၂၃၈၅)

မြန်မာရေး (မြင်းခြံ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေဓါးလောင်းဆေးဆိုင်)
(ဖူသိမ်မြို့ - မြဖူးရွှင်ဆေးခန်း)၊ (ဖဲမြို့ - တာသာကုန်းထူးသန့်ဆေးဆိုင်၊ တာသာကုန်းသမင်ဆေးတိုက်)


www.burmeseclassic.com

www.burmeseclassic.com

မြန်မာမင်းများလက်ထက် စစ်တမ်းများကောက်ခံသော အစဉ်အလာရှိခဲ့ပါသည်။ စစ်တမ်းများကိုကောက်ခံရသည့်အကြောင်းရင်းမှာ နယ်မြေအပိုင်းအခြားကိုစွ၊ ရိုးရာမှုအခွန်အကောက်နှင့်စပ်ဆိုင်သည့်အကြောင်းအရာများ၊ သာသနာ့မြေနှင့်စပ်လျဉ်းသည့်အရေး၊ ထုံးတမ်းစဉ်လာထမ်းရိုးရွက်ရိုးများကိုသိရှိရန်ဖြစ်သည်။

စစ်တမ်းများကို အင်းဝခေတ်မင်းကြီးစွာစော်ကဲလက်ထက်ကပင်လျှင်ကောက်ခံခဲ့ကြောင်း သိရှိရသည်။ ညောင်ရမ်းခေတ်တွင်လည်း စစ်တမ်းများကောက်ခံခဲ့ပါသည်။ သို့ရာတွင် ညောင်ရမ်းခေတ်စစ်တမ်းများသည် ရှာမတွေ့နိုင်လောက်အောင်ပင် ရှားပါးသွားသည်။ ယနေ့ကျန်ရှိနေသောစစ်တမ်းများမှာ ကုန်းဘောင်ခေတ် အင်းဝဆင်ဖြူရှင်လက်ထက် ၁၁၂၆ ခု၊ ၁၁၂၇ ခုနှစ်များတွင် စစ်သိမ်းခဲ့သောစစ်တမ်းများနှင့် အမရပူရမြို့တည်နန်းတည် ဗဒုံမင်းလက်ထက် ၁၁၄၅ ခု၊ ၁၁၄၆ ခုနှစ်များတွင် စစ်သိမ်းသည့်စစ်တမ်းများသာဖြစ်သည်။

စစ်တမ်းများတွင် နယ်မြေသမိုင်း၊ အုပ်ချုပ်သူတို့မြို့ရိုး၊ အုပ်ချုပ်သည့်နယ်မြေအပိုင်းအခြား၊ နယ်အတွင်းရှိ မြေအမျိုးမျိုးကောက်ခံသည့် အခွန်အမျိုးအစား၊ မင်းမှုမင်းခင်း၊ ခိုးသေးမီးပွားများကို စီရင်ပုံ၊ မြို့မှ အကြီးအအုပ်တို့ဘုရင်မင်းမြတ်ထံမှရရှိသည့် အဆောင်အရွက်အစီးအနင်း၊ အသုဘတွင်သုံးခွင့်ရှိသည့်အခမ်းအနားများပါလေ့ရှိသဖြင့် တန်ဖိုးကြီးသော သမိုင်းအထောက်အထားများဖြစ်သည်။

# ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

# စစ်တမ်းထဲက ကုန်းဘောင်ခေတ် ပြည်မြို့

ဗဒုံမင်းလက်ထက်တွင် ပြည်မြို့ကို စစ်တမ်းနှစ်ကြိမ်ကောက်ယူခဲ့သည်ဟု သိရှိရသည်။ မြန်မာနှစ် ၁၁၄၅ ခု တပို့တွဲလပြည့်ကျော် ၈ ရက်နေ့တွင် ပြည်မြို့သူကြီး မဟာမင်းလှသမန္တရာ အား စစ်မေးခဲ့သည်။ ၎င်း၏ထွက်ချက်အရ ပြည်မြို့ကို ဟံသာဝတီရောင် မင်းလက်ထက် ငရကြီးစိုးကြောင်း လျှင် သား ငမင်းကျော် ဆက်ခံကြောင်း၊ မရှိလျှင် သား ပြည်ရွှေတော တရုတ်မော်မြို့ဝန်မင်းကြီးမဟာမင်း ၏လျှောက်တင်ချက်အရ မဟာမင်း သမန္တရာဇာအားခန့်ထားရာ ရိုးရာ ဆက်ခံကြီးစိုးသည်ဟု သိရှိရသည် ယင်းအထောက်အထားအရ ပြည်မြို့ ညောင်ရမ်းမင်းလက်ထက်ကပင် သူကြီးကအုပ်ချုပ်ကြောင်း၊ မြို့သူ ရာထူးမှာ သားစဉ်မြေးဆက်ဆက်ခံ ရာထူးဖြစ်ကြောင်း၊ ဆက်ခံသည့် သွားလျှင် မင်းကခန့်ထား တာဝန် သည်ဟုဆိုနိုင်သည်။

၁၁၄၅ ခု စစ်တမ်းတွင် ပြည်မြို့





www.burmeseclassic.com


www.burmeseclassic.com

နယ်အပိုင်းအခြားကိုလည်း ဖော်ပြထားသည်။ ၎င်းမြို့နယ်အပိုင်းအခြားအရ ပြည်မြို့နယ်သည် အရှေ့အလား ခရီးသုံးသောင်းခန့်ကွာ ရိုးမတောင်အထိ၊ တစ်ဖက်ဓောင်ငူမြေနှင့်အစပ် အရှေ့တောင်အလား (၃)သောင်းခန့်ကွာ တူးမြောင်းချောင်းအထိ သာယာဝတီမြေနှင့်အစပ်၊ တောင်အလား (၂)သောင်း၊ (၆) တိုင်ခန့်ကွာ တူးမြောင်းကောက်ကောက်စင်းစင်း မရံချောင်းအထိ တစ်ဖက် သာယာဝတီမြို့မြေနှင့်အစပ် အနောက်တောင်အလား ပိုးဝချောင်းထိ တစ်ဖက် ရွှေတောင်မြေနှင့်အစပ်။ အနောက်မြောက်အလား (၃)သောင်းခန့်ကွာ ဧရာဝတီမြစ်လယ်ကြော သရက်မြို့မြေနှင့်အစပ်၊ မြောက်အလား (၃)သောင်းခန့်ကွာ ပေါက်အိုင်ကြေးနီကုန်း တပိုချောင်းထိတစ်ဖက် မြေထဲမြို့နှင့်အစပ်။ အရှေ့မြောက်အလား မြေထဲမြေတောင်ငူမြေနှင့်အစပ်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။

ထိုခေတ် ပြည်မြို့နယ်အပိုင်းအခြားနယ်(၈)ရပ်အတွင်း မင်္ဂလာသိဒ်ရွာမ၊ သုဝဏ္ဏဗိုရွာမ၊ မဟာမန်းရွာမ၊ ကာလာသိဒ်ရွာမ၊ ပိုကုတ်ရွာမ၊ ရွာပေါင်း (၆)ရွာ၊ မြို့ရံ(၈)မြို့ရှိသည်ဟုသိရှိရသည်။ မြို့ရံ (၈)မြို့မှာ ရသေ့မြို့၊ ကျွန်းဆုံးမြို့၊ မြို့တောင်မြို့၊ ရွာပိန်မြို့၊ ပေါင်းတည်မြို့၊ အင်းမမြို့၊ ညောင်ပင်ဆိပ်မြို့တို့ဖြစ်သည်။ ပေါင်းတည်မြို့နှင့် အင်းမမြို့တို့မှာ ယနေ့ထက်တိုင်တည်ရှိနေသောမြို့များဖြစ်ကြသည်။

အခွန်အကောက်နှင့်ပတ်သက်၍လည်း စစ်တမ်းတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။တည်ခွန်မှာ ဝန်ချိန်(၁၀၀၀)လျှင် (၃)၊ အချင်း (၁၀၀)တင်းလျှင် (၃)တင်းကောက်ခံသည်။ တစ်နှစ်လျှင် တစ်တည်ကို ခွန်မကြေး (၃၀)၊ အပိုကြေး(၃)ပေးဆောင်ရသည်။ လက်ဖက်ပွဲမှာ အသား (၁၀၀) တိုင်ရလျှင် လက်ဖက်ခ၊ အခွန်ငွေ (၁)မူးစီ၊ ရောင်းသူနှင့်ဝယ်သူတို့ထံ ကောက်ခံရသည်။

မင်းမှုမင်းခင်းရှိ၍ သံတမန်တို့လာရောက်လျှင် တည်ကောက်ပွဲစားတို့က ထမင်း၊ ကွမ်း၊ ဆေးနှင့်လက်ဖက်တို့ကို သံတို့ကိုပေးရသည်။ စစ်တမ်းတွင် လုံခြုံရေးအတွက် ကင်းများထားရှိကြောင်း ဖော်ပြထားသည်။ ၎င်းကင်းများမှာ တောင်ရှည်ကင်း၊ နဝင်းကင်း၊ ကုန်းရွာလင်းကင်းများဖြစ်ကြပြီး ရာဇဝတ်ရေး၊ မင်းမှုမင်းခင်း အစောင့်အမဲနကင်းများဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ပုထိုးတောင်ထိပ်တွင် သိရိမ္မာသောကမင်းကြီး တည်ထားသောကျောင်းမှုစေတီကို လှေစုန်လှေဆန်လာသူတို့သည် ကြေးငွေတင်လှူရသည်ဟု သိရှိရသည်။ ပြည်မင်းသီဟသူလက်ထက်တွင် ကင်းတိုက်တော်ဆောက်လုပ်၍ ပုထိုးတွင် အစောင့်အနေနှင့်ကောက်ခံသည်။ ကောက်ခံရာတွင် လှေဝသံတောင်သုံးတောင်နှင့်တစ်မိုက်လျှင် အခွန်ကြေး(၂)၊ အတောင်မမီလျှင် ခွန်မကြေး (၁၀)၊ အပိုကြေး (၂၅) ကျပ်၊ အကဲကြေး (၂၅) ကျပ် လောင်းပိန်းကောကြီးငယ်အခွန်မကြေး (၅၀)ကျပ်ထမ်း၊ ကြေး (၂၅) ကျပ်ထမ်း၊ အကဲကြေး (၂၅) ကျပ် ကောက်ခံရရှိသည့် အခွန်တော်များကို ကင်းတိုက်တော်တွင်သွင်းရိုးထုံးစံရှိသည်။

ကင်းခွန်အဖြစ်ကောက်ခံရရှိသော အခွန်တော်ငွေများကို ပြည်ဆံတော် (ရွှေဆံတော်) ဘုရား၊ သရိုင်မံဘုရားတို့ကို တန်ဆောင်းတော်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်လှူရသည်။ ဆရာတော်များအား ဆွမ်းကပ်ရန် ကျီတော်ရှိ စပါးတို့အား ကျီသားတို့က ထောင်းဖွပ်၍ ကင်းတိုက်စာရေးတို့ထံ အပ်နှံရသည်။ ထိုအခါ ကင်းတိုက်စာရေးတို့က ဆွမ်းချက်သားတို့ထံအပ်နှံ၍ ဆွမ်းချက်ရသည်။ စမဲ၊ အချိုပွဲ၊ သဘင်အတီးအကတို့ကို ဆုလာဘ်ချရန် အသေးသုံးအတွက် ကင်းတိုက်တော်ကထုတ်ယူပြီး ပေးဆောင်ရသည့်အစဉ်အလာရှိသည်။ ပြည်မြို့ရှိ ဆရာတော်တို့အတွက် နေ့ဝတ်လဝတ်စားစရိတ်အတွက် ကင်းတိုက်တော်စိုးတို့ကလှူဒါန်းရသည်။

ဗဒုံမင်းလက်ထက် ပြည်မြို့တွင် ကိုင်းခွန်၊ ယာခွန်စပါးများကို ကျီတော်တွင် သိုလှောင်ထားရသည်။ လမိုင်းတော်လုပ်သားတို့က ရသည့်စပါးတို့ကိုလည်း လမိုင်းကျီတော်မှာသွင်းထားရသည်။

အကြေမြို့များ ဖြစ်ကြသော တရုတ်မော်မြို့၊ ကူထွတ်မြို့၊ ဟသ်ာတမြို့၊ မနေဖြူမြို့၊ ဘားအိုင်မြို့၊ သမြင်းတုံမြို့၊ လှိုင်မြို့၊ စလွန် (ဇလွန်) မြို့တို့သည် ပြည်စားမရှိလျှင် အခွန်တော်ကြေးငွေနှင့် ဆင်စွယ်၊ ဖယောင်း၊ ပျားရည်၊ သင်ဖြူး၊ ပိတ်ချင်း၊ တညင်းသီး၊ ကညင်ဆီ၊ ကြိမ် စသည်တို့ကို ပြည်မြို့ကင်းတိုက်သို့ ပေးဆောင်ရသည်။ ဘဏ္ဍာတော်နှင့်စပ်ဆိုင်သမျှကို စာရင်းအင်းနှင့်မှတ်ထား၍ တစ်နှစ်လျှင်တစ်ကြိမ် ရွှေဘဝါးတော်အောက်ရှိ မြို့ဝန်းစစ်ကဲ၊ စာရေးကြီးတို့



က ရွှေလွှတ်တော်သို့ စာရင်းအင်းနှင့် ဆက်သရသည်။

ကုန်းဘောင်ခေတ် ပြည်မြို့တွင် ဥယျာဉ်များလည်းရှိကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။ ၎င်းဥယျာဉ်တော်များမှာ ယောမဝန္တာဥယျာဉ်၊ မင်းခေါင်ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ ပေန်းဖြူဥယျာဉ်၊ အဝယ်တော်ဥယျာဉ်၊ ကောဇာဘတ္တဥယျာဉ်၊ ကျွဲနို့ဥယျာဉ်၊ အရာတော်ဥယျာဉ်၊ အင်းမတော်ဥယျာဉ်တို့ ဖြစ်သည်။ ဥယျာဉ်တော်များမှသီးပွင့်သည့် အုန်း၊ ပိန္နဲ၊ သရက်၊ ကွမ်းသီးတို့ကို ရုံးတော်သို့ပို့ဆက်ရသည်။ ဝက်မြေဥကို လမိုင်းတော်သားတို့ယူရသည်။ကြာစွယ်ကို အင်းမမြို့ ပြည်မြို့ရုံးတော်သို့ ဆက်သရသည်။ စစ်တမ်းအရ ကုန်းဘောင်ခေတ် ပြည်မြို့တွင် သစ်သီးများကို ယိုထိုးလေ့ရှိသည်ကိုလည်း တွေ့ရှိရသည်။ ယိုလုပ်ဖို့ ထန်းလျက်ကိုအသုံးပြုပြီး ချက်လုပ်သောယိုတို့တွင် ကြာစွယ်ယို၊ ငှက်ပျောယို၊ သရက်သီးယို၊ ပိန္နဲယို၊ အုန်းသီးယို၊ ကွမ်းသီးယို၊ ဖရုံယို၊ ဝက်မြေဥယိုတို့ ပါဝင်သည်။

ပြည်မြို့သည် ဧရာဝတီမြစ်နီးတွင် တည်ရှိသောမြို့ဖြစ်၍ ရေကြောင်းလုံခြုံရေးအတွက် ရဲလှေများထားသည်။ရဲလှေများကို လှေတပ်ဝန်း၊ လှေတပ်စာရေးတို့ကကြီးကြပ်ပြီး ပြည်မြို့ ကင်းတော်အရပ်ရပ်တွင် အစဉ်စောင့်နေရသည်။ ရဲလှေတို့ကို ပြည်မြို့တွင်နှစ်စင်း၊ မလွန်မြို့တွင် တစ်စင်း၊ သရက်မြို့တွင်တစ်စင်း၊ လက်နက်ကိုင်အသီးသီးနှင့်စောင့်နေကြရသည်။

ပြည်မြို့သည် ရခိုင်ဒေသနှင့်နီးစပ်သောမြို့ဖြစ်၍ လုံခြုံရေးအတွက်အရေးပါသောမြို့တစ်မြို့ဖြစ်သည်။ ရခိုင်ဒေသတွင် စစ်ရေးပေါ် ပေါက်လာပါက ပြည်မြို့သို့ အစီရင်ခံပြီး ဆီးဆို့တိုက်ခိုက်ရသည်။ ပြည်ပါ၅ ၃မြင်း၊ ဝါးရင်းတုတ်မြင်း၊ ၄စုံသားတို့ စစ်ရေးထမ်းဆောင်ရန် ချီတက်သွားသည့် တပ်တော်များတွင် အကြီးအကဲ၊ အကွပ်၊ အကြပ်အဖြစ်

လိုက်ပါထမ်းရွက်ရသည်။

စစ်တမ်းတွင် ဆင်အမှုထမ်း[illegible] အကြောင်းလည်းဖော်ပြပါရှိသည်။ [illegible] မြို့တွင် အောက်မားဆင်တော်၊ [illegible] တောင်း၊ လေပွေသစ်၊ မော်တော[illegible] သူရဲထမ်းဆင်(၄)သင်းရှိသည်။ [illegible] လာဆင်တော်ကို ဆင်မှူး၊ ဆင်စခိုတို့[illegible] ကြေးအောက်သိမ်းအော်ငင်၍ တွေ့[illegible] ရသည်။ ဆင်တော်လည်ပတ်ရန်ထူး[illegible] တော်များကို မင်းတုန်းမြို့က ပြည်[illegible] တိုက်သို့ ပေးသွင်းရသည်။ ပြည်မြို့[illegible] ဘိုးခေါင်လှေသာတို့သည် အနော[illegible] ရိုးမတွင် ထူးကြိမ်ခုတ်ယူ၍ ဆင်တို[illegible] တော်မှာပေးသွင်းရသည်။ ဆင်သား[illegible] စားနပ်ရိက္ခာအတွက် ရွှေတောင်မြို့[illegible] မြေကရသည်ကို ဝင်မနားကျီတော်[illegible] ပေးသွင်း၍ ကျီစာရေးတို့က ဆင်သား[illegible] တို့အတွက် ရိက္ခာကိုပေးဆောင်ရသည်။

တရားစီရင်ရေးနှင့် ပတ်သက်[illegible] တရားစကားရှိလျှင် ရရှိသည့် တွ[illegible] တစ်ဝက်ကို ကွမ်းဖိုးတိုက်တော်သို့သွ[illegible] သည်။ ပြည်မြို့စီရင်စုကျေးရွာများ[illegible] အခွန်အတုပ် ကွမ်းဘိုးရရှိသည်များ[illegible] ကွမ်းဘိုးတိုက်တော်သို့သွင်းပြီး စာ[illegible] အင်းစေ့ငှအောင် မှတ်သားသိမ်းဆည်း[illegible] ပြီး ဆိုင်ရာသို့ဆက်သရသည်။

ဗဒုံမင်းလက်ထက် မြန်မာ[illegible] ၁၁၆၄ ခုနှစ်တွင်လည်း ပြည်မြို့သူ[illegible] အား ထပ်မံစစ်မေးသဖြင့် ပြည်မြို့[illegible] တမ်းနှစ်စောင်ရှိနေသည်။ ၁၁၆၄ ခု[illegible] စစ်တမ်းတွင် ပြည်မြို့သူကြီးမှာ ၁၁[illegible] ခုနှစ် စစ်တမ်းကောက်စဉ်ကထွက်[illegible] သောပုဂ္ဂိုလ်ပင် ဖြစ်သည်။ အကြော[illegible] အရာမှာလည်း အတူတူပင်ဖြစ်သည်။

အချုပ်ဆိုရသော် စစ်တမ်း[illegible] အရ ကုန်းဘောင်ခေတ်ပြည်မြို့အ[illegible] အဝန်း၊ လက်အောက်ခံမြို့၊ ကျေးရွာများ[illegible] အကောက်အစား၊ တရားဥပဒေ၊ [illegible] ကွယ်ရေး၊ စိုက်ပျိုးရေး၊ ထွက်ရှိသော[illegible] သီးနှံများ၊ သာသနာရေးအခြေအနေ[illegible] ကိုသိရှိရသဖြင့် သမိုင်းကို လေ့လာသူ[illegible] အတွက် လွန်စွာအကျိုးများသည်[illegible] နိုင်ပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်[illegible])

ကျမ်းကိုး -

ပြည်မြို့ ၁၁၄၅ ခု၊ ၁၁[illegible] စစ်တမ်း

www.burmeseclassic.com

(ကျော့စကော်မ်) မောင်သင်းထို

# တီးသည့်စောင်းနှင့် လှောင်းသည့်ကြက်ကို ပိုက်လို့ငို

"... တော်တော့်ဝင့်ကြွေးရှိရုံနဲ့က ဘောက်ဆင်သမားမဖြစ်နိုင်ဘူး။ ဝင့်ကြွေးကအတော့်ကိုကြီးလို့သာ ဘောက်ဆင်သမားတွေဖြစ်ကြတာပါ"

ကိုထွန်းရီတို့ ဘောက်ဆင်သမားတွေဆုံရင် ပြောတတ်ကြတဲ့စကားပါ။ ခုကိုကြည့် - ကိုထွန်းရီ နေရာတကာမေ့တတ်တာ၊ လက်တွေ့ခြေတွေကကိုက်တာ၊ ခေါင်းမူး၊ ခေါင်းကိုက်တာ ဒါ - ဘောက်ဆင်ထိုးတုန်းကရခဲ့တဲ့ဒဏ်တွေပေါ့။ တစ်လောက သူ့အိမ်လာတည်းသွားတဲ့ ဘောက်ဆင်လက်ရွေးစင်ဟောင်းကြီး ကိုခင်ညို အပြင်ခဏသွား





www.burmeseclassic.com

www.burmeseclassic.com

လည်ချော့ဦးမယ်ကွာဆိုပြီး သုံးလေးရက် ပျောက်နေတာ။ တချို့ကတော့ပြောကြမှာပေါ့။ ဒါ အမူးလွန်လို့နေမှာပါလို့။ မဟုတ်ဘူးရယ်၊ ကိုထွန်းရီအထင်တော့ အိမ်ပြန်ရမှာကို မေ့နေလို့နေမှာ။ မမေ့ခံနိုင်ပါ့မလား။ ကိုခင်ညိုဆိုတာက အရှေ့တောင်အာရှ ရွှေတံဆိပ် (၂) ခုရှင် ဘောက်ဆင်သမား။ စဉ်းစားကြည့်၊ နိုင်တဲ့ပွဲ ရှုံးတဲ့ပွဲတွေရော ထိုးခဲ့ရတဲ့ပွဲတွေဆိုတာ နည်းမှတ်လို့လား။

"ဒိန်းခနဲ လက်သီးပြင်းပြင်း တစ်ချက်မိတိုင်း ခေါင်းထဲမှာရှိတဲ့ သွေးကြောမျှင်သေးသေးလေးတွေပေါက်ကုန်ကြတာဗျ"

ဆရာဝန်က ကိုထွန်းရီကိုပြောပြဖူးတယ်။ ဟင် - ဒါဖြင့် ခံခဲ့ရတဲ့လက်သီးချက်တွေ၊ ထိုးခဲ့တဲ့ပွဲတွေဆိုတာ နည်းပါရောလား။ ပိုဆိုးတာက လက်သီးရဲ့ဒဏ်ကြောင့် မျက်နှာပေါ်မှာ ကွဲသွား၊ ပြဲသွားတာက အကြောင်းမဟုတ်ဘူး။ ခုဟာ အပြင်မှာက ဘာမှမဖြစ်ဘဲ ခေါင်းထဲမှာတင် အတွင်းကြေလို့ရတဲ့ဒဏ်ကမှ ပိုဆိုးတာ။ ကြာတော့ လူကထိတော့တာပေါ့။ မှတ်မိပါသေးရဲ့။ ကြိုးဝိုင်းထဲတုန်းကတော့ ကိုယ်အနိုင်ရတုန်း တစ်ဖက်လူကို အလဲထိုးရေးကိုပဲ အားသန်နေတာ။ ဟိုတစ်ဖက်ဆိုတာကလည်း မသန်မစွမ်းမှ မဟုတ်တဲ့ဟာ။ ပြိုင်ဘက်ရဲ့ပြင်းထန်တဲ့ လက်သီးချက်တွေလည်းပဲ လှလှပပကြီး ခံရတာရှိတာပေါ့။ အဲဒါတွေက ဒဏ်ဖြစ်လာတာနေမှာပါ။

ကြားဖူးတယ်။ လက်ဝှေ့သင်တန်းတက်မည့်သူတွေကို အမှောင်အခန်းကျဉ်းလေးထဲကနေ ဖြတ်သွားရကြရတာ။ အဲဒီအမှောင်ထဲကနေ ပြင်းထန်တဲ့ လက်သီးတစ်လုံးထိုးတာ လူတိုင်းခံရသတဲ့။ ထိုးတဲ့လူက ကျားဘုရင်ပြိမ်းဆိုတဲ့ လက်ဝှေ့ကျော်ကြီးပေါ့။ လက်သီးချက်ကလည်း အမှောင်ထဲဆိုပေမယ့် ပြင်းသလားမမေးနဲ့။ နှာရိုးကျိုးတဲ့လူ၊ နှုတ်ခမ်းကွဲတဲ့လူ၊ သွားကျိုးတဲ့လူ၊ ဖူးရောင်တဲ့လူဘယ်သူမှမသက်သာဖူးဆိုဘဲ။ အဲဒီဘောက်ဆင်သင်တန်းမှာ နောက်ရက်ကြတော့ သင်တန်းသားထက်ဝက်ကျော်လောက် လျော့ကုန်သတဲ့။ ဒဏ်ခံနိုင်တဲ့လူမှ ကိုထွန်းရီတို့လို ဘောက်ဆင်သမား ဖြစ်တော့မပေါ့။

ကိုထွန်းရီလား၊ ခု အသက် (၅၀) ကျော်။ လူကမကောင်းတော့ပါဘူး။ ဟောဒီ ညာဘက်လက်ကမြှောက်လို့မရတော့ဘူး။ ပခုံးတွေကလည်းနာတယ်။ ထိထားတဲ့ဒဏ်တွေပေါ့။ လက်တွေက မ,လို့မရတာကဆိုးပါတယ်။ ကြားဖူးကြသလားပဲ။ တစ်ခါက ကိုရီးယားမလေး တစ်ယောက် မင်္ဂလာဆောင်တော့ သတို့သမီးတစ်ယောက်တည်းဆောင်ဆိုပါလား။ ဘာပြုလို့လဲဆိုတော့ သူ့ချစ်သူကောင်လေးနဲ့ ဒီနေ့ဒီရက်မှာ မင်္ဂလာဆောင်ပါ့မယ်လို့ နှစ်ဦးသဘောတူသတ်မှတ်ပြီးသားပါ။ ဖြစ်ချင်တော့ အဲဒီကောင်လေးက ဘောက်ဆင်သမားတဲ့။ မင်္ဂလာရက်က ဝေးပါသေးတယ်ဆိုပြီး တစ်ပွဲတက်အထိုးမှာ မမျှော်လင့်ပါဘဲ ပြိုင်ဘက်တစ်ဖက်လူရဲ့ လက်သီးချက်ကြောင့်၊ အသက်ဆုံးရှုံးခဲ့ရပါပကော။

ခု-မင်္ဂလာပွဲမှာ ဧည့်ပရိသတ်ကို သတို့သမီးတစ်ယောက်တည်းဧည့်ခံနေရတဲ့အကြောင်းရင်းကတော့ ချစ်သူနှစ်ဦး ဒီနေ့ဒီရက်ရောက်ရင် မင်္ဂလာဆောင်ကြပါ့မယ်လို့ ရက်သတ်မှတ်ရွေးချယ်ပြီးသားမို့ မိန်းကလေးက ကတိမပျက် ဒီနေ့မှာ မင်္ဂလာပွဲဆက်ဆက်ကျင်းပပေးရတာပါတဲ့။ မင်္ဂလာပွဲလာ ပရိသတ်တွေလား ဘယ်ကလာ ပျော်ရွှင်နိုင်ကြပါ့မလဲ။ ကိုထွန်းရီလား၊ ဒီဘောက်ဆင်ကို ဝါသနာပါလွန်းလို့သာထိုးနေတာ။ အန္တရာယ်ကတော့ အကြီးသားကလား။

တစ်ခါက ကားပေါ်မှာ လူငယ်တစ်ယောက်နဲ့ ကိုထွန်းရီ ဆုံဖူးတယ်။ ဂင်တိုတို တုတ်ခိုင်ခိုင်နဲ့ပါ။ သူ့ကိုယ်ပေါ်မှာ အားကစားထရက်ဆုနီညိုရောင်ဝမ်းဆက်ကလည်းဝတ်ထားသေးရဲ့။ အပေါ်အင်္ကျီရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာလည်း လက်ဝှေ့အိတ်နှစ်လုံး ကြိုးတန်းလန်းနဲ့။ အောက်မှာက ဘောက်ဆင်လို့ရေးထားတော့ သေချာတယ် ဘောက်ဆင်သမားတစ်ယောက်ဖြစ်လောက်ပါတယ်။



အိတ်တွေ၊ အထုပ်အပိုးတွေနဲ့ ကားပေါ် တက်လာ ဟိုကြည့်ဒီကြည့်နဲ့မို့ ကိုထွန်းရီက အသာခေါ်ပြီး သူ့နံဘေးမှ နေရာတစ်နေရာ ပေးလိုက်ပါတယ်။

"အစ်ကို၊ ဘောက်ဆင်ထိုး ဝါသနာပါလား"

"နည်းနည်းပါးပါးဆိုပါတော့ဗျာ"

ကိုထွန်းရီက လူငယ်ကို အထိုက်အလျောက်ပြောလိုက်ပေမယ့် ကိုယ်တိုင်က ရွှေတံဆိပ်ဆုရှင်ဘား လက်ရွေးစင်ဟောင်းတစ်ယောက် ရတာမှ ရှုံးလက်ဝှေ့စိမ်ခေါ်ပွဲပြိုင် ကို လှဲသိပ်ပြီးမှ အနိုင်ယူခဲ့တဲ့ ဒါပေမယ့် ဘာမှမပြောပါဘူး။ လူငယ် တော့ သူ့ကိုယ်ပေါ်က ဘောက်ဆင် တဲ့ စာတန်းကို ကားပေါ်မှာရှိကြ ယောက်ျား၊ မိန်းမတွေကကြည့်ပြီး စိတ် ဝင်စားမှုန်းသိတဲ့အခါ အနားကကိုထွန်း ကိုပဲ ပြောသလိုလိုနဲ့ တစ်ကားလုံးကြား အောင် ပြောနေပါတော့တယ်။

"အစ်ကိုရကျွန်တော်အရှေ့တောင် အာရှပွဲမှာထိုးခဲ့ရတာဗျ"

ကိုထွန်းရီတော့ 'အလို - ဘုရား ရေ' လို့တောင် တ,လိုက်မိပါတယ်။ ကောင်ကြွားချင်တာ။ အကြွားတ နေပြီ။ အရှေ့တောင်အာရှပွဲဆိုတာ (၂) နှစ်မှတစ်ခါ ကျင်းပတာ။ ခုလော ဆယ်တော့ ပွဲရှိတယ် မကြားမိပေါင်း။ ကောင် ကားပေါ်ကလူတွေကို အား ကစားနဲ့ပတ်သက်ပြီး ဘာမှသိပုံရ အထင်နဲ့ ဖြီးနေပါတော့တယ်။

"တစ်ခါတော့ဗျာ သီလား။ ကျွန်တော်နဲ့ပြိုင်ဘက်က နီဂရိုးဗျ။ အား ကောင်းမောင်းသန်ရယ်"

လူငယ်က သူ့အကြောင်း သတ်တစ်ခုကို စ,ပြောတော့မှာတို ပေါ်ကလူတွေ စိတ်ဝင်စားမဝင် မျက်လုံးဝေ့ဝဲကြည့်လိုက်ပါသေး သူ့အဓိကထားတဲ့ ခရီးသည်တွေ မိန်းမချောလေးတွေက အာရုံစိုက် မှန်းသိတော့ ဒီကောင်အားရှိပြီး ဆ ပြောပါတော့တယ်။ သီလား အစ်ကို သာ" အနားက ကိုထွန်းရီကို လ ပြောပေမယ့် သူ့မျက်လုံးအကြည့်တွေ တော့ တခြားမှာပဲရှိတာပါ။

"ပြိုင်ဘက်ရဲ့ လက်သီးတွေ ပြင်းထန်ပြီး လက်သီးကလည်းကြီး ဝီးခနဲ ဝှစ်ခနဲ ဘာရမလဲ ကျွန် လည်း အဝေးကမရှောင်ဘူးလေ ကနေ လက်တစ်လုံးချားကပ် ပြိုင်ဘက်ရဲ့အလစ်ကိုချောင်း



www.burmeseclassic.com

www.burmeseclassic.com

ဗျာ၊ လစ်ဟာသွားတာနဲ့ ညာလက်သီးနဲ့ ဟန်ယောင်ပြ ဘယ်လက်သီးနဲ့ မောဒီလို အားပါးတရထိုးချလိုက်တာ"

ဒီနေရာမှာ သိတဲ့အတိုင်း ကြွက်သားလုံးတွေ ဟိတ်ဟန်တွေကပါနေတော့ မြင်ပြင်းကကတ်နေပါပြီ။ အရေးထဲ ဒီကောင်က မတ်တတ်မရပ်ရုံတစ်မည် ကြိုးဝိုင်းထဲမှာ ထိုးနေတဲ့ပုံစံ ဘယ်ယိမ်းညာနွဲ့ လုပ်လုပ်ပြနေတော့ မသိတဲ့လူတွေက အဟုတ်ထင် စိတ်ဝင်စားနေကြတာပေါ့။ ကြားကနေ ကိုထွန်းရီအူယားလိုက်တာမှ နေပလေ့စေဦး။ ဒီကောင်အဖြီးလုံးတွေကုန်သွားတော့မှ -

'ဟိတ်ကောင် မင်းငါ့သိလား'

လို့ တစ်ချက်ပဲမေးပစ်လိုက်မယ်။ နေနေ ခဲ့တော့ သူ့အရှိန်နဲ့ပြောပလေ့စေပါ။ ပြောပြော။

ကိုထွန်းရီလား အဲဒီနေ့က စောင့်ရကျိုးမနပ်ပေါင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကောင်က သူ့ရဲ့ကြွက်သားလုံးဖြီးလုံးတွေလည်းပြီးကရော ကိုထွန်းရီက 'ဟေ့ကောင် မင်း ငါ့ကိုသိလား' လို့ မေးမလို့ဟန်ပြင်တုန်းရှိသေး အဲဒီကောင်လေးကပါပဲဗျာ -

"ဟိုးဆရာ ဟိုး ရွှေမှတ်တိုင်ပါတယ်၊ ဆင်းမယ်"

ဆိုပြီး သူ့ပစ္စည်းတွေကိုးလိုတွဲလောင်းဆွဲဆင်းသွားခဲ့တာ ကိုထွန်းရီ တစ်ယောက် လည်လိမ်ထားတဲ့ ကြက်ကြီးလိုကျန်ခဲ့ရဖူးပါသကော။မေဝယ်သာနဲ့ ပက်ကီနီပွဲမှာတုန်းက မေဝယ်သာရဲ့လက်ဝှေ့ထိုးနည်းကို မြန်မာ့လက်ဝှေ့သမားတွေက 'ကြက်ပါးတို့နည်း' နဲ့ ထိုးသွားတာဗျလို့ ပြောဖူးပါတယ်။ အဲဒါကို ကိုထွန်းရီ နားမလည်ပါဘူး။ သဘောကတော့ ပွဲပြီးအောင် သူ့ကိုသူမထိအောင် ရှောင်တိမ်းထိုးသွားတဲ့သဘော။တကယ်တော့ မေဝယ်သာဆိုတာကလည်း ရှုံးပွဲမရှိခဲ့တဲ့ လူတစ်ယောက်ပါ။ ရှုံးရင်တောင်မှ မေဝယ်သာရမယ့် လက်ဝှေ့ကြေးက သိန်း (၁၆၀) က သေချာပေါက်ရနေပြီးသားပါ။

ကိုထွန်းရီတို့ လက်ဝှေ့စထိုးကြတုန်းကအကြောင်းတွေ မှတ်မိပါသေးတယ်။ အဲဒီခေတ်က ငွေကြေးကလည်း အထိုက်အလျောက် တန်ဖိုးရှိနေတော့ တစ်ပွဲနိုင်ရင် ဆုကြေး (၃၀၀) ရပါတယ်။ ဒါပေမယ့် မှတ်မိတာက ရတဲ့ ဒဏ်ရာတွေသက်သာအောင် ဆေးကုရတာနဲ့ကို ငွေက (၅၀၀) လောက်ကုန်နေပါပြီ။

"အေးပါ မင်းဆိုတဲ့ကောင်က ကပ်စီးယားကလေးလို အာကျယ်တဲ့ကောင်။ ကြည့်နေပါ၊ စင်ပေါ်ရောက်မှ မင်းပါးစပ်တွေကို မဟနိုင်အောင်ကို လုပ်ပစ်မှာ"

လက်ဝှေ့သမားတွေအချင်းချင်း ပြောကြတာ၊ အပြောင်အပြက်မဟုတ်ပါဘူး။ တကယ်ပါ။ တိုက်ကြက်တွေလိုပါပဲ။ တစ်ပွဲပြီးသွားတာနဲ့လူဆိုတာ မျက်နှာကြီးတစ်ခုလုံး ဖူးရောင်ကိုင်းလို့ မစားနိုင်မသောက်နိုင် ပါးစပ်တောင်မှ တကယ် မဟနိုင်တာရယ်။ အဲဒီအချိန်ဆို သူငယ်ချင်းတွေ စုစုနဲ့ဝိုင်းစကားပြောနေကြတဲ့ နားသွားမထိုင်ရဲဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့ပြောနေတဲ့စကားထဲ မတော် ရယ်စရာပါလို့ တခြားလူတွေ အားပါးတရရယ်နေကြပေမယ့် ကိုယ့်ပါးစပ်နားက ရောင်ကိုင်းနေတဲ့ ဒဏ်ရာကြီးနဲ့ဆိုတော့ အဖြစ်က ရယ်လည်းနာ၊ ငိုလည်းနာနေတော့တာပါပဲ။ အဲဒါ အနာတွေ မပျောက်မချင်း ဆေးမြီးတိုတွေနဲ့ကုပေရော့။

သက်ရင်းကြီးရွက်ရယ်၊ မြင်းချေးရယ်၊ မိသလင်ရယ် ထောင်းထု အဲဒီထဲ အရက်ထည့် ကြပ်ထုပ်ထိုး။ အဲဒါကတော့ အမြန်ဆုံးဒဏ်ကြေတဲ့ဆေးပေါ့။

တစ်ဖက်သားကို အနိုင်ထိုးနိုင်ဖို့ ခံစားရတဲ့ဒုက္ခတွေကြည့်ပါဦး။ စိတ်ချရတယ်။ ထမင်းကို ဝအောင်မစားရ၊ ရေတောင်မှမသောက်ရ၊ ပေါင်ချိန်တဲ့နေ့တွေ၊ ကိုယ်လိုချင်တဲ့ပေါင်ရောက်အောင် မစားမသောက်ဘဲနေကြည့်။ ဒါကမထိုးခင်နေ့ပ်။ ထိုးပြီးပြန်တော့လည်း မျက်နှာပေါ် မှာပါးစပ်မှာရတဲ့ဒဏ်ရာတွေကြောင့် ရေတောင်မှကောင်းကောင်းမသောက်နိုင်တဲ့ဟာ။ အဲဒါကြောင့် လက်ဝှေ့သမားကြီးတွေကပြောတာပေါ့။ တော်တော့ ဝဋ်ကြွေးကြောင့်တော့ လက်ဝှေ့သမားဖြစ်ဖို့မလွယ်ဘူး။ အဲဒီဝဋ်ကြွေးက အတော့်ကို ကြီးလွန်းမကကြီးနေလို့သာ ဖြစ်မှာဆိုတာလေ။

"ဒီမှာ ဟေ့ဟေ့၊ နောက်လှည့်ကာလေမကြည့်နဲ့။ ဒီမှာဟေ့ဟေ့ ငုတ်တုတ်မေ့သွားမယ်"

ခင်ဗျားတို့ကတော့ထင်မှာပဲ။ ဒီ တီဗီကြော်ငြာသီချင်းကို တေးရေးဆရာက အလွန်အကျူးရေးဖွဲ့ထားတာပါလို့။ ဒါပေမယ့် ကိုထွန်းရီအတွက်ကတော့ ငုတ်တုတ်မေ့တယ်ဆိုတာ တကယ်ဗျ။ အပိုရေးတာမဟုတ်ဘူးရယ်။ သူကိုယ်တိုင် လက်ဝှေ့ပွဲမှာ ငုတ်တုတ်မေ့ခဲ့ရဖူးတယ်။ မှတ်မှတ်ရရ အဲဒီပွဲမှာ ကိုထွန်းရီတို့ ထိုးရတာက အရှေ့တောင်အာရှပွဲအတွက် လူရွေးပွဲထိုးရမှာ။ တောင်ကြီးမြို့မှာပေါ့ဗျာ။

ကိုထွန်းရီ အဲဒီနေ့ကမှတ်မိတာက ကြိုးဝိုင်းအောက်က ခုံပေါ်မှာထိုင်နေတာ။ လူဆိုတာ ချွေးတွေကလည်းရွှဲလို့ အနားက ချင်းလေးက 'ရော့ - အစ်ကိုနာရီ' ဆိုပြီးယူလာပေးတာ မှတ်မိတယ်။ စင်ပေါ်ကြည့်တော့ ပွဲတစ်ပွဲကထိုးနေကြတုန်း။ ကိုညိုဝင်းတို့အတွဲထိုးနေကြတာ။ 'ဟင် - ဒါဖြင့် ငါ့ပွဲကတော့။ ငါက ကိုညိုဝင်းအရင်ထိုးရမှာ' ဆိုပြီး အနားက အဖော်ကိုမေးတော့ 'ဟာ - ဒီလူ ဘာကြောင်နေတာလဲ။ ခင်ဗျားပွဲကပြီးသွားပြီလေဗျာ။ ခင်ဗျားနောက်ကောက်ကျသွားခဲ့တာ' လို့ ပြောပါတယ်။ အဲဒါကို ကိုထွန်းရီမမှတ်မိပါဘူး။ မေ့နေတာပါ။

လက်ဝှေ့ကြောင့်မေ့တယ်ဆိုတာက ရုပ်ရှင်ထဲကဇာတ်လိုက်တွေလိုမျိုး အတိတ်ဘာညာမေ့တာမဟုတ်ပါဘူး။ လတ်တလောမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် မေ့လျော့နေတာပါ။ အဲဒီတုန်းက မြို့ပွဲမှာ လူကြီးတွေက ကိုထွန်းရီကို ပွဲအတွေ့အကြုံရှိအောင် နိုင်ငံခြားပြန်ရွှေတံဆိပ်ဆုရှင်အောင်ကြီးနဲ့ ယှဉ်ထိုးစေတာပါ။ ကိုထွန်းရီလား ယှဉ်ပြိုင်ဘက်ကိုမကြောက်ပေမယ့် ပညာချင်းတော့ ဘယ်ကလာယှဉ်ပြိုင်နိုင်ပါ့မလဲ။ စင်ပေါ်မှာထိုးနေကြတုန်း လက်ဝှေ့သမားတိုင်း သတိထားတတ်ကြတဲ့ 'ကြော' ကိုတော့ မထိအောင်ကိုယ့်ကိုယ်ကိုယ်ကာကွယ်သာပါပဲ။ ဒါပေမယ့် ဘယ်လိုနဲ့ ဘယ်လိုကြားက လူ့ရဲ့မေးစေ့ကို လာထိတယ်မသိပေါင်ဗျာ။ ဒိန်းဆို လူကို တစ်ခါတည်း ကာတွန်းဆရာတွေဆွဲသလိုမျိုး မျက်စေ့ထဲမလည်း 'ကြယ်တွေလတွေမြင်၊ မီးတွေမှဝင်းဝင်းတောက်ကုန်တော့တာပါပဲ။

အဲဒီနေ့က ပွဲစီစဉ်တဲ့ဆရာတွေက ကိုထွန်းရီသာ အလဲထိုးခံရရင် လက်ဝှေ့ပွဲထိုးခံက ပွဲ (၃) လနားခံရမှာစိုးတော့ ကိုထွန်းရီမူးမေ့နေတုန်း ဆရာဝန်နဲ့စစ်ဆေးပြီး ယှဉ်ပြိုင်ဘက်ကို ထိုးသတ်ရန် အင်အားမရှိဆိုတဲ့မှတ်ချက်နဲ့ ကိုထွန်းရီ စင်အောက်ရောက်ခဲ့ရတာပါ။

"ဟေ့ကောင် လုပ်ပြင်၊ ငါ့ပွဲကော မထိုးရသေးဘူးလား"

"ဟာ - ဒီလူ ဘာကြောင်နေတာလဲ။ ခင်ဗျားပွဲကဖြင့်ပြီးတာကြာသွားပြီလေ ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောပြလို့သာပါ။ ကိုထွန်းရီကတော့ ဘာဆိုဘာမှမသိတာပါ။ ဒီလိုနဲ့ နောက်ထပ် လက်ဝှေ့တစ်ပွဲပြီးတော့ လူတွေကပွဲပြီးလို့ပြန်ကြမလို့လုပ်ကြရော။ အပြင်မှာက တိုင်းနှင့်ပြည်နယ်အလိုက် ကားတွေက အလံတွေနဲ့ထောင်၊ ဖင်ထိုးပြီး အရန်သင့်စောင့်နေကြတယ်။ သူများတွေကပွဲပြီးလို့သာ ပြန်ဖို့ထွက်ဆိုလို့ ထွက်ခဲ့ရတာ။ ကိုထွန်းရီဘယ်ပြန်လို့ ပြန်ရမှန်းမသိဘူး။

"ဟာဟာ - ဟော့ကောင်ကုလား၊ ဘာကြောင်နေတာလဲ။ လာလာ - ကားပေါ် မြန်မြန်တက်"

ခေါ်သံကြားလို့သာ ကားပေါ်ကို ကိုထွန်းရီတက်ခဲ့ရပေမယ့် ဘယ်ကိုပြန်နေမှန်းမသိဘူး။ လက်ဝှေ့ထိုးနေရပေမယ့် ဘာပွဲလဲဆိုတာ မသိဘူး။ အခု ဘယ်သွားနေတာလဲ၊ ငါတို့ဘယ်ရောက်နေတာလဲလို့မေးတော့ ကုလားတော့ ကြောင်နေပြီဟေ့တဲ့။တည်းတဲ့အဆောင်ရောက်တဲ့အထိ ကိုယ့်ခုတင်နေရာကိုယ် မမှတ်မိဘူး။ ကိုယ့်သေတ္တာမြင်မှ အာ-ဒါ ငါ့ခုတင်ဆိုတာသိ၊ အနားမှာခူးထားတဲ့ ထမင်းပန်းကန်တွေ့၊ စားပြီးအိပ်၊ နောက်တစ်နေ့ရောက်မှပဲ မေ့တာတွေ ပျောက်ကုန်ပါတော့တယ်။

တစ်လောက နိုင်ငံလက်ရွေးစင် ဘောက်ဆင်သမားတွေကို ရန်ကုန်မှာ ခေါ်ပြီး ဂုဏ်ပြုပွဲလုပ်တော့ ကိုထွန်းရီ သွားတက်ခဲ့ရပါသေးတယ်။ အဲဒီမှာ ကိုထွန်းရီရဲ့ ငယ်ဆရာ အာရှလက်ရွေးစင် ရွှေတံဆိပ်နှစ်ကြိမ်ရ ဆရာဦးလှမြင့် လည်းလာတယ်။ သူ့ကားလေးနဲ့ပါ။ ကိုထွန်းရီက ဆရာ့ကိုမြင်လို့ ဝမ်းသာအားရ နှုတ်ဆက်ပေမယ့် ဆရာကတော့ တုံ့ဏှိဘာဝေပါပဲ။ ဆရာကတော် အန်တီကြီးကဖြင့် ကိုထွန်းရီကိုအမှတ်ရပါ။

"ဟယ်တော် - ဟိုမှာထွန်းရီလေး လည်းလာတယ်တော့ ဝမ်းသာလိုက်တာ"

"အစ်မရယ်၊ ကျုပ်တို့ဆရာ ဘယ်လိုဖြစ်တာလဲဗျာ"

"အဲဒါပဲကြည့်တော့ မောင်ထွန်းရီရေ။ အိပ်မယ်၊ စားမယ်၊ အပေါ့အလေး သွားမယ်အဲဒါကလွဲလို့ မင်းဆရာကတော့ ဘာဆိုဘာမှကို မသိတော့ပါဘူး"

"ဗျာ"

"ကြိုးဝိုင်းထဲမှထိခဲ့တဲ့ လက်သီးဒဏ်တွေကြောင့်နေမှာပေါ့ကွယ်"

သူချစ်ရတဲ့ဆရာကိုကြည့်ပြီးတော့ ကိုထွန်းရီ ဘယ်လိုမှစိတ်မကောင်း။ ကိုထွန်းရီတို့ကော ဆရာတို့အရွယ်ရောက်ရင် ဆရာ့လိုအဖြစ်မျိုး ကြုံများကြုံနေကြရဦးမှာတဲ့လား။ ကိုထွန်းရီသက်ပြင်း ခါခါချရပါတယ်။

'မေးဖျား မေးအောက် ဝက်ခြံပေါက်၊ ဝမ်းမြောက်ဝမ်းသာမရှိရာ' တဲ့။

ကိုထွန်းရီကြားဖူးတဲ့ ရှေးလူကြီးတွေရဲ့စကားပါ။ ဘာပြုလို့လဲဆိုတော့ မေးဖျားမေးအောက်ဆိုတာ အထက်ခေါင်းကိုသွားတဲ့ ခန္ဓာကိုယ်တစ်လုံးက အကြောတွေဆုံတဲ့နေရာတဲ့။ အဲဒါကြောင့်မို့ အရေးကြီးတယ်။ လက်ဝှေ့လောကမှာလည်း အဲဒီမေးဖျားဆိုတာက မေ့ကြောနေရာပေါ့။ လက်ဝှေ့သမားတွေက 'ကြော' ကို တော်တော်ဂရုစိုက်တတ်ကြတာ။ ကြည့်-ဘောက်ဆင်ထိုးတဲ့အချိန်၊ လက်နှစ်ဖက်ကိုမြှောက်ပြီး မျက်နှာကိုမထိမိအောင်ကာကွယ်တယ်ဆိုတာ အဓိကက မေးဖျားကို ကာကွယ်တာပါ။ မေးဖျားကို ပြိုင်ဘက်ရဲ့လက်သီးထိလို့ကတော့ ဖြည်းဖြည်းထိလည်းပဲ အထိခံရတဲ့လူကလဲကျတတ်တာမို့ အရေးတကြီးကာကွယ်တတ်ကြပါတယ်။

တောင်ကြီးပွဲမှာတုန်းက ကိုထွန်းရီရှုံးရတာကပြောပြီးပါပကော။ အဲဒီတုန်းက ကိုထွန်းရီရဲ့ လက်ဝှေ့အဆင့်က 'ဂ' ငယ်အဆင့်၊ ယှဉ်ပြိုင်က နိုင်ငံခြားမြန်ရွှေတံဆိပ်ဆုရှင်။ အဲဒီလိုမျိုးယှဉ်ထိုးရတာကို ရှုံးတာက တ တိယအချိမ်ပါ။ ဒါတောင် ပွဲပြီးမလို့ တစ်စက္ကန့်အလိုမှ မေးဖျားကို လက်သီးချက်မှေ့သွားအောင် ထိခဲ့ရတာပါ ဟုတ်။

လက်ဝှေ့ပွဲတွေမှာ ယှဉ်ပြိုင်ထိုးသတ်နေကြရင်းက နှစ်ယောက်ပူးကြ၊



ဖက်ကြတယ်ဆိုတာ တကယ်... ကိုယ်ကမပူးရင် တစ်ဖက်လူက ကိုယ့်... အနီးကပ်ထိုးနက်တော့မှာမို့ မထိုး... အောင် ပူးကြ၊ ကပ်ကြတာပါ။ ပူးတာ... ဖက်တာတို့၊ ယှဉ်ပြိုင်ဘက်ရဲ့လက်... မလှုပ်နိုင်အောင် ချိုင်းကြားညှပ်ထား... တို့ပေါ့။ ပူးတယ်ဆိုတာက တက... တော့ ယှဉ်ပြိုင်ဘက်နှစ်ယောက်... ထိုးသတ်ရတာ လက်ပန်းကျလို့... ကုန်ကြလို့ နှစ်ဦးသဘောတူ ပူးပြီး... ပြီး နားကြတာမျိုးလည်းရှိပါတယ်... မောကလည်းမော၊ နာကလည်းနာ... တစ်ခါတလေ လက်ဝှေ့သမား... အဖြစ်က ယှဉ်ပြိုင်ဘက်ကို အနိုင်... ထက် အချိန်စေ့လို့တီးတဲ့မောင်းသံ... အာရုံစိုက်နေမိကြတာများများပါ။

"ဟော့ကောင်တွေ ပွဲမှာ ငါကြည့်... နေတာ မင်းတို့လက်သီးလည်းမထွက်... လားကွာ"

"မထွက်ဆို ဆရာရယ်၊ ကော... ကောင်းမှမကျွေးတဲ့ဟာဘဲ"

ပြိုင်ပွဲမှာတက်ထိုးရင် ဘယ်... မဆို ကိုယ့်လူကိုနိုင်စေချင်ကြတာချည်း... ပါပဲ။ တစ်ယောက်ချင်း နိုင်ပွဲ... အဖွဲ့လိုက် တံခွန်စိုက်ဒိုင်းရမှာမ... လား။ ပြိုင်တဲ့ပွဲမှာ လက်သီးမထွက်... ဆိုတာက ကိုယ့်ဘက်က လက်သီး... ယှဉ်ပြိုင်ဘက်ရဲ့ မျက်ခွက်ဆီကို အား... တရမထိတာကိုပြောတာ။ လက်ဝှေ့... သမားဆိုတာက ယှဉ်ပြိုင်ဘက်ကို... အောင်ထိုးရင်ထိုး၊ ရှုံးလို့ကတော့... အောက်ရောက်ရင် မကျေမနပ်နဲ့... လူတွေရဲ့အထိုးကိုတောင်ခံရသေး... ဘယ်ဘက်တမှ မသက်သာလှပါဘူး။

ကိုထွန်းရီရဲ့ ညာဘက်လက်... အရေးဆိုမြှောက်လို့မရချင်ဘူး။ ... ကလည်း နာလိုက်တာ။ အထိုး... ဒဏ်တွေပေါ့။ ဆိုးတာက ခေါင်း... ခေါင်းထိတာများတော့ ခေါင်းမူး... ကိုက်တယ်။ ပိုဆိုးတာက လူက... ငယ်ငယ်ရှိသေး၊ ဘာလုပ်လုပ်... လျော့ချင်နေတာပါပဲ။ ဒါကြောင့်... ကိုထွန်းရီဆိုင်မှာဘောက်ဆင်သမား... ဆုံရင် ပြောပြောနေကြတာပေါ့။

"တော်တော့ ဝဋ်ကြွေး... ဘောက်ဆင်သမားဖြစ်မှာမဟုတ်... အဲဒီဝဋ်ကြွေးဆိုတာက အတော်... လို့ဘောက်ဆင်သမားဖြစ်တာ... ကွာ"

မောင်သင်းထုံ (...)



www.burmeseclassic.com

www.burmeseclassic.com

# ကျားမှန်လျှင် အားသန်ရမည်



**အမျိုးသား အားနည်းရောဂါ**
**(ပန်းသေး ပန်းညှိုး)**
**ဖြစ်တတ်သူများမှာ-**

၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထ မေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်၏ ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူ များ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ
ပန်းသေး ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေး ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြသေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေးရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း။
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း
၈။ စကားမပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်းစတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးသညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလပန်းညှိုးရာကနေ ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

**ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ....**

၁။ ဖေ့ားတစ်လုံးတက်ခြင်း။
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများခြောက်ခြင်း။
၅။ သလိပ်အုပ်စုခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်းလက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ ပေါ့ဆမနေပါနဲ့။ 'ပြည့်စုံ' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက် လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေး ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နှလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နှစ်ပေါင်း လေးပါးနှင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

**တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ**

**မြန်မာ့နန်းတွင်း အကြောပညာရှင်**
**နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်**
**သား ဦးစိုးမော်**
**ပြည့်စုံအထူးကုတိုင်းရင်းဆေးခန်း**
**အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မှ**
**ကျိုက္ကဆံဘုရားဝင်း၊ သယ်န်းမြို့နယ်၊ ရန်ကုန်မြို့**
**Ph : 09 31054631, 09 251031871**

www.burmeseclassic.com

www.burmeseclassic.com



# မကွေးနေရာဇာ
## ဆိပ်ကမ်း ညောင်ပင်က
## သရဲလေးကောင်

ရန်ကုန်မြို့ကြီးတွင် လမ်းမတော် လမ်းနှင့်တည့်တည့်ရှိအောက်ဘက်မှာ သဘောဆိပ်ရှိသည်။ ဆန်အိတ်ကုန်တင် ကုန်ချနှင့် မြန်မာပြည်အရပ်ရပ်ကကုန် တွေဟာ လမ်းမတော်ဆိပ်ကမ်းမှာသာ ကုန်တင်ကြသလို ကုန်ချတာများသည်။ လူသူခရီးသည် စည်ကားလှတဲ့နေရာ ဆိုပါတော့။ သည်အဖြစ်တစ်ခုကတော့ လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်ကအဖြစ် တစ်ခု ဖြစ်ပါသည်။

ဟင်္သာတမြို့နယ်ထဲက ဒဏ်ဘီ ဆိုတဲ့ရွာလေးမှာ အေးမောင်တစ်ယောက် မိဘနှစ်ပါးစလုံးဆုံးပါးသွားကြပြီးသည့် နောက်တော့ ဦးကြီးများအိမ်တစ်လှည့်၊ အဒေါ်များအိမ်တစ်လှည့်နှင့်ကပ်ရပ်နေ ထိုင်လာခဲ့၏။ သူတို့ရဲ့လယ်ထဲယာထဲ ချောင်းထဲမြောင်းထဲတွေမှာ နေ့ညလုပ် ကိုင်ခဲ့ရသလို ရွာဦးကျောင်းဆရာတော် ၏ကရုဏာဖြင့်ကိုရင်ဝတ်ခဲ့ရပြီး ကြီးပြင်း လာတဲ့အခါမှာတော့ လူထွက်ပြီး လယ် စာရင်းငှားအလုပ်တွေကို လုပ်ကိုင်လာ ခဲ့၏။ ရန်ကုန်မြို့မှာ အလုပ်လုပ်ကိုင်ချင် တာကြောင့် ရန်ကုန်မြို့ကြီးရောက်ရှိလာ ခဲ့ပြီး ဘယ်မှမသွားတတ်မလာတတ်ဖြစ် နေရင်းနှင့် လမ်းမတော်ဆိပ်ကမ်းက ဘောတံတားမှာနေထိုင်ရသည့်ဘဝကို ရောက်လာခဲ့ရသည်။

အေးမောင်ဟာ ဘာအလုပ်အကိုင် မှမရှိသေးတာကြောင့် ဟိုနားလျှောက်ဒီ နားလျှောက်ခဲ့ရင်းက ကမ်းနားကုန်တင် ကုန်ချဆန်အိတ်ထမ်းလုပ်သားဖြစ်သည့် ကိုချိုနှင့် မိတ်ဆွေဖြစ်ခဲ့ရ၏။ ကိုချို ဆန်အိတ်ထမ်း၊ ကုန်တင်ကုန်ချသည့် အလုပ်တစ်ခုကို လုပ်ကိုင်ခွင့်ရခဲ့ပြီး မရ ခဲ့ဘူးတဲ့လုပ်အားခ တစ်နေ့မှာ သုံးဆယ် နှင့် လေးဆယ်ကြားရနေတော့ ပင်ပန်း ပေမယ့် ညနေကျတော့ ပိုက်ဆံပွေ့နေ အောင်ရတော့ ဝမ်းသာရ၏။ စားတော့ ထမင်းဆိုင်၊ အိပ်တော့ ဆိပ်ကမ်းနားမှာ ရှိတဲ့ညောင်ပင်အောက်၊ သောက်တော့ ရေအိုးစင်ဆိုတဲ့ဘဝနှင့် နေထိုင်လာခဲ့ပြီး ကမ်းနားက ညောင်ပင်နှင့် မဝေးလှတဲ့ ထမင်းဆိုင်က ဒေါ်လှတင်နှင့် ရင်းနှီး ခင်မင်မှု တွေရနေတော့သည်။

ဒေါ်လှတင်၏ ထမင်းဆိုင်က ကမ်းနားက ခြံစည်းရိုးအပြင်ဘက်ဘေး မှာကပ်ပြီးတော့ ရောင်းချသလို မိဘမဲ့ တူမလေးနှင့် သားလူပျိုပေါက်တို့ဖြင့် ထမင်းဆိုင်ဖွင့်၍ အဝစားမှ ဘာဟင်းနှင့် စားစား ပြားငါးဆယ်ဆိုတော့ ဒေါ်လှတင် ၏ထမင်းဆိုင်မှာ ကုန်တင်ကုန်ချအလုပ် သမားတွေစားကြတာများသည်။ အဲဒီ အချိန်အခါတုန်းကတော့ ဆန်တစ်ပြည် မှ တစ်ကျပ်ခြောက်ဆယ့်ငါးပြားဆိုတော့

ပြောလို့တောင်မယုံကြည်နိုင်စရာ ညနေကျတော့ ဆန်ကားပေါ်မှာဖိတ် ကျနေခဲ့တဲ့ဆန်များကို အလုပ်သမား ကကျုံးပေးကြလို့ ဒေါ်လှတင်ထမင်း မှာ ဆန်အတွက် ထမင်းရောင်းချ မပူခဲ့ရ။

ညောင်ပင်ခြေရင်းမှာနေ၊ ညော ပင်ခြေရင်းမှာအိပ်၊ စားတော့ဒေါ်လှ ထမင်းဆိုင်ဆိုတော့ ထမင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကလည်း သိပ်မဝေးတော့။ အေးမောင်က ဒေါ်လှတင်ထမင်းဆိုင်မှာ ရေခပ်ပေး၊ ထင်းခွဲပေးနှင့်မနေတတ်လို့ ကူညီတာတွေရှိတော့၊ ရိုးသားတဲ့စိတ်ထားတွေရှိတော့ ဒေါ်လှတင်ထမင်းဆိုင်က ခင်မင်ကြသည်။

ညောင်ပင်အောက်မှာ အေးမောင်ညအိပ်တဲ့အခါ နေ့ဘက်မှာ ဆန်အိတ်ထမ်းရတာမောလာခဲ့တာတွေကြောင့် အိပ်ပျော်တဲ့အခါ ပုဆိုးပျောက်၊ အကျီပျောက်၊ ခြုံစောင်ပျောက်၊ အရက်သမား၊ ဘိန်းစား၊ အလုပ်မလုပ်ချင်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

တွေက ညလစ်လျှင်လစ်သလိုလာယူကြတာကြောင့် အေးမောင် ညောင်ပင်အောက်မှာအိပ်ရတာ အဆင်မပြေဖြစ်လာရ၏။ သို့နှင့် ညောင်ပင်အောက် မအိပ်တော့ဘဲ လူတစ်ရပ်ကျော်ကျော်မြင့်တဲ့ညောင်ပင်ကြီးရဲ့ခွကြားမှာတက်ပြီးတော့ လင့်စင်ကလေးထိုးကာအိပ်ရတော့သည်။

ညတစ်ညမှာတော့ ထမင်းစားမကောင်းသလိုဖြစ်တာကြောင့် ခေါက်ဆွဲတစ်ထုပ်ဝယ်လာခဲ့ပြီးတော့ လင့်စင်ရဲ့ခေါင်းရင်းဘက်က ညောင်ကိုင်းမှာချိတ်ထားလိုက်၏။ ခဏနေမှစားမည်ဟု အတွေးနှင့်မှိန်းလိုက်မိတာ အိပ်ပျော်သွားခဲ့သည်။ ညဉ့်နှစ်ချက်ထိုးအချိန်လောက်မှာ အေးမောင်အိပ်ရာကနိုးလာပြီး ညဦးက ဝယ်ချိတ်ထားတဲ့ ခေါက်ဆွဲထုပ်မရှိတော့။ ဘယ်ပျောက်ရောက်သွားပါလိမ့်။ သေချာစွာဒီကိုင်းမှာချိတ်ထားတာပါ။ အောက်များပြုတ်ကျသွားလား။ ကြွက်တက်ဆွဲသလား။ အောက်ဆင်းကြည့်တော့လည်း ဘာမှမတွေ့တော့တာကြောင့် ရှိစေတော့လို့ဆက်အိပ်လိုက်သည်။

အေးမောင် ကမ်းနားဆန်အိတ်ထမ်းသည့်အလုပ်ဖြင့် အတော်ကြာလာခဲ့သလို သည့်ပြင်အလုပ်သမားတွေကတော့ ညနေ အလုပ်ကသိမ်းတာနှင့် ကိုယ့်ရပ်ကွက်ကကိုယ့်အိမ်ပြန်ကြသည်။ အေးမောင်ကတော့ ခြေသလုံးအိမ်တိုင်ဆိုသလို နွေ၊ မိုး၊ ဆောင်း ညောင်ပင်မှာ ခိုနေရသည်။ ရတဲ့ပိုက်ဆံလေးထဲက စုဆောင်းထားတာ ဒေါ်လှတင်ကသိမ်းပေးထားသည်။

ညတစ်ည လသာသာမှာတော့ အိပ်မပျော်တာတွေကြောင့် ဆေးလိပ်ဖွာရင်းနှင့် ကမ်းနားက ကျောက်ကမ္ဘူလေးပေါ်မှာထိုင်ပြီး လေညင်းခံရင်း အေးမောင်တစ်ယောက် ဘယ်အမျိုးအိမ်မှကပ်လို့မရခဲ့သော မိမိဘဝကို တွေးတောရင်းနှင့် မိုးကုပ်စက်ဝိုင်းကြီးအောက်က ငွေကြယ်စဉ့်တွေကြည့်ရင်း မိမိဘဝရပ်တည်ရေးကိုတွေးတောနေမိသည်။

အေးမောင်အိပ်သည့် ညောင်ပင်ခွကြားရဲ့အပေါ်ဆီက တစ်ရေးနိုးတဲ့အခါမှာ စကားပြောကြတဲ့အသံလိုလို တစ်ခါတစ်ခါကြားရတာကြောင့် ထထိုင်လိုက်ပြီး အပေါ်ဘက်က ညောင်ကိုင်းတို့မှာ လူတွေများတက်ရောက်နေသလား ညောင်ကိုင်းတွေကိုလိုက်ကြည့်မိသည်။ ဘာမှမတွေ့တာကြောင့် ဆက်ပြီးတော့ ပြန်အိပ်လိုက်သည်။

နောက်ညမှာတော့ အေးမောင် အရက်နည်းနည်းသောက်ခဲ့ပြီး ဒေါ်လှတင်ဆိုင်မှာ ထမင်းစားခဲ့၏။ အမဲသားဟင်းနှင့် အမဲကြော်တို့ကို ထုတ်ယူလာခဲ့ပြီး အရက်တစ်ပိုင်းနှင့်အတူလက်ကဆွဲလို့ ညောင်ပင်ခွကြားသို့တက်လာခဲ့၏။ လင့်စင်ပေါ်ထိုင်လိုက်ပြီးတော့ အမဲသားဟင်းထုပ်နှင့် အရက်ပုလင်းတို့ကို ခဏထားခဲ့ပြီး ဆေးလိပ်မေ့နေခဲ့တာကြောင့် ညောင်ပင်ပေါ်မှဆင်းခဲ့ပြီး ကွမ်းယာဆိုင်တွင်ဆေးလိပ်ဝယ်ကာပြန်လာခဲ့သည်။

လင့်စင်ဆီသို့ ပြန်ရောက်တော့ အရက်ဗူလင်း၊ အမဲသားဟင်းနှင့် အမဲသားကြော်အထုပ်များကမရှိတော့။ ညောင်ပင်အောက်များ ကြွက်များဆွဲလို့ ရောက်နေသလားအောက်ကိုဆင်းကြည့်တော့လည်း အစအနမတွေ့။ စဉ်းစားမိတာလေးတစ်ခုရှိတာကြောင့် ဒီနေ့တော့ ဒေါသဖြစ်ဖြစ်နှင့်ပင် အိပ်ပျော်အောင် အိပ်လိုက်တော့သည်။

အေးမောင် ညောင်ပင်ခြေရင်း အိပ်တော့တစ်မျိုးပျောက်သည်၊ ညောင်ပင်ပေါ်တက်အိပ်တော့ တစ်မျိုးပျောက်နေတာကြောင့် သောကနှင့် ဒေါသလုံးထွေးပြီး စဉ်းစားရခက်နေတော့သည်။

သည်နေ့ညမှာတော့ ကြက်သားကြော်နှင့် အမဲသားကြော်နှစ်မျိုးဝယ်လာခဲ့၏။ လင့်စင်ပေါ်က သစ်ကိုင်းမှာကြိုးနှင့်ချည်ထားပြီးတော့ မအိပ်ဘဲနှင့် စောင်ခေါင်းကမြုံထားပြီး ငုတ်တုတ်ထိုင်၍ လက်ထဲဓားမကိုင်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

အေးမောင် သူချိတ်ထားတဲ့ကြက်ကြော်နှင့် အမဲသားကြော်ထုပ် ဘယ်လိုနည်းနှင့်ပျောက်ပျောက်နေရတယ်ဆိုတာ သိရှိတင်မကတော့ဘဲ ဓားမနှင့်ပိုင်းလိုက်မည်စိတ်ကူးဖြင့်စောင့်နေတာ တစ်ချက်ထိုးလောက်လည်းမထူးခြားသေး၊ နှစ်ချက်ထိုးခါနီးအချိန်လောက်မှာတော့ ညောင်ပင်ရဲ့အပေါ်ကိုင်းတွေဆီက ရွက်ခြောက်တွေတခြောက်ခြောက်နှင့်ကြွေကျနေတဲ့အသံတွေကြားနေရ၏။ ညောင်ရွက်တွေလေတိုးသံလိုလို လင်းဆွဲငှက်တွေနားတဲ့အသံတွေလိုလိုနှင့်ဖြန်းဖြန်းမြည်သွားပြီးတော့ လှုပ်ခါတဲ့အသံလိုကြားလိုက်ရ၏။ ဘာပါလိမ့်အတွေးနှင့် အမှောင်ထဲမှာ ချိတ်ချည်ထားတဲ့အထုပ်ကိုတော့ နည်းနည်းမှ အလစ်မပေးဘဲကြည့် ချိန်မှာတော့ ညောင်ကိုင်းပေါ်မှာ မည်းနှင့်ပေါ်လာ၏။ ချိတ်ထားတဲ့ကြ ကြော်၊ အမဲကြော်ထုပ်ကို ဖြုတ်ယူ တော့သည်။ အကောင်ကကြီးကြီးမည်း မည်းကြီးရယ်။

အေးမောင် ညောင်ကိုင်းပေါ် မည်းမည်းအရာကြီးထိုင်ပြီး အကြော် ထုပ်ကို ဖြုတ်ယူနေတုန်း လက်ထဲ အသင့်ကိုင်ထားတဲ့ဓားမနှင့်တအား ချလိုက်ချိန်မှာတော့ ဝူးဝူးဝါး အသံကြီးအော်ထွက်လာပြီး ညောင်ကိုင်း ပေါ်က မြေပြင်ပေါ်ကို ဗိုင်းခနဲမြည် ပြီး အသံတိတ်သွားတာကြောင့် ညောင် ပင်အောက်ဆင်းကြည့်ရာ ဘာမှမတွေ့ ရတော့ဘဲနှင့် ညောင်ရွက်ခြောက် သာတွေ့ရသည်။

ထူးတော့ထူးတယ်ဟုအတွေး ညောင်ပင်ခွခြားမှာအိပ်လိုက်တဲ့ မှာတော့ တစ်ရေးနိုးတော့ ချိတ်ထား အမဲသားကြော်နှင့် ကြက်သားကြော် ထုပ်ဟာ ပျောက်သွားပြန်တော့သည်။ ယူယူစားတဲ့အကောင်ဟာ သရဲ ဖြစ်နိုင်ကြောင်း တွေးနေတဲ့အခ ညောင်ပင် အပေါ်ကိုင်းဆီမှ တအင်း ညည်းသံကြားနေရသည်။

ထိုညည်းသံကြားတဲ့ညောင်ကိုင်း ဆီကို အောက်ဆင်းပြီးတော့ ခဲနှင့် ညောင်ကိုင်းပေါ်ကနေပြီး မြေ မည်းမည်းကြီးတွေဟာ ဗုန်းဗုန်း ဆို သရဲလေးကောင်ခုန်ချပြီးတော့ ထားတဲ့ဂိုဒေါင်ကြားကို ဝင်ပြေးသွား တော့သည်။

အေးမောင် ညောင်ပင်က လေးကောင်ရှိတယ်ဆိုတာ သိလိုက် တာကြောင့် ညောင်ပင်နှင့် အ လေးဝေးတဲ့ ကွမ်းယာဆိုင်နောက် ဘက်မှာ အဖီကလေးဆွယ်ချလို့နေ ရတော့သည်။ ညောင်ပင်မှာ တော့ပေါ့။

*(တစ်ချိန်တစ်ခါက ဆိပ်ကမ်း ဆန်အိတ်ထမ်းတဲ့လုပ်သားကြီးဘ စဉ်နှင့် လမ်းမတော်သင်္ဘောဆိပ် မှာရှိတဲ့ ညောင်ပင်မှာနေခဲ့ရစဉ် ကြုံခဲ့ရတဲ့သရဲများအကြောင်း တစ် လျှာရေးသားပါသည်။)*

မေတ္တာမြိုင်



www.burmeseclassic.com

www.burmeseclassic.com



# မင်းဘူး-ဗိုလ်ဥတ္တမ

## နိမိတ်ပုံထဲကကျွန်တော်

နိမိတ်ဆိုသည်မှာ အဖြစ်ပျက်ကြီးတစ်ခုမဖြစ်ခင်ဝယ် ဆင်တူယိုးမှားအဖြစ်အပျက်လေးတစ်ခုက ဖြစ်တတ်သောသဘောရှိသည်။ ၁၉၇၀ ပြည့်နှစ်တွင် အလုပ်မဝင်ခင် အိမ်ထောင်အရင်ကျခဲ့သည်။ အိမ်ထောင်ကျပြီးမှ အလုပ်ရခဲ့သည်။ ၁၉၈၇ ခုနှစ် အိမ်ထောင်ပျက်တော့ အလုပ်လည်းမကြာခင်ပြုတ်မယ်နဲ့တူတယ်ဟု ကျွန်တော်တွက်ခဲ့သည်။ တွက်သည့်အတိုင်းပဲ မှန်သည်။ ၁၉၈၈ ခုနှစ်တွင် ကျွန်တော်အလုပ်ပြုတ်ခဲ့သည်။ လူဝမ်ဘက်မှာတုန်းက ဖြစ်၏။ ဆောင်းတွင်းတစ်မနက်ဝယ် မန်နေဂျာနှင့်အဖွဲ့အလာကိုစောင့်ရင်း မလှမ်းမကမ်းကထိုင်ခုံမှာ ကျွန်တော်ထိုင်နေသည်။ထိုစဉ်သူငယ်ချင်းစည်ပင်သာယာအလုပ်သမားအခန်းရောက်လာကာ နက်စ်ကဖေးသံဘူးတစ်ဘူးလာပေးသည်။ လက်ဖက်ရည်သောက်ပြီးပါပြီဟု ပြော၍လည်းချူ ဖွင့်ပေးသွားသဖြင့် ယူထားလိုက်ရသည်။ ဘူးဖွင့်ပြီးနံနက် (၁၁) နာရီဝယ်

သန့်ရှင်းရေးအလုပ်သမား ဖိလစ်ပိုင်မလေး သမီး မဆဲလ်ရောက်လာရာ နက်စ်ကဖေးဘူးကို သူ့အားပေးလိုက်သည်။ ထိုနေ့သည် စနေနေ့ဖြစ်သည်။ နောက် စနေတွင် တရုတ်နှစ်သစ်ကူးညစာစားပွဲကို လုံခြုံရေးကုမ္ပဏီက ကျင်းပဖို့ရှိပြီး မဲနှိုက်၍လက်ဆောင်ပေးလေ့ရှိသည်။ ညစာစားပွဲမှာ ငါမဲပေါက်မယ်၊ ဒါပေမယ့် ရတဲ့ပစ္စည်းဟာ ငါးသုံးလို့မရမယ့်ပစ္စည်းဖြစ်လိမ့်မည်ဟု တွက်ဆသည်။ ညစာစားပွဲကျတော့ မိန်းမပတ်နာရီအယ်လ်ဘာအမျိုးအစားမဲပေါက်သည်။ လူကြုံနှင့် ရန်ကုန်သို့ပို့ကာ မကွေးကတူမလေးအား ပေးခိုင်းလိုက်ပါသည်။

အသေးအဖွဲ့ကအစ နိမိတ်ဖြစ်ပေါ်ပါသလား။ ဖြစ်ပါသည်။ ထမင်းဆိုင်

www.burmeseclassic.com

သွား၍ ဟင်းဝယ်သောကိစ္စသည် ဘာမှ ကြီးကျယ်သောကိစ္စမဟုတ်ပါ။ သို့သော် သွားတိုင်း မိမိဝယ်လိုသည့်ဟင်းမရတတ် ပါ။ မရ၍ ရှိတာပဲဝယ်ခဲ့ရတာမျိုးရှိသည်။ ည (၉) နာရီ လူဝမ်ကအလုပ်ဆင်းပြီး ဘတ်စ်ကားစီး၍ အိမ်ပြန်စဉ် ဘတ်စ်ကား ပေါ်မှာ မြန်မာစကားသံကြားရသည်။ မကာအိုတွင် မြန်မာပြည်က ပြန်လာ သော တရုတ်လူမျိုးများစွာရှိသည်။ ထိုသို့ မြန်မာစကားသံကြားရသော် ဝယ်မည့် ဟင်းရမည်ဟုတွက်၏။ ထမင်းဆိုင်ကျ တကယ်ပဲလိုချင်သောဟင်းရလေသည်။ အောင်အောင်မြင်မြင်ဖြစ်မည့်ကိစ္စတစ်ရပ် သည် မူလအစကတည်းက ချောချော မောမောဖြစ်တတ်၏။ မအောင်မြင်မည့် ကိစ္စကမူ အဖုအထစ်တွေနှင့်ဖြစ်နေ တတ်၏။ ငွေရေးကြေးရေးကိစ္စအတွက် တယ်လီဖုန်းဆက်လျှင် ခလုတ်များနှိပ်မိ က မအောင်မြင်တတ်ပါ။ နံပါတ်တစ်ခု ချင်းကို ဂရုစိုက်ပြီးနှိပ်မယ်ဗျာ။အောင်မြင် မလားဟု အမေးရှိလာသောအခါတွင် ခလုတ်ကို မှန်မှန်ကန်ကန်နှိပ်မိ၍ အောင်မြင်မည်ဟုတော့ မပြောနိုင်။ နံပါတ်များနှိမ်မိရင်တော့ မအောင်မြင် ဖို့ရာ သေချာပါသည်။

ဘလူးကတ်သက်တမ်းတိုးဖို့ရာ ကြီးကြပ်ရေးမှူးက လူဝမ်ဘဏ်လာ၍ ကျွန်တော့်ကို ကားနှင့်တင်ခေါ်ကာ လူဝင်မှုရုံးကွေ့ချပေးခဲ့သည်။ တယ် နိမိတ်ကောင်းပါလားလို့ အောက်မေ့မိ သည်။ (ကြီးကြပ်ရေးမှူးတိုင်း ဤသို့မရ ၏။ ဤသို့သဘောမကောင်းပါ) ထိုနှစ် က ဘလူးကတ်သက်တမ်း (၂) နှစ်ဆက် တိုက်ရသည်။ ပြီးတော့ သည်တစ်ခေါက် နှင့်ပြီးသည်။ ကြီးကြပ်ရေးမှူးက ကား နှင့်တော့ခေါ် ပါ၏။ လုံခြုံရေးကုမ္ပဏီ ခေါ်သွား၊ ယင်းမှ ကိုယ့်ဘာသာ လူဝင်မှု သွားရသောနှစ်က နှစ်ကြိမ်ခန့်လူဝင်မှုသို့ သွားရပြီး ဘလူးကတ်ရပြန်တော့လည်း ကြာနေပြန်၏။

လူဝမ်ဘဏ်က ထွက်ခဲ့ပြီးတော့ မကာအိုစည်ပင်သို့ ရောက်ရှိသည်။ နောက်ပို့ဆောင်ဆက်သွယ်ရေးပြတိုက် ဆောက်လုပ်ရေးသို့ရောက်သည်။ ၂၀၀၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့ညမှစ၍ မကာအိုမြို့ အစိုးရမော်ကွန်းတိုက် သို့ အမြဲတမ်း တာဝန်ဖြင့်ပို့သည်။ လူဝမ် ဘက်မှာတုန်းက စနေညနေပိုင်းနှင့် တနင်္ဂနွေနေ့ခင်းပိုင်း (ဘဏ်ပိတ်ရက် များ) တွင် အချိန်ပိုင်းတာဝန်ကျခဲ့ရာရုံး ဖြစ်သည်။ ကျွန်တော်နှင့်ရင်းနှီးပြီးသား နေရာတစ်ခုပါ။ ၁၉၉၂ ခုနှစ် ဘဏ် ရောက်စ တစ်ခုသော တနင်္ဂနွေတွင် ဆမ်းမာလူးလမ်းက ပန်းချီပြပွဲတစ်ခုတွင် ကျွန်တော့်ကိုအချိန်ပိုင်းချသည်။ နံနက် (၉) နာရီခွဲခန့်မှာတော့ ကြီးကြပ်ရေးမှူး က လာခေါ်ကာ ဤရုံးသို့ပို့သည်။ ဖြစ်ပုံ က မနက် (၉) နာရီဝင်ရမည့်သူကမလာ ၍ ညစောင့်က ဂျူတီလွဲမည့်သူမရှိ ဖြစ်ရာ ရုံးကို ဖုန်းဆက်သည်။ ရုံးက ကျွန်တော့်ကိုပို့သည် ဒါပါပဲ။ ဆယ်မိနစ် ခန့်အကြာဝယ် ပုံမှန်တနင်္ဂနွေနေ့တာဝန် ကျရောက်လာရာမှ ကျွန်တော်က ပန်းချီပြပွဲသို့ပြန်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဘလူးကတ်ရပြီးတော့ အော်ပရေးရှင်း အရာရှိကိုအေးသိန်းက ကျွန်တော့်ကို စနေ-တနင်္ဂနွေအချိန်ပိုင်းတာဝန်နှင့် ဤ ရုံးသို့ပို့သည်။ ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ တနလ်ာမှ သောကြာကို မနက်(၈)နာရီထွက် ည (၉) နာရီခွဲမှ အိမ်ပြန်ရောက် ထမင်းအိုး တည်ပြီး (၁၀) နာရီထိုးမှ ထမင်းစားရ သည်။ အလွန်ပင်ပန်းသောရက်များ။ မည်မျှပင်ပန်းသနည်းဆိုသော် (၁၀)နာရီ (၁၅) ခန့် ထမင်းစားပြီး ခေါင်းချသော် အိပ်ပျော်သွားလေသည်။ ဤပင်ပန်းမှု များကို ဤမော်ကွန်းတိုက် တနင်္ဂနွေ ဂျူတီကျမှ မြန်မာမဂ္ဂဇင်းများ၊ ကြေးမုံ သတင်းစာ (နှစ်ပတ်နောက်ကျ) တွေ ဖတ်၍ အနားယူကာ အပန်းဖြေရသည်။ နေ့ခင်းတွင် သန့်ရှင်းရေးလာ၍ တံခါး ဖွင့်ပိတ်မှုအပ အခြားဘာအလုပ်မှမရှိပါ။

ဤသို့ ခဏရောက်ဖူးသောနေရာ



ကို ဒုတိယအကြိမ်ပြန်ရောက်လျှင် [illegible] သွားတတ်သည့်အတိုင်း မော်ကွန်းတိုက် [illegible] တွင် (၈) နှစ်တာမျှ အချိန်ပိုင်းအ[illegible] ပြည့်တာဝန်များနှင့် ၁၉၉၅ ခုနှစ်၊ ဇွန်[illegible] ၁၀ ရက်မှသည် ၂၀၀၃ခုနှစ်၊ နိုဝင်ဘာ[illegible] ၃၀ ရက်နေ့အထိ ကြာမြင့်ခဲ့ပါသည်[illegible] တစ်ဆက်တည်းတော့မဟုတ်ပါ။မကာအို[illegible] စည်ပင်နှင့် ပို့ဆောင်ဆက်သွယ်ရေး[illegible] ပြတိုက်တာဝန်များ (၈) လမျှ[illegible] ကွာဟခဲ့သည်။

၂၀၀၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့[illegible] တွင် ညတာဝန်ဝင်ရန် ရုံးအဝကလှ[illegible] ခေါင်းလောင်းကိုနှိပ်တော့ ဖိလစ်[illegible] တစ်ဦးလာဖွင့်ပေးသည်။ 'နာသာ[illegible] ရော' ဟုမေးရာ သူမသိပါ။ ရုံးက ည[illegible] (၆) နာရီတွင် လာပို့ထား၍ စောင့်[illegible] ပါသည်ဟုဖြေသည်။ နာသာညာ[illegible] ယခင်ညစောင့်မှ ယခုနေ့စောင့်ဖြစ်[illegible] ကာ ကျွန်တော်က ညတာဝန်ယူ[illegible] ဖြစ်သည်။ အမှန်က နာသာညာ[illegible] ပြန်လာလာချင်းတွေ့ရမှာဖြစ်[illegible] ယခုမတွေ့ရပါ။ ပြန်လာသည့်အခါ[illegible] ရမည့်သူကို ထိုနေရာမှာ မတွေ့ရ[illegible] ယင်းပုဂ္ဂိုလ် ထိုနေရာတွင် ကြာ[illegible] နေတော့မည်မဟုတ်ပါ။ ထို[illegible] နာသာညာသည် ဤရုံးမှမကြာ[illegible] တော့မည်ဆိုသောနိမိတ်ကိုရသည်[illegible] လည်း ၁၉၉၅ ခုနှစ်၊ ဇွန်လ[illegible] ကဖြစ်ရာ ဤရုံး၏ကိစ္စအဝဝကို [illegible] ကျွန်တော်ကလွဲသော် အခြားမည်[illegible] လုံခြုံရေးမှမသိပါ။ နောက်နေ့[illegible] ကျွန်တော့်ဂျူတီအထွက်တင်မှ [illegible] ညာနှင့် ကျွန်တော်တို့တွေ့၏။ သို့[illegible] ကျွန်တော်က ဤအကြောင်းတို[illegible] ပါ။ နိမိတ်ပုံဘာသာရပ်အကြောင်း[illegible] မြန်မာလူမျိုးတိုင်းတောင်မှ နာ[illegible] ဘဲနှင့် ဖိလစ်ပိုင်လူငယ်က ယုံ[illegible] လည်ပါမည်နည်း။

ထိုနှစ် နိုဝင်ဘာလ၏ ည[illegible] ဖြစ်သည်။ ကျွန်တော့်နားထဲတွင် [illegible] ဖျစ်ဖျစ်ဆိုသော တီးတိုးညင်သာ[illegible] အသံတစ်သံကြားရသည်။ ဆ[illegible] ကြားရသည်လည်း မဟုတ်ပါ။ [illegible] လိုက် တော်နေကြာပျောက်[illegible] သည်။ လုံခြုံရေး၏အသက်သည် [illegible] မျက်စိဖြစ်သည်။ မသက်ာဖွယ်[illegible] သည် မည်သည့်နေရာကလာ[illegible] ကျွန်တော်လိုက်သွားသည် [illegible] သို့နှင့် လက်လျှော့လိုက်ရသည်။ [illegible] နေ့မနက် နာသာညာက [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွင် နှစ်ဦးသားရပ်၍ စကားပြောနေကြသည်။ ဤရုံးသည် အရှေ့ဘက်လှည့်ဖြစ်၍ နေထွက်လာပြီး နေရောင်ခြည်အောက်တွင် ဝင်စင်ချင်း ညာဘက်မှန်တံခါးက အရက်ကွဲနေသည်ကိုမြင်ရသည်။ ဤအရပ်က ရာသီပြင်းပြသည်။ အလွန်ပူ၊ အလွန်အေးသောအရပ် ဖြစ်သည်။ ကျွန်တော့်အိမ်က မှန်ပြတင်းလည်း မထိမခိုက်ဘဲ ယခုလို အလိုလိုကွဲဖူးသည်။ မော်ကွန်းရုံးသို့ အစီရင်ခံစာရေးတင်လိုက်သည်။

နာသာညာကိုတော့ ပြောလိုက်သည်။ ဒါ မကောင်းတဲ့ နိမိတ်ပဲ။ တစ်ခုခုဖြစ်လိမ့်မည်။ သူ့ရှေ့တွင် ပစ္စည်းအပျက်အစီးကို မြင်ရသည်မို့ သူက ခေါင်းညိတ်သည် ဘာမှတော့မပြောပါ။ သူတို့သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း အရှေ့တိုင်းသားတွေမို့ ဒါလောက်တော့ လက်ခံပါသည်။ အဓိပ္ပာယ်မရှိဘူးဘာဘူးဟူ၍ မပြောပါ။

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် နံနက်ပိုင်း ဂျူတီလွှဲပြီး ပြန်လာခဲ့သည်။ နေ့ခင်းကျတော့ ကျွန်တော့်မိုဘိုင်းဖုန်းကို သူခေါ်သည်။

"အန်ကယ်ဝမ်း၊ ကျွန်တော် အလုပ်ပြုတ်ပြီ။ ခုပဲရုံးကအလုပ်ဖြုတ်စာလာပေးတယ်။ အဲဒါ ကျွန်တော်လုံခြုံရေးကုမ္ပဏီရုံးကိုသွားချင်လို့ ခဏအစားဝင်ပေးပါ"

ကျွန်တော်က ကမန်းကတမ်း ယူနီဖောင်းလဲပြီး မော်ကွန်းရုံးသို့ပြေးရသည်။ ဟိုကျ သူက အလုပ်ဖြုတ်သောစာကိုပြသည်။ သူ့ကို ရုံးသို့လွှတ်လိုက်သည်။ မည်သည့်အပြစ်မှမရှိပါ။ ဘလူးကတ်ခုနစ်နှစ်စေ့သော် ယာယီနေထိုင်ခွင့်ကတ်(အဝါကတ်)လျှောက်၍ရသည်။ ဒါကို မကာအိုလူဝင်မှုကလျှောက်မှာစိုး၍ သူတို့တစ်အုပ်လုံးရပ်စဲခြင်းခံရတာဖြစ်သည်။ လူဝမ်ဥယျာဉ်တွင် ကျွန်တော်နှင့်အတူတွဲကျသော တွိုင်တွိုင်လည်းပါသည်။ မေလ ၃၁ ရက်နေ့ည ပြန်တွေ့ရမည်သူဖြစ်သော နာသာညာကိုမတွေ့ရခြင်း၊ ပူသောနိမိတ်နှင့် တံခါးမှန်က သူ့အလိုလိုကွဲသောနိမိတ်များ ဖြစ်၏။ အဖြေကို ယခုအခါ ရရှိခဲ့လေပြီ။ သူအလုပ်ပြုတ်သွားသောအခါတွင် နာသာညာက တံခါးမှန်ကွဲတုန်းက အန်ကယ်ဝမ်းက မကောင်းတဲ့နိမိတ်ပဲလို့ပြောတာ မှန်ပါတယ်ဟု ပြောသည်။

တံခါးမှန်တို့၊ မျက်မှန်တို့က လုံခြုံရေး၏အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာတွင် ကျွန်တော့်စာကြည့်မျက်မှန်ကိုင်းတစ်ဖက်ကျိုးသွားခဲ့သည်။ ထိုစဉ်က အချိန်ပိုင်းတာဝန် (၂) ခုရှိသည့်အနက် မော်ကွန်းတိုက်တာဝန်ကို ခေတ္တအဖြုတ်ခံခဲ့ရသည်။ ကိုအေးသိန်းခွင့်သွားနေစဉ်ဖြစ်ပြီး ခွင့်က ပြန်လာတော့ပြန်ပေး၏။ မြန်မာလူငယ်ကိုလှမျိုးက အတူကျဘက် မြန်မာလူငယ်က အရက်မူးပြီး ရမ်းကားရာက သူ့စာကြည့်မျက်မှန်ပျောက်သွားသည်။ သူအလုပ်ပြုတ်သွားသည်။ မြန်မာလူငယ်က သူ့ကို အရေးယူလျှင် ဒီဓာတ်ပုံကို ဖြိုင်ဘက် စီကျူရီကောလုံခြုံရေးကုမ္ပဏီပို့လိုက်မည်ဟု ဂတ်ဒ်ဖိုးကုမ္ပဏီကိုတင်ပြသည်။ ဓာတ်ပုံထဲ၌ ကိုလှမျိုးက ဂတ်ဒ်ဖိုးယူနီဖောင်းနှင့် စားပွဲပေါ်တွင်အိပ်နေပုံဖြစ်သည်။ ဤအမှုဖြင့် ကိုလှမျိုးအလုပ်ပြုတ်ခြင်း ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့ ည (၁၀) နာရီတွင် ကြီးကြပ်ရေးမှူးရောက်လာကာ စာတစ်စောင်ပေးသည်။ ကျွန်တော့်ကို အလုပ်ဖြုတ်သောစာဖြစ်သည်။ နာသာညာတို့အဖွဲ့တုန်းကလိုပဲ ကျွန်တော်တို့အဖွဲ့ကို ဘလူးကတ် (၇) နှစ်စေ့၍ ဖြုတ်ခြင်းပါ။ ဖြုတ်လည်းအိပ်ပြန်တာပေါ့ဆိုပြီး တုန်လှုပ်မှုမရှိပါ။ ထိုစာရပြီး ထိုင်နေစဉ်ပဲ ရုံးအတွင်းမှန်သို့ အပြင်ကကားတစ်စီးမီးမှိတ်လိုက်လင်းလိုက်ဖြစ်နေပုံလာပေါ်၏။ သို့နှင့် လုံခြုံရေး၏တာဝန်အတိုင်း ရှေ့တံခါးဖွင့်ကာ ထွက်ကြည့်သည်။ လူဝမ်တုန်းက ခင်မင်ရင်းနှီးခဲ့သော ဘဏ်အပေါ်ထပ်နေ အားမေ့ဆိုသော အမျိုးသမီး၏ကား ဖြစ်သည်။ သူ့သမီးကို လာစောင့်နေခြင်းဖြစ်သည်။ သူ့ကို နှုတ်ဆက်စကားဆိုပြီး ပြန်ဝင်ခဲ့သည်။ ခက်တော့ဖြင့် ခက်နေပြီ။ အလုပ်ဖြုတ်သောစာက လက်ထဲရောက်နေပြီး နိမိတ်က မပြန်ရသေးဟုပြနေသည်။ ဤကဲ့သို့ ခင်မင်သောလူဟောင်းကို သဘောဆိပ်၊ လေဆိပ်၌တွေ့ခဲ့သော် ပြန်လာရတတ်သည်ဟု ကျွန်တော်ပြောခဲ့သည်။ ယခု အလုပ်ဖြုတ်စာရပြီးပြီးချင်း ခင်မင်ရင်းနှီးသူကိုတွေ့ရ၍ မပြန်ရသော နိမိတ်ဟု ကျွန်တော်ပြောခြင်းဖြစ်သည်။ သို့သော် ကျွန်တော်သည် အယူတော်မင်္ဂလာပညာရှိမဟုတ်ချေ။ တတ်ယောင်ကားအဆင့်ပဲရှိသည်။

စိတ်ပေါက်ပေါက်နှင့် လုံခြုံရေးကုမ္ပဏီသို့ ဖုန်းလည်းမဆက်။ လူလည်း မသွားခဲ့ပါ။ ယူနီဖောင်းနှင့်ဘလူးကတ်လာအပ်ဆိုသော ဇန်နဝါရီ ၁၂ ရက်နေ့မှသွားတော့မည်။ ဇန်နဝါရီ ၆ ရက်နေ့ မော်ကွန်းတိုက်တွင် နောက်ဆုံးအလုပ်ဆင်းကာ အပြင်မှာပဲနားနေလိုက်သည်။ ၂၀၀၁၊ မေ ၃၁ မှ ၂၀၀၂ ခုနှစ်ကုန်အထိ တစ်ရက်မှမနားရသေးပါ။ ဇန်နဝါရီ ၁၈ ရက်နေ့မနက် မြန်မာပြည်တွေ စုဝေးနေထိုင်ရာ မီးသုံးလုံးတွင် မနက်ပိုင်း လက်ဖက်ရည်သောက်အပြီး ဆိုင်ကအထွက် မြန်မာလူငယ်လုံခြုံရေးတစ်ဦးနှင့်တွေ့သည်။

"ဦးဝမ်းကို ထိုဆန်းကရှာနေတယ်။ ရုံးကိုလာခဲ့ပါတဲ့"

ဟု ပြော၏။

သို့နှင့် ရုံးသို့သွားပြီး မန်နေဂျာထိုဆန်းနှင့်တွေ့သည်။ မျက်နှာထားတင်းတင်းနှင့်ပဲ -

"ဘာကိစ္စလဲ"

ဟု မေးလိုက်သည်။

"ပြန်ခန့်မယ်၊ ဘလူးကတ်နဲ့ပတ်စ်ပို့ထားခဲ့ပါ"

ဆို၍ပေးခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်နေ့ညတွင် မော်ကွန်းတိုက်၌ အလုပ်ပြန်ဆင်းသည်။ ထို့ကြောင့် နိမိတ်ကို နားမလည်သောလူကသာမှားလျှင်မှားမည်။ နိမိတ်ကားဘယ်တော့မှမမှားပါ။ အလုပ်ဖြုတ်စာရပြီး ခင်မင်ရင်းနှီးသော ဒေသခံကို တွေ့ရခြင်းက မပြန်ရသေးဟု ပြောနေသည်ကို ကျွန်တော်က နားမလည်ခဲ့ပါ။

၂၀၀၃ ခုနှစ် ဘလူးကတ်သက်တမ်းတိုးပြီးတော့ ဒီတစ်နှစ်ပဲလုပ်တော့မည်လို့ ဆုံးဖြတ်လိုက်သည်။ ဒီဘဝကြီးကို စိတ်ကုန်ပါပြီ။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ခွင့်တင်လိုက်၏။ (၁၈) ရက်လုံးလုံး သတင်းစာဖတ်၊ လက်ဖက်ရည်သောက်နှင့်နားနေသည်။ ၁၈ ရက်နေ့ည မက်ကာအိုလေကြောင်းနှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပြန်ခဲ့သည်။ လုံခြုံရေးကုမ္ပဏီကို အလုပ်ထွက်ပြီဟု မပြောခဲ့ပါ။

ဘန်ကောက်သို့ ဆဋ္ဌမအကြိမ်မြောက် အလည်ရောက်ခြင်း ဖြစ်သည်။ ရောက်ပြီးတစ်ပတ်လောက်အကြာဝယ် စတုတ္ထမြောက် ရာမာဘုရင်လမ်းပေါ်ရှိ လုမ္ဗနီဥယျာဉ်သို့မရောက်တာကြာပြီဖြစ်၍သွားခဲ့သည်။ ရေစပ်က မြက်ခင်းပေါ်ထိုင်၍ ဆေးလိပ်သောက်နေစဉ် ရေထဲကနေ သင်းခွေချပ်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

တက်လာတာတွေ့ရသည်။ ဤသို့ အရုပ်ဆိုးအကျည်းတန်သောသတ္တဝါကိုတွေ့ရခြင်းက နိမိတ်မကောင်းပါ။ သို့သော်အေး၏။ ပတ်စ်ပို့နဲ့ တရားဝင်ဗီဇာနဲ့နေတာပဲ။ ဘာမှမဖြစ်နိုင်ပါဘူးလို့တွေးသည်။ ရေသောက်ရန် ဈေးဆိုင်သို့အသွား ထိုင်းရဲတစ်ဦးရောက်လာကာ စီးကရက်တိုပစ်မှုဖြင့် ကျွန်တော့်ကိုဖမ်းသည်။ ရေလယ်ကျွန်းရုံးသို့လိုက်သွားရသည်။ ဘတ် (၈၀၀) (ဒေါ်လာ-၂၀) ဘတ်ဆောင်ရသည်။ ဖြတ်ပိုင်းပေးပါသည်။ ကိုယ့်အပြစ်ပဲဖြစ်သည်။ ဒုတိယအကြိမ်နိမိတ်က ပြသော်လည်း ကိုယ့်က နားမလည်ခဲ့မှုပဲဖြစ်သည်။ သင်းခွေချပ်ဆိုသည့်အတိုင်း တစ်သင်းလုံးခွေ၍ ကျွန်တော့်ကိုကျပ်လိုက်ရာ ဘတ် (၈၀၀) ထွက်သွားခဲ့သည်။ အမိမြေသို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့မှာ ပြန်ရောက်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလဆန်း ဖြစ်၏။ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ The Friend လက်ဖက်ရည်ဆိုင်၏လှေကားထစ်လေးတွင် ပလတ်စတစ်ထိုင်ခုံအပုလေးပေါ်ထိုင်ပြီး လက်ဖက်ရည်သောက်နေသည်။ အောက်က လူနှစ်ယောက်စကားပြောသံကြားနေရသည်။ တစ်ဦးကပြော၏။ 'ပိုက်ဆံများဝင်ချင်တယ်ဆိုရင် အိမ်ထဲမှာအိပ်နေ တံခါးခေါက်ပြီး ရောက်လာလိမ့်မယ်'ဟုပြော၏။ ဒါကိုကြားရတော့ အံမယ်-တယ်နိမိတ်ကောင်းပါလားဟု အောက်မေ့မိ၏။

ဧပြီလ ၁၂ ရက်နေ့ညနေခင်း ဖြစ်သည်။ တံခါးခေါက်သံကြားရလျှင် ဖွင့်ပေးလိုက်ရာ လူနှစ်ယောက်တွေ့ရသည်။

"လျှောက်ထားတဲ့ပစ္စည်းမဲပေါက်လို့ စာရွက်စာတန်းလာပို့တာပါ"

ဟု ဆိုသည်။ ၂၀၀၄ပြန်လာကာ စတုန်းက လမ်းဘေးဆိုင်တွင် တွေ့ရသော ပုံစံနှင့်စာအိပ်ဝယ်၍ 'တံဆိပ်ခေါင်း (၅) ကျပ်တန်ကပ်ကာ စာတိုက်ကထည့်လိုက်သည်။ ယခု ယင်းပစ္စည်းမဲပေါက်သည်။ ဧပြီ ၁၈ ရက်နေ့ကျတော့ ရွှေဂုံတိုင်လမ်းမရှိ ယင်းရုံးတွင် စာရွက်စာတမ်းတွေထုတ်ပြီး ၁၉ ရက်နေ့တွင် ရောင်းစားပစ်ရာ အသားတင်ငွေကျပ် (၁၄) သိန်းရလေ၏။

ထိုနေ့တုန်းက လ၏စဦးစဖျားအဖြစ် မကွေးရှိမိခင်ကြီးကို တစ်နှစ်စာကန်တော့ငွေ (၆၀၀၀၀) ကျပ်ပို့ရန် ပိုက်ဆံထုပ်ထဲက လိုလိုမည်မည် ငွေ (၇၅၀၀၀) ယူလာခဲ့သည်။ ရိုးမဘဏ်တွင် ပုံစံဖြည့်ပြီး ပိုက်ဆံရေတွက်တော့ သုံးသောင်းကျပ်ပဲ ရှိလေသည်။ သို့နှင့် အတူပါသူငယ်ချင်းထံက ငွေ (၃၀၀၀၀) ခဏယူ၍ ဖြည့်ကာ ပို့လိုက်ရသည်။ သို့သော် မိခင်ကြီးသည် ဤပို့ငွေအနက် (၆) လစာပဲစားရတော့မည်။ သို့မဟုတ် မိခင်ကြီး လူ့ပြည်မှာနေရန် (၆) လပဲရှိတော့သည်ကို ဘဏ်ကမထွက်ခင်ဘဲ နိမိတ်အရ ကျွန်တော် သိလိုက်ပါပြီ။ အသက်(၉၈)နှစ်အရွယ် မိခင်ကြီးသည် နိုဝင်ဘာလ ၈ ရက်နေ့မှာပဲ မကွေး၌ ကွယ်လွန်ခဲ့ပါသည်။ နိမိတ်ဆိုတာ အဲဒါပဲ ဖြစ်သည်။

အဒေးမြေကပြန်လာပြီး မကွေးသို့ မိခင်ထံကန်တော့ရင်းပြန်သည်။ မင်းဘူးက အစ်မလိုခင်မင်သူတစ်ဦးအကြောင်း မေးကြည့်မိသည်။ မရှိတော့။ ၁၉၉၀ပြည့်နှစ်ကပဲ ကွယ်လွန်ခဲ့ပြီး သူ့နိုင်ငံရေးပါတီက အရာရှိကြီးကိုလိုက်ပို့ရန် အိမ်ကအထွက် စွပ်လိုက်သော ဖိနပ်နှစ်ဖက်လုံးခေါင်ကနေ ဖြုတ်ထွက်သွားပါသည်တဲ့ အိမ်သို့ပြန်မရောက်တော့ပါ။ ရွှေစက်တော်ကအပြန်ကားမှောက်သဖြင့် ယင်းအစ်မ ကွယ်လွန်သွားခဲ့ပါသည်။ သည့်ထက်ထင်ရှားသောနိမိတ်မျိုးမရှိဟုထင်ပါသည်။

၂၀၁၀ ပြည့်နှစ်ကုန်ခါနီးတွင် နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာဘဦး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ကျွန်ုပ်၏ မြန်မာပြည် မြန်မာပြန်စာအုပ်ကိုဖတ်ဖြစ်ခဲ့သည်။ ဂျပန်အရေးအင်္ဂလိပ်အဝင်ကာလ၌ ရန်ကုန်မြို့ရှိ ဒေါက်တာဘဦး၏ နေအိမ်တံခါးအတွင်းဘက် ကြမ်းပေါ်တွင် မှိုပွင့်ကြီးတစ်ပွင့်ပေါက်သည်။ မှိုပေါက်ရအောင်က ကြမ်းမှာ မြေသားမဟုတ်။ သမ်တလင်းပေါ် တွင် ပါကေးခင်းထားသည်။ ပါကေးသစ်ဆိုသည်က ပေါင်းတင်ပြီးသားသစ်ဖြစ်၏။ ပြီးတော့ အရောင်တင်ဆီသုတ်ထား၏။ သစ်သားပါကေးကြမ်းပေါ်ပေါက်သည့်မှိုကလည်း သစ်ပင်ကပ်ပေါက်သော မှိုမျိုးမဟုတ်။ တောင်ပို့မှိုလိုမှိုပွင့်ကြီးဖြစ်သည်။

အိမ်တွင်ရောက်နေသော ဗေဒင်ဆရာက -

"ခင်ဗျားကတော့ အထွတ်အထိပ်ရောက်ဦးမယ့် နိမိတ်ပဲ"

ဟု ပြောသည်။

ဒေါက်တာဘဦးက ဘာမှပြောရန်မရှိ။ မြန်မာပြည်လည်း လွတ်လပ်ရေးမရသေးသည့်အချိန် နောက်နှစ်ရက်ခန့်အကြာ တစ်ဖက်က တံခါးအကွယ်မှာ နောက်မှိုတစ်ပွင့်ပေါက်တာ တွေ့ရပြန်သည်။ အထွက်အထိပ်ရောက်မယ်ဆိုလည်း ဥပဒေပညာရှင် ဒေါက်တာဘဦးသည် တရားသူကြီးဖြစ်ရုံပေါ့၊ မဟုတ်ပါ။ ဒါထက်မက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမ္မတကြီးဖြစ်ခဲ့ပါသည်။

နိမိတ်။

လူနှင့်နိမိတ်ကား ခွဲခြား၍မရနိုင်။ လူက ဉာဏ်မမီ၍ နိမိတ်ကို မသိတာဖြစ်သည်။ နိမိတ်ကို မဖော်နိုင်တာဖြစ်သည်။ ဘန်ကောက်က လူမွှနီဥယျာဉ်ထဲက ကျွန်တော့်၏အဖြစ်အပျက်ကြည့်ပါ။ ရေထဲက သင်းခွေချပ်တက်လာတာမြင်ရတော့ နိမိတ်မကောင်းဘူးဆိုတာသိသည်။ သို့သော် ဗီဇာနှင့်တရားဝင်နေတာပဲ။ ဘာမှမဖြစ်နိုင်ပါဘူးလို့ တွေးသည်။ အမှိုက်ပစ်မှုနှင့် အဖမ်းခံရတာ ဘတ် (၈၀၀) ဒဏ်တပ်ခံခဲ့ရသည်။ နိမိတ်ကား ဘယ်တော့မှမမှားပါ။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် တူဇနီးမောင်နှံက ငွေတစ်သောင်းနှင့်လာကန်တော့သည်။ နိုဆန်း ၁ ရက်နေ့။ လတစ်လ၏လဆန်း ၁ ရက်နေ့တွင် ထူးခြားသော နိမိတ်ရတတ်သည်။ ရှိလျှင် ထိုနှစ်အတွင်း ထိုလအတွင်းတွင် ထူးခြားတတ်သည်ဟု ကျွန်တော်ပြောခဲ့သည်။ တူဇနီးမောင်နှံက ဤလ ၁ ရက်နေ့တွင် ပိုက်ဆံနှင့်ကန်တော့တာဖို့ ဤလအတွင်း ပိုက်ဆံဝင်မည်ဟုတွက်သည်။ ၁၆ ရက်နေ့တွင် တူမလေးက ငွေတစ်သိန်းလာပေးသွားသည်။ သေးသေးဖွဲဖွဲဘာမှမဟုတ်တာ ပေမယ့်နိမိတ်ရှိ၏။ တရားနာနေကျ ဓမ္မာရုံအိမ်သာလမ်းရှိ မီးချောင်းကျွမ်းနေတာ တစ်ပတ်ခန့်ရှိပြီး သို့နှင့် မီးချောင်းလှူရန်သွားဝယ်သည်။ ရှေ့မှာ တခြားဈေးဝယ်သုံး၊ လေးဦးရှိနေသဖြင့် စောင့်နေရသည်။ နိမိတ်ကဝယ်ဖို့မလိုကြောင်းပြနေသည်။ လိုလိုမည်မည်ဝယ်သွားသည်။ ဓမ္မာရုံရောက်တော့ အိမ်သာလမ်းမီးကလဲထားသဖြင့်လင်းနေသည်။ သို့နှင့် ဝယ်သွားသောမီးချောင်းကို တခြားနေရာမှာ လိုတဲ့အခါ လဲလိုက်ပါဆိုပြီး ဓမ္မာရုံမီးဆရာအားပေးခဲ့ရလေသည်။

မင်းဘူးမိုလ်ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ မေလ

# ကောင်းကျိုးပေးပြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**မေလ ၁ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မေလ ၂ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မေလ ၃ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**မေလ ၄ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်မြောက်။လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿဝနံ (၉) ခါရွတ်ဆိုပါ။

**မေလ ၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိနော(၉)ခါရွတ်ဆိုပါ။

**မေလ ၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့ တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုံးယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၉ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉)ခါရွတ်ဆိုပါ။

**မေလ ၁၁ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉)ခါ ရွတ်ဆိုပါ။

**မေလ ၁၂ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဗိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၃ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ([illegible])။ လာဘ်နေအရပ်က အနောက်[illegible] လာဘ်အရောင်က အညိုရောင်။ [illegible]

www.burmeseclassic.com

ပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**မေလ ၁၄ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မေလ ၁၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၆ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

**မေလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉)ခါရွတ်ဆိုပါ။

**မေလ ၁၈ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ(၉)ခါ ရွတ်ဆိုပါ။

**မေလ ၁၉ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၀ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၁ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၂ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရော ပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၅ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၆ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ(၉)ခါ ရွတ်ဆိုပါ။

**မေလ ၂၇ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်းက (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၈ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၉ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မေလ ၃၀ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်းက (၂၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (P



www.burmeseclassic.com

www.burmeseclassic.com


မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးမိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

- ✱ နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မို့ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
- ✱ ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့ အခက်အခဲပါ။
- ✱ (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
- ✱ ဒါ့ကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
- ✱ လိုအပ်တဲ့အဖြေကို ရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
- ✱ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကခံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
- ✱ အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
- ✱ နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမား ပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
- ✱ ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
- ✱ မြှောက်၍လည်းမဟော၊ ချောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

## ဆရာ ဦးခင်ဇော်

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၉-၇၃၀၁၈၈၀၁၊ ၀၉-၅၀၉၇၃၅၆



# ဈမင်းသဇ္ဇာ

နဲ့ဆို

**ဈမင်းသဇ္ဇာ** လေးဖက်နာသောက်ဆေး၊ သက်ရင်းရှောက်ပေါင်း ဇာကြေလိမ်းဆေးရည် အားလုံးလန်းသွားမယ်နော်

## ရွှေနံ့သာ

အမှတ်တံဆိပ်

ဆီးချိုသွေးချိုကျုဆေး




ဆေးသုတေသန ပြုလုပ်ပြီးသော
"ပဲနံ့သာစေ့" ဖြင့်သာ သဘာဝအတိုင်း
ဖော်စပ်ထားသော ဆေးဖြစ်သည်။

| | | |
|---|---|---|
| ဒေါ်ရှင်း | – | အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၅၂၃၄၇၈, 📱 ၀၉-၅၁၁၁၆၄၃ |
| ဆိမ်ကြီးဈေး | – | လှထုမေတ္တာ၊ မိဘမေတ္တာ၊ ဦးမြင့်ဆွေ၏သားများ၊ ကိုလှစိုး၊ အာရောဂျ၊ ၁၅လမ်း ကိုဝင်းမြင့်+မဒေဘာဘီ။ |
| ဗိုလ်လာဈေး | -- | ကိုသက်နိုင်၊ သုခချမ်းသာ၊ အာရောဂျ၊ မင်းသား၊ စံမတူ၊ အောင်၊ NEO ။ တောင်ကြီး - လင်းဆေးဆိုင် |
| မန္တလေး | -- | ကောင်းသန့်၊ မထူးမခူး၊ အောင်ရတနာ၊ ဗန္ဓုလ၊ ဘဝသစ်။ ပဲခူး - နေလ၊ ဖိုးခွားလေး။ |

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်
၃/၂၀၁၀(တဆေးလ/ တိုး-၁၂၃)




www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသော)
## အကောင်းမြင်မခံရသူများအတွက်
## သူရဋ္ဌလက်ဆောင်

ဒီလိုကြားလိုက်ရတော့ -

တစ်မျိုးတော့ဖြစ်သွားမှာသေချာပါတယ်။

ဟုတ်တယ် - ဖြစ်မှာပါ။ ဒါပေမယ့် ဒီလိုအကောင်းမြင်မခံရတာလေးတွေက မတူသလိုလိုနဲ့ တူနေတာလေးတွေရှိတယ်လေ။ ဒီတော့ စိတ်ခံစားမှုလေးတွေမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်ရတာ တူနေပြီပေါ့။ မခံချင်လို့တောက်ခေါက်မိတာတွေ၊ ဒေါသကြီးပြီးလက်သီးဆုပ်မိတာတွေ၊ နီးရာကိုလှမ်းထုမိတာတွေ၊ ကြိတ်ခံစားပြီး အံကြိတ်နေမိတာတွေ၊ လူမသိသူမသိ ကြိတ်ပြီးမျက်ရည်ကျရတာတွေ၊ ခံစားပြီး တိတ်ဆိတ်အောင့်အည်းနေရလွန်းလို့ ရင်တွေနှလုံးတွေဆောက်တည်ရာမရလောက်အောင် တုန်နေရာက ရောဂါဖြစ်သွားရတာတွေ၊ တစ်နေရာမှာခံစားရပြီး တစ်နေရာမှာ ပွင့်ထွက်သွားလို့ တစ်ဖက်ကိုမည်းမိတာတွေ။

ဒါတွေဟာ အကောင်းမြင်မခံရသူတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝတွေပါ။

ဖြစ်မှာပေါ့-ကိုယ်ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ်၊ ကောင်းအောင်နေနေ ကိုယ့်အပေါ်မှာအကောင်းမမြင်မှတော့ ဖြစ်သင့်တာပေါ့။ ဒီခံစားချက်တွေကို သွားပြီးအပြစ်မြင်လို့မရဘူး။

ကိုယ်ချင်းစာပေးရင် ဘယ်လိုလုပ်အပြစ်မြင်လို့ရမလဲ။

သူတို့ဘက်ကကြည့်ရင်လည်း မှန်တာပဲလေ။ တချို့ဆို အကောင်းမြင်မခံရလွန်းလို့ မဆဲတတ်ဘဲဆဲတတ်လာတာ၊ ဒေါသမကြီးတတ်ဘဲကြီးတတ်လာတာ၊ တချို့ ရောဂါစွဲသွားတာ၊ တချို့ လူကြမ်းလူမိုက်ကြီးဖြစ်သွားတာ အများကြီးပါပဲ။

အကောင်းမြင်မခံရဘူး ဆိုတာ အပြစ်ရှာခံရတာနဲ့ တူတူပဲ။

အများကြီးမြင်ဖူးတယ်။

မိသားစုတစ်စုထဲမှာ အစ်ကိုအကြီးဆုံးကြီးက ကျန်တဲ့ညီတွေ၊ ညီမတွေကိုပါ ငယ်ငယ်ထဲကလုပ်ကျွေးလာတာ။ ညီတွေညီမတွေက သူ့အရိပ်နေ၊ သူ့ထမင်းစား၊ သူဆင်တာဝတ်၊ သူသင်ပေးတဲ့ပညာနဲ့ ပညာတတ်ကြီးတွေဖြစ်လာရတာ။ ဟော - သူတို့လင်ယူမယားယူ ယူချင်လည်းလာရော အကျိုးအကြောင်းလေးတွေနဲ့ လမ်းပြတတ်တဲ့ အစ်ကိုကြီးကို အပြစ်မြင်တော့တာပဲ။ ဘာလို့လဲဆိုတော့ ဒီအစ်ကိုကြီးကန့်လန့်ခံနေလို့ သူတို့မိဘတွေကို စကားမတိုးနိုင်ဖြစ်နေတာကိုး။ အဲဒီမှာတင် ဝိုင်းပြီးအပြစ်တွေရှာကြတော့တာပဲ။အကောင်းမမြင်ကြတော့ဘူး။ ဒီတော့ ဘာဖြစ်လာလဲ၊ အစ်ကိုကြီးမှာ စိတ်ခံစားချက်တွေများပြီး ကြိတ်ခံရလွန်းလို့၊ မိဘတွေကမေတ္တာရပ်ခံတာကို နာခံပြီး တိတ်တိတ်နေခဲ့ရလွန်းလို့ ပွင့်အန်ထွက်သွားတယ်၊ ဝုန်းဒိုင်းကြသွားတယ်။ တကယ့်လူမိုက်ကြီးဖြစ်သွားတယ်။ ဒီတော့ ဘာဖြစ်[...] မိုက်ရိုင်းတယ်၊ လူမဆန်ဘူး၊ ညီတွေ[...] တွေအပေါ်မှာ ရန်သူကြီးကျနေတာ[...] မိဘမျက်နှာတောင်မထောက်ဘူးဘာ[...] ဖြစ်တော့တာဘဲ။

အဲဟိုအကြောင်းကြောင့် ဒီအ[...] ဖြစ်ရတာလေ။

သူလူမိုက်ကြီးဖြစ်ရတာ အကြော[...] မဲ့ဖြစ်သွားရတာမှမဟုတ်တာ။ သူ[...] မမိုက်မိုက်အောင်တွန်းပို့ပေးနေတာ[...] က ဘယ်သူတွေလဲ။ သူဘာကြောင့်မို[...] သွားရတာလဲ။ မိုက်ခိုင်းနေတဲ့သူတွေ[...] မိုက်ခိုင်းနေမှတော့ သွားပြီပေါ့။

ဟော - အဲလိုလည်းဖြစ်လာ[...] ပတ်ဝန်းကျင်က ဘာပြောလဲဆို[...] အစ်ကိုကြီးလုပ်တဲ့လူကို မင်းကအကြီး[...] သည်းခံမှပေါ့ကွာဘာညာဖြစ်ကုန်[...] အစ်ကိုကြီးရင်ထဲမှာ နာကျင်မှုတွေ[...] ထပ်နှိုးဆွပေးလိုက်သလိုဖြစ်မသွား[...] လား။

မြှောက်ပေးထားတာလူမသိဘူး[...] ဖားအောင်နေတာပဲ လူသိတယ်။

တစ်ယောက်ဆို -

သူ့ညီလေးရဲ့မိန်းမ သူ့[...] -



www.burmeseclassic.com

www.burmeseclassic.com



သူညီလေးမသိအောင် [illegible]တ်ဆဲ တွေလာချေး၊ ပြ[illegible]ဆပ်၊ [illegible] အတင်းပြော၊ အ[illegible] ပေးပြီး ဒုတ္ထလာလ[illegible] များတော့ ကြီးတဲ့သူ[illegible] ချေးမငှားပို့ စကာ[illegible] ထိုးပြာရော။ အဲဒီက[illegible] ချေးပေးနေရ[illegible] ကြမ်းကြီး၊ ကိုယ်ချင်း[illegible] ချစ်ကိုစိတ်မရှိတဲ့[illegible]တော့ [illegible]၊ ပတ်ဝန်းကျင်က[illegible]တာမှ [illegible]မရှိဘူး။ သူခများ [illegible]မသိ [illegible]အောင် လာလာချေးနေ[illegible] သူညီ [illegible]ဆိမှာစိုးလို့ ကြိတ်ခံ[illegible]မယ့် သူ [illegible]ကျရော လူတွေကအကောင်းမမြင် ဘဲ [illegible]လိုက်၊အပြစ်ပြောလိုက်ကြတာ မှ [illegible]မရှိတော့ဘူး။

[illegible]တော့ -

ငှက်ကြီးတောင်ဓားကို ကိုင်ပြီး [illegible]မှာ ပုဆိုးမ,ရင်း ထွက်ဆဲမိတော့တဲ့ အ[illegible]ရောက်ရော။ ဘယ်ကောင်းပါ [illegible]မလဲ။ အဲဒီလိုထိဖြစ်သွားမှတော့ မကောင်းတော့ဘူး။ ဒီလိုမကောင်း



www.burmeseclassic.com

www.burmeseclassic.com

အောင် ဘယ်သူတွေလုပ်လိုက်တာလဲ။ ဒီလိုထိဖြစ်အောင် ဘယ်သူတွေလုပ်လိုက်တာလဲ။

တချို့ -

အရမ်းကြောက်စရာကောင်းတဲ့သူတွေ တွေ့ဖူးတယ်။

ပြောကိုပြောတတ်တာနော်၊ သူတို့ဝစီတွေသူတို့လုံးဝမထိန်းနိုင်တဲ့သူတွေ မြင်လည်းမြင်ဖူးတယ်၊ ကြားလည်းကြားဖူးတယ်။

တစ်ယောက်ဆို လမ်းမှာ အသိတစ်ယောက်နဲ့ဆုံရောဆိုပါတော့။ ဆွဲခြင်းကိုလှမ်းကြည့်ပြီး ဘာလဲ - အရိုးအရင်းအပေါ်အချောင်တွေဝယ်လာပြီပေါ့ဆိုပြီး ပြောရော။ တစ်ဖက်သားဘယ်လိုနေမလဲ။ ပြီးတော့ ဟဲ့ - ဟိုဘက်လမ်းကမငယ်တို့များ ဈေးပေါင်ကျိုးမှသွားတာချည်းပဲ။ အဲဒါ အချောင်လိုချင်လို့ဆိုတာထင်ရှားမနေဘူးလား။ ဈေးဝယ်ရင်လည်းဆစ်လိုက်တာမှ။ ဝယ်တော့တစ်ဝမ်းစာ။ နှစ်ရက်၊ သုံးရက်စာတောင်ဝယ်နိုင်တာတွေမဟုတ်ဘူးဆိုတဲ့ စကားတွေပြောရင်း တစ်ဖက်လှည့်ထွက်သွားပြီး နောက်တစ်ယောက် သူ့ရှေ့ရောက်တာနဲ့ အဲဒီမှာလေ ဟိုကောင်မပေါ့။ ဟိုမှာ ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်းမပြောရရင် မနေနိုင်ဘူး။ ဈေးခြင်းတန်းလန်းနဲ့တောင် သူများအတင်းကိုရပ်ပြောဖြစ်အောင်ပြောသေးတယ်။ ဘယ်လိုဟာတွေမှန်းမသိဘူးဆိုပြီးလုပ်ပြန်ရော။

တကယ့်ကိုကြောက်စရာ။

သူနဲ့ကြုံသူတိုင်းကို သူအဲလိုချည်းပြောတာ ကြောက်စရာကြီး။ သူများအကြောင်းကိုမပြောဘဲ လုံးဝမနေနိုင်ဘူး။ သူတို့သားအမိတွေ သူတို့အိမ်ပေါ်မှာထိုင်နေရင်း အိမ်ရှေ့ကတစ်ယောက်ယောက်များဖြတ်သွားလို့ကတော့ သွားပြီ အဲဒီလူ။

ဆံပင်ကုပ်ဝဲထားပြန်ရင်လည်း ကုပ်ဝဲမို့။ ဗိုလ်ကေဆိုလည်း ဗိုလ်ကေမို့။ အကြောင်းအမျိုးမျိုးနဲ့ကို နင်းကန်ပြောနေတော့တာပဲ။အတိုင်အဖောက်ကလည်း ညီပေ့။

မိန်းမပျိုလေးတစ်ယောက်များ ကျကျနနဝတ်စားလာတာတွေ့ရင် ဝတ်နိုင်မှာပေါ့။ ဘယ်စပွန်ဆာက ဘယ်လိုလုပ်ပေးထားတာ၊ ဘယ်သူကဘယ်လိုလုပ်ပေးထားတာဆိုပြီး လူတစ်ဖက်သားရဲ့ကိုယ်ကျင့်တရားကို ရမ်းသန်းထိခိုက်ပလိုက်တဲ့ မျက်နှာလွှဲခဲပစ်စကားမျိုးအမြဲပြောတယ်။ ဘယ်မိန်းကလေးတွေ့တွေ့ ဘယ်သူတွေ့တွေ့ ကောင်းကောင်းဝတ်ထားတာတွေ့ရင်၊ ကောင်းကောင်းစားနိုင်တာတွေ့ရင်၊ ကြားရင် အဲဒီစကားကိုပဲ တွင်တွင်ပြောတယ်။ မိဘကကျွေးနိုင်လို့လား၊ ညီအစ်ကိုမောင်နှမကကျွေးနိုင်လို့လား မစဉ်းစားတော့ဘူး။ သူ့အလုပ်သူလုပ်ပြီး သူ့ဘဝလေးကို လှပနေအောင် သူ့ဟာသူရပ်တည်နေတာလားမတွေးတော့ဘူး။ သူ့အလုပ်ကနှိမ်ဖို့၊ ရှုတ်ချဖို့၊ တစ်ဖက်သားကိုအကောင်းမမြင်ဖို့၊ ပြဿနာတက်လာလို့ သူတို့ကိုစိန်ခေါ်ရင်၊ ဆုံရှုံးရင် ဆင်ဝှေ့ရန်ရှောင်စကားပြောဖို့ ဒါပဲသိတယ်။

နှုတ်ဝစီဟာကြောက်စရာကောင်းတယ်။ လူတစ်ဖက်သားကို အဲဒီလိုချည်းရှုတ်ချလွန်းတဲ့သူမို့လားမသိဘူး။ သူ့နှုတ်ဟာ ကျက်သရေရှိတဲ့စကား၊ မင်္ဂလာရှိတဲ့စကားပြောရင် ဆွံ့အ,သလိုကြီးဖြစ်နေရော။ အကုသိုလ်အရမ်းများနေတာကိုး။

ကြာတော့ သူ့ဝစီကံဟာ ဘယ်လောက်ကြောက်စရာကောင်းလဲဆိုရင် သူ့သားတွေနှစ်ယောက်လုံး ပညာတွေတစ်ပိုင်းတစ်စဖြစ်၊ လူပေါင်းမှား၊ အရက်သမား၊ ဖဲသမားတွေဖြစ်၊ အမှုတွေဖြစ်၊ ထောင်တွေကျနဲ့ ဘဝဟာကြောက်စရာကြီး။

သူကိုယ်တိုင်လည်း မစားနိုင်မသောက်နိုင်တော့တဲ့ ရောဂါဆိုးကြီးနဲ့ သူ့ဘဝရဲ့နေဝင်ချိန်ကိုသူ အိပ်ရာထဲမှာ လှဲလိုက်၊ ထိုင်လိုက်နဲ့ စောင့်နေရပြီ။

တစ်ယောက်ကတော့ အလိုလိုနေရင်း သူများချစ်ခြင်းတွေကို ခွဲချင်တာ။ သားအမိချင်းတွေအဆင်ပြေနေရင် အဲဒီသားအမိကို ရအောင်ခွဲတယ်။ မအေတစ်မျိုး၊ သားသမီးတစ်မျိုးတွေပြောတယ်။ နင့်သားသမီးတွေက နင့်အပေါ် ဘယ်လိုဘယ်ညာဆိုပြီး သူပြောချင်တဲ့စကားကို မရရအောင်ပြောတယ်။ သားသမီးတွေကိုကျတော့ နင်တို့အမေကဟယ် မအေဖြစ်ပြီး နေရာတကာ ချုပ်ချယ်လွန်းတာ မြင်တောင်မမြင်ဖူးဘူးလုပ်ပြန်ရော။ ဟော- သူ့စကားကြောင့်သားသမီးတွေဆို ဗြောင်းဆန်နေတာပဲ။ အိမ်ကဆင်းတဲ့သူဆင်း၊ တုတ်တစ်ပြက်ဓားတစ်ပြက်ဖြစ်တဲ့သူဖြစ်။ အဲဒီလိုဖြစ်အောင်ပြောတဲ့သူတွေကတော့ မျက်နှာချင်းတွေဆိုင် အတင်းထိုင်ပြော၊ လူတွေဖရိုဖရဲဖြစ်ကုန်ကြတာကို ထိုင်ကြည့်ပြီးပီတိဖြစ် သဘောတွေကျနဲ့ ကြည့်စမ်း။

ညီအစ်ကိုမောင်နှမချင်းတွေကို ဆိုရင်လည်း မရရအောင်ခွဲတယ်။ တစ် ယောက်ကိုမရရအောင် မြှောက်ထိုးပင့် ကော်ပြော၊ တစ်ဖက်ကိုနှိမ်၊ ကြာတော့ ညီအစ်ကိုမောင်နှမချင်းတွေ စိတ်ဝမ်း တွေကွဲကုန်ရော။ မျက်နှာတွေမကြည့် ချင်ကြတော့ဘဲ ပြဿနာတွေဖြစ်ကြ ဆိုရင် သူနဲ့မဆိုင်သလိုဘဲ၊ သူဘာမှမသိ သလိုဘဲ။

ဘာဖြစ်ကြတာလဲဟင်ဘာညာနဲ့ လုပ်နေလိုက်တာ သူမဟုတ်သလိုဘဲ။

လင်မယားချင်းတွေကိုဆိုရင်လည်း အဲဒီလိုပဲရအောင်ခွဲတယ်။ နင့်ယောကျ်ား က အဲဒါ နင့်ကို တန်ဖိုးမထားတာခေါ် တယ်။ နင့်ယောကျ်ားက အဲဒါဖော် ပြန်ချင်လို့ပြောနေတာဟဲ့ဆိုတဲ့ သူ့အမြင် သူ့စကားတွေနဲ့ တစ်ဖက်ကိုဖိပြောတ တယ်။ သူ့စကားသူ့အတွေးအခေါ်တွေ ကို လက်မခံတဲ့သူတွေတောင် ကြာ တော့ဟုတ်နိုးနိုးဖြစ်လာပြီး ဘယ်တုံး စကားတောင်မများခဲ့ဘူးတဲ့ အိမ်ထော ရှင်တွေဟာ ကွဲရတဲ့ဘဝတွေရောက်တ တော့တာပဲ။ သူကတော့သူမဟုတ်သ ပေါ့လေ။ မျက်နှာပြောင်တယ်။ အဲသ တွေပြောချင်ရာလျှောက်ပြော၊ တစ် သားစိတ်ကို စိတ်ဆင်းရဲအောင်လုပ် ရင် ဘာလုပ်တယ်မှတ်လဲ။ ပိုက်ဆံ တယ်။ ဘယ်တော့မှလည်း ပြန်မပေး မရရအောင်ချေးတယ်။ သူ့အတင်း သွားပြောတဲ့သူတွေကလည်း သူ သလိုများ သူတို့ယောကျ်ားဟာ ရာမှာ ဖောက်ပြန်နေပြီအထင်နဲ့ သူ ပိုက်ဆံတွေချေး၊ သူဘာများဆက် မလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ မျက်နှာ မျက်နှာရလုပ်ပြီး မုန့်ကျွေး၊ လက် ရည်တိုက်ပေါ့။ နားထောင်ကြတာ သူကတော့ သူများမတွေးတာကို တတ်တယ်။ သူများမပြောတာကို တတ်တယ်။ စီကာပတ်ကုံးပဲ။

ယောကျ်ားလုပ်တဲ့လူက ဝတ်ရတနာမဆင်နိုင်ရင် ယော ရှာနိုင်ရမှာပေါ့။ သူများသားသ ထားရင် တာဝန်ကျေရမှာပေါ့။ လု ရမှာပေါ့။ သူတကယ်မေတ္တာရှိ ဆိုရင်ရှာလေ။ ရအောင်ရှာပြီးဆင် ဒီပြင်ယောကျ်ားတွေလည်း သူတို့ တွေကို ဒီလိုပဲရအောင်ရှာပြီးဆင်ကြ ပဲဆိုတာမျိုးပြောတယ်။ ကုန်းချော တွေပေါ့။ ကုန်းတိုက်တဲ့စကားမျိုး

ဒီတော့ တစ်နေ့လုပ်မှတစ် ပြီး ရှိုးရိုးသားသားရှာစားရသူ



www.burmeseclassic.com

လိုခံစားရမလဲ။ စဉ်းစားသာကြည့်တော့။

ဆင်နိုင်လို့ဆင်ပေးပြန်တဲ့လူကျ တော့ ဘယ်လိုပြောတယ်မှတ်လဲ။ ရွှေဆင်တာ အလကားမဟုတ်ဘူး၊ ရွှေဆင်ပြီး ပါးစပ်ကိုပိတ်ထားလိုက်တာလေ. တော်သလားမမေးနဲ့။ အပြင်မှာ သူထင်သလို၊ လုပ်ချင်တာလုပ်လို့ရအောင် လက်ဝတ်လက်စား မဖြစ်စလောက်နဲ့ နှုတ်ပိတ်ထားတာကို ညည်းကအဟုတ်ကြီးမှတ်နေတယ်လုပ်ပြန်ရော။

အဲဒီမှာတင် ရွှေဆင်ပေးရတဲ့သူက ဆင်လည်းပေးရသေးတယ်၊ ငါ့အပေါ် လူပါးဝလှချေလားဆိုပြီးဖြစ်ကရော။ သွားရော အိမ်ထောင်ရေး။

ဟော - ယောကျ်ားတွေကိုကျတော့ ဘာပြောတယ်မှတ်လဲ။ မင်းတို့လိုလူမျိုးက ရှားလွန်းပါတယ်။ မယားနဲ့ သားသမီးတွေကို ဆင်ထားလိုက်တာ ညွှတ်နေတာပဲ။ ငါတော့ကြည့်ပြီး မင်းတို့ကို သနားတယ်။ အင်းပေ့ါလေ ကြည့်လုပ်ပေ့ါ။ လှဖို့လောက်ပဲစိတ်ရှိနေတဲ့သူတွေ၊ ဝတ်ချင်စားချင်စိတ်ပဲရှိနေတဲ့သူတွေဆိုတာ မဆင်နိုင်ရင် ဆင်နိုင်တဲ့နေရာမျိုးကို မျက်စောင်းထိုးတတ်ကြတယ်မှတ်ထား။ မင်းတို့ကို သနားလွန်းလို့ပြောတာ။ဟော-ဖြစ်ပြန်ရော။ မင်းတို့ဒါလောက် လိုလေသေးမရှိထားတဲ့ကြားက မင်းမိန်းမနဲ့မင်းသားသမီးတွေကကွယ်လွန်လွန်းပါတယ်။ မင်းဆိုရင် အကောင်းကိုမပြောကြဘူးဆိုပြီး သူကပဲ စိတ်မကောင်းဟန်နဲ့လုပ်ပြပြန်တာပဲ။

အဲဒီလင်မယားတွေကွဲကြ၊ ရန်ဖြစ်ကြဖြစ်ပြီဆိုရင် သူမဟုတ်သလို၊ သူဘာမှမသိသလိုဘဲ မျက်နှာက။

ဒီလိုလူတွေအများကြီးရှိနေတယ်။ သိပ်ကြောက်ဖို့ကောင်းတယ်။ သူတို့တွေဟာ သူများအပြစ်ကို မရရအောင်ရှာကြံပြီး မွှေနှောက်ပြောတတ်သူတွေ။ တော်တယ်။ စကားလုံးစီတာ အရမ်းတော်တယ်။

လုပ်ငန်းခွင်တွေထဲမှာဆိုရင်လည်း တချို့ အရမ်းခံစားနေရသူတွေ ဒီလိုပဲ ခံနေရတာ။

သိမ်းကျုံးလုပ်တဲ့သူကလုပ်၊ မလုပ်တဲ့သူက အသာကြည့်နေပြီး နာမည်ယူတော့ သူအဲဒီအလုပ်တွေပြီးအောင်ကြိုးစားထားသလိုလို။ ပြီးတော့ ဆရာသမားရှေ့ကျ သူပဲကောင်း။ ဒီပြင်လူတွေဘယ်လိုမှမကြိုးစားကြောင်း၊ သုံးမရကြောင်းပြော။

ဆရာသမားတွေက သူပြောတဲ့သူတွေကိုစိတ်ခုရင်၊ မျက်နှာသာမပေးရင် သူ့မှာ ကျိတ်ပြီးပီတိဖြစ်ရတာအမော။ ဆရာသမားတွေက ဟိုတစ်ဖက်ကိုအမြင်မကြည်ဖြစ်ပြီဆိုတာနဲ့ သူကဆရာသမားတွေဆီပြော၊ ပြောနေအောင်လုပ်ပြ။ လက်ဆောင်တွေဘာတွေပေးနဲ့သေးသေးကို ကြီးကြီးလုပ်တော့တာပဲ။

ဒါမျိုးတွေ -

ကြားဖူးမှာပါ၊ ကြုံဖူးမှာပါ။

အခုပြောခဲ့သလိုတွေ ကြုံနေရပြီဆိုရင်တော့ ဒါဟာ အကောင်းမြင်မခံရတော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်သိနေရတော့မယ်။ ဒီလိုအကြောင်းမဲ့အပြစ်ရှာတတ်တဲ့သူတွေနဲ့ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ဘဲ အမြဲကြုံနေရ၊ တွေ့နေရ၊ ရင်ဆိုင်နေရပါပြီဆိုရင် -

ဒီပြင်အပိုတွေဘာမှမလုပ်ပါနဲ့။

ဘာမှလုပ်လို့လည်းအဆင်မပြေဖြစ်နေပြီဆိုရင်တော့ -

ဘုရားသွားပါ။

ဦးဆုံး တနင်္ဂနွေထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးရင် ကြာသပတေးထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။

ပြီးရင် တနင်္လာထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးရင် ဗုဒ္ဓဟူးထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။

ပြီးရင် အင်္ဂါထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးရင် သောကြာထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။

ပြီးရင် စနေထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးရင် ရာဟုထောင့်မှာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။

တံမြက်စည်းလှည်းနေတုန်းမှာ ဘာကိုမှဆုမတောင်းပါနဲ့။ ဘာမှလည်းမရွတ်ပါနဲ့။ ဘုရားကြီးကို ဘုရားလာဖူးကြတဲ့သူတွေ ခလုတ်တံသင်းကင်းပါစေ၊ ရှင်းပါစေ၊ သန့်ရှင်းစင်ကြယ်စွာနဲ့ ဘုရားဖူးနိုင်ပါစေဆိုတဲ့ မေတ္တာတရားကိုသာ ရင်ထဲမှာထားပြီးလှည်းပါ။ မေတ္တာပဲပို့နေပြီးလှည်းပါ။ ကျန်တာ ဘာမှမလိုပါဘူး။

အားလုံးပြီးသွားပြီဆိုမှ လက်ဆေးပြီး ဘုရားဖူးပါ။ ကိုယ့်သဘောနဲ့ကိုယ် ဘာလှူလှူ၊ ဘယ်လိုပူဇော်ပူဇော်ချင်သလို ပူဇော်ပါ။ လှူချင်သလိုလှူပါ။

အဓိကကတော့ ခုနအတိုင်း တံမြက်စည်းလှည်း၊ အမှိုက်ကောက်တာပါပဲ။

အားတဲ့နေ့၊ အားတဲ့အချိန်ကိုသွားပါ။

ဒရောသောပါးမလုပ်ပါနဲ့။ စတိလည်းမလုပ်ပါနဲ့။

ထိထိရောက်ရောက်လှည်းပါ။ သန့်ပြန့်နေအောင်လှည်းပါ။

သွားလှည်းချင်တဲ့ ဘုရားစေတီပုထိုးများမှာသွားလှည်းပါ။

ကိုယ်နိုင်တဲ့ဝန်နဲ့အားကိုကြည့်ပြီး မျှအောင်လှည်းပါ။

လှည်းနေရင်းနဲ့မှ တော်တော်နဲ့ မပြီးနိုင်ပါလားဆိုတဲ့စိတ်မဝင်ပါစေနဲ့။ အဲဒီစိတ်မဝင်ဖို့ဘဲ အရေးကြီးပါတယ်။

အကောင်းမြင်မခံရသူတွေခမျာ -

ဒီလိုလှည်းရင်းလှည်းရင်းနဲ့ ပြုံးရွှင်ရယ်မောနိုင်သွားကြတာ မနည်းတော့ပါဘူး။ ဒါပေမယ့် အချိန်ပေးပြီး စိတ်ရှည်လက်ရှည်လှည်းခဲ့ကြရတာဖြစ်ပါတယ်။ ဇွဲရှိရှိနဲ့လှည်းခဲ့ကြတာပါ။ တစ်ကြိမ်နဲ့တော့မရပါဘူး။

'အနိဋ္ဌ' တစ်ခုကို 'ဣဋ္ဌ' ဖြစ်လာတဲ့အထိ ပြောင်းလဲယူရတာဟာ လွယ်လွယ်နဲ့မရပါဘူး။ အချိန်ပေးရပါတယ်။ စိတ်ရှည်ရပါတယ်။ မအားရင် အားအောင်လုပ်ယူရပါတယ်။ အချိန်မရရင် အချိန်ရအောင် ကြိုးစားယူရပါတယ်။ ဒါကိုက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလိုက်ခြင်းပါပဲ။

ဒါဟာ -

အကောင်းမြင်မခံရခြင်းကနေ အောင်မြင်စွာ ရုန်းထွက်နိုင်တဲ့ ကံကို တည်ဆောက်လိုက်ခြင်းပါပဲ။

ဒီလို တည်ဆောက်လိုက်တဲ့ကံကြောင့် စိတ်ဆင်းရဲခြင်းတွေကနေ လွတ်မြောက်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေပြည့်စုံတော့မှာဖြစ်ပါတယ်။

ဒါ ဒီလမှာပေးချင်လွန်းတဲ့ သူရဇ္ဇလက်ဆောင်ပါပဲ။

ဒီသူရဇ္ဇလက်ဆောင်နဲ့ -

အကောင်းမြင်မခံရခြင်းတွေကနေ အကောင်းမြင်ခံရပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသူ)

www.burmeseclassic.com

# ကံမြင့်တက်ဖို့ အစီအရင်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်း ကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ရ။ တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ကပ်လှူပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋိများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ ကုသိုလ်ပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသောသက်ကြီးရွယ်အိုများကို ဆေး၊ အာဟာရ၊ ငွေကြေးများလှူပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့်မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရားစေတီများသို့သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဂုဏ်တော်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် စနေနံပစ္စည်းအဟောင်း၊ အစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာများကျွေးပါ။ မကြာမကြာပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - တနင်္လာသားသမီးများနှင့် ထီစပ်တူကံစမ်းထားပါ။ (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ တဟိ' ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှည့်နှုန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် မမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံ့ပြန်ရောက်လျှင် မေတ္တသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ သမ္ဗုဒ္ဓေ ဂါထာရွတ်၍ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးစားပါ။
**ထီးကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့် ထီထိုးပါ။ ကိုယ်တိုင်ခရီးသွားဖြစ်ပါက လမ်းမှာတွေ့သောထီဆိုင်တွင်ထိုးပါ။ (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိတဟိ' ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် မမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ထီးစုတ်၊ ဖိနပ်အဟောင်းများကို ရှာဖွေရှင်းလင်းရွှံ့ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်တလျှော့ပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို အာဟာရ၊ ဆေး၊ ငွေ လှူပါ။
**ထီးကံကောင်းလိုသူများ** - ထီကားလေးများနှင့်ဆုံပါက (၂) ဂဏန်း၊ (၅) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို သစ်သီးဆွမ်းများ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ' နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ မမ္မစကြာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား ဒိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ် စသည်တို့နှင့်ရောင်းသော ထီသည်ထံတွင် (၃) အစ (၃)
အဆုံး ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်
ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားနောက်နားတွင် ဖက်ခင်း၍ လမ်းခွေးလေးများကို အစာကျွေးပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာ
ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာရွတ်၍ အိမ်ရှေ့လမ်းမတွင် တံမြက်စည်းနေ့စဉ်ထွက်လှည်း
ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ငှက်၊ ခွေးလေးများကို နေ့စဉ်အစာကျွေးပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို စျေးမဆစ်ဘဲ တစ်နိုင်ဝယ်၍ ဇီဝိတဒါနလွှတ်ပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်
ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်
ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟီတဟီ' ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို ကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ' နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍
ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ဓာတ်ပုံအဟောင်းအပျက်များ၊ ထီး၊ ဖိနပ်အဟောင်းအစုတ်
များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက
မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အိုများကို ဆေး၊ ငွေကြေး ထောက်ပံ့ကူညီပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်ထံတွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်
လေးများ ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-

တနင်္လာ-တနင်္ဂနွေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဆို
ပြီး အောင်မြင်မှုများစွာရယူပါ။

ကျင်အိမ့်၊ ကောင်းအုံ၊ ချိုအုန်း

မိမိကောင်းမှု၊ အကြောင်း...
ဆုမတောင်းဘဲပြည့်...

ပြည်သိန်း...



www.burmeseclassic.com

www.burmeseclassic.com


၂၀၁၇ ခုနှစ်၊ မေလအတွက်

ဆရာဦးမောင်မောင်သန်း

( ရှင်ဆိုဆေး မြို့ဝေဆေး )

# ခုနစ်ရက်သားသမီး

## ဟောစာတမ်း



**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ တိုင်ပင်ပါ။ ကူညီပံ့ပိုးမှုများရရှိပါလိမ့်မည်။ (၅) ဂဏန်းလုံးဝအကျိုးမပေး၍ ရှောင်ပြီးအလုပ်လုပ်ပါ။ လာဘ်လာဘအတွင် ငွေဝင်စေသောဂါထာများကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်ပါ။ လက်ဝတ်ရတနာပစ္စည်းဝင်လာတတ်သည်။ ဝင်လာလျှင် ကောင်းပါသည်။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေဆိုထားသူများ၊ တစ်ဆင့်မြင့်ရာထူးစာမေးပွဲဖြေဆိုထားသူများလည်း အောင်မြင်ပါပြီ။ ရာထူးတိုးပါမည်။ လူမျိုးကွဲကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ အတိုက်အခံ၊ အပြိုင်အဆိုင်ကိစ္စများပေါ်လာတတ်သော်လည်း အောင်မြင်ပါလိမ့်မည်။ ပညာရေးကံများကောင်းနေပါသည်။ အချိန်မှန်သာစာလုပ်ပါ။ အပေါင်းအသင်းများနှင့် အချိန်မဖြုန်းပါနှင့်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ သံသယစိတ်နှင့်အထင်အမြင်လွဲမှားပြီး စိတ်အခန့်မသင့်ဖြစ်မည်။ ခိုလေးများကို မကြာမကြာအစာကျွေးပါ။ စက်ပစ္စည်းအသစ်ဝင်လာမည်။ ဘာသာရေးကျောင်းကြီးအားထုတ်မှုများ မမေ့မလျော့ ပုံမှန်ဆောင်ရွက်ပါ။ ဖြစ်သလိုမနေပါနှင့်။ ကျက်သရေရှိသော ဘုရားဆောင်၊ ဧည့်ခန်းများတွင် ရှုပ်ပွမနေပါစေနှင့်။ ဖုန်၊ အမှိုက်များ ရှင်းလင်းပါ။ မဆိုင်သောပစ္စည်းများ မထားပါနှင့်။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၁)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။** ***မလိုအပ်လျှင် စကားမပြောပါနှင့်။ ဆိတ်ဆိတ်နေ၍ ဂုဏ်တော်များပွားနေပါ။ ဤသည်ပင် ယတြာဖြစ်ပါသည်။***



www.burmeseclassic.com

www.burmeseclassic.com

### တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ သော ကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကောင်းဆုံး ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လူမျိုးကွဲအတွက် မပေးပါ။ စက်ပစ္စည်း၊ လက်ဝတ်ရတနာပစ္စည်းများအတွက် စိတ်ကသိကအောက်မကြာခဏဖြစ်တတ်ပါသည်။ ယခုလ မထင် ပါစေနှင့်။ မဝယ်ပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန် စကားများကို အပ်ကြောင်းထပ်အောင်မပြောပါ နှင့်။ ကိုယ်ကလျှော့ပေးပါ။ ကျန်းမာရေးတွင် ယခင်ဖြစ်ခဲ့သောရောဂါများ ပြန်ပေါ်လာတတ်သော်လည်း စိုးရိမ်စရာမရှိပါ။ ပညာရေးကံများကောင်းနေပါသည်။ ရပြီဟုထင်သောစာများ ပြန်မမေ့အောင် အထပ်ထပ်လေ့ကျင့်ပါ။ ခရီးယာယီ မကြာထွက်ဖြစ်မည်။ ရပ်ဝေးမှာရှိသော ညီအစ်ကိုမောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများအတွက် စိတ်ပူပင်ရတတ်ပါ သည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ မျက်နှာပွင့်လန်းနေမည်။ ချစ်သူပိုင်းပိုင်းလည်ဖြစ်နေ၍ သစ္စာရှိရပါမည်။ မျက်နှာမများပါနှင့်။ ယခုလအတွင်း မထင်မှတ်သောအကြောင်းတရားလေးများလည်းကြုံရတတ်ပါသည်။ ထီထိုးရန် အတွက် ကားနှင့်ရောင်းသောထီဆိုင်တွင် (၂)ဂဏန်းများစွာပါအောင်ရွေးချယ်ပါ။

ယတြာ ။ ။ *သရက်ဆက်ကို နေ့စဉ် ပုတီး (၃)ပတ်စိပ်ပါ။*

### အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ အင်္ဂါ နာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကောင်းဆုံးကူညီပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေကိစ္စ၊ အိမ်ကိစ္စများ ထစ်ငေါ့နေမည်။ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများကြုံမည်။ စက်ပစ္စည်းများကြောင့် ငွေကုန်ကျရတတ်သည်။ စက်ပစ္စည်း များလည်း ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေမည်။ မည်သည့်ကိစ္စမဆို ကိုယ်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း လွဲချော်နေ သည်ကို သတိပြုပါ။ တတ်ကျွမ်းနားလည်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အိမ်တွင်းရေးပြဿနာဟောင်းများကြောင့် စကား အချေအတင်ဖြစ်မည်။ ကိုယ်ကနားလည်မှုပေးပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားရှောင်လိုက်ပါ။ စပ်ဆေးများ၊ သူများညွှန်းသောဆေးများမသောက်ပါနှင့်။ တတ်ကျွမ်းသော တိုင်းရင်းဆေးဆ ဆရာဝန်များနှင့် တိုင်ပင်ကုသပါ။ ပညာရေးကံများကောင်းနေပါသည်။ ဖွဲ့၊ လှံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ အဆင်ပြေစေရန် ခိုလေးများကို ပဲကျွေးပါ။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းလိုက်ပါ။

ယတြာ ။ ။ *ဗိုက်ဝေဒနာရှိသောသူများကို ဆေးလှူပေးပါ။*

### ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ ကြာသ ပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးပေးကြပါလိမ့်မည်။ (၆) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အိမ်သစ် ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ဖြစ်မည်။ မင်္ဂလာကိစ္စများ၊ အလှူအတန်းကိစ္စများ အောင်မြင်စွာ ဆောင် ရွက်နိုင်ပါမည်။ စက်ရုံကိစ္စ၊ စက်ပစ္စည်းနှင့်ဆိုင်သောကိစ္စများ ထစ်ငေါ့ပြီးမှ အဆင်ပြေပါလိမ့်မည်။ ခရီးသွားရန်စီစဉ်ပြီး အဆင်မပြေဘဲ နောက်တစ်ခါပြန်စီစဉ်ရတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိမည်။ ကျန်းမာရေး ကောင်းနေစေရန် မတည့်သောအစားအသောက်များ သတိထားရှောင်ပါ။ ဆီး၊ ဝမ်း၊ လေမချုပ်ပါစေနှင့်။ မာရဏပရိတ်တော်၊ သုတ်တော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ မျက်နှာပွင့်လန်းလွန်း၍ ချစ်သူ၏စိတ်ဆိုးစိတ်ကောက် ခြင်းကြောင့် ဖြေရှင်းနေရတတ်ပါသည်။ ထီထိုးမည်ဆိုပါက တနင်္လာသားသမီးများနှင့် စပ်တူရှယ်ယာထိုးပါ။ ကိုယ်တိုင် မရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ချော်ကိုယ်အောက်ပိုင်းမကောင်းသူများကို ဆေး ငွေ၊ အာဟာရလှူပါ။*

### ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးကူညီထောက်ပံ့ပေးပါလိမ့်မည်။ (၁) ဂဏန်း၊ (၅) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်ပူဇော်ပါ။ စက်ပစ္စည်းဝင်မည်။ လူမျိုးကွဲနှင့်ဆိုင်သော ကိစ္စများ

www.burmeseclassic.com

ထစ်ငေါ့ပြီးမှအဆင်ပြေတတ်သည်။ လုပ်ငန်းခွင်အတွင်းရှိသူများ အတိုက်အခံအပြိုင်အဆိုင်ပေါ်မည်။ အနုပညာနှင့်ဆိုင်သော ကိစ္စများ အဖျားရှူးတတ်၍ ကြိုးစားမှုမလျှော့ပါနှင့်။ အိမ်ကိစ္စ၊ မြေကိစ္စများ အရှုပ်အရှင်းပေါ်မည်။ အထူးသတိထားပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာမည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ဆီး၊ ဝမ်း၊ လေမချုပ်ပါစေနှင့်။ ပန်ကာလေလွန်ကဲစွာမခံပါနှင့်။ ရေချိုးဆင်ခြင်ပါ။ ဖုဋ္ဌသဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ ပညာရေးကောင်းနေသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့်ကြိုးစားမှ အောင်မြင်မှုပန်းတိုင်ရောက်ပါမည်။ ကျင့်ကြံအားထုတ်မှုများ ဝတ္တရားမပျက်ပါစေနှင့်။ မည်သည့်ကိစ္စမဆို ဘာသာရေးနှင့်ယှဉ်တွဲလုပ်မှ အောင်မြင်တတ်ပါသည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်နေတတ်၍ ခိုလေးများကို မကြာခဏပဲကျွေးပါ။ ထိုထိုးရန်အတွက် ဆိုင်ကယ်တွဲ၊ စက်ဘီးစသည်တို့နှင့် ရောင်းသောထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဦးခေါင်းမကောင်းသူများကို ဆေး ငွေ၊ အာဟာရ လှူပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသောကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးကူညီပံ့ပိုးပါလိမ့်မည်။ (၆) ဂဏန်း လုံးဝအကျိုးမပေး၍ ရှောင်လိုက်ပါ။ မင်္ဂလာရှိသော ဧည့်ခန်း၊ ဘုရားဆောင်တို့တွင် မဆိုင်သောပစ္စည်းများဖယ်ရှား၍ ဖုန်၊ အမှိုက်များရှင်းလင်းပြီး သန့်ရှင်းစင်ကြယ်စွာထားပါ။ ငွေဝင်သော်လည်း အဖတ်မတင်ဖြစ်နေတတ်သဖြင့် မလိုအပ်ဘဲ ကုန်ကျမှုများမရှိစေရန် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်များဆောင်ရွက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာမည်။ အလုပ်အကိုင်ရှာဖွေနေသူများ၊ အင်တာဗျူးဖြေဆိုထားသူများ အဆင်ပြေပါမည်။ ရွေးချယ်ခြင်းခံရမည်။ ကျန်းမာရေးညှဲ့နေသူများ ပြန်လည်ကောင်းမွန်လာမည်။ ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်ပါ။ ဖုဋ္ဌသဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။ ပညာရေးကံများအလွန်ကောင်းပါသည်။ အပြိုင်အဆိုင်ရှိနေ၍ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပို၍ ပို၍ကြိုးစားပါ။ ပို၍ ပို၍ အောင်မြင်တတ်ပါသည်။ ငယ်ရွယ်သူတို့၏ချစ်ရေးချစ်ရာများ တစ်ဦးနှင့်တစ်ဦး စိတ်မချဖြစ်နေတတ်ပါသည်။ ချစ်သူကို သံသယများမထားပါနှင့်။ ခိုလေးများကိုအစာကျွေးပါ။ စိတ်ချမ်းသာမှုရှိလာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံ ထီဆိုင်တွင် (၁) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *သရဏဂုံကို ပုတီး (၃)ပတ်စိပ်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကောင်းဆုံးကူညီပံ့ပိုးပေးပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအသစ်ဝင်မည်။ အိမ်ကိစ္စ၊ မြေကိစ္စအရှုပ်အရှင်းဖြစ်ရတတ်သည်။ အိမ်၊ ခြံ၊ မြေ လုပ်ငန်းများအကျိုးမပေးသေးပါ။ လူမျိုးကွဲနှင့် အဆင်မပြေဖြစ်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာနေစေရန် ငွေကြေးကိစ္စများကြောင့် ရန်မဖြစ်ပါနှင့်။ အကုန်အကျများသည်ကို အိမ်ဆူအိမ်ပူအောင် ရန်ဖြစ်ခြင်းများရှောင်ပါ။ စကားများနေပါက ပို၍လာဘ်တိတ်တတ်ပါသည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ လွန်ကဲစွာ အအေးခံခြင်း၊ ပန်ကာလေကို ကြာမြင့်စွာခံခြင်းရှောင်ပါ။ ပညာရေးကောင်းပါမည်။ အချိန်မှန်မှန် စာကျက်သွားပါ။ အောင်မြင်မှုရရှိပါမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေမည်။ ခိုစာများမကြာမကြာကျွေးပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်များဆောင်ရွက်ပါ။ ကျင့်ကြံအားထုတ်မှုများ ဝတ္တရားမပျက်ပါစေနှင့်။ အညံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *လေထိထားသော ကျန်းမာရေးညံ့သူများအား ဆေး ငွေ၊ အာဟာရလှူပါ။*

ရ င် ကို ေ အ း မြ ေ စ သ ါ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား။ "မင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ လက္ခဏာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက် ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန် ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ် ပေါ်တင်ပြီး ဟောစာတမ်း ရေးခဲ့သည်။ ဆရာတော် ဘုရားကြီးရဲ့ ပျံလွန် တော်မူမယ့်ကာလ နှစ်၊ လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော် ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါ ဝေဒနာခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇောတိ သဝေဒမဂ္ဂဇင်း အမှတ်(၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာ ချမ်းမင်း အခုမြန်မာ ပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်း သွားမေးတာ ကွက်တိ မှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။အဲဒီတုန်းက ကျွန်တော်ဟာ သာမန် အရောင်း အဝယ် သမားလေး တစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာ ချမ်းမင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော်မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာတစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်း စကားပါး



ဆရာချမ်းမင်း(LL.B)

သိပ္ပံလက္ခဏာနှင့် နက္ခတ္တဗေဒ

ခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီ လ၊ စာမျက်နှာ - ၁၅၃)

အမှတ်တရရဲ့ အမှတ်တရ - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး တတရှိအီတိုစံ ကိုယ်တိုင် ဆရာ... လက္ခဏာလာရောက် ဆွေးနွေးသွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ်(၅၇)၊ ဇူလိုင်၊ ၂၀၀၂ စာမျက်နှာ-၁၃၂-၁၃၃-၁၃၄-...

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(Itti Balanoora)** ဆိုတဲ့ နာမည်ကြီး ... သီချင်းရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူ... လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစား ရမယ်... သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေ ကြောင့် ... အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံ... သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့... နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ - ၁၅၅) (သပြေဝေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ - ၂... ၂၆-၂၇-၂၈)"

[illegible]

လမ်းညွှန်-ရေစင်မှတ်တိုင်ဆင်းပါ။ မြေအမှတ် ၃၀-၁၁၊ စံပယ်လမ်း(တတိယခြောက် ဘယ်ဘက် လမ်းသွယ် -ရွှေ...
ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)
Ph-09 8516520



www.burmeseclassic.com